www.burmeseclassic.com

အတွဲ (၁၅) အမှတ် (၁၂)
၂၀၁၅ခုနှစ် ဒီဇင်ဘာလ

အလင်း

မဂ္ဂဇင်း

(၁၅)နှစ်မြည့်အထူးထုတ်

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သမ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ဗန္ဒံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သမ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC .com

အရှေ့

မဂ္ဂဇင်း

အတွဲ (၁၅) အမှတ် (၁၂)
၂၀၁၅ ခုနှစ် ဒီဇင်ဘာလ

ကျွန်ုပ်နှင့်အတူ ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသား)၏
မြန်မာနှစ် ၁၃၇၇ ခုနှစ် (၁၅-၄-၂၀၁၆ မှ ၁၆-၄-၂၀၁၇ အထိ)
ခုနှစ်ရက်သားသမီးများအတွက်အသက်အပိုင်းအခြားအလိုက်
ဆောင်ရန်၊ ရှောင်ရန်နှင့်အစီအရင်များစာအုပ်
ပူးတွဲပါရှိပါသဖြင့် ရောင်းချသောဆိုင်တိုင်းတွင်ရယူပါ။

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးဆောင်းပါးများ

၅ လူမှတ်ပုံတင်ကတ်ပြား
မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး

၆ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
ချည်တိုင်
မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး

၁၆ မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး
မိန့်ကြားသော
နံနက်ခင်းမှာရှင်းစရာ
မြဝင်း(ဓဿန)

၂၃ မဟာမုနိအား
သိကြားမင်းရှိခိုးသောဂါထာ
ဝတီထွန်း(ကျောက်ဖြူ)

၂၅ ဂျုံးဂျုံးကျဆရာတော်ဘုရားကြီး
အမှတ်တရ
တင်အောင်(စက်မူတက္ကသိုလ်)

၂၉ သာသနာပြုပုဂ္ဂိုလ်ကျော်
အဖေကြီး ဦးအောင်ချမ်းသာ တည်ခဲ့
သည့် အောင်ချမ်းသာကပ်ကျော်
ဆုတောင်းပြည့်စေတီတော်
အောင်သာကျော်

၄၁ ရွှေဖူးစာကံလွဲချော်ရသော
ရှမ်း(ယိုးဒယား)စော်ဘွားသမီး
ကုသိုလ်တော်
ရွှေဝဆွဲရွေးဟောင်းစေတီ
မောင်စိမ်းထွေး(ထားဝယ်)

၄၇ မြတ်ပဒ္ဓာန်းနှင့်သစ္စာစွမ်း
ခန့်ငြိမ်းစံ

၅၃ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြား စေတီဘုရားများ
အမှတ်(၂)
ကံဝင်း

၆၂ အန္တရာယ်ကင်းစွာ ခရီးသွားနိုင်ကြစေဖို့
မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသော
သုံးဂါထာ
မောင်ပွင့်ဥဇာ(ဓမာရ)

၆၅ ကမ္ဘာငြိမ်းတဘောင်လို
အလှစိမ်းရောင်စို
မြစိမ်းတောင်ညိုအဓိဋ္ဌာန်ခရီး
တင်တင်ဦး(ပေါင်းတည်)

၇၃ တန်ခိုးထူးသည့်
ကိုယ်ပျောက်ဂါထာတော်
တက္ကသိုလ်ဝင်းမြင့်

၇၅ ရခိုင်ပြည်နယ် မအိုမြို့ရှိ ကမ္ဘာရှားပါး
သမိုင်းဝင် ဗုဒ္ဓလက်ယာခြေတော်ရာ
နှင့် လက်ဝဲခြေတော်ရာ
ရွှေချီအောင်(ပေလီ)

၈၅ အမ်နက်ချရွှန်မုဗြို့ ဦးဘုရားကြီး
ခင်မောင်အေး(မန္တလေး)

၉၀ မေတ္တာအကျိုးတန်ခိုးအနန္တ
ရောမြေ-ကျော်ဝေ

၉၄ ဘုန်းကံကြီးမား မင်းကောင်းများနှင့်
အစီအရင်အဆောင်ဂါထာများ(၁၁)
သစ္စာဝါစီ-ဦးမြင့်အောင်

၉၇ ဘန်ကောက်မြို့မှ
လေးမျက်နှာဘိုးဘိုးကြီး
အောင်ရွှေစိုး

၁၀၇ ပုဂံခေတ် မြစ်ဝကျွန်းပေါ် သို့မဟုတ်
ကျွန်တော်တို့ရွာ ရိုးရာဇာတိနွယ်
ကိုအေးမြင့်(မဟာဝိဇ္ဇာရွေး-သု)

၁၁၈ မဟာဗောဓိမြို့ဆရာတော်ကြီး
ကနဦးတောထွက်လာစဉ်က
သာစည် ရွှေကျောင်းကုန်းတောင်
မရောက်မီ ပဒ္ဓာန်ဆက်များဆီချဉ်းကပ်
ခဲ့ရသောနေရာများ
အာကာသ(သာစည်)

၁၂၉ တန်ဖိုးထိုက်သည့်အလှတရားများ
အပိုင်း(၂)
ခင်(တောင်ကြီး)

၁၄၂ မဟာပဒ္ဓာန်းကျမ်းမြတ်နှင့်
ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ
စန်းမြင့်(ငြိမ်း)
ဟိုတယ်/ခရီး

၁၄၈ ရှင်အရဟံနှင့်အကြောင်းသုံးပါး
ကိုရွှေမြသန်း(သမိုင်း)

၁၅၄ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ

၁၇၇ ရွှေကံကူလေယျသစ်တော်ရုပ်ရှင်တော်
မြတ်၏ ၂၀၁၂-၂၀၁၃ခုနှစ် မန္တလေးမြို့
ဗဟိုပြု ဒေသစာရီခရီးစဉ်များမှထူးခြား
မှုများ
ဘိုဘို(ရွှေကံကူ)

၂၀၀ ဘိုးတော်ပေးသောဂါထာတစ်ပုဒ်
တက္ကသိုလ်-အပန်ငယ်

သုတရသဆောင်းပါး

၃၇ ပျံလွှင့်နေသောစိတ်အား
တည်ငြိမ်မှုရလာစေဖို့
ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)ထုံးဘို

၁၀၄ လူတော်လူကောင်း
ချောင်းဆုံအုန်းသွင်

၁၅၈ နန်းတော်တံတိုင်းထောင့်ကုန်း
ပန်းချီထူးလှ
(ရွှေဟောင်းသုတေသန)

၁၇၀ မင်းခေါင်ခေါ်ရင်ချက်ချင်းလာပါ
အဘဝ(သာသနာ့အလင်းရောင်)

၁၈၈ ဆရာသုခ၏ သုခီအတ္တာနုပရိဟာရ
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၁၉၀ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၉)
ပထမံဆရာဦးအေးရွှေ

၂၁၈ အမြီးနစ်ခွါမြင်လျှင်
အကုသိုလ်မပွားစေချင်
မြောင်းမြ-မြင့်လှိုင်

၂၂၁ သုံးချောင်းထောက်ကျား
လှမိုး(ပညာရေး)

၂၂၅ သူရဇ္ဈနေမင်းကြီးကို
သစ္စာပြု၍ဂိုဏ်တည်ခြင်း
မောင်မိုးဟန်(ရွှေကျင်)

၂၂၆ ကျွန်တော်သိသော
ဆရာမင်းသိခ်
တက္ကသိုလ်ကြည်သင်း

၂၃၅ သမိုင်းအထင်ကရကျောက်စာနှင့်
စစ်ကဲကြီးဦးထော်လေး
ခင်ခင်ဝင်း(မောရဝတီ)

၂၄၄ လူရိုးရှားနေပါပြီ
ရတနာဒေဝီ

၂၇၄ တံဆိပ်ခေါင်းဝါသနာဟူသည်
ကြည်လွင်

၂၉၀ ရုံးသူနိုင်သူ ရုံးတဲ့သူ
ဦးကောဓဒ(မြိတ်)

၂၉၄ ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး

၃၁၆ သံနိုင်ပြဒါးပင်
ရဲမျိုးသူ(ဗောဓိမြိုင်)

၃၂၂ ကျောက်ရုပ်မကြီး
မဟာန္တယ်(မန်းတက္ကသိုလ်)

၃၅၂ ထိုင်း-မြန်မာသေမင်းတမန်မီးရထ
လမ်းဖောက်လုပ်ခဲ့ခြင်းနှင့်မြန်မာနိုင်
မီးရထားကဏ္ဍ
တင်ထွန်း(စက်မှု-၂ ငြိမ်း)

၄၀၀ အဘအောင်မင်းခေါင်၏
သိဒ္ဓိမဟိဒ္ဓိအစွမ်းမှ အကြောင်း
အဏ္ဏဝါလှိုင်း

www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဇဝတ္ထုတို

လူရဲတော့သရဲမတတ်နိုင်
ချောဘသိုင်း(စလင်း)
ထုံကူးမြွေနှင့်ကြံဖုံးပလေ
နန္ဒဝင်းကျော်ခေါင်
(ခတ္တလူ.ပြည်)
သိုင်းဆရာနှင့်နတ်သရဲ
နေပြည်တော်ကျော်ကျော်စိုး
ယုတ်နိမ့်သူတို့ကျရှုံးခန်း
အောင်မြင့်ထွန်း(မသုံးလုံး)
မေတ္တာခရီးသည်
သန့်ဝင်း
ဆန်းကြယ်လှသောပရလောသား၏
လျှို့ဝှက်တိုက်ခိုက်ခံရသူတို့မှာ
စိုးမင်း(မြောက်စည်း)
ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်ရောက်
ဥစ္စာစောင့်များ
အောင်ဆန်းလင်း(ဘီအေ)
အတ္တ
သထုံ-ငယ်ငယ်
တောင်းကလေး
ကိုစော်ဝင်း(လှတော)
အလောင်းကောင်ကြီးနှင့်
ကျွန်တော်တို့နစ်ယောက်
ထွန်းအောင်ရင်
ငါးခိုင်ချောင်းကပတ္တမြား
သတိတ်ကျင်း-ကျော်ကျော်ထွန်း
ရွှေက်ခေါ်ရာ
တင်နိုင်ဝင်း(ထမင်းစေ့းပြို့)
ပတ္တမြားများပျံသန်းကျရောက်သော
ထုပ်ကွက်
ရွှေပြည်စိုး(မိုးကုတ်)
ကုလားမတောင်(သို့)မလွမ်းပိုတောင်မှ
ခြစ်ရပ်ဆန်းကြယ်
ဇင်းနန်ရိုန်

သူရဇ္ဇအခန်းဆက်ဝတ္ထုရှည်

ဇနီးသမားအယူမှားသော
နီကျော့
ထွေးရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

သူရဇ္ဇတိုင်းရင်းဆေး

အသုံးတည့် ဆေးဖက်ဝင်သည့်
ဟုန်ပြစ်ပြန်
နန္ဒဝင်း(ထွန်ဆေး)

၁၀၃ ကလေးသူငယ်ဦးခေါင်းကျဖဟုံးနာ
အပူကျိတ်အဖုအတွက်လိမ်းဆေး
နေမဝင်နတ်မောက်

၁၂၈ နလုံးရောဂါပျောက်ကင်းစေနိုင်သည့်
ဆေးဓာတ်စာ
နေဝင်းဝင်း(ထွန်ဆေး)

၁၉၅ သံစူးသော် မေးခိုင်ဝင်ရန်
ကြောက်ရန်မလို
သန်းလှိုင်ထွဋ်း(အမြင့်)

၂၁၂ ငွေကုန်ကြေးကျမများသော
အစွမ်းထက်ဆေးနည်း
မောင်မြင့်မား(ဘိုကလေး)

၂၁၃ ဆူးစူးရှဲဆူးကျန်ခဲ့လျှင်
နေပြည်တော်ကျော်ကျော်စိုး

၂၁၇ အသားမာနာ၊ အဖုအကြိတ်အတွက်
အုံဆေး
နတ်မောက်မင်းသန့်နိုင်

၂၅၆ ဝမ်းအလျှောလွန်သော်
နတ်မောက်မင်းသန့်နိုင်

၂၆၆ ဝက်ခြံပေါက်သော်
တင်နိုင်ဝင်း(ထမင်းစေ့းပြို့)

၂၆၉ ထိပ်ကပ်နာအတွက်ဆေးမခက်ပါ
အဏ္ဏဝါလှိုင်း

၂၇၀ ကြက်သဟင်းနှင့်ကင်ပွန်းချဉ်
လိပ်ခေါင်းရောဂါပျောက်ကင်းစင်
ပညာကျော်

၂၇၇ လေထိုးလေအောင့်ရင်ခေါင်းနာ
ပျောက်ချင်သလား
ဗန်းမော်ညီညူ

၂၇၈ ဆေးဖက်ဝင်ကန်းတော်ဆီအစွမ်း
နှင့် လက်တွေ့အကျိတ်အဖုကုသနည်း
ဦးမင်းဇင်(ရွှေနတ်)

၂၉၂ အနာဆွေး အနာဟောင်းများ
အမြန်ကျက်စေရန်
တင်နိုင်ဝင်း(ထမင်းစေ့းပြို့)

၃၀၁ သွေးကင်ဆာပျောက်တဲ့ဆေး
ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ (၁၂)၊ ထုံးဘို

၃၁၅ ကျွန်တော်နဲ့သင်္ဘောသီး
ဆလိုင်ငွန်သိန်း(ရမည်းသင်း)

၃၅၃ အမျိုးသားများ
သုက်ခန်းရောဂါအတွက်
နတ်မောက်မင်းသန့်နိုင်

၄၂၁ ဒူးရောင်ဒူးနာပျောက်စေသောဆေး
နတ်မောက်မင်းသန့်နိုင်

၄၃၀ အသုဘညောင်ရေအိုးကွဲနှင့်
မွေးရာပါသားကွဲနာ
နေပြည်တော်ကျော်ကျော်စိုး



သူရဇ္ဇ ပညာရပ်

၁၉၇ ဘဝရှင်သန်ရာသင့်လက်မှာ
ဦးအောင်မင်း

၂၀၉ နာမည်များနှင့်ငြင်းခုံခြင်း(၃)
နေဝိဇ္ဇာ

၂၁၄ ရန်တွေ့ဝေးရှိအေးပါစေ
မင်းပြည့်

၂၅၇ မဟာကိန်းဂဏန်းများ
ကိုးနဝင်း

၃၀၂ တရုတ်ဂန္ဓိရဖုန်းရွှေပညာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

၃၁၈ နိမိတ်များကိုလေ့လာခြင်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၂၅ လျှို့ဝှက်သောကိုး
နီနီ(ကျောက်မဲ)

၃၄၉ အသက်(၁၀၀)ကျော်နေသွားမယ့်
လက္ခဏာ သင့်လက်ဝါးပြင်မှာပါရဲ့လား
ဆရာချမ်းမင်း (LL.B)

၃၈၆ ဝိဇ္ဇာရွေမြန်မာ့အဂ္ဂိရတ်ပညာ(၅၇)
ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

၄၂၂ တားရော့ဖြန့်ခင်းပုံနည်းစနစ်
ဆရာကြီး

၄၂၇ မိုးလေဝသဂန္ဓိရ
မင်းရိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဈလက်တွေ့အသုံးချ

၁၈ (၁၅) နှစ်ပြည့်မြောက်
အမှတ်တရဂါရဝလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၀ အဖိုးတန်သောမြတ်ရတနာများ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၅၀ မေတ္တာသစ္စာအားဖြင့်
ရတနသုတ်ပရိတ်တော်
အဓိပ္ပာယ်ကျင့်စဉ်
ဘုန်းခေါင်

၁၀၂ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဘဝဖြစ်တော်
ပေါင်း (၁၃၆) ဘဝ လာဘ်ခေါ်အင်း
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၂၆ ဘုရားလေးဆူပဋ္ဌာန်းအင်းနှင့်
နဝင်းငါးမျိုးဥစ္စာတိုးအင်းတို့၏
အစွမ်းထက်ပုံ
ရောမြေ-ကျော်ဝေ

၁၄၁ နိုင်ငံခြားသွားသူ
အလုပ်အကိုင်အဆင်ပြေစေရန်
ကောင်းစံသာ(မင်းတုန်း)

၁၅၂ အိမ်သာမြေကခိုက်တာလား
ဘုမ္ဓိမြေကခိုက်တာလား
အဓိပတိ(အုန်းချော)

၁၉၆ ပါဠိဘာသာအလွယ်ရွတ်ဖတ်နည်း
နတ်မောက်မင်းသန့်နိုင်

၂၀၁ အိမ်ထောင်ဖက်ကိန်းရာနည်း
မြတ်ခေါင်းနိုင်(ဂုံညင်းတန်း)

၂၂၀ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၄၇ ကိုယ့်ဘက်ကိုယ်ယက်
လာဘ်လာဘသိမ်ွေခင်
လိပ်အစီအရင်
ဩရတနာ-ဆရာဇေယျာလင်း
(ကဗ္ဗီပတိနှပ်စီးရွှေထီးဆောင်း)

၂၆၁ ခွက်ပေါက်ဆီမန်းစီရင်ပုံ
ယောနကဘိုးထောင်

၂၆၇ အလိုရှိရာရက်မြတ်မင်္ဂလာ
တွက်ယူကာ ကိုယ်စိတ်နှစ်ပြာချမ်းသာ
ကြပါစေ
ဇန်ခါးမောင်မောင်(စား/ထွေ)

၂၇၁ နာလန်မထူရင်မှန်လှူပါ
မင်းဇွန်နှက

၂၉၃ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်
ဓနသိမ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရိန်းအောင်(ကရိရ)

၃၂၉ သိမ္ဓိရှင်သူရဿတီမယ်တော်ရုပ်
စီရင်နည်း
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၃၆၃ ခုနှစ်နေ့သားသမီးတို့၏
အန္တရာယ်အပေါင်း
ကာကွယ်စေကြောင်းနည်းကောင်း
ပညာကျော်

၃၇၉ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
အထွက်၊ အဝင်၊ ခပါဒိနက္ခတ်ဇယား
ဦးအောင်စောလှိုင်(ပုသိမ်)

၃၈၀ အစာဆိပ်သင့်သည့်ဘေးမှ
ကာကွယ်တားဆီးသော
သစ္စာတိုင်ဂါထာ
မိုးမင်းတော်

၃၈၁ ၂၀၁၅ ခုနှစ်၊ ဓနုရာသီပြောင်း။
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၃၉၃ အိုးသူကြီးများအတွက်
နေပြည်တော်ကျော်ကျော်စိုး

၃၉၉ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၄၀၄ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဓေါ်ခင်စံသူ(B.Sc)

၄၂၆ မြွေကြွက်ကြီးများပြေးစေလိုသော
သပိတ်ကျင်း-ကျော်ကျော်ထွန်း

၄၃၂ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၅၅ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်
ခုနှစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
အေသန်းသန်း(ခ)
အေချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလဲလဲထွဋ်၊

ဥပဒေအကြံပေး
ဦးထွန်းရွှေ
B.A (Law)၊L.L.B
လွတ်တော်ချုပ်ရုံးရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇)

မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သူရဇ္ဈစာလုံးဖိဖိုင်း
ကိုကျော်မင်းမောင်
အတွင်းဇယင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအောင်ဖဆက်
အမှတ်(၁၄၊၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

မြန်မာရေးပုံစု
အောင်မြင့်သန်း

ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေကျော်၊
အိမွန်ထွန်း၊ နှင်းသန္တာကျော်၊ စန်းထွန်းမြင့်

ဖုံးအဖွဲ့
တင်မိုးခိုင်၊ သဲယုလှိုင်၊ အေးအေးစန်း၊
စုမွန်၊ စုစုစံ၊ နန္ဒ၊ ပြိုးရတနာ၊
စာတည်းအဖွဲ့ဝင်းနန်းနှင့်မြန်မာရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်
မြန်မာရေး- ၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၀၀၇၃၀
မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကယား-ဂျိန်ဒီ၊ ဝီလျံနာ
ပဲခူး- သဇင်စာပေ
ဟသံတ-တာလေးမောင်၊ ရွှေမောင်း
မကွေး-ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း ဦးလှမောင်
မြန်အောင်-လှထုမေတ္တာ
အုပ်ရေ ၁၀၀၀
အလှူထုတ် လက်ကာအိတ်ဈေး
(၄၀၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

လူမှတ်ပုံတင်ကတ်ပြား

ဘူတ ဓာတ်မှန် ရုပ်နှင့်နာမ်
လူထဲမှာသာ ရှိပါသည်။
ကောင်း၊ဆိုးနှစ်တန် ကံပြန်လှန်
လူထဲမှာသာ ရှိပါသည်။
ဆိုးကျင့်ပယ်ရန် သုခစျာန်
လူထဲမှာသာ ရှိပါသည်။
ကောင်းကျင့်ဆယ်ရန် မဂ္ဂဉာဏ်
လူထဲမှာသာ ရှိပါသည်။
ဗောဓိသို့ဆန် အခြေခံ
လူထဲမှာသာ ရှိပါသည်။
ထောက်ချင့်ဝေဖန် ဆင်ခြင်ဉာဏ်
လူထဲမှာသာ ရှိပါသည်။
သတိကင်းစိတ် ကာမစိတ်မှ
အိပ်ရံစားရံပျော်ပါးရံဖြင့်
လူဘုံခန်းဝါ သင်မလာသင့်
ကာမသက်သက် ထိုလုပ်ကွက်ကား
ကြက်ဖြစ်လည်းရ၊ ဝက်လည်းရ၏။
ဘဝလူ့ရွာ သင်ရောက်ရာတွင်
လူမှာလူဆင့် လူအကျင့်
ကျင့်ပြအပ်သည်သာ။

(၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊
ပဋ္ဌိပတ်တောကျောင်း)

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

□ နာမ်ရိုလို့သာ ချင်ကိုက်၊ နာမ်မရှိ ချင်ကိုက် စရာမလို

တစ်ဖန်လည်း . . . ရုပ်ကိုကား ဘေးတုတ်တား၊ နာမ်ပြစ်ကိုသာ ရွှေစား သူကလည်း အာရုံတစ်ခုထိုး စွာန်များ အဆင့်တစ်မျိုးပြီးတစ်မျိုး တိုးရှုလျက်က . . .

အတွင်းဓာတ်သွေးနှိုးသဖြင့် စိတ်နှိုးထရသည်ကိုလည်း မမြင်ဘဲ၊

ဓာတ်သွေးနှင့် ဓာတ်ဥဉ်တွေး အတွေးဖြစ်နေသည်ကိုလည်း မမြင်ဘဲ၊

ဓာတ်ခိုးလုန့်သဖြင့် စိတ်များ လန့်ပြေးနေသည်ကိုလည်းမမြင်ဘဲ. . . နှိမ်နင်းရန်ခက်သောစိတ်ဟူ၍ စိတ်ကို သာ ရှုးမဲ မဲနေ၏။ ပေါ့ပါးလျင်မြန်လွန်း လှသောစိတ်ဟူ၍လည်း စိတ်ကိုပင် ရှုးမဲ မဲနေ၏။ ဖမ်းဆီးရန် ခက်ခဲလှသော စိတ်ဟူ၍လည်း စိတ်ကိုလျင် ရှုးမဲ မဲနေ၏။

ယင်းတို့နှင့်အတူ ရုပ်ချင်းထိကို အသိလုပ်လျက်က သညာက မှတ်တမ်း တင်ပေးလိုက်သောအတိုင်း. . . ပညတ်များကိုလည်း စိတ်ကပင် သိသိပေးနေ၏။ ပညတ်မင် ဓာတ်သွေးတောင်းခံမှုကိုလည်း စိတ်ကပင် ဦးဆောင်ပေးနေ၏။

အနုဒ္ဒကျေးဇူးတော်ရှင် မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး

ရေးထားစီရင်တော်မူသော

ချည်တိုင်

www.burmeseclassic.com

www.burmeseclassic.com

သာသနာ့ဝန်ထမ်းကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com

မကြိုက်လည်းတေး၊ ကြိုက်လည်းတေး ကိုလည်း စိတ်ကပင် ဦးစီးနေ၏။ အတေးများအလိုက် သေဆုံးခြိန် စိတ်ဆွဲရာ ကိုယ်ပါနေရပုံကိုပါဆင်ခြင်မိကြရာ... စိတ်ဦးဆောင်သော ထိုနာမ်ကို အပြစ်အဖြစ် မြင်နေကြ၏။ နာမ်မရှိ ကောင်းမှာပဲ ဆိုသောအတွေးလည်းဝင်နေကြ၏။

ထိုသူများ... ဤလူဘဝစွန့်လွှာဘယ်သွားရပါ့မလဲ လမ်းရွေးနေသောအခါ... မိမိဝင်စားခဲ့သော ဈာန်စိတ်များက ကမ္မဓိတိတ်အဖြစ် ရှေ့၌ထင်လာ၏။ ထိုစဉ်... သညာမဲ့ နာမ်စုတ်ဘဝ ပုံရိပ်က ဂတိနိမိတ်အဖြစ် ရှေ့၌ ပေါ်တင်လာ၏။

ဩော်... ဤနေရာ ဤဘဝသည် ခံစားပေးစရာမလိုသော နေရာပေတကား...။

ဩော်... သည်နေရာ နေခွင့်ရနာမ်ခြယ်လှယ်မှုဒုက္ခမှကင်းရပေတော့မည်တကား...။ သည်သို့ ဆင်ခြင်နေတုန်း ဖြန်းဆို အသက်ထွက်သွားလေရာ... ရှုပဘုံတို့၏ တတိယအဆင့် ဝေဟပ္ဖိုလ်ဘုံနှင့်တန်းညီနေသောနေရာများတွင် ရွှေတုံးကြီးစာစီတုံးတုံးလုံးချထားနည်းပမာ သညာမဲ့ ရုပ်တုံးတစ်ခုသွားရောက်၍ ဖြတ္တာကံပြုစုနေတော့သည်။

မည်သူနှင့်မျှ ကြွေးပေးကြွေးယူမရှိ၍ မြတ်သည်။ သို့သော် ဘုရားအစထား သူတော်ကောင်းများမဖူးရ မနာရတော့၍နှမ်းနေပါသည်။ ယင်းကို အသည်သတ်ပြဖွာဟူ၍ ကမ္မဓိတင်ရပါသည်။

ထိုအသည်သတ်နေရာတွင်လည်း နာမ်လောင်မီးကိုသာမူတ်၊ ရုပ်ကိုကား မီးဖိုထဲကဆွဲမနုတ်ခဲ့သူများ အားညီသဘောမိသော သဘာဝနိယာမအရ တစ်ဦးပြီးတစ်ဦး သွားရောက်စုမိကြ၏။ သူကလည်း ကိုယ့်ကိုမခေါ် မမွေသတ္တိက မမွေသတ္တိကိုခေါ်သည်။ ကိုယ်ကလည်း သူ့ကိုမခေါ် မမွေသတ္တိက မမွေသတ္တိကို ခေါ်သည်။ အသည်သတ်ဘုံရောက်မည့် ပြဖွာချင်းခေါ်ဖို့နေနေသာသာ အမြင်မှာ၊ အကြားမှာ စသည် အကြည်ဖမ်းငဲ့ငှာနစလုံး သညာမဲ့နေကြသောကြောင့် ငင်းသတ္တိမရှိ၊ မြင်သိ၊ ကြားသိသတ္တိများ ပင်မရှိကြ။

ငါ့အနား ဘယ်သူတွေလာနေကြသည်မသိ။

သူတို့အနား ငါရောက်နေသည်လည်းမသိ။

သို့ကြောင့် ဤ သညာမဲ့ (ရုပ်သာထင်ရှား နာမ်ငုပ်သွားသော) ပြဖွာတို့ကိုလည်း အကွဏခေါ် အခွင့်ရေးဆုံးရှုံးသော ရုပ်ပြစ်ရှစ်ပါးတွင် စာရင်းသွင်းကြ၏။

မနေအပ်သော အရပ်သည် အကွဏ။

အပြစ်ရှိသော (အပြစ်ကျသော) အရပ်သည် အကွဏ။

ယင်းတို့မှာ...

၄။ အပါယ်လေးဘုံ (ပါရမီစုရန် မည်သည့်အခွင့်အရေးမျှမရှိသောဘုံဘဝများ)

၅။ ဒီဃာယုနတ်ခေါ် အရှုပပြဖွာများနှင့် အသညသတ်ပြဖွာများ။ (နည်းတူ)

၆။ သာသနာဆိတ်သုဉ်းရာ ပစ္စန္တရာဇ်အရပ်ရောက်နေကြသူများ။ (နည်းတူ)

၇။ ဘုရားပွင့်ခြိန် မိစ္ဆာဉာဏ်ရှိနေ၍ ဘုရားမှန်း (တရားမှန်း) မသိသူများ။

၈။ ဘုရားမပွင့်ခြိန် သမ္မာဉာဏ်ရှိသော်မှ မဂ္ဂင်အကျင့်မကျင့်တတ်သူများ။

အထက်ပါ ရှစ်နေရာ (အပါယ်နေရာ ၄-ခု (ကျန်၄-ခု) တို့သည် ရဘဝကို အရင်းတည်၍ ပါရမီစုခွင့်မရသော ဘဝများချည်းပင်။

ယနေ့ လူဘုံရောက် လူသားများတွင်လည်း (ဗုဒ္ဓပွါဒ နဝမခေတ်) အမည်ရ ဘုရားသာသနာတော်နှင့်ကြုံနေသော်မှလည်း မိစ္ဆာဉာဏ်ဖွားများ ဓမ္မရသ၊ ဝိမုတ္တိရသခံစားခွင့်များရမည်မဟုတ်ကြပါ။ သမ္မာဉာဏ်ဖွားများသော်မှမကျင့်ဘဲနေက ရခွင့်မရှိကြပါ။

အကယ်တိတိ သမ္မာဉာဏ် အသိလည်းမရှိ၊ ကိုယ်မည္သာ စိတ်အလိုမလိုက်ဘဲ စစ်သည်တော်များ ကိုယ့်ရောဘဝပါစွန့်၍ ရန်သူများကိုတိုက်ခိုက်နေ၏ပမာ... သညာဖော်သော အတွေးရေးရေးမှ ခေါင်းမဖော်သာအောင် တိုက်ခိုက်ပါက၊ သွေးကဖော်သော ဓာတ်ဘဉ်နည်းနည်းလေးမှ မဝင်သာအောင် တိုက်ခိုက်ပါက... ဗုဒ္ဓပွါဒ နဝမခေတ်ကပေးသော အခွင့်အရေး ခံစားခွင့်ကြေပါသေးသည်။

သည်သို့ မဟုတ်ပါက အထက်က ဆိုခဲ့ပြီးသော အသညသတ်ပြဖွာများပမာ သညာရှိသော်မှ အသုံးမချသဖြင့် သညာမဲ့ဘဝ ရောက်ကြရတော့မည်။

သညာရှိသော်မှ အသုံးမချသဖြင့် ပညာရှိအဆင့်ထိလည်း သိခွင့်မရကြပါ။

ယခု ဆိုခဲ့ပြီးများကို ပြန်လည်ကာ စာရင်းပြုစုရသော်...

ရုပ်နာမ်စုံ အကုန်လုံး အသုံးချ၍ ပြဖွာဘဝရသူများက ၁၅-ဘုံ။

ရုပ်ကိုမသုံး နာမ်ကိုသာသုံး၍ ပြဖွာဘဝရသူများက ၄-ဘုံ။

နာမ်ကိုမသုံး ရုပ်ကိုသာသုံး၍ ပြဖွာဘဝရသူများက ၁-ဘုံ။

ကာမကြွေးပေးစရာမလို။

ဓာတ်သွေးတောင်း လောင်းစရာမလို။

သို့ကြောင့် အထက်ပါ ဘုံ-၂၀ရှိတို့ကို ပြဖွာများဟူ၍ ကင်ပွန်းတပ်ကြရပါသည်။ ထိုပြဖွာများ ပြဖွာတို့၏ သက်တမ်းလိုက်လျက်ကပင် ရရှိထားသည့် ပြဖွာ့ဈာန်ဝင်စားကြ၊ ဈာန်စေ့များလည်းစောကြရာ... ဇောတစ်ဇော ကျတိုင်း စေတနာ တစ်ခု တစ်ခု စုမိဆောင်းမိကြပေအံ့။ ထိုစေတနာများကိုလည်း ကံထိန်းနတ်များထံ အပ်နှံကြရပါအံ့။ သို့မဟုတ် စေတနာတစ်စုကို ကံထိန်းနတ်တစ်ပါးအဖြစ် အထားခံကြရပါအံ့။

သို့ဆိုသော် ပြဖွာတို့ သက်တမ်းအလိုက်စုထားသည့် ထိုစေတနာကံများသည် ပြဖွာဘဝ၏ ချည်တိုင်နေရာလည်း တာဝန်ယူကြရဦးမည်။ လင်နေမယားထားကင်းသဖြင့် ပြဖွာ့ဘုံတို့၌ လှုန်ငုတ်မရှိ။ ဈာန်ကိုဝမ်းစာထား ဘဝကို မွေးစားနေရသဖြင့် ချည်တိုင်ကားရှိမြဲရှိကြမည်။

ထိုစဉ်... ရုပ်နာမ်စုံပြဖွာများ၌ကြ၊ ပြော၊ ပြု သုံးခုစလုံး အသုံးပြုခွင့်ရကြရာ... ဇောကျက်များကား သက်တမ်းရှည် ရှည်သလောက် စုသိမ်ကြမည်။ တစ်ဈာန်စေ့ တစ်ဇောကျက်သည် တစ်ဘဝ တစ်ဘဝ တာဝန်ခံသည်။ သို့ဆိုသော် နောင်အခါ ပြဖွာဖြစ်ရန် အလားအလာကား ကြီးရှည်ကြဦးမည်။

သည့်အတူ လူဘဝများတွင် ကံဇော၊ ဈာန်ဇော၊ ဉာဏ်ဇောများက ကြ၊ ပြော၊ ပြု သုံးစု သုံးခုကျစီဖြင့် အနန္တစုမိကြမည်။ သို့ဖြစ်ရာ နောင်အခါ လူပြန်ဖြစ်ဖို့ အလားအလာများမှာလည်း အနန္တပင်။ တစ်ဖန် တိရစ္ဆာန် စသည့် မိစ္ဆာက်၊ ဈာန်၊ ဉာဏ်တို့ကို ကြ၊ ပြော၊ ပြုဖြင့် စုမိထားကြသော ဘဝပိုင်ရှင်များလည်း နောင်မိစ္ဆာဘဝဖြစ်ကြောရှည်ကြဦးတော့မည်။ ဘဝအရေး တွေးတိုင်းမော၊ ပြော

www.burmeseclassic.com

www.burmeseclassic.com

တိုင်းကြောက်၊ လက်မြောက်၍ပင် မရတတ်။

□ နတ်ဘုံမနပ်က အတော်ကြုံမည်

ကံနှစ်ကံတို့တွင် . . . အကုသိုလ်ကံကြောင့် အပါယ်လေးဘုံပြေးခိုလုံရပုံများရေးခဲ့ပြီးပြီ။ ကုသိုလ်ကံကြောင့် လူ၊ နတ်ဘုံ ခိုလုံရမည်ကို ရေးရဦးမည်။

ရှေ့၌စခဲ့သည် လူအကြောင်းကား . . . လူဘုံသည် အထက်အောက် သို့ ဆန်စုံစုန်ရာ ပင်မကဲ့ဖျိုးခင်းကြီးအဖြစ် ရေးခဲ့ဇ်။ ပင်မဖျိုးခင်း ဥယျာဉ်ကြီးဖြစ်နေခြင်းကြောင့်လည်း အဆင့်ချင်း အကျင့်ချင်းမတူဘဲ လူနှင့်တိရစ္ဆာန်တို့ ရောနေပုံလည်းပါ၏။ လူနှင့် ပြိတ္တာ၊ အသူရကာယ်များရောနေပုံလည်းပါ၏။ လူလူချင်းပင် အယုတ်နှင့်အမြတ် ကပ်ထပ်နေရပုံများပါ ပါသေး၏။

ယခုအလှည့်ကား . . . ကုသိုလ်ကံကြောင့် လူရင်းစားပြန်ရရာတွင် အကျင့်တူမှ အတူနေခွင့်ရကိုပြမည်။ ကုသိုလ်ကံကြောင့် နတ်ဘုံအဖွင့် အဆင့်ခြောက်ဆင့်ကွဲသွားပုံပြမည်။

လူကို မနုဿ ဟူ၍ ပါဠိဖြင့် အမွှမ်းတင်ပေးထားသည်။

မနုဿ ဟူသည် . . . အကျိုးရှိ အကျိုးမဲ့နှစ်မျိုးကွဲသိသောကြောင့် လူ။

အတ္ထာ နတ္ထံ မနတိ ဇာနာတီတိ မနုသော . . . တစ်ဖန် အပြစ်ရှိ အပြစ်မဲ့ကွဲသိသောကြောင့် လူ။

ကုသလာ ကုသလံ မနတိ ဇနာတီတိ မနေသော . . .

သို့ ဆိုထားရာ ထိုသို့ အသိရှိလေသူ အကျိုးရှိ အပြစ်မဲ့ကို ချည်းသာ ရွေးဆည်လုပ်တော့မည်ဖြစ်ရာ အလံတံခွန်များကဲ့သို့ တလွှင့်လွှင့် တလူလူတက်စေပါမည်။ သို့ကြောင့် လူတွင် . . .

မူလလူသား၊
နတ်ဖြစ်လူသား၊
ငြဟ္မာဖြစ်လူသား

ဟူ၍ သုံးမျိုးကွဲသွားမည်။ (ငြဟ္မာဖြစ်လူမျိုး အထက်ကဖော်ပြခဲ့ပြီးပြီ။)

တစ်ဖန် မူလလူသားတွင်လည်း . . . သာမန်လူ၊ သမ္မာအာဇီဝဖြင့်အသက်မွေးသောလူ၊ ပါရမီစုရင်း အမြတ်ရနေသောလူ . . . ဟူ၍ သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင် . . .

(က) သာမန်လူအဖြစ်ကို သုဂတိအဟိတ်ဘုံသားအဖြစ် စာရင်းသွင်းရာ . . .

ယင်းသည် လူဖြစ်ကံကို ပြုစုရာတွင် . . .

အမှတ်မဲ့ တောင်းသူတွေ့၍ ပေးလိုက်သည်လည်း ရှိ၏။

မိတ်ဆွေ သည်းအမှတ်ဖြင့် ဖိတ်မန်ပေးကျွေးလိုက်သည်လည်းရှိ၏။

အမြတ်မျှော်၍ အရင်းထုတ်ပေးကျွေးပုဇော်သည်များလည်း ရှိ၏။ ထိုအားလုံး ဒုက္ခပေးနေသည့် (ဓာတ်ဘဉ်ဖြစ်) လောဘ၊ ဒေါသ၊ မောဟနှင့် အပေါင်းပါများကို မသိသိမိုးဆည်းမိသောကြောင့် အကြောင်းမဲ့ အဟိတ်ကုသိုလ်စု သိမ့်သူများတွင် စာရင်းဝင်၏။

စာရင်းဝင်သည့်အလျောက်လည်း ထိုကုသိုလ်က ဤလူဘဝ အကျိုးပေးအလှည့်ချသဖြင့် လူဖြစ်ခွင့်ရလာသော ဤလူဘဝ ရောက်ကာလတွင်လည်း ဉာဏ်မဲ့ဖြစ်ရ၏။ ဓာတ်တို့၏ ဆွဲငင်အားဖြင့် အသက်မွေးရ၏။ ထိုစဉ် . . .

ဓာတ်တည့်က ကြွေက်၏။ လိုက်၏။

ဓာတ်မတည့်က မကြွေက်။ တိုက်လွှတ်၏။

မကျင့်မီ၊ ကျင့်ပြီးတိုင်းတို့၌ အသိဉာဏ်မလိုက်တတ်။ အတွေ့ဖြင့် လမ်းစ၊ အတွေ့မှာလမ်းဆုံး အကန်းလုံးလုံး တည်း။ သို့ကြောင့် ထိုလူသားကို လူဖြစ်လာသဖြင့် သုဂတိဘုံသား ဆို၏။ ဓာတ်ကောင်တိရစ္ဆာန်များနှင့် အလားတူသဖြင့် အဟိတ်သမား ဆိုရသည်။

ထိုသူများ ယခုလည်း လောဘနှင့်ကဲကဲ၊ ဒေါသနှင့်ကဲကဲ ကိလေသာအညှိုးဆဲခံနေရရှာသဖြင့် ချမ်းသာခြင်း အကြောင်းကင်း၏။ နောင်လည်း ဝဋ်ကြွေးပေးဆပ်ရဦးမည် ဖြစ်သဖြင့် ချမ်းသာခြင်းအကြောင်းကင်းမည်။

(ခ) နောက်တစ်မျိုးကား. . .

သမ္မာအာဇီဝဖြင့် အသက်မွေးလေသူ. . . ။

ယင်းသည် ဓာတ်သွေးနီးသဖြင့် အလိုဆိုး စိတ်ရိုင်းဝင်လာသည်ကို ချိုးနှိမ်၏။ အလိမ္မာ အားမရ စိတ်ရိုင်းကိုလည်း ချိုးနှိမ်၏။ ဓာတ်ကြမ်းဖျစ်ဘာဖြစ်ဖြစ် တစ်ဇွတ်ထိုးဝင်စိတ်ရိုင်းကိုလည်း ချိုးနှိမ်၏။ ဤမနောဒုစရိုက် သုံးမျိုး အပိုးကျိုးနေသောကြောင့်လည်း ထိုသည့်သူ နှုတ်ရိုင်းလည်း သေဝပ်၏။ ကိုယ်ရိုင်းလည်း သေဝပ်၏။

ကိုယ် တစ်ခဏ ကောင်းစားရေးအတွက် သူတစ်ဘဝ မသတ်ဖျက်။

ကိုယ်တစ်ခဏအရေးပါဖို့အတွက် သူ့ဘဝစွာနည်းမျိုးစုံဖြင့်မလုယက်။

ကိုယ်တစ်ခဏအရသာဖို့အတွက် သူ့ကာမနှစ်နှစ်မဖျက် . . .

စသည် လူဘဝ ရင်းစားဆုံးစေသော အဓမ္မကာမမျိုးများကိုပါ ချိုးနှိမ်ပြီးသား။ သို့ ကိုယ့်စိတ်ကို ဓာတ်ငွေ့ထိုး ချိုးနှိမ်တတ်ရန်အတွက် ထိုသည့်သူ. . .

သင်ပြမည့် ပညာရှိများကိုသာ ဆည်းကပ်၏။

ပညာရှိများ ဟောပြောပို့ချသည်များကိုလည်း သတိဖြင့်နာယူ၏။

ဝမ်းစာစားကျက်တွင်း ကွင်းဆင်းရာ၌လည်း သတိလက်မကွာ အပါယူ၏။ သို့ကြောင့် တစ်ဖက်အာရုံရှင်များနှင့် ထိပ်တိုက်တွေ့တိုင်း . ပြောမည့်အလုပ်သူ၊ ကိုယ်ပြန် ခံနိုင်၊ မခံနိုင် စိတ်မေးခွန်းထုတ်ကြည့်၏။ လုပ်မည့်အလုပ်ကိုလည်း သည့်အတူ စိတ်မေးခွန်းထုတ်ကြည့်လေ့ရှိ၏။ သို့ သတိဖြင့် တွေး၊ သတိဖြင့် မေးခွန်းထုတ်လိုက်ခါနိ. . .

သူတစ်ဖက်တို့က. . .

ငါ့ကိုများ သည်လိုကြံလျှင်. . . ၊

ငါ့မယားကိုများ သည်လိုကြံလျှင် . . . ၊

ငါ့သားသမီးကိုများ သည်လိုကြံလျှင်. . .

'ငါမခံနိုင်ပါ' အဖြေပေးလျှင် ထို အတွေးကို အသုံးချကပ်ပိုးအဖြစ်မသုံး။ 'ငါလက်ခံသည်' အဖြေရပါက အသုံးချကပ်ပိုးအရာခန့်ထားမည်။ သည့်အတူ အပြော၊ အလုပ် (ပွဲထုတ်ပေးရာ) ထို နှစ်လွှာတို့ကိုလည်း သတိဖြင့်ပင် (ကိုယ့်ကိုယ်ကိုယ်) မေးခွန်းထုတ် ပွဲရုပ် ပွဲထုတ်လုပ်တတ်သည်။

ထိုသည့်လူ. . . အကြွေးပေးသည်ကို မယူခြင်းကြောင့် အကြွေးတောင်းခံစရာမလို။ အကြွေးစာရင်း ကင်းသဖြင့်လည်း အတွေးညှင်းခံစရာမလို။ သမ္မာအာဇီဝရ ဤလူသား ငါးပါးသီလ (အာမဘန္တေဖြင့် မခံယူသော်မှ) ခိုင်ခံ့ပြီးသား ဖြစ်နေရကား လူရင်းစားရဖို့ သေချာ၏။ လူပြန်ဖြစ်ရန် အခွင့်လမ်းသာနေ၏။

နောက်တစ်မျိုးပါရမီစုရင်းအမြတ်ရနေသောသူ. . . ။

ထိုသူကား. . . သတိတွင် အသိတင်ကာ ဉာဏ်ဖြင့်ကြံ၊ ပြော၊ ပြု၊ စုနေ၏။ နိမ့်နေသူတွေ့သော် မြှင့်တင်ပစ္စည်းဖြင့် ဝင်ရောက်ကူညီ၏။ အထမ်းတွေ့သော် ဦးထမ်း၊ ပဲ့ထမ်းအဖြစ် ဝင်လမ်းပို့ပေး၏။ အမြင့်ထမ်းတွေ့သော် အောက်

www.burmeseclassic.com

ကနေ ပင့်ဝင်ထမ်းပို့ပေးသေး၏။ ကရဏာ၊ မေတ္တာ၊ မုဒိတာမုန့်များစား၍ အားဖြည့်နေခြင်းတည်း။

ဤ၌ ထိုသူနှင့်ပတ်သက်နေသော လူသုံးမျိုး တိုးဝင်လာ၏။ သာမန်လူ၊ နတ်ဖြစ်လူ၊ ငြဟ္မာဖြစ်လူ ဟူ၍ လူသုံးမျိုးတည်း။ ထိုစဉ် . . . ကရုဏာဖြင့် ပေးကမ်းဂုဏ်ရောခြင်း ဒါနပြုနေပါသည်။ ကရုဏာဖြင့် စောင့်စည်းမှုသီလဆောက်တည်နေပါသည်ဆိုသော် . . . ထိုလူသား တစ်ဖက်သားအားထားရာ နတ်ဖြစ်ဖို့ သေချာသွားပြီ။

အကယ်တိတိ. . . ထိုဒါနမှုပြုရင်းကပင် မူလလူ၊ နတ်လူ၊ ငြဟ္မာလူဖြစ်နိုင်ခွင့်ရှိသည်ကို သတိပြုပါလေ. . . ။ သို့ လူ၊ နတ် (ငြဟ္မာ) ဖြစ်ခွင့်ရကြရာတွင်. . . သီလကား လူကျင့်ဖြစ်ဖြစ်၊ ရဟန်းကျင့်ဖြစ်ဖြစ် စရဏအရာတွင် ပါဦးသားဖြစ်နေ၏။ ဒါနကား တမင်ပြုမှသာ ရလေ့ရှိတတ်သည်။ တစ်ဖန် သီလကား အာရုံသစ်စောင့်စည်းပေးရသဖြင့် လွယ်ကူသည်။ ဒါနကား တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ထုပ်ပိုးထားသည့် လက်တွင်းရှိများကို စွန့်ချပေးရမည်ဖြစ်သဖြင့် အခက်တွေ့တတ်သည်။

သို့ကြောင့် ရဟန်းဖြစ်က ဒါနမှုဖြင့် ပါရမီစုရန် လက်တွန့်လေ့ရှိကြသည်။ တစ်ဖန် ဝိနည်းတော်နှင့်လျော်ညီစွာ မပေးကမ်းတတ်က အာပတ်သင့်တတ်သောကြောင့်လည်း လက်တွန့်လေ့ရှိကြသည်။ (လူနှင့်ကား ပြောင်းပြန်) လူကား ကံတိုးစားမျှော်ကာ ဒါနချတတ်၏။ သို့သော် စိတ်အထိန်းကျောင်းခံသီလကိုကား ရှောင်တကာရှားလေ့ပြုကြသည်။

ဤ၌ ကောသလနန်းတော်တွင်းက သတင်းတစ်ခု ဖောက်သည်ချပြဦးမည်။

တစ်နေ့ နန်းတော်တွင်းဝယ်. . . ကောသလမင်းကြီး၌လည်း သားတော်တစ်ပါး ဖွားမြင်၏။ အမတ်ကြီးတစ်ဦး၌လည်း သားတော်တစ်ပါး ဖွားမြင်လာ၏။ တစ်နေ့တည်း ခရီးအတူဝင်လာကြသော သားတော်နှစ်ပါးတည်း။

ထိုသားတော်လေးများကိုအထိန်းတော်ကြီးများက ပုခက်တွင်း သွင်းသိပ်ကာ ချော့မြူပေးကြရ၏။ သားတော်လေးများ အိပ်ယောင်ပြသောအခါ ထိုသားတော်လေးများ၏ အပါးမှခွာသွားကြလေမြဲ။

ထိုစဉ် ကောသလမင်းကြီး၏ သမီးတော်များတွင် တစ်ပါးအပါအဝင်ဖြစ်သော သုမနဒေဝီမင်းသမီးသည် နန်းတော်တွင်း သွားလာမြဲအတိုင်း လျှောက်သွားချိန်နှင့် လူကြီးများအလစ်တွင် အချင်းချင်း စကားနာထိုးနေကြသော ထိုကလေးငယ်လေးနှစ်ဦး၏အနီးရောက်ချိန်ဆုံမိနေရာ ဧကရပ်တန့်၍ (ပြင်ပမှ နေ) နားစွင့်ထားလိုက်သည်။

"ကဲ . . . ငါမပြောလား။ ဒါန ရိက္ခာထုပ် မြှုပ်ပါမဲ့ဆိုတာ။ ခုတော့ သင်ဒါနထုပ်မမြှုပ်ခဲ့မိလို့ အမတ်ကြီးသား လာဖြစ်နေရတာ။ ငါ့မှာတော့ ဒါနထုပ်မြှုပ်ခဲ့လို့ ဘုရင်သားလာဖြစ်ရတာ။ ဒါနထုပ်မြှုပ်သူနဲ့ မမြှုပ်သူ ဘယ်လောက်အဆင့်ကွာလဲ သူငယ်ချင်း. . . "

သည်စကားသံက ဘုရင့်သားတော် ပုခက်တွင်းက ထွက်လာသော အသံ။ ထိုစကားသံကြားသည်နှင့် သုမနဒေဝီသည် အံ့ဩတကြီး ထိတ်လန့်တုန်လှုပ်စွာအထိ စိတ်ဝင်စားသွား၏။ တစ်ဖက် ပုခက်တွင်းမှ တုံ့ပြန်မည့်စကားသံများကိုလည်း စိတ်ဝင်တစား နားစွင့်နေမိပြန်၏။

ထိုစဉ် တစ်ဖက်မှခက်တွင်းနေ၏။ တုံ့ပြန်သံထွက်လာ၏။

"ဘုရင့်သားလည်း သေချိန်ကျသေမှာပါကွာ။ အသေမလွတ်ပါဘူး။ အမတ်ကြီးသားလည်း သေချိန်သေမှာပါပဲ အသေမလွတ်ပါဘူး. . . "တဲ့။

သည်သို့ မီးတွင်းသားကလေးငယ်နှစ်ဦး၏ အချီအချပြောသံများကြားရချိန်မှစ၍ သုမနဒေဝီ၌ ဒါနထုပ်မြှုပ်သူနဲ့ မမြှုပ်သူ ဘယ်လောက်အဆင့်ကွာလဲ သူငယ်ချင်း' ဆိုသောအသံ၊ 'ဘုရင့်သားဖြစ်ဖြစ်၊ အမတ်သားဖြစ်ဖြစ် အသေမလွတ်သေးပါဘူးကွာ' ဆိုသောအသံ . . . ထိုအသံများကသာ (မင်းသမီး၏ စိတ်ကို) ကြီးစိုးနေတော့၏။

သို့ဖြင့် . . . တစ်နေ့ သုမနဒေဝီသည် မြင်းက,ရထားဖြင့် ဘုရားကျောင်းတော်သွား၏။ သုမနနောက်တွင်လည်း ရထားငါးရာဖြင့် မင်းသမီးငါးရာလိုက်ပါလာကြ၏။ ဘုရားရှင်ကိန်းဝပ်တော်မူရာ ဇေတဝန်ကျောင်းတော်အရောက်တွင် သူ့ကြိုးစိုးနေသည့် ထိုအကြောင်းအရာများကို မေးလျှောက်ထားတော့သည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . လူတွင် ဒါနပြုသူနှင့်မပြုသူ အတူထူပဲလား၊ ကွဲသလား ဘုရား"

"ကွဲပေ၏ ချစ်သမီး. . . ဒါနပြုသူသည် မပြုသူထက် အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အား၊ ဘုန်းတန်ခိုးအာနုဘော် ဤငါးပါးတို့ သာလွန်ပေ၏"

တစ်ဖန် လျှောက်ထားပြန်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . နတ်တွင်လည်း ဒါနပြုသူနှင့် မပြုသူ အတူပဲလား၊ ကွဲသလား ဘုရား"

"ကွဲပေ၏ ချစ်သမီး. . . ဒါနပြုသူသည် မပြုသူထက် အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အား၊ တန်ခိုး ထိုငါးမျိုးတို့ သာလွန်ပေ၏"

တစ်ဖန် လျှောက်ထားပြန်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အရိယာနှင့် ရဟန္တာများတွင်လည်း ဒါနပြုသူနှင့်မပြုသူ တူသလား၊ ကွဲသလား ဘုရား"

"ကွဲပေ၏ ချစ်သမီး. . . ဒါနထုပ်မြှုပ်ခဲ့သူက မမြှုပ်ခဲ့သူထက် အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အား၊ ဘုန်းတန်ခိုး ထိုငါးမျိုးတို့ဖြင့်သာလွန်ပေ၏"

တစ်ဖန် လျှောက်ပြန်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ထိုရဟန္တာများ နိဗ္ဗာန်စံဝင်ရာတွင်လည်း ဒါနထုပ်မြှုပ်သူနှင့်မမြှုပ်သူ အတူတူပဲလား၊ ကွဲသေးလား ဘုရား"

"နိဗ္ဗာန်၌ကား မကွဲတော့ပေ ချစ်သမီး"

ထိုတွင် သုမနဒေဝီသည် ဝမ်းမြောက်လွန်းသောပီတိဖြင့် သာဓုအကြိမ်ကြိမ်ဆို၏။

"မုန်သောစကားဆိုသဖြင့် သုဂတအမည် ရထိုက်ပါပေစွ မြတ်စွာဘုရား . . .

ကောင်းသောစကားဆိုသဖြင့် သုဂတအမည် ရထိုက်ပါပေစွ မြတ်စွာဘုရား . . .

သို့ ထောမနာစကား လျှောက်တင်ပြီးသည်နှင့် နန်းတွင်းဝယ် သူမတွေ့မြင်ကြားသိခဲ့ရသော ဘုရင့်သားအမတ်ကြီးသားနှစ်ပါးတို့ အချီအချပြောသော စကားများကို နားတော်လျှောက်တင် လျှောက်ထားလိုက်သည်။

ဤ၌ သီစေချင်သည်မှာ လူဆို

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဒါနရှင်က သာမန်လူထက် အဆင့်သာလွန်သည်ကိုပင်. . . ။ သည့်အတူ လူချင်းတူသော်မှ အသက်ရှူကွဲသည်များကိုလည်း သိစေလိုသေး၏။ ယင်းမှာ. . .

ဒါနကံတွင် သီလပိုးထားရာမှ နတ်ဘုံတက် စံခွင့်ရလေသူ၊

သီလကံတွင် ဘာဝနာပိုးထားရာမှ ဗြဟ္မာဘုံထက် တက်စံခွင့်ရလေသူ၊

သီလကံတွင် ဘာဝနာပိုးထားရာမှ အရိယာဘုံထက် တက်စံခွင့်ရလေသူ၊

သည်သို့ လူအဆင့်များ (အပွင့်အလိုက်) ကွဲပြားနေကြခြင်းပင်။

သို့ကြောင့် ဤလူဘုံသည် တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်များနှင့် လူ အတူနေကြသော်မှလည်း မတူသောအဆင့် လူ၌ပွင့်နေလေရာ ထိုလူများ တိရစ္ဆာန်များနှင့် ဘဝချင်းခြားနားလျက်ကသာ။ ပြိတ္တာ၊ အသူရကာယ်များနှင့်လည်း ဘဝချင်းခြားနားလျက်ကသာ။ ကန်တင်းနေရှဲညွှန့်နှင့် ကြာဖက်များပမာ. . . ။

သို့ဖြစ်ရာ. . . ဒါနကံဖြင့် လူဖြစ်လာရသူ နတ်နှင့်အတူတူ ခိုခွင့်ရတော့မည်။ သီလကံ (အကျင့်) ဖြင့် လူဖြစ်လာသူ ဗြဟ္မာနှင့်အတူတူ ခိုခွင့်ရတော့မည်။

တစ်ဖန် အမှတ်မဲ့ (သတိမဲ့) ပေးစွန့်မိခဲ့ကြသဖြင့်. . . လောဘဇွေ့အရှိန် မပြတ်ကပ်ပါနေသော ဒါနကံ(သီလကံ) ရှင်များ။ မောဟဇွေ့ အလေ့ကျအတိုင်း သိုင်းပါနေသော ဒါနကံ (သီလကံ) ရှင်များ. . . ထိုကံရှင်များသည် ဓာတ်ဇွေ့သုံး (လောဘ၊ ဒေါသ၊ မောဟ) လိုင်းရိပ်များ စိတ်နှင့် သဏ္ဌာန်ဝယ် ဇာတိ၊ ပဝတ္တိ၊ စုတိကျအောင် စီးပိုးခံနေကြရကား ချမ်းသာရန် အကြောင်းမရှိပါ။ ယင်းကို စာများက အဟေတုက ကုသလ (အကြောင်းမဲ့ကုသိုလ်)ဟူ၍ ကမ္ဘည်းထိုးပါသည်။

ကုသိုလ်ကြောင့် လူတော့လာဖြစ်ကြမည်။ သို့သော် ဂ်ပြုတိုင်း ဓာတ်ဇွေ့များအခိုင်းခံခေနရသဖြင့် မချမ်းသာကြတော့ပါ။ လောဘဓာတ်ဇွေ့ အစီးခံရသူတ တစ်သက်လုံး ငါရဖို့ချည်း တွေးဆင်ခြင်နေရတော့သဖြင့် ကောင်းစားသော်မှ မချမ်းသာ။ တစ်ဖန် ဒေါသဓာတ်ဇွေ့ အလောင်ခံရသူကလည်း တစ်သက်လုံး ဘီလူးကြိမ်းချည်း ကြိမ်းဝါးနေရတော့သဖြင့် ကောင်းစားသော်မှ မချမ်းသာ။ တစ်ဖန်လည်း မောဟဇွေ့ အလေ့ခံနေရသူကလည်း တစ်သက်လုံး သူတစ်ပါး စိတ်နှင့် ကိုယ့်ကို သူတစ်ပါးတို့လိုရာ ကြိုဆိုနေရာချထားပေးနေရတော့သဖြင့် ချမ်းသာဖို့နေနေသာသာ ကောင်းစားဖို့ပင် မမြင်ပါ။ သို့ကြောင့် ဟိတ်မဲ့ထိုလူသား သုဂတိအဟိတ်ပုဂ္ဂိုလ် အမည်ရထားပြီ။

သုဂတိ-အလားလာကောင်း လူဘဝတော့ ရောက်လာပါရဲ့ သို့သော် . . .

အဟိတ် - အကြောင်းမဲ့စိတ်ဖြင့် ကံဖွင့်နေခြင်းကြောင့် ထိုသည့်လူ. . . အခုလည်းမကောင်း၊ နောင်လည်း ကောင်းရန် အကြောင်းမမြင်။ ကိုယ့်ဖို့လည်း အကြောင်းကောင်းအောင် မပြုစုတတ်။ အများကိုလည်း အကြောင်းကောင်းရန် ပြုစုမပေးတတ်။

အကယ်တိတိ. . သတိမဲ့(အမှတ်မဲ့) ပေးစွန့်ချိန်က ငါ၊ သူ၊ ကြားခံအလျှူပစ္စည်းရှိရာတွင် ဝါထွက်မျှော် အကွက်ဖော်၍ သူသို့ သူကြိုက်ပစ္စည်းဖြင့်ပေးစွန့်လိုက်မိရာ . . . သေခါနီးကာလကျသော် အမှားသိ မောဟမြင်ဖြစ်သော အမည်ပညတ်တို့အပေါ် စိတ်မေးတင်လျက်က သေရလျှင်. . . ကောင်းကံပြုစေတနာက နောက်ဆုတ်၊ အမည်ထင်ပညတ်က ရှေ့ထိုးဖောက်လာသောကြောင့် ထိုသည့်ကောင်းမှုရှင် တိရစ္ဆာန်ဘုံသို့ဝင်ရသည်။ ယင်းကိုကား ဒုဂ္ဂတိအဟိတ်ဘုံသား အမည်ပေးထားလိုက်ပြီ။

ဒုဂ္ဂတိကား အလားအလာမကောင်းသော ဘဝဆိုးထဲ အလွဲခံရသူ . . . ။

အဟိတ်ကား ချမ်းသာရန် အကြောင်းကင်းဝေးနေသူ. . . ။

ကျွဲ၊ နွား၊ ဆင်၊ မြင်းများသည် လူတို့နှင့်ဘုရားသွားကျောင်းတက်အတူ ပေါင်းဖက်ကြ၏။ သို့သော် ကောင်းဆိုးအရာ အထာမသိ။ တစ်ဖန် ထိုဆင်၊ မြင်း၊ ကျွဲ၊ နွားများသည် လူတို့နှင့်ထွန်ယက်စိုက်ပျိုးရာ၊ ခရီးသွားလာရာ၊ ဝန်ဆောင်ရာ စသည်တို့၌ အတူအလုပ်ဝင်ကြ၏။ သို့သော် ကောင်းဆိုးအရာ အထာမပေါက်။ သို့အလျောက် ဤ ကျွဲ၊ နွား၊ ဆင်၊ မြင်းများ ထိုကံပြုကျိုး အကျိုးခံစားခွင့်မရကြ။

သည့်အတူ ခွေး၊ ကြောင် စသည်များလည်း လူနှင့်အတူနေ၏။ လူအကျိုးစုပြုကြနေကြ၏။ ကြက်၊ ဝက် စသည်များလည်း ထိုနည်းဂင်းပင်ရှိခဲ့၏။ သို့သော် လူတို့နှင့် ကံဝေပုံကျ ခွဲဝေသုံးဆောင်ကြရာတွင်ကား . . . ဘုန်းကြီး၊ ဘုရင်၊ သူဌေး လူ၌သာတွင်၏။ လူမင်း ဘုန်းကြီး၊ လူဘုရင်၊ လူသူဌေးအဖြစ် ကျော်ကြားလာကြ၏။ နွားဘုန်းကြီး၊ နွားဘုရင်၊ နွားသူဌေးဟူ၍ကား မကြားခဲ့စဖူးချေ။

ဘာ့ကြောင့် . . . ။ နောက်ခံ (အောက်ခံ) ပါလာကြသောအကြောင်းကင်းစိတ်ဖြင့်ပင် ယခုဘဝတွင်လည်း ကံအားလုံးရွှန်းပေးနေကြရသောကြောင့်။ (ကျန်များလည်းနည်းတူ)

သည့်အတူ ခွေးကုန်သည်ကြီး၊ ခွေးပွဲစားကြီး၊ ခွေးအလုပ်သမားကြီး စသည် အဆင့်ဂုဏ်ထူးများလည်း မပွင့်ထွန်းကြတော့ဘဲ. . . ခွေးဖြစ်နေ၍ ခွေးဆိုသော သာမန်အမည်ဖြင့်သာ ပြီးစီးကြရသည်။ နွားဖြစ်နေ၍ နွားဆိုသော သာမန်အမည်ဖြင့်သာ ပြီးစီးကြရသည်။

လူနှင့် တိရစ္ဆာန်များ အတူနေရာမှ မတူသောအရာများတည်း။

တူသည်က ကြံ၊ ပြော၊ ပြု စုဆောင်းကြရာ၌ . . . ။ မတူသည်က ကောင်းကံများ အောက်ခံပါ၊ မပါများ၌။

ဟိတ်နှင့် အဟိတ်တို့သည် လူနှင့် တိရစ္ဆာန်များ၏ ဝင်၊ ထွက်ကြရာ တံခါးများ. . . ၊

(၇) နောက်ဆုံး အဆင့်မြင့်လူသားကား. . .

ပါရမီဖြစ်ကုသိုလ်ပြုနေသူ. . . ။

ထိုသည့်သူ. . . ဒါနပြုတိုင်း ငါဟုတ်၊ မဟုတ်, ဂ်ပစ္စည်း ဟုတ်၊ မဟုတ် စသည်များကို ကံပေါ်တွင် ဉာဏ်ဆင့်လျက်က လေ့ကျက်နေ၏။။တစ်ဖန်. . . ပစ္စည်းတစ်လက်ကနေ တစ်လက်သို့ ပြောင်းလာပုံကိုလည်း စူးစမ်း၏။ ပစ္စည်းတစ်မျိုးကနေ တစ်မျိုးသို့ ပြောင်းလဲလာပုံကိုလည်း စူးစမ်း၏။ ထိုပစ္စည်းအမျိုးပြောင်းတိုင်း အမည်ပါလိုက်ပြောင်းပုံကိုလည်း စူးစမ်း၏။ သည့်အတူ ငါဆိုသော ငါ၌လည်း အရွယ်လိုက်လျက်က. . .

ကုလေးတုန်းက အဘိုးအဘွားတို့က သူတို့မြေးလေးပြောနေကြ၏။

မိဘများက သူတို့သားလေး(သမီးလေး) ပြောနေကြ၏။

မွေးချင်းများက ညီ၊ အစ်ကို၊ မောင်၊ နှမ စသည် ပြောနေကြပြန်၏။

ငါကလည်း ငါဟူ၍ပင် ထင်နေ၏။

အရွယ်ရောက်၍ အိမ်ထောင်းထောင်ကျလျက်သားဖြစ်သွားချိန် ငါ့ခ ငါနှင့်လာကပ်သူကို ငါ့မိန်းမလေး ဆိုမိ၏။ ငါ့အနားလာကပ်သောသူကလည်း

www.burmeseclassic.com

www.burmeseclassic.com

ငါ့ယောကျ်ားဆိုနေပြန်၏။

ငါတို့နှစ်ယောက်နှင့်အပြိုင်. . . တစ်ဖက် သူ့မိဘများက ငါ့ကို သူတို့သမက်ဆိုကြ၏။ ငါ့မိဘများကလည်း သူ့ကို ငါတို့သွေးမဆိုကြပြန်၏။ သည့်အတူ နှစ်ဖက်နေတို့၏ အသိုင်းအဝိုင်းများလည်း ခဲအို၊ မတ်၊ မရိုး၊ ခယ်မစသည် အမည်အမျိုးမျိုးထိုးဝင်လာနေ၏။

သည့်နောက် သားထောက်သမီးမြေးကြီး မြစ်ငယ် စသည်အထိ (အရွယ်နှင့်တစ်ပြေးညီ) နောက်ခံများ အစီအရီပေါ်ထွန်းလာချိန်တွင်ကား. . . ငါမှပင် မောင်၊ ကို၊ ဦး၊ ဘိုး အမျိုးမျိုး အမည်ထိုးခံနေရ၏။ သူမှပင် မိ၊ မ၊ ဒေါ်၊ ဖွား အမျိုးမျိုးအမည်ထိုးခံနေရ၏။

သို့ကြောင့် ထက်အောက်တို့၏ ကြားနေဖြစ်လာရသူ ငါသည် ငါပိုင်လား။ ကံတွင် ဉာဏ်ထွင်း၍ အရှင်းလင်းခိုင်းနေရ၏။ သူလည်း ငါပိုင်လား။ ကံတွင် ဉာဏ်ထွင်းကာ အရှင်းလင်းခိုင်းနေရ၏။

သည့်အတူ ပစ္စည်း စသည်တို့၌လည်းကောင်း၊ ပျက်စုများပေါင်းစပ်၍ သတ္တလောက၊ သခါရလောက၊ ဩကာသလောကအမည်ခံ သုံးမျိုးတို့၌လည်းကောင်း ပြောသောအတိုင်းဟုတ်၊မဟုတ် သရုပ်ထုတ်ကြည့်နေရ၏။ မြဲ၊ မမြဲ စသည်တို့ဖြင့်လည်း ချင့်ကြည့်နေရ၏။

ထိုသည့်သူ ဘာမဆို အတိုနှင့် အသိဉာဏ်သာ အာရုံယူသောကြောင့် သုံးသာသုံး ဓာတ်အဆွေမခံရသောအားဖြင့် အမြတ်ထွက်နေပြီ။ သုံးသာသုံး ကံအနှံမခံရသောအားဖြင့်လည်း အမြတ်ထွက်နေပြီ။ ယင်းကို ပါရမီစုနေသောပုဂ္ဂိုလ်ဆိုရသည်။ ပါရမီဖြစ်လူသား (သို့) လူလူချင်း၊ အာရုံအာရုံချင်း ရင်ဆိုင်မိတိုင်း အနိုင်ပိုင်းသူ ဖြစ်လာပြီ။

ထိုသည့်သူ ကိုယ်တွင်းကိန်းဓာတ်ငွေ့များ များရာမှပါး၊ ပါးရာမှကဲ့၊ ကဲ့ရာမှစဲသွားတော့လျှင်ကား. . . ဓာတ်ဆွေငင်အားမှ လွတ်သွားပြီး သုံးနေသောဓာတ်ငွေ့များ သုဉ်းသွားပြီ။ ထိုစဉ် ဓာတ်ရိုင်းများ သုဉ်းသွားသော် လေးလံသော ဓာတ်ကံကြိုးများ၏ ဖိချအား မခံထားရခြင်းကြောင့် အပါယ်ထိ ဘဝအကျမနာတော့။ တစ်ဖန် ဓာတ်ယဉ်များသုံးသွားသော် ငါနှင့်သူ အကြိုက်ချင်းထွေးအပေးအယူလုပ် ဖျက်ဆီးခြင်းဘေးတို့မှ ကင်းစေပြီ။ တစ်ဖန်လည်း ဓာတ်နုများ ပါသုဉ်းသွားတော့လျှင်ကား ငါမဟုတ် သောဘဝ ငါကိုပါခါချလျက်က ဘဝခေါ် ဖြစ်စဉ်အရပ်ရပ် ကင်းပြတ်သွားပြီ။

ယင်းကို လူက ပြုစုနေသော ပါရမီက တာဝန်ယူ၏။ ပါရမီဆယ်မျိုး တစ်မျိုးမှတစ်မျိုး ကြိုးချင်းသွယ် ဆယ်မခြင်းက တာဝန်ယူ၏။

ဤပါရမီဖြည့် လူသားကား ဘုရားရှင်ထားတော်မူခဲ့သော သာသနာတွင်းမှ တစ်ပါး အခြား၌ လုံးဝမရှိ။ သာသနာတော်တွင်း၌ပင် ဟိတ်ခံ ကံရှင် (ဉာဏ်ရှင်) လူသားများလောက်သာ တတ်နိုင်ကြ၏။

ဤလူဘုံသည် . . .

အောက်အစုန်လက်မှတ်ယူရာ၏ ရုန်းချုပ်ဆိုသည်ကို မမေ့နှင့်။

အထက်အဆန်လက်မှတ် ယူရာတွင် ရုန်းချုပ်ဆိုသည်ကို မမေ့နှင့်။

တစ်ဖန် ယူပြီးလက်မှတ်ပြန်လည် အပ်ရာ၏ ရုန်းချုပ်ဆိုသည်ကိုလည်း မမေ့နှင့်။

ဤ၌ ဖြစ်စဉ်ခေါ် ဘဝရထားတွဲများ ရှေ့၊ နောက် (ထက်၊ အောက်) တွဲချိတ်ထားရာ ကာလရထားကြီးပေါ် သို့တက်ရန် လက်မှတ်ယူသူတိုင်းအား ကံပြစ်က ကံတွဲထိန်းများက စာရင်းယူထားပြီးပြီ။ ထိုစဉ် ကောင်းကံ ကြဲ၊ ပြော၊ ပြုက ဘယ်လောက် ဘယ်လောက် စာရင်းကောက်၏။ ဆိုးကံ ကြဲ၊ ပြော၊ ပြုက ဘယ်ရွေ့ ဘယ်ရွေ့ စာရင်းဆေး၏။ တစ်ဖန် စာနှိပ်ဖြစ်ကလည်း စာနှိပ်တွဲထိန်းများက စာရင်းယူထားပြီးပြီ။ ထိုစဉ် ဤသူကား ပစ္စာန်အတွဲ တက်စီးရန် အကြိမ်မည်မျှကျင့်ထားသည်။ ဤသူကား ဒု-တ-စ စာနှိပ်တွဲများ တက်စီးရန် မည်မျှကျင့်ထားသည်။ သည့်အတူ ဤသူကား နာမ်သက်သက်ရှု၊ ဤသူကား ရုပ်သက်သက်ရှု စသည်ဖြင့်လည်း မှတ်ထား၏။

ဆိုင်ရာ ကံထိန်း (စာနှိပ်ထိန်း) များက သည်သို့မှတ်ထားကြသဖြင့် တစ်ဦးတစ်ဦးစီ၏ သွားခွင့်ရလက်မှတ်များ မည်သူတွင် မည်မျှလက်မှတ်ကိုင်ဆောင်ထားသည်ကို အတပ်သိကြ၏။ မည်သူတွင် မည်သည့်လက်မှတ်ကိုင်ထားသည်ကိုလည်း အတပ်သိကြ၏။ သိထားသည့် အလျောက်လည်း . . . သည်နေရာသည်သူမတွေ့ တွေ့တတ်သည့် နေရာသွားရှာရုံသာ။ ဟိုနေရာ ဟိုလူမတွေ့ တွေ့တတ်သည့်နေရာ လိုက်ရှာရုံသာ။

□ ဘဝထောင်သား ခရီးသွား

လူသည် လည်းကောင်း၊ အများသည် လည်းကောင်း ကာမသုတ္တဝါတိုင်း မိမိရထားသော ဘဝကို ကံထိန်းက ချည်တိုင်အဖြစ် သုံးလေ့ရှိ၏။ မိမိခံစားခွင့်ရ ကာမတရာကို လှန်ငုတ်အဖြစ်သုံးလေ့ရှိ၏။ ဤဟူသော် ခေတ္တသွားနေသူများသာ ဘုရားကျောင်းကန်များသွား၍ ဥပုသ်စောင့်သူများပမာ လှန်ငုတ်က ခဏလွတ်ကြမည်။ ကျန်အားလုံးကား ဘဝရက ချည်တိုင်၊ ကာမအာရုံခံစားခွင့်ရက လှန်ငုတ်ကြီးတပ်ခံရသူချည်းသာ။

သို့ကြောင့် ဤလူအဖြစ်ဖြင့် ဘဝခရီး ဘာ့ကြောင့်ရထားစီးလာရသလဲမေး. . . အဖြေကား. . . ထောင်လက်ကျန်ကြွေး ပေးဆပ်ရန်အတွက်ပါ ဟူသတည်း. . . ။ ထို့နတ်အဖြစ်ဖြင့် ဘဝခရီး ဘာ့ကြောင့် တက်စီးသွားသလဲ. . . မေး။ အဖြေကား နောက်ကျန်ကြွေး ပေးဆပ်ရန်အတွက်ပါ ဟူသတည်း။ သည့်အတူ လက်မှတ်ရ (လူ၊ သတ္တဝါ) အားလုံး အထက်အထက် ဆန်တက်ကြလျှင်လည်း ထောင်လက်ကျန်ကြွေး ပေးဆပ်ရန်ပင်။ အောက်အောက်စုန်ဆင်းကြလျှင်လည်း ထောင်လက်ကျန်ကြွေးဆပ်ရန်ပင်။

အချို့ ချည်တိုင်မှလွတ်သွားမူ။

အချို့ လှန်ငုတ်က ရုန်းသွားမူ။

တစ်ဖန်. . .

အချို့ကား အကြွေးသွားတောင်းသူ။

အချို့ကား အကြွေးသွားပေးရသူ . . . ။

ဤကြွေးပေး၊ ကြွေးယူကား အာရုံချင်းဆုံ ဂုဏ်ချင်းပြိုင် သူပိုင်ကိုယ်ပိုင် အနိုင်တိုက်ကြရာမှ တင်သောကြွေးများ . . . ။ သို့ကြောင့် လူ (သတ္တဝါ) တစ်ဦးဦးတွင် ထောင်ပြေးအဖြစ်ဖြင့် ကံထိန်းများ၌ တင်သောကြွေး၊ သဲဘောတူထားသောကြွေး၊ အကျေမပေးသဖြင့် ကံစပ်ဖက်များ၌ တင်သောကြွေး၊ သည်သို့ အကြွေးနှစ်မျိုးနှစ်မျိုးရှိနေသည်ကို သတိပြု။

သို့ ကြွေးဆပ်ရန် လာပါသည်ဆို လျက်ကပင် ထိုသူများ 'ကြွေးပေါမရှက်၊ သန်းဖျက်မယား' ဆိုစကားအတိုင်း ကြွေးတန်းလန်းကြီးကပင်. . . ချစ်ကြွေးများ အရှက်မဲ့စွာ အတိုးဖြင့် ယူသုံးနေကြပြန်ရာ. . . ၊ မုန်းကြွေးများကိုလည်း အကြောက်မဲ့စွာ အတိုးဖြင့်ယူဖြန်းနေကြပြန်ရာ. . . ၊ မက်ကြွေးများကိုလည်း ရက်ရမသိ ကြောက်ရမသိဖြင့် ယူမဆုံးရှိကြပြန်ရာ . . . လူသားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ဤလူ့ဘုံကနေ ပျောက်သွားပြီဆိုသည်နှင့် သို့မဟုတ် ထိုလူသား ချည်ထားသော ကံကြိုး လျော့ပြေ ပြေသွားရာမှ အသေဆုံးပြီဆိုသောအခါ . . . လက်ရှိ အကြွေးရှင်များလည်း မကျေမနပ်နှင့် ငိုကျန်ရစ်ခဲ့ကြ၏။ တာဝန်အရ လူ့ဘုံ၌ ချည်ပေးထားသော ကံထိန်းနှတ်များကလည်း သည်လူ ဘယ်ထွက်ပြေးပြန်ပြီလဲဖြင့် . . .

အထက်အထက်တက်၍လည်း လိုက်လံရှာဖွေကြရ၏။

အောက်အောက်ကြား သွား၍လည်း လိုက်လံရှာဖွေကြရ၏။

ဘာကြောင့် . . . ။ ဤလူ့ဘဝ၌ပင် နောက်ဆက်တွဲကျခံရန် ကံကြွေကျန်များ အများအပြားကျန်ရှိနေသေးသောကြောင့် . . . ။

သို့ဖြင့် ဤလူ့ဘုံနေ (ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး) အသီးသီးများ တစ်ယောက်သေလျှင်လည်း စာရင်းလှန်အစုန်အဆန် သွားရောက် ရှာဖွေကြရ၏။ နောက်နောက်တစ်ယောက်ယောက် သေတိုင်းလည်း ထိုနည်းဇင်းပင်ရှိချေ၏။

အကယ်တိတိ သေဆုံးပျောက်ကွယ်သွားသူ ဇာစ်ယောက်က သည်ထက်မြင့်ရာမြတ်ရာဘုံ သွားခိုလှုံနေသည်ကို တွေ့ရသော် . . . ထိုကံထိန်းနတ် 'တောက် . . . နေဦးပေါ့ကွာ သည်တစ်ခါ မင်းကအကြံသာသွားတာကိုး . . . ' သည်သို့ အငြိုးတေးဖြင့် တစ်ခေါက်ပြန်လာလေ့ရှိ၏။

တစ်ဖန် သေဆုံးသူတစ်ယောက်က သည်ထက်နိမ့်ရာ ယုတ်ရာဘုံကြား သွားရောက်ခိုလှုံနေပြီး ဆိုးဝါးစွာ ဒုက္ခခံနေရသည်ကိုမြင်သော် . . . 'အေး-ဘယ်နယ်ရှိစ ငါထားရာမနေသူ အပူဒဏ်ခံပေဦးတော့ . . . ' သည်လို ဝမ်းသာတွေးဖြင့် တပ်ခေါက်ပြန်လာလေ့ရှိ၏။

ဆည့်အတူ အထက်ဘုံနေများကို ထိန်းရသော စာရင်းထိန်းများသည်လည်းကောင်း၊ အောက်ဘုံနေများကို ထိန်းရသော စာရင်းထိန်းများသည်လည်းကောင်း ဘုံဆိုသော မိမိတို့ ချည်တိုင်များမှ လွတ်ထွက်သွားတိုင်း ထိုသူပြုမူ လွန်ကျူးထားသည့် ပြစ်စုတို့ကို လည်း စာရင်းလှန် ကြည့်ကြရ၏။ အပြစ်အလေးအပေါ့တို့၏ မှတ်ချက်ကိုလည်း ကြည့်ရ၏။

ချည်တိုင်များမှ ကြိုးပြေသွား၍ ထွက်ပြေးသလော . . . ၊

ချည်တိုင်များမှ ကြိုးပြုတ်ပြီး ထွက်ပြေးသွားကြသလော . . . ယင်းတို့ကိုလည်း စစ်ဆေးကြရသေး၏။ ထိုစဉ် . . .

ကြိုးပြေက အသက်ကံများ (ကုန်ဆုံး)မှ လွတ်ထွက်သွားသူများ။

ကြိုးပြုတ်က . . အသက်ကံများ (ဖြတ်တောက်) မှ ရုန်းပြေးသူများ . . . မှတ်ချက် ။ ဥတုကင်းရှင်း ကံဖြင့် ပုံစံသွင်းဖြည့် အထားခံကြရသည်။ အထက်နေ အောက်နေများ၌ ကြိုးပြေပြေးများ သာရှိကြ၏။ ရုန်းပြေးသူမရှိကြ။ ကံရော ဥတုပါ ပုံသွင်းထားသည့် လူနှင့်တိရစ္ဆာန်များ၌သာ ကြိုးပြေရော၊ ကြိုးပြုတ် (ကြိုးပြတ်) ပါ နှစ်မျိုးစလုံး ရှိကြမည်။

လက်ရှိချည်တိုင်ချုတ်၍ အခြားချည်တိုင်သို့ ပြေးဝပ်ကြသည့် ထိုသူများသည် လက်ရှိ၌ ငြီးငွေ့သည်များလည်း ဖြစ်နေတတ်ကြ၏။ အခြား၌ အထင်ကြီးအခင်မိနေသည်များလည်း ဖြစ်နေတတ်ကြ၏။ သို့ဖြစ်တတ်ကြသည်မှာ . . . ပုဂ္ဂိုလ်တစ်ဦးဦး ဤဘက်နေချည်တိုင်မှ လွတ်ကာနီးအချိန်တွင် တစ်ဖက်နေ ချည်တိုင်များ ထိန်းသိမ်းကွပ်ကဲရေး တာဝန်ယူကြရသည့် သူဆိုင်ရာများက ညှို့ဖော်ပို့လွှတ်ကာ သိမ်းသွင်းလိုက်ခြင်းများကြောင့်ပင်။

သည်ထက်ဆိုးသို့ တိုးမိခြင်းများလည်း ဒင်းကြောင့်။

သည်ထက်ကောင်းထဲ လဲပါသွားခြင်းများလည်း ဒင်းကြောင့်။

ထိုအားလုံး သူတို့ထံရှိ လက်ကျန်စာရင်းကြည့်၍ လှည့်ဆွဲ ဆွဲခြင်းကြောင့် . . . ။

ကံထိန်းတို့ခြေရုပ်သောရက်စွဲများ

ဤလူ့ဘုံသည် ကံမင်းကြီး ရုန်းထိုင်သော ဗဟိုချက်မ။

နတ်၊ ဗြဟ္မာဘုံသည် လက်ထောက်ကံမင်းများ တာဝန်ယူရာ ရုန်းခွဲများ . . . ။

အပါယ်ဘုံသည်လည်း လက်ထောက်ကံမင်းများ တာဝန်ယူရာ ရုန်းခွဲများ . . . ။

ထိုသို့ ကံမင်းများအသီးသီးတာဝန်ယူစောင့်ကြပ်နေကြရာတွင် . . . ကံမင်းကြီး ရုန်းထိုင်ရာ ကံများစုပုံ ဤလူ့ဘုံကား သတ္တဝါအမျိုးမျိုးအထွေထွေရောပြွမ်းနေကြခြင်းကြောင့် လည်းကောင်း၊ ကံအမျိုးမျိုးအထွေထွေရောပြွမ်းနေကြခြင်းကြောင့် လည်းကောင်း ဒေသတိုင်းမှာ ကံရုန်းဖွင့်ကာ ကိုယ်ဆိုင်ရာ ဖွားသေ စာရင်းများ ပြုစုကြရ၏။ နေရာတို့မှာ ကံစောင့်ထားကာ ရုန်းချုပ်သို့ ဖွားသေ စာရင်း ချက်ချင်းပို့ကြရ၏။

သတ္တဝါတစ်ဦးဦး (ဤမှာသို့) ဖွားကူးလာသောနေ့ သူတို့တွေ အလုပ်လုပ်သောနေ့။

သတ္တဝါတစ်ဦးဦး (ဤမှာမှ) လွတ်ထွက်သွားသောနေ့ သူတို့တွေ အလုပ်လုပ်သောနေ့။

သည့်အတူ . . . ထက်အောက်ဘုံများ၏ တာဝန်ခံရုန်းများတို့၌လည်း လူ့ဘုံလောက် အလုပ်မများသော်မှ မျက်စိလျင် နားပါး ခြေကားရာ လက်ကားရာ ကိုယ်စိတ်အငြိမ်မနေရမူကား အထားမပျက်ကြ။

သို့ဖြင့် လူနှင့်သတ္တဝါများ အခြားအခြားများ စောင့်ကြရသူတို့သည် သည်နေရာက လူသေသည် (လူပြည်မှ လွတ်ထွက်သွားပြီ)၊ သည်ဒေသက လူသေသည် (လူပြည်မှ ပြုတ်ထွက်သွားပြီ) . . . ထိုစဉ် သူဆိုင်ရာ ကံထိန်းများ အလုပ်များကြရတော့ရာ . . . ဗဟိုသို့ အစီရင်ခံစာများ တင်သွင်းကြရ၏။ ဗဟို၏ ညွှန်ကြားချက်များကို လိုက်ပါဆောင်ရွက်ကြရ၏။ အချို့ အောက်အောက်ဆီသို့ စာရင်းအရ ဆင်း၍ ရှာဖွေကြရ၏။ အချို့ အထက်ထက်ကို သူ့စာရင်းလှန်ကြည့်ရင်း တက်ရောက်မေးမြန်းကြရ၏။

တစ်ဖန် ထိုအထက်၊ အောက် တာဝန်ခံများသည်လည်း . . . သူတို့ထံမှ ချည်တိုင်ချုတ် လွတ်ထွက်ပြေးသူများကို မှတ်ချက်ပေး (စာရင်းအရ) ဆိုင်ရာ တာဝန်ခံ ကိုယ်စားလှယ်များအား မိမိနေရာဒေသမှ အပဖြစ်သော အခြားအခြားတို့သို့ ပို့လွှတ်စုံစမ်းခိုင်းကြရ၏။

လူ့တာဝန်ခံ၊ နတ် ဗြဟ္မာတာဝန်ခံ၊ အပါယ်တာဝန်ခံများဆုံမိကြရာတွင်ကား . . . ကိုယ့်စာရင်း သူ့ပြ သူ့ထံရောက်၊ မရောက် မေးကြရသေး၏။ သူ့စာရင်းကိုယ့်ပြ ကိုယ်ထံ လာ၊ မလာ စုံစမ်းခံကြရသေး၏။ သည်သတ္တဝါ သည်မှာလာဦးနေလေရဲ့ အဖြေရသောအခါတွင်ကား . . . ထိုသတ္တဝါထံ ထိုကံထိန်း (စျာန်ထိန်း) တာဝန်ခံများ အရောက်သွားကာ ခြောက်၍၊ ကြိမ်း၍ အချိန်းလေးများ စရန်ပေးခဲ့၏။

"မင်း ငါ့လက်က မလွတ်သေးပါဘူးကွာ . . . ။ နောက်တစ်ခါ မင်း ငါ့လက်ထဲရောက်လာလျှင် အရင်ကထက် နာမယ်မှတ်" . . . ဖြင့်။

တစ်ဖန် လူ့ဘုံထိန်းမှ အပဖြစ်သော တခြား ကံထိန်းများလည်း . . .

www.burmeseclassic.com

www.burmeseclassic.com

"မင်းနယ်ကွာ ကံစားမှမကျေသေးဘဲနဲ့ လူပြည်ပြန်သွားရတယ်လို့ ဤလူပြည်ကကံကုန် ငါတုံပြန်လာခဲ့ဖို့ မမေ့နဲ့ကြားလား. . . "

သို့ ဘုံချိန်းပေးလျက်က အာဏာပေးစရန်များ လက်ဆက်ခဲ့ကြ၏။သတ္တဝါတိုင်း တုံအမျိုးမျိုး တိုးဝင်ကြရာတိုင်းတို့၌ ကံလက်ကျန်တေး အကြွေးများ ပေးချေစရာရှိသောကြောင့်ပင် ဖြစ်၏။ မိမိက အပေးဖြင့် ဆက်ဆံအချေခံရင်းကပင် (ငါ့ဝမ်းပူဆာမနေသာအရ) ဓာတ်သွေးပါပူဆာသောကြောင့်လည်း ကြွေးသစ်ယူသုံးနေကြပြန်ရာ. . . ၊ ခတ်ဖက်အာရုံများ၏ညှို့ဆွဲခြင်းကို မငြင်းနိုင်၍လည်း ကြွေးသစ်ယူသုံးနေကြရာ. . . ၊ ဝါသနာဘဉ်၊ ဇာတိ၏အထ နိုပ်မချနိုင်လည်း ကြွေးသစ်များ ယူသုံးနေကြရာ . . . တစ်ဘဝ တစ်ဘဝတို့၏ ကံသုံးစုံအကုန် နားနေကြရသည်မရှိ။ အချိန်တိုင်း အချိန်တိုင်းလည်း ကံသုံးစုံ ရွက်ကုန်ဖွင့် လွှင့်ပေးထားကြရ၏။

ကြွေးဟောင်းလာအဆပ် ကြွေးသစ်အထပ်ကား ထုတက်နေကြပြီ။

ကြွေးဟောင်းအချတစ်ဆစ် ကြွေးသစ်ယူတစ်လံ စရန်ယူခြောက်ဆယ်လက်မလည်ကြပြီ။

သို့ဖြစ်ရာ. . . စုန်ဆန်လက်မှတ်သာဖြတ်၍ စုန်ဆန်လက်မှတ်ပြန်မဆပ်နိုင်ကြ။ ပြန်မအပ်သလောက် (စုန်ဆန်လက်မှတ်ဖြတ်ထားသလောက်)ပင် ကံကြွေးကျန် (ခံကြွေးကျန်) များကလည်း ကျခံရန် အချိန်တန်များချည်း ဖြစ်နေကြ၏။ သို့ကြောင့် သည်နေရာအရောက် ဟိုဟိုနေရာများက တောက်လျှောက်လိုက်လံတောင်းကြမည်။ ဟိုဟိုနေရာအကြွေး သည်နေရာကကြွေးများ (ကြွေးရှင်များ) ကလည်း ဟိုဟိုနေရာသို့ တောက်လျှောက်လိုက်ပါ၍ တောင်းခံကြဦးမည်။

တစ်သက်တစ်ကျွန်းမျှမက တစ်သက်ဆွယ်မိသမျှကျွန်း ယွန်းဖို့သာစဉ်းစားထားကြလေ. . . ။ ကံထိန်းများခြွေမှ ကံတရားရုံး ရုံးအထုတ်ခံကြဖို့ စဉ်းစားထားကြလေ. . . ။ လူသည် လက်မှတ်သစ်ဖြတ်ရန် အခွင့်အလမ်းလည်းသာ၏။ လူသည် လက်မှတ်ဟောင်း ပြန်အပ်ရန် အခွင့်အလမ်းလည်းသာ၏။ သို့စဉ်လျက် ပြန်မအပ် ဘဝအရပ်ရပ် တစ်ပတ်ပြီး တစ်ပတ် ပတ်ဖို့ အားယူလေ. . ။

ဥပါဒါန်အဆွဲ ဥမက္ခဖြစ်နေသောကြောင့်. . .

ဥပါဒါန် လိုက်လံစွက် အသိုက်လည်းမပျက် ဖြစ်နေကြသောကြောင့် . . .

ငါတို့ရဟန်းသုံးဝါအရလောက်က သီတင်းကျွတ်ကာလဝယ် . . . ထောင်ပိုင်ကြီး ဆွမ်းပင့်ကပ်သဖြင့် ထောင်ဝင် ဆွမ်းလိုက်စားခဲ့ရဖူး၏။ ဆွမ်းစားပြီး ပရိတ်တရားဟောအပြီး. . . ငါတို့ရဟန်းငယ်များက (စပ်စုသွေးအဆိုခံရသူများ ပီပီ) ထောင်တွင်းဝင်၍ လေ့လာခွင့်ပြုရန် ထောင်ပိုင်ကြီးအား ခွင့်တောင်း၏။ ထောင်ပိုင်ကြီးက . . .

"အရှင်ဘုရားတို့ လေ့လာချင်တာ လေ့လာကြပါ။ သို့သော် မည်သူနှင့်မျှ (မည်သည့်ထောင်သားနှင့်မျှ) စကားမပြောကြပါနှင့်ဘုရား"

ဤခြွင်းချက်ဖြင့် ခွင့်ပြုလိုက်၏။ တာဝန်ခံတစ်ဦးက လိုက်လံပြ၏။

ထောင်အတွင်းရောက်သည်နှင့်ထမင်း၊ ဟင်း ဝေဌနေရာသို့ ရောက်ကြ၏။ နာရှုမိ၏။ ကြည့်စမ်း-သူတို့စားတဲ့ထမင်းက၊ သူတို့စားတဲ့ဟင်းဆိုတာကဖြင့်. . . ။

ပိုတောင်း၏။ ပေးလိမ့်မည်မထင်နှင့် အမာန်ခံရ၏။ တိုးတောင်း၏။ ရလိမ့်မည်မထင်နှင့်ဒုတ်။ ထိုမှတစ်ဆင့် အလုပ်ရုံများ တိုက်လှောင်ခန်းများ ကြိုးတိုက်များ အိပ်စရာနေရာများ စသည်စုံစာကာစေ့ လေ့လာခွင့်ရ၏။ ထိုစဉ် တစ်ခုသော ခန်းမဆောင်ကြီးဝယ်. . .

ထောင်သားများ သီတင်းကျွတ်ပွဲဆင်နွှဲနေကြပါသည်။

ထောင်သားများ ပျော်ပွဲရွှင်ပွဲများ (သည်လောက် ဒုက္ခခံနေရသည့်အထဲမှပင်) ဆင်နွှဲနေကြပါသည်။

ထောင်သားများ၌ ကျွမ်းကျင်စုံအကုန်ပါနေကြပါသည်။

ယင်းမှာ. . . ဗုံတီးကျွမ်းကျင်နေသော ထောင်သား၊ နဲမှုတ်ကျွမ်းကျင်နေသော ထောင်သား၊ မင်းသမီးသရုပ်ဆောင်ကျွမ်းကျင်နေသော ထောင်သား၊ မင်းသားသရုပ်ဆောင်ကျွမ်းကျင်လှသော ထောင်သား၊ လူပြက်ကံ (ဟာသစျာန်) ဝင်စားနိုင်သော ထောင်သား သည်မျှ အကွက်စေ့ ထောင့်စေ့ ထောင်ကျနေကြသည်ကို တွေ့ခဲ့ရ၏။ သို့သော် ပြစ်မှုကား ထိုကျွမ်းကျင်မှုများကြောင့် မဟုတ်တန်ရာ. . . ။ အပြစ်ကျ စေတနာများကလည်း ထိန်းညှိကိန်းမရှိတန်ရာ. . . ။

သည်နေရာ ငါတို့အတွေးများ ဝင်ရောက်လာပါသည်။

သည်ပျော်ပွဲစျာင်း ထောင်ကျအသင်းထဲက တစ်ယောက်ယောက်များ ထောင်မှလွတ်သွားခဲ့သော် ကျွန်ရစ်သူတွေ ဘယ်လိုခံစားနေရစ်ကြလေမလဲ . . . ။ ထောင်ဝမှ အလွတ်စောင့်ကြိုနေကြသူတွေ ဘယ်လိုခံစားနေရစ်ကြလေမလဲ. . . ။ ထောင်မှလွတ်၍ အိမ်ထောင်ပြန်ဝင်သူတွေလည်း ဘယ်လိုခံစားရလေမလဲ. . . ။

ဤစာစဉ်သည်. . . ဝေဒနာပစ္စယာ တဏှာ အရလည်းကောင်း၊ တဏှာပစ္စယာ ဥပါဒါနာ အရလည်းကောင်း သုံးဆယ့်တစ်မျိုးသော ဘဝထောင်အဆောင်ဆောင်တို့၌ ဘဝကို ပေါင်နှံ၍ ယောင်လိုက်ပါနေကြရသူများ၏ ချည်တိုင်နှင့် လှန်ငုတ်တို့အကြောင်းသိရုံမျှ ကြောင်းပေးထားခြင်း ဖြစ်၏။ သတိရသူများ (ခန္ဓီ၊ တပေါ်) မင်္ဂလာတို့ကို ကျင့်သုံး၍ ကြွေးပေးလက်မှတ်အသစ်ထပ်မဖြတ်ရန်ကိုတည်း။ ကြွေးဟောင်းလက်မှတ်ပြန်လည်ပေးအပ်ရန်အတွက်တည်း။

ရဂ္ဂါ ဒန္ဓကေ တမ္ဗေ၊ ဧကအန္တေ ဒရေ သတ္တော
တယေဝ တတ္ထ ဓာဝတိ၊ တဒုတ္တရိ နာပိ အဓော။ ။

ရဂ္ဂါ - လွန်ကြွေး(လွန်းကြွေး)ဖြင့်၊ **ဒန္ဓကေ** - ချည်ထားသော၊ **တမ္ဗေ** - တိုင်ငုတ်ကြိုးများက၊ **ဒရေ** - မြဲလွန်းလှသော် . . .

ကေန္တေ - တစ်ဖက်သောကြိုးစွန်း၌၊ **ရဂ္ဂါ** - လွန်ကြွေးကြိုးဖြင့်၊ **ဗန္ဓေ သတ္တော** - အဖွဲ့အချည်ခံ သတ္တဝါမှန်သမျှသည်ကား၊ **တံယေဝ** - ထိုကြွေး၏အတိုအရှည်လောက်သာ၊ **ဓာဝတိ** - လှည့်ပတ်သွေးနွေး ပြေးနိုင်ခွင့်ရှိကြပါ၏။

တဒုတ္တရိ - အတိုအရှည် ထိုကြွေးချည်ထက်လည်း၊ **နာဓာဝတိ** - မပြေးနိုင်ကြပါ။

တမ္ဗိအဓော - ထိုအတိုအရှည် ဖျောက် အတိုကောက်လည်း၊ **နဓာဝတိ** - မပြေးနိုင်ကြပါ။

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်။
တနင်္ဂနွေနေ့။
သာသနာ့ဝုဠ္ဂိကျောင်းတော်။
ဥယျာဓမ်တောရ။
(သာသနာ့ဝုဠ္ဂိကျောင်းတော် ပန္နက်တင် မင်္ဂလာပွဲ နှစ်ပတ်လည်နေ့)

မဟာဓောဓိညဉာဏ်
ဆရာတော်သူမောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

မြဝင်း(ဒဿန)

မဟာဖောဓိမြို့ဆရာတော်ဘုရားကြီးမိန့်ကြားသော နံနက်ခင်းမှာ ရှင်းစရာ

(မဟာဖောဓိမြို့ဆရာတော်ဘုရားကြီးအားယူဆေးခြင်း)

ဝါတွင်းတစ်မနက်ခင်းတွင် အိမ်ရှေ့ဝါးရုံရိပ်၌ရှိသော တန်းလျားဦးထိုင်လျက် ကျွန်တော်. စာဖတ်နေစဉ် ခမ္မမိတ်ဆွေတစ်ဦး ရောက်လာပါသည်။ ခမ္မမိတ်ဆွေသည် တန်းလျား၌ဝင်ထိုင်မိသည်နှင့် ဤသို့စကားစပါသည်။

"ဒီကနေ့မနက် ဘုရားကအပြန် စာအုပ်ဆိုင်ကိုဝင်ခဲ့တယ်။ မဟာဖောဓိမြို့ဆရာတော်ဘုရားကြီးရေးတဲ့ 'နံနက်ခင်းမှာရှင်းစရာ ပုဗ္ဗဏှဘာဏကထာ' စာအုပ်တွေ့တာနဲ့ ဆရာ့အတွက် (၁) အုပ်၊ ကျွန်တော့်အတွက် (၁) အုပ်၊ (၂) အုပ် ဝယ်လာခဲ့တယ်။ ခမ္မဒါနပါ ဆရာ"

(ခမ္မမိတ်ဆွေသည် ပြောပြောဆိုဆို သူ့လက်ဆွဲအိတ်ထဲမှ စာအုပ်ကို ထုတ်၍ ကျွန်တော့်အားပေးပါသည်။)

"ဒီစာအုပ်ကို ကျွန်တော်ဖတ်ပြီးပါပြီ။ ဗုဒ္ဓဘာသာဝင်တွေ မလွတ်တမ်းဖတ်ရမယ့်စာအုပ်ပါ။ ဆရာ့တပည့်တစ်ပါးကို အဲဒီစာအုပ်အကြောင်း ပြောပြတော့ ဆရာတော်က သူဖတ်ချင်ပါတယ်လို့ပြောတာနဲ့ လျှောလိုက်ရတယ်။ အခုမိတ်ဆွေက အဲဒီစာအုပ်ကို ခမ္မဒါနပြုတော့ အတော့်ကိုအဆင်ပြေသွားတယ်။ အဲဒီစာအုပ်က အမြဲဆောင်ထားမယ့် စာအုပ်ပဲ"

"စာအုပ်ကို ဆရာဖတ်ပြီးပြီ ဆိုရင်လည်း အမြည်းလောက်တော့ ပြောပြပါ ဆရာ"

"ဒီစာအုပ်ထဲမှာ မဟာဖောဓိမြို့ဆရာတော်ဘုရားကြီးက ပုဗ္ဗဏှသုတ်ကို ဖွင့်ပြထားပါတယ်။ ဆရာတော်ဘုရားကြီးဖွင့်ပြထားတာကိုပြောမပြခင် ပရိတ်ကြီးစာအုပ်တွေမှာလာတဲ့ ပုဗ္ဗဏှသုတ်အကြောင်းကို အရင်ပြောပြပါ့မယ်။ ပုဗ္ဗဏှသုတ်ကို မိတ်ဆွေရမှာပေါ့နော်"

"ရပါတယ်ဗျာ"

"ပုဗ္ဗဏှသုတ်မှာပါတဲ့ 'သုနက္ခတ္တံ သမဂ်လံ' ကနေ 'သဟသဒ္ဓေဟိဉာတိဘိ' တိုင်အောင် သုံးဂါထာခွဲကာ အဂ်ုတ္တရနိကာယ် တိကနိပါတ် ပုဗ္ဗဏှသုတ်လာဂါထာတွေဗျ။ နောက် ယံကိဉ္စိဝိတ္တံအစရှိတဲ့ဂါထာ (၃) ပုဒ်အနက် ပထမဂါထာက ခုဒ္ဒကပါဋ် ရတနသုတ်မှာလာတဲ့ ဘုရားဟောဂါထာပါ။ ကျန်ဂါထာတွေကတော့ ရှေးဆရာတော်ဘုရားကြီးများ စီရင်ခဲ့တဲ့ ဂါထာတွေပါ။ ပုဗ္ဗဏှသုတ်လို့ ခေါ်ရတာကတော့ ပုဗ္ဗဏှသုတ်လာဂါထာတွေကို အကြောင်းပြုပြီး ပုဗ္ဗဏှသုတ်လို့ ခေါ်ကြတာပါ။ ပုဗ္ဗဏှ ဆိုတဲ့ ပါဠိစကားက

www.burmeseclassic.com

www.burmeseclassic.com

'နံနက်အခါ' လို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့်မို့ တချို့က ပုဗ္ဗဏှသုတ်ကို မနက်အခါမှရွတ်သင့်တယ်လို့ ယူဆကြ ဝါတယ်။ ဒါပေမယ့် ပုဗ္ဗဏှသုတ်ထဲမှာ မနက်ခင်းတင်မဟုတ်ဘဲ နေ့လယ်ရောက ညနေပါ ကုသိုလ်ကောင်းမှုကိုပြုရင် နေ့လယ်ရောက ညနေပါ ကောင်းတဲ့ မင်္ဂလာဖြစ်တယ်လို့ ဆိုထားတော့ မနက်ခင်းတင်မဟုတ်ဘဲ နေ့လယ်ရောက ညနေပါ ရွတ်သင့်တာပေါ့ဗျာ"

"ကျွန်တော်တော့ မနက်ရောက ညပါရွတ်ပါတယ်"

"ပရိတ်ကြီးစာအုပ်များမှာတော့ မကောင်းတဲ့ အတိတ်နိမိတ်တွေကြားရ မြင်ရတဲ့အခါ၊ ဂြိုဟ်စီးဂြိုဟ်နင်းညှဉ်တဲ့အခါ ပုဗ္ဗဏှသုတ်ကို ရွတ်သင့်တယ်လို့ ဆိုထားပါတယ်။ ဒါကြောင့်မို့ ရှေးဆရာတော်ကြီးများက သူရိန်ဘမ်းလာ၊ ဇာတာစန်းလင်း ပြတ်ပျက်ဆုတ်ယို၊ ဂြိုဟ်ဝင် ဂြိုဟ်ထွက်၊ ဂြိုဟ်ပျက်ဂြိုဟ်စား၊ ဂြိုဟ်နင်းများနှင့်သက်သွားသက်ရောက်၊ ဆည်ပေါက်တိုင်ကျိုး၊ အဆုံးစုံစု၊ ရာဟုစန်းကဲ၊ ပျားစွဲနိမိတ်များ တိတ်နာဂတ်၊ မြတ်လတ်လေက၊ ပုဗ္ဗဏှဟု၊ တေဇထွန်းပေါ်၊ ပရိတ်တော်ကို ပျော်ပျော်စီးဖြန်း ရွတ်မှုတ်ပန်းက၊ ဘေးဘုမ်းအန္တရာယ်၊ ကိုယ်ဝယ်ရှင်းကွာ၊ လွတ်ချမ်းသာသည်၊ မဟာပရိတ်ကျေးဇူးတည်း လို့ ဖွဲ့ခဲ့ကြတာပေါ့"

"ကောင်းလိုက်တာဗျာ။ အဲဒီလက်ာကို အခုမှပဲ ကြားဖူးတော့တယ်"

"ပရိတ်ကြီးစာအုပ်တွေမှာလာတဲ့ ပုဗ္ဗဏှသုတ်အကြောင်း ပြောပြီးပြီဆိုတော့ မဟာဗောဓိမြို့ဆရာတော်ဘုရားကြီးရဲ့အမြင်ကို ပြောပြပါ့မယ်။ မဟာဗောဓိမြို့ဆရာတော်ဘုရားကြီးအနေနဲ့ ပုဗ္ဗဏှသုတ်ကို သီးသန့်ဖွင့်ပြတဲ့ဟာ ရည်ရွယ်ချက်ရှိပါတယ်။ အဲဒီရည်ရွယ်ချက်ကို ကျွန်တော်ဖတ်ပြပါ့မယ်။

❑ မိမိတို့၏ညတို့၏အကြား အိပ်စက်ခဲရသွားလာရာတွင် -
ခဲတစ်ခါ အိပ်ပျော်ဆဲ အိပ်မက်ဆိုးများ မြင်မက်တတ်၏။
ခဲတစ်ခါ အိပ်ခါနီးအိပ်ခါနီး ငှက်ဆိုးထိုးသံများ ကြားရတတ်၏။
ခဲခါ မအိပ်မီ ဥက္ကာပျံ၊ တော်လည်းသံများ မြင်ရ၊ ကြားရတတ်၏။
မင်္ဂလာအလိုကျိုး ထိုနိမိတ်ဆိုးများ တိုးဝင်ခဲရပြီးနောက် ယင်းတို့ကို အာရုံပြု၍ ဤသုတ်ရွတ်ဘတ်ကြရန် ရည်ရွယ်၏။

ထိုသို့သာ -
ထိုမကောင်းနိမိတ်တို့ကို ဤပုဒ္ဓနိမိတ်တို့ဖြင့် တန်ပြန်ပြီး ယင်းအခိုန်အလုပ်ဆင်းပါလျှင် ကုန်းပေါ် တုံးကျော်ပြီးသားဖြစ်ရန် မလွဲပြီ။
ဓာတ်ရိတ်ဓာတ်ခင်းတို့တွင် ပုဒ္ဓဓာတ်၊ ဓမ္မဓာတ်၊ သံဃာ့ဓာတ်တို့ဖြင့် ဓာတ်စီရင်ထားသော ဤပုဒ္ဓဏှသုတ်သည် အထက်၏အထက်ဆုံးတည်း။
ယတြာအားလုံးတို့တွင် ပုဒ္ဓယတြာ၊ ဓမ္မယတြာ၊ သံဃာ့ယတြာတို့ဖြင့်ချေထားသော ဤပုဒ္ဓဏှသုတ်သည် အစွမ်းထက်အစွမ်းဆုံးတည်း - တဲ့"

"ကျွန်တော် ပုဒ္ဓဏှသုတ်ကို ရွတ်နေတာ အဲဒီလို မသိဘူးဗျ။ အခု ဆရာဖတ်ပြတော့မှပဲ ပုဗ္ဗဏှသုတ်ရဲ့အစွမ်းထက်ပုံကို သိပါတော့တယ်"

"ဆရာတော်ဘုရားကြီးမိန့်ဆိုထားတာ သိပ်အားရစရာကောင်းတယ်။ မကောင်းနိမိတ်တွေကို ပုဒ္ဓနိမိတ်တို့ဖြင့် တန်ပြန်ပြီး လင်းခိုန်မှ အလုပ်ဆင်းပါလျှင် 'ကုန်းပေါ်တုံးကျော်ပြီ' တဲ့"

"ဆရာတော်ဘုရားကြီးရဲ့ ရည်ရွယ်ချက်ကို သိရတော့ ပုဗ္ဗဏှသုတ်ဟာ တကယ့်အားကိုးစရာကြီးဆိုတာ သိသွားပြီဗျာ။ ရှေးကထက် အလေးအနက်ထားပြီး ရွတ်ပါတော့မယ်၊ ရှေးကထက် အခိုန်ပေးပြီး ရွတ်ပါတော့မယ်"

"ရှေးကထက်အခိုန်ပေးပြီးရွတ်ပါတော့မယ်ဆိုတော့ ဘယ်လိုရွတ်ရမယ်ဆိုတာကိုလည်း ပြောပြပါဦးမယ်။ ဘယ်လိုရွတ်ရမယ်ဆိုတာကိုလည်း ဆရာတော်ဘုရားကြီးက မိန့်ဆိုထားပါတယ်"

"ပြောလက်စနဲ့ ပြောပြပါဦး ဆရာ"

"မနက်(၄)နာရီအခိုန်မှာ အိပ်ရာကထ မျက်နှာသစ် သန့်စင်ပြီးတာနဲ့ ဘုရားရှေ့အရောက်သွားပြီး ပထမဦးစွာ သရဏသီလခံယူရမှာပါ။ ဆရာတော် ဘုရားကြီး မိန့်ကြားထားတာကတော့ သီလရှိသူရဲ့ နှုတ်ထွက်စကားဟာ နတ်အစောင့်ထားပေးရစမြဲတဲ့။ ဒါကြောင့် ပထမဦးစွာ သရဏဂုံသီလ ခံယူရမတဲ့။

နောက် ဘုရားဂုဏ်တော်များ ရွတ်ဖတ်ခြင်း။ မေတ္တာဘာဝနာပွားခြင်းစတဲ့ ပြုနေကျဝတ်များကို ပြုရမတဲ့။ နောက် မိမိရဲ့ တည်ဆဲသီလဂုဏ်တို့ကို အာရုံယူပြီး ပုဗ္ဗဏှသုတ်ကိုရွတ်ရသတဲ့။ ဒီနေရာမှာ ဆရာတော်ဘုရားကြီး မိန့်မှာထားတာရှိတယ်။ အင်မတန်မှတ်သားဖို့ကောင်းတယ်"

"ပြောပြပါဦး ဆရာ"

"အရှင်တော်၊ အဖတ်ကရတဲ့သူတိုင်း စွမ်းနိုင်ကြပါ၏။ အရှင်တော်အဖတ်အတွင်း ရှိ ဓာတ်သတ္တိက သဒ္ဓါရှိမှု မိပါ၏တဲ့။ သဒ္ဓါတရားက အင်မတန် အရေးကြီးတယ်"

"ဆရာတော်ဘုရားကြီးမိန့်မှာတဲ့ အတိုင်း သဒ္ဓါထက်ထက်သန်သန်ရွတ်ပါ့မယ်။ ခက်နေတာက မနက် (၄) နာရီ အိပ်ရာကထရမယ်ဆိုတာပါပဲ"

"အစကတော့ ခက်မှာပေါ့ဗျာ၊ ကြိုးစားရမှာပေါ့။ မနက် (၄) နာရီထဖို့ကိုလည်း ဆရာတော်ဘုရားကြီးက အလေးအနက်ပြောထားတယ်"

"အဲဒါကိုလည်းပြောပြပါဦးဆရာ"

"ဆရာတော်ဘုရားကြီးမိန့်မှာထားတာက မနက် (၄) နာရီဆိုတာ မြတ်စွာဘုရားကြီး သတ္တညုတဉာဏ်တော်ကွန်ရက်ဖြန့်ကြက်ပြီး လောကကြီးကို ကြည့်တော်မူတဲ့အချိန်တဲ့။ ဒါကြောင့်မို့ မနက် (၄) နာရီအချိန်ဟာ ဘုရားရှင်နဲ့နေ့စဉ်ချိန်းတွေ့မြဲအချိန်တဲ့။ ဒါကြောင့်မို့ မနက် (၄) နာရီအချိန်မှာ မကောင်းနိမိတ်ပြသည်ဖြစ်စေ၊ မပြသည်ဖြစ်စေ မိမိပြုမူ ဝတ်ဝင်ခိုန်အဖြစ် သတ်မှတ်ပြီး ဘုရားရှေ့အရောက်သွားရမတဲ့"

"ကြိုးစားပြီးထရမှာပေါ့ဗျာ။ ကျွန်တော်တို့ရပ်ကွက်မှ ဘုန်းကြီးကျောင်းရှိပါတယ်။ ဘုန်းကြီးကျောင်းက မနက် (၄)နာရီခွဲမှာအုန်းမောင်းခေါက်ပါတယ်။ အုန်းမောင်းခေါက်သံကို အမှတ်ထားပြီး အိပ်ရာကထရမှာပေါ့ဗျာ"

"ထဖြစ်အောင်ထပါဗျာ။ အလေ့အကျင့်ဖြစ်လာတော့ နှိုးစက်မလို အလိုလိုနိုးလာပါလိမ့်မယ်"

"ဒီစာအုပ်ထဲမှာ တခြားထူးခြားတာတွေပါသေးသလား"

"ပါတာပေါ့ဗျာ။ဒီစာအုပ်ရဲ့နောက်ပိုင်းမှာ ယတြာတွေ အကြောင်းတွေပြဆိုထားပါသေးတယ်။ အင်မတန်မှတ်သားစရာကောင်းပါတယ်။ နောက်တော့ ပြောပြကြသေးတာပေါ့"

"ဒီစာအုပ်ကို ကျွန်တော်လည်း ဖတ်လိုက်ပါဦးမယ်။ ဖတ်ပြီးတော့ ပြောရတော့ ပိုကောင်းတာပေါ့ဗျာ။ ကဲ - ကျွန်တော်ပြန်လိုက်ပါဦးမယ်"

ထို့နောက် ဓမ္မမိတ်ဆွေလက်ဆွဲအိတ်ကလေးကိုဆွဲလျက် ပြန်သွားပါသတည်း။

မြင့်(ဒဂုံနယ်)

www.burmeseclassic.com

www.burmeseclassic.com

အထူးထုတ်

ဆရာဦးမောင်မောင်သန်း

(ရင်ကိုကော်ဖြူဝေဆာ)

(၀၅) မှတ်တမ်းရုပ်ထွက်

"မင်းဒီနေ့စောသားပဲ"

"ဟုတ်ကဲ့ ဆရာ"

တပည့်ကိုသာစောသည်ဟု ပြော၏။ ဆရာထိုင်နေပုံမှာ မိုးမလင်းခင်က တည်းက ထိုင်နေဟန်ရှိကြောင်း၊ ဘေးနားရှိ ဆေးလိပ်ခွက်ထဲမှ ဆေးလိပ်တို များ၊ လတ်လတ်ဆတ်ဆတ်ပြာများက အသံတိတ်ပြောပြနေ၏။ မျှော်ကြည့်နေသည်မှာလည်း တပည့်လမ်းလျှောက်လာတတ်သည့်ဘက်။

ဆရာ၏ခြေထောက်အား ဦးခေါင်းဖြင့်ထိ၍ ရှိသေစွာ ရှိခိုးလိုက်ပြီး ဆရာ့ဘေးနားတွင် အသင့်ချထားသော ချိုင့်လေးအားဆွဲ၍ လက်ဖက်ရည်ဆိုင်ဆီသို့ အပြေးအလွှားသွားလိုက်ပါတော့သည်။

ဆရာ့အိမ်နှင့် လက်ဖက်ရည်ဆိုင်မှာမဝေးလှပါ။

သို့သော် ဝါးပင်များ၊ သစ်ပင်များကြားမှ လျှောက်သွားရသောကြောင့် ကြည်နူးစရာကောင်းလှ၏။ဆောင်းတွင်းဖြစ်နေ၍ နှင်းလေးများဝေနေ၏။ ထိုသို့နှင်းမှုန်များကြား လမ်းလျှောက်နေရသည့်အခါ ဂျပန်ဂျုဒိုမင်းသားများကဲ့သို့ စိတ်ကူးယဉ်နေမိ၏။ မြောက်ကြွမြောက်ကြွနှင့်ဖြစ်နေ၏။

ဤလိုပင် နှင်းများဝေနေသည့်ကြားလမ်းလျှောက်သွားကြခြင်း ဖြစ်၏။

ချိုင့်နှင့် ကျပ်ကို မြင်လိုက်လျှင် ဆရာ့အတွက်မုန်းသီထားကြပြီဖြစ်သော လက်ဖက်ရည်ဆိုင်ပိုင်ရှင်သည် ကျွန်ုပ်ကို ခင်ခင်မင်မင်နှုတ်ဆက်ရင်း လက်ဖက်ရည်ထည့်ပေး၏။

ကျွန်ုပ်လည်း ချိုင့်ကိုဆွဲ၍ စိတ်ကူးယဉ်ရင်း ဆရာဆာနေရောမည်ဟု သောအတွေးနှင့်ခပ်သွက်သွက်လျှောက်လာလိုက်ပါတော့သည်။

ဆရာကတော်နှင့် ဆရာ့သားလေးများသည် ကျွန်ုပ်လာတတ်သည့်နေ့ဆိုလျှင် ကျွန်ုပ်အတွက် ကုသိုလ်ရရှိ

www.burmeseclassic.com

www.burmeseclassic.com

ချိုင့်ကို တမင်ထားထားပေးလေ့ရှိ၏။ ကျန်သောရက်များဆိုလျှင် သူတို့ကိုယ် တိုင်ဝယ်ပေးကြ၏။

ကိုင်းဖန်ခွက်ကြီးကို ကိုင်၍ တစ်ကျိုက်ပြီးတစ်ကျိုက်မှန်မှန်သောက် နေသော ဆရာ့အားကြည့်ရင်း ပီတိဖြစ် နေမိပါသည်။

လက်ဖက်ရည်သောက်နေရင်းမှ ဖန်ခွက်ကိုကိုင်၍ ကျွန်ုပ်အား တစ်ချက် ကြည့်လိုက်ပြီး ပြုံးဆက်သောက်နေ၏။ ကျွန်ုပ်သိလိုက်ပါသည်။ 'မင်းကတော့ လက်ဖက်ရည်မှ မသောက်ဘဲကိုး' ဟူသော စကားကို ဆရာအသံတိတ် ပြောလိုက်မှန်းသိလိုက်ပါသည်။

ဖန်ခွက်ကြီးထဲမှ လက်ဖက်ရည် ကုန်သည်နှင့် သောက်လက်စ ဆေးပေါ့ လိပ်တိုကိုကောက်ယူရာ ကျွန်ုပ်ကမီးခြစ် ခြစ်ပေးပြီးသားဖြစ်သွားပါသည်။

ဆရာ့အကြောင်းကို ကျွန်ုပ်သိ သည်။ ချိုင့်ထဲမှာ နောက်ထပ် ဖန်ခွက် တစ်ခွက်စာကိုချန်ထားပြီး အတန်ကြာမှ ထပ်ထည့်သောက်တတ်၏။ ကျွန်ုပ်က

www.burmeseclassic.com

www.burmeseclassic.com

လည်း အလိုသိစွာနှင့် ချိုင့်ကို သေချာ ပြန်ဖုံးထားလိုက်ပါသည်။

ထိုင်နေကြသည်မှာ နာရီဝက်ခန့် ရှိလောက်မှ -

"မင်း ဟိုနေ့က ငါသင်ပေးတဲ့ အထက်ဆောင်ပန်းအလှူမှာ မရှင်းဘူး ဖြစ်ပြီး ငိုင်ထွက်သွားတာ ငါသိတယ်။ ငါ အဲဒီနေ့က တံတားလေးလမ်းဝက မတင်ကို အဲဒီဓာတ်ရိုက်တော့ မင်းငေါင်နေတာလေ"

"ဟုတ်ကဲ့၊ ဟို-အရသာရှောင်ရမှာ တွေပါနေလို့ ကျွန်တော် နားမလည် တော့တာပါ ဆရာ"

"အေး - အရသာရှောင်ရမှာတွေ ပါတာပေါ့။ ခိုက်တဲ့အရသာလေကွာ။ မင်းကို အထက်ဆောင်ပန်းသင်ပေးခဲ့ တုန်းက အခိုက်မပါဘူးလေ"

"ဟုတ်ကဲ့ - မပါဘူး ဆရာ"

"အေး - အခု ဒီပညာခန်းက အခိုက်ချေလိုက်တာပါတယ်။ အခိုက်ချေပြီဆိုရင် ခိုက်တဲ့အရသာကိုလည်းရှောင် ခိုင်းရတာပေါ့ကွ။ ဒါမှ အခိုက်စုံထုတ် ထားသလိုဖြစ်မှာပေါ့"

"ဟုတ်ကဲ့ ဆရာ"

"ဒီလိုမှမဟုတ်ရင် အကြောင်းကြီး ငယ်ကိစ္စတစ်ခုရှိလို့ ဒီဓာတ်ကိုဆင်ပြီဆိုပါတော့။ သူကလည်း အချို့ဓာတ်ခိုက်တဲ့နှစ်ဖြစ်နေတယ်။ ဒီတော့ သူဟာ ဒီဓာတ်ကိုလည်းဆင်ပြီးရော ကြဲရည်ဆိုင်တစ်ဆိုင်မှာ ကြဲရည်ထိုင်သောက်လိုက်မယ်ဆိုရင် ဓာတ်ကမထိတော့ဘူး။ နည်းနည်းထွေးသွားမယ်"

"သြော် - ဟုတ်ကဲ့၊ အချို့ဓာတ်ခိုက်တဲ့အခါမျိုးမှာလာတာပေါ့နော်ဆရာ"

"မင်းကလည်း၊ မင်းဉာဏ်မဖြစ်စလောက်လေးနဲ့ လျှောက်ပြောနေပြန်ပြီ၊ ဒါလောက်လွယ်မလားကွ"

စကားပြောရင်း လမင်းဆေးပေါ့လိပ်တိုကိုကောက်ယူလိုက်သောကြောင့် ကျွန်ုပ်လည်း မီးခြစ်ခြစ်ပြီးသားဖြစ်သွားပါသည်။

ဆေးပေါ့လိပ်တိုကို တစ်ဖွာ၊နှစ်ဖွာ ဖွာလိုက်ရင်း ဝတ်ထားသော နက်ပြာရောင် ဂျာကင်တင်ပါးဖုံးလှုပ်ကြီးအား ကော်လာတစ်ချက်ဆွဲစေ့လိုက်ပြီး -

"အဲဒါက နှစ်နဲ့ဆိုင်တယ်ကွ။ ဒီနှစ်အလိုမှာ သူဒီလိုမျိုးကိစ္စလုပ်ရမယ်။ ဓာတ်ရိုက်ရမယ်ပေါ့ကွာ။ ဒါဖြင့် ဒီနှစ်အလိုမှာ ဘာတွေခိုက်နိုင်သေးလဲ။ ဒါကို အစင်အကြယ်ပြုတာပေါ့။ လုံးဝမစားရ ဘူးလို့မဆိုလိုဘူး။ ဓာတ်ရိုက်တဲ့နေ့က စပြီး နည်းနည်းရှောင်ခိုင်းထားလိုက်တာ ပေါ့။ စားချင်ရင်လည်း သီးသန့်တော့ မစားနဲ့တော့ပေါ့။ ဆိုပါတော့ကွာ၊ အင်္ဂန္ဓာရုံရမယ်။ အေး-အင်္ဂန်အရသာကို တော့ သီးသန့်သွားမစားနဲ့ပေါ့။ ဟင်းထဲကို ငံပြာရည်လျှောထည့်စားလို့တော့ရ တာပေါ့။ အချိုလည်းဒီအတိုင်းပဲ။ ခုနလို ကြဲရည်တော့ သီးသန့်ရှောင်ထားဦးပေါ့။ သံပရာရည်သောက်ရင် သကြား နည်းနည်းထည့်သောက်တာတော့ ဘာမှမဖြစ်ဘူး"

"ဟုတ်ကဲ့ - ရှင်းလာပါပြီ ဆရာ"

ဆတ်ခနဲတစ်ချက်ကြည့်လိုက်ပြီး လမ်းမဘက်သို့လှည့်သွား၏။ ဆေးပေါ့လိပ်ဖွာနေ၏။ ကြည့်ရသည်မှာ ကျွန်ုပ် ပျာပျာသလဲပြောလိုက်သည်ကို ဆရာ ရယ်ချင်သွားပုံရ၏။

"အကြောင်းကိစ္စရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒါဟာ ကံကောင်းခြင်းကိုဖြစ်စေတဲ့အစီအရင်ပဲ။ ကောင်းသောအထက်ဆောင်ပန်းအစီအရင်ပဲ။ ထာဝရယတြာလည်း မဟုတ်ဘူး။ ဝိသေသယတြာလည်းမဟုတ်ဘူး။ သာမည ယတြာလည်းမဟုတ်ဘူး။ ဒါက အထက်ဆောင်ပန်းနဲ့ ဘုရားပူဇော်တာ"

"ဟုတ်ကဲ့"

"လူဟာ ညံ့လာပြီဆိုရင် ဘာလုပ်လုပ်အဆင်မပြေချင်တော့ဘူး။ အထစ်အငေါ့ကွေ့ဖြစ်လာတော့တာပဲ။ ဘာပြောပြော ဘယ်သူမှလက်မခံချင်တော့ဘူး။ ကိုယ်ကပေးပြီးကျေးပြီးပြောရင်တောင် ကိုယ့်ရှေ့မှာပဲဟုတ်ကဲ့ပြောမယ်။ ကိုယ်ကွယ်လိုက်တာနဲ့ ကိုယ့်အတင်းပြောဖို့ ဝန်မလေးဘူး။ ဒါသဘာဝတွေပဲ။ ရှာမယ်ဖွေမယ်။ ကံကမလိုက်ပြန်တော့ ရသမျှ ကုန်ပြန်တာပဲ။ ကုန်တာကတောင် ပိုချင်ပိုသွားမယ်။ ဒါကို အရည်အချင်းညံ့တယ်ဆိုပြီး ကြဲဖန်အထင်သေးလာကြမယ်။ ကိုယ့်ပတ်ဝန်းကျင်ကအစအထင်မကြီးတော့ဘူး။ ဒါမျိုးတွေဖြစ်လာပြီဆိုတာနဲ့ စိတ်ဖိစီးမှုတွေများလာတော့မယ်။ အိပ်မပျော်တော့ဘူး။ အိပ်မပျော်လောက်အောင်အတွေးတွေများလာပြီဆိုရင် အသက်ရှူလို့မကောင်းတော့ဘူး။ ဒီအခါမှာ ရုပ်ကျခြင်းဆိုတာ ဖြစ်တော့တာပဲ။ စိတ်ကျလို့ ရုပ်ကျတာ။ အေး - အဲသလိုမျိုးတွေဖြစ်လာပြီဆိုရင် ကံမကောင်းလိုက်တာလို့ လွယ်လွယ် ပြောကြလေ့ရှိတယ်။ မှန်တယ် - ဖြစ်တတ်တယ်၊ ဘယ်လိုဖြစ်တတ်လဲ။ တစ်နှစ်မှာ တစ်လ ကံနိမ့်ပြီဆိုပါတော့။ တစ်လလုံးနိမ့်လေ့မရှိဘူး။ တစ်လမှာ တစ်ပတ်လောက်ပဲကံနိမ့်တယ်။ တစ်ပတ်မှာ အဆိုးဆုံးက နှစ်ရက်၊ သုံးရက်ပဲ။ အဲဒီနှစ်ရက်၊ သုံးရက်အညံ့လေးမှာ ရုပ်ပိုင်း၊ စိတ်ပိုင်း ကသိကအောက်ဖြစ်သွားတာကိုမခံနိုင်ကြလို့ ပြဿနာတွေတက်ကြတယ်။ မိသားစုတွေကွဲတယ်။ ချစ်တဲ့သူတွေကွဲတယ်။ ရာဇဝတ်မှုတွေဖြစ်ကြတယ်။ ကျန်းမာရေးတွေထိကုန်တယ်။ အဲဒီလိုဖြစ်ကုန်ကြတာများတယ်။ အေး-မင်းကို ငါအခုပြောနေတဲ့ဒီပညာခန်းက အဲဒီလိုတွေဖြစ်လာပြီဆိုတာနဲ့ ဒီအစီအရင်နဲ့ ဘုရားပူဇော်ဖို့ပဲဖြစ်တော့မယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်မှန်းဆလို့ရတာပဲလေ။ ဖြစ်တော့မယ်ဆိုတာနဲ့ ပူဇော်လိုက်တော့။ စိတ်နည်းနည်းလေးပြီဆိုရင် ပူဇော်လိုက်တော့။ ဒါဆို လမ်းကြောင်းတွေပြောင်းသွားမယ်။ ဒါက မကောင်းတာကို ချေဖျက်ပစ်တာ။ ဟော-ကောင်းတာကိုဖြစ်စေဖို့ကတော့ ပြောစရာတောင် မလိုတော့ဘူး။ အစကထဲက အကောင်းကိုလျှပြီး အညံ့ကိုရှောင် အညံ့တွေထုတ်ထားပြီးမှတော့ပြီးပြီ။

ဆိုပါတော့ကွာ၊ လူတစ်ယောက်ဟာ အိမ်တစ်လုံးဆောက်နေရင်းတန်းလန်း အထစ်အငေါ့တွေဖြစ်နေပြီဆိုရင် ဒီအစီအရင် ဘုရားကိုပူဇော်တော့၊ ညံ့တာတွေချေတော့ ရပြီ"

"ဒါဆို ဆရာ၊ မင်းကုသကိုတင်ရမှာပေါ့နော်"

"ဘယ်လိုမင်းကုသကိုတင်မှာလဲ"

"ဟို - အိမ်ကောင်းဖို့ ဆိုတော့ တနင်္ဂနွေကောင်းအောင် တနင်္ဂနွေရဲ့ အထက်ဆောင်ပန်းကို . . ."

"မင်းကလည်း၊ မဆုံးနိုင်တဲ့ ဂမုန်းခိုင်လုပ်နေပြန်ပါပြီ၊ နားဝေတိမ်တောင်နဲ့။ တစ်ခုချင်းစီ အဲသလိုလျှောက်တွေးနေရင်ပြီးနိုင်ပါတော့မလား။ မင်းပြောတဲ့ စကားနဲ့ မင်းကို ငါပြန်မေးမယ်။ အိမ်ဆောက်ဖို့ခက်ခဲနေတဲ့သူက အဓိကလား၊ အိမ်ကအဓိကလား၊ ဘယ်ဟာအဓိကကျလဲ"

"အိမ်ဆောက်မယ့်သူပါ"

"အဲသလို သဘာဝအတိုင်းစဉ်းစားပါဟဲ့ကောင်ရဲ့။ နင်ပြောသလိုဆို အဲဒီလူဟာ အိမ်ဆောက်ဖို့တစ်မျိုးလုပ်လိုက်၊ ငွေဝင်အောင်တစ်မျိုးထပ်လုပ်ရ၊ ကျန်းမာရေးကောင်းအောင်တစ်မျိုးထပ်လုပ်ရနဲ့ မပြီးနိုင်တော့ဘူး။ ဟိုခေတ်နဲ့ ဒီဓာတ်မတည့်ပြန်ရင် နေရင်းဆိုင်ရင်း

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခတွေရောက်ဦးမယ် နားလည်ရဲ့လား။ သူများကိုသွားပြီး. . .”

“ဟုတ်ကဲ့-နားလည်ရပါပြီဆရာ”

ကြောက်လွန်း၍ စကားလုံးစီပုံ မလှသည်ကို ဆရာနားထောင်ရင်း ရယ်ချင်နေ၏။

“ကိုင်း - ပြောစမ်း၊ စီရင်ပြစမ်း၊ တနင်္ဂနွေသား၊ တနင်္ဂနွေနာမည်”

မထင်မှတ်ဘဲမေးလိုက်သည်ဖြစ်၍ ရင်တလှုပ်လှုပ်ဖြစ်လာသော်လည်း အချိန်မဆိုင်းဧ။

“မေမြို့(၅)ခိုင် ဒါမှမဟုတ် ပျဉ်းမ (၅)ညွှန့်၊ ကုံကော် (၂) ညွှန့်၊ သပြေ(၆) ညွှန့်ကိုစုပြီး အုံးရွက်နဲ့ပတ်ရပါ့မယ် ဆရာ။ မွေးနေ့မနက် (၉) နာရီတိတိမှာ အိုးတစ်လုံးသတ်သတ်နဲ့ ရေထည့်ပြီး ဘုရားပူဇော်ရပါ့မယ်”

“ဘုရားတွေမှာကော”

“ဟုတ်ကဲ့ - ဘုရားတွေမှာဆိုရင်လည်း ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ပူဇော်ရပါ့မယ်”

“ပြီးရင် ဟိုနေ့ကပြော. . .”

“ဟိုဒင်း စနေကို ချေရပါ့မယ်။ ဒီနေ့အဟောင်းအစုတ်တွေရှိရင်ချက်ချင်း လွှင့်ပစ်ရပါ့မယ်။ မရှိရင် ဒုက္ခိတမသန် မစွမ်းကိုပေးရကျေးရပါ့မယ်။ နွားအဆင်ပြေရင် နွားကျွေးရပါ့မယ်။ ဒါမှမဟုတ် တံမြက်စည်းဝယ် တန်ဆောင်းမှာ တံမြက်စည်းလှည်းပြီး တံမြက်စည်းလှူခဲ့ရပါ့မယ်”

“အေး - အဲဒီမှာ မင်းခုနပြောတဲ့ အရသာကိစ္စငါပြောမယ်။

လူမှာ ခိုက်တတ်တဲ့သဘာဝရှိလာပြီဆိုရင် အစားအစာကအစ သတိထားရတယ်။ အစားမတော်တစ်လုတ်ဆို ဘာရှိတယ်။ အစားကြောင့် ဒုက္ခရောက်ရတာတွေ မင်းလည်း ကြားဖူးမှာပေါ့။ တချို့ မတည့်တဲ့အစာစားလည်းပြီးရော မူမမှန်အောင်အန်ကုန်တာတွေ၊ တချို့သေတုန်တာတွေ ကြားဖူးတယ်မို့လား”

“ဟုတ်ကဲ့”

“မတည့်သောပစ္စည်း၊ ကံနိမ့်သွားသောပစ္စည်းဆိုတာ စားနေကျဖြစ်ပေမဲ့ ခိုက်တဲ့ကာလရောက်ရင် ခိုက်တဲ့သဘောရှိတယ်။ မင်းကြားဖူးလား၊ တစ်သက်လုံးစွဲစားလာတဲ့သူ ဘာမှမဖြစ်ဘူး၊ ဒီနှစ်မှ ပို့စားတိုင်း ဘာဖြစ်နေလဲမသိဘူး၊ မူမမှန်နေတယ်ဆိုတာ။ တစ်သက်လုံး ဝန်းသီးစားလာတာ ဘာမှမဖြစ်ဘူး။ အခုစားတာရင်တွေကျပ်တက်လာတယ်ဆိုတာမျိုး”

“ဟုတ်ကဲ့-ကြားဖူးပါတယ်ဆရာ”

“အေး - ကြားဖူးရင် အဲဒီဓာတ်သဘောမတည့်တဲ့နှစ်လို့မှတ်ထား။ အဲဒါကိုရှောင်ရမယ်။ ဘယ်လိုရှောင်မလဲ။ ဓာတ်ပန်းဆင်နေတဲ့ကာလမှာရှောင်။ ခုန ငါပြောသလို အလွန်အကျွံမစားနဲ့။ နည်းနည်းစား၊ မျှတအောင်စား၊ ဒါဆိုပြီးတာပဲ။ ရှောင်ဖို့ကို ငါပြောမယ်။

အသက်ကို မွေးနဲ့ပြုဟ်သက်နဲ့ ရော၊ (၇) နဲ့စား။

(၁) ကြွင်းရင် အငန်ရှောင်ရမယ်။
(၂) ကြွင်းရင် အဖန်။
(၃) ကြွင်းရင် အခါး။
(၄) ကြွင်းရင် အချဉ်။
(၅) ကြွင်းရင် အဆိမ့်။
(၆) ကြွင်းရင် အချို။
(၀) ကြွင်းရင် အစပ်။

ဒါတွေဟာ ခိုက်တတ်တဲ့သဘောရှိတဲ့အရသာတွေပဲ။ ~ ဒါတွေကို သတိထားပြီး ရှောင်ရမယ်။ အောင်မြင်မှုအတွက် စီရင်တော့မယ်ဆိုရင် ကျန်းမာရေးကိုလည်းထိန်းနိုင်ရမယ်။ မကျန်းမာနေရင်လည်း အောင်မြင်မှုအစီအရင်တွေ လုပ်လို့မထိရောက်ဘူး။

ဆိုပါတော့ အသက် (၃၂) နှစ်ရှိတဲ့ ဗုဒ္ဓဟူးသားကွာ၊ သူ့အသက် (၃၂) နှစ်၊ မွေးနေ့ဗုဒ္ဓဟူးရဲ့ပြုဟ်သံက်က (၁၇)၊ ပေါင်းစမ်း”

“(၄၉) ပါ ဆရာ”

“အေး - (၄၉) ကို (၇) နဲ့စားစမ်း”

“(၀) ကြွင်းပါတယ် ဆရာ”

“ဟုတ်ပြီ၊ သူက ခုပြောနေတဲ့ အစီအရင်ကို စီရင်တော့မယ်ဆိုတာနဲ့ အစပ်ကိုထိရောက်အောင်မစားနဲ့”

“ဟုတ်ကဲ့”

“ကဲ - ပြီးရင် ဘာဆက်လုပ်မလဲ ပြော”

“သူဟာ အုန်း (၁) ညွှန့်ရယ်၊ ပျဉ်းမ (၅) ညွှန့် ဒါမှမဟုတ် မေမြို့ပန်း (၅) ခိုင်ရယ်၊ ကုံကော်(၂)ညွှန့်ရယ်ကို စုပေါင်းပြီး ဝါးရွက်နဲ့ချည်ရပါမယ်ဆရာ”

“အင်း”

“ပြီးရင် ဗုဒ္ဓဟူးနေ့မနက် (၉) နာရီတိတိမှာ အိုးတစ်လုံးသတ်သတ်နဲ့ ရေထည့်ပြီး ဘုရားပူဇော်ရပါမယ်။ ထန်ဦးကြီးဘုရားမှာ ပူဇော်ချင်ရင်လည်း ဒီအချိန်ဟာ အထိရောက်ဆုံးပါပဲ”

“ဟုတ်ပြီ၊ ပြီးတာနဲ့”

“ပြီးတာနဲ့ စာကလေးလွှတ်ပေးရပါ့မယ်”

“မင်းရမ်းရမ်းမပြောနဲ့၊ စာကလေး လွှယ်လွှယ်လွှတ်မရတဲ့နေရာမျိုးတွေကျမင်းဘယ်လိုလုပ်မလဲ”

“ဟို-စိတ်ကျန်းမာရေးမကောင်းသူတို့ အဲဒါရှာဖွေပြီးပေးကမ်းကျွေးမွေးရပါလိမ့်မယ်”

“မရရင်”

“မရရင်၊ မရရင် ဟိုဒင်း စာကလေးတွေကို ဆန်ပက်ကျွေးရင်ရပါလိမ့်မယ်။ ဆိတ်ရှိတဲ့နေရာမှာဆိုရင်လည်း ဆိတ်ကျွေးရင်ရပါလိမ့်မယ် ဆရာ”

“အေးပေါ့ကွာ၊ အင်္ဂါနံတစ်ခုခုကို ချေပေးလိုက်ရင် ရပြီပေါ့”

“ဟုတ်ကဲ့”

“ဒါဖြင့် တနလ်ာကွာ”

တနလ်ာက သပြေ (၆) ညွှန့်၊ နှင်းဆီ (၇) ပွင့် ဒါမှမဟုတ် ဒန်း (၇) ညွှန့်၊ ပြီးတော့ ဆီး (၃) ညွှန့်ဖြစ်ဖြစ်၊ ဇွန်ပန်း ညွှန့် (၃) ညွှန့်ဖြစ်ဖြစ်ကို စုပေါင်း၊ ကြံရွက်နဲ့ပတ်၊ တနလ်ာနေ့မနက် (၉) နာရီမှာ ဘုရားလှူပြီးရင် ဦးခေါင်းမကောင်းတဲ့သူကို ပို့ကဆေးတာ၊ မုန့်ကျွေးတာ လုပ်ရမယ်။ မရရင် စားချင်တဲ့သူကိုအုန်းသီးဝယ်ပြီးပေးလိုက်မယ်။ အိုးကွဲတွေ ဘာတွေရှိရင်ထုတ်ခိုင်းမယ်”

“အင်္ဂါ ဆက်ပြော”

“အင်္ဂါဆိုရင် ဒန်း (၇) ညွှန့်၊ ဒါမှမဟုတ် နှင်းဆီ (၇) ပွင့်၊ ရွှက်လှ (၄) ညွှန့်၊ အုန်း (၁) ညွှန့်စုပေါင်း၊ ဆီးရွက်ကြီးကြီးတွေနဲ့ပတ်၊ ညောင်ရွက်နဲ့ပတ်လည်းရတယ်။ အင်္ဂါနေ့ မနက် (၉)နာရီမှာ ဘုရားပူဇော်၊ ပြီးရင် ငှက်စာကျွေး၊ ခွေးစာကျွေး၊ ခြေထောက်မကောင်းသူကို ပုံပိုးကူညီ၊ တစ်ခုခု။ ပြီးတော့ ဗုဒ္ဓဟူးဆိုရင်. . .

“မင့်ဘိုးအေက ပြီးပြီလေ၊ ခုနပဲ ပြောပြီးပြီ”

“ဗြော် - ဟို - ကြာသပတေး၊ ကြာသပတေးဆိုရင် ကုံကော် (၂) ညွှန့်၊ သပြေ (၆) ညွှန့်၊ ဆီး ဒါမှမဟုတ် ဇွန်ပန်းညွှန့် (၃) ညွှန့်စုပေါင်း၊ ပျဉ်းမရွက်နဲ့ပတ်၊ ကြာသပတေးနေ့မနက် (၉) နာရီမှာ ဘုရားပူဇော်၊ ပြီးရင် လေရောဂါ ဝေဒနာရှင်တွေကို ပုံပိုးကူညီ ဒါမှမဟုတ် ရေသတ္တဝါကျွေး။

သောကြာကတော့ ဆီး ဒါမှမဟုတ် ဇွန်ပန်းညွှန့် (၃) ညွှန့်၊ နှင်းဆီ (၇) ပွင့်၊ ဒါမှမဟုတ် ဒန်း (၇) ညွှန့်၊ ရွှက်လှ (၄) ညွှန့် စုပေါင်း၊ သပြေရွက်နဲ့ပတ်ချည်၊ သောကြာနေ့မနက် (၉) နာရီတိတိမှာ ဘုရားပူဇော်၊ ပြီးရင် မျက်မမြင်တို့၊ ဗိုက်ဝေဒနာရှင်တို့ကို ကူညီပုံပိုး၊

www.burmeseclassic.com

www.burmeseclassic.com

အစားအသောက်ဝယ်ကျွေး၊ မြင်းရှိရင် မြင်းကျွေး၊ ဘဲရှိရင် ဘဲကျွေး။

စနေဆိုရင် ရွာက်လှ (၄) ညွှန့်၊ အုန်း (၁) ညွှန့်၊ ပျဉ်းမ (၅) ညွှန့် ဒါမှမဟုတ် မေပြို့ (၅) ခိုင် စုပေါင်းပြီး ထန်းရွက်နဲ့ပတ်ချည်၊ စနေနေ့မနက် (၉) နာရီတိတိမှာ ဘုရားပူဇော်ပြီးရင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူတို့၊ အာဟာရမစားသောက်နိုင်တဲ့သူတို့ကို ပုံပြီး၊ ခရီးသွားချင်ပေမယ့် စရိတ်မရှိရှာတဲ့ လက္ခဏာရှားပါးသူကို ခရီးစရိတ်ပေး"

"ဒါတော့ ဒေါင်းဒေါင်းပြေးနေတာပဲဟုတ်လား။ မပြေးရင်လည်း နားရင်းတီးပြီသာမှတ်"

"ဟုတ်ကဲ့"

ဆရာ့အနီးတွင်ထိုင်၍ပြောလိုက်ရသောကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းလှသော ဆောင်းတွင်းကြီးဖြစ်နေသော်လည်း ဝတ်ထားသော ဖလန်နယ် အနွေးထည်အောက်တွင် ချွေးများနစ်နေပြီဖြစ်၏။ ဆောင်းရာသီမှာ ကျွန်ုပ်နှင့် မဆိုင်တော့။ ထို့ကြောင့် ရင်ဘတ်နားမှ ကြယ်သီးတစ်လုံးကို ဖြုတ်လိုက်ရတော့၏။

"ဟုတ်ပြီ၊ အဲဒီအရွက်အခက်တွေ အသစ်လဲချင်ရင်တော့ ဘယ်နေ့လဲလဲပေါ့ကွာ။ ခုနတင်လျှောတဲ့အချိန်အထိခံရင်တော့ အဲဒီအချိန်ကျမှလဲပေါ့။ မခံရင်လည်း ကြားမှာလဲပေါ့။ နွမ်းခြောက်နေတာကြီးတွေကို မြင်ရတာနဲ့ စိမ်းစိုဝေစည်နေတာကို မြင်တာနဲ့ စိတ်ချမ်းမြေ့တာ မတူဘူး။ စိတ်ချမ်းမြေ့မှလည်း ဓာတ်ကထိတာကွ"

"ဟုတ်ကဲ့ ဆရာ"

ထို့နေ့က -

ဤမျှသာပြောရင်း ဆရာဘာမှ ဆက်မပြောတော့။

ကျွန်ုပ်လည်း အလိုက်သိစွာနှင့် ဘာမှဆက်မမေးရဲတော့ပါ။

ကျွန်ုပ်သည် -

(၇) ရက်သားသမီးများအား စတင်၍ ဟောရပြီဆိုကတည်းက ဤနည်းကို တွင်တွင်ပေးခဲ့ပါသည်။

အဓိက နာမည်ကိုသာစီရင်ခြင်းဖြစ်ပါသည်။ နေ့သားကို မစီရင်ပါ။ နာမည်တခြား၊ နေ့တခြားဖြစ်နေလျှင် နာမည်ကိုသာ စီရင်ပါသည်။ အထက်ဆောင်ပန်းဖြစ်၍ မှားသွားလျှင် မကောင်းသောကြောင့် ဖြစ်ပါသည်။

အလွန်မှအောင်မြင်ခဲ့ပါသည်။

လူအရောတ်အပေါက်မလွယ်တဲ့ သောရပ်ကွက် လမ်းကြိုလမ်းကြားတွင် နေရင်းနှင့်ပင် ပရိသတ်များပြားခဲ့ရပြီဖြစ်၏။

အောင်မြင်ကြသူအချင်းချင်း လက်တို့ပြီး ပို့ပို့ပေးကြသောကြောင့် အောင်မြင်ကြမည့်သူများကို ထပ်ထပ်ပြီးဆုံခဲ့ရသလိုဖြစ်ခဲ့ရပါသည်။

မည်သည့်နည်းနှင့်မျှလုပ်မရတော့လျှင် ဤနည်းကိုသာတွင်တွင်ပေးလေ့ရှိပါသည်။

အောင်မြင်လိုကြသူများဖြစ်စေ-

အညှဉ်းမှ လွတ်မြောက်ချင်သူများဖြစ်စေ -

ဤနည်းက လမ်းပြသွားသကဲ့သို့ ဖြစ်သွားကြပါသည်။

အချို့ဆိုလျှင် ထင်မထားသော အောင်မြင်မှုများကြောင့် သူတို့ကိုကြည့်ပြီး ကိုယ်တိုင်လည်းသွားသွားလျှုဖြစ်ရပါသည်။

အောင်မြင်ကြသူများကို မြင်ရတိုင်း၊ သူတို့၏အောင်မြင်မှုများကိုကြားရတိုင်းဖြစ်ရသည့်ပီတိမှာ ဘာနှင့်မှမလဲနိုင်။

အချို့ လေးကြိမ်၊ ငါးကြိမ်နှင့် အောင်မြင်ကြသလို အချို့ဆိုလျှင် (၁၀) ကြိမ်ခန့် ပြုလုပ်ရ၏။ အချို့(၃)လောက်ကြာမှ ဓာတ်ထိပြီးအောင်မြင်၏။ ရန်များလွန်းလျှင်သာ အနည်းငယ်ကြာတတ်သည့်သဘောရှိသည်။ လာဘ်ပွင့်ရုံမျှဆိုလျှင် အလွန်မြန်ဆန်လှ၏။

အရေးကြီးသည်မှာ -

လာဘ်ပွင့်ချင်လျှင် လာဘ်လာဘများစွာဝင်လာနေပုံကို မျက်လုံးထဲမှာ မြင်ယောင်ပြီး အာရုံမှာ ပုံဖော်ပြီး တင်လျှုပါ။

ရန်အန္တရာယ်များနေ၍ တင်လျှုလျှင် ရန်တွေ့ရှင်းသွားပြီဟူသောကောင်းခြင်းကို အာရုံပြု၍ ငါဟာ လူချစ်လူခင်ပေါနေပြီ ဟူသော ယုံကြည်ချက်ဖြင့် တင်လျှုပါ။

ကျန်းမာရေးကောင်းချင်လျှင် ကိုယ့်ကိုယ်ကိုယ် အလွန်ကျန်းမာနေပုံအာရုံပြုထားပါ။ စိတ်ကူးထားပါ။ ပုံပေါ် အောင်ကြည့်ပါ။ ကိုယ်သည် အလွန်ကျန်းမာပြီး ပျော်ရွှင်နပျံနေသည်ကို ပုံဖော်၍ အာရုံပြုပြီးတင်လျှုပါ။

ဖြစ်ချင်သည့်ဆန္ဒကို အာရုံပြု၍ ယုံယုံကြည်ကြည်ပြုလုပ်ပါ။

တစ်ကြိမ်ထဲပုံမဖော်ပါနှင့်။ ထိုသို့တင်လျှုပြီးချိန်မှစ၍ တောက်လျှောက် လာဘ်တွေပွင့်လာပုံ (သို့) တောက်လျှောက် ရန်တွေကင်းသွားပုံ (သို့) တောက်လျှောက် ကျန်းမာလာပုံတို့ကို အာရုံမပြတ်ပြုထားရပါလိမ့်မည်။ သတိရတိုင်းပုံဖော်စဉ်းစားပါ။ အောင်မြင်နေသည်များကိုသာ အာရုံပြုပါ။

ဟုတ်ပါ့မလားဟူသော အတွေးများ၊ စိတ်ဖျက်စေနိုင်သောအတွေးများ လုံးဝမဝင်ပါစေနှင့်။ ဝင်လာလျှင် ဖယ်ပစ်ပါ။

အရေးကြီးသည်မှာ -

လာဘ်ပွင့်ချင်လျှင် လာဘ်ပွင့်ချင်သည့်စိတ်ရှိနေရပါမည်။

ကျန်းမာချင်လျှင် ကျန်းမာချင်သည့်စိတ်ရှိနေရပါမည်။

ဤသည်ကိုမမေ့ပါနှင့်။

ဖြစ်ပါ့မလားဟူလျှင် ဘာမှဖြစ်လာမည်မဟုတ်တော့ပါ။

သဘာဝအတိုင်း စီရင်တင်လျှုသော အထက်ဆောင်ပန်းအစီအရင်ဖြစ်၍ အောင်မြင်ကြသူများ လက်မလွတ်ကြသည့်အစီအရင် ဖြစ်ပါသည်။

ဤလိုမျိုး -

အောင်မြင်မှုတွေများလာကြသည့် အခါ -

ကျေးလူးရှင် သူရဇ္ဈမရိသတ်ကြီးကို ဤအစီအရင်နည်းဖြင့် ဂါရဝပြုခြင်းစိတ်ပြင်းပြလာပါတော့သည်။

ယခု -

သူရဇ္ဈမဂ္ဂဇင်းကြီး (၁၅) နှစ်ပြည့် မြောက်အောင်ပွဲအဖြစ် ဤနည်းဖြင့် အမှတ်တရ ဂါရဝပြုလိုက်ပါပြီ။

အောင်လည်းအောင်မြင်ကြတော့မည့် သူရဇ္ဈလက်ဆောင်ဖြစ်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရရင်း -

သူရဇ္ဈမရိသတ်ကြီး -

ကျန်းမာခြင်းချမ်းသာခြင်းများစွာနှင့်ပြည့်စုံကြပါစေ။

ရှိပြီးရင်းရှိကြပါစေ။

ပြည့်ပြီးရင်းပြည့်ကြပါစေ။

သိလတွေဆောက်တည်နိုင်ကြပါစေ။

ဘာဝနာတွေပွားများနိုင်ကြပါစေ။

အလှူရေစက် လက်နှင့်မကွာလှူနိုင်တန်းနိုင်ကြပါစေ။

တရားဘာဝနာများ ပွားများအားထုတ်နိုင်ကြပါစေ။

ဆရာဦးမောင်မောင်ဆန်း

(ရင်ကိုအေးပြီးစေသား)

www.burmeseclassic.com

www.burmeseclassic.com

ဝတီထွန်း
(သမိုင်းပညာရှင်)

မဟာမုနိအား သိကြားမင်းရှိခိုးသောဂါထာ

ရှေးခေတ် ရခိုင်ပြည်တွင် တတိယ ဥဉ်းတီမြို့တော်ကို စတင်တည်ထောင်သော နေမျိုးဝံသစန္ဒာသူရိယမင်းကြီး လက်ထက် ဘိုးတော် အဋ္ဌနမင်း ဖြုခွင်း သက္ကရာဇ် (မဟာသက္ကရာဇ်) ၁၂၃ (ဘီစီ - ၅၅၄) ခုနှစ် မြတ်ဗုဒ္ဓကိုယ်တိုင် ကြွရောက်လာခဲ့ကြောင်း ရခိုင်ရာဇဝင်သမိုင်းမှတ်တမ်းများအရ သိရှိကြည်ညိုရပါသည်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင် နောက်ပါတပည့်သာဝကငါးရာနှင့်အတူ ကြွလာတော်မူကြောင်းကို ငြဟ္ဂိုအက္ခရာပါဠိဘာသာဖြင့် ရေးထိုးထားသော တောင်ပေါက်ကြီးကျောက်စာက သက်သေသာဓကရှိပါသည်။

မြတ်ဗုဒ္ဓကြွလာကြောင်း တောင်ပေါက်ကြီးကျောကိစာတွင် 'ဥဉ်းတီမြို့တော်၏ အနောက်ဘက်မျက်နှာ ကစ္ဆပနဒီ အမည်ရှိသော ကုလားတန်မြစ်၏ အရှေ့ဘက်ကမ်းဂိပ်ဝယ် သေလာဂိရိအမည်ရှိသော ကျောက်တော်တောင်ထိပ်၌ သက်ဆင်း ရပ်တန့်တော်မူ၏' ဟူ၍ တောင်ပေါက်ကြီးကျောက်စာဘာသာပြန်ဆိုချက်အရ လေ့လာကြည့်ရှုရပါသည်။

□ မြတ်ဗုဒ္ဓဗျာဒိတ်တော်ထားခဲ့ပုံ

"ချစ်သား အာနန္ဒာ၊ ငါဘုရားလောင်းသည် ရှေးရှေးသောဘဝ၌ သုံးဆယ်သောပါရမီကို ဖြည့်ကျင့်တော်မူသောအခါဝယ် ဤဥဉ်းတီမြို့၌ ခြောက်ထောင်သောတပည့်တို့၏အကြီးအမှူး ပုရောဟိတ်ပုဏ္ဏားဖြစ်တော်မူဖူးလေသည်။ ယင်းသို့ ဖြစ်တော်မူဖူးလေသောကြောင့် ငါ၏ကိုယ်စားသက္ကာန်သွန်းလုပ်တော်မူလတ္တံ့သော မဟာမုနိရုပ်ရှင်တော်သည် သုံးဖော်သောလောကဓာတ်ပဝဏ္ဍန်းလင်းစွာ ငါထားတော်မူလတ္တံ့သော သာသနာငါးထောင်ပတ်လုံး ကိန်းဝပ်တော်မူရာဖြစ်လတ္တံ့သတည်း' ဟူ၍ မြတ်ဗုဒ္ဓ ရွေးနှုတ်တော်မှ ဆုတ်ဖော်၍ ဗျာဒိတ်တော်ထားခဲ့လေသည်။ မြတ်ဗုဒ္ဓ ဗျာဒိတ်တော်ထားသည့် အတိုင်း စန္ဒာသူရိယမင်းကြီးလျှောက်ထား တောင်းပန်းချက်အရ ရုပ်ရှင်တော် မဟာမုနိကိုယ်စားတော်မြတ်ကို ရွှေ၊ ငွေ စသော ရတနာများဖြင့် သွန်းလုပ်ခွင့်ပြုတော်မူပါသည်။ ဥဉ်းတီပြည့်ရှင် စန္ဒာသူရိယမင်းကြီးသည်လည်း ဂေါတမဗုဒ္ဓအမှူးရှိသော ငါးရာသောတပည့်၊ သာဝကအရှင်မြတ်တို့အား များပြားလှသော အရသာတို့ဖြင့် ကောင်းမွန်စွာ ဆွမ်းပန်းလျှဒါန်းဆက်ကပ်ကျွေးမွေးပြုစုတော်မူလေသည်။ ဤ၌ ရုပ်ရှင်တော် မဟာမုနိကိုယ်စားတော်မြတ်အားသွန်းလုပ် ပြီးစီး ထမြောက် အောင်မြင်သော အချိန်အခါ၌ သိကြားမင်းရှိခိုးသော ဂါထာတော်ကို တင်ပြလိုရင်း ဖြစ်ပါသည်။

□ ရုပ်ရှင်တော်မဟာမုနိသွန်းလုပ်မူတော်ခြင်း

□ . . . ရှင်တော်ကိုယ်စား အုပ်ပွား

www.burmeseclassic.com

www.burmeseclassic.com

ခ်ဥ်းတဲ့ သွန်းပြသောအခါ နှစ်ကောဇာမှု၊ တစ်ရာ့နှစ်ဆယ်စွန်းကယ်သုံးခုရတုဂိမ့်၊ နွေလကဆုန်၊ ပူဟုန်ပြင်းစွာ ဝိသာခါနှင့်၊ မကွာယှဉ်မှတ်ရက်မြတ်ဗုဒ္ဓ၊ ညဥ့်ကစလျှင်၊ စၦသွန်းရာ၊ ထိုအခါတွင်၊ တေဇောတန်ခိုး၊ တက်တိုးဝုန်ဝေ၊ ဖြစ်စေခြင်းငှာ၊ အဓိဋ္ဌာဖြင့်၊ မဟာပုရိသ၊ လောကကြေးမုံ၊ သုံးဘုံမျက်ဖျော်၊ ရွှေကိုယ်တော်ငွေ့၊ လက်တော်မွေ့လျက်၊ ထည့်ချိန်ကြည့်ရှု သဲမွှေးတု၊ ကြပ်မသွန်းလုပ်ရုပ်တုတော်ကြီး၊ ထိန်ညီးလျှံပြေး၊ ကြာသတေးနေ့တွင်၊ ပြီးအောင်မြင်၏'

ဟူ၍ ရာဇဝင်လင်္ကာ၌ လာရှိပါသည်။

ဤလင်္ကာအဆိုမှတ်တမ်းအရ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ညဥ့်ကစ၍ ရုပ်ရှင်တော်မဟာမုနိစက်ကို သွန်းလုပ်တော်မူကြရာ ကြာသပတေးနေ့ အရုဏ်တက်နေထွက်အချိန်တွင် သွန်းလုပ်ပြီးစီးအောင်မြင်တော်မူကြောင်း တွေ့ရှိကြည့်ရှုရပါသည်။

ထိုသို့ သွန်းလုပ်ပူဇော်တော်မူကြစဉ် သိကြားမင်းနှင့် ဝိသကြုတို့သည်လည်း လူဟန်ဖန်ဆင်း၍ ပန်းတဲဉာဆရာ (ဗိသုကာဆရာ) အဖြစ် ပါဝင်သွန်းလုပ်တော်မူကြောင်း သွန်းလုပ်တော်မူပြီးသည်နှင့် တစ်ပြိုင်နက်ချင်း သွန်းစက်တော်မဟာမုနိရုပ်ရုပ်တော်မြတ်ကြီးကို အောက်ဖော်ပြပါဂါထာဖြင့် သိကြားမင်းသည် ကာယ၊ ဝစီ၊ မနောဒ္ဒါဂျလျက် ရှိခိုးပူဇော် ဖူးမြော် ကန်တော့လေကြောင်း ကြည်ညိုသိရှိရပါသည်။

□ သိကြားဒေဝိန္ဒရှိုးသောဂါထာတော်

ဗုဒ္ဓဉာဏ် သုဒ္ဒလွှာ၌၊
ဓရမာနေ သရွှပက်
ဂုဏေန သက သဒိသံ၊
နမေ ကာရာပိ တံ ဇိနံ
ပုညေနာနေန သဗ္ဗဒွိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။ ။

ဂါထာ၏အနက်အဓိပ္ပာယ်

သုဒ္ဒလွှာတံ - ကောင်းစွာရခဲသော၊ **ဗုဒ္ဓဉာဏေ** - ဘုရားရှင်၏ အတိုင်းအရှည် ဉာဏ်တော်ပမာဏကို၊ **ဓရမာနေ** - တိုင်းတာဆောင်ယူပြီးသော်၊ **သရွှပက်**-ဘုရားရှင်နှင့် တစ်ထေရာတည်းတူစွာသော၊ **ဂုဏေန သက သဒိသံ** - ဘုရားရှင်၏ ဂုဏ်တော်နှင့်တကွ ပုံတော်တူ မဟာမုနိမည်ရှိတွင်ခေါ် **သွန်းစက်တော်ကို**း **ကာရာပိ** - ရတနာကိုးပါးဖြင့် သွန်းလုပ်ပြီးစီးပါပေသတည်း။ **တံဇိနံ** - ထို ငါးမာန်အောင်မြင်မဟာမုနိသွန်းစက်တော် ဘုရားရှင်ကို၊ **အဟံ** - ပန်းတဲဉာဆရာဟူသော်လည်း အကျွန်ုပ် သိကြားဒေဝါသည်၊ **နမေနမာမိ** - သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏၊ **ပုညေနာနေန** - တစ်ပါးက များလှကော်ရိုသိပူဇော်အပ်သော ကုသိုလ်ကံစေတနာကြောင့်၊ **သဗ္ဗဒွိ** - အလုံးစုံလည်းဖြစ်သော၊ **ယထိစ္ဆိတံ** - အကြင်အလိုရှိအပ် တောင့်တအပ်သော လောကုတ်၊ လောကီကျိုးနှစ်လိသည်၊ **သမိဇ္ဈတု** - ကောင်းစွာ ကုံလုံ ပြီးပြည့်စုံပါစေသား အရှင်မြတ်ဘုရား။

မြတ်ဗုဒ္ဓသည် ဧည့်ဝတ်ပြည့်ရှင် စန္ဒာသူရိယမင်းကြီးအမှုပြုသောတရား နာပရိသတ်အား ဗုဒ္ဓဆင်းတုသွန်းလုပ်ပူဇော်ရခြင်းအကျိုးအာနိသင်ကြီးမားပုံ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဤရုပ်ရှင်တော်မဟာမုနိဆင်းတုတော်မြတ်သည် ရွှေ ငွေ စသောရတနာကိုးပါးဖြင့် မြတ်ဗုဒ္ဓကိုယ်တိုင် ဗျာဒိတ်ပေးခွင့်ပြု သွန်းလုပ်စေသော အထိကရဆင်းတုတော်တစ်ပါး ဖြစ်ပါသည်။ အရှေ့တောင်အာရှ ဗုဒ္ဓဘာသာကိုးကွယ်ဆည်းကပ်ကြသော နိုင်ငံများတွင် ရွှေအကျဆုံး ဆင်းတုတော်မြတ်လည်း ဖြစ်ပါသည်။ သို့နှင့် ရခိုင်တိုင်းရင်းသားတို့ ဆိုရိုးပြုစကားပုံတစ်ခုရှိသည်မှာ 'ဘယ်ဘုရားဘယ်လောက်ပင် ဘုန်းတန်ခိုးကြီးကြီး ရုပ်ရှင်တော်မဟာမုနိသွန်းစက်တော် အောက်မှာ' ဟူ၍ ဖြစ်ပါသည်။ ဆိုလိုသည်မှာ နောင်ခေတ်အဆက်ဆက်တွင် ဘယ်လောက်ပင် ဆင်းတုတော်များ ထုလုပ်ကိုးကွယ်ကြစေကာမူ မဟာမုနိအောက် (နောက်မှာ) မွေးဖွားလာကြသော ဆင်းတုတော်များဖြစ်၍ ရုပ်ရှင်တော်မဟာမုနိလောက် ဘုန်းတန်ခိုးမကြီးဟု 'ဝက်ဝုတ္တိအလင်္ကာ' နည်းဖြင့် ဆိုရိုးပြုစကားတစ်ခုပင် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိသကဲ့သို့ရည်မှတ်၍ (၂၅၀၀သစေတီ) ဆင်းတုတော်များ၊ ဓာတုစေတီတော်များ၊ ဓမ္မစေတီများနှင့် ပရိဘောဂစေတီများကို သဒ္ဓါစိတ်ပေါ်၍ ရှိခိုးပူဇော်ကြသည်သာ ဖြစ်ပါသည်။ ဤ၌ 'သဒ္ဓါစိတ်' ဟူသည်မှာ 'ယုံကြည်စိတ်' ပင် ဖြစ်ပါသည်။ ယုံကြည်စိတ်(ယုံကြည်ချက်)မရှိဘဲ အလုပ်တစ်ခုကိုလုပ်ပါက အောင်မြင်ထမြောက်နိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့သည် မိမိုးဇော ဗုဒ္ဓဘာသာအဖြစ်မှ ယုံကြည်စိတ်(ယုံကြည်ချက်)သဒ္ဓါတရား (၅) မျိုးဖြင့် ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်လာကြသည်ကို သတိမူကြရန် လိုအပ်ပါသည်။

ဤ၌ ယုံကြည်စိတ် (ယုံကြည်ချက်) သဒ္ဓါတရား (၅) မျိုး ဟူသည်မှာ-

၁။ ဘုရားကိုအကြွင်းမဲ့ယုံကြည်ခြင်း

၂။ ဘုရားဟောထားသော တရားတော်များကို အကြွင်းမဲ့ယုံခြင်း၊

၃။ ဘုရားရှင်၏ တပည့်သားသံဃာတော် အရှင်မြတ်များကို အကြွင်းမဲ့ယုံခြင်း၊

၄။ မိမိပြုလုပ်သောကာယကံ၊ ဝစီကံ၊ မနောကံမှုကိုယုံကြည်ခြင်း၊

၅။ မိမိပြုထားသောကံ၏ အကျိုးရှိပုံ၊ အကျိုးပေးပုံကို ယုံကြည်ခြင်းတို့ပင် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်ကောင်းတို့သည် ဤ ယုံစိတ် (ယုံကြည်ချက်) သဒ္ဓါတရား (၅) မျိုးကို လက်ကိုင်ထား၍ သာ ဘုရားရှိခိုးခြင်း၊ အလှူဒါနပြုလုပ်ခြင်း၊ သီတင်းသီလဆောက်တည်ခြင်း၊ သမထ၊ ဘာဝနာတရား ပွားများအားထုတ်ခြင်းစသော ဘာသာသာသနာဆိုင်ရာအလုပ်များကို ပါရမီမြောက် ဖြည့်ကျင့်အားထုတ်နေကြသူများအဖြစ် မိမိကိုယ်ကိုမိမိ သဘောပေါက်နားလည်ထားကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

ဤမျှသော စကားအစဉ်ဖြင့် ဗုဒ္ဓဆင်းတုတော်မြတ် ကိုးကွယ်ဆည်းကပ်မှုဖြစ်သော ရုပ်ရှင်တော်မဟာမြတ်မုနိအား သိကြားမင်း ရှိခိုးသော ဘုရားရှိခိုးဂါထာရှိခဲ့ပုံအကြောင်းကို တိုင်းရင်းသား ဗုဒ္ဓဘာသာဝင် သူတော်စင်ကောင်းများ သိရှိပြီး သဒ္ဓါကြည်ညိုရှိခိုးပူဇော်နိုင်ကြရန်ရည်သန်၍ ဖော်ထုတ် တင်ပြလိုက်ရပါသည်။

(ဤရုပ်ရှင်တော် မဟာမုနိအား သိကြားမင်းရှိခိုးသောဂါထာသည် ရှေးက ဆရာတော်ဘုရားတော်များ ဘိုးစဉ်ဘောင်ဆက် နှုတ်တက်အာဂုံရွတ်ဖတ်လာကြသော ရခိုင်ရိုးရာ မဟာမြတ်မုနိဘုရားရှိခိုးဂါထာ ဖြစ်ပါသည်။)

ဝတီထွန်း (ကျောက်ပြဲ)

www.burmeseclassic.com

www.burmeseclassic.com

စာဆိုကြီးတို့၏ (စက်ပုတ္တဆိုလ်)

လျိုးလျိုးကျဆရာတော်ဘုရားကြီး

ဂီတမဟာဝိဒုရ

၂၇-၁၂-၁၉၇၀ ပြည့်နှစ်။ နံနက် (၉) နာရီ။

ကျွန်တော်တို့သည် မွန်ပြည်နယ် မုဒုံမြို့ လျိုးလျိုးကျတောရဆရာတော် ဘုရားကြီး ခန္ဓာဝန်စွန့်တော်မူရာ နေရာတော်ကို ကြည့်ရှုဖူးမြော်ရင်း အံ့ဖွယ်ထူးခြားပေစွကားဟု ခံယူမိပါသည်။ လူခန္ဓာကိုယ်မရှိဘဲ ခြံထည်သက္ကလတ် သင်္ကန်းတော်ကြီးသည်သာ ကြွင်းကျန်တော်မူခဲ့သည်မှာ အံ့သြဖွယ်ဖြစ်ပေသည်။ ကျွန်တော်၏ဖခင် စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာကြီး ဦသော်ဇင်၊ စာရေးဆရာကြီးလင်းယုန်မောင်မောင်၊ စာရေးဆရာကြီး မောင်ဇနီယနှင့် ကျွန်တော်က ကပ်ပါသွားလေသည်။ အဖေတို့စာရေးဆရာကြီးများသည် နတ်တော်လ စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲများ တွင်းပရာ မော်လမြိုင် မုဒုံမှတစ်ဆင့် လျိုးလျိုးကျတောရကျောင်းသို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

လျိုးလျိုးကျဆရာတော်ဘုရားကြီး အကြောင်းအရာများမှာ ပြောရှိမယုံနိုင်လောက်အောင်ပင်ဖြစ်ပေတော့သည်။ ဆရာတော်ဘုရားကြီးခန္ဓာဝန်သိမ်းတော်မူစုံမှာလည်း လွန်စွာ ထူးဆန်းအံ့သြဖွယ်ကောင်းလှပါသည်။

"ဆရာတော်သည် ဣရိယာပုတ်ချောင်း၍ အသခံတခေတ်၊ ပရမတ္ထမွေ့အေးမြသော အရသာထူးကို ခံစားတော့သည်။ တပည့်သံယာများတို့နှင့်တကွ ဥပါသကာ၊ ဥပါသကိကြီး-ငယ်တပည့်တို့ ဤဘုရားလမ်းကို အားကိုးအားထားပြု၍ အာရုံပြုရစ်ကြလေ။ မှာတမ်းစာဆေးခဲ့သည်။ မပူဆွေးကြနှင့် စိတ်ကိုမြဲခိုင်ကြစေ"

ဟူ၍ ဆရာတော်ကြီးကိုယ်တိုင် ရေးခဲ့သည့်မှာတမ်းစာကို ခေါင်းအုံးပေါ်၌ ထင်ထားခဲ့၏။

ဦးခေါင်းတော်နှင့်တကွ ခြေဆုံးခေါင်းဆုံးခြုံ၍ ကိုနိုးစက်နေသည်ဟန်၊ သတ္တလတ်သင်္ကန်းတော်ကိုကြည့်လျှင် အသက်အမှုန် ကိုနိုးစက်နေသည်ဟု ထင်ရပေသည်။ လက်ဖြင့် ဖိကြည့်လျှင်

သင်္ကန်းတော်ပိဝင်သွားပြီး လက်ပြန်ရုပ်လိုက်လျှင် ဖောင်းကြွမြဲဖောင်းကြွလာသည်။ ထိုအချိန်မှစတင်၍ အုတ်အော်သောင်းတင်းသတင်းပို့နှံကာ ကျော်စောထင်ရှားတော်မူခဲ့သည်။ အမှန်စင်စစ် လျိုးလျိုးကျတောရဆရာတော်ဘုရားကြီးသည် ဘဝဇာတ်သိမ်းတော်မူကာ အသစ်တဖန်ဖွားနှင်သို့ အပြီးမှတ်မှောက်ပြုသွားတော်မူကြောင်း ဆရာတော်ဘုရားကြီး၏ ထေရ္ယဖွတ္တိ၌ ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

ထူးခြား ဆန်းကြယ် အံ့ဖွယ်အတိဖြစ်သော လျိုးလျိုးကျဆရာတော်ဘုရားကြီးလောင်းလျှာကို မြန်မာနှစ် ၁၂၁၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ညဦး (၂) ချက်တီးကျော် (အေဒီ ၁၈၅၃) သောကြာနေ့တွင် ဖွားမြင်သန့်စင်လေသည်။ ခမည်းတော် ဦးသာအေးနှင့် မယ်တော် ဒေါ်ဇာလီတို့သည် မိမိတို့၏ ဇာတိ အညာဒေသ ချောင်းဦးမြို့နယ်မှ မွေးဖွားဖက်များရှိရာ ရန်ကုန်မြို့သို့ ခေတ္တအလည်လာရင်း ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမြော်ပြီးနောက် ဆရာတော်လောင်းလျှာကို ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်ရွှေပြား ဖြစ်လေသည်။ ထိုသို့ မဟာထေရ်မြတ်လောင်းလျှာကို ဖွားမြင်ပြီးနောက် (၂)နှစ်အကြာတွင် အထက်အညာသို့ပြန်ပြီး ကန္ဒီမြို့ ဆင်စွယ်ရွာ၌ နေထိုင်ကြသည်။ မောင်ရွှေပြား (၇)နှစ်သားအရွယ်ရောက်သော် ဆင်စွယ်ရွာကို ဂေါစရဂါမ် (ဆွမ်းခံရွာ)ပြု၍ တောရကျောင်း၌ သီတင်းသုံးတော်မူသော ဆင်စွယ်ရွာဆရာတော်ဘုရားကြီးထံအပ်နှံလေ၏။ ထိုသို့ အပ်နှံပြီးနောက် သူတော်စင် (ဝတ်ပြု စင်ကြယ်) နှင့် ငါးနှစ်တာမျှ ပညာရင်နှီသောက်စို့ရလေသည်။ (၁၂) နှစ်သားတွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ဆင်စွယ်ရွာဆရာတော်ဘုရားကြီးထံတွင် ရှင်သာမဏေဖြစ်တော်မူပါသည်။ ဘွဲ့တော်မှာ ရှင်သုဇာတဖြစ်ပါသည်။

ရှင်သုဇာတသည် ဆင်စွယ်ရွာတောရကျောင်းဆရာတော်ကြီးထံတော်တွင် ဘာသာသက္ကတ၊ ဘင်္ဂလီ၊ နာဂရီ၊ ဗာဟီကျမ်းဂန်များနှင့် အဘိဓာန်၊ အလင်္ကာ၊ ဂါထာ၊ ဥပဒေအနေအထားတို့ကို သာမဏေဝါ (၄) ဝါအတွင်းတွင် ကျွမ်းကျင်စွာသင်ယူပြီးနောက် မန္တလေးမြို့သို့ကြွရောက်ကာ မိုးကောင်းကျောင်းတိုက်၌ ပထမစာတော်ချ ရာဇဂုရုဘွဲ့ခံဆရာတော်ကြီး ဦးမာလာထံတွင် ပညာဆက်လက်သင်ယူလေသည်။ သာမဏေ (၆) ဝါအရ သင်္ကတော် (၁၈) နှစ်အရွယ်၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ သဿကရိုက်တို့ကို သင်ကြားကုန်အောင် တတ်မြောက်တော်မူသည်။ ရှင်သုဇာတသည် ထိုအချိန်မှစတင်၍ ဒုတိယစာတော်ချအဖြစ် ချီးမြှောက်ခံရပြီး စာသင်သားများကို စာချပို့ချပေးရသည်။ တစ်ဖက်မှလည်း ရာဇဂုရုဆရာတော်ကြီးထံတွင် ပိဋကတ်တော်များကို ဆက်လက် ဆည်းပူးတော်မူခဲ့သည်။

ဆရာတော်ကြီးမှာ လွန်စွာလျှို့ဝှက်တော်မူသောအလေ့တော်ရှိ၏။ တတ်ကျွမ်းသောပညာရပ်များကိုလည်း စကားမစပ် အကြောင်းမရှိလျှင် ဘယ်သောအခါမှ ဖွင့်လှစ်မိန့်ဟပြောတော်မူလေ့မရှိပေ။ စကားစပ်မိမှသာအကြောင်းရှိသော် လွယ်ကူစွာမိန့်တော်မူသည်။

ရှင်သုဇာတသည် ရန်ကုန်မြို့သို့ ကြွတော်မူပြီး မြေပိုင်ရှင်ဒါယကာ ဦးလွန်း၊ ဒါယိကာမ ဒေါ်လှဆင်တို့၏ ပစ္စယာနုဂ္ဂဟကုသိုလ်တော်ကို ခံယူကာ ၁၂၃၅ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့ (အေဒီ ၁၈၇၃ ခု၊ ဇူလိုင် ၉ ရက်) နံနက် (၉) နာရီ (၁၀) မိနစ်တွင် ရန်ကုန်မြို့ အင်းယားသရတော်ဘုရားကြီးကို ဥပလွှာလပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။ မန္တလေးမြို့တွင် ရဟန်း(၇)ဝါရပြီးနောက် ၁၂၄၂ ခု (အေဒီ ၁၈၈၀) တွင် မန္တလေးမြို့မှ ထွက်ခွာတော်မူခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည် ကြွရောက် သီတင်းသုံးတော်မူသည်။

ဆရာတော်ဘုရားကြီး ရန်ကုန်မြို့၌ သီတင်းသုံးနေတော်မူသောကာလ၌ အိန္ဒိယနိုင်ငံ မရွိမဒေသ မဟာဗောဓိ၊ ဗုဒ္ဓဂယာ စသော ဘုရားစေတီများနှင့် သီဟိုဠ်ကျွန်းရှိ ဘုရားစေတီ၊ ဇွယ်တော်စသည်တို့သို့ ကြွရောက်ဖူးမြော် ပူဇော်တော်မူခဲ့သည်။ ဘုရားဖူးခရီးမှ ပြန်ကြွလာပြီးနောက် မော်လမြိုင်မြို့ ဦးဇင်းတောင် ဝါဆိုကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်တော်မူပြီးလျှင် တပည့်ရဟန်းသာမဏေတို့အား ဝိဋ္ဌကတ်တော်များကို သင်ကြားပို့ချတော်မူခဲ့ပေသည်။

□ ဘွဲ့အမည်တော်အသစ်ပြောင်းခြင်းအထူးအဆန်း

ဆရာတော်ကြီးသည် အေဒီ ၁၈၉၀ ပြည့်နှစ်တွင် ဘွဲ့တော်ဟောင်း ဦးသုဇာတကို ဖျောက်၍ ဦးသုမနဟူသော ဘွဲ့တော်အသစ်ပြောင်းပြီး ထင်ရှားပြန်သည်။ ဝါဆိုကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တြိဘေဒကျမ်းကို ရေးသားပြုစုတော်မူပါသည်။

ဆရာတော်ဘုရားကြီးသည် မုဒုမြို့သူမြို့သားများနှင့် ကွမ်တုရပ် ဒါယကာ၊ ဒါယိကာမများ ဆောက်လုပ်လှူဒါန်းသော ကွမ်တုကျောင်းတိုက်ကြီး၌ ဝါကပ်သီတင်းသုံးတော်မူပြန်ပါသည်။ ထိုသို့ သီတင်းသုံးတော်မူစဉ် ဒေသနာလမ်းမှန် စိတ္တဂဏ္ဌိလက္ခဏာကျမ်း၊ နီဃဏ္ဌာနိကကျမ်း၊ သဂ္ဂမဂ္ဂကထာရှုဘွယ်နှင့် ဥပနိဿယ၊ ဝိကဿနာဏမဂ္ဂဒီပနီကျမ်း၊ နိဿယကမ္မဋ္ဌာန်းကျမ်း၊ တရိဘေဒကပွသာရကျမ်း၊ နဓောဝိမုတ္တိရသရှုဘွယ်ကျမ်းတို့ကို ရေးသားစီရင်တော်မူခဲ့ပါသည်။

ဤသို့ (၁၈) နှစ်ကျော် သာသနာ့အကျိုး၊ ဒါယကာ-ဒါယိကာမတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူပြီးနောက် ၁၂၅၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ စနေနေ့ (အေဒီ ၁၈၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်) ၌ သပိတ်စသော အသုံးအဆောင်ကိုသော်မှဆောင်ယူခြင်းပြုတော်မမူဘဲ ပုတီးတစ်ကုံး၊ သုံးထည်သောသင်္ကန်းနှင့် ကိုယ်တော်တစ်ပါးတည်းတောထွက်တော်မူခဲ့သည်။

တောထွက်သည့်နေရာမှာ မုဒုမြို့နှင့် နှစ်မိုင်ဝေးသော တောအတွင်း၌ရှိသည့် စမ်းချောင်းရေတံခွန်မှ ရေကျသံတကျန်း ကျန်းမြည်နေသည့်နေရာဖြစ်သည်။ ယင်းနေရာကို ဆရာတော်က ကျိုးကျိုးကျဟု အမည်ပေးတော်မူခဲ့သည်။ တောထွက်စဉ်က ဖက်ပိုးတဲကျောင်းလေးသာရှိပြီး တစ်ပတ်ကျော်ကြာမှ တပည့်ဒျိယကာ၊ ဒါယိကာများ ကြားသိကြပြီး ကုသိုလ်ရှင်များက ကျိုးကျိုးကျတောရတိုက်တာအာရာမ်ကြီးများ ဆောက်လုပ် လှူဒါန်းကြလေသည်။

ထက်သန်လှသော စေတနာသဒ္ဓါတရားဖြင့် ဆောက်လုပ် လှူဒါန်းရာတောနက်ကြီးမျက်မည်းအလယ်၌ မွေ့ရာတိုက်တာ၊ နတ်လမ်း၊ တန်ဆောင်း၊ ဇရပ်တန်းတို့ဖြင့် ကြီးကျယ်ခမ်းနားသော ကျိုးကျိုးကျတောရကျောင်းတိုက်ကြီးဖြစ်ပေါ်လာခဲ့သည်။ ဆရာတော်ဘုရားကြီး တရားအားထုတ်ရာ စမ်းချောင်း၏ အရှေ့ဘက်ကမ်း၌ မုခ်ဝရွစ်မျက်နှာ တစ်ဝဂ္ဂစေတီတော်ကြီးတစ်ဆူကိုဖူးမြော်ရသည်။ ထိုစေတီတော်ကြီးတွင် တံခွန်တိုင် (၂) ခု၊ အာရုံခံတန်ဆောင်း (၂)ခု အရံတံတိုင်းအနီး၌ ပူဇော်ရန် ဗောဓိပင်ကို တွေ့ရလေသည်။ ကျိုးကျိုးကျတောရကျောင်းတိုက်ကြီးသည် မုဒုမြို့မှ (၂) မိုင် (မုဒုမြို့ ကံကြီးစေတီတော်မြတ်ကြီးမှ တစ်မိုင်သုံးဖာလုံ) ကွာဝေးသော အရှေ့အရပ်၌ တည်ရှိလေသည်။

ကျိုးကျိုးကျဟုခေါ်ဝေါ်သမုတ်သည်မှာ ကျောင်းတိုက်၏ အာရာမ်အတွင်းကိုဖြတ်၍ တသွင်သွင်စီးဆင်းနေသော စမ်းရေအလုံးတို့၏ တကျန်းကျန်းမြည်ဟည်းလျက် စီးကျနေသော ရေတံခွန်အသံကို အစွဲပြု၍ ကျိုးကျိုးကျတောရကျောင်းတိုက်ဟု ခေါ်ဝေါ်သမုတ်အပ်ပေသည်။ ထိုအခါမှစ၍ ကျိုးကျိုးကျဆရာတော်ဘုရားကြီးဟူ၍ ထင်ရှားကျော်စောတော်မူလေသည်။ ဆရာတော်ဘုရားကြီးသည် ဝိပဿနာတောရစခန်း ကျိုးကျိုးကျတွင် (၃၂) နှစ်ကာလပတ်လုံး နောက်ဆုံး ခန္ဓာကိုယ်သိမ်းဆည်းသွားတော်မူသည်အထိ သီတင်းသုံးတော်မူခဲ့ပါသည်။

□ ဆရာတော်ကြီး၏အံ့သြဖွယ်ရာများ

ဆရာတော်ကြီးသည် ဝိပဿနာဓူရကို အထူးအားထုတ်တော်မူလိုသဖြင့် စာပေပို့ချမှုကို ဖြတ်တောက်ပြီး အဖော်မပို့ တစ်ပါးတည်းသာ ဧကစာရိကျင့်သုံးတော်မူခဲ့ပါသည်။ ကိစ္စကြီးငယ်ပယ်ပြီး ခရီးသော်မှကြွတော်မမူဘဲ ယုတ်စွအဆုံး ဆွမ်းစားကွမ်းစားပင့်သည်ကို ကြွတော်မမူခဲ့ပေ။ သထမဓာန်းအားပေါက်မြောက်ပြီးဖြစ်သော်လည်း လောကီတန်ခိုးကျော်ကြားမှုကို ပယ်ရှားတော်မူခဲ့သည်။

ဆရာတော်ကြီးသည် အနင်းအနှိပ်ကိုခံတော်မမူခြင်း၊ ဝေဒနာရောက်သော်လည်း တပည့်များအား အသိပေးမိန့်ကြားတော်မူလေ့မရှိချေ။ ဘုရားရှင်အား ကြည်ညိုစွာ သေချာ ဆည်းကပ်ထားသော်လည်း ကိုယ်တိုင်ကမူ မြို့ခေါင်းအုံးနှင့်အခင်းတို့ကိုသုံးဆောင်တော်မမူဘဲ ညရိုးဇီးအုံးငယ်တစ်ခုနှင့် သားရေ(နယ်)နွယ်တစ်ချပ်ကိုသာ သုံးစွဲတော်မူခဲ့လေသည်။ အမြဲအိပ်ရာနေရာလည်း မရှိပေ။ ဘုရားဝတ်ဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း စသည်တို့ကို ကိုယ်တော်တိုင် ပြုစောမ်းပြီး လပြည့်၊ လကွယ်ညနေ့တို့၌ သံဃာ့ဥပုသ်ပြုရာ၌ ကိုယ်တော်တိုင် ပါတိမောက်ပြုတော်မူပေသည်။ ဆရာတော်ဘုရားကြီးသည် နေ့အခါ ကျိုးကျိုးကျစမ်းချောင်း၏ အရှေ့ဘက်ကမ်း တရားအားထုတ်ရာ၌ သီတင်းသုံး၍ ညအခါတွင် သံဃာတော်များ သီတင်းသုံးရာ အနောက်ဘက်ကမ်းဘုရားကျောင်း၌ သီတင်းသုံးတော်မူသည်။

ဆရာတော်ကြီးသည် ဘုရားဝတ်၊ တရားဝတ်၊ သံဃာဝတ်၊ သေနာသနဝတ် (ကျောင်းဝတ်)၊ ဘာဝနာဝတ်၊ ခုတင်ဝတ်၊ တရားပြဩဝါဒဝတ် အစရှိသည့် ဝတ်ခုနစ်ပါးတွင် သတိမပြတ် ဝတ်ပြုဖြည့်ကျင့်ဆည်းပူးတော်မူလေ့ရှိသည်။ ဆရာတော်ကြီး သီတင်းသုံးရာ နေရာသည် ခြေဆင်းသာသော်လည်း ကျောခင်းမသာ၊ ကျောခင်းသာသော်လည်း ခြေမဆင်းနိုင်သည့် တံခါးပေါက်မှာသာ တစ်ပါးတည်း သီတင်းသုံးတော်မူလေ့ရှိ၏။ အထူးသဖြင့် စကြီဖြစ်ဖြစ်၊ ထိုင်လျက်ဖြစ်ဖြစ် ညကိုလွန်မြောက်စေတော်မူသည်။ အလွန်အံ့ဖွယ်ကောင်းလှပါသည်။ ဆရာတော်ကြီး ကျိန်းစက်ပျော်နေပါသည်ဟု တွေ့မြင်ရသော တပည့်မရှိလောက်အောင် ဇာဂရိယာနုယောဂ (နိုးကြားမှုဌာန်းလွှဲလပြုခြင်း)ဂုဏ်နှင့်ပြည့်စုံလှပေသည်။

ထိုဂုဏ်နှင့်စပ်၍ တပည့် ကိုရင်ကြီးနှစ်ပါး ဆရာတော်ကြီး ကျိန်းစက်သည်၊ ကျိန်းစက်ခြင်းမရှိဟူ၍ အငြင်းပွားကြရာမှ ဆောင်းတွင်းတစ်ည ညဉ့်

www.burmeseclassic.com

သန်းခေါင်ကျော် တစ်နာရီလောက် ချောင်းမြောင်းကြည့်ရှုကြရာ ဆရာတော်ကြီးက စကြိလျှောက်ရင်း -

"ဟေ့ဘယ်သူများလဲ၊ ဘာကိစ္စလဲ"

ဟု အမိန့်ရှိရာ -

"တပည့်တော် လက္ခဏာတို့ပါ။ ရေချိုးမလို့ပါဘုရား"

ဟု ယောင်ယောင်မှားမှားနှင့် လျှောက်ကြားမိသော ကိုရင်ကြီးနှစ်ပါးသည် စမ်းချောင်းအနီးရှိ ရေတွင်းမှ ရေကိုင်ပြီး ရေလောင်းခဲ့ရဖူးသည့်အထိ တပည့်များ အငြင်းပွားလောက်အောင် ဇာဂရိယာနယောဂဂုဏ် ပြည့်စုံစွာဖြင့် ဖိပဿနာဘာဝနာလုပ်ငန်း၌ အားသွန်ခွန်စိုက်တော်မူပါသည်။

နံနက် (၃) နာရီထိုးလတ်သော် တပည့်များအား နိုးကြားစေရန် အသံပြုတော်မူသည်။ အရုဏ်တက်၍ ဆွမ်းစားချိန် တုံးခေါက်လတ်သော် ဆွမ်းစားကျောင်းသို့ ကြွတော်မူ၍ ဘုရားအား ဆွမ်းတော်ကပ်ခြင်းအမှုကို ကိုယ်တိုင် ပြုတော်မူသည်။ ဤမျှအထိ ပုဒ္ဓဂါရဝမူကျင့်ဝတ်နှင့်ပြည့်စုံလှပေသည်။

ထူးခြားသည်မှာ ဆရာတော်ကြီး ဆွမ်းဘဉ်းပေးသည့်နေရာကို တင်းထိမ် (ကန့်လန့်ကာ) ကာရံစေ၍ တစ်ပါး တည်းသာ ဘဉ်းပေးတော်မူသည်။ သားဇါးဘောဇဉ်ကိုအကပ်ခံသော်လည်း ဘဉ်းပေးခြင်း၊ လျှော်သွားခြင်း မတွေ့ကြရပေ။ အထူးသဖြင့် ထမင်းရည်တစ်ပန်းတန်လုံးနှင့် ဆားအနည်းငယ်သာ နေ့စဉ် မပြတ်သုံးဆောင်တော်မူသောအာဟာရဝင် ဖြစ်ပါသည်။ ဤသည်မှာလည်း ဆရာတော်ကြီး၏ ဘောဇဉ်၌ အတိုင်းအရှည်သိမှု (ခြိုးခြိုမှု) ဘောဇန မတ္တညုတာတော်တစ်ပါးပင် ဖြစ်သည်။ ဆရာတော်ကြီးသည် အာဟာရကိစ္စပြုပြီး၌ တပည့်များအား ဆွမ်းစသည်နှင့်စပ်သော ဩဝါဒအမှုပြုပြီးနောက် နေသန့်တော်မူရာ စမ်းချောင်းအရှေ့ဘက်ကမ်းသို့တူးပြီးလျှင် ကမ္မဋ္ဌာန်းကျောင်းငယ်၌ အချိန်ပြည့် တစ်ပါးတည်းသာ တရားအားထုတ်တော်မူသည်။

အကြောင်းကိစ္စတစ်စုံတစ်ရာရှိ၍ တပည့်များကဖူးတွေ့လိုလျှင် ကမ္မဋ္ဌာန်းကျောင်းအနီး၌ အသံပြုလိုက်သောအခါ ကမ္မဋ္ဌာန်းကျောင်းငယ်တံခါးကို ဖွင့်၍ ထိုင်းကိစ္စပြီးစေရုံမျှ အတွေ့ခံတော်မူသည်။ ဇရပ်အတွင်း၌ဖြစ်စေ၊ စေတီရင်ခြင်း၌ဖြစ်စေ တံမြက်လှည်းသောအခါ

တို့ ၌ လွယ်ကူစွာ ဖူးတွေ့နိုင်သည်။

ဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာန်းကျောင်းအနီး ဓမ္မာရုံငယ်၌လည်းကောင်း၊ ဦးထွန်းမောင်လှဒါန်းသောဓမ္မာရုံဇရပ်၌လည်းကောင်း နေ့စဉ် နံနက် (၈) နာရီတွင် လုပဂိသတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သီလတရား ချီးမြှင့်တော်မူလေ့သည်။ တစ်ခါတစ်ရံ အကြောင်းကိစ္စရှိ၍ သီလပေးတရား ချီးမြှင့်ပြီးမှ ရောက်လာသော ဒါယကာတို့ကို -

"အခုပဲ သီလတရားနာယူလို့ပြီး လို့ပြန်သွားကြကုန်ပြီ"

ဟု မိန့်တော်မူရာ မည်သူကိုမျှ မတွေ့လိုက်ရသော ဒါယကာများမှာ ဘယ်သူတွေသီလယူ၍ ဘယ်ကိုပြန်သွားကြပါလိမ့်ဟု ဇဝေဇဝါဖြစ်ကြရသည်။ လေးနက်သောအနက်အဓိပ္ပာယ်ကို မသိခဲ့ကြပေ။ အလွန်အံ့သြဖွယ်ဖြစ်သည်။ ညနေ (၄) နာရီတစ်ကြိမ် သီလတရား ချီးမြှင့်တော်မူသည်။ ယောဂီများကိုလည်း တပည့်တစ်ဦးက တရားပြအားထုတ်စေပါသည်။ တံမြက်လှည်းခြင်းစသော စေတီယင်္ကဏဝတ်၊ သေနာသနဝတ်တို့ကို နေ့စဉ်အချိန်မှန်မှန်ပြုကျင့်တော်မူသည်။

ဆရာတော်ကြီးသည် တပည့်တို့အား -

"ကြာပင်အောက်မှာနေတဲ့ဖားဟာ ကြာရဲ့ဝတ်မှုန်၊ ဝတ်ရည်၊ ဝတ်ဆံများကို မစားသုံးတတ်ဘူး။ အဝေးကလာတဲ့ ပျားပိတုန်းများကသာ စားသုံးကြရတယ် တပည့်တို့"

စသည်ဖြင့် မကြာခဏ မိန့်ဆိုတော်မူလေ့သည်။

ဆရာတော်ကြီးသည် ရေချိုးခြင်း ဆောင်ယူထားသောတိစီဝရိတ်အဓိဋ္ဌာန်သင်္ကန်းတော်ကို လျှော်ဖွပ်ခြင်း စသော အမှုများကို ကိုယ်တော်တိုင်ပြုတော်မူသည်။ ဆရာတော်ကြီးသည် ညဉ့်ယံရောက်သောအခါ ကိုယ်တော်တစ်ပါး တည်းအားထုတ်ရာ အရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်း ဘုရားကျောင်းသို့ ပြန်ကြွတော်မူပြီး ဘုရား၌ ပူဇော်အပ်သောဝတ်များ၊ တရား၌ပူဇော်အပ်သောဝတ်များ၊ သံဃာ၌ ပူဇော်အပ်သောဝတ်များတို့ကို ကိုယ်တော်တိုင် နေ့စဉ်မပြတ် ပြုကျင့်တော်မူသည်။ ရောက်လာသော တပည့်ရဟန်းသာမဏေကပ္ပိယကာရကတို့အား သမထ၊ ဝိပဿနာ၊ ဘာဝနာလုပ်ငန်းနှင့်ဆိုင်ရာ တရားဓမ္မဩဝါဒပေးမှုကို ပြုတော်မူပေသည်။

ဆရာတော်ကြီးသည် ဂျုံးဂျုံးကျတောရကို ကြွတော်မူလာပြီးနောက်၌ ရည်ရွယ်ချက်ပန်းတိုင်တရားထူးကို မရရှိသရွေ့ပင် ဖိတ်ရာသို့ ကြွတော်မမူခဲ့ပါ။

ဒါယကာတစ်ဦးက-

"အရှင်ဘုရား၊ မြတ်စွာဘုရားသော်မှ ပင့်ဖိတ်ရာကြွသေးတာပဲ မဟုတ်လားဘုရား"

ဟု လျှောက်ထားသောအခါ ဆရာတော်ကြီးက -

"ဩော် - ဒါယကာကြီးက ကိစ္စပြီးစီး ဘုရားအဖြစ်ရောက်မှ ပင့်ဖိတ်ရာကြွတော်မူကြောင်းသာသိပြီး ဘုရားမဖြစ်မီ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်နေစဉ် ပင့်ဖိတ်ရာ ဘယ်ကိုမျှ မကြွကြောင်းကို ဒါယကာကြီးမှ မသိဘဲကိုး"

ဟု မိန့်တော်မူခဲ့ဖူးသည်။

ဆရာတော်ကြီးက မိမိကိစ္စ (ရဟန်းကိစ္စ) ပြီးစီးအောင်မြင်မှ ပင့်ဖိတ်ရာ အမြဲမြဲ့ အရွာရွာကြွပြီး တရားပေးမည့်အကြောင်း မြို့ပိုင်မင်းထံပေးစာမှာ အထင်အရှား ဖော်ပြထားပေသည်။

ဂျုံးဂျုံးကျတောရဆရာတော်ကြီးနှင့်ပတ်သက်၍အံ့မခန်းဖြစ်ရပ်များမှာ -

- စမ်းချောင်းထဲမှဖြတ်လာရာ ခြေတော်ရေမစိုခြင်း၊
  ပြဒါးရည်ကို လက်ထဲမှာပင်ဆုပ်၍ခဲပြခြင်း၊
  ကျောက်ခဲကောက်ခိုင်းပြီး လက်ဆုပ်ထဲမှာ ရွှေတုံးဖြစ်သွားစေခြင်း၊ ပြီးမှ ဒါယကာက လောဘတက်လာသည့်အတွက် တလဲလဲပြပြီး ကျောက်ခဲပြန်ဖြစ်သွားစေ

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊
အနာဂတ်ကို အတိအကျကြိုသိခြင်း၊
ညအမှောင်ထဲတွင် ပုန်းနေသူများကို မြင်ရခြင်း၊
ခွင့်မပြုဘဲ ဓာတ်ပုံရိုက်ပါက ဓာတ်ပုံမထင်ခြင်း၊ ခွင့်ပြုမှသာ ဓာတ်ပုံထင်ခြင်း၊
နတ်မှော်ဆရာတော်အား တန်ခိုးအမျိုးမျိုးပြပြီး ယုံမှားသံသယကို ပယ်ဖျောက်ပေးတော်မူခဲ့ခြင်း၊
ခန္ဓာသိမ်းစဉ်မှာ ခန္ဓာကိုယ်ကြီးကိုမထားခဲ့ဘဲ အကြင်းအကျန်မရှိ၊ ခန္ဓာရှိသည့် ပုံတော်အတိုင်း သင်္ကန်းတော်ကြီးဖောင်းကြွထားခဲ့ခြင်း၊

စသည့် တန်ခိုးတော်အမျိုးမျိုး ပြသတော်မူခဲ့ပေသည်၊

ဆရာတော်ဘုရားကြီးတောထွက်ကျင့်ကြံပြီး (၂၇) နှစ်အကြာ မြန်မာနှစ် ၁၂၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့တွင် တရားထူးရရှိတော်မူကြောင်းကို-

ည (၇) နာရီအချိန်မှစ၍ လက်ယာတန်ဂွေထောင့်၊ လက်ဝဲနေထောင့်၊ မျက်နှာတော် ရာဟုထောင့် ကွရိယာပုတ်ပြုလျက် ပရမတ္ထာဓမ္မ၊ အေးမြကြည်လင်၊ မြတ်လှစွာသော အရသာထူးကို အဆုံးထိ အစဉ်ခံစားပြီ ထင်ရှားစွာ ရရှိတော်မူကြောင်း' ဆရာတော်ကြီးကိုယ်တော်တိုင် တပည့်များအား ထင်ရှားပြတ်သားစွာ မိန့်ကြားတော်မူခဲ့ပေသည်။

ဆရာတော်ကြီးသည် မြန်မာနှစ် ၁၂၈၅ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ (အေဒီ ၁၉၂၃ ခု၊ ဇန်နဝါရီ ၂၁ ရက်) တွင် ခန္ဓာဝန်လက်စသိမ်း၍ တစ်ဘဝငြိမ်းတော်မူခဲ့ပေသည်။

အလွန်အံ့သြဖွယ်ကောင်းသော ဂျူးဂျူးကျဆရာတော်ကြီး၏သတင်းသည် မြန်မာပြည်ထက်၊ အောက်တစ်ခွင် ကျော်ကြားခဲ့သည်မှာ ယခုထက်တိုင်ပင် ဖြစ်ပါသည်။ ယခုအခါမှာ ယခင်က သင်္ကန်းတော်မရှိတော့ပါ။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်က စစ်သားများအဆောင်ကောင်းသည်ဟုဆိုကာ ဖြတ်ညှပ်ယူသွားကြပါသည်။ အချို့အဝတ်သာ ယခုလက်ရှိဆရာတော်ထံတွင် ကျန်ခဲ့ပါသည်။ ယခုအခါ ဂျူးဂျူးကျတောရကျောင်းတိုက်ကြီးကို ပရိယတ္တိစာသင်တိုက်ကြီးအဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ ထိုသို့ပြောင်းလဲခဲ့သော ဆရာတော်မှာ စတုတ္ထမြောက် ဂျူးဂျူးကျဆရာတော်ဦးကဝိန္ဒဖြစ်ပြီး ၁၉၄၂ ခုနှစ်က ဖြစ်၏။

စာသင်တိုက်အဖြစ်ပြောင်းလဲစဉ်ကာလတွင် မြင်ကြီးဥဆရာတော်သည် စာသင်သားအဖြစ်ရောက်ရှိသွားကြောင်း သိရပါသည်။

ဆရာတော်ကြီး ချီးမြှင့်ခဲ့သော ကိုးဌာန၊ အာရုံကိုးချက်၊ ဝိပဿနာရှုနည်းမှာ -

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပုတီးတစ်ပတ်)
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ (ပုတီးတစ်ပတ်)
၃။ သံဃံ သရဏံ ဂစ္ဆာမိ (ပုတီးတစ်ပတ်)
၄။ အနိစ္စ (ပုတီးတစ်ပတ်)
၅။ ဒုက္ခ (ပုတီးတစ်ပတ်)
၆။ အနတ္တ (ပုတီးတစ်ပတ်)
၇။ အာနံ (ပုတီးတစ်ပတ်)
၈။ ပါနံ (ပုတီးတစ်ပတ်)
၉။ နိဗ္ဗာနံ (ပုတီးတစ်ပတ်)

□ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တော်များကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်ရွတ်ဖွားမှတ်သားတည်ဆောက်ရမည် ဖြစ်ပါသည်။

□ ဓမ္မံ သရဏံ ဂစ္ဆာမိ

သွက္ခာတ၊ သန္ဒိဋ္ဌိက စသောဂုဏ်တော်များကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်ရွတ်ဖွားမှတ်သားတည်ဆောက်ရမည် ဖြစ်ပါသည်။

□ သံဃံ သရဏံ ဂစ္ဆာမိ

မြတ်သံဃာ၏ သုပ္ပဋိပန္နသာစသော ဂုဏ်တော်များကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင် ရွတ်ဖွားမှတ်သားတည်ဆောက်ရမည် ဖြစ်ပါသည်။

ထိုသရဏဂုဏ်သုံးပါးဂုဏ်တော်များကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်ရွတ်ဖွားမှတ်သားတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ဆရာတော်ဘုရားကြီးက-

"အရေးတစ်စုံကြုံက သရဏံ မမေ့သူဖြစ်အောင် ဆောက်တည်ရမယ်။ ထိုထိုကိစ္စရပ် ဆောင်ရွက်ရမှာလည်း သရဏဂုဏ်ကို ဆောက်တည်၍ ဆောင်ရွက်သင့်ပါတယ်"

အထူးသဖြင့် နံနက်အိပ်ရာထမှက်နှာသစ်သည်နှင့်တစ်ပြိုင်နက် -

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'

ဟု နှုတ်ဖြင့်ရွတ်၍ စိတ်ထဲက -

'ဘုရားကိုကိုးကွယ်ဆည်းကပ်ပါ၏။ ဘုရား၏ ဂုဏ်တော်များသည် တပည့်တော်၏ ဦးခေါင်းထက်၌ တည်ပါစေ' ဟူ၍ ဆောက်တည်ပြီးမှ မျက်နှာသစ်ပါ။

'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဟု နှုတ်ဖြင့်ရွတ်၍ စိတ်ထဲက -

'သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏။ သံဃာ၏ ဂုဏ်တော်များသည် တပည့်တော်၏ပခုံးထက်မှာတည်ပါစေ' ဟု ဆောက်တည်လိုက်ပါ။

ထိုသို့ ဆောက်တည်ပြီး ကိစ္စကြီးငယ်ဆောင်ရွက်ရာ၌ သရဏဂုံဆောက်တည်ထားသူဖြစ်အောင် အောက်မေ့ဆင်ခြင်ကာ မကောင်းမှုမှ ရှောင်ကြဉ်လိုက်ပါ။ အကြိမ်ကြိမ်မပြတ်ခိုင်မြဲအောင် ကြိုးစားဆောက်တည်လိုက်ပါ။

လောကမှာ အဝိညာဏကဝတ္ထုနှစ်ဝတ္ထုဖြစ်သည့် ရွှေပြား၊ ငွေပြားပေါ်တွင် အရဟံ စသော ဂုဏ်တော်၊ နှုတ်ကပင့်တော်များရေးပြီး လိုအပ်သူ၏နံသွင်း၍ ဆောင်စေအပ်သော လက်ဖွဲ့စည်တို့ပင် အထိုက်အလျောက် အကျိုးပေးသေးလျှင် သဝိညာဏကအရှုတို့ မိမိ၏ ရုပ်၊ နာမ်ထဲ၌ ဂုဏ်တော်များကို ဆောက်တည်ထားလျှင် အကျိုးပေးမှုအား အဘယ်ဆိုဖွယ်ရာရှိပါအုံးနည်း စသည်ဖြင့် မပြတ်ဟောကြား နှလုံးသွင်းရွတ်စေပါသည်။

(ဤဆောင်းပါးဖြင့် ဂျူးဂျူးကျဆရာတော်ဘုရားကြီးနှင့် အဖေဦးရန့်အောင်အား ဦးခိုက်လျက်)

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ ပထမဂျူးဂျူးကျဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိကထာ (ဦးအဂ္ဂဝံသ)
၂။ မုဒုံမြို့ ဂျူးဂျူးကျတောရဆရာတော်ဘုရားကြီး(၁၂၁၅-၁၂၈၅)၊ မြန်မာနိုင်ငံရဟန္တာနှင့် ရဟန်းထူးများ (မောင်ပန်းမွှေးပြုစုသည်) (တော်ဝင်မြို့မ စာပေတိုက်)
၃။ သာသနာ့တန်ဆောင် ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ(တင်အောင်သွင်) (တိုးလက်စီစဉ်၍ ရန့်အောင်စာပေမှ ထုတ်ဝေသည်။)

www.burmeseclassic.com

www.burmeseclassic.com

လောကီသိဒ္ဓိ၊ လောကီမဟိဒ္ဓိ ပညာရပ်များသည် လွန်စွာဆန်းကြယ်လှပါသည်။ ထိုပညာရပ်များကို သာမန်လူသားတိုင်း ကြုံဖူးသိဖူးကြားဖူးရှိခဲ့ကြသော်လည်း ထိုသိဒ္ဓိ၊ မဟိဒ္ဓိများ ရရှိသည်အထိ ကျင့်ကြံ ပွားများ အားထုတ်ရန်ကား မလွယ်ကူလှပေ။ လွန်စွာခက်ခဲနက်နဲလွန်းလှပါပေသည်။ ဘဝအဆက်ဆက်က ကျင့်ကြံပွားများအားထုတ်လာခဲ့ကြသည့် ပါရမီလုပ်ငန်းများအပေါ် မူတည်ကာ လက်ရှိဘဝတွင် သူမတူသောဝဋ်ကြွေးများပေးဆပ်ရင်း ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စွန့်လွှတ်စွန့်စားနိုင်မှုတို့အရသာ အားထုတ် ပွားများ ရယူနိုင်ခွင့်ရှိကြပါသည်။ ထိုသို့ ပွားများအားထုတ်ကာ ရယူနိုင်ကြသည်မှန်သော်လည်း လျင်မြန်စွာ အောင်မြင်ဖြစ်ထွန်းမှုကား ပါရမီအနု၊ အရင့်ပေါ်တွင်မူတည်ပါသည်။ ပါရမီရင့်ကျက်သူတို့သည် လျင်မြန်စွာ အကျိုးထူးခံစားရရှိနိုင်ကြသည်။ ပါရမီနုနယ်သေးသူတို့

အထူးထုတ်

အောင်သာကျော်

သာသနာပြုဗုဒ္ဓဂိုလ်ကျော် အပေါ်ကြီး ဦးအောင်ချမ်းသာ တည်ခဲ့သည့် အောင်ချမ်းသာကပ်ကျော်ဆုတောင်းပြည့်စေတီတော်



အဝင်မုခ်ဦးအနီးရှိ
တန်ဆောင်းတော်အတွင်းမှ ဆင်းတုတော်များ

စေတီတော်မြတ်မြင့်ကွင်းများ

မတ်ရပ်ဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com

ရွှေစေတီတော်



ငွေစေတီတော်

ရွှေစေတီမှန်ထိုထ်အတွင်းရှိ ဆင်းတုတော်

ငွေစေတီမှန်ထိုထ်အတွင်းရှိ ဆင်းတုတော်

ကား ကျင့်ကြံပွားများအားထုတ်မှုများကို၊ ပါရမီရင့်ကျက်စေမှုဟူသောအကျိုးကို ရရှိခံစားကြရမည်ပင် ဖြစ်ပါသည်။ ပါရမီရင့်သန်သူတို့မူကား မဟိဒ္ဓိ၊ သိဒ္ဓိတန်ခိုးအစွမ်းများ ရရှိအသုံးချနိုင်ခွင့်ရခဲ့ကြသည်သာပင်။

ကျင့်ကြံ ပွားများ အားထုတ်ရာမှ မဟိဒ္ဓိ၊ သိဒ္ဓိတန်ခိုးအစွမ်းများ ရရှိသွားခဲ့ကြသည့် သာသနာပြုပုဂ္ဂိုလ်တို့သည် အောင်မြင်မှုဓောတ်ပန္နက်အဖြစ် စေတီများ၊ ဆင်းတုတော်များ၊ သာသနိကအဆောက်အအုံများ တည်ထား ဆောက်လုပ်ကာ ဒါနပါရမီများအဖြစ် ဖော်ဆောင်ထားခဲ့ကြလေ့ရှိပါသည်။

စာရေးသူလည်း သူရဇ္ဈမဂ္ဂဇင်းတွင် အောင်မြေအောင်ဌာနများအကြောင်း၊ ရွှေဟောင်းသမိုင်းဝင်စေတီတော်များအကြောင်း ရေးသားတင်ပြနေသူဖြစ်ရာ ထူးခြားဆန်းကြယ်လှသည့် ဂန္ဓိရနယ်မြေများ၊ သမိုင်းဝင်စေတီတော်တည်ရာနေရာများ၊ အောင်မြေအောင်ဌာနမှန်ရာနေရာများသို့ လည်လည်သွားရောက်နေမိရသူဖြစ်သဖြင့် လွန်ခဲ့သော တနင်္ဂနွေနေ့ကမူ မဟိဒ္ဓိ၊ သိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ဦး၏ ဓာတ်ပန္နက်ချခဲ့သည့် အောင်ချမ်းသာကပ်ကျော် ဆုတောင်းပြည့်စေတီတော်သို့ ရောက်သွားဖြစ်ခဲ့ရပါသည်။

ရန်ကုန်ဘက်မှသွားပါက ရန်ကုန်-ထောက်ကြန့်ကားလမ်း၏ လက်ဝဲဘက်တွင် တည်ရှိသည့် အောင်ချမ်းသာကပ်ကျော်ဆုတောင်းပြည့်စေတီတော်သို့ ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းလှိုင် စီစဉ်ပေးသည့် ကိုယ်ပိုင်ကားဖြင့်သွားရသည်မှာ လွန်စွာအဆင်ပြေလှပါသည်။ စာရေးသူနှင့်အတူ ရေးဖော်ရေးဖက်တစ်ဦးဖြစ်သူ ကဗျာဆရာ နိုင်ခင်ရွှေလည်း လိုက်ပါလာသည်။

ကားပေါ်မှဆင်းလိုက်မိသည်နှင့် ရင်ထဲတွင် အေးငြိမ်းသွားရသလို ခံစားလိုက်ရသည်။ စိမ်းစိမ်းညို့ညို့ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့် သစ်ပင်မျိုးစုံ၏ ရှေ့တွင် ရွှေရောင်တဝင်းဝင်းလင်းလက်နေသည့်စေတီတော်များကို မှေးမြော်ခွင့်

www.burmeseclassic.com

www.burmeseclassic.com

ကြုံလိုက်ရသဖြင့်ပင် ဖြစ်ပါသည်။ စေတီတော်များတည်ထားသည့် ဘုရားဝင်းအတွင်းဝင်သွားဖြစ်ခဲ့ကြသည်။

စေတီတော်မြတ်တို့၏ မြောက်ဘက်အနီးတွင်တည်ရှိသည့်တန်ဆောင်းကြီးအတွင်းတွင်ကား သာသနာပြုပုဂ္ဂိုလ် ထူးပုဂ္ဂိုလ်မြတ်ကြီးဖြစ်သည့် ဦးအောင်ချမ်းသာ၏ရုပ်ခန္ဓာလျောင်းစက်ရာဂုကို တွေ့ရသည်။ ထိုဂူပေါ်တွင် အနီရောင်စက်ဝန်းအတွင်း အစိမ်းရောင်က ဒေါင်းပုံနှင့် အဝါရောင်စက်ဝန်းအတွင်း ယုန်ရုပ်ပုံဖော်ထားသည်ကိုတွေ့ရသည်။ နေ့ဓာတ်နှင့် လဓာတ်သဘော သရုပ်ဖော်ထားလေသလား တွေးထင်မိသည်။

ထိုဝင်းထဲတွင် ဦးအောင်ချမ်းသာ၏ ရုပ်တုတော်၊ ဦးအောင်ချမ်းသာကိုးကွယ်ဆည်းကပ်အဓိဌာန်ဝင်ခဲ့သည့် ဆင်းတုတော်တို့လည်းရှိနေသည်ကိုတွေ့

ဆင်စံဆင်းတုတော်

ဇိမ်စေတီ

စေတီတော်မြတ်မြောက်ဘက်ရှိ တံခွန်တိုင်

စေတီတော်အရှေ့ဘက်တွင်ရှိ စေတီငယ်များ



တံခွန်တိုင်အနီးရှိ စေတီတော်



နဂါးရံဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရပါသည်။ လှည့်လည်ကြည့်ရှုလေ့လာနေမိပြီးသည်နှင့် ဂေါပကခုံးခန်း (ဦးအောင်ချမ်းသာ တရားကျင့်ကြံခဲ့သည့်နေရာ)သို့သွားရောက်ကာ ဂေါပကအဖွဲ့ရှိ တာဝန်ရှိသူတို့နှင့် စကားစမြည်ပြောဖြစ်ခဲ့တော့သည်။

ထိုအောင်မြေဝင်းအတွင်းတည်ရှိသည့် အောင်ချမ်းသာကပ်ကျော်စေတီတော်ကို ၁၃၁၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ပန်းတိုင်ချပါသည်။ ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်တင်လှူနိုင်ခဲ့ပါသည်။ ဖိနပ်တော်မှ စိန်ဖူးတော်အထိ သံတောင် (၄၅) တောင်ရှိခဲ့သည်။ ထိုသာသနာ့ပန်းတိုင်ချခဲ့သည့် ဦးအောင်ချမ်းသာသည် ၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်(နေကြတ်သောနေ့)တွင် အောင်လမ်းသို့ထွက်ခွာသွားခဲ့သည်။

အောင်ချမ်းသာကပ်ကျော်စေတီတော်သည် နှစ်ငါးဆယ်ကျော်ခဲ့ပြီးဖြစ်ရာ လာမည့် ဦးအောင်ချမ်းသာအောင်လမ်းသို့ ထွက်ခွာသွားခဲ့သည်မှာ ရွေရတုနှစ်ကျော်ခဲ့ပြီ ဖြစ်သည်။

ဦးအောင်ချမ်းသာသည် ပုသိမ်အရှေ့မြို့နယ် ဓားကဝကျေးရွာမှ ဦးတက်ပြားနှင့်ဒေါ်နီတို့၏ မွေးချင်းရှစ်ယောက်အနက် ဒုတိယသားဖြစ်ပြီး ငယ်အမည် မောင်ပြေ့ဟုခေါ်တွင်ခဲ့သည်။ အမည်နှင့်လိုက်အောင် ပျော့နွဲ့ကာ စကားနည်းလွန်းလှသည်။ တစ်ဦးတည်းနေလေ့ရှိပြီး မကြာခဏပျောက်သွားလေ့ရှိသဖြင့် မိခင်က လိုက်ရှာရလေ့ရှိခဲ့သည်။ မောင်ပြေ့မှာ လှည်းလမ်းမပေါ်တွင် သဲပုံစေတီများတည်ကာ စေတီတည်သည့်ကစားနည်းကိုပင် စွဲစွဲမြဲမြဲကစားလေ့ရှိသည်။ တစ်နေ့တွင် မောင်ပြေ့အိမ်သို့ ရှမ်းဆရာကြီးတစ်ဦးရောက်လာပြီး ဆရာကြီးက မောင်ပြေ့ကို သေချာစွာ အကဲခတ်ကြည့်ရှုသည်။ ပြီးနောက် လေးလေးနက်နက်စဉ်းစားသည်။ ထိုဆရာကြီးမှာ အင်းဝဇွာဆရာကြီးတစ်ဦးဖြစ်ပြီး မခေါ်မပင့်ရပါဘဲလျက် မောင်ပြေ့အိမ်သို့ ကြွလာခြင်းပင်ဖြစ်သည်။

"ဒီသူငယ်ဟာ ရှူးသွပ်နေတာလို့ မထင်ကြနဲ့။ သူလုပ်ချင်တာလုပ်ခွင့်မရသေးလို့၊ အချိန်မတန်သေးလို့ နေမရထိုင်မရဖြစ်နေတာ။ သူဟာ တစ်နေ့မှာ ထွန်းပေါက်မယ့်သာသနာပြုပုဂ္ဂိုလ်တစ်ဦးဖြစ်လာမှာ"

ဟု ရှမ်းဆရာကြီးကပြောခဲ့သည်။

အတာအောင်ချမ်းသာလျောင်းစက်ရာဝှေ့၏ အနောက်မြောက်တက်ရှိ စေတီတော်များ

အတာအောင်ချမ်းသာလျောင်းစက်ရာဝှေ့၏ အနောက်မြောက်တက်ရှိ စေတီတော်များ

ထိုးနေရာစေတီ

www.burmeseclassic.com

www.burmeseclassic.com



ရွှေစေတီနှင့်နတ်မင်းမှန်ပါ။

ဗွေစေတီအနီးရှိ ရှင်ဥပဂုတ္တရေကန်တော်



အဘအောင်ချမ်းသာလျောင်းစက်ရာ ဂူအနီးရှိ အဘရုပ်တုတော်

ရှမ်းဆရာကြီးကပင် မောင်ပြော်ဦးခေါင်းတွင် ပဒုမ္မာရွှေကြာအင်းကို ထိုးနှံပေးလိုက်သည်။ ပြီးသည်နှင့် --

"ဒီသူငယ်ဟာ ရောက်လေရာ အရပ်မှာ အလံထူမယ့်သူ၊ ပညာတ်သွားရာ ဓာတ်သက်ပါမယ်။ ပျောည့်တဲ့ မောင်ပြော့အမည်ကိုဖျောက်၊ ဒီနေ့က စပြီး အောင်လံထူမယ်သူမို့ လံထူကက်ကင်းပြန်ဟပ်ပြီး ထူလံဆိုတဲ့အမည်ပြောင်းပါ"

ဟု မိန့်ခဲ့သဖြင့် ထိုနေ့မှစ၍ ထူလံဟူသောအမည်တွင်လာခဲ့တော့သည်။

ကိုထူလံအရွယ်ရောက်လာသည်တွင် ရှမ်းရွာ ကုံကော် ပုဂံကျေးရွာသူအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည်။ ဇနီးသည်၏ရွာတွင် ရှေးဟောင်းစေတီပျက်ကြီးတစ်ခုရှိရာ ကိုထူလံသည် အချိန်ရတိုင်းပင် စေတီပျက်ကြီးအနီးအရောက်သွားကာ မြက်ရှင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေညှိခြင်း စသည့်အလုပ်များကို တစိုက်မတ်မတ်လုပ်နေလေတော့သည်။ မိသားစုစီးပွားရေးကို အချိန်ပြည့်အာရုံစိုက်၍မလုပ်ဖြစ်ဘဲရှိနေခဲ့သည်။

ယောကျ်ားဖြစ်သူက မကြာခဏ ဆူပူကြိမ်းမောင်းခဲ့ရာ ကိုထူလံကကောင်းသည်၊ ဆိုးသည် ပြန်လှန်မပြောဘဲ ဆူပူတိုင်း စေတီတော်ပျက်ကြီးတည်ရာသို့သာသွားနေလေ့ရှိသည်။ဇနီးသည်အား အိမ်ခွဲနေကြရန်ပြောသော်လည်း လက်မခံသဖြင့် ယောကျ်ား၏ဒဏ်ကို ကြိတ်မှိတ်ခံစားနေရရှာသည်။

ကိုထူလံသည် ကျွဲကျောင်း၊ နွားကျောင်းဘဝဖြင့် မိသားစုများနှင့်အတူ နေရသော်လည်း တစ်နေ့မှ စိတ်ချမ်းသာမှုမရခဲ့ပေ။ နေ့စဉ် ထမင်းနည်းနည်းအခြောက်လှန်းကာ ထမင်းခြောက်များအစိတ်သားခန့်ရရှိချိန် အိမ်သားများမသိရလေအောင် ထမင်းခြောက်အစိတ်သားထုပ်နှင့် ဓားမတစ်ချောင်းကိုဆွဲကာ ခြေဦးတည့်ရာသို့ ထွက်လာခဲ့မိတော့သည်။

ဤသို့ဖြင့် အနောက်ရိုးမအတွင်းရွှေတွင်းတူးဒီပါ။ ပျဉ်းမချောင်းဒီပါစခန်းများသို့ရောက်ရှိခဲ့သည်။

ထိုခရီးသည်ကား ဦးတည်ရာမဲ့ခရီးတစ်ခုဖြစ်နေသဖြင့် ခြေဦးတည့်ရာသို့သာ ဦးတည်လျှောက်လှမ်းနေခဲ့ခြင်းဖြစ်ရာ ပါလာသည့်ရိက္ခာပြတ်၊ ဝမ်းဗိုက်ကလည်း ဆာလောင်မွတ်သိပ်လွန်းလှသဖြင့် မလှမ်းမကမ်းတွင် မြင်တွေ့နေရသည့် သစ်ခေါင်းကြီးတစ်ခုအတွင်းနှား

www.burmeseclassic.com

www.burmeseclassic.com

နေရန် ဝင်သွားခဲ့သည်မှာ မည်မျှကြာသွားသည်မသိ။ နေဝင်ခါနီးတွင်မှ လန့်နိုးလာတော့သည်။ ထိုစဉ် မိမိအနီးတွင် အမွှေးနံ့မွှေးများထူပျစ်ပျစ်ရှိလှသည့် အရပ်မြင့်မြင့်မားမား လူနီကြီးတစ်ဦးရောက်နေသည်ကိုတွေ့ရတော့သည်။ ပြူးကျယ်သောမျက်လုံးအစုံ၊ ချွန်ထက်လွန်းလှသည့်သွားအစွယ်တို့ဖြင့် လွန်စွာကြောက်မက်ဖွယ်ရာကောင်းနေတော့သည်။ ထိုလူနီကြီးသည် ဒေါသခက်ထန်စွာဖြင့် အသေသတ်တော့မည့်အလား အနီးသို့ကပ်သည်ထက်ကပ်လို့လာသည်။ ပြေးစရာလမ်းပေါက်မရှိသဖြင့် မိမိကိုယ်မိမိသေပြီဟုသာမှတ်ထင်ထားလိုက်မိသည်။

ထိုစဉ်မှာပင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးပေါ်လာသည်။ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးကို မြင်လိုက်ရသည်နှင့် လူနီကြီး တစ်ချီးတည်းလစ်ပြေးတော့သည်။

ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်ကြီးက သူ့အား သည်နေရာတွင်မနေရန်၊ သည်နေရာသည် ဘီလူးကြီးနေရာဖြစ်သည်ဟုပြောကာ ခေါ်ဆောင်သွားသဖြင့် ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်ကြီး ခေါ်ဆောင်ရာသို့လိုက်ပါသွားခဲ့သည်။ လုံခြုံစိတ်ချရသည့်နေရာတစ်ခုအရောက်တွင် သူ့အားထားခဲ့ပြီး သွားလိုရာပို့ဆောင်နိုင်ရန်အတွက် ငါးနှစ်အရွယ်ကလေးငယ်တစ်ဦးကို အဖော်အဖြစ်ထားပေးခဲ့သည်။ ထိုကလေးအရပ်မှာ တစ်တောင်ခန့်သာရှိပြီး ကိုယ်လုံးကိုးလေးပင်ဖြစ်သည်။ စကားမပြောဘဲ သူနှင့်မလှမ်းမကမ်းတွင် အမြဲရှိနေတတ်သည်။ ထိုကလေးငယ်လမ်းပြပေးမှုဖြင့် ခရီးဆက်ခဲ့ရာ တစ်ညအိပ်ခရီးသာသာတွင် ရသေ့ကြီးတစ်ပါးနှင့်တွေ့ရသည်။

ရသေ့ကြီးက သူ၏တောင်ဝှေးထဲတွင် အသံဖမ်းဆောင်လာသည့် ဓာတ်လုံးတစ်လုံးထုတ်ပေးရာ ပါးစပ်ထဲတွင်ငုံထားခြင်းဖြင့် ဆာလောင်ခြင်း၊ မောပန်းခြင်းတို့ တစ်ခဏအတွင်း ပြေပျောက်သွားခဲ့ရသည်။၏

ထိုစဉ် သူနှင့်ပါလာသောကလေးငယ်မှာ ရုတ်တရက် ပျောက်ကွယ်သွားတော့သည်။ ဖြတ်သန်းခဲ့သည့်တောကို အစိုးရသည့် (ရက္ခစိုး) တောစိုးနတ်ဖြစ်ကြောင်း နောင်အခါတွင်မှ သူသိခဲ့ရသည်။ (ပျောက်သွားသည့်ကလေးငယ်သည် ရက္ခစိုးဖြစ်ပါသည်။)

ရသေ့က သူ့အား 'အရပ်ဗုဒ္ဓါ' ရွက်ဆိုပွားများစေကာ သမာဓိထူထောင်



နဂါးနံ့ဆင်းတုတော်



အဘဓောင်ချမ်းသာစာတန်းအတွင်းပုံများ

www.burmeseclassic.com

www.burmeseclassic.com

စေခဲ့သည်။

နံနက်လင်းသည်နှင့် အခြားသော ရသေ့တစ်ပါးနှင့် ဆုံခွင့်ရပြီး သူ့အား အလုပ်ဖြို့သို့ ခေါ်ဆောင်သွားခဲ့ပြန်ပါသည်။ အလုပ်ဖြို့တွင် ထိုရသေ့နှင့်ပင် အတူနေပြီး အရပ်ဝတ္ထေါဂုဏ်တော်ကို အဆက်မပြတ် ပွားများအားထုတ်ခဲ့သည်။

ထမင်းစားချိန်ရောက်တိုင်း ပုန္နေးသော ကောက်ညှင်းပေါင်းတစ်ထုပ်နှင့် ငှက်ပျောသီးတစ်လုံး သူ့ရှေ့တွင်ရောက်နေတတ်လေ့ရှိသည်။ သူတစ်ယောက် တည်းသာစားသည်။ ရသေ့ကြီးက ဘုံးမပေးချေ။ သုံးလအကြာတွင် ရသေ့ကြီးက သူ့အား ဓာတ်လုံးသုံးလုံးထုတ်ပြသည်။ ရွှေရောင်၊ အဖြူနှင့် အနက်တို့ ဝင် ဖြစ်၏။

ရသေ့ကြီးက သူ့အား ရွှေရောင် တစ်လုံးပေးရာ ပြန်ထုတ်လိုက် ပြန်အန်ထုတ်၍ ရနိုင်သည့် ရွှေရောင်ဓာတ်လုံးကို မျိုချလိုက်တော့သည်။ ထိုရသေ့ကြီးနှင့် ခြောက်လခန့်နေထိုင်ခဲ့ရာက အိမ်ကို သတိရလာသည်။ ရသေ့ကြီးက ခွင့်ပြုသဖြင့် ဓားတစ်ချောင်းနှင့်အပြန်ခရီးကို စခဲ့ပြန်သည်။ ဆူးတောကြီးများ၊ ကြိမ်တောကြီးများကို ခုတ်ထွင်ရှင်းလင်းရင်း ခရီးနှင်နေခဲ့ရသည်။

ဤသို့ဖြင့် ခရီးအတော်ပေါက်သော် နေရပ်သို့ပြန်မရောက်ဘဲ ဖခင်၏ ဇာတိ မြေပုံရွာ ကနီပန်းချိရွာအနီးသို့ ရောက်ခဲ့ပြန်သည်။

ချင်းတွင်းမြစ်အနောက်ဘက်ကမ်း တမ်းနဖူးရှိ အဘိုးအိုဇနီးမောင်နှံအိမ်သို့ ရောက်ခဲ့ရာ ဖခင်မျိုးရိုးကိုပြောပြသော်လည်း သူတို့မသိကြောင်း၊ သူတို့တွင် သားသမီးမရှိသဖြင့် သူတို့သားအမှတ် ထားကာ မွေးစားမည်ဟုဆိုလာသဖြင့် အတူနေဖြစ်ရပြန်သည်။

အဘိုးအိုနှင့်အဘွားအိုမှာ အချိန်ရှိသရွေ့ အငွိရတ်ထိုးနေကြရာ ဖိုဝင်ဆွဲပေးလိုက်၊ ဝေယျာဝစ္စလုပ်ပေးလိုက်နှင့် အချိန်ကုန်မှန်းမသိကုန်နေခဲ့ပြန်ပါသည်။

အဘိုးအိုက တစ်နေ့တွင် မိန်းမပေးစားမည်ဟု စီစဉ်သည်တွင် သူက သူ့တွင် မိန်းမရော ဂုလေးပါရှိသည့် အကြောင်းပြောဆိုသော်လည်း အဘိုးအိုက -

"ငါ့သားကို မိန်းမပေးစားရမယ်၊ ပြီးရင် ပညာရမယ်။ အဘိုးစကားနား ထောင်ပါ"

ဟု ဆိုလာတော့သည်။

ထို့နောက် တောထဲမှ ရွာကြီးတစ်ရွာရှိရာသို့ အဘိုးအိုက ခေါ်သွားသဖြင့် လိုက်ပါသွားခဲ့ရသည်။ ရွာကြီးမှာ သာယာလွန်းလှသည်။ အိမ်များ၊ လမ်းများ၊ စနစ်တကျရှိနေသည်။ ရက်ကန်းခတ်သံများ၊ ဆန်ဖွပ်သံများက လွှင့်ပျံ့လျက်ရှိကာ မီးများကလည်းထိန်ထိန်လင်းလို့နေသည်။ လူများလည်း သွားလာလှုပ်ရှားစည်ကားရှိနေသည်။ ထိုရွာထဲရှိ အိမ်ကြီးတစ်အိမ်တွင် မင်္ဂလာဆောင်တစ်ခု ကျင်းပရန် စီစဉ်နေသည်။ အဘိုးအိုသည် သူ့အား ထိုအိမ်ကြီးသို့ခေါ်ဆောင်သွားကာ မိန်းမပျိုတစ်ဦးနှင့် လက်ထပ်ပေးတော့သည်။ ထိုသို့လက်ထပ်ပေးပြီး-

"ငါ့သား၊ အဲဒါ မင်းမိန်းမပဲ။ ဒါပေမယ့် မပြစ်မှားနဲ့၊ ကြပ်ကြပ်သတိထား၊ စိတ်နှိမ်မှ ။ မထိန်းနိုင်ရင်သေသွားလိမ့်မယ်။ (၄၅) ရက်ကြာအောင်ထိန်းထား။ (၄၅) ရက်အတွင်း မင်းမိန်းမကို အသားချင်းမထိရင် မင်းကိစ္စအောင်ပြီ"

ဟု ဆိုကာ သူ့အား ထိုအိမ်ကြီးတွင်ထားခဲ့တော့သည်။

ထိုသို့ဖြင့်(၄၅)ရက်တိုင်တိုင် မိန်းမကို ကင်းရှင်းစွာနေနိုင်ခဲ့ရာက ပုထုဇဉ်တို့ လမ်းခရီးတွင် အကြီးမားဆုံးသော အဟန့်အတား၊ ရှောင်နိုင်ခဲ့သောအခက်အခဲကို အောင်မြင်စွာ ချမ်းတည်းထိန်းသိမ်းရင်း အောင်မြင်မှုရခဲ့သည်။

ထိုအောင်မြင်မှုသည် ဂန္ဓာရိဝိဇ္ဇာလမ်းတို့၏ ထုံစနစ်တစ်ခုကို ပေါက်မြောက်အောင်မြင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

ထိုသို့ အောင်မြင်ခဲ့ပြီးသည်နှင့်

အဘအောင်ချမ်းသာတော်နန်းဆောင်းပုံများ

www.burmeseclassic.com

www.burmeseclassic.com

အတာအောင်ချမ်းသာ ထွောင်းစက်ရာ
ခုတင်နှင့် အနီးရှိ စိုးစည်

နဂါးမယ်တော်

ယက္ခမယ်တော်

သူသည် အဘိုးအိုနှင့် အဘွားအိုတို့ အိမ်သို့ပြန်လာခဲ့သည်။

အဘိုးအိုက -

"လူကလေး၊ မင်းကိစ္စပြီးမြောက် အောင်မြင်ပြီ။ မင်းအဘိုးတို့နဲ့လိုက်ခဲ့ပါ။ အဘိုးတို့ ဒီနေရာကခွာတော့မယ်။ ရွှေခရီးကိုဆက်ကြမယ်"

ဟု ဆိုလာသည်။

"ကျွန်တော် အဘိုးတို့နောက်ကို လိုက်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော့် သမီးလေးကို သိပ်ပြီးသတိရနေပါတယ်။ ရွာကိုပြန်ပါရစေဦး။ ကျွန်တော်ထွက်လာစက သမီးလေးက လသားအရွယ်ပဲ ရှိပါသေးတယ်။ ကျွန်တော်ဖခင်တာဝန် မကျေခဲ့ပါဘူး"

ဟု သူက တောင်းဆိုနေပြန်ရာ အဘိုးနှင့် အဘွားတို့က ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ့အား စေ့စေ့စိုက်ကြည့်နေရာက -

"အင်းလေ၊ လူလေးမှာက ဝဋ်ကြွေးတွေမကုန်သေးဘဲကိုး။ ဒီဝဋ်ကြွေးတွေပေးဆပ်ပေဦးတော့။ အသက် (၇၅) နှစ်ပြည့်ပြီးရင်တော့ လိုက်ခဲ့ပေတော့"

ဟု ပြောဆိုကာ ခွင့်ပြုခဲ့တော့သည်။ ထိုဖြစ်စဉ်တို့သည် အဖေကြီး ဦးအောင်ချမ်းသာ သာသနာပြုလုပ်ငန်း စဉ်များအတွက် မဟိဒ္ဓိ၊သိဒ္ဓိများရရှိခဲ့ရသည့် လမ်းကြောင်းအကြောင်းပင်ဖြစ်ပါသည်။

အဖေကြီးဦးအောင်ချမ်းသာသည် ပုသိမ်အရွေ့၊ ပသိမ်အနောက်၊ ငပုတော၊ စဉ့်အိုးဖို၊ ကစားကွင်း၊ လေးလောင်း၊ ဆင်ကြီးလည်ပင်း အစရှိသောရွာများတွင် ဆရာကြီး ဦးထုလဲ့အမည်ခံကာ ဝေဒနာရှင်အများအပြားအား ရောစပ်ဖြင့်ပင် ဆေးကုသပေးကာ သတ္တဝါကယ်သာသနာပြုလုပ်ငန်းများ ပြုလုပ်ရင်း ရောက်လေရာအရပ်တွင် ဘုရားစေတီများ တည်ထားခဲ့သည်။

အဖေကြီး ဦးအောင်ချမ်းသာသည် ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်မည်ဟု ကြွေးကြော်ရင်း မြန်မာပြည်အနှံ့ ရောက်လေရာအရပ်တို့တွင် စေတီများတည်ခဲ့ခြင်းပင် ဖြစ်သည်။

သာသနာပြုပုဂ္ဂိုလ်အကျော် အဖေကြီး ဦးအောင်ချမ်းသာသည် သူ၏ တပည့်သားသမီးများကို ထိုက်သင့်သလို ပညာပေးခြင်း၊ ဓာတ်လုံးများခိုးမြှင့်ခြင်းများပြုလေ့ရှိခဲ့ပါသည်။

အဖေကြီးဓာတ်လုံးပြုလုပ်ပေးသည်မှာ ထူးခြားလွန်းလှပါသည်။ ဓာတ်လုံးထိုးရန်အတွက် ဖားဖို၊ လုံ စသည့် အင်္ဂါရုတ်ပစ္စည်းများ လုံးဝသုံးစွဲခြင်းမပြုဘဲ သံ၊ ပြဒါး၊ သွပ်၊ ကြေး၊ ရွှေ စသည့် ဓာတ်သားများကို ပါးစပ်ဖြင့်ငုံရင်း ခရီးသွားလာစဉ်အတွင်းမှာပင် ဓာတ်လုံးကို ပါးစပ်ထဲတွင်ပင်လုံး၍ ထိုက်သင့်သလို ပေးကမ်းချီးမြှင့်ခြင်းပင် ဖြစ်ပါသည်။ ထိုသို့ ထူးခြား အံ့ဖွယ်ကောင်းသည့် ဖြစ်စဉ်ဖြစ်ရပ်များဖြင့် အောင်လမ်းသို့ မြန်းသွားခဲ့သည့် အဖေကြီးဦးအောင်ချမ်းသာ၏ အောင်မြေမှန်ရာ၊ သာသနာပန်းချခဲ့ရာ အောင်မြေသည်ကား ပွင့်ထွန်းလျက်ရှိနေခဲ့သည်ဖြစ်ရာ တစ်ခါတစ်ခေါက် အရောက်သွားသင့်ကြပါသည်။

ထိုအောင်မြေတွင် အောင်ချမ်းသာကပ်ကျော်စေတီတော်နှင့်အတူ ရွှေလင်းရောင်၊ ငွေလင်းရောင်စေတီတော်များလည်းတည်ရှိနေပြီဖြစ်ပါသည်။ ရွှေလင်းရောင်စေတီတော်နှင့်ငွေလင်းရောင်စေတီတော်မှာ လိုက်ဂုပါသည့် ပုထိုးစေတီပုံတော်များဖြစ်ကြပါသည်။ ဥက္ခာတော်အမြင့် (၂၇) တောင်စီရှိပြီး အတွင်းတွင် ရွှေဆင်းတုတော်၊ ငွေဆင်းတုတော်များ သီတင်းသုံးတော်မူလျက်ရှိနေပါသည်။

အောင်မြေအတွင်း အနောက်မြောက်ဘက်ကျကျတွင်တည်ထားသည့် ဟင်္သာရုပ်ခံစေတီတော်အနီးတည်ရှိသည့် ရှင်ဥပဂုတ္တကျောင်းဆောင်ငယ်မှာ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသည့်ဂန္ဓိရဆန်ဆန်ဖြစ်စဉ်များရှိခဲ့ဖူးပါသည်။

ဂေါပကအဖွဲ့အား မေးမြန်းပါက ပြောပြပါသည်။ ထိုဆန်းကြယ်သည့် ဖြစ်ရပ်နှင့် အေဝမ်းခြဲနေရာတွင်တည်ရှိခဲ့သည့် အဖေကြီးဦးအောင်ချမ်းသာ၏ အောင်မြေတစ်ခုအကြောင်း အလျဉ်းသင့်သည့်လတွင် ဆက်လက် ရေးသားတင်ပြပါဦးမည်။

အောင်မြေတည်ရာများသို့
အရောက်လှမ်းနိုင်ကြပါစေ

(ဓာတ်ပုံဆရာ ကိုသက်ဝိုင်နှင့် အောင်မြေဌာနသို့သွားနိုင်ရန် ကားစီစဉ်ပေးသည့် ခိုင်သစ်ဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌဦးဝင်းလှိုင်အား ကျေးဇူးတင်ရှိပါသည်။)

အောင်သာကျော်

www.burmeseclassic.com

www.burmeseclassic.com

ဦးကိုကိုကြီး ဖျိုလွှင့်နေသောစိတ်အားတည်ငြိမ်မှုရလာစေဖို့

စိပ်ပုတီးစိပ်ခြင်းသည် အနားမရှိ ဟိုဒီပြေးလွှားဆော့ကစားနေသည့်စိတ်တို့အား တည်ငြိမ်မှုရရှိစေရန်၊ ကြိုးစားအားထုတ်ခြင်း ဖြစ်သည်။

- စိတ်သည် ယေဘုယျအားဖြင့် မကောင်းသောအာရုံတို့၌ ကျက်စားတတ်ခြင်း၊ နစ်မြုပ်နေတတ်ခြင်း၊
- စိတ်သည် ပတ်ဝန်းကျင်အာရုံတို့၏ ဖမ်းစားရာနောက်သို့ကောက်ကောက်ပါအောင်လိုက်တတ်ခြင်း၊
- စိတ်သည် တစ်နေရာတည်းတွင် တင်းတိမ်အားရမနေဘဲ အမြဲတမ်း ပြောင်းလဲခံစားလိုခြင်း၊

စသည်တို့ကြောင့် စိတ်ကိုတည်ငြိမ်အောင်ဖမ်းယူဖို့ရာတွင် အပြောကျယ်သလောက် အလုပ်ခက်လှပါသည်။

စိတ်သည် အထက်ဖော်ပြပါတို့ကြောင့် ငါ့ရဲ့စိတ်တွေပြေးလွှားနေတာပဲဆိုသောအသိနှင့် မပြေးလွှားအောင် ငါရအောင်ဖမ်းမယ်ဆိုပြီး စိတ်ကို တစ်နေရာတည်းထည့်ထားသော်လည်း ထည့်ထားနေသည့်ကြားကပင် စိတ်သည် ဘယ်လိုပြန်ထွက်သွားမှန်းမသိပြန် ထွက်သွားဖြစ်သဖြင့် ပုတီးစိပ်နေရင်းက စိတ်အလိုမကျဖြစ်ရပြန်ပါသည်။

ပုတီးစိပ်ရာတွင် စိတ်တည်ငြိမ်မှုမရှိဘဲ ပုံ့လွှင့်နေပါက သမာဓိမရနိုင်သလို စိတ်စွမ်းအားတို့လည်း ဖြစ်ပေါ်လာမည်မဟုတ်သဖြင့် ပုတီးစိပ်ခြင်းသည် စိတ်ကိုစိပ်သော စိပ်ပုတီးမဟုတ်တော့ဘဲ ပုတီးကိုသာ တစ်စိတ်စီစိပ်နေသော စိပ်ပုတီးသမားသာဖြစ်နေမည်ဖြစ်သည်။

စိတ်နှင့်ပတ်သက်၍ ဘုရားရှင် ဟောခဲ့သည်မှာ -

"စိတ်လောက်အပြောင်းအလဲမြန်သည့် အခြားသောတရားကို ငါ ဘုရားမမြင်။ စိတ်သည် လျင်မြန်စွာပြောင်းလဲ၏။ ဘယ်မျှလောက် လျင်မြန်စွာပြောင်းလဲသည်ဟု ဥပမာပေးရန်ပင် မလွယ်ချေဟု ဟောထားခဲ့ပါသည်။

စိတ်သည် အင်မတန်လျင်မြန်လွန်းလှသဖြင့် အဖမ်းရခက်လှသောကြောင့် ပုတီးဖြင့်စိတ်ကိုဖမ်းယူခြင်းမှာ ပုတီးစိပ်ခြင်း၏ အဓိကလုပ်ငန်းဖြစ်ပါသည်။

စိတ်ကို "လွှင့်မျောသွားခြင်းမရှိ၊ တစ်နေရာတည်းတွင် တည်ငြိမ်နေအောင် တည်တံ့နေအောင် ပုတီးဖြင့် ထိန်းချုပ်ဆွဲဆောင်ထားနိုင်ပါမှ သမာဓိစွမ်းအားဖြစ်ထွန်းတိုးတက်လာမှာဖြစ်ပြီး စိတ်စွမ်းအင်စိတ်စွမ်းအားတို့သည်လည်း ခိုင်မာလာကြမှာ ဖြစ်ပါသည်။

သို့ကလိုဖြစ်ဖို့ရာ လက်တွေ့ကျသော နည်းကောင်းရရှိဖို့ရန် လိုအပ်မည်မှာ အမှန်ဖြစ်ပေသည်။

စာရေးသူစိပ်ပုတီးစိပ်လာခဲ့သည်မှာ နှစ် (၃၀) ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ပုတီးကိုင်စ ဓမ္မမိတ်ဆွေနှင့် ပုတီးစိပ်ရင်း လည်နေသောဓမ္မမိတ်ဆွေများ ဘုန်းကြီးကျောင်းတွင် ဥပုသ်စောင့်ရင်း ကြုံကြုံသည့်အခါ စာရေးသူထံ စိပ်ပုတီးစိပ်ရာတွင် စိတ်တည်ငြိမ်မှုရစေနိုင်သော နည်းကောင်းလေးများရှိလျှင် ဓမ္မဒါနပြုကြရန် ပြောလာသဖြင့် စာရေးသူကိုယ်တိုင် လက်တွေ့စိပ်နေသော ပုတီးစိပ်နည်းကို ပေးခဲ့ပါသည်။

ပေးခဲ့ပြီးသည့်နောက်ပိုင်း ဓမ္မမိတ်ဆွေတို့နှင့် ပြန်လည်ဆုံတွေ့ကြသည့်အခါ ပုတီးစိပ်သည့်အနေအထားဘယ်လိုနေသလဲဟု မေးမြန်းကြည့်ရာ စာရေးသူအား ဝမ်းပန်းတသာဖြင့် အဆင်ပြေလှပါကြောင်းပြန်ပြောသဖြင့် စာရေးသူ ပေးကြိုးနပ်ရပါသည်။

စာရေးသူ ပုတီးစတင်စိပ်စက စိပ်နေရင်းက စိတ်တို့သည် ဖမ်းမမိလောက်အောင် ပုံ့လွှင့်လွန်းလှသဖြင့် ပုတီးစိပ်နေရင်း စိတ်ပျက်ခဲ့ရပါသည်။

ထိုစဉ်က စာရေးသူအား အစစအရာရာ သွန်သင်ဆုံးမသြဝါဒပေးလေ့ရှိပြီး သူကိုယ်တိုင် ပုတီးစိပ်အားကောင်းသူ စာရေးသူ၏ ဆရာကြီး ဦးစိုးအောင်မှ -

"ပြေးလွှားနေတဲ့စိတ်ကို ဖမ်းယူတည်ငြိမ်ဖို့ရန်အတွက် ဒီနည်းကတော့ အကောင်းဆုံးပဲ ငါ့တဖည့်။ ဒီနည်းဟာ စိပ်တဲ့အားကောင်းရင်ကောင်းလာသလို လောကီမှာ မိမိဖြစ်ချင်တဲ့ဆုကိုတောင်းရင်လည်း ပြည့်စေတယ်ကွ"

ဟု ပြောပါသည်။ ဆက်လက်ပြီးတော့-

"ဖြစ်ချင်တဲ့ဆုတောင်းဆိုတဲ့နေရာမှာ မဖြစ်နိုင်တဲ့ဆုမျိုးတော့ မတောင်းနဲ့ပေါ့ကွာ။ ဖြစ်နိုင်တဲ့ဟာမျိုးကိုဆိုလိုတာပါ"

ဟု ပြောဆို၍ပေးခဲ့သဖြင့် ရခဲ့သောနည်းဖြစ်ပါသည်။

ဆရာကြီးဦးစိုးအောင်ဆိုသည်မှာ အမှတ် (၄) စက်ရုံ မြန်မာ့အကြီးစား စက်မှုလုပ်ငန်းတွင် ဓာဝန်ထမ်းအောင်သူဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုတီးလုံးရေ	ဂုဏ်တော်	ပုတီးလုံးရေ	ဂုဏ်တော်	ပုတီးလုံးရေ	ဂုဏ်တော်
၁။	အရဟံ	၃၇။	အနုတ္တရောပုရိသဒမ္မသာရထိ	၇၃။	အရဟံ
၂။	အရဟ	၃၈။	လောကဝိဒူ	၇၄။	သမ္မာသမ္ဗုဒ္ဓေါ
၃။	အရဟ	၃၉။	သုဂတော	၇၅။	ဝိဇ္ဇာစရဏသမ္ပန္နော
၄။	သမ္မာသမ္ဗုဒ္ဓေါ	၄၀။	ဝိဇ္ဇာစရဏသမ္ပန္နော	၇၆။	သုဂတော
၅။	သမ္မာသမ္ဗုဒ္ဓေါ	၄၁။	သမ္မာသမ္ဗုဒ္ဓေါ	၇၇။	လောကဝိဒူ
၆။	အရဟံ	၄၂။	အရဟံ	၇၈။	အနုတ္တရောပုရိသဒမ္မသာရထိ
၇။	အရဟံ	၄၃။	အရဟံ	၇၉။	သတ္ထာဒေဝမနုဿာနံ
၈။	သမ္မာသမ္ဗုဒ္ဓေါ	၄၄။	သမ္မာသမ္ဗုဒ္ဓေါ	၈၀။	ဗုဒ္ဓေါ
၉။	ဝိဇ္ဇာစရဏသမ္ပန္နော	၄၅။	ဝိဇ္ဇာစရဏသမ္ပန္နော	၈၁။	ဘဂဝါ
၁၀။	ဝိဇ္ဇာစရဏသမ္ပန္နော	၄၆။	သုဂတော	၈၂။	ဘဂဝါ
၁၁။	သမ္မာသမ္ဗုဒ္ဓေါ	၄၇။	လောကဝိဒူ	၈၃။	ဗုဒ္ဓေါ
၁၂။	အရဟံ	၄၈။	အနုတ္တရောပုရိသဒမ္မသာရထိ	၈၄။	သတ္ထာဒေဝမနုဿာနံ
၁၃။	အရဟံ	၄၉။	သတ္ထာဒေဝမနုဿာနံ	၈၅။	အနုတ္တရောပုရိသဒမ္မသာရထိ
၁၄။	သမ္မာသမ္ဗုဒ္ဓေါ	၅၀။	သတ္ထာဒေဝမနုဿာနံ	၈၆။	လောကဝိဒူ
၁၅။	ဝိဇ္ဇာစရဏသမ္ပန္နော	၅၁။	အနုတ္တရောပုရိသဒမ္မသာရထိ	၈၇။	သုဂတော
၁၆။	သုဂတော	၅၂။	လောကဝိဒူ	၈၈။	ဝိဇ္ဇာစရဏသမ္ပန္နော
၁၇။	သုဂတော	၅၃။	သုဂတော	၈၉။	သမ္မာသမ္ဗုဒ္ဓေါ
၁၈။	ဝိဇ္ဇာစရဏသမ္ပန္နော	၅၄။	ဝိဇ္ဇာစရဏသမ္ပန္နော	၉၀။	အရဟံ
၁၉။	သမ္မာသမ္ဗုဒ္ဓေါ	၅၅။	သမ္မာသမ္ဗုဒ္ဓေါ	၉၁။	အရဟံ
၂၀။	အရဟံ	၅၆။	အရဟံ	၉၂။	သမ္မာသမ္ဗုဒ္ဓေါ
၂၁။	အရဟံ	၅၇။	အရဟံ	၉၃။	ဝိဇ္ဇာစရဏသမ္ပန္နော
၂၂။	သမ္မာသမ္ဗုဒ္ဓေါ	၅၈။	သမ္မာသမ္ဗုဒ္ဓေါ	၉၄။	သုဂတော
၂၃။	ဝိဇ္ဇာစရဏသမ္ပန္နော	၅၉။	ဝိဇ္ဇာစရဏသမ္ပန္နော	၉၅။	လောကဝိဒူ
၂၄။	သုဂတော	၆၀။	သုဂတော	၉၆။	အနုတ္တရောပုရိသဒမ္မသာရထိ
၂၅။	လောကဝိဒူ	၆၁။	လောကဝိဒူ	၉၇။	သတ္ထာဒေဝမနုဿာနံ
၂၆။	လောကဝိဒူ	၆၂။	အနုတ္တရောပုရိသဒမ္မသာရထိ	၉၈။	ဗုဒ္ဓေါ
၂၇။	သုဂတော	၆၃။	သတ္ထာဒေဝမနုဿာနံ	၉၉။	ဘဂဝါ
၂၈။	ဝိဇ္ဇာစရဏသမ္ပန္နော	၆၄။	ဗုဒ္ဓေါ	၁၀၀။	ဘဂဝါ
၂၉။	သမ္မာသမ္ဗုဒ္ဓေါ	၆၅။	ဗုဒ္ဓေါ	၁၀၁။	ဗုဒ္ဓေါ
၃၀။	အရဟံ	၆၆။	သတ္ထာဒေဝမနုဿာနံ	၁၀၂။	သတ္ထာဒေဝမနုဿာနံ
၃၁။	အရဟံ	၆၇။	အနုတ္တရောပုရိသဒမ္မသာရထိ	၁၀၃။	အနုတ္တရောပုရိသဒမ္မသာရထိ
၃၂။	သမ္မာသမ္ဗုဒ္ဓေါ	၆၈။	လောကဝိဒူ	၁၀၄။	လောကဝိဒူ
၃၃။	ဝိဇ္ဇာစရဏသမ္ပန္နော	၆၉။	သုဂတော	၁၀၅။	သုဂတော
၃၄။	သုဂတော	၇၀။	ဝိဇ္ဇာစရဏသမ္ပန္နော	၁၀၆။	ဝိဇ္ဇာစရဏသမ္ပန္နော
၃၅။	လောကဝိဒူ	၇၁။	သမ္မာသမ္ဗုဒ္ဓေါ	၁၀၇။	သမ္မာသမ္ဗုဒ္ဓေါ
၃၆။	အနုတ္တရောပုရိသဒမ္မသာရထိ	၇၂။	အရဟံ	၁၀၈။	အရဟံ

၁။ နားမလည်မှာစိုး၍ ထပ်ဆင့်ရှင်းလင်းရေးသားရပါလျှင်၊ ဥပမာ (၃၃) လုံးသို့ ပုတီးလုံးရေရလာ၊ ရောက်လာပါလျှင် ထို(၃၃)လုံး၏ ဂုဏ်တော်သည် 'ဝိဇ္ဇာစရဏသမ္ပန္နော' သာ ဖြစ်ရပါမည်။ အခြားဂုဏ်တော်ဖြစ်မနေရပါ။
ထိုနည်းတူစွာ ကျန်ဂုဏ်တော်များကိုလည်း အထက်ပါအတိုင်း စိပ်သွားရမှာဖြစ်ပါသည်။
(၁၀၈) လုံး ပြည့်သည်နှင့် ပုတီး (၁) ပတ်ရမှာဖြစ်ပြီး ပုတီးအဖုတ်ရောက်တော့ (၉)ပတ်စိပ်နိုင်အောင် ကြိုးစားရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

ယခု ဆရာကြီး ဦးစိုးအောင်ကွယ်လွန်ရှာပါပြီ။

ဆရာကြီးဦးစိုးအောင်သည် ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားစဉ်က မသွားခင် စာရေးသူအား ပြောခဲ့ဖူးပါသည်။

"ငါ့တပည့်၊ ဂျပန်နိုင်ငံကို ငါသွားဖို့ အဓိဋ္ဌာန်ပြုပုတီးစိပ်နေတယ်။ မင်းစောင့်ကြည့်နေ၊ ငါသွားကိုသွားရလိမ့်မယ်"

ဟု မည်သူမျှအိပ်မက်ပင်မမက်ရဲသောအရာတစ်ခုအား ကိုနိန်းသေပေါက်ကြားပြောခဲ့သဖြင့် ထိုစကားအား စာရေးသူ မယုံကြည်ဖြစ်ခဲ့ရပါသည်။

ထို့နောက် စာရေးသူလည်း ပြောသည့်အတိုင်း မဟုတ်သည်၊ဟုတ်သည်ကို စောင့်ဆိုင်းကြည့်မိရာ လပိုင်းအကြာတွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဆရာကြီး ပညာတော်သင် ထွက်ခွာသွားရသည့်အတွက် မှန်ပါကလားဟူ၍ မှတ်ချက်ချယုံ ကြည်မိခဲ့ရပါတော့သည်။

ဤသည် တစ်စိတ်တစ်ဒေသသောပမာတစ်ခုဖြစ်သည်။ ဆရာကြီးဦးစိုးအောင် ၏ အောင်မြင်မှုကိုယ်တွေ့များ တင်ပြရေးသားရမည်ဆိုပါက များစွာရှိလှုပါသော်လည်း စာရွက်မှာစိုးရပါသဖြင့် ဤမျှနှင့်ပင်ရပ်နားလိုပါသည်။

ဤနေရာတွင် ဤဆောင်းပါးကို ရေးသားနေသော စာရေးဆရာကြီး ဦးတိုကိုကြီးကော ဟု စာရွှသူများမေးရန်ဖြစ်ပေါ် လာစရာရှိပါသည်။

ထိုသည့်အခါ စာရေးသူ ရိုးသားစွာဖြင့်ဖြေရပါလျှင် ဆရာကြီး ဦးစိုးအောင်သည် မအားလပ်သည့်ကြားက တစ်နေ့လျှင် အနည်းဆုံး(၃)ကြိမ် အထိုင်ပုတီးစိပ်၍ တစ်ခါထိုင်လျှင် အချိန်ကြာမြင့်စွာထိုင်နိုင်သူတစ်ဦးဖြစ်ကာ ပုတီးစိပ်အား အလွန်ကောင်းသူဖြစ်သည်။

စာရေးသူကတော့ တစ်နေ့တစ်ကြိမ်ခန့်သာ ရက်မပျက်ထိုင်နိုင်သူဖြစ်သဖြင့် သူလောက်မဟုတ်သော်လည်း ပုတီးစိပ်ရခြင်းတို့၏ အကျိုးတို့ကြောင့် လောကီတွင် မချမ်းသာသော်လည်း လုံး၀ (လုံး၀) မဆင်းရဲပါ ဟု ရဲရဲကြီးဖြေလိုပါသည်။

စာရေးသူအနေဖြင့် ပုတီးစိပ်ရခြင်းတို့၏ အကျိုးကျေးဇူးတို့ကြောင့် ထိုက်တန်သော အောင်မြင်မှုတို့ များစွာခို့ခဲ့ဖူးပါသည်။ သို့သော်လည်း ထိုအရာတို့အား စာဖွဲ့ရေးသားနေပါက ရှည်လွန်းလှပါသဖြင့် ဤမျှနှင့်ပင် ကျေနပ်စေလိုပါသည်။

ပုတီးစိပ်ခြင်းသည် အပြောထက် လက်တွေ့ကျရန် အင်မတန် အရေးကြီးလွန်းလှပါသည်။ သို့မှသာ မဟုတ်ဘူး၊ ဟုတ်တယ် ဆိုသောအဖြေကို တိကျစွာ ရရှိမည်ဖြစ်ပါသည်။

ရက်ပိုင်း၊ လပိုင်းလေးအားထုတ်ပြီး မဟုတ်ပါဘူးကွာ ဆိုသည့်စကားမျိုးကိုတော့ စာရေးသူ လက်မခံနိုင်ပါ။ ရက်ရှည်၊ လရှည်ထက် နှစ်ရှည်ရှည်လေး ကြိုးစားအားထုတ်လာပါလျှင် တိကျပြတ်သားသောအဖြေများ သင့်ကိုပေးလာပါလိမ့်မည်ဟု စာရေးသူ အာမခံရေးသား တင်ပြလိုပါသည်။

ဤနေရာတွင် ထပ်ဆင့်နားလည်အောင် ရေးသားရပါလျှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက -

"အသိသည် အသိသာ၊ အကျင့်မဟုတ်။ သိတိုင်းမကျင့်လျှင် သိနေရုံဖြင့် အကျင့်မရ။"

ဟု ဆိုထားဘိသကဲ့သို့ စာရေးသူတင်ပြသည့် ဤနည်းသည်လည်း သိနေရုံဖြင့် အကျင့်မရနိုင်သောကြောင့် 'ကျင့်မှ ရမှသိ' နိုင်သဖြင့် ကျင့်ကြံအားထုတ်ကြည့်ပါက လွှင့်ပျံ့နေသောစိတ်တို့ တည်ငြိမ်မှုရလာကာ သမာဓိအားများကောင်းမွန်လာပြီး လောကီ၊ လောကုတ္တရာအကျိုးထူးများ ဖြစ်ပေါ် ရလာမည်ဖြစ်သည်။

သို့အတွက် ကိုယ်တိုင်လက်တွေ့ကျကျ ကျင့်ကြံအားထုတ်၍ သိရှိလာရသောအသိတို့ဖြင့် ဓမ္မဒါနပြုလိုက်ခြင်းဖြစ်ပါသည်။

ဤနည်းသည်ကား သူ့နည်းသူ့ဟန်တို့ဖြင့်ရှိနေကြသည့် ဂုဏ်တော်ကွန်ချာများထဲမှ ဂုဏ်တော်ကွန်ချာတစ်ခုဖြစ်ပါသည်။

ဤဂုဏ်တော်ကွန်ချာသည် ပြေးလွှားပျံ့လွင့်နေသောစိတ်တို့အား ထွက်မသွားရလေအောင် ထိန်းချုပ်နိုင်သောစွမ်းအားအပြည့်ရှိသည့် နည်းကောင်းတစ်ခုဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် စာရေးသူတင်ပြမည့် ဂုဏ်တော်ကွန်ချာမှာ ပုတီးစစ်ပြီးပွဲဆိုကတည်းက ကွန်ချာဆိုသည့်အတိုင်း အောက်ဆင်းလိုက်အပေါ် တက်လိုက်နှင့် ခပ်စိပ်စိပ်လေးစိပ်ရသောနည်းဖြစ်သဖြင့် စိတ်ကို အပြင်ထွက်ခွင့်မပေးသော နည်းကောင်းနည်းမှန်ဖြစ်ပေသည်။

စိတ်သည် ခေတ္တခဏအပြင်ထွက်သွားခဲ့ပါလျှင်လည်း ဂုတိုးစိပ်များကာ အစကနေ ပြန်စိပ်ရမှာဖြစ်၍ စိတ်နှင့် ပုတီး ကပ်နေရာမှာဖြစ်သဖြင့် ဂရုစိုက်ရသည့်စိတ်အား ကောင်းကောင်းထားလာရခြင်းကြောင့် သမာဓိပို၍ခိုင်မာလာစေပါသည်။

စိတ်ကို ဖမ်းချုပ်ရာတွင် ကလေး (၂) ဦးနယ်အလား သဏ္ဌာန်တူလှပါသည်။

မိဘမှ ကြပ်မတ်မှုမရှိ၊ နေချင်သလိုနေ လွှတ်ပေးထားသောကလေးသည် တစ်နေ့တွင် ဆိုးသွမ်းလူငယ်တစ်ဦးဖြစ်လာနိုင်သလို မိဘမှ စနစ်တကျကြပ်ကြပ်မတ်မတ် ရင်အုပ်မခွာထားသော ကလေးသည် တစ်နေ့တွင် လူချွန်လူကောင်းတစ်ဦးဖြစ်လာနိုင်ပါသည်။

ထို့အတူ စိတ်သည်လည်း နေချင်သလိုနေဟူ၍လွှတ်ထား၍မရ။ ကြပ်ကြပ်မတ်မတ်လုပ်နိုင်ပါမှ သမာဓိအားကောင်းကောင်းကို အောင်မြင်စွာရမှာဖြစ်ပေသည်။

ဤပါသောကြောင့် မိဘသဖွယ် အလားသဏ္ဌာန်တူသည့် ဂုဏ်တော်ကွန်ချာပုတီးစိပ်နည်းအား စာရွှသူ စိပ်ပုတီးသမားများအတွက် သူရဇ္ဈမဂ္ဂဇင်းကြီးမှနေ၍ လက်ဆင့်ကမ်းဓမ္မဒါနအဖြစ် ပြုလိုက်ရပါသည်။

စိပ်ပုတီးစိပ်နည်းမှာ ဖော်ပြထားသောဇယားမှ ဓာတုန်းစဉ်အလိုက် (၁) မှစ၍ (၁၀၈) ပြည့်သည်အထိ နံပါတ်စဉ်မများစိပ်သွားရမှာ ဖြစ်ပါသည်။

စိပ်စတွင် အခက်အခဲတို့ဖြင့် ကြုံနိုင်သော်လည်း စိတ်မပျက်ဘဲ ကြိုးကြိုးစားစား အားတည့်စိပ်လာ၍ မှန်လာပါလျှင် တစ်လုံးချင်း ပုတီးစိပ်ရသည်မှာပင် ဘယ်အရသာနှင့်မှမတူ ထူးခြားလွန်းလှပါကြောင်း ရေးသား တင်ပြလိုက်ရပါပေတော့သတည်း။

ကွယ်လွန်သွားရာပြီ ဖြစ်သော ဆရာကြီး ဦးစိုးအောင် (T021) အား ဤဆောင်းပါးဖြင့် ဂါရဝပြုအပ်ပါသည်။

သူရဇ္ဈမဂ္ဂဇင်းကြီးနှင့်တကွ
စာဖတ်ပရိသတ်များအား
အစဉ်လေးစားလျက်

လောကီ၊ လောကုတ္တရာ
နှစ်ဖြာသောအကျိုးကို ရနိုင်ကြပါစေ

ဦးကိုကိုကြီး (ဇင်ရေးရေး)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

အဖိုးတန်သောမြတ်ရတနာများ

ဘုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မိမိတို့ကိုးကွယ်သည့် ရတနာမြတ်သုံးပါးကို မိမိတို့၏ သဒ္ဓါစေတနာယုံကြည်မှုအလိုတိုင်း တစ်နေ့တာအတွင်းမှာ နံနက်၊ နေ့လယ်၊ ညအချိန်များတွင် ဆည်းကပ်ကိုးကွယ်ပူဇော်ကန်တော့လေ့ရှိကြသည်။ အချို့သောပုဂ္ဂိုလ်များသည်လည်း သီလဆောက်တည်၊ တရားထိုင်၊ ပုတီးစိပ်ခြင်း စသည့် ကုသိုလ်အမှုကိစ္စများကို မိမိတို့အားလပ်သည့်အချိန်များတွင် တရားစခန်းများသို့ သွားရောက်ကျင့်ဆောင်ကြသည်။

လူမှုရေးကိစ္စအဝဝအတွက် ခရီးသွားလာနေကြရသော်ပုဂ္ဂိုလ်များအဖို့၊ ဘေးဥပဒ်အန္တရာယ် မကျရောက်ဘဲ မိမိတို့ ဆောင်ရွက်လုပ်ကိုင်သော အလုပ်ကိစ္စများ အောင်မြင် တိုးတက် အဆင်ပြေစေရန် ကားပေါ်တွင်လည်းကောင်း၊ မီးရထား၊ သင်္ဘော၊ လေယာဉ်များပေါ်တွင် လည်းကောင်း ဘုဒ္ဓဘုရားရှင်အား သတိတရ ရှိခိုးပူဇော်ကန်တော့နိုင်ရန် အောက်ပါ ဘုရားရှိခိုးတစ်ဆယ့်ခြောက်မျိုးကို ဓမ္မလက်ဆောင်အဖြစ် ဆည်းကပ်ပူဇော်ရွတ်ဆိုနိုင်ကြစေရန် စိတ်ရည်သန်၍ ရေးသား မျှဝေလိုက်ပါသည်။ မိမိတို့အလိုဆန္ဒရှိရာ ဤတစ်ဆယ့်ခြောက်မျိုးကို အားလုံးကိုဖြစ်စေ၊ တစ်ခုချင်းကိုဖြစ်စေ ရွတ်ဆိုပူဇော်နိုင်ပါသည်။ ပုတီးစိပ်လည်းရပါသည်။

အဖိုးတန်-မြတ်ရတနာများ

၁။ နမော တေ ဘုဒ္ဓ ဝိရဇ္ဇာ ဝိပ္ပ
မုတ္တောသိ သဗ္ဗဓိ၊ သမ္ဗဝ ပဋိပန္နာ
သွိ၊ တာဿ မေ သရဏံ ဘဝ။
□ ကိုယ်စိတ်နှစ်ပါး ဆင်းရဲလျှင်
များများရွတ်ပါ။

၂။ နမော တေ သဗ္ဗ ဒဿဝိ။
□ ပညာရေးကောင်း၊ ဥာဏ်
ကောင်းရန်ရွတ်ပါ။

၃။ နမော တေ ကရုဏာ ကရ။
□ အားလုံး၏ သနားကြင်နာခြင်း
ကို ရရှိမည်။

၄။ နမော တေ တိဏ္ဏသံသာရ။
□ ခရီးသွားလျှင်ရွတ်ပါ။

၅။ နမော တေ အမတံ ဒဒ။
□ လောဘီ၊ လောကုတ္တရာနှစ်ဖြာ
ချမ်းသာမည်။

၆။ နမော တေ ပုရိသုတ္တမ။
□ လူ၊ နတ်၊ ဗြဟ္မာတို့၏ ချစ်ခင်
မြတ်နိုးစောင့်ရှောက်မှုခံရမည်။

၇။ နမော တေ မာရဝိဇယ။
□ ရန်အပေါင်းကို အောင်မြင်
မည်။

၈။ နမောတေ လာဘဂ္ဂါကရ၊
နမော တေ လာဘဂ္ဂါဒဒ။
□ လာဘ်လာဘရမည်။ လာဘ်ရွှင်
မည်။

၉။ နမော တေ ရတနာကရ၊
နမော တေ ရတနာ ဒဒ။
□ ရတနာရွှေငွေဝင်မည်။

၁၀။ နမော တေ ရဇတံ ကရ၊
နမော တေ ရဇတံ ဒဒ။
□ ငွေကြေးဝင်မည်။

၁၁။ နမော တေ ရာဇာတိ ရာဇ။
□ မင်းစိုးရာဇာချစ်ခင်မည်။

၁၂။ နမော တေ ဒေဝါ တိ ဒေဝ။
□ နတ်ကောင်းနတ်မြတ်များချစ်
ခင်စောင့်ရှောက်မည်။

၁၃။ နမော တေ ဗြဟ္မာတိ ဗြဟ္မ။
□ ဗြဟ္မာများ၊ ချစ်ခင်ကျည်စောင့်
ရှောက်မည်။

၁၄။ နမော တေ အဂ္ဂါ တိ အဂ္ဂ။
□ ဘဝမြင့်မား အောင်မြင်လာ
မည်။

၁၅။ နမော တေ သေဋ္ဌာ တိ သေဋ္ဌ။
□ အများ၏ဦးကျော်ဖြစ်ခြင်းခံရမည်။

၁၆။ နမော တေ ဇေဋ္ဌာ တိ ဇေဋ္ဌ။
□ ခေါင်းဆောင်ကောင်းဖြစ်၍
အောင်မြင်မည်။

အကြွေအစည်ပြည့်စုံစေသောဂါထာ

□ သမ္မုဇ္ဇာ စိတ္တ သင်္ကပ္ပေါ၊ ယထာ
ကာမီ တမာပကော။
ကေနစိ နဘိဘူတော ယော၊
သဗ္ဗာ ဘိဘူ နမေ ဇိနံ။

ဆုတောင်း-ဂါထာ

□ သမ္မုဇ္ဇာ စိတ္တ သင်္ကပ္ပေါ၊
ယထာ ကာမီ တမာပကော၊
ကေနစိ နဘိဘူတမ္မိ၊
သဗ္ဗာ ဘိဘူ ဘဝေ ဘဝေ။

အနန္တလာဘ်လာဘရစေသောဂါထာ

□ ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေ ဟိစ၊
အာဘတာ နန္တလာဘာဿ၊
သဒါ ယဿ မဟေသိနော၊
ပတ္တလာဘဂ္ဂတံ လောကံ၊
တံ ဝန္ဒေ မုနိ ပုင်္ဂဝံ၊

ဆုတောင်း-ဂါထာ

□ ဂါမေ ဝနေစ သဗ္ဗတ္ထ၊ ဒေဝေဟိ
မနုဿေ ဟိစ၊
အာဘတာ နန္တ လာဘောမေ၊
သဒါ ဟောတု ဘဝါဘဝေ။

အောင်ဂါထာ

□ နမော တေ ဝိဇေတုံ မေ၊
ဇယတော ဒဒတော ဇယံ၊
နဠ ထမ္ဘဲ သဗ္ဗ သန္တိံ၊
ကရ မေ ဇယ မင်္ဂလံ။

ဂုဏ်ဂါထာတော်များ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ အမြွှာတ်ဆိုတော်မူခဲ့သော ဂါထာတော် ဖြစ်၏။

အပူရှိလျှင် အအေးရှိသည်၊ ဘေးရှိလျှင် ဆေးရှိသည်။ ဘေးအန္တရာယ်နှင့် အပူကင်းပျောက်၍ အေးမြချမ်းသာ ဘေးဘယာဝေးကွာစေလိုပါလျှင် ဘုရားအရိပ်၊ တရား၏အရိပ်၊ သံဃာအရိပ်၊ မိဘအရိပ်၊ ဆရာသမားများ၏အရိပ်များကို ခိုလှုံရပေမည်။ ဘုဒ္ဓစက်၊ ဓမ္မစက်၊ သံဃ့စက်ဟိတ်အရှိန်များဖြစ်သော အထက်ပါ ဂါထာတော်များထဲမှ မိမိနှစ်သက်ရာဂါထာတစ်ပုဒ်ပုဒ်ကို ရွတ်ဆို သရဏာယ်ခြင်းဖြင့် အန္တရာယ်အသွယ်သွယ် ဆင်းရဲခြင်းဒုက္ခအဖုံဖုံမှ လွတ်ကင်းချမ်းသာကြပါစေသတည်း။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)
ခုနစ်နေ့ သားသမီးများအားလုံး
ချမ်းသာသုခ ပြည့်ဝစွာရရှိကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

အထူးထုတ်

ရှေးစာကံလွဲချော်ရသော ရှမ်း(ယိုးဒယား)စော်ဘွားသမီးကုသိုလ်တော် ရွှေဝဆွဲရွေးဟောင်းစေတီ

ဟင်္သာပဒေသာ(ထားဝယ်)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မင်္ဂလာဆောင်ဧည့်ခံပွဲတစ်ခုတွင် ယခင်အနှစ် (၂၀) ခန့်က တစ်ဌာနတည်း ဝန်ထမ်းဘဝ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ကိုဟိုစိန်နှင့် မမျော်လင့်ဘဲဆုံသည်။ ကိုဟိုစိန်အိမ်ထောင်ကျသွားပြီးနောက် သူ့အမျိုးသမီးမှာ စည်ပင်သာယာဈေးကြီး၌အထည်ဆိုင်ဖွင့်ထားသဖြင့် ကြို၊ ပို့ တာဝန်ယူရပေရာ ရုံးတက်၊ ရုံးဆင်း အဆင်မပြေသည်ကတစ်ကြောင်း၊ စီးပွား



ကြွေသင်္ကန်းတော်နှင့် ရွှေဝဆွဲ ရွေးဟောင်းစေတီဘား ဖူးတွေ့ရပုံ

ကြေးသွန်းဘုရားကြီး
(ဆင်ဆိပ်ကျောင်းသစ်)

စကျင်ကျောက်ဆင်းတု
(ဆင်ဆိပ်ကျောင်းသစ်)

ရုပ်ပွားတော်မြတ်ကြီး
အနီးကပ်ကြည်ညိုရတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်အရှေ့တောင်ထောင့်စေတီ

ဘဒ္ဒန္တသောတဘဒ္ဒရီယအရိုးဂူ မြွှေပ်နံ့ရာ ဂန္ဓကုဋီအတွင်း ပထင်တော်၊ တံကဲတော်နှင့် ဗုဒ္ဓဆင်းတုတော်တစ်ဆူ

ပရိဏာတဘောဓိဒေတ်စောကျမ်း ပြုစုတော်မူသော ဆရာတော်ဘဒ္ဒန္တသောဘဒ္ဒရီယပုံတော်

ဗောဓိညောင်ပင်အောက် သဃင်းစကျောက်ရုပ်ပွားဆင်းတုတော်

ရေလုပ်နိုင်ကိုင်နိုင်အခြေအနေရှိသည် ကတစ်ကြောင်းတို့ကြောင့် နာမကျန်း ပင်စင်နှင့် ဝန်ထမ်းမှ နုတ်ထွက်သွား၏။ တစ်မြို့တည်းနေထိုင်သူများဖြစ်ကြသော်လည်း သူ့အရေးကိုယ့်အရေးကိုယ်စီနှင့် လုံးချာလိုက်ရင်း သူနှင့်ကျွန်တော်မတွေ့ဆုံဖြစ်ကြ။ ထိုအထဲ ကျွန်တော်က သူ့ဆန်စားရဲရသောမင်းမူထမ်းပီပီ အိုးပစ် အိမ်ပစ်တစ်ရပ်တစ်ကျေးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်ရာ သူနှင့်ပို၍ အလှမ်းဝေးသွားသလိုဖြစ်ပြီး အချိန်တွေ တရွှေ့ရွှေ့တိုက်စားသွား၏။

မတွေ့တာကြာပြီဖြစ်သဖြင့် ရှေးဟောင်းနှောင်းဖြစ် တောအကြောင်းတောင်အကြောင်းစကားလက်ဆုံကျရာမှ သူရဇမဂ္ဂဇင်းတွင် ကျွန်တော် ဘာသာရေးဆောင်းပါးရေးသည့်အကြောင်းသို့ ရောက်သွားသည်။ ထိုအခါ သူနေထိုင်ရာ ဆင်ဆိပ်ရပ်၌ လူသိနည်းပါးသော ရှေးဟောင်းစေတီတစ်ဆူရှိသဖြင့် လာရောက် လေ့လာ ရေးသားရန်နှင့် စေတီတော်ဂေါပကအဖွဲ့နှင့်တွေ့ဆုံရန် စီစဉ်ပေးမည်ဟုလိုလိုလားလားဖိတ်ခေါ်လေသည်။

ထားဝယ်ဒေသအနှံ့ ရှေးဟောင်းဘုရားပုထိုးစေတီတို့ကို သူရဇမဂ္ဂဇင်း၏ စာဖတ်ပရိသတ်များ ကြည်ညိုပူဇော်နိုင်ရန်အတွက် ဆောင်းပါးများ ရေးသားတင်ဆက်လျက်ရှိသော ကျွန်တော်က မဆိုင်းမတွပင် စနေ၊ တနင်္ဂနွေအားလပ်ရက်တစ်ရက်ရက် မုချဆက်ဆက်လာမည်ဟု ဝမ်းမြောက်ဝမ်းသာ ကတိပေးလိုက်သည်။ ❑

www.burmeseclassic.com

www.burmeseclassic.com

လိပ်ဆတွင်း ဖူးမြော်ရသော ရုပ်ပွားတော်မြတ်

၂၃-၅-၂၀၁၅။ မိုးသားမိုးရိပ် စာလိပ်လိပ်ဆင်သောနေ့။

ရပ်ဘုရားရွာဘုရား ရွှေဝဆွဲ နွေဟောင်း စေတီတော်မြတ်ကြီးကို နေ့လယ်နေ့ခင်းအချိန် (၂း၃၀) တွင် စာရေးသူ ဖူးမြော်ကြည်ညိုရပါသည်။ ရွှေဝဆွဲဘုရားမှာ ထားဝယ်သမိုင်းစဉ် အရ တဂူမြို့ဟောင်းပျက်နေရာ၌ ရှင်းအမတ်ကြီး ဩရဂဇ္ဈ စတင်တည်ထောင်၍ မြို့ဝန်မြို့စားရှမ်းမင်း(၆)ဆက် ထူထောင်ကာ နှစ်ပေါင်း (၈၀) ကျော် အုပ်စိုးသွားသော ညောင်ခရားမြို့ဟောင်း (ကောဇာနှစ် ၂၇၆-၃၅၇) ၏ မြို့ဝိုင်းအတွင်းဘက် အရှေ့တောင်ထောင့်နှင့် နီးနီးကပ်ကပ် ပူဇော်တည်ထားသော စေတီတစ်ဆူ ဖြစ်လေသည်။ ယခုအထိ ဆင်ဆိပ်ကျောင်းသစ်ဝင်းအရှေ့ဘက်၌ မြို့ဟောင်းအရိပ်ထိုးပြနေသော မြေသားမြို့ဝိုင်းကြီးအကြွင်းအကျန်ကို အထင်အရှားတွေ့ရှိနိုင်ပြီး ကားလမ်းတစ်ဖက်တွင်လည်း မြို့ရိုးနှင့် အရှေ့ အနောက် မြောက်တန်းလျက် ကျုံးပြတ်ကြီးတစ်ခုကိုပါ တွေ့မြင်ရသည်ကသက်သေဖြစ်သည်။

ထားဝယ်မြို့တွင်းမှမြောက်ဘက် သို့ ၂မိုင်ခန့်နေရာတွင်ရှိသော ကျုံးပြတ်ကြီးကိုကျော်ဖြတ်ပြီး ကားလမ်းအရှေ့ဘက်ခြမ်းကွေ့သော မြေသားလမ်း ကိုက် (၁၀၀) အကွာလောက်ဆက်သွားလျှင် အိုးလုပ်ရပ် ဦးစံအေး-ဒေါ်အေးကြွယ် သားသမီးတို့ ၁၉၉၉ ခုနှစ်တွင် လျှပ်ဒါန်း

မိုးခဲနီရှိ ရွှေဝဆွဲစေတီရင်ပြင်တော်အား ဂျီပီအို မြင်တွေ့ရသည်



တန်ဆောင်းအဝင်

www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းနှင့်သိမ်

မုဒ်ဦးအား တွေ့မြင်ရပုံ

တုန်ကြီးသောကျောက် (၈၆) ဆရာတော်တန္တသောဘဆရာမိုင်ယ သိတင်းသုံးသော ဆင်ဆိပ်ကျောင်းသစ်အဝင်မုခ်

ကျောက်စာတိုင်

ညောင်ခရုကြီးဟောင်း မြေသားကြိုရိုးအကြောင်းအကျန် တွေ့ရစဉ်

ထားသည့် ရွှေဝဆွဲဘုရားမုခ်ဦးသို့ရောက်ရှိသည်။ ဘုရားဝတ္ထုကမြေ (၃. ၈၀၈) ဧက မြေပြန့်ပြန့် ကျယ်ဝန်းစွာရှိသော်ငြားလည်း ဆင်ဆိပ် (အ-မ-က) မြေနေရာအခက်အခဲ မြေလည်အောင် စေတီရင်ပြင် အရှေ့ဘက်ခြမ်းနေရာအားလုံးကို ကျောင်းမြေသတ်မှတ်ပေးထား၏။ ယင်းနေရာတွင် ယခင်က ကျောင်းကြီးဟု ခေါ်သော ဘုန်းတော်ကြီးကျောင်းနှင့် သိမ်ပျက်ကြီးတစ်ခု ထီးထီးမားမားရှိခဲ့ဖူးကြောင်းကို သိရှိရသည်။ နောင်သောအခါ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထိုင်ပုဂ္ဂိုလ်မရှိတော့၍ အရှင်မရှိသောကျောင်းကြီးလည်း တဖြည်းဖြည်းသွေ့ခြောက်တိမ်ကောသွားကာ လုံးလုံးပါးသွားသည်ဟု ဆို၏။

လက်ရှိ စေတီရင်ပြင်တော်ပတ်လည်ကို အုတ်တံတိုင်းကာရံထားပြီး ရင်ပြင်တော်တစ်ခုလုံး အင်္ဂတေခင်းထားသည်။ သိမီလိုက်သူ သက်ကြီးရွယ်အိုတို့က ဘုရားဝတ္ထုကမြေအတွင်း၊ အပြင်အနှံ့ ထန်းပင်များပေါပေါများများရှိသည်ဆိုသော်လည်း ယခု ပြောက်သိပြောက်ကျားသာ တွေ့မြင်ရတော့၏။ စေတီတော်အရပ်လေးမျက်နှာမုခ်ကပ်လေးခုရှိသည်။ စေတီတိုင်လုံးတော်

www.burmeseclassic.com

www.burmeseclassic.com

သေးသွယ်၏။ဖောင်းရစ်(၉)ရစ်ရှိသည်။ ငှက်ပျောဖူးတိုသည်။ တစ်ဆူလုံး ကြွေသင်္ကန်းဖြစ်သည်။ ရင်ပြင်တော်၌ ခဲပြားများ ကောက်ယူရရှိဖူးသဖြင့် ခဲပြားကပ်ထိုးတော်တင်လျှူပူဇော်ခဲ့ဟန်တူသည်။ ရှစ်မြောင့်တစ်ဆင့်နှင့်ဖိနပ်တော်အုတ်ခဲကြွေပြားမကပ်ရသေး။ လေးထောင့်ဖိနပ်တော်တစ်ဖက် (၃၄) ပေ၊ (၆) လက်မ စီနှင့် (၅) ပေမြင့်သည်။ ထောင့်စွန်းတို့၌ အရံစေတီ (၄)ဆူ တည်ထားသည်။

သန္ဓိကြည်လင် ပါရမီရှင် ဦးစံအေး - ဒေါ်သိန်းကြွယ်တို့ဇနီးမောင်နှံက ၁၃၅၅ ခုနှစ်၌ ယိုးဒယားပန်းပြားဆွဲလည်းပေါ် အာရုံခံတန်ဆောင်းကြီး၊ ဦးဝင်းမောင် - ဒေါ်ညွှန့်စိန် မိသားစုက တန်ဆောင်းအမိုးပြသာဒ်လျှာဒါန်းထားကြသည်။ တန်ဆောင်းကြီးနှင့်တစ်ဆက်တည်း သိမ်ကြီးအတွင်း ဦးကျင်ဖေ - ဒေါ်စော(ဆင်ဆိပ်ရပ်)မိသားစုကောင်းမှုကုသိုလ် မှန်စီပလ္လင်တော်ကြီးပေါ် ဝယ်စံဝယ် သီတင်းသုံးတော်မူလျက်ရှိသည့် ရွှေပွားတော်မြတ်ကြီးအား လက်ရာမြောက်ပန်းနွယ်ပန်းခက်တံကဲ့တော်ကြီးနှင့် သပ္ပာယိတ္တဉ်တယ်စွာ ကြည်ညိုဖူးမြော်ရပါသည်။ အင်တေပန်းတံကဲ့တော်ကြီးကို ပန်းရန်ဆရာကြီးဦးသန်းစိန်က ထပ်မံ ပြုပြင်၍ မှန်စီ၏။ ဘက်တော် (၉) ပေရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဦးခေါင်းတော်၊ မကိုတော်၊ သင်းကျစ်တော်နှင့် မျက်နှာထားတော်တို့ကို ဒေါ်စိန်နူး ဆင်ဆိပ်ရပ် တစ်ဦးတည်း ကုသိုလ်ပြုပြင်၍ ရွှေသင်္ကန်းတော်ကို လည်း လှူဒါန်းဆက်ကပ်၏။

ဤရုပ်ပွားတော်မြတ်ကြီးကိန်းဝပ်နာ နေရာသည် တစ်ချိန်က သမုတ်သိမ်ဖြစ်ကြောင်း၊ ထိုစဉ်က ရုပ်ပွားတော်မြတ်ကြီးမှာ ဓနိမိုး၊ ဓနိဖက်ကာနှင့် သီတင်းသုံးရကြောင်း၊ ဒေါ်စောရီနှင့် အများအာကောင်းမှုပြုပြင်ခဲ့ကြောင်း၊ ရုပ်ပွားတော်အား ပြန်လည်ပြုပြင်သူမှာ ပန်းပုဆရာကြီး ဦးဘဝေးဖြစ်ကြောင်း၊ ဘုရားတည်ထူခြင်းမူဝါဒနှင့် ပတ်သက်၍ ဘုရားတည်ထူသူတို့၏ ရည်ရွယ်ချက်အရိုးအိုကလေးများစွာတို့ရှိခဲ့ကြောင်း ဂေါပကဦးခင်စိုးမှ လူကြီးသူမသိကြီးစကား မှတ်သားရသည်ဟု ဆိုနေသူအား ပြောပြသည်။

သိမ်နှင့် စေတီအကြား ဂန္ဓကုဋိတစ်ခုပေါ်တွင် ကြွေသင်္ကန်းစေတီငယ်တစ်ဆူဖူးမြင်ရ၏။ လွန်ခဲ့သည့်နှစ်(၁၀၀) ကျော်က နက္ခတ္တနယ-နက္ခတ်ဓာတ်စာဆရာတော်သူကြီးသည်၊ မြန်မာ့တိုင်းရင်းဆေးပညာလောကတွင် ပြိုင်ဘက်ကင်းဟိုးဟိုးကျော် တစ်ဖက်ကမ်းခပ် ထူးချွန်ထင်ရှားသူ မရီဇာတဘောဇိဓာတ်စာကျမ်းအား ရေးသားပြုစုတော်မူသည့် ထားဝယ်သား ငယ်နာမည် ဘုန်းကြီးသာကျော်ခေါ် ဘဒ္ဒန္တသောဘကစရိယ (ဆင်ဆိပ်ကျောင်းသစ်မူလဆရာတော်)၏ အရိုးအိုးဂူငယ်ကို ဂန္ဓကုဋိ၌ မြှုပ်နှံထားကြောင်း သိရှိရသည်။ ဂန္ဓကုဋိအတွင်း ပလ္လင်တော်၊ တံကဲတော်နှင့် ထိုင်တော်မူ သလင်းကျောက်ဆင်းတုတစ်ဆူ ပူဇော်ထား၏။

စေတီရင်ပြင်အရှေ့တောင်ထောင့် အုတ်တံတိုင်းအပြင်ဘက်တွင် ကြီးပွားရေးမိသားစုကမ္ဘည်းထိုးစေတီငယ်တစ်ဆူဖူးရသည်။ ရွှေဝဆွဲစေတီတော်မြတ်နှင့်ပုံတူသည်။ ကြွေပြားကပ်ထားသည်။ စေတီအောက်ခြေ၌ ခွန်တော်တွေ့ရသည်။ မုခ်ကပ်အတွင်း ဆင်းတုတော်တစ်ဆူ ဖူးမြင်ရသည်။ အရှေ့မြောက်ထောင့်၌ အကိုင်းအခက်ဝေဝေဆာဆာ ဗုဒ္ဓဂယာမဟာဗောဓိမျိုးဆက်ဆိုသော ဗောဓိညောင်ပင်ရှိသည်။ ခမ္မစက္ကာမဗြာဟ် သလင်းကျောက်ထိုင်တော်မူရုပ်ပွားတော်မြတ်ကို ဦးစိန်ဝင်း - ဒေါ်ခင်ရီ မိသားစုမှ ပူဇော်ထား၏။ ရင်ပြင်တော် အုတ်တံတိုင်း ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ်စိုက်ထူသည့် ကမ္ဘည်းကျောက်စာတိုင်ကိုပါ တွေ့ရသည်။ သာသနာတော်နှစ် ၂၅၄၃၊ ကောဇာနှစ် ၁၃၆၁၊ ခရစ်နှစ် ၁၉၉၉ ရေးထိုးထားသည်။ ဤဗောဓိညောင်ပင်အောက်တွင် မွေသဘင်ပွဲကျင်းပကြောင်း သိရပါသည်။

❑

၁၃၂၈ ခု၊ သီတင်းကျွတ်လပြည့်ဆွမ်းတော်ကြီးတင်လျှပ်ပွဲအတွက် ရုပ်ကွက်အတွင်း အလျှံခံထွက်ရန် ဂေါပကအဖွဲ့အစည်းအဝေးထိုင်သည်။ သို့နှင့် အလျှံခံဖြတ်ပိုင်းရိုက်နှိပ်ရန် လူငယ်တစ်ဦးအား တာဝန်ပေး၏။ ဖြတ်ပိုင်းပုံစံများပြီးစီး၍ စာပုံနှိပ်တိုက်မှ ယူဆောင်လာရာတွင် 'ရွှေဝတ်ဆွဲ'အစား 'ရွှေဝဆွဲ'ဟု(တသတ်) ပြုတ်ကျန်နေသည်။ လူငယ်အမှားလော၊ ပုံနှိပ်တိုက်အမှားလောမပြောနိုင်။ အလျှံခံထွက်ဖို့ အစစအဆင်သင့်ဖြစ်နေ၍ ထိုစာလုံးကိုမပြင်ဆင်တော့။ ထိုအချိန်မှစတင်၍ ရွှေဝတ်ဆွဲမှသည် ရွှေဝဆွဲသို့ အနွယ်တွယ်သည်ထွင်ပြီး ယနေ့အထိတိုင် 'ရွှေဝဆွဲ' ဘုရားဟုသာ ပြောင်းလဲခေါ်ဝေါ်လာတော့ကြောင်း ဦးခင်စိုးမှ မှတ်မှတ်သားသားဆိုပါသည်။ ရွေးရွေးအခေါ် ရွှေဝတ်ဆွဲ ဝမ်းနည်းဖွယ်ရာတိမ်မြုပ် ပျောက်ကွယ်သွားခဲ့သည်မှာ နှစ်ပေါင်း (၅၀) ကြာမြင့်ခဲ့ပါပကော။

ကောဇာ ၁၃၂၈ ခုနှစ်၊ ရွှေဝဆွဲရွေးဟောင်းစေတီတော်ကြီး ထီးတော်တင်လျှပ်ပွဲနောက် (၁၀) နှစ်အကြာ ၁၃၃၈ ခုနှစ်၌ လေပြင်းဒဏ်ကြောင့် ရွဲ့စောင်းသွားသော ထီးတော်ကြီးကို ပြန်လည် ပြုပြင်သည်။ ၁၃၇၀ ပြည့်နှစ်တွင် ထိုထီးတော်ကိုပင် ထပ်မံပြင်ဆင်မွမ်းမံ ရွှေချသည်။ စေတီတော်ကြီး၏ ဝေယျာဝစ္စအဝဝအား ဆင်ဆိပ်ကျောင်းသစ်ဆရာတော်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပါသည်။

❑

ကောဇာနှစ် ၇၉၂ ထားဝယ်မှ တောင်ဘက်သို့ (၆) မိုင်အကွာ မြစ်အနောက်ဘက်ကမ်း မေးတင်လျက် စောသူရမင်းတည် ဝေဒီမြို့ကို စိုးစံသော ဗလ စောရန်ရိုင်ခေါ် စောသီလမင်းကြီးသည် ရှင်မော်ဘုရားဖူးအပြန် သင်ဖူးကျွန်းတွင်အသစ်ထပ်မံပြုပြင်ထားသော ဘုရားသို့ ဝင်ရောက်ဖူးမြော်လျှင် လှပခောမောသော ကျွန်းသီးတော် (ဘုရားကျွန်) ကသည်းမကလေးကို တွေ့ရှိ၍ ပေါင်းသင်းဆက်ဆံမိလေ၏။ ဝေဒီမင်းကြီး၌ ပေါက်ပေါက်ကိုမန်းပြီး ရန်သူထံ စေလွှတ်လိုက်ရာ ပျားကောင်များဖြစ်ပြီး လိုက်လံတုပ်သည့် မန္တန်အစွမ်းရှိသောကြောင့် ရန်သူပေါ် ပေါက်က ပေါက်ပေါက်မန်းနှင့် ခိုမိနင်း အောင်မြင်နေကျဖြစ်လေသည်။ သို့သော် ငါးပါးသီလလုံခြုံရမည်။ တစ်ပါးပါးချွတ်ယွင်းပါက မန္တန်အစွမ်းပျက်ပြယ်တတ်သည်ဟု ဆရာကသတိပေးခဲ့လေသည်။

ဝေဒီမင်းကြီး၏သားတော် ဥဇနာမင်းသားနှင့် ငယ်ကျွန်နှစ်ဦးတို့သည် တောကစားထွက်ကြရာမှ မျက်စိလည်လမ်းမှား၍ ယိုးဒယား (ရှမ်း) နယ်သို့ ရောက်ရှိသွားပြီး ရှမ်းစော်ဘွားသမီး ရှမ်းမဇ္ဈတီးနှင့် ဥဇနာတွေ့ဆုံ ချစ်ရည်တူမျှ၏။ စော်ဘွားကြီးသည် သမီးအား ပိုးပန်းနေသော ရှမ်းထီးလက်ပြောက်ဆိုသူအား ၎င်း၏ တစ်ဇွတ်ထိုးရဲစွမ်းသတ္တိကို သဘောကျ၍ လည်းကောင်း၊ သမီးကလည်း ချစ်ကြိုက်ဟန်ဆောင်ထား၍ လှည်းကောင်း စစ်ဗိုလ်ရာထူးခန့်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်ထံ နေရပ်ပြန် ဥဇနာမင်းသားလေးထံမှ ရက်မှလသို့တိုင် လူမလာ စာမရောက် သတင်းမကြားသည်နှင့် ရှမ်းမင်းတို့က စော်ဘွားကြီးထံခွင့်ပန်၍ ရှမ်းထီးလက်ပြောက်ဦးစီး စစ်သည်ရဲမက်များနှင့်တကွ ဝေဒီမြို့သို့တရွေ့ရွေ့ချီတက်လာသည်။ စော်ဘွားမျိုးစဉ်သုံးဆက်အောင်အယောင် အဝတ်အစားများ ဆင်မြန်းပေးကာ ဥဇနာအား ရှမ်းနယ်သို့ ဆောင်ယူရန်အကြံနှင့်ဖြစ်လေသည်။ ၎င်းတို့နှင့်အတူ ရန်ပုံခွင်းအမြောက်ကြီးပါ ပေးအပ်လိုက်ပြီး ရန်သူက စတင်ပစ်ခတ်မှသာ ၎င်းအမြောက်အားပစ်ရန်၊ အကယ်၍ ရန်သူမပစ်မီ မိမိကပစ်မိခြေက ဤအမြောက်ကြီးပျောက်ကွယ်သွားလိမ့်မည်၊ သတိမြစွာရှိကြရန် စော်ဘွားကြီးမှ သတိပေးလိုက်၏။

ဝေဒီမင်းကြီးလည်း ရန်သူအားသာတော် ဥဇနာကိုယ်တိုင် အမြန်တွန်းလှန်ဖြိုဖျက်ရန် အမိန့်ထုတ်ပြီး မိမိရရှိထားသည့် မန္တန်အတတ်ဖြင့် ပေါက်ပေါက် မန်းမှုတ်ထည့်ပေးသည်။ ဥဇနာတပ်သားတို့သည် ရှမ်းစစ်သည်များထံသို့ တိတ်တဆိတ် ချဉ်းကပ်၍ ပေါက်ပေါက်မန်းများ ကြလွှတ်လေရာ ခါတိုင်းကဲ့သို့ ပျားကောင်မဖြစ်တော့ဘဲ ပေါက်ပေါက်များကုန်သည်အထိ ယင်ကောင်များသာဖြစ်ကြသဖြင့် အမြန်ဆုတ်ခွာလျက် ဩရဂဠုဘုရားအနောက်တောင်ယွန်းယွန်း (ယခု ရွှေဝဆွဲဘုရား) နေရာသို့ ရွှေ့ပြောင်း စခန်းချကြသည်။

(ပေါက်ပေါက်မန်း များကောင်များဖြစ်တော့ဘဲ ယင်ကောင်များသာဖြစ်ရခြင်းမှာ ဘုရားကျွန်ကသည်းမနှင့် ဝေဒီမင်းကြီးဆက်ဆံမိသဖြင့် အာဏာစက်သို့သွားခြင်းကြောင့်ဖြစ်လေသည်။)

ရှမ်းစစ်သည်များ ထက်ကြပ်လိုက်၍ရင်ဆိုင်မိသည်နှင့် ရှမ်းထီးလက်ပြောင်သည် မိမိရည်ငံသူအား လှယ်သူ ဥဇနာမင်းသားကို တပ်ဦး၌ မြင်လိုက်ရသောအခါ ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး စော်ဘွား၏ မှာကြားချက်ကို သတိမရနိုင်တော့ပဲ တရကြမ်းပြေးဝင်ကာ ဓားနှင့်ခုတ်ပိုင်းချလိုက်လေ၏။

ဥဇနာတပ်ပျက်၍ ဖရိုဖရဲထွက်ပြေးကြလေတော့သည်။ ဥဇနာမင်းသားလည်းဒဏ်ရာပြင်းထန်လှသောကြောင့် ရှမ်းမင်းတို့ရင်ခွင်ဝယ် ဆုံးပါးရှာသည်။

ယင်းအခါ ရန်ပုံခွင်းအမြောက်ကြီးသည်လည်း မြစ်အတွင်းသို့ တရွေ့ရွေ့ သက်ဆင်းနစ်မြုပ်ပျောက်ကွယ်သွားလေတော့၏။ အမြောက်ကြီးရေထဲဆင်းသွားသည့်ဆိပ်ဖြစ်၍ ဆင်းဆိပ်မှ ယခု ဆင်ဆိပ်ဖြစ်လေ၏။နေကောင်းရက်သာ အချိန်အခါများတွင် ရေမှပေါ်လာသည်ကို အချို့မြင်ရကြောင်း၊ ထိုသို့ ပေါ်လာသည့်အခါ လူနှစ်ယောက်၊ သုံးယောက်ဖြစ်စေ၊ အများဖြစ်စေ ကြည့်ရှုနေကြရာ ကံထိုက်သူတစ်ယောက်သာလျှင် မြင်ရပြီး ကျန်လူများအလျှင်းမမြင်ရကြောင်း၊ နှတ်အမြောက်ကြီးဟူ၍ ခေါ်စမှတ်ပြုကြောင်း ဆိုသည်။ ဂျပန်မဝင်မီ (၂) နှစ်၊ (၃) နှစ်လောက်မှစ၍ ည (၈) နာရီမှ သန်းခေါင်ယံစပ်ကြား မကြာခဏ 'ဒိန်း' ဟူသော မြည်ဟည်းသံကြီးကို ဂျပန်ဝင်သည့်အထိ စာရေးဆရာကြီး ရွှေဝယ်ဇကိုယ်တိုင်နှင့် လူတိုင်းကြားကြရသည်ဟု အမှတ်အသားရှိပါသည်။

ရှမ်းမင်းတို့မှာ ချစ်ရသူအတွက် သနားကြင်နာစိတ်နှင့် ယူကျုံးမရ ငိုယိုမြည်တမ်း ဖြေမဆည်နိုင်သဖြင့် ဥဇနာအတွက် ရည်စူးတာ ထုပ်ပိုးလာသော ရှမ်းစော်ဘွားထုံးတမ်းစဉ်လာ အဆင်တန်ဆာ အဝတ်အစားတို့ကို မြင်သာထင်သာ တွဲလဲချိတ်ဆွဲထားရှိလေသည်။ ကံကြမ္မာအလှည့်အပြောင်းတို့ကြောင့် ရွှေဖူးစာမဆုံလွဲချော်ရသောရှမ်းစော်ဘွားသမီးသည် ထိုအဝတ်အစားတို့ကို ဌာနေသို့မယူဆောင်နိုင်တော့ဘဲ ယင်းနေရာ၌ပင် နောင်အရှည်အမှတ်တရရှိစေခြင်းငှာ စေတီတည်၍ ဌာပနာသွင်းကုသိုလ်တော်ပြုလေသည်။

ရှေးအတိတ် ထိုထိုအဖြစ်သနစ်အခြေအမြစ်အရင်းခံ၍ နောင်းသား။ နောင်းမြေးတို့က စေတီတော်ကြီးအား ရွှေဝတ်ဆွဲ (ယခု - ရွှေဝဆွဲ) ဘုရားဟု သမိုက်လေသတည်း။

သင်္ဂေသတ္တာဂဏ္ဍသကာ
မောင်စိန်းထွေး(သားဝယ်)

www.burmeseclassic.com

www.burmeseclassic.com

ခန့်ငြိမ်းစိုး

မြတ်ပဌာန်းနှင့်သက္ကဒေဝမင်း

ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို အလွတ်ရွတ်ဖတ်ပူဇော်မယ်လို့ ဘယ်တုံးတမှ မစဉ်းစားခဲ့ဘူးပါ။ ၂၂-၁၀-၂၀၁၄ ရက်နေ့မှာ ဌာနအကြီးအကဲက -

ပဋ္ဌာန်းပစ္စယနိဒ္ဒေပါဠိတော်ကို (၇) ရက်အတွင်း အထစ်အငေါ့မရှိ အာဂုံဆောင် ပူဇော်နိုင်သူကို ဆုငွေတစ်သိန်း ပေးမယ်"

ဆိုလို့ တစ်ပတ်အတွင်း အထစ်အငေါ့မရှိ အာဂုံဆောင်ပူဇော်နိုင်အောင် စောင်ပြီး ကျက်မှတ်ခဲ့ပါတော့တယ်။ (၄) ရက်မြောက်ညမှာတော့ ထူးခြားတဲ့ အိပ်မက်တစ်ခုမက်ပါတယ်။ မနက်မိုးလင်းတော့ မှတ်မိသမျှကို စာနဲ့ရေးမှတ်ထားခဲ့တယ်။ (ဤစာပိုဒ်ရဲ့ တစ်နေရာမှာ အိပ်မက်အကြောင်းကိုပြန်ပြီး ဖော်ပြပေးပါ့မယ်။) နောက်မှ နားလည်တဲ့ပုဂ္ဂိုလ်တွေနဲ့ မေးမြန်းဆွေးနွေးကြည့်ဖို့ ဆုံးဖြတ်လိုက်ပြီး ပဋ္ဌာန်းတရားကိုပဲ ဆက်လက်ပြီး ကျက်မှတ်ခဲ့ပါတယ်။ သတ်မှတ်ရက်ပြည့်တဲ့ (၇) ရက်မြောက် ၃၀-၁၀-၂၀၁၄ ရက်၊ ညနေ (၄း၃၀)နာရီမှာ ဌာနအကြီးအကဲနဲ့ အရာရှိ (၂) ဦး ရှေ့မှာ ပဋ္ဌာန်းဒေသနာတော်ကို အာဂုံဆောင် ပူဇော်ရပါတယ်။ ဌာနအကြီးအကဲက သူကတိအတိုင်း ငွေတစ်သိန်းကို ရှေ့မှာထားပြီး အထစ်အငေါ့ရှိတာနဲ့ ငွေငါးထောင်နုတ်ပါတယ်။ ပဋ္ဌာန်းဒေသနာတော် အလွတ်ရွတ်ဆိုမှုပြီးဆုံးသွားတဲ့အခါမှာတော့ ဆုငွေ (၅၅၀၀၀) ကျပ်တိတိကိုရပါတယ်။ ပဋ္ဌာန်းအကျိုးချက်ခြင်းထူးတယ်ဆိုတော့ ရှေ့ဆက်ဆောင်းတဲ့ ထူးခြားခြင်းတွေနဲ့ ကြုံဆုံခံစားရအောင် နေ့စဉ် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဆိုဖြစ်ခဲ့ပါတယ်။

ထူးခြားမှုက (၃) ရက်ပဲ ကြာပါတယ်။

၂၁၁-၂၀၁၄ ရက်၊ ည (၈း၃၀) နာရီမှာ မော်လမြိုင်မြို့ မောင်ငံရပ်သူငယ်အိုလောင်းပွဲတော်သွားရင်း ကျွန်မရဲ့ မောင်လေး ဆိုင်ကယ်ပျောက်သွားပါတယ်။ ချက်ချင်း မုဒ္ဓန်ရဲစခန်းမှာတိုင်ချက်ဖွင့်၊ မြို့အဝင်အထွက် ဂိတ်၊ တံတားနဲ့ နီးစပ်ရာ အပေါင်းအသင်းတွေဆီ ဖုန်းဆက်အကြောင်းကြားနဲ့ တစ်ည လုံး သောကတွေနဲ့ အိပ်မပျော်နိုင်ခဲ့ဘူး။ ဆိုင်ကယ်တန်ဖိုးက ကိုးသိန်းကျော်ဆိုတော့ နှမြောတသဖြစ်မိပါတယ်။

ပူလောင်သောကတွေနဲ့နပန်းလုံးနေရချိန်မှာ တရားနဲ့စိတ်ဖြေတဲ့ သဘောရယ်၊ အေးမြတဲ့သံယာရိပ်၊ ဓမ္မရိပ်မှာ ခိုလှုံတာကြောင့် အမျိုးမကင်းတဲ့ ဓမ္မာစရိယဘုန်းဘုန်း တစ်ပါးဆီ ရောက်ခဲ့ပါတယ်။ အကျိုးအကြောင်းပြောရင်းနဲ့ ပဋ္ဌာန်းကျက်နေတဲ့ (၄) ရက်မြောက်ညကမက်ခဲ့တဲ့အိပ်မက်အကြောင်းကို လျှောက်ထားလိုက်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဘုန်းဘုန်းရဲ့ ရှင်းပြချက်တွေထဲက တချို့ကို ခုချိန်ထိ မှတ်မိနေပါသေးတယ်။ အခြားသူများအတွက်လည်း အလွန်သိထိုက်တဲ့ ဓမ္မသုတတွေဖြစ်တဲ့အတွက် အနည်းငယ် မျှဝေဖော်ပြလိုက်ပါတယ်။

အိပ်မက်ထဲမှာ သိကြားမင်းနဲ့ နတ်သားက စကားပြောနေကြပါတယ်။

နတ်သား ။ ။ သိကြားမင်းကြီး၊ ဒီပုံစံအတိုင်းသာဆို လူပြည်မှာ မြတ်ဗုဒ္ဓသာသနာတော်ကြီး မှေးမှိန်ပျောက်ကွယ်သွားနိုင်တယ်။ သာသနာတော်ကြီး အရှည်တည်တဲ့ပြန့်ပွားခိုင်ခံ့အောင်မြင် ကျော်စောအောင် ကျွန်တော်မျိုး ကူညီချင်ပါတယ် သိကြားမင်းကြီး။

သိကြားမင်း ။ ။ သင်ကဘယ်လို ကူညီချင်တာလဲ။

နတ်သား ။ ။ လူအများစုဟာ ကုသိုလ်/ အကုသိုလ်အလုပ်တွေပြုပြီး တိုင်း ကုသိုလ်/ အကုသိုလ်အကျိုးကို ချက်ချင်းမခံစားကြရတော့ ကံကံ၏ အကျိုးအပေါ် ယုံမှားသံသယဖြစ်နေကြတယ်။ ကောင်းမှုပြုသူတွေကလည်း ကောင်းကျိုးချမ်းသာတွေကို ချက်ချင်းကြုံဆုံခံစားရအောင်၊ မကောင်းမှုပြုသူတွေကလည်း မိမိပြုလုပ်တဲ့မကောင်းမှုတွေနဲ့ ညီမျှထိုက်တန်တဲ့ ပြစ်ဒဏ်ကို ချက်ချင်းမြင်တွေ့ခံစားရအောင်ကူညီမယ်ဆိုရင် မြတ်ဗုဒ္ဓသာသနာတော်ကြီးအရှည်တည်တဲ့စရာအကြောင်းရှိပါတယ်။

သိကြားမင်း ။ ။ ငါတို့က ဒီလိုကူညီလို့မရဘူး။ တို့က ဒီလိုကူညီလိုက်ရင် မြတ်ဗုဒ္ဓဟောစကားနဲ့ ဆန့်ကျင်ကွဲလွဲနေလိမ့်မယ်။ ကောင်းမှုပြုရင် ကောင်းကျိုးချမ်းသာကို ချက်ချင်းခံစားရနိုင်ဖို့၊ မကောင်းမှုပြုရင် မကောင်းမှုရဲ့အကျိုးပေးကို ချက်ချင်းခံစားရနိုင်ဖို့ ဆိုတဲ့ ပြုလုပ်သူရဲ့စေတနာအပေါ်မှာလည်းမူတည်သလို အတိတ်ကံအကြောင်းတရားတွေအပေါ်မှာလည်း မူတည်ပြန်သေးတယ်။ အသင်နတ်သား ကူညီချင်တယ်ဆိုရင် နည်းလမ်းတစ်ခုတော့ရှိတယ်။ အဲဒါက ကုသိုလ်ကောင်းမှုပြုသူ

www.burmeseclassic.com

www.burmeseclassic.com

တိုင်း ငါတို့သိကြား၊ ပြဟ္မာ၊ နတ်ဒေဝါတွေကို အမျှဝေ တိုင်တည် သစ္စာဆိုမယ် ဆိုရင် ကူညီလို့ရတယ်။ သစ္စာဆိုတိုင် တည်တဲ့ အကြောင်းအရာမှန်ဖို့သာ အဓိကကျတယ်။

အဲဒီလောက်မှာတင် တပည့်တော်မလည်း နိုးသွားတယ်ဘုရား။ အဲဒီ အိပ်မက်ဟာ ဗုဒ္ဓဝါဒနဲ့ဆီလျော်မှု ရှိ/မရှိ ဆိုတာလည်း နည်းနည်းသုံးသပ်ပေးတော်မူပါ ဘုရား"

"အင်း- ခုပြောနေတဲ့အိပ်မက်ပါ စကားတွေက ယေဘုယျအားဖြင့်တော့ ထေရဝါဒဗုဒ္ဓစာပေကျမ်းဂန်နဲ့ညီတယ်လို့တော့ ပြောနိုင်ပါတယ်။ ကုသိုလ်၊ အကုသိုလ်တွေပြုမိတိုင်းမှာ ချက်ချင်း လက်ငင်းကြီးအကျိုးပေးရမယ်လို့တော့ တပ်အပ်ပုံသေပြောလို့မရဘူးလေ။ ဒီအပိုင်းက ကံတွေ၊ ဇောတွေနဲ့ပတ်သက်နေတာကိုးကွယ့်"

"ဘယ်လိုကံတွေ၊ ဇောတွေလဲဆိုတာ နည်းနည်းလောက်ရှင်းပြပေးပါလားဘုရား"

"သူက ကျယ်ဝန်းလွန်းတယ်။ အကျဉ်းချုပ်ပြောရရင် 'ဇော' တွေက 'ကံ' တွေကို ဖန်တီးပေးတယ်။ 'ဇော' ဆိုတာက (၇) မျိုး ရှိတယ်။ ပထမဇော ကနေ သတ္တမဇောအထိပေါ့။ ပထမနဲ့ သတ္တမဖယ်လိုက်ရင် အလယ်မှာ(၅)ဇော ရှိတယ်လေ။ အဲ - အခုဘဝ ချက်ချင်း လက်ငင်း အကျိုးပေးတယ်ဆိုတာက 'ပထမဇော'က ဖန်တီးပေးတာ။ အဲဒါကို 'ဒိဋ္ဌဓမ္မဝေဒနီယကံ' လို့ ခေါ်တယ်။ ဒုတိယဘဝ အကျိုးပေးတဲ့ကံကိုတော့ 'သတ္တမဇော'က ဖန်တီးပေးတယ်။ အဲဒါကို 'ဥပပဇ္ဇဝေဒနီယကံ' လို့ခေါ်တယ်"

"ဒါဖြင့် အလယ်မှာကျန်နေတဲ့ ဇော(၅)ချက်ကကော ဘုရား"

"ဒီအလယ်ဇော(၅)ချက်ကတော့ တတိယဘဝကစပြီး နိဗ္ဗာန်မရမချင်း ကာလအတွင်းမှာ အခွင့်သာတဲ့အခါ အကျိုးပေးတဲ့ 'အပရာပရိယဝေဒနီယကံ'တွေကိုဖြစ်စေတယ်။ အဲသလို သူ့အခါနဲ့သူ အကျိုးပေးတတ်တာမို့ ဘာကံပဲ လုပ်လုပ် ချက်ချင်း အကျိုးမပေးရကောင်းလားဆိုပြီး ဆန္ဒမစောသင့်ဘူးလေ"

"ကုသိုလ်ပြုတဲ့အခါ နတ်၊ ပြဟ္မာတွေကို အမျှဝေ၊ သစ္စာဆိုတဲ့ကိစ္စတွေကကော ဘုရား"

ဘုန်းဘုန်း-

"ဒါတွေကတော့ ဗုဒ္ဓစာပေထဲမှာ အထောက်အထားအများကြီးရှိနေတာပဲ။ နတ်၊ ပြဟ္မာတွေက သူတို့ကိုပေးမယ့် ကုသိုလ်အမျှကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နေတာကတော့ သိပ်ထင်ရှားတယ်။ ပြီးတော့ သိကြား၊ ပြဟ္မာတွေက လည်း ဘာမဆိုအားလုံးကူညီနိုင်တယ်၊ ကယ်မနိုင်တဲ့ဟာကိုလည်း အယုံအကြည်မလွန်သင့်ဘူးလို့ ပြောရမှာပဲ"

"ဥပမာအဖြစ်အပျက်လေးတစ်ခု လောက် အဓိန်ရှိပါ ဘုရား"

ဘုန်းဘုန်း-

"တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ ပြဟ္မဏတိဿသူပုန်ဘေးကြီး ကြုံခဲ့ရတယ်။ ပြေးလွှားပုန်းရှောင်နေရတဲ့ အတွက် စိုက်ပျိုးမှုမပြုလုပ်နိုင်ဘူး။ အစာရေစာငတ်တဲ့ဒုဗ္ဘိက္ခန္တရကပ်ဆိုက်လာတယ်။ လူယက်တိုက်ခိုက်တဲ့လက်နက်ဘေးတွေနဲ့တွေ့ကြုံလာတယ်။ သတ္တန္တရကပ်ပေါ့နော်။ အစာရေစာတွေပြတ်၊ ရောဂါတွေထူပြောပြီး ရောဂန္တရကပ်လည်း ကြုံရပြန်တယ်။ ဒကာတွေတော်တော့ သံဃာတွေလည်း တော်ကြတာပေါ့။ သံဃာတွေကရှောင်ပုန်းနေရတော့ ကြာလေလေ ကျောင်းကန်တွေကလည်း တောခိုတွေဖုံးအုပ်ကုန်ပြီပေါ့။ အဲဒီလို သူပုန်ရန်က ကြာရှည်လာတော့ ရဟန္တာကြီးများက တာဝတိံသာနတ်ပြည်အထိ တက်ပြီး သိကြားမင်းကိုပြောကြတယ်။ ယခုဖြစ်ပေါ်နေတဲ့ ပြဟ္မဏတိဿသူပုန်ရန်ဘေးကို အေးငြိမ်းအောင် သင့်ရဲ့ အစွမ်းနဲ့ ဆောင်ရွက်ပေးပါ ဒကာတော် သိကြားမင်းတဲ့"

"အဲလိုမိန့်တော်မူတော့ သိကြားမင်းက ဘယ်လိုကူညီပေးပါသလဲဘုရား"

"ဒီတော့ သိကြားမင်းက မှန်ပါဘုရား၊ ဒီသူပုန်ရန်ကြီးအေးငြိမ်းအောင် တပည့်တော် မစွမ်းဆောင်ပေးနိုင်ပါဘုရား။ ဒီသီဟိုဠ်ကျွန်းကနေ ဇမ္ဗူဒီပ်အိန္ဒိယပြည်ဘက်ကို အရှင်ဘုရားများကြွရောက် သီတင်းသုံးမယ်ဆိုရင်တော့ တပည့်တော်ကိုယ်တိုင် မာလိန်မှုန်ပြုလုပ်ပြီး ဖောင်နဲ့တင်ခေါ်သွားပါ့မယ်ဘုရားတဲ့"

"သြော်- သိကြားမင်းမစွမ်းနိုင်တာတွေလည်းရှိသေးတာကိုး"

"ဒါက သီဟိုဠ်ကျွန်းကအဖြစ် သိကြားမင်းထံကို ရဟန္တာတွေကကြွပြီး အကူအညီတောင်းတာ။ သိကြားမင်းကိုယ်တိုင်က လူပြည်ဆင်းလာပြီး ပဌာန်းရွတ်နေတာကို သာဓုလာခေါ်တာရှိသေးတယ်။ အဲဒါက မြန်မာပြည်မှာဖြစ်ခဲ့တာ"

"ဟုတ်လား၊ အဲဒါလေးလည်းကြားချင်လိုက်တာ ဘုရား"

"တို့မှား မြန်မာပြည် အင်းဝမှာ ရှမ်းသိုဟန်ဘွား အုပ်ချုပ်မင်းလုပ်နေတဲ့ အချိန်ပေါ့ကွယ်။ သက္ကရာဇ် ၈၈၈ ကပေါ့။ သူက ဗုဒ္ဓဘာသာဝင် မဟုတ်ဘူး။ ဆွမ်းပင့်ကျွေးဟန်ဆောင်ပြီး သုတ်သင်သတ်ဖြတ်လို့ စာတတ်ပေတတ်ဆရာတော် (၃၀၀) ကျော်လောက် တစ်ပြိုင်နက် ပုံလွှန်တော်မူခဲ့ရတယ်။ စေတီပုထိုးတွေလည်းဖျက်ဆီး။ ဝိဋကတ်ပုရပိုက်တွေကိုလည်းမီးရှို့ပစ်တယ်။ သံဃာများလည်း သူ့ရန်ကြောင့် ပြေးလွှားရင်းနဲ့ ဆရာတော်တစ်ပါးက ပုဂံကိုရောက်သွားတယ်။ တစ်နေ့တော့ သူက ဂူတစ်ခုထဲမှာ ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်နေတယ်။ ရွတ်လည်းပြီးရော ဂူပြင်က သာဓုခေါ် သံကြားရတယ်တဲ့။ ဂူထဲက ဆရာတော်က ဘယ်သူလဲလို့လှမ်းမေးတော့ တပည့်တော်က သာသနာတော်စောင့် (သာသနာ့ပါလ) နတ်ပါဘုရားလို့ ပြောသတဲ့"

"သာသနာတော်စောင့်နတ်ဆိုတာ ဘယ်နတ်ပါလိမ့်ဘုရား"

"ဆရာတော်က ထပ်မေးလိုက်တယ်။ ဒီလိုဆို သင်ဟာ သိကြားမင်းဖြစ်မှာပေါ့။ ဟုတ်ရဲ့လားဆိုတော့ မှန်ပါတယ်ဘုရားလို့ဝန်ခံသတဲ့။ ဒါနဲ့ ဆရာတော်ကဆက်ပြီး အခုဖြစ်နေတဲ့ သိုဟန်ဘွားဘေးရန်ကို အသင်သိကြားမင်း မသိဘူးလား။ သိရင်လည်း ဘာကြောင့် မကာကွယ်ဘဲနေရသလဲ"

"ဆရာတော်က တည့်တည့်ကြီး ပြောချလိုက်တာနော်။ အဲ့တော့ သိကြားမင်းက ဘယ်လိုပြန်ပြောပါသလဲဘုရား"

"အဲဒီလို မေးလိုက်တဲ့အခါမှာ သိကြားမင်းက အရှင်ဘုရားရယ်၊ မြတ်စွာဘုရားတောင်မှ သူ့ဆွေတော်မျိုးတော် သာကီဝင်လူမျိုးတွေကို ဝိဋဌဘက မိုးတုံးအောင်သတ်မယ့်ကိစ္စမှာ နှစ်ခါသုံးခါသာကာကွယ်ခဲ့ပြီး ဝဋ်ရှိတဲ့အတိုင်း ဖြစ်လာရတာမို့ နောက်ဆုံးတော့ လျစ်လျူပြုခဲ့ရတာပဲ မဟုတ်လားဘုရား။ တပည့်တော်လောက် အဆင့်အတန်းက ဘယ်မှာကာကွယ်နိုင်စွမ်းရှိပါ့မလဲ။ ဒါပေမယ့် အဲဒီရှမ်းသိုဟန်ဘွားဟာ မကြာခင် ရက်ပိုင်းအတွင်းမှာပဲ ပျက်စီးရတော့မယ်ဆိုတဲ့စကားနဲ့သာ ကူညီခဲ့ပါရစေဘုရားဆိုပြီး ပျောက်ကွယ်သွားသတဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုတော့လည်း လူတွေက အားကိုးသလောက် နတ်သိကြားတွေက မကယ်မနိုင်ဘူးပေါ့နော်"

"လုံးလုံးကြီးမကာကွယ်မစောင့်ရှောက်တာတော့မဟုတ်ပါဘူး။ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ သစ္စာ စွဲစွဲမြဲမြဲ အားခဲနေကြတဲ့သူတွေရဲ့ ဆောင်ရွက်ချက်တွေ အောင်မြင်ထွန်းပေါက်အောင် သူတို့စွမ်းတဲ့နည်းနဲ့ ကူညီစောင့်ရှောက်ကြတာကတော့ အများကြီးဥပမာသက်သေတွေရှိပါတယ်။ အဓိကအရေးကြီးတာက ကုသိုလ်ပြုပြီး သူတို့ကိုအမျှဝေဆုတောင်းရဲ့နဲ့မကျေနပ်ဘဲ မှန်သောစကားသစ္စာဆိုမယ်ဆိုရင်တော့ ကုသိုလ်စွမ်း၊ သစ္စာစွမ်းနဲ့ နတ်၊ ဗြဟ္မာတွေရဲ့ အကူအညီတွေကို မြင်ရမှာတော့ မလွဲပါဘူးကွယ်"

❑

စာရေးသူလည်း ဘုန်းဘုန်းဆီမှ ပြန်လာပြီး ပဌာန်းရွတ်ဖတ်ပူဇော်ရာမှာလည်း ပိုပြီး ဝမ်းမြောက် ယုံကြည်လာတယ်။ အမျှဝေဖို့နဲ့ သစ္စာဆိုဖို့လည်း ပိုပြီးအားတက်လာတယ်။ ဘုန်းဘုန်း စကားတွေကိုပြန်စဉ်းစားပြီး စာရေးသူ ချက်ချင်းပဲ သုံးသပ်အကောင်အထည်ဖော်လိုက်ပါတယ်။ ဘုရားရှိခိုး၊ ငါးပါး သီလယူ၊ သမာဓိထူထောင်၊ အမျှဝေ မေတ္တာပို့ပြီး -

"အို - သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါ အပေါင်းတို့၊ တရားကိုစောင့်တဲ့နတ် အပေါင်းတို့ ကျွန်မသည် တတ်သိနားလည်စအရွယ်မှစ၍ ယနေ့ချိန်တိုင် အောင် သူတစ်ပါးပစ္စည်းဥစ္စာကိုမခိုးယူဘူးပါ။ (၄၁ ယ/၈၇၈၁၆) ဆိုင်ကယ် a wave (100) သည်. ဖခင်၏ ပင်စင်လစာငွေ၊ မိခင်၏ ဈေးရောင်းရငွေ၊ အစ်ကိုနှင့် အစ်မတို့၏ လုပ်အားခငွေ၊ ကျွန်မ၏ လစာငွေ၊ မောင်လေး၏ ကျောင်းမုန့်ဖိုးငွေတို့ကို လပေါင်းများစွာကြာအောင် ချွေတာစုဆောင်းပြီးဝယ်ယူထားတဲ့ ဆိုင်ကယ်ဖြစ်ပါတယ်။ ဒီစကားမှန်ပါက ဆိုင်ကယ် အမြန်ဆုံး ပြန်တွေ့နိုင်ပါစေ။ ဆိုင်ကယ်ကို ရှာဖွေဖော်ထုတ်ပေးကြမယ့် ကူညီကြသူများလည်း ကျန်းမာစွာဖြင့် မပင်ပန်းဘဲ ကြိုးစားဖော်ထုတ်နိုင်ကြပါစေ"

ဟု သစ္စာဆို ဆုတောင်း မေတ္တာပို့မှုကို နေ့စဉ်ပြုလုပ်ပြီး (၆) ရက်မြောက်နေ့ ၈-၁၁-၂၀၁၄ ရက်၊ ည (၂၃၀)နာရီမှာ ဒုရဲအုပ်ကံရွှင်ဦးဆောင်တဲ့ ရဲတပ်ဖွဲ့ဝင်များနဲ့ ဈေးကြိုရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့တို့ လည်ကင်းဆောင်ရွက်နေချိန် မော်လမြိုင်မြို့ ဗုဒ္ဓဝင်ဘုရားအနီးတောင်ပိုင်းလမ်းပေါ်မှာ ဆိုင်ကယ်တစ်စီးနဲ့ မသက်သူတစ်ယောက်ကို တွေ့လို့ စစ်ဆေးတဲ့အခါ ဆိုင်ကယ်သော့မျိုးစုံ (၄၁)ချောင်းနှင့် အရိုးသွား (၉) လက်မခန့်ရှိတဲ့ ဓားဦးချွန်ဓားမြောင် တစ်ချောင်းကိုတွေ့ရှိပြီး ဆက်လက်စစ်ဆေးတော့ ဆိုင်ကယ်ခိုးမှုကျူးလွန်သူ (၅) ဦးကို ဆိုင်ကယ် (၂) စီးနဲ့အတူ ဖမ်းဆီးရမိခဲ့တယ်။ အဲဒီ (၅) ဦးကို ဆက်လက်စစ်ဆေးတဲ့အခါ ခိုးရာပါဆိုင်ကယ် (၇) စီး ထပ်ရပြန်တယ်။ (အဲဒီ ဆိုင်ကယ် (၁၀) စီးထဲမှာ စာရေးသူမိသားစုပိုင် ဆိုင်ကယ်တစ်စီးလည်းအပါအဝင်ပေါ့။)

ဆိုင်ကယ်ခိုးမှုကျူးလွန်သူ (၆) ဦးကို မော်လမြိုင်မြို့ မုပွန်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကံရွှင်မှ (ပ) ၂၉၆/၂၀၁၄၊ ပုဒ်မ- ၃၈၀ ကျင့် (၅၄) အရ ဆက်လက် အရေးယူ စုံစမ်းစစ်ဆေးနေပါတယ်။ ဆိုင်ကယ်တွေရဲ့ စက်အမှတ်၊ ဘောင်အမှတ်တွေကို တိုက်ဆိုင်စစ်ဆေးပြီး ၉-၁၁-၂၀၁၄ ရက် ညနေ (၅) နာရီမှာ မုပွန်ရဲစခန်းက ဖုန်းဆက်အကြောင်းကြားပါတယ်။ ဆိုင်ကယ်ပြန်တွေ့တော့ အမေရာ.ကျွန်မပါ အတိုင်းအဆမရှိ ဝမ်းသာလိုက်တာ မျက်ရည်တွေတောင်ကျတဲ့အထိပါပဲ။ (ဖမ်းဆီးရမိတဲ့ ဆိုင်ကယ် (၁၀) စီးအား ၁၇-၁၂-၂၀၁၄ ရက်နေ့၊ နံနက် (၉) နာရီမှာ မော်လမြိုင်မြို့ မုပွန်ရဲစခန်းက ဒုရဲအုပ်ကံရွှင်က ဆိုင်ကယ်ပိုင်ရှင်များထံ အာမခံနှင့်ပြန်လည်ပေးအပ်ခဲ့သည်။ ဆိုင်ကယ်ပိုင်ရှင်များသွားလာရေးအဆင်ပြေလွယ်ကူစေရန်အတွက် တရားရုံးအမှုမပြီးပြတ်သေးတဲ့ကာလမှာ အာမခံဖြင့် ပေးအပ်ထားခြင်းဖြစ်သည်။)

ဒီနေရာမှာ ကျေးဇူးတော်ရှင် တိပိဋကဓရ အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်ကြီး) ရဲ့ ဩဝါဒတော်ကို လေးလေးစားစား ပူဇော်တင်ပြပြီး နိဂုံးချုပ်ချင်ပါတယ်။

❑ လူဘဝရဲ့အနှစ်သာရ

ဘဝမှာ လောကလူသားနဲ့ ဓမ္မလူသားရယ်လို့ လူအဖြစ်က နှစ်မျိုးရှိပါတယ်။ လောဘနောက်လိုက်ပြီး အရှိကို အားကိုးကြသူတွေက လောကလူသားတွေပါ။ဓမ္မနောက်လိုက်ပြီး အသိကိုအားကိုးမှ ဓမ္မလူသားလို့ ခေါ် ဆိုနိုင်တာပါ။ ဘဝမှာ အရှိတရားတွေထက် အသိတရားကသာ ပိုမိုပြီး တည်ငြိမ်ရင့်ကျက်အေးချမ်းပျော်ရွှင်မှုကိုပေးစွမ်းနိုင်တာပါ။ ဘဝဆိုတာက ရှိတိုင်း ချမ်းသာတာမှ မဟုတ်ဘဲ။

တရားအသိမရှိရင် ချမ်းသာဖို့ ရည်ရွယ်ပြီး ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေက စိတ်နဲ့ခလုတ်တိုက်ပြီး အမြဲတမ်းလိုလို မျက်ရည်ကျရပူရတတ်ပါတယ်။

ကျေးဇူးတော်ရှင် ယောဆရာတော်ကြီးရဲ့ အထက်ပါဩဝါဒတော်ကို သင်ခန်းစာယူပြီး စာရှုသူအားလုံးကိုလည်း ပစ္စည်းဥစ္စာသာရှိအောင် ကြိုးစားနေတဲ့ လောကလူသားဘဝကနေ ဓမ္မအသိတွေရအောင် ကြိုးစားနေတဲ့ ဓမ္မလူသားတွေဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြုတင်ပြလိုက်ရခြင်းဖြစ်ပါတယ်။

စာရေးသူရဲ့ပဌာန်းနဲ့သစ္စာအစွမ်းသာမက ရဲတပ်ဖွဲ့ဝင်တွေရဲ့စွမ်းဆောင်ချက်တွေကြောင့် သောကတွေပြေငြိမ်းခဲ့ရပါတယ်။ ခုလို ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ဥစ္စာများစွာကို အချိန်နဲ့တစ်ပြေးညီ ကာကွယ်စောင့်ရှောက်စုံစမ်းဖော်ထုတ်နိုင်စွမ်းရှိမှုတွေကြောင့် ပြည်သူတွေက ယုံကြည်အားကိုးရတဲ့ ပြည်သူ့ရဲတပ်ဖွဲ့ကြီးအဖြစ် ဂုဏ်ဝင်လာစေမှာတော့ အမှန်ပဲဖြစ်ပါတယ်။

ဥက္ကာ၊ ဝိရိယပိုင်းအနေနဲ့ ရဲစခန်းမှာ တိုင်ချက်ဖွင့်၊ နီးစပ်ရာ အကြောင်းကြား၊ ဆိုင်ကယ်အကြောင်း စုံစမ်းလေ့လာရတဲ့အပြင် ကောင်းမွန်မြင့်မြတ်တဲ့ အလုပ် (ကုသိုလ်) တွေလုပ်နေလို့ ကောင်းကျိုးပေးတာလည်းဖြစ်ပါတယ်။ က်၊ ဥက္ကာ၊ ဝိရိယ သုံးခုပေါင်းစုံရင် အောင်မြင်ရမယ်လို့ စာရေးသူယုံကြည်ပါတယ်။

စာရေးသူရဲ့ဘဝမှာ ကျောင်းအဆင့်၊ တက္ကသိုလ်အဆင့်၊ ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့် စတဲ့ ဂုဏ်ထူးဆောင်ဆုများစွာကို ရရှိပိုင်ဆိုင်ခဲ့ဖူးပါတယ်။ ဥက္ကာ၊ ဝိရိယနဲ့ ပြည့်စုံအောင်လည်း ကြိုးစား၊ ကံကောင်းအောင်ပါ ဘယ်လိုအားထုတ်သင့်တယ်ဆိုတာရယ်၊ အကြောင်းနဲ့ထိုက်တန်တဲ့ အကျိုးတရားအောင်မြင်မှုတွေကို ဘယ်လိုရနိုင်တယ်ဆိုတာကိုလည်း နောင်အလျဉ်းသင့်တဲ့အခါ ရေးသား ဖော်ပြပါဦးမယ်။

သူတော်ကောင်းဓာတ် တရားမြတ်
ပွမ်းပတ်ကမ္ဘာထည်စေသော်

ခင်မြင့်(ခေ)

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်
မေတ္တာသစ္စာအားဖြင့် ရတနာသုတ်ပရိတ်တော် အဓိဋ္ဌာန်ကျင့်စဉ်

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာဝင်အများစုနေထိုင်ကြသောနိုင်ငံဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်များသည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဖြစ်သော ရတနာသုံးပါးကို အမြတ်ဆုံးထားပြီး ကိုးကွယ် ဆည်းကပ်ကြပါသည်။

သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်သည် ဝေဿာလီပြည်တွင် ကပ်ဘေးကြီးငြိမ်းပြီး များစွာဒုက္ခတို့ကို ပယ်ဖျောက်ထားရစဉ်အခါက မြတ်စွာဘုရားရှင်အား ပင့်လျှောက်၍ ဘုရားအမှူးပြုသော နောက်ပါသံဃာတော် (၅၀၀) တို့ ဝေဿာလီပြည်ကြွတော်မူလေသည်။

ဝေဿာလီပြည်သို့ ဘုရားရှင်နှင့် နောက်ပါသံဃာတော် (၅၀၀) ခြေချသည်နှင့် ဝေဿာလီပြည်တွင် ထူးထူးကဲကဲ မိုးကြိုးသည်းထန်စွာရွာချပြီး အဦးအစ ရာသီဥတုသဘာဝတို့ အပူကင်း၍ အေးမြခြင်းကိုဖြစ်စေခဲ့ပါသည်။ သူသေ အလောင်းများစွာနှင့် ရောဂါဘယတို့ကြောင့် မသန့်ရှင်းသောမြေအပြင်တို့သည် သန့်ရှင်းစင်ကြယ်သွားလေတော့သည်။

မြတ်စွာဘုရားရှင်သည် ဝေဿာလီပြည်အဝင် အပြင်တံခါးအရောက်တွင် ညီတော် အရှင်အာနန္ဒာကို ရတနာသုတ်ပရိတ်တော်ကို သင်ပြဟောကြားပြီး တံတိုင်း (၃) ထပ်တွင် နောက်ပါသံဃာတော် (၅၀၀)ဖြင့် ရွှတ်ပွားစေခဲ့ပါသည်။

မြတ်စွာဘုရားရှင် မိန့်ကြားပုံမှာ ညီတော်အာနန္ဒာနှင့် နောက်ပါရဟန်းများ ဝေဿာလီပြည် တံတိုင်းကြီးသုံးထပ်တွင် ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံ အခါသုံးဝိုင်း ညဉ့်လုံးပေါက် မိုးအလင်း ရွတ်ပွားစေခဲ့ပါသည်။

ဒေဿနာတော်လာ အဋ္ဌကထာဆရာတော်ကြီးများ၏အဆိုအရ ဝေဿာလီပြည်ကြီးကိုတည်စဉ်က တံတိုင်းသည် အတွင်းဆုံးတံတိုင်းဖြစ်လေသည်။ မြို့ပြနိုင်ငံတော်သည် စည်ကားလာပြီး လူဦးရေထူထပ်လာသဖြင့် မြို့နိုင်ငံတော်ကို လေးပြင်လေးရပ်တိုးချဲ့ရပြန်သောအခါ တွင် တံတိုင်းတစ်ထပ်ကာရံပြန်သည်။ အလယ်တိုင်းကြီးဖြစ်သည်။

မင်းပေါင်း (၇၇၀၇) ယောက်တို့ အလှည့်ကျ အကြီးအကဲ ဦးသွောင်အဖြစ် ခေါင်းဆောင်ပြီး လွှတ်တော်ကြီးတွင် ညီညွတ်စွာ အုပ်ချုပ်သဖြင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ လွန်စွာတိုးတက်ပြီး တိုင်းပြည်မှာ ကြက်ပျံမကျ စည်ကားလာသောကြောင့် နောက်တစ်ကြိမ် ထပ်မံပြီး ဝေဿာလီပြည်ကြီးကိုတိုးချဲ့ကာ တံတိုင်းကြီးတစ်ခု ထပ်မံတည်ဆောက်ခဲ့ရာ အမြင့်ဆုံးမင်း နေပြည်တံတိုင်းကြီး ဖြစ်ပါသည်။

ရတနာသုတ်ပရိတ်တော်မြတ်သည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးနှင့် အရိယာများ၏ဂုဏ်တော်များကို သစ္စာပြုထားသဖြင့် စကြဝဠာကမ္ဘာတစ်သိန်းမှ တန်ခိုးကြီးမားကြသော နတ်မင်းကြီးများ လွန်စွာ နှစ်သက်၍ ဘုရားရှင်သိတင်းသုံး စံပယ်တော်မူရာ ဝေဿာလီပြည်သို့ အလုံးစုံလာရောက်၍ ဘုရားရှင်အား ဖူးမြင်ခြင်း၊ ပရိတ်တရားနာယူခြင်းတို့အတွက် လာရောက်ကြကုန်၏။

သို့အတွက် တန်ခိုးကြီးမားလှသော နတ်မင်းကြီးများ လာရောက်၍ ဘီလူးယက္ခတို့သည် ကြောက်လန့်ပြီး ထွက်ပြေးကြ၍ မကောင်းဆိုးဝါးဘီလူးဘေးမှ လွတ်ကင်းကုန်လေသည်။

မိုးကြိုးရွာသွန်းလိုက်သဖြင့် စားပင်သီးပင် ကောက်ပဲသီးနှံ၊ ဆန်စပါးတို့ ဖွံ့ဖြိုးပေါများလာသည်။ အစာရေစာရှားခြင်းဘေး၊ အငတ်ဘေးမှလွတ်ကင်းကုန်၏။ ထိုသို့ အရာကောင်းတို့ပေါင်းဆုံသဖြင့် ရောဂါဘယဘေးမှလည်း လွတ်ကင်းကုန်ကြလေတော့သည်။

ဤနေရာတွင် မြတ်စွာဘုရားရှင် ဦးစွာဟောကြားတော်မူသော ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို အဓိဋ္ဌာန်ဝင်ရောက်ခဲ့သော မောင်စိုးဝင်းဆိုသည့် တပည့်ကတော့ အဓိဋ္ဌာန်ကာလ(၄၅)ရက်ပြည့်သည့်နေ့မှာ ငွေစင် သိန်း (၇၀) တိတိ ဝင်ကြောင်း ဝမ်းမြောက်စွာ ပြောပြခဲ့ပါသည်။

(သူရဇ္ဈမဂ္ဂဇင်း ဇွန်လ၊ ၂၀၁၅ စာမျက်နှာ (၁၆၂) ၌ 'နေ့ချင်းညချင်း မုချအကျိုးပေးသည့် ဓမ္မစက္ကပ္ပဝတ္တနသုတ်အဓိဋ္ဌာန်' ဆောင်းပါးတွင် ဖော်ပြခဲ့သော မောင်စိုးဝင်းပင် ဖြစ်ပါသည်။)

ကျွန်ုပ်သည် ဒေဿနာတော်လာသည့်စာများအရ လွန်စွာနှစ်သက်၍ တတ်အားသမျှကြိုးစားနေသည့်ကျင့်စဉ်သည် 'မေတ္တာ + သစ္စာကျင့်စဉ်' ဖြစ်ပါသည်။

ယခု ရတနာသုတ်ပရိတ်တော်ကို ရွတ်ပွားပူဇော်ရာတွင် ဝေနေယျများစွာသတ္တဝါအပေါင်းတို့အပေါ် မေတ္တာစိတ်ဖြင့် ညွတ်ကိုင်းထားပြီး သောတာပန်မှ အစပြုပြီး ရဟန္တာတိုင်အောင် အရိယာလေးပါး၊ အရိယာရှစ်ပါးတို့၏ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါအားကြီးစွာဖြင့် သစ္စာပြုပြီး ရွတ်ပွားကြမည်ဆိုလျှင် ဒိဋ္ဌမုချအကျိုးပေးထူးကြမည် ဖြစ်ပါသည်။

(သစ္စာဖြင့် အထင်အရှားဟောထား

www.burmeseclassic.com

www.burmeseclassic.com

သော သုတ္တန်များစွာရှိပါသည်။)

အခွင့်အခါသင့်နေတုန်း ကျွန်ုပ်အနေဖြင့် တင်ပြလိုပါသည်။ သုတ္တန်များသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အကြောင်းကြောင့် မြတ်စွာဘုရား ဟောပြဆုံးမတော်မူသော အကြောင်းကောင်းများ ဖြစ်ပါသည်။

ကျွန်ုပ် ယခု ရေးသားတင်ပြခဲ့သည့်ကျင့်စဉ်များ၊ အဓိဋ္ဌာန်များသည် ကျွန်ုပ်ကို သင်ပြခဲ့ကြသော ဆရာသခင်အပေါင်း၏သီလ၊ သမာဓိ၊ ပညာ (၃)ရပ်ဖြင့် ကျေးဇူးတော်တို့ကိုပူဇော်ခြင်း၊ မူလတရားပိုင်ရှင်ဖြစ်သည့် အတုမဲ့ဖြစ်သော မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်၍ ရေးသားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ဘုရားဂုဏ်တော် (၉)ပါး၊ တရားဂုဏ်တော် (၆)ပါး၊ သံဃာဂုဏ်တော် (၉)ပါးတို့ကို ဦးထိပ်တင်ရပါမည်။ နောက် ဝေနေယျများစွာ သတ္တဝါအပေါင်းတို့အား မေတ္တာထားပြီးရွတ်ဖွားခြင်း၊ သစ္စာလေးပါးကိုအထွတ်ထား၍ အလေးအနက် သစ္စာပြုပြီးရွတ်ဖွားရန် အထူးလိုပါသည်။

မေတ္တာ၊ သစ္စာတို့ဖြင့် ရွတ်ဖွားရာတွင် -

- သီလအားဖြင့် လုံခြုံအောင်ထိန်းရခြင်း၊
- သမာဓိကောင်းစွာရအောင် ထိန်းရခြင်း၊
- ဝိရိယအား နည်းပါးမသွားအောင် ထိန်းရခြင်း

ထိုသို့ထိန်းကြောင်းသလိုပင် -

- ဆန္ဒအား၊
- စိတ်ဓွန်အား၊
- ဝိရိယအားတို့မလျော့ပါးစေရန် အထူးအရေးကြီးလှပါသည်။

ထိုသို့ နှစ်နှစ်ကာကာ ယုံကြည်သော ယောဂီသည် မုချအောင်မြင်မည်ဖြစ်ပါသည်။ ယခု ကျွန်ုပ် တင်ပြမည့် ရတနာသုတ်ပရိတ်တော်အဓိဋ္ဌာန်သည် နားပါးလျှာနည်းသောဥကြေး၊ စီးပွားဥစ္စာ၊ အစာရေစာ၊ ကြောက်မက်ဖွယ်တောင်းသော ရောဂါဘယမျိုးစုံ၊ ယနေ့ကာလဖြစ်ပွားနေသော နှလုံသွေးကြောဆဲဉီးရောဂါ၊ သွေးတိုးဆီးချိုရောဂါ စသည်များကို ကင်းဝေစေပါသည်။ ရောဂါများလည်း သက်သာပျောက်ကင်းစေပါသည်။

ထိတ်လန့်ကြောက်ရွံ့ခြင်းနှင့် ညဉ့်အိပ်မပျော်သောရောဂါ စသည်များကိုလည်း သက်သာ ပျောက်ကင်းစေနိုင်ပါသည်။ ကျွန်ုပ်အနေဖြင့် တိုက်တွန်းလိုသည်မှာ ပွဲတွေ့ဖြစ်အောင် ယခုတင်ပြထားသည့် **ရတနသုတ်ပရိတ်အဓိဋ္ဌာန်ကျင့်စဉ်ကို မလွဲမသွေ ဝင်ရောက်ကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အဓိဋ္ဌာန်ဝင်သည့်အတွက် အများ၏ ချစ်ခင်လေးစားခြင်း၊ နတ်ဒေဝတာများက ချစ်ခင်လေးစားခံရခြင်း၊ ဩဇာအာဏာကြီးမားလာကြမည်မှာ ဒိဋ္ဌဟုပင် တင်ပြလိုက်ရပါတော့သည်။

မေတ္တာသစ္စာတို့ကိုအခြေပြုသော ရတနသုတ်ပရိတ်တော်အဓိဋ္ဌာန်ကျင့်ဝင်ရန်မှာ -

၁။ ရက်ရွေးချယ်ခြင်းနှင့် ကာလသတ်မှတ်ခြင်း

- အချိန်မီကာလ မြန်မာလဆန်း ရက် (၃) ရက်၊ (၅) ရက်၊ (၇) ရက်၊ (၉) ရက်တို့တွင် စတင်ဝင်ရောက်ပါရန်။
- ကာလသတ်မှတ်ရာတွင် -

(က) တစ်နေ့လျှင် မနက်အရုဏ်တက်တစ်ချိန်နှင့် ညပိုင်းတွင် မိမိအား လပ်သည့်အချိန်တွင် တစ်ချိန်ဖြစ်ပါသည်။

မနက်ပိုင်းအချိန်တွင် မိနစ် (၃၀)၊ (၁) နာရီ၊ အချိန် (၁)နာရီခွဲဝင်ရပါမည်။

။။ ညအချိန်တွင် အချိန်(၁)နာရီခွဲ၊ အချိန် (၃) နာရီဝင်ရပါမည်။

(နာရီအချိန်ကို မိမိနှစ်သက်သလို အချိန်ယူနိုင်ပါသည်။ အချိန်ကွာခြားခြင်းဖြင့် အကျိုးပေးလည်းကွာမည် ဖြစ်ပါသည်။)

(ခ) စတင်ဝင်ရောက်သည့်ရက်မှ စတင်ပြီး မိမိယူထားသောအချိန်ကို စုပေါင်းပြီး နာရီ (၁၈၀) ပြည့်အောင် ဝင်ရောက်ရမည် ဖြစ်ပါသည်။ ထိုနာရီ (၁၈၀) အချိန်စေ့ရောက်သော ရက် ကာလသတ်မှတ်ရပါမည်။

၂။ အဓိဋ္ဌာန်ကာလတွင်ပြုဖွယ်များ

(က) စတုလောကပါလနတ်မင်းကြီးများ၊ တန်ခိုးကြီးသောအနန္တစကြဝဠာမှနတ်မင်းကြီးများ၊ သိကြားမင်း၊ ပြဟ္မာမင်းတို့နှင့် ပါရမီဖြည့်ဖက်များ၊ အမြဲကူညီ စောင့်ရှောက်သော ပုဂ္ဂိုလ်များအား ပင့်ဖိတ်ထားပါရန်။

(ခ) ပန်း၊ ဆေးမြဲး၊ နံ့သာတိုင်၊ အလင်းတိုင်တို့ဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်ကန်တော့ပါ။

(ဂ) နေ့ရာတွင် ရတနသုတ်ပရိတ်တော်အဓိဋ္ဌာန်ဝင်မည်ဖြစ်၍ ပရိတ်အိုးထားနိုင်ပါသည်။ ယနေ့ခေတ်အလိုက် ရေသန့်ဘူးကြီးများကိုလည်း ပရိတ်အိုးသတ်မှတ်၍ တည်ထားနိုင်ပါသည်။)

ပရိတ်ရေတော်ကို မိမိနှင့်မိသားစုများ သောက်ခြင်းနှင့် ခိုးမြှင့်သင့်သောမိတ်ဆွေများကိုလည်း ဝေခြမ်းပြီး ဒါနပြုနိုင်ကြပါသည်။

(ဃ) ဘုရားရှိခိုးကန်တော့ခြင်း၊ သီလခံယူဆောက်တည်ခြင်း၊ မေတ္တာပေးဝေခြင်း၊ ဆုမွန်တောင်းခံခြင်းတို့ပြုပါ။

(ဃ) ရတနသုတ်ပရိတ်တော်ကို မိမိအဓိဋ္ဌာန်ထားသည့်အတိုင်း ရွတ်ဖွားပူဇော်ပါရန်၊ (ဝစီသစ္စာနှင့်ကာလသစ္စာ (၂)မျိုးစလုံး ပါဝင်နေပါသည်။ အထူးသတိပြုပါရန်။)

(င) သစ္စာပြုပြီးက မိမိလိုလားတောင့်တသောဆုကို တောင်းခံပါရန်။ ဝေနေယျအများကို မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါရန်။

(စ) မူလဖိတ်ထားသူများအားလုံး နေရပ်ဌာနပြန်ပို့ပါရန်။

ရတနသုတ်ပရိတ်သည် စာချစ်သူများနားရည်ဝနေပြီး ပရိတ်တော်ဖြစ်ပါမည်။ စာချစ်သူအချို့ အလွတ်ရ၍ အာဂုံဆောင်နိုင်ကြမည်ဖြစ်ပြီး အချို့ အလွတ်မရသူများလည်းရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ပုဒ်ပါဠိအကွဲရာပ်သစ္စာ ရွတ်ဖွားပူဇော်နိုင်စေရန် စာအုပ်ကို ကြည့်၍ ရွတ်ဖတ်ပူဇော်ကြပါရန် မေတ္တာရပ်ခံပါသည်။

အခက်အခဲရှိမည်ဆိုလျှင် လွယ်လင့်တကူဖြစ်စေရန်အတွက် ပရိတ်တော်ကို ရေးသား ဖော်ပြပေးလိုက်ပါသည်။

□ ရတနသုတ်

ပဏိဓာနတော ပဋ္ဌာယ၊
တထာဂတသ ဒသ ပါရမိယော၊
ဒသ ဥပပါရမိယော၊
ဒသ ပရမတ္ထ ပါရမိယော တိ။
သမတိံသ ပါရမိယော၊
ပဒ္မ မဟာ ပရိစ္စာဂေ၊
လောကတ္ထ စရိယံ ဉာတတ္ထ စရိယံ
ဗုဒ္ဓတ္ထ စရိယန္တိ၊
တိသော စရိယာ ယော၊
ပစ္ဆိမ ဘဝေ ဂဗ္ဘ ဝေါက္ကန္တိ၊
ဇာတိ အဘိနိက္ခမန်၊
ပဓာနစရိယံ ဗောဓိပလ္လင်္ကေ၊
မာရဝိဇယံ သဗ္ဗညုတဉာဏပ္ပဋိ
ဝေဓံ၊
ဓမ္မစက္ကပ္ပဝတ္တန် နဝ လောကတ္ထ

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မေဟိ၊
သဗ္ဗေပိ မေ ဗုဒ္ဓဂုဏော၊ အာဝဇ္ဇေတ္တွာ၊
ဝေသာလိယာ တီသု ပါကာရန္တ
ရေသု၊
တိယာမရတ္တိ ပရိတ္တံ ကရောန္တော၊
အာယသ္မာ အာနန္ဒထေရော ဝိယ၊
ကာရုညေ စိတ္တံ ဥပဋ္ဌပေတွာ -
ကောဋိသတ သဟဿေသု၊
စက္က ဝါဠေသု ဒေဝတာ၊
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊
ယဉ္စ ဝေသာလိယာ ပုရေ။
ရောဂါ မနဿ ဒုတ္တိက္ခ၊
သမ္ဖုတံ တိဝိဓံ ဘယံ။
ခိပ္ပ မန္တရ ဓာပေသိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။
ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု။
အထောပိ သက္ကစ္စ သုဏာန္တု ဘာသိတံ။
တသ္မာ ဟိ ဘူတာ နိသာမေထ
သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ
ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။
ယံ ကိဉ္စိ ဝိတ္တံ၊ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒ္ဓိ ဓုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ခယံ ဝိရာဂံ အ-မတံ ပဏီတံ၊
ယံဒဏ္ဍဂါ သက္ယမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒ္ဓိ ဓေမ္မ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိ၊
သမာဓိ မာနန္တရိကညံ မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒ္ဓိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတသ
သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမ သာသနမ္ဒိ။
ဧတေ ပတ္တိပတ္တာ အ-မတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိ ဘုဉ္ဇမာနာ။
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယထိန္ဒခီလော ပထဝီသိတော
သိယာ၊
စတုဿိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္ဆ ပသ
တိ။
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရ ပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
သဟာဝဿ ဒဿနသမ္ပဒါယ၊
တယသု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
စတူဟ ပါယေဟိ စ ပ်ပမုတ္တော၊
ဆစ္စာဘိ ဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ကိဉ္စာပိ သော ကမ္မ ကရောတိ
ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌ ပဒဿ ဝုတ္တာ၊
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဝနပ္ပဂုမ္ဗေ ယထ ဖုသိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အ-ဒေသယိ၊
နိဗ္ဗာနဂါမိ ပရမံ ဟိတာယ။
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အ-ဒေသယိ။
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တာ စိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏ ဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒ္ဓိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။
ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။
ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

စာချစ်သူမွေမိတ်ဆွေများ ပိုမို ရှင်းလင်း နားလည်နိုင်ကြစေရန် ထပ်မံ ရှင်းလင်း ပြသပါမည်။

ရတနသုတ်ပရိတ်ရွတ်ပွားရာတွင် ယခု အဓိဋ္ဌာန်ကျင့်စဉ်အခေါက်ရေ ဖြင့် ရွတ်ပွားရခြင်းမဟုတ်ဘဲ အချိန်ဖြင့် ကန့်သတ်သတ်မှတ်ထားသည့်အတွက် နားလည်မှုခက်ခဲနိုင်ပါသည်။

အချိန်ဖြင့် ခွဲခြားပြီး သတ်မှတ် ထားသည်မှာ ဝေသာလီပြည်တွင် အရှင် အာနန္ဒာထေရ်ဦးဆောင်ပြီး ရတနသုတ် ရွတ်ရာ မိုးအလင်း တစ်ညတာလုံး မြို့ တော်ကိုပတ်ကာ တံတိုင်းသုံးရပ်တို့ အထပ်ထပ်ရစ်ပတ်ပြီး ပူဇော်ထားသည့် အတွက်ကြောင့် ယနေ့ စက်နာရီအရ ညနေ (၆) နာရီမှ နံနက် (၆) နာရီအထိ (၁၂) နာရီလုံးလုံး (၃) ရက်တာမျှ ရွတ် ပွားခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုရွတ်ပွားရာတွင် အချိန်သတ်မှတ်ပြီး မနက်တစ်ကြိမ်၊ ညတစ် ကြိမ်ခွဲခြားပြီး ရွတ်ပွားရန်ဖြစ်ပါ သည်။ မူလအချိန်အတိုင်း ညီညွတ် အောင် ရွတ်ပွားမည်ဆိုလျှင် (၃၆) နာရီ ပြည့်အောင် ပူဇော်ရန် ဖြစ်ပါသည်။

စာချစ်သူ မွေမိတ်ဆွေများနှင့် အဓိဋ္ဌာန်ကျင့်စဉ် ဝင်ရောက်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး များအနေဖြင့် မိမိတို့၏စိတ်ဆန္ဒရှိသလို အဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ရောက်နိုင်ကြပါ သည်။

သူရဇ္ဈမဂ္ဂဇင်းကြီး၏ အမာခံ စာချစ်သူများနှင့် ဒေသနာတော်မူလာ သော ပရိတ်တော်များကို အဓိဋ္ဌာန် ဝင်ရောက်လိုသူများအတွက် ကျွန်ုပ် အနေဖြင့် အခါအားလျော်စွာ ရေးသား တင်ပြပါဦးမည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ။

ဘုန်းခေါင်

www.burmeseclassic.com

www.burmeseclassic.com

ကံဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား ဗေဒင်ဘုရားများ

ထူးထူးခြားခြား

ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရား

အပိုင်း(၂)



ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရပ်ကွက် ရွှေဂုံတိုင်လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏အရှေ့မြောက်ဘက်ယွန်းယွန်း(၂)မိုင်နီးပါးခန့်အကွာအဝေးတွင်တည်နေတော်မူပါသည်။

ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထင်ရှားကျော်ကြား စေတီတော်ကြီးများတွင် တစ်ဆူအပါအဝင်ဖြစ်တော်မူပါသည်။ ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် ရွှေတိဂုံဘုရားကြီးပြီးလျှင် ဒုတိယ အလာအများဆုံး ဘုရားတစ်ဆူဟုလည်း ဆိုကြ၏။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းနှင့် ကားပါကင်၊ ယာဉ်ရပ်နားစခန်း ကျယ်ကျယ်ဝန်းဝန်း ရှိခြင်းက ဘုရားဖူးများအဖို့ အဆင်ပြေလွယ်ကူစေပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှား ကျော်ကြားတော်မူသော ထူးထူးခြားခြား ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသို့ သွားရောက်ဖူးမြော်ကုသိုလ်ယူရန် အကြိမ်ကြိမ် တာစူနေခဲ့တာ ကြာပါပြီ။ နေ့စဉ်ရက်ဆက်ဆိုသလို မိုးများသည်းထန်စွာ ရွာသွန်းနေခြင်းကြောင့် ဓာတ်ပုံမှတ်တမ်းတင်ရာတွင် အခက်အခဲများဖြစ်ပေါ်စေပါသည်။ မိုးအေးအေးနှင့်မို့ စိတ်ထဲမှာ လေးလံပြီး လူကိုပါ နှေးကွေးစေခဲ့တာလည်း အမှန်ဖြစ်ပါသည်။

ယခုနှစ်မိုးကတော့ အတော်ကောင်းခဲ့၏။ မြန်မာနိုင်ငံအနှံ့အပြားမှာ မိုးများများရွာသွန်းခဲ့ခြင်းကြောင့် ရေကြီးရေလျှံပြီး မြို့ရွာတွေ ရေမြုပ်၊ ရေဘေးဒုက္ခတွေ ကြုံတွေ့ခဲ့ကြရတော့ စိတ်မကောင်းဖြစ်ရပါသည်။ မြန်မာနိုင်ငံ၏ မိုးခေါင်ရေရှားရပ်ဝန်းဒေသများမှာပင် မိုးတွေရွာရေကြီးရေလျှံမှုတွေဖြစ်ကုန်တော့ ဆရာဒေါက်တာခင်မောင်ညို ရေးသည့် 'ဆင်ဖြူတော်' ဟု အမည်ပေးသော ဆောင်းပါးကို သတိရမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထပ်ကြီးဘုရားမှ သရက္ခန်ရုပ်ပွားတော်များ

အပေးအကမ်း အလျှုအတန်းရက်ရော ခဲ့သည့် ဝေဿန္တရာမင်းကြီးထံ မိုးခေါင် ရေရှားတဲ့တိုင်းသုနာပရန္တနိုင်ငံက ဆင်ဖြူ တော်အလှူခံရာ ဘာမဆိုလှူဒါန်းဖို့ အသင့်ဖြစ်နေသည့် ဝေဿန္တရာမင်း ကြီးက တိုင်းပြည်၏ရတနာဆင်ဖြူတော် ကို ရက်ရက်ရောရော လှူဒါန်းခဲ့လေ၏။ ဆင်ဖြူတော်တစ်စီးသာရှိ၍ တိုင်းပြည် ရတနာဆင်ဖြူတော် ပေးကမ်းခဲ့ခြင်း ကြောင့် ဝေဿန္တရာမင်းကြီးကို တိုင်းပြည် မှ နှင်ထုတ်ခဲ့ကြလေတော့၏။ ဆင်ဖြူ တော်ရှိလျှင် မိုးမခေါင်၊ မိုးများရွာသွန်း စေသည်ဟုအယူရှိကြ၏။ ဆင်ဖြူတော် တစ်စီးရှိလျှင်ပင် မိုးမခေါင် မိုးကောင်းစွာ ရွာသည်ဆိုလျှင် ယနေ့မြန်မာနိုင်ငံမှာက ဆင်ဖြူတော် (၁၁) စီးတောင်ဆိုတော့။

စက်တင်ဘာလဆန်းရောက်တော့ ကောင်းကင်မှာ ကြည်လင်စပြုလာ ၏။ သို့သော်လည်း ကောလာဟလက မုန်တိုင်းဝင်ဦးမည်။ နောက်တစ်ကြိမ်ဆို ပထမကြိမ်ထက် မိုးပိုရွာသွန်းမည်၊ လေပါမည်ဆို၍ ရင်ထဲတထိတ်ထိတ် ဖြစ်ခဲ့ကြသေး၏။ ၁၂-၉-၂၀၁၅ စနေ နေ့။ ရာသီဥတုက သာသာယာယာရှိ လှ၏။ ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားသို့ သွားရောက် ဖူးမြော်ကုသိုလ် ယူဆောင်းပါးရေးရန် ဆုံးဖြတ်ချက်ဖြင့် မိမိနေထိုင်ရာ မြောက်ဥက္ကလာပမှပင် ကားမောင်းထွက်လာခဲ့၏။ များပြားလှ

www.burmeseclassic.com

www.burmeseclassic.com

သရက္ခန်ရုပ်ပွားတော်

နိဗ္ဗဲ့ရုပ်ခြား ဘုရားဖူးများ

သရက္ခန်ရုပ်ပွားတော်မြတ်ကြီး

သော ကားတန်းကြီးကြောင့် လိုသလို ကားမောင်းရှမရ။ တရွှေ့ရွှေ့နှင့် စိတ်ညစ်စွာခရီးနှင်ခဲ့ရာ နံနက် (၁၁) နာရီခန့်တွင် ရွှေဂုံတိုင်ခုံးကျော်တံတားအောက်မှဖြတ်သွင်းလိုက်လာ၏။ ရွှေဂုံတိုင်မီးပွိုင့်မှ သက်ဝဲဘက်ခြမ်းချိုးကွေ့ပြီးမောင်းလာရာ ငါးထပ်ကြီးဘုရားမုခ်ဦးကျော်ကျော် SSC ဆေးရုံနှင့် မျက်နှာချင်းဆိုင်လမ်းတစ်ဖက်တွင် 'ခြောက်ထပ်ကြီးဘုရားသို့' ဘုသောလမ်းညွှန်ကို တွေ့လိုက်ရပါသည်။ ခြောက်ထပ်ကြီးဘုရားမုခ်ဦးအောက်မှ ကားတောက်လျှောက်မောင်းဝင်လာရာခြောက်ထပ်ကြီးဘုရားအဝင်ဝသို့ တန်းပြီးရောက်ပါတော့၏။ ခြောက်ထပ်ကြီးဘုရားကြီးရှေ့ကားရပ်နားစခန်းတွင် ဘုရားဖူးကားများ များစွာရောက်နှိုနေသည်ကို တွေ့ရပါသည်။ နိဗ္ဗဲ့ခြားသားကမ္ဘာလှည့်ဘုရားဖူးကားကြီးများလည်း တွေ့ရပါသည်။

အထူးသဖြင့် အိမ်နီးချင်း ထိုင်းနိဗ္ဗဲ့မှ ကမ္ဘာလှည့်ဘုရားဖူးများအလာများပါသည်။ ထိုင်းဘုရားဖူးများက ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသည် အလွန်ဆုတောင်းပြည့်ပါကြောင်း၊ အဓိဋ္ဌာန်ဆုတောင်းပြည့်ပါသဖြင့် တစ်နှစ်တစ်ခေါက် မှန်မှန်ရောက်ရပါကြောင်း၊ တချို့သောဘုရားဖူးများက ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးခြေတော်ရာ (စက်လက္ခဏာ) အားရှိသေစွာ ဆုတောင်းပါက မိမိသွားလိုရာခရီး၊ မိမိသွားလိုရာနိဗ္ဗဲ့ငံများသို့ ဧကန်ရောက်ရပါကြောင်း၊ သွားရပါကြောင်း ပြောပါသည်။ ထိုသို့ ခြေတော်ရာစက်လက္ခဏာ၏ ထူးခြားမှုများကြောင့် ခြောက်ထပ်ကြီးဘုရား၏ ခြေတော်ရာစက်လက္ခဏာနှင့်ပတ်သက်၍ သိကောင်းစရာအဖြာဖြာစာအုပ်ကို ခြေတော်ရာခြေရင်းတွင် ဝန်ထမ်းများက ကောင်တာဖွင့်ပြီး ရောင်းချနေသည်ကိုလည်း တွေ့ရပါသည်။

❑ ခြောက်ထပ်ကြီးဘုရား၏ မူလဖါယကာဆာဘိုးသာ

ငါးထပ်ကြီးဘုရား၏အနီး အရှေ့မြောက်ဘက် ကိုက် (၅၀၀) ခန့်အကွာတွင်ရှိသော ခြောက်ထပ် ခြောက်ဆင့်ကုန်းမြေဖြင့် အပါအဝင်မြေ (၄. ၂၅) ဧကခန့်ကို ခေတ်ကာလပေါက်ဈေး (၁၄၂၀၀) ကျပ်ဖြင့် ဦးဘိုးအောင်၊ ဒေါ်စိန်ရင်တို့ထံမှ စပါးပွဲစားကြီး ဆာဘိုးသာမှ ဘုရားတည်ရန်ရည်မှန်း၍ ဝယ်ယူ ခဲ့ကြပါသည်။

ဘုရားတည်ရန် ရည်ရွယ်ဝယ်ယူထားသည့်အတိုင်း ၁၉၀၇၊ ဖေဖော်ဝါရီ

www.burmeseclassic.com

www.burmeseclassic.com

လ ၁၇ ရက်၊ တနင်္ဂနွေနေ့တွင် ရွှေဂုံတိုင်ငါးထပ်ကြီးကျောင်းတိုက်၌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာသဘဆရာတော်ကြီး အမှူးပြုသော သံဃာတော်(၁၀၀)အရှင်မြတ်တို့အား ဆွမ်းကွမ်းအပူ၊ အအေးလိုလေသေးမရှိကပ်လှူကာ ဝယ်ယူထားသည့် (၄. ၂၅) ဧကတွင် ဥာဏ်တော်အတောင်(၁၂၀)၊ ပေအားဖြင့် (၁၈၀) ပေရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး တည်ထားမည့် ဖြစ်ပါကြောင်း ဆာဘိုးသာမှ လျှောက်ထားတင်ပြလျက် သြဝါဒခံယူတော်မူခဲ့ပါသည်။

ကြွရောက်လာသောဂုဏ်သရေရှိ မင်းပရိသတ်အပေါင်းမှ ဝမ်းမြောက်နှမော်သာခုခေါ် ဆိုကြလျက် အောင်မြင်ပြီးမြောက်ခရီးရောက်အောင် သင့်ထိထက်သန်စွာဖြင့် ဝိုင်းဝန်းကူညီကြမည် ဖြစ်ကြောင်း ကတိပြုကြလေ၏။

ဘုရားကြီးတည်ရန် သြဝါဒခံယူပြီးဖြစ်၍ ကျွမ်းကျင်သော၊ ဘုရားတည်နိုင်သော ပန်းရန်ဆရာများ ရှာဖွေသောအခါ ပဲခူးမြို့ ကျိုက္ကလွန်ရုပ်ပွားဘုရား (၄) ဆူ တည်ခဲ့တော်မူသော ပန်းရန်ဆရာကြီး ဦးကြီးညိုနှင့် ဦးဘိုးခင်တို့ကို စုံစမ်းရှာဖွေတွေ့ခဲ့ကြ၏။ ထိုပန်းရန်ဆရာကြီးနှစ်ဦးသည် ဘုရားဒါယကာဆာဘိုးသာ၏ ဇာတိရွာ ဘားကူးရွာမှဖြစ်သဖြင့် ဆာဘိုးသာမိသားစုသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပြီး ၁၂၆၉ ခုနှစ်တွင် စတင် ဘုရားတည်ခဲ့ကြ၏။ သို့သော် ဘုရားတည်နေစဉ်အတွင်းတွင် လုပ်ငန်းအဆင်မပြေမှုများကြောင့် ဘုရားကြီးမပြီးမီ ပန်းရန်ဆရာကြီးများ အလုပ်မှထွက်သွားကြ၍ စိတ်မကောင်းဖြစ်ကြရ၏။ ဘုရားတည်ဆောက်ရေးတာဝန်ခံကိုယ်စားလှယ်မှ နောက်ထပ် ပန်းရန်ဆရာတစ်ဦး ရှာဖွေတွေ့ရှိပြီး ထိုပန်းရန်ဆရာဖြင့် ဆက်လက်တည်တော်မူခဲ့၏။ ထိုပန်းရန်ဆရာသည် လူမျိုးခြား ပန်းရန်ဆရာဖြစ်သည့်အပြင် ရုပ်ပွားဖမ်းပညာမကျွမ်းကျင်သောကြောင့် ဘုရားရုပ်ပွားတော်ကြီးသည် အချိုးအစားကျနခြင်းမရှိခဲ့ပါ။ ဘုရားကြီးတည်ရာတွင် (၅)နှစ်ကြာခဲ့ပြီး ခြောက်ထပ်၊ ခြောက်ဆင့်အမြင့်ကုန်းမြေတွင် တည်ရှိသောကြောင့် ထိုရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးကို ခြောက်ထပ်ကြီးဘုရားဟု ခေါ် ဆိုကြသည်။

မူလခြောက်ထပ်ကြီးဘုရားအားပြန်လည်ပြုပြင်ရန် စီစဉ်ဆောင်ရွက်ကြခြင်း

၁၃၁၅ ခု (၁၉၅၃)၊ နယုန်လတွင် မုံရွာမြို့မှ မိုးညှင်းကျောင်းတိုက်ကြီးမှ သာသနာပြုအကျော် ဆရာတော်ဖြစ်

ပြီးဟ် (၈) ခွင်ဘုရား

ဘိုးတော်သိကြား

ခြောက်ထပ်ကြီးဘုရားမှ ဘဘိုးမင်းခေါင်



အဘပထမဓိဘိုးဘိုးအောင်

သူရဿတီမယ်တော်

ခြောက်ထပ်ကြီးဘုရားကြေးကာမွှေးညီ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဥပဂုတ္တမထေရ်ရုပ်တု



ခြောက်ထပ်ကြီးဘုရားမှ အောင်မောင်း

ခြောက်ထပ်ကြီးဘုရားမုခ်ဝ

တော်မူသော် အဂ္ဂမဟာပဏ္ဍိတ မိုးညှင်းဆရာတော်ဘုရားကြီးမှ ရန်ကုန်မြို့ ခြောက်ထပ်ကြီးကျောင်းတိုက်သို့ ကြွရောက်မူစဉ်အခါကာလ၌ ဘုရားကြီးတိုက်၏ နာယကဆရာတော် အမှုးပြုကုန်သော သံဃာတော်အရှင်မြတ်များမှ မိုးညှင်းဆရာတော်ကြီးအား လာရောက်ဖူးမြော်ဩဝါဒခံယူတော်မူကြပါသည်။

ခြောက်ထပ်ကြီးဘုရားကြီးအား မိုးညှင်းဆရာတော်ကြီးမှ သွားရောက်ဖူးမြော်ရင်း ဘုရားကြီးတိုက် နာယကဆရာတော် ဘဒ္ဒန္တကောဏ္ဍညအား မိန့်တော်မူပါသည်။

"ဘုရားကြီးတည်ထားတာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ။ နှစ်ပေါင်းခြောက်ဆယ်ကျော်လောက်ပြီ။ တော်တော်များများ ပျက်စီးယိုယွင်းလာတာတွေကြောင့် ဆရာတော် ဦးဆောင်ပြီး ဘုရားကြီးကိုပြုပြင်ပါ။ ဆရာတော်ဦးဆောင်လျှင် ဧကန်မုချ အောင်မြင်ပါမည်"

ဟု မိုးညှင်းဆရာတော်ကြီးမှ မိန့်တော်မူခဲ့ပါသည်။

ထိုအခါ ခြောက်ထပ်ကြီးဆရာတော် ဘဒ္ဒန္တကောဏ္ဍညမှ -

"မိုးညှင်းဆရာတော်ကြီး အကူအညီရလျှင် တပည့်တော်ပြုပြင်နိုင်ပါလိမ့်မည်"

ဟု ပြန်လည်လျှောက်ထားတော်မူပါသည်။

မိုးညှင်းဆရာတော်ကြီးမှ အတတ်နိုင်ဆုံးအကူအညီပေးမည်ဖြစ်ပါကြောင်း ကတိပြုလျက် သာခုသုံးကြိမ်ခေါ်ဆိုတော်မူပါသည်။ ဤသို့ဖြင့် ခြောက်ထပ်ကြီးဆရာတော် ဘဒ္ဒန္တကောဏ္ဍညသည် ဘုရားကြီးအား ပြန်လည်ပြုပြင်ရန် ဩဝါဒဆရာတော်ကြီးများထံ ဆန္ဒတင်ပြတောင်းခံခြင်းများ ပြုလုပ်သောအခါ ဆရာတော်ကြီးများက တိုက်တွန်းအားပေးခြင်း၊ ဩဝါဒပေးခြင်းများကြောင့် ဘုရားကြီး ပြန်လည်ပြုပြင်ရန် လူပုဂ္ဂိုလ်အဖွဲ့စည်း ဖွဲ့စည်းခဲ့ပါသည်။

ထိုလူပုဂ္ဂိုလ်များအဖွဲ့၌ သာသနာရေးဝန်ကြီး အပါအဝင် အစိုးရဌာနဆိုင်ရာမှအကြီးအကဲများ ပါဝင်လာခြင်းကြောင့် အင်အားတောင့်တင်းသောအဖွဲ့ကြီးဖြစ်သော်လည်း ထိုအကြီးအကဲများသည် ရွှေမောဓောစေတီတည်ဆောက်ရေးကိစ္စ၊ ကလျာဏီသိမ်တော်ကြီးတည်ဆောက်ရေးကိစ္စနှင့် ဆဋ္ဌသင်္ဂါယနာတင်ရန် လိုဏ်ဂူတော်တည်ဆောက်ရေးကိစ္စများ၊ မမ္မသဘင်ပွဲသဘင်ကျင်းပရေး စသည့် ကိစ္စရပ်များဆောင်ရွက်နေကြရသောအခါ ခြောက်ထပ်ကြီးဘုရားဘက် ဦးမလှည့်နိုင်၊ မဆောင်ရွက်နိုင်ဖြစ်ကြရ၏။ ထိုကြောင့် ၁၉၅၄ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဘုရားကြီးတိုက်၌ အထူးစည်းဝေးကျင်းပကာ ဘုရားကြီးပြုပြင်တည်ဆောက်ရေးအတွက် သာသနာရေးဝန်ကြီး ဦးဝင်းနှင့် ချုပ်သင်းသူဌေး ဦးဘတင်တို့အား ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌတာဝန်ပေးဦးဆောင်စေလျက် ဒုတိယအကြိမ် အမှုဆောင်အဖွဲ့ ဖွဲ့စည်းခဲ့ရပါသည်။

ဘုရားကြီးပြုပြင်ရန် အစီအ
ဇ ကြိမ်အမှုဆောင်အဖွဲ့မှ ဦးတော်

www.burmeseclassic.com

www.burmeseclassic.com

ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများအား ခြောက်ထပ်ကြီးဘုရားကြီးတိုက်သာသနာ့ဝိပုလကာရိသိမ်တော်ကြီးသို့ ပင့်ဖိတ်တော်မူလျက် ပျက်စီးယိုယွင်းနေသော ခြောက်ထပ်ကြီးဘုရားအား ဖြိုဖျက်ရန် သင့်၊ မသင့်ဩဝါဒပေးတော်မူကြပါရန် ပန်ကြားလျှောက်ထားတော်မူကြပါသည်။ ဩဝါဒဆရာတော်ကြီးများမှ ဘုရားဟောဒေသနာတော်၊ မြတ်ဘုရားမိန့်တော်မူအပ်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းဂန်တော်များနှင့်အညီ အကောင်းဆုံး အဆုံးအဖြတ်ပေး၍ ဩဝါဒပေးတော်မူကြပါသည်။

□ အသစ်တည်ဆောက် အပေးကိုဖြို ဖျက်ခြင်း

ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီးနောက် ပြန်လည်ပြုပြင်ရေး အမှုဆောင်အဖွဲ့သည် ၁၉၅၆ ခု၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ခြောက်ထပ်ကြီးဘုရား၌ အစည်းအဝေးတစ်ကြိမ်၊ ဩဂုတ်လ ၁၂ ရက်နေ့ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် အောင်မင်္ဂလာဧရပ်ကြီးတွင် တစ်ကြိမ်၊ စက်တင်ဘာ ၁၆ ရက်နေ့ စနေနေ့ ညနေ (၆) နာရီတွင် ဖဆပလ ဥက္ကဋ္ဌ ဦးနု၏နေအိမ်၌ တစ်ကြိမ် စုစုပေါင်း (၃) ကြိမ် (၃) ခါ အစည်းအဝေးထိုင်ကြပြီးလျှင် သတိုးသီရိသုမင်္ဂလာဆည်းသွင်မှ ဥက္ကဋ္ဌ၊ သရေစည်သူ ဦးလှကျော်အား အတွင်းရေးမှူးအဖြစ်တာဝန်ပေးအပ်လျက် အလုပ်အမှုဆောင်အဖွဲ့အား (တတိယ)အကြိမ် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ကြပါသည်။

၁၃၁၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ၁၉၅၇ ခု၊ စက်တင်ဘာလ ၂ ရက်နေ့။

အသစ်တစ်ဖန်ပြန်လည်၍တည်ဆောက်ရန်အတွက် ဘုရားကြီးအား ခြေတော်ရင်းမှစ၍ ဖျက်တော်မူပါသည်။ ကိုယ်လုံးတော်အောက်ပိုင်း ဖြိုဖျက်ပြီးနောက် ဦးခေါင်းတော်ထိပ်မှ ရောင်လှဲတော်ကြီးကိုဖျက်ပါသည်။ ရောင်လှဲတော်၌ ဗထမဌာပနာတော်တိုက်ကို တွေ့ရပါသည်။

ကိုယ်လုံးတော်ကြီးတစ်ဆူလုံးဖျက်ပြီးသောအခါ ပလ္လင်ပေါ်၌ ဒုတိယဌာပနာတိုက်ကို တွေ့ရပြန်သည်။

ယခင်က ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားမှာ အမိုးအကာမရှိခဲ့ပါ။ ယခုအသစ်ပြန်လည်တည်ဆောက်ရာတွင် အမိုးအကာပါသော သံတန်ဆောင်းတော်ကြီးတည်ဆောက်ရန် စည်းဝေးတိုင်ပင်ထားပြီးဖြစ်သည့်အတွက် အရှည် (၂၈၀) ပေ × (၉၀) ပေ × (၆၅) ပေရှိ သံတန်ဆောင်းကြီးအား တင်ဒါခေါ်ယူခဲ့ရာ ရွှေစန်ကုမ္ပဏီက လက်ခ (၁၁၈၈၇၆) ကျပ်ဖြင့် တင်ဒါအောင်မြင်သွားပြီဖြစ်၍ စည်သူချုပ်သင်းဦးဘတင့်က ဦးဆောင်၍ စာချုပ်ချုပ်ဆိုနိုင်ခဲ့၏။

□ သံတန်ဆောင်းတော်ကြီး အုတ်မြစ်ချမင်္ဂလာ

၁၃၂၀ ပြည့်နှစ်၊ ဒု-ဝါဆိုလဆန်း ၁၅ ရက်၊ ၁၉၅၈ ခု၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် သံတန်ဆောင်းတော်ကြီးအုတ်မြစ်ချမင်္ဂလာအခမ်းအနားစတင်ကျင်းပတော်မူပါသည်။

ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုမှ အုတ်မြစ်တော်စိအုတ်မြစ်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကာ အင်္ဂါထောင့်တွင် အုတ်မြစ်ချပေးတော်မူပါသည်။

သံတိုင်တော်များ တိုင်ထူခြင်းမင်္ဂလာကို ၁၃၂၀ ပြည့်နှစ်၊ ဘပေါင်းလပြည့်နေ့တွင် ကျင်းပတော်မူပါသည်။ ပထမသံတိုင်တော်ကြီးကို မအူပင်မြို့မြို့လယ်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏဆရာတော်ကြီးမှ တိုင်ထူပေးခြင်း၊ အိမ်စောင့်အစိုးရပြည်ထဲရေးဝန်ကြီး ဦးခင်မောင်ဖြူက ဒုတိယသံတိုင်ထူပေးခြင်း၊ ဘုရားကြီးပြန်လည်တည်ဆောက်ရေးဥက္ကဋ္ဌ စည်သူချုပ်သင်းဦးဘတင်က တတိယသံတိုင်ထူပေးခြင်းဖြင့် တိုင်ထူမင်္ဂလာပွဲ အောင်မြင်စွာဆင်နွှဲနိုင်ခဲ့ပါသည်။

တိုင်ထူမင်္ဂလာပွဲ ကြွတော်မူလာဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား စည်သူချုပ်သင်း ဦးဘတင်မိသားစုမှ နေ့ဆွမ်းဆက်ကပ် ရွှင်လန်းအောင်မြင်စွာ လျှဒါန်းကြပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်များအား အချိုအဖျော်ရည်များဖြင့် ဧည့်ခံကျွေး



ခြောက်ထပ်ကြီးဘုရားပြန်လည်ရွေ့ပုံ နိုင်ငံခြားသားများ

ခြောက်ထပ်ကြီးဘုရားမူ၊ ကမ္ဘာလုည်ဘုရားဖူးများ

www.burmeseclassic.com

www.burmeseclassic.com

ရွေးခဲ့ပါသည်။ ထိုသံတန်ဆောင်းတော်ကြီးအား (၅) နှစ်အကြာ ၁၉၆၃ ခုနှစ်တွင် အပြီးတည်ဆောက်နိုင်ခဲ့ပါသည်။ ထိုသံတန်ဆောင်းတော်ကြီး ကုန်ကျငွေပေါင်းမှာ (၆၁၆၀၅၉) ကျပ်၊ (၀၁) ပြားဖြစ်ကြောင်းသိရပါသည်။

❑ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ပြန်လည် တည်တော်မူကြခြင်း

သံတန်ဆောင်ကြီးတည်ဆောက်ပြီး၍ အမိုးအကာအရိပ်အောက်တွင် ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီးကို တည်တော်မူကြပါသည်။ ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီးကို အသစ်တစ်ဖန် ပြန်လည်တည်ရာတွင် စတုတ္ထအကြိမ် ဖွဲ့စည်းခဲ့သည့် တည်ဆောက်ရေးအဖွဲ့မှ ဦးဆောင်တည်တော်မူခဲ့ကြပါသည်။ ထိုစတုတ္ထတည်ဆောက်ရေးအဖွဲ့ကို မြို့တော်ဝန်ဟောင်း သီရိပျံဒုံဦးမောင်မောင်၊ သိဂၤီဦးဘွားဒကာကြီး ဦးစောဦးတို့မှ ဥက္ကဋ္ဌ၊ ဒုတ္ထဋ္ဌတာဝန်များယူဆောင်ရွက်ကြ၍ အဖွဲ့ဝင်(၁၅)ဦး ပါဝင်ပါသည်။ ထိုအဖွဲ့၏ ထူးခြားမှုမှာ အမျိုးသမီးအမှုဆောင် (၂) ဦး ပါဝင်လာခြင်းဖြစ်ပါသည်။

အမှုဆောင်လုပ်ကြီးတစ်ဦးဖြစ်သူ ဒေါ်တင်တင်၏ ကြီးပမ်းအားထုတ်မှုကြောင့် ရုပ်ဖမ်းပညာနှင့် ပန်းရန်ကျမ်းတွင်သူ မြတ်မြို့မှ ပန်းရန်ဆရာကြီး ဦးသောင်းကို ရန်ကုန်သို့ အရောက်ခေါ်ယူ၍ ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီးကို တည်တော်မူနိုင်ခဲ့ပါသည်။ ယခု ဖူးမြင်ရသော ရုပ်ပွားတော်မြတ်ကြီးသည် ပန်းရန်ဆရာကြီး ဦးသောင်း၏ လက်ရာဖြစ်တော်မူပါသည်။

ရုပ်ပွားတော်မြတ်ကြီးစတင်တည်တော်မူရာတွင် ဦးစွာပထမ ကောင်းမြတ်သောရက်မြတ်ရွေးချယ်ကာ အန္တရာယ်ကင်းစေရန် ပရိတ်တော်များ၊ ပဌာန်းဒေသနာတော်များနှင့် ကမ္ဘဝါစာများကို သံဃာတော်အရှင်မြတ်များမှ (၉) ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော် ခိုးမြှင့်တော်မူကြပါသည်။ ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီးအား ခြေတော်မှစတင်၍ တည်တော်မူခဲ့ရာ ၁၃၂၀ ပြည့်နှစ်၊ တော်သလင်းလ။ ၁၉၅၉ ခုနှစ်၊ ဩဂုတ်လတွင် ကိုယ်ထည်အောက်ပိုင်းအကြမ်းထည် အုတ်စီပြီးစီးခဲ့ပါသည်။

ထို့နောက် လက်ယာဘက် လက်မောင်းတော်ဖြင့် ဦးခေါင်းတော်အား ပင့်ထောင်ကာသော်ပုံစံကို ဆက်လက် တည်ဆောက်တော်မူရာတွင် ဦးခေါင်းတော်မြတ်ကြီးအား လက်ယာဘက် လက်တစ်ဖက်တည်းဖြင့် ကြာရှည်ထောက်ထိန်းရန်မဖြစ်နိုင်၍ ကြာရှည်ထောက်ထိန်းရန်အတွက် စီစဉ်ဆောင်ရွက်ကြလေ၏။ တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လုပ်ကြီးတစ်ဦးဖြစ်သူ အငြိမ်းစားအင်ဂျင်နီယာချုပ် ဦးကျော်စိန်၏ ကြီးကြပ်မှုဖြင့် အင်ဂျင်နီယာပညာရှင်များ စုပေါင်းပုံစံထုတ်ခဲ့ကြပါသည်။ လက်မောင်းတော်ထောက်မည့်နေရာနှင့် အဓိကကိုယ်လုံးတော်ကြီးထိန်းရန်အတွက် ချိုင်းတော်အောက် ခေါင်းအုံးတော်နေရာတွင် ကွန်ကရစ်တိုင်များစိုက်သွင်းကြပါသည်။ ကွန်ကရစ်တိုင်များ (၂၀) ရှိက်သွင်းရာတွင် ဝန်ချီစက်ပိုင်ရှင် ဦးကျော်သောင်း၊ ဒေါ်မျိုးညိမ်းနှင့် သားသမီးတစ်စုမှ တစ်ပြားတစ်ချပ်မှမယူ ကုသိုလ်ယူဆောင်ရွက်ပေးခဲ့ကြပါသည်။

❑ ဌာပနာတော်သွင်းဌာပနာတော်ပိတ်ပွဲ

ပထမအကြိမ် ပထမဌာပနာတိုက်ပိတ်ပွဲကို ၁၃၃၁ ခုနှစ်၊ ဝါခေါင်လပြည့် ၂၈-၈-၁၉၆၉ နေ့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ပထမဌာပနာတိုက်သည် ချိုင်းတော်အောက်မှ ပဒုမ္မာကြာပွင့်ကြီးသဏ္ဌာန်ပြုလုပ်ထားသည့် ခေါင်းအုံးတော်ကြီးအတွင်းမှာ တည်ရှိပါသည်။ ပထမဌာပနာတိုက်အတွင်းတွင် မူလပထမရုပ်ပွားတော်ကြီးမှတူးဖော်ရရှိသော ဌာပနာပစ္စည်းဟောင်းများ၊ မိုးညှင်းဆရာတော်ဘုရားကြီးအကြောင်းကြားချက်အရ ခြောက်ထပ်ကြီးဘုရားတိုက် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ ဦးဆောင်လျက် မိုးညှင်းတိုက်မှ ပဉ်ဆောင်လာသည့် ဓာတ်တော်မွေတော်များ၊ အောင်မြေ၊ အောင်ပန္နက်များနှင့် အများပြည်သူများ လှူဒါန်းထား ဌာပနာတော်ပစ္စည်းများအား ဌာပနာသွင်းတော်မူခဲ့ပါသည်။

ဒုတိယ ဌာပနာတော်တိုက်ကို ၁၃၃၁ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း ၇ ရက်နေ့တွင် ဓာတ်ထော်မွေတော်များ ဌာပနာတော်သွင်းတော်မူ၍ ပိတ်နိုင်ခဲ့ပါသည်။ ဒုတိယဌာပနာတော်တိုက်သည် ဘုရားကြီး၏ လက်ယာဘက်ရင်အုပ်တော်တွင် တည်တော်မူပါသည်။ နောက်ထပ် ဌာပနာတော်တိုက်သည် ဦးခေါင်းတော်ကြီးအတွင်းမှာဟု ဆိုရပေမည်။ ဦးခေါင်းတော်ကြီးအား သံကူသံချောင်းများဖြင့် ဦးခေါင်းပုံသဏ္ဌာန်ပုံစံချီး အခေါင်းပွသဏ္ဌာန်စီမံလျက် အပိုင်း (၁၈) ပိုင်းပိုင်းကာ တစ်ပိုင်းစီတစ်ပိုင်းစီကို စက်ကြိုးဖြင့်ဆွဲတင်ကာ မဏ္ဍိုင်နေရာတွင် တပ်ဆင်ဆောင်ရွက်တော်မူပါသည်။

၁၃၇၉ ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်နေ့ ၂၅-၁၁-၁၉၇၇ နေ့တွင် တတိယဌာပနာတော်တိုက်တွင် နောက်ဆုံးပိတ်ဌာပနတော်တိုက်ပိတ်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ တတိယဌာပနာတော်တိုက်သည် ဘုရားကြီး၏ ဦးခေါင်းတော်တွင် တည်ရှိတော်မူပါသည်။ အများပြည်သူ သဒ္ဓါဖွေးမြူ လှူဒါန်းတော်မူကြသည့် ဓာတ်တော်မွေတော် ဌာပနာတော်ပစ္စည်းများ၊ အဖိုးတန်ရတနာပစ္စည်းများ ရွှေငွေလက်ဝတ်တန်ဆာများ၊ မွန်မြတ်သောဝတ္ထုပစ္စည်းများ စသည့် ဌာပနာတော်ပစ္စည်းများအား ငွေသေတ္တာတွင် ထည့်သွင်း၍ တစ်ဖန် ဦးခေါင်းတော်ကြီးအတွင်း အသင့် တည်ဆောက် ပြီးစီးသည့် ကျောက်သေတ္တာကြီးအတွင်းထည့်သွင်းထားရှိပြီး ဌာပနာတော်ပိတ်တော်မူခဲ့ပါသည်။

❑ ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတော်တင်တော်မူခြင်း

ဦးခေါင်းတော်နှင့် မျက်နှာတော်အား ပုံကြမ်းလောင်းပြီးကြသောအခါ မျက်နှာတော်ပုံအချောဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြ၏။ မျက်နှာတော်ပုံပေါ် လာပြီးသော် အဓိကမျက်လုံးတော် (၂) ဆူ တပ်ဆင်ရန်သာကျန်ရှိတော့၏။

မျက်လုံးတော်ကြီး (၂) ဆူကို အလျှရှင် ဖောင်တော်ဦးဆရာတော်နှင့် နဂါးဖန်ချက်စက်ရုံပိုင် ဦးကျင်ဝမ်၊ သား ဦးမြတ်ကျော်နှင့် လုပ်သားများသည် မျက်လုံးတော်ကြီး (၂) ဆူဖြစ်အောင် အတော်ကြိုးစားခဲ့ရ၏။ ပထမအကြိမ် ကြိုးစားမှု မအောင်မြင်သောအခါ ဒုတိယအကြိမ်တွင် ဖောင်တော်ဦးဆရာတော်အမှူးပြု သံဃာတော်အရှင်သူမြတ်များပါမကျန် စိတ်ကြံသမှုအဓိဋ္ဌာန်ပြုမှုအောင်မြင်ခဲ့၏။ (၉) ပါးသီလဆောက်တည်ကြ၏။ သက်သတ်လွတ်အဓိဋ္ဌာန်နှင့်စားကြ၏။ သက်ဆိုင်ရာသို့ ကန်တော့ပွဲများပေး၍ ဆရာတော် သံဃာတော်များမှလည်း ပရိတ်များရွတ်ဖတ်ပူဇော်ခြင်းဆောင်ရွက်တော်မူကြရာ မျက်လုံးတော်

www.burmeseclassic.com

www.burmeseclassic.com

(၂) ဆူတော်ကို အောင်မြင်စွာ မျက်လုံးတော်အခံုးအလုံး ပြုလုပ်နိုင်ခဲ့လေ၏။ မှန်ခုံးမှန်လုံးတော်ကို မျက်လုံးဆေးရေပန်းချိုဖြယ်သရဖူ တရုတ်နိုင်ငံမှရောက်လာသော ပန်းချီအကျော်ပန်းချီအတော်အား မျက်နှာအရွယ်အစားနှင့် ထင်ဟပ်စေရန် မျက်လုံးတော်ကြီး ဆေးခြယ်ပေးရန် အပ်နှံကြပါသည်။ ဉာဏ်ပူဇော်ခအဖြစ် ထိုခေတ်ကာလတန်ဖိုး တစ်လုံးလျှင် ငါးရာကျပ်စီ ပေးချေခဲ့ရလေ၏။

ထူးခြားလှပါသော မျက်လုံးတော် (၂) ဆူမြတ်ကို အလျှုရှင် ဖောင်တော်ဦး ဆရာတော်မှ အခမ်းအနားဖြင့် ခြောက်ထပ်ကြီးဘုရားသို့ ပင့်ဆောင်တော်မူလာပြီး ဘုရားကြီးတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ သီရိပျံချီ ဦးမောင်မောင်လက်သို့ လွှဲပြောင်းပေးအပ်တော်မူ၏။ မျက်လုံးတော်ကြီး (၂) ဆူတော်မြတ်ကို တည်ဆောက်ရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ထားသည့် စက်ကြိုးယန္တရား တပ်ဆင်ထား မင်္ဂလာပန်းရထားဖြင့် ဦးခေါင်းတော်ကြီးသို့ အရောက် ပင့်ဆောင်ခဲ့ကြ၏။ ဦးခေါင်းတော်သို့ မျက်လုံးတော် (၂) ဆူ ကြွရောက်လာသောအခါ စေတနာရှင် ဗိသုကာအင်ဂျင်နီယာကြီး ဦးအောင်ခင်နှင့် ဘုရားတည် ပန်းရန်ဆရာကြီး ဦးသောင်း အမှူးပြု ပညာရှင်များက ဘုရားကြီးတွင် နောက်ဆုံးကျန်ရှိနေတော်မူသော မျက်လုံးတော် (၂)ဆူမြတ်ကို အောင်မြင်စွာ စနစ်တကျတပ်ဆင်ပြီးချိန်မှာ ဘုရားရှုပ်ပွားတော်မြတ်ကြီးသည် အင်္ဂါရပ်ပြည့်စုံစွာဖြင့် ဖူး၍မဝ အောင်ဖြစ်ကြရ၏။ မျက်လုံးတော် အောင်မြင်စွာတပ်ဆင်ပြီးသောနေ့သည် ၁၃၃၅ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့ ၁၆-၅-၇၃ ဖြစ်ပါသည်။ ဘုရားကြီးစတင်တည်တော်မူသောနေ့ ၁၃၂၇ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့။ ၄-၉-၆၆၊ တနင်္ဂနွေနေ့မှ မျက်လုံးတော် တပ်ဆင်ပြီးသည့်နေ့ထိ ရေတွက်ကြည့်သော် (၇)နှစ်မျှ ကြာတော်မူခဲ့ပါသည်။

တည်ဆောက်ရေးနှင့်ပတ်သက်၍ ပလ္လင်တော်အတွက် ဘိလပ်မြေအိတ် (၁၅၀၀) ကျော်၊ ကိုယ်လုံးတော်အတွက် ဘိလပ်မြေအိတ် (၃၈၀၀) ကျော်၊ ဦးခေါင်းတော်အတွက် ဘိလပ်မြေအိတ် (၁၁၀၀) ကျော်၊ စုစုပေါင်း ဘိလပ်မြေအိတ် (၆၄၀၀) ကျော် အသုံးပြုခဲ့ပြီး တုန်ကျွင်ပေါင်းမှာ အရပ်ရပ်စရိတ်စုစုပေါင်းတန်ဖိုးငွေ (၆)သိန်းကျော်ကုန်ကျကြောင်း မှတ်တမ်းများအရသိရပါသည်။

ခြောက်ထပ်ကြီးဘုရားကြီးတိုက်သြဝါဒါစရိယနာယကဆရာတော်ကြီးများ၊ ဂဏာဝါစကစာချဆရာတော်ကြီးများဖြင့် အစည်းအဝေးဆုံးဖြတ်ချက်အရ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ဗုဒ္ဓါဘိသေကအနေကဇာတော်တင်ပွဲကို ၁၃၃၆ ခု၊ ကဆုန်လပြည့်နေ့ ၅-၅-၁၉၇၄ မှ ကဆုန်လပြည့်ကျော် ၈ ရက်နေ့ ၁၃-၅-၁၉၇၄ နေ့အထိ (၉) ရက်တိုင်တိုင် နေ့စဉ်အရုဏ်တက်တွင် တစ်ကြိမ်၊ ညဦးယံတွင်တစ်ကြိမ် တစ်နေ့ (၂) ကြိမ်ကျ ကျောင်းတိုက်အတွင်းမှာနေ သံဃာတော် (၃၀၀) ကျော်ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကြီးဆင်ယင်ကျင်းပတော်မူပါသည်။ (၉) ရက် ပြည့်မြောက်သောနေ့ ကဆုန်လပြည့်ကျော် ၈ ရက်နေ့ နံနက်အရုဏ်တက်တွင် သံဃာတော်အပေါင်း (၁၁၀၀) ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတော်တင်ပွဲတော်ကြီး အောင်မြင်စွာဆင်နွှဲနိုင်ခဲ့ပါကြောင်း သိသမျှမှတ်သမျှ တင်ပြအပ်ပါသည်။

ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏အတိုင်းအထွာများ

၁။ ပလ္လင်တော်အလျား (၂၃၁) ပေ၊
၂။ ပလ္လင်တော်အနံ (၅၀) ပေ၊
၃။ ယလ္လင်တော်အမြင့် (၅) ပေ၊
၄။ ဘုရားကြီး၏ ဥက္ကဋ်တော်အရှည် (၂၁၆) ပေ၊
၅။ ဘုရားကြီး၏ ဥက္ကဋ်တော်အမြင့် (၅၈) ပေ၊
၆။ ဘုရားကြီး၏ ရောင်လျှံတော်အမြင့် (၈) ပေ၊
၇။ ဘုရားကြီး၏ ရောင်လျှံတော်လုံးပတ် (၄၈) ပေ၊ (၆) လက်မ၊
၈။ ဘုရားကြီး၏ ဦးခေါင်းတော်လုံးပတ် (၈၉) ပေ (၉) လက်မ၊
၉။ ဘုရားကြီး၏ သင်းကျစ်တော်အရှည် (၄၆) ပေ၊ (၉) လက်မ၊
၁၀။ ဘုရားကြီး၏ သင်းကျစ်တော်အနံ (၅) ပေ (၃) လက်မ၊
၁၁။ ဘုရားကြီး၏ဥက္ကာလုံးမွေးရှင်တော် (၁) ပေ (၆) လက်မ၊
၁၂။ ဘုရားကြီး၏ မျက်နှာတော်အရှည် (၂၄) ပေ၊
၁၃။ ဘုရားကြီးမျက်နှာတော်အကျယ် (၃၈) ပေ၊
၁၄။ ဘုရားကြီး၏နှာတံအရှည် (၉)ပေ၊
၁၅။ ဘုရားကြီး၏ မျက်ခုံးတော်အရှည် (၉) ပေ၊ (၃) လက်မ၊
၁၆။ ဘုရားကြီး၏ မျက်လုံးတော်အရှည် (၅) ပေ (၈) လက်မ၊
၁၇။ ဘုရားကြီးမျက်လုံးတော်ထဲက/အောက် အနံ (၁)ပေ(၆)လက်မ၊
၁၈။ ဘုရားကြီးနှုတ်ခမ်းတော်အလျား (၁၀) ပေ (၂) လက်မ၊
၁၉။ ဘုရားကြီး၏ နှုတ်ခမ်းတော်ထက်၊ အောက်အနံ (၁) ပေ (၆)လက်မ၊
၂၀။ ဘုရားကြီး၏အထက်မျက်တောင်မွေးအရေအတွက် (၇၁) ပင်၊
၂၁။ ဘုရားကြီး၏အောက်မျက်တောင်မွေးအရေအတွက် (၆၀) ပင်၊
၂၂။ ဘုရားကြီး၏ နှာခေါင်းတော်ပေါက်အကျယ်အဝန်း (၄) ပေ၊
၂၃။ ဘုရားကြီး၏ နားရွက်တော်အရှည်/အလျား (၁၇) ပေ၊ (၇) လက်မ၊
၂၄။ ဘုရားကြီးနားရွက်တော်အချင်း/အနံ (၄) ပေ၊ (၇) လက်မ၊
၂၅။ ဘုရားကြီး၏ လည်ပင်းတော်အရှည် (၈) ပေ၊
၂၆။ ဘုရားကြီး၏ လည်ပင်းတော်လုံးပတ် (၄၈) ပေ၊
၂၇။ ဘုရားကြီး၏ လက်ကောက်ဝတ်လုံးပတ် (၂၁) ပေ၊
၂၈။ ဘုရားကြီး၏ လက်ဖဝါးတော်အရှည် (၂၅) ပေ၊
၂၉။ ဘုရားကြီး၏ လက်ဖဝါးတော်အနံ (၁၂) ပေ၊
၃၀။ ဘုရားကြီး၏ လက်ရုံးတော်လုံးပတ် (၃၆) ပေ၊
၃၁။ ဘုရားကြီး၏ လက်ရုံးတော်အရှည် (၂၈) ပေ၊
၃၂။ ဘုရားကြီး၏ လက်မောင်းတော်လုံးပတ် (၂၅) ပေ၊
၃၃။ ဘုရားကြီး၏ ခြေဖဝါးတော်အရှည်/အလျား (၃၂) ပေ၊
၃၄။ ဘုရားကြီး၏ ခြေဖဝါးတော်အနံ/အကျယ် (၁၁) ပေ။

မေတ္တာများစွာဖြင့်

ကံဝင်း

ကျမ်းကိုးစာရင်း -

၁။ ဘဒ္ဒန္တအာစိဏ္ဏ (ဘားကူးဆရာတော်) ရေး မူလရွှေသာလျောင်းသမိုင်း
၂။ ဘဒ္ဒန္တခေမိန္ဒသာမိရေး ရွှေသာလျောင်းဘုရားကြီးသမိုင်း
၃။ ဂေါပကဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင်ရေး ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး သမိုင်း
၄။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု

www.burmeseclassic.com

နေဝင်းဝင်း(လွန်ဆေး)

အသုံးတည့် ဆေးဖက်ဝင်သည့် ဂမုန်းမြစ်ပြန်

ဂမုန်းမြစ်ပြန် အပင်သည် ချင်းတက်ပင်နှင့်သဏ္ဌာန်တူပါသည်။ အပင်သက်ရလာ ကြီးထွားလာသည့်အခါ မြေကြီးအောက်မှ အမြစ်ဖြူဖြူကလေးများက မြေကြီးပေါ် သို့ထိုးထိုးထောင်ထောင်နှင့်ထွက်ပြူလာသည်။ မြေကြီးအောက်ရှိအမြစ်များတွင် အင်ဉ၊ ငုံးဥအရွယ်ခန့် အမြစ်ဥကလေးများ တွယ်ကပ်ပေါက်ရောက်တတ်သည်။ မသိလျှင် ချင်းတက်ပင်နှင့်မှားတတ်သော်လည်း သန်စွမ်းသောအပင်များမှာ ပန်းထိမ်မနိုင်အပင်ခန့်အထိ ကြီးထွားတတ်ပါသည်။

မြေကြီးအောက်ရှိ အမြစ်ကလေးများ မြေပေါ် ထွက်ပြူလာသည့်အတွက် ဂမုန်းမြစ်ပြန်ဟုခေါ်ကြသည်။ အမြစ်ဥများပါရှိသောအပင်ကို ဇောက်ထိုးထားကြည့်လျှင် အမြစ်မွှာလေးများနှင့် အမြစ်ဥများက ပင့်ကူကောင်လေးများသဖွယ် တွေ့မြင်ရသဖြင့် ဂမုန်းပင့်ကူဟုလည်း အမည်တစ်မျိုးရှိပါသည်။ ဂမုန်းမြစ်ပြန်သည် ဂန္ဓိရဆန်ပြီး အသုံးတည့်ဆေးဖက်ဝင်သည့် အပင်တစ်မျိုးဖြစ်ပါသည်။ မြန်အောင်မြို့နယ် ပိန်းအင်းကျေးရွာအုပ်စု စမ်းတောင်ခြေကျေးရွာနေ ဦးဝင်းမောင်၏ခြံဝင်းထဲတွင် စိုက်ပျိုးထားရှိပါသည်။

ဂမုန်းမြစ်ပြန် အပင်အမြစ်ဥ၏ အစွမ်းသတ္တိက မြွေဆိပ်ကင်းဆိပ်တို့ကို ပျောက်ကင်းစေနိုင်သည်။ မြွေကိုက်ခံရလျှင် ဂမုန်းမြစ်ပြန်ဥ (၃) (၄)ဥခန့်ကို ရေစင်စင်ဆေးကြော်ပြီး ချက်ချင်းဝါးစားပါက မြွေဆိပ်တက်၍ အသက်ဆုံးရှုံးမှုကို ထိရောက်စွာ ကယ်တင်နိုင်ပါသည်။ နေအိမ်ခြံဝင်းများတွင် စိုက်ပျိုးထားပါက မြွေများမလာရောက်နိုင်ပါ။ အမြစ်ဥအနည်းငယ်မျှကို ပဝါအသေးဖြင့်ထုပ်ပိုး၍ လက်ကောက်ဝတ်တွင် ချည်နှောင်ပြီး မြက်ရိတ်၊ ကောက်ရိတ်နှင့် မြွေအန္တရာယ်ရှိလုပ်ငန်းကိုလုပ်ကိုင်သော်လည်း စိုးရိမ်ရန်မလိုပါ။ ခဲမိအန်းအနားဝန်းကျင်သို့ မြွေဆိုး၊ မြွေကောင်းရောက်လာသော်လည်း မြွေ၏ပါးစပ်ဟ၍ မရနိုင်ပါ။ ၎င်းကို မြွေအာချုပ်မိသည်ဟု ပြောကြပါသည်။

သီးခြားအစီအမံနည်းတစ်နည်းမှာ ဂမုန်းမြစ်ပြန်အပင်နှင့် အခြားသောအပင်များ ပေါင်းစပ်စီမံသုံးစွဲနည်းဖြစ်ပါတယ်။ ဂမုန်းတိမ်ပြာ၊ တိမ်ညွှန့်စားဂမုန်း၊ ချင်းဆူးပေါက်(ကျင်းဆူးပေါက်)နှင့် ဂမုန်းမြစ်ပြန် (၄) မျိုး၏အမြစ်ဥများကို ပေါင်းစပ်စီရင်ရပါသည်။ ထိုလေးမျိုးဆတူကို အခြောက်ခံအံ့မှုန့်ပြုလျက် ဆေးတောင့်စီရင်ပြီး၊ ထိုဆေးတောင့်ဖြင့် စုန်းတိုက်၊ နတ်တိုက်၊ ကုဝေတိုက် စသော အတိုက်အခိုက်များနှင့် ပယောဂများကို နှိုင်နင်းစွာ ကုသနိုင်ပါသည်။

❑

ဂမုန်းမြစ်ပြန်အမြစ်ဥအစွမ်းသတ္တိကို သိသာထူးခြားစေခဲ့သော် ဖြစ်စဉ်နှစ်ရပ်ရှိပါသည်။ မြန်အောင်မြို့ရှိ အမဲလိုင်စင်စီတွင်လုပ်ကိုင်သူ ကိုချစ်ကို ၎င်းတူဖြစ်သူ မြွေကိုက်ခံရဖူးပါသည်။ လုပ်ငန်းခွင်အတွင်း သစ်တုံးများကို သယ်,မရွေ့ပြောင်းလုပ်ကိုင်နေစဉ် အကိုက်ခံရခြင်း ဖြစ်လေသည်။ ကိုက်သည့်မြွေမှာ အတန်ငယ်ကြီးသောမြွေပွေးတစ်ကောင်ဖြစ်သည်။ တူဖြစ်သူ မြွေကိုက်ခံရသည်ကို သိသိချင်း ကိုချစ်ကိုက နေအိမ်မှာ စိုက်ပျိုးထားသည့် ဂမုန်းမြစ်ဥများကို သွားရောက် တူးယူပါသည်။ အလုပ်သမားအချို့က မြွေကိုဝိုင်းရိုက်ကြသည်။ မကြာမီ ကိုချစ်ကိုပြန်ရောက်လာကာ လက်ထဲပါလာသည့် ရေဆေးပြီး ဂမုန်းမြစ်ပြန်ဥ (၃) ဥခန့်ကို တူဖြစ်သူအား ချက်ချင်းပင် ဝါးစားစေပါသည်။

ထို့နောက် မြွေကိုက်ခံရသူကို ခေါ်ဆောင်ပြီး ဆေးရုံသို့ အလျင်အမြန် သွားရောက် ပြသကြပါသည်။ ဆေးရုံရောက်သည့်အခါ ဆရာဝန်များက စမ်းသပ် စစ်ဆေးကြည့်ရှုရာ မြွေကိုက်ခံရသည့်အစွယ်ရာလည်းတွေ့သည်။ ကိုက်သည့်မြွေအသေကောင်လည်း ပါလာသည်။ သို့သော်လည်း လူနာမှာ မြွေဆိပ်တက်နေသည့်လက္ခဏာမတွေ့ရ။ မြွေကိုက်ဒဏ်ရာနေရာမှ အနည်းငယ်နာကျင်နေမှုနှင့် ကြောက်လန့်အားငယ်နေသည်ကိုသာတွေ့ရသည်။ မြွေကိုက်ခံရသည်ဆိုသော်လည်း မသက်ဖွယ်ရာ မတွေ့ရသဖြင့် အထူးကြပ်မတ်အခန်းမှာ ထားရှိစောင့်ကြည့်ပေးပြီး (၅)ရက်ခန့် အကြာတွင် ဆေးရုံမှဆင်းခွင့်ပေးခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် နန္ဒဝန်လမ်းအရှေ့လမ်းမှ မသင်းသင်းခိုင်မှာ ၎င်း၏နေအိမ်တွင် ကင်းခြေများ အကိုက်ခံရပါသည်။ နေအိမ်ဝင်းရံအောက်မှ ပေါင်းမြက်များဆွေနုတ်ရှင်းလင်းစဉ် ဘယ်ဘက်လက်မနှင့်လက်ညှိုးခွကြားနေရာကို အကိုက်ခံလိုက်ရသည်။ အကိုက်ခံရသည်နှင့် ကိုက်ခဲနာကျင်မှုကို ခံစားရသည်။ ကင်းခြေများကောင်က အကောင်ကြီးသည်၊ အဆိပ်ပြင်းသည်။ မကြာမီ ဘယ်ဘက်လက်ခုံတစ်ခုလုံး ရောင်ကိုင်းကိုက်ခဲလာသည်။ မခံမရပ်နိုင်လွန်း၍ အော်ဟစ်ငိုနေရသည်။

မသင်းသင်းခိုင် အော်ငိုနေသံကြား၍ အိမ်အနီးနေ ညီငယ်ကိုဝင်းဇိုက သူ့ခြံထဲတွင် စိုက်ပျိုးထားသည့် ဂမုန်းမြစ်ပြန်အပင်မှ အမြစ်ဥ(၃)ခုကိုယူလာပြီး ဝါးစားစေပါသည်။ နာရီဝက်၊ တစ်နာရီမျှသာကြာပါမည်။ ကင်းခြေများ အကိုက်ခံရ၍ တစစ်စစ်နာကျင်ကိုက်ခဲမှုများ လုံးဝပျောက်ကင်းချမ်းသာခဲ့သည်ကို တွေ့မြင်ရပါသည်။ ဂမုန်းမြစ်ပြန်အပင်မှာ အသုံးတည့်ဆေးဖက်ဝင်သည့် ဂန္ဓိရအပင်တစ်မျိုးဖြစ်ပါကြောင်း စာဖတ်ပရိသတ်များ ဗဟုသုတတိုးပွားကြစေခြင်းငှာ ရေးသား တင်ပြအပ်ပါသည်။

နေဝင်းဝင်း (လွန်ဆေး)

www.burmeseclassic.com

www.burmeseclassic.com

❑ လမ်းမှာတွေ့တဲ့ယာဉ်မတော်တဆမှု

၂၀၁၁ ခုနှစ် နှစ်လယ်လောက်က ဖြစ်ပါတယ်။ နေပြည်တော်ကို ဆွေးနွေးပွဲတစ်ခုတက်ဖို့အသွား (၁၀၅)မိုင်စခန်း အလွန်လမ်းအကွေ့တစ်နေရာမှာ ပါဂျီရို နဲ့တူတဲ့ ကားတစ်စီးဟာ လမ်းဘေး မြောင်းထဲမှာ ပက်လက်လန်နေပြီး ကား တံခါးတွေပွင့်နေပါတယ်။ လမ်းဘေးမှာ လူနှစ်ယောက်ကို မလှုပ်မယှက် ပိုးစိုးပက်စက်အနေအထားနဲ့ တွေ့လိုက်ရပါ တယ်။ ကားထဲမှာ ဘယ်နှယောက်ရှိဦး မယ်မသိပါ။

ဒီကားမှောက်ပုံဟာ လမ်းအကွေ့မှာ အရှိန်မလျှော့ဘဲမောင်းလို့ လမ်း ဘေးမှာ တန်းစီစိုက်ထားတဲ့ ဖြူနီကြား ကွန်ကရစ်တုံးတွေထဲက နောက်ဆုံးတစ် တုံးကိုတိုက်မိပြီး မြောင်းထဲကို လိမ့်ဆင်း သွားပုံရပါတယ်။ ကျတ်ထွက်နေတဲ့ ကွန်ကရစ်တုံးနဲ့ ကားဘီးအရာတွေကို မြင်ရပါတယ်။

လမ်းတည်ဆောက်ပုံရဲ့ချွတ်ယွင်း ချက်က လမ်းအကွေ့မှာ လမ်းဟာ ပြင်ညီအတိုင်းဖြစ်နေပါတယ်။ ကားကို အရှိန်နဲ့ကွေ့ရင် ကားဟာ အတွင်းဘက် ကိုစောင်းသွားတတ်တာမို့ အဲဒီအစောင်း နဲ့ လိုက်လျောညီထွေဖြစ်အောင် လမ်း ကိုစောင်းထားရပါမယ်။ ယာဉ်မောင်းရဲ့ အမှားက အမြန်နှုန်းနဲ့မောင်းနေရာက လမ်းကွေ့မှာ အရှိန်ကိုမလျှော့တာဘဲဖြစ် ပါတယ်။ အမှားနှစ်ခုအဆုံးမှာ ဝမ်းနည်း စရာ အသက်ဆုံးရှုံးမှုတွေကြုံလာရပါ တော့တယ်။

❑ ကိုယ်တွေ့မျက်မြင်ယာဉ်တိုက်မှု

ဒီဖြစ်ရပ်ကကြာခဲ့ပါပြီ။ ကျွန်တော် သထုံကနေ မော်လမြိုင်ကိုပြန်ဖို့ ခရီး သည်တင်ကားတစ်စီးရဲ့ ထိုင်ခုံတန်း နောက်ဆုံးမှာထိုင်လိုက်ခဲ့ပါတယ်။ လမ်း တစ်ဝက်လောက်မှာ ကုန်းလမ်းပို့ဆောင် ရေးက ကုန်ကားတွေ (၅) စီးလောက် တန်းစီပြီး ရပ်ထားတာနဲ့ဆုံပါတယ်။ ခရီး သည်ဆင်းဖို့ရှိတာနဲ့ ကျွန်တော်တို့ကား လည်း အဲဒီကားတန်းအနောက်မှာ ရပ်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါတယ်။

ခဏအကြာမှာ ကားအနောက်ဘက်ကနေ အသက် (၂၀) လောက်အရွယ် မိန်းကလေးတစ်ယောက် စက်ဘီးနင်းလာတာ တွေ့လိုက်ရတယ်။ အဲဒီမိန်းကလေးဟာ ကျွန်တော်တို့ကားနားအရောက် လမ်းလယ်ကို ရုတ်တရက် တွေ့အထွက်မှာ သူမျက်လုံးအစုံဟာ ပြူးသွားပြီး ပါးစပ်လည်းဟသွားပါတယ်။ နောက်ကျသွားပါပြီ။ မျက်နှာချင်းဆိုင်က အရွိန်နဲ့မောင်းလာတဲ့ ဟိုင်းလတ်ကားတစ်စီးဟာ မိန်းကလေးကို ဒုန်းဆိုဝင်တိုက်မိပါတော့တယ်။

ကားက ချက်ချင်းဘရိတ်အုပ်ပြီး လျှောထိုးရပ်လိုက်တဲ့အချိန်မှာ စက်ဘီးက လွင့်ထွက်သွားပါတယ်။ မိန်းကလေးက ကားစက်ခေါင်းပေါ် ကိုရောက်သွားပြီး ပြန်လိမ့်ဆင်းလာကာ ကတ္တရာလမ်းပေါ်မှာ ငြိမ်သက်နေပါတော့တယ်။ ကားပေါ် ကခရီးသည်ယောကျ်ား၊ မိန်းမအားလုံး ဘယ်သူမှကြည့်ရဲဘဲ မျက်နှာလွှဲနေကြပါတယ်။မိန်းမကြီးတစ်ယောက်က စပယ်ယာလေးကို -

"ဟဲ့ - ကောင်လေး၊ ကြည့်. . . ကြည့်စမ်းပါဦး။ အသက်မရှိသေးရဲလား"

လို့မေးတော့ သူက -

"ကျွန်တော်လည်းမကြည့်ရဲဘူး"

လို့ ပြန်ဖြေပါတယ်။

ဒီဖြစ်ရပ်မှာ မိန်းကလေးရဲ့အမှားက အရှေ့မှာ ကားတွေ တစ်သီကြီးခံနေတာကို ယာဉ်ကြောရှင်း၊ မရှင်း အရင်ကြည့်ဘဲ လမ်းလယ်ကို ရုတ်တရက်ထွက်လိုက်တာပဲဖြစ်တယ်။ကားရဲ့အမှားက ယာဉ်ကြောကျဉ်းနေတဲ့နေရာမှာ အရှိန်မလျှော့ဘဲမောင်းတာရယ်၊ တစ်ဖက်ယာဉ်ကြောမှာ ကားတွေခံနေတာကို သတိပေးဟွန်းမတီးဘဲ ဖြတ်မောင်းလာတာဖြစ်ပါတယ်။ ဒီဖြစ်ရပ်တွေမှာ နှစ်ဖက်စလုံးမဟုတ်တောင် တစ်ဖက်ဖက်က သတိရှိမယ်ဆိုရင် ဒီလိုအဖြစ်ဆိုးမျိုးတွေ တွေ့ရမှာ မဟုတ်ပါ။

❑ အရေးအကြီးဆုံးတရားနှစ်ပါး

ယာဉ်မတော်တဆထိခိုက်မှုဖြစ်မှာကိုကြောက်တဲ့ 'အသိတရား' ရှိထားရပါမယ်။ အသက်ပဲသေသေ၊ မသေလို့ကျီးမယ်၊ ကန်းမယ်၊ တစ်သက်လုံး ဒုက္ခိတဖြစ်မယ်ဆိုရင် ကိုယ်ရော မိသားစုပါ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်ကြရပါမယ်။ လူထိခိုက်မှုမရှိရင်တောင် ယာဉ်ပျက်စီးမှုဖြစ်မယ်။ အမှုအခင်းဖြစ်မယ်ဆိုရင်လည်း စိတ်ဆင်းရဲရတာပါပဲ။ ရှောင်လို့ရတဲ့ မတော်တဆထိခိုက်မှုကို ရှောင်နိုင်ရင် အကောင်းဆုံးပါ။

ရထားလာနေတာတွေ့နေပေမယ့် လွတ်မယ်အထင်နဲ့ ဖြတ်မောင်းလို့ ရထားလမ်းပေါ်မှာ ကန့်လန့်တင်ပြီး ရထားထိုက်ခံရတာမျိုးလည်း ကြားနေရပါတယ်။ ယာဉ်စည်းကမ်းအရ ကျော်တက်လို့မရတဲ့ ဇုန်းတက်၊ လမ်းအကွေ့တွေမှာ မဆင်မခြင်ကျော်တက်ကြတယ်။ အင်မတန်မှ အလောတကြီးနိုင်တတ်တဲ့ လူစိတ်နဲ့ ခေတ်ပေါ် ယာဉ်တွေရဲ့စွမ်းအားတွေဆုံမိတဲ့အခါ ယာဉ်မတော်တဆမှုတွေ နေ့စဉ်နဲ့အမျှ မြင်တွေ့ကြားသိနေရပါတယ်။ ယာဉ်မှာ ဘရိတ်ပါသလို လူစိတ်ကိုလည်း ဘရိတ်တပ်ရပါမယ်။ အဲဒီဘရိတ်ကတော့ သတိတရားပဲ ဖြစ်ပါတယ်။

ကျွန်တော့်မိတ်ဆွေ တက္ကသိုလ်ဆရာတစ်ယောက်နဲ့ မော်တော်ဆိုင်ကယ်စီးတဲ့အခါတိုင်း သူက နောက်ကျကျန်နေတတ်လို့ မေးကြည့်တော့ -

"ကျွန်တော်က (၃၅) ကီလိုထက်ပိုမမောင်းဘူး"

လို့ဆိုပါတယ်။

"ပုံမှန်လေးမောင်းလည်း အချိန်တန်တော့ ရောက်တာပါပဲဗျာ"

လို့ ဆက်ပြောပါတယ်။ အဲဒီလောက်အရှိန်နဲ့ဆို ဆိုင်ကယ်ကို ထိန်းသိမ်းရလွယ်သလို မတော်တဆထိခိုက်မှုဖြစ်ရင်လည်း သက်သာရာရပါမယ်။

ကားရော ဆိုင်ကယ်တွေပါ တစ်နေ့တခြား များပြားလာတာကြောင့် မြို့တွင်းမှာ ကားမောင်းရင် (၄၀)ကီလို၊ မြို့ပြင်နဲ့ အဝေးပြေးလမ်းတွေမှာ (၆၀) ကနေ (၈၀) ကီလိုအထိပဲမောင်းတာ စိတ်ချရတယ်လို့ တစ်နေရာမှာဖတ်လိုက်ရတယ်။ လမ်းရှင်းနေတာပဲဆိုပြီး လီဗာကိုစိတ်ကြိုက်နင်းရင် အန္တရာယ်ဆိုတာက မမြင်နိုင်တဲ့နေရာကနေ ရုတ်တရက်ဝင်လာတဲ့အခါ ထိန်းသိမ်းရတာ မလွယ် ဖော့ပါ။

နောက်မိတ်ဆွေတစ်ယောက်ကတော့ ဟိုင်းဝေးလမ်းမှာ ဆိုင်ကယ်ကို အရှိန်နဲ့မောင်းရင်း လမ်းချော်ပြီးမှောက်တာ သူဆောင်းထားတဲ့ဆိုင်ကယ်ဦးထုပ်အမာစားဟာ နှစ်ခြမ်းကွဲသွားပါတယ်။ ဦးထုပ်သာမဆောင်းထားရင် နေရာမှာတင်ပွဲချင်းပြီးမှာပါ။ နှစ်ဘီးတည်းနဲ့ပြေးသွားနေတဲ့ဆိုင်ကယ်ဟာ ဌက်ပျောခွဲ၊ ဖရဲသီးခွဲနှင်းမိထာနဲ့တောင် မှောက်တတ်တာမို့ ဦးခေါင်းနဲ့ကတ္တရာလမ်းဆောင့်ပြီး သေတာများပါတယ်။ ယာဉ်စည်းကမ်းအရ မောင်းသူရဲ့ထိခိုက်မှုကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဦးထုပ်ဆောင်းရမှာကိုမဆောင်းဘဲ ယာဉ်ထိန်းရဲတွေ လမ်းမှာစစ်ဆေးတဲ့အခါ မောင်းပြေးရတာကို ပျော်နေသူတွေလည်းရှိပါတယ်။

ဆိုင်ကယ်မတော်တဆမှုတွေမှာ ထိခိုက်မှုအများဆုံးက လူငယ်တွေဖြစ်ပါတယ်။ လူငယ်တွေဟာ ဟန်ပြချင်စိတ်၊ မခံချင်စိတ်၊ စနောက်ချင်စိတ်တွေများတာမို့ ဆိုင်ကယ်ကို အရှိန်နဲ့မောင်းတာ၊ စတန့်ထွင်ပြီးမောင်းတာ၊ အပြိုင်မောင်းတာ၊ ဆိုင်ကယ်စီးရင်း စနောက်ကြတာတွေကြောင့်တိုက်ကြမှောက်ကြပါတယ်။

ဆိုင်ကယ်စီး မိန်းကလေးတစ်ယောက်ကို လူငယ် (၄)၊ (၅)ယောက်က ဆိုင်ကယ်နဲ့လိုက်ပြီး စနောက်ကြတဲ့အခါ မိန်းကလေးကကြောက်လန့်ပြီး ထွက်ပြေးရာက ဆိုင်ကယ်မှောက်ပြီး သေရာပါတယ်။ ကိုယ့်ရဲ့အပျော်ကြောင့် တစ်ဖက်သားအသက်ဆုံးရှုံးရတာဟာ ဘယ်လိုမှမဖြစ်သင့်တဲ့ ကိစ္စတစ်ရပ်ပါ။ ဒါကို လူကြီးမိဘဆရာသမားတွေက သတိပေးထိန်းသိမ်းကြရပါမယ်။ facebook ပေါ်မှာ ဆိုင်ကယ်မတော်တဆမှုကြောင့် ရုပ်ပျက်ဆင်းပျက်သေပွဲဝင်နေကြတဲ့ပုံတွေ မမြင်ချင်မှအဆုံးဖြစ်ပါတယ်။

အခုခေတ်လူငယ်တွေ အသောက်အစားများတာ၊ မူးယစ်ဆေးဝါးသုံးစွဲကြတာကလည်း ယာဉ်မတော်တဆဖြစ်မှုတွေကိုတိုးလာစေပါတယ်။ ကျောင်းသားတစ်ယောက် (၁၀)တန်းကို ဂုဏ်ထူးတွေနဲ့အောင်တော့ သူပူဆာထားတဲ့အတိုင်း မိဘတွေက ဆိုင်ကယ်ဝယ်ပေးပါတယ်။ ဆိုင်ကယ်ဝယ်ပေးတဲ့နေ့မှာပဲ သူငယ်ချင်းတွေနဲ့ သောက်စားပြီးအပြန်မှာ ဓာတ်တိုင်နဲ့ဝင်တိုက်ပြီးသေပါတယ်။ မိဘတွေ ရင်ကွဲကြရတယ်။ ကားလောကမှာလည်း 'မူးရင်မမောင်းရ' ဆိုတဲ့ သတိပေးစကားကို သောက်တတ်သူတိုင်းက ကိုယ်နဲ့မဆိုင်ဘူးလို့ဘဲ ထင်တတ်ကြပါတယ်။

❑ အကုသိုလ်ကံဆိုးနဲ့ကြုံတဲ့အခါ

ကျွန်တော်တို့မြို့က သုံးဘီးဆိုင်ကယ်ဂိတ်တစ်ခုမှာဖြစ်ပါတယ်။ သုံးဘီးဆိုင်ကယ် (၄)၊ (၅)စီးလောက် ဂိတ်ထိုးထားတဲ့အချိန်မှာ လေတွေမိုးတွေကျလာလို့ အားလုံးမောင်းထွက်လာကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

စောစောလေးကမှ ဂိတ်ကိုမောင်းဝင်လာတဲ့တစ်စီးကတော့ စက်နှိုးလို့မရတာနဲ့ကျန်နေခဲ့ပါတယ်။ အဲဒီအချိန်မှာ ဝါယာရှော့ဖြစ်ရာက ဖြန်းခနဲ မီးပွားတွေပွင့်ပြီးပြုတ်ကျတဲ့ဓာတ်ကြိုးဟာ အဲဒီဆိုင်ကယ်အပေါ် တည့်တည့်ကိုကျလို့ ယာဉ်မောင်းဟာ ဓာတ်လိုက်ပြီးသေပါတယ်။

မြို့ကြီးတစ်ခုက ဆရာဝန်လင်မယားဟာ ဇာတိတောရွာမှာ အလှူလုပ်ဖို့ သားနဲ့သမီးကိုပါခေါ်ပြီး မနက်အစောကြီး ကားနဲ့ထွက်လာပါတယ်။ လမ်းမှာ လမ်းဘေးရပ်ထားတဲ့ သစ်တင်ကားကို ဝင်တိုက်မိတဲ့အခါ နောက်ခုံမှာအိပ်လိုက်လာတဲ့သမီးတစ်ယောက်ပဲ အသက်ရှင်ကျန်ပါတယ်။

လမ်းသွားရင်း သစ်ပင်ကျိုးကျတာနဲ့ တည့်တည့်ဆုံတာ၊ တံတားပေါ်ဖြတ်အမောင်းမှာ တံတားကျိုးကျတာစတဲ့တိုက်ဆိုင်မှုတွေဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးအမြင်နဲ့ပြောရရင်တော့ အတိတ်အကုသိုလ်ကံ အကျိုးပေးတာပဲဖြစ်ပါတယ်။ အတိတ်အကုသိုလ်ကံအကျိုးပေးကို ရတနာသုံးပါးဂုဏ်ကို အမှတ်ရခြင်းဘာဝနာက ဟန့်တားနိုင်တယ်ဆိုတာ ကျွန်တော်ကတော့ အသေအချာကို ယုံကြည်ပါတယ်။

❑ ဗုဒ္ဓဘာသာဝင်တို့ခရီးသွားခြင်း

ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေဟာ ခရီးထွက်တော့မယ်ဆိုရင် အိမ်က ဘုရားကျောင်းဆောင်မှာ ဘုရားရှင်ကို ရှိခိုးကန်တော့ကြပါတယ်။ မိဘဘိုးဘွားတွေရှိရင်လည်း သူတို့ကိုပါရှိခိုးကန်တော့ကြတဲ့အခါ သွားလေရာမှာ ခလုတ်မထိဆူးမငြိဘဲ အန္တရာယ်ကင်းဘေးရှင်းပါစေဆိုတဲ့ ဆုတောင်းမေတ္တာစကားကို ခံယူကြရပါတယ်။ ဘုရားရှိခိုးခန်းမှာရော ခရီးသွားနေတုန်းမှာပါ မြို့စောင့်နတ်၊ တောင်စောင့်နတ် စတာတွေကို မေတ္တာပို့ခြင်း၊ ဂုဏ်တော်ပရိတ်တော်တွေကို ရွတ်ပွားဆင်ခြင်ခြင်းစတာတွေဟာလည်း ခရီးသွားရာမှာ အနှောင့်အယှက်အဟန့်အတားထိခိုက်မှုတွေ အမှန်တကယ် ကင်းဝေးစေပါတယ်။

မဟာကပ္ပိနမင်းကြီးရွတ်ဆိုသော သုံးဂါထာ

ကျွန်တော်ကတော့ ကားပေါ်တက်လို့ ကားစက်နှိုးလိုက်တာနဲ့ လက်အုပ်ချီပြီး ဂါထာသုံးပုဒ်နဲ့ ရတနာသုံးပါး ဂုဏ်ကို အာရုံပြုရှိခိုးပါတယ်။ ဒီဂါထာတွေရဲ့နောက်ခံသမိုင်းကြောင်းကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။

ကုဋ္ဌာဠဝတီပြည့်ရှင် မဟာကပ္ပိနမင်းကြီးဟာ မြင်းသည်ကျော်လေးဦးကို စေလွှတ်ပြီး နေပြည်တော်ပတ်ဝန်းကျင်မှာ ရတနာသုံးပါးသတင်းကို စုံစမ်းဖို့နေ့တိုင်း စေလွှတ်ခဲ့ပါတယ်။ သတင်းကောင်းမရသဲ့ရှိနေခဲ့ချိန် တစ်နေ့မှာ မင်းကြီးဟာ အမတ်တစ်ထောင်ခြံရံပြီး ဥယျာဉ်တော်ကို မြင်းကိုယ်စီနဲ့ထွက်လာခဲ့တယ်။ လမ်းမှာ နေပြည်တော်နဲ့ယူဇနာ (၁၂၀) ကွာဝေးတဲ့ သာဝတ္ထိပြည်ကလာတဲ့ ကုန်သည်ငါးရာနဲ့တွေ့တယ်။

ကုန်သည်တွေက ပြောပြလို့ သာဝတ္ထိပြည်မှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ပွင့်ထွန်းကြောင်း ကြားသိရတဲ့အခါ မင်းကြီးဟာ ဝမ်းသာလွန်းလို့ ရတနာတစ်ပါး အသပြာတစ်သိန်းနှုန်းနဲ့ ဆုတော်ငွေအသပြာသုံးသိန်းကို ကုန်သည်တွေကို ပေးသနားပူဇော်လိုက်တယ်။

မင်းကြီးနဲ့ အမတ်တစ်ထောင်ဟာ အချင်းချင်းတိုင်ပင်ပြီး ရောက်နေတဲ့နေရာကပဲ ဘုရားရှင်ဆီသွားပြီး ရဟန်းပြုဖို့ဆုံးဖြတ်လိုက်ကြတယ်။ ဒီလိုနဲ့ သိန္ဓော မြင်းကိုယ်စီစီးပြီး သာဝတ္ထိပြည်ကိုထွက်လာတဲ့အခါ လမ်းမှာ မြစ်ကြီးသုံးစင်းနဲ့ဆုံပါတယ်။ မင်းကြီးဟာ ပထမမြစ်ကြီးကိုမဖြတ်ခင် ဘုရားဂုဏ်၊ ဒုတိယမြစ်ကြီးကိုမဖြတ်ခင် တရားဂုဏ်၊ တတိယမြစ်ကြီးကိုမဖြတ်ခင် သံဃာဂုဏ်တွေဖော်ကျူးတဲ့ တစ်ဂါထာစီကိုရွတ်ဆိုပြီး မြင်းတွေနဲ့အတူဖြတ်ကူးတဲ့အခါ မြင်းခွာဖျားတွေကိုတောင် ရေမစိုဘဲ ဖြတ်ကူးနိုင်ခဲ့ကြပါစာ့ယ်။

❑ ဘဝသောတံ ဟဝ ဗုဒ္ဓေါ။
တိဏ္ဏော လောကန္တဂူ ဝိဒူ။
(တိန်နော) (လော့ကန်တဂူ)
ဧတေန သစ္စဝဇ္ဇေန (သစ်စဝစ်ဇေန)

ဂမနံ မေ သမိဇ္ဈတု (သမိတ်ဇတု)။
(မြတ်စွာဘုရားရှင်သည် ဘဝသုံးသွယ် ရေပြင်ကျယ်ကို ကူးမြောက်တော်ပြီး၍ ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူကာ လောက၏အဆုံးသို့ ရောက်တော်မူလေပြီ။
ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ ခရီးသည် ချောမောအဆင်ပြေပါစေသတည်း။)

❑ ယဒိ သန္တိဂမော မဂ္ဂေါ။
ဓမာက္ကောစစ္စန္တိကံ သုခံ။
(မောက်ခေါစစ်စန်တိကန်)
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။
(အရိယာမဂ်လေးပါးသည် နိဗ္ဗာန်ထုတ်ချောက်သို့ရောက်စေနိုင်၏။ အရိယာမဂ်ဖြင့် ရောက်အပ်သော နိဗ္ဗာန်တရားတော်မြတ်သည်လည်း ချမ်းသာစင်စစ်ဧကန်ဖြစ်၏။
ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ခရီးသည် ချောမောအဆင်ပြေပါစေသတည်း။)

❑ သံယော ဝေ တိဏ္ဏကန္တာရော၊
ပုဉ္ဇက္ခေတ္တော အနုတ္တရော။
(ပုညက်ခစ်တော အနုတ်တရော)
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။ ။
(အရိယာ သံဃာတော်မြတ်သည် စင်စစ် သံသရာခရီးခဲကို ကူးမြောက်ပြီးဖြစ်တော်မူ၏။ အတုမရှိလွန်မြတ်ဘိသော ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်ပါပေ၏။
ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ ခရီးသည် ချောမောအဆင်ပြေပါစေသတည်း။ ။)

စာဖတ်သူများ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် သွားလေရာ ခလုတ်မထိ ဆူးမငြိဘဲ အန္တရာယ်ကင်း ဘေးရှင်းကြပါစေ။

ဓမောဇ္ဇဉ်ဘွဲ့(မောရေ)

ရည်ညွှန်း -

ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွား ရေဦးစီးဌာန၊ ၁၉၉၂ (ပထမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ကြီးမားတောင်လို အလှစိမ်းရောင်စို
မြစိမ်းတောင်ညို အဝိဇ္ဇာန်ခရီး

တင်တင်ဦး(ပေါင်းတည်)

ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဧပြေလ သင်္ကြန်အကြိုနေ့တွင် ခင်ပွန်းသည်၏ ဝယ်သူငယ်ချင်းဖြစ်သူ ဒေါက်တာ ဦးဆောင်အောင်ရွှေ(သုတေသီ) ဦးဆောင်အပြင် သာယာဝတီ သုံးဆယ်မြို့ အရှေ့ဘက်(၇)မိုင်ခန့်ဝေးသော မြစိမ်းတောင်ညိုသို့ အဓိဋ္ဌာန်ဘုရားဖူးခရီးထွက်ခဲ့ပါသည်။ ဘုရားဖူးအဖွဲ့တွင် ဦးတင်အောင်ရွှေ၏ညီဖြစ်သူ ဦးမောင်လွင်၊ ဒေါ်ညိုညိုသန်း၊ စာရေးဆရာ ဦးဘုန်းမြင့်သွေး၊ (ဗိုလ်မြသွေး၏သား) ဦးဖေခက်၊ ရွှေနေဦးမောင်မောင်စိုး၊ ဦးဝင်းကို အကယ်ဒမီ(ဂီတမှူး)တို့ ဘုရားဖူးအဖွဲ့ဝင်များနှင့် မိသားစု စသည်တို့ ပါဝင်ပါသည်။ မြစိမ်းတောင်ညိုသို့ ဦးတင်အောင်ရွှေအနေဖြင့် နှစ်စဉ် အဓိဋ္ဌာန်မပျက် သွားရောက်၍ တရားအားထုတ်လျက်ရှိပါသည်။ (၁၉) နှစ်ခန့်ရှိပြီ ကျွန်မတို့လိုးမောင်နှံမှာလည်း သုံးနှစ်ကာလထိ နှစ်စဉ်လိုက်ပါဖြစ်ခဲ့ပါသည်။

သင်္ကြန်အကြိုနေ့ နံနက်စောစော အချိန် ရန်ကင်းမှ ခရီးစတင်ထွက်ခွာပြီး နှစ်ဆန်းတစ်ရက်နေ့ နံနက်စောစောမှ ရန်ကုန်မြို့သို့ပြန်လာကြစမြဲဖြစ်ပါသည်။

ကျွန်မတို့သွားရောက်ခဲ့သောခရီးစဉ်မှာ ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့ ပန်းဆွဲလမ်းမကြီးမှတစ်ဆင့် တောင်ကျပ်ချောင်းရွာ၊ တောင်ပန်းဆွဲရွာ၊ မလဲကုန်းရွာ၊ လက်ပံကုန်းရွာ၊ ကျေးလူးရွာ၊ စည်ပင်ရွာ၊ ဂဠုန်လိုက်ရွာ၊ သိုက်တောရွာ၊ သဲဖြူရွာ၊ ရွာသာယာမှတစ်ဆင့် မြစိမ်းတောင်ညိုတောရစခန်းသို့ သွားရောက်ရသောခရီးစဉ် ဖြစ်ပါသည်။



ရွှေစေတီ ဆရာစံ အဓိဋ္ဌာန်ဝင်စေတီ



ဦးခရိုက တည်သည့် '၀' စေတီ (ကျွဲပုံသဏ္ဌာန်)

www.burmeseclassic.com

www.burmeseclassic.com

အခြားလမ်းကြောင်းတစ်ခုမှာကား ရန်ကုန်တိုင်းဒေသကြီးမှလာလျှင် ရန်ကုန်-ပြည်လမ်းမကြီးဘေးရှိ ဥက္ကံမြို့ ဦးပိုင်သကြားစက်လမ်းဖြစ်ပြီး မြစိမ်းတောင်ညိုတောရသို့ သွားရောက်နိုင်ပါသည်။ ခရီးလမ်းတစ်လျှောက်တွင် သကြားစက်၊ ကျွန်းတောကုန်း၊ ကောက်ကွေးတန်း၊ ပန်းပင်တန်း၊ စပါးကြီးအိုင်၊ ဘုရားပြိုရွာ၊ သဲကုန်း၊ သင်အင်း၊ စလူဝိုင်၊ အင်ကြင်းမြို့ စသည့်ကျေးရွာများကို ဖြတ်သန်းရပါသည်။

ကျွန်မတို့သည် နံနက်စောစော သုံးဆယ်မြို့အဝင် ဈေးကြီးတွင် ဆန်၊ ဆီ၊ ငရုတ်၊ ပဲ၊ ကြာဆံများ အပါအဝင် သက်သက်လွတ်မီးဖိုချောင်သုံးဟင်းလျာများ ကြိုတင်ကာဝယ်ယူလေ့ရှိပါသည်။ ထို့ကြောင့် သုံးဆယ်မြို့မှတစ်ဆင့် တောင်ညိုသို့ သွားရောက်သောလမ်းကို ရွေးချယ်ကြပါသည်။ မြစိမ်းတောင်ညိုဒေသခံဆရာတော်နှင့်အဖွဲ့က စတုဒိသာဟင်းလျာများဖြင့် ကျွေးမွေးသော်လည်း သက်သတ်လွတ်စားကြသဖြင့် ဈေးဝင်ဝယ်ရခြင်း ဖြစ်ပါသည်။ တောင်ပေါ်သို့ ရောက်လျှင် သုက်သတ်လွတ်စားလိုသူများ ကျွေးမွေးရန် မိမိတို့အစီအစဉ်ဖြင့် နံနက်စောစော အရုဏ်မတိုင်မီချက်ပြုတ်ရသည့်အတွက် အလွန်ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှပါသည်။ လိုအပ်သည့် ထင်း၊ ရေ၊ အိုးခွက်၊ ပန်းကန်စသည်တို့ကို ဆရာတော်နှင့် ဂေါပကအဖွဲ့ထံမှ အလွယ်တကူ ထုတ်ယူသုံးစွဲနိုင်ပါသည်။

သက်သတ်လွတ် မစားလိုပါက ဘုန်းတော်ကြီးကျောင်းမှ ကျွေးမွေးသောထမင်းနှင့် ဟင်းများကို အချိန်မရွေးသွားရောက် သုံးဆောင်နိုင်ပါသည်။ မြစိမ်းတောင်ညိုတောရတွင် ခြေလေးချောင်းသားခွင့်မပြုပါ။ အရက်နှင့်သားကြီးငါးကြီးများ ချက်ပြုတ်စားသောက်ခြင်းမှ ရှောင်ကြဉ်ရပါသည်။

လမ်းခရီးတွင် တစ်ဦးနှင့်တစ်ဦး ထွေရာလေးပါး စကားစမြည်ပြောလာရာမှ သုံးဆယ်၊ သာယာဝတီ၊ ပေါင်းတည်ပြည်ဒေသများအကြောင်း စကားလမ်းကြောင်းပြောင်းသွားခဲ့ပါသည်။

ထို့စဉ် -

"အန်တီပြုံး၊ အန်တီက ပေါင်းတည်သူနော်၊ ဟိုးတစ်နှစ် တောင်ညိုကို လာစဉ်ကပြောဖူးတဲ့ အန့်တီဖေဖေအကြောင်း ထပ်ပြောပြပါလားဟင်။ တချို့က နားမထောင်လိုက်ရဘူးလေ"



ဖားဆုရား (ဓိုဝ်ဒေတီ) (မြစိမ်းတောင်)

ကျွဲပုန်းတောင် ကျွဲမင်းရုပ်တုဂူ

www.burmeseclassic.com

www.burmeseclassic.com



ပန်းစားဘီထူးညီနောင်၊ (တောင်ညီတော၊ မြစိမ်းတောင်ညီ)



'မြ' ကောင်းမှုတောင်းတန်းတက်နေစဉ်

"ဘယ်အကြောင်းလဲညီညီရယ်၊ အန်တီပြောခဲ့တာကများတော့ ဘာကို စပြီးပြောရမှာလဲနော်"

"ဟိုးအရင် လက်နက်ကိုင်အဖွဲ့က အန်တီဖေဖေကို ရတနာပစ္စည်းတွေပေးခဲ့တာလေ၊ အဲဒါ ငြင်းလိုက်တာယ်ဆို"

"ဪ-သိပါပြီ ညီညီရယ်၊ ပြောပြပါ့မယ်"

"ပြည်တွင်းမငြိမ်သက်တဲ့ကာလပေါ့ကွယ်။ ဖေဖေကို ရဲဘော်ဖြူခေါင်းဆောင် ဗိုလ်ကွင်းဇော်က သူ့ရဲဘော်လေးတွေလွှတ်ပြီး စခန်းကိုခေါ်ခဲ့တယ်တဲ့။

အဲဒီဗိုလ်ကွန်းဇော်နဲ့ မိုးချစ်တော်လှန်ရေးသမားအချို့ကို ဖေဖေက ဂျပန်ခေတ်အတွင်း တော်လှန်စဉ် ဂျပန်လက်ထဲ ကလွတ်အောင် ကယ်တင်ခဲ့ပြီး ဗိုလ်သီဟန် (ယခင် နိုင်ငံခြားရေးဝန်ကြီး) ထပ်ကိုပို့ပေးခဲ့တဲ့ကျေးဇူးကို ဗိုလ်ကွန်းဇော်က မမေ့ဘူးတဲ့ကွယ်၊ အဲဒီအချိန်မှာ ဗိုလ်ကွန်းဇော်က မြို့တွေသိမ်း၊ ငွေတိုက်တွေဖောက်ပြီးတဲ့အချိန်ပေါ့။

သူတို့စခန်းကို ဖေဖေရောက်သွားတော့ ဗိုလ်ကွန်းဇော်ကရတနာမျိုးစုံကိုပြတယ်။ပေးလည်းပေးတယ်။ ဦးလေးကြိုက်သလောက်ယူသွားပါ။ ကျေးဇူးဆပ်တာပါလို့ပြောတယ်"

"အဲဒီ ဘာကြီးက ယူခဲ့သလားအန်တီ"

ယခုမှ နားထောင်ဖူးသူ သီတာကမေးလိုက်ပါသည်။

"အေး - အဓိကအချက်ကအဲဒါပဲပေါ့။ ဖေဖေကလုံးဝငြင်းတယ်။ ထပ်ကာထပ်ကာပေးတယ်။ ထပ်ကာထပ်ကာငြင်းတယ်။ နောက်တော့ ငါးသုံးလုံးစီးကရက်သံဘူးကလေးတစ်ဘူးပဲယူခဲ့တယ်။ ဒါတောင် သူတို့ငြိုငြင်မှာစိုးလို့တဲ့လေ။

မေမေ ဒေါ်တင်လှက အကျိုးအကြောင်းသိရတော့ -

စုပေါင်းထမင်းချက်စို

'ဘာဖြစ်လို့မယူခဲ့တာလဲ ကိုဘဦးရယ်'

လို့မေးတယ်တဲ့။

ဖေဖေပြန်ပြောခဲ့တဲ့ စကားလေးကို အခုအချိန်အထိ ကိုယ်ကိုယ်တိုင်ကြားခဲ့ရသလိုခံစားပြီး မှတ်လည်းမှတ်သားထားလိုက်တယ်။ အဲဒီအချိန်က အန်တီပြုံး မမွေးသေးဘူးလေ။ ဒီလိုပဲ တစ်ဆင့်တစ်ဆင့်ကြားခဲ့ရတာပေါ့။

ဖေဖေက မေမေ့ကိုပြန်ပြောလိုက်တယ်။

'မတင်လှ၊ အဲဒီပစ္စည်းတွေကို လိုချင်သလောက် ယူလို့ရမှန်းသိတာပေါ့ကွယ်။ ဒါပေမယ့် အဲဒီပစ္စည်းတွေမှာ ပိုင်ရှင်ရှိတယ်ကွယ့်၊ အဲဒါကြောင့် မယူခဲ့တာလို့' ပြောခဲ့တယ်။

ကျွန်မတို့အဖွဲ့ စကားကောင်းနေစဉ်မှာ ကားမောင်းသူက သုံးဆယ်မြို့ စျေးဖက်သို့ ကားလေးကိုချိုးကွေ့မောင်းနှင်လိုက်ပါသည်။

သို့နှင့် သုံးဆယ်မြို့ ကားလမ်းမဘေးရှိထမင်းဆိုင်မှ ထမင်းဟင်းများကို မိမိတို့နှစ်သက်ရာမှာယူပြီး သုံးဆောင်ကြပါသည်။ ကုန်ကျငွေကို ဦးတင်အောင်ရွှေကပင် ကျခံပါသည်။

လိုအပ်သည့် မီးဖိုချောင်ဆိုင်ရာ ပစ္စည်းများ ဝယ်ခြမ်းပြီး တောင်ညီနှင့်သို့ ဆက်လက် ခရီးထွက်ခဲ့ကြပါသည်။ လမ်းခရီးမှာ မြေလမ်းဖြစ်သဖြင့် တစ်ခါတစ်ရံ ဖုန်များလွင့်ပါလာသည်မှအပ အဆင်ပြေလှပါသည်။ နှစ်ချို့ကုန်ကျပင်ကြီးများနှင့် အခြားသစ်ပင်ကြီးများက လမ်းဘေးတစ်ဖက်တစ်ချက်တွင် အရိပ်သဖွယ်ပေါက်ရောက်နေမှုကြောင့် အခ်ိ

www.burmeseclassic.com

www.burmeseclassic.com

နဲ့ နောက်ဦးလင်းတော့ ကျွန်တော်တို့ ရွာသားတွေစုပြီး ဆရာတော် သီတင်းသုံးရာကျောင်းကိုသွားကြတယ်။ တောင်ညိုတောင်ပေါ် တက်ကြည့်တော့ စိန်ဖူးတော်မရှိတော့ဘူးဗျာ။ အဲဒီတော့မှ ညက သူခိုးတွေလာတာကိုးလို့ သိလိုက်ရတယ်။ ဒါပေမယ့် မကြာပါဘူး။ သူတို့သုံးယောက်ကိုဖမ်းမိတော့ သူတို့ပြောတာ ကြားရတာ ကြောက်စရာကြီးပါဗျာ"

"ဘယ်လိုဖြစ်လို့လဲ ဦးအေးသောင်းရဲ့"

ဦးမျိုးဝင်းက စကားထောက်လိုက်ပါသည်။

"သူတို့ ဘုရားပေါ်ကို ကုတ်ကပ်တက်ပြီး စိန်ဖူးတော်ကို ဖြုတ်တယ်တဲ့။ အဲဒီမှာ နှေးကာလကတည်းက ပတ္တမြားကြီးကိုပါလျှထားတာကို အလှူဒကာက တော့မသိဘူး၊ ပတ္တမြားကြီးက နဝရတ်ကိုးသွယ်ရံထားပြီး ကြယ်ပုံစံ ရွှေနဲ့ ကွပ်ထားတယ်လို့ ကြားဖူးတာပဲ။

ကျွန်တော်တို့ ရွာသားတွေ ဘုရားရင်ပြင်အောက်ခြေမှာ သေသေချာချာရှာကြည့်တော့ အဲဒီပတ္တမြားကို ပြန်တွေ့လို့ ဆရာတော်ကို ကပ်လိုက်တယ်။ ဆရာတော်ကလည်း ဒီပတ္တမြားဟာ ပြည်တန်ပတ္တမြားဖြစ်တယ်။ ရန်များတယ်လို့ဆိုပြီး မြစိမ်းတောင်ညိုက ဘုရားတစ်ဆူမှာ ဌာပနာလိုက်တယ်လေ။

အဲ-ဇ်ကားလမ်းကြောင်းသွားပြန်ပါပြီ။ ခုနသူခိုးတွေပြေးတာကို ပြန်ပြောပြပါမယ်။

သူတို့ဘုရားပေါ်က စိန်ဖူးကို ဖြုတ်နေတုန်း မိုးကြိုးပစ်၊ လျှပ်စီးလက်၊ မိုးရွာတော့တာပါပဲ။ ဒါပေမယ့် မရမက တက်ဖြုတ်တော့ ဧရာမလက်ကြီးနှစ်ဖက်ပေါ် လာပြီး သူတို့ကိုတွန်းချလိုက်တယ်။ တလိမ့်ခေါက်ကွေးကျတာပေါ့။ ဘုရားမြေပေါ်မှာ နှင်တို့အလောင်းတွေမရှိစေချင်လို့ အသေမသတ်တာ၊ သွားကြဆိုတဲ့ အသံအောအောကြီးကို ကြားလိုက်ပါတယ်။ နောက်တော့ ဘယ်လိုသတ္တဝါတွေလဲ မသိဘူး၊ မည်းမည်းအရိပ်တွေပဲ မြင်ရတယ်။ အနောက်ကလိုက်တော့ မနည်းအသက်လုပြေးရတာ။ နောက်တော့ ရဲကိမိတာပါပဲဗျာ"

နေ့လယ်စာစားပြီးချိန် တစ်ရေးတစ်မောအိပ်စက်ကြပါသည်။ ညနေ ရေးနာရီခန့် ရေချိုးကြပါသည်။ ဘုရားပတ်မတက်မီ ဓမ္မာရုံထဲ၌ ဦးမြင့်ကြိုင်၊ ဦးအေးသောင်းနှင့် အခြားရွာသားများ အပါအဝင် ကျွန်မတို့အဖွဲ့ စုဝေးစကားပြောဖြစ်ပါသည်။

"ဦးအေးသောင်းက ဗဟုသုတအတော်စုံတယ်။ ဦးမြင့်ကြိုင်လိုပေါ့။ ရှေ့မီနောက်မီဆိုတော့ ထူးထူးဆန်းဆန်း လေးများကြုံခဲ့ဖူးပါသလားရှင်၊ ပြောပြပါလား"

"ဟာ - ဆရာမကြီးကလည်း ထူးဆန်းတာတွေရှိတာပေါ့။ အများကြီးထဲက အဖြစ်အပျက်နှစ်ခုကိုပဲ အရင်ပြောပါ့မယ်။

ပထမအချက်က ဆရာတော် ဦးဓမ္မိကနဲ့ဆိုင်တယ်ဗျာ။ တစ်ညနေမှာဗျာ။ပက်လက်ကုလားထိုင်ပေါ်မှာ ဆရာတော်ကထိုင်နေတယ်။ ကျွန်တော်အပါအဝင်ရွာသားအချို့ကလည်း ဆရာတော်ရှေ့မှာ ဝတ်ပြုရင်း ထိုင်နေကြတာပေါ့။

အဲဒီအချိန်မှာ ဆရာတော်ရဲ့ ခြေထောက်တွေ၊ လက်တွေက တဖြည်းဖြည်းချင်း အပေါ်မြောက်သွားလိုက်၊ ပြန်ကျလိုက်နဲ့ ဖြစ်နေတာဗျာ။

ကျွန်တော်တို့က ဆရာတော်ဘုရား ဘာဖြစ်တာပါလဲဘုရားလို့လျှောက်ထားတော့ 'မင်းတို့သေချာကြည့်လေကွာ' လို့ မိန့်တယ်။ အဲတော့ သူကိုမြင်တော့တာပါလား။ ဧရာမဘီလူးကြီးတစ်ကောင်က ဆရာတော်ခြေတွေ၊ လက်တွေကို သူ့လက်ကြီးတွေနဲ့ ဖြည်းဖြည်းချင်းနှိပ်နေတာကိုး။ လက်ပဲမြင်ရတယ်။ ခန္ဓာကိုယ်နဲ့ ခေါင်းကတော့ ကျောင်းခေါင်မိုးမှာရှိမှာပေါ့"

"ဦးလေးမကြောက်ဘူးလား"

ညီညီသန်းက လှမ်းမေးလိုက်ပါသည်။

"ကြောက်လွန်းလို့ လှုပ်တောင်မလှုပ်ရဲဘူးဟေ့"

ဟု ပြောကာ ရယ်မောလိုက်ပါသည်။

"နောက်တစ်ခုကကော ဦးလေး"

သီတာလှမ်းမေးလိုက်ရာ ဦးအေးသောင်းက -

"အဲဒါလည်းထူးဆန်းတာပဲကွယ်။ ကိုယ်တွေ့မို့သာပြောရဲတာ သူများပြောရင် ယုံချင်မှယုံမှာပါပဲ"

အရင်တုန်းက ကျွန်တော်က ရဝတအဖွဲ့ဝင်တစ်ဦးပါဗျာ။ တစ်နေ့ ဆရာတော် ဦးဓမ္မိကဆီမှာ ဝေယျာဝစ္စလုပ်နေရင်း၊ မိုးချုပ်သွားတယ်။ ဆရာတော်က 'ဒကာကြီး၊ ခဏနေဦး။ တော်ကြာမှပြန်' လို့ မိန့်တယ်။ ကျွန်တော်က ဆရာတော်ဘုရား၊ မှောင်လည်းမှောင်နေပြီမို့ အိမ်ကိုစိတ်မချလို့ပြန်ပါရစေဘုရား၊ မနက်စောစောပြန်လာပါ့မယ်လို့လျှောက်တယ်။

အဲဒါနဲ့ အောက်လင်းဓာတ်မီးကိုကိုင်ပြီး တောင်ပေါ်ကဆင်းလာတယ်။ သမီးတို့သိတဲ့အတိုင်းပဲ တောင်နဲ့ အုတ်တံတိုင်းကြားမှာ မြေကွက်အကျယ်ကြီးရှိတာလေ။အဲဒါကျော်မှ အိမ်ကိုရောက်မှာ။ တောင်ပေါ်က ဆင်းလည်းဆင်းလာရော တဖြည်းဖြည်းနဲ့ကြောက်လာတယ်။ ဘာလို့ကြောက်မှန်းလဲမသိဘူး၊ ကြောက်နေတာပဲ။ စဉ်းစားကြည့်လေ၊ တောခေါင်ခေါင်မှာ ကျွန်တော်တစ်ယောက်တည်း မီးအိမ်လေးရဲ့ အလင်းရောင်ပဲရှိတယ်။ အားလုံးက မှောင်နေတာ။ ခါတိုင်းတော့ သွားနေကျမို့ မထူးခြားပေမယ့် အခုကျတော့ ကြောက်လာတယ်။ တောင်ခြေလည်းရောက်ရော ဒီကောင်ကြီးက ကျွန်တော်ရှေ့မှာ ဖြုန်းခနဲရောက်လာပါလေရော"

"ဘယ်သူလဲဟင် ဦးလေးသောင်း"

အဖွဲ့ထဲမှ တစ်ယောက်ကဝင်ပြောလိုက်သည်။ ကျွန်မတို့အားလုံးကလည်းသိချင်နေပါသည်။

"အဲဒီအကောင်ကြီးဆိုတာ ဧရာမဘီလူးကြီးကိုပြောတာပေါ့ဗျာ"

"ဟုတ်ရဲ့လား ဦးလေးရယ်၊ အခုခေတ်မှာ ဒါမျိုးတွေမရှိနိုင်ဘူးနော်။ ဦးလေးစိတ်ချောက်ချားသွားလို့ဖြစ်မှာပါ"

"တကယ့်ဘီလူးပါကွာ၊ ဒီတောင်ကို ဘီလူးညီနောင်စောင့်ရှောက်နေတယ်။ တောင်ပေါ်က ရုပ်တု (၂) ဆူကိုလည်း မင်းတို့မြင်ဖူးမှာပေါ့။ ဒီကောင်တွေက ပန်းစားဘီလူးဆိုပေမယ့် မဟုတ်တာလုပ်ရင်တော့ မညာဘူး"

"ဆက်ပြောပါ ဦးလေး ဦးအေးသောင်းရယ်၊ ဘာဖြစ်သွားသလဲ"

"ဒီကောင်ကြီးက ကျွန်တော်ရှေ့မှာရပ်နေတော့ ကျွန်တော်က မီးအိမ်လေးကို ကိုင်နေရင်းက 'ဟေ့ကောင်ကြီး ငါ မင်းကို ဘာမှမလုပ်ဘူးနော်။ ငါ့ကိုလည်း ဘာမှမလုပ်နဲ့လို့ ပြောလည်းပြော၊ နောက်ကိုလည်း တဖြည်းဖြည်းဆုတ်ပြီး သူနဲ့ဝေးအောင်နေရတာပေါ့။ ကြောက်ကြောက်နဲ့ သူကိုမော့ကြည့်လိုက်တော့ ဘသားချောက မိုးထက်မော့ကြည်နေတယ်လေ။ သူမျက်နှာကို မတွေ့ရဘူး၊ လက်ကိုပိုက်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com

သေးတယ်။ အတော်ကို ကြီးတယ်ဗျာ၊ ခြိုးခြိုးလှုပ်ထက် သုံး၊ လေးဆလောက်ပို တယ်။ ဝတ်ထားတာကတော့ ဇာတ်ပွဲ တွေမှာတွေ့ရသလိုပဲ။ ဒါပေမယ့် အရောင် စာလက်လက်တောက်ပနေတယ်ဗျာ။ ဘယ်လိုဝတ်စုံမျိုးလဲမသိဘူး။ ငှဲ့မှားကြည့် ရင် ဒီနေရာမှာတင် သေပြီ။

နောက်တော့ ရွာဘက်ကိုမပြေးရဲ တစ်မည်လစ်ခဲ့ရတယ်။ အိမ်ရောက် ဆော့မှ တောထဲကလူတွေ ကျွန်တော့်ကို ထာရွာတယ်ဆိုတာ ကြားရတာပဲ။ ခင်ဗျားခေါ်ဖို့ပေါ့၊ မတွေ့တော့ ဆဲဆိုပြီးပြန် ထွက်သွားတယ်တဲ့။

အဲတော့မှ ဆရာတော်ကြီးတား ထာရော၊ ဘီလူးတားတာရော သဘော ပေါက်ပြီး ကျေးဇူးတင်လိုက်တာဗျာ"

ကျွန်မတို့အဖွဲ့ တောင်ပေါ် သို့ ပြန် သွားပြီး ဘုရားဖူး၊ ပုတီးစိပ်၊ တရားထိုင် ထာ တစ်နေ့တာကုန်ဆုံးစေပါသည်။

ဘုရားရှိခိုးပြီးကြသည့် နံနက်ပိုင်း အချိန်မှာ ဦးအေးသောင်းက ကျွန်မတို့ အဖွဲ့ တည်ခိုရာ တိုက်ဇရပ်သို့လာပြီး မှတ်သားစရာတစ်ခုကိုပြလိုသောကြောင့် လိုက်ခဲ့ပါဟုခေါ်ရာ ကျွန်မတို့အဖွဲ့သား များ တောင်ညိုတောင်၏ အထက်မှခံဦး နတ်လမ်း(စောင်းတန်း)ပေါ် သို့သွားခဲ့ကြ ပါသည်။

စောင်းတန်းအထက်နားရှိ -

"အဲဒီ ဆိုင်းဘုတ်ကို ကြည့်ပါဦး၊ ဘာများထူးခြားသလဲဆိုတာ နောက်မှ မြောပါ့မယ်"

ဆိုင်းဘုတ်ကိုမော့ကြည့်လိုက်ရာ 'မြကောင်းမှု' ဟူသည့် စာတန်းလေးကို တွေ့ရပါသည်။

"ဒီနတ်လမ်းတစ်ခန်းရဲ့အလှူရှင်က 'မြ' ဆိုတာလား ဦးလေး"

"ဟုတ်တယ် ညိုညိုရေ၊ ဒီတောင် တို့စောင့်ရှောက်နေတဲ့ မြစိမ်းမယ်တော် ကြီးရဲ့ကောင်းမှုပေါ့"

"ဘာကြောင့် အတိအကျပြောနိုင် ရတာလဲဟင်"

"ဆရာတော်ဦးဓမ္မိက မရောက် ခင်နှစ်အတော်ကြာတုန်းက ဦးကော သလ္လဆိုတဲ့ဆရာတော် သိတင်းသုံးခဲ့ဖူး တယ်။ တစ်နေ့တော့ ဆရာတော်ထံကို အဘွားကြီးတစ်ယောက်လာပြီး ဖူးမြော် တယ်။ အသက်ကြီးပေမယ့် အတော်လှ တယ်ဆိုပဲ။ အဘွားကြီးက ဆရာတော် ဘုရား တပည့်တော်အတွက် နတ်လမ်း တစ်ခန်းအလှူတစ်ခုလုပ်ပေးတော်မူပါ ဘုရားလို့ပြောပြီး ရှေ့ကထွက်သွားတယ် တဲ့။ ဆရာတော်လည်း မလှမ်းမကမ်း လိုက်သွားတာပေါ့။ တောင်အထက်နား မှာ မြေကြီးပေါ်ကို တစ်ခုခုချလိုက်တာ မြင်လိုက်ရတယ်။ ပြီးတော့ ချက်ချင်း ပျောက်ကွယ်သွားတယ်တဲ့။

ဆရာတော်က အဲဒီနေရာကို ရောက်လို့ ငုံကြည့်လိုက်တော့ လက် ကောက်ကျိုးလေးကို မြင်လိုက်ရတယ်။ လက်သမားတွေကိုခေါ်ပြီး နတ်လမ်း တစ်ခန်းစာဘယ်လောက်ကုန်မလဲဆိုတာ မေးပြီး ကုန်ကျစရိတ်ကို မှတ်ထားလိုက် တယ်။ သုံးဆယ်မြို့ထဲမှာ သွားရောင်း ခိုင်းတော့ (၃၁၈) ကျပ် ရတယ်တဲ့။ ထူးဆန်းတာက လက်သမားတွေတွက် တဲ့စရိတ်ငွေနဲ့ လက်ကောက်အပိုင်းအစ ရောင်းရငွေဟာ (၃၁၈)ကျပ်တူနေတယ်။ တကယ်ဆောက်တော့လည်း အတိအ ကျပဲကုန်တယ်လို့ဆိုပါတယ်"

ကျွန်မတို့မှာ သူတော်ကောင်း များ၏စိတ်စေတနာကို အလွန်အံ့သြ မိပါသည်။

နောက်တစ်ရက် နေ့လယ်စာစား ပြီးနောက် ရွာထဲရှိ ဦးမြင့်ကြွေအိမ်ကို သွားရောက် လည်ပတ်ကြရာ ကော်ဖီ နှင့် မုန့်မျိုးစုံတို့ဖြင့် ဧည့်ခံပါသည်။ ထို့နောက် ဦးမြင့်ကြွေက ကျွန်မတို့ ရောက်နေကြောင်းကို သတင်းပို့လိုက် သဖြင့် ဦးအေးသောင်း ရောက်လာပါ သည်။

ထုံးစံအတိုင်း စားသောက် စကား ပြောနေစဉ် တောစပ်မှာ .ဆင်ရိုင်းတစ် ကောင်ရောက်လာရာ ဒေသရှိ ဆင်ယဉ် များဖြင့် တောထဲကို မောင်းထုတ်လိုက် ရကြောင်း လာပြောပါသည်။

ကျွန်မကလည်း ခင်ပွန်းသည် အလုပ်လုပ်ရာ မော်ဘီမြို့အသွားမှာ ကားပေါ် မှကြားခဲ့ရသော သတင်းတစ်ခု ကို ပြန်လည်ပြောဆိုမိပါသည်။တိုက်ကြီး မြို့အစပ်မှ ကျွဲခြံထဲသို့ ကျွဲများလွတ် ကျောင်းရာမှ အိမ်ပြန်လာကြရာ ထိုကျွဲ အုပ်စုထဲတွင် ဆင်ပေါက်ကလေးတစ် ကောင်ရောညပ်ပါလာကြောင်း ခရီးသည် အချင်းချင်းပြောသံကြားခဲ့ရပါသည်။

ထိုအခါ ဦးအေးသောင်းက -

"ဆင်ယဉ်ဆိုလို့ ကျွန်တော်သိတဲ့ သစ်ဆွဲဆင်လေး ကျော်ဟိန်း အကြောင်း ကို ပြောချင်ပါတယ်"

ဟု ဆိုပါသည်။

ဆင်ကလေးသည် ချောင်းစောက် ရွာဆင်စခန်းမှ ဆင်ကလေးဖြစ်ပါသည်။ သူ့အရပ်အမြင့်မှာ (၇) ပေ၊ (၈) ပေခန့် မြင့်ပြီး အလွန်လိမ္မာပါသည်။ သူ့ကိုထိန်း သော ဆင်ဦးစီးနှင့် သူ့ဇနီးဖြစ်သူကို အလွန်ခင်မင်ပါသည်။

ဦးအေးသောင်းက ဆေးမှူးလည်း ဖြစ်သောကြောင့် ဆင်ဦးစီး၏ မိန်းမ နေမကောင်းဖြစ်၍ ၎င်းတို့တဲအတွင်း ဝင်ရောက်ကာ ဆေးထိုးပေးပါသည်။ ထိုမိန်းကလေး ဆေးထိုးအပ်ကြောင့် စစ်ခနဲ နာကျင်သဖြင့် 'အမ္မေ' ဟုအော် လိုက်ရာ ကျော်ဟိန်း အမည်ရှိ ဆင်ကြီး ရောက်လာကာ တဲအတွင်းသို့ခေါင်းကြီး တိုးဝင်လာပါသည်။

ဆင်ဦးစီးက -

"ဘာမှမဖြစ်ဘူး ကျော်ဟိန်း၊ မင်း အမေနေမကောင်းလို့ ဆေးကုပေးတာ"

ဟု ဆိုရာ လူစကားနားလည် သကဲ့သို့ ပြန်ဆုတ်ပြီး သူနေရာမှာသူ သွားနေပါတော့သည်။

တစ်နေ့မှာ ဦးအေးသောင်းအား သုံးမိုင်ခန့်ဝေးသည့် စမ်းရွာသို့အစည်း အဝေးတက်ရန် တပ်ဖွဲ့မှ အကြောင်း ကြားလာပါသည်။ သူခေတ္တရောက်နေ သည့်ချောင်းစောက်ရွာမှ နို့နို့ဖြတ်လမ်း မှသွားလျှင် ခရီးဝေးသဖြင့် အစည်းအ ဝေးမီမည်မဟုတ်ပါ။ ထို့ကြောင့် ဆင်ဦး စီးထံ အကူအညီတောင်းသွားရပါသည်။

သူတို့ဆင်ဝိုင်းအတွင်း ရောက် သောအခါ ဆင်ကျော်ဟိန်း၏ နာမောင်း အခွေအပေါ်တွင် ဒန်းသဖွယ်လွှဲထိုင်ပြီး ဝတ္ထုစာအုပ်ဖတ်နေသည့် ဆင်ဦးစီး ကတော်ကို တွေ့ရပါသည်။

အကျိုးအကြောင်းပြောလိုက်သော အခါ ဆင်ဦးစီးက ဆင်ကျော်ဟိန်းကို လိုက်ပို့ခိုင်းမည်ဟုဆိုပြီး ကျော်ဟိန်း ကျောပေါ် သို့တက်ခိုင်းပါသည်။ ဒူးတုပ် ပြီးဝပ်ပေးနေသည့် ဆင်ကျောပေါ် သို့ ကမ္ဘမ္ဘတစ်ဆင့် တက်ခွထိုင်လိုက်သည် နှင့် ဆင်ဦးစီးက ကျော်ဟိန်းကို ဤသို့ မှာကြားပါသည်။

"သားရေခပ်သုတ်သုတ်သွားကွာ။ အစည်းအဝေးပြီးအောင်စောင့်ပြီးပြန်လာ ခဲ့"

ဆင်တစ်ကောင် ခပ်သုတ်သုတ် သွားသည့်အရှိန်မှာ အတော်မြန်သည် ဟု ဦးအေးသောင်းက ဆိုပါသည်။

"ကျွန်တော့်နားထဲမှာ လေတွေက ခြိုးခြိုးနဲ့ကိုမြည်နေတာ ဆိုင်ကယ်လောက် မြန်တယ်"

ကျော်ဟိန်းမှာ တစ်ကောင်တည်း အစည်းအဝေးပြီးသည်အထိ စောင့်ပါ သည်။ အစည်းအဝေးပြီးလျှင် ကမူ

www.burmeseclassic.com

www.burmeseclassic.com

မိသားစုအတွက် ရွှန်းကန်လှုပ်ရှားတာ ဆိုတော့ တခြားအမျော်အပါးတွေဘက်လည်း မရောက်ဘူးပေါ့ဗျာ"

ဦးသန်းတင်ဝင်းသည် တစ်နေ့တွင် KAJANG အရပ်မှ PUCHONG အရပ်ရှိ မိတ်ဆွေတစ်ဦးထံသွားရန် အကြောင်းပေါ်ပေါက်ရာ မသွားလျှင် မဖြစ်သောအကြောင်းလည်း ဖြစ်သောကြောင့် သတ္တိမွေးကာ ကိုယ်ပျောက်ဂါထာကို အကြိမ်ကြိမ်ရွတ်ဖတ်ပူဇော်ပါလေတော့သည်။

ထိုဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

ပ ဘဝေဝါဟံ ဘယဒိသွာ
ဘဝဥ္စ ဝိဘဝေ သိနံ
ဘဝံ နာဘိ ဝဒိ ကိဉ္စိ
နန္ဒိ စ နဥပါဒိယိ ။

ခရီးအသွားတွင် မနှောင့်မယှက်မရှိသော်လည်း အပြန်တွင် ရဲသံုးယောက်နှင့် ပက်ပင်းတိုးပါလေတော့သည်။

"ရယ်စရာလည်းကောင်းရဲ့ဗျာ။ ကျွန်တော့်ကိုမြင်တော့ ကျွန်တော့်ဆီသူတို့ ဆိုင်ကယ်တွေနဲ့ အပြေးအလွှားရောက်လာကြတယ်၊ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ဂါထာကိုဖိရွတ်တော့တာပေါ့ဗျာ။ အနားလည်းရောက်ရော သူတို့အချင်းချင်း တစ်ယောက်ဆိုင်ကယ်ကို တစ်ယောက်ရှောင်ရင်းမောင်းတော့ ချက်ချင်းထိုးရပ်လို့မရဘဲ သူ့ကိုကိုယ် ရှောင်၊ ကိုယ့်ကိုသူရှောင်နဲ့ ခပ်လှမ်းလှမ်းထိကျော်ပြီးရောက်သွားကြတယ်၊ ဒါနဲ့ ကျွန်တော်လည်း တစ်ချိုးထဲလစ်လိုက်တာ လွတ်သွားတော့တာပေါ့ဗျာ"

"တယ်ဟုတ်ပါလား၊ ဆက်ပြောပါဦးဗျာ"

ဤသို့ဖြင့် နှစ်အနည်းငယ်ကြာပြီး KLANG အရပ်မှ မိတ်ဆွေတစ်ဦးက သူ့သူငယ်၏ SUNGAI BISI တွင် လေအေးစက်တပ်ဆင်ရန် အကူအညီတောင်းခံမှုအရ မိတ်ဆွေနှင့်အတူ သွားရောက်ဆောင်ရွက်ပေးခဲ့ပါသည်။ အပြန်ခရီးတွင် မိုးအံ့နေသောကြောင့် ကားပေါ်တွင်ပြန်ပါလာသော လေအေးစက်စက္ကူဘူးခွံကြီးအတွင်း မိတ်ဆွေနှင့်အတူ ဝင်ရောက် လိုက်ပါခဲ့ကြပါသည်။

စက္ကူဘူးခွံအတွင်းအိပ်၍ လိုက်ပါလာကြရာမှ နာရီဝက်ခန့်အကြာတွင် ရုတ်တရက် ကားရပ်တန့်သွားကြောင်း သိလိုက်ရပါသည်။ အကြောင်းကား အော်ပရာစီဟူခေါ်သော တရားမဝင် လုပ်သားများ ရှာဖွေဖမ်းဆီးရေးအဖွဲ့က ရှောင်တခင် စစ်ဆေးခြင်းကြောင့် ဖြစ်ပါသည်။

"ကျွန်တော်လည်း ရုတ်တရက် ပူထူသွားပြီး စက္ကူဘူးခွံကြီးထဲကနေ ဂါထာကို အထပ်ထပ်ရွတ်တော့တာပေါ့ဗျာ။ အသံတော့ဘယ်ထွက်ရဲမလဲ။ ပါးစပ်ကလှုပ်ရွလှုပ်ရွပေါ့။ ထူးခြားပါဘိဗျာ။ စက္ကူဘူးခွံအလွတ်မှန်းသိရဲ့နဲ့ ဘူးခွံထဲကို မကြည့်ကြတော့ဘူးဗျာ"

"ဟာ -ဂါထာအစွမ်းပေါ့နော်"

ထိုအခါမှ ကားဆက်လက်ထွက်ခွာခြင်းနှင့်အတူ ဦးသန်းတင်ဝင်းတို့လည်း ဟူးခနဲသက်ပြင်းမှုတ်ထုတ်လိုက်ကြပါတော့သည်။

နောက်တစ်ကြိမ်မှာပေါ့ဗျာ။ SRI KAM BAN GAN လို့ခေါ်တဲ့အရပ်မှာ ညစျေးဆိုတဲ့ စျေးနေ့ရှိတဲ့ တစ်နေ့ပဲပေါ့ဗျာ။ ဒီဓာတ်ပုံလေးကတော့ ကျွန်တော်တို့ရိုက်ထားကြတဲ့ အမှတ်တရတော်ပုံလေးပေါ့။ ၁၉၉၄ ခုနှစ်က ဓာတ်ဆီဆိုင်တစ်ခုမှာပေါ့။ အဲဒီဆရီကန်ဘန်ကန်မြို့မှာ တာမင်တက္ကသိုလ် TAMAN University ရှိတဲ့အရပ်၊ အဲဒီတက္ကသိုလ်နားမှာ ဓာတ်ပုံထဲမှာတော့ သစ်ပင်အုပ်ဆိုင်းဆိုင်းပေါ့။ ခုတော့ ဒီပုံမျိုးမရှိတော့ဘူး၊ ရှေးကာလအမှတ်တရပေါ့။ အခုမိုးထိလှုတိုက်တွေနဲ့ပြည့်နေပြီပေါ့ဗျာ။တစ်ဆက်တည်းပြောရရင် ဒီဓာတ်ပုံမှာလည်း ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်တို့ အမှတ်တရရိုက်ခဲ့ကြတာ။ စောစောကပြောတဲ့ လေအေးစက်စက္ကူဘူးခွံကြီးထဲဝင်ပုန်းနေမိလို့ လွတ်သွားခဲ့သူပေါ့လေ။ နောက်ဘက်က ရွှက်လေ့ကြီးကတော့ အခုပြတိုက်လုပ်ထားတယ်။ ခရစ်နှစ် ၁၈၀၀ ပြည့်ခန့်က မလေးရှားနိုင်ငံကို ဥရောပတင်လယ်ဓားပြတွေအသုံးပြုခဲ့တဲ့ ရွှက်လေ့ကြီးပေါ့၊ အမှတ်တရပေါ့ဗျာ"

"ဩော်၊ ဩော် - ဆက်ပါဦး"

အဲဒီ ဆရီကန်ဘန်ကန်အရပ် ညစျေးမှာ ကျွန်တော်ရယ်၊ မိတ်ဆွေနှစ်ယောက်ရယ်သွားကြတယ်၊ အပြန်မှာ ကျွန်တော်က ရှေ့ကသွား၊ သူတို့က နောက်ကပေါ့လေ။ ကိုင်းပင်လေးတွေ



ရှိတဲ့လမ်းဆိုတော့ မြွေပါးကင်းပါးလည်း သတိထားရတာပေါ့ဗျာ။ ရုတ်တရက် နောက်က အလန့်တကြားအော်လိုက်ကြလို့ နောက်လှည့်ပြီး ဘာဖြစ်တာလဲလို့ မေးလိုက်တော့ သူတို့က မြွေအနက်ရောင်ကြီးအကြီးကြီးကို တွေ့လို့တဲ့ဗျာ။ ကျွန်တော်က ရှေ့ကလျှောက်ရင်းမတွေ့ရဘဲ ကျွန်တော်ကျော်သွားမှ သူတို့က တွေ့တယ်ဆိုတော့ အဲဒါ သူတို့အတွက် နိမိတ်ပဲလို့ ယူဆပြီး မင်းတို့နှစ်ယောက်နောက် စျေးနေ့မှာ အပြင်မထွက်နဲ့လို့ သတိပေးလိုက်တာပေါ့ဗျာ။ ဒါပေမယ့် မရပါဘူး။ ကျွန်တော်တားနေတဲ့ကြားထဲကပဲ နောက်စျေးနေ့မှာ သူတို့နှစ်ယောက်ထွက်သွားလိုက်ကြတာ ကျွန်တော်ကတော့ မလိုက်ဘူး၊ ကျန်ရစ်ခဲ့တယ်။ လားလား - မကြာခင်မှာပဲ သူတို့နှစ်ဦး အဆင့်မြင့်မြင့်လုံခြုံရေးနဲ့ အဆင့်မြင့်မြင့် တိုင်းအဆင့်ရဲကားကြီးနဲ့ပြန်ရောက်လာကြတာပေါ့ဗျာ။ ဒါနဲ့ပဲ ကျွန်တော်တို့ နာမည်ပြောင် ဂျာမနီ (GARMANY) လို့ပေးထားတဲ့ မြို့နယ်အဆင့်ရဲတစ်ယောက်က ဝင်ရှင်းပေးလိုက်လို့ အဆင့်မြင့်မြင့်ပဲပေါ့ဗျာ။ ငွေကြေးစျေးကြီးကြီးနဲ့ပေါ့ ဖြေရှင်းလို့ပြီးဆုံးသွားတော့တာပေါ့။ အဲဒီတုန်းက နိမိတ်ပြတာကို ကျွန်တော်ယုံတယ်။ ယုံတဲ့အတိုင်းလည်း ကျွန်တော်ကဇြမ်ဇြိမ်နေခဲ့တာကိုး။ ကိုယ်ပျောက်ဂါထာကိုလည်း ကျွန်တော်ယုံတာပေါ့ဗျာ။ တကယ်တော့ ကျွန်တော် ယုံကြည်လွန်းလို့ ကိုယ်ပျောက်ဂါထာလို့ အမည်ပေးထားတဲ့ ဂါထာတော်မြတ်ပါ။ ဘုရားရှင်က အယူမှားနေတဲ့ ဗကဗြဟ္မာကြီးကို တန်ခိုးပြတော်မူပြီး တစ်လှည့်စီကိုယ်ယောင်ဖျောက်ပြတဲ့အခါ ဗကဗြဟ္မာကြီး ဘယ်မှာဘယ်လိုပုန်းပုန်း ဘုရားရှင်ကဖော်ပြတယ်။ ဘုရားရှင်ကိုယ်ရောင်ဖျောက်တဲ့အခါမှာတော့ ဗကဗြဟ္မာက မဖော်နိုင်ဘူး။ အဲဒါကို ဘုရားရှင်က ပြန်ပြောပြပြီး ဗကဗြဟ္မာကို ဆုံးမတဲ့အကြောင်း ပိဋကတ်တော်တွေထဲမှာ အထင်အရှားရှိပါတယ်ဗျာ"

"ဩော် - ကောင်းလိုက်လေ ဦးသန်းတင်ဝင်းရယ်။ ကျွန်တော့်အတွက်လည်း ပညာတစ်ခုရပြန်တာပေါ့ဗျာ"

သို့နှင့်ပင် ဦးသန်းတင်ဝင်းနှင့် ဆွေးနွေးရာမှအပြန်တွင် ကျွန်တော်လည်း ထိုဂါထာလေးကို အထပ်ထပ်အခါခါ ရွတ်ဆိုနေမိပါတော့သတည်း။

တက္ကသိုလ်ဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

ရွှေချိုအောင်(ပေလင်း)

ရခိုင်ပြည်နယ် မအိမြို့ရှိ ကမ္ဘာ့ရှားပါးသမိုင်းဝင် ဗုဒ္ဓလက်ယာခြေတော်ရာနှင့်လက်ဝဲခြေတော်ရာ

ဗုဒ္ဓခြေရာတော်ရာ

မအိခြေတော်ရာပုံ

အထက်ခြေတော်ရာအား ပူးတွေ့ရပုံ

စက်တော်ရာမြစ်ရှင်းနှင့်အောက်ခြေတော်ရာ

မအိအထက်ခြေတော်ရာပုံ

ဂေါတမ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် မြန်မာသာမက ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဆင်းတုတော်၊ စေတီတော်များနည်းတူ မြတ်ဗုဒ္ဓခတ်နှိပ်ပေးသနားခဲ့သော ခြေတော်ရာများကို ထုတ်ဖော်ရှာဖွေကိုးကွယ်လာခဲ့ကြလေသည်။ကိုးကွယ်ပူဇော်ထိုက်သည့် သရီရိကစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိသစေတီ၊ ဓမ္မစေတီလေးပါးအနက် မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာသည် စေတီလေးမျိုးအနက် ဥဒ္ဒိသစေတီဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဗုဒ္ဓ၏ခြေတော်ရာအစစ်များကို ကြည့်ညိုဖွယ် ကိုးကွယ်ဖူးမြော်ကြရုံမျှမက စေတီဘုရားသာသနိကနယ်မြေများတွင် ဗုဒ္ဓ၏ စက်တော်ရာများကို ထုလုပ်၍ ကိုးကွယ်ထားရှိကြသည်ကိုလည်း အများအပြား တွေ့ရှိနိုင်ပါသည်။

စာရေးသူတို့၏ ရခိုင်ပြည်နယ်တွင် မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာလေးဆူရှိကြောင်း ဗုဒ္ဓသမိုင်းအထောက်အထားများအရ သိရှိရပါသည်။ ၎င်းပါဒခြေတော်ရာများမှာ အဋ္ဌနဒီ အန်းချောင်းအနီးရှိ လမုချောင်းရေအိုင်ပတ်ဝန်းကျင် တောင်ထိပ်တစ်ခု၌ လက်ဝဲပါဒခြေတော်ရာတစ်ဆူ၊ လမုချောင်းရေအိုင်ကမ်းဘေး၌ မအိစက်တော်ရာဟုဆိုအပ်သော လက်ယာပါဒခြေတော်ရာတစ်ဆူ၊ ဖရုကန္တိကကျွန်း၌တစ်ဆူ၊ ယခုနရမ်းမြစ်ဟုခေါ်ဆိုနေသည့် နမ္မဒါမြစ်ကမ်းနံဘေးကျောက်ဆောင်ပေါ်၌တစ်ဆူ စုစုပေါင်း ရခိုင်ပြည်နယ်တွင် ဗုဒ္ဓခြေတော်ရာလေးဆူရှိပါသည်။ အလိုတော်ပြည့်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တအရိယဝံသက မှတ်တမ်းတင်ထားခဲ့ပါသည်။ သို့ရာတွင် ခြေတော်ရာအများစုမှာ လက်ဝဲခြေတော်ရာများသာဖြစ်ပြီး ရခိုင်ပြည်နယ် မအိမြို့ရှိ ခြေတော်ရာနှစ်ဆူအနက် မြတ်ဗုဒ္ဓ၏ လက်ယာခြေတော်ရာနှင့် လက်ဝဲခြေတော်ရာနှစ်ဆူတည်ရှိခြင်းသည် အလွန်ပင် ထူးခြားလှပေသည်။ အဘယ်ကြောင့်ဆိုသော် မအိလက်ယာခြေတော်ရာသည် မြန်မာတွင်သာမက

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာတွင်ပါ ဗုဒ္ဓခြေတော်ရာသမိုင်းတွင် အလွန်ရှားပါး သမိုင်းဝင်သည့် တစ်ဆူတည်းသော လက်ယာခြေတော်ရာ ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

□ ကမ္ဘာခြေတော်ရာများ

သရုပ်ပြအဘိဓာန်ကျမ်းတွင် ခြေတော်ရာသုံးဆူကို လက်ဘီပခေါ် သိဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) သမန္တကူဋခေါ် သုမနတောင်ထိပ်၌ မဏိအက္ခိကနဂါးမင်း တောင်းပန်သဖြင့် ခြေတော်ရာတစ်ဆူ၊ ဇမ္ဗူဒီပမဏ္ဍလဟု ဆိုအပ်သော ယောနရဋ္ဌခေါ် နမ္မဒါမြစ်ကမ်း၌ နဂါးမင်းကြီးတောင်းပန်သဖြင့် တစ်ဆူ၊ သစ္စဗန္ဓရသွေ့ကြီးတောင်းပန်၍ နမ္မဒါမြစ်ကမ်းခြေတောင်ထိပ်၌တစ်ဆူ ချထားခဲ့လေသည်။ ၎င်းကို 'တိကိခေါ် ပန ဘဂဝတောပါဒ စေတိယာနိ လင်္ကာဒီပေဇကံ၊ ဇမ္ဗူဒီပေ ယောနရဋ္ဌေဒွေတိ' ဟု မှတ်တမ်းတင် ရေးသား ဖော်ပြခဲ့လေသည်။ ကေစိဆရာများက 'ဇမ္ဗူမှာဒွေး၊ ရဲမှာဇ' ဟု စပ်ဆိုထားခဲ့ကြသည်။

ကျေးလူတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး၏ မိန့်ဆိုချက်အရ စက်တော်ရာကား မဇ္ဈိမဒေသ ဘုံဘေနယ်ထဲတွင် တည်ရှိသည်။ ကျမ်းဂန်လာအရ ဇမ္ဗူမှာ ဒွေး၊ ယာမှာဇအရ ဖြစ်ပေသည်။ သို့သော် စူးစမ်းလေ့လာချက်များအရမူ ယနေ့တိုင် ထိုဒေသတွင် စက်တော်ရာများကို မတွေ့ရှိနိုင်သေးပေဟု မိန့်ဆိုထားပါသည်။ 'ဇမ္ဗူမှာဒွေး' အဆိုအရ ဇမ္ဗူဒီပ (ဇမ္ဗူဒီပ အမည်ရ) မဇ္ဈိမဒေသ (ဘုံဘေ) ၌ စက်တော်ရာကို မတွေ့ရှိရသေးကြောင်း 'ယာမှဇ' အဆိုအရ သီဟိုဠ်ခေါ် ယခု သီရိလင်္ကာနိုင်ငံရှိ သမန္တကူဋတောင်ထိပ်ရှိ စက်တော်ရာတစ်ဆူကိုလည်း ယနေ့တိုင် ရှာဖွေမတွေ့ရှိရသေးကြောင်း ကိုယ်တိုင်သွားရောက်လေ့လာရှာဖွေဖူးခဲ့ကြသည့် ဆရာတော်ဦးဩဘာသနှင့် ကွယ်လွန်သူ ဆရာကြီးဓမ္မာစရိယဦးဌေးလှိုင်တို့က အသိုးသိုးရေးသားခဲ့ကြပါသည်။

စာရေးသူတို့၏ မြန်မာနိုင်ငံတွင်မူ တောင်ဖီလာဆရာတော်ကြီးက မကွေးတိုင်းဒေသကြီး မင်းဘူး-မန်းရွှေစက်တော်နှစ်ဆူကို လည်းကောင်း၊ ရန်ကုန်မြို့ ကျောက်မြောင်း အောင်မင်္ဂလာလမ်း မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးအရိယဝံသ ဆရာတော် ဘုရားကြီးက မအီစက်တော်ရာနှစ်ဆူကို လည်ကောင်း၊ ရသေ့တောင်မြို့နယ် မုံစဲ

မအီစက်တော်ရာနှစ်ဆူပုံ

စက်တော်ရာကျောင်းပြု ဦးအရိယဝံသပုံတော်



မြောက်ဦးဆရာတော် အရှင်ဝိယာဓိမှ

စက်တော်ရာကို စောင့်ရှောက်သည့် ဦးဓဇိုဒ



အထက်စက်တော်ရာစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ဆင့်တင်ကျောက်ဆောင်ကြီးပုံ

ခြေတော်ရာနှစ်ဆူဖူး မြစ်ကူးပါးတံတား၊

စက်တော်ရာကားလမ်းပြုပြင်နေစဉ်



စက်တော်ရာသမိုင်းကျောက်စာချပ်

စက်တော်ရာရှိ သိမ်တော်သစ်ကြီး

ကျွန်းခြေတော်ရာကို ပြည်တွင်း-ပြည်ပ သာသနာပြုဆရာတော်ကြီး ဒေါက်တာ အရိယဝံသက လည်းကောင်း ရှာဖွေ ဖော်ထုတ်၍ 'သာသနိုကအဆောက်အုံများ ဆောက်လုပ် ပျူဒါန်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဖာဟီယန်မှတ်တမ်းအရမူ ကမ္ဘာတွင် ဘုဒ္ဓပါဒခြေတော်ရာဆယ့်နှစ်ဆူရှိကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ အိန္ဒိယပြည် ဘုံဘိုင်နယ်မြောက်ပိုင်း နဘဒွါမြစ်ထဲ၌ ခြေတော်ရာတစ်ဆူ၊ ငင်းအထက်သစ္စာပန်တောင်ပေါ် ၌တစ်ဆူ၊ အိန္ဒိယတိုင်းမြောက်ပိုင်း ဥဒယာနတိုင်း ၌တစ်ဆူ၊ ပါတလိပုတ်မြို့တောင်ဘက် သုံးလီအကွာတွင်တစ်ဆူ၊ သီဟိုဠ်ကျွန်း သုမနကူဋ်တောင်ထိပ်တွင်တစ်ဆူ၊ ရခိုင်ပြည် မယုကမ်း မုံစည်းကျွန်းသာစည်ထောင့်ရွာအနီးတစ်ဆူ၊ စစ်တွေမြို့ရှိ ကုလားတန်မြစ်ဝ ဖရုံကာကျွန်းစု မြေငူကျွန်း ဆံတော်ရှင် ဓာတ်တော်အနီးတစ်ဆူ၊ မင်းဘူးခရိုင် မန်းချောင်းအတွင်းတွင် မန်းစက်တော်ရာနှစ်ဆူ၊ မြန်မာပြည်အထက်ပိုင်း ဝနယ် လွိုင်မူတောင်အရှေ့မြောက်ဘက် တောင်စောင်းတွင် တစ်ဆူ၊ တောင်ကုတ်မြို့နယ် မဟီချောင်းတွင် နှစ်ဆူ စသည်ဖြင့် စုစုပေါင်း ဘုဒ္ဓ၏ ပါဒခြေတော်ရာ စုစုပေါင်း (၁၂) ဆူ တည်ရှိသည်ဟု သိရပါသည်။

❑ မအီစက်တော်ရာတည်ရှိရာ

ရခိုင်ပြည်နယ်တွင် ဘုဒ္ဓ၏ပါဒခြေတော်ရာလေးဆူ အထင်အရှားရှိသည့် မနက် မအီစက်တော်ရာနှစ်ဆူမှာ အပါအဝင်ဖြစ်လေသည်။ မအီစက်တော်ရာမှာ တောင်ကုတ်မြို့နယ် မအီမြို့ရှိ ဟီ

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးစံလု ဘုရားရှင်ထံ ခြေတော်ရာလျှောက်ထားပုံ



စက်တော်ရာရှိ မအီမြစ်နှင့် ကျောက်ဆောင်

မအီ (လက်ဝဲ) အောက်ခြေတော်ရာပုံ

ရာနဒီမြစ်ခေါ် မအီချောင်းတွင်တည်ရှိသည်။ မအီမြို့သည် ယခင်က ကျေးရွာအုပ်စုအဆင့်သာရှိသော်လည်း ၂၀၀၅ ခုနှစ် တောင်ကုတ် - ကျောက်ဖြူကားလမ်းမကြီးဆက်သွယ်ဖောက်လုပ်ရာကို အကြောင်းပြု၍ တောင်ကုတ်မြို့နယ်၏ မြို့နယ်ခွဲအဖြစ် မြို့အဆင့်သို့ တိုးမြှင့်စည်ကားလာခြင်း ဖြစ်ပါသည်။ မအီစက်တော်ရာ ဘုရားသမိုင်းအဆိုအရ နောင်တွင် မြို့ဖြစ်လာမည်ဆိုသည့် စကားနှင့်အညီ ယခုအခါ မအီမြို့အဖြစ် တည်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ မအီစက်တော်ရာနှစ်ဆူသည် တောင်ကုတ်-ကျောက်ဖြူကားလမ်းမပေါ်ရှိ မအီမြို့မှ (၇) မိုင်အကွာရှိ စနဲရွာအရှေ့ဘက်တွင် တည်ရှိပါသည်။ မအီစက်တော်ရာများသည် စနဲကျေးရွာ၏အရှေ့မြောက်ဘက် (၉) မိုင်ခွဲခန့်ကွာဝေးသည့် ရိုးမတောင်တန်းကြီးများအကြား စီးဆင်းနေသည့် လမုချောင်းတွင် တည်ရှိနေပါသည်။

မအီစက်တော်ရာသည် ရှေးနှစ်ပေါင်းများစွာက လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် သွားလာရန် မလွယ်ကူပေ။ နွေရာသီခြေကြောင်းလမ်းမှအပ တောတောင်အဆင့်ဆင့် လျှိုမြောင်ချိုင့်ဝှမ်းစမ်းချောင်းများကို ဖြတ်သန်းသွားလာရသဖြင့် ခက်ခဲပင်ပန်းကြမ်းတမ်းလှပေသည်။ ထို့ကြောင့် နွေရာသီမှအပ ကျန်ရာသီများတွင် သွားလာရေးခက်ခဲလှသည်။ ဆောင်းရာသီတွင်လည်း ချုန်ယိတ်ပေါင်းများထူထပ်၍ သားရဲတိရစ္ဆာန်များ ဘေးအန္တရာယ်ကိုကြောက်ရသည့်အပြင် ရိုးမချောင်းဖျားဒေသဖြစ်သဖြင့် အလွန်အေးစိမ့်သောဒေသဖြစ်လေသည်။ သို့ရာတွင် ၂၀၀၅ ခုနှစ် တောင်ကုတ်-ကျောက်ဖြူကားလမ်းမကြီးဖောက်လုပ်ခြိန်မှစတင်၍ လမ်းပန်းဆက်သွယ်ရေးကောင်းလာသဖြင့် မအီစက်တော်ရာနှစ်ဆူဖူးမြော်ကြရန် အုပ်စုဖွဲ့၍ တောတွင်းခရီးကို ငါးနာရီနီးပါးမျှ ခရီးဝေးဖြတ်သန်းကြရသည်။ ထိုအခွင့်မှစတင်၍ မအီစက်တော်ရာကို လူသိများလာကြသည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် သစ်ထုတ်လုပ်ရေးကားလမ်းများကြောင့် မအီစက်တော်ရာဖူးသွားလာရေးမှာ ပိုမိုလွယ်ကူလာခဲ့သည်။

လွယ်ကူပါသည် ဆိုသော်လည်း ခက်ခဲကြမ်းတမ်းပင်ပန်းသည့် တစ်ညအိပ်ခရီးကိုသွားကြရဲသေး၏။ ခြေကျင်သွားကြရသဖြင့် နံနက်စောစောလွှတ်လျှင် စက်တော်ရာသို့ (၁၁)နာရီပန်းကျင်

www.burmeseclassic.com

www.burmeseclassic.com

တွင် ရောက်ရှိကြရသည်။ ခရီးကြမ်း ဝင်ပန်းသဖြင့် စက်တော်ရာဖူးပြီးနောက် ညအိပ်စခန်းချကာ နောက်တစ်နေ့နံနက် တွင်မှ လာလမ်းအတိုင်း ပြန်ခဲ့ကြရပြန် သည်။ ယခုအခါတွင် အလှူရှင်များ၏ ကောင်းမှုဖြင့် မအီစက်တော်ရာသို့ ကား လမ်းမဖောက်လုပ်နေပြီဖြစ်ရာ ကျောက် ချောလမ်းအဆင့်အထိ ပြီးစီးပါက နာရီ ပိုင်းအတွင်း သွားလာနိုင်၍ မအီစက် တော်ရာကို ဖူးမြော်နိုင်ကြမည် ဖြစ်ပါ သည်။ ယခုအခါ မြေထိုးစက်ဘူဒိုဇာ ဖြင့်ထိုး၍ လည်းကောင်း မြေညှိလမ်း အောက်စက်ဘက်ဖို့ဖြင့် လည်းကောင်း လမ်းပြင်ဆင်နေပြီဖြစ်ရာ မိုးရာသီမှအပ ကျန်အချိန်များတွင် စက်တော်ရာသို့ တိုက်ရိုက်သွားရောက်နိုင်ပြီဖြစ်ပါသည်။ ယမန်နှစ်က တပေါင်းလ ဘုရားပွဲတော်



စက်တော်ရာကိုရှာဖွေသည့် ဆံရာတော်နှင့်အဖွဲ့.



စက်တော်ရာကျောက်စာသား

စက်တော်ရာသွား၊ ကားလမ်း

ရေရှိရေးအတွက် ရေသွယ်နေစဉ်

စက်တော်ရာသွား မြစ်ကူးတံတား

www.burmeseclassic.com

www.burmeseclassic.com

ဇော်တော်ရာဆရောက်တောင်တန်းကြီး

မအီမြစ်နှင့် တောတောင်ရှုခင်း

စက်တော်ရာဖူးအပွဲ့နားနေစဉ်

တွင် စက်တော်ရာဘုရားပွဲတော်သို့ ကားအမျိုးမျိုးဖြင့် သွားလာရောက်ရှိနိုင်ကြပြီ ဖြစ်လေသည်။ နေရာဒေသအသီးသီးမှ အလှူရှင်များ၏ ကောင်းမှုတော်ဖြင့် သိမ်နှင့် ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပြီးစီးခဲ့ပြီ ဖြစ်ပါသည်။

ရေးနှစ်ပေါင်းမြောက်မြားစွာကပင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မအီစက်တော်ရာနှစ်ဆူကို မကြာသေးမီနှစ်ပိုင်းက ရောက်ရှိလာသည့် ဦးပဉ္စင်း ဦးဇဋိလက ကြိုးပမ်းစောင့်ရှောက်ဖော်ထုတ်နိုင်ခဲ့ပါသည်။ စက်တော်ရာအနီးဒေသတွင် ချင်းအမျိုးသားများက တောင်ယာဥယျာဉ်များခုတ်ထွင်စိုက်ပျိုးနေထိုင်ကြသဖြင့် ဆရ တော်အဖို့ စောင့်ရှောက်ဖော်သဖွယ်ရရှိခဲ့၏။ မအီစက်တော်ရာသို့ ကားလမ်းမပေါက်မီက စက်တော်ရာဖူးကြသူများ တဖွဲဖွဲရောက်ရှိနေကြသဖြင့် ရောက်လာသမျှ ဘုရားဖူးများ၏ စားသောက်နေထိုင်ရေးကို အဆင်ပြေသလို နေရာချထားပေးခဲ့ရလေသည်။ ဆရာတော်၏ မိန့်ဆိုချက်အရ မအီစက်တော်ရာတွင် ရှေးအခါကာလက ကျောင်းဆောင်ရှိခဲ့သော်လည်း ဆင်များက မကြာခဏလာရောက်၍ ဖျက်ဆီးတတ်သည်ဟုဆိုပါသည်။ ဆရာတော်၏ဆွမ်းချက်ဆောင်ထဲမှ ဆားများကို ဆင်များက နှာမောင်းဖြင့်တိတ်တိတ်ကလေး လာရောက် ခိုးယူတတ်သည်ဟုလည်းဆိုပါသည်။

ဆရာတော် ဦးဇဋိလမှာ မာန်အောင်မြို့နယ်ဇာတိ ဖြစ်ပါသည်။ ဆရာတော်ကို မာန်အောင်မြို့ တောင်ပင် (ကင်းတဲ) ရွာတွင် ဖခမည်းတော် ဦးသာထွန်းနှင့် မယ်တော် ဒေါ်မိရွှေဦးတို့မှ မွေးဖွားသန့်စင်ခဲ့ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် ကျောက်ဖြူမြို့ လေပွေ့သင်္ဘောဆိပ်တွင် ကုန်တင်ကုန်ချ အလုပ်သမားအဖွဲ့ခေါင်းဆောင်ဘဝဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးလေသည်။ ထို့နောက် ၂၀၀၀ပြည့်နှစ်မှစ၍ ကျောက်ဖြူမြို့ ရေနံတွင်းစမ်းသပ်လုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ဖူးသည်။ ရေနံတွင်းတူးဖော်သည့်လုပ်ငန်းများတွင် ဦးစီးခေါင်းဆောင်အဖြစ် နှစ်အတန်ကြာလုပ်ကိုင်ခဲ့ရသည်။ ထို့နောက် လောကီလူဘုံကို ငြီးငွေ့လာသဖြင့် ၂၀၀၆ ခုနှစ်မှစတင်၍ မြင့်မြတ်သော ရဟန်းဘဝသို့ ကူးပြောင်းခဲ့ကာ တရားဓမ္မကို အားထုတ်ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

စက်တော်ရာလွှား ဘုရားဖူးကား

ရဟန်းအဖြစ်ကိုလည်း ကျောက်ဖြူမြို့ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဦးဒဿတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။ တစ်ဖန် အိမ်မြို့နယ် ပြင်ဝန်းဆရာတော် ဦးကေသရ (ပြည်နယ်သံဃာ့ နာယကအကျိုးဆောင်ဆရာတော်)ထံတွင် ရဟန်းသိက္ခာထပ်ခဲ့သည်။ ဆရာတော်ဦးကေသရ၏ လမ်းညွှန်ချက်အရ မအီစက်တော်ရာကို သာသနာပြု စောင့်ရှောက်ရန်ဆုံးဖြတ်ချက်ချခဲ့လေသည်။ မအီစက်တော်ရာဝန်းကျင်ဒေသတွင် တောင်ယာလုပ်ကိုင်စားသောက်နေထိုင်သူ ချင်းအမျိုးသားအိမ်ခြေ (၂၀) ဝန်းကျင်ခန့် ရှိပေရာ ဆရာတော်က ဘုန်းတော်ကြီးကျောင်မူလတန်းကျောင်းကို ဖွင့်လှစ်သင်ကြားပေးခဲ့လေသည်။ ဆရာတော်၏ ဆန္ဒမွန်မှာ မအီစက်တော်ရာကို ကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် နန်းရွှေစက်တော်ကဲ့သို့ သာသနိက အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်၍ သွားလာရေးလွယ်ကူစေရန် ကားလမ်းမကို ဖောက်လုပ်ပြီးစီးရန် ကြိုးပမ်းလှုပ်ရှိပါသည်။ ဆရာတော်၏ ရည်မှန်းချက်ကို အလှူရှင်များက လှူဒါန်းဖြည့်ဆည်းကြရန်လိုပါသည်။

ဘုန်ဝိုးမဖြတ်နိုင်သည့် ဗုဒ္ဓသမိုင်းဝင်ခြေတော်ရာများ

ဂေါတမမြတ်စွာသည် မရှိမဒေသတွင် ပွင့်ထွန်းပေါ် ပေါက်တော်မူပြီးသည့် နောက် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ဂါတော် (၂၀) တွင် စန္ဒသူရိယဘုရင် မင်းမြတ်၏ ပင့်ဆောင်လျှောက်ထားချက်အရ ရခိုင်ပြည်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။ ရခိုင်ပြည် မဟာမြတ်မုနိသမိုင်း၌မူ မြတ်ဗုဒ္ဓသည် နောက်တော်ပါ ရဟန္တာငါးရာခြံရံလျက် သက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် အင်္ဂါနေ့တွင် ကြွရောက်တော်မူခဲ့သည်ဟု နွေစွဲရက်စွဲနှင့်တကွ တိတိကျကျ သေသေချာချာ ဖော်ပြမှတ်တမ်းတင်ထားလေသည်။ မြတ်ဗုဒ္ဓသည် စန္ဒသူရိယဘုရင် မင်းမြတ်၏ တောင်းပန်လျှောက်ထားချက်အရ မြတ်ဗုဒ္ဓ၏ကိုယ်စားကိုယ်ပွားတော် မဟာမုနိရုပ်ရှင်တော်မြတ်အား ထူးလုပ်သွန်းလောင်းပူဇော်ခွင့်ပြုခဲ့လေသည်။ ထို့နောက် ရခိုင်ပြည်ရှိ ရသေ့တောင်မြို့နယ် မုနိစဲကျွန်းရှိ နမ္မဒါမြစ်ကမ်းအနီး ကျောက်ဖျာထက်ပေါ် တွင်လည်းကောင်း၊ နောင်တွင် မအီမြို့ဟုထင်ရှားပေါ်ထွန်းလာမည့် မဟီဒေသ မဟီမြစ်ကမ်းပါးတွင် လည်းကောင်း၊ မြစ်တစ်ဖက်ကမ်းရှိ ဆင့်တင်ကျောက်ဆောင်ကြီးပေါ် တွင် လည်းကောင်း၊ နောင်သာသနာ အရှည်တည်တံ့နိုင်စေရန်အကျိုးငှာ ခြေတော်ရာတို့ကို ခတ်နှိပ်ချထားပေးတော်မူခဲ့လေသည်။ ထိုနည်းအတူပင် အိန္ဒိယပြည် ဘုံဘိုင်နယ် မြောက်ပိုင်း နာဘဒွါမြစ်ထဲ၌ ခြေတော်ရာတစ်ဆူ၊ ၎င်းအထက်သစ္စဗန္ဓုတောင်ပေါ်၌တစ်ဆူ၊ အိန္ဒိယမြောက်ပိုင်း ဥဒယာနတိုင်း၌ တစ်ဆူ၊ ပါတလိမြို့တောင်ဘက်တွင် တစ်ဆူ၊ သီဟိုဠ်ကျွန်း သုမနကူဋတောင်ထိပ်တွင် တစ်ဆူ၊ ယိုးဒယားနိုင်ငံတွင်တစ်ဆူ၊ လာအိုနိုင်ငံတွင်တစ်ဆူ၊ မြန်မာပြည်၌ ပေါက်တော်မြို့နယ် ဖရံကာကျွန်း၌တစ်ဆူ၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းစက်တော်ရာနှစ်ဆူ စသည်ဖြင့် ခြေတော်ရာတံဆိပ်ခတ်နိပ်ပေးကာ ဗုဒ္ဓ၏စက်တော်ရာအဖြစ် နှောင်းလူတို့ ကိုးကွယ်ပူဇော်နိုင်ကြစေရန်အလို့ငှာ ပဌာန်းဆက်ပုဂ္ဂိုလ် အသီးသီးတို့၏ တောင်းပန်လျှောက်ထားချက်ဖြင့်ခြေတော်ရာချကာ သာသနာ့အမှတ်တံဆိပ်တော်နိပ်ပေးသနားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ထိုခြေတော်ရာများကပင်လျှင် မြတ်ဗုဒ္ဓသည် အဆိုပါဒေသသို့ ကြွချီရောက်ရှိတော်မူကြောင်း ဗုဒ္ဓသမိုင်းသက်သေအထောက်အထားများပင် ဖြစ်ပါသည်။

ရခိုင်ပြည်သို့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ကြွမြန်းရောက်ရှိခဲ့ခြင်းနှင့် ပတ်သက်၍ ခိုင်လုံထင်ရှားစေသည့် သက်သေအထောက်အထားရှိခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ (၁၀) နှစ်ခန့်က ကျောက်စာဝန်ဦးစီးရွှေနှင့် ရာဇဝင်ဆရာ ပဏ္ဍိတဦးဦးသာထွန်းတို့သည် ကျောက်တော်တောင်ပေါက်မှရရှိခဲ့သော ငြဟ္မီအက္ခရာဖြင့်၊ ပါဠိဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာပင် ဖြစ်လေသည်။ ၎င်းကျောက်စာသည် ရခိုင်ဗုဒ္ဓသမိုင်းတွင် 'တောင်ပေါက်ကြီးကျောက်စာ' အဖြစ် ထင်ရှားခဲ့သည်။

ကျောက်စာပါ ပါဠိမှာ -

> အထခေါ ဘဂဝါ၊ ဘိက္ခသံ တေန ပါသာဒံ အဘိရုဟိတွာ ပဗ္ဗသတပါသာဒ ပရိဂုတော ဧညဝတီရဋ္ဌ အာကာသမဂ္ဂေန စာ့ရိကံ စရမာနေ ဧညဝတီ မဟာနဂရဿ ပစ္ဆိမဒိသာဘာဂေ ကစ္ဆပနဒီယာ ပုရတ္ထိမတိရေ သေလာဂိရိ ပဗ္ဗ တဗုဒ္ဓမိ ဩရောဟိတွာ ပတိဋ္ဌာသိ -
>
> ဟု ရေးထိုး ပါရှိခဲ့လေသည်။

ကျောက်စာ၏ အဓိပ္ပာယ်မှာကား -

> ထိုအခါကာလ အခါသမယ၌ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ပြာသာဒ်ကိုယ်စီငါးရာသော ပြာသာဒ်အခြံအရံတို့ဖြင့် ခြံရံလျက် ဧညဝတီပြည်သို့ ကောင်းကင်ယံခရီးဖြင့် ဒေသစာရီကြွချီတော်မူသော် ဧညဝတီမြို့တော်ကြီး၏ အနောက်မျက်နှာအဖို့၌ ကစ္ဆပနဒီမြစ်၏ အရှေ့ကမ်းပါး၌ သေလာဂိရိ အမည်ရှိသော တောင်ထိပ်၌သက်ဆင်း၍

www.burmeseclassic.com

www.burmeseclassic.com

ရပ်တည်တော်မူလေ၏။ -
ဟူ၍ အဓိပ္ပာယ်ရရှိလေသည်။

ထို့ကြောင့် ဤကျောက်စာ၏ သမိုင်းအထောက်အထား ဖော်ပြချက် အရ ဂေါတမမြတ်ဗုဒ္ဓသည် ရခိုင်ပြည်သို့ အမှန်တကယ်ရောက်ရှိခဲ့ကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားပင် ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓ၏ခြေတော်ရာ၊ စက်တော်ရာများသည် ဗုဒ္ဓသမိုင်းကို ထုတ်ဖော်ပြသနေသည့် တန်ဖိုးမဖြတ်နိုင်သော ဗုဒ္ဓသမိုင်းဝင်အမှတ်အသားများ ဖြစ်လေသည်။ မအီလက်ယာခြေတော်ရာမှာ မည်သည့်ဒေသတွင်မျှ မတွေ့ရှိရသဖြင့် ပို၍တန်ဖိုးကြီးမားကြောင်း ထင်ရှားပါသည်။

❑ မဟာပုရိသဗုဒ္ဓ၏စက်လက္ခဏာတော်

မြတ်ဗုဒ္ဓဘုရားသခင်၏ ခြေတော်ရာများကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် စက်လက္ခဏာအပြည့်အစုံဖြင့် တန်ဆာဆင်ပြီးလျှင် အမွှမ်းတင်စီရင်ပြုလုပ်၍ ကြည်ညိုတတ်သူများ ဖြစ်ပါသည်။ ဆရာကြီး ဦးသာထွန်းက 'မုနိသက္ခဂေါတမ၏ ပါဒမြတ်ကျော် ဖဝါးတော်မှာ' စသည့် ဘုရားရှိုးကို ကိုးကားပြီး (၁၀၈) ကွက် စက်လက္ခဏာတော်များကို ပန်းချီဆေးများဖြင့် ရေး၍သော်လည်းကောင်း၊ အုတ်ခွက်များပြုလုပ်၍သော် လည်းကောင်း၊ ယွန်းထည်ဖြင့် ဆေးမင်ရေးဆွဲ၍သော် လည်းကောင်း၊ အုတ်ခွက်များပြုလုပ်၍သော် လည်းကောင်း၊ ယွန်းထည်ဖြင့် ဆေးမင်ရေးဆွဲ၍သော် လည်းကောင်း၊ စကျင်ကျောက်များပေါ်၌သော် လည်းကောင်း၊ ကွန်ကရစ်ပြားဖြင့်သော်လည်းကောင်း ဗုဒ္ဓ၏ (၁၀၈) ကွက်စက်လက္ခဏာအပြည့်အစုံ ထုလုပ်စေပြီး ဗုဒ္ဓဘုသာဝင် မြန်မာများ၏ မြတ်ဗုဒ္ဓအပေါ် ကြည်ညိုသဒ္ဓါတရား စိတ်ကိုးပွားစေနိုင်ခဲ့ပါသည်။

ရခိုင်ရာဇဝင်မှတ်တမ်းများ၌ ရခိုင်မင်းများသည် စေတီပုထိုးဟောင်းများမပြုပြုပြင်နေသော ခြေတော်ရာများကို အသစ်တစ်ဖန် ပြန်လည်ကာ ပြုပြင်၍ စက်လက္ခဏာတော်အပြည့်ဖြင့် မွမိုးမဲတည်ဆောက်ကာ ကိုးကွယ်ခဲ့ကြသည်။ ကိုးကွယ်မှုနှင့်ပတ်သက်၍လည်း သက်ရှိထင်ရှား မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြုလျက် (၁၀၈) ကွက် စက်လက္ခဏာရှိသော ခြေဖဝါးတော်ရာကို သက်ရှိထင်ရှား မြတ်ဘုရား၏ ခြေဖဝါးတော်စင်စစ်ကို ပူဇော်ကြည်ညိုရသကဲ့သို့ ဗုဒ္ဓရာမဏဗီတိ ဂွမ်းဆီထိမျှ ကြည်ညိုသဒ္ဓါတရား တိုးပွားကြကာ ဓာတ်ဆွေဆောင်မှုဖြင့် မိမိစိတ်သန္တာန်၌ စွဲကပ်အာရုံပြု ပူဇော်ကြကုန်လေသည်။ ဤသို့ ပူဇော်ခြင်းသည် အပါဒါန်ပါဠိတော်၌ လာရှိသည့် 'တိဋ္ဌန္တေနိဗ္ဗုတေစာပိသမေ စိတ္တေသမံဖလံ' ဟူသည့် ပါဠိတော်နှင့် အညီ သက်တော်ရှင်ထား မြတ်ဘုရား၌လည်းကောင်း၊ ပရိနိဗ္ဗာန်စံဝင်လေပြီးသော ဘုရားရှင်၏ ဓာတ်တော်မွေတော်၊ ဆင်းတုတော်တို့၌လည်းကောင်း ထပ်တူမျှသောစိတ်ဖြင့် ကြည်ညိုသည်ရှိသော် တူမျှသောအကျိုး ရှိရရှိနိုင်သည်ဖြစ်၍ လူဘဝနှင့် နတ်ပြည် သုဂတိဘုံဘဝသို့ ကောင်းစွာ ရောက်ရှိနိုင်ပေသည်ဟု ဟောတော်မူထားသဖြင့် ဗုဒ္ဓ၏ဂုဏ်တော်ကို ရည်မှန်းမျှော်၍ ပူဇော်ထိုက်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

ခြေတော်ရာတွင် စုတိပါဒခြေတော်ရာနှင့် အစုတိခြေတော်ရာ ဟူ၍ (၂)မျိုးရှိပေရာ ဓမ္မပဒအဋ္ဌကထာတွင် မာဂဏ္ဍိပုဏ္ဏားဇနီးမောင်နှံတို့၎င်းတို့သည် အနာဂါမိမဂ်၊ အနာဂါမိဖိုလ်သို့ရောက်မည့် အကြောင်းကို ဘုရားရှင်က သိမြင်တော်မူ၍ ဗုဒ္ဓ၏ခြေတော်ရာကို ချန်းတော်မူအပ်သောခြေတော်ရာမှာမူ စုတိပဒခြေတော်ရာပင် ဖြစ်လေသည်။ ၎င်းခြေတော်ရာတွင် (၁၀၈)ပါးသော စက်လက္ခဏာ မဟာပုရိသလက္ခဏာတော်ကြီး (၃၂) ပါးနှင့် ပြည့်စုံတော်မူလေကြောင်း တွေ့ရှိရပေသည်။ အစုတိပါဒခြေတော်ရာဆိုသည်မှာကား ကာလကြာရှည်စွာ တည်တံ့ခိုင်မြဲစေရန်အတွက် ဗုဒ္ဓရှင်တော်မြတ်၏အဓိဋ္ဌာန်ဖြင့် ချန်းခတ်နိုပ်တော်မူအပ်သော ခြေတော်ရာမျိုးကို ခေါ်ဆိုလေသည်။ ထိုအစုတိပါဒခြေတော်ရာမျိုးကို နောင်အနာဂတ်သာသနာတော်တွင် လူသားများအဖို့ သက်တော်ထင်ရှား မြတ်ဘုရားအား လွယ်လင့်တကူဖူးမြော်တွေ့ရှိနိုင်ရန် လူနှင့်နီးစပ်သည့် အရပ်ဒေသရှိ ကျောက်တောင်၊ကျောက်ခဲ၊ ကျောက်ဖျာကြီးများထက်တွင်ချထားပေးတော်မူခဲ့ခြင်း ဖြစ်လေသည်။ ဤသို့ဖြင့် နတ်နဂါးနှင့် အတိတ်ကာလ ပဌာန်းဆက်ပုဂ္ဂိုလ်များ၏ တောင်းပန်လျှောက်ထားချက်အရ ကျောက်ဆောင်ကျောက်ဖျာထက်ပေါ်ဝယ် နှစ်ပေါင်းများစွာကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ဖူးမြော်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

❑ တစ်ရာ့ရှစ်ကွက်ဗုဒ္ဓစက်

(၁၀၈) ကွက်စက်လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ခြေဖဝါးတော်သည် ငါးမျိုးရှိကြောင်း လေ့လာသိရှိရပါသည်။ထိုခြေဖဝါးတော်များမှာ-

၁။ သုပ္ပတိဋ္ဌိတပါဒ ဆိုသည့် ညီညွတ်သောခြေဖဝါးတော်ရှိခြင်း၊

၂။ စက္ကပူရိတပါဒ ဆိုသည့် တစ်ထောင်သောအကန့်အကွက်စက်လက္ခဏာတော်နှင့် ပြည့်စုံသော ခြေဖဝါးတော်၊

၃။ အာယတပဏှိ ဆိုသည့် ခြေကို လေးပုံပုံလျှင် တစ်ပုံမျှလောက်သော ရှည်သွယ်ပြည့်ဖြိုးသော ဖနောင့်တော်ပါရှိသည့် ခြေဖဝါးတော်၊

၄။ ဒီဃင်္ဂုလိ ဆိုသည့် မျောက်မင်း၏ ခြေချောင်း၊ လက်ချောင်းကဲ့သို့ အရင်းမှ အဖျားတိုင် သွယ်မျောင်းလျက် တင့်တယ်ရှည်သွယ်သော လက်ချောင်းတော် စသည်ဖြင့် မြတ်ဗုဒ္ဓဘုရားရှင်၏ လက္ခဏာတော်များကို မဟာပုရိသလက္ခဏာတော်ကြီး၌ ဖော်ပြပါရှိလေသည်။

ဗုဒ္ဓသမိုင်းဝင် ခြေတော်ရာများသည် အရွယ်အစားပမာဏတစ်ခုနှင့် တစ်ခု ပုံစံတူညီခြင်းမရှိသည်ကိုလည်း လေ့လာ တွေ့ရှိရပါသည်။ အချို့သော ခြေတော်ရာများမှာ စက်လက္ခဏာမပါရှိသကဲ့သို့ အချို့သော ခြေတော်ရာများတွင် ထင်ရှားသည့် စက်လက္ခဏာတော်များ ပါရှိသည်လည်း တွေ့ရှိရပါသည်။ ပါဒခြေတော်ရာများသည် သာမန်လူသားတစ်ဦး၏ခြေရာထက် ရှည်လျားကျယ်ပြန့်ကြသည်ကိုလည်း ဖူးတွေ့ကြရပါသည်။ အချို့သော သမိုင်းသုတေသီများက သဘာဝကျောက်ဆောင်များပေါ်၌ ဖြစ်ပေါ်နေသော ဗုဒ္ဓ၏ခြေတော်ရာများကို ကျောက်ဖြစ်ရုပ်ကြွင်း ဟူ၍ ယူဆသတ်မှတ်ကြပါသည်။

မြတ်ဗုဒ္ဓ၏ ခြေချောင်းတော်များတွင် ခရုသင်း စက်လက္ခဏာတော်ပါရှိ၍ ခြေဖဝါးတော်အတွင်းဝယ် (၁၀၈) သောလက္ခဏာအမှတ်အသားများမှာ -

လှံမပုံ၊ ကျက်သရေတိုက်ပုံ၊ ဇလပ်ပွင့်ပုံ၊ လည်ရေးသုံးဆင့်၊ ဦးဆောက်ပန်း၊ ထမင်းပွဲပုံ၊ ရွှေအင်ပျင်ပုံ၊ ရွှေခွေးတောင်းပုံ၊ ရွှေပြာသာဒ်ပုံ၊ ရွှေတုံချိတ်တိုင်ပုံ၊ ထီးဖြူတော်ပုံ၊ သန်လျက်ပုံ၊ ထန်းရွက်ယပ်ဝန်းပုံ၊ ဥယျောင်းမြီးစည်း

www.burmeseclassic.com

သပ်ပုံ၊ စာမရီသားမြီးယပ်ပုံ၊ ရွှေသင်းဖူစပ်ပုံ၊ မြသပိတ်ပုံ၊ ပတ္တမြားရတနာပုံ၊ ခွေးပန်းကုံးပုံ၊ ကြာညှပ်ပန်းပုံ၊ ကြာဖြူပန်းပုံ၊ ကြာနီပန်းပုံ၊ ပဒုမ္မာကြာပန်းပုံ၊ ပဒ္မာရိက်ကြာပန်းပုံ၊ ရေပြည့်အိုးပုံ၊ ရေပြည့်ဖလားပုံ၊ သမုဒ္ဒရာလေးစင်းပုံ၊ ကြေဝဠာတောင်ပုံ၊ မြင်းမိုရ်တောင်ပုံ၊ နေစက်ဝန်းပုံ၊ လစက်ဝန်းပုံ၊ နက္ခတ်(၂၇)လုံးပုံ၊ အရွှေကျွန်းပုံ၊ အနောက်ကျွန်းပုံ၊ တောင်ကျွန်းပုံ၊ မြောက်ကျွန်းပုံ၊ ရတနာ(၇)ပါးနှင့် စကြာမင်းရုပ်ပုံ၊ လက်ယာရစ်ခရုသင်းပုံ၊ ရွှေငါးကြင်းအစုံရုပ်ပုံ၊ လက်နက်စကြာပုံ၊ သတ္တမဟာဂင်္ဂါ၊ သတ္တမဟာဂင်္ဂါ၊ သတ္တမဟာဂင်္ဂါ၊ သတ္တမဟာဂင်္ဂါ၊ သတ္တမဟာဂင်္ဂါ၊ သတ္တမဟာဂင်္ဂါ၊ ယုဂန္ဓိရ်တောင်ပုံ၊ ဣ၌သန္ဓိရ်တောင်ပုံ၊ ကရဝိကတောင်ပုံ၊ သုဒဿနတောင်ပုံ၊ နေမိန္ဓရတောင်ပုံ၊ ဝိနတ္တကတောင်ပုံ၊ အဿကဏ္ဏတောင်ပုံ၊ သီဟပွပါတအိုင်၊ မန္ဒာကိဏီအိုင်၊ ကဏ္ဏမုဏ္ဍအိုင်၊ ရထကာရအိုင်၊ အနောတတ်အိုင်၊ ဆဒ္ဒန်အိုင်၊ ကုဏာလအိုင်၊ ဘဒ္ဒန်ဒုက်မင်းပုံ၊ မိကျောင်းမင်းပုံ၊ တံခွန်၊ ဆူးကွား၊ မုလေးပွားပုံ၊ ရွှေသန်လျင်းပုံ၊ ရွှေပြင့်ပြီးသောသားမြီးယပ်ပုံ၊ ကေလာသင္ဘောတောင်ကြီးပုံ၊ ကေသရာဇာခြင်္သေ့မင်းပုံ၊ ကျားမင်းပုံ၊ ဝဠာဟကမြင်းပျံပုံ၊ ဥပေါသထဆဒ္ဒန်ဆင်မင်းပုံ၊ ဗာသုကီနဂါးမင်းပုံ၊ ရွှေဟင်္သာမင်းပုံ၊ နွားလားညဿာပုံ၊ ဦးခေါင်း(၃၃)လုံးရှိ ဧရာဝဏ်ဆင်မင်းပုံ၊ ရွှေမကန်းရုပ်ပုံ၊ မျက်နှာလေးမျိုးပုံ(လေးကျွန်းသားမျက်နှာများဆိုလိုသည်။)၊ ရွှေလေ့ယာဉ်ပုံ၊ သားငယ်နှင့် ဘကွန္ဒားမပုံ၊ ကိန္နရာဖိုရုပ်ပုံ၊ ကိန္နရာမရုပ်ပုံ၊ ကရဝိက်ငှက်မင်းပုံ၊ ရွှေဒေါင်းမင်းပုံ၊ ကြိုးကြာငှက်မင်းပုံ၊ စက္ကဝက်ငှက်မင်းပုံ၊ ဇီဝဇီးငှက်မင်းပုံ၊ စတုမ့ဟာရာဇာနတ်ပြည်ပုံ၊ တာဝတိံသာနတ်ပြည်ပုံ၊ သာမာနတ်ပြည်ပုံ၊ တုသိတာနတ်ပြည်ပုံ၊ နိမ္မာနရတိနတ်ပြည်ပုံ၊ ပရနိမ္မိတဝသဝတ္တီနတ်ပြည်ပုံ၊ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာပြည်ပုံ၊ ဗရိတ္တာဘာဗြဟ္မာပြည်ပုံ၊ မဟာဗြဟ္မာပုံ၊ ဗရိတ္တာဘာဗြဟ္မာပုံ၊ အပ္ပမာဏာဘာဗြဟ္မာပြည်ပုံ၊ အာဘဿရာဗြဟ္မာပြည်ပုံ၊ ပရိတ္တသုဘာဗြဟ္မာပြည်၊ အပ္ပမာဏသုဘာဗြဟ္မာပြည်ပုံ၊ သုဘကိဏ္ဏာဗြဟ္မာပြည်ပုံ၊ ဝေဟပ္ဖိုလ်ဗြဟ္မာပြည်ပုံ၊ အသညသတ်ဗြဟ္မာပြည်ပုံ၊ အဝိဟာဗြဟ္မာပြည်ပုံ၊ အာတပ္ပါဗြဟ္မာပြည်ပုံ၊ သုဒဿီဗြဟ္မာပြည်ပုံ၊ အကနိဋ္ဌဗြဟ္မာပြည်ပုံ စသည်ဖြင့် စက်လက္ခဏာတော်(၁၀၈)ကွက်ရှိတော်မူလေသည်။

❑ မဘီစက်တော်ရာအစ မုဆိုးစံလုက

ရခိုင်ပြည်ရှိ ဗုဒ္ဓခြေတော်ရာ သမိုင်းကို လေ့လာကြည့်မည်ဆိုပါက စန္ဒာသူရိယဘုရင်မင်းမြတ်သည် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပေမည်။ အဘယ်ကြောင့်ဆိုသော် စန္ဒာသူရိယဘုရင်မင်းမြတ်သည် ရှေးအတိတ်ကာလ ဗုဒ္ဓဘုရားရှင်နှင့် ပဋိသန္ဓေဆက်ရှိခဲ့သောကြောင့် ဖြစ်လေသည်။ ရှေးဘဝကပင် နွားကျောင်းသားနှင့် ပုဏ္ဏားတော်ဘဝ စသည်ဖြင့် အတိတ်ဇာတ်တော်များရှိခဲ့ဖူးလေသည်။ မရွှိမဒေသတွင် ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာခိုက်တွင် စန္ဒာသူရိယဘုရင်မှာ ဖခမည်းတော်၏ အရိုက်အရာကို ဆက်ခံလျက် ခပ်ငယ်ငယ်ပြည့်ရှင်အဖြစ် အုပ်ချုပ်နေခိုက် ဖြစ်လေသည်။ မရွှိမဒေသ အိန္ဒိယတိုင်း၌ ဗုဒ္ဓပွင့်တော်မူကြောင်း သတင်းစကားကို ကုန်သည်များမှ တစ်ဆင့်စကားကြားသိရလေရာ စန္ဒာသူရိယဘုရင်မင်းမြတ်သည် မြတ်စွာဘုရားရှင်အား ဖူးမြော်လိုသော ဆန္ဒတော် ပြင်းပြသဖြင့် မျူမတ်ပညာရှိတို့နှင့်တိုင်ပင်ကာ ဆီမီး၊ အမွေးနှံ့သာ၊ ဆန်ပန်းပေါက်ပေါက်တို့ဖြင့် အဓိဋ္ဌာန်ပြုကာ ပင့်ဆောင်လေသည်။ ဗုဒ္ဓဘုရားရှင်သည် စန္ဒာသူရိယဘုရင်၏ ပင့်ဆောင်မှုကို သိမြင်တော်မူ၍ ခပ်ဝေးဝေးမှ ကောင်းကင်ခရီးမှ ရွှေပြာသာဒ်တော်များဖြင့် ကြွချီတော်မူခဲ့လေသည်။

ခပ်ဝေးဝေးပြည်သို့ ရောက်ရှိသည့်အခါ စန္ဒာသူရိယဘုရင်မင်းမြတ်နှင့် မျူမတ်ခြေရံသင်းပင်းများ၊ ပြည်သူပြည်သားများ၏ ပူဇော်အထူးကို ခံယူလေသည်။ ထို့နောက် စန္ဒာသူရိယဘုရင်မင်းမြတ်၏ လျှောက်ထား တောင်းပန်ချက်အရ 'မဟာမုနိရုပ်ရှင်တော်မြတ်' ကို သွန်းလုပ် ပူဇော်ခွင့်ပြုခဲ့လေသည်။ ထို့နောက် ရခိုင်ဒေသသို့ ဆက်လက်ကြွချီခဲ့ရာ ဒေါ်လက်မြစ်သို့ လည်းကောင်း၊ အမ်းချောင်းဒေသသို့ လည်းကောင်း ကြွချီတော်မူ၍ အတိတ်ဇာတ်ကို ဟောကြားကာကြွတော်မူရာ မဟီရာမြစ်စီးဆင်းရာ တြိနဒီတောင်ခေါ် မြင်းမိုရ်တောင်ထိပ်တွင် ရုပ်တန့်တော်မူလျက် အတိတ်ဇာတ်တော်ကို ဟောကြားခဲ့သည်။ ထို တြိနဒီတောင်ကို ယခုအခါ မြင်မတိန်တောင်ဟု ခေါ်ဝေါ်လျက်ရှိပါသည်။ ဗုဒ္ဓမြတ်စွာသည် ရှေးအတိတ်ကာလက အလောင်းတော်ဘဝဖြင့် ဆင်မင်းတစ်ကြိမ်၊ ရေနတ်နဂါးမင်းတစ်ဘဝဖြစ်ခဲ့ဖူးသည်ဟု လည်းကောင်း၊ တြိနဒီမြစ်တောင်ခြေရင်းရှိ မဟီမြစ်ကမ်းဝယ် နောင်သောအခါ 'မဟီမြို့' ပေါ်ပေါက်လာလတ္တံ့ဟု ဗျာဒိတ်ပေးသနားခဲ့သည်။ ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း ခရစ်နှစ် ၂၀၀ ပြည့်နှစ်နောက်ပိုင်းတွင် 'မဟီမြို့' မူရင်း မြို့သစ်ပေါ် ပေါက်ခဲ့ပြီဖြစ်ပါသည်။

ဘုရားရှင် မဟီဒေသသို့ရောက်ရှိနေစဉ် ထိုဒေသ၌ အညာတောင်ရွာသား မုဆိုးစံလုသည် မိဘနှစ်ပါးနှင့် သားမယားတို့ကို မုဆိုးဝါသနာမပါသော်လည်း ဝမ်းရေးအတွက် မုဆိုးအလုပ်ကို လုပ်ကိုင်လျက်ရှိလေသည်။ မုဆိုးစံလုသည် ရှေးအတိတ်ဘဝက မြတ်ဗုဒ္ဓသည် မဟာဝိဟိကဆင်မင်းဖြစ်တော်မူခဲ့သည့် အခါ ညီတော်ဆင်မင်း စူဠဝိဟိကဆင်မင်းဖြစ်ခဲ့ဖူးလေသည်။ ထို့ကြောင့် ဘဝဟောင်း ညီတော် မုဆိုးစံလုကို နာဠာဂီရိတောင်ထိပ်ရှိ တြိသေလအမည်ရှိ ဆင့်တင်ကျောက်ဆောင်ထက်၌ ရပ်တန့်တော်မူကာ မုဆိုးစံလုအလာကို စောင့်မျှော် သီတင်းသုံးခဲ့လေသည်။

မုဆိုးစံလုသည် သူ၏ ရဲဘက်တော့် ခွေးလိမ္မာကြီးများဖြင့် မဟီမြစ်အရှေ့ဘက်ကမ်းကိုဖြတ်ကူး၍ တောင်တန်းပေါ် သို့ရောက်ရှိနေစဉ် သိကြားမင်းသည် မုဆိုးစံလုအား ဘုရားရှင် စောင့်ဆိုင်းနေကြောင်းကို သိလေသဖြင့် ဆတ်ကြီးသဏ္ဌာန် ဖန်ဆင်း၍ပြသရာ မုဆိုးစံလုသည် ထိုဆတ်ကြီးနောက်သို့ လက်စွဲတော်ခွေးကြီးများဖြင့် အတင်းလိုက်သွားရာ ဘုရားရှင်စောင့်ဆိုင်းနေရာ 'ဆီးချောင်း' (ယခုဆည်ချောင်း) သို့ ရောက်ရှိသည့်အခါ သိကြားမင်းဖန်ဆင်းသောဆတ်ကြီးမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေသည်။ ထိုအချိန်တွင် တောတောင်ကြီးတစ်ခုလုံးအမှောင်တိုက်ကြီး ကျရောက်ဖုံးလွှမ်းလျက် မုဆိုးစံလုမှာ ကြောက်ရွံ့ထိတ်လန့်နေခဲ့သည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်က (၆) ပါးသော ရောင်ခြည်တော်တို့ကို မုဆိုးစံလုထံ တစ်ပြိုင်နက် လွှတ်တော်မူလိုက်သည်။

ထိုအခါ တောင်တော်တစ်ခွင် ထူးဆန်းသော အလင်းရောင်တို့ ထွက်ပေါ် လာခဲ့ရာ မုဆိုးစံလုသည် တြိသေလကျောက်တောင်ကြီးထက်ဝယ် ခွေး

www.burmeseclassic.com

www.burmeseclassic.com

ခြည်တော်အလင်းဖြင့် တင့်တယ်စွာ စံပယ်နေသည့် ဗုဒ္ဓဘုရားရှင်နှင့် ရဟန္တာ အပေါင်းတို့အား ဖူးမြင်တွေ့ရှိရလေသည်။ ထိုအခါ ဘုရားရှင်က သာယာချိုမြသောအသံတော်ဖြင့် -

"ညီတော်စံလု"

ဟု (၃) ကြိမ်တိုင်တိုင် ခေါ်လိုက်လေသည်။

မုဆိုးစံလှလည်း မဆုတ်မဆိုင်းပင် -

"အရှင်ဘုရား"

ဟု (၃) ကြိမ်တိုင်တိုင် ပြန်ကြားလျှောက်ထားလိုက်လေသည်။

ထိုအခါမှ ဘုရားရှင်က အတိတ်ကိုဆောင်၍ 'မဟာဝိဟိကဆင်မင်း ဇာတ်တော်' နှင့် 'မဏိသေလရေနတ်နဂါးမင်း' ဇာတ်တော်ကို ဟောကြားတော်မူလေသည်။

□ မဟာဝိဟိကဆင်မင်းညီနောင်

ရှေးအခါက မဟာဝိဟိကတိုင်း၏ အလယ်ဗဟို၌ မဟီ (မအီ) နဒီမြစ်ကြီးသည် တောတောင်အထပ်ထပ်ကို ဖြတ်သန်းစီးဆင်းလျက်ရှိလေသည်။ ထိုမဟီမြစ်ကြီး၏ ထက်၊ အောက်၊ ဝဲ၊ ယာကမ်းပါးအရပ်တို့တွင် အလွန်မြင့်မားမတ်စောက်သည့် နတ်ရေကန်တောင်၊ မြင်မတိန်တောင်၊ ပန်းပုံကြီး၊ ပန်းပုံကလေး၊ ဆင်ခုံတိုင်၊ မြင်းခုံတိုင်တောင်၊ မြင်းစိုင်းကြောတန်း၊ နွားတည်ကြောတန်း၊ မှန်တောင်၊ လင်းဒီတောင်၊ ဘိတ်ရိုးမတောင်တန်း စသည့်တောင်တန်းကြီး အသွယ်သွယ်သည် စိမ့်စမ်းရေတံခွန်လျှိုမြိုင်တောတန်းကြီးများဖြင့် သာယာစိုပြည်တည်ရှိခဲ့လေသည်။ ထိုတောတစ်ခွင်တွင် 'မဟာဝိဟိက' ဆင်မင်းညီနောင်တို့သည် ဆင်ပေါင်းခြံရံလျက် မြိုဝဲကျက်စားနေထိုင်ခဲ့ကြသည်။ ထိုဆင်ညီဓနာဝ်သည် အိုမင်းလေပြီဖြစ်သည့် မျက်မမြင်မိဘနှစ်ပါးနှင့် ဆင်နောက်လိုက်အပေါင်းတို့အား စောင့်ရှောက် နေထိုင်လျက်ရှိလေသည်။ ဆင်မင်းညီနောင်တို့သည် အထောင်အသောင်းနီးပါးဆင်အပေါင်းတို့အား ကရုဏာရှေ့ထား မေတ္တာအားဖြင့် သနားကြင်နာစွာ စောင့်ရှောက်အုပ်စိုးနေထိုင်ပြီးနောက် ထိုဘဝမှ စုတေသေလွန်ခဲ့လေသည်။ ထိုမှ သေလွန်ပြီးနောက် လူဘဝ၊ နတ်ထဲအရပ်ရပ်တွင် ဒြိမ်ဖန်များစွာ ဖြစ်တော်မူပြီး နောက်တွင် မဟီရာနဒီမြစ်အပြင်၌ပင်လျှင် ရေနတ်နဂါးအဖြစ် တစ်ခုသောရေအိုင်ကြီး၏ ကျောက်ဆောင်အောက်၌ ရေနတ်နဂါးဖြစ်တော်မူရပြန်လေသည်။

□ မဏိသေလနာဂရာဇာနဂါးမင်း

မြတ်ဗုဒ္ဓသည် မဟာဝိဟိကဆင်မင်းအဖြစ်မှ သေလွန်၍ လူဘဝ၊ နတ်ဘဝတို့ဝယ် အကြိမ်ကြိမ်ပြောင်းလဲခဲ့ပြီးနောက် မဟီရာနဒီမြစ်ကြီး၏ အလယ်ဗဟို၌ရှိသော အလွန်ကြီးမားသည့်ရေအိုင်ကြီးဝယ် ရေနဂါးအဖြစ်သို့ ပြန်လည်ရောက်ရှိ ကျက်စားနေထိုင်ခဲ့ရပြန်လေသည်။ ဤမဟီရာနဒီရေအိုင်ကြီးအတွင်း နဂါး၊ မိကျောင်း၊ အမျိုးမျိုးစွာသော ငါး၊ လိပ်အပေါင်းတို့ နေထိုင်လျက် စားကြပြီးလျှင် ကျောက်သံ၊ ရွှေ၊ ငွေ၊ သန္လာ၊ စိန်၊ ပုလဲ၊ ပတ္တမြား၊ မြသား၊ ဂ္ဂနန္ဒနီလာ၊ မသာရကလွ၊ ဂေါ်မုတ်၊ ရွဲ့ စသော ရတနာအပေါင်းတို့နှင့်ပြည့်စုံစွာတည်ရှိလေသည်။ ထိုရေအိုင်ကြီး၏ပတ်ဝန်းကျင်အနှံ့ဝယ် စံပယ်၊ ကြက်ရုံး၊ ဂမုန်း၊ ခတ္တာ၊ ဆတ်သဝါ၊ နှင်းဆီ၊ သရဖီ၊ အင်ကြင်း၊ ငု၊ ပိတောက်၊ တောကြက်မောက်၊ ဇီဇဝါ၊ ထပ်တစ်ရာ၊ ရင်ခတ်၊ ဇလပ်ပန်း စသည့် လှပဆန်းကြယ်သစ်ပင်ပန်းမန်အပေါင်းတို့ ပေါက်ရောက်ပွင့်လန်းတည်ရှိကြကုန်လေ၏။

ဘုရားအလောင်းတော်သည် ကံဇာတည်းမှိန်ခဲ့သည့်အလျောက် အနှစ်နှစ်သောင်းကာလပတ်လုံး ရေနတ်နဂါးမျိုးဖြစ်ခဲ့ရလေသည်။ 'မဏိသေလနာဂရာဇာ' နဂါးမင်း၏ ဦးခေါင်းတော်၌ အဖိုးအနှုံးထိုက်တန်သော ပတ္တမြားရတနာကို အမြဲဆင်မြန်းလေ့ရှိသဖြင့် မဏိသေလနာဂရာဇာဟု အမည်တွင်ခဲ့ခြင်း ဖြစ်လေသည်။ ထိုနဂါးမင်းသည် ထန်းလုံးပင်ပမာဏခန့်ရှိ၍ ကြီးမားရှည်လျားသောခန္ဓာကိုယ်၊ မြသွေးကဲ့သို့ စိမ်းညိုသောအဆင်း၊ ခေါင်ရန်းပန်းကဲ့သို့ နီမြန်းသောဦးမောက်၊ ပတ္တမြားကဲ့သို့ နီသွေးသော မျက်စိ၊ ခရုသင်းပွက်သစ်စကဲ့သို့ ဖြူဖွေးသောဝမ်း၊ ဝမ်းပျဉ်းတို့တွင် ပြာလဲ့လက်အတန့်တန့်နှင့်ဆေးရောင်ခြယ်ထားသကဲ့သို့ လှပသောအမြီးတော်သည်ရှိလေ၏။ နဂါးမင်းသည် အလျှပေးခြင်း၊ ဥပသိသိလဆောက်လုပ်ခြင်း၊ ပညာအမြော်အမြင်ကြီးမားခြင်း၊ အမျက်ဒေါသနည်းပါးခြင်း၊ တန်ခိုးအာနုဘော်ကြီးခြင်းတို့ကြောင့် ရေနတ်နဂါးအပေါင်းတို့၏ ချစ်ခင်လေးစားမှုကို ခံယူရရှိခဲ့လေသည်။

ဇာတ်တော်ကို ပေါင်းသည့်အခါ မဟာဝိဟိကဆင်မင်းနှင့် မဏိသေလနဂါးမင်းတို့သည် ဗုဒ္ဓရှင်တော်မြတ်ဖြစ်၍ ဆင်ငယ်စူဠဝိဟကသည် အညာခံတောင်သား မုဆိုးစံလှဖြစ်လာလေသည်ဟု ဇာတ်တော်ကို ဟောတော်မူခဲ့လေ၏။

□ မုဆိုးစံလှတောင်းပန်မှု ဗုဒ္ဓခြေတော်ရာခံ

မုဆိုးစံလှလည်း ဘုရားရှင်ကြွသွားတော်မူလေလျှင် ငါ၌ ကိုးကွယ်ရာအားထားရာ တစ်စုံတစ်ရာမရှိဖြစ်ခဲ့တော့မည်ဟု တွေးတောလျက် ဘုရားရှင်ထံ ချဉ်းကပ်၍ -

"ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ အရှင်ဘုရားပြန်ကြွသွားပါက ဘုရားတပည့်တော် ကိုးကွယ်ရာမဲ့ဖြစ်ပေတော့မည်။ အသက်ထက်ဆုံး ကိုးကွယ် အားထားဖို့ရန် တစ်စုံတစ်ရာ ချီးမြှင့်မစေတော်မူပါ"

ဟု တောင်းပန် လျှောက်ထားလေသည်။

ဗုဒ္ဓရှင်တော်မြတ်လည်း မုဆိုးစံလှ ညီတော်ကို သနားတော်မူသဖြင့် ဤမဟီရာနဒီမြစ်နှင့် မဟာဝိဟိက မည်သော ရခိုင်ပြည် ဧည်ဝတီ၌ ငါးထောင်သာသနာရှည်မြင့်ပါရေးကို တွေးတောဆင်ခြင်သိမြင်တော်မူ၍ နာဠာဂီရိတောင်ထက် 'ကြိသေလ' အမည်ရှိ ဆင့်တင်ကျောက်ဆောင်တော်ထက်ဝယ် လက်ဝဲ (ပါဒ) ခြေတော်ရာတစ်ဆူကို လည်းကောင်း၊ မဏိသေလရေအိုင်ကြီးအတွင်းရှိ မဏိသေလကျောက်ဆောင်ကြီးထက်၌ လက်ယာ(ပါဒ)ခြေတော်ရာကို ခြေချခတ်နှိပ်ပေးတော်မူခဲ့လေသည်။

ထို့ကြောင့် စာရှုသူများအနေဖြင့် ရန်ကုန်မှတောင်ကုတ်သို့လည်းကောင်း၊ တောင်ကုတ်မြို့မှ မအီမြို့ရှိ စနဲကျေးရွာသို့ သွားရောက်နိုင်ပါသည်။ စနဲကျေးရွာမှတစ်ဆင့် အရှေ့မြောက်ဘက် (၉) မိုင်ခွဲအကွာအဝေးရှိ မအီစက်တော်ရာအားကားဖြင့်သွားရောက်၍ ကိုယ်တိုင်ဖူးမြော်ရင်း၊ တောတောင်ရေမြေ ရိုးမသဘာဝအလှအပကို ခံစားကြည့်ရှုရှင်း မအီစက်တော်ရာ သာသနိကအဆောက်အအုံများနှင့် ကတ္တရာကားလမ်းဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း စိတ်စေတနာ သဒ္ဓါတရားဖြင့် ရေးသား နှိုးဆော်လိုက်ရပါတော့သည်။

ဒွေချိုအောင် (ငပလီ)

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

တည်းခိုရမည့် လယ်တောအိမ်သို့ နံနက်(၆း၃၀)ခွဲတော့မှပင် ရောက်လာခဲ့ကြတော့သည်။ ဝန်းကျင်ပတ်ချာတစ်ခွင် ဒူလေမြင်လေတိုင်း လယ်ကွင်းတွေချည်း ဖြစ်သည်။ နံနက်ခင်း လေညင်းကလေးက တသုန်သုန်တိုက်ခတ်လာနေသည်။ လေးများ ရိတ်သိမ်ထားပြီးပြီဖြစ်သောကြောင့် ရိုးပြတ်ရုန့်များက သင်းသင်းအေးအေးမွှေးလျက်ရှိသည်။ ကျွန်တော်ကို မိမိနိုင်ငံသို့ပင် ပြန်ရောက်နေလေသည်လားဟုပင် ထင်မိပါသည်။

လယ်တောအိမ်၏ အဝင်တံခါးပေါက်တွင် အိမ်ရှင်ဖြစ်သည့် Roy Macmilan နှင့် နုတ်ခွန်းဝေး၏အစ်ကို တော(န်)တို့က စောင့်ဆိုင်းကြိုဆိုနေကြသည်။ မော်တော်ကားသံကို ကြားကြသဖြင့် သူတို့အသင့်စောင့်နေကြခြင်းဖြစ်ပုံရ၏။ ခင်မင်နှစ်လိုဖွယ်အမူအရာတွေက သူတို့၏မျက်နှာထက်တွင် အထင်းသား ပေါ်လွင်နေပေသည်။ ကျွန်တော်တို့ မည်သို့မျှ အားတုံ့အားနာဖြစ်စရာမလိုကြောင်း ပြောကြားနေသည့်အလားပင်။

"စောင့်နေကြရတာ အားနာစရာကောင်းလိုက်တာခင်ဗျာ။ မော်တော်ကားဆရာကို ဖြည်းဖြည်းမှန်မှန်သာမောင်းပါလို့ မှာထားမိတာပို့"

"အိုး - အားနာစရာမရှိပါဘူး။ ကျွန်တော်တို့က ဒီထက်တောင်နောက်ကျဦးမယ်လို့ထင်နေကြတာ"

အိမ်အတွင်းသို့ ကျွန်တော်တို့ကို ဝင်ကြဖို့ အိမ်ရှင်တွေက ကိုယ်ကိုယ်လျက် လက်ဖြင့်ဖိတ်မန္တကပြုသည်။ ကျွန်တော်တို့ကလည်း အလိုက်တသိနားလည်စွာဖြင့်ပင် အိမ်တွင်းသို့ဝင်

ခင်မောင်အေး(မန္တလေး)

အမ်နက်ချရွန်မှ မြို့ဦးဘုရားကြီး



အမ်နက်ချရွန်မြို့ဦးဘုရားကြီးသို့ အဝင်



မြို့ဦးဘုရားကြီးမြောက်ဘက်ယာခုံထောင်းဘုတော်

မြို့ဦးဘုရားကြီးမြောက်ဝဲရံ ဆင်းဘုရား

www.burmeseclassic.com

www.burmeseclassic.com

လိုက်သွားကြရပါသည်။ လယ်တော အိမ်တစ်အိမ်၏ ခမ်းနားထည်ဝါမှုကို ကျွန်တော်တို့ သတိမပြုမိဘဲ မနေနိုင်ကြ။ လယ်ကွင်းများ၏အလယ်ကောင်တွင် သည်မျှ ခမ်းနားကြီးမားသော နှစ်ထပ်တိုက်ကြီးတစ်လုံးဆောက်ထားသည်ကို မျက်မြင်ကိုယ်တွေ့သာမဟုတ် ပါက ယုံကြည်နိုင်စရာအကြောင်းမမြင်။ အိမ်ရှင်ဖြစ်သည့် ရွှိုင်းမက်မီလန်သည် နယူးဇီလန်နိုင်ငံသား ဖြစ်သည်။ ယခု ဩစတြေးလျနိုင်ငံတွင် နေထိုင်ပါသည်။ သူ့အလုပ်က လေယာဉ်ပျက်များကိုဝယ်ယူကာ သူ၏ကိုယ်ပိုင်လေယာဉ်ပြုပြင်သည့်စက်ရုံတွင် ပြုပြင်ပြင်ဆင်သည်။ သူအကြိုက်ဆုံးလေယာဉ်ကို ကိုယ်ပိုင်စီးဖို့ထားပြီး သူ၏လေယာဉ်ကို နှစ်သက်၍ လိုချင်သော ဝယ်လက်များထံ ပြန်လည်ရောင်းချသည်။

လေယာဉ်ပြုပြင်လိုသူတွေ လက်မလည်အောင် များပြားလှသဖြင့် ရွှိုင်း၏ စီးပွားရေးက တိုးသည်ထက်တိုးနေပေသည်။ အိမ်ထောင်သည် နှတ်၏မိခင်ကြီးကွယ်လွန်သွားပြီးကတည်းက နောက်အိမ်ထောင်မထူတော့။ သူ၏ပါတနာသူငယ်ချင်းတစ်ဦးနှင့် အတူနေထိုင်အလုပ်လုပ်နေခြင်းဖြစ်၏။ ယခု သူ၏ဇနီးက ပါလာသော သမီးနှစ်ခွန်းဝေး၏ ခင်ပွန်း စိုင်းမျိုးမင်းတင်နှင့် ဖခင်၊ အစ်မများ ပါဝင်သော ဧည့်သည်များအား နေရာထိုင်ခင်း၊ စားရေးသောက်ရေးနှင့် သွားရေးလာရေးအတွက်ပါ အစစအရာရာ လိုလေသေးမရှိစေရန် လာရောက် စီစဉ်ပေးထားခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ လမ်းတစ်လျှောက် စားသောက်လာကြပြီးဖြစ်သောကြောင့် ဝိုက်တွေ့ပြည့်နေကြပြီ။ ခရီးအဝေးကြီးမှလာခဲ့ကြခြင်းဖြစ်သဖြင့် ခရီးပန်းကာ မောပန်းနွမ်းနယ်နေကြပြီဖြစ်၍ အိမ်ရှင်တို့က အသင့်စီစဉ်ပေးထားသော အိပ်ခန်းအသီးသီးသို့ အမြန်ဆုံး ဝင်ရောက်ပြီး ခြေကုန်လက်ပန်းကျ၍ အိပ်ပျော်သွားကြလေသည်။

(နှစ်)

အရုဏ်သည် အရှေ့ဆီမှရောင်နီဦးနှင့်အတူ ဟိုးအဝေး လယ်ကွင်းတွေအထက်မှ ပေါ်ထွက်လာလေသည်။ အိပ်ရာမှနိုးလာသည်နှင့် ရေချိုးခန်းအတွင်းဝင်လျက် မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်ရေချိုးကြပြီး အဝတ်အစားများလဲလှယ်ဝတ်ဆင်ကာ ထမင်းစား



တင့်တယ်သမွာယ် ကြည်ညိုစဖွယ် အမ်နက်ချရွန်ဖြိုဦးဘုရားကြီး

အမ်နက်ချရွန်ဖြိုဦးဘုရားကြီးမှ အဓိကွာန်ကျောက်တုံးကြီး



ဖြိုဦးဘုရားကြီးအတွင်းမှ တန်ခေါင်းခတ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပရဝုဏ်အတွင်း သစ်ပင်ကြီးငယ်များတွင် ဝိုးသောက်နိုးစများ ကပ်ထူး ပုခက်ထားပုံ



ဘုရားကြီးလုပ်ပြုခရုခဲ့ကင်းစခန်း



မြို့ဦးဘုရားကြီးပရဝုဏ်အတွင်းမှ အမှတ်တရပစ္စည်းဆိုင်

ခန်းသို့ ရောက်ရှိသွား၏။ အိမ်ရှင်တို့က အသင့်ပြင်ဆင်ထားသော နံနက်ဦးစာများက အငွေ့တထောင်းထောင်းဖြင့် ဆီကြိုလျက်ရှိ၏။ ပေါင်မုန့်မီးကင်ထားသည်မှာလည်း ကြွပ်ရွနေသည်။ တူနှစ်လက်ထောပတ်ကိုလည်း ဖန်ပုလင်းနှင့် ထည့်ထားသည်။ စတော်ဘယ်ရီယို ပုလင်းကလည်း အဆင်သင့်ဖွင့်ထားပြီးဖြစ်၏။ ကြက်ဥမကျက်မကျက်ကြော်များကလည်း ဘဲဥပုံပန်းကန်ပြားကြီးတစ်ချပ်နှင့်အပြည့်။ စိုင်းမိုးမင်းတင်၏ ကလေးနှစ်ယောက်အတွက် သူတို့အမေနုတ်က တစ်ယောက်ကို ပေါင်မုန့်လေးချပ်စီ ထောပတ်နှင့်ယိုသုတ်ပေးသည်။ ကြက်ဥကြော်နှစ်လုံးစီ ပန်းကန်နှင့်ထည့်ပေးသည်။ ကလေးတွေက ပေါင်မုန့်တို့၊ ဘဂါတို့ကိုသာ နှစ်သြက်ကြ၏။ ထမင်းနှင့် ဟင်းများမစားတတ်။ ဩဇီတွင်မွေး၊ ဩဇီတွင်ကြီးသောကလေးများပေကိုး။

နံနက်ဦးစာကို ဆာဆာလောင်လောင်နှင့် အားပါးတရအောင် စားသောက်ကြပြီးနောက် အိမ်ရှင်က အသင့်စီစဉ်ပေးထားသော ဟိုင်းလပ်(စ်)ခပ် ဘယ်(လ်)က(ဒ်)ကားဖြင့် အိမ်မှထွက်ခွာလာခဲ့ကြပါသည်။ အိမ်ရှင် ရွှိုင်းက ဟိုင်းလပ်ကားကို စူလွန်ရွာတွင်ပင်ထားရှိသည်။ သူ၏ကွယ်လွန်သူ ဇနီးသည်၏ သားကြီး နုတ်ခွန်းဇေ၏အစ်ကို တော(နှ်)က တာဝန်ယူစောင့်ရှောက်ထားသည်။ တော(နှ်)က ရွှိုင်း၏ အိမ်ကြီးအပြင် လယ်တောများ၊ ဘန်ဂလိုတစ်လုံးနှင့် ရွှိုင်းပိုင်ဆိုင်မှုအထွေထွေကို တာဝန်ယူထားသူဖြစ်၏။ လယ်များကို အငှားချထားပြီး လက်ထောက်ခများ ကောက်ခံပေးသည်။အိမ်ကြီးကို တော(နှ်)က သူ၏သားနှင့်ချွေးမအား အိမ်မကြီး၏အခန်းတစ်ခန်းတွင်နေထိုင်စေပြီး အိမ်ကိုစောင့်ရှောက်စေသည်။ တော(နှ်)၏သားနှင့် ချွေးမလင်မယားက အမ်နက်ချရွှန်မြို့ပေါ်မှ စူပါမားကက်တွင်အလုပ်လုပ်ကြသည်။ သူတို့၏ သမီးကလေးနှင့် သားကလေးအား အဘိုးနှင့် အဘွားတို့က တာဝန်ယူ ကျွေးမွေးစောင့်ရှောက်ထားသည်။

ယခု နုတ်က မိသားစုနှင့်အတူ မြို့တွင်းသို့ သွားလာလည်ပတ်သည့်အခါ မော်တော်ယာဉ်ကို နုတ်၏ခင်ပွန်း စိုင်းတင်က မောင်းလာခဲ့လေသည်။ အိမ်မှထွက်၍ မိနစ်ပိုင်းမျှအကြာ စူလွန်ရွာသို့ ရောက်လာလေသည်။ ရွာတွင်းသို့ ဘန်ဂလိုတွင် တော(နှ်)က စောင့်နေပြီး ကျွန်တော်တို့ကို သူ့အိမ်တွင်တစ်ထောက်နားစေကာ ကော်ဖီတစ်ခွက်စီဖြင့် ဧည့်ခံသည်။ ပြီးနောက် ကျွန်တော်တို့က အမ်နက်ချရွှန်မြို့သို့ ထွက်ခွာလာခဲ့ကြသည်။ အိမ်မှရွာ၊ ရွာမှမြို့သို့ မောင်းလာခဲ့သောလမ်းသည် ကွန်ကရစ်ခင်းလမ်းဖြစ်၏။ ကျွန်တော်တို့နိုင်ငံ နေပြည်တော်မှလမ်းများထက်ပင် သာနေသည်ဟု ကျွန်တော်ထင်ပါသည်။ စူလွန်ရွာတွင်းရှိအိမ်တွေသည် တစ်ထပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

လေးများချည်းဖြစ်သည်။ လယ်သမားများလည်းဖြစ်ကြသည်။ အိမ်တိုင်းမှာ ဟိုင်းလပ်(စ်)ကားတစ်စီးစီ၊ မော်တော်ဆိုင်ကယ်တစ်စီး၊ အချို့နှစ်စီးထားရှိပိုင်ဆိုင်ကြပါသည်။ လယ်သမားတို့အတွက် အရစ်ကျစနစ်ဖြင့် တိုက်အိမ်ဆောင်နိုင်၊ မော်တော်ယာဉ်ဝယ်နိုင်၊ ဆိုင်ကယ်ဝယ်နိုင်အောင် အစိုးရက စီစဉ်ပေးထားသည်။

စပါးပေါ်တော့မှ အရစ်ကျပေးဆပ်ရသည်။ လမ်းတွေကောင်းအောင်၊ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးညီး (လုံးဝမပျက်) အောင် စီစဉ်ပေးထားသည်။ ပြည်သူတွေမှာ အခက်အခဲမရှိ၊ စားဝတ်နေရေးစိတ်အေးရအောင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်ကိုယ်တိုင်က အရေးတယူပြုလျက် အလေးထားကာ ညွှန်ကြားစီစဉ်ဆောင်ရွက်ပေးထားသည်။ အားကျအတုယူဖွယ်ရာကောင်းလှ၏။ စိုင်းတင်မောင်းလာသောကားသည် အမ်နက်ချရွှန်မြို့အဝင်သို့ ရောက်လာသည်။ လမ်း၏လက်ယာဘက်မှာ မြို့ဦးဘုရားကြီးကို တင့်တယ်သပ္ပာယ်စွာ ဖူးမြင်ရပါသည်။

စိုင်းတင်က ဘုရားကြီးသို့ အဝင်ဝမှခဲဦးတွင် ကျွန်တော့်ကိုချပေးထားခဲ့ပြီး မြို့တွင်းသို့ ဆက်လက်ထွက်သွားကြ၏။ ကျွန်တော်က ဘုရားကြီးမုခ်ဦးတွင် ရပ်တန့်ကာ အတွင်းသို့မဝင်သေးဘဲ ဝန်းကျင်ကို လှမ်း၍ အကဲခတ်ကြည့်ရှုလိုက်ပါသည်။ ဝါ၊ ယာတွင် စိမ်းစိုသောသစ်ပင်များဝိုင်းရံလျက်ရှိသည်။ပြာသောကောင်းကင်ကို နောက်ခံထားလျက် ကြီးမြတ်သည့်အသရေတော်ဖြင့် လူသားအပေါင်းတို့အား မေတ္တာဓာတ်များဖြန့်ကြက်ပေးနေသည့် ဆင်းတုတော်ကြီးကို ဖူးမြင်ရသည်။

စူလွန်ရွာသူရွာသားများရော ဒီဒေသမှလူအများက မြို့ဦးဘုရားကြီးကို အထူး လေးစား ယုံကြည် ကိုးကွယ်ကြသည်။ ဘုရားကြီးထံသို့ လာရောက်ဝတ်ပြု ကြည်ညိုကန်တော့ကာ တစ်ခုတည်းသောဆုကိုတောင်းလျက် အဓိဋ္ဌာန်ပါက မုချမသွေပြည့်ဝစေသည်ဟုဆိုကြပါသည်။ သီလစောင့်ထိန်းရမည်။ ငါးပါးပဉ္စသီ ခါးဝတ်ပုဆိုးပမာမြဖို့တော့လိုပါသည်။

ဘုရားရင်ပြင်တော်ပတ်လည်တွင် ကြွေပြားခင်းထားသည်။ ဘုရားကြီး၏ အရှေ့ ခြေတော်ရင်းသို့ မုခ်ဦးမှစတင်ကာ သစ်သားခုံတောက်လျှောက်ခင်းထားပြန်သည်။ သစ်သားခုံပေါ် မှတစ်ဖန် ကော်ဇောနီတစ်ချပ်ခင်းထားလေသည်။ နွေ၊ မိုးနှင့် ဆောင်းဥတုရာသီများတွင် နေပူဒဏ်မခံရလေအောင် မိုးကာလမှာ ရေမစိုအောင်၊ ဆောင်းအခါသမယတွင် အအေးဒဏ်ကို ကာကွယ်နိုင်အောင် ပြုလုပ်ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် ဘုရားကြီး၏ ရှေ့ဘက်မျက်နှာစာတွင် ဘုရားဖူးများ သက်သောင့်သက်သာ ဝတ်ပြုရှိခိုးနိုင်စေရန်၊ ကြာတောင့်ကြာရှည်ထိုင်၍ ပုတီးစိပ်နိုင်ရန် သစ်သားကြမ်းခင်းပေးထားပြီး တစ်ထိုင်စာ ကော်ဇောငယ်များပါချထားပေး

ပြာထဲထဲရေကန်သာ ထုခ်ဖူးမျှော်ကာကြည့် ရှုမဝပါဘိ



ဘုရားဖူးများ အပန်းဖြေ အဆောပြေ စားသုံးဖို့ ထက်ဆက်သစ်သီး၊ ဝယ်ကြစို့

ကြာရွှေ့ယန်းများအား ရောမစဉ့်ဆို့များအတွင်း၊ စိုက်ပျိုးပေးထားသည်

www.burmeseclassic.com

www.burmeseclassic.com



မဟာပိန္နဲနတ်မင်းကြီး စံပျော်ရာ ကျောက်တုံးကြီး

သည်။ ယင်းအပြင် နေပူပူ၊ မိုးရွာရွာ ဘုရားဖူးများအတွက် နေပူဒဏ်မခံရ လေအောင် မိုးရေမစွတ်ရလေအောင် ထီးရောင်စုံများ တပ်ဆင်ပေးထားသည်။ ဘုရားကြီး၏ရှေ့ခြေတော်ရင်းတွင် ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်ရန် ပန်းတင်ခုံ၊ ဆီမီးတင်လှူပူဇော်ရန် ဆီမီးခုံ၊ ရေချမ်းကပ်လှူဖို့ ရေချမ်းစင် စသည် စသည်ဖြင့် ပြည့်ပြည့်ဝဝ စုံစုံလင်လင်ထားရှိသည်။

ဘုရားကြီးရှေ့လက်ဝဲနှင့်လက်ယာဘက်တွင် အရံဆင်းတုတော်တစ်ဆူစီ သီတင်းသုံး စံပယ်လျက်ရှိနေသည်။ ဘုရားဖူးများ လျှဒါန်းထားသော တံခွန်ကုတ်ကြားရောင်စုံများ တစ်ပုံတစ်ပင်တွေ့မြင်ရသည်။ ဆင်းတုတော်များ၏ လက်ကောက်ဝတ်တွင် အဆောင်ဖြစ်ပုံရသည့် ရောင်စုံဖဲပြားစများ ပတ်ချည်ထားသည်။ အန္တရာယ်ကင်းအောင်၊ ကျန်းမာအောင်၊ စီးပွားဥစ္စာတိုးတက်အောင်ဆုတောင်းလျက် ဆင်းတုတော်အား ပူဇော်ထားခြင်း ဖြစ်ပါသည်။ ဘုရားဝတ်ပြုလျက် ကန်တော့ချိုးဖြင့် ရှိခိုးပြီးသည့်နောက် ဂုဏ်တော်ကိုးပါး ပုတီးကိုးပတ်စိပ်လျှ ပူဇော်ခဲ့ပါသည်။ ပြုခဲ့သမျှ ကုသိုလ်အစုစုကို ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှဝေလျက် မေတ္တာပို့ခဲ့ပါသည်။

ဆင်းတုတော်ကြီးအား ရှိခိုးကန်တော့ခဲ့ပြီးနောက် ပရိဝုဏ်အတွင်း လျှောက်သွားပြီး လှည့်လည်ကြည့်ရှုသည့်အခါ ဦးစွာ အဓိဋ္ဌာန်ကျောက်တုံးကြီးတစ်ခုကို တွေ့မြင်ရ၏။ ကျောက်တုံးကြီးသံသည် ဆယ့်ငါးပေမကမြင့်ပါလိမ့်မည်။ နီညိုရောင်ကျောက်တုံးကြီးကို အထက်ပိုင်းတွင် နီ၊ ဝါ၊ ပြာ ဖဲကြိုးစဖြင့် ပတ်ထားသည်။ လှပသော အသွေးအရောင်စုံပန်းပွင့်များ ထိုပ်တွင်ပါရှိသည်။ သက်နီးပူဇော်ထားခြင်းပေလား မပြောတတ်နိုင်။ ကျောက်တုံး၏အခြေမှာ ရဟန္တာတစ်ပါးအား နတ်လူသတ္တဝါတို့ ပူဇော်နေဟန် အရုပ်ကလေးများချထားသည်။ စိမ်းစိုသော ဂမုန်းပင်တစ်ပင်ကို ညောင်ရေအိုးတွင် ထိုးစိုက်ပူဇော်ထားသည်။

မနီးမဝေးတစ်နေရာတွင် အလားတူကျောက်တုံးကြီးတစ်တုံး ထပ်မံတွေ့မြင်ရသည်။ ယင်းကျောက်တုံးကား အဓိဋ္ဌာန်ကျောက်တုံးဟုတ်ပုံမရချေ။ ဖဲပြားပဝါစ ဘာတစ်ခုမှမရှိ။ ကျောက်တုံးကြီး၏ထိပ်တွင် မဟာပိန္နဲနတ်မင်း၏ ရုပ်တုကို ပလ္လင်နှင့်တကွ တွေ့မြင်ရသည်။ မဟာပိန္နဲနတ်ကို ကိုးကွယ်သည့်အယူအဆသည် ယိုးဒယားတို့၏ ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်ဆက်စပ်လိမ့်မည်ဟု ကျွန်တော်မထင်ပါ။ နယ်နိမိတ်ချင်းထိ စပ်နေသည့် ကမ္ဘောဒီးယား၊ ခမာ စသည့် နိုင်ငံတို့မှ ယခုကျေးမှုအယူဝါဒများနှင့် အဆက်အစပ်ရှိနိုင်ကောင်း၏ဟု ယူဆမိပါသည်။

ထို့နောက် ကြီးမား ကျယ်ဝန်းသော တန်ဆောင်းကြီးတစ်ခုကို တွေ့မြင်ရသည်။ နေ့ထူးရက်ထူးမဟုတ်သဖြင့် အလှူအခမ်းအနားမရှိသောကြောင့် ရှင်းလင်း တိတ်ဆိတ်လျက်ရှိသည်။ တန်ဆောင်းကြီး၏ဘေးတွင် ကြာဖြူပန်းများကို ကြီးမားသော စဉ့်အိုးကြီးများနှင့် စိုက်ပျိုးပူဇော်ထားသည်ကို တွေ့မြင်ရသည်။ ကြာပန်းဖြူဖြူတို့၏ အလှမှာ စာဖွဲ့၍ပင်ရစကောင်းပါ၏။ သည့်အပြင် ထူးခြားဆန်းသစ်သော အနုပညာလက်ရာမြောက် လက်ဆေးကန်၊ သစ်ခြောက်ပင်တစ်ပင်၏ပင်စည်ကို ထက် ခမ်းရွေ့ကာ ရေပိုက်ခေါင်း၊ ဆပ်ပြာခွက်တင်စင်၊ ကြည့်မှန်တစ်ချပ်၊ ရေပိုက်ခေါင်းအောက်တွင် လက်ဆေးကန် စသည်တို့ကို ထွင်းထုပြုလုပ်ထားသည်။ ကျွန်တော်က အမှတ်တရ အထိမ်းအမှတ်အဖြစ်နှင့် လက်ဆေးကြည့်ခဲ့ပါသေးသည်။ ပရိဝုဏ်အတွင်း သစ်ပင်ကြီးငယ်များ၏ ပင်စည်တွင် အဝါရောင်ပိုးသင်္ကန်းစများ ပင်တိုင်းစေ့ပူဇော်ထားသည်။ ပရိဝုဏ်အတွင်း ဘုရားကြီးလုံခြုံရေးရဲအဖွဲ့နှင့် ရဲကင်းစခန်းတစ်ခုထားရှိသည်ကိုလည်း ကျေနပ်ဖွယ်ရာမြင်တွေ့ခဲ့ရပါသေးသည်။ ဘုရားကြီးအတွင်း ဘုရားဖူးများ အမောပြေ အဆာပြေ ဝယ်ယူစားသုံးနိုင်ဖို့ လတ်လတ်ဆတ်ဆတ် အသင့်လှီးဖြတ်ထားသော သစ်သီးဆိုင်ကလေးလည်း ရှိသည်။

ဘုရားကြီးနှင့် စပ်ဆိုင်သည့် အမှတ်တရပစ္စည်းအရောင်းဆိုင်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ အဝေးဆီ၌မူ သက်တောင့်သာယာရေကန်တစ်ကန်။ ပြာလဲ့လဲ့ရေပြင်တွင် လေပြည်ပင်မမွှေ့တော့သဖြင့် သင်ဖြူးတစ်ချပ်ခင်းထားသည့်အလား ပကတိငြိမ်သက်လျက်။

ခင်မောင်အေး (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

ရောမြေ-ကျော်ဝေ

မေတ္တာအကျိုး တန်ခိုးအနန္တ



တစ်နေ့သောညနေပိုင်းအချိန်တွင် စာရေးသူ၏သားကြီး မောင်ဝင်းကိုကိုဦးက -

"အဖေ၊ ဒီနေ့ညနေ မှောင်စပျိုးချိန်မှာ ဘုန်းကြီးငါးပါးပင့်ပြီး အိမ်မှာ ပရိတ်ရွတ်ချင်တယ်။ အန္တရာယ်ကင်းဘေးကင်းပရိတ်ပေါ့။ မင်္ဂလာဇေယျ၊ ကျောင်းဆရာတော်ကြီးက အဖေနဲ့ ရင်းနှီးတယ်။ ဘုန်းကြီးပင့်တဲ့တာဝန်ကို အဖေမဲယူပါ။ ဝတ္ထုငွေနဲ့ အချိုရည်က

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာသုတ်တော်ရဲ့အစွမ်းထက်ပုံလေးကို ပါ"

စာရေးသူသည် စာရေးရန်အတွက် ကုန်ကြမ်းလို အပ်နေသောအချိန်တွင် ဆရာတော်ကြီးက စာရွက်ကြမ်းများနှင့် ဘော(လ်)ပင်တစ်ချောင်းကို စာရေးသူကိုပေးပြီး သူပြောပြလေသည်။ စာရေးသူကလည်း လိုက်မှတ်ပြီး လိုအပ်သည်များကိုဖြည့်စွက်၍ အပိုင်းခွဲခြားပြီးရေးသားခဲ့ပါသည်။ ဆရာတော်ကြီးအမြဲရွတ်ဖတ်နေသော မေတ္တာသုတ်တော်၏ကိုယ်တွေ့အကျိုးထူးပုံကို သူရဇမဂ္ဂဇင်းတွင် ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

□ မာယာပျားတို့ပြေးလေပြီ

တစ်နေ့တွင် အတွင်းပတ္တမြားကျောင်းဟောင်းဆရာတော်နှင့် ဦးဥာဏဝံသတို့သည် ကျောင်းကြီး၏ အဝင်မျက်နှာစာတံခါးမကြီးအထက်ဘက်တွင် ပျားများအုံဖွဲ့၍ အသိုက်ပြုလုပ်နေသည်ကို တွေ့မြင်ရသောအခါ ဆရာတော်ကြီးက -

"ဦးပဉ္စင်းရှင်ဥာဏဝံသ၊ ဟိုမှာကြည့်ပါဦး။ ပျားတွေက နေစရာနေရာရှားလို့ ကျုပ်တို့ကျောင်းပေါက်ဝတံခါးအထက်မှာဗျ။ တော်ကြာ ကိုရင်တွေ၊ ဦးပဉ္စင်းတွေကို ပျားတုပ်မှာဖြင့် ဒုက္ခ

www.burmeseclassic.com

ရောင်ခြည်မဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်း၊ ဂန္ဓိရဆန်းကြယ်မဂ္ဂဇင်းတွေကို ဖတ်ရတော့ ဘုန်းကြီးလည်း မဂ္ဂဇင်းတွေမှာ စာရေးချင်စိတ်ပေါက်လာပြီ။ ဝတ္ထုတို၊ ဆောင်းပါး၊ ဂါထာမန္တန်၊ တိုင်းရင်းဆေးတွေက အစ မှတ်သားဖွယ်ရာ ဗေဒင်လက္ခဏာ အမျိုးမျိုးတွေကလည်းစုံတော့ ဘုန်းကြီး ဝါသနာပါတော့တာပေါ့ ဒကာကြီး။ ဒါထက် ဒကာကြီး ဘုန်းကြီးစာရေးဖြစ်ရင် ဒကာကြီးကိုအကူအညီတောင်းရမှာပါ။ ဘုန်းကြီးရေးတာ အဆင်မပြေ၊ မပြေ ဒကာကြီးက ဆုံးဖြတ်ပေးပါ"

စာရေးသူသည် ဆရာတော်ကြီး ဦးဥာဏဝံသကိုဦးတိုက်လျက် -

"မှန်ပါဘုရား၊ တပည့်တော်တတ်သရွေ့ မှတ်သရွေ့တော့ ပြုလုပ်ပေးပါ့မယ်ဘုရား"

ဆရာတော်ကြီးသည် သဘောကျစွာဖြင့် ရယ်မောလျက် -

"ဒကာကြီးကိုကျုပ်ကုန်ကြမ်းတစ်ခုပေးရဦးမယ်။ ဒကာကြီးစာရေးဖို့ အဆင်ပြေအောင် ဘုန်းကြီးကိုယ်တွေ့

www.burmeseclassic.com

ဟု ဆိုသောအခါ ဦးပဉ္စင်းကြီး ဥာဏဝံသက -

"တပည့်တော် သူတို့ကို မေတ္တာနဲ့ နှင်ပါ့မယ်ဘုရား"

"သူတို့က ပျားတိရစ္ဆာန်တွေဗျ။ မေတ္တာသုတ်လည်းရွတ်ကြည့်ပေါ့"

ဟု ဆရာတော်ကြီးကပြောပြီး ကျောင်းဝင်းထဲတွင် စကြီလျှောက်နေလေသည်။

ဦးဥာဏဝံသက -

"ပျားသူတော်ကောင်းအပေါင်းတို့ သင်တို့သည် ဘုရားသားတော်များဖြစ်ကြတဲ့ သံယာတော်နှင့် ကိုရင်၊ ကျောင်းသားတို့ကို ရန်မူခြင်းမပြုပါနှင့်။ အကယ်၍ ရန်မူမည်ဆိုပါက သင်တို့တခြား အသိုက်အမြုံရှိရာသို့ ရွှေ့ပြောင်းကြပါလော့"

ဟု ပြောဆိုပြီး ဦးဥာဏဝံသက မေတ္တာသုတ်တော်ကို (၉) ခေါက်ရွတ်ဆိုလေသည်။ ထိုပျားများရှိသောနေရာသို့ ရဟန်းသံဃာများသည် ပျားတုပ်ခံရမည်စိုးသဖြင့် အဝေး၊အထွက်မလုပ်ခဲ့ကြပါ။ ရဟန်းသံဃာများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ နောက်တစ်နေ့နံနက် အလင်းရောက်သည့်အချိန်တွင် ထိုယင်းပျားများကို ပျားပတူကောင်ကြီးများက အုပ်ဖွဲ့လာပြီး တိုက်ခိုက်သောအခါ ယင်းပျားများထွက်ပြေးခဲ့ရလေသည်။ ပျားပတူကောင်ကြီးတွေက တစ်ကောင်လျှင် လက်မ၊ လက်ညှိုးလောက်ရှိကြပါသည်။ ထိုယင်ပျားများထွက်ပြေးသွားပြီးနောက် ပိုင်းတွင် ပျားပတူကောင်တို့သည်လည်း ပျောက်ကွယ်သွားကြပါသည်။ ကျောင်းထိုင်ဆရာတော်ကြီးက ဦးပဉ္စင်းရှင်ဥာဏဝံသ၏ မေတ္တာသုတ်ပရိတ်တန်ခိုးတော်က တယ်လည်း အကျိုးထူးပေသကိုးဟု ချီးမွမ်းပြီး ဦးပဉ္စင်းနှင့်ကိုရင်တို့ကိုခေါ်ပြီး ကျောင်းတွင် နေ့စဉ်နေ့တိုင်း မေတ္တာသုတ်ပရိတ်တော်ကို ပိုမို၍ ရွတ်စေပါသည်။

□ မိန်းမမာယာထိပညာ

ဆဒ္ဒန္တဥာဏဝံသသည် ငယ်စဉ်အခါ ရဟန်းငယ်ဘဝတွင် ကွင်းကောက်မြောက်ဝတ်ကုန်းကျောင်း၌နေစဉ် ၁၃၃၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်နေ့တွင် ကွင်းကောက်ဘွတ်ကျေးရွာ ရဟန်းဒါယကာများရှိရာသို့ အလည်သွားခဲ့ပါသည်။ ပင်ကိုအကြောတက်ရောဂါရှိသဖြင့် ဆေးဆရာတစ်ယောက်မှပေးထားသော ကြေးစုတ်နှင့် မြန်မာဗီနှော အကြောတက်မျှောက်ဆေးကို ဆောင်ထားရပါသည်။ ထိုဗီနှောဆေးသည် သံပရာရည်နှင့်ဖျော်၍ ကြေးစုတ်နှင့်ထိုးရပါသည်။ ရဟန်းဒါယကာအိမ်သို့ ရောက်သောအခါတွင် အကြောတက်ဝေဒနာကို စုတ်ဆေးထိုးပြီးကုရပါသည်။ ရဟန်းအမှာလည်း သူလည်း အကြောတက်ဝေဒနာရှိပါသဖြင့် စုတ်ဆေးထိုးချင်ကြောင်းပြောသောအခါ ဦးပဉ္စင်းက 'မဖြစ်ဘူး' ဟု ဆိုသောအခါ ရဟန်းအမက -

"ဦးပဉ္စင်းကလည်း ခဲရာခဲဆစ်နိုင်လိုက်တာ။ ဘာလဲ၊ ဆေးကိုနှမြောလို့လား"

ဟုဆိုသောအခါ -

"ဒီလိုဆိုရင် ဒကာမကြီး ဆေးကိုယူပြီး စုတ်နဲ့ဇက်ကြောတက်တဲ့နေရာကို ထောက်လိုက်ပါ"

ဟု ပြောနေတုန်း အမည်မသိသူ အမျိုးသမီးတစ်ယောက်ရောက်လာပြီး-

"အရှင်ဘုရား၊ အဲဒီဆေးစုတ်ကြီးကို တပည့်တော်မကြည့်နိုင်ပါ"

ဟု ပြောဆိုပြီး ည့ှေသည့်အမျိုးသမီးကဆင်းသွားလေသည်။ ထိုအမျိုးသမီးပြန်သွားပြီး မိနစ်အနည်းငယ်အတွင်းတွင် ဦးဥာဏဝံသ၏ ကိုယ်ခန္ဓာသည် မီးနှင့်မြို့က်သကဲ့သို့ပူလောင်လာပြီး ဝတ်ထားသော ကိုယ်ရုံသင်္ကန်းကို ချွတ်ပြီး ထွက်ပြေးချင်စိတ်ပင်ပေါက်ခဲ့လေသည်။

"ဘုရား ဘုရား၊ ငါလည်းဘာမှ အမှားမလုပ်ခဲ့ပါလား"

ဟု စိတ်ကိုထိန်းချုပ်ပြီး ဓမ္မတ္ထသုတ်တော်ကို (၃)ခေါက်မြောက်ရွတ်ဆိုပြီးမှ ကိုယ်ခန္ဓာလည်း ပူလောင်ခြင်းမှ တဖြည်းဖြည်း သက်သာ အေးငြိမ်းလာတော့သည်။ မေတ္တာသုတ်တော်ကို ဆက်လက်ရွတ်ဖွားနေချိန်တွင် ပြန်သွားသော အမျိုးသမီးသည် လမ်းတစ်ဝက်တွင် အဝတ်အထည်များချွတ်ပြီး ပူလောင်ခြင်းဝေဒနာကိုခံစားပြီး အရူးမီးဝိုင်းသည့် ပမာ ဦးတည်ရာသို့ ပြေးခွာသွားလေတော့သည်။ မေတ္တာသုတ်တော်၏အကျိုးသည် မသူတော်ပညာရှင်တို့အတွက် ကိုယ်ပြုသည့်ကံ ကိုယ်ထံပြန်ခဲ့သည်မှာ ကိုယ်တွေ့ပင်ဖြစ်ပါသည်။

□ ပညာရှင်ယောကျ်ားသူအမှား

ဦးပဉ္စင်းဥာဏဝံသသည် ၁၃၃၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်နေ့တွင် အင်္ဂပူမြို့နယ် အိုးဖိုစုရွာရှင်ပြုအလှူသို့သွားခဲ့ပါသည်။ ၎င်းအလှူပွဲတွင် ပဉ္စင်သံဃာ (၁၅) ပါးပဉ္စင်ရာတွင် သုမင်္ဂလ (က်) က (၁၀)ပါး၊ ဒွါရက (၅) ပါး ဖြစ်ပါသည်။ အလှူတွင် အင်္ဂပူစိန်သောင်းဆိုင်းဖြင့် ည့ှေခဲ့ပါသည်။ လူအတန်စည်းသောအလှူကြီးဖြစ်ပါသည်။ မဏ္ဍာပ်ထဲတွင် ည့ှေပရိသတ်များပြည့်ကျပ်၍နေပါသည်။ အိမ်ပေါ်တွင် သံဃာများကို ဆွမ်းဝိုင်းပြင်ပြီး ကျေးမွေးလှူဒါန်းရာတွင် ဆွမ်းဝိုင်းအနီး၏ တိုင်ခြေတွင် ဘိလပ်ရည်ပုလင်း (၅) ပုလင်းကို အဆင်သင့်ချထားပါသည်။ ဦးဥာဏဝံသသည် ဆွမ်းစားခါနီးတွင် မေတ္တာသုတ်ကို အထပ်ထပ်ရွတ်ပွားပြီးမှ ဆွမ်းစားဖါသည်။ ဆွမ်းစားအပြီးတွင် လူတစ်ယောက်သည် အချို့ရည်ပုလင်းတစ်လုံးကိုဖောက်ပြီး လာကပ်ပါသည်။

"ဒကာကြီး၊ ဒီအချို့ရည်ပုလင်းတွေကတရားဟောပြီးမှကပ်ရမှာ။ ဦးပဉ္စင်းတို့အတွက် ဟုတ်မယ်မထင်ဘူး။ တရားဟောပုဂ္ဂိုလ်တွေအတွက်ဖြစ်လိမ့်မယ်"

ဟုပြောသောအခါ အနီးရှိကိုယ်တော်တွေက -

"ဖောက်ပြီးသားပုလင်းလည်းဖြစ်နေတော့ အကပ်ခံလိုက်ပါ ဦးဥာဏဝံသရာ"

ဟုပြောသောအခါ ဒကာကို အားနာတာနှင့် အချို့ရည်ကို အနည်းငယ်သောက်ပြီး ပြန်ပေးလိုက်ပါသည်။ အချို့ရည်ကိုသောက်ပြီး အနည်းငယ်အတွင်းမှာပဲ တစ်ကိုယ်လုံးပူလောင်လာပြန်တော့သည်။ ဒုတိယအကြိမ်ဟု ဆိုရမှာပါ။ အပူဒဏ်ကို ကျန်နေမျက်ခံစားရင်း မေတ္တာသုတ်တော်ကို သုံးကြိမ်ထပ်ပြီးရွတ်လိုက်တာနှင့် အပူတွေလည်း ငြိမ်းသွားခဲ့ပြီး အေးချမ်းသွားတော့သည်။ သည်အဖြစ်ကို မျက်တောင်မခတ်စိုက်ကြည့်နေသည့်လူဝဝ၊ ဂင်တိုတို၊ အသားမည်းမည်းနှင့်လူကြီးဟာ ပညာရှင် ဆရာမဲဟု နောက်မှသိရပါသည်။ သူလည်းပဲ လူတွေထဲမှာ အကျီကိုချွတ်ပြီး ခြင်ပုတ်သလိုပုတ်နေတာကို ဘေးကလူတွေကမြင်ရတော့ -

"ဆရာမဲ၊ ဘာဖြစ်လို့လဲ"

မေးတော့ လောကီအတတ်ပညာရှင် ဆရာမဲက ဘဲမှထပ်မပြောဘဲ မဏ္ဍာပ်အပြင်ဘက်ကို ခပ်သွက်သွက်ထွက်သွားပါတော့သည်။ မေတ္တာသုတ်၏ အစွမ်းထက်ပုံက ဆရာမဲလည်း ဘာညာမပြောရဲဘဲ အလှူထမင်းအလှူဟင်းနှင့်တောင်မကပ်နိုင်ဘဲ ဝေးသထက်ဝေးရာကိုပြေးရတာကတော့ လောကီအတတ်

www.burmeseclassic.com

www.burmeseclassic.com

□ နတ်မင်းစောင့်ရှောက် ရန်သူပျောက်

၁၃၅၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ကြာသပတေးနေ့တွင် ဟင်္သာတမြို့ ရတနာပုံ(၂)လမ်းနေ ဒေါ်အုံမြိုင်မှ ပရိက္ခရာရှစ်ပါး လာရောက် လှူဒါန်းပါသည်။ နံနက်(၉)နာရီတိတိတွင် ကောင်းမှုအစုစုကို ရေစက်ချအမျှအတန်းပေးဝေပါသည်။ သာခုသုံးကြိမ်ခေါ် ဆိုပြီးသောအခါ ခဏအကြာတွင် ဒေါ်အုံမြိုင်ကို ငါးမျက်နှာဘုရားစောင့်နတ်မင်းကြီးက ဝင်ပူးပြီး ဆရာတော်ကို ဦးတိုက်၍ လျှောက်ထားပါသည်။

"အရှင်ဘုရား၊ အရှင်ဘုရားသည် ဒီနေရာဒီဒေသတွင် ရှေးပဋ္ဌာန်းဆက်ရှိ၍ လာရောက် သာသနာပြုခြင်း ဖြစ်ပါသည်။ ဒီနေရာမှာ အရှင်ဘုရား သာသနာပြုတာကို တပည့်တော် ဝမ်းမြောက်ဝမ်းသာစွာရှိခြင်းဖြစ်ပါသည် အရှင်ဘုရား။ အရှင်ဘုရားကို နှောင့်ယှက်ပြုမူသော ပုဂ္ဂိုလ်အပေါင်းတို့ကို တပည့်တော် ဖယ်ရှားပစ်ပြီးပါပြီ။ ရှေးယခင်ကမကျွတ်မလွတ်သောပုဂ္ဂိုလ်တို့လည်း ကျွတ်လွတ်ကုန်ကြပါပြီ။ ယခုရက်ပိုင်းအတွင်းတွင် အရှင်ဘုရား၏ကျောင်းရေစက်ချပွဲတွင် ပရလောကမှပုဂ္ဂိုလ်ခြောက်ဆယ်ကျော်လောက် ကျွတ်လွတ်သွားကြပါပြီ"

ဟု ဒေါ်အုံမြိုင်ကိုပူး၍ ပြောသော ဘုရားစောင့်နတ်မင်းကြီးက ဆရာတော်ကို ဦးတိုက်ပြီး ပြန်သွားလေတော့သည်။

ဆရာတော်၏ ထူးခြားသော ဖြစ်ရပ်မှန်များသည် လောကလူသားတို့အဖို့ ယုံကြည်ရန် ခက်ခဲပေလိမ့်မည်။ ကိုယ်တွေ့ကြုံမှုယုံကြမှာပါ။ မေတ္တာသုတ်၏ အစွမ်းတန်ခိုးအာနိသင်သည် ဆရာတော် ငယ်စဉ် ကိုရင်ဘဝကတည်းက ရွတ်ဖတ်ပူဇော်ခဲ့သည်မှာ ယခုလက်ရှိကျောင်းထိုင်ဆရာတော်ဘဝအထိပင်ဖြစ်ပါသည်။ ဆရာတော်ငယ်စဉ်အခါက စာပေအကြောင်းတရားလေးတစ်ခုကို ဖတ်ဖူးခဲ့ရပါသည်။ တင်ပြရပေဦးမည်။

ဟိုးရှေးခေတ်အခါက သားအဖနှစ်ယောက်သည် ရောနှောကြီးတစ်ခုအနီးတွင် ထင်းခုတ်လှုပ်ရှိပေသည်။ ရောနှောတွင် ကြာရွက်ပေါ် ဆင်တက်၍ ကြာမျိုးကြာစွယ်တို့ကို စားသုံးနေသောဆင်ကြီးတစ်ကောင်ကိုမြင်သောအခါ သားဖြစ်သူက ဖခင်ကိုပြလေသည်။

"အဖေ၊ အဖေ ဟိုမှာ ကြာရွက်ပေါ်တက်ပြီး ဆင်ကြီးကကြာမျိုးကြာစွယ်တွေစားနေတယ်"

ဟုပြောသောအခါ ဖခင်ကကြည့်ပြီး -

"အေး - ဟုတ်တယ် ငါ့သား။ မင်းနဲ့ငါမြင်တာက အမှန်ပါ။ ဒါပေမယ့် ရွာရောက်ရင် လူအများကိုသွားမပြောလေနဲ့။ မှန်တာပြောလည်း ယုံကြမှာမဟုတ်ဘူး"

ဟု ဖခင်က သားကိုဆုံးမလေသည်။ ထိုသားအဖနှစ်ယောက်တွေ့ခဲ့ရသောဆင်မျိုးမှာ ဥပေါသထဆင်မျိုးဖြစ်ပေသည်။ ကောင်းကင်ပေါ် အထိပျံတက်နိုင်သောအစွမ်းထက်ဆင်မျိုးဖြစ်ပေသည်။ ကုသိုလ်ကံ၏အစွမ်းသည် ဆန်းကြယ်လှပေသည်။ ဆရာတော်၏ မေတ္တာသုတ်တော်လာဖြစ်ရပ်မှန်များကိုအပိုင်းတိုများအဖြစ် (၅) ပိုင်းခွဲခြား၍ ဖော်ပြလိုက်ရပါသည်။ ပရိတ်ကြီး (၁၁) သုတ် အပါအဝင်တစ်ခုဖြစ်သော မေတ္တာသုတ်တော်သည် ဆရာတော်ကြီး ဦးဉာဏဝံသ၏ကိုယ်တွေ့အကျိုးပေး ပရိတ်တော်ကြီးဖြစ်ပါသည်။အခက်အခဲအမျိုးမျိုးမှကျော်လွှားနိုင်စေရန် ရည်ရွယ်၍ ယုံယုံကြည်ကြည်ဖြင့် ရွတ်ဖတ်ကြပါရန်၊ လူနတ်ချစ်ခင် ပြုပျော်ရွှင်၊ အန္တရာယ်ဟူသမျှ ပပျောက်ကြ၊ မေတ္တာ ဆိုသည်မှာ လူမျိုးမရွေး ဘာသာမရွေး ယုံကြည်လက်ခံစိတ်ထားမှန်ကြပါသည်ဟု ဆရာတော်ကြီး ဘဒ္ဒန္တဉာဏဝံသက ဩဝါဒများကို မိန့်ကြားခဲ့ပါသည်။

ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ဟင်္သာတမြို့ မင်္ဂလာဇေယျကျောင်းဆရာတော် ဦးဉာဏဝံသကို အထူးကျေးဇူးတင်စွာဖြင့် ဦးခိုက်လိုက်ပါသည်။

ဇရာမြေကျောင်း

www.burmeseclassic.com

www.burmeseclassic.com

သစ္စာဝါဒီ-ဦးမြင့်အောင်

ဘုန်းတော်ကြီးများမင်းကောင်းများနှင့်အဝိဇ္ဇာမင်းအဆောင်ကိစ္စများ(၁၁)

စစ်ကိုင်းစည်သူကျော်ထင်မင်းကြီးနှင့် ဥဒေါင်းမင်းပရိတ်တော်

မြန်မာရာဇဝင်၌ မင်းကောင်းမင်းမြတ်တစ်ပါးအဖြစ် ထင်ရှားကျော်စောသော စစ်ကိုင်းစည်သူကျော်ထင်မင်းကြီးသည် မြန်မာနှစ် ၉၁၃ ခုနှစ်တွင် နရပတိဟူသောဘွဲ့ခံ၍ အင်းဝထီးနန်းကို စိုးစံတော်မူခဲ့သောမင်းဖြစ်ပါသည်။ မင်းကြီးသည် သူတော်ကောင်းတရားနှင့် ပြည့်စုံ၍ ဖြောင့်မတ်မုန်ကန်ကာ သစ္စာတရားစောင့်သိ၍ ရဲစွမ်းသတ္တိရှိ၏။ ဉာဏ်ပညာအမြော်အမြင်နှင့်ပြည့်စုံ၏။ လက်နုံးရည်၊ နှလုံးရည်တို့နှင့် ပြည့်စုံ၍ ဆင်အတတ်ကိုလည်းအပြီးတိုင်တတ်မြောက်၏။

စည်သူကျော်ထင်မင်းကြီးသည် နေ့စဉ် နံနက်၊ ညနေအချိန်အခါတို့၌ ဥဒေတယဝါဒါထာတော်ကို နံနက်တစ်ထောင်၊ အပေတယဝါဒါထာတော်ကို ညဦးတစ်ထောင် ရွတ်ဆိုသရဇ္ဈာယ်လေ့ရှိ၏။ မင်းကြီးရွတ်ဆိုသော ထိုမောရသုတ်(ခေါ်)ဒေါင်းမင်းပရိတ်တော်သည် ဂေါတမ မြတ်စွာဘုရားရှင် အတိတ်ကာလ အလောင်းတော်ဘဝတို့တွင် နှစဉ်ကာလ ရွှေဥဒေါင်းမင်းဖြစ်စဉ်က နေ့စဉ် နံနက်၊ ညနေတိုင်းတွင် ရွတ်ဆိုခဲ့၍ ဘေးအန္တရာယ်အပေါင်းမှလွတ်ကင်းစေခဲ့သော တန်ခိုးအာနုဘော်နှင့် ပြည့်စုံသည့် ပရိတ်မန္တရား ဖြစ်ပါသည်။

တစ်ရံရောအခါ၌ မင်းကြီးသည် နံနက်ချိန်တွင် ဥဒေတယဝါဒါထာတော်ကို သရဇ္ဈာယ်နေခိုက် စစ်ကိုင်းအရပ်မှ မိန်းမငယ်တစ်ယောက်သည် ရက်ကန်းစင်တူးရာ၌ စဉ့်အိုးနှင့် ရွှေငါးပိဿာကို ရရှိသောကြောင့် မင်းကြီးအား ဆက်သ၍ ရွှေအိုးကိုယူဆောင်လာခဲ့လေသည်။ ထိုမိန်းမငယ် ရွှေအိုးလာဆက်ချိန်တွင် မင်းကြီးသည် ဥဒေတယဝါဒါထာတော်ကို သရဇ္ဈာယ်နေသည်မှာ တစ်ထောင်မပြည့်သေးသောကြောင့် ရွတ်ဆိုနေမြဲဖြစ်၍ မှူးမတ်တို့မှာ မင်းကြီးအား တစ်စုံတစ်ရာ မလျှောက်တင်ဝံ့ကြ။ မိန်းမငယ်မှာလည်း စောင့်နေရသည်မှာ ကြာမြင့်နေပြီဖြစ်၍ ဝန်ကြီးအမတ်တို့က စာနာထောက်ထားသောအားဖြင့် မိန်းမငယ်စောင့်နေရသည်မှာလည်း ကြာလေပြီ။ တစ်ဝက်ကို မင်းဘဏ္ဍာအရာတော်ထား၍ တစ်ဝက်ကိုယူလေဟုပေးရာ မိန်းမငယ်လည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ယူ၍ ပြန်သွားလေသည်။

မင်းကြီး ဥဒေတယဝါဒါထာတော်ကို တစ်ထောင်ပြည့်အောင်ရွတ်ပြီးသော အခါတွင် မှူးမတ်တို့က အကြောင်းစုံကို လျှောက်ထား၍ မိန်းမငယ်ထားခဲ့သော ရွှေအိုးကိုဆက်သသောအခါ ဖြောင့်မတ်တည်ကြည်လှသော မင်းကြီးက မှူးမတ်တို့အား -

"အစ်ကိုတို့သည် ယောကျ်ားကောင်းဟု ရွေးမြို့တော်ပတ်လည်တွင် တစ်နေ့ကို တွင်းတစ်ထောင်တူးသော်လည်း ရွှေအိုးရမည်မဟုတ်။ သူ၏ဘုန်းကံကြောင့်သာ ရပါလေသည်။ တစ်ဝက်ကို သိမ်းယူ၍မသင့်ချေ။ မိန်းမငယ်ကို ခေါ်၍ ရွှေအိုးကိုအပ်ပေ"

ဟု မိန့်တော်မူသဖြင့် မှူးမတ်တို့က မိန်းမငယ်ထံမှယူထားသည့်ရွှေများကို ပြန်ပေးခဲ့ရလေသည်။

မင်းကြီးသည် ညှာတာထောက်ထားတတ်၍ သည်းခံခွင့်လွှတ်တတ်သူ မွန်မြတ်သည့် နှလုံးရည်နှင့်လည်းပြည့်စုံတော်မူသည်။

တစ်ခါတွင် ထီးပြိုင်နန်းပြိုင်မင်းဖြစ်သော တစ်ဖက်ရန်သူမင်း မိုးဗြဲနရပတိက မနောလင်ပန်းနှင့် စားတော်ပြင်၍ပို့ရာတွင် မင်းကြီးအား ထိုပွဲတော်ကို မစားသင့်ကြောင်း လျှောက်ထားကြလေရာ မင်းကြီးက -

"ပြည်ထောင်မင်းတို့၏သဘောသည် စစ်မက်တိုက်ရာမှာ တစ်ကိစ္စ၊ ချစ်ခြင်းမေတ္တာမှာ တစ်ကိစ္စ၊ တခြားစီသာဖြစ်သည်။ တိုက်ခါမှတိုက်ရမည်၊ ရန်သူဟူ၍မှတ်ရမည်လော၊ မစားနေ၍မသင့်"

ဟု မိန့်ဆိုကာ ယုံမှားကင်းစွာဖြင့် စားတော်ခေါ်ခဲ့လေသည်။

မင်းကြီးသည် စိတ်နှလုံးမြင့်မြတ်၍ ကြင်နာသနားတတ်သည့်သဘောလည်း ရှိလေသည်။

တစ်ခါ၌ မိုးဗြဲနရပတိက လာရောက်တိုက်လာသည်ကို ခိုင်လုံအောင်ကောင်းစွာ စီမံခုခံပြီးလျှင် စစ်သည်ဗိုလ်ပါတို့အား ဤသို့ မိန့်မှာထားခဲ့လေသည်။

"စစ်မက်ဖြစ်ပွားရာ၌ သူနှင့်နီးလျှင် သူကျွန်ဖြစ်၍ သူအမှုကိုထမ်းရသည်။ ငါနှင့်နီးလျှင်လည်း ငါ့ကျွန်ဖြစ်၍ ငါ့အမှုကိုထမ်းကြရသည်။ သူကျွန်ကို ရလျှင် သေအောင်မပြုကြပါနှင့်"

ဟူ၍မှာထားတော်မူခဲ့လေသည်။ ထို့ပြင်စစ်ပွဲတွင် သို့ပန်းအဖြစ်ရရှိလာထိခိုက်ရှနာဖြစ်နေသည့်တစ်ဖက်စစ်သည်များကိုလည်း စာရင်းဖြင့်မှတ်သားကာ ကောင်းမွန်စွာ ကျွေးမွေးပြုစုစောင့်ရှောက်၍ ကျန်းမာလာသည့်အခါတွင် သားမယားထံပြန်လေတော့ဟူ၍လွှတ်မြဖြစ်လေသည်။

မင်းကြီးသည် စိတ်ထားနူးညံ့၍ သည်းခံခြင်းတရားနှင့် ပြည့်စုံလေသည်။ တစ်ခါတွင် မင်းကြီး၏မိဖုရားကြီးသည် မင်းကြီး၏ စိတ်တော်ကိုစမ်းလို၍ ဆုန်တစ်ပြည်တွင် စပါးတစ်စလယ်ရောနှောကာချက်ပြုံးလျှင် စားတော်ပွဲတည်ရန် ပြင်ပေးလေသည်။ မင်းကြီးပွဲတော်တည်သောအခါ စပါးလုံးများလှသည်ဟူသာ မိန့်ဆိုပြီး စပါးလုံးများကို ဖယ်ရှားပြီး စားတော်ခေါ်နေလေသည်။

ထိုအခါ မိဖုရားကြီးက စားတော်သည်တို့သည် အလွန်ပေါ်လျော်လှသည်၊ နာကျင်အောင် ကွပ်မျက်ရန် မင်းကြီးအား လျှောက်ထားရာ မင်းကြီးက -

"ကျွန်တို့မည်သည်မှာ စပါးထားရာနှင့်နီးသဖြင့် ကျေးငှက်ကြက်တို့ယက်၍ ဝင်မုန်းမသိဝင်နေသည်သာ ဖြစ်ပါလိမ့်မည်။ အပြစ်မပြုပါနှင့်"

ဟု မိဖုရားကြီးအား ဖျောင်းဖျမိန့်ဆိုတော်မူလေသည်။

ဤကဲ့သို့ မြင့်မြတ်သောနှလုံးသားနှင့်ပြည့်စုံသော မင်းကြီးအား အမှူးအမတ်ပြည်သူ ရဟန်းရှင်လူအပေါင်းတို့သည် နှစ်သက်ကြည်ဖြူသောအားဖြင့် မင်းကြီး သက်တော်ရည်၍ ဘုန်းတော်ကြီးပါစေဟု ဆုမြတ်ပို့သမ္မုပြုကြလေသည်။

မင်းကြီး နေ့စဉ် သရဇ္ဈာယ်သည့် မောရသုတ်ပရိတ်တော်

ဘုရားအလောင်းတော်သည် နေ့စဉ်ကာလ ရွှေးလွန်လေပြီးသောအခါက ဟာရဏာသီပြည်ရှင် ဒြပ္ပဒတ်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ထတ်အခါ၌ ဟိမဝန္တာတောကြီးအတွင်း ဒဏ္ဍက မည်သော ရွှေတောင်ခါ၌ကျက်စားသော ရွှေရောင်အဆင်းသည် ဥဒေါင်းမင်းဖြစ်ခဲ့ပါသည်။ ဥဒေါင်းမင်းသည် မောရသုတ်ပရိတ်တော်တို့ နေ့စဉ် နံနက်၊ ညနေ နေထွက်၊ နေဝင်အချိန်တိုင်း၌ ရွတ်ဆိုအရံအတားပြုလေ့ရှိကာ ထိုပရိတ်တော်၏ တန်ခိုးအာနုဘော်ဖြင့် အန္တရာယ်အသွယ်သွယ် ကင်းပခဲ့ပါသည်။

တစ်နေ့သောအခါတွင် ဗာရာဏသီမင်းကြီးနှင့် မိဖုရားဖြစ်သော ခေမာဒေးသည် အိပ်မက်ထဲတွင် ရွှေဥဒေါင်းမင်း တရားဟောကြားသည်ကို မက်မြင်၍ ရွှေဥဒေါင်းမင်း၏ တရားတော်ကို ကယ်လိုသောဆန္ဒ ပြင်းစွာဖြစ်ပေါ်၍ ရွှေဥဒေါင်းမင်း၏တရားကိုနာလိုကြောင်း မင်းကြီးအား ပူဆာခဲ့လေသည်။ မင်းကြီးသည် မိဖုရား၏ဆန္ဒပြည့်ဝစေရန် မုဆိုးများကို ခေါ်ယူစုရုံးစေ၍ ရွှေဥဒေါင်းမင်း နေထိုင်ရာကိုသိသော မုဆိုးတစ်ဦးအား ရွှေဥဒေါင်းမင်းကို အရှင်ဖမ်းဆီးယူဆောင်လာရန် စေခိုင်းလိုက်လေသည်။ မုဆိုးသည် ဥဒေါင်းမင်းဂျက်စားရာသို့ သွားရောက်ကာ ဖမ်းဆီးခေါ်ဆောင်ရန် အတွက် ကြိုးစား၍ ကျောကွင်းထောင်ကာ အကြိမ်ကြိမ်အဖန်ဖန်အားထုတ်ခဲ့သော်လည်း ပရိတ်တော်၏တန်ခိုးကြောင့် ဥဒေါင်းမင်းသည် ကျောကွင်းကို အခါခါနင်းဖိသော်လည်း လွတ်မြောက်မြဲဖြစ်၍ မုဆိုးမှာ အကြိမ်ကြိမ်စောင့်ဆိုင်း၍ ဖမ်းဆီးမရနိုင်ဘဲ ထိုအရပ်၌ပင်သေဆုံးခဲ့ရလေသည်။ ထို့အတူ ခေမာမိဖုရားမှာလည်း ရွှေဥဒေါင်းကို မရနိုင်သည်နှင့် သေလွန်ခဲ့ရလေတော့သည်။

ဗာရာဏသီမင်းသည် သူ၏ မိဖုရားသေဆုံးရသည်မှာ ရွှေဥဒေါင်းကြောင့်ဟု အငြိုးထားလျက် ဟိမဝန္တာတောင်၌ ဒဏ္ဍကတောင်ထိပ်၌ ကျက်စားနေထိုင်သော ရွှေဥဒေါင်း၏ အသားကိုစားရသူတို့သည် မအို၊ မနာ၊ မသေကုန်ဟု ရွှေပြား၌ရေးသားစေကာ ရွှေသေတ္တာ၌ ထားခဲ့လေသည်။ ထိုမင်းသေလွန်သည်နောက် မင်းအဆက်တို့ ဥဒေါင်းမင်းအား ဖမ်းဆီးရန် မုဆိုးတို့ကို စေလွှတ်ကြိုးစားခဲ့သော်လည်း ဖမ်းမရဘဲ မုဆိုးများသာ ထိုအရပ်၌ သေလွန်ခဲ့ကြရသည်မှာ မင်းခြောက်ဆက်ပင်တိုင်သော်လည်း အချည်းနှီးသာဖြစ်ခဲ့ရလေသည်။

ခုနှစ်ဆက်မြောက်မင်းလက်ထက်တွင်လည်း ထိုအတူပင်။ ရွှေဥဒေါင်းမင်းအား ဖမ်းဆီး၍ မုဆိုးအားစေလွှတ်ရာ ထိုမုဆိုးသည် ဥဒေါင်းမင်းအား ကျောကွင်းထောင်၍ ဖမ်းဆီးမရနိုင်သည်ကို သိရှိပြီးပြန်လာခဲ့၍ ဥဒေါင်းမတစ်ကောင်ကို ဖမ်း၍ ကောင်းစွာသံငင်ကြားပြီး ရွှေဥဒေါင်းရှိရာသို့ ဒေါင်းမကိုယူဆောင်လာကာ ဥဒေါင်းမင်းပရိတ်အရံအတားမပြုမီအခါစောစော တင်ကြို၍ ကျောကွင်းထောင်ထားပြီးလျှင် မိမိယူဆောင်လာသောဒေါင်းမကို မ,သံပေး၍တွန်မြည်စေလေသည်။ ရွှေဒေါင်းမင်းသည် ဒေါင်းမ၏သာယာသောအသံကို ကြားရသောအခါ ကိလေသာထကြွ၍ မှေ့လျော့ကာ ပရိတ်အရံအတားကို မရွတ်မိသောကြောင့် ဒေါင်းမထံသွားရာ ကျောကွင်း၌မိလေတော့သည်။ မုဆိုးသည် ရွှေဥဒေါင်းမင်းအား ဖမ်းဆီးယူဆောင်ကာ မင်းအား ဆက်သလေ၏။

ဘုရားအလောင်းရွှေဥဒေါင်းမင်းသည် မိမိအား အဘယ်ကြောင့် ဖမ်းဆီးသည်ကို မင်းကြီးအား မေးမြန်းပြီး အကျိုးအကြောင်းကို သိရသောအခါ

"သင်မင်းကြီးသည် ငါ့အားသတ်လျှင် ငါသေရမည်သာဖြစ်၍ သေလွန်သည်။ ငါ၏အသားကိုစားရသူတို့သည်လည်း အဘယ်ကြောင့် မသေဘဲရှိအံ့ပါနည်း။သခ်ါရတရားဟူသမျှသည် မတည်မမြဲ။ ရွှေလျောပျက်စီးခြင်းသဘောသာရှိ၏"

စသည်ဖြင့် မင်းကြီးအား ဓမ္မသဘောသက်ဝင်အောင်ဟောကြားလေရာ မင်းကြီးသည် ရွှေဥဒေါင်းမင်း၏ တရားတော်ကို ကြည်ညိုစွာနာယူ၍ ရွှေဥဒေါင်းမင်းအား ပူဇော်လေသည်။ ရွှေဥဒေါင်းမင်းသည် မင်းထံ၌ နှစ်ရက်၊ သုံးရက်နေပြီးလျှင် နေရပ် ဟိမဝန္တာရှိ ဒဏ္ဍလရွှေတောင်ပေါ် သို့ ပျံသွားခဲ့လေသည်။ မင်းကြီးလည်း ဘုရားအလောင်းတော် ရွှေဥဒေါင်းမင်း၏ တရားအဆုံးအမ၌တည်၍ လူဒါန်းစွန့်ကြဲခြင်းစသော ကုသိုလ်တရားတို့ကိုပြု၍ သေလွန်သော် ကံအားလျော်စွာ နတ်ပြည် စသော သုဂတိသို့လားရလေသည်။

❑ မောရသုတ်ပရိတ်တော် ရွတ်ဖတ်ရခြင်း အကျိုး

တစ်ပါးသူတို့၏ ဝိဃဆေးခတ်ခြင်း၊ အောက်လမ်းနည်းအားဖြင့် ပုဏ္ဏကတိုက်ခြင်း စသည့် သူတစ်ထူးတို့၏ မကောင်းကြံစည်မှုတို့မှ ကင်းလွတ်စေနိုင်သည်။ မိမိတို့ရာထူးဝဋ်သိမ်စည်းစိမ်တို့မှ ယုတ်လျော့စေရန် မကောင်းကြံသူတို့၏ အကြံအစည်မှ လွတ်ကင်းစေနိုင်သည့် အရံအတားအကာအကွယ်ကောင်းဖြစ်၍ အသက်အန္တရာယ်ကို လုပ်ကြံမည့်သူများ၏အန္တရာယ်မှလည်း ကင်းလွတ်စေနိုင်သော ပရိတ်တော်ဖြစ်ပါသည်။

မောရသုတ်ပါဠိတော်

၁။ ပူရေဏ္ဍေ တောမိသမ္ဘာရေ
နိဗ္ဗတ္တို မောရယောနိယံ
ယေန သံဝိဟိတာ ရက္ခ၊
မဟာသတ္တံ ဝနေစရာ။

၂။ စိရဿံ ဝါယမန္တာပိ၊
နေဝ သက္ခိသု ဂဏှိတုံ။
'ဗြဟ္မမန္တ'န္တိအက္ခာတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ
ပထဝိပ္ပဘာသံ။
တယာ ဇဂုတ္တာ ဝိဟရေမု ဒိဝသံ။

၄။ ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ၊
တေ မေ နမော'တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ' နမတ္ထု ဗောဓိယာ။
နမော ဝိမုတ္တာနံ၊ နမော ဝိမုတ္တိယာ၊
ကွမံ သော ပရိတ္တံကတွာ၊ မောရော
စရတိ ဧသနာ။

၅။ အုပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ
ပထဝိပ္ပဘာသံ၊
တယာ ဇဂုတ္တာ ဝိဟရေမု ရတ္တိ။

၆။ ယေ ဗြဟ္မဏာ ဝေဒဂူသဗ္ဗ ဓမ္မေ။
တေ မေ နမော၊ တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ' နမတ္ထု ဗောဓိယာ။
နမော ဝိမုတ္တာနံ၊ နမော ဝိမုတ္တိယာ၊
ကွမံ သော ပရိတ္တံကတွာ၊ မောရော
ဝါသ မ-ကပ္ပယိ။

မောရသုတ်ဆိုနိဋ္ဌိတံ။ ။

မောရသုတ်မြန်မာပြန်

၁-၂။ သဗ္ဗညုတဉာဏ်တော်၏ အဆောက်ဦဖြစ်သောပါရမီတို့ကို ဖြည့်ကျင့်တော်မူစဉ်အခါ ဥဒေါင်းမျိုးဌဖြစ်တော်မူခိုက် ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤမောရပရိတ်ဖြင့် မိမိကိုယ်ကို ဘေးအန္တရာယ်ကင်းအောင် စီရင်ထားလေသည်။ မုဆိုးတို့သည် ဘုရားအလောင်း ဥဒေါင်းမင်းကို ဖမ်းယူရန် နှစ်ပေါင်းများစွာ ကြိုးစားခဲ့ကြသော်လည်း ဖမ်း၍ မရနိုင်ကြကုန်။ ဤမောရပရိတ်တော်ကို မြတ်သောမန္တရားဟူ၍ပင်

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။ ယခုအခါ ဤမောရပုရိတ်တော်ကို ကျွန်ုပ်တို့ စုပေါင်းရွတ်ဆိုကြကုန်စို့။

၃။ နေမင်းသည် လူတို့၏မျက်စိ သဖွယ်လည်းဖြစ်၏။ ပြိုင်ဘက်ကင်း သောမင်းလည်း ဖြစ်၏။ ရွှေအဆင်းနှင့် တူသောအဆင်းလည်းရှိ၏။ မြေပြင် တစ်ခုလုံးကို ထွန်းလင်းသော အရောင် လည်းရှိ၏။ ယခု ဤနေမင်းသည် တက် လတ်ပေ၏။ ကျွန်ုပ်သည် ရွှေအဆင်းရှိ သောမြေပြင်၌ ထွန်းလင်းတောက်ပသော ဤနေမင်းကို ရှိခိုးပါ၏။ ရှိသေပါ၏။ ယနေ့တစ်နေ့လုံး အသင်နေမင်း၏ အစောင့်အရှောက်ကို ခံယူပြီး ကျွန်ုပ်နေပါအံ့။

၄။ မြတ်စွာဘုရားတို့မည်သည်မှာ မကောင်းမှုကို အပယ်ပြုပြီးကုန်ပြီဖြစ်၏။ တရားအားလုံးကို သိမြင်တော်မူကြပြီးဖြစ်၏။ ထိုဘုရားရှင်တို့အား ကျွန်ုပ် ရှိခိုးပါ၏။ ထိုဘုရားရှင်တို့ကလည်း ကျွန်ုပ်ကို စောင့်ရှောက်ကြပါစေကုန်သတည်း။ သစ္စာလေးပါးကို သိမြင်ပြီး သောပုဂ္ဂိုလ်တို့အားလည်း ရှိခိုးပါ၏။ ကိလေသာမှကင်းလွတ်ပြီးသော ပုဂ္ဂိုလ်တို့အားလည်း ရှိခိုးပါ၏။ အရဟတ္တဖိုလ်တရားအားလည်း ရှိခိုးပါ၏။ ဦးညွတ်ပါ၏။

ဤသို့လျှင် ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤပရိတ်အရံအတား ကိုပြုပြီးမှ အစာရှာထွက်လေ၏။

၅။ နေမင်းသည် လူတို့၏မျက်စိ နှင့် တူ၏။ မြတ်သောမင်းလည်း ဖြစ်၏။ ရွှေအဆင်းအရောင်လည်းရှိ၏။ မြေပြင် ၌လည်း ထွန်းလင်းတောက်ပ၏။ ဤနေ မင်းသည် ယခုဝင်လေ၏။ ကျွန်ုပ်သည် ရွှေအဆင်းရှိသော မြေပြင်၌ တောက်ပ သောအရောင်ရှိသော ရှင်နေမင်းကို ဦးညွတ်ရှိခိုးပါ၏။ ယခုတစ်ညဉ့်ပတ်လုံး အရှင်နေမင်း၏ အစောင့်အရှောက်ခံယူ ၍ ကျွန်ုပ်နေပါအံ့။

၆။ မကောင်းမှုဟူသမျှကို ဖယ်ရှား ပြီး တရားအလုံးစုံကို သိတော်မူကုန် သော ဘုရားရှင်တို့အား ဦးညွတ်ရှိခိုးပါ ၏။ ထိုဘုရားရှင်တို့သည် ကျွန်ုပ်ကို စောင့်ရှောက်ပါစေသတည်း။ သစ္စာလေး ပါးကိုသိမြင်ပြီးသော အရိယာပုဂ္ဂိုလ် တို့အား လည်းကောင်း၊ အရဟတ္တမဂ်၊ သမ္ဘဉ်တည်ဏ်တော်အားလည်းကောင်း၊ ကိလေသာအနှောင်အဖွဲ့မှလွတ်မြောက် ပြီးသောပုဂ္ဂိုလ်တို့အား လည်းကောင်း၊ အရဟတ္တဖိုလ်တရားတော်အား လည်း ကောင်း၊ ကျွန်ုပ်ရှိခိုးပါ၏။ ဦးညွတ်ပါ၏။

ဤသို့လျှင် ဥဒေါင်းမင်းသည် ဤ ပရိတ်အရံအတားကိုပြု၍ ညဉ့်အခါ၌ နေလေ၏။ ။

❑

စည်သူကျော်ထင်မင်းကြီးရွတ်ပွား ခဲ့သော ဤဖော်ပြပါ မောရသုတ်ပရိတ် တော်ခေါ် ဒေါင်းမင်းဂါထာတော်သည် ဇာတကဝတ္ထု ဇာတ်တော်ငါးရာငါးဆယ် ဥကနိပါတ် မောရဇာတ်လာ ဘုရားဟော ဂါထာတော်ဖြစ်သည်။ ဘုရားအလောင်း တော် ရွှေဥဒေါင်းမင်းမှစ၍ ရှေးရှေး ရဟန်းရှင်လူပညာရှိသူတော်ကောင်းကြီး များ လေးမြတ်စွဲမြဲစွာ ရွတ်ဆိုသရဇ္ဈာယ် လေ့ရှိသော အနွန္တရာယ်ကင်း ဗုဒ္ဓမန္တန် တော်ဖြစ်၍ မလိုလားအပ်သော အန္တိဒ္ဒ ဖလဘေးဥပဒ်အန္တရာယ်တို့မှကင်းပလို သူများ ယုံကြည်အားထား ရွတ်ပွားနိုင် ကြပါရန် ပူဇော်တင်ပြလိုက်ပါသည်။

ထပ်ဆင့်၍ စည်သူကျော်ထင်မင်း ကြီး ရွတ်ပွားလေ့ရှိသော ရန်အောင်မြင် အဆောင်ဂါထာတစ်ပုဒ်ကိုလည်း စာရှု သူများအတွက် ဖော်ထုတ် တင်ပြလိုက် ပါသည်။

ရန်အောင်မြင်ဂါထာတော်

ပထဝိဗလသုန္ဒရီ၊
သမ္ဘည္ဇ ဗောဓိမဏ္ဍာလံ။
အသခ္ခေယ်ယံ မာရသေနံ၊
ဇေယျောဇယျတုမင်္ဂလံ။
ဒေဝပုတ္တကိလေသဉ္စ၊
ခန္ဓမစ္စ၊ အဘိသင်္ခါရာ။
ပဉ္စမာရံ ဇိနောဗုဒ္ဓေါ။
တံ တေဇသာ ဘဝတုမေ။

အနက်ပြန်မာပြန်

ပထဝိဗလသုန္ဒရီ - လေထုမခြား၊ ကြီးမားလွန်မင်း ကောင်းမြတ်သော သည်းခံခြင်းရှိကြသော၊ **ဗောဓိမဏ္ဍာလံ** - သမ္ဘည္ဇတည်ဏ် ရင်သန့်ကြွံခိုင် ဗောဓိ မဏ္ဍိုင်၌၊ **အသေခ္ခေယ်ယံ** - သင်္ချာဖွဲ့.ယှက် တွက်ရေများပြားလှသော၊ **မာရသေနံ**- မာရ်နတ်မင်း၏စစ်သည်အပေါင်းတို့ကို၊ **သမ္ဘည္ဇ** - တရားဥသုံးစုံကို အကုန် သိတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သည်၊ **ဇေယျယထာ** - ပါရမီအဟုန် ကြောင့် မြေဝသုန်တုန်ဟည်း အောင်ခြင်း ကြီးအောင်မြင်ထသကဲ့သို့၊ **တထာ** - ထို့အတူ၊ **မေ**- အကျွန်ုပ်အား၊ **မင်္ဂလံ** - အောင့်သင့်အောင်ကြောင်း မင်္ဂလာ အပေါင်းတို့သည်၊ **ဇေယျတု** - မုချမသွေ အောင်မြင်ပါစေသတည်း။

ဗုဒ္ဓေါ-မြတ်စွာဘုရားသခင်ကိုယ် တော်မြတ်ကြီးသည်၊ **ဒေဝပုတ္တကိလေသဉ္စ** - ဒေဝပုတ္တမာရ် **ကိလေသမာရ်** လည်းကောင်း၊ **ခန္ဓမစ္စ၊အဘိသင်္ခါရာ**-မစ္စု မာန် အဘိသင်္ခါရမာရ်တို့လည်းကောင်း၊ **ဣတိ** - ဤသို့၊ **ပဉ္စမာရံ**-ငါးပါးသောမာရ် အပေါင်းကို။ **ဇိနော**-အောင်တော်မူလေ ပြီ၊ **တံတေဇသာ** - ထိုမြတ်စွာဘုရား၏။ **တေ ဇသာ** - အောင်မြင်တော်မူသောတန်ခိုး တော်ကြောင့်၊ **မေ**-အကျွန်ုပ်အား၊ **ဇေယျ မင်္ဂလံ** - အောင်ခြင်းမင်္ဂလာအဖြာဖြာ သည်၊ **ဘဝတု**-ဖြစ်ပါစေသတည်း။ ။

ဤဂါထာတော်နှင့် စပ်လျဉ်း၍ စည်သူကျော်ထင်မင်းကြီးသည် ဂုဏ် တော်ကိုးပါး တစ်နေ့လျှင် တစ်ထောင် ပုတီးစိပ်ပြီးလျှင် ထို့အတူ ရန်အောင် မြင်ဂါထာကိုလည်း တစ်ထောင်ရွတ်ပွား သရဇ္ဈာယ်လေ့ရှိသဖြင့် စစ်ခိုက်တိုင်းတိုက် တိုင်းအောင်မြင်ကြောင်း ဆိုပါသည်။ မင်းကြီးသည် ဤသို့ ရတနာမြတ်သုံးပါး အားထားပုဇော်ခဲ့ခြင်းကြောင့် စစ်ကိုင်း ဘုရင်အဖြစ်မှအင်းဝဘုရင်အဖြစ်ရောက် ရှိတော်မူခဲ့ပါသည်။

ဤဂါထာတော်ကြီးမှာ မြတ်စွာ ဘုရားသခင်၏အောင်ခြင်းမင်္ဂလာတို့ကို သိကုံးဖွဲ့ဆိုထားသော ဗုဒ္ဓပူဇာဂါထာ တော်ကြီးဖြစ်၍ နေ့စဉ်ရွတ်ပွားသရဇ္ဈာယ် ခြင်းဖြင့် ဘေးရန်ကင်းပ အခက်အခဲ ဟူသမျှ ကျော်လွားနိုင်လျက် စိတ်အကြံ မြောက် အောင်မြင်ခြင်းရောက်စေနိုင် သော ဂါထာထော်အဖြစ် ယုံကြည် လေးမြတ် ရွတ်ပွားသရဇ္ဈာယ်နိုင်ကြ၍ ကောင်း ကျိုးချမ်းသာ လိုအင်ဆန္ဒအဝ ပြည့်စုံနိုင်ကြပါစေ။

သဒိသံ ပါကံ ဇနေတိ

သစ္စာဝါဒီဦးမြင့်အောင်

ကျမ်းကိုး -

၁။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ ပထမပိုင်း၊
အမျိုးသားပညာဝန် ဦးဖိုးကျားရေး သည်။
၂။ ဇာတ်တော်ငါးရာငါးဆယ်
ဦးမြင့်ဆွေ - မဟာဝိဇ္ဇာ လန်ဒန်။
၃။ ဆယ့်ငါးစောင်တွဲ
၄။ မြတ်ဗုဒ္ဓ၏ တန်ခိုးတော်ထက်မြက်သော ဂါထာမန္တန်တော်များ
တင်အောင်သွင်

www.burmeseclassic.com

www.burmeseclassic.com



အထူးထုတ်

ဘန်ကောက်မြို့မှ လေးမျက်နှာဘိုးဘိုးကြီး အောင်ရွှေစိုး

ဘန်ကောက်မြို့လို့ဆိုလိုက်တာနဲ့ အောင်ရွှေစိုးတို့မြန်မာအတော်များများ သိပြီးဖြစ်ပါတယ်။ ဘန်ကောက်မြို့ကို သိပြီးဖြစ်ကြတဲ့ မြန်မာအတော်များများထဲမှ ဘန်ကောက်မြို့ကို ကိုယ်တိုင်ရောက်ဖူးကြတဲ့ မြန်မာတွေအတော်များများရှိနေမှာပါ။ ဘန်ကောက်ကိုရောက်ဖူးကြတဲ့မြန်မာအတော်များများထဲမှာလည်း လေးမျက်နှာဘိုးဘိုးကြီးကို အတော်များများ သိကြပါလိမ့်မယ်။ လေးမျက်နှာဘိုးဘိုးကြီးကိုသိနေကြတဲ့ မြန်မာအတော်များများတို့ထဲမှလည်း လေးမျက်နှာဘိုးဘိုးကြီးရဲ့ရှေ့မှောက်ကို ရောက်ဖူးကြတဲ့မြန်မာအတော်များများရှိနေမှာပါ။ အောင်ရွှေစိုးကိုယ်တိုင်လည်း ဘန်ကောက်ကို ရောက်တဲ့နေ့ကစလို့ ထိုင်းနိုင်ငံမှာရှိနေတဲ့ ကာလအတွင်း လေးမျက်နှာဘိုးဘိုးကြီးရဲ့ ရှေ့မှောက် အရောက်သွားပြီး စိုပြည်ရာစိုပြည်ကြောင်းသာမက စိုပြည်သည်ထက် ပို၍ စိုပြည်စေကြောင်း ဆုမွန်တွေတောင်းခဲ့ဖူးပါတယ်။

သူတို့ ထိုင်းလူမျိုးတွေသာမက ဘန်ကောက်ရောက် မြန်မာတွေထဲက တွေ့ဖူးသမျှ သိဖူးသမျှသော မြန်မာတွေက လေးမျက်နှာဘိုးဘိုးကြီးထံမှာ အဓိဋ္ဌာန်ပြုဆုတောင်းရင်ဆုတောင်းပြည့်ကြောင်း ညွှန်းကြတာကိုး။ အလိုရှိတိုင်းဆုတောင်း၊ ဆုတောင်းတိုင်းပြည့်ချင်တဲ့ အောင်ရွှေစိုးလည်း အဓိဋ္ဌာန်ဖြစ်မြောက်ရဲ့၊ တိုင်တည်လောက်ရဲ့ မစို့မပို့အဓိဋ္ဌာန်လေးကို ပြီးစလွယ်ပြုပြီး လေးမျက်နှာဘိုးဘိုးကြီးထံမှာ ဆုတွေအားရပါးရတောင်းခဲ့ဖူးတာ အကြိမ်ကြိမ်ပါ။ ပြည့်ဝခဲ့သည့်ဆုတွေလည်း ပြည့်ဝခဲ့ပြီး မပြည့်ခဲ့သည့်ဆုတွေလည်း အဲသည်တုန်းကမပြည့်ခဲ့ပေမယ့် နောင်အနာဂတ်တစ်ချိန်ချိန်မှာတော့ ပြည့်မှာပါဆိုပြီး မျှော်နေဆဲပါလို့ ဝန်ခံပါတယ်။ ကန်တော့ပွဲတွေ၊ လှူဖွယ်ဝတ္ထုတွေအစုံအလင်နဲ့ အကျင့်စရိုက်တွေ၊ ကတိကဝတ်တွေနဲ့ အပြင်းအထန် အဓိဋ္ဌာန်ကြတဲ့ အောင်ရွှေစိုးမိတ်ဆွေထိုင်းလူမျိုးတွေ၊ မြန်မာတွေကတော့ သူတို့စိတ်ကျေနပ်လောက်သည့်အထိ ဆုတောင်းပြည့်ခဲ့ဖူးကြတယ်လို့ ဆိုကြပါတယ်။

လေးမျက်နှာဘိုးဘိုးကြီးရှေ့မှောက်ကို အရောက်သွားပြီး ဆုတောင်းကြ၊ အဓိဋ္ဌာန်ပြုကြတာ သူတို့နိုင်ငံသား ထိုင်းလူမျိုးတွေတင်မက တရုတ်၊ တိုင်ဝေး၊ လာအို၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ မြန်မာ၊

www.burmeseclassic.com

www.burmeseclassic.com

စင်ကာပူ စသည့်နိုင်ငံတွေမှ ဗုဒ္ဓဘာသာဝင်တွေ၊ ဟိန္ဒူဘာသာဝင်တွေအများအပြားပါပဲ။

အောင်ရွှေဦး ပြင်ဖူးလိုက်တဲ့ အဓိဋ္ဌာန်ကန်တော့ပွဲကတော့ အဓိဋ္ဌာန်အောင်တဲ့ အမျိုးသမီးတစ်ဦးက လေးမျက်နှာဘိုးဘိုးကြီးရှေ့မှောက်မှာ ဗိတ်ရှိလက်ရှိ ဗိတ်လွတ်လက်လွတ် လွတ်လွတ်လပ်လပ် ပူဇော်သွားတာပါ။ နောက်ဆုတောင်းပွဲတစ်ခုကတော့ ကမ္ဘာကျော်အဆိုတော်ဖြစ်တဲ့ မိုက်ကယ်ဂျက်ဆင် ဘန်ကောက်မှာ စင်တင်ပွဲလာဆိုတုန်းက မိုက်ကယ်ဂျက်ဆင်ရဲ့ သက်ဆိုင်ရာပွဲတာဝန်ခံတွေက လေးမျက်နှာဘိုးဘိုးကြီးကို အကြိုးအကျေယ် အစုံအလင်နဲ့လာကန်တော့သွားတဲ့ပွဲပါ။ သူတို့လိုလူတွေတောင် လေးမျက်နှာဘိုးဘိုးကြီးကို အလေးထား ကန်တော့ကြ၊ အဓိဋ္ဌာန်ကြတာ ထူးခြားမှုတွေရှိလို့ပြစ်မှာလို့ မှတ်ယူပြီး ထူးခြားချင်တဲ့ အောင်ရွှေဦးက လေးမျက်နှာဘိုးဘိုးကြီးရှိရာဝန်းကျင်ကို ရောက်တိုင်း၊ ဖယောင်းတစ်တိုင်၊ ပန်းတစ်ကုံးတော့ အမြဲတမ်းမပျက် ဝင်ရောက်လှူဖါနိုးမိပါတယ်။ တောင်းမိတဲ့ဆုတွေကလည်း တစ်ပုံတစ်ပင်ကြီးပါ။ ဘာတွေဆုတောင်းထားသလဲ ဆိုတာတောင် ကိုယ့်တိုင်ပင်မမှတ်မိတော့ပါဘူး။

လေးမျက်နှာဘိုးဘိုးကြီးထဲ ဓကာဓကာသွားတော့ လေးမျက်နှာဘိုးဘိုးကြီးထဲ လာကန်တော့ကြသည့် မြန်မာတွေနှင့် ဓကာဓကာတွေ့ရပါတယ်။

တခြားနိုင်ငံတွေမှာ မြန်မာတွေဆုံမိရင်၊ တစ်ယောက်နဲ့ တစ်ယောက် မြန်မာလို သိမိထင်မိရင် အယ်လိုနေကြဆက်ဆံကြသလဲ အောင်ရွှေဦး မသိပါဘူး။ တိုင်းနိုင်ငံမှာတော့ မသိသလိုနေကြတာကို ကိုယ်တိုင်ကြုံရပါတယ်။ သူတို့အချင်းချင်း မြန်မာစကားပြောတာကိုကြားလျှင် မြန်မာတွေပါလားလို့ အားရဝမ်းသာ ခံစားရပါတယ်။ အောင်ရွှေဦးအတွေ့အကြုံအရ လေးမျက်နှာဘိုးဘိုးကြီးထံရောက်လာသူတွေရဲ့ ပြောစကားတွေ၊ လေးမျက်နှာဘိုးဘိုးကြီးအကြောင်း ပြောဆိုနေကြတဲ့ မြန်မာတွေရဲ့ စကားတွေထဲမှာ လေးမျက်နှာဘုရား ရယ်လို့ ခေါ် ခေါ် သုံးနှုန်းကြတာကိုကြားရပါတယ်။

အောင်ရွှေဦးတို့မြန်မာလူမျိုးတွေက လေးမျက်နှာဘုရားလို့ ဘုရားတပ်ပြီး ခေါ်ကြတာကြားရတော့ အောင်ရွှေဦးကို ထူးသားတစ်ယောက်လို သဲယောင်ခဲ့ဖြစ်ပြီး ဓာတ်ကြောင်းပေးတာကြောင်းတွေ



လေးမျက်နှာဘိုးဘိုးကြီး

ရောင်းဝယ်နေကြပုံများ

နှစ်စဉ်ရောက်ရှိလာကြသည့်ပုံများ

www.burmeseclassic.com

www.burmeseclassic.com

စာထူးပုတော်ဖုယ်များပြင်ပ ပုတော်နေပုံ



စုံးဆယ်နှင့်မြင်ကွင်း

စုံးဆယ်နှင့်မြင်ကွင်း

ကို သင်ကြားပြောပြပေးခဲ့တဲ့ အမျိုးသား စာပေဆုရစာရေးဆရာကြီးမှတ်ကျောက်ရဲ့စကားတစ်ခွန်းကိုသတိရမိလိုက်တယ်။

ဆရာ့ရဲ့စကားက -

"ဗျာ-ဝမ္ဘီရအကြောင်းတွေပြောကြ၊ ရေးကြတဲ့အခါမှာဖြစ်စေ၊ ရတနာမြတ်သုံးပါးရဲ့ဂုဏ်တော်တွေနဲ့ပတ်သက်တဲ့ ကိုယ်တွေ့အဖြစ်အပျက်တွေရေးတဲ့အခါမှာဖြစ်စေ ရေးသားပြောဆိုကြတဲ့သူတွေဟာ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးနဲ့တိုက်ရိုက်ဆိုင်နေတဲ့ ဝေါဟာရတွေ၊ ဝမ္ဘီရပညာနဲ့တိုက်ရိုက်သက်ဆိုင်နေတဲ့ ဝေါဟာရတွေကို အတတ်နိုင်ဆုံး လေ့လာခဲ့ပြီး ဆီလျော်တဲ့ဝေါဟာရတွေကို ပြောကြ၊ ရေးကြဖို့သင့်တယ်။ မဆီလျော်တဲ့ ဝေါဟာရမျိုးသုံးမိရင် သုံးမိသူအတွက် ဝန်လေးတတ်တယ်။ ဒါအပြင် ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာတွေကိုပါ သူတစ်ပါးအထင်သေးတာခံရတတ်တယ်။ဒီတော့ အဲဒီလို မဆီမလျော်ပြောဆိုခေါ် ဝေါ် သံကိုကြားရရင် ကြားရသူက မဆီလျော်မှန်းသိရင် ချက်ချင်းရှင်းပြပြပြင်ပေးသင့်တယ်။ စာထဲမှာရေးသားထားတာတွေ့ရရင် ဖတ်မိသူတွေက မဆီလျော်မှန်းသိလျှင် ပြပြင်ပေးသင့်တယ်။ ပြပြင်ပေးသူဘက်က အားနာနေစရာမလိုဘူး။ ပြပြင်ခံရသူဘက်ကလည်း စိတ်ဆိုးစရာမလိုဘူး။ ဒါဟာ အမျိုး၊ ဘာသာ၊ သာသနာနဲ့ ယဉ်ကျေးမှုကိုထိန်းခြင်းပဲ"

လို့ ပြောဖူးပါတယ်။

အောင်ရွှေစိုးအနေနဲ့တော့ လုံးဝလက်ခံနာယူပါတယ်။ အဲဒါကြောင့် ဘန်ကောက်မှမြန်မာတွေက လေးမျက်နှာဘုရားလို့ ဘုရားတပ်ခေါ် သံကြားရင် ရွှေစိုးက ခေါ် ဝေါ် သူမြန်မာကိုမိတ်ဆက်ကာ မျက်နှာချိုသွေးပြီး ဘုရားမဟုတ်ကြောင်း၊ နတ်မင်း ဒါမှမဟုတ် ဗြဟ္မာဖြစ်ကြောင်း သတိပေးလေ့ရှိပါတယ်။ ကိုယ်တွေ့ကြုံရတာကတော့ အသက်ငယ်ရွယ်သူ လူငယ်လေးတွေကို သတိပေးပြောပြမိတဲ့အခါ သူတို့က ကျေးဇူးတင်ကြောင်း ဝမ်းသာစွာ ပြန်ပြောလေ့ရှိပြီး သက်တူရွယ်တူ အောင်ရွှေစိုးထက် အသက်ကြီးသူ လူကုထဲပုံစံ လူကြီးပိုင်းတွေကိုပြောမိတဲ့အခါတိုင်းမှာ မကျေနပ်တဲ့မျက်နှာပေးနဲ့ အကြည့်ခံရပြီး ချာခနဲလှည့်ထွက်သွားတာမျိုး၊ မတူမတန်သလိုဟန်ရေပြသွားတာမျိုးတွေကိုအများဆုံးကြုံရပါတယ်။ ဒါကြောင့် နောက်ပိုင်းမှာ ဆရာကြီးမှတ်ကျောက်ကို ရည်မှန်း

www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်ပြီး လူကြီးပိုင်းတွေ၊ လူကုံထံပုံစံပုဂ္ဂိုလ်တွေကို သတိမပေးတော့ပါဘူး။ ကြောက်လို့ပါလို့ဝန်ခံပါတယ်။

နောက်ပိုင်းမှာ ခရီးသွားကြော်ငြာတွေ၊ သတင်းစာတွေ၊ သတင်းကြေညာချက်တွေ၊ ဆောင်းပါးတွေမှာ လေးမျက်နှာဘုရားလို့တွေ့ရပြန်ပါတယ်။ အဲဒီကိစ္စဘာမှမဝေဖန်လိုပါ။ အဲဒီအခေါ် အဝေါ်တွေနဲ့ပတ်သက်ပြီး အတွေးမရောက်မိတော့ဘဲ အောင်ရွှေစိုး ရောက်ဖူးခဲ့တဲ့ ဘန်ကောက်မြို့လယ်ကောင်မှာရှိတဲ့ လေးမျက်နှာပြဟ္မာ (၀၀) အောင်ရွှေစိုးတို့ ဘန်ကောက်ရောက် မြန်မာတွေသိကြတဲ့ ဧရာဝဏ်လေးမျက်နှာဘိုးဘိုးကြီး အကြောင်းကိုသာတွေးမိပါတော့တယ်။

မကြာသေးခင်က တစ်စုံတစ်ယောက်က လုပ်ကြံဖောက်ခွဲသွားသည့် ဗုံးဒဏ်ကြောင့် လေးမျက်နှာဘိုးဘိုးထံရောက်နေသူများနဲ့ အနီးဝန်းကျင်မှာရှိနေတဲ့ လူနှစ်ဆယ်ကျော်အသက်ဆုံးရှုံးကာ လူအတော်များများဒဏ်ရာရရှိခဲ့တဲ့အပြင် လေးမျက်နှာဘိုးဘိုးကြီးကိုယ်တိုင် မေးတစ်ခြမ်းပဲ့သွားလောက်အောင်ပင် ဒဏ်ရာရခဲ့တဲ့အခါနဲ့ တိုက်ဆိုင်စွာ အခုဆောင်းပါးကိုရေးမိခြင်းပါ။ စာဖတ်သူမမြိတ်ဆွေများကိုပေးချင်တဲ့သတင်းက **ဘန်ကောက်မြို့မှလေးမျက်နှာဘိုးဘိုးကြီး (၀၀) လေးမျက်နှာပြဟ္မာကြီး** အကြောင်းရယ်ပါ။

ဃ ဘန်ကောက်မြို့မှ လေးမျက်နှာဘိုးဘိုးကြီး (၀၀) လေးမျက်နှာပြဟ္မာကြီး

ဒီဆောင်းပါးမှာ လေးမျက်နှာပြဟ္မာကြီးကို အောင်ရွှေစိုးတို့မြန်မာတွေနဲ့ ရင်းနှီးနေတဲ့အခေါ် အတိုင်း လေးမျက်နှာဘိုးဘိုးကြီးလို့ပဲ ခေါ်ဝေါ်တင်ပြသွားပါမယ်။

လေးမျက်နှာဘိုးဘိုးကြီးနတ်ကွန်းဟာ ၁၉၅၆ ခုနှစ်ရဲ့ နှစ်လယ်ပိုင်းလောက်ကမှဖြစ်ပေါ်လာခဲ့တဲ့နတ်ကွန်းဖြစ် ပါတယ်။

လေးမျက်နှာဘိုးဘိုးကြီးနတ်ကွန်းဖြစ်ပေါ်လာပုံဟာ စိတ်ဝင်စားစရာကောင်းပါတယ်။

၁၉၅၀ ပြည့်နှစ်အတွင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့လယ်မှာ ဂရင်းဟတ် ဧရာဝဏ် အမည်ရှိသည့် ကမ္ဘာ့အဆင့်အတန်းမီဟိုတယ်ကြီးကို တည်ဆောက်ခဲ့ကြပါတယ်။ ဟိုတယ်ကြီးတည်ဆောက်စဉ်အတွင်းမှ ဟော်တယ်ပိုင်ရှင်တွေဟာ အခက်အခဲအမျိုးမျိုးနဲ့ရင်ဆိုင်ခဲ့ကြရပါ

နတ်ရောက်ရောသည်များ

www.burmeseclassic.com

www.burmeseclassic.com

English Version

Ohm para maesa na maygaram ohng garanissawa rang prhom ressayam phupasmwa wisanu waiyatana moteti I hoog gapumtaramaa yigya nang yawaiyala kamuiam satan nantara wimusatinan namatte namattre ja agarang ttaton waaja ae ttama ttarayad ttaman ttaramag gattanaramin jasarawa pattittam sampoh pagonloh tiwatiyam mattamya

အသံ။ ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းဘက်မှာလည်း တည်ဆောက်ရေးဘဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တည်ဆောက်သူပညာရှင်တွေ နားလည်လွဲတာမျိုးတွေ၊ သိအပ်တဲ့ပစ္စည်းများ အချိန်မီရရန် ကြိုတင် ပြင်ဆင်ထားပါသော်လည်း အကြောင်းတစ်ခုခုကြောင့် ပြင်ဆင်ထားသလိုဖြစ်မလာဘဲ ဆောက်လုပ်ရေးလုပ်ငန်းမှာ ပစ္စည်းလိုအပ်ချက်ကြောင့် အချိန်တွေစောင့် ခဲ့ကြရတာမျိုးတွေ၊ အလုပ်သမားတွေထိခိုက်ဒဏ်ရာဖြစ်တာမျိုးတွေ၊ ဆောက်ပြီးသားအဆောက်အအုံအစိတ်အပိုင်းအချို့ပျက်စီးသွားခဲ့ရတာမျိုးတွေဖြစ်ပြီး အချိန်ကာလတွေကြာ၊ ကုန်ကျစရိတ်တွေတက်ပြီး ပိုင်ရှင်တွေအလွန်စိတ်ဓာတ်ကျပြီး ဟိုတယ်ဆောက်လက်စကြီးကို ရပ်တန့်လိုက်ဖို့ တောင်တွေးခဲ့ကြပါတယ်။

၁၉၅၁ ခုအတွင်းမှာ မတော်တဆဖြစ်မှုတွေ ဆက်တိုက်နီးပါးပေါ် ပေါက်ခဲ့တယ်လို့ ဆိုကြပါတယ်။ ဒီဟိုတယ်စီမံကိန်းကြီးကို ငွေကြေးအင်အားကြီးမားစွာနဲ့ အစိုးရနဲ့ စာချုပ်ရေးထိုးဆောက်နေတာကြောင့် ရပ်တန့်ဆိုင်းငံ့ဖို့ကလည်းမဖြစ်တာမို့ အခက်အခဲတွေ၊ အချွတ်အချော်တွေကြားက ဆက်ပြီး ဆောက်ခဲ့ကြရပါတယ်။ ၁၉၅၆ ခုနှစ်ထဲရောက်တော့မှ ဟိုတယ်ကြီးဟာပြီးနိုင်ခြေအဆင့် ခန့်မှန်းနိုင်အောင်ဖြစ်ခဲ့ရပါတယ်။

အဲဒီအချိန်ရောက်မှ ဟိုတယ်ပိုင်ရှင်တွေ၊ ထိုင်းနိုင်ငံဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းအဖွဲ့က ဟိုတယ်ကြီးပြီးရင် ကျောက်တိုင်ကမ္ဘည်းရေးထိုးဖို့နဲ့ ဖွင့်ပွဲနေ့သတ်မှတ်ဖို့ ကြိုတင်စီစဉ်ကြတဲ့အခါ နေ့ထူးနေ့မြတ်နဲ့ဆောင်ရန်၊ ရှောင်ရှန်တွေကို နက္ခတ်ဗေဒင်ပညာရှင်တွေထံမှာ မေးမြန်းအကြံဉာဏ်တောင်းခဲ့ဖို့ဆုံးဖြတ်ကြတယ်။ ဒီကိစ္စအတွက် နီးစပ်ရာရှာလိုက်ကြတော့ ထိုင်းဘုရင့်ရေတပ်က အရာရှိချုပ်ကြီး လွန်ဆူဗစ်ချန်နဖတ်ထံရောက်သွားကြတယ်။ အဲဒီပုဂ္ဂိုလ်ကြီးက နက္ခတ်ဗေဒင်နဲ့ပညာမှာအလွန်ကျွမ်းကျင်သလို သမာဓိလည်းထက်မြက်တဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်ကြီးက တွက်ချက်စိစစ်ပြီး ဟိုတယ်တည်ဆောက်ရာမှာ အခက်အခဲ အချွတ်အချော်တွေဖြစ်နေတာဟာ ဧရာဝက်ဆိုသည့်နာမည်ကြီးစီးနေပြီး နာမည်နဲ့လိုက်ဖက်သင့်လျော်တဲ့ဂန္ဓိရအစီအစဉ်တွေ မလုပ်မိတာကြောင့်လို့ ဟောခဲ့တယ်။ တစ်ဆက်တည်းမှာပဲ ဆောက်လက်စ ဟိုတယ်ကြီး အဆင့်ပြေစွာနဲ့ ချောချောမောမော အောင်မြင် ပြီးစီးသွားခဲ့ရင် လေးမျက်နှာပုံရှိတဲ့ ငြဟ္မာကြီးရုပ်တုကို ဟိုတယ်ရှေ့မှာ နတ်နန်းတည်ဆောက်ပြီး ကိုးကွယ်ပါ့မယ်လို့ ဟိုတယ်က သက်ဆိုင်သူတွေကို အဓိဋ္ဌာန်ပြုရန် ညွှန်ကြားပါတယ်။ ဟိုတယ်ရဲ့ထိပ်ပိုင်းသက်ဆိုင်သူတွေကတော့ သဘောတူအဓိဋ္ဌာန်ပြုကြလို့ ပုဂ္ဂိုလ်ကြီးက ဟိုတယ်ကြီး ပြီးစီးအောင်မြင်သွားရင် ပြုလုပ်ရမယ့် ဖွင့်ပွဲရက်ကိုပါ သတ်မှတ်ပေးလိုက်ပါ။

ဟိုတယ်ကြီးလည်း အဓိဋ္ဌာန်ပြီးတဲ့နေ့မှစပြီး တစ်ရက်မျှ အထိအခိုက်အချွတ်အချော်မရှိတဲ့ မျှော်လင့်ထားတဲ့ရက်ပိုင်းမှာ အောင်မြင်ပြီးစီးခဲ့ပါတယ်။ ဒါကြောင့် ဟိုတယ်ရဲ့ဝင်းအတွင်း ခေါင်းရင်းဘက်မှာ အဓိဋ္ဌာန်ကတိပြုခဲ့ကြတဲ့အတိုင်း နတ်နန်းဆောက်ပြီး ပူဇော်ပသခဲ့ကြပါတယ်။ ရောဝက်ဆိုတဲ့ ဟိုတယ်အမည်ကြောင့် 'ရောဝက်ဖရာဖုန်း' 'ရောဝက်ပြဟ္မာကြီးနတ်ကွန်း' လို့ ထင်ရှားခဲ့တာ ယနေ့တိုင်ဖြစ်ပါတယ်။

❑ နတ်မင်းကြီးအားပူဇော်ကြပုံ

နတ်မင်းကြီးရဲ့ပုံတော်ကို ထိုင်းယဉ်ကျေးမှုဌာနက အင်တေဖြင့် ထုလုပ်ပေးပါတယ်။ နန်းအပါအဝင် တာဝန်ယူတည်ဆောက်ပေးခဲ့တာပါ။

နတ်မင်းရဲ့ နတ်ကွန်းခြံစည်းရိုးပတ်လည်မှာ ပန်းသည်တွေ၊ ဖယောင်းတိုင်၊ နံ့သာတိုင်တွေရောင်းတဲ့ဆိုင်များရှိပါတယ်။

နတ်ကွန်းကိုလာရောက်ပူဇော်သူတွေဟာ သာမန်အားဖြင့် ပန်းကုံး၊ နံ့သာတိုင်၊ ဖယောင်းတိုင်ထွန်းပြီးပူဇော်ကာ အဓိဋ္ဌာန်ပြုသွားကြပါတယ်။ အဓိဋ္ဌာန်အောင်တဲ့အခါမှာတော့ စားဖွယ်သောက်ဖွယ်တွေကိုပါ ခင်းကျင်းပြီး ပူဇော်ကြပါတယ်။ သူတို့အဓိဋ္ဌာန်ကတိပြုခဲ့ကြတဲ့ကိစ္စတွေကိုလည်း မလွဲမသွေဆောင်ရွက်ကြပါတယ်။

❑ ပုံတော်ကြီးရဲ့လောကဓံ

မူလက ထိုင်းအနုပညာနှင့်ယဉ်ကျေးမှုပန်းချီ၊ပန်းပုဌာနက ထုလုပ်ပေးထားတဲ့ပုံတော်ပါ။ သို့သော်လည်း စိတ်ကောင်းစွာမနံ့သူတစ်ဦးက ညဉ့်သန်းခေါင်လောက်မှာ ထုရိုက်ဖျက်ဆီးခဲ့တာကြောင့် အသစ်တစ်ကြိမ်ပြန်လဲခဲ့ရပါတယ်။ ယခု မကြာမီ ဩဂုတ်လဝဖရက်နေ့ညပိုင်းမှာ ဗုံးပေါက်ကွဲမှုဖြစ်ပြီး လူတွေထိခိုက်၊ ကွယ်လွန်ခဲ့ပြီး နတ်ရုပ်ကြီးမှာလည်း မေးတစ်ခြမ်းဗုံးဆန်မှန်ပြီးပဲ့သွားခဲ့ပါတယ်။

❑ တည်ရှိရာ

ဘန်ကောက်မြို့ ဂရင်းဟတ်ရောဝက်ဟိုတယ် (Grand Hyatt Hotel) ပလောင်ချစ်လမ်းနဲ့ ရတ်ချာဒါမရီလမ်းထောင့်မှာ တည်ရှိပါတယ်။

ယခုအခါ ထိုင်းနိုင်ငံကို ဒီဇာမလို့ဘဲ သွားရောက် လည်ပတ်နိုင်ပြီဖြစ်လို့ ဘန်ကောက်ကိုအလည်သွားတဲ့ မြန်မာများလည်း တိုးတက်များပြားနေပါပြီ။ ဘန်ကောက်ရောက်ရင် သွားရောက် လေ့လာနိုင်အောင် မျှဝေလိုက်ပါတယ်။

အောင်ခွန်းဦး

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
ဗုဒ္ဓမြတ်စွာဘုရားရှင်၏ဘဝဖြစ်တော်ပေါင်း(၁၃၆)ဘဝ
လာဘ်ခေါ်အင်း

၁။ စတုလာဘံ လေးထောင့်ရံ

	၁၆	၈	၁၇	
၁	၅		၂	၂
၁၂				၁၀
၇	၁၅		၈	၆
	၁၂	၂	၁၁	

၂၀၉၀ အလယ်ချ

၃။ မလွှေအတွင်း နံကိုသွင်း

ရှေးအခါက မြန်မာစွယ်စုံပညာရှိ ပုဂ္ဂိုလ်များဖြစ်ကြသော ဆရာတော်ကြီးများ၏ အစိုအရင်ဖြစ်သည့် လာဘ်ခေါ်အင်းကို လာဘ်လာဘလိုအပ်သူများအတွက် ရေးသား ဖော်ပြလိုက်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ နုစဉ်အခါက ဘဝဖြစ်တော်ပေါင်းစုံ (၁၃၆) ဘဝကို ဖော်ကျူးစီရင်ထားသော ပညာရပ်တစ်ခု ဖြစ်ပေသည်။

စတုလာဘံလေးထောင့်ရံ၊ စ၀ေ၀ အလယ်ချ၊ မလွှေအတွင်း၊ နံကိုသွင်း၊ အစကြိုးကြာ၊ မြင်းသွားခါ၊ မှန်စွာကွက်နင်း၊ လာဘ်ခြင်း။

အင်းကွက်(၂၅)ကွက်တွင် ထောင့်လေးထောင့်မှာ (စ၊ တု၊ လာ၊ ဘံ) ကို တစ်ကွက်ချင်းရံ၍ အလယ်လေးကွက်မှာ (စ-၉-၀-၀) စမ်းလေးလုံးချပါ။ အလယ်ကွက်မှာ အင်းချသူ၏အလိုရှိရာ မွေးနံကို ရေးသွင်းပါ။ ၎င်းနောက်ဖြစ်တော်စဉ်အရ အစဉ်းဆုံး ကြိုးကြာမှ အင်းကွက်တွင် မြင်းသွားကို မှန်ကန်စွာ ချပါ။ အစကြိုးကြာ ဆယ့်ခြောက်ခါ (၁၆)၊ ဟသ်ာကိုးဖြစ် (၉)၊ ခြောက်ဖြစ် ကားခို (၆)၊ ကျေးညှိသုံးခါ (၃)၊ သံသာကျူးဟိတိ ကရဝိက် ငါး (၅)၊ လေးပါး ကိန္နရီ(၄)၊ စာမရီဆယ့်ငါး(၁၅)၊ မျောက်ကား တစ်ဆယ်(၁၀)၊ ဆင်ဝယ် ဆယ့်တစ်(၁၁)၊ နွားဖြစ်ဆယ့်လေး (၁၄)၊ ဧကေးသိန္ဓဝ (၁)၊ ကျဲအဋ္ဌနှင့် (၈)၊ သံမြသံညောင်း ဥဒေါင်းနှစ်ခါ (၂)၊ သာလိကာသတ္တ (၇)၊ ဒွါဒသကြက် (၁၂)၊ ဝက်

မြင်းသွားအင်းချပြီး

	၁၆	၈	၁၇	
၁	၅		၂	၂
၁၂				၁၀
၇	၁၅		၈	၆
	၁၂	၂	၁၁	

အထက်ပါ လာဘ်ခေါ်အင်းကို အမြဲတွေ့စုတ်ရက်၊ ရက်ရာဇာရက်များတွင်ဖြစ်စေ၊ စက်လေးလုံးအခါ၌ဖြစ်စေ၊ ရွေးချယ်၍ ငွေပြား၊ ကြေးပြားပေါ်မှ အင်းချပါ။ အင်းမချမီ မိမိကိုယ်ကို သန့်ရှင်းအောင်ပြုလုပ်ပြီး ရတနာသုံးပါး ကန်တော့ပါ။ ဘုရားတွင် ပန်း၊ ရေချမ်း၊ နံ့သာတိုင်များဖြင့် ပူဇော်လျက် ငါးပါး သီလခံယူပါ။ အင်းချသည့်အခါ အင်းကွက်များညီပါစေ၊ မျဉ်းကွက်များအစွန်း မထွက်စေရ။ မဟာစေရ။ အင်းဆန်ကား ဆယ့်သုံး (၁၃)၊ ပေါင်းရုံးများစွာ၊ တစ်ရာ့သုံးဆယ်၊ ခြောက်ဖြစ်ဝယ်၌၊ အန္တရာယ်တစ်စိ၊ ဘေးမရှိသည်၊ မုနိမြတ်လောင်း၊ ဖြစ်တော်ပေါင်းကို၊ ညွှတ်ပျော်းတုပ်ကွ၊ ပဏာမဖြင့်၊ ကြည်စွသဒ္ဓါ၊ ရှိခိုးပါ၏တဲ့ဘုရား။ ။

လာဘ်ခေါ်အင်း

	၁၆	၈	၁၇	
၁	၅		၂	၂
၁၂				၁၀
၇	၁၅		၈	၆
	၁၂	၂	၁၁	

ဂဏန်းများ၊ အက္ခရာများ အရွယ်အစား ညီပါစေ။

အင်းချပြီးပါက အောက်ပါ အင်းသိဒ္ဓိတင်ဂါထာဖြင့် ညာဘက်လက်ဖဝါးပေါ်တွင် အင်းကိုတင်ပြီး (၉) ခေါက် ရွတ်ဆိုပါ။

အင်းသိဒ္ဓိတင်ရန်ဂါထာ

ဩဘြင်း - တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ စက်ကြိုးတစ်ဆယ့်သုံးပါး၊ ဝန်းရံပတ်၍ အောင်စေသတည်း၊ ပါပစက်၊ သောမစက်၊ နေစက်၊ လစက်၊ စက်ကြိုးလေးပါး၊ ဝန်းရံပတ်၍ အောင်စေသတည်း။

ဧကမြင်းမိုရ်တောင်တစ်လုံး၊ တစ်ဆူတည်းသောဘုရား၊ တစ်ပါးတည်းသောမင်း၊ တည်ရှိတော်မူ၍ တနင်္ခွေဂြိုဟ်မင်းဝင်၍ခို၊ အလိုရှိတိုင်း ပြီးစေသတည်း။

ဒွေး- နေ့လနှစ်ပါး၊ ဓမ္မဝိနယနှစ်ပါး၊ ရုပ်နာမ်နှစ်ပါး၊ တည်တော်မူ၍ တနင်္လာဂြိုဟ်မင်း ဝင်၍ခို၊ အလိုရှိတိုင်းပြီးစေသတည်း။

တြီ - ပိဋကတ်သုံးပုံ၊ ရတနာသုံးပါး၊ သရဏဂုံသုံးပါး၊ ဝိဇ္ဇာသုံးပါတည်တော်မူ၍ အင်္ဂါဂြိုဟ်မင်းဝင်၍ခို အလိုရှိတိုင်းပြီးစေသတည်း။

စတု - သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ သစ္စာလေးပါး၊ မဂ်လေးပါး၊ ဖိုလ်လေးပါးတည်တော်မူ၍ ဗုဒ္ဓဟူးဂြိုဟ်မင်းဝင်၍ခို အလို

www.burmeseclassic.com

www.burmeseclassic.com

နေမင်း(နတ်မောက်)

ကလေးသူငယ်ဦးခေါင်းကျဗဟ္မာနှင့် အပူကျိတ်အပုအတွက်လိမ်းဆေး

ကျွန်ုပ်၏သားကြီး အခါလည်တစ်နှစ်သားအရွယ်က ဖြစ်ပါသည်။ (သူ့သားကြီးသည် ရှေ့နေဖြစ်နေပါပြီ)။ ဦးခေါင်းဘယ်ဘက်ချိုစောင်းတွင် အပူကျိတ်အနာဖုကြီးကွမ်းသီးလုံးခန့် ထွက်လာပါသည်။ သူငယ်နာကျဗဟ္မာနာဟု အရပ်ထဲတွင်ပြောကြပါသည်။

ထိုအနာဖုကို လက်ဝါးနှင့်အုပ်ထိုင်းကြည့်လျှင် အပူများတလှပ်လှပ်နှင့် လက်ကိုလာဟပ်သည်ကို ခံစားသိရသဖြင့် အပူဖုအကျိတ်နာဟု ကျွန်ုပ်သတ်မှတ်မိခြင်း ဖြစ်ပါသည်။

ကလေးသူငယ်၏ ဝမ်းအတွင်းမှ ကောင်းသော အပူခိုးအပုပ်ငွေ့များ ခုစည်းပြီး ရောဂါအပြင်ထွက်လာခြင်းဟု ယူဆ၍ တစ်နည်းအားဖြင့် ကောင်းသည်ဟု ယူဆရပါမည်။

သို့သော် သားကြီးမှာတော့ ကောင်းပါ။ အနာဖုမှ ပြည်များကိုက်ခဲသဖြင့် တငိုငိုဖြစ်နေရပါသည်။ သားဦးမို့ နေနေသော ကျွန်ုပ်နှင့် ဇနီးမှာလည်း ခြေမကိုင်မိလက်မကိုင်မိ ဘာလုပ်ရမှန်းမသိဖြစ်နေရပါသည်။

အိမ်နီးချင်းသက်ကြီးဝါကြီး အမေအပ် (ဒေါ်ရွှေအပ်) ကို သွားခေါ်ပြသမေးမြန်းသောအခါ -

"ခုလို ကျဗဟ္မာထွက်လာတာ ကောင်းတယ်။ ဝမ်းထဲမှာ ရောဂါကင်းသွားတာပေါ့။ ဒီအနာပျောက်ပြီးရင် မင်းတို့သားကြီး ဝဖြိုးကျန်းမာလာမယ်။ လောလောဆယ်တော့ ရှိန်းခိုတစ်ကျပ်သားလောက် ပရဆေးဆိုင်သွားဝယ်။ ကျောက်ပျဉ်မှာ ရေနဲ့သွေးပြီး ကလေးလျှာကို နည်းနည်းပါးပါးပွတ်ပေး။ နာခေါင်းဝကိုလည်း ခပ်ပါးပါးပွတ်ပေး။ အညှော်ခိုးကိုးနိုင်စာယ်။ မိခင်ကလည်း ရှိန်းခို တစ်ပဲသားလောက်စားပေး။ နို့စိုတုန်း ဆိုတော့ မိခင်က အညှော်ရှူမိရင်လည်း ကလေးရှူမိတာနဲ့အတူတူပဲဟုတ်ပလား။

လိမ်းဖို့အတွက်က ဟော်ဟိုက်ကြောင်လျှာပင်က အခေါက်အစိုတစ်ထွာလောက် ဓားနဲ့ထစ်ခွာခဲ့။ ကျောက်ပျဉ်ပေါ်မှာ လိမ်းပေးပါ။ ခြောက်သွားရင် ထပ်ထပ်လိမ်းပေး။ ငါးရက်၊ တစ်ပတ်ဆိုရင် ပြည်ပေါက်လိမ့်မယ်။ ပြည်ပေါက်ရင် ညှစ်ထုတ်ပေး။ ပြည်ပုပ်၊ သွေးပုပ်အနာထဲမှာ မကျန်အောင် ညှစ်ထုတ်ပေး။ ကလေးငိုမယ်၊ နာလိမ့်မယ် ဆိုပြီး မညှစ်ဘဲမထားနဲ့။ နာတာခဏပဲ။ အဲလိုပြည်ပေါက်ရင် ပျောက်ပြီပေါ့ကွယ်"

ထိုသို့ သက်ကြီးစကား သက်ငယ်ကြားဆိုသလို သားသမီး (၇) ယောက်၏ မိခင် အမေအပ်မှ ပြောဆို ညွှန်ကြားလက်တွေ့ပြသသည့်အတိုင်း ကုသခဲ့ရာ တကယ်ပင် ငါးရက်တွင် ပြည်ပေါက်ပြီး ခုနစ်ရက်တွင် အနာအကင်းသေပါသည်။ ဆယ်ရက်ခန့်တွင် လုံးဝပျောက်ကင်းပြီး လက်သည်းခွံခန့် အနာရွတ် ကလေးသည်သာ ကျန်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏ ထိုသားကြီးသည် ရှေ့နေကြီးတစ်ဦးအဖြစ်ပင် မားမားမတ်မတ် ရပ်တည်နေပြီ ဖြစ်ပါသည်။

လိုရာဆန္ဒမှန်သမျှပြည့်ဝကြပါစေ

နေမင်း(နတ်မောက်)

စက်လေးလုံးအခါ

၁။	တနင်္ဂနွေနေ့ + သောကြာနေ့	- နွေလယ် (၁၂) နာရီ စပါ။
၂။	တနင်္လာနေ့ + ဗုဒ္ဓဟူးနေ့	- နံနက် (၇) နာရီ စပါ။
၃။	အင်္ဂါနေ့ + ကြာသပတေးနေ့	- မွန်းလွဲ (၃) နာရီ စပါ။
၄။	စနေနေ့ + ဗုဒ္ဓဟူးနေ့	- နေထွက် / နေဝင် လုပ်ပါ။

နဝ-ဂုဏ်တော်ကိုးပါး၊ လောကုတ္တရာကိုးပါး။ ကိုးနဝင်းမှစ၍ ကိုးခုသော ဂြိုဟ်မင်း ဝင်၍ခို၊ အလိုရှိတိုင်း ပြီးစေသတည်း။

အထက်ဘဝ်၊ အောက်အဝီစိ ဖိုးနိုင်သည်ဖြစ်စေသော်၊ အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်ဓူဝံကြယ်အထိ၊ ပိုင်စိုးနိုင်သည်ဖြစ်စေသတည်း။

(အင်းချ၊ ဂါထာမန္တန်၊ ဆေးဝါးသိဒ္ဓိတင်)

မည်သည့်ရက်ဆိုးနှင့် ကြုံပါစေ စက်လေးလုံး ကျရောက်သောနေ့နှင့် အချိန်မှာ မည်သည့်မင်္ဂလာကိစ္စကိုမဆို၊ အခါပေး၍ရသည်။ ၎င်းအချိန်များတွင် ဆောင်ရွက်ပါက အလုံးစုံအောင်မြင်ပေအံ့။

ခုနစ်နေ့သားသမီးများ
စီးပွားဥစ္စာလာဘ်လာဘာ
လိုရာဆန္ဒပြည့်ဝကြပါစေ

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

ခိုတိုင်းပြီးစေသတည်း။

ပဉ္စ-ငါးဆူသောဘုရား၊ ဥ ယျခံတရားငါးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး တည်တော်မူ၍ ကြာသပတေးဂြိုဟ်မင်း၊ ဝင်၍ခို၊ အလိုရှိတိုင်း ပြီးစေသတည်း။

ဆ-ဘုန်းတော်ခြောက်ပါး၊ ဉာဏ်တော်ခြောက်ပါး၊ အဘိဉာဏ်ခြောက်ပါး တည်တော်မူ၍ သောကြာဂြိုဟ်မင်းဝင်၍ခို၊ အလိုရှိတိုင်း ပြီးစေသတည်း။

သတ္တ- တောရွှင်ခုနစ်ပါး၊ သူတော်ကောင်းတရားခုနစ်ပါး၊ သူတော်ကောင်းဥစ္စာခုနစ်ပါး၊ တည်တော်မူ၍ စနေဂြိုဟ်မင်း၊ ဝင်၍ခို၊ အလိုရှိတိုင်း ပြီးစေသတည်း။

အဋ္ဌ - မဂ္ဂင်ရှစ်ပါး၊ သမာပတ်ရှစ်ပါး၊ အောင်ခြင်းရှစ်ပါး တည်တော်မူ၍ ရာဟုဂြိုဟ်မင်းဝင်၍ခို အလိုရှိတိုင်း ပြီးစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုးကုန်းသွင် လူတော် လူကောင်း

၁၃၃၇ ခု၊ နှစ်ဆန်းတစ်ရက်နေ့က နှမဝမ်းကွဲတစ်ယောက်၏ သားဖြစ်သူ ကိုစိုးမြင့် လာကန်တော့ပါသည်။ သူနှင့် အတူ သူ့သားအကာစိုး ပါလာပါသည်။ ကန်တော့ပြီးတော့ ကိုစိုးမြင့်က -

"အဘ ကျွန်တော့်သားအကာစိုး ဒီနှစ် (၁၀) တန်းစာမေးပွဲဖြေထားပါတယ်။ သူတထစ်ချအောင်မယ်လို့ယုံကြည်ထားတယ်လို့ပြောပါတယ်။ တစ်ဦးတည်းသောသားဖြစ်လို့ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်ပွင့်ဆိုသလို လူတော်လူကောင်းတစ်ယောက်ဖြစ်စေချင်တယ်။ ချမ်းသာကြီးပွားစေချင်တယ်။ ဒါကြောင့် သူ့ကို လူတော်လူကောင်းတစ်ယောက်ဖြစ်အောင်တယ်လို ပြုစုပျိုးထောင်ပေးရမလဲ"

ဟု မေးပါသည်။

ကျွန်တော်က -

လောကမှာ မိဘတိုင်းဟာ သားသမီးတိုင်းကို လူတော်လူကောင်းဖြစ်စေချင်တယ်။ ကြီးပွားချမ်းသာတဲ့နေရာမှာ ထိပ်ဆုံးကိုရောက်နေစေချင်တယ်။ ဒါပေမယ့် အဲဒီလိုဖြစ်အောင် မိဘအနေနဲ့ ပြုစုပျိုးထောင်ပေးရမယ်လို့ စဉ်းစားမိသူရှားမယ်။

ဒီနေ့ ကမ္ဘာမှာ လူဦးရေသန်းခုနစ်ထောင်ကျော်ရှိတယ်။ အဲဒီအထဲက စီးပွားရေးနဲ့ ပညာရေးမှာ ထိပ်ဆုံးရောက်နေသူဟာ တစ်သောင်းမှာ တစ်ယောက်မရှိဘူး။ ထိပ်ဆုံးရောက်နေသူထဲမှာလည်း မိဘက စနစ်တကျပြုစုပျိုးထောင်ပေးလို့ချည်းမဟုတ်ဘူး။ ကိုယ့်ထူးကိုယ်ချွန်သမားတွေလည်းပါတယ်။ သားသမီးကို လူတော်လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ဖို့က ကိုယ့်လူမျိုးကိုယ့်စရိုက်နဲ့ ကိုယ့်နည်းကိုယ့်ဟန်အမျိုးမျိုးရှိကြမယ်။ ဒါပေမယ့် များသောအားဖြင့် မိဘတွေဟာ သားသမီးတွေရဲ့နောင်ရေးအတွက် ဆရာ၊ ဆရာမလက်ထဲကို အပ်လိုက်ကြတာများတယ်။ အဲဒီအထဲမှာ အဘလည်းပါတယ်။

အဘဟာ မိဘနဲ့ကြီးပြင်းအောင် မနေခဲ့ရဘူး။ ဘုန်းတော်ကြီးကျောင်းကထွက်ပြီး (၁၅) နှစ်သားလောက်က (၁၈) နှစ်သားလောက်အထိ (၃) နှစ်နီးပါးလောက်ပဲ အတူနေခဲ့ရတယ်။ ကျောင်းမှာတုန်းကတော့ လောကုတ္တရာစာပေတွေ၊ လောကုတ္တရာအဆုံးအမပဲရခဲ့တယ်။ မိဘနဲ့နေတော့ မိဘက လူမှုရေး၊ ယဉ်ကျေးမှု၊ ကြီးပွားချမ်းသာရေး စတာတွေကို သူတို့တတ်စွမ်းသလောက် ပြုစုပျိုးထောင်ပေးခဲ့ကြတယ်။ အဲဒီနောက် ပိုင်း မိဘနဲ့ဝေးပြီး ရန်ကုန်မှာ နှစ်ပေါင်းများစွာ အခုထိပေါ့။ လွတ်လပ်ရေးတစ်သက်ပဲ တစ်ဦးတည်းနေခဲ့ရတော့ လူမျိုးစုံနဲ့ပေါင်း၊ စရိုက်မျိုးစုံတွေရ၊ မှားတာတွေရော၊ မှန်တာတွေရောနဲ့ ကြီးပြင်းလာရတယ်။ ဒီတော့ လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်သလဲဆိုတာကိုတောင် မစဉ်းစားမိဘူး။ အတန်းအောင်ရင် ပညာရှင်ဖြစ်မယ်၊ ပိုက်ဆံချမ်းသာရင် စီးပွားရှင်ဖြစ်မယ်လို့ပဲထင်ခဲ့တယ်။

ဒီလိုနဲ့ သားသမီးရတော့ အများနည်းတူ ကျောင်းအပ်ပြီးပညာသင်ပေးရင် မိဘဝတ္တရားကျေပြီဆိုပြီး ကျောင်းထားပေးခဲ့တာပဲ။ ဒီလိုနဲ့ အများနည်းတူပဲ အချိန်ကုန်ခဲ့တာပေါ့။ အတိုချုံးရရင် မြေးမကလို့ မြစ်ပါရပြီး လူလည်းဒုက္ခိတဘဝရောက်လို့ ဘာမှမလုပ်နိုင်တဲ့အချိန်ကျတော့မှ ထချို့မိတ်ဆွေများဆီက ဖွဲ့ဖြိုးပြီးနိုင်ငံတွေမှာ မိဘတွေဟာ သားသမီးတွေကို ဘယ်လိုပြုစုပျိုးထောင်ကြတယ်လို့ပြောတာကို ပြန်သတိရပြီး စဉ်းစားမိတယ်။ ဒီတော့မှ သားသမီးတွေကို လူတော်လူကောင်းဖြစ်ဖို့ ပြုစုပျိုးထောင်ရာမှာ မိဘရဲ့အခန်းကဏ္ဍဟာ (၇၅) ရာခိုင်နှုန်း ရှိတယ်ဆိုတာ စဉ်းစားမိလာတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံနဲ့ ခေတ်နောက်ကျပြီး တိုးတက်မှုနောက်ကျနေတဲ့နိုင်ငံတွေရဲ့ ကွာဟချက်မှာ သားသမီးများကို ပြုစုပျိုးထောင်နိုင်မှုအပေါ် အများကြီးတည်မီနေတယ်ဆိုတာ စဉ်းစားမိလာတယ်။

ဒီအချိန်မှာ မျက်လုံးက စာမဖတ်နိုင်တော့ဘူး။ လူကဘယ်မှမသွားနိုင်တော့ဘူး။ ဒါပေမယ့် သားသမီးများကို လူတော်လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ရာမှာ ဘယ်လိုအချက်အလက်ကို အခြေခံသင့်သလဲလို့စဉ်းစားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ဗုဒ္ဓရဲ့အဆုံးအမကိုသတိရတယ်။ ဗုဒ္ဓရဲ့ တရားတော်တွေဟာ လောကုတ္တရာချမ်းသာရေးကိုသာမက လောကီချမ်းသာရေးကိုပါ အပြည့်အဝပေးနိုင်တယ် ဆိုတာကို အခိုင်အမာ လက်ခံယုံကြည်ထားတယ်။ အဲဒါကြောင့် ဗုဒ္ဓရဲ့ အဆုံးအမတွေထဲကပဲ လက်လှမ်းမီသလောက် သင့်တင့်တဲ့အချက်ကလေးတွေကိုထုတ်ပြီး စီစဉ်ရရင်ကောင်းမယ်လို့ စဉ်းစားမိတယ်။

ဒီနေရာမှာ ကြီးပွားချမ်းသာသူနဲ့ လူတော်လူကောင်းဟာ တစ်ယောက်တည်းမဟုတ်ဘူးဆိုတာ သတိပြုသင့်တယ်။ ကြီးပွားချမ်းသာသူတိုင်း လူတော်လူကောင်းမှမဟုတ်ဘဲ ဒီနေရာမှာ သီတဂူဆရာတော် မိန့်ကြားဖူးတဲ့လူ (၄) မျိုးဆိုတာကို သတိရမိတယ်။ အဲဒါတွေက -

၁။ လူညံ့လူဆိုး
၂။ လူညံ့လူကောင်း
၃။ လူတော်လူဆိုး
၄။ လူတော်လူကောင်းရယ်လို့ ဖြစ်တယ်။

လူညံ့လူဆိုးဆိုတာ လူဆိုးဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ကို ကောင်းကျိုးမပေးတာ သေချာတယ်။ ဒါပေမယ့် လူညံ့ဖြစ်နေတဲ့အတွက် ဆိုးကျိုးကိုလည်း ထိထိရောက်ရောက်မပေးနိုင်ဘူး။ လူညံ့ဖြစ်တဲ့သူဆိုးတစ်ယောက်ဟာ ညဘက် အိမ်ဘေးက ချဲမှာအိပ်နေတဲ့ အိမ်မွေးကြက်ကိုသွားခိုးတယ်။ လူညံ့ဖြစ်လို့ ဘယ်လိုဖမ်းရမှန်းမသိတော့ ခြေထောက်ကိုသွားဆွဲလို့ ကြက်ကလန့်ပြီးအော်လည်းအော်၊ အတောင်လည်းခတ်တော့ အိမ်ရှင်နိုးလို့ ကြက်မရဘဲ ကိုယ်လွတ်ရုန်းပြေးရတယ်။ တကယ်တော့ ညဘက်မှာ ကြက်ကမမြင်ဘူး။ သူ့ရင်ဘတ်အောက်ကို လက်လျှိုပြီး အသာမ,လိုက်ရင် ငြိမ်ပြီးလိုက်လာတယ်။

အလားတူပဲ လူညံ့လူကောင်းဟာ မိမိကိုယ်ကိုရော ပတ်ဝန်းကျင်ကိုပါ ထိထိရောက်ရောက်ကောင်းအောင် မဆောင်ကြဉ်းနိုင်ဘူး။ ညံ့တဲ့အတွက် အကောင်းလုပ်တာ အကောင်းမဖြစ်ဘဲ အဆိုးဖြစ်တတ်တယ်။ အဘနဖူးမှာ နားနေတဲ့ခြင်ကို တူနဲ့ထုသတ်တယ်ဆိုတာမျိုးပေါ့။ ခြင်ကိုသတ်တာ အဘသေရတယ်။

လူတော်လူဆိုးကျတော့ ပတ်ဝန်းကျင်ကို မိုးထိုးအောင်ဆိုးကျိုးပေးတယ်။ ဒီနေ့ကမ္ဘာမှာ နည်းပညာမျိုးစုံတို့နဲ့ ပတ်ဝန်းကျင်ကို ဒုက္ခပေးနေတဲ့လူဆိုးတွေအကြောင်း မကြားချင်မှအဆုံးဘဲ။

လူတော်လူကောင်းမှ မိမိကိုယ်ကိုရော ပတ်ဝန်းကျင်ကိုပါ ကောင်းကျိုးဖြစ်အောင် ဆောင်ကြဉ်းနိုင်တယ်။ တော်တဲ့၊ ကောင်းတဲ့ အရည်အချင်းနဲ့ ပတ်ဝန်းကျင်ကို မိသားစုရပ်ရွာမြို့နယ် တိုင်းပြည်သာမက ကမ္ဘာသူကမ္ဘာသား အားလုံးရဲ့ကောင်းကျိုးကို ဆောင်ကြဉ်းနိုင်တယ်။ ဒါကြောင့် လူတော်လူကောင်းဖြစ်ဖို့လိုတယ်။

ဘယ်လိုပြုစုပျိုးထောင်မလဲ။

လူတော်လူကောင်းဖြစ်ဖို့ အရည်အချင်း (၄) ရပ်လိုအပ်တယ်။ မြတ်စွာဘုရားရဲ့ တရားတော်ထဲမှာ လူတော်လူကောင်းဖြစ်ဖို့ အရည်အချင်းတွေကို ရွေးထုတ်မယ်ဆိုရင် လေးဆယ်မက၊ လေးရာမကရှိနိုင်တယ်။ ဒါပေမယ့် အခု ဒီလေးချက်လောက်နဲ့ပဲဖြစ်နိုင်ပါတယ်။ အဲဒီလေးချက်က -

၁။ သဒ္ဓါ
၂။ သီလ
၃။ သုတ
၄။ ပညာတို့ ဖြစ်တယ်။

ဗမာလိုတော့ -

၁။ ယုံကြည်ချက်
၂။ အကျင့်စာရိတ္တကောင်းမွန်ခြင်း
၃။ များပြားစွာသောသင်ကြားတတ်မြောက်မှုဗဟုသုတ
၄။ အမှား-အမှန်၊ အကောင်း-အဆိုးကို ဝေဖန်ပိုင်းခြားသိရှိမှုတို့ပဲ ဖြစ်တယ်။

ဘယ်အလုပ်ကိုမဆို ယုံကြည်ချက်က အရေးကြီးတယ်။ အပြည့်အဝယုံကြည်နေမှ အပြည့်အဝအားစိုက်ပြီး လုပ်ကိုင်မယ်။ ဒီတော့မှ အောင်မြင်မယ်။ မယုံတစ်ဝက်ယုံတစ်ဝက်နဲ့လုပ်လို့တော့ အောင်မြင်မှာမဟုတ်ဘူး။ နောက်က အချက် (၃) ချက်ဟာ လူတော်လူကောင်းဖြစ်စေမယ့် အရည်အချင်းကို ပေးစွမ်းနိုင်တဲ့အချက်တွေပဲလို့ လုံးဝ ဥဿုံယုံကြည်ရမယ်။

ဘယ်အလုပ်ကိုလုပ်လုပ်၊ ဘယ်နေရာမှာနေနေ၊ ဘယ်သူနဲ့ပေါင်းပေါင်း ကိုယ်ကျင့်သီလကောင်းမွန်ဖို့က အဓိကပဲ။ သီလကို မြေမာနဲ့တူတယ်လို့ ပညာရှိများမိန့်ဆိုထားတယ်။ မြေမာပေါ်မှာ ရပ်မှ မြဲမြံရပ်နိုင်ပြီး ရှေ့ကိုလှမ်းနိုင်မယ်။ နွံမြေမှာရပ်ပြီး ရှေ့ကိုလှမ်းဖို့အားယူရင် အောက်ကိုပဲကျဲကျသွားမယ်။ သီလဟာ တဲ့ဒုစရိုက်မှုဟူသမျှ နွံမြေနဲ့တူတယ်။ ဒါကို လူတွေက ဒီလူအကျင့်စာရိတ္တက ဖွတ်ပေါက်နေတာပဲလို့ သီလဟာကိုပြောလေ့ရှိတယ်။ ဒီတော့ အနည်းဆုံး ငါးပါးသီလလုံခြုံရမယ်။ ရိုးရိုးပဲစဉ်းစားကြည့်။ သူတစ်ပါးအသက်ကိုမညှာမတာ ရက်ရက်စက်စက်သတ်ဖြတ်တတ်သူဟာ မိမိကောင်းကျိုးနဲ့ ပတ်ဝန်းကျင်ကောင်းကျိုးကို ဆောင်ကြဉ်းနိုင်မယ့် လူတော်လူကောင်းဘယ်ဖြစ်နိုင်မလဲ။ အလားတူပဲ သူတစ်ပါးပစ္စည်းကို မတရားတဲ့နည်းနဲ့ ယူလေ့ရှိသူ၊ ကာမဂုဏ်အမှုမှာ စည်းမစောင့်ဘဲ အောက်အောက်ပြန်ပြန်ပြုတတ်သူ၊ လိမ်လည်လှည့်ဖြားတတ်သူ၊ သေသောက်ကြူးသည့် အမူးသမားတို့ဟာ မိမိအကျိုးနဲ့ သူတစ်ပါးအကျိုးကို ကောင်းအောင် ဆောင်ကြဉ်းနိုင်သူ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ ငါးပါးသီလကို ခါးဝတ်ပုဆိုးမြဲသလိုမြဲအောင်စောင့်ထိန်းရမယ်။

နောက်တစ်ချက်က သုတဆိုတာပဲ။ သုတဆိုတာ နားနဲ့ကြားတာကိုပြောတာ။ ရှေးအခါက ပညာသင်တာနားထောင်ပြီး မှတ်သားထားတာကို မမေ့အောင်ပြန်လည်ရွတ်ဖတ်ပြီး ကျွမ်းကျင်အောင် သင်ကြရတယ်။ ဒါကြောင့်မို့ ရှေးအခါက သင်ကြားရတဲ့ အတတ်ပညာဟာ စာအုပ်ထဲမှာမရှိဘဲ ရင်ထဲနှလုံးထဲမှာစွဲနေတာ အဲဒီလိုသင်ကြားလို့ သိတဲ့အသိကို သုတမယဉာဏ်လို့ခေါ်တယ်။ ဗဟု ဆိုတာ များပြားတာကိုပြောတာ။ အဲဒီတော့ ဗဟုသုတဆိုတာ တတ်သိသင့်တာတွေကို များနိုင်သလောက် များများသင်ယူရမယ်။ အဲဒီတော့ ဒီထဲမှာ အတန်းပညာတွေရော ပြင်ပက ပညာတွေပါ အားလုံးပါဝင်သွားတယ်။ အခုခေတ်စကားနဲ့ပြောရင် ပညာကိုရှာနိုင်သမျှများများရှာ၊ စာမေးပွဲလည်းများများအောင်ဖို့ ကြိုးစားပေါ့။

စတုတ္ထအချက်ဖြစ်တဲ့ ပညာဆိုတာ အခုပြောခဲ့တဲ့ပညာမျိုးကိုပြောတာ မဟုတ်ဘူး။ အမှား-အမှန်၊ အကောင်း-အဆိုး၊ အကျိုး-အပြစ်ကိုခွဲခြားပြီးသိတဲ့ အသိဉာဏ်ပညာကိုပြောတာ။ အဲဒီတော့ ဘယ်လိုဟာမျိုးဟာ အကျိုးဖြစ်ပြီး ဘယ်လိုဟာမျိုးဟာ အပြစ်ဖြစ်သလဲဆိုတာကို သိဖို့လိုတယ်။

မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ စီးပွား၊ ပညာ၊ ကျန်းမာ၊ ကုသိုလ် စတဲ့ ကောင်းကျိုးချမ်းသာဖြစ်စေမယ့် ကြဲစည်၊ ပြောဆို၊ ထုပ်ကိုင်မှုမှန်သမျှဟာ အကျိုးပဲ။ ကောင်းတဲ့

www.burmeseclassic.com

ပဲ။ အဲဒါတွေကို ထိခိုက်နစ်နာပျက်ပြားစေမှုမှန်သမျှဟာ အပြစ်ပဲ။

လူတော်လူကောင်းဖြစ်ဖို့ လိုအပ်တဲ့အချက် (၄) ချက်ကို အထောက်အကူပြုဖို့ အချက် (၈) ချက် ထုတ်နုတ်ထားတယ်။ အဲဒါကို (၄) ချက် နှစ်စုခွဲထားတယ်။

ပထမအစုမှာ -

၁။ ဆုံးဖြတ်ချက်

၂။ ဦးတည်ချက်

၃။ အတွေးအခေါ်

၄။ ကြိုးပမ်းမှုတို့ ဖြစ်တယ်။

လူတော်လူကောင်းဖြစ်ရမယ်ဆိုတဲ့ဆုံးဖြတ်ချက်ကို အခိုင်အမာချမှတ်ရမယ်။ ပေါ့ပေါ့တန်တန်နဲ့မဖြစ်ဘူး။ နောက်ပြီးတော့ လူတော်လူကောင်းဖြစ်ရေးကို အမြဲတမ်း ဦးတည်ထားရမယ်။ ဒီလိုမှမဟုတ်ရင် တစ်ဝက်တစ်ပျက်နဲ့ ရပ်သွားမယ်။ နောက်တစ်ချက်ကတော့ အတွေးအခေါ်မှန်ကန်ဖို့ပဲ။ အတွေးအခေါ်လွဲရင် လမ်းလွဲသွားမယ်။ အတွေးအခေါ်မှန်ဖို့က သုတနဲ့ပညာကိုအားကိုးရမယ်။ အကြားအမြင်များပြီး အဲဒီထဲက အမှန်ကိုရွေးထုတ်နိုင်ရမယ်။ အမှန်ရွေးဖို့က ပညာပဲ။ နောက်ဆုံးအချက်ဖြစ်တဲ့ ကြိုးပမ်းမှုက အရေးကြီးတယ်။ သူလို ငါလို ကြိုးပမ်းရင် သူလိုငါလိုထဲမှာပဲမြုပ်နေမယ်။ အောင်မြင်ဖို့အတွက် သူသူငါငါထက် လွန်လွန်ကဲကဲကြိုးပမ်းရမယ်။ မိုးတစ်မိုးစိမ့်ရွာနေတဲ့အချိန်မှာ သူသူငါငါဟာ အိပ်ရာထဲကွေးအိပ်ချင်နေတာပဲ၊ အိပ်နေကြတာပဲ။ ပစ္စည်းခိုးချင်တဲ့၊ ပစ္စည်းလိုချင်တဲ့သူခိုးဟာ သူသူငါငါလို ကွေးအိပ်နေရင်ဘာရမလဲ။ ဒီတော့ အချမ်းခံရမယ်၊ မိုးစိုခံရမယ်၊ အိပ်ပျက်ခံရမယ်။ ဒီအထဲ မြွေကင်းနဲ့ ဆူးငြောင့်ခလုတ်အန္တရာယ်တွေနဲ့လဲညီး ရင်ဆိုင်ရမယ်။ ဒါပေမယ့် ဘာကယ်ရဖို့အတွက် သူသူငါငါထက် လွန်လွန်ကဲကဲကြိုးပမ်းမှရမယ်။

ဒုတိယအုပ်စုက -

၁။ ဆရာမှန်

၂။ ပညာမှန်

၃။ အသိမှန်

၄။ အထပ်ထပ်အခါခါ လေ့ကျင့်မှုမှန်ရမယ်ရယ်လို့ ဖြစ်တယ်။

အတတ်ပညာဆိုတာ ဆရာထံမှာသင်ရတာပဲ။ ကျောင်းနေတော့ ကျောင်းမှာသင်ပေးတဲ့ဆရာ၊ အပြင်ကျတော့ လူတော်လူကောင်းဖြစ်အောင်ညွှန်ကြားပေးနိုင်တဲ့ဆရာထံကို ချဉ်းကပ်ရမယ်။ ကျောင်းကသင်ပေးတဲ့ အတတ်ပညာတွေကို တစ်ဖက်ကမ်းခပ်တတ်မြောက်တာနဲ့ လူတော်လူကောင်းတစ်ယောက်မဖြစ်ဘူး။ ဆရာညွှန်ပြတာကိုလည်း အမှန်အတိုင်းနားလည်ဖို့လိုတယ်။ နှလုံးသွင်းမှု၊ တွေးခေါ်မှုမှန်ဖို့လိုတယ်။ အဲဒီလိုအမှန်တွေးနိုင်ဖို့ဆိုတာ ဗဟုသုတကနေ ဝေဖန်ပိုင်းခြားထုတ်ယူထားတဲ့ ပညာအခြေခံပေါ် တည်တယ်။ အလယ်တန်းအဆင့်ရှိမှ အထက်တန်းတက်နိုင်သလိုပေါ့။ နောက်ဆုံးအချက်ကတော့ မိမိအကျိုး၊ သူတစ်ပါးအကျိုးဆိုတာကို ထုံနေအောင် အလေ့အကျင့်လုပ်ပေးရမယ်။ ကဲ (၃) ပါးစလုံးနဲ့ထုံနေစေရမယ်။ ဥပမာ ဘတ်(စ်)ကားပေါ် ရောက်လို့ လွတ်နေတဲ့ နှစ်ယောက်ထိုင်ခုံမှာထိုင်ရတာနဲ့ မိမိအတွက်တစ်ဝက်၊ နောက်လူအတွက်တစ်ဝက်ဆိုတာကို အသိရှိပြီး တစ်ဝက်ဖယ်ထားတာမျိုးပေါ့။ အချို့ မိမိချောင်ချောင်ထိုင်ရအောင်ဆိုပြီး နေရာပိုယူထားတယ်။ အချို့အလယ်မှာထိုင်ပြီးနောက် လူလာရင် မရွှေ့ချင်ရွှေ့ချင်နဲ့ နည်းနည်းရွှေ့ပေးတာကို တွေ့ရမယ်။ လူတော်လူကောင်းဆိုတာ ဘယ်တော့မှ အတ္တသမားမဖြစ်ရဘူး။ အတ္တ-ပရမ္မတသုဖြစ်ရမယ်။

လူတော်လူကောင်း ဆိုတာဟာ အောက်ဆုံးအဆင့်ကနေ အထက်ဆုံးအဆင့်အထိ အလွှာအသီးသီးမှာရှိနိုင်တယ်။ အကြောင်းကြောင်းကြောင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးဆောင်ရွက်ရာမှာ အနည်းနှင့်အများ ကွာခြားမှုရှိမှာ ဖြစ်ပေမယ့် လုံးဝကွာခြားမှုမရှိတာကတော့ လူတော်လူကောင်းစိတ်ဓာတ်ပဲ။ ကြိုးပမ်းချမ်းသာနေသူတိုင်း လူတော်လူကောင်းမဟုတ်ဘူးလို့ပြောခဲ့ပြီ။ ဥစ္စာရှင်ကြီးတွေ၊ ပညာရှင်ကြီးတွေထဲမှာ တစ်ကိုယ်ကောင်းစိတ်ဓာတ်ရှိတဲ့ ဝိသမလောဘသမားတွေအများကြီးပဲ။ ဘယ်သူ့အကျိုးစီးပွားဘယ်လောက်ပျက်ပျက် ကိုယ်အမြတ်ရရင်ပြီးရောဆိုတဲ့ စီးပွားရေးသမားတွေ၊ ကိုယ်ကျိုးပဓာနသည်မာန်ခွန်ထူနေတဲ့ ပညာရှင်ကြီးတွေ အများကြီးရှိတယ်။ ကိုယ့်ရှေ့ရောက်လာတဲ့ခွေးတစ်ရမယ့်လူနာကို အခြေအနေမကြည့် ဘဲဘယ်လောက်ကျမယ်၊ မတတ်နိုင်ရင် ပြန်ခေါ်သွားလို့ပြောတဲ့ ဆရာဝန်ကြီးတွေအကြောင်း အများကြီးကြားဖူးသလို ကိုယ်တိုင်လည်း ကြုံဖူးတယ်။ အဲဒီလို လူတွေဟာ လူတော်တွေပဲဖြစ်ပြီး လူကောင်းမဖြစ်ဘူး။

လူတော်လူကောင်းနဲ့ ကြိုးပမ်းချမ်းသာသူဟာ အတူတူမဟုတ်ဘူးလို့ ပြောခဲ့ပြီ။ ကြိုးပမ်းချမ်းသာသူတိုင်းတာ လူတော်လူကောင်းမဟုတ်ဘူး။ လူတော်လူကောင်းထဲက ကြိုးပမ်းချမ်းသာသူတွေလည်းရှိတယ်။ ဒါက အကြောင်းအမျိုးမျိုးကြောင့်ပေါ့။ ဒါပေမယ့် လူတော်လူကောင်းတိုင်းဟာ စစ်မှန်တဲ့ ချမ်းသာခြင်းကိုတော့ရရှိတယ်။ ဘယ်လောက်ဆင်းရဲဆင်းရဲ ချမ်းသာစာတယ်။

ဒီနေရာမှာ လောကီချမ်းသာအစစ်ကို သိဖို့လိုတယ်။ ချမ်းသာခြင်း (၄) ပါးရှိတယ်။ အဲဒါတွေက -

၁။ ပစ္စည်းဥစ္စာ၊ ရတနာရွှေငွေပေါများချမ်းသာခြင်း

၂။ ယာဉ်၊ ရထား၊ ကား အစရှိတဲ့ အသုံးအဆောင်ပရိဘောဂပစ္စည်းပေါများချမ်းသာခြင်း

၃။ အကြွေးအမြီကင်းရှင်းလို့ (ရှိတဲ့အကြွေးဆပ်ပြီးတဲ့အခါမျိုးလည်းပါတာပေါ့) ချမ်းသာခြင်း

၄။ အပြစ်ကင်းလို့ ချမ်းသာခြင်းရယ်လို့ဖြစ်တယ်။

(၁) မှ (၃)အထိဟာ အမြဲရရှိတဲ့ချမ်းသာခြင်းမျိုးမဟုတ်ဘူး။ ပစ္စည်းဥစ္စာ၌ အသုံးအဆောင်တွေဆိုတာ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံနေလို့ အချိန်မရွေး ပစ္စည်းဆုံးရှုံးနိုင်တယ်။ ကြွေမြိုကင်းတယ်ဆိုတာလည်း အကြောင်းမလှရင် ကြွေးပြန်တင်နိုင်တယ်။ အပြစ်ကင်းတဲ့ချမ်းသာခြင်းဆိုတာ ထာဝရတည်မြဲတဲ့ချမ်းသာခြင်း၊ လူတော်လူကောင်းတွေဟာ ဒီချမ်းသာခြင်းကို ထာဝရရှိတယ်။ ဘာလို့လဲဆိုရင် မိုမိနဲ့ သူတစ်ပါးရဲ့ကောင်းကျိုးကိုသာအမြဲလုပ်ပြီး ဆိုးကျိုးအတွက် အပြစ်ဘယ်တော့မှမလုပ်လို့ အပြစ်ကင်းတဲ့ချမ်းသာခြင်းကို အမြဲတမ်းရရှိနိုင်တယ်။

အခုပြောခဲ့တာတွေဟာ လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ ပျိုးထောင်ရာမှာ ထိုက်သင့်တဲ့အထောက်အကူဖြစ်မယ်လို့ ယုံကြည်မှတ်သားသွားပေတော့။

ကျွန်တော်က ဤသို့ စကားကို အဆုံးသတ်လိုက်ပါသည်။

တူတော်မောင်က အသေအချာမှတ်သားပြီး ပြုစုပါမည်ဟုပြောသွားပါသည်။

ချောင်းဆုံးခဲ့နန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

ပုဂံခေတ် မြစ်ဝကျွန်းပေါ် ဆို့မဟုတ် ကျွန်တော်တို့ရွာ ရိုးရာဇာတိနွယ်

ကိုအေးမြင့် (ဗမာဓိဇ္ဇ၊ ရေး-ဆရာ)

(သခင်လမ့အဆက်)

၃ မြောင်းမြမြို့စား လောက်ဖျား (Prince Laukphya) ရဲ့ မြောင်းမြ

မြောင်းမြမြို့ဟောင်းကို အေဒီ ၁၃၆၃ မှာ လောက်ဖျားက တည်ထောင်ခဲ့ပြီး ကျိုက်လဲလင်တော (Kyaik-zalaih-taw) လို့ အမည်ပေးခဲ့တယ်။ မြောင်းမြစား လောက်ဖျားဟာ ပဲခူးစား ဗညားဦး (အေဒီ ၁၃၅၃-၅၈) ရဲ့ ညီတော်ဖြစ်ပြီး ဘုရင်မင်းခေါင်တို့တိုက်ခဲ့တဲ့ မွန်-မြန်မာ နှစ်(၄၀)စစ်ပွဲမှာ ထင်ရှားခဲ့သူပါ။ အေဒီ ၁၈၆၁ မှာ မြောင်းမြမြို့ဟောင်း မီးလောင်ပျက်စီးပြီး အေဒီ ၁၈၆၇ မှာ လက်ရှိ မြောင်းမြမြို့သစ်ကို မြန်လည် တည်ထောင်ခဲ့ကြပါတယ်။ သခင် မြို့ဟောင်းက ယခုမြို့ရဲ့ တောင်ဘက် (၇) မိုင်အကွာမှာပါ။ မြောင်းမြမြို့ဟောင်းမှာ ရွှေဟောင်းစဉ့်ဖိုတွေရှိတယ်။ စေတီလေးတစ်ဆူအနီးမှာရှိတဲ့ ရွှေဟောင်းစဉ့်ဖို (ဒေသအခေါ် ဇော်ဂျီ ခဲ့) ကို ၁၉၆၈ခုမှာ ဒေါက်တာမျိုးသန့်တင်က စတင်တွေ့ရှိခဲ့တယ်။ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလမှာတော့ အဲဒီနေရာကို ဒေါက်တာမျိုးသန့်တင်နဲ့ ဩစတြေးလျ ရွှေဟောင်း စဉ့်ပညာရှင် ဂွန်ဟိန်းတို့ နှစ်တကျ လေ့လာခဲ့ပြီး စဉ့်ဖို(၁၁)ဖိုကို ထပ်မံဖော်ထုတ်နိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ရွှေစည်းခုံဘုန်းကြီးကျောင်းအနီးမှာ စဉ့်ဖို (၅)ဖို၊ ကရင်ချောင်းဝမှာ (၃) ဖို တွေ့ခဲ့တယ်။ စဉ့်ကွဲအပုံကြီးများကိုလည်း မြို့ဟောင်းချောင်းကမ်းပါးမှာ တွေ့ခဲ့ကြတယ်လို့လည်း (ရွှေဟောင်းမြန်မာ့အိုးမြို့တော်၊ ထန်လွင်၊ စာပေဗိမာန်၊ ၂၀၀၁) မှာ ဖတ်ရှုခဲ့ရပြန်တယ်။

(SEAMEO)(Regional Centre for History and Tradition) က ထုတ်တဲ့ (Ceramic Traditions in Myanmar). (East and Middle East The Convergence of East and Middle East Glazed Ceramic Traditions in Myanmar, Dr Myo Thant Tyn, SEAMEO, Yangon, 2003) စာအုပ်မှာတော့ မြောင်းမြမြို့ဟောင်းက စဉ့်ဖိုတွေရဲ့ ခုနှစ်သက်မှတ်ချက်မတွေ့သေးပေမယ့် ၁၄ ရာစု အစောပိုင်းကတည်းက အသက်ဝင်နေကြပြီလို့ဆိုပါတယ်။ အဲဒါကို ကျွန်တော်တို့ လပွတ်ကုလား (Laputkala) ရွာမှာ တွေ့ခဲ့ရတဲ့ စဉ့်ပါးပါးသုတ်ထားတဲ့ အိုးထူထူလေးလေးလေးမှာ ရေးထိုးထားတဲ့ မြန်မာသက္ကရာဇ် ၇၂၄ ခုနှစ်တဲ့ စာအရ ၁၃၆၂ ခုနှစ်လို့ တွက်ချက်လိုက်တာပါ။ အဲဒီစဉ့်ဖိုတွေဟာ မြောင်းမြစား လောက်ဖျား မြောင်းမြမြို့ဟောင်းမတည်ထောင်ခင်ကတည်းက ရှိနေခဲ့တာလို့ တွက်ဆနိုင်ရဲ့။ ၁၇၉၆ ခုနှစ် အင်္ဂလိပ် အစိုးရထုတ်မြေပုံမှာ Cosmin ဆိုတဲ့ အမည်နဲ့ ဆိပ်ကမ်းမြို့ရှိနေပါပြီ။ ပုသိမ်ရဲ့ ရှေးအခါက အမည်ပါ။ ဒီလိုနဲ့ ကိုယ့်ဒေသအကြောင်းကို အနည်းငယ် ရေးတေးတေးမြင်လာမိပါပြီ။

မြောင်းမြစား လောက်ဖျားခေတ်က သိပ်မကြာသေးဘဲကိုး။ သူအရင်က ဒီနေရာမှာ ဘယ်သူအုပ်စိုးခဲ့လဲ။ ပန္နိုင်ငံ



မြောင်းမြမြို့နယ်၊ ထပ္ပတ်ကုထားရာမှ ကျိုက်ဟောင်းစေတီတော်ကြီး

တွေ့ပျက်စီးသွားပြီးတဲ့ အေဒီ ၁၀ ရာစု နောက်ပိုင်းမှာမှ ပုဂံခေတ်ပေါ်လာတာဆိုတော့ ကြားမှာ ဘယ်သူခေတ်လဲ။

အတွေးများရဲ့ ထိုးနှက်မှုကို မခံမရပ်ရှိလာတဲ့အတွက် 'အမြီးသားပြတိုက်' ကို ရောက်ရှိသွားပါတယ်။ 'ဘွဲ့လွန်ပြတိုက်ပညာ' သင်ယူမိပြီး ရွှေဟောင်းသုတေသနက ဆရာများနဲ့ ဆုံတွေ့ခဲ့ခွင့်ရခဲ့တယ်။ စာအုပ်တွေဖတ်ရင်း ပုဂံခေတ်လက်ရာအမွေအနှစ်တွေ လေ့လာရင်း ကျယ်ဝန်းလှတဲ့ရွှေဟောင်းသုတေသနနယ်ပယ်ထဲကို တစ်လှမ်းပြီး တစ်လှမ်း တိုးဝင်ရောက်ရှိသွားပေါ့။ 'ရွှေဟောင်းသုတေသနပညာဒီပလိုမာ'

www.burmeseclassic.com

www.burmeseclassic.com







ကျွန်တော်တို့ရွာမှာ ပြန်ထည် တူးဖော်ရရှိတဲ့ ပုဂံခေတ် ဆင်းတုတော်များ



ဘုရားကိုးဆူကုန်းမှရရှိတဲ့
တန်ဖိုးမြင့် ရွှေဟောင်းသုတေသနပစ္စည်းများ

ဘုရားကိုးဆူကုန်းမှရရှိတဲ့
တန်ဖိုးမြင့် ရွှေဟောင်းသုတေသနပစ္စည်းများ

တန်း ထပ်မံတက်ရောက်အောင်မြင်ပြီး ချိန်မှာတော့ မော်ရုံတောမှာမောခဲ့ပါပြီ။ ကျွဲဝင်သွားမိတဲ့ ခြေလှမ်းများဟာ နောက်ပြန်လှည့်ဖို့ထက် ရှေ့ဆက်တိုးဖို့သာ ဦးတည်နေပါတော့တယ်။ ဒီလိုနဲ့ ရွှေဟောင်းသုတေသနပညာ မဟာဝိဇ္ဇာ တန်းကို တက်ရောက်ခဲ့မိပြန်ရဲ့။

တစ်ပြိုင်နက်ထဲမှာပဲ လေ့လာလို့ မကုန်နိုင်တဲ့ သမိုင်းဘာသာ၊ ပထဝီဝင်ဘာသာ၊ ဘူမိဗေဒဘာသာတွေကိုပါ လှမ်းမြင်မိပြန်ပါတယ်။ စာအုပ်စာတမ်းတွေသာမက မြေကြီးပေါ်က 'မြင်လျက်နဲ့ မတွေ့တတ်ခဲ့တဲ့အရာ'တွေ၊ မြေကြီးအောက်က ပုန်းလျှိုးစိန်ခေါ်နေတဲ့အရာတွေကိုပါ လေ့လာလိုမိပြန်ပါတယ်။ မိမိဘာသာစကားနဲ့ ရေးသားချက်များသာမက လက်လှမ်းမီရာ ကမ္ဘာ့စာပေများကိုပါ လေ့လာရှုဦးမှာကိုလည်း သတိရလိုက်ပါတယ်။ စဉ်းစားတွေးခေါ်ခြောက်ချက်

www.burmeseclassic.com

www.burmeseclassic.com

ခွန်ဒိုက ကိုယ့်မှာကိုယ်ခံအားကောင်းရ
ပေလေ။ ဝိဇ္ဇာဘာသာရပ်တွေရဲ့နောက်
ကို လူတာဝရဲ့နောက်ဆုံးစာမျက်နှာရောက်
ဖူ တကောက်ကောက်လိုက်မိသူတစ်
ယောက်ရဲ့အခက်အခဲများကဖြင့် နည်းလှ
မယ်မဟုတ်ပေဘူး။

ပုဂံခေတ်နဲ့ အောက်မြန်မာနိုင်ငံ

ပုဂံခေတ်ကြီး မည်မျှကြာညောင်း
ခဲ့သလဲလို့ အတိအကျမဆိုသာပေမယ့်
အနည်းဆုံး နှစ်ပေါင်း (၃၀၀) ကြာခဲ့မယ်
လို့ ခန့်မှန်းရပါတယ်။ ပုဂံ (မြောက်လတ္တီ
ကျူ ၂၀ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျို
ကျူ ၉၄ ဒီဂရီ ၅၁ မိနစ်ဟာ အရိမဒ္ဒနာ
ပုရအမည်နဲ့ မင်းနေပြည်တော်ပါ။ ယနေ့
မြန်မာနိုင်ငံအကျယ်အဝန်းလောက်ရှိတဲ့
အရပ်ဒေသများ (မြောက်ဘက် ဗန်းမော်
အနီး ငဆောင်ချမ်း၊ အရှေ့ဘက် သံလွင်
မြစ်၊ တောင်ဘက် သလင်းအင့် အနောက်
ဘက် ချင်းတောင်တန်း)ကို အောင်နိုင်ပြီး
မြန်မာနိုင်ငံဖြစ်လာပါတယ်။ သလင်းအင့်
ဆိုတာ မလေးကျွန်းဆွယ်က သလင်
ကြေ - ဆလဲန့်အင့် (Cape Salang)ပါ။
ခရစ် ၁၁ ရာစုကို ရောက်တဲ့အခါ မြန်မာ
တွေဟာ ကဖူး၊ နန်ကျောင်တွေကို
တိုက်ခိုက်ပြီး မြောက်ဘက်ကို နယ်ချဲ့၊
မွန်တွေကိုတိုက်ခိုက်ပြီး တောင်ဘက်ကို
နယ်ချဲ့လုပ်ခဲ့ရတယ်။ ခေါင်းဆောင်က
တော့ အေဒီ ၁၀၄၄ မှာ နန်းတက်တဲ့
အနော်ရထာမင်းစောဖြစ်ပါတယ်။

အဲဒီတုန်းက မြန်မာမင်းနိုင်ငံဟာ
တောင်မြောက် မိုင် (၂၀၀)ကျော်ရှည်ပြီး
အရှေ့၊ အနောက် မိုင် (၈၀) လောက်
ကျယ်ပြန့်ပါတယ်။ မြောက်ဘက်နယ်
နိမိတ်က နန်ကျောင်နဲ့ထိနေပြီး အရှေ့
ဘက်မှာတော့ ထိုင်းနယ်ကလေးတွေ
အများကြီးရှိနေပါပြီ။ အနောက်ဘက်မှာ
ရခိုင်၊ တောင်မှာ ပဲခူးက မွန်တွေရှိတယ်။
သွလက်ထက်မှာ ပုဂံတွင် ရှိရင်းစွဲဖြစ်
တဲ့ ဗုဒ္ဓဘာသာထက် ပိုလို့သန့်ရှင်းတဲ့
တောင်ပိုင်းဗုဒ္ဓဘာသာတစ်ရပ် သထုံ
ပြည်မှာ ထွန်းကားနေပြီဆိုတာ အဲဒီက
ကြွလာတဲ့ ရှင်အရဟံမထေရ်ကတစ်ဆင့်
သိရှိသွားပါတယ်။ သထုံမှာရှိတဲ့ပိဋကတ်
တော်ကို ပင့်ဆောင်လိုတဲ့ အနော်ရထာ
ဟာ သက္ကရာဇ် ၁၀၅၇ ခုနှစ်မှာ ကိုယ်
တိုင်ကွပ်ကဲတဲ့ မြန်မာ့တပ်တွေနဲ့ သထုံကို
ချီတက်တိုက်ခိုက်ခဲ့တာပါ။ စစ်နိုင်တဲ့
အခါ အနော်ရထာမင်းကြီးဟာ ရဟန်း
သံဃာတော်များနဲ့ ပိဋကတ်တော်များ
အပြင် သထုံမင်း မနူဟာကိုပါ ပုဂံကို
ဆောင်ကြဉ်းခဲ့ပါတယ်။ (စာ-၅၅၊ မြန်မာ
နိုင်ငံတော်သမိုင်း၊ အဋ္ဌမအကြိမ်၊ ဦးလှမျိုး
ဘရှင်၊ ပြည်သူ့အလင်းစာပေ၊ ရန်ကုန်၊
၁၉၆၃။)

အနော်ရထာမင်းကြီးဟာ သူသိမ်း
သွင်းနိုင်ခဲ့တဲ့အရပ်တွေမှာ အုတ်ခွက်
ဘုရားတွေကို တစ်ဖက်မှာဘုရားပုံတော်
နှိပ်ပြီး တစ်ဖက်မှာ သူ့တွဲတော် 'အနိရုဒ္ဓ'
ခတ်နိပ်လို့ လှုဒါန်းထားရစ်ခဲ့တာတွေ
နိုင်ပါတယ်။ အုတ်ခွက်ဘုရားတွေ့ရှိရာ
နယ်ပယ်မှန်သမျှ 'ခရစ်နှစ် ၁၁ ရာစုက
မြန်မာနိုင်ငံတော်' လို့ ဆိုနိုင်ပါမယ်။

အနော်ရထာမင်းအား ဥဿာပဲဒူး
မင်း ဆက်သလိုက်တဲ့ ဆံတော်ဓာတ်ကို
ထည့်သွင်း ဌာပနာပြီး တည်ထားစာယ်
ဆိုတဲ့ မဟာပိန္နဲ့(ယခု ရွှေဆံတော်)စေတီ
တိုက်ကအုတ်ခွက်ဘုရားတွေမှာ အနော်
ရထာမင်းစောရဲ့ ဆုတောင်းစာ 'ဧသော
ဘဂဝါ မဟာရာဇ သိရီအနိရုဒ္ဓ ဒေဝေန
ကတော ဝိမုတ္တတ္ထိ သဟတ္ထေနေဝါတိ'
ကို တွေ့ရပါတယ်။ အဓိပ္ပာယ်ကတော့
'ထိုမြတ်စွာဘုရားကို ကျက်သရေ
အပေါင်းနှင့်ပြည့်စုံ၍ တိုင်းသူပြည်သား
လူအများတို့နှင့် မဆန့်ကျင်သော မင်း
မြတ်အနော်ရထာက နိဗ္ဗာန်အကျိုးငှာ
မိမိလက်တော်ဖြင့်သာလျှင် ပြုလုပ်အပ်
သတည်း'လို့ ဖြစ်ပါတယ်။ (စာ-၂၃၊
အနော်ရထာ၊ ဟံသာဝတီဦးဘရင်၊
အဆင့်မြင့်ပညာဦးစီးဌာန၊ ဒုတိယ၊
ရန်ကုန်၊ ၁၉၉၄)

ပုဂံခေတ် မြန်မာတွေဟာ တောင်
ဘက်ကိုဆင်းလာတော့ ပင်လယ်ကမ်း
ပါးကို ထိတွေ့ခွင့်၊ ပင်လယ်ရပ်ခြား
ကုန်သည်တွေနဲ့ ဆက်ဆံခွင့်၊ အိန္ဒိယ၊
သီရိလင်္ကာနိုင်ငံတွေနဲ့ တိုက်ရိုက်ဆက်
ဆံခွင့်ရတယ်။ မြန်မာ့ပင်လယ်ဆိပ်ကမ်း
မြို့တွေကတော့ ကုသုမိ (ပုသိမ်)၊ ဗဂိုး၊
မဒမ၊ ထဝယ်နဲ့တလိုင်သရေ(တနင်္သာရီ)
တို့ ဖြစ်ပါတယ်။ (မြန်မာသမိုင်းပုံ၊
ဒေါက်တာသန်းထွန်း၊ မုံရွာ၊ ရန်ကုန်၊
၂၀၀၄)။ သထုံပျက်ပြားပြီးတဲ့နောက်မှာ
ထွန်းကားလာတာကတော့ ပဲခူးဖြစ်ပါ
တယ်။

အဲဒီအချိန်က အင်ဒိုချိုင်းနား
ကျွန်းဆွယ် တောင်ပိုင်းတစ်လွှားကို
ကမ္ဘောဒီးယားက လွှမ်းမိုးအုပ်ချုပ်ထား
ပြီး သူတို့နဲ့ မြန်မာနိုင်ငံပြင်ပက မွန်ခမာ
နွယ်ဝင်တွေကို မြန်မာများက ဂျွမ်းလူမျိုး
လို့ခေါ်ရဲ့။ ဂျွမ်းတွေ ပဲခူးကို အလုံးအ
ရင်းနဲ့ဝင်တိုက်တော့ ပဲခူးဘုရင်ရဲ့ အကူ
အညီတောင်းမှုကြောင့် သားတော်
ကျန်စစ်သားအုပ်ချုပ်တဲ့ မြန်မာတပ်တွေ
သွားတိုက်ပေးခဲ့ရတယ်။ ဂျွမ်းစစ်သည်
တွေကိုအောင်နိုင်လို့ မြန်မာ့တပ်တွေ
ဟာ မလေးကျွန်းဆွယ်မြောက်ပိုင်းနဲ့
ယိုးဒယားပြည်အထိ ဩဇာပျံ့နှံ့ခဲ့ပါ
တယ်။ တနင်္သာရီနယ်တစ်လွှား မြန်မာ
တို့အုပ်ချုပ်ခဲ့ရကြောင်း ထားဝယ်၊ မြိတ်
နယ်မှာ ပုဂံခေတ်ကျောက်စာများရှိနေ
ရဲ့။

သာသနာလည်းထွန်းကား၊ နိုင်ငံ
တော်ရဲ့အင်အားလည်းကြီးမားလေတော့
ပတ်ဝန်းကျင်နိုင်ငံများကလည်း မြန်မာ
နိုင်ငံကို လေးစားလာခဲ့ပါတယ်။ သီဟိုဠ်
ကျွန်းကအကူအညီတောင်းခံလို့ အနော်
ရထာမင်းကြီးက ပိဋကတ်တော်များ
ပင့်ဆောင်စေလျက် သာသနာပြုစေလွှတ်
ပေးခဲ့တယ်။ (မြန်မာနိုင်ငံတော်သမိုင်း၊
အဋ္ဌမအကြိမ်၊ ဦးလှမျိုးဘရှင်၊ ပြည်သူ့
အလင်းစာပေ၊ ရန်ကုန်၊ ၁၉၆၃)

အနော်ရထာ (၁၀၄၄ - ၇၇) နဲ့
ကျန်စစ်သား (၁၀၈၄-၁၁၁၂) တို့ကို
ဆက်ခံတဲ့ အလောင်းစည်သူမင်းကြီး
(၁၁၁၂-၆၇) လက်ထက်မှာတော့ နိုင်ငံ
ခြားဆက်သွယ်ရေးဟာ ပိုမိုတွင်ကျယ်
လာတယ်။ အလောင်းစည်သူဟာ
ကျန်စစ်သားမင်းရဲ့သမီးတော် ရွှေအိမ်
သည်နဲ့ မွန်ဘုရင်ဟောင်း မနူဟာရဲ့
မြစ်တော် နာဂသမံရဲ့ သားတော်၊ မွန်
မြန်မာသွေးနှောတဲ့ သီရိဇေယျသူရပါ။
မွန်-မြန်မာချစ်ကြည်ရေးကိုရည်မှော်ပြီး
ကျန်စစ်မင်းကြီးက သားတော်ရင်း ရာဇ
ကုမ္မာကိုတောင်ကျော်ပြီး ရင်ခွင်ပိုက်ဘဝ
ကတည်းက နန်းအပ်ခဲ့တာဖြစ်ပါတယ်။
အလောင်းစည်သူမင်းလက်ထက်မှာ
ကိုယ်တော်တိုင် အိမ်နီးနားချင်းဒေသ
တွေကို လှည့်လည်သွားရောက်ခဲ့တယ်။
မြန်မာနိုင်ငံတစ်ခုလုံးရဲ့ သင်္ကေတဆိပ်
ကတော့ ပုသိမ်ပါ။ အဲဒီနေရာကို အခြေ
ပြုပြီး မင်းကြီးဟာ နောက်လိုက်နောက်
ပါ သင်းပင်းခြွေရံများနဲ့ မလေးကျွန်း
ဆွယ်၊ ရခိုင်ကမ်းရိုးတန်းနဲ့ အိန္ဒိယနိုင်ငံ
အရှေ့ဘက် ကမ်းရိုးတန်းဒေသများကို
ရေလမ်းခရီးဆန့်ခဲ့တယ်။ ဗုဒ္ဓဂယာမှာ
သာသနာ့အဆောက်အအုံများ တည်
ဆောက်ခဲ့ပါတယ်။ သက္ကရာဇ် ၁၁၁၄ခု
မှာတော့ သမ္ဗညုဘုရားကို တည်ခဲ့
သလို နိုင်ငံအတွင်းအနှံ့အပြားမှာလည်း
စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း စတာတွေကို
အများအပြား တည်ခဲ့ပါတယ်။ နိုင်ငံအ
တွင်း အလောင်းစည်သူမင်းကြီး တိုင်း
ခန်းလှည့်လည်ရောက်ရှိရာနေရာတိုင်း

www.burmeseclassic.com

www.burmeseclassic.com

အကြေပုဂံလို့ ယနေ့ သတ်မှတ်ထိန်းသိမ်းနေတဲ့ တုရားကိုးဆူကုန်း

အကြေပုဂံလို့ ယနေ့ သတ်မှတ်ထိန်းသိမ်းနေတဲ့ တုရားကိုးဆူကုန်း

မှာ သာသနာတော်ပြန့်ပွားခဲ့တာပါ။ (ဦးဘဖေ၊ မြန်မာ့သမိုင်းအကျဉ်း၊ စာပေဗိမာန်၊ ၁၉၅၂)

အလောင်းစည်သူမင်းရဲ့နောက်မှာတော့ ကုလားကျမင်းလို့ အမည်တွင်ခဲ့တဲ့ နရသူ (အေဒီ ၁၂၁၁ အထိ)၊ နရပတိစည်သူ (အေဒီ ၁၂၃၁ အထိ)၊ နာတောင်မှာမင်း (အေဒီ ၁၂၅၅ အထိ)၊ နရသီခ်ဥေနာမင်း (အေဒီ ၁၂၆၉ အထိ)၊ ကျစွာမင်း (အေဒီ ၁၂၅၆ အထိ) ဥေနာမင်း၊ မင်းယဉ် (အေဒီ ၁၂၈၇ အထိ) နရသီဟပတေ့မင်းတို့ ဆက်လက်အုပ်ချုပ်သွားကြတာ အေဒီ ၁၃၀၀ မွန်ဂိုတပ်မှူး မြင်စိုင်းကိုဝင်တိုက်တဲ့ ပုဂံခေတ်နှောင်းအထိပါပဲ။

ပုဂံခေတ်မတိုင်မီ မွန်ခေတ်တွေထဲက အောက်မြန်မာနိုင်ငံနဲ့ ဆိပ်ကမ်းမြို့တွေရှိနေပြီဆိုတာ ပုဂံမင်းတွေလက်ထက်မှာ ပြင်ပရေကြောင်းလိုင်းတွေပွင့်နေတာတော့ သေချာပါပြီ။

ဒါပေမယ့် မြန်မာ့ပင်လယ်ကမ်းခြေနဲ့ ကမ်းရိုးတန်းပြောင်းလဲမှုကို နှစ်အလိုက် အတိအကျ မှတ်သားထားတဲ့ မြေပုံတွေ မှတ်တမ်းမှတ်ရာပြုတဲ့ ဓလေ့နည်းပါးတဲ့ ကျွန်တော်တို့မှာမရှိလို့ မြစ်ဝကျွန်းပေါ် ဒေသဟာ ဘယ်ကာလမှာ အဘယ်မျှကြီးထွားနေပြီလဲလို့ မသိနိုင်ခဲ့ပါဘူး။ မြစ်ဝကျွန်းပေါ်မှာ နန်းမြေကုန်းမြေတွေ၊ လယ်ယာတွေဟာ ပင်လယ်အတွင်းကို တဖြည်းဖြည်းတိုးထွက်လာတာတော့ သဲသယဖြစ်စရာမရှိလှပါဘူး။ ဆာ-အက်ဒဝပ်ယ်စကိုက တစ်နှစ်မှာ ပေ (၂၀၀) တိုးတဲ့လို့ ဆိုထားပါတယ်။ ချီဗာ(Chibber)ကတော့ ကမ်းခြေတန်းတွေက အနှစ်(၁၀၀)မှာ (၃) မိုင် ဒါမှမဟုတ် တစ်နှစ်မှာ (၁၅၈) ပေထက် ပိုမတိုးနိုင်ဘူးလို့ ဆိုခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်လို့ဆိုနိုင်တဲ့ဒေသတွေကကော ဘယ်ဒေသတွေပါလဲ။ ဧရာဝတီမြစ်ဝှမ်း၊ ပသိမ်-ငပဲမြစ်ဝှမ်းနဲ့ တို့တေးတစ်ဝိုက်လို့ အကြမ်းဖျင်းဆိုကြပါစို့။

ပသိမ်ခရိုင် ကျံပော်မြို့နယ်ကြို့ကုန်းကျေးရွာ ဦးမျှားအိမ်နောက်မန်ကျည်းပင်ကြီးအမြစ်ရင်းမှာ ကြေးလင်ပန်းအကြီး၊ အသေး (၁၀၀) ခန့်နဲ့ အနီးက လယ်ကွက်ထဲမှာ ကြေးပလွင်တစ်ခုကို ၁၉၆၃-၆၄ ခုနှစ်က မမျှော်လင့်ဘဲတွေ့ရှိခဲ့တယ်။ ကြေးပလွင်ဟာ အမြင့် (၃) လက်မခွဲရှိတဲ့ ပုဂံခေတ်လက်ရာမို့ အဲဒီနေရာတွေဟာ ပုဂံခေတ်ထဲက လူနေတဲ့ဒေသတွေဖြစ်တယ်လို့ ၁၉၆၃ - ၆၄ ခု နှစ်ချုပ်အစီရင်ခံစာမှာ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်က တင်ပြထားပါတယ်။

ဒေါက်တာသန်းထွန်းရဲ့ 'မြန်မာသမိုင်းလစ်ကွက်များ' စာအုပ်မှာ ရှေးမွန်ကျောက်စာတွေမှာပါတဲ့ရက်စွဲနဲ့ဖြစ်စဉ်တွေကို အစီအစဉ်အတိုင်းပြထားရဲ့။ အဲဒီမှာ ပုဂံခေတ်ပတ်ဝန်းကျင်နဲ့ မြစ်ဝကျွန်းပေါ် ဆက်နွယ်မှုတွေကို ရိုးရိုးရိပ်ရိပ်မြင်ရပြန်တယ်။ မွန်ကျောက်စာတွေကို ဗလက်ဂဒန်၊ ဒူရွိုက်ဆယ်၊ ဦးမြတို့က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ကြပြီး ဦးဖေမောင်တင်၊ ဦးလူဖေဝင်း၊ ဦးချစ်သိန်းတို့က မြန်မာဘာသာပြန်ဆိုခဲ့ကြတာပါ။ (အေဒီ ၁၀၅၇ မှာ သထုံမင်းမနောဟာရ (မန့ဟာ)ကို ပုဂံမင်း-အနုရုဒ္ဓကစစ်ပြုပြီး အညာသို့ သာသနာဆောင်ကြဉ်းသွားတယ်၊ ၁၀၈၄မှာ ထိလိုင်မင်-'ပြီ တြိဘုဝနာဒိတျဓမ္မရာဇာ' ဘွဲ့နဲ့ မင်းဖြစ်တယ်။ ၁၁၇၀ မှာ ဥတ္တရာဇိဝမထေရ် သီဟိုဠ်ကျွန်းသို့ကြွရာမှာ ဆပဋ္ဌသာမဏေးလည်းပါသွားတယ်။ ၁၄၄၂ မှာ ကျိုက်လတ်မြို့ ထလုဘုရား ဌာပနာတိုက်ပိတ်တယ်။ ၁၅၁၁ ပုသိမ်ရွှေမုဋ္ဌော ဘုရားမှာ ဂုနာမင်းလျှုတဲ့ မြေနှံ့ ကျွန်စာရင်းကျောက်စာမှတ်ထမ်းတင်တယ်) စသဖြင့် တွေ့ရပါတယ်။

ပုဂံခေတ်မှာမြစ်ဝကျွန်းပေါ် ဒေသတွေရှိနေပြီလို့ပြောနိုင်ပြီး အဲဒီအထိ ပုဂံမင်းတွေရဲ့ ဩဇာအာဏာသက်ရောက်နေတာလည်း ခန့်မှန်းနိုင်ပါပြီ။ ဘယ်မင်းလက်ထက်တော်မှာ ကျွန်တော်တို့ ရွာတွေကို တည်ထောင်ခဲ့၊ ဖွဲ့ဖြိုးခဲ့တာလဲ။ ပုဂံမင်းတွေရဲ့အုပ်ချုပ်မှုအောက်မှာ ဘယ်အနေအထားနဲ့ရှိခဲ့တာပါလဲ။ ထပ်ဆင့်တွေးရပြန်ပါပြီ။

ပုဂံခေတ်ရဲ့ အံ့ဩဖွယ်အကောင်းဆုံးပညာဟာ ဗိသုကာပညာပဲဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com

သိမ့်မယ်။ ဆင်တူအဆောက်အအုံနှစ်ခု ရှာမပြနိုင်အောင် အရွယ်စုံ၊ ပုံစံစုံတည် ဆောက်ခဲ့တဲ့မြောက်များစွာသောစေတီ၊ ကိုးတွေက သက်သေခံနေရဲ့။ သံပေါင်း သံကိုင်း အားဖြည့်ကွန်ကရစ်မပါဘဲ အလွန်ခိုင်ခံ့ပြီး ထူထည်ကြီးမားလှတဲ့ အတိအဆောက်အအုံတွေကို ဒီနေ့အထိ ထီးထီးမားမားမြင်နေရပေါ့။ အုတ်တွေ ကောင်းမွန်ညီညာရုံမျှမကဘဲ လိုတဲ့ သဏ္ဌာန်ကိုလည်း ထုတ်လုပ်သုံးစွဲ နိုင်ခဲ့ကြတယ်။ အုတ်တွေကိုစပါးခွံရော ပေါင်းပြီး ဖုတ်တတ်ကြလို့ အုတ်မှာ စပါးခွံ ရာတွေတွေ့နိုင်ပြီး အများအားဖြင့် အုတ် အရွယ်အစားကြီးမားကာ အလျား (၁၅) လက်မ× ဖြတ်(၈)လက်မ× ထု(၂)လက်မ တစ်စိတ်ရှိတတ်ကြရဲ့။ အုတ်စီရာမှာ လည်း မြေနီသရွတ်နဲ့ပဲစီလေ့ရှိပြီး တချို့ ပေါင်းကူးတွေမှာ မြေနီသရွတ်ထဲ ကော် တစ်မျိုးမျိုးပါတဲ့ အနက်ရောင်အင်္ဂတေ ရောစပ်သုံးတတ်သေးတယ်။ (မင်းဘူး အောင်ကြိုင်၊ လက်ရာစုံစွာ အာနန္ဒာ၊ စာပေဗိမာန်၊ ရန်ကုန်၊ ၁၉၉၃)

ပုဂံခေတ် ဗိသုကာပညာအရ ဘာသာရေးအဆောက်အအုံများ စတင် ဆောက်လုပ်ရင် ပထမဆုံး တံတိုင်းရှိရ ပြီး အုတ်နဲ့လုပ်ကြပါတယ်။ အတွင်းမှာ တော့ စကြိုခံပြီးဂူဘုရားတည်ကြတယ်။ ဂူဆိုတာ 'ဂုဟ' ဆိုတဲ့ ပါဠိစကားကလာ တာပါ။ ကျောက်တောင်များကနေ သဘာဝအလျောက် ဖြစ်ပေါ်လာတဲ့ အခေါင်းပေါ့။ မြန်မာတွေက ဘုရား ကျောင်းအဖြစ်သုံးမယ့် အုတ်နဲ့ဖွဲ့တဲ့ စေတီမျိုးကိုလည်း 'ဂူ'လို့ပဲခေါ်ပြီး အဲဒီ လူလုပ်တဲ့ဂူရဲ့အပိုးပေါ်မှာ စေတီပေါက် ထားပါသေးတယ်။ ဝင်ပေါက်တစ်ပေါက် တည်းပါတဲ့ ဂူမျိုးထက်၊ (၄)ပေါက်ပါတဲ့ ဂူ(၄)မျက်နှာမျိုးကို ပိုပြုလုပ်လေ့ရှိကြပါ တယ်။

တကယ်တော့ ၄ - ၉ရာစုအတွင်း မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုတစ်ရပ် ထူထောင်သွားခဲ့တဲ့ ပျူတို့ရဲ့ အဆောက် အအုံတွေထဲက ပြည်-မော်ဇာမှာရှိတဲ့ ဘဲဘဲ-တဝဂူ၊ လေးမျက်နှာ-လေးဝဂူ တွေဟာ ပုဂံဂူတွေရဲ့ အကြိုမူရင်းပုံစံ (Prototype) ပါ။ သရေခေတ္တရာဟာ အဲဒီ ဘုရားတွေဟာ ပုဂံခေတ် ဘုရားစေတီ တွေရဲ့ 'ရှေ့ပြေး'တွေ ဖြစ်ပါတယ်။ ဂူ ဘုရားပုံစံတွေက ပုဂံခေတ်ဦး၊ ပုဂံခေတ် လယ်နဲ့ ပုဂံခေတ်နောင်းတွေမှာ တစ်မျိုး စီကွဲပြားကြပါတယ်။ အဲဒီလို သီးခြား ဟန်ပန်နဲ့ ပုဂံတစ်ခေတ်ကလို့ပြောနိုင်တဲ့ ယဉ်ကျေးမှု အထောက်အထားတွေကို မြစ်ဝကျွန်းပေါ်မှာ ကျွန်တော်တို့ လက် ညှိုးထိုးပြီး သက်သေထူနိုင်ပါပြီလား။

❑ စကြာရှင် ရှေ့ဂူကြီးစေတီတော်ကြီး

အဲဒီလိုနဲ့ ဆယ်စုနှစ်များစွာကျော် လွန်ပြီး ရွာကိုပြန်ရောက်တဲ့တစ်နေ့ (၂၀၀၂ ခု၊ ဧပြီ) မှာ အမေ (ကျွန်တော် တို့အရပ်အခေါ် အစ်မ) က -

"အဲဒီး နန်းကူးတို့ ကူရွာမှာ ဘုရား တွေ အများကြီးပေါ်နေတယ်"

လို့ ပြောပါတယ်။

ပလိုင်းတစ်လုံးလွယ်ပြီး ပဒဲကော၊ မြို့၊ ကြောင်လျှာသီးတွေလာလာရောင်း တတ်တဲ့ကရင်မကြီးကို ကျွန်တော်ချက် ချင်းပဲမုတ်မိလိုက်ရဲ့။ ကျွန်တော်တို့ရွာရဲ့ မြောက်ဘက်စွန်း ညောင်ပိုင်းရွာအဆုံး မှာ သံချိုင်းတစ်ခုခြားပြီး ဗုဒ္ဓဘာသာ ကရင်ရွာတစ်ရွာရှိတယ်။ ရွာထိပ်မှာ ဂူဘုရားပျက်တွေရှိလို့ 'ဂူရွာ' (အသံ ထွက်တော့ ကူရွာ) တွင်တာပါ။ အဲဒီကို ကျွန်တော်ရောက်သွားတော့ ဆင်းတု တော်အကျိုးအပဲ့တွေကို တစ်ပုံတစ်ပင် အများကြီးတွေ့လိုက်ရပါတယ်။ အုတ် ခွက်ဘုရားတွေလည်း အများအပြား ပါပဲ။ မြင်ဖူးနေကျဖြစ်တဲ့ ဖွားတော်မူခန်း ထဲက မယ်တော် မာယာဟာလည်း ဝန်းဝိုင်းတဲ့ရင်သား၊ ပေါ်လွင်တဲ့ နှာခေါင်း

ပြောင်းပြည်နယ်၊ လမွတ်ကုထားရွာမှာ ကျိုက်မောင်းစေတီတော်ကြီးနဲ့ ကန်၊ သိမ်၊ ကျောင်း။ အဝင်ထမ်း



ပြောင်းပြည်နယ်၊ လမွတ်ကုထားရွာမှာ ကျိုက်မောင်းစေတီတော်ကြီးနဲ့ ကန်၊ သိမ်၊ ကျောင်း။ အဝင်ထမ်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ထမွတ်ကုထားရွာရဲ့ဘုန်းကြီးကျောင်း။

ကျွန်တော်တို့ ထမွတ်ကုထားရွာ

ရွှေဟောင်းနယ်ခြမ်းတိုင်

ပျောင်းနဲ့တဲ့ရပ်ဟုန်နဲ့ ရုပ်တုမျိုးတွေ ဖြစ်နေလေရဲ့။ ခါးသေးရင်ချီ ပြေပြစ်ကြော့ရှင်းတဲ့ကိုယ်ဟန်နဲ့ ရုပ်တုအကျိုး အပဲ့တွေလည်းတွေ့ရပါတယ်။အဆောက်အအုံအသစ်ဆောက်လုပ်ပြီး သံစကာနောက်မှာပြသထားလို့ ဘာမှတော့ မြင်မြင်ထင်ထင် မလေ့လာခဲ့ရပါဘူး။ ကိုယ်ကိုယ်တိုင်ကလည်း အသေအချာ ပြရင်တောင် ခွဲခြားသိတတ်တဲ့ ပညာလည်း မရှိလှသေးဘူးကိုး။ အစ်မက 'ရွှေသားနဲ့ သွန်းလုပ်တဲ့ ဆင်းတုလေးတွေ၊ ငွေထည်ဆင်းတုလေးတွေလည်း တွေ့ရသဗျဲ' လို့ ပြောပါတယ်။

အတိအကျကတော့ 'စကြာရှင် ရွှေဂူကြီးစေတီတော်ကြီး အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ရန် အုတ်ကျိုးများရှင်းလင်းရာတွင် တွေ့ရှိခဲ့ရသော ဌာပနာတော်များစာရင်း (၁၈-၁-၂၀၀၁ မှ ၁၃-၃-၂၀၀၁) အရ မြတ်စွာဘုရား ဓာတ်တော်(၂၆) ဆူ၊ ရွှေဘုရား (၂) ဆူ၊ ငွေဘုရား(၂၈) ဆူ၊ အုတ်ခွက်ဘုရား အကြီး (၅၄) ဆူ၊ အုတ်ခွက်ဘုရား အသေး (၁၆၇) ဆူ၊ ကျောက်ဆင်းတု (၉၃) ဆူ၊ ကြေးဘုရား(၃)လက်မ (၁)ဆူ၊ ရှင်သီဝလိရဟန္တာ (၂) ဆူ၊ စုစုပေါင်း (၃၇၃) ဆူ ရှိတယ်လို့ မှတ်တမ်းရှိရဲ့။

အဲဒီတုန်းက ကြိတ်ကြိတ်တိုးဖူးမြော်နေကြတဲ့လူတွေရဲ့ နောက်မှာတော့ 'အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော' ဆိုတဲ့ ဆိုင်းဘုတ်တစ်ခုကို ဂူဘုရားပျက်ရဲ့ အုတ်ပုံစပ်မှာ အသစ်ကျပ်ချွတ်တွေ့လိုက်ရတယ်။ နောက်ဆိုင်းဘုတ်တစ်ခုရဲ့ အရေးအသား အပြည့်အစုံကလည်း 'စကြာရှင်ဖောင်တော်ဦး၊ ဖောင်တော်ဆိပ် သစ္စာရ၊ ရွှေဂူကြီးစေတီတော်ကြီး၊ အလောင်းစည်သူမင်းကြီး၏ ကုသိုလ်တော်' ပါတဲ့။ ဂူဘုရားပျက်နေရာမှာ အစားထိုးတည်ဆောက်မယ့် ရွှေဂူကြီးဘုရားရဲ့ 'အဆိုပြုပုံ'ကိုလည်း ပန်းပုံနဲ့တကွ တွေ့လိုက်ရပါတယ်။ မူရင်းဂူဘုရားရဲ့ ပုံစံမဟုတ်တာတော့ သေချာပါရဲ့။

ရွှေဟောင်း သုတေသနအမြင်နဲ့ ရွှေဘုရားစေတီတွေကို ပြန်လည် ပြုပြင်ထိန်းသိမ်းတာမဟုတ်ဘဲ ဓာတ်ဆက်နတ်ဆက်ဆိုတာတွေနဲ့ ဘုရားသစ်တွေတည်နေတာမို့ပါ။

အခုလည်း ဒီဘုရားကိုးဆူဘုရားဝင်းရဲ့အဝင်က အုတ်မုခ်ခုံးကြီးကိုတော့ ယနေ့တိုင် ဖျက်မချလိုက်သေးလို့ (ဘယ်သူ့ကိုမှန်းမသိ ကျေးဇူးတင်လိုက်မိရဲ့) ဒီအတိုင်းပဲ တွေ့ရပါသေးတယ်။ ရွှေအခါ ဘုရားတည်စဉ်က အင်္ဂတေသားမပါဘဲ အုတ်တွေကို ပေါင်းမိုးမုခ်ဦးသဏ္ဌာန် စီထားတာက်ဖြင့် ယနေ့အမြင်နဲ့ကြည့်ရင်တောင် အတော်ပညာပါပါတယ်။ ပြိုကျလုတဲတဲ့အခြေအနေကို ကျွန်တော်တို့ ငယ်ငယ်ကတည်းက မြင်နေခဲ့ရပြီ။ ယနေ့အထိ မပြုပျက်ကျလာတာကိုက မြန်မာ့ဗိသုကာရဲ့အစွမ်းပါပဲ။ အုတ်စီပုံကို မုခ်ဦးအောက်ကနေမှောပြီး လေ့လာရင်း ရင်တုန်စရာပါ။ ဒါပေမယ့် အဲဒီ ရွှေမုခ်ဦးအပေါ်မှာတော့ ဒီနေ့ ခေတ်လက်ရာ စေတီငယ်လေးတစ်ဆူ ထပ်ပေါက်ထားပြန်ပါသေးတယ်။ ရွှေမုခ်ဦးကြီးရဲ့ရှေ့ ကပ်လျက်မှာလည်း ယနေ့ခေတ်လက်ရာ မုခ်ခုံးသစ်တစ်ခုနဲ့ အတူ 'သာသနာ့ လင်းရောင်ခြည် ဆုတောင်းပြည့်ဘုရားကြီး' ဆိုတဲ့ ယခင်က မရှိခဲ့ဘူးတဲ့ ဘွဲ့မည်တစ်ခုကိုလည်း ကမ္ဘည်းထိုး တပ်ဆင်ထားပါသေးရဲ့။ အင်း - အဲဒီလောက်တော့ရှိမှာပေါ့လေ။

□ မြေကြီးရဲ့သက်သေ

၁၁-၅-၂၀၀၆ နေ့ထုတ် New Light of Myanmar သတင်းစာမှာ (မြောင်းမြမြို့ဟောင်းမှာ ရွှေဟောင်း သုတေသနဆိုင်ရာ နေရာများကို တူးဖော်တွေ့ရှိခဲ့ပါကြောင်း) ဖော်ပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးမှုဝန်ကြီးဌာနက ၎စီမံကိန်းတွေချပြီး ပုဂံယဉ်ကျေးမှုထွန်းကားခဲ့သော ပထမမြန်မာနိုင်ငံရဲ့ 'အကြေ(အောက်ပိုင်း)ပုဂံ' (Akyay (Lower) Bagan) လို့ ခေါ်ကြတဲ့ မြောင်းမြမှာ ဒေးဟောင်းသတေသနဆိုင်ရာအဆောက်အအုံတွေကို ရှာဖွေ ဖော်ထုတ် ထိန်းသိမ်းနေပါကြောင်း၊ တူးဖော်ရေးအဖွဲ့တစ်ခုဟာ သေခံ အာဏာရှိသူတွေရဲ့ အကူအညီနဲ့ အုတ်လမ်း (the brick road)၊ ကိုးဆူစေတီးဘုရားများ (Koesudan pagodas) နဲ့ အလောင်းစည်သူမင်းကြီးတည်ခဲ့တဲ့ ရွှေဂူကြီးဘုရား (Shwegugyi Pagoda) ယဉ်ကျေးမှုအဆောက်အအုံတွေကို သူတို့ရဲ့ မူရင်းဟန်မပျက် ထိပါးခြိုးဖျက်မှုမရှိဘဲ ပြုပြင်ထိန်းသိမ်းမည့်အကြောင်း၊ မြောင်းမြမြို့ဟောင်းတစ်ဝိုက်က ရွှေဟောင်းကုန်း (Byetaik mound) တွေကိုလည်း ကွင်းဆင်းပြီး နန်းတော်ရာဟောင်းနဲ့ တံတိုင်းမြို့ရိုးတွေကိုလည်း လေ့လာပြီးပါကြောင်း၊ ရွှေဟောင်း ရွှေဒင်္ဂါးတွေနဲ့ ရွှေလက်စွပ်တွေကိုလည်း ယဉ်ကျေးမှုဝန်ကြီးဌာနကို ပြပြခဲ့ပါကြောင်း ဖော်ပြခဲ့ပါတယ်။

၂၀၀၆ ခု၊ မတ်လ ၁၃ ရက်နေ့ ရောတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ဟောင်း အကြေပုဂံဒေသရဲ့ ရွှေလက်စွပ်နဲ့ ရွှေဒင်္ဂါးတွေကို ယဉ်ကျေးမှုဝန်ကြီးဌာနကို လွှဲအပ်လိုက်ပြီးဖြစ်ကြောင်း၊ ရွှေဟောင်းပစ္စည်းတွေမှာ ရတုပုံတွေနဲ့ ဖောင်းကြွပြီး စာတွေပါတဲ့ ရွှေဒင်္ဂါး (၈) ခု၊ ရွှေလက်စွပ် (၁၀) ကွင်းနဲ့ ရွှေအစအန (၈) ခုပါပါကြောင်း။ ဝန်ကြီးကလည်း တစ်ခါက အကြေပုဂံကို ထင်ရှားကျော်ကြားတဲ့ ယဉ်ကျေးမှုအစုခု မြောင်းမြမြို့ဟောင်းမှာ ဖြစ်ထွန်းခဲ့တယ်လို့ ပြောကြားခဲ့ကြောင်း၊ ရွှေဟောင်းသတေသနဌာနမှ အဖွဲ့တစ်ခုသည်း ပုဂံခေတ်ဟန်နဲ့ ဘာသာရေးအဆောက်အအုံများ၊ ပုဂံခေတ် မြေမီးစာအုတ်ခွက်ဘုရား (Terracotta Buddha images of Baganera) များနဲ့ ရွှေဘန်းကမြို့များ တည်ရှိခဲ့တဲ့ ဆက်သေးမြစ် အုတ်လမ်းများ စတဲ့ ခိုင်မာတဲ့ သက်သေများတွေ့ရှိခဲ့ကြရလို့ စနစ်တကျ မှတ်တမ်းတင်ကာ လေ့လာစူးစမ်း ထိန်းသိမ်း စောင့်ရှောက်ဖို့ စီမံကိန်း ရေးဆွဲပါကယ်လို့လည်း ပြောကြားခဲ့ကြောင်း ဖော်ပြထားပါတယ်။

၂၀၀၆ ခု၊ မေလ ၉ ရက်မှာလည်း ရွှေဟောင်းသတေသနဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်ဝင်းနဲ့အဖွဲ့ဟာ အုတ်လမ်း၊ ကိုးဆူကုန်းနဲ့ ရွှေဂူကြီးဘုရားကို လာရောက် ကွင်းဆင်း လေ့လာကြည့်ရှုခဲ့တယ်လို့ သိရပါတယ်။

□ ရွှေဟောင်းအမွေအနှစ် ရွာအုတ်လမ်းလေး

အင်း - ဘာပဲဖြစ်ဖြစ် ဆယ်စုနှစ်တစ်နှစ်လောက်ကြာပြီးတဲ့ ယနေ့ကာလမှာ ဘုရားကိုးဆူဘေးကနေ ရွာအုတ်လမ်းအတိုင်း ရွာထဲကိုဝင်သွားထွက်သွားလာလို့တော့ရနေသေးတာကို ကျေးဇူးတင်ရမှာပါ။ ကိုးဆူဘုရားအရှေ့က ရွှေဟောင်းသတေသနဆိုင်းဘုတ်မှာ အုတ်လမ်းရဲ့ ထိန်းသိမ်းထားမှုအတိုင်းအတာ ပမာဏကိုလည်း ရေးသားဖော်ပြထားပါတယ်။ အဲဒီဘေးမှာတော့ ရွှေဟောင်း အမွေအနှစ်ထိန်းသိမ်းဖို့ သတ်မှတ်ပေး ကြေညာချက်တွေကိုလည်းတွေ့ရတယ်။ 'သတိပေးတားမြစ်ချက်၊ ဤရွှေဟောင်း အုတ်လမ်းမကြီးအား ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရွှေဟောင်းသတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ ဤလမ်းမပေါ်၌ ကျူးကျော်သွားရောက်ခြင်းမပြုလုပ်ရ။ ဤလမ်းမကြီး၏ အစိတ်အပိုင်းများနှင့်အကာအရံများကိုဖျက်ဆီးခြင်းမပြုရ။ အထက်ပါ တားမြစ်ချက်များ ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်' တဲ့။ ကောင်းလေစွ။ ကိုယ့်ရပ်ကိုယ့်ရွာရဲ့ မိဘဘိုးဘွားအမွေအနှစ်ဖြစ်အုတ်လမ်းလေးကို စောင့်ရှောက်ပေးတာအတွက် ကောင်းလေစွ။ ဒီကွဲ့တော်တို့ချစ်တဲ့အုတ်လမ်းလေးမှာ မြေအုတ်တို့ပြိုလေရာကို ကွန်ကရစ်လမ်းတွေနဲ့ အစားထိုးပေးမယ်ဆိုလည်း ကျွန်တော်တို့ မမက်ပါဘူး။

ယဉ်ကျေးမှုအမွေအနှစ်အုတ်လမ်းတွေရဲ့မှတ်တဲ့မ်းကိုတော့ မြေပုံညွှန် (Laputkalar PZ Zone Map) နဲ့တကွ ဖော်ပြထားပါတယ်။ အောက်ဘက်မှာတော့ -

လပွတ်ကုလား အုတ်လမ်းမ ရွှေဟောင်း ၇နှ် နယ်နိမိတ်/နယ်မြေဒေသ

(က) ညောင်ဝိုင်းကျေးရွာရှိ ရွှေဟောင်း အုတ်လမ်းမအဝိုင်း

အရှေ့သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ အနောက်သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ N 16˚31'24.744" E 94˚58'34.5" မှ N 16˚31' 15.6" E 94˚58' 35.58" အထိ။

(ဂ) လပွတ်ကုလားကျေးရွာရှိ ရွှေဟောင်း အုတ်လမ်းမအဝိုင်း

အရှေ့သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ အနောက်သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ N 16˚31'15.6" E 94˚58'35.58"မှ၊ N 16˚31'12" E 94˚58'32.384" အထိ။

(ဃ) လပွတ်ကုလားကျေးရွာရှိ ရွှေဟောင်း အုတ်လမ်းမအဝိုင်း

အရှေ့သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ အနောက်သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ N 16˚31'12" E 94˚58'32.384"မှ၊ N 16˚31'2.136" E 94˚58'42.4" အထိ။

(င) လပွတ်ကုလားကျေးရွာရှိ ရွှေဟောင်း အုတ်လမ်းမအဝိုင်း

အရှေ့သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ အနောက်သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ N 16˚31'2.136" E 94˚58'42.4"မှ၊ N 16˚30'44..1" E 94˚58'33.8" အထိ။

(စ) လပွတ်ကုလားကျေးရွာရှိ ရွှေဟောင်း အုတ်လမ်းမအဝိုင်း

အရှေ့သို့လားသော် အုတ်လမ်းမကို ဗဟိုပြု၍ (၁၅) ပေအကွာအထိ၊ အနောက်သို့လားသော် အုတ်လမ်းမ

www.burmeseclassic.com

www.burmeseclassic.com

ကိုဗဟိုပြု၍ (၁၅) ပေအကွာအဝေး၊ N 16°30' 44..1" E 94°58' 33.8"မှ N 16°30' 39.6" E 94°58' 31.414" အထိ။

ရွာလမ်းကလေးကို ကျွန်တော် သတိထားမိတာကတော့ ဟိုးငယ်ငယ်ကတည်းကပါ။ အုတ်စီပုံတွေက ထူးခြားပြီး အုတ်ပြားကြီးတွေကို ထောင့်လိုက်စီထားတာမို့ ခေတ်အဆက်ဆက် ခိုင်ခံ့တည်မြဲနေပါတယ်။ အုတ်စီပုံအုတ်စီး အုတ်နှင်းကလည်း အလွန်စိတ်ဝင်စားဖို့ကောင်းလှရဲ့။ အုန်းလက်ပုံ၊ ကျူထရံကွက်ပုံ၊ အခြားအမည်မဖော်နိုင်တဲ့ ပုံသဏ္ဌာန်တွေလည်း များစုံရှိပါတယ်။ ရွာလမ်းတွေရဲ့ အပိုင်းလိုက်မှာ အုတ်စီပုံတွေကလည်း ကွဲပြားနေတာပါ။ ဩော်-ခုတော့ ကျွန်တော့်ရွာလမ်းလေးဟာ ရှေးဟောင်းသုတေသနမှတ်တမ်းဝင်ဖြစ်နေပေါ့။ ခုထက်များ ပိုမိုပွင့်လင်းထွန်းကားလာရင် ကိုယ့်ရွာသူရွာသားတွေကလည်း ရွာလမ်းကလေးကို တန်ဖိုးထားထိန်းသိမ်းခဲ့ရင် တစ်ချိန်ချိန်မှာ ကမ္ဘာလှည့်ခရီးသည်တွေ၊ လေ့လာသူသုတေသီတွေနဲ့ ထင်ရှားတဲ့အရပ်ဖြစ်လာနိုင်ရဲ့။ ကျွန်တော် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ကိုရောက်ခဲ့တုန်းက သူဘေးက ရှေးဟောင်းရွာလေးတွေကို ကမ္ဘာလှည့်ခရီးသည်တွေလေ့လာဖို့ ထိန်းသိမ်းထားတာ တွေ့ခဲ့ဖူးတာပဲလေ။

❑ မြို့နယ်လုံးဆိုင်ရာ ကျိုက်မောင်းစေတီတော်ကြီး

အဲဒီနောက်မှာတော့ ယနေ့ခေတ် ယူဝီဂျီသုတ်ဆေး ရွှေရောင်ဘုရားစေတီတွေနဲ့ ထပ်တည်ထားတဲ့ ပုံစံသစ်ဘုရားတွေကြောင့် ပျက်စီးသွားသလား၊ တိုးတက်ဖွံ့ဖြိုးလာသလား မဝေခွဲနိုင်တဲ့ ကိုးဆူဘုရားကုန်းကိုကျော်ပြီး ရွာထိပ်က ဘုရားကြီးဆီကိုလှမ်းခဲ့ပါတယ်။

လေတဖြူးဖြူး လယ်ကွင်းစိမ်းမြမြတွေကိုကျော်လွှားလာတော့ ရွာရဲ့သချိုင်းကုန်းကိုရောက်ပါတယ်။ ကျွန်တော့်အစ်မရဲ့ အုတ်ဂူကို ဆေးအပြာရောင်အသစ်သုတ်လျက် တွေ့လိုက်ရလို့ နောင်တတရားနဲ့အတူ ထိုင်ကန်တော့လိုက်မိရဲ့။ အစ်မဆုံးချိန်မှာကတည်းက ကျွန်တော် မရှိခဲ့ဘူးလေ။ စာမတတ်ပေမတတ်ပေမယ့် အေးဆေးရိုးသားပြီး မိခင်တာဝန်ကျေပွန်ခဲ့တဲ့ အစ်မကတော့ ကျွန်တော့်ကို နားလည်ခွင့်လွှတ်နေမှာပါ။ အစ်မဟာ ကကြီး၊ ခကွေးပုတ်လောက်ရေးပြတာ မသိတဲ့သူ။ ကျွန်တော် တက္ကသိုလ်တက်စမှာ အသုံးလုံးတွေခေတ်စားပြီး ကိုယ်တိုင်လည်း စစ်ကိုင်းဘက်မှာသွားသင်ပေးခဲ့ရလို့ အစ်မကိုလည်းကျွန်တော် ပြန်သင်ပေးခဲ့ဖူးပါတယ်။ ဘယ်လိုမှသင်မရဘဲ နောက်ဆုံးမှာ အစ်မလည်းငို၊ ကျွန်တော်လည်းငိုပြီး လက်လျှော့လိုက်ရပါတယ်။ ဒါပေမယ့် ကျွန်တော် ရှေးဟောင်းသုတေသန မဟာဝိဇ္ဇာတန်းတက်တော့ အစ်မ မဆုံးခင် နှစ်အနည်းငယ်မှာပါ။ အဲဒီမှာ တစ်နေ့ ကျွန်တော် ရွာပြန်တော့ အစ်မက ကျွန်တော့်ကို သူ့အမွေအဖြစ် ဟင်္သာရုပ်ကြေးအလေးသေးသေးကလေးတွေ ပေးပါတယ်။ ကျွန်တော် အံ့သြလို့မဆုံးပါဘူး။ ကျွန်တော့်ရဲ့ဘာသာရပ်နဲ့ ဒီအလေးလေးတွေ ပတ်သက်နေတယ်ဆိုတာ အစ်မဘယ်လိုတွေးပြီးသိနေခဲ့သလဲပေါ့။ အစ်မဆုံးပြီးတဲ့နောက် အမွေခွဲကြတော့ ရွာကိုပြန်ပြီး ကျွန်တော်ဘာမှမယူတော့ဘူးဆိုပေမယ့် အဲဒီကြေးအလေးလေးတွေကြောင့် ကျွန်တော် အလွန်တရာ ကျေနပ်မိပါရဲ့။

ကျွန်တော်တို့ ရွာထိပ်က ကျိုက်မောင်းစေတီကြီးဟာ မြောင်းမြနယ် တစ်ဝိုက်မှာတော့ အကြီးဆုံးဖြစ်ပြီး 'မြို့နယ်လုံးဆိုင်ရာ ကျိုက်မောင်းစေတီတော်ကြီး' ရယ်လို့ အမည်တပ်ထားရတဲ့ ထင်ရှားကျော်ကြားလှတဲ့ ဘုရားကြီးဖြစ်ပါတယ်။ ခုခါမှာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူထားရဲ့။ ဘုရားကြီးကုန်းဝန်းကျင်မှာ ရဟန္တာတွေသိမ်သမုတ်ခဲ့တယ်ဆိုတဲ့ ရှေးရှေးက သိမ်တော်ကြီးတွေလည်းရှိပါတယ်။ ခုတော့ အချို့တလေလည်း ပျက်စီးသွားခဲ့ပါပြီ။ ရှေးဟောင်းယဉ်ကျေးမှုအရာမှာ ကျွန်တော်တို့ရွာဝန်းကျင်ဟာ ပုဂံထက် ရှေးကျတယ်လို့ပြောဆိုတာမျိုးလည်း အခုအခါမှာရှိလာပြီး 'အကြေပုဂံ ရှေးဟောင်းနယ်မြေတစ်ခုအဖြစ်လည်း ဘုရားကိုးဆူ၊ ဘုရားကြီးတစ်ဝိုက်နဲ့ ကျွန်တော်တို့ရွာကို

ကျွန်တော်တို့ရွာမှာ ပြန်ထည် တူးဖော်ရရှိတဲ့ ပုဂံခေတ်က ရွှေဂုကြီးတုရား

စာရေးသူ ယော်ဝဉ်က တက်ခဲ့တဲ့ မူလတန်းကျောင်းကလေး

www.burmeseclassic.com

www.burmeseclassic.com

သဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ရှေးဟောင်းသုတေသနဌာနကသတ်မှတ်ခဲ့ပြီး ကမ္ဘည်းကောက်စာတိုင်များလည်း စိုက်ထူထားခဲ့ကြပါတယ်။ ဘုရားကြီးမှာ ထူးကဲတဲ့အံ့ဖွယ်ရာများလည်းရှိနေတယ်လို့ လူပြောများကြတယ်။ ဘုရားရဲ့တောင်ဘက်ခြမ်းကနေ ဆိုင်းတီးရင် မြောက်ဘက်ခြမ်းကမကြားရဘူးဆိုတာမျိုးတွေပေါ့။ ကိုယ်တိုင်တစ်ခါမှမကြုံဘူးပေမယ့် ဆောင်ခြည်တော်တွေလည်း မကြာခဏ ကွန်မြူနေတတ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)ကျော်ကတော့ တစ်လတိတိတောင် ဆောင်ခြည်တော်လွှတ်ခဲ့ပါသတဲ့။ ကျွဲခြေရာခွက်တွေမှာလည်း ဆောင်တော်ပြန်ဘုရားများ ဖူးမြော်ရတတ်ရဲ့။ ကျိုက်မောင်းစေတီတော်ကြီးရဲ့ ဉာဏ်တော်နဲ့ အတိုင်းအတာတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

၁။ ဉာဏ်တော်
(၁၁၈) တောင် (၁၇၇ပေ)၊
၂။ ဘုရားအောက်ခြေပတ်လည်
(၂၅၆) တောင် (၃၈၄ပေ)၊
၃။ စိန်ဖူးလုံးပတ်
တစ်တောင်(၂) မိုက် (၅) မိုက်)
(၂ပေခွဲ)၊
၄။ စိန်ဖူးအမြင့်
(၂) တောင် လက် (၄) လုံး
(၃ ပေ ၉ လက်မ)၊
၅။ စိန်ဖူးငွေအလေးချိန်
(၅) ပိဿာ (၆၅) ကျပ်သား၊
၆။ ဒုက်မြတ်နားငွေအလေးချိန်
(၉) ပိဿာ (၃၅) ကျပ်သား၊
၇။ အောက်ဆုံးထီးခွေ
(၇) တောင် (၁၀ပေခွဲ)၊
၈။ ပိန္နဲတိုင်အမြင့်
(၁၆) တောင် (၂၄ပေ)၊
၉။ ဒုက်ပျော်ဖူးအထိဉာဏ်တော်
(၁၀၂) တောင် (၁၅၃ပေ)၊
၁၀။ ဒုက်ပျော်ဖူးမှ စိန်ဖူးအထိအမြင့်
(၁၆) တောင် (၂၄ပေ)၊
၁၁။ ဒုက်ပျော်ဖူးလုံးပတ်
(၁၈) တောင် (၂၆ပေ)၊
၁၂။ ဖောင်းရစ်ခုနစ်ဆင့်
(၁၀) တောင် (၉) လက်မ၊
၁၃။ ကြာမျှော်၊ ကြာလန်
(၁၂) တောင် (၅၈ပေ)၊
၁၄။ ကြာမျှော်၊ ကြာလန်လုံးပတ်
(၂၀) တောင် (၃၀ပေ)၊
၁၅။ ကြာမျှော်၊ ကြာလန်ခါးစည်းမောင်း
(၁၆)လုံး၊ ပြက် (၆) လက်မ၊
၁၆။ ခေါင်းလောင်းပုံ-သပိတ်မှောက်
(၈)တောင် (၉) လက်မ၊
၁၇။ ဇော်ဂျီရုပ်
(၁၆) ရုပ်၊
၁၈။ အပေါ် စေတီ၊ ရှစ်ထောင့်-ရှစ်ဆူ၊
ရာဟုထောင့်-တစ်ဆူ
ပေါင်း (၉)ဆူ၊
၁၉။ အောက်ပစ္စယ်၊ ရှစ်ထောင့်-ရှစ်ဆူ၊
တနလ်ာထောင့် ရုပ်ပွားတော်-
တစ်ဆူ
ပေါင်း (၉) ဆူ၊
၂၀။ အပြင်ရုပ်ပွားတော်
(၅) ဆူ၊
၂၁။ အတွင်းရုပ်ပွားတော်
(၄) ဆူ၊
၂၂။ တန်ဆောင်း-သုံးခု၊ ရုပ်ပွားတော်
(၇)ဆူ၊
၂၃။ ရဟန္တာ
(၂) ဆူ၊
၂၄။ နောက်တိုး
(၃)ဆူ၊

ကျွန်တော်တို့ရွာသားတွေကတော့ ကျိုက်မောင်းစေတီတော်ကြီးကို ဘုရားကြီးလို့ပဲ ခေါ်ကြပါတယ်။ မည်သည့်သဘာဝဘေးဒဏ်မှကြီးကြီးမားမားမကျရောက်ခဲ့ဘဲ ဆုတောင်းပြည့်တဲ့ ဘုရားကြီးလို့လည်း လူတွေက ယုံကြည်ကြပါတယ်။ဘုရားကြီးအနီးမှာတော့ ရွှေနဖားကန်နဲ့ ငွေနဖားကန်ဆိုတဲ့ ကန်ကြီးနှစ်ခုလည်းရှိနေတယ်။ (ကျိုက်မောင်းဘုရားနဲ့ ရွှေဘုံသာမှာသာ ရွှေနဖားကန်နဲ့ ငွေနဖားကန်တွေရှိကြတာပါ။)အဲဒီကန်ကြီးတွေနဲ့ မနီးမဝေးမှာ ကျွန်တော့်အစ်ကို အမြွာနှစ်ယောက်ထဲက အစ်ကိုငယ်နေထိုင်တဲ့ကဲကြီးရှိနေပေါ့။ (ကျွန်တော်တို့အစ်မဟာ ကျွန်တော့်အထက်မှာ အစ်ကို အမြွာပူးနဲ့ ကျွန်တော့်အောက်မှာ ညီမနှစ်ယောက်နဲ့ ညီငယ်တစ်ယောက် သုံးမြွာပူးမွေးခဲ့ပါရဲ့။)

❑ ကျိုက်မောင်းစေတီတော်ကြီးရဲ့ ဆွမ်းကြီးလောင်းပွဲနဲ့ ဉစ္စာစောင့်မလေးများ

ဘုရားကြီးခြေရင်းမှာ နှစ်တိုင်းလိုပဲ သီတင်းကျွတ်လဆန်း ၇ ရက်နေ့ဆိုရင် ဖယောင်းတိုင်နဲ့ အခြားလှူဖွယ်ပစ္စည်းမျိုးစုံကို လောင်းလှူကြတဲ့ ဆွမ်းကြီးလောင်းပွဲကို ကျင်းပတတ်ပါတယ်။ အဲဒီနောက် နွေပေါက်လို့ တပေါင်းလပြည့်နေ့တွေရောက်တိုင်းလည်း နှစ်စဉ်မပျက်မကွက် သံဃာတော် အပေါင်း (၁၅၀) ကျော်ကို ဆွမ်းဆန်တော်လောင်းလှူပွဲ (ဆွမ်းဆန်စိမ်းလောင်းပွဲ) ကြီးကို ကျင်းပတတ်ပါတယ်။ တစ်နှစ် နှစ်ကြိမ်ပေါ့။ အဲဒီဘုရားပွဲတော်ရက် (ခုခေတ်အခေါ် ဗုဒ္ဓပူဇနီယပွဲ)တွေမှာ အနယ်နယ်ကလာကြပြီး ဇာတ်ပွဲတွေလည်းဆက်တိုက်သွင်းလို့ အထူးစည်ကားလှပါတယ်။ အဲဒီဆွမ်းလောင်းပွဲတိုင်းမှာလည်း ဉစ္စာစောင့်တွေလာပြီး ဆွမ်းလောင်းကြတယ်လို့ သတင်းကထွက်မြဲပါ။ ဘုရားပတ်လည်က ဆွမ်းကြီးလောင်းသူတွေထဲမှာ ကိုယ့်ရွာသူ သူမသိ၊ သူ့ရွာသူ ကိုယ်မသိဆိုတော့ ခပ်ချောချော မိန်းကလေးတွေပါရင်တော့ အဲဒါဟာ ဉစ္စာစောင့်ပဲလို့ ကွတ်ကြည့်ကွက်ကြည့်အလုပ်ခံရမြဲပါ။ ဉစ္စာစောင့်ပုံပြင်တွေဟာ ကျွန်တော်တို့ရွာမှာ ဆွမ်းကြီးလောင်းပွဲပြီးတိုင်းပြောနေကြပေါ့။

ကျိုက်မောင်းဘုရားပွဲဟာ နာမည်ကြီးလှတာကြောင့် ဇာတ်ပွဲကြီး၊ ပွဲသေးနဲ့ ပွဲလတ်တွေ၊ ဗလာပွဲတွေ၊ ရုပ်သေးပွဲ၊ ဆပ်ကပ်ပွဲနဲ့ ရုပ်ရှင်ရုံတွေ အမျိုးစုံ ဝင်ကပြတင့်ဆက်ကြပါတယ်။ ဘုရားကြီးကို ကရင်တိုင်းရင်းသားတွေကလည်း အလွန်ကြည်ညိုကြတာကြောင့် တစ်ခါတလေမှာ ကရင်လို့ပြောပြီးကကြတဲ့ကရင်ဇာတ်တွေတောင် ဝင်ဖူးပါရဲ့။ ဘုရားကြီးရဲ့ ကုသိုလ်ရေးကိစ္စတွေမှာလည်း ကရင်၊ ဗမာတွေစုရုံးပြီးလက်တွဲလုပ်ကိုင်နေကြတာပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ဘုရားတန်ခိုးနဲ့တိုးလို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့အဖေ ဘုရားလှူကြီးလုပ်တုန်းက အဖေ ဦးစီးပြီး အမြဲတမ်း ဇာတ်ရုံကြီးတောင်တည်ဆောက်ထားခဲ့ဖူးရဲ့။ တကယ့်ကို ခေတ်မီမီနဲ့ ရှေ့ဘက်ကို နိမ့်လျှောပြီးတည်ဆောက်ထားတဲ့ စင်မြင့်နဲ့ပါ။ ဇာတ်ရုံကြီးပြီးတော့ အဖေကျွန်တော့်ကို ပြောတဲ့စကား ဒီနေ့အထိကြားမိပါသေးတယ်။

"ဟေ့ကောင်၊ မင်းကစပ်စပ်စပ်စပ်နဲ့ဆိုတော့ ငါ့နာမည်သုံးပြီး ပွဲခင်းထဲကို ပိုက်ဆံမပေးဘဲ အလကားမဝင်နဲ့။ ငါ့နာမည်ပြောပြီးလည်း ဖျာလက်မှတ်မတောင်းနဲ့။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်၊ ရှေ့ကကြည့်ချင်ရင် သူများတွေလိုပဲကိုယ့်ဖျာကိုယ်အစောကြီးထဲကသွားခင်း" တဲ့။

အစ်မ(အမေ)ကတော့ အဖေ့ကို အုတ်နီခဲကြီးလို့ငေါ်တတ်ပါတယ်။(ဘုရားဖြစ်မယ့် အုတ်နီခဲလို့ ဆိုလိုတာပါ။) ကျွန်တော်တို့ ကျိုက်မောင်းဘုရားပွဲက နာမည်ကြီးလွန်းလို့ ဒီပွဲမှာ မကသူးတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်အဖွဲ့ဆိုတာ မြန်မာပြည်မှာ မရှိသလောက်ပါပဲ။ဇာတ်သမားတော်တော်များများက ရွာနာမည်ကိုသာ အခေါ်ရခက်လို့ မေချင်မေပေမယ့် ကျိုက်မောင်းရွာကြီးလို့ ရွာအမည်နဲ့ ဘုရားဘွဲ့တော်ကိုများယွင်းစွာ တွဲပြီးတော့မှတ်မိနေတတ်ကြရဲ့။

ဘုရားခြေတော်ရင်းက သစ်သားကျောင်းဟောင်းကြီး (ခုတော့ ပြုပြင်ထား) မှာတော့ သက်တော် (၈၀)၊ ဝါတော်(၆၀)ရှိတဲ့ ဆရာတော်ကြီးဘဒ္ဒန္တ ဝရ သီတင်းသုံးနေပါတယ်။ ကျွန်တော်တို့အဖေ (ဦးမောင်လှ) ကလည်း သူ့ရဲ့ ငယ်စဉ်ဘဝမှာ အဲဒီဘုန်းကြီးကျောင်းမှာပဲ ဦးပဉ္စင်းငယ်လေးအဖြစ် သာသနာ့ဘောင်မှာနေခဲ့တာပါ။ အဲဒီတုန်းက အဖေဟာ ဘုရားကြီးကိုပေးတဲ့ လျှပ်စစ်မီးအတွက် ဘုန်းကြီးကျောင်းခေါင်းဆောင်က မီးစက်ရုံမှာမီးစက်မောင်းခဲ့ရပါတယ်။ ကျွန်တော်တို့ အလယ်တန်းကျောင်းသားလောက်အရွယ်တိုင်အောင် အဖေမီးစက်မောင်းနေတာ တွေ့ခဲ့ရဖူးပါတယ်။ နောက်တော့ မီးစက်ကြီးဟာ အဖေဘယ်လိုကြိုးစားပြင်ပြင် မရတော့မှ ရွာဘုရားကြီးလည်း လျှပ်စစ်မီးနဲ့ဝေးခဲ့တာပါ။ မီးစက်ကြီးနဲ့မီးစက်ရုံဟာ ကျွန်တော်တို့ တတ္တသိုလ်ရောက်တဲ့အထိတောင်ရှိနေသေးတာရဲ့။

အဖေ ဦးပဉ္စင်းဘဝက လူထွက်ပြီးမှ ကျွန်တော်တို့အစ်မ (အမေ) ဒေါ်ကျင်ဟိန်နဲ့ အိမ်ထောင်ကျခဲ့ပေမယ့် လူဝတ်နဲ့ အဖေ့ကိုလည်း အဖေဆုံးတဲ့အထိ ရွာက 'ဦးပဉ္စင်း'လို့ပဲ ခေါ်ခဲ့ကြတာကလည်း ထူးဆန်းလှပါရဲ့။ အဖေက အသားညှိတော့ 'ဦးပဉ္စင်းမိုးမှောင်' လို့ ခေါ်ကြတာပါ။ ဦးပဉ္စင်းမိုးမှောင်ဟာ ဗေဒင်ကျမ်းဂန်လည်းတတ်လို့ ရွာမှာ ကွဲပျောက်၊ နွားပျောက်၊ ခရီးထွက်သင့်မထွက်သင့်ဆိုတာမျိုးတွေဆို အဖေ့ဆီ ဗေဒင်လာမေးကြပါတယ်။ အဖေက ဦးရှင်ကြီးဆွမ်းကပ်တာလည်း ကွမ်းကွမ်းကျင်ကျင်တတ်လို့ တစ်ရွာလုံးက အဖေ့ကိုအားကိုးလေးစားကြရဲ့။ ရှင်ပြုရဟန်းခံမင်္ဂျာပ်တွေဆိုလည်း အဖေနဲ့ ကျွန်တော်တို့ညီအစ်ကိုတွေ စေတနာ့ဝန်ထမ်းဆင်ပေးကြရပါတယ်။ ကျွန်တော်တို့ရွာဟာ လွတ်လပ်ရေးအကြိုကာလကနေ တော်လှန်ရေးကောင်စီခေတ်တိုင် လပြည့်၊ လကွယ်ရက်တွေမှာ လျှပ်စစ်မီးတထိန်ထိန်နဲ့ တင့်တင့်တယ်တယ် စည်စည်ကားကားရှိခဲ့တဲ့ ရွာဦးကဘုရားကြီးနဲ့ ရွာကြီးပါ။

ဘုရားပွဲရက်တွေမှာ သွားရေးလာရေးလွယ်ကူစေဖို့ တစ်ဖက်ကမ်းက သရက်ကုန်းနဲ့ ကျွန်တော်တို့ လပွတ်ကုလားကို ချောင်းကူးတံတားဆောက်ပေးထားတတ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ဘုရားကုန်းကနေ ချောင်းဆိပ်ကိုဆင်းဖို့ သွပ်ပြားမိုး၊ နတ်လမ်းသွယ်သွယ်လေးကတော့ လယ်ကွင်းတွေကိုဖြတ်ပြီးတော့ရှိနေခဲ့တာပါ။ ဘုရားပွဲရက်တွေရောက်တိုင်း ချောင်းဆိပ်မှာ ဇာတ်လေ့ကြိုးတွေဆိုက်ပြီး ဇာတ်သမားတွေ၊ ယိမ်းသမမင်းသမီးလေးတွေ၊ လူရွှင်တော်တွေ ဇာတ်ရုံကို တက်လာကြတာကို ကျွန်တော်တို့က အဲဒီနတ်လမ်းတစ်လျှောက်မှာ တကောက်ကောက်လိုက်ပြီး ရင်ခုန်စွာကြည့်ကြတာပါ။ ပွဲရက်တွေပြီးလို့ ဇာတ်သမားတွေ ပြန်သွားရင်လည်း ကျွန်တော်တို့မှာကိုယ့်အမျိုးတွေ တစ်ရပ်တစ်ကျေးကိုပြောင်းသွားသလို ရွာချောင်းဆိပ်မှာ လွမ်းကျန်ရစ်တာပါ။ ကျွန်တော်တို့ရွာဇာတ်ရုံကြီးကလည်း တစ်နှစ်မှာ ဇာတ်တစ်ဖွဲ့သာ မကဘဲ မိုးမကျမခင်း ဇာတ်တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်တတ်လို့ ကျွန်တော်တို့လည်း ခဏခဏလွမ်းခဲ့ရပါတယ်။

တစ်နှစ်မှာတော့ ဇာတ်တစ်ဖွဲ့ဟာ ဇာတ်ခေါင်းကွဲပြီး ရွာထိပ်က ကျွန်တော့်အဖေဆောက်ထားတဲ့ မိုးလုံလေလုံ ဇာတ်ရုံကြီးမှာ တစ်မိုးကုန်အောင်တောင် နေသွားကြရဲ့။ ဘုရားကုန်းမှာနေတယ်ဆိုတဲ့ ကျွန်တော့်အစ်ကိုငယ်တောင် မြို့တော်သိန်းအောင်ဇာတ်အဖွဲ့ထဲက နာမည်ကျော် ပြဇာတ်မင်းသမီးတစ်ယောက်နဲ့ ခင်မင်ပြီး နှစ်နဲ့ကိုချီပြီး ဇာတ်အဖွဲ့နဲ့လိုက်သွားခဲ့သေးတယ်။ မင်းသမီးက အစ်ကို့ကို သူ့မောင်လေးအရင်းလို ချစ်ခင်စောင့်ရှောက်ပေးခဲ့လို့ အစ်ကိုက နှစ်အတော်ကြာ သူ့အစ်မကို သတိတရရှိနေခဲ့တာပါ။

❑ ကျိုက်မောင်းစေတီရဲ့ ဘုရားဒါယကာမ ဥမ္မာဒန္တီ

ကျွန်တော်တို့ အိမ်နီးနားချင်း အသက်ရှစ်ဆယ်ကျော် ဦးညီတင်ကတော့ ကျိုက်မောင်းဘုရားသမိုင်းကို ကောင်းကောင်းပြောပြတတ်တဲ့။ သူက တကုပ်ကုပ်နဲ့ ဘုရားသမိုင်းတွေ၊ ပေစာကျမ်းစာတွေကို စုဆောင်းဖတ်ရှုမှတ်သားနေတတ်တာပါ။ ဘုရားကြီးကို ဘုရင် သမုဒ္ဒယောသနဲ့ မိဖုရားဥမ္မာဒန္တီတို့က တည်ခဲ့ပါသတဲ့။ ဒီနေရာမှာ ဥမ္မာဒန္တီမိဖုရားဆိုတဲ့အမည်ကို စိတ်ဝင်စားမိပါတယ်။ ဦးညီတင်ရှာဖွေစုဆောင်းမှတ်သားထားတဲ့ ဗလာစာအုပ်လေးထဲမှာတော့ ဒီမိဖုရားအကြောင်း တစ်ဖွဲတစောင်း ခုလိုသိရပါတယ်။

❑ ဘုရင်သမုဒ္ဒယောသနှင့် မိဖုရား ဥမ္မာဒန္တီတို့၏အတ္ထုပ္ပတ္တိ

အလောင်းစည်သူမင်း၏ မြေးတော် မင်းယဉ်နရသီခံသည် သက္ကရာဇ် ၅၃၃ ခုနှစ်တွင် ထီးနန်းဆက်ခံပြီးနောက် ထိုစဉ်အခေါ် ကုသိမရဋ္ဌ (ယခု ပုသိမ်မြို့) ကို ခံမြို့အဖြစ် ဘုရင်ခံအုပ်စိုးစေလျက် မြို့ကိုခိုင်လုံစေပြီးလျှင် စစ်ရေးစစ်ရာအတွက် အရေးကြီးချိန်ဖြစ်၍ မြို့၏အမည်အထွဋ်အဖြစ် ဒေါ်သမကင်းမဖြစ်စေရအောင် ကုံသိမ (ကုသိမ်မှ ပုသိမ်) သို့ အမည်ပြောင်းကာ မော်ကွန်းစိုက်ထူသော ၅၃၆ ခုနှစ်တွင်ပင် မင်းယဉ်နရသီခံလွန်တော်မူ၍ ညီတော် နရပတိစည်သူ နန်းတက်တော်မူလေသည်။ ထိုသက္ကရာဇ် ၅၃၆ ခုနှစ်ကို 'သောနှင်ကြိန်ပဉ္စမိန် ပုသိမ်တည်သည့်နှစ်' ဟူ၍ ပညာရှိတို့ မှတ်တမ်းပြုကြသည့်အတိုင်း ထိုနှစ်မှစ၍ မင်း၏မြောက်နန်းတော်တွင် ပုသိမ်မြို့ကို အုပ်စိုးသည့် ဘုရင်မင်းအပေါင်းတို့ကား -

အစ်ကိုတော် နရပတိစည်သူမင်း (၉) နှစ်၊
ညီတော် မင်းလဒဂ္ဂမင်း (၁၀) နှစ်၊
ညီတော် မင်းမဟာဇေယျ (၇) နှစ်၊
ညီတော် စူဠဇေယျမင်း (၈) နှစ်၊
ညီတော် သာဂရမင်း (၆) နှစ်၊
ညီတော် ဂန္ဓိဋ္ဌမင်း (၇) နှစ်၊
ညီတော် (၆) ပါး ဆက်ကာဆက်ကာ (၄၇)နှစ်တိုင်
ပသီမင်း (၈) နှစ်၊
အော်လံတေကုလားမင်း (၁) နှစ်၊
အက္ကဘတ်မင်း (၃) နှစ်၊
ကုလားမင်း (၃) ဆက် (၁၂) နှစ်တိုင်၊

ပသီမြို့အမည်ကို ဖျက်သိမ်း၍ အမည်ဟောင်းဖြစ်သည့် ပုသိမ်မြို့ အမည်ဖြင့် မွန်မင်းများဖြစ်သော -

ဂုတ္တသာရ (၈) နှစ်၊
ညီတော် ဂုတ္တသာရီ (၉) နှစ်၊
သားတော် သမုဒ္ဒ (၁၃) နှစ်

www.burmeseclassic.com

www.burmeseclassic.com

စသဖြင့် အသီးသီး နှစ်ပေါင်းများစွာ စိုးစံသွားကာ သက္ကရာဇ် ၆၂၅ ခုနှစ်အရောက်တွင် မွန်ဘုရင် သမုဒ္ဒယောသမင်းနှင့် မိဖုရား ဥမ္မာဒန္တီတို့က ဆက်လက်၍ အုပ်စိုးခဲ့လေသည်။ မိဖုရား ဥမ္မာဒန္တီမင်းသမီးမှာ ကြင်ဖက်တော် သမုဒ္ဒယောသမင်း၏ အမည်ကိုပင် အသွင်းကျော်လွန်၍ ယခုတိုင် ထင်ရှားကျော်ကြားလျက်ရှိသော အတိတ်ကံအနုဘော်ကြီးလှသည့် ကုသိုလ်ရှင် အမျိုးသမီးတစ်ဦးဖြစ်ပေသည်။

ဤဘုရင်သမုဒ္ဒယောသနှင့်မိဖုရား ဥမ္မာဒန္တီတို့ကား ရွှေမုဋ္ဌောမဟာစေတီတော်ကြီး၏ တတိယဘုရားဒါယကာ ရာဇာမင်းစိုးများ ဖြစ်ကြလေသည်။ သီရိမ (၃၂) မြို့ကို အစိုးရတော်မူသည့် သမုဒ္ဒယောသမင်းနှင့် မိဖုရားဥမ္မာဒန္တီတို့ မွေးမည်ပါ့သင်း ကျော်စောခြင်းကိုတွဲ့ ယနေ့တိုင် ကြိုင်လှိုင်လျက်ရှိသော ဘုရားဒါယကာတို့သည် ရဟန္တာအရှင်မြတ်တို့၏အကူအညီဖြင့် ပတ္တမြားစေတီတော် လုံးပတ် (၃) တောင်၊ အရပ် (၅) ဆောင်၊ မွေတော်ဆံတော်များနှင့် ဥဿုံစေတီတော်ကြီးအား အသစ်မွမ်းမံတစ်ဖန်ပြုပြင်ကာ -

သုဝဏ္ဏမုဋ္ဌိ ပမာဏံ၊ စေတိယံ အဝမနုဿာနံ၊ သရဏံ ဖေဟာတိ။

သုဝဏ္ဏ မုဋ္ဌိပမာဏ - ရွှေစင်အတိ၊ တစ်မုဋ္ဌိက်အတိုင်းအရှည် တည်ရှိတော်မူလေသည်၊ ဒေဝမနုဿာနံ - နတ်လူ အပေါင်းတို့ ကိုးကွယ်လေ့ပေါင်းသည်၊ ဖောတိ - ဖြစ်သည်ဟု ကျမ်းဂန်ရှိ ဟောကြားအတိုင်း ပထမမူလဌာပနာရာ ရွှေစင်မိုးပြည့်စေတီတော်ဌာပနာရင်းကို ပြု၍ ရွှေမုဋ္ဌောစေတီတော်အမဲည်သို့ မြင့်မားကာ ကောဇာနှစ် (၆၀၀) ပြည့်နှစ်တွင် နောင်လာအကျိုး မျှော်ကိုးတည်း ကြပြန်၏။ ထိုအမည်တော်ဖြင့်ပင် ယနေ့အထိ ထင်ရှားကျော်ကြား၍ အများကိုးကွယ်ရာ စေတီတော်မြတ်ကြီး ဖြစ်လေသည်။

မျက်မှောက်ခေတ်

မျက်မှောက်ခေတ်ကို သမုဒ္ဒယောသမင်းနှင့် မိဖုရား ဥမ္မာဒန္တီတို့ စိုးစံသောခုနှစ်ရာစုမှ တစ်ဆယ့်တစ်ရာစုအထိ ဟုသနာသက္ကရာဇ် ၁၉၀၀ - ၂၃၀၀ အပိုင်းတစ်ပိုင်း ထိုမှနောက်ကို အပိုင်းတစ်ပိုင်းဟု နှစ်ပိုင်းခွဲခြားရာသည်။

ပထမအပိုင်း

သမုဒ္ဒယောသမင်းနှင့်မိဖုရားဥမ္မာဒန္တီတို့လက်ထက် အလွန်ဝပြောသာယာရှိသည်ကို အကြောင်းပြု၍ ပုသိမ်မြို့ကို နာဂရပုလ္လာ (တစ်နည်း) နာဂရဝေပုလ္လဟု သမုတ်၍ အဆက်ဆက်သောမင်းတို့မင်းပြုကြရာ အသုဟိန္ဒမင်းလက်ထက်မှာ မင်းဆက်ပြတ်ကြောင်း မှတ္တေကိုးဆူသမိုင်းကဆိုသည်။ သို့သော် သက္ကရာဇ် အပိုင်းအခြား ဖော်ပြထားခြင်း မရှိပေ။

သက္ကရာဇ် ၇၉၁ - ၈၂၁ ခုနှစ် ထိလောက်တွင် ပုသိမ်မြို့မင်း ဗညားအိမ်ဖြစ်ကြောင်း တွေ့ရသည်။ ထို့အပြင် သက္ကရာဇ် ၈၂၁ ခုလောက်တွင် ဟံသာဝတီ အိမ်ရှေ့စံ မမွေစေတီသည် ပုသိမ်မြို့ကို တိုက်ခိုက်အောင်နိုင်ကြောင်းနှင့် ၈၃၇ ခုတွင် ဟံသာဝတီဘုရင်အဖြစ် ဖြင့် မဖွိမဒေဿနှင့် သီဟိဠ်တို့သို့ ပုသိမ်ဆိပ်ကမ်းမှသင်္ဘောများစေလွှတ်ကြောင်း တွေ့ရသည်။

တစ်ဖန် အင်္ဂလိပ်လူမျိုး သံဘက်၊ ကပ္ပတိန်ဘေကာ၏မှတ်တမ်းအရ ခရစ်သက္ကရာဇ် ၁၇၅၅ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အလောင်းမင်းတရားကြီးသည် ပုသိမ်မြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း တွေ့ရသည်။ သို့ရာတွင် ထိုမင်းများလက်ထက်နှင့် သက္ကရာဇ် ၁၁၄၀ ပြည့်နှစ်ကာလအတွင်း စေတီတော်ကြီးအား အထူးကာလည် ထပ်မံမွမ်းမံပြင်ဆင်ခဲ့ကြောင်း မတွေ့ရပေ။

သက္ကရာဇ် ၆၂၅ ခု နောက်ပိုင်း ပုသိမ် (၃၂) မြို့သခင် သမုဒ္ဒယောသမင်းနှင့် မိဖုရားဥမ္မာဒန္တီတို့လက်ထက်၌ မြန်မာပြည်နှင့် သီဟိဠ်တို့သည် ရဟန္တာအရှင်မြတ်များရော လူဒါယိကာများပါ ဥဒဟိုက်ကူးခတ်သွားလာကာ သာသနာတော် အရောင်တောက်ပြောင်ယှက်ကူးစေခဲ့လေသည်လို့ ဦးလေးညိုတင်က သူလေ့လာမိသမျှ မှတ်သားထားပါရဲ့။

ရာမညတိုင်း မွန်သုံးရပ် မွန်တိ၊ မွန်စနဲ့ မွန်ညရယ်လို့ အထင်အရှားရှိရာမှာ ပုသိမ်-မြောင်းမြဟာ မွန်ညဒေသမှာ ပါဝင်ခဲ့ပါတယ်။ သက္ကရာဇ် ၅၉၅ ခုမှာ မွန်မင်းသား ဂုဏ္ဍသာရမင်းမှသည် ဥမ္မာဒန္တီတို့လက်ထက်တိုင် ထီးနန်းနဲ့စိုးစံလာခဲ့ကြတာပါ။ သက္ကရာဇ် ၆၀၀ ပြည့်နှစ်မှစပြီး မင်းနဲ့ မိဖုရားတို့ဟာ သူတို့ပိုင်စိုးရာ ပုသိမ်နဲ့တကွ ပုသိမ်(၃၂)မြို့နယ်မှာ ဘုရားတည်၊ ကျောင်းဆောက်ခြင်းတွေနဲ့ သာသနာရောင်ကိုထွန်းပြောင်စေခဲ့ပါတယ်။ ၆၂၅ ခု မှာတော့ သီဟိဠ်ကျွန်းက ရဟန္တာအရှင်မြတ်တွေဟာ သုဝဏ္ဏဘူမိ သထုံသို့ လည်းကောင်း၊ ပဘိသဠာနာဂရပုသိမ်သို့လည်းကောင်း ကြွရောက်ခဲ့ရာမှာ မိဖုရားဥမ္မာဒန္တီက ဘုရားရှင်ရဲ့ မာတ်တော်မွေတော်တွေ အလျှူခံခဲ့ပြီး သူပိုင်စားတဲ့ နယ်ပယ်အရပ်ရပ်မှာ ဘုရားစေတီတွေ တည်ထား ကိုးကွယ်ခဲ့တယ်။ မြောင်းမြမြို့အဝင် ကမ်းပါးက စကြာနန္ဒ (ယခင် ကျိုက်ခမိစေတီ)၊ လပွတ်ကုလားရွာက ကျိုက်မောင်းစေတီတို့လည်း ပါဝင်ခဲ့ပြီး ကျိုက်မောင်းစေတီက နောင်တော်ကြီး၊ စကြာနန္ဒက ညီတော်ဖြစ်ပါသတဲ့။ သက္ကရာဇ် ၇၂၆ ခုမှာ မြောင်းမြစား လောက်ဖျားဟာ စကြာနန္ဒစေတီတော်ကို ပြုပြင်ခဲ့ပေမယ့် ကျိုက်မောင်းစေတီကိုတော့ မပြုပြင်ခဲ့ပါဘူး။

၁၂၉၀ ပြည့်နှစ်မှာတော့ ဦးသာလှိုင် - ဒေါ်မမကြီးတို့က ယိုယွင်းပျက်စီးနေတဲ့ ကျိုက်မောင်းစေတီတော်ကြီးကို ပြုပြင်မွမ်းမံလိုက်ပါတယ်။ နောက်(၆)နှစ်အကြာမှာလည်း မြောင်းမြအရှေ့ပိုင် ဦးကျော်မှ ဦးဆောင်ပြီး ထီးတော်တင်လှူခဲ့ပြန်တယ်။ ၁၉၉၄ ခု၊ ဒီဇင်ဘာ ၃၀ ရက်နေ့မှာတော့ နတ်စင်တစ်ရာဆရာတော် ဘဒ္ဒန္တပညာတေဇ အမှူးပြုပြီး အလှူရှင်များက ထီးတော်အသစ်တင်လှူခဲ့ပြန်တယ်။ဆက်လက်ပြီး စေတီတော်ရင်ပြင်တော်မှာ ကွန်ကရစ်ခင်းခြင်း၊ ထီးတော်၊ စိန်ဖူးတော်များကို စည်ကားသိုက်မြိုက်စွာ ကင်လှူခြင်းများ ပြုလုပ်ပြန်ရဲ့။

ဒီတစ်ခေါက် ရွာအပြန်မှာတော့ ကျွန်တော် မြတ်နိုးစွာ ယုံကြည်ကိုးကွယ်တဲ့ သာသနာတော်အတွက်သာမက ကျွန်တော် မြတ်နိုးစွာ လေ့လာဆည်းပူးသင်ယူနေတဲ့ ရှေးဟောင်းသုတေသနပညာအတွက်ပါ တာဝန်တွေရှိနေတယ်လို့ မြင်လာမိပါတယ်။ ဒီတာဝန်တွေ ထမ်းဆောင်ဖို့ ပထမခြေလှမ်းအဖြစ် ဒီဆောင်းပါးနဲ့ အများပြည်သူကို အသိပေးချင်ပါတယ်။ ကျွန်တော်တို့ရဲ့ ဗုဒ္ဓသာသနာအတွက် ကုသိုလ်ကောင်းမှုတွေပြုရင်း ကျွန်တော်တို့ရဲ့ မိဘဘိုးဘွားအမွေအနှစ် ယဉ်ကျေးမှုတွေကိုလည်း တစ်ဖက်တစ်လမ်းက စောင့်ရှောက်ထိန်းသိမ်းကြဖို့ပါ။ ဒါဟာလည်း သာသနာပြုခြင်းတစ်ရပ်ပါပဲ။

ကိုအေးမြင့်
(မဟာဝိဇ္ဇာ၊ ရေးသုံ)

www.burmeseclassic.com

www.burmeseclassic.com

အာကာသ(သာစည်)

မဟာဗေဓိမြို့ဆရာတော်ကြီး ကနဦးတောထွက်လာစဉ်က သာစည်ရွှေကျောင်းကုန်းတောင်မရောက်မီ ပဌာန်းဆက်များဆီချဉ်းကပ်ခဲ့ရသောနေရာများ

"မဟာဗောဓိ
သာစည်ရွှေကျောင်း
နာမြေကို ပြန်ကြွလာ
ဖီတစ်ခါ ကနဦးဆုံး သီတင်းသုံးခဲ့တဲ့
အင်တိုင်းသာရွာမြောက်ဘက်က ဘုရား
တိုက်ကိုကြွလာမှာဆိုလား၊ အဲလိုကြား
တာပဲဗျ

www.burmeseclassic.com

www.burmeseclassic.com

၂၁၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် နေ့လယ်ခင်းက ဖြစ်၏။ အာစည်ပြို့ပေါ်တွင် နေထိုင်ကြသော ကျွန်တော်မိတ်ဆွေ ကိုကျော်ဝင်းနှင့် ဒေါ်ကျော်မောင်တို့သည် ဆိုင်ကယ်တစ်စီးနှင့် ရွာစဉ်လှည့်ပြီး အိမ်ကိုရောက်လာ၏။ ကျွန်တော်နေထိုင်ရာကား သာဂရ ရွာဖြစ်၍ လမ်းပန်းကြုံကြိုက်ပြီး ဆိတ်ဆိုက်ပြိုက်ပြိုက်ဝင်လာကြခြင်း ဖြစ်၏။

ရွှေကျောင်းကုန်းတောင်သာသနာ့ ဂေါစရဂါမ်ရွာများအား ဖြတ်သန်း ဝင်ထွက်၍လာကြရာ မင်္ဂလာရှိသာ အထင်းကို နားစွန်နားဖျားကြာလာဟန် တူ၏။ ကိုကျော်ဝင်းက ခရီးရောက် မဆိုက်ပြောပြရာ ကျွန်တော့်ရင်တွင်း ဖျားရည်မြစ်တစ်စင်းစီးဆင်းသွားသည့် နှယ်ဖြစ်ခဲ့လေ၏။

အဆိုပါသတင်းကား ဟုတ်သည်၊ မဟုတ်သည်ဖြစ်စေအသာထား ကြားရသောစကားနှင့်ပင် မင်္ဂလာရှိလှလေသည်။ ကျွန်တော်သည် သတ္တမင်္ဂလာဂါထာတော်ကိုလည်း လျှပ်တစ်ပြက်လို ပြေးမြင်၍ သတိတရရွတ်လိုက်မိသည်။

- ဒိဝါ တပတိ အာဒိစ္စော၊
  ရတ္တိမာ ဘာတိ စန္ဒိမာ။
  သန္နဒ္ဓေါ ခတ္တိယော တပတိ၊
  ဈာယီ တပတိ ဗြာဟ္မဏော။
  အထ သတ္တ မဟော ရတ္တိ၊
  ဗုဒ္ဓေါ တပတိ တေဇသာ။ ။

- နေမင်းသည် နေ့အခါ၌သာ တောက်ပ၏။
- လမင်းသည် ညအခါ၌သာ တောက်ပ၏။
- ရွှင်ဘုရင်သည် မင်းမြောက်တန်ဆာ ဆင်ယင်ထားမှသာ တောက်ပ၏။
- ရဟန္တာသည် ဈာန်ဝင်စားနေမှသာ တောက်ပ၏။
- ဗုဒ္ဓမြတ်စွာဘုရားရှင်သည်ကား နေ့ရောညပါ အခါခပ်သိမ်း တန်ခိုးတော်အမျိုးမျိုးဖြင့် တောက်ပ၍နေ၏။

ဟူ၍ ဖြစ်ပါသည်။

စင်စစ် သာစည်ရွှေကျောင်းကုန်းတောင်သည် ဟိုရှေးပဝေသဂိုဏ်းတည်းက ပျဉ်ဆက်၊ ရွှံးဆက်၊ ပုဂံဆက် အစရှိသဖြင့် ပဌာန်းဆက်များရှိခဲ့ဖူးလေ၏။ ပျဉ်ခေတ်တွင် ပျဉ်မင်းတို့ ကိုးကွယ်ရာ ရွှေကျောင်းကြီးဆရာတော် ဦးဝိမလ တက်ရောက် တရားအားထုတ်ပြီး (၆) တောင်မျှသော စေတီတစ်ဆူ တည်ထား

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုသမ္မာယ်စွာ ဖူးတွေ့နေရသော ညောင်မျိုဘုရား



ထနောင်းကန်သိမ်ကုန်းဘုရားတွင် ဆရာတော်ကြီး (၁၀) ရက်နေကာ တရားဟောတရားပြု ပြုလုပ်ခဲ့သည်

မိုးကြိုးခေါ် ပြုပြင်ထားသော်လည်း ထီးမတင်ရသော ဘုရား

ခဲ့ဖူး၏။ ရွှေကျောင်းကြီးဆရာတော်ကို အစွဲပြု၍ ရွှေကျောင်းကုန်းတောင် ဟူပြီး ခေါ်တွင်ခဲ့လေ၏။

ရှမ်းခေတ်တွင်ကား ရှမ်းမိဖုရား စောဥမ္မာ၏ ပစ္စယာနုဂ္ဂဟဖြင့် ယက္ကန်း စင်တောင်ဆရာတော် တက်ရောက်၍ တရားအားထုတ်သွားသည် ဆို၏။ ထိုခေတ်တွင် စေတီတော်၏အမြင့်ကား (၈) တောင်ရှိ၏။ တစ်ဖန် ပုဂံခေတ်တွင်လည်း သေဠလည်ကြောင်မင်း၏ အထောက်အပံ့နှင့် ရှင်မထီးဆရာတော် တက်ရောက်၍ တရားအားထုတ်သည်ဆို၏။ စေတီတော်၏အမြင့်ကား (၉) တောင်အထိရှိခဲ့လေသည်။

ဤမျှ ပဌာန်းဆက်ခေတ်အဆက်ဆက်များရှိခဲ့သော ရွှေကျောင်းကုန်းတောင်သည် သာသနာတော်ညှိုးနွမ်းသွားခဲ့ပြီး တောအုံမျက်မည်း လူသူအရောက်အပေါက်နည်းရာနေရာဖြစ်သွားခဲ့၏။ အုတ်ကျိုးအုတ်ပဲ့များနှင့် ပြိုပျက်လျက်ရှိသော ဘုရားဟောင်းတွင် ဥစ္စာစောင့်များရှိသည်ဆို၍ မဝံ့မရဲသွားလာမှု ကျဲပါးလာကြ၏။ နှစ်ပရိစ္ဆေဒကြာ ညောင်းလာသည်နှင့်အမျှ တုံး၊ တိုင်၊ ထင်းခုတ်စရာ တောတောင်တစ်ခုအဖြစ် သာသိထားကြတော့၏။

ယခုမူ ရွှေကျောင်းကုန်းတောင် သာသနာတော်သည် မြန်မာနှစ် ၁၃၄၁ ခုမှစတင်ပြီး နေလိုလလို တစ်ရှိန်ထိုး ထွန်းလင်းလာ၏။ ဘူမိနက်သန်နေရာ မြေတ်အမှန်ဖြစ်သည်နှင့်အညီ ငှက်ကျီးနေသော ပဌာန်းဆက်များသည်လည်း ပြန်လည် ပေါ်ပေါက် ဆိုက်ရောက်၍

www.burmeseclassic.com

www.burmeseclassic.com

သာသည်။ ထို့ကြောင့် သဗ္ဗမင်္ဂလာဂါထာ တော်လာအတိုင်း ဓနရောဂဉ္ဇပါ အခါခပ်သိမ်း မြည်ဟိန်းစီးခတ်လျက်ရှိသော မုဆိုးသံကြိုးကား ဘဝဂ်သို့ပင်တိုင်ခဲ့လေသည်။

မဟာဗောဓိမြိုင် ဆရာတော်ကြီး ဘုရား ဖြစ်လာမည့် ဆရာတော်သည် သာစည်မြို့နယ် အုတ်တွင်းအုပ်စု အင်တိုင်းသာရွာ ဘုရားတိုက်သို့ ရောက်ရှိလာသည်။ ထိုနေ့ကား ၁၃၄၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့ ညနေချမ်းဖြစ်သည်။

ထိုစဉ်က အင်တိုင်းသာရွာ၏ မြောက်ဘက် သန်းတောရွာအနီးရှိ တောင်မှထွက်သော ပန်းကန်ကျောက်များကို လှိုင်းတက်သို့ကားများနှင့် သယ်ယူနေသောကာလ ဖြစ်၏။ ယင်းကား သမိုင်းသည် အင်တိုင်းသာရွာအလယ် ကောင်မှ တောင်၊ မြောက်ဖြတ်သွား သောလမ်း ဖြစ်၏။

ဆရာတော်အား နေရာလိုက်ပြသူ သည် အင်တိုင်းသာရွာ၏ မြောက်ဘက် သံချောင်းကိုကျော်၍ ကားလမ်းပေါ် နေပြီး အရှေ့တွင်ရှိသောနေရာကို လက်ညှိုးထိုးပြကာ လှည့်ပြန်သွား၏။ မန်ကျည်းပင်အုပ်အုပ်၊ ချုံပိတ်ပေါင်းများ ပိတ်ပိတ်သားရှိသော ဘုရားမြေနေရာ တောအုပ်ကလေး ဖြစ်၏။

ဆရာတော်စတင်ရောက်ရှိသော ဘုရားတိုက်သည်ကား ပြိုပျက်နေသော ဘုရားဟောင်း ဘုရားအဆူဆူများရှိရာ အစောင့်ကြမ်း၍ အခြောက်အလှန့်များ သည် ဆို၏။ ညဉ့်အခါမဆိုထားနှင့် နေခင်းနေ့လယ်၌ပင် တစ်ယောက် တည်းမသွားရဲကြသောနေရာ ဖြစ်၏။

ခွေးနက်ကြီးတစ်ကောင် ထွက် ထွက်လာပြီး ကိုက်ခဲလွှတ်တတ်သည် ဆို၏။ ယင်းဘုရားမြေတောအုပ်ထဲ နွားကွဲ၍ဝင်သွားလျှင် လိုက်လံပြီး မောင်းရဲ့။ အဝေးမှ ခဲဖြင့်ပစ်ပေါက်၍ သာ မောင်းထုတ်ယူရသောနေရာ ဖြစ်၏။

ဆရာတော်ကား ကြောက်ရလန့်ရမှန်း၊ ခြောက်မှန်းလည်းမသိ ဘုမသိဘမသိနှင့်နေနေ၏။ အင်တိုင်းသာရွာတွင် ဆွမ်းခံပြီး တစ်ပါးစာချန်ကာ ပိုလှူသောဆွမ်းများကို ဆိုင်ရာဘုန်းကြီးကျောင်းကိုဝင်ပြီးလှူခဲ့၏။ မယုံသင်္ကာဖြင့်ခြင်းကို လှိမ့်ပိမ့်ခံနေရသော ဆရာတော်သည် မျက်နှာမရဘဲရှိခဲ့ရာ ရွာခံဘုန်းကြီး၏ ပြုငြင်ခြင်းကိုခံနေရလေ၏။



ပြုပြင်ပြီးနဲ့ မပြုပြင်ရသေးသော ဘုရားများအား ဖူးတွေ့ရသည်



ဘုရားဟောင်းကို မျှစ်ခဲ့သော ညောင်ပင်ကြီး



ပြုပြင်မွမ်းမံရန် ကျန်နေသေးသော ညောင်ပွင့်ဘုရားများ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ခပ်မြန်မြန်ပြန်ပြေး လောက်သောဘုရားတိုက်တွင် ဇွဲကောင်း ကောင်းနှင့်နေနေသော ဆရာတော်ကို နှင်ပါတော့သည်။ နေ့ခွင့်တစ်ပတ်ပဲပေး သည်။ ထိုသတင်းပျံ့နှံ့သွားရာ သရက် တောဥယျာဉ်တွင် နေထိုင်သော သူကြီးဟောင်း ဖိုးသူကြီးဦးအောင်မြင့် လာပင့်သည်။

ဤဒေသတွင်နေမည်ဆိုကလဲ့သံး တာဝန်ယူပါမည်။ အခြားနေရာကြွမည် ဆိုလည်း စရိတ်စကလျှဒါန်းပါမည်။ သရက်ဥယျာဉ်ကိုသာ ကြွဖြစ်အောင် ကြွခဲ့ပါဟု လျှောက်သည်။

ဦးအောင်မြင့်ကား အုတ်တွင်းရွာ ကဖြစ်၍ အုတ်တွင်းဗိုင်တွင် သူကြီးလုပ် ခဲ့ဖူး၏။ ထို့နောက် တာဝန်မှအနားယူပြီး သရက်ခြံဥယျာဉ်တွင် လယ်ယာလုပ်ငန်း များနှင့် အေးချမ်းစွာ နေထိုင်ခဲ့၏။ ဦးအောင်မြင့်သည် သာစည်ရွှေကျောင်း ကုန်းတောင်ပေါ် တွင်ရှိသော ဘုရား ဟောင်းနှင့်လည်း ပဋ္ဌာန်းဆက်ရှိနေ သည် ဆို၏။

ပုဂံခေတ်တွင် နဂိုရှိသော စေတီ ဟောင်းကို ရှင်မထီးဆရာတော်ကြီး တည်ထားတော်မူရာ ဦးအောင်မြင့် လည်း ပါဝင်ကြီးကြပ်ဆောင်ရွက်ခဲ့ဖူး ၏။ ယခု ယင်းစေတီသည် အုတ်ကျိုး အုတ်ပဲ့ဗရပွနှင့် အမှတ်အသားတစ်ခုမျှ သာရှိတော့၍ ပြန်လည်တည်ထားမည် ဆိုလျှင် ယခုဘဝတွင် လူဖြစ်နေသော ဦးအောင်မြင့်ပါဝင်မှ အထမြောက် မည် ဆို၏။

ဆရာတော်အား ဦးအောင်မြင့် လာပင့်ပြီးနောက် နှစ်ရက်မြောက်သော နေ့တွင် ထနောင်းကန်ရွာမှ ဦးဟံခင် သည် သူ့ရွာသို့ကြွရန်လာပင့်ပြန်၏။

ထနောင်းကန်ရွာကား ချောင်ကျ လှသဖြင့် မည်သည့်ရဟန်းလာလာ ရွာ အထိရောက်မလာဘဲ လှည့်ပြန်သွားမြဲ ဖြစ်သည်။ တပည့်တော်ရွာကိုသာ ကြွ ပါ။ အမြဲနေလိုကလည်း သိမ်ကုန်းဘုရား တွင် နေနိုင်ပါသည်။ အခြားကြွမည်ဆို လည်း နီးရာဟံဇားဘူတာမှတစ်ဆင့် ကြွ လိုရာဒေသအထိ ခရီးလက်မှတ်ဆက် ကပ်ပါမည်ဟု လျှောက်၏။

ထိုစဉ်က ထနောင်းကန်ရွာအရှေ့ ဘက် စမုံမြစ်ကမ်းပါးထက်တွင်ရှိသော သိမ်ကုန်းဘုရားသည် တောအုံထူထပ်၍ လူသူအရောက်အပေါက်နည်းပါးသော နေရာဖြစ်၏။ ရှေးဟောင်းဘုရားဖြစ်၍ ဥစ္စာစောင့်မျှား စောင့်ကြပ်သည်ဟု ကျော်ကြား၏။ ယခုမူ နိုင်ငံတော်အစိုးရ မှ စမုံရေထိန်းတမံကြီးကို ၁၉၉၀ ပြည့် နှစ်၊ မေလ ၁ ရက်နေ့တွင် စတင်တည် ဆောက် အောင်မြင်သဖြင့် စည်ကား လျက်ရှိနေလေသည်။

ဆရာတော်သည် သီတင်းကျွတ် လကွယ်နေ့တွင် နေထိုင်ခွင့်တစ်ပတ် ပြည့်ပြီဖြစ်၍ သက်ဆိုင်ရာရွာသူရွာသား ကိုသွားပြီး ပြန်မည့်ကိစ္စလျှောက်ထား၏။ နေ့လယ်ခင်းတွင် မူလလာရာလမ်းဖြစ်

ဆရာတော်ကြီး ဤသရက်ပင်အောက်တွင် ကွပ်ပျစ်ထိုး၍ သီတင်းသုံးခဲ့သည်

ဘုရားဟောင်းပုံတော်အတိုင်း ညောင်ခေါင်းကြီး

ဤမန်ကျည်းပင်အခြေတွင် ဆရာတော်ကြီး သီတင်းသုံးသွားခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com

သော အင်တိုင်းသာရွာ ရွာလယ်လမ်းအတိုင်း မြောက်မှတောင်သို့ သရက်ဥယျာဉ်ဆီထွက်လာလေ၏။

အင်တိုင်းသာရွာနှင့်သူကြီးဟောင်း ဦးအောင်မြင့်၏ သရက်ဥယျာဉ်သည် အလွန်တရာမဝေးလှပေ။ ခရာအကြာ၌ ဆရာတော်ရောက်ရှိလာရာ ဦးအောင်မြင့်မှ ဆီးကြိုပြီး ဆရာတော်အား -

"ရဟန်းဆိုတာ အရင်ပင့်သူထံ အရင်ကြွရိုးထုံးစံရှိပါတယ် ဘုရား။ တပည့်တော်က အရင်ပင့်ထားတော့ တပည့်တော်ဆီမှာပဲ သီတင်းသုံးပါဦး ဘုရား။ ဟောဟို ခေါင်းရင်းက သရက်ကြီးနှစ်ပင်ကို အရှင်ဘုရားတစ်သက်လုံးနေ တစ်သက်လုံးပင် လှူပါသည်ဘုရား"

ဟု လျှောက်ထား၏။

ဆရာတော်လည်း ဖိုးသူကြီး ဦးအောင်မြင့် လျှောက်ထားသည်ကို သက်ခံပြီး ယင်းသရက်ပင်ကြီးအောက်ရှိ ကွပ်ပျစ်တွင် (၅) ရက်အထိ သီတင်းသုံး၏။ ဆရာတော်၏ ဂုဏ်အင်အား အပြည်းပြည်း ရိပ်စားသိမြင်လာကြသော အင်တိုင်းသား၊ အုတ်တွင်း၊ နန်းတော်ကုန်း အစရှိသောရွာအသီးသီးမှ ဒကာ၊ ဒကာမများသည် သရက်ခြံဥယျာဉ်အထိ ဆွမ်းများလာရောက်လောင်းလှူကြ၏။

အင်တိုင်းသာ ဘုရားတိုက်သို့ ဆရာတော်ကြွမလာမီ တစ်ရက်အလို ညတစ်ညတွင် အင်တိုင်းသာရွာသူ တစ်ယောက် အိပ်မက်မြင်၏။ သပိတ်ကို လွယ်၊ သင်္ကန်းရုံပြီး တောင်ဝှေးထောက်လျက်နှင့် ရွာလယ်လမ်းအတိုင်း ကြွလာသော ရဟန်းတစ်ပါးကို ငွေတစ်ကျပ်လောင်းလှူရသည် ဟူ၏။

အိပ်မက်အတိုင်း နောက်တစ်နေ့ ညနေတွင် ဆရာတော်အား ဖူတွေ့ရရာ အိပ်မက်ထဲမှအတိုင်း ငွေတစ်ကျပ်လှူ ချင်စိတ်ပေါ် ပေါက်လာ၏။ ထို့ကြောင့် ငွေတစ်ကျပ်ဖိုး ဘီစကွတ်မုန့်များ ဝယ်လှူခဲ့သည်ဟု သိရလေ၏။

သခေါ ဗုဒ္ဓါန မုပ္ပဒေါ - လောကတွင် ဘုရားပွင့်လာခြင်းသည် လောကကြီးငြိမ်းချမ်းဖို့အတွက် ဖြစ်၏။ အလားတူ ပဋ္ဌာန်းဆက်ရှိရာ ဤဒေသသို့ ဤသို့သောပုဂ္ဂိုလ်မြတ် ဆိုက်ရောက်လာခြင်းကလည်း သာသနာတော်ထွန်းကားဖို့အတွက် ဖြစ်၏။

တကယ်ဆို ဖိုးသူကြီးဦးအောင်မြင့်နှင့် ဦးဟံခင်တို့သည် ထူးခြားပြီး

ညောင်ပင်ခေါင်းကြီးရေမှ ဦးဇီဟောင်နှင့် ဦးစိုးဆေ

အင်တိုင်းသာရွာမြောက်ဘက်ရှိ ဘုရားတိုက်များရှိသော တောအုပ်ကလေး

ကျေးဇူးတင်ထိုက်သောပုဂ္ဂိုလ်များ ဖြစ်ကြ၏။ အများတကာက သာမန်ကာလ၌ကာ ဒုဥတရဘုန်းကြီးတစ်ပါးအဖြစ် သာမြင်၍ မသိကျိုးကျွန်ပြုနေခဲ့ကြတွင် အလျင်အဦး လာရောက်ပင့်ဆောင်သူများ ဖြစ်ကြ၏။

ဦးအောင်မြင့်သည် ရွှေကျောင်းကုန်းတောင်ပေါ်တွင်ရှိသော ဘုရားနှင့် ပဋ္ဌာန်းဆက်ရှိခဲ့သကဲ့သို့ ဦးဟံခင်လည်း သိမ်ကုန်းဘုရားနှင့် ပဋ္ဌာန်းဆက်မရှိခဲ့ဟု မပြောနိုင်ချေ။ ယင်းဘုရားနှစ်ဆူစလုံးသည်လည်း ရှေးဟောင်းဘုရားများဖြစ်ကြပြီး ဥစ္စာစောင့်၊ သိုက်စောင့်များရှိကြသည်ဟူသောစကားကား ကျော်စောလေ၏။ ထိုထိုသောပုဂ္ဂိုလ်တို့က ဆရာတော်ပြန်မကြွရန် ဦးအောင်မြင့်နှင့် ဦးဟံခင်တို့အား ဆော်ကြိုးပေးသည်လည်း ဖြစ်နိုင်ချေ၏။

လူသူကင်းဆိတ် တောရိပ်ကိုမီ၍ သောဆရာတော်ကား မူလစိတ်စွဲရာ ရွှေကျောင်းကုန်းတောင်ကိုသာ နေလိုကြောင်း ဆန္ဒဖြစ်၏။ အုတ်တွင်း၊ နန်းတော်ကုန်း၊ အင်းတိုင်းသာဒကာများမှ တောင်ခြေတွင် တဲကျောင်းကလေးတစ်ကျောင်း တည်ဆောက်ကြ၏။ ဆရာတော်သည် ၁၃၄၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့တွင် သရက်ဥယျာဉ်မှ တောင်ခြေတဲကျောင်းရှိရာသို့ ကြွတော်မူခဲ့လေ၏။

ထိုစဉ်မှစ၍ သာစည်ရွှေကျောင်းကုန်းတောင်သာသနာသည် နေလိုလိုတစ်မုဟုတ်ချင်း တောက်ပလာ၏။ ဆရာတော်၏ သိက္ခာသုံးဖြာဂုဏ်အင်္ဂါကိုသိလာကြသော ဒေသခံရဟန်းများလည်း ဆရာတော်၏ သာသနာပြုလုပ်ငန်းကို ဝိုင်းဝန်းကူညီ အားပေးလာကြ၏။

ဤသို့ တောထွက်ခရီး ကြွတော်မူလာသောဆရာတော်ကား 'ရွှေကျောင်းကုန်းတောင်မရောက်မီ ပဋ္ဌာန်းဆက်များဆီ အမျိုးမျိုးချဉ်းကပ်ခဲ့ရသည်။ ခရာခဲဆစ် နေထိုင်သီတင်းသုံးတော်မူသော

www.burmeseclassic.com

www.burmeseclassic.com



အင်တိုင်းသာရွာမြောက်ဘက်မှ သဲချောင်းကြီး



ဦးအောင်မြင့်သရက်တောဥယျာဉ်အား အဝေးမှ ထုမ်းမြင်ရစဉ်

ရသော ယင်းနေရာများကလည်း မူလအတိုင်းအထင်အရှားရှိနေဆဲ ဖြစ်သည်။

စာရေးသူလည်း အမှတ်တရထူးမြတ်လှသော ယင်းနေရာများကိုသွားပြီး မှတ်တမ်းတင်ထားချင်စိတ်ဖြစ်ပေါ်နေသည်။ ထို့ကြောင့် မိတ်ဆွေကြီး ဦးရီမောင်ကို အဖော်ညှိကာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ မနက်တွင် ဆိုင်ကယ်တစ်စီးဖြင့် ထွက်လာခဲ့ကြသည်။

၂၀၁၅ ခု၊ ဇန်နဝါရီလထုတ် သူရဇ္ဈမဂ္ဂဇင်းတွင် 'ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး တရားထူးရှာမှီးခဲ့ရာ ခရီးလမ်းပန်း ကြမ်းတမ်းခက်ထန် တောင်တော်သုဝဏ္ဏာသျှဲ' ဟူသော ဆောင်းပါး ပါရှိခဲ့၏။ လက်ဆောင် စာအုပ်မဂဇင်မီကတည်းကပင် လက်ရှိ ရွှေကျောင်းကုန်းတောင် ဆရာတော် အရှင် ဦးဩဘာသအား ကပ်လှူရန် ဝယ်ထားဖြစ်ခဲ့၏။ သုဝဏ္ဏာသျှဲတောင်တွင် ခေတ္တရောက်နေသော ဆရာတော် ဦးဩဘာသအား လှူကြဲပါးဖြစ်စေကပ်ပေးရန်အတွက် ဇဝင်း ရွာဦးဟံညွှန့်ထံ ဝင်ပြီးပေးခဲ့သေးသည်။

နံနက် (၉) နာရီတွင် ဖိုးသူကြီး ဦးအောင်မြင့်၏ သရက်တောဥယျာဉ်ကို ရောက်လာခဲ့ကြသည်။ သရက်ပင်အို မြောက်များစွာကား တစ်ပင်နှင့်တစ်ပင် ထိစပ်အုပ်မိုးနေ၍ ဦးအောင်မြင့်၏ သားသမီး၊ မြေးတော်စပ်သူတို့၏ နေအိမ်လေး၊ ငါးအိမ်ခန့်ရှိသည်။ လုပ်ငန်းခွင်ထဲသွားနေကြသဖြင့် လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရ။ နွားလှည်းတစ်စီးမောင်း၍လာနေသော ရှားရှားပါးပါး ရောက်လာသူတစ်ဦးအား မေးစမ်းကြည့်ရသည်။

"ကျွန်တော်က အဘိုးဦးအောင်မြင့်မြေးပါ။ ကျွန်တော်တို့ ခပ်ငယ်ငယ်က ဒီသရက်ပင်ကြီးအောက် ကွပ်ပျစ်ကလေးထိုးပြီး ဆရာတော်ကြီးနေသွားတာ မှတ်မိသေးတယ်။ ဟိုတုန်းကတော့ အုပ်မိုင်းနေတဲ့အပင်ကြီးပေါ့ဗျာ။ အခုတော့ လေဒဏ်မိုးဒဏ်နဲ့ ကိုင်းတွေကျိုးပြီး မြင်ရတဲ့အတိုင်း ကျဲတောက်တောက်တွေဖြစ်ကုန်ပါပြီ"

သရက်တောဥယျာဉ်ကျယ်ကြီး၏ အရှေ့ဖျားတွင် အတန်ငယ်ကွဲနေသော သရက်ပင်နှစ်ပင်ရှိ၏။ ဆရာတော်ကြီး နေထိုင်သီတင်းသုံးသွားသောအပင်ခြေတွင်ကား ချုံပိတ်ပေါင်းများထူထပ်နေ၍ အနီးအကပ်းထိရောက်အောင်သွားမရ။ ယင်းသူငယ်ပြောပြနေသည်ကို မနီးမကပ်းမှနေ၍ ဓာတ်ပုံရိုက်ခဲ့ရ၏။

ထိုမှ အင်တိုင်းသာရွာသို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ အင်တိုင်းသာရွာ ကိုဖိုးဝေ၏အိမ်ကို ရောက်တော့ နံနက် (၁၀) နာရီထိုးချေပြီ။ တောင်၊ မြောက်ဝပ်စင်းနေသော တောင်တန်းကြီးသည် ရွာပေါ်သို့ တောရိပ်တောင်ရိပ်များ အုပ်မိုးနေသဖြင့် မှိုင်းရီစိုပြည်နေသည်။

အုတ်တွင်းကျေးရွာအုပ်စုကား ဆင်ရွာ၊ မြိုင်သာ၊ နန်းတော်ကုန်း၊ ရေတွင်းကြီး၊ သာယာကုန်း၊ အင်တိုင်းသာ (၇) ရွာ တစ်အုပ်စုဖြစ်၏။ ဟိုစဉ်မှာ အိမ်ခြေအနည်းငယ်သာရှိသော ရွာငယ်လေးများအားစုစည်းပြီး တစ်အုပ်စုဖွဲ့ထားရာ ယခုမူ အင်တိုင်းသာရွာသည်ပင် အိမ်ခြေ (၃၄၂) အိမ်ရှိနေချေပြီ။

ရွာ၏မြောက်ဘက်ကပ်လျက်တွင် ရှိသော သဲချောင်းသည် အရှေ့ရှိတောင်ကုန်းမှဆင်းလာသောချောင်း ဖြစ်သည်။ မိုးရာသီတွင် ရေဝေကြောတစ်လျှောက်မှ စီးဆင်းလာသော ရေများကား အနောက်စမုံမြစ်သို့တိုင်အောင် စီးဝင်သည်။ ယခုအချိန်အထိ စိမ့်စမ်းရေများ ရှိနေသေးသည်။

တောင်ပေါ်တွင် ရှမ်းရွာကလေးများရှိရာ မြေပြန့်နှင့် တောင်ပေါ် ကုန်းလုးဆက်ဆံသွားလာရာတွင် ခြေကျင်ခရီးတစ်ခုတည်းဘာရှိသည်။ နာရီအတန်ကြာ ကြန့်ကြာစွာ ဆင်းတက်ရသော တောင်ဖြစ်၍ ခရီးလမ်းကြောင်းပေါ်တွင် ရှိသော အင်တိုင်းသာရွာတွင် စတည်းချနားနေကြသည်။

အင်တိုင်းသာရွာ၏ အရှေ့တောင်ယွန်းယွန်းတွင်ကား ရှမ်းရိုးမကြီးမှနိမ့်ဆင်းတိုးထွက်လာသော တောင်ထွတ်တစ်ခုကို မနီးလွန်း၊ မဝေးလွန်းသဖြင့် ထင်ရှားစွာ လှမ်းမြင်နေရ၏။ တောင်တိုင်းနှင့်မတူ တစ်မျိုးတစ်မည် ထူးခြားနေဟန်ရှိသော ယင်းတောင်သည်ကား ရွှေကျောင်းကုန်းတောင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့လည်း ခဏတစ်ဖြတ် ရောနှောပြီး ဆရာတော်ကြီးသီတင်းသုံးတော်မူသွားသော ဘုရားတိုက်နေရာကို ကိုဖိုးဝေက လိုက်လံပြသသည်။ ရွာ၏ အောက်အထွက် သဲချောင်းကိုကျော်လွှားပြီး ခဏအကြာတွင် လက်ယာဘက်ဆီ ချောင်လိုက်သည်။ တသီးတသန့်ရှိနေသော တောအုပ်ညိုညို့လေးအား အလေးမှုပင် လှမ်းမြင်နေရသည်။

ဘုရားတိုက်နေရာကား ဧရာမ အုတ်ဟောင်း မန်ကျည်းပင်ကြီးများအုပ်ဆိုင်နေ၍ ဘုရားပြို၊ ဘုရားပျက်၊ ပြုပြင်ရန်မလိုပြီး ဘုရားများအား တွေ့ရ၏။ သို့သော်လည်း ဖြတ်တောက်ထားသော ညောင်ပင်ပင်စည်ပိုင်းကြီးလည်းရှိ၏။ တောချုံတောအုံများကား ပြောင်တင်းခါအောင်ရှင်းထား၍ လင်းလင်းကွင်းကျဉ်းဖြစ်နေသည်။

ထူးခြားသည်က ညောင်ပင်မျိုးသားသောဘုရားအား ပြုပြင်ပြီးသော်လည်း ဘုရားဟောင်းပုံသဏ္ဌာန်အတိုင်းကျန်သော ညောင်ခေါင်းကြီးအား ယခုတိုင်ရှိဆဲဖြစ်၏။ ယင်းညောင်ပင်ကြီးအား ညောင်ပွင့်ပွင့်ဖူးခဲ့သည်ဆို၏။ မပြုပြင်ရသေးသော ဘုရားဟောင်းများကလည်း သုံး၊ လေးဆူခန့်ရှိသေးသည်။

အရှေ့မြောက်ဘက်ယွန်းယွန်းတွင် တစ်ဆူတည်းကွဲနေသော စေတီအား ခဲကြိုးခပြီး အထက်ပိုင်းပြုတ်ကျသွားဖူးသည်။ ယခုအခါ ထီးတော်မတင်ရသေးသော်လည်း ပြုပြင်ထားပြီးဖြစ်၏။ ရှေးဟောင်းစေတီ မြောက်မြားစွာရှိနေသော ဘုရားမြေပရိဝုဏ်ကို ဘုရားတိုက်ဟုလည်းကောင်း၊ ညောင်ပွင့်ဘုရားများဟူ၍ လည်းကောင်း ခေါ်ဝေါ်နေကြသည်။

"ဆရာတော်ကြီးသီတင်းသုံးသွားတာကတော့ ဟောဟိုမန်ကျည်းပင်ကြီးအောက်ပေါ့ဗျာ"

ကိုဖိုးဝေက ဘုရားတိုက်များ၏ ခြေတော်ရင်းတွင် အနီးဆုံးဖြစ်သော မန်ကျည်းပင်ကြီးအား လက်ညှိုးထိုးပြကာပြော၏။

"အဲသည်တုန်းကတော့ ဆရာတော်ကြီးကို ယုံကြည်ကိုးကွယ်ဆည်းကပ်သူကလည်း မရှိသေးတော့ သစ်ပင်ရင်းကမြေကြီးပေါ်မှာ တစ်ပါးတည်းသီတင်းသုံးသွားရတာပေါ့။ ရွာထဲ ဆွမ်းဝင်ခံလို့၊ တရားအားထုတ်လို့နဲ့ အကာအရံအခင်းမပါဘဲနေသွားရတာပေါ့ဗျာ"

စာရေးသူလည်း ဆင်းရဲပင်ပန်းကြီးစွာ သီတင်းသုံးခဲ့သော ဆရာတော်ကြီးကို မြင်ယောင်ပြီး စိတ်မကောင်းခြင်းဖြစ်နေမိသည်။ မှတ်တမ်းဓာတ်ပုံများရိုက်ယူ၍ ဝတ်ပြုပြီး ထွက်ခွာလာကြသည်။

ဝေဘူဆရာတော်ကြီးက -

"မလိုချင်အောင်ကျင့်ဗျ၊ မလိုချင်အောင်ရလိမ့်မယ်" တဲ့။

ဆရာတော်လည်း ရွှေကျောင်းကုန်းတောင်တွင် ရုပ်အာရုံကို လွန်မြောက်၍ နာမ်အာရုံ၌ဖြစ်စေသည့် ငြိမ်သက်သော လွတ်မြောက်ကြောင်းတရားတို့အား ကျင့်ကြံတော်မူ၏။ 'ရွှေကျောင်းကုန်းတောင်ဆရာတော်' ဟူသောနာမည်ကလည်း တစ်ရှိန်ထိုးကျော်စောလာ၏။

ရဟန်းရှင်လူတချို့လည်း ဆရာတော်အား အတုယူအားကျကာ တောင်ပေါ်အထိတက်လာပြီး တရားအားထုတ်ကြသည်။

ဆရာတော်သည် အင်တိုင်းသား ဘုရားတိုက်တွင်နေစဉ်မှာ ဖိုးသူကြီး ဦးအောင်မြင့်နောက် ဒုတိယမြောက်လာပင့်ဖူးသော ဦးဟံခင်ရွာ ထနောင်းကုန်းကို ပထမဝါဆိုလဆန်းတွင် ကြွတော်မူ၏။ သိမ်ကုန်းဘုရားတွင် တရားပြခြင်း၊ တရားဟောခြင်းများပြု၏။ ယင်းမရှိး၊ ထနောင်းကုန်း၊ ကျားပစ်ကန်၊ ငှက်ကြီးသိုက်၊ မြောင်းဦးရွာများအထိ ဆွမ်းခံလှည့်လည်ပေး၏။ (၁၀) ရက်မြောက်နေ့ပေးပြီး ရွှေကျောင်းကုန်းတောင်သို့ ပြန်လည်ကြွခဲ့လေ၏။

ဆရာတော်ကား ရွှေကျောင်းကုန်းတောင်သာသနာအခိုင်အမာဖြစ်စေသည်အထိ လုံ့လစိုက်တော်မူခဲ့၏။ နေသားတကျဖြစ်၍ စိတ်ချရသော ဝေနေယျများပေါ် ပေါက်လာသည်အထိ ကြိုးပမ်းတော်မူပြီး ၁၃၅၃ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်နေ့တွင် တောင်တော်အား စွန့်ခွာကွယ်သွားတော်မူလေသည်။

တောလုံးပတ်လည်လှည့်လည်ပြီး ကြွချီတော်မူလျက်ရှိသော ဆရာတော်သည် ရှမ်းပြည်နယ်အရှေ့ခြမ်းမှ သုဝဏ္ဏသို့တောင်တန်းတွင်လည်း သီတင်းသုံးတော်မူခဲ့၏။ ယင်းတောင်ထက်တွင် မဟာမြိုင်ကျောင်းဆောက်ပြီး သီတင်းသုံးရာမှ 'မဟာဗောဓိမြိုင်ဆရာတော်ကြီး' ဟူ၍ ဖြစ်ခဲ့၏။

ဘဝဟောင်းအဆက်ဆက်တွင် မတော်စပ်ခဲ့ဘူးသည်ပင် မရှိကြကုန်သော ပုဂ္ဂိုလ်၊ သတ္တဝါ ဟူသမျှတို့အား မေတ္တာ၊ ကရုဏာကြီးမားစွာဖြင့် လိုက်လံချွေချွတ်ဝေးတော်မူလျက်ရှိနေ၏။ တောထွက်လာစဉ်က မူလတည်ခိုခဲ့ရသော အင်တိုင်းသား ဘုရားတိုက်နေရာကိုလည်း ဆရာတော်ကြီး အမှတ်တရရှိနေဦးမည်ကတော့ သေချာနေ၏။

တကယ်ဆိုတော့ သာစည်ရွှေကျောင်းတောင်သာသနာ့နယ်မြေကား ရောက်ဖူး ဦးခိုက်ထိုက်သူတိုင်း ရောက်လာကြသည်ချည်း ဖြစ်၏။ မဝေးသော ဤခရီးအား လာချင်လျှင် အနီးကလေးသာဖြစ်သဖြင့် ဖော်ပြပါကဏ္ဍလေးဖြင့် ဖိတ်ကြား၍ ကျေးဇူးတော်ရှင် ဝနဝါသီဥ ယျဓမ္မသာမိထေရ် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား ပူဇော်အပ်ပါသတည်း။

- *သာစည်အရှေ့ ဆယ်မိုင်ကွာ ရွှေကျောင်းကုန်းတောင် သာသနာ၊ လှိုင်းတက်ရောက်လာ မြောက်အဆုံး အုတ်တွင်းအုပ်စု နန်းတော်ကုန်း။*
- *လမ်းဆုံစုရုံး မုခ်အောက်က အရှေ့ကိုဆီ သွားလိုက်ကြ၊ ဦးတိုက်ဖူးရ တောင်ထိပ်တုံ သာသနာ့ကံ အဆောက်အအုံ။*
- *သင်းပျံ့မွှေးထုံ အင်ကြင်းမြေကား ဆိုင်ကယ်များ ဆင်းတက်နေ၊ ဓမ္မသံဝေ လေပြည်လေး သာယာချမ်းမြေ့ ရင်ဝယ်အေး။*
- *ဟိုစဉ်ကရွေး သူတော်တွေ ထူးမြတ်တရား မွေ့လျော်နေ၊ ကနဦးမြေ တောထွက်သော် မဟာဗောဓိမြိုင်ဆရာတော်။*
- *မြတ်နိဗ္ဗာန်ဆော် ဓာတ်ပန္နက် ဝေနေယျများ ဆိုက်စေမင်၊ ကြုံကြိုက်ပါလျက် မေ့မနေ ဖိတ်ခေါ်ပါရဲ့လေ။*

ရွှေကျောင်းကုန်းမြေ ဆိတ်ငြိမ်လှ သူတော်တွေ မွေ့လျော်ကြတယ်လေး။

အာကာသ (သာစည်)

ဝန်ခံချက် -

မဟာဗောဓိမြိုင်ဆရာတော်ကြီးကိုယ်တိုင်ရေးအထွဋ်ပုတ္ထိ၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလထုတ် 'ဘဝကန့်ရသကေ်တကထာ - ခရီးလမ်းကြမ်းစခန်းဖွေရှာ တစ်သက်တာ' အားကိုးကားပါသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ကိုယ်တိုင်ရောက်ရှိ မှတ်တမ်းယူသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားလေးဆူပဋ္ဌာန်းအင်းနှင့် နဝင်းငါးမျိုးဥစ္စာတိုးအင်းတို့၏အစွမ်းထက်ပုံ

ရောင်ဖြူ-ကျော်ဝေ

(၁) ဘုရားလေးဆူပဋ္ဌာန်းအင်း



စက်ဝိုင်းသုံးထပ်
အတွင်းအင်းကွက်
ဘုရားလေးဆူနှင့်အင်းဂဏန်းများ

(၁) ဘုရားလေးဆူပဋ္ဌာန်းအင်းတော်အတွက် ပဋ္ဌာန်း ၂၄ ပစ္စည်း

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရ ပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယောတိ။

(၂) နဝင်းငါးမျိုးဥစ္စာတိုးအင်း

၇	၁	၆
၈	၅	၉
၄	၉	၂

၆	၁၀း	၀
၀	ပြား	ကျပ်

ငွေနှံအဓိပ္ပာယ်
ရေးခေတ်သုံးငွေကြေး

၀ ငါးမူး
ကျပ်ဝက်

(၂) နဝင်းငါးမျိုး
ဥစ္စာတိုးအင်းတော်အတွက်
(ဘုရားငါးဆူဂါထာတော်)

ကကုသန္ဓော၊ကောဏာဂမနော။
ကဿပေါ်၊ ဂေါတမောမုနိ၊
မေတ္တေယျော၊ ပဥ္စဗုဒ္ဓတေ၊
သီသေမေသေန္တ သဗ္ဗဒါ၊
အတေသံ၊ အာနုဘာဝေန၊
ယက္ခာဒေဝါ၊ မဟိဒ္ဓိကာ၊
သဗ္ဗေပိ၊ သုခီတာဟောန္တု
မမမ်ိတ္တာ၊ သဟာယကာ။

၇ + ၅ + ၆ = ၁၈ ဘေးတိုက် = ၁ + ၈ = ၉/နဝင်း
၇ + ၈ + ၃ = ၁၈ ဒေါင်လိုက် = ၁ + ၈ = ၉/နဝင်း
၃ + ၃ + ၃ = ၉ ဘေးတိုက် = ၉/နဝင်း
၃ + ၉ + ၆ = ၁၈ ဒေါင်လိုက် = ၁ + ၈ = ၉/နဝင်း
၅ + ၁ + ၃ = ၉ အလယ်ဒေါင်လိုက် = ၉/နဝင်း
၇ + ၁ + ၃ = ၁၁ ဒေါင့်ဖြတ်သည် (၁၁) မီးငြိမ်းအဓိပ္ပာယ်
၇ + ၁ + ၆ = ၁၀ ဒေါင့်ဖြတ်သည် (၁၀) ပါးသောဆုအဓိပ္ပာယ်

တစ်နေ့တွင် စာရေးသူထံသို့ မိတ်ဆွေ ကိုသန်းဇော်တစ်ယောက် ရောက်လာလေသည်။ ကိုသန်းဇော်က စာရေးသူကို မြင်မြင်ချင်း -

"ဟေ့လူကြီး၊ ခင်ဗျားမဂ္ဂဇင်းတွေမှာ စာရေးနေတဲ့ စာရေးဆရာတစ်ယောက်ဖြစ်နေတာ ကျွန်တော်မသိဘူးဗျ။ ဟိုဗျာ ခင်ဗျားတဲ့ပည့် ကိုစံသောင်းနဲ့တွေ့မှ ဂုဏ်ရှစာပေတွေရေးနေတဲ့ ရောမြေကျော်ဝေ ဆိုတာ ခင်ဗျားလို့ပြောမှ ကျွန်တော်သိခဲ့ရတယ်။ ကျွန်တော်က သူရဇ္ဈမဂ္ဂဇင်းကို လစဉ်ဝယ်ဖတ်နေကြဗျ။ ကျွန်တော် ယခု ပုသိမ်မှာနေတယ်။ ခင်ဗျားလမ်းကြုံရင်ဝင်ခဲ့ဗျာ။ ကျွန်တော် က စာမရေးတတ်ပေမယ့် ဂုဏ်ရှစာပေတွေကိုတော့ဖတ်တယ်။ ခင်ဗျားရဲ့ဝတ္ထုတိုလေးတွေ၊ ဆောင်းပါးလေးတွေ၊ အထူးသဖြင့် ဆေးဆောင်းပါးလေးတွေကို ကျွန်တော်အဖတ်များပါတယ်။ခင်ဗျားကို ကျွန်တော်ရထားတဲ့အဆောင်အင်းနှစ်မျိုးကိုပြချင်လို့လာခဲ့တာပါ။" ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com

သည်း စာရေးလို့ရအောင်၊ ကျွန်တော် သည်း အကျိုးရှိအောင်ပေါ့ဗျာ"

ကိုသန်းဇော်သည် စကားတွေကို ဆောင့်ဖွဲ့အောင်ပြောပြီး အာခြောက် သွားသဖြင့် စားပွဲပေါ် မှတည်ခင်းထား သော ရေနွေးကြမ်းအိုးထဲမှ ရေနွေးတစ် ခွက်ကို မှုတ်သောက်ပြီး သူ၏လည်ပင်း ဆွဲထားသော စတီးဆွဲကြိုးကို ချွတ် ပြီး စတီးကြေတ်ထဲမှလိပ်ထားသော ငွေ နှံပြားလေးနှစ်ခုကို ထုတ်၍ပြလေ သည်။

"ကိုကျော်ဝေ၊ အဲဒီအင်းနှစ်ချပ်ရဲ့ အဓိပ္ပာယ်ကို ကျွန်တော်မ ရှင်းလို့ ခင်ဗျား သိရင် ပြောပြပေးပါဗျာ"

ဟု ပြောသောအခါ စာရေးသူ သည် အင်းနှင့်ပတ်သက်ပြီး ဆရာ ဟုတ်ပါ။အင်းနှင့်ပတ်သက်သော ဂန္ဓိရ စာပေတွေကိုရေးနေသော ဂန္ဓိရစာရေး ဆရာတစ်ယောက်သာ ဖြစ်သည်။ ကိုသန်းဇော်ထုတ်ပြသော အင်းနှစ်ချပ် ကို သေချာစွာဖြေကြည့်ပြီး -

"ကျွန်တော်က အင်းအိုင်၊ လက်ဖွဲ့ တွေကို မတတ်ပါဘူးဗျာ။ ကျွန်တော် အမှန်အတိုင်းပြောတာပါ။ ဝါသနာပါသူ တွေအတွက် အင်းစီရင်ပုံပြုလုပ်နည်း တွေကို ဆရာတွေထံမှာ စာမူကြမ်း တောင်းပြီးမှ အချောသတ်ရေးရတာပါ။ ကျွန်တော်ဝါသနာပါတာ စာရေးခြင်း အတတ်ပညာတစ်ခုတည်းပါ။ အင်း လက်ဖွဲ့၊ အင်္ဂရိဇာတ် စတဲ့ ဝိဇ္ဇာလမ်းတွေ လိုက်စားတဲ့ ကျွန်တော်ရဲ့ဆရာတော် ဘုန်းကြီး ဦးဝါဃမဆီကို ကျွန်တော်နဲ့ အတူ ကိုသန်းဇော်လိုက်ခဲ့ပါ။ မဝေးပါ ဘူး။ ဆရာတော်ကိုပြကြည့်ရင် ကိုသန်း ဇော်ဆောင်ထားတဲ့ အင်းနှစ်ချပ်က ဘယ်လိုအစွမ်းထက်သလဲဆိုတာ သိရ မှာပါ"

ကိုသန်းဇော်သည် စာရေးသူကို အားကိုးတကြီးနှင့်-

"ကဲ - လူကြီး၊ အဝတ်လဲဗျာ။ ခင်ဗျားဆရာတော်ထံကို အခုပဲသွားကြ ရအောင်။ ကျွန်တော်ဆိုက်ကားခခံပါ့ မယ်"

ဟုပြောပြီး ကိုသန်းဇော်နှင့်စာရေး သူတို့ ဆရာတော်ရှိရာ လယ်ပြင်တိုက် ကျောင်းသို့ ထွက်ခွာသွားခဲ့လေသည်။ ဆရာတော်သည် ဖိုရုံထဲတွင် အင်္ဂရိတ် ထိုးနေသည်။ ခဏနားပြီး ကိုသန်းဇော် ၏ အဆောင် ငွေနှံပြားအင်းနှစ်ခုကို သေချာစွာကြည့်ပြီး -

"ဒကာကြီးတို့၊ ကျွပ်ကျောင်းပေါ် ကိုလိုက်ခဲ့ကြ"

ဟု ဆရာတော်က ရှေ့ကကြွသွား သလို စာရေးသူနှင့် ကိုသန်းဇော်တို့က လည်း နောက်ကလိုက်သွားကြပါသည်။ ဆရာတော်က ကျက်သရေခန်းထဲမှ ဖီးကြမ်းငုတ်မျောသီးတစ်ဖီးကို လင်ပန်း ထဲထည့်ပြီး -

"ဒကာကြီးတို့စားကြ၊ ဘုန်းကြီး ကျွေးတာစားမှ ဘုန်းကြီးကကြိုက်တယ်"

ဟု ပြောပြောဆိုဆိုဖြင့် ဒီရိုတစ်ခု ရှေ့သို့သွားပြီး သောဖွင့်၍ စာအုပ်များ ကိုရှာဖွေလေသည်။ ဟောင်းနွမ်းနေပြီ ဖြစ်သော ဗလာစာအုပ်ညစ်ထေးထေး တစ်အုပ်ထဲမှစာရွက်များကို ဟိုလှန်ဒီ လှန်ဖြင့် ရှာနေလေသည်။ မိနစ်အနည်း ငယ်ကြာမှ ဆရာတော်က -

"ဒီဒကာကြီး ဦးသန်းဇော်ဆောင် ထားတဲ့အင်းတွေက ကောင်းပါတယ်။ တစ်ခုက ဘုရားလေးဆူပဋ္ဌာန်းအင်း၊ တစ်ခုက နဝင်းငါးမျိုးဥစ္စာတိုးအင်းပဲ။ အားလုံးကောင်းပါတယ်။ ဒကာကြီး ဒီအင်းနှစ်ချပ်ကို ဘယ်ကရသလဲ"

လို့ ဆရာတော်က မေးတော့ ကိုသန်းဇော်က -

"တပည့်တော် ဆရာတော်ဦးဉာဏ ဇော်စီရင်ပေးထားတာပါ ဘုရား"

"ဆရာတော်ဦးဉာဏဇော်က တော် ပါပေတယ်။ ဒီအင်းစီရင်ပုံလေးတွေကို ကော ဒကာသိရဲ့လား"

ဟု ကိုသန်းဇော်ကို ဆရာတော် ကမေးတော့ စာရေးသူက ကြားမှဖြတ် ပြီး-

"တပည့်တော်လည်း သိချင်ပါ တယ်ဘုရား ပြောပြပါဘုရား"

ဟု ဆိုတော့ ဆရာတော်က -

"ကျွပ်ပြောပြပါ့မယ်။ ဒီအင်းတွေ က ကျွပ်ဆရာတော်ကြီးလက်ထက်ထဲ က အင်းတွေပါ။ ဒါပေမယ့် ဘုန်းကြီးက အင်္ဂရိတ်ကိုဝါသနာပါတယ်။ အင်းပညာ လည်းပစ်မထားပါဘူး။ ကဲ - အင်းပိုင်ရှင် ဒကာကြီးဦးသန်းဇော်ကလည်း ဗဟုသု တအဖြစ်မှတ်ထားပေါ့။ ကျွပ်ဒကာကြီး စာရေးဆရာ ဧရာမြေကျော်ဝေကလည်း ကျွပ်ပြောတာကိုမှတ်ထားပြီး စာရေး ချင်ရေးပေါ့။ ကျွပ်ခွင့်ပြုပါတယ်"

ဟု ဆရာတော် ဦးဝါဃမက ဘုရားလေးဆူပဋ္ဌာန်းအင်းနှင့် နဝင်းငါး မျိုး ဥစ္စာတိုးအင်းကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

ဘုရားလေးဆူပဋ္ဌာန်းအင်းတော် ကို ပုံတွင်ပြထားသည့်အတိုင်းရေးဆွဲပြီး အင်းကွက်ချပါ။ ဘုရားလေးဆူကို သတ် မှတ်ထားသော စက်ဝိုင်းကွက်တွင် အစဉ် လိုက်ထည့်သွင်းရေးသားပါ။ ထို့နောက် အတွင်းဝိုင်းအကွက်များတွင် ပဋ္ဌာန်း - ၂၄ပစ္စည်းကိုရွတ်ပြီး (၁) မှစ၍ အစဉ် လိုက်အကွက်မှန်စွာ (၂၄) အထိ ဂဏန်း ရေးသွင်းပါ။ ထိုအင်းဆန်ရေးသွင်းရာ တွင် ကတ်ထူစက္ကူပြား၊ ရွှေ၊ ငွေ၊ ခဲ၊ ဘော်၊ ကြေးနီ၊ ကြေးဝါပြား စသည့် မိမိ တို့ကြိုက်နှစ်သက်ရာဖြင့် အဆောင်အင်း ကို စီမံနိုင်ပါသည်။ အင်း၏အကျိုးကျေး ဇူးကား-

၁။ ရန်သူမျိုးငါးပါးတို့ဘေးမှ လုံခြုံ၏။
၂။ မိစ္ဆာပယောဂဘေးတို့မှ ကင်းဝေး ခြင်း၊
၃။ ဆရာကောင်းတစ်ဆူအဖြစ် ရှင် ရှိသေ၊ လူရှိသေခံရခြင်း၊
၄။ သားရဲတိရစ္ဆာန်တို့ဘေးမှကင်းဝေး ၏။
၅။ အစာရေစာ ရွှေငွေဥစ္စာပစ္စည်း ဓနဖြိုးကြွယ်ဝခြင်း၊
၆။ အခွေအရံပေါများခြင်း၊
၇။ ဘုရားလေးဆူ ကာရံထားသဖြင့် နတ်တို့စောင့်ရှောက်ခြင်းကိုခံရ၏။

အင်းကိုစီမံပြီးဆောင်လိုသူသည် ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်ရမည်။ ကံငါး ပါးကိုလုံခြုံသောသူဖြစ်ရမည်။ မိဘ၊ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို အမြဲ သိတတ်သူဖြစ်ရမည်။ အင်းကိုဆောင် ထားသောသူသည် မိမိ၏မွေးနေ့နံနက် (၉) နာရီအချိန်တွင် တန်ခိုးကြီးဘုရား တစ်ဆူတွင် သိဒ္ဓိတင်ရမည်။ ခရီးသွားသူ တို့အတွက် အဆောင်အင်းသည် မိမိနှင့် တစ်ပါးတည်းရှိနေရမည်။ ခရီးမသွားသူ တို့အတွက် မိမိအိမ်ရှိ ဘုရားဗုဒ္ဓရုပ်ပွား တော်အောက်တွင် အင်းပြားကိုထားရှိ ရမည်။ ကျောင်းဆောင်အတွင်း တစ်နေ ရာရာတွင်လည်း မှတ်သားပြီးထားလျှင် ရသည်။ ဒါက ဘုရားလေးဆူပဋ္ဌာန်း အင်းတော်ကြီးကို ဖော်ပြခြင်းဖြစ်သည်။ နောက်တစ်မျိုး နဝင်းငါးမျိုးဥစ္စာတိုးအင်း ကို စီမံပုံမှာလည်း ဘုရားငါးဆူအနှ ရာယ်ကင်းဂါထာတော်ကို ပထမရွတ် ဖတ်ရမည်မှာ (၉) ခေါက် ဖြစ်သည်။ အင်းကို(၉)ကွက်ချ၍ ပုံတွင်ပြထားသည့် အတိုင်း လက်ယာရစ် အင်းဆန်သွင်းရ ပါမည်။ ဘုရားတွင် ပန်းဖြူ (၉) ပွင့်၊ ဖယောင်းအလင်းတိုင် (၉) တိုင်၊ နံ့သာ အမွှေးတိုင် (၉) တိုင်၊ သောက်တော်ရေ (၉)ခွက်တို့ကို နံနက် (၉) နာရီတိုင် အချိန်တွင် ကပ်လှူပူဇော်ပြီး အင်းကို

www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း (လွှန်ဆေး)

နှလုံးရောဂါပျောက်ကင်းဝေနိုင်သည့်ဆေးဓာတ်စာ

စာဖတ်သူများကို တစောင်းလက်ပပ်နှင့် ငါးရံ့(ခေါင်းတို) နှစ်မျိုးပေါင်းစပ်စားသုံးခြင်းအား ဦးစွာတင်ပြလိုပါသည်။

တစောင်းလက်ပပ်အပင်မှအလက်တစ်ခုကိုယူ၍ နှစ်လက်မခန့်အရွယ်အတုံးလေးများဖြတ်ပါ။ အပေါ်ယံအခွံလွှာအစိမ်းကို ဓားပါးပါးလေးနှင့်လှီးထုတ်ပါ။ ပေါ်လာသောအတွင်းသား(ဂျယ်လီ)ကို အခွံအစိမ်းသားမပါစေဘဲ လှီးထုတ်ပြီး ပန်းကန်လုံးတစ်ခုအတွင်း စုထည့်ထားရပါမည်။

ဒုတိယအဆင့်အနေဖြင့် ငါးရံ့(ခေါင်းတို) အကြီး သို့မဟုတ် အလတ်နှစ်ကောင်(သို့)သုံးကောင်ကို ခုတ်ထစ်ကိုင်တွယ်ပြီးလျှင် ရေဆေးပါ။ ငါးခေါင်းကိုဖြတ်ထုတ်ပြီး ဗိုက်ခွဲပါ။ ဘေးနှစ်ဖက်ကို ဓားပါးလေးဖြင့်သုံး၊ လေးနေရာ မွှန်းပေးပါ။ ရေဆေးကိုင်တွယ်ပြီးသောငါးများကို ဆား၊ နနွင်း၊ တစောင်းလက်ပပ်ဂျယ်လီတို့ဖြင့် ရောမွှေဆုပ်နယ်ပေးပါ။

စိတ်တိုင်းကျဆုပ်နယ်ပြီးသောငါးများကို ဝါးညှပ်တွင်ညှပ်ပေးထားပါ။ ဝါးညှပ်တွင်မညှပ်မီ ဗိုက်ခွဲထားသောငါးများ၏ဝမ်းဗိုက်အတွင်း တစောင်းလက်ပပ်ဂျယ်ရီထည့်သွင်းပြန်ပိတ်ရပါသည်။ ငါးများညှပ်ထားသောငါးညှပ်ကို မီးကျီးခဲရဲရဲနှင့် မီးကင်ပေးရပါသည်။ တစ်အောင့်ကြာလျှင် စားချင့်စဖွယ် ငါးကင်အနံ့မွှေးပျံ့လာပြီး စားသုံးရန်အသင့်ဖြစ်နေပါလိမ့်မည်။

❑

မြန်အောင်မြို့နယ်၊ ညောင်မြစ်ဆွဲအုပ်စု ပြည်တော်သာကျေးရွာတွင် နေထိုင်သည့် ကိုသန်းထွန်းဆိုသူအား ညောင်မြစ်ဆွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးစာရေး ကိုမြင့်သိန်းက တွေ့ဆုံပေးခဲ့ပါသည်။ ကိုသန်းထွန်းမှာ အသက် (၄၅) နှစ်ခန့်ရှိပြီး မိသားစုဝမ်းရေးအတွက် သစ်ပင်ခုတ်၊ ထင်းပေါက် မြက်ချုံရှင်း၊ မြေကြီးပေါက် အလုပ်ကြမ်းလုပ်ကိုင်သူတစ်ဦးလည်းဖြစ်ပါသည်။ သားသမီးသုံးဦး၊ ဇနီးသည်နှင့် မိသားစု (၅) ဦးအတွက် နေ့စဉ်မနားတမ်း လုပ်ကိုင်ရှာဖွေနေရသူဖြစ်ပါသည်။

ငယ်ရွယ်သန်မာလုပ်ကိုင်နိုင်ရှိသော်လည်း ယခုရက်ပိုင်းအလုပ်လုပ်ရသည်မှာ အဆင်မပြေလှပါ။ အနည်းငယ်မျှလှုပ်ရှားသည်နှင့် မောပမ်းရင်တုန်ဖြစ်လာသည်။ ချွေးစေးတွေထွက်လာသည်။ခြေလက်တွေမလှုပ်ရှားနိုင်အောင် ဖြစ်လာသည်မို့ အိမ်မှာပင်နားနေ၍ ဆေးထိုး၊ဆေးသောက်ပြုရသည်။ လက်မောင်းရင်းတွေ နာကျင်ကိုက်ခဲသည်။ စကားပြောလျှင် လေမဆတ်ချင်သလိုပင်ဖြစ်လာရသည်။

ဆရာဝန်နှင့်ပြသစစ်ဆေးတော့မှ နှလုံးရောဂါဟုသိရသည်။ တစ်ပတ်တစ်ခါပြသရသည်။ သောက်ဆေးတစ်ပတ်စာဝယ်သောက်ရသည်။ နားနားနေနေနေရသည့်သူဌေးရောဂါမို့ ဝင်ငွေမရှိ၊ စားဝတ်နေရေးခက်ခဲနှင့်ကြုံတွေ့လာရတော့သည်။ တစ်လခွဲလောက်ကြာသည်တွင် နဂိုကမှ ရရစားစားဘဝမို့ ဆရာပန်လည်းမပြနိုင်၊ ဆေးလည်းမဝယ်နိုင်လက်မှိုင်ချရသည့်အခြေအနေကို ခါးသီးစွာ တွေ့ကြုံလာရတော့သည်။

တစ်ရက်တွင် ကိုသန်းထွန်းထံသို့ အထက်အညာမှ ထန်းလာတက်သော ဦးဘိုးလှက ဓာတ်စာစားနည်းတစ်ခုကို စားကြည့်ရန် အလေးအနက်ပြောကြားလာပါသည်။

ဦးဘိုးလှက ကိုသန်းထွန်း၏နှလုံးရောဂါအမြစ်ပြတ်ပျောက်ကင်းမည်ဟု အာမခံပြောကြားခြင်း၊ ငွေကြေးကုန်ကျစရာလည်းမရှိသလောက်မို့ စိမ်စားသုံးဖို့ရာ စိတ်အားထက်သန်နေပါသည်။

ထို့မှစ၍ နေ့စဉ် တစ်နေ့(၃)ကြိမ် ပုံမှန်စားသုံးခဲ့ရာ (၂)လကျော်စားသုံးပြီးသည့်အခါ သိသိသာသာကောင်းမွန်တိုးတက်လာခဲ့ပါသည်။ (၃)လကျော်ကာလတွင်မူ မောပန်းခြင်း၊ နှလုံးတုန်ရင်တုန်ခြင်း၊ ခြေလက်မလှုပ်ရှားချင်သည့်ရောဂါများ လုံးဝကင်းစင်ပျောက်ကင်းပြီဖြစ်၍ မိသားစုစားဝတ်နေရေးအတွက် ယခင်အတိုင်း လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ကျန်းမာရေးကောင်းမွန်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ကိုသန်းထွန်း၏ နှလုံးရောဂါပျောက်ကင်းသော လက်တွေ့ဆေးဓာတ်စာမှာ ရှေ့ပိုင်းက တင်ပြခဲ့သည့်အတိုင်း တစောင်းလက်ပပ်နှင့် ငါးရံ့ခေါင်းတို စိမ်စားသုံးနည်းပင်ဖြစ်ပါကြောင်း သိရှိစားသုံးနိုင်ကြရန် မှတ်တမ်းပြု ရေးသား တင်ပြအပ်ပါသည်။

နေဝင်းဝင်း (လွှန်ဆေး)

အသက်သွင်းရမည်။ အင်းပြုလုပ်ရာတွင် ယုံကြည်မှုအပြည့်ရှိရမည်။ အထက်ဖော်ပြပါ ဘုရားလေးဆူပဋ္ဌာန်းအင်းကဲ့သို့ ရွှေပြား၊ ငွေပြား၊ ဘော်ပြား၊ ခဲနှင့်ကြေးနီ၊ ကြေးဝါပြားများဖြင့်လည်း ပြုလုပ်၍ရသည်။ အင်း၏အစွမ်းထက်ပုံမှာ သူခိုးဘေး၊ ဓားပြဘေး၊ မလိုသူတို့ဘေးမှ ကင်းဝေးသည်။ စီးပွားလာဘ်လာဘ၊ အကြံအစည်ဟူသမျှ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်မည်။ ဆယ်ပါးသောဆုနှင့်ပြည့်စုံခြင်း၊ ဆယ့်တစ်မီးငြိမ်းခြင်းသည် ရဟန္တာပုဂ္ဂိုလ်များကို ဆိုလိုပါသည်။ သို့သော် ရဟန္တာများအင်းမဆောင်ကြပါ။ ဝိဇ္ဇာလမ်းလိုက်သောပုဂ္ဂိုလ်များထဲတွင် လူပုဂ္ဂိုလ်၊ရဟန်းပုဂ္ဂိုလ်များသာလျှင် အဆောင်အဖြစ် အင်းကိုဆောင်ကြပါသည်။ လောကီလူသားတို့အတွက် ပစ္စည်းဥစ္စာ၊ ရတနာရွှေငွေတို့ကတာစည်းစိမ်တို့သည် ကဲငါးပါးကိုလုံခြုံသူတို့အတွက်သာလျှင် မြဲမြံတည်တံ့ပါသည်။

ဆရာတော် ဦးဝါယမသည် သူ၏ဆရာတော်ကြီးကိုယ်တွေ့ကို နောက်များမှဆုံလျှင် ပြောပြပါဦးမည်ဟုပြောပြီး ဖိုရုံအတွင်းသို့ဝင်မည်အပြုံစွင့် စာရေးသူ၏မိတ်ဆွေ ကိုသန်းဇော်က ဝတ္ထာငွေငါးထောင်ကျပ်ကို ဆရာတော်၏လက်ဝယ်သို့လှူပြီး ကျေးဇူးတင်စကားပြောပြီး ဆရာတော်ကိုဦးခိုက်၍ သူငယ်ချင်းနှစ်ယောက်ပြန်ခဲ့လေတော့သည်။

ဇရာမြေကျောင်ဝေ

www.burmeseclassic.com

www.burmeseclassic.com

ထို ဘုရားအိုများ၊ စေတီပြိုများ သည် တိကျစ်ဒေသ၌ ပုဂံပြည်အငယ်စားလေးပမာ တွေ့မြင်ကြရသည်မှာ သွမ်းမောဖွယ်ကောင်းလှပါလေသည်။ ပြုံကျပျက်စီးနေသောအုတ်ပုံကြားတွင် ကျောက်ဖြူသားနားကင်းအပြားပါရှိပြီး အထွတ်၌ အချွန်ပါသော ဆင်းတုတော်များလည်း များစွာပါရှိနေပါ၏။ သမိုင်းသုတေသီတို့အဆိုအရ ထိုကျောက်ဖြူသားဆင်းတုတော်များကို ဗဒုံမင်းလက်ထက်တော်မှ လက်ရာများဖြစ်ကြောင်း မှတ်သားသိရှိရသည်။ ထိုဆင်းတုတော်များကို စံကားနယ် (ဖယ်ခုံအနီး) မော်ဘီဘုန်းကြီးကျောင်းတွင် လည်းကောင်း၊ အင်းလေးကန်တွင်းရှိ အင်းတိမ်စေတီစုတို့တွင် လည်းကောင်း၊ ဆီဆိုင်မြို့နယ် နောင်တော်ရွာအနီး ရေကန်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ တောင်ကြီးမြို့နယ်အတွင်းရှိ ကတ္တူစေတီစုတွင် လည်းကောင်း၊ ခိုင်းကိုင်မြို့ရှိ ရွှေမြင်တင်စေတီစုတွင် လည်းကောင်း၊ မိုးနဲမြောက်ရှိ နှစ်ကျိပ်ရှစ်ဆူစေတီစုတို့တွင် လည်းကောင်း တွေ့ရှိကြရကြောင်း သမိုင်းမှတ်တမ်းတို့အရ သိရှိရပါသည်။

"ဒီဘက်ကိုလာ ဒကာမကြီး၊ ဒကာတို့လည်း ဒီမှာသေချာလာကြည့်။ ဒါဘာတုံးသိကြလား"

အထူးထုတ်

ခင်(တောင်ကြီး) အပိုင်း (၂)
တန်ဖိုးထိုက်သည့်အလှတရားများ



လေးမျက်နှာဘုရားတစ်ဆူ၏ ပြိုကျလုနီးအနေအထား

ကြည့်ညီဖွယ်ရာ ရှေးက ဘုရားရှင်တော်တို့အား ထုဆစ်ပူဇော်ထားခဲ့ကြဟန်မှာ

ဌာပနာတွင်းထဲမှ ရဟန္တာတစ်ဆူပြစ်ဟန်ရှိပါသည်

ပုဂံပြည်အငယ်စားကဲ့သို့ ရှေးထက်ရာ စေတီအိုများ

www.burmeseclassic.com

www.burmeseclassic.com

အဆောင်ဆောင်အခန်းခန်းတိုင်းမြင့် ကြီးကျယ်ခမ်းနားစွာ မြင့်မြင့်မားမား တည်ဆောက်ခဲ့ကြပေသိမ့်မည်ဟူ၍သာ

မုခ်ပေါက်ငယ်များအတွင်းတွင် ရှေးကဆင်းတုတော်များ စံပယ်တော်မူခဲ့ကြမည်ထင်ဟပ်သည်

ဌာပနာတွင်းထဲမှ ဖော်ထုတ်ရရှိထားသော ရှေးဘုရားတစ်ဆူ

ဌာပနာတွင်းထဲမှ ဖော်ထုတ်ရရှိထားသော ရှေးဘုရားတစ်ဆူ



ရှေးကဆင်းတုတော်များသည် သဏ္ဌာန်တူ၊ ဟန်တူ၊ အနေအထားတူဖြစ်ကြသော်လည်း သက်န်းတော်ရစ်ခွေနေကြဟန်များ တစ်ဆူနှင့်တစ်ဆူ မတူတတ်ကြကြောင်း မြင်တွေ့ရသည်မှာ

စာရေးသူ ဓာတ်များရိုက်နေရင်း အလျင်အမြန်သွား၍ကြည့်မိပါသည်။

"သိတယ် ဘုရား၊ ဒါ ရှေးရှေးက တပည့်တော်တို့ အဘိုးတွေအဘွားတွေ ပြောပြောပြတတ်တဲ့ ပဒေသာပင်ဆိုတာ မဟုတ်လား ဘုရား"

"သိပ်ဟုတ်တာပေါ့ ဒကာမကြီး။ သေချာကြည့်ပါဦး။ ဒီမှာ လူမိန်းမ၊ ဒီမှာက လူယောကျ်ား၊ ဒါက အုန်းသီး၊ သစ်သီး၊ ငှက်ပျောခိုင်၊ ဒါတွေက အကျီအဝတ်အစားဖြစ်လိမ့်မယ်ထင်တယ်။ ဒါက လက်ဝတ်ရတနာတွေများလားလို့ ပေါ့နော်။ ဒါက အဖူးတွေ၊ အပွင့်တွေ၊ အရွက်အခက်တွေနေမှာပေါ့။ ယပ်တောင်လိုမျိုးတွေလည်းပါနေတယ်။ အလယ်ပင်စည်အကြီးကြီးလုပ်ထားတော့ ဧရာမအပင်ကြီးလို့ ဆိုနေသလား"

"တင်ပါဘုရား၊ တပည့်တော် ထင်တာ လိုတရသစ်ပင်ကြီးမျိုးနဲ့ အဲဒီအောက်ဘက်မှာလည်း ငါးတွေအများကြီးရှိနေတဲ့ သမုဒ္ဒရာကမ္ဘာကြီးကို ပုံဖော်ထားသလိုပါပဲဘုရား။ ဒီမှာလေ ဘုရား"

"အေး- ဟုတ်ပါ့။ ဒီမှာလည်း ငါးရုပ်တွေ၊ ရေလိုင်းတွေနဲ့ ပုံဖော်ထားကြတယ်။ ဘယ်လောက်လှတဲ့လက်ရာတွေတုန်း။ ခုခေတ်လက်ရာတွေနဲ့က တခြားစီပဲ၊ ဟုတ်ဖူးလား"

သက်တော် (၆၁) နှစ်၊ ဝါတော် (၇) ဝါရှိသော ဦးပဥ္စင်းကြီး ဦးဂန္ဓမာဘိ ရှင်းလင်းပြောပြ မိန့်တော်မူချက်များသည် ဒေသအသံခပ်ဝဲဝဲနှင့်မို့ နားထောင်၍ကောင်းလွန်းလှပါသည်။ ဦးပဥ္စင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

သည် ရှေ့မှနေ၍ တန်ဖိုးရှိသောအရာများ၏ အလှအပများကို တစ်ခုချင်း သက်ညှိုးညွှန်ကာညွှန်ကာဖြင့် ရှင်းပြလျက်ရှိပါ၏။

ဒါကတော့ ဘုရားရှင်ကိုဖူးနေတဲ့ နတ်ရုပ်ခေါင်းပေါ့။ ဒါကတော့ ဆင်းတုတော်တစ်ဆူရဲ့ခေါင်းတော်ပဲဖြစ်မယ်”

ဦးပဉ္စင်းကြီးမှ တစ်နေရာပြီးတစ်နေရာပြနေသည်များကို ကြည့်နေကြရင်းဖြင့် စာရေးသူတို့ ဒကာ၊ ဒကာမ အပေါင်းမှာ ရင်ထဲ၌ ဆို့နစ်လာရသလိုလို၊ ဝမ်းနည်းကြေကွဲလာမိသလိုလို ခံစားလာမိကြရပါသည်။ မည်သည့်ခေတ်၊ မည်သည့်အခါကာလက ဖြစ်တည်လျှောက်နိုင်ခဲ့ကြပါသည်လဲ။ မည်သည့်လူမျိုး၊ မည်သည့်ပညာရှင်၊ မည်သည့်ဒကာ ဒကာမတို့က လျှုဒါန်းပူဇော်ခဲ့ကြလေသောနေရာမျိုးဖြစ်ပါသည်လဲ။ တိကျစ်တို့ဒေသသည် လွန်ခဲ့သော အတိတ်ကာလ ခရစ်နှစ် ၁၈၈၇ ခုနှစ်ကပင် သမိုင်းစာအုပ်မှတ်တမ်းတို့တွင် ဖော်ပြပါရှိခဲ့လေသည့် ရှမ်းတို့ဒေသဖြစ်လေရာ ဤကာလ ထိုဝန်းကျင်တစ်ဝိုက်တွင် မည်သည့်အုပ်ချုပ်သူ၊ မည်သည့်မင်းတို့ အာဏာပြုခဲ့ကြသည်ဖြစ်ပါမည်လဲ။

တွေ့လေမြင်လေရာတို့၌ ဘုရားတော်အိုတို့၏ မြေအုတ်နိုကြီးများ၊ ကိန္နရီကိန္နရာရုပ်တို့၏ခေါင်းပြတ်များ၊ နတ်ရုပ်မြို့စုံတို့၏ခေါင်းပြတ်များ၊ ပူဇော်ပုံဖော်ထားခဲ့ကြသော ပန်းတမော့လက်ရာရုပ်လုံးကြွအပိုင်းအချပ်များ၊ ဆင်းတုတော်တို့၏ ကျိုးပဲ့နေသောခေါင်းတော်များ၊ ဆင်းတုတော်အဆူဆူတို့၏ လက်တော်၊ ပခုံးတော်၊ ဒူးတော်၊ ပလ္လင်တော်များ အမျိုးအမည်မသိ ပန်းဖော်အစိတ်အပိုင်းများ၊ ပန်းခက်ပန်းနွယ်အကျိုးအပဲ့များ၊ ကြီးမားလှသော တိရစ္ဆာန်ခြေထောက်ဟု ယူဆရသော အရာများ စသည်တို့ဖြင့် ဖွေးဖွေးထ ပြားပြားဝပ် ခဲနေကြပါလေသည်။

နမြောစရာကောင်းလိုက်တာ ဘုရား။ ဒါတွေကို မပြင်တော့ဘဲ၊ မဖော်ရွေးကြတော့ဘဲ ဒီအတိုင်းထားလိုက်ပါ ဘားဘုရား။တပည့်တော်တို့ မြန်မာပြည် အလယ်ပိုင်း ပခုက္ကူဘက်မှာ ရွှေပင်ရွှေဆပ်သွားဘုရားတို့၊ တစ်မူဋ္ဌရှင်ပင်ရွှေကူဘုရားတို့ဆို နဂိုအတိုင်းအုပ်မိုးကာရံပြီး ဘီန်းသိမ်းထားကြတော့ တူးဖော်ရင်း ဘုတ်လာသမျှ ဒီအတိုင်းသဘာဝကျကျ နှောင်းလူတို့ လေ့လာနိုင်ကြတာပေါ့ ဘုရား။ နိုင်ငံခြားသားတွေကလည်း

ဇာတ်တော်ကြီးဆယ်ဘဲ့ကို ပုံဖော်ထားသော ရုပ်လုံးကြွပန်းချီကားကြီး၏ယနေ့ခေတ်ထက်ရာ

နောင်မွန်းကျော်စတော်ကြီးမှ နံရံဆေးရေး ယနေ့ထက်ရာများ

ဘုရားရှင်မှ ပဥ္စဝဂ္ဂီပါဠိဦးအား တရားဦး ဟောကြားတော်မူပုံ ယနေ့ခေတ်ထက်ရာ

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခန်းကို သရုပ်ဖော်ထားသည့် ယနေ့ခေတ်ထက်ရာ

အဲသလိုမျိုးဆို သဘာဝအတိုင်းဆိုပြီး ပိုစိတ်ဝင်စားကြပါတယ်ဘုရား။ ရှေးဟောင်းလက်ရာအစစ်အမှန်လို့လည်း သူတို့က ယူဆပြီး သဘောကျကြလေ့ရှိပါတယ်”

စာရေးသူလည်း မိမိ၏သဘောထားများကို ဦးပဉ္စင်းကြီးအား ထိုသို့တင်လျှောက်မိပါသည်။

“မပြင်ရင်ပိုကောင်းမှာပေါ့နော်”

“တင်ပါ့၊ တပည့်တော်အမြင်တော့ မပြင်ဘဲနဲ့ ခုလိုပဲ အရှိအတိုင်းထားတာ ပိုကောင်းမှာပါ ဘုရား”

“အေးလေ၊ ဒကာတွေနဲ့တိုင်ပင်တဲ့အခါ အဲလိုပြောကြည့်ရင် ကောင်းမှာနော်။ ကဲ - ဒါလေးတွေက ဘုရားပူဇော်နေကြပုံပဲလို့ထင်တယ်။ သူတို့ ဆင်ယင်ထုံးဖွဲ့မှုတွေကိုတွေ့ရတယ်။ သူတို့မှာ နားတောင်းအလှလေးတွေပါတယ် တွေ့လား”

“ဟုတ်တယ် ဘုရား၊ ပြီးတော့ သူတို့ တစ်ခုခုရွတ်ဆိုနေသလိုပဲ ဘုရား။ ပါးစပ်ကလေးတွေက တစ်ရုပ်တုနဲ့ တစ်ရုပ်တု မတူနေကြဘူး”

“ကြည့်ရတာ အနုပညာဝိုင်းတစ်ခုလားလို့နော်။ လက်မှာလည်း တစ်ခုခုစီကိုင်ထားကြတာ၊ တချို့ဆို ကခုန်နေကြတာမျိုး”

“ဒီဘက်လည်း ကြည့်ကြပါဦး။ ကွမ်းအစ်ကိုင်၊ ယပ်တောင်ကိုင်ပုံစံတွေက အမျိုးသမီးတွေဖြစ်မှာ၊ ဆံပင်ထုံးပုံတွေက မတူဘူး”

စာရေးသူတို့ တစ်ယောက်တစ်

www.burmeseclassic.com

www.burmeseclassic.com

ထက်ဇောင်းစလေးများ၏ ဘယ်ညာပုံစံမတူ ကွဲပြားနေဟန်ဖြင့်
ဇာတ်ကောင်တို့၏ ကြည့်ကကွက်အမူအရာတစ်မျိုးစီဖြစ်ဟန်တူပါသည်

ထုထည်ပျိုတစ်ဦး၏ စားနပ်ထက်ဖြင့် စားသိုင်းကပြနေဟန်သည်
ရှမ်းတိုင်းရင်းသားလူမျိုးတို့၏ သိုင်းကစားကွက်များနှင့် တစ်သစ်ဝေမတိမ်း တူညီနေပါသည်

ကချေသည်ဖြစ်ဟန်တူသူတစ်ဦး၏ ပြဲရှင်စွာ ကပြဖော်ပြနေဟန်တစ်မျိုးမှာ

ပေါက်ပြောနေမိကြပါသည်။

ဦးပဉ္စင်းမှ -

"ဦးပဉ္စင်းအထင်တော့ သူတို့က တို့ဘုရားရှင်ကို ဘုရင်ကိုခစားကြသလို မျိုး ကွမ်းအစ်ကိုင်၊ ဖလားကိုင်၊ ယပ်တော်ကိုင်၊ ရေတော်ကိုင်၊ ပန်းတော်ကိုင် အဲသလို အစုံအစုံကပ်လှူပူဇော်တာမျိုး ပြနေကြဟန်ထုဆစ်ထားတာမျိုးလို့ထင်တယ်။ ဒါက ဦးပဉ္စင်းအထင်လေနော်၊ တကယ်အတိအကျကိုတော့ တတ်သိနားလည်တဲ့ သမိုင်းဆရာတွေလာမှပဲ သိနိုင်မှာကိုနော"

"အရှင်ဘုရား၊ ဒီမှာလည်း ကနေတဲ့အရှုပ်လေးဘုရား။ ခေါင်းတော့မရှိတော့ဘူး"

"ဟုတ်တယ်၊ ဒကာမကြီးတို့ အပေါ် မေ့ကြည့်ပါဦး"

"အို - နတ်ရုပ်တွေဘုရား"

"ဟုတ်တယ်"



ပြိုကျရောထွေးသွားခဲ့သော ရေးအလှများ

အနုစိတ်ဖော်ထားသော ယပ်တောင်၊ ဘယက်စွပ်ခရာ၊ ဝတ်စုံခြေနှာ၊ လေးပင်း အနေအထားတို့ကို တွေ့မြင်ရနိုင်မည်မှာ

www.burmeseclassic.com

www.burmeseclassic.com

အနုစိတ်လှသော အင်တေးအေးသုံးချဟန်များမှာ

ဘုရင်မင်းမြတ်နှင့် ရဲရွေ့တော်များ၊ ဘုရားရှင် အား ဖူးမြော်နေကြဟန်ဖြစ်မည်ဟု ယူဆပါသည်

သာသနဝိပုလ္လကျောင်းတော်ကြီး၏ အဝင်ဝ

"လက်ထဲမှာ ရေစင်အိုးတွေနဲ့တူတယ်ဘုရား"

"သူက ဟိုဘက်မှာ လျှောင်းတော်မူဘုရားကြီးအကြီးကြီးရှိတယ်။ ဒါက အဲဒီဘုရားကြီးရဲ့အောဘက်နေရာ"

"ဒီမှာလည်း ပဒေသာပင်နောက်တစ်ပင်။ ဒီမှာက လူတွေမပါဘူးဘုရား။ ထမင်းအိုးဟင်းအိုးတွေ၊ ပန်းဖူးပန်းပွင့်တွေ၊ အိုးလေးတွေ၊ တောင်းပုံလိုမျိုးလေးတွေ၊ ခေါင်းလောင်းလိုမျိုးတွေ၊ မှန်လိုအချပ်မျိုးတွေ၊ ဘူးသီးပုံမျိုးလေးလား၊ ရေတကောင်းလေးလားပဲ ဘုရား။ ခေါင်းဘီးလိုလည်းပါတယ် ဘုရား။ အဖတ်အဖတ်လိုမျိုးတွဲရရွဲကျနေတာက အထည်စတွေ၊ ပိတ်စတွေနဲ့ တူတယ် ဘုရား"

"သေချာကြည့် ဒကာမကြီး၊ အကွင်းလိုက်အကွင်းလိုက်တွေက လက်ကောက်တွေ၊ ခြေချင်းတွေဖြစ်မှာ။ ဒီမှာလည်းကြည့်၊ ရုတ်တရက်မြင်လိုက်ရင် အခုခေတ်စကားနဲ့းလေးလိုပေါ့။ အမှန်က ဒေါင်းလန်းကြီးတစ်ခုပေါ်မှာ စားသောက်ဖွယ်ရာတွေ အပြည့်အမောက်ထည့်ထားတာကို ပြထားတာမျိုး၊ လိုတရအပင်ကြီးပေါ့"

"ဒီဘက်အပင်ကြီးအောက်က လူတစ်ယောက်က သူလိုတာလှမ်းခူးနေပုံပဲဘုရား၊ ကြည့်ပါဦး"

"ဒီဘက်မှာက မိန်းကလေးဖြစ်မယ်၊ ထဘီကလေးနဲ့။ လက်ကတစ်ခုခုကိုလှမ်းပြီးခူးနေတာနော်"

"သူတို့သရုပ်ဖော်ထားတဲ့အထဲမှာ သူတို့ခေတ်အသုံးအဆောင်တွေအကုန်ကို ထုဆစ်ထားတဲ့ပုံပဲ။ ကျောက်သံဗတ္တမြားတွေ၊ မုန့်တွေ၊ ပစ္စည်းတွေအစုံကို ထည့်ပြထားတာဖြစ်မှာပဲနော်။ တချို့တွေကို နားမလည်နိုင်တဲ့ ဒီဇိုင်းပုံလေးတွေ"

"ဟုတ်မှာ ဒကာကြီး"

"ဒီပုံတွေကတော့ ရှင်းတယ် ဘုရား။ ဘုရားရှင်ကိုရှိခိုးပူဇော်နေကြပုံတွေပဲ"

"ဒီဘက်ကတော့ နဂိုက အခန်းဝှက်တစ်ခုများလားလို့ ဦးပဉ္စင်းထင်မိတယ်။ အကန့်တစ်ကွေ့ခပ်ကျဉ်းကျဉ်းနေရာကို အပိတ်လုပ်ထားကြတယ်"

"ဒါကတော့ ဘုရားကိုစောင့်ရှောက်ပေးနေတဲ့ဘီလူးရုပ်ပဲဘုရား"

စာရေးသူမှာ စာပေများထဲ၌ ဖတ်မှတ်ခဲ့ဖူးသော တံခါးစောင့်ဘီလူး ဒါရပါလဟူ၍ ခေါ်ဝေါ်ကြသောအရပ်များ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်ကို အမှတ်ရလိုက်မိပါသည်။ တင်းပုတ်ကိုထမ်းလျက် ကျယ်ပြန့်သော ပါးစပ်၊ ပြူးပိုင်းသောမျက်လုံးတို့ဖြင့် မုခ်ဝနံဘေးဘက်နေရာတွင် ဆောင့်ကြောင့် ထိုင်နေဟန် ပုံဖော်ထားခြင်း ဖြစ်သည်။ ထိုနေရာကွေ့၍လျှောက်သွားရပြီးသည်တွင် -

"ဒါအကုန်လုံးဟာ လျှောင်းတော်မူကိုယ်စားတော်ကြီးပဲဘုရား"

"ဟုတ်တယ်။ ပြိုကျကုန်ပေမယ့် ဦးခေါင်းတော်၊ နှုတ်ခမ်းတော်တွေအရ ဒီဘက်က ခေါင်းတော်ပိုင်းဖြစ်ပြီး ရင်ဘတ်တော်တည့်တည့်မှာ ညောင်မြစ်စွဲပြီး နှစ်ကြာလို့ အပင်ကြီးကြီးဖြစ်သွားခဲ့တော့ ဆယ်လိုမှပြုပြင်လို့ရနိုင်တော့မှာ မဟုတ်ဘူး"

အချို့ကိုယ်စားတော်တို့မှာလည်း ပျက်စီးနေကြလေပြီဖြစ်ပါ၏။ တစ်ဆူနှင့် တစ်ဆူတို့ မှုန်ဝါးပုံစံတူကြသော်လည်း ရုံတော်မူထားကြသော သက်နိုးတော်များ၏ အတွန့်အနားသတ်များ၊ ခွေရစ်နှဖူးဟန်များက မတူဘဲခြားနားနေကြ၏။ လက်ရာမြောက်အနုပညာပန်းခက်ပန်းနွယ်များကလည်း ထူးခြားလှပလွန်းလှပါလေသည်။

"ဒါက ကိန္နရာရုပ်ဖဲ့ ဘုရား"

"ဟုတ်တယ်၊ မောင်နှံစုံဖြစ်မယ် ထင်တယ်။ စဖော်ကတည်းက တစ်ဝက်ပဲတူးလို့ထွက်နိုင်တယ်။ ကျန်တာတွေ ကျိုးကုန်တယ် ဒကာမကြီး"

"ဟုတ်တယ်ဘုရား၊ အပိုင်းအစတွေထဲမှာ ကနုတ်ပန်းတွေလည်း အမျိုးစုံနေတာပါပဲ"

"ဦးပဉ္စင်းတို့က နားမလည်တော့ဘယ်ခေါင်း၊ ဘယ်ကိုယ်၊ ဘယ်ခြေဆိုတာ မခွဲခြားနိုင်နေဘူး၊ တွဲမမိနိုင်ထော့ဘူး။ နီးစပ်ရာ ခုလိုပဲစုထားလိုက်ကြရတယ်"

စာရေးသူတို့အားလုံး စုတ်တသပ်သပ်ဖြစ်မိကြပါသည်။ နှမြောဖွယ်ကောင်းလှသောအလှတရားများ၊ အနုပညာများပင်ဖြစ်ပါ၏။

တစ်နေရာ၌ ကြီးမားလှသော ခေါင်းတော်ကြီး၏ မဏိတော်အား တွေ့ကြရသည်။

"ဒါက အဲဒီညောင်ပင်မှီတဲ့ လျှောင်းတော်မူဘုရားကြီးရဲ့ ခေါင်းပိုင်းတော်မဲ့ပေါ့။ ဘယ်လောက်ကြီးသလဲဆို ဒီဘက်မှာ နှုတ်ခမ်းတော်ကိုပဲကြည့်ကြတော့"

"တင်ပါ"

နှုတ်ခမ်းတော်ကြီးသည် ခြင်္ကေပင် အပေါ်၊ အောက် အမြင့် တစ်တောင်ခန့်ရှိ၍ ဘေးအကျယ် လက်

မျက်နှာများ၏ အေးချမ်းစွာတည်ရှိနေခဲ့ကြဟန် အသွင်အပြင်များ

ပုံစံအောက်ခြေဖက်မှ အချို့အစေးကျနေသည့် ငှက်ရုပ်နှစ်ရုပ်

နူးထပ်ဖက်ထောင် တစ်ဖက်ချပုံဟန်ခြင့် ရုပ်တုတစ်ခုကိုထည်း တွေ့ရ၏

ရွေးကလူများ၏ အနုလက်ရာအလှအပများ ထွင်းထု ပုံဖော်ထားခဲ့ကြပုံများသည် အံ့မခန်းရှိထွန်းလှပါသည်

ဟနဟန်မျောက်ရုပ်သည် အသီးခိုင်တစ်ခုကို ဘယ်ထက်ခြင့် ပခုံးထစ်ထမှက် ညာဘက်ခြင့် စားနေဟန် ပုံစံမှာ

ရွေးပူ၊ ရွေးအယူ၊ ရွေးထက်ရာ အနုပညာရပ်များ၏ ဖော်ထုတ်ပြုရာမှာ တစ်စုံတစ်ရာကို ဆွဲနှိုင်းကြမှသာ ပိုပိုပီပြသည်

www.burmeseclassic.com

www.burmeseclassic.com

ရွေးခေတ်က မိန်းမပျိုကလေးများ၏ ဘုရားရှင်အား ပူဇော်နေကြဟန်



ရှင်တုများ၏ နွတ်ခမ်းများမှာ ပရိတ်တော်၊ တရားတော်များ ရွတ်ဆိုနေကြသည့် အလား ထင်မှတ်ရပါသည်



ရွေးကနားတောင်းကြီးများမှာ ရွှေဇက်လိပ်များပေလား ဟူ၍

တစ်ဖောင်ခန့်ရှိသော အနေအထားဖြစ်ပါ၏။ တွေ့ရသမျှ အင်တေပုံလောင်းရုပ်ကြွများအားလုံးသည် နဂိုဆေးသားရောင်များချည်းသာဖြစ်၍ အဖြူရောင်၊ အညိုနုရောင်၊ အညိုရင့်ရောင်၊ နီညိုရောင်၊ ပန်းရောင်၊ နှံသာရောင်၊ မီးခိုးရောင်၊ အနက်ရောင်တို့သာများပါသည်။ အဝါ၊ အစိမ်း၊ အပြာ မရှိသလောက်ပင်ဖြစ်သည်။

"ဒါက ကြီးကြာရုပ်လို့ထင်ရတယ် ဘုရား"

"ဟုတ်မယ်၊ တခြားငှက်ရုပ်တွေက ဟိုဘက်မှာရှိသေးတယ်"

"ဒါက ဇာမကီရုပ်လိုမျိုးလား ဘုရား"

"ဖြစ်နိုင်တာပေါ့ . ဒကာမကြီး၊ အဲဒါကြောင့် ဦးပဥ္စင်းက ဒီနေရာကို ပညာရှင်များ လာစေချင်တာ။ ဘယ်ခေတ်၊ ဘယ်ကာလကလက်ရာတွေလဲ ဂဃနဏာသိချင်တယ်။ ဒေသခံတွေကို လည်းနားလည်စေချင်တယ်။ ဗဟုသုတရစေချင်တယ်။ အထူးသဖြင့် ဒီဒေသဟာ ရှေးကတည်းက မြို့တည်ရွာတည်၊ စာသနာတည်ဒေသတစ်ခုဖြစ်ကြောင်း မျိုးဆက်သစ်တွေရော လူကြီးပိုင်းတွေကိုပါ ဂုဏ်ယူကြစေချင်တယ်"

"ဟုတ်ပါတယ်ဘုရား၊ . တပည့်တော်လည်း သိပ်ပွဲ့နဲ့ကျောင်းပြီးတာဆိုတော့ ထဲထဲဝင်ဝင်မသိပါဘုရား။ ဒါပေမယ့် . တပည့်တော် ဖတ်ခဲ့မှတ်ခဲ့ဖူးတဲ့ စာပေဆောင်းပါးတွေအရတော့ ဒီလက်ရာမျိုးတွေဟာ တော်တန်ရုံ ရွေးကာလမျိုးလောက်ကမဟုတ်နိုင်မှန်းသိနေသလိုပါပဲ ဘုရား"

"ဒီမှာ အားလုံး ရွေးဘုရားတွေ ဘယ်နှဆူဖော်ထုတ်နိုင်ခဲ့ပါလဲ ဘုရား"

"အလွယ်ပြောရရင် လေးဆယ့်တစ်ဆူလောက်ရှိတယ်"

"လေးဆယ်တစ်ဆူလောက်ဆိုတော့ သုံးဆယ့်ကိုးဆူပေါ့ဘုရား"

"ဟုတ်တယ်၊ သုံးဆယ့်ကိုးဆူဖြစ်တယ်။ အနောက်ဘက်မှာ (၁၉) ဆူ၊ အရှေ့ဘက်မှာ အဆူ(၂၀)တွေ့ရတယ်"

"ဌာပနာလည်း အများကြီးနေ့ ဘုရား"

"များတယ်၊ ပဉ္စလောဟာကိုယ်စားတော်တွေလည်းပါတယ်။ တနင်္ဂနွေထောင့်မှာ ပဉ္စလောဟာသုံးဆူရတယ်။ အင်္ဂါထောင့်မှာ ကံကုကော်ဂာက်သားကိုယ်စားတော်နှစ်ဆူ၊ စနေထောင့်မှာ ကတစ်ဆူရယ်၊ ရတနာမာတိတော်တွေ

www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ ဆင်စွယ်လိုအသားတော်ပုံစံတွေလို တွေ့ရတယ်။ တချို့က ရဟန္တာစွယ်တော်လိုလို ခန့်မှန်းကြတယ်။ မှန်စီရွှေချရွေးလက်ရာတွေလည်း တစ်ပိုင်းတစ်စတွေ့ကြရတယ်။ ဓာတ်တော်ကွေက ဆယ့်တစ်ဆူတွေ့ရပြီး အဲဒီဓာတ်တော်တွေကြားမှာ ကျောက်တစ်လုံးကိုလည်း တွေ့ကြရတယ်”

အဲဒါတွေကို အရင်ကလူတွေ မတွေ့ခဲ့ကြဘူးပေါ့ဘုရား”

“ဟိုးအရင်တုန်းက ဒီနေရာမှာ ချုံတောကြီးပေါ့ ဒကာမကြီး။ ဆူးချုံကြီးတွေပေါက်နေခဲ့တာပေါ့။ ဘယ်သူမှလည်း ဒီနေရာမျိုးမှာ ဗီလိုဘုရားတွေရှိမယ်လို့မထင်ကြဘူးလေ။ ရှာရှာကြံကြံလည်း မရောက်ခဲ့ကြဘူးပေါ့”

“တင်ပါ့ဘုရား”

“အဲဒါနဲ့ နောက်ပိုင်းလူတွေက ကွဲပျောက်၊ နွားပျောက်ရှာကြရင်း ချုံတောထိုးရောက်လာကြရင်း ဒီနေရာမှာ ခုနကပြောခဲ့သလို ရှေးဘုရားတချို့ရလာကြတာပေါ့လေ။ အဲဒါနဲ့ပဲ ပဉ္စလောဟာဘုရားမျိုးလိုချင်လို့ ရှာကြတဲ့လူတွေရှိလာတာပေါ့။ တစ်စတစ်စလူသိလာကြတာနဲ့ပဲ ဒါဟာ သာသနာ့မြေပဲ။ တန်ဖိုးမဖြတ်နိုင်တဲ့အမွေတွေပဲဆိုတဲ့အသိစိတ်တွေနဲ့ ရွာတွေစုပေါင်းပြီး လုပ်အားဒါနဝိုင်းလုပ်ကြတာပေါ့။ မရှိဘူးဆိုရင် ဦးရေခြောက်သောင်း၊ ခုနစ်သောင်းလောက် လုပ်အားဒါနနဲ့ သာသနာ့မြေကို ပြန်ဖော်ခဲ့ကြတာပါပဲ”

“ဒီအနီးအနားတစ်ဝိုက်ကရွာတွေကပဲလား ဘုရား”

“ဟုတ်တယ်။ နောင်မွန်း၊ နောင်ကား၊ တောင်ပို့ကြီး၊ ဆည်ခေါင်း၊ တကလယ်၊ ကုန်းပယ်၊ တီကျစ်၊ မြေနီကုန်းရွာအစုံပေါ့။သစ်ပင်ကြီးတွေက သန်သန်မာမာ အပင်အကြီးကြီးတွေပါ။ ညောင်မြစ်တွေရော ခုတ်ကြထွင်ကြဖယ်ကြရှင်းကြရတာများ ဆယ်ဘီးကား ငါးစီးလည်းမက ဒကာမကြီး”

“အကြာကြီးရှင်းကြရမှာပေါ့ဘုရား”

“အချိန်ကာလအားဖြင့် ရှစ်လကြာခဲ့တယ်။ တစ်နှစ်နီးပါး လုပ်အားဒါနအလှည့်ကျလုပ်ခဲ့ကြရတာ၊ သစ်ပုပ်ပင်ကြီးတွေက မနည်းခုတ်ကြရတာ”

“အရှင်ဘုရားတို့တွေ့ကြတဲ့အထဲ ပဉ္စလောဟာလို အဖိုးတန်ဘုရားဆင်းတုတော်တွေလည်း ပါတာပေါ့ဘုရား”

“ပါတာပေါ့၊ တန်ဖိုးကလည်း လက်ရာအားဖြင့်ရော၊ နှစ်ပရိစ္ဆေဒအားရယ်၊ ဆင်စွယ်လိုအသားတော်ပုံစံတွေလို တွေ့ရတယ်။ တချို့က ရဟန္တာစွယ်တော်လိုလို ခန့်မှန်းကြတယ်။ မှန်စီရွှေချရွေးလက်ရာတွေလည်း တစ်ပိုင်းတစ်စတွေ့ကြရတယ်။ ဓာတ်တော်ကွေက ဆယ့်တစ်ဆူတွေ့ရပြီး အဲဒီဓာတ်တော်တွေကြားမှာ ကျောက်တစ်လုံးကိုလည်း တွေ့ကြရတယ်”

အဲဒါတွေကို အရင်ကလူတွေ မတွေ့ခဲ့ကြဘူးပေါ့ဘုရား”

“ဟိုးအရင်တုန်းက ဒီနေရာမှာ ချုံတောကြီးပေါ့ ဒကာမကြီး။ ဆူးချုံကြီးတွေပေါက်နေခဲ့တာပေါ့။ ဘယ်သူမှလည်း ဒီနေရာမျိုးမှာ ဗီလိုဘုရားတွေရှိမယ်လို့မထင်ကြဘူးလေ။ ရှာရှာကြံကြံလည်း မရောက်ခဲ့ကြဘူးပေါ့”

“တင်ပါ့ဘုရား”

“အဲဒါနဲ့ နောက်ပိုင်းလူတွေက ကွဲပျောက်၊ နွားပျောက်ရှာကြရင်း ချုံတောထိုးရောက်လာကြရင်း ဒီနေရာမှာ ခုနကပြောခဲ့သလို ရှေးဘုရားတချို့ရလာကြတာပေါ့လေ။ အဲဒါနဲ့ပဲ ပဉ္စလောဟာဘုရားမျိုးလိုချင်လို့ ရှာကြတဲ့လူတွေရှိလာတာပေါ့။ တစ်စတစ်စလူသိလာကြတာနဲ့ပဲ ဒါဟာ သာသနာ့မြေပဲ။ တန်ဖိုးမဖြတ်နိုင်တဲ့အမွေတွေပဲဆိုတဲ့အသိစိတ်တွေနဲ့ ရွာတွေစုပေါင်းပြီး လုပ်အားဒါနဝိုင်းလုပ်ကြတာပေါ့။ မရှိဘူးဆိုရင် ဦးရေခြောက်သောင်း၊ ခုနစ်သောင်းလောက် လုပ်အားဒါနနဲ့ သာသနာ့မြေကို ပြန်ဖော်ခဲ့ကြတာပါပဲ”

“ဒီအနီးအနားတစ်ဝိုက်ကရွာတွေကပဲလား ဘုရား”

“ဟုတ်တယ်။ နောင်မွန်း၊ နောင်ကား၊ တောင်ပို့ကြီး၊ ဆည်ခေါင်း၊ တကလယ်၊ ကုန်းပယ်၊ တီကျစ်၊ မြေနီကုန်းရွာအစုံပေါ့။သစ်ပင်ကြီးတွေက သန်သန်မာမာ အပင်အကြီးကြီးတွေပါ။ ညောင်မြစ်တွေရော ခုတ်ကြထွင်ကြဖယ်ကြရှင်းကြရတာများ ဆယ်ဘီးကား ငါးစီးလည်းမက ဒကာမကြီး”

“အကြာကြီးရှင်းကြရမှာပေါ့ဘုရား”

“အချိန်ကာလအားဖြင့် ရှစ်လကြာခဲ့တယ်။ တစ်နှစ်နီးပါး လုပ်အားဒါနအလှည့်ကျလုပ်ခဲ့ကြရတာ၊ သစ်ပုပ်ပင်ကြီးတွေက မနည်းခုတ်ကြရတာ”

“အရှင်ဘုရားတို့တွေ့ကြတဲ့အထဲ ပဉ္စလောဟာလို အဖိုးတန်ဘုရားဆင်းတုတော်တွေလည်း ပါတာပေါ့ဘုရား”

“ပါတာပေါ့၊ တန်ဖိုးကလည်း လက်ရာအားဖြင့်ရော၊ နှစ်ပရိစ္ဆေဒအား

အကျိုးအပဲတို့ကြားမှ အမွမ်းအစက်အပြောက် အရစ်အခွေများ၏ တန်ဖိုးသည် ကြီးမားထွန်းလုပါ၏

အကွယ်အကာပြုထားဟန်ရှိသော အနန်းဝယ်သဏ္ဌာန်နေရာတစ်ခုရှိ ရွေးက ထက်ရာဆန်းပုံစံများ

ဧာမထီရုပ်၊ ဟသ်ာရုပ်၊ ဥစ္စေါင်းရုပ်များဖြစ်ဟန်ယူဆဖီသည့် အရုပ်များ



ငှက်အမျိုးအမည်မဖော်ပြတတ်သော အင်တေထက်ရာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ဆင်းတုတော်တို့၏ တေးတေးယဉ်ညာတို့တွင်
ဘုရားရှင်အား ပူဇော်နေကြဟန် နတ်ရုပ်များ

ရှေးက မည်မျှကြံ့ခိုင်အောင် ပြုထုပ်ခဲ့ကြသော
အင်တေဇော်နည်း၊ ဆုတ်ဖဲနည်း၊ ခုပ်လုံးကြွပုံတော်နည်းများ ဖြစ်ပါသေးသည်လဲ

ဝုတ်ခုပ်တစ်ခုပြစ်နိုင်သော်လည်း
အချီးအမည် မဖော်ထုတ်နိုင်သည့်
ထက်ရာတစ်ခု

အချီးအကွေ့ဖြတ်သန်းဝင်ရောက်ရာ
နေရာတစ်ခု၏နံဘေးမှ ထက်ရာမြောက်သော
အထုအပတစ်ခု

အင်တေဝုဖော်ခုပ်တုတွင်ပါရှိသော
သေးငယ်သည့်ထက်ကလေးများ၏
ဟန်ပန်အနေအထား

ခြင်္ဂေါ၊ သတ္တုစပ်အနေအထားတွေ
အရေရော သိပ်ကိုအလွန်တန်ဖိုးကြီးပြီ
လေ။ အဲဒါကြောင့် အခု စိတ်ချကြရ
အောင် တီကျစ်ကျောင်းမှာစံထားတယ်"

"ဟုတ်လား ဘုရား"

"တီကျစ်ကျောင်းတော်ပေါ်မှာ
ကိုယ်စားတော်ကြီးရဲ့ အရှေ့ဘက်မှာ
တစ်ဆူ၊ အနောက်ဘက်မှာတစ်ဆူ
စံထားတယ်"

"ဒကာ၊ ဒကာမတွေရော ဦးပဉ္စင်း
ရောအားလုံး ပင်ပန်းခဲ့ကြမှာဘုရား"

"အိုး - ပြောမနေပါနဲ့တော့၊ လုပ်
ထိုက်ကြရတာ မနည်းဘူး။ သစ်ပုပ်ပင်
ပြီးတွေကိုခုတ်ပြီး ဆူးကြားချုံကြားက
နေဆွဲထုတ်ကြရတာများ အပင်တွေက
အရိုင်းပေါက်ပေါက်နေကြတာဆိုတော့
ကျပ်ညပ်သတ်နေအောင်ထပ်ပေါက်နေ
ကြတာလေ။ နေပြောက်တောင်မထိုးနိုင်
ဘူးပဲ"

"နှစ်ကာလကလည်း ကြာခဲ့တာ
ကိုးဘုရား။ အရှင်ဘုရားတို့ ဒီလိုထုကြီး
ထည်ကြီးနဲ့ ရှေးဘုရားနေရာတွေကို တူး
ကြဖော်ကြတော့ မမြင်ရမြင်ရပုဂ္ဂိုလ်တွေ
အစောင့်အနေတွေက အိပ်မက်တွေဘာ
တွေမပေးကြဘူးလား ဘုရား"

"အမယ် - ဘယ်နေကြပါ့မလဲ။
မြောရဦးမယ်၊ ဦးပဉ္စင်းကြုံခဲ့ရပုံကို"

"တင်ပါ့"

စာရေးသူတို့မှာ အလွန်စိတ်ဝင်
စားသွားမိကြရပါသည်။

"အဲဒီလို ဒီနေရာကို တူးကြဖော်
ကြလုပ်နေကြတုန်း တစ်ညမှာ မြရတနာ
ကျောင်းမှာ ဦးပဉ္စင်းတစ်ပါးတည်းကျိန်း
နေတုန်း အိပ်မက်မက်တာ။ အချိန်က
ညနှစ်နာရီ၊ ဆယ့်ငါးမိနစ်လောက်ပေါ့။
ဟုတ်တယ်၊ အဲဒီအချိန်လောက်မှာ ဟိုး
အနောက်တောင်ထောင့်အရပ်လောက်
ကနေလှမ်းကြည့်လိုက်တော့ အပေါ်ဖြူ
အောက်ဖြူနဲ့ လူတွေလူတွေ ဒကာမ၊
တစ်အုပ်တစ်တစ်နက်ကြီး။ ဦးပဉ္စင်းက
သေချာကြည့်လိုက်တော့ ဦးပဉ္စင်းဆီ
အားကုန်ပြေးလာနေကြတာ။ ပြီးတော့
လုံတွေ၊ ဓားတွေလည်းပါနေကြတယ်"

"တပည့်တော်အထင် အရင်ဘဝ
တွေတုန်းက ဘုရားအလှူရှင်တွေများ
လား ဘုရား"

"အရင်အလှူရှင်တွေလည်းဖြစ်နိုင်
တာပဲ။ မကျွတ်မလွတ်တွေလည်းဖြစ်နိုင်
တာပဲ။ တစ်မျိုးတွေးကြည့်ရင် ဒီနေရာ
သာသနာ့မြေကို စောင့်ရှောက်နေတဲ့သူ
တွေလည်း ဖြစ်နိုင်တာပေါ့ ဒကာမကြီး၊
ရုက္ခစိုးတွေလည်းပါနေမှာပေါ့"

"ဟုတ်တာပေါ့ ဘုရား"

"အရင်ကလှူခဲ့ကြတဲ့ဘုရားဒကာ၊
ကျောင်းဒကာ၊ ဇရပ်ဒကာတွေလည်းဖြစ်
ကြမှာပေါ့လေ။ ဦးပဉ္စင်းကြည့်တော့ လူ

www.burmeseclassic.com

www.burmeseclassic.com

အကောင်းပကတိတွေ့ခြင်းရသော
ကြိုးကြာရုပ်တစ်ခုစီ၏ အထုအပေါ်မှာ

ရုပ်တုများ၏အပေါ်တက်နေရာမှ
ကြာဇော်များပုံသဏ္ဌာန်စီအထုမှာ

ပန္းမတ်ဝန်းငံးတို့
တုရာရွှင်အား ပူတော်နေကြဟန်

ဘူးဆို လူနှစ်ဆယ်၊ သုံးဆယ်လောက်ကို ရှိတာ။ ဦးပဉ္စင်းကရော ဒီဒကာတွေဘာလုပ်ကြတာကြောင်းပေါ့လေ ရပ်ကြည့်နေမိတာ။ ဒါနဲ့ သူတို့နဲ့ ဦးပဉ္စင်းတို့နီးလာတဲ့အခါကျတော့ ဦးပဉ္စင်းစိတ်ထဲ ဒါသာသနာ့နယ်မြေပဲဆိုပြီး လက်ညှိုးထိုးပြီး ဒကာတို့ ဘာလုပ်ကြတာတုံး

ဆိုပြီး လှမ်းပြောလိုက်တော့ လူအုပ်ကြီးက -

"မြွေ . . . မြွေ . . . ဦးပဉ္စင်း"

လို့ အော်လာကြတယ်တဲ့။ အဲဒီမြွေကလည်း ဦးပဉ္စင်းတည့်တည့်ကြီးပြေးလာတာ နီးလာတော့ နဂါးကြီး ဒကာမ။ သူခေါင်းမှာ အမောက်လိုမျိုးနဲ့တဲ့။ အဲဒါနဲ့ ဦးပဉ္စင်းက သူတို့ပြောနေတဲ့နေရာကို လက်ထဲက ဒုကူဋ္ဌနဲ့လှမ်းပစ်လိုက်တယ်တဲ့။ အဲဒီဒုကဋ္ဌက အဲဒီနဂါးကို အုပ်မိသွားဆိုပဲ။ အမှန်က တော်တော်ရှည်တာကို အုပ်မိသွားခဲ့တာ။ ဦးပဉ္စင်းက ဒုကူဋ္ဌကို လှမ်းဖယ်လိုက်တော့ ဒကာမလေးတစ်ယောက်၊ အခု ဒကာမကြီးထိုင်နေသလို ဒူးတုပ်ရက်လေးဖြစ်နေတယ်တဲ့။ နဂါးမဟုတ်တော့ဘူး။ ဘာပဲဖြစ်ဖြစ် ဦးပဉ္စင်းကတော့ ဒါဟာ ကောင်းတဲ့အတိတ်နိမိတ်ပဲ။ ဦးပဉ္စင်းတို့လုပ်သမျှ လုပ်ငန်းအောင်မြင်မှာပဲလို့ယူဆလိုက်တယ်။ ဦးပဉ္စင်းတွေးတာပေါ့နော်။ အဲဒီတစ်ချိန်ထဲမှာ လူအုပ်ကြီးကလည်း ကြက်ပျောက်ငှက်ပျောက်ပျောက်သွားတာတဲ့"

"တင်ပါဘုရား"

"သူတို့လည်း ဘုရားတည်ခဲ့၊ လှူခဲ့ကြတုန်းက သစ္စာတွေ၊ အဓိဋ္ဌာန်တွေနဲ့ တည်ခဲ့ကြမှာပဲပေါ့။ ဒီလိုပြန်ပြီးပွင့်လင်းလာဖို့ကို ဘယ်လွယ်လွယ်နဲ့ခွင့်ပြုနိုင်ကြမှာမလဲ။ လူတွေက သီလရှိတာရော၊ သီလမရှိတာရောဆိုတော့ အတားအဆီးအနှောင့်အယှက်တော့ရှိမှာပေါ့"

"အရှင်ဘုရား အဲဒီလိုဖော်ကြတော့ ပေရွက်တို့၊ ပုရပိုက်တို့လိုမျိုးကောတွေ့သေးလား ဘုရား"

"တွေ့ခဲ့တယ် ဒကာမကြီး၊ တနင်္ဂနွေထောင့်လိုမျိုးမှာ အလိပ်လိုက်အလိပ်လိုက် ပေလို၊ ပုရပိုက်လိုမျိုး တွေ့ကြရတယ်။ ဒါပေမယ့် ထိလို့ကိုင်လို့ကိုမရတော့ဘူး။ ဆွေးနေကုန်တာ၊ အကုန်ကြွေကုန်ရော"

"သြော် - နှစ်ကကြာပြီကိုးဘုရား"

"အေး - မှန်စီရွှေချတွေလည်းပါတယ်။ သူတို့ခေတ်ကလက်ရာပေါ့။ ပြီးတော့ ယွန်းရှမ်းလက်ရာလိုစာသားတွေပါတဲ့ပစ္စည်းတွေလည်းတွေ့ရတယ်"

"တပည့်တော်တွေ့ခဲ့တဲ့အထဲမှာ စကျင်ကျောက်သားကိုယ်တော်တွေလည်းပါတယ်ဘုရား"

"ပါတယ်။ စကျင်ကျောက်ဆင်းတု၊ ငွေသားဆင်းတု၊ ကဲ့ကူကျောက်

ရင်တက်နေရာ၌
အကြေးကွက်များသဏ္ဌာန်ဇော်ထားသော
အမျိုးအပည်မတော်နိုင်သေးသည့်ရုပ်တုတစ်ခု

ဟော်ရွှင်ဇွာကခုန်နေဟန်မှာ ပြူးထူးလွန်းလှသဖြင့် ပျောက်ဆုံးနေသော ဦးခေါင်းဖိုင်း၏
မျက်နှာမှာလည်း ပြုံးရွှင်နေမည်ထင်ပါသည်

ဆင်းတုတော်တို့၏ ပလ္လင်တော်နေရာရှိ
ဆုတ်ချပ်များ၏ ထုနှင့်အလျားများလည်း
ထူးခြားပါ၏

www.burmeseclassic.com

www.burmeseclassic.com

သားဆင်းတု၊ ပဉ္စလောဟာဆင်းတု၊ နီးဘုရားဆင်းတု အစုံပါတာတွေ့ရ ထယ်။ အရင်ကလူတွေဟာ လျှပ်ပြီဆိုရင် အလွန်ကို ပြတ်ပြတ်သားသားလျှခဲ့ကြ-တာ။ စုံစုံလင်လင်လျှနိုင်အောင်လည်း အားထုတ်ခဲ့ကြတာ။ အရင်စစချင်းတုန်း တဆို မျောက်ရုပ်လေးတွေ ဘုရားကို ဝန်းကပ်နေပုံလေးတွေတောင်ပါတယ်။ နောက်ပိုင်း လူတွေကိုင်ရင်းကိုင်ရင်းကြေ ကျသွားကုန်တာ၊ ဆွေးနေမြေနေတော့ အကိုင်မခံနိုင်ဘူးပေါ့"

"ဩော်"

ရွှေဟောင်းပစ္စည်းတို့၏သဘော မှာ နှစ်ကာလချိန်တာကြာမြင့်လွန်းလှ ကြ၍ ကယ်ကယင်ပြုကာ ကိုင်တွယ်မှု နှုးညံ့ကြပါမှ ရွှေလက်ရာမပျက်ရှိနိုင်ကြ သည်မျိုးဖြစ်ပါ၏။ ထိတွေ့မှုအကြိမ်ရေ များလွန်းခြင်း၊ ကျွမ်းကျင်မှုလိုအပ်ခြင်း၊ ပညာသားပါပါထိန်းသိမ်းနိုင်ခြင်းတို့က လည်း ဆက်လက်၍ နှစ်ပေါင်းများစွာ တည်ရှိနိုင်ရန် အရေးပါသောအချက် အလက်များပင် ဖြစ်ပါသည်။

တစ်နေရာတွင် စာရေးသူကြည့်ရှု ခဲလိုက်ရာ အုတ်နံရံတွင်ထွင်း၍ပုံဖော် ထားသောရုပ်တုများအနက် အလယ် ဆုံးမှတစ်ဦးမှာ ဒူးတစ်ဖက်ထောက် တစ်ဖက်ကိုထောင်လျက်ရှိနေ၏။ နံဘေး မှရုပ်တုတို့တွင် တစ်ဦးကလှမ်း၍ ယပ် တောင်ဆင်ဟန်မျိုးရှိနေပြီး ကျန်သူတို့က ရေစင်အိုးများ၊ ကွမ်းတောင်များ၊ အဖုံးပါ အမြိုက်အိုးများကိုပိုက်လျက် ခြံရံနေဟန် မျိုးတွေ့ရသည်။ စာရေးသူအယူအဆ အရ ထိုသူများအားလုံးသည် မင်းမိဖုရား နှင့် အခွေအရံများ ဖြစ်ဟန်တူပါသည်။ အခွေအရံများနှင့် မိဖုရားတို့၏ ဒူးတုပ် ဦးတည်နေကြဟန်မှာ ထိုအလယ်လူကို ဖြစ်၍ အလယ်လူသည် ထင်လင်းစွာ မင်းဖြစ်နိုင်ပါလေသည်။

နောက်တစ်နေရာသို့ရောက်သော် ထိုအုတ်နံရံတွင် တွေ့မြင်ရသည်က ချစ်စဖွယ်ကောင်းလွန်းလှပါလေသည်။ ထိုနေရာ၌ သရုပ်ဖော်ထားခဲ့ကြသည်မှာ အနုပညာတီးဝိုင်းတစ်ခု၏ ပုံစံပင်ဖြစ် လေသည်။ အပေါ်ပိုင်းနေရာတစ်ဆင့်၌ ညောင်မြစ်တို့ ထိုးခွဲဖြိုချခံရခဲ့ပြီးဖြစ်၍ ပြို တုန်ပျက်ကွဲနေကြပြီဖြစ်လေရာ သေချာ စွာ မလေ့လာမကြည့်နိုင်တော့သောအ ခြေအနေပင်ဖြစ်ပါ၏။ အောက်ပိုင်းတစ် တန့်ကို စာရေးသူကြည့်ရှုရာတွင် မြင်ရ သည်က စည်းနှင့်ဝါးကိုင်သူဝိုင်းသား တစ်ဦးက စည်းဝါးကို ပြုံးရွှင်စွာ တီးခတ်

ညောင်မြစ်တို့ကြောင့် ကွေးကောက်နှစ်ဝင်နေသော်ငြား ရှစ်ရွယ်များနာပေးကြောင့် ကုန်ရောဆောက်မိပါသည်

ရွေးကာနေပညာတီးဝိုင်းအဖွဲ့တစ်ခု၏ပုံတွင် စည်းဝါးကိုင်သူ၊ ထင်းကွင်းတီးသူ၊ နံကြိုးမှတ်သူ၊ နဲဝယ်မှတ်သူတို့နှင့် မမြင်နိုင်တော့သော အပေါ်ဘက်နေရောမှအရုပ်များ



ယင်တောင်ဆက်နေသူ၊ ကွမ်းဖလားစုံ (သို့) ဆွမ်းတော်ဆက်နေသူတို့ဖြစ်ပါမည်

www.burmeseclassic.com

တင်းပုတ်ထမ်းဘီလူးရုပ်တစ်ခုနှင့် နောက်ခံအင်္ကျီထေပန်းတို့၏အလှ

နေဟန်ဖြစ်၏။ ထိုသူ၏နံဘေးရှိ လင်းကွင်းကို ရင်ဘတ်နေရာထိ ကိုင်မြှောက်ရင်း ကျေနပ်စွာ တီးခတ်နေသော ဝိုင်းသားဖြစ်သည်။ ထိုသူ၏နံဘေးဘက်ရှိ နဲကြီးတစ်လက်ကို မှတ်နေသူတစ်ဦးနှင့် ထိုမှ ဘေးဘက်ရှိ နဲငယ်တစ်လက်ကို မှတ်နေသူတစ်ဦးဖြစ်ပါ၏။ ထိုအနုပညာဝိုင်းသားအားလုံးတို့၏ မျက်နှာပေးများမှာ ပျော်ရွှင်ခြင်း၊ နှစ်သက်ခြင်း၊ ချမ်းမြေ့ခြင်း၊ စူးနစ်စွာ အနုပညာစွာန်တစ်ခုကို ဝင်စားနေခြင်းစသော အသွင်သဏ္ဌာန်များကို ပေါ်လွင်ထင်ရှားအောင် ပုံဖော်ထားနိုင်ခဲ့ကြပါလေသည်။ပြောင်မြောက်လှပသောလက်ရာများဖြစ်ပါ၏။ အင်္ကျီတေပုံစံဖော်ထားမှုများသည် အုပ်စုတစ်စုအတွင်းရှိ လူတစ်ဦးချင်းတို့၏ မျက်လုံး၊ နှုတ်ခမ်း၊ ပြုံးဟန်၊ ခေါင်းငဲ့ဟန် အစရှိသည်တို့ တစ်ဦးနှင့်တစ်ဦး မတူညီကြဘဲ ရှိလေအောင်ထွင်းထားနိုင်ခဲ့ကြသည်ကပင် ဇစ်စပ်သေချာလှသော ပညာများပင် ဖြစ်လေသည်။

ညောင်မြစ်တို့ကို ပိုင်းဖြတ်ခုတ်ထစ်၍ ထားသောနေရာအုတ်ပုံကြီးတစ်ခုအနီးတွင် ပုဆစ်ဒူးတုပ်လျက် ထိုင်နေသော ရုပ်တုတစ်ခု၊ အနီးတွင်လည်း ပြုံးရွှင်သောမျက်နှာဖြင့် တစ်စုံတစ်ရာအား နှစ်သိမ့်ကျေနပ်နေဟန်ရှိသော ရုပ်တုတစ်ခုကို တွေ့ရပါ၏။ သို့သော်လည်း လက်၊ ခြေတို့၏ အမှုအရာများ၊ အသွင်သဏ္ဌာန်များကို ခန့်မှန်းနိုင်ကြခြင်းတို့ မရှိရတော့ပါပေ။ တစ်နေရာ၌ အုတ်ခဲသဏ္ဌာန်နေရာဖြစ်ဟန်ရှိသော ကျောက်ပုံကြီးအနီးတွင် လျောင်းတော်မူ ဘုရားရှင်ရှိတော်မူရာဘက်သို့ လက်အုပ်ချီရှိခိုးနေသော ဂဠုန်ရုပ်တစ်ခုကို တွေ့ရှိရပါသည်။ ထိုအရုပ်၏အပေါ် ဘက်နေရာများတွင် လှေကားအတက်များကဲ့သို့ အဆင့်ဆင့်တည်နေကြသော မတ်တတ်ရပ်နတ်ရုပ်များကို တွေ့ရှိရပြန်ပါသည်။

အခြားနေရာများကို စာရေးသူတို့တွေ့ရသည်များကလည်း ခေါင်းတော်မပါရှိတော့သော ဆင်းတုတော်များဖြစ်ပါသည်။ သက်နှံတော်များ၏အနားများသည် သစ်ရွက်သဏ္ဌာန်၊ ဆန္ဒင်းမကင်း ကွက်သဏ္ဌာန်များဖြင့် လှပစွာပုံဖော်ထားခဲ့ကြသည်များကို ထူးခြားစွာတွေ့ရှိကြရပါသည်။ ရင်ဘတ်တော်များတို့တွင် တွဲရွဲ့ကျနေသော သက်နှံတော်များကိုလည်း အဆင့်ဆင့် သွယ်လျစွာ ထိကပ်နေဟန်များဖြစ်လေရာ ရှေးလူများတို့၏အနုလက်ရာ အသေးစိတ်များကို ကြေကြေကွဲကွဲ ကြည့်နေမိကြရပါလေသည်။ အချို့အစားကျနသော ကိုယ်နေဟန်ထား၊ ရှေးအနုပညာအမြင်အတွေးများ၊ နောင်းလူတို့ မထုပနိုင်သောလက်ရာများဖြစ်လေသည်။

ပြုပျက်နေကြသော အုတ်တံတိုင်းအုတ်ပလွင်နေရာများတွင် ရှေးက ခိုင်ခဲ့သောအုတ်သားတို့က ပေါ်ထွက်နေကြပါလေ၏။ အုတ်သားတို့၏ နီရဲနေသော အသွင်များက ထိုခေတ်ကာလက မီးသားကျအောင်ဖုတ်ထားသော အုတ်များဖြစ်ကြောင်း သိရှိနိုင်ပါလေသည်။ အုတ်များအလျားမှာ (၁၈)×(၃)လက်မ ရှိကြပြီး အချို့နေရာများတွင် (၁၅)×(၂½) လက်မသာရှိကြောင်း တွေ့မြင်ကြရပါ၏။ အုတ်များ၏ စီထပ်ထားဟန်များမှာ များစွာ ညီညာ သေသပ်လှပြီး ရှေးကဆံခြည်တစ်မျှင်မျှပင် နေရာလပ်ရှိခဲ့ကြဟန်မတူကြောင်း သိသာနိုင်ပါသည်။ ထောင့်ချိုးနေရာ စီထပ်ထားဟန်များ၊ အဝန်းအဝိုင်းအကွေ့နေရာများ၌ စီထပ်သွားဟန်များသည် မည်သည့်ခေတ်၊ မည်သည့် ပညာများဖြစ်နိုင်ကြောင်း ပညာရှင်များထာ သိနိုင်ကြမည် ဖြစ်ပါသည်။

စာရေးသူ ကြားဖူးခဲ့သော အင်္ကတေစပ်နည်းအချို့ဖြစ်သော -

အုံတုံသတ္တ
နဝကျဲကော်
ဒွေးနော်တင်လဲ
လဲဝါတစ်ဆုပ်
ရေတစ်မှုတ်

ဟူသော စာဆိုအတိုင်း တည်ဆောက်ခဲ့ကြလေသည်လားဟူ၍လည်း တွေးတောမိပါသည်။

လိုက်ပါရှင်းပြသော ဦးပဉ္စင်း၏ ဘွဲ့တော်မှာ ဦးဂန္ဓမာဖြစ်ပါသည်။ ထပ်မံမက်သော အိပ်မက်တစ်ခုအရလည်း လျောင်းတော်မူဘုရား၏ ရင်ဘတ်တော်နေရာ၌ ရွှေဒဂိုးသေတ္တာတစ်ခုတူးဖော်တွေ့ရှိရသည်ဟု မြင်မက်တော်မူသေးသော်လည်း ယခုအချိန်ထိတော့ မတွေ့ရှိနိုင်ကြသေးကြောင်း သိရှိရပါသည်။ လက်တွေ့တွင် ရွှေသာလျောင်းဘုရား၏ အဆောက်အအုံတိုင်ဟောင်းနေရာများ၊ သံဖိနပ်နေရာ၊ ပန္နက်တိုင်နေရာဟုယူဆရသည်များကို တွေ့ကြရသည်ဟူ၍ ဦးပဉ္စင်းကြီးမှာ မိန့်တော်မူပါသည်။ ဦးပဉ္စင်းကြီးမှာ ငယ်ဖြူမဟုတ်ပါ။ သာသနာတော်၌ ဝါတော်အားဖြင့် ခုနစ်ဝါသာ ရှိနေသေးသော်လည်း ဤရွေးဟောင်း သာသနာ့မြေဖော်ထုတ်ကြရခြင်းနှင့်တိုက်ဆိုင်လမ်းညွှန်ပေးနိုင်ခဲ့သော သာဓကများက ရှေးအကြောင်းကံများရှိခဲ့လေသည်မျိုးပင်လားဟူ၍ စာရေးသူတွေးမိလိုက်ပါလေသေးသည်။

လူသားတို့လောကသည် ပြုပြင်ထိုက်သူမှ ပြုပြင်နိုင်ခြင်း၊ ဖော်ထုတ်ထိုက်သူမှ ဖော်ထုတ်နိုင်ခြင်း၊ တွေ့ကြုံထိုက်သူမှ တွေ့ကြုံနိုင်ခြင်း၊ အထူးအားဖြင့်ဆိုရလျှင် ရွှေ့သာသနာရေစက်တို့ကို ပြုလုပ်စိမ်ထိုက်သူတို့သာ ပြုလုပ်စိမ်နိုင်သော်ကံမျိုးပါလာခြင်းတို့က အံ့သြဖွယ်ကောင်းလှသော အကြောင်းတရားများပင် ဖြစ်ပါလေသည်။

(ဆက်လက်ဖော်ပြပါဦးမည်)

ခင် (လေဘင်ကြီး)

လိုက်လံပြသရှင်းထင်းပြတော်မူသော ဦးပဉ္စင်းကြီး ဦးဂန္ဓမာ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားသွားသူ အလုပ်အကိုင်အဆင်ပြေစေရန်

ကောင်းစံဆာ(မင်းတုန်း)

တစ်နေ့သဋ္ဌ ကျွန်ုပ်သည် အိမ်နှင့်ဝေးလှသောခြံကွက်ထဲတွင် ခြံစည်းရိုးထာရံနေခိုက် ကျွန်ုပ်နှင့်အလွန်ရင်းနှီးသော ကိုဝင်းမောင်ဆိုသူရောက်လာပြီး-

"ဆရာ့ဆီက အကူအညီလိုလို့လာခဲ့တာ ဆရာ။ ကျွန်တော့်သားနဲ့သမီး မလေးရှားသွားပြီး အလုပ်လုပ်တာသိပ်အဆင်မပြေလို့ အလုပ်အဆင်ပြေသွားအောင် ယတြာလေးလိုချင်လို့ပါ"

ဟု သူ့အလိုဆန္ဒကို တွေ့တွေ့ချင်းတိုက်ရိုက် ပြောချလိုက်၏။

ထို့အခါ ကျွန်ုပ်က -

"ကိုဝင်းမောင်ရဲ့သားသမီးတွေက ဘာသာရေးအယုံအကြည်ရှိပြီး ပုတီးကောစိပ်တတ်ကြသလား"

ဟု မေးလိုက်၏။

ထို့နောက် ကိုဝင်းမောင်က -

"အဲဒါတော့ ဆရာရေ၊ ကျွန်တော့်သားရောသမီးပါ ဘာသာရေးအယုံအကြည်လည်းကောင်းပါတယ်။ ပုတီးကို စွဲစွဲမြဲမြဲစိပ်ပေမယ့် လိုအပ်ရင် လိုအပ်သလိုတော့ ယုံယုံကြည်ကြည်နဲ့ စိပ်ပါတယ်ဆရာ"

ဟု ဖြေ၏။

ထို့အခါ ကျွန်ုပ်က -

"ဒါဆိုရင် ကျုပ်ယတြာပေးလို့ရသွားပါပြီ။ ကျုပ်ပြောတဲ့ယတြာကိုသာ ယုံယုံကြည်ကြည်လုပ်ပေတော့"

ဟု ဆိုရာ ကိုဝင်းမောင်က -

"ဟုတ်ကဲ့ - ဆရာ၊ ဆရာပြောတဲ့ ယတြာကို ကျွန်တော်သေသေချာချာမှတ်ပြီး သားတွေ၊ သမီးတွေဖုန်းဆက်တဲ့အခါ လေးလေးစားစားလုပ်ခိုင်းပါ့မယ် ဆရာ"

ဟု တရိုတသေပြောရှာ၏။

ထို့အခါ ကျွန်ုပ်က -

"ကိုဝင်းမောင် မှတ်ထားရမှာက ယတြာဆောင်ရွက်မယ့်သူဟာ မွေးနေ့ကစပြီး မိမိအားလပ်တဲ့အချိန်မှာ ဘုရားရှေ့ရောက်အောင်သွားပြီး -

၁။ ဘုရားရှိခိုး ငါးပါးသီလခံယူဆောက်တည်ရမယ်။

၂။ ဘုရားရှင်ရဲ့ဂုဏ်တော်ကိုးပါးထဲက ပထမဆုံးဂုဏ်တော်ဖြစ်တဲ့ အရဟံ ဂုဏ်တော်ကို ပုတီးသုံးပတ် (၁၀၈) လုံးပုတီးနဲ့ ပုတီးစိပ်ရမယ်။

က။ **အရဟံ** - လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရား။

ခ။ **အရဟံ** - ကိလေသာတည်းဟူသော ရန်သူတို့ကိုပယ်သတ်တော်မူသော မြတ်စွာဘုရား။

ဂ။ **အ-ရဟံ** - ဆိတ်ကွယ်ရာ၌မကောင်းမှုကိုပြုတော်မမူသောမြတ်စွာဘုရား။

ပုတီးစိပ်တဲ့အခါ အနက်အဓိပ္ပာယ်ထင်အောင်မြင်အောင်သိအောင်လုပ်ပြီး စိပ်ရပါမယ်။

၃။ နေ့စဉ် ပုတီးစိပ်ပြီးတိုင်း မေတ္တာပို့အမျှဝေရမယ်။

၄။ ပြီးရင် အောက်ပါဂါထာကို ရွတ်ဆိုပြီး လေးလေးနက်နက် ဆုတောင်းရမယ်။ (၃) ခေါက်ရွတ်ဆိုရမယ်။

ကုန္တိတံ ပတ္ထိတံ မယ္ဟံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ၊
စန္ဒော ပန္နရသောယထာ။ ။

၅။ ဒီယတြာကို (၄၅)ရက်မပျက်မကွက် လုပ်ရမယ်။ (၄၅)ရက်မပြည့်ခင်ဘဲ အလုပ်မကောင်းတာ အလုပ်အကိုင်အဆင်ပြေသွားလိမ့်မယ်"

ဟု ယတြာပြုရမည့်အစီအစဉ်များကို ပြောကြားရာ -

"ဆရာပြောတဲ့ ယတြာကို ကျွန်တော့်သားသမီးတွေ အကုန်လုပ်နိုင်ပါတယ် ဆရာ။ ကျွန်တော်ရဲရဲကြီးအာမခံပါတယ်။ ဒါပေမယ့် ဆရာပြောတဲ့အစီအစဉ်တွေကို ကျွန်တော် အကုန်လုံးစုံစုံစေ့စေ့မမှတ်မိနိုင်ဘူး။ စာနဲ့ရေးပေးပါလား ဆရာ"

ဟု ဆိုသဖြင့် ကျွန်ုပ်သည် အိမ်သို့ပြန်လာကာ စာရွက်နှင့်ရေးပေးလိုက်ရ၏။ ကိုဝင်းမောင်လည်း ပြန်သွားတော့၏။

ထို့နောက် တစ်လခန့်ကြာသောအခါ မင်းတုန်းမြို့ အမှတ် (၄) ရပ်ကွက် စျေးထဲတွင် ကိုဝင်းမောင်နှင့် တိုက်တိုက်ဆိုင်ဆိုင်တွေ့သောအခါ -

"ဘယ်လိုလဲကိုဝင်းမောင်၊ ခင်ဗျားရဲ့သားသမီးတွေ အလုပ်အကိုင်အဆင်ပြေသွားပြီလားဗျ"

ဟု မေးလိုက်ရာ ကိုဝင်းမောင်က-

"ဆရာပြောတဲ့အတိုင်း သားတွေသမီးတွေ ဖုန်းဆက်တဲ့အခါ ယတြာကိုပြောပါတယ်။ ပြောတဲ့အတိုင်း သူတို့လည်းလုပ်ဖြစ်ကြတယ်။ ရက်ပေါင်း(၂၀)မပြည့်ခင် အလုပ်အကိုင်နေရာပြောင်းရကြောင်းနဲ့ လစာလည်းတိုးသွားပြီဖြစ်လို့ ဒီလင်္ဂများများလွဲနိုင်တော့မယ်လို့ ဖုန်းဆက်တယ်ဆရာ။ ဆရာ့ကိုကျေးဇူးတင်သလို ကန်တော့ရအောင်လည်းလာခဲ့ပါဦးမယ် ဆရာ"

ဟု အားရဝမ်းသာပြောပြီး ကျွန်ုပ်၏အနီးမှ ဆိုင်ကယ်စီး၍ ထွက်ခွာသွားလေတော့သတည်း။

ကောင်းစံသာ (မင်းတုန်း)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဝန်ကြီးဌာန တစ်ခုလက်အောက်ရှိသော တောင်ငူ လုပ်ငန်းခွဲပု မန်နေဂျာတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်၏ လုပ်ငန်းခွဲတွင် ကာဝန်ထမ်းဆောင်နေသည့်ကာလတွင် စာမျက်နှာပေါင်း (၃၁၀၇) မျက်နှာရှိ မဟာပဋ္ဌာန်းကျမ်းမြတ်ကြီးကို ဝါတွင်း (၃) ဝဿ အဓိဋ္ဌာန်ဖြင့် နံနက်၊ ည ပူဇော်ခဲ့ပါသည်။ ယနေ့အချိန်အထိ နှစ်ပေါင်း (၂၈) အတွင်း (၁၇) ကြိမ်အထိ ပူဇော်ခဲ့ပါသည်။

ကျွန်တော်၏ ပဋ္ဌာန်းတရားတော် ပူဇော်မှုကို သိရှိကြသော ပိတ်ဆွေများက မကြာခဏ ကျွန်တော့်ကို မေးခွန်း (၂) ခုမေးလေ့ရှိပါသည်။ ပဋ္ဌာန်းကျမ်းကို ရွတ်ဖတ်ပူဇော်လျှင် ဘိုက်တယ်ဆိုတာ ဟုတ်ပါသလား၊ တန်ဘိုးကြီး၍ ကူးကြူးပြီး စီးပွားတိုးတက်တယ်ဆိုတာ ဟုတ်ပါသလား ဟူ၍ ဖြစ်ပါသည်။

ပဋ္ဌာန်းတရားတော်ကို ဟောကြား ချယ်မျှားထားသည် လူ နတ်၊ ဗြဟ္မာ၊ သတ္တဝါလုံးဝလောဘ၊ လောဘကုတ္တရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာအကျိုးငှာ ဟောကြားထားခြင်းသာ ဖြစ်ပါသည်။ ခိုက်သည်ဟုဆိုသူများမှာ ကိုယ်တိုင် စူးစမ်းလေ့လာမှုမရှိသဖြင့်၊ ပဋ္ဌာန်းဆိုတာ ဘာမှန်းကိုမသိသဖြင့်ပြောကြခြင်း ဖြစ်ကြောင်း ရှင်းပြရပါသည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအနန္တအား သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်စေခြင်းအကျိုးငှာ ပါရမီ (၁၀) ပါးကို လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ဆည်း ကျင့်ကြံ၍ နိဗ္ဗာန်ရောက်ကြောင်းတရားမြတ်ကို ရှာဖွေခဲ့ရပါသည်။ တောမိပင်နှင့်ရွှေပလ္လင်၌ ဘုရားစင်စစ်ဖြစ်တော်မူမှသိခဲ့ရသော တရားတော်မြတ်ကို သတ္တဝါအနန္တသိစေ၊ တတ်စေ၊ ကျင့်စေချင်၍ မရပ်မနား ဟောကြားတော်မူခဲ့ပါသည်။ ထိုသို့သိစေတတ်စေကျင့်စေချင်သောတရားမြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ လေ့လာလိုက်စားခြင်းမရှိပါက မတတ်၊ မသိသဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာလမ်းကိုလည်း တွေ့ရန်ခိုင်တော့မည်မဟုတ်ပါ။ သို့ဖြစ်၍ မဟာပဋ္ဌာန်းတရားတော်မြတ်ကို အနက်အဓိပ္ပာယ်များပါ လေ့လာ၍ အမြဲထာဝရရွတ်ဖတ်ပူဇော်သင့်ကြောင်း တင်ပြရပါသည်။

ပဋ္ဌာန်းတရားတော်သည် တန်ခိုးကြီး၍ ထူးခြားသည်ဆိုခြင်းမှာလည်း နတ်ပြည်၌ မြတ်စွာဘုရားရှင်ဟောကြားခဲ့သော ဤပဋ္ဌာန်းတရားတော်မြတ်ကို နာကြားလိုက်ရသော နတ်၊ သိကြား၊ ဗြဟ္မာတို့သည် နှစ်ကာလများကြာသောအခါ ထိုပဋ္ဌာန်းတရားတော်ကို နာကြားလိုကြသည်ဖြစ်၍ လူပြည်၌ အာဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com

ဤပဋ္ဌာန်းတရားတော်မြတ်ကို ဆိုပူဇော်ပါမည်နည်းဟု လှည့်လည်ကြည့်ကြပါသည်။ ရွှတ်ဆိုပူဇော်သူများ တရားနာကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ထိုသူများ၏ဘေးဥပဒ်ဘေးဆိုးများကို ကာကွယ်၍ အကျိုးများကို ကူညီစောင့်ရှောက်ကြပေသည်။

ကျွန်တော်ကိုယ်တိုင် ပဋ္ဌာန်းတရားမြတ်ကို ရွတ်ဖတ်ပူဇော်ခဲ့သည့် အခိုက်မှစ၍ ယနေ့တိုင်တွေ့ကြုံခဲ့ရသော ထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်များကို စာဖတ်သူများသိရှိခံစားနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

၁။ ရာထူးများအကြိမ်ကြိမ်တက်ခြင်း

ကျွန်တော်သည် ၁၉၇၁ ခုနှစ်တွင် လက်ထောက်ဦးစီးရာထူးရရှိခဲ့ပြီးမှ ၁၉၉၉ ခုနှစ်အထိ (၂၈)နှစ်တိုင်တိုင်ရာထူးတက်ခြင်းမရှိခဲ့ပါ။ ပင်စင်ယူရန် (၆) နှစ်သာ ကျန်တော့သဖြင့် မျှော်လင့်ထားခြင်းမရှိခဲ့ပါ။ လုပ်ငန်းခွဲရှိ မိမိအိပ်ခန်းအတွင်း မဟာပဋ္ဌာန်းတရားတော်ကိုသာအဓိဋ္ဌာန်ဖြင့် ပူဇော်ခဲ့ပါသည်။

၁၇-၁၂-၁၉၉၄ မှ ၃၀-၁၂-၁၉၉၄ အထိ ပထမအကြိမ်။

၁၅-၁-၁၉၉၅ မှ ၈-၉-၁၉၉၅ထိ ဒုတိယအကြိမ်။

၃၀-၁-၁၉၉၅ မှ ၁၂-၃-၁၉၉၉ အထိ တတိယအကြိမ်။

၄-၈-၂၀၀၁ မှ ၂၇-၁၀-၂၀၀၁ထိ စတုတ္ထအကြိမ်။



www.burmeseclassic.com

www.burmeseclassic.com

၁၄-၇-၂၀၀၂ မှ ၅-၁၀-၂၀၀၂ထိ
ပဌမအကြိမ်။

၁၇-၇-၂၀၀၃ မှ ၁၀-၁၀-၂၀၀၃
ထိ ဆဋ္ဌမအကြိမ်။

၁-၈-၂၀၀၄ မှ ၁၈-၁၁-၂၀၀၄ထိ
သတ္တမအကြိမ်။

ထိုသို့ပူဇော်ခဲ့ရာ တတိယအကြိမ်
မြောက်ပူဇော်ချိန်မှစ၍ အောက်ပါ
အတိုင်း ရာထူးအဆင့်ဆင့်ကို သတ်မှတ်
နှစ်များမတိုင်မီ အထူးထောက်ခံချက်
များဖြင့် ရရှိခဲ့ပါသည်။

၅-၃-၁၉၉၉ တွင် ရုံးအုပ်ရာထူး။

၆-၁၀-၂၀၀၀တွင် လက်ထောက်
မန်နေဂျာရာထူး။

၁-၁၀-၂၀၀၃ တွင် မန်နေဂျာ
ရာထူးများ ရရှိခဲ့ပါသည်။

ထူးဆန်းအုံဩဖွယ်ကောင်းသည်
မှာ ၅-၃-၁၉၉၉ နှင့် ၁-၁၀-၂၀၀၃ ရက်
နေ့များသည် မဟာပဌာန်းကျမ်း၏ (၅)
အုပ်မြောက်ကို ရွတ်ဖတ် ပူဇော်သည့်
အချိန်နှင့်တိုက်ဆိုင်နေခြင်း ဖြစ်ပါသည်။
ထို့အပြင် တစ်နိုင်ငံလုံး၌ လုပ်ငန်းစွမ်း
ဆောင်ရည်(ဒုတိယ)ဆုငွေကိုပါ လက်ခံ
ရရှိခဲ့သည်။ ကျွန်တော်ကဲ့သို့ နှစ်ပေါင်း
များစွာ ရာထူးမတက်ခဲ့သောဇနီးမှာ
လည်း ၁-၂-၂၀၀၁ နေ့တွင် စာရင်းကိုင်
ရာထူးတက်ခဲ့ပါသည်။

၂။ ပြောင်းရွှေ့အမိန့်ကိုပယ်ဖျက်နိုင်ခြင်း

ကျွန်တော်သည် ၅-၃-၁၉၉၉ နေ့
ရုံးအုပ်ရာထူးရရှိသောအခါ ရန်ကုန်ရုံး
ချုပ်သို့ ပြောင်းရွှေ့ရမည်ဟု သတင်းရရှိ
ပါသည်။ ကျွန်တော်က ရုံးချုပ်သို့ လုံးဝ
မပြောင်းရွှေ့လိုပါ။ ရုံးချုပ်တွင်မနေလိုရှိ၍
တောင်ငူလုပ်ငန်းခွဲသို့ ပြောင်းရွှေ့ခွင့်ပြု
ရန် စာတင်၍ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ပါ
သည်။

ကျွန်တော် လက်ရှိလုပ်ငန်း၌
မန်နေဂျာမှ သူ၏ယုံကြည်အားကိုးရသူ
ဖြစ်၍ မပြောင်းရွှေ့ရန် ရန်ကုန်သို့သွား
ရောက် တင်ပြခဲ့သော်လည်း အထက်မှ
ညွှန်ကြား၍လုပ်ရပါသည်ဟူသောအဖြေ
သာရရှိခဲ့သည်။ ကျွန်တော့်အား ပြောင်း
ရွှေ့လျှင် ၎င်းကိုပါအလုပ်မှနုတ်ထွက်ခွင့်
ပြုရန် အသက် (၅၉) နှစ်ရှိပြီး ဖြစ်သော
ကျွန်တော်၏ဆရာမှ ပင်စင်တင်လိုက်ပါ
တော့သည်။ ကျွန်တော်မှာလည်း ပဌာန်း
တရားတော်ကို ပူဇော်ပြီးချိန်ဖြစ်ပါသဖြင့်
နံနက်၊ ည အောက်ပါအတိုင်း သစ္စာဆိုခဲ့
ပါသည်။

"ကျွန်ုပ်သည် ဤမဟာပဌာန်း
ကျမ်းမြတ်ကြီးကို ရွတ်ဖတ်ပူဇော်ရခြင်း
မှာ မြတ်ဗုဒ္ဓ၏ဉာဏ်တော်ကြီးဖြစ်တော်
မူသော တရားတော်မြတ်ကို လူ၊ နတ်၊
ဗြဟ္မာ၊ သတ္တဝါတို့ကြားသိရသည်ရှိသော်
သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ပါစေ
ခြင်းအကျိုးငှာ ရည်ရွယ်ပူဇော်နေခြင်း ဖြစ်
ပါသည်။ သာသနာအကျိုး ဆက်လက်
သယ်ပိုးနိုင်ရန် တောင်ငူမှ မပြောင်းရွှေ့
ရပါစေသတည်း။ သာသနာစောင့်နတ်
များ ကြားသိပါစေသတည်း"

ဟူ၍ နေ့စဉ်သစ္စာဆိုဆုတောင်း
ခဲ့ပါသည်။

၂-၆-၁၉၉၉ နေ့တွင် ပြောင်းရွှေ့
အမိန့်စာကို ရရှိခဲ့ပါသည်။ သို့သော်
၂၄ - ၉ - ၁၉၉၉နေ့တွင် ပြောင်းရွှေ့
အမိန့်စာကို ပယ်ဖျက်ကြောင်း အမိန့်
စာကို ထပ်မံ လက်ခံရရှိခဲ့ပါသည်။

ထိုသို့ဖြစ်ခဲ့ရသည့်အကြောင်းရင်း
မှာ ပြောင်းရွှေ့အမိန့်ထွက်ပြီးနောက်
ရက်ကြာမီတွင် ရုံးချုပ်မှာ အထွေထွေ
မန်နေဂျာသည် နယ်လှည့်စစ်ဆေးရေး
ခရီးစဉ်တစ်ခုအဖြစ် တောင်ငူလုပ်ငန်းခွဲ
သို့ ဝင်ရောက် စစ်ဆေးခဲ့ပါသည်။ ထိုသို့
စစ်ဆေးစဉ် ကျွန်တော့်အား ရုံးချုပ်သို့
ပြောင်းရွှေ့ထားကြောင်း သိရှိသွားပါ
သည်။ အထွေထွေမန်နေဂျာမှ တစ်စုံ
တစ်ရာမေးမြန်းခြင်းမပြုဘဲ ရုံးချုပ်သို့
ပြန်ရောက်သောအခါ ကျွန်တော်၏
ပြောင်းရွှေ့အမိန့်ကို ပြန်လည်စစ်ဆေး
ခဲ့ကြောင်း သိရှိခဲ့ပါသည်။ စစ်ဆေးတွေ့
ရှိချက်အရ စီမံခန့်ခွဲရေးကော်မတီသို့
တင်ပြ၍ ခွင့်ပြုချက်ရယူပြီးမှ ပြောင်းရွှေ့
ရမည့်ကိစ္စကိုတင်ပြခြင်းမရှိဘဲ အထက်
လူကြီးများမသိအောင် ပြောင်းရွှေ့အမိန့်
ထုတ်ခဲ့သည်ကို သိရှိသွားပြီး ပြောင်းရွှေ့
အမိန့်ကို ချက်ချင်းပယ်ဖျက်ခဲ့ကြောင်း
သိရှိရပါသည်။ မတရားလုပ်သူများသည်
သာ အကုသိုလ်အကျိုးကို ခံစားသွားရ
ရှာပါသည်။

ပဌာန်းတရားတော်ကို ချစ်မြတ်နိုး
သော နတ်သိကြားများက မတရား
လျှို့ဝှက်လုပ်ကြံမှုအား အချိန်မီဖော်ထုတ်
ပြင်ဆင်နိုင်ရန်အတွက် အထွေထွေ
မန်နေဂျာအား တောင်ငူသို့ လာရောက်
စစ်ဆေးရန် ဆောင်ရွက်ပေးခဲ့ခြင်းသာ
ဖြစ်သည်ဟု ယုံကြည်နေမိပါတော့
သည်။

ကျွန်တော့်မှာမူ ပင်စင်ရရှိသွား
သော ဆရာ၏လုပ်ငန်းခွဲမန်နေဂျာတာ
ဝန်ကို ရုံးအုပ်ရာထူးဖြင့် ဆက်လက်
အုပ်ချုပ်ခဲ့ရပြီး မကြာမီနှစ်များအတွင်း
ရာထူးအကြိမ်ကြိမ်တက်ခဲ့ရပါသည်။
မဟာပဌာန်းတရားတော်၏တန်ခိုးတော်
ကြောင့် ကြံတိုင်းအောင်၍ ဆောင်တိုင်း
မြောက်ခဲ့ခြင်းသာ ဖြစ်ပါသည်။

၃။ သူစိမ်းတစ်ရံများကို အိပ်ခွင့်မပြုခြင်း

ကျွန်တော်သည် အရာရှိများရရှိ
သော ပြည်တော်သာတိုက်ခန်းတွင်မနေ
ဘဲ ရုံးတွင်းတစ်ယောက်အိပ်ခုတင်ဖြင့်
ဆက်လက်နေထိုင်ခဲ့ပါသည်။ ဘုရားခန်း
ကို သီးသန့်ထားရှိပါသည်။ ကျွန်တော်
အိပ်သောအိပ်ရာအနီး ပြတင်းပေါက်နှင့်
ကပ်လျက်တွင် လူ (၃) ဖက်စာမျှရှိသော
နှစ်ချို့ကုတ္တိုပင်ကြီးတစ်ပင်ရှိပါသည်။
ယခင်အခါများက မကြာခဏ ခဲများ
သံများပစ်ပက်ကြောင်း ကြားသိရသော်
လည်း ကျွန်တော်အိပ်သော နှစ်ကာလ
များအတွင်း တစ်ကြိမ်တစ်ခါမျှမကြုံဘူး
ခဲ့ပါ။

ကျွန်တော်မှလည်း နံနက်၊ ည
ဘုရားဝတ်တက်၍ မဟာပဌာန်းတရား
တော်ကို ပူဇော်တိုင်း သံသရာမှဆွေ
တော်မျိုးတော်များ မလွတ်မကျွတ်သော
သူများနှင့် ကုတ္တိုပင်မှပုဂ္ဂိုလ်အား တရား
နာကြွရောက်ရန် ဖိတ်ခေါ်ပြီး မေတ္တာပို့
အမျှအတန်းပေးဝေလျက်ရှိသဖြင့် တစ်စုံ
တစ်ရာကိုမျှ မကြုံခဲ့ရပါ။

သို့သော် ကျွန်တော်ပဌာန်းတရား
တော်ကို ပဌမအကြိမ် ပူဇော်နေစဉ်
ရုံးချုပ်မှ အစည်းအဝေးဖိတ်သဖြင့် သွား
ရောက်ခဲ့ရပါသည်။ အစည်းအဝေးသွား
စဉ် ညတာဝန်ချထားခဲ့သောရုံးအုပ်ဖြစ်
သူမှ ကျွန်တော်၏ အိပ်ရာခုတင်တွင်
ဝင်အိပ်ခဲ့ပါသည်။ ထိုသို့ဝင်အိပ်စဉ်
ဂင်းအား တစ်စုံတစ်ဦးသည် လည်ပင်း
ညှစ်၍ စီးထားသည်ကို ခံစားရကြောင်း
နှင့် မျက်လုံးကိုဖွင့်ကြည့်သောအခါတွင်
တစ်ထွာခန့်ရှိသော အမွေးအမှင်များနှင့်
ပရလောကသားက ခွစ်းထားသည်ကို
တွေ့ရကြောင်း အော်ဟစ်ရုန်းကန်ရာ
တွင် အတန်ကြာမှ ကွယ်ပျောက်သွား
ကြောင်း ဆက်လက်မအိပ်ရဲ၍ အပြင်
ဘက်ထွက်၍ အိပ်ခဲ့ရကြောင်းများကို
ကာယကံရှင်နှင့် ညစောင့်တို့မှ ပြန်ပြော
ပြ၍သိခဲ့ရသည်။

ကျွန်တော်ကိုယ်တိုင်မှာ တစ်ကြိမ်
တစ်ခါမှ မကြုံဘူးသဖြင့် သွေးလေ
ချောက်ချား၍ဖြစ်သည်ဟုဟာ ထင်မှတ်
ခဲ့ပါသည်။

ညစောင့်ဖြစ်သူက -
"ဆရာ့ခုတင်မှာ ဘယ်အိပ်တာ

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ကုက္ကိုပင်က ရုက္ခစိုးက ဘယ်သူကို ဆင်းလုပ်တာနေမှာပေါ့"

ဟု ပြောဆိုရယ်မောခဲ့ရပါသည်။

သို့ရာတွင် ကျွန်တော်ပင်စင်ယူ၍ ထာဝန်လွှဲပြောင်းပေးရသော မန်နေဂျာအသစ်မှာလည်း ကျွန်တော်၏အိပ်ရာဝန်ထမ်းတွင် ဝင်ရောက်အိပ်သည့် (၂) ည လေးပင် ၎င်း၏ခန္ဓာကိုယ်အား ခွဲစိတ်ထားသော အမွေးအမှင်များနှင့် ကိုယ်ခန္ဓာကြီးကို တွေ့သဖြင့် မအိပ်ရဲတော့ဘဲ နေရာပြောင်းရွှေ့အိပ်ရကြောင်း။ ၎င်း၏ပြောပြချက်အရ သိရှိရပါသည်။ မန်နေဂျာအသစ်မှာ ရန်ကုန်မှ ၎င်း၏မိခင်အား ခေါ်ယူ၍ တောင်ငူ လေးမိုင်ရှိ ဆရာတော်အား သွားရောက်လျှောက်ထားရာ ဆရာတော်မှ ၎င်းအိပ်သောနေရာအနီး တည်ထိုင်ပင်မှ ပုဂ္ဂိုလ်အား ဖယ်ရှားခြင်းမပြုရန်နှင့် ၎င်းကိုသာ နေရာပြောင်းအိပ်ရန် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဘယ်ကြောင့် ကျွန်တော်အိပ်သော အိပ်ရာနေရာတွင် ပြင်ပသူစိမ်း တစ်ရံများကိုအိပ်ခွင့်မပြုပါသလဲ။ တစ်ဦးမတွေ့တစ်ဦးမှာ ဆိုသကဲ့သို့ ပဌာန်းကို ရွတ်၍ နေ့စဉ် မတွေ့ဘဲ အမျှအတန်း ဝေလျာရှိသော ကျွန်တော့်အပေါ်၌ ထိုပုဂ္ဂိုလ်၏ တံပြိုမေတ္တာကြောင့် ကျွန်တော်မှတစ်ပါး သူစိမ်းတစ်ရံများကို အိပ်ခွင့်မပေးလိုကြောင်း သတိပေးခြောက်လှန့်ခြင်းဖြစ်သည်ဟုသာသုံးသပ်မိပါသည်။

၄။ ပဌာန်းကျမ်းမြတ်ကို သစ္စာဆို၍ ကယ်တင်ခြင်း

တစ်နေ့သော နံနက် (၆) နာရီခန့် ဘုရားဝတ်တတ်ပြီးချိန်တွင် ဘုံးရွှေ့အဖေးဆိုင်မှ မဖေးဖေးခိုင် ဆိုသူ အမျိုးသမီးတစ်ဦးသည် တစ်နှစ်အရွယ် သမီးငယ်ကို ချီ၍ ဝင်လာပါသည်။ ထို့နောက် ကျွန်တော်၏ လက်ထဲသို့ သမီးငယ်ကိုထိုးထည့်၍ -

"ဆရာ၊ ကျွန်မသမီးကလေးကို တယ်ပါဦး။ ကလေးက အဖျားမကျတာ တစ်ပတ်လောက်ရှိပါပြီ။ ဆရာဝန်တွေ ပြောင်းပြီးပြလည်း အဖျားကမကျတဲ့အပြင် ကလေးဟာ ခုဆိုဘာမှမစားဘဲဖြစ်နေပါတယ်။ ကျွန်မစိုးရိမ်တာက ဒီကလေးကိုယ်ဝန်ရှိတုန်း သမီးအကြီးက အမေ့ အခုမွေးမှာ မိန်းကလေးဖြစ်တယ်။ မွေးပြီးရင် ယခင်ဘဝကအမေက ကျွန်မတို့သမီးအစိမ်း (၂) ယောက်စလုံးကိုပြန်ခေါ်မယ်လို့ပြောပါတယ်။ ဆရာက ပဌာန်းရွတ်ပြီး ဘုရားတရားအလုပ်တွေလုပ်တယ်ဆိုတော့ ဆရာကယ်နိုင်ပါတယ်"

ဟု ငို၍ တောင်းပန်နေပါသည်။

ကျွန်တော်လည်း ရုတ်တရက်မို့ အံ့အားသင့်နေပြီး ဘာလုပ်ပေးရမှန်း မသိဖြစ်သွားခဲ့ပါသည်။

သို့သော် ကျွန်တော့်အနေဖြင့် လုပ်ပေးနိုင်တာတစ်ခုတော့ရှိပါသည်။ ယင်းမှာ သစ္စာသာဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ကလေးငယ်အား ဘုရားကျောင်းဆောင်ရှေ့တွင် မ,ယူ၍ အောက်ပါအတိုင်း သစ္စာဆိုပါသည်။

"ငါ၌ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိပါ။ တရားမှတစ်ပါး ကိုးကွယ်ရာမရှိပါ။ သံဃာမှတစ်ပါး ကိုးကွယ်ရာမရှိပါ။ ငါ၏ကိုယ်၌ မသိမလိမ္မာ၍ ပြုခဲ့ဖူးသော မကောင်းမှုကုသိုလ်များလည်းရှိပါသည်။ ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်များလည်း များစွာရှိပါသည်။ ငါသည် ဘုရားရှင်၏ဉာဏ်တော်အား ရည်စူး၍ မဟာပဌာန်းကျမ်းမြတ်ကြီးကို ငါးကြိမ်တိုင်တိုင် ပူဇော်ခဲ့ပြီး ဖြစ်ပါသည်။ အသက်ပေါင်း လေးထောင်ကျော်ကို ဇီဝတဒါန အဖြစ် လွှတ်မြောက်စေခဲ့ပြီး ဖြစ်ပါသည်။ ငါသည် အနန္တဇါးပါးအား ပြစ်မှားကျူးလွန်ခြင်း၊ သူအသက်သတ်ခြင်း၊ သူတစ်ပါးသားမယားအား ပြစ်မှားကျူးလွန်ခြင်း၊ အရက်သေစာသောက်စားခြင်းတို့ကို အသက်ထက်ဆုံး ရှောင်ကြဉ်ကြောင်း သစ္စာကိုလည်းပြုပြီ ဖြစ်ပါသည်။ ဤမှမ်ကာသော သစ္စာစကားကြောင့် ဤကလေးခွဲ ကျရောက်နေသော ရောဂါဝေဒနာအပေါင်းသည် ပျောက်ကင်း ချမ်းသာပါစေသတည်း"

ဟု သစ္စာဆို၍ ကလေးအား လက်ထဲသို့ပြန်ထည့်ပေးလိုက်ပါသည်။

"ကဲ - ပျောက်သွားပြီ။ စိတ်ချဘာမှမဖြစ်တော့ဘူး"

ဟုပြော၍ ကလေးကို သူမိခင် လက်ထဲသို့ပြန်ထည့်ပေးလိုက်ပါသည်။

နံနက် (၁၀) နာရီခန့်တွင် ကလေးမိခင်၏ ပြောကြားချက်အရ အိမ်ပြန်ရောက်ပြီးနောက် ကလေးမှာနို့စို့၍ အိပ်ပျော်သွားကြောင်း၊ အိပ်ရာမှနိုးသောအခါ အဖျားလုံးဝမရှိတော့ဘဲ အစာစားပြီး ကစားနေကြောင်း ပြောကြားခဲ့ပါသည်။ ကလေးမှာလည်း ယနေ့တိုင် ကျန်းမာလျက်ရှိကြောင်း သိရှိရပါသည်။ နေရင်းထိုင်ရင်း နာမည်ကြီးသွားသည်မှာလည်း ပဌာန်းတရားတော်၏ တန်ခိုးတော်ကြောင့်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

၅။ ခြတောင်ပို့နှင့်အမြတ်ဆုံးခရီးသည်

တောင်ငူလုပ်ငန်းခွဲခုံး၌ ကျွန်တော့်ဆရာနှင့်ကျွန်တော်နေစဉ်ကဖြစ်သည်။ ဆရာနှင့် ကျွန်တော်မှာ ပေ (၃၀) ခန့် သာကွာဝေးပြီး တစ်မိုးအောက်တွင် အတူနေသူမို့ ကျွန်တော်၏ ပဌာန်းရွတ်ဖတ်ပူဇော်နေသည့်အသံကို အမြဲကြားလျက်ရှိပါသည်။ သို့သော် ဘာသာရေးနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းမရှိခဲ့ပါ။

ဝါတွင်းကာလအတွင်း ကျွန်တော်မှ ပဌာန်းတရားတော်ကို အဓိဋ္ဌာန်ဖြင့် ပူဇော်လေ့ရှိပြီး ကျွန်တော်၏ဆရာကမူ နယူး(စ်)ဝီ(ခ်)တိုင်း(မ်)နှင့်အင်္ဂလိပ်နွေစဉ် သတင်းစာများကိုသာ ညဉ့်နက်သည့်တိုင်ဖတ်နေတတ်ပါသည်။ တစ်နေ့တွင် ခုံးရှိ မန်နေဂျာအခန်းသမံတလင်းအက်ကြောင်းမှ ခြတောင်ပို့ (၃) ခု ထွက်ပေါ်လာပါသည်။ ခြတောင်ပို့များမှာ ကြီးမားလာသဖြင့် ဆရာမှ မသင့်လျော်၍ ဖြိုဖျက်ရမည်ဖြစ်ကြောင်းပြောလာပါသည်။ ကျွန်တော်မှာ (၁) ရက်ခန့်အချိန်ပေးရန် ပြောပြီး နံနက်၊ ည ဘုရားဝတ်တက်ပြီး ချိန်တွင် ခြတောင်ပို့အနီးသွား၍ -

သံသရာမှဆွေတော်မျိုးတော်များဖြစ်သည့်သင်တို့တွင် အသက်အန္တရာယ် ကျရောက်နေပြီဖြစ်သဖြင့် အမြန်ဆုံးပြောင်းရွှေ့ပေးပါရန် မေတ္တာရပ်ခံခြင်း၊ မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထိုအချိန်၌ ဆရာသည် ကျွန်တော်၏လုပ်ရပ်ကို ကြည့်နေပါသည်။ မင်း ဘယ်လောက်စွမ်းသလဲ ငါကြည့်မယ်ဆိုသည့်ပုံစံဖြစ်နေပါသည်။ နောက်တစ်နေ့တွင် ဝန်ထမ်းတစ်ယောက်အား ခေါ်၍ ခြတောင်ပို့ကို ဖျက်ဆီးစေရာ ခြတစ်ကောင်မျှမရှိကြောင်း တွေ့ရပါသည်။ (၂) ကြိမ်တိုင်တိုင် ဖြစ်ပေါ်သော ခြတောင်ပို့များ၊ လုံးဝဖြစ်မလာတော့ပါ။ ကျွန်တော့်ဆရာမှာလည်း အံ့သြဝမ်းသာစွာဖြင့် -

"ဒါဟာ ခင်ဗျားရဲ့ပဌာန်းရွတ်လို့ ရတဲ့စွမ်းအားတွေပဲ"

ဟု မှတ်ချက်ချခဲ့ပါသည်။

ကျွန်တော်၏စိတ်ထဲမှ တော်ပါသေးရဲ့ဟူ၍သာ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာသည်အထက်ပါကိစ္စဖြစ်ပြီးနောက် ကျွန်တော့်အား မေးခွန်းတစ်ခုကို မေးလာပါသည်။

"ဘုရား၊ တရား အလုပ်ကိုလုပ်တဲ့သူတွေမှာ သေရမှာကြောက်လို့လုပ်တာ မဟုတ်ဘူးလား"

ဟူ၍ ဖြစ်ပါသည်။

ဘုရား၊တရားမလုပ်တဲ့သူတွေသာ သေရမှာကြောက်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုသူသည် သေရမှာကို သိတာတလွဲ၍ သေခြင်းတရားကို ဘယ်လို မကြောက်မန့် တည်တည်ငြိမ်ငြိမ်ရင်ဆိုင်ကျော်လွှားနိုင်တယ်ဆိုတာ မသိလို့ ကြောက်တာဖြစ်ကြောင်း၊ ဥပမာ တောမသွားဘူးတဲ့သူတွေဟာ တောကောင်ကိုကြောက်ပေမယ့် တောင်လည်ထွက်နေတဲ့လူတွေက တောကောင်တွေကို လိုက်ဖမ်းခဲ့ကြတယ်ဆိုသလို မသိသူနှင့် သိသူ (၂) ယောက်မှာ မသိသူက ပိုကြောက်တတ်ကြောင်း ရှင်းပြပါသည်။ ဆက်လက်၍ ဆရာက လက်တွေ့သမားဖို့ စာတွေ့ကိုပြောလျှင် လက်ခံနိုင်မှာ မဟုတ်ပါ။ကျွန်တော့်ကိုယ်တွေ့ကို တိုတိုပဲပြောပါမည်ဟု အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

"ကျွန်တော်တို့စစ်ဆေးရေးအဖွဲ့ဝင် (၄) ဦးဟာ ပုသိမ်မှ မော်တင်စွန်းကိုအသွား ပင်လယ်ဝနားရောက်တော့ စက်လေကိုကွေ့လိုက်ရာ ပင်လယ်လှိုင်းကြောင့် ဘယ်၊ ညာလူးပြီး မှောက်တော့မယ့်အခြေအနေကိုရောက်သွားပါတယ်။ လူတွေလည်း ပြေးလွှားကြ၊ အော်ဟစ်ကြဖြစ်နေပါတယ်။ ကျွန်တော်က ဝုန်းတော်ပုတီးစိပ်နေရာကနေ ထလိုက်ပါတယ်။ ငါစက်လေအနောက်ဘက်ကို သွားမယ်။ စက်လေရဲ့ကမ်းခွန်းတဲ့ဘက် ပန်ကာနဲ့ လွှတ်အောင်ခုန်ချပြီး ရေကူးမယ်။ ရေထဲရောက်ရင် ပုတီးကိုလွှတ်ပြီး ဝိဇ္ဇာသနာ ငါရှာပြီးသေမယ်လို့တွေးပြီး ထွက်လိုက်ပါတယ်။ဒီအချိန် ဟေ့ကောင်စောခိုင်၊ ထ ထဆိုပြီး ပြောဆိုသံကို ကြားလိုက်ရပါတယ်။ ကျွန်တော့်စက်လေနောက်ပိုင်းအနီးရောက်ချိန် ငြိမ်ငြိမ်နေကြပါ။ မပြေးကြနဲ့။ စက်လေစောင်းသွားရင် မှောက်လိမ့်မယ်ဆိုတဲ့ အော်သံကြောင့် လူတွေလည်း ရုတ်တရက်ငြိမ်သွားပြီး စက်လေတဖြည်းဖြည်းငြိမ်သွားပါတယ်။ ကျွန်တော့်နေရာပြန်ရောက်တော့ ကျွန်တော်က ကိုစောခိုင်ကို ခင်ဗျားဘာဖြစ်တာလဲဗျဆိုပြီး မေးတော့ ကိုစောခိုင်က ကျွန်တော်ဗျာ၊ ဒီတစ်သက်တော့ သားမယားတွေနဲ့ ပြန်မတွေ့တော့ဘူးလို့ စိုးရိမ်ကြောက်လန့်သွားပြီး ဘုရားတွေတုန်ပြီးထလို့မရတော့ဘူးဖြစ်နေတယ်လို့ ပြန်ပြောပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ သေရမယ့်သူချင်းအတူတူ ဘာကြောင့် ကျွန်တော်က ကြောက်လန့်တုန်လှုပ်မှုမရှိတာလဲ။ ကျွန်တော်လည်း ရေကူးတတ်ရုံကလွဲလို့ ဝါးတစ်ရိုက်တောင် တစ်ခါမှမကူးခဲ့ဖူးပါဘူး။ အဓိကအကြောင်းအရင်းကတော့ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ တရားဓမ္မများအပေါ် ကျွန်တော့်ရဲ့ သက်ဝင်ယုံကြည်မှုက ကျွန်တော်ကို မကြောက်တရားရရှိခဲ့ခြင်းပဲ ဖြစ်ပါတယ်"

ဟု ဆရာ့ကို ရှင်းပြခဲ့ပါသည်။

မကြာမီကာလ၌ ရန်ကုန်မှ ဆရာကတော်ဆီက ဖုန်းဆက်လာပါသည်။

"ရှင့်ဆရာကို ရှင်ဘယ်လိုများ ချွတ်လိုက်တာလဲ။ ခုဆို ရှင့်ဆရာက တရားအလုပ်လုပ်တယ်။ ဘုရားမှန်မှန် တက်တယ်။ ခုလည်း တရားစခန်းဝင်မယ်ပြောနေတယ်။ ရှင့်ကို ကျေးဇူးတင်ပါတယ်"

ဟူ၍ ဖြစ်ပါသည်။

ဆရာသည် တောင်ငူ၌ တရားစခန်းဝင်ပါသည်။ နောက်ပိုင်း တရားစာအုပ်များ ရိုက်နှိပ်ဖြန့်ဝေခြင်း၊ ဗုဒ္ဓဂယာဘုရားဖူးသွား၍ မှတ်တမ်းပြုစုခဲ့ခြင်းများအပြင် ဘီးလင်းမြို့၌ ကျပ်သိန်း (၁၀၀) မ,တည်၍ ကျွန်ုပ်ထံမှလည်းအလှူငွေခံကာ တိုက်ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဆရာသည် ပင်စင်ယူပြီးနောက်တွင် သွေးအားနည်းရောဂါရရှိခဲ့ပြီး (၂) နှစ်ခန့်သာ အသက်ရှည်နိုင်မည်ဟု ကြိုတင်သိရှိချိန်မှစ၍ အိပ်ချိန်၊ စားချိန်မှလွဲ၍ တရားထိုင်ခြင်း၊တရားနာခြင်းများကို ကွယ်လွန်ချိန်ထိ ကျားကူတိကျားခဲလုပ်ဆောင်သွားခဲ့ပါသည်။

ဆရာသည် အစဉ်အမြဲကြားနာခဲ့ရသော မဟာပဌာန်းတရားတော်၏ တန်ခိုးတော်ကြောင့် သေခြင်းတရားကို မကြောက်မရွံ့တည်တည်ငြိမ်ငြိမ်ရင်ဆိုင်သွားသော အမြတ်ဆုံးသံသရာခရီးသည် တစ်ဦးဟုသာ မှတ်တမ်းတင်လိုက်ရပါသည်။

၆။ ထူးခြားဆန်းပြားကံတရား

စတုတ္ထအကြိမ်မြောက် မဟာပဌာန်းကျမ်းမြတ်ကို ၄-၈-၂၀၀၁ မှ ၂၇-၁၀-၂၀၀၁ နေ့ထိ ပုဇော်ခိုန်က ဖြစ်ပါသည်။ ပဌာန်းကျမ်း၏(၅)အုပ်မြောက်ကို ညပိုင်းပူဇော်ပြီး နားနေခိုန်တွင် ဆောင့်ဖြစ်သူအား နေကြာစေ့ (၂) ထုပ် ဝယ်စေပြီး ငှင်းအား (၁) ထုပ်ကိုပေးရှိ ကျွန်တစ်ထုပ်ကို ဖောက်ချလိုက်ရာ ငါးကျပ်တန်အသစ်တစ်ရွက် ထွက်ကျလာပါသည်။ အမှတ်မထင် ပိုက်ဆံနံပါတ်ကိုကြည့်လိုက်ရာ နောက်ဆုံးဂဏန်းသည် (၀၀၅) ဟု တွေ့ရ၍ ငါးကျပ်တန်နှင့် (၀၀၅) ဂဏန်းကို စိတ်ဝင်စားမိရာက (၄၀၀) ကျပ် ကံစမ်းကြည့်ရာ ၁၆-၁၀-၂၀၀၁ ရက်နေ့တွင် ငွေကျပ် (၂၄၀,၀၀၀) ရရှိခဲ့၏။ ၁-၁၀-၂၀၀၁တွင် လ/ထမန်နေဂျာဖြစ်၍ ၁၆-၁၀-၂၀၀၁ တွင် (၂၄၀,၀၀၀) ရရှိခဲ့သည်ဖြစ်ရာ ကျွန်တော်၏ ကုသိုလ်ကံများ အံ့ဩဖွယ်ကောင်းမွန်လာကြောင်းတွေ့ရှိရပါသည်။ ၁၀-၄-၂၀၀၄ နေ့ ဒီဇွီဒီဝယ်ရာတွင် ဒွီစီဒီအပို(၁)လုံးမဲပေါက်ခြင်းနှင့် အခြားသော ကံကောင်းခြင်းများလည်း များစွာရှိခဲ့ကြောင်း မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

၇။ ချမ်းသာသုခကိုပေးသောတရားတော်

ကျွန်တော့်သည် ပဌာန်းတရားတော်ကို (၇) ကြိမ်မြောက် ပူဇော်ပြီးချိန်တွင် လုံးချင်းတိုက်နှင့် တိုက်ခန်းရှစ်ခုအထိ ပိုင်ဆိုင်ခဲ့ပါသည်။ ဝယ်ယူစဉ်ကာလ ကျပ်သောင်းဂဏန်း၊ သိန်းဂဏန်းသာဖြစ်သော်လည်း ကာလပေါက်စေးအရ သိန်းရာဂဏန်း၊ ထောင်ဂဏန်းများအထိ ရရှိခဲ့ပြီး လစဉ်အကျိုးခံစားခွင့်များ ယနေ့တိုင် ခံစားရလျက်ရှိပါသည်။ အထက်ပါစီးပွားရေးများမှာ ကျွန်တော်၏ စွမ်းဆောင်ချက်ကြောင့် ရရှိလာခြင်း မဟုတ်ဘဲ ဇနီးဖြစ်သူနှင့် သူ၏မောင်ဖြစ်သူမှ လုပ်ဆောင်၍ရသော အကျိုးစီးပွားများသာ ဖြစ်ပါသည်။ လူမစွမ်း၍ နတ်မခြင်းသာ ဖြစ်ပါသည်။

ထို့အပြင် လစဉ် ပင်စင်(၂)သိန်း ရရှိခြင်း၊ သားကြီးမှ ဆည်မြောင်းဌာန၌ တွင် ဦးစီးမှူးရာထူးရရှိခြင်း၊ ယခုအခါ သားငယ်သည် စက်မှုတက္ကသိုလ်မှ ဒေါက်တာဘွဲ့နှင့် အရာရှိရာထူးခြင်း စသည့် လိုအင်ဆန္ဒအပေါင်း ပြီးပြည့်စုံခဲ့ပြီး ဖြစ်ပါသည်။

သာသနာအကျိုးအတွက် စေတီတစ်ဆူတာဝန်ထားခြင်း၊ကမ္ဘဏ်ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊ မြတ်စောညီနောင်၊ ဓနာင်တော်ကြီးဆေးတိုက်ထီးတင်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းရှိခြင်း၊ စေတီတော်အနီး ဦးပဏ္ဍိတ
ဆရာတော်၏ ရဟန်းဒကာ၊ ကျောင်း
ဒကာ သိမ်ဘုရားဒကာအဖြစ် ခံယူနိုင်
ခြင်း တောင်ငူပြည်လုံးချမ်းသာကျောင်း
ဒကာ သိမ်ဘုရားနှင့် သုပ်မိုး၊ ဝိဠုကတ်
ဆိပ်၊ ကျောင်းသုံး ဗီရို၊ စားပွဲ၊ ဆွမ်း
သည်းပါမကျန် လှူဒါန်းခြင်း၊ ကထိန်
(၂) ကြိမ်ခင်း၍ လှူဒါန်းခြင်း၊ သံဃာ
အစုံ၊ ဘိုးဘွားရိပ်သာများ၊ ရေတွင်း
အစုံများကို သိန်းဂဏန်းထိ လှူဒါန်း
ခြင်း ကုသိုလ်ကိုပြုလုပ်နိုင်ခဲ့ပါသည်။

အထူးသဖြင့် ဒုဒ္ဓဂယဘုရားဖူး
ခြင်းအပြင် တစ်နိုင်ငံလုံးရှိ တောအနှံ့
တောင်အနှံ့ ဘုရားစေတီများဖူးမြော်ခွင့်
ရခြင်း၊ ထူးခြားသော ဆရာတော်ကြီး
များ ပထမဘိုးဘိုးအောင်နှင့် ပုဂ္ဂိုလ်ထူး
ထူးအဆန်းများ တွေ့ကြုံပူဇော်ခွင့်ရရှိ၍ ယင်း
တို့၏ ထူးခြားအံ့ဖွယ်ဖြစ်ရပ်များစွာကို
တွေ့ကြုံပူဇော်ခွင့်ရရှိခြင်း စသည်
အားဖြင့် ဘုရားများကိုလည်း ရရှိခံစားခဲ့
ရပါသည်။

ယခုအခါတွင် ကျွန်တော်သည်
ဘုရားတရားတော်ကို (၁၇) ကြိမ်အထိ
ဟောခဲ့ပြီး ကောင်းကျိုးချမ်းသာများကို
ဖြည်း ဆတက်ထမ်းပိုးတိုးတက်ခံစားရ
သော်ရှိပါသည်။ သာမန်လစာရဝန်ထမ်း
တဦးနှင့် ကလေး (၂)ယောက်၏ ဖခင်
အနေဖြင့် မည်သို့မျှ စွမ်းဆောင်နိုင်သော
ဆရာများမဟုတ်ပါ။ မဟာပဋ္ဌာန်းတရား
တော်၏တန်ခိုးတော်ကြောင့် သာသနာ
တော်နှင့်တိုက်များက ကိုယ်၊ စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာစေကြောင်း၊ စောင့်
ရှောက်နေကြခြင်းသာဖြစ်ကြောင်းတင်ပြ
အပ်ရပါသည်။

**၈။ အတိုက်အခိုက်များကို ကျော်လွှားနိုင်
ခြင်း**

မိမိအုပ်ချုပ်သော ခရိုင်အတွင်းရှိ
ရုံး၊ ဝန်ထမ်းများအပြင် အဖွဲ့
အစည်းအသီးသီးနှင့် ဆက်ဆံလုပ်ကိုင်
ရာတွင် ပြဿနာအခက်အခဲများစွာ ကြုံ
တွေ့ခဲ့ရပါသည်။ ကျွန်တော်ပင်စင်ယူပြီး
နောက်တက်လာသော မန်နေဂျာလက်
အောက်တွင် ကျွန်တော့်အား တိုက်ခိုက်ခဲ့
သူများ မကောင်းပြောသူများသည်
အံ့သောဒေသသို့ ပြောင်းရွှေ့ခံရ
ခြင်း ရာထူးကျခြင်း၊ အလုပ်ထွက်ခြင်း
တည်ကို လူမှုဒုက္ခများ ခံစားခဲ့ကြရပါ
သည်။ ပဋ္ဌာန်းတရားတော်၏ တန်ခိုး
တော်ကြောင့် ဘေးအန္တရာယ်များ ကျော်
လွှားခဲ့ရပါသည်။

**၉။ ထူးဆန်းသော အိပ်မက်များနှင့်
လက်တွေ့ဖြစ်ရပ်များ**

ပဋ္ဌာန်းတရားတော်လာ ကောင်း
မှုပြုသူသည် ကောင်းကျိုးကို ခံစားရမည်
ဆိုသည်နှင့်အညီ ပဋ္ဌာန်းတရားတော်
ပူဇော်နေသူတစ်ဦးအနေဖြင့် ကောင်း
သောအိပ်မက်များကိုသာမက်လေ့ရှိပါ
သည်။ နှစ်ပေါင်းများစွာမြင်မက်ခဲ့သော
အိပ်မက်များသည် ထူးခြားအံ့သြဖွယ်
ကောင်းသဖြင့် နေ့စွဲအလိုက် မှတ်တမ်း
ပြုစုထားခဲ့ပါသည်။

ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း
သိမ်များနှင့် တော၊ တောင်၊ လိုဏ်ဂူများ
တွင် ဘုရားများ၊ သူတော်စင်ပုဂ္ဂိုလ်များ
ဖူးတွေ့ရခြင်း၊ ဘုရားနှင့် စကားပြောရ
ခြင်း၊ ပုဂ္ဂိုလ်များနှင့်စကားပြောရခြင်း၊
ကောင်းကင်ခရီးဖြင့် ဘုရားဖူးသွားရခြင်း
များ မြင်မက်ခဲ့ရာ မှတ်တမ်းများအရ
အကြိမ်ပေါင်းရာနှင့်ချီ၍ မက်ခဲ့ပါသည်။

ထို့အပြင် မြွေများပေါ်တွင်ထိုင်
၍ ရွှေရောင်မြွေကို ခေါင်းပေါင်းစပါင်း
ခြင်း၊ မြွေသိုက်ကြီးများ၊ မြွေအထွေးကြီး
များ၊ ထန်းလုံးခန့်မြွေများ၊ အိမ်ကိုပတ်
ထားသောမြွေများ၊ မိမိကို ဆွဲသွားသော
မြွေများကိုလည်းကောင်း၊ ခြင်္သေ့များနှင့်
အိပ်တွင်းဥ်အတူနေခြင်း၊ ပတ်ဝန်းကျင်
၌ လှည့်လည်နေခြင်း၊ ကိုယ်ပေါ်သို့
ပတ်တရပ်ခြင်းများကိုလည်း အကြိမ်
ပေါင်းများစွာ မြင်မက်ခဲ့ပါသည်။
သို့သော် ကြောက်လန့်တုန်လှုပ်မှုမရှိဘဲ
မိတ်ဆွေများသဖွယ် ရင်းနှီးနေသည်ကို
အံ့သြဖွယ်မြင်မက်ရပါသည်။

လက်တွေ့ဖြစ်ရပ်တစ်ခုအနေဖြင့်
ကျွန်တော့်အိမ်အတွင်းသို့ မြွေဟောက်
ကြီးများနှင့် မြွေမျိုးစုံတို့ မကြာခဏဝင်
ရောက်လာပါသည်။ လူကြီးလက်
ကောက်ဝတ်ခန့် မြွေဟောက်ကြီးမှာ
အိမ်အောက်ထပ်အလယ်ရှိ တွင်းတွင်
တစ်လကျော်နေထိုင်ပြီး နေ့စဉ် အပြင်
ထွက်ကာ နေပူဆာလှိုသည်ကို တွေ့ရ၊
သည်။ ကျွန်တော်ကိုယ်တိုင် ခြံတွင်းဥ်
မြွေတစ်ကောင်၏ ခါးလယ်မှနှင်း၍ ထိုင်
နေမိသော်လည်း မြွေမှပြန်ကိုက်ခြင်းမရှိ
ကြောင်း ကြုံခဲ့ရပါသည်။ အိမ်ရှေ့ခြံဝင်ရှိ
ခြောက်ပေခန့် သစ်ပင်ခွဆုံတွင် မြွေတစ်
ကောင်မှာ တိတွင်းကာလအတွင်း နေပူ
ပူ၊ မိုးရွာရွာ မလှုပ်ရှားဘဲနေသွားခဲ့ပါ
သည်။ တူမဖြစ်သူမှ မြွေမလာရန် ခြံ
ထောင့်တွင် နွားနို့၊ ကြက်ဥကိုချ၍ မြွေ
နတ်ကို တောင်းပန်သော်လည်း လာမြဲ
လာကြပါသည်။ ဆီးပြူးသီးကို မြွေကြောက်
သည်ဟုပြောကြ၍ ပြည်တောင်းနှင့်ဝယ်
ပြီး မီးဖိုချောင်တွင်ကြိုထားရာ (၆) ပေ
ကျော် မြွေဟောက်ကြီးတစ်ကောင်မှာ
ဆီးပြူးသီးပေါ်တွင် ခွေ၍ပင်နေသွားပါ
သည်။

ပဋ္ဌာန်းရွတ်၍ ပဋ္ဌာန်းဆက်များကို
မြင်မက်တွေ့ကြုံနေရသလားကိုမူ မဝေခွဲ
တတ်ပါ။ သို့သော် ပဋ္ဌာန်းတရားတော်၏
တန်ခိုးတော်ကြောင့် ဘေးအန္တရာယ်
အပေါင်းနှင့်မှ ကင်းလွတ်ချမ်းသာလျက်
ရှိပါသည်။

၁၀။ ကျွမ်းမြတ်နိုင်ငံ

နှစ်ပေါင်း (၂၅၀၀) ကျော်က ပွင့်
ထွန်းခဲ့သော မြတ်ဗုဒ္ဓ၏ဉာဏ်တော်ကြီး
ဖြစ်တော်မူသော ဤမဟာပဋ္ဌာန်းကျမ်း
မြတ်ကြီးကို လူ၊ နတ်၊ ဗြဟ္မာသတ္တဝါ
အနန္တကြားသိရသည်ရှိသော် သံသရာ
ဝဋ်ဆင်းရဲမှ လွတ်မြောက်ပါစေကြောင်း
ကောင်းမြတ်သော စေတနာဖြင့် ပူဇော်
နေခြင်း ဖြစ်ပါသည်။

တောင်မြို့ဆရာတော် အရှင်
ဇနကာဘိဝံသမှ ပဋ္ဌာန်းတရားတော်
ကြီး၏ သိမ်မွေ့မြင့်မြတ်နက်နဲပုံ၊ တန်ခိုး
ကြီး၍ နတ်၊ ဗြဟ္မာများမြတ်နိုးရိုသေပုံ၊
သာသနာ၏ ရွှေတန်ခံတပ်ကြီးဖြစ်ပုံ
တို့ကို လေ့လာ ဖတ်ရှုရသဖြင့် ရွှတ်ဖတ်
ပူဇော်ရန် ဆန္ဒပိုမိုပြင်းပြခဲ့ပါသည်။

နတ်များကလည်း ရွှတ်ဖတ်ပူဇော်
သူများကို စောင့်ရှောက် ကူညီပေးလိမ့်
မည်ဆိုသော ဆရာတော်ဘုရားကြီး၏
အဆိုအမိန့်များ မှန်ကန်ကြောင်းကို
ကျွန်တော်၏ဖြစ်စဉ်များက ဖော်ပြလျက်
ရှိပါသည်။ လောဘ၊ လောကုတ္တရာနှစ်
ဖြာသော ကောင်းကျိုးချမ်းသာကိုဖြစ်စေ
သော ကြီးကျယ်မြင့်မြတ်လှသည့် ဤ
မဟာပဋ္ဌာန်းတရားတော်ကြီးကို စာဖတ်
သူများနှင့် နှောင်းလူငယ်များ သိရှိခံစား
စေလိုရှေ့သား ဖော်ပြခဲ့ခြင်း ဖြစ်ပါ
သည်။

သို့ပါ၍ သာသနာတည်တံ့ပြန့်ပွားရေးကို ရည်မှန်းလျက် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အား ဤ ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ရွှတ်ဖတ်ပူဇော် သာသနာပြုတော်မူကြပါမည့် အကြောင်း ကောင်းမြတ်သောစေတနာနှင့် တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု

စန်းမြင့် (ငြိမ်း)၊ ဟိုတယ်/ခရီး

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ဝင်းအတွင်း ကမ္မာရုံမှာ စနေမောင်မယ်များအသင်း၏သွေးလှူဒါန်းပွဲကျင်းပခဲ့သည့်အကြိမ်ရေတော့ အမှတ်တမဲ့မို့ မမှတ်မိတော့။ မိမိကိုယ်တိုင်သွေးလှူခဲ့တာပင် (၅)ကြိမ်မကရှိခဲ့လေပြီ။ အဲဒီသွေးလှူဒါန်းပွဲမှာ ဦးဆောင်စည်းရုံးဆောင်ရွက်ကြသူတွေက မိမိ၏ တူတော်မောင် ကိုဇော်ဇော်အောင်နှင့် သူ၏သူငယ်ချင်းများအဖွဲ့ပင် ဖြစ်ပါသည်။

ယခု မိမိပြောလိုရေးလိုသည်မှာ သည်သွေးလှူဒါန်းပွဲအကြောင်းတော့ မဟုတ်။ သွေးလှူဒါန်းပွဲနှင့်ပတ်သက်ဆက်နွယ်နေသည့်တူတော်မောင်ဖြစ်သူ ကိုဇော်ဇော်အောင်နှင့် သူ၏သူငယ်ချင်းများမေးလာကြသည်က--

"ဦးရေ၊ ဒီဘုရားဝင်းထဲမှာ တည်ထားထုလုပ်ထားတဲ့ ရှင်အရဟံနဲ့ အနော်ရထာမင်းအကြောင်းမေးချင်လို့။ အနော်ရထာမင်းအကြောင်းကတော့ ကျောင်းတုန်းကသင်ခဲ့ရလို့ နည်းနည်းပါးပါးရိုပ်ရိုပ်မြွက်မြွက်တော့ သိမှတ်ခဲ့ဖူးပါတယ်။ ရှင်အရဟံအကြောင်းကတော့ ကြားဖူးနားဝ ဝေဝေဝါးဝါးမို့ ဦးသိရင် ပြောပြပါလား'" ဟု၍။

သို့နှင့် မိမိလည်း ဖတ်ခဲ့၊ မှတ်ခဲ့သည်တို့အထဲမှ ရှင်အရဟံနှင့်အကြောင်း သုံးပါးကို ရှင်းလင်းပြောပြဖြစ်ခဲ့ပါသည်။ မိမိရှင်းလင်းပြောပြဖြစ်ခဲ့သည်ကို့ကား-

www.burmeseclassic.com

www.burmeseclassic.com

ပုဂံပြည်၌ သမုဒ္ဒရာဇမင်း (ခရစ်သက္ကရာဇ် ၁၅၂၂) မှစ၍ နော်ရထာမင်းစောအရှင် (ခရစ်သက္ကရာဇ် ၁၀၄၄ - ၁၀၇၈) တိုင်အောင် မင်းအဆက်ဆက်တို့သည် သမထိုးအရပ်၌ နေစမှတ်ပြုသော အရည်းကြီးသုံးကျိပ်နှင့် တပည့်အရည်းခြောက်သောင်းတို့ အဆုံးအမကိုခံ၍ အယူမှားကြကုန်၏။

ထိုအရည်းတို့၏အယူကား -

၁။ သူအသက်ကို သတ်မိသော သူသည် ဤပရိတ်ကိုရွတ်သော် ကမ္မဝထ ဖြေတတ်၏။

၂။မိဘကိုသတ်သောသူသည် ဤပရိတ်ကိုရွတ်သော် ပဉ္စာနန္တရိယကံမှ လွတ်၏။

ဤသို့ အစရှိသော မဟုတ်မလျားသော အမှုတို့ကို မမှ ဟူ၍ ဟော်ကြားခဲ့၏။ ထိုမှတစ်ပါးလည်း မင်းအစရှိသော အမျိုး၊ အမတ်၊ ဧကလန်၊ သံဃ်၊ သူဌေး၊ သူကြွယ်ပြည်သူပြည်သားတို့ သားသမီးတို့ ထိမ်းမြားမင်္ဂလာပြုအံ့သောအခါ ဆရာတို့အား ပန်းဦးပေးသည်ဟူ၍ ညွှန်ပြီးယဉ်က ထိုသူတို့အထံသို့ပို့ရလေ၏။ ပေးသောက်၍လွှတ်လိုက်မှ ထိမ်းမြားရ၏။ ဆရာက ပန်းဦးမဆွတ်ဘဲ ထိမ်းမြားချသော် အစဉ်ကိုဖျက်သည်ဟု ကြိုးစွာသောမင်းပြစ်ကို ခံရသောဟူ၏။ ဤသို့ မဟုတ်မလျားသော အကြောင်းများကို နော်ရထာမင်းစော (၁၀၄၄ - ၁၀၇၈) ကြားသိတော်မူလျှင် ရင့်မာသော ပါရမီရှိသူဖြစ်၍ နှစ်သက်တော်မမူ။ မှားသောအယူဖြစ်သည်ဟူ၍ ထိတ်လန့်ခြင်းပြင်းစွာရှိတော်မူ၏။

ထိုရောအခါ အရှင်အရဟံ ပုဂံပြည်သို့ကြွလာ၍ သာသနာပြုလေ၏။

၁။ ရှင်အရဟံ၏အကြောင်းသုံးပါး

ရှင်အရဟံ၏ အကြောင်းကား ရာဇဝင်၌လာသော ဗရိတ္တနိဒါန်း၌လာသောအကြောင်း၊ သာသနာဆက်စာများ၌လာသော အကြောင်းအားဖြင့် ကြောင်းတူသဲကွဲ အကြောင်းသုံးပါးရှိ၏။

၁။ ရာဇဝင်၌လာသောအကြောင်း

ထိုကာလက သုနာပရန်တမွဒိပ်တိုင်းမှာ သာသနာတော်စွဲစွဲမြဲမြဲမထွန်းလင်းခဲ့သေး။ ဘုရားဗျာဒိတ်ထားတော်မူခဲ့သည့်အတိုင်း ထွန်းလင်းစေအံ့ဟု ရဟန္တာမြတ်ကြီးတို့ကြဲပြီးလျှင် သိကြားမင်းထံသွား၍ သာသနာပြုနိုင်မည့်သူတို့ ညှိညှာတောင်းပန်ပါဟု ဆိုကုန်၏။ သိကြားမင်းလည်း တာဝတိံသာတွင်ရှိသော နတ်သားတစ်ယောက်အား တောင်းပန်၍ ပုဏ္ဏားမဝမ်း၌ သန္ဓေနေလာစေ၏။ နေ့စေ့လစေ့၍ မွေးဖွားသည်ရှိသော် သီလဝန္တိမည်သော ရဟန္တာမြတ်သည် စောင့်ကြပ်မစ၍ အရွယ်ရောက်လျှင် ရဟန်းပြု၏။ ပိဋကတ်ကျမ်းဂန်တတ်မြောက်စွာလျက် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ အရဟံ ဟူသောအမည်ဖြင့် ကျော်စောထင်ရှား၏။ထိုရှင်အရဟံသည် မြန်မာတိုင်းနိုင်ငံ၌ သာသနာသန့်ရှင်းထွန်းလင့်စိမ့်သောငှာ ပုဂံပြည်သို့ ကြွတော်မူလာ၍ မြို့နှင့်မနီးမဝေးသော တောအုပ်တစ်ခုခွင် နေတော်မူ၏။

၂။ ရှင်အရဟံနှင့်အနော်ရထာမင်းစော

သိကြားမင်းသည် မုဆိုးတစ်ဦးအားဖြားယောင်းလှည့်ပတ်၍ ရှင်အရဟံကိုမြင်စေသော် ဤသူကား လူမဟုတ်။ နတ်ဘီလူးဖြစ်ရာသည်။ လူဖြစ်လျှင်လည်း လူရိုင်းဖြစ်ရာသည်။ မင်းမှာဆက်မည်ဟု မြို့သို့ဆောင်လေ၏။ ရှင်အရဟံလည်း ပရိက္ခရာရှစ်ပါးလွယ်ယူလျက် လိုက်တော်မူလေ၏။ တောအုပ်တစ်ခုတွင် လူရိုင်းကိုတွေ့၍ဆောင်ခဲ့သည်ဟု မင်းအား မုဆိုးလျှောက်လျှင် မြတ်သောက္ကန္ဒြေတော်နှင့်ပြည့်စုံမူသောအဖြစ်ကို အနော်ရထာမင်းစောမြင်၍ ဤသူကား လူရိုင်းမဟုတ်၊ မြတ်သောသူထူးပါ။ ဤသူကိုယ်ဝယ် မြတ်သောတရားရှိရာသည်ဟု နေရောင်ဖြင့်တွေ့သောကြာမုံကဲ့သို့ ရွှင်လန်းဖြင့် ကြဲစည်ဆင်ခြင်တော်မူ၏။ လျှောက်ပတ်သောနေရာကို ကြည့်၍ နေလော့ဟု သဘောကိုစမ်းလိုသဖြင့်ဆိုသော် ရှင်အရဟံလည်း ရာဇပလ္လင်သို့တက်၍နေတော်မူ၏။

မင်းကြီးလည်း ဤသူနေရာကြီးမြတ်လှသည်။ မြတ်သောသူမှန်ပြီဟု ဆင်ခြင်၍ ဤသို့မေးတော်မူ၏။

"ငါ့ရှင်ကား အဘယ်သူ၏အမျိုးအနွယ်ဖြစ်တော်မူသနည်း။ အဘယ်အရပ်မှကြွလာတော်မူသနည်း။ အဘယ်သူ၏အဆုံးအမကို ခံယူတော်မူသနည်း"

ဟု မေးတော်မူသော် ရှင်အရဟံလည်း ဤသို့မိန့်တော်မူ၏။

"ငါ၏ အမျိုးအနွယ်သည်ကား ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါး၊ အစွမ်းသတ္တိလေးပါးနှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားအမျိုးအနွယ်တည်း။ ငါ၏ဆရာဥပဇ္ဈာယ် အပေါင်းဖော်သံယာရှိသောနေရာအရပ်ကလာခဲ့သတည်း။ သမ္မာသမ္ဗုဒ္ဓဘုရားဟောကြားတော်မူသော အာဏာဒေသနာတော်မှ လာသော အဆုံးအမကိုခံသတည်း"

ဟူ၍ မိန့်တော်မူသော် မင်းကြီးလည်း အားရနှစ်သက် ဝမ်းမြောက်ဝမ်းသာရှိ၍ -

"သမ္မာသမ္ဗုဒ္ဓ ဘုရားဟောကြားတော်မူသော တရားတော်ကို တစ်စိတ်တစ်ဒေသမျှ အကျွန်ုပ်အား ဟောတော်မူပါ"

ဟု တောင်းပန်သည်တွင် သီရိမွာသောကမင်းကြီးအား အရှင်နိဂြောဓသာမဏေ ဟောတော်မူသော အပ္ပမာဒတရားကို ဟောတော်မူသည်။

တရားဟောတော်မူပြီးသည့်အဆုံး၌ မင်းကြီးမှ ဤသို့လျှောက်ပြန်၏။

"သမ္မာသမ္ဗုဒ္ဓဘုရားကား ယခုအတိအရပ်မှာရှိတော်မူသနည်း။ တရားတော်ကား အတိမျှအရေအတွက်ရှိသနည်း။ တပည့်တော်ကား ငါ့ရှင်မှတစ်ပါး အခြားရှိသေးသလော၊ မရှိပြီလော"

ဟု လျှောက်သော် -

သမ္မာသမ္ဗုဒ္ဓဘုရား နိဗ္ဗာန်လားတော်မူကြောင်း၊ ဓာတ်တော်မွေတော်သာ ယခုရှိကြောင်းကို လည်းကောင်း၊ တရားတော်သည် ခမ္မကွန္ဓာ (၈၄၀၀၀) အရေအတွက်ရှိကြောင်းကိုလည်းကောင်း၊ သဒ္ဓါပြည်ဝယ် ပိဋကတ်သုံးပုံအစုံသုံးဆယ်ရှိကြောင်းကို လည်းကောင်း၊ ငါမှတစ်ပါး ပရမတ္ထသံဃာ၊ သမ္မုတိသံဃာများစွာရှိကြောင်းကို လည်းကောင်း မိန့်တော်မူ၏။

ထိုစကားကို မင်းကြီးကြားတော်မူသော် အတိုင်းထက်အလွန် သဒ္ဓါခြင်းပြင်းစွာဖြစ်၍ ဤသို့လျှောက်ပြန်၏။

"အကျွန်ုပ်အား ယခုမျက်မှောက်အရှင်မှတစ်ပါး အခြားကိုးကွယ်ရာမရှိပြီ။ ယနေ့မှစ၍ အကျွန်ုပ်၏ကိုယ်အသက်ကို အရှင်အား ဆောင်နှင်းတော့သည်။ အရှင်၏ အဆုံးအမကိုလည်း အကျွန်ုပ်ခံတော့မည်"

ဟူ၍လျှောက်ပြီးလျှင် အရည်ကင်ရသောအရပ်၌ သာယာလှပစွာသော ကျောင်းဆောက်လုပ်လှူဒါန်းလေ၏။ အရည်းတို့အယူကိုလည်းပယ်တော်မူ၏။ ပြည်သူပြည်သားအပေါင်းတို့ကိုလည်း ဝယ်စေတော်မူ၏။

သို့လျှင် အရည်းတို့သည် လာဘ်ပူဇော်သက္ကာမှ လျှောကျကုန်သည်ဖြစ်၍ ရှင်အရဟံအား ရန်ငြိုးကြီးစွာထားကြ၏။ မင်းကြီးလည်း ထို့အကြောင်းကို ဆင်ခြင်မိ၍ ဓိုးရိမ်တော်မူသဖြင့် အရည်း

www.burmeseclassic.com

www.burmeseclassic.com

တို့ကို နိုင်လောက်အောင် အစောင့်အ
နေခန့်ထားစောင့်နေစေ၏။ အရည်းကြီး
သုံးကိုပ်နှင့်တကွ တပည့်လက်သား
ခြောက်သောင်းတို့ကိုလည်း လုပတ်လဲ
စေ၍ အဲမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေး
ကျွေး၊ မြင်းချေးကျွေးထည့်တော်မူလေ၏။

ရှင်အရဟံသည် သာသနာ၌
ကြည်ညိုသူတို့ကို ရဟန်းပျဉ်းပြု
တော်မူ၍ သာသနာတော်မြတ်သန့်ရှင်း
ထွန်းလင်းစေ၏။ နော်ရထာမင်းစော
သည် ထိုအခါ သံဝေဂနောင်တရတော်
မူ၍ ဤပြည်ကို အစဉ်မပြတ်တော်မူကုန်
သော အဆက်ဆက်သော ဘေးလောင်း
တော်ဘိုးလောင်းတော်တို့သည် အရည်း၊
ရဟန်းတို့အယူကို ယူမှားကြလေကုန်
သည်။ ထိုသို့ယူမှားကြလေသည်ကိုယူ
၍ ရကောင်းပြန်ဘိမူကား တစ်ဖန်ပြန်
ယူစေချင်၏ဟူ၍ သံဝေဂနောင်တရရှိ
တော်မူလေသည်။

ဤသည်တို့မှာ ရာဇဝင်၌လာ
သော ရှင်အရဟံ၏ ပထမအကြောင်း
တစ်ပါးပင် ဖြစ်ပါသည်။

၂။ ပရိတ္တနိဒါန်း၌လာသောအကြောင်း

သီဟိုဠ်ကျွန်းဝယ် ဝိပ္ပဝါသီပြည်၌
နေသော အမိုးသားလုလင်တစ်ဦးသည်
ရဟန်းပျွင်းခံ၍ ဒွါရာဝတီပြည်မှာ
ဝိဋကတ်စာပေသင်လာ၏။ ထို့နောက်
သထုံပြည်သို့သွား၍ ဝိဋကတ်စာပေသင်
ပြန်လေ၏။ ထိုရောအခါ သရေခေတ္တရာ
ပြည်၌ 'သခွတ်ပင်တွင် ကျမ်းစာရသည်'
ဟူသောစကားကိုကြား၍ သထုံပြည်မှ
သရေခေတ္တရာသို့သွားလေ၏။ ခရီး
အကြား တောတွင် ထိုအရှင်ကို ဘီလူး
မှတ်၍ မုဆိုးတို့ဖမ်းပြီးလျှင် နော်ရထာ
မင်းစောအားပြလေ၏။

ထိုအခါ နော်ရထာမင်းစောက
ရှင်အရဟံကို -

"သင်ကား အဘယ်သူနည်း"

ဟု မေး၏။

"ငါကား ဂေါတမဘုရား 'တပည့်
သားတည်း။ ပါဏာတိပါတ်ကို ငါတို့
ပယ်၏"

ဟု ဆိုပေသော် -

"ဘုရားစသော ရတနာသုံးပါးတို့
ဂုဏ်ကျေးဇူးကား အထူးဘယ်သို့ရှိ
သနည်း"

ဟု မေးပြန်၏။

"ဘုရားကား မဟာသဓာတ်သို့
တရားတော်ကား ဥပင်လိုဏ်နန်းကဲ့သို့၊
သံဃာတော်ကား ဝိဒေဟရာဇမင်းကြီး
စသော ဗိုလ်ပါကဲ့သို့တည်း။ နိဗ္ဗာန်ကား
စန္ဒကူးဖြင့်လိမ်းသော ငြိမ်းအေးသကဲ့
သို့တည်း"

ဤသို့ ဥပမာအထူးကိုဆောင်၍
ဆိုပေ၏။

ဤတွင် မင်းကြီးသည် အရည်း
ရဟန်းတို့ကိုရည်၍ -

"ဤသူတို့ကား ဘုရားဂေါတမ
တပည့်မဟုတ်၊ ငါတို့နှင့် သဘောမတူ။
တက္ကတွန်းရဟန်းချည်းတည်း"

ဟု ဆိုပေသော် မင်းကြီးသည်
ထိုနေ့မှစ၍ အရည်းကြီးများကို ပစ်ပယ်
လေ၏။

ရှင်အရဟံလည်း မင်းကြီးအား
ဒသဝတ္ထု၊ ဝိဓာနဝတ္ထုများကို ဟောကြား
ပေ၏။ မင်းကြီးလည်း ကြည်ညိုစွာဖြင့်
သရေခေတ္တရာကအပြန်တွင် ပုဂံပြည်သို့
ပင့်ဆောင်လေ၏။

အရည်းရဟန်းယောင်တို့တွင်
အလှည့်အဖြာ လိမ္မာစွာသော အရည်း
တစ်ယောက်သည် မိမိတို့ဝါဒအလျောက်
ကျမ်းစာပြုပြီးလျှင် သရေခေတ္တရာပြည်
တွင် သခွတ်ပင်ကြီးကိုထွင်း၍ သွင်းထား
ပြီးမှ မြေကျဉ်း၍ ပြကတော့အသားတက်စေ
၏။ ထိုအခါ ငါတို့အိပ်မက်တွင် သခွတ်
ပင်ထဲ၌ ကျမ်းစာရှိကြောင်းကို မြင်မက်
သည်ဟု ထင်ထင်ရှားရှား ပြောဆိုကုန်
၏။

ထိုစကားကို နော်ရထာမင်းစော
ကြား၍ သရေခေတ္တရာရောက်အောင်
ချီသွားပြီးလျှင် သခွတ်ပင်ကို ပေါက်ခွဲ၍
ရှာဖွေစေသော် ကျမ်းစာရလေ၏။ စာ
တွင်မူကား မိမိတို့၏အယူအကျင့်မှန်
ကြောင်း၊ ဘုရားဂေါတမတပည့်ဖြစ်
ကြောင်းပါ၏။ မင်းကြီးလည်း ယုံမှား
သင်္ကာနှင့်ပင် မလွှဲစေ၍ အရည်းတို့အား
တည်မြဲလူမြဲအလျဉ်တိုင်းကို တည်ပြန်လှူ
ပြန်လေ၏။

ဤသို့ အရည်းရဟန်းတို့မှာ
ကျမ်းစာပေါ်ကြောင်းကိုကြား၍သိသဖြင့်
သရေခေတ္တရာပြည်သို့ချီ၍ ပုဂံသို့အပြန်
တွင် ရှင်အရဟံကို ပုဂံသို့ ပင့်ဆောင်ခဲ့
သတည်း။ 'အရဟံမဟာထေရ်' ဟူသော
အမည်ကိုလည်းတွင်စေ၏။ မင်းကြီး
ကား ရေထမ်း၍၊ မိဖုရားကား ဆွမ်းရွက်
၍ နေ့တိုင်းမပျက်ကျွေး၏။ အမေးပုစ္ဆာ
မေးမြန်းဖွယ်ရှိလျှင်လည်းမေး၏။

ဤသည်တို့မှာ ရှင်အရဟံ၏
ပရိတ္တနိဒါန်းတွင်လာသော ဒုတိယ
အကြောင်းပင် ဖြစ်ပါသည်။

**၃။ သာသနာဆောက်စာများတွင်လာသော
အကြောင်း**

သုဝဏ္ဏဘူမိ သထုံမြို့တွင် ဈာန်
သမာပတ်ရသော အနောမဒဿီမထေရ်
သည် အရှင်သောဏ၊ အရှင်ဥတ္တရတို့
ပြုစုသော သာသနာအနွယ်အဆက်ကို
သံယာငါးရာနှင့် ကောင်းစွာ စောင့်ထိန်း
လျက်နေ၏။ ထိုအရှင်တပည့်ရင်းကား
ရှင်အဓိသီလ၊ ထိုအရှင်တပည့်ရင်းကား
ရှင်ပြာဏဒဿီ၊ ထိုအရှင်တပည့်ရင်း
ကား ရှင်အရဟံ၊ ထိုအရှင် တပည့်ရင်း
ကား ရှင်အရိယဝံသတည်း။ အတူနေ
သဖွိဝိဟာရိကကို တပည့်ရင်း ဆိုသည်။

ဤသို့ ဆရာစဉ်စာတွင်ဆိုသော
စကားဃည် သဲထုံပြည်၌ လောကီဈာန်
အာဘိညာဉ်ရသော ရှင်ပြာဏဒဿီ၊ ထို
အရှင်တပည့်ရင်း ရှင်မဟာကာလ၊ ထို
အရှင်တပည့်ရင်း ရှင်အရိယဝံသ၊
ထိုအရှင်တပည့်ရင်း ရှင်ဥတ္တရာဇီဝ
ဟူ၍ဟု ကလျာဏီကျောက်စာတွင်
ပါဠိပါဠိသားစီလျက်ဆိုသည်နှင့်မညီ။
ယင်းသို့ မညီသော်လည်း အခိုပွယ်
မပျက်။ မဟုတ်မမှန်ဘဲဆိုချေလျှင် ဆိုသူ
မှာသာ အပြစ်ရှိပေသည်။ ရှင်အရဟံ
အမည်ရင်းကား ဓမ္မဒဿီဟု တွင်၏။
သထုံမြို့နေ ပုဏ္ဏားသားတည်း။ သီလ
ဗုဒ္ဓိဆရာ၏ တပည့်ရင်းတည်း။

ထိုရှင်အရဟံသည် သာမဏေ
မပြုမီကပင် ဗေဒင်လေးပုံတတ်မြောက်
သတတ်။ သာမဏေပြုပြီးကား အဌက
ထာနှင့်တကွ ပိဋကတ်သုံးပုံကို ဆောင်
ရွက်၍ ကျော်စော ထင်ရှားသဖြင့်
သောဏတေဘြိုကပင်၍ ထိုမြို့တွင် ဆယ်
နှစ်ကျော်နေပြီးမှ သထုံမြို့သို့ပြန်ခဲ့၍
အရည၀ါသီတောဆောက်တည်၏။

သာသနာ ၁၅၆၀ ခု၊ သဏ္ဌာရဇ
၇၇၉ ခုနှစ်တွင် နော်ရထာမင်းစော
(အေဒီ ၁၀၄၄ - ၁၀၇၈) မင်းဖြစ်၏။
ထိုရောအခါ ပုဂံပြည်တွင် ရှင်ယောင်
အရည်းတို့သည် သံယာတော်ဟု သုံးဆယ်
စီ အစုအသင်းဖွဲ့လျက် နေကြကုန်
သည်။ အစုတစ်ထောင်ရှိသော ဟူ၏။
နော်ရထာမင်းစောလည်း ထိုအရည်းတို့
၏ အာဂါရိက အပြဟ္မာစရိယ အမှုအ
ကျင့်များကိုကြားတော်မူ၍ ကြည်ဖြူ
တော်မမူ။ ပြည်သူပြည်သားများနှင့်
တကွ မပေးမကမ်း မလျှုဒါန်းနေလ
သော် စဉ်းလဲဆန်းပြားသော အရည်းကြီး

www.burmeseclassic.com

www.burmeseclassic.com

ဘစ်ဇယောက်သည် မိမိတို့အုပ်ချုပ်အုပ်ခွင့် ဆုံးဖြတ်ချက်အောင် ကျမ်းစာလုပ်ပြီးလျှင် သရေခေတ္တရာ ရသေ့ပြည်တွင် အလယ်အလတ် သန္တတ်ပင်အခေါင်းကြီး၌ ထိုကျမ်းစာကို ထည့်သွင်းထားလေ၏။ သစ်ပင်အခွံအသား ခေစပ်လွယ်အောင် စိုစိုစွတ်စွတ်ခြမ်းမံထား၍ မသွေ့မခြောက်စေရအောင် လုံ့လပြုလေ၏။ သုံးနှစ်လည်၌ သစ်ပင်အခွံအသားခေစပ်သောအခါ ပုဂံပြည်သို့လာ၍ နော်ရထာမင်းစောအား ဤသို့ကြားလေ၏။

အကျွန်ုပ်တို့အား ကျမ်းစာမရှိ၍ စောင့်တကြသည်တွင် ဘေးလောင်းတော် ဒွတ္တဘေါဓိမင်းကြီးမြို့တော် ရသေ့ပြည်တွင် မြို့လယ်ဝယ် သန္တတ်ပင်ကြီး အတွင်း ကျမ်းစာရှိသည်ကို ဖော်ယူသင်ကြား ကျင့်ဆောင်ရမည်ဟု နတ်တို့ အိပ်မက်ပြပေးပြောဆိုလာပါသည်”

ဟူ၍ မင်းအားကြားလတ်သော် မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ရှိကြွ၍ ရသေ့ပြည်တွင်းသို့ရောက်အောင် စစ်အင်္ဂါလေးပါးနှင့် ချီသွား၍ ရသေ့ပြည်တွင်းဝယ်ရှာစေလျှင် လုံးပတ် (၃၂) တောင်ရှိသော သန္တတ်ပင်ကြီးကိုတွေ့၍ ပွင့်းဖောက်စေသည်တွင် သစ်ခေါင်းအတွင်းမှ ကျမ်းစာအများရ၍ မင်းအား ဆက်သသည်ကို ကြည့်ရှုနာခံတော်မူ၍ သဘောသကန် မဟုတ်မမှန်ကြောင်းကို သိတော်မူသဖြင့် ထိုအရပ်တွင်ပင် နေထိုက်စေ၏။ ထိုသို့ မီးတိုက်ရာအရပ်သည် ယနေ့ထက်ထိတိုင်အောင် မီးတိုက်တုန်းဟု အထင်အရှားတွင်လေ၏။

ထိုသို့သော အကြောင်းအရာစကားများကို တစ်ဆင့်တက် ရှင်အရဟံတို့ကြား၍ သဏ္ဌေးပြည်မှ သရေခေတ္တရာသို့ ကြွလာခဲ့သည်။ တောင်တွင်းမြို့ ရွှေတုန်းခေါင်တောင်ရိုး၌ လှည့်လည်ကျက်စားသော မုဆိုးတွေ့လျှင် လူရိုင်းအမှတ်ဖြင့် မင်းမှာဆက်မည်ဟု ယူဆောင်လေသည်။ ရှင်ယောင်အရည်းတို့မှာ အနှံရည်စွန်းမဝတ်။ ပလောင်ရဟန်း၊ တရွတ်ရဟန်းများကဲ့သို့ မည်းထည်မည်းကြာအနက်အမည်းကိုသာ ဝတ်သည်။ ဆံမှာလေးသစ်တစ်ဝါးထားသည်ဖြစ်၍ လည်းကောင်း၊ ရှင်အရဟံမှာ ဆံနှစ်သစ်ထမလွန်။ ပရိက္ခရာရှစ်ပါးစမွဖက်များဖြင့်လည်းကောင်း အရည်းများနှင့် မတူသောကြောင့် မုဆိုးက သူရိုင်းမှတ်လေ၏။

နော်ရထာမင်းစောလည်း မုဆိုးပြန်၍ မြင်တော်မူတည့်လျှင်ပင် ဣန္ဒြေ၏ ပြည့်စုံခြင်းကိုထောက်၍ ဤလူတားလုရိုင်းလက္ခဏာမရှိ။ သမြတ်လက္ခဏာရှိဖေသည်ဟု ဆင်ခြင်ပြီးလျှင် နေရာမှထ၍ တင့်အပ်လျောက်ပတ်ရာနေတော်မူပါဟု ဆို၏။ ရှင်အရဟံလည်း မင်းကြီး၏ လေညာ မထေးမနီးလွန်း၌ စမွဖက်ကိုခင်း၍ ထက်ဝယ်ဖွဲ့နေတော်မူ၏။ ထိုအခြင်းအရာကို မင်းကြီးပြင်လေလျှင် သဒ္ဓါကြွည်ညိုသဖြင့် လတ်ယုက်၍ -

အဘယ်အမျိုးအနွယ်ပေနည်း'

ဟု မေးသည်ကို -

“ငါကား သမ္မာသမ္မုဒ္ဓဘုရား အနွယ်”

ဟု အမိန့်ရှိ၏။

“သမ္မာသမ္မုဒ္ဓဘုရားတူသည်ကား အဘယ်သို့သော ဂုဏ်၊ အဘယ်သို့သော အကျင့်ရှိပေသနည်း”

ဟုမေးသော် -

“သမ္မာသမ္မုဒ္ဓဘုရားကား သစ္စာလေးပါးတရားအပေါင်းကို ဆရာမရှိဘဲ မဖော်ထုတ်မပြန် သိတော်မူနိုင်၍ မင်းထက်မင်း နတ်ထက်နတ် ဗြဟ္မာထက် ဗြဟ္မာဖြစ်သော ဂုဏ်ကျေးဇူး၊ သူခပ်သိမ်းတို့၏ဆင်းရဲခြင်းကိုပယ်တတ်သောအကျင့် ရှိတော်မူ၏”

ဟု မိန့်တော်မူလျှင်-

မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာရှိ၍ ကိုယ်ကိုဆောင့်နင်းလျက် မြသဆုံးမတော်မူပါဟု လျှောက်၍ ဆရာအမှတ်ကိုးကွယ်တော်မူ၏။ သရေခေတ္တရာကပြန်၍ ပုဂံပြည်သို့ရောက်တော်မူလျှင် ရှင်အရဟံကို ညောင်ဦးဥယျာဉ်အနောက် ဥခွံမုဋ္ဌောမြောက် အရှေ့ယွန်းတွင် အရည်ဝါသီတောကျောင်းဆောက်၍ သီတင်းသုံးနေတော်မူစေသည်။ ထိုသို့နေတော်မူသောအခါ ရှင်ယောင်အရည်းတို့ပြုစု၍ အန္တရာယ်မဖြစ်စိမ့်သောဌာန အစောင့်အနေ လူတစ်ရာလျှံထားတော်မူသည်ကို ဝိနည်းဓမ္မကွန်နှင့်အညီ တော်လှန်စေ၍ ရှင်ရဟန်းပြုတော်မူပြီးလျှင် ပိဋကတ်တော်ကို တတ်မြောက်အောင် သင်ကြားစေတော်မူသည်။

• ဤသည်တို့တား သာသနာဆက်စာများတွင်လာသော ရှင်အရဟံ၏ တတိယအကြောင်းပင် ဖြစ်ပါ၏။

❑

ဤသို့လျှင် အထက်၌ဖော်ပြပြီးခဲ့သည့်အတိုင်း ရှင်အရဟံ၏အကြောင်းတူသဖြင့်အကြောင်းသုံးရပ်တွင် -

၁။ ရာဇဝင်စကားမှာ ရှင်အရဟံကို ပုဏ္ဏားမျိုးဟုသာပါ၍ မည်သည့်မြို့ ရွာကဟု မပါ။ ပုဂံမြို့ အရည်းတို့ စာပြုလုပ်၍ သစ်ပင်တွင်သွင်းထားသည့် အရာသည်လည်းမပါ။

၂။ ပရိတ္တနိဒါန်းစကားတွင် ရှင်အရဟံကို မည်သည့်အမျိုး ဟူ၍မပါ။ အရည်းတို့ ကျမ်းစာမီးတိုက်ရာ အရပ်သည် မီးတိုက်ကုန်းတွင်သည်ဟုလည်း မပါ။ ပုဂံမြို့ရှေ့တွင် ဇေတဝန်ကျောင်း ဆောက်လုပ် လှူဒါန်းသည်ဟုပါသည်။ ညောင်ဦးဥယျာဉ်ဟူ၍ မပါ။

၃။ သာသနာဆက်စာတမ်းစကားမှာ ရှင်အရဟံ၏ဆရာဆက်ကိုဆိုသည့်အရာ ရှေ့ နောက်ဆန့်ကျင်သည်။ ကလျာဏီကျောက်စာနှင့်လည်း မညီ။ တော်တွင်းမြို့ရှေ့ ကုန်းခေါင်တောင်ရိုးတွင် ရှင်အရဟံကို မုဆိုးတွေ့သည်ဆိုသောအရာလည်း စကားအလွဲဖြစ်သည်။ သည်မှတစ်ပါးလည်း စကားအထည်အသွင်းများသည်။

ထိုသို့ပင် စာစောင်ချင်း စကားမညီညွတ်သော်လည်း ရှင်အရဟံထင်ရှားရှိသည်မှန်ကြောင်း၊ သာသနာပြုကြောင်း လိုရင်းအဓိပ္ပာယ်တူ၏။ အခြံအရံစကားမျှသာ ကွဲပြားသည်ဖြစ်၍ ကြောင်းတူသဖြင့်ဆိုသည်ဟုသာ မှတ်ကြရမည်ဖြစ်ကြောင်းကို ရှင်းလင်းပြောကြားဖြစ်ခဲ့ပါ၏။

ဤသို့ ရှင်းလင်းပြောကြားခဲ့သည်များမှာလည်း မဟာဓမ္မသင်္ဂြိ၏သာသနာလက်ရစာတမ်း'မှ ကောက်နုတ်မှတ်သားထားသည်များသာ ဖြစ်ကြောင်းကိုလည်း တူတော်မောင် ကိုဇော်ဇော်အောင်နှင့် စနေမောင်မယ်သွေးလှူရှင်အဖွဲ့သားများကို ထပ်ဆင့်ပြောကြားရင်း ဖြင့် စကားဝိုင်းကို အနားသတ်ခဲ့ပါလေတော့၏။

ကိုဇွဲမြသန်း(သင်္ဘိုင်း)

www.burmeseclassic.com

www.burmeseclassic.com

အဓိပတိ(အာနိသံဂျော)
ဂိုဒ်ဘာရေဖြတ် ဒိုက်တာလား
ဘဒ္ဒိရေဖြတ် ဒိုက်တာလား

တစ်နေ့သ၌ ကျွန်ုပ်သည် အလုပ်အားနေသည်ကတစ်ကြောင်း၊ ပျင်းမျင်းရှိနေသည်ကတစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် မရောက်တာလည်းကြာပြီဖြစ်သော ဟိုဘက်ရပ်ကွက်ရှိ ဦးငွေသိန်းတို့အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ ဦးငွေသိန်းတို့အိမ်သည် ကျွန်ုပ်တို့မိတ်ဆွေများ ဆုံစည်းရာဖြစ်သလို ဗဟုသုတစကားဝိုင်းလည်း ဖြစ်သည်။ ရပ်ရေးရွာရေး၊ နိုင်ငံရေးမှစ၍ ဆေးအကြောင်း၊ ဗေဒင်အကြောင်း စပ်ရာစပ်ရာကို နှိုးနှောဖလှယ်ရာလည်းဖြစ်သည်။ ငြင်းကြခုံကြနှင့် ပျော်စရာလည်းကောင်းသည်။ ကျွန်ုပ်သည် စဉ်းစားရင်းလျှောက်လှမ်းလာရာ ဆယ်မိနစ်မရှိတရှိ အချိန်မျှကြာသောအခါ ဦးငွေသိန်းတို့အိမ်အနားသို့ ရောက်လာလေသည်။ လှမ်းမျှော်ကြည့်ရာ ဦးငွေသိန်း၊ ဦးသိန်းဟန်၊ ဘကြီးသောင်း၊ ဦးတင်မှတ်၊ ဦးမြင့်တင်၊ ဦးဘိုဝင်း၊ ဦးစိန်သောင်း စသည် လူစုံတက်စုံရောက်ရှိနေကြလေသည်။ ကျွန်ုပ်မှလွဲ၍ အားလုံးသည် အသက်ခြောက်ဆယ်၊ ခုနစ်ဆယ်ပတ်ဝန်းကျင်ခန့်ရှိသူများ ဖြစ်ကြလေသည်။ ကျွန်ုပ်ရောက်သွားသောအခါ ငြင်းခုံနေကြဟန်ရှိသောစကားဝိုင်းမှာ ခဏတာနှိသွား၍ ကျွန်ုပ်အားလုံးသည်ကြည့်မိကြပြီး-

"လာဟေ့ စိုးကြီး၊ ဒီမှာထိုင်"

အိမ်ရှင်ဦးငွေသိန်းမှ နေရာလုပ်ပေးလေသည်။

"ကဲ - လာဟေ့၊ မင်းလာတာနဲ့ အတော်ပဲ။ သည်မှာ အများနဲ့ငါတစ်ယောက် ငြင်းရတာလည်းမောနေပြီ"

ဦးသိန်းဟန်၏ အောင်မြင်သော အသံကြီးဟိန်းထွက်လာရာ -

"ဘာတွေ့ငြင်းနေတာလဲ ဦးလေးသိန်းရဲ့"

"အလကားပါ ငါ့တူရာ၊ စကားလိုက်ကတ်နေတာပါ"

ဘကြီးသောင်းက ဝင်ပြောလေသည်။

"ကျုပ်ကလိုက်ကတ်နေတာမဟုတ်ပါဘူး။ ကဲ - မင်းပဲစဉ်းစားကြည့်၊ သူတို့က အိမ်သာမြေကို အိမ်ထဲထည့်ရင် ဒုက္ခရောက်တတ်တယ်တဲ့။ အိမ်သာမြေဆိုတာ အိမ်သာကျင်းအသစ်တူးတဲ့မြေကိုပြောတာနော်။ အဟောင်းမဟုတ်ဘူး"

"ခင်ဗျားလည်း လိုက်ကြည့်လေကိုသိန်း၊ အိမ်သာကျင်းတူးတဲ့မြေကို အိမ်ထဲထည့်တာ၊ခင်ဗျာတွေ့ ဘယ်အိမ်များအချိုးပြေလဲ။ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတစ်ခုခုတော့ ဒုက္ခရောက်ရတာပဲမဟုတ်လား"

ဟု ဦးမြင့်တင်က ဝင်ပြောလေသည်။

"ခင်ဗျားတို့ကို ကျုပ်ပြောမယ်။ အိမ်သာအဟောင်းဆိုရင် ကျုပ်မငြင်းဘူး။ အခုဟာကအသစ်လေ။ ကဲ - ရေတွင်းတူးတဲ့မြေကျတော့ ဘာလို့အိမ်ထဲထည့်သုံးတာလဲ။ အိမ်သာပဲဖြစ်ဖြစ်၊ ရေတွင်းပဲဖြစ်ဖြစ် မြေပါပဲဗျာ"

ဦးသိန်းဟန်က မကျေနပ်သေး ဟန်နှင့်ပြောပြီး ကျွန်ုပ်ဘက်လှည့်လာသည်။

"ကဲ - ငါ့ပြောတာမှားလားကွာ။ မင်းစဉ်းစားကြည့်၊ မင်းလည်း ဗေဒင်ဝါသနာအိုး၊ စာပေဝါသနာအိုးတစ်ယောက်ပဲ"

- ကျွန်ုပ်ဘက်လှည့်ပြောလေရာ -

"ကျွန်တော့်အမြင်ကတော့ နှစ်ဖက်စလုံးမှန်ပါတယ်"

"မင်းလုပ်မှပို၍ပြီကုန်ပြီ"

ဦးစိန်သောင်းက ဝင်ပြောရာ ကျွန်ုပ်က လက်ပြလိုက်သောကြောင့် တန့်သွားလေသည်။

"စကားကမဆုံးသေးဘူးလေဗျာ ဦးလေးသောင်းကလည်း၊ သည်အိမ်သာမြေ အိမ်ထဲသွင်းတဲ့ပြဿနာက ဟိုတစ်လောကလည်း မတွေ့ဖင်းတစ်အုံပ်ထဲဖတ်လိုက်ရသေးတယ်ဗျ။ အတွေးအခေါ်တွေက အစွန်းတစ်ဖက်ရောက်နေတော့ တိုယိတတ်ထားတဲ့ပညာတွေကို မေ့ကုန်ကြတာပေါ့ဗျာ"

"လုပ်ပါဦး၊ ဘာပညာတွေတုံး"

ဦးမြင့်တင်က ဝင်ထောက်သောကြောင့် ကျွန်ုပ်က ဦးမြင့်တင်၏မျက်နှာကို ခပ်ပြုံးပြုံးကြည့်ရင်း ရေနွေးကြမ်းတစ်ခွက်ငှဲ့၍ အာစွတ်အောင်မူတ်သောက်နေမိသည်။

"ကဲ - လုပ်ဟ၊ သည်အိမ်သာမြေပြဿနာကို မင်းရှင်းမှာလား၊ ရှင်းပေတော့"

ဟု ဦးဘိုဝင်းကဝင်ပြောရာ -

"ကျွန်တော် ရှင်းနိုင်ပါတယ်။ လိုရင်းမရောက်ခင်အထိသာ ဖြတ်ဖြတ်မပြောပါနဲ့"

ဟု ကျွန်ုပ်ကပြောလေရာ ဦးဘိုဝင်းက-

"ပြောစေဗျာ၊ သက်ငယ်စကားသက်ကြီးကြားပေါ့'

သူဘာသာပြော၍ သူဘာသာသူရယ်လေတော့သည်။ ကျွန်ုပ်တို့စကားဝိုင်းထဲတွင် ဦးမြင့်တင်၊ ဦးတင်မှတ်နှင့် ကျွန်ုပ်တို့မှာ ဗေဒင်ပညာအတန်အသင့် နားလည်သူများဖြစ်ကြလေသည်။

"သည်လိုဗျ၊ အိမ်သာမြေ အိမ်ထဲသွင်းရင်ခိုက်တယ်ဆိုတာ အိမ်သာကခိုက်တာလည်းမဟုတ်ဘူး။ မြေကခိုက်တာလည်းမဟုတ်ဘူး။ အရပ်မျက်နှာကလာခိုက်တာဗျ။ ဗေဒင်ပညာအရ အရပ်ရှစ်မျက်နှာကို ခွဲခြမ်းစိတ်ဖြာတဲ့အခါမှာ (၁) ပရိုဝါရ၊ (၂) အာယု၊ (၃) နဂရ၊ (၄) ဘုမ္မိ၊ (၅) ဂဟပတိ၊ (၆) တေဇ၊ (၇) ဌာန၊ (၈) သိရိဆိုပြီး မိမိမွေးနံကနေစပြီး အမှတ်စဉ်အတိုင်း (၁)ကနေ (၈) အထိ လက်ယာရစ်ချရေးရတယ်။ ဥပမာကြည့် ဒီမှာ။

(၁) * ပရိုဝါရ	(၂) အာယု	(၃) နဂရ
သိရီ (၈)	တန်ဂ်နွေ အတွက်	ဘုမ္မိ(၄)
ဌာန (၇)	တေဇ (၆)	ဂဟပတိ (၅)

www.burmeseclassic.com

www.burmeseclassic.com

"ဒါက တနင်္ဂနွေသားသမီးတွေ အတွက် ဇယားပဲ"

ဟုဆိုကာ အနားရှိသောစာရွက် ထွတ်တွင်ရေးပြလေသည်။

"ဘာနေ့သားသမီးပဲဖြစ်ဖြစ် မိမိ မွေးနံ့ကနေ အမှတ်စဉ်အတိုင်း လက် ဆာရစ်ချကြည့်၊ ဘာမှမခက်ခဲဘူး။ အဓိ ပ္ပာယ်သိဖို့နဲ့ သင့်အောင်သုံးတတ်ဖို့ပဲလို တယ်"

"ဒါဆိုလည်း အဓိပ္ပာယ်တွေသင့် အောင် သုံးပုံတွေဆက်ရှင်းဦးလေကွာ"

"ဦးလေးငွေသန်းက စိတ်လော ထောကိုးဗျ၊ လာမယ်လေ ဟောဒီမှာ။

၁။ ပရိဝါရ - အခွေအရံ ပေါများခြင်း၊
၂။ အာယု - အသက်ရှည်ခြင်း၊
၃။ နဂရ - မြို့ပြ၊ ပြည်၊ ရွာစည်ပင်ပြန့်ပွားခြင်း၊
၄။ ဘုမ္မိ - မကောင်းသော ဘေးဒဏ်၊ အညစ်အကြေးစွန့်ခြင်း၊
၅။ ဂဟပတိ- စပါးကျီ စသောဥစ္စာဘဏ္ဍာဆောက်ခြင်း၊
၆။ တေဇ - တန်ခိုး အာဏာနှင့် ကုသိုလ်ကောင်းမှုပြုခြင်း၊
၇။ ဌာန - နေရာဌာနစွဲမြဲခြင်း၊
၈။ သိရိ - ဥယျာဉ်ပန်းမန် စိုက်ပျိုးခြင်း။

လို့ ဆိုထားတယ်ဗျ။ ဒါတွေကို သိထားတယ်ဆိုရင် အိမ်တစ်လုံးဆောက် တဲ့နေရာမှာ တော်တော်အသုံးတည့် တယ်ဗျ"

ဟု ဆိုကာ ကျွန်ုပ်လည်း မော ဟည်းမော၊ အာခေါင်လည်းခြောက် သောကြောင့် ရေနွေးကြမ်းတစ်ခွက်ငဲ့ သောက်ပြီး အိတ်ကပ်ထဲမှ ကွမ်းတစ် ဆာကို ပါးစောင်ထဲထည့်၍ ဇကာမြို့နေ ဆဲသည်။

"ကဲ - ဆရာစိုး၊ အမောပြေရင် ဟည်း အသုံးချပုံလေးဆက်ဦးလေကွာ"

"သည်လိုရှိတယ် ဘကြီးသောင်း ရဲ့ အိမ်ဆောက်တဲ့နေရာ၊ ဓာတ်ရိုက် ဆောင်ဆင်လုပ်တဲ့နေရာ၊ ယတြာချေတဲ့ နေရာတွေမှာ အလျင်းသင့်သလိုသုံး ဆောင်ရတယ်။ အခွေအရံပေါများခြင်း ဆိုတဲ့ဆိုရင် ပရိဝါရအရပ်ကလုပ်၊ ကျန်း ဆောမှုကောင်းတဲ့သူကို ညောင်ထောက် ဆော်၊ ယတြာချေမယ်ဆိုရင် အာယု အရပ်ကလုပ်၊ မြို့ပြစည်ပင်ပြန့်ပွားဖို့

အတွက် နဂရအရပ်ကလုပ်၊ မကောင်း တဲ့အညစ်အကြေးနဲ့ ကိုယ့်နံတုံအသား စွန့်ချင်ရင် ဘုမ္မိအရပ်ကလုပ်၊ စပါးကျီတို့ အိမ်ထဲမှာ မီးခံသေတ္တာတို့ဆိုရင် ဂဟ ပတိအရပ်မှာထား၊ မိမိရဲ့နာမည်ဂုဏ် သတင်းကျော်ဇောဖို့အတွက်ဆိုရင် တေဇ အရပ်ကလုပ်၊ စွဲမြဲလိုတဲ့ကိစ္စအတွက် ဆိုရင် ဌာနအရပ်ကလုပ်၊ ပန်းဥယျာဉ်၊ ရေတွင်းရေကန်တူးဖော်ဖို့ဆိုရင် သိရိ လို့ဆိုတဲ့ ကျက်သရေရှိတဲ့အရပ်မှာလုပ် ရတယ်ဗျ"

"ဆက်ပါဦး စိုးကြီးရေ၊ ငါတို့အိမ် သာမြေနဲ့ ပတ်သက်ပုံလေး"

ဟု ဦးသိန်းဟန်ကြားမှဝင်ထောက် လေရာ-

"ဒီလိုရှိတယ်ဗျ။ သည်ထဲက ကျွန် တော်ရေးထားတဲ့ထဲမှာ ဘုမ္မိအရပ်က အဓိကကျတယ်ဗျ။ အိမ်တစ်အိမ် ဆောက်တော့မယ်ဆိုရင် ကိုယ့်အိမ်ရဲ့ မျက်နှာလှည့်ဟာ ဘုမ္မိအရပ်မဖြစ် အောင်အဓိကရှောင်ရတယ်။ ဘုမ္မိအရပ် ဘက်မျက်နှာမူဆောက်မိရင် အကျိုး ယုတ်ဖို့ကများတယ်။ ပျက်စီးတတ်တယ် ပေါ့ဗျာ။ အဲဒါကြောင့် ဘုမ္မိအရပ်မှာ မကောင်းတဲ့အညစ်ကြေးစွန့်တဲ့အိမ်သာ ကိုထားတယ်ဗျ။ စောစောတုန်းက ဦးသိန်းဟန်ပြောတဲ့ အိမ်သာမြေနဲ့ ရေ တွင်းမြေဆိုရာမှ လူတော်တော်များများ က အိမ်သာကျင်းတူးမယ်ဆိုရင် လူကြီး သူမတွေကိုမေးတတ်ကြတယ်။နားလည် တတ်ကျွမ်းတဲ့သူတွေကို မေးတတ်ကြ တယ်။ သည်တော့ သူတို့က ဘယ်နေရာ ကိုတူးခိုင်းလဲဆိုရင် ဘုမ္မိနေရာကိုတူးခိုင်း တယ်။ အဲသည်တူးလို့ရတဲ့ ဘုမ္မိမြေကို အိမ်အထဲခင်းတို့၊ ဖို့တာတို့လုပ်မှတော့ အဲဒီမြေကခိုက်ပြီပေါ့ဗျာ။ အမှန်တော့ အိမ်သာမြေကမခိုက်ပါဘူး။ ဘုမ္မိမြေဖြစ် တဲ့အတွက် ခိုက်တာပေါ့ဗျာ။ ဒါကြောင့် သည်မြေကို လမ်းဖို့ခြင်း၊ လမ်းပြင်ခြင်း စတဲ့ အများအတွက် ကောင်းမွန်အောင် ပြုလုပ်ပေးရတယ်ဗျာ"

"ရော့-ငါတူ၊ အမောပြေအာစွတ် လိုက်ဦး"

ဟု ဆိုကာ ဦးတင်မှတ်တမ်းပေး သောရေနွေးနှင့် ပလုတ်ကျင်းကာ ခဏ အမောဖြေနေမိသည်။

ထိုစဉ် ဦးသိန်းဟန်က -

"မင်းရှင်းပြတော့လည်း တဖြည်း ဖြည်းတော့ သဘောပေါက်လာသလိုပဲ ကွ။ ဒါကြောင့် ကြီးသော၊ ငယ်သော သဘောမထားဘဲ ကိုယ်မသိရင် မရှက် မကြောက်မေးတတ်ရတယ်လို့ ရှေးလူ ကြီးတွေဆိုခဲ့တာကိုးကွ။ ဒါနဲ့ ဆက်ဦး လေကွာ။ ရေတွင်းမြေအကြောင်း"

"ခက်ပြီ ဦးလေးရာ၊ ရေတွင်းရေ ကန်ဆိုတာ သိရိလို့ဆိုတဲ့ ကျက်သရေရှိ တဲ့အရပ်မှာတူးမှတော့ တောင်းပြီပေါ့ ဗျာ။ တစ်ခုတော့ရှိတယ်နော။ နားလည် တတ်ကျွမ်းတဲ့သူတွေနဲ့မေးမြန်းပြီး ထူးဖို့ တော့လိုတယ်ဗျ"

"မှန်လိုက်လေ စိုးကြီးရာ၊ မင်း ပြောမှပဲရှင်းတော့တယ်။ ငါတော့ မင်း ရေးပေးတဲ့စာလေးတွေသိမ်းထားဦးမှ။ ငါ က အမှတ်ဉာဏ်ကကောင်းတာမဟုတ် တော့ ဖြည်းဖြည်းချင်းပြန်လေ့လာရမှာ ကွ"

ဟု ဦးငွေသိန်းကပြောရင်း စာရွက်များကိုခေါက်၍ သေချာသိမ်းနေ လေတော့သည်။

"ကိုင်း - ဒါဖြင့် အိမ်သာမြေက ခိုက်တာလား၊ ဘုမ္မိမြေကခိုက်တာလား ဆိုတာ ရှင်းကြရဲ့လားကွယ်တို့ရေ"

ဟု အုပ်စုထဲမှ အသက်အကြီးဆုံး ဘကြီးသောင်းကပြောလေရာ ဦးသိန်း ဟန်နှင့်တကွ တစ်အုပ်စုလုံးက -

"ရှင်းပါ ဘကြီးသောင်းရာ"

ဟုဆိုလေရာ ဘကြီးသောင်းက-

"ကိုင်း - ဒါဖြင့် ဆယ်နာရီက လည်းထိုးပြီ ပြန်ကာမှ"

ဟုဆိုကာ တောင်ဝှေးလှမ်းဆွဲ၍ ထွက်ရှင်းက -

"အိမ်သာမြေမှန်းမသိ၊ ဘုမ္မိမြေ မှန်းမသိဘဲ ငြင်းခုံနေကြတာ သနားပါရဲ့ ဗျာ။ စိုးကြီးများမလာရင် သည်နေ့တော့ ခက်ရချည်ရဲ့"

ဟု ပြုံးစိစိနှင့်ပြောပြီးပြန်သွားလေ ရာ ဦးငွေသိန်းက -

"အင်း - ဘကြီးသောင်း၊ ဘကြီး သောင်း အရွယ်တွေသာပြောင်းသွား တယ်။ အခုချိန်ထိ ပြန်ခတ်လေးတော့ ဖြင့်ခတ်တုန်းဗျာ"

ဟု ထွက်ခတ်ခတ်သွားသော ဘကြီးသောင်းအား လှမ်းကလိလေရာ အားလုံးပင်ပြုံးရယ်မိကြလေတော့သည်။

အဓိပတိ(အုန်းဆွေ)

www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏသိရိ

တောင်လေပန်းနှင့် ငါးသေကောင်ပုပ်

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရှာငါးဆယ်၊ ဝိသတိနိပါတ်၊ သတ္တဂုမ္ဗဇာတ်တော်၌ ပဉ္စာလမင်းအဖြစ်ဖြင့် ဘုရားအလောင်းတော် ပုပ္ပကကျေးသား၏တရားစကားတို့ကို ကြားနာ၍ ကြည်ညိုသဒ္ဓါတရားတို့ တိုးပွားခဲ့ရဖူးပေသည်။

ထိုဇာတ်တော်တွင် ညီတော်အာနန္ဒာ၏ အလောင်းလျာသည် ကုရုတိုင်း ဥတ္တရပဉ္စာလမြို့တော်၌ ပဉ္စာလမင်းအဖြစ်ဖြင့် ထီးနန်းထိုးစံခဲ့ရ၏။ ရွှေငွေဥစ္စာရတနာများစုံနှင့် ပြည့်စုံနေသော နန်းတော်၌ ထီးနန်းစည်းစိမ်ကို စံစားနေရသော်ငြားလည်း အလောင်းလျာပဉ္စာလမင်းသည် ရွှေနန်းတော်၌ အချိန်ပြည့်မနေနိုင်ပါ။ အခါအခွင့်သင့်လာလေတိုင်း ရွှေနန်းတော်မှထွက်၍ တောထဲသို့ဝင်ပြီးလျှင် အမဲလိုက်ခြင်းအလုပ်ကို လုပ်လေ့ရှိလေသည်။

ပဉ္စာလမင်း တောလိုက်ထွက်တော့မည်ဆိုလျှင် သူ၏လက်စွဲတော် ရထားထိန်းကလည်း အတူလိုက်ပါရ၏။ ရထားထိန်းသည် ရထားလမ်းဟူ၍ ပီပီပြင်ပြင် ထင်ထင်ရှားရှားရှိမနေသော တောထဲတောင်ထဲတွင် မင်းအလိုကျ မောင်းနှင်ပေးရ၏။ မင်းနှင့်တကွ ရထားတစ်စီးလုံးကို ဘေးမသီရန်မခရလေအောင် အထူးသတိထား၍ ကြိုးစားခဲ့ရ၏။ ရထား၏နောက်တွင်မူ မင်းအား အကူအညီပေးရန် စစ်သည်ဗိုလ်ပါများက ခြေကျင်လိုက်ပါလာခဲ့ကြရပေသည်။

သားကောင်များကျက်စားတတ်သည့်တောတွင်းတစ်နေရာသို့ ရောက်လာကြသောအခါ စစ်သည်ဗိုလ်ပါတို့သည် ထိုနေရာတစ်ဝိုက်ကိုပတ်မိအောင် ဝိုင်းထားလိုက်ကြ၏။

ထိုအခိုက်မှာပင် ပဉ္စာလမင်းက -

"အချင်းတို့၊ ဟောဟိုချုံပုတ်အောက်မှာ သားကောင်တစ်ကောင်ရှိနေတယ်။ ချုံပုတ်ကို တစ်ခုခုနဲ့ရိုက်ပုတ်ပြီးတော့ တစ်ပြိုင်နက် ငြာသံပေးလိုက်ရင် အဲဒီသားကောင်ပြေးထွက်လာလိမ့်မယ်။ ပြေးထွက်လာတဲ့သားကောင်ကို အမိဖမ်းကြရမယ်။ လွတ်ထွက်သွားလို့ကတော့ လွတ်တဲ့သူက လွတ်ထွက်သွားတဲ့သမင်ရဲ့တန်ဖိုးကို အလျော်ပေးရမယ်"

ဟု သိမ့်သိမ့်တော်ထုတ်လိုက်၏။

ထို့ကြောင့် စစ်သည်ဗိုလ်ပါတို့မှာ အထူးသတိထား၍ စောင့်ကြည့်နေကြရ၏။ မိမိတာကလွတ်ထွက်မသွားနိုင်စေရန် လက်နက်များစုံဖြင့် အသင့်ပြင်ထားကြရ၏။ ဟေးဟေးဟိုးဟိုးအော်ဟစ်၍ ငြာသံပေး၍ ချုံပုတ်ကိုရိုက်ပုတ်လိုက်ကြသဖြင့် ချုံပုတ်ထဲ၌ ပုန်းနေခဲ့သော သားကောင်သည် ချုံပုတ်ထဲမှ ကြောက်လန့်တကြားထွက်လာခဲ့ရ၏။ ထိုမှတစ်ဆင့် လွတ်ရာကျွတ်ရာသို့ ပြေးထွက်သွားရန် အခွင့်သာလောက်သည့်နေရာကို ရှာဖွေရန် ဝိုင်းပတ်ထားသူများကို လှည့်လည်ကြည့်ရှု၍ အကဲခတ်လိုက်သော မင်းချင်းတို့မှာ လက်နက်အပြည့်အစုံကို အသင့်ကိုင်စွဲကာ ကြားဝင်ရှိလာလော်က်

www.burmeseclassic.com

www.burmeseclassic.com

အောင် အကွက်စေ့နေကြ၏။ ပဉ္စာလမင်းကြီး ဝဲဘက်၊ ယာဘက်တွင်ကား မင်းကြီး၏အရှိန်အဝါကြောင့် ကွက်လပ်စလေးရှိနေ၏။ ထိုကွက်လပ်ကလေးကို ဖြည့်လိုက်ရသည်နှင့်တစ်ပြိုင်နက် သားတော်သည် ရုတ်တရက်အားကုန်ထုတ်၍ ထိုကွက်လပ်ကလေးသို့ တစ်ဟုန်ထိုး ပြေးဝင်လာလေရာ ပဉ္စာလမင်းကြီးမှာ အံ့အားသင့်ကာ မည်သို့မျှမလုပ်နိုင်တော့ခန့်ဖြစ်သွားရပါတော့သည်။

ဤတွင် အတူလိုက်ပါလာခဲ့ကြရသော စစ်သည်ဗိုလ်ပါအပေါင်းက ရယ်ရယ်မောမော တသောသောနှင့် ပြက်ရယ်စကားပြောကြကြားကြသဖြင့် ပဉ္စာလမင်းမှာ မခံမရပ်နိုင်ဖြစ်ရ၏။

'အံမယ် - ငါ့နားက သားကောင်ထွတ်ထွက်သွားလို့ သင်းတို့က ရယ်ရယ်မောမောနဲ့ သဘောကျနေကြတယ်။ ရှိစေဦးပေါ့ကွယ်၊ အဲဒီသားကောင်ကို ငါကိုယ်တိုင်အမီလိုက်ပြီး အမိဖမ်းပြလိုက်မှ သင်းတို့ပါးစပ်အဟောင်းသားဖြစ်သွားစေရမယ်'

ဤသို့ စိတ်ထဲက ကြုံးဝါးပြီးလျှင် ပဉ္စာလမင်းသည် ရထားထိန်းအား ရထားကိုချက်ချင်း,ကစေ၏။ရထား,ကပြီးသည်နှင့်တစ်ပြိုင်နက် ရထားပေါ်တက်၍ မျက်ချင်းမောင်းထွက်စေ၏။

ရထားလမ်းဟူ၍ ပီပီပြင်ပြင်မရှိသော်ငြား တောမြေပြင်တစ်လျှောက်၌ အမြန်ရထားစီးလာရသည်မှာ သက်သာမည်မဟုတ်ပါ။ သို့ရာတွင် ပဉ္စာလမင်းမှာတော့ သားကောင်ကို အမိဖမ်း၍ပြလိုက်ချင်သောဇောစိတ်များ ထက်သန်နေသဖြင့် ထိုမျှလောက်ခံစားမှုကို မမှုနိုင်တော့ပါ။ မမှုသောစိတ်ဇောတို့ဖြင့် အားခဲ၍လိုက်ပါသော်လည်း သားကောင်ကို မမှီနိုင်သေးပါ။ သားကောင်က သည်တော၊ သည်တောင်နှင့်အကျမ်းဝင်နေပြီးသား။ နောက်ပြီးတော့ အလွတ်ပြေးထွက်ရန် အခွင့်လေးကလည်းရလိုက်သေး၏။ ထို့ကြောင့် သားကောင်ကိုမီနိုင်မီနိုင်နှင့် ခရီးပြင်းနှင်လာခဲ့ကြရာ နေမွန်းတည့်ချိန်သို့ ရောက်လာပါတော့သည်။

ဤတွင်မှ ပဉ္စာလမင်းက လက်လျှော့ပြီးလျှင် လာလမ်းအတိုင်းပြန်မောင်းစေ၏။ သို့ရာတွင် မနားတမ်း၊ မရပ်တန်း လမ်းကြမ်းကြမ်းတွင် အမြန်ဆုံးစံချိန်ဖြင့် ရှုန်းကန်လာခဲ့ရသဖြင့် မြင်းမှာ ဟောဟဲလိုက်နေပါပြီ။ ရထားပေါ်မှလူနှစ်ယောက်စလုံးလည်း ပင်ပန်းလှပါပြီ။ သို့ဖြစ်၍ အပန်းဖြေနားနေရန် သင့်လျော်မည့်နေရာကို ရှာဖွေလာခဲ့ရာ တသွင်သွင်စီးဆင်းနေသော ချောင်းငယ်တစ်ခုကို တွေ့လိုက်ရ၏။ ချောင်းနံဘေးကသစ်ပင်များမှာလည်း စိမ်းစိမ်းစိုစိုနှင့် ခက်လက်ဝေဆာရှိကာ အရိပ်အာဝါသကောင်းလှပါပေသည်။

သို့ဖြစ်၍ ပဉ္စာလမင်းသည် ထိုနေရာ၌ ရထားကိုရပ်စေပြီးလျှင် ချောင်းရေထဲသို့ဆင်း၍ ချောင်းရေစင်ကို တဝကြီးသောက်လိုက်၏။ ချောင်းရေအေးအေးတွင် အားပါးတရစိမ်၍ ရေချိုးလိုက်၏။ ရေချိုး၍အားရခါမှ ရထားဆီသို့ပြန်လာခဲ့ရာ ရထားထိန်းက ရထားပေါ်မှအခင်းများကိုချ၍ မြေပြန့်ပြန့် အရိပ်ကောင်းကောင်း၌ ခင်းပေးထားသည်ကို အရန်သင့်တွေ့လိုက်ရ၍ ထိုအခင်းပေါ်၌လဲလျဲ၍ အိပ်လိုက်လေသည်။

အကယ်၍ ပဉ္စာလမင်းသည် ဤနေရာ၏ အဖြစ်မှန်ကိုသိရပါက ဤသို့နားနေဝံ့မည်မဟုတ်ချေ။ ဤနေရာသည်ကား ခိုးသားငါးရာတို့ လျှို့ဝှက်စွာတည်ထောင်ထားသောရွာတစ်ရွာဖြစ်၏။ ရွာသားအားလုံးသည် ခိုးသားခေါင်းဆောင်ကြီး၏ နောက်လိုက်များချည်းဖြစ်ကြ၏။ ဤတောထဲက ဖြတ်သန်းလာခဲ့ကြသည့် ကုန်သည်လှည်းများကို လုအား၊ လက်နက်အားတို့ဖြင့် လုယက်တိုက်ခိုက်ခြင်းဖြင့် အသက်မွေးနေကြ၏။ သူတို့၏

www.burmeseclassic.com

www.burmeseclassic.com

ကာယကံအလုပ်အကိုင်အားလျော်စွာပင် သူတို့၏ ဝစီကံနှုတ်ထွက်သံတို့က လည်း ရိုင်းရိုင်းစိုင်းစိုင်းရှိကြပါပေသည်။ ကြမ်းကြမ်းရမ်းရမ်းရှိကြပါပေသည်။

သူတို့သည် ပဥ္စာလမင်းကိုကား မည်သို့မျှ ရန်မပြုရဲကြပါ။ နောက်လိုက် နောက်ပါ ဘာမှမရှိ။ ရထားထိန်းတစ်ယောက်တည်းနှင့် မိမိတို့နယ်ထဲသို့ ကျဲဝင်လာသဖြင့် မိမိတို့က လွယ်လွယ်က လေးနှင့် အပိုင်စီးနိုင်ပါ၏။ သို့ရာတွင် သူနေရာကို ဆက်ခံလာသောဘုရင်သစ်က စစ်မက်အားကြီးမားစွာဖြင့် မိမိတို့ကို ချေမှုန်းပါသော် အားလုံးကုန်ပြုတ်ပြုတ်ပြုန်းကုန်ကြရပါလိမ့်မည်။

သို့ဖြစ်၍ ရပ်နားထားသော မင်းစီးရထားကိုမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် သူတို့အားလုံး လွတ်ရာကျွတ်ရာပြေး၍ ပုန်းရှောင်နေကြရ၏။ အစောင့်အဖြစ်ဖြင့် ပတိကောသလုမ္ဘအမည်ရသော ထမင်းချက်နှင့် သတ္တိဂုမ္ဘအမည်ရသော ကျေးသားတစ်ကောင်တို့သာ ကျန်ရစ်ခဲ့ကြပေသည်။

သတ္တိဂုမ္ဘ ဟူသည်မှာ ခိုးသားများက ကျေးသားလေးကို ပေးထားသော အမည်ဖြစ်၏။ တစ်ခါတုန်းက လေကြီးမိုးကြီးပြင်းထန်စွာတိုက်ခတ်ရာတွင် ထိုကျေးသားငယ်ကလေးမှာ အသိုက်ထဲမှ လွှင့်စဉ်လာပြီးလျှင် ထိုခိုးသားတို့ကိုင်ဆောင်ထားသော လုံခိုင်းအလယ်သို့ကျလာ၏။ ထို့ကြောင့် ထိုကျေးသားပေါက်စကလေးကို သတ္တိဂုမ္ဘဟုအမည်ပေးကာ မွေးမြူထားခဲ့ကြလေသည်။

သတ္တိဂုမ္ဘကျေးသားသည် ခိုးသားရွာထဲကထွက်လာ၍ ပဥ္စာလမင်းကြီး အိပ်စက်နေသည်ကိုမြင်လျှင်မြင်ချင်း -

"အို - ပတိကောသလုမ္ဘ၊ အို - ထမင်းချက်ကြီး၊ ဒီနားကိုမြန်မြန်လာခဲ့စမ်းပါ။ ချောင်းနားမှာ ပြည့်ရှင်မင်းတစ်ပါး ရထားနဲ့ရောက်လာတယ်။ သူဟာကြည့်လို့ကောင်းတဲ့နားတောင်းကိုလည်း ဝတ်ဆင်ထားတယ်။ ရွှေနဖူးသင်းကျစ်ကိုလည်း တပ်ဆင်ထားတယ်။လက်ဝတ်တန်ဆာအပြည့်အစုံလည်း ဝတ်ဆင်ထားလေတော့ နေမင်းကြီးလိုပဲ ထင်းထင်းကြီး တောက်ပနေတော့တယ်။

အို-ထမင်းချက်ကြီး၊ ယခုအခါမှာ တစ်ရွာလုံး ညဉ့်နက်သန်းခေါင်ကြီးလိုပဲ တိတ်ဆိတ်လွန်းလှတယ်။ ပြည့်ရှင်မင်းကလည်း ခရီးပန်းလာလို့ အိပ်ပျော်နေတယ်။ ဒါကြောင့် ပြည့်ရှင်မင်းရဲ့လက်ဝတ်တန်ဆာ ရတနာနားတောင်းတို့ကို ငါတို့လုယူကြစို့။ ရထားထိန်းကိုရော ပြည့်ရှင်မင်းကိုပါသတ်ပြီးတော့ သစ်ခက်များနဲ့ဖုံးထားကြစို့"

ဤသို့ကျယ်ကျယ်လောင်လောင် ပြောဆို၏။ ထပ်ကာထပ်ကာတိုက်တွန်း၏။ သူတိုက်တွန်းသည့်အတိုင်း ပတိကောသလုမ္ဘကတော့ မလိုက်နာနိုင်ပါ။ မလိုက်နာရဲပါ။ ပြည့်ရှင်မင်းကို ရှိသေခန့်ညားသော စိတ်ဓာတ်အရင်းခံဖြင့် သတ္တိဂုမ္ဘကို တားမြစ်လိုက်ရ၏။

"ဟေ့-သတ္တိဂုမ္ဘ၊ ဘယ့်နှယ်ကြောင့် အရူးလို လျှောက်ပြောနေရတာလဲကွ။ အလျဲပြောင်ပြောင် တောက်လောင်နေတဲ့မီးပုံကြီးကို ဝေးဝေးကရှောင်မှ တော်ကာကျတယ်။ ဒီအတူပဲ၊ မင်းဆိုတာကိုလည်း ဝေးဝေးကရှောင်နေသင့်တယ်"

ဤသို့ သူတို့နှစ်ဦး အတံ့အပြန် ပြောဆိုနေကြသည်ကို ပဥ္စာလမင်းက ပြည့်ပြည့်စုံစုံကြားလိုက်ရ၏။ မိမိတို့နှစ်ဦးသားအတွက် လုံခြုံစိတ်ချ၍မရနိုင်သောဤတောတောင်ထဲတွင် အပန်းဖြေသဘောဖြင့် ခေတ္တခဏမှိန်းရုံလေးသာ မှိန်း၍ရပေမည်။ လုံးလုံးကြီးအိပ်ပျော်သွားသည့်အဆင့်သို့ကား အရောက်မခံရဲပါ။ ထို့ကြောင့် မျက်စိတို့ကိုစုံမှိတ်၍ လျှောင်းစက်နေရင်းက ထိုစကားသံတို့ကို ကြားလိုက်ရ၏။ ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် အလျှင်အမြန်ထ၍ ရထားထိန်းကို ရထားကစေ၍ ထိုနေရာမှ ရှောင်ထွက်လာခဲ့ကြ၏။

ဤအခြေအနေကို မျက်ခြည်မပြတ်ကြည့်နေခဲ့သော သတ္တိဂုမ္ဘကျေးသားက -

"အို- ခိုးသားတို့ လာခဲ့ကြ၊ မြန်မြန်ကြီးလာခဲ့ကြ။ ပဥ္စာလမင်းကြီး ထွက်ပြေးသွားပြီ။ သူ့ကိုဒီအတိုင်းအလွတ်မပေးလိုက်ကြနဲ့။ လေးတွေ၊ လုံတွေ၊ ခက်ရင်းတွေယူလာပြီးတော့ သူ့ကိုအမိဖမ်းပြီး သတ်ပစ်လိုက်ကြ"

ဤသို့ တကြော်ကြော်အော်ဟစ်ရင်း ကျန်ရစ်ခဲ့လေသည်။

ပဥ္စာလမင်း၏ ရထားသည် တောင်ကုန်း၏ မြောက်ဘက်အရပ်မှာ ဘေးကင်းရန်ကင်းမောင်းထွက်လာခဲ့ပြီးလျှင် တောင်ကုန်း၏ တောင်ဘက်သို့ ရောက်လာကြ၏။ ထိုအရပ်တွင်ကား ရသေ့ပေါင်းငါးရာတို့ သခ်မ်းကျောင်းကလေးများဖြင့် တစ်စုတစ်ဝေး သီတင်းသုံးလျက်ရှိကြလေသည်။

မင်းစီးရထား ဆိုက်ရောက်သွားချိန်တွင် ရသေ့များမရှိကြပါ။ သစ်သီးကြီးငယ်ရှာဖွေရန် သစ်သီးသစ်ဖုရနိုင်သည့်တောဆီသို့သွားနေကြ၍ အစောင့်သဘောဖြင့် ပုပ္ပကအမည်ရသော ကျေးသားတစ်ကောင်သာရှိနေရစ်လေသည်။

ဤကျေးသားမှာလည်း လေကြီးမိုးကြီးကျစဉ်တုန်းက အသိုက်ထဲမှလွှင့်စဉ်လာခဲ့၍ ရသေ့တို့ကျောင်းသခ်မ်းအနီးရှိ သဲပြင်ပေါ်ကပန်းပွင့်များပုံထားသည့်နေရာတွင်ကျလာခဲ့၍ ရသေ့များက ကောက်ယူကျွေးမွေးထားကာ ပုဖွကဟူ၍ အမည်ပေးထားခဲ့ကြပေသည်။

ကျောင်းသခ်မ်းဥပစာသို့ မင်းစီးရထားဆိုက်ရောက်လာသည်တွင် ရသေ့အားလုံးတို့၏ကိုယ်စား ပုပ္ပကကျေးသားကသာ ခရီးဦးကြိုပြုရပေသည်။

"အရှင်မင်းကြီး ဒီကိုကြွပါ၊ ဒီမှာထိုင်တော်မူပါ။ အရှင်မင်းကြီးကြွရောက်လာတာ ဝမ်းသာလှပါတယ်။လိုအပ်တာရှိသမျှ မိန့်မှာတော်မူပါ ဘုရား"

ဤသို့ ယဉ်ကျေး သိမ်မွေ့စွာ လျှောက်တင်ပြီးလျှင် -

"အရှင်မင်းကြီး၊ ဒီမှာ တည်သီးတွေရှိပါတယ်။ လွန်သီးတွေ၊ သစ်မည်စည်သီးတွေလည်းရှိပါတယ်။ ဒီသစ်သီးတွေဟာ ပျားရည်လိုပဲ အင်မတန်ချိုမြိန်လှပါတယ်။ ကောင်းနိုးရာရာကိုရွေးပြီးသုံးဆောင်တော်မူပါဘုရား။

အရှင်မင်းကြီး၊ သစ်သီးတွေသုံးဆောင်ပြီးတဲ့အခါ သောက်စရာရေများလည်း အရန်သင့်ရှိနေပါတယ်။ တောင်ချောက်ကြားက ခပ်ယူထားရတာမို့ အင်မတန်မှ အေးမြလှပါတယ်။ အရှင်မင်းကြီးလိုအပ်သလောက် ရေအိုးစင်မှ ခပ်သောက်တော်မူပါ။

အရှင်မင်းကြီး ဒီသခ်မ်းကျောင်းကရသေ့အားလုံး သစ်သီးရှာသွားနေကြတာမို့ ကျွန်တော်တစ်ယောက်တည်းသာရှိနေရစ်ပါတယ်။ ကျွန်တော့်မှာ အရှင်မင်းကြီးရဲ့လက်တော်ရောက် ဆက်သစရာလက်များမပါရှိတဲ့အတွက် နှုတ်သက်သက်နဲ့သာ ညှော်ဝတ်ပြုနိုင်ပါတယ် ဘုရား"

ယခုတွေ့ရသော ကျေးသားက လေး၏စကားများကို ကြားလိုက်ရသည်တွင် ပဥ္စာလမင်းသည် စောစောကတွေ့ခဲ့ရသော ကျေးသားနှင့် နှိုင်းယှဉ်ကြည့်မိ၏။ သူတို့နှစ်ယောက်မှာ အမွေး၊ အတောင်ချင်းသည်လည်း တူညီနေ၏။ ကိုယ်ခန္ဓာအနေအထားမှာလည်း ဆင်တူလောက်ရှိနေကြ၏။ အသက်အရွယ်မှာလည်း အတူတူလောက်ပင်ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားတော့ သူတို့၏နှုတ်ထွက်စကားတွေ အားလုံးဟာ အခြားနားကြီးခြားနားနေပါလေတော့လား။

"အင်း - ဒီကျေးဇူးကတော့ အင်မတန်မှလိမ္မာလှပါပေတယ်။ အင်မတန်မှ ယဉ်ကျေးလှပါတယ်။ နှုတ်ထွက်စကားတွေကလည်း ချိုချိုသာသာ ရှိပါပေတယ်။ စောစောကတွေ့ခဲ့ရတဲ့ အကူသားနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတော့တယ်

စိတ်ထဲက အံ့သြနေရုံနှင့်မပြီးနိုင်သောကြောင့် ပဉ္စာလမင်းက ဤသို့ နှုတ်မြွက်၍ မိန့်ကြားလိုက်လေရာ -

"အရှင်မင်းကြီး၊ အဲဒီကျေးဇူးကလည်း အခြားသူမဟုတ်ပါဘူး။ ကျွန်တော့်ညီအရင်းသာဖြစ်ပါတယ်။အသိုက်အစ်သိုက်ထဲမှာ ပေါက်ဖွားလာခဲ့သူဖြစ်ပါတယ်။ အဲဒီလိုနေလာရာက လေကြီးမုန်တိုင်းကြီးကျလာခဲ့တဲ့တစ်နေ့မှာ ကျွန်တော်တို့နှစ်ကောင်လုံး အသိုက်ထဲက လွင့်စဉ်သွားခဲ့ကြရပါတယ်"

အမောင်ကျေးဇူးလေးရဲ့ တစ်ဦးပေါက်ချင်း ညီအစ်ကိုအရင်းတွေဖြစ်ပါတော့တဲ့ ဘာကြောင့်များ ဒါလောက်ကြီး ဆွေခြားသွားရတာပါလဲ"

"အရှင်မင်းကြီး၊ ဒါကတော့ ပတ်ဝန်းကျင်ချင်းမတူတော့လို့ဖြစ်ပါတယ်။ ညီလေး သတ္တဝါဝမ္မာဟာ ခိုးသားတွေရှိတဲ့ သူရောက်သွားရတာမို့ သတ်တာဖြတ်တာတွေ၊ ဖမ်းဆီးပြီးချုပ်နှောင်ထားတာတွေ၊ လုယက်ဖျက်ဆီးတာတွေ၊ လှည့်စားတာတွေ၊ ဓားပြတိုက်တာတွေကို နေ့စဉ်နဲ့အမျှ မြင်နေရပါတယ်။ အဲဒါတွေနဲ့ တော်သက်တဲ့ မကြားကောင်းမနာသာ စကားသံတွေကို မပြတ်တမ်းကြားနေရတာပါတယ်။ အဲဒီတော့ သူအဖို့ မကောင်းတဲ့အလေ့အကျင့်တွေကိုအလိုလိုနေရင်း သင်ယူတတ်မြောက်ပြီးဖြစ်နေပါတော့တယ်။

အရှင်မင်းကြီး ကျွန်တော်ကတော့ ကံအားလျော်စွာ ရသေ့များရဲ့နေရာတိုရောက်လာခဲ့ရပါတယ်။ အဲဒါကြောင့် ကုသိုလ်ကောင်းမှုပြုနေကြတာတွေ၊ သူတစ်ပါးကို မည်ညဉ်းဆဲမိအောင် ရှောင်ကြဉ်ကြတာတွေ၊ အကုသိုလ်စရာတွေ၊ မကောင်းတဲ့စိတ်ဆန္ဒတွေ ပေါ်ပေါက်မလာအောင် စောင့်စည်းနေကြတာတွေ၊ ဣန္ဒြေကိုဆုံးမနေကြတာတွေကို နေ့စဉ်နဲ့အမျှ မြင်မြင်နေခဲ့ရပါတယ်။ ကုသိုလ်ကောင်းမှုတွေနဲ့ဆက်စပ်နေတဲ့စကားတွေကိုလည်း အမြဲလိုလို ကြားနာလို့နေခဲ့ရပါတယ်။ ဒါကြောင့် တောရပ်ဝေး အရှင်ရသေ့များရဲ့ ကောင်းမွန်မြင့်မြတ်တဲ့ကိုယ်ကျင့်တရားတွေကို အလိုလိုသင်ယူပြီးဖြစ်နေပါတော့တယ်"

တစ်မိပေါက်ချင်း ဖြစ်ပါလျက် တောင်နှင့်မြောက်ဆိုရလောက်အောင် ကွဲပြားနေရသည်ကို ဖြစ်ကြောင်းကုန်စင်လျှောက်တင်လိုက်သဖြင့် ပဉ္စာလမင်းသည် ပုပ္ပကကျေးဇူးကို ချစ်ခင်နှစ်သက်လာ၏။ ချစ်ခင်နှစ်သက်ရာမှ တစ်ဆင့်တက်၍ မနုဿလူသားပညာရှင်သူတော်စင်တစ်ဦးကဲ့သို့ ကြည်ညိုလေးစားလာမိ၏။ ပုပ္ပကကျေးဇူးကလည်း ဤအခြေအနေကို အကဲခတ်မိ၍ တရားသဘောနှင့်ယှဉ်စပ်သော စကားလက်ဆောင်ပေးလိုက်ချင်သောစိတ်ဆန္ဒများ ဖြစ်ပွားလာကြ၏။

သို့ဖြစ်၍ -

"အရှင်မင်းကြီး၊ လူတစ်စုံတစ်ယောက်ဟာ သူတော်ကောင်းကိုဖြစ်စေ၊ သူယုတ်မာကိုဖြစ်စေ၊ သီလစင်ကြယ်သူကိုဖြစ်စေ၊ သီလမစင်ကြယ်သူကိုဖြစ်စေ ဆည်းကပ်မှီဝဲမိတတ်ပါတယ်။ အဲဒီအခါမှာ ဆည်းကပ်မှီဝဲတဲ့သူဟာ အဆည်းကပ်ခံ၊ အမှီဝဲခံသူရဲ့အလိုကျအတိုင်းသာ ဖြစ်လာတတ်ပါတယ်။

အရှင်မင်းကြီး၊ လူတစ်စုံတစ်ယောက်က လူတစ်ယောက်ယောက်ကို မိတ်ဆွေဖွဲ့မိတတ်ပါတယ်။ အထင်ကြီးမိသူတစ်ယောက်ယောက်ကိုလည်း ဆည်းကပ်မိတတ်ပါတယ်။ အဲဒီအခါမှာ ဆည်းကပ်မိသူဟာ အဆည်းကပ်ခံသူနဲ့ စိတ်တူကိုယ်တူဖြစ်လာတတ်ပါတယ်။ မိတ်ဆွေဖွဲ့ပြီး ပေါင်းသင်းလာသူကလည်း အပေါင်းသင်းခံသူနှင့်အတူတူဖြစ်လာတတ်ပါတယ်။

အရှင်မင်းကြီး၊ အဆည်းကပ်ခံရသူက အကုသိုလ်အညစ်အကြေးတွေ လိမ်းကျံနေမယ်ဆိုပါက မိမိထံဆည်းကပ်လာသူမှာ နဂိုက အညစ်အကြေးပေကျံခဲ့ပေမယ်။ အဆည်းကပ်ခံသူဆီက ကူးစက်ပြီးတော့ အညစ်အကြေးတွေပေကျံလာတတ်ပါတယ်။ ဥပမာအားဖြင့် မြားသွားပေါ်မှာ အဆိပ်တွေပေကျံထားမယ်ဆိုရင် မြားထည့်တဲ့တောင့်မှာလည်း အဆိပ်တွေပေကျံလာရပါတော့တယ်။

အရှင်မင်းကြီး၊ ငါးသေကောင်ပုပ်ကို သမန်းမြက်နဲ့ထုပ်လိုက်မယ်ဆိုရင် ငါးသေကောင်ရဲ့အပုပ်နံ့က သမန်းမြက်ကို ပါသွားပြီး ကူးစက်ပါတော့တယ်။ လူမိုက်နဲ့ပေါင်းသင်းမိသူမှာလည်း ဒီအတိုင်းသာ ဖြစ်ပါတယ်။

အရှင်မင်းကြီး၊ တောင်ဇလပ်ပန်းကို သမန်းမြက်နဲ့ထုပ်မယ်ဆိုရင် တောင်ဇလပ်ပန်းရဲ့မွှေးရနံ့ဟာ သမန်းမြက်ဆီကို ကူးစက်ပျံနှံသွားပါတော့တယ်။ပညာရှိသူတော်ကောင်းထံ နည်းခံမှီဝဲမိသူမှာလည်း ဒီအတိုင်းသာဖြစ်ပါတယ်။

အရှင်မင်းကြီး၊ အမွေးနုံသာတွေကိုထုပ်ထားတဲ့ ပေါက်ဖက်ကဲ့သို့ မိမိကိုယ်ကိုဖြစ်စေလိုပါက သူတော်မဟုတ်တဲ့ သူယုတ်မာတွေကို ရှောင်ကြဉ်ရပါမယ်။ ပညာရှိသူတော်ကောင်းတို့ကိုသာ မှီဝဲဆည်းကပ်ရပါမယ်။ သူတော်မဟုတ် သူယုတ်မာတွေက ငရဲအိုးထဲတွင်းခြင်းတိုက်ကြပါတယ်။ ပညာရှိသူတော်ကောင်းတွေကတော့ ကောင်းရာသုဂတိသို့ ပို့ဆောင်ပေးတတ်ကြပါပေတယ်"

အဟိတ်တိရစ္ဆာန်ထဲတွင်အပါအဝင်ဖြစ်သော ကျေးဇူးတစ်ကောင်က ဤသို့သော တရားစကားများဟောကြားနိုင်ခြင်းမှာ သာမညကျေးဇူးတစ်ကောင်မဟုတ်ဘဲ ဘုရားအလောင်းတော်ဖြစ်နေ၍ဖြစ်၏။ ယခုဘဝတွင် အဟိတ်တိရစ္ဆာန်ထဲတွင် အပါအဝင်ဖြစ်နေရသော်ငြားလည်း ဘဝဘဝပေါင်းများစွာ ဖြည့်ကျင့်ဆည်းပူးလာခဲ့သော ပါရမီတော်များ၏ အရိန်အဟုန်ကြောင့် ဤသို့ဟောကြားနိုင်ခြင်း ဖြစ်ပေသည်။

ဘုရားအလောင်းတော် ပုပ္ပကကျေးဇူးတရားဟောကြား၍ အဆုံးမှာပင် သစ္စာသိအရှာသွားနေခဲ့ကြသော ရသေ့များလည်း ပြန်ရောက်လာကြ၏။

ဤတွင် ပဉ္စာလမင်းသည် ရသေ့များကို ဆီးကြိုဦးချပြီးလျှင် -

"အရှင်ရသေ့တို့၊ အရှင်ရသေ့တို့က မိမိကိုယ်တိုင် သူတော်ကောင်းစိတ်ဓာတ်ပြည့်ဝကြပါပေတယ်။ မိမိတို့ထံ ရောက်လာခဲ့တဲ့ ကျေးဇူးလေးတစ်ကောင်ကို ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမတော်မူနိုင်ကြပါပေတယ်။ ဒါကြောင့် အရှင်ဘုရားတို့ကို တပည့်တော်ရဲ့ ဥတ္တုရပစ္ဆာလမြို့တော်သို့ ကြွရောက်သီတင်းသုံးရန် ဖိတ်ကြားပါသည် ဘုရား"

ဤသို့ ကြည်ညိုလေးမြတ်စွာ ဖိတ်ကြားလိုက်လေရာ ရသေ့များကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ကြလေသည်။

ဝဏ္ဏသိန္ဓိ

www.burmeseclassic.com

www.burmeseclassic.com

ဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL.13A) မြောက်ဘက်မှမြေလွှာဖြတ်ပိုင်းပုံဆွဲ



၁ အပေါ်ယံသစ်မြေဆွေးရောမြေလွှာ ၂ သိပ်သည်းကျစ်လျစ်သောမြေလွှာ ၃ ကျောက်တုံးများ
၄ အုတ်ခဲကျိုးထုထည်သိပ်သည်းမြေလွှာ ၅ အုတ်ခဲကျိုးထူထပ်သိပ်သည်းမြေလွှာ ၆ သဘာဝမြေလွှာ

အထူးထုတ်

ပန်းခဲတူးလု(ရေးဟောင်းအုတ်သန်)
နန်းတော်တံတိုင်းထောင့်ကုန်း

တူးဖော်သုတေသနပြုလုပ်သည့် ဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL.13A) သည် ဝေသာလီကျေးရွာ၏ အနောက်တောင်ဘက် (၇၈၄) ပေခန့်အကွာ တူးဖော်သုတေသနပြုလုပ်ပြီးသည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL. 2)မှ (၇၀၀) ပေခန့်အကွာ၊ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 3) မှ (၅၃၆) ပေခန့်၊ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 11) မှ (၅၃၉) ပေခန့်နှင့် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12B) မှ (၇၇၁) ပေခန့် အကွာတွင်တည်ရှိပါသည်။ G.P.S ဖြင့်မှတ်အရ မြောက်လတ္တီတွဒ် ၂၀ ၃၉' ၅၂" အရှေ့လောင်ဂျီတွဒ် ၉၃' ၉' ၃" တွင် တည်ရှိပါသည်။ ရန်ကုန် - စစ်တွေကားလမ်းမကြီးနှင့် မင်းဘူး - စစ်တွေမီးရထားလမ်းတို့၏ အရှေ့ဘက်တွင် တည်ရှိပါသည်။

တူးဖော်သုတေသနပြုလုပ်သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 13A) ၏ အရှေ့ဘက်တွင် တူးဖော်သုတေသန ပြုလုပ်ပြီးခဲ့သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 3. 11) ဝေသာလီကျေးရွာ၊ အင်းရှည်တျိုးနှင့် သျှင်ကြီးတောင်တောင်ဘက်တွင် ပေါက်တောပြင်တွေ့ရှာနှင့် လယ်ကွင်းကြီးများ၊ အနောက်ဘက်တွင်လယ်ကွင်းများ၊ မင်းဘူး-စစ်တွေမီးရထားလမ်းနှင့် ရန်ကုန်-စစ်တွေကားလမ်း၊ မြောက်ဘက်တွင် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL

ဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL.13A) အရှေ့ဘက်မှမြေလွှာဖြတ်ပိုင်းပုံဆွဲ



၁ အပေါ်ယံသစ်မြေဆွေးရောမြေလွှာ ၂ သိပ်သည်းကျစ်လျစ်သောမြေလွှာ ၃ ကျောက်တုံးများ
၄ အုတ်ခဲကျိုးထုထည်သိပ်သည်းလွှာ ၅ အုတ်ခဲကျိုးထူထပ်သိပ်သည်းမြေလွှာ ၆ သဘာဝမြေလွှာ

www.burmeseclassic.com

www.burmeseclassic.com

ဆောလိပြုန်းဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL.13A) ပြိတ်ကွက်တစ်ကွက်၏ မြောက်ဘက်မှ မြေလွှာဖြတ်ပိုင်းပုံဆွဲ



(၁၃A) မြောက်ကုန်း(VSL.12BA) ဝေသာလီရွာဝင်းလမ်းနှင့် ဝေသာလီချောင်းတို့ ပိုင်းခဲ့နေသည်ကို တွေ့ရှိရပါသည်။

မတူးဖော်မီ ကုန်းပေါ်တွင် ချုံနွယ်သစ်များ၊ ကုန်း၏တောင်-မြောက်တွင် ရှည်မောင်ကြီးများ ပေါက်ရောက်နေပါသည်။ ချုံပင်များကိုရှင်းလိုက်သည့်အခါ ရှေးအစိတ်အပိုင်းဖြစ်သည့် သဲကျောက်ထုထည်ကို မျက်နှာပြင်များပေါ်နေသည်ကို တွေ့ရှိရပါသည်။ တူးဖော်မှုကုန်းသည် အရှေ့-အနောက် (၉၆) ပေခန့်၊ တောင်-မြောက် (၄၈) ပေခန့်ရှိပြီး ရှည်လျားမျောပုံတွေ့ရှိရပါသည်။ ဤကုန်း၏အပြင်မှာ ပတ်ဝန်းကျင်ရှိ အနိမ့်ဆုံးမြေနေရာမှတိုင်းလျှင် (၄) ပေခန့်မြင့်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်ကုန်းအမှတ်(VSL.13A)တူးဖော်သုတေသနပြုလုပ်သည့်နေရာသည် ဝေသာလီနန်းတော်ရာတံတိုင်းထောင့်ချိုးနေရာပင်ဖြစ်ပါသည်။ ဝေသာလီကျောက်လေ့ကားခေတ် နန်းရိုးထောင့်ချိုးများ၏ တည်ဆောက်မှုစနစ်ကို သိရှိစေနိုင်ရန် အတွက်ရည်ရွယ်၍ ထောင့်ချိုးနေရာကို ရွေးပြီး တူးဖော်သုတေသန ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဝေသာလီမြို့ဟောင်းတွင် တူးဖော်သုတေသနပြုလုပ်ခဲ့ပြီး သောကုန်းများသည် အပြင်မြို့ရိုးနေရာကိုသာ လေးကြိမ်တူးဖော်သုတေသနပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဝေသာလီနန်းတော်ရာနန်းရိုးနှင့် ထောင့်ချိုးနေရာများကို ယခုနှစ် တူးဖော်သုတေသနပြုလုပ်ရန် ကွင်းဆင်းရှာဖွေသည့်အခါမှ တွေ့ရှိသောကုန်းများ ဖြစ်ကြပါသည်။ နန်းရိုးတံတိုင်းထောင့်ချိုးသည် ဝေသာလီကျောရွာ၏ အနောက်တောင်ဘက် (၇၈၄)ပေခန့်၊ မီးရထားလမ်းနှင့် (၁၇၀) ပေအကွာခန့်တွင် တည်ရှိပါသည်။ ကျန်ရှိသောအစိတ်အပိုင်းများသည် ဝေသာလီကျေးရွာအတွင်းတွင် တည်ရှိနေသောကြောင့် လူနေအိမ်များနှင့် ဖုံးလွှမ်းနေပါသည်။ ထိုအတွက်ကြောင့် ကျန်ရှိနေသေးသော နန်းတော်ရာ နန်းရိုးထောင့်ချိုးအစိတ်အပိုင်းများကိုမူ မျက်မှောက်ခေတ် လူသားတို့၏ အိမ်ရာမြေတိုးချဲ့မှုရန်ကြောင့် လည်းကောင်း၊ ဒေသခံတို့၏ ကျောက်တုံးများကို ဖော်ယူအသုံးပြုခြင်းရန်မှ ကင်းလွတ်စေရန် လည်းကောင်း၊ လယ်ယာမြေချဲ့ထွင်ခြင်းရန်မှ ကာကွယ်နိုင်စေရန်အတွက် လည်းကောင်း၊ နန်းတော်ရိုးတည်ဆောက်မှုစနစ်ကို သိရှိစေနိုင်ရန် လည်းကောင်း ရည်ရွယ်ချက်ပြင့်တူးဖော်သုတေသနပြုလုပ်ခဲ့ရခြင်း ဖြစ်ပါသည်။

တူးဖော်မှုနည်းစနစ်များစွာရှိသည့်

www.burmeseclassic.com

www.burmeseclassic.com

အနက်မှ အဆောက်အအုံ၏ မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာ သိရှိနားလည်စေရန်နှင့် တူးဖော်ထွက်ရှိလာသော လူးဟောင်းယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများကို အလွယ်တကူ မှတ်တမ်းတင်နိုင်ရန်အတွက် ကျင်းကွက်ဖွဲ့တူးဖော်သည့်စနစ် (Grid System) ကို အခြေခံပြီး တူးဖော်သည့်နည်းစနစ်ကို အသုံးပြု၍ တူးဖော်ထားခြင်း ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.13A)မှတူးဖော်ထွက်ရှိလာသော နန်းရိုးထောင့်ချိုးပန္နက်သည် နန်းရိုးအကျယ် (၉) ပေကျော်ခန့်နှင့် နန်းရိုးအရှည်(၈၀)ပေခန့်ကို တူးဖော်သုတေသနပြုလုပ်၍ တွေ့ရှိရပါသည်။ ထောင့်ချိုးနေရာကိုမူ မျက်မှောက်ခေတ်လူသားတို့၏ ကျောက်တုံးများကို ဖော်ယူအသုံးပြုခြင်းနှင့် ၎င်းတို့ တူးဖော်ထားသည့် နေရာတွင် နှစ်ရှည်လများ မိုးရေတိုက်စားခြင်းကြောင့် ထောင့်ချိုးနှင့်ဆက်စပ်နေသည့်အပိုင်းများကို တူးဖော်သုတေသနပြုလုပ်ရာတွင် မတွေ့ရှိနိုင်တော့ပေ။

တူးဖော်သုတေသနပြုလုပ်သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) ၏ နန်းရိုးတည်ဆောက်မှုပုံစံမှာ တူးဖော်သုတေသနပြုလုပ်ပြီးခဲ့ပြီးသော ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12AB) တို့နှင့် ပုံစံတူသည်ကို တူးဖော်တွေ့ရှိရပါသည်။

အောက်ခံရွှံစေးဆန်သောသဘာဝမြေလွှာပေါ်တွင် သိပ်သည်းကျစ်လျစ်အောင် ပြုလုပ်ထားသော ကျောက်ခဲ၊ အုတ်ခဲကျိုးရောမြေလွှာပေါ်တွင် နန်းရိုး ၏ အောက်ခံကျောက်ပန္နက်ကို စတင်ပြုလုပ်သည်။ အောက်ခံပန္နက်ကို နန်းရိုး၏အချို့အစိတ်အပိုင်းများတွင် ကျောက်ဝံးကြီးများအစား အုတ်ခဲများကို စနစ်တကျစီ၍ ပန္နက်ချထားသည်ကို တူးဖော်သုတေသနပြုလုပ်ရာတွင် တွေ့ရှိခဲ့ရပါသည်။ ထိုအောက်ခံကျောက်ပန္နက်ပေါ်တွင် ကျောက်တုံးကြီးများကို ဒုတိယအဆင့်အဖြစ် ထပ်မံပြီးစီတင်သည်။ တူးဖော်သုတေသနပြုလုပ်ရာတွင် နန်းရိုးတစ်လျှောက်ရှိ ကျောက်စီမှာ နှစ်ဆင့်သာကျန်ရှိပါတော့သည်။ နန်းရိုးအတွက် အသုံးပြုထားသော ကျောက်တုံးကြီးများသည် သဲကျောက်အရိုင်းတုံးများပါရှိသလို အချို့နေရာများတွင် အထစ်များပါအောင် ထွင်းထုထားသော လေးထောင့်စပ်စပ် သဲကျောက်တုံးများကို တူးဖော်တွေ့ရှိခဲ့ရပါသည်။ ထိုကျောက်တုံးများသည် အခြားအဆောက်အအုံတစ်ခုတွင် အသုံးပြုထားသော ကျောက်တုံးများဖြစ်ကြပြီး ထိုအဆောက်အအုံပြိုကျရာတွင် လည်းကောင်း၊ အသုံးမပြုလိုသည့်အခါတွင်လည်းကောင်း၊ အထစ်များပါအောင် ထုဆစ်ထားသော သဲကျောက်တုံးများကို အသုံးပြုခဲ့မည်ဟု ခန့်မှန်းယူဆရပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.13A) ကို မြေလွှာခွဲခြားတူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာ (၇) လွှာကို တူးဖော်သုတေသနပြုလုပ်၍ ခွဲခြားသိရှိရပါသည်။ မြေလွှာအမှတ် (၁) သည် ရေ၊ လေ၊ မြေတို့၏ နှစ်ရှည်လများ သယ်ဆောင်ပို့ချထားခြင်း သစ်ရွက်၊ သစ်မြစ်ဆွေးများနှင့်ရော၍ ဖြစ်ပေါ်လာသော အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာ ဖြစ်ပါသည်။

မြေလွှာအမှတ်(၂)သည် သစ်မြစ်ဆွေးရောမြေလွှာအောက်တွင်ရှိသော မူရင်းအဆောက်အအုံမှ ပြိုကျလာသည့် ကျောက်တုံးကြီးများနှင့် အုတ်ခဲကျိုးအပိုင်းအစများကို တွေ့ရသော မြေလွှာဖြစ်ပါသည်။

မြေလွှာအမှတ်(၃)သည် ကျောက်ကျိုးနှင့်အုတ်ခဲကျိုးရောမြေလွှာအောက်တွင်ရှိသော အုတ်ခဲအပိုင်းအစများနှင့် ကျစ်လျစ်သိပ်သည်းအောင် ပြုလုပ်ထားသောမြေလွှာ ဖြစ်ပါသည်။ ထိုမြေလွှာသည် နန်းရိုး၏အောက်ခံကျောက်ပန္နက်အခိုင်အမာရရှိရန်အတွက် စနစ်တကျသိပ်သည်းအောင် ပြုလုပ်ထားသော

ဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL.13A) ပန္နက်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com

ခြင်လွှာ ဖြစ်ပါသည်။

မြေလွှာအမှတ် (၄) သည် သိပ်သည်းကျစ်လျစ်အောင်ပြုလုပ်ထားသော မြေလွှာအောက်တွင်ရှိသော အုတ်ခဲကျိုးများ ထူထပ်သိပ်သည်းစွာတွေ့ရှိရသော မြေလွှာပင်ဖြစ်ပါသည်။ ထိုမြေလွှာသည် နန်းတော်ရာနန်းရိုးအဆောက်အအုံ ဧည့်ဆောက်မီ ဤနေရာတွင် နန်းရိုးအဆောက်အအုံထက် စောသော အဆောက်အအုံတစ်ခုရှိပြီး နန်းတော်ရာနန်းရိုး တည်ဆောက်သောအခါမှ ထိုဟောက်ခဲ၊ အုတ်ခဲများဖြင့်ရောချ၍ တည်ဆောက်ထားသော အဆောက်အအုံအစိတ်အပိုင်းအချို့ကိုဖယ်ရှားပြီး နန်းရိုးတိုလည်းကောင်း အဆောက်အအုံပေါ်တွင် တည်ဆောက်ခဲ့မည်ဟု တူးဖော်သုတေသနလုပ်၍တွေ့ရှိသော မြေလွှာအမှတ် (၄) အရ ယူဆရပါသည်။

မြေလွှာအမှတ် (၅) သည် အုတ်ခဲကျိုးများ ထူထပ်သိပ်သည်းစွာ တည်ရှိသော မြေလွှာအောက်တွင်ရှိသည့် သဲကျောက်တုံးများ စုပုံထားသည့်အလွှာကို တွေ့ရှိရပါသည်။ ထိုအလွှာသည် အစောပိုင်းအဆောက်အအုံနှင့်သက်ဆိုင်သောအလွှာ ဖြစ်ပါသည်။

မြေလွှာအမှတ်(၆)သည် ကျောက်ထုံးကြိုးများအောက်တွင်ရှိသော အုတ်ခဲကျိုးများ ထူထပ်သိပ်သည်းစွာတွေ့ရှိရသော မြေလွှာအမှတ် (၆) ပင် ဖြစ်ပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ အုတ်ခဲကျိုးများ ထူထပ်သိပ်သည်းစွာတွေ့ရှိရသော မြေလွှာဖြစ်သည့် မြေလွှာအမှတ် (၅) နှင့် မြေလွှာအမှတ် (၆) ကြားတွင် ယခု တူးဖော်သုတေသနပြုလုပ်သည့် နန်းတော်ရာနန်းရိုးအောက်တွင်ရှိသော အစောပိုင်းအဆောက်အအုံနှင့်သက်ဆိုင်သည့် မြေလွှာအမှတ်(၆)သည် သဲကျောက်တုံးကြီးများက အကြောင်းအမျိုးမျိုးကြောင့် မြေလွှာအမှတ်(၅)ကိုဖောက်ပြီး နေရာဝင်ယူမှုကြောင့် ဖြစ်ပေါ်ရခြင်း ဖြစ်ပါသည်။

မြေလွှာအမှတ် (၇) သည် အုတ်ခဲကျိုးများ ထူထပ်သိပ်သည်းစွာတွေ့ရှိရသော မြေလွှာအောက်တွင်ရှိသော ခဲ့စေးဆန်သည့် သဘာဝမြေလွှာပင် ဖြစ်ပါသည်။ တူးဖော်သုတေသနပြုလုပ်၍ တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများ ဖြစ်သည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL. 13A)တူးဖော်သုတေသနပြုလုပ်ရာတွင် E, ကျင်း၊ ကျင်းအနက် (၃၀) စင်တီမီတာခန့်မှ လခြမ်းရေးဆွဲထားသော ကျောက်ပြားတစ်ပြားကို တူးဖော် တွေ့ရှိခဲ့ရပါသည်။ ပုံ (၁) တွင် ကျောက်ပြားရေးဆွဲထားသော မျက်နှာပြင်နှင့် ကျောက်ပြားထူအထူကို ရေးဆွဲဖော်ပြထားပါသည်။ လခြမ်းရေးဆွဲထားသော ကျောက်တုံးထောင့်များမှာလည်း ပွဲ့နေသည်ကို တွေ့ရှိရပါသည်။ ဤလခြမ်းရေးဆွဲထားသော ကျောက်တုံးကို နန်းရိုး၏ တောင်ဘက်မျက်နှာတွင် တူးဖော်တွေ့ရှိရပါသည်။ ဤဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 13A)မှ လခြမ်းတစ်ခုတည်း တူးဖော်တွေ့ရှိရခြင်းမဟုတ်ဘဲ နေဝန်းရေးဆွဲထားသော ကျောက်တုံးကိုလည်း တူးဖော် တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 13A) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် C_2 ကျင်းအနက် (၈၀) စင်တီမီတာခန့်မှ နေဝန်းရေးဆွဲထားသော ကျောက်တုံးကို တူးဖော် တွေ့ရှိရပါသည်။ နန်းတံတိုင်း၏ မြောက်ဘက်ခြေရင်းတွင် ကပ်လျက် တွေ့ရှိခြင်း ဖြစ်ပါသည်။ နေဝန်းရေးဆွဲ





www.burmeseclassic.com

www.burmeseclassic.com

ထားသော ကျောက်တုံးအမြင့် (၂၂) စင်တီမီတာခန့်၊ ကျောက်တုံးအရှည် (၄၅) စင်တီမီတာခန့်နှင့် ကျောက်တုံးအထူ (၁၅) စင်တီမီတာခန့်ရှိပါသည်။ ပုံ (၂) တွင် နေဝန်းရေးဆွဲထားသော ကျောက်တုံးမျက်နှာပြင်နှင့် ကျောက်တုံးအထူကို ရေးဆွဲဖော်ပြထားပါသည်။ ကျောက်တုံးပေါ်တွင် ရေးဆွဲထားသော မူရင်းနေဝန်းအချင်း (၆၂) စင်တီမီတာခန့်ရှိပါသည်။ နေဝန်းကို ကျောက်တုံး၏ လက်ယာဘက်ခြမ်းဖွင့်ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်တုံးမှာ စတုဂံလေးထောင့်ညီမတွေ့ရှိရတော့ဘဲ မဲ့နေသည်ကို တွေ့ရှိရပါသည်။ ဤဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) နန်းရိုးတွင် ကျောက်တုံးများ၌ ရေးဆွဲထားသော နေနှင့်လကို ထူးခြားစွာတွေ့ရှိရပါသည်။ နေနှင့်လကို ဝေသာလီခေတ်လုံး ဒင်္ဂါးများတွင်လည်း တွေ့ရှိရပါသည်။

ရခိုင်ဝေသာလီဒင်္ဂါး၏ ကျောက်မျက်နှာထိပ်ပိုင်းတွင် နေနှင့် လ သရုပ်ဖော်ပုံအမြဲပါရှိတတ်ပါသည်။ နေကို စက်ဝန်းပုံဖော်၍ လကို တက်သစ်စလခြမ်းပုံသရုပ်ဖော်ပါသည်။ ပျံ့ဒင်္ဂါးများတွင် နေ၏ပုံမှာ ကြယ်များကဲ့သို့ နေစွယ်များထွက်ကာ သရုပ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ အချို့ ဝေသာလီဒင်္ဂါးများတွင် နေ၏ပုံမှာ ဘယ်ဘက်တွင်ရှိပြီး တစ်ခါတစ်ရံ ယာဘက်တွင်လည်းရှိတတ်သည်ကို တွေ့ရှိရပါသည်။ နေနှင့်လမှာ ကမ္ဘာ၏အဆင့်တန်ဆာဖြစ်သည့်အပြင် အမြင့်မြတ်ဆုံး၊ အဦးဆုံး၊ အနက်သဘောကိုဆောင်သည်ဟု သိရှိရပါသည်။ နေနှင့်လမှာ အာရိယန်လူမျိုးများ၏ အမှတ်လက္ခဏာဖြစ်ရာ ရခိုင်တို့၏ဆင်းသက်ရာကို နေနှင့်လဲ့ဖြင့်ညွှန်းကြောင်း ရခိုင်ရှေးပညာရှိများက ဆိုသည် သိရှိရပါ၏။

ရခိုင်ဝေသာလီပြည်သူများ အဘယ်ကြောင့် သူတို့၏ဒင်္ဂါးတွင် နေနှင့် လကို အလေးထား ထည့်သွင်း ဖော်ပြထားပါသနည်း။ အဖြေကရှင်းပါသည်။ ၎င်းတို့သည် အာရိယန်ယဉ်ကျေးမှုကိုဆက်ခံသူများဖြစ်ပြီး သူတို့၏ ဘုန်းသမ္ဘာကြီးမားမှုကို နေနှင့်လဲ့ကိုဥပမာပြုထားခဲ့ကြောင်း ထင်ရှားပါသည်။

မြောက်ဦးမြို့ သျှစ်သောင်းဘုရား အဝင်ဝရှိ အာနန္ဒစန္ဒမင်းကျောက်စာ အေဒီ ၇၂၉ ဂါထာအပိုဒ် (၂၆၊ ၃၂၊ ၄၂ နှင့် ၄၅) တို့တွင် ဝေသာလီမင်းတို့၏ ဘုန်းတန်ခိုးအာဏာ ကြီးမားခြင်းတို့ကို နေမင်းကဲ့သို့ဖော်ပြ၍ အေးချမ်းသာယာခြင်း၊ တင့်တယ်ခြင်း၊ မွေ့လျော်ဖွယ်ရှိခြင်း စသည်တို့ကို လမင်းအဖြစ် တင်စားဖော်ပြကြပါသည်။ ထို့ကြောင့် နေနှင့်လကို ဒင်္ဂါးတွင် ဖော်ပြခြင်းသည် တန်ခိုးအာဏာကြီးမားခြင်းနှင့် တိုင်းပြည်အေးချမ်းသာယာခြင်း ဦးတည်ချက်နှစ်ရပ်ကို ယှဉ်တွဲဖော်ပြခြင်း ဖြစ်ဖါသည်။

အာနန္ဒစန္ဒမင်းကျောက်စာ အေဒီ ၇၂၉ တွင် ဘုရင်မင်းမြတ်တို့အား နေနှင့် လအဖြစ် တင်စားထားပုံကို ဤသို့တွေ့ရသည်။ ထို့နောက် ကမ္ဘာမြေပြင်အထက်၌ ပေါ်ထွန်းသော လမင်းကဲ့သို့ ဘူမိစန္ဒြမည်သော အခြားမင်းတစ်ပါးသည် ကုသိုလ်ကောင်းမှုကြောင့် (၇) နှစ်တိုင်အောင် မင်းအဖြစ် အုပ်ချုပ်လေ၏။

အလွန်မွေ့လျော်ဖွယ်ရာရှိသော လမင်းကဲ့သို့ ဤလူ့ပြည်၌ ကျော်စောခြင်းရှိရ စန္ဒြာဘွဲ့ခံကာ မင်းစည်းစိမ်ခံမင်းသားကို တင့်တယ်စွာ ခံစားကြသော . . . .

ဘုန်းကျက်သရေနှင့်ပြည့်စုံသော လူတို့၏ အရှင်သူရဲကောင်း ဓမ္မစန္ဒမင်းသည် လမင်းသဖွယ်ဧာင့်တယ်၍ တန်ခိုးအာနုဘော်ကြီးမားခြင်း၌ ထင်ရှားကျော်စော၏။ ထို့မင်းသည် အလှူပေးခြင်း၌ ကရဝေးနှင့်တူ၏။ သစ္စာတရားကို မြဲမြံစွာစောင့်ထိန်းရာ၌လည်း ယုဓိဋ္ဌိရမင်းနှင့်တူ၏။ ရုပ်အဆင်းအားဖြင့် ပြဒျမ္နု (ကာမနတ်မင်း) ကဲ့သို့ပင် တင့်တယ်၏။ ဘုန်းတန်ခိုးအာနုဘော်ကြီးရာ၌ ကမ္ဘာမြေပေါ်တွင် နေမင်းကဲ့သို့ပင် ဖြစ်၏။ ထို့ကြောင့် နေနှင့် လကို ဒင်္ဂါးတွင်ဖော်ပြခြင်းသည် တန်ခိုးအာဏာကြီးမားခြင်းနှင့် အေးချမ်းသာယာခြင်းကို ပြဆိုခြင်းဖြစ်ပါသည်။ ၎င်းအပြင် ဒင်္ဂါးများတွင် နေနှင့်လကို ခတ်နှိပ်ခြင်းသည် ဗုဒ္ဓဘုရားသာသနာတော်နှင့် စန္ဒသူရိယ (စန္ဒာ-လ၊ သူရိယ- နေ) ဘုရင်တို့နှင့် ဆက်စပ်နေပါသည်။ ရခိုင်ပြည်သို့ ဗုဒ္ဓဘာသာရောက်ရှိခြင်းမှာ ဒကာတော် စန္ဒသူရိဘုရင်၏ ကြိုးစားမှုဖြစ်ကြောင်း ဓနုးလူးကိုဖော်ကျူးသည့် အထိမ်းအမှတ်အဖြစ် စန္ဒာလမင်းနှင့် သူရိယနေမင်းတို့ကို ထည့်သွင်းခတ်နှိပ်ခြင်းမျိုး ဖြစ်ပါသည်။

ယခုဝေသာလီမြို့ဟောင်းနန်းရိုးတံတိုင်းကျောက်တုံးများတွင် ရေးဆွဲထားသော နေနှင့် လ သင်္ကေတကောက်ကြောင်းလက်ရာတို့မှာလည်း အဓိပ္ပာယ်မဲ့စွာ ရေးဆွဲထားခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာအဆင်တန်ဆာဖြစ်သည့် အမြင့်မြတ်ဆုံး၊ အဦးဆုံး၊ အဝိုင်းဆုံး အဓိပ္ပာယ်ရှိသည့်သဘောနှင့် ဝေသာလီခေတ်ရခိုင်တိုင်းရင်းသားတို့ အာရိယန်အနွယ်မှ ဆင်းသက်လာသော လူမျိုးများဖြစ်ကြောင်းပြသခြင်းလက္ခဏာများပင် ဖြစ်နိုင်သည်။ ဝေသာလီသားတို့ဘုန်းသမ္ဘာကြီးမားမှုကိုလည်း ဖော်ပြနေပါ၏။ ထို့နောက် တန်ခိုးအာဏာကြီးမားခြင်း၊ အေးချမ်းသာယာခြင်း၊ တင့်တယ်ခြင်း၊ မွေ့လျော်ခြင်း၊ ကျော်စောခြင်း၊ အလှူပေးရာ၌ရက်ရောခြင်းအပြင် ဝေသာလီဘုရင်တို့မှာ စန္ဒသူရိယဘုရင်၏ အဆက်အနွယ်များဖြစ်သောကြောင့်လည်း နေနှင့်လသင်္ကေတကောက်ကြောင်းကို နန်းရိုးကျောက်တုံးပေါ်တွင် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ပုံ(၃)သည် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 13A) B၊ ကျင်းတွင် တွေ့ရှိရသော ကျောက်တုံးပေါ်တွင် ရေးဆွဲထားသော ကောက်ကြောင်းသင်္ကေတလက်ရာကို ကူးယူ



ပုံ (၃)

www.burmeseclassic.com

www.burmeseclassic.com



ထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။

ပုံ (၃) တွင် ကောက်ကြောင်းသင်္ကေတ လက်ရာ ရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၄၂)စင်တီမီတာခန့်၊ ကျောက်တုံးအကျယ်(၄၈)စင်တီမီတာခန့်နှင့်ကျောက်တုံးအထူ (၄၀)စင်တီမီတာခန့်ရှိပါသည်။ ကျောက်တုံးပေါ် တွင် ရေးဆွဲထားသော သင်္ကေတကောက်ကြောင်းအဝန်းအခုင်း (၁၃)စင်တီမီတာခန့်ရှိပါသည်။ အဝန်းထဲရှိ လက်ဝဲဘက်နှစ်ခြမ်းတွင် အပေါ်ခြမ်းပျက်စီးနေပြီး ဒေလခြမ်းတွင် သုံးခြမ်းသာ အကောင်းတွေ့ရှိရပါတော့သည်။ အဝန်း၏ လက်ယာဘက် ဒေါင်လိုက်လိုင်းနှစ်ကြောင်းတွေ့ရှိရပြီး အဝန်း၏ အပေါ် ဆုံးတွင်လည်း အလျားလိုက် အနားသတ်လိုင်းတစ်လိုင်းကို တွေ့ရှိရပါသည်။ ကျောက်တုံးအနေအထားမှာ လက်ဝဲဘက်နှင့် အောက်ပိုင်း မညီမညာ အနေအထားကို တွေ့ရှိရပါသည်။

ကျောက်တုံးပေါ် ရေးဆွဲထားသော အဝန်းကို ခရိုင်ရေးပညာရှိများက ကမ္ဘာအဝန်းဖြစ်ကြောင်းသိရှိရပြီး ကမ္ဘာအဝန်းထဲတွင် အခြမ်းလေးခြမ်းရေးဆွဲထားခြင်းမှာ ကျွန်းကြီးလေးကျွန်းဟူ၍ သိရှိရပါသည်။ ဤသင်္ကေတကောက်ကြောင်းလက်ရာမှာ ဘာသာရေးအယူအဆအရ လေးကျွန်းမြင်းမိုရ်ကိုညွှန်းသော ကောက်ကြောင်းလက်ရာသင်္ကေတတစ်ခုပင်ဖြစ်ပါသည်။ ကမ္ဘာကြီးကို ဖွဲ့စည်းတည်ဆောက်ထားသော အဆင့်တန်ဆာကောက်ကြောင်းလက်ရာသင်္ကေတလည်း တစ်ခုဖြစ်ပါသည်။ ဝေသာလီကျောက်လှေကားခေတ်၏ထူးခြားသောသင်္ကေတကောက်ကြောင်းလက်ရာများပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှု တုန်းအမှတ် (VSL. 13A) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် နန်းနိုးတံတိုင်း၏ မြောက်ဘက်ကပ်လျက် D_2 ကျင်း၊ ကျင်းအနက် (၃၅) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော ကျောက်တုံးပေါ်မှ သင်္ကေတကောက်ကြောင်းလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၄) တွင် သင်္ကေတကောက်ကြောင်းရေးဆွဲထားသောကျောက်တုံးမျက်နှာပြင်နှင့်ကျောက်တုံးအထူကို ရေးဆွဲဖော်ပြထားပါသည်။ သင်္ကေတကောက်ကြောင်းရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၃၀) စင်တီမီတာခန့်၊ ကျောက်တုံးအကျယ် (၅၄) စင်တီမီတာခန့်နှင့် ကျောက်တုံးအရှည် (၅၅) စင်တီမီတာခန့်ရှိပါသည်။ ကျောက်တုံး၏အရှေ့ဘက်မျက်နှာတွင် ရေးဆွဲထားသော သင်္ကေတကောက်ကြောင်းလက်ရာအမြင့်(၁၅)စင်တီမီတာခန့်၊ အသွားမျက်နှာပြင်နှစ်ဖက်အကျယ် (၁၃)စင်တီမီတာခန့်နှင့် အသွားအရွက်တစ်ခုအကျယ် (၄၁) စင်တီမီတာခန့်၊ အမြင့်(၉)စင်တီမီတာခန့်၊ အလယ်အနိုး အထူ (၃) စင်တီမီတာခန့်ရှိပါသည်။ ဝရဇိန်လက်နက် မိုးကြိုးစက်သင်္ကေတ ကောက်ကြောင်းလက်ရာဟုသိရှိရပါ၏။ ဝေသာလီဘုရင်များသည် သိကြားမင်းပေးသော လုံပိုး၊ လုံစကြာ၊ လေး၊ မြား တို့ကိုပိုင်ဆိုင်သည့်အပြင် သိကြားမင်းပေးသော ဝရဇိန်လက်နက်ကိုလည်း ပိုင်ဆိုင်သည်ဟုသိရှိရ၏။ ဤသင်္ကေတကောက်ကြောင်းသဏ္ဌာန်မှာ ပုဆိန် (ရဲတင်း) နှစ်ဖက်သွားပုံသဏ္ဌာန်တွေ့ရှိရပါ၏။ အလယ်အနိုးမှာလည်း ခပ်ချွန်ချွန်အနေအထားတွေ့ရှိရပါသည်။

နန်းတံတိုင်းပေါ် တွင် ဤဝရဇိန်လက်နက်သင်္ကေတကောက်ကြောင်းကို ရေးဆွဲထားခြင်းမှာ ဝေသာလီဘုရင်များသည် သိကြားမင်းပေးသော ဝရဇိန်လက်နက်ကို ပိုင်ဆိုင်ကြောင်းပြသပြီး ဤလက်နက်ကို မကျောင်းမစ္ဆာရန်သူများမြင်ပါက ကြောက်လန့်သွားအောင် ရေးဆွဲထားခြင်း ဖြစ်ဟန်တူပါသည်။ ဤသင်္ကေတကောက်ကြောင်းရေးဆွဲထားသော ကျောက်တုံးမှာ စတုဂံညီညာမှုမရှိဘဲ ပျက်စီးနေပေမြီး ဤဝရဇိန်လက်နက် သင်္ကေတကောက်ကြောင်းလက်ရာမှာလည်း ဝေဆာလီခေတ်၏ ထူးခြားသောလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၅) လက်ရာသည်လည်း ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 13A) ကို တူးဖော်သုတေ



www.burmeseclassic.com

www.burmeseclassic.com

သုနပြုလုပ်ရာမှ D_2 ကျင်းမှ တူးဖော်တွေ့ရှိရသော ကျောက်တုံးတစ်တုံးတွင် ရေးဆွဲထားသော လခြမ်းပုံတစ်ပုံလက်ရာပင် ဖြစ်ပါသည်။ ပုံ (၅) တွင် လခြမ်းရေးဆွဲထားသော ကျောက်တုံးမျက်နှာပြင်နှင့် ကျောက်တုံးထုအထူကို ရေးဆွဲဖော်ပြထားပါသည်။ လခြမ်းရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၁၈) စင်တီမီတာခန့်၊ အလျား (၄၀) စင်တီမီတာခန့်နှင့် ကျောက်တုံးအထူ (၃၀) စင်တီမီတာခန့်ရှိပါသည်။ ကျောက်တုံးပေါ်တွင် ရေးဆွဲထားသော လခြမ်းမှာ မှောက်လျက်အနေအထား တွေ့ရှိရပါသည်။ ကျောက်တုံးပြောင်းပြန်ပြုတ်ကျသွားခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကျောက်တုံးပေါ်တွင် ရေးဆွဲထားသော လခြမ်းအရှည် (၁၈)စင်တီမီတာခန့်နှင့် လခြမ်းအကျယ် (၄$\frac{1}{2}$)စင်တီမီတာခန့် ရှိပါသည်။ လခြမ်းမှာ ကျောက်တုံးပဲ့ထွက်သွားသည့်အတွက် တစ်ဖဲ့ပဲ့နေသည်ကို တွေ့ရှိရပါသည်။

နန်းရိုးကျောက်တုံးပေါ်၌ လခြမ်းရေးဆွဲထားခြင်းမှာ ဝေသာလီဘုရင်များ၊ ဝေသာလီများမှာ အာရိယန်အနွယ်မှ ဆင်းသက်လာသော အထိမ်းအမှတ်၊ ဧည့်ဝတီဘုရင်စန္ဒသူရိယ၏အနွယ်တော်စွန်မင်းဆက်အထိမ်းအမှတ်နှင့် တန်ခိုးအာဏာကြီးမားခြင်း၊ အေးချမ်းခြင်း၊ ကျော်စောခြင်း၊ တင့်တယ်ခြင်း၊ သာယာခြင်းအထိမ်းအမှတ် သင်္ကေတကောက်ကြောင်းအနေဖြင့် ရေးဆွဲထားခြင်း ဖြစ်ဟန်ရှိပါသည်။ ထူးခြားသော ဝေသာလီခေတ်၏ သင်္ကေတလက်ရာ ကောက်ကြောင်းများပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 13A) E_3 ကျင်း၊ ကျင်းအနက် (၄၅) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိသော ကျောက်ဆစ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၆) တွင် ကျောက်ဆစ်လက်ရာရေးဆွဲထားသော ကျောက်တုံးမျက်နှာပြင်၊ ကျောက်တုံးအထူနှင့် ကျောက်တုံး၏ ကျောဘက်နောက်မျက်နှာပြင်တို့ကိုရေးဆွဲထားခြင်းဖြစ်ပါသည်။

ပုံ (၆) ၏ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၅$\frac{1}{2}$) စင်တီမီတာခန့်၊ အကျယ် (၆) စင်တီမီတာခန့်နှင့် အထူ (၃$\frac{1}{2}$) စင်တီမီတာခန့်ရှိပါသည်။ ဤကျောက်ဆစ်လက်ရာတွင် လက်နှစ်ချောင်းထွင်းထုထုထားသည်ကို တွေ့ရှိရပြီး



အောက်လယ်တွင် လက်နှက်တစ်ခုကိုင်ဆောင်ထားပြီး လက်ကောက်ဝတ်နေရာတွင် လက်ကောက်တစ်ကွင်းဝတ်ထားသည်ကို တွေ့ရှိရပါသည်။ အပေါ်လက်မှာ လက်ကောက်ဝတ်မှ အပေါ်ပိုင်းကျိုးပဲ့သွားပေပြီး အောက်ပိုင်းလည်း လက်မောင်းရင်းလောက်သာ တွေ့ရှိရပါသည်။ တံတောင်ဆစ်ကွေးထား၏။ ဤကျောက်ဆစ်ရုပ်လက်နှစ်ဖက်မှာ သီဝ၏လက်နှစ်ဖက်ဖြစ်ဟန်တူပါသည်။ သဲကျောက်တွင် ထွင်းထုထားသော ကျောက်ဆစ်လက်ရာပင် ဖြစ်ပါသည်။

ပုံ(၇)လက်ရာသည်လည်း ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 13A) C_3 ကျင်း၊ ကျင်းအနက်(၃၆) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာတစ်ခုကို ရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၇)တွင် ကျောက်ဆစ်လက်ရာ၏ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်ကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၉) စင်တီမီတာခန့်၊ အကျယ် (၅$\frac{1}{2}$) စင်တီမီတာခန့်နှင့် အထူ (၄$\frac{1}{2}$) စင်တီမီတာခန့်ရှိပါသည်။ သဲကျောက်တွင် ထွင်းထုထားသော ကျောက်ဆစ်လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ကျောက်ဆစ်လက်ရာမှာ အမျိုးသမီးရုပ်ကြွကျောက်ဆစ်လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မျက်နှာ၊ ဦးခေါင်းပိပြင်မှုမရှိတော့ပေ။ လက်နှစ်ချောင်းနှင့် ခါးများအောက်ပိုင်းကျိုးပဲ့သွားပေပြီ။ ဘယ်ဘက်လက်မှာ တံတောင်ဆစ်မှ အပေါ်ပိုင်းကျန်ခဲ့ပါ၏။ ညာဘက်လက်မှာ တစ်ချောင်းလုံး မတွေ့ရှိရတော့ပေ။ ဦးခေါင်းထိပ်တွင် ဆံစုလိုန့်စုံခုငေါ်ထွက်နေသည်ကိုတွေ့ရှိရပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာပြင်မှာ နှာတံအနည်းငယ်နှင့် မျက်ခုံး၊ မျက်ရစ်အနည်းငယ်ကိုသာ တွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပြီး လည်ပင်းတွင် လည်ရစ်တစ်ရစ်သာ တွေ့ရှိရပါသည်။ ရင်ဘက်တွင် ဘယ်တံတန်ဆာလိုလို သဏ္ဌာန်တစ်ခု ပါရှိပါ၏။ ရင်သားနှစ်ဖက်ပေါ်လွင်သော်လည်းပဲ့နေသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အနေအထားမှာ ခပ်စောင်းစောင်း နဲ့နေသည်ကို တွေ့ရှိရပါသည်။ မက်ဖြူးမပဲ့ဘဲတွေ့ရှိရမည်ဆိုပါက အလွန်လက်ရာမြောက်သော အမျိုးသမီးရုပ်တစ်ရုပ်ဖြစ်မည်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၈)

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL. 13A) B_3 ကျင်း၊ ကျင်းအနက် (၂၇) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော နွားရုပ်ကျောက်ဆစ်လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၁၈) စင်တီမီတာခန့်၊ အကျယ် (၁၄) စင်တီမီတာခန့်နှင့် အထူ (၈$\frac{1}{2}$) စင်တီမီတာခန့် ရှိပါသည်။ ပုံ (၈) တွင် ကျောက်ဆစ်လက်ရာ နွားရုပ်၏ရှေ့မျက်နှာပြင်နှင့် ကျောက်ဆစ်လက်ရာအထူကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းကျောက်ဆစ်လက်ရာမှာ သဲကျောက်ပေါ်တွင် ထွင်းထုထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ကျောက်ဆစ်လက်ရာမှာ သီဝီတော်ယာဉ်နွားရုပ်ဖြစ်ဟန်ရှိပါသည်။ နွားရုပ်အကောင်းကို ခြေထောက်တစ်ချောင်းနင်းထားပြီး နွား၏ ဝမ်းဗိုက်အောက်တွင်လည်း ခြေထောက်ကို ထွင်ရှိရပါသည်။ နွားမှာ ရှေ့ခြေထောက်နှစ်ချောင်းကုတ်၍ ဝပ်နေပြီး နောက်ခြေထောက်နှစ်ချောင်းမှာ ဝပ်နေသည့် အနေအထားတွေ့ရှိရပါသည်။ အမြီးမှာ တီးပုံနေပြီးထောင်နေသည့်ဟန် တွေ့ရှိရပါသည်။ ဦးချိုမှာ နွားတို့တွင်ကပ်နေသည့်ဟန် တွေ့ရှိရပါသည်။ နွားရုပ်ခုံအောက်တွင် တွင်းတွင်စွပ်သောတိုင်ပါနေသည်ကို တွေ့ရှိရပါသည်။ အောက်ခုံတွင်းတစ်ခုတွင် ဤကျောက်ဆစ်လက်ရာကိုစွပ်ဟန်ရှိသည်။ တိုင်ကိုခပ်စောင်းစောင်းချန်ထားပါသည်။ ဤနွားရုပ်လက်ရာကို သဲကျောက်ပေါ်တွင်ထွင်းထုထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၉) လက်ရာသည်လည်း ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL. 13A) F_2 ကျင်းမှ၊ ကျင်းအနက် (၄၀) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်လက်ရာအမြင့် (၅) စင်တီမီတာခန့်၊ အကျယ် (၉) စင်တီမီတာခန့်နှင့် အနားအထူ (၁$\frac{1}{2}$) စင်တီမီတာခန့်ရှိပါသည်။ မြေမီးဖုတ်လက်ရာမူရင်းအနေအထားမှာ လက်ကိုဘုကလေးဖြင့် အိုးဖုံးအပိုင်းအစဖြစ်ဟန်ရှိပါသည်။ ပုံ (၉) တွင် မြေမီးဖုတ်အိုးဖုံးအပိုင်းအစဘေးအမြင်နှင့် အပေါ်စီးမြင်အနေအထားကို ရေးဆွဲဖော်ပြထားပါသည်။ အိုးဖုံးအပဲ့အစ ပြုလုပ်ထားသော မြေမှာရွှံ့ဆန်သောမြေဖြစ်သော်လည်း သဲပွင့်အနည်းငယ်ပါရှိသည်ကိုတွေ့ရှိရပါသည်။ အိုးဖုံးအရောင်မှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ ဤဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 13A) မှ အခြားမြေမီးဖုတ်အိုးခြမ်းကွဲများနှင့် စဉ့်လက်ရာအပိုင်းအစများကိုလည်း တူးဖော်တွေ့ရှိရပါသည်။



ပုံ (၉)

□ မြို့ပုံသုံးသပ်ချက်

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 13A) မှ သုတေသနပြုလုပ်၍ တူးဖော်ထွက်ရှိလာသော နန်းရိုးတံတိုင်း အဆောက်အအုံမှာ နှစ်ထပ်အနေအထားတွေ့ရှိရပါသည်။ ကျောက်တုံးကြီးများစီထားသော နန်းရိုးအောက်တွင် အုတ်အဆောက်အအုံတစ်ခု၏ အုတ်စီများကို တွေ့ရှိရပါသည်။ ဝေသာလီခေတ်မတိုင်မီကပင် အုတ်အဆောက်အအုံတစ်ခုရှိခဲ့ပါလိမ့်မည်။ ထိုအုတ်အဆောက်အအုံအပျက်ပေါ်တွင် အမာခံလုပ်၍ နန်းရိုးကျောက်တုံးကိုစီးထားခြင်း ဖြစ်ပါသည်။ ဤကုန်းမှ တူးဖော်တွေ့ရှိရသောလက်ရာများမှာ များသောအားဖြင့် ဝေသာလီခေတ်လက်ရာအများအပြားကို တူးဖော်တွေ့ရှိရပါသည်။

ဤဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 13A) မှ တူးဖော်သုတေသနပြုလုပ်၍ ထွက်ရှိလာသော နန်းရိုးအဆောက်အအုံကို ရေရှည်ထိန်းသိမ်းထားနိုင်ရန် ခြံစည်းရိုးများစနစ်တကျထိုးပြီး ကျောက်တုံး၊ အုတ်စီများကို မပြန့်ကျဲရအောင် မူလသွန်နေရာနှင့်သွန်ထားသင့်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

အနန္တောအနန္တငါးပါးကို
ထာဝရဦးထိပ်ပန်ဆင်လျက်

ပန်းချီထူးလှ
(ရွှေဟောင်းသုတေသန)

ကိုးကားချက် -

၁။ ကိုယ်တိုင် တူးဖော်သုတေသနပြုလုပ်မှုမှတ်စု။

၂။ စံသာအောင် ၊ ဦး၊ အာနန္ဒစန္ဒြိ၊ ရှစ်ရာစု၊ ရခိုင်ဝေသာလီမင်း။ ၃၊ ၁၉၇၅ ခု။

၃။ ညွှန့်ဟန်၊ ဦး၊ ဝေသာလီမြို့ဟောင်းတူးဖော်သုတေသနပြုမှုအစီအရင်ခံစာ။

၄။ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 13A) အစီရင်ခံစာ။

၅။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ရခိုင်မဟာရာဇဝင်။

www.burmeseclassic.com

www.burmeseclassic.com

ချောဘသိုင်း
(စလင်း)
လူရဲတော့ သရဲမတတ်နိုင်

အထူးထုတ်

●●●●●●

မကွေးတိုင်းဒေသကြီး စလင်းမြို့မစိုးရိမ်အရှေ့ကျောင်း၌ ယခုအခါ သီတင်းသုံး နေထိုင်သည့် ဆရာတော် ဦးကုသလနှင့် ကျွန်ုပ်ကား ညီအစ်ကို နှစ်ဝမ်းကွဲတော်စပ်သေးသည်။ မစိုးရိမ်အရှေ့ကျောင်းသို့ရောက်တိုင်း ဝင်ဖြစ်ပါသည်။ ပျံလွန်တော်မူသွားသည့် ဦးရေဝတရှိစဉ်က တစ်ဝါနေထိုင်ဖူး၍ ကျေးဇူးရှိပါ၏။ ယခု ရေးသားမည့် အကြောင်းအရာသည် ဦးကုသလ လူဘဝကတွေ့ကြုံခဲ့ရသော အကြောင်းအရာ ဖြစ်ပါသည်။

❑

ဦးကြာရိုးသည် ဒေါ်တင်မြနှင့် အိမ်ထောင်ကျသည့်အခါ အလုပ်နှစ်မျိုး လုပ်သူ ဖြစ်သည်။ မိဘရိုးရာ လယ်ယာလုပ်ငန်းက တစ်ဖက်၊ သူကျွမ်းကျင်သည့် ဝက်သင်းကွပ်၊ သားဖောက်သည့် လုပ်ငန်းက တစ်ဖက်လုပ်ကိုင်သူ ဖြစ်သည်။ သောက်တတ်စားတတ်သည်က လွဲ၍ အပေါင်းအသင်းဆဲလျက် စကား ပြောကောင်းသူတစ်ယောက် ဖြစ်သည်။

ယနေ့ သူရွာစဉ်လည်လျက် အလုပ်လုပ်ရာမှ ပြန်လာသည်တွင် ဇနီးသည် မတင်မြကို အိမ်မှာ ထိုင်လျှက် တွေ့ရသည်။

"မတင်မြရေ၊ မင်းလယ်ပြင်ဘက် ရောက်သေးလား"

www.burmeseclassic.com

www.burmeseclassic.com

အလယ်ပိုင်းဒေသတွင် ဤသို့
ခေါ်ဝေါ်သုံးနှုန်းကြလေ့ရှိသည်။)

"ဟင့်အင်း - မရောက်ဖြစ်ဘူး။
ဖြစ်လိုလဲ"

မတင်မြသည် လယ်ပြင်သို့ နွားရိတ်ရန်မှအပ ရောက်လေ့ရှိသူ
တော်ပါ။

"ဘာမှမဟုတ်ပါဘူးကွာ၊ နေကြာ
ကျေး (ကြက်တူရွေး)တွေများကိုက်
သလားလို့ပါ"

"မနက်ကျသွားကြည့်လေ၊ ကျပ်
ကိုက်ခဲ့မှာပေါ့။ တော်ရေချိုးမလား၊
ပြင်လိုက်မယ်လေ။တော့်အကြိုက်
တွင်းသားရေချိုချက်ထားတယ်။
တ်ရတော့မလား"

မှန်တာပြောရလျှင် ကိုကြာရိုး ရေ
ကိုက်ချင်သေးပါ။ ညနေက အလုပ်
သည့်အိမ်မှ ညှဉ်ခဲလိုက်ပါ၏။ စက်
ချိုးမည်ဖြစ်သဖြင့် တစ်ပိုင်း
ပဲတွယ်ခဲ့ရသေးသည်။ ကြက်
ကာလသားချက်လေးနှင့် အမြည်း
ကလည်း ရှယ်ပါပဲ။ ဒါပေမယ့် ညှဉ်သုံး
ပဲ သုံးခဲ့ရသေးသည်။ ထမင်းမစားခင်
တော့ နှိပ်ဦးမှတော်မည်ပင်။

"ရေမချိုးတော့ဘူးဟာ၊ ချွေးငုပ်
သွားမှာစိုးရတယ်။ နင်ဝယ်ခြမ်းထားတာ
ရှိသေးလား၊ ငါ ထမင်းမစားခင် နည်း
နည်းစုပ်ဦးမယ်"

မတင်မြက နှုတ်ခမ်းစူလျက် မေး
ငေါ့ပြသည်။

"ဟိုကြောင်အိမ်ထဲ တော်ထားတဲ့
အိုဟိုဘာအာမီရမ်ဆိုလား အဲဒါရှိပါ
သေးရော၊ ဖွင့်၊ မမွှင့်ရသေးဘူး။ ဟိုတော်
တပ်ထဲက ရလာတာဆိုလား"

ကိုကြာရိုး စိတ်မရှည်တော့။

"အေးပါဟာ နင့်ဟာကလည်းရှိ
သေးတယ်ဆိုပြီးတဲ့ကိစ္စ၊ ဘယ်သူကရိုက်
စစ်နေလို့တုံး၊ ကဲပါ - ဖွင့်စမ်းပါ။ နင့်
ဘဲတွေဥရှိသေးရင် နှစ်လုံးလောက်ကြော်
ဟာ ကလေးတွေရောစားရတာပေါ့"

ကိုကြာရိုးတို့ မတင်မြတို့က ဝက်
ရော၊ ဘဲရောမွေးထားရာ ဘဲဥမှာ ဈေး
ကိုပင်ပို့ရသည်။ မတင်မြသည် မီးဖိုပေါ်
အိုးကင်းတင်လျက် ဘဲဥနှစ်လုံးကြော်
လိုက်သည်။ ပုလင်းကိုဖွင့်လျက် ရေနွေး
ပန်းကန်ချပေးလိုက်သည်။ ကိုကြာရိုး
ကား ဘဲဥကိုစားလိုက်၊ မော့လိုက်ဖြင့်
အဆင်ပြေလျက်ရှိသည်။

"ကလေးတွေကောဟ၊ တစ်
ယောက်မှမမြင်ပါလား။ ဘယ်သွားကုန်
ကြတုံး"

သားသမီးသုံးယောက်ကို မတွေ့
၍ ကိုကြာရိုးသောက်ရတာ စိတ်
မဖြောင့်။

"သူဒေါ်ကြီးများအိမ် တီဗွီသွား
ကြည့်မှာပေါ့တော်။ ကိုယ့်မှမရှိဘဲဟာ
ကို"

မတင်မြစကားက အလွန်ပင်
ထိရောက်လှပါသည်။ 'တော်က တီဗွီ
တစ်လုံးတောင် ဝယ်မပေးဘဲနဲ့။ တော်
ဝယ်မပေးလို့ ကလေးတွေအိမ်လည်
ကြည့်ရတာပေါ့တော်'ဟု မတင်မြမပြော
ပါ။ ကိုကြာရိုးမတော့ တော်တော်လေး
ထိသွားသည်။ 'တော်ရှာသမျှဖွေသမျှက
လည်း အရက်ထဲမျောသွားတာပဲမဟုတ်
ဘူးလား' ဟု ကိုကြာရိုးကြားသည်။
ကိုယ်ကလည်းကိုယ်ပဲ သောက်တာများ
နေသည်ကိုး။

"မတင်မြ၊ ပြန်သိမ်းတော့ဟာ။
ငါမသောက်ချင်တော့ဘူး"

မြင်ဒင်တစ်ရပ်ကွက်လုံး မြို့ပြ
လျှပ်စစ်မီးတွေ ထိန်ထိန်လင်းနေသည်။
အဆုံးစွန်ဆိုရလျှင် သုသာန်ထဲရှိ စေတီ
လုကျောင်းမှာပင် လျှပ်စစ်မီးရှိနေပါ
သည်။ ကိုကြာရိုးလုပ်သည့် လယ်ပြင်က
သုသာန်လွန်မှရောက်သည်။ နေ့ခင်း
နေ့လယ်ဆိုတာကတော့ လူအများ
ဥဖုံသွားလာနေကြ၍ မထောင်းတာ
လုသော်လည်း ညဆိုတာကတော့ မည်
သို့ပင်ဖြစ်စေ သုသာန်က လူစိတ်ကို
ခြောက်လှန့်သည်။ ဇာသိလှ (စေတီလှ)
သုသာန်သည် စလင်းမြို့၏အဓိကရ
နေရာတစ်ခု၊ အင်္ဂလိပ်စစ်သခင်္ဂါး၊
ကုလားသခင်္ဂါး တရုတ်သခင်္ဂါးစုံသည်။
ဂူတွေ၊ ဂူတွေဆိုတာများ ခြေချစရာ
နေရာပင်မရှိ။ မြေပုံအဟောင်း မြေပုံ
အသစ်စပ်နေသည်။ မတင်မြတို့(၆)တန်း
လောက်တုန်းက မန်ကျည်းပင်ပုတိုက်ပွဲ
မှာ ခြောက်လောင်းသေ၍ချုံးသည့်
နေရာ၊ ကန်လည်ဆရာတော်ဘုရား၏
ဦးခေါင်းပေါ် သွေးလောင်းချသည့်
သရဏဂုံတင်သည့်ဇရပ်၊ ပြာသာဒ်လို
ဆောက်ထားသည့် စလင်းမြို့သူကောင်း

www.burmeseclassic.com

www.burmeseclassic.com

များသုသာန်၊ အသီးအနှံမျိုးစုံအရိအရွဲများ၊ အမှိုက်ပုံကြီးများမှာလည်း မြင်ဖွယ်ရာမကောင်း။

ခက်နေတာက ကိုကြာရိုးစိတ်ထဲလယ်စပ်ကို ယနေ့ညသွားချင်နေသည်။ သွားချင်ဆို ဟိုနေ့တုန်းက သံချောင်းတို့တမာပင်ကိုင်းကိုမသိအောင်ခုတ်၍ ဝှက်ထားခဲ့သည်ကိုး။

တမာကိုင်းခုတ်တာများ ရေးကြီးခွင့်ကျယ်လုပ်လို့ဟုပြောလျှင်လည်းခံရံပေါ့။ လူဆိုတာ အတ္တသမားချည်း။ ဒါကိုကြာရိုးအသိ။ ကိုယ့်အပင်၊ ကိုယ့်ပစ္စည်း မည်သူမျှထိတာ မကြိုက်။ ကိုကြာရိုးမလုပ်ချင်ပါ။ သူတစ်ပါးပစ္စည်းမသိအောင်ယူမိလျှင် ခိုးတာပဲမဟုတ်လား။ သိပါသည်။ ထယ်လက်ကိုင်ကဟိုတစ်နေ့က ထယ်ထိုးနေရင်း အတော်နာနေသည်ကို သတိထားမိသည်။ ဆီးငုတ်လို၊ ညောင်ငုတ်လို တစ်ခုခုများသွားထိုးမိလို့ကတော့ ထယ်သွားလည်းပဲ၊ လက်ကိုင်ရိုးကျိုး၊ အားလွန်ပြီး မေးရိုးပါကျိုးသွားနိုင်သည်။ ဘေး၊ ဘယ်ညာကြည့်မိတော့ သံချောင်းတို့ လယ်စပ်က တမာပင်မှာ ကိုင်းတစ်ကိုင်း၊ ထယ်လက်ကိုင်လုပ်ဖို့များဖြစ်လာလေရော့သလား။ ကောင်းလိုက်တာ။ နွားတစ်နားမှ ကွမ်းတစ်ယာစားပြီး အတော်စဉ်းစားနေမိသေးသည်။ သံချောင်းက ပြောလျှင်ရသည်။နားလည်သည်။ သူ့မိန်းမ ပိန်သေးက စွာစွာလန်။ မတော် အိမ်လိုက်ပြီးရန်တွေ့လို့ မတင်မြနှင့်ထိပ်တိုက်ရင်ဆိုင်လိုက်ရရင်တော့ ပွဲကြီးပွဲကောင်းဖြစ်သွားမှာမလွဲ။ ကဲဟာ - နောင်ခါလာနောင်ခါစဲးပေါ့။ သုံး၊ လေးစပ်ထွန်ပြီးသည်နှင့် ဓားမတိုက်ခိုးထိုးလျက် တမာပင်ခွကြားသို့တက်ခဲ့သည်။ လူရိပ်လူယောင်တော့မမြင်ရ။ ကောင်းလိုက်သည့်အကွေး၊ စရွေးကိုစွပ်ထားသလား အောက်မေ့ရ။

အသံခပ်အုပ်အုပ်ဖြင့်ခုတ်ရသည်။ အချက်နှစ်ဆယ်လောက် ခုတ်မိတော့ ပြတ်တော့မည်တကဲကဲ ချွတ်ခနဲ အသံကြားသည်နှင့် လက်ကထိန်းထားရသေးသည်။ ဝုန်းခနဲ ကျိုးကျလျှင် အဝေးကကြားရမည်။တော်ပါသေးရဲ့။ အဆင်သင့်ကလေးအသာကျသွားပေလို့။ အောက်ဆင်း၊ ကိုင်းတက်ကလေးတွေကို ဓားနှင့်ဖျဉ်းလိုက်တော့ ထယ်လက်ကိုင်ပုံပေါ်လာသည်။ အိမ်ကိုတန်းသယ်ခဲ့လို့မဖြစ်သေး။ သံချောင်းတို့အိမ်နားကဖြတ်လာရမှာ။ ဖွက် (ဝှက်) ထားခဲ့မှ။ သုသာန်အစပ် အုန်းလက်ခြောက်များပုံနေသည့် အောက်အသာလေးမြှုပ်ထားလိုက်သည်။

"ဟဲ့ - သားကြီးတို့၊ လှည့်ပြန်ရအောင်"

လူများကိုယ်လုပ်ချင်တာလုပ်ရပြီဆို ပီတိကိုဖြစ်လို့။ စိတ်လက်ပေါ့ပါးစွာ လေကလေးချွန်လျက် ထွန်ချွတ်လာခဲ့သည်။

အရက်သောက်ပြီး နားနေဆဲမှာသည်ထယ်လက်ကိုင်ရိုးကိစ္စကပေါ်လာသည်။ မနက်ဖြန်ဆို သူမနားနိုင်။ တည်ဘိုကန်ဘက်သွားရပေဦးမည်။ ဟယ် - ကနေ့ည ညတွင်းချင်း သွားထမ်းတာပဲကောင်းပါသည်ဟု ကိုကြာရိုး ဆုံးဖြတ်ချက်ချလိုက်သည်။

"မတင်မြရေ၊ ငါလယ်ထဲခဏသွားလိုက်ဦးမယ်"

မတင်မြအံ့သြသွားသည်။ ကိုကြာရိုးဘာဖြစ်တာပါလိမ့်။

"တော့်မလည်း ညကြီးမင်းကြီးဘာသွားလုပ်မလို့တုံး။ ကြွက်တွေဘာတွေများထောင်ထားခဲ့လို့လား။ သွားမနေပါနဲ့တော်၊ ညကြီးကို"

"ခဏပါဟာ၊ ငါ နေကြာခင်းစိတ်မချလို့ မနက်ကျတော့တစ်မျိုးပေါ့"

လောက်လေးခွ၊ လောက်စာလုံး၊ ဓားရှည်တစ်လက်၊ ဓာတ်မီးတစ်လက် ဖြင့် သုသာန်ဘက်သို့ထွက်လာခဲ့သည်။ သုသာန်အဝင်ဝအထိ မီးတိုင်ကရှိသေးသည်။ တောမီးလည်ရှည်ဖိနပ်ကိုလည်း စီးထားသေးရာ ခြေခင်းလက်ကင်းကတော့ စိတ်ချရသည်။ တစ္ဆေသရဲဆိုတာကတော့ မွေးကတည်းက မကြောက်တတ်။ ဆည်ကန်ရွာသား တောထဲအိပ်လာတဲ့ကောင်။ သုသာန်ထဲဝင်ခဲ့သည်။ ဟိုဘက်အစပ် အုန်းလက်ခြောက်တွေပုံထားသည့်နေရာနားကြည့်လိုက်တော့ လားလား လူတစ်ယောက် မားမားကြီးရပ်နေပါလား။ သံချောင်းများ ငါ့ခြေလှမ်းသိနေသလားပဲ။ ဟာ - သံချောင်းက ပုပုပါ။ ဒီကောင်က အရပ် (၆)ပေကျော်လောက်ရှိသလားပဲ။ ဓာတ်မီးနှင့် လှမ်းထိုးလိုက်သည်။ ကိုကြာရိုးနှင့် ထိုသူရပ်နေရာနေရာသည် ဝါးနှစ်ရိုက်ခန့်သာရှိသည်။ အလို-အမွေးတွေအမှင်တွေနဲ့။ သေချာပေါက် ဒါဟာ သရဲခြောက်တာပဲ။ ြပန်ပြေးရင် ဖနောင့်လိုက်နင်းတတ်သတဲ့။ ရှေ့တိုးလို့ နပန်းလုံးရရင် ဟုတ်ပါ့မလား။ ငါအော်တဲ့အသံလည်း ဘယ်သူမှ ကြားမှာမဟုတ်ဘူး။ ကဲလေ - လာလက်စနဲ့ ရှေ့တိုးတာပဲကောင်းပါတယ်။

"ဟေ့ကောင် - မင်းကဘာလဲကွ၊ ငါ့ကြောက်တယ်မှတ်လို့ ခြောက်တာလား။ ကြာရိုးတဲ့ကွ တစ်ရိုးတည်းရှိတယ်။ ကဲကွာ - ဖုန်း၊ ကဲကွာ - ဖုန်း"

လောက်လေးခွနှင့်အဆက်မပြတ် ပစ်ရင်း ရှေ့သို့တိုးတိုးလာခဲ့သည်တွင် ထိုမည်းမည်းသတ္တဝါကြီးကား လှည့်၍ပင်မကြည့်။ တစ်ချိုးတည်းပြေးလျက် တမာပင်ပေါ် သို့ လှစ်ခနဲတက်သွားလေတော့သည်။

"ဩော် - မင်းက တမာပင်ကအကောင်လား။ ကဲကွာ ကဲကွာ ကဲကွာ"

နီးစပ်ရာ တမာကိုင်းများ၊ ညောင်ကိုင်းများကို ဓားဖြင့်ပိုင်းချလိုက်သည်။ လေးခွဖြင့်လည်း တမာတစ်ပင်လုံး အထက်၊ အောက်လှမ်းထုလိုက်သေးသည်။

"လာပါကွ၊ ဆင်းခဲ့စမ်းပါ၊ ခြောက်စမ်းပါဦးကွ။ ဟေ့ကောင်၊ ဆင်းခဲ့လေကွာ"

အရှိန်ကလေးကမကုန်သေးတော့ ကိုကြာရိုး နည်းနည်းမှမကြောက်။ ထိုမည်းမည်းသတ္တဝါကား မြင်လည်းမမြင်ရတော့၊ လှုပ်လည်းမလှုပ်တော့ချေ။

ကိုကြာရိုးသည် အုန်းလက်ဖက်များကို ခြေထောက်ဖြင့် ယက်ဖယ်လိုက်၏။ ဟိုအကောင်ကြီးကို ကြည့်ထားရသေးသည်။ မတော်ဆင်းလာလျှင် ဓားနှင့်ပိုင်းလိုက်မည်လေ။

တမာပင်ပေါ်က အကောင် မြင်ကို မမြင်ရ၊ ကိုကြာရိုးသည် စိတ်ချလက်ချ ကုန်း၍ ရှင်းလိုက်မှ ထယ်လက်ကိုင်ကွေးပေါ်လာသည်။

ထယ်လက်ကိုင်ကို ပခုံးပေါ်တင်၊ လက်နှိပ်ဓာတ်မီးကိုဖွင့်လျက် တမာပင်ပေါ် သို့ ထိုးကြည့်လိုက်သည်။ မီးရောင်ကြောင့် လန့်ပြေးကြသည့် လယ်ကြွက်များ၊ ရှဉ့်များမှအပ သုသာန်တစ်ခုလုံး တိတ်ဆိတ်လျက်။ မနေးမမြန် ခြေလှမ်းဖြင့်လာခဲ့သည့်တွင် မီးရောင်းလင်းနေသည့် သုသာန်ဝသို့ပင်ရောက်ခဲ့ပြီ။

"ဟူး"

ကိုကြာရိုးသက်ပြင်းချလိုက်သည်။ တော်ပါသေးရဲ့ လိုက်မလာလို့။ တစ်သက်နဲ့တစ်ကိုယ် တစ္ဆေသရဲမခြောက်ဘူးပေါင်ဆိုသည်။ သည်တစ်ခါတော့တွေ့ခဲ့ရပြီ။ ကြည့်စမ်း ချွေးတွေရွှဲနစ်နေပါရော့လား။ သောက်ထားသည့် အရက်ကြောင့်လား၊ ကြောက်စိတ်လားမခွဲခြားတတ်တော့ချေ။ လူနေအိမ်တွေကို ထင်ထင်ရှားရှားမြင်ရပြီ။ နောက်ဖေး

www.burmeseclassic.com

www.burmeseclassic.com

ဆေးတံကဝင်မှဖြစ်မှာ၊ လမ်းမက သွားသွင်း လူတကူးအမြင်ဦးမည်။ အိမ်ရောက်ခဲ့ ဆယ်မိနစ်လောက်လျှောက်ရဦးမည်။

ကိုကြာရိုး တစ်ချက်ပြုံးလိုက်သည်။ ထိုအပြုံးသည် သူ မတင်မြနှင့် သားခါစ ဤရွာကလေးသို့ရောက်စ အခိုန်ကလေးပေါ့လေ။

ချက်အရက်မီးတောက်ကလေး တလည်း ကောင်းမှကောင်း၊ ထန်းလျက်စေ့စေ့နှင့်ချက်ထားသည့်နောင်တော်ရွာ ဆန်အရက်။ ယခုခေတ်လို အက်စစ်၊ ဂယ်မြေဩာ၊ ဖိနပ်စတွေမထည့်၊ သန့်သန့်လေး။ အမြီးက ကြွက်ကြော်၊ လင်းဆွဲသားကြော်၊ လိုက်ဖက်ပုံများတော့။

"ဟေ့လူ ကိုကြာရိုး၊ ဓာတ္တေသရဲ ကြောက်ဘူးဆို"

သွေးတိုးစမ်းသည့် ကောင်မှာ ဟောက်ပြုန်း လူအေး။ နာမည်နှင့်လူက လိုက်။ မိုက်လိုက်ဆိုးလိုက်သမှ ကြက်၊ ဆီသတ်သတ်၊ ခွေးသတ်သတ် သည်ကောင်ကို ခေါ်ရသည်။ သေပြီသားလူ ခင်ဗျဲဖို့ကိစ္စပေါ်လာလျှင် သူမသူ၊ သူဟောင်းတာလေးပေးလိုက်လျှင် ပွဲသိမ်းပြီမှတ်။

"မကြောက်ပါဘူး လူအေးရ၊ ငါက ဆည်ကန်နတ်စဉ်ကုန်းတောထဲကြီးလာခဲ့တောင်ပါ။ ကဲ-စမ်းလိုက်လေ၊ သည်မှာ ဟေ့ကောင် လူအေး၊ မင်းက လူသေခွဲရဲတာ၊ ငါက လူရှင်ကိုခွဲရတယ်ကွသိလား"

"ရွှမ်း"

ကိုကြာရိုးက နောက်ကြောတွင် လွယ်ထားသည့်ခြေသလုံးမွေးကျ ငှက်ကြီးတောင်ကို ဆွဲထုတ်လိုက်ရာ မြင်ဒင်းသားတွေ လန့်သွားကြသည်။

"အဲသည်လိုမဟုတ်ပါဘူး ဘကြာတလည်း။ ဒီလိုဗျာ ကျုပ်တို့ကြားဖူးတာက လောင်ကြေးစားကြေးဆို ခြောက်သတဲ့ဗျ။ ကျုပ်တို့က ကိုကြာရိုးကို လောင်းကြေးနဲ့ လွှတ်ချင်တာဗျ"

သည်စကားဖြင့် လေပြေထိုးသူ ဟား ငပေါက်ညီ သာထူးဖြစ်၏။ သည်ထောင်က ခေစုစပ်ရေးသမား။ လူလည်။

"ရတယ်လေ၊ ကြာသလားလို့၊ ခိန်လိုက်စမ်းပါ။ ကဲ - ကြေးပြော"

အတူသောက်နေကြသူ ငါးဦးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် လူအေးထံမှ အသံထွက်လာသည်။

"သုံးထောင်ပေးမယ်ဗျာ"

"ချလိုက်လေ၊ အကြိုက်ပေါ့"

"ဘကြာ၊ နားထောင်ဦး။ သူသာန်ဇရပ်နားက တမာပင်ကြီးကိုသိတယ်မို့လား။ အဲဒီအပင်ကို ဓားရာသုံးချက်ခုစ်ရမယ်။ တစ်ခါခုတ်ပြီးရင် ထုံးတစ်ချက်ထစ်ခဲ့၊ ထုံးသုံးချက် ဓားချက် သုံးခုပြည့်ရင် ဘကြာနိုင်ပြီ"

"ကြိုက်ပြီ၊ ကြာရိုးတော့ အချောင်ငွေသုံးထောင်ရဦးတော့မပေ့ဗျ။ ကဲ - ငါးနှုံးရင်ကော ဘယ်လောက်ပေးရမလဲပြော"

"ဘကြာပြောတဲ့အတိုင်း ဓလုပ်ခဲ့နိုင်ရင် တစ်ဝက်ကြေးပြန့်ဝေပြီး ကျုပ်တို့အဖွဲ့ကို အရက်တိုက်ရမယ်"

"ကြာရိုးတို့က ဒါမျိုးရှာနေတာ။ အကြိုက်ပေါ့။ သည်ခေတ်ထဲ ငွေသုံးထောင်ရတာလွယ်မှတ်လို့"

(ထိုစဉ်က လခစားများ တစ်လလုံးမှ ငါးထောင်ရသည့်ကာလဖြစ်၏။)

ကိုကြာရိုးသည် ငှက်ကြီးတောင်ကို ဆုပ်ကိုင်လျက် ထုံးဘူးကို ခါးပိုက်ထောင်တွင်ထည့်ကာ သူသာန်တွင်းသို့ ဝင်ခဲ့သည်။ လမိုက်ရက်ဖြစ်၍ ရှုစ်ရပ်ခွင်လုံး မည်းမှောင်နေသည်။

"အု. . . ဝူး. . . ဝူး. . . ဝူး"

သံရှည်ဆွဲ၍ အူလိုက်သည့် သူသာန်ထဲမှ ခွေးတစ်ကောင်ကြောင့် ကိုကြာရိုး ခြေလှမ်းတုံ့သွားသည်။ လူဝင်လာပြီ၊ ခြောက်ဖို့အသင့်ပြင်ကြလို့ သတိပေးတာလေလား။ ဟယ်-နောက်မဆုတ် စတမ်းပေါ့။ အဖေ့သွေးမနီးဘူးလား။ ဇရပ်နားကပ်လိုက်သည့်အခါ ထောင်းခနဲ အပုပ်နံ့ကြီးကနှာဝသို့တိုးဝင်သည်။ အင်းလေ-တစပြင်ဆိုတာ အရိုးနဲ့အပုပ်နံ့ရှိစမြဲပဲ။ ဇရပ်မြောက်ဘက်မှာ လူတစ်ဖက်စာလောက် လုံးပတ်ရှိသည့် တမာပင်ကြီး မည်းမည်းကြီးရပ်လျက်။

"ဖလွီး. . . ခွီး. . . ခွီး. . . ခွီး"

"ဟဲ့ဟဲ့ - ဘုရား ဘုရား ဘုရား ဘာလဲဟ"

သေသေချာချာကြည့်မိမှ ကြယ်ရောင်အောက်မှ တောကြောင်ကြီး သူ့ကို လန့်ပြေးတာဖြစ်မည်ပင်။ သစ်ပင်ပင်စည်ကို လက်နှင့်စမ်းလျက် တစ်ချက်ခုတ်လိုက်၏။ ဒုတ်ခနဲ အသံရပ်သည်။ ခါးပုံထဲက ထုံးတိုလျက်ကြီးကြီးသုတ်လိုက်သည်။ သုံးချက်ပြည့် ထုံးသုံးချက်တားပြီးသည်နှင့် ထောင်းခနဲ အပုပ်နံ့ကြီးရပြန်သည်။ သူနောက်မှ တောတိုးလာသံကြားရသည်။ လာခဲ့လေ၊ ငါ့ဓားက နေရာမရွေးဘူးကွ။ ကြိုက်တဲ့သရဲလာခဲ့စမ်းပါ။ သေချာပြီဆိုတော့မှ သူသာန်ဝသို့ အပြေးတစ်ပိုင်းထွက်လာခဲ့သည်။ စောစောက ခွေးဖော်စားတာဖြစ်မည့်အပုပ်နံ့က မခံရပ်နိုင်အောင် ဆိုးဝါးလှသည်။ မည်သည့်တစ္ဆေသရဲကမှ ကြာရိုးကို မခြောက်။ မည်သူကမျှ ဇရောင့်ကိုလိုစ်မနင်းလိုက်ပါ။ သောက်ပြင်းပြန်ရောတ်တော့ ည (၉) နာရီထိုးပြီပြီ။

"ကဲ-လူအေး မင်းတို့ ကတိတည်ပါစေ"

"အဆင်သင့်ပါ ဆရာရယ်၊ ဟော ဒီစားပွဲပေါ်မှာ ပုလင်းနဲ့ဖိလို့ပါ။ မတို့နဲ့ ဦးနော်။ ခဏလေး ကျုပ်တို့သွားကြည့်လိုက်ဦးမယ်"

လူအေး ဦးဆောင်လျက် သုံးဦးဓာတ်မီးတစ်လက်စီဖြင့် သူသာန်သို့ ချီတက်ကြလေ၏။ နာရီဝက်ပင် မကြာလိုက်ပြန်ပြေးလာကြသည်။

"ဟူး - နံလိုက်တဲ့ပုပ်စော်ကွာ။ ဘကြာရယ်၊ ဆရာနိုင်ပါတယ်။ သာထူးရေ သရဲကလုပ်ကြောက်တာနေမှာတွ။ တို့သုံးယောက် ဓာတ်မီးနဲ့ထိုးကြည့်ရုံသိသေး။ မင်းကွာ ပြူးပြူးကြီး သစ်ပင်ပေါ်က ခုန်ဆင်းလာတော့တာဟေ့။ တို့သုံးယောက် ဖိနပ်တွေကို ဘယ်နေခဲ့မှန်းမသိတော့ဘူး။ ဘကြာသတ္တိကိုတော့ နှစ်ဖက်ဆလန်ပါ။ နောက်မပြောရဲတော့ပါဘူးဗျာ"

ကိုကြာရိုး ကျေနပ်စွာပြုံးလိုက်သည်။

"ဆည်ကန်သား၊ တောသားကွ၊ မှတ်ထား၊ ဘယ်သူ့ကိုမှမကြောက်ဘူး၊ ငါကြောက်ရမယ့်သူ မွေးလည်းမမွေးသေးဘူး၊ သေလည်းမသေသေးဘူး"

"တော်ဘာသဘောကျလို့ ပြုံးနေတာတုံး။ ပခုံးပေါ် ကဘာကြီးလဲတော့"

မတင်မြပြောမှ အိမ်ရောက်မှန်းသတိထားမိသည်။

"ထယ်လက်ရိုးပါကွာ၊ ငါတစ်နေ့က ခုတ်ထားခဲ့တာ နေ့ခင်းသွားမယူချင်လို့"

"ပြုံးတာကကော"

"အော်-အေး၊ သွားလေသူ လူအေးတို့ သာထူးတို့နဲ့ ဟိုတုန်းက လောင်းကြေးစားကြေးကိစ္စသတိရလို့ပါကွ။ ကဲ-ထုတ်တော့ပေါ့၊ မောနေပြီ"

"အဆင်သင့်ပါတော်"

ကိုကြာရိုးသည် ထိုကဲ့သို့သော ကိုကြာရိုး ဖြစ်၏။

ချောဘသိုင်း(စလင်း)

www.burmeseclassic.com

www.burmeseclassic.com

ထင်ပန်း ထစ်ပို၊ ဖယောင်း နဝင်းကိုကိုစိန်

ပြည်တောင်းသပေါ် ဆန်ဒေရဲ့ ဆောင်ထဲတွင်

အထူးထုတ်

အဘစ(သာသနာ့အလင်းရောင်)
မင်းခေါင်ခေါ်ရင် ချက်ချင်းလာပါ

"ပုပ္ပားဆို တောင်ညိုမြတ်ဆီက ××× အောင်မင်းခေါင် ××× ဘိုးတော် တ,ရတော့ ××× မ ,ပါလိမ့် မြန်ပြည်မှာ ××× သာသနာက ရောင်ပါလင်း ××× ကပ်ဆိုးကျော် ××× မြတ်ဘိုးတော် ××× နိုင်ငံလှည့်တယ် အေးပြိုကွဲ့ လေး ×××"

ကျွန်ုပ်သည် အဘဘိုးတော် အောင်မင်းခေါင်ကြီး၏ ဂုဏ်ပုဒ်အား ဖော်ကျူးပြီး ရေးဖွဲ့ထားသောသီချင်းသံကို ညှော်ခန်းထဲ၌ထိုင်နေပြီး နားထောင်နေမိသည်။ တစ်ဆက်တည်းမှာပင် ကျွန်ုပ်သည် ညကမက်ခဲ့သောအိပ်မက်ကို ပြန်လည်၍ စဉ်းစားနေပြီး အဘဘိုးမင်းခေါင်ပြောသွားသောနေရာကို ရှာဖွေပြီးတော့သွားရန် ညှော်ခန်းထဲ၌ပင် မျက်စိမှိတ်ကာ စဉ်းစားနေမိသည်။ ထိုကဲ့သို့ မျက်စိမှိတ်ကာ စဉ်းစားနေခိုက် ကျွန်ုပ်ဇနီးသည် နောက်ဖေးရှိချက်ပြုတ်ခန်းထဲမှထွက်လာပြီး ကျွန်ုပ်အား -

"ဟာ - အစ်ကို၊ ဧည့်ခန်းထဲမှာ ထိုင်ပြီးတော့ . အိပ်ငိုက်နေတာလား။ ထထ၊ မျက်နှာသစ်ပြီး ရေမိုးချိုးလိုက်ပါဦး"

ဟု ပြောသောအခါ ကျွန်ုပ်မှ ကျွန်ုပ်၏ဇနီးအား -

"လာပါဦး၊ ဒီမှာခဏထိုင်ပါဦး။ အစ်ကိုပြောစရာရှိလို့ပါ"

ဆိုပြီးတော့ ကျွန်ုပ်မှ ဇနီးအား လှမ်းခေါ်လိုက်သဖြင့် ဇနီးဖြစ်သူမှ ကျွန်ုပ်ဘေးတွင် ဝင်ထိုင်လိုက်ပါသည်။ ထိုင်ပြီးသည်နှင့် ဇနီးမှ ကျွန်ုပ်အား -

"ကဲ- အစ်ကို၊ ထိုင်ပြီးပြီ။ အိပ်မက် ကနိုးပြီးတာနဲ့ဆိုတော့ ထူးထူးဆန်းဆန်း ဘာစကားတွေများပြောမလို့လဲ။ ကဲ - ပြော၊ နားထောင်နေတယ်"

"ဒီလိုကွ၊ ညက အစ်ကို အိပ်မက် တစ်ခုမက်တယ်။ အိပ်မက်ကလည်း ထူးဆန်းနေတယ်။ အိမ်ထဲမှာ အဘ ဘိုးမင်းခေါင်က အစ်ကို့ကိုပြောတယ်။ မင်း ရွှေမကျီးတောအောင်မြေကိုလာခဲ့။ ပြီးတော့ ရွှေမကျီးတောအောင်မြေမှာ ဂုဏ်တော်(၉)ပါး အဓိဋ္ဌာန်ပုတီးကိုစိပ်ရမယ်။ ဂုဏ်တော်တစ်ပါးစီကို တစ်ရက်ကို (၉) ပတ်၊ (၉) ရက်အဓိဋ္ဌာန်နဲ့ ပုတီး အပတ်ရေ (၈၁) ပတ် ဒီရွှေမကျီးတော အောင်မြေမှာပဲ မင်း(၉)ညအိပ်ပြီးတော့ အဓိဋ္ဌာန်ပုတီးစိပ်ပြီး အဓိဋ္ဌာန်ပါရမီဝင်ရမယ်ကွ။ ဒီတော့ မင်း ရွှေမကျီးတော အောင်မြေကို ရောက်အောင်သာလာခဲ့တော့လို့ပြောတယ်။ အဲဒါရွှေမကျီးတော အောင်မြေက ဘယ်နေရာမှာရှိသလဲဆိုပြီး အခု ဧည့်ခန်းထဲမှာထိုင်ပြီးတော့ စဉ်းစားနေတာ

"အင်း - အစ်ကိုက အဘအောင်မင်းခေါင်နဲ့ ပဌာန်းဆက်တော်တော် လေးကိုနီးစပ်တာပဲ။ အစ်ကို အဘ အောင်မင်းခေါင်ကို အိပ်မက်ထဲမှာဆို တွေ့ခွင့်ရတာ ဒီတစ်ကြိမ်နဲ့ဆိုရင် ငါးကြိမ်မြောက်ရှိသွားပြီ။ အဘတို့လို မဟိဒ္ဓိဝိဇ္ဇာမိုရမ္ဘုရိလကြီးတွေကလည်း အကြောင်းရှိလို့ အဘတို့က တစ်ခုခုကို ကြိုတင်ပြီးသိမြင်နေရလို့ ခေါ်လိုက်တာ ဖြစ်မယ်နော် အစ်ကို"

"အေး - ဟုတ်တယ်၊ အစ်ကို လည်း အဲဒီအကြောင်းကိုပဲ အခုစဉ်းစား နေတာ။ အဲဒီကိစ္စကို မင်းနဲ့တိုင်ပင်ချင်လို့ အခုလိုထိုင်ခိုင်းရတာပဲ။ အခုအဘ အောင်မင်းခေါင်က ရွှေမကျီးတောကို လာခဲ့ဖို့ အိပ်မက်ထဲမှာပြောတော့ အစ်ကိုက ရွှေမကျီးတောကိုသွားချင်ပေမယ့် အဲဒီနေရာကိုမသိဘူးဖြစ်နေတယ်။ အစ်ကိုတို့က ပုဂံနဲ့ပုပ္ပားကိုသာ အမြဲတမ်းသွားနေပေမယ့် ရွှေမကျီးတောအောင်မြေကို တစ်ခါမှမသွားဖူးဘူး။ မရောက်ဖူးဘူး။ သတိလည်းမထားမိဘူး။ အစ်ကို့ အသိမိတ်ဆွေတွေဆီကလည်း ရွှေမကျီးတောကို ရောက်ဖူးတယ်လို့ပြောသံကို တစ်ခါမှမကြားရဘူး။ အဲဒါကြောင့် မင်းရဲ့အသိမိတ်ဆွေတွေထဲမှာ ရွှေမကျီးတောကိုသိစဲ့သူ၊ ရောက်ဖူးတဲ့သူများရှိမလားလို့ မေးမလို့ပါ"

ကျွန်ုပ်မှ ပြောလိုက်သောအခါ ကျွန်ုပ်၏ဇနီးမှ -

"ဟင့်အင်း - သိမှာမဟုတ်ဘူး။ ခရီးတွေအမြဲတမ်းထွက်နေတဲ့ အစ်ကို့ရဲ့ မိတ်ဆွေတွေတောင်မသိတဲ့ဟာကို ညီမရဲ့မိတ်ဆွေတွေဆိုရင် ဘယ်လိုလုပ်သိနိုင်ပါ့မလဲ"

ဟု ပြန်ပြောလေသည်။ ပြီးတော့ ကျွန်ုပ်၏ဇနီးမှဆက်လက်၍ -

"ကဲကဲ-အစ်ကို၊ နောက်မှစဉ်းစား တော့။ အခုတော့ ရေမိုးချိုးလိုက်ပြီး မနက်စာအဆာပြေစားဖို့လုပ်တော့"

www.burmeseclassic.com

www.burmeseclassic.com

အာရုံကျူးခဲ့သော ဓါးကထေး

ဓါးကထေး။ ။ဓါးကထေး။ ။ဓါးကထေး

အထပေးတဲ့ ဆုံးဖြတ်သော ဓါးကထေး

ကျွန်ုပ်သည် ထိုင်နေရာမှထကာ ခြေခန်းသို့ဆွဲ၍ ရေချိုးသန့်စင်လိုက်သည်။ ရေချိုးသန့်စင်ပြီးသောအခါ နေ့တိုင်းအဆောပြေကို ကျွန်ုပ်၏ဇနီးနှင့် အတူတကွစားသုံးပြီး မြို့ထဲရှိ ကျွန်ုပ်တို့အလုပ်ရှိရာသို့ နှစ်ဦးသား အတူတကွ ထွက်လာခဲ့ပါသည်။ အလုပ်ကိုရောက်သော် ကျွန်ုပ်သည် စိတ်ထဲ၌ ရွှေမကျီးသော ရွှေမကျီးတောဆိုပြီး အကြိမ်ကြိမ် ရေရွတ်နေမိသည်။ ထို့ကြောင့် အလုပ်၌ပင် ကျွန်ုပ်၏သူငယ်ချင်းများဆီသို့ဖုန်းဆက်၍ အဘအောင်မင်းခေါင်လာခဲ့ရန် ခြွေသော ရွှေမကျီးတောအောင်မြေကို သတင်းရလို့ရခြားသိချင်လို့သောစိတ်ဖြင့် မေးမြန်းစုံစမ်းလိုက်ပါသည်။ သို့သော် နှစ်တစ်လုံးပြီးတစ်လုံး သူငယ်ချင်းတစ်ယောက်ပြီးတစ်ယောက်ဆီသို့ ဖုန်းဆက်ကာ အဘအောင်မင်းခေါင်လာခဲ့ရန် ခြွေသော ရွှေမကျီးတောအောင်မြေကို မေးမြန်းသော်လည်း အခြေအနေက ထူးခြားနားမသိဘူးဟုပင် အဖြေထွက်ခဲ့တော့သည်။ သည်လိုနှင့် ကျွန်ုပ်လည်း ရွှေမကျီးတောအောင် မြေရှာဖွေခြင်းကိစ္စမှာ ခက်ခဲသဖြင့် မေ့ထားလိုက်ပါသည်။ ထိုကဲ့သို့ မေ့မေ့ပျောက်ပျောက်ထားခဲ့ရင်း (၇) ရက်မြောက်သောညဉ့် ကျွန်ုပ်သည် ထိုအိပ်မက်ကို တစ်ခါထပ်မြင်မက်ပြန်သည်။ အိပ်မက်ထဲ၌ အဘအောင်မင်းခေါင်က ပထမကမက်ခဲ့သော အိပ်မက်အတိုင်းပင် ကျွန်ုပ်အား-

"မင်းရွှေမကျီးတောအောင်မြေမှာ ဘုံပြီး အဓိဋ္ဌာန်ဝုတ်ပင်တော့၊ အဲဒါ ဘာဖြစ်လို့မတောသေးတာလဲ၊ ဘာလုပ်နေတာလဲကွ"

ဟု ထပ်မံအိပ်မက်မက်ပြန်သည်။ ဒီတစ်ခါလည်း ကျွန်ုပ်သည် ပထမတွန်းကအတိုင်းပင် နှစ်ထပ်မိုးလင်းသော် ညဉ့်ခန်းထဲတွင်ထိုင်နေပြီး စဉ်းစားနေပြန်သည်။ ထိုအခါ ဇနီးမှ ကျွန်ုပ်အား ညဉ့်ခန်းထဲမှာထိုင်နေတာကို မြင်လိုက်ရသဖြင့် -

"ဟော - အစ်ကို၊ ဘာအိပ်မက် တွေထပ်ပြီးမက်ပြန်ပြီလဲ"

ဆိုပြီးတော့ ကျွန်ုပ်အားမေးလိုက်သောအခါ -

"ဒေါ်းကွာ၊ အဘအောင်မင်းခေါင်ကို ဟိုတစ်ခေါက်ကလိုပဲ အိပ်မက်ထပ်ပြီးမက်တယ်၊ ဒီတစ်ခါကျတော့ အဘက မင်းရွှေမကျီးတောအောင်မြေကိုလာခဲ့တော့။ ဘာလုပ်နေတာလဲကွလို့ ထပ်ပြီးပြောတယ်။ ငါလည်း အဲဒီအိပ်မက်က နှစ်ခါတောင်ရှိနေပြီဆိုတော့ ဒါဟာ ထူးခြားနေပြီ။ သာမန်မက်တဲ့အိပ်မက်မျိုးမဟုတ်တော့ဘူးဆိုတာကိုသိလို့ ဘာဆက်လုပ်ရင်ကောင်းမလဲဆိုပြီးတော့ စဉ်းစားရခက်နေတယ်။ အဘကလည်း ခေါ်နေတာ နှစ်ခါတောင်ရှိနေပြီ။ အဘအောင်မင်းခေါင်လာခိုင်းတဲ့ ရွှေမကျီးတောဆိုတာကိုလည်း ငါကလုံးဝကိုမသိ၊ ရှာဖွေစုံစမ်းပြီးမေးတော့လည်း ဘယ်မှာရှိလဲဆိုတာကို ဘယ်သူမှမသိကြဘူး။ ခက်တော့ခက်နေပြီကွာ"

ဟု ကျွန်ုပ်၏ခန်းအား ပြန်ပြောပြလိုက်ပြီး ရေချိုးခန်းရှိရာသို့လျှောက်လှမ်းသွား၍ ရေမိုးချိုးသန့်စင်ပြီး နံနက်စာအဆာပြေကိုစားသုံးကာ အလုပ်သို့ထွက်လာခဲ့ပါသည်။ အလုပ်ကိုရောက်သည်နှင့် ကျွန်ုပ်သည် အပေါ်ထပ်ရှိ ကျွန်ုပ်၏ခန်းခန်းသို့တန်းဝင်ကာ ထိုင်လိုက်ပြီး ရွှေမကျီးတောရှာပုံတော်အကြောင်းကို စဉ်းစားမိ၍ ရင်မောစွာဖြင့် သက်ပြင်းချလိုက်မိသည်။

"ဟူး - တော်တော်လေးကိုရှာရခက်ပါလား အဘရေ အဘရဲ့။ အဘကသာလာခဲ့ဖို့ခေါ်နေတာ ကျွန်တော့်မှာတော့ အခုထက်ထိကို ရွှေမကျီးတောအောင်မြေကိုမသိရသေးဘူး အဘရဲ့"

ဟု ရုံးခန်းထဲမှာအော်ပြီးတော့ အဘအောင်မင်းခေါင်ကို တမ်းတပြီး ပြောလိုက်သည်။ ထူးခြားနေသည်မှာ ထိုကဲ့သို့ အသာအားတမ်းတပြီးပြောပြောပြီးလိုက်သည်နှင့် တစ်ရှိန်တည်းထဲမှပင် ယခု ကျွန်ုပ်ထိုင်နေသော ရုံးခန်းနံရံ

www.burmeseclassic.com

www.burmeseclassic.com

လေးဖက်ဆီမှ တစ်ပြိုင်တည်းထပြီး အိမ်မြောင်စုတ်ထိုးသံတို့ကို ကြားလိုက်ရလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုကဲ့သို့ အိမ်မြောင်စုတ်ထိုးသံများနှင့် အတူ ကျွန်ုပ်သည် ဦးခေါင်းမှစ၍ တစ်တိုယိလုံး ကြက်သီးမွေးညင်းများထသွားပါတော့သည်။ ကျွန်ုပ် ကောင်းကောင်းကြီး သိလိုက်ပါပြီ။ ထူးခြားမှုရှိတော့မည်။ ဒီလိုနှင့် နေ့တာကုန်၍ ညဘက်အိပ်ချိန်ကိုရောက်တော့ ကျွန်ုပ် အိပ်ရာသို့ဝင်ခဲ့သည်။ ကျွန်ုပ်က ဒီနေ့တော့ ထူးခြားလိမ့်မည်ဟု ထင်ထားသည့်အတိုင်းပင် ကျွန်ုပ်အိပ်မျော်နေစဉ် ကျွန်ုပ်၏နားထဲသို့ စကားသံတစ်ခုဝင်လာပါသည်။

"လူကလေး၊ မင်းရဲ့ဘုရားခန်းထဲမှာ အဘအောင်မင်းခေါင်ကြီးကြွလာတယ်။ ထ၊ ထ အဘအောင်မင်းခေါင်ကြီးက မင်းကိုခေါ်နေတယ်"

ဟု ဆိုပြီး ကြားလိုက်ရသဖြင့် ကျွန်ုပ် အိပ်ရာထက်မှ လူးလဲထကာ ဘုရားခန်းထဲသို့ဝင်လိုက်သည်နှင့် မဟိဒ္ဓိဝိဇ္ဇာခိုရဲကြီး အဘအောင်မင်းခေါင်ကို ဘုရားခန်းထဲရှိ ဘုရားဆောင်အောက်၌ ခဲ့သားစွာ တွေ့လိုက်ရပါသည်။ ထိုအခါ ကျွန်ုပ်သည် အဘအောင်မင်းခေါင်ကြီးကို ရိုရိုသေသေဖြင့် ထိုင်ပြီးကန်တော့လိုက်ပါသည်။ ထိုသို့ကျွန်ုပ်ကန်တော့ပြီး ဦးခေါင်းပြန်အမော့၌ အဘအောင်မင်းခေါင်မှ ကျွန်ုပ်အား စပြီးစကားပြောပါတော့သည်။

"ပေ့ကောင်ကြီး၊ မင်းအခုထိကို ရွှေမကျီးတောကို မလာနိုင်သေးဘူးလား ကွ"

ဟု ပြောသောအခါ ကျွန်ုပ်မှ အဘအား -

"ဟုတ်ကဲ့ အဘ၊ ကျွန်တော် တကယ်လာချင်နေတာပါ။ အဘကိုလည်း ရိုသေလေးစားပါတယ်။ အားလည်း အားကိုးပါတယ် အဘ။ အဘကပေးလို့၊ အဘကကျေးလို့၊ အဘကဆောင်ကြည့်ရှုပေးလို့ ကျွန်တော့်ရဲ့စီးပွားရေးတွေ အောင်မြင်နေတာပါ အဘ။ ဒါကြောင့် အခု အဘခေါ်တဲ့ ရွှေမကျီးတောအောင်မြေကို ကျွန်တော် ချက်ချင်းလာချင်ပါတယ် အဘ။ ဒါပေမယ့် ဘယ်လိုမှကို စုံစမ်းလို့ကိုမရဘူးဖြစ်နေတယ်။ အဲဒါ ကျွန်တော်ဘယ်လိုလုပ်ရမလဲ။ အဘကိုယ်တိုင်ပဲ ကျွန်တော့်ကို ညွှန်ကြားပြသပေးလိုက်ပါတော့ အဘ"

ဟုဆိုပြီး ကျွန်ုပ်မှပြောလိုက်သောအခါ အဘ အောင်မင်းခေါင်မှ -

"အေး - ဒါဆိုရင်လည်းလမ်းညွှန်ရတာပေါ့ကွာ။ နောက်ဆိုရင် မင်းမြဲမြံမှတ်ထားကွ။ မင်းခေါင်ခေါ်တာ၊ အကြောင်းရှိလို့ခေါ်တာ၊ မင်းခေါင်ပြောရင် အကြောင်းရှိလို့ပြောတာ၊ မင်းခေါင်ခိုင်းရင် အကြောင်းရှိလို့ခိုင်းတာ ကိစ္စတစ်ခုခိုင်းလိုက်ရင်လည်း ချက်ချင်းလုပ်မှသဘောကျတယ်။ အခုတစ်ခါတည်းမင်းမှတ်ထားလိုက်။ မင်းခေါင်ခေါ်ရင် အကြောင်းရှိလို့ ကြိုးပြီးသိလို့ ကြိုးပြီးမြင်လို့ ကြိုတင်ပြီးပြင်ဆင်ရအောင်လို့ခေါ်တာကွ။ အခု မင်းက ရွှေမကျီးတောကို လမ်းစဖော်လို့မရဘူးဆိုရင် ကူညီရတာပေါ့ကွာ။ နောက်ဆိုရင် မြဲမြံမှတ်ထား။ မင်းခေါင်းစကားကိုနားထောင်၊ မင်းခေါင်ခေါ်ရင် ချက်ချင်းလာကွ"

ဟုပြောပြီး ကျွန်ုပ် အိပ်မက်မှ လန့်နိုးသွားပါသည်။ ထူးဆန်းနေသည်မှာ အိပ်မက်မှလန့်နိုးသည်နှင့် အိပ်မက်ထဲ၌ အဘအောင်မင်းခေါင်ပြောသောစကားသံသည် အပြင်ဘက်တွင် ကျွန်ုပ်၏ နားထဲ၌ တကယ်ကြားလိုက်ရပါသည်။ ဤသို့ဖြင့် နံနက်မိုးလင်းသောအခါ ကျွန်ုပ်၏ဇနီးအား ညကအိပ်မက်ထဲတွင် အဘလာသွားကြောင်းနှင့် မင်းခေါင်ခေါ်ရင်ချက်ချင်းလာဟု အဘမှပြောသွားကြောင်း အကြောင်းစုံကို ရှင်းပြလိုက်လေသည်။

ထိုအခါ ကျွန်ုပ်၏ဇနီးမှ -

"အင်း - ဒါဆိုရင် အဘအောင်မင်းခေါင်က အိပ်မက်ထဲမှာ အစ်ကိုကို ရွှေမကျီးတောရှိတဲ့နေရာကိုပြောမသွားဘူးဆိုရင် ဒီနေ့တော့ ထူးခြားမှုရှိလိမ့်မယ်။ ဒီနေ့ သေသေချာချာကိုသတိထားပြီး စောင့်ကြည့်ရမယ်"

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်မှလည်း ဇနီးအား-

"အေး- အစ်ကိုလည်း ဓိတ်ထဲကနေ ဒီနေ့ထူးခြားလိမ့်မယ်လို့ ထင်နေတယ်"

ဟု ထောက်ခံပြောလိုက်သည်။ ထို့နောက် ကျွန်ုပ်တို့ဇနီးမောင်နှံသည် နိစ္စဓူဝထုံးစံအတိုင်း နံနက်စာအဆာပြေစားသောက်ကြပြီး အိမ်မှနေ၍ အလုပ်သို့ ကားဖြင့်ထွက်ခွာလာခဲ့ပါသည်။ ခဏအကြာ၌ ကျွန်ုပ်၏အလုပ်ရှိရာ ဆိပ်ရှေ့သို့ရောက်ရှိသဖြင့် ကားကိုရပ်လိုက်ပါသည်။ ကားရပ်ပြီး၍ ကားပေါ်မှ ကျွန်ုပ် ဆင်းလိုက်သည်နှင့် မေတ္တာပို့သနေသောအသံတစ်သံကို ကြားလိုက်ရပါသည်။

"သတ္တဝါတွေအားလုံး ကျန်းမာလို့ ချမ်းသာကြပါစေ၊ ခုနစ်ရက်သားသမီးများအားလုံးလည်း ကိုယ်၊ နှတ်၊ နှလုံးသုံးပါးစလုံးသန့်ရှင်းစင်ကြယ်၍ သုတော်ကောင်းတရားများကို အားထုတ်နိုင်ကြပါစေ။ သူယုတ်မာများနှင့်လည်း ကင်းဝေးကြပါစေ။ ဝိဇ္ဇာရှစ်သောင်း ဆရာသခင်အပေါင်းတို့လည်း စောင့်ရှောက်ကူညီပြီး မ,စနိုင်ကြပါစေ"

ဟူသော ကျက်သရေရှိသည့် မေတ္တာပို့သံကိုကြားရသဖြင့် ကျွန်ုပ်သည် ချက်ချင်းပင် အသံလာရာဆီသို့ လှမ်းကြည့်လိုက်ပါသည်။ ထိုကဲ့သို့ကြည့်လိုက်သောအခါ မေတ္တာပို့သောအသံမှာ တခြားမဟုတ်၊ ရသေ့တစ်ပါးဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ ထိုရသေ့သည် ဒေါက်ခြာကိုခေါင်းမှာဆောင်းထားပြီး ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးများနှင့် အညိုရောင်သင်္ကန်းခပ်နွမ်းနွမ်းကိုရုံထား၍ ကြိမ်ပလိုင်းကိုသိုင်းလွယ်ထားပြီး တောင်ဝှေးကိုထောက်ကာထောက်ကာဖြင့် လမ်းလျှောက်လာပါသည်။ ထိုပုံစံကိုမြင်ရသဖြင့် ကျွန်ုပ်သည် ကြည်ညိုသွားသဖြင့် ထိုရသေ့အားလှူဒါန်းရန် အိတ်ကပ်ထဲမှ ပိုက်ဆံငါးထောင်ကိုထုတ်လိုက်ပြီး လက်အုပ်ချီ၍ စောင့်နေလိုက်ပါသည်။ ခဏအကြာ၌ ရသေ့သည် ကျွန်ုပ်၏အရှေ့သို့ ရောက်ရှိလာပါတော့သည်။ ထိုအခါ ကျွန်ုပ်သည် ရသေ့၏ပလိုင်းထဲသို့ ငါးထောင်အားလှူဒါန်းလိုက်ပါသည်။ ဤသို့ ကျွန်ုပ် လှူဒါန်းလိုက်သည်နှင့် တစ်ပြိုင်တည်း ဘရသေ့သည် ကျွန်ုပ်၏ မျက်နှာကို စိုက်ပြီးကြည့်နေပါသည်။ ပြီးတော့ ဘရသေ့မှ -

"လူလေး၊ မင်းသွားချင်နေတဲ့ ရွှေမကျီးတောအောင်မြေက သူတော်ကောင်းကြီးများပျော်စံရာ ပုပ္ပားတောင်ကလပ်မှာရှိတယ်ကွယ့် လူလေးရဲ့"

ဟု ပြောပြီး ဖြည်းဖြည်းချင်း တောင်ဝှေးကိုထောက်ကာထောက်ကာဖြင့် ထွက်ခွာသွားပါသည်။ ငါမျက်နှာကို ကြည့်ပြီး ဘရသေ့က ငါသွားချင်တဲ့နေရာကို ဘယ်လိုလုပ်ပြီးသိတာလဲဟု အံ့သြစွာဖြင့်မှင်တက်နေစဉ် ဇနီးဖြစ်သူမှ ကျွန်ုပ်၏ပခုံးကိုပုတ်၍ -

"အစ်ကို၊ ဘာကိုငိုင်ပြီးရပ်နေတာလဲ။ ဟိုဘရသေ့ကြီးက အစ်ကို့ကိုဘာတွေများပြောသွားတာလဲ"

ဆိုပြီး မေးတော့မှ ကျွန်ုပ်သည် သတိရပြီး ဘရသေ့ကြီးအား ရှာကြည့်လိုက်သည်။ သို့သော် ရသေ့ကြီးကို အရိပ်အယောင်တောင် မတွေ့ရတော့

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကျွန်ုပ်တောင်ကြည့်မြောက်ကြည့်ကြည့်နေသဖြင့် ကျွန်ုပ်၏ဇနီးမှ ကျွန်ုပ်အား -

"အစ်ကို၊ ဘရသ့ေကိုရှာနေတာ ဘရသ့ေကသွားပြီ၊ မရှိတော့ဘူး"

ဟု ပြောသောအခါမှ -

"အေး - ဟုတ်တယ်။ ဘရသ့ေက ဘုရားကို ရွှေမကျီးတောရှိတဲ့နေရာကို ပြောပြသွားတယ်ကွ"

ဆိုပြီး ကျွန်ုပ်မှ ပြန်ပြေလိုက်သောအခါကျမှ ကျွန်ုပ်၏ဇနီးမှလည်း -

"ရှင် - ဟုတ်လား"

ဟုသာပြောပြီး သူလည်း အံ့သြသွားပါသည်။

သို့ဖြင့် ကျွန်ုပ်တို့သည် ရွှေမကျီးတောအောင်မြေကို ရှာဖွေရန်အတွက် သူတော်ကောင်းကြီးများ ပျော်စံရာ ဘုရားတောင်ကလပ်ရှိရာသို့ ခရီးထွက်ခဲ့ကြသည်။ ကျွန်ုပ်တို့မောင်းနှင်လာသောကားသည် ကျောက်ပန်းတောင်းသို့ ရောက်မီ လမ်းခရီး၌ လက်ပံပြားရွာ ဆောင်ထမင်းဆိုင်တွင် ကားကို ခေတ္တရပ်၍ ထမင်းစားကြပြီး ဆက်လက်၍ ဘတ်ကွာလာရာ နေ့လယ်(၂)နာရီကျော်ခွင် ပုဗ္ဗားတောင်ကလပ်နားရှိ ဦးပရမတ္ထသိဒ္ဓိကျောင်းရှေ့သို့ ရောက်ရှိခဲ့ပါသည်။ သို့သော် တောင်ကလပ်သို့သွားရာ လမ်း တောင်အဆင်းလမ်းသည် လမ်းပြင်နေသဖြင့် ဦးပရမတ္ထသိဒ္ဓိကျောင်းရှေ့ မှ မျောက်စာများရောင်းချနေသည့် အောင်မလေးအား ကျွန်ုပ်မှ -

"ဟေ့ - ညီမလေး ခဏ၊ ခဏ"

ဟုပြော၍ လက်ပြကာခေါ်လိုက်သည်။ ထိုအခါ မျောက်စာရောင်းသော အောင်မလေးသည် ကျွန်ုပ်ရှိရာ ကားဆီသို့ ရောက်ရှိလာပါသည်။

"ဟုတ်ကဲ့ပါ အစ်ကို၊ မျောက်စာ ဘူးမလို့လား။ သုံးထုပ်မှ ငါးရာပဲကျပါတယ်"

"မျောက်စာဝယ်ဖို့ မဟုတ်ဘူး။ ညီမလေးကို မေးစရာရှိလို့ပါ။ ဒီလို ညီမလေး၊ အစ်ကိုတို့က ဒီပုဗ္ဗားတောင်ကလပ်ကို မကြာခဏာရောက်တယ်။ ဒီလိုနဲ့ မကြာခဏာရောက်ပေမယ့် ရွှေမကျီးတောအောင်မြေနေရာကို ပုဗ္ဗားတောင်ကလပ်ရဲ့ ဘယ်လိုနေရာမှာရှိသလဲဆိုတာကို အစ်ကိုတို့မသိဘူး။ အဲဒါကို ညီမလေးသိရင် လမ်းညွှန်ပြပေးပါဦး။ ရွှေမကျီးတောကိုသွားချင်လို့။ ဦးတူတော့မှပဲ ညီမလေးဆီကနေ မျောက်စာတွေကိုအားပေးမယ်"

ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက် မျောက်စာရောင်းသည့်ကောင်မလေးမှ ကျွန်ုပ်အား -

"ဟာတော့ - အစ်ကိုကတော့ လုပ်ချလိုက်ပါပြီ။ ပုဗ္ဗားကိုလည်း မကြာခဏာလာတယ်ပြောတယ်၊ ရွှေမကျီးတောကိုတောင် မသိဘူးလား။ အခု အစ်ကို့ကားရပ်ထားတဲ့လမ်းရှေ့တည့်တည့်က တောင်ဆင်းလမ်းအတိုင်း ကားမောင်းပြီး သွားရင် နီးနီးလေးပဲ။ ဒါပေမယ့် အခု အဲဒီတောင်အဆင်းလမ်းက လမ်းခင်းနေတယ်ဆိုတော့ ပုဗ္ဗားဂေါက်ကွင်းရှိတဲ့ ဘက်ကနေပြီးတော့သွားရမှာ၊ ဒီကနေညီမကို ဟိုကွေ့ ဒီကွေ့ဆိုပြီးတော့ လမ်းညွှန်ပြရင် အစ်ကိုနားလှည့်ပြီး မှက်စိလည်ပြီး လမ်းမှားသွားလိမ့်မယ်။ အဲဒါကြောင့် ညီမက အစ်ကို့ကားနဲ့လိုက်ပြီးတော့ လမ်းညွှန်ပေးမယ်လေ။ ဟိုရောက်ရင် ညီမကို မုန့်ဖိုးပေးပေါ့"

လို့ဆိုပြီး မျောက်စာရောင်းသည့် ကောင်မလေးမှပြောသောအခါ ကျွန်ုပ်မှလည်း -

"အေး - ရပါတယ်။ အခုလိုမျိုး လိုက်ပြီးတော့ လမ်းညွှန်ပြတာကိုပဲ ကျေးဇူးအရမ်းတင်ပါတယ်။ ဒါနဲ့ ညီမက မျောက်စာရောင်းရင် တစ်ရက်ကို အမြတ် ဘယ်လောက်ရသလဲ"

ဟု ကျွန်ုပ်မှမေးလိုက်သောအခါ ထိုကောင်မလေးက -

"ညီမက မျောက်စာရောင်းရင် တစ်ရက်ကို သုံးထောင်လောက်မြတ်တယ်"

ဆိုပြီး ပြန်ဖြေသောအခါ ကျွန်ုပ်မှ ထိုမျောက်စာရောင်းသောကောင်မလေးအား -

"အေး - ဒါဆိုရင် ညီမလေး မျောက်စာရောင်းရတဲ့တစ်ရက်စာအမြတ် ဝင်ငွေထက်ပိုပြီး ညီမလေးကို အစ်ကိုက မုန့်ဖိုးငါးထောင်ပေးမယ်။ ဖြစ်တယ် မဟုတ်လား"

ဟု ပြောလိုက်သောအခါ ကောင်မလေးမှ -

"အဲဒီလိုမျိုးမုန့်ဖိုးပေးမယ်ဆိုရင်တော့ ကျေးဇူးအရမ်းတင်ပါတယ် အစ်ကို"

ဆိုပြီး ဝမ်းသာအားရဖြင့်ပြန်ပြောပါသည်။ ထို့နောက် ကျွန်ုပ်မှ -

"ကဲ၊ ကဲ - ဒါဆိုရင်လည်း ညီမလေးကားပေါ် ကိုတက်တော့"

ဆိုပြီး မျောက်စာရောင်းသည့် ကောင်မလေးအား ရွှေမကျီးတောအောင်မြေသို့လမ်းညွှန်ပြရန် ကားပေါ်သို့ခေါ်ဆောင်လာခဲ့ပါသည်။ ထို့နောက် ပုဗ္ဗားတောင်ကြီးကို ကွေ့ကာဝိုက်ကာဖြင့် တောင်တက်တောင်ဆင်းများကို မိနစ်(၃၀)ခန့် ကားမောင်းလာပြီးသောအခါ မုခ်ဦးတစ်ခု၏အရှေ့သို့ရောက်ရှိလာပါသည်။ ထိုမုခ်ဦးရှေ့သို့ရောက်သောအခါ မျောက်စာရောင်းသောကောင်မလေးမှ ကားမောင်းနေသော ကျွန်ုပ်အား -

"ရပြီ ရပြီ အစ်ကို၊ ကားရပ်လိုက်တော့၊ ဒါရွှေမကျီးတောအဝင်ဝမုခ်ဦးပဲ"

ဟုဆိုပြီးတော့ ကားကိုရပ်ခိုင်းကာ တဲခါတိုဖွင့်၍ကားပေါ်မှဆင်းလာသည်။ ထိုအခါ ကျွန်ုပ်သည် မျောက်စာရောင်းသောကောင်မလေးကိုပြောခဲ့သောစကားအတိုင်း မုခ်ဦးငါးထောင်ပေးလိုက်သည်နှင့် ထိုကောင်မလေးသည် ကျွန်ုပ်တို့ကို နှုတ်ဆက်ကာပြန်သွားလေတော့သည်။

ထို့နောက် ကျွန်ုပ်တို့သည် မုခ်ဦးရှိရာ ခြံထဲသို့ ကားကိုမှီးကွေ့ပြီးဝင်လိုက်ပါသည်။ ထိုခြံထဲသို့ ဝင်လိုက်သည်နှင့် နှစ်ထပ်အိမ် အဆောက်အအုံအရှေ့၌ အဘိုးကြီးတစ်ဦးသည် တဘက်အဖြူကို ခေါင်းမှာပေါင်းထားပြီး ပလေကပ်ပုဆိုးကို ဝတ်ဆင်ကာ မတ်တတ်ရပ်နေသည်ကို မြင်တွေ့ရသဖြင့် ကျွန်ုပ်သည် ရွှေမကျီးတောအောင်မြေနေရာကို မေးမြန်းစုံစမ်းမည်ဟုစဉ်းစားမိပြီး ထိုလူကြီး၏ဘေးသို့ ကားကိုရပ်လိုက်သည့်အခါတွင် ကျွန်ုပ်ထင်မထားသောစကားနှင့် ထိုအဘကြီးသည် ကျွန်ုပ်အား ဧည့်ဝတ်ပြုကာ ဣရိယာသို့ ဆီးကြိုလိုက်ပါသည်။

"အေး - မင်းအခုမှပဲရောက်လာတော့တယ်နော်။ ငါ့မှာတော့ဖြင့် မင်းကို ဘယ်နေ့ဒီကိုရောက်လာမလဲဆိုပြီးတော့ မျှော်လိုက်ရတာ လေးငါးရက်တောင်ရှိနေပြီ"

ဟု ဆိုသောအခါ ကျွန်ုပ်နှင့်ကျွန်ုပ်၏ဇနီးတို့သည် အလွန်ပင်အံ့သြသွားပါသည်။ အဘယ်ကြောင့်ဆိုသော် အခု ရောက်ရှိနေသော ရွှေမကျီးတောအောင်မြေသို့ ကျွန်ုပ်တို့ဇနီးမောင်နှံသည် ယခုအချိန်အခါမှသာ ပထမဦးဆုံး ခြေချမိခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် ယခုကဲ့သို့ ကျွန်ုပ်အား ဆီးကြိုပြီးစကားပြောလိုက်သော အဘိုးကြီးကိုလည်း ယခုတွေ့ဆုံခြင်းသည် ပထမဦးဆုံး အကြိမ်တွေ့ဆုံခြင်းသာ ဖြစ်သည်။ ဤကဲ့သို့ တစ်ခါမှ မကြုံဆုံဘူးသောအဘကြီးမှ ယခုကဲ့သို့ ပြောလိုက်သဖြင့် လွန်စွာမှ အံ့သြသွားသည်။ ထို့နောက် ကျွန်ုပ် ထိုအဘိုးကြီးကို -

"အဘက ကျွန်တော် ဒီရွှေမကျီး

www.burmeseclassic.com

www.burmeseclassic.com

တောကိုရောက်လာမှာကို ကြိုတင်ပြီးသိလို့လား။ ပြီးတော့ မုခ်ဦးအဝင်မှာလည်း ရွှေမကိုးတောအောင်မြေလို့ရေးထားတာကို ကျွန်တော် မတွေ့လိုက်မိဘူး"

ဟု မေးလိုက်သောအခါ ထိုအဘိုးကြီးမှ ကျွန်ုပ်အား -

"အေး - မင်းလာလိမ့်မယ်ဆိုပြီးတော့ လွန်ခဲ့တဲ့(၄)ရက်၊ (၅)ရက်လောက်က အဘအောင်မင်းခေါင်ကြီးက ငါ့ကို ပြောထားတယ်။အခုလည်း မင်းမရောက်ခင် (၁၅)မိနစ်အလိုလောက်က မင်းလာနေပြီ၊ သွားပြီးတွေ့ဆိုပြီး လုပ်စရာရှိတဲ့ကိစ္စတွေကို ပြည့်ပြည့်စုံစုံအကုန်လုပ်ပေးလိုက်ဆိုပြီးတော့ အခုလေးတင်ပဲ မှာကြားသွားတယ်။ နောက်ပြီးတော့လည်း မင်းက ဒီအောင်မြေမှာ အဓိဌာန်ပန္နက်စိုက်ရမယ်လို့ပြောတယ်။ အဲ့ - စောစောတုန်းက မင်းမေးတာ မုခ်ဦးမှာ ဘာဖြစ်လို့ ရွှေမကိုးတောအောင်မြေဆိုပြီး ရေးထားတဲ့စာလုံးတွေလည်း မတွေ့လိုက်မိဘူးလို့ မင်းပြောစာယ် ဟုတ်တယ်နော်။ အမှန်ကတော့ ရေးထားပါတယ်။ မင်းသေသေချာချာမကြည့်လို့ပါ။ စာလုံးကသေးနေလို့ မမြင်တာပါ။ မုခ်ဦးအဝမှာ စာလုံးကြီးကြီး ရေးမထားဘူးဆိုတာက ငါ့ကို အဘအောင်မင်းခေါင်ကြီးက တောက်တဲ့မတွန်ရဘူးတဲ့။ အဓိပ္ပာယ်ကတော့ကွာ ဂုဏ်မဖော်ရဘူးလို့ ဆိုလိုချင်တဲ့အဓိပ္ပာယ်ပဲ။ ပြီးတော့ အဘအောင်မင်းခေါင်ကြီးက ဒီရွှေမကိုးတောနဲ့ပတ်သက်ပြီးပြောဖူးတဲ့စကားရှိတယ်။ ဒီနေရာကို အဘက သူ့ရဲ့တပည့်သားသမီးတွေ၊ ပဋ္ဌာန်းဆက်ရှိတဲ့သူတွေကို အိပ်မက်နဲ့ပဲဖြစ်ဖြစ် မနောနဲ့ပြောပြီးပဲဖြစ်ဖြစ် ဒီနေရာကိုလွှတ်မယ်လို့ပြောတယ်။ ဒါကြောင့် ပုပ္ပားနယ်သားမဟုတ်ဘူးဆိုရင် ဒီနေရာကိုသိပ်ပြီးတော့မသိကြဘူး။ ဒါ့ကြောင့်လည်း မင်း ရွှေမကိုးတောကိုရှာရခက်နေတာပေါ့ကွာ"

ဟု ရှင်းပြလေသည်။ ထိုသို့ရှင်းပြပြီးသည်နှင့် အဘကြီးမှ ကျွန်ုပ်တို့အား-

"လာ - ငါနဲ့လိုက်ခဲ့ကြ၊ မင်းတို့ကို အရိပ်တကာ့အရိပ်ထဲမှ အအေးမြေဆုံးအရိပ်ကို ခိုလှုံခွင့်ပေးမယ်။ လာ - ငါ့နောက်ကိုလိုက်ခဲ့ကြ"

ဟု ခေါ်သောအခါ ကျွန်ုပ်တို့ဇနီးမောင်နှံသည် ထိုအဘိုးကြီး၏နောက်သို့ လိုက်သွားပါသည်။ ထိုသို့အနောက်မှ လိုက်သွားရင်းဖြင့် ကျွန်ုပ်မှ -

"အဘ၊ အဘရဲ့နာမည်ကိုသိပါရစေ အဘ"

ဟု မေးလိုက်လေသည်။

ထိုအခါ အဘကြီးမှ -

"အေး၊ အေး - မေးတော့လည်း ပြောရတာပေါ့ကွာ။ ငါ့ရဲ့နာမည်ကိုမှတ်ထား ရွှေမကိုးတောက ဦးမောဝိ ဆိုတာ ငါပဲ"

ဟုပြောပြီး လမ်းကို ဆက်လက်၍ လျှောက်နေပါသည်။ ထို့နောက် နောက်ထပ်နှစ်အဆောင်တစ်ခုကို တွေ့ရပါသည်။ ဆက်လက်၍ အဘဦးမောဝိမှ နောက်ထပ်နှစ်ထပ်အဆောင်၏ အပေါ် ထပ်လေ့ကားသို့ တက်သွားပြီး အပေါ်ရှိ ဝိတ်ထားသောအခန်းတံခါးကို ဖွင့်လိုက်ကာ ကျွန်ုပ်တို့ဇနီးမောင်နှံအား လေ့ကားထိပ်ရှိ တံခါးအဝမှနေ၍ -

"လာလာ - ဒီအပေါ် ထပ်ကိုတက်လာခဲ့။ ဒီအပေါ်မှာက အရိပ်တကာအရိပ်ထဲမှာ အကောင်းဆုံးအရိပ်၊ အအေးမြေဆုံးအရိပ် ထီးဖြူ(၁၀၈)လက်မြိုးထားတဲ့ ထီးရိပ်၊ နန်းရိပ်၊ တရားအရိပ်ပဲ"

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်တို့ဇနီးမောင်နှံတို့သည် အပေါ် ထပ်သို့လိုက်သွားပြီး မျက်နှာကြက်ဆီသို့မော့ပြီးကြည့်လိုက်ပါသည်။ ထိုသို့ကြည့်လိုက်သောအခါ ယခု ကျွန်ုပ်သို့ရောက်ရှိနေသောအခန်း၏မျက်နှာကြက်ပေါ်တွင် တစ်ခန်းလုံးအပြည့် ထီးဖြူများ (၁၀၈) လက်ပြည့်အောင် အပေါ်၌ချိတ်ဆွဲထားသည်ကို တွေ့ရပါသည်။ ထို့နောက် ဆက်လက်၍ အဘဦးမောဝိသည် အပေါ် ထပ်ရှိ ဘုရားဆင်းတုတော်အား ရှိခိုးဦးချကန်တော့ခိုင်းသဖြင့် ဦးချကန်တော့လိုက်ပါသည်။ ဤသို့ ကန်တော့ပြီးသည်နှင့် ဘုရားခန်း၏ဘေးရှိ အဘအောင်မင်းခေါင်၏ပုံတူရုပ်တုကြီးရှိရာသို့ခေါ်ဆောင်သွားပြီး ဦးချကန်တော့စေသည်။ ထိုသို့ပြုလုပ်ပြီးသည်နှင့် အဘဦးမောဝိမှ အဘ၏ပုံတူရုပ်တုရှေ့၌ -

"အဘရေ အဘ၊ အဘ့ အောင်မင်းခေါင်ကြီးခင်ဗျား၊ အဘပြောတဲ့ အဘရဲ့သားရောက်ရှိလာပါပြီခင်ဗျား"

လို့ လက်အုပ်ချီ၍ ပြောပြီး ခဏတာမျှငြိမ်သက်နေလေသည်။ ပြီးတော့မှ ကျွန်ုပ်ဘက်သို့ပြန်လှည့်၍-

"ရော့ - ဒီခမောက်ကိုဆောင်းထား။ ဒီခမောက်က သာမန်ခမောက်မဟုတ်ဘူး။ အဘအောင်မင်းခေါင်ကြီး ကချင်ပြည်နယ် နမ့်မားခရုချောင်းကျေးရွာမှာ သာသနာပြုခဲ့စဉ်အခါတုန်းက ဆောင်းခဲ့တဲ့ခမောက်"

ဆိုပြီးတော့ ကျွန်ုပ်၏ဦးခေါင်းပေါ်သို့ အဘအောင်မင်းခေါင်ဆောင်းခဲ့သော ခမောက်ကို ချက်ချင်းဆောင်းပေးပြီး အဘဦးမောဝိမှ -

"အောင်မင်းခေါင်ကြီးရဲ့ခမောက်မင်းရဲ့ဦးခေါင်းပေါ် ကိုလည်းရောက် သိပ္ပိတွေ အကုန်လုံးပြီးမြောက် ဟား ဟား ဟား"

ဟု ရယ်ပြီးတော့ အဘဦးမောဝိမှဆက်လက်၍ ကျွန်ုပ်အား -

"ရော့ - ပြီးရင် ဒါကိုလွယ်ထားလိုက်။ ဒါကလည်း သာမန်ပလိုင်းမဟုတ်ဘူး။ အဘအောင်မင်းခေါင်ကြီး ကချင်ပြည်နယ်မှာ သာသနာ့ဓာတ်ပန္နက်ရိုက်တုန်းကလွယ်ခဲ့တဲ့ပလိုင်း၊ ရော့-ဒီပလိုင်းကို မင်းလွယ်ထားလိုက်"

ဆိုပြီး ပေးတော့ ကျွန်ုပ်လည်း အဘအောင်မင်းခေါင်ကြီးလွယ်ခဲ့သော ပလိုင်းကို ချက်ချင်းလွယ်ပေးပြီး အဘဦးမောဝိမှ -

"အောင်မင်းခေါင်ကြီးရဲ့ ပလိုင်းကိုလွယ်၊ မင်းလည်း သာသနာပြုရတော့မယ်"

ဟု အဘဦးမောဝိမှပြောပြီး ခမောက်နှင့် ပလိုင်းလွယ်ထားသော ကျွန်ုပ်အား အဘဦးမောဝိမှ ပြုံးပြီးစိုက်ကြည့်နေပါသည်။ ခဏအကြာ၌ ဆက်လက်၍ အဘဦးမောဝိမှ -

"ရော့ - ဒါကိုသောက်၊ အဘအောင်မင်းခေါင်ကြီးကို ဆက်ကပ်ထားတဲ့ အဖန်ရည်"

ဆိုပြီးတော့ ကျွန်ုပ်အား အဘအောင်မင်းခေါင်ကြီးအား ဆက်ကပ်လှူဒါန်းထားသော ရေနွေးကြမ်းအား သောက်ခိုင်းလေသည်။ ထိုအခါ ကျွန်ုပ်က အဘဦးမောဝိပြောသည့်အတိုင်း သောက်ချလိုက်လေသည်။ ထိုသို့ပြုလုပ်ပြီးသည့်နှင့် အဘဦးမောဝိမှ -

"ဒါကို လူတော်တော်များများက ရေနွေးကြမ်းကပ်တယ်လို့ပြောကြတယ်။ အမှန်က အဲဒီလိုမပြောရဘူး။ အဖန်ရည်ကပ်တယ်လို့ပြောရတယ်။ အဲဒီလို အဖန်ရည်ကပ်တယ်လို့ပြောပြီးမှ ကိုယ်ကပြန်ပြီးစွန့်သောက်တော့ အောင်မင်းခေါင်ရဲ့ အဖန်ရည်ကိုသောက်၊ မင်းရဲ့အကြံအာဉာဏ်တွေ အကုန်ပြီးမြောက်ပေါ့ကွာ ဟား ဟား ဟား"

ဟု ဆိုပြီး ရယ်ပြန်၏။ ထို့နောက် ဆက်လက်၍ အဘဦးမောဝိမှ -

"မင်းအဘအောင်မင်းခေါင်ကြီးကို နေ့စဉ်နေ့တိုင်း ဘူးယားကပ်ကွာ။ သာသနာကို ဘူးယားကပ်တော့ မင်းတို့တွက် ထူးခြားတာပေါ့ကွာ"

ဟုပြောပြီး သူပြောသောစကား

www.burmeseclassic.com

www.burmeseclassic.com

များကို ကျွန်ုပ်အား သေသေချာချာမှတ်သားခိုင်းသည်။ ထို့ကြောင့် ကျွန်ုပ်လည်း သေသေချာချာ မှတ်သားထားပါသည်။ ထို့နောက် အဘဦးမောဝိမှ ဆက်လက်၍

"ကဲ-လာ၊ ငါနေတဲ့အဆောင်မှာရှိတဲ့ အဘဓောတ်ခန်းကိုသွားမယ်"

ဟု ခေါ်သဖြင့် အဘဦးမောဝိနောက်သို့ ဆက်လက်၍ လိုက်သွားပါသည်။ ထိုကဲ့သို့ အဘဦးမောဝိနောက်သို့လိုက်နေရင်းဖြင့် အဆောင်နှစ်ခုသို့ ရောက်သောလမ်း၌ အသက်(၅၀)ခန့်ရှိ လူကြီးနှစ်ဦးကို တွေ့လိုက်ရသည်။ ထိုလူကြီးနှစ်ဦးထဲမှ လူတစ်ယောက်ကို အဘဦးမောဝိမှ -

"ရော့-ငါ့အခန်းသော့ကိုယူသွား။ ငါ့ရဲ့အိပ်ဆောင်အခန်းကို ကြိုတင်ပြီး ရှင်းထားလိုက်၊ သွား - မြန်မြန်"

ဆိုပြီးပြောလိုက်သောအခါ အဘဦးမောဝိခိုင်းလိုက်သော လူကြီးတစ်ယောက်သည် ချက်ချင်းပင် ကျွန်ုပ်တို့၏ အနားမှပြေးထွက်သွားပါသည်။ ထိုအခါ ကျန်ခဲ့သော လူကြီးတစ်ဦးက ကျွန်ုပ်အား ပြုံးပြုန္တတ်ဆက်ပြီးတော့ ယခုကဲ့သို့ ပြောလေသည်။

"ငါ့ညီ၊ မင်းအရမ်းကံကောင်းတယ်။ အဘဦးမောဝိက ဘယ်သူ့ကိုမှ ဒီလိုဆောင်ရွက်ပေးစောကို ငါမတွေ့ဖူး။ မင်းက တော်တော်ထူးတဲ့ပဲ။ မင်းကံအရမ်းကောင်းတယ်"

ဟု ကျွန်ုပ်အား မှတ်ချက်ပြုလေသည်။ ထို့နောက် ကျွန်ုပ်သို့ဇနီးမောင်နှံသည် အဘဦးမောဝိခေါ်ဆောင်လာသော သူ၏အိပ်ခန်းအဆောက်အအုံသို့ ရောက်ရှိလာပါတော့သည်။ အဘဦးမောဝိ၏အိပ်ခန်းအဆောင်၌လည်း ဘုရားဆင်းတုတော်ကြီးနှင့် အဘုံတုံတုံးကြီးကို စတွေ့ရပါသည်။ ထို့နောက် ကျွန်ုပ်တို့ဇနီးမောင်နှံသည် မြတ်စွာဘုရားရှင်အား ဦးချကန်တော့လိုက်ပါသည်။ ထိုကဲ့သို့ ဦးချကန်တော့ပြီးသည်နှင့် အဘဦးမောဝိမှ -

"ကဲကဲ - အဘပြမယ်၊ သေသေချာချာမှတ်သားထား။ မင်းကိုယ်တိုင် အိပ်မှာရှိတဲ့ ဘုရားခန်းထဲမှာ လုပ်ဆောင်ထားရမယ်လို့ အဘအောင်မင်းကြီးကမှာထားတယ်။ ဒီကိစ္စက အရေးကြီးတယ်။ သေသေချာချာကို သားထား။ မရှင်းရင် ပြန်ပြီးမေး၊ ကြားလား"

ဟု ပြောလေသည်။

ကျွန်ုပ်က -

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် သေသေချာချာမှတ်ထားပါ့မယ်"

ဆက်လက်၍ အဘဦးမောဝိမှ ကျွန်ုပ်အား -

"အေး၊ အေး - ကောင်းတယ်၊ ကောင်းတယ်။ ဒီမှာဆက်ပြီးကြည့်ဦး၊ ဒါက ပြည်တောင်း။ ပြည်တောင်းဆိုတာ ဆန်တစ်ပြည့်ချင်း ထည့်ခြင်တဲ့ပြည်တောင်း။ ဒီပြည်တောင်းကို မင်းရွှေဆေးသုတ်လိုက်၊ အဲ - ပြီးတာနဲ့ ပြည်တောင်းထဲကို ဆန်အပြည့်ထည့်လိုက်။ ဆန်အပြည့်ပြီဆိုတာနဲ့ တောင်းရဲ့အလယ်တည့်တည့်ကို သာသနာ့အလံအလယ်မှာ ထောင်ပြီးတော့ စိုက်ထားလိုက်။ သာသနာ့အလံကို တောင်းထဲမှာစိုက်ထားပြီးတာနဲ့ တောင်းအောက်ဘက်မှာ လင်ပန်းကိုခံထားလိုက်၊ သေသေချာချာကြည့်နော်။ ဒါကို မင်းရဲ့အိမ်မှာ မင်းကိုယ်တိုင် အမြဲလုပ်ထားရမှာ။ ပြည်တောင်းပေါ် ဆန်ဆင့် အောင်လံလွှင့်တဲ့ကွ"

ဟု ပြောပြီး အဘဦးမောဝိကိုယ်တိုင်ပြသလေသည်။ ကျွန်ုပ်လည်း ထိုအကြောင်းအရာများနှင့် ပြသထားသမျှကို သေသေချာချာ မှတ်သားထားလိုက်ပါသည်။ ထို့နောက် အဘဦးမောဝိမှ ဆက်လက်၍ -

"ဒီမှာငါ့သား၊ မင်းဆက်ပြီးကြည့်ဦး။ မင်းကို နဝင်းဓာတ်ဆင်တာကိုပြမယ်။ ဆင်တဲ့နဝင်းဓာတ်တွေက အားလုံးပေါင်းရင် အကုန်ပြန်ပြီးမိနေရမယ်။

ဟောဒါက ကြေးလင်ပန်း၊ လင်ဗန်းပေါ့ကွာ။ ဟောဒါက လစ်ပိုပုလင်း၊ ဒီလင်ပန်းပေါ်ကို လစ်ပိုပုလင်းထောင်ထားလိုက်၊ ပြီးရင် လစ်ပိုပုလင်းရဲ့အဖုံးပေါ်ကို ဖယောင်းတိုင်တင်ထွန်းပြီးတော့ ဘုရားရှင်ကို ဆီမီးပူဇော်ကွယ့်။ အဲဒါ နဝင်းဓာတ်တွေကို အကုန်လုံးမိတယ်"

ပြောပြီးတော့ အဘဦးမောဝိက စာရွက်တစ်ရွက်ကိုယူကာ ကျွန်ုပ်အား ဤကဲ့သို့ ချရေးပြလေသည်။

"ဒီမှာကြည့် ငါ့သား -

လင် + ပန်း = ၄ + ၅ = ၉
လစ် + ပို = ၄ + ၅ = ၉
ဖ + ယောင်း = ၅ + ၄ = ၉
အားလုံးပေါင်း = ၂၇-၂+၇-၉နဝင်းဓာတ်

နဝင်းဓာတ်ကို တဲ့နှီးပြီးမိနေတာပဲ"

ဟု ဆိုပြီး ကျွန်ုပ်အား အံ့ထက်ပါပုံစံအတိုင်းချရေးပြပါသည်။ ကျွန်ုပ်သည် အမှန်ကိုဝန်ခံရလျှင် ဓာတ်သဘောတွေကို ငယ်စဉ်ကတည်းနေပြီး ယခုအချိန်အထိ လုံးဝနားမလည်ပါ။ ထို့နောက် ဆက်လက်၍ အဘဦးမောဝိသည် အဘချုပ်တုကြီးရှိ လွယ်အိတ်ကြီးထဲမှ အရာဝတ္ထုတစ်ခုကို လက်ဖြင့်နှိုက်ယူလိုက်ပြီး ကျွန်ုပ်အား -

"ကဲ- မင်းရဲ့ဩဘာတ်လက်ဖဝါးကိုဖြန့်လိုက်"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဩဘာတ်လက်ဖဝါးကို ဖြန့်လိုက်လေသည်။ထိုအခါ မည်မည်ညီညီအရောင်နှင့် အဝိုင်းပုံသဏ္ဌာန် အရွယ်အားဖြင့် ကျပ်စေ့သာသာလောက်ရှိမည်ထင်၏။ ထိုအရာဝတ္ထုအား ကျွန်ုပ်၏ ဩဘာတ်လက်ဖဝါးထဲသို့ထည့်လိုက်ပြီး ဤသို့ ရွတ်ဆိုရန် သင်ပြပေးလေသည်။

"ကဲ - ငါ့သား။ ဒါကိုတော့ အထူးဂရုပြုပြီး မှတ်သားထား။ ဒါက အရေးကြီးတယ်။ ဒီအရာဝတ္ထုပစ္စည်းလေးက ငါ့သားတို့ ဂုလေးဘဝတုန်းက ကစားခဲ့ကြတဲ့ ခဲ့ညင်းဖိုးလေးပဲ။ ဒါကို ဓာတ်သဘောနဲ့ပြောမယ်၊ ဓာတ်သဘောနဲ့ ခေါ်မယ်ဆိုရင် ဖိုးကလေးလို့ခေါ်ရမယ်။ ဒီဖိုးလေးကို စီးပွားရေးမှာပဲဖြစ်ဖြစ်၊ လူမှုရေးတွေမှာပဲဖြစ်ဖြစ်၊ အတိုက်အခိုက်တွေ ရန်သူတွေနဲ့ယှဉ်ပြိုင်မှုတွေပြင်းထန်လာပြီဆိုရင် အခုပြောပြမယ့်အစီအရင်ကိုလုပ်ရမယ်။ ကဲ - သေသေချာချာနား စိုက်ထောင်ပြီး မှတ်သားထား။

ဒီလိုကွ၊ ဒီဖိုးကလေးကို ဩဘာတ်လက်ရဲ့ လက်မနဲ့လက်ညှိုးကြားထဲကို ထည့်ပြီးတော့ အဲဒီလက်မ၊ လက်ညှိုးနဲ့ ပွတ်ပြီးတော့ ဒီစိုမျိုးရွတ်ဆိုရမယ်။

ဖိုးကလေး ဖိုးကလေး နိုင်ငံကျော်
တဲ့ဖိုးကလေး
ဖိုးကလေးကိုပြိုင်မယ့်သူ မပေါ်
သေး
ဝေးဝေးကရောင်ကြေးတဲ့ ယောင်
တောင်တောင်တွေ -

ဆိုပြီး ရွတ်ဆိုလိုက်ကွာ။ အဲဒါ အနောင့်အယှက်အတိုက်အခိုက်ရန်စွယ်တွေကိုခွင်းမယ့်အစီအရင်ပဲကွယ့်။ ဒါတွေကို အဘအောင်မင်းခေါင်ကြီးက မင်းအတွက် လိုအပ်တော့မယ်ဆိုတာကို ကြိုတင်ပြီးသိရှိထားတော့ မင်းကို ဒီရွှေမကိုးတောအောင်မြေမှာ အဓိဋ္ဌာန်ပုံတိုးစိပ်ဖို့အတွက် ခေါ်လိုက်တာပဲ။ ငါ့ကိုလည်း မင်းအတွက် ဒီအစီအရင်တွေကို ပေးဖို့ မှာကြားသွားတယ်။ အဘအောင်မင်းခေါင်ကြီးက ဒီကိစ္စမျိုးကို ငါ့ကိုလုပ်ပေးခိုင်းတာ မင်းတစ်ယောက်တည်းမဟုတ်ဘူး။ နောက်ပြီးတော့ ငါမရှိတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com

. . . "

ဆိုပြီးတော့ စကားကိုရပ်ထားလိုက်ပြီး ခဏအကြာ၌ -

"အချိန်တန်ရင် မင်းသိရမယ်၊ နောက်တော့ မင်းသိလာလိမ့်မယ်"

ဟုပြောပြီးတော့ အဘဦးမေဓာဝီမှ ဆက်လက်၍ -

"ကဲ - မင်းကို အဘအောင်မင်း ခေါင်ကြီးပြောခဲ့တဲ့အတိုင်းပုတီးသွားစိပ်တော့"

လို့ပြောသောအခါ အဘဦးမေဓာဝီအား ကျွန်ုပ်မှ -

"အဘ၊ ကျွန်တော်တစ်ခုလောက် ဝန်ခံပြီးတောင်းပန်ပါရစေ"

ထိုအခါ အဘဦးမေဓာဝီမှ -

"အေး၊ ပြော - ဘာများလဲကွ"

ထိုအခါ ကျွန်ုပ်မှ -

"ဒီလိုပါ အဘ၊ ကျွန်တော့်ကို အဘအောင်မင်းခေါင်ကြီးက အိပ်မက်ထဲမှာ ဂုဏ်တော် (၉) ပါးကို ပုတီးအမဋ္ဌာန်နဲ့စိပ်ရမယ်။ တစ်ရက်ကို ဂုဏ်တော် တစ်ပါး ပုတီးက (၉)ပတ်၊ (၉)ရက်တိတိဆိုတော့ (၈၁) ပတ်၊ ရွှေမကျီးတောအောင်မြေမှာ (၉) ရက်နေပြီး အဓိဋ္ဌာန်ဝင်ရမယ်လို့ မိန့်ကြားခဲ့ပါတယ် အဘ"

ထိုအခါ အဘဦးမေဓာဝီမှ -

"အေး - ကောင်းတယ်လေ။ ဒီမှာ နေပြီးအဓိဋ္ဌာန်ဝင်ပေါ့။ မင်းကို တစ်ခုပြောပြရဦးမယ်။ အဘအောင်မင်းခေါင်ကြီးက အကြောင်းမဲ့သက်သက်မဆိုင်းဘူးကွ။ ကြိုသိကြိုမြင်ထားတဲ့ကိစ္စတွေရှိလို့ဖြစ်မှာပေါ့ကွ။ ဝိဇ္ဇာအကြား၊ ဝိဇ္ဇာအသိ၊ ဝိဇ္ဇာအမြင်လိုတော့ ငါတို့တစ်တွေ အရာရာတိုင်းကို ဘယ်သိနိုင်ပါ့မလဲ ငါ့သား"

ဟု ပြောပြီး စကားကိုရပ်ထားလိုက်သည်။ ထို့နောက် ကျွန်ုပ်မှဆက်လက်၍ -

"အဲဒါကိုပဲပြောမလို့ပါ အဘ။ ကျွန်တော်က ရန်ကုန်မှာ အလုပ်ကိစ္စတွေရှိတယ်ဆိုတော့ ဒီမှာ အဓိဋ္ဌာန်ပုတီးကို ပထမဆုံးရက်၊ ပထမဆုံးပုတီး အဓိဋ္ဌာန်ရက်ကို ဒီမှာစိပ်သွားပြီးရင် ရန်ကုန်ကိုပြန်မယ်။ ရန်ကုန်မှာ (၈) ရက်မြောက် အဓိဋ္ဌာန်ပုတီးစိပ်ပြီးတဲ့မနက်မှာပဲ ဒီရွှေမကျီးတောအောင်မြေကိုပဲ ပြန်လာပြီးတော့ (၉) ရက်မြောက်အဓိဋ္ဌာန်ပုတီးအောင်ပွဲကိုစိပ်မယ်။ အဲဒီအကြောင်းကို ကျွန်တော် အဘအောင်မင်းခေါင်ကြီးကို မနောနဲ့ဦးတင်ပြီး လျှောက်ထားလိုက်ပါ့မယ်။ အဘဦးမေဓာဝီကလည်း ကျွန်တော့်ကို ဝိုင်းပြီး တော့ အဘအောင်မင်းခေါင်ကြီးကို ကူညီပြီးလျှောက်ထားပေးပါလို့ ပြောချင်လို့ပါ"

ကျွန်ုပ်မှ ပြောလိုက်သောအခါ အဘဦးမေဓာဝီက ခေါင်းကိုညိတ်ကာဖြင့် ကျွန်ုပ်အား -

အေး - ဘယ်တတ်နိုင်ပါ့မလဲ၊ ကိစ္စမြားမြောင် လူတို့ဘောင်တဲ့ကွ။ တစ်ခုတော့မှတ်ထားကွ။ လောကမှာ တန်ဖိုးမရှိတဲ့ကိစ္စတွေဘက်ကို အချိန်အရမ်းပေးမိရင် တန်ဖိုးရှိတဲ့ကိစ္စတွေလုပ်ဖို့အတွက် အချိန်တွေကိုလက်လွတ်ဆုံးရှုံးရလိမ့်မယ်။ ကဲကဲ - ပုတီးသွားစိပ်တော့"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း အဘဦးမေဓာဝီအား ကန်တော့ကာ ပုတီးသွားစိပ်လေတော့သည်။ ထို့နောက် ပုတီး(၉)ပတ်ပြည့်သဖြင့် ကျွန်ုပ်သည် အဘဦးမေဓာဝီအား ရန်ကုန်သို့ပြန်ခါနီး ၌ ဝင်၍နှုတ်ဆက်လေသည်။

အဘ၊ ကျွန်တော်တို့ရန်ကုန်ပြန်တော့မလို့လာပြောတာပါ"

ထိုအခါ အဘဦးမေဓာဝီမှ -

"အေးအေး- နောက်ဆို ပုတီးစိပ်ရင် သမာဓိရအောင်စိပ်ရတယ်။ သမာဓိကိုထူထောင်နိုင်မှ အကျိုးရှိတာ၊ ကြားလား။ အေး၊ အေး - သွားသွား"

ဆိုပြီးတော့ပြန်ခိုင်းပြီး အဘဦးမေဓာဝီသည် -

"မြူခြေဝယ်ရွှန်းပါဘိ မြဝန်းရယ်တဲ့ရစ်ခွေ ဖောင်တော်နေမရိပ်ခင်က အောင်တော်မှ ရွှေကရိတ်ကိုလှ ကြိုးတိတ်တိတ်ဖြေ သို့ပါသော် တအားဆွဲသောကြောင့် မသွားဘဲဆိုင်ရာမှ။ လိုင်းလေကြိမ်တုန်း တက်မကိုင် ရွက်စမြှင်မြှင်နဲ့ ဆိုင်သူတွေခိုလို့စီးရအောင် ကိုရင်အောင်ရေ မီးပြပါဦး"

ဟု ကျွန်ုပ်၏မျက်နှာကို တည့်တည့်ကြည့်၍ တအောင့်ကို ရွတ်ဆိုပြီး ကျန်ရစ်ခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်သည် ပုပ္ပားတောင်ကလပ်ရှိ ရွှေမကျီးတောအောင်မြေမှ ရန်ကုန်သို့ ထွက်ခွာလာခဲ့ပါသည်။ ရန်ကုန်ကိုရောက်သည်နှင့် ကျန်ရှိနေသေးသော အဓိဋ္ဌာန်ပုတီးများကို ဆက်ပြီးတော့စိပ်လိုက်ပါသည်။ ထိုသို့ အဓိဋ္ဌာန်ပုတီးစိပ်သည့်ရက်များတွင် ပြဿနာပေါင်းသောင်းခြောက်ထောင်သည် မဖိတ်ခေါ် ဘဲနှင့်အစုလိုက်အပြုလိုက် အလုံးအရင်းနှင့်ဝင်လာပါသည်။ ထိုကိစ္စများအားလုံးကို ကျွန်ုပ်သည် ဇွဲ၊ လုံ့လ၊ ဝီရိယတို့နှင့်ကြံ့ကြံ့ခံ၍ အားလုံးကို သည်းခံစိတ်နှင့် ဥပေက္ခာပြုလုပ်နိုင်သဖြင့် ကျွန်ုပ်၏အဓိဋ္ဌာန်ပုတီး (၈) ရက်သည် ရန်ကုန်၌ ပြည့်သွားပါသည်။ ထို့ကြောင့် အဓိဋ္ဌာန်ပုတီးအောင်ပွဲ (၉) ရက် မြောက်ပုတီးကိုစိပ်ရန် အတွက် သူတော်ကောင်းတို့ပျော်စရာပုပ္ပားနယ်သို့ ခရီးထွက်လာခဲ့ပါသည်။ ထိုသို့ ပုပ္ပားတောင်ကလပ်သို့ရောက်သောအခါ ရွှေမကျီးတောအောင်မြေကို ရောက်ရှိလာသည်။

ထို့နောက် ရွှေမကျီးတောအောင်မြေသို့ရောက်ရှိ၍ အဘဦးမေဓာဝီအား နှုတ်ဆက်ရန် ကျောင်းပေါ် သို့တက်လိုက်သောအခါ အဘဦးမေဓာဝီသည် ကျန်းမာရေးမကောင်းသဖြင့် နေပြည်တော်ရှိ ဆေးရုံတစ်ခုတွင် တက်ရောက်ပြီး ဆေးကုသခံယူနေသည်ဟု သတင်းကြားလိုက်ရပါသည်။ ထိုသတင်းကိုကြားလိုက်ရသဖြင့် ကျွန်ုပ်သည် စိတ်မကောင်းဖြစ်မိသည်။ သို့သော် ကျွန်ုပ်သည် (၉)ရက်မြောက်အဓိဋ္ဌာန်ပုတီးအောင်ပွဲကို ရွှေမကျီးတောအောင်မြေ၌ပင် အဓိဋ္ဌာန်ပြီး မြောက်အောင်မြင်ခဲ့ပါသည်။ ထို့ကဲ့သို့ အဓိဋ္ဌာန်အောင်မြင်ပြီးသည်နှင့် အဘဦးမေဓာဝီအား တွေ့ချင်သော်လည်း ဆေးရုံတက်နေသေးသည်ဟုသတင်းကြားရသဖြင့် နောက်တစ်ခေါက်ထပ်လာပြီး တွေ့ဆုံတော့မည်ဟု ဆုံးဖြတ်ကာ ရွှေမကျီးတောမှ ထွက်လာခဲ့ပါသည်။ ထိုနေ့မှာပင် ကျွန်ုပ်သည် ပုပ္ပားတောင်ကလပ်အနီးရှိ စံအိမ်သူဦးဂေဟာအမေခေါ် နီလာအိမ်တွင် တစ်ညအိပ်ခဲ့ပြီးနောက် နေ့နံနက်၌ ပုပ္ပားမှရန်ကုန်သို့ ပြန်လာခဲ့ပါသည်။

အဓိဋ္ဌာန်ပုတီးအောင်ပြီး တစ်လကျော်ကျော်လောက်တွင် ကျွန်ုပ်တို့သည် ရွှေမကျီးတောအောင်မြေသို့ အဘဦးမေဓာဝီအား တွေ့ဆုံရန် ပြန်လာခဲ့ပါသည်။ သို့သော် အဘဦးမေဓာဝီဆုံးပါးသွားပြီဟု ရွှေမကျီးတောအောင်မြေကြားသိလိုက်ရပါသည်။ ထိုအခါ ကျွန်ုပ်သိလိုက်မိသည်က အဘအောင်မင်းခေါင်ကြီးသည် ကျွန်ုပ်အား အဘဦးမေဓာဝီနှင့်တွေ့ဆုံစေရန် အချိန်ရတုန်း မင်းခေါင်ခေါ်ရင် ချက်ချင်းလာပါ' ဟုပြောဆိုခြင်းဖြစ်ပါတော့သည်။

သတ္တဝါမှန်သရွေ့ တရားတွေ့အေးငြိမ်းချမ်းသာရှိကြပါစေ။

ဗုဒ္ဓမြတ်စွာသာသနာမှ
ရောင်ဝါနေသို့လင်းမသော်

အဘဝ (သာသနာ့အလင်းရောင်)

www.burmeseclassic.com

www.burmeseclassic.com

ရွှေကံကူရုပ်ရှင်တော်မြတ်သည် ၂၆-စ-၂၀၁၂ နေ့ညတွင် မြင်းခြံမြို့မှ ပြန်သည် ကြွရောက်တော်မူပြီး အောင်ဆွတွင် (၂)ရက်တာ နေနားသီတင်းသုံး တော်မူပါသည်။ ရုပ်ရှင်တော်မြတ်၏ ကံသတင်းမှာလည်း ယခုရက်ပိုင်း အထူးပင် ကျော်ကြားပျံ့နှံ့တော်မူသဖြင့် ရုပ်ရှင်တော်မြတ် အောင်မြေပြန်လည် ကြွမြန်းရောက်ရှိတော်မူသည်ရက်ကို စုံစမ်းနားစွင့်လျက်ရှိကြသော သူများဖြင့် နေ့စဉ်စည်ကားလျက် ကြသော မောင်ထွန်းလင်းနှင့်ၗနွယ်နွယ်တို့ ဖြစ်ကြပါသည်။ မောင်ထွန်းလင်း မနွယ်နွယ်တို့ ပင့်ဆောင်ပူဇော်ကြစဉ်က ၎င်းတို့ နေအိမ်ဘုရားခန်းသို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူသည်နှင့် ရုပ်ရှင်တော်မြတ်၏ ပလ္လင်တော်နောက်ဘက်(၂)ပေခန့်အကွာ ထရံတွင် ပျားအုံလာရောက်စွဲပါသည်။ ရုပ်ရှင်တော်မြတ်သည် ၎င်းနေအိမ်၌ (၃) ရက်တိတိ စံပယ်တော်မူခဲ့ပါသည်။ ရုပ်ရှင်တော်မြတ် ပြန်လည် ကြွမြန်းတော်မူသောနေ့မှာပင် ပျားများလည်း ပျံထွက်သွားကြ၍ ပျားအိမ်အခွံသာ ကျန်ရစ်ပါသည်။

ထိုမိသားစုသည်လည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ပြီး သည့်နောက်တွင် မထင်မှတ်ဘဲ အလုပ်အကိုင် ငွေရေးကြေးရေးများ အဆင်ပြေချောမွေ့လာပြီး ကိုယ်ပိုင်အိမ်ဝိုင်းဝယ်ယူနိုင်သဖြင့် ဝန်ထမ်းတန်းလျားမှ ပြောင်းရွှေ့သွားကြပါသည်။ ထို့နောက် မကြာမီ တိုက်တည်လိုက်နိုင်ပြီး ရုပ်ရှင်တော်မြတ်အား ဒုတိယအကြိမ်မြောက်

ဆိုဆို(ရွှေကံကူ)
ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏
၂၀၁၂-၂၀၁၃ ခုနှစ် မန္တလေးမြို့မဟိုပြု ဒေသစာရီခရီးစဉ်များမှ
ထူးခြားမှုများ

ရှိပါသည်။ အဘ ဗိုလ်မှူးကြီးသိန်းလွင်၊ အမေ ဒေါ်စန်းမြင့်၊ သမီး မညီမာလွင်နှင့် မြစ်သားမြို့မှ အင်ဂျင်နီယာမှူးကိုဇော်နိုင် (ယခု ပဲခူးတွင်တာဝန်ထမ်းဆောင်လျက်ရှိ)၏ဇနီး မအေးအေးမြတ်တို့သည် ဤရက်များတွင် ရုပ်ရှင်တော်မြတ်အား လာရောက်၍ ဆွမ်းများ ဆက်ကပ်ကြပါသည်။

၂၅-စ-၂၀၁၂ မှ ၂၆-စ-၂၀၁၂ နေ့တွင် ရုပ်ရှင်တော်မြတ်အား ပုလိပ်မြို့ နယ်ထမ်းကွက်သစ် ပတ္တမြားကွန်ပျူတာမြို့ ကိုကျော်ကျော်စိုး၊ စောယုမေသားစုတို့မှ ၎င်းတို့၏သားလေးဖြစ်သူ မောင်ဘုန်းမြင့်နိုင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ပင့်ဆောင်ပူဇော်ပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်အား (၁) နှစ် (၁) ကြိမ် ပင့်ဆောင်ပူဇော်ရန် အခြောနပြုထားကြသည့်အတိုင်း မပျက်မကွက် ပင့်ဆောင် ပူဇော်လာခဲ့ကြသူများဖြစ်ရာ ယခု ပင့်ဆောင်ပူဇော်မှုမှာ (၅) နှစ်ရာသီတွင် (၂) ကြိမ်မြောက် ဖြစ်ပါသည်။

(ပုလိပ်မြို့သည် စဉ့်ကိုင်မြို့နယ်တွင် ပါဝင်၍ ပုလိပ်နှင့် စဉ့်ကိုင်မှာ (၇) မိုင်ခန့်ပင် မရှိတတ်ပါ။ သို့သော် ရုပ်ရှင်တော်မြတ်အား ပုလိပ်မြို့မှပင့်ဆောင်ပူဇော်သူမှာ ဤမိသားစုနှင့်မှ (၂)ဦးပင်ရှိပါသေးသည်။ ဤမိသားစုထက်အရင်စောလျှင် ပင့်ဆောင်ပူဇော်ကြသူများမှာ စက်ရုံနယ်မြေတွင် နေထိုင်

၂၅-၁၂-၂၀၁၂ ရက်နေ့တွင် မြင်းမြို့ ဗိုလ်ချုပ်ထမ်း ဆိုင်၌ ပင့်ဆောင်ပူဇော်ခဲ့ရာတော်တော်မှ ဆရာတြည်တော်များ ကွန်ပြူတနေ့ပုံ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်တော်မြတ်ပင့်ဆောင်စဉ် မန္တလေးမြို့နန်းရှေ့ဦးသိန်းထွန်း (ဗဟိုတရားဝန်းရွှေနန)+ဒေါက်တာခင်စန်းမြင့် (ယိမဟက္ခ၊ မြန်မာစာဌာန၊ မြင်းမြို့စီဂရီကောလိပ်) တို့စံနေအိမ်တွင် ရုပ်ရှင်တော်မြတ် ပြုစုတော်မူပြီး ပူဇော်ကြားများဆုံမေမှု

တို့က်တက်မင်္ဂလာတွင် ပင့်ဆောင်ခဲ့ကြပြန်ပါသေးသည်။ မောင်ထွန်းနှင့် မန္တယ်တို့သည် ရုပ်ရှင်တော်အောင်မြေသို့ ကြွမြန်းရောက်ရှိသည်နှင့် လာရောက်၍ ဝေယျာဝစ္စများ သုပ်ကိုင်ဆောင်ရွက်ကြပါသည်။ (၉) ရက် (၉) လ ရွှေကံကူ ဗုဒ္ဓပူဇနီယပွဲတော်နေ့များတွင်လည်း တစ်နေကုန် တစ်နေခန်းဝေယျာဝစ္စများ လာရောက်ဆောင်ရွက်လျက်ရှိကြသည်မှာ ယနေ့ဖြစ်ပါသည်။)

မစောယုမေတို့၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မူ၍ ကျိုးတော်များလည်း ပွင့်တော်မူပါသည်။ ထိုနေ့များက အောင်မြေသို့ ရောက်ရှိလာကြသော ရပ်ဝေးဘုရားဖူးများကိုလည်း မစောယုမေတို့၏ နေအိမ်သို့ လမ်းညွှန်ပို့လွှတ်ရသောအဖွဲ့များသည်း မနည်းပါ။ ထို့ကြောင့် ယခင်နှစ်က ရုပ်ဝေးရပ်နီးဧည့်ပရိသတ်တို့ဖြင့် ညီးကားလှသဖြင့် အိမ်ရှင်မိသားစုမှာ အသောပိတိဖြစ်၍ မဆုံးနိုင်အောင်ရှိကြသည်။ ထိုင်းတို့တစ်သက်တာသုံးနှစ်တစ်ကြိမ် ကျောက်မကွက် ပင့်ဆောင်ကြမည် ဖြစ်ကြောင်းနှင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ပြီးသောအချိန်မှစ၍ ထိုမိသားစုတွင် အစစအရာရာ အဆင်ပြေတိုးတက်မှုရှိကြောင်းနှင့် မယု၏ ဖွဲ့တပ်လျက်ရှိသော ရောဂါဝေဒနာများလည်း စာရေးသူ၏ ဆေးသိန္ဓိသာရေဖြင့် သိသိသာသာပျောက်ကင်းခဲ့သောရာရှိခဲ့၍ စာရေးသူအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် ၂၇-၈-၂၀၁၂ နှင့် ၂၈-၈-၂၀၁၂ နေ့များတွင် အောင်မြေသို့ ပြန်လည် ကြွမြန်း ရောက်ရှိ စံပယ်တော်မူပါသည်။ တစ်ဖန် ၂၉-၈-၂၀၁၂ နေ့မှ ၃-၉-၂၀၁၂ နေ့အထိ တောင်ငူမြို့နှင့် ဇေယျာတီမြို့များသို့ ဒေသစာရီခရီးကြွမြန်းတော်မူပါသည်။ ယခုတစ်ကြိမ် တောင်ငူမြို့သို့ ကြွရောက်တော်မူခြင်းမှာ စတုတ္ထအကြိမ်မြောက်ဖြစ်ပါသည်။ ၂၀၁၀-၂၀၁၁ခုနှစ်များက တောင်ငူမြို့သို့ (၃) ကြိမ်တိုင်တိုင် ပင့်ဆောင် ပူဇော်ခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်က ပင့်ဆောင်ပူဇော်သော မိသားစုမှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီး ဖြစ်ပါသည်။ ထိုခရီးစဉ်တွင်လည်း ထူးခြားမှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုအကြောင်းအရာများကို နောင် အလျင်းသင့်သောအခါ ရေးသားပူဇော် တင်ဆက်ပါဦးမည်။

၄-၉-၂၀၁၂ နေ့တွင် ရုပ်ရှင်တော်မြတ်သည် အောင်မြေသို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူပြီး ၅-၉-၂၀၁၂ နေ့တွင် စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ တိုက်ကားဆေးသုပ်လုပ်ငန်း ကိုမောင်နိုင်၊ မသန္တာမိသားစုတို့မှ ပင့်ဆောင်ပူဇော်ပါသည်။ ၎င်းတို့မိသားစုအဖို့ ပထမဆုံးအကြိမ် ပင့်ဆောင် ပူဇော်နိုင်ခြင်းဖြစ်ပါသည်။ ဤမိသားစုအကြောင်းမှာ ရှေ့ဆောင်းပါးများစွာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကိုမောင်နိုင်သည် ၂၀၀၆ ခုနှစ်တွင် သာမန်လက်လုပ်လက်စား အခြေအနေဖြင့် ရုပ်ရှင်တော်မြတ်ထံ ရောက်ရှိလာပြီး အမြဲမပြတ် ကိုးကွယ်လာခဲ့ရာမှ တစ်စထက်တစ်စ အလုပ်အကိုင်များ အဆင်ပြေတိုးတက်အောင်မြင်လာပြီး ယနေ့တွင် RCတစ်ထပ်တိုက်ဆောက်လုပ်ပြီးစီးသွား၍ တိုက်တက်မင်္ဂလာအထိမ်းအမှတ်အဖြစ် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခြင်း ဖြစ်ပါသည်။ ၎င်းတို့သည် နှစ်ပေါင်းများစွာ ကြည်ညိုကိုးကွယ်လာခဲ့သော ရုပ်ရှင်တော်မြတ်အား ယခုကဲ့သို့ မိမိတို့နေအိမ်မင်္ဂလာတွင် ပင့်ဆောင် ပူဇော်ခွင့်ရရှိခဲ့သည့်အတွက် ဝမ်းသာ ပျော်ရွှင်လျက်ရှိကြပါသည်။

(၆) ရက် (၉) လမှ (၁၁) ရက် (၉) လတိုင် (၅) ရက်တိတိ အောင်မြေတွင် ရုပ်ရှင်တော်မြတ် စံပယ်တော်မူပါသည်။ ရုပ်ရှင်တော်မြတ်သည် တစ်နှစ်တာကာလပတ်လုံး၌ ဤ (၅) ရက်တာ စံမြန်းတော်မူခြင်းသည် အောင်မြေ၌ အရှည်ကြာဆုံး သီတင်းသုံးတော်မူခြင်း ဖြစ်ကြောင်းပြောရမည်ဖြစ်ပါသည်။ ဤနေ့ဤရက်တွင် (၅) ရက်တာမျှ စံပယ်တော်မူရခြင်းမှာလည်း နှစ်စဉ်ကျင်းပမြဲဖြစ်သော (၉) ရက်၊ (၉) လ ရွှေကံကူ ဗုဒ္ဓပူဇနီယပွဲတော်ရက်ဖြစ်ခြင်းကြောင့်သာ စံမြန်းတော်မူခြင်း ဖြစ်ပါသည်။ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ရုပ်ရှင်တော်မြတ်သည် နှစ်ပတ်လည်ဒေသစာရီခရီးများတွင်သာ လှည့်လည်ကြွမြန်းတော်မူလျက်ရှိရာ တစ်နှစ် ရက်ပေါင်း (၃၆၅) ရက်တွင် အောင်မြေသို့ပြန်လည်ကြွမြန်းရောက်ရှိ စံမြန်းတော်မူသော ရက်များကို ပေါင်းကြည့်မည်ဆိုပါက ရက်ပေါင်း (၃၀) ခန့်သာ ရှိပါလိမ့်မည်။ ထို့ကြောင့် စဉ့်ကိုင်မြို့အောင်မြေသို့ ရွှေကံကူရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရန် လာရောက်ကြသူတို့မှာ အချို့ဆိုလျှင် (၁၀) ခေါက်တိတိ ရောက်ရှိသည့် တိုင် ရုပ်ရှင်တော်မြတ်နှင့် မကြုံကြိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဘုရားတော်ပါသည်။ အခြားသူများကို ဆည်းကပ်ခြင်းနှင့် ရုပ်ရှင်တော်မြတ်၏ အောင်ကြွင်း နေထိုင်သော စာရေးသူပင်လျှင် အခြေခံမှုဘုရားကို ဝအောင်မဖူးရသော အကြောင်းများ ကြာခဲ့ပြီ ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်တော်မူကြရသည်မှာလည်း တကယ်တော့ မလွယ်ကူပါ။ ပင့်ဆောင်ပူဇော်သောဆန္ဒဖြစ်ပေါ်ရန်မှာလည်း လူတစ်ဦးတွင် တစ်ယောက်မရှိနိုင်ပါ။ ထို့ပြင် ပင့်ဆောင်ပူဇော်ရန်ဆန္ဒဖြစ်ပေါ်သော်လျှင်လည်း ပထမဦးဆုံး စာရေးသူသို့ လည်းကောင်း၊ အနီတိအေးနှင့် ဒေါ်တော်ကြီးတို့ထံသို့ လည်းကောင်း ကြိုတင်ရက်ချိန်းတောင်းခံလျှောက်ထားကြရမည် ဖြစ်ပါသည်။ ထိုသို့လျှောက်ထားပြီးလျှင်လည်း အဆင်သင့်လျင်သင့်သို့ ရက်၊ လမှသည် နှစ်ချီ၍စောင့်စားကြရမည် ဖြစ်ပါ၏။ ပင့်ဆောင်ပူဇော်ခွင့်ရရှိသောအခါ၌လည်း ဒေသအဝေးအနီးကိုလိုက်၍ လေယာဉ်၊ သင်္ဘော၊ ကိုယ်တော်ယာဉ် စသည်တို့ကို မိမိတို့အစီအစဉ်ဖြင့်အကုန်အကျခံကာ ပင့်ဆောင်ပူဇော်ခြင်းနှင့် ပြန်လည်ပေးပို့ခြင်းတို့ကို ဆောင်ရွက်ကြရပါမည်။ ဘုရားဖူးကြွတော်မူလာသော မိတ်ဆွေသင်္ဃာတို့ကိုလည်း ကြီးမွေးကျေးဇူးခံကြရမည်။ ရုပ်ရှင်တော်မြတ်အား ဝတ္ထုဒွေလျှဒါန်းရမည်ဟူသော သတ်မှတ်ချက်မရှိသော်လည်း မလျှဒါန်းဘဲနေကြမည်မဟုတ်။ လျှဒါန်းကြမည်ဆိုပြီး သင်္ကန်းပရိက္ခရာနှင့် ဆန်၊ ဆား၊ ဆားတို့ကို လျှဒါန်းကြရမည်ဆိုရာ ငွေကြေးကုန်ကျမှုတို့ရှိမည် ဖြစ်သည်။ ရုပ်ရှင်တော်မြတ်အား ပူဇော်သောနေ့တွင် အိမ်ရှင်မိသားစုတို့သည် ယုတ်မှုပင် အလုပ်များသူများဖြစ်ပါစေ အနေ့တွင်တော့ အလုပ်နားကြရမည် ဖြစ်ပါ၏။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ကြသူများမှာ တော်ရုံ သဒ္ဓါတရား၊ တော်ရုံအခြေအနေမျှနှင့် ပင့်ဆောင်ပူဇော်နိုင်ကြမည် မဟုတ်ပါ။

ထို့ကြောင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ကြသူအပေါင်းတို့၏ တတ်သန်ကြီးမားလှသော သဒ္ဓါတရားအား အထူးပင်လေးစားတန်ဖိုးထားပါကြောင်း ဤနေရာမှ ရွှေကံကူမိသားစုသို့လည်းစား စာရေးသူမှ မှတ်တမ်းတင်ဖော်ပြအပ်ပါ၏။

ဤမျှပင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ရန် မိသားစုတစ်စုအတွက် လွယ်ကူမှုမရှိသည့်တိုင် ရုပ်ရှင်တော်မြတ်သည်ကား နှစ်ပတ်လည် ဒေသစာရီခရီးများကြွမြန်းတော်မူ၍နေရသည်မှာ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်နှင့်ရုပ်ရှင်တော်မြတ်အားကိုးကွယ်ယုံကြည်သူတို့ များပြားလွန်းလှသောကြောင့်သာ ဖြစ်ပါ၏။

ထိုအခါ စာရေးသူတို့ မိသားစုသည်လည်း နေ့စဉ်နှင့်အမျှ မိမိတို့ ရုပ်ရှင်တော်မြတ်အား အထူးတလည် ငွေကုန်ကြေးကျခံ၍ သူစိမ်းတစ်ရံဆံများမှ တကူးတကပူဇော်လျက်ရှိကြရာ မိမိတို့မိသားစုမှလည်း နေ့ရက်အတည်သတ်မှတ်၍ ရုပ်ရှင်တော်မြတ်အား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပပူဇော်ရန် စိတ်ကူးဖြစ်ပေါ်လာမိပါသည်။ စာရေးသူတို့သည် ရုပ်ရှင်တော်မြတ် စတင်ပွင့်ထွန်းပေါ်ပေါက်တော်မူသော (၉) ရက်၊ (၉) လ၊ ၁၉၉၉ ခုနှစ်မှ စတင်ပြီး (၁) နှစ်လျှင် (၁) ကြိမ် အလှည့်ဆင့် အဆင့်ဆင့်ရောရက်တစ်ရက်တွင် မြို့ပေါ်မှ ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ ဆွမ်းကပ်ခဲ့ခြင်းတော့ရှိပါသည်။ ဗုဒ္ဓပူဇနိယဟူ၍တော့ အမည်မတပ်ပါ။ သာမန်သဒ္ဓါဆွမ်းသဘောသာဖြစ်ပါ၏။

သို့ဖြင့် ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၃ ရက်နေ့တွင် မိခင်ကြီး အမေကောင်းကွယ်လွန်အနိစ္စရောက်သွားခဲ့ပါသည်။ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့သို့ရောက်သောအခါ အမေကောင်း နှစ်ပတ်လည်မိဘကျေးဇူးကို အောက်မေ့ကန်တော့သော အနေဖြင့် ဆွမ်းကပ်ရန်မယ်တော်ကြီးမှ အကြပြုသောအခါ အမေကောင်း၏ ရက်လည်နေ့မှာ တိုက်တိုက်ဆိုင်ဆိုင် (၉) ရက်၊ (၉) လ ရွှေကံကူရုပ်ရှင်တော်မြတ်ပွင့်ထွန်းတော်မူသောနေ့ဖြစ်နေ၍ ထိုနေ့ကို နှစ်စဉ် ရွှေကံကူ ဗုဒ္ဓပူဇနိယပွဲတော်နေ့အဖြစ် သတ်မှတ်ပြီး ရုပ်ရှင်တော်မြတ်အား ပူဇော်ကြရန်။ထို့နောက် ကွယ်လွန်အနိစ္စရောက်သွားကြပြီးဖြစ်သော မိဘနှစ်ပါးနှင့်တကွ ဘိုးဘွားများ၊ ဆရာသမားများ၊ ကျေးဇူးရှင်များနှင့် အနန္တသတ္တဝါတို့အား အမျှအတန်းပေးဝေကြရန် တိုင်ပင်ညှိနှိုင်း၍ ကျင်းပပြုလုပ်ခဲ့သည်မှာ ယခု ၂၀၁၂ တိုင် ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူတို့သည် (၉) ရက်၊ (၉) လ ရွှေကံကူ ဗုဒ္ဓပူဇနိယပွဲတော်ရက်သို့ ရောက်တိုင်း မိခင်ကြီး အမေကောင်းနှင့် ဖခင်ကြီး အဖေဝင်းတို့၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့လျက် ပူဇော်ကန်တော့ခဲ့ကြခြင်း ဖြစ်ပါသည်။

အစောပိုင်းနှစ်များတွင် ရင်းနှီးသူသာဝကများထံ ဖိတ်စာများပေးပို့၍ ဖိတ်ကြားခဲ့သော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ရုပ်ရှင်တော်မြတ်အားကိုးကွယ်ယုံကြည်သူတို့မှာ မြန်မာနိုင်ငံတစ်နံတစ်လျားမျှသာမက ကမ္ဘာ့နိုင်ငံများသို့ပါ ပျံ့နှံ့လျက်ရှိနေကြပြီဖြစ်ရာ သာဝကများကို စေ့ငုံအောင် မသိရှိမမှတ်မိတော့ပြီဖြစ်၍ ဖိတ်စာပေးပို့နိုင်ခြင်းမရှိတော့ပါ။ သတင်းစာနှင့်ဂျာနယ်များတွင်သာ ဖိတ်စာသဘောထားပြီး ကြော်ငြာရခြင်း ဖြစ်ပါသည်။

ပွဲတော်ရက်မှာ (၉) ရက်၊ (၉) လ တစ်ရက်တည်းသာဖြစ်သော်လည်း (၆) ရက်၊ (၇) ရက်၊ (၈) ရက်နေ့များမှစ၍ စည်ကားလျက်ရှိနေပြီဖြစ်သည်။ စာရေးသူတို့တွင် နေ့စဉ် အချိန်ပြည့် ဧည့်သည်များကို ဧည့်ခံနေကြရပြီး စာရေးသူမှာ ဆေးသိဒ္ဓိသစ္စာရေဖြင့် လူများကို ကုသပေးရပါသည်။ ပွဲတော်နေ့သို့ရောက်သောအခါ ရပ်ဝေး၊ ရပ်နီးမှ လာရောက်ကြသူတို့တွင် ရပ်ဝေး၊ နယ်ဝေးပရိသတ်မှာ ပိုမိုများပြားပါသည်။ အလွှာစုံလှုတန်းစားများစွာ၌ ရဟန်းသံဃာတော်များနှင့်သီလရှင်ဆရာလေးများပင် ပါဝင်ပါသည်။ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ စစ်တွေ၊ သံတွဲ၊ မူဆယ်၊ လားရှိး၊ သီပေါ၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနား၊ ဟိုပင်၊ မိုးကောင်း၊ ဖားကန့်၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ နေပြည်တော်၊ ဖြူး၊ တောင်ငူ၊ ကလေး၊ ပခုက္ကူ၊ ညောင်ဦး၊ မိုးကုတ်၊ စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ ပုသိမ်၊ မြောင်းမြ၊ အချို့သော ဝေးလံသည့်မြို့များမှပင် လာရောက်ကြပါသည်။

စာရေးသူတို့နေအိမ်သည် ဘုရားကျောင်းတော်သို့ဖြစ်နေ၍ ရုပ်ရှင်တော်မြတ်အောင်မြေတွင် သီတင်းသုံး စံပယ်တော်မူလျက်ရှိသည်ဖြစ်စေ၊ ဒေသစာရီခရီးစဉ်များတွင် လိုက်ပါကြွမြန်းတော်မူလျက်ရှိသည်ဖြစ်စေ၊ နံနက် နေထွက်မှ ညဉ့်ဦးပိုင်းအထိ လာရောက်သမျှသော ဧည့်သည်တို့ကို ကြိုဆိုဧည့်ခံရမြဲဖြစ်ရာ ပွဲတော်ရက်တွင်လည်း အချိန်ကန့်သတ်ထားရှိခြင်းမပြုတော့ဘဲ တစ်နေကုန်မှ ညဉ့်ဦးယံအထိ လာရောက်သမျှသော ဧည့်သည်တော်တို့ကို ဆုတ်တက်စနစ်ဖြင့် တစ်နေကုန်ကျွေးမွေးဧည့်ခံပါသည်။ ရပ်ဝေးဧည့်သည်များမှာ အများစုမှာ

www.burmeseclassic.com

www.burmeseclassic.com

နေ၍ အချိန်ကန့်သတ်မှုရှိလျှင်လည်း အဆင်ပြေနိုင်မည် မဟုတ်ပါ။ အချို့က စွေးသိမ်းမှု၊ အချို့က ရုံးဆင်းမှ လာရောက်ကြသူများလည်း ပါဝင်ပါသည်။ ယခုနှစ်ပွဲတော်တွင် ထိုင်း၊ တိုင်ပေ၊ စင်ကာပူ၊ ဂျပန်၊ ဂျာမန်၊ အမေရိကန် စသောနိုင်ငံတို့တွင် နေထိုင်ကြသော မြန်မာတို့ လာရောက်ကြပါသည်။

အများစုမှာ ကိုယ်ပိုင်ကားများဖြင့် လာရောက်ကြသူများဖြစ်၍ စာရေးသူတို့နှင့်လည်း ရင်းနှီးသူများမဟုတ်သော ကြောင့် ညအိပ်တည်းခိုနေထိုင်ရေး အတွက် စီစဉ်ပေးရန်မလိုသော်လည်း ရန်ကုန်၊ ထားဝယ်၊ သံတွဲ စသောမြို့များမှာ မယ်တော်ကြီးတို့နှင့်လည်း ရင်းနှီးသူများဖြစ်၍ ညအိပ်တည်းခိုကြ၏။ ငါသို့ရပ်ဝေးဧည့်သည်များအတွက် အိပ်ရာနေရာတို့ကို အုန်းပင်ခြံရပ်ကွက်မှ ဦးသောင်းဝင်း၊ ဒေါ်နှင်းနှင်းဦးတို့နှင့် ခေတ်ဆန်သူစားဥယျာဉ် မပေါင်းပေါင်းတို့မှ ထာဝန်ယူ ဆောင်ရွက်ပေးကြပါသည်။

ဘုရား၏ တန်ခိုးတော်ဟု ဆိုရပါမည်။ ဘုရားပွဲတော်ပြုလုပ်သော (၉) ရက်၊ (၉) လနေ့သည် နှစ်စဉ် တော်သလင်းလလယ်လောက်တွင် ကျရောက်တတ်ပါသည်။ ထိုလရာသီတွင် စာရေးသူတို့ စဉ့်ကိုင်မြေ၌ လေမိုးပြင်းထန်သောအချိန် ဖြစ်ပါသည်။ မိုးပြတ်သည်ဟု မရှိလုပါ။ မိုးကြီးများရွာသွန်းလေ့ရှိပြီး တစ်မိုးလျှင် (၇) ရက်ခန့်အထိ ကြာမြင့်တတ်ရာ မိုးပြတ်လျှင် (၃) ရက်ထက်မပိုပါ။ ရေဝင်မြေများဖြစ်၍ (၅) ရက်ခန့် မိုးပြတ်သွားမှသာ မြေသားတောင့်ပြီး သွားရေးလာရေးအဆင်ပြေနိုင်ပါသည်။ မိုးကြီးရွာပြီးစ တစ်ရက်၊ နှစ်ရက်အတွင်း ဆိုလျှင် မြေများမှာစိုစွတ်လျက်ရှိတတ်ပါသည်။ သို့သော် ထူးဆန်းလှပါ၏။ ပွဲတော်ရက်မတိုင်မီ (၅) ရက်ခန့်တွင် မိုးပြတ်သွားပြီး ပွဲတော်ရက်ပြီးဆုံး၍ နောက်တစ်နေ့တွင် ပစ္စည်းများလည်း သိမ်းဆည်းပြီး ဧည့်သည်များလည်း ပြန်လည် ထွက်ခွာသွားကြပြီးမှ ထိုညတွင်သာ မိုးများသဲသဲမဲမဲရွာလေ့ရှိသည်မှာ နှစ်တိုင်းလိုဖြစ်နေပါသည်။ နောက်တစ်ခုထူးခြားမှုမှာ စာရေးသူတို့၏ အောင်မြေသည် ပေ (၄၀)၊ ပေ (၆၀) နှစ်ဝိုင်း တွဲသာမန် လူနေအိမ်မျှသာဖြစ်၍ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရန်အတွက်မူ ကျဉ်းမြောင်းပါသည်။ သို့သော် တစ်နေကုန် လူများထိုင်စရာမရှိအောင် ပြည့်ကျပ်ခြင်း၊ လူသူကျဲပါးခြင်းတို့ မဖြစ်ပါ။ ဆုံရုံမျှသာ နံနက်လင်းသည်မှ ည (၉) နာရီတိုင် စည်ကားလျက်ရှိနေပါသည်။

ဧည့်ပရိသတ်တို့ မည်မျှပင်များပြားစေကာမူ ကြိုတင်လျာထား၊ ချက်ပြုတ်ထားသော ထမင်းဟင်းများနှင့်ပင် လောက်ငသွေးပြီး ပြတ်သည်၊ လိုသည်၊ ထပ်ချက်ရသည်ဟူမရှိပါ။ ဖိတ်စာဝေငှ ထားခြင်းမျိုးမဟုတ်သဖြင့် ဧည့်ပရိသတ် မည်မျှလာရောက်မည်ကိုလည်း ခန့်မှန်း၍ မရနိုင်ပါ။ သို့နှစ်စဉ်ထမင်းဟင်းတို့ ပိုလျှံမြဲသာဖြစ်ပါသည်။ ပရိသတ်အရေအတွက်နှင့်စာလျှင် ကုန်ခန်းလေ့ပါးသော ထမင်း၊ ဟင်းတို့မှာ အလွန်တရာပင် နည်းပါးလှကြောင်း တွေ့ရပါသည်။

မြို့ပေါ် ကျောင်းပင့်သံဃာ(၉)ပါး ကို ပရိက္ခရာ (၈) ပါး၊ ဝတ္ထုဒွေများနှင့် အတူ အရှက်ဆွမ်းကပ်ပါသည်။ ကြွရောက်လာသမျှသော အာဂန္တုရဟန်း သံဃာများကို မှီရာဆွမ်းကပ်ပါသည်။ ၂၀၁၀ ပြည့်နှစ်မှစတင်၍ မန္တလေးမြို့တောင်စလင်းတိုက်သစ်မှ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် တောင်တန်းသာသနာပြု နိုင်ငံကျော် မဟာမွေ့ကထိက သာသနဓဇ မဓုစာရိယ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဝါဒင်းကုန်းဆရာတော် ဦးတိက္ခ ကြွရောက်တော်မူခဲ့ပါသည်။ ဆရာတော်ကြီးသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူ၍ ဩဇာတိက္ကိမကြီးမားတော်မူလှရာ တရားပွဲများ ကျင်းပလိုသော်မှ ပင့်ဆောင်ရန် ခက်ခဲလှပါသည်။ ဆရာတော်ဘုရားကြီးတွင် ထမ်းဆောင်၍နေရသော သာသနာပြုလုပ်ငန်းများမှာလည်း ကျယ်ပြန့်ကြီးမားလှ၍ တစ်ရက်တလေမျှပင် အားလပ်ရက်မရှိပါ။ မည်သည့်အကြောင်းနှင့်မဆို ဆရာတော်ကြီးကို ပင့်ဆောင်မည်ဆိုပါကလည်း ဆရာတော်ကြီး၏ ဂုဏ်အဆင့်နှင့်ကိုက်ညီသော အဆောင်အယောင် အခမ်းအနားတို့ကို စီစဉ်၍ ကြိုဆိုရေးအဖွဲ့နှင့် သွားရောက်ပင့်ဆောင်ကြရမည် ဖြစ်ပါသည်။ သို့သော်လည်း ဆရာတော်ကြီးမှ -

"မယ်တော်ကြီး၊ ကျွဲ့ကို တစ်ပတ်လောက်သာ ကြိုတင်ဖုန်းဆက်ပေးပါ။ အဲဒီရက်ကို ကျွဲ့ဖြစ်အောင်လာမယ်။ မယ်တော်ကြီးတို့မှာ ပွဲတော်အတွက်နဲ့ အလုပ်တွေ ဒါလောက်များနေတာ ဘာမှဒုက္ခမရှာပါနဲ့။ ကျွဲ့စာစီအစဉ်နဲ့ပဲ အဆင်ပြေသလိုကြွလာခဲ့မယ်"

ဟု မိန့်ကြားတော်မူပါသည်။

ထိုမိန့်ကြားချက်အတိုင်းပင် ဆရာတော်ကြီးသည် ပွဲတော်ရက်သို့ရောက်ခဲ့လာပါက ကိုယ်တော်တိုင် ကြွရောက်လာသည်ဖြစ်ရာ ယခုနှစ်နှင့်ပါဆိုလျှင် မပျက်မကွက် (၃) နှစ်ဆက်တိုင်ပင်ရှိခဲ့ပြီဖြစ်ပါသည်။ စာရေးသူတို့သည် ကား အဆင်းတွင် အိမ်ပေါက်ဝမှ သွားရောက်ကြိုဆို ပင့်ဆောင်ရုံ၊ ပြန်လည်ကြွမြန်းရာတွင် ကားပေါ် အထိ လိုက်ပါပို့ဆောင်ပေးရုံမျှသာ စာရေးလုပ်တို့ကို ဆောင်ရွက်ခွင့်ပြုပါသည်။

စာရေးသူတို့သည် အနယ်နယ် အရပ်ရပ်မှရောက်ရှိလာသောဧည့်သည်များကို ကျွေးမွေးဧည့်ခံရာ၌ လစ်ဟင်းမမရှိအောင်စီစဉ်ကြရပါသည်။ ဤပွဲတော် ဝေယျာဝစ္စ ဆောင်ရွက်ကြသူတို့မှာလည်း ငှားရမ်းခြင်း၊ အကူအညီတောင်းခံခြင်း၊ ရပ်ကွက်သားရေးနာရေးအသင်းသို့ ဖိတ်ကြားခြင်း စသည်တို့ဖြင့်ရောက်ရှိလာကြသူများ မဟုတ်ပါ။ ၎င်းတို့၏ သဘောဆန္ဒဖြင့်လာရောက်ကာ ကုသိုလ်ယူ ဆောင်ရွက်ကြသူများသာ ဖြစ်ပါသည်။ စာရေးသူတို့၏ ရွှေဂုံကူဗွဒ္ဓပူဇနီယပွဲတော်သည်ကား အသံချဲ့စက်ပင်မပါရှိဘဲ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကျင်းပပြုလုပ်ခြင်း ဖြစ်သော်လည်း ယခုနှစ်လာရောက်ကြသောပရိသတ်တို့မှာ ကြက်ပုံမကျကိုတ်ကျိတ်တိုးစည်ကားလှပါသည်။ လူပေါင်းသောင်းဂဏန်းအထိရှိကြောင်း လေ့လာသူများထံမှ ကြားသိရပါသည်။

ဧည့်ပရိသတ်ကြီးမှာ တစ်နေကုန် အိမ်ထဲအပြည့်ရှိနေသော်လည်း လူသံသူသံ ဆူဆူညည်ညံထွက်ပေါ်ခြင်းမရှိပါ။ အော်ဟစ်ပြောဆိုရယ်မောခြင်းမျိုးမရှိ၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ စကားများခြင်းတို့ မရှိ၊ များပြားလှသော မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များမှာ ရပ်နားဝင်ထွက်ရန် နေရာကျဉ်းမြောင်းခက်ခဲသော်လည်း တစ်စုံတစ်ရာ ထိခိုက်မိခြင်း၊ တိုက်မိခြင်းမရှိ၊ မည်သည့် ပစ္စည်းမျှ ယုတ်စွအဆုံး ဖိနပ်ပျောက်သူပင်မရှိ။ မည်သည့်လုံခြုံထိန်းသိမ်းရေးမျှမထားရှိပါ။ အဆက်မပြတ်တစ်သုတ်ပြီးတစ်သုတ် လိုမှ်ဝင်လာကြသော ဧည့်ပရိတ်သတ်ကြီးကို နိုင်နင်းစွာ ကျွေးမွေးဧည့်ခံနိုင်ရေးအတွက် လုပ်အားဒါနရှင် သာဝကများမှာ အပြေးအလွှား တရစပ် လုပ်ကိုင်ဆောင်ရွက်၍နေကြရပါသည်။ ရှုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များဖြင့် ဖြစ်တော်စဉ်မှတ်တမ်း ၄၀D အခွေ

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်လိုသူတို့ စေ့ငုအောင်ဆောင်ရွက်သောနေရာဌာနတွင်လည်း လူ(၅)ဦးခန့် လက်မလည်အောင်ဆောင်ရွက်ကြရသည်။

စာရေးသူသည်လည်း မြို့ပေါ်မှ ငှားသံယာတော်များအား အရွက်ဆွမ်းတော်ပြီး အဆာပြေ နံနက်စာစားသုံးပြီး (၂) နာရီလောက်မှစ၍ ကုလားထိုင်ဖြင့် ဦးလှက် ရောက်လာသမျှသော (၇) ကျော်သားသမီးအပေါင်းတို့အား သစ္စာရေခပ်စွက်စီ တိုက်ကျွေး၍ သစ္စာရေတစ်သားစီပေးအပ်ရပါသည်။ ဧည့်ပရိသတ်များ ကျဲပါး၍မသွား။ များသထက်သာ များပြား၍ တိုးဝှေ့စောင့်စားကြရပါသည်။

ထို့ကြောင့် ဆရာတော်ကြီးဦးတိကွဿန်းတော်မူသောအခါ စာရေးသူမှာ နေရာမှထမရသဖြင့် ဆီးကြိုဂါရဝပြုရန် မတတ်နိုင်အောင်ဖြစ်ရပါသည်။ စာရေးသူအား ကူညီ၍ ရေသန့်ဘူးများကို ဖွင့်ဖောက်ပေးရသော ထမည်လေးများလည်း မနိုင်နိုင်အောင်ရှိ၍ ပင်ပန်းသော်လည်း တစ်ယောက်ပြီးတစ်ယောက်ပြေးသွားကြသောကြောင့်ရောက်ရှိလာသော ဧည့်သည်များကို လုပ်အားအကုတောင်းခံ၍ စာရေးသူအား ပါရမီဖြည့်စေရပါသည်။ နေ့လယ်စာ ထမင်းစားရန်၊ ရေနွေးရန်ပင် အချိန်မရရှိပါ။ ညနေမိုးချုပ်သော ထိုနေရာမှထနိုင်ပါတော့သည်။

(၉) ရက်၊ (၉) လ ရွှေကံကူ ဗုဒ္ဓပူဇနီယပွဲတော်ရက်တွင် ရုပ်ရှင်တော်ကြွ၏ တန်ခိုးတော်ကြောင့် စာရေးသူ၏ ဆေးသိဒ္ဓိ သစ္စာရေတို့သည် ပို၍ထူးခြားထက်မြက်လိမ့်မည်ဟု ယုံကြည်ကြ၍ ယခုကဲ့သို့ တိုးဝှေ့ယူငင်နေကြခြင်းဖြစ်ပါသည်။ စာရေးသူထံ လူတို့တိုးဝှေ့ယူ၍ သစ္စာရေရယူရန် စောင့်ဆိုင်းနေကြခိုက်မှာပင် ယခင်က စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေဖြင့် ကုသခံယူထားရှိကြသောသူသည်တို့ ရောက်ရှိလာကြပြီး

"ဆရာ၊ ကျွန်တော့်ရောဂါ ဆရာ့သစ္စာရေနဲ့ပျောက်သွားပြီ"

"ကျွန်မ၊ ဆရာ့ဆီကို တစ်ခေါက်ပြီး သစ္စာရေသောက်သွားပြီးကတည်းက တစ်ခါတည်းကောင်းသွားတယ်"

"ကျွန်မသားလေး လိမ္မာသွားပြီ။ ဆရာ့ခိုင်းတဲ့အတိုင်း သူသောက်မယ့်ရေထဲတို့ သစ္စာရေထည့်လိုက်တာ"

"ဆရာ့သစ္စာရေတိုက်လိုက်တာ ကျွန်တော့်သား အရက်ပြတ်သွားပြီ ဆရာ"

ဟု စာရေးသူ၏ သစ္စာရေဖြင့် အထွေထွေသော ကိုယ်နှင့်စိတ်တွင် ဖြစ်ပွားကျရောက်လျက်ရှိသော ရောဂါဝေဒနာတို့ ပျောက်ကင်း ချမ်းသာသွားကြောင်းတို့ကို ပြောကြားကြသောအခါ ဆေးသိဒ္ဓိ သစ္စာရေ၏ အကြောင်းကို မသိရှိထားကြသူများပါ စိတ်ဝင်စား၍ လာကြပါသည်။

နဂိုက လူအများ၏ စိတ်တွင် သာသနာပြုနေရာဌာနအတော်များများ၌ ထုံးတမ်းစဉ်လာသမားရိုးကျအတိုင်း ရေနှင့်အခြားအဆောင်ပစ္စည်းများပေးဝေလေ့ရှိ၍ ယခု စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေမှာလည်း ထိုကဲ့သို့ သာမန်ရေမျိုးထင်မှတ်၍ စိတ်မဝင်စားကြသူများလည်း ပါဝင်ပါသည်။ ယခုကဲ့သို့ လက်တွေ့ရောဂါပျောက်ကင်းသွားကြသူများမှ ထုတ်ဖော် ပြောကြားသောအခါမှ ရောက်လာသူမှန်သမျှတို့သည် အလေးနက်ထားကာ သစ္စာရေသောက်သုံးခြင်း၊ တောင်းခံခြင်းတို့ပြုကြပါသည်။

ဤ (၉) ရက်၊ (၉) လ ဗုဒ္ဓပူဇနီယပွဲတော်တွင် သစ္စာရေဝေငှရန်အတွက် ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းမိသားစုမှ စာရေးသူအား အလှူငွေ (၁၀၀၀၀၀) ကျပ်နှင့် ယခင်အစိုးရလက်ထက်က သိပ္ပံနှင့်နည်းပညာဝန်ကြီး၏သားမှ ဦးရေသန့်ဘူးတို့မှားလှူဒါန်းပါသည်။ ထိုအလှူရှင်တို့သည် စာရေးသူနှင့် မသိရှိပါ။ စာရေးသူထံတွင်လည်း ဆေးကုသမှုခံယူဖူးခြင်းမရှိပါ။ စာရေးသူ၏ စာဖတ်ပရိသတ်များသာဖြစ်ကြပြီး စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေ၏ ဂုဏ်သတင်းကို ကြားသိပြီး သဒ္ဓါပေါက်ကာ လာရောက်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရပါသည်။

စာရေးသူတို့သည် ကျွေးမွေးဧည့်ခံရေးကို ညပိုင်းအထိ ထားရှိရခြင်းမှာ မန္တလေးမြို့ ဈေးချို့တော်မှ ဧည့်သည်များနှင့် ရံဝန်ထမ်းများသည် ဈေးသိမ်းချိန်၊ ဈေးဆင်းချိန်တို့မှ လာရောက်ကြသူများရှိသောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နေ့စဉ်နှင့်အမျှ နေရာဌာနတော်တော်များများတွင် လူဒါန်းကျွေးမွေးခြင်းများရှိနေပါသည်။ သို့သော် ရွှေကံကူအောင်မြေတွင် ကျွေးမွေးဧည့်ခံသောထမင်းဟင်းတို့မှာ ထူးခြားလှပါသည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ရှင်တော်မြတ်သည် တစ်နှစ်တာပတ်လုံး မြန်မာနိုင်ငံတစ်ဝန်းနှင့်ကမ္ဘာ့နိုင်ငံများမှ ပင့်ဆောင်ပူဇော်ကြရာ၌ တစ်အိမ်တစ်ဌာနတွင် ဆန်၊ ဆီ၊ ဆေး၊ ဆားအလှူခံယူတော်မူရာ၌ ဆန်တစ်ပြည့်နှုန်းခန့်နှင့် ဆီ(၄၀)ကျပ်သားခန့်ပါဝင်ပါသည်။ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်နေ့၌ တစ်နှစ်တာအတွင်း အနယ်နယ်အရပ်ရပ်မှ ခံယူရရှိသော ဆန်၊ ဆီတို့ကို ထည့်သွင်းချက်ပြုတ်ကျွေးမွေးခြင်းဖြစ်၍ ဤထမင်း၊ ဟင်းမျိုး ဘယ်မှာမှမရှိနိုင်ဟု ဆိုရခြင်းဖြစ်ပါသည်။

တန်ခိုးတော်ကြီးများတော်မူလှသော ရုပ်ရှင်တော်မြတ်အား လှူဒါန်းထားရှိသော ဆန်၊ ဆီတို့ဖြင့် ကျွေးမွေးခြင်းဖြစ်၍ ဤထမင်းဟင်းတို့ကို စားသုံးပါက တစ်နှစ်တာပတ်လုံး ကျန်းမာရေးကောင်းမွန်သည် မျက်နှာပွင့်လန်းသည်ဟု ယုံကြည်ကြ၍ ဝေးလံသောဒေသမှလူတို့သည် လည်းကောင်း၊ ရာထူးဌာနန္တရကြီးမားသော ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ သူဌေးသူကြွယ်ကြီးများသည် လည်းကောင်း ဤထမင်း၊ ဟင်းများကို အထူးအလေးထား၍လာရောက်စားသုံးခြင်းဖြစ်ကြောင်း သိရပါသည်။

၉-၉-၂၀၁၂ ရွှေကံကူ ဗုဒ္ဓပူဇနီယပွဲတော်ကြီးသည်ကား မည်သူကိုမျှ ဖိတ်ကြားခြင်းမပြု။ ဟော်ပွဲရှင်ပွဲ၊ တရားပွဲစသည်တို့မပါဝင်ရုံမျှမက အသံချဲ့စက်မျှပင် မပါဝင်ပါဘဲလျက် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ဤနယ်တစ်ခွင်တွင် အထူးခြားဆုံးနှင့်အစည်ကားဆုံးပွဲတော်ကြီးအဖြစ် သမိုင်းတွင် ကျန်ရစ်ခဲ့မည်ဖြစ်ပါ၏။

ပွဲတော်ပြီးဆုံးပြီး နောက်တစ်နေ့မှာပင် ရပ်ဝေးမှသည်သည်အချို့ပြန်ကြပါသည်။ နောက်တစ်နေ့တွင် ဧည့်သည်အားလုံးပြန်ကြပါသည်။ ယခင်နေ့က ဂျက်ပျံမကျစည်ကားခဲ့သော ရွှေကံကူအောင်မြေတွင် ဤယနေ့အခါသမယ၌ ပွဲတော်ရက်ကို မမြိလိုက်သော ရပ်ဝေးသာဝကများနှင့် သာမန်ဘုရားဖူးဧည့်သည်အချို့သာ လာရောက်ကြ၍ ကျိုက်ကျိတ်တိုး စည်ကားခြင်းမျိုးတော့ မဟုတ်တော့ပါ။ မမြသောသခ်ိရသဘောတရား၏ ပြယုဂ်တစ်ခုပင် ဖြစ်ပါ၏။ ပွဲတော်ရက်ပြီးဆုံးပြီးဖြစ်သောအခါ ရုပ်ရှင်တော်မြတ်သည်လည်း ပင့်ဆောင်ပူဇော်ရန် ကြိုတင်ရက်ချိန်းရရှိထားသူများ၏ ပင့်ဆောင်မှုကိုခံယူကာ ဒေသစာရိခရီးများ ပြန်လည်ကြွမြန်းတော်မူရခြင်းမည် ဖြစ်ပါ၏။

www.burmeseclassic.com

ဘောင်မြေမှ ရုပ်ရှင်တော်မြတ်အား (၇) ရက်သားသမီးများ လျှုဒါန်းထားရှိခဲ့ကြသော ပလ္လင်တော်များကို ပွဲတော်ရက်တွင် ပွဲတော်လာပရိသတ်များအား ပြန်လည်လှူဒါန်းဝေငှခဲ့ရာ ပလ္လင်တော်ရရှိသွားကြသူများတွင် မမျှော်လင့်ဘဲ အိုးသစ်အိမ်သစ်များ ရရှိသွားခဲ့ကြသည်ဟူသော ဆောင်းပါးမှာ (၉) ရက်၊ (၉)လမတိုင်မီတွင် သူရဇ္ဈမဂ္ဂဇင်းကြီး၌ ဖော်ပြပါရှိခဲ့ရာ ယခုနှစ်ပွဲတော်ရက်တွင် ပလ္လင်တော်များ ပြန်လည်လှူဒါန်းဝေငှမည်ဟု သတင်းစာနှင့် ဂျာနယ်များတွင်ထည့်သွင်းကြေညာလိုက်ခြင်းကြောင့် ပလ္လင်တော်ပင့်ဆောင်ပူဇော်လိုသူတို့ ယခုနှစ်တွင် များပြားလှပါသည်။ ထို့ကြောင့် ယခုနှစ်တွင် ပြန်လည် လှူဒါန်းသော ပလ္လင်တော်များမှာ အလုံး (၇၀၀) ကျော် ရှိသော်လည်း တစ်ခဏနှင့်ပင် ပလ္လင်တော်များကုန်သွားခဲ့ပါသည်။

တစ်ဖန် ရုပ်ရှင်တော်မြတ်အား ပလ္လင်တော်လှူဒါန်းသူတို့မှာလည်း များပြားလှရာ ပွဲတော်ရက်အတွင်းမှာပင် ပလ္လင်တော်အလုံး (၁၀၀) ကျော်မျှ ပြန်လည် အလှူတော်ခံယူရရှိခဲ့ပြန်ပါသည်။

စာရေးသူတို့အား ပလ္လင်တော်လှူဒါန်းကြသူတို့မှာ စေတနာသုံးတန်ပြဋ္ဌာန်းပြီး ယတိပြတ်လှူဒါန်းခဲ့ကြသူများဖြစ်၍ ဤပလ္လင်တော်များကို ရွှေက်ကူသာသနာအတွက် လိုအပ်သလိုအသုံးချနိုင်ကြောင်း ပြောကြားပြီး လှူဒါန်းကြသူများ ဖြစ်ပါသည်။ ထိုပလ္လင်တော်အလုံး (၇၀၀) အား နီဗွာန်ကုန်ဆိုင်တစ်ခုသို့ပြန်လည်အပ်သွင်းမည်ဆိုပါက ပလ္လင်တော်များမှာ (၅၀၀၀) ကျပ်မှ (၃၀၀၀၀) ကျပ်အထိ တန်ဖိုးသင့်ရာပျမ်းမျှ တစ်လုံးကို (၁၀၀၀၀) ကျပ်ထားမည်ဆိုလျှင်ပင် သိန်း (၇၀) ကျပ် ရရှိနိုင်မည်ဖြစ်သော်လည်း စာရေးသူတို့သည် လှူဒါန်းသူတို့ ပိုမိုအကျိုးများစေမည့် နည်းလမ်းကိုသာရွေးချယ်၍ အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ပွဲဦးထွက်ခရီးစဉ်မှာ မန္တလေးမြို့လှည်းများအဖွဲ့မှ လမ်း(၃၀) × (၇၆) လမ်းကြား မလိခပန်းချီဝင်းအတွင်းရှိ ဆုတောင်းရ နဂါးရုံဘုရားသို့ ပင့်ဆောင် ပူဇော်ကြခြင်း ဖြစ်ပါသည်။

ထိုဆုတောင်းရမဖွဲ့ရုံတွင်းလည်း ဧည့်ပရိသတ်တို့ အထူးပင် စည်ကားလှပါသည်။ ရုပ်ရှင်တော်မြတ်သည် ယခုအခါတွင် မျက်ရှင်တော်ဖြစ်နေပြီဟုဆိုရပါမည်။ မကြာခဏဆိုသလို ပင့်ဆောင်ပူဇော်ရာဌာနတိုင်းတွင် မျက်လုံးတော်များပွင့်တော်မူလေ့ရှိရာ ယခုလည်း ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်များပွင့်တော်မူ၍ ရောင်ခြည်တော်များပါ ကွန့်မြူတော်မူပါသည်။ ပင့်ဆောင်ပူဇော်သောနေ့ရက်မှာ ၁၂/၁၃-၉-၂၀၁၂ ဖြစ်ပါသည်။ တစ်ညတာသာသီတင်းသုံး စံပယ်တော်မူပြီး ၁၃ ရက်နေ့ညနေတွင် အောင်မြေသို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူပါသည်။

ရုပ်ရှင်တော်မြတ်အား အောင်မြေသို့ ပြန်လည်ပေးပို့သော ပရိသတ်မှာလည်း များပြားလှပါသည်။ စာရေးသူတို့လည်း ထုံးစံအတိုင်းပင် (၇) ရက်သားသမီးတို့ ဘေးဘယာများ ဝေးကွာစေရန် အတွက် ဗယာကြော်များဖြင့် တည်ခင်းဧည့်ခံပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်သော လူငယ်ကလေးများမှ တစ်ညတာသာ ပူဇော်ခွင့်ရရှိသည့် အတွက် ဖူးမြော်ကြရသူများနှင့် ပင့်ဆောင် ပူဇော်ကြသူတို့က မရသေးကြောင်း ပြောကြပါသည်။ ထို့နောက် စာရေးသူထံ ဆေးကုသခံယူသူတို့လည်း ပါရှိ၍ ဧည့်သည်များမှာ အောင်မြေတွင် အချိန်ကြာမြင့်စွာနေသွားကြပြီး မိုးချုပ်မှပြန်သွားကြပါသည်။

၁၄/၁၅-၉-၂၀၁၂ နေ့တွင် ရုပ်ရှင်တော်မြတ်အား စဉ့်ကိုင်မြို့ပေါ်မှ ခေတ်ဆန်သူစားဥယျာဉ်နှင့် ရွှေလူမင်္ဂလာခန်းမဝိသေးစုများဖြစ်သောဦးရွှေဘို၊ ဒေါ်မြင့်မြင့်တို့အား အမျှူးထား၍ မပေါက်ပေါင်းနှင့် ခင်ပွန်းကိုစိုင်းကျော်လှ၊ သမီးလေး နန်းအိန္ဒြေရွှန်းလဲတို့ မိသားစုတို့မှ ပင့်ဆောင်ပူဇော်ကြပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်အား ၂၀၁၃ ခုနှစ်ကတည်းက ယနေ့တိုင် စဉ့်ဆက်မပြတ် ကိုးကွယ်ခဲ့ကြသူများဖြစ်ပြီး မပေါင်းပေါင်း၏ အကြောင်းမှာ ယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါ၍ ဤနေရာတွင် အကျယ်မတင်ပြတော့ပါ။ မပေါင်းပေါင်းသည် ယခုတစ်ကြိမ် ပင့်ဆောင်ပူဇော်ခြင်းမှာ ဒုတိယအကြိမ်မြောက် ပင့်ဆောင် ပူဇော် ခြင်း ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ၎င်း၏ခင်ပွန်း ခရီးရှည်ထွက်နေစဉ်ကာလတွင်း ပင့်ဆောင်ပူဇော်ခြင်း ဖြစ်၍ မည်သူကိုမျှ မဖိတ်ကြားဘဲ တိတ်တဆိတ် ပင့်ဆောင် ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုတစ်ကြိမ်တွင်မူ စဉ့်ကိုင်တစ်မြို့နယ်လုံးရှိ ကျေးရွာများတွင် ဗီနိုင်းဆိုင်းဘုတ်များချိတ်ဆွဲ၍ ဖိတ်ခေါ်ခြင်း၊ လက်တစ်စာစောင်များ ဖြန့်ဝေဖိတ်ခေါ်ခြင်းတို့အပြင် ပူဇော်ပွဲမတိုင်မီညတွင် အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာစေခဲ့ပါသေးသည်။ (၂) ရက်တိတိ တစ်နေကုန် ဘုရားဖူးကြွရောက်လာသမျှသောဧည့်သည်တို့ကို ထမင်းဟင်းများ၊ အချိုပွဲများဖြင့် ဧည့်ခံကျွေးမွေး၍ ကုသိုလ်ယူပါသည်။ အချို့သူများအနေဖြင့် စဉ့်ကိုင်မြို့ပေါ်မှ ဘုရားကို စဉ့်ကိုင်မြို့မှာပင် ပင့်ဆောင်ပူဇော်ခြင်းဖြစ်၍ မည်မျှပင် လှုံ့ဆော်ဖိတ်ကြားမှုပြုပါစေ မြို့ခံနှင့် နယ်ပရိသတ်တို့ များများစားစားလာရောက်လိမ့်မည်မဟုတ်ဟု ထင်ကြေးပေးကြပါသည်။

မပေါင်းပေါင်း၏ စိတ်ကူးမှာ ထိုသို့မဟုတ်ပါ။ ရုပ်ရှင်တော်မြတ်သည် ယနေ့အချိန်၌ မြန်မာနိုင်ငံအနှံ့အပြားမျှသာမက ကမ္ဘာ့နိုင်ငံများမှပါ ပင့်ဆောင် ပူဇော်လျက်ရှိကြကြောင်း စဉ့်ကိုင်မြို့မှမြို့သားများနှင့်နယ်သူနယ်သားများ သိရှိလျက်ရှိကြပါသည်။ ထို့ကြောင့် ဤနယ်တွင် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုလိုသူတို့ အများအပြား ရှိနေမည်ဖြစ်သည်။ သို့သော် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုလိုသူတို့ အများအပြားရှိနေမည် ဖြစ်သည်။ သို့သော် ရုပ်ရှင်တော်မြတ်သည် သာသနာပိုင်၊ အများပိုင်ဘုရားမဟုတ်။ ဘုန်းတော်ကြီးကျောင်းများတွင် ပူဇော်ထားရှိသော ဘုရားမဟုတ်။ ထို့ကြောင့် လာဖူးလာစမရှိသူတို့အဖို့ စာရေးသူတို့ မိသားစုနှင့်လည်း ခင်မင်ရင်းစွဲရှိထားကြသူများမဟုတ်ပါက အောင်မြေသို့ လာရောက်ရန် ဝန်လေး၍နေကြပေမည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူတို့မှာလည်း ရာထူးဌာနန္တရကြီးမားသောပုဂ္ဂိုလ်များ၊ ငွေကြေးချမ်းသာကြွယ်ဝသူများ၊ ဘုန်းတန်ခိုးကြီးမားသော ဆရာတော်ကြီးများ ပါဝင်လျက်ရှိရာ သာမန်အနေအထားဖြင့် ပင့်ဆောင်ပူဇော်ခွင့်မရရှိနိုင်ဟု ထင်မှတ်နေသူများလည်းရှိကြပေမည်။ ထို့ကြောင့် ထိုကိစ္စများကို ဖြေရှင်းလို၍ ပင့်ဆောင်၍ နယ်သူနယ်သား မြို့သူမြို့သားများအား ဖိတ်ကြားရခြင်း ဖြစ်ပေသည်။

မပေါင်းပေါင်း၏ အတွေးဝိသေသများမှာ မှန်ကန်လှကြောင်း ရုပ်ရှင်တော်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းအား ပင့်ဆောင်ပူဇော်သောအခါ သိရှိရပါသည်။ စဉ့်ကိုင်မြို့သူမြို့သား များနှင့်နယ်သူနယ်သားတို့သည် မိမိတို့ မြို့၊ မိမိတို့နယ်တွင် ပွင့်ထွန်းတော်မူ သော်ရှိသည်မှာ (၁၀) နှစ်ကျော် ကြာ ခြင်းခဲ့ပြီဖြစ်သော်လည်း ယခုကဲ့သို့ ဘော်ဆန်သူမိသားစုမှ ရွှေလူးခန်းမသို့ ပင့်ဆောင်ပူဇော်သောအခါ တစ်နယ် ဆွေလိမ့်၍ အားပါးတရ လာရောက် ဖူးမြော်ကြသည်ကို တွေ့ရှိရ၍ စာရေးသူ အံ့သြမိပါသည်။ ဤနေရာဤနေ ရာသို့ ပင့်ဆောင်ပူဇော်မည့်အကြောင်း ကိုလည်း ရတနာပုံသတင်းစာတွင် ကြေညာပါရှိထားသောကြောင့် မန္တလေး၊ ပုတ္တမြို့ ရေစကြို၊ ရွှေဘို စသော ရပ်ဝေး ဒေသတို့မှလည်း လာရောက်ဖူးမြော် ကြပါသည်။ အချို့သည် ပွဲတော်နေ့က လာရောက်ခဲ့ကြသူများဖြစ်သော်လည်း သူတို့းမပေါက်သဖြင့် ဖူးတွေ့ခွင့်မရရှိ သိုက်သောကြောင့် တစ်ခေါက် ထပ်မံ လာရောက်ကြခြင်းဖြစ်၍ အချို့မှာ ပွဲ တော်နေ့က မလာဖြစ်သောကြောင့်၊ အချို့မှာ ပွဲတော်နေ့တွင် လူများအား တိုးနိုင်မည်ဖြစ်သောကြောင့် ဤယနေ့ မှ လာရောက်ကြခြင်း ဖြစ်ကြပါသည်။

ထိုရက်များက စာရေးသူမှာ ဘွန်းမာရေးမကောင်းပါ။ ပွဲတော်ရက် တွင် လူပေါင်းထောင်ချီ၍ စာရေးသူမှ သစ္စာရေတိုက်ကျွေးခြင်း၊ သစ္စာရေ ပေးကမ်းခြင်းတို့ကို ပြုလုပ်ခဲ့ရပါသည်။ ထောင်ချီသောလူတို့တွင် စာရေးသူ၏ သစ္စာရေဖြင့် ခံစားနေကြရသော ရောဂါ ဝေဒနာတို့ ချက်ချင်း သက်သာပျောက် တင်းသွားတို့လည်း ပါရှိမည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ခန့်နေမှ ရောဂါပျောက် တင်းသက်သာသူတို့လည်းရှိမည်။ လုံးဝ သက်သာပျောက်ကင်းမှုမရှိသူတို့လည်း စိုင်ပေလိမ့်မည်။ သို့သော် ဆန်းကြယ် သော သဘာဝတရားတစ်ခုပင် ဖြစ်ပါ လိမ့်မည်။ စာရေးသူသည် လူတစ်ဦး တစ်ယောက်အား သစ္စာရေဖြင့် ဆေး ကုသမှုပြုပေးလျှင် ထိုညတွင် လည်း ကောင်း၊ နောက်တစ်နေ့တွင် လည်း ကောင်း၊ ကိုယ်လက်မအီမသာဖြစ်ကာ နေရထိုင်ရသည်မှာ လန်းဆန်းခြင်းမရှိဘဲ လေးလံထိုင်းမှိုင်းလျက်ရှိတတ်ပါသည်။ ယခုမူ လူတစ်ဦးတစ်ယောက်မျှမက များပြားလှစွာသောလူများကို ကုသပေး ခဲ့ရခြင်းဖြစ်ရာ ဒဏ်ပြန်သည့်သဘော မျိုးပင် ဖြစ်ပေမည်။

ပွဲတော်ပြီး နောက်တစ်နေ့တွင် စာရေးသူ အိပ်ရာထဲလဲပါတော့သည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက်ရှိပြီး ခေါင်းများမူးနောက်လျက်ရှိပါသည်။ ဤ ရာသီမှာ တုပ်ကွေးရာသီဖြစ်၍ တုပ်ကွေး များဖြစ်လေမလားဟု ဆေးခန်းသို့သွား ရောက်ပြသသော်လည်း လုံးဝအဖျားသွေး မရှိ၊ တုပ်ကွေးလက္ခဏာမရှိပါ။ အိပ်ရေးပျက်ခြင်းနှင့် ပင်ပန်းခြင်းတို့ ကြောင့်ဖြစ်ပါလိမ့်မည်ဟု ဆရာဝန်မှ ပြောပါသည်။ လိုအပ်သည်ဟု ယူဆ သောဆေးများ ထိုးပေးလိုက်ပါသည်။ သို့သော် ထူးခြားပြောင်းလဲသက်သာမှု တော့မရှိပါ။ (၂) ရက်ခန့်အကြာတွင် ဝမ်းများသွားပြီးနောက် အနည်းငယ် သက်သာသွားပါသည်။ မပေါင်းပေါင်း သည် ၎င်း၏ ပင့်ဆောင်ပူဇော်ပွဲတွင် ဆေးသိပ္ပံသစ္စာရေများ လူ့ဒါန်းဝေငှရန် သစ္စာရေဘူးတစ်ထောင် ကြိုတင်ပြင် ဆင်ထားပြီး စာရေးသူမှ သစ္စာပြု၍ လာရောက်သမျှသော ဧည့်သည်တို့ကို ပေးကမ်းရန် စီစဉ်ထားသော်လည်း ပထမနေ့တွင် လုံးဝမသွားရောက်နိုင်ခဲ့ ပါ။ ဒုတိယနေ့တွင်သာ သွားရောက်၍ ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပါသည်။ သို့တိုင် စာရေးသူတွင် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက်ရှိနေခြင်းမှ အနည်း ငယ်သက်သာရုံမျှရှိပါသေးသည်။ ထိုနေ့ ညတွင် စာရေးသူလည်း ရန်ကုန်ရှိမိတ် ဆွေများ ကြိုတင်ချိန်းဆိုထားပြီး ဖြစ်ပါ ၍ ရန်ကုန်သို့ထွက်ခွာခဲ့ပါသည်။ နောက် တစ်နေ့၌ ရုပ်ရှင်တော်မြတ်သည်လည်း ရွှေလူခန်းမမှ အောင်မြေသို့ ပြန်လည် ကြွမြန်းတော်မူပါသည်။

ထို့နောက် ၁၈-၉-၂၀၁၂ ရက်မှ ၂၉-၉-၂၀၁၂ အထိ တောင်ကြီးမြို့မှ ပင့်ဆောင်ပူဇော်ပါသည်။ ဤခရီးစဉ် သည် ရုပ်ရှင်တော်မြတ်၏ ပထမဦးဆုံး သောခရီးစဉ် ဖြစ်ပါသည်။ တောင်ကြီး မြို့ခရီးစဉ်တွင်လည်း ထူးခြားသော အကြောင်းအရာတို့ များစွာဖြစ်ပေါ်လာ ခဲ့ပါသည်။ ထိုအကြောင်းအရာတို့ကို လည်း သိခြင်း နေသားရ၍ ပူဇော်တင် ဆက်ပါဦးမည်။

ရုပ်ရှင်တော်မြတ်သည် (၁၀) လ ပိုင်း (၅) ရက်နေ့အထိ ရှိနေတော်မူပြီး အဘအောင်မင်းခေါင်၏ထွက်ပွဲပူဇော် ပွဲကို ကျင်းပပြုလုပ်ပြီး ပုဂံ၊ ပုပ္ပားတို့သို့ မယ်တော်ကြီး၊ အနှံတိအေးတို့ သွား ရောက်ပြီး ဒါန်းပြုခဲ့ပါသည်။

၆-၁၀-၂၀၁၂ နေ့တွင် ရုပ်ရှင် တော်မြတ်အား မန္တလေးမြို့ ဈေးချို တော်မှ ပင့်ဆောင်ပူဇော်ပါသည်။ ဤ ခရီးစဉ်တွင် စာရေးသူကိုယ်တိုင်လိုက် ပါသွားပါသည်။ ဈေးချိုတော် (F) ရုံမှ ကိုမြင့်ဦးနှင့်ဇနီး၊ ဆွေမျိုးများနှင့် ဈေးချို တော်မိသားစုများမှ ဝိုင်းဝန်းပင့်ဆောင် ပူဇော်ကြခြင်း ဖြစ်ပါသည်။ ကိုမြင့်ဦးနှင့် မိတ်ဆွေများသည့် စာရေးသူ၏ စာဖတ် မိတ်ဆွေပရိသတ်များဖြစ်ကြပြီး စဉ့်ကိုင် မြို့ အောင်မြေသို့ နှစ်ခေါက်တိတိ လာ ရောက်၍ ရက်ချိန်းတောင်းခံခဲ့ကြသူ များ ဖြစ်ပါသည်။ ဈေးချိုတော်တွင် ပင့်ဆောင်ပူဇော်မည့်အကြောင်းကို ၎င်း တို့မှ မန္တလေးထုတ်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့ကြပါသည်။

ဈေးချိုတော် မြောက်ဘက်ရံ တော်ကြီး၏ အနောက်ဘက်ကပ်လျက် ပလက်ဖောင်းတွင် မဏ္ဍပ်ထိုး၍ ကျယ် ဝန်းခမ်းနားစွာ ပူဇော်ကြခြင်း ဖြစ်ပါ သည်။ တစ်နေကုန် ဧည့်ပရိသတ်တို့မှာ တိုးမပေါက်အောင် စည်ကားလှပါသည်။ ဖုန်းပေါသောခေတ်ဖြစ်၍ ဖုန်းကင်မရာ များနှင့် ရုပ်ရှင်တော်မြတ်အား ဓာတ်ပုံ ရိုက်ကူးသူတို့ များပြားလှသောကြောင့် ကိုမြင့်ဦးတို့ ဝေယျာဝစ္စအဖွဲ့သားများမှ ဖူးမြော်ကြည်ညိုသူတို့ အနောင့်အယှက် မဖြစ်စေရန် မေတ္တာရပ်ခံ၍ ထိန်းသိမ်း ပေးကြရပါသည်။

ပရိသတ်ကြီးမှာ တိုးခွေ့နေကြရ ၍ မည်သူမျှ ကြာကြာဝတ်ပြု၍မရပါ။ ဝင်ထွက်၊ ဝင်ထွက် သဘောမျှသာဖြစ် သော်လည်း တစ်နေကုန်ပင် ဧည့်ပရိ သတ်မစဲ၍ ကိုမြင့်ဦးတို့ဇနီးမောင်နှံနှင့် ဝေယျာဝစ္စအဖွဲ့သားများမှာ ရုပ်ရှင်တော် မြတ်၏ လုံခြုံရေးအတွက်လည်းကောင်း၊ ဘုရားဖူးဧည့်ပရိသတ်များအတွက်လစ် ဟင်းမှုမရှိစေရန်အတွက်လည်းကောင်း မနားတမ်းဆောင်ရွက်၍ နေကြရသော ကြောင့် တစ်နေကုန် မည်သူမျှ နေ့လယ် စာထမင်းမစားလိုက်ကြရ။ မည်သူမျှ ထိုင်ချိန်ပင်မရလိုက်ကြဟုသိရပါသည်။ စာရေးသူလည်း ဘုရားကျောင်းဆောင် ၏နောက်ထဲရှိ ကုလားထိုင်တွင်ထိုင် လိုက်၊ ရှေ့ထွက်ပြီး ဝေယျာဝစ္စဆောင် ရွက်လိုက်နှင့် တစ်နေကုန်နားရသည်ဟု မရှိလိုက်ရပါ။ စာရေးသူအား ဈေးချို တော်မှမွေမိတ်ဆွေများဖြစ်သော ကိုမင်း အောင်-မနန်းဆိုင်ဖောင်း၊ ယုကွန်ပျဉ်တာ အော့ဖ်ဆက်မှ မောင်ဇော်ထွန်းဦး၊ မောင်အောင်ကိုကိုတို့မှ လာရောက်ကူ ညီကြ၍ တော်ပါသေးသည်။

ပရိသတ်ထဲတွင် စာရေးသူထံ

www.burmeseclassic.com

www.burmeseclassic.com

ဆေးသိဒ္ဓိသစ္စာရေဖြင့် ဆေးကုသဖူးသူ တို့လည်းပါဝင်ရာ ၎င်းတို့မှ ဆေးကုသလိုကြောင်း လာရောက် ပြောကြားကြပါသည်။ သို့သော် ရုပ်ရှင်တော်မြတ်အား အပူဇော်ခံယူခြင်းသည် အဓိကဖြစ်ပြီး ထိုကိစ္စမှာမူ ၎င်း များပြားလှသော ပရိတ်သတ်ကြီးဖြင့် မနိုင်မနင်းဖြစ်နေသောကြောင့် စာရေးသူသည် ဤနေရာတွင် ဆေးကုရန် အခြေအနေမပေးပါဟူ၍ မေတ္တာရပ်ခံ ပြောကြားတောင်းပန်ရပါသည်။

နဂိုက ဤပူဇော်ပွဲကို ညနေ (၅) နာရီတွင် ရပ်နားရန် သတ်မှတ်ထားရှိသော်လည်း ရပ်ဝေးမှလာရောက်ကြသော ပရိသတ်တို့မစဲနိုင်၍ ညနေ (၆) နာရီခွဲမှသာ ရပ်နားနိုင်ပါတော့သည်။ ဆက်လက် ပင့်ဆောင်မည့် ကိုနောင်နောင်၊ မစုမြတ် မဟာဒေဝသင်္ကန်းတိုက် (အိမ်တော်ရာဘုရားအရှေ့ပေါက်) တို့လည်း (၅) နာရီတတည်းက ရောက်ရှိနေကြ၍ ဘုရားပူးဇော်ပရိသတ်များကို ငဲ့ကွက်၍ သတ်မှတ်ချိန်ပြည့်လွန်သည့်တိုင်အောင် သည်းခံ၍ စောင့်ဆိုင်းပေးကြပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် မဟာဒေဝသင်္ကန်းတိုက်သို့ ဆက်လက်ကြွမြန်းတော်မူပါသည်။ ကိုနောင်နောင်နှင့် မစုမြတ်တို့သည် လွန်ခဲ့သော (၅) လခန့်က အောင်မြေသို့ ရောက်ရှိလာပြီး စာရေးသူထံရက်ချိန်းတောင်းယူခဲ့ကြသူများ ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ဤသင်္ကန်းတိုက်တွင် တစ်ညတာသာ သီတင်းသုံး စံပယ်တော်မူမည်ဖြစ်သော်လည်း ၎င်းတို့သည် သစ်သီး (၉) မျိုးနှင့် ပန်း (၉) မျိုးတို့ကို ခမ်းနားစွာ ပြင်ဆင်ထားသည့်အပြင် ပန်းမွှေ့ရာ၊ ပန်းကော်ဇောများနှင့်ပါ ပူဇော်ထားရှိပါသေးသည်။ခေတ်မီခမ်းနားသော အဆောက်အအုံဖြင့် ဘုရားခန်းမှာ လိုက်ဖက်လှပါသည်။

ဤနေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသည်နှင့် ဘယ်လိုကဘယ်လိုရောက်လာကြသည်မသိ၊ ညှပ်ရိသတ်တို့များပြား၍ လာပါသည်။ ကိုမြင့်ဦးဇနီးမောင်နှံတို့လည်း စွေးချီတော်တွင် လာရောက်လှူဒါန်းကြသော ပလ္လင်တော်များနှင့် အတူ ရုပ်ရှင်တော်မြတ်အား ဤနေအိမ်အထိ လိုက်ပါပို့ဆောင်ပေးကြပါသည်။ ထိုညက ကိုနောင်နောင်နှင့် မစုမြတ်၊ ၎င်းတို့၏ နှစ်ဖက်သောမိခင်များတို့သည် ညဉ့်နက်သန်းခေါင်တိုင် ရုပ်ရှင်တော်မြတ်အား တရားမွေ့များနှင့် ပူဇော်လှူဒါန်းကြသည်ကိုတွေ့ရသည်။ နောက်တစ်နေ့ နံနက် (၈) နာရီခန့်မှာပင် ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့မှ စဉ့်ကိုင်မြို့အောင်မြေသို့ ပြန်လည်ကြွမြန်းတော်မူပါသည်။ ဤနေအိမ်တွင် တစ်ညတာ မျှသာ ကြွမြန်းပေးနိုင်ခဲ့ခြင်းရှိသော်လည်း ပလ္လင်တော် (၇) လုံး အလှူခံယူတော်မူခဲ့ရပါသေးသည်။

စဉ့်ကိုင်သို့ အပြန်လမ်းခရီးတွင် ရုပ်ရှင်တော်မြတ်အား ကိုနောင်နောင်မှ ပင့်ဆောင်လာခဲ့ပြီး -

"ဆရာဘိုဘို၊ ကျွန်တော်တို့ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ခွင့်ရလိုက်လို့ အတိုင်းမသိ ဝမ်းသာကြည်နူးရပါတယ်။ နောက်နှစ်တွေမှာလည်း ထပ်မံပူဇော်ခွင့်ပြုပါ။ ဆရာ့ကိုလည်း တကယ်ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အိမ်မှာ ရုပ်ရှင်တော်မြတ်ဟာ ပြိုးတော်မူတယ်။ မျက်လုံးတော်ပွင့်တော်မူတယ်။ အသိသာဆုံးထူးခြားမှုကတော့ အိမ်တော်ရာဘုရားဝန်းကျင်မှာ ခွေးလေခွေးလွှင့်တွေ တအားပေါ်တယ်။ ဒီခွေးတွေဟာ ညဉ့်နက်သန်းခေါင်ရောက်တာနဲ့ မတရားအူကြတာ ကျက်သရေမင်္ဂလာမရှိ၊ ထိတ်လန့်စရာတောင်ကောင်းပါတယ်။ ဒီလိုအူနေတာ နှစ်ပေါင်းမနည်းတော့ဘူး။ တစ်ညမှမပြတ်ဘူး၊ ညတိုင်းအူကြတာ။ မနေ့ညကတော့ မနက်သာလင်းသွားတယ် လုံးဝခွေးအူသံမကြားရဘူး"

ဟူ၍ ပြောပြပါသည်။

အောင်မြေသို့ရောက်သောအခါ မယ်တော်ကြီးတို့ လိုက်ပါ၍ မုံရွာသို့ ဆက်လက်ကြွမြန်းရန် အထုပ်အပိုးများ ပြင်ဆင်ထားရှိပြီးဖြစ်သည်ကို တွေ့ရပါသည်။ ကိုနောင်နောင်နှင့် မစုမြတ်တို့အား ပင့်ဆောင်ပူဇော်မှုနှင့် လှူဒါန်းသမူ အစုစုတို့အတွက် မယ်တော်ကြီးမှ ရေစက်သွန်းချ အမျှဝေပေးပါသည်။ ထို့နောက် ၎င်းတို့မှအောင်မြေမှထွက်ခွာမီမှာပင် မုံရွာသို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပေးဝို့ ကုသိုလ်ယူရန် မြစ်သားမြို့မှ ကိုဇော်နိုင် (ခရိုင်အင်ဂျင်နီယာ-ပဲခူး)၊ ဇနီး မအေးအေးမြတ်တို့ကား အသစ်ကြိုး(၂)စီးဖြင့် ရောက်ရှိ၍ လာကြပါသည်။

ကိုဇော်နိုင်၊ မအေးအေးမြတ်တို့သည် မုံရွာမြို့သို့ ပင့်ဆောင်ပူဇော်မည့် သူများမဟုတ်ပါ။ မုံရွာမှနှစ်တိုက်မှလိုက်ပါရပ်ခံပြုရုံဖြင့် လာရောက် ပင့်ဆောင်မည်ဟု သိရသောကြောင့် ကိုဇော်နိုင်သည် ရုပ်ရှင်တော်မြတ်အား သက်တော်ထင်ရှားကဲ့သို့သဘောထားရှိပြီး သက်သောင့်သက်သာ ကြွမြန်းတော်မူနိုင်ရန် လိုက်ပါပင့်ဆောင်ပေးခြင်း ဖြစ်ပါသည်။ ကိုဇော်နိုင်၊ မအေးအေးမြတ်တို့သည် ရုပ်ရှင်တော်မြတ်အား ပို့ဆောင်ပြီးပါက ဤယနေ့ပင် မြစ်သားမြို့သို့ ပြန်ကြမည်ဖြစ်ပြီး ကားနှစ်စီးစီစဉ်လာခဲ့ခြင်းမှာလည်း စာရေးသူကိုပါ ရုပ်ရှင်တော်မြတ်ပင့်ဆောင်ပေးဝို့ရာ၌ လိုက်ပါစေလိုရှိ၍ဖြစ်ကြောင်း ပြောပြပါသည်။ ထို့ကြောင့် စာရေးသူပါ မယ်တော်ကြီးတို့နှင့်အတူ မုံရွာသို့လိုက်ပါသွားခဲ့ပြီး ရုပ်ရှင်တော်မြတ်အား နေသားတကျ ပူဇော်ထားရှိပြီးမှ အင်ဂျင်နီယာမှူး ကိုဇော်နိုင်တို့နှင့်အတူ စဉ့်ကိုင်မြို့သို့ ပြန်လည်လိုက်ပါခဲ့ပါသည်။

၇-၈-၉/၁၀-၂၀၁၂ နေ့တွင် မုံရွာမြို့ အေးချမ်းသာမုန့်တိုက်မှ ပင့်ဆောင်ပူဇော်ပါသည်။ မုန့်တိုက်ပိုင်ရှင် မိန်းကလေးသည် ပြိုးခဲ့သော ကလေးမြို့ခရိုးစဉ်၌ သိန်းအောင်မုန့်တိုက်တွင် ပင့်ဆောင်ပူဇော်စဉ် လာရောက်လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် မုံရွာမြို့သို့ ယခင်ကလည်း (၂) ကြိမ်မြောက် ကြွရောက်တော်မူခဲ့ပြီး ဖြစ်ပါသည်။ ဤတစ်ကြိမ်တွင် ပင့်ဆောင်ပူဇော်ရာ၌ ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးတော်မူ၍ သိသိသာသာ ပြူးတော်မူလျက်ရှိသည်ကို ဖူးတွေ့ကြရပါသည်။

၁၀/၁၁-၁၀-၂၀၁၂ နေ့၌ ရွှေတိမြို့ ရဲစခန်းမှ စခန်းမှူး၏ဇနီးဖြစ်သူ ဒေါ် နန်းညီညီမှ မုံရွာမြို့သို့လာရောက် ပင့်ဆောင်ပါသည်။ ဒေါ် နန်းညီညီသည် အောင်မြေသို့ (၃) ကြိမ်တိုင် လာရောက်၍ ရက်ချိန်းတောင်းခံခဲ့သူ ဖြစ်ပါသည်။ ၎င်းသည် တောင်ကြီးဇာတိဖြစ်၍ ပြီးခဲ့သော တောင်ကြီးခရီးစဉ်တွင် ၎င်း၏ မိဘများနေအိမ်သို့ လာရောက်ပင့်ဆောင်ပူဇော်ခဲ့ပါသေးသည်။ ရတနာသိမ်အောင်မြေအနီးရှိ နဂါးနတ်နန်းတွင် တစ်ညတာ သီတင်းသုံး စံပယ်တော်မူ၍ နောက်တစ်နေ့တွင် ရွှေဘိမြို့ ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့်ဇနီးတို့မှ ပင့်ဆောင်ပူဇော်ပါသည်။ ရဲမှူးကြီးသည် အရွယ်ကောင်းလူလတ်ပိုင်းမျှသာ ရှိသေးသော်လည်း ဘုရားတရားမြဲဖြစ်ကာ ရုပ်ရှင်တော်မြတ်အား အထူးပင် ယုံကြည်လေးမြတ်စွာဖြင့် ပူဇော်ပါသည်။ ရွှေဘိမြို့တွင် ပူဇော်ချိန် ထူးခြား

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်အား ဆွမ်းဆက်ကပ်စဉ် အနေအထိုင်အခင်းပေါ်၌ တင်ပါးရာများ ပေါ် ပေါက်လာခြင်း ဖြစ်ပါသည်။

၁၂/၁၃/၁၄/၁၅/၁၆-၁၀-၂၂ နေ့များတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးကျေးရွာသို့ ပင့်ဆောင်ကြော်ပါသည်။ ဤခရီးစဉ်ကို ပင့်ဆောင်ကြော်သူ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် ဆရာမကြီး (ငြိမ်း) ဒေါ်မြရွှေဒေါ်မြသင်းမှ စာရေးသူထံ ရေးပေးပို့ခဲ့သည့်အတိုင်း ဖော်ပြတင်ဆက်လိုက်ပါသည်။ ဆရာမကြီးသည် စာရေးကောင်းမွန်၍ အကြောင်းအရာတိုင်းလည်း ပြည့်စုံကြောင်း အောက်ပါအတိုင်း ဖတ်ရှုကြည်ညိုကြရမည် ဖြစ်ပါသည်။

ဘုရားဖူးခြင်းဆန္ဒအရင်

ကျွန်မသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သင်္ကာလိပ်စာဌာနမှ အငြိမ်းစားယူပြီး ရွာသစ်ကြီး စစ်ကိုင်းဖွံ့ဖြိုးရေးတက္ကသိုလ် အရှေ့ဘက်တွင် 'ခရေပွင့်' ပညာရေးဆောင်မှုလုပ်ငန်းကို လုပ်ဆောင်နေဒေါ်မြရွှေ ဖြစ်ပါသည်။ အားလပ်သည့်အချိန်များတွင် ဘာသာရေးဆိုင်ရာစာပေများ၊ မဂ္ဂဇင်းများကို ဖတ်ရှုပါသည်။ ဗဟုသုတရရန်နှင့် အပျင်းပြေရန်၊ လိုက်နာကျင့်ကြံရန် ရည်ရွယ်ပါသည်။ ၂၀၁၁ ခုနှစ်၊ ၁၀ လပိုင်းထုတ် ဘုရားမဂ္ဂဇင်းတွင် ပါဝင်သော 'ဘိဘိ ရေးသား' ၏ ရွှေကံကူဆောင်းပါးကို ဖတ်ရပါသည်။ ဤဆောင်းပါးကို ဖတ်ရှုပြီးတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ဘတ်စဉ် စာရေးသူ၏ဆရာမ ဒေါ်စန်းမြ (ကြောက်ရွံ့) ကိုယ်တွေ့ဖြစ်ရပ်ကို အကြိမ်ကြိမ်ဖတ်ရှုပြီး ယုံကြည်မှု ပိုမိုတိုးလာပါသည်။ ဘုရားရှင်အား ယုံကြည်တိုင်ဖူးမြော်လိုသောဆန္ဒများ ဖြစ်ပေါ်ခဲ့ပါသည်။ မဂ္ဂဇင်းဖတ်ပြီး နောက်တစ်နေ့ သီတင်းကျွတ်လပြည့်နေ့တွင် ဦးတင်ကျော်လပြည့်ဆိုင်ရာပင် ကျောက်ဆည် ရွှေသိမ်တော်သို့ စာရေးသူ၏မိတ်ဆွေ ဒေါ်ခင်နန်းတင် (ပါမောက္ခ - ဖွံ့ဖြိုးရေးတက္ကသိုလ်) တို့ ဘုရားဖူးအဖွဲ့နှင့် လိုက်ခဲ့ပါသည်။ ကားပေါ် ရောက်လျှင် ရွှေကံကူရွှေတော်မြတ်၏ တန်ခိုးတော်များကို ပြောပြရာ ဒေါ်ခင်စန်းတင့်မှ -

"ငါ စဉ်ကိုင်မှာ အရင်ကတည်းက ဘုရားဝန်ထမ်းဆောင်ခဲ့တာ မကြားမိပါဘူး"

ဟု လည်းကောင်း၊ အခြားမိတ်ဆွေများကလည်း မကြားမသိပါကြောင်း ပြောကြသည်။

စာရေးသူမှ -

"အေး - ဒါဆို နင်တို့ ဦးတည်တဲ့ ဘုရားတွေဖူးပြီးမှ ငါ့ဘုရားကို ရှာဖူးကြတာပေါ့"

ဟု ပြောခဲ့ပါသည်။

ဘုရားရှင်သီတင်းသုံးတော်မူရာ ရန်အောင်မြင် အမေကောင်း၏ နေအိမ်မင်္ဂလာသို့ ရောက်ခဲ့သော်လည်း ရန်ကုန်မြို့သို့ ဒေသစာရီ ကြွနေတော်မူသဖြင့် ပုံတော်များကိုသာ ဖူးမြော်ခွင့်ရခဲ့ပါသည်။ ဆရာဦးဘိုဘိုမှ သမိုင်းအကျဉ်းကို ပြောပြရာ မိမိနေအိမ်သို့ ပင့်ဆောင်ကြည်ညိုလိုသောဆန္ဒများ ဖြစ်ပေါ်လာပါသည်။ ယခင်က ဘုရားရှင်ကို ဖူးမြော်ရန်သာ ရည်ရွယ်ခဲ့ပေမယ့် ပင့်ဆောင်ပူဇော်ခွင့် ခွင့်တောင်းရာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကို သတ်မှတ်ပေးခဲ့ပါသည်။ ပြည်တွင်း၊ ပြည်ပခရီးစဉ်များဆက်လာသောကြောင့် (၁၀) လပိုင်း (၁၂) ရက်နေ့မှသာပင့်ဆောင်ခွင့်ရခဲ့ပါတော့သည်။

ရက်ချိန်ရလာ ထူးခြားတာ

၂၃-၈-၂၀၁၂ နေ့တွင် ၁၂-၁၀-၂၀၁၂ သောကြာနေ့၌ ဘုရားကိုပင့်ခွင့်ရမည်ဖြစ်ကြောင်း သိရှိရပြီးနောက် ထူးခြားမှုများ ဆက်တိုက်ဖြစ်ပေါ်လာပါသည်။ စာရေးသူတို့အိမ်တွင် (၁) လခန့်အကြာ ရေမလာသောပိုက်မှ ရေထွက်လာခြင်း။ ၂၀၀၉ ခုနှစ်ကပင် ယူသွားသောငွေများ၊ မျှော်လင့်ထားခြင်းမရှိသောငွေများရရှိလာခြင်း။ ဝတ္ထုမြားဂမုန်း ပွင့်ခြင်း၊ ကြောင်နက်အထီးတစ်ကောင် မွေးခြင်းတို့ ဖြစ်ပါသည်။ ၉-၉-၂၀၁၂ ရက်နေ့ဘုရားပွဲ၌ မုန်ကျောင်းဆောင်နှင့် အမွေးတိုင်မဲပေါက်ခြင်း။

အိမ်သို့ရောက်သော် တန်ခိုးတော်အမျိုးမျိုးပေါ်

၂၀၁၂ ခုနှစ် (၁၀) လပိုင်း (၁၂) ရက် သောကြာနေ့၌ ရွှေဘိုမြို့မှ ရွာသစ်ကြီး စာရေးသူတို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။ နေအိမ်ဘုရားဆောင်သို့ရောက်ရှိစဉ် (၅) မိနစ်ခန့်ကြာသော် မှုတ်လုံးတော်များပွင့်တော်မူလာပြီး နှုတ်ခမ်းတော်မှာ သိသာစွာ ပြုံးတော်မူလာပါသည်။ ကြည်ညိုလွန်းသဖြင့် မမှိတ်မသုန် ဖူးမြော်နေမိသည်။ ဘုရားဖူးသူတို့ကလည်း ဓာတ်ပုံရိုက်ပူဇော်ကြပါသည်။ ထိုသုအားလုံးအနက်မှ ထိုည (၉) နာရီခန့်တွင် ကျွန်မ၏ တဖည့်လေးဖြစ်သူ မောင်သုစာကိုကိုလွင်ပူဇော်သော ဓာတ်ပုံ ပုံတော်တွင် နိမ္မိတရုပ်ပွားတော် တစ်ဆူပေါ်လာပါသည်။ စာရေးသူတို့ခမ္မမိတ်ဆွေအားလုံးတို့သည် သူထက်ငါဖူးမြော်ကြကာ ရင်သပ်ရှုမောအံ့သြမဆုံးဖြစ်ကြပါသည်။ တဖည့်ဖြစ်သူမှာ ကြည်နူးလွန်း၍ မိခင်၊ ဖခင်တို့နှင့် နေအိမ်သို့ပြန်မလိုက်ဘဲ စာရေးသူ၏နေအိမ်တွင်အိပ်ကာ ဘုရားရှင်အား ကြည်ညိုပူဇော်ခဲ့ပါသည်။ နောက် (၂) ရက်မြောက်နေ့ ၁၄ ရက်နံနက်တွင် မယ်တော်ကြီးမှ -

"ဆရာမကြီးရေ ဆရာမကြီးတို့အိမ်မှာရှိတ်ခဲ့တဲ့ပုံတော်က နောက်ထပ် ရုပ်ပွားတော် (၂) ဆူပွားလာပြန်ပြီး အားလုံးပေါင်း (၃) ဆူရှိသွားပြီ"

ဟု ပြောပါသည်။

ထိုအခါ စာရေးသူမှ ပြန်ကြည့်ချိန်တွင် ရုပ်ပွားတော်များ (၅) ဆူမကဖူးတွေ့ရပြီး ရဟန္တာပါ၊ ယတ္ထမင်းကြီးပဲ၊ ခြေတော်ရာတစ်ဆူကိုပါ တွေ့ရသဖြင့် အတိုင်းထက်အလွန် ဝမ်းသာပီတိဖြစ်ရပါသည်။ အင်တာနက်ပေါ်တွင်တင်ရန် ရိုက်ကူးရာတွင် ကျိုက်ထီးရိုးစေတီတော်ပုံပါ ပေါ်နေပြန်ပါသည်။

ဤကဲ့သို့ ရုပ်ရှင်တော်မြတ်မှ ထူးခြားစွာ နိမ္မိတရုပ်ပွားတော်များ ဖြစ်ထွန်းတော်မူရခြင်းမှာ အဘယ်ကြောင့်နည်း။ ထိုကျောင်းသားလေးမှာ ရွှေဂူနိဘုရားအား ဆုတောင်းသည့်အခါတိုင်း နှုတ်မှ ရွှေကံကူဟုသာထွက်နေသောကြောင့် သူမိခင်အားမေးပါသည်။

"ရွှေကံကူဘုရားဆိုတာ အမေတော့မကြားဖူးပါဘူး။ ဒါပေမယ့် ဘုရားဘွဲ့တော်တွေက အများကြီးဆိုတော့ရှိရင်လည်းရှိမှာပေါ့ သားရယ်"

ဟု သူမိခင်က ဖြေခဲ့ကြောင်း စာရေးသူထံသို့ ထိုကျောင်းသားလေး စာမေးရန်လာစဉ် -

"ဒီရက်ပိုင်းမှာ ဆရာမက သိပ်မအားသေးလို့ ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကို ရွှေဘိုမှာသွားပင့်ရမှာ။ ပြီးတော့ အိမ်မှာ ပူဇော်ပွဲလုပ်မှာ ရမှာမို့နောက်မှလာခဲ့နော်"

ပြောလိုက်ပါသည်။

ထိုစဉ် -

"ဟာ - ဒါ သားဆုတောင်းနေကျ ဘုရားပဲ။ ဘယ်တော့ပင့်မှာလဲ၊ ဘယ်လို ဘာကြောင့်. . . "

ဟု ဝမ်းသာစွာ ကြက်သီးမွေးညင်းများထကာမေးရှာခဲ့သူတစ်ဦး ဖြစ်ပါသည်။

(ဆက်ရန်)

ဘိုဘို (ရွှေကံကူ)

www.burmeseclassic.com

www.burmeseclassic.com

လူမြင့် (ရန်ကုန်တက္ကသိုလ်)
ဆရာသုခ၏ သုခီအတ္တာနံ ပရိဟရန္တု

ပရိဟရန္တု ဟူသော ဝိသေသသည် စစ်အမြဲ ဒွန်တွဲလျက် သမိုင်းမော်ကွန်း ကြိန်းတွင်လျက်ရှိနေပေသည်။

သုခီ အတ္တာန် ပရိဟရန္တု ဟူသော ခေတ္တာပို့ ပါဠိဂါထာသည် ဗုဒ္ဓဘာသာ ဝင် မြန်မာလူမျိုးတိုင်းနှင့် ရင်းနှီးကျွမ်း ဝင်ပြီးသော မေတ္တာပို့တစ်ရပ် ဖြစ်သည်။ သုခီ ချမ်းသာစွာ၊ အတ္တာန်-မိမိတို့ကိုယ် ကို၊ ပရိဟရန္တု-ဆောင်ရွက်တော်မူနိုင်ကြ ပါစေသတည်း ဟူ၍ ဖြစ်သည်။ အဓိက အနှစ်သာရမှာ ကိုယ့်ကိုယ်ကိုယ်ချမ်းသာ အောင်နေနိုင်ကြပါစေဟူ၍ ဖြစ်သည်။

စာရေးဆရာ ဒါရိုက်တာ ဆရာသုခ အသက်ထင်ရှားရှိစဉ်ကာလက သူ၏ဆောင်းပါးများ၊ ဝတ္ထုများ၊ ရုပ်ရှင်ကားများ ရေးသား၊ ရိုက်ကူးပြီးစီးသည့် အခါ အဆုံးသတ်နိဂုံးတွင် သုခီ အတ္တာန် ပရိဟရန္တု ဟူသော မေတ္တာပို့ဆောင်ပုဒ်ကို ရေးသား ဖော်ပြမှတ်တမ်းတင်ခဲ့မှုကို ဤသို့ မိန့်ကြားခဲ့ပါသည်။

'ကျွန်တော်၏ဆောင်းပါး၊ ဝတ္ထု၊ ရုပ်ရှင်ကားများကို ဖတ်ပြီးကြည့်ပြီးလျှင် ဖတ်သူ၊ ကြည့်သူပရိသတ်ကြီးဟာ ပျော်စရာရှိလျှင် ပျော်ရွှင်စေရန်၊ ကြည်နူးစရာ ရှိလျှင် ကြည်နူးစေရန်၊ နောင်တနှင့် သင်ခန်းစာရစရာရှိလျှင် ရသွားစေရန် ဆန္ဒရှိမှုနှင့်အတူ ဝတ္ထု၊ ရုပ်ရှင်တစ်ခု ရေးသားခြင်း၊ ရိုက်ကူးခြင်းပြီးစီးသည့် အခါတိုင်း၌ တာဝန်တစ်ခု ပြီးမြောက် ပေါ်ပါးသွားပြီဟူသော ဆန္ဒနှင့်အညီ မိမိ စိတ်ချမ်းသာသွားသကဲ့သို့ ပရိသတ်များ ကိုလည်း စိတ်ချမ်းသာကြစေလိုသော ရည်ရွယ်ချက်ဖြင့် သုခီ အတ္တာန် အပရိ ဟရန္တု ဟူသော ဆုတောင်းဆောင်ပုဒ် စာတန်းကို ရေးသားမှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ သုခီအတ္တာနံပရိဟရန္တု ဟူသော ဆုတောင်းစာစတင်ရေးသား မှတ်တမ်းတင်ခဲ့မှုကို ဆရာသုခသည် ကိုလိုနီခေတ် ၁၉၃၀ ပြည့်နှစ်ပတ်ဝန်း ကျင်က မြန်မာစာပေလောကဌ နာမည် ထင်ရှားခဲ့သော ရွှင်ပျော်ပျော်တို့ကဲ့ ဝတ္ထုတိုများစတင်ရေးသားခဲ့ချိန်မှ စတ မှတ်တမ်းတင်ခဲ့သည်' ဟု မိန့်ကြားခဲ့ ဆိုပါသည်။

ကိုလိုနီခေတ် မြန်မာစာ လောကတွင် ၁၉၃၀ ပြည့်နှစ် ပတ်ဝန် ကျင်ကာလသည် မြန်မာ့ဝတ္ထုတိုကာ အခြေခိုင်မာစပြုနေသောကာလဖြစ်သည် ၁၉၃၀ ပြည့်နှစ်ပတ်ဝန်းကျင်၌ထွက် လာသော မြန်မာဝတ္ထုတိုများသည် ပတ်ဝန်းကျင်၌ တွေ့ရသော အ အမျက်ထို့ကို ဝေဖန်သောနား၊ မျက် ဖြင့် ကြား၍ မြင်၍ ရေးသားခဲ့ကြသည် မြန်မာ့နိုင်ငံရေးသမိုင်းရိပ်များကိုလည် တွေ့ရသည်။ အမျိုးသားရေးစိတ်ဓာ နိုးကြားစေရေးကိုလည်းလှုံ့ဆော်ခဲ့သည် ၁၉၃၀ပြည့်နှစ်တွင် ရွှင်ပျော်ပျော်စာ တိုက်သည် ဝတ္ထုတိုများတိုးတက်ဖွံ့ ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သ ဆရာဦးသုခသည် ၁၉၃၀ ပြည့်နှစ်ဝ ကျင်တွင် ရွှင်ပျော်ပျော်တိုက်သို့ ဝ များ စတင်ရေးသားပေးပို့ခဲ့သည်။ ထို က ဆရာဦးသုခ၏ ဝတ္ထုရေးသားဖွဲ့ ခြင်း၏ ရည်ရွယ်ချက်မှာ -

'မိမိ၏ ဝတ္ထုကို ဖတ်ရှုပြီးလ စာဖတ်သူတို့သည် ပျော်ရွှင်စရာ၊ ကြ နူးစရာ၊ ဆင်ခြင်စရာများရရှိစေလို သည်။ မိမိရေးသားပေးပို့သော စာ တိုက်သည် ရွှင်ပျော်ပျော်စာအုပ်တို့ ဖြစ်သောကြောင့်မိမိ၏ကလောင်အ ကိုလည်း ပျော်ရွှင် ကြည်နူး ဆင်ခြင် တရား အနှစ်သာရအခြေခံသော ဘ ဟူသော ဟူသော ကလောင်အမည် ယူခဲ့ခြင်း ဖြစ်သည်။ ရွှင်ပျော်ပျော်တို့ သုခ ဟူသော ကလောင်အမည် ပထမဆုံး ထုတ်ဝေခဲ့သော ဝတ္ထု 'မိုက်မိတယ်' ဖြစ်သည်။ 'မိုက်မိတယ်' ဝတ္ထုအဆုံးတွင် မိမိ၏ကိုယ်ပိုင်လ ဆောင်ပုဒ်ဖြစ်လာမည့် သုခီ အတ္တာ

www.burmeseclassic.com

www.burmeseclassic.com

ရိပ်ဟာရန္တ ဟူသော ဆုတောင်းစာသားကို စတင်သုံးစွဲခဲ့ခြင်း ဖြစ်သည် ဟူ၍ ဆိုခဲ့ကြားခဲ့ပါသည်။

ဆရာကြီး ဦးသုခသည် သုခီအတ္တာနံ ပရိဟရန္တု ဟူသော ဆုတောင်းစာသားကို ရွှင်ပျော်ပျော်တိုက်၌ ဝတ္ထုတိုများ စတင်ရေးသားခဲ့သော ၁၉၃၀ ပြည့်နှစ် ဝန်းကျင်မှစ၍ ဝတ္ထုတို့၏နိဂုံးဌာန၌ ပရိဒေဝမကျန် မှန်မှန်ဖော်ပြခဲ့ရာတွင် ၁၉၃၀ ပြည့်နှစ်မှသည် ၁၉၄၈ ခုနှစ် နောက်ပိုင်း လွတ်လပ်ရေးခေတ်ကာလ အထိ၊

မိမိ၏စာဖတ်ပရိသတ်အား ဝတ္ထုတစ်ပုဒ်ပြီးလျှင် ဖျော်စရာ၊ ကြည်နူးစရာ၊ နောင်တရစရာများ ရရှိလိုသောဆန္ဒ၊ မိမိ၏တာဝန်တစ်ရပ် ဆောင်ရွက်ပြီးစီးအတွက် တာဝန်ပေါ့၊ စိတ်ချမ်းသာရရှိသည့် စာဖတ်ပရိသတ်အားလည်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဟူသော သုခချမ်းသာရစေလိုသော ရည်ရွယ်ချက်ဖြင့် သုခီအတ္တာနံပရိဟရန္တုစာသားကို ရေးသား ဖော်ပြမှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်ဟူ၍ မူလပထမခံယူချက်ကို ဖော်ထုတ် ဝန်ခံခဲ့သည်။

သို့သော် လွတ်လပ်ရေးခေတ် ၁၉၄၈ ခုနှစ် နောက်ပိုင်းတွင် စာဖတ်ပရိသတ်နှင့် မိမိ၏စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာမှုရစေလိုမှုကိုသာ သာမန်မျှ ဦးတည် မှတ်တမ်းတင်ဖော်ပြခဲ့သော သုခီ အတ္တာနံ ပရိဟရန္တုစာသား၏ ပိုမို အနှစ်သာရပြည့်ဝလာမှု ခံယူချက်ကို ဆရာကြီးဦးသုခကိုယ်တိုင်ပင် ထပ်မံ၍ ဤသို့ ဖော်ထုတ်ဝန်ခံမှတ်တမ်းတင်ခဲ့သည်။

ဆရာကြီး ဦးခင်မောင်လတ်နှင့် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ နေမောင်နှံ၏ ကျေးဇူးကြောင့် ဘောက်ထော် စွန်းလွန်းတောရပိဿနာကျောင်းတိုက်၏ တစ်ခုသော ပဉ္စင်းခန်းပြုပြင်သို့ အတူတကွ သွားရောက်ခဲ့ကြသည်။ ထိုအလျှဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အသက်ထင်ရှားရှိစဉ်အချိန်က ဗိုလ်ချုပ်အောင်ဆန်းအား အကြည်ညိုဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ နိုင်ငံရေးကိစ္စများကို လက်တွဲဆောင်ရွက်ခဲ့သော စာရေးဆရာဗိုလ်သိမ်းဆွေအား ဦးပဉ္စင်း ဦးသာသနဝိသုဒ္ဓိအဖြစ် ဖူးမြင်ဦးခိုက်ခွင့်ရရှိခဲ့သည်။

စာရေးဆရာဗိုလ်သိမ်းဆွေသည် ဗိုလ်ချုပ်ဆောင်ဆန်း ကျဆုံးခဲ့ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်ကို ကြည့်မြင်တိုင် စမ်းချောင်း၌ စတင် ထူထောင်ကာ ဦးစီးဆောင်ရွက်ခဲ့သည်။ ယင်းစာကြည့်တိုက်၏ရန်ပုံငွေအတွက် ဗိုလ်သိမ်းဆွေသည် မိမိနေထိုင်သော အိမ်တစ်အိမ်လုံးနှင့် အိမ်ထောင်ပရိဘောဂအကုန်လုံးကိုရောင်းချပြီး ရန်ပုံငွေအဖြစ် လျှဒါန်းခဲ့သည်။ နောက်ပိုင်းတွင် ဗိုလ်သိမ်းဆွေသည် ကြည့်မြင်တိုင် ကျွန်းတောကျောင်းတိုက်၌ အပွဲမာဒေန သမ္မာဒေထ အမည်ရှိ ကျောင်းကလေး တစ်ကျောင်းဆောက်လုပ်၍ ပဉ္စင်းဝတ်ကာ သီတင်းသုံးနေထိုင်ဝိပဿနာတရားများ ပွားများအားထုတ်၍ အေးချမ်းစွာ ကျင့်ကြံသီတင်းသုံးခဲ့သည်။

ဆရာကြီး ဦးသုခသည် အမှတ်မထင်ဘဲ ဦးပဉ္စင်းဦးသာသနဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ) ကို ဖူးမြင်ဦးခိုက်ခွင့်ရရှိချိန်တွင် ဦးသာသနဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ) က ဆရာကြီးဦးသုခအား -

"ဟေ့-ကိုသုခ၊ ခင်ဗျားကျုပ်ထက် တော်တဲ့လူပဲ။ ခင်ဗျားဝတ္ထုရိုးတိုင်းမှာ သုခီ အတ္တာနံ ပရိဟရန္တု ဆိုတဲ့မေတ္တာပို့ထည့်ရေးတာ ကြာလှပြီ။ ဒါကို ကျုပ် အစက သဘောမပေါက်ခဲ့ဘူး။ ကျုပ် ရဟန်းဘဝရောက်မှ သဘောပေါက်တယ်။ ဒါကြောင့် ကျုပ်က ခင်ဗျားကို ကျုပ်ထက် စောစောသိထားတဲ့လူပဲလို့ ခီးမွမ်းရတာ"

ဟူ၍ မိန့်ကြားခဲ့သည်။

ထိုသို့ ဦးသာသနဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ) မိန့်ကြားသော အဆိုအမိန့်တို့ ဆရာဦးသုခ ကြားသိမှတ်သားရသော အခါတွင်မူ ဆရာဦးသုခ၏ အတွင်းအလွှာတွင်စိတ်သန္တာန်တွင် -

ယခင်က ကျွန်ုပ် ရေးသားမှတ်တမ်းတင်ခဲ့သော ဆိုလိုချင်သော သုခီအတ္တာနံ ပရိဟရန္တုသည် တောင့်တတိုင်း အလိုဆန္ဒပြည့်စုံလိုသော လောကီအာရုံအတုအယောင် စိတ်ချမ်းသာမှုမျိုးသာ ဖြစ်ခဲ့ကြောင်း၊ ဆရာတော်အရှင်ဦးသာသနဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ) မိန့်ကြားတော်မူခဲ့သော သုခီ အတ္တာနံ ပရိဟရန္တု၏ အနှစ်သာရစစ်စစ်မှာကား လောဘ၊ ဒေါသ၊ မောဟကင်းသော ပိတိသုခ၊ ဓမ္မချမ်းသာမှုစွာ၊ မိမိကိုယ်ကို ဆောင်ရွက်ရေး၊ ခံစားရေး၊ သဘောပေါက်ရေးကို ရှေးရှုတော်မူလိုက်ကြောင်း ထိုစဉ်ကမှ ဒိဋ္ဌဓမ္မသဘာဝကျကျ သိရှိခံစားလိုက်ရပါတော့သတည်း။

ထိုနည်းအတူ သုခီ အတ္တာနံ ပရိဟရန္တု ဟူသော နိဂုံးဆုတောင်းကို စာရေးဆရာသုခဖြစ်စက မေတ္တာပို့ခဲ့သည် မှန်သော်လည်း တကယ့်ချမ်းသာစွာ မိမိတို့ကိုယ်ကို ဆောင်ရွက်နိုင်ရေး ရှေးရှုမှုသည် ကျွန်တော်ကိုယ်တိုင် ခံစားသုံးဆောင်လိုက်ရမှ ကိုယ်နှင့်တန်းတူ ဝေတူဝေမျှ ခံစားသုံးဆောင်ကြစေချင်သည့် သမ္မာဆန္ဒလေးနက်လာရပါသည်။ ပြည့်ပြည့်ဝဝ မေတ္တာပို့သလိုက်ရပါပေသတည်း

ဟူ၍ မူလက လောကီရေးရာသုခကို အခြေခံပို့သော သုခီ အတ္တာနံ ပရိဟရန္တု မေတ္တာပို့ဆုတောင်းမှုမှသည် လောကုတ္တရာတရားတော်၏ နက်ရှိုင်းသောခံယူချက် အတွေးအမြင်သို့ ပြောင်းလဲခံယူသွားခဲ့သော ဆရာဦးသုခ၏ သုခီ အတ္တာနံ ပရိဟရန္တုဝိသေသသို့ ကူးပြောင်း ခံစားကျင့်ကြံပွားများမှုမှ ကိုယ်တွေ့ဖြစ်ရပ်ကို ဖော်ထုတ်တင်ပြခဲ့သည်။

ဆရာကြီး ဦးသုခ၏ မူလလောကီရေးရာသုခကို အခြေခံပို့သော သုခီ အတ္တာနံ ပရိဟရန္တု မေတ္တာပို့သမှု ဆုတောင်းမှသည် ရင့်ကျက်တည်ငြိမ်သော လောကုတ္တရေးရာ အမြင်ခံယူချက်၊ အတွေးအခေါ်ဖြစ်သော သုခီ အတ္တာနံ ပရိဟရန္တုဝိသေသသို့ ကူးပြောင်းခံစားကျင့်ကြံပွားများမှု လက်တွေ့အကျိုးတရားအာနိသင်ဆိုင်ရာလမ်းညွှန်ချက်ကို ဖတ်ရှုမှတ်သားရခြင်းနှင့်အတူ အမျိုးသားရေး စာဆိုတော်ကြီး ဆရာဇော်ဂျီ၏ စာအုပ်စင်နှင့် ကျွန်တော့်ဆောင်းပါးမှ -

"စာအုပ်စာပေကောင်းကို ဖတ်ရလျှင် ပတ်ဝန်းကျင်ကိုလည်း သတိပြုလာနိုင်သည်။ လောဘထွက်သူသည် မိမိလောဘထွက်သည်ကိုသတိပြုမိလျှင်၊ ဒေါသထွက်သူသည် မိမိဒေါသထွက်သည်ကို သတိပြုမိလျှင်၊ မာနတက်သူသည် မိမိမာနတက်သည်ကို သတိပြုမိလျှင် ဆင်ခြင်တတ်ခြင်းရှိလာ၍ လောဘ၊ ဒေါသ၊ မာနတို့၏ အပူအလောင်မှ သက်သာရာရနိုင်သည် -

ဟူသော အဆုံးအမနှင့် လမ်းညွှန်ချက်ကို ဦးခိုက်ပူဇော်မိပါသည်။

လှမြင့် (နေကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ စာအုပ်စင်နှင့်ကျွန်တော် (ဇော်ဂျီ)

၂။ သုခီ အတ္တာနံ ပရိဟရန္တု (သုခ)

www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်းရဲ့ ဝေဇယန္တာဘုံနန်းကြီးသာဓိ
ဆိုအကာအကွယ်တော်

မောင်ထွန်းမြင့်၏ အမေးကြောင့် ရဟန်းတော်များက ဝေဒါသာကုဂါထာတော်၊ ဒေဝါကာနိဂါထာတော်တို့နှင့် ပတ်သက်ပြီး သိကြားမင်းနှင့် အသုရာတို့ ဖြစ်ပွားကြသည့်စစ်ပွဲတွင် အသုံးပြုခဲ့ပုံကို ပြောပြလေ၏။ ဆရာတော်များက ရှင်းပြရာတွင်-

သိကြားမင်းနှင့် အသုရာတို့သည် သမီးယောကျ်မ တော်စပ်ကြကြောင်း၊ အသုရာသည် သုဘုန်းတန်ခိုးကြီးကြောင်း၊ တန်ခိုးစွမ်းအားကြီးကျယ်ကြောင်း ပြသလိုသဖြင့် သိကြားမင်းနှင့် သူ၏ ပိုင်နက်ဧရိယာအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြကြောင်း၊ သို့သော် အင်အားခြင်း၊ အစွမ်းသတ္တိခြင်း လွန်စွာမကွာခြားဘဲရှိရကား၊ မည်သူက မည်သူကို ပြတ်ပြတ်သားသား အနိုင်ရသည်ဟူ၍မရှိတဲ့ ကိုယ်မရှုံး၊ သူမနိုင်အခြေအနေမျိုးဖြင့်သာ စစ်ပွဲရပ်ခဲ့ရသည်ချည်းဖြစ်၏။ ဤသို့ဖြင့် အသုရာတို့သည် တိုက်ပွဲကိုရပ်ဆိုင်း၍ စစ်ပြန်ဆုတ်သွားခဲ့၏။ သို့သော်လည်း အသုရာတို့သည် သဒ္ဓတ်ပန်းပွင့်ချိန်ရောက်လျှင် သိကြားမင်း၏တာဝတိံသာဌိုရ်သော ဝေဇယန္တာဘုံနန်းပြာသာဒ်အား လာရောက် တိုက်ခိုက်ပြန်၏။ သိကြားမင်းကလည်း ပြန်လည် ခုခံတွန်းလှန်ခဲ့၏။ သို့သော် ပြတ်ပြတ်သားသား အနိုင်ပွဲရရှိအောင်မတိုက်နိုင်ခဲ့ပေ။ အတန်ကြာသောအခါတွင်မှ အသုရာတို့လည်း ပြန်ပြီးတပ်ဆုတ်သွားကြကာ နောက်တစ်ကြိမ်တိုက်ပွဲအတွက် အင်အားစုဆောင်းကြပြန်၏။

ဤသို့ဖြင့် သိကြားမင်း ဦးဆောင်သော ဒေဝါအင်အားစုနှင့် အသုရာ ဦးဆောင်သောဂျေနတ်ဘုရားအင်အားစုတို့သည် တိုက်ပွဲသဲသရာလည်နေတော့၏။ ထိုကိစ္စနှင့် ပတ်သက်ပြီးကာလ လွန်စွာ ကြာညောင်းလာသောအခါ သိကြားမင်းလည်း အလွန်ပင် စိတ်ပျက်ပင်ပန်းလာတော့၏။ နောက်ဆုံးတွင် သိကြားမင်းလည်း မတတ်သာတော့ဘဲ ဗုဒ္ဓဘုရားရှင်အား လျှောက်ထားအကူအညီတောင်းခဲ့၏။

ထိုအခါ ဗုဒ္ဓက အဆိုပါကိစ္စနှင့် ပတ်သက်ပြီး လက်ယာတော်ရဲ့ လက်ဝဲတော်ရဲ့ အင်္ဂသာဝကနှစ်ပါးတို့အား တာဝန်ပေးလိုက်၏။ ထိုအခါ အင်္ဂသာဝကနှစ်ပါးက သိကြားမင်းအား ဂါထာတော်တစ်ပုဒ်စီကို ချီးမြှင့်လိုက်၏။ ထိုဂါထာတော်တို့ကို ရွတ်ဖတ်ပူဇော်ပြီး စစ်ပွဲကို တိုက်လျှင် မုချအောင်ပွဲရမည်ဖြစ်ကြောင်း မိန့်ကြားလိုက်၏။ လက်ယာတော်ရဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်မှ ချီးမြှင့်လိုက်သောဂါထာတော်မှာ ဒေဝါကာနိ အစချီသော ဂါထာတော်ဖြစ်ပြီး လက်ဝဲတော်ရဲ့ ရှင်မဟာမောဂ္ဂလာန် ချီးမြှင့်လိုက်သောဂါထာတော်မှာ ဒေဝါ

အထူးထူတ်

ကျော်ကျော်ခင်ကွင်းအရာတော်ကြီးမင်းသမီး

မဟာပထမိပဉ္ဇာ၏ မြေပြင်ဂိုဏ်းချုပ်

ပါရမီရှင်ဆရာကြီးဦးထွန်းမြင့်

မဟာဝံဆရာဦးဇေယျ ⑧

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထွင်ပင် ပုံမှန်ရှုးနိမ့်ခြင်းမျိုးမဟုတ်ဘဲ တစ်ဦကလျား အလဲလဲအပြိုပြိုဖြစ်ကာ ဆုတ်ခွာ ထွက်ပြေးရသည့်အဖြစ်မျိုးသို့ ရောက်ရှိသွားတော့၏။ ထို့အပြင်လည်း တိုက်တိုင်းရှုံးတော့၏။ ဤကဲ့သို့ ရှုံးဖန်များသောအခါ အသူရာတို့သည် ဒေဝါတို့ထံ လာရောက် မတိုက်ပဲ့ကြတော့ဘဲ အပြီးတိုင်ပင် အရှုံးပေးသွားကြတော့၏။ ဤကဲ့သို့ အသူရာလောကသည် ဒေဝါလောကအား ရာသက်ပန်အရှုံးပေးသွားရသည့် အကြောင်းအရင်းမှာ ဝေဒါသာကုဂါထာတော်နှင့် ဒေဝါကာနိဂါထာတော်တို့၏ အစွမ်းသတ္တိကြောင့်ဖြစ်ကြောင်း ရဟန်းတော်နှစ်ပါးက မောင်ထွန်းမြိုင်အား ပြောဆိုမိန့်ကြားလေ၏။

ထိုအခါ မောင်ထွန်းမြိုင်က -

"အရှင်ဘုရား၊ အဲဒီအသူရာတွေကကော ဗုဒ္ဓရဲ့သြဝါဒကို ခံယူကျင့်သုံးဆောက်တည်နေတဲ့ပုဂ္ဂိုလ်တွေပဲမဟုတ်ဘူးလားဘုရား"

"မဟုတ်ဘူးကွယ် မောင်ထွန်းမြိုင်ရဲ့။ သူတို့ဟာ ဗုဒ္ဓသြဝါဒတွေနဲ့ကင်းကွာနေကြတဲ့ပုဂ္ဂိုလ်တွေပဲ"

"ဒါကြောင့် သူတို့မနိုင်ကြတာကိုးဘုရား"

"ဒါပေမယ့် မောင်ထွန်းမြိုင်၊ အသူရာတွေကို ဒေဝါတွေနဲ့ဖြစ်တဲ့ စစ်ပွဲမှာ ရှုံးသွားတာနဲ့ သူတို့ကို ပေါ့သေးသေးမထင်နဲ့ကွယ့်"

"ဘာဖြစ်လို့လဲ ဘုရား။ သူတို့ဟာ ဘာတွေမို့လို့လဲဘုရား။ တပည့်တော် သိပ်မရှင်းဘူး"

အင်း- ဒီကိစ္စတွေက မပြောဘူးလို့နေတာ မင်းကမေးတော့ ဖြေရတော့မှာပေါ့ကွယ်။ သူတို့ကို တို့ကသာ အသူရာလို့ခေါ်နေကြတာ သူတို့ကလည်း သူတို့နေရာနဲ့ သူတို့ဘုရားတွေပဲကွယ့်"

"ဟာ - ဟုတ်လား၊ သူတို့ဟာ ဘုရားတွေ ဟုတ်လား။ တပည့်တော်တော့ နားမလည်နိုင်တော့ဘူး။ ဘယ်ကဘုရားတွေလဲဟင်"

"မင်း နားလည်အောင်ပြောရရင် သူတို့ကို ဘုရားအဖြစ် ဟိုးအနောက်နိုင်ငံကလူတွေ အရှေ့အလယ်ပိုင်းဒေသကလူတွေ၊ ဥရောပ၊ အမေရိကတ်လူတွေ အများကြီးပဲလာကိုးကွယ်ကြတာကွယ်။ ဘုရားမှ ရိုးရိုးဘုရားတောင်မဟုတ်ဘူး။ ထာဝရဘုရားသခင်ဆိုပြီးတော့ ကိုးကွယ်ကြတာ သူတို့အဓိကကိုးကွယ်ကြတာကတော့ အသူရာကိုပဲပေါ့ကွယ်"

"အရှင်ဘုရား၊ အဲဒီအသူရာနဲ့ ထာဝရဘုရားသခင် ဘယ်လိုဆက်စပ်နေတာလဲဘုရား။ တပည့်တော်ကို ရှင်းအောင်မိန့်တော်မူပါဦး"

"ဒီလိုကွယ့် မောင်ထွန်းမြိုင်ရဲ့။ ထာဝရဘုရား ကိုးကွယ်တယ်ဆိုတဲ့ ဘာသာတရားတွေရဲ့ရင်းမြစ်က အတူတူပဲ၊ တစ်ဆူတည်းပဲလို့ ခံယူကြတယ်။ ယုံကြည်ကြတယ်။ အဲဒီထာဝရဘုရားသခင် ဘယ်ကလာသလဲဆိုတော့ ကိုးကွယ်မှုဆိုင်ရာ ပညာရှင်တွေရဲ့အယူအဆအရ ထင်ကြတာက ရဟူဒီလို့ခေါ်တဲ့ဂျူလူမျိုးတွေရဲ့ ဘုရားသခင်ကနေပြီး ဖန်ဆင်းရှင်၊ တစ်ဆူတည်းသော ဘုရားအဖြစ် ကျန်တဲ့ ဖန်ဆင်းရှင်ကို ယုံကြည်တဲ့ ဘာသာတွေက လက်ဆင့်ခံယူပြီး ကိုးကွယ်လာကြတာပဲ။ တစ်ခါ အဲဒီရဟူဒီတွေ ကိုးကွယ်တဲ့ ဖန်ဆင်းရှင် ထာဝရဘုရားဆိုတာ ဘယ်ကနေဆင်းသက်လာတာလဲ၊ ခံယူလာတာလဲဆိုတာကို ကြည့်လိုက်တော့ တစ်ချိန်တုန်းက ဒီရဟူဒီတွေဟာ သူတို့နေထိုင်တဲ့ တိုင်းပြည်ကနေပြီး အတင်းအကျပ် နှင်ထုတ်ခံလိုက်ကြရတယ်။ ဒါကြောင့် သူတို့ဟာ နေထိုင်စရာ မြို့ခိုအားထားစရာ ကိုယ်ပိုင်တိုင်ပြည်ဆိုတာမရှိဘဲ နေရာအနှံ့ကို ခြေသလုံးအိမ်တိုင်ဘဝမျိုးနဲ့လှည့်လည်သွားလာနေခဲ့ကြရတယ်။ ပိုပြီးရှင်းအောင်ပြောရရင် သူတို့နေတဲ့ ကျေရွာဆလင်မြို့ကနေ နှင်ထုတ်ခံခဲ့ကြရတယ်။ အဲဒီမြို့နားတောင် သီလို့မရတော့ဘူး။ အဲဒါကြောင့် သူတို့ဟာနေရာအတည်တကျနေရမယ့်အခြေအနေမျိုးမရှိတော့ဘဲ ကြုံတဲ့နေရာမှာ ကြုံသလို လှည့်နေကြရတယ်။ ဒီလို့နဲ့ လှည့်လည်သွားလာရင်း အာရုတိုက်ရဲ့ အရှေ့အလယ်ပိုင်းဒေသကိုရောက်ကြတယ်။ အဲဒီမှာ ပါရှားလူမျိုးတွေနေကြတယ်။ သူတို့မှာ အဲဒီအချိန်ကတည်းက ကိုးကွယ်တဲ့ ဖန်ဆင်းရှင် ထာဝရဘုရားသခင်ဆိုပြီးရှိခဲ့တယ်။ အဲဒီဘာသာက ပါရှားမှာ လွန်ခဲ့တဲ့နှစ် (၂၅၀၀) လောက်ကတည်းကပေါ် ခဲ့တာ။ အဲဒီဘာသာကို ရိုဇိုအက်စတာဘာသာလို့ ခေါ်တယ်။ အဲဒီဘာသာရဲ့ခေါင်းဆောင်တမန်တော်အမည်က 'ဇရသုစတြ' တဲ့။ အဲဒီထာဝရဘုရားသခင်မှာလည်း အမည်နာမရှိတယ်။ ဘုရားသခင်ရဲ့အမည်က 'အဟူဒါမာဇဒါ' လို့ခေါ်တယ်။ အဲဒီ 'အဟူဒါ' ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်ကိုလိုက်လိုက်တော့ 'အသူရာ' ကနေပြီး အဟူဒါလို့ ပြောင်းလာတာပဲ။ မာဇဒါဆိုတာက တော့ ပညာရှင်သဘောသက်ဝင်တယ်။ အဲဒီ အသူရာဆိုတာက ဘယ်ကသလဲဆိုတာလိုက်လိုက်တော့ 'မဇ္ဈဒေသ' ကနေပြီးလာတာ။ မရှိမဒေသား ကုန်သည်တွေက ကုန်ကူးသန်းရင်း ပါရှားဒေသကိုရောက်ကြတယ်။ အဲဒီ မရှိမဒေသသား ကုန်သည်တွေနဲ့အတူ 'အသူရာဝါဒ' က ပါလာတာ။ အဲဒီ 'အသူရာ' သဘောတရားတွေကို ပါရှားတွေက သဘောကျပြီးတော့ အသူရာကို အဟူဒါဆိုတဲ့ အမည်နာမတော်ပေးပြီး ကိုးကွယ်ခဲ့ကြတာပဲ။ ဒါကြောင့် အဲဒီ အသူရာဆိုတဲ့ သဘောတရားရဲ့ရင်းမြစ်က တို့ရဲ့ မရှိမဒေသပဲ။ အဲဒီ အသူရာဆိုတဲ့ ပုဂ္ဂိုလ်ဟာ တို့သိကြားဒေဝါတွေကို ထာဝရစစ်ရှုံးပြီးတဲ့နောက် အဲဒီဘာသာကို ဂျဲဒ်လို့ခေါ်တဲ့ ထာဝရဖန်ဆင်းရှင်ဘုရားဆိုတဲ့ အမည်ပါပြောင်းပြီးသွားကြတာပဲကွယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး တို့ရဲ့ဝိဇ္ဇာရေလောကမှာ ဘယ်လိုသတ်မှတ်ကြသလဲဆိုတော့ ဒေဝလမ်းစဉ်နဲ့ အသူရာလမ်းစဉ်ဆိုပြီးတယ်။ အဲဒီအသူရာလမ်းစဉ်ဆိုတာနောက်ပိုင်းတော့ 'ဂျဲဒ်ဖန်ဆင်းရှင် ထာဝရဘုရားသခင်' ဆိုတဲ့လမ်းကြောင်းနဲ့ပြောင်းသွားကြတယ်၊ မောင်ထွန်းမြိုင်ရေ

"ဒါနဲ့ အဲဒီအသူရာ အဲ... အဟူဒါ မာဇဒါဆိုတာကနေပြီး ဘယ်လို ရဟူဒီတွေဆီရောက်သွားတာလဲဘုရား"

"ဘယ်လိုလဲဆိုတော့ အဲဒီခြေသလုံးအိမ်တိုင် ရဟူဒီတွေဟာ ပါရှားတွေကိုကြည့်ပြီး သိပ်ကိုအားကျတဲ့ကွယ်။ သူတို့ပါရှားတွေဟာ သူတို့ပိုင်ဆိုင်တဲ့နိုင်ငံနဲ့၊ လူမျိုးနဲ့၊ ကိုယ်ပိုင်စစ်တပ်နဲ့၊ အုပ်ချုပ်တဲ့ဘုရင်နဲ့၊ ကိုယ်ပိုင်အိုးတွေ အိမ်တွေနဲ့ မိသားစုနဲ့ ဆွေမျိုးအသိုင်းအဝန်းနဲ့ ကိုယ်ပိုင်ဝီးပွားရေးလုပ်ငန်းတွေနဲ့ ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝတွေနဲ့ တခမ်းတနားနေနိုင်ကြတာကိုကြည့်ပြီး အရမ်းကိုသဘောကျတာပေါ့ကွယ်။ အဲဒီမှာ ရဟူဒီတွေက ဒီကိစ္စနဲ့ပတ်သက်ပြီး စဉ်းစားကြည့်ကြတယ်။ သူတို့ရဲ့ဘဝတွေနဲ့ ပါရှားတွေရဲ့ဘဝတွေက ကွာခြားလိုက်တာ မိုးနဲ့မြေပဲ။ ယုတ်စွအဆုံးကြည့်မယ်ဆိုရင် ရဟူဒီတွေရဲ့အဆင့်အတန်းဟာ တစ်လောကလုံးရှိတဲ့ လူတွေအားလုံးထဲမှာ အနိမ့်ကျဆုံး အနှိမ်ခံရဆုံးပဲ။ လူရယ်လို့သာဖြစ်နေပြီး ဘယ်သူကမှ သူတို့ကို လူအဆင့်အတန်းလို့ သတ်မှတ်မခံရဘူး။ အရမ်း**

www.burmeseclassic.com

www.burmeseclassic.com

ဘို လူအောက်ကျရတဲ့ဘဝမျိုးဆိုတော့ ဆူဒီတွေရဲ့ဘဝနဲ့ ပါရှားတွေရဲ့ဘဝဟာ ဘာယဉ်ကို မီးနဲ့မြေပဲလေ။ ဒီတော့ ဆူဒီတွေက ပါရှားတွေဒီလိုဘဝမျိုးဖြစ်ဖာ ပုံမှန်တော့မဟုတ်ဘူး။ သူတို့ကို ကြည့်ရှုစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ရှိရမယ်။ အဲဒါကြောင့် ပါရှားတွေရဲ့ဘဝဟာ အစစအရာရာ လိုလေသေးမရှိဖြစ်ကြရတာပဲ။ ဒါဆို သူတို့ကို ဘယ်ပုဂ္ဂိုလ်က စောင့်ရှောက်တာလဲစဉ်းစားလိုက်တော့ သူတို့ကိုးကွယ်တဲ့ ထာဝရဘုရားသခင်ပဲ ဖြစ်ရမယ်။ ဒီဘုရားကြောင့် ကိုယ့်တိုင်းနဲ့ ဘိုးသို့ပြည်နဲ့ နေခွင့်ရလာတဲ့အခါ အဲဒီ ထာဝရဘုရားသခင်ကို ကိုးကွယ်မယ်။ ငါတို့ တိုင်းနဲ့ပြည်နဲ့ အမြဲနှံ့နေနိုင်အောင် စီစဉ်ပေးတော်မူပါဆိုပြီး ဆုတောင်းကြတယ်။ ဒါနဲ့ ရဟူဒီတွေမှာ မောရှေဆိုတဲ့ ခေါင်းဆောင်ပေါ်လာတယ်။ သူက သူလူမျိုးတွေကို ဂျေရုဆလင်ဆီ ပို့ဆောင်ခဲ့တယ်၊ ပြီးတော့ ထာဝရဘုရားသခင်ဆိုတာရှိတယ်။ သူနဲ့ ထာဝရဘုရားသခင်တို့ တွေ့ရတယ်လို့ ဟောပြောတယ်။ အဲဒီကစပြီး ရဟူဒီတွေဟာ ပါရှားတွေရဲ့ အဟူဒါမာဇဒါတို့ ထာဝရဘုရားသခင်အဖြစ်နဲ့ကိုးကွယ်ခဲ့ကြတာပဲ။ အဲဒီ ရဟူဒီတွေ ကိုးကွယ်ခဲ့ ဂျူဒါဝါဒရဲ့ ထာဝရဘုရားသခင်ကို ခရစ်ယာန်တွေကလည်း ဆက်ပြီးထာဝရဘုရားသခင်အဖြစ်နဲ့ ကိုးကွယ်ခဲ့တယ်။ နောက်ပိုင်းအနှစ်ငါးရာလောက်ကျတော့ အဲဒီ ထာဝရဘုရားသခင်ကိုပဲ အစွဲလမ်းတွေက အလွှာလိုက်ဆိုတဲ့ ထာဝရဘုရားသခင် ဖန်ဆင်းရှင်အဖြစ် အစဉ်အဆက် ကိုးကွယ်ခဲ့ကြတယ်ကွယ့် မောင်ထွန်းမြိုင်ရဲ့"

"တင်ပါ့ ဘုရား။ တပည့်တော်လည်း ကမ္ဘာဘာသာတရားတွေရဲ့အစဉ်အဆက်ကို သိရပါပြီဘုရား။ ဒေဝါလမ်းစဉ်နဲ့ အသူရာလမ်းစဉ်ဆိုတာတွေရဲ့ ကွဲပြားခြားနားမှုတွေကို ကောင်းကောင်းကြီးသိပါပြီဘုရား"

"အေး၊ ဧအေး-ဟုတ်ပြီ။ ဒါကြောင့် တို့ရဲ့ ဘာသာ၊ ဘာသနာနဲ့ပတ်သက်လာရင် တိုင်းပြည်၊ လူမျိုးတို့နဲ့ပတ်သက်လာရင် အချုပ်အခြာအာဏာပိုင်မှုနဲ့ပတ်သက်လာရင် ဒေဝါသာက၊ ဒေဝါကာနိနဲ့ မဟာပထမံအောင်မြေစည်းဘုရားတို့ကို ဘယ်သောအခါမှ မမေ့လေနဲ့ကွယ့် မြမြမှတ်ထား"

"ဒါနဲ့ အရှင်ဘုရား၊ ဒီဝိဇ္ဇာတန်ဆောင်းပြာသာဒ်မှာ တပ်ဆင်ထားတဲ့ ဧဝေဒါသာက၊ ဒေဝါကာနိ အင်းပလ္လင်တော်နဲ့ ဗုဒ္ဓရုပ်အင်းဘုရားတွေကို စီရင်ခဲ့တဲ့ပုဂ္ဂိုလ်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်လား"

"အင်း - ဟုတ်တယ်ပဲ ဆိုပါတော့"

"အဲဒီပုဂ္ဂိုလ်က လူပုဂ္ဂိုလ်လား၊ ရဟန်းပုဂ္ဂိုလ်လားဘုရား"

"ရဟန်းပုဂ္ဂိုလ်ပဲကွယ့်"

"ရဟန်းပုဂ္ဂိုလ်ဆို အဲဒီပုဂ္ဂိုလ်ရဲ့ ဘွဲ့တော်များ သိခွင့်ရှိမလားဘုရား"

"ဟာ - မင်းကလည်း စစ်စစ်ပေါက်ပေါက်မေးလိုက်တာ လွန်ပါရောပဲလား။ အဲဒီပုဂ္ဂိုလ်ရဲ့ဘွဲ့က စစ်ကွင်းဆရာတော်ဦးစန္ဒေဘာသပဲကွယ့် မြမြမှတ်ထား"

"တင်ပါ့၊ မှတ်မိပါပြီဘုရား"

"ကဲ - မောင်ထွန်းမြိုင်၊ ဝိဇ္ဇာတန်ဆောင်းထဲဝင်ဖူးကြရအောင်"

ဟု ဆိုပြီး မောင်ထွန်းမြိုင်နဲ့ ရဟန်းတော်နှစ်ပါးတို့သည် တန်ဆောင်းထဲဝင်သွားကြ၏။ ထိုအခါ တန်ဆောင်း၏ ထိပ်ဆုံး၌ စံပယ်နေသော ဗုဒ္ဓရုပ်ပွား တော်ကြီးတစ်ဆူကိုတွေ့ရသဖြင့် ဖူးမြော်ကြလေ၏။

"ဒါ မဟာပထမံအောင်မြေစည်း ဘုရားပဲကွယ့် မောင်ထွန်းမြိုင်ရဲ့"

"မဟာပထမံဆိုတာဘာလဲဘုရား"

"မဟာပထမံပညာလမ်းစဉ်ဆိုတာ ကမ္ဘာသဃဘိုးဘိုးရသေ့ကြီး စတင်တွေ့ရှိခဲ့တဲ့ပညာပဲ။ ဒါကြောင့် ဒီတန်ဆောင်းထဲမှာ ထိပ်ဆုံးကရုပ်တုဟာ ဘိုးဘိုးကြီးရုပ်တုပဲ။ နောက်ရုပ်တုတစ်ခုက ဒုတိယပုဂ္ဂိုလ်ဆရာတော် ဦးကဿပသဖရုပ်တုပဲ။ နောက်ရုပ်တုတွေက ပထမံလမ်းစဉ်အဝင်အပါ ပုဂ္ဂိုလ်တွေဖြစ်တဲ့ ပထမံအဘဘိုးဘိုးအောင်နဲ့ ပထမံစကြာမင်းတို့ရဲ့ ရုပ်တုတွေပဲကွယ့်"

"အရှင်ဘုရား၊ ဒီပထမံစည်းဘုရားလို့ပဲ နောက်မဟာပထမံစည်းဘုရားတွေရှိသေးလား ဘုရား"

"ရှိတာပေါ့ကွယ့်၊ အခု ရွှေတိဂုံစေတီတော်ကြီးရဲ့ တန်ဂန္ဓေထောင့်မှာ ရှိတဲ့ ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရားဆိုတာလည်း မဟာပထမံအောင်မြေစည်းဘုရားပဲ။ နောက်ပြီးတော့ ဒီကုန်တော်ပေါ်မှာပဲ မဟာပထမံအောင်မြေစည်းဘုရားရှိသေးတယ်။ ဒါပေမယ့် ခုလောလောဆယ်တော့ ပြောခွင့်မရှိလို့ မသိချင်ပါနဲ့ ပတ်သက်ပြီးပြောရရင်တော့ အများကြီးပဲ။ နောက် မကြာခင် ဒီသိဂုံတွင်ရကုန်းတော်နားက ငါးဆူကုန်းအောင်မြေမှာလည်း ကွန်ဒိမနိမ္မိတဘုရားပေါ် ထွန်းလာဦးမယ်။ ဒီဘုရားကလည်း မဟာပထမံအောင်မြေစည်းဘုရားပဲ။ နောက် ကျိုက်ထီးရိုး ရသေ့တောင်မှာလည်း မဟာပထမံစည်းဘုရားရှိတယ်။ အဲဒီဘုရားအနီးမှာလည်း မဟာပထမံအောင်မြေစည်းဘုရားတစ်ဆူ ရှိသေးတယ်။ အဲဒီဘုရားစေတီတော်တွေက ကမ္ဘာသယဘိုးဘိုးကြီးကိုယ်တိုင် တည်ထားခဲ့တဲ့ ဘုရားတွေပဲ။ နောက်ပြီး မင်းလှမြို့နယ်ထဲက ခိုပါတောင်(၉)လုံးမှာလည်း မဟာပထမံအောင်မြေစည်းဘုရား (၉) ဆူရှိသေးတယ်။ အဲ- မဟာပထမံအောင်မြေစည်းဘုရားဆိုလို့အရေးကြီးတဲ့ ဘုရားစေတီတော်ကြီးတစ်ဆူ အကြောင်းပြောရဦးမယ်။ ဒီကနေ့ကစပြီး နောင်လာမယ့် (၇၅) နှစ်လောက်မှာ မင်းလှမြို့နယ်ထဲက စစ်ကွင်းမှာ လေးကျွန်းမြင့်မိုရ် မဟာဂ္ဂန္ဓိမယဆိုတဲ့ ဘွဲ့အမည်နဲ့ မဟာပထမံအောင်မြေစည်းဘုရားစေတီတော်ကြီးတစ်ဆူ ပေါ်လိမ့်ဦးမယ်တွယ့်။ ကဲကဲ- မောင်ထွန်းမြိုင်ရေ အချိန်ကလည်းအတော်နည်းနေပြီ။ ကျန်တဲ့နေရာတွေကို ခပ်သုတ်သုတ်သွားကြဦးစို့"

□ နေစကြာ၊ လစကြာ သိဒ္ဓိနှစ်ပါးစည်း စေတီတော်

ဝိဇ္ဇာတန်ဆောင်းမှ ထွက်လာခဲ့ပြီး နောက် မောင်ထွန်းမြိုင်တို့သည် စေတီတော်၏မုခ်ဦးတွင် ဒေါင်းရုပ်နှင့် ယုန်ရုပ်များထုလုပ်ထားသည့်စေတီတော်တစ်ဆူသို့ ရောက်ရှိကြ၏။ ထိုစေတီတော်ကို ဖူးမြော်ရသည်တွင် မောင်ထွန်းမြိုင်၏ စိတ်ထဲ၌တစ်မျိုးတစ်မည်ရှိသဖြင့် ရဟန်းတော်များက စေတီတော်နှင့်ပတ်သက်ပြီး အသေအချာ ရှင်းပြလေ၏။

အဆိုပါ စေတီတော်၏ဘွဲ့အမည်ကို လူအများက နေလဘုရားဟု အလွယ်တကူခေါ်ဆိုကြကြောင်း စေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏ စနေထောင့်တွင်ရှိပြီး ဝိဇ္ဇာဇော်ဂျီစေတီတော်၏ တောင်ဘက်တွင် တည်ရှိပါသည်။ စေတီတော်၏ အရှေ့ဘက်လိုက် ဂူမုခ်ဝ၌ နေနဝင်းစကြာနှင့် လနဝင်းစကြာတို့ကို သရုပ်ဖော်ထားသည့် သင်္ကေတဖြင့် ထုလုပ်ထားပါသည်။ နေနဝင်းစကြာကို ဒေါင်းရုပ်အား နဂါးပတ်ထားသည့် သင်္ကေတဖြင့် လည်းကောင်း သိဒ္ဓိရုပ်ပါး၏ သရုပ်ကိုပေါ် အောင် ဖော်ဆောင်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤစေတီတော်ကို အဆိုပါ သိဂုံ ဣန္ဒရကုန်းတော်ပေါ် တွင်ပင် ဝိဇ္ဇာဓရ ထွက်ရပ်စခန်းဆိုင်ရာ ကျင့်စဉ်ပညာကို သေချာကျနစွာ အောင်မြင်ပေါက် ရောက်ခဲ့သော စနေသားပုဂ္ဂိုလ်တစ်ဦး က ပြီးမြောက်သည့် အထိမ်းအမှတ် သင်္ကေတအဖြစ် တည်ထားခဲ့သော စေတီတော်ဖြစ်ပါသည်။ အဆိုပါ ဧရာတီ တော်၏ မှခဲ့ဦးရွှေတည့်တည့်နေရာ သည် နေစကြာ၊ လစကြာ သိဒ္ဓိနှစ်ပါး စည်း၏ အောင်မြေဖြစ်၏။ ထိုစေတီ တော်၏အောက်တည့်တည့် ရွှေသင်္ဘော ကြီးရှိရာ ဥမင်လိုက်ခေါင်း၏ ကန်တော် မင်းကန်ကြီးထဲသို့ထွက်သော ရေထွက် ပေါက်ရှိ၏။

မောင်ထွန်းမြိုင်လည်း နေစကြာ၊ လစကြာသိဒ္ဓိနှစ်ပါး စည်းဘုရားတွင် အောင်မြေတွင်ထိုင်ကာ အသေအချာ အာရုံပြုပြီး ရှိခိုးကန်တော့လိုက်၏။ ထိုသို့ ရှိခိုးကန်တော့ပြီးသည်နှင့် တစ်ပြိုင်နက် တွင်ပင် 'ဒု... ဒု... ဒု... ဒု... ဒု...' ဟူသော မောင်းထုသံ ကြီး (၉) ချက်သည် ကျယ်လောင်စွာ မြည်ဟိန်း၍ ထွက်ပေါ် လာလေတော့ ၏။ ထိုအခါတွင်မှ မောင်ထွန်းမြိုင်သည် နှစ်ကျိပ်ရှစ်ဆူဘုရားတန်ဆောင်းထဲတွင် အိပ်ပျော်နေရာမှ ရုတ်ခနဲထလိုက်ပြီး ပတ်ဝန်းကျင်သို့ မျက်စိဝေ့ဝိုက်ပြီးကြည့် လိုက်သောအခါတွင် နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်းအနီး ချိတ်ထားသည့် မောင်းကြီးတစ်လုံးအား ဘုန်းတော်ကြီး တစ်ပါးကထုနေကြောင်း တွေ့ရလေ၏။ မောင်းထုရာတွင် (၉) ချက်တိတိထုပြီး သောအခါ၌ အနီးရှိ ဝတ်ဖြူစင်ကြယ် ဝတ်ပုဂ္ဂိုလ်တစ်ဦးက 'အောင်ပြီ... အောင်ပြီ... အောင်ပြီ' ဟုကျယ်လောင် စွာ အော်ဟစ်ပြီး ထွက်ခွာသွားကြလေ ၏။

ထိုအချိန်တွင်မှ မောင်ထွန်းမြိုင် လည်း တန်ဆောင်း၏အပြင်သို့ လှမ်း ကြည့်လိုက်သောအခါ အတော်အတန် ပင် မှောင်ရိပျိုးနေပြီဖြစ်ပြီး ရွှေတိဂုံ စေတီတော်ဘုရားကြီးနှင့် အခြားရင်ပြင် တော်ပေါ်ရှိ ဘုရားစေတီတော်များ၊ မီးတိုင်များတွင် မီးများလင်းနေကြပြီဖြစ် ၏။ ထိုအခါတွင်မှ မောင်ထွန်းမြိုင်သည် အန္တောဓာတ်ဆင်ပြီး ပုတီးစိပ်ရန် အဓိဋ္ဌာန်ထားသည်ကို သတိရလာလေ ၏။ သူသည် ယနေ့မနက်က တနင်္ဂနွေ ထောင့်တွင် အဓိဋ္ဌာန်ပုတီးစိပ်ပြီးပြီ ဖြစ် ၏။ ယခု ညဉ့်ဦးဘွင် စနေထောင့်၌ အဓိဋ္ဌာန်ပုတီးစိပ်ရဦးမည် ဖြစ်၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် သူ့ လွယ်အိတ်လေးကို ကောက်ယူလိုက်ပြီး ရွှေတိဂုံစေတီတော်ကြီး၏ စနေထောင့် သို့ ထွက်လာခဲ့လေ၏။ စနေထောင့်သို့ သွားရာလမ်းတွင် မောင်ထွန်းမြိုင်သည် သူ နေ့လယ်က အိပ်မက်ကို ပြန်ပြောင်း သတိရမိ၏။ ဤအိပ်မက်သည် အိပ်မက် သာဆိုဦးတော့ မောင်ထွန်းမြိုင်အဖို့ ကိုယ်တိုင်ကိုယ်ကျပင် လုပ်ဆောင်ခဲ့ရ သော အမူကိစ္စတစ်ခုပမာ အတိအကျ ပင်အမှတ်ထင်ထင်ရှိနေတော့၏။

ထို့ကြောင့် အိပ်မက်ထဲတွင် သူ အား လိုက်ပါပို့ဆောင်ရင်း ပြခဲ့သည့် ရဟန်းတော်နှစ်ပါး၏ ပုံဟန်သွင်ပြင်နှင့် ဥပဓိရုပ်တို့ကိုကား ပြတ်ပြတ်ထင်ထင်ရှိ နေတော့၏။ အဆိုပါရဟန်းတော်နှစ်ပါး သည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သည်ကို စဉ်းစား၍မအောင်ပင်ဖြစ်နေတော့၏။ မောင်ထွန်းမြိုင်သည် စနေထောင့်သို့ ရောက်သောအခါ နေလဘုရားနှင့် ဝိဇ္ဇာ ဇော်ဂျီဘုရားမုခဦးတို့ကို တွေ့လိုက်ရ သဖြင့် နေ့လယ်က သူ၏အိပ်မက်ထဲမှ ဘုရားများဖြစ်ကြောင်းကို တွေ့လိုက်ရ သဖြင့် မောင်ထွန်းမြိုင်သည် အဆိုပါ ဘုရားများကို ဝင်ရောက်ဖူးလိုက်၏။ ပြီး သောအခါတွင်မှ စနေထောင့်သို့ဝင်ကာ အဓိဋ္ဌာန်ပြုလေတော့၏။

အမှန်ကား ထိုနေ့သည် စနေနေ့ ဖြစ်၏။ မောင်ထွန်းမြိုင်ကိုယ်တိုင်က လည်း စနေသားဖြစ်၏။ ယခု စနေနေ့ ညဉ့်ဦးပိုင်းတွင် အဓိဋ္ဌာန်ဝင်ခြင်းဖြစ်နေ သဖြင့် အချိန်အခါကလည်း စနေအခါ ပင်ဖြစ်နေတော့၏။ အဓိဋ္ဌာန်ဝင်ရာ ဘုမ္မိ နက်သန်ကလည်း ရွှေတိဂုံစေတီတော် မြတ်ကြီး၏ စနေထောင့်တွင် ဖြစ်နေပြန် ပါသည်။ ထို့ကြောင့် စနေနံများအခါခါ ပင်ထင်နေတော့၏။ ထိုအချက်သည် တစ်စုံတစ်ရာသော ထူးခြားမှုဖြစ်နေ၏။

အိပ်မက်ထဲမှရဟန်းတော်နှစ်ပါး ဆိုသည်မှာလည်း နောက်ပိုင်းတွင်မှ မောင်ထွန်းမြိုင်သည် သိရလေတော့၏။ ပြင်ပလောကတွင်လည်း အဆိုပါ ဆရာ တော်နှစ်ပါးသည်ပင် မောင်ထွန်းမြိုင် အား မဟာပထမံပညာလမ်းစဉ်ပေါ် သို့ ရောက်ရှိစေရန် ပဓာန်တိုက်တွန်းပို့ ဆောင်ခဲ့သော ပုဂ္ဂိုလ်များဖြစ်နေသော ကြောင့်ပင်တည်း။ ထိုပုဂ္ဂိုလ်များကပင် မောင်ထွန်းမြိုင်အဖို့ ပညာသင်ကြားပေး ရာ၊ မှီခိုရာဖြစ်ခဲ့၏။ ထိုရဟန်းတော် နှစ်ပါးမှာ စစ်ကွင်းဆရာတော်ဘုရားကြီး ဦးစန္ဒောဘာသနှင့် ကျန်ရဟန်းတော် တစ်ပါးမှာ ဆရာတော်ဦးပညောဘာသ တို့ပင်ဖြစ်၏။ ဆရာတော်ဦးပညောဘာ သသည် နောက်ပိုင်းတွင် လူပြန်တော် အဖြစ်ကူးပြောင်းခဲ့ပြီး ဆရာကြီးဦးဘန် ဟူသောအမည်ဖြင့်ထင်ရှားလေ၏။

စစ်ကွင်းဆရာတော် ဦးစန္ဒောဘာ သသည် အင်္ဂါသားဖြစ်၏။ ဆရာတော် ဦးပညောဘာသမှာ ကြာသတေးသား ဖြစ်၏။ ထို့ကြောင့် မောင်ထွန်းမြိုင် ရန်ကုန်မြို့သို့ စတင်ရောက်ရှိသောနေ့ သိဒ္ဓိအပေါင်းတို့၏ခညောင်းရာ သိဂုံတွင် ကုန်းတော်မြေမြှုတ်မဟာသို့ စတင်ခြေ သောနေ့၊ ရွှေတိဂုံစေတီတော်မြတ်ပေါ် သို့ စတင်တက်သောနေ့သည် စနေနေ့ ပင်ဖြစ်၏။ ထိုနေ့ မောင်ထွန်းမြိုင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် လှေကားပေါ် တက်နေစဉ် ဝတ်ဖြူစင် ကြယ်ဝတ်ထားသည့် လူသုတော်ကြီး တစ်ဦးက အသံဝါဝါကြီးဖြင့် ကြွေးကြော် သွားသည့် ကဗျာလိုလို၊ တဘောင်လိုလို စာချိုးသည် မောင်ထွန်းမြိုင်၏လက်တွေ့ ဘဝနှင့် တစ်ထပ်တည်းကျလာခဲ့၏။ ထိုပုဂ္ဂိုလ်ပြောဆိုသွားသောစကားမှာ -

'ကြွက်နဲ့ ခြင်္သေ့ နဂါးတွေ... အန္တောဓာတ်ကိုရအောင်ဆင်...' ဟူ သည်ပင် ဖြစ်၏။ ထိုနိမိတ်တဘောင် စကားအရ ဆရာတော်ဦးပညောဘာသ သည် ကြာသပတေးသားဖြစ်သဖြင့် နွေနံသင်္ကေတအရ 'ကြွက်' ဖြစ်၏။ စစ်ကွင်း ဆရာတော် ဦးစန္ဒောဘာသမှာ အင်္ဂါ သားဖြစ်သဖြင့် နွေနံသင်္ကေတအရ 'ခြင်္သေ့'ပင် ဖြစ်၏။ မောင်ထွန်းမြိုင်သည် စနေသားဖြစ်သဖြင့် နွေနံသင်္ကေတအရ နဂါးပင်ဖြစ်၏။ ထို့ကြောင့် မောင်ထွန်း မြိုင် ရွှေတိဂုံတောင်ဘက်မုခ် လှေကား ကိုတက်လျှင်တက်ချင်း ကြားလိုက်ရ သော ထူးခြားစကားကို အတိတ်နိမိတ် အဖြစ်ကောက်ယူပါက 'ကြွက်နှင့်ခြင်္သေ့ ... နဂါးတွေ' ဟူသည့် အဓိပ္ပာယ်မှာ ကြာသပတေးသား ဦးပညောဘာသနှင့် အင်္ဂါသားဦးစန္ဒောဘာသတို့သည် စနေ သားမောင်ထွန်းမြိုင်နှင့် တွေ့ကြခြင်းပင် ဖြစ်တော့၏။

ပထမဆုံး မောင်ထွန်းမြိုင်၏ အလွန်ပင် ထူးခြားဆန်းကြယ်မှုကို အိပ်မက်ထဲတွင်တွေ့ခဲ့၏။ ထိုနောက်ပိုင်း တွင် ပြင်ပလောကၦ လူပုဂ္ဂိုလ်ချင်း ကိုယ်တိုင်ပင်တွေ့ခဲ့ကြပြီး မြားမြောက် လှသောလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြ ၏။

www.burmeseclassic.com

www.burmeseclassic.com

သံစူးသော် မေးခိုင်ဝင်ရန် ကြောက်ရန်မလို

ကျွန်တော်သည် ချင်းတွင်းမြစ်ဆုံဝတ်မြစ်ရိုးတစ်လျှောက် လှေဖြင့် ခရီးဆိုး မော်တော်ဖြင့်တစ်သွယ် ဘဝင်းအတွက် မပြတ်သွားလာခဲ့ရပါသည်။ မော်တော်နှင့်လှေမှာ မြစ်ထဲသွားခရီးတွင် လျင်မြန်ဖျတ်လတ်သတိပြုသထားရသောအလုပ်ဖြစ်ပါသည်။

တစ်နေ့ မော်တော်အမိုးပေါ် သို့ အကြောင်းကြည့်ရန်အတက် အမိုးပျဉ်မှ အောက်ထွက်နေသော နှစ်လက်မ (၂) သံတစ်ချောင်း ကျွန်တော့်ခြေဖဝါးကို ထိုးတက်စူးသွားပါသည်။ ပျဉ်ချပ်ပါကပ်ရာဖြင့် မော်တော်အမိုးကိုပုတ်၍ အောက်လူများကြားရန် အော်ရပါသည်။

မော်တော်စက်သံလျော့ပြီး ကျွန်တော်မှာ စူးနေသည့်သံနှုတ်ပြီး အောက်ချပါသည်။ သွေးများလည်း ညှိမည်းနေပါသည်။

တစ်ယောက်တစ်မျိုး ဆူညံစွာဖြင့် ကျွန်တော့်မှာ စူးသောသံဆိပ်ကုန်အောင်ညှစ်ထုတ်နေပြီး ဖိနပ်ဖြင့်ခြေဖဝါးရိုက်ကြဖြင့် ပိုင်းရှလုပ်ပေးနေကြပါတယ်။

အဲဒီအချိန်မှာ မော်တော်နောက်ပိုင်းမှာ ထမင်းချက် ကိုဝက်ကြီးရောက်လာပြီး -

"ဘာဖြစ်လို့လဲ"

ဟုမေးပါသည်။

ကျွန်တော့်မှာ သံစူးနေကြောင်းပြောလိုက်ပါသည်။

"ဒါများအဆန်းလုပ်လို့ကွာ၊ ဟော့မော်တော်ဦးခန်း(ရှေ့ခန်း)ထဲမှာ သုကြားရှိတယ် သွားယူခဲ့"

ဟုပြောပြီး မော်တော်နောက်ပိုင်းမီးဖိုမှ မီးကျီးခဲရဲရဲများကို ပန်းကန်ပြားဖြင့် ထည့်ယူလာသည်။

ကျွန်တော် ခြေထောက်ကိုင်ပြီး မီးခဲပေါ် သို့ သကြားနှစ်ဇွန်းခန့်လောင်းထည့်ပြီး ကျွန်တော့်ခြေထောက်ကို မီးခဲပန်းကန်ပြားပေါ် မှနေပြီး မှိုင်းခဲသတောလုပ်ပါသည်။ မီးအပူပေါ် မူတည်၍ ခြေထောက်ကို နိမ့်လိုက်မြင့်လိုက်အလိုက် သင့်လုပ်ရပါသည်။ စူးထားသောသံဆိပ်ရည်နှင့် သွေးပုပ်များထွက်သွားပါသည်။

"ရပြီ၊ ဘယ်ဆေးခန်းမှပြစရာမလိုဘူး။ ဒါ တို့ရဲ့မော်တော်လေ့သမားကုထုံးကွ မှတ်ထား"

တကယ်ပျောက်ပါသည်။ နောက်ထပ်လည်းမလုပ်ရတော့ပါ။ ရောင်လည်းမရောင်၊ နာလည်းမနာပါ။ တကယ်ပျောက်ပါသည်။

"နောက်ထပ်တစ်ခုရှိသေးတယ်ကွ။ တကယ်သကြားအဆင့်သင့်မရှိရင် ကြက်သွန်နီကို နှစ်ဥလောက်ပြာပူအုံပြီး သံစူးသောခြေထောက်ကိုအသာဖိထားပေးပါ။ ချက်ချင်း ယူပစ်သလိုပျောက်ကင်းကြောင်းကို စေတနာကောင်းဖြင့် ဒါနပြုလိုက်ပါတယ်။

သန်းလှိုင်ထွက်း (အမြင့်)

ထို့အတူ အဆိုပါကြွေးကြော်သွားသော လူသူတော်၏စကားတွင်ပါသည့် အန္တောတော်ကိုရအောင်ဆင်' ဟူသည့်စကားအတိုင်းပင် မောင်ထွန်းမြိုင် စနေထွေးသည် ရွှေတိဂုံစေတီတော်ကြီး၏ နှစ်နွေထွေးတွင် ပထမဦးဆုံး အဓိဋ္ဌာန်ပုတီးစိပ်ခဲ့၏။ ထိုအချက်သည်ပင် သူ့ကို လှုံ့ဆော်ပြီး အန္တောတော်သည် အသွေးအရောတ်ဖြစ်၏။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်သည် နေ့လယ်ဘက် ခရီးပန်းရှစ်ဆူတန်ဆောင်းထဲတွင် အိပ်ချိန်သွားစဉ် အလွန်တရာ ထူးခြားလှသော အိပ်မက်ရှည်ကြီးကိုမက်ခဲ့၏။ ဤအိပ်မက်ကြီးသည် အတော်ပင်ရှည်လျားစွာသော်လည်း မောင်ထွန်းမြိုင်သည် ထိုအိပ်မက်ကို ထူးထူးခြားခြားပင် အစဉ်လိုမကျန် မှတ်မိနေခြင်း ဖြစ်၏။

ထိုမှတစ်ဖန် မောင်ထွန်းမြိုင်သည် ရွှေတိဂုံစေတီတော်၏ နေထွေးတွင်ပင် ထပ်ပြီးအဓိဋ္ဌာန်ထဲခဲ့သဖြင့် ပိဓိထူးခြားသည့်အဖြစ်အပျက်တစ်ရပ်သည် ဖြစ်ပေါ်လာလေတော့၏။ အဆိုပါအဖြစ်အပျက်မှာ ဤသို့ဖြစ်၏။

မောင်ထွန်းမြိုင် စနေထွေးတွင် အဓိဋ္ဌာန်ဝင်သောနေ့ရာမှာ စနေထွေးတွင်ရှိသော ရေသပွာယ်သောဂြိုဟ်တိုင် ဘုရား၏နောက်ဘက် ယခုအခါ ဂဠုန်ဦးစောတည်ခဲ့သော စေတီတော်လေး၏ အရှေ့ဘက်တွင်ဖြစ်၏။ ထိုနေရာတွင် မောင်ထွန်းမြိုင်သည် အကျအနထိုင်၍ ပရိက်ပြုပြီး ကောင်းစွာအာရုံဝင်စားကာ စိပ်နေကျ ပုတီးစိပ်ကိုပင် အသေအချာစိပ်လေ၏။

ထိုသို့ပုတီးစိပ်ရင်း မောင်ထွန်းမြိုင်သည် အာရုံပို့၍ကျလာ၏။ ထို့ကြောင့် အချိန်ကိုသတိမပြုမိတော့ဘဲ ဆက်ပြီးစိပ်လေ၏။ ထို့ကြောင့် အချိန်များသည် တဖြည်းဖြည်းကုန်ဆုံးလာခဲ့၏။ လူသံသူသံ၊ ဘုရားရှိခိုးသံ၊ ဆုတောင်းသံ၊ အမျှပေးဝေသံတို့သည်လည်း တဖြည်းကင်းဆိတ်သည်ထက် ကင်းဆိတ်လာ၏။ ဘုရားဖူးတို့သည်လည်း တဖြည်းဖြည်း ကျဲပါးသွား၏။ ညဉ့်သည် တဖြည်းဖြည်း နက်သည်ထက်နက်လာ၏။

ထိုအချိန်တွင် ဇနီးမောင်နှံဟူ ယူဆရသည့် စုံတွဲတစ်တွဲသည် စနေထောင့်ဂြိုဟ်တိုင်အနီးသို့ ရောက်ရှိလာကြ၏။ သူတို့ကိုကြည့်ရသည်မှာ နှစ်ယောက်စလုံးပင် အသက် (၂၀) ကျော်ဝန်းကျင်ခန့်ရှိကြ၏။ သူတို့၏ရုပ်ရည်မှာလည်း ချောမောပြေပြစ်သူများ ဖြစ်ကြ၏။ သူတို့ဝတ်စားဆင်ယင်ထားကြသည်မှာလည်း သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ရှိကြသဖြင့် ကြေးရတက်အဆင့်အတန်း သို့တည်းမဟုတ် ဂုဏ်သရေရှိသူများဖြစ်နိုင်ပေသည်။

သူတို့သည် စနေဂြိုဟ်တိုင်သို့ လာကြသည်မှာ ယခြာခြေရန် ဖြစ်ပုံရ၏။ သို့သော် သူတို့သည် စနေဂြိုဟ်တိုင်တွင် တန့်ရပ်မသွားဘဲ ဂြိုဟ်တိုင်၏ အနောက်ဘက်သို့ ဆက်ပြီးဝင်သွားကြလေ၏။ ထိုသို့ဝင်သွားပြီးနောက် မကြာမတင်မီတွင်ပင် -

"အမလေး"

ဟူသော စူးရှနက်ကျောသည့် အမျိုးသမီးတစ်ယောက်၏ အသံသည် ထွက်ပေါ်လာလေ၏။

ရွှေလဆက်ဖတ်ပါ

ပထမဆုဆည်ဦးအရှေ့

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်
ပါဠိဘာသာအလွယ်ရွတ်ဖတ်နည်း

ယနေ့ခေတ်အခါတွင် ဓမ္မစကြာဝတ်ရွတ်အသင်းများ အရပ်ဒေသအလျောက် အဖွဲ့အစည်းအသီးသီးဖြင့် ရွတ်ပွား ပူဇော်နေသည်ကို တွေ့မြင်နာကြားနေရသဖြင့် ဗုဒ္ဓဘာသာကလျာဏပုဂ္ဂိုလ်တစ်ယောက်အနေဖြင့် ကြည်နူးဝမ်းမြောက်မိရသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ပါဠိအသံထွက်စာအုပ်များလည်း ထွက်ရှိနေသဖြင့် လူတိုင်း အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်နေပြီ ဖြစ်ပါသည်။

ပါဠိဘာသာကို လူတိုင်း အလွယ်တကူ အသံထွက်မှန်မှန် ရွတ်ပွားနိုင်ရန် အတွက် ဓမ္မဝိရအရှင်တေဇနိယ (ဗုဒ္ဓဂယာ-အိန္ဒိယ) နေသား ပူဇော်ထားသည်ကို လေးစား ကြည်ညိုပါသဖြင့် ကူးယူတင်ပြအပ်ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဘုရားရှိခိုးပူဇော်ခြင်းကို နေ့စဉ်ပြုလုပ်နေကြပါသော်လည်း၊ မြတ်ဗုဒ္ဓ၏မူရင်း ပါဠိဘာသာဖြင့် ပူဇော်ရွတ်ဖတ်ကြသူများမှာ လွန်စွာနည်းပါးလှပါသည်။ ပါဠိဆိုသောအသံကို ကြားလိုက်သည်နှင့် ဆေးခါးကြီးကိုကြောက်သည့် ကလေးများနှယ် မြန်မာပြန်လေးမျှကိုသာ ရွတ်ဖတ်ပူဇော်ကြ၏။ မြန်မာပြန်ရွတ်ဖတ်ပူဇော်ခြင်းကို အပြစ်ဆိုနေတာ မဟုတ်ဘဲ မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့် မူရင်းပါဠိဘာသာဖြင့် ရွတ်ဖတ်ပူဇော်ပါက ရွတ်ဖတ်ရခြင်း၏ အရသာ အနှစ်သာရကို ပိုမိုခံစားကြည်ညိုသဒ္ဓါတိုးပွားစေနိုင်တာကြောင့် ဗုဒ္ဓဘာသာသူတော်စင်များအတွက် ပါဠိဘာသာ အလွယ်ရွတ်ဖတ်နည်းကို စေတနာထား၍ ရှင်းပြရေးသားလိုက်ပါသည်။

ပါဠိဘာသာ ရွတ်ဖတ်နည်းလေ့လာသင်ကြားရာတွင် ပိုမိုလွယ်ကူမှတ်သားစေနိုင်ရန်အတွက် အောက်ပါလက်လေးများကို အစပိုင်းတွင် ကျက်မှတ်ထားသင့်ပါသည်။ နောင်အလေ့အကျင့်များလာသောအခါတွင် ထိုလက်လေးများမလိုတော့ဘဲ သူ့အလို အလျောက် ရွတ်ဆိုနိုင်လိမ့်မည် ဖြစ်ပါသည်။

❑ နစ်လုံးဆင့်မှာ၊ အထက်သာ၊ သတ်ပါ မြဲကောန်။

အထက်ပါအလင်္ကာ၏ဆိုလိုရင်း အဓိပ္ပာယ်မှာ အက္ခရာနှစ်လုံးဆင့်ထားသော စာပိုဒ်များကို ဖတ်သည့်အခါ အပေါ် အဆင့်မှာရှိသော အက္ခရာအသတ် (ှ) တင်၍ ထိုအက္ခရာနှစ်လုံး၏ ရှေ့မှာရှိသည့် အက္ခရာနှင့်ပေါင်းစပ်၍ ဖတ်ရမည်ဟု ဆိုလိုပါသည်။

ဥပမာ - သမန္တာ - သမန်တာ

❑ သဝေလည်းထိုး၊ တ-သတ်မျိုး၊ ဖတ်ရိုး စ-သတ်သံ။

ဆိုလိုရင်းအဓိပ္ပာယ်မှာ ရှေ့က သဝေထိုးရှိပြီး သဝေထိုး၏ အနောက်က တနှစ်လုံးဆင့် (တ္တ) ထားပါက တသတ်သံ(ထ်)ဟုမထွက်ဘဲ စသတ်သံ (စ်) ဟု အသံထွက်ရမည်။

ဥပမာ - မေတ္တာ - မစ်တာ
သေတ္တာ - သစ်တာ

❑ သဝေလည်းထိုး၊ န-သတ်မျိုး၊ ဖတ်ရိုး ဥ (-ဉ်) သတ်သံ။

အဓိပ္ပာယ်မှာ ရှေ့က သဝေထိုး (ေ-) ရှိပြီး သဝေထိုးနောက်က နှစ်လုံးဆင့်အက္ခရာတွင် အပေါ် အက္ခရာသည် နဝယ်ဖြစ်နေပါက နသတ်(-န်)ဟု အရှိအတိုင်း အသံမထွက်ဘဲ ဉသတ်သံ(-ဉ်) ဖြင့် အသံထွက်ရမည်။

ဥပမာ - ပူရေန္တံ - ပူရဉ်တံ

❑ သဝေရေးချ၊ သတ်မြင်းက၊ မှတ်ကြဝဆွဲသံ

ထိုဆောင်ပုဒ်လက်ာ၏အဓိပ္ပာယ်ကတော့ ရှေ့တွင် သဝေထိုး(ေ-)နှင့် ရေးချ (-ါ)ရှိပြီး နောက်အက္ခရာနှစ်လုံးထပ်ကို ပေါင်းဖတ်ရာတွင် သဝေထိုးရေးချကို (ေ-ါ) ဝဆွဲသံ (ွ) တစ်နည်းသြ-သံဖြင့် ဖတ်ရသည်။

ဥပမာ - ဟောန္တု - ဟွန်တု

❑ ဟထိုးဝဆွဲ၊ ရရစ်-ယပင်း၊ တွေ့တဲ့လျှင်းက၊ နစ်ဝတာဝန်၊ ကျေပွန်စေရန်၊ အသံအသတ် ယူမြဲမှတ်။

ဆိုလိုရင်းမှာ ဟထိုး (့)၊ ဝဆွဲ (ွ) နှင့် ရရစ် (ြ) ယပင် (-ျ) များနှင့် တွဲထားပါက ထိုအက္ခရာတို့သည် ဆိုင်ရာအသတ် (-ဒ်၊ -နဲ့၊ -မ်၊ စသည်) တာဝန်ကိုလည်းယူရပြီး မူလအက္ခရာ၏အသံကိုလည်းထွက်ပေးရ၏။ ထို့ကြောင့် အထက်ပါကဲ့သို့သော ပုဒ်အက္ခရာတို့သည် တာဝန်နှစ်ရပ်ဖြင့် အသံထွက်ရလေ၏။

ဥပမာ အမှ - အမ်မ
သက္ယ - သတ်ကျ
စက္ကာ - စက်ကာ
ကတ္တာ - ကတ်တာ

အထက်ဖော်ပြပါ ပါဠိဘာသာအလွယ်ဖတ်နည်းကို ကျနော်စာ နားလည်တတ်ကျွမ်းထားပါက ဗုဒ္ဓမြတ်စွာ၏ဒေသနာတော်များ မူရင်းပါဠိဘာသာဖြင့် ရွတ်ဆိုပူဇော်နိုင်မည် ဖြစ်ပါသည်။ ပါဠိဘာသာသည် ကျယ်ပြန့်နက်နဲသည့် အလျောက် ယခုနည်းမျှဖြင့် ပညာရှင်တစ်ယောက်ကဲ့သို့ တတ်ကျွမ်းလိမ့်မည် မဟုတ်ပါသော်လည်း ဒေသနာတော်များအား ပုဒ်၊ ပါဠို၊ အက္ခရာ၊ အသံနေအသံထားမှန်ကန်စွာဖြင့် ရွတ်ဖတ်ပူဇော်နိုင်ပါလိမ့်မည်။

ထို့ကြောင့် အထက်ဖော်ပြပါ ပါဠိဘာသာ အလွယ်ရွတ်ဖတ်နည်း အတိုင်း လေ့လာသင်ယူကြပြီး မြတ်ဗုဒ္ဓ ဘုရားရှင်၏ ဒေသနာတော်မြတ်တို့အား ပါဠိတော်မူရင်းဖြင့် ပူဇော်သဒ္ဓါပွားကုသိုလ်တော်ယူနိုင်ကြပါစေဟု ပတ္ထနာတောင်းဆုပြုလိုက်ရပါသည်။

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်းမြင်း
ဘဝရှင်သန်ရာ သင့်လက်မှာ

အဓိကလမ်းကြောင်းတို့ကို လေ့လာပါက ဦးခေါင်းလမ်းကြောင်းဖြောင့်တန်းကြောင့် လက်တွေ့ကျသူ၊ ရုပ်ဝါဒသူအဖြစ်တွေ့ရပြီး အသက်လမ်းကြောင်းက လက်ဝါးပြင်အတွင်းတိုးဝင်သည့်ပုံစံရှိနေခြင်းကြောင့် အရေးပါအခြေအနေကောင်းများ၏ထောက်ခံခံနေရသူ ဖြစ်သည်။

နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းကြောင်းကြားနေရာ ကျဉ်းမြောင်းခြင်းသည် စိတ်ပိုင်းဆိုင်ရာခံစားချက်ခြင်းစီးအား ကန့်သတ်ထိန်းချုပ်သည့်သဘောဖော်ပြပြီး နှလုံးလမ်းကြောင်းဖြောင့်စင်းနေခြင်းကြောင့် စိတ်ဆိုင်ရာထက် ရုပ်ပိုင်းဆိုင်ရာတိုးတက်ပေါ် ပိုမိုအာရုံစိုက်သူအဖြစ် တွေ့ရှိရသည်။

နှမူနာလက်ဝါးပြင်ပါ (A)အမှတ်အသားရှိလမ်းကြောင်းသည် စိတ်ပိုင်းဆိုင်ရာအလိုဆန္ဒများအား ကိုယ်စားပြုသည်။

ထောက်ခံချက်ချခြင်း

လက်မအောက်ခြေမှ အသက်လမ်းကြောင်းပေါ် သို့ မည်သည့်လမ်းကြောင်းကမှ ဖြတ်သန်းနေခြင်းမရှိဘဲ နေခြင်း၊ နှလုံးလမ်းကြောင်းပါးလွှာခြင်း၍ လမ်းကြောင်းတစ်လျှောက်အပြောက်များပါရှိနေခြင်း၊ နှလုံးကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းနေရာ ကျဉ်းမြောင်းနေခြင်းတို့က ရောဂါဖြစ်စေလာမည့် ရှေ့ပြေးလက္ခဏာများပင် ဖြစ်သည်။

ရောင်းဆိုးရောဂါဖြစ်သူ၏လက်ဝါး

အသက် (၄၀)နှစ်အရွယ် (အိမ်ထောင်မရှိသူ) အမျိုးသမီးတစ်ဦး၏ ကြာခဏဖြစ်တတ်သော အအေးမိ၊ ချောင်းဆိုးရောဂါနှင့် ခေါင်းတစ်ဝေဒနာများ ခံစားနေရခြင်းကို ထောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။ ဖော်ပြပါ လက္ခဏာရှင်၏ ဖခင်ဖြစ်သူမှာ ကင်ဆာရောဂါဖြင့်ဆုံးပါးခဲ့ရသူ ဖြစ်သည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံကိုလေ့လာပါက လက်သူကြွယ်ထိပ်ဖျားပိုင်း၌ အလိပ်လိုက်ဖွေပါရှိနေခြင်းကြောင့် လွတ်လပ်မှုကို ခုံမင်တတ်သူအဖြစ်ဖော်ပြပြီး လက်မတည်ဆောက်ပုံအားကောင်းခြင်းကြောင့် စိတ်ဓာတ်ခွန်အားရှိသူအဖြစ် တွေ့ရသည်။

ၚင်းအပြင် လက်ဝါးပြင်ပါများစွာသော လမ်းကြောင်းများက အလကားထိုင်၍ ပျင်းရိသူမဟုတ်ဘဲ အစဉ်တက်ကြွနိုးကြားနေသူဖြစ်ကြောင်း ဖော်ပြပါသည်။

အဓိကလမ်းကြောင်းတို့ကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းရှည်လျားဖြောင့်တန်းပြီး အဆုံးသတ်ခါနီး၌အပေါ်ဘက်သို့အနည်းငယ်မြင့်တက်သွားသည်ကိုတွေ့ရှိရသည်။ ထိုအနေအထားသည် ဌေးကြေးဥစ္စာပစ္စည်းများ ယခင်ကထက် ပိုမိုတိုးတက်စွာ ပိုင်ဆိုင်ခွင့်ရှိလာမည့်သဘောကို ရည်ညွှန်းသည်။

တစ်ဖန် နှလုံးလမ်းကြောင်းကို လေ့လာပါက လက်သူကြွယ်အောက်ဘက်နေရာ၌ ကျွန်းခံနေပြီး အသက်လမ်းကြောင်းက လက်ဝါးအပြင်ဘက်အောက်သို့ အနည်းငယ်နိမ့်ဆင်းနေခြင်းကြောင့် မျက်စိနှင့်ဆိုင်သောရောဂါဖြစ်တတ်ပြီး နှမူနာလက်ဝါးပြင်ပါ (B) အမှတ်အသားရှိကျွန်းက လည်ချောင်းနှင့်ဆိုင်သောရောဂါဖြစ်စေတတ်ကြောင်း ဖော်ပြပါသည်။

ကောက်ချက်ချခြင်း

ဦးခေါင်းလမ်းကြောင်းအနည်းငယ် ဖွာထွက်နေခြင်းနှင့် ဦးခေါင်းလမ်းကြောင်းအဆုံးသတ်နေရာ၌ အနည်းငယ် အပေါ်မြင့်တက်နေခြင်းတို့က ကင်ဆာရောဂါဖြစ်လာနိုင်မည့်သဘောကို ဖော်ပြနေပါသည်။

လက်ဝါးပိုင်ရှင်အနေဖြင့် လက္ခဏာပါ ဆိုးကျိုးများဖြစ်လာနိုင်မည့်အခြေအနေအပြင် ကိုယ်တိုင်ကလည်း ဆေးလိပ်အလွန်အကျွံသောက်သုံးခြင်းနှင့် ချောင်းဆိုး၊ နာစေးရောဂါဖြစ်နေခြင်းတို့ကြောင့် အသက်လမ်းကြောင်း၏ မှုန်ဝါးပျောက်ကွယ်မည့်အနေအထားကို ပိုမို ပေါ်လွင်စေပါသည်။ ထို့အပြင် အမှတ်သား (B) အရ အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းအကြား ကြီးမားသောကျွန်းတစ်ခုခံနေခြင်းကြောင့် လက်ရှိ နာစေး၊ ချောင်းဆိုးရောဂါအပြင် တစ်ချိန်၌ ကင်ဆာရောဂါတစ်ခုဖြစ်လာနိုင်မည့်သဘော (အထူးသဖြင့်) (B) အမှတ်သား၏တိုက်ရိုက်ညွှန်ပြချက်အရ လည်ချောင်းနှင့်ဆိုင်သော ကင်ဆာဖြစ်လာမည့်သဘောကို ဖော်ပြနေပါသည်။

အဆီများသောနှလုံးပိုင်ရှင်၏ လက်ဝါးပုံစံ

အသက် (၆၀) နှစ်အရွယ် (အိမ်ထောင်မရှိသူ) အမျိုးသမီးတစ်ဦး၏ ကျန်းမာရေးချို့တဲ့ခြင်း၊ အသက်ရှူမဝခြင်း (သို့) နှလုံးသားနည်းခြင်းကြောင့် မွန်းကျပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ သွေးအား

www.burmeseclassic.com

www.burmeseclassic.com

နည်းခြင်းဝေဒနာများ ခံစားနေရပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများ တည်ဆောက်ပုံကိုလေ့လာပါက လက်ညှိုး၊ လက်ခလယ်နှင့်လက်သူကြွယ်(၃)ချောင်းတေ၊ ၌ မုခဒိုးအနုံးပုံစံပွေပါရှိနေခြင်းကြောင့် လျှို့ဝှက်သိသိပ်စွာနေထိုင်တတ်သူ၊ မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်တတ်သူ၊ တစ်ခါတစ်ရံ အယုံမလွယ်ဘုံသဲသယများတတ်သူ၊ စိတ်ခံစားမှုကို ထုတ်ဖော်ပြသခြင်း မရှိဘဲ ဖုံးဖိစွာနေတတ်သူအဖြစ် လေ့လာတွေ့ရှိရသည်။

လက်မတည်ဆောက်ပုံကိုလေ့လာပါက လက်ဝါးပြင်မှ အဝေးသို့သီးခြားထွက်နေသည်ဟန် ဝေးကွာလျက်ရှိနေခြင်းကြောင့် စိတ်ဓာတ်ခွန်အားအသင့်အတင့်အားကောင်းသူ၊ လွတ်လပ်စွာတွေးခေါ်စိတ်ကူးတတ်သူအဖြစ်ပါ တွေ့ရှိရသည်။

လက်ဝါးပြင့်ပါ လမ်းကြောင်းများ အားကောင်း၍ များပြားနေခြင်းသည် အာရုံကြောဆိုင်ရာအလုပ်လုပ်ပုံမြင့်မားကြောင်း ဖော်ပြပေးသည်။

အဓိကလမ်းကြောင်းတို့ကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်း သေးမျှင်ပါးလွှာပြီး အရိပ်ကျပုံစံဖြစ်နေခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ၌ တစ်သမတ်တည်းလှုပ်ရှားဆောင်ရွက်နိုင်စွမ်းမရှိသူ၊ ဦးနှောက်အားဆက်တိုက်အလုပ်မပေးနိုင်သူအဖြစ် တွေ့ရပါမည်။

ၚင်းပြင် နှလုံးလမ်းကြောင်း ကျွန်းခံပြီး ပြတ်တောက်နေသည့်ပြင် အသက်လမ်းကြောင်း၌လည်း ပြတ်တောက်ရာများပါရှိနေခြင်းကြောင့် ဦးနှောက်နှင့် လုပ်ကိုင်ဆောင်ရွက်ရသည့်အလုပ်မှန်သမျှက နှလုံးအားပြင်းထန်သောဆိုးကျိုးသက်ရောက်မှုများပေးနေကြောင်းကို လေ့လာ တွေ့ရှိရသည်။

ကောက်ချက်ချခြင်း

လက်ဝါးပိုင်ရှင်၏ အသက်လမ်းကြောင်းသည် အလွန်အရိပ်ကျ၍မည်းမှောင်သော့ပုံစံရှိနေခြင်းကြောင့် နှစ်ပေါင်း (၄၀)အတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ၌ အခက်အခဲများစွာရှိခဲ့ကြောင်း အတိအကျအဖြေပေးနိုင်ပါသည်။ ထို့ပြင် နှလုံးလမ်းကြောင်း၌ ကျွန်းခံနေခြင်းသည် နှလုံးကြွက်သားများ၌ အဆီများနေခြင်းကြောင့် စိတ်

လှုပ်ရှားစရာကိစ္စတစ်ခုကိုကြုံသည်နှင့် မွန်းကျပ်မောပန်း၍ အသက်ရှူမဝခြင်းဖြစ်လာမည့်သဘော ဖော်ပြနေပါသည်။

ဆက်လက်လေ့လာချက်များအရ လက်ဝါးပိုင်ရှင်သည် အသက်(၄၅)နှစ်အရွယ်၌ ခန္ဓာကိုယ်ကြီးထွားမှုအကျိုးပြုသည့် ဟော်မုန်းထုတ်ပေးသောအင်္ဂါတ် (ပစ်ကျူထရီဂလင်း) အလုပ်လုပ်နိုင်စွမ်းရည်ကျဆင်းလာပြီး နှလုံးအားနည်းခြင်းနှင့် ပေါင်းစပ်ကာ ခန္ဓာကိုယ်အတွက် အရေးပါသော လုပ်ငန်းအားလုံးလျော့နည်းကျဆင်းလာပါမည်။

စိတ်ပင်ပန်းဝေဒနာခံစားနေရသည့် နှလုံးပိုင်ရှင်၏ လက်ဝါးပုံစံ

အသက် (၂၇) နှစ်အရွယ် (အိမ်ထောင်မရှိသူ) အမျိုးသားလူငယ်တစ်ဦး၏ မကြာခဏ အကြောတက်ဝေဒနာ

ခံစားနေရပုံ၊ ရင်ခုန်၊ နှလုံးတုန်တတ်အား အောက်ပါအတိုင်း လေ့လာစစ်ဆေးတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်အရ အရာရာခွဲခြမ်းစိတ်ဖြာ အပြုအတတ်သူအဖြစ်တွေ့ရှိရပြီး လက်ညှိုးရွယ် သာမန်ထက်တိုတောင်းနေခြင်းကြောင့် မိမိကိုယ်မိမိ တန်ဖိုးမထားတတ်သူအဖြစ်ပါ တွေ့ရှိရသည်။ ၎င်းအပြင် လက်ချောင်းထိပ်ဖျားများ၌ မုခဒိုးအနုံးပုံစံပွေပါရှိခြင်းကြောင့် စိတ်နေစိတ်ထားဖြင့် လျှို့ဝှက်သိသိပ်တတ်သူဖြစ်သည့်ပြင် လက်မတည်ဆောက်ပုံအားနည်းခြင်းကြောင့် စိတ်ဓာတ်ခွန်အားအားနည်းသူအဖြစ်ပါ လေ့လာ တွေ့ရှိရသည်။

လက်ဝါးပြင်ပါလမ်းကြောင်းများ နည်းပါးပြီး ထင်ရှားနေခြင်းကြောင့် အာရုံကြောဆိုင်ရာစွမ်းအင် သာမန်အဆင့်၌ရှိကြောင်း ဖော်ပြပါသည်။ ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့်အစပြုရာနေရာ၌ ခွဲဆက်နေခြင်းကြောင့် သတိကြီးစွာထားတတ်သူဖြစ်ပြီး လက်ညှိုးတို့တောင်းခြင်းကြောင့် စိတ်အားငယ်၊ ဝမ်းနည်းတတ်သူအဖြစ် တွေ့ရှိရသည်။

တစ်ဖန် လက်ဝါးပြင်ပါ အသက်လမ်းကြောင်း၏အပြင်ဘက်အစွန်းနေရာများတစ်လျှောက် သေးငယ်သောစက်အပြောက်များပါရှိနေခြင်းက လိပ်သောက်သုံးမှုများခြင်းကြောင့် ချောင်းဆိုးရောဂါ၊ အဆုတ်နာရောဂါများဖြစ်တတ်ကြောင်း ဖော်ပြနေသည်။

ထို့ပြင် နှလုံးလမ်းကြောင်းပြတ်တောက်၍ သေးငယ်သောအပိုင်းအစများအဖြစ်ရှိနေပြီး ၎င်းလမ်းကြောင်းအောက်သို့နိမ့်ဆင်းနေခြင်းကြောင့် နှလုံးရောဂါရရှိရန် အစပြုနေကြောင်း ဖော်ပြနေပါသည်။

ကောက်ချက်ချခြင်း

လက်ဝါးပိုင်ရှင်သည် ငယ်ရွယ်ကလေးဘဝကတည်းကစတင်၍ မိခင်ဖခင်ဖြစ်သူက ရွှန်းနေသူအဖြစ် မြင်ခဲ့ကြောင်း အတိအကျအဖြေပေးနိုင်ပါသည်။ ထို့ပြင် နှလုံးလမ်းကြောင်း၌ ကျွန်းခံနေခြင်းသည် နှလုံးကြွက်သားများ၌ အဆီများနေခြင်းကြောင့် စိတ်

www.burmeseclassic.com

www.burmeseclassic.com

ရောဂါများပါ ရရှိလာမည်ဟု ဆက်ချုပ်ချနိုင်ပါသည်။

လူပ်ရှားလွယ်သူ၏လက်ဝါးပုံစံ

အသက် (၃၂) နှစ်အရွယ် အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦး၏ အိပ်သောရောဂါခံစားနေရပုံ၊ အစာရောဂါဖြစ်နေပုံနှင့် အထွေထွေ ကန်းနွမ်းနယ်စွာ ခံစားနေရပုံများ အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

သရဲခွဲလေ့လာခြင်း

လက်ချောင်းတည်ဆောက်ပုံအရ ကြည်ညာရသခံစားတတ်သူအဖြစ်တွေ့ရှိရသည်။ လက်ညှိုးတည်ဆောက်ပုံအရ ကြားသေဝါဒ လက်ကိုင်ထားတတ်သူ၊ ကန့်သင်းချုပ်ကိုင်တတ်သူအဖြစ် တွေ့ရှိရသည်။ ၎င်းပြင် လက်ချောင်းထိပ်ဖျားများ ကြီးနေခြင်းကြောင့် အာရုံခံစားတဲ့ အာရုံခံစွမ်းအား ကောင်းသူဖြစ်ပြီး ကိစ္စအနေအထားပေါ့ပျော့ပျောင်းခြင်းကြောင့် စိတ်အလိုလိုက်၍ ကမူးရူးထိုး လုပ်တတ်သူအဖြစ် တွေ့ရှိရသည်။

လက်ဝါးပြင်ပါလမ်းကြောင်းများသည် သေးမွှင်၍များပြားနေခြင်းကြောင့် စိတ်လှုပ်ရှားမှုဌ (ဆတ်ဆတ်ထိမခံတတ်သူ) အဖြစ် တွေ့ရသည်။

အဓိကလမ်းကြောင်းများကို လေ့လာပါက ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းကြောင့် အာရုံစူးစိုက်နိုင်မှုအားနည်းပြီး အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့အစပြုနေရာ ၂ ခုသောနေရာများတွင် ခိုက်ဆက်နေခြင်းကြောင့် သတိကြီးစွာထားတတ်သူအဖြစ် တွေ့ရှိရသည်။

နှလုံးလမ်းကြောင်း (ဦးခေါင်းလမ်းကြောင်း) အပေါ် တက်မြင့်တက်နေခြင်းကြောင့် ချမ်းသာကြွယ်ဝလိုစိတ်ရှိသူ အဖြစ်ပါ တွေ့ရတတ်သည်။ ထို့ပြင် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြား နေရာကျဉ်းမြောင်းနေခြင်းကြောင့် စိတ်နေစိတ်ထားပိုင်း သဘောထားမကြီးတတ်သူ၊ တစ်ယူသန်တတ်သူဖြစ်နေတတ်သည်။

နှလုံးလမ်းကြောင်းဖြောင့်တန်းခြင်း၊ လက်ချောင်းများအောက်ခြေရှိ သောကြာခါးပတ်အား ဖြတ်သွားခြင်းကြောင့် အရာကိစ္စမှန်သမျှ၌ ဆတ်ဆတ်ထိမခံ (စိတ်လှုပ်ရှားလွယ်သူ) အဖြစ် တွေ့ရမည်။

ကောက်ချက်ချခြင်း

လက်ညှိုးတည်ဆောက်ပုံ သာမန်ထက် သိသာစွာ ရှည်လျားနေခြင်း၊ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းအစပြုနေရာ၌ ချိတ်ဆက်နေခြင်း၊ နမူနာပုံပါ (A)အမှတ်အသားနှင့် ကျွန်းခံနေသောနေရာဖော်ပြသည့် (B) အမှတ်အသားတို့အရ မကြာမီ ရင်ခေါင်းပိုင်းနှင့်သက်ဆိုင်သော ရောဂါဝေဒနာတစ်ခုခုရရှိလာမည့်သဘောဖော်ပြနေပါသည်။ ထို့ပြင် နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းကြောင့် အရာရာရင်းလင်းထင်ရှားစွာမစဉ်းစားနိုင်ခြင်း၊ စိတ်အလိုလိုက်ခြင်းတို့ကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ဇီဝကမ္မဆိုင်ရာကျွမ်းကျင်သူများထံမှ လိုအပ်သောလမ်းညွှန်မှုများခံယူလျက် ရှင်သန်ရပ်တည်သွားသင့်သည်။

ကိုယ်စိတ်နှစ်ပါး ပင်ပန်းနွမ်းနယ်နေသူ၏ လက်ဝါးပုံစံ

အသက် (၆၀) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသမီးတစ်ဦး၏ ကိုယ်စိတ်နှစ်ပါးပင်ပန်းနွမ်းနယ်နေခြင်းကြောင့် စိတ်ဓာတ်ကျဆင်းနေပုံအား အောက်ပါအတိုင်း လေ့လာ တွေ့ရှိရသည်။

လက်ဝါးပိုင်ရှင်အား ငယ်ရွယ်စဉ်ကပင် မည်သည့် (အမျိုးသား)များနှင့်မဆို တွေ့ဆုံထိတွေ့ခြင်းမရှိစေရန် မိခင်ဖြစ်သူက ထိန်းချုပ်ခဲ့သည်။ ၎င်းအပြင် မိသားစုအသိုင်းအဝန်း နည်းပါးခြင်း၊ မိတ်ဆွေအပေါင်းအသင်း မရှိခြင်းနှင့် ကန့်သတ်ချုပ်ချယ်မှုများစွာခံနေခဲ့ခြင်းကြောင့် ကြာလာသည်နှင့်အမျှ စိတ်ပိုင်း ရုပ်ပိုင်း (၂) ရပ်စလုံး ထိခိုက်လာသူဖြစ်သည်။

သရဲခွဲလေ့လာခြင်း

လက်မတည်ဆောက်ပုံ အားကောင်းခြင်းကြောင့် စိတ်ဓာတ်ခွန်အားကောင်းသလို ခေါင်းမာတတ်သူလည်းဖြစ်သည်။ လက်ဝါးပြင်ပါလမ်းကြောင်းများ များပြားစွာ ထင်ရှားနေခြင်းကြောင့် အာရုံကြောများအားဆက်တိုက်အသုံးချ၍ လှုပ်ကိုင်ဆောင်ရွက်နိုင်သူအဖြစ် တွေ့ရှိရသည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းရှည်လျားပြီး အဆုံးသတ်၌ ကျွန်းခံနေခြင်း၊ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြားနေရာကျဉ်းမြောင်းနေခြင်းတို့ကြောင့် စိတ်နေစိတ်ထားပိုင်း၌ ကိုယ်ပိုင်ဟန်ရှိသော (သို့) တစ်ကိုယ်ကောင်းဆန်တတ်သော ထူးခြားသည့်အပြုအမူရှိသောသူအဖြစ်တွေ့ရတတ်သည်။

နှလုံးလမ်းကြောင်းကို လေ့လာပါက လက်ခလယ်နှင့် လယ်သူတို့ကြားနေရာ၌ ထူထဲကြမ်းတမ်းစွာဖုနေခြင်းကြောင့် စိတ်ဓာတ်ကျလွယ်၊ တက်လွယ်သူအဖြစ် တွေ့ရသည်။

ကောက်ချက်ချခြင်း

နှလုံးလမ်းကြောင်း၏ဘေးအနားစွန်းများတစ်လျှောက် သေးငယ်သော အစက်အပြောက်များပါရှိနေခြင်းသည် နှလုံးလှုပ်ရှားမှု၌ ပြဿနာရှိနေခြင်းကို ရည်ညွှန်းပြီး ဦးခေါင်းလမ်းကြောင်းအဆုံးသတ်နေရာ၌ ကျွန်းခံနေခြင်းကြောင့် အာရုံကြောဆိုင်ရာရောဂါတစ်ခုခုသာနိုင်ကြောင်း ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နလုံးရောဂါရှိနေသူ၏ လက်ဝါးပုံစံ

အသက် (၄၀) နှစ်အရွယ် အိမ်ထောင်သည်အမျိုးသားတစ်ဦး၏အလုပ်တာဝန်များပိနေခြင်းအပေါ် ငြီးငွေ့စွာ (စိတ်ရှုပ်နေရ) ပုံကို အောက်ပါအတိုင်း လက္ခဏာပညာရပ်ဖြင့် စစ်ဆေးတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံအနေအထားအရ အရာရာကိုအခြေခံကျကျ ခွဲခြမ်းစိတ်ဖြာတတ်သူအဖြစ် လည်းကောင်း၊ လက်မတည်ဆောက်ပုံအား အလိုဆန္ဒပြင်းထန်တတ်သော လည်း အကြောင်းအကျိုးဆီလျော်စွာဖြင့် ထိန်းချုပ်နိုင်စွမ်းရှိကြောင်း ဖော်ပြနေပါသည်။

ဂင်းအပြင် လက်ဝါးပြင်ပါလမ်းကြောင်းငယ်များသေးမျှင်နေခြင်းသည် စိတ်ခံစားမှုလွယ်ကူခြင်းကြောင့် စိတ်သိမ်ငယ်တတ်သူအဖြစ်ဖော်ပြပြီး အဓိကလမ်းကြောင်း (၂)ခုဖြစ်သည့် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ကအစပြုနေရာ၌ဆက်နေသောကြောင့် တရားမျှတမှုရှိစွာ စိမံဆုံးဖြတ်တတ်သူအဖြစ် တွေ့ရှိရသည်။ ထို့ပြင် ဦးခေါင်းလမ်းကြောင်းသည် အောက်သို့ ကွေးဆင်းနေခြင်းကြောင့် စိတ်ကူးရှိထားသည့် အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူအဖြစ်ပါ တွေ့ရှိရသည်။

နှလုံးလမ်းကြောင်းကို လေ့လာပါက အောက်သို့နိမ့်ဆင်းလျက် ပါးလွှာသေးမျှင်သော အပြတ်အတောက်များပါရှိနေပြီး နှလုံးလမ်းကြောင်းနှင့် လက်ချောင်းများအောက်ခြေတို့အကြားနေရာ နက်ရှိုင်း(ခွက်)နေခြင်းကြောင့် စိတ်ခံစားမှုလွယ်ကူပြီး သနားစာနာ၊ထောက်ထားတတ်သည့် သဘာဝရှိကြောင်း ဖော်ပြနေပါသည်။

ကောက်ချက်ချခြင်း

စိတ်ပိုင်းဆိုင်ရာလေ့လာချက်အရ ဝမ်းနည်းလွယ်တတ်သူ၊ စိတ်လှုပ်ရှားမှုလွယ်ခြင်းကြောင့် သွေးတက်တတ်သူအဖြစ် လေ့လာတွေ့ရှိရသည်။ အဓိကအားဖြင့် လက်ဝါးပိုင်ရှင်သည် မနားမနေအလုပ်လုပ်ခဲ့ခြင်းကြောင့် အလုပ်ဝန်ပိ၍ ကျန်းမာရေးပါ ထိခိုက်ခဲ့ရသူဖြစ်ပြီး ကာလကြာမြင့်သည်နှင့်အမျှ နှလုံးရောဂါ တစ်ခုခုရရှိလာတော့မည် ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာပွဲပြိုးမှုသာမန်ထက်လျော့နည်းနေးကွေးသူ၏ လက်ဝါးပုံစံ

အသက် (၄၂) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသားတစ်ဦးအား လေ့လာရာ၌ အောက်ပါအတိုင်းတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံတို့တောင်းနေသည့်အပြင် ၎င်းတို့၏ လက်ချောင်းအရှည်လိုက်အတိုင်း တုတ်ခိုင်နေခြင်းကြောင့် (အထူးသဖြင့်) ထိပ်ဖျား(လက်ဆစ်ဦး)နေရာများ ကြီးမားနေခြင်းကြောင့် ကြမ်းတမ်းသောလက်ဝါး (သို့) အလုပ်ကြမ်းသမား၏ လက်

အဖြစ် တွေ့ရှိရသည်။

လက်ချောင်းတစ်ချောင်းတ
အား သီးခြားလေ့လာပါက ကြီးမ
ထိပ်ဖျား၌ပုပျပ်တုတ်ခိုင်နေသော
ခေါင်းမာတတ်သူ (သို့) စဉ်းစားဆင
ဉာဏ်မရှိဘဲ ထင်ရာစိုင်းတတ်သူ
တမ်းစွာပြောဆို၊ ပြုမူ၊ လုပ်ကိုင်တ
အဖြစ်ဆိုနိုင်ပါသည်။ ၎င်းပြင် လက်
ပြင်ပါလမ်းကြောင်းများ နည်း
ကျယ်ပြန့်ထင်ရှားသည့်ပြင် လက်
တိုတောင်းနေခြင်းကြောင့် ကြမ်း
သော စရိုက်လက္ခဏာရှိသူအဖြစ်
ပေါ် လွင်စေပါသည်။

အသက်လမ်းကြောင်းကိုလေ့
ပါက အသက် (၂၀) နှင့် (၂၂)
အကြား၌ ၎င်းလမ်းကြောင်းတွင် အ
အတောက်များစွာရှိခဲ့ပြီး ကျန်းမာ
ချို့တဲ့ခဲ့ရပုံကို အထင်အရှားဖော်ပြ

အဓိကလမ်းကြောင်းများကို
လာပါက ဦးခေါင်းလမ်းကြောင်း
တန်း၍ ထူထဲထင်ရှား ကျယ်ပြ
သောကြောင့် စဉ်းစားတွေးခေါ်မှု
လက်တွေ့ကျကျ လုပ်ကိုင်မှုကိုသာ
စားပေးတတ်သူ၊ စဉ်းစားတွေးခေါ်
လည်း အဖြေမှန်ထင်ရှား ရှင်းလင်
မရတတ်သူ (ဉာဏ်ရည်နည်းသူ)အ
တွေ့ရှိရသည်။

နှလုံးလမ်းကြောင်းကို လေ့လာ
က ထူထဲ၍ အပြတ်အတောက်များ
ပြီး လက်ဝါးပြင်အထက်သို့ခြင်္သေတ
သောကြောင့် အလိုဆန္ဒအပေါ် ထိန်း
နိုင်စွမ်းမရှိသူအဖြစ်ပါတွေ့ရှိရသည်

လက်ဝါးပြင်အလယ်တည့်တ
ကို လေ့လာပါက အသားအရေ
တမ်းပြီး အစင်းအကြောင်းအရာများ
ရှိနေခြင်းကြောင့် သံဓာတ်နှင့် ဖော့
ရပ်ဓာတ်များချို့တဲ့နေကြောင်း ဖော်
သည်။

ကောက်ချက်ချခြင်း

အသက်လမ်းကြောင်း
ဆောက်ပုံအရ ကလမ်းကြော
အမှောင်ရိပ်ကျပုံစံ မေးမှိန်နေ
လက်ခလယ်၏အောက်ခြေရှိ နှလုံး
ကြောင်းနေရာထူထဲနေခြင်းတို့ကြော
ကျောက်ကပ်အနီးရှိ အဒရီနယ်ဝ
မကောင်းဘဲ နောက်ဆက်တွဲဝေ
(ရောဂါ) များ ခံစားရဖွယ်ရှိနေပါသ

ဦးအောင်

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ဖက်ကိန်းရာနည်း

မြန်မာမှုနှယ်ပယ်တွင် အိမ်ထောင်သူရားတည်၊ ဆေးမင်ရည်စုတ်ထိုး(ခ)ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သောစကားရှိပါသည်။

သို့ဖြင့် မြန်မာတို့၏ ထိမ်းမြားသော အခါတော်ပေး နတ်ရေးငယ်ဆင်ယင် ကျင်းပကြသည်မှာ အိမ်သားနှင့် တစ်မိသား ပေါင်းစည်းကြည်မှုအသွင်ကိုဆောင်စေသည်။ ဤတွင် မြန်မာယဉ်ကျေးမှုထုံးစံအရ အိမ်ထောင်ဖက်သည် ချစ်ကြိုက်လိုသူယူ၊ မိဘသဘောတူ၍ လက်ထပ်ကြကြေပေမယ့် တစ်သက်မှာတစ်ခါသာယူကြသည့် ကာယကံရှင်များဖြင့် မိမိတို့၏ အနာဂတ်ရှေ့ရေးကို ဆောင်းမြန်းစူးစမ်းကြ၍ ဆောင်ရန်၊ ဆောင်ရန်များကို စီမံဆောင်ရွက်တတ်ကြသည်။

ဘဝတစ်သက်တာ လက်တွဲသွားမည့် မိမိတို့၏ အိမ်ထောင်ဖက်ဟူသည်ဆိုလျှင် ဖူးစာရှင်သည် မိမိနှင့် ဆင်းဖက်တော့မည်ဆိုပါက ဆိုးဆိုး၊ ဆောင်းကောင်းခံစားရမည်က မိမိသာဖြစ်၏။

ထိုအခါ မိမိ၏ရှေ့ရေးကံကြမ္မာကို တွေးပူသူက နှိုင်းချင့်စဉ်းစားလျက် ဆောင်မေး၊ ယကြောချေ၊ ဆောင်ရန်၊ ဆောင်ရန်များ အစီအမံအရွက်အဆောင်တတ်ကြ၏။ တစ်နည်း မိမိနှင့် အံဝင်ခွင်ကျမရှိရဲ့လား။ မိမိနှင့် လက်တွဲဖော်ကြောင်သူသည် ဘဝမှာ အေးအတူပူအမြဲကြောင့်မကြ မတောင့်မတဖြစ်ဖြည့်သူလားဆိုတာကို ရှေ့ရေးတွေးတတ်သူများက စိုးရိမ်ပူပန်ကြောင့်ကြတတ်ပါသည်။

အထူးသဖြင့် အမျိုးသမီးကလေးတော ဤနေရာတွင် အမျိုးသားများထက် စိတ်ကူးရင့်သန်တတ်ကြပါသည်။ ဤအခါ မိမိတို့ရှေ့ရေးအတွက် ဗေဒင်ယကြောချေကြရသည်ပေါ့။

သို့သော် ယခုစာရေးသူတင်ပြမည့် အိမ်ထောင်ဖက်ကိန်း သို့မဟုတ် မိမိ၏ ဖူးစာရှင်သည် ဘဝမှာမည်သို့သောလူစားမျိုးဆိုတာ သိရှိနိုင်သည့်နည်းတစ်နည်းဆိုရပါလျှင် မိမိတို့၏ အိမ်ထောင်ဖက်ကိန်းတွက်ပုံဟောနည်းလက်ာဖြင့် ဖော်ချက်၍ အဆိုး၊ အကောင်းအကျိုးကြောင်းကို ဖော်ပြပါနည်းဖြင့် တွက်ချက်သိရှိနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ဖက်ကိန်းဟောနည်းအလင်္ကာမှာ နှယ်နှယ်ရရမဟုတ်။ ရှေးမြန်မာဆရာသခင်များ ပြုစုထားရှိခဲ့သော လောကဟိတရာသီကျမ်းလာ အဆိုအမိန့်များဖြစ်ပါကြောင်းနှင့် မိမိဘဝနှင့် လက်တွဲရမည့်အိမ်ထောင်ဖက်ဖူးစာရှင်ဟောကိန်းအမှန်ဖြစ်ပါလေတော့သည်။

□ အိမ်ထောင်ဖက်ကိန်းတွက်ပုံ အဟောလင်္ကာ

အိမ်ထောင်တွဲဖက်မည်။ မြန္တတ်ရည်သံချိုလေးရယ်နှင့်၊ မေးလာတဲ့သည် နံနှစ်မည်။ တည်ပါတော့ ထင်ရှား မြွောက်ငြား 'ပဉ္စာ' နှင့်၊ စား'သတ္တာ' အိမ်ထောင်ကိန်း၊ တိမ်းတော့မှား အကြွင်းတဲ့ 'ကော'၊ အချစ်တူသမျှ ချမ်းမြေ့လှပါ။ 'ဒွေ' ကြွင်းရာချမ်းသာတဲ့စီးပွား။ မတည်မကြည်နှင့် ပျက်တတ်သည်၊ ဆရာပြောမယ် ဟောတော့မမှား။ 'တြိနိ်း' တဲ့သေသာ အိမ်ထောင်မှာ လွန်စည်ကား။ စီးပွားဖက်ပါ 'ဇယ'မှာ ကြုံလှာမူကား၊ အဖျားအနာနှင့်။ ဥပဒ်သာလာမည် ကိုမိမ်းမှာတိမ်းတော့မမှား။ 'ငါး' ခုတဲ့ ကြွင်းသေသာ။ ဓနရွှေငွေပေါမှယ် ဇောတိကပါ။ 'ဆ' သေသာ၊ ရွှေကြာရေမှု၊ ရောဂါကိုယ်နှင့်ဇေတယ် စတဲ့ကံစ။ 'သုည'တဲ့တွေ ကြိမ်မွေ့သိမ်သိမ်မနေရပြီဘု။ မြဲမုချကြိမ် စိတ်မငြိမ် ကိုယ်ပိန်သလေနော်မိ၊ တေးထပ်ကယ်ဗေဒင်က၊ ရွှေသဇင်ခိုင်အဖူးမှာ ထူးတဲ့ကဝိ။

အိမ်ထောင်ဖက်ကိန်း တွက်ပုံအဟောလင်္ကာ အဓိပ္ပာယ်ရှင်းလင်းချက်ဥပမာ -

မိမိအိမ်ထောင်ဖက်နှင့် မိမိ၏ မွေးနေ့ နေ့နံနှစ်ရပ်ကိုတည်ရာတွင် နေ့နံ (၂) ခုတို့ကိုပေါင်းပါ။ ပြီးလျှင် (၅) နှင့် မြှောက်၍ (၇) ဖြင့်စား၊ အကြွင်းကို အောက်ပါအတိုင်း မှတ်ယူပါရန် ဖြစ်သည်။

အကြွင်းကိုဟောရန်မှာ -

၁-ကြွင်းသမားဆိုပါက မိမိဖူးစာရှင်နှင့် ဘဝတစ်သက်တာချမ်းမြေ့သာယာသော ချစ်ခင်ရိုးလမ်းကိုဖြင့် တူနှစ်ကိုယ်ဘဝခရီးမှာ တစ်သက်တာထာဝရ လျှောက်လှမ်းနိုင်ပါလိမ့်မည်။

၂-ကြွင်းသည့် ဖူးစာဖက်ဆိုပါက 'ဒွေ' ကြွင်းရာချမ်းသာတဲ့၊ စီးပွားမတည်မကြည်နှင့် ပျက်တတ်ပါသည် ဆိုသည့် အတိုင်းပင် မိမိတို့ရှာဖွေစုဆောင်းထားသမျှ ပစ္စည်းဥစ္စာ၊ စည်းစိမ်များတို့သည် အကြောင်းအမျိုးမျိုးကြောင့် ဆုတ်ယုတ်ပျက်စီးတတ်ကြောင်း၊ တည်ငြိမ်မှုမရှိလည်ပတ်နေမည်ဖြစ်သည်ဟု မှတ်ယူရန်ဖြစ်သည်။

၃-ကြွင်းသမားဆိုပါက ခုခေတ်စကားနှင့်ပြောရလျှင် ဦးဘကျမ်းဆို အိမ်မှာခေါ် ထားလိုက်။ ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင် ကြော်ငြာဝင်သလို မိမိဖူးစာဖက်နှင့် သားသမီးပွားစီးစေမည့် အပြင် အိမ်ထောင်ဖက် စီးပွားဖက်ဖြစ်ပါကြောင်း မှတ်ယူရန်ဖြစ်သည်။

၄-ကြွင်းသည့်ဖူးစာဖက်မှာ အိမ်ထောင်ဖက်တစ်ဦးဦးမှ ကျန်းမာရေးဖောက်ပြန်ညံ့ဖျင်းလျက် ဘေးဥပဒ်များ မကြာခဏတွေ့ကြုံရတတ်သည့်သဘောရှိပါသည်။

၅-ကြွင်းသမားများမှာ လွန်စွာကံကောင်းလှပြီး စီးပွားဥစ္စာရတနာများ ဒီရေအလားတိုး၍ ဓနရွှေငွေပေါသည့် ဇောတိကသူဌေးကိန်းအသွင်ရှိပါသည်။

၆-ကြွင်းဖူးစာဖက်တို့မှာ ကံစွမ်းကံစနည်းလှပါသည်။ ကိုယ်ခန္ဓာနှင့်အမျှ ရောဂါဝေဒနာကလည်း ဖိစီးတတ်ပြီး ကြိုးစားသလောက်လည်း ခရီးမပေါက် အတိတ်က လက်ရှိဘဝကံစွမ်းကလည်း ငြိမ်သက်လွန်းလှသည့်အတွက် အေးတိုင်းလည်းမကောင်းဟု မှတ်ယူရန်။

၀-အကြွင်းများမှာ စိတ်ဓနာမငြိမ် စိတ်ကစားတတ်သူ၊ ကလေးဆန်စွာဘဝကို အဓိပ္ပာယ်ရှိရှိမတွေးခေါ် ပေါ့ပျက်ပျက် အိမ်ထောင်ဖက် ရေရှည်တည်တံ့ရန်ခက်လှသည်။

ဤသည်မှာ (၇) ရက်သားသမီး ဖူးစာရှင်တို့အတွက် ဆောင်ရန်၊ ရှောင်ရန် အထူးသဖြင့် အိမ်ထောင်ဖက်ရှာမည့်သူများအတွက်လည်း တစ်ထောင့်တစ်နေရာမှ အထောက်အပံ့သဖွယ်ပေးနိုင်သောနည်းဖြစ်ပါကြောင်းကို တေးထပ်လင်္ကာနှင့်တကွ ရေးသားတင်ပြလိုက်ရပါသည်။

မြတ်ဒေါင်းနိုင် (ကုညင်ဆန်း)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ထို့ပြင်တစ်ဝ -

ဗာရာဏသီပြည်၌ ကိဝမင်း၏ သားသည် ဥယျာဉ်ထွက်ကစားစဉ် လမ်း၌ ပစ္စေကဗုဒ္ဓါတစ်ပါးကို တွေ့ရသည်။ မင်းသား ဟူသောမာန်မာနနှင့် ပစ္စေကဗုဒ္ဓါကို ကြိမ်းမောင်းစော်ကားပြီး သပိတ်တော်ကို မြေ၌ပေါက်ခွဲပစ်သည်။ ထိုအကုသိုလ်ကြောင့် ချက်ချင်း မြေမျိုပြီး အဝီစိ၌ကျခံရသည်။

အဝီစိတွင် နှစ်ပေါင်းရှစ်သောင်း လေးထောင်ခံရပြီးနောက် ငတ်မွတ်ခေါင်းပါးသောပြိတ္တာဘဝသို့ရောက်ခဲ့ရပြန်သည်။

ဂေါတမဘုရားပွင့်သောအခိုန်တွင် တံငါရွာတစ်ရွာ၌ လူလာဖြစ်၏။ ထိုတံငါသည်ဘဝ၌ အတိတ်ဘဝကို ပြန်လည်၍ အောက်မေ့သော် ဇာတိသရဏာဂုံကို ရ၍ ဘဝဟောင်းကိုသိသဖြင့် ကြောက်လန့်ကာ တံငါအလုပ်ကိုမလုပ်ချေ။ လုပ်ရသော်လည်း မိသောငါးတို့ကိုပြန်လွှတ်ပစ်လေ့ရှိ၏။

သို့အတွက် မိဘတို့က မနှစ်သက်ကြသဖြင့် အိမ်မှနှင်ထုတ်လွှတ်လိုက်လေသည်။ ထိုအခိုန်တွင် ရှင်အာနန္ဒာသည် ကုက္ကုဋမြို့အနီး သာဏာ မည်သောတောတောင်၌ သီတင်းသုံးနေထိုင်ချိန် ဖြစ်သည်။

တံငါသည်သားသည် အိမ်မှထွက်လာရာတွင် ရှင်အာနန္ဒာမထေရ်ထံသို့ ရောက်လာ၏။ ရှင်အာနန္ဒာမထေရ်သည် ရောက်လာသောသူငယ်ကို ဆွမ်းကျန်ဟင်းကျန်ကျွေးမွေးပြီး အကျိုးအကြောင်းမေးသည်။ အကြောင်းစုံသော်အခါ ရဟန်းပြုပေးလိုက်၏။

ထိုတံငါသည်သားရဟန်းငယ်မှာ အတိတ်ဘဝကပြုခဲ့သောအကုသိုလ်မှာ မှုကြောင့် ဆွမ်းခံ၍မရပေ။ ဘုရားမှာသည် ထိုရဟန်းငယ်ကို ခိုးမြှင့်လိုသည်ဖြစ်၍ သံဃာတော်များ၏ သောက်ရေသုံးရေကိုထည့်စေသည်။

ရဟန်းငယ်သည် ဘုရားရှင်ညွှန်ကြားသည့်အတိုင်း သံဃာတော်တို့၏ သောက်ရေ၊ သုံးရေကိုခပ်ထည့်ပေး၊ ဒါယကာတို့ကမြင်ပြီး ကြည်ညိုရှိခိုးဝတ်များထည့်ပေးကြသည်။ ရဟန်းငယ်သည် ရဟန်းတရားကို ဆက်လက်ကြိုးစားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်သွားလေသည်။

ရဟန္တာဖြစ်ပြီး မကြာမီမှာပင် ထိုမထေရ်၏ မိဘနှင့် အစ်ကိုတော်သူတို့သည် ကွယ်လွန်ကြရာ ပြုလုပ်ခဲ့သော မကောင်းမှုအကျိုးကြောင့် ငတ်မွတ်ခေါင်းပါးသောပြိတ္တာဘုံသို့ ရောက်ကြလေသည်။

မထေရ်၏ မိဘပြိတ္တာတို့သည် သူတို့၏သား ရဟန်းဖြစ်သည်ကိုသိရှိကြ၍ မိမိတို့ဘဝချမ်းသာရေးကို အကူအညီတောင်းလိုကြသော်လည်း လူဘဝမှ အိမ်မှနှင်ထုတ်ခဲ့ဖူးထားသဖြင့် အကူအညီမတောင်းရဲကြပေ။

ပိုးကျော့ ဂန္ဓာရီသမား အယူမှားသော်

သူ ရ ဋ္ဌ မ ဂ် ဦ း ခ န် း ဆ က် ဝ ဘ ု ဒ ီ ပ

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ လူဘဝက ညီငယ်အပေါ် သံယောဇဉ်ကြီးခဲ့သော အစ်ကို ပြိတ္တာကို မထေရ်ထံစေလွှတ်ကြသည်။ အစ်ကိုပြိတ္တာသည် မထေရ် ရွာသို့ဆွမ်းခံဝင်စဉ် လက်ယာပုဆစ်ဒူးကို မြေ၌ ဘည်စေလျက် လက်အုပ်ချီကာ မထေရ်ကို ကိုယ်ထင်ပြလေသည်။

မထေရ်သည် ပြိတ္တာကိုယ်ထင်ပြသည်ကို အမှတ်မထင် ဆိတ်ဆိတ်နေပြီး မှ ရှေ့သို့ဆက်ကြွသွားလေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် အခြားသူမဟုတ်ပါ။ လူဘဝက အရှင်ဘုရား၏နောင်တော်ဖြစ်ပါသည်။ အရှင်ဘုရား၏မိဘနှစ်ပါးနှင့်တပည့်တော်တို့သည် ပြုခဲ့မိသောအကုသိုလ်ကံကြောင့် ငတ်မွတ်ခေါင်းပါးပြီး ဆင်းရဲသော ပြိတ္တာဘဝသို့ ရောက်နေကြရပါသည်။ မိဘနှစ်ပါးသည် အရှင်ဘုရားထံ မလာရဲ၍ တပည့်တော်သာလာရပါသည်။ အရှင်ဘုရားသည် တပည့်တော်အား သနားသဖြင့် ကုသိုလ်အဖို့ဘဝ အမျှပေးဝေပြီး ကယ်ဆယ်စောင့်ရှောက်စေလိုပါသည် အရှင်ဘုရား"

မထေရ်သည် ဆိတ်ဆိတ်နေ၍ ခဏခံကတိပေးပြီးလျှင် တစ်ကျိပ်နှစ်ပါးသောသံယာတို့ ဆွမ်းခံအပြန်ကိုစောင့်နေလေသည်။ သံယာတော်များစုံလင်သောအခါ ဤသို့လျှောက်ထား၏။

"တပည့်တော်၏ဆွေမျိုးဖြစ်သော ပြိတ္တာတို့ကို သနားစောင့်ရှောက်သောအားဖြင့် သံယာအားရည်မှန်းပြီး ဆွမ်းလှူပါသည်။ သို့အတွက် အရှင်ဘုရားတို့ ရအပ်သောဆွမ်းကို တပည့်တော်အား ပေးလှူကြစေလိုပါသည် ဘုရား"

ရဟန်းတော်တစ်ကျိပ်နှစ်ပါးသည် မထေရ်ပန်ကြားချက်ကို ဝမ်းမြောက်ဝမ်းသာလက်ခံကာ ရသမျှဆွမ်းကို ပေးလှူကြသည်။ မထေရ်မြတ်သည် ထိုဆွမ်းကို သံယာအားဖိတ်ကြား၍ လှူဒါန်းပြီးလျှင် မိဘ၊ အစ်ကိုတို့အား ရည်မှန်းကာ အမျှဝေသည်။ ထိုခဏမှာပင် မိဘ၊ အစ်ကို ပြိတ္တာတို့မှာ သာခုခေါ်နိုင်ကြပြီး တစ်ခဏချင်းမှာပင် အနုံအရသာနှင့်ပြည့်စုံသောအာဟာရတို့ကို စားသောက်ကြရလေသည်။

မထေရ်မြတ်၏ဒါနစွမ်းအားကြောင့် ခွန်အားနှင့်ပြည့်စုံပြီးဖြစ်သော အစ်ကို ပြိတ္တာသည် မထေရ်ကို ထင်ရှားစွာပြပြီး လျှောက်ထားသည်။

"အရှင်ဘုရား၊ စားသောက်ဖွယ်ရာပြည့်စုံပါပြီ။ အဝတ်မပါ ကိုယ်ချည်းသာနေနေရသော တပည့်တော်တို့ကို ဝတ်စားဆင်ယင်နိုင်ရန် စီမံပါဦးဘုရား"

မထေရ်သည် သနားကရုဏာရှိသဖြင့် သုသာန်မှတစ်စ လမ်းဆုံအမှိုက်ပုံကစွန့်ပစ်အပ်သော အဝတ်ပုဆိုးပိုင်းကောင်းနိုးရာရာကို ရွေးချယ်ကောက်ယူပြီး သင်္ကန်းပြုလုပ်သည်။ ထို့နောက် အရပ်လေးမျက်နှာရှိသံဃာတို့ကို ရည်စူးပြီးလျှင် မိဘ၊ နောင်တော် ဆွေမျိုးပြိတ္တာတို့ကိုရည်မှန်းကာ လှူဒါန်းအမျှပေးဝေသည်။ ပြိတ္တာတို့သည် သာခုခေါ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

သောခဏမှာပင် နတ်ဝတ်တန်ဆာ အဖြာဖြာတို့ကို ဝတ်ဆင်ကြရလေသည်။

အဝတ်အစားလည်းရပြီးသော အခါ နောင်တော်ပြတ္တာက နေထိုင်စရာ တောင်းပြန်သဖြင့် မထေရ်သည် သစ်ခက်တဲကျောင်းဆောက်လုပ်ပြီး လျှုဒါန်း အမျှဝေရာ ဘုံဗိမာန်ချက်ချင်းရလေသည်။ ပြတ္တာအစ်ကိုသည် သောက်စရာ အကုအညီတောင်းပြန်ရာ မထေရ်သည် ရေကိုသန့်စင်စွာစစ်ပြီး အရပ်လေးမျက်နှာရှိ သံယာကိုရည်မှန်းကာ လျှုဒါန်း အမျှဝေရာ ပြတ္တာတို့သည် သာဓုခေါ်နိုင်သည့်ခဏမှာပင် ကြည်လင်သောရေကို သောက်သုံးကြရလေသည်။

တစ်ဖန် စီးစရာယာဉ်ကိုတောင်းခံပြန်သဖြင့် မထေရ်သည် ဖိနပ်ကိုလျှုဒါန်းပြီးအမျှဝေရာ စိတ်အလိုရှိသောယာဉ်တို့ကိုရရှိကြလေသည်။ ပြတ္တာတို့သည် မိမိတို့အလိုဆန္ဒပြည့်ဝသောအခါ မထေရ်ကို လာရောက်ရှိခိုးကြလေသည်။

နောက်ပေတဝတ္ထုတစ်ပုဒ်မှာ -

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ရှင်လက္ခဏမထေရ်နှင့် ဂိဂျိကုဋ်တောင်မှဆင်းသက်လာစဉ် အရိုးစုပြတ္တာတစ်ကောင်ကို ကောင်းကင်၌မြင်သည်။ ထိုပြတ္တာကို ဘီလူးဖြစ်သော လင်းတ၊ ကျီး၊ စွန်ရဲတို့သည် အစစဉ်လိုက်၍ နံရိုးကြားတို့၌ ထိုးဆိတ်နေကြသည်။ ထိုပြတ္တာသည် နာကျင်သောအသံဖြင့် ပြင်းစွာအော်ဟစ်နေရသည်။

ထိုပြတ္တာကိုမြင်၍ ရှင်မောဂ္ဂလာန်က ပြုံးတော်မူသည်။ အရှင်လက္ခဏာက ထိုအခြင်းအရာကိုမေးရာ ရှင်မောဂ္ဂလာန်က ဘုရားရှင်ရှေ့ကျမှဖြေမည်ဟု မိန့်ကြားကာ ဆက်လာခဲ့ကြသည်။ ဘုရားရှင်ထံမှောက်သို့ရောက်၍ ဘုရားရှင်အား ထိုပြတ္တာအကြောင်းကိုလျှောက်ထားကြရာ ဘုရားရှင်က -

၁။ "ချစ်သားတို့ ဤပြတ္တာကား ရာဇဂြိုဟ်ပြည်၌ နွားကိုသတ်လျက် အသက်မွေးဝမ်းကျောင်းပြုခဲ့သူဖြစ်သည်။ သေပြီးနောက် ငရဲသို့ကျခဲ့ရသည်။ ထိုမကောင်းမှုကံအကြွင်းအကျန်ဖြင့် ဤသို့ပြတ္တာဖြစ်ကာ ခံစားနေရသည်"

ဟု မိန့်ကြားတော်မူသည်။

၂။ မံသပေသိကပြတ္တာကား ရာဇဂြိုဟ်ပြည်၌ နွားသတ်ယောကျ်ားတစ်ဦးဖြစ်သည်။ အသားတို့ကို အမဲခြောက်ပြုလုပ်လျက် ရောင်းစားအသက်မွေးသည်။ ထိုမကောင်းမှုကြောင့် ငရဲ၌ နှစ်ပေါင်းများစွာခံစားရပြီးနောက် ထိုအကုသိုလ်အကြွင်းအရ ဂိဇ္ဈကုဋ်တောင်တွင် ပြတ္တာဖြစ်နေသည်။ ထိုပြတ္တာသည် ကောင်းကင်၌သွားလျက် လင်းတ၊ ကျီး၊ စွန်ရဲများစွာတို့က သန်လျက်သွားနှင့်တူသည့် ထက်လှစွာသော သံနှုတ်သီးတို့ဖြင့် အစဉ်လိုက်ထိုးခြင်းကိုခံနေရပြီး နာကျင်၍ သည်းမခံနိုင်သောကြောင့် ပြင်းစွာအော်ဟစ်နေရသည်။

၃။ မံသပိဏ္ဍပြတ္တာ - အသားစိုင်ပြတ္တာသည်ကား ရာဇဂြိုဟ်ပြည်မှ ငှက်တို့ကိုဖမ်း၍ အတောင်အမွေးတို့ကိုသုတ်သင်ကာ အသားစိုင်ပြုပြီး ရောင်းစားခဲ့သည်။ ထိုမကောင်းမှုကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာခံစားရပြီး ထိုမကောင်းမှုကံအကြွင်းဖြင့် ဤတောင်ဝယ် အသားစိုင်ပြတ္တာဖြစ်နေသည်။

၄။ အရေမရှိသော ယောကျ်ားပြတ္တာကား လူဘဝက ဆိတ်တို့ကိုသတ်၍ ရောင်းစားခဲ့သူဖြစ်သည်။ ထိုမကောင်းမှုကံကြောင့် ငရဲ၌ဖြစ်ရသည်။ ငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ဤသို့သောပြတ္တာ ဖြစ်သည်။

၅။ သန်လျက်အမွေးရှိသောပြတ္တာကား လူဘဝက ဝက်တို့ကို သတ်သည်တွင် ဝက်တို့ကိုအစာကျွေး၍မွေးသည်။ ပြီးလျှင် သန်လျက်ဖြင့်ထိုးသတ်သည်။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌နှစ်ပေါင်းများစွာခံရပြီး ငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ပြတ္တာဖြစ်ရသည်။ ကောင်းကင်၌သွားစဉ် သန်လျက်တို့သည် ပျံ၍ပျံ၍ပြတ္တာကိုယ်ပေါ် သို့ကျရောက်သည်။ ပြတ္တာသည် နာကျင်မှုကို သည်းမခံနိုင်၍ ပြင်းစွာအော်ဟစ်နေရသည်။

၆။ သတ္တိသောမ လုံအမွေးရောက်သောပြတ္တာကား သမင်တို့ကို လုံဖြင့်ပစ်ခတ်သတ်ဖြတ်ပြီး ရောင်းစားခဲ့သူဖြစ်သည်။ သူသည် သမင်တစ်ကောင်ကိုယူပြီး တောသို့သွားသည်။ ထိုသမင်အနီးသို့ လာသောသမင်တို့ကို လုံဖြင့်ထိုးသတ်ဖမ်းယူသည်။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌နှစ်ပေါင်းများစွာခံစားရပြီး ငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ဤသို့သောပြတ္တာဖြစ်ရသည်။ လုံတို့ပျံ၍ပျံ၍ ကိုယ်၌ထိုးဆွဲစူးဝင်မှုကိုခံရ၏။ နာကျင်မှုကို သည်းမခံနိုင်၍ ပြင်းစွာအော်ဟစ်နေရသည်။

၇။ များအမွေးရောက်သောပြတ္တာကား မင်းပြစ်မင်းဒဏ်သင့်သောသူတို့ကို များစွာသောညှဉ်းဆဲနည်းတို့ဖြင့် ညှဉ်းဆဲပြီး များဖြင့်ထိုးပစ်သတ်ခဲ့သည့် ထိုမကောင်းမှုကံကြောင့် ငရဲ၌နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး ငရဲမှလွတ်သော် ထိုကံအကြွင်းဖြင့် ဤသို့သော ပြတ္တာဖြစ်ရပြီးဆူး၊ နှင်တံတို့ဖြင့် ထိုးဆွဲခံနေရသည်။ နာကျင်မှုကို သည်းမခံနိုင်သဖြင့် အမြဲအော်ဟစ်နေရသည်။

၈။ အပ်အမွေးရောက်သောပြတ္တာကား လူဘဝက နွား၊ မြင်းတို့ကို ဆူးတစ်သောနှင်တံဖြင့်ထိုး၍ဆုံးမခဲ့သည်။ ထိုမကောင်းမှုဒဏ်ကြောင့် ငရဲ၌နှစ်ပေါင်းများစွာခံစားခဲ့ရသည်။ ငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြတ္တာဖြစ်ရပြီး ဆူး၊ နှင်တံတို့ဖြင့် ထိုးဆွဲခံနေရသည်။ နာကျင်မှုကို သည်းမခံနိုင်သဖြင့် အမြဲအော်ဟစ်နေရသည်။

၉။ ဒုတိယသူစိုလောကပြတ္တာကား လူဘဝက လူတို့ကိုကုန်းတိုက်၍ အချင်ချင်းခင်မင်မှုကို ဖျက်ဆီးခဲ့သည်။ ထိုသူသည် သေသော် ငရဲ၌ နှစ်ပေါင်း များစွာခံစားရသည်။ ငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ဤသို့သောပြတ္တာမျိုးဖြစ်ရသည်။ ပြတ္တာ၏ကိုယ်၌ အပ်တို့သည် ဦးခေါင်းမှဝင်၍ ခံတွင်းကထွက်၏။ ခံတွင်းကဝင်၍ ရင်မှထွက်၏။ ဝမ်းမှဝင်၍ ပေါင်ကထွက်၏။ ပေါင်ကဝင်၍ ဒူးခေါင်းမှထွက်၏။ ပြတ္တာသည် နာကျင်မှုကိုသည်းမခံနိုင်၍ ပြင်းစွာ အော်ဟစ်နေရသည်။

၁၀။ အိုးစရည်းပမာဏဝေးစေ့ရှိသောပြတ္တာသည်ကား လူဘဝတုန်းက တရားဆုံးဖြတ်သောသူတို့သည် ဆိတ်ကွယ်ရာ၌ တံစိုးလက်ဆောင်ကိုယူ၍ ကောက်ကျစ်စဉ်းလဲသောဆုံးဖြတ်ချက်ကိုချပေး၏။ ဟုတ်သည်ကို မဟုတ်၊ မဟုတ်သည်ကိုအဟုတ်ပြုကာ ဆုံးဖြတ်ပေး၏။ ဒဏ်တပ်သည့်အခါ သူတစ်ပါးတို့မထမ်းဆောင်နိုင်သောဒဏ်ကိုတပ်၏။ ထိုမကောင်းမှုဒဏ်ကြောင့် သော် ငရဲ၌ နှစ်ပေါင်းများစွာခံစားရပြီး ငရဲကထွက်သော် ထိုအကုသိုလ်ကံအကြွင်းဖြင့် ဤသို့သောပြတ္တာဖြစ်ရသည်။ ထိုပြတ္တာသည် သွားသော် ဒူးနေ့ကို ထမ်းသွားရ၏။ ထိုင်သော် ဒူးနေ့ပေါ် ထိုင်ရ၏။ ပြတ္တာ၏အင်္ဂါဇာတ်သည် သည်းမခံနိုင်လောက်အောင်ဝန်ကို ထမ်းဆောင်နေရ၏။ အင်္ဂါဇာတ်ကို ဘိုဘက်ပြောင်းထမ်း၊ သည်ဘက်ပြောင်းထမ်းနေရ၍ မညီမညွတ်ဖြစ်နေသည်။ ထိုပြတ္တာကို လင်းတ၊ ကျီး၊ စွန်ရဲတို့က မပြတ်လိုက်ထိုးနေ၍ အမြဲနာကျင်အော်ဟစ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၁။ ကျင်းကြီးတွင်း၌ဖြစ်သော
ားကား လူဘဝတုန်းက သူတစ်ပါး
ယားကို အထိအတွေ့ကာမဂုဏ်
သာယာနှစ်သက်ပြီး စိတ်ကိုမျော်
နေတတ်၏။ ထိုသူသည် သေသော်
ပြီး ထိုအကုသိုလ်ကံအကြွင်းဖြင့်
သော ပြိတ္တာဖြစ်ရသည်။ ကံနှင့်
ာတူသောကျင်ကြီးအတွေ့ကိုတွေ့
ဆင်းရဲစွာကျင်ကြီးတွင်း၌ ဖြစ်ရ

၁၂။ မစင်စားရသောပြိတ္တာကား
ပဘုရားရှင်လက်ထက် ပုဏ္ဏား
သောက်သည် ရဟန်းသံယာတို့ကို
ကြားပြီးလျှင် ကျင်း၌ မစင်ပြည့်
သံယာတော်များကြွလာသော
အရှင်တို့အလိုရှိတိုင်းစားကြကုန်
သည်။ ထိုအကုသိုလ်ကံကြောင့်
နှစ်ပေါင်းများစွာခံခဲ့ရပြီး ယခု
ရှင်လက်ထက်ဝယ် မစင်စားပြိတ္တာ
လေသည်။

၁၃။ အရေမရှိသောမိန်းမပြိတ္တာ
ား မိမိလင်ယောက်ျား၏အတွေ့
ရတဲ့ သူတပါးတို့နှင့်အတွေ့သာ
သက်ခဲ့သည်။ ထိုအကုသိုလ်ကံ
ြင့် ဤသို့သောပြိတ္တာဖြစ်ရသည်။
ရေမရှိသောပြိတ္တာမကို စွန့်ရဲတို့
လိုက်ထိုးနေကြသည့်အတွက် မခံ
ိုင်အောင်နာကျင်၍ အမြဲအော်
နေရသည်။

၁၄။ မကောင်းသောအနံ့ရှိသည့်
ာသည်ကား ဤမိန်းမသည် နှတ်
ဖြစ်ခဲ့၏။ ဤဝတ္ထုဖြင့် ဤသို့
သည်ရှိသော် ဤမည်သောစီးပွား
ရပ်လတ္တံ့ဟူ၍ လူအပေါင်းတို့အား
ားသောမိစ္ဆာအယူကိုယူစေ၏။
ာက် ကံနှင့်တူသောအားဖြင့်
ပန်း အစရှိသည်တို့ကိုခိုး၍
ားသောအနံ့၊ မကောင်းသောယူ
ယူစေအပ်သည်အဖြစ်ကြောင့်
ားသောအနံ့၊ မကောင်းသော
ရှိသည့်ပြိတ္တာဖြစ်ရသည်။

၁၅။ မီးကျီးထင်းပုံ၌အိပ်ရသော
သည်ကား ရှေးအခါက ကာလင်္ဂ
ကာလိင်္ဂမင်း၏မိဖုရားမဖြစ်ခဲ့ခြင်း
ားမောင်းမတစ်ယောက်သည်
ကို့အနီး၌ထား၍ မင်းကိုယ်မှ
ာက်သည်။ လင်္ကာလည်းမီးကင်
ားသည် ထိုမောင်းမနှင့်စကား
နှစ်သက်သော်အမှုအရာကိုပြ
ားကြီးသည် ထိုအမှုအရာကို
ာ သည်းမခံနိုင်သောကြောင့်
မင်းထွက်သွားသောအခါ ထိုမီးကျီးအိုး
ကင်ကိုယူ၍ ထိုမောင်းမ၏ဦးခေါင်း
ထက်၌လောင်းချသည်။ ထိုမိဖုရားသည်
ထိုသို့ပြုသောမကောင်းမှုကြောင့် ထိုသို့
သဘောရှိသောအကျိုးကိုခံစားရသည်။

၁၆။ ဦးခေါင်းမပါ။ ကိုယ်သာရှိ
သောပြိတ္တာကား ရာဇဂြိုဟ်ပြည်၌ မင်း
အာဏာဖြင့် ခိုးသူ၊ လူသတ်ယောကျ်ား
ဖြစ်ခဲ့ပြီး များစွာသောလူတို့၏ဦးခေါင်း
ကိုဖြတ်၍သတ်ခဲ့သည်။ ထိုအကုသိုလ်
ကံကြောင့် ပြိတ္တာဘဝ၌ ဦးခေါင်းမရှိ၊
မျက်စိ၊ ခံတွင်းစသည်တို့သည် ရင်၌သာ
ဖြစ်ပေါ်နေရသည်။

၁၇။ ရဟန်းပြိတ္တာသည်ကား
ကဿပဘုရားရှင်လက်ထက်က ရဟန်း
ဖြစ်သည်။ သန္ဓိ၍လျှုအပ်သော ပစ္စည်း
လေးပါးတို့ကိုသုံးဆောင်လျက် ကာယ
ဒွါရ၊ ဝစီဒွါရတို့ကို မစောင့်စည်းဘဲ
မြူးထူးပျော်ပါးသုံးစား၍ လှည့်လည်
နေခဲ့သည်။ ထိုအကုသိုလ်ကံကြောင့်
ဘုရားတစ်ဆူနှင့်တစ်ဆူကြားငရဲခံရသည်။
ငရဲမှလွတ်သော် ထိုအကုသိုလ်ကံအကျိုး
ဆက်ကြောင့် ပြိတ္တာဖြစ်ပြီး သပိတ်၊
ဒုကူဋ်သင်္ကန်း၊ ခါးပန်းကြိုးတို့သည်
အလျှံတပြောင်ပြောင်တောက်လောင်ခံ
နေရသည်။ခန္ဓာကိုယ်သည် ရဟန်းကိုယ်
အတ္တဘောရှိသည်။

ကျန် ဘိက္ခုနီ၊ သာမဏေ၊ သာမ
ဏေရီ၊ သိက္ခာမာန်တို့ပြိတ္တာများသည်
လည်း ထိုပစ္စည်းလေးပါးအသုံးမှားမှု
အကုသိုလ်ကြောင့် ပြိတ္တာဖြစ်ကြရ
ကြောင်းကို ဘုရားရှင်က ဟော်တော်မူ
လေသည်။

ပြိတ္တာတို့သေဆုံးခြင်းနှင့်ပတ်သက်
၍ တစ်ရံရောအခါ မိလိန္ဒမင်းကြီးက
အရှင်နာဂသေနကို -

"အရှင်ဘုရား၊ ဘီလူးပြိတ္တာတို့
သည် မသေသလော"

"မင်းကြီး၊ သေ၏"

"အရှင်ဘုရား၊ ယင်းသို့သေလျှင်
ထိုဘီလူး၊ ပြိတ္တာတို့၏ခန္ဓာကိုယ်ကြွင်း
မရှိပါတကား။ ထိုဘီလူး၊ ပြိတ္တာတို့
အကောင်ပုပ်နံ့ မနံပါတကား"

"မင်းကြီး ဘီလူး၊ ပြိတ္တာတို့ခန္ဓာ
ကိုယ်လည်းရှိ၏။အကောင်ပုပ်အနံ့လည်း
နံ၏။ ထိုဘီလူး၊ ပြိတ္တာတို့သေလျှင် ခန္ဓာ
ကိုယ်သည်ဖောက်ပြန်၍ ပိုး၊ ပိုးဟပ်၊
အိမ်မြှောင်၊ တက်တူ၊ ပင့်ကူ၊ ပုစွန်၊ ကင်း
ခြေများဖြစ်၍ မသေသည်။ ထိုအကောင်
ပုပ်တို့အနံ့သည် နံသည်သာတည်း"

❑

ကးထူးဆန်းဆန်း ပန်းရောင်စုံဝတ်
ဘီလူးမများ၊ ပြိတ္တာမျိုးစုံများကိုတွေ့ခဲ့ကြ
ရပြီး ရက်ပိုင်းအတွင်းမှာပင် ဘရသေ့ဆီ
က မမျှော်လင့်သောစကားကို ကြားကြရ
လေသည်။

"ရှင်ယောင်ငယ်တို့၊ ဘရသေ့ဆီ
ရောက်ကြတာမှဘယ်လောက်ကြာပလဲ"

"တစ်နှစ်နီးပါးရှိပါပြီ ဘရသေ့"

"မှန်တယ်၊ ရှင်ယောင်ငယ်တို့
ဘရသေ့ဆီမှာ ဒီလ ဒီနေ့ဆို ဆယ်လ
တင်းတင်းပြည့်တဲ့နေ့ပဲ"

"မှန်လှပါ"

"ရှင်ယောင်ငယ်တို့ ညီနောင်ကို
ဘရသေ့မေးမယ်၊ အမှန်အတိုင်းပြော
ကြပါ"

"မှန်လှပါ၊ အမှန်အတိုင်းပြောပါ့
မယ် ဘရသေ့"

"အကြီးဖြစ်တဲ့စိတြက အရင်ပြော
ဟုတ်လား"

"ဟုတ်ကဲ့ပါ ဘရသေ့၊ တပည့်ကြီး
အမှန်ပြောဖို့ကတိပေးပါတယ်"

"စိတြက ရှိန်းဆာယာကိုယ်
ပျောက်အတတ်၊ သက်ပြောင်းကိုယ်ခွာ
အတတ်၊ ရုပ်ပြောင်းရုပ်လွှဲအတတ်၊
နာနာရုပ်အတတ်ကလွဲပြီး တခြားဘယ်
လိုအတတ်မျိုးကိုတတ်ချင်သေးသတုံး"

"တခြားဘာအတတ်ကိုမှမတတ်
လိုပါ ဘရသေ့။ တပည့်တို့ကို ရှိန်းဆာ
ယာကိုယ်ပျောက်အတတ်၊ ရုပ်ပြောင်း
ကိုယ်ခွာအတတ်၊ ရုပ်ပြောင်း ရုပ်လွှဲအ
တတ်၊ နာနာရုပ်အတတ်တို့ကိုသာ
တစ်ဖက်ကမ်းခပ်အောင် သင်ပေးတော်
မူပါ ဘရသေ့"

စိတြ၏စကားကိုကြားလိုက်ရသော
အခါ ဝိဇ္ဇာခိုရ်ရသေ့ကြီးမှာ ရှည်လျား
သောသက်ပြင်းရှည်ကြီးများကို ပင်ပန်း
ကြီးစွာ အကြိမ်ကြိမ်ချလိုက်ပြီး တစ်ဖန်
ရှင်ယောင်ငယ်နာဇဒကို စေ့စေ့ကြည့်
ကာ-

"နာဇဒကကော"

ဟု မေးလိုက်၏။

"တပည့်လည်း ရှိန်းဆာယာကိုယ်
ပျောက်အတတ်၊ သက်ပြောင်းကိုယ်ခွာ
အတတ်၊ ရုပ်ပြောင်းရုပ်လွှဲအတတ်၊
နာနာရုပ်အတတ်ကလွဲပြီး တခြားဘာ
အတတ်ကိုမှအလိုမရှိပါ ဘရသေ့"

"အိမ်း၊ အိမ်း- ရှင်ယောင်ငယ်တို့
စကားကို ဘရသေ့ယုံပါပြီ။ ဥစ္စာပစ္စည်း
အနေနဲ့ ရွှေ ငွေ စိန်၊ ကျောက်၊ ပတ္တမြား
နီလာ၊ ဥဿဖရား အလွန်အလွန်တန်ဖိုး
မဖြတ်နိုင်တဲ့ အနက္ကများစွာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ရှင်ယောင်ငယ်တို့ကို ဘရသေ့ပေးခဲ့ပြီ။ သင်တို့အလိုမရှိကြ၊ ပြဒါးလုံး၊ ဓာတ်လုံးနဲ့ ဝိဇ္ဇာခိုရ်အဖြစ်ကိုလည်း ပြခဲ့၊ ပေးခဲ့ပြီ။ သင်တို့အလိုမရှိကြ။ ရှင်ယောင်ငယ်တို့ လိုလားတတ်မြောက်ချင်တာက နာနာရုပ်အတတ်ပဲ။ ဟုတ်တယ်နော်"

"ဟုတ်ပါတယ် ဘရသေ့၊ တပည့်တို့ နာနာရုပ်အတတ်ကလွဲပြီး တခြားမည်သို့သောအတတ်ကိုမျှ မလိုလားကြပါ။ နာနာရုပ်အတတ်ကိုသာ ဘရသေ့တပည့်တို့ကို သင်ပေးတော်မူပါ။ အဖကဲ့သို့မှတ်ပါမည်"

"ရှင်ယောင်ငယ်တို့"

ဘရသေ့က ခဏနှုတ်ဆိုင်းသွားပြီးမှ-

"သင်တို့တတ်လိုသော နာနာရုပ်အတတ်ကို ငါကား သင်မပေးတတ်၊ နာနာရုပ်အတတ်ဆိုသည်မှာ နတ်ဘီလူးတို့သာ တတ်အပ်သောအတတ်ဖြစ်ပေသည်"

ဟု မိန့်ကြားလိုက်၏။

မျှော်လင့်တကြီးနှင့် နာနာရုပ်အတတ်ကိုတတ်လိုရှိ (၁၀)လတိုင်တိုင် ခြေဆုပ်လက်နယ်ပြုခြင်း၊ ရေပူရေချမ်းကမ်းလှမ်းခြင်း၊ သစ်သီးဝလံတို့ကို ရှာဖွေကျွေးမွေးပြုစုကြပြီးမှ ဘရသေ့က သူတို့တတ်လိုသောနာနာရုပ်အတတ်ကိုမသင်ပေးတတ်ဟု ဆိုလိုက်သောအခါ ရှင်ငယ်ညီနောင်တို့မှာ ချက်ချင်းစိတ်ဓာတ်ကျပြီး ဝမ်းနည်းပက်လက်ဖြစ်သွားကြလေသည်။

ဤဝိဇ္ဇာခိုရ်ရသေ့သည် အမှန်ကယ်မသင်ပေးတတ်တာလား၊ မသင်ပေးချင်၍ တမင်ပြောလေသလား၊ သို့မဟုတ် ဘရသေ့အား သူတို့ တပည့်အဖြစ်နေထိုင်ပြီး ဝတ်ကြီးဝတ်ငယ်ပြုစုနေကြသည်မှာ သက်တမ်းတိုသေး၍လား၊ မန္တန်အတတ်တို့ဆိုသည်မှာ သုံးနှစ်သုံးမိုးသင်ကြားရွတ်ဖတ်သရဇ္ဈာယ်မှရရှိတတ်ကြောင်း ကြားဖူးနားဝရှိထားလေရာ နာရဒ္ဒက -

"ဘရသေ့၊ တပည့်တို့သည် ဤနာနာရုပ်အတတ်ကို မတတ်မချင်း ဘရသေ့ကို အလုပ်အကျွေးတပည့်အဖြစ်နေကြမှာပါ။ အဖဆရာအဖြစ်နှင့်တည်၍ တပည့်တို့ကို နာနာရုပ်အတတ်ကို တတ်မြောက်အောင်သာ သင်ပေးတော်မူပါ"

ဟု ဝိဇ္ဇာခိုရ်ရသေ့ကို ခြေစုံဦးခိုက်၍ ထပ်လောင်း တောင်းပန်၏။

"ရှင်ယောင်ငယ်တို့၊ သင်တို့ကို ထိုအတတ်မသင်ပေးချင်၍ ပြောခြင်းမဟုတ်ဟု နားလည်ပေးကြပါ။ စောစောက ရှင်ယောင်ငယ်တို့ကို ဘရသေ့ပြောခဲ့ပြီ။ နာနာရုပ်အတတ်ဆိုသည်မှာ နတ်ဘီလူးတို့သာတတ်သောအတတ်ဖြစ်သည်ဆိုစကား သင်တို့မမှတ်မိကြလေသလား"

ဘရသေ့ကလည်း ရှင်ငယ်ညီနောင်တို့ကို ကြီးစွာသောသနားကရုဏာသက်သွားဟန်နှင့်ကြည့်၍ ထပ်ပြော၏။

"ကောင်းလှပါပြီ ဘရသေ့၊ နတ်ဘီလူးကြီးတို့ဆီ၌ နာနာရုပ်အတတ်ကို မည်သို့မည်ပုံဆင်ယူရမည်ကိုသာ ဘရသေ့ညွှန်ပြတော်မူပါ"

နာနာရုပ်အတတ်ကိုအလွန်တတ်ချင်နေသောစိတ်ကြ ဘရသေ့ကို ခြေစုံဦးခိုက် ခေါင်းတိုက်လျှောက်ပြန်၏။

စိတ်၏စကားကို ဝိဇ္ဇာခိုရ်ရသေ့ကြီးက သက်ပြင်းအကြိမ်ကြိမ်ချပြီးမှ-

"ခက်လှပါလား ရှင်ယောင်ငယ်တို့၊ သင်တို့ကလည်း ဒီနာနာရုပ်အတတ်ကလွဲပြီး ဘာအတတ်၊ ဘာပစ္စည်းမှမလိုချင်ကြဘူးဆိုတော့ သင်တို့ကို တပည့်အဖြစ် လက်ခံမိတဲ့ ဘရသေ့လည်း ဝန်တာမကင်းဖြစ်သွားချေပြီ။ ဒီတော့ နာနာရုပ်အတတ်ကို ဘရသေ့ကလည်း သင်မပေးတတ်တော့ နာနာရုပ်အတတ်ကိုတတ်ကြတဲ့ နတ်ဘီလူးများဆီမှာသာ သွားသင်ကြပေတော့ ရှင်ငယ်ညီနောင်တို့။ ဘရသေ့လည်း ဒီတောင်ဖြူတောင်မှာ လာနေရခြင်းကိစ္စကပြီးပြီမို့ မနက်အရုဏ်မတက်မီ အဓိဋ္ဌာန်ပြည့်တာနဲ့ ဂန္ဓာရီခရီးဆက်ရတော့မယ်။ ဒါကြောင့် ဒီနေ့ဒီအချိန်မှာ ရှင်ယောင်ငယ်တို့ကို ခုလိုခေါ် ပြောရခြင်းပဲ"

(ထိုစဉ်က မြောက်ဦးမြို့ ပတ်ဝန်းကျင်တွင် နတ်ဘီလူး(၁၀)ဦးရှိသည်ဆို၏။)

"ဘရသေ့၊ နတ်ဘီလူးတို့ဆီ၌ တပည့်တို့နာနာရုပ်အတတ်ကိုသွားသင်ကြရမည်ဆိုတာ သိပါပြီ။ ထိုနတ်ဘီလူးတို့ကို တပည့်တို့ မည်သို့တွေ့နိုင်၊ မြင်နိုင်ပါမည်နည်း။ နည်းနာပေးတော်မူပါဦး"

ရှင်ယောင်ငယ်တို့၊ နတ်ဘီလူးတွေကိုမြင်စေနိုင်တဲ့ စက္ခုမဿမျက်စဉ်းဆေးမြစ်ကို ဘရသေ့ပေးလိုက်ပါ့မယ်။ အဲဒီဆေးမြစ်ကို မျက်စိကွင်းပြီးကြည့်ရင် ဒီပတ်ဝန်းကျင်မှာရှိနေတဲ့ နတ်ဘီလူးတွေကို ရှင်ငယ်တို့မြင်ရလိမ့်မယ်။ အဲဒီအခါ သူတို့ကြိုက်တဲ့အစာကျင်းပြီး သင်တို့တတ်ချင်၊ သင်ချင်လှသော နာနာရုပ်အတတ်ကိုတောင်းကြ၊ သင်ကြပေတော့"

"မှန်လှပါ ဘရသေ့၊ ဘီလူးတို့မည်သည်မှာ အလွန်ကြမ်းကြုတ်ခက်ထန်ပြီး ကြောက်မက်ဖွယ်ကောင်းကြောင်းကြားဖူးပါသည်။ တပည့်တို့တတ်လိုသော နာနာရုပ်အတတ်ကိုကော ထိုနတ်ဘီလူးကြီးတို့က သင်ပေးပါမည်လော"

"သင်တို့ကို ယက္ခ၊ ကုမ္ဘဏ်တို့ချစ်စေတတ်ထဲ့ ယက္ခသိန္နဟမန္တန်တော်ကိုလည်း ဒီနေ့ညနေ၌ပင် သင်တို့အား ဘရသေ့က နှုတ်တက်အာဂုံသင်ပေးခဲ့ပါ့မယ်။ မစိုးရိမ်ကြလင့် ရှင်ယောင်ငယ်တို့"

"ကောင်းလှပါပြီ ဘရသေ့"

ဟု စိတြနှင့် နာရဒတို့က ရှိခိုးကန်တော့လိုက်ကြစဉ်ပင် ဘရသေ့က ထသွားလေရာ ရှင်ငယ်ညီနောင်တို့မှာလည်း မိမိတို့နေနေရသော သခိမ်းနောက်ဘက်ထွက်လာကြရလေသည်။

❑

တောင်ဖြူတောင်ဝိဇ္ဇာခိုရ်ရသေ့ဆိုက နတ်ဘီလူးတို့ကိုမြင်နိုင်စွမ်းသော စက္ခုမဿမျက်စဉ်းဆေးမြစ်နှင့် ယက္ခ၊ ကုမ္ဘဏ်တို့ချစ်စေတတ်သော ယက္ခသိန္နဟမန္တန်တော်တို့ကို ရရှိကြပြီးသည်နှင့် ရှင်ငယ်ညီနောင်တို့သည် တောင်ဖြူတောင်၏ဝန်းကျင်ကို စက္ခုမဿဆေးမြစ်နှင့် မျက်စိကွင်း၍ကြည့်ကြ၏။

ထိုအခါ လောင်းကြက်မြို့အင့စွန်း ခေါင်းလောင်းဆွဲတောင်၌ရှိသော ခမောင်းပင်ကြီးတစ်ပင်တွင် နတ်ဘီလူးတစ်ကောင်ကိုမြင်လေသည်။ ရှင်ငယ်ညီနောင်တို့သည် ထိုနတ်ဘီလူးဆီသို့ အားရဝမ်းသာသွားကြလေသည်။

(ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒမာလာလင်္ကာရရေးသားသော ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာမျက်နှာ(၃၅၉)တွင်လာသော ခေါင်းလောင်းဆွဲတောင်ကို ထိုဒေသသူတို့က 'ငပေါ်ပူတောင်၊ဗားဘူတောင်'ဟုခေါ်ကြကြောင်း ဆိုသည်။)

ခေါင်းလောင်းဆွဲတောင် ခမောင်းပင်ကြီးတွင်နေသော ငပေါ်ပူဘီလူးကို တွေ့လျှင် ရှင်ငယ်ညီနောင်တို့က -

အရှင်ဘီလူး၊ ကျွန်ုပ်တို့အား ရှိန်းဆာယာကိုယ်ပျောက်အတတ်၊ သက်ပြောင်းကိုယ်ခွာအတတ်၊ နာနာရုပ်အတတ်တို့ကိုသင်ပေးပါ။ ဆရာဟုမှတ်ယူပါမည်"

ဟုပြောလေလျှင် ငပေါ်ဘီလူးကြီးမှာ အံ့သြမဆုံးဖြစ်သွားပြီး -

"ဟယ်- အစ်ကိုလူသားတို့၊ ငါ့ကို သင်တို့ အဘယ်ကြောင့်မြင်ဘီသနည်း"

www.burmeseclassic.com

www.burmeseclassic.com

ဟုမေးဇ်။

"အသင်ဘီလူး၊ ကျွန်ုပ်တို့ သင့်ကို မြင်ခြင်းသည် ကျွန်ုပ်တို့၏လက်ဦးဆရာ တောင်ဖြူတောင်ဝိဇ္ဇာမိုရ်ရသေ့ကပေး လိုက်သော စက္ခုမဿဆေးမြစ်ကြောင့် မြင်ရပါသည်။ ကျွန်ုပ်တို့အား နာနာရုပ် အတတ်ကို သင်ပေးပါလော့။ ဆရာ အဖြစ်၌ထားပါမည်"

ဟု ရှင်ငယ်ညီနောင်တို့က ပြောကြသည်။

(ဤနောက်တွင် ဘီလူးက ရှင်ငယ်ညီနောင်တို့ကို အစ်ကို ဟူသော အသုံးအနှုန်းနှင့်ပြောဆိုခြင်းမှာ သူသည် နတ်ဘီလူးပင်ဖြစ်သော်လည်း မနုဿလူသားများအောက် ယုတ်ညံ့သောဘဝ ကြောင့်လော၊ ရှင်ငယ်ညီနောင်တို့၏ ကိုယ်ပေါ်၌ပါသော အရဟတ္တတန်ဆာဖြစ်သည့်သင်္ကန်းကိုမြင်၍လော၊ ဒေသအခေါ် အဝေါ် အတိုင်း ရေးသားသွားသည်လောဆိုသည်ကို ရာဇဝင်သမိုင်းရေးဆရာက ရှင်းပြဆိုထားပေ။ နတ်ဘီလူးများနှင့်တွေ့တိုင်း နတ်ဘီလူးများက ရှင်ငယ်ညီနောင်တို့ကို အစ်ကို ဟူသောအသုံးအနှုန်းနှင့်သာတစ်လျှောက်လုံးသုံးနှုန်းရေးသားသွားသည်ကိုတွေ့ရပေသည်။ ဤကား စကားညွှန်းတည်း။)

ရှင်ငယ်ညီနောင်တို့က စက္ခုမဿဆေးမြစ်ကြောင့် သူ့ကိုမြင်ပါသည်ဟုဆိုသောအခါ ငါးပူဘီလူးကြီးသည် ရှင်ငယ်ညီနောင်တို့ဆီက စက္ခုမဿဆေးမြစ်ကို အတင်းဝင်လုလေသည်။

ထိုအခါ ရှင်ငယ်ညီနောင်တို့က ဘရဏ္ဍေသင်ပေးလိုက်သော ယက္ခ၊ ကုမ္ဘကတို့ချစ်စေတတ်သည့် ယက္ခသိန္ဓာဝါထာကို သံပြိုင်ရွတ်ဆိုကြသည်။ ထိုအခါ မန္တန်တော်၏ တန်ခိုးကြောင့် ငါးပူဘီလူးက ရှင်ငယ်ညီနောင်တို့အား ညီရင်းအစ်ကိုလို ခင်မင်သွားလေသည်။

ထို့ကြောင့် ခေါင်းလောင်းဆွဲတောင်ကို အစိုးရသောငါးပူနတ်ဘီလူးကြီးက -

"အစ်ကိုရှင်တို့၊ အကျွန်ုပ်ကား ဤနာနာရုပ်အတတ်ကို သင်မပေးတတ်။ အစ်ကိုရှင်တို့တတ်လိုမူ အဋ္ဌနနဒီမြစ် (ဆေးမြို့မြစ်) ၏ အရှေ့ဘက်ကမ်းသာ်မတက်ညောင်ပင်ကြီး၌နေသော ဇမ္ဗုမုနဘီလူးထံသွားကြပါလေ။ ရက္ခမုနဘီလူးကား ထိုအတတ်ကိုတတ်ပေပြီမည်"

ဟု လမ်းညွှန်စကားဆိုလေသည်။

ရှင်ငယ်ညီနောင်တို့ကလည်း ငါးပူဘီလူးအား -

"အသင်ဘီလူး၊ လမ်းညွှန်လမ်းပြသူသည် ဆရာမည်ပါ၏။ အသင်သည် ကျွန်ုပ်တို့ဆရာအဖြစ်တည်ပါလေ"

ဟုဆိုပြီး ငါးပူဘီလူး၏လမ်းညွှန်ချက်အတိုင်း အဋ္ဌနနဒီမြစ်တစ်ဖက်ကမ်းသို့ကူးလာကြသည်။

အဋ္ဌနနဒီမြစ်၏ လက်မတက်သို့ရောက်သောအခါ စက္ခုမဿဆေးမြစ်နှင့် မျက်စိကိုကွင်းပြီး ဟိုဟိုသည်သည် လိုက်ကြည့်ကြသည်။ မကြာပါခေျ။ စက္ခုမဿဆေးမြစ်အစွမ်းနှင့် ညောင်ပင်ကြီးတွင်နေသောနတ်ဘီလူးကိုမြင်ရလေသည်။

ရှင်ငယ်ညီနောင်တို့သည် ယက္ခသိန္ဓာဟမန္တန်ကိုရွတ်၍ ညောင်ပင်ရင်းသို့ချဉ်းကပ်သွားကြပြီး နတ်ဘီလူးကြီးအား-

"အရှင်နတ်ဘီလူးမင်း၊ ကျွန်ုပ်တို့အားသနားသောအားဖြင့် ညီအစ်ကို အမှတ်နှင့် နာနာရုပ်အတတ်ကိုသင်ပေးတော်မူပါ"

ဟုတောင်းပန်ကြလျှင် နတ်ဘီလူးကြီးက -

"အစ်ကိုရှင်တို့၊ အကျွန်ုပ်ကို အဘယ်ကြောင့်မြင်ဘိကြသနည်း"

ဟု မေးပြန်၏။

ရှင်ငယ်ညီနောင်တို့သည်လည်း ငါးပူဘီလူးကိုပြောခဲ့ကြသလို စက္ခုမဿ ဆေးမြစ်အစွမ်းကြောင့်မြင်သည်ကို ပြောပြကြ၏။ ဤနတ်ဘီလူးကမူ သူတို့ဆီကဆေးမြစ်ကိုမလို။ သို့သော် -

"အစ်ကိုရှင်တို့၊ အစ်ကိုတို့အလိုရှိကြသော နာနာရုပ်၊ သက်ပြောင်းကိုယ်ခွာအတတ်ကို ငါကား မသင်ပေးတတ်"

ဟုဆိုပြန်သည်။

ထိုအခါ ရှင်ငယ်ညီနောင်တို့က -

"အစ်ကိုနတ်ဘီလူး၊ သင်ကြားပေးနိုင်သူကို ညွှန်ကြားပေးပါ။ အစ်ကိုသည် ကျွန်ုပ်တို့၏ဆရာအဖြစ်တည်ပါစေ"

ဟု ပြောလေလျှင် -

"အစ်ကိုရှင်တို့၊ ဟိုဘက်တွင်မြင်နေရသော ပြိုင်းတိုင်တောင် (ဗန္ဓုလတောင်) ထိပ် ဥမင်ဝက ထိမ်ပင်ကြီး၌နေသော ပဒုမ္မာဘီလူးမကြီးသာ ထိုနာနာရုပ်အတတ်ကိုတတ်ပေသည်။ အစ်ကိုရှင်တို့ နာနာရုပ်အတတ်ကိုတတ်လိုခဲ့သော် ပဒုမ္မာဘီလူးမကြီးဆီသာသွားလိုက်ကြပါ"

ဟု ညွှန်လိုက်ပြန်သည်။

ရှင်ငယ်ညီနောင်နှစ်ဦးတို့သည် ပြိုင်းတိုင်တောင်၌ရှိသော ပဒုမ္မာဘီလူးမကြီးထံ ရောက်သွားကြပြန်၏။

ရှင်ငယ်ညီနောင်တို့က ရှေးနည်းအတိုင်း ပြိုင်းထိုင်တောင်ထက် ဥမင်ဝရှိ ထိမ်ပင်ကြီးတွင်နေသော ပဒုမ္မာနတ်ဘီလူးမအား -

"အသင်နတ်ဘီလူးမ၊ သင်သည် ငါတို့၏အမိအရာ၌တည်ပါစေ။ မိမိရင်မှဖြစ်သော သားရတနာများအဖြစ် ကျွန်ုပ်တို့ကိုသဘောထား၍ နာနာရုပ်အတတ်ကို သင်ပေးတော်မူပါ အမိ"

ဟု ရှင်ငယ်ညီနောင်တို့က တောင်းပန်ကြသောအခါ ပဒုမ္မာနတ်ဘီလူးမက -

"မောင်ရှင်ငယ်တို့ အမိသော်ကား ထိုနာနာရုပ်အတတ်ကိုတတ်သည်မှန်၏။ အမိသည် သင်ပေးနိုင်သောအစွမ်းလည်း ရှိပါ၏။ သို့သော် မိန်းမသားဖြစ်သော အမိသည် လူသားစစ်စစ်ဖြစ်ကြသော၊ မင်းယောကျ်ားအစစ်လည်းဖြစ်ကြသော အရဟတ္တတန်ဆာလည်းဆင်မြန်းထားကြသော မောင်ရှင်ငယ်တို့ကို အမိမှာ သင်ပေးအံ့သောငှာ မတတ်စကောင်း။ ထိုအတတ်ကို ငါသား မောင်ရှင်ငယ်တို့ တတ်လိုသော် ခြိပ်ချောင်းထဲသို့ဝင်၍ လေးကွေ့ပေါ်တွင် ညောင်ပင်ကြီး၌နေသော ငါ့မောင်ကြီးနတ်ဘီလူးမင်းထံသွား၍ တောင်းပန် သင်ကြားကြပါ။

သို့သော် ငါသားတို့ကို အမိမှာလိုက်မယ်။ ခြိပ်ချောင်းထဲအဝင်တွင် ငနက်ဂေမည်သောဘီလူးတစ်ကောင်ရှိသည်။ ထိုဘီလူးသည် ငါ့မောင်ဘီလူးမင်း၏ အစောင့်အရှောက်အရံအတားဖြစ်သည်။ ထိုငနက်ကေဘီလူးကား အလွန်ကြမ်းကြုတ်ရက်စက်တတ်သည်။ ငါ့မောင်ကြီးနတ်ဘီလူးမင်းထံမရောက်နိုင်အောင် အနှောင့်အယှက်အမျိုးမျိုးကိုပေးတတ်သည်။ ငနက်ကေဘီလူးက ထိုသို့အနှောင့်အယှက်ပေးလာလျှင် ငါစေလိုက်၍ ငါ့မောင်ကြီးလက်ကွယ်ဘီလူးထံသွားလိုကြောင်း ပြောကြားတောင်းပန်၍သွားကြလေ"

ဟု ဘီလူးမကြီးက ညွှန်လိုက်ပြန်သည်။

ဘီလူးမကြီးညွှန်လိုက်သည့်အတိုင်း ရှင်ငယ်ညီနောင်တို့သည် ခြိပ်ချောင်းထဲသို့ဝင်လာကြသည်။

"ငါညီ နာရဒ၊ အမိဘီလူးမကြီးက အမှာရှိလတ်သည်။ ခြိပ်ချောင်းထဲအဝင်တွင်တွေ့ရမည့် ငနက်ကေဘီလူးမှာ အလွန်ကြမ်းကြုတ်ရက်စက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးသောအနှောင့်အယှက်ကိုလည်း ပေးလိမ့်မည်ဟု အမိဘီလူးမကမှာလိုက်သည်။ ငါတို့ ဤအချိန်ကစပြီး ယက္ခ၊ ကုမ္ဘက်တို့ချစ်ခင်တတ်သော ယက္ခသိန္နကမန္တန်တော်ကိုရွတ်ပြီးသွားကြစို့"

ဟု ဆိုသဖြင့် ညီငယ်နာရဒနှင့် စိတြတို့သည် ယက္ခသိန္နကမန္တန်ကိုရွတ်ပြီး ခြိပ်ချောင်းထဲဝင်လာကြလေသည်။

ဂန္ဓဗ္ဗရာဇော၊ အန္ဒ ထူရပဗ္ဗတော၊
ရုက္ခမစ္ဆေဒ၊ ဆတောဒသတ္တရော၊
ဗေဒါဗ္ဘူ။
ကူလုံချတသ၊ မုဒဟတ္တ၊ မဂ္ဂသု
ဇတော၊ သိန္ဓေရုရု၊
မဟာပဗ္ဘတာ၊ သဗ္ဗအဟံ၊ မန္တသဒ္ဓါ
ဝီယံမယံ၊
ဝိဟာဟိဟာ ဓောတိအာဂန္ဆန္တု၊
ထက်ထက်။ ။

ရှင်ငယ်ညီနောင်တို့သည် အထက်ပါအတိုင်း ကုမ္ဘန်၊ ယက္ခတို့ ချစ်ခင်စေတတ်သော ယက္ခသိန္နကမန္တန်ကိုရွတ်ဖတ်သရဇ္ဈာယ်ပြီး ခြိပ်ချောင်းထဲသို့ဝင်လာကြရာ တစ်ကွေ့သာရောက်သေး၏။ ချက်ချင်း မမျှော်လင့်ဘဲ လေကြီးမိုးကြီး ကျလာ၏။ နွေတွင်ရေမရှိသောခြိပ်ချောင်းခြောက်ထဲရေတွေစီးကျလာ၏။

သို့သော် အနှောင့်အယှက်လုပ်တတ်သော ငနက်ကေဘီလူးရှိကြောင်း ပြင်းတိုင်တောင် ဥမင်ဝဋ်နေသော ပဒုမ္မာဘီလူးမက မှာလိုက်သောစကားကို သတိရကြသဖြင့် ယက္ခသိန္နကမန္တန်ကိုသာ ပို၍ကျယ်ကျယ်လောင်လောင် အော်ဟစ်ကာ ပြိုင်တူရွတ်လာကြသည်။

မန္တန်ကိုရွတ်ရင်း လေကြီးမိုးကြီးထဲ ခြိပ်ချောင်းထဲ ဝင်မြဝင်လာကြရာ လက်ကယ်နတ်ဘီလူးမင်းရှိရာ လေးကွေ့မော်ကိုမရောက်မီ နှစ်ကွေ့နားအရောက်၌ လေကြီးမိုးကြီးစဲသွားပြီး ဇလပွေလေရဟတ်များတိုက်ခတ်လာပြန်လေသည်။ လေပွေလေရဟတ်ထဲတွင် သဲမှုန်သဲပွင့်များပါလွင့်ပါလာကြရာ ရှင်ငယ်ညီနောင်တို့မှာ ရှေ့ကိုဆက်ပြီးသွားလျှင် သူတို့မျက်စိထဲ သဲမှုန်သဲပွင့်တွေဝင်မည်စိုး၍ မျက်နှာကို ကိုယ်ရုံနှင့်အုပ်ကာ ခြေလှမ်းရပ်လိုက်ကြသည်။ မန္တန်ကိုလည်းဆက်မရွတ်နိုင်ကြတော့။

ထိုအချိန်တွင် လေပွေလေရဟတ်တွေက ပိုပြီးပြင်းထန်လာသဖြင့် ရှင်ငယ်ညီနောင်တို့မှာ အလဲလဲအပြိုပြိုဖြစ်သွားကြသည်။ ထိုသို့လဲကျသွားကြရာမှ ချောင်းဘေးသဲသောင်အတိုင်းလိမ့်ဆင်းသွားကြရာ ဒုတိယချောင်းကွေ့ကိုပင် မရောက်ခဲ့ကြဘဲ သူတို့ပထမကျော်ဖြတ်လာခဲ့ကြသော ချောင်းကွေ့ကိုသာ ပြန်ရောက်လာကြသည်။ ထိုအချိန်မှာ လေပွေလေရဟတ်များစဲသွားပြန်၏။

ကိုယ်ရုံတွင်ကပ်နေသော သဲမှုန်သဲပွင့်များကို မတ်တတ်ရပ်ခါချလိုက်ကြပြီး နာရဒက -

"အစ်ကို စိတြ၊ ဆက်သွားကြမယ်ဗျာ။ ငနက်ကေဘီလူးက အနှောင့်အယှက်ပေးလိမ့်မယ်ဆိုတာ ပဒုမ္မာဘီလူးမကြီးကလည်း မှာလိုက်သားပဲ။ ဒီတစ်ခါ အစ်ကိုကမန္တန်ရွတ်၊ ငါက ပဒုမ္မာဘီလူးမကြီးစေလိုက်လို့လာကြကြောင်း ငနက်ကေဘီလူးကြီးအောင်အော်ပြောမယ်၊ ဘယ့်နယ်လဲ"

"အေး၊ အေး -- ဟုတ်သားပဲကွ။ စောစောကပင် ပဒုမ္မာဘီလူးမကြီးက သူ့မောင်ကြီးဆီစေလိုက်ကြောင်း ငနက်ကေဘီလူးကို ငါတို့အော်ပြောကြရမှာသတိမရခဲ့ကြဘူး။ ကဲ-လာ၊ ပြန်သွားကြမယ်"

ပြောပြောဆိုဆိုနှင့်ပင် အစ်ကိုဖြစ်သူ စိတြကမန္တန်ရွတ်ပြီး ညီဖြစ်သူ နာရဒက -

"ဗျို့-အသင်ငနက်ကေဘီလူးကြီး ခင်ဗျား။ အကျွန်ုပ်တို့ကို အမိပဒုမ္မာဘီလူးမက ဦးရီးတော်လက်ကွယ်တောင့်နတ်ဘီလူးမင်းထံလွှတ်လိုက်သူတွေပါ။ လေးကွေ့မော်ကိုသွားခွင့်ပြုပါ။ အကျွန်ုပ်တို့ဟာ အမိပဒုမ္မာဘီလူးမကြီးကစေလိုက်သူတွေပါ။ သွားခွင့်ပြုပါ"

ဟု နာရဒက အော်၍ အဆက်မပြတ်တောင်းပန်လာ၏။

စိတြကလည်း ငနက်ကေဘီလူးကြားအောင် မန္တန်ကိုပို၍ကျယ်ကျယ်လောင်လောင်ရွတ်ဆိုလာ၏။ သို့သော် ထိုအခါမှ ပို၍ဆိုးလာတော့၏။ လေပွေ၊ လေရဟတ်ထဲတွင် သဲမှုန်သဲပွင့်များသာမက လက်သန်း၊ လက်မမှသည် လက်သီးဆုပ်၊ အိုးပုတ်၊ အုန်းသီးပမာဏရှိ ကျောက်ခဲကျောက်လုံးတွေပါ လေပွေလေရဟတ်ထဲလွှင့်ပါလာကြသည်။

ရှင်ငယ်ညီနောင်တို့ကိုမထီသေးသော်လည်း သစ်ပင်၊ ကျောက်ဆောင်များကို ထိုကျောက်ခဲ၊ ကျောက်လုံးတွေကသွားထိလေရာ လက်မောင်း၊ ခြေသလုံးခန့်ရှိ သစ်ပင်များမှာ ခါးလယ်မှ ကျိုးကျကုန်သည်။ ကျောက်တောင် ကျောက်တုံးကြီးများကိုလာထိသောအခါမှာမူ မီးပွင့်၍ မိုးကြိုးဖစ်သံ၊ မိုးချုန်းသံတို့ကဲ့သို့ ထိတ်လန့်ဖွယ်ရာအသံကြီးများ ပေါ်ထွက်လာသည်။

ထိုအခါ ရှင်သူငယ်ညီနောင်တို့မှာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ကျောက်ဆောင်အောက်တစ်ခုနားတွေ့ကပ်ခိုလုံကြပြီး စိတြက မန္တန်ကိုကျယ်လောင်လောင်ရွတ်သလို နာရဒလည်း ပဒုမ္မာဘီလူးမကို စေလိုက်၍လာကြရကြောင်း ငနက်ကေဘီလူးကို တအားအော်၍ အဆက်မပြတ်တောင်းပန်နေရသည်။

ထိုအချိန်မှာပင် ငနက်ကေဘီလူးက ပေါ်တော့မလာဘဲ သူ့အသံဟုထင်ရသော အသံနက်ကြီးတစ်ခုက လေလေရဟတ်တိုက်ခတ်နေသည့်ကြားထက ပေါ်လာသည်။

"အစ်ကိုရှင်တို့၊ အစ်ကိုရှင်တို့ သင်တို့ကို ဘယ်သူကလွှတ်လွှတ် ငါ့အရှင်သခင်မင်းအတွက် အစာကျင်းမသူကို နတ်ဘီလူးမင်းထံမလွှတ်ရဟု အမိန့်ရှိသည်ကို သင်တို့မသိလေသလော အစာကျင်းမပါသော အစ်ကိုရှင်တို့ အကျွန်ုပ်လွှတ်ပို့ခွင့်မရှိပါ"

"ဟာ-နာရဒ၊ ကြည့်စမ်း အစ်လည်း ခုမှသတိရတော့တယ်။ ဘရဟ္မဒေဝကလည်း အစာကျင်းပြီးဘီလူးကိုခေါ်ကြလေလို့မှာလိုက်သားပဲ။ ကွာ ကျွတ် - ငနက်ကေဘီလူးပြောမှသတိတော့တယ်"

ဟု စိတြက နာရဒကိုပြောလိုက်သည်။ထိုအခါမှ နာရဒကလည်း တော်ဖြူတောင်က ဝိဇ္ဇာမိရိဘရဟ္မဒေဝမှာလိုက်သောစကားကို သတိရသွားသဖြင့် -

"အစ်ကိုဘီလူး၊ အကျွန်ုပ်တို့ လျော့ကောင်းကျန်ရှိမိသည်ကိုခွင့်လွှတ်ပါ။ အစ်ကိုဘီလူးအမိန့်ရှိလိုက်သည် အတိုင်း အကျွန်ုပ်တို့ နောက်တော့ နတ်ဘီလူးမင်းအတွက် အစာကျင်းလို့လာမည်။ အကျွန်ုပ်တို့အမှားကိုခွင့်လွှတ်တော်မူပါ"

ဟု အကြိမ်ကြိမ်အခါခါ ငနက်ကေဘီလူးအား တောင်းပန်လိုက်ရာ မကြာမီ လေပွေလေရဟတ်များစဲသွားလေသည်။

ထိုအခါမှ ရှင်ငယ်ညီနောင်တို့လည်း ပုန်းကွယ်နေကြရာကထွက်ပြီး ခြိပ်ချောင်းဝဘက်ကို ဘီလူးစာရွာ ပြန်လှည့်လာကြ၏။

(ရွှေ့လဆက်)

ဦးတော

www.burmeseclassic.com

www.burmeseclassic.com

အထူးထုတ်

နေဝိဇ္ဇာ (၃)

နာမည်များနှင့်ခြင်းခံခြင်း

ခေါ်ဖို့ရာ လူတိုင်း စိတ်မဝင်စားဘူးကွ။ အဲသည်အများခေါ်ကြတဲ့ နာမည်ရဲ့စွမ်းအားပြိုဟ်တွေကသာလျှင် စိုးမိုးနေမြဲမဟုတ်လား"

"ကဲ - သည်နေ့တော့ နာမည်တွေရဲ့အဓိပ္ပာယ်၊ ဗျူပတ်ဘက်ပြောကြစို့လား"

"ဒါဆို နာမည်ရဲ့မြစ်ဖျားခံရာအဓိပ္ပာယ်၊ အက္ခရာသဘောကို ဦးစွာသိတတ်ဖို့လိုအပ်ထာအမှန်ပဲ။

၁။ မြန်မာစကားလုံးကလာခြင်း၊

၂။ ဘာသာခြားကလာခြင်း၊

၃။ ကိုးကွယ်မှု ဘာသာအလိုက် ဝေါဟာရအသုံးပြုခြင်းတို့ စိစစ်ရလိမ့်မယ်။

၁။ ကျော်ဝင်းမောင်၊ ခင်ခင်ထူး၊ ဆန်းဦး၊ ဝေဝေမာ စသည့် -

၂။ မေရီမြင့်၊ ကေသီ (ကက်သရင်း) ဘာဘူ၊ အေမီ၊ ဂျွန်၊ နန်း၊ ဘော်ဘီ စသည် (ပါဠိလည်းတူ)

၃။ ဗုဒ္ဓဘာသာဝင်တို့ အသုံးမပြုကြသော်လည်း ကျန်အသုံးပြုလေ့ရှိ။

ငါတို့ဗေဒင်ကျမ်းတွေရဲ့ပညာရပ်တွေဟာမြန်မာအတွက်မြန်မာအဓိပ္ပာယ်အတွက် သက်သက်ပဲဟောနိုင်၊ မှန်နိုင်တယ်ထင်ရင် ဘောင်ဝတ်၊ ထိန်းချုပ်တာနဲ့ မထူးပါဘူး။ ပညာရဲ့သဘောကဘောင်၊ နှယ်နိမိတ်အပြင်မှာရှိနေတယ်။ လူသားတိုင်း၊ နိုင်ငံတိုင်းအပေါ် သက်ရောက်တဲ့အတွက် ဆရာဖြစ်သူကသာလျှင် နာမည်ရဲ့မူလအဓိပ္ပာယ်ဦးစွာသိအောင်လုပ်ရလိမ့်မယ်။ တစ်နေ့က မင်းဝေဖန်ပြခဲ့တဲ့ မေသဲဂျာမြင့်အတိုင်းပေါ့။

သတ္တိနှင့် ဗျတ္တိ၊ လက်ရုံးရည်ဖြစ်စေ၊ နှလုံးရည်ဖြစ်စေ၊ လူတစ်ယောက်ရဲ့သန္တာန်မှာ ကိန်းအောင်းနေတဲ့ အစွမ်းအစဟူသမျှ အားလုံးဟာ သတ္တိပဲ။ အဲဒီအစွမ်းအစကို ထုတ်ဖော် ပြသပြီး အောင်မြင်အောင်လုပ်နိုင်တာကို ဗျတ္တိလို့ခေါ်တယ်နော်။ အေး - လူရဲ့အမည်ဆိုတာ သည်လို၊ ဟိုလူသိရှေးဟောင်

၁။ စီးဆင်းနေသောနာမည်များ

"ဘဝင်းရေ သည်းခံ၊ သည်းခံတော့။ ဖိုးတုတ်၊ သာဂိ၊ အောင်ဘု၊ မိညို၊ မိအေး၊ ဂွတ်ထော် ဆိုတဲ့ခေတ်က ဟိုပင်လယ်ထဲစီးဝင်သွားကာကြာပြီလေကွာ။ ခုဟာက အိုင်တီခေတ်တဲ့။ နာမည်မြစ်ကြောင်းက ပြောင်းလဲသွားပြီး အလိုက်သင့်ကူးခပ်နိုင်အောင် သင်ယူစမ်းပါကွာ"

"အဲဒါ ငါလက်ခံတယ် နန္ဒ။ နာမည်ကြားတာနဲ့ ဘာလိင်ဖြစ်မလဲဆိုတာ အရင်စဉ်းစားနေရတာ။ အထီး၊ အမ မကွဲတဲ့ ထက်မိုးသံစဉ်သဲ၊ ရှိန်းထိုက်ဝင့်အောင်၊ လင်းပပမိုးနေ၊ ပန်ဥက္ကာနိုင်၊ နွေလမင်းသား၊ ပိုင်သက်ဇမ္ဗူကျော်၊ အေးချမ်းသိမ်းပိုက်ဝေ၊ သိမ့်သိမ့်စိုးစံမောင်တဲ့လေ။ နာမည်ရဲ့ အကောင်း၊ အဆိုး၊ ဗျူပတ်အဓိပ္ပာယ်ဖွင့်ဖို့က နောက်၊ အရင်သိသင့်တာက ယောကျ်ား၊ မိန်းမ ပြဿနာ"

"ငါက လက်တွေ့ခံရသူပါ ဘဝင်းရ။ ငါ့သားအငယ်ကောင်ရဲ့သမီးလေး (၂) နှစ်မြောက်မှာ နာမည်ရွေးကြတော့ ရွေးမဖြစ်သူက ဘာစိတ်ရှုးထပြီးများ သမီးကို ခေတ်သစ်ဆိုတာ မှည့်ချင်နေ မှန်းမသိပါဘူးကွာ။ သားကလည်း ရွေးမကို ခပ်ကြောက်ကြောက်ဆိုတော့ကာ တနလ်သမီး၊ နာမည်ကောင်းတယ်ပေါ့လေ။ (၁) ကြွင်း တနလ်ာ ပုတိသမီး ဖြစ်တာကြောင့် စနေနံ့တစ်လုံးတော့ ထပ်ဖြည့်ပြီး ခေတ်သစ်ထွန်းဆိုတဲ့ နာမည်ပေးလိုက်ရသေးရဲ့။ ငါလည်း စဉ်းစားမိပါတယ်။ ဒါပေမယ့် မိဘတွေကိုယ်တိုင်က အက္ခရာတွေသဘောကျနေတော့လည်း အဲသည်အက္ခရာလေးတွေက ဆိုးကျိုးမပေးရာဖြစ်လျှင်ကျေနပ်ရတာပဲလေ"

"မြန်မာ့ဝေါဟာရအသုံးအနှုန်းမှာ ကျား-ဆို ရှေ့က မောင်၊ ကို၊ ဦး။ မ-ဆိုရင် ရှေ့က မ၊ ဒေါ်နဲ့ စတယ်။ အဲဒါကလည်း စာထဲမှာသာ အဓိက ထည့်လေ့ရှိပြီး စကားပြောရင်တော့ အမြဲတမ်း ထည့်ပြောလေ့မရှိဘူး။ ရွယ်တူသူငယ်ချင်းဆိုရင် နာမည်ပဲခေါ်လိုက်ကြတာ"

"အေး - သည်လိုခေါ်တဲ့အခါ ပကတိနာမည်ရှည်ကိုစော့ ခေါ်သူရှားပါတယ်။ မင်းစောစောကဆိုလိုက်တဲ့ ရှိန်းထိုက်ဝင့်အောင်ဆို ရှိန်းလို့ခေါ်ချင် ခေါ်မယ်။ ရှိန်းထိုက်အရှည်ကိုခေါ်လေ မရှိကြဘူးလေ။ သည်လို အရှည်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ရည်ညွှန်းသတ်မှတ်ရာ အဲသည်လူရဲ့ ကိုယ်ပိုင်ပြယုဂ်မျှသာဖြစ်တယ်၊ သညာမဟုတ်လား။ အဲသည်သညာနဲ့အညီ လူပုတ်ဝန်းကျင်အပေါ် ကောင်းသတင်း၊ ဆိုးသတင်း ပျံ့နှံ့စေနိုင်တာက ဗျူပွတ်ပဲလေ။ သူဘဝ၊ သူနာမည်ကို ညာလို့မရပါဘူး။ တစ်နည်းအားဖြင့် ဗျူပွတ်ဟာ လူရဲ့အတွင်းစိတ်ကို လှစ်ဟပြနေတာပေါ့ကွာ။

လှစ်ဟပြီး ပိုပီပြင်အောင် ဝဏ္ဏ၊ လူတစ်ယောဂ်ရဲ့ အသားအရောင်နဲ့ ခိုင်ထိုးရှာရမယ်တဲ့။ အုပ်စုငါးခုပေါ့။ ဖြူ၀ါ၊ လတ်၊ ညို၊ မည်းလို့ခွဲတာ။ အက္ခရာတွေ အလွယ်မှတ်နိုင်အောင် ငါကတော့ -

စကိုင်းတောင်ပယင်း အဖြူသွင်း
လို့၊ ဖရုံခင်းထဲသွားဆင်း၊ဝါ
မေလျှေလတ်မှာ အောင်ဂေလက်
ဗျာဒိတ်၊ ဘာလဲဟိတ်ခဟေဌညို။
မယ်ဝဏ္ဏညိယ်နှင့် မည်းမည်းပိုတဲ့။ စ၊ က၊ တ၊ ပယ၊ အဖြူ ဖ၊ ရ၊ ခ၊ ထ၊ သ၊ ဆ၊ ဝင်းဝါအသားအရေ -

စသဖြင့် လက်ာလေးနဲ့မို့ မှတ်ရလွယ်သွားအောင်လုပ်ထားတယ်။

ခွဲကြည့်ကြစို့ရဲ့။ ဥပမာ အသားဖြူတဲ့"

"ဟေ့-ခဏနေဦး၊ မင်းက အသားအရောင်ကို လူမျိုး၊ နေရပ်ဒေသ ဘာနဲ့ယူမလဲပြောစမ်းကွာ။ အသားအရောင်က ဘယ်တူနိုင်မလဲ။ ဒါပေမယ့် ရှမ်း၊ မွန်၊ တရုတ်တို့လူမျိုးအလိုက် ဖြူ၀ါ ဘက်ရှိကြရဲ့။ ရှမ်းအမျိုးသမီးလေးတွေက ကပ္ပလီမတွေလိုဘယ်မည်းမလဲ။ မြန်မာလူမျိုးမှာပင် အရပ်ဒေသ၊ ဘတိ၊ အလိုက် မတူပါဘူး။ တခြားမကြည့်ပါနဲ့။ ငါတို့ခင်ဦး၊ ရွှေဦးနယ်ကလူတွေကြည့်လေ။ ဖြူ၀ါက သိပ်ရှားနေရဲ့။ အသားလတ်။ အသားညိုပဲ များတာလေ။ ကပ္ပလီလောက်မည်းနက်သူဘယ်မှာရှိလို့လဲကွ။ စာအုပ်ထဲက ပညာကို အသိဉာဏ်နဲ့သုံးသပ်ရမှာပဲ။ အဓိက ဝဏ္ဏကြည့်ချင်ရင် သူမိဘနှစ်ပါးနဲ့ သူမွေးချင်းတွေထဲမယ် သူဟာ ပိုဖြူ ပိုလတ်၊ ပိုညိုနေသူလားသိဖို့ ပဓာနပဲကွ။ မင်းကိုယ်မင်း ကြည့်စမ်း၊ မင်း မိဘနဲ့ညီအစ်ကိုကြားမှာ ပိုညိုနေတယ်လေ၊ ဘရဲ့ဝဏ္ဏညိနေသူမဟုတ်လား။ သို့သော် မင်းထက်ညိုသူတွေကြားရှိရင် ဖြူသွား၊ လတ်သွားပြန်ရော"

"ဟုတ်တာပေါ့။ မျက်မြင်အရဆို ငါတို့ အထက်သား/သူတွေ စ၊ က တ၊ ပ၊ ယ၊ ဖ၊ ရ၊ ခ၊ ထ၊ သ၊ ဆ အက္ခရာတွေ ဘယ်မှည့်ရတော့မလဲ။ အားလုံးအိမ်ထောင်ရေး၊ စီးပွားရေး၊ ဒုက္ခတွေ ကြသူတွေဖြစ်ကုန်ပြီပဲ။ နောက်ပြီး ကိုယ့်ထက်ဖြူသူ၊ မည်းသူတွေအကြားသွားနေရလို့ မူလဝဏ္ဏကပြောင်းသွားကာ ဆန်းကျင်မှ ဆန်းဝင်သွား၊ ဆန်းဝင်မှ ဆန်းကျင်သွားတာ ထုံးစံမဟုတ်ပါဘူး"

"ကဲ - ဒါဆို ဆက်မယ်ဟေ့။ အသားဖြူတဲ့ ဇာခြည်ဝင်း"

❑ ဇာခြည်ဝင်း

ဇာ၊ ဇာဆိုသည့်ဇာခွဲခြင်း၊ ဇီဇာကြောင်ခြင်း၊ ဇာပေါက် စတဲ့ မြန်မာစကား။ သို့သော် ဇာရဲ့မူရင်းပုဒ်က ပါဠိမှလာတာ။ ဇာလ၊ ပိုက်ကွန်၊ ချည်မျှင်၊ ရှုပ်ထွေးနေသောကြိုးလို့ဆိုတယ်။ ဇာခြည်ဝင်း၊ ပိုက်ကွန်သဖွယ်ရှုပ်ယှက်ခတ်ပြီး အရောင်ထွက်နေတဲ့ကြိုးစများပေါ့။ ဗျူပွတ်က သူဘဝ၊ သူအလှတွေကို လှစ်ဟပြလိုက်ပြီမို့ ဖြူ၀ါ၊ လတ်ဆိုရင် သံယောဇဉ်ကြိုး ဆယ်ချောင်းကဖြင့် တစ်ချောင်းစီ၊ တစ်လှည့်စီ ပူးကပ်နေရမယ့်အသွင်။ ကာမရာဂသံယောဇဉ်ကြိုးက ဇာတ်လိုက်၊ မကောင်းရာ တစ်ခုခု စမိပြီဆိုရင် နောက်ဆုတ်ရန်ခက်ခဲ၊ တိုင်စဉ်ပါထပ်မှားသော် စီးပွားရေးပါခက်ခဲ။

❑ သိမ့်သိမ့်

ရှေ့ကစစ၊ နောက်ပိတ်ပါပါ။ သိမ့်ဆိုသည် တသိမ့်သိမ့်ရှိက်ငိုခြင်း၊ ရင်သိမ့်တုန်၊ လှိုက်ခုန်ခြင်းသဘောဆောင်တယ်။ ဝဏ္ဏကြည့်ရန်မလိုတဲ့ ဗျူပွတ်အမဂ်လာပဲ။ (၅)၊ (၂)၊ (၃) ကြွင်းတွေဆိုနာမည်အကိုင်း ဘဝမယ် ဆွေမျိုးဉာတိ၊ ခင်ပွန်း၊ သားသမီးအတွက် စိတ်ညစ်ကာ အပူထင်ဟပ်စေမယ်။

❑ မိုးထက်ထိပ်ဦးစံ

သည်အက္ခရာတွေကို တစ်လုံးတည်းပါရင် သည်ဗျူပွတ်နဲ့ အကျိုးမဝင်ဘူး။ နှစ်လုံးတွဲ၊ သုံးလုံးတွဲ၊ လေးလုံးတွဲအဓိကဖွင့်တာ ထက်မိုး၊ ထက်ထက်ဦး စတဲ့နာမည်ရှင်၊ အထက်မိုးကောင်းကင်ကို လွန်ကျော်ပြီးရှိ၊ တည်ခြင်းသဘော၊ မိုးအထက်ကျော်ပြီး နေရန်မရှိမရှိဘူး။ ကျော်လွန်တာလုံးဝမရ၊ ဗျူပွတ်ကလွန်ရုံတွင်မဟုတ်ဘဲ လွှင့်မျောမရပ်တည်စေတဲ့အထိရှိသွားတဲ့အမည်အက္ခရာများလေ ပိုလှုံ့ဆော်ပေး၊ စိုက်ထားတည်ကြည်ရန်ခက်မယ်။ စည်းစိမ်ဥစ္စာသိပ်မက်၊ အပျော်ဖက်မယ်။ အလယ်၊ အလတ် ဝဏ္ဏဆိုရင် ငယ်စဉ်ဌာသာလျင် ငါးဖြာအာရုံခံမင်ပြီး အသက်လေးဆယ်ကျော်က တည်ငြိမလာမယ်။ (၁)၊(၃)၊(၄)ကြွင်းတွေဆို အိမ်ထောင်ဆက်များ။ ဆင်းရဲဒဏ်မခံဝံ့ဘူး။ တိုင်စဉ်ပါထပ်မှားရင်တော့ ပိုလွှင့်မျော။

❑ အာကာမိုးမြင့်

အာကာ၊ ပါဠို၊ ကောင်းကင်၊ မိုးမြင့်၊ အထက်ပါနာမည်နှင့် ဗျူပွတ်ချင်းတူ။

(၁)၊ (၄)၊ (၅)၊ (၀) ကြွင်းလျှင် အထက်နာမည်ရှင်ဘဝအတိုင်းကြုံမယ်။ စရိုက်တူတယ်။ ကျန်အကြွင်း၊ လတ်ညို၊ ဝဏ္ဏဖြစ်ရင်ကောင်းတဲ့ဖက်ပါမယ်။

❑ ရှိန်း

ရှိန်းဆာယာမိုမောက်၊ ကိုယ်ပျောက်တဲ့ဆေးဆိုတဲ့ ပေါရာဏာက၊ တုန်လှုပ်သွေးကြွ၊ မမြင်စေချင်တဲ့သဘော။ ဗျူပွတ်က လူသိမခံဝံ့တာ။ ဖုန်းကွယ်သို့ဝှက်၊ ဆန့်ကျင်ဖက်လိင်ရဲ့အပြုအမူတွေကို မကျော်လွန်နိုင်တဲ့အတွက် အလှတ္တဓာတ်ခံအားနည်း၊ မပြတ်သားဇွဲမရှိကြ။ ဝဏ္ဏကို စဉ်းစားစရာမလိုတဲ့ ဗျူပွတ်ပေါ့။ သဲယုဂ်ဟယိုးဒွန်တွဲနေလို့ပဲ (၁)၊ (၃)၊ (၄)၊ (၀) ကြွင်းဆိုရင် အိပ်မက်ချင်တာရယ်၊ လက်ရှိသံယောဇဉ်အပေါ် မခင်တွယ်ရယ်ပိုနေမယ်။

❑ စန္ဒီ၊ စန္ဒာ

စန္ဒီ+စန္ဒာ လမင်းဟောပါဠို၊ စန္ဒီဣကာရန္တက္ကတ္တိလိင်ဖြစ်တဲ့အတွက် စန္ဒာဆိုသည့်ပုဒ်ထက် သဒ္ဒါအရာမှာ ဂိုဏ်းကောင်းနေတယ်။ မိန်းကလေးအတွက် စန္ဒီကပိုမှန်နေတယ်။ စန္ဒီဆိုလျှင် အေးမြခြင်း၊ ပြည့်ရွှန်းခြင်းသဘော၊ စန္ဒီကို လဆန်းဖွား တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာသမီးမှည့်လျှင် အစေကောင်းကျိုးရှိပါတယ်။ ဒါပေမယ့် စန္ဒာမတူဘူး၊ လိင်၊ ဝိဘတ်က ဝိရောဓိ၊ သည်တော့ စန္ဒာက မတည်ငြိမ်၊ အိမ်ထောင်ဆက်များတဲ့ဘက်ပါသွားရော၊ လဆုတ်ရက်နဲ့ (၁)၊ (၂)၊ (၆) ကြွင်းနဲ့ တိုင်စဉ်ပါ ဇောက်ထိုးဆင်းရင်တော့ တိမ်ဖုံးပါလို့ လမသာအဖြစ်။

❑ သူရ၊ သူရိန်

ပါဠို၊ ရဲရင့်တက်ကြွ၊ သတ္တိစွမ်းပကား၊ နေမင်း၊ ထပ်တူအခိုင်ပွာယ်ရှိသို့သော် သူရိန်၊ ထက်သူရ အမည်သည် အပြစ်ကင်း၊ နောက်ကထပ်ဆင့်ဝင်ရာ

www.burmeseclassic.com

www.burmeseclassic.com

ထွန်း၊ ရွှင်း၊ အောင် (ပါပအုပ်စု) အလိုက် ဗျူပွတ်ရဲ့ကောင်းဆိုးပြောင်းလဲစေတယ်။ အထူးသဖြင့် လမင်းအုပ်စု ဘနဒ်မာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သော်ကြာတို့မှသို့က ဝဏ္ဏတွေးစရာမလိုဘဲ ရသာဒို့ အချောင်နှိုက်၊ မဟုတ်ရာ သတ်ထင်ရှား၊ လက်ကြောမဲတင်းကြွ၊ ဘွန်နေမင်းအုပ်စု ဖြူ၊ ဝါ၊ လတ်၊ ညို (၁)၊ (၂)၊ (၃)၊ (၆) ကြွင်းဆိုသော် အောင်းရာဘဲ့က်အားသာ၊ အပြစ်ကင်း၊ ဖန်ဒီ စန္ဒာနေ့မွေး အဆိုးဘက်ပိုယူ။ သူရ၊ သူရိန်၊ ညမွေးလျှင် အဆိုးပိုယူ။)

ကြွန်း

ကြိယာနှင့် နာမ် နှစ်မျိုးထွက်၊ ကြိယာက ဝင်ခြင်း၊ ကွယ်ပျောက်ခြင်း၊ သွက်ခွာသွားခြင်းသဘော။ နာမ်မှာ အနှစ်တ်လက်ယာ၊ ဝါး၊ သစ်စေးနှင့် ကော်လုပ်တဲ့ခွက် စသည်၊ မြန်မာစကား ဟုတ်ဘူး။ တိုင်းရင်းနွယ်စကား။ ဒေါင်းဆယ်နေဝန်း၊ ဂေါရာကျွန်းသို့ ယွန်းပင်သည်သော်၊ ရှေးကဗျာထဲပင် စပ်ကြတဲ့ ကွန်း ရွှေ့လျားခြင်းအနက်ပဲ။ ယ၊ဝ၊နအက္ခရာသုံးလုံးနှင့် ယွန်း၊ အသံထွက်ဟာ့လှပါရဲ့။ အဆင်းကဖြင့် ဥညြှင့်က အသွင်မဟူရာမျိုး။ ဝဏ္ဏမှာ ယ၊ ဖြူ၊ ဝန်း ဖြူ+မည်း၊ ပဋိပက္ခတွဲ၊ နောက်ဆုံး သံယုဂ်၊ န၊ အက္ခရာက အဖော်ကောင်းအပျော်ကြိုက်မယ့် ဒွေးဒယအက္ခရာ ဆန်းကျင်ဗျူပွတ်+ပဋိပက္ခ၊ သည်းတော့ စွယ်စုံဝါသနာရှိ၊ အဖော်ခင်း ကောင်းရာလုပ်ရဲ့၊ သိက္ခာနှင့် ဟိရိ မခွဲခြားနိုင်ဘဲ စွတ်ရမ်းပြုမူ၊ နေ့ခင်းသုံးနာရီ ကျော်မှ ရှစ်နာရီအတွင်း မွေးဖွားလျှင် အသက်မရှည်တတ်၊ သောမလများ ဝင်ရှုင် အည့်များ။ (၁)၊ (၄)ကြွင်းပိုသတိ

ကတ်ရည်

ပန်းတစ်ပွင့်ရဲ့ဝတ်မှုန်ခေါင်းအတွင်း ရှိ အရည်စု၊ ပန်းအလိုက်ခ်ချို၊ ဖန်၊ ခါးအရသာနှင့် အဆိုး၊ အကောင်းကွဲပြား၊ ပျား၊ ကွန်း၊ ငှက်၊ ယင် စသည့် တိရစ္ဆာန်တို့ ကျွေးစုပ်လေ့ရှိရဲ့။ ဝတ်ရည်ရှေ့ဝိသေသ ပန်းဖြစ်တဲ့အတွက် မိန်းကလေးအပိုင်း ဝတ်ရည်၊ မှတ်ထားလျှင်လည်း ဘယ်သကိုရှာကဲ့သာအဓိပ္ပာယ်မြင်အောင် ကြည့်ဖို့ရန် အရေးကြီးတယ်။ ဝတ်ရည် နောက်ဝိသေသ၊ ချို၊ဝတ်ရည်၊ ဆားရှိပြီလေ။အဲ-ဝတ်ရည်မိုး၊ ဝတ်ရည် ဝတ်ရည်လှိုင်း၊ တယ်ပန်းမှမရှိဘူး။ ဗျူတ်လွန်သွားပြီ။ ဗျူပွတ်လွန်သော် အချစ်ရေးအဖော်များမယ်။ ကိုယ့်ကိုယ် ကိုယ် မခင်တွယ်၊ တန်ဖိုးမထားချင်ဘူး။

ဒါ - နန္ဒိယဗျည်းချည်းဖြစ်တဲ့အတွက် အက္ခရာခွဲကောက်ပြီး မဟာဘုတ်ဖြင့် ညှိများသောအားဖြင့် ဝတ်ရည်ပါသူ အမျိုးသမီးတို့ဟာသိမ်မွေ့ပြီး သိပ်မ,ဆန်လွန်းတဲ့အတွက် အားနည်းချက်က နေရာတကာရှိစမြဲ။

ဇော

ဇဝနမှ ဇော လို့ဆိုတဲ့ ပါဠိဗျက်ဝေါဟာရ၊ စိတ်တစ်မျိုးပဲ။ ဇဲ့ချင်မြန်ခြင်း၊ ထက်မြက်ခြင်းသဘော၊ စိတ်ဇော၊ ကာမဇော၊ မင်္ဂလာဇော၊ ဖိုလ်ဇောတို့သုံးကြရဲ့။ လူတွေပြောလေ့ရှိကြတဲ့ စကားတစ်ခွန်းပေါ့။ 'သည်ကောင်လေးဟာလေ ဘာလုပ်လုပ် အလောသုံးဆယ်ရှိလိုက်တာလွန်ရော' တဲ့။ ပြောသူကိုယ်တိုင် သူ့စကားရဲ့အဓိပ္ပာယ်ဘာလဲမေး၊ မဖြေနိုင်ဘူး။ အလောသုံးဆယ်၊ အလယ်သုံးဇောကို ဆိုလိုတာပါ။ ပုံမှန်က အဘိဓမ္မာအလိုအရမှာ ဇောဟာ (၇) ကြိမ်အထိ စောရိုးကျရိုးရှိတဲ့အထဲ ရှေ့ နောက် နှစ်ဇောဟာအဓိကပေါ့။ အလယ်သုံးဇောက အားနည်းနေတော့ ပြာယာခတ်ပြီး မှီရာရှာတဲ့ သဘော။ ထားတော့ ဇော၊ ဇောဆိုတဲ့အတိုင်းတစ်ခုခုကိုတော့ သိပ်အစွဲကြီး ဇောကပ်လေ့ရှိရာ ဗျူပွတ်၊ လတ်၊ ညို ဝဏ္ဏဆိုသော် ဝါသနာရှိသောအလုပ်ဘက်၌ ထင်ရှားမယ်၊ ဗျူပွတ်ကောင်းပါ။ ကျန်ဖြူလွန်း၊ မည်းလွန်းနဲ့ (၂)၊ (၃)၊ (၆)၊ (၀) ကြွင်းတွေဆိုလျှင် ပြာယီးပြာယာ၊ ယောင်ချာချာသမား။

ပိုး

သစ်မွေးပင်ဖောက်စားတဲ့ပိုး၊ ပိုးစာရွက်စားပြီး သားပေါက်ရန် ပိုးချည် မျှင်လေးတွေထုတ်ပေးတဲ့ပိုးတော့ လူတွေအကျိုးပြုသော်လည်း များသောအားဖြင့် ပိုးဆိုတာ ဒုက္ခပေးတာအများဆုံး။ အနိဋ္ဌဝင်၊ အမဂ််လာဗျူပွတ်၊ ပ-ဂိုဏ်းရဲ့ရှေ့ဆောင်ဗျည်း၊ သောမအက္ခရာ၊ ဖို့ မိန်းကလေးတွေမှည့်လေ့ရှိတာမို့ (၁) ဗျူပွတ်အဆိုး (၂) ဖို့-မအမှား (၃) အနိဋ္ဌအမည်း။

နွေး

နွေးထွေးခြင်း၊ သက်သောင့်သက်သာရှိခြင်း၊ လုံခြုံမှုရှိခြင်း၊ ကောင်းသောဗျူပွတ်၊ အသံနိမိတ်လည်း မင်္ဂလာရှိတယ်။ ဒါပေမယ့် နအက္ခရာဒွေးဒဟနှင့် ဟေဋ္ဌညို+မည်း၊ တဂိုဏ်းရဲ့အဆုံး၊ ဝဆွဲဝက သံယုဂ်၊ ဝဏ္ဏာလည်း ဟေဋ္ဌအုပ်စု ဝင်နေပြန်ရော။တစ်ဖက်မှာသိပ်ကောင်းနေသလောက် တခြားဖက်က အောက်ဆွဲချပြန်ပေါ့။ နောက် စနေ နဟာ ရသာ ကြိုက်အက္ခရာ၊ အောက်ဝဆွဲ ဗုဒ္ဓဟူးမှာ ထော့ ဒီဃဝင်၊ နွေး၊ ဟာ-ရှည်လာပြီပဲ။ သည်တော့ ပိုရှင်းရန် ဌာနှင့်ဥပြီး မှည့်ရလိမ့်မယ်။ ဌာနင်ါးပါးမှာ န-က သိထိ ဏ၊ သာယာဖြည်းညှင်းစွာပြောတတ်ပြီး သွားကလေးတွေက ညီညီညာညာဖြူစင်လှပနေတဲ့ ဒန္တဌာန်ဆန်းဝင်နေသူဆိုရင်တော့ ဒီဃရသမှာ ဝဏ္ဏမှားလည်းသိပ် အဆိုးကြီးမကြုံနိုင်ပါဘူး။ လတ်၊ ညို ဝဏ္ဏမှည့်နိုင်တယ်။ ဖြူတဲ့သူဆို (၄)၊ (၆)၊ (၀) ကြွင်းရင် ရှောင်ရလိမ့်မယ်။ မရှောင်သော် ဆန့်ကျင်ဘက်သဘော၊ ပေါင်းသင်း၊ ဆက်ဆံရေးခက်ခဲ၊ အလုပ်၌ ပိ၊ မွန်းကျပ်၊ ခင်ပွန်း၊ ချစ်သူက မစာနာတတ်။

သျှိ

သျှိ မြန်မာဝေါဟာရမရှိတဲ့ စကား၊ သက္ကတ၊ ဘင်္ဂလီဘာသာတို့ကလာတဲ့ ရုရှိ၊ အတိုကောက်ရေးရာကနေဖြစ်လာတဲ့ သျှိ (သ-ယ်-ဟထိုး၊ လုံးကြီးတင်) ဘင်္ဂလီထက် ရှေးကျတဲ့ ဟိန္ဒူဘာသာ၊ ဟိန္ဒူဘာသာဝင်တို့အထွတ်အမြတ်ဝတ်ပြုပူဇော်စဉ် ရွှတ်ဖက်လေ့ရှိသော အောင် ဆုတောင်းဂါထာ၊ မန္တန်ရဲ့အစဝေါဟာရ၊ ဗုဒ္ဓဘာသာဝင်ဖြစ်သူမှည့်ရင် ဂိုဏ်းသင့်ပြီပဲ။ ယောဂျိုးဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် သျှိက အပြစ်မလွတ်၊ အက္ခရာကွဲပြီး အသံထွက်တူ၊ ရှိဆိုလျှင် မိန်းမနဲ့သင့်မယ်။ ရှိက အင်္ဂလိပ် SHE ပဲ။ ရှင်းစရာမလိုအပ်၊ မရှိတာကို အရှိလုပ်၊ အဆန်းထွင်မှုဟာ မြင်းစီးသော်လည်း ကိုယ်စီးတဲ့မြင်းတောင် အထီး၊ အမ မသိသူနဲ့ အတူတူပဲလေ။ ဗျူပွတ်လည်းပျက်။

သွန်း

သွန်၊ သွန်ပဲ၊ စွန့်ပစ်၊ မှောက်ချခြင်း၊ ဖယ်ရှားခြင်းသဘော၊ သွန်း၊ တူမလိုလိုနဲ့ကွဲပါတယ်။ ဘိသိက်သွန်းလောင်း၊ ကြောင်ရေသွန်းလောင်းခြင်းမျိုး၊ ဖြည်းညှင်းစွာအနှံ့ပြားရှိအောင် ရေဖြင့် ပက်ဖျန်းမှုပဲ။ အတာပွဲကို ရွေးခေတ်က ရေသွန်းသဘင်လို့ ခေါ်လေ့ရှိကြတယ်။ ဗျူပွတ်ကောင်း၊ အသံထွက် မင်္ဂလာရှိပါတယ်။ ဝဏ္ဏ ဖြူ၊ ဝါ၊ သွန်းဆက်အောင်၊ သွန်းဆက်နိုင်၊ သွန်းမေတ္တာ၊ သွန်းဖျန်းဝတီ စတဲ့နာမည်မျိုး အကြွင်းအလိုက် (၂)၊ (၃)တို့ကောင်းပါ

www.burmeseclassic.com

www.burmeseclassic.com

မောင်မြင့်မား (ဗိုလ်ကလေး)

ငွေကုန်ကြေးကျများသော အချစ်ထက်ဆေးနည်း

ကျွန်တော့်တွင် ကျွန်တော့်အမေ၏ညီမ ကျွန်တော့်အဒေါ် တစ်ယောက် ရှိသည်။ သူက အလွန်ချမ်းသာသည်။ ကျွန်တော်အဒေါ်ကို သတိထားမိသည့် အချိန်ကစ၍ အဒေါ်သည် ပိန်ပိန်ပါးပါး လေး၊ ဝဝဖြိုးဖြိုး တစ်ခါမှမတွေ့။ သူ့တွင် ဆီးချိုရောဂါရှိသည်ဟု သိရသည်။ ရှောင်လိုက်ရတဲ့ အစားအသောက် သောက်လိုက်ရတဲ့ဆေး၊ သွားလိုက်ရတဲ့ ဆေးခန်း။ ထိမိခိုက်မိ အနာတရဖြစ်လျှင်လည်း တော်တော်နှင့်မပျောက်တော့။ အဒေါ်ကတော့ သက်ဆိုးမှရှည်ပုံမလား ဟု တွေးမိသည်။

နှစ်တွေလည်းကြာခဲ့ပြီ။ကျွန်တော်လည်း ဝန်ထမ်းဆိုတော့ ဟိုပြောင်းဒီပြောင်းနှင့် အဒေါ်နှင့် တော်တော်ကြာအောင် မတွေ့တော့။ နှစ်ပေါင်း (၃၀) ကျော်ကြာခဲ့ပြီ။ အဒေါ်နာရေးတော့ သတင်းစာထဲမှာ မတွေ့မိသေး။ ဝန်ထမ်းဘဝခွင့်ယူပြီး အဒေါ်နေတဲ့ဆီရောက်တော့ ကျွန်တော် တော်တော်အံ့သြသွားမိသည်။

လွန်ခဲ့သော နှစ်ပေါင်း (၃၀) လောက်က အဒေါ် မဟုတ်တော့။ ဝဝဖြိုးဖြိုးနှင့် ကျန်းမာရေးကောင်းနေပုံရသည်။ ရောက်ရောက်ချင်း ကျွန်တော်က-

"အဒေါ် နေကောင်းလား"

"အေး - ကောင်းတယ်"

"မြင်တာနဲ့ သိပါတယ်။ ဆီးချိုပျောက်သွားပြီပေါ့"

"အေး"

"အဒေါ် အရင်က သောက်လိုက်ရတဲ့ဆေးတွေ၊ သွားလိုက်ရတဲ့ဆေးခန်း၊ အခုတော့ ဘယ်လိုပျောက်သွားတာလဲ"

"အေးကွယ်၊ ပျောက်ခါနီးတန်လို့ ပျောက်သွားတာလို့ ပြောရမှာပေါ့ကွယ်။ ငွေကုန်ကြေးကျလည်းမများဘဲနဲ့ပျောက်သွားတာကွယ့်"

"ပြောပါဦး အဒေါ်"

"ဒီလိုကွယ့်။ ရောဂါကြီးကို ရင်ဝယ်ပိုက်ပြီး စိတ်ညစ်နေတာနဲ့ ဘုရားဖူးသွားဦးမှလို့ စိတ်ကူးပြီး ကျိုက်ခေါက်ဘုရားကိုထွက်လာခဲ့တယ်။ ခြေထောက်မှာလည်း ခဲလုတ်တိုက်ထားတဲ့အနာကြီးကလည်း မပျောက်သေး၊ ပြည်တွေကတရွတ်ရွတ်၊ ကားပေါ်က လူကြားထဲမှာ အနာကိုမထိအောင် အတော်ဂရုစိုက်နေရတယ်။ ထိုင်ခုံရလို့ ထိုင်လိုက်တော့ ဘေးနားက အသက်ကြီးကြီးလူကြီးတစ်ယောက်က -

'သမီး၊ အနာကြီးကဖြစ်တာ အတော်ကြာပလား' တဲ့။

'ဟုတ်ကဲ့' လို့ ဆိုတော့ -

'သမီးမှာ ဆီးချိုရှိသလား' တဲ့။

'ဟုတ်ကဲ့' ပေါ့။

'ဒါဆိုရင် ကျိုက်ခေါက်ဘုရား ရောက်ရင် အဘဆေးကုပေးမယ်။အနာပျောက်ပြီလို့သာ မှတ်လိုက်တော့' တဲ့။

ကျိုက်ခေါက်ဘုရားအရှေ့ဘက် စောင်းတန်းတစ်နေရာရောက်တော့ သူဆေးလွယ်အိတ်ကြီးကိုချပြီး အနာကို ဆေးထည့်ပေးတယ်။ သူက တိုင်းရင်းဆေးဆရာကြီးတဲ့။ ပုသိမ်မှာ နေတယ်တဲ့။ အနာပေါက်ဆရာစိန်ဆိုရင် ပုသိမ်က လူတွေ မသိသူ မရှိပါတဲ့။ ဆေးကို မှန်မှန်ထည့်ပါတဲ့။ အနာပျောက်သွားရင် ဆီးချိုအတွက်တော့ ဆေးနည်းပေးလိုက်တယ်။

ဆေးနည်းက ငွေကုန်ကြေးကျလည်း မများပါ။ အဝေးကြီးလည်း ရှာစရာမလိုပါဘူး။ ခရေရွက်များကို လိုသလောက်ခူးပြီး ရေသန့်စင်စွာ ဆေးကြော၍ နေလှန်းအခြောက်ခံထားလိုက်ပါ။ ထို့အတူ ကောက်ရိုးကိုလည်း လိုသလောက် သန့်စင်ပြီး အခြောက်လှန်းပေးပါ။ နှစ်မျိုးစလုံး ခြောက်သွားခဲ့ရင် အညီအမျှ ချိန်တွယ်ပြီး အိုးသန့်တွင် ရေသန့်နဲ့ပြုတ်ရပါတယ်။ သုံးခွက်တစ်ခွက်တင်ပြုတ်ပြီးရင် မီးဖိုပေါ်မှချပြီး သောက်ဖို့ပဲဖြစ်ပါတယ်။

ပြုတ်ရည်ကို သုံးခွက်ခွဲပြီး မနက်တစ်ခွက်၊ နေ့လယ်တစ်ခွက်၊ ညတွင် တစ်ခွက်သောက်ရန်သာ ဖြစ်ပါတယ်။ သုံးရက်ခန့်သောက်မိရင် ဆီးချိုတိုင်းလိုက်ပါ။ ဆီးချိုကျနေပါတယ်။ တစ်ပတ်လောက် ဆက်တိုက်သောက်ရင် ဆီးချိုပျောက်နေကြောင်း တွေ့ရပါတယ်။ အဲဒီနည်းနဲ့ အဒေါ်လည်း ဆီးချိုပျောက်သွားတာပါပဲ။ အဒေါ်လို ဆီးချိုဖြစ်တဲ့လူတွေကိုလည်း အဲဒီဆေးနည်းပေးလို့ ပျောက်တဲ့လူတွေအများကြီးပါပဲ"

"ဩော် - ဒီလိုလား။ တယ်ဟုတ်ပါလား အဒေါ်ရဲ့။ ကျွန်တော်လည်း ဒီဆေးနည်းကိုမှတ်ထားပြီး ရောဂါဖြစ်တဲ့လူတွေကို မျှလိုက်ပါ့မယ်"

"အဒေါ်ကတော့ သွားရင်းလာရင်း တစ်ခါပဲ ကြုံလိုက်ရတဲ့ အဲဒီဆရာကို ဘုရားရှိခိုးတိုင်း စိတ်မှန်းနဲ့ကန်တော့ပြီး မေတ္တာပို့တာ နေ့တိုင်းပါပဲ။ ခုတော့ ရှိသေးလား၊ မရှိတော့ဘူးလား မသိတော့ပါဘူး"

"အဒေါ် နေကောင်းသွားတာ ဝမ်းသာတယ်။ ကျွန်တော် သွားလိုက်ဦးမယ်"

"အေး၊ အေး"

မောင်မြင့်မား(ဗိုလ်ကလေး)

ဂမွန်း

မွန်း၊ မြန်မာ့အဓိပ္ပာယ်ဆိုလျှင် လုံးဝအမဂ််လာပေါ့။ မွန်းကျပ်ခြင်း၊ မှေမြောခြင်းသဘောရှိသော်လည်း အဂ််လိပ် အဓိပ္ပာယ်၊ Moon ကတော့ မဂ််လာရှိသော ဗျူးပွတ်ဖြစ်နေတယ်။ လမင်းလစန္ဒာသည် မွန်းကို နေမင်းအုပ်စုဝင်တယ်။

မွန်းကို ဂြိုဟ်ဟူးမွန်းလွှင့်၊ ကြာသပတေး မွန်းပြည့်ပို့၊ သောကြာ မွန်းသီရိစသဖြင့် အကြွင်းနှင့် ညှိမှည့်ကဲ့ ညှိမည်း၊ လတ်ဆို အပြစ်မရှိ။

တနင်္ဂနွေ မွန်းအောင်၊ အင်္ဂါ မွန်းဆက်စံ၊ စနေ မွန်းထိပ်တင်၊ ရာဟု၊ မွန်းယုယ စသည်ဆိုလျှင်တော့ ပဋိပက္ခဆောင်သွားပါပြီ။ သောမလအုပ်စုဝင် တနလာမွန်းကိုကို၊ ဗုဒ္ဓဟူးမွန်းမွန်းလွင့်၊ ကြာသပတေး မွန်းပြည့်ပို့၊ သောကြာ မွန်းသီရိစသဖြင့် အကြွင်းနှင့် ညှိမှည့်ကဲ့ ညှိမည်း၊ လတ်ဆို အပြစ်မရှိ။

ကဲ - ဘဝင်းရေ၊ ဗျပွတ်နဲ့ ပတ်သက်တာ နောက်နေ့မှ ပြန်ဆက်ကြစို့ရဲ့။ အရေးကြီးအချက်က ဘယ်လိုပုဂ္ဂိုလ်က နာမည်ပေးပေး၊ ကိုယ့်နာမည်ရဲ့အဓိပ္ပာယ်ကိုတော့ သိနိုင်အောင် အရင်လေ့လာဖို့ သိပ်လိုတယ်ဆိုတာပါပဲ"

နေဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com

ဆူးစူး၍ ဆူးကျန်ခဲ့လျှင်

ဆူးစူးဖို့အခွင့်အရေးဆိုတာ မြို့နေလူတန်းစားတွေအနေနဲ့ ဖြစ်တောင့်ဖြစ်ခဲပေမယ့် တောနေလူတန်းစားတွေမှာတော့ တောတောင်ရေမြေရဲ့ သဘာဝပေါက်ပင်တွေက ဆူးတွေစူးနိုင်ကြပါတယ်။

ဆူးပင်က အောက်ရပ်အောက်မြေတောင်တန်းဒေသတွေမှာ ပေါက်ရောက်မှုနည်းပေမယ့် မြေလတ်ပိုင်းနဲ့ အညာဒေသတွေမှာ ပေါများလွန်းလှပါတယ်။ အညာမှာဆိုရင် ထနောင်းဆူးတွေ၊ ရှားစောင်းဆူးတွေနဲ့ ဆူးပင်ပေါင်းများစွာပေါက်ရောက်တာမို့ ကျေးလက်နေလူတွေဆိုတာ ဆူးစူးတာ အဆန်းမဟုတ်ပါဘူး။

ရှားစောင်းမျိုးနွယ်ဝင် ကျားလျှာဝင်ဆိုရင် ဆူးတွေထောင်ထွက်ပြီး ရှည်လျားချွန်မြနေတယ်။ ကျားလျှာဆူးစူးရင် များသောအားဖြင့် အလွန်ချွန်ထက်တဲ့ဆူးဖျားလေးကျိုးကျန်နေတတ်တယ်။ အဲဒီဆူးဖျားလေးဟာ မကြီးပေမယ့် ခန္ဓာကိုယ်အတွက်တော့ အဆိပ်အတောက်ပဲ။ ဒီတော့ ရောင်ကိုင်းပြီး မခံနိုင်အောင် နာတယ်။ ကျားလျှာဆူးက အဆိပ်ရှိတယ်လေ။

အနာသိတော့ ဆေးရှိတာပါပဲ။ အဲဒီဆူးစူးတဲ့နေရာကို အမဲသွေးသုတ်လိမ်းပေးရင် အဲဒီကျားလျှာဆူးထွက်လာလေ့ရှိတယ်လို့ မြင်းခြံ တောင်သာဘက်က အညာသားတွေက ပြောပြဖူးတယ်။ ကျားလျှာဆူးဆိုတာ နဂိုကမှ အဆိပ်ပြင်းပါတယ်ဆို ဆူးဖျားကျိုးကျန်ခဲ့တယ်ဆိုတော့ ဘယ်လောက်နာလေလဲ စဉ်းစားကြည့်ကြပါ။ ဒါပေမယ့် အမဲသွေးနဲ့ကျတော့ နှိုင်တယ်လို့ဆိုရမှာပါပဲ။ မြင်းခြံ တောင်သာဆိုတာ သဘာဝပေါက်ပင်တွေ တော်တော်များများမှာ ဆူးတွေကိုယ်စီနဲ့ကိုး။ ဒီတော့ ဝတ်တဲ့အဝတ်တွေကအစ ဆူးငြိရင်မပြစုတ်နိုင်တဲ့ အညာနှစ်နစ်ပတ်ထည်တွေဝတ်ဆင်ကြလေ့ရှိတယ်။

ဆူးပင်ရဲ့ဆူးဆိုတာက တောင်တန်းဒေသရဲ့ တောတွေထဲမှာလည်း ရှားရှားပါးပါးရှိပါတယ်။ မိုးကုတ်မှာ တော့ကတွင်းလုပ်စဉ်က တွင်းသုံးဖို့ အလောတော် သစ်လုံးခုတ်တဲ့အခါ ဆူးဆတ်ဟောင်းတစ်ခုကိုနင်းမိရင် ဆူးကဒိန်ပ်ကိုဖောက်ပြီး ခြေဝါးကိုစူးပါတယ်။ ဆူးဖျားကျန်နေခဲ့တာမို့ နောက်နေ့ ရောင်ကိုင်းပြီး မခံနိုင်အောင်နာပါတယ်။ အနက်က တစ်လက်မနီးပါးစိုက်ပင်ထားတာဆိုတော့ အပ်နဲ့ထွင်လို့မရနိုင်ပါဘူး။ ဆေးခန်းတစ်ခုပြီးတစ်ခုပြတဲ့အခါ ခွဲရမယ်လို့ပြောကြတာနဲ့ မခွဲရဲတာကြောင့် ဒီအတိုင်းပြန်ခဲ့ရပါတယ်။

ဒါနဲ့ တိုင်းရင်းနည်းနဲ့ကုတတ်တဲ့ တရုတ်အဘွားဖွားပါးကိုပြတော့ လမ်းဘေးက ဝက်ချေးပန့်သီးလေးတွေခူးလာပြီး ကျောက်ရေတွဆုံနဲ့ထောင်းပါတယ်။ စေးတဲ့တွဲခွဲပျစ်ပျစ်နဲ့ အဲဒီဆေးအုံပြီး အဝတ်နဲ့စည်းပေးလိုက်တာပါပဲ။

နောက်နေ့မနက်ကျတော့ အရောင်လုံးဝမရှိတော့သလို နာလည်းမနာတော့ပါဘူး။ သွားပြတော့ ပတ်တီးဖြေပြီး ဆေးကိုအသားဆွဲယူတဲ့အခါ ပြည်အတောင့်လိုက်ပါလာပြီး ပြည်ရဲ့အဖျားမှာ ဆူးမည်းမည်းလေးကိုမြင်ရတာပါပဲ။ တစ်ညအတွင်းမှာ သက်သာပျောက်ကင်းသွားတာပါ။ ဘယ်လောက်လေးစားစရာကောင်းတဲ့ပညာပါလဲ။ လမ်းဘေးမှာ အလွန်ပေါတဲ့သဘာဝပေါက်ပင်နဲ့ကုတာလေ။ ကျွန်တော့်အနေနဲ့ ဆေးနည်းကို ကိုယ်တိုင်ခံစားပြီးရလိုက်တာပါ။

ကျွန်တော့်ညီမ မဌေးညွှန့်အိမ်မှာ ရေသွားချိုးတော့ စပ်မိစပ်ရာပြောပြတတ်တဲ့ မဌေးညွှန့်က သူဆူးစူးခံရတဲ့အကြောင်း၊ ဆူးကျိုးကျန်ရစ်လို့ ခံစားရတဲ့အကြောင်း၊ အဲဒီအခါ နားဖာချေးကော်ပြီး ဆူးစူးတဲ့အနာဝကို နားဖာချေးသိပ်ကာ ပတ်တီးစည်းထားရကြောင်း၊ မကြာမီမှာပဲ အဲဒီဆူးဟာ နားဖာချေးရဲ့သတ္တိကြောင့် သူ့အလိုလိုကန်ထွက်လာခဲ့ကြောင်းပြောပြတဲ့အခါ ဗဟုသုတအဖြစ် မှတ်သားရပြန်ပါတယ်။

ဆူးမှစူးတာမဟုတ်ပါဘူး။ သစ်စဝါးစလေးတွေလည်း ချွန်ထက်နေရင် စူးတတ်ပါတယ်။ တိမ်တိမ်စူးလို့ ဆူးဖျားကျိုးကျန်နေရင် အပ်နဲ့ထွင်လို့ရပေမယ့် နက်နက်စူးရင်ထွင်လို့မရပါဘူး။ ဒီအခါ အနာရင်းပြီး ပြည်တည်လာတတ်တာထုံးစံပါ။ အဲဒါကြောင့် သစ်စဝါးစလေးတွေကိုင်ရင်လည်း သတိထားသင့်ကြပါတယ်။

ဒီစာစုထိုင်ရေးနေတဲ့ ၂၇-၅-၂၀၁၅ မှာ မြောက်ဘက်ကမ်း အောင်သုခရွာမှာနေတဲ့ ညီမကြီး မခင်ထွေးက သူ့ခြံထွက် ဖီးကြမ်းငှက်ပျောသီးကြီးတစ်ဖီးလာပို့ပါတယ်။ သန်မာဖြစ်ထွန်းလှပါတယ်။ ဒါနဲ့ ကျွန်တော်က သိချင်တာနဲ့ မေးကြည့်ဖြစ်တယ်။

"မင်းတို့တွေ ဆူးစူးလို့ဆူးစူးကျန်နေရင် ဘယ်လိုလုပ်ကြတုန်း"

"အိုး - အစ်ကိုလေးကလည်း လွယ်လွယ်လေးပဲ။ ကျွန်မတို့ အဖေသက်ကယ်ကွင်းကြီးမှာ သက်ကယ်ရိတ်တိုင်း သက်ကယ်ဆူးအမြဲခြေထောက်ကို စူးလေ့ရှိတယ်။ မစူးတဲ့နှစ်ဆိုတာ ခပ်ရှားရှားပဲ။ သက်ကယ်ပင်ရင်းက သက်ကယ်ဆူးလေးတွေက အပ်လိုချွန်မြနေတာ၊ အပေါ်ကိုထောင်တက်နေတော့ ဖိနပ်ဘယ်လောက်စီးစီးချော်ပြီးနင်းမိတာပဲ။ ဒါဆို ဆူးဖျားကျန်နေလေ့ရှိတယ်။ အဲဒီလို ဆူးကျန်ပြီဆိုရင် ဆူးစူးတဲ့အနာဝမှာ နားဖာချေးထွင်ပြီး သိပ်ထားလိုက်တာပဲ။ အဝတ်နဲ့စည်းရတာပေါ့လေ။ ဒါဆို မကြာဘူး အဲဒီသက်ကယ်ဆူးပြန်ကန်ပြီးထွက်လာတော့တာပဲ။ ဒါက အမြဲလုပ်နေကျ လက်တွေ့နည်းပါ။ တကယ်အလွယ်ဆုံးနည်းပါပဲ အစ်ကိုလေး"

လို့ ပြောပြပါတယ်။

သူတို့ညီအစ်မ(၂)ယောက် ဆူးကျန်ကိစ္စမှာ တစ်သံတည်းထွက်လေတော့ ဒါဟာ ကျေးလက်ဒေသမှာ မြန်မာ့ဆေးနည်းတစ်ခုပဲဆိုတာ ကျွန်တော် လက်ခံလိုက်ပါတယ်။

သက်ကယ်ဆူးဆိုလို့ သက်ကယ်ပင်မှာ ဆူးမရှိပါဘူး။ သက်ကယ်ဟာ သမန်းမြက်ပါ။ မြက်အမျိုးအစားပါပဲ။ ဒါပေမယ့် အပင်သစ်ထွက်တော့မယ်ဆိုရင် ဦးစွာ သက်ကယ်ပင်အချွန်လေးတွေ စထွက်ပါတယ်။ အဲဒီအချွန်လေးတွေက သက်ကယ်ရွက်ဖြစ်မသွားဘဲ သက်ကယ်ရွက်တွေထပ်ထွက်တော့ အဲဒီသက်ကယ်ရွက်ချွန်လေးတွေဟာ အရှည်(၃)လက်မအနေအထားလောက်နဲ့ သက်ကယ်ပင်ကို ရစ်ပိုင်းပြီး တည်နေရာက ခြောက်သွေ့သွားပြီး ဆူးသဖွယ်တည်နေခြင်းပါ။ သက်ကယ်ရိတ်ချိန်ဆိုရင် အဲဒီဆူးတွေက မာကျောနေပါပြီ။ ဖောဖိနပ်ရိုးရိုးလောက်တော့ ဖောက်ထွက်နိုင်လောက်အောင်မာပါတယ်။ ကားတာရာဖိနပ်ကိုသာ မဖောက်ထွင်းနိုင်တာပါ။ အဖေကတော့ သက်ကယ်ကွင်းမှာ ကားတာရာဖိနပ်အမြဲစီးပါတယ်။ အဲဒါကြောင့် သက်ကယ်ဆူးဆိုတာ သက်ကယ်ဆိုတဲ့သမန်းမြက်ပင်ကဆူးမဟုတ်ဘဲ ဦးစွာထွက်လေ့ရှိတဲ့ ပဏာမအရွက်ကလေးတွေပါ။ အဲဒါကိုပဲ သက်ကယ်ဆူးလို့ခေါ်ကြခြင်းပါ။ ဒါက ဆက်နွယ်လို့ တင်ပြလိုက်ခြင်းပါ။

(မခင်ထွေး၊ မဌေးညွှန့်တို့သို့ ကျေးဇူးတင်ပါသည်။)

ချမ်းမြေကြပါစေ

နေပြည်တော်ကျော်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com

"မမူမို့လား"

"ဟုတ် - ဆရာ"

"မှတ်မိပါတယ်၊ ဟိုတစ်လောက လာတာလေ။ ရန်တွေများလွန်းလို့ အလုပ် ကထွက်ပြီး မိဘတွေရှိတဲ့ ကော့သောင်း ကိုတောင်ပြန်တော့မယ်လုပ်နေတာ"

"ဟယ် - ဆရာမှတ်မိတယ်ကြည့် စမ်း၊ ဒါလောက်လူတွေများတာတောင်"

"မှတ်မိပါတယ်၊ ဝင်လာပြီး ထိုင် စောင့်နေကတည်းကသိတယ်"

"ဟုတ် - ဆရာ၊ ဆရာမှတ်မိတယ် ဆိုလို့ဝမ်းတောင်သာသွားပြီ"

"အခုရော"

"အခုက အလုပ်ကမထွက်ဖြစ် ပြန်ဘူး။ ဆရာပြောသလို ဘုရားမှာ တံမြက်စည်းသွားသွားလှည်းရင်းကနေ ပြန်အဆင်ပြေသွားပြန်ပြီ"

"တံမြက်စည်းလှည်းတော့"

"တံမြက်စည်းလှည်းတော့ ဆရာ ပြောသလို အခွိုက်တွေကိုကြည့်ပြီး ဟယ်-ငါ့မှာရှိတဲ့အတိုက်အခိုက်ရန်တွေ၊ အန္တရာယ်တွေ အမှိုက်တွေနဲ့ပါသွားပါ ရောလားဆိုပြီး ပါးစပ်ကတတွတ်တွတ် ပြောရင်းလှည်းတယ်လေဆရာ။ စိတ်ထဲ မှာလည်း ဆရာပြောသလိုဖျော်အောင် ထားတယ်။ တကယ်ကို ဘာအတိုက် အခိုက်အနှောင့်အယှက်မှမရှိတော့သလို ထားတယ်၊ ရှင်းနေတာပဲ"

"ဘယ်နှခါလှည်းလဲ"

"ဆရာက (၅) ခါပြောပေမယ့် ကျွန်မခုထိလှည်းတုန်း။ အချိန်ရရင်ရ သလိုပဲ၊ ရလား ဆရာ"

"ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟိုတစ်ခါ ဆရာလေးပေး သိုက်တဲ့ အကျိုးပေးတယ်ဆိုတဲ့လုပ်ငန်း အဆီကို မပြောင်းဘဲနေလို့ရရာလား။ ပြောင်းကို ပြောင်းမှဖြစ်မှာလား။ အုံလာ ဆေတာ"

"အဆင်ပြေပြီဆို မပြောင်းနဲ့တော့ လေ။ အဆင်ပြေနေမှတော့ ဘာပြောင်း ရောလိုတော့လဲ။ ဒါပေမယ့် ဒါတင်မက လောက်သေးဘူး၊ သရဏဂုံ. . ."

"ဟုတ်တယ်၊ ဟုတ်တယ် - မူမှကို သရဏဂုံအနုလုံ၊ ပဋိလုံ ရွတ်ခိုင်းတယ် လေ။ မိုးလင်းတာနဲ့ မျက်နှာသစ်ပြီး ဘုရားရှေ့မှာထိုင်၊ လက်အုပ်ချီရွတ်ရ တာ။ အခုလည်းရွတ်တုန်းပဲ။ အုံဆက်

www.burmeseclassic.com

www.burmeseclassic.com

ရွှတ်ရမလား"

"ရွှတ်ပေါ့ မမူရယ်၊ အဆင်ပြေလေရွှတ်လေ ပိုမကောင်းဘူးလား"

"ဟုတ် - အာ့လာမေးတာ"

ဘုရားရင်ပြင်တော်မှာ တံမြက်စည်းလှည်းပြီးအမှိုက်ရှင်းတာနဲ့ပတ်သက်လို့ တော်တော်များများကိုပေးခဲ့ပါတယ်။ အောင်မြင်လို့လာပြောကြတဲ့မမူလိုလူမျိုးရှိသလို ကိုလှဒင်လိုလူမျိုးလည်းရှိတယ်လေ။

ကိုလှဒင်ကတော့တစ်မျိုး။ သူတို့က ညီအစ်ကိုနှစ်ယောက်လုပ်ကြတဲ့ လုပ်ငန်း၊ ဆီစက်ပေါ့။ မွေးထားကြတဲ့ ကလေးချင်းတွေမသင့်ကြတော့ သူ့အစ်ကို ရဲ့ကလေးတွေက သူ့ကို အမြဲရန်လိုနေတာ။ သူ့ခမျာလှုပ်ကိုမလှုပ်ရဲသလိုဘဲ။ သူပြောပြတာများ စိတ်ပျက်ဖို့ကောင်းလိုက်တာ။

"ကျွန်တော်ဗျာ စက်ထဲကိုသွားချင်စိတ်ကိုမရှိတော့တာ။ စက်ရုံကိုလှည့်တောင်မကြည့်ချင်တော့ဘူး"

"ဒီလိုတော့ မလုပ်နဲ့လေ အစ်ကို၊ ကျွန်တော်ပြောတာတော့လုပ်လိုက်ပါဦး"

"လုပ်ပါ့မယ်၊ ဘာအဆောင်တွေဆောင်ရမလဲ"

"အဆောင်မဟုတ်ဘူး။ အစ်ကို ဘုရားသွားရမယ်၊ ဘုရားရင်ပြင်တော်မှာ တံမြက်စည်းတွေလှည်းရမယ်။ လှည်းတဲ့အခါ အမှိုက်တွေကိုကြည့် ငါ့မှာရှိနေတဲ့ အည့်တွေ၊ မကောင်းတာတွေအားလုံး ဒီအမှိုက်တွေထဲမှာ ရောပါသွားပြီဆိုတဲ့ စကားကိုစိတ်နဲ့ပြော ဒါမှမဟုတ် လေသံလေးနဲ့ပြော၊ ဝမ်းသာနေရမယ်"

"ဗျာ - မရှင်းဘူး"

"ဝမ်းသာနေရမယ် ဆိုတာက အစ်ကိုဟာ အည့်တွေပျောက်သွားပြီမို့ ပျော်နေရမယ်"

"ဘယ်လိုပျောက်တာလဲ ဆရာ"

"မဟုတ်ဘူးလေ၊ ပျောက်နေပြီဆိုတာ ယုံကြည်ချက်အပြည့်နဲ့ ခံစားရင်းလှည်းရမယ်။ ဘာရန်မှမရှိတော့ဘူးဆိုပြီး ပျော်နေရမယ်"

"ဩော် - ဟုတ်ကဲ့၊ ဘယ်နှခါလဲ"

"(၅) ခါတော့လှည်းရမယ်။ (၁၀) ရက် (၁) ခါပေါ့။ လှည်းပြီးရင် ဘုရားတန်ခိုးတော်ကြောင့် အည့်တွေပျောက်ပြီဆိုပြီး အားရပါးရဝမ်းသာရင်း သရဏဂုံကို အနှံလုံ၊ ပဋိလုံရွှတ်ရမယ် သက်စေ့"

"ဩော် - ရွှတ်မယ် ဆရာ၊ ဒါဆို အခေါက်ပေါင်း (၄၈) ခေါက်ရွှတ်ရမှာပေါ့"

"ဟုတ်တယ်၊ မနက်တိုင်းလည်း အဲဒီလိုရွှတ်ရမယ်"

"ဩော် - မနက်တိုင်းလည်းရွှတ်ရမှာလား"

"ဟုတ်တယ်၊ ဘုရားသွားတဲ့နေ့ကျ ဘုရားမှာရွှတ်ပေါ့"

"လုပ်တော့လုပ်မယ်ဆရာ။ (၅)ခါပြည့်လို့ ရန်နည်းနည်းရှိသေးရင်"

"နောက် (၅) ခါထပ်လုပ်ဗျာ"

"ဩော် - ရလား"

"ရတယ်"

ဒါက ကိုလှဒင်ပြောခဲ့တာ။

လာပြန်တာပဲ၊ သူလည်း သူ့ဟာသူလာပြောတာ။ မြေလတ်ဘက်ကမို့ နှမ်းဆီနဲ့ မြေပဲတွေတောင် လက်ဆောင်ပါလာသေး။

သူပြောလာတဲ့နေ့က ဝမ်းသာလို့ အဲဒီအကြောင်းကို အဖေနဲ့တောင် အကြာကြီးထိုင်ပြောဖြစ်တယ်။

အဖေကပြောတယ်။

"မင်းက မင်းကိုယ်မင်းယုံတာကိုးသားရဲ့။ မင်းကိုယ်မင်းယုံမှတော့ မင်းကိုယုံကြပြီပေါ့။ မင်းကိုယုံရင် မင်းခိုင်းလိုက်တာကိုလုပ်တဲ့အခါ ထူးခြားမယ်သေချာတယ်ဆိုပြီး သူတို့ယုံကြည်ပြီ။ ယုံကြည်တဲ့အတိုင်းလုပ်တယ်၊ ထူးတယ်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်မှမယုံရင် ဘယ်သူက ကိုယ့်ကိုလာယုံမှာလဲ"

ဆိုပြီး ပြောပါတယ်။

ကိုလှဒင်က -

"အယ်-ဆရာပြောသလိုလုပ်လိုက်တာ (၇) ခါလောက်တော့လှည်းရသား။ (၄)၊ (၅)ခါနဲ့တော့ မထူးသေးဘူး။ (၇)ခါလောက်ကျမှ ဟိုကောင်တွေ၊ တူတော်မောင်တွေဘာစိတ်ကူးပေါက်ကြတယ်မသိဘူး။ လေးလေးဘာညာနဲ့ လူကို စကားပြောရကောင်းမှန်းသိလာသလိုပဲ။ ကျွန်တော်က အမှတ်သည်းခြေမရှိပါဘူး။ ကိုယ်က လူကြီးပဲ။ သူတို့ရန်လိုနေတုန်းကလည်း ကျွန်တော့်ဟာကျွန်တော်ပဲနေတာ။ ခုခေါ်တော့လည်း ခင်ခင်မင်မင်ပါပဲ၊ တစိမ်းတွေမှမဟုတ်တာ။ ဒါပေမယ့် သတိတော့ထားပြီးစကားပြောရတာပေါ့။ ဒီကောင်တွေဘယ် အချိန်ထဖောက်ပုံမလဲလို့။ လိုအပ်ရင် ဆက်လှည်းမယ်နော် ဆရာ"

ဒါက ကိုလှဒင်ပြောတာ။

ဘာပဲပြောပြော အဆင်တော့စပြီပြေလာတာပဲလေ။ ဒါပြေတာပေါ့။ သူ ဆက်လှည်းရင်လှည်းသလို ပိုပိုပြီးပြေသွားမှာပေါ့။

ဒီလိုတွေ လာလာပြောကြရင် ဝမ်းသာတာတော့အမှန်ပဲ။ ဘယ်လို ဝမ်းသာမှန်းမသိဘူး။ ပြီးခဲ့တဲ့ မိုးဦးတုန်းကလာတဲ့ ကိုသိန်းအောင်ကြီးနဲ့ ပိုတောင်ဝမ်းသာရသေးတယ်။

သူက အဖေ့ကိုမြင်တာနဲ့ -

"အစ်ကိုကြီး၊ ကျွန်တော်ပြောမယ်"

ဆိုပြီး သူ့ကိစ္စတွေပြောတော့တာပဲ။ သူလည်းပြောပြီးရော အဖေက 'သားလုပ်ပေးလိုက်ပါ' ဆိုပြီး ဘေးကထိုင်ကြည့်နေတယ်။ သူလာတာကလည်း မွန်းလွဲ(၂)နာရီကျော်နေပြီလေ။ လူတွေများလွန်းလို့ အဖေလည်းပင်ပန်းနေပြီ။

"အစ်ကိုကြီးက ဘယ်နှခုလဲ"

"သိန်းအောင်ပါ"

"ဟုတ်ကဲ့-အစ်ကိုကြီး၊ ခုကိုပြောပါခင်ဗျာ။ အစ်ကိုကြီးရဲ့မွေးသက္ကရာဇ်"

"နေတာ ဒီနားတင် သုဝဏ္ဏ"

ဒီတစ်ခါတော့ ကျွန်တော် သူ့ကို သေချာကြည့်နေမိပါတယ်။ မျက်နှာပြုံးပြုံးပြုံးပြုံးနဲ့ စကားပြောရင် ဘယ်ဘက်လေးကို မျက်နှာလေးစောင်းစောင်းပြီး လူကို မျက်တောင်မခတ်ကြည့်နေလို့ သူ့နားနည်းနည်းလေးမှန်း သဘောပေါက်သွားပါတယ်။

"ကျွန်တော့်ဟာကျွန်တော် ဆိုင်ဖွင့်တာပါ။ အဲဒါ ဆိုင်ရှေ့ကို သူတို့ဘက်ကခွေးကခွေးလာလာပါတယ်။ မောင်းထုတ်ပြန်ရင်လည်း ရန်လုပ်ချင်တယ်၊ ကျွန်တော့်ဆိုင်းဘုတ်ကိုလည်း ကွာအောင် သူတို့ဆိုင်ခင်းတယ်။ စောင်းတွေလည်းပြောပြောနေတယ်။ မပြောနဲ့ ခွေးကအစ ကျွန်တော့်ကို လူမစိုက်ဘူး ဆရာလေး"

"အစ်ကိုကြီး ဘုရားမှာ တံမြက်စည်းသွားလှည်းရမယ်"

လက်ဟန်နဲ့ပြလိုက်ပြီး ပြောလိုက်ပါတယ်။

"ရှိခိုးတာပေါ့၊ ဘုရားကလေးနေ့တိုင်းရှိခိုးတယ်"

"တံမြက်စည်း၊ တံမြက်စည်း အဲဒါသွားလှည်းရမယ်"

"ဩော်-တံမြက်စည်း။ လှည်းမယ် ဘယ်ဘုရားသွားရမလဲ"

"ဘယ်ဘုရားသွားသွားရတယ် လှည်းရင် စိတ်ထဲက. . ."

အစ်ကိုကြီး ကိုသိန်းအောင် ကြည့်ရင်း ပါးစပ်ကမပြောတော့ဘဲ လုပ်ရမှာမှန်သမျှ စာနဲ့စုံအောင်ရေး

www.burmeseclassic.com

www.burmeseclassic.com

ဦးတ်ပါတော့တယ်။ ရွှတ်ရမှာကိုပါ ရေးပေးလိုက်ပါတယ်။

"ဒါဆို ရပြီပေါ့ ဆရာလေး"

"ရပြီ - ဒါပေမယ့် - ငါးခါတော့ သုပ်ရမယ်နော်"

သူ ကျွန်တော့်ကိုရယ်ပြီးကြည့်နေဆဲ -

"ရတယ် ဆရာလေး၊ ငါးနာရီ အရောက်သွားပြီးလှည်းမယ်"

"မဟုတ်ဘူး - ငါးခါ၊ ငါးခါ"

"ဩော် - ငါးခါ၊ ဒါဖြင့် ဘယ် အချိန်သွားလှည်းလှည်းရတယ်ဗျေါ့"

"ရတယ်၊ တစ်ပတ်တစ်ခါပေါ့"

"ဗျာ - တစ်ယောက်ထဲသွားရမှာ ဟုတ်ရဲ့ ရတယ်"

. . . လက်ညှိုးထောင်လိုက်တာကို ထစ်မျိုးနားလည်သွားပုံရပါတယ်။

"တစ်မတ်တစ်ခါ"

"ဩော် - လှည်းမယ်"

ရင်ဘတ်ကိုပုတ်ပြလိုက်ပြီး အမှိုက်တွေကိုကြည့်ရင်း ခံစားရမယ့်ဟန်ကိုပြသိုက်ပါတယ်။ အဲဒီလိုပြလိုက်တော့ -

"ဟုတ်တယ် ဆရာလေး၊ ကိုယ့် အလုပ်ကိုယ်လုပ်နေတဲ့ကြားက အဲဒီလို သာလာလုပ်နေတော့ ရင်ထုမနာဖြစ်ပေမယ့် ခပ်ပြုံးပြုံးပဲနေလိုက်ပါတယ်။ ခုသည်း ဒီလိုပဲနေမှာပါ"

ကျွန်တော်ထပ်မပြောတော့ပါဘူး။ ကိုသိန်းအောင်အတွက် စာနဲ့ပဲစုံအောင် ရေးပြီး စာရွက်ပေးလိုက်ပါတယ်။ သူသေချာဖတ်ကြည့်ပြီး -

"ဩော် - အဲလိုလား၊ အဲလိုစိတ်နဲ့လှည်းရမှာကိုး၊ လှည်းမယ်"

ဒီလိုနဲ့ ကိုသိန်းအောင်ကြီးပြန်သွားပါတယ်။ ဘယ်တော့ထပ်လာရမလဲ မပြောလို့ -

"ဒါအရင်လုပ်လိုက်ပါဦး၊ နှစ်လောက်တော့စောင့်ကြည့်ပါဦး၊ လိုအပ်ချက်လာပါ"

လို့ ပြောလိုက်ပါတယ်။

နှစ်လတော့မကဘူး၊ ခုမိုးလေးတုန်လောက်မှ ကိုသိန်းအောင်ကြီး ပေါက်ချလာပါတယ်။

အဖေ့ကိုလည်းမြင်ရော -

"အစ်ကိုကြီး၊ ကျွန်တော်ပြောမယ်"

ဆိုတဲ့စကားအစချီပြီး သူတံမြက်စည်းလှည်းတာ ဘေးဆိုင်က သူဟာသူ ဆင်ခြင်လာတယ်ဆိုတာတွေ၊ သူတို့ဆိုင်ခင်းတာ ဆိုင်းဘုတ်မကွယ်တော့ဘူးဆိုတာတွေ၊ လမ်းဒတ္တရင်တောင် ခေါ်ချင်လို့ကြည့်ကြည့်နေပုံရတယ် ဆိုတာတွေ အားရဝမ်းသာ အော်ကျယ်အော်ကျယ်နဲ့ ပြောနေပါတော့တယ်။

ပြီးတော့မှ -

"ကျွန်တော့်ကို ဆရာလေး လက်သံတော့ပြောင်သလားမပြောနဲ့။ တစ်ခုကျန်တာလုပ်ပေးဦး။ သူတို့ခွေးကမှေ့လောက်သင့်ရင် တစ်ခါတော့ခွေးလာလာပါသေးတယ်။ နေရာမမှတ်မိမှာစိုးလို့ မေ့လောက်သင့်ရင် လာမှတ်သားနေတာလား မသိပါဘူး"

ဆိုပြီးပြောလို့ အဖေရော ကျွန်တော်ပါရယ်ရသေးတယ်။ကိုသိန်းအောင်ကြီးရွှင်လို့မော်လို့။ ရောင်းကောင်းလားမေးတော့ -

"ဟုတ်ကဲ့" တဲ့။

"လူတွေမစောင်းတော့ဘူးဆိုမှပြီးပြီပေါ့ အစ်ကိုကြီးရယ်"

"ဗျာ - မလုပ်ပါဘူး၊ မရိုက်ထုတ်ဘူး"

"မဟုတ်ဘူး၊ လူတွေနဲ့အဆင်ပြေလာပြီပဲ၊ ပြီးပြီပေါ့"

"ဩော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ထပ်ထပ်လှည်းပေးပါ၊ တံမြက်စည်း"

"လော်ထက်မဆောင်ဘူး ဆရာလေး"

တံမြက်စည်းလှည်းဟန်ပြလိုက်တာကို လေ့လော်တဲ့ပုံထင်ပြီး အဆောင်မဆောင်တာပြောနေပြန်ပါတယ်။

"တံမြက်စည်း၊ တံမြက်စည်း"

"ဩော်-လှည်းရဦးမလား၊ လှည်းမယ်လေ"

"နောက်ငါးခါလောက်လှည်း"

"ဗျာ - ငါးပတ်"

"ငါးခါ၊ ငါးခါ ထပ်လှည်းလိုက်ပါဦး"

"ဩော် - ငါးခါ၊ လှည်းမယ်"

ဝမ်းသာရပါတယ်။ လူရိုးလူအေးကြီး ကိုသိန်းအောင် အဆင်ပြေသွားတာကို ဝမ်းသာရပါတယ်။ ကိုသိန်းအောင်တို့ မမူတို့လို အဆင်ပြေသွားကြသူတွေနဲ့ စကားပြောပြီးတိုင်း ဒီလိုအဆင်ပြေကြပုံလေးတွေကို ဆောင်းပါးအဖြစ်နဲ့ရေးပြီး အများသူငါလည်းလုပ်လို့ရအောင် တွေးခဲ့ပါတယ်။ ခု-ရေးဖြစ်ပြန်ပါပြီ။

နောက်ထပ်လည်း အခုလို စိတ်ချမ်းသာသွားကြပုံလေးတွေကို တစ်ဆင့်ပြန်တင်ပြဖို့ ကြိုးစားပါဦးမယ်။

မင်းပြည့်

နှစ်မောက်မင်းသန့်နှင့်

အသားမာနာ၊ အဖုအကိုက်အတွက် အိုဆေး

အသားမာအနာနှင့် အဖုအကိုက် အနာတို့သည် ဝမ်းတွင်းမှ သွေးဆိုးသွေးညစ်သွေးပုပ်နှင့် အပူအပုပ်ခိုးများစုဖွဲ့ပြီး ခန္ဓာကိုယ်အရေပြားပေါ် သို့ ရောဂါတိုးထွက်ဖော်ပြခြင်းဖြစ်သဖြင့် ကုသရလွယ်ကူပြီး စိုးရိမ်ပူပန်စရာမလိုပါ။ အကယ်၍ ထိုအဖုအကိုက်ရောဂါအနာလုံးသည် ခန္ဓာကိုယ်အတွင်းတွင် အဖုအကိုက်အနာလုံးအဖြစ် ရောဂါဖွဲ့တည်မည်ဆိုပါက ကုသရန် လွန်စွာခက်ခဲပြီး အပ်နှင့်ထွင်းရမည့်အရာ ပုဆိန်နှင့်ထွင်းရဆိုသလို အန္တရာယ်ကြီးပါသည်။

အသားမာနာအဖုအကိုက်အနာတို့အတွက် နေ့အိမ်မှာပင် ကိုယ်တိုင်ပြုလုပ်သက်သာပျောက်ကင်းစေသည့် ရိုးရာအုံဆေးတစ်လက် တင်ပြပါမည်။

ထုမင်း ဟင်းသောက်ဇွန်းသုံးဇွန်း ခန့်ကို ဆားလက်ဖက်စားဇွန်းဝက်နှင့် ရောပြီး စေးပိုင်အောင်ကြိတ်နယ်ပါ။ စေးပိုင်သမသွားပြီဆိုလျှင် ကောက်ညှင်းပေါင်းကဲ့သို့ အဆုပ်ဆုပ်ပြီး ငှက်ပျောရွက်အစိုနှင့်ပတ်၍ မီးခဲတွင်ဖုတ်ပါ။ ငှက်ပျောရွက်အစိုနွမ်း၍ပူလာလျှင် ထုတ်ယူပြီး ၎င်းထမင်းဆားအဆုပ်ကိုခွဲ၍ အနာလုံး၊ အဖုအကိုက်၊ အသားမာအနာပေါ် ဖိအုံပေးထားပါမည်။ စည်းရလျှင် စည်း၍ထားပါ။ အေးစက်သွားလျှင် အသစ်ထပ်မံပြုလုပ်၍ အုံစည်းပေးပါ။ လေးငါးကြိမ်အထိ အသစ်ပြုလုပ်စည်းအုံပေးဝါ။ နေ့လျှင်ဝိန်၊ ရှင့်လျှင် ပြည်ပေါက် ပျောက်ကင်းသွားပါမည်။ လုံးဝဘေးထွက်ဆိုးကျိုးမရှိပါ။ အလွန်လွယ်ကူ ထိရောက်သဖြင့် တင်ပြရေးသားအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

အမြီးနှစ်ခွမြင်လျှင် အကုသိုလ်မဟုတ်ဘူး

မြောင်းမြ-မြင့်လိုင်

အထူးထုတ်



"ဒါနဲ့ ကိုထွန်းမောင်ကို ကျွန်တော် တစ်ခုလောက်မေးဦးမယ်။ တချို့ကပြော ကြတယ်။ ဒီအမြီးနှစ်ခွအိမ်မြှောင်ကို အကောင်မပျက် နေအခြောက်လှန်းပြီး မျက်နှာပွင့်ဝိယဆေးဖော်ရာမှာ အသုံးခံ လို့ရတယ်။ တချို့ကလည်း အမြီးနှစ်ခွ အိမ်မြှောင်ကိုအမှုန့်လုပ်ပြီး ကိုယ်ချစ်တဲ့ သူကို ဒီအမှုန့်လေးတို့လိုက်တာနဲ့ ကိုယ့် ကို တန်းတန်းစွဲပြန်ချစ်တော့တာပဲလို့ ပြောကြတယ်။ ဒါတကယ်လား ကိုထွန်း မောင်"

ကျွန်တော့်အမေးကို ကိုထွန်း မောင်က ချက်ချင်းမဖြေသေးဘဲ ပါးစပ် ထဲကို ကွမ်းတစ်ယာထပ်ထည့်ရင်းက စဉ်းစားဟန်ပြုတယ်။ ပြီးတော့မှ -

"ဒါတွေကလည်းပြောရတာတော့ ခက်ပါတယ် ကိုမြင့်လိုင်ရယ်၊ ကျွန်တော် လည်း စာစုံခါမှစမ်းဖူးတာမဟုတ်ဘူး ဒါပေမယ့် ဒီလိုကိစ္စတွေဟာ တစ်ဖက် သောင်ထွန်း တစ်ဖက်ကမ်းပြို ဆိုတာလို ပဲ။ တစ်ဖက်လူက လက်ခံတယ်၊ လက်မခံ ဘူးဆိုတာကို ဥပေက္ခာပြုပြီး ကိုယ့်ဘက် ပါအောင် မတရားနည်းသိမ်းသွင်းတယ် ဆိုကတည်းက အကုသိုလ်မကင်းတော့ ဘူးလေ။ ဒီအမြီးနှစ်ခွအိမ်မြှောင်လေးတို့ ပါဖမ်းပြီး အခြောက်လှန်းရမယ်ဆိုတော့ မဖြစ်မနေ ကံတစ်ပါးတော့ စကျူးလွန်ရ ပြီလေ။ ပြီးတော့ တစ်ဖက်လူကိုလိမ် လည်လှည့်ဖြားပြီး ကိုယ့်ဘက်ပါအောင် လုပ်ရပြီဆိုမှတော့ နောက်ကံတစ်ပါးက ထပ်ကျူးလွန်ရပြန်ရောပေါ့ဗျာ"

ကိုထွန်းမောင်က ကွမ်းသွေးကို ဖျစ်ခနဲလှမ်းထွေးလိုက်ပြန်တယ်။

"အေးဗျာ-ကိုထွန်းမောင် ပြောသာ လိုပဲ၊ တစ်ဖက်ကလိုချင်တာရတာမှန်သမျှ မယ့် တစ်ဖက်ကကျူးလွန်လိုက်ရတဲ့ကံ ဆိုတာတော့ မသိရိုးအမှန်ပါ။ မြင်ဖူး၊ တွေ့ဖူး၊ လေ့လာဖူးခဲ့ပေမယ့် လက်တွေ့ တော့ တစ်ခါမှမလုပ်ခဲ့ပါဘူး။

အခုလည်း ကိုထွန်းမောင်က သူ့ အိမ်ကအမြီးနှစ်ခွဂန္ဓိရအိမ်မြှောင်လေး အကြောင်းပြောနေပေမယ့် ကျွန်တော် မျက်စိရှေ့မှာ မြင်နေရတာကတော့ တစ်ကောင်တည်းပါ။

ဒါနဲ့ -

"ကိုထွန်းမောင်၊ စောစောကပြော တာ ဒီအမြီးနှစ်ခွအိမ်မြှောင်လေးက ညီအစ်ကိုနှစ်ကောင်လို့ ကျွန်တော်ကြား လိုက်လိုက်တယ်။ အခု ကျွန်တော်တွေ့ တာ တစ်ကောင်တည်းပါလား။ နောက် တစ်ကောင်က ဘယ်ရောက်နေလဲ"

လို့ ကျွန်တော်မေးလိုက်တော့ -

"အင်း - ဘယ်လိုပြောရမလဲ၊ ဂူ တစ်ဂူတည်း ခြင်္သေ့နှစ်ကောင်မအောင်း ဘူးဆိုတဲ့စကားကို ကိုမြင့်လိုင် ကြားဖူး တယ်မဟုတ်လား။ ဒီနှစ်ကောင်လည်း ဒီ သဘောပဲလားမသိဘူးဗျာ။ အရွယ်လေး နည်းနည်းကြီးလာတာနဲ့ တစ်ကောင် အမြီး တစ်ကောင်လိုက်ကိုက်ဖြတ်တော့ တာပဲ။ ကျွဲလည်း ပထမတော့ ဆော့ နေတာပဲ မဖြတ်လောက်ဘူးလို့ထင်တာ၊ ဘယ်ဟုတ်လိမ့်မတုံးဗျာ။ အခု ကိုမြင့် လိုင်တွေ့နေရတဲ့အကောင်က ဟိုတစ် ကောင်ရဲ့အမြီးကို ကိုက်ပြီးခါလိုက်တာ များ ငုတ်စိလေးပဲကျန်တယ်။ ပြီးတော့ ဒီနေရာမှာ တစ်ခုခုထူးခြားတာက ဒီ အမြီးပြတ်သွားတဲ့ အိမ်မြှောင်လေးဟာ အဲဒီနေ့ကတည်းကပျောက်သွားလိုက်တာ ဒီနေ့အချိန်အထိ ပြန်ကိုမပေါ်လာတော့ ဘူးဗျ"

"သေများ သေသွားတာလား ကိုထွန်းမောင်"

လို့ ကျွန်တော်မေးလိုက်တော့ -

"သေတာတော့မဖြစ်နိုင်ဘူး ကိုမြင့် လိုင်ရဲ့။ ဘာလို့လဲဆိုတော့ အိမ်မြှောင် တွေဟာ အမြီးပြတ်ရုံနဲ့သေတတ်တဲ့ သတ္တဝါမျိုးမဟုတ်လို့ပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com

ဆွေတို့တော့ သတိမထားမိတတ်ဘူးဗျ"

"အမှန်ပေါ့ ကိုမြင့်လှိုင်ရယ်၊ သိဒ္ဓိဆယ်မိုးထဲမှာ ဝိယသိဒ္ဓိလည်းပါပါတယ်။ ဒီသိဒ္ဓိဆယ်ပါးစလုံးက ကျွန်တော်ဒီရောလောက်ကတော့ သိပ်၊ သမာဓိ၊ ဩဘာတို့ကို အခြေခံပြီး နှစ်ရှည်လများ ဘုံကြုပါမှ အပြစ်ကင်းသိဒ္ဓိရတာဗျ။ ခြွင်းချက်တော့ရှိတာပေါ့ဗျာ"

"ဆိုပါဦး ကိုထွန်းမောင်၊ ဘယ်လို ခြွင်းချက်များလဲ"

ကျွန်တော်က ကိုထွန်းမောင်ကားအရှိန်ပိုကောင်းလာအောင် မေးခွန်းထောက်ပေးလိုက်တယ်။ ဒီတော့ ကိုထွန်းမောင်ကလည်းဆက်ပြောတယ်။

"ကျွန်တော်ပြောတဲ့ခြွင်းချက်ဆိုတာ ဒီလိုဗျ။ တချို့လူတွေက ဘဝထိုထိုဘဝဘွန်းဆက်ရှိလို့၊ နတ်မြတ်နတ်ကောင်းနဲ့ ပိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်ထူးတွေကြွန်ပြလို့ သိဒ္ဓိတစ်မျိုးမျိုးပြီးမြောက်ပစ္စည်းထူးလေးတွေရကြတာရှိသလို၊ ချို့လည်း အတိတ်ကံအကြောင်းထူးလေးကြောင့် သွားရင်းလာရင်းသစ်ရင်းကိုင်ရင်းကနေ မမျှော်လင့်ဘဲရကြတာရှိတယ်ဗျ။ ဥပမာဗျာ ဝက်မာန်ကွင်းဝိတ်၊ ဆင်မာန်စွယ်တို့လိုဟာမျိုးပေါ့။ ဒါတွေဟာ စစ်နိုးမှန်ရင် ကာယသိဒ္ဓိကောင်းတာအမှန်ဗျ။ တချို့လည်းကြိုးသွားတို့၊ ချိုးအမြှေးတေတို့၊ ကြောင်မျက်ရှင်တို့ ရခဲ့ကြတဲ့အကြောင်းကို ကျွန်တော်အဖေရှိစဉ်ကပြောပြဖူးတယ်ဗျ။ ခွင့်လွှဲလိုရဲ့။ ဒီလိုရခဲ့တဲ့လူတွေကိုတော့ ကျွန်တော်စောစောကပြောတဲ့ ခြွင်းချက်ထဲဆည့်ရမှာပေါ့ဗျာ။ ဒီလိုမှမဟုတ်ဘဲ သမာဓိတဲ့ အောက်လမ်းနည်းတွေနဲ့ ကံစစ်ပါးပါးကို ဖောက်ဖျက်ပြီးမှ ရတဲ့သိဒ္ဓိတွေက ရေရှည်မတည်တံ့နိုင်သလို အန္တမသင့်ရင် ကိုယ့်ကိုပါပြန်ပြီး ဒုက္ခပေးတတ်တယ်ဗျ"

"ဒါတော့ အမှန်ပဲ ကိုထွန်းမောင်ရေ။ ကျွန်တော်တို့လူပျိုပေါက်အရွယ်တောက်တုန်းက ကြုံခဲ့ရတာလေးတစ်ခုကိုထွန်းမောင်ကို . ပြောလိုက်ဦးမယ်။ ဒီလိုဗျ၊ ကျွန်တော်တို့ မြောင်းမြအပိုင်းမှာတုန်းဆိုတဲ့ရွာမှာ အောင်မောင်းဆိုတဲ့ လူတစ်ယောက်ရှိတယ်။ အသက်သုံးဆယ်ဝန်းကျင်လောက်ရှိနေပေမယ့် အိမ်ထောင်တော့မရှိသေးဘူးပေါ့ဗျာ။ ဒါကလည်း သူကိုယ်တိုင်က မိန်းမတစ်ယောက်ကို တည်တည်တံ့တံ့မယူတာလည်းပါတာပေါ့။ အဲ-ကိုအောင်မောင်းက မိန်းမတစ်ယောက်သာ တည်တည်တံ့တံ့မယူချင်တာ၊ ရွာထဲကရှိတဲ့ အပျိုမတွေတော့ သူရိသဲ့သဲ့မလုပ်ဘူးတဲ့မိန်းကလေးမရှိသလောက်ဘဲ။ ရိသဲ့သဲ့သာလုပ်တာ၊ တကယ်ချစ်ရင် ကြိုက်ရင် မိဘတွေက လူကြီးချင်းစကားသွားကမ်းလှမ်းပေးမယ်ဆိုတော့လည်း မဟုတ်ပြန်ဘူး။ ထားဖါတော့။ တစ်နေ့ကျတော့ ရွာထဲကို ဆရာဆိုတဲ့လူကြီးတစ်ယောက် ရောက်လာတယ်။ အထက်လမ်းလိုလို၊ အောက်လမ်းလိုလို၊ ပယောဂကုသလိုလို နဲ့ ဘာဆရာမှန်းတော့ ဘယ်သူမှအပ်ကျမပ်ကျမသိကြဘူး။

အဲ - ဒါပေမယ့် အဲဒီဆရာက ရွာကိုရောက်ပြီး သုံးရက်မပြည့်ခင်မှာပဲ ကိုအောင်မောင်းနဲ့ ပလဲနံပသင့်ပြီး ပုလင်းတူဘူးဆိုဖြစ်သွားတာကတော့ အံ့သြစရာပဲ။ ဟုတ်တယ်ဗျ၊ နေမလို့ညိုလာပြီဆိုရင် ဆရာဆိုတဲ့လူက နှုတ်ခမ်းမွေးတကားကား၊ ပင်နီတိုက်ပုံဖားဖားကြီးဝတ်ပြီး အောင်မောင်းနဲ့ ရွာထဲမှာ လမ်းသလားနေတော့တာပဲ"

ဒီလိုနဲ့ အဲဆရာရွာကိုရောက်တာတစ်လလောက်ကြာပြီး တစ်ညမှာတော့ အမယ်လေး ကယ်ပါဦးအမေရဲ့၊ သရဲမလိုက်ဆွဲနေလို့ သူနဲ့အတူနေဖို့ လာခေါ် နေတယ်ဗျ။ အမယ်လေး ကြောက်ပါပြီဗျ ဆိုပြီး ညဉ့်နက်သန်းခေါင် ကြောက်လန့်တကြားအော်ဟစ်လိုက်တဲ့ ကိုအောင်မောင်းရဲ့အသံဟာ အိပ်မောကျနေတဲ့ရွာလေးကို ထုတ်ချင်းခတ်ပဲ ပုံ့လွင့်သွားတယ်။

ရွာထဲကမကင်းရာမကင်းကြောင်းလူကြီးတွေ၊လူငယ်တွေ သို့လောသို့လော အတွေးနဲ့ ကိုအောင်မောင်းအိမ်ရောက်လာပြီး အကျိုးအကြောင်းမေးကြမြန်းကြပေါ့။ ခက်တာက ကိုအောင်မောင်းမိဘနှစ်ပါးတောင် သူတို့သားဘာဖြစ်လို့ဖြစ်မှန်းသိတာမဟုတ်ဘူး။. မျက်စိပျက်မျက်နှာပျက်နဲ့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင်ဖြစ်နေကြတယ်။ ကိုအောင်မောင်းနဲ့တွဲနေတဲ့ ပယောဂဆရာဆိုတဲ့လူကိုသွားရှာတော့လည်း ရွာမှာမတွေ့တာ သုံး၊ လေးရက်လောက်ရှိပြီဆိုတာကလွဲပြီး ဘာသတင်းအစအနမှမရခဲ့ကြဘူး။

ကိုအောင်မောင်းကိုယ်တိုင်လည်း မျက်လုံးပြူးမျက်ဆန်ပြူး ကြောက်လန့်တကြားအော်နေတာကလွဲပြီး ဘာစကားမေးမှရတာမဟုတ်လေတော့ သတင်းမေးလာကြတဲ့လူတွေအနေနဲ့ ဘာလုပ်ပေးတတ်မှာတုံး။ ရွာထဲကလူကြီးသူမတွေက ဒါ သွေးရိုးသားရိုးရောဂါမဟုတ်ဘူး ဆိုတာလောက်သာသိကြပေမယ့် သူတို့လည်း ဘာမှမှတ်ချက်ပေးကုသနိုင်တာတော့ မဟုတ်ဘူးလေ။

ပြောရရင် နောက်ဆုံးတော့ ရွာကျောင်းဆရာတော်ဘုရားရဲ့ညီ ကပ္ပိယကြီး ဦးဖိုးခင်ရောက်လာမှပဲ ကိုအောင်မောင်းဖြစ်နေတဲ့ ရောဂါဘူးပေါ် သလိုပေါ် တော့တာကိုးဗျ"

"အင်း - ပြောပါဦးကိုမြင့်လှိုင်ရဲ့။ ဘယ်လိုများဘူးပေါ် သလိုပေါ် တာတုံး။ ခင်ဗျားဇာတ်လမ်းက စိတ်ဝင်စားဖို့ကောင်းနေပြီ"

ကိုထွန်းမောင်က ကွမ်းတစ်ယာပါးစောင်ထဲထိုးထည့်ရင်းက လှမ်းမေးတယ်။

"ဒီလိုဗျ၊ ကိုအောင်မောင်းက သူ့ဆရာဆီမှာ ဝိယဆေးတောင်းတယ်။ သူ့ဆရာဆိုတဲ့လူကလည်း ရတယ်၊ အစိမ်းသေအပျိုမပါးက သနပ်ခါးတော့ ရအောင်ရှာပေးလို့ ကိုအောင်မောင်းကိုရှာခိုင်းလိုက်တယ်။

ကိုအောင်မောင်းက လောလော လတ်လတ်ဥပဇ္ဈာဒကက်နဲ့သေတဲ့ အပျိုမ ဘယ်မှာရှိပါ့မလဲဆိုတာကို ခေါင်းမီးတောက်အောင်စဉ်းစားနေချိန်မှာ ဖြစ်ချင်တော့ မနေ့ကမှ ရွာအစွန်မှာနေတဲ့ ဆယ့်ခြောက်နှစ်သာရှိသေးတဲ့ အပျိုမလေးက ချောင်းထဲမှာ သူ့အဖေထောင်ထားတဲ့ ငါးမြွှေတွေဆင်းဖော်ရင်း ဒိုက်ပင်တွေနဲ့ခြေထောက်ငြိပြီး ရေနစ်သေတာတဲ့။ အဲဒါ ရွာခလေ့အရ ရွာပြင်မှာသေတာမို့ ရွာထဲကိုပြန်မသွားတော့ဘဲ ရွာပြင်သချိုင်းဇရပ်မှာ အလောင်းပြင်ထားတယ်ဆိုတာ သိလိုက်ရတယ်။

ကိုအောင်မောင်းအံ့တွက်တော့ ရေတွင်းထဲကျဆိုသလိုပဲ။ အတော်လေးပျော်သွားတယ်ပေါ့ဗျာ။ ဒါမှ သူလိုချင်တဲ့ဝိယဆေးဖော်နိုင်မှာကိုး။ ပြောပါစို့ ကိုထွန်းမောင်ရယ်၊ အဲဒီနေ့ညစွာင်းချင်းပဲ ကိုအောင်မောင်းက ရွာပြင်ဇရပ်က အစိမ်းသေကလေးမလေးပါးက သနပ်ခါးရခဲ့တယ်ပဲပြောပါတော့။ သုံးရက်ပြည့်မှ မြေမြှုပ်သင်္ဂြိုဟ်မှာဆိုတော့ လောလောဆယ်ကြည့်ကောင်းအောင် သနပ်ခါးတော့ဖုံးနေအောင်လိမ်းပေးထားတယ်ဆိုပဲဗျ။

အဲ - ဒါပေမယ့် ကိုအောင်မောင်းဆန္ဒမပြည့်ခဲ့ပါဘူးဗျာ။ သူစွန့်စွန့်စားစားယူခဲ့တဲ့သနပ်ခါးထုပ်လေးနဲ့ ညတွင်းချင်း သူ့ဆရာကိုလိုက်ရှာတာ တစ်ရွာလုံးသူ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း
(ရန်ကုန်အေးမြစေသား)

နှံသွားတယ်။ သူဆရာရဲ့အရိပ်ကိုတောင် မမြင်လိုက်တော့ဘူး။ မြေလျိုးပြီး မိုးပဲပျံလေရော့သလားပဲ။ သူဆရာတည်းတဲ့ အိမ် သွားမေးတော့လည်း ဘာမှမပြောသွားဘူးတဲ့။

ကိုအောင်မောင်းကတော့ သူဆရာ နောက်နေ့ပြန်လာမယ်အထင်နဲ့ သနပ်ခါးထုပ်လေး ကိုယ်နဲ့မကွာထားပြီး အိပ်ပျော်သွားတဲ့အဲဒီညကစပြီး အိပ်မက်ထဲကို သနပ်ခါးပိုင်ရှင် ကောင်မလေး ရောက်လာပြီး အတင်းခေါ်အတင်းဆွဲနဲ့ သူနဲ့လိုက်ခဲ့ဖို့၊ သူနဲ့အတူနေဖို့ခေါ်နေတော့တာပဲတဲ့ ကိုထွန်းမောင်"

"အေးဗျာ - ဒါမျိုးတွေက မလုပ်သင့်မလုပ်ထိုက်တဲ့အလုပ်တွေပဲဗျ။ သူဆရာဆိုတဲ့လူကကောပြန်လာသေးလား ကိုမြင့်လှိုင်။ ကိုအောင်မောင်းဆိုတဲ့ လူကော နောက်ဘာတွေဆက်ဖြစ်သေးလဲ"

"အင်း - ပြောရရင် အဲဒီဆရာဆိုတဲ့လူကလည်း အတုအယောင်ပဲထင်ပါရဲ့ဗျာ။ အဲဒီနေ့ကတည်းက တစ်ချက်မှ ပြန်ပေါ်မလာတော့ဘူး။ ကိုအောင်မောင်းကတော့ ကပွဲယကြီးကျေးဇူးကြောင့် ပုံမှန်လူကောင်းအတိုင်း ပြန်ဖြစ်သွားတယ်ဗျ"

"ကျုပ်ပြောတာ အဲဒါပေါ့။ မဲသမာတဲ့နည်းနဲ့ဖြတ်လမ်းကလိုက်ရင် ဒုက္ခတွေ့တယ်ဆိုတာ အဲဒါမျိုးကိုပြောတာ ကိုမြင့်လှိုင်ရဲ့။ အခုလည်း ဒီအမြီးနှစ်ခု အိမ်မြောင်လေးတွေက သက်ရှိဂန္ဓိရဆန်တဲ့သဲတွေဝါတွေပါ။ သူတို့မှာလည်း ထူးခြားတဲ့အစွမ်းသတ္တိတစ်မျိုးမျိုးတော့ရှိကြမှာအမှန်ပဲ ကိုမြင့်လှိုင်။ ဒါပေမယ့် စောစောက ကျွန်တော်ပြောသလို ကံတစ်ပါး ပါးကိုဖောက်ဖျက်ကျူးလွန်ပြီးမှ ရလာမယ့်သိဒ္ဓိမျိုးကတော့ အကုသိုလ်မကင်းသလို အန္တရာယ်လည်းမကင်းဘူးဆိုတာ ကိုမြင့်လှိုင်ပြောပြတဲ့ဇာတ်လမ်းလေးက သက်သေပဲမဟုတ်လားဗျာ။ ကဲ - လာဗျာ၊ ကိုမြင့်လှိုင်နဲ့ စကားပြောရတာ အာခြောက်သွားတယ်။ ကမာကြည်တံတားထိပ်က ကျွန်တော့်သူငယ်ချင်းဆိုင်မှာ ကိုမြင့်လှိုင်ကို ပြုစုပါရစေ။ လာဗျာ၊ သွားကြရအောင်"

ကျွန်တော်နဲ့ ကိုထွန်းမောင် (၁၀) ရပ်ကွက်ဈေးကိုပတ်ပြီး ကမာကြည်တံတားထိပ်ရောက်ချိန်မှာတော့ ရွှေအိုရောင်အဆင်းနဲ့နေဝန်းကြီးဟာ အနောက်မိုးကုပ်မှာ မေးတင်စပြုနေပါပြီ။

မြောင်းမြမြင့်လှိုင်

(၃၂) ကြိမ်မြောက် -
ထီဖွင့်ပွဲကြိုးနီးလာပြန်ပါပြီ။
ချမ်းသာကြွယ်ဝခြင်းနှင့်ဆိုင်သော ချမ်းသာကြွယ်ဝခြင်းကိုအထောက်အကူဖြစ်လာစေနိုင်သော ဂဏန်းလေးများနှင့် အတူ -

တနင်္ဂနွေသားသမီးများ

နိုဝင်ဘာလ ၇၊ ၁၇၊ ၂၁၊ ၂၅ ရက်များမှာ ထီထိုးပါ။

တစ်နေ့ကို အချိန်အားအောင် ကြိုးစားလိုက်ပါ။ ထိုတစ်နေ့ မွန်းတည့် (၁၂) နာရီမထိုးခင် ဘုရား (၃) ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းမှာရှိသော ရုပ်ပွားတော်တစ်ဆူဆူရှေ့ ဖယောင်းတိုင်အကြီး (၉) တိုင် ထွန်းညှိပူဇော်ပါ။ (၃) ဆူပြည့်ပြီးမှ အပြန်မှာ ထီးထိုးပါ။

ဒီဇင်ဘာလတွင် ၂၊ ၉၊ ၁၊ ၆ ဂဏန်းများ ကံစမ်းနေပါသည်။

တနင်္လာသားသမီးများ

နိုဝင်ဘာလ ၈၊ ၁၉၊ ၂၂၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ကြဲ (သို့) ကြဲရည် (သို့) ကျောက်ကျောဆွမ်းများနှင့် (၉) ရက်တိုင်တိုင် ကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်ပါ။ (သို့) ရွှတ်ဖတ်ပါ။ (၉) ရက်ပြည့်သည့်နေ့တွင် ထီထိုးပါ။

ဒီဇင်ဘာလတွင် ၃၊ ၂၊ ၉၊ ၄၊ ၈ ဂဏန်းများနှင့် ကံစမ်းသည်။

အင်္ဂါသားသမီးများ

နိုဝင်ဘာလ ၉၊ ၂၀၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ဓာတ်ကြီး (၄) ပါး ဆွမ်းတော်ကပ်နိုင်လျှင် ရအောင်ကပ်လှူပူဇော်ပါ။ အခက်အခဲများရှိနေလျှင် တစ်နေ့ထဲ ရုပ်ပွားတော် (၇) ဆူပြည့်အောင် ဖယောင်းတိုင် (၇) တိုင်စီပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဒီဇင်ဘာလတွင် ၁၊ ၂၊ ၉၊ ၄ ဂဏန်းများနှင့် ကံစမ်းပါသည်။

ဗုဒ္ဓဟူးသားသမီးများ

နိုဝင်ဘာလ ၇၊ ၂၁၊ ၂၄ ရက်များမှာထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွား၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပါ။ ပြီးရင် ညောင်ပင်သို့သွားပါ။ စေတီမှာရှိသော ညောင်ပင်ဖြစ်လျှင် ပိုကောင်းသည်။ ရုက္ခစိုးကြီးအား အမွှေးတိုင်များလှူ၍ အမျှဝေ၊ မေတ္တာပို့ပါ။ အပြန်မှာ ထီထိုးပါ။

ဒီဇင်ဘာလတွင် ၃၊ ၆၊ ၂၊ ၉ ဂဏန်းများနှင့် ကံစမ်းသည်။

ကြာသပတေးသားသမီးများ

နိုဝင်ဘာလ ၇၊ ၈၊ ၁၄၊ ၁၈၊ ၂၂၊ ၂၅ ရက်များမှာ ထီထိုးပါ။

အားတဲ့ရက်တစ်ရက်ကို ရွေးပါ။ မနက်ပိုင်း (၁၂) နာရီမထိုးခင် ဘုရား (၃) ဆူပြည့်အောင် လှည့်ဖူးပါ။ ဘုရားတိုင်းမှာ ဆွမ်းတော်ကပ်လှူပါ။ အပြန်မှာ ထီထိုးပါ။

ဒီဇင်ဘာလတွင် ၁၊ ၃၊ ၃၊ ၈ ဂဏန်းများနှင့် ကံစမ်းနေပါသည်။

သောကြာသားသမီးများ

နိုဝင်ဘာလ ၉၊ ၁၅၊ ၁၉၊ ၂၃၊ ၂၉ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ပန်းပေါင်းစုံ (၇) မျိုး ကပ်လှူပူဇော်ပါ။ (၇) ရက်ပြည့်အောင် ပူဇော်ပါ။ နွမ်းရင် အသစ်လဲပူဇော်ပါ။ (၇) ရက်ပြည့်သည့်နေ့တွင် ထီထိုးပါ။

ဒီဇင်ဘာလတွင် ၃၊ ၂၊ ၉၊ ၆ ဂဏန်းများနှင့် ကံစမ်းပါသည်။

စနေသားသမီးများ

နိုဝင်ဘာလ ၆၊ ၉၊ ၂၀၊ ၂၄၊ ၂၇ ရက်များမှာထီထိုးပါ။

ကိုးစာကျွေးပါ။ တစ်ပတ်လုံးလုံး အဆင်ပြေသလို ကျွေးပါ။ (၇) ကြိမ်ပြည့်အောင် (တစ်ပတ်ပြည့်အောင်) ကျွေးပြီးမှ ထီထိုးပါ။

ဒီဇင်ဘာလတွင် ၃၊ ၁၊ ၄၊ ၈ ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ဤလတွင် ၂၇-၁၁-၂၀၁၅ သောကြာနေ့ကို မှတ်မှတ်ရရ သတိထားပြီး ငှင်းရှေ့မှာ (၇) ရက်သားသမီးများ ထီထိုးပါ။ မမေ့ပါနှင့်။ ထီထိုးရန်သွားလျှင် အရှေ့ဘက်သို့ မျက်နှာမူပြီးသွားပါ။ သွားရင်းတွေ့သောထီဆိုင်မှာထိုးပါ။ မွေးနံထည့်ထိုးပါ။ မြန်မာ့ရက်စွဲ၊ အင်္ဂလိပ်ရက်စွဲထည့်ထိုးပါ။ ဥပမာ-တနင်္ဂနွေထိုးမည်ဆိုလျှင် ၁-၂-၇-၁၀ ဂဏန်းများနေရပါမည်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုးအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)
သိုးချောင်းထောက်ကျား

ယခု ရေးသား ဖော်ပြမည့် တောတွင်းဖြစ်ရပ်ဆန်းမှာ စာရေးဆရာ တစ်ဦး စိတ်ကူးဉာဏ်ကွန့်မြူ၍ ရေးသား ဖော်ပြထားသော ထူးခြားဖြစ်စဉ်တစ်ခု အား မြန်မာဘာသာပြန်ဆို၍ ဖော်ပြ ခြင်း မဟုတ်ပါ။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ (၇) နှစ်ခန့်၊ တိတိပပဆိုရ လေလျှင် လွန်ခဲ့သော (၇၅) နှစ်ခန့်က မော်လမြိုင်ခရိုင် ရွှေဂွန်းဗိုလ်တဲ (ယခု အရာရှိရိပ်သာ)၌ ခေတ္တတည်းခိုနေသော ဥရောပသူ မြန်မာနိုင်ငံ မြေတိုင်းဌာနမှ အင်္ဂလိပ်အမျိုးသားအရာရှိတစ်ဦးကိုယ် တိုင် ကြုံတွေ့ခဲ့သော ဖြစ်ရပ်မှန်ထူးခြား ဖြစ်စဉ် ဖြစ်ပါသည်။

ထိုဖြစ်ရပ်ကို အင်္ဂလိပ်ဘာသာဖြင့် ထိုစဉ်ကာလက ထုတ်ဝေသော ရန်ကုန် ဧရာဝတီသတင်းစာတွင် ကျယ်ကျယ်ပြန့် ပြန့် ရေးသား ဖော်ပြခဲ့ပြီး ဒေသခံများ၊ သစ်ထုတ်လုပ်ရေးကုမ္ပဏီကြီးမှအမှုထမ်း အရာထမ်းများ၏ ပါးစပ်ပြောသမိုင်းများ၊ မှတ်ဉာဏ်များတွင်လည်း မှတ်တမ်းတင် ဖော်ပြထားသောဖြစ်ရပ် ဖြစ်ပါသည်။

မှန်ပါသည်။ ထိုစဉ်ကာလက ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ် များတွင် သစ်ခုတ်၊ ဝါးခုတ်သွားကြသော ရွာသူရွာသားများ၊ သစ်တောဌာန၊ ဆင် စခန်းမှ ဆင်လုပ်သားများ၊ ဆင်ကောက် တောတွင်းသွားစဉ် ကျားဆွဲသွားသည့် သတင်းများ၊ ကျေးရွာအတွင်း နွားများ၊ အိမ်မွေးတိရစ္ဆာန်များကို ကျားဝင်ဆွဲ သည့်သတင်းများ၊ ကျားဆိုးသောင်းကျန်း သဖြင့် ဒေသခံ ပုလိပ်(ရဲ)ဂါတ်(ရဲစခန်း) မှ ၎င်းကျားဆိုးအား အသေပစ်ခတ်နိုင် သူအား ဆုငွေပေးမည့် ကြော်ငြာများကို လည်း ဖတ်ရှုခဲ့ရသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ထိုစဉ်ကာလကအခြေအနေကို စကား ပလွင့်ခံရန် လိုအပ်လာ၏။ ထိုကာလက မူ မြန်မာနိုင်ငံသည် မှဆိုးများအဖို့ စိတ်ဝင်စားစရာနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့၏။ တောတွင်းသားကောင်များလည်း အထူး ပေါများရကား မြန်မာနိုင်ငံသို့လာရောက် ကြသော ဥရောပသားအများ တောပစ် ထွက်သည့်သတင်းများကို သတင်းစာ များ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများက မကြာ ခဏ ဖော်ပြခဲ့၏။ မြန်မာနိုင်ငံသို့ ဦးတီးသူ အိမ်ရှေ့စံ ဝေလမင်းသား (နောင်အခါ သတ္တမမြောက် အင်္ဂလန်ဘုရင် အဖြစ် ထီးနန်းတက်ခဲ့ပြီး အချစ်အတွက် နန်းစွန့် ခဲ့သူ) နှင့်အဖွဲ့ လာရောက်စဉ်ကလည်း အထက်မြန်မာနိုင်ငံတွင် တောပစ်ထွက် ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် ဥရောသည် များလည်း ကသာခရိုင် နမ်ပေါင်ဗိုလ်တဲ ၌ စခန်းချ၍ ကျားပစ်ထွက်ခဲ့သည့် မှတ်တမ်းများလည်း ကျွန်တော်တို့ဖတ်ရှု ခဲ့ရသည်။ (ယင်းကျားပစ်ထွက်သည့် ဖြစ်ရပ်ကို ကွယ်လွန်သူ စာရေးဆရာကြီး ရွှေဥဒေါင်း ရေးသား ထုတ်ဝေသော တစ်သက်တာမှတ်တမ်းတွင် ကျဲယ်ကျယ် ပြန့်ပြန့် ဖော်ပြခဲ့ပါသည်။) မြန်မာနိုင်ငံသို့ လာရောက်သည့် စာရေးဆရာအချို့က လည်း မြန်မာနိုင်ငံ တောတွင်းတိရစ္ဆာန် များအကြောင်း ရေးသား ဖော်ပြခဲ့ကြ ပါသည်။ အထူးသဖြင့် အီန်ဒီယနိုင်ငံ အာသံပြည်နယ်နှင့် အထက်မြန်မာနိုင်ငံ မဲဇ၊ ရွှေလီ၊ ဧရာဝတီမြစ်ဝှိုက်တစ်လျှောက် တောတွင်းတိရစ္ဆာန်များ ပစ်ခတ်ခဲ့ကြပုံ များကို ရေးသား ဖော်ပြခဲ့ကြသည်။

ယခုအခါတွင်မူ အကြောင်း ကြောင်းကြောင့် မြန်မာသစ်တောများ လည်း ပြုန်းတီးခဲ့ပြီး လယ်ယာမြေချဲ့ ထွင်မှုများကြောင့်လည်း သားရဲတိရစ္ဆာန် များအဖို့ နယ်မြေကျဉ်းလာခဲ့ရ၏။ ကျွန်တော်တို့ငယ်စဉ်က ဦးကြီးများ၊

www.burmeseclassic.com

www.burmeseclassic.com

ဦးလေးများပြောပြချက်အရ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ (၅) နှစ်ခန့်က ကျွန်တော့်ဇာတိ စကုမြို့အနောက်ဘက်နှစ်မိုင်ခန့်အကွာရှိ ကြက်မျှားဘုရားပရဝဏ်အတွင်း ကျားတစ်ကောင် လမ်းမှား၍ ရောက်လာခဲ့သည်ဟု ဆိုသည်။ ဤတွင် ကျွန်တော်တို့ ပုလိပ်(ရဲ)ဌာနာမှ အင်စပတ်တော်တစ်ဦးနှင့် လူငယ်အများသွားရောက်၍ ထိုကျားအား အသေပစ်ခတ်ခဲ့ရသည်ဟု သိရသည်။

ယခု ရေးသား ဖော်ပြမည့် သုံးချောင်းထောက်ကျား၏ ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ (၇) နှစ်ခန့်က မော်လမြိုင်ခရိုင် မြေတိုင်းဌာနမှ ပြိတိသျှအမျိုးသားမြေတိုင်းအရာရှိနှင့်အဖွဲ့သည် လားဆယ်ကောင်နှင့်အတူ မော်လမြိုင်ခရိုင် ရွှေဂွန်းရွာ ဝိုလ်တဲသို့ရောက်ရှိလာခဲ့၍ တစ်ညတာစခန်းကျတည်းခိုခဲ့၏။ ရွှေဂွန်းရွာမှာ အတော်အသင့်ကြီးသော ရွာကြီးတစ်ရွာဖြစ်သော်လည်း ပတ်ဝန်းကျင်တွင် တောထူထပ်၏။ ထိုစဉ်က ရွှေဂွန်းရွာပတ်ဝန်းကျင်တွင် ကျားဆိုးတစ်ကောင် ကျက်စားလျက်ရှိသည်။ ထိုကျားအား ဒေသခံအများက သုံးချောင်းထောက်ကျားဟု ကင်ပွန်းတပ်ထား၏။ အဘယ်ကြောင့်ဆိုသော် ဒေသခံမုဆိုးတစ်ဦးက ထိုကျားအား တူမီးသေနတ်ဖြင့်ပစ်ခတ်ခဲ့ရာမှ ခြေထောက်တစ်ဖက်ထိခိုက်ဒဏ်ရာရသဖြင့် ထိုကျားအား သုံးချောင်းထောက်ကျားဟု ခေါ်ဝေါ်ကြခြင်းဖြစ်၏။

ဒဏ်ရာရထားသောကျားဆိုးသည် ရွှေဂွန်းကျေးရွာနှင့်ရွာနီးချုပ်စပ်ကျေးရွာများသို့မကြာခဏဝင်ရောက်၍ ကျွဲ၊ နွားများ၊ ရေခပ်၊ ထင်းခွေသွားကြသူများ၊ တောင်ယာအတွင်း ကျွဲကျောင်း၊ နွားကျောင်းထွက်ကြသူများအား တိုက်ခိုက်လေ့ရှိသဖြင့် ဒေသခံအများအဖို့ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြသည်။

ရွှေဂွန်းရွာဝိုလ်တဲ၌ လာရောက်စခန်းချနေသော မြေတိုင်းအရာရှိဖြစ်သူ အင်္ဂလိပ်အမျိုးသားအား ရွှေဂွန်းရွာမှ တာဝန်ရှိသူများသည် ထိုကျားဆိုးအကြောင်း သတိပေးပြောကြားထား၏။ သို့သော် သူအဖွဲ့မှ လားကျောင်းသူတစ်ဦးသည် ရွာအနီး တောစပ်တွင် လားများကိုကျောင်းနေ၏။ နေဝင်ချိန်ရောက်လာစဉ် သုံးချောင်းထောက်ကျားသည် လားကျောင်းနေသော လားသမားအား အလစ်ဝင်ရောက်ဆွဲခဲ့၏။ ဤတွင် လားများ၊ လူအများ အော်ဟစ်ဆူပူကြသော အသံများကြောင့် ကျားမှာ လားကျောင်းသူအား တောတွင်းဆွဲပြေးတော့၏။

ဤတွင် ရွှေဂွန်းရွာသားများသည် မိမိတို့ရွာဖွေရရှိသည့် ဓား၊ လှံများဖြင့် အော်ဟစ်ကာ သုံးချောင်းထောက်ကျားနောက်သို့လိုက်ကြသည်။ မြေတိုင်းအရာရှိဖြစ်သူ အင်္ဂလိပ်အမျိုးသားသည် သူ့သေနတ်ထမ်းအမှုထမ်းနှင့်အတူ ကျားနောက်သို့လိုက်ခဲ့သည်။ ရွာသားအများသည် လူစုလူဝေးဖြင့် ဗျိုက်တောများကျားဆိုးဝင်အောင်းနိုင်သည်ဟု ယူဆရသော ချုံနွယ်ပိတ်ပေါင်းများအား ဆူဆူညံညံအသံပေး၍ ခြောက်လှန့်ကြသည်။ နောက်ဆုံးတွင် ကျားအားတွေ့ရှိခြင်းမရှိသော်လည်း ကျားကိုက်ထား၍ သေဆုံးနေသော လားကျောင်းသမားအလောင်းကိုတွေ့ကြရတော့၏။ မြေတိုင်းအရာရှိနှင့်အဖွဲ့သည် ကျားဆိုးအား လက်စားချေရန် ဒေသခံရွာသားများနှင့်တိုင်ပင်၍ စီစဉ်ခဲ့ကြသည်။

လားကျောင်းသားအလောင်းတွေ့ရသည့်နေရာနှင့် မနီးမဝေးရှိ အတော်အသင့်မြင့်သော ကျွန်းပင်ကြီးပေါ်တွင် လင့်စင်ထိုးထားပြီး ထိုနေ့ည၌စောင့်ဆိုင်း၍ ကျားဆိုးအား အသေပစ်ခတ်ရန် စီစဉ်သည်။ ဒေသခံကျေးရွာသားတို့၏ အစည်အလာယုံကြည်ချက်အရ ကျားသည် သူထားပစ်ခဲ့သော လားကျောင်းသား၏ အလောင်းရှိရာသို့ သေသေချာချာလာရောက်၍ အလောင်းအား ဆွဲယူမည်ဟု မှတ်ယူထားကြ၏။

မြေတိုင်းအရာရှိနှင့်အဖွဲ့သားများ



www.burmeseclassic.com

www.burmeseclassic.com

သည် လင့်စင်ထက်မှ ကျည်ဆန်အသင့်ထားသောသေနတ်ဖြင့် တစ်ညလုံး အသင့်စောင့်နေကြ၏။ သုံးချောင်းထောက်ကျားကာ ပါးနပ်သည်။ ထိုနေ့ညတွင် ခပ်လှမ်းလှမ်းမှနေ၍ ဟိန်းသံ ဆူဆဲသော်လည်း လားကျောင်းသားအလောင်းရှိရာနေရာသို့ လာရောက်ခြင်းမရှိတော့။ သို့ဖြစ်၍ မြေတိုင်းအရာရှိ အလုပ်အမျိုးသားနှင့်အဖွဲ့သည် လားကျောင်းသား၏အလောင်းအား သင်္ဂြိဟ်ပြီး ရွှေဂွန်းဗိုလ်တဲမှထွက်ခွာသွားကြ၏။

လူဆွဲထားသော သွေးစွန်းနေသည့်ကျားသည် ရွှေဂွန်းကျေးရွာအုပ်စုဘဝင်သော ကပွလီကျေးရွာနှင့် ဘယာကုန်းကျေးရွာအနီးအနားတွင် လည်လည်သွားလာ၍ လူဆွဲ၊ နွားဆွဲ၊ ကျွဲဆွဲ ဆွဲတော့၏။ ထိုကျားဆိုးမှာ ခြေဆောက်တစ်ဖက်တွင် ဒဏ်ရာရထားသော်လည်း အတော်အသင့်ကြီးသော နွားတစ်ကောင်ကို ချီ၍ ရွာခြံစည်းရိုးကို ခုန်ထွက်နိုင်သည်ဟု ဆိုကြ၏။ ရွာသူရွာသားအများမှာ ရေခပ်၊ ထင်းခွေ၊ ကျွဲကျောင်း၊ နွားကျောင်းထွက်ရန် အခက်အခဲဖြစ်လာသည်။ ရွှေဂွန်းအနီးအနားရွာများမှ ရွှေဂွန်းစွေးသို့ပင် လာရောက်အစီရင်ခံလာကြရာ ထိုသုံးချောင်းထောက်ကျားဆိုးသတင်းမှာ တောမီးလောင်နှံ့နေလာခဲ့၏။

ထိုစဉ်ကာလက ရွှေဂွန်းပတ်ဝန်းကျင်ကျေးရွာများမှ လူအများမှာ တောင်ယာလုပ်ငန်း၊ သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်းနှင့် မိုးရာသီကာလအတွင်း နိုင်ငံအဆင့်ရှင် သစ်ကုမ္ပဏီကြီးများနှင့် ဆိုင်းရင်းသားအရင်းများပိုင် သစ်လုပ်ငန်းများမှ သံလွင်မြစ်အတိုင်း မျှောချသည့်သစ်လုံးများဆယ်သည့်လုပ်ငန်းတို့လည်း အသက်မွေးကြသည်။ မိုးရာသီလွတ်ကင်း၍ ခြေခင်းလက်ခင်းသာသောအချိန်များတွင် ရွှေဂွန်းရွာဖြင့် နစ်မိုင်ခန့်ဝေးသော တောတွင်းတစ်နေရာတွင် မီးသွေးဖုတ်လုပ်ငန်းအကြီးအကျယ်ပြုလုပ်ကြ၏။ ရွှေဂွန်းကျေးရွာဝန်းကျင်ကျေးရွာများမှ ယာသမား၊ သစ်သမားများကလည်း မိမိတို့အလုပ်အားလပ်ချိန်များတွင် မီးသွေးဖုတ်လုပ်ငန်းနှင့် မီးသွေးဖိုမှမီးသွေးများ၊ ရွှေဂွန်းဘိုးသယ်ယူသည့်လုပ်ငန်းများကို အပိုဝင်ငွေရအောင်လုပ်ကြသည်။

ရွှေဂွန်းမီးသွေးသည် ထိုစဉ်က ဓာတ်လမြေငါးခရိုင်တွင် နာမည်ကျော်ကြားလှသဖြင့် အရောင်းရသွက်ခဲ့လေရာ လိုင်းဘွဲ့မြို့နယ်တွင်သာမက အခြားမြို့နယ်များသို့ပင် ရွှေဂွန်းမီးသွေးအား ဖြန့်ဖြူးနိုင်ခဲ့သည်ဟုဆိုသည်။ ကျားဆိုး သတင်းသည် ယင်းမီးသွေးလုပ်ငန်းကိုပင် ထိခိုက်လာခဲ့သည်။ ယခင်ကမူ မီးသွေးဖိုမှ မီးသွေးများသယ်ယူရာတွင် လှည်းသုံး၊ လေးစီးဖြင့် သယ်ယူခဲ့ကြသော်လည်း ကျားဆိုးသတင်းက တစ်စတစ်စပျံ့နှံ့လာသောအခါ မီးသွေးဝိုဆောင်ရေးအား ထိခိုက်လာသည်။ သို့ဖြစ်၍ မီးသွေးဖိုမှ ရွှေဂွန်းသို့ မီးသွေးသယ်ဆောင်သူများသည် လှည်းအစီးသုံး၊ လေးဆယ်စုံ၍ တစ်စုတစ်ဝေး သယ်ဆောင်ကြရသည်။ သယ်ဆောင်ကြသည့်အချိန်မှာလည်း ခြေခင်းလက်ခင်းသာသည့် နေ့အချိန်များတွင် မီးသွေးသယ်ယူခြင်းကို ပြုလုပ်ကြရသည်။

တစ်ခါတွင်မူ အကြောင်းကြောင်းကြောင့် မီးသွေးသယ်ယူသူများသည် ည အချိန်သယ်ယူခဲ့ကြရ၏။ ထိုသယ်ယူသောနေ့မှာ လပြည့်နေ့ဖြစ်သဖြင့် မီးသွေးသယ်ယူသောအဖွဲ့အစို့ အတော်အသင့် ခြေခင်းလက်ခင်းသာသည်ဟုဆိုနိုင်သည်။ လှည်းအစီးပေါင်း (၃၀) ခန့်ရှိသဖြင့် သုံးချောင်းထောက်ကျားဆိုးသည်လည်း ရုတ်တရက် နွားများ၊လူများကိုဝင်ရောက်ဆွဲဝင့်လိမ့်မည်မဟုတ်ဟု ယူဆထားကြ၏။

အထက်ဖော်ပြပါ မီးသွေးတင်လှည်းအစီး (၃၀) သည် မီးသွေးဖိုရှိရာမှ ရွှေဂွန်းရှိ မီးသွေးပွဲရုံသို့ မောင်းနှင်လာခဲ့ကြ၏။ မီးသွေးတင်လှည်းအများမှာ ချများဆွဲထားကြပြီး လှည်းမောင်းနှင်သူများကလည်း တေးသီချင်းများအော်ဟစ်သီဆိုခဲ့ကြသဖြင့် ကျားဆိုးသည် ထိုလှည်းများအနီးကပ်ရောက်လိမ့်မည်မဟုတ်ဟု မီးသွေးသယ်လှည်းသမားများက မှတ်ထင်ထား၏။

ဤလှည်းတန်းသည် ဆူဆူညံညံနှင့်ထွက်လာသဖြင့် မီးသွေးဖိုမှ ရွှေဂွန်းသွားတောတွင်းလှည်းလမ်းတစ်လျှောက်ရှိ ညဉ့်ငှက်များ၊ အိပ်တန်းတက်နေသောကျေးငှက်များ၊ တိရစ္ဆာန်အများမှာ အလန့်တကြားဖြစ်ခဲ့သဖြင့် မြင်ယဖွယ်ဆူဝေခဲ့သည်ဟု ဆိုသည်။ ဤတွင် မီးသွေးလှည်းမောင်းသူအချို့မှာ စောင်ခြုံ၍ အိပ်လိုက်လာကြသည်။ ဤလှည်းတန်း၏ နောက်ဆုံးလှည်းမှနွားများမှာ အခြားလှည်းများမှနွားများကို ယှဉ်နိုင်ခြင်းမရှိသဖြင့် တဖြည်းဖြည်းအချိန်ကြာလာသောအခါ လှည်းတန်းနှင့်ပြတ်ကျန်ရစ်တော့သည်။ ကျားဆိုးသည် ထိုလှည်းတန်းနောက်မှ ထက်ကြပ်မကွာလိုက်လာခဲ့ရကား လှည်းလမ်းဘေးချုံအတွင်းမှ ထိုနောက်ဆုံးလှည်းမှနွားများအား ဆွဲရန် အသင့်စောင့်နေသည်။ လှည်းသမားဖြစ်သူကမူ ခေါင်းအား ခေါင်းမြီးခြုံပြီး အိပ်ငိုက်လိုက်လာသည်။

ထိုလှည်း၏နွားတစ်ကောင်ကမူ ကျားနံ့ရသဖြင့် ခုန်ပေါက်ရုန်းကန်ခဲ့သဖြင့် လှည်းထမ်းပိုးကျိုးသွား၍ ထွက်ပြေးသွားတော့၏။ ဤတွင် အိပ်ငိုက်နေသောလှည်းသမားသည် နီးလာသည်နှင့် ချက်ခြင်းမှထွက်လာသောကျားကို သူ့နွားဟုထင်မှတ်ကာ လှည်းပေါ်မှခုန်ဆင်းပြီး ချော့ခေါ်သည်။ ကျားသည် ထိုလှည်းသမားအား သူ့လက်ဖြင့်လှမ်းပုတ်လိုက်တော့သည်။ ကျားလက်သည် စောင်ဖြင့်လုံးထွေးသွားသည်နှင့် ကျားမှာ ထိတ်လန့်ပြီး ထွက်ပြေးသွားခဲ့သည်ဟုဆိုသည်။

ထိုသတင်းမှာ ပျံ့နှံ့လာခဲ့သဖြင့် လိုင်းဘွဲ့မြို့နယ်တစ်နယ်လုံး အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည်။ ဤတွင် သစ်တောဌာနနှင့် သစ်ကုမ္ပဏီကြီးများကလည်း မိမိတို့အစီအစဉ်အတိုင်း ထိုကျားဆိုးရန်ကာကွယ်ရေးကို ဆောင်ရွက်ကြရတော့၏။

မှတ်တမ်းများအရ ဖူးကားသစ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် အစိုးရသစ်တောဌာနမှ တာဝန်ရှိသူများသည် သုံးချောင်းထောက်ကျားဆိုးသောင်းကျန်းနေသည့် လိုင်းဘွဲ့မြို့နယ်တစ်နံတစ်လျားကျားဆိုးခိုအောင်းမည့် ဗျိုက်တောများ၊ ဝါးတောများ၊ သစ်တောများအတွင်း ဆင်များဖြင့် ပိုက်စိပ်တိုက်ခြေရာခံလိုက်ကြသော်လည်း ခြေရာခံမရဖြစ်ခဲ့၏။ ကျားဆိုး၏ ကောလာဟလ ယုံတမ်းသတင်းများလိုင်လာသည်။ သုံးချောင်းထောက်ကျားဆိုးသည် သာမန်ကျားမဟုတ်၊ နတ်ကျားဖြစ်နိုင်ကြောင်း သက်ဆိုင်ရာလူအများ နတ်ပူဇော်ပသရာတွင် အမှားအယွင်းရှိသဖြင့် နတ်ကျားအားစေလွှတ်၍ သတိပေးခြင်းဖြစ်သည်ဟု ယုံတမ်းကောလာဟလပါးစပ်ဝေဖန်များထွက်လာရာ လူအများ ဖိမ့်ဖိမ့်တုန်ကြောက်လန့်ကြရာပြီး တောင်ယာလုပ်သူများ၊ ဝါးခုတ်၊ သစ်ခုတ်သူအများမှာ ကိုးလန့်စာစားဖြစ်ရတော့၏။

အထက်ဖော်ပြပါ သူခြောက်ယုံတမ်း ကောလာဟလများထွက်လာခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေငွန်းကျေးရွာအုပ်စု သပြစ်ခိုရွာအနီးတွင် ကရင်အဘိုးကြီးသားအဖအား ကျားဆိုး ဝင်ရောက် တိုက်ခိုက်သည့် သတင်းထွက်လာ၏။ အထက်ဖော်ပြပါ ယာလုပ်သူ ကရင်အဘိုးကြီးသည် သူ့သမီးနှင့်အတူ သပြစ်ခိုရွာမှ နွားတစ်ကောင်ငှား၍ပြန်လာကြ၏။ သုံးချောင်းထောက်ကျားဆိုးသည် လှည်းလမ်းတစ်နေရာမှ ချုံခိုး၍ စောင့်နေရာ အနီးသို့ နွားတစ်ကောင်နှင့် ကရင်ယာသမားသားအဖ ရောက်လာသည်နှင့် သမီးဖြစ်သူအား ရုတ်တရက်ဝင်ဆွဲခဲ့သည်။ သမီးဖြစ်သူကလည်း အလန့်တကြားအော်ဟစ်ရင်း ကျားဆိုးပါးစပ်ထဲပါသွားတော့၏။

ကရင်အဘိုးကြီးသည် သမီးဖြစ်သူသံယောဇဉ်ကြောင့် ကျားနောက်သို့ လိုက်၍ ပါလာသောကျားအား ဇွတ်အတင်းပူးကပ်ကာ ကျားပါးစပ်အား ခွာဖြင့်ခုတ်ရာ အစွယ်တစ်ချောင်းပြတ်ကျ သွားတော့၏။ ကျားဆိုးသည် ကရင်အဘိုးကြီးသမီးကို ပစ်ချပြီး တောတွင်းဝင်ရောက်သွားတော့သည်။

ဖခင်ဖြစ်သူ ကရင်အဘိုးကြီးသည် အသက်ကင်းမဲ့နေသောသမီးအလောင်းအား အခင်းဖြစ်ပွားသည့်နေရာတွင်ထား၍ လှိုင်းဘွဲ့ဂါတ်(ရဲစခန်း)သို့သွားရောက်၍ သူ့သမီး ကျားကိုက်၍ ကွယ်လွန်သွားသည့်အကြောင်း အမှုဖွင့်တိုင်တိုင်၏။ သက်သေခံအဖြစ် သူ့ဓားနှင့်ခုတ်၍ ပြုတ်ကျကျန်ရစ်ခဲ့သော သုံးချောင်းထောက်ကျားဆိုး၏ ဝဲဘက်အစွယ်ကို လည်း ပေးအပ်ခဲ့၏။ ထိုကရင်ကြီး၏ ထွက်ဆိုချက်အရ ကျားမှာ ခုနစ်တောင်ခန့်ရှိပြီး ခြေထောက်တစ်ဖက်ဆာနေသည်ဟု ဆိုသဖြင့် ထိုတိရစ္ဆာန်သည် နာမည်ဆိုးဖြင့်ကျော်ကြားနေသော သုံးချောင်းထောက်ကျားဖြစ်နိုင်သည်ဟုဆိုသည်။ ထိုကရင်ကြီးကပင် ကျားကြီး၏ ပုံသဏ္ဌာန်အားလည်း အသေးစိတ်ပြောပြခဲ့သည်။ ပုလိပ်(ရဲ)အဖွဲ့နှင့် ရပ်ရွာမှ လူငယ်အမျိုးအပြားသည် ထိုသုံးချောင်းကောက်ကျားကိုက်သဖြင့် သေဆုံးသော ကရင်မကလေး၏အလောင်းရှိရာ တောတွင်းသို့ ကရင်အဘိုးကြီးနှင့်အတူလိုက်၍ ကြည့်ရှုစစ်ဆေးကြသည်။ ပတ်ဝန်းကျင်လေ့လာမှုကိုပြုလုပ်ကြပြီး ကရင်မကလေး၏ အလောင်းအား အခင်းဖြစ်ပွားသည့်နေရာတွင် မြှုပ်နှံခဲ့ကြ၏။

ပုလိပ်(ရဲ)နှင့် တာဝန်ရှိသူတို့ စုံစမ်းလေ့လာချက်အရ ကျားမှာလည်း ကရင်အဘိုးကြီးလက်ချက်ဖြင့် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားဟန်ရှိသည်ကိုတွေ့ကြရသည်။ အခင်းဖြစ်ပွားသည့်ပတ်ဝန်းကျင်တွင် ကျားနာလူးလိမ့်ထားသဖြင့် ချုံနွယ်ပိတ်ပေါင်းများပြားကာ သွေးများစွန်းနေသည်ကိုတွေ့ကြရ၏။ ဤသတင်းသည် တောမီးပမာပျံ့နှံ့သွားတော့၏။ လှိုင်းဘွဲ့မြို့နယ်တစ်ခုလုံး ကျားနာလူပ်ရှားလျက်ရှိသည့်သတင်းအား ပြည်သူအများက ချဲ့ထွင်ပြောဆိုကြသဖြင့် ကျေးရွာအများမှ လူအများမှာ နေ့ခင်းအချိန်များတွင်ပင် တောင်ယာများ၊ ကွဲကျောင်း၊ နွားကျောင်းခြင်းလုပ်ငန်းများရပ်နားထားရသည့်အနေအထားဖြစ်လာသည်။ ဤတွင် မော်လမြိုင်ခရိုင် ဗြိတိသျှအမျိုးသားအရေးပိုင်နှင့်နယ်ပိုင်တို့သည် သက်ဆိုင်ရာ လှိုင်းဘွဲ့မြို့ပိုင်အားခေါ်ယူ၍ ဤကျားဆိုးအား အသေဖမ်းခတ်ဖမ်းဆီးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ရန် ဖိအားပေးခဲ့၏။ လှိုင်းဘွဲ့မြို့ပိုင်သည် ထို သုံးချောင်းထောက်ကျားဟုကင်ပွန်းတပ်ခံရသော ကျားဆိုးအား အသေရရ အရှင်ရရ ပစ်ခတ်နိုင်သူအား ဆုတော်ငွေ (၂၀၀) ကျပ် ချီးမြှင့်မည့် လူသိရှင်ကြား ကြေညာချက်ထုတ်ခဲ့ရသည်။ ထိုခေတ်ကာလက ငွေ (၂၀၀) ကျပ်သည် အလွန်တန်ဖိုးရှိပေသည်။ မှတ်တမ်းအရ စပါးတင်းတစ်ရာလျှင် ငွေတစ်ရာကျပ်ခန့်သာရှိသည်ဟု သိရ၏။

ထိုကြေညာချက်တွင် ကျားကြီး၏ ကိုယ်ခန္ဓာအနေအထား၊ ခြေထောက်တစ်ဖက်တွင် ယခင်က ထိခိုက်ဒဏ်ရာရထားခဲ့ပုံ၊ ဝဲဘက်အောက်အစွယ်တစ်ချောင်းမရှိကြောင်း၊ ထိုကျားသည် ကျဲနွားများသာမက မြေတိုင်းအရာရှိ၏ လားထိန်းနှင့် သပြစ်ခိုရွာအနီးတွင် ကရင်အမျိုးသမီးကလေးတစ်ယောက်အား ကိုက်သတ်ခဲ့သည့်အကြောင်း၊ ထိုကျားသည် အထီးဖြစ်ပြီး (၇)တောင်ခန့် အတိုင်းအတာရှိမည်ဟုတင်ရကြောင်း ပါ အသေးစိတ် ဖော်ပြထားခဲ့သည်။

ဤလှိုင်းဘွဲ့မြို့ပိုင်၏ကြေညာချက်အရ သုံးချောင်းထောက်ကျားမှာ ဟိုးဟိုးကျော်ရတော့သည်။ သစ်လုပ်ငန်းကုမ္ပဏီများမှ အမှုထမ်းများကလည်း ကျားဆိုးအား အသေပစ်ခတ်ဖမ်းဆီးရန် စီစဉ်ကြ၏။ ဤသို့ဖြင့် နှစ်လခန့်ကြာမြင့်ခဲ့သော်လည်း ထိုကျားသတင်းမှာ အစအနမရသဖြင့် လူထုမှာ သောကဝေဒနာအဖြာဖြာ တွေ့ကြုံခဲ့လာရ၏။

ရက်သတ္တပတ်သုံးပတ်ခန့်အကြာတွင် လှိုင်းဘွဲ့မြို့နယ် ကပ္ပလီရွာမှ သေနတ်လိုင်စင်ရထားသော မုဆိုးတစ်ယောက်သည် အထက်ဖော်ပြပါ သုံးချောင်းထောက်ကျား၏နောက်သို့ ပိုက်စိပ်တိုက်လိုက်ရှာနေသည်ဟူသော သတင်းထွက်လာသည်။ ထိုသတင်းနှင့်အတူ ၎င်းမုဆိုးမှာ လွန်ခဲ့သော သုံးလေးနှစ်ခန့်က ကျားတစ်ကောင်အကိုက်ခံရသဖြင့် လက်တစ်ဖက်သိမ်နေသူဖြစ်သည်ဟု သိရ၏။ ကျားများကို အလွန်စိတ်နာနေသူဖြစ်ရကား ထိုကျားနောက်သို့ တစိုက်မတ်မတ်လိုက်ခဲ့ခြင်းဖြစ်သည်ဟုလည်း သတင်းများထွက်ခဲ့သည်။

လူသားစား သုံးချောင်းထောက်ကျားကလည်း ရွှေငွန်းတစ်ဝိုက် သွားလာလှုပ်ရှားနေသည်ဟူသော့သတင်းများထွက်ပေါ် နေ၏။ တစ်နေ့တွင် ၎င်းကျားအား အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော မီးသွေးဖိုအနီးတွင် မကြာခဏတွေ့ရသည်ဟု သတင်းရသဖြင့် ကရင်မုဆိုးသည် မီးသွေးဖိုအနီး သစ်ပင်ကြီးတစ်ပင်တွင် လင့်စင်ထိုး၍ ညစဉ်စောင့်ဆိုင်းနေခဲ့ရာ တစ်ညတွင်မူ ထိုကျား လင့်စင်အနီး လာရောက်သည်ကို တွေ့ရသည်နှင့် ကျားဆိုးမှာ မုဆိုးလက်ချက်ဖြင့် သေဆုံးခဲ့ရတော့၏။ ဤတွင် မီးသွေးဖိုမှ အလုပ်သမားများနှင့် မုဆိုးသည် ကျားသေကြီးအား ရွှေငွန်းသို့ယူဆောင်လာပြီး ရွှေငွန်းမှ တာဝန်ရှိသူများနှင့်အတူ ကျားသေကြီးအား လှိုင်းဘွဲ့မြို့ပိုင်ရုံးသို့ သယ်ဆောင်သွားခဲ့ကြ၏။

မြို့ပိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး) ကလည်း ထိုကျားသည် ဆုငွေထုတ်ထားသော ထိုမြို့နယ်အတွင်းမှ ကျားဆိုးဟုတ်၊ မဟုတ် တိတိကျကျ စစ်ဆေးခဲ့သည်။ ကျား၏ ကိုယ်ခန္ဓာသည် (၇) တောင်နှင့်(၂)လက်မရှိပြီး လက်ဝဲဘက်အောက်စွယ်တစ်ချောင်းမရှိသည်ကိုတွေ့ရှိရသဖြင့် ထိုကျားသည် ကြေညာထုတ်ထားသောကျားဆိုးဖြစ်သည်ဟု အတည်ပြု၍ မုဆိုးအား ဆုငွေ(၂၀၀) ကျပ်ထုတ်ပေးခဲ့သည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး -

၁။ Wild Sports of Burma and Assam.

၂။ သတင်းစာမှတ်တမ်းများ

၃။ ကျွန်တော်သံလွင်ဖောင်စီး (လူထုဦးလှ)

www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးဟန် (ရွှေဘျဉ်)

သူရဇ္ဈေနမင်းကြီးကို သစ္စာပြု၍ တိုင်တည်ခြင်း

စာရေးသူ တက္ကသိုလ်ဝင်တန်း ကျောင်းသားဘဝက စာရေးသူတို့ ရွာကြီးသို့ မကြာခဏလာလေ့ရှိသော ရွှေအောဘိုးကြီးဦးရှမ်းပေါက -

"မောင်မိုးလေး၊ မင်းစာမေးပွဲ အောင်ချင်သလား"

ဟု မေးပါ၏။

ဦးရှမ်းပေါက အသက်အရွယ်ကြီး သည်ဖြင့် ခါးနည်းနည်းကိုင်းသည်။ ဆေးတံ ဖွာသောက်သည်။ ဗေဒင်တွက်တတ် သည်။ သူ့ဇာတိက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိရွာဖြစ် ၏။

စာရေးသူ ချက်ချင်းပဲ -

"အောင်ချင်တာပေါ့ အဘရယ်"

ဟု ပြောပါ၏။

"မင်းမှတ်ထားရမှာက အပေါ့သွား ဘဲအခါ နေဘက်လှည့်ပြီးမသွားနဲ့။ ည ဘက်ဆို လဘက်ကိုလှည့်ပြီးမသွားနဲ့။ ကြားလား မောင်မိုးလေး"

"ဟုတ်ကဲ့ ကြားပါတယ် အဘ"

"နေဘက်ကို အပေါ့သွားမိရင် နေနတ်သားက ဖမ်းစားတတ်တယ်ကွ။ ခေါင်းတွေကိုက်မယ်၊ ခေါင်းတွေအုံ့မယ်၊ မျက်ဉာဏ်တွေနည်းသွားမယ်။

လဘက်ကို မျက်နှာမူပြီး အပေါ့ သွားရင် မျက်နှာမကြည်လင်ဘူး၊ အိပ် မက်ဆိုးတွေမက်မယ်၊ ဖျားနာတတ် တယ်ကွ"

"ဟုတ်ကဲ့ပါ အဘ"

"ကဲ - ဒီနေ့ကစပြီး မောင်မိုးလေး မင်းလုပ်ရမှာက နံနက်အိပ်ရာထဲကမထ မီနော်။ အိပ်ရာထဲမှာ 'နမောတ္ထသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓ သ' (၃) ခေါက် ဆိုရမယ်။

ပြီးတော့မှ အိပ်ရာကထ၊ ထပြီး တော့ မျက်နှာသစ်၊ မျက်နှာသစ်နေတုန်း ဘဲ့ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' လို့ (၃) ခေါက် ရွတ်ဆိုရမယ်"

"ဟုတ်ကဲ့ပါ အဘ"

"မျက်နှာသစ်ပြီးတော့ ဘုရား ကျောင်းဆောင်ကိုသွားရမယ်။ ဘုရားကို သောက်တော်ရေကပ်ရမယ်ကွ။ ဘုရား ရှိခိုးပြီး နတ်တွေကိုမေတ္တာပို့ပါ။ မင်းကို စာသင်ပေးကြတဲ့ ဆရာ၊ ဆရာမတွေကို တန်တော့ပါ။ မေတ္တာပို့ပါ ကြားလား"

"ကြားပါတယ် အဘ"

"မပြီးသေးဘူးကွ၊ ပြီးတော့ မင်း အိမ်ရှေ့ကိုထွက်ရပ်ပါ။ နေထွက်ရာ အရှေ့ဘက်ကိုကြည့်ပါ။ နေထွက်ခါစ နေမင်းကြီးကိုကြည့်ပါ"

"ဟုတ်ကဲ့ပါ အဘ"

"ပြီးတော့ နေမင်းကြီးကိုတိုင်တည် ရမယ်၊ သစ္စာဆိုရမယ်ကွ"

"ဘယ်လိုဆိုရမလဲ အဘ"

"ကဲ - စာအုပ်နဲ့ ခဲတံသွားယူ၊ လိုက်ပြီးရေးထားကွ။ မေ့မသွားရအောင် ရေးထားရမယ်ကွ"

"ဟုတ်ကဲ့ပါ အဘ"

ဟု ဆိုပြီး စာရေးသူသည် ဗလာ စာအုပ်အလွတ်တစ်အုပ်နှင့်ခဲတံယူလျက် အဘဦးရှမ်းပေါထံပြန်လာပါ၏။

"လိုက်ရေးကွ"

"ဟုတ်ကဲ့ အဘ"

"လိုက်ရေး -

ဩ သူရဇ္ဈနေမင်းကြီးသည် ရောင် ခြည်တစ်ထောင် အလင်းဆောင်လျက် အရှေ့လောကဓာတ်ကြီးမှ ထွက်ပေါ် ၍ လာပါပြီ။

ကျွန်ုပ်တို့မြန်မာနိုင်ငံသူနိုင်ငံသား အပေါင်းတို့သည် ယခုအချိန်မှစတင်၍ စားဝတ်နေရေး အရေးကြီး(၃)ပါးကို ဆောင်ရွက်နိုင်ကြပါပြီ။

ဤသစ္စာစကားသည် မှန်ကန်ပါ ၏။ ဤသစ္စာစကားသည် မှန်ကန်သော ကြောင့် ကျွန်ုပ် (ဆယ်တန်းစာမေးပွဲ) အောင်မြင်ပါစေသတည်း။

ရေးပြီးပြီလားကွ"

"ပြီးပါပြီ အဘ"

"အေး- ဒါကို (၃) ခေါက်ဆို့ကွ။ ဒီနေ့ကစပြီးတော့ဆောင်ပေတော့"

"ဟုတ်ကဲ့ပါ အဘ"

"ဒီမှာ မောင်မိုးလေး နေဦးကွ။ စာမေးပွဲအောင်ရုံတွင်မဟုတ်သေး၊ ဒီပြင် ဟာတွေကိုလည်း သူရဇ္ဈနေမင်းကြီးကို သစ္စာဆိုပြီးတိုင်တည်လို့ရတယ်ကွ။ မှတ် ထားနော်"

"ဟုတ်ကဲ့ပါ အဘ"

အဘဦးရှမ်းပေါပြောပြသည့်နေ့မှ စ၍ စာရေးသူသည် သူရဇ္ဈနေမင်းကြီးကို တိုင်တည်ရာ ထိုနှစ် ၁၉၅၈ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းကို ခုံနံပါတ် (၆၂၄) ဖြင့် အောင်မြင်ခဲ့ပါ၏။

ဒါတွင်မက အလုပ်ဝင်စာမေးပွဲ များဖြေဆိုရာတွင်လည်း ဤအတိုင်းပင် သစ္စာဆိုခဲ့ပါသဖြင့် လွယ်လွယ်ကူကူပဲ အလုပ်အကိုင်များရခဲ့ပါ၏။ ယနေ့တိုင် လည်း သူရဇ္ဈနေမင်းကြီးအား တိုင်တည် လျက်ရှိပါ၏။

စာရေးသူသည် လက်ထောက် ကျန်းမာရေးမှူးဘဝမှအနားယူပြီး ယနေ့ မဒေါက်မြို့ အောင်စကြာကျောင်းတော် ကြီးတွင် ရဟန်းဘဝဖြင့် စာရေးခြင်း၊ တရားအားထုတ်ခြင်း၊ တရားဆွေးနွေး ခြင်းအလုပ်ဖြင့် နေထိုင်လျက်ရှိပါ၏။

ထိုကျောင်းနှင့် အနီးအနားတွင် ရတနာသုံးပါးကို ကိုင်းရှိုင်းတတ်သော လယ်သမားကိုင်းသမားကြီးတစ်ဦးရှိပါ ၏။ ထိုလယ်သမားကိုင်းသမားကြီးသည် စာရေးသူကျောင်းသို့ မကြာမကြာလာ၍ တရားဆွေးနွေးပါသည်။ မသိတာ၊ နားမလည်တာများကို မေးမြန်းတတ်၏။

လွန်ခဲ့သော (၂) နှစ်ခန့်က ရေကြီး ပြီး ရာသီဥတုကလည်း ဖောက်ပြန်ပါ သဖြင့် လယ်သမားကြီး စပါးအထွက် လည်း ဆုတ်ယုတ်၏။ မတ်ပဲအထွက် လည်း ဆုတ်ယုတ်၏။

ယင်းကြောင့် စာရေးသူပြုလုပ် ဆောင်ရွက်နေသည့် သူရဇ္ဈနေမင်းကြီး ကို သစ္စာပြု၍ တိုင်တည်ကြောင်း၊ လောကီပညာရပ်ကို ပြောပြခဲ့၏။

စာရေးသူ ပြောပြသည့်အတိုင်း တစ်အိမ်သားလုံး ဆောင်ရွက်ကြ၏။

လယ်သမားကြီး စပါးအထွက် လည်းတိုးလာ၏။ မတ်ပဲတွေကလည်း အထွက်တိုး၍ စားကောင်းကောင်းရ၏။

ဒါတွင်မကသေး၊ လယ်သမား ကြီး၏ဇနီးမှာ အမူးရောဂါဝေဒနာရှိနေ ပါ၍ နေမင်းကြီးကိုသစ္စာပြု၍ တိုင်တည် ရာ ပျောက်ကင်းသွားရ၏။

သမီးလေးက တက္ကသိုလ်ဝင်တန်း ကျောင်းသူလေး၊ သားလေးက ရှစ်တန်း ကျောင်းသားလေး။

ဤကျောင်းသူလေးနှင့် ကျောင်း သားလေးတို့သည်လည်း သူရဇ္ဈနေမင်း ကြီးကိုသစ္စာပြု၍ စာမေးပွဲအောင်မြင်ရန် ပြုလုပ်ခဲ့ကြ၏။

သမီးလေးသည် တက္ကသိုလ်ဝင် တန်းကို နှစ်ချင်းပေါက်အောင်မြင်ပါ၏။ ရှစ်တန်းကျောင်းသားလေးလည်းအောင် မြင်ခဲ့ပါ၏။

ယခုတော့ မိသားစုအားလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် နေ့စဉ်နေ့တိုင်း သူရဇ္ဈနေမင်းကြီးကို သစ္စာပြုလျက် အလုပ်အကိုင်များ ဆောင်ရွက်နေ ကြောင်းသိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

မင်းသိခ်ပေးသောလက်ဆောင်

ဆရာမင်းသိခ်က -

"ဟေ့ကောင် - နေဦး၊ မင်းကို ပေးစရာရှိတယ်"

ဆိုသဖြင့် ကျွန်တော်လည်း လှုရှင်းအောင်စောင့်နေပါသည်။ လှုရှင်းသောအခါ ဆရာမင်းသိခ် အိမ်ထဲသို့ ဝင်လာပြီး ပစ္စည်းတစ်ခုကိုထုတ်ပေးပါသည်။

"ဟောဒီ အတက်ချီကေ့(စ်)က ပိုက်ဆံတော်တော်များများထည့်ရတယ်။ အဲဒါ မင်းယူသွားတော့"

ဟု ဆိုကာ အတက်ချီကေ့(စ်)ကို ကျွန်တော့်အား ပေးပါသည်။ ကျွန်တော်သည် လှမ်းယူလိုက်ပြီး ဟိုကြည့်ဒီကြည့် ကြည့်နေမိသည်။

"ဩော်-သော့မပါသေးဘူး၊ နေဦး ငါသော့ရှာလိုက်ဦးမယ်"

ဟု ဆိုကာ ဆရာမင်းသိခ် သော့ရှာပါတော့သည်၊ မတွေ့ပါ။ ဆရာမင်းသိခ်အဖေ ပန်းချီဆရာ ဦးစံရှင်က သော့ကိုရှာပေးပါသည်။ ကျွန်တော် သော့ကိုဖွင့်လိုက်၊ ပိတ်လိုက်လုပ်ကြည့်နေပါသည်။

"ကဲ-မင်းပြန်မယ်ဆိုရင် ပြန်လို့ရပြီ"

ဟု ဆရာမင်းသိခ်ကပြောသဖြင့် ကျွန်တော်အိမ်ပြန်လာပါသည်။

အိမ်ရောက်၍ ဆရာမင်းသိခ် အကြောင်းပြောနေစဉ်မှာပင် တပည့်မောင်ချစ်မောင်ဆိုသူ ရောက်လာပါသည်။

"ဆရာ၊ကျွန်တော်အလုပ်ကထွက်လိုက်ပြီ"

"ဟင် - ဘာဖြစ်လို့လဲ"

"အို-အကြောင်းအမျိုးမျိုးကြောင့်ပေါ့ ဆရာရယ်၊ အခု ကျွန်တော်ရှေ့နေလိုက်မလို့"

"ဘာလဲ၊ မင်းက အထက်တန်းရှေ့နေလား၊ R.L လား"

"ကျွန်တော်က R.L မဟုတ်ပါဘူး ဆရာ၊ အထက်တန်းရှေ့နေပါ။ ဒါထက် ဆရာ့ကို အပူတစ်ခုကပ်ရဦးမယ်။ ကျွန်တော်ရှေ့နေလိုက်ဖို့ကိုင်စရာအိတ်မရှိဘူး။ အဲဒါ ဟောဒီအိတ်ကလေး ကျွန်တော်လို့ချင်တယ်"

မောင်ချစ်မောင်က အနီးတွင်ရှိသော ဆရာမင်းသိခ်အိတ်ကို လက်ညှိုးထိုးပြနေပါသည်။

"အဲဒါ အခုမှ ဆရာ့ဆီကပြန်လာရင်းပေးလိုက်လို့ယူခဲ့တာ၊ ဒါတော့မဖြစ်ဘူး"

"ဆရာမဖြစ်ရင်လည်း ကျွန်တော် အတင်းယူမှာပဲဆရာ၊ ဆရာမင်းသိခ်အိတ်ဆိုတော့ ကျွန်တော် ပိုပြီးသဘောကျတယ်။ ဟောဒီမှာ ဆရာ့ကို ကျွန်တော် တတ်နိုင်သလောက် ကန်တော့တာ။ ဒီအိတ်ကိုတော့ကျွန်တော်ယူသွားပြီ"

ချစ်မောင်သည် ပြောပြောဆိုဆို နှင့် ပိုက်ဆံကို ကျွန်တော့်လက်ထဲသို့ ထည့်ပြီးအိတ်ကိုဆွဲကာလစ်ပါလေတော့သည်။ သူ ပိုက်ဆံကို ရေကြည့်လိုက်သောအခါ တစ်ထောင်တိတိရှိပါသည်။ ကျွန်တော် မတတ်သာသည့်အဆုံး ဆရာမင်းသိခ်၏ အတက်ချီကေ့(စ်)ကို ကျွန်တော့်တပည့် မောင်ချစ်မောင်ကို ပေးလိုက်ရပါသည်။

ဒီလိုနှင့် ရက်အတန်ကြာသွားပါသည်။ ချိန်းထားသလားဟု ထင်ရလောက်အောင်ပင် ကျွန်တော်လည်း အရောက်၊ ကျွန်တော့်ညီ ဝင်းမောင်လည်းရောက်လာပါသည်။ ကိုဝင်းမောင်လည်း ဥက္ကမင်းဟူ၍ နာမည်တစ်လုံးရနေသူလည်း ဖြစ်ပါသည်။ ထိုအချိန်က သက်န်းကျွန်းရုံးများတွင် ဥက္ကမင်းဆိုလျှင် လူတိုင်းသိသောအဆင့်ရောက်နေပါသည်။

"ဟေ့ - မင်းတို့ညီအစ်ကိုက ခြိ
ထားတာလား"

"မဟုတ်ပါဘူး ဆရာရယ်။
ဘာသာသူ ကိုယ်ဘာသာကိုယ်လာ
ဒီကျမှဆုံကြတာပါ"

"ဆုံတာက အရေးမကြီးဘူး
သွားစရာရှိနေတယ်။ ကဲ-ကိုဝင်းမော

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ကြည်သင်း

ကျွန်တော်သိသော ဆရာမင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com

ည့်သည်လာရင် ကျွန်တော့်ကိုယ်စား ခင်ဗျားသာဟောလိုက်ပေတော့။ ကဲ-ချစ်ဆွေ၊ ငါသွားပြီ"

ဆရာမင်းသိခ်ထွက်သွားပါသည်။ ထို့နောက် နောက်ဖေးခန်းမှ ကိုစိုးသိမ်း ထွက်လာပါသည်။ ကိုစိုးသိမ်းသည် လက်ဖက်ရည်ဖြင့် ည့်ခံနေပါသည်။ စီးကရက်ဘူးလည်း အနားတွင်ချပေးပါသည်။

"ဆရာမင်းသိခ် ဘယ်သွားတာလဲ"

"သူကိစ္စရှိလို့ဆိုပြီးထွက်သွားတာပဲ။ ညနေလောက်မှ ပြန်ရောက်မယ် ထင်တယ်။ ကိစ္စရှိလို့လား"

"မရှိပါဘူး၊ မေးကြည့်တာပါ"

လက်ဖက်ရည် သောက်ကြပြီး သည်နှင့် စီးကရက်တစ်လိပ်စီကိုဖွာကာ ကိုဝင်းမောင်ကလောဆော်လိုက်သည်။

"ကိုကို၊ ဆရာလည်းမရှိဘူး၊ တို့ ပြန်ကြမှထင်ကယ်"

"ဆရာမရှိလည်း ငါရှိနေတာပဲ။ မင်းတို့ကိစ္စရှိရင်တော့ပြန်ကြလေ၊ ကိစ္စ မရှိရင်တော့နေကြဦးပေါ့"

ကိုစိုးသိမ်းကမပြန်စေချင်ပုံရသည်။ သို့သော် ကိုဝင်းမောင်ကပြန်မည်တကဲကဲ လုပ်နေသောကြောင့် ကျွန်တော်တို့ပြန်ခဲ့ပါသည်။

ထိုအတောအတွင်း ကျွန်တော်လည်း ကျွန်တော့်အလုပ်ကိုလုပ်နေရသဖြင့် ကိုစိုးသိမ်းနှင့်သော်လည်းကောင်း၊ ဆရာမင်းသိခ်နှင့်သော် လည်းကောင်း ဆက်သွယ်ရေးကဲ့နေသည်။ ကျွန်တော် ထောင်ထားသော ကျောင်းမှာလည်း တဖြည်းဖြည်း လူနည်းလာပါသည်။ ကျွန်တော်သည် ကျောင်းကို အတတ်နိုင်ဆုံး ပြန်မတ်ရန် ဆောင်ရွက်ရပါသည်။ တိုင်းရေးပြည်ရေးလည်း တဖြည်းဖြည်း ရှုပ်ထွေးလာပါသည်။ ဟိုအနားလူစုစု ဒီအနားလူစုစုဖြစ်လာသည်။တစ်ကွက်စ၊ နှစ်ကွက်ဝဆန္ဒပြတာမျိုးအထိ ကျွန်တော် ကြားနေရပါသည်။ တစ်စတစ်စတာစု လာခြင်းပင် ဖြစ်ပါသည်။ အစိုးရက လည်း ထိန်းသိမ်းပါသည်။ ဖမ်းသင့် သူများကိုလည်း ဖမ်းပါသည်။ သို့သော် နောက်ဆုံးအခြေအနေတွင် ထိန်း၍ သိမ်း၍ မရတော့ပါ။

၁၉၈၈ ခုနှစ်၊ မေလလောက်တွင် အရေးအခင်းကြီးဖြစ်လာပါတော့သည်။ တောင်ဥက္ကလာက တက်ကြွလာသော လူအုပ်ကြီးမှာ ငမိုးရိပ်ရပ်ကွက်၊ ကြီးပွားရေးရပ်ကွက်၊ လေးထောင့်ကန်ရပ်ကွက် သို့ရောက်လာသည်။ ငမိုးရိပ်ရပ်ကွက်နှင့် လေးထောင့်ကန်ရပ်ကွက်တို့မှ တက်ကြွသူလူငယ်များကလည်း ထိုလူအုပ်နှင့် ပေါင်းကာ စုရုံးပြီးချီတက်ကြပါတော့သည်။

ထိုအချိန်တွင် ကုန်စျေးနှုန်းများကလည်း အဆမတန် ကြီးမြင့်လာပါသည်။ ပါတီဥက္ကဋ္ဌကြီးဦးနေဝင်း ပါတီမှ ထွက်ခွာသွားပါသည်။ ထို့နောက်တွင် ဦးစိန်လွင်က သမ္မတဖြစ်လာပါသည်။ ဦးစိန်လွင်လက်ထက်တွင် ပို၍ပို၍ပင် ဆိုးလာပါသည်။ 'ဆန်တစ်ပြည်ကို ငါးကျပ်၊ စိန်လွင်ခေါင်းကိုဖြတ်' ဟူသော စကားများပင် မှိုလိုပေါက်နေပါသည်။ ဦးစိန်လွင်မှ ဒေါက်တာမောင်မောင်ကို တာဝန်ပေးလိုက်ပြန်သည်။ 'ဆန္ဒမစောကြပါနဲ့'ဟူသော ဒေါက်တာမောင်မောင် စကားကို ကျွန်တော်ကြားယောင်နေပါသည်။

ထိုအချိန်တွင် သူတစ်လူငါတစ်မင်းဖြစ်နေပါတော့သည်။ ကျွန်တော်တို့ ကျောင်းများလည်း ပိတ်ထားလိုက်ရပါသည်။ အစိုးရကျောင်းများလည်း ပြန်မဖွင့်နိုင်ပါ။ တရားရုံးများလည်း အလုပ်မဖြစ်တော့ပါ။

ထိုအချိန်တွင် ဆရာမင်းသိခ် တရားဟောမည် ဟူသောအသံများ လွှဲထွက်လာပါသည်။ ဟောမည့်နေရာကလည်း ကျွန်တော်နှင့် မဝေးလှ။ လူအများလည်း တရားပွဲကို စောင့်မျှော်နေကြပါသည်။ ကျွန်တော့်အမျိုးသမီးအေးလည်း တက်ကြွသည့်အထဲတွင် ပါဝင်နေပါသည်။ ကျွန်တော်လည်း မတက်ကြွပေ၍မဟုတ်၊ လင်မယားနှစ်ယောက် တစ်ယောက်က တက်ကြွနေသောကြောင့် ကျွန်တော်က ခပ်အေးအေးပင် နေရပါသည်။

ထို့နောက် သားကြီးကိုမျိုးမြင့်ဆွေကလည်း တစ်စခန်းထလာပြန်သည်။ တက္ကသိုလ်ကျောင်းတွင် စာကပ်သည်ဟု ကျွန်တော် သတင်းကြားပြန်လေသည်။ ထိုအကြောင်းကြားရတော့ သူ့အဘွား၊ သူ့အဘိုးတို့မှာ မျက်ရည်လည်ရွဲနှင့်ဖြစ်နေပါတော့သည်။

ကိုမျိုးအဘိုး သွေးနည်း၍မဟုတ်ပါ။ သူကိုယ်တိုင်ပင် ဖဆပလကို တော်လှန်သည့်အတွက် ထောင်ကျဖူးသည်ဟု ကျွန်တော် သိရပါသည်။ သို့သော် သူ့မြေးကျွန်တော့်သားအတွက်တော့ စိတ်မအေးပါ။ နောက်ဆုံး အဘိုးကြီးနှင့် အဘွားကြီး သားကိုမျိုးကိုခေါ်၍ ဘိုကလေးမြို့သို့သွားနေပါတော့သည်။ ဘိုကလေးမှတစ်ဆင့် ဓားပြခြောင်းထိုးအောင်ဆင်းသွားသည်ဟု ကျွန်တော်သိရပါသည်။ အိမ်နှစ်လုံးတွင် ကျွန်တော်ရယ်၊ အမျိုးသမီးရယ်၊ သားငယ်ရယ်သာ ကျန်နေပါတော့သည်။

ဆရာမင်းသိခ်တို့ ဟောပြောပွဲ ရောက်လာပါသည်။ အိမ်တွင် လူမရှိ၍ လည်းမဖြစ်သောကြောင့် အမျိုးသမီးကို သွားခိုင်းကာ ကျွန်တော်အိမ်စောင့်နေပါသည်။ ဟောပြောပွဲပင် မစရသေး၊ ကျွန်တော့်အမျိုးသမီး အိမ်ကိုပြန်လာပါသည်။

"ဘာဖြစ်လို့လဲ အေး၊ ဟောပြောပွဲတောင် မစသေးဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ဟောပြောပွဲမစသေးပါဘူး။ ဆရာမင်းသိခ်က ကျွန်မကို တွေ့တာနဲ့ ဟဲ့ကောင်မလေး၊ ချစ်ဆွေကို လွှတ်လိုက်ဦးလို့ မှာပါတယ်။ အစ်ကို သွားလိုက်ပါ။ ကျွန်မအိမ်ကိုပဲစောင့်နေတော့မယ်"

ဆရာမင်းသိခ် မှာသည်ဟုဆို၍ ကျွန်တော်လည်း မသွားမဖြစ်သွားရပါတော့သည်။ ကျွန်တော်ရောက်သည့် အခါ ဟောပြောပွဲစနေပြီ ဖြစ်သည်။ ကျွန်တော်သည် ဆရာမင်းသိခ်မြင်နိုင်သောနေရာတွင် ရပ်၍နားထောင်နေပါသည်။

ဆရာမင်းသိခ်က စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအကြောင်းစုံနေအောင်ပြောပါသည်။ ထို့နောက်တွင် ကတော်တွေအကြောင်းပါထည့်ပြောပါသည်။

"ကတော်တွေဟာ ဘယ်လောက်ဆိုးသလဲဆိုရင် လူတွေဆင်းရဲဒုက္ခ ရောက်နေချိန်မှာ ကတော်တွေမှာတော့ လိုလေသေးမရှိဘူး၊ နောက်ဆုံးအိမ်သာ တက်တာတောင် ရေပိုက်နဲ့အရှေ့ကဆေးမလား၊ အနောက်က ဆေးမလား သူတို့အတွက် ပြည်သူ့ပိုက်ဆံတွေနဲ့ အကုန်လုံးအဆင်သင့်ပဲ"

လူအများဝိုင်း၍လက်ခုပ်သြဘာတီးလေတော့သည်။ ထို့နောက် တရားပြောပွဲပြီးဆုံးသွားပါတော့သည်။ ဆရာမင်းသိခ်က ကျွန်တော့်ကို လှမ်းခေါ်ပြီး မေးပါသည်။

"ဟေ့ကောင် ချစ်ဆွေ၊ ငါပြောတာ ဘယ့်နယ်နေသလဲ"

"အင်း - ကောင်းတော့ကောင်းပါတယ်"

"ကောင်းတော့ကောင်းပါတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com

ဟော့ မကောင်းတာလည်းပါတယ်ပေါ့"

ကျွန်တော်လည်း မထူးပြီဖြစ်၍ စိတ်ထဲထင်တာကိုပြောချလိုက်ပါတော့သည်။

"မကောင်းတာကတော့ ဟိုဝန်ကြီးရဲ့ဇနီးက၊ ဒီစစ်ပိုလ်ရဲ့ဇနီးကဖင်ဆောင်နဲ့ဖင်ဆောင်းတာတို့ကတော့ မပြောသင့်ဘူးလို့ထင်တယ်။ ပြည်သူတွေစားသောက်နေရေးကျပ်တည်းတာမှန်ပါတယ်။ သေမယ့် တခြားဥပမာပေးပြီးပြောသင့်တယ်လို့ထင်တယ်"

"မင်း ဖဆလအရိပ်ကမထွက်နိုင်သေးဘဲကိုး"

ဟု မှတ်ချက်ပြုကာ ထွက်သွားပါတော့သည်။

ကျွန်တော်လည်း ထိုအချိန်က အိမ်ကိုစိတ်မချရတော့ပါ။ လူဆိုးတွေသောမယောင်ယောင်၊ တစ်ဖက်မှ ဘန်ပြန်ဆန္ဒပြသူတွေက ဒုက္ခပေးတော့ယောင် သတင်းအမျိုးမျိုးထွက်ပေါ်နေပါတော့သည်။

ထို့ကြောင့် ကျွန်တော် အိမ်တွင် ချိုခိုက် စောင့်ရှောက်ရန်အတွက် ဘိုးကြောင်လေးကျေးဇူးမှ ကျွန်တော့်တပည့်လေးကို အိမ်သို့ခေါ်ထားရပါသည်။ တပည့်လေး၏အမည်မှာ မောင်အေးမင်း ဖြစ်ပါသည်။

မောင်အေးမင်းသည် ညဘက်တွင် လာပြီးစောင့်ရှောက်ရုံသာမက ကျွန်တော် အလွန်ကြိုက်သော ငါးရှဉ့်ကို ပါယူလာပြီး အိမ်မှာချက်ကျွေးပါသည်။

ကျွန်တော်သည် ပြည်သူကောင်စီဖွဲ့သွားသဖြင့် ရပ်မိရပ်ဖအဖွဲ့ကိုဖွဲ့ကာ အုပ်ချုပ်ရပါတော့သည်။

တစ်နေ့တွင် ထူးဆန်းသောအဖြစ်အပျက်တစ်ခု မှတ်မှတ်ရရဖြစ်ပေါ်လာပါသည်။

'ရပ်ကွက်ကောင်စီများ ရုံးခန်းသို့ကောင်စီဝင်ခန့်အပ်လွှာများကိုပြန်လည်ပေးအပ်ရမည်'

ဟု မည်သူက စပြောမှန်းမသိသောသတင်းတစ်ခုရောက်လာပါသည်။

အဖေဦးချစ်ဆွေမှ သားဖိုးအောင်ဆွေ

ရုံးခန်းမှနေ၍ အသံခဲ့စက်ဖြင့် နှိုးဆော်ပါတော့သည်။ ကျွန်တော်လည်း အိမ်တွင်ရှာကာ ကောင်စီခန့်အပ်လွှာနှင့် ကောင်စီကတ်ပြားကိုယူ၍ ရုံးခန်းသို့သွားပါသည်။ ရုံးခန်းထဲသို့မရောက်ခင် အပြင်တွင် တွေ့သူများနှင့် စကားပြောဆိုပြီး ရုံးခန်းထဲသို့ဝင်လိုက်ပါသည်။

စားပွဲဝိုင်းတွင် လူငယ်လေး၊ ငါးယောက်ထိုင်နေပါသည်။ လူငယ်နာမည်များကိုတော့ မမှတ်မိတော့ပါ။ ထိုစားပွဲမှ တစ်ယောက်ကိုတော့ ကျွန်တော် ကောင်းကောင်း မှတ်မိနေပါသည်။ ထိုလူငယ်မှာ ကျွန်တော့်သားငယ်မိုးအောင်ဆွေဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

"ဆရာဦးချစ်ဆွေက သူ့ကောင်စီကတ်ပြားကို ကိုမိုးအောင်ဆွေအားပေးအပ်ပါတော့မယ်ခင်ဗျာ"

မည်သူက ကြေညာသည်မသိ၊ ကျွန်တော့်ကတ်ပြားကို သားတော်မောင်အား ပေးအပ်လိုက်ရပါတော့သည်။ အတော်ရယ်စရာကောင်းသလို အတော်ပင် ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်ပါသည်။

ကျွန်တော်သည် လိုအပ်လျှင် အပြင်ထွက်၍ အခြေအနေကို ကြည့်ရသည်။ အိမ်တွင် မိုးအောင်ဆွေနှင့် ကျွန်တော့်အမျိုးသမီးအပြင် မောင်အေးမင်း တို့ပါ စောင့်နေရပါသည်။

(မောင်အေးမင်းမှာ ယခုမိန်းမရပြီး တိုးကြောင်ကလေးဘူတာနှင့်ဆက်သွယ်ရေးရုံးကြား လမ်းမကြီးပေါ်တွင် စက်ဘီးပြင်ဆိုင်ဖွင့်ကာ အသက်မွေးနေပါသည်)

ထိုအချိန်တွင် လူသတ်တာတို့၊ ခေါင်းဖြတ်တာတို့ကို ကျွန်တော်မရေးလိုတော့ပါ။ ဆရာမင်းသိခ်အကြောင်းကိုသာ ဦးတည်ရေးသားပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် သယ်နှီးကျွန်းသို့ တရားလာပြောပြန်သည်။ ကျွန်တော် သွားပြီးနားထောင်သော်လည်း သူမပြောစကားများကို မမှတ်မိတော့။ ဒေါ်အောင်ဆန်းစုကြည် တရားဟောမည်ဟု ကြားရပြန်သည်။ မြန်မာပြည်တစ်ပြည်လုံးပွက်ပွက်ညံနေပါသည်။ ကျွန်တော်လည်း ဒေါ်အောင်ဆန်းစုကြည်တရားပွဲသို့သွားပါသည်။

သွားကြပုံမှာ ကျောင်းသားကျောင်းသူများက စုပြီးခရီးတက်ကြပါသည်။ ကျွန်တော်လည်း ကျောင်းသားကျောင်းသူများအစုအဝေးထဲတွင် ပါဝင်ပါသည်။ ကျွန်တော်သတိထားမိသည်မှာ ဒေါ်စမ်မြိုင်တစ်ယောက်ကိုလည်း တွေ့လိုက်ရသည်။ အခြားမည်သည့် ဆရာ၊ ဆရာမမျှ မပါပေ။

ကျွန်တော်တို့ ကုန်းကြောင်းခရီးတက်ကြပါသည်။ တာမွေလမ်းဆုံမှ တစ်ဆင့် ရွှေဂုံတိုင်သို့ ခရီးတက်ကြပါသည်။ ရွှေဂုံတိုင်အဝိုင်းသို့ရောက်သောအခါ ရွှေဆက်၍သွားမရတော့ပါ။ ကျောင်းသားများလည်း ကိုယ့်အစီအစဉ်နှင့်ကိုယ်လမ်းကြိုလမ်းကြားထဲမှသွားကြသည်။ တချို့လည်း စိတ်ပျက်၍နောက်ကြောင်းပြန်ကြရသည်။ ကျွန်တော်လည်း ပြန်ရန် ကားမရှိသဖြင့် ခြေကျင်ပင် ငမိုးရိပ်သို့ပြန်လာခဲ့ရပါသည်။ ကျွန်တော်သည် လူမည်မျှများသည်ကို မခန့်မှန်းနိုင်တော့ပါ။

ရက်သိပ်မကြာလိုက်ပါ။ အာဏာသိမ်းပွဲဖြစ်ပေါ်လာပါသည်။ ဖဆလအစိုးရထံမှ တပ်မတော်က အာဏာသိမ်းခြင်း ဖြစ်ပါသည်။ အာဏာသိမ်းခေါင်းဆောင်က ဗိုလ်ချုပ်စောမောင် ဖြစ်ပါသည်။

ကျွန်တော်တို့သတင်းကြားရသည်မှာ ပစ်တယ်ခတ်တယ်ဟူသောအသံပင် ဖြစ်ပါတော့သည်။ သယ်နှီးကျွန်းအထက (၂) ကျောင်းရှေ့တွင် လည်းကောင်း၊ သယ်နှီးကျွန်း B.O.C တွင်လည်းကောင်း ပစ်သံခတ်သံများကို ကျွန်တော်ကြားနေရပါသည်။

ထိုအချိန်ဈာင် ဆရာမင်းသိခ်ကို သော် လည်းကောင်း၊ ကိုစိုးသိမ်းကို သော် လည်းကောင်း မတွေ့ရပါ။ သူတို့ကိုလည်း မည်သည့်နေရာတွင်လိုက်ရှာပါမည်နည်း။ ထိုအချိန်က ကျွန်တော်သည် တောင့်တောင့်တတ ဆရာမင်းသိခ်ကို တွေ့ချင်နေပါသည်။

ထူးခြားသည်မှာ ကျိုက္ကစံဘုရားဟောပြောပွဲ ဖြစ်ပါသည်။ မည်သို့ထူးခြားသနည်းဆိုသော် ကျိုက္ကစံဘုရားတွင် ဆရာမင်းသိခ် လာရောက် ဟောပြောမည်ဆိုသောကြောင့် ဖြစ်သည်။ ဟောပြောပွဲမစမီ ဆရာမင်းသိခ်ကို ကျွန်တော်သွားတွေ့ပါသည်။

"ဟေ့ကောင် ချစ်ဆွေ အတော်ပဲ၊ မင်းလည်း ဒီတရားပွဲမှာပြောရမယ်"

ကျွန်တော်သည် ပြောမည်လည်းမပြော၊ မပြောမည်ဟုလည်းမပြော၊ ဟိုလိုလိုဒီလိုလိုလုပ်နေပါသည်။ တကယ်တော့ ကျွန်တော်သတ္တိကြောင်သည်ဟု အများကပြောကြပါသည်။ ဆိုချင်တာဆိုကြစေတော့၊ ကျွန်တော်မပြောဘဲ ကျိုက္ကစံဘုရားမှပြန်လာပါသည်။ ဟောပြောပွဲဖြစ်မြောက်ရေးအဖွဲ့က တာဝန်ရှိသူဟု တစ်ယောက်က ဆရာမင်းသိခ်ကို ခပ်တိုးတိုး တစ်စုံတစ်ရာလာပြောပါသည်။ ဘာပြောသည်ကို ကျွန်တော် မမေးဘဲ ကျိုက္ကစံဘုရားမှ လစ်လာခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် သားကြီးကိုမျိုးနှင့် သူ့အဘိုးအဘွားများပြန်ရောက်လာကြပါသည်။ ထူးခြားသည်က သားကြီးအား မင်း ဖေဖေနှင့် မေမေကို သတိမရဘူးလားဟု သူ့အမေက မေးသော်အခါညီလေး မိုးမိုးကိုပဲ သတိရနေတယ်ဟု ပြန်ဖြေပါသည်။ စိတ်ဆိုးရအောက်စိတ်မဆိုးရအောက် ဖြစ်ပါသည်။

စစ်တပ်က အာဏာသိမ်းပြီးသည့်နောက် ကျောင်းများပြန်ဖွင့်ရန် အလားအလာမရှိပါ။ ကျောင်းများပြန်ဖွင့်ပါမှ ကျူရှင်ဆရာများ ကျူရှင်ပြန်ဖွင့်ရန် အလှမ်းဝေးနေပါသည်။

ထိုအချိန်မှာပင် ဦးအောင်သန်း (ကျွန်တော့်ယောကျ်ာမ) နှင့် ကျွန်တော် စကားများပါတော့သည်။ သူသမီးအေးနှင့်ပတ်သက်၍ စကားများခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် အိမ်မှအဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ဆင်းလာပြီး (၄) လမ်းမှ ဆရာကိုအေးမြင့်တို့အိမ်သို့ သွားရောက် နေထိုင်ပါသည်။ ညနေရောက်သောအခါ ကျွန်တော့်အမျိုးသမီးအေးလိုက်လာပါသည်။ ထိုအိမ်မှာပင် ညအိပ်ရပါတော့သည်။ အဝတ်အစားများကိုပြန်ယူပြီး ကိုအေးမြင့်တို့အိမ်တွင် ခဏတည်းနေပါသည်။

ထို့နောက် ကျွန်တော်တို့လင်မယားသည် ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ ငပုတောမြို့များသို့ သွားရောက် လည်ပတ်ရင်း ဘာလုပ်ရင်ရမလဲဆိုသည်ကိုလည်း နည်းနာရပါတော့သည်။ ဤအဖြစ်အပျက်တွက် ထူးခြားမှုတစ်ခုရှိပါသည်။ ကျွန်တော့်မိတ်ဆွေ ဦးဆွေနွယ် (ဖျာပုံမောင်ဆွေနွယ်) မှ ပို့က်ဆံငါးထောင်ပေးပါသည်။ လိုအပ်လျှင် ထပ်ယူသွားဟုပြောသဖြင့် ကျွန်တော်ထပ်မယူတော့ပါ။ တော်ပါပြီဟုသာ ပြောလိုက်ပါသည်။

ကျွန်တော့်ညီ ကိုဝင်းမောင်ကလည်း ငွေငါးထောင်ထုတ်ပေးပါသည်။ ကျွန်တော်တို့သည် ဒီလိုနှင့် ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ ငပုတောမြို့များသို့သွားခြင်း ဖြစ်ပါသည်။ တစ်လလောက်ကြာသောအခါ ကျွန်တော်တို့ ပြန်လာကြပါသည်။

ဆရာမင်းသိခ် အဖမ်းခံရသည်ဟူသော သတင်းဆိုးက ကျွန်တော်တို့ကို ကြိုဆိုနေပါတော့သည်။ ကျွန်တော်တို့သည် ကိုယ့်အိမ်ကို တန်းဝင်ပြန်ပါသည်။ ဦးအောင်သန်းသည် မည်သို့မျှမပြောသော်လည်း သိပ်ကျေနပ်ပုံမရဟု ကျွန်တော်ထင်ပါသည်။

ကိုစိုးသိမ်းကလည်း ဒီရက်ထဲတွင်ပေါ်မလာ။ ကိုကျော်နိုင်မှာလည်း အဆက်အသွယ်ပြတ်နေပြီ ဖြစ်သည်။

ဆရာမင်းသိခ်အဖမ်းခံရသည်မှာ ဟောပြောပွဲကြောင့်ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ မင်းလည်းပြောရမယ်ဟု ဆရာမင်းသိခ်ဆိုခြင်းမှာ ကျွန်တော့်ကို ဒုက္ခပေးလိုသည်တော့မဟုတ်ပါ။ သူငယ်ချင်းများဖြစ်ကြ၍ ဝိုင်းဝန်းပြုလုပ်ရန် အဖော်ညှိသည်ဟု ကျွန်တော်ထင်ပါသည်။

ထို့နောက် ကျွန်တော်အိမ်နှစ်လုံးရှိရာမှ တစ်လုံးရောင်းမည်ဟု ဈေးခေါ်လိုက်ပါသည်။ အဲဒီတုန်းက အိမ်တစ်လုံးမှ နှစ်သိန်းပင်ရှိပါသေးသည်။ အိမ်ဝယ်မည့်သူ ရောက်လာပါသည်။ ဝယ်သူက ကျွန်တော့်တပည့် ဆရာဝန်ဖြစ်ပါသည်။

အိမ်ဖိုးငွေချေပြီးချိန် ဦးအောင်သန်းက ငွေနှစ်သိန်းကိုယူသွားပါတော့သည်။ ကျွန်တော်လည်း ဒေါသဖြစ်လွန်း၍ အိမ်ဆောင်ပရိဘောဂများကို သိမ်းဆည်းကာ အိမ်ပြောင်းမည်ဟု ဆိုလိုက်ပါသည်။

ဘားနှစ်ယောက်ကလည်း မည်သည့်စကားမှ ဝင်မပြောပေ။ သူ့အဘိုးကို ကြောက်ရွံ့နေပုံရပါသည်။ ခုံများကို တစ်ဖက်အိမ်တွင် ရွှေ့ထားပြီး ကျွန်တော်တို့အိမ်ပြောင်းပါသည်။ ကျွန်တော်ဇနီးအေးမှာ မျက်ရည်လည်ရွှဲဖြင့် ကျွန်တော့်နောက်ကိုလိုက်ခဲ့ပါသည်။ ထိုအခါ သားငယ် မိုးမိုးက ကားပေါ်သို့ အထုပ်တစ်ထုပ်ပစ်တင်ပေးပါသည်။ ငွေထုပ်ဖြစ်မည်ဟုကျွန်တော်ထင်ပါသည်။ သူ့အမေက လှမ်းမစ်သောအထုပ်ကို ဖြေကြည့်နေကြောင်း ကျွန်တော်သိပါသည်။

ထို့နောက် ကျွန်တော်တို့ (၁၈) ရပ်ကွက်တွင် အိမ်တစ်လုံးဆောက်၍ နေပါသည်။ ထိုကိစ္စကို ရေးပြရသည်မှာ ဆရာမင်းသိခ်နှင့်မည်သို့ပြန်လည်ဆက်ဆံကြောင်းသိရန် ဖြစ်ပါသည်။

အတိုချုပ်ပြောရရင် ကျွန်တော် အိမ်ဆောက်ပြီးစီးသွားပြီ ဖြစ်ပါသည်။ ထိုအချိန်တွင် ကျောင်းများလည်း ပြန်ဖွင့်နေပါသည်။ ကျူရှင်ကျောင်းများကိုလည်း ပြန်ဖွင့်ခွင့်ပြုလိုက်ပါသည်။ ထိုအချိန် ၁၉၉၀ ပြည့်နှစ် ရွှေကောက်ပွဲစတင်မည်ဟု သက်ဆိုင်ရာကပြောပါသည်။

ထို့နောက် ရွှေကောက်ပွဲစတင်ပါတော့သည်။ ရွှေကောက်ပွဲမလုပ်ခင်မှာပင် ကျွန်တော့်မိတ်ဆွေ ကိုဘဝင်မောင်က သူလည်း ဦးနုပါတီမှ အဝင်ရွေးပါသည်။ အနည်းဆုံး ကျွန်တော်ကိုတော့ရချင်ပါသည်ဟုဆိုလာသည်။ ကျွန်တော်လည်း ကိုဘဝင်မောင်အပြတ်ပြောလိုက်ပါသည်။

"အခုတက်နေတဲ့ အစိုးရက ၁၉၆၂ အာဏာသိမ်းပြီး ဖြစ်လာတဲ့အစိုးရ။ အာဏာသိမ်းတုန်းက ဦးနေဝင်းအပေါင်းပါတို့ ငြိမ်ခံနေခဲ့တယ်။ ကျွန်တော်တို့ပြည်သူတွေ ဒုက္ခရောက်ခဲ့ရတယ်။ အခု ခင်ဗျားက ဦးနုပါတီအမတ်လောင်းအဖြစ် ဝင်ရွေးပြန်ပြီး ဒီတစ်ခါဆိုရင်တော့ ကျွန်တော်တို့ပြည်သူတွေဖင်လုန်ပြေးရဖို့သာရှိတော့တယ်။ ခင်ဗျား စိတ်ဆိုးလည်း မတတ်နိုင်ဘူး ကျွန်တော်ကတော့ N.L.D ကိုပဲ မဲပေးရလိမ့်မယ်"

ကိုဘဝင်မောင်လည်း မျက်နှာပျက်၍ပြန်သွားပါသည်။ မဲများရေတွက်သောအခါ N.L.D က မဲအပြတ်အသတ်နိုင်ပါသည်။ ကိုဘဝင်မောင်မှာ မဲမသဖြင့် သူ့ကို စာနာသောအားဖြင့် တွေတော် လိုက်လိုက်လျောလျောဆက်ဆံခဲ့ရပါတော့သည်။

ထိုအိမ်သို့ ကြဲကြဲဖန်ဖန် ကိုစိုးသိမ်းရောက်လာပါသည်။ ဘယ်လို့ရောက်လာသလဲဟု ကျွန်တော်မေးရန်မလို့ကျူရှင်ကြော်ငြာများတွင် ကျောင်းလိုက်စာပါနေသောကြောင့် ဖြစ် မည်ထင်ပါသည်။

"ဟေ့ကောင် ချစ်ဆွေ၊ ငါ့သား တစ်ယောက်လည်း ရှစ်တန်းရောက်နေပြီ။ မင်းဆီမှာထားရင်ကောင်းမယ်ထင်တယ်။ မင်းသားတွေက ဆရာလုပ်နေကြတယ်ဆို"

"အေး- ထားချင်လည်းလာထားလေ။ ဒါပေမယ့် သွားရေးလာရေးတော့ အဆင်ပြေပါမလား၊ ငါ့သားကြီး ကိုနိုင်ကတော့ အောင်သွားပြီ၊ မိုးမိုးက ဒုတိယနှစ်ပဲရှိသေးတယ်"

"အေးလေ ဘာပဲဖြစ်ဖြစ် (၁၀) တန်းအောင်ပြီးရင် ဘွဲ့ရဖို့က သိပ်မခဲတော့ပါဘူး။ ဟုတ်ဖူးလား"

"အင်း-ဟုတ်တယ်လို့ပြောရမှာပေါ့လေ"

ကိုစိုးသိမ်းရောက်လာသောအခါမှာ ညနေ (၆) နာရီခန့်ရှိပြီ ဖြစ်သည်။ အိမ်တွင် မီးမရှိသဖြင့် ဖယောင်းတိုင်ထွန်း၍ စကားပြောနေရသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com

တောင်ဥက္ကလာတစ်ပြို့လုံး မီးမရှိကြသေးဟု ကျွန်တော်ထင်ပါသည်။

"ဒါနဲ့နေပါဦး၊ မီးမရှိတော့ မင်းညသတ်ဘာလုပ်နေသလဲ"

"ညဘက် အမျိုးသမီးက ရုပ်ရှင်သွားကြည့်တယ်။ ငါက ဘုရားရှိခိုး၊ ပုတီးစိပ်ပေါ့ကွာ"

"ဘုရားရှိခိုးတာတော့ ငါမပြောပါဘူး၊ ပုတီးစိပ်တာတော့ ငါသိပ်ပြီးသင်မကျလှဘူး သူငယ်ချင်း"

"အင်း - ဆိုမိုးပါဦး"

"ပုတီးစိပ်တာကို ငါအပြစ်ပြောတာမဟုတ်ပါဘူး။ ဒါပေမယ့် တရားဆိုင်တာက ပိုကောင်းမယ်ထင်တယ်"

"အေးလေ၊ ဒါကတော့ မင်းအမြင ဖြစ်။ အမှန်ကတော့ စိတ်ကိုထိန်းချုပ်ဘို့သာ ပိုပါပဲလေ။ ပုတီးစိပ်စိပ်၊ တရားဆိုင်ထိုင် စိတ်ကိုထိန်းဖို့က အဓိကပဲ မဟုတ်လား"

"ကဲ-ကိုမိုးသိမ်း၊ အချိန်သိပ်မရှိဘူးဖြစ်တော့၊ နောက်နေ့မှတစ်ခေါက်လာ"

ကျွန်တော့်အမျိုးသမီး အေးကဝင်ဖြတ်လိုက်သည်။ ထိုအခါကျမှ ကိုမိုးသိမ်းပြန်ဖို့သတိရလာသည်။

"ဟုတ်တယ်၊ (၇) နာရီထိုးတော့မယ်။ ငါပြန်မယ် ချစ်ဆွေ"

"ကောင်းပြီ သူငယ်ချင်း၊ နောက်နေ့တွေ့လည်းလာခဲ့ပါဦး"

မောင်မောင်မြင့်အေးနှင့်တွေ့ဆုံခြင်း

နောက်တစ်ပတ်လောက်ရောက်သောအခါ ကိုမိုးသိမ်းတစ်ခေါက်ရောက်ပြန်သည်။ ယခုအခေါက်တွင် သူနှင့်အတူ သတင်းစကားပါပါလာပါသည်။

"ဟေ့ကောင် ချစ်ဆွေ၊ မင်းသိပ်ဘုန်းကြီးဆိုပဲ"

"ဟာ - ဝမ်းသာပါတယ်ကွာ၊ သူဘယ်လိုလွတ်တာလဲ"

"သူအမှုကိုစစ်ပြီး တရားသူကြီးကထောင်ခုနစ်နှစ်ချလိုက်တယ်ပြောသပဲ။ ဒါပေမယ့် ငါးနှစ်လောက်ရှိပြီဆိုတာတယ်၊ အခုလွှတ်လိုက်တာပဲ"

"ကဲ - သူက ဘာမှာလိုက်သလဲ၊ ဆိုမင်းပါဦး"

"သူကမှာလိုက်တယ်၊ သူ့အိမ်ဝယ်ထဲတဲ့။ ကိုစိန်ဝင်းနဲ့အတူပြောထားပြီးသား။ မင်း သူ့ဆီကိုလာရင်သာ ကိုစိန်ဝင်းဆီကိုဝင်ခဲ့ပါတဲ့။ လိုအပ်တာတွေကိုလည်း ထုပ်ထားမယ်တဲ့"

နောက်နေ့တွင် တောင်ဒဂုံမြို့နယ်ကျွန်း ကိုစိန်ဝင်းအိမ်သို့သွားပါသည်။ ကိုစိန်ဝင်းသည် အသင့်ရိုက်ထားသော စာရွက်တစ်ရွက် (စာအုပ်တစ်ခု) ကို ပေးလိုက်ပါသည်။ ကျွန်တော်လည်း မင်းသိခ်အိမ်သို့ တန်းချ သွားပါသည်။ ဗိုလ်ချုပ်စေးရှေ့တွင် ကျွန်တော်ယောင်လည်လည်ဖြစ်နေခိုက် ကိုမိုးသိမ်းရောက်လာပြီး ဆရာမင်းသိခ်အိမ်သို့ခေါ်သွားပါတော့သည်။

လှေကားမှ ပထမထပ်သို့ တက်ပါသည်။ နောက်တစ်ထပ်၊ နောက်တစ်ထပ်သို့တက်ပြီးသောအခါ အခန်းကျယ်ကြီးကို တွေ့ရပါသည်။

"လာတော့ - ချစ်ဆွေ"

ကျွန်တော်သည် ဆရာမင်းသိခ်အသံကို ကြားလိုက်ရသဖြင့် သူခေါ်သောနေရာသို့ဝင်ထိုင်လိုက်ပါသည်။ ကိုမိုးသိမ်းက နောက်ဘက်သို့ဝင်သွားပါသည်။

"ဘယ်သူမှလဲမရှိသေးပါလား"

"ရှိတယ်၊ မင်းမခတွဲ့လို့ပါ။ သေသေချာချာကြည့်"

ဆရာမင်းသိခ်က ပြောသဖြင့် ကျွန်တော်လည်း ထိုင်ရာမှထကာ လျှောက်ကြည့်ပါသည်။ တံခါး၏အပြင်ဘက်တွင် လူတစ်ယောက် ကုလားထိုင်နှင့်ထိုင်နေပါသည်။ ကျွန်တော် သေသေချာချာကြည့်ပါသည်။ လူက လူချောတစ်ယောက်ဖြစ်ပါသည်။ ဆရာမင်းသိခ်က နောက်မှလိုက်လာပြီး ကျွန်တော့်ကို ပြောပါသည်။

"အဲဒါ မောင်မောင်မြင့်အေးလေ"

ကျွန်တော်နှင့် ကိုမောင်မောင်မြင့်အေးတို့သည် အပြန်အလှန်ရယ်မောရုံမှတခြားစကားမပြောဖြစ်ကြပါ။ ကိုမောင်မောင်မြင့်အေးကို ကျွန်တော်ဒီတစ်ကြိမ်သာ တွေ့ဖူးသည်ဟု ထင်ပါသည်။

"ကဲ - မင်း ကိုစိန်ဝင်းအိမ်ရောက်ခဲ့တယ်မဟုတ်လား။ ပေး - စာချုပ်"

ကျွန်တော်သည် ကိုစိန်ဝင်းဆီမှယူလာသောစာချုပ်ကိုပေးလိုက်ပါသည်။ ဆရာမင်းသိခ်သည် စာချုပ်ကို ခဏကြည့်ကာ လိပ်ပြီးစားပွဲပေါ် သို့တင်လိုက်ပါသည်။ ထို့နောက် အာလာပသလ္လာပအနည်းငယ်ပြောပြီး ကျွန်တော်ပြန်ခဲ့ပါသည်။

ကျွန်တော်သည် ကျောင်းသားတစ်ရာလောက်ရှိနေရာက ကျောင်းသားပြန်လျော့သွားပါသည်။ အကြောင်းကို စုံစမ်းသော အတန်းပိုင်ဆရာမများက ကျူရှင်ပေးနေသောကြောင့်ဖြစ်သည်ဟု သာ သိရပါသည်။ ၎င်းပြင် ဆရာမများက စာမေးပွဲအောင်ချင်ရင် တို့ဆီလာခဲ့ဟု ခေါ်ကြောင်းကိုလည်း ကျောင်းသားတစ်ယောက်မှတစ်ဆင့် ကျွန်တော်ပြန်ပြီးကြားရပါသည်။

ကျွန်တော့်တွင် မျော်လင့်ချက်တစ်ခုတော့ရှိပါသည်။ သယ်နှုန်းကား အိမ်ကိုရောင်းမည်ဟု ကျွန်တော့်ယောကျ္ကမကြီးကပြောနေသည်။ အိမ်ရောင်းပြီးလျှင် ငွေအချို့တစ်ဝက်ရမည်ဟု ကျွန်တော် မျှော်လင့်ထားပါသည်။

ထို့ကြောင့် ကျွန်တော် အားလပ်သောအချိန်တွင် ဆရာမင်းသိခ်ကို ဗေဒင်မေးရန် ခဏခဏဖြတ်ခဲ့ပါသည်။ ကျွန်တော် မည်သည့်အခါမျှ ဗေဒင်မေးမြန်းခြင်းမရှိပါ။ ဆရာမင်းသိခ်က ဗေဒင်သင်ပေးမည်ဟုပြောသောအခါကလည်း ခါးခါးသီးသီးငြင်းဆိုခဲ့ဖူးသူ ဖြစ်ပါသည်။

ဆရာမင်းသိခ်ဗေဒင်ကြည့်ခြင်း

သို့သော် ယခုတစ်ခေါက်တွင်တော့ ဗေဒင်ကြည့်ဖြစ်အောင်ကြည့်မည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်ပါသည်။

"ဟေ့ကောင်ချစ်ဆွေ၊ အကြောင်းထူးရှိလို့လား၊ လာရိုးလာစဉ်လား"

"အင်း - အကြောင်းထူးရှိတယ်လို့တော့ ပြောရမှာပဲ"

"ကဲ - ဆိုစမ်း၊ မင်းအကြောင်းထူးဆိုတဲ့ကိစ္စကို"

"အကြောင်းထူးဆိုတာ ငါ အဲ - ကျွန်တော်ဗေဒင်ကြည့်ချင်လို့"

"ငါပြောသားပဲ၊ မင်းကိုဗေဒင်သင်ဆိုတာလေ။ ကဲ - ဒါတွေထားလိုက်ပါတော့၊ ငါ မင်းကို တွက်ပေးပါ့မယ်"

ထိုအချိန်တွင် ဘေးမှ လူ (၂) ယောက်၊ (၃) ယောက်လောက်ရှိမည်ထင်ပါသည်။ ထိုသူများမည်သူဖြစ်သည်ကို ကျွန်တော် အမှတ်မရတော့ပါ။

ဆရာမင်းသိခ်သည် အထုပ်တစ်ထုပ်ကိုယူလာပါသည်။ သူတို့အခေါ်တာ ရော့ဟုခေါ်မလားမပြောတတ်ပါ။ သူသည် ဖဲချပ်ကို ကျွမ်းကျင်စွာဝေနေပါသည်။ ထို့နောက်မှ ဖဲထုပ်ထဲမှ 'မင်းကြိုက်တဲ့နံပါတ်ကိုမှတ်လိုက်ပါ' ဟု ဆိုသောကြောင့် ကျွန်တော်သည် နံပါတ် (၇)ကို စိတ်ထဲမှာမှတ်ထားလိုက်ပါသည်။ ဆရာမင်းသိခ်သည် ဖဲထုပ်ထဲမှ ဖဲတစ်ချပ်ကိုဆွဲထုတ်လိုက်သည်။ ပြီးမှ ဖဲကို လှန်ပြလိုက်သည်။

"မင်းမှတ်ထားတာ ဒီဖဲလား"

ကျွန်တော် လုံးဝအံ့သြသွားခဲ့သည်။ ကျွန်တော်စိတ်နှင့်မှတ်သောဖဲ

www.burmeseclassic.com

www.burmeseclassic.com

ကို သူက ဆွဲထုတ်ပြနိုင်ပေသည်။ ကျွန်တော် သူ၏ပြောဟောချက်ကို လုံးဝယုံကြည်သွားပါတော့သည်။ ဆရာသည် သူလက်ထဲမှ ဖဲချပ်ကိုချကာ ကျွန်တော် နားမလည်သော အကွေ့အကောက်လေးများကို ဗေဒင်တွက်သလို ဟိုရေးဒီရေးရေးနေပြန်သည်။

"ကဲ - မင်းဘာမေးချင်သလဲ"

"ငါတစ်ခုပဲမေးချင်တယ်။ ငါ ပိုက်ဆံဘယ်လောက်ရမလဲ၊ ဘယ်တော့လဲ"

ဆရာမင်းသိခ်သည် ကျွန်တော် ပြောခဲ့သောစကားကို သူပြန်ပြောရင်း ကျွန်တော့်မျက်နှာကိုကြည့်ကာ -

"မင်းပိုက်ဆံ သိန်း (၁၁၀) ရမယ်။ မကြာဘူး၊ ရလိမ့်မယ်။ ဒါပေမယ့် မင်းရတရာ'(ယတြာ) တော့ချေရလိမ့်မယ်ကိုယ့်လူ"

"ပြောသာပြောပါ၊ လုပ်ရမှာပေါ့"

"မင်း နက်ဖြန် တနလ်ာနေ့ နံနက် (၈း၃၀) မှာအိမ်အဝင်အထွက်မှာ သရက်သီးတစ်လုံးစားရမယ်။အိမ်အဝင်အထွက်ဆိုတာ အပြင်ကိုမရောက်ရဘူးနော်"

"အို - စိမ်လိုက်လေ"

ထိုနည်းဖြင့် ဆရာမင်းသိခ်၏ ဟောပြောချက်ကို ကျွန်တော် ပထမဆုံး အကြိမ် ကိုယ်တွေ့ကြုံခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် အပိုစကားများမပြောတော့ဘဲ အိမ်ကိုတန်း၍ပြန်လာသည်။ အိမ်ရောက်သောအခါ နက်ဖြန် ဆရာပြောသလိုစားဖို့ သရက်သီးရှာရပါသည်။ ရှာတော့မှပင် သရက်သီးလုံးဝမတွေ့ပါ။ ကျွန်တော်သည် ပြန်၍ ငွတွက်လစ်ဈေးသို့သွားပါသည်။ သရက်သီး ယခုပင် ကုန်သွားသည်ဟု ပြောပါသည်။ မည်သို့မျှ ရှာမရသည့်အဆုံး အိမ်ပြန်လာပြီး သရက်သီးဆားရည်စိမ်ကို အသုံးပြုရန် ဆုံးဖြတ်လိုက်ပါသည်။

ဆရာမင်းသိခ်ပြောသောအချို့နဲ့ ပြောသောနာရီကို အတိအကျလိုက်လုပ်နိုင်ခဲ့ပါသည်။ နောက်နှစ်ရက်လောက် အကြာတွင် ကျွန်တော် သယ်နံးကျွန်းသို့သွားပါသည်။ သယ်နံးကျွန်းတွင် ကျွန်တော် အတက်ချီကေ့(စ်)ကိုယူသွားသောမောင်ချစ်မောင်နှင့် ပြန်ဆုံပါသည်။

ကျွန်တော်အခြေအနေမကောင်းကြောင်း သူကြားဟန်တူပါသည်။ တွေ့သည်နှင့် ကျွန်တော့်လက်ကိုဆွဲကာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ခေါ်သွားပါသည်။ လက်ဖက်ရည်ဆိုင်ထဲတွင် တောင်တောင်ဂျိုင်ဂျိုင်စကားများပြောကြသည်။ ပြောပြီးသည်နှင့် အိတ်ထဲမှ ပိုက်ဆံထုတ်ကာ -

"ဆရာ၊ ကျွန်ော်ကန်တော့်တာပါ"

ဟူ၍ ပိုက်ဆံကို ကျွန်တော့်လက်ထဲသို့ထည့်ပါသည်။ ကျွန်တော်လည်း ကိစ္စပြီး၍ပြန်သောအခါ သူပေးသော ပိုက်ဆံကို ရေတွက်ကြည့်ပါသည်။

ဆယ်တန်တစ်ဆယ့်တစ်ရွက်။

ကျွန်တော် မျက်လုံးပြူးသွားပါသည်။ ပိုက်ဆံကို အမျိုးသမီးကိုပေးရင်း ကျွန်တော့်စိတ်ထဲတွင် မအီမသာဖြစ်နေပါတော့သည်။

ကြည့်လေ၊ ဆရာမင်းသိခ်က ငွေသိန်း (၁၁၀) ရမည်ဟု ပြောပါသည်။ ယခု မောင်ချစ်မောင်က ငွေ (၁၁၀) ကန်တော့လိုက်သည်ဟု ဆိုလာပြန်သည်။ ကျွန်တော် မည်သို့နားလည်ရတော့မည်နည်း။

သို့သော် စိတ်ကိုတော့ဖြေပါသည်။ ဘာပဲဖြစ်ဖြစ် တိုက်ဆိုင်တာပဲဖြစ်သည်ဟူ၍ စိတ်ကိုဖြေရပါတော့သည်။ ဆရာမင်းသိခ်ပြောသောရက်များကျော်လွန်လာပါသည်။ မည်သို့မျှငွေမရပါ။ ကျွန်တော်သည် ဆရာမင်းသိခ်ထံသို့ နောက်တစ်ခေါက်ပြန်သွားပါသည်။

ကျွန်တော် သူ့အိမ်ရှေ့လှေကားထိပ်ကိုရပ်လိုက်သည်နှင့် ဆရာမင်းသိခ်က လက်ကာပြလိုက်ပြီး -

"ဟေ့ကောင် ချစ်ဆွေ၊ ငါ့မှားသွားတယ်ဟေ့"

ဟူ၍ ဆီးကြိုပြောပါတော့သည်။

ဆရာ ထိုကိစ္စကို မည်သို့သိသည်ကို ကျွန်တော်မမေးတော့ပါ။ ကျွန်တော်က ငွေတစ်ရာ့တစ်ဆယ်ရရှိကြောင်း၊ သို့ကြောင့် ငွေမရကြောင်းပြောသောအခါ ဆရာမင်းသိခ်က -

"ဟေ့ကောင်၊ မင်းဆီက ငါငွေသိန်း (၁၁၀) ချေးတယ်ကွာ။ ငါက ငွေ (၁၁၀) ပဲ ပြန်ပေးလို့ရမလားကွာ"

ဟု ဆရာက ရှင်းပြပါသည်။

ငွေမရသောကိစ္စမှာ ဆရာမင်းသိခ်က သရက်သီးစားရမည်ဖြေသည်ကို ထိုအချိန်က သရက်သီးရှာမရ၍ သရက်သီးဆားရည်စိမ်သာစားလိုက်ရသည်ကို ကျွန်တော် ဆရာ့အား မပြောဖြစ်ခဲ့ပါ။ သို့ကြောင့် လွဲသွားသည်ဟု ကျွန်တော် ဘာသာကျွန်တော် တွေးမိနေပါသည်။ ထိုအချိန်မှစ၍ ဆရာမင်းသိခ်ထံ ကျွန်တော် အကြိမ်ကြိမ်ရောက်ခဲ့သော်လည်း ဗေဒင်ကို မည်သည့်အခါမျှ မမေးတော့ပါ။

ထို့နောက် ကျွန်တော်သည် ၁၈ (၁၈) ရပ်ကွက်မှအိမ်ကို ရောင်းပါသည်။ ရောင်းရသည့် အကြောင်းမှာလည်း ကျွန်တော် လေဖြတ်သွားသောကြောင့် ဖြစ်ပါသည်။ ကျွန်တော် လေဖြတ်သည့် အားလုံး ကသိလင်တဖြစ်ကုန်ပါတော့သည်။ ထို့ကြောင့် အိမ်ရောင်းရခြင်း ဖြစ်ပါသည်။ အိမ်ငှားပြီးနေရပါသည်။

ကျွန်တော့် အမျိုးသမီးသည် သတ္တိကောင်းသူဟု ကျွန်တော်ပြောခဲ့ပါသည်။ ကျွန်တော်လေဖြတ်သည့်အခါတွင် သူမသည် ကျွန်တော့်ကိုလည်း ပြုစုရသည်။ ကလေးများ၏ကျန်းမာရေးလည်း ဂရုစိုက်ရသည်။ ပြီးလျှင် ဆွေမျိုးကျန်းမာရေးကိုလည်း ပြေးလွှားလုပ်ပေးနေရသည်။ ထိုအလုပ်များကို ပင်ပန်းသည်ဟု မည်သည့်အခါမျှ မငြီးတွားပေ။

၁၈ (၁၈) ရပ်ကွက်ထဲတွင် အိမ်သုံးလုံးလောက်ပြောင်းခဲ့ရသည်။ မြောက် ၁၈ မှာလည်း ကျွန်တော်နေဖူးပါသည်။ သယ်နံးကျွန်းအိမ်တွင်လည်း ပြန်နေသည်။ မည်သည့်နေရာမျှ နေရထိုင်ရသည်မှာ အချိန်မတည့်တော့ပေ။ ဦးအောင်သန်း ကွယ်လွန်တော့မှပင် ငမိုးရိပ်တွင် အတည်တကျပြန်၍ထိုင်ရပါသည်။

ထိုရက်များအတောအတွင်းတွင် ကိုစိုးသိမ်းနှင့်မတွေ့သလို ဆရာမင်းသိခ်နှင့်လည်းမတွေ့ရပါ။ ကျွန်တော်လည်း ကိုယ့်အလုပ်နှင့်ကိုယ် စိတ်မအားမနားဖြစ်နေသည်။

ဆရာမင်းသိခ် သုဝဏ္ဏသို့ပြောင်းရွှေ့လာပြီ ဟူသောသတင်းကိုကြားရပါသည်။ မည်သည့်ကိစ္စမည်သို့ဖြစ်သည်ကို ကျွန်တော်မစုံစမ်းတော့ပါ။ ဆရာမင်းသိခ်ကို တွေ့ရန်သာ စိတ်စောနေသည်။

ဆရာမင်းသိခ်အိမ်မှာ ရေလမ်း ဖြစ်ပါသည်။ လမ်းထဲသို့ဝင်သည်နှင့်မေးလိုက်လျှင် အိမ်ပြခဲ့မှားကား မှားလုပါသည်။ ကျွန်တော် ရေစက်လမ်းကိုဝင်၍ ဆရာ့အိမ်ကို ရောက်သွားပါသည်။ ဆရာ့အိမ်ကို လွယ်လွယ်ကူကူပင် ရောက်သွားပါသည်။

ဆရာမင်းသိခ်အိမ်တွင် လူစည်ကားသောအခါ ကျွန်တော် တွေ့ပါသည်။ ထိုသို့မှာ မောင်ရွှေစွန်ဆိုသူ စာရေးဆရာ ဖြစ်ပါသည်။ မောင်ရွှေစွန်၏ ဦးလေးသည် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းကို ပိုင်

www.burmeseclassic.com

www.burmeseclassic.com

သူများ ဖြစ်ပါသည်။

"ဟော့ - ကိုချစ်ဆွေ၊ ကျွန်တော် ခင်ဗျားသေပြီဆိုလို့ စိတ်မကောင်းနေ တာ"

"ငါမသေဘူး၊ ရေကူးတတ်တယ် ဟဲ့ကွာ"

ဆရာမင်းသိခ်ရော ကျွန်တော် အောင်ရွှေစွန့်တို့ပါ စကားဝိုင်း၍ ပြောနေ ကြသည်။ ထိုအချိန်က အိမ်ဘေးတွင် အခမဲ့ဗေဒင်သင်တန်းဖွင့်ထားသည်ကို ကျွန်တော်သတိပြုမိပါသည်။ ဗေဒင်သင် တန်းဆိုတော့ လူဝင်လူထွက်များလှပါ သည်။

ဆရာမင်းသိခ်နှင့် အောက်ထပ် တွင် ထမင်းစားပြီးသောအခါ အိမ်ပေါ် ထပ်သို့တက်၍ စကားစပြီးပြောကြပါ သည်။ ဆရာမင်းသိခ်သည် ကျွန်တော့် အမျိုးသမီးအကြောင်းကိုပါမေးပါသည်။ ဦးမွားရေးအခြေအနေအကြောင်းလည်း ပါသည်။

"အင်း - အမျိုးသမီးကတော့ နေ ကောင်းတယ်လို့ ဆိုရမှာပေါ့လေ။ ကျွန် တော်ဦးပွားရေးကတော့ မကောင်းဘူး လို့ပြောရမှာပဲ"

"အေးလေ - တဖြည်းဖြည်းတော့ ကောင်းလာမှာပါ။ ရတနာသုံးပါးကို တော့ မမေ့နဲ့ပေါ့ကွာ"

ကျွန်တော်သည် ငါးသုံးလုံးစီးက ရက်တစ်လိပ်ကိုခဲပြီး ပြန်လာပါသည်။ ငါးသုံးလုံးကို ကျွန်တော် ဝယ်မသောက် နိုင်ပါ။ ဆရာမင်းသိခ်အိမ်ရောက်မှပင် သောက်ရသည်ကို ကျွန်တော်မရှက်တမ်း ဝန်ခံပါသည်။

နောက်တစ်နေ့တွင် ကျွန်တော့် သားငယ်က ဆရာမင်းသိခ်အိမ်သို့လိုက် ခဲ့ပါသည်ဆို၍ ကျွန်တော်တို့သားအဖ သွားကြပါသည်။ အကြီးကောင် ကိုမျိုး ပါသည်၊ မပါသည်ကို ကျွန်တော်မမှတ်မိ တော့ပါ။

နံရံတွင် ကြက်နှစ်ကောင်ခွပ်နေ သောပန်းချီကားကိုရေးဆွဲထားပါသည်။ ကျွန်တော့်သားငယ်သည် ထိုပန်းချီကား ကို အလွန်စိတ်ဝင်စားနေပါသည်။ နံရံ တွင် ဆရာဝတ္ထုများကို သေသေချာချာ ကပ်ထားသည်ကို သားက ဂရုမပြုပေ။

ပြီးနောက် ကျွန်တော်တို့အိမ်ပေါ် တက်သွားပါသည်။ ဆရာမင်းသိခ်သည် ခုံတွင်ထိုင်နေပါသည်။ ခုံဆိုသည်မှာ ကျွန်တော်တို့ ထမင်းစားသောခုံမျိုးဖြစ် ပြီး သူ့ပုံစံမှာ လေးထောင့်ဖြစ်ပါသည်။

"ဟေ့ကောင် - ချစ်ဆွေလား"

ကျွန်တော်လည်း သူ့ရှေ့တွင်ဝင် ထိုင်လိုက်ပြီး ကျွန်တော့်သားနှင့် မိတ်ဆက်ပေးလိုက်ပါသည်။

"သား၊ အဲဒါ ဆရာမင်းသိခ်။ သူ ကတော့ ကျွန်တော့်သားငယ် မိုးအောင် ဆွေ"

ဆရာမင်းသိခ်သည် ကျွန်တော့် သားကို သေသေချာချာကြည့်နေပါ သည်။ သို့သော် မည်သို့မျှမပြောပေ။

"မေးလေ၊ ဘာမေးမှာလဲ"

"ဟိုအပြင်မှာချိတ်ထားတဲ့ကြက် နှစ်ကောင်ခွပ်နေတဲ့ပုံဟာ ဘာဖြစ်လို့ ချိတ်ထားတာလဲ ဆရာ"

"ဒါကယ္ဒယ်လွယ်လေးပါ။ အားပါ လို့မာန်ပါလို့ ဒီပုံကိုချိတ်ထားတာပဲ။ တခြားကိစ္စ ဘာမှမရှိဘူး"

သားငယ်က ကျေနပ်သွားသည်။

"ဟိုအိမ်ရှေ့အောက်က အုတ်ဂူ ကကော ဆရာ"

"အဲဒီအုတ်ဂူကတော့ ငါတရား ထိုင်လို့ရှိရင် အဲဒီမှာအေးအေးဆေးဆေး ထိုင်တာပဲ။ တခြားဘာမှမလုပ်ပါဘူး"

သားငယ်သည် - နောက်ထပ်မေး ခွန်းမထွက်လာတော့ပါ။ ကျွန်တော်နှင့် ဆရာမင်းသိခ်တို့သည် ထွေရာလေးပါး ပြောဆိုနေပါသည်။

"ကိုစိုးသိမ်း၊ မလာဘူးလား"

"စိုးသိမ်းက ငါ့ထက်ဇိမ်ရှိတယ်။ သူလာချင်တဲ့အခါလာတယ်၊ မလာတာ များပါတယ်"

ကျွန်တော်သည် ထိုသို့ပြောဆိုပြီး ကျွန်တော်တို့ သားအဖ အိမ်ကိုပြန်ခဲ့ သည်။ ကျွန်တော်သည် ဆရာမင်းသိခ် ထံမှ အကူအညီတစ်ခုတောင်းမည်ဟု စိတ်ကူးမိပါသည်။သို့သော် ငွေရေးကြေး ရေးစကားကို သားရှေ့မှာ မပြောဖြစ်ဘဲ အိမ်ကိုပြန်လာရပါသည်။

သို့သော် ထိုကိစ္စကို ပြောမှဖြစ် မည်ဟု ကျွန်တော် ဆုံးဖြတ်ပါသည်။ ထိုအချိန်တွင် သားကြီးအလုပ်လုပ်နေ သလို သားငယ်လည်း အလုပ်ကိုယ်စီရှိ ပါသည်။ သို့သော် သားကြီးသည် သူ့ အဘ မကွယ်လွန်ခင်ကပင် အိမ်ထောင် ပြုသွားပါသည်။ ကျွန်တော်လည်း သား ငယ်လခဖြင့် ဘဝကို တင်းခံနေရသူ ဖြစ် သည်။ (၂) နှစ်လောက်ကြာသောအခါ သားကြီး အလုပ်ထွက်လိုက်ပါသည်။ သို့သော် ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်တော် မည်သို့မျှ ဝင်မစွက်ပေ။

ဆရာမင်းသိခ်အိမ်သို့ နောက် တစ်ခေါက်ပြန်ရောက်သွားသည်။ ထုံးစံ အတိုင်းလက်ဖက်ရည်ဖြင့်ဧည့်ခံပါသည်။

"ကျွန်တော်ကိစ္စတစ်ခုရှိလို့ ထာ ခဲ့တာပဲ"

"မင်းကိစ္စရှိရင်ပြောလေ ဘာဖြစ် လို့မပြောတာလဲ"

"ကိစ္စကတော့ ငွေငါးရာခန့်လို ချင်တယ်၊ ပြီးတော့ ပြန်ပေးပါ့မယ်"

ဆရာမင်းသိခ်သည် သူ့အကြီးအိတ် ထဲမှငွေကိုဆွဲထုတ်၍ ရေတွက်နေသည်။

"ငါးရာ ဟုတ်လား ရော့"

ဆရာသည် ကျွန်တော့်လက်ထဲ သို့ ငါးရာကိုထည့်လိုက်သည်။ ကျွန် တော်လည်း ကျေးဇူးတင်စွာဖြင့် -

"ကျေးဇူးပဲ သူငယ်ချင်း"

ထိုသို့ပြောပြီး ကျွန်တော်ပြန်လာ ပါသည်။ သူ့ငွေငါးရာကိုလည်းပြန်ဆပ် ရမည်ဟု ကျွန်တော့်စိတ်ထဲတွင် စွဲမြဲစွာ မှတ်သားလိုက်ပါသည်။ သုပရိသတ်ရှေ့ တွင် ဆရာမင်းသိခ်ဟု ခေါ်သော်လည်း ကျွန်တော်ရော ကိုစိုးသိမ်းပါ မရိသတ် ကွယ်ရာတွင် ကိုစိုးသိမ်းက အောင်ထွန်း ဟုခေါ်၍ ကျွန်တော်က ကိုအောင်ထွန်း ဟုသာ ခေါ်ဝေါ်သုံးစွဲလေ့ရှိပါသည်။ ကိုအောင်ထွန်းအနေနှင့် ထိုသို့ခေါ်ဝေါ် သုံးစွဲသည်ကို မည်သည့်အခါမျှကန့်ကွက် ခြင်းမရှိပါ။

ကျွန်တော့်အိမ်တွင် ကြွေရည်ဆိုင် ထွက်ပါသည်။ ကျွန်တော့်သားကြီး မျိုးမြင့်ဆွေက ဦးဆောင် လုပ်ကိုင်ပါ သည်။ သားငယ် မိုးအောင်ဆွေက သူ့ အလုပ်ထဲတွင် စိတ်ဝင်စားနေပါသည်။

ထိုအထောအတွင်း ကျွန်တော် အမေဆုံးသွားပါသည်။ ကျွန်တော့် ယောကျ္ဍမကြီးမဆုံးခင်ကပင် ကျွန်တော့် အဖေဆုံးသွားပါသည်။ ကျေးဇူးရှင်တစ် ယောက်ဆုံးသွားသည်ကို ကျွန်တော် မျက်ရည်လည်ရွဲနှင့်သာ ကြည့်နေရပါ သည်။ ဆုံးသွားသည်မှာလည်း သယ်နိုး ကျွန်းစပြဆေးရုံမှာ ဖြစ်ပါသည်။

အဖေဆုံးသွားသည်ကို ကိုစိုးသိမ်း ကိုသော် လည်းကောင်း၊ ဆရာမင်းသိခ် ကိုသော် လည်းကောင်း ကျွန်တော် အကြောင်းမကြားခဲ့ပါ။

ကျွန်တော့်အမေ ဆုံးပါးစဉ်က ဦးလှဖေလာသည်ဟု ကျွန်တော်သိရပါ သည်။ ဦးလှဖေ ဆိုသည်မှာ ယခု N.L.D ဗဟိုကောင်စီနယ်ကဖြစ်ပါသည်။ အဖေ ဆုံးသောအခါ ဦးလှဖေမလာပါ။ မသိ၍ ဖြစ်ကောင်းဖြစ်နိုင်သလို တခြားကိစ္စ တစ်ခုရှိ၍လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ပိုက်ဆံငါးရာကို အိတ်ထဲတွင်ထည့်ကာ ဆရာမင်းသိခ်နေအိမ်သို့ သွားရောက်ပြန်ပါသည်။ ဆရာမင်းသိခ်တွင် လူငယ်လေးတစ်ယောက်ကို တွေ့ပါသည်။ ရင်းရင်းနှီးနှီး မြင်ဖူးသည်ဟု ထင်ပါသည်။ ကျွန်တော် အတော့်ကိုစဉ်းစားပါသည်။ သို့သော် ခေါင်းထဲတွင် မည်သည့်နေရာမှာ တွေ့ဖူးကြောင်း အဖြေမပေါ် ပါ။ ကျွန်တော်လည်း မနေနိုင်သည့်အဆုံး ဖွင့်၍မေးပါသည်။

"ဒီမှာ - ညီလေး၊ မင်းကို ဘယ်မှာတွေ့ဖူးသလဲမသိဘူး။ ကိုယ်တွေ့ဖူးနေတယ်"

"အစ်ကို့ရုပ်ရှင်တွေဘာတွေကြည့်ဖူးသလား"

"အင်း - ကြည့်ဖူးတယ်"

"ကျွန်တော် ရုပ်ရှင်မင်းသား မင်းဦးလေ"

"ဩော် - အဲ - မင်းဦးကိုး၊ စိတ်မရှိနဲ့နော်"

"ကျွန်တော် စိတ်မရှိပါဘူး၊ သတ်သတ်တောင် ပရိသတ်နဲ့တွေ့ရဦးမယ်။ အခုဟာက ကြုံလို့ဆုံလို့တွေ့ကြရတာ"

ထိုအချိန်တွင် ဆရာမင်းသိခ် ရောက်လာပါသည်။ သူတို့စကားပြောနေသည်ကို အတန်ငယ်စောင့်နေရပါသည်။ ခဏကြာသောအခါ ကိုမင်းဦးတို့ ပြန်သွားပါသည်။

"ကဲ - ဆိုစမ်းပါဦး"

"မဆိုတော့ပါဘူး ဆရာရယ်၊ ဆရာ့ ပိုက်ဆံငါးရာကို လာပြန်ပြီးပေးတာပါ"

ကျွန်တော်သည် ပြောရင်းဆိုရင်း အိတ်ထဲမှပိုက်ဆံကိုထုတ်ယူလိုက်သည်။ ဆရာမင်းသိခ်ကစေ့စေ့ကြည့်ပြီး -

"ငါပေးတုန်းကတည်းက ပြန်ယူဖို့ စိတ်မကူးတာ။ မင်း ဒီငွေကို ငါ့ကိုပြန်မပေးနဲ့၊ နောက်ကိုလည်း လကုန်တိုင်း ငွေတစ်ထောင်လာယူ၊ ဟုတ်လား"

ကျွန်တော်သည် အရမ်းကိုဝမ်းသာသွားပါသည်။ ငွေငါးရာလည်း ကိစ္စမရှိ။ ငွေတစ်ထောင်လည်း ကိစ္စမရှိ။ ကိစ္စရှိသည်မှာ ဆရာမင်းသိခ်က ငွေတစ်ထောင်လစဉ်လာယူ ဟူသောအပြောကြောင်း အရမ်းဝမ်းသာခြင်း ဖြစ်ပါသည်။

ကိုစိုးသိမ်းဘာကြောင့်မလာသည်ကို ကျွန်တော်မေးမည်လုပ်ပြီးမှ မမေးတော့ပါ။ ကိုစိုးသိမ်း ဗေဒင်ဆိုင်ထွက်နေသည်ဟု နောက်မှ ကျွန်တော်ကြားရပါသည်။

ထိုအချိန်တွင် မဂ်လာသတင်းတစ်ခု ကျွန်တော့်ဆီသို့ ရောက်လာပါသည်။ ကိုမင်းဦးနှင့် ရုပ်ရှင်မင်းသမီး ထက်ထက်မိုးဦးတို့ မင်္ဂလာဆောင်သောသတင်း ဖြစ်ပါသည်။ မည်သူကပြောသည်ကို ကျွန်တော် မမှတ်မိတော့ပါ။

ထိုအချိန်က ထက်ထက်မိုးဦးဆိုသည်မှာ ကျွန်တော်တို့အသည်းစွဲရုပ်ရှင်မင်းသမီး ဖြစ်ပါသည်။ ကိုမင်းဦးနှင့် လက်ထပ်ပြီးခါနီးမှာပင် ထက်ထက်မိုးဦးကို ကျွန်တော်တို့ စွဲစွဲမြဲမြဲအားပေးခဲ့ပါသည်။

ဒီနေရာတွင် ကိုစိုးသိမ်းအကြောင်း အနည်းငယ်ပြောချင်ပါသည်။ ကျွန်တော်နှင့် ကိုစိုးသိမ်း အဆက်အသွယ်ပြတ်နေသည်မှာ ကြာပြီဖြစ်ပါသည်။ တစ်နေ့တွင် ကိုဝင်းမောင်တို့အိမ်သို့ ကျွန်တော် ရောက်သွားပါသည်။ ကိုဝင်းမောင်၏ သမီးနှစ်ယောက်စလုံးပင် အလုပ်အကိုင်ရနေပြီ ဖြစ်သည်။

ကျွန်တော် အိမ်ထဲသို့ဝင်လိုက်သည်နှင့် ကျွန်တော်မမျှော်လင့်သော လူတစ်ယောက်ကို တွေ့လိုက်ရပါသည်။

"ဟေ့ - ကိုစိုးသိမ်း"

"ဟာ - ချစ်ဆွေ၊ တို့ချိန်းထားရင် တောင်လွဲနိုင်တယ်နော်။ အခုနေကောင်းရဲ့လား သူငယ်ချင်း"

"အင်း - နေကောင်းတယ်လို့ပဲ ပြောရမှာပေါ့လေ။ မင်းအခုဘာလုပ်နေသလဲ"

"ငါ မင်းသိခ်အားကျလို့ ဗေဒင်ဟောနေတာ။ ဒါပေမယ့် လူတွေမလာပါဘူးကွာ၊ မင်းသိခ်ဆီကိုပဲသွားနေကြတာပဲ"

"ဟား ဟား ဟား"

"မင်းမရယ်နဲ့ ကိုယ့်လူ၊ ငါအမှန်ကိုပြောနေတာ"

"မင်းသိခ်က ဗေဒင်လည်းတွက်တယ်၊ စာလည်းရေးတယ်။ မင်းက စာမှမရေးတာကိုး"

"ငါရေးတော့ရေးချင်တယ်၊ ဒါပေမယ့် ရေးရတာ အဆင်မပြေဘူး"

"နောက်တော့ တဖြည်းဖြည်း အဆင်ပြေသွားမှာပေါ့ သူငယ်ချင်းရယ်။ အခု မင်း (၁၃) ရပ်ကွက်မှာပဲလား"

"အေး - ဒီမှာပဲနေတယ်"

ထိုအချိန်တွင် ဦးဝင်းမောင်မှာ အိမ်ထဲကထွက်လာပါသည်။ ထို့နောက် သူသည် နေရာတွင်ဝင်ထိုင်ကာ -

"ငါ ကိုစိုးသိမ်းကို ဗေဒင်ဟောတဲ့အကြောင်းပြောနေတယ်။ ဆရာမင်းသိခ်မသင်တာတွေတဲ့ ငါသင်ပေးနေတယ်။ ဟုတ်တယ်မဟုတ်လား ကိုစိုးသိမ်း"

"အင်း - ဟုတ်တယ်လို့ပြောရမှာပေါ့လေ"

"မင်းကဘာတွေသင်ပေးနေတာလဲ"

"ဗေဒင်နဲ့မနီးစပ်တဲ့မင်းကိုပြောရင် ဘာနားလည်မှာလဲ"

"အေးလေ၊ ငါကလည်း ဗေဒင်နဲ့ဝေးတာကိုး"

ကျွန်တော်နှင့် ကိုစိုးသိမ်းတို့သည် ကိုဝင်းမောင်အမျိုးသမီး မခင်သိန်းဝင်း (ခ)အဖြူ ချက်ကျွေးသောထမင်းကို စားကြပါသည်။

"ကောင်မလေးတွေ ဘယ်အချိန်ပြန်ရောက်မလဲ"

"ညနေမှ ပြန်ကြမှာလေ။ ဖြူဖြူပြာဆိုရင် အလုပ်ရှိတဲ့အတွက် ဇောတ်တော်နဲ့ပြန်ရမှာမဟုတ်ဘူး"

ကျွန်တော်တို့စားသောက်ပြီးသည်နှင့် ထမင်းဝိုင်းမှစကားဝိုင်းသို့ကူးပြောင်းသွားပါသည်။ ပြီးတော့ ကျွန်တော် အရင်ပြန်ပါသည်။ ကိုစိုးသိမ်းမှာ ကျွန်တော်ပြန်သည်အထိ မပြန်သေးပါ။

ကျွန်တော်သည် လစဉ်လတိုင်း ဆရာမင်းသိခ်အိမ်ကိုသွား၍ ငွေတစ်ထောင်ယူပါသည်။ ငွေတစ်ထောင်ဆိုသည်မှာ ယခုအခြေအနေနှင့်ကြည့်လျှင် မများသော်လည်း သူခေတ်အခါက မနည်းလှပါ။

ကျွန်တော် ထမင်းစားသည့်အခါလည်းစားပါသည်။ တစ်ခါတစ်ရံလည်း ထမင်းမစားဘဲပြန်ခဲ့ပါသည်။ ဒီလိုနှင့် အချိန်တွေ တရွေ့ရွေ့ကုန်သွားပါသည်။ ကျွန်တော်လည်း လေး၊ ငါး၊ ခြောက်လသွားပြီး ပိုက်ဆံယူပါသည်။ ကျွန်တော့်ကိုသာမက အလုပ်သမားများကိုပါ ကျွန်တော့်ကို ပိုက်ဆံပေးရင်း လခထုတ်သည်ဟု ထင်ပါသည်။

ငါးလ၊ ခြောက်လလောက်ကြာသော်အခါ ဆရာမင်းသိခ် ဆက်ဆံရေးများပြောင်းသွားသလားဟု ကျွန်တော် သံသယရှိလာသည်။ သို့သော် ဆက်ဆံရေးပြောင်းသွားသည်ဟု ထင်မြင်ခြင်းမှာ ကျွန်တော့်အထင်နှင့်အမြင်သာ ဖြစ်ပါသည်။

(ဆက်ရန်)

တက္ကသိုလ်ကြည့်သင်း

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ဝင်း(မောရေတံ)
သမိုင်းအထင်ကရကျောက်စာနှင့်
စစ်ကဲကြီးဦးထော်လေး

မွန်ပုဂ္ဂိုလ်ထူးကြီး ဦးထော်လေး(စစ်ကဲဦးထော်လေး)သည် မွန်ပြည်နယ်၏ မြို့တော်ဖြစ်သော မော်လမြိုင်မြို့၏ သမိုင်းကိုပြုစုလျှင်သော် လည်းကောင်း မြန်မာပြည်၏မျက်နှာဖြစ်သော သိုင်္ဂီတရွေတောင်ပေါ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်ရေးသမိုင်းကို ပြုစုလျှင်သော်လည်းကောင်း ချန်လှပ်ထား၍မရစကောင်းပေ။

ပျက်စီးကာ ယိုယွင်းနေသော မော်လမြိုင်မြို့ကို အသစ်တစ်ဖန် တိုးပွားစည်ပင်ရန် ဦးဆောင်ဦးရွက် ကမကထ ပြုလုပ်ခဲ့သလို ရွှေတိဂုံဘုရားကြီး ဌာပနာဖောက် ဖျက်ဆီးခြင်းခံရသည့် အင်္ဂလိပ်အိုးရထက်တွင် ဘိလပ်ရှိုးတိုက်သွားဘုရင်မကြီးထံ စာချွန်ပို့ဆက်သွင်း၍ ဘုရားစေတီကြီးပေါ်တွင် မတရားပြုလုပ်မှုများ ရပ်တန့်စေပြီး ရွှေတိဂုံစေတီတော်ကြီးကို ပြုပြင်ခဲ့သော ပထမဆုံးစောင့်ရှောက်ရသည့် ဂေါပကဘုရားလူကြီးတစ်ဦးလည်း ဖြစ်ပေသည်။

ကျွန်မသည် ဆရာတင်နိုင်တိုး၏ စစ်ကဲကြီးဦးထော်လေးအကြောင်း တစေ့တစောင်းကို ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၂၀၁၂ တွင် ဖတ်ခဲ့ရပြီး သူရမဂ္ဂဇင်း၊ ဇွန် ၂၀၁၃ တွင် စစ်ကဲကြီးဦးထော်လေး၏ဆွေစဉ်မျိုးဆက်များဟု ဖတ်လိုက်ရပြန်သည်။ ဆောင်းပါးနှစ်ပုဒ်လုံးတွင် ဦးထော်လေး၏အတ္ထုပ္ပတ္တိမှာ တိမ်မြုပ်လွန်းသည်ဟု အားမလိုအားမရ ဆရာ၏စေတနာကို တွေ့ရ၊ ဖတ်ရပါသည်။ လူအများစုကြီးက မသိမမီလိုက်သော်လည်း ကျွန်မတို့၏ မွန်ပြည်နယ်နှင့်မော်လမြိုင်မြို့တွင် စစ်ကဲကြီးဦးထော်လေး၏အကြောင်းကို တလေးတစား ရေးသား မှတ်တမ်းပြုထားကြပါသည်။

ထို့ပြင် ဦးထော်လေးကိုယ်တိုင် စိုက်ထူကာ မှတ်တမ်းပြုထားသော ကျိုက်သလ္လဲစေတီတော်အနီး၌ ကျောက်စာတိုင် ရေးသား စိုက်ထူ မှတ်သားထားပြီး ရွှေတိဂုံစေတီတော်အကြောင်းကိုလည်း ဖော်ပြထားပါသည်။ မွန်တိုင်းရင်းသားတို့၏မှတ်တမ်းများနှင့်ဦးထော်လေး၏ ဆောင်ရွက် သာသနာပြုမှုအစုစုကို လေ့လာ မှတ်သား မေးမြန်းစုစည်း၍ ဂုဏ်ပြုလိုက်ရပါသည်။

❑

ဦးထော်လေးသည် ခရစ်နှစ် ၁၇၇၆ ခုနှစ်တွင် ပဲခူးမြို့၌ ဖွားမြင်ခဲ့ပါသည်။ ဘကြီးတော်မင်းလက်ထက်တွင် ဦးထော်လေးအား မင်းကျော်သီဟသူရဘွဲ့ ချီးမြှင့်ခြင်းခံရကာ ဒလမြို့ထိန်းရာထူးဖြင့် မုတ်ကျွန်းကိုစားရသည်။ တို့တေးမြို့ဝန်လည်း ဖြစ်သည်။

အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် သန်လျင်မြို့ဝန်မောင်စပ်ခေါ် သမိန်ဗရူးနှင့် ဓမ္မရက္ခခေါ် ငခွေးငယ်တို့ ဦးဆောင်၍ နိုင်ငံခြားသားတို့ပယောဂကြောင့် တော်လှန်ပုန်ကန်ရာ အင်းဝစစ်ဘုရင်

www.burmeseclassic.com

www.burmeseclassic.com

များဆင်းလာပြီး ငြိမ်ဝပ်အောင် နှိမ့်နင်းခဲ့လေသည်။ ထိုအခါ သမိန်ဗရူးလည်း ထွက်ပြေးရလေသည်။

ဦးထော်လေးသည် သန်လျင်မီးပြမှ ကင်းဝန်ဖိုးမော်င်ငနှင့် ဦးဖိုးစော စသည့် မွန်အကြီးအကဲများနှင့် ရန်ကုန်သန်လျင်၊ တွံတေး၊ ဒလတစ်ဝိုက်မှ မွန်တိုင်းရင်းသားမိသားစု သုံးသောင်းကျော်ကို ဦးဆောင်၍ လေ့အစင်းငါးရာဖြင့် မော်လမြိုင်မြို့သို့ ရှောင်တိမ်းခဲ့လေသည်။

ဤသည့်နှင့်ပတ်သက်၍ မွန်ဒေသများတွင် ပါးစပ်ရာဇဝင်တစ်ခုအနေဖြင့် ယနေ့တိုင် ပြောဆိုနေကြသည်ကို မှတ်သားကြားသိရသည်မှာ -

စစ်ကဲဦးထော်လေးနှင့် ပါလာသောလူတို့သည် လေ့ဖြင့်မော်လမြိုင်သို့ ရှောင်တိမ်းရာတွင် ယခု မုဒုမြို့ နတ်ကတုံးပေါ် ရွာအနီးတွင် သောင်ပြင်ကျယ်ကြီးတစ်ခုကို တွေ့ရှိရလေရာ ဒီရေမရောက်သောနေရာဟု ထင်မှတ်ကာ သောင်ခုံပေါ် တက်၍ ခေတ္တနားနေခြင်း၊ ထမင်းချက်ပြုတ်စားသောက်ခြင်းပြုနေစဉ် ပင်လယ်ပြင်မှဒီရေကြီးသည် ရေတက်နှင့် လျင်မြန်စွာ လိုမ့်ဝင်လာသဖြင့် မွန်တိုင်းရင်းသားအတော်များများ ရေနစ်သေဆုံးကြရာ ဒီရေဘွင် လူအများအပြားနစ်မြုပ်ပြီး ကတုံးလေးများသာပေါ် နေကြသဖြင့် ကတုံးပေါ် ရွာဟု တွင်လျက်ရှိကြောင်း ကြားဖူးမှတ်သားရပါသည်။

ဦးထော်လေးနှင့်အဖွဲ့ မော်လမြိုင်မြို့သို့ရောက်လျှင် မော်လမြိုင်မြို့ဟောင်းကြီး၏ တောကြီးချုံပုတ်များကို ခုတ်ထွင်ရှင်းလင်း၍ မြို့သစ်တည်ထောင်နေထိုင်ကြလေသည်။

ဦးထော်လေး နေထိုင်ခဲ့သော အရပ်ကို စစ်ကဲကုန်း၊ ကင်းဝန်ဖိုးမောင်ငနေသောအရပ်ကို မောင်ငရပ်၊ ဦးဖိုးစော နေထိုင်ရာအရပ်ကို ဖိုးစောကုန်းဟု ယခုတိုင် ခေါ်ဝေါ်သုံးစွဲလျက်ရှိပါသည်။

❑

အင်္ဂလိပ်အစိုးရသည် ကျိုက္ခမီမြို့၌ ရုံးစိုက်နေရာမှ မော်လမြိုင်မြို့၏ စည်ကားမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများကြောင့် ခရစ်နှစ် ၁၈၃၅ ခုနှစ်တွင် မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ရုံးစိုက်သောအခါ မော်လမြိုင်ကို ပြန်လည် တည်ထောင်သော ဦးထော်လေးအား စစ်ကဲရာထူးခန့်အပ်လေသည်။

စစ်ကဲဦးထော်လေးသည် မော်လမြိုင်မြို့၏ကျက်သရေဆောင် ကျိုက်သလ်စေတီနှင့် ရေးဟောင်းစေတီပုထိုးများကို ပြုပြင်မွမ်းမံရင်း နှောင်းလူတို့အတွက် တန်ဖိုးမဖြတ်နိုင်သောကျောက်စာတစ်ချပ်ကို အမိုး၊ အကာလုံခြုံစွာဖြင့် စိုက်ထူခဲ့လေသည်။ကျောက်စာ၏မူရင်းစာလုံးပေါင်းအတိုင်း ဖော်ပြအပ်ပါသည်။

စစ်ကဲကြီးဦးထော်လေး၏ကျောက်တိုင်

❑ *သက္ကရာဇ် ၁၂၃၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် စနေနေ့ စိုက်ထားသည့် အလွန်စည်ပင်သာယာစွာ မြို့ဟောင်းပြည့်ဟောင်းကဲ့သို့ ကုန်းရေမစဲ လေသင်္ဘောများနှင့်။ အများပေါကားရောင်းဝယ်၍။ အလွန်စည်ပင်သာယာရှိမှု။ ၁၂၃၄ ခု အပြောင်းဟံသာဝတီတိုင်နိုင်ငံ။ တောင်အုပ်မြို့ပါ။ အင်္ဂလိတ်မင်းလက်နိုင်ငံဖြစ်၍ စိုးပိုင်သည်။ ရန်ကုန်ဘုရားကိုလည်း။ စစ်ပိုင်ဂေါ်ရာ တူးဖေါ်ဖြက်ဆီးသော့ကြောင့် ကျွန်ုပ် စစ်ကဲကြီး မေါင်ထော်လေး ကြားသိရလျှင် မရွှင်သောမျက်နှာနှင့်။ ဟံသာဝတီသို့ကူးသွားလျှင် ဝိုင်းသွင်အမတ်ကို။ လျှောက်လဲတ်သော အချင်းအရာ။ မြို့မာလူမျိုးတို့သည်။ သာသနာစည်ပင်ထွန်းလင်းမှု အချင်းခပ်သိမ်းစည်ဘင်မည်အကြောင်း။ သတ္တဝါအပေါင်းတို့လည်း။ ကပ်သုဘေးကင်းလွတ်မည့်အကြောင်း။ စာဟောင်းစာတန်းရှိပါသည်ဟုအလွှာနှင့်လျှောက်ရာ။ ငှဲးအလွှာကို။ သော့မကျာဘိလတ်သို့ ပို့ဆက်သည်တွင် တင်လွှာအတိုင်း။ မဆိုင်းမြဲစွာ။ ဘာသာတို့ ကိုးကွယ်မှုမပျက်။ ဇရတ်တရောင်း။ ကျောင်းဘုရား စေတီပုထိုးများကို အဖျက်အဆီးမခံစေရ။ ဖျက်ဆီးလျှင် မည်သည့်လူမျိုးမဆို ထောင်မှာ ၁နှစ်တန်သည် ၂နှစ်တန်သည်။ ထောင်ဒဏ်။ ငွေဒဏ်ထားသင့်လျှင်ထားလိမ့်မည်ဟု အမိန့်ထုပ်ပို့တော်မူသည်။ငှဲးအမိန့်အရံတ်ရတ်နှန့်စတ်၍ ဘုတ်စါအုတ်တို့၌။ထင်ရှားစွာရှိလေသည်။ အမိန့်တော်အတိုင်းမပျက်။ အင်္ဂလိတ်လွှက်မှ။ သာသနာစည်ပင်သာယာကြောင်း။ ငှဲးအထက်ကပင် စည်ပင်ပျန့်ပွား ဘုရားကုန်ကျောင်းတရောင်းပျဿဒ်။ ဇယတ်အုပ်တိုက်။ သိုက်မြို့က်ထင်ပေါ်။ မျှသိန့်စေတီတော်။ ရွှေမြို့မြို့ အပေါ်တွင် စွေးသော်မိသိမ်းမရုပ်။ အဟုတ်တသွန်။ ကွေးကျွန်လည်းမထာရ။ ရွေးတက်ကဲသည် တတံ။ ဆံတော်ရှင်ကျိုက်အသုတ်။ ကျိုက်သံလေါ်သမုတ်သည်။အနန္တာရဆံတော်ရှင်မှာ။ ဇောင်းဒမ်းပင် ၄ဆူ။ တရောင်းမူလေးမှက်နှာ။ အုပ်တိုက်ရော သံမံတလင်းပါ။ ညီညွတ်စွာတည်ပြုထား။ ခေါင်းလောင်းထား ၆၀၀။ ဝင်ငှဲပြင်ကုသိန္နာရုံဘုရားတိုက်တရောင်းတည်ထား၍။ ရောတော်မူဟံဘုရား။ ဝင်းယော်ခေါင်ပျား။ ဆံတော်စစ်။ ပါးပျဘုရားသံလွင်ဂျောင်းပျား။ ကျိုဆောင်းနှင့် ဝဲလှဘုရားစေတီတော်။ အလောတော်ရွှေ့ကပျက်စီးသမျှကို ဘုရားတပြည့်သား။ သဃ်။ လူမည်းဦးရွှေလှနှင့် တဝတည်း တည်းပြုပြင်။ထီးတော်တင်၍ ယခင်ထက်ပြုပြင်ကြောင်း။ ငှဲးပြင် ဘုရားဘုရား။မည်သူ့အာမှု။ မတုည်းဝန်ကျ။ ကျွန်ုပ်ကျော်မ၍ ဦးရွှေ

www.burmeseclassic.com

www.burmeseclassic.com

နှင့်။ အတူတည်လုပ် ပြုစုကြောင်း အရတ်ရတ်စုပေါင်း၍ ဦးကျောက်ထက်အက္ခရာ။ နောင်သာနောင်သား တို့ မှတ်သားစေချင်ငှါ။ ရေးသားထုလုပ်၍ထားစေသည်။ ဣဂပိနာပုညကမ္မေန။ ဝိရိယာဓိက်။ ဘဝါပဟံဗုဒ္ဓတ္တာ၊ ပရမိတိသ။ ပူရေတွာန။ အနာဂတေ။ အဟံကျွန်ုပ်သည်။ ဣဂမိနာပုညေ။ ကမ္မေန။ ဤသို့ အစုစု အရတ်ရတ်ပြုအတ်သား။ ကုသို စေတနာကြောင့်။ ပါရမီတသ။ ပါရမီသုံးဆယ်တို့ကို ပူရေတွာန။ ပြည့်စုံစေပြီး၍။ အနာဂတေ။ နောင်သောအခါ၌။ ဝိရိယာဓိက်။ဝိရိယဖြင့်လွန်မြတ်သော။ ဗုဒ္ဓတ္တာ။ ဘုရားအဖြစ်သို့ ဘဝါမိ။ ဖြစ် ရပါလို၏။ ဗုဒ္ဓတ္တာ။ ဘုရားအဖြစ်သို့။ ပါပုနိတွာ။ ရောက်ပြီး၍။ တိဘဝေ။ ဘဝသုမွါး၌။ ဗဟုမြားစွာ။ ဘဝစရန္တာန်။ ကြင်လည်ကုံသော။ ဇနက်။ သတ္တဝါ။ အပေါင်းကို။ ဓမ္မနာဝါဃ။ တရားတည်းဟူသောလေ့ဖြင့်။ သြဃ်။ သံသရာတည်းဟူသောရေအယဉ်ကို။ ဆေတွာ။ ပြတ်၍ သုခံ ချမ်းသာစွာ။ ပဒံ။ နိဗ္ဗာန်တည်းဟူသော။ ကျေတက်သို့။ တာရေဓိ။ ပို့ဆောင်ကယ်တင်ရပါလို၏။ မေ - ကျွန်ုပ်အား။ ဣမဉ္စ။ ပုညဘာရံဝိ။ ဤကောင်းမှုအဖို့ကို။ မာတာပိတဒ်ပါနိုနောစ။ မိခင်ဖခင်။ အရှင်စိုးမင်း။ မကျင်းဇေအပ်။ ဘုံသုံးရပ်၌ ကျင်လည်ကုံသော။သတ္တဝါတို့သည်။မေအကျွန်ုပ်နှင့်။ သမံ အမျှထပ်တူ။ လဘန္တု တည်ပေသည်။ ကတံ။ ဆည်ဘူး အပ်သော။ ကုသိုလ်အဖို့ကို။ အနုမောဒေန္တု။ နှစ်လိုဝမ်းသာစေတနာနှင့်။ သာဓု သာဓု ခေါ်စေကုံသတည်း။ ။

❑

အထက်ပါ ဦးထော်လေးကျောက်စာသည် မော်လမြိုင်မြို့၏ ကျိုက်သလုံတောင်ထွတ် ကျိုက်သလုံစေတီအပါးတွင် ကြည့်ရှုဖတ်ကြားနိုင်ပါသည်။ထိုကျောက်စာကို ဖတ်ရှုခြင်းအားဖြင့် ဦးထော်လေး၏ စိတ်နေသဘောထားနှင့်တကွ အမျိုးဘာသာသာသနာကို ရဲရင့်စွာစောင့်ရှောက်၍ ဦးဆောင်ဦးရွက်ပြုသည့်အပြင် မိမိနေထိုင်ရာရပ်ရွာစည်ပင်ရေးကိုလည်း ဦးဆောင်ခဲ့ကြောင်း သိရှိရပါသည်။ ဘုရားဆုပန်၍ သတ္တဝါတို့ကို တရားတည်းဟူသောလေ့ဖြင့် သံသရာတည်းဟူသော ရေအလျဉ်ကိုဖြတ်ကူး၍ ချမ်းသာခြင်း နိဗ္ဗာန်ကို ကယ်တင်ပို့ဆောင်ရပါလို၏ဟု ဆုတောင်းပုံ။ မိခင်၊ ဖခင် ကျေးဇူးရှင်နှင့် တိုင်းပြည်အုပ်ချုပ်မင်းတို့မကျန် ဘုံသုံးရပ်၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အား ကျွန်ုပ်၏ ကုသိုလ်အစုစုကို အမျှပေး၊ သာဓုသံလေးကလည်း ချစ်စရာ၊ လေးစားစရာ၊ ဂုဏ်ပြုစရာအဖြာဖြာကို ခံစားရမည် ဖြစ်ပါသည်။

ဦးထော်လေးသည် ဟံသာဝတီဝန်ရှင်မင်းကြီး ဖယ်ရာ၏ လက်မှတ်ဖြင့် ခွင့်ပြုချက်အရ ကျောင်းဒါယကာ ဦးလူးဆိုသူနှင့်တိုင်ပင်ပြီး ရွှေတိဂုံစေတီတော်ကြီးအား ပြုပြင်ဖွဲ့ယိုင်စွမ်းကို ဆောင်ရွက်သည်။ ပြည်သူများထံမှလည်း ဒါန ကုသိုလ်ပါဝင်ရန် နှိုးဆော်ကောက်ခံလေသည်။ ယင်းကဲ့သို့ အလှူဒါန စုဆောင်းကောက်ခံပြီးသော် ၁၈၅၅ ခုနှစ်တွင် စတင်ပြုပြင်သည်။ ပျက်စီးနေသော ရွှေတိဂုံစေတီတော်ကြီး၏အချို့နေရာများတွင် ရွှေအစာထိုးပြုပြင်ရာ ရွှေချိန် တစ်ပိသာလေးဆယ်ကျပ်သားမျှရှိသည်ဟု သိရပါသည်။ ထီးတော်ကြီးကိုလည်း မွမ်းမံပြုပြင်မှုပြုသည်ဟု သိရပါသည်။

စစ်ကဲကြီး ဦးထော်လေးသည် ရွှေတိဂုံစေတီတော်ကြီးအပြင် အနီးပတ်ဝန်းကျင်ရှိ ဆင်းတုတော်ငါးရာကျော်နှင့် အခြားစေတီကိုးဆယ်ကျော်တို့ကိုလည်း ပြုပြင်မွမ်းမံခဲ့လေသည်။ ရွှေတိဂုံစေတီတော်ကြီးအနားရှိ နောင်တော်ကြီးစေတီနှင့် ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီတို့ကိုလည်း ပြုပြင်ရာတွင် ဦးစီးဦးဆောင်ပြုလုပ်ခဲ့သည်။

စစ်ကဲကြီး ဦးထော်လေးသည် ဘာသာသာသနာအတွက် ရဲရင့်စွာဖြင့် ဝိတိုရိယဘုရင်မထံ စာချွန်တင်ပြမှုကြောင့် အင်္ဂလိပ်စစ်သား၊ စစ်ဗိုလ်တို့ ဘုရားဌာပနာတိုက်ကိုဖောက်၍ ဆင်းတုတော်များ၊ ရတနာပစ္စည်းများရှာဖွေယူကြခြင်း၊ ပြုမူကျူးကျော်ခဲ့ကြခြင်း၊ အပြင် မှရံထားသောဌာပနာတိုက်ပေါက်ထွက်သွားခြင်း၊ ရင်ပြင်တော်တစ်ခုလုံး မြင်မကောင်းအောင် ပျက်စီးခဲ့ရခြင်းတို့မရပ်ဆိုင်းသွားရလေသည်။ ထို့ကြောင့် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဆီသည် ၁၈၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဌာပနာတိုက်ဖောက်ထုင်းလှယက်ခြင်းကို ရပ်ဆိုင်းရန် တားမြစ်သည့် အမိန့်စာချွန်တစ်စောင်ကို ထုတ်ပြန်ခဲ့လေသည်။ သူ၏အမိန့်စာတွင် ဘုရင်ခံချုပ်နှင့်တကွ ကောင်စီအဖွဲ့ဝင်လူကြီးမင်းများသည် ဗြိတိသျှစစ်မှုထမ်းများ မြန်မာပြည် ပဲခူးနယ်အတွင်းရှိ စေတီများကို ဖျက်ဆီးနေကြောင်း ဝမ်းနည်းစွာကြားသိရသဖြင့် ဟူ၍ ဖော်ပြထားရာ ထိုစဉ်က ရွှေတိဂုံစေတီတော်၏ ဌာပနာတိုက်ကိုသာမက အခြားအခြားသော စေတီတော်များ၏ ဌာပနာတိုက်များကိုလည်း တူးဖော်ခဲ့ကြောင်း ထင်ရှားလေသည်။

ဘုရင်ခံ၏အမိန့်စာတွင် -

'စစ်တိုက်နေဆဲကာလတွင် ဤကဲ့သို့ ဖျက်ဆီးမှုမျိုးကို လုံးဝတားမြစ်ရန် မဖြစ်နိုင်သော်လည်း. . .'

ဟူ၍ ဖော်ပြထားပြန်ရာ ထိုခေတ်အခါက စစ်၏အခြေအနေကာလ စေတီပုထိုးများ ဖျက်ဆီး၍ အဖိုးတန် ရွှေငွေရတနာများယူဆောင်ကြသည်မှာမဆန်းသော်လည်း စစ်ကဲဦးထော်လေး၏ ပေါက်ရောက်မှုကြောင့် ဇရပ်တန်ဆောင်း ဂူကျောင်းဘုရားစေတီပုထိုးများတို့ကို အဖျက်အဆီးမရှိစေရ။ ဖျက်ဆီးလျှင် မည်သည့်လူမျိုးမဆို ထောင်မှာ တစ်နှစ်တန်သည်၊နှစ်နှစ်တန်သည် ထောင်ဒဏ်၊ ငွေဒဏ်ထားလိမ့်မည်' ဟုအမိန့်ထုတ်ပြန်တော်မူလေသတည်း။

စစ်ကဲကြီး ဦးထော်လေးသည် ခရစ်နှစ် ၁၈၆၉ ခုနှစ်၊ အသက်(၉၃)နှစ် အရွယ်တွင် တွံတေး (ဒလ) မြို့တွင် ကွယ်လွန်အနိစ္စရောက်ရှာလေသည်။

ကျွန်မသည် စစ်ကဲကြီး ဦးထော်လေး၏အကြောင်းကို ပိုမိုပြည့်စုံစွာသိရှိနိုင်စေရန် ပညာရှင်များ၊ သုတေသီများအနေဖြင့် ရှာဖွေဖော်ထုတ်ပေးပါဆိုသော ဆရာတင်နိုင်တို့၏ စစ်ကဲကြီး ဦးထော်လေး ဘဝရှာပုံတော်ကို သိသမျှ လေ့လာထားသမျှ ရေးသားလိုက်ရပါသတည်း။

ခင်ခင်ဝင်း (မောရေဝတီ)

ကျမ်းကိုး -

၁။ မွန်ဘဝလေ့နိဒါန်း

၂။ စစ်ကဲကြီးဦးထော်လေးကိုယ်တိုင် စိုက်ကျောက်စာ

၃။ ယခင်ယခုမော်လမြိုင် ဦးကြီးစိန်၊ ဦးကျင်ဖေ

၄။ လေ့လာရှာဖွေမေးမြန်းခွင့်များ (ကိုယ်တိုင်)

www.burmeseclassic.com

www.burmeseclassic.com

နှင်္ဂဒဝင်းကျော်ခေါင်
(စကားလှုပ်ရှားမှုသမိုင်း)

ထုံကူးပြန့် ကြုံဖူးပလေ

အင်္ဂလိပ်လိုပြောရမည်ဆိုလျှင် Acrobatics.

ထူးခြား ဆန်းကြယ်စွာ လှုပ်ရှားပြသခြင်းဟုဆိုရပါမည်။

မဂ္ဂမဟာပဏ္ဍိတ မကာရလောပ အကျော် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး ရေးသား ပြုစုသည့် မဟာသုတကာရီ မယဒေဝလင်္ကာသစ်ဋ္ဌမှ -

❑ မြွေပွေးမြွေဟောက်၊ မထီစောက်အောင်
ဆိတ်တောက်လွန်ဆိုး လူတိုင်းငြိုး၍
လိမ်းချိုးကြမ်းကြုတ် သတ်ပုတ်ခံရ
ဆင်းရဲကြောင်း။ ။

မြွေများအကြောင်း၊ မြွေများကို လူတိုင်းနီးပါးက သတ်ကြဖြတ်ကြသလို ဖော်ပြထားသော်လည်း လောကတံထွာလူတို့ရွာဝယ် လွန်စွာထူးဆန်း အံ့မခန်းသော အဖြစ်အပျက် အပြုအမူတို့သည်လည်း ပုထုဇဉ်တို့၏ လူရွာလူပြည်လူဘုံ၌ မကြုံစဖူး ထူးကဲစွာ ဖြစ်ပျက်နေသည်ကို ဤဝတ္ထု၏အစ အင်္ဂလိပ်လိုပြောရမည်ဆိုလျှင် Acrobatics ထူးခြားဆန်းကြယ်စွာ လှုပ်ရှားပြသခြင်း သို့မဟုတ် မြွေထုံကူးခြင်း ဟူသည်မှာ သာမန်ပုထုဇဉ်တို့အနေဖြင့်ဆိုသော် စဉ်းတောင်စဉ်းစားဝံ့မည့်အရာ မဟုတ်ပါကြောင်း။

❑

ကျွန်ုပ် စာရေးသူသည် ဝတ္ထုများရေးခြင်း၊ ဇာတ်ညွှန်းများရေးသားခြင်း၊ ဒါရိုက်တာအဖြစ် ဗွီဒီယိုဇာတ်ကားများ ရိုက်ကူးခြင်း စသည့်အလုပ်များလုပ်ခြင်းကို ကျွန်ုပ်ရိုက်ကူးသောဗီဒီယိုများကြည့်ခြင်း၊ ကျွန်ုပ်ရေးသားသော ဝတ္ထုဇာတ်လမ်းများ ဖတ်ရှုခြင်းဖြင့် ကျွန်ုပ်သည် စာရေးဆရာ၊ ဒါရိုက်တာဖြစ်ကြောင်း သိလောက်ကြမည် ဖြစ်ပါ၏။

တစ်နေ့ ကျွန်ုပ် စာရေးသူသည် မြတ်နိုးသူ ဗွီဒီယိုထုတ်လုပ်ရေးပိုင်ရှင် ထုတ်လုပ်သူ ဦးကျော်ဇော်မှ ကျွန်ုပ်အား ချစ်သောမြွေညို့ရှင် အမည်ရှိ ဗွီဒီယိုဇာတ်ကားတစ်ကားကို ဒေးစွန်ပါဘုရားနှင့် ပဲခူးနိုးမတောတွင်းတစ်နေရာ၌သွားရောက်ရိုက်ကူးရန် ငွေများထုတ်၍ပေးသလို သရုပ်ဆောင်များလည်း စီစဉ်ပေးပါသည်။

ဦးကျော်ဇောစီစဉ်၍ ငှားရမ်းပေးခဲ့သောသရုပ်ဆောင်များမှာ -

ဘိုမြင့်ရှိန်၊ ညီဘွား၊ စုလှိုင်နှင်းတို့ ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ် စာရေးသူ ဒါရိုက်တာမှာလည်း သရုပ်ဆောင်များတည်းဖြိုခိုဖြိုစီစဉ်ရသလို စားဖို့သောက်ဖို့လည်း စီစဉ်ရ၏။ ရိုက်ကူးရေးစက်အဖွဲ့ငှားရမ်းရသလို ဇာတ်ပို့ဇာတ်ရံများလည်း ချစ်သောမြွေညို့ရှင်ဗွီဒီယိုဇာတ်လမ်းနှင့်လိုက်ဖက်သော အနုပညာရှင်များကို ငှားရမ်းပြီး ရိုက်တွင်းသို့ခေါ်ဆောင်ရေး တည်းရေးခိုရေး၊ စားသောက်ရေးတို့ကို စီစဉ်ကာ ရိုက်ကူးခဲ့ရပါ၏။

ထိုဇာတ်ကား၌ မြွေဆိုးမြွေဟောက်များလည်းပါရှိလေရာ တိရစ္ဆာန်ရုံမှ မြွေ

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဦးအုန်းညွှန့်ကို သူ၏မြွေများ ကိုပါ ငှားရမ်းစေခဲ့ပြီး ခေါ်ဆောင်ခဲ့ရပါသည်။

မြွေဆရာကြီး ဦးအုန်းညွှန့်သည် ကား သာမန်ပေါ့သေးသေးမြွေဆရာ တစ်ဦးမဟုတ်ပေ။ အဘယ်ကြောင့်ဆို သော် သာမန် မြွေဟောက်၊ ငန်းမြွေ လောက်ကိုက်သည်ကို ဖြုတ်ကိုက်သ လောက်ပဲ သဘောထားသော မြွေဆရာ ကြီး ဖြစ်၏။

မြွေညှို့ရှင်ဒွီဒီယိုဇာတ်ကားရိုက် ချိန်စဉ် ယူဆောင်လာသော မြွေဟောက် တစ်ကောင်မှာ မြွေဆိုးပါ၏။ မြွေဆရာ ကြီး ဦးအုန်းညွှန့်မှာ တစ်ရပ်တစ်ရွာသို့ မြွေဆိုးများယူဆောင်၍ အလုပ်လုပ်ခြင်း သည် ရွာသူများနှောင့်ယှက်နိုင်ကြောင်း၊ အောက်လမ်းနတ်မိစ္ဆာများလည်း ဒုက္ခ ပေးနိုင်ကြောင်း ကျွန်ုပ် စာရေးသူ ဝိုင်းကတာအား ပြောကြားထား၏။

မြွေဆရာကြီး ဦးအုန်းညွှန့်သည် အရက်သောက်တတ်သလို လူပျော်လူ နောက်ကြီးတစ်ဦးပီပီ ရွာသူခေါ် စုန်းမ နှောင့်ယှက်လျှင် ရွာသူအရိုး သွားကြား ထိုးပစ်မည်၊ နတ်မိစ္ဆာနှောင့်ယှက်လျှင် မူ အရက်တိုက်ပြီးပြန်လွှတ်လိုက်မည်ဟု ခပ်ရွှတ်ရွှတ်ပြောတတ်လေ၏။

ဦးအုန်းညွှန့်ဟုခေါ် သည့်မြွေဆရာ ကြီးတင် အရက်သောက်ခြင်း မဟုတ်ပါ။ ဦးအုန်းညွှန့်၏ဇနီး မြွေဆရာမကြီးလည်း အရက်ကိုစွဲမက်စွာသောက်သုံးလေသူ သာ ဖြစ်ပေ၏။

မြွေကိုက်လို့ကတော့ မန်းမှတ် ထားသော ကွမ်းယာအရည်ကို အကိုက် ခံရသောဒဏ်ရာ မြွေစွယ်ရာပေါ် လိမ်း အုံပေးလိုက်သည်သာ ဖြစ်၏။

တစ်ခါကလည်း တော်လှန်ရေး ကောင်စီအစိုးရခေတ် ဖြစ်မည်ထင်ပါ သည်။

အစိုးရ၏ဧည့်သည်တော်ဝန်ကြီး အဖွဲ့မှ တိရစ္ဆာန်ရုံနှင့် မြွေအလမ်းယ် အဖွဲ့၊ မြွေဆိုးမြွေဟောက်များကို လာ ကြည့်ကြ၏။ မြွေဆရာကြီး ဦးအုန်းညွှန့် နှင့် ဦးအုန်းညွှန့်၏ဇနီး (နာမည်မမှတ်မိ တော့၍ မဖော်ပြနိုင်သည်ကို ခွင့်လွှတ် ပါ။) တို့မှ ငန်းစောင်းမြွေကြီးတစ်ကောင် ကိုထုတ်ယူ၍ မြွေအလမ်းယ်ပြပါသည်။

ငန်းစောင်းမြွေကြီးမှာ လွန်စွာ ဒေါသကြီးနေ၏။

ပါးပျဉ်းခွက်လိုက်လျှင်ပင် ဦးအုန်း ညွှန့်၏ဇနီးမျက်နှာကို မီလုမီခင်ဖြစ်၏။ ငန်းစောင်းမြွေကြီးမှာ ဒေါသကြီးလာ ၏။ ဦးအုန်းညွှန့်ဇနီး မြွေဆရာမကြီးမှာ မြန်မာရှေးရိုးထိုင်မသိမ်းအကျီ၊ ထဘီတို့ ဝတ်စားထားပြီး မြွေကြီး၏ပြုတစ်ပြု တစ်လုပ်နေသောမြွေလျှာကို ဆရာမ ကြီး၏လျှာဖြင့်တို့၏။ ပတ်၍ကား၊ နှိုင်းခြားဧည့်သည်တို့ အံ့ဩတုန်လှုပ်ကြ ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာ ငန်းစောင်းမြွေကြီးမှာ မြွေအလမွာယ်ဆရာမကြီး ဦးအုန်းညွှန့်၏ဇနီးအား မာန်ဖိကာ အရှိန်ဖြင့် ပေါက်ချလိုက်၏။ ဦးအုန်းညွှန့်၏ ဇနီးမြွေအလမွာယ်ဆရာမကြီးမှာ သူလက်ဝါးဖြင့်ကာလိုက်သော်လည်း လက်ကောက်ဝတ်ကိုပေါက်မိသွား၏။ သွေးမည်းမည်းများစို့၍ ထွက်ကျလာ၏။

လာရောက် ကြည့်ရှုကြကုန်သော ဧည့်သည်တော်ဝန်ကြီးအဖွဲ့မှာ မျက်လုံးပြူးသွားကြ၏။ ဆေးရုံသို့အမြန်ခေါ်ပြီး မြွေဆိပ်ဖြေဆေးထိုးပေးပါဟု တောင်းဆို၏။

ဤ၌ မြွေဆရာကြီးဦးအုန်းညွှန့်တို့ အကြောင်းမဟားနှစ်ယောက်မှာ ဝန်ကြီးအဖွဲ့အား ပြုံးပြုံးလေးဖြင့် ခေါင်းခါပြလိုက်၏။

ပြီးသော် ဦးအုန်းညွှန့်သည် ဇနီးဖြစ်သူအား ခေါင်းညိတ်ပြလိုက်ရာ မြွေဆရာမကြီးသည် မြွေကိုက်ဒဏ်ရာပေါ်သို့ ကွမ်းယာဝါး၍ထွေးသောအရည်ဖြင့် သုတ်လိမ်းပေးလိုက်၏။

ပြီးသော် ငန်းစောင်းမြွေကြီးနှင့် ဆက်လက်ကပြပြန်၏။

ဤမျှစွမ်းသော မြွေဆရာလင်မယားဖြစ်ပါ၏။

မြွေဆိုး မြွေဟောက်များကို တီကောင်လေးများ ထင်မှတ်လေရော့သလား မသိပါချေ။

ဤကား မြွေဆရာမကြီး၏အစွမ်းအစဖြစ်ပြီး မြွေဆရာကြီးဦးအုန်းညွှန့်၏ အစွမ်းအစကိုလည်း ဆက်ဖတ်ကြည့်ပါ။

ဦးအုန်းညွှန့်သည်ကား ကျွန်ုပ်စာရေးသူ ရိုက်ကူးသော ချစ်သော မြွေညို့ရှင် ဒွီဒီယိုဇာတ်ကားရိုက်ကူးစဉ် ဒေးစွန့်ပါတောင်ရိုးတွင် ရှိစဉ်အခါက တစ်ညတွင် တောင်ခြေတောစပ်မှ ရှိ ရှိ ဟူသော မြွေတွန်သံကြားရလေ၏။

မြွေတွန်သံမှာ သံရှည်ဆွဲ၍တွန်သောအသံ မဟုတ်ချေ။

သံပြတ်ပေး၍တွန်သောအသံပြတ်ဖြစ်၏။

အသံမှာလည်း နှစ်သံဖြစ်၏။

မြွေတွန်သံကို နားထောင်၍ နှစ်ကောင်ဖြစ်သည်ကို မြွေဆရာကြီးသိ၏။ ငန်းစောင်းကြီးနှစ်ကောင် ဖြစ်၏။ မြွေထီး၊ မြွေမဟူ၍လည်း ခွဲခြားပြော၏။

နံနက်လင်းသော် ဦးအုန်းညွှန့်မှာ ကျွန်ုပ်ရိုက်ကူးမည့် SCENE တွင် သူ၏ မြွေကြီးများပါ။ မပါမေး၏။ မြွေခန်းမပါကြောင်း ကျွန်ုပ်ဒါရိုက်တာမှပြောသည်နှင့် မြွေပခြုပ်ကြီးတစ်လုံးထမ်း၍ထွက်သွားပါတော့၏။

ညနေစောင်း၌ ကျွန်ုပ်တို့ ရိုက်ကွင်းသိမ်းချိန်တွင် မြွေဆရာကြီးဦးအုန်းညွှန့်ပြန်လာ၏။ ဦးအုန်းညွှန့် ယူဆောင်သွားသော မြွေပခြုပ်ကြီးအတွင်း၌မူလွန်စွာကြီးမားသော ငန်းစောင်းမြွေကြီးတစ်ကောင်ကို ဖမ်းထည့်လာလေ၏။

"ဒီကောင်ကြီးကို နှစ်နှစ်ခိုင်းပြီးရင် ပြန်ပို့ပေးပါ့မယ်လို့ အာမခံနဲ့ခေါ်လာခဲ့တာ ဒါရိုက်တာရဲ့"

"ဒါနဲ့ ဦးအုန်းညွှန့်ပြောတော့ နှစ်ကောင်ဆို။ မြွေထီး၊ မြွေမဆို"

"ဟုတ်တယ် ဒါရိုက်တာရဲ့၊ အမက ဟိုတယ်တက်ပြီး ရှိုးပွဲသွားနေသလားမသိပါဘူး။ မရှိလို့ ရှိတဲ့အကောင်ကြီးပဲဖမ်းခေါ်လာခဲ့တာ"

အနှီ မြွေဆရာကြီး ဦးအုန်းညွှန့်သည်ကား ကျွန်ုပ်ပြောထားသလို မြွေဆိုး၊ မြွေဟောက်များကို တီကောင်လေးများဖမ်းသလို ဖမ်းခေါ်နိုင်သူဖြစ်ပေတော့၏။

တစ်နေ့နံနက်၌လည်း ကျွန်ုပ်စာရေးသူ ဒါရိုက်တာအဖွဲ့မှ ကျွန်ုပ်၏ ယောက်ဖတစ်ဦးသည် နံနက်ရိုက်ကွင်းထွက်ခိုန်အထိ အိပ်ရာမှမထပါချေ။ ဤသည်ကို မြွေဆရာကြီးဦးအုန်းညွှန့်မှ သိ၏။ မြင်၏။

ဤတွင် ဦးအုန်းညွှန့်သည် ကျွန်ုပ်အား လက်ကာပြ၏။ နေ၊ နေ ဆိုသော သဘောဖြစ်၏။ ဦးအုန်းညွှန့်သည် မြွေရေခွဲအိတ်ဖြင့်ထည့်ထားသော ပါးစပ်ကို နိုင်လွန်ကြိုးဖြင့်ချုပ်ထားသော ကျွန်ုပ်ကားရိုက်ရာတွင် ထည့်သွင်း ရိုက်ကူးသည့် မြွေဟောက်ကြိုးကိုဖမ်းယူလာပြီး လျှင် လွန်စွာအအိပ်ပုတ်နေသော ကျွန်ုပ်စာရေးသူ၏ယောက်ဖအိပ်နေရာစောင်ခြုံအတွင်း စောင်ကို အသာအယာလှန်၍ထိုးထည့်ပေးလိုက်ပါတော့၏။

မကြာပါချေ။

ကျွန်ုပ် စာရေးသူ၏ ယောက်ဖမှာ အမလေးဗျ ဟူသော လွန်စွာကြောက်ရွံ့၍အော်ဟစ်ကာ ခြုံထားသောစောင်ကြီးကိုလှန်၍ တစ်ချီတည်းထွက်ပြေးသွားပါတော့သည်။

စောင်ပုံပေါ်မှာတော့ မြွေဟောက်ကြီးမှာ ပါးပျဉ်းကြီးထောင်၍ ထွက်ပြေးသွားလေသော ကျွန်ုပ်၏ ယောက်ဖကို ခေါင်းတယမ်းယမ်းဖြင့် မျှော်ကြည့်နေလေ၏။

ကျွန်ုပ်တို့ဒွီဒီယိုအဖွဲ့သားအားလုံးတို့မှာ တဟားဟားဟားရယ်မောကြကုန်၏။

မြွေဆရာကြီးဦးအုန်းညွှန့်မှာ ဤမျှလောက် အစအနောက်သန်သူသာဖြစ်ပေတော့၏။

ကျွန်ုပ် စာရေးသူ၏ ဒွီဒီယိုရိုက်ကွင်း၌ မြွေဆိုးမြွေဟောက်များကို သရုပ်ဆောင်များနှင့်အတူရိုက်ကူးရာ၌ မြွေများ၏ပါးစပ်များကိုချုပ်၍ အစွယ်များမပေါ်နိုင်အောင်စီစဉ်ပြီးမှ ရိုက်ကူးကြခြင်းဖြစ်၏။

ထို့ကြောင့် မြွေဆရာဦးအုန်းညွှန့်မှာ -

"စုန်း၊ တစ္ဆေ မောင်မကြောက်၊ ကျပ်ပျိုးမှာတော့ မောင်ကြောက်၏"

ဟု ကဗျာလိုလို၊ စာချိုးလိုလို ရွတ်ဖတ်ပြီးမှ မြွေကိုကိုင်၏။

ကျွန်ုပ်စာရေးသူမှ မြွေအလမွာယ်ဆရာကြီး ဦးအုန်းညွှန့်အား -

"ဦးအုန်းညွှန့်၊ ဘာလဲဗျ စုန်း တစ္ဆေမောင်မကြောက် ကျပ်ပျိုးမှာတော့ မောင်ကြောက်၏ ဆိုတာ ဘာပြောတာလဲဗျ"

"စာရေးဆရာကလည်းဗျာ၊ ကျပ်ပျိုးမှာကြောက်တယ်ဆိုတာ မြွေရဲ့ပါးစပ်မှာချုပ်ထားတဲ့ကြိုးပြုတ်မှာကို ကြောက်တယ်လို့ပြောတာဗျ"

ကဲ - အဲဒီလောက် အစအနောက်သန်လှသူ ဖြစ်ပေတော့၏။

ပြောသည့်အတိုင်းလည်း မြွေဆိုးမြွေဟောက်များကို ကျွန်ုပ်တို့ဒွီဒီယိုရိုက်ကြသည့်အခါတွင် မြွေ၏ပါးစပ်ကို အပ်၏ နဖားပေါက်မှ နိုင်လွန်ချည်ကြိုးဖြင့်ထိုး၍ မြွေ၏ပါးစပ်ကို ဝက်သိုးချုပ်ချုပ်ပြီးမှ ဒီဒီယိုကားရိုက်ကြခြင်းဖြစ်ပေတော့၏။

စဉ်းစားကြည့်လျှင် မြွေအရှင်၏ ပါးစပ်ပေါက်ကို အပ်ဖြင့်ထိုးဖောက်၍ ဝက်သိုးချုပ်ချုပ်ခံရသောမြွေ၏ခံစားရမှုဒုက္ခသည် သေးသေးကွေးကွေးမဟုတ်နိုင်ပါချေ။

လွန်စွာ အသည်းခိုက်မတတ် ခံစားရရှာပေမည်။

မြွေမှာ အပ်ဖြင့် ပါးစပ်ကိုထိုးဖောက်ခံလိုက်ရတိုင်း တွန့်လိမ်ကောင်းကွေးစွာ ကာယကံရဒုက္ခခေါ်ရှဝဲဒုက္ခကြီးကို နှင့်နှင့်နဲနဲခံစားရရှာပေမည်။

ကျွန်ုပ်တို့လူသားများသည် ကိုယ်ချင်းစာတရားခေါင်းပါးကြလေ၏။

ဤပါးစပ်ပေါက်ကို အပ်ဖြင့်ထိုး၍ လျှာပင်မထွက်နိုင်သောမြွေကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဗွီဒီယိုဇာတ်ကားတစ်ကား မပြီးခင်း သူ၏ပါးစပ်ပေါက်ကို မဖွင့်ရဲရှာဘူး။ မြွေသည် လျှာကို ပြူတစ်ပြူတစ် ဖြင့် သူ့သဘာဝအတိုင်းနေတတ်သည်ကို ကိုယ်ချင်းစာတရားကင်းမဲ့စွာ မြွေ၏ ပါးစပ်ပေါက်ကို အပ်ချည်ဖြင့်ချုပ်လိုက်ခြင်းသည် အကုသိုလ်ကြီးလှပေစွ။

ဗွီဒီယိုဇာတ်ကားရိုက်ကွင်းမသွား မီ မြွေဆရာကြီး ဦးအုန်းညွန့်သည် ဗွီဒီယိုဇာတ်ကားတွင် ထည့်သွင်းရိုက်ကူးမည့် မြွေကြီးအားဖမ်းကာ မြွေကြီး၏ဇက်မှ ချုပ်ကိုင်၍ ပါးစပ်လေးအားဖြဟ်ထားစေ၏။

လဲက်ဖက်ရည်ပန်းကန်ကလေးအတွင်း ကြက်ဥအနှစ်များကိုခေါက်၍ ထားကာ အမဲသားတုံးကလေးများကို အတုံးသေးသေးလေးများ စင်းကောတုံးတစ်၍ မြွေ၏ပါးစပ်တွင်းသို့ အမဲသားတုံးသေးသေးလေးများထိုးထည့်လိုက်၊ ကြက်ဥအနှစ်ရည်လေးများကို ဇွန်းသေးသေးဖြင့် ခပ်တိုက်လိုက်ဖြင့်ပြုလုပ်ပေး၏။

အမဲသားကုန်၊ ကြက်ဥနှစ်ကုန်သည်နှင့် ပါးစပ်ကိုချုပ်လိုက်တော့၏။ သရုပ်ဆောင်မြွေကြီးမှာ' အစာဝသေ်လည်း အိပ်စက်အနားယူခွင့်မရှိ။

ဒါရိုက်တာဖြစ်သူကျွန်ုပ်မှ မြွေခန်းဖါသည်ဆိုလျှင် မြွေဆရာကြီး ဦးအုန်းညွန့်သည် သရုပ်ဆောင်မြွေကြီးအား ကျွန်ုပ်စာရေးသူ ဒါရိုက်တာရွှေခေါ်လာပေး၏။ ကျွန်ုပ် စာရေးသူ ဒါရိုက်တာမှ ဤအပင်ကြီးတွင်ပတ်ပါဆို ပတ်၍ပေး၏။ ဤနေရာတွင် လျှောတိုက်ပြေးခိုင်းပါဆိုပြေးရ၏။ ပါးပျဉ်းထောင်ပါဆို မမောနိုင်မပန်းနိုင် ပါးပျဉ်းကြီးထောင်ရဖြန်၏။

ဤ၌ မြွေကြီးအထူးသက်ဆာခွင့်ရသောအကြောင်းတစ်ခုရှိ၏။

ဤအကြောင်းသည်ကား မြွေဆရာကြီးသည် ငန်းမြွေ၊ မြွေဟောက်ကြီးများ၏ အစာသွတ်ရုပ်လုံးရုပ်ကြွကြီးများပါရှိလာလေ၍ သရုပ်ဆောင်နှင့် မြွေကြီး တိုက်ကြ၊ ဖိုက်ကြ၊ ကိုက်ကြသော SCENE များ၌ မြွေကြီး၏အစာသွတ်ဖောင်းကြွရုပ်ကြီးများနှင့် ရိုက်ကူးကြလေ၍ သရုပ်ဆောင်များလည်း မြွေကြောက်သည့်စိတ်သက်သာ၊ မြွေကြီးများလည်း သက်သာခွင့်ရကြခြင်းပင် ဖြစ်ပေတော့၏။ မြွေများအကြောင်းကို မြွေဆရာကြီးဦးအုန်းညွန့်ပြောစကားအရ ဆိုလျှင် မြွေများသည် အပင်ပန်းမခံနိုင် သောသတ္တဝါတစ်မျိုးဖြစ်ကြောင်း၊ အစားအစာစားပြီးလျှင် တစ်နေကုန်ခွေ၍သာ နေတတ်သော သတ္တဝါများသာဖြစ်ကြောင်း သိခဲ့ရလေ၏။

ကျွန်ုပ်သည် ဤချစ်သောမြွေညို ရှင်ဗွီဒီယိုဇာတ်ကား၌ မြွေမင်းသားနှင့် မြွေမင်းသမီးတို့သည် တောတွင်းရှိ မြွေဘုရားလေးသို့ လပြည့်၊လကွယ်ညတိုင်း လာရောက်ကြ၏။ ဘဝဆက်တိုင်းဆက်တိုင်း ပေါင်းသင်းကြရ၍ နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်လက်ထက်တွင် ဘုရားရှင်၏တရားတော်များကို အတူတကွနာယူပြီး အတူတကွပင် ကျွတ်စာမ်းဝင်ရပါလို၏ဟု ဆုတောင်းပတ္ထနာပြုကြသော မြွေချစ်သူ မြွေစုံတွဲဖြစ်၏။

ဤမြွေစုံတွဲကိုမှ မင်းသားနှင့် အပေါင်းပါတစ်စုမှတွေ့မြင်ပြီး မြွေထီးခေါ် မြွေမင်းသားကို သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်မိရာမှ မြွေမင်းသမီးခေါ် မြွေမမှ အချစ်အတွက် မင်းသားနှင့်အပေါင်းပါတစ်စုကို လိုက်လံ ကလဲ့စားချေသတ်ဖြတ်သော ဗွီဒီယိုဇာတ်ကား၏ ဇာတ်လမ်းလေး ဖြစ်၏။

ဤဇာတ်ကား၏ ရိုက်ကွင်းမှ ဒေးစွန်ပါ ဆင်ပုန်းတောရကျောင်းဝန်းကျင်နှင့် တောင်ဆွယ်တောင်တန်းများဝန်းကျင်တွင် ရိုက်ကူးခဲ့ခြင်း ဖြစ်၏။ ဒေးစွန်ပါတောင်နှင့်တောသည် ကမ်းပါးပြတ်ကြီးများရှိ၏။ ချောင်းကြီးရှိ၏။ တောရိပ်များလည်းရှိကာ ကျွန်ုပ်တို့ ဗွီဒီယိုဇာတ်ကားရိုက်ကူးရေးသမားများအဖို့ လွန်စွာကြိုက်နှစ်သက်သော ရှုခင်းရှုကွက်များပင်ဖြစ်ပေတော့၏။

ဆင်ပုန်းတောရကျောင်းဝည် တောရဆောက်တည်သော ဆရာတော်နှင့် သံယာတော်များ၊ တရားအားထုတ်သူများ၊ တရားဘာဝနာအားထုတ်နေထိုင်ရာ သုံတော်ကောင်းတို့နေရာဖြစ်၍ ဆူညံခြင်းပြုရှိမသင့်တော်သောနေရာဖြစ်၏။ ကျွန်ုပ်တို့ ဗွီဒီယိုသမားများ တိတ်တိတ်ဆိတ်ဆိတ်သွားလာလှုပ်ရှားနေထိုင်ကာ အနုပညာအလှုပ်များလုပ်ရခြင်း ဖြစ်၏။

ဆရာတော်ကြီးမှ ကျွန်ုပ်တို့လူစုအား ဆူဆူညံညံမပြုလုပ်ရန် မေတ္တာရပ်ခံထား၏။

အရက်သောက်တတ်သော မြွေဆရာကြီး ဦးအုန်းညွန့်ပင်လျှင် ငြိမ်ငြိမ်ဆိတ်ဆိတ်နေထိုင်၍ အလုပ်လုပ်၏။

ကျွန်ုပ်တို့ဗွီဒီယိုရိုက်ကူးရေးအဖွဲ့ဟူသည်ကား မတစ်ရာသားများဖြစ်ကြ၍လုစုံ၏။ ပုတီးသမားပါသလို ဖဲသမားလည်းပါ၏၊ အရက်သမားလည်းပါ၏။ ကျွန်ုပ်တို့ စာရေးသူ ဒါရိုက်တာ ဟူသည်ကား ဗွီဒီယိုရိုက်ကူးရေးအဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်နေလေ၍ ဤဗွီဒီယိုရိုက်ကူးရေးအဖွဲ့၏ စားဝတ်နေရေးတွင် တာဝန်ရှိသလို မတစ်ရာသားတို့၏ ပြုမှုလုပ်ဆောင်ချက်တို့ကိုလည်း ဗွီဒီယိုရိုက်ကူးနေသောရက်ပိုင်းအတွင်း ခေတ္တခဏတာဝန်ရှိနေလေ၏။

ကျွန်ုပ်တို့ဗွီဒီယိုဒါရိုက်တာဖြစ်ဖြစ်၊ ရုပ်ရှင်ဒါရိုက်တာဖြစ်ဖြစ် အနုပညာရှင်ကြီးကြပ်သူတစ်ဦးသည် ဇာတ်လမ်းပါဇာတ်ဝင်ခန်းတစ်ခန်းရိုက်ကူးတော့မည်ဆိုလျှင် ဤဇာတ်ဝင်ခန်းနှင့် လိုက်ဖက်သော LOCATEION ရှာ၍ ရွေးချယ်ရ၏။ တစ်ဖန် စက်အဖွဲ့နှင့် CAMARA MAN ကို ရိုက်ကူးမည့် Camara Work ကို ညွှန်ကြားရ၏။ သရုပ်ဆောင်များတို့ DIALOGUE ချကာ ကျက်မှတ်စေရ၏။ DIALOGUE အလွတ်ကျက်မှတ်၍ရပြီဆိုမှ သရုပ်ဆောင်ရမည့်အနုပညာရှင်ကို အိုင်တင်ပြောရ၏။

ဤတော့မှ ကျွန်ုပ်ဒါရိုက်တာနှင့် Camara Man တို့မှ ဤဇာတ်ဝင်ခန်းကို စတင်ရိုက်ကူးရခြင်း ဖြစ်၏။

ထိုနေ့က မြွေမင်းသားအဖြစ် သရုပ်ဆောင်ရသည့် ညီဘွားမှာ မြို့မှ လာသောမင်းသား၏ အပေါင်းပါတစ်စုမှသေနတ်နှင့်ပစ်ခဲ့သဖြင့် မြွေမင်းသား ညီဘွားမှာ မြွေမင်းသမီးအဖြစ် သရုပ်ဆောင်သည့် စုလှိုင်နွင်းအား သူသေဆုံးခဲ့ပါက သူ့အား သတ်ဖြတ်ခဲ့သူ လူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

အား သူ့ကိုယ်စား ကလဲ့စားချေပေး ပါရန် မှာကြားပြောဆိုခန်းကို ကျွန်ုပ် စာရေးသူနှင့် Camara Man ဖြစ်သူ မင်းမင်းတို့မှရိုက်ကူးနေကြ၏။

ထိုအချိန်တွင် မြွေဆရာကြီး ဦးအုန်းညွှန့်ထံသို့ ဘုရားကြီးရွာမှ လူငယ် နှစ်ဦး ကသုတ်ကရက်ပြေးလာကြ၏။ အနီးသို့ရောက်သော် ဒေးစွန်ပါဘုရား ကြီးဘက်သို့လက်ညှိုးထိုးပြကာ ပြောဆို ၏။ ဦးအုန်းညွှန့်မှာ ကျွန်ုပ်ထံလာ၍ သူ ၏မြွေကြီးများ သရုပ်ဆောင်ရန်နီးပြီလား ဟုမေး၏။ ကျွန်ုပ်က ခေါင်းခါပြလိုက် လေရာ ဦးအုန်းညွှန့်မှာ ကျွန်ုပ်၏ လက် ထောက်ဒါရိုက်တာလေးအဖြစ် ဆောင် ရွက်နေသော မောင်ထွန်းထွန်းအား တစ်စုံတစ်ခုပြောကြားကာ ခပ်သုတ် သုတ်ထွက်သွားလေ၏။

အချိန်ကား ကျွန်ုပ်တို့ဦဒီယိုအဖွဲ့ သားများ ထမင်းမစားသေးသော နံနက် နာရီဝန်းကျင် ဖြစ်၏။

မြွေဆရာကြီး ဦးအုန်းညွှန့်မှာ ဘုရားကြီးရွာမှ လူငယ်နှစ်ယောက်လာ ခေါ် သွားသောနေရာသို့ရောက်သော အခါ ဆူးပင်အခြောက်ပုံပေါ်တွင် အရှည် ခုနစ်ပေခန့်ရှည်လျားသောမြွေကြီးတစ် ကောင်မှာ သူ၏အမြီးကို သူ၏ပါးစပ်ဖြင့် ပြန်၍ မျိုနေသည်ကိုမြင်တွေ့ကာ ဦးအုန်း ညွှန့်မှာ မြွေ၏စရိုက်၊ မြွေ၏အထာ၊ မြွေ တို့၏လုပ်ဆောင်ချက်များကို နောက္ခေ နေသုပီပီ လူငယ်နှစ်ဦးအား ငြိမ်ငြိမ် ကြည့်နေရန် အချက်ပြလိုက်၏။ ဘုရား ကြီးရွာမှ လူငယ်နှစ်ယောက်မှာ တစ်သက် တွင် တစ်ကြိမ်တစ်ခါမှ မတွေ့မမြင်ဘူး သောကြောင့် မြွေဆရာကြီးဦးအုန်းညွှန့် အချက်ပြသည့်အတိုင်း တိတ်ဆိတ်ငြိမ် သက်စွာဖြင့် ကိုယ့်အမြီးကိုယ်ပြန်မျိုနေ သည့်မြွေကြီးအား အထူးအဆန်းဖြစ် ကာ စူးစိုက်ကြည့်နေလေ၏။

မြွေဆရာကြီး ဦးအုန်းညွှန့်ကိုယ် တိုင်မှာလည်း မြွေပေါင်းစုံကိုကိုင်တွယ် ပွန်းတီးခဲ့သော်လည်း ဤကဲ့သို့ကြားသာ ကြားဘူး၍ လုံးဝမမြင်ဘူး၊ မတွေ့ဘူး သော မြွေထုံကူးခြင်းကို မျက်ဝါးထင် ထင်မြင်တွေ့ကာ ရင်သပ်ရှုမောအံ့သြ ကုန်ခိုင်ဖွယ်ဟူဘိအလား မြင်တွေ့လိုက် ရလေ၍ မျက်လုံးအစုံပင် ပြူးထွက် မတတ် စူးစိုက်ကြည့်နေလေ၏။

"ဆရာကြီး၊ ဒီမြွေကြီးဘာလုပ်နေ တာလဲ"

ဘုရားကြီးရွာမှ လူငယ်တစ်ဦးမှာ မနေနိုင်လို့ထင်၏။ တီးတိုးမေးလာချေ

ပုံ (၁)



ပုံ (၂)

၏။ မြွေဆရာကြီးဦးအုန်းညွှန့်မှ တီးတိုး ပြန်၍ ဖြေ၏။

"မြွေကြီးထုံကူးနေတာ"

"ထုံကူးတယ်ဆိုတာ ဘာကိုပြော တာလဲ"

"ထုံကူးတယ်ဆိုတာ မြွေကြီးဘဝ က မြင့်မြတ်တဲ့ဘဝတစ်ခုကို ကူးပြောင်း ဖို့ ဘာဝနာတစ်ခုပြုနေတယ်လို့ မှတ် ကွာ"

လူငယ်နှစ်ယောက်တို့ အသံတိတ် သွား၏။ ထိုအချိန် မြွေကြီးမှာ သူ့အမြီး ကိုပြန်၍ မျိုရင်းမျိုရင်း မြွေကြီး၏မျက်လုံး နှစ်လုံးတို့မှာ ပြူး၍ပြူး၍ထွက်နေချေ၏။

ထိုအချိန်မှာပင် မြွေဆရာကြီး ဦးအုန်းညွှန့်မှာ ဘုရားကြီးရွာမှ လူငယ် နှစ်ယောက်အား တီးတိုးပြော၍ ဦဒီယို ဇာတ်ကား၏ စတေဓာတ်ပုံများ ရိုက်ကူး သည့် ဓာတ်ပုံဆရာ ကိုအိနိုင်အား သွား ခေါ်ခိုင်း၏။

ဓာတ်ပုံဆရာ စတေမင်းအိနိုင် ရောက်လာသောအခါ မြွေကြီး၏ကိုယ် အမြီးကိုပြန်၍ မျိုနေသည့်မြွေထုံကူးသည့် ဓာတ်ပုံကို ရိုက်ခိုင်းလေ၏။

ဓာတ်ပုံဆရာ စတေမင်းအိနိုင်မှာ လည်း ထူးဆန်းလွန်း၍ မြွေကြီးကိုကြည့် ကာ သူ၏ကင်မရာလေးဖြင့်ရိုက် ယူလေတော့၏။

ဤသို့ဖြင့် မြွေကြီးထုံကူးသည့် သတင်းကို ကျွန်ုပ်တို့ဦဒီယိုရိုက်ကူးသော အဖွဲ့တစ်ဖွဲ့လုံးသိသွားကြကာ မင်းသမီး မင်းသားများအစ ဇာတ်ပို့ ဇာတ်ရန်များ အလယ် Camara Man နှင့် မီးထိုးမှန်ထိုး အလုပ်သမားများအဆုံး လာရောက် ကြည့်ရှုကြကုန်၏။

ကျွန်ုပ် စာရေးသူမှာ မြွေကြီး သတင်းကြားပြီး သွားရောက် ကြည့်ရှု လေ၏။

ဤ၌ မြွေဆရာကြီးဦးအုန်းညွှန့် သည် မြွေများအကြောင်းဂဃနဏ သူပီပီ မြွေကွင်းထိုးကြီးအတွင်း

www.burmeseclassic.com

www.burmeseclassic.com

သစ်ကိုင်းခြောက်ကြိုးကြိုးတစ်ချောင်းကို သေမသာ သွားရောက် ထိုးစိုက်ထားသို့က်၏။

ကျွန်ုပ်တို့ဗီဒီယိုတစ်ဖွဲ့လုံးသိသွား၍ ဤမှပါးစပ်သတင်းပြန့်သလို ဆင်ပုန်းတောရမှ ကျောင်းသားလေးများလည်း သိသွားကြ၏။ ထိုမှ ဆင်ပုန်းယောဂီများသိကြသလို တချို့သော ဦးပဉ္စင်းများလည်း သိကုန်ကြ၏။

အခြိန်မှာ ကျွန်ုပ်တို့ဗီဒီယိုရိုက်ကူးရေးအဖွဲ့ပင် နေဝင်တော့မည်ဖြစ်၍ ဇာတ်ကားရိုက်ကူးရေးနားကြတော့မည်ဖြစ်၏။

ထုံကူးနေသောမြွေကြီးမှာလည်း သူ၏ ကြီးမားရှည်လျားလှသော ကိုယ်လုံးကြီးမှာ စကောအဝိုင်းအကြီးစားမောင်းမှ တဖြည်းဖြည်း သူ့အမြီးကိုပြန်၍ပြန်၍ မျိုရင်းမျိုရင်း လွန်စွာသေးငယ်သော မြွေကွင်းဝိုင်းဝိုင်းလေးသာကျန်တော့၏။

စုစုပေါင်းအခြိန်အားလုံးမှာ နံနက် ကိုးနာရီခန့် (ခန့်မှန်းနာရီ) မှစတင်၍ တဖြည်းဖြည်းချင်းမျိုလာလိုက်သည်မှာ စုစုပေါင်းနာရီ ရှစ်နာရီခန့်အကြာ၌ သေးငယ်သော မြွေဝိုင်းလေးသာကျန်လေတော့၏။

မြွေဆရာကြီး ဦးအုန်းညွှန့်မှာ အကြဲသမားပီပီ မြွေကွင်းထိုးကြိုးထဲသစ်ကိုင်းခြောက်ကြိုးထိုးထည့်ထားလိုက် ခြိန်မှစကာ ရှုတင်ထမင်းလည်း သွားရောက် စားသောက်ခြင်း မရှိတော့ချေ။ မြွေကွင်းထိုးကြိုးအနီးအနား ခပ်လှမ်းလှမ်းမှ တစုံးတစိုက်စောင့်၍ကြည့်ရှုနေလေတော့၏။ သူနှစ်သက်သော သူရာရည်ပင် သောက်သုံးခြင်းမရှိသလို ရေကိုပင် ရေသန့်ဘူးလေးဖြင့်ယူ၍သောက်ကာ စောင့်ဆိုင်းနေလေ၏။

နေလုံးနီနီကြီး ပဲခူးရိုးမတောင်ဆွယ်အနောက်သို့ဝင်ရန် မေးတင်နေပြီဖြစ်၏။

ထိုအခြိန်မှာပင် ဆင်ပုန်းတောရကျောင်းဆရာတော်ကြီးကိုယ်တိုင် မြွေကွင်းထိုးကြိုးရှိရာ မြွေဆရာကြီး ဦးအုန်းညွှန့်စောင့်ဆိုင်းနေသည့်သစ်ပင်အောက်သို့ ရောက်ရှိလာပါတော့သည်။

မြွေဆရာကြီး ဦးအုန်းညွှန့်မှာ ဆင်ပုန်းတောရကျောင်းဆရာတော်ကြီးကိုယ်တိုင် မြွေဆရာကြီးဦးအုန်းညွှန့်ရှေ့မောက်ရောက်ရှိလာလေ၍ မြွေဆရာကြီးမှာ အံ့သြတုန်လှုပ်လေတော့၏။

"ဒကာကြီး၊ သူတစ်ထူးရဲ့ဘဝလွတ်မြောက်ရေးကိစ္စကို ဘာကြောင့် အနှောင့်အယှက်ပြုထားတာလဲ"

"အရှင်ဘုရား၊ တပည့်တော်ဘာလုပ်ထားလို့လဲ ဘုရား"

"မြွေကြီးရဲ့ ထုံကူးပြီးဘဝတစ်ဆင့်မြင့်တက်ဖို့အရေးမှာ ဒကာကြီးလုပ်ထားတာ ဒကာကြီးအသိဆုံးဖြစ်မှာပါ။ ဘုန်းကြီးကို သက်ဆိုင်ရာက အကူအညီလာတောင်းလို့ ဘုန်းကြီးအနေနဲ့ ဒကာကြီးကို လာရောက်မေတ္တာရပ်ခံရတာပါ။ သူလမ်းသူသွားပါစေ ဒကာကြီး"

ဆင်ပုန်းတောရ ဆရာတော်ကြီးမှာ စကားအဆုံး ပြန်လည်ကြွသွားပါတော့သည်။ မြွေဆရာကြီး ဦးအုန်းညွှန့်မှာလည်း ဆရာတော်ကြီး ပြန်လည်ကြွသွားသည်နှင့် ထုံကူးမြွေကြီးအလယ်တွင် ထိုးစိုက်ထားသော သစ်ကိုင်းကြီးအား သွားရောက်ထုတ်ယူလိုက်ပါတော့သည်။

ဦးအုန်းညွှန့် ထုတ်ယူလိုက်၍ မကြာခင်အခြိန် ခန့်မှန်းခြေနှစ်နာရီခန့်အကြာတွင် မြွေကွင်းထိုးကြိုးမှာ ဝုန်းဆိုသောမြည်သံပြုကာ ပျောက်ကွယ်သွားပါတော့သတည်း။

❑ *ကောင်းကျိုးစစ်၍ ကျိုးပြစ်ရှမျော်*
သိမြင်မျော်လော့ သူတော်မဟုတ်
သူယုတ်တို့နှိုက် တစ်ခိုက်မျှဖြင့်၊
ပေါင်းမိသင့်က စိန်နှင့်သံပရာ၊
အဆိတ်စာသို့ မိန္ဓာတိမ်းပါး၊
ယူဖောက်ပြား၍ တရားမလျော်၊
မှားချွတ်ချော်၏၊ သူတော်သူစင်၊
ပညာရှင်တို့ မိန်ကျင်စကာ၊
တစ်ခွန်းကြားက ပတ္တမြားဆံကျိုး၊
အဖိုးပြည်တန်၊ ဓနာန်မုခ၊
တစ်လုံးရသို့ နဂ္ဃဖိုးမဲ့ ကျိုးကဲလွန်၏၊ ကျိုးကဲလွန်၏၊ ကျိုးကဲလွန်၏။

နန္ဒဝင်းကျော်ခေါင်
(ဆတ္တ-သူဌေးညွှန့်)

ပုံ (၃)



ပုံ (၄)

www.burmeseclassic.com

www.burmeseclassic.com

ရတနာဒေဝီ

လှရိုးရှားနေပါပြီ

စာရေးသူသည် ခါတိုင်း ရတနာသုံးပါးနှင့် ပတ်သက်သည့် စာစုများ၊ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သဖြင့် ဘာသာသာသနာနှင့်ဆိုင့်သောအကြောင်းအရာများကိုသာ တင်ပြတတ်ပါသည်။ လိုင်းပြောင်းသွားခြင်း မဟုတ်ပါ။ လတ်တလောဖြစ်ပေါ်နေသည့် သတင်းများကြောင့် ငယ်စဉ်ကကြုံခဲ့ရဖူးသည်ကို အမှတ်ရပြီး စာဖတ်သူများကို သတိထားနိုင်စေရန် မျှဝေကာ ရည်ရွယ် ရေးသားခြင်း ဖြစ်ပါသည်။

စာရေးသူတို့အိမ်သည် ဧရာဝတီမြစ်ကမ်းဘေး မန္တလေးကသာဇန်းမော် သင်္ဘောကြီးများ အစုန်၊ အဆန်ရပ်နားရာသင်္ဘောဆိပ်နှင့်နီးကပ်စွာရှိခဲ့ပါသည်။ ဖခင်၏ အစ်မ အပျိုကြီးများက ဘာသာရေးကို အလေးအနက်ထားပြီး အလှူအတန်းရက်ရောခ၍ ကူညီတတ်သူများဖြစ်ခဲ့ကြပါသည်။ အဆန်သင်္ဘောကြီးညအိပ်ရပ်နားသဖြင့် ခရီးသည်များသင်္ဘောပေါ်မှာ အိပ်စက်ရန် အခက်အခဲရှိလျှင် နှစ်ထပ်အိမ်ကြီးဖြစ်သည့် အဒေါ်တို့အိမ်ကို ရောက်လာတတ်ကြပါသည်။ စစ်ကိုင်း၊ မန္တလေးမှ သီလရှင်များ ဆန်ပေါ်ခိုန်၊ မြေပဲပေါ်ခိုန် အလှူခံရောက်လာတတ်ပါသည်။ အိမ်မှာတည်းခိုချက်ပြုတ်စားသောက်၍ အလှူခံထွက်ကြရာ ဆန်များ၊ ပဲများ ပေါများစွာရရှိသွားတတ်ကြပါသည်။ ထို့ကြောင့်လည်း နှစ်စဉ်ပင် အခိုန်မှန်လာရောက်တတ်ကြပါ၏။ သင်္ဘောဆိပ်နားမှာ တခြားအိမ်များရှိသော်လည်း ဧည့်သည်များကို စာရေးသူတို့အိမ်ကိုသာ ညွှန်ပြတတ်ကြပါသည်။ စစ်ကိုင်းတောင်ရိုးဆန်လှအသင်းမှ ဆန်အိတ်များစုပုံရာအိမ်ဖြစ်ပြီး ဒေါ်ကြီးမှဆန်အိတ်ရေလေးငါးဆယ်ခန့် အလှူခံပေးတတ်ပါသေးသည်။ ဘုန်းကြီး၊ သီလရှင်များ တည်းခိုရန်ဟု စာဆွဲထားပါရန် ပြောကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com

မှတ်မိသမျှ တင်ပြရပါလျှင် ဇနီးမောင်နှံ မြို့တော်မြစိန် နောင်မြို့တော်သိန်းအောင်ဇာတ်မှလူများလည်း ကြားခဲ့ဖူးပါသည်။ မြို့တော်မြစိန် ကွယ်လွန်ခဲ့၍ ဇနီးမောင်သိမ်တော်ကြီးဘုရားပွဲစာချုပ်ကြောင့် မင်းသား သိန်းအောင်၊ လူပြက်ကြီး ဦးပေါစံ ဦးစီးသည့် ဇာတ်အဖွဲ့သားများ သင်္ဘောပေါ် လူပြည့်သွပ်သဖြင့် ညအိပ်စာကြားခိုခဲ့ကြခြင်းပါ။ တိုယ်ချင်းစာစိတ်ဖြင့် အဒေါ်တို့က ကြားခိုခွင့်ပြုခဲ့ပါသည်။ မြန်မာလူမျိုးတိုင်းစာ စိတ်ရင်းကောင်းကြသဖြင့် ကြားခိုခွင့်ရကြပါသည်။

စာရေးသူ (၆) တန်းရောက်တော့ ဦးပဉ္စင်းတစ်ပါးနှင့် ကပ္ပိယနှစ်ယောက် ကြားခိုလာပါသည်။ အချိန်အတော်ကြာတော့ သီလရှင်နှစ်ပါးရောက်လာပြီး ညအိပ်ခွင့်တောင်းပြန်ပါ၏။ သင်္ဘောကနံနက်စောစောမှာထွက်မှာမို့ သင်္ဘောထွက်ချိန်နီးမှ သင်္ဘောဆင်းကြမည်ဖြစ်ပါသည်။

ဦးပဉ္စင်းက ဘုရားကျောင်းဆောင်အောက်မှာ၊ ခြေဝင်း၌ ကပ္ပိယနှစ်ဦးအိပ်ကြပါသည်။ သီလရှင်နှစ်ပါးကတော့ ယောကျ်ားသားများနှင့် ခပ်လှမ်းလှမ်း အိမ်အောက်ဘက်၌ အိပ်ကြပါသည်။

ထိုနေ့ နေ့လယ်ကတည်းက ထောင်ထောင်မောင်းမောင်း၊ အသားညှီညှိုလူကြီးတစ်ယောက် လွယ်အိတ်ကြီးလွယ်ကာ လက်၌ အပ်၊ အပ်ချည်လုံးရောင်စုံများ၊ ပရုတ်ဆီဘူးများကိုင်လျက် ရပ်ကွက်အတွင်း လှည့်လည်ရောင်းချနေပါသည်။ ထူးဆန်းသည်ဟုပြောရ၏ ရပါသည်။ မြို့တွင်းစျေးနှင့် မြို့တွင်းအိမ်ဆိုင်တိုင်းတွင် အလွယ်တကူ ဝယ်ယူနိုင်သည့်ပစ္စည်းများကို မည်သူကမျှ ရွာထဲလှည့်လည်၍ ရောင်းချခြင်းမရှိခဲ့ဘူးပါ။ အပ်သည်ကြီးသည် သင်္ဘောဆိပ်နှင့်နီးရာ ရပ်ကွက်အတွင်း လှည့်လည်ရောင်းချနေပုံရ၍ စာရေးသူတို့အိမ်ရှေ့၌ နှစ်ကြိမ်မျှအော်ဟစ်သွားပါသည်။

အပ်၊ အပ်ချည်တွေ ယူကြဦးလားဗျို့”

ကျွန်မအဒေါ်ငယ်က -

“ဒီလူစိတ်ကောမှန်သေးရဲ့လား။ ဒီလိုမြို့သေးသေးလေးနဲ့ ရပ်ကွက်ထဲမှာလှည့်ရောင်းနေတာ”

ဟု ပြောပါ၊ တော့သည်။

ဒေါ်ကြီးမှ -

“ဩော် - သူလည်း တစ်မြို့ပြီး တစ်မြို့ စျေးရောင်းလာတာဖြစ်မှာပေါ့။ ဝယ်လိုဝယ်ငြားရောင်းမှာပေါ့”

ကျွန်မကတော့ ကျောင်းမှအိမ်စာများပေးလိုက်သဖြင့် ကိုယ့်စာကိုသာပြီးအောင် ရေးနေလိုက်ပါသည်။ ည (၇း၃၀)ခန့်ရှိပါပြီ။ဘုရားကျောင်းဆောင်အောက်မှ ဦးပဉ္စင်းက အဒေါ်ကြီးကို စကားပြောပါတော့သည်။ ကျွန်မအဒေါ်ကြီးက တစ်ခန်း၊ ကျွန်မနှင့်အဒေါ်ငယ်ကတစ်ခန်း အိပ်ရာဝင်ခဲ့ကြတာလေ။

“ဒကာမကြီး၊ ဒကာကြီးရှိသလား။ အိမ်သားကနည်းသလိုပဲပါ”

“ဩော်-ဦးပဉ္စင်း၊ တပည့်တော်မအိမ်ထောင်ရှိပါတယ်။ ညနေက စာကျက်နေတာ တပည့်တော်မသမီးလေးပါ ဘုရား”

“ဒကာကြီးဘယ်သွားနေလဲ၊ မမြင်မိလို့ မေးတာပါ”

“ရပါတယ် ဘုရား၊ တပည့်တော်ယောကျ်ားက စခန်းမှူးပါ ဘုရား။ ည ဂျူတီကျလို့ စခန်းမှာအိပ်မှာပါ။ မနက်မှပြန်ခဲ့မှာပါ ဦးပဉ္စင်း”

အဒေါ်ကြီး၏ ထူးဆန်းသည့်အဖြေကြောင့် အဒေါ်ငယ်က ကျွန်မပါးစပ်ကို လက်ဝါးဖြင့်ပိတ်လိုက်ကာ တိတ်တိတ်နေရန် အမူအရာပြုပါတော့၏။ ကျွန်မနှင့် အဒေါ်ငယ် ရင်တထိတ်ထိတ်နှင့် မည်သည့်အချိန် အိပ်ပျော်သွားမှန်းတောင်မသိတော့ပါ။ ကျွန်မတို့နံနက်ဆွမ်းချက်ရန်ထတော့ ဒေါ်ကြီးက အိမ်ရှေ့တံခါးကို ကန့်လန့်ပြန်ထိုးနေပါသည်။

“သီရင်၊ ဧည့်သည်တွေ ဘယ်အချိန်က သင်္ဘောဆင်းသွားလဲမသိဘူး။ ငါလည်း အိပ်မရလို့ ချောင်းကြည့်တော့ မရှိကြတော့တာနဲ့ အိမ်ရှေ့တံခါးထွက်ပိတ်တာ”

“အေး၊ အေး - ဧည့်သည်လက်ခံကောင်းတာ မင်းနော် မမ။ ဘာမှန်းမသိ ဘယ်ကမှန်းမသိ လာတည်းသမျှလက်ခံလိုက်တာပဲ။ ညကမင်းလိမ်ပြောနေတာလည်း ကြားသားပဲ”

“အေးဟဲ့၊ မဆီမဆိုင် ယောကျ်ားမေးနေလို့ ငါလည်း ကြံရာမရဖြစ်ပြီးဖြေလိုက်တာ။ နောက်ဆို နင်ငြောသလို မေးစမ်းပြီးတော့မှလက်ခံမှဖြစ်တော့မှာ”

နံနက်လေးနာရီထိုးတော့ အညာဆန်သင်္ဘောကြီးမှ ဥဩဆွဲသံပေါ် လာပါတော့သည်။ ဆိပ်ကမ်းဆိုးမြို့ ဗန်းမော်အထိ ဆန်တက်တော့မှာပါ။ ဗန်းမော်ဆိပ်ကမ်းကို နေ့လယ်(၁၂)နာရီမထိုးခင် ဆိုက်ကပ်၍ မန္တလေးကုန်များချပါသည်။ နောက်တစ်ရက် နံနက် (၆)နာရီလောက် ဗန်းမော်မှ မန္တလေးမြို့အထိ စုန်ဆင်းပါမည်။ အစုန်၊အဆန်သတ်မှတ်ထားသော ဆိပ်ကမ်းများကို ဆိုက်ကပ်ရင်း ဧရာဝတီမြစ်ကြီးအတွင်း လူးလာစုန်ဆင်းလိုက်၊ ဆန်တက်လိုက်ဖြင့် သွားတာဝန်ပြီး ဆုံးအောင်ခုတ်မောင်းနေမှာပါပဲ။

နေ့လယ် (၃) နာရီခန့်ရှိပါပြီ။

“ကြီးကြီးလှ၊ ကြီးကြီးလှ၊ မနေ့က အပ်နဲ့အပ်ချည်ရောင်းတဲ့လူကြီးကလေ စုံထောက်တဲ့တော်။ သင်္ဘော ကျောက်တွင်းထဲလည်းရောက်ရော သင်္ဘောပေါ်မှာ ရှုပ်ဖျက်ပြီးလိုက်လာတဲ့ ဓားပြတွေကိုဖမ်းလိုက်တာတဲ့။ ဓားပြတွေက ဘုန်းကြီးလို၊ သီလရှင်လိုဝတ်ထားကြသေးတာ။ ပေါင်မှာ ဓားတွေ၊ သေနတ်တွေချည်ထားတာလို့ပြောနေကြတယ်”

အိမ်ရှေ့မှ ဒေါ်မြမေ အော်ပြောနေပါသည်။ ကြီးတော်ကြီး ဝရန်တာဘက်ထွက်လိုက်ပါ၏။

“ဟေ - ဟုတ်ရဲ့လား၊ ဓားပြတွေအများကြီးလားဟဲ့”

“ဆယ်ယောက်ကျော်လောက်ရှိတယ်တဲ့။ စခန်းကရဲတွေနဲ့ တပ်ကလူတွေလိုက်တာဦးသွားကြသတဲ့”

အဒေါ်ငယ်ကတော့ ‘ကဲ - သိပြီလား’ ဆိုသည့်မျက်နှာပေးဖြင့် အစ်မကို လှမ်းကြည့်လိုက်ပါသည်။ ညနေစောင်း (၆း၃၀)နာရီလောက်တွင် စခန်းမှူးကြီး ရောက်ရှိလာခဲ့ပါသည်။

“ဒေါ်ဒေါ်လှ၊ မနေ့က ဧည့်သည်တွေ လက်ခံထားတယ်ဆို။ အဲသည် ဘုန်းကြီးနဲ့ သီလရှင်တွေက ဓားပြတွေလေ။ အပ်သည်အယောင်ဆောင်လာတဲ့ စုံထောက်ကြီးက ကျွန်တော်တို့စခန်းရောတပ်ပါ သတင်းပေးထားတာ။ သင်္ဘော မထွက်ခင် ကျွန်တော်တို့ ကျောက်တွင်းထဲ ကြိုရောက်နေကြတာ။ သင်္ဘော ကျောက်တွင်းထဲဝင်လာပြီး စက်ရှိန်လျှော့တော့ သင်္ဘောပေါ် တက်ပြီး ဝိုင်းဖမ်းကြရတာ။ ကဲကြီးလို့ ခရီးသည်တွေအန္တရာယ်ကင်းကြတာလေ။ ဓားပြတွေကိုတော့ ဗန်းမော်ရဲစခန်းလွှဲပေးခဲ့ပြီ”

“အေးဟေ့၊ ငါလည်း ခါတိုင်း ဧည့်သည်တွေလိုပဲမှတ်တာကိုး။ မိုးချုပ်တော့မှ ယောကျ်ားရှိလားမေးတော့ကာ ငါကရှိတယ်ဆိုပြီး နင့်နာမည်ပြောလိုက်တာပေါ့။ စခန်းမှူး ဦးချစ်မောင်လို့”

“လုပ်တော့မယ် ဒေါ်ဒေါ်လှတာတော့”

“အေးလေ၊ နင်ကငါ့တူမို့လို့မခြ

www.burmeseclassic.com

www.burmeseclassic.com

လည်း ငရဲမကြီးလောက်ပါဘူး"

ဟု ဒေါ်ကြီးကဖြေရင်း ရယ်နေပါသည်။

စခန်းမှူးကြီးက -

"နောက်ဆို ဧည့်သည်လာတည်းရင် ကျွန်တော့်ကိုပြော။ ကျွန်တော်မရှိရင် စခန်းမှာပြောခဲ့နော် ဒေါ်ဒေါ်လှ"

မြန်မာလူမျိုး၊ မြန်မာတို့စိတ်ဓာတ်က ဒုက္ခရောက်သူ၊ အခက်အခဲရှိသူတို့အား ကူညီတတ်စမြဲပါ။ ရိုးသားသည့် စိတ်ထားရှိသူတို့ကို အမှီပြုခုတုံးလုပ်ကာ ဥပဒေချိုးဖောက်ရန် ကြိုးစားနေသူများ ကျွန်မတို့ငယ်စဉ်ကပင် ကြုံဖူးခဲ့ပါ၏။

ကျွန်မ ပုတီးစိပ်နေစဉ် သမီးက Facebook ပေါ်က ဓာတ်ပုံတစ်ပုံကိုပြပါသည်။ အသက် (၆၀) ကျော်အရွယ် မြန်မာအမျိုးသမီးပါ။

"အဲဒါ ဆရာမကြီးတဲ့။ မြို့ထဲက ပြန်လာတာ၊ အိမ်ကဖုန်းဆက်မေးလို့ ရောက်ခါနီးပြီလို့ဖြေခဲ့သတဲ့။ အခုိန်သာလွန်သွားရော အခု (၂)ပတ်ရှိနေပြီ၊ အိမ်ပြန်မရောက်သေးလို့ ကူညီပါဆိုပြီး စာတင်ထားတယ်။ မေမေလည်း မြို့ထဲသွားသွားနေတာသတိထား"

ဟု ဆိုပါ၏။ ကျွန်မတို့က မြို့စွန်မြို့သစ်မှာနေရတာကိုး။

ကျွန်မက အသက်အရွယ်ကြီး ပင်စင်စားတစ်ဦးပါ။ မြို့ထဲပင်စင်သွားထုတ်လျှင် သားငယ်ကို အဖော်ပြုရပါသည်။ သားငယ်က ရေကြောင်းဦးစီးအနောက်လမ်းမှာ အလုပ်ဆင်းရတော့ ဘဏ်ရှေ့အရောက် ကျွန်မကိုပို့ပြီး အလုပ်သွားသူပါ။ ပင်စင်ထုတ်ရက်တစ်ရက် ကားပေါ်ကအဆင်း လမ်းကူးရန် ကျွန်မ ဝဲယာကြည့်လိုက်ပါသည်။ သားက ကျွန်မလက်ကိုတင်းတင်းဆွဲထား၍ နားမလည်စွာပြန်ကြည့်မိပါ၏။

"မေမေ၊ လှည့်မကြည့်နဲ့နော်။ လမ်းရှင်းနေတာ ကားကမထွက်သွားဘဲ မေမေ့ကိုလှမ်းကြည့်နေတယ်"

(၁၀)မိနစ်လောက်ကြာမှ သားက လက်ကိုလွှတ်ပေးပါသည်။ ကားပေါ်မှာ တုန်းက သားက -

"မေမေ ကိစ္စပြီးရင် အိမ်တန်းပြန်နော်"

ဟု ဆိုပါသည်။ ကားလည်းရပ်ရော ကျွန်မက -

"သားသွားတော့လေ၊ မေမေသွားလိုက်မယ်"

ဟု ပြောမိပါ၏။ ကားလမ်းဘယ်၊ ညာကြည့် ကားရှင်းမှ ဘဏ်ဘက်ကူးခဲ့ပါသည်။ သားကကျွန်မဘဏ်ရှေ့ရောက်မှ ထွက်သွားသည်ကိုမြင်ရပါသည်။ ပင်စင်ထုတ်ရက်မို့ အဘွားကြီး ဘဏ်သွားတာဟု ခန့်မှန်းမိပုံရပါ၏။ ကျွန်မ ဘဏ်သွားတာ ကားဆရာနှင့် ဘာမှ မဆိုင်ပါဘဲ ဘာကြောင့်ကားရပ်ပြီး ကျွန်မကိုကြည့်နေပါလိမ့်။ အကြံအစည် တစ်ခုတော့ရှိနေမှာ သေချာလှပါသည်။ ဘဏ်ရှေ့မှာ ယောကျ်ားတွေတောင် ဖုန်းကအစ အလုခံရတယ်ဟု သတိပေး၍ ကျွန်မသတိကြီးစွာထားပါသည်။ ပင်စင်ကတ်၊ မှတ်ပုံတင်ပါသော အိတ်ကို ဈေးဝယ်အိတ်ထဲထည့်ကာ ရင်ဘတ်၌ခင်းတင်းဖက်၍သွားတတ်သည့် ကျွန်မကို ကလေးတွေက 'ဥစ္စာခြောက်သည်' ဟု စကြပါ၏။ ပြောချင်တာပြောကြပါစေ၊ ကိုယ့်အန္တရာယ်ကင်းအောင် သတိထားမှဖြစ်ပါမည်။

ဘဏ်လာသူ၊ မြို့ထဲလာသူ အဘိုးအဘွားအိုတွေလုံခြုံမှုမရှိပါလား။ သန်သန်မာမာတွေတောင် ဘဏ်ထဲမှာ ငွေအိတ်မ,သွားတာခံကြရတာ၊ နောက်မှ ဘဏ်က စောင့်ကြည့် CCTV ကြောင့် တရားခံမိသွားတော့တာပါ။ လောကၻ မရိုးမသား မကြိုးစားကြဘဲ အချောင်နှိုက်ရန်ကြံသူတွေများလာပါပြီ။ ဘယ်သူတေတေ ငတေမာဖို့ပဲ။ မိဘအရွယ် သက်ကြီးရွယ်အို့များဟု ဂါရဝစိတ်လည်း မရှိကြတော့။ ကိုယ်ချင်းစာစိတ်မရှိဘဲ အလွယ်ရရန်သာ စိတ်စောနေကြပါ၏။ ကားပေါ်မှာ တို့ဆေးမိပြီး ငွေအနှိုက်ခံရသူ၊ ကားလမ်းအကူး ကူညီပေးရင်း ကိုယ့်အိတ်ထဲက ရွှေငွေတွေပါသွားသူများရှိကြပါသည်။

အသိပင်စင်စားဆရာဝန်ကြီးတစ်ဦး ပင်စင်ယူပြီးမှ အိမ်ဆောက်ရန် ဘဏ်မှာငွေသွားထုတ်ပါသည်။ သားက ဖခင်ကိုထားပြီး အပြင်ခဏအထွက် ဖခင်က ထိုင်ရာမထရှိ၍ -

"ငွေထုတ်ပြီးပြီလား"

ဟုမေးတော့ ပြန်မဖြေနိုင်ပါ။ ငှဉ်ကြီးထိုင်နေ၍ ဖခင်ပခုံးကိုလှုပ်ခါပြီးခေါ်တော့မှ သတိဝင်လာပါသည်။ ငွေထုပ်ကမရှိတော့ပါ။အိတ်ကတ်ထဲ၌ ကျောက်ခဲလေးတစ်လုံးသာ တွေ့ရပါတော့၏။ မည်သည့်ပညာဖြင့်အသုံးချ၍ ငွေကိုယူသွားသည်မသိတော့။ ခမျာ ယောကျ်ားကြီးတန်မဲ့ ချုံးပွဲချင့်ခဲ့ရပါသည်။

အညာမှ မန္တလေးစက်ပစ္စည်းသွားဝယ်သူလည်း ဘုန်းကြီးတစ်ပါး အလှူခံ၍ ပါသမျှငွေများသာမက ရွှေများရောင်း၍ ပစ္စည်းဝယ်ရန်ယူသွားသည်ကိုပါ သတိတ်ထဲထည့်ခဲ့သည်တွေ့ကြားဖူးပါသည်။ ဘုရားသားမဟုတ်ပဲ ဘဲ သင်္ကန်းအရေခြုံ၍ ပြစ်မှုကျူးလွန်သွားခြင်းသာဖြစ်ပါသည်။ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးအစစ်မဟုတ်၊ သာသနာကိုအသုံးချ၍ လိမ်လည်ခြင်းဖြစ်ပါ၏။ ကျွန်မတို့က မြန်မာဖြစ်ကြ၍ ဘာသာရေးအလေးထားကြရာ အတုအယောင်နှင့်မတွေ့အောင် ဆုလည်းတောင်းရပါသည်။ မျက်စိရှင်ရှင်ထား၊ သတိဝိရိယစိုက်၍ မိမိကိုယ်နှင့် မိမိပစ္စည်းကို စောင့်ရှောက်နေသော်လည်း လုံခြုံမှုမရှိလှပါ။ လမ်းတကာ၊ နေရာတကာ ကလိမ်ကျစ်တို့က လိမ်ရန်၊ ခိုးရန်၊ နှိုက်ရန် နည်းမျိုးစုံဖြင့် ချဉ်းကပ်နေကြပါသည်။ ထို့ကြောင့်လည်း စကားဆိုလေးတစ်ခွန်းကို မှန်လိုက်တာဟုပြောရမည်လားမသိတော့ပါ။

လူရိုးသည် သရဲ့ငြိုးမှာသာရှိသည်တဲ့။

ယခုခေတ်မှာတော့ - လူရိုးပင်မကျန်နိုင်တော့ပါ။ မြို့ပြင်မီးသင်္ဂြိဟ်စက်တွေက အရိုးတွေကိုဝါးမျိုး၍ ပြာဖြစ်စေလိုက်တာကိုးနော်။

(မှတ်ချက်။ ။ စာရေးသူတို့ ဗန်းမော်ရာဇဝင်ထဲမှ ဝိလာသမင်းသား ပစ်ချခံရသည့်တောင်'ထိုးချ'၊ ဘုရားအလောင်း ငါးကြင်းမင်းဘဝက တံငါးများလိုက်ဖမ်း၍ ဧရာဝတီမြစ်ကိုဆန်ပြေးရာ ကျောက်တွင်းအရောက် သစ္စာပြု၍ ရေများ ကျောက်တောင်ပေါ်လှုံတက်ပေးခဲ့ရာကျောက်တောင် 'ရွှေငါးကြင်းမင်းတက်'၊ မြဝတီရုပ်သံမှာလွှင့်ခဲ့သည့် 'ကြက်တူရွေးနှုတ်သီး' စသည့်နေရာများသည် ကျောက်တွင်းထဲမှာတည်ရှိနေသည့် အမှတ်တရဟု ဆိုနိုင်ပါသည်။ ဗန်းမော်ရောက်ဖူးသူဖြစ်စေ၊ မရောက်ဘူးသူဖြစ်ပါစေ ထိုအမှတ်တရနေရာများ၌ သိသူတို့ အော်ပြောကြ၍ ပြောလွှားကြည့်ကြသည်ချည်းပါပဲ။ မိုးတွင်းအခါ၌ ရေစီးအလွန်သန်၍ သင်္ဘောများ သတိထားခုတ်မောင်းရသည့်ကျောက်တွင်းပါ။ ပျံနေသည့် ဥဒေါင်းငှက်ပင် မြစ်ထဲမှဝဲကြောင့် ရေထဲပြုတ်ကျသဖြင့် 'ဥဒေါင်းဝဲ'ဟု အမည်ရသည့် ဝဲကြီးများကလည်း ကျောက်တွင်းမှာရှိနေကြပါသည်။)

ရတနာဒေါ်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဘက်ကိုယ်ယက် လာဘ်လာဘသိဒ္ဓိဝင်လိပ်အစီအရင်

△ တိုရတနာ-ဆရာဇေယျာလင်း
(ကဏ္ဍပါမိန့်ပြီး ရွှေဆီးဆောင်)

လူလောကၻ လူသားတိုင်းအတွက် အရေးတကြီးလိုအပ်ချက်သုံးရပ်မှာ 'စား၊ ဝတ်၊ နေရေး' ဆိုသော. အရေးသုံးပါး ဖြစ်ပေသည်။ လူသားတို့အသက်ရှင်ရပ်တည်ရေးအတွက် လိုအပ်သည်မှာ လည်း ထိုအရေးသုံးပါးသာတည်း။ ထိုစား၊ ဝတ်၊ နေရေး အရေးသုံးပါးပြည့်စုံရေးအတွက် လူတိုင်း မနက်နေထွက် ညနေနေဝင်သည်အထိ အလုပ်လုပ်ကြရသည်။ ထိုသို့ အလုပ်လုပ်ကြရာ၌ အလုပ်အမျိုးမျိုး ကြိုးစားလုပ်ကိုင်နေကြသည်။ ထိုအလုပ်များကို အဓိကခွဲခြားစိတ်ဖြာလေ့လာကြည့်ပါက ယေဘုယျအားဖြင့် အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းဝန်ထမ်းလုပ်ငန်းတည်းဟူသော ဝန်ထမ်းအလုပ်မျိုးများနှင့် စျေးရောင်းစျေးဝယ်၊ ကုန်သွယ်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများဟု အဓိကလုပ်ငန်းအမျိုးအစား(၂)မျိုးအဖြစ် ပိုင်းခြားသတ်မှတ်နိုင်ပေသည်။ ဤနေရာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ စသည့် ကုန်ထုတ်လုပ်ငန်းများရှိသော်လည်း ယင်းတို့၏နောက်ဆုံးလုပ်ငန်းအဆင့်မှာလည်း ထိုကုန်ထုတ်ပစ္စည်းများကို ရောင်းချခြင်းသာဖြစ်သဖြင့် ယင်းကုန်ထုတ်လုပ်ငန်းသည်လည်း ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းကြီး၏အမျိုးအစားအောက်တွင်သာ တည်ရှိနေပါလေသည်မို့ အထက်တွင်ဆိုခဲ့သည့်အတိုင်း လူတို့စားဝတ်နေရေးအတွက် လုပ်ကိုင်နေကြရသော အလုပ်အမျိုးအစားမှာ အဓိကအားဖြင့် ဝန်ထမ်းအလုပ်နှင့် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းကြီး (၂)ခုသာဖြစ်သည်ဟု ဆိုရလေခြင်းပင်။

ဤနေရာ၌ ဝန်ထမ်းလုပ်ငန်းသည် ပုံမှန်လုပ်ကိုင်ကြရသောလုပ်ငန်းမျိုးဖြစ်ပြီး ဝင်ငွေမှာလည်း သတ်မှတ်ပိုင်းခြားထားသော ရာထူးလုပ်ငန်းတာဝန်အမျိုးအစားအလိုက် လုပ်ခလစာများမှာ ပြောင်းလဲမှုမရှိသော်လည်း ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းမျိုးများမှာမူ မိမိစွမ်းကွက်ဝယ်လိုအားရရှိနိုင်မှု၊ စွမ်းကွက်ချဲ့နိုင်မှု၊ ရောင်းအားကောင်းမှုအပေါ် မူတည်၍ မိမိကြဲစည်လုပ်ကိုင်စွမ်းနိုင်သလောက် အကျိုးအမြတ်မြင့်မားတိုးတက်ရရှိကြီးပွားနိုင်လေသောလုပ်ငန်းမျိုး ဖြစ်ပါသည်။ ထိုသို့ မိမိရောင်းကုန်၊ ထုတ်ကုန်ပစ္စည်းများရောင်းချနိုင်မှုမှာ မိမိ၏ကုန်ပစ္စည်း၊ လုပ်ငန်းကို စားသုံးသူများက စိတ်ဝင်စား နှစ်ခြိုက်အားပေးမှုအပေါ် တည်မှီနေပါလေသည်။ သို့ဖြစ်လေရာ ရာထူးတိုင်း မိမိတို့ရောင်းဝယ်ဖောက်ကားနေသောပစ္စည်းများ၊ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ဖောက်သည်များ၊ သုံးစွဲသူများ စိတ်ဝင်စား နှစ်ခြိုက်ဝယ်ယူအားပေးလာကြစေရန် စွမ်းကွက်ရှာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းများ ပြုလုပ်ခြင်းတို့ဖြင့် စွမ်းနိုင်သလောက် ကြိုးစားလုပ်ကိုင်နေကြပါသည်။

ထိုသို့လုပ်ကိုင်ကြရာတွင် မိမိတစ်ဦးတည်းမဟုတ် မည်သည့်ပစ္စည်း၊ ထုတ်ကုန်အမျိုးအစား၊ ဝန်ဆောင်မှုလုပ်ငန်းများ၌မဆို မိမိနှင့်အပြိုင် အင်အားစုတို့သည်ရှိနေတတ်ကြစမြဲ။ ဤသည်ကား လောကဓမ္မတာတည်း။ ဥပမာပြောရလျှင် ပဲပြုတ်၊ ကွမ်းယာရောင်းခြင်းစသော ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းလေးများမှသည် တိုင်္ဂို၊ ရေခဲသေတ္တာ၊ အဲယားကွန်းစသော လျှပ်စစ်ပစ္စည်းများ၊ မော်တော်ကား၊ ရထား၊ လေယာဉ်ပျံစသော အကြီးစားပစ္စည်းများအထိ ထုတ်လုပ်သောနိုင်ငံ၊ တံဆိပ်အမျိုးအစား (brands) များပြားလှစွာ သူထက်ငါနယ်ပယ်အသီးသီး၊ ပစ္စည်းအမျိုးမျိုးတို့ကို အပြိုင်အဆိုင် ရောင်းဝယ်ဖောက်ကားနေကြသည်သာဖြစ်ပေသည်။

သို့ဖြစ်ရာ ဤသို့ အပြိုင်အဆိုင် လုပ်ကိုင်နေရသော လောကကြီးတွင် သူများထက်ကိုယ်ညံ့လျှင် ကိုယ်ခံ၊ ကိုယ်ကုန်ရစ်ခဲ့ပေမည်။ သို့ဖြစ်ရာ သူများနှင့်ယှဉ်လျှင် စားသုံးသူများ၊ ဖောက်သည်များ ကိုယ့်ဘက်ပါ ကိုယ့်ဘက်ကာပြီး ကိုယ့်ကုန်ပစ္စည်း၊ ကိုယ့်လုပ်ငန်း၊ ကိုယ့်ဝန်ဆောင်မှုလုပ်ငန်းများကို ဝယ်ယူနှစ်ခြိုက်အားပေးပြီး အရောင်းအဝယ်တွေကောင်း လာဘ်လာဘတွေဝင်လာကြီးပွားချမ်းသာတိုးတက်ပြီး အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်စေမည့် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင်တစ်ခုကို မေတ္တာရှေ့ထားလျက် ကျွန်ုပ်ယခု ရေးသား တင်ပြပေတော့အံ့။ ထိုအစီအရင်သည်ကား ယခုဆောင်းပါးခေါင်းစဉ်ပါ-

'ကိုယ့်ဘက်ကိုယ်ယက် လာဘ်လာဘသိဒ္ဓိဝင် လိပ်အစီအရင်' ဖြစ်ပါလေသည်။

လိပ်ဆိုသောသတ္တဝါအမျိုးအစားသည် သူသွားလာလှုပ်ရှားရာတွင် သံဘောင်ပေါ်၊ မြေပြင်ပေါ် သွားလာလှုပ်ရှားရာ၌ သူခန္ဓာကိုယ်ရှိ ခြေ၊ လက်လေးချောင်းလုံးတို့ကို သူဘက်ကိုယက်ပြီးမှ ရှေ့သို့ရွေ့လျားသွားလာသောသဘာဝမျိုးဖြစ်ပေသည်။ သို့ဖြစ်သော်ကြောင့်လည်း တစ်စုံတစ်ယောက်သော သူက သူတစ်ပါးထင်မြင်ဝေဖန်ချက်ကို ဂရုမထားဘဲ ကိုယ်လိုချင်တာကိုယ် တစ်ယူသန်ဆွဲယူပြောတတ်သောလူမျိုး၊ သူများအကျိုးစီးပွားကိုမကြည့်ဘဲ 'ဘယ်သူသေသေငတေမာရင်ပြီးရော'ဟူသော သဘောမျိုးဖြင့် ကိုယ့်အတွက်အကျိုးစီးပွားဘက်သို့သာ ဆွဲယူပြောဆိုလုပ်ကိုင်လေ့ရှိသူမျိုးများကို အများက 'ကိုယ့်ဘက်ကိုယ်ယက်တဲ့လူ' ဟု လိပ်နှင့်ခိုင်းနှိုင်းယှဉ်ထား ဥပမာပေး၍ ပြောဆိုလေ့ရှိတတ်ကြပေသည်။ ထိုလိပ်သတ္တဝါတို့၏ ကိုယ့်ဘက်ကိုယ်ယက်တတ်သောသဘောအဓိပ္ပာယ်ဟိတ်ဗျူဟတ်ကိုယူကာ သူများနှင့်ယှဉ်၍ ကိုယ့်ဘက်ကိုယ်ယက်ယူဆွဲယူလိုက်သကဲ့သို့ ကိုယ့်ဘက်ကို သူတစ်ပါးကပါလာပြီး လုပ်ငန်းများအောင်မြင်အဆင်ပြေတိုးတက် လာဘ်လာဘတွေတိုးစေ၊ ဖြိုးဝေနိုင်သော ဂန္ဓာရီဝိဇ္ဇာမယအစီအရင်များမို့ ဤကဲ့သို့ 'ကိုယ့်ဘက်ကိုယ်ယက် လာဘ်လာဘသိဒ္ဓိဝင်လိပ်

www.burmeseclassic.com

www.burmeseclassic.com

အစီအရင်' ဟု ဓာတ်သက်ဝင် လိပ်အစီအရင်ထူး ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပေတော့သည်။

'လာဘ်' နှင့် 'လိပ်' သည် ပမဋ္ဌပညတ် ဓာတ်တူနံတူများဖြစ်ကြသည်။ ထို့အပြင် မိမိလုပ်ငန်း၏ လုပ်ဖော်ကိုင်ဖက်၊ မိမိကုန်ပစ္စည်း၊ ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲ အားပေးကြမည့် စားသုံးသူများ၊ ဖောက်သည်များသည်လည်း 'လူများသာဖြစ်ကြပေရာ အနှီ 'လူ'၊ 'လာဘ်'၊ 'လိပ်'တို့သည် အမည်ပညတ်ဓာတ်တူနံတူများ ဖြစ်ကြပေသည်။ ထို့အပြင် ဒဏ္ဍာရီပုံပြင်အရ လိပ်သည် သူထက်မြန်ပါသည်၊လျင်ပါသည်ဟူသော ယုန်သတ္တဝါကိုပင် အနိုင်ယူခဲ့သဖြင့် လိပ်သည် 'အောင်နိမိတ်' ကိုလည်း ဆောင်ပေသည်။ ယှဉ်ပြိုင်လျှင် ကိုယ်ထက်သာလျှင်ပင် နိုင်ရမည်ဟူသော အတိတ်နိမိတ်ဟိတ်ဓာတ်ရှိသောသတ္တဝါမျိုးလည်းဖြစ်ပေသည်။ ထို့ကြောင့် ဤ'ကိုယ့်ဘက် ကိုယ်ယက် လာဘ်လာဘသိန္ဓိဝင်လိပ်အစီအရင်' သည် ကိုယ့်ဘက်ကိုယ်ယက် သပ်၍ယူလိုက်သကဲ့သို့ လုပ်ငန်းအကျိုးအမြတ် လာဘ်လာဘများ ဝင်လာမစဲတသဲသဲဖြစ်စေနိုင်သော 'အောင်အတိတ်၊ အောင်နိမိတ်၊ အောင်ဓာတ်အောင်လာဘ်များ' ရရှိအောင် စွမ်းဆောင်ပေးနိုင်သော အစီအရင်ထူးတစ်ခုဖြစ်ပါလေသည်။



ကိုယ့်ဘက်ကိုယ်ယက် လာဘ်လာဘသိန္ဓိဝင်လိပ်အစီအရင်

စီရင်နည်း

၁။ ဤအစီအရင်ကို ဗုဒ္ဓဟူးနေ့လည်းဖြစ်၊ ပြဿဒါးလွတ်သောရက်မျိုးဖြစ်သည့်အပြင် လဆန်းရက်ကာလများလည်းဖြစ်ရမည်။ အဝင်နက္ခတ်၊ သိန္ဓ (သို့မဟုတ်) အမြတ္တစုတ်ကြိုက်သော



www.burmeseclassic.com

www.burmeseclassic.com

ကာလ၊ (ပထဝီဆိုန်ဖြစ်လျှင် ပိုကောင်း၏) ဖြစ်ရမည်။

၂။ စီရင်သောအခါ ဘုရားရှင်နှင့် ရှင်သီဝလိရဟန္တာအရှင်မြတ်ကြီးတို့ကို တန်တော့ပွဲတစ်ပွဲစီပေးရမည်။

၃။ စီရင်ရာ၌-

(၁) ဦးစွာ လိပ်ပုံကို ရေးဆွဲပါ။ ရေးဆွဲစဉ်ကာလအတွင်း အစီအရင်အရံ ငါးထာကို မပြတ်ရွတ်နေရမည်။

(၂) ပြီးလျှင် လိပ်ကျောဘက် အကွက်ကြီးများအတွင်း၌ ဖော်ပြပါ အတိုင်း ၈-ခ-ဗ-၀ စမကြီးတို့ကို ရေးသွင်းပါ။

(၃) ပြီးလျှင် ထိုစ-ခ-ဗ-၀စမကြီး လေးလုံး၏ နဂင်းအကွရာစမလေးလုံးတို့ကို အစဉ်အတိုင်း လက်ယာရစ်ရေးသွင်းပါ။ ထိုသို့ရေးသွင်းရာ၌ -

စ-အက္ခရာရေးသွင်းလျှင်-
စက္ခုမာစရ မာစိက္ကော
ဟု လည်းကောင်း
ခ-အက္ခရာရေးသွင်းလျှင်-
ခမွညု ခမွသာမိကော
ဟု လည်းကောင်း၊
ဗ-အက္ခရာရေးသွင်းလျှင်-
ဗလုပေတောဗလဒရော
ဟု လည်းကောင်း၊
၀-အက္ခရာရေးသွင်းလျှင်-
၀ရဒေါဒေတုမေ၀ရံ
ဟု လည်းကောင်း အသီးသီးရွတ်၍ ရေးသွင်းပါ။

(၄) ပြီးလျှင် အောက်ပါ အရံငါးထာဖြင့် လက်ယာရစ်ရေး၍ ရံပါ။

ဃဉ္စံ သီဝလိစ မဟာလာဘံ သဗ္ဗ လာဘံဘဝိဿတိ၊ ထေရဿ အာနုဘာဝေန သဗ္ဗေဟောန္တု ဝိယံမမ၊ နမော သီဝလိရာဇဟေဝိလာဘံ။

(၅) ပြီးလျှင် အစီအရင်ကို အောက်ပါ အဟိန်းဂါထာများဖြင့်စုတ်ပါ။

ဃသြောင်း - နမောသိဒ္ဓိသီဝလိ ဆာဇာ ဇေဟိမေတ္တာ ဇေဟိကရုဏာ ဇေဟိ ဆာဘာ ဇေဟိနာနာဝဏ္ဏကာ၊ သြောင်း ဒေဟိ ဒေဟိ၊ သကလသရီယံ၊ ဇမ္ဗုဒီပါ ဒီယံမမ၊ ယောဂ္ဂတ္တိယောဝါ၊ ပုရိသောဝါ သဗ္ဗေဒေဝါ၊ ဇေတေန သစ္စဝဇ္ဇေန ဆောန္တု မေ ဇယမင်္ဂလံ - (၃၇) အုပ်။

အထက်၌ဖော်ပြခဲ့သော အရံငါးထာဖြင့် (၁၀၈) အုပ်စုတ်။

(၆) သိဒ္ဓိတင်ခြင်း၊ အင်းစောင့်သွင်း၊ အစောင့်ချုပ်၊ အင်းပစ်သွင်းခြင်းတို့ကို အင်းစီရင်နည်းအတိုင်း ပြုလုပ်ပါ။

၄။ အစီရင်အား ဆောင်ပုံဆောင်နည်းမှာ -

အစီအရင်ကို ကြေးပြား၊ ငွေပြား၊ စက္ကူတို့တွင် စီရင်နိုင်ပါသည်။ စက္ကူဖြင့် စီရင်က ပလတ်စတစ်လောင်းရန်လိုပါသည်။

လင်ပန်းငယ်တစ်ခုတွင် သန့်ရှင်းသောသံအနည်းငယ်အားဖြူးခံ၍ ယင်းသံပေါ်တွင် အစီရင်အား ပုံပါအတိုင်း တင်ပါ။ (သဲခံရခြင်းမှာ လိပ်ယက်ရန် ဓာတ်ခံသဘောထည့်ခြင်းနှင့် လိပ်(၄ဟူး) နှင့် သဲ (၆ကြွာန်) တို့သည် ဝံသေဓာတ် မိတ်ဖြစ်ခြင်းတို့ကြောင့် သဲခံပေးရခြင်း ဖြစ်သည်။

ထိုသို့ထားရာ၌ အစီအရင်လိပ်ရုပ်၏ဦးခေါင်းကို မိမိနေအိမ်၊ ရုံးသို့ အလုပ်ဌာန၊ စက်ရုံ၊ အရောင်းဌာန၊ အရောင်းဆိုင်များ၏ သက်ဆိုင်ရာအဝင်ဝဘက်သို့ လိပ်ခေါင်းကိုမျက်နှာမူ၍ထားရမည်။

လိပ်အစီအရင်၏ရှေ့တွင် ဖလား (သို့)ပန်းကန်လုံးအတွင်း၌ ပေါက်ပေါက်အမြဲထည့်ပေးထားရမည်။ ရေတစ်ဖန် ခွက်အမြဲထားပေးရမည်။ ပေါက်ပေါက်သည် သိဒ္ဓိဝင်လိပ်အစီအရင်အတွက် သိဒ္ဓိတက်စေရန်နှင့်ပေါက်မြောက်အောင်မြင်စေရန် အောင်နိမိတ်အောင်ဟိတ်ဖြစ်ပေသည်။

လိပ်အစီအရင်ကို အမွှေးတိုင်ထွန်းပေးထားရန်လိုပါသည်။

အရေးကြီးကိစ္စရှိပါက လိပ်အစီအရင်ကိုကိုင်လျက် အင်းအဟိန်းဂါထာ (၂) ပုဒ်တို့ဖြင့် (၉) ခေါက် (၂၇) ခေါက်၊ (၁၀၈) ခေါက် တတ်စွမ်းသမျှ ရွတ်ပါ။ လိုသောဆုလည်းတောင်းပါလေ။

၅။ လိပ်အစီအရင်သည် အပြုံင်အဆိုင်စေးခေါ်၍ ရောင်းဝယ်နေရသူများ၊ ဝယ်သူတွေ တစ်နည်းအားဖြင့် စားသုံးသူများ၊ ဖောက်သည်များ ကိုယ့်ဘက်ပါအောင် လုပ်ကိုင်နေရသည့်လုပ်ငန်းများ၊ ကုမ္ပဏီများ၊ ထုတ်ကုန်ပစ္စည်းသစ်များ စတင်ဖြန့်ချိစေးကွက်ဝင်ရသူများ၊ သူတစ်ပါးကို မိမိအလိုသို့ပါလာအောင် စည်းရုံးပြောဆိုရသောကိစ္စများ၊ မိမိဝန်ဆောင်မှုလုပ်ငန်းများကို လူအများယုံကြည်သက်ဝင် အပ်ချင်လာအောင်၊ ပူးပေါင်းလုပ်ဆောင်လာရန် လိုလားသော ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ သူတစ်ပါးထံမှ လုပ်ငန်း၊ ပစ္စည်း၊ ငွေကြေးအကူအညီရယူရန် လိုအပ်နေသောသူများ ဤ 'ကိုယ့်ဘက်ကိုယ်ယက်လာဘ်လာဘသိဒ္ဓိဝင်လိပ်အစီအရင်ထူး' ကို ဆောင်ထား၊ ဆောင်သင့်၊ ဆောင်အပ်ကြပေသည်။

ဤအစီအရင်ကို ကျွန်ုပ်သည် လွန်ခဲ့သော (၅) နှစ်ကျော် ၂၀၀၉ ခုနှစ် ခန့်က မူလက အရောင်းအ၀ယ်သင့်တင့်ကောင်းမွန်နေရာမှ တဖြည်းဖြည်း အရောင်းအ၀ယ်ပါးပြီး အပြိုင်အဆိုင်တစ်ခုၵ္ခ ရောင်းအားအရမ်းတက်သွားသော်လည်း သူတို့ဆိုင်အရောင်းအ၀ယ်ကျသွားသဖြင့် ကျွန်ုပ်ထံရောက်လာသော ကသာနယ်ဘက်မှ အလှကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ရှင်တစ်ဦးအား စီရင်ပေးခဲ့ဖူး၏။ မကြာခင် ယင်းတို့၏ သတင်းပေးပို့ချက်အရသိရသည်ကား ရောင်းအားတအားပြန်တက်လာကြောင်းနှင့် ထမင်းကိုပင် လူလဲနှင့် အလှည့်ကျစားကြရလေသည် ဟု၏။

(ကျွန်ုပ်မှာ ယင်းတို့ထံမှ ခွင့်ပြုချက်မတောင်းမိခဲ့ခြင်း၊ သူတို့ (၂) ဆိုင် စလုံးမှာလည်း ဤမဂ္ဂဇင်းကိုဖတ်လေ့ရှိသည်သိရသောကြောင့် အမည်နာမ၊ မြို့ရွာအတိအကျမဖော်ပြခြင်းကို နားလည်ပေးကြမည်ထင်ပါသည်။)

နောက်တစ်ဦးကမှ ဘုရင့်နောင်ပွဲရုံတန်းမှ ပွဲရုံပိုင်ရှင်လုပ်ငန်းရှင်တစ်ဦး။ သူက ကျွန်ုပ် လွန်ခဲ့သော (၁၀) နှစ်ခန့် နိုင်ငံခြားကုမ္ပဏီတစ်ခုၵ္ခလုပ်ကိုင်နေစဉ် ခင်မင်ရင်းနှီးခဲ့သူတစ်ဦး။ သူ့ကိုလည်း ကျွန်ုပ်လုပ်ပေးခဲ့ဖူး၏။ သူလည်း ပွဲရုံလုပ်ငန်းများ သွက်လက်တိုးတက်လာသည်ဟုဆိုသည်။ ယခုသော်ကား ပွဲရုံမလုပ်တော့ဘဲ ကုမ္ပဏီတစ်ခုထူထောင်လုပ်ကိုင်နေသည်ဟု သိရပေသည်။

သင်လည်း သင့်လုပ်ငန်းအရောင်းဆိုင်၊ ထုတ်ကုန်ပစ္စည်း၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အောင်မြင်မှု၊ လာဘ်လာဘများတိုးတက်မှုတို့ကို သင့်ဘက်ပါအောင်ယက်ယူလိုပါက ဤ 'ကိုယ့်ဘက်ကိုယ်ယက်လာဘ်လာဘသိဒ္ဓိဝင်လိပ်အစီအရင်' ကို ဆောင်ပါလေ။

သိသူဖော်စား၊ မသိသူကျော်သွား

အနန္တစကြဝဠာ
အနန္တသတ္တဝါတို့ချမ်းသာကြပါစေ

မေတ္တာများဖြင့်

ဘြိုတနာ-ဆရာဇယျာလင်း
(ကတ္တီပါဒိနုပ်စီး၊ ရွှေထီးဆောင်း)

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

လိုင်းဆရာနှင့်နတ်သရဲ

ဂနတ်သရဲ

နေပြည်တော်ကြီး မတည်မီက ကျွန်တော်တို့ ပျဉ်းမနားမြို့နယ်မှာ နာမည်ကြီးတဲ့ ရွာ (၃) ရွာရှိပါတယ်။ အဲဒါက နတ်သရဲ၊ သစ်လေးလုံး၊ ပြန်ကပြေးဆိုတဲ့ ရွာ (၃) ရွာပါ။

နတ်သရဲရွာနဲ့ သစ်လေးလုံးရွာက ပျဉ်းမနားအရှေ့ဘက်မှာရှိပြီး ပြန်ကပြေးက ပျဉ်းမနားမြို့ရဲ့အနောက်ဘက်မှာပါ။ ပျဉ်းမနားနဲ့ (၂) မိုင်ခွဲလောက်ဝေးပါတယ်။

ဘာလို့နာမည်ကြီးလဲဆိုရင် နတ်သရဲဆိုတာ လူကြီး၊ လူငယ်၊ ယောကျ်ားမိန်းမအားလုံးဟာ မဟုတ်မခံစိတ်ရှိကြတယ်။ အကြောက်အလန့်ကင်းပြီး သတ္တိရှိကြပါတယ်။ ကိုယ့်ကိုစော်ကားလာရင် ငဲ့မခံဘဲ လက်ရဲဇက်ရဲ သတ်ရဲဖြတ်ရဲကြတယ်။

ပြီးတော့ သစ်လေးလုံးဆိုတဲ့ရွာ ရှိသေးတယ်။ သူကလည်း နတ်သရဲလောက် ရွာမကြီးပေမယ့် စရိုက်အသွေးတူပဲဖြစ်ပါတယ်။ နတ်သရဲဆိုတာ အိမ်ခြေတစ်ထောင်လောက်ရှိတဲ့ ရွာကြီးပါ။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ရွာမှာ စည်းကမ်းတွေရှိတယ်။ လမ်းလျှောက်ရင် လမ်းလယ်က လျှောက်ကြတယ်။ လမ်းဘေးနားကပ် လျှောက်ကြဘူး။ လမ်းဘေးနားကပ် လျှောက်ရင် အိမ်ကိုချောင်းကြည့်တယ်လို့ သတ်မှတ်ပုံရပါတယ်။ အဲဒါဆို ဒါဘာသဘောလဲဆိုပြီး ထွက်ရိုက်တတ်ဆိုကိုး။ အဲဒီအထိကို အတိမ်းအစောင်းမခံကြတာပါ။ ဘာလဲဆိုရင် အစွန်းရောက်လွန်းတဲ့ စိတ်ဓာတ်တွေလို့ ခေါ်ဆိုနိုင်ပါတယ်။ သူတို့ဟာ ခိုးဆိုးတိုက်ခိုက်သူတွေ မဟုတ်ကြပါဘူး။ ခြံရာတောင်သူလယ်သမားအလုပ်နဲ့သာ အသက်မွေးဝမ်းကျောင်းသူတွေဖြစ်ကြတဲ့အတွက် ရိုးစင်းဖြောင့်မတ်မှုတွေ ရှိကြတာပါတယ်။

သူတို့ရွာသားတစ်ဦးကို ပြင်ပမှာ ထိမယ်မကြံနဲ့။ ထိလို့ကတော့ ပုားတုတ်သလို ဝိုင်းတုတ်လေ့ရှိကြတယ်။ ဒါကလည်း အမျိုးထိမချိအောင်နာတဲ့ ဝံသာနုရက္ခိတစိတ်ဓာတ်ပါ။ အမျိုးကို စောင့်ရှောက်တဲ့စိတ်ဓာတ်ပါ။

နတ်သရဲသားတွေ အားလုံးမှာ စည်းကမ်းရှိတယ်။ အဲဒါက သူတို့ဆီ တခြားဆီက ဧည့်သည်အဖြစ် ရောက်ရှိလာရင် တစ်ရွာလုံးက ချစ်ခင်စွာဖိတ်ကြားပြီး ဧည့်ခံကျွေးမွေးကြတဲ့ဓလေ့ပါ။ ရွာကို မစော်ကားနဲ့။ သမီးပျိုတွေကို ထိမဲ့မြင်ပြုကာ မစော်ကားနဲ့။ အဲဒီလို မြှုလို့ကတော့ မသက်သာလှပါဘူး။ လူစည်း၊ ဘီလူးစည်းဆိုတာလို နတ်သရဲကိုသွားလည်ရင် စည်းစောင့်နိုင်ရင်တော့ နှစ်လိုဖွယ်အလည်ခရီး ဖြစ်ပါတယ်။

အဲဒါကြောင့် ရေမြေကောင်းတဲ့ ပေါင်းလောင်းမြစ်ဝှမ်းမှာနေထိုင်ကြတဲ့ နတ်သရဲသူဆိုတာ အတော်လှကြပါတယ်။ သို့သော်လည်း ကမ္ဘာ့တစ်ထောင်စောင့်တဲ့ နတ်မိမယ်လို ပြင်ပရပ်ရွာတွေက လူပျိုကာလသားတွေ လက်လှမ်းမီဖို့ခက်ကြပါတယ်။ သစ်လေးလုံးဆိုတဲ့ရွာဟာလည်း ထို့အတူလို့ သိရပါတယ်။

ပြန်ကပြေးကျတော့ ကျွန်တော် တို့နေတဲ့ နှစ်ဆောင်ပြိုင်ရပ်ကွက်ဆိုတာ ရှိတယ်။ နှစ်ဆောင်ပြိုင်ရပ်ကွက်ဆိုတာ ရှေးကတည်းက ဆရာမနိုင် နှစ်ဆောင်ပြိုင်လို့ စာဆိုနဲ့နေတဲ့ ရပ်ကွက်ပါ။ အဲဒီရပ်ကွက်ကို ပျဉ်းမနားရဲစခန်းက ငါးရက်တစ်ခေါက်ကို (၃) ရက်လောက် လူဆိုးဖမ်းသွားရလေ့ရှိတယ်လို့ ပျဉ်းမနားကနေ မိုးကုတ်ကိုပြောင်းလာတဲ့ မြို့နယ်မှူးတစ်ယောက်က ပြောပြူးတယ်။ ပြန်ကပြေးကျော်ကြားတာက အဲဒီလို ခိုးဆိုးတိုက်ခိုက်မှုတွေနဲ့ ကျော်ကြားတာပါ။ ကျော်ကြားပုံချင်းမတူကြပါဘူး။

နေပြည်တော်ကြီးတည်လိုက်တဲ့ အခါမှာတော့ ဒုစရိုက်မှုတွေ ချုပ်ငြိမ်းကာ လူနေမှုအဆင့်တွေမြင့်ပြီး အလုပ်အကိုင်အသိအမြင်တွေ ပွင့်လင်းလာတာကြောင့် နတ်သရဲ သစ်လေးလုံး၊ ပြန်ကပြေးဆိုတဲ့ ရွာတွေဟာ ရှေးတုန်းကနဲ့မတူတော့ဘဲ ခေတ်မီတိုးတက်တဲ့ ရွာတွေဖြစ်လာခဲ့ပါပြီ။ ဆင်ခြေတုံတရားတွေရှိနေကြပါပြီ။

ပြန်ကပြေးဆိုရင် ပြန်ကပြေးအမည် ပျောက်ကာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်အဆင့် တိုးမြှင့်ပြောင်းလဲခဲ့ပါပြီ။

အခုဖော်ပြမယ့် အကြောင်းအရာလေးက နေပြည်တော်ကြီးမတည်မီ လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀) ကျော်က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာလေးပါ။

ဆိုင်းဆရာကိုဖိုးထောင်

"ကိုဖိုးထောင်ရယ်၊ တော့်ဟာဖြစ်မှဖြစ်ပါ့မလား"

"သြော် - မြခက်ရယ်။ နင့်ဟာခက်တော့ခက်နေပါပြီ။ ငါက သိုင်းဆရာပါဟာ။ မျက်နှာချင်းဆိုင်ဆိုရင် လူ (၁၀) ယောက်လောက် ငါ့ကို ဝိုင်းရိုက်ရင်တောင် ငါလွတ်အောင်ရှောင်နိုင်တာပါ။ ငါ့ကိုယ်ငါယုံလို့ ရွာတကာလှည့်ပြီးသိုင်းသင်စားနေတာ နင်လည်းအသိပဲဟာ"

"အခု တော်သွားသင်မယ်ဆိုတာက ပျဉ်းမနားမြို့နယ်မှာ လူတကာကြောက်တဲ့ နတ်သရဲတော့။ နတ်သရဲဆိုတာ ဆိုးတဲ့နေရာမှာ နာမည်တစ်လုံးနဲ့နေတာ"

"အေး - ငါကလည်း သိုင်းဆရာဖိုးထောင်ဆိုတဲ့ နာမည်တစ်လုံးနဲ့ကောင်ပါဟာ။ မြန်မာ့နိုးရာသိုင်းပညာကို ရပ်တကာရွာတကာအနှံ့လိုက်ပြီးဖြန့်ဖြူးနေတာပါ"

"ဟုတ်ပါတယ်၊ ကျုပ်တို့မိသားစုကိုတော့ သိုင်းပညာနဲ့ ရွာဖွေကျွေးနေတာ ကျုပ်မငြင်းလိုပါဘူး။ ဒါပေမယ့် နတ်သရဲဆိုတာကိုတော့ တော်ရှောင်ဖို့ကောင်းတယ်။ ကလေးကအစ လူကြီးအထိ မိုက်ရူးရဲစိတ်ဓာတ်ရှိကြတယ်။ အဲဒါတော်တစ်ခုခုဖြစ်မှာဆိုးလို့ ကျုပ်ကတားနေတာတော့"

"မြခက်ရာ၊ နင်ဟာလေ မြခက်ဆိုတဲ့အတိုင်း ခက်ကိုခက်ပါတယ်။ ငါဒီလို လက်ရှောင်နေလို့ကတော့ နင်တို့အတွက် ခက်မှာပေါ့"

"တော့်ကို စိုးရိမ်လို့ပြောနေတာ ကိုဖိုးထောင်ရေ့"

"ဒီမယ် ငါ့ကို ဘာမှစိုးရိမ်စရာမရှိဘူး။ နင် တောင်ညိရဲ့မြောက်ဘက်က မသိမ်တို့၊ ပွေးစတောတို့၊ တက်သိန်း

www.burmeseclassic.com

www.burmeseclassic.com

တို့၊ တက်ရှိန်းတို့ဆိုတာ ကြားဖူးလား"

"ဩော်- ကိုဖိုးထောင်နယ်၊ ကျွန်မက ဆိတ်နံတုန်းသူလေ ဒီလောက်တော့ ကြားဖူးတာပေါ့"

"အေး - အဲဒီရွာတွေလည်း နတ်သရဲနီးနီးမိုက်ကြတဲ့ရွာတွေပဲကွ။ ငါ့ကို အရမ်းယုံကြည်ပြီးမှသင်ကြတာမဟုတ်ဘူး။ ငါ့ကို လူအုပ်နဲ့ဝိုင်းရိုက်ကြည့်ပြီးမှ သင်ကြတာ။ သူတို့ဝိုင်းပြီးရိုက်ကြတာကို ငါကလွတ်အောင်ရှောင်ပြတယ်။ ဘာမှ ပြန်မလုပ်ဘူး။ ဒီတော့မှ အရမ်းလေးစားပြီး လူငယ်တွေသင်ကြတာ။ ငါတို့မြန်မာ့ရိုးရာသိုင်းပညာဆိုတာက သင်ပေးက တည်းက ကိုယ့်ကိုယ်ကိုယ်ခုခံကာကွယ်ဖို့၊ အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ဖို့၊ ဒီပညာနဲ့ သူတစ်ပါး အပေါ် မပြစ်မှားမစော်ကားဖို့ စတဲ့ သစ္စာကတိတွေပြုပြီး ပွဲပေးပြီးမှ သင်ပေးတာ။ အဲဒါကြောင့် ငါ့အလုပ်ကစင်ကြယ်တယ်။ ဘယ်လောက်ဆိုးနေပါစေ။ နတ်သရဲမဟုတ်ဘူး၊ နတ်ဘီလူးဆိုလည်း ငါ့အလုပ်ငါသွားလုပ်မှာပဲ။ နတ်သရဲပြီးရင် သစ်လေးလုံးကိုကူးမယ်။ ပြီးရင် ပရွက်ဆိပ်ကုန်းတို့၊ အောင်းကုန်းတို့၊ ဂုံမင်းအိုင်တို့ဘက်တွေကူးမယ်စိတ်ကူးထားတယ်"

"အင်းလေ၊ တားမရလည်း တော့်သဘောပါပဲ။ အသက်ဉာဏ်စောင့်တဲ့။ တော့် သိုင်းပညာချည့်လည်း အားကိုးမနေနဲ့။ ဉာဏ်ပညာနဲ့လည်း ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ဦး"

"အင်းပါဟာ၊ သတိအမြဲထားနေရင် ဉာဏ်ဆင်ခြင်ရာရောက်ပါတယ်။ ငါ့ကိုယ်ငါတော့ စောင့်ရှောက်နိုင်မှာပါ"

သိုင်းဆရာ ကိုဖိုးထောင်သည် အညာသားဖြစ်သည်။ ရပ်တကာနယ် တကာလှည့်၍ မြန်မာ့ရိုးရာသိုင်းပညာ သင်ပေးရင်း ပျဉ်းမနားမြို့နယ် ဆိတ်နံတုန်းရွာသို့ရောက်ခဲ့ရာမှ နဖူးစာရွာလည်းကာ ဆိတ်နံတုန်းသူ မမြခက်နှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။

ကိုဖိုးထောင် သိုင်းဆရာအဖြစ် ရောက်ခဲ့စဉ်က အသက် (၃၀) အရွယ် လူပျိုလူလွတ်ဖြစ်သည်။ အိမ်ထောင်ကျပြီးသောအခါတွင်လည်း ရပ်တကာနယ် တကာလှည့်ကာ လူငယ်များအား မြန်မာ့ရိုးရာ သိုင်းပညာဖြစ်သော တုတ်သိုင်း၊ ဓားသိုင်း၊ လက်နက်မဲ့တိုက်ခိုက်နည်း စသည်ဖြင့် ပုံမှန် တစ်လအချိန်ယူကာ သင်ပေးလေ့ရှိသည်။ ထိုပညာဖြင့်ပင် လျှင် မိသားစု၏ စားဝတ်နေရေးကို ဖြေရှင်းလေ့ရှိသည်။

အခက်ကြုံရသည်မှာ တောလေ့အများအပြားသည် အပြောနှင့်မယုံကြ။ လက်တွေ့စမ်းကြည့်ပြီးမှ ယုံကြည်သည် ဖြစ်ရာ အထူးပင်သတိထား၍ မိမိအသက်ကို ကာကွယ်ရလေ့ရှိ၏။ မိမိဘက်က တစ်ချက်သတိလက်လွတ်ခဲ့လျှင် ရုတ်ခြည်းအသက်ပါပေးဆပ်ရနိုင်သောအလုပ်ဖြစ်ရာ မမြခက်စိုးရိမ်ခြင်း ဖြစ်မိသည်မှာ အဆိုးမဆိုသာပါ။

မမြခက်သည် တစ်ဖက်တစ်လမ်းမှ ကုန်စိမ်းဆိုင်လေးဖွင့်ကာ စီးပွားရှာပါသည်။ အဘယ်ကြောင့်ဆိုသော် သားနှင့်သမီးတည်းဟူသော ပါးစပ်နှစ်ပေါက်ကတိုးလာ၍ဖြစ်သည်။ ကိုဖိုးထောင်၏ သိုင်းပညာကန်တော့ကြေး ဆိုသည်က တစ်လကျော်ပါမှ တစ်ခါရခြင်းဖြစ်ရာ လင်ကိုယ်မယားကိုယ်နှစ်ဦးတည်းရှိစဉ်က မပူပင်ရပါသော်လည်း ကလေးတွေနှင့်မို့ ပူပင်ရချေပြီ။

ကိုဖိုးထောင်သည် အသက် (၄၀) ကျော်စပြုပြီ ဖြစ်သည်။ ကိုဖိုးထောင်၏ အလုပ်မှာ လွယ်တော့မလွယ်ကူလှပေ။ တစ်ရွာပြီးတစ်ရွာ ရွာလူကြီးအိမ်မိတ်ဖွဲ့တည်းခိုကာ လူငယ်တို့ကို စည်းရုံးရ၏။ သိုင်းသင်ကြေးကိုလည်း ခုသာခံသာအောင်ထားပေးရ၏။ သို့မှသာ လူအများစု လက်လှမ်းမီကြမည် ဖြစ်သည်။

ယခုတစ်ခါတွင်မူ နာမည်ကြီးနတ်သရဲရွာသို့သွားမည်ဟု ဆုံးဖြတ်ချက်ချလိုက်ရာ ဇနီးဖြစ်သူ တားသည်မှာ အပြစ်မဆိုသာချေ။ နတ်သရဲ ဟူသည်မှာ ပျဉ်းမနားမြို့နယ်၏ နာမည်ကြီး အဆင့် (၁) ရွာဖြစ်လေရာ ပေါ့၍မရကြောင်း ကိုဖိုးထောင် ကောင်းကောင်းကြီး သဘောပေါက်လေ၏။

❑ နတ်သရဲသို့ရောက်ပြီ

ကိုဖိုးထောင် နတ်သရဲရွာသို့ မြင်းလှည်းစီးကာရောက်ခဲ့ပါသည်။ ဤရွာသို့ တစ်ခါမှ ရောက်ဘူးခြင်းမရှိခဲ့ပါ။ နာမည်ကျော်ရွာမို့ သတိကြီးစွာထားရပါသည်။

တကယ်သော်မူ အများထင်သလို မဆိုးကြပါ။ ရွာလူကြီးအိမ်စုံစမ်းသည်နှင့် လူငယ်တစ်ဦးက ဖော်ရွေစွာပင် ရွာလူကြီးအိမ်သို့ လိုက်ပို့ပေး၏။ ကိုဖိုးထောင်မှာ အဝတ်အိတ်တစ်လုံးပါ၏။ ထိုအဝတ်အိတ်ထဲတွင် သိုင်းသင်ပေးရာတွင်ဝတ်သော ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံ၊ ခါးစည်းကြိုးပါ၏။ အဝတ်နှစ်စုံနှင့်အသုံးအဆောင်ပစ္စည်းလေးများသာပါလေရာ အိတ်မှာ ခပ်ပေါ့ပေါ့ဖြစ်သည်။ ရှမ်းဝတ်စုံသည် သိုင်းပညာနှင့် သင့်လျော်လှပေ၏။

ရွာလူကြီးက လူပျိုခေါင်းခေါ် ကာလသားခေါင်းကိုခေါ်၍ တွေ့ပေးသည်။ သိုင်း ဟူသည် လူငယ်လူရွယ်တို့သာသင်ကြသည်ဖြစ်ရာ လူငယ်လူရွယ်တို့အပေါ် ဩဇာညောင်းသော လူပျိုခေါင်း ကိုဖိုးချက်ကို ခေါ်၍တွေ့ပေး၏။ ကိုဖိုးချက်နှင့်အတူ လူငယ် (၃) ဦး ပါလာလေ၏။

"ဖိုးချက်ရေ၊ ဒါဟာ ဆိတ်နံတုန်းက သိုင်းဆရာကိုဖိုးထောင်တဲ့။ အဲဒါ တို့ရွာကလူငယ်တွေ သိုင်းပညာသင်ချင်တယ်ဆိုရင် သင်ပေးမယ်တဲ့။ တို့ရွာလာတဲ့ဧည့်သည်ဟာ တို့တာဝန်ပဲကွ။ အဲဒါ နေရာလေးဘာလေးချပေးလိုက်ပါ။ ပြီးတော့ လူငယ်လေးတွေလည်း စုရုံးပေးလိုက်ပါ"

"ဟုတ်ကဲ့ - ဥက္ကဋ္ဌ၊ ကျွန်တော့် တာဝန်သာထားပါ"

ထိုစဉ် လူငယ်တစ်ဦးက ဝင်၍ ပြောသည်။

"ဥက္ကဋ္ဌ၊ သိုင်းဆရာကို ကျွန်တော့် အိမ်မှာ ခေါ်သွားပါရစေ။ သိုင်းသင်တန်း မပြီးမချင်း သိုင်းဆရာရဲ့ စားဝတ်နေရေးကို တာဝန်ယူပါတယ်။ အိမ်မှာလည်း အဖေနဲ့ အမေပဲရှိတာပါ။ ကျွန်တော်က တောထဲလယ်တဲမှာနေနေရတော့ အိမ်မှာလွတ်လွတ်လပ်လပ်နေလို့ရပါတယ်"

"အေးလေ - မောင်ဝင်းကိုကတာဝန်ယူတယ်ဆိုတော့လည်း နေရေထိုင်ရေး၊ စားရေးသောက်ရေးအဆင်ပြေသွားတာပေါ့ကွာ။ ဒါထက် မောင်ဝင်းကိုသူလည်း အဝေးကနေ စေတနာနဲ့လာသင်ပေးတာ။ အဲဒါ သင်တန်းသားများများရအောင် မင်းတို့က စည်းရုံးပေးကြဦး"

"စိတ်ချပါ ဥက္ကဋ္ဌ၊ ကျွန်တော်တို့ လူငယ်တွေကို စည်းရုံးပေးပါ့မယ်"

"သိုင်းဆရာကလည်း လူငယ်တွေလက်လှမ်းမီလောက်တဲ့ သင်တန်းကြေးထားပေးပါလို့ တောင်းဆိုချင်ပါတယ်"

"စိတ်ချပါ ဥက္ကဋ္ဌ။ ကျွန်တော်တို့ စေတနာက ငွေကြေးထက် မြန်မာ့ရိုးရာသိုင်းပညာ မပျောက်ပျက်ဘဲ မြန်မာတွေ သားစဉ်မြေးဆက် လက်ဆင့်ကမ်းစေလိုတဲ့ စေတနာပါ။ သူများကိုတိုက်စော်ကားလာရင် ကိုယ့်ကိုယ်ကိုယ်ခုခံ

www.burmeseclassic.com

www.burmeseclassic.com

ဘာတွယ်နိုင်အောင်ဆိုတဲ့ စိတ်ဓာတ်နဲ့ သင်ပေးမှာပါ။ ဒီပညာနဲ့ သူများကို နှိုင်းထက်စီးနင်းလုပ်ဖို့မဟုတ်ပါဘူး"

"ကောင်းပါလေရဲ့ဗျာ၊ ကဲ- သိုင်းဆရာကို လူပျိုခေါင်းနဲ့ မောင်ဝင်းကိုတို့ ဆီမှာအပ်ပါတယ်။ ကဲကဲ - အချိန်ရှိ ခိုက် ဆရာ့ကို နေရာထိုင်ခင်းချပေးရ အောင် ခေါ်သွားကြပါ"

"ဟုတ်ကဲ့ - ဥက္ကဋ္ဌ"

ဟု လူပျိုခေါင်းနှင့် မောင်ဗင်းကို ဦးမှ ပြုံငြိတူဝန်ခံကြသည်။ မောင်ဝင်းကို ကား ကိုဖိုးထောင်၏အိတ်ကိုလွယ်လိုက်၏။

"ကဲ - ကြွပါ ဆရာ"

ဟု ဖိတ်ခေါ်ကာ မောင်ဝင်းကိုက ဦးဆောင်ခေါ်သွားလေ၏။

စစ်မယ်နော်

မောင်ဝင်းကိုမှာ အသက် (၂၀) ခန့်ရှိ လူငယ်ဖြစ်ကာ မောင်ဝင်းကို၏ အားများမှာ အသက် (၅၀) ဝန်းကျင်ရှိ ကာ ဦးဝင်းမောင်၊ ဒေါ်တင်မေဟု ခေါ်ပါသည်။ တောလေ့အရ ပျူပျူငှာငှာ ရှိလှပါသည်။ စည်သည်ကို ချစ်တတ်ကြ ပါသည်။

ဤသည်တို့ကို မြင်ရသောအခါ တော်သရဲရွာကြမ်းသည် ဟူသည်မှာ ဟုတ်မှဟုတ်ပါလေစဟူ၍ ကိုဖိုးထောင် သံသယဝင်မိ၏။ ဦးဝင်းမောင်တို့ စီးလာရွေလိုက်သည်မှာ လိုသည်ထက်ပို နေ၍ ကိုဖိုးထောင်ပင် အားနာယူရ သည်။ ညှော်ဝတ်ကျေပွန်လိုက်သည်မှာ ပြောစရာမရှိသောအခါ ကိုဖိုးထောင် ဖိတ်သက်သာရာရပါသည်။ နတ်သရဲရွာ ကို လေး စားသွားပါသည်။

ဦးဝင်းမောင်၊ ဒေါ်တင်မေတို့နှင့် ကားလက်ဆုံကျကာ ရပ်ကြောင်းရွာ ကြောင်း၊ ရာသီဥတုအကြောင်း၊ စိုက်ရေး နှံရေးအကြောင်းတို့ပြောဖြစ်ကြသည်။ အချိန်တို့အတွင်းမှာပင် ဆွေမျိုးသားချင်း တွေလို ခင်မင်ရင်းနှီးသွားကြပါသည်။

သိုင်းဆရာ ရွာကိုရောက်သည် ကြားသည့်အတွက် အိမ်နီးချင်းတို့မှ တက်ဖက်ရည်အမြည်းများလာပို့ပေးကြ ရာ ရေနွေးကြမ်းဝိုင်းသည် ဘုန်းတော် ကြီးစားပွဲကဲ့သို့ အမြည်းတို့ဖြင့်စုံနေ၏။ ကြီးသူမတို့က လေးစားစွာလာရောက် နှုတ်ဆက်ကြ၏။ ဤသည်မှာ ရွာလေ့ ဖစ်သည်။ ကိုယ့်ရွာလာလည်သူကို ရွာ က စောင့်ရှောက်ရမည်ဟူသော ပင်ကို အသိ ဖြစ်သည်။

"ဆရာ၊ ရွာမှာ သိုင်းသင်တန်း တစ်လပေးမှာဆိုတော့ ကျွန်တော်တို့ အိမ်မှာတောင် ဆရာထမင်းစားခွင့်ရ မှာ မဟုတ်ဘူး။ အိမ်တိုင်းက ဆရာ့ကို ထမင်းဖိတ်ကျွေးကြမှာပါ။ တစ်လဆိုရင် ထမင်းအနပ် (၉၀) ပဲရှိမယ်။ အိမ်ခြေက တစ်ထောင်လောက်ရှိတာဆိုတော့ အိမ် တောင်စေ့လိုက်မှာမဟုတ်ဘူး။ ဒီလိုပဲ သူတို့ဟာ သူတို့အလှည့်နဲ့ စီစဉ်မှာပါ။ ဆရာ့ကို ဒီနေ့ ညနေစာပဲ ကျွန်တော်တို့ က ကျွေးခွင့်ရမှာပါ"

ဟု ဦးဝင်းမောင်က ပြောပြရာ ကိုဖိုးထောင်သည် များစွာပီတိဖြစ်ကာ တစ်ရွာလုံးကို မေတ္တာပို့နေမိပါသည်။ တောရွာတောဓလေ့ကိုသိပြီးဖြစ်ပါသည်။ ဘယ်ရွာတွင်မဆို ထိုသို့ ဖော်ရွေကြပါ သော်လည်း နတ်သရဲရွာကမူ အခြားရွာ တွေထက် ပိုမိုဖော်ရွေသည်ဟု သူထင် မိလေသည်။

သို့နှင့် ညနေစောင်း အလုပ်ပြန် ချိန်ရောက်ခဲ့ပါသည်။ လူငယ်တို့ တဖွဲဖွဲ ရောက်လာကြသည်။ သိုင်းဆရာကို လာကြည့်ကြခြင်း၊ စကားစမြည်ပြောဆို ခြင်း စသည်ဖြင့် စသည်ကားနေသည်။ သို့နှင့် လူငယ် (၅၀) ခန့်ရှိသောအခါ လူငယ်တစ်ဦးက အားလုံးအတွက် ဦးဆောင်၍ပြော၏။

"ဆရာ၊ သင်တန်းကာလက ဘယ်လောက်ကြာမှာပါလဲ"

"သင်တန်းက တစ်လပါ။ မနက် အလုပ်မသွားမီ (၂) နာရီလောက်နဲ့ ညနေအလုပ်ပြန်ချိန် (၂) နာရီ တစ်နေ့ကို (၄) နာရီလောက် အနည်းဆုံးသင် ကြားပေးမှာပါ။ ညီလေးတို့ ဆန္ဒရှိရင် ရှိသလောက်အချိန်ကို တိုးမြှင့်သင်ကြား ပေးမှာပါ"

"ဟုတ်ကဲ့ပါ၊ ဒါဆို သင်တန်းကြေး ကကော ဘယ်လောက်သတ်မှတ်ပါ သလဲ"

"တစ်ယောက် (၁၀၀) ပါ"

"ဟုတ်ကဲ့ - စျေးနှုန်းကကျွန်တော် တို့အားလုံး လက်လှမ်းမီတဲ့စျေးနှုန်းပါ။ ဒါပေမယ့်. . . "

"ပြောပါ၊ ညီလေးတို့ဆန္ဒကို ပြော ပါ"

"ကျွန်တော်တို့က ဆရာ သိုင်း ပညာစကယ်တတ်၊ မတတ်စမ်းကြည့် ချင်ပါတယ်။ တကယ်တော်တယ်ဆိုရင် တော့ ကျွန်တော်တို့ရွာကလူငယ်တွေ ဆရာ့ဆီမှာ သိုင်းပညာသင်ကြမှာပါ။ ဆရာမတော်ဘူးဆိုရင်တော့ ကျွန်တော် တို့ကို အဆိုးမဆိုပါနဲ့။ ဒါကို ဆရာ လက်ခံပါတယ်နော်"

"ဩော် - စမ်းတယ်ဆိုတာက တော့ ဆရာ ရွာစဉ်လှည့်ပြီး လိုက်သင် နေတဲ့အခါ မကြာမကြာကြုံရတတ်တာ မို့ အဆန်းမဟုတ်တော့ပါဘူး။ ဆရာ အတွက် ခိုးအီနေတဲ့ အစဉ်အလာပါ"

"ဒါဆိုလည်းစမ်းမယ်နော်၊ ဆရာ စိတ်တိုင်းကျအောင်စမ်းမှာပါ"

"ခုလို ပွင့်ပွင့်လင်းလင်းပြောပြ ထားတော့ ပိုကောင်းတာပေါ့။ ကြိုက် သလိုစမ်းနိုင်ပါတယ်။ ဒါမှလည်း ညီ လေးတို့ ခြန်အားရှိရာ သိုင်းပညာကို အထင်တကြီးရှိမှာပါ"

"ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ စိတ် တိုင်းကျတာနဲ့ သိုင်းသင်တန်းကြေး မပျက်မကွက် လာသွင်းပါ့မယ်။ သိုင်း သင်မယ့်တွင်းကိုတော့ ရွာဘောလုံးတွင်း မှာ စီစဉ်ထားပါတယ်။ ကျယ်ကျယ် လွင့်လွင့်ပေါ့ ဆရာရယ်"

"ကောင်းပါတယ်ဗျာ၊ ကောင်းပါ တယ်"

"ဒါဆို ကျွန်တော်တို့ကို ခွင့်ပြု ပါဦး"

ဟု ပြောကာ လူငယ်များပြန်သွား ကြတော့၏။ ထိုခေတ်သည် တော်လှန် ရေးအစိုးရခေတ်ဖြစ်ရာ အခေါက်ရွေ ဈေးမှာ တစ်ကျပ်သား (၁၅၀၀) ကျပ်မျှ သာရှိသောခေတ်ဖြစ်၍ သင်တန်းကြေး (၁၀၀) ဟူသောငွေသည် မများသော်လည်း မနည်းလှချေ။

ဓလေ့ဆန်းတစ်ခု

ဦးဝင်းမောင်တို့အိမ်သည် တိုင်လုံး ကြီးများဖြင့်တည်ဆောက်ထားသောအိမ် အမြင့် ဖြစ်သည်။ အောက်ဆင့်ကို ထုံးစံ အတိုင်း (၉×၂) များဖြင့် စီထားသော်လည်း အခင်းကိုမူ ပျဉ်မခင်းဘဲ ဝါးကို သွဲပေါက်ကာခင်းထားခြင်း ဖြစ်သည်။ အိမ်၏အမြင့်သည် (၇) ပေမျှ အမြင့်ရှိပြီး အိမ်အောက်တွင် ဧည့်သည်များ ဧည့်ခံရန် စားပွဲနှင့် တန်းလျားချထား သည်။ ဤသည်မှာ တောလေ့အိမ်ဖွဲ့စည်းပုံ ဖြစ်သည်။

ဦးဝင်းမောင်တို့သည် ဧည့်သည် အတွက် သင်ဖြူးဖျာခင်းပေးကာ အိပ် ရာအိပ်ခင်း ကောင်းမွန်စွာ ခင်းကျင်း ပေးထား၏။ ခရီးဆောင်အိတ်ကလေး ကို အိပ်ရာဘေးတွင်ချကာ နေရာယူ ထားပါသည်။

ကိုဖိုးထောင်သည် နတ်သရဲရွာ၏

www.burmeseclassic.com

www.burmeseclassic.com

ဓလေ့တစ်ခုကို ကြားဖူးထားသည်။ ထိုသည်မှာ သူတို့သည် အိမ်အောက်မှ ချောင်းမြောင်းရှိ လှုံဖြင့်ထိုးခြင်းမပြုလုပ်နိုင်စေရန် ပေပျဉ်အထူကြီးများခင်းရှိ အိပ်ကြလေ့ရှိကြောင်းကြားသိထားခြင်းဖြစ်သည်။

သို့သော် သူအိပ်မည့်နေရာတွင် ပျဉ်ချပ်ထူကြီးများခင်းပေးထားခြင်းမရှိရာ ပျဉ်ချပ်ထူအပိုမရှိ၍လော သို့မဟုတ် ပါက ခေတ်တိမ်ကာ မလိုအပ်တော့၍လော မတွေးတတ်ပေ။ သို့အတွက် အသေအချာ လေ့လာကြည့်ရှု ရပြန်၏။ အခင်းမှာ ဝါးသဲခင်းဖြစ်သည်။ သဲဟုသည်မှာ ဝါးကို စားဖြင့်ပေါက်၍ နှစ်ခြမ်းခွဲကာ ခင်းထားခြင်းဖြစ်ရာ လုံခြုံမှုမရှိကြောင်း သတိထားမိသည်။ အကာမှာ ဝါးထရံဖြစ်ရာ (၇) ပေမျှအမြင့်ရှိသဖြင့် ဘေးမှလုပ်ကြံရန် မလွယ်ကူပေ။

ည (၇) နာရီခန့်တွင် ဦးဝင်းမောင်တို့မိသားစု (၃) ဦးနှင့်အတူ အိမ်ပေါ်တွင် ညစာစားကြပါသည်။ အိမ်အပေါ်ထပ်တွင် ပြင်ဆင်ကွေးမွေးခြင်းဖြစ်ရာ စားပြီးသည်နှင့် ရေနွေးကြမ်းဝိုင်းထိုင်ကာ စကားပြောနေကြပြန်ပါသည်။ ည (၉) နာရီခန့်တွင်မူ မောင်ဝင်းကိုသည် လယ်တောရှိ လယ်တဲသို့ ပြန်သွားခဲ့သည်။ ဦးဝင်းမောင်တို့လည်း အိမ်ဦးခန်း၏ခြေရင်းရှိ အိပ်ခန်းသို့ဝင်သွားရာ ကိုဖိုးထောင်တစ်ဦးတည်းသာ ကျန်ရစ်လေ၏။

❑ မအိပ်မနေအသက်ရှည်

သတိဆိုတာ ဆားဝမာ ဘယ်ခါမမေ့သင့် ဟူသော ဆောင်ပုဒ်ကို ကိုဖိုးထောင် သတိရကာ အစဉ်သတိနှင့်နေမှရမည်ဖြစ်ကြောင်း ပေါက်ကျိုင်းထုံးနှလုံးမူ၍ သတိကပ်ကာ အိပ်ရာဝင်ပါသည်။ ဒီအရပ်ဒီဒေသသည် ရန်ပြိုးရန်စရှိခဲ့ပါက ညအိပ်ချိန် အိမ်အောက်မှလှုံဖြင့်လာထိုးတတ်ကြောင်း ကိုဖိုးထောင် ကြားဖူးနားဝရှိထားပြီး ဖြစ်သည်။

ထို့ကြောင့် သူတို့သည် လုံထိုး၍ မပေါက်နိုင်သောပျဉ်ချပ်ထူကြီးများခင်း၍ အိပ်ကြကြောင်း သိသော်လည်း သူအတွက်မူ ထိုသို့ စီမံပေးထားခြင်းမရှိပေ။ တစ်နည်းအားဖြင့် ရွာသားမဟုတ်၍ ရန်ပြိုးရန်စမရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

'ဒါဆို စမ်းမယ်နော်ဆရာ။ စိတ်တိုင်းကျအောင် စမ်းမှာပါ။ ကျွန်တော်တို့ စိတ်တိုင်းကျတာနဲ့ သိုင်းသင်တန်းကြေး မပျက်မကွက်သွင်းပါ့မယ်'

ဟူသော မျက်စိမှေးမှေး ဂင်တိုတို နှင့် လူမိုက်ရုပ်ပေါက်နေသော ထိုခပ်စွာစွာလူငယ်၏အပြောတွင် သူ၏မျက်စိ၌ ကောက်ကျစ်စဉ်းလဲမှုအရိပ်အယောင်ကို မြင်တွေ့နေရ၏။ သူ၏ မျက်ဝန်းတွင် အထင်အမြင်သေးမှုကိုလည်း ဖော်ထွင်းမြင်တွေ့နေရရာ သိုင်းဆရာအဖြစ် အတော်အတန်နှင့် လက်ခံမှာ မဟုတ်ကြောင်းကိုလည်း သဘောပေါက်ရလေ၏။

ထိုလူငယ်၏စကားတွင် စိတ်တိုင်းကျဟုပါရှိရာ စိတ်တိုင်းမကျမချင်း သူပညာကို စမ်းသပ်မည်ဖြစ်ရာ မည်သို့စမ်းသပ်မည်ကို ကိုဖိုးထောင် မခန့်မှန်းတတ်ပေ။ မသိမ်ရွာ၊ ပွေးစတောရွာဘက်တွေလို လူအုပ်နှင့် ဝိုင်းရိုက်ကြမည်လော မပြောတတ်သေးပေ။ အမြင်အထင်ဆိုသော် လုံးဝဂရုစိုက်စရာမလိုပေ။

နတ်သရဲ ဟူသည် သာမန်ရွာမဟုတ်ပေ။ အားလုံး 'ဇ'ရှိသောရွာဖြစ်ရာ မည်သူ့ကိုမျှ လျော့တွက်၍မရချေ။ ယုတ်စွအဆုံး အိမ်ရှင်တွေကိုပင် ယုံစားရှိမရှိင်ပါ။ မိမိ၏ပညာကို အချိန်မရွေး စမ်းကြည့်နိုင်သည်။ သို့အတွက် သတိကြီးစွာထားကာ ခေါင်းအုံးကို နားရွက်နှင့်ကပ်ပြီး အောက်ဘက်မှ လူပ်ရှားမှုအသံကို နားစွင့်နေမိသည်။

ထိုသို့ ခေါင်းအုံးကို နားကပ်၍ ထားလျှင် သစ်ရွက်ကြွေကျသံမှအစ တိတ်ဆိတ်မှုကို ဖြိုခွင်းကာ ကြားနိုင်စွမ်းရှိပေ၏။ လူ၏ခြေသံကိုမူ ဆိုစရာမရှိပေ။

❑ တစ်ညလုံး

ညသည် တဖြည်းဖြည်း နက်ရှိုင်းလာခဲ့ပြီဖြစ်ကာ ကြက်တွန်သံတို့ကို ဆူညံစွာကြားနေရသည်။ ကိုဖိုးထောင် အဖို့ တစ်ချက်မှပင် မမှေးရဲပေ။ သတိလွတ်ခဲ့သော် လုံဖျားတွင် အသက်ပါသွားနိုင်ကြောင်း သိထားပြီးဖြစ်၏။ သို့ကြောင့် တစ်ချက်လေးမျှပင် သတိမလွတ်ရဲခဲ့ချေ။ စိုးရိမ်စိတ်ကြောင့် တစ်စက်ကလေးမျှပင် မငိုက်နိုင်ပါ။

ကြက်တွန်သံနှင့်အတူပင် ခွေးဟောင်သံသဲ့သဲ့ကိုကြားရပြန်ကာ ထိုခွေးဟောင်သံသည် သွေးရိုးသားရိုးမဟုတ်နိုင်ကြောင်းသတိထားမိသည်။ ခွေးသည် စူးစူးဝါးဝါးထိုးဟောင်နေပုံထောက်သော် အန္တရာယ်သည် အချိန်တိုအတွင်း ရောက်လာနိုင်ကြောင်း သတိထားလိုက်မိ၏။ ထို့ကြောင့် ခေါင်းအုံးတွင် နားတ
ကာ အသေအချာနားထောင်နေမိ၏။

သိပ်မကြာလိုက်ပါ။ အိမ်ရှေ့လမ်းဆီမှ အိမ်ပိုင်းထဲသို့ အသာလေးခြေဖောနင်းပြီးဝင်လာသည့်ခြေသံတို့ကို ကြားသည်။ ထို့ကြောင့် ကိုဖိုးထောင် ရုတ်ခြည်း ခြေကိုခွဲကာ အသာလေးထရပ်လိုက်သည်။ အန္တရာယ်တို့ အိမ်အောင်းတွင် ရောက်ရှိပြီဖြစ်ကြောင်း သိလိုက်သည်။ ညသည် မှောင်အတိကျလှချေ ရှိသည်။

စက္ကန့်ပိုင်းမျှသာကြာမည်ထင်သည်။ သူအိပ်သောနေရာတွင် မြင်ရသော်လည်း လုံထိုးသံများ ပြောခန်းပြောခန့်ကြားနေရ၏။ လုံမှာ တစ်စင်းတည်းမဟုတ်။ လူလေး။ ငါးဦး ဝိုင်းထိုးနေဟန်ရှိကြောင်း ထိုးသံတို့ကို နားထောင်၍သိရသည်။

ထို့ကြောင့် ကိုဖိုးထောင်သည် ပေါ်ပါးစွာ နေရာပြောင်းလိုက်၏။ အောက်ကလူတွေကလည်း မည်သို့လေးပြောင်းသည်နေရာဝန်းကျင်တွင် လုံသွားတို့ တဖြောဖြောထွက်လာပြန်၏။ ထို့ကြောင့် ကိုဖိုးထောင်က ပညာသည့်အနေဖြင့် ခြေသံအယောင်ပြုရာက မထင်မှတ်သည့်နေရာတွင် ပေါ်းစွာရပ်လိုက်သည်။ ခြေသံပြသည့်နေရာတွင် ကြမ်းကြေးမှ လုံသွားဝင်လာသံများ ကြားနေရသည်။ အမှောင်ထဲတွင် ခဲဝါးဝါးသာမြင်ရာ ကြာလျှင် အခက်ခြာမည်စိုး၍ ထုတ်တန်းပေါ် ပေါ်ပါးစွာခေါ်၍ ခိုတက်ကာ အေးဆေးစွာ ထိုင်နေလိုက်၏။ အောက်မှလူတို့သည် ထင်ရာမြင်ရာနေရာတို့တွင် ဆက်၍ထိုးနေကြောင်း လုံထိုးသံတို့ကို ခန့်မှန်း၍သိသည်။ အတန်ကြာလျှင် လုံထိုးသံတိတ်ဆိတ်သွားသည်။

ပတ်ဝန်းကျင်သည် ပြန်လည်တိတ်ဆိတ်သွားပြန်၏။ ထိုတဖြောဖြောထိုးနေသော လုံထိုးသံတို့ကို အိမ်ရှင်ဖြစ်သော ဦးဝင်းမောင်တို့ မလွမ်းသွေးကြောင့် နေကြရမည်ဖြစ်သော်လည်း လုံးဝလန့်ဟန်ပြုနေသည်ကို တွေ့ရရာ သူတို့အားလုံးသည် တစ်စိတ်တစ်ဝမ်းတည်းကြောင်း သိလိုက်ရပေ၏။

ကိုဖိုးထောင်သည် အထပ်ထပ်တန်းပေါ်တွင် တစ်နာရီမျှထိုင်ကာ သိုင်းသင်စားရသည်မှာ မိမိအားလက်တစ်လုံးခြားတွင်ရှိကြောင်း ရာယ်အလွန်ကြီးမားကြောင်း သဘောပေါက်ရပါသည်။ အများအပြားမောထ

www.burmeseclassic.com

www.burmeseclassic.com

အနားယူနေချိန်ဝယ် မိမိမှာမူ အသက်နှင့် အလောင်းအစားပြုကာ သိုင်းဆရာတို့သောအမည်ကို ရယူပိုင်ဆိုင်ထားကြောင်းသဘောပေါက်ရလေ၏။ မည်မျှအန္တရာယ်ကြီးပါသနည်း။ မိမိသာ သတိထားပါက လုံဖျားတွင် အသက်ပါသွားနိုင်ပေ၏။

တိတ်ဆိတ်မှုအားကောင်းသဖြင့် ကိုဖိုးထောင် ပေါ့ပါးစွာ ထုတ်တန်းကို ခွဲ၍ ပေါ့ပါးစွာဆင်းလိုက်၏။ ကြမ်းပြင်ဆီ ခြေကျလိုက်သည်နှင့် အုံသြစရာကောင်းလောက်အောင်ပင် မိမိ၏ ခြေအစုံအနီးသို့ လုံသွားများ ထပ်မံပေါ်လာပြန်၏။ ကံကောင်းစွာပင် လွတ်မြောက်ခြင်းဖြစ်လျက် ရုတ်ခြည်းခြေပြောင်းကာ ထုတ်တန်းကို အမြန်ပြန်ခိုတက်ကာ ဆိုင်နေလိုက်ရပြန်လေ၏။ တော်သေးသည်၊ အမှောင်တွင်ကျင့်သားရနေသော နတ်ဝန်းတို့က ထုတ်တန်းကို မြင်နိုင်စွမ်းရှိခဲ့ဖြစ်သည်။ အိပ်ချင်စိတ်စိုးစဉ်းမျှမရှိသောမျက်ဝန်းတို့က ကိုဖိုးထောင်၏အန္တရာယ်အတွက် အကူအညီဖြစ်သည်။

သည်တစ်ခါတွင်မူ ကိုဖိုးထောင်သည် ထုတ်တန်းပေါ်တွင် အကျထိုင်သိုက်တော့၏။ အောက်မှ လူငယ်တို့သည်လည်း မိုးသောက်အရုဏ်မလာခင်း ခွဲကြီးကြီးဖြင့် စောင့်နေပေလိမ့်မည်။ ထို့ကြောင့် သည်အတိုင်းထိုင်နေခြင်းက အန္တရာယ်ကင်းပေသည်။ ထုတ်တန်းပေါ် သို့မူ လုံမမီနိုင်သဖြင့် စိုးရိမ်စရာမရှိပေ။ အိမ်အဝင်တံခါးမကြီးမှာသည်း အခိုင်အခဲ့ဖြစ်သည်။

သည်အခါတွင် သူဇနီး မမြခက်သာသရဲသို့မသွားရန် တားမြစ်သည်တို့ကို ပြန်လည်ကြားယောင်နေမိ၏။ ပညာခန့်ဖြင့် သူတစ်ပါးကို လျှော့တွက်မိသည်မှာ မိမိ၏ အမှားဖြစ်ကြောင်း သံသပ်မိ၏။ မျက်နှာချင်းဆိုင် စမ်းသပ်ကို မိမိမကြောက်သော်လည်း အမှောင်ထဲတွင် လုံများဖြင့်လာ၍ ထိုးခြင်းမှာမူ ဘစ်ဖက်သတ်ဆန်လွန်းလှတာ ကောက်ကျစ်လဲလွန်းသည်ဟု ထင်မိ၏။ ဤကြောင့် နတ်သရဲဆိုတာ ဒီလိုပါလားဟူ၍လည်း သဘောပေါက်ရလေ၏။

ကြက်တွန်သံတို့ အကြိမ်ကြိမ်ကြားရပြီနောက် ဦးဝင်းမောင်တို့အခန်းမှ ခေါက်ထွန်းလိုက်သော အလင်းစတို့ကို မြင်ရရာ နံနက်(၄)နာရီကျော်ကျော်ရှိပြီ ခန့်မှန်းသဘောပေါက်ရလေ၏။ ဤကြောင့် ပေါ့ပါးစွာ ထုတ်တန်းကိုခိုရွှေ့ဆင်းလိုက်၏။ ဒီတစ်ခါတွင်မူ လုံသွားတို့ ပေါ်မလာတော့ပေ။ ထို့ကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အိပ်ရာတွင် ထိုင်နေလိုက်တော့၏။

ခဏအကြာတွင် ဒေါ်တင်မေမီးခွက်ကိုင်ကာ အိပ်ခန်းထဲမှ ထွက်လာသည်ကို တွေ့ရသည်။ ငုတ်တုတ်ထထိုင်နေသော ကိုဖိုးထောင်ကို မြင်သော အခါ-

"ဆရာ၊ အစောကြီးရှိသေးတယ်၊ အိပ်ပါဦး။ ကျွန်မကတော့ ဘုန်းကြီးကျောင်းအရှက်ဆွမ်းအမီ ချက်ရပြုတ်ရဦးမှာ ဆရာရေ ပြီးတော့ လယ်တောကို လည်း ပို့ပေးရဦးမှာ"

ဟု ပြောကာ မီးဖိုချောင်ဘက်သို့ ဝင်သွားတော့၏။ မီးဖိုကို အပေါ်ထပ်တွင်သီးခြားထုတ်ထားပါသည်။ ထိုအခါတွင်မှ ကိုဖိုးထောင် စိတ်ချလက်ချ လဲလျောင်းမိတော့၏။ သို့သော် အိပ်ချင်စိတ်ကား စိုးစဉ်းမျှမရှိပေ။ အာရုံတွင် အတွေးပေါင်းများစွာဝင်နေမိ၏။ ထိုသည်မှာ ရဲနှံသူသဖွယ် လူကိုသေစေနိုင်သောလုံတို့ဖြင့် အုပ်စုလိုက်လာ၍ ထိုးကြသောကြောင့် ဖြစ်ချေ၏။

❑ နတ်သရဲမှုပြန်ခဲ့ပြီ

နံနက်အစောစာကို ဦးဝင်းမောင်တို့၏ ဘေးအိမ်မှလာခေါ်၍ကွေးသည်။ ဧည့်ဝတ်ကျေပွန်ပုံကတော့ ပြောစရာမလိုပေ။ ကောက်ညှင်းငနှိပ်ပေါင်း၊ ငါးရံခြောက်မီးဖုတ်ဆီဆမ်း၊ အသားခြောက်ဖုတ်ဆီဆမ်းတို့အပြင် အခြားစားဖွယ်တို့ ပါသေး၏။ အိပ်ရေးပျက်ထားရာ ဟက်ဟက်ပက်ပက်မစားနိုင်ပေ။ ထိုအိမ်မှပြန်ခဲ့သော် ဦးဝင်းမောင်နှင့်စကားပြောဖြစ်၏။

"ဦးဝင်းမောင်ရေ၊ အရမ်းအားနာတယ်ဗျာ။ ခင်ဗျားတို့ ခင်ပေးထားတဲ့သင်ဖြူးဖျာရော၊ အခင်းတွေ၊ စောင်တွေပါ ညက လုံချက်တွေမိပြီး ပေါက်ကုန်တယ်။ ကျွန်တော်တော့ အသိဉီးတာကြောင့် ဘာမှမဖြစ်ပါဘူး"

"ဩော် - ဟုတ်လား။ ရွာက လူငယ်တွေ ဆရာ့ပညာကို လာစမ်းကြတာထင်တယ်။ ပေါက်ကုန်လည်း ဘာတတ်နိုင်မှာလဲဆရာရယ် ရှိပါစေတော့။ ဆရာ့ကိုအသစ်တွေပြန်ခင်းပေးပါ့မယ်"

"နေပါစေတော့ ဦးဝင်းမောင်ရယ်။ ခုလို ပြုစုစောင့်ရှောက်တာပဲကျေးဇူးတင်လှပါပြီ။ ကျွန်တော် ခဏနေ ရွာကိုပြန်တော့မယ်ဗျာ"

"မဟုတ်တာ ဆရာရယ်။ သူတို့တွေ ဆရာ့အပေါ် လေးစားနေလောက်ပါပြီ"

"တော်ပါပြီဗျာ၊ ကျွန်တော်က ရန်သူမမဟုတ်တာ။ စမ်းတယ်ဆိုတာ မျက်မြင်ကိုယ်တွေ့ ဓားနဲ့ဝိုင်းခုတ်တာတို့၊ ထုတ်နဲ့ဝိုင်းရိုက်တာတို့ လုံနဲ့ဝိုင်းထိုးတာတို့ အဲဒီလိုစမ်းမှသင့်တော်တာပါဗျာ။ အိပ်နေချိန် အိမ်အောက်ကနေ လုံတွေနဲ့ ချောင်းထိုးတယ်ဆိုတာကျတော့ နည်းမကျဘူးဗျ၊ ဓဲဗျာ-ဦးဝင်းမောင်ရော ဒေါ်တင်မေပါ နှုတ်ဆက်ပါတယ်။ ကျွန်တော် သွားလိုက်ပါဦးမယ်။ ဆိတ်နံတုန်းဘက်ရောက်ရင် သိုင်းဆရာဖိုးထောင့်ဆိုရင် လူတိုင်းသိပါတယ်။ ရောက်ရင်ဝင်ခဲ့ပါ။ ဖိတ်ခေါ်ပါတယ်"

ဟု ပြောကာ ကိုဖိုးထောင်အိတ်ကိုလွယ်ပြီး ရွာထဲမှသွက်သွက်ထွက်ခဲ့လေတော့၏။ စိတ်ထဲတွင်မူ မကျေမချမ်းဖြစ်နေမိလေ၏။ သို့သော် မည်သို့မျှ မတတ်နိုင်ချေ။

❑ အလှကသိုင်းဆရာအဖြစ်သို့

အိတ်ကလေးလွယ်ကာ အိမ်ဝိုင်းထဲဝင်လာသော ကိုဖိုးထောင်ကို မမြခက်မြင်တွေ့ရ၏။ ထိုအခါ မမြခက်က ရယ်ပါသည်။

"ဘယ်လိုလဲ သိုင်းဆရာကြီး။ နတ်သရဲကျတော့ လက်လန့်ပြီး ပြန်ပြေးခဲ့ရပြီမဟုတ်လား"

"တော်စမ်းပါဟာ၊ ငါစိတ်ကုန်လွန်း လို့ပါ"

"တော့်ကို အစောကတည်းက ပြောပါတယ်နော်။ နတ်သရဲမသွားပါနဲ့လို့"

"အေးဟာ၊ ငါလည်း ငါ့ကိုယ်ငါ အတော်အထင်ကြီးမိတာဟာ။ ကံကောင်းလို့ အသက်ရှင်လျက်ပြန်ရောက်လာတော့ တရားသဖြင့် လူချင်းရင်ဆိုင်ရရင် ငါမဆိုလိုပါဘူး။ ခုဟာက တစ်ညလုံး စောင့်ပြီး အိမ်အောက်ကနေ ကြမ်းကြားထဲ လုံနဲ့ ဝိုင်းထိုးနေကြတာဟာ။ ဒါနဲ့ ငါ ထုတ်တန်းပေါ် တက်ထိုင်နေရတယ်"

"ဩော် - ဒါကြောင့် တော့်မျက်နှာချောင့်ကျသွားတာကိုး။ အင်း - တားမရဆီးမရနဲ့ ခုလိုလက်တွေ့ခံခဲ့ရတာ တော့် အတွက်ရော ကျွပ်အတွက်ပါ ကောင်းတယ်"

"ဘာကောင်းတာလဲ။ ငါဖြင့် သိုင်းလိုက်ပြီးသင်ပေးချင်တဲ့စိတ်တောင်တုန်သွားတယ်။ ငါကလည်း ဒီအလုပ်တလဲပြီး ဘာမှမလုပ်တတ်နဲ့ ခက်တော့နေပြီ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ကွာ"

"ကိုဖိုးထောင်၊ တော့်အသဲက ငယ်တယ်မထင်နဲ့တော့။ ခုဆို (၄၀) တောင်ကျော်နေပြီလေ။ ဒီတော့ ဒီလို လုပ်ရင် ကောင်းမယ်ထင်တယ်"

"ဘာလုပ်ရမှာလဲ"

"ကိုယ်ဝါသနာပါတဲ့အလုပ်လည်း မစွန့်လွှတ်ရဘူး။ ရပ်တကာနယ်တကာ မှာသွားပြီး သင်တန်းတွေပေးစရာလည်း မလိုဘူး။ ပြန်ကပြေးက ရှမ်းမောင်းသိုင်း အဖွဲ့က ပျက်သလိုဖြစ်နေပြီ။ အဲဒီတော့ ရှင်က တပည့်သုံး၊ လေးဦးကို သိုင်းအကသင်ပေးပြီး အလှူတွေ၊ ဘုရားပွဲတွေမှာ ရှမ်းမောင်းသိုင်းအကလိုက်လှာတဲ့အဖွဲ့ တည်ထောင်ပါလား။ မြို့နယ်တစ်ခုလုံးက လာငှားကြမယ်။ ပြီးတော့ ပရိသတ်ရဲ့ဆုငွေတွေလည်းရမယ်။ တော့်သိုင်းသင်တန်းပေးတာထက် ဝင်ငွေလည်းကောင်းမယ်။ အိုးမကွာအိမ်မကွာလည်း နေရမယ်။တော့်ကို လူတွေတိုင်းကလည်း ချီးကျူးကြမယ်၊ ဘယ်လိုလဲ"

"ဩော် - ဟုတ်သားပဲ၊ ငါ့နယ်မှေနေလိုက်တာ။ ဒါဆို ငါတို့ဘာတွေလိုအပ်မလဲ"

"မောင်းတွေပဲလိုမှာလေ။ ပြီးတော့ လင်းကွင်းကြီးရယ်ပေါ့။ အဲဒါ ကျွပ်တာဝန်ထား။ တော်က ဝါသနာပါတဲ့လူငယ်သုံး၊ လေးဦးစုပြီး သိုင်းအကသင်ပေး။ ပွဲခွင့်တွေဝင်ရင် ရတဲ့ငွေကြေးပေါ်မူတည်ပြီး တပည့်လက်သားတွေကို ခံစားခွင့်ပေးပြီးတော့ ကလေးတွေ သိုင်းသင်ဖို့ဝတ်စုံရယ်၊ ကတဲ့အခါ ဝတ်ဖို့ဝတ်စုံရယ် ကြိုတင်ချုပ်ထားရမယ်။ ပွဲခွင့်မရမှာမပူနဲ့၊ ကျွပ်တာဝန်သာထား။ ကျွပ်ပါးစပ် ပေါက်ပေါက်ဖောက်လိုက်ရင် ပျဉ်းမနားတစ်ခွင် ပြပြစင်ပေါက်ကြားစေရမယ်၊ ဟုတ်ပြီလား"

"အင်းပါ မြခက်ရာ၊ အင်းပါ။ ငါ အမြန်အကောင်အထည်ဖော်ပါ့မယ်"

ဟု လှိုက်လဲစွာ ကတိပေးလိုက်လေ၏။

မိန်းမတို့သည် အကျပ်အတည်း အခက်အခဲကြုံခဲ့သော်၊ ယောကျ်ားတို့ထက် ထိုအခက်အခဲကို လျင်မြန်စွာ ဖြေရှင်းပေးနိုင်စွမ်းရှိပေ၏။

▫သိုင်းဆရာနှင့် နတ်သရဲ

ကိုဖိုးထောင်တို့၏ ရှမ်းမောင်းသိုင်းအကသည် အချိန်တိုအတွင်းမှာပင် နာမည်ရကာ ဟိုးလေးတကျော်ဖြစ်လာခဲ့ပြီး ပွဲဆက်စိပ်ကာ နားရသည်ပင် မရှိအောင် ဖြစ်လာခဲ့ရ၏။

ကရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းက လုပ်နေကြသောအခါ တပည့်များလည်း ပညာရည်မြင့်လာကြ၏။ ကိုဖိုးထောင်က ဆရာဖြစ်ရာ အစဉ်သဖြင့် တုတ်ရှည်ကိုင်၏။ တုတ်နှင့်ရိုက်သမျှကို ဓားနှစ်လက်နှင့်တပည့်က ဓားနှင့်ကာကွယ်နိုင်၏။ အလူးအလိမ့်၊ အခုတ်အထစ်များမှာ သည်းထိတ်ရင်ဖိုဖြစ်သည်။ ဓားတို့မှာ ငှက်ကြီးတောင်ဓားတို့ဖြစ်ပြီး မကမီ ဝါးလုံးစိမ်းကို တိခနဲနေအောင် ခုတ်ဖြတ်၍ ပြလေ့ရှိရာ မည်မျှထက်ကြောင်း ပရိသတ်တို့အမြင် ဖြစ်သည်။ ထိမိလိုက်သည်နှင့် အနည်းဆုံး ကွဲပြဲသွားနိုင်ခြေရှိသောဓားတို့ဖြစ်ရာ ဘေးမှကြည့်နေသူ ပရိသတ်တို့သည် ဓားထိမှာစိုးသည့် အတွက် အနောက်သို့ တဖြည်းဖြည်း ဆုတ်ကာ ကြည့်ကြလေ့ရှိသည်။ ထိုသို့အလုပြဓားမဟုတ်ဘဲ ဓားအစစ်တို့ဖြင့် သက်စွန့်ဆံဖျား သိုင်းကစားပြခြင်းကြောင့်လည်း ကိုဖိုးထောင်တို့၏ သိုင်းအဖွဲ့သည် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းနယ်များသို့တိုင် ကျော်ကြားကာ လိုက်၍ကပြရလေ၏။ အလှူလှည့်ရာ တိုင်း၌ သူတို့ကိုတွေ့ရလေ့ရှိ၏။

ပရိသတ်တို့၏ ကျေနပ်ကြည်နူး၍ ဆုချပေးသောဆုငွေတို့ကလည်းရသေးရာ သူတို့တစ်ဖွဲ့လုံး ဝင်ငွေကောင်းကြပါသည်။ သို့အတွက် သိုင်းဆရာလုပ်စဉ်ကထက် သိုင်းကခြင်းက ပို၍ဝင်ငွေကောင်းကာ အဆင်ပြေခဲ့ပါသည်။

ထိုသို့ သိုင်းဆရာ ကိုဖိုးထောင်တို့၏ သိုင်းအလှကအဖွဲ့ အား မြို့ပြရပ်ကွက်များနှင့် ကျေးလက်တို့မှ လာငှားလေ့ရှိရာ ကိုဖိုးထောင်လက်ရှောင်သောရွာတစ်ရွာရှိသည်။ ထိုရွာမှာ နတ်သရဲဖြစ်ပါသည်။ နတ်သရဲမှ တိုက်တိုက်ဆိုင်ဆိုင် အလှူမှလာငှားဖူး၏။ ထိုအခါ ကိုဖိုးထောင်မှ ပွဲမအားကြောင်း ယဉ်ကျေးစွာ ငြင်းပယ်ခဲ့ဖူးလေ၏။

အမှန်သော် ရွာစဉ်လှည့်၍ သိုင်းသင်စားသော သိုင်းဆရာဘဝမှ ကျွတ်လွတ်အောင် ဖိအားပေးလိုက်သည်မှာ နတ်သရဲဟူသည်ကို ကိုဖိုးထောင်မမေ့ခဲ့ပါ။ သို့သော်. . . ။

ချမ်းမြေ့ကြယ်စေ

နေပြည်တော်ကျော်ကျော်စိုး
(ပြောပြသူ ဆိုတ်နံတုန်းမှ တူတော်မောင်ဖြစ်သူ ကျော်ကျော်အား ကျေးဇူးတင်လျက်)

နတ်မောက်မင်းသမီးဖြင့်ဆောင်းပိုင်း

ဝမ်းအလျှောလွန်သော်

ဝမ်းအလျှောလွန်လျှင် လူ၏ခန္ဓာကိုယ်အတွင်းမှ ဆားဓာတ်၊ သကြားဓာတ်များ၊ ယုတ်လျော့ခန်းခြောက်ပြီး အကြောကြွက်သားများမထိန်းနိုင်တော့ဘဲ ကြွက်ကြောတက်ကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်ပျက်သည်ကို တွေ့မြင်ဖူးပါသည်။ အထက်လှန်အောက်လျှောဖြစ်သူများသည် ထိုကဲ့သို့ပင် အသက်မဆုံးရှုံးသင့်ဘဲဆုံးရှုံးကြရတတ်ပါသည်။

သာမန်ဝမ်းလျှောလျှင် ရေနှံဖန်ဖန်တွင် သကြားဟင်းသောက်ဖွယ်တစ်ဗွန်း၊ ဆားလက်ဖက်စားဗွန်းဝက်နှင့် ရောဖျော်ပြီးသောက်ပေးပါ။သုံးကြိမ်မျှ ပြုလုပ်သောက်ပေးလျှင် ဝမ်းရပ်သည်။

ထိုသို့မဟုတ်ဘဲ ဝမ်းသည် တားမရဆီးမရအောင် အလွန်လျှောလွန်လျှင် အောက်ပါအတိုင်း ပြုလုပ်ပေးပါ။

လူနာကို ပက်လက်လှန်အိပ်ခိုင်းပါ။ ဝမ်းဗိုက်ကိုလှပ်ပါ။ ထို့နောက် ဝမ်းဗိုက်၏ ချက်ပတ်လည်တွင် ဆီးဖြူသီးညှစ်စွာထောင်း၍ အဝတ်နှင့်ပတ်ထားပါ။ ထို့နောက် ချင်းအစိုကိုထောင်း၍ သတ္တုရည်ညှစ်ယူကာ ဟင်းသောက်ဖွဲနှစ်ဗွန်း၊ သုံးဗွန်းခန့် ချက်ပေါက်လောင်းထည့်ပါ။ ဆယ့်ငါးမိနစ်အတွင်း မြစ်ရေအဟုန်ပမာလျှောနေသော ဝမ်းသည် လုံးဝရပ်တန့်ပျောက်ကင်းသွားမည်။ မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိသော အကောင်းဆုံးဆေးနည်း ဖြစ်သည်။

နတ်မောက်မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com

မဟာကိန်းဂဏန်းများ ကိုးနဝင်္ဂ

70 ဂဏန်း

70 ဂဏန်း ပိုင်ရှင်များသည် အများအပေါ် ကောင်းကျိုးပြုတတ်ကြပြီး ပျော်ရွှင်မှုအလင်းရောင်အား ကမ္ဘာ့အနှံ့ ပျံ့နှံ့စေလိုသူများပင် ဖြစ်သည်။

70 ဂဏန်းဖြစ်စေသည့် အရည်အသွေးဆိုင်ရာ အခြေအနေအကြောင်းအရာများ

70 ဟူသောဂဏန်းအား ဂဏန်းတစ်လုံးတည်းရအောင်ပေါင်းပါက ရရှိသော 7 သည် 7 နှစ်ကြာတိုင်း ကျွန်ုပ်တို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေများအားလုံး ပြောင်းလဲရတတ်ကြောင်း ရည်ညွှန်းသည်။

70 ဂဏန်းသည် အောက်ပါအခြေအနေအကြောင်းအရာ (၇) မျိုးကိုလည်း ကိုယ်စားပြုထားသည်။

၁။ နို့စို့ကလေးငယ်အရွယ်ဘဝ၊
၂။ နို့စို့အရွယ်မှ လွန်မြောက်ပြီး ကလေးဘဝ
၃။ ကြီးကောင်ဝင် - အပျိုဖော်ဝင် ရောက်ချိန်၊
၄။ အရွယ်ရောက်-လူလားမြောက် ချိန်၊
၅။ သြဇာအာဏာကြီးမားသည့်နှစ်များ၊
၆။ အသိဉာဏ်ပညာကွန်မြူနိုင်သည့် နှစ်များ၊
၇။ ကျွမ်းကျင်မှုအမျိုးမျိုးရှိနေသည့် နှစ်ကာလများ။

70 ဂဏန်းသည် အောက်ပါအခြေအနေ (၇) မျိုးကိုလည်း ရည်ညွှန်းသည်။

၁။ ကြောင်းကျိုးဆက်နွယ်မှု၊
၂။ အဏုမြူ၊
၃။ အကောင်အထည်ပြနိုင်သည့် ဝိညာဉ်၊
၄။ သားတော်၊ ခမည်းတော်၊ သန့်ရှင်းသောဝိညာဉ်တော် (၃) ဆူ၊ (၁) ဆူ
၅။ ထိုးထွင်းဉာဏ်ရှိခြင်း
၆။ စိတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်သော၊
၇။ အသက်ဝိညာဉ်နှင့်ဆိုင်သော။

စကြဝဠာနှင့်ဆိုင်သော ဥပဒေသ (၇) ရပ်

၁။ မှန်ကန်သောရည်မှန်းချက်သတ်မှတ်ထားရှိပါ။
၂။ ကျန်းမာရေးကောင်းစေရမည်။
၃။ ပညာရေးထူးချွန်ပြီး ကြိုတင်ပြင်ဆင်မှုများလုပ်ရမည်။
၄။ အစပြုပြီးသည်နှင့် ပြီးဆုံးအောင်ဆောင်ရွက်ရမည်။
၅။ ကြံရည်ဖန်ရည်၊ လုပ်ရည်ကိုင်ရည်ရှိအောင် ကြိုးစားခြင်း။
၆။ ဇွဲ၊ ခံနိုင်ရည်အားကောင်းရန် လိုခြင်း။
၇။ ဘုရားသခင်၏ လမ်းညွှန်မှုကို ခံယူခြင်း။

အထက်ပါ ဖော်ပြချက်များအရ 7 ဂဏန်းသည် 0 ဟူသော ဘုရားသခင်ကိုယ်စားပြုကိန်းဂဏန်း၏ အရှိန်အဝါဖြင့် စွမ်းအင်ပြည့်ဝစေကာ လိုအပ်ချက်ဟူသမျှအား ဖြည့်စွမ်းပေးသည်။

70 ဂဏန်းစွမ်းရည်ကို ရည်ညွှန်းသည့် အခြေအနေအကြောင်းအရာ

သူ လမ်းလျှောက်ခဲ့သည် ရေတွင်
He Walked The water
85 513254 295 51259
70

80 ဂဏန်း

80 ဂဏန်းသည် အသိဉာဏ်ပညာ အလင်းရောင်ထွန်းတောက်သည့် သဘောကို ရည်ညွှန်းသည်။ ထို့ကြောင့် 80 ဂဏန်းပိုင်ရှင်အားလုံးလိုလို ကိုယ်ပိုင်တွေးခေါ်ဉာဏ်စွမ်းများကြောင့် အောင်မြင်မှုကို ရယူနိုင်ကြသည်။

80 ဂဏန်းသည် ဘုရားသခင်၏ သုခဘုံသို့ ရောက်ရှိနိုင်စွမ်းကို ရည်ညွှန်းသည်။

80 ဂဏန်းအား ဂဏန်းတစ်လုံးတည်းရအောင်ပေါင်းခြင်းဖြင့်ရရှိသော 8 ဂဏန်းက ကိုယ်စားပြုထားသည့် အကြောင်းအရာ (၇) မျိုး

၁။ မှန်ကန်လေးနက်စွာရှုမြင်ခြင်း၊
၂။ မှန်ကန်စွာနှလုံးသွင်းခြင်း၊
၃။ မှန်ကန်စွာ ကြိုးစားအားထုတ်ခြင်း၊

70 ဂဏန်းဖြစ်စေသည့် အရည်အသွေး ဆိုင်ရာ အခြေအနေအကြောင်းအရာများ

အလားအလာ	ဘဝအခြေအနေ လမ်းကြောင်းများ	စိတ်ရှည် သည်းခံခြင်း	အလေ့အကျင့်	သက်သေ ပြခြင်း	အားလုံး သော	အရာများ
Potential	Channel	Patient	Practice	Prove	All	Things
762552913	3815553	7129552	79132935	79645	133	289571
70	70	70	70	70	70	70

80 ဂဏန်းဖြစ်စေသည့် အခြေအနေအကြောင်းအရာများ

ဝိညာဉ်ရေးရာ	အောင်မြင်စွာရယူနိုင်ခြင်း	ဘုရားသခင်၏သုခဘုံ
Spiritual	Attainment	Garden of Paradise
179992313	1221954552	719455 66 71914915
80	80	80

www.burmeseclassic.com

www.burmeseclassic.com

၄။ မှုန်ကန်စွာ အသက်မွေးခြင်း (သမ္မာအာဇီဝ)။
၅။ မှုန်ကန်စွာစီမံခန့်ခွဲခြင်း။
၆။ မှုန်ကန်စွာပြောဆိုခြင်း။
၇။ မှုန်ကန်စွာရည်မှန်းချက်ထား ခြင်း
၈။ မှုန်ကန်စွာသမ္မာဇြင်ခြင်း

80 ဂဏန်း၏ အထူးတာဝန်ယူမှု

လိုအပ်ချက်များ ဖြည့်စွမ်းပေးရန် အကောင်းဆုံးလမ်းကြောင်းကို ရွေးချယ်ရမည်ဖြစ်သည်။

90 ဂဏန်း

ဘုရားသခင်၏ ဖန်ဆင်းခြင်းအစီပိုင်း၌ အရာရာမည်းမှောင်၍ ပုံသဏ္ဌာန်မဲ့နေခဲ့သည်။ ထို့နောက် ဘုရားသခင်က အကောင်အထည်ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အလင်းရောင်ကို ဖန်တီးပေးစွမ်းခဲ့သည်။

90 ဂဏန်းသည် မှောင်မည်းခြင်းအခြေအနေမှ အလင်းရောင်ရရှိလာသည့်အခြေအနေများကို ရည်ညွှန်းသည်။

90 ဂဏန်းဖြစ်စေသည့် အခြေအနေအကြောင်းအရာများ

မှောင်မိုက်ခြင်းအခြေအနေမှ		အလင်းရောင်ရရှိသောအခြေအနေ	
From	Darkness	To	Light
6964	41925511	26	39782

90

90 ဂဏန်းသည် လူသားနှင့် ဘုရားသခင်တို့ တစ်စုတစ်စည်းတည်း ရှိနေသည့် အခြေအနေကို ရည်ညွှန်းသည်။

90 ဂဏန်းအတွက် ရရှိနိုင်သော အောင်မြင်မှု

ဝိညာဉ်ရေးရာ၌ အပြစ်အနာအဆာမရှိစေရန် အစဉ်နိုးကြားစွာ ကြိုးစားရမည်ဖြစ်သည်။

အခန်း (၁၀)

ဘဝတစ်သက်တာအတွင်း လိုက်ဖက်ညီညွတ်မှုရှိစေသည့်ဖြစ်စဉ်များ

ကျွန်ုပ်တို့ လူသားအားလုံး ကမ္ဘာမြေပေါ်တွင် အသက်ရှင်ရပ်တည်ကြရာ၌ ကောင်းခြင်း၊ ဆိုးခြင်း ဟူသည့် ဆန့်ကျင်ဘက်အခြေအနေများ၊ အမြင့်၊ အနိမ့်များနှင့် ကြုံတွေ့ရတတ်သည်ကို မှားပေမည်။

ဘဝ၏ အစိတ်အပိုင်းအချို့၌ မကောင်းသောအခြေအနေများနှင့် ကြုံတွေ့ရသော်လည်း အချို့သောကာလ အပိုင်းအခြားများ၌ ကောင်းသော အခြေအနေများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

လူသားတို့ တွေ့ကြုံရင်ဆိုင်ရသော မည်သည့်အခြေအနေမျိုးကိုမဆို ကိန်းဂဏန်းများက အသီးသီးကိုယ်စားပြုထားကြသည်။

ကောင်းသော အခြေအနေနှင့် မကောင်းသောအခြေအနေတို့အလိုက် မလွဲမရှောင်သာ ရွေးချယ်ရမည့်ကိစ္စများ ရှိနေတတ်သည်။

ထိုအခါ လူသားတို့အတွက် သိစိတ်က ဆုံးဖြတ်နိုင်ခွင့်ကို ပေးစွမ်းသည်။ သိစိတ်သည် ကျွန်ုပ်တို့ အသက်ရှင်နေထိုင်မှု၊ တရားမျှတမှု၊ ရွေးချယ်စရာရှိသောကိစ္စများ၊ နေ့စဉ်ကြုံတွေ့ရသည့် အခြေအနေများအပေါ် တုံ့ပြန်မှုများအတွက် အမြဲတစေ ဦးဆောင်ပေးသည်။

သိစိတ်အား ကိုယ်စားပြုထားသည့် ဂဏန်းများမှာ မျိုးတူထပ်ဂဏန်း (သို့) မဟာကိန်းဂဏန်းများပင် ဖြစ်သည်။

မဟာကိန်းဂဏန်းများမှာ 11, 22, 33, 44, 55, 66, 77, 88, 99 ..... တို့ ဖြစ်သည်။

မဟာကိန်းဂဏန်းများအား ဂဏန်းတစ်လုံးတည်းရအောင် ပေါင်း၍မရပါ။ မဟာကိန်းဂဏန်းများသည် ဦးဆောင်နိုင်စွမ်းရှိခြင်း၊ ကျွမ်းကျင်မှုရှိခြင်း၊ အရည်အသွေးကောင်းများကို ပိုင်ဆိုင်ခြင်းရှိကြောင်းဖော်ပြသည်။ မဟာကိန်းဂဏန်း (သို့) မျိုးတူထပ်ဂဏန်းများသည် ၎င်း၏ မူလတစ်လုံးတည်းသောဂဏန်းအား ပိုမိုစွမ်းအင်မြင့်တက်အောင် မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။

ဥပမာ 1 ဂဏန်းအား စွမ်းအင်မြှင့်တင်ပေးခြင်းကြောင့် 1 ဂဏန်း (၂) ခါ = 11။



မဟာကိန်းဂဏန်းအစ "11" ဂဏန်းကို ပြသပုံ

2 ဂဏန်းအား စွမ်းအင်မြှင့်တင်ပေးခြင်းကြောင့် 2 ဂဏန်း (၂) ခါ = 22 ဟူ၍ မဟာကိန်းဂဏန်း 11 မှ 99 အထိ အစဉ်လိုက်ရရှိမည်ဖြစ်သည်။

အခန်း (၁၁)

မဟာကိန်းဂဏန်း 11

မဟာကိန်းဂဏန်း (သို့) မျိုးတူထပ်ဂဏန်းများသည် ၎င်းတို့၏ မူလတစ်လုံးတည်းသော ဂဏန်းများ၏ အဓိပ္ပာယ်အား ပိုမိုထင်ရှားစေသည်။

မဟာကိန်းဂဏန်း 11 ရရှိသော မွေးနေ့ပိုင်ရှင် (သို့) အမည်ပိုင်ရှင်များသည် အများအကျိုးကို လိုလားစွာ ဆောင်ရွက်တတ်သည့် ပရဟိတဝါဒီများ ပင်ဖြစ်သည်။

11 ဂဏန်းဟူသည့် မဟာကိန်းဂဏန်းပိုင်ရှင်အဖို့ ရိုးသားဖြောင့်မတ်ခြင်းအပေါ် အစမ်းသပ်ခံရတတ်သည်။

မဟာကိန်းဂဏန်း 11 ရရှိသူများသည် ဉာဏ်ပညာအရည်အသွေးမြင့်မားကြပြီး အရာရာဦးဆောင်ခွင့်ရရှိကြသည်။ ၎င်းတို့၏ ပင်ကိုစရိုက်အရ လူသားချင်းစာနာထောက်ထားတတ်ခြင်းကြောင့် ပို၍ပင် ထင်ပေါ်ကျော်ကြားတတ်သူများ ဖြစ်သည်။

11 ဂဏန်းသည် အသစ်တစ်ဖန် ပြန်လည် စတင်ခြင်းသဘောကိုလည်း ရည်ညွှန်းသည်။ 11 ဂဏန်း၏ အရှိန်အဝါကြောင့် ပတ်ဝန်းကျင်ပြောင်းလဲခြင်း၊ အသစ်အဆန်းများအဖြစ် ဖန်တီးတည်ဆောက်နိုင်ခြင်း၊ ဘုရားသခင်၏ နာမတော်နှင့်အတူ ရှင်သန်နေထိုင်နိုင်ခြင်းဟူသည့် အကျိုးကျေးဇူးကောင်းများကို ရရှိသည်။

11 ဂဏန်းပိုင်ရှင်များအား ဝန်ခံချက်များ၊ ပြုပြင်ပြောင်းလဲရေးသမားများ

www.burmeseclassic.com

www.burmeseclassic.com

လူဖါနိုးပေးကမ်းတတ်သူများ၊ အရောင်းမြင့်တင်ရေးသမားများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖွဲ့၏ ခေါင်းဆောင်များ အပြစ် တွေ့ရတတ်သည်။ 11 ဂဏန်းသည် အကန့်အသတ်မရှိသော သိစိတ်နှင့် ဉာဏ်အလင်းရောင်အား ကိုယ်စားပြုထားသည်။

ဉာဏ်အလင်းရောင်
Light
39782
29/11 • မဟာကိန်းဂဏန်း- 11

11 ဂဏန်းသည် 1 ဂဏန်း ကိုယ်စားပြု သိစိတ်နှင့် 1 ဂဏန်းကိုယ်စားပြု 'မြင့်မားသောအသိဉာဏ်' တို့ ပေါင်းစပ်ထားသည့်ဂဏန်းဖြစ်သည်။

11 ဂဏန်းသည် စိတ်ရင်းစိတ်ထားကောင်းများကိုဖြစ်စေပြီး ကိုယ်ကျိုးစွန့် အနစ်နာခံ၍ အများအတွက် ပေးဆပ်တတ်သည်။ ၎င်းအပြင် 11 သည် အလင်းရောင်အား ရည်ညွှန်းပြီး စိတ်ပိုင်းဆိုင်ရာအား နိုးကြားစေသည်။

11 ဂဏန်းသည် အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်း၊ ဘုရားသခင်အလို အတိုင်း ရှင်သန်ရပ်တည်ခြင်းတို့ကို လည်း ရည်ညွှန်းသည်။

အခန်း (၁၂)

မဟာကိန်းဂဏန်း 22

မဟာကိန်းဂဏန်း 22 ပိုင်ရှင်များသည် မဟာကိန်းဂဏန်း 11 ပိုင်ရှင်များထက် ပိုမိုလက်တွေ့ကျသူများဖြစ်သည်။

22 ဂဏန်းသည် ကျွန်ုပ်တို့တရားဆိုင်စဉ် စိတ်အာရုံစူးထားခြင်းအတွင်း ရရှိလာတတ်သည့် အသိဉာဏ်ပညာကို ရည်ညွှန်းသည်။



ဟောကိန်းဂဏန်း "22" ထည်နေရာပြပုံ

22 ဟူသည့် မဟာကိန်းဂဏန်းအား ကိုယ်စားပြုသောအမှတ်သင်္ကေတမှာ ဟီဘရူးဘာသာအက္ခရာစဉ် Tau ပင် ဖြစ်သည်။

Tau သည် လက်ဝါးကပ်တိုင်ဟူသော် အဓိပ္ပာယ်ရှိသည်။

နှင်းဆီပန်းသည် သနားကြင်နာခြင်း၊ နှလုံးသားမှ လှိုက်လဲစွာနှစ်သက်ခြင်းကို ရည်ညွှန်းပြီး နှင်းပန်းသည် သိစိတ်၏ပြုစုပျိုးထောင်သန့်ရှင်းမှုအား ကိုယ်စားပြုထားသည်။

22 မဟာကိန်းဂဏန်းရစေသည့်စေခြေအနေအကြောင်းအရာများ

အလုပ်	ရရှိခြင်း	စိတ်	ဘုရားသခင်	နာကျင်ခြင်း
Work	Gain	Mind	Lord	Pain
5692	7195	4954	3694	7195
22	22	22	22	22

မဟာကိန်းဂဏန်း 22 ပိုင်ရှင်များသည် မည်သို့ပင် ပင်ပန်းဆင်းရဲသော အလုပ်ဖြစ်စေ အများကောင်းကျိုးရမည် ဆိုပါက တာဝန်ယူဆောင်ရွက်ပေးတတ်ကြသည်။ မည်သည့်အလုပ်ပင်ဖြစ်စေ အစပြုလိုက်သည်နှင့် ပြီးဆုံးလက်စသတ် နိုင်သည်အထိ တစိုက်မတ်မတ် ဆောင်ရွက်တတ်ကြသည်။

22 သည် 2 ဂဏန်းနှစ်လုံးပေါင်း စပ်ထားသည့် ထပ်ဂဏန်းဖြစ်သည်။ 22 ဂဏန်းပိုင်ရှင်အများစုသည် စိတ်ရှည်သည်းခံတတ်ခြင်း၊ ခွဲခံနိုင်ရည်ရှိခြင်း၊ ဆုံးဖြတ်ချက်မှန်ကန်ခြင်းဟူသော စရိုက်လက္ခဏာကောင်းများ ပါရှိတတ်သည်။ ၎င်းပြင် အဆိုပါပုဂ္ဂိုလ်များသည် ဂိုးသားဖြောင့်မတ်ခြင်းနှင့် သူ့ရသတ္တိရှိခြင်းတို့ အပြင့်ဆုံးအဆင့်တွင်ရှိနေတတ်ကြသည်။

ထို့ကြောင့် 22 ဂဏန်းပိုင်ရှင်သည် 11 ဂဏန်းပိုင်ရှင်တို့ကဲ့သို့ အများ၏စံနမူနာယူထိုက်သူအဖြစ် အကောင်းဆုံးရပ်တည်ပေးရန် လိုအပ်သည်။ တစ်ကိုယ်ကောင်းစိတ်ဖြင့် ရည်မှန်းချက်မထားတတ်သည့် 22 ဂဏန်းပိုင်ရှင်တို့အဖို့ နှင်းပန်း၏အရည်အသွေး (တန်ဖိုးဂဏန်းနှင့်) တစ်ထပ်တည်းတူနေသည်ကို တွေ့ရှိရသည်။

နှင်းပန်း
Lily
3937
22

22 ဂဏန်းအား စိတ်ထားဖြူစင်သန့်ရှင်းသူအတွက် နှင်းဆီပန်းဖြင့် တန်ဖိုးညှိပေးနိုင်သည်။

နှင်းဆီ
Roses
96151
22

အခန်း (၁၃)

29/11 (11 ဂဏန်းရစေသည့် စစ်သပ်ဂဏန်း)

11 ဂဏန်းရစေသည့် 29 ဂဏန်းသည် 2 ဂဏန်းနှင့် 9 ဂဏန်းတို့၏ ကိုယ်ပိုင်စွမ်းရည်များ သိသိသာသာ ကွဲပြားခြားနားမှုကို ရည်ညွှန်းသည်။ 29 ဂဏန်းရရှိသည့် မွေးနေ့ရှင်များအနေဖြင့် မေတ္တာထားခြင်း၊ နားလည်ခွင့်လွှတ်ခြင်း၊ လူအများနှင့် သင့်တင့်မျှတစွာ ဆက်ဆံတတ်ခြင်းရှိရန် အထူးလိုအပ်သည်။

29 ဂဏန်းရစေသည့် အခြေအနေအကြောင်းအရာများ

ရွေးချယ်ခြင်း	ပြောစကား
Choose	Speech
386615	175538
29/11	29/11

ကျွန်ုပ်တို့လူသားများသည် ဘုရားသခင်ထံမှ ဖြစ်ပေါ်လာရပြီး ဘုရားသခင်ထံသို့ နောက်ဆုံးပြန်လည်ရောက်ရှိလာကြမည် ဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ရွေးချယ်မှုပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် လူသားအဖြစ် ဖန်ဆင်းခံရခြင်နှင့် မဟာကိန်းဂဏန်း 11 ဂဏန်းပိုင်ရှင်ဖြစ်နိုင်သလို 29 ဂဏန်း ပိုင်ရှင်လည်း ဖြစ်နိုင်ကြသည်။

အခန်း (၁၄)

မဟာကိန်းဂဏန်း 33

မဟာကိန်းဂဏန်း 33 ပိုင်ရှင်များသည် သနားကြင်နာတတ်ပြီး အပေးအကမ်းရက်ရောတတ်ကြသည်။ တစ်နည်းအားဖြင့် ကမ္ဘာလောကတစ်ခုလုံးအား လိုအပ်သလောက် ပြည့်ဆည်းပေး သာယာဝပြောစေလိုစိတ်ရှိသူများပင်

www.burmeseclassic.com

www.burmeseclassic.com



မဟာကိန်းဂဏန်း "33" တည်နေရာပြပုံ

ဖြစ်သည်။ 33 ဂဏန်းပိုင်ရှင်များသည် ကိုယ်ကျိုးစွန့်အနစ်နာခံရန်အတွက် လူသားအဖြစ် မွေးဖွားလာခဲ့ခြင်းလည်းဖြစ်သည်။

33 ဂဏန်းပိုင်ရှင်တို့၏ သိစိတ်သည် အခြားသူတို့၏ လိုအပ်ချက်အဝဝအား ဖြည့်ဆည်းပေးရန် စိုင်းပြင်လျက်ရှိသည်။

33 ဂဏန်းရစေသည့် အခြေအနေအကြောင်းအရာများ

ကောင်းချီးပေးခြင်း	ကယ်တင်ခြင်း/သူ	သင်ကြားပေးခြင်း
Blessing	Saviour	Teacher
23511957	1149639	2513859
33	33	33

နက်ပ်ကျွန်းဂြိုဟ်သည် စိတ်ထားသိမ်မွေ့ခြင်း၊ အာရုံ (၅) ပါး ခုံမင်မှုမှ ကင်းလွတ်ခြင်းသဘောတို့အား ကိုယ်စားပြုပြီး မဟာကိန်းဂဏန်း 32 နှင့်လည်း ပတ်သက်ဆပ်စပ်လျက်ရှိသည်။

33 ဂဏန်းပိုင်ရှင်များသည် တာဝန်သိတတ်ပြီး တရားမျှတမှုကို မြတ်နိုးကြသည်။ ၎င်းအပြင် မကောင်းသော အခြေအနေအရပ်ရပ်အား ကောင်းသော အနေအထားသို့ရောက်အောင် ပြုပြင်ပြောင်းလဲတတ်ကြသည်။

33 ဂဏန်းသည် ဘုရားသခင်အလိုတော်အရ ဝမ်းနည်းကြေကွဲမှုများကင်းစင်၍ ပျော်ရွှင်မှုများဖြင့် ပြည့်ဝစေသည်။

33 ဂဏန်းပိုင်ရှင်များအား ကိုယ်ကျိုးစွန့်အနစ်နာခံသူ၊ တရားဟောဆရာ၊ ပြောခွင့်ရပုဂ္ဂိုလ်၊ ပညာရှိများအဖြစ် တွေ့ရတတ်သည်။

33 ဂဏန်းသည် အရာရာအား ကောင်းစေသည့်စွမ်းအင်ရှိသည်။

အရာအားလုံးကောင်းစေ
All is well
133 91 5533
33

အခန်း (၁၅)

38/11 (11 ဂဏန်းရစေသည့် စမ်းသပ်ဂဏန်း)

11 ဂဏန်းရစေသည့် 38 ဂဏန်းသည် လောကီရေးရာနယ်ပယ်အားလွန်မြောက်ပြီး ဝိညာဉ်ရေးရာတိုးတက်မှုအဝဝအတွက် အရှိန်ကောင်းနေသည့် အခြေအနေကို ရည်ညွှန်းသည်။

38 ဂဏန်းသည် လူသားဆန်ဆန်ဘဝ ခရီးလမ်းအား ဖြတ်ကျော်ပြီး ဘုရားသခင်အလိုရှိရာနေရာသို့ ရောက်အောင်သွားမည့်သူလည်း ဖြစ်သည်။

38 ဂဏန်းသည် စကြဝဠာအတွင်း ဂလက်ဆီ (နဂါးငွေ့တန်း) ၏ အမြင့်ဆုံးခရီးနှင်နိုင်သကဲ့သို့ သိစိတ်နယ်ပယ်ကျယ်ဝန်း မြင့်မားလာမည့် အခြေအနေကို ဖော်ပြသည်။

38/11 ဂဏန်းပိုင်ရှင်တို့အနေဖြင့် သိစိတ်နယ်ပယ်ကျယ်ဝန်းရာနေရာသို့ အောက်ပါအတိုင်း ရောက်ရှိနိုင်ကြသည်။

ရှိခိုးဆုတောင်းခြင်း	မိတ်ဆွေ	ကျွန်ုပ်နောက်လိုက်ခဲ့ပါ
PRAYER	FRIEND	Follow ME
791759	699554	663365 45
38/11	38/11	38/11

အခန်း (၁၆)

မဟာကိန်းဂဏန်း 44

44 ဂဏန်းသည် လူသား၏အလိုဆန္ဒအား ကမ္ဘာမြေ၌ ထုတ်ဖော်ပြသခြင်းသဘောကို ရည်ညွှန်းသည်။

44 ဂဏန်းရစေသည့် အခြေအနေအကြောင်းအရာများ

ဘုရားသခင်၏ ဖန်ဆင်းမွေးဖွားခြင်း
SEED of GOD
1554 66 764
44

ဘုရားသခင်၏အသွေးသား
Flesh Blood
63518 23664
44

ဘုရားသခင်၏ ဖန်ဆင်းခြင်းမခံရပါက ကျွန်ုပ်တို့အား မွေးဖွားခြင်းကိစ္စမရှိနိုင်သလို ဘုရားသခင်အပေါ် ယုံကြည်ခြင်းလည်း ရှိနိုင်မည်မဟုတ်ပေ။

ယုံကြည်ခြင်းသဘောသည်ဘုရားသခင်နှင့် ကျွန်ုပ်တို့ လူသားတို့အကြားပွင့်လင်းစွာတည်ရှိသည်။ ကျွန်ုပ်တို့၏ ဘဝအခြေအနေအပြောင်းအလဲများ၊ စိတ်ပိုင်းဆိုင်ရာ အပြောင်းအလဲများသည်လည်း ဘုရားသခင်၏အလိုအတိုင်းပင် ဖြစ်ပေါ်လျက်ရှိသည်။

4 ဂဏန်းနှစ်ထပ်ပါနေသော 44 ဂဏန်းသည် အသိဉာဏ်မြင့်မားခြင်း အခြေအနေအမျိုးမျိုးအပေါ် အကောင်းဆုံးတုံ့ပြန်နိုင်ခြင်း၊ ဦးဆောင်နိုင်စွမ်းရှိခြင်းတို့အား ရည်ညွှန်းသည်။



မဟာကိန်းဂဏန်း "44" တည်နေရာပြပုံ

၎င်းပြင် 44 ဂဏန်းသည် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်ခြင်း၊ စည်းကမ်းသတ်မှတ်နိုင်ခြင်းတို့ကို ဖော်ပြသည်။

သိစိတ်ဆိုင်ရာနယ်ပယ် မြင့်မားလာခြင်းသည် လူသား၏ ဘဝအခြေအနေအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

44 ဟူသော မဟာကိန်းဂဏန်းသည် စိတ်ပိုင်း၊ ရုပ်ပိုင်းအခြေအနေ နှစ်ရပ်လုံးအား လိုအပ်သလို ထိန်းချုပ်နိုင်ခြင်းကြောင့် ရည်မှန်းချက်အောင်မြင်မှုကို ရရှိတတ်သည်။

ကိုးနောင်

www.burmeseclassic.com

www.burmeseclassic.com

မဟာသံဃာရုပ်ရှင်တော်မြတ်ဘုရား

ယောနကဘိုးထောင်
ခွက်ပေါက်ဆီမန်းစီရင်ပုံ

တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစိန်မြို့၊ ဘိုကုန်းရပ် မဟာသံဃာရဘုရားကျောင်းတော်သို့ ရောက်ရှိသွားလေသည်။ ကျောင်းတော်ကြီးအတွင်းဝယ် သစ်ကြီးဝါးကြီးများ ရှင်သန်ဖွံ့ထွားနေသဖြင့် အေးမြစိမ်းစိုသစ်လွင်နေသည်။ ကျောင်းထဲတွင် စေတီတော်တစ်ဆူနှင့် ခြံစွာဘုရား ရုပ်ပွားတော်မြတ်ကြီးရှိသည်။ တိုက်တာကျောင်းများကလည်း ကျောင်းထဲတွင် အဆောင်ဆောင်အခန်းခန်းဖြင့် တင့်တယ်နေသည်။ ကျောင်းဝင်းအတွင်း သန့်ရှင်းသေသပ်လှပနေသည်။ ကျွန်းပင်များက ထွားကျိုင်းသန်မာလှသည်။ သစ်တောသစ်ပင်များပေါ်ဝယ် ကြွေးငှက်သာရကာတွေ မြူးပျော်နေကြသည်။ သူတို့၏ မာဂဓဘာသာစကားဖြင့် တေးသီကျူးလျက်ရှိသည်။ မဟာသံဃာရ ရုပ်ရှင်တော်မြတ်ဘုရားသည် သာသနာရိကြွမြန်းနေသည်။ အနယ်နယ် အရပ်ရပ်မှ ပဉ်ဆောင်ကြည်ညိုကိုးကွယ်လာကြရှိသည်။ ကျွန်ုပ် ကျောင်းတော်ကြီးသို့ရောက်သွားချိန် မဟာသံဃာရဆရာတော်ဘဒ္ဒန္တကုမာရသည် စာဖတ်နေသည်။ ကျွန်ုပ်ကိုမြင်လျှင် မျက်မှန်ကိုပင့်တက်ကြည့်၍ -

"ဒကာယော-လာထိုင်။ ဘုန်းကြီးဆီလာတာလား"

"တင်ပါ့ဘုရား"

"နေကောင်းရဲ့လား ဒကာတော်"

"နှလုံးက သွေးကြောကျဉ်းလို့ ဆရာဝန်နဲ့ပြပြီး ဆေးစားနေရပါတယ်ဘုရား"

"ဘုန်းကြီးဆီမှာခွက်ပေါက်ဆီမန်းရှိတယ်။ အပြန်ယူသွားပေါ့။ ကုန်ခါနီးမှာ နေ့ဆီနဲ့ပွားပြီးသုံးပေါ့"

"တင်ပါ့ဘုရား"

"အရှင်ဘုရား ခွက်ပေါက်ဆီမန်းစီရင်ပုံကို ပြောပြပေးပါ ဘုရား"

ကျွန်ုပ် ထိုသို့ဤသို့လျှောက်ထားမေးမြန်းသောအခါ ဆရာတော်သည် မုန့်ကျွေးပြီး လက်ဖက်ရည်တိုက်ကာ ဤသို့ဤနည်း အမိန့်ရှိပါလေတော့၏။ ကျွန်ုပ်လည်း ဆရာတော် ဟောသမျှ ပြောသမျှကို အပြေးတစ်ပိုင်း လိုက်လံမှတ်ယူလိုက်ပါသည်။

ဆရာတော်မိန့်ကြားပြောပြသော 'ခွက်ပေါက်ဆီမန်းစီရင်ပုံ' အကြောင်းကို အောက်ပါအတိုင်း သိရှိမှတ်သား၍ ရေးသား တင်ပြအပ်ပါသည်။ အစီအစဉ်မကျ၊ စကားမပြေချောခြင်းဖြစ်ခဲ့ပါမူ ကျွန်ုပ်ကိုသာလျှင် အပြစ်တင်ကြပါလော့။

□ နောင်ဘဝနှင့် သရဲရှိ/မရှိ လေ့လာခြင်း

ဆရာတော်သည် နောင်ဘဝရှိ/မရှိ၊ သရဲ နတ် ရှိ/မရှိ သိချင်သည်။ သိချင်သောအကြောင်းများက အခြားမဟုတ်။ ငယ်စဉ်က စာဖတ်အလွန်ဝါသနာပါသည်။ အသိတစ်ယောက်၏

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုကြောင့် ကွန်မြူနစ်စာပေ တော်တော်များများကိုသွားဖတ်မိသည်။ အနုပဋ္ဌိလောမရုပ်ဝါဒဖြစ်၍ နာမ်တရားကို လက်မခံသောစာပေတွေဖြစ်သည်။ အရေးအသားကလည်းကောင်း၊ ကိုယ်တိုင်ကလည်းဉာဏ်နုနယ်၊ ဗုဒ္ဓအဘိဓမ္မာတွေကိုလည်း ကျကျနနမသင်ရသေး၍ ကွန်မြူနစ်စာပေတွေကို သဘောကျနေမိသည်။ ဘာသာရေးနှင့် နောင်ဘဝစသည်တို့ကို မယုံတော့၍ ရဟန်းခံဖို့ပင် စိတ်မကူးတော့။ ကိုယ်မယုံသောအလုပ်ကိုမလုပ်သည်ကပို့ကောင်းသောကြောင့် လူထွက်တော့မည်ဟုဆုံးဖြတ်ပြီး ကိုရင်ဘဝနှင့် နောက်ဆုံးဖူးမြော်ခြင်းအဖြစ် ရွှေတိဂုံဘုရားသွားဖူးသည်။ ဘုရားတန်ခိုးတော်ကြောင့်လော၊ ရဟန်းဖြစ်ဖို့ ပါရမီကြောင့်လောမပြောတတ်။ ဆရာတော်စာသင်နေသော ဗဟန်းခြောက်ထပ်ကြီးဘုရားကြီးတိုက်သို့ ပြန်ရောက်လျှင်ရောက်ချင်း ဘုရားကြီးတိုက်ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏ(အဂ္ဂမဟာပဏ္ဍိတ) ကခေါ်သည်။ ကျိုက်လတ်မှ စက်သူငယ်ဦးပန်းမောင်-ဒေါ်ကျင်စိန်တို့က ရဟန်းလောင်းတောင်းသဖြင့် မင်းကိုပေးထားသည်။ နက်ဖြန် ရဟန်းခံရမည်ဟု အမိန့်ရှိသည်။ဆရာတော်ကြောက်၍သာ၊ ပြန်မပြောရဲ၍သာ ငြိမ်နေလိုက်ရသည်။

ညဘက်တွင် ထွက်ပြေးမည်အကြံဖြင့် ပစ္စည်းအချို့ယူကာ ခြောက်ထပ်ကြီးတိုက်မြောက်ဘက် ခြောက်ထပ်ဆေးရုံကြီးဆောက်ရန် ဖောင်ဒေးရှင်းချထားသော ကျောက်တိုင်ကြီးပေါ် ရပ်ပြီး 'ဆရာသမားများ အရှက်ရ မျက်နှာပျက်မည့်လုပ်ကို တပည့်ကောင်းတစ်ယောက်ဖြစ်က မလုပ်သင့်ကြောင်း' သဘောပေါက်ပြီးပြန်လာ၍ ရဟန်းခံလိုက်သည်။ သို့သော် စိတ်ညစ်ပြီး မစားနိုင်မသောက်နိုင်ဖြစ်ကာ အကြောဆေးသွင်းယူရသည်အထိ ဖြစ်ခဲ့ရသည်။

နောင်တွင် ဆရာတော်လည်း ကျေနပ်၊ ရဟန်းဒါယကာတွေလည်း ကျေနပ်၊ မိမိကိုယ်တိုင်လည်း ဘာသာရေးအကြောင်းကို အတော်အသင့် လေ့လာပြီးဖြစ်အောင် ခရမ်းကိုင်းကုန်းကျောင်းတိုက်သို့ စာမေးပွဲသွားလုပ်သည်။ 'အကြီးတန်းအောင်လျှင် လူထွက်မည်' ဟု စိတ်ကူးထားသည်။

သို့သော် အကြီးတန်းတွင် ပဌာန်းသင်ရသည်။ အကြောင်းတရား၊ အကျိုးတရားနှင့် အကြောင်းအကျိုးဆက်သွယ်ချက်တို့ကို လည်းကောင်း၊ သုဒ္ဓသခ်္ခါ၊



မဟာသို့သာရဆရာတော်ဦးကုမာရ

ယဉ္ဇနာသခ်္ခါ၊ သဘာဂသခ်္ခါတို့ကို လည်းကောင်း သင်ရသည်။ ယခုအခါ ဆယ်တန်းနှင့် တက္ကသိုလ်တန်းများတွင် သင်ကြားနေသော အစုသခ်္ခါ၊ ဖန်ရှင်သခ်္ခါတို့နှင့် အချို့နေရာများ၌ လုံးဝတူညီနေကြသည်။ သဘာရေးများတွင် သခ်္ခါဘာသာဖြင့် ဟောကြားသည်မှာ ဗုဒ္ဓဘာသာတစ်ခုတည်းတွင်သာရှိသည်။ ထို့ကြောင့် ဗုဒ္ဓဒေသနာတော်ကို အလွန်သဘောကျသွားမိသည်။ သည်တော့မှ ကွန်မြူနစ်သဘောတရားတွေ လွင့်စဉ်သွားပြီး ဗုဒ္ဓတရားကိုနှစ်ခြိုက်သွားသည်။ ပထမကျော်ဘွဲ့လည်းရ၊ ဝိုင်းဝန်း၍လည်း မြှောက်စားသဖြင့် လူထွက်မည့်ဘဝကို မေ့သွားတော့သည်။ ပထမကျော်ဘွဲ့မှာ ပထမကြီးတန်းတွင် တစ်နှိုင်ငံလုံးအမှတ်အများဆုံးရရှိသော တစ်ပါးတည်းကိုသာ ပေးသောဘွဲ့ ဖြစ်ပါသည်။

ကျောင်းထိုင်ကျောင်းပိုင်ဖြစ်သော အခါ နောင်ဘဝရှိ/မရှိ၊ သရဲ၊ နတ်ရှိ/မရှိ၊ ယုံရခက်၊ မယုံရခက်ဖြစ်နေသေးသည်။ ကိုယ်တွေ့သုတေသနပြုလေ့လာချင်သည်။ တစ်ဖန် နတ်-နောင်ဘဝတို့ကို သုတေသနပြုရမည်က မလွယ်။ သရဲ - ရုက္ခစိုး - နတ် - သုတေသနပြုရသည်ကလွယ်မည်။ သရဲရှိလျှင်၊ ရုက္ခစိုးနတ်ရှိလျှင် နတ်ဗြဟ္မာရှိရမည်။ ငရဲလည်းရှိရမည်။ နောင်ဘဝလည်းရှိမည်။ ထိုဆုံးဖြတ်ချက်ကြောင့် သရဲနှင့်ရုက္ခစိုးနတ်ရှာပုံတော်ဖွင့်သည်။

ဆရာတော် ကျောင်းထိုင်သော အင်းစိန်မြို့နယ် (ယခု ရွှေပြည်သာမြို့နယ်) အုတ်ဖိုမြို့ မြဘိန်းတန်ကျောင်းမြောက်ဘက်လယ်ကွင်းထဲတွင် သုသာန်ရှိသည်။ သာလာယံဇရပ်တစ်လုံးလည်းရှိသည်။ ကြို့ပင်၊ ပေါက်ပင်၊ ကုက္ကိုပင်များ အုပ်ဆိုင်းမှန်မှိုင်းနေ၍ ညဘက်တွင် ကြောက်စရာကောင်းသည်။ ကားလမ်းနှင့်လည်း မလှမ်းမကမ်းဖြစ်သည်။ ကားလမ်းမှ တစ်ခါတစ်ရံ လူသွားလူလာရှိသည်။ ညဘက်တွင် သုသာန်သွားခြင်းတိုင်မှီပြီး စီးကရက်သောက်သည်ကိုပင် ကဗျာရေးသည်။ ညလုံးပေါက်နီးပါးနေသည်။ ဆရာတော်၏ အထူးခြားဆုံးသောအချက်တစ်ခုမှာ ကလေးဘဝစပြီး ယခုအထိ အအိပ်အနေအလှူနည်းခြင်း ဖြစ်သည်။ တစ်ည (၂) နာရီ (၃) နာရီလောက်အိပ်ရလျှင် အိပ်ရေးကျေနပ်သည်။ အလုပ်မပျက်လုပ်နိုင်သည်။ ထို့ကြောင့် သုသာန်မှာ ညည ပေါက်နီးပါးနေသည်။ သို့သော် သရဲတော့မတွေ့။ ကားလမ်းမှ ညဘက်သူသူများက ဆရာတော်ကိုတွေ့ကြသည်၊ ဆရာတော်အဖြစ် တွေ့သည်မဟုတ် သရဲဟုထင်ကြသည်။ ထို့ကြောင့် ရွာတွင် သုသာန်၌ မီးတရဲရဲနှင့် သရဲကောင်ထိုင်နေကြောင်း သတင်းပြန့်ချောက်ချားကုန်ကြသည်။ ဒီတော့ကိုယ့်ကို သရဲထင်နေမှန်းသိသည်။ လမ်းသွားသူများက လေခွန်နှင့်ပစ်လျှင်၊ အော်လူဆိုးများတွေ့၍ သေနတ်နှင့်ပစ်လျှင် ကိုယ့်အတွက် အန္တရာယ်ဖြစ်နိုင်မှန်းသိမသွားတော့။

ထိုအချိန်တွင် ဆရာတော်ဟာသို့ ဆရာတစ်ယောက်ရောက်ရှိလာသည်။ ဇလုံခွက်ထဲတွင် လက်ဖက်ရည်ပန်းကန်သုံးလုံးထပ်ပြီး ဆီထည့်မန်းလွှဲလက်ဖက်ရည်ပန်းကန်သုံးလုံးကို ဖောဆင်းသွားပြီး ဆီတွေ ဇလုံထဲကျလောသွားသည်။ 'ခွက်ပေါက်ဆီ' ဟု ခေါသည်၊ သရဲအနှောင့်အယှက်အလွန်များသည်၊ ကြောက်စရာကောင်းသည်ခွက်ပေါက်ဆီမှာ အလွန်စွမ်းသည့်အပြောများသည်။

ထို့ကြောင့် ထိုဆရာနှင့် တွေ့သုံးဆယ်ခန့် တစ်ညတွင် သရဲကြောခြံကြီးတစ်ခုသို့ ဆီမန်းရန်သွားကြသည်။ ဆရာတော်ကတော့ ဆီမန်းချင်၍မဟုတ်၊ သရဲတွေ့ချင်သောကြောင့်လိုက်သည်။ ဘုန်းကြီးသုံးပါးရှိသည်။

❑ ခွက်ပေါက်ဆီမန်းစီရင်ပုံ

ဆီမန်း-ဂမုန်းမန်းသွားမည်နေ့ လူတိုင်း သက်သတ်လွတ်စားရသည်၊ 'အရဟံ' ဂုဏ်တော်ကိုပင် ပုတီးစိပ်သည်။ သက်သတ်လွတ်မစားသည့် သရဲပစ်သောခဲများ မှန်တတ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်။ ထို့ကြောင့် လူတိုင်းသက်သတ်လွတ်စား၊ ပုဏ်းစိပ်ကြရသည်။ သွားရမည့်ည့်တွင် ဆရာ၊ တပည့်အားလုံး ကန်တော့ပွဲပေး၊ မီးထွန်း၍ သွားရမည့် အချိန်ကို အထက်ပုဂ္ဂိုလ်များထံ အခွင့်ထောင်းရသည်။ တစ်ခါတစ်ရံ ဆရာသာကြားသိသည်။ တစ်ခါတစ်ရံ တပည့်များပါ ကြားသိသည်။ ထိုအချိန်ကျမှ သွားရသည်။ ထို့အပြင် တပည့်များက တစ်ယောက်လျှင် ဆန်နှိုဆီဘူးတစ်လုံး ယူလာရသည်။ ဆရာတော်ကတော့ သရဏဲနှင့် စိန်ခေါ်ပြီးချချင်းသော်ကြောင့် တစ်ယောက်လျှင် ဆန်တစ်ပြည်ယူခိုင်းသည်။ ဆန်များကို ဇလုံထဲထည့်၍ မန်းရသည်။ ၎င်းဆန်မန်းကို လွယ်အိတ်ခါးပိုက်၌ထည့်၍ယူဆောင်ထားရသည်။ ဆီမန်းမည့်နေရာရောက်လျှင် ဆန်မန်းဖြင့် စည်းဝိုင်းချရသည်။ သရဲကပ်လာလျှင်လည်း ဆန်မန်းဖြင့်ပေါက်ရသည်။ နောက်တွင် ဆပ်ပြာဖြင့် ဆေးကြော သန့်စင်ထားသော ကျောက်စရစ်ခဲသန့်သန့်ကိုပါမန်း၍ ယူသွားသည်။

မူလနေရာကျောင်း၌ ကန်တော့ပွဲတွင် မီးထွန်းပြီး စည်းဝိုင်းချ၍ စိတ်ချရသော တပည့်တစ်ယောက်ကို အစောင့်ချထားခဲ့ရသည်။ 'အရဟံ' ဂုဏ်တော်တွားပြီး မီးမသေအောင်စောင့်ရသည်။ တစ်တိုင်ပြီးတစ်တိုင် မီးထွန်းစောင့်ရသည်။ အကယ်၍ ကျောင်း၌ အခြောင့်အယှက်ဝင်လျှင်၊ အလိုလိုမီးတိုင်များငြိမ်းသွားလျှင်၊ မီးတိုင်များပျောက်ပျက်သွားလျှင်၊ ကန်တော့ပွဲတစ်ခုခုဖြစ်သွားလျှင် ဆီမန်း (၈မုန်းမန်း) သွားသူများ ဒုတ္ထရောက်ကြောင်းသိရသည်။ မှောက်မှားချောက်ချားကုန်၍ မြေပြင်ရေထင်ပြီး ထူးရတတ်သည်မျိုးတို့ကြုံရတတ်သည်။ ထိုအခါ အကုအညီလိုက်လာရန် အထူးသိအပ်သည်။ ထို့ကြောင့် ကန်တော့ပွဲနှင့် မီးထွန်းပြီး ဂုဏ်တော်တွားစောင့်မည့် တပည့်ကောင်းအထူးအရေးကြီးသည်။

ဆရာတော်တို့ ဆီမန်းသွားသည့် သရဲကြမ်းသော ခြံကြီးအရောက်တွင် ဆီမန်းအစီအမံအတွက် မြေကွက်တစ်နေရာကို ဆိုင်ရာပိုင်ရာများအားတိုးလျှိုးထောင်းပန်ရသေးသည်။ ဆရာက ဆိုးလျှိုးထောင်းပန်၍ အစီအမံများလုပ်နေချိန်တွင် တပည့်များက ညောင်ဖင်ကြီးအောက်တွင် 'အရဟံ'ဂုဏ်တော်တွားနေသည်။ ညောင်ပင်ကြီးတစ်ခုလုံး ဝန်းရွက်တစ်ရွက်ပင်မလှုပ်။ အလွန်ငြိမ်သက်နေသည်။ သို့သော် အရဟံဂုဏ်တော်တွားနေသောတပည့်များအပေါ် တည့်တည့်ရှိ (၆) လက်မပတ်လည်ခန့် ညောင်ကိုင်းကြီးမှာ ဘယ်-ညာယိမ်းခါနေသည်။ အလွန်ထူးခြားနေ၍ ညောင်ကိုင်းဖဲ့ချလိုက်လျှင် အောက်ကလူတွေသက်သာမည်မဟုတ်။ ထို့ကြောင့် စိုးရိမ်စိတ်ဝင်မိသည်။

ဆရာကခေါ်၍ လူသုံးဆယ်ခန့် စုထိုင်ပြီး စည်းဝိုင်းချကာရှိသေး ခဲနှင့်ဝိုင်းထုသည်။ သရဲကိုတော့ မမြင်ရ။ သို့သော် ခဲနှင့်ဝိုင်းထုသည်ကိုထောက်ဆ၍ နည်းမည်မဟုတ်ကြောင်းတော့ သိရသည်။ ဇလုံထဲတွင် လက်ဖက်ရည်ပန်းကန်သုံးလုံးထပ်၍ ဆီထည့်ပြီးမန်းသည်။ တောင်းထဲတွင်ပါရှိသော ဂမုန်းတွေကိုလည်း မန်းရသည်။

နိယျာတီကသရဏဂုံတည်ဆောက်ခြင်းနှင့် ဆိုင်ရာပုဂ္ဂိုလ်များကိုပင့်ဆောင်ခြင်း

> ❑ အဇ္ဈတ် အာဒီ ကတွာ ဣမံ အတ္တဘာဝံ ဗုဒ္ဓဿ နိယျာဒေမိ။ အာစရိယော မေ အနုဂ္ဂဟံ ကတွာ အန္တေဝါသိကော တိ မံ ဓာရေထဟိဘုရား။

အသက်သွင်းဂါထာ

> ❑ *ဥ် - ဇမ္ဗူဒီပါ သန်္ခါပတ်ထုံး ကွန်းလုံးနှံ့မှု စောင့်ကုန်ကြသည့် ယတ္ထ ယတ္ထာနတ်ဒေဝါတို့။ ဘုရားအာဏာ၊ တရားအာဏာ၊ သံဃအာဏာအာဝေါ် မြတ်စက် စက်အာဏာကြောင့် မကြာ ချက်ချင်းရောက်စေသောဝေါရောက်လျှင် ခြင်းစေစွာ ယုခုလာ၍ ငါ၏ (ဆီ) တို့ သွင်းကြအသက် နတ်ရင်ငွေ့ဖြင့်ပွေ့ကာ ဖက် (ဆီ)သက် ချက်ချင်း ဝင်စေသော်။ ဝင်သည့်အသက်တန်ဖိုး ထွက်ဘဝက် ထုတ်ချင်းခတ်စေသောဝ်။ ငါ့(ဆီ)ရာဇာ ရာဇမင်းကြီး ထိပ်ကစီး တောင်ကြီး (၇) လုံး ပြုန်းပြုန်းပြိုစေသောဝ်။ မြင်းမိုရ် တောင်ကြောင်းကြောင်းကျိုး၏။ တော်လည်း လဲ၏။ သဲသဲကျောက်ဖျာရွှေရွှေပါ၏။ ကောင်းကင်တ စန္ဒာလမင်းစင်းစင်းသေ၏။ ခွာလေဖျတ်ဖျတ် နှင့်အထက် မတ်တတ်သေ၏။*

> *ဥ် - ဘကနေမျိုး၊ ဘိုးကလမင်း ထက်ကောင်းကင်က မြန်စွာဆင်း။ (ဆီ) မြတ်ဘုန်းခေါင် ငါ့အကျိုးတို့၍ဆောင်၊ တောက်လောင်ထိန်လင်း ဘဝိန်ထက် ဘဝဂ်ထုတ်ချင်းခတ်စေသောဝ်။ ခတ်စေသောဝ်။ ။*

❑ **အထူးမှတ်ရန်**

၁။ ဥပုသ်ကိုယ်စောင့်သီလ ဌာန်စောင့် ပါပါရွှတ်ရမည်။

၂။ ကျန်စာသားများကိုလည်း ဌာန်၊ ကရိဏီးကျကျ ဗိဝိသဝ မာန် ပါပါရွှတ်ရမည်။

၃။ သမာဓိအား၊ စရဏအားကောင်း၍ ဂါထာလိုက်ရမည်။ အာဏာစက်ရှိရမည်။

၄။ ကျက်မှတ်သောအခါ တစ်ပုဒ်ချင်း အသံတိတ် စိတ်ဖြင့်ကျက်မှတ်ရမည်။ တကယ်အလုပ်မလုပ်ဘဲ ကမ္မက်ကခော်မလွှတ်ရ။

၅။ တော၊ တောင်အနီး ညဘက် အကြောင်းမဲ့ မလွှတ်ရ။

၆။ (ဆီ) နေရာတွင် အင်း၊ အမွေးနှံ့သာ စသည် သုံးလိုရာကိုပြင်ထည့်၍ မန်းနိုင်သည်။

၇။ 'ခွက်ပေါက်ဆီ' စီရင်မည်ဆိုလျှင် မနိုင်လျှင် အန္တရာယ်အလွန်ရှိကြောင်း အထူးသတိပြုပါ။

သိဒ္ဓိတင်ဂါထာ

> ❑ *ဥ် - ဉသိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ သိဒ္ဓိအပေါင်း ထောင်သောင်းမက် ထက်ဆရာထက်၊ ထက်ဆရာထက်၊ ထက်ဆရာထက်။*

အဓိကလိုအပ်ချက်ကား မိမိမှာ စရဏအားကောင်းကောင်းနှင့် သီလ၊ သမာဓိရှိရန်၊ အာဏာစက်ပြည့်စုံရန် ဖြစ်သည်။

ဆီပေါက်ခါနီးတွင် သရဲကြမ်းလာသည်။ (၆) လက်မခန့်ရှိ သစ်ပင်ကြီးတွေကိုကိုင်လှုပ်သည်။ ခဲသယ်လာသံ၊ ခဲသံကြားရပြီး ခဲနှင့်ထုသည်။ အသံနက်ကြီးဖြင့်အော်သည်။ ကျောက်စရစ်ခဲတွေဖြင့်ပက်သည်။ သို့သော် ဆန်မန်းဖြင့်ဝိုင်းပတ်ထားသော စည်းဝိုင်းအတွင်းမဝင်ရောက်လာသည်ကတော့ အံ့သြစရာဖြစ်သည်။ ထို့ပြင် ဆရာတော်ကငါးထောင့်ထိုးဓာတ်မီးကိုယူသွားသည်။ သရဲကို ကျကျနနမြင်အောင် ထိုးကြည့်ချင်သည်။ သို့သော် ဆီမန်းဆရာကယူသိမ်းထားပြီး သူထိုင်နေသော စည်းဝိုင်းဘေးချထားသည်။ မီးထိုးလိုက်လျှင် စည်းပေါက်သွားမည်။ ထိုမီးအတိုင်း သူတို့ဆီက မီးစက်တွေလွှတ်လိုက်လို့ ဝင်လာလျှင် လူအုပ်ကွဲပြီး ထိန်းမရဖြစ်မည်ဟု ဆိုသည်။ မကြာလိုက်ပါ။ စည်းဘေးတွင်ချထားသော ဆရာတော်၏ ငါးထောင့်ထိုးဓာတ်မီးကိုသရဲလာဆွဲသွား

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ဆန်မန်းနှင့်ဝိုင်းပေါက်မှ ဆယ့်ငါး ဗေလောက်အကွာတွင်ကျနေခဲ့သည်။ ဆန်မန်းနှင့်ဝိုင်းပေါက်ပြီးပြန်ကောက်ရသည်။

ထို့ပြင် သူတို့ (သရဲ) က မီးစက်လွှတ်လိုက်သည်။ မီးပန်း/ အမွှေးတိုင် မီးကဲ့သို့ မီးလေးတန်းတန်းတန်းတန်း နှင့်လာပြီးသစ်ပင်ကြီးဘေးနားကျသည်။ ဓာတ်ဆီမီးလောင်သလို ဝုန်းဆိုထဲတောက်ပြီး စည်းဝိုင်းအပြင်ဘက်မှမီးကဖျပ်ဖျပ်ဖျပ်နှင့် လှည့်ပတ်ဝိုင်းသည်။ ဆန်မန်းနှင့်ပေါက်မှပြန်ဆုတ်သွားသည်။ အကြိမ်ကြိမ်ဖြစ်နေခဲ့သည်။ ထိုအခါကျမှ ဆရာပြောသော 'မီးစက်' ဆိုသည်ကို မြင်တွေ့၍ ယုံသွားသည်။

ဆီတွေလည်း ဇလုံတွင်းသို့ ပေါက်ဆင်းသွားသည်။ ပုန်းကန်ထဲ၌ မရှိတော့။ သို့သော် ဆရာတော်က ဆီပေါက်သည်ဆိုသည်ကိုမယုံ။ သရဲကြမ်းသည်ကိုတော့ ယုံသည်။ သရဲကြမ်းနေသည်ကို ဘာရုံစိုက်နေခိုက် ဆရာက ဆီဇလုံကိုလှုပ်ပြီး ဆီတွေဖိတ်ကျအောင် လုပ်သည်ဟုထင်သည်။ ထို့ပြင် သရဲကလည်း ဘကောင်အထည်နှင့်မတွေ့ရသေး။

ဆီမန်းပေါက်၍ အစီအမံပြီးသောအခါ မေတ္တာပို့အမျှဝေရသည်။ ထိုအခါကြောက်စရာကောင်းအောင် ဆူညံကြမ်းရမ်းနေသောတောကြီးသည် တိတ်ဆိတ်သွားသည်။ ဤငြိမ်သက်သွားခြင်းကလည်း တစ်မျိုးချောက်ချားစရာဖြစ်နေသည်။ ဆရာက စည်းဖောက်၍ ရွေ့ကထွက်သည်။ လက်ထောက် တပည့်များက နောက်ဆုံးမှနေရသည်။ ဆီမန်းနှင့် ဂမုန်းတောင်း သယ်ဆောင်သူများကိုလေးယောက်၊ ရှစ်ယောက်နှစ်ထပ်ရံပတ်၍ ထွက်ရသည်။ သရဲက တွဲနှံလဲထိုးပုတ်မည်ကိုကြောက်ရသောကြောင့်ဖြစ်သည်။ ဆန်မန်းကိုလည်း မပြတ်ကြပေါက်ထွက်ရသည်။

အလာတုန်းက ဖြတ်ခဲ့သော ညောင်ပင်ကြီးအောက်မှ ဆရာက မဖြတ်ရတော့။ ဘာကြောင့်မှန်းမသိသေး။ လမ်းမရှိသော မြက်တော၊ ချုံတောနှင့် ခြံစည်းရိုးတွေဖျက်၍ လယ်ကွင်းထဲထွက်ရသည်။ ည (၁၂) နာရီခန့်ဖြစ်၍ လမင်းက ထိန်နေအောင်သာသည်။ လယ်ကွင်းထဲ လသာသာမှာ ဆရာ 'ကြည့်ချင်လျှင်ထိုင်ကြည့်' ဆို၍ သရဲလိုက်လာသည်ကို ထိုင်ကြည့်ကြသည်။ သရဲမှာ တစ်တောင်ခန့်သာရှိ၍

ဘုန်းကြီးသရဲလေးဖြစ်နေသည်။ ခြံထဲမှ ထွက်လိုက်လာသည်။ တစ်တောင်လောက် ဘုန်းကြီးသရဲဖြစ်၍ မကြောက်ပါ။ အေးအေးဆေးဆေး ထိုင်ကြည့်နေကြသည်။ အနားရောက်တော့မှ ဆရာက သတိပေး၍ ဆန်မန်းနှင့်ပေါက်ကြသည်။ ခြံထဲပြန်ဝင်ပြေးသွားပြီး လှုအုပ်ကြီး မြောက်ဘက်မှ ပြန်ထွက်လိုက်လာသည်။ ဒီတစ်ခါတော့ (၆) ဗေလောက်ရှိသည်။

ဆရာတော်နှင့်ဦးသုန္ဒရက ဆီမန်းခွက်ကိုင်သမား။ ဂမုန်းအိတ်ကိုင်သူများကို လှုအုပ်နှင့် ဝိုင်းပတ်ရိုက်ပြီး လယ်ကွင်းတစ်ဖက်ရှိ တောင်ကုန်းပေါ် သို့ တက်ရောက်မိအောင် ကြပ်မတ်လိုက်နေကြသည်။ ဦးဇဝနကတော့ ထွက်လိုက်လာသော ဘုန်းကြီးသရဲကို ဦးသုန္ဒရကျန်နေသည်ထင်၍

"ဦးသုန္ဒရလာလာ"

ဟု စောင့်ခေါ်နေသည်။ သူအနီးသုံးပေခန့်ကပ်ရောက်လာသောအခါကျမှ-

"အမလေး ဦးသုန္ဒရမဟုတ်ဘူးဗျ။ ဘုန်းကြီးသရဲကြီးဗျ။ ဘုန်းကြီးသရဲကြီးဗျ"

ဟု အော်ပြေးလာသည်။

သရဲက လှုတွေထက်အလွန်မြန်သည်။ လယ်ကွင်းတစ်ဖက်ရှိ တောင်ကုန်းပေါ်သို့ ဒီကလှုတွေထက် သူက အရင်ရောက်နှင့်သည်။ သရဲက ဆီးကြို၍ ခဲနှင့်ထုသည်။ လှည့်ပတ်ထုသည်။ စည်းသားစည်းချလုပ်၍ သူအားတောင်းပန်ပြီး တဖြည်းဖြည်းခံဆုတ်၊ ခံဆုတ်ဆုတ်ရသည်။ မိနစ် (၂၀) ခန့်သွားရမည့်ခရီးကို ဘုန်းကြီးသရဲက တောင်းပန်မရလိုက်ချနေ၍ (၂) နာရီခန့်ကြာသည်။ ဤခြံကြီးမှာ လှော်တားငါးမွေးမြူရေးကန် အနောက်မြောက်ထောင့် လုံထိန်း (၆) တပ် အရှေ့ဘက်ဖြစ်၍ ရှေးယခင်က တောရကျောင်းရှိသည်။ ဆရာတော်ကြီးမှာ ဒေါင်ကောင်း၊ ရွှပ်ချော၊ အဟော အပြောကောင်း၍ မာနအလွန်ကြီးသည်။ တရားဟောရင်း သွေးအနှံ့၍ နောင်တွင် စိတ်မမှန်ဖြစ်သွားသည်။ ယခုအခါ ကျောင်းမှာ ထိုခြံထဲမှ ပြောင်ရွှေ့သွားပြီး ခြံကိုလည်း လုံထိန်းတပ်တည်လိုက်သည်။ ခြံမှာ အလွန်ကြမ်းသောခြံကြီး ဖြစ်သည်။

ခွက်ပေါက်-မပေါက်လေ့လာခြင်း

ခွက်ကို ဆီတကယ်ပေါက်မပေါက်သိလို၍ သရဲကြမ်းသောခြံကြီးသို့ နောက်တစ်ကြိမ် ဆီမန်းသွားပြန်သည်။ ထိုအခါတွင် ဆရာတော်က ကြိတင်၍ ဝိလီကန်မင်ဗုလင်းထဲ ဆီအပြည့်ထည့်ပြီး အတွင်းအပိတ်ဖြင့်ပိတ်သည်။ ပြီးတော့ အပေါ်အဖုံးနှင့်ရစ်၍ ပိတ်သည်။ လှုပ်ချင်သလောက်လှုပ် မဖိတ်တော့ပါ။

မိုးဦးကျ သစ်ပင်များပေါက်နေ့စည်းမချတော့ပါ။ ကြိုးကိုမန်း၍ တိုင်ငှတ်ရိုက်ပြီး ကြိုးကိုတိုင်ငှတ်ဖျားဌ ဝိုင်းပတ်ချည်ကာကြိုးစည်းချသည်။ လှုတိုင်းဌက်ပျောသီးတစ်လုံးစီယူခဲ့ရသည်။ ဆီမန်းအောင်လျှင် ဌက်ပျောသီးမန်းလည်းအောင်ပြီးဖြစ်သည်။ ဆေးဝါးမတိုက်ပဲ၊ ဌင်းဌက်ပျောသီးစားလျှင် ဆေးသောက်သကဲ့သို့ပင်ဖြစ်သည်ဟုဆို၏။ထို့ကြောင့် ဌက်ပျောသီးတစ်လုံး လူတိုင်းဆောင်သွားကြသည်။ ဆရာတော်မှာ ရန်ကုန် ဒါယကာတစ်ယောက်က ဌက်ပျောသီးမပါလာ၍ တောင်းပန်သောကြောင့် တစ်ပိုင်းပိုင်းပြီးပေးလိုက်ရသဖြင့် အဆုံးနှင့် အပိုင်းကလေးကိုသာ ဆုပ်ကိုင်ထားရသည်။

ဆီမန်းရာတွင် ဖော်ပြပြီးအတိုင်းကြမ်းလာတော့သည်။ အတွေ့အကြုံကြောင့်လော၊ ပညာအခံရှိလာသောကြောင့်လော၊ သမာဓိတန်ခိုးကြောင့်လော မပြောတတ်ပါ။ ယခင်ထက်အကြိမ်များထက်ပို၍ အမြင်သန်းသည်။ ရိပ်ခနဲမည်းခနဲပြေးလွှားသည်ကိုမြင်ရသည်။

ဆရာက -

www.burmeseclassic.com

www.burmeseclassic.com

"သတိထား၊ သတိထား"

ဟု ဆရာတော်အား သတိပေးသည်။ ဆရာသတိပေးသည့်အတိုင်းပင် ထြောလိုက်ပါ။ ဝက်ကလေးတစ်ကောင် ပြေးလာသည်။

ဆရာက -

"မြင်သလား၊ မြင်သလား"

ဟု မေးသည်။

တချို့က-

"မြင်တယ်၊ မြင်တယ်"

ဟု ဖြေပြီးကြည့်နေကြသည်။

ဆရာတော်ထိုင်နေသောစည်းအနီးချုံပုတ်သေးသေးလေးဆီ ပြေးဝင်လာသည်။ ချုံပုတ်ကလေးမှာ စကောဝိုင်းလောက်ကျယ်၍ တစ်ပေလောက်မြင့်သည်။ ဝက်ငယ်တစ်ကောင်ဝင်၍ ပျောက်သွားသည်။ ထိုချုံပုတ်ကလေးထဲဝင်လိုက်သော ဝက်ကိုလိုက်ရှာလိုက်ကြည့်နေမိသည်။ လုံးဝရှာမတွေ့တော့။ သို့သော် ချုံပုတ်အလယ်မှ တစ်ပင်တည်း မြင့်တက်ပေါက်နေသော သစ်ပင်ငယ်တစ်ပင်ရှိသည်။ ထန်းပင်ပုံသဏ္ဌာန်မျိုးဖြစ်၍ အရိုးတံမှာ ရှည်တတ်ပြီး အပေါ်ဖျားတွင်သာ အရွက်ဝိုင်းများရှိသည်။ ၎င်းအပင်လေးသည် ဘယ်-ညာ ယိမ်း၍လှုပ်လာသည်။ ပို၍ပို၍လှုပ်လာပြီး အမွေးရှည်ကြီးများဖြင့် အတော်ကြီးမားသောလက်ကြီးထွက်ပေါ်လာပြီး တိုင်ငုတ်ကို ဖြောင်းခနဲမြည်အောင်တွန်းချိုးပစ်သည်။ ကျိုးသွားသောတိုင်နောက်သို့ စည်းချထားသောကြိုးကပါလာသည်။ ဆရာတော်၏ ခြေထောက်မှာ ကြိုးကငြိနေတော့သည်။

ဂမုန်းမန်းနေ၍ တပည့်ခုနစ်ယောက်၊ ခုနစ်နေ့သားများက ဂမုန်းတောင်းကိုကိုင်ထားပြီး တစ်ခါမန်းပြီး တိုင်းတစ်ခါမွှေပေးရပါသည်။ ထို့ကြောင့် တပည့်တွေလက်တွေက ဂမုန်းတောင်းအတွင်းမှာပင်ရှိနေသည်။ ဂမုန်းတောင်းကိုလည်း ကိုင်ထားသည်။ သရဲလက်ကြီးက ဂမုန်းတောင်းကို ဆွဲလုသည်။ တပည့်တွေက တစ်ဖက်မှဆွဲထားသည်။ ဂမုန်းတောင်းကြီးယိမ်းခါနေအောင်လုကြရသည်။ ထိုအချိန်တွင် ဆရာက ဆရာတော်ကို 'ချ-ချ' ဟု သရဲလက်ကိုချခိုင်းသည်။ ဆရာတော်လည်း ချမည်ဆိုပြီး လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး ထအားရွယ်လိုက်သည်။ ဆရာတော်၏ ဒူးပျော်သီးမှာ လက်ထဲမှညစ်လိုက်သလိုဖြစ်သွား၍ စည်းအပြင်လွှင့်ထွက်သွားသည်။

တကယ်တမ်းကျတော့လည်း သရဲလက်ကိုမထုရဲ။ အေးစက်စက်ကြီးများဖြစ်နေမလား။ တောင်းလွှတ်ပြီး ငါလက်ကိုဆွဲထုတ်လျှင် ငါတစ်ကိုယ်လုံးကလည်း အပြင်ရောက်နေ၍ ပါများသွားမလား စဉ်းစားပြီး ကြောက်နေသည်။ ဆရာက ဖနောင့်နှင့် သရဲလက်ကို ဆောင့်ချလိုက်၊ ကန်ထုတ်လိုက်၊ တပည့်တွေကလည်း ကျောက်စရစ်မန်းနှင့်ဝိုင်းပြီး ထုပေါက်လိုက်၍ သရဲကလက်လွှတ်သွားသည်။

ဆရာတော်ကတော့ သတ္တိတွေဘယ်ရောက်ကုန်သည်မသိ။ သရဲလက်ကြီးကို မထုမထိရဲဘဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးကို ခိုန်ရွယ်ထားလျက်သာ ဟန်ရေးပြကျန်ခဲ့သည်။ ဒူးပျော်သီးမန်းလည်း အသားကိုမစားလိုက်ရ။ ဆေးဖက်ဝင်၍ စွမ်းလျှင်လည်း အကုန်လုံးစွမ်းမည်သာဖြစ်သောကြောင့် လက်ထဲတွင် ကျန်ရှိနေသော ဒူးပျော ခွံသာ စားလိုက်ရတော့သည်။

ဆီမန်းမည်လုပ်သောအခါတွင် ပန်းကန်နှင့် ဇလုံတို့မရှိတော့။ ဆရာတော်က တိတ်တိတ်ခိုးခဲ့သောကြောင့် ဖြစ်သည်။ ဆရာတောင်းသောအခါ ပန်းကန်နှင့် ဇလုံမပါခဲ့ပါ။ ပုလင်းပေါက်လျှင်လည်း ပန်းကန်ပေါက်သည်နှင့် အတူတူပင်ဖြစ်ပါသည်။ ဘုန်းကြီးပုလင်းကိုကိုင်ထားမည်။ ဆရာက မန်းပါဆို၍ မန်းသည်။ ဆီတွေပေါက်ကျလာသည်။ လက်ထဲရွှဲကုန်သည်။

ဆရာက -

"ဆီပေါက်ပြီလား"

ဟု မေးသောအခါ ဆက်ပြီးမန်းစေချင်သဖြင့် မသေချာသေးပါ။ မှောင်ထဲဖြစ်၍မမြင်ရပါ။ ဆက်မန်းပါဟု ဆို၍ ဆရာက ဆက်မန်းသည်။ ပုလင်းထဲတွင် (၂) လက်မခန့် လျော့ကျသွားသည်။ ဒီတော့မှ ဆီပေါက်သည်မှာ သေချာကြောင်း ယုံကြည်လက်ခံရပါသည်။ လောကတွင် ဖြစ်ရပ်ဆန်းဖြစ်ရပ်ထူးများကား မယုံနိုင်အောင် ဆန်းကြယ်လှပေသည်တကား။

ဆီသုံးရန်အညွှန်း

၁။ ကိုယ့်စကားအောင်မြင်ချင်လျှင် နှုတ်ခမ်းသုတ်လိမ်း၍ သွားပြောရသည်။

၂။ အပျင်အလန်း၊ လူချစ်လူခင်ပေါချင်လျှင် ဆံစကိုသုတ်လိမ်းသွားရသည်။

၃။ အနာပေါက်ကို အဖုအပိမ့်ဆိုလျှင် လိမ်းလိုက်က ကျေပျောက်သွားသည်။

၄။ ပယောဂအနှောင့်အယှက် ပူးတပ်လျှင် လက်ကိုဆီသုတ်၍ ခေါင်းကိုပုတ်ခိုက်ပေးလျှင် ထွက်သွားသည်။

၅။ ဝိုက်အောင့်၊ လေအောင့်လျှင် သုတ်လိမ်းချ။ ဆရာတော်ဆိုလျှင် တစ်နှစ် (၂) ကြိမ်လောက် ဝိုက်အောင့်လေအောင့်သည်။ သုံးရက်ခန့်ခံရသည်။ ဆရာဝန်ခေါ်ရသည်။ တစ်ညတွင် (၁၂) နာရီခန့် ဝိုက်အောင့်၍ ခွေးသီးခွေးပေါက်များကျသည်အထိခံရသည်။ မခံနိုင်လွန်း၍ ဆရာဝန်ခေါ်ခိုန်မရသောကြောင့် ကိုယ့်ဆီမန်းနှင့်လူးနှိပ်ရပါသည်။ သုံးကြိမ်လောက် နှိပ်ချရုံနှင့် (ပြီး) ဆိုအော်ဆင်းသွားသည်။

ယနေ့အထိ လေမအောင့်၊ ဝိုက်မအောင့်တော့ပါ။ ကိုယ်တွေ့ဖြစ်သည်။ အခြားလက်တွေ့တွေအများကြီးရှိသည်။

၆။ အဆိပ်အတောက် အကိုက်ခံရလျှင် သုတ်လိမ်း ချက်ချင်းပျောက်သည်။

၇။ အကြောထုံး၊ အရိုးကျိုး၊ အရိုးအက်လျှင်လိမ်းပေးပါ။ အမြန်ကောင်းအမြန်သက်သာသည်။

အမှာစာ

ပုလင်းမသန့်၊ နေရာမသန့်လျှင်လည်း ဆီပျောက်သွားတတ်သည်။ ကိုယ်နှင့်မထိုက်လျှင်လည်း အလိုလိုပုလင်းပါပျောက်သွားတတ်သည်။

အချုပ်အားဖြင့် သရဲရှိသည်မှာ သေချာသည်။ ဘုန်းကြီးတောင် သရဲဖြစ်သေးလျှင် သာမန်လူတွေဆိုပြောစရာမလိုတော့ပါ။ ထို့ကြောင့် နောင်ဘဝရှိသည်။ နတ်၊ ဗြဟ္မာရှိသည်၊ ဝရဲရှိသည်ကို ဆရာတော် လုံးဝလက်ခံယုံကြည်ပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ပေတဝတ္ထုများ၊ ဝိမာနိကဝတ္ထုများကို ယခုအခါမှာ ယုံကြည်လာကြောင်း၊ အားလုံးသောပုဂ္ဂိုလ်များကိုလည်း သေလျှင် သရဲပြိတ္တာမဖြစ်ရအောင် ကုသိုလ်ကောင်းမှုပြုစေလိုပါကြောင်း ဆရာတော်က နောက်ဆုံး တိုက်တွန်း မိန့်ကြားအပ်ပါသည်။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ

ယောနကာဦးထောင်

www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း (ထမင်းစော်ကြီး)

ဝက်ခြံပေါက်သော်

ယေရွယ်သူတို့၏စိတ်ကို အဆိုးရွားဆုံး နှိပ်စက်တတ်သည့်ရောဂါမှာ *ဝက်ခြံပေါက်ခြင်း* ဖြစ်သည်။ *လှချင်ပ* ချင်သည့်အရွယ်ကျမှ မျက်နှာကို အရုပ်ဆိုးအောင် ဝက်ခြံများပေါက်သဖြင့် စိတ်ဆင်းရဲစရာဖြစ်ကြရပါသည်။ ထို့အပြင် ဝက်ခြံသည် အခန့်မသင့်လျှင် ရောင်ရမ်းနာကျင်၍ အခံရခက်လှ၏။

ဝက်ခြံပေါက်ခြင်းအဓိကအကြောင်းအရင်းမှာ အရေပြားချွေးပေါက်များ ပိတ်ဆို့ခြင်းကြောင့် ဖြစ်ရ၏။ အဆီအဆိမ်နှင့် အင်နစ်စားသောသူများအဖြစ်များ၏။ အရေပြားချွေးပေါက်အချို့ (အထူးသဖြင့် မျက်နှာအရေပြားချွေးပေါက်အချို့) တွင် အဆီနှင့် ဓာတ်ဆားများ ပိတ်ဆို့နေစဉ် အတွင်းဘက်မှ ချွေးများ၊ အဆီနှင့် ဓာတ်ဆားများ တိုးထွက်ရာမှ ချွေးပေါက်ဝတွင် တဖြည်းဖြည်း ဖိအားများလာပြီး အဖုများ၊ ဖူးရောင်ခြင်းများ ဖြစ်ပေါ်လာရသည်။ တစ်ခါတစ်ရံ အညော်မိခြင်း၊ ဗက်တီးရီးယားပိုးမွှားများ ဝင်ရောက်ခြင်း စသည်တို့ ထပ်ဆင့်ဖြစ်ပေါ်လာပါက ရောဂါဝေဒနာကို ပြင်းထန်စွာ ခံစားရတတ်သည်။

ထို့ကြောင့် ဝက်ခြံရောဂါမဖြစ်ပွားလိုသူများအနေဖြင့် အပူ၊ အစပ်၊ အဆီအဆိမ်၊ အချို၊ အင်နစ်များ အနည်းဆုံးအထိ လျှော့ချစားသုံးပါ။ နေပူထဲသွားလျှင် ထီးဆောင်းသွားပါ။ မျက်နှာကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဆပ်ပြာဖြင့် နှေးစဉ်ပုံမှန် မျက်နှာသစ်ပေးပါ။ ခန္ဓာကိုယ်အရေပြားတစ်ခုလုံးကိုလည်း အမြဲတမ်း သန့်ရှင်းစင်ကြယ်နေပါစေ ဝက်ခြံကိုမမှည့်ခင်မည်စပါနှင့်။ အညော်လုံးဝမခံရပါ။ အပူအစပ်စားခြင်းရှောင်ပါ။

အကယ်၍ ဝက်ခြံပေါက်ခဲ့သော် ခေတ်မီဓာတုဆေးဝါးများရှိသလို တိုင်းရင်းဆေးမြီးတိုများလည်း များစွာရှိ၄ါသည်။ ဓာတုဆေးဝါးများသည် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်တတ်သည့်အပြင် ခန္ဓာကိုယ်နှင့် ဓာတ်မတည့်ပါက အရေပြားတွင် အမည်းကွက်များ၊ အနီစက်များ ဖြစ်ပေါ်ကျန်ရစ်တတ်၏။ အန္တရာယ်အကင်းဆုံးမှာ အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အမြစ် စသည့် ဆေးဖက်ဝင်အပင်ထွက်များဖြင့် ဖော်ဆပ်သော တိုင်းရင်းဆေးမြီးတိုများ ဖြစ်ပေသည်။

ထို့ကြောင့် ဝက်ခြံပေါက်ခြင်းအတွက် အန္တရာယ်ကင်းကင်းဖြင့် အမြန်သက်သာပျောက်ကင်းစေရန် အသုံးများသော တိုင်းရင်းဆေးမြီးတိုများကို ဖော်ပြလိုက်ပါသည်။

□ဆေးနည်း (၁)

မြင်းခွာရွက်နှင့် ဆန်ဆေးရည်ကို ရောကြိတ်ပြီးရရှိသောအရည်ကို ဝက်ခြံပေါ်နာနာပွတ်၍ လိမ်းပေးပါ။ ပြည်တည်စပြုနေစဉ် ကိုက်ခဲနာကျင်မှုများ ပြေပျောက်စေရန် မြင်းခွာရွက်သုံးလေးရွက်ခန့်၏ သတ္တုရည်ကို ဝက်ခြံပေါ်ထူထူလိမ်းပေးပါ။ အနီရောင်ဆေးမြင်းခွာရွက်ဆိုပါက ပို၍ကောင်း၏။

□ဆေးနည်း (၂)

သနပ်ခါးအနှစ်အတွင်းသားကို ပျစ်ပျစ်သွေးပါ။ သနပ်ခါးမြစ်ဆိုလျှင် ပို၍ကောင်းပါသည်။ ၎င်းသနပ်ခါးရည်ပျစ်ပျစ်နှစ်နှစ်ကို ညအိပ်ရာဝင်ချိန် နှေးစဉ် ဝက်ခြံပေါ် ခပ်ထူထူလိမ်းပေးပါ။ နံနက်အိပ်ရာထချိန်တွင် ဆပ်ပြာအကောင်းစားနှင့် မျက်နှာကို သန့်စင်ဆေးကြော လိုက်ပါ။ ဝက်ခြံကြီးတင်ကာကွယ်လိုသူများနှင့် ယခင်က ဝက်ခြံပေါက်ဖူးသူများလည်း ၎င်းနည်းကို အသုံးပြုနိုင်ပါသည်။

□ဆေးနည်း (၃)

ထင်းရှူးမြစ်တစ်ဆ၊ သနပ်ခါးမြစ်တစ်ဆမျှကာ ကျောက်ပျဉ်တွင် ကွမ်းစားထုံးအနည်းငယ်ထည့်၍ သွေးပါ။ ရရှိလာသောအရည်ကို ဝက်ခြံပေါ် လိမ်းပေးပါ။

□ဆေးနည်း (၄)

ကသစ်ဆူးဖုကို ကျောက်ပျဉ်တွင် ပျစ်ပျစ်သွေး၍ ဝက်ခြံပေါ် ထူထူလိမ်းပေးပါ။ တစ်နေ့နှစ်ကြိမ်မျှ လိမ်းပေးပါ။

□ဆေးနည်း (၅)

တရုတ်စံကားအမြစ် တစ်ဆ၊ သနပ်ခါးအမြစ်တစ်ဆကို အမှုန့်ထောင်းပါ။ ထမင်းရည်အနည်းငယ်ရောစပ်ပြီး အတောင့်ပြုလုပ်၍ နေလှန်းထားပါ။ အသုံးပြုလိုသောအခါ ၎င်းဆေးတောင့်ကို ကျောက်ပျဉ်တွင်သွေး၍ ဝက်ခြံပေါ် လိမ်းပေးပါ။

□ဆေးနည်း (၆)

ကသစ်ဆူးဖုကို ကျောက်ပျဉ်တွင် သွေး၍ရသော အရည်တစ်ဆ၊ နံသာပြာသွေး၍ရသော အရည်တစ်ဆတို့ကို သမအောင်မွှေ၍ ရောစပ်ပါ။ ၎င်းဆေးရည်ကို နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် လိမ်းပေးပါ။ တင်းတိပ်ရောဂါအတွက်လည်း လိမ်းဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ ဤဆေးနည်းသည် အထူးလိမ်းဆေးအဖြစ် တိုင်းရင်းဆေးပညာရှင်များ အသုံးပြုလေ့ရှိသော ဆေးနည်းကောင်းတစ်လက် ဖြစ်ပါသည်။

ဝက်ခြံကို ကုသရာတွင် အထူးစိတ်ရှည်ရပါသည်။ ဆေးကို နေ့စဉ်မှန်မှန် မပျက်မကွက် အသုံးပြုရပါသည်။ အညော်၊ ကားအိပ်ဇောင်္ဂေနှင့် မြောင်းပုပ်ရည်ကဲ့သို့သော အနံ့ဆိုးများရှောင်လွှဲနေထိုင်ရပါမည်။ အပူအစပ်၊ အဆီအဆိမ်နှင့် အင်နစ်တို့ကို လွန်ကဲစွာစားသောက်ခြင်းမှ ရှောင်ကြဉ်ရပါမည်။ အရက်နှင့် ဘီယာ လုံးဝမသောက်သင့်ပါ။ မျက်နှာကို အမြဲသန့်ရှင်းစင်ကြယ်အောင်ထားရမည်။ ဝက်ခြံမှည့်၍ ညှစ်လျှင်လည်း လက်ကို ဆပ်ပြာဖြင့်ဆေးကြောပြီးမှညှစ်ပါ။ နေပူထဲမသွားရဲ့အပူကိုရှောင်သင့်ပါသည်။ ကွမ်းဆေးလိပ်မစားသုံးပါနှင့်။

ဝက်ခြံသည် ကျန်းမာရေးအသိပညာဖြင့် ကြိုတင်ကာကွယ်၍ရသည့်အတွက် ဖြစ်ပွားလာလျှင်လည်း ကုသရန် မခဲယဉ်းပါ။ သို့သော် ဝက်ခြံရောဂါကို လွယ်ဆဖိပါက မျက်နှာတစ်ခြမ်းလုံးရောင်ရမ်းလာခြင်း၊ အလွန်နာကျင်ခြင်း၊ အနာမိုးကြောင့် ဖျားနာခြင်းအထိ ဖြစ်တတ်ပြီး အခန့်မသင့်လျှင် အသက်ပါဆုံးရှုံးတတ်သည်။ ထို့ကြောင့် ဝက်ခြံပေါက်လာလျှင် မပေါ့ဆမိစေရန် အထူးဂရုပြုရမည်။ ရှောင်သင့်သည်များကို ရှောင်ရှဲ့အန္တရာယ်ကင်းသော တိုင်းရင်းဆေးမှုကို အသုံးပြုရန်လည်း မမေ့သင့်ပေ။

တင်နိုင်ဝင်း (တောင်းစော်)

www.burmeseclassic.com

www.burmeseclassic.com

ပန်းခါးမောင်မောင်(စာ/ဓာတ်)

အလုပ်ရှာရာရက်မြောတ်မင်္ဂလာတွက်ယူကာ ကိုယ်စိတ်နှစ်ခြာချမ်းသာကြပါစေ



ဆောင်းပါးရှင် ကျွန်တော်သည် သွန်ခဲ့သောနှစ်ပေါင်း (၃၅) နှစ်ကျော် ဒေါ်ထမ်းဘဝတာဝန်ထမ်းဆောင်စဉ်က ဆရာဦးသာညွှန့် (ဗိုလ်တထောင်) ရေးသားသည့် ဗိုလ်တထောင်သတင်းစာပါ ရက်တွက်နည်းဆောင်းပါးကို ဖတ်ရှုပြီး ရေးသားလိုစိတ်များ ထင်ွေ့ငွေ့တရှိန်ရှိန် တဖွားဖွား ပေါ်ပေါက်လာခဲ့ပါသော်လည်း မူလဆောင်းပါးပိုင်ရှင် ဦးသာညွှန့် (ဗိုလ်တထောင်)လို တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည် စာဖတ်သူချစ်ပရိသတ်များ နှစ်သက်ဖွယ်ရာဖြစ်အောင် စွမ်းဆောင်ရေးသားနိုင်ခြင်းမရှိသဖြင့် ပညာအမွေတစ်ရပ်အဖြစ်ယူကာ (စုတုပြု) နည်း ယူမှတ်သားထိန်းသိမ်းခဲ့ပါသည်။

ဆရာဦးသာညွှန့်၏လက်ရာအလှ ရက်တွက်နည်းဆောင်းပါးလေးကို စောင့်မျှော်ဖတ်ရှုလိုပါသော်လည်း ၎င်းဆောင်းပါး ဗိုလ်တထောင်နေ့စဉ်သတင်းစာ ရပ်တန့်ပျောက်ကွယ်သွားသလို ဆရာဦးသာညွှန့်လည်း ၂၀၀၀ ပြည့်နှစ်ထဲတွင် ကွယ်လွန်ချုပ်ငြိမ်းသွားသဖြင့် ၎င်းရက်တွက်နည်းလေးကို ဆက်လက် ရေးသားသူမရှိဖြစ်နေခဲ့ကြိန်တွင် ကျွန်တော်၏ ရေးဖော်ရေးဖက်ညီအစ်ကိုများဖြစ်သည့် ဒေါ် မကွေးဝင်းမြင့်၊ ၂။ မကွေးမြင့်သန်း၊ ၃။ ဖရုံသီး (မင်းဘူး)၊ ၄။ ကိုကိုလတ် (ဆည်မြောင်း) တို့က (ဆရာက လက်ရှိသည် ရေးပါ) ဟု သူတို့အသုံးအနှုန်းအရ ၀ိုင်းဝန်းတိုက်တွန်းအကြံပေးကြ၍ ရေးချင် ကျွန်တော့်အဖို့ ရေတတ်တုန်း ရေတွင်းထဲကျဆိုသလိုပင် ဖြစ်သွားပြီး ဇာတ်ဝါးပါးဖြင့် ကြိုးစားရေးသားခဲ့ရာ ၂၀၀၈ ခုနှစ်တွင် မနုစာရီမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်တွင် ရောင်ပြန်မဂ္ဂဇင်း၊ ၂၀၀၉ ခုနှစ်တွင် ဝိဇ္ဇာမဂ္ဂဇင်း (ယခုမရှိတော့ရပ်တန့်သွား) တို့မှ စာဖတ်သူ စာချစ်ပရိသတ်များအား အသိပေး တင်ပြခွင့်ရခဲ့ပြီး သူရဿမဂ္ဂဇင်းတွင် ၂၀၁၈ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ် လုံးဝပျက်ကွက်မှုမရှိ (၅) နှစ် ဆက်တိုက်ဖော်ပြခဲ့ပြီး ယခု ၂၀၂၀ ခုနှစ်ကိုပါ စာဖတ်သူချစ်ပရိသတ်များ ဆက်လက်သိရှိ ဗဟုသုတရကြစေရန် ရေးသား တင်ပြလိုက်ပါသည်။

စဉ်ဆက်မပြတ် ရွေးချယ် ဖော်ပြပေးသော သူရဿမဂ္ဂဇင်း၏ စာတည်းချုပ် ဆရာဦးအောင်မြတ်နှင့်တကွ တစ်ဖွဲ့လုံး၏စေတနာသဘောထားနှင့် လုပ်ရပ်များကို မေမျှော်မှန်း၍ မရနိုင်သည်မှာ အမှန်ပါ။

ကျွန်တော် ကသာမြို့သို့ ၂၀၁၁ ခုနှစ်တွင် ပထမဦးဆုံး ရောက်စဉ်က စာပေရောင်းရင်းအပေါင်းအသင်းကောင်း ပီသစွာ ဖည့်ခံဆက်ဆံခဲ့သော စာရေးဆရာမ ဆောင်းဦးဥဩကိုလည်း မွေးချင်း ဆွေမျိုးနှမရင်းပမာ ခင်မင်လေးစား အားကိုးမိသော်လည်း ကွယ်လွန်သူ ဘက်စုံ စေတနာရှင် ပခုက္ကူဦးအုံးဖေ ဦးလေးအုံး၏ ကြံရွယ်သော်လည်း ဖြစ်မလာ မကြံရွယ်သော်လည်း ဖြစ်လာတတ်၏ဆိုသည့် လက်သုံးစကားလေး အတိုင်း မမျှော်လင့်ဘဲ စာပေလောကမှ ကျောခိုင်းထွက်ခွာသွားသည့်အတွက် စာနယ်ဇင်းအတွက် နှမြောစရာဖြစ်သွားပေမယ့် ပရဟိတလုပ်ငန်းများကို အားကြိုးမာန်တက် စွမ်းဆောင်ဖြည့်ဆည်းကူညီလုပ်ဆောင်နေကြောင်း သတင်းကောင်း ကြားသိရပြီး လုပ်သင့်လုပ်ထိုက်သည့် မှန်ကန်လိုအပ်သောလုပ်ရပ်ဖြစ်သဖြင့် ဂုဏ်ယူဝမ်းသာ မုဒိတာပွားကာ ကျေးဇူးတင်မိပါသည်။

ဆရာလူအောင်၊ ဆရာနိုင်ကြီး၊ ဆရာကိုကိုခန့်ချော၊ ဆရာမြင့်ဟိန်း ကျော်၊ ဆရာသပြေညိုချစ်သန်းထွန်း၊ ဆရာအေးလွင်၊ ဆရာမြင့်မြတ်စံ အပါအဝင် ကသာမြို့မှ အပေါင်းအသင်းများက ၎င်းရက်တွက်နည်းလေးကို ပညာအမွေတစ်ရပ်အနေနှင့် ဆက်လက်ထိန်းသိမ်းကာ နှစ်စဉ်စဉ်ဆက်မပြတ်ရေးသားရန် ၀ိုင်းဝန်းတိုက်တွန်း အကြံပြုကြ၍ စာပေခွန်အားများတိုးပွားလာပြီး တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို ရိုသေလေးစားတို့ပြန်ကာ မဖြစ်မနေ ရေးသားနေခြင်းပါ။ ကျွန်တော့်အနေနှင့် အရွယ်အရ မငယ်လှပါသဖြင့် မျိုးဆက်သစ်လူငယ်များအနေနှင့်လည်း တစ်ဖက်တစ်လမ်းမှ အား ဖြည့်ကူညီသောအားဖြင့် ရေးသားစေချင်ပါသည်။ (ရေးသားကြပါလို့ တိုက်တွန်း ဖိတ်ခေါ် စောင့်မျှော်ကြိုဆိုလျက်ပါ။)

ကျွန်တော့်အနေနှင့် ခေတ်ကာလ အခါခိုက်အခါအရ တစ်နှစ်တစ်မျိုး မရိုးအောင် စွမ်းဆောင် ကြိုးစားရေးသားနေရာ သူရဿမဂ္ဂဇင်းကို အမြဲမပြတ် ဖတ်ရှုနေကြသော ချစ်ပရိသတ်များအားလုံး အသိပါ။ ကျေးဇူးတင်လျက်ပါ။

ခရစ်နှစ်တိုင်းတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ (၁၂) လရှိရာ ၎င်းလများ၏တစ်လချင်းစီ၏ (၁) ရက်နေ့များကို လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် အောက်ဖော်ပြပါ လက်ာငယ်ကို စပ်ဆိုရေးဖွဲ့ထားရာ စာဖတ်သူချစ်ပရိသတ်များအနေနှင့် နှစ်သက်သဘောကျကာ အလိုဆန္ဒပြည့်ဝကြလိမ့်မည်ဟု အကြွင်းမဲ့ ကြိုတင်ယုံကြည်လျက်ပါ။

လက်ာငယ်သည် အဓိကဖြစ်၍ စိတ်ဝင်စားသူ ချစ်ပရိသတ်များအနေနှင့် မဖြစ်မနေ အလွတ်ကျက်မှတ်ရယူထားရမည်ဖြစ်၍ မရပါက ဘာမှဆက်လက် လုပ်ကိုင်ရန်ခဲလိမ့်မည်မဟုတ်ပါ။

လက်ာငယ်သည် ၁။ ခေတ်ရေစီးကြောင်းနှင့် ကိုက်ညီရန်၊ ၂။ အများသိရှိနားလည်ကြပြီး စိတ်ဝင်စားဖွယ်စကားလုံး (စာသား) ဖြစ်စေရန်။ ၃။ မှတ်သားလွယ်ကူသော အကြောင်းအရာ စကားလုံး (စာသား) ဖြစ်စေရန် ၄။ စာဖတ်သူချစ်ပရိသတ်များအတွက် ကုန်ဆုံးသော အချိန်ကို အလဟဿ အချည်းနှီးမဖြစ်စေဘဲ ဗဟုသုတရကြစေရန် အထူးလိုအပ်ပါသည်။ ၎င်းအင်္ဂါရပ်များနှင့်ပြည့်စုံသော ၂၀၁၆ ခုနှစ်ရက်တွက်နည်း လက်ာငယ်မှာ -

ပသင့် ချစ်ညီသင့် အောင်ရင်ခွင်

www.burmeseclassic.com

www.burmeseclassic.com

ဇန်နဝါရီ	ဖေဖော်ဝါရီ	မတ်	ဧပြီ	မေ	ဇွန်
သင့်	ချစ်	ညီ	သင့်	အောင်	ရင်
သောကြာ	တနလ်း	အင်္ဂါ	သောကြာ	တနင်္ဂနွေ	ဗုဒ္ဓဟူး

ဇူလိုင် -	သြဂုတ်	စက်တင်ဘာ	အောက်တိုဘာ	နိုဝင်ဘာ	ဒီဇင်ဘာ
သ	ကြိုန်	မိုး	နား	ဆင်	မည့်
သောကြာ	တနလ်း	ကြာသပတေး	စနေ	အင်္ဂါ	ကြာသပတေး

သင်္ကြန်မိုး နား ဆင် မည့် ဖြစ်ပါသည်။

အထက်ဖော်ပြပါ လက်ာငယ်ကို အလွတ်ကျက်မှတ်ရရှိပြီးပါကာ ၂၀၁၆ ခုနှစ်အတွင်းရှိ မည်သည့်လ၊ မည်သည့်ရက်ကိုမဆို မိမိတို့သိလိုကြသောရက်များကို တစ်မိနစ်မျှသော အချိန်တိုလေးအတွင်း အလွယ်တကူ တွက်ယူရရှိမည်မှာ မလွဲကောန်အမှန်ပါ။ (ကျေးဇူးပြု၍ ဆောင်းပါးရှင်အား တို့ပြန်သောအားဖြင့် လက်တွေ့စမ်းသပ်ကြည့်ရှုကာ တစ်ဖက်တစ်လမ်းမှ ကူညီပါ။)

ပထမဦးဆုံးအနေဖြင့် လက်ာငယ်အရ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်သည် **'သင့်'** သောကြာ ဖြစ်သည်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်သည် **'ချစ်'** တနလ်းဖြစ်သည်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်သည် **'ညီ'** အင်္ဂါဖြစ်သည်ကို လည်းကောင်း အသီးသီးသိရှိကြသလို ကျန်လများကိုလည်း သိရှိကြမည်မှာ အမှန်ပါ။

ဒုတိယအနေဖြင့် မိမိတို့သိလိုကြသည့် **လ ၏** ၁ ရက်နေ့မှာ (၁) ကိုနုတ်လိုက်ပါ။ ပြီးလျှင် တတိယအဆင့်အနေနှင့် သိလိုကြသည့်ရက်ကိုပေါင်းပြီး နောက်ဆုံးစတုတ္ထအဆင့်အဖြစ် (၇) ဖြင့် စား၍ ရသော **အကြွင်း** ကိုကြည့်ခြင်းအားဖြင့် အလွယ်တကူ **အဖြေ** ထွက်ပေါ်လာမည် ဖြစ်ပါသည်။ အကယ်၍ (၇) ဖြင့် စားရာတွင် မစားလောက်ပါက **အကြွင်း** ဟူ၍ သတ်မှတ်ပြီး တွက်ယူရရှိကြမည် ဖြစ်ပါသည်။

(၀) ကြွင်းလျှင် စနေ၊ (၁) ကြွင်းလျှင် တနင်္ဂနွေ၊ (၂) ကြွင်းလျှင် တနင်္လာ၊ (၃) ကြွင်းလျှင် အင်္ဂါ၊ (၄) ကြွင်းလျှင် ဗုဒ္ဓဟူး၊ (၅) ကြွင်းလျှင် ကြာသပတေး၊ (၆) ကြွင်းလျှင် သောကြာ ဟူ၍မှတ်ယူသိရှိထားရမည်ဖြစ်ပါသည်။

၁။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် **လွတ်လပ်ရေးနေ့** မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်သည် **သင့်-သောကြာ** ဖြစ်ပါသည်။ သောကြာသည် (၆) ဖြစ်၍ (၁) ကို နုတ်သော် -

၆ - ၁ = ၅
၅ + သိလိုသောရက်

၅ + ၄ = ၉
၉ + ၇ = ၂၄ အကြွင်း

အဖြေ- ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့သည် (၂) ကြွင်း၍ တနင်္လာနေ့ ဖြစ်ပါသည်။

၂။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် **ပြည်ထောင်စုနေ့** သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်သည် **ချစ်-တနလ်း** ဖြစ်ပါသည်။ တနလ်းသည် (၂) ဖြစ်၍ (၁) ကိုနုတ်သော် -

၂ - ၁ = ၁
၁ + သိလိုသောရက်

၁ + ၁၂ = ၁၃
၁၃ + ၇ = ၆ ကြွင်း

အဖြေ- ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့သည် (၆) ကြွင်း၍ သောကြာနေ့ဖြစ်ပါသည်။

၃။ ၂၀၁၆ ခုနှစ်၊ **ဧပြီ** ၁၄ ရက် **မဟာသင်္ကြန်အကြတ်နေ့** မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် ၂၀၁၆ ခုနှစ်၊ **ဧပြီ**လ ၁ ရက်သည် **သင့် - သောကြာ** ဖြစ်ပါသည်။ သောကြာသည် (၆) ဖြစ်၍ (၁) ကိုနုတ်သော် -

၆ - ၁ = ၅
၅ + သိလိုသောရက်

၅ + ၁၄ = ၁၉
၁၉ + ၇ = ၅ ကြွင်း

အဖြေ- ၂၀၁၆ ခုနှစ်၊ **ဧပြီ** ၁၄ ရက် မဟာသင်္ကြန်အကြတ်နေ့သည် (၅) ကြွင်း၍ ကြာသပတေးနေ့ ဖြစ်ပါသည်။

၄။ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၉ ရက် **အာဇာနည်နေ့** သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် ၂၀၁၆ ခုနှစ်၊ **ဇူလိုင်**လ ၁ ရက်သည် **သ-သောကြာ** ဖြစ်ပါသည်။ သောကြာသည် (၆) ဖြစ်၍ (၁) ကိုနုတ်သော် -

၆ - ၁ = ၅
၅ + သိလိုသောရက်

၅ + ၁၉ = ၂၄
၂၄ + ၇ = ၃ ကြွင်း

အဖြေ- ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် **အာဇာနည်နေ့**သည် (၃) ကြွင်း၍ အင်္ဂါနေ့ ဖြစ်ပါသည်။

၅။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် **ခရစ္စမတ်နေ့** သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်သည် **မည်-ကြာသပတေး** ဖြစ်ပါသည်။ ကြာသပတေးသည် (၅) ဖြစ်၍ (၁) ကို နုတ်သော် -

၅ - ၁ = ၄
၄ + သိလိုသောရက်

၄ + ၂၅ = ၂၉
၂၉ + ၇ = ၁ ကြွင်း

အဖြေ။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်နေ့သည် (၁) ကြွင်း၍ တနင်္ဂနွေနေ့ ဖြစ်ပါသည်။

၂၄-ဧ-၂၀၁၅ နေ့တွင် ကွယ်လွန်သွားသော သင်္ကြန်မိုး အပါအဝင် အကယ်ဒမီ (၅) ဆုရှင် ဒါရိုက်တာ မောင်တင်ဦး (မြန်မာနိုင်ငံ၏ သင်္ကြန်သားကြီးဘွဲ့ထူး ဆွတ်ခူးရယူထားရှိ ရုပ်ရှင်သရုပ်ဆောင် ဇော်ဝမ်း၏ အရင်း) ကို အမှတ်တရ ဂုဏ်ပြုရေး

www.burmeseclassic.com

www.burmeseclassic.com

အဏ္ဏဝါလိုင်း

ထိပ်ကပ်နာအတွက် ဆေးမခက်ပါ

ကျွန်ုပ်သည် ရှမ်းပြည်နယ်မှာ နှစ်အတန်ကြာ တာဝန်ထမ်းဆောင်ခဲ့၍ ရှမ်းပြည်နယ်ရာသီဥတုနှင့် လိုက်လျောညီထွေနေတတ်ထိုင်တတ်ခဲ့၏။ အေးမြသော ရာသီဥတုကို ရင်းနှီးကျွမ်းဝင်ခဲ့ရာမှ မြန်မာပြည်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရ၏။ ပူလောင်သောဒဏ်ကို ခံစားရသဖြင့် ရေခဏခဏချိုးရာမှ နှာရည်ထွက်ကျလာ၏။ နားတွေမှာရေဝင်ပြီးနားပြည်ယိုလာ၏။ နာ။ နှာခေါင်း။ လည်ချောင်းမှာ ဆက်စပ်သဖြင့် နောက်ဆုံးနှာခေါင်းတွင် အပုပ်နံ့ရလာပါသည်။ နှာခေါင်းတွင်ရှိ နှာရည်တို့မှာအမြဲရှိနေသဖြင့် နှာရည်များပုပ်၍ အနံ့ထွက်လာခြင်း ဖြစ်၏။ ကျွန်ုပ်ထိပ်ကပ်နာ (နှာပုပ်နာ) ဖြစ်ပါပြီ။

ရန်ကုန်ရှိ ဆေးရုံတွင် တက်ရောက်ကုသခဲ့၏။ နှာပုပ်များကိုစက်ဖြင့် စုပ်ထုတ်ပြီး စားဆေး၊ ထိုးဆေးဖြင့်ကုသပေးပါသည်။ ခဏသက်သာသော်လည်း နှာရည်များစုဝေးပြီး အပုပ်နံ့ပြန်ထွက်လာပြန်ပါသည်။ ဆေးရုံတက်၍ ကုသပြန်၏။ စက်ဖြင့်စုပ်ထုတ်ပြီးကုသရပြန်ပါသည်။ (၃) ကြိမ်တိုင်တိုင် ကုသပေးပြီး လုံးဝကင်းစင်အောင် မပျောက်သဖြင့် မင်္ဂလာဒုံဈေးလမ်းဘေးမှ မြန်မာတိုင်းရင်းဆေးနှင့်ပြုစု၍ကုသပါသည်။ နှာခေါင်းထဲသို့ ဝါးချောင်းသေးသေးတွင် ဆေးသုတ်ပြီး ထိုးထည့်၍ကုသပါသည်။ ဆေးများပြင်းလွန်းသဖြင့် နှာရည်များယိုစီးထွက်ကျပြီး အနံ့အာရုံခံဆဲလ်များ ပျက်စီးသွားသဖြင့် ဘာအနံ့မှခံစားလို့မရတော့ပါ။ မြွေပူရာကင်မှောက်ဆိုသလိုတိုင်းရင်းဆေးကို အားကိုးပါမှ ပို၍ဆိုးနေသဖြင့် စိတ်အပျက်ကြီးပျက်နေပါတော့သည်။ စိတ်ပျက်လက်ပျက်ဖြင့် ဘယ်မှာမှမကုတော့ဘဲ ဒီအတိုင်းနေခဲ့၏။

မကြာမီ အညာသား ကိုစံဖေရောက်လာပြီး- ဘာဖြစ်တာလဲ၊ ဘာလဲဆိုပြီး သတင်းမေးပါသည်။ မိမိက ဖြစ်ကြောင်းကုန်စင်အကုန်ပြောရာ -

"ဟာ - ဒါဆိုလွယ်လွယ်လေး ထိပ်ကပ်နာအတွက် ဆေးခက်ပါတယ်" ဟု ဆေးနည်းပြောပြပါသည်။

ကျောက်ဖရုံသီးကိုရေအောင်နာရှိရင်းအုကိုရှုပါ။ (၃) ခါလောက်ရှုရုံနှင့် ရောဂါလုံးဝပျောက်သွားပါလိမ့်မည်ဟု အာမခံရဲရဲနှင့် ပြောပြသွားပါသည်။ မင်္ဂလာဒုံဈေးက ကျောက်ဖရုံသီး(၁)လုံးဝယ်ပြီး ကျောက်ဖရုံသီးအတွင်းမှရသောအူကို နှာခေါင်းနှင့်ကပ်ပြီး အရည်ဝင်အောင် ရှုပေးရပါသည်။ အနံ့ပြင်းပြင်း ရှုပေးပြီး မကြာမီ နှာရည်များအဆက်မပြတ်စီးကျလာပါတော့သည်။ တရစပ်စီးကျသဖြင့် လက်ကိုင်ပဝါဖြင့်အမြဲသုတ်ပေးနေရပါသည်။ ညအိပ်သော်လည်း နှာရည်များအဆက်မပြတ်စီးကျနေ၏။ နံနက်မိုးလင်းသောအခါ ရောဂါမှာသိသိသာသာပျောက်ကင်းသွားပါသည်။ (၃) ကြိမ်လောက် ရှုပေးသောအခါ ထိပ်ကပ်နာရောဂါ လုံးဝပျောက်ကင်းသွားပါသည်။ နှစ်ပေါင်း (၂၀) ကြာသည်အထိ ထိပ်ကပ်နာပြန်မဖြစ်တော့ပါ။ ဈေးချိုပြီးလုပ်ရတာလွယ်ကူသောဆေးနည်းကောင်းတစ်ခုကို မိမိကိုယ်တွေ့ဖြစ်ရပ်မှန်ဖြင့် ဖော်ပြရပါသည်။

အဏ္ဏဝါလိုင်း

လိုက်ခြင်း ဖြစ်ပါသည်။ ၎င်းသင်္ကြန်မိုးဇတ်ဝင်တေးသီချင်းကို ၂၀၁၅ ခုနှစ်၊ ဧပြီလ မဟာသင်္ကြန်အထူးထုတ်သီချင်းခွေတွင် ဒုတိယသင်္ကြန်မင်းသမီးမှာ အသိအမှတ်ပြုရလောက်အောင် အောင်မြင်ကျော်ကြား လူကြိုက်များသည့် အဆိုတော်စည်သူလွင်က ထပ်မံသီဆိုထားရာ အလှူတွင် အယဉ်ဆင့်သလို ပို့မိုးတင့်တယ် ဂုဏ်ယူဝင့်ထည် အလှကြွယ်နေသည်မှာ အမှန်ပါ။

အမေရိကန်နိုင်ငံမှ နာမည်ကျော် အဆိုတော် စလင်းဒီယွန် သည် ကမ္ဘာကျော် TITANIC ဇာတ်ကားဇာတ်ဝင်တေးသီချင်းကို သီဆို၍ ကမ္ဘာကျော်ဖြစ်သွားသလို ဒါရိုက်တာ မောင်တင်ဦးနိုက်ကူးသည့် သင်္ကြန်မိုးဇာတ်ကား၏ အရှိန်အဟုန် အံ့မခန်းအလီလီ အစွမ်းဒီဂရီကြောင့် သီချင်းရေးသားသူ အခွလီမောင်မောင်နှင့်တကွ သီဆိုကြသူများပါ ထင်ပေါ်ကျော်ကြားလူသိများလာကြပြီး ပြည်သူအချစ်တော်၊ ပြည်သူအသည်းစွဲများဖြစ်သွားကြသည်မှာ ဂုဏ်ယူဝမ်းသာ မုဒိတာပွားစရာပါ။

မြန်မာ့ တေးဂီတလောကတွင် တစ်ကိုယ်တော်ရော စုံတွဲတေးသီချင်းများပါ အမျိုးမျိုးသီဆိုကာ ပြည်သူအသည်းစွဲ အချစ်တော်ဘွဲ့ရရှိထားသူ ရွှမ်ရွှင်သရုပ်ဆောင်မိုးအောင်ရင်၏ဖခင် အဆိုတော် အောင်ရင် ဆိုလျှင် လူကြိုးရော ကလေးပါ အားလုံးသိကြပြီး ကြီးငယ်မဟူ အရွယ်မရွေး ဂီတချစ်မြတ်နိုးသူတိုင်း နှစ်သက်အားပေးခြင်းဂုဏ်ကို မိုင်ကုန်ရာနှန်းပြည့်ရရှိထားသူပါ။

၂၀၁၆ ခုနှစ်ရက်တွက်နည်းတွင် (သင့်ချစ်ညီသင့်အောင်ရင်××××သင်္ကြန်မိုးနှင်းဆင်မည်) ဟူ၍ အဆိုတော် အောင်ရင်အား သင်္ကြန်မိုးသီချင်းနှင့် အတူ ဒါရိုက်တာမောင်တင်ဦးပါ ပူးတွဲကာ ဂုဏ်ပြုရေးသားလိုက်ခြင်းဖြစ်ရာ ကာယကံရှင်များနှင့်တကွ စာဖတ်သူ ချစ်ပရိသတ်များအားလုံးတို့ နှစ်သက်သဘောကျကြလိမ့်မည်ဟု ကြိုတင်ယုံကြည်လျက်ပါ။ မတော်တဆ အလိုမတူအဆင်မလှ ဘဝင်မကျစရာများပါပါက စာရေးသူ၏ အားနည်းချက်သာဖြစ်၍ သည်းခံခွင့်လွှတ်နားလည်ပေးကြပါရန် ထပ်ဆင့် ကြိုတင်မေတ္တာရပ်ခံပန်ကြားရင်း သင်ဆရာဆရာရင်းများဖြစ်ကြသော ၁။ ဦးကျော် (ရှမဝ)၊ ၂။ ဦးမောင်ကလေး (သောကြာ)၊ ၃။ ဒေါ်သီရီ (ဓမ္မရုပ်စုံ)နှင့် မမြင်ရ၊ မတွေ့ရ၊ မဆုံလိုက်ရသော ဆောင်းပါး မူလပိုင်ရှင် မြင့်ဆရာ ဦးသာညွှန့် (ဗိုလ်တထောင်)တို့အား ဤ ၂၀၁၆ ခုနှစ်၊ ရက်တွက်နည်းဆောင်းပါးဖြင့် ရှိသေဦးညွတ်ကန်တော့လျက် (သင့်ချစ်ညီသင့်အောင်ရင် သင်္ကြန်မိုးနှင်းဆင်မည်) လက်ဝယ်ကို အလွတ်ကျက်မှတ်ရယ်ပြီး ဆောင်းပါးရှင်အား တစ်ဖက်တစ်လမ်းမှ ကူညီသောအားဖြင့် လက်တွေ့စမ်းသပ်၍ သိလိုရာရက်များကို အလွယ်တကူရရှိနိုင်ပါစေ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ၍ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

ဝေဖန်အကြံပြုလိုပါက စီ/၁၃၇ (၁၅) လမ်း (အနောက်)၊ ကန်သာရုပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီးလိပ်စာဖြင့် ပေးပို့နိုင်ကြပြီ လေးစားတွဲဖြန်သော အားဖြင့် ဂုဏ်ယူဝမ်းသာစွာ စောင့်မျှော်ကြိုဆိုလျက်ပါ။

မေတ္တာကူဒေတုဒ္ဒာဖြင့်

ဇန်ခါးမောင်မောင် (စား/ဆွေ)

www.burmeseclassic.com

www.burmeseclassic.com

ကြက်သဟင်းနှင့်ကင်ပွန်းချဉ် လိပ်ခေါင်းရောဂါပျောက်ကင်းစင်

တစ်နေ့သဋ္ဌ -

ကျွန်ုပ် အငြိမ်းစားမယူမီ အချိန်ကာလက လွန်စွာခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေတစ်ယောက် ကျွန်ုပ်အိမ်သို့ အလည်အပတ် ရောက်ရှိလာခဲ့ပါတော့သည်။

မမျှော်လင့်ဘဲ ရောက်ရှိလာသော မိတ်ဆွေကို မြင်တွေ့လိုက်သည်နှင့် လွန်စွာမှအံ့အားသင့်ခြင်း၊ ဝမ်းမြောက်ခြင်းများစွာဖြင့် ခရီးဦးကြိုလိုက်ပါသည်။

မိတ်ဆွေနှင့် ကျွန်ုပ်တို့သည် ရှေးဟောင်းနောင်းဖြစ်များကို အားပါးတရပြောဖြစ်ကြပါသည်။ အနှစ် (၄၀) လောက်ပင် ပြန်လည်နပျိုလာသလို ခံစားရပါတော့သည်။ နောက် မိသားစုအရေး၊ ကျန်းမာရေး စသည်တို့ကို ရောက်ရှိသွား ကြပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ကျွန်ုပ်နှင့် အဆက်ပြတ်သွားခဲ့ပြီး (၃)၊ (၄)နှစ်မှာပင် ကျန်းမာရေး တဖြည်းဖြည်းညံ့လာခဲ့ကြောင်းနှင့် လိပ်ခေါင်းရောဂါဖြစ်လာခဲ့ကြောင်းကို ပြောပြပါသည်။ လိပ်ခေါင်းရောဂါဝေဒနာကြောင့် ပြည်ပဆေး၊ တိုင်းရင်းဆေးမျိုးစုံနှင့် ဆရာဝန်အပါအဝင် တိုင်းရင်းဆေးဆရာများစုံနေအောင် ဆေးစားသောက်ခြင်း၊ ဆရာပြောင်းခဲ့သော်လည်း ရောဂါမှာ ပျောက်ကင်းဖို့ဝေးစွ သက်သာမှုကိုပင်မပြခဲ့သဖြင့် စိတ်ကျရောဂါပါ ထပ်တိုးလာခဲ့ပါတော့သည်။

မြန်မာ့ မြစ်ချင်းပြီး ဆေးမြီးတိုတကယ်စွမ်းပြီ။

တစ်နေ့တွင် အသက်အရွယ်(၈၀) လောက်ရှိနေပြီဖြစ်သောအဘိုးအို့တစ်ဦးနှင့် ခရီးသွားဟန်လွဲ ထမင်းဆိုင်တစ်ဆိုင်တွင် ဆုံဖြစ်ခဲ့ပါတော့သည်။ ထိုအဘိုးအိုသည် ကျွန်ုပ်မိတ်ဆွေနှင့် ထမင်းစားပွဲတစ်ဝိုင်းထဲတွင် မျက်နှာချင်းဆိုင်ဖြစ်နေခဲ့ပါသည်။

"မောင်ရင့်မျက်နှာကိုကြည့်ရတာ ဒူလာရောဂါကပ်နေပုံပဲ။ သွေးဒူလာရှိသလို အတွင်းလိပ်ခေါင်းဖြစ်တာ နှစ်အတော်ကြာပုံရတယ်။ ဆေးဝါးမမှီဝဲဘူးလား"

ဟု လုံးဝမထင်မှတ်သောစကားများဖြင့် ကောက်ကာငင်ကာမေးပါပြောပါလေတော့သည်။

"ဟုတ်ပါတယ် အဘ၊ ကျွန်တော် မှာဖြစ်နေတဲ့ ရောဂါဝေဒနာတွေဟာ အဘပြောတဲ့အတိုင်းကိုဖြစ်နေတာပါ။ လိပ်ခေါင်းဆိုရင် အပြင်ကိုလက်တစ်ဆစ်လောက်နီးပါးထွက်နေခဲ့တာဆို နှစ်ချီနေပါပြီ"

ဟု ပြန်လည် ပြောပြလိုက်ရပါတော့သည်။

ဆေးနည်းနှင့် စားသုံးရန်နည်းလမ်းများကိုပါ ရှင်းလင်းပြောပြပြီးပေးခဲ့ပါသည်။ မိတ်ဆွေမှာလည်း လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကျွန်တော်ကို ဆေးနည်းပေးခဲ့တဲ့အဘကို ထမင်းဖိုးရှင်းပြီး ဂါရဝပြုလိုက်ပါသည်။

ထိုအဘသည် အဖိုးအခယူ၍ ကုသပေးသော အသပြာဆရာမဟုတ်ကြောင်း၊ ဝေနေယျသာဝကဖြစ်ကြသည့် ကြဲကြိုက်သူများကိုသာ မေတ္တာဖြင့် ကုသပေးသည့် ဆေးဆရာသမားတော်ကြီးဖြစ်ကြောင်း ပြောပြ၍သိခဲ့ရပါတော့သည်ဟု အားပါးတရပြန်လည်ပြောပြခဲ့ပါတော့သည်။

ကျွန်ုပ်မှ -

"ဒါဆိုရင် ခုနစ်နေ့သား ခုနစ်နေ့သားသမီးများအတွက် ကုသိုလ်ဖြစ်ဆေးဝါးဖော်စပ်ပုံ၊ စားသုံးရပုံကို မပေးချင်မပြောချင်ဘူးလား"

ဟု မေးမြောပြောခဲ့ရာတွင် ကျွန်ုပ်၏မိတ်ဆွေမှ အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

"ဆရာရယ်၊ ဆေးနည်းလည်းပေးပါမယ်။ သူရဇ္ဈမဂ္ဂဇင်းကနေပြီးတော့ လည်း ဆေးဆောင်းပါးရေးပေးပါ"

ဟု ပြောပါလေတော့သည်။

လိပ်ခေါင်းပျောက်ဆေးနည်းနှင့် စားသုံးရပုံအပြည့်အစုံကို အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

ဆေးမည်များ

(က) ကြက်သဟင်းရွက်

ကြက်သဟင်းရွက်ပင်မှာ အပင်မတ်ပင်မျိုးဖြစ်ပါသည်။ ပင်စည်မှာလွန်စွာတုတ်ပြီး ကြီးထွားခြင်းမရှိပါ။ မြေသန်လျှင် ဆောပင်(လ်)အလုံးလောက် ပင်စည်တုတ်ပါသည်။ အပင်အရပ်မှာ လည်း လူတစ်ရပ်ခန့်လောက်သာမြင့်ပါသည်။ အစိမ်းရောင်အရွက်များဖြင့် စည်ကားပါသည်။

အရွက်မှာ ထိပ်ပိုင်းလုံးချွန်ပြီး အလျားရှည်ပါသည်။ အလက်တစ်လက် လျှင် (၁၆) ရွက်မှ အရွက် (၂၀)အထိ ရှိတတ်ပါသည်။ ထိုကြက်သဟင်းရွက်သည် မြန်မာမှုဝလေ့အရ ဟင်းချိုချက်၍ နှုတ်မြိန်ဟင်းတစ်မည် ချက်စားကြပါသည်။

ထိုကြက်သဟင်းသည် အမြစ်မှ အပင်အတက်များဖြင့် ရှင်သန်သော အပင်မျိုးဖြစ်ပါသည်။ စာရေးသူတို့၏ မြေလတ်ဒေသတွင် အလွန်ပေါများစွာ ပေါက်ပါသည်။

(ခ) ကင်ပွန်းချဉ်ရွက်

ကင်ပွန်းချဉ်ပင်သည် ဆူးအတက်လေးများပါဝင်ပါသည်။ မြန်မာဘာသာ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်ပါသည်။ လူမမာများ နာလန်ထချိန်တွင် နှုတ်မြိန်စေရန် ငါးကြော်နှင့်ကင်ပွန်းချဉ်ရွက်တို့ဖြင့် ဟင်းတစ်ခွက်ချက်ကြပါသည်။

ဆေး(၂)မည်ကို အချိန်လေးတူ ရောပြီးကြိတ်ပါ။ နောက် သတ္တုရည်ညှစ်ပြီး တစ်နေ့လျှင် မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ကျ အကြမ်းပန်းကန်လုံးတစ်ခွက်စာကို တစ်ခါသောက်ဖြင့် သောက်ရန်ပြုပါသည်။

စိတ်ရှည်သည်းခံပြီး အချိန်မှန်သောက်သုံးခြင်းဖြင့် ရောဂါအမြစ်ပြတ်မည်ဖြစ်ပါသည်။ အနှစ် (၂၀) ကျော် ဝေဒနာကိုဖက်ထားခဲ့ရသော ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်တွေ့ဆေးနည်းနှင့် စားသောက်ရပုံကို ပြောပြသည့်အတိုင်း ရေးသားတင်ပြလိုက်ပါသည်။

လိပ်ခေါင်းရောဂါသည်များ အလွန်တကယ် မြန်မာဆေးမြီးတိုကို မက်မော မောမော်ဖြစ်၍ စားသုံးနိုင်ကြစေရန် ရေးသား တင်ပြလိုက်ရပါတော့သည်။

ရောဂါကင်းကွာ၍ ကျန်းမာကြပါစေ

ပညာကူး

www.burmeseclassic.com

www.burmeseclassic.com

နာလန်မထူရင် မှန်လှုပါ

မင်းကွန်းက

ယခုရက်ပိုင်း၌ ကျွန်ုပ်သည် အဘဘိုးတော်ဝိဇ္ဇာထိပ်ခေါင်အောင်မင်းခေါင်ကြီးအား နေ့စဉ်နှင့်အမျှ အချိန်တိုင်းလိုလို သတိရလျက်ရှိနေ၏။ နံနက်မိုးလင်းမှ ညမိုးချုပ် အိပ်ရာဝင်ချိန်အထိ အဘအောင်မင်းခေါင်ကြီး၏ရုပ်ပုံလွှာကို မျက်စိထဲထင်းထင်းကြီးတွေ့မြင်နေရ၏။ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရရှိ ရွှေဂူကြီးဘုရားအနီးမှ အဘအောင်မင်းခေါင်ကြီး၏ မတ်တတ်ရပ်ပုံတော်ကြီးကို မျက်စိထဲကမထွက်ဘဲရှိနေ၏။

သြော် - ယခုဆိုလျှင် အဘအောင်မင်းခေါင်ရုပ်ကိုမသုံးဘဲ နာမ်ကို သုံးပြီး သာသနာပြုခဲ့သည်မှာ (၆၃) နှစ်၊ (၆၃) ကြိမ်တောင်ရှိပါပကော။ အဘအောင်မင်းခေါင်ကြီးသည် ၁၃၁၄ ခုနှစ်၊ သက်တော် (၇၂) နှစ်တွင် ခန္ဓာဝန်ချခဲ့၏။ ထိုနှစ်မှာပင် ကျွန်ုပ်သည် မိခင်ဝမ်းကြာတိုက်မှတစ်ဆင့် လူ့လောကတွင်းသို့ ဝင်ရောက်ခဲ့ရာ ကျွန်ုပ်၏အသက်သည် လည်း (၆၃)နှစ်ထဲသို့ဝင်ခဲ့ပြီး ဖြစ်သည်။

သို့ဖြင့် ကျွန်ုပ်သည် ကျွန်ုပ်အာရုံကျက်စားရာ မန္တလေးတိုင်းဒေသကြီး အမရပူရ ရွှေဂူကြီးဘုရားအနီးရှိ မေတ္တာရှင်ဓာတ်ခန်းမှ အဘအောင်မင်းခေါင်ကြီးရုပ်တုတော်ရှိရာသို့ ပုတီးတစ်ကုံး၊ တောင်ဝှေးတစ်ချောင်း၊ လွယ်အိတ်တစ်လုံး၊ ကြေးစည်တစ်လက်ဖြင့် ရောက်ရှိလာခဲ့တော့၏။ အဘအောင်မင်းခေါင်ကြီး၏ရုပ်တုတော်မှာ ဥာဏ်တော်အားဖြင့် (၂၇) ပေမြင့်၍ တင့်တယ်ထည်ဝါခဲ့ညားလှစွာ၏။

ကျွန်ုပ်သည် အဘအောင်မင်းခေါင်ကြီး၏ ဓာတ်ခန်း၌ ဘုရားရှိခိုးတန်တော့ခြင်း၊ သီလခံယူဆောက်တည်ခြင်း၊ မေတ္တာသုတ်ပရိတ်တော်နှင့် ပဌာန်းဒေသနာတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြု၏။ ထို့နောက် အနန္တစကြဝဠာရှိ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအားလုံးတို့အား မေတ္တာပို့သ၍ အမျှအတန်းပေးဝေလိုက်၏။ ပြီးလျှင် ကြေးစည်ကိုထုကာ ဆက်လက်၍ အဘအောင်မင်းခေါင်ကြီး၏ အောင်မြေနှင်းဂါထာကို သုံးကြိမ်ရွတ်ဆိုဖာသိမ်းလိုက်၏။

ရသေ့လေးဒီဗွသည် လွန်ခဲ့သော နှစ် (၃၀) လောက်က အောင်ပင်လယ်စောမွန်လှုံတဘက်ဘုရားတွင် ကျွန်ုပ်နှင့်အတူ အဓိဌာန်ဝင်ခဲ့ဖူးရာ မိတ်ဟောင်းဆွေဟောင်းတွေဖြစ်ကြသည်။ ဆုံတွေ့ခွင့်ရသဖြင့် ကျွန်ုပ်မှာဝမ်းသာမဆုံးတော့ပေ။

"ဟယ်လို - ဘယ်နယ် ရသေ့လေး မတွေ့ရတာကြာပြီနော်"

"သိပ်မကြာသေးပါဘူး ဆရာရယ်၊ နှစ်အစိတ်သုံးဆယ်လောက်ပဲရှိသေးတာ

အဘအောင်မင်းခေါင် 'ထက်မ ထောင်ထို မပြီဟော်'

မြတ်တက်တော်တော်တွင်း ထုပ်အားမနဲဖြင့် ကုထိုင်ယူကြသည်

www.burmeseclassic.com

www.burmeseclassic.com

နဂါးကိုးကောင်ဆရောတော်၏ ရာသက်ပန် ပစ္စည်းလေးပါးဒါယကာ ဒါယိကာမများ

ပါ”

ယခုအခါ ရသေ့လေးမဟုတ်တော့ပါ။ အသက်အားဖြင့် ငါးဆယ်နားနီးနေပြီဖြစ်၏။ သို့တိုင် သူ၏ရုပ်ရည်မှာ ထူးထူးခြားခြား ပြောင်းလဲမှုမရှိဘဲ နုပျိုလျက်ရှိနေ၏။ ရသေ့လေးဟု ကျွန်ုပ်က ချစ်စနိုးခေါ် သော်လည်း သူသည် ရသေ့ဝတ်မဟုတ်ပါ။ဒေါက်ခြာလည်းမဆောင်းပါ။ ယောဂီပုဆိုးနှင့်အင်္ကျီအဖြူဝတ်ထား၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ကျဲဝဲယဉ်လည်းမရှိပါ။ သူ့မှာ ထူးခြားတာဆိုလို့ သျှောင်ထုံးထား၍ ရှမ်းလွယ်အိတ်လွယ်ကာ လည်ပင်းမှာ ပုတီးတစ်ကုံးဆွဲထားတာပဲရှိပါသည်။

ဆိုစမ်းပါဦး ရသေ့လေး၊ အခုဘာတွေလုပ်ပြီး ဘယ်မှာသီတင်းသုံးနေလဲ”

ဟု ကျွန်ုပ်ကမေးရာ -

“အလုပ်လုပ်နေတာကတော့ ဂန္ဓာရီခရီးပဲ ဆရာကြီးရဲ့။ လောလောဆယ် နေတာကတော့ ပြင်ဦးလွင်က နတ်ကျွန်းတောရမှာပါ။ အခု အဘအောင်မင်းခေါင်ထွက်ပွဲကိုကြိုချင်လို့ ဒီမှာလာပြီး အဘကိုကန်တော့တာ”

“တိုက်ဆိုင်လိုက်တာ ရသေ့လေးရယ်။ ကျုပ်လည်း အဘသတိရပြီး ဒီရုပ်တုတော်ကြီးကို မျက်စိထဲမြင်မြင်နေတာနဲ့ ခုလိုမဖြစ်မနေရောက်လာရတာပဲ”

ဟု ပြန်၍ပြောလိုက်သည်။

သို့ဖြင့် ကျွန်ုပ်နှင့် ရသေ့လေး ဒီဗွတို့နှစ်ဦးသား ရေးပောင်းရောင်းဖြစ်များ အပြန်အလှန်မေးမြန်းပြောဆိုလျက်ရှိရာ အသက်ငါးဆယ်ဝန်းကျင် လင်မယားစုံတွဲတစ်တွဲနှင့် သမီးဟု ယူဆရသော ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦးတို့ ရင်ပြင်တော်တွင်း သို့ ဝင်ရောက်လာကြ၏။ သူတို့မိသားစုသည် အဘအောင်မင်းခေါင်ကြီးရုပ်တုတော်ရှေ့၌ ရှိခိုးဝတ်ပြုဆုတောင်းခြင်း၊ အလှူငွေများထည့်ဝင်ခြင်းတို့ပြုလုပ်ကာ အမှတ်တရဓာတ်ပုံများကိုရိုက်လျက်ရှိကြ၏။ သူတို့ကိစ္စပြီး၍ ပြန်မည်ပြုသော အခါ အမျိုးသမီးဖြစ်သူ ခပ်ဝမ်းနည်းကြီးက ကျွန်ုပ်နှင့် ရသေ့လေးဒီဗွအား ကြည့်ကွက်ကြည့်ကွက်ပြုကာ သူ့အမျိုးသားအားလည်း တွတ်ပွတွတ်ပွပြောလျက်ရှိ၏။ ထို့သို့ပြုလုပ်ရာမှ ကျွန်ုပ်တို့နှစ်ယောက်ရှေ့သို့ မရဲတရဲလှမ်းလာကာ ရှေ့တွင် ဒူးထောက်လိုက်၏။ ပြီးမှ-

“အဘတို့ကဒီကလားမသိဘူးနော်။ သမီးတို့က အခက်အခဲလေးတစ်ခုရှိနေလို့ အဲဒါ အဘတို့ကူညီနိုင်မလားလို့ပါ”

ဟု မရဲတရဲပြောလာလေ၏။

သည်တွင် ရသေ့လေးဒီဗွက -

“ကျုပ်တို့က ဒီကမဟုတ်ပါဘူး အစ်မကြီးရဲ့။ ကျုပ်က ဂန္ဓာရီလည်နေတာပါ။ ဝိဇ္ဇာမှာ လိပ်စာမရှိဘူးဗျ။ ဟောဒီက ဆရာကြီးကတော့ ဂန္ဓိရစာရေးဆရာကြီးပါ။ အစ်မကြီးပြောစရာရှိရင်ပြောပါ။ ကျုပ်တို့ကူညီနိုင်ရင် ကူညီမှာပေါ့။ မကူညီနိုင်ရင်လည်း ကူညီနိုင်မယ့်ပုဂ္ဂိုလ်ဆီ လမ်းညွှန်မှာပေါ့ ဟုတ်ဖူးလား ဆရာ”

ဟု ဧည့်သည်အမျိုးသမီးအား ပြောရင်း ကျွန်ုပ်ဘက်ကိုပါလှည့်ကာ အဖော်ညှိလိုက်၏။ ကျွန်ုပ်လည်း အလိုက်သင့်ပင် ခေါင်းညိတ်လိုက်ရာ အမျိုးသမီးမျက်နှာမှာ သိကြားမင်းနှင့်တွေ့လိုက်ရသကဲ့သို့ ဝမ်းသာသွားတော့၏။

ဤတွင် သူခင်ပွန်းနှင့်သမီးဖြစ်သူကလည်း အပါးတွင်ဝင်၍ ထိုင်လိုက်ကြ၏။

“ဒီလိုပါ ဆရာကြီးတို့ရယ်။ ကျွန်မအမျိုးသားက ကျောက်မျက်ရတနာလုပ်ငန်းရှင်ပါ။ ခုတစ်လော အရောင်းအဝယ်မကောင်းရတဲ့အထဲ မိုးကောင်းလို့ လုပ်ငန်းကလည်း ရပ်ထားရသေးတယ်။ ရောင်းပြီးသားပစ္စည်းကလည်း ငွေအတော်မချေရသေးဘူး။ အကြွေးတွေကလည်း တောင်းမရ ကိုယ်ကပေးရမယ့်အကြွေးတွေကလည်းမပေးနိုင်၊ ကျွန်မကလည်း တစ်ဖက်တစ်လမ်းကနေ အပိုဝင်ငွေလေးရအောင်ဆိုပြီး မြေပွဲစားလေးလုပ်တယ်။ အဲဒါလည်း ဟိုတစ်လောက ငွေကွက်တစ်ကွက်ဝယ်ထားတာ တက်နေမိပြီး အခုအရင်းအတိုင်းတောင်ပြန်ရောင်းမထွက်လို့ စိတ်ညစ်နေရတယ်။ ဒီကြားထဲ ဟောဒီသမီးက တစ်နှစ်တစ်နှစ်ကို ကျူရှင်လခသိန်းငါးဆယ်လောက် အကုန်ခံပြီးကျောင်းထားပေးတာတောင် တဟုန်းဟုန်းကျနေလို့ ကျွန်မဖြင့် သေတော်သေလိုက်ချင်ပါတယ် ဆရာကြီးတို့ရယ်”

ဟု မငိုရုံတစ်မည် ညည်းညူလေရာ ဆရာဒီဗွက -

“ခင်ဗျားရဲ့ အဲသလောက်များ ပြဿနာတွေဖြေရှင်းပေးဖို့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com

လည်း မတတ်နိုင်ဘူး။ သိကြားမင်းမှပဲ တတ်နိုင်လိမ့်မယ်။ ခင်ဗျားတို့ကလည်း ခလုတ်ထိမှအမိတချင်ကြတာကိုး။ ကဲ - ဆရာကြီး၊ ကျုပ်သွားမယ်၊ ကျုပ်လည်း အဓိဋ္ဌာန်ဝင်ရဦးမယ်"

ဟုဆိုကာ ကျွန်ုပ်အား နှုတ်ဆက်၍ ကိုယ်လွတ်ရုန်းသွားလေတော့၏။ ထိုသို့မသွားခင် ကျွန်ုပ်အား ဖုန်းနံပါတ်နှင့် လိပ်စာကတ်ပေးသွားသဖြင့် ကျွန်ုပ်ကလည်း ကျွန်ုပ်၏လိပ်စာမပါသော ဖုန်းနံပါတ်ကတ်လေးကိုထုတ်ပေးလိုက်၏။

"တကတဲ့တော်၊ ရသေ့လိုလို သူတော်စင်လိုလိုနဲ့ပို့ အားကိုးမိပါတယ်။ ခုတော့ ကိုယ်လွတ်ရုန်းသွားပြီ လုပ်ပါဦး ဆရာကြီးရယ်၊ ကျွန်မတို့ကိုပစ်မသွားပါနဲ့နော်"

ဟု တောင်းပန်လေရာ ကျွန်ုပ်မှာ တစ်သက်နှင့်တစ်ကိုယ် စိတ်မအိုက်စဖူး အိုက်သွားလေတော့၏။

သည်အချိန်တွင်မှ ဖုန်းဝင်လာသဖြင့်ကြည့်လိုက်ရာ ရသေ့လေးဒီဗွာဖုန်းဖြစ်နေသဖြင့် ကိုင်လိုက်၏။

ရသေ့လေးဒီဗွာက -

"ဆရာကြီးရေ မှန်မှန်ကန်ကန်ကူညီလိုက်ပါနော်။ မကြာခင် အောင်ပင်လယ်မှာ ပြန်ဆုံကြတာပေါ့"

ဟု ဆို၍ ဖုန်းချသွားလေ၏။

သည်တော့မှ ကျွန်ုပ်လည်း အောင်ပင်လယ်သို့ စိတ်ရောက်သွားကာ စာမွန်လှမြတ်ဘက်စေတီလေးကို ပြေးမြင်မိပြီး ဆည်းလည်းသံလေးများကိုပါ ကြားယောင်နေမိ၏။

ထို့နောက် နဂါးကိုးကောင်ဆရာတော်ကိုပါမြင်ယောင်မိကာ စိတ်ကူးဖြင့် ပင်လုမ်း၍ ဖူးမြင်ကာ သံယသဏ်ဂန္ဓာမိလိုက်၏။ သည်တော့မှ နဂါးကိုးကောင်ဆရာတော်၏ကျောင်းတွင်ထားရှိသော ဆုတောင်းစာနှင့်မှန်များကို သတိရကာ ခွတ်တရက် ဉာဏ်အလင်းပွင့်သွားလေတော့သည်။

သို့ဖြစ်၍ ကျွန်ုပ်သည် ဒုက္ခအခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရသော အမျိုးသမီးကြီးတို့မိသားစုအား လွှန်ခဲ့သောနှစ်အစိတ်သုံးဆယ်လောက် နဂါးကိုးကောင်ဆရာတော် အသုံးပြု၍ အောင်မြင်ခဲ့သော 'နာလန်မထူ မှန်လှူ' ဂဗ္ဘိရအစီအစဉ်လေးကို သတိရလိုက်ပါသည်။ ကျွန်ုပ်သည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ဝင်းလယ် စာမွန်လှမြတ်ဘက်တုရား ပေါ်တော်မူဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံး နေထိုင်တော်မူရာသို့ မကြာခဏရောက်ရှိခဲ့ရာ အခက်အခဲအပေါင်းလည်း အမျိုးမျိုးဖြင့် ရင်ဆိုင်ကြရသော တပည့်ဒကာ၊ဒကာမအပေါင်းအား နဂါးကိုးကောင်ဆရာတော်စီမံပေးခဲ့ခြင်းဖြစ်သည်။

မှတ်ချက် - ထိုအချိန်တွင် နဂါးကိုးကောင်ဆရာတော်ဟူ၍ မထင်ရှားသေးပါ။ အောင်ပင်လယ်ဆရာတော်၊ ပေါ်တော်မူဆရာတော်၊ မြတဘက်ဆရာတော် ဟူ၍ သိရှိကြ၍ နဂါးကိုးကောင်ဘုရား၊ နဂါးကိုးကောင်သိမ်ကျောင်းလည်း မပေါ်ပေါက်သေးပါ။

ဤနာလန်မထူ မှန်အလှူ ဂဗ္ဘိရအစီအမံကြောင့် "အခက်အခဲပြဿနာပြေလည်ကြသော ပုဂ္ဂိုလ်အမြောက်အမြားရှိပါသည်။ ကျွန်ုပ်သိသမျှထဲမှ မန္တလေး၊ (၃၆) လမ်း၊ ကံကောက်ကွမ်းနှင့် ကွမ်းပစ္စည်းရောင်းဝယ်ရေးမှ ဦးသန်းရွှေ - ဒေါ်မာလာဝင်းတို့ ရောင်းရခက်ခဲနေသောမြေကိစ္စနှင့်အတူ လူကြိုက်နည်း၍ ရောင်းရန်ခက်ခဲသောမြေနေရာများ ရောင်းစွဲသွားခြင်း၊ ဝယ်လိုသောနေရာမှတဆောစေးဖြင့် ဝယ်ယူရရှိနိုင်ခြင်း၊ နယ်ပြောင်းလိုခြင်း၊ မပြောင်းလိုခြင်းမှ မှန်ကန်သော ကိစ္စမှန်သမျှကို နဂါးကိုးကောင်ဆရာတော်မှ ခီးမြှင့်ဆောင်ရွက်ပေး၍ အောင်မြင်ခဲ့ပေသည်။

❑ နာလန်မထူ မှန်လှူ

အစီအစဉ်မှာ လွယ်ကူပါသည်။ စီရင်သူ၏ သီလ၊ သမာဓိ၊ ပညာအပေါ် မူတည်၍ အနှေးနှင့်အမြန် အောင်မြင်မည်ဖြစ်ပါသည်။

❑ လိုအပ်သောပစ္စည်း

၁။ သင့်တင့်မျှတသော အရွယ်တော်မှန်တစ်ချပ်
(၁ ပေ၊ ၂ ပေဆိုလျှင် သင့်ပါသည်။)

၂။ ဆော့(လ်)ပင်အစိမ်းရောင်တစ်ချောင်း ဖြစ်ပါသည်။
မှန်ပေါ်တွင် မိမိလိုလားတောင့်တအပ်သော မိမိဖြစ်ချင်တာကိုရေးပါ။

ဥပမာ -

------ နေ့ သီးး/သမီး------
သည်---------မြို့---------ရပ်ကွက်၊
---------ရှိ မြေကွက်၊ ဧရိယာ---------ဖြင့် အမြန် ရောင်းတည့်ပါစေ။
(သို့မဟုတ်)
မောင်/မ-----၊ ခုံအမှတ်-----၊
၂၀၁၅/၁၆ အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်ပါစေ။
(သို့မဟုတ်)
အမှုအခင်းပြီးပါစေ၊ အိုင်ရပါစေ၊ ပြေငြိမ်းပါစေ၊ လုပ်ငန်းအောင်မြင်ပါစေ၊ ရာထူးတိုးပါစေ၊ လက်ရှိနေရာမြဲပါစေ စသည်ဖြင့် ဆောင်ရွက်လိုသူ၏ အမည်၊ နေ့သား ရေးသား၍ ကိုယ်လိုတဲ့မှန်သမျှကို မှန်ပေါ်တွင် အစိမ်းရောင်ဆော့ပင်ဖြင့်ရေးပါ။ မိမိအိမ်ရာဘုရား၌ဖြစ်စေ၊ တန်ခိုးကြီးဘုရားတစ်ဆူဆူ၌ဖြစ်စေ၊ အုန်းကြီးကျောင်းဖြစ်စေ လှူ၍ နေ့စဉ် ဘုရားရှိခိုးဝတ်ပြု၊ သီလခံယူဆောက်တည်ပြီး မှန်ထဲကစာများ ရွတ်ဆိုဆုတောင်းပါ။

ကျွန်ုပ်တွေ့ဖူးသောပုဂ္ဂိုလ်များကတော့ နဂါးကိုးကောင်ဆရာတော်ထံ မှန်များယူလာပြီး နဂါးကိုးကောင်ဆရာတော် နှုတ်တိုက်ချပေးသည့်အတိုင်း လိုက်ရေးကာ ကျောင်းမှာလှူထားခဲ့ကြသည်။ ဆရာတော်က အဆိုပါမှန်များရှေ့တွင် နေ့စဉ် ဘုရားဝတ်ပြုဆုတောင်း၊ မေတ္တာပို့၊ အဓိဋ္ဌာန်ဝင်ပေးခြင်းဖြင့် ခုနစ်ရက်သားသမီးများ လိုအင်ဆန္ဒတွေမှန်သမျှ ပြည့်ဝကြသည်ကို ကိုယ်တွေ့ဖြစ်၍ လက်ဆင့်ကမ်း မျှဝေလိုက်ရပေသည်။

ပဉ္စဂုဏ် အဟံ ဝန္ဒာမိ သဗ္ဗဒါ

ဝင်းလွန်းတာ

(ခေတ္တ/စစ်ကိုင်းတောင်တန်း)

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လွှင်
တံဆိပ်ခေါင်းဝါသနာဟူသည်

တံဆိပ်ခေါင်းဝါသနာ ဟူသည်မှာ တံဆိပ်ခေါင်းများကို စုဆောင်း၍ အယ်လ်ဘမ်စာအုပ်များတွင်ကပ်ကြရပြီး ထိုတံဆိပ်ခေါင်းများကို ပြန်လည်ရောင်းချပါက ငွေကြေးအမြတ်အစွန်းရရှိကြသည့် ဝါသနာဟု အကြမ်းအားဖြင့် သိရှိထားကြပါမည်။ အချို့က ကျောင်းသားလူငယ်လေးများ ပြုလုပ်ကြသော ဝါသနာဟု သိရှိကြပြီး အချို့ကမူ သန်းကြွယ်သူဌေးကြီးများ၏ဝါသနာဟု အထင်ရှိကြသည်။ စင်စစ် ဤဝါသနာမှာ မည်သူမဆို စိတ်ဝင်စားပါက ပျော်ရွှင်ကြည်နူးစွာ လုပ်ဆောင်နိုင်ပြီး ငွေကြေးအမြတ်အစွန်းရရှိလာနိုင်သည့် ဝါသနာဖြစ်သည်။

□ တံဆိပ်ခေါင်း

တံဆိပ်ခေါင်းစုဆောင်းသူများမှာ အဓိကအားဖြင့် စာပို့တံဆိပ်ခေါင်းများ (postage stamps) ကို စုဆောင်းကြသည်။ သို့ရာတွင် အခြားတံဆိပ်ခေါင်းအမျိုးအမည်များလည်း စုဆောင်းကြသေးသည်။ ဝါသနာရှင်တို့စုဆောင်းကြသည့် မြန်မာနိုင်ငံမှထုတ်ဝေသောအခြားတံဆိပ်ခေါင်းများမှာ ကြေးနန်းတံဆိပ်ခေါင်းများ (telegraph stamps)၊ ငွေစုတံဆိပ်ခေါင်းများ (saving stamps)၊ အခွန်တံဆိပ်ခေါင်းများ(revenue stamps) နှင့် အဆုတ်ရောဂါကာကွယ်ရေးတံဆိပ်ခေါင်းများ (Tuberculosis seals) တို့ ဖြစ်ကြသည်။ ဝါသနာရှင်တို့က နိုင်ငံရပ်ခြားမှ တံဆိပ်ခေါင်းများကိုလည်း စုဆောင်းကြရာ ထိုတံဆိပ်ခေါင်းများမှာ အများအားဖြင့် ဒီဇိုင်းလက်ရာ၊ အရောင်အသွေး၊ ပုံနှိပ်စနစ်တို့ ပိုမိုကောင်းမွန်ကြသည်။ ယခုအခါ ဝါသနာရှင်များအကြိုက် အရွယ်အစားကြီးပြီး လုပ်သောဒီဇိုင်းများဖော်ထားသည့် တံဆိပ်ခေါင်းအချပ်သေး(Miniature Sheets)များ ထုတ်ဝေလာကြသည်။ ယခင်ကကဲ့သို့ တံဆိပ်ခေါင်းတစ်ချပ် (a stamp sheet) လျှင် တံဆိပ်ခေါင်းအလုံး (၅၀-၁၀၀) မပါဝင်ဘဲ (၈-၁၀) လုံးခန့်သာ ပါဝင်သည့် တံဆိပ်ခေါင်းအချပ်ငယ် (stamp sheetlet) များလည်း ထုတ်ဝေလာကြရာ ဝါသနာရှင်တို့အတွက် အယ်လ်ဘမ်ထဲတွင် အလောတော် ထည့်သွင်းစုဆောင်းနိုင်

ကြသည်။ နိုင်ငံတကာတွင် စာပို့တံဆိပ်ခေါင်း (postage stamp) ဟူသည်မှာ စာပို့ခန်အတွက်သာရည်ရွယ်၍ ထုတ်ဝေခြင်းမျိုးမဟုတ်တော့ဘဲ တံဆိပ်ခေါင်းဝါသနာရှင်တို့အတွက် ရည်စူးပြီး လှပသောဒီဇိုင်းများပုံဖော်၍ ထုတ်ဝေသောပစ္စည်းများဖြစ်လာခဲ့သည်။ မသုံးရသေးသော (mint) တံဆိပ်ခေါင်းနှင့် သုံးပြီး (used) တံဆိပ်ခေါင်းတို့တွင် မည်သည်က စျေးကွက်တန်ဖိုးပိုရှိသနည်းဆိုသော် အများအားဖြင့်ဆိုပါက မသုံးရသေးသောတံဆိပ်ခေါင်းသည်သာ တန်ဖိုးပိုရှိပါသည်။

□ တံဆိပ်ခေါင်းဝါသနာ

တံဆိပ်ခေါင်းဝါသနာ (stamp collecting) မှာ တံဆိပ်ခေါင်းစတင်တီထွင်သည့် ၁၈၄၀ ပြည့်နှစ်ကပင် ပေါ်ပေါက်ခဲ့သည်ဟု ယူဆကြသည်။ တံဆိပ်ခေါင်းစုဆောင်းသည့်ဝါသနာမှာ လူကြိုက်အများဆုံး၊ ရေပန်းအစားဆုံးနှင့် အကြီးကျယ်ဆုံး ဝါသနာတစ်ရပ် ဖြစ်သည်။ ထို့ကြောင့်ပင် တံဆိပ်ခေါင်းဝါသနာကို 'ဝါသနာတကာတို့၏ဘုရင်' (King of Hobbies) ဟု ခေါ်ကြသည်။ အချို့ဝါသနာရှင်တို့က ဤဝါသနာကို ပညာရပ်အနေဖြင့် စူးစူးစိုက်စိုက် ကျကျနန လေ့လာ လိုက်စားကြပြီး တံဆိပ်ခေါင်းပညာရပ် (Philately) ဟူ၍ သတ်မှတ်ကြသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် တံဆိပ်ခေါင်းဝါသနာရပ်မှာ ဆက်စပ်အဖွဲ့အစည်းများစွာဖြင့် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသည်။

အဘယ်ကြောင့် လူသားများက တံဆိပ်ခေါင်းများကို ဝါသနာအဖြစ် စုဆောင်းလိုကြပါသနည်း ဟူသည်ကို ဆန်းစစ်ကြည့်ရာ တံဆိပ်ခေါင်းများမှာ အရောင်အသွေးစုံဖြင့် ဆွဲဆောင်နိုင်ကြခြင်း၊ တံဆိပ်ခေါင်းများပေါ်မှ ဗဟုသုတရရှိလိုခြင်း၊ တံဆိပ်ခေါင်းများဖြင့် ငွေကြေးရင်းနှီးမြှုပ်နှံလိုခြင်း၊ သမိုင်းဝင်ပစ္စည်းများအဖြစ် ထိန်းသိမ်းလိုခြင်း၊ ရှားပါးပစ္စည်းများအနေဖြင့်ရယူလိုခြင်း စသည့်အချက်များကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံ၌ တံဆိပ်ခေါင်းဝါသနာ ဟူသည်ကို ယခုအခါ၌ လူအများစုက အသေအချာမသိကြတော့ချေ။

□ တံဆိပ်ခေါင်းနှင့်ဆက်စပ်ပစ္စည်းများ

တံဆိပ်ခေါင်းဝါသနာရှင်များမှာ တံဆိပ်ခေါင်းများသာမဟုတ်၊ တံဆိပ်ခေါင်းနှင့်ဆက်စပ်သော အခြားပစ္စည်းများကိုလည်း စုဆောင်းလေ့ရှိကြသည်။ ထိုပစ္စည်းများမှာ စာတိုက်မှ ထုတ်ဝေသော စာပို့လွှာများ (letter sheets)၊ လေကြောင်းစာပို့လွှာများ (aerogrammes)၊ ပို့စကတ်များ (postcards)၊ စာအိတ်များ (covers) ဖြစ်သည်။ ထိုပစ္စည်းများမှာလည်း တံဆိပ်ခေါင်းများကဲ့သို့ စျေးကွက်တွင် တရိပ်ရိပ်ရောင်းကန်နေသည့်ပစ္စည်းများ ဖြစ်သည်။ စုဆောင်းရန်နည်းလမ်းမှာ စာတိုက်မှ ထုတ်ဝေသည့် ပကတိမသုံးရသေးသော အခြေအနေအတိုင်း ဝယ်ယူစုဆောင်းရန် ဖြစ်သည်။ ထိုကဲ့သို့သော စာတိုက်မှ ထုတ်ဝေသည့်ပစ္စည်းများကို စာပို့စာရေးကိရိယာ (postal stationery) ဟု ခေါ်ဝေါ်သည်။ အခြားသော တံဆိပ်ခေါင်းနှင့်ဆက်စပ်ပစ္စည်းမှာ စင်ဒရဲလားတံဆိပ်ခေါင်းများ (Cinderellas) ဖြစ်သည်။ ပုဂ္ဂလိကအဖွဲ့အစည်းများမှထုတ်ဝေပြီး အစိုးရထုတ်တံဆိပ်ခေါင်းများနှင့်ဆင်တူသည့်အရာများကို ဆိုလိုသည်။

ပုံစံပြရပါက မြန်မာနိုင်ငံအဆုတ်ရောဂါကာကွယ်ရေးတံဆိပ်ခေါင်းများ (Tuberculosis seals) ဖြစ်ပါသည်။ စင်ဒရဲလားဟူသောအမည်ရရှိခဲ့ခြင်းမှာ ပုံပြင်ထဲမှ စင်ဒရဲလားမင်းသမီးလေး နေရာမရ၊ အသိအမှတ်ပြုမခံရသလည်း နှောင်တစ်ခို့နိုင်တွင် မင်းသားလေး

www.burmeseclassic.com

www.burmeseclassic.com

နှင့် လက်ဝဲပလိုက်ရသကဲ့သို့ အစိုးရမှ ထုတ်ဝေခြင်းမဟုတ်သည့် တံဆိပ်ခေါင်းများကို ရှေးယခင်က စုဆောင်းရန်မသင့်တု ယူဆခဲ့ကြပြီး ယခု နောက်ပိုင်းတွင် ထိုတံဆိပ်ခေါင်းများစုဆောင်းခြင်းကို လက်ခံလာကြခြင်းကြောင့် စင်ဒရဲလား တံဆိပ်ခေါင်းများဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

□ စာအိတ်ခွံ၊ စာအိတ်ဟောင်းများ

ယခု ဤစာဖတ်နေသူ မိတ်ဆွေအနေဖြင့် စာတိုက်မှဖေးဝေရောက်ရှိလာသော စာအိတ်ခွံ၊ စာအိတ်ဟောင်းများကို လွှင့်ပစ်ခြင်း၊ မီးရှို့ပစ်ခြင်း စသည်ဖြင့် ဖျက်ဆီးပစ်လေ့ရှိပါသလား။ ဖျက်ဆီးပစ်လေ့ရှိသည်ဆိုပါက 'ငွေကြေးများဆုံးရှုံးနေပြီ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော စာအိတ်ဟောင်းများမှာ ရှင်ကုန်ဈေးကွက် သို့မဟုတ် ကမ္ဘာ့ဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေကြသောကြောင့် ဖြစ်သည်။ မယုံမရှိပါနှင့်။ မြန်မာနိုင်ငံ၌ သုံးစွဲခဲ့သော စာအိတ်ခွံအချို့မှာ တစ်လုံးလျှင် အမေရိကန်ဒေါ်လာ(၁၀၀၀)ကျော်အထိ ဈေးပေါက်နေပါသည်။ ယုံတမ်းစကားမဟုတ်ပေ။ အဘယ်ကြောင့် စာအိတ်ဟောင်းများ (covers) က ဤမျှလောက် ဈေးပေါက်နေရပါသနည်း။ တံဆိပ်ခေါင်းပညာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော စာပို့သမိုင်း' (Postal History) ဝါသနာရှင်များက ဝယ်ယူနေကြသောကြောင့် ဖြစ်သည်။

၂၀ ရာစုခေတ်ဦးပိုင်းမှ စတင်ခဲ့သည့် ဤစာပို့သမိုင်းစုဆောင်းသည် ဝါသနာရှင်မှာ တံဆိပ်ခေါင်းဝါသနာနှင့် အပြိုင် စိတ်ဝင်စားကြပြီး လူကြိုက်များနေခဲ့ဖြစ်လေသည်။ မြန်မာနိုင်ငံ၌ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှစ၍ စာအိတ်ဟောင်းများကို ယခင်ကထက် ပိုမိုစိတ်ဝင်စားသာကြပြီး 'စာအိတ်ဟောင်းဈေးကွက်' ဟူ၍ သတ်သတ်မှတ်မှတ် ပေါ်ပေါက်ခဲ့သည်။ စာအိတ်များပေါ်ရှိ စာပို့အမှတ်အသား (postmark) များကို လေ့လာ၍ စာပို့သမိုင်းဆိုင်ရာ ဇာတ်ကြောင်းဖွဲ့စုဆောင်းရသောဝါသနာ ဖြစ်သည်။ သို့ရာတွင် လက်ရှိ စာပို့စနစ်အတွင်း ဘူးလည်လျက်ရှိသောစာအိတ်များမှာ စာပို့သမိုင်းလေ့လာရန်အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများဖြင့် ကြုံတွေ့နေရသည်။ ၁၉၉၀ပြည့်နှစ်နောက်ပိုင်း၌ စာတိုက်များမှထုနှိပ်သော စာပို့အမှတ်အသားများမှာ နေ့စွဲ၊ မြို့အမည်၊ အချိန်၊ အစေ . . . စသည့်ကိန်းဂဏန်းစာလုံး

များမှာ လုံးဝမပေါ်ထင်တော့သည်သာမက လုံးဝထုနှိပ်ခြင်းမပြုသည်ကိုလည်း တွေ့လာရတတ်သည်။ ဤပေါ့လျော့မှုနှင့် တာဝန်မကျေမှုများကို အရေးယူမပြုပြင်နိုင်ပါက စာပို့သမိုင်းဇာတ်ကြောင်းများကို စာအိတ်ခွံများပေါ်တွင် သက်သေထူနိုင်တော့မည် မဟုတ်ပေ။ မြန်မာနိုင်ငံစာအိတ်ခွံများလည်း ကမ္ဘာ့ဈေးကွက်၌ ဝင်ဆံ့တော့မည်မဟုတ်ချေ။

□ တံဆိပ်ခေါင်းဝါသနာရှင်

'တံဆိပ်ခေါင်းဝါသနာရှင်'ဟူသည့် အသုံးအနှုန်းမှာ ၁၉၇၀ ပြည့်နှစ်ခန့်ကမှ ပေါ်ပေါက်ခဲ့သည်ထင်သည်။ ထို့အရင် ကမူ 'တံဆိပ်ခေါင်းစုဆောင်းသူ'ဟူသာ သုံးစွဲခဲ့ကြသည်။ ဝါသနာရှင် ဟူသည့် စကားလုံးမှာ ပိုမိုလေးနက်သည့်သဘော ဆောင်သည်ဟု ဆိုရမည်။ သို့ရာတွင် ယခုလက်ရှိ တံဆိပ်ခေါင်းစုဆောင်းနေကြသူများအနေဖြင့် မိမိတို့ဝါသနာရပ်အပေါ် မည်မျှလေးနက်စွာသဘောထားလုပ်ဆောင်နေသည်ကို ဆန်းစစ်ကြည့်ရန်လိုပါမည်။ တံဆိပ်ခေါင်းများရရှိပိုင်ဆိုင်လိုခြင်းနှင့် ရရှိလာပါက ဝမ်းမြောက်စွာ သိမ်းဆည်းခြင်းသည်ကိုသာ လုပ်ဆောင်နေခြင်း ဟုတ်၊ မဟုတ် ဟူသည်ကို ပြန်လည် စဉ်းစားသင့်သည်။ အချိန်မရှိသေးလို့ဟူသည့်ဆင်ခြေပေးပါမည်လော။

အထက်အညာမြို့ကြီးတစ်မြို့မှ တံဆိပ်ခေါင်းစုဆောင်းသူတစ်ယောက် ထံ၌ ကြောက်ခြားစွာသော အဆင့်အတန်းခြင့်သည့် တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းသိမ်းစာအုပ် (stamp stock book) များတွင်ထည့်၍ ဝိရိုဓ (၂) လုံးဖြင့် သိမ်းဆည်းထားသည်ကို တွေ့ခဲ့ရသည်။ ဤစာရေးသူက ထိုသူကို 'တံဆိပ်ခေါင်းသိမ်းသူ(stamp keeper)' ဟု အမည်ပေးခဲ့သည်။ သိမ်းဆည်းထားခြင်း (keeping) နှင့် စုဆောင်းခြင်း (collecting) ကို ခြားနားပြသလိုက်ရသည်မှာ ဝါသနာရှင်အပေါ် ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုဖြင့် တိုင်းတာခွဲခြားပြသလိုက်ခြင်း ဖြစ်သည်။ အယူအဆနှင့်ခံယူချက်တစ်ခုမှာ တံဆိပ်ခေါင်းများကို အယ်(လ်)ဘမ်တွင် စီရီခင်းကျင်းကပ်ပြီး သက်ဆိုင်ရာ အချက်အလက်စာတမ်းများ ရေးထိုး၍ စုဆောင်းသောသူကိုသာ 'ဝါသနာရှင်'ဟု သတ်မှတ်သင့်သည် ဟူ၍ ဖြစ်သည်။ မိမိမှာ မည်သည့်အမျိုးအစားတွင် ပါဝင်သည်ကို ကာယကံရှင်ကိုယ်တိုင်သာသိပါလိမ့်မည်။

ဆက်လက်၍ တံဆိပ်ခေါင်းပညာရှင် (philatelist) ဟု သတ်မှတ်ခြင်းကို သုံးသပ်လိုပါသည်။ မြန်မာနိုင်ငံ၏ တံဆိပ်ခေါင်းဝါသနာအဆင့်အတန်းဖြင့် ဆိုရပါမူ အထက်တွင် ဖော်ပြခဲ့သော အယ်(လ်)ဘမ်၌ စီရီကပ်စာတမ်းထိုးသူကို 'တံဆိပ်ခေါင်းပညာရှင်' ဟူ၍လည်း ခေါ်သင့်သည်။ စင်စစ် တံဆိပ်ခေါင်းများပေါ်၌ သုတေသနပြု စူးစမ်းရှာဖွေကြသူမျိုးကိုသာ 'ပညာရှင်' ဟု သတ်မှတ်လေ့ရှိသော်လည်း မြန်မာ့အဆင့်ဖြင့် တန်းစီမှ်၍ သတ်မှတ်လိုခြင်းမှာ လက်ရှိ တံဆိပ်ခေါင်းစုဆောင်းကြသည့် အခြေအနေပေါ်တွင် မူတည်သည့် ဤစာရေးသူ၏ သဘောထားခံယူချက်သာ ဖြစ်သည်။

တံဆိပ်ခေါင်းကတ်တလောက်

ကုန်ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီမှ ထုတ်လုပ်သည့်ပစ္စည်းများကို ဈေးနှုန်းနှင့်တကွ စာရင်းပြုစု၍ ကတ်တလောက်စာအုပ်ထုတ်ဝေလေ့ရှိသည်။ တံဆိပ်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကုမ္ပဏီမှလည်း ရောင်းချလိုသော တံဆိပ်ခေါင်းများ၏ စျေးနှုန်းစာရင်းများ ပါရှိသည့် တံဆိပ်ခေါင်းကတ်တလောက်များထုတ်ဝေလေ့ရှိရာ ကမ္ဘာပေါ်တွင် အခြားပစ္စည်းကတ်တလောက်များထက် တံဆိပ်ခေါင်းကတ်တလောက်များ (stamp catalogues) က အမျိုးအမည်နှင့် အရေအတွက် အများဆုံး ထုတ်ဝေထားသည်ကို တွေ့ရှိရပါသည်။ ဝါသနာရှင် တစ်ယောက်အနေဖြင့် တံဆိပ်ခေါင်းကတ်တလောက်မှာ ရောင်းရေးဝယ်တာ စျေးနှုန်းသိရန်အတွက်သာ မဟုတ်ဘဲ တံဆိပ်ခေါင်းများနှင့် သက်ဆိုင်သော နိုင်ငံ၊ ထုတ်ဝေသည့်ရက်စွဲ၊ အရောင်၊ ပုံနှိပ်စနစ် . . . စသည့် အချက်အလက်များစွာကို သိရှိနိုင်သဖြင့် ဝါသနာရှင်တစ်ဦးအနေဖြင့် မိမိစုဆောင်းသည့် သက်တမ်းတစ်လျှောက် တံဆိပ်ခေါင်းကတ်တလောက်ကို ကိုင်စွဲထားကြရလေ့ရှိသည်။ ကတ်တလောက်၏အသုံးကျပုံမှာ တံဆိပ်ခေါင်းတစ်မျိုးကို ညွှန်းဆိုရာရာတွင် ထိုတံဆိပ်ခေါင်း၏ ကတ်တလောက်နံပါတ်ကိုသုံး၍ ညွှန်းဆိုနိုင်ခြင်း ဖြစ်သည်။

တံဆိပ်ခေါင်းထုတ်လုပ်ခြင်း

စာပို့တံဆိပ်ခေါင်းများထုတ်လုပ်ခြင်းကို ရှေးယခင်ကပင် မြန်မာနိုင်ငံ၌ အစိုးရက တာဝန်ယူ ပုံနှိပ်ဖြန့်ချိခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ အိမ်နီးချင်းနိုင်ငံများနှင့်နိုင်းယှဉ်သော် မြန်မာတံဆိပ်ခေါင်းများ၏ ဒီဇိုင်းပုံ၊ အရည်အသွေး၊ ပုံနှိပ်စနစ်တို့မှာ အဆင့်အတန်းနိမ့်ပါးခဲ့သည်။ ၁၉၇၃ ခုနှစ်နောက်ပိုင်းမှစ၍ တံဆိပ်ခေါင်းများကို ပြည်တွင်းရှိ လုံခြုံရေးပုံနှိပ်လုပ်ငန်းတွင်ပုံနှိပ်ခဲ့ရာ အရည်အသွေး ပိုမိုညံ့ဖျင်းခဲ့သည်။ တန်းမြင့်တံဆိပ်ခေါင်းများကို မြန်မာနိုင်ငံမှ မထုတ်ဝေနိုင်ခဲ့သည်သာမက တစ်နှစ်ပတ်လုံးတွင် တံဆိပ်ခေါင်းတစ်မျိုးမှ ထုတ်ဝေနိုင်ခြင်းမရှိခဲ့သည့်နှစ်များလည်း များစွာရှိခဲ့သည်။ ဤကဲ့သို့ တစ်နှစ်ပတ်လုံး တံဆိပ်ခေါင်းမထုတ်ဝေသည့်နိုင်ငံမှာ ရှားမှရှားပါးလှသည်။ စင်စစ် တံဆိပ်ခေါင်းများရောင်းချခြင်းမှ နိုင်ငံခြား 'ငွေမာ' များ ရရှိနေသည်ကို မည်သည့်နိုင်ငံက ဆုံးရှုံးလက်လွှတ်ခံနိုင်ပါမည်နည်း။ မကြာသေးမီက ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် 'မြန်မာ'မှာ တံဆိပ်ခေါင်းထုတ်ဝေမှုအနည်းဆုံးနိုင်ငံဟု သိရှိရသည်။

တစ်ချိန်က ဝါသနာရှင်ကြီးတစ်ဦးက စင်မြင့်ထက်မှ -

"တံဆိပ်ခေါင်းမထုတ်ဝေလည်း ဘာဖြစ်သလဲ။ ရှိတဲ့တံဆိပ်ခေါင်းပဲစုတာပေါ့"

ဟု မှတ်ချက်ချဖူးသည်။

ဤစကားကိုကြည့်၍ ထိုဝါသနာရှင်ကြီးမှာ ဝါသနာရပ်ကို ထဲထဲဝင်ဝင် လက်တွေ့မလေ့လာဘူးကြောင်းထင်ရှားသည်။ ထုတ်ဝေသည့် တံဆိပ်ခေါင်းများ နည်းလွန်းပါက မည်ကဲ့သို့ တံဆိပ်ခေါင်းကို စဉ်ဆက်မပြတ် စုဆောင်းနိုင်ပါမည်နည်း။ တံဆိပ်ခေါင်းများနည်းပါးနေလျှင် ပြည်ပဝါသနာရှင်များနှင့် အလျဉ်မီအောင် မည်ကဲ့သို့လုပ်ရပါမည်နည်း။ တံဆိပ်ခေါင်းစုဆောင်းခြင်းဟူသည်မှာ 'မြန်မာ' တစ်မျိုးတည်းကိုသာ စုဆောင်းနေရုံဖြင့်ရသည်မဟုတ်။ တံဆိပ်ခေါင်းဗဟုသုတကြွယ်ဝနိုင်ရန် နိုင်ငံတကာ တံဆိပ်ခေါင်းများကိုလည်း စုဆောင်းရမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေ ယခု

အချိန်၌ အရည်အသွေးပြည့်မီသော တံဆိပ်ခေါင်းများ ထုတ်ဝေနိုင်ပါက မြန်မာ့တံဆိပ်ခေါင်းများနှင့်မြန်မာ့တံဆိပ်ခေါင်းဝါသနာ ပြန်လည်ဦးမော့လာနိုင်ပေသေးသည်။

တံဆိပ်ခေါင်းအသင်းဟူသည်

အသင်းအဖွဲ့ဆိုင်ရာကိစ္စနှင့်ပတ်သက်၍ တံဆိပ်ခေါင်းဝါသနာရှင်ထောင့်မှသုံးသပ်ရပါက ဖြစ်သင့်ကျင့်သုံးသင့်သည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တံဆိပ်ခေါင်းကလပ်အသင်းငယ်(stamp clubs) များ ပို့များပေါက်သကဲ့သို့ မြောက်မြားစွာ ဖွဲ့စည်းတည်ထောင်ထားရှိသင့်သည်။ အထူးသဖြင့် စာသင်ကျောင်းများတွင် ဖွဲ့စည်းထားသော ကျောင်းသားလူငယ်တံဆိပ်ခေါင်းကလပ်အသင်းငယ်များမှာ အထွေထွေဗဟုသုတရရှိစေခြင်း၊ သင်ကြားရေးတွင် အထောက်အကူဖြစ်စေခြင်း၊ စိတ်လေလွင့်၍ အမှားဘက်သို့မရောက်ရှိစေခြင်း၊ ငွေကြေးအမြတ်အစွန်းရရှိစေခြင်း . . . စသည်ဖြင့် အကျိုးကျေးဇူးများစွာရရှိစေနိုင်ပေသည်။ ထို့အတူပင် လူကြီး၊ လူလတ်များအတွက် အထူးပြုအသင်းများ (specialized societies) ဖွဲ့စည်းတည်ထောင်ထားသင့်သည်။ ဝါသနာရှင်တို့အတွက် သီမက်တစ်တံဆိပ်ခေါင်းအသင်းများ (thematic societies) စသည်ဖြင့် စိတ်သန်ရာအလိုက် လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ထားခွင့်ရရှိမည် ဖြစ်သည်။ ဆက်လက်၍ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော အမျိုးသားတံဆိပ်ခေါင်းအသင်းကြီး (National Philatelic Society) ဟူ၍ ဖွဲ့စည်းသင့်ပါသည်။ အဆိုပါ အသင်းကြီး၊ ငယ်အားလုံးကို ထိန်းချုပ်သော တံဆိပ်ခေါင်းအဖွဲ့ချုပ် (Federation) လည်းရှိရမည်ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ အသင်းအဖွဲ့များဖွဲ့စည်းတည်ထောင်နိုင်ရန် လက်ရှိအခြေအနေတွင် ဥပဒေစည်းကမ်းများဖြင့် ချုပ်ကိုင်လျက် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ပေးရန် မဝံ့မရဲသောပုံစံရှိနေသောကြောင့် အထက်ဖော်ပြပါ တံဆိပ်ခေါင်းဝါသနာဆိုင်ရာအဖွဲ့အစည်းများ တည်ထောင်ရေးမှာ စိတ်ကူးယဉ်အဆင့်တွင်သာရှိနေပေသည်။

□ ကမ္ဘာ့တံဆိပ်ခေါင်းလောက

နိုင်ငံတကာ၌ 'တံဆိပ်ခေါင်းဝါသနာ'မှာ အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး ဝါသနာတစ်ရပ်ဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဤဝါသနာဆိုင်ရာကိစ္စရပ်များမှာ နိုင်ငံတကာနှင့်၌ ဖြစ်ပေါ် တိုးတက် ပြောင်းလဲလျက်ရှိသည်။ နိုင်ငံတကာနှင့်ဆက်စပ်ပြီး တံဆိပ်ခေါင်းဝါသနာရပ်တိုးတက်ဖွံ့ဖြိုးရေးတို့ စိမ်ခန့်ခွဲနေသည့် ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ် FIP (Federation Internationale de Philatelie) မှာ ဆွစ်ဇာလန်နိုင်ငံတွင် နုံးစိုက်သည်။ လက်ရှိဥက္ကဋ္ဌမှာ စင်ကာပူနိုင်ငံမှဖြစ်ပြီး ထိုဥက္ကဋ္ဌကြီး၏ စိတ်ဝင်စားမှုမှာ မြန်မာ့စာပို့သမိုင်းဖြစ်သည်ကို သိရှိရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ ထိုအဖွဲ့ချုပ်ကြီး၏ လက်အောက်တွင် တံဆိပ်ခေါင်းဆိုင်ရာ အာရှ၊ ဥရောပ၊ အမေရိကစသည့်အဖွဲ့ချုပ်များရှိသည်။ အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ် FIAP (Federation of Inter- Asian Philately) မှာ အာရှနိုင်ငံများ၏တံဆိပ်ခေါင်းအဖွဲ့ချုပ်များစုစည်းထားသော 'အဖွဲ့ချုပ်ကြီး' ဖြစ်သည်။ မြန်မာနိုင်ငံမှာ အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်ဝင်နိုင်ငံမဟုတ်သလို နိုင်ငံအတွင်းလည်း တရားဝင်ဖွဲ့စည်းတည်ထောင်ထားရရှိပြီးသော အသင်းအဖွဲ့မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

လေထိုးလေဆောင် ရင်ခေါင်းနာ ပျောက်ချင်သလား

"ကိုထွန်းမောင်၊ ဘယ်လိုဖြစ်တာ လဲဗျ။ ခင်ဗျားကိုမြင်ရတာ စိတ်မချမ်းသာလိုက်တာ ရှဲ့လို့မဲ့လို့နဲ့"

ဆိုင်ရှင်ကိုသန်းက ဆံပင်ညှပ်ဆိုင် ထဲဝင်လာတဲ့ ကိုထွန်းမောင်ကို အမေး ထားလေးနဲ့ နှုတ်ဆက်လာပါတယ်။

"သူငယ်ချင်းရေ ပြောတောင် မပြောချင်တော့ပါဘူးကွာ။ ငါ့ရင်ခေါင်း မှာ အောင့်အောင့်နေတာ လေး,ငါး, ခြောက်လတောင်ရှိနေပြီ။ သိပ်အခံရ ခက်တယ်။ ဓာတ်မှန်လည်း ရိုက်ပြီးပြီ။ အတ်ထရာဆောင်းလည်းပြီးပြီ။ ဆရာ ခန်က ဘာမှမတွေ့ရဘူးလို့ပြောတယ်။ လေနဲ့ပတ်သက်ပြီးဖြစ်တဲ့ရောဂါလို့ပြော ကြလို့ နိုင်ငံခြားကထုတ်တဲ့ လေဆေး ဆွေး တိုင်းရင်းမြန်မာဆေးတွေ စုံနေပြီ။ သောက်တဲ့အချိန်လေး၊ စားတဲ့အချိန် လေးပဲ သက်သာတယ် ပြန်ဖြစ်တာပဲ"

ကိုထွန်းမောင်ဟာ သူခံစားနေရ တဲ့ရောဂါအကြောင်းကို သူငယ်ချင်းကို ပြောပြလိုက်ပါတယ်။

"သူငယ်ချင်း၊မင်းဖြစ်နေတဲ့ရောဂါ က လေနာရောဂါပဲ။ ရင်ခေါင်းကို လေထိုးတဲ့ရောဂါလို့ ပြောရင်ရတယ်။ ရင်အောင့်လေထိုးနာပေါ့။ ငါလည်း ဒီ ရောဂါဖြစ်ခဲ့ဖူးတယ်၊ အတော်ခံရခက်တဲ့ ရောဂါမျိုးပဲ သူငယ်ချင်း။ မိတ်ဆွေ စစ် သားတစ်ယောက် ငါ့အိမ်မှာလာတည်း တုန်းက ငါဒီရောဂါဖြစ်နေတာ မြင်သွား တယ်။ သူက ဘာပြောသလဲ ဆိုတော့ ဒီရောဂါမျိုးဟာ ကုရတာအလွယ်တဲ့။

ဒီလို ရင်ခေါင်းမှာ လေထိုးလေ အောင့်ဖြစ်လာရင် ရှောက်သီးရင့်ရင့်ကြီး ကြီးသုံးလုံးကို ရေနွေးနဲ့ပြုတ်ပါ။ ရှောက် သီးနှံးလာရင် ဆယ်ယူပြီး ဂွမ်းနဲ့ ခြေ လိုက်ပါ။ စိစိညက်ညက်ကြေအောင်လုပ် ထားပါ။ ပြီးတော့ ဝရောမထန်းလျက် (၂၅)ကျပ်သားကို ညောင်စေးကျအောင် ကျိပါ။ ညောင်စေးကျလာရင် စိစိညက် ညက်ကြေအောင်ခြေထားတဲ့ ရှောက်သီး ကို အဲဒီညောင်စေးကျနေတဲ့ ထန်းလျက် ထဲကို ထည့်ပြီးမွှေပါ။ ဆားအနည်းငယ် ထည့်ပြီး အအေးခံထားလိုက်ပါ။ နေ့စဉ် လက်ဖက်ရည်ဇွန်းနဲ့ မနက် တစ်ဇွန်း၊ နေ့လယ်တစ်ဇွန်း၊ ည (အိပ်ခါနီး) တစ် ဇွန်း စားပေးပါ။ (၁၀) ရက်အတွင်း လေ ထိုးလေအောင့် ရင်ခေါင်းနာ ပျောက် သွားလိမ့်မယ်။ တစ်လစားလိုက်ရင် တစ် သက်လုံးမပေါ်လာတော့ဘူး။ မိတ်ဆွေ စစ်သားရဲ့ ဆေးမြီးတိုကျေးဇူးကြောင့် ငါ့ လေထိုးလေအောင့် ရင်ခေါင်းနာဟာ လုံးဝမပေါ်တော့ဘူး။ အနှစ်(၂၀)ရှိတော့ မယ်"

ကိုသန်းရဲ့စကားကိုကြားလိုက်ရ တဲ့ ကိုထွန်းမောင်ဟာ တော်တော်အား တက်သွားတယ်။ ဝမ်းလည်းသာသွား တယ်။

"ကိုသန်းရေ နက်ဖြန်မှလာပြီး ဆံပင်ညှပ်တော့မယ်။ အခုစေးထဲသွား ပြီး ရှောက်သီးရှာမယ်။ ဝရောမထန်း လျက်ဝယ်မယ်။ ကိုသန်းပြောတဲ့ဆေး ဖော်ပြီး စားတော့မယ်၊ သွားတော့မယ် နော်"

ပြောပြောဆိုဆို ဝမ်းသာစွာနဲ့ ကိုထွန်းမောင်ဟာ ဆံပင်ညှပ်ဆိုင်ထက ထွက်သွားပါတော့တယ်။

ဇန်းမော်ညီသူ

သည်မှာ နိုင်ငံတကာနှင့်ပတ်သက်သော တံဆိပ်ခေါင်းအသင်းများနှင့် အဖွဲ့ချုပ် များအကြောင်းကိုသာ အခြေခံအားဖြင့် ဖော်ပြခြင်းဖြစ်ပြီး ကမ္ဘာတစ်လွှားရှိ တံဆိပ်ခေါင်းဝါသနာဆိုင်ရာပြုပြုပြင်ပွဲ ကြီးများ၊ လေလှိုင်ပွဲကြီးများ၊ ညီလာခံများ၊ တံဆိပ်ခေါင်းအရောင်းကုမ္ပဏီကြီးများ၊ တံဆိပ်ခေါင်းဆိုင်ရာစာအုပ်၊ ဂျာနယ် ထုတ်ဝေခြင်းများ၊ အင်တာနက်ဝက်(ဘ်) ဆိုက် (Websites) များ စသည်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကြီးများ အဖြစ် ရပ်တည်လျက်ရှိနေပေသည်။

သူငယ်နှင့် တံဆိပ်ခေါင်းဝါသနာ

ယနေ့ခေတ် မြန်မာလူငယ်များ မှာ တံဆိပ်ခေါင်းဝါသနာကို လုပ်ကိုင် ဆောင်ရွက်ဖို့မဆိုထားဘိ၊ ဤဝါသနာ ဆိုတဲ့ ကြားဖူးကြသူပင် အလွန်နည်းပါး ကုသည်။ နှေးယဉ်ကဆိုပါလျှင် လူငယ် အားလုံး၏ခြောက်ပုံတစ်ပုံခန့်မှာ တံဆိပ် ခေါင်းစုဆောင်းသူများ ဖြစ်ကြသည်။ ယခုခေတ်လူငယ်များမှာ 'အိုင်တီခေတ် သားများ' ဖြစ်ကြသည့်အလျောက် အင်တာနက်ဂိမ်းများ (Internet games)၊ ဖေ့(စ်)ဘွတ် (Facebook) စသည်များ အားသာ အချိန်ကုန်လျက်ရှိကြသည်။ ယနေ့ခေတ်လူငယ်များကို အကြံပြုလို သည်မှာ တံဆိပ်ခေါင်းဝါသနာရပ်ကို အစမ်းသဘောအနေဖြင့် လုပ်ဆောင် ကြည့်ပါ ဟူ၍ဖြစ်သည်။ စုဆောင်းသက် အနည်းငယ်ရလာပါက တံဆိပ်ခေါင်း များ၏ကြည့်နှုန်းနှစ်သက်စရာများနှင့်အလှ တရားများကိုသိရှိလာမည်ဖြစ်ပြီး တံဆိပ် ခေါင်းဝါသနာကြောင့် မယိမ်းမယိုင်သည့် စိတ်တည်ငြိမ်မှုဖြင့် မိမိဘဝရှေ့ခရီးကို လှမ်းလျှောက်နိုင်မည့်ရလဒ်ကောင်းများ ရရှိလာလိမ့်မည် ဖြစ်သည်။ တံဆိပ် ခေါင်းများမှာ ပကတိပစ္စည်းများဖြစ်ပြီး ဖန်သားပြင်ပေါ် မှပုံရိပ်များ (images) များမဟုတ်သဖြင့် ရင်သပ်ရှုမောစွာဖြင့် လက်တွေ့လုပ်ကိုင်နိုင်သည့် အရှိတရား အဖြစ် တွေ့ရှိရမည်ဖြစ်သည်။ တစ်ဖန် ဂိမ်းကစားခြင်းကဲ့သို့ ဥာဏ်ကြွေးတုန်ခန်း မည့်အလုပ်မဟုတ်သည့်အပြင် တံဆိပ် ခေါင်းများ ပြန်လည် ရောင်းချခြင်းဖြင့် ငွေကြေးအမြတ်အစွန်းရရှိလာမည်အလုပ် ဖြစ်သည်။

စောဒကတက်၍ပြန်လည်မေးမြန်း လိုမည့်မေးခွန်းများမှာ ဤ အီလက်ထရော နစ်ခေတ်ကြီး တွင် အီးမေး(လ်) (e-mail)၊ ဖက်(စ်) (fax) စသည်တို့ဖြင့် စာပို့နေနိုင် ပြီဖြစ်ရာ စာပို့တံဆိပ်ခေါင်း ဟူသည့် အရာမှာ လာလတ္တံ့သောကာလတွင် ဆက်လက် တည်ရှိနေပါဦးမည်လော ဟူ၍ ဖြစ်သည်။ ချောစာဖြင့် စာပို့သည့် လုပ်ငန်း နည်းပါးလာသည်မှာ အမှန်ပင် ဖြစ်သည်။ သို့ရာတွင် စာပို့တံဆိပ်ခေါင်း ထုတ်လုပ်သည့်လုပ်ငန်းမှာ တစ်နှစ်ပြီး တစ်နှစ် ပိုမိုများပြား၍ သာ ထုတ်ဝေလာ ရသည်။ စာပို့တံဆိပ်ခေါင်းဟု အမည် ရှိသော်လည်း စာပို့ရန်အတွက် မဟုတ် တော့ဘဲ ဝါသနာရှင်များအတွက် ရည်ရွယ်ထုတ်လုပ်သော စုဆောင်းကုန် ပစ္စည်းဖြစ်နေလေပြီ။ ကမ္ဘာတစ်လွှား၌ တံဆိပ်ခေါင်းများရောင်းချနိုင်ရေးအတွက် အပြိုင်ကြိုးစားထုတ်လုပ်လျက်ရှိကြရာ ဤပစ္စည်းနှင့် ဤဝါသနာမျောက်တွယ် ဖို့ရန်မှာ မဖြစ်နိုင်လောက်သည့် အခြေအနေသို့ ဆိုက်ရောက်နေပေပြီ။ ထို့ကြောင့် လူငယ်များအနေဖြင့် သံသယကင်းရှင်းစွာဖြင့် တံဆိပ်ခေါင်း စုဆောင်းခြင်းကို အစမ်းသဘောအဖြစ် ယနေ့တွင်ပင် လက်တွေ့ လုပ်ဆောင် ကြည့်ကြရန် တိုက်တွန်း နှိုးဆော်အပ်ပါ သည်။

ကြည်လွင်

www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းငြိမ်း(ရွှေနှင်းဆီ)

ဆေးပက်ဝင်ကန်းတော်ဆီအစွမ်းသတ္တိ
လက်တွေ့အကျိုးအပြုကုသနည်း

ယခုတင်ပြပေးမည့်အဖုအကိုတ် ကုသခြင်းနည်းစနစ်သည် အမှန်တကယ် လက်တွေ့ ပျောက်ကင်းခဲ့ကြသည်တို့ကို များစွာတွေ့ရှိခဲ့ရပြီးဖြစ်ပါသောကြောင့် စာဖတ်သူ ပြည်သူလူထုအပေါင်း လက်တွေ့ အသုံးပြုပြီး အကျိုးရှိစေရန် အတွက် စေတနာအရင်းခံဖြင့် ထပ်မံ၍ အသေးစိတ် တင်ပြလိုက်ပါသည်။

လူ၏ခန္ဓာကိုယ်တွင် မည်သည့် နေရာတွင်မဆို ဖြစ်ပေါ်လာကြသည့် အကျိတ်အဖုများကို ခွဲခြားကြည့်ကြမည် ဆိုလျှင် -

၁။ အဆီကျိတ် (Lipoma)

၂။ ပြန်ရည်ဂလင်းအကျိတ် (Lymphadenitis)

၃။ အသားလုံး အသားအကျိတ် အဖု (Simple Tumour)

၄။ ကင်ဆာအကျိတ်အဖု (Lymphima) (Malignant Tumour)

ဟူ၍ ခွဲခြားနိုင်ပါသည်။

၁။ အဆီကျိတ်အုပ်စုထဲတွင် မြင်းဖုမြင်းကျိတ်ဟုခေါ်ကြသော အဆီများ စုဝေးလာပြီးဖြစ်ပေါ်လာသည့် အကျိတ်၊ ခြေအဆစ်၊ လက်အဆစ်တို့တွင်ဖြစ်ပေါ် တတ်သောအကျိတ်များ အထူးသဖြင့် လက်ကောက်ဝတ်အဆစ်၏အပေါ်ဝိုင်း လက်ခုံဘက်တွင် ဖြစ်ပေါ်လာသည့် အကျိတ်အဖု၊ ဒူးခေါင်းကွေး(တံကောက်ကွေး) အတွင်းဝိုင်းတွင် ထွက်ပေါ်လာ မည့် အကျိတ်အဖု၊ တံတောင်ဆစ်ကွေး အပြင်ဘက်ဝိုင်းတွင် ဖြစ်ပေါ်လာတတ် သောအကျိတ်အဖုများသည် အရွယ်ပြား နှင့် ဆက်နွယ်နေတတ်ကြသည့် အဆီ အကျိတ်များ အများဆုံးဖြစ်တတ်ပါ သည်။

၂။ ပြန်ရည်ဂလင်းအကျိတ် (Lymphadenitis) အုပ်စုတွင် လည်ပင်းဘေး နှစ်ဖက်တွင် အဖုအကျိတ်များ၊ တန်းစီ၍ ထွက်လာတတ်သောတီဘီအကျိတ်များ၊ ဦးခေါင်းနောက်ဘေဘက်တွင် အကြောင်း အမျိုးမျိုးကြောင့် တစ်ခါတစ်ရံ အကျိတ် အဖုဖြစ်လာတတ်ခြင်း၊ ချိုင်းနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့တွင် အကြောင်း အမျိုးမျိုးတို့ကြောင့် အကျိတ်ဖြစ်ပေါ် လာတတ်သည်။

အကျိတ်အဖုများသည် အများ အားဖြင့် ပြန်ရည်ဂလင်းအကျိတ်များ ဖြစ်ပြီး ၎င်းအကျိတ်ထွက်စေသည့် အကြောင်းရင်းများကလည်း ခန္ဓာကိုယ် တွင် Infection တစ်ခုခုဝင်ရောက်ခြင်း ကြောင့် လည်းကောင်း၊ ကင်ဆာကဲ့သို့ သော ရောဂါကြီးများကြောင့် လည်း ကောင်း၊ လင့်(မ်)အကျိတ်များရောင်ရမ်း လာတတ်ပါသည်။

၃။ အသားလုံး၊ အသားအကျိတ် များသည် ခန္ဓာကိုယ်အတွင်းဓာတ် သဘာဝများ ဖောက်ပြန်ခြင်းကြောင့် စက်တန့်နာကဲ့သို့ ရောင်ရမ်းလာပြီး အသားလုံး၊ အဖုအကျိတ်ကြီးများ ဖြစ် ပေါ်လာခြင်းဖြစ်ပြီး ၎င်းကဲ့သို့ ဖြစ်ပေါ် လာခဲ့ပြီဆိုလျှင် ထိုအဖုအကျိတ်သည် ရောင်ရမ်း၍နီမြန်းလာခြင်း၊ ကိုက်ခဲလာ ခြင်းတို့သည် လျင်မြန်စွာဖြစ်ပေါ်လာ ကြပြီး နောက်ဆုံးတွင် ပြည်တည်လာ တတ်ပါသည်။

ထိုအဆင့်သို့ ရောက်ခဲ့ပြီဆိုလျှင် ခွဲစိတ်ကုသရမည့်အနေအထားဖြစ်ပေ တော့သည်။

၄။ ကင်ဆာအကျိတ်အဖုသည် လည်ပင်း၊ ပခုံး စသည်တို့တွင် ကင်ဆာ ဆဲ (လ်) တိုက်ရိုက်ဖြစ်ပေါ် ၍ အဖုကျိတ် ဖြစ်ပေါ်လာခြင်းနှင့် အခြားကိုယ်တွင်း အင်္ဂါများတွင် ကင်ဆာဆဲ(လ်)ဖြစ်ပေါ် လာပြီးမှ အခြားတစ်နေရာတွင် ကင်ဆာ (လ်) ပျံ့နှံ့၍ အကျိတ်အဖုဖြစ်ပေါ်လာ ခြင်းဟူ၍ (၂) မျိုးရှိပါသည်။

ဥပမာ အဆုတ်တွင် ကင်ဆာဖြစ် ခြင်းကြောင့် လည်ပင်းနှင့် ချိုင်းတို့တွင် အကျိတ်ထွက်ပေါ်လာခြင်းနှင့် အမျိုး သမီးများသားမြတ်တွင် ကင်ဆာဆဲ(လ်) ဖြစ်ပေါ်လာပြီး ရင်သားအကျိတ်ပေါ် လာခြင်းတို့ကဲ့သို့ဖြစ်ပါသည်။

ထိုသို့ အကျိတ်အဖုဖြစ်ပေါ်စေ သည့်အကြောင်း (၄) မျိုးတို့တွင် ယခု တင်ပြပေးမည့် ဆေးဖက်ဝင် ကန်းတော် ဆီကိုအသုံးပြုပြီး အကျိတ်အဖုလက်တွေ့ ကုသသည့်နည်းသည် -

၁။ အဆီကျိတ်၊

၂။ ပြန်ရည်ဂလင်းအကျိတ် (လင့်(ဖ်)ကျိတ်)၊

၃။ အသားလုံးအကျိတ်

ထို (၃) မျိုးတို့ကို ခွဲစိတ်ကုသမှု မလုပ်ရဘဲ ထိရောက်အကျိုးပြုပျောက် ကင်းစေပါသည်။

ကျန်သည့် နံပါတ် (၄) ကင်ဆာ ကျိတ်များတွင် ကင်ဆာအဆင့်ဖြစ်ပွား မြင့်မားနေသည့် အကျိတ်အဖုများ ကုသရာတွင် လုံးဝပျောက်ကင်းသွား အောင် မဖြစ်သည့်တိုင်အောင် ကင်ဆာ ကျိတ်ကြီးထွားပြန့်ပွားမှုနှေးကွေးအောင် တော့ စွမ်းဆောင်ပေးနိုင်ပါသည်။

□ အကျိတ်အဖုကုသပုံနည်းစနစ် ကို တင်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ အကျိတ်အဖုတို့ကို ကုသရာတွင် ကန်းဇော်ဆီစစ်စစ်ကို ရရှိရန် ဦးစွာလိုက်ပါသည်။

အကြောင်းမှာ ကန်းဇော်ဆီအမည်တပ်ပြီး အခြားအရောအနှောဆီများနှင့်ကုသခဲ့သော် ထွက်ပေါ်လာသည့် အကျိုးတရားမှာ အားရကျေနပ်ဖွယ်ရာရှိမည်မဟုတ်ပါ။

ထိုသို့ ကန်းဇော်ဆီစစ်စစ်ရပြီဆိုလျှင် ပထမဦးစွာ ကုသပေးမည့်သူ၏ လက်ဖဝါးတွင်ထည့်ပြီး ဖြစ်ပေါ်နေသည့် အဖုအကျိတ်အပေါ် သို့ ခပ်ဖြည်းဖြည်း (၁၅) မိနစ်ခန့် ပွတ်ပေးပါ။

အကျိတ်အဖုပေါ်တွင် ကန်းဇော်ဆီသည် ပျောက်သွားလိမ့်မည်။ ထိုအခါမှာ ဒုတိယအကြိမ် လက်ဖဝါးထဲတွင် ကန်းဇော်ဆီကို ပထမအကြိမ်ထက်ပို၍ထည့်ပြီး အဖုအကျိတ်ကို ယခင်ကထက် ပို၍ မြန်မြန်လေးမနားတမ်းပွတ်ပေးပါ။ ထိုသို့ (၁၅) မိနစ်ပွတ်ပေးပါ။

ပြီးလျှင် တတိယအကြိမ် ဆီထပ်ထည့်ပြီး ဒုတိယအကြိမ် လက်ဖဝါးပွတ်ပေးသည့်နှုန်းထက် ပို၍မြန်မြန်အဖုအကျိတ်ပေါ် မှာပွတ်ပေးပါ။ ထိုအခါ အဖုအကျိတ်ပေါ် တွင် ဖူးရွှဲပူလာသည့် ခံစားမှုကို ထူးခြားစွာရလာပါမည်။

ထိုအကျိတ်အဖုစူးရွှဲပူလာခြင်းကို လူနာက မခံနိုင်လျှင် ခဏရပ်ထားပေးပြီး ဆက်လက်၍ ဆီထပ်ထည့်ကာ ဇောတ္ထအကြိမ် ထိုနည်းအတိုင်း မြန်နိုင်သမျှ မြန်မြန်ပွတ်ပေးပါ။

ဤကဲ့သို့ ပွတ်တိုက်ပေးရခြင်း၏ အဓိကအကြောင်းရင်းမှာ အကျိတ်အဖုခံပတ်ဝန်းကျင်တွင် ဝိတ်ဆို့ရောင်ရမ်းနေသည့် သွေးကြောမျှင်လေးများထွင်သွေးပျစ်ခဲသည့်နှုန်းများနေခြင်းကို ထိုသို့ကန်းဇော်ဆီထည့်ပြီး လက်ဖဝါးနှင့်ပွတ်တိုက်သဖြင့် အပူဓာတ်ဖြစ်ပေါ် စေခြင်း၊ ရောင်ရမ်း၍ဝိတ်ဆို့ပျစ်ခဲနေသောသွေးဟောင်းသွေးညစ်များသည် ကျဲလာပြီး ရောင်ရမ်းမှု လျော့ကျလာစေသည့် သဘောမျိုး ဖြစ်ပါသည်။

ဤကုထုံးသည် ကုသပေးသူ၏ စိတ်ရှည်ရှည်ဖြင့် ကုသပေးရန် လိုအပ်ပါသည်။ ထိုသို့ (၇) ကြိမ်ခန့်ဆီထည့်ပြီး ပွတ်တိုက်ပေးပြီးလျှင် အဖုအကျိတ်ကို ငုံ၍ အုပ်မိစေနိုင်သည့်အရွယ်ပမာဏရှိသောကွမ်းရွက်ကို မီးကင်ပြီး ကွမ်းရွက်နွမ်းသွားလျှင် ကွမ်းရွက်၏ချောသည့်ဘက်တွင် ကန်းဇော်ဆီကိုသုတ်လိမ်းပြီး အဖုအကျိတ်ကို အုံ၍ကပ်ထားပေးပါ။

ကွမ်းရွက်မမြဲလောက်ဘူးဆိုလျှင် ကွမ်းရွက်ပေါ် မှနေ၍ ပလတ်စတာအုပ်ပြီး ကပ်ထားပေးပါ။ ထိုသို့ ကွမ်းရွက်ကို (၂) နာရီ (၃) နာရီကြာမျှ ကပ်ထားပေးပြီးလျှင် ကွမ်းရွက်ကိုခွာမည်ဆိုလျှင် ခွာလိုက်နိုင်ပါသည်။

ဤကုထုံးသည် အကျိတ်အဖုအကြီး၊ အသေးဖြစ်ပေါ်လာသည့်အခါနိုကာလကြာမြင့်မှပေါ်မူတည်ပြီး တစ်ပတ် (၃၊ ၄) ကြိမ်ခန့် လုပ်ပေးရန် လိုအပ်ပါသည်။

တစ်ဖန် အကျိတ်အဖုဝေဒနာရှင်၏ ကိုယ်တွင်းသို့လည်း ကန်းဇော်ဆီလက်ဖက်ရည်ခွက်ဖြူး (၁) ခွက်၊ (၂) ခွက်ခန့် နှံနှက်၊ ညတိုက်ပေးရန် လိုအပ်ပါသည်။ ပြီးလျှင် အဆီပျော်အကျိတ်ကြွေဆေးဓာတ်စာဖော်ရည် (၂) မျိုးကိုလည်း တိုက်ပေးနိုင်လျှင် ပို၍ ထိရောက်မှုရှိပါသည်။

ဆေးဓာတ်စာဖော်ရည် (၁) နံနက်ပိုင်းသောက်ရန်

ကြက်သွန်နီဥအနေတော် (၃) လုံးကို ပါးပါးလှီးပြီး ဖန်ခွက်တစ်ခုတွင်ထည့်ပါ။ သကြားဟင်းစားခွန်း (၁) ခွန်း (သို့) ဟူးရည်(၁)ခွန်းထည့်ပြီးလျှင် ရေနွေးဆူဆူလောင်းထည့်ပြီး အဖုံးလုံးအောင် အုပ်ထားပါ။

သောက်၍ရနိုင်သည့် အပူချိန်အနေရောက်လျှင် ထိုဆေးဖော်ရည်ကို တစ်ကြိမ်တည်းနှင့်ကုန်အောင်သောက်ပေးပါ။

ဆေးဓာတ်စာဖော်ရည် (၂) ညနေပိုင်းသောက်ရန်

သံပရာသီးအရွယ်တော် (၁) လုံးကို ထက်ခြမ်းခွဲပြီး ဖန်ခွက်တစ်လုံးတွင်ထည့်၍ ရေနွေးဆူဆူအပြည့်လောင်းထည့်ပြီး အဖုံးလုံးအောင်ဖုံးထားပါ။ ရေနွေးအေးသွားလျှင် ၎င်းသံပရာခြမ်း(၂)ခုလုံးကို ရေနွေးထဲသို့ညှစ်ထည့်ပြီး ၎င်းဆေးဖော်ရည်ကို တစ်ကြိမ်တည်းနှင့်ကုန်အောင်သောက်ပါ။

ဤသို့ စာရေးသူတင်ပြထားသည့် နည်းစနစ်အတိုင်း လက်တွေ့တိကျစွာကုသခဲ့မည်ဆိုလျှင် ဖော်ပြပါ နံပါတ် (၁၊ ၂၊ ၃) တို့မှ အဖုအကျိတ်များသည် ခဲစိတ်စရာမလိုဘဲ ကျိန်းသေပျောက်ကင်းပြီး နံပါတ် (၄) ကင်ဆာအကျိတ်ကိုတော့ အကျိတ်ကြီးထွားမှုနှေးကွေးစေအောင်တော့စွမ်းဆောင်ပေးနိုင်ပါသည်။

နံပါတ်စဉ်(၁၊ ၂၊ ၃)အကျိတ်အဖုတို့ကဲ့သို့ ပျောက်ကင်းအောင်ကုသရန် ခက်ခဲပါသည်။

ယခု စာရေးသူစေတနာအရင်းခံဖြင့် တင်ပြပေးခဲ့သော ဆေးဖက်ဝင်ကန်းဇော်ဆီအစွမ်းဖြင့် လက်တွေ့အကျိတ်အဖုကုသနည်းသည် စာဖတ်သူအများပြည်သူအတွက် လက်တွေ့အကျိုးရှိစေရန် ရည်သန်၍ မခြွင်းမချန်အရင်းခံအတိုင်း တင်ပြလိုက်ပါသည်။

သုတေသီဝါသနာရှင်များ နည်းစနစ်မှန်တိကျစွာအသုံးချနိုင်ပြီး ရောဂါဝေဒနာရှင်များကို ပျောက်ကင်းအောင်ကုသပေးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ဦးမင်းဇင် (ဒွေနဝင်း)

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်-အပန်းယဲ

စိုးတော်ပေးသောကါဏတစ်ပိုဒ်

နှင်းမြူစိုရွဲ့ တပို့တွဲလပေမို့ လူလုံးမကွဲတကွဲအချိန် ဖြစ်သည်။ ဆရာကြီးဦးဆန်နီသည် မမျှော်လင့်ဘဲ အိမ်ဝကို ရောက်လာသည်။ ဆရာကြီးသည် ရွှေပြည် သာမြို့တွင်နေပြီး အင်းစိန်မြို့ရှိ ကျွန်တော်၏နေအိမ်သို့ လမ်းလျှောက်လာခြင်း ဖြစ်သည်။ အသက်(၈၀)နှစ်ကျော်ပြီဖြစ်သော်လည်း (၈)မိုင်မျှဝေးသော ထိုခရီးကို လမ်းလျှောက်နိုင်သေးသည်။

ဆရာကြီးသည် ဘာသာခြားမှ ဗုဒ္ဓဘာသာသို့ကူးပြောင်းလာသူဖြစ်၏။ တယောထိုးအလွန်ကောင်းသည်။ ခေတ်ဟောင်းကာလ ဂီတပညာရှင်များစာရင်းတွင် မပါလျှင်မဖြစ်။ ဘာသာရေးကို လေးစားလေ့ကျင့်ရာမှ ထူးချွန်သူတစ်ဦး ဖြစ်လာခဲ့သည်။ မိတ်ဆွေအချို့က ဝိဇ္ဇာဟု သမုတ်ကြသည်။ တယောအမည်နာမကိုရှေ့မှာထုည့်ပြီး တယောဝိဇ္ဇာဟုပင် လေးလေးစားစား ဆက်ဆံကြသည်။

ဆရာကြီးသည် ရွှေဖြစ်နေပြီဟု ထင်မြင်ချက်ပေးကြသည်။ သို့ရာတွင် ဆရာကြီး၏အဓိကလုပ်ငန်းမှာ အင်္ဂရိတ်ထိုးခြင်းဖြစ်၏။ အင်္ဂရိတ်အတတ်ပညာဖြင့် ဓာတ်ဆေးများဖော်၍ ဆေးကုပေးသည်။ လိုအပ်ပါက ဗေဒင်ပညာဖြင့် တွက်ချက်၍ ယတြာပြုလုပ်ပေး၏။ လောကီပညာရပ်တွင်လည်း နှံ့စပ်ကျွမ်းကျင်သူဖြစ်ပါသည်။ ဆရာကြီးအသက်မှာ (၈၀)နှစ်ကျော်လွန်ပြီဖြစ်သော်လည်း အသက်(၆၀)အရွယ်ကဲ့သို့ အရွယ်ထားသည်။ စရဏအားကောင်းပြီး ဓာတ်ခြေကို ပျားရည်နှင့်ရောရွှဲစားခြင်းကြောင့်လည်း အရွယ်တင်ခြင်းဖြစ်နိုင်သည်။

ဆရာကြီးတစ်ယောက် နှင့်ကြားမှရောက်လာသဖြင့် ကျွန်တော်သည် ဆရာကြီးကို ဂါရဝပြုပြီး ဆီးကြိုလိုက်သည်။ ဆရာကြီးသည် အနည်းငယ်မျှပင် ချွေးစိုခြင်းမရှိ။ မောပန်းလာသည့် အမူအရာလည်းမပြ။ ပြုံးရွှင်စွာဖြင့် အိမ်ထဲသို့ဝင်လာသည်။ ဆရာကြီးအား မုန့်ဟင်းခါး၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံကျွေးမွေးပြီးနောက် -

"ဆရာကြီး၊ မလာတာကြာပြီ"

"အေးကွာ၊ ဆရာတော်ကြီးထံ ပါးတ သူဆေးခန်းအတွက် ဓာတ်ဆေး တွေ့ဖော်ခိုင်းနေလို့ မလာအားတာ။ ဒီနေ့ သတိလည်းရ၊ အားလည်းအား တာနဲ့ လမ်းလျှောက်ထွက်လာခဲ့တာ"

"ဆရာကြီးလာတာနဲ့ အတော်

www.burmeseclassic.com

www.burmeseclassic.com

ရောက်တုန်းလက္ခဏာလေးစစ်ပေးသွားပါဦး။ ဆရာတပည့်ကြီးမှာ အတိုက်အခံတွေအားကြီးများလို့ စိတ်ညစ်နေရပါတယ်"

ဟုပြောလိုက်သဖြင့် ဆရာကြီးက ပြုံးပြီး ကျွန်တော့်လက်ဖဝါးနှစ်ခုကို ယူကြည့်လိုက်သည်။ ပြုံးနေသောမျက်နှာမဲ့သွားပြီးနောက် -

"ကိုပန့်ရဲ့လက္ခဏာမှာ အောင်မြင်ရေးလမ်းကြောင်းနဲ့အသက်လမ်းကြောင်းတွေကောင်းတယ်။ ဒါပေမယ့် အောင်မြင်ရေးလမ်းကြောင်းနဲ့ အသက်လမ်းကြောင်းတွေကို ဥပဒ်လမ်းကြောင်းတွေက ဖြတ်နေတယ်။ အဲဒီသဘာဝကိုပြောရရင် ကိုပန် ဘာကိုလုပ်လုပ် ချောချောမောမောမဖြစ်နိုင်ဘူး။ အခက်အခဲတွေကိုကြုံတွေ့ကျော်လွှားပြီးမှ အောင်မြင်လိမ့်မယ်ဆိုတဲ့အဓိပ္ပာယ်ပဲ"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော် ဘာကိုပဲလုပ်လုပ် အတိုက်အခံလေးကတော့ နည်းနည်းဖြစ်ဖြစ်ဝင်လာတာပဲ။ ဒါပေမယ့် နောက်တော့ ကျော်လွှားအောင်မြင်သွားတာချည်းပဲ။ အဲဒါတွေ လျော့နည်းပပျောက်သွားအောင် ဘာတွေလောက်အစီအရင်တို့လုပ်ပေးလို့မရဘူးလား ဆရာကြီး"

ကျွန်တော်က ဆရာကြီးကိုအားတိုးတကြီး အကူအညီတောင်းလိုက်၏။ ဆရာကြီး ရေနွေးတစ်ခွက်ကို ငဲ့သောက်ပြီးနောက် -

"ယတြာဆိုတာကတော့ လက်ငင်းကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ပြေရှင်းပေးနိုင်တာပဲရှိမယ်။ ရာသက်ပန်တောင်းသွားဖို့ကတော့ တစ်ကြိမ်တစ်ခါလုပ်ရုံနဲ့မရနိုင်ဘူး"

"ဒီလိုဆို အကြောင်းကိစ္စပေါ်လာတိုင်း ယတြာလုပ်သင့်တယ်လို့ဆိုလိုတာပေါ့"

"အဲဒီလိုလည်း ပြောလို့ရတယ်။ ဒါပေမယ့် တန်ခိုးထက်တဲ့ဂါထာတွေ၊ ဝေဒိတ်တော်တွေကို အမြဲရွတ်ပွားပေးရင်ကြုံတွေ့ရမယ့်အန္တရာယ်တွေကို ကြိုတင်ဟာကွယ်ပေးနိုင်တယ်။ ယတြာတွေထက်လည်း ပိုပြီးအစွမ်းထက်တယ်လေ။ နောက်ပြီး တစ်သက်လုံးအတွက် လုံခြုံစိတ်ချသွားရမယ်"

"ဒါဆို ဘယ်လိုဂါထာမျိုးနဲ့ ပရိတ်တော်မျိုးကို ရွတ်ပွားသင့်သလဲ ဆရာကြီး"

"ဆရာကြီး အဂ္ဂိရတ်လုပ်ငန်းအရှိန်ရလာတော့ အနှောင့်အယှက်တွေဝင်လာတယ်။ အဖျက်လုပ်ငန်းနဲ့အတားအဆီးတွေလည်းရှိခဲ့တာပေါ့။ တစ်နေ့ ဆရာ့ကို စောင့်ရှောက်နေတဲ့ ဘိုးတော်တစ်ပါးက အိပ်မက်ထဲမှာ ဂါထာတစ်ပုဒ်ကို ပေးသွားတယ်။ အဲဒီဂါထာက ဆရာကြီးနဲ့ရင်းနှီးပြီးသားပါ။ ဆရာကြီးရဲ့ဆေးကျမ်းစာအုပ်အဖုံးမှာ ပုံနှိပ်စာလုံးနဲ့ရိုက်ထားတာရှိတယ်။ ဆရာကြီးလည်း အားလပ်တိုင်း အဂ္ဂိရတ်ထိုးနေတိုင်းရွတ်လိုက်တော့ အားလုံးအဆင်ပြေသွားတယ်လေ"

"ဒီဂါထာကို တပည့်ကြီးကိုပေးပါလား"

"အေးလေ၊ တိုက်ဆိုင်မှုလို့ပဲပြောရမယ်။ ဒီဂါထာနဲ့ဓာတ်ပြာတွေကိုပေးချင်လို့ ဒီနေ့ မင်းဆီလာခဲ့တာပါ။ ကဲ ရော့"

ဟုပြောပြီး တိုက်ပုံအင်္ကျီအိတ်ထဲမှ စာရွက်ပိုင်းတစ်ခုနှင့် ပင်နှင်ဆီလင်ပုလင်းလေးတစ်လုံးကို ထုတ်၍ပေးပါသည်။ ပြီးနောက် -

"ဒီဂါထာကို အားတိုင်းရွတ်ပေး၊ ပုတီးစိပ်ပေးလို့လည်းရတယ်။ ဓာတ်ပြာက သွတ်ပြာပါ။ ရွှေဖြစ်တယ်ထင်ပြီး သွားမစမ်းလိုက်လေနဲ့။ ပျားရည်နဲ့ရောပြီး နေ့စဉ် လျက်ပေး၊ ဆရာ့လိုကျန်းမာနုပျိုလာလိမ့်မယ်"

ဆရာကြီးပေးလာသော စာရွက်ပိုင်းနှင့် ဓာတ်ပြာပုလင်းကို ဝမ်းသာအားရ လှမ်းယူလိုက်သည်။ စာရွက်ပိုင်းမှာ ငါးလက်မပတ်လည်ရှိသောစာရွက်ဖြစ်ပြီး ဓာတ်ပြာများမှာ အဝါနုရောင်ဖြစ်၍ ပုလင်းတစ်ဝက်မျှသာပါသည်။

စာရွက်ပိုင်းကိုဖြန့်ကြည့်လိုက်သော အခါ အောက်ပါဂါထာအဂိုဒ်ကို ရေးကျသောလက်ရေးများဖြင့်ရေးထားသည်။ ဒီဂါထာကို စာရေးသူလည်း မကြာခဏ မြင်တွေ့ဖူးသည်။ ထိုဂါထာမှာ စမကြီးလေးလုံးဂါထာဖြစ်သည်။

စမကြီးလေးလုံးဂါထာ

စ ကျွမာစရ မာစိဏ္ဏော၊
မ မွညူ မွေသာမိကော။
ဥ လူပေတော ဗလဓရော၊
ဝ ရဒေါ ဒေတု မေ ဝရံ။

အနက်အဓိပ္ပာယ်

စကျွမာစရ မာစိဏ္ဏော - အာသယာန သယဏ္ဍန္ဒြိသဝရော ပရိယတ္တိဟုဆိုအပ်သော သဗ္ဗညုတ ဉာဏ်အမြင်တော်သန့်လှသော သမန္တစက္ခုဘုရားရွှေမျက်စိတော်မြတ် လောကဓာတ်လုံးသိမ့်သိမ့်ချန်းမျှ ကြွင်းမဲ့ဝသုံ့ ဂုဏ်သမာဓိနှင့် ဣန္ဒြေရင့်နုမျော်ထောက်ရှုသဖြင့် အမှုတော်ကြီးပြီးအောင် ဆောင်ရွက်နေ့ ပျက်ပင် လေ့ကျက်တော်မူနိုင်ထသော။

မွညူ - ဥေ ယျခမွငါးဌာနဖြင့် တစ်စမကျန် သူသယံဖြင့် သူမဆန်နိုင်အောင်သိတော်မူထသော၊ **မွသာမိကော** - ပညတ်ပရမတ် နှစ်ပ်ကြောင်းကိုးတရားမြဲဖြင့် အဓိုးရသခင် ဘုရင်တစ်ဆူလည်းဖြစ်တော်မူထသော။

ဗလဓရော - ဌာနဌာန ကောသလ္လ စသော ဉာဏဗလဆယ်စုံနှင့် ပြည့်စုံလုံလောက်သဖြင့် ပါမောက်တစ်ဆူလည်းဖြစ်တော်မူထသော၊ **ဗလဓရော** - ဆဒ္ဒန်ပေါက်ကြီး ဆယ်စီးစွမ်းအားယောကျ်ားဗိုလ်ခြေကုဋေတစ်သိန်း ရုံးပေါင်းများများစောင် အားတော်ကိုလည်းဆောင်နိုင်တော်မူထသော။

ဝရဒေါ - လွန်ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ရောက်ခြီးမြောက်သမှုထိုက်လျောက်ပြုသဖြင့် အောင်ဆုကို အတန်တန်ပေးသနားတော်မူထသော၊ **ဒေတု** - သစ္စာလေးတန် ဥေ ယျံငါးဝ မြတ်မွေ့ကို ပိုင်းခြားထင်ထင် သိမြင်ထင်ရှားမြတ်ဘုရားသည်၊ **မေ** - တပည့်တော်အား၊ **ဝရံ** - ကွဋ္ဌကန္တ၊ ဆန္ဒအရပ်ရပ် ဆုတော်မြတ်ကို၊ **ဒေတု** - အောင်ကြောင်းပေါက်အောင် ခြီးမြှောက်မစတော်မူပါ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

ဤဂါထာသည် ရွှေတိဂုံစေတီထီးတော်ကြေးစလောင်းတွင် ရေးထွင်းထားသည့်ဂါထာဖြစ်ပါသည်။ အချို့က စဇေဝါထာဟူ၍လည်း ခေါ်ဆိုကြသည်။ သူတော်စင်များ ရွတ်ပွားလေ့ရှိကြောင်း မှတ်သားဖူးပါသည်။ ဂါထာကို ရွတ်ပွားပါများလျှင် အကြံအစည်များအောင်မြင်ရုံသာမက အန္တရာယ်ကင်းခြင်း၊ စီးပွားဥစ္စာများ တိုးတက်ခြင်းစသည့် အကျိုးတရားများ ပြည့်စုံစေပါသည်။

ဆရာကြီးမှာကြားခဲ့သည့်အတိုင်း ထိုဂါထာကို နေ့စဉ်ရွတ်ပွားခဲ့ရာ လုပ်ငန်းအားလုံးသည် အထစ်အငေါ့မရှိ အဆင်ပြေသွားသလို လက္ခဏာတွင်ပါရှိနေသော ဥပဒ်လမ်းကြောင်းများလည်း အံ့ဩဖွယ်ရာမှုန်သွားကြောင်း တွေ့ရပါသည်။

စာဖတ်သူများ ယုံကြည်စွာ ရွတ်ပွားနိုင်ကြပါစေ။

တက္ကသိုလ်-အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com

အောက်မြန်မာပြည်သည် မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများလေ၏။ ရေကို လုံလောက်စွာ ရရှိသောကြောင့် စိုက်ရေးပျိုးရေး အဆင်ပြေကြပါသည်။ အင်း၊ အိုင်၊ ချောင်း၊ မြောင်းတို့တွင် ရေသယံဇာတဖြစ်သော ငါးသတ္တဝါများ အမြောက်အမြားကြွယ်ဝလေ၏။သစ်ပင် သစ်တောကြီးများကြောင့် မိုးလေဝသ မှန်ကန်ပါသည်။ မြေအောက်တွင်လည်း ရွှေ၊ ငွေ၊ ကြေးနီ၊ ကျောက်သံပတ္တမြား လွန်စွာထွက်ရှိလေ၏။ မြေပေါ်၊ မြေအောက် သယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံကို တိုင်းတစ်ပါးသားတို့ မျက်စိကျနေကြလေ၏။

တိုင်းတစ်ပါးသား အင်္ဂလိပ်တို့ နယ်ချဲ့ကျူးကျော်ကာ မြန်မာနိုင်ငံကို အုပ်စိုးကြသည်။

အောက်ပြည်အောက်ရွာတွင် သာယာကုန်းဟုခေါ်သော ကျေးရွာတစ်ရွာရှိလေ၏။ ထိုရွာသည် စုန်းပယောဂ ထူပြောနေရာမှ နယ်ချဲ့တို့၏စစ်ဘေးစစ်ဒဏ်ကိုပါ ထပ်ဆင့်ခံနေကြရသည်။ နယ်ချဲ့တို့၏လက်ခုံး အရေးပိုင်မင်း၊ မြို့ပိုင်မင်းတို့သည် သာယာကုန်းရွာတွင် ခြေရုပ်လာကြ၏။ ဤသည်ကို အခွင့်ကောင်းယူ တစ်စခန်းထလာသူမှာ သာယာကုန်းကျေးရွာသူကြီးဖြစ်သော ဦးတိုက်မောင်း ဖြစ်၏။ ခေတ်ကာလ မငြိမ်သက်မှုကို အကြောင်းပြု၍ တော မီးလောင် တောကြောင်လက်ခမောင်း ခတ်လေတော့သည်။

အထူးထုတ်

သူကြီးက နယ်ချဲ့တို့နှင့်ပူးပေါင်းပြီး နယ်ချဲ့အလိုတော်ရိုဖြစ်လာခဲ့၏။

သာယာကုန်းကျေးရွာလေးသည် ဆိုးသွမ်းသောသူကြီး၏နှိပ်စက်မှုဒဏ်၊ သူတစ်ပါးကိုပြုစားပြီးမှ ဝမ်းဝရွာသော စုန်းမကြီးဒေါ်မင်းအို၏အမှောင်ပယောဂနှောင့်ယှက်မှုတို့ဖြင့် သာယာကုန်းရွာမှာ အလူးအလဲခံစားနေရရှာ၏။ ယခင်က သာယာဝပြောသော သာယာကုန်းရွာလေး သည် ကျီးနှင့်ဖုတ်ဖုတ်ခြောက်ကပ်လာတော့၏။ ကွဲညီနောင်ဟုခေါ်နေကြသော လေယာဉ်မည်းမည်းကြီး နှစ်စင်း၏ စက်သေနတ်ဒဏ်ကိုလည်း ကြောက်နေကြရပါသည်။

သာယာကုန်းကျေးရွာသည် ဥယျာဉ်ခြံမြေလယ်ယာလုပ်ငန်းခွင်နှင့် ညီမျှွင်းသောခနိတောကြီးများဖြင့် စီးပွားရေးကောင်းမွန်ခဲ့ကြပါ၏။ ထိုရွာတွင် ရွာလယ်ပိုင်း၌ နေထိုင်ကြသော ကိုမင်းခိုင်နှင့် မခက်ပန်တို့လင်မယားသည် လည်း အေးချမ်းစွာ နေထိုင်ခဲ့ကြပါ၏။ သူတို့လင်မယားသည် အိမ်ထောင်သက် (၁၀) နှစ်ရှိခဲ့ပါသော်လည်း ကလေးမရရှိကြချေ။ ထိုအခါ ကိုမင်းခိုင်အလုပ်ကိစ္စဖြင့် ခရီးထွက်ရပါက မခက်ပန် အဖော်ရစေရန် မခက်ပန်အဒေါ် ဒေါ်သိန်းသိန်းကို ခေါ်ထားရလေ့ရှိ၏။ ထိုအခါမှစ၍ ဒေါ်သိန်းသိန်းကို သူတို့နှင့်အတူ နေထိုင်ပါရန် ခေါ်ထားလိုက်ကြတော့၏။

ကိုမင်းခိုင်သည် လယ်(၁၂)ဧကပိုင်ဆိုင်၏။ ထိုလယ်ကို လယ်သူရင်းငှားဖြင့်သာလွှဲထားပါ၏။ သူရင်းငှားဟုဆိုသော်လည်း မျက်နှာလွှဲထားနိုင်အောင် စိတ်ချယုံကြည်ရပါ၏။ ကိုမင်းခိုင်၏ လူယုံညာလက်ရုံးသဖွယ်ဖြစ်နေသည်။ သူရင်းငှား၏အမည်မှာ ဦးဘိုးရုံးဟုခေါ်ပါသည်။ တစ်ကိုယ်ရေတစ်ကာယလူလွတ်တစ်ယောက်ဖြစ်သည်။ လယ်စောင့်တဲဆောက်လုပ်ကာ လယ်ထဲ၌သာ နေထိုင်သည်။ ရံခါ အကြောင်းကိစ္စရှိမှသာ ရွာထဲသို့ လာလေ့ရှိ၏။ အလုပ်ကိစ္စ စိတ်ချရ၏။

ဒေါ်မင်းအိုတွင် သမီးပျိုသုံးယောက်ရှိပါသည်။ ဒေါ်မင်းအိုသည် သမီးသုံးယောက် ငယ်စဉ်ကပင် ပညာအမွေဗူးသွင်းပေးထား၏။ ဤကဲ့သို့သော စုန်းအတတ်ပညာကို ဘိုးဘွားမိဘစဉ်ဆက် ထိန်းသိမ်းလာခဲ့ကြပါ၏။ ယခု ဒေါ်မင်းအိုကြီးသည် မုဆိုးမဘဝ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ခဲ့သည့်တိုင် မိခင်အနေဖြင့် သမီးဖြစ်သူတို့ကို ပညာအမွေပေးပြီလေပြီ။ သမီးသုံးယောက်တို့မှာ စောရတနာ၊ စောရွှေမယ်၊ စောရွှေသွယ်တို့ဖြစ်ကြပါသည်။

ငယ်ရွယ်စဉ် ကလေးဘဝ သမီးသုံးယောက်တို့သည် အသားဖြူဖြူ၊ ရုပ်ရည်သန့်ပြန့်ကြလေသည်။မိခင်ပေးထားသောပညာသုံးရသည့်ကာလကြာသော် ရုပ်ရည်များ ခက်ထန်လာကြကုန်၏။ စောရတနာ၊ စောရွှေမယ်၊ စောရွှေသွယ်တို့ အရွယ်ရောက်လာသော် မိခင်ကြီး ခေါ်မင်းအို ကွယ်လွန်သည်။ သာယာကုန်းကျေးရွာတွင် စုန်းမလေးသုံးယောက် ကြီးစိုးလာပါတော့သည်။ မိမိတို့ကလေးများ နေထိုင်မကောင်းဖြစ်လျှင် စောရတနာထံ လာဘ်တင်၍မေးကြရ၏။ စောရတနာက နေအိမ်၏ ဘယ်အရပ်၊ ဘယ်ထောင့်၌ မှော်စပျိုးခဲ့ခြင်းတွင် ခေါပန်းတောင်းသော် လည်းကောင်း၊ ခေါပလပ်တွင်သော် လည်းကောင်း၊ ထမင်း၊ အမဲသား သို့မဟုတ် ငါးကြော် စသည်အားဖြင့် ခေါ်စာပစ်စေ၏။

စောရတနာညွှန်ကြားသည့်အတိုင်း ပြုလုပ်လိုက်လျှင် ကလေးနေကောင်းလေ၏။

❑

သူကြီးဦးတိုက်မောင်း၏အိမ်သို့ မြို့ပိုင်မင်း မစ္စတာရော်နယ်(လ်)ဆင် ရောက်လာတတ်၏။ အိန္ဒိယသား ပုလိပ်ငါးယောက် အမြဲခေါ်လာရ၏။ မြို့ပိုင်မင်းသည် ကောက်ကျစ်၏၊ စဉ်းလဲ၏၊ ယုတ်မာသူလည်း ဖြစ်ပါ၏။ ထို့ကြောင့် မြို့ပိုင်မင်းကို သတ်လိုသူပေါများ၏။ မြို့ပိုင်မင်းသည် သူ၏အသက်လုံခြုံရေးအတွက် ပုလိပ်သားများခေါ်ဆောင်လာရခြင်းဖြစ်တော့၏။

"ဟယ်လို လူကလေးတိုက်မောင်း၊ ကျွန်ုပ် မြို့ပိုင်မင်းရောက်လာတယ်။ ဘိုးဥဘယ်မလဲ၊ ဘိုးဥကိုမမြင်ရပါလား။ မောင်မင်းခေါ်ပေးပါ"

"ဟုတ်ကဲ့ပါ မြို့ပိုင်မင်း၊ မြို့ပိုင်မင်းရောက်လာမယ်ဆိုလို့ ကျွန်တော်မျိုးရဲ့ သမီးပိုးဥ စားမြိန်ဖွယ်ရာတို့ကို ပြင်ဆင်နေလို့ပါ။ အကျွန်ုပ် ယခုပင် ခေါ်လာခဲ့ပါမယ်"

သျှောင်တစောင်းနှင့်သူကြီးမင်းဗျာယာခတ်နေပါသည်။ မကြာမီ မီးဖိုဆောင်မှ စားဖွယ်ရာမျိုးစုံ ပြင်ဆင်ထည့်ထားသည့် ကြေးလင်ပန်းကိုကိုင်ကာ မပိုးဥသည် မြို့ပိုင်မင်းရှေ့ ရောက်လာသည်။

"ဘိုးဥ နင်သိပ်လှတယ်နော်၊ သိလည်းသိတတ်တယ်။ ကောင်းတယ်

(ဝတ္ထုတိုကဲ့သို့)

ဆောင်မြင့်ထွန်း

ယုတ်နိမ့်သူတို့ကျုံးခန်း

www.burmeseclassic.com

www.burmeseclassic.com

ကောင်းတယ်"

မြို့ပိုင်မင်းမျက်နှာသူးသည် ပိုးဥ၏ ပခုံးသားလေးကို ပိုင်စိုးပိုင်နင်းကိုင်ရင်း ပြောနေလေ၏။ မပိုးဥသည် စားစရာတို့ကို စားပွဲပေါ်တင်ခဲ့ပြီး မသိမသာထွက်ခွာလာခဲ့သည်။ မြို့ပိုင်မင်းနှင့်သူကြီးမင်းတို့သည် အင်္ဂလန်မှလာသော အရက်အကောင်းစားဖြင့် ဆတ်သားခြောက်ဖုတ်၊ ကြက်သားကြော်၊ ပုစွန်တုပ်ကြီး အစိမ်းသုပ်တို့ကို ဇိမ်ခံစားသောက်ပျော်မြူးနေကြလေသည်။

တောက်"

ကိုမင်းခိုင်သည် ထိုအဖြစ်အပျက်များကို ခြံအပြင်တစ်နေရာမှ တွေ့မြင်လိုက်ရခြင်းဖြစ်၏။ မြန်မာအမျိုးသမီးပျိုကို နယ်ခဲ့လက်ညှစ်ပတ်ကြီးဖြင့်ထိကပါးရိကပါး တို့လားကိုင်လားလုပ်နေသည်ကို လုံးဝမကျေနပ်ပါ။ ပြင်းထန်စွာ တောက်ခေါက်မိလိုက်၏။ ကိုမင်းခိုင်သည် ခြံစပ်မှ အမြန်ဆုံးထွက်ခွာလိုက်သည်။ နယ်ခဲ့ထံမှ အခွင့်ထူးခံရနိုင်ရန် သမီးပျိုကိုပင် ပုံအပ်ရက်လေခြင်း။ ရှေးစကားပုံအရ 'ရသာလျှင် ဘနဖူး သိုက်တူးမည့်လူစား'ဟုသာ ကြားဖူးခဲ့ရပါ၏။ အခုတော့ ရသာလျှင် ကိုယ့်သမီးပျိုကိုပင် ကြည်ဖြူခက်လေပြီကော။

သူကြီးမင်းကို ရပ်ရွာအုပ်ချုပ်ရေးအကောင်းမွန်ဆုံးဆုဟုဆိုကာ မြို့ပိုင်မင်းမစ္စတာ ရော်နယ်(လ်)ဆင်ကိုယ်တိုင် တံဆိပ်အသစ် နှစ်လုံးပြူးသေနတ်တစ်လက် ဆုချပေးပြီးဖြစ်ပါ၏။ အမှန်မှာ သူကြီးမင်းအုပ်ချုပ်ရေးကောင်းမွန်သည့် အတွက်မဟုတ်ပါ။ သူကြီးမင်းသည် ရွာထဲက ရိုးသားသော ကညာပျိုတစ်ဦးကို အာဏာဖြင့်ခြိမ်းခြောက်၍ မြို့ပိုင်မင်းရင်ခွင်ထဲသို့ အရောက်ဆက်သနိုင်ခဲ့သောကြောင့်ဖြစ်ပါတော့သည်။ ခေါင်းစဉ်အမည်ပြောင်းဆုချလိုက်ခြင်းပါ။

သူကြီးမင်းသည် သာယာကုန်းတစ်ရွာလုံးကို မော်မကြည့်ရဲအောင် အာဏာကုန်သုံး၍ ဖိနှိပ်ထားလေ၏။ ယခုလည်း အခွန်တော်များ တိုးကောက်ရန် ကြံစည်ပြန်လေ၏။

အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးထံမှ ငွေဓားဆုကိုလည်း ရည်မှန်းထား၏။ ငွေဓားဆုပြီးလျှင် ရွှေစလွယ်ဆုကို တစ်ဆင့်တက်ယူဆောင်ရန် ကြုံးဝါးထား၏။ သူကြီးမင်းသည် တစ်ကောင်ကျွဲသုံးကောင်ရိုက်စားလိုသူ ဖြစ်တော့၏။ ထို့ကြောင့် သမီးပိုးဥနှင့် မြို့ပိုင် ရင်းနှီးစေရန် ပက်စက်သောအကြံအစည်ကို အစပျိုးလိုက်ခြင်းဖြစ်ပါသည်။ ပိုးဥသည် မိတဆိုးလေးဖြစ်၏။ သူမသည် မိခင်အားကိုးစရာမရှိဖြစ်နေ၏။ သမီးပိုးဥသည် ဖခင်ကို အမုန်းကြီးမုန်းတီးမိလေ၏။ ကွယ်ရာမှာ ချောင်ခိုး၍ ပိုးဥ ရိုက်ငိုခဲ့ရပါသည်။ ပိုးဥသည် ရန်အသွယ်သွယ်ကို လှည့်ပတ်ရှောင်ရှားနေရပါသည်။

ရဲဖန်ရဲခါ ပိုးဥသည် သူမ၏အစ်မဝမ်းကွဲ မခက်ပန်ထံ၌ လာရောက်ရှောင်နေရလေ၏။ မခက်ပန်၏အကြည်ဏာကို လည်း လာရောက်တောင်းခံရတတ်၏။ ပိုးဥသည် တစ်ဦးတည်းသော သမီးပျိုလေးဖြစ်၏။ မခက်ပန်သည် အစ်မကြီး အမိနေရာမှ ဆုံးမသွန်သင်ပေးကာ အဝေးမှနေ၍ မိမိတတ်နိုင်သည့်ဘက်မှ စောင့်ရှောက်ပေးနေပါ၏။ရတနာသုံးပါးကိုမမေ့ရန်၊ သရဏဂုံသုံးပါးကို မပြတ်ပွားများစေ၏။ ရန်စွယ်အန္တရာယ်များမှ ဘေးကင်းလုံခြုံမည်ဟု အားပေးထားလေ၏။

ပိုးဥသည် သရဏဂုံသုံးပါးကို နေ့စဉ်ရွတ်ဖတ်ရင်း အားတက်လာသည်ကို သူမသတိပြုမိပါ၏။ ကိုမင်းခိုင်နှင့် မခက်ပန်တို့သည် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကိုးစားသောကြောင့် လင်မယားနှစ်ယောက်တို့သည် ဘုရားကျောင်းတက်ညီကြလေ၏။နေ့စဉ် အားလျှင်အားသလို ဘုရားစာကိုရွတ်ဖတ်ကြရင်း ငါးပါးသီလမဲ့ကြပါသည်။

❑

စောရတနာ၊ စောရွှေမယ်၊ စောရွှေသွယ်တို့၏ အမှောင့်ပယောဂများလည်း ကြီးထွားသည်ထက် ကြီးထွားလာ၏။ ကလေးအသေအပျောက်များပင်ရှိလာခဲ့သည်။ သာယာကုန်းရွာသူရွာသားတို့ စိတ်မချမ်းမြေ့ကြလေကုန်။ သူကြီးနှိပ်စက်သည့်ဒဏ်၊ စုန်းတို့၏နှောင့်ယှက်မှုကြောင့် ရွာသူရွာသားတို့ ခံစားကြရကုန်သော ထိုအရေးအခင်းကို ကိုမင်းခိုင်နှင့်မခက်ပန်တို့ ဤသို့တိုင်ပင်ကြကုန်၏။

"မိန်းမရေ၊ ဒီစုန်းမတွေကို မောင်ကြီးနှိမ်နင်းချင်တယ်ကွာ"

"အောင်မယ်လေး - သွားမလုပ်လိုက်ပါနဲ့ မောင်ကြီးရယ်။ တစ်ရွာလုံးက သိသိကြီးနဲ့ခံနေကြရတာ ဒါကို မောင်ကြီးက သူရဲကောင်းလုပ်မယ်ဆိုရင် မောင်ကြီးပဲဒုက္ခရောက်သွားမှာပေါ့"

ရွာထဲတွင် စုန်းပြုစားတတ်သူမှာ ထိုညီအစ်မသုံးဦးဖြစ်ကြောင်း တစ်ရွာလုံးသိနေကြပါ၏။ ကိုယ့်အသက်အန္တရယ် စိုးရိမ်ကြသောကြောင့် မသိလိုက်ဘာသာနေကြရလေ၏။ နံရံကိုဦးခေါင်းနဲ့ဆောင့်သလိုသာတည်း။ အားလုံးငြိမ်ခံနေကြရသည့်အဖြစ်ရယ်ပါ။

"မောင်ကြီးရယ်၊ သူကြီးမင်း ဒါလောက်ဆိုးသွမ်းနေတာ စုန်းတွေဘာလို့မပြုစားကြတာတုံး"

"အဲဒါလည်း ခက်သားကလား မိန်းမရာ။ လူကြမ်းတော့ နတ်ကြမ်းမခံနိုင်ဆိုသလိုပေါ့ကွာ။ သူကြီးမင်းက ဇာတာမြင့်တုန်းအချိန်ဆိုတော့ စုန်းပြုစားလို့မရနိုင်ကောင်းဘူးကွယ့်"

"ဒါဖြင့် ကလေးတွေကိုတော့ ဘာဖြစ်လို့ သူတို့ကလွယ်လွယ်နဲ့ပြုစားနေကြတာလဲ မောင်ကြီးရဲ့"

"ကလေးဆိုတာက ဘုရားသီတရားသီနည်းသေးတာကိုးကွယ့်။ ပြောရရင် လိပ်ပြာငယ်တုန်းအချိန်ပေါ့။ ဒါကြောင့် ကလေးကို စုန်းပြုစားလွယ်နေတာပေါ့။ ဒါနဲ့ မောင်ကြီးစကားဆက်ဦးမယ်။ ဒီစုန်းမသုံးယောက်ကို မောင်ကြီးနှိမ်နင်းတော့မယ်"

"ဘယ်လွယ်မလဲ မောင်ကြီးရယ် သူတို့ရဲ့ပညာတွေက ဝမ်းတွင်းပါလိုပြန်နေကြတာကလား။ ပညာရင့်နေကြပြီလေ။ ကလေးတွေရဲ့ကံလို့ပဲ ဆိုရတော့မှာပေါ့။ မောင်ကြီးက ဘယ်လိုလုပ်ခွင့်လို့လဲ"

"ဒီလိုမိန်းမရဲ့၊ ဒီအောက်ပြည်အောက်ရွာမှာတော့ ပညာတတ်ဆရာကြီးတွေမရှိဘူးလို့ မောင်ကြီးစုံစမ်းခဲ့ပြီသိရပြီ။ ယောနယ်မှာ ပညာရှင်ကြီးတွေရှိတတ်လို့ ကြားထားတယ်။ မောင်ကြီးယောနယ်ကိုတက်မယ်။ အဲဒါ မောင်ကြီးကိုခွင့်ပြုပါ မိန်းမရယ်။ မင်းဆီမှာ နေ့တောင်းပြီးမှ မောင်ကြီးသွားမှာပါကွယ်"

"မောင်ကြီးရယ်၊ ခေတ်ကာလကြီးကလည်းမကောင်းတော့ စဉ်းစားပါကွယ်"

"မောင်ကြီးလေ ကလေးတွေသနားလွန်းလို့ တစ်နေ့မှ စိတ်မသောဘူးသိလား။ ဒါကြောင့် မိဘချင်းကိုခွဲခွာစီပြီး ငါတို့မျှားကလေးရှိခဲ့ရင် ဘယ်လိုနေကြမလဲစဉ်းစားကြည့်စမ်းပါ မိန်းရာ"

"မောင်ကြီးပြောတော့မှ ကျွန်ုပ်ကောင်းကောင်း သဘောပေါက်သွားပါတယ်နော်၊ ကလေးမိဘတို့ရင်ပူနေကြရမှာ။ ဒါဆိုလည်း သူ့ကိုမောင်ကြီးရယ်၊ ဘယ်တော့လောက်ပြန်မှာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com

"မနက်ဖြန်မနက် ဒီကစောစော ထွက်မယ်။ ဒေါ်လေးကိုလည်း မိဘလို သဘောထား ပြုစုပေး၊ ပိုးဥကိုလည်း ကောင်းကောင်းစောင့်ရှောက်ပေးပါကွာ။ မောင်ကြီးစိတ်ချပါရစေနော်"

"ဟုတ်ကဲ့ - မောင်ကြီး"

တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချစွာ သူတို့နှစ်ဦး မျက်လုံးချင်းဆုံမိကြလေ၏။ နှစ်ဦးသား နှစ်လိုဖွယ်ပြုံးလိုက်ကြပါသည်။

❑

ကိုမင်းခိုင်သည် ဆံမြိတ်ထုံးနှင့် အလွန်ကြည့်ကောင်းသူ ဖြစ်ပါသည်။ သာယာကုန်းရွာတွင် ရွာ၏အရှေ့ဘက်ထုံးဖြူဖြူစေတီအနီးမှာ အရိပ်ကောင်းသော ညောင်ပင်ကြီးရှိလေ၏။ ညနေစောင်းလျှင် ရွာသား လေး၊ ငါး၊ ခြောက် ယောက်စုံမိကြလေ၏။ အပျင်းပြေခြင်းလုံးခတ်ကစားကြပါသည်။ နေညိုညိုမှာ ခြင်းလုံးကလေးသည် မြေသို့မကျနိုင်ဘဲ ထောက်ခနဲ ထောက်ခနဲ မြောက်၍ တက်တက်လာသည်။

ခြင်းလုံးခတ်ကစားသူအားလုံးတို့ အကျီဗလာ ခါးဝတ်ပုဆိုးကို မြှောင်နေအောင် အောက်ပိုးကျိုက်ထားကြ၏။ သူတို့၏ပေါင်တံတုတ်တုတ်ကြီးများတွင် ဒဏ်ရာသစ်မှာ ထိုးကွင်းမှင်ကြောင်တို့ လှူးပစ်မှာထိုးထားကြလေရာ အလွန်မှ ကျက်သရေရှိပါသည်။ ဒူး၊ စလွယ်၊ နောင့်၊ ဖဝါး၊ သာမန်ခြင်းပေါက်အသုံးများကြ၏။ ခြင်းပေါက်ဆန်းခတ်နိုင်သူအချို့သည် ခုန်၍လည်းကောင်း၊ ဝိုက်၍လည်းကောင်း လှလှပပခတ်နိုင်ကြပါသည်။

သူတို့သည် ရင်အုပ်ကားကား၊ လက်မောင်းလက်ဖျံ ကျစ်လျစ်ဖုထစ်ကာ မြန်မာသူရဲကောင်းများသဖွယ် သွက်လက်ဖျတ်လတ် တက်ကြွနေကြ၏။ ထိုအထဲတွင် ကိုမင်းခိုင်သည် အချိုးအဆစ်အကျကောင်းသူ၊ လူပုံခံချောသောကြောင့် ဘိုင်စကုပ်မင်းသားကြီး အချစ်ထက်ပို့ချောကြောင်း အသိအမှတ်ပြုကြရလေ၏။ ကိုမင်းခိုင်သည် မိန်းချစ်စိတ်ရှိသူဖြစ်လေရကား သူကြိုးဦးထိုက်မောင်းကို လုံးဝမကျေနပ်ပါ။ သူကြိုးဦးတိုက်မောင်းကို မျိုးချစ်စိတ် ငယ်သာစေရန် ဆုံးမပေးလိုလှ၏။ အခွင့်အရေးမပေးသေးပါ။

ယခုမူ ရွာမှကလေးငယ်များကို ဦးစားပေး ကယ်တင်ရန် ဆန္ဒပြင်းပြလျက်ရှိ၏။

ယနေ့ ကိုမင်းခိုင်သည် အထက်မြန်မာပြည် ယောနယ်ဆီသို့ ခရီးစတင်သည်။ ကိုမင်းခိုင်သည် လွယ်အိတ်တစ်လုံးလွယ်ကာ အိမ်မှထွက်လာခဲ့သည်။ ကိုမင်းခိုင် လေ့ဆိပ်သို့ဆင်းသွားသည်ကို သစ်ပုပ်ပင်အုံကြီးအကွယ်မှ ညီအစ်မ သုံးဦးတို့က ချောင်းကြည့်နေကြတာ ခေါင်းတည်တည်တစ်နှင့် ပြုံးလိုက်တြသည်ကို ကိုမင်းခိုင်တစ်ယောက် မသိခဲ့ပါတကား။

သူသည် ရွာမှထွက်သော ရွက်လှေတစ်စင်းဖြင့် ရန်ကုန်မြို့သို့ လိုက်ပါခဲ့ရသည်။ ရန်ကုန်မှ ယောနယ်သို့ တိုက်ရိုက်ခရီးစဉ်မရှိချေ။ ယောနယ်နှင့်အနီးဆုံးမြို့သို့ ရထားဖြင့်ခရီးနှင်ရ၏။ ကိုမင်းခိုင် ရန်ကုန်ရောက်ရှိနေစဉ်အတွင်း ဆင်ခြေဖုံးရပ်ကွက်၌ ရွာမှအသိတစ်ယောက်နှင့် တွေ့ဆုံခွင့်ရခဲ့ပါ၏။ ကံကောင်းထောက်မစွာ တွေ့ရှိခဲ့ရသူမှာ ကိုထွန်းတောက် ဖြစ်ပါသည်။ သူသည် ရွာမှပြောင်းရွှေ့လာကာ ရန်ကုန်မြို့တွင် အခြေချနေထိုင်ပါသည်။

ကိုထွန်းတောက်ထံမှ သတင်းကောင်းရရှိလိုက်ပါ၏။

"မင်းယောနယ်ကိုသွားမယ်ဆိုရင် ယောနယ်မှာ ပညာရှင်တွေပေါတယ်လို့ ငါသိထားတယ်။ ကောင်းတဲ့သူရှိသလို မကောင်းတဲ့သူလည်း ရှိတာပေါ့ကွာ။ ယောနယ်ကလူတစ်ယောက်နဲ့ ငါဆက်သွယ်မိထားလို့ သိရတာကွ။ ယောနယ်မှာ ပုလဲလုံးရွာဆိုတာရှိတယ်။ မင်းသွားရမှာ အဲဒီရွာပဲ သူငယ်ချင်း။ အဘွားအို ဒေါ်မင်းသီတာဆိုတာ ပညာရှင်ကြီးတဲ့ မောင်။ သူက သူ့ပညာကို သူတော်ကောင်းတွေကိုသာ သင်ပေးတာတဲ့ကွ။ ပညာသင်ချင်တဲ့သူကို သူတော်ကောင်းဟုတ်မဟုတ် အရင်ဦးဆုံး စမ်းသပ်စစ်ဆေးတာတဲ့။ သဘောကတော့ သူယုတ်မာဆိုရင် သူ့ဆီက ပညာမရနိုင်ဘူး။ အေးကွာ သူငယ်ချင်းရာ၊ ရွာကသတင်းကြားရတာ စိတ်မကောင်းလိုက်တာကွာ။ မင်းအကြောင်း ငါက ကောင်းကောင်း သိထားတာဆိုတော့ မင်းအောင်မြင်မှာပါ သူငယ်ချင်းရာ"

ကိုထွန်းတောက်နှင့် လမ်းခွဲကာ ကိုမင်းခိုင်ရွှေ့ဆက်ခရီးနှင်လေ၏။

ကိုထွန်းတောက် လမ်းညွှန်လိုက်သည့်အတိုင်း ရထားစီးရာ ညဘက် အချိန်မှသာ ရထားထွက်၏။ အဘယ်ကြောင့်ဆိုသော် ကျွဲညှောင်လေယာဉ်ကြီးနှစ်စင်းမှာ ရထားကိုလည်းအလွတ်မပေး။ စက်သေနတ်ဖြင့် ပစ်ခတ်တတ်လေသည်။ ရထားလမ်းဆုံးသော် ကားဆက်စီးရပြန်သည်။ နောက်ဆုံးရောက်ရှိသော်မြို့မှ လှည်းကြဲဖြင့်လိုက်ပါလာခဲ့သည်။ သူသွားလိုသော ပုလဲလုံးရွာသို့ ဆိုက်ရောက်ခဲ့ပါတော့သည်။ ရွာလေးသည် အိမ်ခြေနည်းပါးလေ၏။ သူတော်ကောင်း နတ်ကောင်းမကာ ကိုထွန်းတောက်ညွှန်ကြားသည့် အတွားဒေါ်မင်းသီတာ၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရပါ၏။

နေအိမ်တွင် ဒေါ်မင်းသီတာတစ်ဦးတည်းနေထိုင်ပါသည်။

"မောင်ရင့်နာမည် ဘယ်လိုခေါ်လဲ၊ ဘယ်အရပ်ကလဲ"

"ကျွန်တော်က မောင်မင်းခိုင်ပါ အဘွား။ အောက်ပြည်ကလာခဲ့ပါတယ်။ ကျွန်တော် လာရင်းကိစ္စက ကျွန်တော် တို့ရွာမှာ စုန်းမတွေသောင်းကျန်းလွန်းလို့ ကလေးတွေ အသေအပျောက်ရှိနေကြပါတယ်။ သူတို့ကို ဘယ်သူမှ မနှိမ်နင်းနိုင်ပါဘူး။ ကျွန်တော်က ကလေးတွေ အန္တရာယ်ကင်းအောင်စုန်းတွေပပျောက်သွားအောင် ကျွန်တော် အဘွားဆီမှာ ပညာသင်ယူချင်ပါတယ်။ ကျွန်တော့်ကို ပညာသင်ပေးပါလို့ အဘွားကို ကျွန်တော် အလေးအနက်တောင်းခံပါတယ်။ ကျွန်တော့်ကိုကူညီပါခင်ဗျာ"

"ပညာဆိုတာ လွယ်လွယ်နဲ့တော့ မရနိုင်ဘူး လုံလေးရဲ့။ အရင်ဆုံး မိမိကိုယ်ကို သန့်စင်အောင် နေထိုင်နိုင်ရမယ်၊ ကျင့်ကြံအားထုတ်နိုင်ရမယ်၊ ဆိုလိုတာက ငါးပါးသီလလုံခြုံရမယ်ပေါ့ကွယ်။ နောက်ပြီးတော့ ဇွဲရှိရမယ်။ တစ်ရက်၊ နှစ်ရက်တည်းနဲ့လည်း ပညာကိုယူလို့မရဘူး။ ငါရဲ့ပညာရပ်က အဆင်မြင့်တယ်။ ဒါမှလည်း မင်းတို့ဆီက ပညာသည်လေးတွေကို အနိုင်တိုက်နိုင်မယ်။ ဇွဲရှိရမှာဆိုတော့ ငါ့ဆီမှာ သုံးနှစ်သုံးပိုးနေနိုင်ပါ့မလား"

"ဗျာ - သုံးနှစ်တောင်ပညာသင်ရမယ်"

"ဘာလဲ၊ မင်းက ဇွဲမရှိဘူးထင်တယ်"

ကိုမင်းခိုင် ဇွဲမရှိ၍တော့ မဟုတ်ပါ။ ကလေးတွေအတွက် သုံးနှစ်တောင် စောင့်ဆိုင်းရမည်။ နည်းသည့်အချိန် မဟုတ်ပါသကား။ အမြန်ဆုံးကယ်ဆယ်ချင်ပါသည်။ ကိုမင်းခိုင် စိတ်လောနေ၏။ အဘွားကို စကားမပြန်နိုင်သော်

www.burmeseclassic.com

www.burmeseclassic.com

တွေဝေနေမိသည်။

"အေးလေ၊ မောင်ရင် ဒီတစ်ည အိပ်ပြီး သေချာစဉ်းစားပါ"

အဘွားက စဉ်းစားချိန်ပေးသည်။ ကိုမင်းခိုင်သည် အဘွားဒေါ်မင်းသီတာ၏အိမ်တွင် တည်းခိုရှိ ပညာသင်ယူရလျှင်ကောင်းမည်လော၊ ဒီကလှည့်ပြန်လျှင်ကောင်းမည်လော နှဖူးလက်တင်ကာ တစ်ညလုံးစဉ်းစားရင်း မဆုံးဖြတ်ရသေးမီ မီးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားပါသည်။

ကိုမင်းခိုင် တစ်ရေးနိုးသော် အကြေပေါ်လေ၏။

နံနက်ခင်း နေရောင်ခြည်မြင့်တက်လာသည်။ ကိုမင်းခိုင်၏ မှန်ကန်သောအတွေးများလည်း မြင့်တက်လာခဲ့ပါ၏။ အဘွားအိုဒေါ်မင်းသီတာ၏ ပညာအစွမ်းကို ကိုထွန်းတောက်ပြောပြသိရှိခဲ့ရသည်။ ငါသည် ဆရာသမားကောင်းနှင့်တွေ့ရလေပြီဟု စိတ်ကျေနပ်မိပါ၏။ ပညာသင်ယူရမည့်အချိန်သုံးနှစ်ကြာမြင့်မည်။ မိမိသည် ပညာမသင်ယူဘဲ စိတ်စောကာပြန်သွားပါက ရွာသို့ အချိန်တိုတိုနှင့်ပြန်ရောက်ပါသော်လည်း ကလေးများကို ကယ်တင်နိုင်မည်မဟုတ်။ ထို့ကြောင့် အချိန်ကြာမြင့်ချိန် သုံးနှစ်ကို တန်ဖိုးရှိရှိ အကျိုးရှိရှိ အသုံးချရန် ကိုမင်းခိုင် ပြတ်သားစွာဆုံးဖြတ် လိုက်ပါ၏။

"အဘွား၊ ကျွန်တော်ပညာသင်ယူပါ့မယ်"

နံနက်လင်းလျှင်လင်းချင်း အဘွားကို အိမ်ဦးခန်းတွင်တွေ့ရသည်။ ကိုမင်းခိုင်သည် အဘွားကို ခိုင်မာသောကတိပေးလိုက်ပါတော့၏။

"ကောင်းပါပြီကွယ်၊ သေချာပြီနော်"

"ဟုတ်ကဲ့၊ သေချာပါတယ်ခင်ဗျာ"

"ဒါဆိုရင် မင်းကို ငါ့တပည့်အဖြစ် လက်ခံလိုက်ပြီ လူကလေး"

ထိုနေ့မှစ၍ ကိုမင်းခိုင်ကို ပညာသင်ပေးမည်ဟု လက်ခံလိုက်သော အဘွားဒေါ်မင်းသီတာက အိမ်အလုပ်များကို လွှဲအပ်လိုက်၏။ ကိုမင်းခိုင်သည် အဘွား၏အိမ်မှုကိစ္စမှန်သမျှ အောက်ခြေသိမ်းလုပ်ဆောင်ပေးရလေသည်။ ပညာရှင်အဘွားထံမှပညာကို ကျွန်ခံ၍ ရယူရမည်ဖြစ်ပါသည်။ အဘွားသည် နံနက်ပိုင်း အိမ်မှုထွက်ခွာသွားလေ့ရှိပါသည်။ ညနေပိုင်းမှပြန်လာသည်။ တစ်နေ့တာ နေဝင်သွားသော်လည်း ပညာနှင့်တူသောပညာရပ်တစ်စွန်းတစ်စမျှ ကိုမင်းခိုင် မတွေ့မြင်ရသေးပါ။

တစ်နေ့သောအခါဝယ် အဘွားအပြင်သို့မထွက်မီ ကိုမင်းခိုင်က -

"အဘွား၊ ကျွန်တော် ရွာထဲသွားလို့ဖြစ်ပါရဲ့လား"

"ဘာဖြစ်လို့လဲ လူလေး"

"ဒီမှာ ပညာသည်တွေပေါများတော့ ကျွန်တော့်ကိုပြစားမလားလို့ပါ"

"မင်းက ငါ့အိမ်ကည့်သည်၊ ငါ့တပည့်မင်းကို ဘယ်သူမှမစော်ကားရဲပါဘူး လူလေး။ ရွာထဲသွားစရာရှိတဲ့ကိစ္စရဲရဲသာသွားပါ။ ဒီရွာမှာ မင်းကြောက်ရမယ့်သူမရှိဘူးလို့ ရဲရဲကြီးမှတ်ထားကွယ့်"

အာဂအဘွားဖြစ်ပါ၏။ဤရွာတွင် ထိပ်ဆုံးမှ ပညာရှင်ဖြစ်နိုင်သည်။ သူ့ကို ယှဉ်နိုင်မည့်သူမရှိချေတကား။ ကိုမင်းခိုင်အားရဝမ်းသာစွာဖြင့် -

"ဟုတ်ကဲ့ပါ အဘွား၊ ကျေးဇူးတင်ပါတယ်"

❑

ခြောက်လခန့် ကြာသောအခါ အဘွားသည် ငါးအရှင်များကို ၁နှစ်ချိုင့်တစ်လုံးဖြင့် ထည့်ယူလာခဲ့သည်။ ကိုမင်းခိုင်ကို ဟင်းစားချက်ခိုင်းလေ၏။

ကိုမင်းခိုင်က -

"အဘွား၊ ကျွန်တော် ပါဏာတိပါတက်ကို မကျူးလွန်နိုင်ပါဘူး။ ဒီနေ့ဟင်းစားအတွက် ကျွန်တော်ခြံထဲမှာစိုက်ထားတဲ့ ကန်စွန်းရွက်ခူးပြီး အချဉ်ရည်ဟင်းချက်ပေးပါ့မယ်"

အဘွားသည် ကိုမင်းခိုင်ကို ပြုံး၍ ကြည့်ကာ ခေါင်းညိတ်လိုက်ပါ၏။

ကိုမင်းခိုင်က -

"ကျွန်တော်ကို ဘယ်တော့ပညာသင်ပေးမှာလဲ"

မေးသည့်အခါတိုင်း -

"သင်ပေးမှာပေါ့ကွယ်"

ဟူသာ အဘွားဒေါ်မင်းသီတာ နှစ်သိမ့်ပေးထား၏။ တစ်နှစ်ခန့်ကြာသောအခါ ကိုမင်းခိုင် အပြင်းဖျားလေ၏။ အဘွားသည် ကိုမင်းခိုင်ကို ဆေးတိုက်ရန် ဆေးနှင့် အရက်ပုလင်းယူလာ၏။ အရက်ကို ဆေးနှင့်ရောတိုက်ရမည်ဖြစ်ပါ၏။

"အဘွား၊ ဒီအရက်က ဘာလုပ်ဖို့လဲ"

"ဆေးညွှန်းက အရက်နဲ့ရောတိုက်ရမယ်။ လူလေးဖျားနေတာ ကောက်ယူလိုက်သလို ချက်ချင်းပျောက်သွားမယ် ကွယ့်"

"အရက်ပါရင်တော့ ကျွန်တော် မသောက်ဘူး အဘွား"

"မင်း နေကောင်းမှ ရွာပြန်နိုင်မယ်။ ဒုက္ခသည်တွေကို ကယ်တင်နိုင်မှာပေါ့"

"ကျွန်တော် သီလပျက်ကြီးနဲ့ ဒုက္ခသည်တွေကို ဘယ်လိုကယ်တင်နိုင်မှာလဲ အဘွားရယ်"

ကိုမင်းခိုင်၏အဖြေကို အဘွားအိုဒေါ်မင်းသီတာ လွန်စွာမှ သဘောတူလေ၏။ အဘွားထံမှာ အရက်နှင့်မပတ်သက်သော ဆေးကောင်းဝါးကောင်းများ ရှိလေရာ ကိုမင်းခိုင် ကောင်းစွာကျန်းမာလာခဲ့သည်။

ကိုမင်းခိုင်သည် ပုလဲလုံးရွာတွင် အချိန်ကာလ တစ်နှစ်ခွဲကုန်ဆုံးလာခဲ့သည်။ အဘွား၏ပညာနှင့်ပတ်သက်၍ သူသည် နကန်းတစ်လုံးမျှ မသိရသေးချေ။ အဘွား၏လက်သုံးစကားအတိုင်း -

"သင်ပေးပါမယ် လူလေးရယ်"

ဟူသာ ဆိုလေ၏။ ဒီထက်ပို၍ ကိုမင်းခိုင်မသိရချေ။ ထမင်းစားကျွန်အလုပ်များကိုသာ သိမ်းကျုံးလုပ်ကိုင်နေရပါသည်။

တစ်ခုသောနံနက်ခင်းအချိန်အခါဝယ် အရပ်ရှစ်ခွင်၌ မြူခိုးဝေနေသည်။ ကိုမင်းခိုင်သည် အိမ်ရှေ့တွင် လှည်းကျင်းသန့်စင်လျက် စုပုံထားသော သစ်ရွက်ခြောက်များကို မီးရှို့နေသည်။ သစ်ရွက်မီးခိုးများ အထက်တစ်ခိုသို့ တလူလူတက်နေသည်။ တက်လာသော မီးခိုးငွေ့များကိုကြည့်နေရင်း ကိုမင်းခိုင်ရွာတွင် ဆောင်းတွင်းမီးလှုံခဲ့သည်ကို အမှတ်ရမိလေ၏။ မခက်ပန်နှင့်ရွာသတိရစေပါသည်။ ကိုမင်းခိုင်အနားသို့ အဘွားရောက်လာပြီး -

"ဒီမှာကြည့်စမ်း လူလေး"

အဘွား၏လက်ထဲတွင် မန်ကျည်စေ့ခန့်အရွယ်ရှိ အရည်လဲ့နေသော ပြောင်ပြောင်ဝင်းဝင်းနှင့် ကျောက်တစ်လုံးကိုပြသလေ၏။

"အဘွား၊ ဒါ ပတ္တမြားပဲဗျ"

"ဟုတ်တယ် လူလေး၊ အဘွားရဲ့အဘွားတော်သူ စောသျန္ဒီဟာ သီလမင်းရဲ့ မိဖုရားခေါင်ကြီးထံမှာ ခစားခဲ့ရတဲ့ အပျိုတော်တစ်ဦးပဲကွယ့်။ မိဖုရားခေါင်ကြီးက စောသျန္ဒီကို ဆုချခဲ့ဖူးတဲ့ အဲဒါတာ ဘိုးစဉ်ဘောင်ဆက်ဆီးသိမ်းလာခဲ့ကြတယ်။ အခု အဘွားလက်ထက်

www.burmeseclassic.com

www.burmeseclassic.com

ထိပေါ့ကွယ်။ နန်းတွင်းက လက်ဆောင်
လူလေးမြင်ဖူးရအောင်ပြတာပါ။ ကြုံ
တောင့်ကြုံခဲ့ မြင်ဖူးသွားပြီပေါ့ လူလေး
ရယ်”

ထိုနောက်ပိုင်းတွင် အိမ်တွင်း
အလုပ်များဖြစ်သော ထမင်းချက်၊
ထင်းခွဲ၊ ရေခပ်နှင့်သာ ကျင်လည်နေရ
သည့် ကိုမင်းခိုင် ပျင်းနေမည်ဆို၍
ရွာမြောက်ပိုင်းမှ အဘွားနှင့်ရင်းနှီးသော
ဒေါ်သူဇာတို့၏နေအိမ်သို့ အလည်အ
ပတ်လွှတ်လိုက်၏။ ရပ်ထဲရွာထဲတွင်
လည်း မျက်မှန်းတန်းမိနေပြီဖြစ်၍
ဒေါ်သူဇာတို့၏အိမ်သို့ ကိုမင်းခိုင်
အလည်ရောက်ခဲ့ပါ၏။ ရှမ်းရိုးရာအစား
အသောက်တို့ဖြင့် ဧည့်ခံလေ၏။ ကိုမင်း
ခိုင်ကို ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုကြပါ
သည်။

ဒေါ်သူဇာ၏နေအိမ်ကို မိန်းမလှ
ကျန်းဟုခေါ် ရလောက်သည်။ဒေါ်သူဇာ
တွင် ချောမောလှပသော မိန်းမပျို
ခြောက်ယောက်ရှိသည်။ ဒေါ်သူဇာ၏
ခွစ်မင်္ဂြိုးသည့် ရင်ခွစ်သည်းချာ ရင်သွေး
များတည်း။ အဘွားဒေါ်မင်းသီတာ၏
စာပည့်ကို လိုလေသေးမရှိ ပြုစုကြလေ
၏။ မိန်းမပျိုလေးများ၏ ပြုစုယုယမှုများ
ဏ ခင်မင်မှုသံယောဇဉ်ခိုင်မြဲစေ၏။

စောသီရိန္ဒယ်၊ စောပန်းမာလာနှင့်
အထွေးဆုံး စောယုမွှန်တို့သည် ငယ်ရွယ်
နုပျိုသော အလှဂုဏ်ကြွလျက် နွေထွေး
ပျိုညံကြလေ၏။ ကိုမင်းခိုင် အိမ်လည်
လာလျှင် လွတ်လပ်စွာစကားပြောနိုင်ကြ
စေရန် ဒေါ်သူဇာသည် စကားဝိုင်းပြင်ပ
သို့ ဖယ်ခွာနေလေ့ရှိပါ၏။ ကိုမင်းခိုင်
လာရောက်လည်ပတ်ဖန်များလာသော်
ယောကျ်ားအင်္ဂါရုပ် တည်ကြည်ခဲ့ညား
သော ကိုမင်းခိုင်အပေါ် တိမ်းညွတ်လာ
ကြလေ၏။

သို့ရာတွင် ကိုမင်းခိုင်အနေဖြင့်
ညီမအရင်းသဖွယ် ခင်မင်မှုထက်မပို့ချေ။

တစ်နေ့သောအခါဝယ် အဘွား
ဒေါ်မင်းသီတာ အပြင်သွားစဉ် အဘွား
၏ အဖိုးတန်ပတ္တမြားကို စားပွဲပေါ် တွင်
တွေ့ရလေ၏။

“ဩော် - အဘွားကလည်း၊ မေ့
တတ်ရန်ကော”

ကိုမင်းခိုင်သည် သူတစ်ပါးပစ္စည်း
ကို မထိတွေ့မကိုင်တွယ်လိုပေ။ သို့သော်
ဘန်ဖိုရှိပစ္စည်းပျောက်ဆုံးသွားမည်စိုး၍
အဘွား၏ အမှတ်တရပစ္စည်းလေးကို
ထောက်ယူသိမ်းဆည်းပေးထားလိုက်ပါ
၏။ အဘွားပြန်ရောက်ရောက်ချင်း -

“အဘွား ကျွန်တော် ဒီပတ္တမြားကို
ခဲ့ပေါ် မှာတွေ့လို့ သိမ်းထားပေးပါတယ်။
ဒီမှာပါ အဘွား ရော့”

အဘွားဒေါ်မင်းသီတာ ပတ္တမြား
ကို လက်ခံရယူလိုက်ပါ၏။ အဘွားသည်
ကိုမင်းခိုင်၏အကျင့်စာရိတ္တကို လေးစား
သောအကြည်ဖြင့် တစ်ချက်ကြည့်လိုက်
ပါသည်။ အဘွား၏နှတ်ခမ်းနှစ်လွှာမှ
ကျေနပ်သောအပြုံးပန်းတစ်ပွင့် ပွင့်အန်
ထွက်ကျလာလေသည်။

ကိုမင်းခိုင်နှင့် စောယုမွှန်တို့
ညီအစ်မတစ်စု ခင်မင်မှုသံယောဇဉ်ကြီး
မားလာ ကြ၏။ ညီအစ်မတစ်စုတို့သည်
ကိုမင်းခိုင်အပေါ် မဆွတ်ခင်က ညွှတ်
ချင်နေကြသည်။ သို့သော် ကိုမင်းခိုင်၏
သစ္စာသမာဓိစိတ်ဓာတ်က မခက်ပန်
အပေါ် မှာသာ ကျောက်စိုင်ကျောက်ခဲ
ပမာ တည်မြဲ၏။ ကိုမင်းခိုင်၏ ခိုင်မာ
သောစိတ်ဓာတ် အပြောင်းအလဲလုံးဝမရှိ
ချေတကား။

❑

တစ်ခုသော နံနက်ခင်းဝယ်
အဘွားနှင့် ကိုမင်းခိုင်တို့သည် ကောက်
ညှင်းပေါင်းနှင့်ပဲပုပ်၊ ရေနွေးကြမ်းစားသုံး
ကြရင်း အေးဆေးစွာ စကားပြောဖြစ်ကြ
လေ၏။ အဘွား ဒေါ်မင်းသီတာက -

“ဒီမိုးကုန်ရင် လူလေး အဘွားတို့
အိမ်မှာ သုံးနှစ်ပြည့်ပြီနော်”

“ဟုတ်ပါတယ် အဘွား”

ကိုမင်းခိုင်က အဘွားပန်းကန်ထဲ
သို့ ရေနွေးကြမ်းငွဲ့ပေးလိုက်ပါသည်။
အဘွားသည်လည်း ရေနွေးကြမ်းပူပူကို
မှုတ်သောက်ရင်း -

“လူလေးကို အဘွားမေးစရာရှိ
တယ်။ မုန်မှန်ဖြေပါ လူလေး”

“ဟုတ်ကဲ့ပါ အဘွား၊ ကျွန်တော်
မလိမ်တတ်ပါဘူး”

“အဲဒါအရေးကြီးတယ် လူလေး၊
မုသာဝါဒမဖြစ်ပါစေနဲ့။ အဘွား လူလေး
ကို ငါးတွေသတ်ပြီး ဟင်းချက်ခိုင်းခဲ့
တယ် မှတ်မိတယ်နော်။ ဆေးနဲ့ရောပြီး
အရက်ကိုပါသောက်ရမယ်လို့ အဘွား
ပြောခဲ့တယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး
အဘွားကို စိတ်ဆိုး၊ မဆိုး အမှန်တိုင်းသိ
ချင်တယ်”

အမှန်တကယ်ဆိုရလျှင် ကိုမင်း
ခိုင်သည် အဘွားကို လေးစားရသူတစ်
ယောက်ဖြစ်နေသည်။ အဘွားထံမှပညာ
ကိုလည်း ရယူလိုပါ၏။ အဘွားကို စိတ်
ဆိုးခဲ့သည်ဟု ဖြေလိုက်ပါက မိမိကို
ပညာသင်ပေးပါတော့မည်လော ဇဝေ
ဇဝါတွေးမိလာရ၏။ လိုက်လျောညီထွေ
ဖြေလိုက်ပါမှ အဘွားက ရှောရှောရှူရှူ
ပညာသင်ပေးလိမ့်မည်ဟု အတွေးဝင်ခဲ့
ရသည်။ သို့သော် အဘွားကို လိမ်ညာ
လိုက်မိပါက မိမိသည် အကုသိုလ်ကံ
များကောက်တော့မည်။ မိမိသည် သမာဓိနှင့်
နေထိုင်သူဖြစ်ပါ၏။ ထို့ကြောင့် -

“အဘွားရယ် ကျွန်တော်တောင်း
ပန်ပါတယ်။ ကျွန်တော် အဘွားကိုစိတ်
ဆိုးမိပါတယ်ဗျာ”

“အဲဒါအမှန်ပဲလား”

“အမှန်ပါပဲ အဘွားရယ်၊ သားကို
ခွင့်လွှတ်ပါနော်”

အဘွား ဒေါ်မင်းသီတာသည်
ကိုမင်းခိုင်ထံမှ လိုချင်သော အမှန်တရား
ကို ရလိုက်ပါသည်။ အဘွား၏မျက်နှာ
ကျေနပ်သောအပြုံးဖြင့် တွေ့လိုက်ရ၏။ သည်လိုနှင့် အဘွား၏ဝတ်ကြီးဝတ်
ငယ်ခြေဆုပ်လက်နယ် ပြုစုပေးရင်း
နေလာခဲ့သောအချိန် သုံးနှစ်တာ နီးကပ်
လာ၏။ ကိုမင်းခိုင်သည် ဒေါ်သူဇာ၏
သမီးများအပေါ် သင့်စင်ဖြူစင်ကြောင်း
ဒေါ်သူဇာမှတစ်ဆင့် သိလိုက်ရပါ၏။

ထို့ကြောင့် ကိုမင်းခိုင်၏အကျင့်
စာရိတ္တ ဖြူစင်သန့်ရှင်းမှုကို ကျောက်
ဆင်္ကာအကျရာတင်နိုင်ခဲ့ပါ၏။ အဘွား
ဒေါ်မင်းသီတာ၏ ကိုမင်းခိုင်၏သမာဓိ
ကို အကြွင်းမဲ့လက်ခံလိုက်ပြီဖြစ်ပါတော့
သည်။

ယနေ့သည် နတ်တော်လဆန်း
၁ ရက်နေ့။ နှင်းမှုန်လေးများကျစပြု
လာသည်။

“အဘွားရယ် ဒီနေ့ နတ်တော်လ
ဆန်း ၁ ရက်နေ့မှာ ကျွန်တော် အဘွား
ဆီကိုရောက်လာတဲ့နေ့မှာပဲ နှင်းမှုန်လေး
တွေကျနေတာကို သတိရမိတယ်။
အဘွားဆီမှာ ကျွန်တော်နေလာတာ သုံး
နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ သားကို ပညာ
သင်ပေးပါတော့နော်”

“လူလေး၊ သား အဘွားက သား
ကိုစောင့်ကြည့်နေခဲ့တာပါ။ သားရဲ့သီလ
သမာဓိပြည့်စုံရဲ့လား၊ အဘွားရဲ့ပညာ
နှင့် ထိုက်တန်သူဖြစ်ရဲ့လား သေချာ
အောင် အဘွားစစ်ဆေးရပါတယ်။
ဆီလမလုံခြုံရင် ငါ့သားကိုပဲ ထိခိုက်မှာ
ကွယ်။ အခု ငါးပါးသီလလုံခြုံတဲ့သားကို
အဘွားရဲ့ပညာအမွေပေးဖို့ ယုံကြည်
စိတ်ချလိုက်ပါပြီ”

“ဟင် - တကယ်လား အဘွား
ဝမ်းသာလိုက်တာ အဘွားရယ်”

www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ငါ့သား အဘွားနားကိုလာခဲ့၊ သားရဲ့ပါးစပ်ကိုဟလိုက်ပါကွယ်"

"ထွီ"

အဘွားသည် ကိုမင်းခိုင်၏ ဟထားသောပါးစပ်ဆဲသို့ ကံတွေးထွေးထည့်လိုက်ပါ၏။

"ငါ့သား အဘွားကို ယုံယုံကြည်ကြည်နဲ့မျိုချလိုက်ပေတော့"

ကိုမင်းခိုင်သည် ဿရဏဂုံသုံးပါးကို စိတ်ထဲမှ ပီပီသသရွတ်လိုက်ပြီး အဘွား၏ပညာတံတွေးကို လိုလိုလားလား မျိုချပစ်လိုက်၏။

(ဤနည်းဖြင့် ပညာအမွေပေးခြင်းကို ပညာကုန်ရယူလိုက်နိုင်ခြင်းဖြစ်ကြောင်း ကိုထွန်းတောက် ကြုံတင်ပြောပြထားချက်အရ ကိုမင်းခိုင် သိထားပြီးသား ဖြစ်ပါကြောင်း - စာရေးသူ)

ကိုင်း- ငါ့သား၊ အဘွားရဲ့ပညာစွမ်း အကုန်အလုံးစုံ ငါ့သားရလိုက်ပါပြီ"

"ကျေးလူးတင်ပါတယ် အဘွား"

"သားကို အဘွားမှာလိုက်စရာရှိတယ်။ ဒီပညာဟာ ကောင်းတဲ့ဘက်မှာသုံးရင် ကောင်းကျိုးများမယ်။ မကောင်းတဲ့ဘက်မှာသုံးမိရင်တော့ ကိုယ့်ရဲ့အသက်အန္တရာယ် ထိခိုက်ခံရလိမ့်မယ်။ သားဟာ ငါးပါးသီလလုံခြုံကြောင်း အဘွား စစ်ဆေးတွေ့ရှိခဲ့ရတယ်။ ဒါကြောင့် ငါ့သားသမာဓိကောင်းတာပေါ့။ အဘွားက အသက်ကြီးပြီလေ။အဘွားရဲ့ပညာလက်ဆင့်ကမ်းပေးချင်ခဲ့တာကြာပါပြီ။ တစ်ဦးတလေမှ ပေါ်ထွက်မလာဘူး။ သားနဲ့ အဘွား ပဌာန်းဆက်အမှန် ရှိခဲ့လို့ သားကို ပညာအမွေလွှဲပေးနိုင်ခဲ့တယ်။ အဘွား ကျေနပ်တယ်၊ အဘွား သေပျော်ပါပြီ သား၊ရယ်။ နောက်တစ်ခေါက် ငါ့သားယောနယ်ကိုထက်မလာနဲ့တော့။ အဘွားနဲ့တွေ့ရတော့မှာမဟုတ်ဘူး"

အဘွားစကားနားထောင်နေရင်း ကိုမင်းခိုင် ဝမ်းနည်းရလေသည်။

"အို - အဘွားရယ်"

"သားကို ဆေးကြိမ်လုံးရယ်၊ ရှမ်းပင်နီတိုက်ပုံရယ်ပေးလိုက်မယ်။ သတ္တဝါတွေကို ကယ်တင်ပါသား။ ငါ့သား ပင်ပင်ပန်းပန်း လုပ်စားစရာမလိုတော့ဘူး။ လောဘနည်းရင်တော့ အေးချမ်းပြီကွယ့်။ နောက်ဆုံး အဘွားမှာချင်တာကတော့ ဒုက္ခသည်တွေဆီက တစ်ပြားတစ်ချပ်မှ မတောင်းပါဘူးလို့ ကတိပေးပါ"

"အဘွားရဲ့စကားကို တစ်သဝေမတိမ်းနားထောင်ပါမယ်ဗျာ။ ဒုက္ခသည်တွေဆီက တစ်ပြားတစ်ချပ်မှ မယူဖါဘူးလို့ ကျွန်တော် သစ္စာပြုပါတယ်"

ကိုမင်းခိုင်သည် ဆရာမကြီး ဒေါ်မင်းသီတာကို ရိုသေစွာ ဦးသုံးကြိမ် ဂါရဝပြုလိုက်ပါ၏။ ကိုမင်းခိုင် မျက်ရည်လည်မိသည်။ ဝုရားပြည့်ဝသူ ဆရာမကြီး၏မျက်နှာ တည်ကြည်လျက်ရှိလေသည်။ ဆရာမကြီးသည် သားတပည့်၏ ရိုသေဂါရဝပြမှုကို လေးလေးနက်နက် ခံယူလိုက်ပါ၏။

❑

ကိုမင်းခိုင် ယောနယ်မှအပြန် ဆရာမကြီးက ဆုတောင်းမေတ္တာများ ကောင်းစွာ ပို့လွှတ်ပေးလိုက်သည်။ ဆရာမကြီး၏မေတ္တာခံယူပြီး ပြန်လာသူ ကိုမင်းခိုင် ခရီးလမ်းတစ်လျှောက် မည်သည့်အန္တရာယ်နှင့်မျှ ကြုံတွေ့ခဲ့ရခြင်း မရှိပါ။ ရန်ကုန်ရောက်သော် ကိုထွန်းတောက်အား ဝင်ရောက် နှုတ်ဆက်သည်။ ရန်ကုန်တွင် မနားတော့ပါ။ ရန်ကုန်မှ ရွှာလေ့ဖြင့် စုန်ဆင်းခဲ့သည်။ ကိုမင်းခိုင်သည် လေ့စီးရင်း ရွှာလေ့အသွားနှေးဆည်ဟု စိတ်ထဲမှာထင်မြင်သည်အထိ ရွှာကိုပြန်ရောက်ချင်သည့် စေ့ပြင်းပြနေပါသည်။

ဟိုးအဝေးမှာ သာယာကုန်းရွာလေး၏ အမှတ်အသား သစ်ပုပ်ပင်အို ကြီးလှမ်းတွေ့နေရပြီ။

ရွှာလေ့လေးသည် သာယာကုန်းနှင့်နီးကပ်လာပြီ။ ရွှာလေ့လေး ဇာရွှေ့ရွှေ့ ရွှေ့လျားဆဲ ဖြည်းဖြည်းချင်း လှေဆိပ်ကိုကပ်ပေးလိုက်၏။ ကိုမင်းခိုင် ရွာဘက်သို့လျှောက်ခဲ့ရာ တောလမ်းလေးကိုဖြတ်ရ၏။ ထိုနေရာတွင် သစ်ပုပ်ပင်အိုကြီး ထီးထီးမားမားရပ်တည်လျက်ရှိ၏။ ဟိုယခင်ကဆိုလျှင် တေးဆိုဌက်များဖြင့် သာယာနေ၏။ ယနေ့ထူးခြားစွာ တိတ်ဆိတ်နေပါသည်။ ကိုမင်းခိုင် သစ်ပုပ်ပင်အိုကြီးအောက်သို့ ရောက်သည်နှင့်-

"ဒိုး. . . ဒိုး. . . ဒိုး"

တောင်ပံခတ်သံကြီးများ ရုတ်တရက် ကျယ်လောင်စွာကြားလိုက်ရသည်။ မထင်မှတ်သောကြောင့် ကိုမင်းခိုင် ထိတ်ခနဲလန့်မိ၏။

အရိပ်မည်းကြီးသုံးခု ကိုမင်းခိုင် ခေါင်းပေါ်မှ ဖြတ်ပျံသွားသည်။ မည်းနက်နေသော ဌက်ကြီးသုံးကောင်၊ ချွန်ထက်သော နှုတ်သီးကြီးများဟလျက် အဝေးသို့ရောက်ရှိသွားပြီ ဖြစ်သည်။ ရုတ်တရက် ကိုမင်းခိုင် ထိတ်လန့်ရသည်။ သူ၏ခန္ဓာအိမ်မှ လိပ်ပြာလွှင့်စဉ်သွားပြီလော။ ကိုမင်းခိုင် ခေတ္တသမ်းရတော့မည်။ ရန်သူက လက်ဦးမှုရယူသွားခဲ့ပြီ ဖြစ်ပါသည်။ သူလျှပ်တစ်ပြက် စဉ်းစားလိုက်၏။ ဆရာမကြီးထံ မှာလိုက်သည်။

"လူလေး၊ ဥာဏ်ရှိသလိုသုံး"

ဟုဆိုကာ ဆေးကြိမ်လုံးပေးလိုက်သည်။ ကိုမင်းခိုင်လျှပ်တစ်ပြက်လှုပ်ရှားလိုက်၏။ သူ၏အိမ်သို့ ခြေလှမ်းကျဲကြီးများဖြင့် အမြန်ဆုံးအသော့နှင့်ငင်လေ၏။ ကိုမင်းခိုင် ရေကြီးသုတ်ဟုပြန်လာသည်ကို မခက်ပန်တွေ့လိုက်ရသည်။ သူ၏ လင်ထောက်မောင်ကို အားရဝမ်းသာဆီးကြိုလိုက်ပါ၏။

သို့သော် -

"မိန်းမ ခေါင်းတစ်လုံး အမြန်ပြင်လိုက်စမ်း"

"ရှင်"

ကြားလိုက်ရသောစကားကြောင့် မခက်ပန် ရင်တုန်ပန်းတုန်ဖြင့် အံ့အားသင့်လေ၏။

"အို- မောင်ကြီးကလည်း၊ နိမိတ်မရှိန္ဓမာမရှိ ဘာတွေပြောလိုက်တာတုံး"

"ရှင်းပြဖို့အချိန်မရဘူး၊ နောက်ကျသွားရင် ငါသေမယ်။ လက်သမားကိုဖူးညို အမြန်ခေါ်"

မခက်ပန်သည် ခြေမကိုင်မိလက်မကိုင်မိ ယောင်အမ်းအမ်းဖြင့် ကိုဖူးညိုခေါ်ကာ ကိုမင်းခိုင် ခိုင်းသည့်အတိုင်း စီစဉ်ပေး၏။

ကိုမင်းခိုင်ကို ခေါင်းတလားထဲသို့ နေရာချသည်။ အရေးကြီးဆုံးအချက်မှာ ကိုမင်းခိုင်၏ လယ်ယာလက်ထဲသို့ ဆေးကြိမ်လုံးထည့်ပေးလိုက်ခြင်းဖြင့် ပြည့်နှဲ့အောင်လုပ်ပေးနိုင်ခဲ့ပါ၏။ ထို့နောက် ခေါင်းအဖုံးကိုယူ၍ ဖိုးထားပေးလိုက်၏။ သံမရိုက်ရပါ။ မခက်ပန်၏နားထဲတွင်-

"ငါ့လက်ထဲကို ဆေးကြိမ်လုံးထည့်ပေးဖို့မမေ့ပါနဲ့"

ကိုမင်းခိုင်၏ နောက်ဆုံးအဓိဋ္ဌာန်စကားဖြစ်သည်။

ကိုမင်းခိုင်၏ တွက်ကိန်းမှန်လေ၏။ ကိုမင်းခိုင် ကွယ်လွန်ပြီဆိုသော သတင်း ရွာထဲသို့ရောက်သည်။ သတင်းကြားသူအချို့ အသုဘရှုကြရောက်လာကြ၏။ အိမ်ပေါ်သို့ ရှေ့ဆုံးမှတက်လာကြသူများကား ဤရွာမှကြောက်ရွံ့နေ

www.burmeseclassic.com

www.burmeseclassic.com

ကြရသည့် စုန်းမသုံးဦး စောရတနာ၊ စောရွှေမယ်၊ စောရွှေသွယ်တို့ဖြစ်ကြပါ၏။ သူတို့၏ပုံပန်းသဏ္ဌာန်ဟန်ပန်တို့မှာ သင်တိုင်းရှည်အနီစင်းများဝတ်ဆင်ထားကြ၏။ ဖွာလန်ကြဲနေသော ဖရိုဖရဲဆံနွယ်ရှည်များ သူတို့၏မျက်နှာပြင်ပေါ် သို့လည်း ဝဲကျလျက်ရှိပါ၏။ ဆံနွယ်များကြားမှ ပြောင်လက်နေသောမျက်လုံးများ စူးရှတောက်ပြောင်နေကြသည်။ ပေလွှားလွှားခြေလှမ်းများ၏အရှိန်ကြောင့် သင်တိုင်းစများ လူးလွန့်လွှင့်မျောနေကြ၏။

သူတို့သည် ခေါင်းပတ်လည်သုံးယောက်သား ဒူးထောက်အနေအထားဖြင့် လက်များကို မိုးပေါ် သို့ထောင်ထားကြ၏။ လက်ဖျားထိပ်မှ ခွန်ထက်သောလက်သည်းများမှာ စွန့်ရဲခြေသည်းများအလား ခေါင်းအုံးကိုဖွင့်၍ ဘေးသို့ပစ်ချလိုက်ကြ၏။ လက်များကိုမြှောက်၍ ရွတ်ဖတ်ကြသည်။ ရွတ်ဖတ်သည့်စကားလုံးများ မည်သည့်ဘာသာစကားနှင့် ရွတ်လေသည်မသိ။ မည်သူမျှနားမလည်။ ပါးစပ်ကရွတ်လိုက်၊ မြှောက်ထားသောလက်ကို ခေါင်းဘက်သို့ခါချလိုက်၊ သုံးကြိမ်သုံးခါပြုလုပ်၏။

မခက်ပန်သည် သူမ၏ရင်အတွင်းမှ တဖိန်းဖိန်းခုန်ကာ ကြောက်ရွံ့လျက် ဒေါ်လေးကိုဖက်ထားလေ၏။

ကိုမင်းခိုင် မျက်လုံးပွင့်လာသည်တို့ စုန်းမတို့မြင်လိုက်ကြရ၏။ အောင်သေအောင်သား စားသုံးကြတော့မည် သူတို့ နောက်သို့ ခြေတစ်လှမ်းအဆုတ်-

"ဝုန်း"

ကိုမင်းခိုင် ခေါင်းထဲမှ ခုန်ထွက်လိုက်၏။ သွေ့ာင်တစောင်း ပင်နီတိုက်ပုံတစ်ဆင်ထားသူ၏ ယာလက်ထဲမှာ ဆေးကြိမ်လုံး အဆင်သင့်ပါလာ၏။ ကိုမင်းခိုင် ကြမ်းပြင်ပေါ် သို့ ခြေအချုန်းမသုံးဦး လင်းတသုံးကောင်အသွင် ပြန်ပုံတက် ကိုမင်းခိုင်၏ဆေးကြိမ်လုံးလေထဲသို့ဝှေ့အယမ်း မီးခိုးလုံးကြီးကြား ထဲမှ လူသားမိန်းကလေးသုံးယောက်ပြုတ်ကျလာ၏။ အဖြစ်အပျက် အခန်းဆက်မြန်ဆန်လှ၏။ စုန်းမသုံးဦး ထပ်မံကြိုးစားပြန်၏။ ကိုမင်းခိုင်၏ဆေးကြိမ်လုံးဒဏ်မခံနိုင်။ မျက်စိမျက်နှာပျက်လာကြ၏။ တတိယအကြိမ်မြောက် ကြိုးစားကြသော်လည်း လုံးဝမအောင်မြင်တော့ချေ။

"ကိုင်း- နောက်ဆုံးမေးမယ်၊ နင်ဘို့ရဲ့ပညာငါ့ကိုလျှုမလား"

ကိုမင်းခိုင်က ကြမ်းပြင်ကို ခြေဖနောင့်ဖြင့် ပေါက်တော့မည်ဟန်နှင့် မေးလိုက်၏။ ညီအစ်မသုံးဦးတို့က မျက်ထောင့်နီကြီးများဖြင့်ကြည့်နေရာက သူတို့သုံးဦး တစ်ဦးကိုတစ်ဦးကြည့်လိုက်ကြပါ၏။ ဘယ်လိုလဲဆိုသောသဘော။ ကိုမင်းခိုင်၏ပညာအစွမ်းက အံ့မခန်းဖြစ်လေရကား။ ညီအစ်မတို့မယုံဉာဏ်တော့ပြီ။ သုံးမျက်နှာညှိုးငယ်စွာဖြင့် -

"ကျွန်မတို့ရဲ့ပညာ ဆရာကြီးကို လျှုပါတော့မယ်"

အားမတန် မာန်လျှော့ကြရလေပြီ။ သူတို့ဦးခေါင်းများညွတ်ကျသွားကာ စိမ်းစိမ်း၊ ဝါဝါ၊ နီနီ အရောင်စုံအရည်ပျစ်ပျစ်များ ပြိုင်တူအန်ချလိုက်ကြလေ၏။ ကာလရှည်ကြာစွာ သာယာကုန်းကျေးရွာကို ဒုက္ခပေးလာသော ရန်စွယ်များကို ကိုမင်းခိုင် ရှင်းလိုက်နိုင်ပါ၏။ ညီအစ်မသုံးဦးတို့ထံတွင် ဒုက္ခပေးနိုင်သည့်ပညာများ ကင်းစင်ပပျောက်ကုန်၏။ ကိုမင်းခိုင် များစွာ အားရကျေနပ်လိုက်ပါသည်။ ဆရာမကြီးဒေါ်မင်းသီတာ၏ကျေးဇူးကား ကြီးမားလှပါဘိတော့သည်။

❑

နောက်ဆက်တွဲကြေးလိုက်ရသည်မှာ -

ကိုမင်းခိုင် ရွာမှထွက်ခွာသွားပြီး ခြောက်လခန့်ကြာသောအခါ မြို့ပိုင်မင်း မစ္စတာရော်နယ်(လ်)ဆင် သာယာကုန်းကျေးရွာသို့ ရောက်ရှိလာ၏။ ယခုတစ်ကြိမ်တွင် မြို့ပိုင်မင်းသည် ပိုးဥကို မြို့သို့အပြီးအပိုင်ခေါ်သွားရန်ဖြစ်လေ၏။

"လူကလေး တိုက်မောင်း၊ ကျွန်ုပ်မနက်ပြန်မယ်။ ကျွန်ုပ်နှင့်အတူ ဘိုးဥကို ထည့်ပေးလိုက်ပါ။ မောင်မင်းကို ဆလာဘ်တွေအများကြီးပေးဖို့ စီစဉ်ထားတယ်။ လူကလေးကျေနပ်ပါရဲ့လား"

"ကျေနပ်ပါတယ်၊ ကျေနပ်ပါတယ် သခင်ကြီး"

ကြားလိုက်ရသောစကား ချိုမြလေရာ သူကြီးမျက်နှာ ပျားရည်များလိမ်းကျံသွားလေ၏။ အခန်းထဲမှ ပိုးဥမျက်ဝန်းမှ မိုးပုလဲပန်းများကြွေကျလာ၏။ ပိုးဥ အားငယ်စွာ ငိုရှိုက်နေရ၏။ ငိုရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့ပါတကား။ အစ်မ မခက်ပန်သည်လည်း ပိုးဥကိုမကယ်နိုင်ရှာ။ မိမိကိုယ်ကိုမိမိသတ်သေရန် ကြံစည်မိသည်အထိ လော်ကကြီးကို ပိုးဥစိတ်နာရပါ၏။ ပိုးဥ၏ ကံကြမ္မာအပြောင်းအလွဲ ထိုညတွင်ဖြစ် ပေါ် လာပုံမှာ -

ဓားပြခေါင်းဆောင် မင်းဒင်ဦးဆောင်သောအဖွဲ့ သူကြီးအိမ်ကို ဝင်ဓီးကြ၏။ မြို့ပိုင်မင်း မစ္စရော်နယ်(လ်)ဆင်သည် ပိုးဥကိုတင်တောင်းရန် ရွှေငွေရတနာများယူဆောင်လာသည့်သတင်းရထားသောကြောင့်ဖြစ်ပါ၏။ သူကြီးအိမ် ဓားပြတိုက်ပြီး ဥစ္စာပစ္စည်းအလုံးစုံတို့ကို ယူဆောင်ကြ၏။ ဗိုလ်မင်းဒင်သည် ဓားပြတိုက်သော်လည်း ရရှိသည့်ပစ္စည်းများကို မရှိဆင်းရဲသားများကို ဝေငှပေး၏။ ထို့ကြောင့် သူတစ်ပါးတို့၏အသက်ကို ရန်ရှာ လေ့မရှိပါ။

သို့သော်-

လူသတ်လေ့မရှိသောမင်းဒင်သည် ထိုညတွင် လူနှစ်ယောက်ကို ရက်ရက်စက်စက် သုတ်သင်လိုက်ပါ၏။ လူပြည်တွင်ထားရန်မသင့်လျော်သည့် ယုတ်မာသော သူကြီးတို့က်မောင်းနှင့် မျက်နှာဖြူနယ်ချဲ့မြို့ပိုင်တို့ကို သူကြီးဆုရထားသောနှစ်လုံးပြူသေနတ်ဖြင့် ဇီဝိန်ခြွေလိုက်သည်။ မင်းဒင်သည် ထိုနှစ်ယောက်လူပြည်မှ အပြီးအပိုင်နှင်ထုတ်လိုက်လေတော့သည်။

တစ်ဦးတည်းသော သမီးပိုးဥသည် မျက်စိသူငယ်နားသူငယ်ဖြစ်ရှာ၏။ ကူညီစောင့်ရှောက်ပေးနိုင်သူမှာ အစ်မဝမ်းကွဲ မခက်ပန်သာလျှင် ဖြစ်ချေ၏။ ထို့ကြောင့် ပိုးဥသည် မခက်ပန်တို့အိမ်သို့ ရောက်လာရပါ၏။ ကလေးမရှိသော ဦးမင်းခိုင်နှင့်ဒေါ်ခက်ပန်တို့သည် မပိုးဥကို သမီးအဖြစ် မွေးစားလိုက်ကြပါတော့သည်။

ထိုအချိန်မှာစ၍ သာယာကုန်းကျေးရွာသည် ဆရာကြီးဦးမင်းခိုင်၏ အာဏာစက်အောက်တွင် အေးချမ်းတည်ငြိမ်စွာဖြင့် ဆက်လက် ရှင်သန်နေပါသတည်း။

သုခိအတ္တာနံပရိဟရန္တု

အောင်မြင့်ထွန်း (မသုံးလုံး)

မှတ်ချက် -

စာရေးသူငယ်စဉ်က မိဘတို့ပြောပြခဲ့သည်များကို ပြန်လည်ဖွဲ့နွဲ့တင်ပြခြင်းဖြစ်ပါသည်။ ကွယ်လွန်ပြီး ကျေးဇူးရှင် မိဘနှစ်ပါးတို့အား ဤစာစုဖြင့် ဂါရဝပြုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးကောဝိဒ
(မြို့တော်)
ရှုထွေးနိုင်ထွေး ရှုံးတွေ့ထွေး

ပို့များတယ်"

လို့ ပြောဆိုတတ်ကြပါတယ်။

အများအမြင်မှာတော့ အားထု စရာဖြစ်ပေမယ့် တကယ်တော့ပြောရင်း နဲ့ သားသမီးချင်းမသိမသာပြိုင်နေကြ တာပါ။ သားသမီးချင်းပြိုင်တယ်ဆိုတာ ကလေးတွေကမပြိုင်ပါဘူး။ အဲ အမေများက ပြိုင်ကြတာဖြစ်တယ်။ ဒီလို ပါပဲ၊ ပစ္စည်းရှိတဲ့သူများက ပစ္စည်းချင်း ပြိုင်ကြတယ်။ ရာထူးရှိတဲ့သူများထ လည်း ရာထူးချင်းပြိုင်ကြတာရှိကြပါ တယ်။ ဒီလိုပြိုင်တဲ့နေရာမှာ လိုချင်မှု မခံသာမှု၊ အပြီးထားမှု၊ မာန်မာနထောင် လွှားမှု၊ အနိုင်လိုချင်မှု စတာတွေပါနေ တဲ့အတွက် အကုသိုလ်အခြေခံတယ်လို့ ပြောရပါမယ်။ ဒါကြောင့် ပြိုင်တဲ့နေရာ မှာ မတတ်သာလို့ ရှုံးတာပဲဖြစ်စေ အဆင်ပြေလို့နိုင်တာပဲဖြစ်စေ ရှုံးသူ နိုင်သူအားလုံးကို အရှုံးစာရင်းမှာပဲထည့် ရပါမယ်။

တစ်ဖန် အလှူဒါန်ပြုတဲ့နေရာမှာ လည်း သူ့အလှူကဘယ်လို၊ ငါ့အလှူက ရင် သူထက်သာအောင်လှူမယ်ဆိုပြီး အလှူနဲ့စပ်ပြီးယှဉ်ပြိုင်ကြတယ်။ ကိုယ့် အလှူက တစ်ပါးသူရဲ့အလှူထက်သာ သွားရင် ရင်ကျေပြီး ငါမို့လှူနိုင်တာပဲ ပြီး မာန်မာနထောင်လွှားတတ်ကြပြန် တယ်။ အစကတော့ ကုသိုလ်ရေးပါပဲ နောက်တော့ မထားသင့်တဲ့စိတ်တွေ ကြောင့် အကုသိုလ်လမ်းကြောင်းပြောင်း သွားတတ်ပါတယ်။ ဒါကိုလည်း အရှုံး စာရင်းထဲထည့်ရပါမယ်။

အခုအခါ စာရေးသူတို့ မြို့ ဒေသကြီးမှာ (ဒေသအခေါ် - သီ မြို့နယ်ပေါင်းစုံစာဆိုပြိုင်ပွဲကို ကြိတ်

လောကမှာ ပြိုင်ပွဲတစ်ခုကိုဝင်ပြိုင် ကြတယ်ဆိုတာ ပြိုင်ပွဲဝင်တဲ့သူများအဖို့ ရလဒ်ကတော့ အနိုင်နဲ့ အရှုံး၊ သရေဆို တာကလွဲပြီး အခြားမရှိတော့။ တကယ် တမ်းပြောရရင် ပြိုင်တယ်ဆိုတာ အနိုင် လိုချင်လို့သာ ပြိုင်ကြတာပါ။ ဘယ်သူမှ အရှုံးနဲ့ မရင်ဆိုင်ချင်ကြပါ။

ပြိုင်တာနဲ့စပ်လို့ လောကမှာ သက်ရှိပစ္စည်းချင်းပြိုင်တာလည်းရှိသလို သက်မဲ့ပစ္စည်းပြိုင်တာလည်းရှိတယ်။

"ကျွန်မသားက (×××) နိုင်ငံမှာ (×××) ဘွဲ့အတွက် ပညာသင်နေတယ်။ အခုဆို ဘွဲ့တွေရလို့ အလုပ်တောင်ရ နေပြီ။ တစ်လဒေါ်လာဘယ်လောက်ရ တယ်။ သမီးငယ်ကပိုတော့်တယ်။ သူက (×××) နိုင်ငံမှာ။ လစာက သားကြီးထက်

www.burmeseclassic.com

www.burmeseclassic.com

ကျင်းပလေ့ရှိပါတယ်။ ထို့အတူ တနသာရီတိုင်းစစ်ဌာနချုပ်မှ ဦးစီးကျင်းပတဲ့ ထပ်ပေါင်းစုံပဉ္စာန်းပစ္စယနိဒ္ဒေသရွတ်ဆိုပြိုင်ပွဲဆိုတာလည်းရှိပါတယ်။ ဒီလိုပြိုင်ပွဲတွေဖြစ်ပေါ် လာတယ်ဆိုတာ သာသနာအတွက် အားရစရာတစ်ခုပါ။ ဘာကြောင့်လဲဆိုရင် စာဆိုပြိုင်ပွဲဝင်တဲ့သူတွေမှာ ပဋ္ဌာန်း၊ မဟာသမယသုတ်၊ ဝရိတ်ကြီး (၁၁) သုတ် ဆိုတာတွေကို အလွတ်ရလိုက်လို့ပါပဲ။ သာမန်အားဖြင့်ဆိုရင် ဘယ်သူမှအချိန်ကုန်ခံပြီးမကျက်နိုင်ကြပါဘူး။ ရှိစေတော့။ ပြောလိုတာက ပြိုင်ပွဲရဲ့နောက်ကွယ်မှာ အထက်ကပြောခဲ့အတိုင်း ပြိုင်တယ်ဆိုတာ အနိုင်လိုချင်လို့ပြိုင်ကြတာဆိုတော့ ပြိုင်ပွဲမှာ ပထမရတဲ့အဖွဲ့က ဝမ်းပန်းတသာဖြစ်ကြတယ်။ ပျော်ရွှင်ကြတယ်။ အချို့ကျတော့ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုသီးသီးရကြတယ်။ အဲဒီအခါ ပထမရချင်လွန်းလို့ ကြိုးစားထားရတဲ့အဖွဲ့က ပထမမရလို့မကျေနပ်နိုင်ဘဲ -

"ရထိုက်ရက်သားနဲ့မရဘူး။ အဲဒါ ဒိုင်ပင်းတာ၊ မျက်နှာလိုက်တာ"

ဆိုပြီး မကျေနပ်သံတွေထွက်လာတယ်။ ဒါဟာ ကုသိုလ်ကနေ အကုသိုလ်ဘက်ကို လမ်းကြောင်းပြောင်းမှန်းမသိပြောင်းသွားတာပါ။ ဒါကိုလည်း အရှုံးစာရင်းထဲထည့်ရပါမယ်။

တကယ်တော့ အစကတည်းက တရားတော်များကိုရွတ်ဖတ်ပူဇော်တိုင်း ကုသိုလ်ရအောင် ရွတ်ဖတ်ပူဇော်မယ်ဆိုတဲ့စိတ်ထားနဲ့ ပြိုင်တယ်လို့ သဘောမထားဘဲ ကုသိုလ်စိတ်နဲ့ရွတ်ဖတ်ကြမယ်ဆိုရင် သူ့အတွက်ကံကောင်းလို့ ပထမရရင်လည်း တအားကြီးဝမ်းမသာသလို၊ ဘာမှမရရင်လဲ မကျေနပ်တဲ့စိတ်တွေဖြစ်လာမှာ မဟုတ်ပါဘူး။ နိုင်တယ်၊ ရှုံးတယ်ဆိုတာကို စိတ်ထဲမထားဘဲ ပြိုင်တဲ့သူတွေအတွက်တော့ ကုသိုလ်တွေရပြီးရင်းရနေပြီး စိတ်ထဲငြိမ်းချမ်းနေမှာဖြစ်တယ်။

ဒါနဲ့စပ်လို့ လွန်လေပြီးတဲ့အခါတုန်းက မဟာကောသလမင်းဆိုတာရှိတယ်။ ကောသလတိုင်းကို အုပ်ချုပ်နေတဲ့မင်းတစ်ပါးပါ။ အဲဒီမင်းမှာ သားတော်ဗသေနဒီကောသလနဲ့ သမီးတော်ဝေဒေဟီဆိုပြီး သားသမီးနှစ်ဦးထွန်းကားခဲ့ပါတယ်။ အရွယ်ရောက်တဲ့အခါ သမီးဖြစ်သူ ဝေဒေဟီမင်းသမီးကို ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနဲ့လက်ထပ်ပေးပြီး ကာသိရာဇ်ကြီးကို မင်္ဂလာလက်ဖွဲ့အဖြစ်နဲ့ပေးလိုက်ပါတယ်။ ကာသိရာဇ်ကြီးဟာ ကောသလတိုင်းနဲ့ မာဂဓတိုင်းတို့ရဲ့ နယ်စပ်အနီးမှာတည်ရှိပါတယ်။ တစ်နှစ်ကို အခွန်တော်ငွေ တစ်သိန်းတိတိရရှိပါတယ်။

ဒီလိုနဲ့ ဗိမ္ဗိသာရမင်းနဲ့ ဝေဒေဟီမင်းသမီးတို့ကို အကြောင်းပြုပြီး သားတော်တစ်ဦးဖွားမြင်တယ်။ သူနာမည်က အဇာတသတ်မင်းသား ဖြစ်ပါတယ်။ အရွယ်ရောက်တဲ့အခါ ဆရာပေါင်းများပြီး ဖခင်ဗိမ္ဗိသာရမင်းကိုသတ်ကာ နန်းတက်ခဲ့ပါတယ်။မကြာခင်မှာပဲ ဝေဒေဟီမင်းသမီးလည်း ခင်ပွန်းသေဆုံးခဲ့တဲ့အတွက် ပူဆွေးသောကဖြစ်ကာ ကွယ်လွန်ခဲ့ပါတယ်။

ဒီအချိန်မှာ ဖခင်မဟာကောသလမင်းမရှိတဲ့နောက် သားဖြစ်သူကောသလမင်းက ကောသလတိုင်းမှာ မင်းလုပ်အုပ်ချုပ်ပါတယ်။ တစ်နေ့မှာ ဖခင်ကြီးသက်ရှိထင်ရှားရှိစဉ်က ဝေဒေဟီမင်းသမီးကိုလက်ဖွဲ့အဖြစ်ပေးခဲ့တဲ့ ကာသိရာဇ်ကြီးကို ဝေဒေဟီမင်းသမီးနဲ့ ဗိမ္ဗိသာရမင်းတို့မရှိတဲ့နောက် ငါပိုင်သင့်သည်ဆိုကာ ကာသိရာဇ်ကြီးကို လိုချင်လာပြန်တယ်။ ဒါနဲ့ ကောသလမင်းဟာ ဘုတော်အဇာတသတ်မင်းကို ကာသိရာဇ်ကြီးပြန်လိုချင်တယ်ဆိုတဲ့အကြောင်း ပြောပါတယ်။ အဇာတသတ်က မိခင်၊ ဖခင်မရှိတဲ့နောက် မိဘပိုင်တာတွေအားလုံး သားပဲပိုင်တယ်၊ မပေးနိုင်ဘူးဆိုပြီး အငြင်းပွားရာက ဦးစီးတော် ကောသလမင်းနဲ့ ဘုတော် အဇာတသတ်မင်းတို့ စစ်ဖြစ်ကြပါတယ်။ စစ်ပွဲမှာ ဦးစီးတော်သူကောသလမင်းဟာ အဇာတသတ်ကို စစ်ရှုံးခဲ့ပါတယ်။ ဒါကြောင့် နောက်ပါတပ်များကိုဆုတ်စေပြီး နေပြည်တော်သာဝတ္ထိကို ပြန်ခဲ့ရပါတယ်။

တစ်နေ့နှံ့နက်ခင်းမှာ သာဝတ္ထိမြို့အတွင်း ဆွမ်းခံကြွတော်မူပြီး ကျောင်းကို ပြန်ရောက်လာကြတဲ့ရဟန်းတော်များက ကောသလမင်းနဲ့ အဇာတသတ်မင်းတို့ စစ်တိုက်ခဲ့ကြပုံ၊ စစ်ရှုံးတဲ့အတွက် တပ်ဆုတ်ကာ သာဝတ္ထိကိုပြန်လာခဲ့ရပုံများကို ဘုရားရှင်အား လျှောက်ထားကြပါတယ်။

ဘုရားရှင်က -

"အို - ရဟန်းတို့၊ ဝေဒေဟီမိဖုရားရဲ့သားဖြစ်တဲ့ အဇာတသတ်ဟာ ဒေဝဒတ် စတဲ့မိတ်ဆွေယုတ်ရှိတဲ့သူဖြစ်တယ်။ ညှဉ်ဖျင်းတဲ့အဖော်တွေရှိတယ်။ ယုတ်ညှဉ်တဲ့အဖော်တွေအပေါ် မှာ ကိုင်းရှိုင်းမှုရှိသူဖြစ်တယ်။ ပသေနဒီကောသလမင်းတတော့ ရှင်သာရိပုတ္တရာစတဲ့ မိတ်ဆွေတော်း အဖော်ကောင်းရှိသူဖြစ်တယ်။ မိတ်ဆွေကောင်း အဖော်ကောင်းတို့ ကိုင်းရှိုင်းသူဖြစ်တယ်။ ယခုအခါ ကောသလမင်းဟာ စစ်တစ်ကြိမ်သာနိုင်းထားဖြစ်တဲ့အတွက် တစ်ညတာလောက်ပဲ ပူပင်သောတရောက်လိမ့်မယ်"

လို့ မိန့်တော်မူပြီး ဘုရားရှင်တ -

"လောကမှာ အောင်နိုင်သူဟာ ရန်များတတ်တယ်။ ရှုံးလာတဲ့သူမှာလည်း မုချဆင်းရဲရပါတယ်။ ကိလေသာအပူမီး အပြီးငြိမ်းအေးပြီးတဲ့သူများမှာ အနိုင်၊ အရှုံးနှစ်မျိုးလုံးကို လုံးဝစွန့်ပယ်နိုင်ခဲ့တဲ့အတွက် ရှုံး၊ နိုင်မရှိဘဲ အမြဲတမ်းချမ်းသာစွာနေရတယ်"

လို့ မိန့်တော်မူပါတယ်။

တွေးမိတာတစ်ခုရှိတယ်။ ကမ္ဘာဟဲဒီးဝိတ်လက်ဝေ့ပွဲမှာ အနိုင်ရလို့ချန်ပီယံဖြစ်လာတဲ့အခါ ကိုယ့်ကိုစိန်ခေါ်သူတွေများလာကာ မပြီးနိုင်တဲ့ လက်ဝေ့ထိုးသတ်မှုတွေနဲ့အတူ ရန်များလှပါတယ်။ ဒါကြောင့် နိုင်သူဟာ ရန်များလှပါတယ်။ ရှုံးသူမှာတော့ ဆင်းရဲမှုတွေ အပြည့်ရှိနေလိမ့်မယ်။ ဒါပေမယ်လို့ အနိုင်၊ အရှုံးကို မလိုချင်တဲ့သူများမှာတော့ ရန်များတာလည်းမရှိတော့၊ ဆင်းရဲတာလည်းမရှိတော့ဘဲ ငြိမ်းချမ်းတဲ့ဘဝပိုင်ရှင်ဖြစ်ရတာပါ။

ဆက်လက်ပြီး နောက်ပြိုင်ပွဲတစ်ခုပြောချင်ပါသေးတယ်။ တစ်ခါတစ်ရံကိုယ့်ရဲ့စိတ်ထဲမှာ ကောင်းတာနဲ့မကောင်းတာ လွန်ဆွဲပြိုင်နေတာလည်း ရှိသေးတယ်။ ကောင်းတဲ့ဘက်အားကြိုးရင် ကောင်းတဲ့ဘက် ပါသွားတာရှိသလို မကောင်းတဲ့ဘက်ကို အားသာပြီး မကောင်းတဲ့လမ်းကြောင်းပေါ် ရောက်သွားတာလည်းရှိတတ်ပါတယ်။

ဒါနဲ့စပ်လို့ ဘုရားရှင်လက်ထက်တော်အခါက နှစ်ယောက်ပေါင်းမှအပေါ် ဝတ်ရဲ့ တစ်ထည်သာရှိတဲ့ ဇနီးမောင်နှံနှစ်ယောက်ရှိပါတယ်။ တစ်နေ့ ဘုရားရှင်ရဲ့ တရားသဘင်ပွဲရှိတာကို သိတဲ့အတွက် အမျိုးသမီးဖြစ်သူက အပေါ် ဝတ်ရုံကိုဝတ်ပြီး နေ့အခါ တရားသွားနာပါတယ်။ ပြန်လာတဲ့အခါ ယောကျ်ားဖြစ်သူဟာ မိန်းမဆီက အပေါ် ဝတ်ရုံကိုပြန်ယူပြီး ညဘက်မှာ တရားနာသွားရောက်ခဲ့ပါတယ်။ တရား သဘင်ပွဲရောက်တဲ့အခါမှာ ထုတ်သူရေ

www.burmeseclassic.com

www.burmeseclassic.com

စာမြိန်စေမင်း(ထောင်းစေ့ကြီး)

အနာဆွေး၊အနာဟောင်းများ အမြန်ကျက်စေရန်

ထိရှသောဒဏ်ရာကြောင့်ဖြစ်စေ၊ အဖုအပိမ့်ပေါက်၍ဖြစ်စေ အနာဖြစ်လာသောအခါ တစ်ခါတစ်ရံ တော်တော်နှင့်မကျက်နိုင်ဘဲ အနာဟောင်း၊ အနာဆွေးများဖြစ်လာတတ်သည်။ ထိုအခါ သာမန်အနာကျက်ဆေးများသုံးခွဲသော်လည်း ပျောက်ကင်းသည်မရှိဘဲ အနာမှာ ကြီးထွားသည်ထက် ကြီးထွားလာတတ်ပါသည်။ ပြည်များ၊ သွေးပုပ်များက အရေပြားနှင့် အသားကိုစားလာသော် ပို၍ပင် စိုးရိမ်စရာဖြစ်လာရပါသည်။ အချို့ဆိုလျှင် ဆေးရုံတက်ရောက် ကုသရသဖြင့် အခိုန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ကြရပါသည်။

မသိသူကျော်လွှား၊ သိသူဖော်စားဟူသော စကားနှင့်အညီ သိသူများ အတွက် ဆေးနည်းမခက်ပါ။ မြန်မာတို့၏အိမ်ခြံဝင်းများတွင် စိုက်ပျိုးထားလေ့ရှိသော သက်ရင်းကြီးပင်သည် ဆေးဖက်အလွန်ဝင်လှ၏။ ကျောအောင့်၊ ရင်အောင့်၊ ခါးကိုက်၊ ဒူးကိုက်၊ အကြောတက်၊ အသည်းရောင်၊ ဝမ်းချုပ်၊ လေထိုး၊ လေအောင့်၊ ဝမ်းသွား၊ ဝမ်းကိုက်၊ ဒူလာလိပ်ခေါင်း စသည်ဖြင့် ရောဂါတော်တော်များများအတွက် အစွမ်းထက်လှသော ဆေးဖက်ဝင်အပင်ဖြစ်သည်။

သက်ရင်းကြီးပင်သည် ပင်လတ်မျိုးဖြစ်ပြီး အမြင့်ပေနှစ်ဆယ်ကျော်အထိ မြင့်တက်ရှင်သန်တတ်သည်။ အရွက်များ ဦးချွန်ပြီး အနားသားတွင် (တမာရွက်ကဲ့သို့) လွှသွားပုံသဏ္ဌာန် ခွေးသွားစိတ်ကလေးများပါရှိသည်။ အရသာမှာ အနည်းငယ်ခါးသက်၍ပူသည်။

အထက်ပါ အနာဆွေး၊ အနာဟောင်းများအတွက် အသုံးပြုမည်ဆိုလျှင် အရွက်မနုမရင့် လေးငါးဆယ်ရွက်အနာနှင့် သင့်သလောက်ကို ခူးယူ၍ ကျောက်ပျဉ်တွင် ကြိတ်ခြေပါ။ ထိုးကြိတ်ခြေဖတ်များကို အနာပေါ် အုံ၍ ပတ်တီးစည်းပေးထားပါ။ တစ်နေ့နှစ်ကြိမ်ခန့်ပြုလုပ်ပေးပါ။ အနာကိုပတ်တီးမစည်းမီ လက်ဖက်ခြောက်ပြုတ်ခပ်ဖန်ဖန် သို့မဟုတ် ကုက္ကိုရွက်ပြုတ်ပြုတ်ဖန်ရည်အမြဲဆေးပေးပါ။ ဆီးချိုရောဂါရှိလျှင် ဆီးချိုကျဆေးသောက်ရန် လိုပါသည်။

တင်နိုင်ဝင်း(ထမင်းစေ့ကြီး)

ရှိလှတဲ့ ဘုရားရှင်ရဲ့ အဆင်းတော်ကို ဖူးမြော်လိုက်ရတယ်ဆိုရင်ပဲ စိတ်ထဲမှာ ပီတိသောမနဿတွေတဖွားဖွားဖြစ်လာပါတယ်။ ဒီလိုနဲ့ တရားတော်ကိုနာကြားခဲ့ရာက ညဦးပိုင်းမှာ နှစ်ယောက်ပေါင်းမှ တစ်ထည်တည်းသာရှိတဲ့ အပေါ်ဝတ်ရုံကို ဘုရားရှင်အားလျှာချင်တဲ့ သဒ္ဓါတရားတွေ အားကောင်းလာပါတယ်။ လျှာချင်တဲ့စိတ် ဖြစ်ပေါ်လာကာရှိသေးတယ်။ အိမ်မှာကျန်ခဲ့တဲ့ သူဇနီးရဲ့မျက်နှာကို မြင်ယောင်လာကာ ဇနီးသည်ဝတ်ဖို့မရှိဘဲနေမှာကိုတွေးပြီး နှမြောတွန့်တိုတဲ့ မစ္ဆရိယစိတ်တွေက အားဇောင်းလာပါတယ်။ ဒီလိုနဲ့ ပထမညဦးယံလွန်မြောက်ပြီး ပစ္ဆိမယံကိုရောက်လာပါတယ်။ အဲဒီမှာ တရားနာရင်းနဲ့ ဘုရားရှင်သက်တော်ထင်ရှားရှိတုန်း လျှာရတာ အကျိုးကြီးလှတယ်။ ငါလျှာလိုက်တော့မယ်ဆိုပြီး လျှာချင်တဲ့သဒ္ဓါစိတ်တွေ တဖွားဖွားဖြစ်လာပြန်ပါတယ်။ လျှာဖို့လုပ်နေတုန်းမှာပဲ ဇနီးသည်မျက်နှာကို တစ်ဖန်မြင်ယောင်လာပြီး နှမြောတွန့်တိုတဲ့ မစ္ဆရိယစိတ်ဖြစ်ပေါ်ပြန်တယ်။ ဒီလိုနဲ့ သန်းခေါင်ယံသာကုန်လွန်ခဲ့ပါတယ်။ သဒ္ဓါနဲ့ မစ္ဆရိယပြိုင်နေရင်းနဲ့ မစ္ဆရိယက အားသာလို့ သူခမျာ မလျှာနိုင်ဘဲရှိနေရှာတယ်။

ဒီလိုနဲ့ နောက်ဆုံးပစ္ဆိမယံရောက်သောအခါမှာ အရင်တုန်းက မလျှာလို့ မရှိဆိုတာလို မလျှာဒါန်းခဲ့တဲ့အတွက် အခုလို ချို့တဲ့နေရတယ်။ အခုလည်း အခွင့်သာနေရက်နဲ့မလျှာနိုင်ရင် နောင်ဘဝအတွက်တွေးရဲစရာတောင်မရှိတော့ဘူး။ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်တော့ ငါလျှာလိုက်တော့မယ်ဆိုပြီး အားကောင်းလှတဲ့ သဒ္ဓါတရားနဲ့အတူ နှစ်ယောက်ပေါင်းမှ တစ်ထည်တည်းသာရှိတဲ့အပေါ်ဝတ်ရုံတစ်ထည်ကို ဘုရားရှင်အား အပြီးသတ်လျှာလိုက်နိုင်ခဲ့ပါတယ်။

အမျိုးကောင်းသားဟာ -

"ငါအောင်ပြီ၊ ငါအောင်ပြီ၊ ငါအောင်ပြီ"

ဆိုပြီး ရင်ထဲကလာတဲ့ပီတိနဲ့အတူ သုံးကြိမ်တိုင်တိုင် ကျယ်လောင်တဲ့အသံနဲ့ ဟစ်အော်လိုက်ပါတယ်။ ဒီအချိန်မှာ ကောသိလမင်းကြီးကလည်း တရားပွဲအတွင်းမှာရှိနေပါတယ်။ ခုနက လူတစ်ယောက် ငါအောင်ပြီဆိုတာ ဘာကို အောင်တာလဲ၊ ဘာကြောင့်အော်ရတာလဲဆိုတာကို သိချင်တာနဲ့ မင်းချင်းယောက်ျားတစ်ယောက်ကို မေးပါတယ်။ အကြောင်းစုံသိရတဲ့အခါ မင်းကြီးဟာ ဒီလူဟာ ပြုနိုင်ခဲ့တဲ့အမှုကိုပြုနိုင်တယ်ဆိုပြီး အဝတ်အထည်များဖြင့် ထိုသူကို ချီးမြှောက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ရွာကြီးလေးရွာကို အပိုင်စားလည်းရခဲ့ပါတယ်။ ဝတ္ထုကြောင်းကတော့ မပြီးသေးပါဘူး။

ပြောချင်တာကတော့ ဘဝမှာ ကံကောင်းလို့ တစ်ခဏတာပိုင်ဆိုင်လာတဲ့ ပစ္စည်းဥစ္စာတွေနဲ့ အားနည်းသူကို အားသာသူက မပြိုင်ကြပါနဲ့။ ဘဝမှာ ကံဆုံလို့ ခဏတာ လာရောက် တွေ့ဆုံကြရတဲ့ ဇနီးမယား၊ လင်၊ သားသမီးများနဲ့လည်း မပြိုင်ကြပါနဲ့။ ရခဲတဲ့ လူဘဝကိုပိုင်ဆိုင်ရတဲ့ အခုအခါမှာ ကောင်းလှစိတ်တွေ (ကုသိုလ်စိတ်တွေ) များများဖြစ်စေဖို့ သတိထားရပါမယ်။ ဘာကြောင့်ဆိုရင် လူဘဝခဏတာလေးပါ။ သေဖို့ရက်လည်း သိပ်မဝေးတော့။ စာချစ်သူများအားလုံး ဘဝမှာ အရှုံးစာရင်းမပါဝင်ရလေအောင်၊ ကောင်းတဲ့စိတ်များများမွေးမြူနိုင်အောင် ကျင့်သုံးနိုင်ကြပါစေလို့ဆိုရင်း အောက်ပါစာစုနဲ့အဆုံးသတ်လိုက်ပါတယ်။

- နိုင်လျှင်အမုန်း ဇာတ်မဆုံးဘူး၊ အရှုံးသံသရာ လည်ကြခါဝယ် နှလုံးစိတ်ဝမ်း ညှိုးနွမ်းကြ၏။
- ရှုံးသူနိုင်သူ ထိုထိုလူမှာ၊ ရန်လိုမုန်းပွား ဒေါသများကြောင့် အရှုံးစာရင်း မှတ်သွင်းရ၏။
- အနိုင်အရှုံး အမုန်းတရား၊ စွန့်ခွာငြားမူ သူတော်လူမှာ မှန်စွာမုချ ချမ်းသာရ၏။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဦးကောဝိဒ(ကြီး)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်

ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရိုန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လင်းဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗွမန္တန်ကြီးအပါအဝင် ဓနံလာဘံဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ထူးခြားသော ကောင်းကျိုးများကိုခံစားရမည်မှာ ဧကန်ဖြစ်ပါသည်။ ၁၅-၁၂-၂၀၁၅ နေ့၊ နေ့လယ် (၁၂ဒဂုံး၀၃) နာရီတွင် ဓနသိဒ္ဓိနက္ခတ်ကိုစန်းစတင်ဝင်ရောက်မည်ဖြစ်ပြီး ၁၆-၁၂-၂၀၁၅ နေ့၊ (၀၀းဂုံး၀၃) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ဖြင့် ယှဉ်နေမည်ဖြစ်ကာ ၁၆-၁၂-၂၀၁၅ နေ့ နေ့လယ် (၁၂ဒဂုံး၀၃) နာရီမှတွင် ဓနသိဒ္ဓိနက္ခတ်မှ စန်းသည်ထွက်ခွာမည်ဖြစ်သည်။ ၁၆-၁၂-၂၀၁၅ နေ့ (၁၀း၀၉း၃၀) နာရီမှ (၁၀း၂၃း၀) နာရီအတွင်း ဓနိသိဒ္ဓိနက္ခတ်ကို လင်းဖြတ်ကျော်မည်ဖြစ်ပြီး (၁၅း၃၈း၁၅) နာရီမှ (၁၆း၃၅း၃၅) နာရီအတွင်း ဓနိသိဒ္ဓိနက္ခတ်ကို မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

လင်းဖြတ်ကျော်ချိန်ဇယား			မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား		
ရက်	စဝင်ချိန်	ထွက်ခွာချိန်	ရက်	စဝင်ချိန်	ထွက်ခွာချိန်
၁	၁၁း ၀၆း ၃၀	၁၁း ၂၂း ၄၀	၁	၁၆း ၄၃း ၁၉	၁၇း ၄၀း ၃၉
၂	၁၁း ၀၂း ၃၄	၁၁း ၁၈း ၄၄	၂	၁၆း ၃၉း ၂၃	၁၇း ၃၆း ၄၃
၃	၁၁း ၅၈း ၃၈	၁၁း ၁၄း ၄၈	၃	၁၆း ၃၅း ၂၇	၁၇း ၃၂း ၄၇
၄	၁၁း ၅၆း ၄၂	၁၁း ၁၀း ၅၂	၄	၁၆း ၃၁း ၃၀	၁၇း ၂၈း ၅၁
၅	၁၁း ၅၃း ၄၆	၁၁း ၀၆း ၅၆	၅	၁၆း ၂၇း ၃၄	၁၇း ၂၄း ၅၅
၆	၁၁း ၅၀း ၅၀	၁၁း ၀၃း ၀၀	၆	၁၆း ၂၃း ၃၉	၁၇း ၂၀း ၅၉
၇	၁၁း ၄၆း ၅၄	၁၀း ၅၉း ၀၄	၇	၁၆း ၁၉း ၄၃	၁၇း ၁၆း ၀၃
၈	၁၁း ၄၃း ၅၈	၁၀း ၅၆း ၀၈	၈	၁၆း ၁၅း ၄၇	၁၇း ၁၂း ၀၇
၉	၁၁း ၃၉း ၀၂	၁၀း ၅၃း ၁၂	၉	၁၆း ၁၁း ၅၁	၁၇း ၀၉း ၁၁
၁၀	၁၁း ၃၅း ၀၆	၁၀း ၄၉း ၁၆	၁၀	၁၆း ၀၇း ၅၅	၁၇း ၀၅း ၁၅
၁၁	၁၁း ၃၉း ၁၀	၁၀း ၄၅း ၂၀	၁၁	၁၆း ၀၃း ၅၉	၁၇း ၀၁း ၁၉
၁၂	၁၁း ၃၅း ၁၄	၁၀း ၄၂း ၂၄	၁၂	၁၆း ၀၀း ၀၃	၁၆း ၅၇း ၂၃
၁၃	၁၁း ၃၂း ၁၈	၁၀း ၃၉း ၂၈	၁၃	၁၅း ၅၆း ၀၇	၁၆း ၅၃း ၂၇
၁၄	၁၁း ၂၈း ၂၂	၁၀း ၃၅း ၃၂	၁၄	၁၅း ၅၂း ၁၁	၁၆း ၄၉း ၃၀
၁၅	၁၁း ၂၄း ၂၆	၁၀း ၃၂း ၃၆	၁၅	၁၅း ၄၇း ၁၅	၁၆း ၄၅း ၃၄
၁၆	၁၁း ၂၀း ၃၀	၁၀း ၂၈း ၄၀	၁၆	၁၅း ၄၃း ၁၉	၁၆း ၄၂း ၃၈
၁၇	၁၁း ၁၇း ၃၄	၁၀း ၂၅း ၄၄	၁၇	၁၅း ၃၉း ၂၃	၁၆း ၃၈း ၄၂
၁၈	၁၁း ၁၄း ၃၈	၁၀း ၂၁း ၄၈	၁၈	၁၅း ၃၅း ၂၇	၁၆း ၃၅း ၄၆
၁၉	၁၁း ၁၀း ၄၂	၁၀း ၁၈း ၅၂	၁၉	၁၅း ၃၂း ၃၀	၁၆း ၃၂း ၄၉
၂၀	၁၁း ၀၇း ၄၆	၁၀း ၁၄း ၅၆	၂၀	၁၅း ၂၈း ၃၄	၁၆း ၂၉း ၅၃
၂၁	၁၁း ၀၃း ၅၀	၁၀း ၁၁း ၀၀	၂၁	၁၅း ၂၅း ၃၈	၁၆း ၂၆း ၅၆
၂၂	၁၀း ၅၉း ၅၄	၁၀း ၀၇း ၀၄	၂၂	၁၅း ၂၂း ၄၂	၁၆း ၂၃း ၅၉
၂၃	၁၀း ၅၅း ၅၈	၁၀း ၀၄း ၀၈	၂၃	၁၅း ၁၈း ၄၆	၁၆း ၂၀း ၀၂
၂၄	၁၀း ၅၂း ၀၂	၁၀း ၀၀း ၁၂	၂၄	၁၅း ၁၅း ၅၀	၁၆း ၁၇း ၀၅
၂၅	၁၀း ၄၈း ၀၆	၀၉း ၅၆း ၁၆	၂၅	၁၅း ၁၁း ၅၄	၁၆း ၁၃း ၀၉
၂၆	၁၀း ၄၄း ၁၀	၀၉း ၅၂း ၂၀	၂၆	၁၅း ၀၈း ၅၈	၁၆း ၁၀း ၁၃
၂၇	၁၀း ၄၁း ၁၄	၀၉း ၄၈း ၂၄	၂၇	၁၅း ၀၄း ၀၂	၁၆း ၀၆း ၁၇
၂၈	၁၀း ၃၇း ၁၈	၀၉း ၄၄း ၂၈	၂၈	၁၄း ၅၉း ၀၆	၁၆း ၀၂း ၂၁
၂၉	၁၀း ၃၃း ၂၂	၀၉း ၄၀း ၃၂	၂၉	၁၄း ၅၅း ၁၀	၁၅း ၅၉း ၂၅
၃၀	၁၀း ၂၉း ၂၆	၀၉း ၃၆း ၃၆	၃၀	၁၄း ၅၁း ၁၄	၁၅း ၅၅း ၂၉
၃၁	၁၀း ၂၅း ၃၀	၀၉း ၃၂း ၄၀	၃၁	၁၄း ၄၇း ၁၉	၁၅း ၅၂း ၃၃

www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

အင်္ဂလာက်တံခါးမှူးမောင်မှူး

သူတို့ပြောပြသော တားဆယ်လက်အကြောင်း

ဆပ်မောင်းတိန်းဧရိယာအတွင်းတွင် ပုံတောင်၊ပုံညာဟုခေါ်သောဒေသသည် ပခုက္ကူခရိုင်အတွင်းရှိလေသည်။ ကျွန်ုပ်တို့ဝန်ထမ်းလောကၽ ဆပ်မောင်းတိန်းမြို့အုပ်ဟုအဆင့်ခွဲထားသော တောတန်းနယ်တို့တွင်အုပ်ချုပ်ရသောမြို့အုပ်များကို ဆပ်မောင်းတိန်းမြို့အုပ်ဟု အမည်အဆင့် ထိုနယ်တို့ကိုအုပ်ချုပ်ရ၏။ အရပ်အခေါ် နှင့်မူကား ဂါတ်ပုလိပ်အစိတ်နှင့် မြို့အုပ်ဟုလည်းခေါ်ကြ၏။ ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းဖေမောင်မှာ ဆော၊ ဂန့်ဂေါမြို့နယ်များတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဆပ်မောင်းတိန်းမြို့အုပ်ဘဝမှ ငွေတိုက်ဝန်ထောက်ဘဝသို့တက်လှမ်းလာသူဖြစ်၏။ ဆပ်မောင်းတိန်းနယ်တွင် တာဝန်ကျသောဝန်ထမ်းများမှာ ခရီးစရိတ်တောင်းခံရာတွင် သီးခြားခံစားနိုင်စေသော ခြေလျင်နှင့်ခရီးသွားရာတွင် တစ်မိုင်လျှင် တိုင်းမင်းကြီးက သတ်မှတ်ပေးသောမိုင်နှုန်းအလိုက် ခရီးစရိတ်ခံစားရသည့်အခွင့်အရေးအပြင် အထမ်းသမားခလည်း သတ်မှတ်ပေးလေသည်။ မကွေးတိုင်းဒေသကြီးအတွင်း ဆော၊ ဂန့်ဂေါ၊ ပေါက် စသည့် နတ်မတောင်ရိုးတစ်လျှောက်ရှိဒေသများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်ထားသောဒေသတို့သည် ဆပ်မောင်းတိန်းမြို့အုပ်တို့၏မျော်စံရာဖြစ်၏။ဂါတ်ပုလိပ်အစိတ်နှင့် အုပ်ချုပ်ရသည်ဟုဆိုခြင်းမှာ ကိုလိုနီ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှတို့၏ စင်ကာပူခံတပ်နှင့် မလေးရှား၊ ပြန်မာတို့ကို အာရိန်အနည်းငယ်အတွင်း အနိုင်ယူတိုက်ခိုက်နိုင်၍ မလေးရှားကျောင်းဟု နာမည်ကြီးသော ဂျပန်ကေရာဝ်တပ်မတော် ဗိုလ်ချုပ်ကြီးယာမာရှိတာ၏ဧားအား အမေရိကန် West Point စစ်တက္ကသိုလ်ပြတိုက်တွင်

တစ်ချိန်က ဥရောပတိုက်တစ်ခုထုံး ထေးစားခဲ့ရသော ပြင်သစ်စစ်ဘုရင် နပိုလီယံ၏ ထက်သုံးဆောင်ဧား

အကောက်ခွန်ဌာန ငွေတိုက်တို့မှာ ကျော့ဘုရင်အမှုတော်ကိုထမ်းရသူများဖြစ်၍ ပုလိပ်တို့က သူတို့ကို အလေးပြုရ၏။ ပမာပြရသော် စာပို့ကားရထားတို့ကို အတားအဆီးမလုပ်ရ၊ စာတိုက်ဗိုလ်ကြီး၏ စီစဉ်မှုအောက်တွင်သာထားသည်။ စာတိုက်ပုံးထဲသို့ တိုင်စာ၊ ပစ်စာရောက်သော် လိပ်စာပါအတိုင်းရောက်အောင် စာတိုက်ဗိုလ်က ဆောင်ရွက်မည်။ မည်သည့် အာဏာပိုင်၊ မည်သို့သောသူကမျှ ထိုစာကို စာတိုက်မှ အာဏာပြု၍ ကြားဖြတ်ယူ၍ မရပါကုန်။ ဆပ်မောင်းတိန်းမြို့အုပ်တို့သည် အထူးခြင်းဝိသေသတိုင်း ? တွင်လည်း တာဝန်ထမ်းဆောင်ရလေသည်။

ကျွန်ုပ် မင်းဘူးမြို့တွင်ရှိစဉ် ယောနယ်၌အနေကြာ၍ ယောသံဖြင့် စကားပြောကောင်းလှသော မင်းဘူးမြို့ထောင်မှ ထောင်မှူးကလေး စောဘာတလာတို့သည် မကြာခဏလာကြ၏။ ကတ်(စ်)ဘီဟု အင်္ဂလိပ်လို၊ အရပ်ဘက်အုပ်ချုပ်ရေး? ကာလဖြစ်သော ၁၉၄၆ ခုနှစ်တွင် ကျွန်ုပ်မှာ မင်းဘူးနယ်ပိုင်ဝန်ထောက်အဖြစ်နှင့် တာဝန်ကျလေသည်။ ထုံးစံအရ နယ်ပိုင်ဝန်ထောက်မှာ အစိုးရက အိမ်ပေးရမည်ဖြစ်သော်လည်း ရှင်ပင်စက်ကတဲဘုရားတောင်၏တောင်ဘက်အနီး၊ စာတိုက်နှင့်အလံတောင်တောင်ဘက် တောကုန်းထိပ်တွင်ရှိသော မင်းဘူးနယ်ပိုင်ဝန်ထောက်အိမ်မှာ ရာဇဝတ်ဝန်၊ မေဂျာဟေးသည် သူနေရမည့် မင်းဘူးရာဇဝတ်ဝန်၏အိမ်မှာ၊ ဒုတိယကမ္ဘာစစ်အတွင်းတွင် ဗုံးခ၍ ကျွန်ုပ်နေမည့်အိမ်တွင်နေသည်။ ကျွန်ုပ်အတွက်မှာ မင်းဘူးမြို့တောင် လှည်းကောက်အကွက် စကြံတောင်အရှေ့ဘက်ရှိ မင်းဘူးမြို့အထက်တန်းကျောင်း၊ စစ်ရေးဆောင်နှင့်စစ်သမ္မိုင်း၊ အငြိမ်းစားအင်းရှေ့နေကြီး ဦးဂေါ်ရာ၏အိမ်ကိုငှားနေစေသည်။ ထိုအိမ်တွင်နေစဉ် ဆပ်ပလိုင်ဝန်ထောက် ဦးခင်မောင်ကြီး (စလင်း) သည်နေရန်အိမ်မရှိသဖြင့် အိမ်ခန်း(၂)ခန်း ရှိသည့်အနက် တစ်ခုတွင်နေစေပါသည်။ အမေရိကန်တွင်ပညာသင်ခဲ့သောကျွန်ုပ် အဘဘက်မှ ဆွေမျိုးတော်စပ်သူ နေချောင်း တွင်းကြီးမင်းရိုး ဦးအောင်သော်သည် သစ်တောဝန်သည်လည်း မကြာခဏလာရောက်တွေ့ဆုံ၏။ ကျွန်ုပ်ထက် အသက်ငယ်သော်လည်း ဆွေစဉ်မျိုးဆက်ဇယားတွင်မူ ကျွန်ုပ်၏ဘထွေးတော်ရင်း၏။ မင်းဘူးတွင်လည်း ဦးအောင်သော်နှင့် ဆွေမျိုးရင်းချာဆိုလျှင် ကျွန်ုပ်နှင့် ဘထွေးတော်စပ်သူ ဦးသန်းရွှေတို့ (ဦးသာရှိ)၏။ ထူးဆန်းသော တိုက်ဆိုင်မှာ ဦးသန်းရွှေသည် သစ်တောဝန်ထုံးအုပ်ကြီးဖြစ်သတည်း။

အိမ်တွင်အပေါင်းအသင်းများနှင့် ဆုံရာတွင် ငွေတိုက်ဝန်ထောက်ဦးသန်းမောင်၊ လတ်ကနောင်းတွင် ဆေးပညာသင်ခဲ့သော်လည်း ဆရာဝန်မလုပ်ဘဲ တိမ်းကုအင်စပိတ်တော်ဦးစီးလက်နက်ကိုင်ခြေမြန်ပုလိပ်အဖွဲ့ကို

www.burmeseclassic.com

www.burmeseclassic.com

ဆောင်၊ ရဝန်ထောက် မစ္စတာနိုင်ဒါး၊ ရဝန်ထောက်ဦးမြတို့သည် မကြာခဏ ဆုံတတ်၏။ သူတို့နှင့်အတူ ဘီအိုင်အေ ခေတ်က မင်းဘူးခရိုင်တွင် သူကြီးများကို အင်္ဂလိပ်က ဆုပေးသောဓားကြီးကို လွယ်လျက် တိုက်ပွဲဝင်သဖြင့် ငွေဓား ဗိုလ်ဟုခေါ်သော သခင်လှအောင်သည်လည်း ကျွန်ုပ်ထံလာလေ့ရှိရာ ကျွန်ုပ်၏အိမ်တွင် လူစုံသည်ဟုဆိုရပေမည်။ ကျွန်ုပ်ငယ်စဉ်က သူငယ်ချင်း၊ မင်းဘူးသားဇာတိ မင်းသား အောင်မောင်းလည်း မင်းဘူးဓာတ်တော်ကုန်းဘုရားပွဲတွင် လာရောက်ကပြရာ မြန်မာ့သုံးရောင်ခြယ်အလံတော်ကြီးနှင့် ငွေဓားကြီးဝင့်ကာ 'အောင်ဆန်းတောင့်ထား'ဟု ကြွေးကြော်လိုက်ရာ ပရိသတ်များကပါ လိုက်ပါလျက် ကြွေးကြော်ကြသည်ကို လည်း ရာဇဝတ်ဝန်မေကျာဟောနှင့် ရာဇဝတ်ကလေး ကပွတိန်ဆွမ်းဆင်တို့ ပြည်တော်ပြန်ရန် အထုပ်ပြင်ကာ တုန်လှုပ်သွားသောကာလဖြစ်ပါသတည်း။

တစ်နေ့တွင် ငွေတိုက်ဝန်ထောက် ဦးသန်းဖေမောင်၊ တိမ်မွေးကုအင်စပိတ်တော်ဦးဗိန်လင်း၊ ငွေဓားဗိုလ်ဦးခင်မောင်ကြီးအသိ၊ မြင်ခြံမှ ကျောင်းဆရာဦးဘထွန်းနှင့်လက်နက်ကိုင်ခြေမြန်ပုလိပ်အဖွဲ့ ရာဇဝတ်ဝန်ထောက် (၂) ဦးတို့သည် ကျွန်ုပ်၏အိမ်၌ဆုံကြလေသည်။

ငွေတိုက်ဝန်ထောက် ဦးသန်းဖေမောင်က စတင်၍ -

"ငွေဓားဗိုလ်ကြီးလို့ ခေါ်ကြတာ သိရပါတယ်။ ဘယ်လိုဓားမျိုးကိုင်ခဲ့ပါလဲ ခင်ဗျာ"

ဟု မေးမြန်း၏။

သခင်လှအောင်က -

"ကျုပ်ကိုင်တဲ့ဓားကငွေဓားမို့ ငွေဓားဗိုလ်လို့ ခေါ်ကြတာပါ။ ဓားက မန္တလေးက နာမည်ကြီး ကုမ်းကုမွတ်ကိုက အိန္ဒိယနိုင်ငံကမှာပြီးတင်သွင်းတဲ့ ကုလားဓားပါ။ ဓားဦးက ငှက်ကြီးတောင်လည်း မဟုတ်ပါ။ ကချင်တွေကိုင်လေ့ရှိတဲ့ ဓားဦးက ဗထက်ဖြိုက်ပုံရှိတဲ့ပုံစံလည်းမဟုတ်ပါဘူး။ ကုလားတွေကိုင်လေ့ရှိတဲ့ စပယ်ဖူးပုံဓားပေါ့။ အရင်ခေတ်က သူကြီးတွေကို ဆုပေးတဲ့ ဒါဘာပွဲဆိုတာရှိတယ်။ ရပ်ရွာအုပ်ချုပ်မှုမှာ လူဆိုးရန်ကိုကာကွယ်နိုင်ရင် အိန္ဒိယဘုရင်ခံချုပ်က ဆုပေးတဲ့ဓားပေါ့ဗျာ။ ဘီအိုအေတပ်ဖွဲ့ပြီးမြို့နယ်တွေသိမ်းတော့ သေနတ်များသိမ်းရာမှာ ဆင်ဖြူကျွန်းဘက်က သူကြီးအိုတစ်ဦးက သူ့ဆုရတဲ့ငွေဓားကြီးကိုပါ ထုတ်ပေးသဗျ။ ဂျပန်တွေကလည်း ဗိုလ်ဆိုရင် ဓားနဲ့ဆိုတော့ သူကြီးအိုပေးတဲ့ ကုလားငွေဓားကြီးချိတ်ပြီး ကျုပ်က ဂျပန်နဲ့ရင်ဘောင်တန်းပြီး စစ်ချီတာပေါ့။ အသားကညိုညို၊ ဆံပင်က ကတုံးဆံတောက်၊ နူတ်ခမ်းမွေးရေးရေးနဲ့ အသက်ငယ်ငယ်၊ ကျုပ်အရပ်ကလာသမျှ ဂျပန်ထက် ခေါင်းတစ်လုံးမြင့်တော့ တော်တော့ ဂျပန်က အနားမလာဘူး။ တွေ့ရာလူက ကျုပ်နာမည်မမေးဘူး။ ကုလားငွေဓားအကြောင်းပြုပြီး ငွေဓားဗိုလ်ကြီးလို့ခေါ်ကြတာပေါ့"

ဟု ပြောကာ တဟားဟားနှင့် ရယ်လေသတည်း။

မှန်၏။ သခင်လှအောင်သည် လယ်ကိုင်းဘက်ကဖြစ်၏။ လယ်ကိုင်းမြို့ ဘားဝတ်ကေ့ရာင်းဆရာတော်ကြီး၏တပည့်အစစ်ဦးဖြစ်လေသည်။ ဘုရားတရားလေးစားစွာကိုး၊ ကွယ်သည်။ သူကိုင်သောငွေဓားကြီးကို စစ်ပြီးသောအခါ သူကြီးအို၏ မိသားစုထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း ပြောပြလေသည်။ သူပြောသောစကားများထဲတွင် -

"ကျုပ်တို့ရဲ့စိတ်ဓာတ်က အင်္ဂလိပ်သေနတ်ဆိုပြီးမရွေးဘူး။ တိုင်းပြည်ရန်သူကို ရရာလက်နက်နဲ့တိုက်ရမှာ။ အင်္ဂလိပ်ကပေးတဲ့ကုလားဓားဖြစ်ပါစေ လွတ်လပ်ရေးတိုက်ပွဲမှာ ပါဝင်တာဝန်ထမ်းဆောင်ပြီးပြီ၊ သမိုင်းဝင်ဓားဖြစ်ပါပြီ။ စစ်ပြီးတာနဲ့ ကျွန်တော့်သူကြီးအိုဆီသွားပါတယ်။ သူကြီးအိုက ကွယ်လွန်ပြီ၊ သူ့သားသူကြီးကလေးကို ဓားပြန်ပေးပါတယ်။ ဒီဓားဟာ အင်္ဂလိပ်ပေးတဲ့ TDM ဘွဲ့ဓားမဟုတ်တော့ဘူး။ BIA ဓားဖြစ်ပြီ?လို့ပြောပြီး ဓားကိုပြန်ပေးခဲ့ပါတယ်"

ဟု ပြောသည်ကို ကျွန်ုပ်သည် သဘောကျသည်။

တမန်တော် မိုဟာမက်က ဆုစ်လမက် အတိုဓား ပေးခဲ့သည်ဆိုသော Zulfiqar ဓား

ငွေတိုက်ဝန်ထောက် ဦးသန်းဖေမောင်သည် တစ်စုံတစ်ရာတို့ကြောလို ဟန်ရှိသည်။

"မြန်မာရာဇဝင်ထဲက သမိုင်းဝင်ဓားအကြောင်းကိုပြောပြချင်တယ်" စကားခံသည်။

ဤတွင် မြင်းခြံမြို့ အထက်တန်းကျောင်းဆရာက -

"ဂငယ်သုံးခု ဥသျှစ်ထုဆိုတဲ့ သက္ကရာဇ် ၈၈၈ နှစ် သိုဟန်ဘွားလက်ထက် အမျိုးဘာသာသာသနာမခိုင်လောက်အောင် အုပ်ချုပ်သောကြောင့် မင်းကြီးရန်နောင်က ဥပါယ်တံမျဉ်နှင့် သမိုင်းဝင်ဓားများအကြောင်းပြောတော့ သိုဟန်ဘွားက ယိမ်းနွဲ့ပါးဓားကို နန်းစဉ်သုံးဓားများထဲမှရွေးပြုရန်ပြောသကာလ မင်းကြီးရန်နောင်က ယွမ်းနွဲ့ပါးဓားကို ပြသပြီး သိုဟန်ဘွားကို ဓားဖြင့်စီရင်တယ်လို့ဆိုတယ်။ ဓားကထက်လွန်းလို့ သိုဟန်ဘွားတင်မက သူ့နောက်မှာရှိတဲ့ ဝါးပိုးတိုင်နဲ့ကြမ်းပြင်များပါပြတ်တယ်လို့ ဆိုတယ်။ စာရေးဆရာမင်းဆွေက ယိမ်းနွဲ့ပါးဓားအကြောင်း သူ့ရဲ့ဓားဝတ္ထုမှာရေးထားပါတယ်။ မှန်နန်းရာဇဝင်စသည်တို့မှာလည်း ရေးထားတာ တွေ့ရပါတယ်" ဟု ဆို၏။

မြန်မာရာဇဝင်ထဲတွင် မင်းကြီးရန်နောင်နှင့် ယိမ်းနွဲ့ပါးဓားကို စိတ်ဝင်စားဖွယ်တွေ့ရသည်။ မင်းကြီးရန်နောင်၏ စိတ်ဓာတ်သည် အံတုယှဉ်လောက်သည်။ ဘုရင်သတ်လျှင် ဘုရင်ဖြစ်နိုင်သော ခေတ်မျိုးတွင် မင်းကြီးရန်နောင်သည် ထီးနန်းကိုမယူ မမက်မော။ သင့်သူကို ထီးနန်းတင်ရန်သာညွှန်သည်။ ယွမ်းနွဲ့ပါးဓားနှင့်အတူ မင်းကြီးရန်နောင်၏ စိတ်ဓာတ်ကို ခိုးကူးကြည့်ရသည်ကို ကျွန်ုပ်သည် သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com

သခင်လှအောင်က -

"ရာဇဝင်ထဲမှာတော့ ယွမ်းနွဲ့ပါးစေးကိုပဲကြားဖူးပါတယ်"

ဟု ဆိုသည်။

ထိုစဉ် ထောင်မှူးတလေးစောဘတလာသည် ရန်ကုန်မှလာသော သူ၏ မိတ်ဆွေ လက်ဖတင်နှင်စစ်ပိုလ်ကလေးတစ်ဦးနှင့်အတူရောက်လာသည်။ ကျွန်ုပ်တို့စကားဝိုင်းသို့ရောက်ရှိသောအခါ သူထောင်အတွေ့အကြုံ အယူအဆိုအမိန့်တို့ကို ဖြည့်စွက်တော့သည်။ ကိုးသခ္ခိုင်းသံနှင့်လုပ်ထားသောစေးကိုင်မိ၍ စိတ်ကြိုးထောင်ကျသူအကြောင်းကိုလည်း ပြောဆိုကြ၏။ ကျွန်ုပ်၏သက်ထားမင်းကတော် တည်ခင်းသော လက်ဖက်ရည်နှင့် လေထီးဘီစကုစ်ကို သုံးဆောင်ကြပြီးသောအခါ -

ငွေတိုက်ဝန်ထောက်မင်း ဦးသန်းဖေမောင်သည် သူ၏အတွေ့အကြုံကို စတင်ပြောတော့သည်။

"ကျွန်တော်က အလုပ်စဝင်တော့ ပလက်ဝမှာ စစ်မဖြစ်မီကလုပ်ပါတယ်။ အင်္ဂလိပ်တပ်များဆုတ်ခွာတော့ ဒင်မာပူလ်၊ ကိုမီလားတို့ကို လိုက်ပါမသွားပါဘူး။ ပလက်ဝကနေပြီး လမ်းပြတစ်ယောက်နဲ့ ဆောဘုက်ကိုဆင်းပြီး ဇာတိဖြစ်တဲ့ ဆိပ်ဖြူမှာပြန်နေပါတယ်။ မကွေးမှာ လေးခရိုင်ဝန် (တိုင်းမင်းကြီး) က ကျွန်တော့်ဆရာဟောင်း ကျောင်းအုပ်ကြီး ဦးဘဦးဖြစ်နေတယ်။ သူက မဟာဗမာအဖွဲ့ဝင်ဆိုတော့ ဒေါက်တာဘမော်အဓိပတိဖြစ်တော့ သူလည်း တိုင်းမင်းကြီးဖြစ်တာပေါ့။ သူကခေါ်ပြီး ဆောမှာ တောင်တန်းမြို့အုပ်လုပ်ဖို့ခန့်တာနဲ့ ဆောမှာ ဂျပန်ခေတ်တစ်ခုလုံး ဆောမြို့ပိုင်ဘဝနဲ့နေရတာပါ"

ပြောလေသည်။

ဆောတွင် အင်္ဂလိပ်တပ်များသိမ်းသောအခါ ပြိတိသျှတပ်မှ သူကိုယ်ရေးရာဇဝင်စိစစ်ပြီး Loyal and proper ဟုမှတ်ချက်ရရှိပြီး CAS (B) တွင် အလုပ်ခန့်ထားခြင်းခံရလေသည်။ ဆောသည် ဆိပ်ဖြူမှ မိုင် (၆၀) ကျော်ကွာဝေးသည်။ ဆိပ်ဖြူမှသွားသော် လမ်းတွင်နဂါးမောက်စခန်း၊ ကန်ဇွန်းမရွာတို့တွင် ညအိပ်ရပ်နားသွားရသည်။ ဆောမှ မင်းတပ်သို့ သွားလိုသော် ကျောက်ထုမှတစ်ဆင့်သွားရသည်။ ယောမြို့ဟောင်းသည် ဆော-ကျောက်ထုလမ်းပေါ်၌ရှိ၏။ ကျောက်ထုသည် ပခုက္ကူ-ဂန့်ဂေါကားလမ်းပေါ်တွင်ရှိ၏။ ကားလမ်းဆိုရန်မှာလည်း ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်၏။ ဘီဘီတီစီအယ်လ်၊ ဖူးကားသစ်ကုမ္ပဏီတို့ သစ်ထုတ်လုပ်ရာ သစ်တောကြီးဝိုင်းကြီးမှသစ်များထုတ်ရန် လမ်းကြမ်းများသာ ဖြစ်၏။

"ကျွန်တော်က ဂျပန်ခေတ်မှာ ဆောမှာမြို့ပိုင်ဖြစ်တော့ ဂန့်ဂေါလည်း မကြာခဏရောက်ပါတယ်။ ပုံတောင်၊ ပုံညာတို့လည်း ရောက်ဖူးပါတယ် ခင်ဗျ။ အခုပြောမယ့် ပုံပြင်လို့ဆိုရမယ် စေးအကြောင်းက ကျွန်တော့်ဘီးလစ်စာရေးကြီး ကိုခင်ဘ ပြောသွားတာပါ"

ဟု စကားစလေသည်။

ဆက်လက်၍ -

"ဆောဌက်ဖျားကတော့ ကြမ်းသဗျ။ ဆောကနေပြီး စေတုတ္တရာသွား မယ်ဆိုရင် ဆော-သီးကုန်း-ဇော်ငင်းရွာ (၂၀) မိုင် ခြေကျင်၊ လောင်းရွာ၊ မကိုးစု၊ တပွင်စေတတုတ္တရာ၊ ကလမ်း၊ လောင်းရွာ၊ ကျင်ဒွဲ၊ မင်းပြား၊ မြောက်ဦးကတစ်လမ်းပေါ့။ လောင်းရွာက လမ်းဆုံ၊ စေတုတ္တရာနဲ့ ရခိုင်ဘက်ကကုန်တွေဆင်းတယ်။ ဟော်စရာပါ။

ဘီးလစ်ကြီး ကိုခင်ဘက အားကိုးရပါတယ်။ မြို့လယ်မှာ ပျဉ်ထောင်ပျဉ်ခင်းအိမ်နဲ့နေတာ။ ဂန့်ဂေါဘုက်ကလာပြီး ဆောမှာအခြေချနေတာပါ။ တစ်နေ့တော့ သူ့ဆွေမျိုးတွေရောက်လာပါတယ်။ အဝတ်အစားက သင်တိုင်းလို၊ ဂါဝန်လိုပဲ။ ဒီတော့မှ တောင်သားဆိုတာကြားဖူးလိုက်ရတာပါ။

ဆောမှာ မိုးကာလမှာတော့ ဌက်ဖျားကလည်းထူ၊ လမ်းပန်းဆက်သွယ်ရေးကလည်းမကောင်း။ ကျွန်တော်တို့ အတွက် အဆက်အသွယ်ကပျက်တော့ ဒုံးပေါ်မှာထိုင်လို့သာနေရပါတယ်။ ကျွန်တော်လည်း ဘီးလစ်ကြီးကို တောင်သားအကြောင်းသိချင်လို့ မေးပါတယ်။ သူပြောပြတာက -

ပုဂံမှာ အနော်ရထာမင်းမတိုင်မီက တောင်သားများသည် ကျောက်ပန်းတောင်းအနီးတွင် နေထိုင်ခဲ့ကြသည်။ ထိုလူမျိုးစုတွင် ပန်းပွဲကျော်တစ်ဦးရှိ၏။ ပုဂံပြည့်ရှင်သည် တိုင်းခန်းလှည့်လည်ရာတွင် ပန်းပဲဆရာ၏နှမကို တွေ့မြင်ရာ စုံမက်တော်မူသဖြင့် မိဖုရားမြောက်သည်ဆို၏။ နှမ မိဖုရားမြောက်ခံရသော် မောင်ပန်းပဲဆရာလည်း အလွန်ဝမ်းမြောက်ဝမ်းသာရှိရာ ယောက်ဖတော်ရှင်ဘုရင်ကိုင်ရန်အတွက် ဓားလုပ်ပေးရန် ဆုံးဖြတ်လိုက်၏။

သံရိုင်း (၁၀) ပိဿာကို သွန်စိတ်ကြိုက် သံမဏိဖြစ်စေရန် အပူပေး၍ တေသည်။ ဓားတစ်လက်ဓာတ္မသာရအောင်ပြုပြင်သည်။ ထိုသံကို ဓားလုပ်လျက်ဆေးသားတင်သည်။ သွန်စိတ်ကြိုက် ဓားကိုလုပ်ပြီးသောအခါတွင် ပုဂံရှိ သူယောက်ဖဘုရင်နှင့် သွန်မမိဖုရားထံသွားလေသည်။ တွေ့ခွင့်ရသောအခါ သူလုပ်ထားသောဓားကိုဆက်သသော် ယောက်ဖဘုရင်က သူ့ဓားကိုလက်မခံ။ သူ့မှာ နန်းစဉ်သုံးဓားများရှိသည်။ ထိုဓားမှာ အလုပ်သုံးဓားဖြစ်၍ ဘုရင်ကမသုံးလို။ နောက်နောင် မဖွယ်မရာမပြုနှင့်ဟုဆိုကာ ပြန်လွှတ်လိုက်လေသည်။ ပန်းပဲဆရာလည်း ရှက်လည်းရှက်၊ စိတ်လည်းနာသဖြင့် ဓားဦးကို နန်းတော်ကြမ်းခင်းနှင့်ဆွဲသွားကာ အဆိုပါဓားကို ပုဂံမြို့နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ်အတွင်းရိုက်ခဲထည့်ပစ်ချလိုက်၏။ သူ၏ဆွေမျိုးစုကိုခေါ်၍ ဧရာဝတီမြစ်အနောက်ဘက်သို့ကူးသွားတော့၏။ ပုဂံပြည်ရှင်နန်းတော်ကြီးတွင်ကား ညအခါရောက်၍ နန်းတော်တံခါးပိတ်ရန်ပြုရာ တံခါးမှာပိတ်မရသဖြင့် စစ်ဆေးရာ တံခါးကျည်းပေါင်မှာ ပြတ်လျက်ရှိကြောင်း၊ ပန်းပဲဆရာဓားဦးနှင့်ဆွဲသွားသော ကြမ်းပြင်မှာလည်း (၂) ပိုင်းပြတ်လျက်ရှိသည်ကို တွေ့ရလေရာ ဘုရင်မှ သူယောက်ဖ ပန်းပဲဆရာကို လိုက်လံရှာဖွေခေါ်ဆောင်ရန် ရဲမက်တို့ကိုစေလေသည်။ ရဲမက်တို့ လိုက်လံရှာဖွေပါသော်လည်း ပန်းပဲဆရာနှင့် သူ့အမျိုးတို့သည် မြစ်အနောက်ဘက်သို့ကူးကြောင်း ဓားကို နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ်အတွင်းရှိ ဝဲဩဃထဲသို့ပစ်ချသွားသည်ကိုစုံစမ်းသိရှိရသော် ဘုရင်အားလျှောက်ထားရာ ထိုဓားကိုဆယ်ယူစေ၏။ ဓားသည် မြစ်အတွင်းဝဲကတော့အလယ်တွင် လှည့်ပတ်လျက်ရှိရာ ဆယ်ယူရန် ဝဲအလယ်သို့ရောက်လာသော စစ်သည်တို့အား ခုတ်ပိုင်းလျက်ရှိသည်ကို တွေ့ရသော် အကြောင်းစုံကို ဘုရင်အားလျှောက်ထားရလေ၏။ ပန်းပဲသမားနှင့် သူ့ဆွေမျိုးများအား လိုက်လံဖမ်းစေရာ ပန်းပဲဆရာနှင့် အမျိုးများ ပုန်းရာတောင်းကို ပုန်းတောင်၊ ညာ၍ပြသောတောင်းကို ပုန်းညာဟု ယခုတိုင်ခေါ်ကြသည်ဟု သိခဲ့ရပါကြောင်းကို ပြောပြလေသည်။ တောင်သားများမှာ ပန်းပဲဆရာအမျိုးများဟု ဆိုပါသည်။

ကျွန်ုပ်တို့ထဲတွင် တိုးတိုးအင်စပိတ်တော်ကြီး ဦးစိန်လင်းသည်

www.burmeseclassic.com

www.burmeseclassic.com

လတ်ကနောင်းတွင် ပညာသင်ခဲ့ရာတွင် အင်သရိုပိုလိုဂျီခေါ် မနုဿဗေဒပညာ၊ အာခီယိုလော်ဂျီခေါ် ရှေးဟောင်း သုတေသနပညာရပ်များကိုလည်း လိုက်စားခဲ့သူဖြစ်ရာ -

"ဓားအစကတော့ ခင်ဗျားတို့ အကျိတ်ကလေးတွေ၊အဖုကလေးတွေကို အပေါ်ကနေပြီး လေးစိတ်ခွဲလိုက်မယ် ဟန်နဲ့ ပယောဂဆရာများသုံးလေ့ရှိတဲ့ မီးကြိုးသွားလို့ခေါ် တဲ့ကျောက်စကလေးများက စတာပါပဲ။ ကျောက်ခေတ်လူသားများက ကျောက်ခဲလေးများ ထက်အောင်သွေးသုံးမယ်။ ဒါမျိုးကလေးတွေ ရှာချင်ရင် လက်ပံချေပေါ် အရပ်မှာ မြစ်ရေစားတဲ့ ကမ်းပါးခြေတစ်လျှောက်မှာ ရှာတွေ့ရတတ်ပါတယ်။ ပုံတောင်ပုံညာ ဒေသမှာလည်း တွေ့ရမှာပါ။ ဓားဟာ ကျောက်ခေတ်လူသားကစပြီးသုံးခဲ့တာပါ။ ကျွန်တော်တို့ သတ္တုနဲ့ဓားကို ကြေးခေတ်မှာကြေးနဲ့လုပ်ပါမယ်။ သံခေတ်မှာလည်း သံနဲ့လုပ်ကြပါတယ်။ ဓားကို လူအကျိုးပြုရာမှာသုံးရင်ကောင်းပါတယ်။ လူသားတွေရဲ့ ဒေါသ၊ မောဟတွေနဲ့ အကျိုးမဲ့တဲ့ကိစ္စမှာ သုံးရင်မကောင်းပါဘူး။ ဓားဟာ သူ့သုံးတဲ့အပေါ် မှာပဲ သူဂုဏ်သတင်းဟာ တည်ပါတယ်။ ပတ္တမြားကျောက်စီဓားဖြစ်ပါစေ ဓားပြတိုက်၊ လူသတ်ရာမှာ သုံးရင်တော့ ရာဇဝတ်မှုမှာ သက်သေခံပစ္စည်းအဖြစ် တင်ပြခံရမယ်။ပတ္တမြားကျောက်စီတော်ဝင်ဓားဖြစ်ခဲ့ပါစေ တရားရုံးတော်က လူသတ်လက်နက်အဖြစ်သတ်မှတ်ပြီး ရှုတ်ချမယ်၊ ဖျက်ဆီးမယ်။ အနည်းဆုံး ဓားဦးတလေးတော့ ချိုးပစ်မှာပါ။ ကျွန်တော် ဆိုလိုတာက ဓားရဲ့ဂုဏ်သတ္တိက ဓားမှာထက် ဓားကိုအသုံးချတဲ့သူက အသုံးချလိုက်တဲ့အပေါ် မူတည်တာပေါ့ခင်ဗျာ။ ဓားဟာ ကျောက်ခေတ်လူသားကစခဲ့တာ။ အဏုမြူခေတ်၊ အာကာသခေတ်အထိ လူသားတို့နဲ့ မကင်းမကွာရှိလျက်ပါ။ ဓားနဲ့လူတစ်ယောက်သတ်နိုင်သလို ဓားနဲ့ပဲ ခွဲစိတ်ပြီးကုသလို့ သေမယ့်လူနာတွေ အသက်ရှင်နိုင်ပါတယ်။ ကျွန်တော် ဆိုလိုတာက လူသာအဓိကပါ။ ဓားကို ကောင်းကျိုးမှာသာ သုံးသင့်ပါကြောင်းပါ" -

ဟု ဆို၏။

တောင်သားများသည် ပျူအဆက်အနွယ်များဖြစ်ပါသည်ဟုပြော၏။

ထောင်မှူးစောဘာတလာနှင့်အတူ ပါလာသူ လက်(ဖိ)တင်နှင့်သာဌေးက-

"ဓားတွေက ရာဇဝင်မှာ လေ့လာကြည့်ရင် ကျောက်ခေတ်မှာ ကျောက်ကို သွေးပြီး ဓားအဖြစ်သုံးပါတယ်။ ကြေးခေတ်မှာ ကြေးနဲ့ဓားလုပ်ပြီးကိုင်ပါပြီ။ သံခေတ်ရောက်တော့ သံကိုကျိုး၊ ဆေးသားတင်သုံးပါပြီ။ ဒဟတ်စကပ်သံမဏိနဲ့ လုပ်တဲ့ဓား စသဖြင့် သုံးလာကြပါပြီ။ ခုအထိ ဓားကို ရိုးရာလက်နက်အဖြစ်ကိုင်တွယ်တာက ကျပန်ဖြစ်ပါတယ်။ ဓားလုပ်ရာမှာသုံးတဲ့ မီးဖို၊ ပြုလုပ်တဲ့သံရိုင်းက အစ အသေအချာလုပ်ဆောင်ပါတယ်။ ဓားကို အထွတ်တမြတ်နိုးရာလေ့အရ လုပ်ပြီး အမြတ်တနိုးကိုင်ကြတဲ့ဓလေ့ဟာ လူမျိုးစုအလိုက်ရှိခဲ့ပါတယ်။ မြန်မာပြည်မှာလည်းရှိပါတယ်။ ကျွန်တော်က ဒုတိယကမ္ဘာစစ်အတွင်းမှာ မေဂျာဂျနရယ်ဝင်းဂိတ်ရဲ့ခြေသေ့တပ်မှာ ဆူဗေဒါဘဝနဲ့လိုက်ပါခဲ့စဉ်က ကချင်တပ်သားတွေနဲ့အတူ အမှုထမ်းခဲ့တော့ ဂျပန်တွေသာ ရိုးရာအရ ဓားကို အစွဲအလမ်းကြီးတာမဟုတ်ပါဘူးဗျာ။ ကချင်တွေလည်း ဓားကိုင်ပြီး တိုက်ပွဲဝင်ကြပါတယ်။ ကျွန်တော်သူငယ်ချင်း နော်လွန်းဆိုရင် သူကိုင်တဲ့ဓွေဓားကိုအိပ်ရင် ခေါင်းအုံးအိပ်တယ်။ စခန်းချနားရင် ဓားမြင့်မှာ ချိတ်တယ်။ ဒုဝါဆလန်များအနွယ်ဝင်ဆိုတော့ သူတို့ဓလေ့အတိုင်း သေနတ်ထက် ဓားကို မြတ်နိုးတာ တွေ့ရသဗျ"

ဟု ပြော၏။

ကျွန်ုပ်တို့ အရာရှိလောကတွင် စာပေလိုက်စားသော ဝန်ထမ်းများရှိရာ ဗိစကြိတ်ကောင်စီအတွင်းရေးမှူးဦးဇော်ဖြူး၊ ဗိစကြိတ်ကောင်စီမင်းဘား ဦးဘသိန်း၊ အစိုးရရွှေနေကြီး ဦးလှကျော်၊ ဆည်အရေးပိုင်ရုံးစာရေးကြီး ကိုကျော်ဇင်၊ ကျောင်းဆရာ ဦးစောမောင်၊ မြင်းခြံမှ ပြောင်းလာသော သမိုင်းနှင့် မြန်မာစာပြဆရာဘထွန်းတို့သည် ဗဟုသုတကြွယ်သည်ဟု သတ်မှတ်ထားရာ -

ကျွန်ုပ်သည် နှုတ်ဆိတ်နေခဲ့၊ ဆရာဘထွန်းအား ဆရာဘထွန်းလည်း ဓားအကြောင်း လေ့လာထားတာရှိလျှင် ကြားပါရစေဟု စကားဝိုင်းဦးဝင်ရောက် ဆွေးနွေးရန် ဖိတ်ခေါ် လိုက်ရာ -

မြန်မာစွဲတဲ့ရင်များသုံးတော်မူတဲ့ နန်းစဉ်ဓားများရှိခဲ့ပါတယ်။ အနော် ရထာမင်းလက်ထက်က လက်သုံးတော် အရိန္ဒမာလှံတော်ဟာလည်း မှတ်သားထိုက်ပါတယ်။ ကျွန်စစ်မင်းလည်း ဒီလှံကို ကိုင်စွဲပြီး မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူကြပါတယ်။ မင်းကြီးရန်နောင်ဟာ တိုင်းပြည်တည်တဲ့နေ့ ယိမ်းနွဲ့ပါးဓားနဲ့ သိုတန်ဘားတိုက်ခိုက်ထိုးနန်းမယူဘဲ ရထန်းတက်တယ်လို့ ရာဇဝင်မှာပါရှိတယ်။ ရာဇဝင်ထဲမှာ အံ့သြလောက်တဲ့သူပါပဲ ခင်ဗျာ။ အင်္ဂလိပ် (၂) ပါးပါတော်မူသွားတော့ နန်းတွင်းရတနာများလည်း ကစဉ့်ကလျားဖြစ်၊ သမိုင်းဝင်ပစ္စည်းများလည်း ပျောက်ဆုံးပျက်စီးတော့ နန်းစဉ်သုံးဓားများလည်း ပါသွားတာပေါ့ခင်ဗျာ။

ဓားလုပ်တဲ့အတတ်ပညာကိုလေ့လာရင် ပြီးခဲ့တဲ့ရာစုနှစ်တွေမှာ မြင်းရယ်၊ ဓားရယ်ဟာ စစ်ပွဲတွ အရေးပါလှပါတယ်။ ကြေးခေတ်မှာစပြီး ဓားကိုင်ကြတာပါပဲ။ တိုင်းပြည်တည်ထောင်ရှုကိုယ့်လူမျိုးစုကို ကာကွယ်ရာ၊ ကိုယ့်အချုပ်အခြာအာဏာကို ကာကွယ်ရာမှာသုံးခဲ့ကြတာပါပဲ။ သူရဲကောင်းတွေ၊ ဘုရင်တွေ၊ လူမျိုးစုခေါင်းဆောင်တွေဟာ ဓားကိုစွဲပြီး တိုက်ပွဲဝင်ကြရာမှာ ကမ္ဘာက နာမည်ကြီး ကြောက်လောက်အောင်ထက်ပါတယ်"ဆိုတဲ့စကား(၁၀)လက်အကြောင်းကို အချိန်မရလို့ အကျဉ်းမျှသာ တင်ပြပါမယ်ခင်ဗျာ။

ရှေးဦးပထမ တင်ပြရမှာက ဂျပန်ဧကရာဇ်တပ်မတော်မှ ဗိုလ်ချုပ်ကြီး တိုမိုယူကီယာမာရှိတားရဲ့ဓားပါ။ ဒုတိယကမ္ဘာစစ်အတွင်းက ဗိုလ်ချုပ်ကြီးယာမာရှိတာဟာ မလေးရှားစစ်မြေပြင်မှာ ဗြိတိသျှတပ်များကို အလဲထိုးအောင်ပွဲခံနိုင်တဲ့အတွက် မလေးရှားကျားကြီးလို့ နာမည်ကြီးပါတယ်။ ဖိလစ်ပိုင်စစ်မြေပြင်မှာ လက်နက်ချရတယ်။ သူကိုင်တဲ့ဓားကို အမေရိကန်တပ်ကယူတယ်။ သူကတော့ စစ်အတွင်းက သူ့လက်အောက်ခံတပ်တွေရဲ့ရက်စက်မှုတွေကို မသိရှိမဟန့်နိုင်တဲ့အတွက် စစ်ရာဇဝတ်ခုံရုံးမှာ စစ်ဆေးပြီးအရေးယူခံရတယ်လို့သိရတယ်။ ဓားက ဖူဂျီကာဝါကာ ကာနေနဂဓားကုမ္ပဏီက ပြုလုပ်ပါတယ်။

ဒုတိယဖော်ပြရမှာက စပိန်နိုင်ငံလက်အောက်က လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ ဗိုလ်ချုပ်ကျို့စီဒီဆန်မာတင် (General Jose' de San Martin) ရဲ့ ဓားပါ။ အင်္ဂလိပ်လိုတော့ Curved Saber of San Martin လို့ ခေါ် ပါတယ်။ ၁၈၅၀ ပြည့်နှစ် မာတင်သေပြီးတဲ့နောက် အာဂျင်တီးနားမှ စစ်ပိုလ်ချုပ် ဒွန်ကျွာန် မဝရယ်ဒီရိုဆာတာ ဆက်လက်ကိုင်ဆွဲတယ်။ ခုတော့ ပြန်ယေါ်မှာရှိတဲ့ အနွယ်သားသမိုင်းပြတိုက်မှာပြထားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

တတိယမြောက် ကိုရီးယားပြည် နယ်သုံးခုအုပ်ချုပ်ရေးတဲ့ ဘေ့ကိုဘုရင်ဂျိုအန်ချိုဂိုက ကိုရီးယားဘုရင်ဂျင်ထဲ ဂုဏ်ပြုလက်ဆောင်ပေးခဲ့တဲ့ မြားရွှေ့ခုနစ်ရွှေ့ပါမြားပါ။ ဂျပန်ပြည် နာယာပြို့က အီဆိုနိုကာမီ ဘုရားကျောင်းပြတိုက်မှာရှိပါတယ်။

စတုတ္ထမြားက စကော့သူရဲကောင်းဝေါလေ့ရဲ့မြားပါ။ စကော့လူမျိုးတို့ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရန် ဦးဆောင်တိုက်ခိုက်သူတစ်ဦး ဖြစ်ပါတယ်။ ဝေါလေ့ကွပ်မျက်ပြီးဟော့ သူ့မြားကို ကြွယ်ဝကျော်စောတဲ့ ပုဂ္ဂိုလ်များက ဆက်လက် ထိန်းသိမ်းထားတာလို့ သိရပါတယ်။

ပဉ္စမမြားကတော့ စပိန်ကရဲတိုက်ကြီးအရှင် စစ်ခေါင်းဆောင် ရောဒီဂိုဒိုက် (စ်)ဒီဇီဗာဝိုင်ဆိုင်တဲ့ လက်နက်များထဲမှ ကိုလာဒါ Colada နှင့် တီဇိုနာ Tizona ဟာ သမိုင်းကြောင်းအရ ထင်ရှားတဲ့ လက်နက်များဖြစ်ပါတယ်။ နာမည်ကျော် သူရဲကောင်းအယ်ဆစ် (Ei Sida) ဟာ တီဇိုနာမြားကို ဆွဲကိုင်ပြီး စပိန်နိုင်ငံကို မိုး (Moors)များ တိုက်ခိုက်ကာကွယ်ခဲ့ပါတယ်။ စပိန်နိုင်ငံရဲ့သမိုင်းဝင်မြား ဖြစ်သွားပါပြီ။ မြားသွားအရှည် (၁၀၃)စင်တီမီတာ၊ အလေးချိန် (၁. ၁) ကီလိုဂရမ်ရှိတယ်။စပိန်က Muso de Burgos ပြတိုက်မှာပြထားတယ်။

ဆဋ္ဌမမြားကတော့ ပြင်သစ်စစ်ဘုရင် နပိုလီယံမြားပါ။ နပိုလီယံအကြောင်းသိကြပြီးမို့ တင်ပြစာမလိုပါဘူး။ မြားကိုလည်း ပြင်သစ်ပြည်က သမိုင်းပြတိုက်မှာ တွေ့ရမှာပါ။

သတ္တမ၊ ငြိတိသျှဘုရင်၏ ချမ်းသာပတေ့မြား (Sword of Mercy)

အင်္ဂလိဆက်(စ်)ဆုံး နောက်ဆုံးမင်းဆက် အက်ဒဝတ် (Edward the Con - fessor) ကိုင်ဆောင်သည်။ မြားဦးချိုးထားသည်။ မြားအမည်ရင်းမှာ ကာတားနား(Curtana)ဖြစ်သည်။ ငြိတိသျှနန်းစဉ်ရတနာတစ်ခုဟု သတ်မှတ်ထားသည်။ နန်းတက်ပွဲများတွင်သာသုံးသည်။ ကရွန်ဝလ်အုပ်ချုပ်စဉ်က ထိုမြားတစ်ခုသာ ချန်လှပ်ထားခဲ့၍ သမိုင်းဝင်မြားဖြစ်သွားခြင်း ဖြစ်လေသည်။ ကရွန်ဝလ်သည် ငြိတိသျှနန်းတွင်းအဆောင်အယောင်များကို ဖျက်ဆီးခဲ့ရာ ထိုမြားကို မဖျက်မဆီး ချမ်းသာပေးခဲ့၍ သမိုင်းဝင်မြားဖြစ်သွားသည်။ အခြားမြား(၅)လက်ရှိသော်လည်း ဘိသေကနန်းတက်မင်္ဂလာပွဲတွင် ချမ်းသာပတေ့မြားကိုသာသုံးသည်။

အင်္ဂမ၊ ဟွန်ဂျို မာဆာမုနီ (Honjo Masamune)

ဂျပန်ပြည်တွင် ပန်းပဆရာများအနက် မြားလက်နက်ပြုရာတွင် နာမည်ကျော် ပန်းပဆရာမှာ မာဆာမုနီ (Masamune) ဖြစ်၏။ သူလုပ်ခဲ့သောမြားများသည် သမိုင်းဝင်မြားများဖြစ်ကြသည်ကများသည်။ ထိုပြုလုပ်သောမြားများအနက် ထင်ရှားသော မြားတစ်လက်မှာ ဂျပန်စစ်ဗိုလ်ချုပ် ဟွန်ဂျို ရှင်ဂျိုနဂါ (General Honjo Shigenaga) ကိုင်ဆောင်သောမြားသည် စစ်တလင်းတွင် တိုက်ခိုက်ရာတွင် အထူးကောင်းမွန်သည်ဟု နာမည်ကြီးသည်။ ထိုမြားကို တိုဂုဂါဝါ အီမာဆာနယ်စား (Shogan of Tokugawa Iemasa) သည်ကိုင်ဆောင်ပြီးနောက် ယနေ့အထိ မည်သူ့လက်ဝယ်ရှိသည်ကို စုံစမ်း၍မရဟု သမိုင်းပညာရှင်တို့က ဆိုသည်။

နဝမ ဂျွိယီယူ(စ်) (Joyeuse)

ဥရောပတွင် ရှာလမိန်းဘုရင်၏ တန်ဆိုးအရိန်အဝါကြီးမားမှု၊ သူ့လက်ထက်တွင် တိုင်းပြည်သာယာဝပြောသည်ဟု လူတိုင်းသိကြသည်။ ထိုဘုရင်ကြီးကိုင်ဆောင်သောမြားမှာ Joyeuse ဖြစ်သည်။ ပြင်သစ်ဘုရင်များနန်းတက်ပွဲတွင် ကိုင်ဆောင်သည်။ မြားရိုးမှာ ရွှေသားတွင် ကျောက်မျက်ရတနာတို့ဖြင့်ပြုလုပ်ထားသည်။ ပြင်သစ်နိုင်ငံတော်ပြတိုက်တွင် ပြသထားသည်။

ဒသမ ဂူဇီဗွာမေး (Joyeuse)

တမန်တော်မိုဟာမက်၏ညီဝမ်းကွဲတော်သူ၊ တမန်တော်၏သမက် အလီမှာ အစွယ်လာဗ်ဘာသာရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်။ တမန်တော်က ဇူဖီဂ္ဂါမေးကိုပေးခဲ့သည်ဟုဆိုပါသည်။ သည်မြားက ယနေ့အထိရှိပါသည်ဟု ဆိုပါသည်။ အီမန်ကြီးတစ်ဦးရဲ့လက်ဝယ်ရှိကြောင်း ယူဆရပါသတဲ့ခင်ဗျာ"

ဟု သူ၏ မှတ်စုစာအုပ်ကိုထုတ်၍ ပြောပြလေသည်။

ဤတွင် ယောဂီဘဝတွင်ဖော်မွေ့နေပြီဖြစ်သော လယ်ကိုင်းသား သခင်လှအောင်သည် ကျွန်ုပ်တို့အား အမှတ်တရစကားတစ်ခွန်းခို့းမြွှင့်ပါသည်။ သူပြောလိုက်သည်မှာ -

"ကျုပ်တွေ့ဖူးတဲ့ မြားကတော့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ၊ သံယောဇဉ်နှောင်ကြိုးတွေကို တိုခနဲနေအောင်ဖြတ်ပေးတဲ့ ကျုပ်ဆရာတော်ကြီးရဲ့ဩဝါဒမြားပါပဲ။ သူ့ရဲ့ဆုံးမပြဩဝါဒကခုပြောနေတဲ့ မြားတွေထက် ထက်ပါပေတယ်ဗျား။ ခုလည်း စလင်းကန်လယ်ဆရာတော်ဘုရားထံသွားမလို့"

ဟု ခန့်ညားအောင်မြင်စွာ ပြောလိုက်ရာ ကျွန်ုပ်တို့အရာရှိတစ်သင်းမှာ လယ်ကိုင်း ဘားဝတ်ကျောင်း ဆရာတော်ကြီး၏တပည့် သခင်လှအောင်၏ စကားနောက်ဝယ် အမှန်၊ အငှားနှင့် ကိုယ်ပိုင်၊ အမှောင်နှင့် အလင်းတို့ကို တွေ့မြင်လာရသည့်အခိုက် ပုဇော်သင့်သူကို ပူဇော်ထိုက်သည်မှာ မင်္ဂလာတစ်ပါးဖြစ်၍ ဆဝလိုင်းကထုတ်ပေးသော အိန္ဒိယပြည်မှ အဒမ်ဂျီစက်ရုံထုတ် ကိုးမွေးတာဘက် မျက်နှာသုတ်ပဝါအကြီးတစ်ထည်ကို ကျွန်ုပ် မင်းကတော်ကြီး အားထုတ်စေလျက် ဒွေးဇိုလ် သခင်လှအောင်အား ခရီးစရိတ်နှင့်အတူ လက်ဆောင်ပေးလိုက်ပါကြောင်း။

အနောက်တံခါးမှုးမောင်ဂူး

၁ Sub mountain Area.

၂ His Mejesty Service.

၃ Chin Special Division.
ယခု ချင်းပြည်နယ်

၄ CAS (B) Civil Administration Ser - vice (Burma).

၅ Flag Mast Hill.

၆ Drill hall.
ယခု အလယ်တန်းကျောင်း၊ အင်္ဂလိပ်ခရစ်ယာန်သင်္ချိုင်းမှာ ထန်းပင်ရွာအနီးပြောင်းထားသည်။

၇ TDM - Thu ye kaung Ngwe dar ya Min, BIA-Burma Independent Army.

၈ The Top 10 Famous Deadly Swords in the World History.

၉ ချမ်းသာပတေ့မြားဟု Sword of Mercy ကို ဆိလျော်မည်, ယူဆမှုရေးပါသည်။

ကျမ်းကိုး -

၁။ ဦးဖိုးကျားမြန်မာစာဇင်

၂။ The Top 10 Famous Deadly Swords in the World History.

၃။ ဓာတ်ပုံများကို အင်တာနက်မှ ယူဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သွေးကင်ဆာပျောက်တဲ့ဆေး

ယခုရေးသားမည့်ဆောင်းပါးအား စာရေးသူ ၂၀၀၉ ခုနှစ်ကတည်းက ရေးထားတာဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် မဂ္ဂဇင်းတိုက်သို့ မပို့ဖြစ်ခဲ့ပါ။

ယခုအခါတွင်မတော့ စာရေးသူ စာရှုသူများအတွက် ရေးသားထားသော ဤဆောင်းပါးအား ပြန်လည်စိစစ်ကာ သူရဇမဂ္ဂဇင်းကြီးမှတစ်ဆင့် ဗဟုသုတ ရတနာစေလိုသောဆန္ဒဖြင့် ရေးသားတင်ပြလိုက်ပါသည်။

မှတ်မှတ်ရရ ၁၃-၇-၂၀၀၉ နေ့က လွန်(မကွေးတိုင်းဒေသကြီး) လယ်/ယာ(၂)စက်ရုံမှ စာရေးသူ၏တပည့်ဖြစ်သူ မောင်အုန်းကျော်သည် စာရေးသူတို့စက်ရုံ (၂) မတယ်သို့ အလုပ်ကိစ္စဖြင့် ရောက်ရှိလာ၍ တွေ့ကြရပါသည်။

မောင်အုန်းကျော်နှင့် ခွဲခွာခဲ့ကြရသည်မှာလည်း နှစ်ပေါင်း (၂၀) ကျော် ကြာမြင့်ခဲ့ရာမှ ယခုကဲ့သို့ ပြန်တွေ့ရသောကြောင့် ဝမ်းသာကြည်နူးမိပါသည်။

ဒီလိုနှင့် ဆရာတပည့်နှစ်ယောက် အာသာပသလွှာပစကားတွေ ပြောဆိုကြရင်းက -

"ဒါနဲ့ မင်းကလေးဘယ်နှယောက် ရှိပြီလဲကွ"

ဟု စာရေးသူမှ မေးမိရာ -

"နှစ်ယောက်ရသွားပါပြီ။ သမီးအကြီးမကြီးဆိုရင် (၁၀) တန်းတောင် အောင်သွားပြီလေ"

ဟု စာရေးသူအား ပြန်ပြောကာ ဆက်လက်ပြီးတော့လည်း -

"ဆရာရေ၊ အဲဒီ သမီးကြီးဟာ ငယ်စဉ်က သေပြီတောင်မှတ်ထာ။ ခုတော့ ကျန်းမာရေးဒေါင်ဒေါင်မြည်နေပါပြီ"

ဟု စကားမစပ် မောင်အုန်းကျော်မှ ပြောလာပြန်ပါသည်။

"နေပါဦးကွ မောင်အုန်းကျော်ရဲ့ မင်းစကားကြီးက မင်းသမီးကြီးက သေလောက်တောင်ဖြစ်ခဲ့တယ် ဆိုတော့ ဘာရောဂါမို့လဲ"

ဟု စာရေးသူ ထပ်၍ မေးမိပြန်ပါသည်။

"သွေးကင်ဆာ ဆရာရေ၊ သွေးစင်ဆာ"

ဟု ပြန်ပြောသဖြင့် စာရေးသူမှ-

"ဟေ"

ဟုသာပြန်ပြောနိုင်ပါတော့သည်။

ကြားဖူးနားဝရှိသလောက်ဆိုရပါလျှင်လည်း ထိုရောဂါမျိုးသည် စာရေးသူ၏အသိမိတ်ဆွေ၏သားသမီးများထဲမှာရော အခြားမိသားစုများထဲမှာပါ သူတို့၏သားသမီးများသည် ကုမရဘဲ သေဆုံးကြရသည်များကိုသာ ကြုံဖူး တွေ့ဖူးပါသည်။

သို့သော် မောင်အုန်းကျော်၏ သမီးကြီးမှာ မသေဘဲ အသက်ရှင်သန်ကျန်းမာစွာရှိနေသည် ဆိုသည့်အတွက် စာရေးဆရာပီပီ မေးခွန်းထုတ်လိုက်မိပြန်ပါသည်။

"မောင်အုန်းကျော်၊ လျှာရှည်တယ်လို့တော့ မထင်နဲ့။ ဘယ်ဆေးဘယ်ဝါး တွေနဲ့များ ကုသပြီး ခုလို ကျန်းမာရေးတွေကောင်းနေရတာလဲ"

ဟု မေးမိရာ မောင်အုန်းကျော်မှ-

"ကျွန်တော်လည်း ဇီဝိတဒါန ကုသိုလ်အဖြစ် ဆရာ့ကိုပြောခဲ့ပါ့မယ်။ ကျွန်တော့်သမီးလို ရောဂါရှင်မျိုးနဲ့တွေ့ရင်လည်း ကျွန်တော်ပြောပြပါတယ်။ ဆရာလည်းမှတ်ထားပေါ့"

ဟု ပြန်ပြောပါသည်။

စာရေးသူလည်း မောင်အုန်းကျော်ပြောလာမည့်စကားကို အာရုံစူးစိုက်စွာ နားစွင့်လိုက်မိပါသည်။

"ဆေးကတော့ မီးကွင်းဂမုန်းပင်ကို ရှာရပါမယ်။ မီးကွင်းဂမုန်းမှာ လက်တံတိုရယ်၊ လက်တံရှည်ရယ်လို့ နှစ်မျိုးရှိပါတယ်။ ရွက်တံရှည်ရွက်ကို ရရှိဖို့လိုပါတယ်။

ရွက်တံရှည်အရွက်ကိုရရင် အရွက်ရဲ့အလယ်တိုင်ကို ခွဲနုတ်ထားပြီး အလယ်တိုင်ရဲ့ ဘေးတစ်ဖက်တစ်ချက်မှာရှိတဲ့ အရွက်တွေကိုဓားနဲ့လှီးဖယ်ပစ်ရပါမယ်။

ကျန်ရှိတဲ့ အလယ်တိုင်ကို စဉ်းတိတုံးပေါ် တင်ပြီး ဝါးလုံးပိုင်းနဲ့ဖြစ်စေ၊ သစ်သားလုံးနဲ့ဖြစ်စေ ခပ်ဆတ်ဆတ်လေး ထုထောင်းပြီး လက်နဲ့ညှစ်ယူလို့ရမယ့် အနေအထားမျိုးကို ရောက်ရင်တော့ အရည်ကို လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးရအောင် လက်နဲ့ညှစ်ယူရပါမယ်။

ရလာတဲ့ သတ္တုရည်ကို ဆား အနည်းငယ်ထည့်ပြီးတော့ တစ်နေ့ (၃) ကြိမ် ခွဲတိုက်ရပါမယ်။ (၁) လတိတိ တိုက်ဖို့လိုပါတယ်။ (၁) လပြည့်လို့ နောက်လမှာတော့ တစ်ရက်ခြား၊ အဲဒီပုံစံအတိုင်း ရောဂါမပျောက်မချင်းတိုက်ရပါမယ်။

အဲဒီလိုတိုက်နေရင်းက မြွေပွေးအသေတစ်ကောင်ဝယ်ရပါမယ်။ ကျွန်တော်တို့ဆီမှာတော့ မြွေပွေးရဖို့ လွယ်ပါတယ်။ ရလာတဲ့မြွေပွေးကို မီးမြှိုက်ပြီး ရင်ခွဲ၊ ကလီစာတွေကိုထုတ်ပစ်ကာ ရေစင်စင်ဆေးကြော်ပြီး စားလို့လွယ်ကူအောင် စားနဲ့နုပ်နုပ်စဉ်း၊ ဆားနဲ့နယ်၊ တင်းတက်မှုန့်လေးနည်းနည်းထည့်ပြီးတော့ ရေနဲ့နွေးနေအောင်ပြုတ်ပြီး အရည်ရော အဖတ်ပါ တွေ့လိုက်ပါတယ်။ ကလေးဆိုတော့ မြွေဆိုရင် စားမှာစိုးလို့ သူ့မသိအောင် တခြားအိမ်မှာ သွားပြုတ်ပြီး တိုက်ရပါတယ်။

ပြုတ်ရည်နဲ့အဖတ်ကို ည၊ မနက် တိုက်တဲ့အခါမှာ တစ်နေ့တည်းနဲ့ မတုန်နိုင်တော့ (၂) ရက်၊ (၃) ရက် သမီးစားနိုင်သရွေ့ တိုက်ကျွေးပေးရပါတယ်။ ပြုတ်ရည်၊ အဖတ်တို့ မသိုးဖို့တော့ မီးဖိုမှာ နွေးထားဖို့ လိုပါတယ်။

မြွေပွေးပြုတ်ဖတ်နဲ့ အရည်ကို တစ်လတစ်ကြိမ် ပုံမှန်တိုက်ရပါမယ်။ မြွေပွေးမရခဲ့ရင်တော့ (၂) လ တစ်ကြိမ် တိုက်ကျွေးရပါမယ်။

အဲဒီလို ကုသလိုက်တဲ့အတွက် ယခုဆိုရင် ကျွန်တော့်သမီးကျန်းမာရေးလည်း လူကောင်းပကတိဖြစ်သွားပြီး (၁၀)တန်းတောင်အောင်သွားပြီ ဆရာ။ သမီးကို ကုသခဲ့တဲ့ ဆရာဝန်တွေဆိုလည်း ကျွန်တော့်သမီးကျန်းမာရေးကောင်းသွားတာကိုမြင်ပြီး အံ့သြသွားကြပါတယ်"

ဟု ပြောပြပါသည်။

သို့ကလို စာရေးသူ တွေ့ဆုံမေးမြန်းခဲ့ရသော အကျိုးကျေးဇူးသည် ပျောက်ကင်းရန် ခက်ခဲလှသော သွေးကင်ဆာရောဂါရှင်တို့အတွက် သူရဇမဂ္ဂဇင်းကြီးအား ဖတ်ရှုမိလိုက်ခြင်းအားဖြင့် တစ်ဆင့်စကား တစ်ဆင့်နားဆို သလို မြန်မာပြည်အနှံ့ရှိ လူအများသိရှိကြကာ အဖိုးမဖြတ်နိုင်သော ဆေးနည်းကောင်းတစ်ခုအား ရရှိသွားနိုင်ကြမည်ဖြစ်သည့်အတွက် စာရေးသူ ရေးရသည်မှာ ဝမ်းသာပီတိဖြစ်ရပါကြောင်း ရေးသားပြောကြားလိုက်ပါသည်။

ဆေးနည်းပြောပြသောလယ်/ယာ (၂)၊ မလွန်စက်ရုံမှ ထုံးဘိုစက်မှုဇုန်ငှာမှ ကျောင်းဆင်းသွားသော မောင်အုန်းကျော်အား ကျေးဇူးတင်အပ်ပါသည်။

သူရဇမဂ္ဂဇင်းကြီးနှင့်အတူ
စာဖတ်ပရိသတ်များအား
အဋ္ဌေလေးစားလျှက်

ဦးဘိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)၊ လှေးဘို

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လိုင်(သုဝဏ္ဏ)

တရုတ်ဂမ္ဘီရ ဖုန်းရှေပညာ



ဖုန်းရှေပညာရပ်၏ အဓိကအခြေခံကျသောတင်ကြီးငါးပါး

ဖုန်းရှေပညာလေ့လာရာ၌ မီး၊ မြေ၊ သတ္တု၊ ရေ၊ သစ်သား ဟူသည့် အခြေခံတင်ကြီးငါးပါးကို မဖြစ်မနေ နားလည်သိရှိထားရန်လိုအပ်ပါသည်။

တင်ကြီးငါးပါး အစဉ်အတိုင်းလည်ပတ်မှု

တင်ကြီးငါးပါး အစဉ်အတိုင်းလည်ပတ်သည်ဆိုရာ၌ မွေးဖွားဖြစ်တည်မှုသဘောနှင့် သေဆုံးပျက်စီးခြင်းဟူသည့် သဘောနှစ်ရပ်ပါဝင်ပါသည်။

ပုံတွင် ဖော်ပြပါရှိသည့်အတိုင်း အနက်ရောင်မြားများက မွေးဖွားဖြစ်တည်ခြင်းသဘောကို အဆင့်ဆင့်ပြသပြီး အနီရောင်မြားများက သေဆုံးပျက်စီးခြင်းသဘောကို ဖော်ပြနေပါသည်။

မွေးဖွားဖြစ်တည်ခြင်းအရ မီးက မြေကို မွေးဖွား (အားပေး) ပြီး မြေက သတ္တုကို ဖြစ်တည်စေကာ သတ္တုက ရေကိုအားပေး၍ ရေကတစ်ဖန် သစ်သားကိုဖြစ်ထွန်းစေကာ သစ်သားက မီးကို အားပေးပြန်ပါသည်။

သေဆုံးပျက်စီခြင်းသဘောအရ မီးက သတ္တုကိုဖျက်ပြီး သတ္တုက သစ်သားကိုပျက်စီးစေကာ သစ်သးက မြေကိုဖျက်၍ မြေက ရေကိုဖြစ်ကာ ရေက မီးကို ပျက်စီးစေပါသည်။

Yang (ယန်) နှင့် Yin (ယင်)

ဖုန်းရှေပညာရပ်အတွက် အခြေခံကျသော ကမ္ဘာဦးအစကတည်းကရှိနေပြီးဖြစ်သည့် ဖို-မစွမ်းအင်နှစ်မျိုး၏



သဟဇာတာဖြစ်နေမှုသဘောကိုပြသည့် အမှတ်သင်္ကေတဖြစ်သည်။

Yin ကို အနက်ရောင်၊ Yang ကို အဖြူရောင်ဖြင့်ဖော်ပြသည်။ Yin (ယင်) သည် မှောင်မိုက်သောသဘောဆောင်၍ Yang (ယန်) က တောက်ပခြင်းသဘောကို ရည်ညွှန်းသည်။ တစ်ဖန် Yin သည် အမတ်ဖြစ်ပြီး အေးခြင်းသဘောကိုယ်စားပြုကာ Yang က အဖို့တ်အဖြစ် ပူခြင်းသဘောကိုယ်စားပြုသည်။ ထို့ကြောင့် Yin (အမ) တင်သည် အေးဆေးတည်ငြိမ်ခြင်းသဘောကိုပြပြီး Yang (အဖို့)တင်က တက်ကြွလှုပ်ရှားတတ်သည့်သဘာဝကို ဖော်ပြသည်။ တရုတ်လောကီပညာရပ်၌ Yin (အမ) တင်နှင့် Yang (အဖို့)တင်တို့ စွမ်းအင်ညီမျှမှုအခြေအနေပေါ် မူတည်၍ကောင်းသောဖုန်းရှေ(သို့)မကောင်းသောဖုန်းရှေဖြစ်ခြင်းကို အခြေခံကျကျတွက်ချက်ရပါသည်။

yin (ယင်)နှင့် Yang(ယန်)တို့၏ စွမ်းအင်များကို မိမိတို့နေထိုင်ရာနေအိ နှင့်ရုံးခန်းတို့၌ လိုအပ်သလို(သဟဇာ ဖြစ်အောင်ညှိပေးနိုင်ပါသည်။ အ ၍ မိမိအိမ်၊ ရုံးအတွင်း Yang (ယ တင်များလွန်းနေပါက Yin(ယင်) လုံးဝပျောက်ကွယ်သွားနိုင်ပါသည်။ သော်လည်း Yang တင်ကို Yin ထက် သာလွန်ပေးထားရပါမည်။ သာ အိမ်၊ ရုံးအတွင်း နေထိုင်လုပ်ကို သူများ ကိုယ်စိတ်နှစ်ပါး လန်းဆန်းထ ကြွေနိုးကြားမှုရှိစေပါမည်။ Yin(ယင်) သည် တိတ်ဆိတ်ငြိမ်သက်ခြင်းသ ကို ပိုင်ဆိုင်ထားခြင်းကြောင့် ၎င်းတ များလွန်းနေခြင်းကို သုသာန်မျ တိတ်ဆိတ်ငြိမ်သက်မှုသဘောဖြင့် နိုင်ပါသည်။

အဓိကအားဖြင့် Yang(ယန်) တင်ကို အလွန်မများစေသော်လ yin(ယင်)အမတင်သာလွန်စေရပါ Yang (ယန်) အဖို့တင် များလွန်း ကြောင့် ပူပြင်းတောက်လောင်စ သည့်သဘောဆောင်သွားပြီး သက်သာစေမည့် Yin (ယင်)

www.burmeseclassic.com

www.burmeseclassic.com

ထိုးဝ ပျောက်ကွယ်သွားနိုင်သလို Yin (ယင်) ဓာတ်များလွန်းပါကလည်း လေးစားနှိမ်ထိုင်းခြင်း၌ တက်ကြွလန်းဆန်းမှုမရှိစေသည့်သဘော၊ သုသာန်(သချိုင်း)တို့၏ပကတိတိတ်ဆိတ်ငြိမ်သက်မှုသဘောသက်ရောက်စေပါသည်။

Pa Kua (ပါကွာ)

ပါ (Pa)သည် (၈)ဂဏန်းကိုဆိုလိုပြီး ကွာ (Kau) သည် အနား(မျဉ်း)ကိုဆိုလိုပါသည်။ ထို့ကြောင့် ပါကွာ (Pa Kua) ဆိုသည်မှာ အနားရှစ်ဖက်ပါအဌဝံကို ဆိုလိုပါသည်။

Yin Pa Kua (ယင်ပါကွာ) နှင့် Yang Pa Kua (ယန်ပါကွာ) ယင်ပါကွာနှင့် ယန်ပါကွာကို မလေ့လာမီ ပထမဦးစွာ ယင်နှင့် ယန်တို့အားကိုယ်စားပြုမည့် တြိရေခါတို့ကို နားလည်ထားရပါမည်။ တြိရေခါဆိုသည်မှာ တစ်ဆက်တည်းဖြစ်နေသောမျဉ်း(သို့) ခါးပြတ်နေသောမျဉ်းသုံးကြောင်းစီပါတစ်စုံကိုခေါ်ပါသည်။

ခါးပြတ်နေသော မျဉ်းများသည် ယင်(အမဓာတ်)ကိုကိုယ်စားပြုပြီး တစ်ဆက်တည်းဖြစ်နေသောမျဉ်းများက ယန်(ဒိဓာတ်) ကို ကိုယ်စားပြုသည်။ ပါကွာအတွင်းပါဝင်မည့်တြိရေခါအနေအထားနှင့် ၎င်းတို့အား ထပ်ဆင့်ကိုယ်စားပြုထားသော စကြဝဠာ၏ဂုဏ်အင်များဖြစ်သည့် ရေ၊ တောင်၊ မိုးကြိုး၊ လေ၊ မီး၊ မြေ၊ ကန်၊ ကောင်းကင်တို့၏အရပ်ရှစ်ခုကိုအလိုက်အကျိုးသက်ရောက်ပုံ၊ ယင်နှင့် ယန်အနည်းအများရှိနေပုံတို့ကို အောက်ပါပါကွာများဖြင့်ဖော်ပြပါမည်။

အဌဝံ(ပါကွာ)အတွင်း တြိရေခါရှစ်စုံ ပါဝင်မှုအနေအထားအလိုက် ယင်(Yin) ဓာတ်နှင့် ယန် (Yang) များလွန်း၊ နည်းလွန်းခြင်းသဘောကိုတွေ့ရပါမည်။

ပုံတွင်ဖော်ပြချက်အရ ခြိယင်ခေါ် တောင်အရပ်ရှိ တြိရေခါက တစ်ဆက်တည်း မျဉ်းသုံးကြောင်းဖြစ်နေခြင်းကြောင့် Yang ဓာတ်လွန်ကဲနေပြီး ခွန်ခေါ် မြောက်အရပ်ရှိ၊ တြိရေခါက ခါးပြတ်မျဉ်းသုံးကြောင်းဖြစ်နေခြင်းကြောင့် Yin ဓာတ်လွန်ကဲနေကြောင်း သိသာစွာခွဲခြားတွေ့မြင်နိုင်ပါသည်။

Yin Pa Kua (သို့) ပထမကောင်းကင်ဘုံအစီအစဉ်အား ပြင်ဆင်လိုက်ပါက ဒုတိယကောင်းကင်ဘုံအစီအစဉ်(သို့) Yang Pa Kua ကို အောက်ပါအတိုင်းရရှိပါမည်။



ဒုတိယကောင်းကင်ဘုံအစီအစဉ်
Yang Pa Kua (ယန်ပါကွာ)

ပထမကောင်းကင်ဘုံအစီအစဉ်ရဲ့ ဖော်ပြချက်တွင် -

လီ(သို့)ကောင်းကင်၌ တစ်ဆက်တည်းမျဉ်းသုံးကြောင်းပါ တြိရေခါနှင့် ၎င်း၏ ကိုယ်စားပြု ကောင်းကင်ဘုံတို့ ရှိနေကြသည်။ ထို့နည်းတူစွာ -

ခွန် (သို့) အနောက်ကောင်းကင်ရဲ့ ခြိယင် တြိရေခါနှင့် ကိုယ်စားပြုသော

တို့ (သို့) အနောက်အရပ်၌ ဆိုင်ရာတြိရေခါနှင့် ကိုယ်စားပြု ရေ

ခြိယင် (သို့) အနောက်မြောက်၌ တြိရေခါနှင့် ကိုယ်စားပြု တောင်၊

ခန် (သို့) မြောက်အရပ်၌ တြိရေခါနှင့် ကိုယ်စားပြု မြေ၊

ကင် (သို့) အရှေ့မြောက်အရပ်၌ ဆိုင်ရာတြိရေခါနှင့် ကိုယ်စားပြု မိုးကြိုး၊

ချင် (သို့) အရှေ့အရပ်၌ ဆိုင်ရာ တြိရေခါနှင့် ကိုယ်စားပြု မီး၊

ဆွန် (သို့) အရှေ့တောင်အရပ်၌ ဆိုင်ရာတြိရေခါနှင့် ကိုယ်စားပြု ရေကန်ဟူ၍ အသီးသီးရှိနေကြသည်။

ပထမကောင်းကင်ဘုံအစီအစဉ်မှ တြိရေခါတစ်ခုချင်းစီကို ပြောင်းလဲလိုက်ပါက အောက်ပါပုံတွင်ပါရှိသည့်အတိုင်း မူလက လီအရပ်ရှိ (တောင်) ကောင်းကင်ဘုံကိုယ်စားပြု တြိရေခါက ယခု ခြိယင်(အနောက်မြောက်)သို့ ရောက်ရှိသွားပါမည်။

တြိရေခါများသည် အရပ်ထောင့်နေရာပြောင်းလဲသည်နှင့် ၎င်းတို့၏ဆိုင်



Yin Pa Kua (သို့)
ပထမကောင်းကင်ဘုံအစီအစဉ်
(မူထတြိရေခါထားရှိပုံ)

www.burmeseclassic.com

ရာကိုယ်စားပြု (ကောင်းကင်ဘုံ၊ ရေ၊ လေ၊ မီး စသည်) တို့ကလည်း တစ်ပါတည်း လိုက်လံပြောင်းလဲပါသည်။

အကယ်၍ သင့်အိမ်၏ အရှေ့ဘက်အရပ်ကို စွမ်းအင်မြင့်တင်ပေးလိုပါက ချင် (အရှေ့အရပ်)၏ တြိရေခါကကိုယ်စားပြုထွားသော သစ်သားအကြီးအကြီးဆုံးသား Yang စွမ်းအင်၊ မိုးကြိုးတို့တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်နွယ်နေမှုသဘောကို သေချာလေ့လာ၍ အိမ်၏ အရှေ့အရပ်၌ သစ်သားနှင့်ပြုလုပ်သောပစ္စည်းများကို ထားရှိပေးရပါမည်။ အဆိုပါပစ္စည်းများအား သစ်သားနှင့်လိုက်ဖက်ကိုက်ညီသည့် အစိမ်းရောင် (သို့) အညိုရောင်ဆေးများ သုတ်ပြီး ထောင့်မှန်စတုဂံပုံစံ (Shape) ဖြင့်ထားရှိပေးရပါမည်။ ၎င်းပြင် အရှေ့အရပ်သည် နဂါးနေရာယူထားရာအရပ် ဖြစ်သောကြောင့်လည်း အဆိုပါ အရပ်ထောင့်၌ ယန်(Yang) ဖိုဓောတ်အားကောင်းလာစေပါသည်။

အထက်ပါပုံကွာအစီအရင်ကို ပြုလုပ်မည်ဆိုပါက အခြေခံဓာတ်ကြိုးငါး၏ မွေးဖွားဖြစ်တည်ရှင်သန်ခြင်းဖြစ်စဉ်နှင့် သေဆုံး၊ ပျက်စီး၊ ချုပ်ငြိမ်းခြင်းဖြစ်စဉ်တို့ကို (ရှေ့တွင်ဖော်ပြပြီး) သတိပြုလျက် ဓာတ်မတည့်သောအရာနှစ်ခုအား ယှဉ်တွဲလျက် (သို့) မျက်နှာချင်းဆိုင်လျက်မထားမိစေရန် သတိချပ်ရပါမည်။

ဖုန်းရွှေပညာအရ အောက်တွင်ဖော်ပြမည့်ဒီဇိုင်းလေးမျိုးကို မိမိနေအိမ် (သို့) ရုံး၏ခန်းဆီး၊ အတွင်းခန်းနံရံများပေါ်၌ နံရံကပ်ပိုစတာပုံစံ (သို့) ကြွေပြားဖြင့် ကောင်းသော ချီဓာတ်များဝင်ရောက်လာစေရန် စီမံထားရှိပေးရပါမည်။

Water Motif (ရေလိုင်းပုံ)

ပင်လယ်ရေလိုင်းနှင့်ဆင်တူပြီး ပုံ



တွင်ပါရှိသည့် ပူစီဖောင်းကလေးများက yang (ယန်) ဓာတ်ပါဝင်မှုသဘောကို ကိုယ်စားပြုနေပါသည်။ ရေ(သို့)အရည်နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများအတွက် အထူးသင့်လျော်ပါသည်။ ၎င်းပုံကိုမည်သည့်အရပ်ထောင့်တွင်မဆို ချိတ်ဆွဲထားရှိနိုင်သည်။ ရေနှင့်ပတ်သက်သည့် အရက်၊ ဘီယာ၊ ဝိုင်ဘားများနှင့် စားသောက်ဆိုင်တို့အတွက် အနက်ရောင် (သို့) အပြာရောင်ဖြစ်ပါက ပို၍ကောင်းမွန်ပါသည်။

The Square Maze (လေးထောင့်ဝင်္ကပါ)

မြေဓောတ်ကိုကိုယ်စားပြုထားသည့် ပုံဖြစ်ပြီး မိမိနေအိမ်၏ မြေဓောတ်ကိုယ်စားပြုအရပ်ထောင့်ဖြစ်သော အနောက်တောင်နှင့် အရှေ့မြောက်တို့၌ထားရှိပါက အထူးကောင်းမွန်ပါသည်။ လေးထောင့်ဝင်္ကပါဒီဇိုင်းသည် အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းလုပ်သူတို့အတွက် များစွာအကျိုးထူးစေပါသည်။

Round Motif (အဝိုင်းပုံအပြောက်အမွှမ်း)



၎င်းပုံစံ(ဒီဇိုင်း)ကို မိမိအိမ်၏ အနောက်အရပ် (သို့) အနောက်မြောက်အရပ် (သတ္တုကိုကိုယ်စားပြုသောနေရာ)၌ထားရှိရန် သင့်လျော်ပါသည်။ နေ့နေ့နာပုံဖော်ပြချက်အရ အဖိုးတန်ကျောက်မျက်ရတနာတစ်ခုခု၏ တောက်ပနေသည်ပုံကို ထင်ဟပ်စေပါသည်။ ကျောက်မျက်ရတနာအားလုံးသည် သတ္တုနှင့်မြေနွယ်ထစ်ခုတည်းဖြစ်ပြီး မိခင်မြေကြီးအတူတူဖော်(မွေးဖွား)ရရှိခဲ့သည်သဘောကိုပြနေခြင်းကြောင့် အိမ်အတွင်း ကျက်သရေမင်္ဂလာရှိစေရန် ၎င်းပုံကိုသတ္တုအရပ်တွင်ထားရှိပါသည်။

Mountain Range (တောင်တန်းများပုံဒီဇိုင်း)

တောင်တန်းများပုံဒီဇိုင်းကို အိမ်အတွင်းဘက် အနောက်ဘက်ခပ်ကျယ်ကျယ်နေရာ၌ထားရှိပေးခြင်းဖြင့် အထားအကွယ်မျိုးစုံပေးတတ်သည့် ချီဓာတ်ကိုရစေပါသည်။ တောင်တန်းများသည် မြေကြီးအကြီး (Big Earth) ကိုကိုယ်စားပြုထားခြင်းကြောင့် ၎င်းပုံကို အိမ်၏ အနောက်တောင်အရပ်တွင်ထားပါက မိခင်ဖြစ်သူကျန်းမာရေးအတွက် ကောင်းသော ချီဓာတ်ကိုရစေပါသည်။ ထို့အပြင်မက အိမ်ရှိမိသားစုဝင်အားလုံး တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံမှုပြစ်နေပါမည်။

Chapter One
Symbols of Wealth & Succes

စီးပွားဥစ္စာကြွယ်ဝချမ်းသာခြင်းနှင့် အောင်မြင်ခြင်းအမှတ်လက္ခဏာများ

ကံကောင်းခြင်းကို အမှန်တကယ်ပေးနိုင်သည့်အကြွေစေ့(ဒင်္ဂါး)များ

တရုတ်လူမျိုးတို့ ရှေးယခင်အသုံးပြုသော ဒင်္ဂါးစေ့များသည် ကြာမြင့်ဖြင့်သွန်းလုပ်ထားပြီး ဘီစီ ၁၁ ကာလအတွင်း ငွေအကြွေစေ့သတ်မှတ်သုံးစွဲခဲ့ကြသည်။ နမူနာပါရှိသည့်အတိုင်း အဝိုင်းပုံဒင်္ဂါးအလယ်တည့်တည့်၌ စတုရန်းတွင်းလျှိုပေါက်ဖောက်ထားခြင်းသည် ဓာတ်စွမ်းအင်ကို ကိုယ်စားပြုပြီး ပုံစံက ကောင်းကင်ဘုံ၏ မှင်္ဂလာချီဓာတ်ကိုကိုယ်စားပြုထားသည်နှင့် ရန်းကွက်ပုံစံနှင့် အဝိုင်းပုံစံတို့က

www.burmeseclassic.com

www.burmeseclassic.com



စေ့တစ်ခုတည်းတွင် ပူးတွဲပါရှိနေခြင်းကြောင့် ကောင်းကင်ဘုံနှင့် မြေကြီးတို့၏ ညီညွတ်မှုသဘောကို ထင်ရှားစေပါသည်။ အထက်ပါစွမ်းအင်နှစ်ခုပေါင်းစပ်ခြင်းဖြင့် စီးပွားဥစ္စာကြွယ်ဝမှုနှင့် ကံကောင်းခြင်းသဘောများ သက်ဝင်လှုပ်ရှားလာခြင်းကြောင့် အဆိုပါအကြွေစေ့များကို အလယ်ပေါက်တွင် ရွှေကြိုး (သို့) အနီရောင်ကြိုးဖြင့်သီ၍ အဆောင် (လက်ဖွဲ့) အဖြစ် အသုံးပြုရပါသည်။



Wu Chu coin Tang Dynasty coin



Kang Hsi coin Yang & Yin coin

ဖုန်းရှေပညာအရ ကံကောင်းခြင်းနိမိတ်ဆောင်အစီအရင်ပြုလုပ်လိုပါက တရုတ်မင်းဆက်တစ်ခုတည်းမှ ထီးနန်းဆက်ခံလာသူ ဧကရာဇ်မင်းအဆက်ဆက်ကိုးဦး၏ ၎င်းတို့လက်ထက်အသုံးပြုခဲ့သည့် ခေတ်အလိုက်အကြွေ (ဒင်္ဂါးစေ့)ကိုးခုကို ရှာဖွေစုဆောင်းရပါမည်။ ထိုဒင်္ဂါးစေ့ကိုးစေ့အား အလယ်စတုရန်းကွက်အပေါက်မှ ကြိုးနီဖြင့် တစ်စုတည်းတွဲချည်၍ မိမိအလုပ်လုပ်ရာအခန်းနောက်ကျောနံရံ၌ ချိတ်ဆွဲထားရပါမည်။ နိမိတ်ပုံအဓိပ္ပာယ်အရ စီးပွားရေးနှင့်ပတ်သက်၍ နယ်ပယ်ကြီးကိုးခုမှ ကူညီ ထောက်ပံ့ပေးလာမည့်သဘော၊ မိမိ၏သားစဉ်မြေးဆက် မျိုးဆက်ကိုး ဆက်တိုင်တိုင် ချမ်းသာကြွယ်ဝစေမည့် သဘောအောင် နိမိတ်ဆောင်နေပါသည်။

တရုတ်ရှေးဟောင်းအကြွေစေ့များတွင် စီးပွားဥစ္စာတိုးတက်ခြင်းနှင့် ကံကောင်းခြင်း အစွမ်းအာနိသင်များပါဝင်နေသည်ဟု ယုံကြည်သူများက ၎င်းတို့၏ သားသမီးများလည်ပင်း၌ အဆိုပါ အကြွေစေ့တစ်ခုခုအား အဆောင်လက်ဖွဲ့အဖြစ် ဆွဲပေးတတ်ကြသည်။ ယနေ့ ခေတ်ကာလ၌ ဖုန်းရှေပညာလေ့လာလိုက်စားသူများနှင့် ယုံကြည်လက်ခံသူအများစုက ဒင်္ဂါးစေ့အိုင်းပုံစံကို ရွေးသားအတိုဖြင့်ပြုလုပ်၍ အလယ်စတုရန်းကွက်နေရာ၌ ရွှေနှင့်လိုက်ဖက်မှုအရှိဆုံးသော ရတနာစိန်အစစ်များစီခြယ်၍ ဝတ်ဆင်လာတတ်ကြသည်။ ရွှေနှင့် စိန်သည် ဝတ်ဆင်သူအတွက် ကောင်းသောချီဓာတ်များ အဆုံးစွန်ပေးစွမ်းနိုင်ပါသည်။

(နမူနာပုံအရ ဖုန်းရှေနှင့်အညီ စီမံပြုလုပ်ထားသောလက်စွပ်ကို တွေ့ရပါမည်။)

အကြွေစေ့များဖြင့်ပုံဖော်ထားသောဓား

နမူနာပုံအရ အကြွေစေ့များအား ကြိုးနီဖြင့် အဆင့်ဆင့်သီဆွဲလျက် ဓားပုံစံဖော်ထားသည်ကိုတွေ့ရပါမည်။ယင်းဓားပုံစံသည် အေဒီ ၁ ရာစုခေတ်က တရုတ်လူမျိုးတို့အသုံးပြုခဲ့သော ဓားပုံစံဖြစ်ပါသည်။ ဖုန်းရှေပညာရှုထောင့် အရ အကြွေစေ့ဓားကို မိမိအိမ်အား ပြဿနာ အနှောင့်အယှက်ဖြစ်စေသည့်အရပ်ထောင့်တွင် အကာအကွယ်အဖြစ် ထားရှိပေးပါ။



ဆိုင်ခန်းအဝင်ဝတံခါးခွင် အကြွေစေ့များကို ချိတ်ဆွဲခြင်း

မိမိဆိုင်ခန်း၊ ရုံးခန်းတို့၏ အဝင်ဝ တံခါးအပေါ်ဘက်၌ အကြွေစေ့များကို သီဆွဲ (ချိတ်) ထားခြင်းဖြင့် ကံကောင်းခြင်းများကို ရရှိစေပါသည်။ ၎င်း အကြွေစေ့အတွဲများကို နှစ်စဉ် ကျရောက်မြဲဖြစ်သည့် တရုတ်နှစ်သစ်ကူးပွဲတော်ရက် ပထမဆုံးနေ့၌ (နှစ်စဉ်) သန့်စင်ဆေးကြောပေးရပါမည်။



မိမိလုပ်ကိုင်သော စီးပွားရေး၊ တိုးတက်အောင်မြင်စေရေးနှင့်ကံကောင်းခြင်းများ ဆက်တိုက်ရရှိရန် အကြွေစေ့သုံးစေ့အား အလယ်စတုရန်းကွက်နေရာမှ ကြိုးနီဖြင့် စုပေါင်းချည်လျက် မိမိအတွက် အရေးကြီးသောလုပ်ငန်းဆိုင်ရာ ဖိုင်တွဲ၊ စာအုပ်များအတွင်း ကပ်ထားပေးရပါမည်။

တရုတ် ရှေးဟောင်း အကြွေစေ့များသည် မူလက တန်ဖိုးမကြီးသော်လည်း ရှာဖွေရခက်ခဲလွန်းခြင်းကြောင့် တစ်စတစ်စဈေးကြီးလာခဲ့သည်။ သို့သော်လည်း ဘဝတစ်သက်တာအတွင်း အပိုင်းကဏ္ဍမျိုးစုံအတွက် ကံကောင်းခြင်းနိမိတ်ဆောင်နေသောကြောင့် ရနိုင်သရွေ့ ဝယ်ယူစုဆောင်းသင့်ကြောင်း ဖုန်းရှေအတိုင်ပင်ခံတို့က အကြံပြုထားသည်။

တရုတ်အကြွေစေ့များကို ကြိုးနီဖြင့်ချည်ပြီး File, Fax စသည့်လုပ်ငန်းဆိုင်ရာပစ္စည်းများတွင် ကပ်မည်ဆိုပါက **Yang(ယန်) အဖို့ဓာတ်ဘက်အခြမ်းအား မျက်နှာအဖြစ် အပေါ်လှန်ထားပေးရပါမည်။ Yang (ယန်)နှင့် Yin (ယင်) မျက်နှာနှစ်ဖက်ကိုခွဲခြားရာတွင် အကြွေစေ့ပေါ်၌ စာလုံးလေးလုံး (သို့) စရိုက်လက္ခဏာလေးမျိုးပါသည့်ဘက်က Yangနှင့်ဆိုင်သောအခြမ်းဖြစ်ပြီး စရိုက်လက္ခဏာနှစ်မျိုးသာပါသည့်ဘက်က Yinနှင့်ဆိုင်သည့် အခြမ်းအဖြစ်မှတ်ယူရပါမည်။**

ဦးအောင်လှိုင် (သုဝဏ္ဏ)

www.burmeseclassic.com

www.burmeseclassic.com

သန့်ဇင်

မေတ္တာခရီးသည်

မြို့ပြ၏ သုခအရသာဆိုသည်မှာ ဘယ်၍ဘယ်ပုံဟု ယခုအသက်အရွယ်အထိ ပြည့်ပြည့်ဝဝ မခံစားတတ်သေးသော်လည်း ဒုက္ခဝေဒနာများကား လူမှန်းသိတတ်သည်မှ ယခုအချိန်အထိ ရှောင်၍မလွယ်၊ ပြေး၍မလွတ် နိစ္စခုဝတွေ့ကြုံခံစားနေရသည်။ ခေတ်ကာလက ပွင့်လင်းလွတ်လပ်လာခြင်းနှင့်အတူ လူတွေကလည်း ဒီမိုကရေစီဆိုသည်မှာ ဘယ်ဆီနေမှန်းမသိသေးခင် အစွမ်းကုန်စည်းကမ်းပျက်ကြကုန်၏။ မြို့ပြ၏ နေ့တစ်နေ့သည် နံနက်ခင်း ပဲပြုတ်သည် ဂီတသံနှင့်အတူ မွေးဖွားပြီးသည်နှင့် အလှူခံပေါင်းစုံတို့၏ လော်စပီကာဖြင့် နှိပ်စက်ခြင်းဒဏ်ကို စတင်ခံစားရသည်။ အလှူရေစက်လက်နှင့်မကွာ လှူချင်တန်းချင်နေသော မြန်မာ့စိတ်ရင်းသည် အလှူခံယောင်ဆောင်သော မတော်လောဘသမားများကြောင့် စေတနာပျက်စပြုလာကြပြီ ဖြစ်သည်။

အလှူခံများဒုက္ခ ငြိမ်းအေးပြန်စေးရောင်းကြပြန်သည်။

မိုးဦးကျလျှင် တောင်ပို့များ၊ မျှစ်များ ပေါများစွာပေါက်ရောက်ကြသလို မြို့ပြ၌လည်း ယင်ကောင်တို့ ကြီးထိုးမင်းမူကြ၏။ ယခုအခါ ယင်ကောင်ထက်ဆိုး ဝါးသော မော်တော်ယာဉ်ကြီးယာဉ်ငယ်တို့က လမ်းများ၌ မင်းမူကြပြန်သည်။ ကားများကကျပ်သည်ထက်ကျပ်လာပြီး မြို့ပြ၏ အလယ်ဗဟိုသည် တုတ်တုတ်မျှ မလှုပ်သော ယာဉ်တန်းကြီးဖြင့် ဘတ်စ်ကားပေါ်မှာ ခရီးသွားများသည် ကားပေါ်မှာပင် အသက်တွေကြီးကုန်ကြရသည်။ ယခင်က (၅) မိနစ်ဖြင့်ရောက်သောခရီးသည် ယခုအခါ (၁) နာရီခန့် ကြာမှရောက်၏။ ထိုအခါ စိတ်မရှည်သောသူအချို့က ဆင်း၍လမ်းလျှောက်ကြလေ၏။ ထိုအခါ မဆင်မခြင်မောင်းနှင်သော ဘတ်စ်ကား၊ တက္ကစီနှင့် လူမထင်သော ကိုယ်ပိုင်ယာဉ်တို့ကြောင့် သေကျေကျိုးကန်းဒဏ်ရာရ၍ ဆေးရုံရောက်ရသောလူတို့လည်း မနည်းကြကုန်။

မြို့ပြ၏ အိမ်ခြေသည် တိုးယခင်ကနှင့်မတူ ယခင်က လမ်းတစ်လမ်း၌ အိမ်ခြေ (၄၀) ရှိလျှင် ယခုအခါ (၁၆) ဆတိုး၍ အိမ်ခြေ (၆၄၀) ဖြစ်လာသည်။ ကန်ထရိုက်တိုက်တွေက လမ်းတိုင်း၌ အပြည့်။ ထိုအခါ သုံးရေဒုက္ခ၊ လျှပ်စစ်မီးဒုက္ခသည် ဖွားဖက်တော်အဖြစ် ကပ်ပါလာခဲ့၏။ မီးမလာ၊ ရေပြတ်ခဲ့လျှင် မြို့ပြသည် ငရဲဘုံနှင့်မခြား။ ပူအိုက်ခြင်း သုံးရေပြတ်ခြင်းနှင့်အတူ ခိုနားစရာသစ်ပင်ရိပ်သည် ဘယ်မှာရှာရမည်မသိ။

ဤသို့ဖြင့် ကျွန်ုပ်သည် မြို့ပြအား တစ်နေ့တခြား စိတ်ကုန်လာခဲ့ပါသည်။ သည်းမခံနိုင်သည့်အဆုံး၌ ကျွန်ုပ်၏ လွတ်ရာလွတ်ကြောင်း ထွက်ပေါက်သည် နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်တော်သို့ ပြေးဝင်ခိုလှုံခြင်း ဖြစ်ပါတော့သည်။

ပဲခူးရိုးမသည် တိုက်ဖွိုက်ရောဂါသည် မိန်းမတစ်ယောက်၏ ဆံပင်ကျွတ်နေသော ဦးခေါင်းနှင့်တူနေသော်လည်း စမတောင်ဧရိယာလေးသည် ကွက်ကွက်လေး ငြိမ်းချမ်းရေးရထားသည်နှင့် တူနေပါသည်။ စမတောင်ကြော၌ တောရိပ်တို့သည် ယခုအချိန်အထိ မပျောက်ပျက်သေးပါ။ ဒါကလည်း စမတောင်ဂေါပကတို့၏ တောအမွေတောအနှစ်ကို

သောအခါ ဈေးသည်အပေါင်းတို့သည် တစ်လမ်းဝင်တစ်လမ်းထွက်အော်ဟစ်၍ ဈေးရောင်းရသည်ကို လေကုန်၊ အာညောင်းကြသည်လားမသိ။ ခေတ်မီနည်းပညာများသုံးပြီး စပီကာအသေးလေးများဖြင့် ခုနစ်လွှာ၊ ရှစ်လွှာကန်ထရိုက်တိုက်ခန်းများ ကျယ်လောင်စွာကြားရသည်အထိ အသံချဲ့၍ အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com

ကြပ်ကြပ်မတ်မတ် ဆက်လက်ထိန်းသိမ်းထားရှိဖြစ်သည်။

ကျွန်ုပ်သည် မြို့ပြအား စိတ်ပျက်လက်ပျက်ဖြင့် ငေးကြည့်ရင်း ခဏတာလွတ်ရာလွတ်ကြောင်း စမတောင်ရှိရာလယ်ဝေးပြို့နယ် သာဝတ္ထိကျေးရွာသို့ခရီးထွက်ခဲ့ပါတော့သည်။

❑

ကျွန်ုပ် စမတောင်သို့ မရောက်ခဲ့သည်မှာ နှစ်ပေါက်သည်အထိ ကြာဖြစ်ခဲ့လေပြီ။ ငှားစီးလာသော ဆိုင်ကယ်ကယ်ရီသမားလေးအား တောင်ခြေကိုစိန်ဝင်းလက်ဖက်ရည်ဆိုင်ရှေ့မှာ ရပ်ခိုင်းလိုက်သည်။ ကွယ်လွန်သွားရှာပြီ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော ကိုစိန်ဝင်းအား အမှတ်မထင် သတိရမိလိုက်ပါသည်။ ကိုစိန်ဝင်းမိန်းမ မမြိုင်သည်ပင်လျှင် မြေးတွေဘာတွေ ရလို့ အသက်အရွယ်ကြီးရင့်နေပါပကော။ လက်ဖက်ရည်ဆိုင်မှာ ထိုင်လိုက်သည်နှင့် မိတ်ဆွေကြီး ဘသုံအား မျက်လုံးဝေ့၍ ရှာမိသည်။ မမြိုင်၏သမီး ကောက်ကွေးက -

"ဦးသန့်ဇင်ကို မြင်လိုက်တာနဲ့ ဘသုံကို လှမ်းခေါ်ပြီးပြီ"

ဟုဆိုသည်။

"မမြိုင်က မရောက်တာကြာလို့ ဘာတွေဖြစ်နေလဲ"

ဟု မေးသည်။

မကြာမီ ဘသုံ ရောက်လာ၏။ ထုံးစံအတိုင်း မျက်နှာက ပြုံးစိစိ။ လွယ်အိတ်အဟောင်းလေး လွယ်လျက် ဆေးပေါ့လိပ်တို လက်ကြားညှပ်ပြီး -

"ကိုသန့်ဇင်မလာတာ နှစ်နဲ့ချီ ကြာနေလို့ နိုင်ငံခြားသင်္ဘောပေါ်က ပြန်မလာသေးဘူးထင်နေတာ"

"ပြန်ရောက်တာ သိပ်မကြာသေး ဘူးဆိုပေမယ့် အလုပ်တွေရှုပ်နေလို့ မလာဖြစ်တာပါ။ အခုတော့ ရန်ကုန်မှာ မျက်စိနောက်လာလို့ နားအေးပါးအေး စမတောင်ဘက်ထွက်လာတာ"

စမတောင်သည် ကျွန်ုပ် ရောက် ခါစနှစ်များဖြစ်သော ၁၉၉၀ ပြည့်နှစ် ကျော်ခုနှစ်များက အသွင်သဏ္ဌာန် မဟုတ်တော့။ ကပ်ကျော်စေတီတော်ကြီး ပရိဝုဏ်သည် အပြောင်းလဲကြီးပြောင်း လဲခဲ့ပြီဖြစ်၏။ ယခင်က တောင်ခြေ၌ ကိုစိန်ဝင်းလက်ဖက်ရည်ဆိုင်တဲကလေး တစ်လုံးသာရှိရာမှ ယခုအခါ တဲတန်း ရှည်ဖြစ်နေလေသည်။ ဆရာတော် ဦးဉာဏ်၏ ပရဟိတကျောင်းသို့သွား သော ကတ္တရာလမ်းသည်ဖြူးလို့။ စေတီ တော်ကြီးအနီး စောင်းတန်းဘေး ရဲကင်း ဇရပ်သည် ပျောက်ကွယ်သွားပြီး ထို နေရာအနီး လျှိုကြီးအား မြေဖို့၍ ကား ရပ်နားသည့်နေရာ ပြုလုပ်ထားသည်။ တောင်ခြေမှခဲ့ဦးအနီးမှ ဓာတ်ပေါင်းစု ဘုရားသို့ဝတ်၍ တောင်ပိုင်ကြီးနတ်နန်း နားအထိ ကားများမောင်းတက်၍ရ သည်။

ရာဇဂ္ဂာနီ မင်းနေပြည်တော်နှင့် နီးသွား၍ မင်းပေါက်စိုးပေါက်အရောက် အလည်များကြ၍ ထင်သည်။ ယခင်က ကဲ့သို့ တောင်ဆွယ်တောတန်းထဲမှ ဂန္ဓာရီသမားများအတွက် သက်သက် အဓိဋ္ဌာန်ဝင်ရာ နေရာထူးတစ်ခုမဟုတ် တော့။ ရာထူးရာခံတည်မြဲရေး၊ စီးပွား လာဘ်လာဘဝင်လာမစဲတသဲသဲဖြစ်ရေး၊ တန်ခိုးအာဏာ တည်တံ့ရေးအတွက် အောင်မြေနင်းအဓိဋ္ဌာန်ဝင်ရာစေတီပရိ ဝုဏ်ဖြစ်နေပါတော့သည်။

ဘာပဲဖြစ်ဖြစ် ယခင်ကကဲ့သို့ တောထဲက အဓိဋ္ဌာန်ဝင်ရာ စေတီတစ် ဆူအဖြစ်ရှိနေခဲ့ပြီး ဆန်ပြုတ်သောက်၊ ဆန်ကြမ်းထမင်းနှင့် သက်သတ်လွတ် ကန်စွန်းရွက်၊ မျှစ်တာလပေါဟင်းဘဝမှ အစားအသောက်မှသည် သာသနိက အဆောက်အအုံများအထိ ဖွံ့ဖြိုးတိုး တက်လာသည်ကို တွေ့ရ၍ စိတ်ချမ်းမြေ့ ရပါသည်။

တစ်ခုပဲပြောစရာရှိသည်။ ဒါက လည်း ရှေးဆရာကြီးများတည်ထားခဲ့ပြီး ဓာတ်ပန်းတိုင်ချခဲ့သော လျှပ်စစ်မီးမပူဇော် ဘဲ ဆီမီးဖယောင်းတိုင်သာ ညဘက်မှ ပူဇော်လာသည့် ထုံးတမ်းစဉ်လာပျောက် သွားပြီး စမတောင် ကပ်ကျော်စေတီ တော်ကြီးအား လျှပ်စစ်မီးဆလိုက်ကြီး ထိုးပြီး ပူဇော်ထားသည်ကို တွေ့နေရ၍ ဖြစ်သည်။

ဘုရားတည်ခဲ့သော ဓမ္မဝိဇ္ဇာ ပုဂ္ဂိုလ်ကြီးများဖြစ်သော အဖေနဲ့၊ အဖေ လူတို့က စေတီကြီးမှာ ပေါ်ပေါက်လာ တတ်သော နိမိတ်များအားကြည့်ပြီး မြန်မာပြည်ရှေ့ရေးကို နိမိတ်ဖတ်သကဲ့ သို့ စေတီတော်မှနေ၍ ဓာတ်ယတြာ များချေပြီး ဘေးအန္တရာယ်အတွက် ကာကွယ်ခဲ့ကြသည်။

"နေ့ဘက်မီးမပူဇော်နဲ့၊ လျှပ်စစ်မီး မပူဇော်နဲ့၊ သက်သတ်လွတ်ပဲစားကြ"

ဟု မိန့်မှာခဲ့ရာတွင် ယခုအခါ နေ့ဘက်မီးမပူဇော်၊ သက်သတ်လွတ် စားကြရသော်လည်း လျှပ်စစ်မီးကတော့ ပူဇော်နေပါပြီ။ ဉာဏ်မမှီ၍ မစဉ်းစား တတ်တော့ပါ။

တောလုံဌက်တစ်ကောင် စမ တောင်မှခဲ့ဦးဝအနီး ကျွန်းပင်ကြီးပေါ်မှာ နားရ၍ 'ဦးဖွ၊ ဦးဖွ' ဟု အော်နေသည်။

ဘသုံက-

"ဒါကြောင့် ဒီတောဒီတောင်မှာ အဆိပ်ရှိသတ္တဝါတွေမရှိတာ"

ဟု ပြောသည်။ သပိတ်လွယ်ငှက် လေးတွေက ဝါးရုံပင်ကြီးတွေထိပ်ဖျားဌ် နားပြီး သီချင်းဆိုနေကြသည်။ မြောက် လေသည် စစ်တောင်းလွင်ပြင်အား ဖြတ် ကျော်ဝေ့ဝိုက်ပြီး တောင်ခြေမှ ရွက် ခြောက်များအား ဆော့ကစားနေသည်။ အဝေးမှ ရထားဥဩသံသဲ့သဲ့အား ကြား ရ၏။ ထို့နောက် လေယာဉ်သံဆူဆူညံ ညံအား ကြားရပြန်သည်။ အေလာ လေယာဉ်ကွင်းမှာ လေယာဉ်ဆင်းတော့ မည်။

"မြန်မာသူမြန်မာသားတွေ ဘေး ရန်ကင်းလို့ရှင်းပါစေ၊ စိုးရိမ်ကင်းလို့ လင်းပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ"

အောင်မြင်ကြည်လင်သောအသံ ဖြင့် မေတ္တာပို့သံကို ကြားလိုက်ရသည်။ အသားညှိညှိ၊ အကျီလက်တိုအဖြူဝတ် ထားသော လူတစ်ယောက် လက်ဖက် ရည်ဆိုင်ထဲဝင်လာသည်။ ရုတ်တရက် မမှတ်မိပေမယ့် သေသေချာချာကြည့် လိုက်မှမှတ်မိသွားသည်။ ကိုသိန်းအောင် ပါလား။ မတွေ့ရသည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ။ ဟိုးတစ်မြန်နှစ်က ရန်ကုန်မြို့ ရွှေတိဂုံစေတီပေါ်မှာ တိုးတိုး လေးမေတ္တာပို့ပြီး စေတီကြီးအား လက် ယာရစ်ပတ်နေသော ကိုသိန်းအောင် အား တစ်ခါဆုံဖူး၏။ သူ့အား နှုတ်ဆက် ပြီး 'ရွှေတိဂုံပေါ်မှာ မေတ္တာကို ကျယ် ကျယ်မပို့နဲ့' ဟု နောက်သလိုလိုနှင့် သတိ ပေးခဲ့ဖူးပါသည်။ ယခု တောထဲက ဘုရားမှာ အားရပါးရအကျယ်ကြီးအော် ၍ မေတ္တာပို့နေပါလား။ သူ့ကိုတောင်က လူတွေက မေတ္တာသိန်းအောင်ဟု ခေါ် ကြသည်။ သူ့ကို ရင်းရင်းနှီးနှီးမဆက် ဆံဘူးပေမယ့် ခင်ခင်မင်မင်တော့ရှိပါ သည်။ ရိုးသားဖော်ရွေပြီးခင်မင်တတ်သူ လူတိုင်းကိုကူညီတတ်သူ မေတ္တာသမား ကြီးတစ်ယောက်အနေနှင့်သာ သိခဲ့ရ သည်။ သူသည် ဘယ်အရပ်ကလာ၍ စမတောင်မှ ခရီးတစ်ထောက်နားပြီး နောက် ဘယ်အရပ်သို့ ခရီးဆက်သည် မသိပါ။ စမတောင်မှာ တစ်ဝါတစ်ဆို တော့နေတတ်သည်။ ဝေယျာဝစ္စအလုပ် ပွဲကပ်သည့်အလုပ်တွေကို ဦးဆောင်လုပ် ပေးတတ်သည်။ ပြီးလျှင် နှုတ်မှ ချိုအော သောအသံဖြင့် အမြဲလိုလို မေတ္တာပို့နေ တတ်သည့် ဂန္ဓာရီသမားကြီး ကိုသိန်း အောင်။

သူ့ကို ကျွန်ုပ် စိတ်ဝင်စားနေ တာကြာခဲ့ပြီ။ မဆုံဖြစ်၍ မမေးခဲ့ရသေး မယ့် ယခုတစ်ခေါက်မှာတော့ ဆုံကြပြီ အေးအေးဆေးဆေး စကားပြောဖြစ်ကြ လျှင် သူ့ဆီက စိတ်ဝင်စားစရာကောင်း သော အကြောင်းအရာများကြားရမည် ထင်ပါသည်။ စာရေးဆရာတစ်ယောက် အတွက် ဝတ္ထုလာတ်လမ်းဆိုသည်မှာ လူတွေ၏ အကြောင်းခြင်းရာတွေပဲ ဖြစ် သည်မဟုတ်လား။ ပုံမှန်အိပ်နိုးကာ ထသွားလှုပ်ရှား၊ စားပြီးပြန်အိပ်နေသော လူတွေ၏အကြောင်းသည် စိတ်

www.burmeseclassic.com

www.burmeseclassic.com

ဝင်စားစရာကောင်းချင်မှကောင်းပေမယ့် ကိုသိန်းအောင်ကဲ့သို့ မြန်မာပြည်တစ်စုံတစ်လျား ဂန္ဓာရီခရီးသွားတစ်ယောက်ကိုတော့ ကျွန်ုပ်စိတ်ဝင်စားမိသည်မှာ အမှန်ဖြစ်ပါသည်။ တစ်နေ့တော့ ကိုစိန်ဝင်းလက်ဖက်ရည်ဆိုင်မှာ လက်ဖက်၊ ရေနွေးကြမ်းနှင့်ည့်ခံရင်း သူ့အကြောင်းမေးတော့မည်ဟုဆုံးဖြတ်လိုက်ပါသည်။

❑

အချိန်ကာလက ဘုစဘ္ဂ ခုနှစ် အရေးအခင်းကြီးပြီးခါစ။

လူတစ်ယောက် ခရီးဆောင်အိတ်တစ်လုံးလွယ်ပြီး မုံရွာမြစ်ကမ်းနားဌာမော်တော်ကြုံစောင့်နေသည်။ သူဆက်ရမည့်ခရီးက မင်းကင်းအထိ။ သူလွယ်အိတ်ထဲမှာ တပ်ထွက်လက်မှတ်၊ ပင်စင်စာအုပ်၊ ငွေကြေးအနည်းငယ်ပါသည်။ သူတပ်မတော်ထဲ တာဝန်ထမ်းဆောင်လာတာ အနှစ် (၂၀) နီးနီး။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ အရှေ့မြောက်၊ ကရင်ပြည်နယ်တို့မှာ ခြေရာခြင်းထပ်ခဲ့သည်။ သည်အချိန်အထိ သူတပ်မှထွက်ဖို့ စိတ်မကူးသေး။ သူတို့တပ်ခွဲအား ဗကပတွေ ရာထောင်ချီပြီး တောင်ကုန်းကိုဝိုင်းစဉ် ကတုတ်ကျင်းဝမှာ ထောင်ထားသော စက်လတ်အား ကျည်ဖြည့်ပြီး -

"ငါတစ်ယောက်သေရင် မင်းတို့လည်းအယောက်တစ်ရာပေါ့ကွာ။ တက်ရဲတက်လာခဲ့"

ဟု ကြိမ်ဝါးပြီး ဘေးမှတပ်သားသစ်လေးအား -

"မကြောက်နဲ့"

ဟု အားပေးခဲ့သူ တပ်ကြပ်သိန်းအောင်။ နောက်တော့ ခွဲမှူးက -

"စစ်ဆိုတာ တစ်ခါတလေ အင်အားမမျှရင် ဆုတ်သင့်ဆုတ်ပေးရတယ်။ သူတို့အင်အားက သိပ်များတာ။ အကျအဆုံးမရှိဘဲနဲ့ရအောင်ဆုတ်။ ငါတို့အတွက် ထွက်ပေါက်ရှိတယ်"

ဟု အမိန့်ပေးသောကြောင့် ဂျီဖိုးအားထမ်းပြီးဆုတ်ခဲ့ရသော ရှမ်းပြည်နယ်အရှေ့မြောက် ကွတ်ခိုင်အရှေ့ဘက် တာမိုးညတောင်ကြော။

သူတို့တပ်ဆုတ်ရင်း မိုင်းထိပြီး သူရဲဘော်တပ်သားသစ်လေး အသက်ပျောက်သွား၏။ ဗကပကိုယ်တော်ချောထို့ကလည်း အင်အားမမျှ၍ တပ်မတော်မှဆုတ်ပြီဆိုမှ ငြာသံပေးပြီးလိုက်ကြတော့သည်။ တော်ရုံအင်အားနှင့်တော့ ဗကပတွေ့မလိုက်ရ။ အခုဟာက ဆယ်ဆတစ်ဆမကဖြစ်နေ၍ သူတို့လိုက်ရခြင်းဖြစ်သည်။ ကွတ်ခိုင်အရှေ့ဘက်၌ အခြေချဗျူဟာရှိသည်။ ထိုအထိဆုတ်ရမည်ဟုကြေးနန်းအမိန့်လာ၍ တောလမ်းအတိုင်းဆုတ်ပြန်ရင်လည်း အထပ်ထပ်ချထားသောမိုင်းကြောင့် တပ်သားတစ်ယောက်လျော့သွားပြီးပြီ။ ဒီတော့ တောနင်း၍ သူတို့တပ်ခွဲအဆုတ်မှာ ကိုသိန်းအောင်လူကွဲပြီးကျန်ရစ်ခဲ့သည်။ သူသည်လည်း စစ်သက်ရင့်နေသော တပ်ကြပ်တစ်ယောက်အပြင် နယ်မြေအခြေအနေအား ခန့်မှန်းမိပြီးဖြစ်နေ၍ အခြေချဗျူဟာရှိရာနေရာသို့မှန်းပြီးဆုတ်လာခဲ့သည်။

အနောက်ဘက်မှာမြင်နေရသော တာမိုးညတောင်ကြောတစ်ဖက်၌ ကွတ်ခိုင် ကုန်းကြမ်းနွေရာသီလမ်းရှိသည်။ သည်တောင်ကြောကိုကျော်လျှင် သိပ်ပြီး စိတ်မပူရတော့။ သူတပ်ခွဲသည်လည်း သည်တောင်ကြောတောလမ်းအတိုင်း ဆုတ်ခွာသွားသည်ပဲဖြစ်သည်။ ခက်သည်က သူမှာရေပြတ်သွားခြင်းပင်။ ရိက္ခာအနည်းငယ်ပါသော်လည်း နားပြီး ချက်မစားရဲ။ ထမင်းချက်စရာ ရေမရှိသည့်အပြင် မီးခိုးမြင်သည်နှင့် ဝုံးသီးတွေ မိုးပေါက်တွေလိုကြလာမှာ အသေအချာဖြစ်သည်။ ထမင်းစားဖို့ထက် သောက်ရေက အရေးကြီးသည်။ သူဖြတ်နင်းလာရာတောထဲမှာ စမ်းချောင်းကလည်းမရှိ။ ရေတော်လိုက်၊ တံတွေးမျိုချလိုက်ဖြင့် ခရီးဆက်လာရင်း တောင်ကုန်းကြီး၏အခြေ ထင်းရှူးတောအုပ်စပ်တွင် တဲငယ်တစ်လုံးတွေ့ရပါတော့၏။ တံဆိုပေမယ့် လူတစ်ယောက်နေဖြစ်ရုံသစ်စက်တဲလေးဖြစ်၏။ သည်ဘက်ဒေသမှာက တောင်ယာတဲတွေ့လျှင် အနီးအနားဌ၌ တောင်ယာစိုက်ခင်းရှိသည်။ ထိုတဲအနီးမှာက ဘာစိုက်ခင်းမှမရှိ။ တောအုပ်မထူမပါသာ ပြန့်ကျဲနေ၏။ ထူးဆန်းသည်မှာ တဲအရှေ့၌ သက်နှံးတစ်ထည်လှမ်းထားခြင်းပင်တည်း။ တပ်ကြပ်သိန်းဒေါင်သည် ခပ်လှမ်းလှမ်း သစ်ပင်အကွယ်မှ တဲအား အကဲခတ်ကြည့်နေသည်။ လူသံ၊ ခွေးသံ၊ ကလေးသံလည်း မကြား၍။ ဘာသံမှမကြား၍ လူနေတဲမှဟုတ်ရဲ့လားဟု ထင်မိသည်။ သက်နှံးက ဘာဖြစ်လို့လှမ်းထားတာလဲဟု သူတွေးနေစဉ် တဲဝင်္ဍ သံယာတော်တစ်ပါးအား တွေ့လိုက်ရသည်။ လှမ်းစသတ်တော့ ဒီတဲဟာ ဘုန်းကြီးကျောင်းလေးပဲ။ တောရဆောက်တည်နေတဲ့ ကိုယ်တော်ဖြစ်မှာပဲဟု တွက်လိုက်ပြီး ဝမ်းသာသွားရ၏။ သူအမြန်ဆုံး တဲအနားသို့ ချဉ်းကပ်သွားခဲ့သည်။

"အရှင်ဘုရား၊ တပည့်တော် ဒုက္ခရောက်လာတဲ့ တပ်မတော်သားတစ်ယောက်ပါဘုရား"

သံယာတော်သည် မအံ့ဩသလို ဖြင့် တပ်ကြပ်သိန်းအောင်အား ကြည့်သည်။ တိုင်းရင်းသားကိုယ်တော်တစ်ပါး ဖြစ်သော ထိုသံယာတော်သည် ဤဒေသ၌ တောရဆောက်တည်နေကတည်းက အခြောက်သံ၊ ငုံးသံ၊ ယမ်းဒိုးယမ်းငွေ့တို့နှင့် ရင်းနှီးပြီးဖြစ်နေဟန်ရှိသည်။

"ဒကာကြီး ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ"

"တပည့်တော်တို့တပ် တာမိုးညဘက်မှာ တိုက်ပွဲဖြစ်ပြီး တပ်တွေဆုတ်အလာမှာ လူချင်းကွဲသွားလို့ပါ ဘုရား။ တပည့်တော် ကွတ်ခိုင်ကိုသွားရမှာပါ။ တပည့်တော်ကို သောက်ရေနဲ့ စားစရာရှိရင် နည်းနည်းလောက် ပွန့်ကြပါဘုရား"

"သောက်ရေက တဲကျောင်းဘေးစဉ့်အိုးထဲမှာရှိတယ်။ စားစရာငှက်ပျောသီး ဦးပဉ္စင်းပေးမယ်။ ခဏနားဦး။ ဒကာကြီးကြည့်ရတာ တော်တော်ပင်ပန်းလာပုံရတယ်။ ဒီမှာကတော့ ဘာဘေးအန္တရာယ်မှမရှိပါဘူး။ စိတ်ချလက်ချသာနား"

စဉ့်အိုးထဲမှရေကို ထဝကြီးသောက်၍ မျက်နှာပါသစ်လိုက်သည်။ တစ်ညလုံးမအိပ်ဘဲ ခရီးကြမ်းနှင်လာရ၍ တစ်ကိုယ်လုံး ပင်ပန်းနွမ်းနှံနေသော်လည်း ရေသောက်ပြီး မျက်နှာသစ်ပြီး သောအခါ လူမှာလန်းဆန်း၍နေသည်။ မောပန်းမှုတွေဘယ်ပျောက်သွားသည်မသိပါ။

"ရော့-ဒကာကြီး၊ ဒီငှက်ပျောသီးစားလိုက်"

မွေးကြိုင်နေသော သီးမွေးငှက်ပျောသီးတစ်လုံး။ တစ်နေ့လုံး၊ တစ်ညလုံး ဘာမှမစားခဲ့ရသူအဖို့ သည်ငှက်ပျောသီးတစ်လုံးက ဘယ်နံကြားမှာပျောက်သွားမည်မသိ။ စစ်သားပဲလေ၊ ရေသောက်ပြီး ငှက်ပျောသီးတစ်လုံးနဲ့ တစ်တောတစ်တောင်ကျော်၍ ခရီးဆက်နိုင်ပါသေးသည်။

မွေးကြိုင်နေသော ငှက်ပျောသီးသည် ပါးစပ်ထဲမှတစ်ဆင့် ဗိုက်ထဲရောက်သွားသောအခါ ဖိနပ်တိန်းရှိန်းတိန်းဖြစ်လာသည်။ စားရတာ အရသာရှိလိုက်ပါဘိတောင်း။ တစ်သက် ငှက်ပျောသီးမျိုးကို ကိုယ်သည်လိုငှက်ပျောသီးမျိုးကို စားခဲ့ရဘူးခဲ့။ သီးမွေးတော့ သီးသွေးလေ။

www.burmeseclassic.com

www.burmeseclassic.com

ဘာသီးမွှေးငှက်ပျောသီးလဲတော့ မသိ။ စားနေရင်းနှင့် လူမှာ ရောဂါသည် အား မရှိသူတစ်ယောက်အား အားဆေး ပေါင်းစုံ ပုလင်းကြီးထဲထည့်ပြီး လက် မောင်းသွေးကြောမှတစ်ဆင့် ကိုယ်ထဲ တိုက်ရိုက်ထည့်နေသကဲ့သို့ခံစားရသည်။ ငှက်ပျောသီးတစ်လုံးကုန်သည်နှင့် လူမှာ ဆာနေတာတွေ ဘယ်ပျောက်သွားမှန်း မသိပါ။ ဗိုက်ပြည့်သွားသလိုခံစားရ၏။ တစ်ကိုယ်လုံး နွေးထွေးနေသလိုခံစား ရ၏။ ထို့နောက် သံယာတော်က ကြေး ဖလားလေးနှင့် ရေတစ်ခွက်ကမ်းပေး သည်။

"ကုန်အောင်သောက်လိုက်"

ဟု ပြောသည်။

ရင်ထဲမှာ အေးမြသွားသည်မှာ တောထဲမှာ ရေခဲသေတ္တာထဲကရေခဲရေ သောက်လိုက်ရသည့်အလား ထင်ရ၏။ ဒါ ရိုးရိုးရေတော့မဟုတ်နိုင်။ မွေးသလို လို၊ ချိုသလိုလို နှင့် လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းလာသည်။ တပ်ကြပ် သိန်းအောင်သည် သံယာတော်အရှင် မြတ်အားကြည်ပြီး စိတ်ထဲမှာ မသက်မာ ဖြစ်လာသည်။ သူ့စိတ်ထဲမှာ ထင်လာ သည်က စော်ကားသည့်စိတ်မျိုးမဟုတ် ပါ။ သည်တောသည်ဧောင် လက်နက် ကိုင်သောင်းကျန်းသူတွေ (ထိုခေတ် ကာလ) ခြေရာချင်းထပ်အောင်သွား လာနေသည့်နေရာ၊ ကျည်ဆန်၊ ဗုံးမိုး၊ အမြောက်သံ၊ ယမ်းမိုး၊ မြေမြှုပ်မိုင်း ပွထနေသည့်နေရာမှာ တောရဆောက် တည်နေသည့် သံယာတော်သည် အလွန်ထူးဆန်းနေပါသည်။ လက်နက် ကိုင်တွေက ထိုကိုယ်တော်ကို ဘာမှ ရန်မပြုကြဘူးလား။ ပြီးတော့ ထိုသံယာ တော်သည် ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ သူ စဉ်းစားရကျပ်လာ၏။

"ဒကာကြီး၊ တောင်တောင်ဂျိုဂျို လျောက်စဉ်းစားမနေပါနဲ့လေ။ ဦးပဉ္စင်း ညွှန်ပြတဲ့ လမ်းအတိုင်းသွား ဘာဘေး အန္တရာယ်မှမတွေ့ဘဲ ဒကာကြီးရဲ့တပ် ကို ပြန်ရောက်သွားလိမ့်မယ်။ ပြီးတော့ ဒကာကြီးတပ်ကို ပြန်ရောက်တဲ့အထိ ဗိုက်ဆာ၊ ရေတပ်တာမျိုးရှိတော့မှာ မဟုတ်ဘူး ဟုတ်ပြီလား။ အင်း- ဒကာ ကြီးရဲ့ စစ်သားဘဝက ဒီမှာပဲပြီးဆုံးပြီ ထင်ပါရဲ့။ ဒကာကြီးရဲ့ တပ်စခန်းကို ရောက်တာနဲ့ ဒကာကြီးထင်မှတ်မထား တဲ့သတင်းမျိုးကို ကြားရလိမ့်မယ်။ ဒီ တော့ ဒကာကြီးစိတ်ပျက်ပြီး စစ်တပ်က ထွက်စာတင်လိမ့်မယ်။ ဒကာကြီးရယ်၊ လူဆိုတာ . လာတုန်းကလည်း ~တစ် ယောက်တည်းပါပဲ၊ ပြန်တော့လည်း တစ်ယောက်တည်းပါပဲ။ ဒကာကြီး ရှေ့ ဆက်ပြီး အဖော်ကွဲတဲ့လူလို တစ်ကိုယ် တည်းဘဝနဲ့ ဘာသာရေးဘက်ရောက် သွားလိမ့်မယ်။ ဒကာကြီးရဲ့လက်ဟာ လူတွေသတ်လာတာမနည်းတော့ဘူး။ ရှေ့လျှောက် မေတ္တာတရားလက်ကိုင် ထားပြီး ဝေနေယျသတ္တဝါတွေကို မေတ္တာပို့တဲ့အလုပ်ကို လုပ်ပေတော့။ ဒကာကြီး ဆရာကောင်းနဲ့ တွေ့ရဦးမှာ ပါ။ ကဲကဲ - သွားတော့။ နေဦး ဒကာ ကြီး၊ အခုဒကာကြီးသွားရမယ့်တော လမ်းက မိုင်းတွေ၊လက်နက်ကိုင်တွေဖြတ် သွားဖြတ်လာလုပ်နေကျလမ်းကြောင်း တွေဖြစ်နေတယ်။ ရော့ - ဒီအင်းစက္ကူ လေးကို ကိုယ်နဲ့မကွာဆောင်သွား။ ဘေးဥပဒ်အန္တရာယ်ကင်းပါလိမ့်မယ်။ ကဲ - သွားတော့"

သူသည် သံယာတော်အရှင်မြတ် အား ဦးချကန်တော့ပြီး ဘာမှဆက် မလျှောက်တင်နိုင်တော့ဘဲ တဲကျောင်း လေးရှေ့မှထွက်ခဲ့ရပါတော့သည်။ သူ၏ ရှေ့ဖြစ်ဘဝအား ထိုအရှင်မြတ်က နိမိတ် ဖတ်စကားတွေ မိန့်ကြားခဲ့သည်ပဲ။ သူ၏ အနာဂတ်သည် ဘာတွေဖြစ်လာဦးမည် နည်း။ ရုတ်တရက် အာရုံတစ်ခုဝင်လာ သည်။ ရွာမှာကျန်ခဲ့သည့် အမေအို၊ ဇနီး သည်၊ ပြီးတော့ သားလေးတစ်ယောက်၊ သူတို့နေထိုင်ကောင်းကြရဲ့လား။ သူအိမ် သို့မပြန်ဖြစ်သည်မှာတောင် နှစ်နှင့်ချီနေ ပါပကောလား။

❑

သံယာတော်အရှင်မြတ် ညွှန်ပြ သော တောင်ကြောအလိုက် လူသွား လမ်းသဖွယ်ဖြစ်နေသော လားလမ်း အတိုင်း ခြေကုန်သုတ်ပြီး လျှောက် နေသည်။ ဤတောင်ကြောလမ်းသည် ဒကပတို့၏ ဘိန်းသယ်ဆောင်ရာ လား လမ်းဖြစ်ဖို့ သေချာသလောက်ရှိ၏။ တောင်ခြေမြေပြန့်လေးတွင် အိမ်ခြေ ဆယ့်လေးငါးလုံးခန့်ရှိသော ရွာလေးကို တွေ့ရသည်။ ရွာလေးမှ မီးခိုးငွေ့တို့က တောင်ခိုးတို့နှင့်အတူ ဝဲဝဲလျက်။ ထင်းရှူးပင်တို့အား လေတိုးသံတရှိန်ရှိန် သည် သူနောက်သို့ကျည်ဆန်တွေလိုက် လာနေသလို ခံစားရသည်။ သစ်ရွက် ကြွေသံတဖြောက်ဖြောက်က သူ့အား ရန်သူတွေလိုက်ခောင်းနေသည့်အလား။

ဤသို့ဖြင့် နေဝင်၍ လထွက်လာ သည်။ ပြည့်ခါနီး လမင်းသည် သူသွား ဖို့ရာလမ်းကြောင်းအား ထင်ရှားအောင် ပြပေးနေသော ကောင်းကင်မှ မီးအိမ် တစ်လုံးနှယ် ဝင်းလဲ့နေ၏။ ငွေမင်စက် တို့က ထင်းရှူးတောကြီးအားကြေပက်နေ ကြသည်။ ခပ်ဝေးဝေးမှာ မီးရောင်ပျပျ လေးများအား မြင်တွေ့ရသော်လည်း သူသည် ရွာတွေကိုမဝင်ရဲ။ တိုင်းရင်း သားရွာတွေဆိုပေမယ့် ရွာခံတွေတာ ဇကပတို့၏ အမာခံတပ်သားတွေဖြစ် နေလျှင် သူ့သေတွင်းသူတူးရာကြမည်။ ဆရာတော်လေးကလည်း ဘယ်မှမဝင် ဘဲ လမ်းအတိုင်းဖြောင့်ဖြောင့်သွားဟု မိန့်ကြားလိုက်သည် မဟုတ်ပါလား။ သတိရ၍ လမ်းမှာအန္တရာယ်ကင်းစေရန် ပေးလိုက်သော အင်းစက္ကူလေးအား ထုတ်၍ ဓာတ်မီးနှင့်အုပ်ထိုးပြီးကြည့် လိုက်တော့ 'သံသာရစက္ကာ' အစချီသော သံရှစ်ချက်ဂါထာဖြစ်နေသည်။ ဂါထာ အား မိုင်းကိုင်စက္ကူမှာ အင်းချထားခြင်း ဖြစ်သည်။

တစ်နေကုန်လျှောက်လာရ၍ သူ ညောင်းလာပြီး ခဏနားချင်လာသည်။ သစ်ပင်ကြီးကြီးတစ်ပင်တွေ့၍ အပင် ပေါ်တက်ပြီး ခွဆုံမှာထိုင်လိုက်သည်။ သစ်ကိုင်းအားမှီပြီး ခဏလေးအိပ်ပျော် သွား၏။ ဆတ်ခနဲ လန့်နိုးလာတော့ အရှေ့ဘက်၌ ရောင်နီလာနေသည်ကို တွေ့ရသည်။ ရေဘူးဖွင့်၍ နှစ်ငုံလောက် မော့သောက်လိုက်သည်။ ထူးဆန်းသည် မှာ ငှက်ပျောသီးတစ်လုံးတည်းစားထား သော သူသည် ယခုအထိ ဆာလောင် မွတ်သိပ်ခြင်းမရှိခြင်းပေတည်း။ ရေ သောက်လိုက်လျှင် အားအင်တွေတိုးလာ သလို ခံစားရသည်။

သို့ဖြင့် တက်ကုန်ဖွင့်ပြီးလျှောက် လာခဲ့ရာ နေမွန်းမတည့်မီ ကားလမ်း အား တွေ့ရလေတော့သည်။ ကုန်ကား တစ်စီး မောင်းလာသည်ကိုတွေ့ရ၍ လက်ပြတားလိုက်သည်။ တပ်မတော် သားဖြစ်နေ၍ ကားဒရိုင်ဘာက ရပ်ပေး သည်။ ကားက ဘယ်အထိသွားမှာလဲ မေးလိုက်တော့ ကွတ်ခိုင်ကိုဆိုသဖြင့် နေရာကျသွားသည်။ ကားခေါင်းခန်း၌ ဂျီဖိုးသေနတ်ကိုပိုက်ပြီး ပတ်ဝန်းကျင် အား စူးစိုက်ကြည့်ရင်း လိုက်ပါလာ သော သူ့အား ကားဒရိုင်ဘာက ဘာမှ မမေးသော်လည်း တာဝန်နှင့်လာသော တပ်မတော်သား အကြပ်ဆရာတစ် ယောက်မှန်းသိ၍ စီးကရက်ဖြင့် ဧည့်ခံ ၏။ မြို့ဝင်ဂိတ် ကင်းစခန်းအား လမ်း မြင်နေရပေပြီ။ ထိုအနီးမှာပဲ ရပ်ဖို့ရှိ လိုက်သည်။ သူဆင်းလာတော့ ခဲ့ဘော် လေးနှစ်ယောက် ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

လက်မောင်းမှ ခမရ(×××)အမှတ်တံဆိပ်အား မြင်လိုက်သည်နှင့် သူတို့အံ့အား သင့်နေကြသည်။ ကားဆရာအား လက်ပြ၍ ကျေးဇူးတင်ကြောင်းပြောပြီး ဆက်မောင်းခိုင်းလိုက်သည်။

"မနေ့ကပဲ ဆရာတို့တပ်ခွဲတွင်ခိုင်ဗျဟာကို ဝင်သွားကြတယ်။ ဆရာက ဘယ်မှာကျန်နေခဲ့လို့လဲ"

"မေးမနေပါနဲ့ကွာ။ ငါကိုသာလိုက်ပို့ပါတော့"

တပ်သားတစ်ယောက်က တရုတ်စက်ဘီးအဟောင်းလေးထုတ်ပြီး နောက်ကယ်ရီယာမှာထိုင်ခိုင်းသည်။ သူပုံစံကညစ်ပတ်စုတ်ပြတ်နေ၍ တစ်ခုခုတော့ထူးလာမှန်း သူတို့သိကြသည်။ ဗျူဟာနှုံးရောက်ပြီး ခွဲမှူးနှင့်ဝင်တွေ့တော့မှ ခွဲမှူးက အလွန်ဝမ်းသာသွားပြီး သူ့ကို သေပြီဟု သတ်မှတ်ထားကြကြောင်း ပြောပြသည်။ ဗျူဟာမှူးကြီးနှင့်တွေ့ပေး၍ အကျိုးအကြောင်းတင်ပြတော့ ဒီခရီးတောလမ်းအား ဘေးမသီရန်မခဘဲ တစ်ယောက်တည်းရအောင်ပြန်လာသည့် ရဲဘော်အား ဗျူဟာမှူးကြီးက ပခုံးဖက်၍ ချီးကျူးစကားဆိုသည်။

"အတော်ပဲ၊ မင်းအတွက် တပ်ရင်းဌာနချုပ်က ကြေးနန်းတစ်စောင်ရောက်နေတယ်။ ဖတ်ကြည့်ပါဦး"

ခွဲမှူးဗိုလ်မှူးက မျက်နှာမကောင်းစွာဖြင့် စာရွက်ထုတ်ပေးသည်။

အစ်ကိုသိန်းအောင်

အစ်ကို့အမေဆုံးပြီ။ အစ်ကို့မိန်းမနဲ့ အစ်ကို့သားလေးလည်း သူတို့ရွာတန်ကိုပြန်သွားကြတယ်။ ကျွန်တော် ထားလို့မရဘူး။ ဖြစ်နိုင်ရင် ခွင့်ယူပြီး မင်းကင်းကိုပြန်ခဲ့ပါ။

ညီ-မောင်ဆန်းဦး

"ဗိုလ်မှူး၊ ကျွန်တော့်အမေလည်းဆုံးပြီ။ မိန်းမနဲ့ ကလေးလည်း ဘယ်ပေါက်လို့ဘယ်ရောက်နေပြီလဲမသိဘူး။ ရွာပြန်သွားတယ်လို့တော့ ပြောတာပဲ။ ဗိုလ်မှူးရယ် ကျွန်တော့်ကို တပ်ကနားခွင့်ပေးပါတော့"

"နားလေ ဆရာသိန်းအောင်၊ ခွင့်ယူပြီးပြန်တော့"

မဟုတ်ဘူး ဗိုလ်မှူး။ ကျွန်တော် တပ်က အပြီးထွက်ခဲ့တာ။ ကျွန်တော် စစ်သက်လည်း (၂၀) ပြည့်တော့မယ်။ နားပါရစေတော့"

တပ်ခွဲမှူးသည် တစ်ချက်တွေးသွားသည်။ တပ်ကြပ်သိန်းအောင်အား သေသေချာချာ စိုက်ကြည့်နေ၏။ သူ အတွေးတွင် မိခင်လည်းဆုံးပါးသွားသော၊ မိန်းမနှင့် ကလေးလည်း ဘယ်ဆီနေမှန်းမသိသော သူ့ရဲဘော်၏ အနာဂတ်ခရီးအားပုံဖော်ကြည့်နေ၏။ အတွေးများသည် သောက်နေသော စီးကရက်မီးခိုးငွေ့များကဲ့သို့ ဝေ့ဝဲလျက် ဟိုသည် တစ်စစီပျောက်ကွယ်သွားသည်။ လူစိတ်ဆိုသည်မှာ မှီတွယ်စရာမရှိတော့လျှင် ကစဉ့်ကလျားဖြစ်ပြီး ဦးတည်ရာမဲ့၍ လုပ်ချင်ရာလုပ်တတ်သည်။ သူရဲဘော်သည်လည်း တပ်ကထွက်ပြီး ဘာတွေဆက်လုပ်မည်မသိ။

"ခင်ဗျား တပ်ကထွက်ပြီး ဘာဆက်လုပ်မှာလဲ"

သူတော်စင်တွေရဲ့ ဇြိမ်းအေးရာဘဝခရီးကို ကျွန်တော် တွေ့ခဲ့ရပြီ။ ဗိုလ်မှူး ကျွန်တော် အသက်ပြည့်ကတည်းက စစ်တပ်ထဲဝင်ပြီး တိုက်ခိုက်လာခဲ့တာ။ အခု ကျွန်တော့်မှာဘာသံယောဇဉ်မှမရှိတော့ဘူး။ ကျွန်တော် တပ်ကထွက်ပြီး သာသနာ့ဘောင်ထဲဝင်ချင်ဝင်မယ် ဒါမှမဟုတ် သူတော်စင်တစ်ယောက်လို ကျင့်ကြံအားထုတ်ပြီး မေတ္တာနဲ့နေပါရစေတော့"

ကိုသိန်းအောင်၏အသွင်သဏ္ဌာန်၌ တောထဲမှာ တွေ့ခဲ့ရသော ဆရာတော်အရှင်မြတ်၏ မေတ္တာဓာတ်လိုင်းသည် အဘယ်မျှကူးဆက်ပျံ့နှံ့လာသည်မသိပါ။ လွန်စွာမုဆိုးအေးသော အသွင်ဆောင်နေသည့် သူ့အား အထက်အရာရှိဖြစ်သူက အံ့သြစွာငေးကြည့်နေပါသည်။ နောက်တော့ ထွက်စာကို အသာတကြည့်လက်ခံလိုက်ပြီး တပ်ရင်းမှူးမှတစ်ဆင့် ဗျူဟာမှူးထံ တင်ပြလိုက်ပါတော့သည်။

❑

မော်တော်ကလေးသည် စက်သံတဒုတ်ဒုတ်ဖြင့် ချင်းတွင်းမြစ်အား ဆန်တက်နေပါသည်။ ကြာရည်ရောင် ပေါက်နေသောမြစ်ရေက မော်တော်အား ထိုးခွဲလျက် ပလုံစီများထပြီး တောင်သို့ စီးဆင်းသွားသည်။ သစ်တုံးသစ်ကိုင်းတချို့ ရေစုန်မှာမျောနေကြပြီး မြစ်တွေးငုတ်ကလေးတစ်တောင်သည် ရေမျောကိုင်းမှာနားလျက် လိုက်ပါနေသည်။ ငှက်ကလေးအား ငေးကြည့်ပြီး ထိုငှက်လေးလို ရောက်ချင်ရာရောက် ရေစီးနှင့်မျောလိုက်သွားချင်လှပါသည်။ လူဘဝသည်လည်း သဲသရာအစုန်၊ အဆန်ခရီးမှာ မျောချင်တိုင်းမျောနေကြပါလား။ ခပ်လှမ်းလှမ်းမြစ်ပြင်၌ တစုံတို့ထိုးထိုးထောင်ထောင်နှင့် ရန်စွယ်တင်းတင်းရှိနေကြသည်။ မော်တော်သမားတစ်ဦးက ထိပ်မှာရပ်ပြီး အန္တရာယ်ပေးမည့် တစုံးများအားကြည့်၍ အချက်ပြနေသည်။ ရေနှုံးချိန်၌ ချင်းတွင်း၏ ဟစုံးများသည် မာယာများတတ်ပါကလား။ သောင်ဖွေးဖွေးမှာ ဟင်္သာများ၊ ရေဘဲများ အုပ်လိုက်နားနေသည်ကို တွေ့ရ၏။ မစိန်ဝဲကို လော်လာတော့ ရွှေမုဆိုးတွေ မြစ်ပြင်မှာ ရွာတည်၍ နေကြသည်ကို တွေ့ရသည်။ သူတို့သည် ချင်းတွင်းမြစ်ကြီးအား အရိုးပါမကျန် ဝါးစားမည့် သားရဲတိရစ္ဆာန်တွေပါလား။ သူတို့ကြောင့် မြစ်ကြီးပျက်စီးမှာ၊ ပြဒါးတွေ၊ ဆိုင်ယာနိုက်အဆိပ်တွေကြောင့် ရေနေသတ္တဝါတွေ မျိုးတုံးကုန်မှာ။ မြစ်ရေကြည်ကြည်အား ခပ်ယူသုံးစွဲနေကြသော မြစ်ရိုးတစ်လျှောက် ရွာစဉ်တွေ အဆိပ်သင့်မှာထည့်မတွက်ကြ။ ရွှေရပို့အရေး မြစ်ကြီးအား ခွေးသေကောင်လင်းတဆွဲသလို သဲကြီးမဲကြီးဖျက်ဆီးကြသည်။ ယခင်က သည်အချိန်ဆိုလျှင် ချင်းတွင်းမြစ်ရေသည် ကြည်စိမ်းပြီး တငြိမ့်ငြိမ့်စီးဆင်းလျက် ယခုတော့ နောက်ကျိ၍ သွေးအလူးလူးပေကျံနေသော ဒဏ်ရာရလူနာတစ်ဦးနှင့် တူနေပါတော့သည်။

❑

"အမေဆုံးပြီးလို့ ရက်လည်ဆွမ်းသွတ်ပြီးတာနဲ့ အစ်ကို့မိန်းမက အထုပ်ပြင်တော့တာပဲ။ ဘယ်လိုမှတားမရဘူး။ အစ်ကိုပြန်လာတဲ့အထိ နေပါဦး အစ်မရာဆိုတော့လည်း နင်တို့အစ်ကိုက သားပစ်မယားပစ်နဲ့ ရွေတန်းမှာသေပြီထင်ပါတယ်တဲ့။ အဲဒါ သူ့ရွာသူပြန်တော့မယ်ဆိုပြီး ကလေးခေါ်ထွက်သွားလေရဲ့"

ကြားရသော သတင်းစကားတို့တရင်ဝမှာ များအစင်းတစ်ရာစိုက်သကဲ့သို့ စူးရှလှုပ်ထန်လှသည်။ တန်ဘတ် ဈေးရောင်းထွက်ကြသည့် ဆွေမျိုးမိတ်ဆွေတွေတို့ မေးမြန်းစုံစမ်းကြည့်တော့ ကန့်ကိုပြန်လာတာ မတွေ့ရဟု ဆိုကြသည်။ သံယောဇဉ်တို့သည် ခြေရာလည်းမျောက်ရေလည်းနောက်ဖြစ်၍ သူ့အား သူစိမ်းပြင်ပြင် စွန့်ခွာတုန်ကြသည်။ မအေတူလေးမို့ ဖြူဖွေးသန့်စင်သော သူ့သားငယ်အား ဘယ်သောအခါမှ သူပြန်တွေ့ရပါမည်နည်း။ စာမလာ၊ သတင်းမကြားနှစ်နှင့်ချီ၍ ကွဲကွာခဲ့ရသည်မို့ ဇနီးမယားသည် စိတ်နာမည်ဆိုလည်း နာလောက်ပါ၏။ တောင်တန်းပြာမှာ ကျောပိုးအိတ်

www.burmeseclassic.com

www.burmeseclassic.com

ထမ်းပြီး ယမ်းခိုး၊ အမြောက်ဆန်၊ ဝုံးသံ၊ ကျည်ဖူးတို့ကြားမှာ အသက်စွန့်ပြေးလွှားနေရသော စစ်သား၏ဘဝကိုနားမလည်နိုင်တော့ဘူးလား မိန်းမရယ်။ ရှိပါစေတော့၊ ဖူစာသည် ဘဝမှာ သည်အထိပဲ ရေစက်ပါသည်ဟုမှတ်ယူလိုက်ပါသည်။

"အစ်ကို့ဘာဆက်လုပ်မှာလဲ"

ညီတစ်ဝမ်းကွဲ၏စကားသံကြောင့် အတွေးမှ လန့်နိုးလာသည်။

"ငါ မုံရွာကိုပြန်ဆင်းမယ်။ အိမ်နဲ့ ပိုင်းကိုတော့ မင်းပဲထိန်းသိမ်းထားပါတော့"

"အစ်ကို တပ်ကထွက်လိုက်ပြီဆိုတော့ ဘယ်မှာသွားနေမှာလဲ၊ ဘာဆက်လုပ်မှာလဲ"

ညီဝမ်းကွဲက သံယောဇဉ်ဖြင့်မေးသည်။ ဘာမှဆက်မပြောဘဲ ခေါင်းကို သာခါပြခဲ့သည်။ မေတ္တာရှင်၏ ဘဝခရီးကား လူမှန်းသိတတ်ကတည်းက ကြမ်းတမ်းခဲ့ရာဝယ် ယခုလည်း ပို၍ခက်ခဲကြမ်းတမ်းလာဦးမည်လား မသိပါ။ ကံဇာတ်ဆရာသည် သူ့ဘဝအား ဇာတ်နာအောင် အလွမ်းအဆွေးတွေဇရပ္ပဖြင့် ကပြစေခိုင်းနေသည်လားမသိ။ သမုဒယ၊ ဒုက္ခသစ္စာတွေ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်စေပြီးမှ ငြိမ်းရာငြိမ်းကြောင်းအားလမ်းပြသွန်မည်လားမသိ။ လောလောဆယ်တော့ သံသရာခရီးမှာ တစ်ကိုယ်တည်း အဖော်မဲ့နေခဲ့ပါပြီလား။

❑

မုံရွာမြို့တောင်ဘက်ရှိ သမ္မဒ္ဓေစေတီတော်ဝင်း။

စေတီပရိဝုဏ်အတွင်း ခရေပင်ကြီးအောက် ခုံတန်းလေးမှာ ခရီးဆောင်အိတ်လေး ခေါင်းအုံးရင်းမှေးနေခဲ့သည်။ ခရေရိပ်ကား အေးမြလှပါဘိ။ အညာနွေ၏ ပူပြင်းသောဒဏ်ကို သက်သာစေဖို့ လာပြီးခိုနားလှည့်ဟု ဖိတ်ခေါ်နေသယောင်ရှိသည်။ ဆက်ရက်လေးတွေက ခရေသီးမှည့်အား တတောက်တောက်နှင့် ဆိတ်လျက်ရှိကြသည်။ အေးမြသည့်အရိပ်အာဝါသ၌ နားနေရပေမယ့် သူ့ရင်ပူလောင်နေခဲ့သည်။ သူ့ဘာဆက်လုပ်ရမည်နည်း။ ဘယ်ကိုခရီးဆက်ရမည်နည်း။ ဘုရားရှေ့ စွေးဆိုင်မှာ ဝိတောက်သား ပုတီးတစ်ကုံးဝယ်၍ ရုပ်ပွားဆင်းတုတော်ရှေ့မှာ ပုတီးစိပ်စဉ်က ငြိမ်းအေးသလိုလိုရှိခဲ့ပေမယ့် ပုတီးစိပ်ပြီးသောအခါ ရင်ကပူလာပြန်သည်။ ရင်အပူတွေ ငြိမ်းသွားမည့်အရာကို တွေ့စမ်းချင်ပါဘိတော့ငင်း။

"လောကကြီးမှာ လူရယ်လို့ဖြစ်လာရင် သည်အပူတွေက မတွေ့ချင်၊ မမြင်ချင်၊ မခေါ်ချင်ပေမယ့် ကိုယ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတတ်တာပဲ။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်၊ ရတနာသုံးပါးရဲ့အရိပ်၊ မေတ္တာတရားရဲ့အရိပ်လောက် ဘယ်အဟာမှ မအေးချမ်းဘူး"

သူ့အနားမှာ ကပ်ပြောလိုက်သော အသံကြောင့် မှေးနေရာမှ လန့်သွားသည်။ ထထိုင်လိုက်တော့ သူ့အနားမှာ အသက် (၆၀) ခန့် အဘိုးအိုတစ်ဦး အညိုရောင်ယောဂီဝတ်ဖြင့် လည်မှာလည်း ပုတီးတစ်ကုံးဆွဲထားသည်။ သူ့အားပြုံးပြီးကြည့်နေ၏။ ပူနေသော သူ့ရင်မှာ အေးမြသွားသလို ခံစားလိုက်ရသည်။

"ဘာတွေ အပူလုံးကြွပြီး ယူကျုံးမရဖြစ်နေတာလဲ လူဇင်း"

"ခင်ဗျာ၊ ဘာမှမဖြစ်ပါဘူး"

သူလိမ်လိုက်ပါသည်။ သို့သော် အဘိုးအို၏ စူးရှသောမျက်လုံးများအား ကြည့်ပြီး မလိမ်ဝံ့ဝံ့လိမ်ဝံ့ဝံ့။

"လိမ်မနေပါနဲ့ကွာ၊ သားတကွဲမယားတကွဲဖြစ်ပြီး ဘယ်ဆီကိုခရီးဆက်ရမှန်းမသိတဲ့ ဆံသရာခရီးမှာ လွှင့်လာသူတစ်ယောက်ပေါ့ ဟုတ်ရဲ့လား။ မင်းညာလက်ညှိုးကလည်း သွေးညှိနဲ့တွေနဲ့လိုက်တာ။သတ္တဝါတွေကိုတယ်နှယောက်လောက် သတ်ဖြတ်လာခဲ့သလဲမသိဘူး"

"အဘ ကျွန်တော့်အကြောင်းတွေ သိနေသလိုပါလား"

သူ အဘိုးအို့အား အထူးအဆန်းသဖွယ်ကြည့်ပြီးမေးလိုက်သည်။

"တစ်ခါမှ မတွေ့ဘူး၊ မမြင်ဘူးတဲ့ လူတစ်ယောက်အကြောင်းကို မြင်လိုက်တာနဲ့သိနေတာဟာ ငါတို့လိုပုဂ္ဂိုလ်တွေ အတွက် မထူးဆန်းပါဘူးကွာ။ ဒါနဲ့နေပါဦး၊ မင်းအခုဘယ်ကိုသွားလို့ဘာလုပ်မှာလဲ"

"ကျွန်တော် ဘာလုပ်ရမှန်းလဲ မသိတော့ပါဘူး အဘရယ်"

"မသိတာက မောဟပဲ၊ သိတာက ပညာပဲ။ လောကီဘုံဘဝမှာ ကျင်လည်နေသမျှ ကာလပတ်လုံး မင်း လောကဓံတရား (၈) ပါးကို တွေ့နေရဦးမှာပါပဲလေ။ အဆိုး (၄) ပါး၊ အကောင်း (၄) ပါးရှိတဲ့ လောကဓံတရား (၈) ပါးထဲမှာ အကောင်း (၄) ပါးကို မင်းဘဝတစ်သက်တာမှာ ဘယ်နှခါများကြုံခဲ့ပြီးပြီလဲ။ အဆိုးတွေနဲ့ချည်းပဲ သံသရာလည်နေရတာပဲမဟုတ်လား။ ဘဝတစ်လျှောက်လုံး လူမှန်းသိစအရွယ်ကတည်းက လွှဲရှားရှုန်းကန်ပြီး တိုက်ရခိုက်ရ သတ်ဖြတ်ရနဲ့ မင်းဘဝအေးမှ မအေးတာ"

"ဟုတ်ပါတယ် အဘရယ်။ ကျွန်တော် စစ်သားလူထွက်ပါ။ တပ်မတော်က ထွက်ပြီးရင် မိသားစုနဲ့ အေးအေးချမ်းချမ်းနေမလို့ စိတ်ကူးထားတာ။ ဒီတော့ မိသားစုကလည်း ဘယ်ဆီနေမှန်းမသိ"

"ဒါတွေဟာ တွေ့ဆုံကြုံကွဲတွေပါကွာ။ သံသရာမှာ မင်းတစ်ယောဇဉ်တည်းပဲလာခဲ့တာ၊ ပြန်ရင်လည်း မင်းတစ်ယောက်တည်းပဲပြန်ရမှာ။ မင်းမှာ အဖော်ဆိုလို့ ကုသိုလ်၊ အကုသိုလ်ပဲပါတယ်"

သူ ထိတ်လန့်သွားခဲ့သည်။ သူမှာ ကုသိုလ်တရားဟူ၍ ပြစရာမရှိခဲ့တူး။ အကုသိုလ်တွေဖိစီးလို့ ခုလိုများဒုက္ခတွေ့နေရတာလား။

"သူတော်စင်တွေရဲ့ အေးငြိမ်းရာကို ကျွန်တော်ရှေ့တန်းတစ်နေရာမှာတွေ့ရခဲ့ဖူးပါတယ်။ အဲဒီလိုများ အေးငြိမ်းချင်လိုက်တာ"

"အေး-လောကမှာပြဟ္မစိုရ်တရားလေးပါးနဲ့ ကျင့်ကြံပြီးနေထိုင်တဲ့သူတွေဟာအလွန်ပဲအေးချမ်းတယ်တွ။ သတ္တဝေနေယျတွေအပေါ်မှာ တကယ့်မေတ္တာစေတနာအမှန်ထားနိုင်ပြီဆိုရင် ဒီပုဂ္ဂိုလ်ဟာ အေးငြိမ်းတော့တာပဲ။ တို့ဘုရားရှင်ဟာ တကယ့်တုန်ငြိမ်းမဲ့မေတ္တာရှင်ကြီးအရာရာကို မေတ္တာနဲ့သာ အနိုင်ယူခဲ့တယ်။ ဘုရားရှင်ကို သေအောင်သတ်ကြံတဲ့ ဒေဝဒတ်လိုပုဂ္ဂိုလ်မျိုး၊ ဘုရားရှင်ခါနီး ဗောဓိပင်နဲ့ ရွှေပလ္လင်ကိုလုချင်ဆိုပြီး သတ္တဝါတွေ အကျွတ်တရားကုန်မှာစိုးလို့ ဘုရားရှင်ကို လက်နက်မျိုးစုံ၊ စစ်သည်ဒိုလ်ပါမျိုးစုံနဲ့ တိုက်ခိုက်တဲ့ မာရ်နတ်လိုပုဂ္ဂိုလ်မျိုးကိုတောင် ဘုရားဟာ မေတ္တာနဲ့သာ အနိုင်ယူခဲ့တယ်"

"ကျွန်တော်လည်း မေတ္တာတရားနဲ့နေလိုက်ရင် တွေ့ကြုံနေရတဲ့ အပူတွေ ငြိမ်းသွားမယ်ထင်တာပါပဲ"

"ဒါ အကောင်းဆုံးပေါ့ကွ"

"ဒါနဲ့ အဘက ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲ"

"ငါက လာတဲ့လမ်းကိုရော ပြန်မယ့်လမ်းကိုပါ ထင်ထင်ရှားရှားမသိမယ့် ရေးရေးတော့မြင်တယ်ကွ။ ခုအားမှာတော့ အရပ်ထကာလှည့်ပြီး မေတ္တာဝါဒီကြီးတစ်ဦးတွေ့ပို့နေတဲ့ မေတ္တာဝါဒီကြီးတစ်ဦးလေး တို့လမ်းစဉ်မှာ ဂန္ဓာရီခရီးလှည့်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ခေါ်တယ်။ ကျွေးရင်စားလိုက်တယ်၊ ပေးရင်ယူလိုက်တယ်။ ဘုရားကျောင်း ကန်ဇရပ်ရှိရင် အိပ်လိုက်တယ်။ လမ်းတွေ့ရင် လျှောက်တယ်။ ငှက်တွေလိုပေါ့ကွာ။ အတော်ပဲပါပြီး ဝန်စည်စလယ်မရှိတဲ့ ခရီးသွားလူပေါ့။ ဘာလဲ - မင်း သဘောကျသွားပြီလား။ ဘဝမှာ ကြွက်တွေလိုနေရင် ဒုက္ခသိပ်များတတ်ကွ။ ဘာတွေမှန်းမသိ အစုတ်ပလုတ်တွေချီလာရ၊ သိမ်းရ၊ စုရ၊ ဆောင်းရနဲ့ အဲဒါတွေကပဲ ဒုက္ခတွေပဲ။ ခုဆိုကြည့် ငါ့မှာ ဘာမှမပါဘူး။ တွေ့လား လွယ်အိတ်တစ်လုံး၊ တောင့်ဝှေးတစ်ချောင်းနဲ့ ဘယ်လောက်အေးသလဲ"

သူ စဉ်းစားနေမိပါသည်။ ဒီဘကြီးသည် ဘယ်မှာနေသည်နည်း။ ဘာအလုပ်လုပ်သနည်း။ နေ့စဉ်စားဖို့ ထမင်းတစ်လုတ်ကို ဘယ်လိုဖြေရှင်းသနည်း။ မိသားစုရှိလား၊ လူလွတ်လား။

"မင်း ငါ့ကိုမယုံဘူးထင်တယ်။ မင်းကို ငါပြောပြီးသွားပြီပဲ။ ဂန္ဓာရီခရီးလှည့်နေပါတယ်ဆိုမှ ဘယ်မှာအိမ်ခြေရာခြေ အတည်တကျရှိပါ့မလဲ။ တန်ဖိုးကြီးဘုရားတွေ၊ အဓိဌာန်ဝင်ရမယ့် ဆောတောင်တွေမှာ ကျင့်ကြံအားထုတ်ရင်း ဝေနေယျသတ္တဝါတွေကို မေတ္တာလည်ပို့နေရတာက္ခ။ ဒီလိုလုပ်ငန်းစဉ်တွေကိုလည်း ငါတို့ရဲ့ ဆရာအရှင်မြတ်တွေက ချမှတ်ပေးတယ်။ သတ္တဝါတွေကို တကယ့်မေတ္တာမှန်ထားနိုင်ရင် ဘာရန်သူမှမရှိဘူး၊ အေးချမ်းတယ်။ ထမင်းငတ်မှာ မပူနဲ့။ အချိန်တန်ရင် ကျွေးမယ့်သူပေါ်လာလိမ့်မယ်။ မင်းဘဝမှာ ဒီလုပ်ငန်းစဉ်ကိုလုပ်ဖို့ အချိန်ကြလာခဲ့ပြီ။ ဒါကြောင့်လည်း ဒီအချိန်ဒီနေရာမှာ ငါနဲ့ဆိုက်ဆိုက်မြိုက်မြိုက်လာတွေ့ရတာပဲ"

ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း တောထဲက သံယာတော်အရှင်မြတ်၏ မိန့်ကြားချက်များအား တရေးနေးပြန်လည် ကြားယောင်လာပါတော့သည်။ သူဖြတ်သန်းခဲ့ရသော အတိတ်ဘဝသည် ခက်ခဲကြမ်းတမ်းခါးသီးခဲ့၏။ အမိန့်တာဝန်ဝတ္တရားများအား ဦးထိပ်ပန်ဆင်၍ နိုင်ငံ၏ ရန်သူများအား နှိပ်နင်းခဲ့ရသည်။ အသက်အန္တရာယ်အား ဂရုမထားဘဲ သူသေကိုယ်ကြေတိုက်ခိုက်ကြရာတွင် ကိုယ်ကမသတ်လျှင် ကိုယ့်ကိုသတ်မည့်ရန်သူတွေမို့ တိုက်ခိုက်ခဲ့ရသည်။ သူ၏ အတိတ်ပါရမီသည် မည်သို့အထုံပါလာသည်မသိ။ ဦးဇွေ့နေခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ ယခုတော့ သူသည် လျောင်အိမ်မှလွတ်သော ငှက်တစ်ကောင်အလား အနှောင်အဖွဲ့မရှိတော့။ နောက်ဆုံး ဘဝင်အကြွင်းမားဆုံးနှောင်ကြိုးဟု ဆိုရမည်ဖြစ်သော အိမ်ထောင်ရေးသံယောဇဉ်ပင်မရှိတော့။ ဘဝသံသရာအတွက် အေးငြိမ်းရာဖြစ်သော ငြဟ္ဗူစိုရိတရားများလွမ်းခြုံရာ သူတော်စင်တို့၏ အကျင့်စခန်းအား လျှောက်လှမ်းတော့မည်ဟု ဆုံးဖြတ်လိုက်မိပါတော့သည်။

"အဘသွားတဲ့နောက် ကျွန်တော် လိုက်ခဲ့မယ်။ အဘရယ် ကျွန်တော့်ကို တပည့်တစ်ယောက်လို သတ်မှတ်လိုက်ပါတော့ ခင်ဗျာ"

"ကောင်းတာပေါ့ကွယ် - သာဓု၊ သာဓု၊ သာဓု"

❑

သူတို့နှစ်ယောက်သည် မုံရွာမြို့မှ မန္တလေးသို့ ခရီးဆက်ခဲ့ကြပါသည်။ မန္တလေးမှတစ်ဆင့် ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်ရှိရာသို့ ဒုဋ္ဌဝတီမြစ်သည် ရေတံခွန်တောင်နှင့်တကွ ရှမ်းရိုးမနယ်စပ်မျဉ်းတောင်တန်းများအားပတ်ကာဝေ့ကာဖြင့် တဖြိုင်ဖြိုင်စီးဆင်းလျက်၊ ရေတံခွန်တောင်ဆရာတော်သည် အဘအား ရင်းနှီးစွာသိပုံဖြင့် မာကြောင်းသာကြောင်းမေးနေလေ၏။ စေတီတော်လေးအနီး ဇရပ်ငယ်တစ်လုံး၌ နေရာချထားပေးသည်။ ဓာတ်ဘူးထဲမှ ရေနွေးကြမ်းတစ်ခွက်ငှဲ့၍ အဘအား ရိုရိုသေသေကမ်းပေးလိုက်သည်။ ဆေးပြင်းလိပ်တိုအား မီးညှိ၍ မီးခိုးငွေ့များအား မှုတ်ထုတ်လိုက်ပြီးမှ အဘစကားစသည်။

"ဒီစခန်းဒီလမ်းတွေက စွန့်စရာရှိရင် အကုန်စွန့်ရတယ်။ ပါရမီကျင့်စဉ်တွေကိုကျင့်၊ တတ်နိုင်ရင် ကိုးပါးသီလ၊ အာဠဝကသီလတွေကိုလုံအောင်ထိန်းမကျိုးပေါက်စေနဲ့၊ သက်သတ်လွတ် အဓိဌာန်နဲ့ တောင်ကြီးကိုးတောင်၊ တောကြီးကိုးတော၊ ကိုးသိန်းငိုင် စသည်ဖြင့် အဓိဌာန်ဝင်ရတယ်။ အတတ်နိုင်ဆုံး မေတ္တာဘာဝနာပွားနေရတယ်။ တို့အလုပ်တွေဟာ အနှောင့်အယှက်သိပ်များတယ်။ သာသနာကို မယုံကြည်ကြတဲ့ နတ်မိစ္ဆာတွေရှိသလို၊ အောက်လက်ဝဲလမ်းကသူတွေကလည်း အခွင့်အရေးရရင်ရသလို နှောင့်ယှက်ဖျက်ဆီးကြတယ်။ ဒီတော့ တို့ရဲ့ အကာအရံစည်းအတားက မေတ္တာလက်နက်ပဲရှိတယ်။ အင်း။ ဆေးတို့ကလည်း အထိုက်အလျောက် ကာဆီးနိုင်ပေမယ့် မေတ္တာဓာတ်ဟာ အလုံခြုံဆုံးပဲ။ တို့ဘုရားရှင်ဟာ ဘုရားဖြစ်ခါနီး မာရ်နတ်နဲ့အပေါင်းအပါတွေ လာရောက်တိုက်ခိုက်တာကို မေတ္တာနဲ့ပဲ အတာအကွယ်ပြုခဲ့တယ်။ မေတ္တာဟာ သစ်ပင်တစ်ပင်ရဲ့ ဆူးချွန်တွေလိုပဲ။ သူများကို သွားဒုက္ခမပေးဘူး။ သူတို့ထိရင်တော့ ဆူးတော့တာပဲ။ လူလေးလုပ်ရမယ့်အလုပ်တွေအများကြီးရှိပါသေးတယ်။

အခုလောလောဆယ်တော့ ပုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်တဲ့ ဝုဏ်တော် (၉) ပါးကို အနုလုံ၊ ပဋိလုံ တစ်နေ့ (၁၀၈)ပတ်ရအောင်စိပ်ပါမယ်လို့အဓိဌာန်တင်။ ကျန်တဲ့အချိန်တွေမှာ အရှင်ဆယ်မျက်နှာလုံးနဲ့အောင် ဝေနေယျသတ္တဝါတွေကိုမေတ္တာပို့။ အေး - မေတ္တာစပ်ဖွဲ့ရင်ကိုယ်ချစ်ခင်တဲ့သူကို မေတ္တာအရင်စပ်ဖွဲ့ရတယ်။ ဆန့်ကျင်ဘက်လိုင်းကိုသွားမပို့နဲ့။ မေတ္တာဘာနေ တဏှာပြောင်းသွားလိမ့်မယ်။ ဆွေချစ်၊ မျိုးချစ်၊ သမီး၊ ခင်ပွန်း၊ လင်မယားချစ်ဆိုတာကလည်း တစ်ယောက်အကျိုးတစ်ယောက်လိုလားကြ၊ ကူညီထောက်ပံ့လိုကြတယ်။ ဒါကိုလည်း မေတ္တာရှိတဏှာလို့ ဆိုကြတယ်။ အဲဒါ မေတ္တာအစစ်မဟုတ်ဘူး။ ဂေဟာသီတပေမလို့ခေါ်တဲ့ အိမ်ဦးမိသောအချစ်ပဲ။

ဟိုးရှေးတုန်းက ဒါဃကာတစ်ယောက်ဟာ သူကိုးကွယ်တဲ့ ဆရာတော်ကို မေတ္တာပွားသောအခါ မည်သူကစ၍ ပွားရမည်နည်းလို့ လျှောက်တယ်။ ဆရာတော်က မေတ္တာအရှိဆုံးသူကစပြီးပွားရမယ်လို့မိန့်တော့ ညအခါမှာ အိပ်ခန်းအပြင်ဘက်မှာထိုင်ပြီး သူ့နီးကပ်ရည်မှန်းလျက် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းတဲ့အခါ ဇနီးက စိတ်ကောက်ပြီး အခန်းတံခါးကို ချက်ချပိတ်ထားတယ်လေ။ သူက မိန်းမကို မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းလေ ဇနီးအပေါ်မှာ ချစ်ခင်မှုတွေတိုးတိုးလာပြီး တစ်ခါတည်းထပြီးတံခါးသွားဖွင့်တော့ အထဲက ဂျက်ထိုးထားတော့ ဖွင့်မရတဲ့ တံခါးနဲ့ရဲရဲ ဦးခေါင်းဝှေ့ကာဖြင့် မေတ္တာရဲ့အကျိုးကိုခံစားနေရရှာတယ်။ အဲသလိုလည်း ဖြစ်စေနဲ့"

အဘက အဲသည်လိုပြောတော့ ကိုသိန်းအောင် ဟက်ဟက်ပက်ပက်ရယ်မိရှာပါသည်။ မေတ္တာပို့ချင်ရင်တောင်မှ သူနီးသည် ဘယ်ဆီရောက်၍ ဘယ်မှာပျော်မွေ့နေသည်မသိပါ။

❑

တိတ်ဆိတ်ငြိမ်သက်သောညအား လရောင်သည် နွေးထွေးသော ခြုံလွှာ

www.burmeseclassic.com

www.burmeseclassic.com

သဖွယ် လွမ်းခြင်း၍ ပွေ့ဖက်ထားသည်။ ညင်းသဲသဲတိုက်နေသော လေနှင်းအေးသည် စေတီတော်မှ ဆည်းလည်းလေးများအား တို့ထိဆော့ကစားလျက်။ ဆည်းလည်းသံတချွင်ချွင်နှင့်အတူ ပုရစ်တို့၏တစိမ်မြည်သံသည် တောနှင့်တောင်အား မင်းမူနေသည်။ ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်မီးညွှန့်သည် လေနှင့်အတူ ဟိုသည်ယိမ်းလျက်ရှိသည်။

စစ်သားလူထွက်ပီပီ ကြောက်စိတ်ကမ္မရှိလှသော်လည်း လူသူကင်းရှင်း၍ တိတ်ဆိတ်သောညဉ်၏ ပစ္စက္ခအခြေအနေက ကြက်သီးမွေးညင်းထချင်သလိုလို။ ဘုရားဟောကျမ်းဂန်များထဲက (၃၁) ဘုံသားတွေဆိုတာ တကယ်ကောရှိလား။ ဘုရားရှင်၏ဂုဏ်တော်များအား စိတ်ထဲမှရွတ်၍ ပတီးစေ့များအား တစ်လုံးချင်းချနေပေမယ့် စိတ်ထဲမှာသိချင်စိတ်ကပင် ရောက်လာသည်။ အနီးမှာတရားမှတ်နေသောအဘက -

"လူလေး သိပ်သိချင်နေတဲ့ (၃၁) ဘုံသားတွေကို အခု လက်တွေ့မြင်ရလိမ့်မယ်။ အဘတစ်ယောက်ဇား ဘေးမှာရှိတယ်၊ မကြောက်နဲ့။ သူတို့လည်း ဘုရားလာဖူးတာ။ တို့တွေအမျှဝေရင် သာဓုခေါ်ချင်လို့"

အဘသည် သူညာလက်ဖြင့် ကိုသိန်းအောင် မျက်နှာရှေ့အား ဝှေ့ယမ်းလိုက်ပါသည်။

သင်းပျံ့သောမွှေးရနံ့သည် လေနှင်းနှင့်အတူ လွှင့်ပျံလာပါသည်။ မိန်းကလေးတို့၏ ကိုယ်မှာဆွတ်သောမွှေးရနံ့မျိုးဖြစ်သည်။ မျက်စိမှိတ်ထားသော်လည်း ကိုသိန်းအောင်၏ အမြင်အာရုံသည် မျက်စိဖွင့်ကြည့်သည့်အလားမြင်တွေ့နေရသည်။ တောလမ်းလေးအတိုင်း တောင်ပေါ် စေတီသို့ တစ်လှမ်းချင်းတက်လာနေသည့် မိန်းမလှလေးတွေကို စိတ်နှိုးပြီးမြင်နေရသည်။ သူတို့သည် ကိုသိန်းအောင်အား လှမ်း၍ပြုံးပြပြီး ခပ်ဝေးဝေးမှာ အစီအရီထိုင်လိုက်ကြ၍ စေတီတော်အား ရှိခိုးပူဇော်နေကြပါသည်။ သူမိန်းကလေးတွေ၏အလှမှာ မိန်းမောသွားမိပြီး အတန်ကြာသည်အထိကြည့်နေမိပါသည်။ ပြီး နောက်မှအသိပြန်ဝင်လာ၍ ဘုရားရှင်၏ ဂုဏ်တော်များအပေါ် အာရုံပြန်၍ပြုလိုက်ပါသည်။ ဥစ္စာစောင့်လိုလိုဘာလိုလို ဘုမ္မစိုးနတ်သမီးတွေနေမှာပါဟု တွေးမိလိုက်သည်။ လက်မှ ပုတီးစေ့များအား တင်းတင်းဆုပ်ကိုင်ရင်း ထိုမိန်းကလေးအုပ်ဆီသို့ အာရုံရောက်သွားပြန်ပါသည်။

ဟိုက် - ခေါင်းမွေးတွေထောင်တက်သွားမတတ်ဖြစ်သွား၏။ ကြက်သီးတဖြန်းဖြန်းထလာ၏။ ရင်ထဲမှာအေးခနဲဖြစ်သွားသည်။ နှလုံးလေဟပ်သည်ဆို သည်မှာ ဒါမျိုးများလားမသိ။ ကြောက်စိတ်ကို မနည်းဖယ်ထုတ်၍ စိတ်ကို တင်းလိုက်သည်။ မိန်းကလေးတွေ၏ အနောက် ရင်ပြင်တော်အဆုံး တောစပ်မှာ မတ်တတ်ရပ်နေသည်က နည်းတဲ့ အကောင်ကြီးတွေမဟုတ်။ အရပ်တွေက အုန်းပင်လောက် မြင့်မည်ထင်သည်။ နီရဝင်းတောက်နေသည့် မျက်လုံးကြီးများဖြင့် သူအားစိုက်ကြည့်နေကြသည်။ တချို့က လျှာကြီးတွေ တွဲလောင်းကျလျက်။ ပါးစပ်ပြဲပြဲကြီးတွေမှာ အစွယ်တွေက ပြူးထွက်နေသည်။ ဆံပင်ကျိုးတိုးကဲ့တဲ့အား ထိပ်မှာစုချည်ထားပြီး နက်မှောင်နေသော ကိုယ်ခန္ဓာကြီးတွေနှင့် လက်မှာလည်း တင်းပုတ်လိုမျိုးတွေကိုင်ထားကြသည်။ ထိုအကောင်ကြီးတွေသည် ခပ်လှမ်းလှမ်းတောစပ်မှာပဲ ရပ်နေကြသည်။ သူတို့ရှိရာသို့ တိုးမလာကြ။ ထိုစဉ် အရှေ့ဘက်တောင်တန်းများဆီမှ တဝင်းဝင်းတလက်လက်ဖြင့် ပိုးစုန်းကြူးများ အုပ်စုဖွဲ့ပျံလာသလိုမျိုးတွေ့ရသည်။ နီးလာလေ တောက်ပသော ထိုအရာများသည် ပို၍ဝင်းလက်လာကြသည်။ ရှေ့ဆုံးမှအရာသည် အတောက်ပဆုံးဖြစ်နေသည်ကို တွေ့ရသည်။

ထိုအရာများ စေတီရင်ပြင်အနီးသို့ရောက်သောအခါ ရင်ပြင်တော်ပေါ်မှ မိန်းကလေးများ၊ ရင်ပြင်အနီးတောစပ်မှာရပ်ကြည့်နေသော အကောင်ကြီးများ ခပ်ဝေးဝေး တောင်ခြေဘက်သို့ အလျင်အမြန် ဖယ်ရှားသွားကြသည်ကို တွေ့လိုက်ရသည်။

မြင့်မား ခံ့ညားသော အရပ်အမောင်း၊ သွေ့ာင်ထုံးကြီးများဖြင့် ဝတ်စားထားပုံကလည်း သို့ရင်းအကျီအဖြူ။ တောင်ရှည်ပုဆိုးများဖြင့် တင်းမာနေသော မျက်နှာထားများ၌ နှုတ်ခမ်းမွေးကြီးတွေက ကော့ပျံနေသည်။ မျက်လုံးတွေက အရောင်တဝင်းဝင်းထွက်နေသလိုလို။ ခန္ဓာကိုယ်တွေကလည်း အရောင်အဝါတောက်ပလွန်းနေသည်။ စေတီတော်ရင်ပြင်သည် နေ့ခင်းဘက်အလား ဝင်းထိန်နေ၏။

ထိုသူတို့သည် စေတီတော်အား ဦးချကန်တော့ပြီး အဘဘက်သို့လှည့်၍ ဦးညွတ်အရိုအသေပေးကြသည်။ ပြီးတော့ သူတို့သည် စောင်းတန်းလေးဘက်သို့လှည့်ကြသည်။ မည်သူတွေတက်လာကြသည်မသိပါ။ ညင်သာသောခြေသံများကြားရပြီးနောက် တနင်္ဂနွေထောင့်သို့ကြည့်လိုက်သောအခါ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးတစ်ယောက်။ ထို့နောက် စေတီထောင့်အသီးသီးတွင် ယောဂီဝတ်၊ ရသေ့ဝတ်ပုဂ္ဂိုလ်များ အစီအရီထိုင်ပြီး စေတီတော်အား ကန်တော့နေကြသည်။ ပြီးတော့ ငြိမ်သက်စွာဖြင့် တရားအားထုတ်နေသည်ကို တွေ့လိုက်ရ၏။ အဘသည် ကိုသိန်းအောင်၏ မျက်နှာအားလက်ဖြင့်သပ်ချလိုက်ပါသည်။ စောစောက မြင်တွေ့နေရသော ပုဂ္ဂိုလ်ကြီး၊ ငယ်အားလုံး မြင်ကွင်းမှ ပျောက်ကွယ်သွား၏။ သူ့ရင်ထဲ၌ စောစောကလို ကြောက်ခြင်း၊ ထိတ်လန့်ခြင်းများမရှိတော့ဘဲ အေးချမ်းနေသလို ခံစားနေရ၏။ စိတ်လက်စဂုဏ်တော်ပုတီးအား ဆက်စိပ်နေလိုက်ပါတော့သည်။

❑

နံနက်စောစော အရုဏ်တက် ဘုရားဝတ်ပြုပြီးနောက် ကပ္ပယ်ကြီး တစ်ယောက်က ကောက်ညှင်းပေါင်းပူပူနွေးနွေးတစ်ပန်းကန်နှင့် ရေနွေးကြမ်းတစ်ဘူးလာပေးသည်။ အဘနှင့် သူ နံနက်စာဝင်းဖြည့်ရင်း အဘက -

"လူလေး၊ (၃၁)ဘုံဆိုတာ တကယ်ရှိတာသိပြီလား"

"ဟုတ်တယ် အဘရာ။ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေလဲတော့မသိဘူး။ မျိုးတို့စုံနေတာပဲ"

"တောစောင့်၊ တောင်ပိုင်တွေနဲ့ ဘုမ္မိရပ်ကပုဂ္ဂိုလ်တွေလေ။ ပြီးတော့ အထက်မဟာဂန္ဓာရိပိုဏ္ဍာကြီးတွေ၊ သူတို့လည်း ဒီရေတံခွန်တောင်မှာလာလာပြီး ကျင့်ကြံအားထုတ်ကြတယ်။ မင်းကိုမြင်စေချင်လို့ အဘက မင်းရဲ့အမြင်အာရုံတွေကို ဖွင့်ပေးလိုက်တာ"

"ဘာဖြစ်လို့ ကျွန်တော်တို့လိုလူတွေက သူတို့ကိုမမြင်ရတာလဲ"

"သူတို့မှာလည်း ရုပ်နဲ့နာမ်နဲ့တွဲနေတာပဲ။ ဒါပေမယ့် သူတို့က ရုပ်နဲ့တွေ့။ ပြီးတော့ သူတို့ရဲ့ ကျွဒ်ပါဒ်တန်ခိုးနဲ့ လူတွေမမြင်နိုင်အောင် ကာကွယ်ထားတာ။ လူလောကရဲ့ ဓာတ်သိပ္ပံဆရာတွေက သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ ပိုးမွှားတွေ၊ အရာတွေကို မှန်ဘီလူးနဲ့ခဲ့ပြီးကြည့်ရင် မြင်နိုင်သလို သမထတန်ခိုးဆိုတဲ့ စိတ်မှန်ဘီလူးနဲ့ကြည့်လိုက်တော့ မြင်နိုင်တော့တာပေါ့ကွယ်"

"ကျွန်တော်လည်း ဒီသမထဓာန်ခိုး

www.burmeseclassic.com

www.burmeseclassic.com

ဆလိုင်းငွန်သိန်း(ရမည်းသင်း)
ကျွန်တော်နဲ့သဘော်သီး

ယနေ့ခေတ်အခြေအနေက ပြည်သူလူထုကြားမှာ ခေတ်မီသူတိုင်း(Gout) ခေါက်ရောဂါလို့ခေါ်တဲ့ လေးဖက်နာဖြစ်ကြတယ်လို့ ပြောရမလိုဖြစ်နေပြီ။ အမျိုးသား၊ အမျိုးသမီးအကုန်ဖြစ်ကြပါတယ်။ အမျိုးသမီးတွေ ပိုပြီးအဖြစ်များပါတယ်။ များသောအားဖြင့် ရောဂါရှင် ၉၀% လောက်ဟာ ခြေမကစဖြစ်တာများပါတယ်။ ခြေမဝန်းကျင်နီလာတယ်၊ ရောင်လာတယ်။ တဖြည်းဖြည်းနာလာပြီး ခြေထောက်လို့မရနိုင်အောင်ပါပဲ။ တဖြည်းဖြည်းနဲ့ အဆစ်တိုင်းလိုလိုမှာနာလာတတ်ပါတယ်။ အသက် (၄၀) မတိုင်မီ အဖြစ်များပါတယ်။ ခြောက်သွေ့တဲ့ ရာသီတွေမှာ စတင်ဖြစ်ကြတာများပါတယ်။ ဆောင်းရာသီတွေ၊ နွေရာသီတွေပေါ့။ အရက်ကြောင့်လည်းဖြစ်နိုင်တယ်။ အထူးသဖြင့် ဘီယာသမားတွေအဖြစ်များတာကိုတွေ့ရပါတယ်။ သွေးကင်ဆာရဲ့နောက်ဆက်တွဲ၊ အခြားရောဂါများရဲ့နောက်ဆက်တွဲကြောင့်လည်း ဖြစ်နိုင်ပါတယ်။ Uratesတွေ၊ အဆစ်နဲ့အဆစ်နေရာမှာရှိတဲ့ အသားမျှင်တွေကြားမှာ စုမိနေလို့ပါ။ ရောဂါဖြစ်တော့မယ်ဆိုရင် စမ်းချောင်းပြီး ခံတွင်းပျက်လာတတ်ပါတယ်။ Uric Acid တွေမြင့်လာတာပါပဲ။ တဖြည်းဖြည်းနဲ့ ရောဂါဖြစ်တာကြာလာရင် အဆစ်တွေအားလုံးရောင်ပြီး နာလာတတ်ပါတယ်။ တချို့ဆိုရင် ချိုင်းထောက်နဲ့တောင်သွားနေရတာတွေတွေ့ရပါတယ်။ အတော်အခံရခက်တဲ့ရောဂါပါ။ ကျွန်တော့်ကိုယ်တွေ့ပါပဲ။ ဒါကြောင့် လည်း ဒီအကြောင်းကိုရေးချင်နေတာကြာပါပြီ။ ကိုယ်ခုလိုစာစိတ်နဲ့ပါ။ ကျွန်တော့်လိုပဲ ဝေဒနာရှင်တွေကို သက်သာပျောက်ကင်းစေလိုပါတယ်။ ကျွန်တော်ဟာ ဂေါက်ရောဂါလို့ခေါ်တဲ့ လေးဖက်နာရောဂါကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်ခံစားရပါတယ်။ ဖြစ်စဆို တော့ အနောက်တိုင်းဆေးပညာတွေနဲ့ပဲ ကုသပါတယ်။ အရပ်ထဲမှာပြောသလိုဆိုရင်တော့ အင်္ဂလိပ်ဆေးတွေပေါ့။ သက်သာသွားတာတော့အမှန်ပါပဲ။ ဒါပေမယ့် (၃)လတစ်ခါလောက်တော့ ရောဂါက ပြန်ပြန်ပေါ်ပါတယ်။ ဆရာဝန်ကတော့ ပြောပါတယ်။ အရက်၊ ဘီယာမသောက်နဲ့၊ ကလီစာတွေမစားနဲ့၊ ပဲပင်ပေါက်တွေ၊ မျှစ်တွေမစားပါနဲ့လို့ ပြောပါတယ်။ ဝတဲ့လူတွေက ပိုပြီး သတိထားရပါတယ်။ အဆီကိုလျှော့စားပေါ့။ ရောဂါဖြစ်နေတဲ့ အချိန်မှာတော့ အိပ်ရာထဲမှာနားနေတာ အကောင်းဆုံးပါပဲ။ ဒီရောဂါရှင်တွေ အားလုံး ပြင်းထန်တဲ့လေ့ကျင့်ခန်းတွေ မလုပ်ကြပါနဲ့။ အဆားလျှော့စားပါ။ သစ်သီးရည်တွေ အမြဲသောက်ပါ။ ကျွန်တော် ဒီရောဂါဖြစ်ပြီး (၃)နှစ်ကျော် (၄) နှစ်အတွင်းမှာ မိတ်ဆွေတစ်ယောက်ကပြောလို့ ဒီဆေးနည်းတို့ကို သောက်ကြည့်တာပါ။ အဆင်ပြေတာတွေ့ရတယ်။ဆေးနည်းက လွယ်လွယ်လေးပါ။

သဘော်သီးအစိမ်းအရင့်ကို အနံ (၁)လက်မခွဲ၊အလျား(၄)လက်မလောက် ဖြတ်ပြီး (၁)လက်မခန့်ရှိတဲ့ အတုံးလေးတွေလုံးလိုက်ပါ။ပြီးရင် မတ်ခွက်ထဲထည့်ပြီး လက်ဖက်ခြောက်သောက်ကောင်းရဲ့ လောက်ခတ်လိုက်ပါ။ ရေနွေးပွက်ပွက်ဆူကို မတ်ခွက်ပြည့်လုနီးပါးထည့်ပြီး မက်ခွက်ကိုအုပ်ထားလိုက်ပါ။ အချိန် (၂)နာရီလောက်ကြာရင် သောက်လို့ရပါပြီ။ တစ်နေကုန် ဖြည်းဖြည်းချင်းသောက်လို့ရပါတယ်။ နောက်နေ့ကျရင်တော့ ပထမနေ့ကထည့်သောက်တဲ့ သဘော်သီးစိမ်းပမာဏအတိုင်း ကြိုက်သလို မတ်ခွက်ထဲလှီးထည့်လို့ရပါတယ်။ နေ့စဉ် တစ်ခွက်တော့ ကုန်အောင်သောက်ပါ။ တစ်လအကြာမှာ သိသိသာသာထူးခြားလာပါတယ်။ အင်္ဂလိပ်ဆေးလုံးဝမသောက်ရတော့ပါဘူး။ ကျွန်တော်ဆိုရင် အရင်က တစ်လကို (၂) ကြိမ်လောက်တော့ အင်္ဂလိပ်ဆေးတွေသောက်ရပါတယ်။ အခုဆို လုံးဝမသောက်ရတော့ပါဘူး။ ကျွန်တော်ကတော့ သဘော်သီးဆေးရည်ကို နေ့စဉ်သောက်နေပါတယ်။ ကျွန်တော့်လက်တွေ့ရောဂါပျောက်ကင်းသွားတဲ့ ဆေးနည်းတို့ဖြစ်တဲ့အတွက် ယုံယုံကြည်ကြည်နဲ့သောက်ကြပါလို့တိုက်တွန်းရေးသားလိုက်ပါတယ်။

ကိုယ်စိတ်နှစ်ပါးချမ်းသာပါစေ

ဆလိုင်းငွန်သိန်း(ရမည်းသင်း)

တွေကို လိုချင်လိုက်တာ"

ဘုရားဟောတဲ့တရားမှာ သမထဟာ အခြေခံပါပဲ။ ပြီးမှ တရားကို ဆက်တက်ရတာ။ မင်းသမထအလုပ်ကို လုပ်ပါများလာရင် သမာဓိတက်ပြီး မမြင်ချင်ပေမယ့် မြင်လာရလိမ့်မယ်။ မကြားချင်ပေမယ့် ကြားလာရလိမ့်မယ်။ မလိုချင်ပေမယ့် ပေးသူတွေရှိလာလိမ့်မယ်။ ငါးရဲ့ ကိုယ်ခံအားအနည်းဆုံးနေရာဟာနေ ဖောက်ထွင်းဝင်ဖို့ ကြိုးစားသူတွေဟာ ကြိုးစားလိမ့်မယ်။ သီလကိုလုံအောင်ထိန်း။ သမာဓိမပျက်စေနဲ့။ မေတ္တာများများပွား ဟုတ်လား။ ကဲကဲ-မေတ္တာပွားတဲ့အလုပ်ကို စလုပ်တော့"

သူဇရပ်ပေါ်မှဆင်းသွားပြီး စေတီတော်အား ဖြည်းညင်းစွာပတ်၍ အရပ်ဆယ်မျက်နှာသို့ အာရုံပြုပြီး မေတ္တာပို့နေမိပါတော့သည်။

❑

အညာမိုးသည် မှန်ဝါးဝါးဖြင့်စွေနေလေသည်။ မိုးစက်မိုးပေါက်များနှင့်အတူ တစ်ခါတစ်ရံ တိုက်ခတ်သော လေပြင်းကြောင့် မြူပျော်စိုစွတ်နေကြသော တောတောင်တစ်ခိုမှ သစ်ပင်ကြီးငယ်တို့ ကခုန်ကြလေ၏။ နှစ်ယောက်သား ဇရပ်ရင်ပြင်၌ထိုင်ပြီး ဆေးလိပ်ဖွာရင်း ဖွဖွကျနေသော မိုးစက်တို့ ဇရပ်သွပ်မိုးနှင့်ထိသံတဖြောက်ဖြောက်အားနားထောင်နေကြသည်။ အဘကသူ့အကြောင်းအား တစ်ခုတ်တစ်ရစ်၍ ပြောပြသည်။ ကိုသိန်းအောင်အား အတုယူစေချင်သည်လည်းပါ၏။ သံဝေဂရစေသလို ပါရမီအထုံ ရေစက်ပါလာခဲ့လျှင် ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ တစ်နေ့ မိမိလျှောက်ရမည့်လမ်းသို့ မုချမသွေရောက်လာရမြဲဟု စကားပလွှင့်ခဲ့၏။ အဘ၏အကြောင်းကား စိတ်ဝင်စားဖို့တောင်းလေစွ။

(ဆက်ရန်)

သန်းကြွယ်

www.burmeseclassic.com

www.burmeseclassic.com

ရဲမျိုးသူ(ဟောဓိမြို့ဇင်)
သံနိုင်ပြဒါးပင်

"လက်ပံခါးပင် အထက်အလှန်
အသွားအသွင်၊
အပွင့်ဖြူ အစွမ်းကြီး
လိုရာသုံးသူ အကျိုးပြီး
ဂုဏ်ပြလို့ ထင်ကာပေါ်
သုံးတတ်ပါက သိဒ္ဓိအကျော်
ပညာဖော်လို့ ထုတ်ကာသုံး
ဝိဇ္ဇာရှင်တို့အပြုံး. . . "

သံနေသံထားဖြင့် ရွှတ်ကာပြနေသော အဘဦးကောင်းအား စိတ်ဝင်စားစွာကြည့်နေမိ၏။

"လူလေး အဘပြောပြမယ်။ သေသေချာချာ နားထောင်ပြီးမှတ်"

"ဟုတ်ကဲ့ပါ အဘ"

"အဘဦးကောင်းက ထူးခြားသည်ဟု ဆိုနိုင်ပေလိမ့်မည်။ ဒေသစုံစွာ မြန်မာပြည်အနှံ့ရောက်ဖူးသည်ကများ၏။ ဝိဇ္ဇာဓရ အသိအတတ်များ စိတ်ဝင်စားကာ အမြဲတမ်း လေ့လာ လိုက်စားနေသူလည်းဖြစ်၍ ထူးထူးခြားခြား ဗဟုသုတများအား သိရှိနေလေသည်။ ဦးကောင်းဆိုသောအမည်နှင့်လိုက်စွာ စိတ်ထားကောင်းသူ၊ ဘာဆာတရားလိုက်စားသူ အဖြစ် တစ်ရွာလုံးလေးစားကြည်ညိုခြင်း ခံရသူလည်း ဖြစ်၏။

"အဘရွှတ်ဆိုပြတဲ့ လက်ပံခါးပင်ကို အချို့လူတွေ ကြားဖူး၊ တွေ့ဖူးကြပေမယ့် အသုံးပြုပုံကို သေသေချာချာမသိတော့ အကျိုးကျေးဇူးထိထိရောက်ရောက် မရှိဘူးကွယ့်။ အဘက်အသက် (၄၅) နှစ်လောက်မှာ မြန်မာပြည်က လက်ပံခါးပင် အရောင်းအဝယ်ကောင်းတယ်လို့ တစ်ခေတ်ထခဲ့သေးတယ်။ အဘလည်း ဝါသနာကလည်းပါ၊ ကြီးလည်းကြီးပွားချင်တော့ သတင်းကြားရာ မြန်မာပြည် အနောက်မြောက်ဘက် ကလေးနယ်ကို ရောက်ခဲ့ဖူးတယ်။ အဲဒီမှာ ထူးထူးခြားခြား ရသေ့တစ်ပါးနဲ့ တွေ့ခဲ့တယ်။ အဲဒီရသေ့အမည်က ရှင်ပညာဒီပလို့ခေါ်တယ်ကွယ့်။ အဘရသေ့ကို ကျိုးကုန်းဆိုတဲ့ ရွာစတွေ့တာပဲ။ အဘလည်း ထူးခြားတဲ့ ဥပဓိရုပ်ရှိတဲ့ရသေ့ဆိုတော့ သေသေချာချာ ကန်တော့မိတယ်။

ရသေ့။ ။ ဒကာကြီး ဘာလာရှာတာလဲ။

အဘလည်း ဒီရသေ့ဘာကိုဆိုလိုတာလဲ နားမလည်ဘူး၊ ကြောင်တောင်တောင်တေ့ဖြစ်သွားတာပေါ့။ တကယ်တော့ ခေတ်စားနေတဲ့ လက်ပံခါးပင်ကို ကလေးနယ်မှာရှိနေတယ်ဆိုလို့ အဘလာရှာခဲ့တာပဲလေ။ အဲဒီမှာ ရသေ့က ထုပ်ပြောပြန်တယ်။

ရသေ့ ။ ။ ဒကာကြီးကို ကျုပ်ကူညီမလို့ပါ။

အဘလည်း စဉ်းစားတယ်။ ငါ့အတွင်းမနောကို သိနေမှတော့ အမှန်အတိုင်းပြောလိုက်တာပဲ။ ကောင်းပါတယ်လို့စဉ်းစားမိတယ်လူလေးရဲ့။ ဒါနဲ့ အဘလည်း တင်ပါ့ဘုရား၊ တပည့်တော် လက်ပံခါးပင် လာရှာတာပါဘုရားလို့ လျှောက်လိုက်တာပေါ့။ အဲလိုလျှောက်တော့ ရသေ့ကပြုံးတယ်။ ပြီးတော့ အဘကို ပြောတယ်။ ကိုယ့်အကြောင်းကိုယ်မသိတဲ့လူ ကျုပ်ကိုလိမ်ချင်သေးရဲ့လို့မိန့်ပြီး ဒကာကြီး ကျုပ်နဲ့လိုက်ခဲ့လို့ ဆိုပါရော လူလေး။

စကားကို တိုတိုပြတ်ပြတ်ပြောပြီး လက်ထဲသပိတ်ပိုက်လို့ ကျိုးကုန်းရွာကနေ အင်ဒိုင်းကြီး၊ အင်ဒိုင်းလေးရွာတွေ ဖြတ်ပြီး ရှေ့ကကြွတော့တာပဲ။ ရွာထဲကလူကြီး၊ ကလေး အစုလိုက်ထွက်လာကြပြီး ဆွမ်းတွေ၊ လှူဖွယ်ပစ္စည်းတွေ လှူလိုက်ကြတာ သပိတ်လည်းပြည့်ရောပဲ။ အဘလည်း ဘုမသိဘမသိနောက်ကလိုက်ရတာပေါ့။ လျှောက်လာလိုက်တာများ စုံလာမြို့ရွာကို ရောက်ပါလေရောကွယ်။ ကားလမ်းမှ တောလမ်းအတိုင်း (၁၀)မိနစ်လောက်ဝင်ပြီးတော့ တဲကျောင်းငယ်လေးတစ်လုံးတွေ့တယ်။ မှတ်မှတ်ရရ သောက်ရေကြီးတစ်လုံး၊ ရေခွက်ငယ်တစ်ခွက်နဲ့ သက်နံးအညိုအပိုတစ်စုံပဲရှိတယ်။ ကျန်တာဘာအပိုပစ္စည်းမှမရှိဘူး။

ရသေ့ ။ ။ ဒကာကြီးရောက်ပြီထိုင်။ ကျုပ်ဆွမ်းချိန်နီးလို့ ဆွမ်းဘုဉ်းပေးလိုက်ဦးမယ်။ ဒကာကြီးလည်း ကုသိုလ်ရအောင် ကျုပ်ကိုကပ်။

အဘလည်းသပိတ်ကိုယူပြီးရသေ့ကိုကပ်တာပေါ့။ အဲဒီမှာ ဘာထူးလဲဆိုတော့ ပတ်ဝန်းကျင်မှာ ကျိုးကန်းတွေ၊ ငှက်ပေါင်းစုံဘယ်ကနေဘယ်လိုရောက်လာကြမှန်းမသိဘူး။ အသံတွေကျွက်ကျွက်ဆူလို့လူလေးရဲ့။ ဆွမ်းလည်းဘုဉ်းပေးပြီးရော ဟိုမှာငှက်ပျောရွက်သွားနှုခြေလို့မိန့်တယ်ကွယ့်။ အဲဒီငှက်ပျောရွက်ပေါ် ထမင်း၊ ဟင်းနဲ့ မုန့်တွေပုံပေးပြီး ဒကာကြီးစားတဲ့၊ ကျန်တဲ့ထမင်းတွေ၊ မုန့်တွေကို ဘာတစ်ခုမှမချန်ဘူး။ ဘာလုပ်လဲဆိုတော့လူလေးရဲ့။ ဝါးနဲ့ပြုလုပ်ထားတဲ့ လေးတိုင်စင်ပေါ်မှာ ကျိုးတွေ၊ ငှက်တွေအစုံပဲ။ အပြေးအလွှားအော်ဟစ်ပြီး လုစားနေတာ အဘကိုယ်တိုင်မြင်ခဲ့ရတယ်။

ရသေ့ ။ ။ ဒကာကြီး၊ လက်ပံခါး

www.burmeseclassic.com

www.burmeseclassic.com

ပင်အကြောင်းသိလား။

အဘလည်း သံပြတ်တယ်လို့ကြား ဖူးပါတယ်ဘုရားလို့ လျှောက်လိုက်တော့ ရယ်ကာ ပြုံးပြန်တယ်။ အဘကလည်း ဘယ်ညံ့မလဲ။ အဓိပ္ပာယ်ရှိမှန်းသိတော့ အရှင်ဘုရား တပည့်တော်ကို ပညာသင် ပေးပါဘုရားလို့ လျှောက်လိုက်တော့တာ ပေါ့။

ရသေ့ ။ ။ ဒကာကြီး၊ အသိနဲ့ အတတ်ဟာ အကြောင်းနဲ့ အကျိုးလိုပဲ ဆက်စပ်နေတယ်။ လက်ပံခါးပင်ဟာ အသုံးသိသူတို့အဖို့ သိဒ္ဓိများစွာပြည့်စုံ အောင်သုံးနိုင်တဲ့ နတ်စောင့်ပင်လို့ဆိုနိုင် မှာပေါ့။ လူဘဝမှာ မသိသူကျော်သွား၊ သိသူတို့ဖော်စားစကားက ရှိလေတော့ ဒကာကြီးကို လက်ပံခါးပင်အကြောင်း ပြောပြပြီး အပင်ရှိရာနေရာကို တိတိ ကျကျ လမ်းညွှန်ပြလိုက်ပါမယ်။ ဒကာ ကြီးသွားကြည့်လိုက်ပေါ့။ လက်ပံခါးပင် ဟာ အပင်ကြီးမျိုးဖြစ်တယ်။ လက်ပံခါး ပင်ပေါက်တဲ့မြေဝန်းကျင်မှာ အပင်ငယ် ချို့နွဲ့ယ်ကလွဲလို့ ဘာအပင်ကြီးမှမယှဉ် ပေါက်ဘူး။ ပြီးတော့ ဆူးကပြောင်းပြန်၊ အပေါ် ဆန်နေတယ်။ ရာသီခိုနှင်လိုက် အပွင့်ပွင့်ရင် သာမန်လက်ပံပင်လို အပွင့် နီမဟုတ်ဘူး။ အပွင့်ဖြူသေးသေးလေး တွေပွင့်တယ်။ လူတွေဟာကံသိပ်အရေး ကြီးတယ်။ဉာဏ်ကိုလည်းသုံး၊ အားထုတ် မှုလည်းကောင်းရင် ဒကာကြီးအကျိုးကြီး လိမ့်မယ်။ ဒီတော့ လက်ပံခါးပင်အသုံး တို့ ပြောပြမယ်။

ဒါနဲ့ အဘလည်း အားတော် တော်တက်သွားတယ်။ စိတ်ထဲမှာလည်း ကျိတ်ပြီးပျော်ခဲ့ရတာပေါ့ လူလေးရယ်၊ တကယ်လည်း သိနိုင်တဲ့ပုဂ္ဂိုလ်ကိုး။

ရသေ့ ။ ။ ဒကာကြီး၊ ဆေးအဖြစ် သုံးတယ်။ အဂို့ရတ်မှာလည်းသုံးတယ်။ ပြီးတော့ လောကီအစီအရင်တွေမှာလည်း သုံးလို့ရပါတယ်။ ဓာတ်သတ္တိအစွမ်း ကြောင့် နာမည်ကြီးတာက သံအစစ်ဖြစ် တဲ့ တံစဉ်သံလို၊ အိမ်ရှိက်သံ (သွပ်မပါ)၊ သံဓာတ်စစ်စစ်သတ္တုအရောအနှောမပါ တဲ့သံတွေကိုပြတ်စေနိုင်တဲ့သတ္တိစွမ်းအား ရှိနေလို့ပဲ။ ဒကာကြီးသိရမှာက တစ်ပင် လုံးမှာ အစွမ်းအရှိဆုံးဟာ အစေးပဲ။ လက်ပံခါးရဲ့အစေးသတ္တိဟာ သံကို နာရီ ပိုင်းအတွင်း ဆွေးမြည့်စေတာ မူလသတ္တိ မို့ စမ်းသပ်လိုတဲ့သံပို့ပညာရှင်တွေ ဈေး ကြီးပေးပြီးဝယ်ချင်ကြတာလို့ သိအပ်ရ မယ်ဒကာကြီး။ ရသေ့ညွှန်ပြတဲ့နေရာကို ရောက်ရင် ဒကာကြီးစမ်းသပ်ကြည့်ပေါ့။ တံစဉ်းသံချောင်းကို ပင်စည်အခြေမှာ ရိုက်သွင်း၊ တစ်ဝက်လောက်ချန်ပြီး ကျောက်ခဲကို ကြိုးချည်ပြီးဆွဲထားခဲ့။ တစ်ပတ်လောက်ကြာရင် သံချောင်းပြတ် ကျနေတာ တွေ့ရလိမ့်မယ် ဒကာကြီး။ ဉာဏ်အသိနဲ့ခိုင်ကြည့်ရင် သံဓာတ်ကို ဆွေးစေတဲ့အက်စစ်တစ်မျိုးပါပဲ။

အဘလည်း ရသေ့ပြောပြတော့ ချက်ချင်းသဘောပေါက်တယ်။ ဒါ့အပြင် ရသေ့က လက်ပံခါးကို အဂို့ရတ်မှာသုံး တယ်ဆိုပေမယ့် ဓာတ်ပြုခြင်းသဘော တွေကိုများ ပြောပြခဲ့တာ အံ့ဩလောက် တယ် လူလေး။

ရသေ့ ။ ။ ဒကာကြီး အခေါက်ကို ခွာ၊ ရေမှာစိမ်၊ ရသေ့ပြောတာ တကယ့် လက်တွေ့ကိစ္စတွေမို့ တန်ဖိုးကြီးပါတယ်။ ကြေးထည်ပစ္စည်းတွေထည်ပြီးစိမ်လိုက်၊ (၃)နာရီလောက်ကြာရင် ကြေးကိုအဝတ် နဲ့ပွတ်လိုက်တာနဲ့ ဝင်းလက်တောက် ပြောင်နေတာ လက်တွေ့သိနိုင်ပါလိမ့် မယ် ဒကာကြီး။ လူတွေအပြောများပြီး ဒကာကြီးကိုယ်တိုင်လိုချင်နေတဲ့ ကြေး နက်ခြင်းသဘောကို ပြောပြမယ်။ ရလို သူဟာ ကြေးနီအိုး (သို့) ကြေးနီဇလုံထဲ အခေါက်တွေခွာထည့်၊ ဆားအနည်း ငယ်ထည့်ပြီး ဒီအတိုင်းစိမ်ထားလိုက်။ (၁) လလောက်ကြာရင် အထူးလျှို့ဝှက် ချက်ဖြစ်တဲ့ ဇဝက်သာကို ချင့်ချိန်ပြီး ထည့်၊ ထပ်ပြီးစိမ်။ နောက် (၁) လကြာ ရင် ကြေးနီအိုး (သို့) ကြေးနီဇလုံဟာ အတွင်းသားသာမက အပြင်မှာပါ မည်း နက်ပြီး ဓာတ်ပြောင်းလဲလာပြီလို့ မှတ် ရမယ် ဒကာကြီး။ အဲဒီကြေးနီအိုး (သို့) ဇလုံကို ကတ်ကြေးနဲ့ အစတွေကိုက်၊ ဆေးခန်းပေါက်ပြီးထိုး။ အဲဒါ မိုးကြိုးဖြစ် ရောပဲ။ မိုးကြိုးဓာတ်ကိုမှ အက်စစ်မှာ စိမ်၊ ကြေးနက်ပြီလို့သာမှတ်တော့ ဒကာ ကြီးရေ။ ဒကာကြီးက မေးလာပါဦး မယ်။ ဘာအက်စစ်လဲဘုရားဆိုရင် ဆား၊ သဖန်းခေါက်၊ မစင်ရော၊ သံပရာ (သို့) ရှောက်ရည်၊ အဲဒီဖော်ရည်ထဲကိုမှ ရွှေ စားငရဲမီး (အပြင်း) ထက်ဝက်ရောထည့် ပြီး အဲဒီဓာတ်ကို စိမ်လိုက်ရင် ကြေးနက် ပြီလို့သာ မှတ်ယူပေတော့ ဒကာကြီးရေ။

အဘကို ကြေးနက်ပြုလုပ်ပုံပြော ပြတယ်။ ပြီးတော့ လက်ပံခါးပင်ကို သဘာဝကျကျ သိပ္ပံသဘောနဲ့ဆေး အသိပါပြောပြပြန်တယ်။ အဘလည်း အံ့ဩမိလို့ ဘာမှကိုမလျှောက်မိတော့ပါ ဘူး လူလေးရယ်။

ရသေ့ ။ ။ လက်ပံခါးပင်မှာ သံနိုင် ပြဒါးသတ္တုဓာတ်ပါတာကို သိချင်ရင် အခေါက်ကိုခွာပြီး အိုးထဲထည့်ပြီးပြုတ်၊ အမြှုပ်တွေဆူပြီးတက်လာရင် အမြှုပ် ဓာတ်ကိုဆယ်ယူပြီး သံဒယ်မှာပြန်ချက် ရတယ်။ အဲဒါ သံပြဒါးဓာတ်ပဲ။ ဒါထက် ထင်ရှားစွာ ဆတ္တုသားမြင်ချင်ရင် သံ ဒယ်နဲ့ချက်ထားတဲ့ သံပြဒါးအမှုန့်တွေကို စဉ်းစားရင် အဖြေထွက်မြဲပါပဲ ဒကာကြီး။ အချို့လူတွေဟာ လူသားအချင်းချင်း မက်လုံးပေးပြီး ဒုက္ခများစေကြတယ်။ အဓိကကျတဲ့လျှို့ဝှက်ချက်ကိုမပြောဘူး။ ယတ္တိမရှိတဲ့အကြောင်းတွေပြောကြတယ် ဆိုတာ ဒကာကြီးလည်း စဉ်းစားဆင်ခြင် ကြည့်ပေါ့။ အဘကိုယ်တိုင် ဘာမှမပြော တတ်တော့ဘူး။ တင်ပါ့ဘုရားလို့ပဲ လျှောက်ပြီး မိမိကိုယ်ကို သဘာဝမကျ တဲ့စိတ်ကူးယဉ်မှုကို စဉ်းစားနေမိတော့ တယ်။

ရသေ့ ။ ။ အသုံးသိတော့ အကျိုး ရှိအောင် ဆေးအစွမ်းကြီးပုံကို ပြောပြ ဦးမယ်။ အဓိက သံဓာတ်ကို နိုင်တဲ့စွမ်း အားသတ္တိရှိနေတာကြောင့် သံဆိပ် တက်ခြင်း၊ သံဓာတ်လွန်ကဲတဲ့ ရောဂါ တွေမှာ အခေါက်ကို ယုံကြည်စွာသုံးနိုင် တယ်။ သံအဆိပ်ကြောင့်ဖြစ်စေတဲ့ မေး ခိုင်ရောဂါပိုးကို နိုင်ပါတယ် ဒကာကြီး။ နောက်တစ်ခုက အမောဖောက်တဲ့လူနာ ကို အမောလုံစေတဲ့သတ္တိ အစေးဓာတ် မှာရှိနေတယ်ဆိုတာပါပဲ။ အခု ရသေ့ ဒကာကြီးကို လက်ပံခါးပင်ရှိတဲ့နေရာကို လမ်းညွှန်ပြလိုက်ပါ့မယ်။ ဒီစုံလာမြို့ကဆက်ပြီးသွား၊ ကံကြီးရွာကိုကျော်ခဲ့ရင် ကားလမ်းရဲ့ညာဘက်မှာ ကြက်ဖိနပ်ရွာကိုဝင်တဲ့လမ်းရှိပါတယ်။ ဒီတော့ ဒကာ ကြီးမှတ်ရမှာက ကားလမ်းရဲ့ဘယ်ဘက် ခြေလှမ်း (၃၀) လောက်လှမ်းလိုက်ရင် လက်ပံခါးပင်ကြီးရှိနေမယ်ဆိုတာ ဒကာ ကြီးကို နောက်ဆုံးပြောလိုက်ခြင်းပါပဲ။

အထက်တင်ပြပါ အကြောင်းအ ရာတို့က အဘဦးကောင်း လက်ပံခါးပင် ရှာဖွေရန် ကလေးမြို့သို့ သွားရောက်ခဲ့ စဉ် ထူးခြားသော ရသေ့တစ်ပါးနှင့် ဆုံ တွေ့ခဲ့ရာမှ ထူးခြားသော လက်ပံခါးပင် အကြောင်း ဗဟုသုတ ပြောပြခဲ့၍ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

မဟာဗောဓိမြို့ဆရာတော်ကြီးအား အာရုံဖြင့်ဦးခိုက်လျက်

ခဲမျိုးသူ(ဗောဓိမြို့)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း (ရန်ကုန်ကားပြဇာတ်ရုံ) နှိမိတ်များကို လေ့လာခြင်း

"လာ - သားလေး လာ"

တွေတွေကြီးရပ်နေရာမှ ကျွန်ုပ် ခေါ်လိုက်သည်နှင့် ကလေးလေးသဖွယ် ယိမ်းထိုးပြီးပြေးဝင်လာသောဖိုးဇော်ကြီးကိုကြည့်ရင်း တခိခိနှင့်ဝိုင်းရယ်ကြ၏။

ဒူးဖုံးလောက်ရှိသော ဘောင်းဘီတိုမှာ ရင်ခေါင်းအထိဆွဲတင်ဝတ်ထားပြီး လျှာထိုးဦးထုပ်နှင့်ဖြစ်နေသောကြောင့် လူကဝဝ ပစ်တိုင်းထောင်ကြီးလိုဖြစ်နေတော့၏။ လက်ထဲတွင် သတင်းစာကို လိပ်ထားပြီးကိုင်လျက် -

"ဦးဇော်ကြီး . . . "

သားက လှမ်းခေါ်ရင်း ရယ်နေသောကြောင့် ကျွန်ုပ်၏ရှေ့တွင်ထိုင်နေကြသူများပါ တခိခိဖြစ်နေကြတော့၏။

"ဆရာ အဟိ . . . အဲဒါ အဟိ . . . ဦးဖိုးဇော်ကြီး အဟီး. . . လား"

"အေး - အဲဒါ ဖိုးဇော်ကြီးလေ"

"ထင်သားပဲ၊ သတင်းစာကိုင်ပြီး အပေါက်ဝက ရပ်ကြည့်နေကတည်းက ဦးဖိုးဇော်ကြီးနဲ့တူတယ်လို့"

"ဟယ် - တကယ်ရှိတယ်နော်၊ သမီးတို့က အရမ်းသိချင်နေတာ။ ဦးဖိုးဇော်ကြီးဆိုတာ အပြင်မှာ တကယ် ရှိလားလို့"

"တမင်ဖန်တီးထားတဲ့ဇာတ်ကောင် လို့ထင်လို့လား"

"ဟုတ်ကဲ့"

"တကယ်ရှိတာပေါ့ သမီးတို့ရဲ့၊ သူပဲ။ ဟိုဘက် (၉) လမ်းထဲမှာနေတာ။ အရမ်းချစ်ကြတဲ့ ငယ်သူငယ်ချင်းစစ်စစ်ပဲ။ ဖိုးဇော်၊ မင်းကလည်းမိတ်ဆက်လိုက်ဦးလေ၊ ကလေးတွေဒါလောက်ပြောနေတဲ့ဟာကို"

"ဟုတ်ကဲ့ - ကျွန်တော် ဖိုးဇော်ပါ"

ပြောပြီး ရယ်ပြရင်း၊ သားကိုပါ ကြည့်၍ပြုံးပြရင်း ကျွန်ုပ်ကိုအကြည့် -

"အေး၊ အေး သွားလိုရာ . . . "

"အိုး - မင်းအဘကြီး၊ သွားချင်တဲ့ နေရာသွား၊ အဲလိုပြော"

"အေး၊ အေး-သွားချင်သွားတော့"

ကျွန်ုပ်တို့နှစ်ယောက်စကားကြောင့် ကလေးမလေးများဟန်မဆောင်နိုင်တော့ တဝါးဝါးနှင့်ရယ်ကုန်ကြတော့၏။

"နေ့လယ် တစ်နာရီလောက် ငါလာခဲ့ဦးမယ်။ တို့နှစ်ယောက်လမ်းလျှောက်ရအောင်"

"အေး - အိုး . . . မင်းအဘကြီး၊ နေချစ်ချစ်တောက်ပူနေတဲ့ဥစ္စာ။ ညနေနေအေးရင်ပြောပါ"

"အေးအေး - နေအေးရင်"

ညနေ။

"လာကွာ - တက်"

"မင်းကိုငါဘယ်တုံးကယုံဖူးလို့လဲ။ ဘေးနားကပဲလျှောက်မယ်ရတယ်"

"ခက်လိုက်တာကွာ။ ကဲကဲ-နေဦး၊ ဒီဆိုင်မှာ ခဏအပ်ထားခဲ့ပြီး ငါပါလမ်းလျှောက်မယ်"

သူ၏ဘက်ထရီစက်ဘီးအား ခဏအပ်ထားပြီး ပြန်ထွက်လာရင်း ကျွန်ုပ်နှင့် အတူလျှောက်တော့၏။ တောင်ပြောမြောက်ပြောနှင့် နှစ်ယောက်သား ကောတမတီလမ်းမဘက် ချီးကွေ့လျှောက်ကြပြန်၏။ ထိုစဉ် အသိမိတ်ဆွေတစ်ယောက်၏ကား ကျွန်ုပ်တို့နှစ်ယောက်အနီးရပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြီး -

"ဆရာ၊ ဘယ်လဲ"

"ဟော- ညြော်၊ လမ်း[illegible]လျှောက်တာ သူယော်ချင်းနဲ့"

"ဆရာနဲ့ ဦးဇော်ကြီး ဘုရားသွား ကြမလား။ ကျွန်တော်အဲဒီဘက်ရောက် မှာမို့လို့လိုက်ခဲ့လေ။ ကားတာယာသွား ကြည့်မလို့။ ပြီးရင် ဒီပဲပြန်လာမှာ၊ ပြန် လိုက်ခဲ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား ဘာမှမတိုင်ပင်ကြတော့။ ကားတံခါးများဖွင့်၍တက်ထိုင်လိုက်ကြတော့၏။

"အေး - အဲဒါပေါ့ကွာ ခုန"

"ဘာလဲ၊ ဘာမှလဲမပြောသေးဘဲနဲ့များ"

ဖိုးဇော်ကြီး၏စကားကြောင့် ကားမောင်းနေသူ သဘောကျသွား၏။

"ဆရာနဲ့ ဦးဇော်ကြီးနဲ့ တွေ့ရင် ဘယ်နေရာတွေ့တွေ့ ပါးစပ်ကိုစေ့မနေရဘူး"

ကျွန်ုပ်နှင့်ရော ဖိုးဇော်ကြီးနှင့်ပါ ခင်သည့်တစ်ရပ်ကွက်ထဲသားဖြစ်နေ၍ သုံးယောက်သားအာလာပသလ္လာပပြောရန် အစပြုတုန်းရှိသေး ဘုရားရောက်ပါပြီ။

"ကဲ - ဟေ့ကောင်၊ ငါတော့ ဒီတန်ဆောင်းထဲမှာရှိခိုးမယ်၊ မင်းကော"

"မင်းကလည်း အတူတူပေါ့ကွာ"

ကျွန်ုပ်သည် ဘုရားရှင်၏ ဂုဏ်တော် (၉) ပါးကို ကြည်ညိုစွာ အာရုံပြု၍ အကြိမ်ကြိမ်အထပ်ထပ်ရှိခိုးနေစဉ် ဘေးနားသို့ လူတစ်ယောက်လာထိုင်လိုက်သည်ကို သတိပြုလိုက်မိ၏။ ဂုဏ်တော်ကွန်ချာကို အသံအေးအေးလေးနှင့် ရွတ်နေသံ အတိုင်းသားကြားနေရ၏။ ကျွန်ုပ်လည်း အတန်ကြာအောင် ဘုရားဝတ်ပြုလိုက်ပြီး မျက်လုံးဖွင့်၍ဘယ်ဘက်ဘေးကို လှည့်ကြည့်လိုက်ရာ 'ဟင်' ဟု အာမေဋိတ်ဖြစ်သွားလောက်သောအခြေအနေဖြစ်သွား၏။

ဘေးနားတွင် ဂုဏ်တော် (၉) ပါးကို တစ်ကြိမ်မက ကြည်ညိုပူဇော်နေသူမှာ ဆံပင်ဘေးပြောင်နေအောင်ညှပ်ထားပြီး အလယ်တွင် တစ်မိုက်ခန့်အမြင့် စုထောင်ထားသောဆံပင်နှင့် ဖြစ်၏။ နားတွင်နားကပ်နှင့်အရွယ်မှာ (၁၇)၊(၁၈) အများဆုံးရှိလှရောမည်။ ဒူးနှစ်ဖက် ပုဆစ်တုပ်လေးထိုင်ရင်း မျက်နှာလေးငုံ၍ နဖူးနှင့်လက်များထိထားရင်းရွတ်နေပုံမှာ ကျွန်ုပ်ကို မှင်တက်မိသွားစေ၏။ ကျွန်ုပ်သာမက ဖိုးဇော်ကြီးကပါ ခပ်လှမ်းလှမ်းမှထိုင်နေရင်း ထိုကလေးကိုကြည့်နေ၏။ တန်ဆောင်းအပြင်နားဆီတွင် သူ၏သူငယ်ချင်းဟုယူဆရသူနှစ်ယောက် မတ်တတ်ရပ်ရင်း၊ ဖုန်းကိုင်ရင်း၊ စကားပြောရင်း စောင့်နေကြ၏။

ကျွန်ုပ်ရှိခိုး၍ပြီးသွားသော်လည်း ထိုကလေးကို သဘောကျလွန်း၍မထသေးဘဲ ထိုင်ကြည့်နေလိုက်ပါသည်။

ကျွန်ုပ်အထင် ထိုကလေးသည် (၉)ခေါက်မျှရွတ်ပြီးမှ ဘုရားရှိခိုးပြီးထ၏။ ပြီးမှ သူ၏သူငယ်ချင်းများနှင့် ပြန်ထွက်သွားပါတော့သည်။

"မင်းသတ်ထားမိတယ်မို့လား"

"ဘာကိုလဲ၊ ဟိုကလေး ဘုရားရှိခိုးတာလား"

"အေးလေ-မင်းလည်းထိုင်ကြည့်နေတာပဲလေ"

"အေး"

"ဂုဏ်တော်ကွန်ချာကို ဌာန်၊ ကရိဏ်းကျကျ ပီပီသသရွတ်ပြီး ဘုရားရှိခိုးနေတော့ ပထမအဲဒီအရွယ်လောက် ပဲရှိလိမ့်မယ်ထင်ဘူး။ နောက်တော့ ငါ ဘုရားရှိခိုးပြီးလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့မှ ငါအရမ်းအံ့သြသွားတယ်ဖိုးဇော်။ သူပုံစံကိုကြည့်၊ ဘေးအပြောင်အလယ်ထောင်နော် နားကပ်နဲ့"

"အေး - ဟုတ်တယ်၊ ငါလည်းသိတယ်။ ဒီတန်ဆောင်းထဲဝင်လာမှ တန်းဆောင်းအဝအပြင်မှာ ဝိုကေကို ထွေးထုတ်ပစ်ခဲ့ပြီးဝင်လာတာ။ ငါတောင်ကြည့်နေသေးတယ်၊ ဘာလုပ်ဦးမယ်မသိဘူးလို့။ နောက်တော့ ငါတောင်အလွတ်မရဘူး၊ ဂုဏ်တော်ကွန်ချာ သူရွတ်နေတာအကျပဲ"

"အေး - အဲဒါပေါ့၊ ငါလည်းစိတ်ဝင်စားတာ။ ကြည့်ဦး၊ ကလေးပဲရှိသေးတယ်နော်။ ခေတ်ဆန်တဲ့ဒီဇိုင်းဒီလိုဝတ်ထားလို့ ဒီလိုပုံမျိုးဟာ ဘာသာရေးမကိုင်းရှိုင်းဘူးမထင်နဲ့"

"အဲဒါပြောတာပေါ့"

"ဘယ့်နယ်ကွာ၊ ကြည့်လိုက်ရင် မိဘစကားနားမထောင်လောက်ဘူးလို့ ထင်ရတဲ့သူက လိမ္မာလိုက်တာကွာ၊ တကယ်မထင်ဘူး"

ဖိုးဇော်ကြီးက ရိုးရိုးပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

သို့သော် ကျွန်ုပ်၏မျက်လုံးတို့ ဖိုးဇော်ကြီးဆီရောက်သွားပြီး သူကိစ္စေစ့ကြည့်နေလိုက်ပါသည်။ ကြည့်ပင်ကြည့်နေသော်လည်း စိတ်က သူ့ဆီမှာမရှိတော့။

မနက်ကလာကြသူများထဲမှ ဇနီးမောင်နှံနှစ်ဦးဆီသို့ အာရုံရောက်သွား၏။ ထိုဇနီးမောင်နှံသည် အိမ်ထောင်စကျကတည်းက ကျွန်ုပ်ဆီသို့အမြဲလာနေကြသူများဖြစ်ပြီး ယခု ကလေးနှစ်ယောက်ပင်အရွယ်ရောက်ကြပြီ ဖြစ်၏။ သံယောဇဉ်အတော်ခိုင်နေရပါပြီ။

"အဲဒါဆရာရယ် အကြီးကောင်လေးက (၁၀) တန်းမဖြေတော့ဘူးလုပ်နေတယ်။ ဘယ်လိုမှကိုပြောလို့မရတော့ဘူး။ ကျွန်မဆို မျက်ရည်နဲ့မျက်ခွက်ပဲ။ ဒီနှစ်နားနားနေနေခချင်တယ်တဲ့။ နောင်နှစ်မှပဲဖြေချင်ဖြေမယ်၊ မဖြေချင်မဖြေတော့ဘူးတဲ့။ ကျွန်မရော သူ့အဖေပါ ဘာလုပ်ရမှန်းမသိဘူး။ သူ့အခန်းကို တံခါးပိတ်ထားတယ်။ ထမင်းစားချိန်ပဲထွက်စားတယ်။ ပညာရေးနဲ့စကားပြောတာနဲ့ တံခါးဝုန်းခနဲပိတ်ပြီးမထွက်တော့ဘူး"

"အေးလေ၊ ဘယ်လိုဖြစ်သွားတာလဲ။ နေပါဦးဟယ်၊ ကလေးကိုအရင်းလည်းမကြမ်းပါနဲ့။ ငါစဉ်းစားပါဦးမယ်။ လောလောဆယ်တော့ သူ့အကြိုက်လေးပေါင်ပေါ်ဖြန့်ခင်းပြီး မေတ္တာသုတ်ရွတ်ပေးပါ။ ကလေးအသိမှန်တွေ၊ အမြင်မှန်တွေ၊ အယူမှန်တွေဖြစ်အောင်မေတ္တာပို့ပေးပါ။ ငါလည်းမေတ္တာပို့ပေးပါ့မယ်"

ကျွန်ုပ်ပြုံးနေလိုက်ပါသည်။

"ဟ - ခေါ်နေတာတောင် ဂရုမစိုက်ဘူး"

"ဟေ - ဘာလဲ ဖိုးဇော်"

"ဘယ်လိုဖြစ်နေတာလဲ၊ တစ်နေ့ကိုစိုက်ကြည့်ပြီး ပြုံးချင်လည်းပြုံးလိုက်ပေါ့ကွာ။ ခေါ်နေတာလည်းမကြားသလိုပဲ"

"ဩော် - ငါတွေးစရာလေးတစ်ခုကို သွားတွေးမိလို့ပါ သူငယ်ချင်းရာ"

"ဘာလဲ၊ ဘယ်လိုနိမိတ်ကိုဘယ်လိုမြင်လို့ပြန်လို့လဲ။ ဒါမှမဟုတ် ခုနချာတိတ် ဘုရားရှိခိုးတာကို မင်းသဘောကျနေတယ်မို့လား ငါသိတယ်"

"အေး - ဆိုပါတော့ကွာ၊ ငါအဲဒါသဘောကျနေတာ"

စကားပြောနေရင်း ကားလေးပြန်ရောက်လာပြီဖြစ်၍ ဖိုးဇော်ကြီးနှင့် နှစ်ယောက်သား ကားပေါ်တက်လိုက်ကြပါသည်။

တစ်လမ်းလုံး စကားမပြောဖြစ်တော့။

ဝမ်းသာနေရပါပြီ။

ဖိုးဇော်ကြီးပြောသောစကားငါးစဉ်းစားမိတိုင်း ဝမ်းသာနေရပါသည်။ 'ကြည့်လိုက်ရင် မိဘစကားနားမထောင်လောက်ဘူးလို့ထင်ရတဲ့သူကလိမ္မာလိုက်တာကွာ' ဟူသောစကား ဖြစ်၏။

မှန်ပါသည်။

ဘုရားရှိခိုးနေစဉ် တန်ဆောင်တွင်းဝင်ရောက်လာပြီး ဘုရားရှိခိုးသော ကလေး၏ပုံစံမှာ ကြည့်ရသည်တစ်မျိုးဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရသည်မှာ မလိမ္မာသလိုလို နှင့် လိမ္မာသောကလေးဖြစ်နေ၏။ ရတနာမြတ်သုံးပါးကို ကြည်ညိုနေခြင်းမှာ လိမ္မာခြင်းပင်ဖြစ်၏။ မထင်ရသော အသွင်နှင့် လိမ္မာသောကလေးဖြစ်၏။ ယေသော်လည်း စိတ်ထားမြင့်မြတ်၏။ လူကြီးလေးလိုဖြစ်နေ၏။

ဤသို့ဆိုလျှင် -

မနက်က ကျောင်းဆက်မတက်ချင်တော့သော၊ (၁၀) တန်းမဖြေချင်တော့သော ကလေးသည် မထင်မှတ်ဘဲ လိမ္မာလာမည် ဖြစ်၏။ မိဘစကားကို နားမထောင်သလိုလိုနှင့် နားထောင်တော့မည်ဖြစ်၏။ မြင့်သောစိတ်ဓာတ် ဖြစ်သည့် ပညာတတ်ချင်သောစိတ်များ ဖြစ်လာမည် ဖြစ်၏။ ကလေးပုံစံရှိသော်လည်း မထင်မှတ်ဘဲ စိတ်ထားမြင့်လာမည် ဖြစ်၏။ ဤသို့စိတ်ထားမြင့်လာပြီဆိုလျှင် မိဘစကားကို နားထောင်တော့မည်မှာ သေချာ၏။ တစ်နည်းဆိုရသော် သူမိဘဆန္ဒအတိုင်း ပညာတတ်ဖြစ်အောင် သူကြိုးစားတော့မည် ဖြစ်၏။ သူ (၁၀) တန်းဖြေရန်အတွက် စဉ်းစားပြီး ကြိုးစားတော့မည်ဖြစ်၏။ မိဘကို ဆန့်ကျင်မည်မဟုတ်တော့။

"ကဲ"

"အေး-တို့နှစ်ယောက်အညောင်းပြေဆက်လျှောက်ကြမယ်။ ကဲ - သားလေး ပြောလိုက်လေ၊ ကျေးဇူးတင်ပါတယ်လို့"

"တေးဇူးတင်ဘာဒယ်ထနာ. . . "

ကလေးကြီးလိုပုံစံနှင့် မပီကလာပီကလာပြောလိုက်သော ဖိုးဇော်ကြီး၏ စကားကြောင့် မိတ်ဆွေမှာ အားရပါးရ ရယ်ရင်း ကားမောင်းထွက်သွားပါတော့သည်။

"ငါ မင်းကို ကျွေးမလို့၊ ဒီနားမှာ ဆိုင်ကြီးကြီးရှာနေတာ"

"အေး - အိုး မင်းအဘကြီး၊ ဒီကောတုမတီလမ်းထဲမှာ ဘာဆိုင်မှမရှိတာသိသားနဲ့"

"အေးလေ - ဒါဖြင့်လည်း အိမ်ရောက်မှ ရသောက်တော့။ မင်းအိမ်ရောက်မှပြောတာပါ"

ကျွန်ုပ်ပြောလိုက်သည်နှင့် လမ်းလယ်ကောင်တွင် ခြေကားရားကြီးရပ်လိုက်ရင်း လျှာကြီးကိုထုတ်၍ အောက်နှုတ်ခမ်းသပ်ပြနေပြန်တော့သည်။ ရေဆာနေသည့်ပုံ။

"ဟေ့ကောင်၊ ဟိုမှာစက်ဘီးနဲ့ ဖြတ်သွားတဲ့ကလေးတွေ နင့်ကိုကြည့်ပြီး ရယ်သွားကြပြီ ရှက်လည်းမရှက်ဘူး။ သွားမယ်"

"နင်ပဲရသောက်ဆို၊ ရောကလည်း ဆာနေပြီ"

"မင်းဟာလေ ငါနဲ့သွားရင်လုပ်ချင့်တိုင်းမလုပ်ပါနဲ့။ ငါ့အရိပ်တိုက်ကြည့်ပါ။ အရိပ်တကြည့်ကြည့်နဲ့လိုက်ပါလို့ သေချာပြောထားရဲ့သားနဲ့"

ဘေးနားကပ်လိုက်နေရာမှ ကျွန်ုပ်၏နောက်ဘက်နား ငဲ့ကြည့်လိုက်၊ ရှေ့ဘက်ကျော်တက်ပြီး မြေကြီးငဲ့ကြည့်လိုက်၊ နောက်ဘက်ပြေးပြီး မြေကြီးငဲ့ကြည့်လိုက်နှင့် ပျာယာခတ်နေသော ဖိုးဇော်ကြီးကိုကြည့်လိုက်ပြီး -

"ဟေ့ကောင်၊ ဘာဖြစ်နေတာလဲဒါ"

"နင်ပဲအရိပ်တကြည့်ကြည့်လိုက်ဆို။ ငါ့အရိပ်တကြည့်ကြည့်လိုက်နေတာလေ။ ညနေစောင်းတော့ အရိပ်က . . . "

"ဟေ့ကောင်၊ ငြိမ်ငြိမ်လျှောက်လို့ပြောနေတာ။ ဘယ်လိုဖြစ်နေတာလဲ။ မင်းအဲလိုလုပ်နေရင် ဘေးနားမှာဖြတ်သွားတဲ့ကလေးတွေက 'ဟာ-ဦးဖိုးဇော်ကြီး ငပေါကြီး၊ အရူးကြီး' ဆိုပြီး. . . "

လမ်းလျှောက်နေရာမှ တံ့ခနဲရပ်လိုက်ပြီး နှုတ်ခမ်းနှစ်ခုကိုစူ၍ မျက်လုံးနှစ်လုံး သူငယ်အိမ်အလယ်မှာစုနေပြန်သောကြောင့် ကျွန်ုပ်လည်း သူဘေးမှ ချာခနဲလှည့်ရင်း ကေတုမတီလမ်းဘက် ဆီပြန်လှည့်လိုက်ပါသည်။

"အေး၊ အေး - လာ၊ လာ ငါမလုပ်ဘူး။ နင်က အရူးကြီးဆို၊ နင်စပြော"

"ငါဆို မင်းကောင်းကောင်း လျှောက်"

"အေးပါဆို"

နှစ်ယောက်သား ဓာတ်တိုင်တစ်တိုင်ကွာခန့်လျှောက်လိုက်ပြီးသည်နှင့် သူစက်ဘီးအပ်ထားသောဆိုင်ရှေ့ပြန်ရောက်လာပါတော့သည်။ ဖိုးဇော်ကြီးလည်း စက်ဘီးကိုထုတ်လိုက်ရင်း ထိုင်မည်အပြု ကျွန်ုပ်က ဖုန်းကြော်ငြာသံချင်းတစ်ခုကို ခပ်တိုးတိုးဆိုရင်း လက်ခုပ်လေး၊ ငါးချက်တီးပေးလိုက်ရာ စက်ဘီးပေါ် ထိုင်ရင်း ခေါင်းကြီးတိုက်စောင်းဒီဘက်စောင်း၊ ခြေထောက်နှစ်ဖက်ကို ဟိုဘက်တစ်ချောင်းကားလိုက် ဒီဘက်တစ်ချောင်းကားလိုက်လုပ်ရင်း စက်ဘီးမောင်း၍ထွက်သွားပါလေတော့၏။

ကျွန်ုပ်သာမက လမ်းထိပ်နားရှိ ကလေးများပါ တဝါးဝါးတဟားဟားနှင့် အုတ်ကာ ရပ်ကြည့်နေလိုက်ကြပါတော့သည်။

ထိုနေ့က -

ဖိုးဇော်ကြီးနှင့်အတူ ဥက္ကလာပစေတီတော်ကြီးကို ဘုရားဖူးရောက်သွားစဉ် တွေ့မြင်ခဲ့ရသော နိမိတ်ကောင်းနှင့် ဖိုးဇော်ကြီးပြောခဲ့သော စကားနိမိတ်ကောင်းတို့သည် ရက်ပေါင်း (၂၀) နီးပါးကြာလတ်သော် အစွမ်းပြပါတော့သည်။

ထိုနေ့မှစ၍ ရက် (၂၀) ခန့်ကြာသော် (၁၀) တန်းဖြေခွင့်သည့်ကလေး၏မိဘနှစ်ပါး ပြန်ရောက်လာပါသည်။ ကျွန်ုပ်တလည်း နိမိတ်ကောင်းတွေ့ထားပြီးသားဖြစ်၏။

သို့သော် -

သူတို့ဆီကဘာသံများကြားရမည်ကို ရင်တထိတ်ထိတ်နှင့် ဦးဆုံးနားစွင့်ထားရပါသေးသည်။

"သူ့အဖေက စိတ်မရှည်ဘူးလေ၊ အဲဒီတော့ သူ့အဖေအလုပ်သွားတုန်းကို ကျွန်မတဖြည်းဖြည်းနားချယူတာ။ (၁၅) ရက်လောက်ကိုပြောယူရတယ်။ ဖြေမယ်တဲ့ဆရာ။ ကျူရှင်တွေလည်းထားလိုက်ပြီ။ အမလေး - ခုမှပဲစိတ်တုံးတုံးအေးရတော့တယ် ဆရာ။ အဲဒါလည်းလာပြောရင်း ကလေးအတွက် ဘာထပ်လုပ်ပေးရဦးမလဲဆိုတာလည်း . . . "

ကျွန်ုပ် ဘယ်လိုဝမ်းသာသွားမှန်းမသိ။

မိတ်ဆွေများတွင် အကြောင်းကိစ္စတစ်ခုခုကြုံလျှင် နိမိတ်ကောက်ခြင်း၊ စနည်းနာခြင်း၊ ကိုတ်၍ဝမ်းသာရခြင်း၊ လူမသိသူမသိ ဝမ်းသာနေရခြင်းတို့မှာ ကျွန်ုပ်အမြဲတမ်းကြုံတွေ့နေရလေ့ရှိသော အကြောင်းများသာ ဖြစ်၏။

ယခုလည်း -

'ငါသိပြီးသားပါ။ နင်တို့ကလေးပြန်လိမ္မာလာမယ်ဆိုတာ။ ငါသိပြီးသား' ဟု ပြောလည်းမပြောပါ။ မည်သည့်အခါမှလည်း ပြောလေ့မရှိပါ။ ပြောမည်လည်း မဟုတ်ပါ။

ကိုယ့်ဟာကိုယ်နိမိတ်ကောင်းမြင်ပြီး ကိုယ့်ဟာကိုယ် ချွေတို့ကိုယ်စားဝမ်းသာနေခြင်းသာ ဖြစ်ပါသည်။

ဤအကြောင်းလေးကို -

မနက်ကျ ဖိုးဇော်ကြီး သတင်းစာလာပို့သည့်အခါ 'မှတ်မိသေးလား၊ ဟိုတစ်လောကလေ' ဟု အစချီပြီး ပြောပြရဦးမည်ဟုတွေးရင်း အားရပါးရပြုံးနေလိုက်မိပါတော့သတည်း။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသော)

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းဘဲကျောက်ရုပ်မကြီးအား ထွေထားကြည့်ရှုနေကြစဉ် ထွေလာသူတစ်ရုံ



ဦးစံသိန်းအောင်၊ မဟာနွယ်(မန်းတက္ကသိုလ်)၊ ဦးတနိုင်ဦးတို့ ထွေထားကြည့်ရှုနေကြစဉ်

ကျွန်ုပ်တို့သည် ကျောက်ရုပ်မ၊ ကျောက်သင်္ဘောကြီး၊ ကျောက်ငါးတလျား စသည်ဖြင့် အကြောင်းအရာတို့ကိုကြားသိရသည်အခါ အထူးစိတ်ဝင်စားခဲ့ကြပါ၏။ ထိုအရာတို့ကို လေ့လာချင်သော စိတ်ဆန္ဒကလည်းပြင်းပြလျက်ရှိကြပါ၏။

ပြင်ရှည်ကျေးရွာသား ဆရာဦးဘခိုင်ဦးက ကျောက်ရုပ်မကြီး၊ ကျောက်သင်္ဘောကြီးနှင့် ကျောက်ငါးတလျားကြီးအစရှိသောအကြောင်းအရာတို့ကို သူမှတ်မိသလောက် ဖောက်သည်ချပြောပြခဲ့ပါ၏။

ထိုအရာတို့ကိုလေ့လာရန်အတွက် ဆရာဦးဘခိုင်ဦးကိုယ်တိုင် ခေါင်းဆောင်မှုပြု၍ လိုက်ပါမှသာ လေ့လာရေးခရီးမှာ ပြည့်စုံ လုံလောက်ပေလိမ့်မည်ဟု ထင်မြင်ယူဆခဲ့ကြပါ၏။ ထိုသို့မျော်လင့်ချက်ရှိသည့်အတိုင်း ဆရာဦးဘခိုင်ဦး၊ ဆရာဦးတင်ထွန်း၊ စာရေးသူ၊ ပြင်ရှည်ကျေးရွာသားများဖြစ်ကြသော ဦးစံသိန်းအောင်နှင့်ဦးအောင်သိန်းတို့ ၂၅-၁၀-၂၀၁၃ နေ့ နံနက် (၇) နာရီခန့်အချိန်မှာ ပြင်ရှည်ကျေးရွာမှနေ ကျောက်ရုပ်မရှိရာသို့ လေ့လာရေးခရီးထွက်လာခဲ့ကြ၏။

နံနက် (၈) နာရီ မိနစ် (၃၀) ခန့် အချိန်မှာ ကျောက်ရုပ်မကြီးရှိသောနေရာသို့ရောက်ရှိလာခဲ့ကြ၏။ ကျောက်ရုပ်မကြီး၏အနေအထားတို့ကို အသေးစိတ်လေ့လာမှတ်သားခဲ့ကြ၏။ မှတ်တမ်းတင်ဓာတ်ပုံကိုလည်း ရိုက်ယူခဲ့ကြ၏။ ကျောက်ရုပ်မကြီးမှ နံနက် (၁၀) နာရီ (၃၀) မိနစ်ခန့်မှာ ပြန်လည်ထွက်ခွာလာခဲ့ကြပါ၏။

ကျေးရွာသို့ပြန်လာရာလမ်းကြားတွင် ကျောက်သင်္ဘောကြီးကိုတွေ့မြင်ရပါ၏။ အဆိုပါကျောက်သင်္ဘောကြီးကိုပါ ဝင်ရောက်လေ့လာခဲ့ကြပါ၏။ ကျောက်သင်္ဘောကြီးကား ကြီးမားလှပါ၏။ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူခဲ့ကြပါ၏။

ကျောက်သင်္ဘောကြီးကို ပညောင်ပင်ကြီးက ဝါးမျိုရန်ဟန်ပြင်နေလေသည်။ သို့သော် သင်္ဘောကြီးကကြီးနေသဖြင့် ညောင်ပင်ကြီးမှာ သင်္ဘောကြီးကိုမျိုမချနိုင်စွမ်းအားကားမရှိပါချေ။

ပညောင်ပင်ကြီး၏အမြစ်၊အကိုင်း၊ အခက်အလက်၊ ပင်စည်တို့က ကျောက်သင်္ဘောကြီးကို ရစ်ပတ်နှောင်ဖွဲ့ကာ သိုင်းပိုက်ထားလျက်ရှိကြ၏။ ယခင်ကဆို သင်္ဘောကြီးအပေါ် သို့တက်ရောက်ရန် လွယ်ကူခဲ့သည်ဟုဆိုကြပါ၏။ ယခုမူကား သင်္ဘောကြီးပေါ် သို့တက်ရောက်ရန် မလွယ်ကူတော့ပါချေ။ ခက်ခဲ၏။ သင်္ဘောကြီးပေါ် တွင် မြွေ၊ ကင်း၊ ပင့်ကူစသော အဆိပ်တက်သောသတ္တဝါတို့က မင်းမှုအုပ်စိုးလျက်ရှိကြသည်ဟု ဆိုကြပြန်ပါ၏။ ယင်းကြောင့်လည်း ကျောက်သင်္ဘောကြီးပေါ် သို့ တက်ရောက်ရန် မကြိုးစားကြတော့ပါချေ။

ဝမ်းဘဲကျောက်ရုပ်မသည် မဇရိုင်းကျွန်းဦးတွင်တည်ရှိလေ၏။ မဇရိုင်းကျွန်းဦးနေရာသည် ပြင်ရှည်ကျေးရွာမှ အနောက်မြောက်ဘက်သို့ နှစ်မိုင်ခွဲခန့် အကွာတွင်ရှိလေ၏။

မဇရိုင်းကျွန်းရွာအသီးသီးမှ လူငယ်များသည် ယင်းရာသီ၊ ယင်းအချိန်ကျရောက်လာသောအခါ အလိုလို ကျောက်ရုပ်မအနီးသို့ စုဝေးရောက်ရှိလာကြ၏။

သူတို့သည် တပျော်တပါးကခုန်ပျော်မြူးနေကြ၏။ သူတို့ကခုန်ကြသောအခါ သီဆိုကြသော တေးသီချင်းကတော့ -

"တောင်လည်းတစ်တောင် ×××
ဝမ်းဘဲတောင်×××ကွင်းလည်းတစ်ကွင်း
ဝမ်းဘဲကျင်း ×××၊ ကန်လည်းတစ်ကန်
ဝမ်းဘဲကန် ××××၊ ပြင်လည်းတစ်ပြင်
ဝမ်းဘဲပြင်×××၊ ချောင်းလည်းတစ်ချောင်း
ဝမ်းဘဲချောင်း×××၊ ကမ္ဘာပေါ် စကျောက်ရုပ်မ×××

ဟူ၍ သံပြိုင်သီဆိုကာ တီးမှုတ်၍ ကခုန်ပျော်ရွှင်ကြလေ၏။

□ ကျောက်ရုပ်မထူးခြားချက်

ပွဲတော်ရက်တွင် ဝမ်းဘဲကျောက်ရုပ်မအနီးသို့ရောက်ရှိလာကြသောသူတို့သည် သီချင်းသီဆိုချင်လာကြ၏။ ကခုန်ချင်လာကြ၏။ ဝမ်းဘဲကျောက်ရုပ်မသည် ကျွန်းဦးသခင်မဖြစ်သည်ဟူ၍ ယူဆထားကြ၏။

နှေးယခင်က ဝမ်းဘဲကျောက်ရုပ်မကြီးသည် ဝမ်းဘဲငှက်ပုံသဏ္ဌာန်ရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ပါးတထွာကြီး



သင်္ဘောကျောက်ကြီး

တောင်ပံနှစ်ဖက်ကိုဖြန့်ခါကာ ပျံဝဲနေသောပုံသဏ္ဌာန်ဖြစ်ခဲ့ပါ၏။ တစ်ခါနိုက် တစ်နေ့တွင် သိုက်ဆရာတချို့ကလာရောက်၍ အဆိုပါကျောက်ရုပ်မကြီးအား သိုက်လိုက်ကြလေ၏။ သိုက်လိုက်ကြသောအခါ သူတို့လိုချင်သောအရာတို့ကို မရရှိကြသဖြင့် ဝမ်းဘဲငှက်မကြီး၏ လည်ပင်းကို ရိုက်ချိုးဖျက်ဆီးပစ်ခဲ့ကြ၏။ အလားတူ တောင်ပံများကိုပါ ရိုက်ချိုးဖျက်ဆီးပစ်ခဲ့ကြလေ၏။ ဝမ်းဘဲကျောက်ရုပ်မကြီးသည် သဘာဝရုပ်ကြွင်းသာဖြစ်ပါ၏။ နှမြောစရာ။ ထိန်းသိမ်းစောင့်ရှောက်ထားသင့်ပါ၏။

ရှေးယခင်က ပျံဝဲနေသောဝမ်းဘဲကျောက်ရုပ်မသည် ယခုအခါ မူလရုပ်သွင်များ ပျက်စီးပျောက်ကွယ်ကာ ကျောက်ပုံကြီးတစ်ပုံအဖြစ်သာ ကျန်ရှိနေတော့၏။ ဝမ်းဘဲကျောက်ရုပ်မကြီးသည် မိုးဒဂၢ်၊ လေဒဂၢ်နှင့် လှိုင်းတံပိုးဒဂၢ်တို့ကိုလည်း ကြုံကြုံခံနေရပါ၏။

သို့သော် ဝမ်းဘဲကျောက်ရုပ်မကြီးဆီသို့ နှစ်စဉ်သွားရောက်ပြီး သိဆိုကခုန်မြူးပျော်နေကြသော လူပျိုလူရွယ်များက ဤသို့ပြောဆိုကြ၏။

"ဝမ်းဘဲကျောက်ရုပ်မကြီးအနီးကို ရောက်ရှိကြတဲ့အခါ အလိုလိုကြက်သီးမွေးညင်းများထလာခဲ့ကြပါတယ်။ ဒါ တစ်ဦးတစ်ယောက်တည်းမဟုတ်ပါဘူး။ လူတိုင်းလိုလိုရယ် ကြက်သီးမွေးညင်းများထလာခဲ့ကြပါတယ်"

ဟု ဆိုလာကြပြန်ပါ၏။ ဆက်လက်ကြီးပြောပြတာကတော့ -

"ပြီးတော့လေ လွမ်းသလိုလို ဆွေးသလိုလို ခံစားလာခဲ့ကြရပါတယ်။ ဘယ်ကိုလွမ်းဆွတ်တယ်လို့တော့ ဖော်ပြလို့မရနိုင်ဘူးပေါ့။ အလိုလိုလွမ်းဆွတ်လာခဲ့ကြပါတယ်"

ဟူ၍ ပြောဆိုကြပြန်ပါ၏။

ဝမ်းဘဲကျောက်ရုပ်မနှင့်ပတ်သက်၍ တစ္ဆေတစောင်း လေ့လာတင်ပြရပါမည်။ ရှေးရခိုင်ဘုရင်မင်းများခေတ် ကောင်းစားစဉ်အခါက-ရမ္မာဝတီမင်းကြီး၏သမီးတော် သစ္စာနန္ဒာဒေဝီ၊ ဥပဂုတ်သရာဇာအိမ်ရှေ့မင်းသား၊ ငယ်ကျွန်များသည် သင်္ဘောတစ်စင်းနှင့် အပျော်တမ်းတိုင်းခန်းလှည့်လည်၍လာခဲ့ကြလေ၏။ ထိုသင်္ဘောသည် မဇ္ဈိုင်းကျွန်းအနီးသို့ ရောက်လာသောအခါ ကျောက်တန်းကြီးတစ်ခုနှင့် တိုက်မိခဲ့ကြ၏။ သင်္ဘောကြီးသည် ထိုနေရာ၌ပင်လျှင် ရပ်တန့်သွားခဲ့လေ၏။

သင်္ဘောတွင်ပါလာကြသော ငယ်ကျွန်တို့က သင်္ဘောကြီးကို ကျောက်တန်းကြီးမှကျသွားအောင် အထူးကြိုးပမ်းအားထုတ်၍ ဆွဲချကြလေ၏။ သို့သော် မည်သို့မျှပင် အားထုတ်လုပ်ဆောင်ကြသော်လည်း သင်္ဘောကြီးမှာ တုတ်တုတ်မျှမလှုပ်ရှားတော့ဘဲ ရပ်တည်နေမြဲသာ ရပ်တည်၍နေလေ၏။

အိမ်ရှေ့မင်းသားနှင့် မိဖုရားတို့ အဆိုပါ မဇ္ဈိုင်းကျွန်းပေါ်သို့ တက်ရောက်လာကြ၏။ ငယ်ကျွန်များကလည်း အိမ်ရှေ့မင်းသားနှင့်အတူ ကျွန်းပေါ်သို့ တက်ရောက်လာခဲ့ကြ၏။

အိမ်ရှေ့မင်းသားသည် ငယ်ကျွန်များကို အတည်တကျနေထိုင်ကြစေရန် ကျေးရွာကို စတင်တည်ထောင်ပေးခဲ့သည်။ ယင်းသို့ကျေးရွာတည်၍နေထိုင်လာစဉ်မှာ အိမ်ရှေ့မင်းသမီးသည် မကျန်းမမာဖြစ်လာခဲ့လေ၏။ နောင်များမကြာမီအချိန်တွင် မင်းသမီးကလေးမှာ ကွယ်လွန်အနိစ္စရောက်သွားခဲ့လေ၏။

အိမ်ရှေ့မင်းသမီး ကွယ်လွန်သွားခဲ့သဖြင့် ယင်းရုပ်အလောင်းကို ကျောက်ရုပ်မနှင့်မနီးမဝေးသောတစ်နေရာတွင် သင်္ဂြိဟ်မြှုပ်နှံခဲ့ကြလေ၏။ ထိုမင်းသမီးလေးအား သင်္ဂြိဟ်ထားသောနေရာသည် ယနေ့တိုင်ထင်ရှားစွာတွေ့ရှိနိုင်ပါသေး၏။

အဆိုပါဝမ်းဘဲကျောက်ရုပ်မနှင့် အိမ်ရှေ့မင်းသမီးတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြားရှိမရနိုင်ဟုဆိုကြပြန်ပါ၏။ အိမ်ရှေ့မင်းသမီး ကွယ်လွန်သွားပြီးနောက် ဝမ်းဘဲကျောက်ရုပ်မထံသို့ ချဉ်းကပ်၍နေလေတော့၏။ အိမ်ရှေ့မင်းသမီးနတ်မသည် ရောက်ရှိလာသမျှသော ခရီးသွားသူတို့အား အကျိုးကျေးဇူးကိုသာ ဆောင်ရွက်ပေးခဲ့လေ၏။

တစ်ခါတစ်ရံမှာ မြစ်ပင်လယ်တွင် လေမတရားမိုးမတရားကျရောက်လာသောအခါမှာလည်း ခရီးသွားလေ့သမားများကို ဘေးမသီရန်မခေးသော ကမ်းခြေသို့ရောက်ရှိအောင် ပို့ဆောင်ပေးလေ့ရှိသည်ကိုဆိုပါ၏။ လူသားတို့၏ အကျိုးကိုသာ အမြဲတမ်းဆောင်ရွက်ခဲ့လေ၏။ ယင်းကြောင့်လည်း ဝမ်း ကျောက်ရုပ်မကြီးကို ပြည်သူလူထု

www.burmeseclassic.com

www.burmeseclassic.com

အားကိုးအားထားပြုကြ၏။

ဝမ်းဘဲကျောက်ရုပ်မကြီး၏ နတ်တက်ပွဲတော်တို့ နှစ်စဉ်နှစ်ဆန်းတစ်ရက် နေ့သို့ရောက်လေတိုင်း ကျင်းပလေ့ရှိကြ၏။ ပြင်ရှည်ကျေးရွာနှင့်ကျောက်ကြီးပြင်ကျေးရွာမှ အပျိုရွယ် လူပျိုများကဦးဆောင်ကာ ပွဲတော်ကိုကျင်းပလေ့ရှိကြ၏။ ရွာနီးချုပ်စပ်ကျေးရွာများက လူငယ်လူရွယ်များသည် ယင်းနေ့ယင်းအချိန်သို့ ကျရောက်လာတိုင်း စုဝေးရောက်ရှိလာကြ၏။ ဖိတ်မန္တကပြုစရာမလိုပါ။ အလိုလိုသိနှင့်ပြီးသားဖြစ်ကြ၏။ သူတို့သည် ပွဲတော်တွင် သူတို့၌ပါလာသော မုန့်မဲ့သရေစာတို့ကို တပျော်တပါးကခုန်ပျော်မြူးကာ စားသောက်ခဲ့ကြ၏။ သီဆိုတီးမှုတ်ကြ၏။ ပျော်ရွှင်ကြ၏။ နတ်တက်ပွဲတော်ကား တစ်နေ့တာသာ ကျင်းပကြပါ၏။

□ ကျောက်ငါးတလျားကြီး

ကျောက်ငါးတလျားကြီးသည်လည်း အိမ်ရှေ့မင်းသားတို့ ခရီးစတင်ထွက်ခွာလာခဲ့သည်ကတည်းက သင်္ဘောကြီးနှင့်အတူ မနီးမဝေးသောနေရာမှနေ၍လိုက်ပါလာခဲ့၏။ ကျောက်ငါးတလျားကြီးသည် သင်္ဘောကြီးကို စောင့်ရှောက်၍လိုက်ပါလာခဲ့သည်ဆိုကြပါ၏။

ယင်းသို့လိုက်ပါလာစဉ် သင်္ဘောကြီးသည် မမျော်လင့်ဘဲ ကျောက်တန်းကြီးတစ်ခုနှင့် ဝင်ရောက်တိုက်မိခဲ့၏။ ထိုသို့ သင်္ဘောကြီးက ကျောက်တန်းကြီးကိုတိုက်မိခဲ့စဉ် ငါးတလျားကြီးမှာ သင်္ဘောကြီးကိုစွန့်ခွာပြီး ထွက်ခွာလာခဲ့လေ၏။

ယင်းငါးတလျားကြီးသည် မရဇိန်းကျွန်းကမ်းခြေတစ်နေရာသို့ ရောက်ရှိလာခဲ့၏။ ထိုငါးတလျားကြီးသည်လည်း ယခုအခါ ကျောက်အသွင်သို့ပြောင်းလျက်တည်ရှိလေ၏။ ။

ကျောက်ငါးတလျားကြီး၏အရှည်မှာ တစ်ဆယ့်ငါးတောင်ခန့်ရှိပါ၏။ ငါးတလျားကြီး၏လုံးပတ်မှာ (၇) တောင်တစ်ထွာခန့်ရှိပါ၏။ မြေသို့လည်းနစ်မြုပ်လျက်ရှိပါသေး၏။

တစ်ခါက အမျိုးသမီးတစ်စုသည် ကျောက်ငါးလျားကြီးဆီသို့ ကြည့်ရှုလေ့လာရန် သွားရောက်ခဲ့ကြ၏။ ထိုအမျိုးသမီးများအနက်မှ တစ်ဦးသောသူသည် ကျောက်ငါးတလျားကြီး၏ မျက်စိကို လက်နှင့်နှိုက်ကာ ပွတ်သပ်ကိုင်တွယ်မိခဲ့လေ၏။

အဆိုပါအမျိုးသမီးသည် အိမ်သို့ ပြန်ရောက်လာသောအခါ လက်မောင်းနှင့်တကွ လက်ဖျားအထိတိုင်အောင် ရောင်ရမ်းကို က်ခဲနာကျင်လာခဲ့၏။ နောက်ပိုင်းမှာ နတ်ကောင်းမတို့နှင့်နတ်ကၡ တောထုတ်၊ တောစာစားသောက်ပြီးခါမှ အဆိုပါလက်မောင်းရောင်ရမ်းကိုက်ခဲခြင်း၊ လက်ဖျားရောင်ရမ်းခြင်းတို့ ပျောက်ကင်းသွားခဲ့လေ၏။ ထိုသို့ပြုလုပ်ခဲ့သောအမျိုးသမီးကိုလည်း ကျွန်ုပ်တို့က တွေ့ဆုံမေးမြန်းခဲ့ပါသေး၏။ သူမက အစအဆုံးအဆုံးထိအောင် ထပ်မံပြောပြပါသေး၏။ ထိုအချိန်မှစ၍ ကျောက်ငါးတလျားကြီး၏အနီးသို့ လူတိုင်း လူတိုင်း မချဉ်းကပ်ဝံ့တော့ပါချေ။ ရှောင်ရှားကြ၏။ ကြောက်ရွံ့ကြ၏။

□ ကျောက်သင်္ဘောကြီး

ကျောက်သင်္ဘောကြီးအကြောင်းကို တစ်စုံတစောင်း လေ့လာ တင်ပြပါမည်။ အိမ်ရှေ့မင်းသားတို့သည် တိုင်းခန်းလှည့်လည်လာသောအချိန်မှာ သင်္ဘောကြီးကို စီးနင်းလိုက်ပါလာခဲ့ကြပါ၏။ သင်္ဘောကြီးသည် ကျောက်တန်းကြီးနှင့် တိုက်မိသွားခဲ့လေ၏။ သင်္ဘောကြီးသည် မည်သည့်နေရာသို့မျှ ရွေ့လျားခြင်းမရှိတော့ဘဲ တိုက်မိသွားခဲ့သောနေရာ၌ပင် လျင် ငြိမ်သက်စွာ တည်ရှိနေလေ၏။ ယင်းသင်္ဘောကြီးသည်လည်း ကာလကြာမြင့်လာသောအခါမှာ ကျောက်အသွင်သို့ ပြောင်းလဲကာ ကျောက်သင်္ဘောကြီးဖြစ်လာလေ၏။

ရှေးယခင်က ကျောက်သင်္ဘောကြီးအနီးသို့ ညဥ့်အချိန်မှာ သွားရောက်ခဲ့ကြသောသူတို့သည် ကျောက်သင်္ဘောကြီးအထဲမှ လူသံလိုလိုပြောသံဆိုသံတို့ကို ကြားခဲ့ကြရ၏။ အသံမှာ တစ်ဦးတစ်ယောက်တည်းပြောသံဆိုသံကားမဟုတ်ပါ။ လူအုပ်စုဖွဲ့ကာ ပြောဆိုနေကြသောအသံများသာဖြစ်ကြပါ၏။ စကားလုံးများမှာကား သဲသဲကွဲကွဲမရှိပါ။ ပြတ်ပြတ်သားသားမရှိပါ။ အသံများမှာ လုံးထွေးနေသည်ဟုဆိုကြပါ၏။ မကြောက်တတ်သောသူတို့က ကျောက်သင်္ဘောကြီး၏အနီးသို့ချဉ်းကပ်ကာ နားထောင်ခဲ့ကြ၏။ သူတို့ ကျောက်သင်္ဘောကြီးအနီးသို့ ရောက်သွားကြသောအခါ ထိုပြောသံဆိုသံတို့မှာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့လေ၏။

ဟိုးရှေးအခါက လသာသောညဉ့် ချမ်းအချိန်တွင် အမျိုးသမီးတစ်ဦးသည် ကျောက်သင်္ဘောကြီးအနီးတွင် လမ်းလျှောက်နေသည်ကို မြင်တွေ့ကြရ၏။ ထိုခေတ်ထိုအခါက ထိုမြင်တွေ့ကြရသောအမျိုးသမီးကို သိုက်နန်းကအမျိုးသမီးတစ်ဦးဟူ၍ ထင်မြင်ယူဆခဲ့ကြ၏။ ထိုအမျိုးသမီးသည်လည်း ဝမ်းဘဲကျောက်ရုပ်မကြီးနှင့် နီးနွယ်မှုရှိခဲ့သောအမျိုးတစ်ဦးသာဖြစ်ပါ၏။

ဝမ်းဘဲကျောက်ရုပ်မကြီးသည် အိမ်ရှေ့မင်းသား၊ မင်းသမီးတို့မရောက်ခင်ကတည်းကပင်ရှိခဲ့ပါ၏။ ဝမ်းဘဲကျောက်ရုပ်မကြီးနှင့်ပတ်သက်၍ ဆက်လက် လေ့လာကြည့်သောအခါမှာ ဝမ်းဘဲကျောက်ရုပ်မကြီးမှာ မှန်နာမူရာအရပ်၌ ဘယ်ဘက်မှာက်စောင်းထိုးအရပ်တွင် ဆန်ထားကျိန်အမည်ရှိသောကျွန်းလေးတစ်ကျွန်းရှိပါ၏။ ဆန်ထားကျိန်ကျွန်းမှာ ဝမ်းဘဲကျောက်ရုပ်မကြီးစားသောက်ရန် အစာထားရှိသောကျွန်းကလေးဖြစ်ပါ၏။

ရခိုင်အမျိုးသားများ၏ ဒေသိယစကား အခေါ်အဝေါ် ဝေါဟာရတို့မှာ ကွဲပြားတစ်ပြင်ငယ်လျှင် ဖြိန်ဟုခေါ်ကြပါ၏။ ချောင်းကလေးတစ်ချောင်းငယ်လျှင် ချိန်ဟုခေါ် ဆိုကြပါ၏။ ကျွန်းကလေးတစ်ကျွန်းငယ်လျှင် ကျိန်ဟုခေါ်ဆိုကြပါ၏။ ယင်းကြောင့်လည်း ဆန်ထားကျိန်သည် ဝမ်းဘဲကျောက်ရုပ်မကြီးစားသောက်ရန် အစာထားသောကျွန်းကလေးပင်ဖြစ်ပါ၏။

ဝမ်းဘဲကျောက်ရုပ်မကြီးသည် လူသားတို့၏အကျိုးကိုသာ အမြဲတမ်းဆောင်ရွက်ပေးလေ့ရှိပါ၏။ ယင်းကြောင့် လူသည်း ရွာနီးချုပ်စပ်မှ လူရွယ်လူငယ်များသည် နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း ဝမ်းဘဲကျောက်ရုပ်မကြီးနတ်တက်ပွဲတော်ကို စုပေါင်းကျင်းပခဲ့ကြလေ၏။ လူငယ်လူရွယ်များသည် ပျော်ရွှင်မြူးထူးစွာ လာရောက် တီးမှုန်ကခုန်ကြလေ၏။

မိမိတို့တွင်ပါလာသော မုန့်ပဲသရေစာများကိုလည်း တပျော်တပါးစားသောက်ကြလေ၏။

"တောင်လည်းတစ်တောင် ×××
ဝမ်းဘဲတောင်×××ကွင်းလည်းတစ်ကွင်း
ဝမ်းဘဲကျင်း ×××၊ ကုန်လည်းတစ်ကန်
ဝမ်းဘဲကန် ××××၊ ပြင်လည်းတစ်ပြင်
ဝမ်းဘဲပြင်××၊ ချောင်းလည်းတစ်ချောင်း
ဝမ်းဘဲချောင်း×××၊ ကမ္ဘာပေါ် စကျောက်ရွှမ်မ×××

ဟူသတည်း။

ဗဟုသုတပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါ၊
ကျန်းမာချမ်းသာကြပါစေ
စစ်မှန်သောသစ္စာမေတ္တာဖြင့်
မဟာန္တယ် (မန္တလေးကျွန်းသိုက်)

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာ (အကျော်ဝိဇ္ဇာ)
လျှို့ဝှက်သော ကိုး

မြန်မာတို့၏ အခြေခံသခ္ခါဂဏန်းလုံးရေသည် သုညမှ ကိုးအထိ ဂဏန်းဆယ်လုံးရှိလေသည်။ ကမ္ဘာသုံး ဂဏန်းသခ္ခါမှာလည်း ထိုနည်းလည်း ကောင်း သုညမှ ကိုးအထိ ဆယ်လုံးသာ ရှိပါသည်။ ဤဂဏန်းဆယ်လုံးဖြင့် တစ်စုံတစ်ခုသောတန်ဖိုးကို အနည်းဆုံး တန်ဖိုးမှ အများဆုံး အဆုံးမရှိတန်ဖိုး များအထိ သတ်မှတ်နိုင်ချေ၏။ တစ်ဖန် ဤဂဏန်းဆယ်လုံးဖြင့်ပင် ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်းတို့ကို မှန်ကန်တိကျစွာ တွက်ချက်နိုင်ပြန်ပါ သည်။ အဖြေရှာနိုင်ပြန်သည်။

အချို့သောလူမျိုးများ၏ သခ္ခါ အခြေခံကိန်းဂဏန်းများမှာ ဤသို့ ကျစ်လျစ်သိပ်သည်းသော ဂဏန်းဆယ် လုံးဖြင့် တီထွင်ထားခြင်း မရှိခဲ့ပါချေ။ ထို့ကြောင့်လည်း အသုံးပြုသူများအတွက် ခက်ခဲပြီး လက်ဝင်လှသော သူတို့၏ သခ္ခါများမှာ တဖြည်းဖြည်း အသုံးနည်း လာပြီး ပျောက်ကွယ်လုလုပင်ဖြစ်နေပါ ပြီ။

မြန်မာတို့၏အခြေခံသခ္ခါဂဏန်း နှင့် ကမ္ဘာသုံးသခ္ခါအခြေခံဂဏန်းများ မှာ အဘယ်ကြောင့်တူညီနေရပါသနည်း။ ရှင်းပါသည်။ အကြောင်းမဲ့မှန်ကန် စေသော နည်းစနစ်ချင်းတူသောကြောင့် ဖြစ်ပါသည်။ အကြောင်းမဲ့မှန်ကန်ခြင်းဆို သည်မှာ ပုစ္ဆာတစ်ပုဒ်အတွက် အဖြေ တစ်ခုသည် ကမ္ဘာတောင်ခြမ်းရော မြောက်ခြမ်းမကျန် အာရှ၊ ဥရောပ မည်သည့်နေရာတွင်မဆို ၎င်းအဖြေသာ ဖြစ်နေရမည် ဖြစ်ပါသည်။ မြန်မာတို့၏ သခ္ခါနည်းစနစ်သည် ဤသို့သောအကြွင်း မဲ့မှန်ကန်သည့် သခ္ခါနည်းစနစ်မျိုးဖြစ် နေပါသည်။ ဂုဏ်ယူဖွယ်မဟုတ်ပါလား။

❑

ဤဂဏန်းဆယ်လုံးတို့သည် သူ တန်ဖိုးနှင့်သူရှိကြလေသည်။ ထိုထဲမှ သုညသည်ကား အခြားဂဏန်းတို့ထက် ထူးခြားလေသည်။ သူတစ်လုံးတည်းဆို လျှင် တန်ဖိုးမရှိသော်လည်း အခြား ဂဏန်းတစ်လုံး၏နောက်မှာကပ်နေလျှင် ၎င်းဂဏန်းသည် သုညတို့၏အကူအညီဖြင့် တန်ဖိုးတက်လေသည်။ သုညများလေ တန်ဖိုးတို့များလေဖြစ်သွားတော့သည်။ သို့သော် ၎င်းသုညသည်ပင် ယင်းကိန်း ဂဏန်း၏ရှေ့တွင်ရှိပါက ၎င်းကိန်း၏ တန်ဖိုးမှာ ပြောင်းလဲခြင်းမရှိပါချေ။ ထူးဆန်းသောသုညပင် ဖြစ်ပါသည်။

သုညကဲ့သို့ ထူးဆန်းသောနောက် ဂဏန်းတစ်လုံးလည်းရှိသေးသည်။ ၎င်း မှာ ကိုးဂဏန်းဖြစ်လေသည်။ ကိုးကို မည်သည့်ဂဏန်းဖြင့်မြှောက်သည်ဖြစ်စေ ရလဒ်ကိုပြန်ပေါင်းလျှင် ကိုးသာပြန်ရ လေ၏။ ဤသို့ ကိုးဂဏန်း၏ထူးခြားမှုကို ကိုအောင်မင်း စတုတ္ထတန်းမှာကထည်းက သခ္ခါဆရာ၏သင်ကြားပြသမှုဖြင့် သတိ ထားမိခဲ့ပါသည်။

"ကိုးဂဏန်းဟာ ဆူးတယ်နော် တပည့်တို့။ သူ့ရဲ့ဝိညာဉ်ဟာ သိပ်လျို့ ဝှက်တယ်။ ပဟေဠိတွေအများကြီးနဲ့ဖြစ် တည်နေတဲ့ဂဏန်းတစ်လုံးဗျ။ ဒါကြောင့် တို့မြန်မာနိုင်ငံမှာ ကိုးဂဏန်းကိုလေးစား၊ အားထား၊ ကြည်ညိုဖွယ်ရာကိစ္စများမှာ ရော ကြောက်ရွံ့ပြီး သတိထားရမယ့် ဂဏန်းတစ်လုံးအနေနဲ့ရော နှစ်ဖက်မှာ ထားပြီးသုံးကြတယ်။ ဥပမာ ကိုးနဝင်း မိုးလင်းမှသိမယ်တို့၊ ဂုဏ်တော်ကိုးပါးတို့ ဘာသာရေးအဓိဋ္ဌာန်တွေမှာ ကိုးရက်၊ ကိုးညတို့ ဒါတွေဟာ လေးစားအားထား ကြည်ညိုဖွယ်ရာကိစ္စတွေမှာ သုံးတာ။ ဟိုးရှမ်းပြည်နယ်ဘက်မှာတော့ ကိုးကို ရှောင်ကြဉ်ကြပြန်ရော။ ကိုးယောက်ခရီးမသွား ရဘူး၊ လဆန်းကိုးရက်၊ လဆုတ်ကိုးရက် ဆိုမှာ အလှူမင်္ဂလာကိစ္စမလုပ်ဘူး၊ သူတို့ အတွက် ကိုးဂဏန်းဟာ ကြောက်မက် ဖွယ်ရာဂဏန်းတစ်လုံးဖြစ်နေပြန်တယ်"

❑

ဤသို့ဖြင့် ကိုအောင်မင်းမှာ ငယ် စဉ်ကပင် ဂဏန်းသခ္ခါ၏ ကိန်းဂဏန်း များထဲမှ သုညနှင့် ကိုးကို စိတ်ဝင်စားခဲ့ လေသည်။ တက္ကသိုလ်ကျောင်းသားဘဝ မှာတော့ ကိုသန်းလှိုင်၏ စကားပြော ကောင်းတဲ့ မသည်းအူ သီချင်းကို ညည်း ရင်း ဝလုံး၊ သုညာ လပြည့်ဝန်း စသဖြင့် သုညအား နည်းမျိုးစုံဖြင့်တင်စားကြ သည်ကို ဆင်ခြင်သုံးသပ်ခဲ့လေသည်။

ထို့မှတစ်ဆင့် အလုပ်ခွင်ထဲရောက် သည့်အခါမှာတော့ သုညထက် ကိုးဂဏန်း ကိုပိုပြီးတော့ အာရုံစိုက်လာမိလေသည်။ ပတ်ဝန်းကျင်က တစ်ယောက်တစ်မျိုး အပြောကြောင့် ကိုးဂဏန်းကို လေးစား အားကိုးစရာထက် ကြောက်မက်ဖွယ်ရာ ဂဏန်းတစ်လုံးဟု မှတ်ယူလာမိလေ တော့၏။

"တရုတ်ကွန်မြူနစ်တွေနဲ့တိုက်တော့ အစက တပ်မ (၉၉) ကို လွှတ်တာဗျ။ တပ်မတော်သားတွေဆိုတာကျလိုက်ကြ တာ မပြောပါနဲ့တော့။ စစ်သားဆိုတာ ဒါမျိုးတွေ အယုံအကြည်မရှိဘူးဆိုပြီး စစ်ပရိယာယ်အမြင်တစ်ခုတည်းနဲ့လွှတ် တာကိုး။ နောက်ဆုံးတော့ (၁၀၆) ကို ပြောင်းပို့လိုက်တော့မှ တိုက်တိုင်း အောင် မြင်တော့တာပဲဗျ။ ရှမ်းပြည်နယ်နဲ့ ကိုး နဲ့က ဘာအကျိုးပေးလဲ မသိပါဘူးဗျာ၊ တည့်တိုမတည့်ဘူး"

ဟုတ်လားမဟုတ်လားတော့မသိ ပါ။ ကိုအောင်မင်း၏နုံးအုပ်စာရေးကြီး ဦးစိုင်းခွန်လူပြောပြသော ကိုးဇာတ်လမ်း တစ်ပုဒ်ဖြစ်ပါသည်။ထို့တရုတ်ကွန်မြူနစ် တွေနှင့်တိုက်သည့်အချိန်က ကိုအောင်မင်း မွေးပင်မမွေးသေးပါ။ သည်တော့ စာရေး ကြီးဦးခွန်လူ၏စကား မှန်၊ မမှန် အတည် ပြုရန်ခက်ပါသည်။ တစ်ခုပဲ သတိထား မိသည်။ ရှမ်းပြည်နယ်သည် ကိုးဂဏန်း နှင့်မတည့်ဆိုသည့်စကား။

www.burmeseclassic.com

www.burmeseclassic.com

"အမလေး - အန်ကယ်လူရယ်၊ သမီးတော့လေ အဲဒီကိုးကို တကယ်ကို ကြောက်ပါရဲ့။ ကိုယ်တွေ့၊ ကိုယ်တွေ့"

နောက်ထပ်တစ်ယောက်ကတော့ ကိုအောင်မင်း၏ အထွေထွေလုပ်သား ချာတိတ်မလေးက တစ်စခန်းထပြီး နောက်ထပ် ကိုးဇာတ်လမ်းတစ်ပုဒ်ကို ပြောပြန်လေသည်။

"ညည်းကများ၊ ဒီအရွယ်လေးနဲ့ ဘာတွေလက်တွေ့ရတာလဲ"

တကယ့်ပူပွေးနွေးနွေးအဖြစ်အပျက်ပါ။ ဒီတစ်ခေါက် သမီးတို့ မန္တလေးကို စာပေးစာယူသွားဖြေတော့ပေါ့။ မြို့ထဲက သူငယ်ချင်းက သူ့ဂျစ်ကားလေးနဲ့ဦးပိန်တံတားကိုလိုက်ပို့မယ်ဆိုပြီး လာခေါ်တာ။ အဲ - လိုက်မယ့်လူက ကိုးယောက်ဖြစ်နေရော။ ဒါနဲ့ သမီးလည်းဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကျောက်ခဲတစ်လုံးကောက်ပြီး ကားထဲ မသိမသာလေး ထည့်လိုက်တာပေါ့။ သူများတွေသိရင် ရယ်မှာလည်းဆိုးသေးတယ်လေ။ အဲ - အသွားကတော့အဆင်ပြေပါရဲ့။ အပြန်ကျတော့ ကားက ဘာဖြစ်မှန်းမသိဘူး၊ စက်နှိုးလို့ကိုမရတော့ဘူး။ နောက်ဆုံး ဝပ်ရှော့က ကရိန်းကားကြီးနဲ့ကိုလာဆွဲသွားရတယ်။ သမီးတို့လည်း ရှက်ရွက်နဲ့ မြင်းလှည်းငှားစီးပြီး ပြန်လာခဲ့ရတာပေါ့။ မြင်းလှည်းပေါ် ရောက်မှ သူငယ်ချင်းတစ်ယောက်ကပြောတာ ကားထဲမှာ ဘယ်ကောင် လက်ကမြင်းပြီး ကျောက်ခဲကြီး လာထည့်သွားလဲမသိဘူးတဲ့။ သမီးတို့ ကားနောက်က ကပ်လိုက်လာတဲ့ကောင်တွေလက်ချက်နေမှာ။ ဒါကြောင့် သူက ယူလွှင့်ပစ်လိုက်ရတယ်တဲ့။သမီးက ဟာ-ဒါကြောင့်ကားပျက်တာနေမှာ။ ကိုးယောက်ဖြစ်နေလို့ ဆယ်ယောက်ဖြစ်အောင် ငါမောင်ကျောက်ခဲကောက်ထည့်လာတာလို့ဆိုမှ အားလုံးက ဟာ-ဟုတ်သားပဲ၊ ကိုးယောက်ဖြစ်နေတာကိုး ဆိုပြီး တစ်ယောက်တစ်ပေါက့်ပြောကြတော့တာပေါ့။ အဲဒီသူငယ်ချင်းဆို မျက်နှာလေးကိုငယ်သွားတာပဲ"

"ကျောက်ခဲကို ဖယ်ပစ်လိုက်လို့ ကိုးယောက်ဖြစ်ပြီး ကားပျက်တာလို့ ပြောချင်တာလား။ ဒီလောက်နဲ့တော့ ကိုးဇာနဲ်းကြောက်ဖို့ကောင်းတာ ပိပြင်မှုမရှိဘူး။ ဂျစ်ကားဆိုတာ အင်္ဂလန်ဂျစ်ဖြစ်ဖြစ်၊ ဇုန်ထုတ်ဂျစ်ဖြစ်ဖြစ်သိပ်ကောင်းတာမှမဟုတ်တာ။ အင်္ဂလန်ဂျစ်က ဒီတ်အောက်သွားလို့၊ ဇုန်ထုတ်ဂျစ်ကတော့ ဟန်းမိတ်မို့"

"ဟာ - ဆရာကလည်းနားထောင်ဦးလေ။ အဲဒီကားကြီးက ဝပ်ရှော့ရောက်ပြီးပြင်မယ်ဆို စက်နှိုးလိုက်တော့ လုံးဝအကောင်းတဲ့။ သမီးသူငယ်ချင်းက သူ့ဂျစ်ကားကြီးမောင်းပြီး အဆောင်ကို ချက်ချင်းရောက်လာတာ။ သူလည်း မိန်းကလေးသူငယ်ချင်းတွေကြားထဲမှာ သူ့ကားအစုတ်ကြီးဆိုပြီး သိက္ခာကျသွားလို့နေမှာပေါ့လေ"

"အင်း - ဒါဆိုရင်တော့ စဉ်းစားစရာပဲ။ နေပါဦး၊ ဦးပိန်တံတားက ရှမ်းပြည်မဟုတ်ဘူးလေ"

"ဒီလိုဆရာ၊ ကျောက်ဆည်တစ်ဝိုက်က လယ်တွင်းကိုးခရိုင်ကလည်း ကိုးဇာနဲ်းရောင်ရတယ်ဆရာ၊ ဦးပိန်က ကျောက်ဆည်အဝန်းအဝိုင်းနဲ့ ဆက်စပ်လားမှမသိတာ"

ကြားကနေ ဝင်ရှုင်းပြလိုက်သော စာရေးကြီး၏စကားကြောင့် ကိုးဇာနဲ်းသည် ရှမ်းပြည်နယ်သာမက ကျောက်ဆည်နယ်တစ်ဝိုက်ကလူတွေလည်းရှောင်ကြသည်ကို အရာရှိလေးကိုအောင်မင်း သိလိုက်ရပါသည်။

သို့ပေမယ့် ကိုးဇာနဲ်းကို ရှောင်သော ရှမ်းပြည်နယ်တစ်ခွင်၌ ကိုးမြို့ရှင် နတ်နန်းတွေက မြို့တိုင်း၊ ရွာတိုင်းမှာရှိနေတာ ထူးဆန်းနေပြန်သည်။ အတော်များများသောမြို့များမှာ ဘုရားစေတီများ တည်ထားကိုးကွယ်သည့် တောင်ထွတ်တိုင်းမှာ 'ကိုးမြို့ရှင်နန်းက ကပ်ပြီးရှိနေလေသည်။ ကားနှင့်ခရီးသွားတိုင်း ကိုးမြို့ရှင်နန်းတွေ့သည်နှင့် ကားဒရိုင်ဘာက ဟွန်းတီးပြီး အရိုအသေပြုသည်။ ကားပေါ် ပါဒေသခံခရီးသွားများက လက်ကလေးမြှောက်ကာ ဆလံပေးကြသည်။ ကိုအောင်မင်းကတော့ ပြုသမျှကုသိုလ်တို့ကိုသာ အမျှပေးဖြစ်ခဲ့ပါသည်။

ကမ္ဘာပေါ်မှာ ကုန်းမြေထုတွေ ဒီလောက်အများကြီးရှိပါလျက်နှင့် သည် ရှမ်းကုန်းပြင်မြင့်မှာမှ အဘယ်ကြောင့် ကိုးနှင့် မတည့်သည်ကို ကိုအောင်မင်း စဉ်းစားမရပါ။ စာရေးကြီးဦးခွန်လူကတော့ ကိုးဇာနဲ်းသည် ကိုးမြို့ရှင်ဘိုးဘိုးကြီးအတွက် သီးခြားဖြစ်တည်သည့် ဂဏန်းမို့ လူတွေအတွက်ခိုက်သည်ဟု ထင်ရကြောင်း ရှင်းပြပါသည်။ သို့သော်လည်း ကိုအောင်မင်းသိသည့် အဘကိုးမြို့ရှင် ဘိုးဘိုးကြီးနှင့် နှမတော်အမေပလဲယဉ်တို့သည် သူတော်ကောင်းများဖြစ်ကြပါသည်။ အရက်မသောက်၊ ဖဲမရိုက်၊ ကြက်မတိုက်သည့် အေးချမ်းစွာနေကြသော နတ်မောင်နှမများသာ ဖြစ်ပါသည်။ ဤသို့သောနတ်များက သူတို့ပိုင် ကိုးဂဏန်းအတွက်နှင့်တော့ လူတွေကို အနှောင့်အယှက်ပြုကြမည်မထင်ပါ။ ကိုအောင်မင်းက ဦးခွန်လူကို သူ့အယူအဆကို ပြောပြသည့်အခါ -

"ဟာ - ဆရာကလည်း၊ အဘကိုးမြို့ရှင်က လုပ်တာမဟုတ်ဘူးလေ။ ဥပမာ ဆရာရယ်၊ နဝရတ်လက်စွပ်ထဲ အကျင့်သီလမကောင်းတဲ့လူတွေဝတ်ဆင်ခိုက်တယ်၊ သီလသမာဓိနဲ့ပြည့်စုံသူတွေကျတော့အကျိုးပေးတယ်ဆိုတာမျိုးလေ၊ ကျွန်တော်ဆိုလိုတာ နားလည်လား"

"ဟုတ်ပြီ၊ စာရေးကြီးပြောတာ နားလည်ပြီ"

စာရေးကြီး၏အဖြေက ကိုအောင်မင်းကို ဘဝင်ကျစေပါသည်။

"ကိုးကတော့ ဆရာရယ်၊ ကျွန်တော်တို့ရှမ်းပြည်နယ်မှာတော့ ယုံတာ၊ ကြည်တာအပထား၊ မဖြစ်ရင် ကိစ္စမရှိပေမဲ့ ဖြစ်ခဲ့သော်လည်း ဆုံးရှုံးမှုများမှာဆိုတော့ ရှောင်ကြတာပေါ့ဗျာ။ ဒါမျိုးဆိုတော့ အသက်အိုးအိမ်စည်းစိမ်တွေစတေးပြီး စိမ်လို့ကောင်းတဲ့အရာမှမဟုတ်တာ"

"အန်ကယ်ခွန်လူကလည်း၊ သမီးကတော့ လုံးဝယုံတာ။ ဟိုစျေးတောင်ဘက်က အသစ်ဆောက်လိုက်တဲ့တိုက်ကြီးပဲကြည့်"

အဲဒါတိုက်ဆိုင်တာနေမှာပါတွင်

"အဲဒီတိုက်ကဘာဖြစ်လို့လဲ စာရေးကြီးရဲ့"

"ဆရာရယ်၊ တိုက်က သုံးထပ်တိုက်လေ။ ရန်ကုန်ကနဲထရိုက်ကိုအသုံးလိုက်တော့ ရန်ကုန်စတိုင်ပေါ့။ အောက်ဆုံးထပ်က အမြင့်ဆယ့်တစ်ပေ၊ ဒုတိယထပ်က ဆယ်ပေ၊ တတိယထပ်က ကိုးထားဆောက်သတဲ့။ အဲဒီတတိယထပ်တစ်ခုတည်းမှာပဲ ဝါယောရှော်ခြင်းမီးလောင်လို့၊ မီးကြိုးပစ်လိုက်၊ ဆေးထားတဲ့ငြမ်းက ကျိုးပြတ်ကျလိုက်နဲ့ဆရာရယ် တစ်ခုပြီးတစ်ခုကိုဖြစ်နေတော့တာပဲ။ နောက်ဆုံး ပိုင်ရှင်က ပရိတ်ရေဝေငင်မေး၊ နတ်မေး စုံအောင်လုပ်ပြီး ကိုးပေကို ဆယ်ပေပြောင်းဆောက်လိုက်ရတာ။ အဲဒီတော့မှ ချောချောမောမောပြီးသွားပါပေါ့လား"

စဉ်းစားစရာကောင်းသော ထိုးဆိုင်မှုဟု ကိုအောင်မင်း မှတ်လိုက်သည်။

"ဒီထက်ပိုပြီး ကိုးနဲ့ပတ်သက်မှုမိလို့ စိတ်မကောင်းဖြစ်ရတာတော်

www.burmeseclassic.com

www.burmeseclassic.com

သေးတယ်ဆရာ။ တကယ်ဖြစ်ရပ်မှန်ပါ။ ကျွန်တော့်အစ်ကိုရဲ့ကား နေပြည်တော်အမြန်လမ်းမှာမှောက်တဲ့ကိစ္စပါပဲ"

"နေပြည်တော်က ရှမ်းပြည်နယ်မဟုတ်ဘူးလေ။ လယ်တွင်းကိုးခရိုင်နဲ့က ဟယ်း အဝေးကြီး"

"ဟုတ်တယ်ဆရာ၊ ထူးဆန်းတယ်လို့ ဒါကြောင့်ပြောရတာ"

"ဘာထူးဆန်းတာလဲ။ ကားပေါ်မှာ လူကိုးယောက်ပါလို့လား"

"မဟုတ်ဘူး ဆရာ၊ မတ်တူးဗင်တိုက်(ပ်)ဆိုတော့ ငါးယောက်ပဲဆုံတာ"

"ဒါဆို နံပါတ်ကြောင့်လား"

"နံပါတ်ကိုလည်း ကိုးနဲ့လွတ်အောင်ရွေးယူထားတာ၊ အားလုံးပေါင်းရင် ခုနစ်ဆိုတော့ လပ်ကီးဆဲဗင်း၊ ပြီးတော့ ရှမ်းလိုင်စင်မဟုတ်ဘူး။ ရန်ကုန်လိုင်စင်"

"စာရေးကြီးရယ်၊ ခင်ဗျားဟာ အားလုံး ကိုးနဲ့အလွတ်ကြီးပါလား"

အဲဒါပေါ့ ဆရာရယ်၊ အကုန်လွတ်အောင်ရှောင်ပါလို့ကယ်နဲ့ မထင်မှတ်တဲ့အကွက်မှာ အလဲထိုးခံလိုက်ရတယ်လို့ဆိုရမလားဘဲ။ ဆုံးရှုံးသွားတာကတော့ ငွေက သန်းနှစ်ဆယ်အထက်နဲ့ လူအသက်တစ်ချောင်းပေါ့။ ဒီလိုဆရာ"

❑

မြစ်ရေကြည်ကြည်ထဲမှာ ဆော့ကစားပျော်မြူးနေကြသော ကလေးငါးယောက်၏အပျော်တွေက လုံးပီးပီးထံကူးစက်လာသည်။ ကလေးတွေဆိုပေမဲ့ အသက်နှစ်ဆယ်ဝန်းကျင် ရန်ကုန်စာတွဲသိုလ်ကျောင်းသားတွေပါ။ ငါးဆယ်ကျော်စပြနေပြီဖြစ်သည့် လုံးပီးပီးအတွက်တော့ သူတို့လေးတွေက ကလေးတွေပါပဲ။ ခြေသုံးအလယ်လောက်သာရောက်သည့် ဒုဋ္ဌဝတီမြစ်ရေကြည်ထဲမှာ တစ်ဦးကိုတစ်ဦး ရေနှင့်ပက်လိုက်၊ တဟားဟားအော်ရယ်လိုက်၊ ရေထဲမှာ ခက်ခက်ခဲခဲပြေးပြီး စိန်ပြေးတမ်းကစားလိုက်ဖြင့် အပျော်ကြီးပျော်နေကြလေသည်။ ဘဝ၏ဒုက္ခတွေကို နဖူးတွေ့၊ ဦးတွေ့ မတွေ့ရသေးသည့် ကျောင်းသားများပေကိုး။

သည်ငါးယောက်ထဲမှာ အရပ်အရှည်ဆုံး နောင်နောင်ဟု ခေါ်သည့် ကလေးနှင့် ရုပ်ဖြောင့်ဖြောင့် ကိုချမ်းဆိုသည့်ကလေးက စိတ်ပညာနောက်ဆုံးနှစ်ကျောင်းသားများ၊ ရှမ်းတိုင်းရင်းသားများ၏ကိုယ်ရည်ကိုယ်သွေးသွင်ပြင်သတ္တဝါဆိုပြီး ဘွဲ့ယူစာတမ်းတင်မည်မို့ ရှမ်းပြည်နယ်တောင်ပိုင်းကရှမ်းများ၊ ဖြူဘက်ကရှမ်းများကို တွေ့ဆုံမေးမြန်းစာရင်းကောက်ပြီး ယခု ရှမ်းမြောက်က ရှမ်းများကို တွေ့ဆုံမေးမြန်းရန် ရောက်လာခြင်း ဖြစ်ပါသည်။ အသားဖြူဖြူ ကိုကျိုး ဆိုသည့်က ေးနှင့် မျက်လုံးပြူးပြူး ဗမာချောချောသည့် ညီထွန်းဆိုသည့် ကလေးနှစ်ယောက်တို့ကတော့ ဘူမိဗေဒကျောင်းသားများ၊ ဂေါ်ဒန်အကြောင်း စာတမ်းဖတ်မည့်သူများဖို့ လေးယောက်ပေါင်းစည်းကာ သည်ရှမ်းမြို့လေးကို ရောက်ယာ ခြင်းဖြစ်ပါသည်။ သူတို့သူငယ်ချင်း ဒေသခံ စိုင်းအွမ်ကို အားကိုးပြီးလာခဲ့ကြခြင်း ဖြစ်လေသည်။

စိုင်းအွမ်အဖေကလည်း သား၏ သူငယ်ချင်းများကို သူ့သားကဲ့သို့ချစ်ခင်ပြီး လိုလေသေးမရှိ ကူညီပါသည်။ ဒရိုင်ဘာဖြစ်သူ လုံးပီးပီးနှင့် သူ့ကားတစ်စင်း လုံးကိုပေးထားတာသာကြည့်။

ယနေ့တော့ သူတို့အလုပ်တွေ အကုန်ပြီးပြီမို့ပြန်ကြပေတော့မည်။ မနက်စောစောထကာ စိုင်းအွမ်၏မိဘနှစ်ပါးကို တရုတ်ကလာသည့်ကတ္တီပါစောင်ကြီး တစ်ထည်ဝယ်ကာ ကန်တော့ကြသည်။ အိမ်မှာ တစ်ပတ်လောက်နေသွားတော့ စိုင်းအွမ်အဖေနှင့်အမေက သံယောဇဉ်တွေတွယ်ကာ မျက်ရည်ကျကြသေးသည်။ ကလေးတွေလည်း မျက်နှာမကောင်း။ သို့ပေမယ့် သူတို့မျက်နှာကောင်းသည်က ခကာပါ။ ကားပေါ် ရောက်သည်နှင့် တဝါးဝါးတဟားဟားဖြစ်ကာ အားလုံးကို မေ့သွားပြန်လေသည်။ အပြန်ခရီးမှာ စိုင်းအွမ်ပါလိုက်လာသည်။ သူငယ်ချင်းများကို မန္တလေးထိလိုက်ပို့ပြီး သူ့အဖေ၏ ကုန်ဖိုးငွေတွေကိုလိုက်ကောက်ရန် မန္တလေးမှာနေရစ်ခဲ့မည် ဖြစ်ပါသည်။ လူခြောက်ယောက်အတွက် မတ်တူးကားလေးမှာ တစ်ယောက်စာလိုနေလေသည်။ ထို့ကြောင့် နောက်ကုန်ထည့်သည့်အခန်းမှာ တစ်ယောက်ကထိုင်ရမည်မို့ သူထိုင်မည်၊ ငါထိုင်မည်နှင့် ငြင်းကြသေးသည်။ နောက်ဆုံးတော့ မဲချဆုံးဖြတ်လိုက်သည့်အခါ နောင်နောင်ထိုင်ဖြစ်လာသည်။ ခြောက်ပေလောက်ရှိသော သူ့အရပ်နှင့် နောက်ခန်းက အတော်အချိုးမကျ။ သို့သော်လည်း ပြောမရဆိုမရ မဲကျသူက ငါကွဟုဆိုရင်း ဇွတ်ပေထိုင်သည်။

"ထိုင်ပလေစေ လုံးပီးပီး၊ သူက လူကန့်လန့်။ မင်းလိုအရပ်မျိုးပဲ အရပ်ကောင်းတော့ အလောင်းလှတယ်ဆိုတာ"

"ဟဲ့ကလေးတွေ၊ နိမိတ်မရှိနမာ မရှိ သွားခါနီးလာခါနီး ဖွ-လွဲစေဖယ်စေ"

စိုင်းအွမ်အမေက မျက်စိပျက်မျက်နှာပျက်နှင့်ဆိုရှာသည်။ လူကြီးဆိုတော့လည်း စိတ်ပူရှာပေမည်။ သို့ပေမယ့် သူတို့ငါးယောက်ကတော့ ဘာမှသိပ်ဂရုစိုက်ဟန်မတူ။ လက်တပြုပြုနှင့် ကားပေါ်မှာ ရယ်မောပျော်ရွှင်စွာပါလာခဲ့လေသည်။ ယခု ဘော်ကြိုအရောက်မှာ ကားရပ်ပြီး ဘူးဖူးရင်း ဒုဋ္ဌဝတီမြစ်ထဲဆင်းဆော့နေခြင်း ဖြစ်ပါသည်။

"ဟေ့ဟေ့-ဒုဋ္ဌဝတီမြစ်ရေတစ်ခါသောက်ရင် နောက်ထပ်တစ်ခါ ထပ်သောက်ရတတ်တယ်တဲ့ကွ။ ငါတော့ သောက်ဦးမယ်"

"မင်းမို့ မရွံ့တယ်၊ ဟိုကောင်က အပေါ်မှာရပ်နေတာ၊ အဲဒါကိုသောက်တယ်"

"ဖွီ-ငါသောက်တဲ့ရေကအသန့်၊ သူခြေထောက်ဖြတ်စီးတဲ့ရေမဟုတ်ဘူး"

"မင်းတို့ဘာသာသောက်သောက်၊ မသောက်သောက် ငါကတော့ အမှတ်တရ ဒုဋ္ဌဝတီမြစ်ထဲက ကျောက်ခဲလေးတစ်လုံးကောက်သွားမယ်"

"ဟုတ်တယ်၊ ဟုတ်တယ် ငါတို့လည်း အမှတ်တရကောက်မယ်"

သူတို့တွေ တစ်ယောက်ခဲတစ်လုံးစီကောက်ပြီး ပြန်တက်လာကြသည်။

ကိုကျိုးက -

"ကဲ - မန္တလေးတောက်လျှောက်ဆွဲဆရာရေ"

ဟု ခပ်ရွတ်ရွတ်အော်ရင်း လုံးပီးပီးပခုံးကို လက်သီးနှင့်ဖွဖွထိုးသည်။

ကားမောင်းကျွမ်းလှသောလုံးပီးပီးက အကွေ့အကောက်များလှသော မိုင် (၁၂၀) ခရီးကို လေးနာရီနှင့် ရောက်အောင်မောင်းသည်။ ကားတစ်စီးကျော်တက်လိုက်တိုင်း လုံးပီးပီးကွဟူအော်ဟစ်အားပေးကြသည်။ သူတို့တွေ၏ဆူညံသံကြောင့် ပူးဆိန်ပင်မရလိုက်ဘဲ ဘယ်လိုကာယ်လို မန္တလေးရောက်လာသည်ကို ပင် မသိတော့ပါ။ မန္တလေးရောက်တော့ စိုင်းအွမ်အဖေက ကြိုထင်ဖုန်းဆက်ထားရှိ မိုင်ဆွမ်ခပွဲရုံမှာ မနက်စာစားကြသည်။

"ကဲ - နေပြည်တော်ကို အခိုင်ကောင်းရောက်အောင် ကလေးတို့တက်ကြတော့"

"ကိုအိုက်ဒီးရဲ့၊ ဒီမှာညအိပ်မှာ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

ပွဲစားက သူတို့ညအိပ်မည်ထင်သောကြောင့် ခြောက်ယောက်စာပြင်ဆင်ထားကြောင်းပြောလေ၏။ စိုင်းအွမ်တစ်ယောက်ပဲ မန္တလေးမှာနေခဲ့မှာဖြစ်ပြီး ကျန်လေးယောက်က နေပြည်တော်မှာ ညအိပ်မှာဖြစ်ကြောင်း၊ နေပြည်တော်ကို မရောက်ဘူး၍ တမင်ဝင်လည်ခြင်းဖြစ်ကြောင်း ညိုထွန်းက ရှင်းပြပါသည်။

နေ့လယ်စာစားပြီး နားပင်မနားဘဲ လုံးပီးပီးက ကားပြန်ထွက်ရန် လောဆော်သည်။ သူက ကလေးလေးယောက်ကို နေပြည်တော်ပို့ပြီး ချက်ချင်းပြန်လာမှာမို့ အလျင်လိုနေခြင်းဖြစ်ပါသည်။

"ကျောင်းမဖွင့်ခင် တစ်ပတ်ကြိုပြီး ရောက်အောင်လာနော် စိုင်းအွမ်"

"ဟုတ်တယ်၊ ဒီတစ်ခါ စာမေးပွဲဖြေပြီးရင် နောက်ထပ်တွေ့ဖို့မလွယ်ဘူး။ စောစောလာဖြစ်အောင်လာနော် စိုင်းအွမ်"

နောက်ဆုံးနှစ်ကျောင်းသားများမို့ အစွမ်းကုန်ကံလိုယာန်တူသည်။ကားထွက်သွားသည်အထိ ကျောင်းကိုစောစောရောက်အောင်လာဖို့ မှာမဆုံး။ စိုင်းအွမ်မှာသာ လက်လေးပြုပြီးကျန်နေခဲ့သည်။ ငါးယောက်သားတစ်ပတ်လုံးတွဲလာတော့ သူတစ်ယောက်တည်းကျန်ခဲ့သည့်အခါ ရင်ထဲမှာ ဟာနေသလိုလို။

"ကိုစိုင်းအွမ်၊ ယိင်းတို့စစ်ကိုင်းသွားမလို့ လိုက်ခဲ့ပါလား"

"တော်ပြီဟာ၊ မလိုက်တော့ပါဘူး"

"လိုက်ခဲ့ပါ၊ ကိုးယောက်ဖြစ်နေလို့ ဆယ်ယောက်ဖြစ်သွားအောင်လို့"

"မဟုတ်ဘူး၊ တစ်မနက်လုံး ကားစီးလာလို့ ငြီးစီစီကြီးမို့"

"ဒါဆိုလည်း မောင်ကျောက်ခဲခေါ်သွားရတော့မှာပဲ"

ပွဲစား၏သမီးငယ်လေးက လမ်းဘေးမှကျောက်ခဲတစ်လုံးကိုကောက်ယူကာ စိုင်းကျောက်ခဲ မမတို့နဲ့လိုက်ခဲ့ဟု ရယ်ကျဲကျဲပြောရင်း ကျောက်ခဲလေးကို ကားပေါ် တင်လိုက်သည်။ လူငယ်ဆိုတော့ တစ်စုံတစ်ခုဖြစ်မှာကြောက်လို့သာ၊ နည်းနည်းတော့ ရှက်ကန်းကန်းဖြစ်ဟန်တူလေသည်။

အဲ- ယိင်းတို့ကားလေးထွက်သွားမှ စိုင်းအွမ် သတိထားမိလိုက်သည်။ ကျောက်ခဲ နေပြည်တော်သို့သွားသောကားပေါ်မှာ ပူငါးယောက်နှင့်ကျောက်ခဲလေးလုံး။ တစ်ကိုယ်လုံးထူပူသွားသည်။ ခေတ်ပညာတတ်လူငယ်ဆိုသော်လည်း ရှမ်းပြည်နယ်မှာမွေး၊ ရှမ်းပြည်နယ်မှာကြီးပြင်းခဲ့သူမို့ သူကိုးဂဏန်းကိုကြောက်ပါသည်။ ချက်ချင်းဖုန်းလှမ်းဆက်သော်လည်း လိုင်းကမဝင်၊ ကားကသွားနေလို့လား၊ ဆက်သွယ်ရေးဧရိယာပြင်ပရောက်နေလို့လား ဘာကြောင့်မှန်းမသိ၊ ဆက်သွယ်၍မရ။ စိတ်ပူပန်စွာဖြင့် တတ်သမျှမှတ်သမျှ သမ္မဒေဒေရော၊ သြကာသရော စုံအောင်ရွတ်သော်လည်း အပြီးမမောက်မဖာသည်။ ယခုမှ ဘုရားစာမကျက်ခဲ့သည်ကို နောင်တတွေ့ရနေရင်း အန္တရာယ်ကင်းဘေးရှင်းပါစေဟုသာ စိုင်းအွမ် ဆုတောင်းနေမိသည်။

သို့သော် စိုင်းအွမ် ဆုတောင်းမပြည့်ပါ။ သုံးနာရီကျော်ကျော်လောက်တွင် ကိုဂျီးထံမှ ဖုန်းဆက်လာသည်။ မိတ္ထီလာအလွန် ညောင်တုန်းရွာမှာ အပူလွန်ကဲပြီး ဘယ်ဘက်ရှေ့ဘီး၊နောက်ဘီး နှစ်လုံးကွဲပြီး ကားမှောက်သည်။ ကိုချမ်းသတိမရသေး။ ကျန်နှစ်ယောက်ဒဏ်ရာအနည်းငယ်စီရသည်။ လုံးပီးပီးကတော့ ပွဲချင်းပြီးသေဆုံးသွားသည်။

ယောက်ျားတန်မဲ့ စိုင်းအွမ်ငိုမိပါသည်။ သူချစ်သော လုံးပီးပီးဆုံးပြီ။ ကိုချမ်းကော ဘာတွေထပ်ဖြစ်ဦးမှာလဲ။

❑

"စာရေးကြီးရေ၊ ကျွန်တော်တော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ။ ဒီနေပြည်တော်ကွန်ကရစ်လမ်းကလည်း နာမည်ကြီးနော်"

"ဆရာရယ်၊ လမ်းပြဿနာပဲပြောပြော၊ တိုက်ဆိုင်တယ်ပဲဆိုဆို ကျွန်တော့် အစ်ကိုကတော့ အားကိုးရတဲ့ ညာဘက်ရုံးတပည့်တစ်ယောက်နဲ့ ကားတစ်စီးဆုံးရှုံးလိုက်ရတာပါပဲဆရာ။ ဘီလို(ဖ)အော်နေ့(သ)ပေါ့ဆရာရယ်"

"ဒါနဲ့ ခင်ဗျားပြောခဲ့တယ်နော်။ နဝရတ်လက်စွပ်ဟာ သီလမြဲတဲ့လူတွေအတွက် အကျိုးပေးပေမယ့် သီလမရှိတဲ့လူတွေအတွက်ဆိုတော့ ခိုက်တတ်တယ်။ ကိုးဟာလည်း ဒီသဘောမျိုးပဲလို့လေ"

"မှန်ပါတယ် ဆရာ၊ ဒါပေမယ့် ကျွန်တော့်အစ်ကိုကတော့ တကယ့်သူတော်ကောင်းတစ်ယောက်ပါ။ သမ္မာအာဇီဝနဲ့အသက်မွေးပြီး သီလမြဲတဲ့သူ၊ အလှူအတန်းအပေးအကမ်းမပြတ်တဲ့သူ တစ်ယောက်ပါ"

"ဒါဆို"

"အတိတ်က ဝဋ်ကြွေးတွေပါလာရင်တော့ ဆပ်ကိုဆပ်ရမှာပဲဆရာ။ မြတ်စွာဘုရားရဲ့ လက်ဝဲတော်ခဲ့ အဂ္ဂသာဝက ကြီး ရှင်မဟာမောဂ္ဂလာန်တောင်မှ အမိကိုသတ်ခဲ့တဲ့ဝဋ်ကြွေးကြောင့် ရဟန္တာစင်စစ်ကောန်ဖြစ်ပါလျက်နဲ့ ဒိုးသားငါးရာရဲ့ အရိုက်အနှက်ခံရပြီး ပရိနိဗ္ဗာန်ဝင်ရသေးတာပဲဆရာ။ တန်ခိုးအရာမှာတောင် တေဒဂ်ရသူပဲ။ ရှောင်လွှဲမရလို့သာ ဒီလို အဖြစ်ဆိုးမျိုးနဲ့ နိဗ္ဗာန်ပြုရတာပေါ့။ အဲဒါ ဘုရားဂေါတမ သက်ရှိထင်ရှားရှိတုန်း ဒီအဖြစ်အပျက်ဖြစ်လို့ ဘာလို့ဒီလိုပရိနိဗ္ဗာန်ဝင်ရလဲဆိုတာသိရတာ။ ခုခေတ်မှာလိုဆိုရင်တော့ ရဟန္တာလည်းဆိုသေးအဖြစ်ဆိုးနဲ့လည်းကြုံရသေး၊ ရဟန္တာဟုတ်မှဟုတ်ရဲ့လားဆိုပြီး ပြစ်မှားကြီးမှာပေါ့။ ကျွန်တော်အစ်ကိုကတော့ ပုဒ္ဓဘာသာစစ်စစ်မို့ ထင်ပါရဲ့၊ ဝဋ်ကြွေးရှိခဲ့တာ အသေအချာလို့ပြောတယ်လေ၊ ဘာလို့လဲဆိုတော့ ဒီကားကိုဝယ်ခဲ့တဲ့သူငွေထဲမှာ မတရားတဲ့နည်း။ မိန္ဓာဒီဝနည်းနဲ့ ရှာထားတဲ့ငွေ တစ်ပြားမှမပါဘူးတဲ့ ဆရာ"

"အင်း - ပုဒ္ဓဘာသာဖြစ်ရတာ အလွန်ကံကောင်းလွန်းလို့ဆိုတာ သိပ်မှန်တယ်ဗျာ"

"ဆရာရယ်၊ အရင်းမရှိအဖျားမရှိ ဘာတွေကံကောင်းရပြန်တာလဲ"

"ဩော် - စာရေးကြီးရယ်၊ ပုဒ္ဓဘာသာမို့သာ အတိတ်က ဝဋ်ကြွေးရှိလို့ဆိုပြီး ဖြေနိုင်တာပေါ့ဗျာ။ မဟုတ်ဘူးဆိုတော့ ငါကောင်းတာလုပ်နေပါရဲ့နဲ့ ဒါမျိုးဖြစ်ရလေခြင်း၊ တော်ပြီ-လုပ်ချင်တာလုပ်ပစ်မယ်၊ ကောင်းတာလုပ်တိုင်းလည်း ကောင်းကျိုးပေးချင်မှပေးတာ၊ မဟုတ်တာတွေလုပ်ပြီး ကြီးပွားနေတဲ့လူတွေ တစ်လျှောကြီးဆိုပြီး စိတ်မိုက်စိတ်ရိုင်းတွေ ဝင်လာရင် ကမ္မာကြီးပျက်စီးသွားတော့မပေါ့။ လောကကြီးအကျည်းတန်သွားတော့မှာပေါ့ဗျာ"

ဝဋ်ကြွေးခံသည်မှာ နားလည်ခက်လှပါသည်။ မြတ်စွာဘုရားတပည့်တော်တွေတော့ မကြုံစဖူးအပ်သော အကျိုးပေးမှာ အတိတ်က ကံအကြောင်းတရားကို ထည့်ထားသေးသည် မဟုတ်ပါလား။

ထို့ကြောင့် ပုဒ္ဓဘာသာဝင်ကင်းဖြစ်သူ အရာရှိလေး ကိုအောင်မင်းသည်လည်း ဝဋ်ကြွေးဆိုသည်ကို လက်ခံမဖြစ် လက်ခံရပါလိမ့်မည်။

နိနီ (ကျောက်ဆည်)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

သိဒ္ဓိရှင်သူရဿတီမယ်တော်ရုပ်စီရင်နည်း

အနန္တကျေးဂူးရှင်
ဆရာတော်ကြီးဦးစာရိန္ဒအား
အမှတ်တရ

အရုပ်ထုလုပ်ရန်လ - စနေဆန်းသောလ။

နေ့-စနေနေ့၊

မွန်းတည့်ချိန်တွင် နံ့သာနီသားကို နေ့ချင်းပြီးထုရမည်။ ထုပြီးပါက တန်ခိုး ကြီးဘုရားသုံးဆူတွင် အခြိန်မီ ဂါထာပျံဝေဒါသာကုကို အခေါက်သုံးဆယ် နေ့ချင်းပြီး ရွက်ရပါမည်။

ဝေဒါသာကု၊ ကုသာဒါဝေ၊
ဒါယသာဒ၊ ဒသာယဒါ။
သာသာမိကု၊ ကုမိသာသာ၊
ကုဒကုဘု၊ ဘုကုဒကု။

ဝေဒါသာကု ဂါထာပျံအင်းကို အခေါက်သုံးဆယ်ရွတ်ပြီးနောက် -

ဝေဒါသာကုဂါထာပျံ

			ဘု	ဘု			
		မိ	ကု	ကု	မိ		
	ယ	သာ	ဒ	ဒ	သာ	ယ	
ဝေ	ဒါ	သာ	ကု	ကု	သာ	ဒါ	ဝေ

ဤ - ဣတ္ထိလောကေ၊
မဟာလာဘံ အာဂစ္ဆန္တု
ဂါထာကို (၃၇) ခေါက်ရွတ်ပါ။

နံ့သာနီစစ်စစ်၊ ဒူးပုဆစ်တုပ်ဟန်၊ ခပ်ပျပ်ပျပ်ခုခံ၊ ကိုယ်ဟန်တော်သွယ်လျ၊ မယ်သူရဿတီနွယ်၊ ကေသီဝယ်လက်ယာကချ။ ညာလက်က ဆံပင်ကိုင်၊ ရင်သားစိုင်နှစ်ဝ၊ ဘယ်လက်တွင်ထွာသလို၊ ညီအစ်မထိုင်ဟန်၊ မွန်းတည့်ချိန် စနေနေ့မှာ မှန်မရွေ့ထုကြအမြန်၊ စုတ်ကြတော့ ဂါထာကျဲကို ဤ ခံကာသုံးဆယ်မှုရယ်နှင့် နေ့ချင်းပဖြီးစေပါ။ ဝီယဝိဇာ မယ်တော်ရုပ်ပညာတွင် ယှဉ်စရာရှိဘူးပလေး။

ဂါထာပျံအခမ်းပွယ်

ရန်သူတို့သည် ဝေးရာအရပ်သို့ လျင်မြန်စွာပြေးစေကုန်သတည်း။

မကောင်းသောသူတို့သည် မိမိအလိုလိုအကြံအစည်ပျက်၍ ပျောက်စေကုန်သတည်း။

ဆယ်ပါးသော ရန်သူတို့သည် ကုသိုလ်ဆယ်ပါး တန်ခိုးအားကြောင့် ပျောက်စေကုန်သတည်း။

မက်မောခြင်းဖြစ်သောသူတို့နှင့် ရှည်မြင့်စွာ မပေါင်းရသည်ဖြစ်စေသတည်း။

အမျက်ဒေါသကြီးသောသူတို့ကို ဆုံးမသြဝါဒပေးသဖြင့်သာ အောင်စေသတည်း။ သူတော်ကောင်းတို့နှင့် မပြတ်ဖြစ်လေရာ သံသရာအဆက်ဆက်၌ ပေါင်းဖော်ခြင်းပြုရလိုင်၏။

စက်ဆုပ်ရွံရှာမကောင်းသူတို့နှင့် ဖြစ်လေရာရာအရပ်၌ မတွေ့ရသည်ဖြစ်လိုင်၏။

ဒါနစေတနာကြောင့် အခြံအရံပွားစေသတည်း။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

စိုးမင်းဦး (ဒုတိယအုပ်)

ဆန်းကြယ်လှသောပရလောကသား၏ လျို့ဝှက်တိုက်ဆိုက်ခရာသူတို့မှာ

အခိုန်က ၁၉၉၈ ခု နွေဦးရာသီ။ ယောနယ်ရှိ မွေ့လယ်ဘူတာတွင်တာဝန်ကျစဉ်ကဖြစ်ပါသည်။ လောကီပညာအနည်းငယ်သင်ထားမိ၍ ညစဉ်တစ်နိုင်ပုတီးစိပ်လာရာမှ တစ်ရက်တစ်ရက်ဖြင့် ထူးထူးခြားခြား ရုပ်ပုံတစ်ခုအား အိပ်မက်ထဲတွင် မကြာမကြာပေါ် လျက်ရှိ၏။

ရုပ်ပုံရှင်သည် အိပ်ရာထက်တွင် ပက်လက်၊ ခန္ဓာကိုယ်သည် ပိန်ပိန်လှီလှီ၊ ပါးချောင်ကျ၊ အရိုးပေါ် အရေဖုံးနေသည့် အမျိုးသမီး၏ပုံဖြစ်ပါသည်။ ထူးခြားစွာတွေ့ရသော ထိုအမျိုးသမီးသည် အမယ်ကြီးအိုပုံကဲ့သို့ အိုမင်းနေသောမျက်နှာပိုင်ရှင်သည် ဘယ်သူဘယ်ဝါဖြစ်သည်ကိုပင် ကျွန်တော် မသိနိုင်ခဲ့ပေ။ ဤသို့ဖြင့် ရုပ်ပုံရှင်သည် အိပ်မက်ထဲတွင်ပေါ်လိုက်၊ ပျောက်လိုက် အခိုန် (၆)လခန့်ပင် ကြာလာခဲ့ပေသည်။

ယောနယ်ရောက်၍ (၂) နှစ်ပင် ကျော်လာပါသည်။ အမေ့ထံသို့ တစ်ခါမျှမရောက်သေးပေ။ ဤသို့ဖြင့် တစ်နေ့ ရုံးကိစ္စနှင့်ကြုံလာ၏။ ထိုမှတစ်ဆက်တည်း တောမြို့ရှိ အမေ့ထံသို့ကန်တော့သွားခဲ့ရာ ထိုနေ့သည် (၁) နာရီခန့်တွင် အမေ့အိမ်ရောက်ပါတော့၏။

မနက်လင်းသည်နှင့် မြောက်ဘက်အိမ်မှ ဘွားလေးစိန်သည် ကျွန်တော့်အား လာတွေ့ရာ -

"ညတုန်းက (၁)နာရီထိုးတော့ ငါမြေး အိမ်ရောက်တာ မချိသိတယ်။ ညတွင်းချင်း ငါမြေးကို အခေါ်ခိုင်းသေးတယ်။ အဘွားက ညကြီးမင်းကြီးသူများ ခရီးပန်းလာတယ်။ ဘယ်ဖြစ်မလဲလို့ မနည်းချော့ပြောထားရတာ။ ခုငါမြေးရောက်တာနဲ့ မင်းအစ်မ မချိပျော်နေပြီ။ အဘွားအိမ်လိုက်ခဲ့၊ ဟိုရောက်ရင် ငါမြေးသိလိမ့်မယ်"

တန်းလျားခုံတွင် ထိုင်နေသော ကျွန်တော်သည် အဘွားစိန်၏ စကားများကြောင့် တစ်ခုခုထူးဆန်းနေသလိုတွေးမိ၏။ သူသမီးမချိကလည်း ညတွင်းချင်းအခေါ်ခိုင်းသေးတာကလည်း ထူးဆန်းနေပြန်၏။အကြောင်းတစ်ခုခုတော့

www.burmeseclassic.com

www.burmeseclassic.com

ရှိ၍ သာဟု ထင်မိ၏။

အဘွားစိန်သည် အမေ့ရဲ့အစ်မ၊ သူကို ကျွန်တော်က ဘွားလေးစိန်၊ အဘွားဟု ခေါ်ပါသည်။ သူသမီးမချိုက ကျွန်တော့်ထက် (၃) နှစ်ခန့်ကြီးသဖြင့် မောင်နှမတစ်ဝမ်းကွဲတော်စပ်သူ အပျိုကြီးမချိုနှင့် ကျွန်တော်မှာ မောင်နှမတွေပီပီ တစ်ယောက်နှင့်တစ်ယောက် မင်းနှင့် ငါသာ ပွင့်ပွင့်လင်းလင်းပြောတတ်ကြပါသည်။

ယခု အဘွားစိန်က သူ့အိမ်ကို ခေါ်သော်လည်း ကျွန်တော်က မနက် အဆာပြေစားရသေးပေ။ အမေစေးသွားတုန်း။ ပြန်လျှင် မုန့်တီဝယ်ခဲ့မှာမို့ ကျွန်တော်စောင့်နေခြင်း ဖြစ်သည်။ မကြာပါ။ အမေစေးကပြန်လာပြီ။ အိမ်ထဲဝင်တော့ သူ့အစ်မကိုတွေ့တာနှင့် နှုတ်ဆက်လိုက်ပါသည်။

"အစ်မလည်း ရောက်နေတာကိုး။ အစ်မမြေးက ည (၁) နာရီရောက်တယ်လေ။ သူစားဖို့ မုန့်တီဝယ်လာတယ်။ အစ်မလည်းတစ်ခါတည်းဝင်စားလိုက်။ ကျွန်မအပိုပါသေးတယ်"

ဆိုတော့ အဘွားစိန်က -

"ငါက စားပြီးပြီ၊ ငုံမြေးကို သူ့အစ်မအခေါ်ခိုင်းလို့ လာခေါ်တာပါအေ"

"ရပါတယ် အစ်မရယ်၊ မုန့်တီစားပြီးရင် ကျွန်မလွှတ်လိုက်မယ်"

"အေးအေး - ငါအိမ်ကပဲစောင့်တော့မယ်"

အဘွားစိန် အိမ်ပြန်သွားတော့ အမေနှင့်ကျွန်တော်မုန့်တီသုပ်စားရင်း အမေ့အား မေးကြည့်လိုက်ပါသည်။

"အမေ၊ အဘွားစိန်က မလာစဖူး အစောကြီး ကျွန်တော့်ကိုလာခေါ်တာ၊ အမေသိသလားလို့"

အမေက ခဏစဉ်းစားရင်းမှ -

"အဲ - ငါသိပြီ။ နှင့်အစ်မမချို နေမကောင်းတာကြာလှပြီလေ။ အဲဒါ နေမှာပေါ့"

အမေ့စကားကြောင့် ကျွန်တော် တွေဝေသွားပါသေး၏။မရောက်တာလည်း နှစ်နှစ်ကျော်ပြီဆိုတော့ ဒီအကြောင်းတွေ ဘယ်သိနိုင်မလဲလေ။

"ကျွန်တော်မသိဘူး အမေရဲ့"

ဆိုပြန်တော့ -

"မုန့်စားပြီးရင်သွားလိုက်ဦး၊ အစ်မက စောင့်နေရှာမှာ"

"ဟုတ်ကဲ့"

မုန့်တီစားပြီးတော့ အမေက မီးဖို့ချောင်သွားပြီ။ ကျွန်တော် အဘွားစိန်တို့ အိမ်သို့လှမ်းခဲ့၏။ အိမ်ရှေ့ခြံအပေါက်ဝတည့်တည့်ရောက်တော့ တန်းချိန်မဝင်သေး။ တံခါးဝမှာစုံရုပ်မိတယ်ဆိုလျှင်ပဲ ကျွန်တော်ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးဖြန်းဖြန်းထလာပါတော့၏။ ကျွန်တော်သည် တစ်ပါးအိမ်သို့ အလည်ဖြစ်စေ၊ တကူးတကဖြစ်စေ ခြံပေါက်ဝရောက်တိုင်း သတိမူလေ့ရှိပါသည်။

ဤတွင် ကျွန်တော်သိလိုက်ပြီ။ ဒီအိမ်မှာ တစ်ခုခုတော့ဖြစ်နေပြီပေါ့။ မသိသလိုဖြင့် ခြံထဲဝင်လာစဉ် ခြေတံရှည်အိမ်မြင့်ပေါ်က ဘွားလေးစိန်အော် ခေါ်နေလေပြီ၊ အိမ်အပေါ်တက်ခဲ့ဖို့။ တစ်လှမ်းချင်းတစ်လှမ်းချင်းဖြင့် အိမ်ပေါ်ရောက်တော့၏။ အဘွားစိန်က ကျွန်တော့်အားခေါ်လိုက်၏။

"လာ-ငုံမြေး၊ မင်းအစ်မက ဒီမှာ"

ဆိုတာနှင့် မျက်တောင်မခတ်ဘဲ အစ်မဆိုသည့်အမျိုးသမီးကို အနီးကပ်ကြည့်လိုက်သည်နှင့် ကျွန်တော်ထိတ်လန့်အံ့သြသွားပါသည်။ စကားပြန်ဖို့ပင် မေ့နေ၏။ အစ်မ၏ရုပ်မှာ မြင်ရက်စရာမရှိပေ။ အရိုးပေါ် အရေဖုံးနေသည့် လူရိုးခြောက်ကဲ့သို့ပင်ဖြစ်နေရှာသည်။ အစ်မက မျက်လုံးလေးကလယ်ကလယ်ဖြင့် ကျွန်တော့်အားငဲ့၍ပြုံးကာ စကားပြောရှာပါသည်။

"မင်းလာမယ်ဆိုတာ ငါသိတယ်။ ငုံကိုကယ်နိုင်တာ နှင်ပဲရှိတယ်။ မျှော်လိုက်ရတာ ငုံမောင်ရယ်။ နှင့်ကို ငါ ခဏခဏခေါ်နေတာ နင်မသိဘူးလားဟဲ့"

အစ်မသည် ကျွန်တော့်အား အမွန်းတင်လိုက်၊ မကျေနပ်လိုက်ဖြင့် ပြောသော်လည်း သူမျက်နှာက ပြုံးရောင်သန်းလျက်မို့ ဝမ်းသာနေသည်ကတော့ အမှန်ဖြစ်၏။ ကျွန်တော်ကတော့ စိတ်မကောင်းစွာနှင့် အစ်မကိုကြည့်နေတော့ အဘွားစိန်က ကြားဖြတ်၍ပြောပြန်ပါသည်။

"ဟုတ်တယ် ငုံမြေး၊ မင်းအစ်မက

www.burmeseclassic.com

www.burmeseclassic.com

မင်းကို တသသနဲ့ခေါ်နေတာ၊ နေ့တိုင်း လိုလိုပဲ။ မင်းလာနိုးလာနိုးနဲ့မျှော်နေရတာ။ မင်းကိုခေါ်ပေး၊ သူကိုမင်းပဲကယ်နိုင်တယ်လို့ ခဏခဏပြောနေတယ်မြေးရဲ့။ အဘွားက ငါ့မြေးကိုခေါ်ဖို့ပဲ။ သွားဖို့လာဖို့က ခရီးက နီးတာမဟုတ်။ ဒါကြောင့် လာမခေါ်ဖြစ်တာ"

ကျွန်တော်သည် အဘွားအား ကြားဖြတ်၍မေးလိုက်ပါသည်။

"ဘွားလေးစိန်၊ အစ်မဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

ဟု မေးသောအခါ

"ဒီလကုန် ငါ့သမီးအိပ်ရာထဲလဲနေတာ (၁၄) လပြည့်ပြီ ငါ့မြေး"

အံ့သြသွားသူက ကျွန်တော်ပါပဲ။

"ဟား-အဲဒီလောက်ကြာပြီလား"

"ကြာပါပြီကော မြေးရယ်၊ မင်း အစ်မဒီလိုဖြစ်တာ တကယ်မသိတာလား"

ဆိုပြန်တော့ -

"တကယ်မသိတာ ဘွားလေးစိန်ရဲ့"

အစ်မအားကြည့်၍ သနားနေမိသလို ဒီလောက်အကြာကြီး လခြီကာ အိပ်ရာထဲလဲနေရှာတော့ အားမရှိရှာပေ။ အရိုးပေါ်အရေဖုံးလို့ သူ့ရဲ့ငယ်မူငယ်ရုပ် ပင်မပေါ်တော့ပေ။ လွန်ခဲ့သော(၆)လ ခန့်မှ ယောနယ်တွင်ရှိစဉ် ကျွန်တော်၏ အိပ်မက်ထဲ မကြာမကြာပေါ်သော ပိန်ပိန်လှီလှီအမယ်ကြီးအိုသဏ္ဌာန်အမျိုးသမီးမှာ အစ်မ မချိုဖြစ်နေမှန်း ယခုမှ သိရပါတော့သည်။

အစ်မအား မည်သို့ကယ်တင်ရမည်နည်း။ မိမိကလည်း များများစားစား ပညာကမတတ်၊ လောကီပညာအသေးလေးသာတတ်သေးသူ။ စဉ်းစားခန်းဖွင့်သည့်အခါ မိမိတတ်သလောက်ဖြင့်သာ အစ်မကိုကယ်မည်ဟုဆုံးဖြတ်ရပါသည်။ သို့ဖြင့် ဘွားလေးစိန်အား အကူအညီ စတင်တောင်းလိုက်ရပါသည်။

"ဘွားလေးစိန်၊ ကြွက်မြီးကောင်းကောင်း အုန်းသီးတစ်လုံးနဲ့ ငှက်ပျောသီး စိမ်း (၃) ဖီး အခု ရနိုင်သေးလား"

ဆိုတော့ အဘွားစိန်က -

"အေး - ရနိုင်တယ် မြေး၊ ခဏ တော့စောင့်ရမှာ"

ဆိုပြန်တော့ -

"ရတယ် ဘွားလေးစိန်၊ ဒါဆို အဆင်ပြေတယ်။ ဘယ်အချိန်ရရဖြစ်တယ်။ အုန်းသီး၊ ငှက်ပျောသီးရှိရင် ကျန်တဲ့ပစ္စည်းက ပိုလွယ်တယ်"

အဘွားစိန်ကို အသိပေး၍ -

"ဒါဆို ကျွန်တော် မြို့ထဲသွားလိုက်ဦးမယ်။ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ကွမ်း၊ ဆေး၊ လက်ဖက် အကုန်ဝယ်ခဲ့မယ်နော် မကြာဘူး"

ဆိုတော့ အဘွားက -

"အေးအေး- မြေးပြန်လာတာနဲ့ အဘွားအဆင်သင့်ပြင်ထားလိုက်မယ်"

ကျွန်တော်သည် အဘွားစိန်အား နှုတ်ဆက်၍ မြို့ထဲတွင် လက်ဖက်ရည်သောက်ရင်း အစ်မ၏ရောဂါအကြောင်း စဉ်းစားခန်းဝင်ခဲ့သေး၏။ လိုအပ်သော ပစ္စည်းများဝယ်၍ မနက်ပိုင်း ရှစ်နာရီခွဲခန့်တွင် အဘွားစိန်အိမ်သို့ရောက်၏။

အဘွားစိန်သည် ကြွေဇလုံကြီးထဲတွင် ငှက်ပျောသီး၊ အုန်းသီးအားအသင့်ပြင်ပေးထားသော်လည်း ကျွန်တော်က ကိုယ်တိုင်သီးသန့်ပြန်ပြင်လိုက်ပါသည်။ ပစ္စည်းစုံထည့်၍ အလှူခန်းစတင်ရပါသည်။

ဖယောင်း၊ အမွှေး၊ သောက်တော်ရေ၊ အုန်းပွဲများဖြင့် တနလ်ာသမီး မချို အတွက် ရည်စူး၍ ဘုရားအား လှူဒါန်းလိုက်ပါသည်။

ဤနေရာတွင် ကျွန်တော်သည် အစ်မအား ငယ်ဆရာ ဆရာသန်း၏ နည်းဗျူဟာဖြင့် ကုသပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။ ဆရာသန်း၏ ဓာတ်ဖွင့်သည့်ပညာခန်းစတင်လိုက်ပါသည်။

ဘုရားကျောင်းဆောင်ရှေ့တွင်ရှိသော အဘွားစိန်အား စတင်မေးလိုက်ပါသည်။

"ဘွားလေးစိန်၊ အသားငါးဘာတွေစားသလဲ"

ဟု မေးတော့ -

"အဘွားက အသားငါးမစားတာကြာလှပြီမြေးရဲ့၊ ဘာဖြစ်လို့တုံး"

ဆိုတော့ ကျွန်တော် ဝမ်းသာကျေနပ်သွားပါသည်။

"သိချင်လို့ပေါ့ အဘွားစိန်ရဲ့။ ဒါဆို အဆင်ပြေပြီ။ နောက်တစ်ခေါက်ခေါ်စရာမလိုတော့ဘူး"

ဘွားလေးစိန်အား ဤသို့မေးရသည်မှာ မိမိအသုံးပြုမည့်သူသည် အသားငါး(အကုန်စား)စားသည်ဆိုလျှင် ဓာတ်ဖွင့်ဖို့ မလွယ်ကူလှပါ။ အသားငါးမစားသည့်သူဆိုလျှင် အကောင်းဆုံးဖြစ်ပါသည်။ တချို့က အသားငါးတော့စားသည်။ ဒီအထဲက အမဲသား၊ ကျွဲသားမစားဘူးဆိုလျှင်လည်း အံသင့်အတင့်ရပါသည်။ နောက်တစ်ယောက်ခေါ်စရာမလိုခြင်းမှာကား ဘွားလေးစိန်သည် ကျွန်တော်လိုချင်သောသူဖြစ်နေသည့် အတွက်ဖြစ်ပါသည်။

ဤနေရာတွင် ကျွန်တော်၊ ဘွားလေးစိန်၊ အိမ်နီးချင်းအမျိုးသမီးကြီးတစ်ဦးနှင့် အနောက်ခန်းရှိ လူမမာအစ်မတို့ (၄)ဦးသာရှိပါသည်။

ရှေးဦးစွာ ဘွားလေးစိန်အား ဘုရားဝတ်ပြုခိုင်း၍ ငါးပါးသီလခံယူခိုင်းလိုက်ပါသည်။ ဘွားလေးစိန် ဘုရားဝတ်ပြုချိန်တွင် ကျွန်တော်သည် ဆိုင်ရာဝိဇ္ဇာများ၊ နတ်မင်းများနှင့် သူရဿတီမယ်တော်တို့အား မေတ္တာပို့၊ အမျှဝေ၍ ဤနေရာဤဌာနသို့ စုံစုံညီညီကြွရောက်ပေးဖို့ ဖိတ်ခေါ်လိုက်ပါသည်။ ထို့နောက် ကျန်သောအစောင့်အရှောက်များလည်း ဤနေရာကြွရောက်ကြဖို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

အဘွားစိန် ဘုရားဝတ်ပြုပြီးတော့ အစ်မ၏အသက်နှင့်ခန္ဓာ၊ အဘွားစိန်၏ အသက်နှင့်ခန္ဓာအား ကျွန်တော့်ကို အာဘ်ခိုင်းသည့်အခါ အဘွားစိန်က အပ်၍ ကျွန်တော်က ချုပ်တည်းကာ ဘုရားနှင့် ဝိဇ္ဇာအပေါင်းတို့အား လှူဒါန်း အပ်နှံလိုက်ပါသည်။ အစ်မ၏ အသက်နှင့်ခန္ဓာ၊ အဘွားစိန်၏ အသက်နှင့်ခန္ဓာ အပ်ခိုင်းခြင်းမှာ အကြောင်းရှိပါသည်။ ဆေးကုနေစဉ်အတွင်းတွင် အခြားသော အမှောင့်ပယောဂများ ကြားညှပ်၍ဝင်လာနိုင်သဖြင့် ချုပ်ကိုင်ထားခြင်းဖြစ်ပေသည်။

အဘွားစိန်အား မျက်စိမှိတ်လျက် ဘုရားအား အာရုံပြုထားဖို့ပြောလိုက်ပါသည်။ ဘုရားအာရုံပြုနေစဉ် ကျွန်တော်နှင့် ဘွားလေးစိန် (၂) ဦးတည်း အပေးအယူစတင်ပါသည်။

"အဘွားစိန်၊ မျက်စိကို ကျွန်တော် မဖွင့်ခိုင်းမချင်းမဖွင့်နဲ့နော်။ ကျွန်တော်က ဖွင့်ဆိုမှဖွင့်ပါ"

ဟု ပြောတော့ မျက်စိမှိတ်လျက် ဖြေပါသည်။

"အေးအေး - ငါ့မြေးပြောတဲ့အတိုင်းလုပ်မယ်"

စကားပင်မဆုံးသေးပါ။

"ဟဲ့ဟဲ့ - ငါ့မြေး အဘွားမျက်စိထဲမှာ အလင်းရောင်တွေတဖျပ်ဖျပ်နဲ့ ဓာတ်ပုံရိုက်နေသလိုပဲ။ ဖြစ်ပါ့မလားမြေးရဲ့"

ဆိုလာပြန်တော့ -

"ဖြစ်ပါတယ် အဘွားစိုးရဲ့။ ကျွန်တော်တစ်ယောက်လုံးရှိနေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်းကြည့်ရင်းနဲ့ ရုပ်ရှင်ကြည့်သလိုပေါ့ လာမှာနော် အဘွား။ ကြောက်စရာမလိုဘူး။ ပေါ်လာတာ ကျွန်တော့်ကို ပြော၊ အဘွားနဲ့ကျွန်တော်အပြန်အလှန်ပြောကြမှာ"

"အေး၊ အေး - အဘွားမှတ်ထားမယ်။ ဟော၊ ဟော - ဘုရားကြီးကြွလာပြီ။ ဟုတ်တယ်မြေးရဲ့၊ ဘုရားကြွလာပြီ။ ရှိခိုးလို့ရတယ်မို့လား မြေးရဲ့"

ဆိုတော့ ကျွန်တော်က တားရပါသည်။

"ဒီအတိုင်း စိတ်ထဲကနေပဲဖူးနေအဘွား မကန်တော့နဲ့။ အာရုံပျံက်သွားလိမ့်မယ်။နောက်ထပ်ဘာတွေပေါ်သေးသလဲ၊ သေချာကြည့်ပါဦး အဘွားရဲ့။ ရောက်နေကြပြီ"

ပြောတော့ အဘွားက ဖြေပါသည်။

"အေး - ဟုတ်တယ်မြေး၊ ဘုရားရဲ့နံဘေးက အဝတ်ပြူးပြူးနဲ့တစ်ယောက်၊ အညိုရောင်သင်္ကန်းနဲ့ ရသေ့ကြီးတစ်ပါး နှစ်ယောက်တွေ့တယ်မြေး"

နောက်ထပ်အရှာခိုင်းလိုက်ပြန်ပါ၏။

"သူတို့ရဲ့ ဘယ်ဘက်မှာလည်း ရောက်နေကြပြီ အဘွားရဲ့၊ သေချာကြည့်ပါဦး"

"အေး၊ အေး - တွေ့တယ်၊ တွေ့တယ်။ နှတ်သားတွေကွယ်၊ (၄) ပါးတောင်။ သူတို့က ဝင်းဝင်းပြောင်ပြောင်တွေပဲ မြေးရဲ့။ အဲ - သူတို့ရဲ့နံဘေးမှာ နတ်သမီးတစ်ပါးတွေ့တယ် မြေးရဲ့"

ကျွန်တော်ကျေနပ်သွားပါသည်။

"အဲဒါ သူရဿတီမယ်တော်ပဲ အဘွားရဲ့။ သူအနားက နတ်သား (၄) ယောက်က စတုမဟာရာဇ်နတ်မင်းကြီး (၄) ပါးပဲ"

ဆိုလိုက်သည်နှင့် အဘွားဟာ အနည်းငယ်အံ့သြသွားဟန်ဖြင့် -

"အိုး - အဲဒီလိုလား။ အံ့သြစရာမြေးရယ်၊ လှလိုက်ကြတာ"

ဤနေရာတွင် အထက်မှတင်ပြခဲ့သလို နတ်မင်းကြီး(၄)ပါးနှင့် မယ်တော်သည် ပင့်သည့်အခါတိုင်း ကြွရောက်ပေးသလို ဝိဇ္ဇာများကတော့ ပုံမှန်မရှိပါ။ တစ်ခါတလေ တစ်ပါးသာကြွ၍ တစ်ခါတလေ (၄) ပါး၊ (၅) ပါးလည်း ကြွရောက်ကြပါသည်။ ကြွရောက်ကြသည့် အခါတွင် သူတို့၏နာမည်အား ရေးပြတာလည်းရှိသလို မရေးပြသည့်အခါလည်းရှိပါ၏။

အမြင်ဓာတ်ဖွင့်ပုံမှာ အဘွားစိန်အာရုံယူနေချိန်၌ ကျွန်တော်၏မနောတွင်းမှ အမိန့်ပေး၍ သံ(၈)ချက်၊ ဣ(၈)ချက်၊ စမ(၄)လုံးဂါထာ၊ ဝဂါထာ စသည်များရွတ်ဆိုဖွင့်ပါသည်။ တစ်ခါတလေ မပီမပြင်ဝိုးတိုးဝါးတားဖြစ်သည့်အခါမျိုးတွင် မိမိက သူ့ရှေ့တည့်တည့်မှ သူမျက်လုံးတစ်စုံအား လက်ညှိုးနှင့်ထိုး၍ ထိုဂါထာများအား ရွတ်ဆိုဖွင့်ပါသည်။ ဤသို့မှမကြည်လင်သေးလျှင် မျက်စဉ်းကဲ့သို့ သောက်တော်ရောတစ်ခွက်တောင်းကာ မျက်စဉ်းခတ်လျှင်လည်းဖွင့်ပါသည်။

နောက်ထပ် ဓာတ်တစ်မျိုးပွင့်ပါသေးသည်။ သူပွင့်ပုံမှာ ဘုရား၊ ဝိဇ္ဇာ၊ နှတ်မင်းကြီးနှင့် မယ်တော်မှအစ တစ်ဦးတစ်ယောက်မှမပေါ် ဘဲ ရုပ်ရှင်ပိတ်ကားဖြူဖြူကဲ့သို့ အလင်းသာပေါ်သောသူလည်းရှိပါသည်။ ထိုသို့အလင်းပေါ်ခြင်းသည် ဆရာလုပ်သူအား ကုထုံးလွယ်စေရန် တစ်နည်းအားဖြင့် အလိမ်အညာမခံရစေရန် ဖြစ်ပါသည်။

အမြင်ဓာတ်ဖွင့်သည့်အခါ လူတိုင်းမပွင့်ပါ။ ကျွန်တော်မိသလောက် ပြောရပါလျှင် (၁၀) မှာ (၁) ဦး၊ (၂)ဦးသာရှိပါသည်။ အမျိုးသားများထက် အမျိုးသမီးများကပိုပွင့်ပါသည်။

ထိုသို့ အမြင်ဓာတ်ဖွင့်သည့်အခါ အတုအယောင်များ ဝင်လာလေ့ရှိပါသည်။ထိုအတုအယောင်များအကြောင်းမှာ အလွန်များပြားလှပါသဖြင့် ချန်လှပ်အပ်ပါသည်။

စောစောက အဘွားစိန်ထံမှ အလင်းရောင်စတင်တွေ့စဉ်ကတည်းက ကျွန်တော်၏ မနောစီတံမှ ဂါထာများ ရွတ်ဆိုဖွင့်သည်ကို အဘွားစိန်မသိနိုင်ပေ။

အစ်မအား စတင်ကုသဖို့အတွက် စစ်ဆေးလိုက်ပါ၏။ ကျွန်တော်အသံထွက်အမိန့်ပေးလိုက်၏။

"အစ်မရဲ့ရုပ်ရှေ့တည့်တည့်ရောင်စေ"

ဟု ပြောလိုက်သည်နှင့် အဘွား၏ အမြင်အာရုံတွင် အစ်မနှင့်တစ်ပုံစံတည်း ပုံတူကိုယ်ပွားပေါ်နေပါမည်။

"အဘွား၊ အစ်မရှေ့တည့်တည့်ရောက်နေပြီ၊ သေချာကြည့်ပါဦး"

ဆိုတော့ အဘွားက ပြန်ပြောပါ၏။

"အေး၊ အေး- ငါ့သမီး ရှေ့တည့်တည့်ရောက်ပြီမြေးရဲ့"

ဟု ကြားသည်နှင့် ကျွန်တော်၏ မနောမှ အစ်မကိုပြုစားထားသူနှင့် အားလုံး ရှေ့တည့်တည့်သို့အပြိုင်လိုက်ပါ၏။ နံဘေးမှ ညီသည်အမျိုးသမီးကြီးသည် ငြိမ်သက်စွာနားထောင်ကြည့်နေသလို လူမမာအစ်မကတော့ အနောက်ခန်းထဲက နားထောင်နေမည်ထင်မိ၏။

"အဘွား၊အစ်မကိုတွယ်တဲ့သူတွေရောက်နေပြီ သေချာကြည့်"

ဟု ပြောတော့ -

အဘွားသည် စိတ်မကောင်းစွာ အသံထွက်လာပါသည်။

"အလို - ငါတို့အမျိုးထဲကပါလား။ နှစ်ယောက်တောင်ပဲ မြေးရဲ့"

"နောက်ထပ်ကြည့်ပါဦး"

ဆိုပြန်တော့ -

"အိမ်နားက ယောကျ်ားတစ်ယောက်တွေ့တယ်မြေး"

ဟု ဖြေအပြီးမှာ ကျွန်တော်က -

"နောက်ထပ်ပါသေးတယ်အဘွား၊ သေသေချာချာကြည့်ပါဦး"

ဟုဆိုတော့ အဘွား၏မျက်နှာအပေါ် သို့ အနည်းငယ်မော့၍ပြောပါသည်။

"ရသေ့ကြီးတစ်ပါးနဲ့ သူနောက်က သူနောက်က ဘာကြီးပါလိမ့်။ မျက်နှာကမျောက်၊ ကိုယ်လုံးကလူ၊ မျောက်မျက်နှာနဲ့လူတစ်ယောက်လည်းပါသေးတယ်မြေး"

အဘွား၏အဖြေအား ကျွန်တော်သဘောကျ၍ပြုံးလိုက်ပါသည်။ အနည်းငယ် ကျေနပ်သွားပါသည်။ အိမ်နှင့်ခြံအတွင်းစစ်ရဦးမည်ဖြစ်၍ အမိန့်ပေးလိုက်ပါသည်။

"ခြံထဲအိမ်ထဲမှာနှောင့်ယှက်ထားတာတွေသိချင်တယ်။ အကုန်ပြစေ"

ဟု ပြောလိုက်သည်နှင့် အဘွားအား မေးလိုက်ပါသည်။

"အဘွား၊ အိမ်ထဲခြံထဲမှာဘာတွေရှိသလဲ၊ သေချာကြည့်ပါဦး"

ဟု မေးလိုက်သည်နှင့် အဘွားသည် အံ့သြသွားသည်ထင်၏။

"ငါတို့ ခြံဝေါက်ဝ၊ တံခါးပေါက်အလယ်တည့်တည့်မြေကြီးထဲ တစ်ထွာလောက်မှာ ညောင်ရေအိုးတစ်လုံးတွေ့တယ်မြေး"

ဟုကြားလိုက်သည်နှင့် ကျွန်တော် အနည်းငယ်ဒေါသထွက်မိသေး၏။ သူတို့၏ယုတ်မာပုံကို မကျေနပ်၍ဖြစ်ပါသည်။

"အဲဒီညောင်ရေအိုးထဲမှာ ဘာတွေရှိသလဲ၊ အဘွားသေချာကြည့်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်သည်နှင့် အဘွားကဖြေ၏။

"သိမ်ဝင်းသပိတ်ကွဲ၊ အနက်ရောင်အင်းတစ်ခု၊ အနက်ရောင်ဘုရားသေးသေးလေးတစ်ဆူ၊ ဆေးတောင့် (၃) တောင့်၊ ညောင်ရေအိုးဖင်မှာ အင်းရှိတယ် မြေး"

"ရပြီ အဘွား ရပြီ၊ မျက်လုံးမဖွင့်သေးနဲ့နော်။ ကျွန်တော့်လုပ်စရာရှိသေးတယ်။ ခြံအပေါက်ဝက ညောင်ရေအိုးဘယ်သူမြှုပ်တာလဲ"

ဟု အမိန့်ပေးသည့်အခါမှာတော့ အဘွားကဖြေ၏။

"အိမ်နားက ယောကျ်ားမြေးရဲ့။ မြေးအိမ်အနောက်က ကြက်ခြံကို မီးခိုးလိုမှိုင်းမှိုင်းနဲ့ (၃)ရစ်ရစ်ပတ်ထားသေးတယ် မြေးရဲ့"

ကျွန်တော်သဘောပေါက်ပြန်ပြီ။ လွန်ခဲ့သော (၆) နှစ်ခန့်က အဘွားစိန်ရဲ့သားတွေ ဥစ္စာကြက်တွေမွေးတော့ ကြက်တွေအကုန်လုံး လည်လိမ်ပြီးသေသွားတာ ကြားလိုက်ရသည်။ အခုထိမပြယ်သေး။ ကြက်ခြံက ဟောင်းလို့ဆွေးနေပြီ။

ရောဂါသည်အစ်မအား စစ်ဆေးလိုက်ပါသည်။

"အဘွား၊ အစ်မရဲ့ဗိုက်ထဲမှာ ဘာတွေရှိသလဲ။ သေသေချာချာကြည့်ပြီး ကျွန်တော့်ကိုပြော"

ဟု ဆိုသည်နှင့် အဘွားမျက်လုံးကလေး မှိတ်တုတ်မှိတ်တုတ်ပိုကျဉ်သွားကာပြောပါသည်။

"ဗိုက်ထဲ၊ အစာအိမ်ထဲမှာ မည်းမည်းတွေရှိတယ်မြေး"

"ဟုတ်ပြီ၊ ဆက်ကြည့်ပါဦး"

ကျွန်တော်က ထပ်၍မေးလိုက်စဉ်တွင် -

"လည်ချောင်းဝနားမှာ မည်းမည်းတွေရှိတယ် မြေး။ အဲ - ဟို. . . ဟို"

အဘွားစိန်၏စကားပြောမထွက်၍ ထစ်နေပြီမို့ ကျွန်တော်က -

"မိန်းမအင်္ကျီနားမှာလည်းရှိတယ် မို့လား"

ဆိုတော့ အဘွားက ပြုံးစိစိဖြင့် ဖြေ၏။

"အေး-ဟုတ်တယ် မြေး၊ အဘွားက မပြောတတ်လို့"

ကျွန်တော်၏စိတ်များ ကြည်လင်လန်းဆန်းသွားတော့၏။ အစ်မအတွက် တတ်သမျှလေးနှင့် ကူညီပေးရတာ တစ်ပိုင်းတစ်စကျွေနပ်သွားမိပါသည်။

"ကဲ - အဘွား ဒါလောက်ဆိုရပါပြီ။ ဘုရားကိုဦးချ၊ ဝိဇ္ဇာတွေဦးချ၊ မျက်လုံးဖွင့်လို့ရပြီ"

အဘွားသည် ဦးချပြီး၍ ကျွန်တော့်အား စေ့စေ့ကြည့်ကာ အံ့သြသကဲ့သို့ကြည့်နေရှာပါသည်။ ကျွန်တော့်အထင် အဘွား၏ တစ်သက်တာတွင် ဤကဲ့သို့ ထူးခြားလှသော အထိအတွေ့များ တစ်ကြိမ်တစ်ခါမျှ မထိတွေ့ခဲ့ဘူးချေ။ ထို့ကြောင့် အံ့သြမိသည်ထင်မိ၏။

"ကဲ - အဘွားစိန်၊ တွယ်ထားတာကတော့များတယ်။ အခုလောလော ဆယ် အဆိုးဆုံးကို အရင်လုပ်ရမယ်။ ဝင်းမြင့်တို့မရှိဘူးလား"

ဟုမေးတော့ အဘွားက -

"သူတို့က ဘုတာနားမှာနေတာ မြေးရဲ့၊ ဘာလုပ်မလို့လဲ"

"ခြံပေါက်ဝက အင်းတိုက်ထားတဲ့ ညောင်ရေအိုးအဖော်ခိုင်းမလို့"

ဟု ပြောလိုက်ရာ အဘွားစိန်က ဝမ်းသာစွာဖြင့် -

"အေးအေး-ဟုတ်တယ်၊ အဘွား ဝင်းမြင့်ကို သွားခေါ်မယ်။ သူကိုတူးခိုင်းမယ်"

"ဩော် - လူတွေများ ငါတို့မိသားစုကို ဘာလို့များမျက်မုန်းကျိုးနေကြပါလိမ့်။ ငါတို့လည်း ဘယ်သူ့ကိုမှ ဒါမျိုးမကြံစည်ခဲ့ပါဘူး။ ငါတို့အမျိုးရင်းကြီးထဲကကိုလုပ်ကြတာ၊ ငါ့သမီးလေးကိုလည်း အသေသတ်ကြတာကိုး"

အဘွားစိန်သည် စိတ်မကောင်းသည့်အမူအရာဖြင့် ကျွန်တော့်အားပြောနေသယောင်။

"ကဲ - အဘွားစိန် အားငယ်မနေနဲ့။ အစ်မအတွက်တော့ ကျွန်တော်တတ်သလောက်ရှင်းပေးခဲ့မယ်"

ဟု ပြောလိုက်သည်နှင့် အဘွားစိန်သည် အားတက်ဟန်ဖြင့် -

"ဒါကြောင့်မို့ ငါ့သမီးက ငါ့မြေးကို တသသတ,တာကိုး။ ငါ့မြေးပဲ သူ့ကိုကယ်နိုင်တယ်တဲ့လေ။ ငါ့မြေးဒီလိုတတ်မှန်း အဘွားက ဘယ်သိမတုံးကွယ်"

"ကဲ - အဘွား၊ ကျွန်တော် အစ်မကို အပင်းတွေချလိုက်ဦးမယ်။ အစ်မတစ်ကိုယ်လုံးလှုပ်မရအောင် တစ်မှိစိမ့်အားနည်းသေအောင်လုပ်ကြတာ။ သွေးကြောတွေ၊ဆီးကြောတွေပိတ်ထားတယ်။ အစာဟာန်ထားတယ်။ ဒါတွေအကုန်ဖြေရမယ်။ အဘွားက ဝင်းမြင့်ကို ခေါ်ပြီး ညောင်ရေအိုးအမြန်ဖော်ခိုင်းလိုက်တော့ ဟုတ်ပြီလား"

"အေး၊ အေး - အဘွား ဝင်းမြင့်သွားခေါ်မယ်"

အဘွားသည် အိမ်ပေါ်မှဆင်း၍ ဘူတာဘက်သို့ ထွက်သွားတော့၏။ ဤသည်အမျိုးသမီးကတော့ ကျွန်တော်တို့လုပ်ပုံတွေကိုသာ အကဲခတ်၍ အိမ်ပြန်သွားတော့၏။ ဝင်းမြင့်က အဘွား၏သားအလတ်ဖြစ်ပါသည်။

အဘွားစိန်၏မိသားစုအကြောင်းအနည်းငယ် ကြားညှပ်၍ပြောပါမည်။ အဘွားစိန်တို့လင်မယားနှင့် သား (၃) ယောက်၊ သမီး (၃) ယောက် စုစုပေါင်း မိသားစု (၈) ယောက်ရှိ၏။ ပရိတောဝလုပ်ငန်း၊ မီးသွေးလုပ်ငန်းများနှင့်အသက်မွေးကြ၏။ ယခုကဲ့သို့ အတိုက်မခံရစဉ်ကပင် သူတို့မိသားစုတွင် စီးပွားရေးအတော်အတန်ရှိ၍ မိသားစုတစ်စုလုံးစည်းစည်းလုံးလုံးဖြင့် နေနိုင်ကြသော မိသားစုဖြစ်ပါသည်။

ယခုကဲ့သို့ တိုက်ခိုက်ခံရသဖြင့် မိသားစုတစ်စုလုံး အကွဲကွဲအပြားပြားဖြစ်၍ စီးပွားပျက်သည့်အခြေအနေသို့ ရောက်ရှိသွားရခြင်းဖြစ်ပါသည်။ အဘွားစိန်သည် သူတို့မိသားစု ယခုကဲ့သို့ပယောဂဖြင့်ပြုစားခံရသည်ကို လုံးဝမသိရှာပေ။

လွန်ခဲ့သော (၇)နှစ်ခန့်မှစ၍ တိုက်ခိုက်ခံရစဉ်ကတည်းက အိမ်ထောင်ဦးစီးအဘွားစိန်၏ယောကျ်ား ဆုံးပါးသွားပါသည်။ အဖေဆုံးတော့ သားတွေကရှိစုမဲ့စုဖြင့်ဥစ္စာကြက်တွေမွေးပြန်တော့ ဥချခါနီးမှ ကြက်တွေအကုန်လုံးလည်လိမ်လို့သေပြန်ရော။ ကျန်သည့်သားအလတ်က မိန်းမရ အရက်သေစာ မူးမူးရွားရွားနှင့် အဘွားစိန်အား နေ့စဉ်လိုလို ဒုက္ခလာပေးပေါ့။ အရင်းအနှီးမရှိတော့ သားအကြီးကလည်း ရရာအလုပ်လုပ်ရင်း မြစ်ကြီးနားဘက်သွား ငွေမလာ၊ လုမလာနှင့် သတင်းပင်မကြားပေ။ မချိ၏အောက်က အပျိုလေးနှစ်ယောက်ကရဲရွှတ်မိကိန်းစတေ့ အလုပ်သွားလုပ်ရာက ပြန်မလာ၊ အိမ်ထောင်ကျကုန်ပြန်။ နောက်ဆုံးသားအငယ်ကျပြန်တော့ စိတ်ညစ်ညစ်နှင့် ကိုရင်ကြီးဝတ်လို့ ဘုန်းကြီးကျောင်းမှာပဲနေပြန်သည်။ နောက်ဆုံးကျန်သည့်သမီးအကြီးဆုံးမချိက အိပ်ရာထဲလဲနေရှာသည့်ဝေဒနာသည်။ ဘာသာတရားကိုင်းရှိုင်းလှသည့်အဘွားစိန်တစ်ယောက်တည်းသာကျန်ရှာတော့သည်တွေး၍ကြည့်လျှင် ဒီတစ်အိမ်လုံး ကြေနေပါသည်။ ဒုက္ခမျိုးစုံနှင့် ပင်လယ်လေ

www.burmeseclassic.com

www.burmeseclassic.com

သကဲ့သာရှိပါသည်။

အမှုမဲ့အမှတ်မဲ့မနေအပ်ကြောင်း သိအပ်လှပါသည်။

ကျွန်တော်သည် အင်းများချ၊ စမအက္ခရာနှင့် အစ်မအား အပင်းချ၍ တိုက်ပေးအပြီးတွင် အဘွားစိန် အိမ်ပြန်ရောက်လာသော်လည်း သူသားဝင်းမြင့်က ပါမလာပေ။ ဘယ်နေရာသွားမူးနေသည်မသိ၊ အဘွားစိန်၏မကျေနပ်သံ ပွစိပွစိက ကျွန်တော်ကြားနေရ၏။

ထိုစဉ် အိပ်ရာထဲမှ ပက်လက်ဖြစ်နေသောအစ်မက အသံကျယ်ကျယ်ဖြင့် အော်သံကြားလိုက်ပါ၏။

"အမေ၊ ကျွန်မအောက်ဆင်းချင်တယ်"

အစ်မ၏အသံကြောင့် အဘွားစိန် အုံသြသွားပါပြီ။ အိမ်အောက်မှ အဘွားစိန်သည် အပေါ်တက်ရင်းပြောလိုက်၏။

"ဟဲ့-ဘယ်ဖြစ်မလဲ၊ သမီးက အားမှမရှိသေးတာ၊ အားရှိမှ လမ်းလျှောက်နိုင်မှာပေါ့ သမီးရဲ့၊ တကတဲအေ"

အစ်မသည် မကျေနပ်သည်ထင်၏။ ကျွန်တော်ကတော့ သူတို့သားအမိကိုသာ အကဲခတ်၍ပြုံးနေမိ၏။

"အားမရှိလည်းရပါတယ် အမေရဲ့၊ အမေ့တောင်ဝှေး ခဏပေး၊ ဖြည်းဖြည်းလျှောက်မှာပါ"

အဘွားစိန်ခမျာ စိတ်မချရှာပါ။ တားပါသေးသည်။

"မဖြစ်ပါဘူး သမီးရယ်၊ တော်ကြာ"

အဘွားစိန် စိုးရိမ်သည်မှာ မှန်ပါသည်။ မချိသည် (၁၄) လနီးပါး အိပ်ရာထက်တွင်လဲနေသူ၊ ဆန်ပြုတ်ကျဲကျဲ၊ ထမင်းရည်လေးနှင့်သာ အသက်ရှင်နေရသူ၊ ဒါကို အဘွားစိန်တားတာမှန်လှပါသည်။ လုံးဝအားမရှိရှာပါ။

"ဒီကောင်ရောက်တာနဲ့ သမီးမှာအားတစ်ဝက်ပြည့်နေပြီ အမေရဲ့၊ အောက်ကိုသာချပေးစမ်းပါ"

တား၍လည်းရမည် မဟုတ်ပေ။ ထို့ကြောင့် အဘွားနှင့်ကျွန်တော်က မချိကိုတွဲ၍အိမ်အောက်ချပေးလိုက်ပါသည်။ အဘွား၏တောင်ဝှေးကလေး မြေပြင်ထောက်အပြီးမှာတော့ ကျွန်တော်နှင့် အဘွားက လက်လွှတ်ပေးလိုက်ရပါသည်။

အသက် (၇၀)၊ (၈၀) အရွယ် အမယ်အိုကြီးတစ်ယောက်လမ်းလျှောက်သလို တုန်တုန်ယင်ယင်နှင့် လမ်းစလှမ်းပါတော့၏။ အဘွားသည် သူသမီးကို စေ့စေ့ကြည့်ရင်းမှ ဝမ်းနည်းလာတာမျက်ရည်တောက်တောက်ကျရှာပါတော့သည်။ ကျွန်တော်ကတော့ သူတို့သားအမိအားကြည့်၍ စိတ်မကောင်းနိုင်ပါ။

အဘွားစိန်ကငိုနေဦးမယ့် ဒယီးဒယိုင်လမ်းစမ်းနေတဲ့ အစ်မကတော့ ကျွန်တော်ကိုကြည့်ကြည့်ပြီး ပြုံးရယ်ပြနေပါတော့သည်။ ဒီနေ့မှကုပေးတဲ့သူ (၁၄) လ အိပ်ရာထဲလဲနေသူ လမ်းစစမ်းရှာပြီ။ ကျွန်တော့်အစွမ်းမဟုတ်၊ ဝိဇ္ဇာနှင့် သူတော်ကောင်းတို့၏ စွမ်းပကားကားအံ့သြဖွယ်ကောင်းလှပါတော့၏။

အချိန်မနက် (၁၁)နာရီကပ်နေပြီ။ အဘွားစိန်အား နူတ်ဆက်လိုက်ပါ၏။

"ကဲ-အဘွားစိန်၊ နည်းနည်းတော့သက်သာပြီ။ မနက်ဖြန်အပြီးလုပ်မယ်။ ညမှာ ကျွန်တော် အလုပ်လုပ်ရဦးမယ်။ ဒီနေ့တော့ ဒါလောက်ပဲ။ ကျွန်တော် ထမင်းစားပြန်တော့မယ်"

အဘွားစိန်က ဝမ်းသာနေသောမျက်နှာဖြင့် ကျွန်တော့်အားဆုပေးလိုက်ပါသည်။

"အေး၊ အေး - ငါ့မြေးလေး ဘုန်းကြီးလို့ အသက်ရှည်ပါစေတော်"

အဘွားစိန်အိမ်ကအပြန် အိမ်ရောက်တော့ အမေက ကျွန်တော့်ကို ဆီးမေးပါတော့၏။

"ဘာတွေလုပ်နေကြတာလဲဟဲ့၊ ကြာလိုက်တာ"

အမေ့စိတ် မကြည်လင်ပေ။ ည (၁) နာရီအိမ်ရောက်တော့ အမေနှင့် စကားကြာကြာမပြောဘဲ အိပ်ရာဝင်ခဲ့သည်။ သားအမိတွေ့ မတွေ့တာ (၂)နှစ်ကျော်ပြီ။ အမေကလည်း ကျွန်တော့်ကို စကားပြောချင်ရှာမည်။ ဒါကိုကျွန်တော် အလိုက်သိရပါမည်။

"အစ်မမချိကို ဆေးကုပေးနေတာပေါ့ အမေရဲ့"

ဟု ပြောတော့ အမေသည် စိုးရိမ်စိတ်ဖြင့်တားပါသည်။

"ဟဲ့ - သွားမလုပ်နဲ့နော်၊ မချိဖြစ်တာ တစ်နှစ်ကျော်ပြီ။ ဘာရောဂါမှန်းမသိကြဘူး။ တော်ကြာ ကိုယ့်အပြစ်ဖြစ်နေဦးမယ်"

အမေက သတိပေးသော်လည်း ကျွန်တော် အပြုံးမပျက်ပါ။ အမေ့ကို ပြောပြလိုက်ပါသည်။

"အခု မချိက လမ်းတောင်စမ်းလျှောက်နေပြီအမေရဲ့"

ဆိုတော့ အမေ့မျက်နှာ အုံသြသွားပါသည်။

"ဟဲ့-ဟုတ်ကဲ့လားနော်"

ဆိုပြီး အိမ်ခြံဝစည်းရိုးအနားသွားတစ်ရှဲ့ မချိတို့အိမ်ဝင်းထဲသို့လှမ်းအကြည့်ပြီးမှာတော့ အမေ အုံသြသွားကာ ကျွန်တော့်ဆီသို့ပြန်လှည့်ခဲ့ပါသည်။

"အေးဟဲ့၊ မချိလမ်းလျှောက်နေပြီ။ ဟဲ့ - နင်တာ ဘယ်ထုံးကဒါတွေတတ်တာလဲ၊ ငါတောင်မသိဘူး"

အမေက မသိလို့မေးတော့ ကျွန်တော်ဖြေလိုက်ပါသည်။

"ကြာပြီလေ အမေရဲ့၊ အမေ့ဆွေးအကြီးတစ်နှစ်ကျော်ကတည်းက ကျွန်တော် အရက်မသောက်တော့တာ ခုထိပဲ"

အမေသည် အုံသြဝမ်းသာစွာဖြင့် -

"အေးဟယ်၊ နင့်ပညာကလည်း စွမ်းလှချေလား။ ထင်တောင်မထင်ဘူး"

ဆိုတော့ ကျွန်တော်က အပြုံးနှင့် အမေ့အား -

"ကျွန်တော်ကမစွမ်းပါဘူးအမေရယ် ဘိုးတော်တွေစွမ်းတာ။ ကဲ - အမေဒါတွေနောက်မှပြောမယ်။ ထမင်းဆာပြီဗျ"

"အေး အေး- လာ၊ ငါတို့သားအမိအရင်စားနှင့်မယ်။ နင့်အစ်မနဲ့ ညီမကတော့ ဗျေးသိမ်းပြန်မှစားလိမ့်မယ်"

အမေနှင့် ကျွန်တော်သည် မီးဖိုချောင်ဝင်၍ ထမင်းလက်ဆုံစားကြပါတော့၏။

နေ့လယ်ပိုင်းတွင် အိမ်အောက်ထပ်၌ အမေ၊ အစ်မနှင့် ကျွန်တော်တို့ စကားလက်ဆုံကြနေစဉ် ပြည်တောင်းဝလောက်ရှိသော ညောင်ရေအိုးဟောင်း (၁) လုံးကိုင်၍ အဘွားစိန်သည် အိမ်ထဲသို့ဝင်လာပါသည်။

"ဘယ်သူမှမရှိလို့ အဘွားကိုယ်တိုင်တူးခဲ့ရတာ မြေးရဲ့"

ချွေးတွေရွဲလျက် လက်မှာလည်း ဖုန်တွေသံတွေနှင့် မောနေရှာသည့် အဘွားစိန်ထံမှ ညောင်ရေအိုးအား ကျွန်တော်ယူ၍ စားပွဲပေါ် တင်ကာ စစ်ဆေးကြည့်လိုက်ပါသည်။

တမာသီးအရွယ် ဆေး(၃)တောင့်၊ (၃)လက်မပတ်လည်ခန့် အမည်းရောင် သိမ်ဝင်သပိတ်ကွဲဖြင့် အင်းတစ်ချပ်၊ အနက်ရောင်လက်တစ်သစ်ခန့် ဘူးပုံတော်တစ်ဆူနှင့် ညောင်ရေအိုးထဲတွင် အင်းတစ်ကွက်ချထားသည်တို့တွေ့ရပါသည်။ ကျွန်တော် စစ်ကြည့်နေစဉ် အဘွားစိန်သည် ကျွန်တော်ခေါင်းစား

www.burmeseclassic.com

www.burmeseclassic.com

ကို စောင့်မျှော်နေဟန်ရှိသည်ဖို့ -

"ကဲ- အဘွားစိန်၊ ဒါတွေအကုန်လုံး ကျွန်တော်ယူပြီးဖျက်လိုက်မယ်"

ဟုပြောလိုက်သည်နှင့် အဘွားစိန်ကျေနပ်သွား၏။

"အေး - ကောင်းတာပေါ့ မြေးရဲ့၊ အဘွားက ဘာမှလုပ်တတ်တာမဟုတ်ဘူးလေ။ ကဲ - မြေး၊ အဘွားအိမ်ပြန်ဦးမယ်"

ကျွန်တော်က အလိုက်သင့်ခေါင်းညိတ်ပြအပြီးတွင် အဘွားစိန်သည် အိမ်ပြန်သွား၏။ ကျွန်တော်နှင့် အဘွားစိန်တို့ ပြုမူနေပုံကို အမေနှင့်အစ်မက ကြောင်အမ်း၍ သာကြည့်နေ၏။ အမေ့မျက်စိကစားပွဲပေါ်မှ ညောင်ရေအိုးနှင့်ကျန်ပစ္စည်းများအပေါ် ရောက်နေ၍ ကျွန်တော့်အား အမေးရှိလိုက်ပါသည်။

"ဒါတွေက ဘာတွေလဲဟဲ့ ကောင်လေးရဲ့"

"ဘွားလေးစိန်အိမ်ရှေ့ခြံဝ အဝင်တံခါးပေါက်တည့်တည့် မြေကြီးထဲမှာ မြှုပ်ထားတဲ့ဟာတွေ အမေရဲ့"

ဆိုတော့ အမေသည် အံ့သြစွာဖြင့်မေးပြန်၏။

"သူခြံတံခါးဝမြှုပ်ထားတာ ဟုတ်ကဲ့လားဟယ်"

"ဩော် - အမေရယ်၊ အခုတင် အဘွားစိန်ကိုယ်တိုင် တူးဖော်ယူခဲ့တာ အမေ့ရှေ့တင်ပဲလေ"

"ဒါဖြင့် ဒီအိုးနဲ့ ဒီပစ္စည်းတွေက ဘာလဲ"

ခက်ပြီ။ အမေ့စကားကပိစိပ်လာပြီ။ သိသလောက် ရှင်းပြပေးလိုက်၏။

"အဲ - ဒါတွေက အင်းတွေချမြှုပ်ထားတာ၊ သဘောက အင်းတိုက်တာပေါ့။ တစ်အိမ်လုံး ခုက္ခရောက်အောင်၊ ပျက်စီးအောင် ကြံစည်တာ။ ကဲ - ရှင်းပြီလား"

ကျွန်တော့်စကားအပြီးတွင် အမေသည် အံ့သြသင့်သို့ ကျွန်တော့်မျက်နှာအား အကဲခတ်ရင်းမေးပြန်၏။

"နင်က အဲဒီလောက်ထိလုပ်တတ်နေပါလား။ ဟဲ့-ဒါဆိုငါတို့အိမ်ပေါက်ဝလည်း အဲဒီလိုလုပ်ချင်လုပ်ကြမှာသားရဲ့၊ ကြည့်လုပ်ပါဦး"

အမေနှင့်တော့ခက်ချေပြီ။ အိုးကမပူစေလောင်းကပူဆိုသလိုတွေးကြောက်သွားပုံရ၍ နှစ်သိမ့်ပေးရပြန်၏။

"မရှိပါဘူး အမေရဲ့။ သူတို့ကပါးပါးလေးရယ်။ ကျွန်တော်တို့လိုသူရှိရင် မလုပ်ခဲ့ကြပါဘူး။ ဘာလို့လဲဆိုတော့ သူတို့လုပ်လို့ ကျွန်တော်တို့သိခဲ့ရင် သူတို့မ သက်သာဘူးလေ။ ဒါကို သူတို့ကကြိုသိပြီးသား။ ကဲ - ရှင်းပြီလား"

အမေ့စိတ်သက်သာရာရသွားပါ၏။

အနက်ရောင်ဘုရားလေးတစ်ဆူအားချန်၍ ကျန်သော ပစ္စည်းများအား ထုခြေဖျက်ဆီးကာ ခြံပြင်နောက်ဖေးရှိ မြောင်းထဲတွင် မြှုပ်နှံလိုက်ပါတော့၏။ ဤသို့ဖျက်ဆီးလိုက်သည်နှင့် အိမ်နှင့်ခြံအတွင်းတွင်တိုက်ထားသော အရှေ့မှာင့်ပယောဂများ ပျက်စီးသွားပါ၏။

ထိုနေ့မွန်းလွဲပိုင်းတွင် ငယ်သူငယ်ချင်းတွေဆီလှည့်၍ လက်ဖက်ရည်ဆိုင်ထိုင်ကာ အချိန်ဖြုန်းလိုက်၏။ ညပိုင်းရောက်လာသောအခါ အမေဘုရားဝတ်တက်အပြီးတွင် ကျွန်တော်သည် လုပ်နေကျ ပုတီးခန်းစတင်ရပါသည်။

မနက်ပိုင်းက အဘွားစိန်နှင့် အပေးအယူကိစ္စအား စဉ်းစားသည့်အခါ အိမ်နားက ယောကျ်ားတစ်ယောက်၊ အမျိုးသမီး (၂) ယောက်၊ ရသေ့(၁)ပါး၊ မျောက်မျက်နှာနှင့်လူ စုစုပေါင်း (၅) ယောက်ဖြစ်ပေသည်။

ညနက်လာ၍ မေတ္တာပို့၊ အမျှဝေပြီးသည့်အခါ အစ်မအတွက် အရေးကြီးသော အင်း(၄)ချပ်အားစီရင်၍ လက်ဖွဲ့ထိုးလိုက်ပါ၏။ ဓာတ်(၄)ပါးအင်းစီရင်ရခြင်းမှာ အစ်မသည် (၁၄)လနီးပါး အိပ်ရာထက်တွင် ပက်လက်ဖြစ်နေသည်မှာကြာလှပြီ။ ဓာတ်(၄)ပါးအားများယုတ်လျော့နေသည့်အတွက် ပြန်လည်အားပြည့်ရန် စီရင်ပေးခြင်းဖြစ်၏။ ထို့နောက် မနက်ခင်းမှ ကိစ္စများအားလုံး ပြန်လည်ရှင်းလင်းပေးရန် ဆိုင်ရာသိဒ္ဓိရှင်အပေါင်းနှင့် နတ်ကောင်းနတ်မြတ်တို့အား တိုင်တည်၍ အိပ်ရာဝင်ခဲ့ပါတော့၏။

အိပ်ရာထက်မှ မေတ္တာတွင်တွင်ပို့ရင်း အိပ်ပျော်သွားသည်ကို ကျွန်တော်မသိတော့ပေ။မျက်စိနှစ်လုံးတဆတ်ဆတ်ခုန်၍ အလင်းရောင်များတစ်စတစ်စနှင့် တိုးပွားလာကာ ရုပ်ရှင်ကြည့်သကဲ့သို့ ဝေဝေဝါးဝါးမှ ထင်ထင်ရှားရှားပေါ်လာတော့၏။

ရသေ့ကြီးတစ်ပါး၊ မျောက်မျက်နှာနှင့်လူတစ်ယောက်အား စတင်တွေ့ရှိခြင်း။

လင်းထိန်နေသောလရောင်အထဲ ကောင်းကင်ပြင်၌ လေဟုန်စီးနေသော ရသေ့တစ်ပါးသည် အညိုရောင်သင်္ကန်းတလူလူ၊ သူနောက်မှ အနည်းငယ်နိမ့်လျက် လက်နှစ်ဖက်အား ဘေးသို့ဆန့်၍ ငှက်သဏ္ဌာန်ပျံနေသော မျက်နှာကမျောက်၊ ကျန်ခန္ဓာကိုယ်က လူတစ်ဦးအား ထင်ရှားစွာမြင်နေရ၏။ သူတို့နှစ်ယောက်ကို ကျွန်တော် စေ့စေ့စပ်စပ်ကြည့်မိသော် မိမိတစ်ခါမှမမြင်ဘူးသေးသော၊ မသိကျွမ်းခဲ့ဘူးသော သူစိမ်းများဖြစ်ပေ၏။ သူတို့တွင် တန်ခိုးတွေရှိ၍သာ ယခုလိုပျံသန်းနိုင်ကြခြင်းဖြစ်ပေသည်။ သူတို့ဘယ်လိုအကျင့်တွေကျင့်ကြတာလဲ။ သူတို့အကြောင်းအား ကျွန်တော်သိချင်စိတ်ဖြင့် နှုတ်မဖွင့်ဟမီ သက်သို့ထင်လိုက်သည်နှင့် မြင်ကွင်းတရုတ်ခြည်းပြောင်းသွား၏။

ရသေ့သည် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ အင်းကစားခြင်း၊ ဆေးကြိတ်ခြင်းများဖြင့် သိဒ္ဓိပေါက်သူဖြစ်သော်လည်း ယခု အစ်မ၏ကိစ္စတွင် သူနှင့်မည်သို့မည်ပုံပတ်သက်ရသလဲဟုအတွေးဝင်လိုက်သည်နှင့် ပုံစံတစ်မျိုးပြောင်းပြန်၏။

ရသေ့သည် သူတပည့် မျောက်မျက်နှာနှင့်လူအား ယုတ်ညံ့သောအင်းနှင့်ဆေးများအား စီရင်ပေးမိ၍ အပြစ်ရှိကြောင်း ပေါ်လွင်လာရခြင်း ဖြစ်ပေသည်။ ရသေ့သည် မျောက်မျက်နှာနှင့် သူတပည့်အား သူကဲ့သို့ သိဒ္ဓိရှိစေရန် အင်းနှင့်ဆေးများတိုက်၍ သူကဲ့သို့ ဝေဟင်တွင် လေဟုန်စီးနိုင်စေရန်စီရင်ပေးထားသည်ကိုလည်း ထင်ရှားစွာပေါ်လာပါသည်။ ဤသို့ဖြင့် ဆရာတပည့် သွားအတူလာအတူ သိဒ္ဓိတန်ခိုးဖြင့် ဝင့်ကြွားနေကြခြင်း ဖြစ်၏။

ကြားညှပ်၍ ကျွန်တော်၏ထင်မြင်ယူဆချက်အားပြောရပါလျှင် ရသေ့ကြီးသည် ယခင်က အမှန်အကန်သိဒ္ဓိရှိမြောက်ထားသူဟုထင်မိပါသည်။ တပည့်မွေးရာက ထိုတပည့်၏ အလိုဆန္ဒအားဖြည့်ဆည်းပေးရာမှ ယုတ်ညံ့သောပညာများနှင့် အသုံးပြုမိ၍ စူဠဂန္ဓာရီဘဝသက်ဆင်းသွားရသူအဖြစ် မှန်းဆမိသည်။

ရသေ့၏မျက်နှာသည် ခပ်တည်တည်၊ မှုန်တေတေ၊ မည်သူမျှ အရေမစိုက်သလို နောက်မှသူတပည့်ကလည်း မာန်တက်နေသည့်ဟန်တို့ဖြင့် ဝေဟင်တွင် လေစီးနေသည်ကို ကျွန်တော့်စိတ်ထဲဘဝင်မကျဖြစ်သွားသောအခါ အလင်းအနည်းငယ်ပိုလာသည်နှင့် အဝတ်အဝမ်းဆက်နှင့် တောင်ဝှေးကိုင်ထားသော ပုဂ္ဂိုလ်တစ်ပါးသည် မြေပြင်ကွင်းဘွား

www.burmeseclassic.com

www.burmeseclassic.com

မဲပါ ထွက်လာသည်။ ထိုပုဂ္ဂိုလ်သည် ကျွန်တော့်အား စေ့စေ့ကြည့်၍ ခေါင်းတစ်ချက်ညိတ်ပြအပြီးတွင် လက်ထဲမှ တောင်ဝှေးနှင့် ဝေဟင်တွင်ရှိသောရသေ့နှင့်မျောက်လူအား တည့်တည့်ညွှန်၍ထိုးလိုက်သည်နှင့် နှစ်ဦးသား မြေပြင်ပေါ်သို့ ဖုတ်ခနဲပြုတ်ကျပါတော့၏။

အဝတ်ဖြူပုဂ္ဂိုလ်၏ရှေ့တွင် ရသေ့ဆရာတပည့်နှစ်ဦးသည် တရားခံများကဲ့သို့ ငုတ်တုတ်ထိုင်လျက်ဖြင့်ရှိနေစဉ် အဝတ်ဖြူနှင့်ပုဂ္ဂိုလ်အား ကျွန်တော်၏ မိသလောက်ဉာဏ်ဖြင့် တွေးကြည့်သော် ဥပဓိရုပ်ကောင်းကောင်း၊ မျက်လုံးများ စူးရှတောက်ပလျက် လေးထောင့်ဆန်ဆန်မျက်နှာဖြင့် ကြည်လင်နေ၍ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ပါးဟု ထင်မိပါ၏။ ထိုသူမှာ ဘယ်သူဘယ်ဝါဖြစ်သည်ကို တော့ ကျွန်တော် လုံးဝမသိပါ။

သူသည် ကျွန်တော့်အားကြည့်၍ သူတို့ (၂) ယောက်အား မည်သို့မည်ပုံ ဒဏ်ပေးသင့်ကြောင်းမေးသကဲ့သို့ထင်၍ ရသေ့အား အညိုရောင်သင်္ကန်းများ ခွက်၍ လူဝတ်လဲ၍ ၎င်းလူဝတ်ဖြင့် သူတတ်ထားသော မကောင်းသောပညာများအား ဖျက်ဆီးပေးဖို့ တောင်ဆိုလိုက်စဉ်တွင် ဘိုးတော်သည် တောင်ဝှေးနှင့်ရစ်၍ ဖယ်ထုတ်လိုက်စဉ် ရသေ့သည် သင်္ကန်းများ ပျောက်ကွယ်၍ သာမန်အကျီဝတ်နှင့်လူဖြစ်သွားတော့၏။

ထိုအချိန် ဘိုးတော်သည် ကျွန်တော့်အားကြည့်၍ လူဝတ်ရသေ့အား ဒဏ်ခတ်ခိုင်းစေပါတော့၏။ ကျွန်တော် ကိုယ်တိုင် လူဝတ်ရသေ့အား ဒဏ်ခတ်ခြင်း၊ ပညာစက်ဖြတ်ခြင်းများ နည်းမျိုးစုံသုံးခဲ့ပါသော်လည်း လူဝတ်ရသေ့သည် အပြုံးပင်မပျက်ပေ။ နာကျင်မှုဝေဒနာပင်မပြပေ။ လူဝတ်ရသေ့သည် သီဒို့ရှင်ကဲ့သို့စွမ်းလှ၏။ (စာကြွင်း - ထိုစဉ်က မိမိသည် လူဝတ်ရသေ့အား နည်းပေါင်းစုံဖြင့်ဒဏ်ခတ်ရာ လူဝတ်ရသေ့ ဘာမှမဖြစ်ပေ။ မိမိ၏အတတ်ပညာမှာ မပြောပလောက်သာရှိသေး၍ မိမိကိုယ်မိမိ ရှက်မိပါ၍ ထိုအကြောင်းလေးများအား ချန်လှပ်ရပါသည်။)

ထိုအခါ ဘိုးတော်သည် ဆက်မလုပ်ဖို့ ကျွန်တော်အား လက်ကာ၍ တားပါသည်။ ဘိုးတော်သည် လက်ထဲမှ တောင်ဝှေးဖြင့် လူဝတ်ရသေ့၏ကျောအားထောက်လိုက်ရာ ပတ်တ်ကော့ကော့၍ မြေပြင်တွင် ကားရားမှောက်ဖြင့် အော်နေရှာ၏။ ဘိုးတော်သည် သူ့ထံမှ ယုတ်ညံ့သောပညာများအား ခြေထောက်မှ ဦးခေါင်းအထိ တောင်ဝှေးဖြင့် ထောက်၍ ဖျက်ဆီးတော့၏။ သွားချည်ပြန်ချည်ထောက်ရင်းဖြင့် သူခန္ဓာကိုယ်တစ်ခုလုံးသည် သာမန်လူတို့ကဲ့သို့ပင် ပျော့ပျော့ပျောင်းပျောင်းဖြစ်သွားတော့၏။ သဘောမှာ သူ့ထံတွင် ဘာပညာမှ မရှိတော့သည့်ပုံစံဖြစ်၏။ ကြောက်ပါပြီ၊ နောက်မလုပ်တော့ပါဘူးဟူသော အသံများနှင့် ဘိုးတော်အား ကန်တော့တောင်းပန်ရာမှ ဘိုးတော်သည် တောင်ဝှေးထောက်ခြင်းမရပ်၍ ကျွန်တော့်အား စေ့စေ့ကြည့်မေးပြန်သည်။ သူ့ပုံစံက ကျေနပ်ပြီလားဟု မေးခြင်းသာဖြစ်၏။ ကျွန်တော်သည် ခေါင်းညိတ်ပြအပြီးတွင် သဲတွေ၊ ဖုန်တွေကပ်၊ ဆံပင်ဖိုးရိုးဖားရားနှင့် လူဝတ်ရသေ့အား စကားပြောလိုက်ပါသည်။

"ကဲ - လုပ်စမ်းပါဦး၊ စောစောက လို ကောင်းကင်ပျံဦးလေ"

ဆိုတော့ သူက အပေါ်ကိုပျံသလို လုပ်တော့ အပေါ်တော့မရောက်။ မြေပြင်မှာ ဖားခုန်ခုန်နေပါတော့၏။ သူ့အတွက်တော့ ကျွန်တော်ကျေနပ်သွားပြီ။ စိတ်လျှော့လိုက်သည်နှင့် လူဝတ်ရသေ့သည် ပျောက်ကွယ်သွား၏။

သူ့ဆရာမရှိတော့ မျောက်မျက်နှာနှင့်လူသည် ဒေါသခြောင်းခြောင်းထွက်သည့်ပုံစံနှင့် စူးစူးစိုက်စိုက်ကြည့်နေပြန်တော့ ကြက်သီးဖျဉ်းဖျဉ်းထ၍ ကြောက်သွားမိပါ၏။ ကြောက်စိတ်ပြေတော့ သူကို ကျွန်တော် စတင်မေးလိုက်ပါသည်။

"မင်းက အစ်မကိစ္စမှာ ဘယ်ဆို ပတ်သက်တာလဲ"

လို့ မေးလိုက်ရာ ဒေါသသံဖြင့် အော်ပါ၏။

"သူက ငါ့ချစ်သူကွ"

"အလိုလေးဗျာ၊ မျောက်မျက်နှာနဲ့ လူက ငါ့အစ်မချစ်သူ။ မဖြစ်နိုင်ဘူး၊ အစ်မမှာ ရည်းစားရှိတယ်လို့ ငါမကြားဘူး၊ မလိမ်နဲ့"

"ငါ့ဘဝဟောင်းက ချစ်သူကွ"

သူ့အသံသည် ဒေါသကွယ်၏။ သူ့စကားသံသည် ကြေကွဲသံပါ၏။ ကျွန်တော်မကြားဘူးသေးသည့်စကား၊ ဘဝဟောင်းကချစ်သူတဲ့။ အစ်မနှင့် ဘယ်လိုများပတ်သက်ခဲ့ပါလိမ့်။ မေးကြည့်ချင်လှ၍ -

"ကဲ - ဒါဆို မင်းက အစ်မရဲ့ ချစ်သူဆိုရင် ဘာနဲ့သက်သေပြမလဲဗျာ"

"မင်းအစ်မကိုမေးကြည့်၊ သူလည်း သိတယ်"

စကားက အစ်မထံလွှဲသွားပြန်ပြီ။ ဟဲ - ထားတော့၊ သိချင်တာပဲမေးတော့မည်။

"မင်းနဲ့ အစ်မတ ဘဝဟောင်းက ချစ်သူတွေလို့ပြောတယ်။ အခု အစ်မ ကလည်း အိပ်ရာထဲလဲနေတယ်။ ကြာလှပြီ။ မင်း အစ်မကို ဘာတွေလုပ်ထားသေးလဲ"

ဆိုတော့ ခုတ်ချင်း သူမြေးတွေဝေနေ၏။ ထပ်မေးလိုက်ရသည်။

"ကဲ - ပြောပါဗျာ။ ဒါမှလည်း ခင်ဗျားစိတ်သက်သာရာရှောပေါ့"

ဆိုတော့ တရွတ်ရွတ်နှင့်ပြောတော့၏။ အင်္ကျီ၊ ဘောင်းဘီး ပုဆိုးကမပါ၊ အရက်လုံရုံ မလုံတလုံနှင့်၊ အသားကမည်းမည်း၊ မျက်နှာက မွှော်၊ ခန္ဓာကိုယ်ကလူ၊ သည်ပုံစံနှင့်ငိုပြနေတော့ ကြည့်လို့တော့ သိပ်မကောင်းရှာ။ ငိုနေရင်းမှ ပြောရှာ၏။

"မင်းအစ်မက ငါ့ရဲ့အရင်ဘဝတ ငါ့ချစ်သူပါကွာ။ ငါတို့ (၂) ယောက် ချစ်သူတွေဖြစ်တဲ့အချိန်မှာ ငါ့ဆရာ ရသေ့ကြီးနဲ့တွေ့ပြီး လောကီပညာတွေအသင်ခိုင်းလို့သင်ခဲ့ရတယ်။ ပညာသင်ရင်းနဲ့ ဆရာနောက် တကောက်ကောက်လိုက်ရာက မင်းအစ်မနဲ့ဝေးသွားခဲ့တယ်။ ဝေးနေပေမယ့် မင်းအစ်မကို တစ်နေ့မမေ့ပါဘူးကွာ။ ကြာတော့ ဆရာက အဆင့်တွေတိုးသင်ပေးရင်းက သိဒ္ဓိနည်းနည်းပါးပါးရလာတယ်။ ဒီအချိန်မှာ ဆရာက ငါ့ကို ပြန်မလွှတ်ချင်တော့ဘူး။ မင်းအစ်မ ဆီပြန်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါသေးတယ်။ ဆရာကပြန်လို့မရတော့ဘူးတဲ့ကွာ။ ကြာတော့ ငါ့မှာ လွမ်းနာကျနေပြီ၊ နောက်ဆုံး ဒီစိတ်နဲ့ လွမ်းနာကျပြီး ငါသေခဲ့ရတယ်။ ငါသေသွားတော့ ဒီပုံစံကြီးဖြစ်သွားတာပါကွာ"

သူပြောသည့် စကားတွေဟာ ကျွန်တော့်အတွက် အထူးအဆန်းလို့ဖြစ်နေပါ၏။ လူတစ်ဝိုင်း တိရစ္ဆာန်တစ်ပိုင်းဖြစ်နေသော ပြိတ္တာဘဝကို ဘယ်လို အပြစ်တွေကြောင့် ရောက်သွားရသည်ပင် ကျွန်တော် ဉာဏ်မမီတော့ပေ။ သူ့စကားထဲတွင် လိုရင်းမရောက်သေးပေ။ သို့ဖြင့် ထပ်မေးလိုက်ပါသည်။

"အေးပါ၊ မင်းအကြောင်း အစ်မကိုမေးပေးမယ်။ အခု ငါသိချင်တာက အခု အစ်မကို မင်းကဘာတွေလုပ်ထားသေးသလဲ၊ ပြောပါဦး"

ဆိုတော့ ဖြေပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"မင်းအစ်မစိတ်နဲ့ ငါကသေထားရတော့ သူ့ကို အခုချိန်ထိ စွဲစွဲလမ်းလမ်း ချစ်နေတုန်းပဲ။ အဲဒါကြောင့် သူရည်းစားမထားအောင်၊ သူယောကျ်ားမယူနိုင်အောင် ဆေးတိုက်ပြီး အသေသတ်ထားတာ။ သူသေမှ ငါနဲ့ပြန်ပေါင်းရမှာမို့ပါကွာ"

သူသည် မျက်နှာကလေးငယ်၍ သနားအောင် ပြောပြနေသော်လည်း ကျွန်တော်ကတော့ သူ့ကိုမကျေနပ်ပါ။ လူတစ်ယောက်ကို ရက်ရက်စက်စက်ပြုစားထားသည့် သူ၏အပြစ်က ခွင့်လွှတ်နိုင်စရာမခြင်မိပေ။ သူနဲ့ဘေးက ဘိုးတော်ကလည်း အသင့်ရှိနေသေးတော့ သူ့ကို ဒဏ်ခတ်ဖို့ပြင်ဆင်ဆဲမှာပင် ဘိုးတော်က လက်ကာ၍ တားထားပါသည်။ ပုံစံကမလုပ်နှင့်ဟု သတိပေးခြင်းဖြစ်၏။

ဘိုးတော်သည် မျောက်ရုပ်နှင့်လူအား စောစောက သူ့ဆရာကဲ့သို့ပင် တောင်ဝှေးဖြင့် ကျောအားထောက်လိုက်ရာ ပတတ်ကော့ကော့၍ မြေပြင်တွင် ကားရားမှောက်လျက်ဖြင့် 'အောင်မယ်လေး၊ သေပါပြီ'တ,၍ တကြော်ကြော် အော်ပါတော့၏။ ခြေဖျားမှ ဦးခေါင်းအထိ သူထံရှိ မကောင်းသောပညာစက်များအား တစ်စမကျန်ဖျက်ဆီးအပြီးမှာတော့ သူတစ်ကိုယ်လုံးချွေးတွေဖုန်တွေနှင့် ပေပွညစ်ပတ်စွာဖြင့် ဘိုးတော်အား ငုတ်တုတ်ကလေးထိုင်ကာ တောင်းပန်နေတော့၏။ သူ့စကားထဲတွင် အစ်မကို ဆေးတိုက်ထားသည်ဟုပြောသွားသည်။ သူလိုပြိတ္တာဖြစ်နေသူက ဆေးတိုက်နိုင်သည်ဆိုတာ မဖြစ်နိုင်စရာ။ သို့ဖြင့် ထပ်၍မေးလိုက်၏။

"ခင်ဗျားတို့က်တဲ့ဆေးက ဘာဆေးလဲ၊ အစ်မကိုဘယ်လိုတိုက်တာလဲ ပြောဗျာ"

"ဆေးကတော့ ငါ့ဆရာရဲ့ဆေးပါကွာ။ဆရာက မင်းအတွက် ဆေးကောင်းဖော်ပေးမယ်။ ဒီဆေးတိုက်ရင် မင်းရဲ့ချစ်သူသေသွားမယ်။ သူသေရင် မင်းနဲ့အတူတူ ပြန်ပေါင်းရမယ်ဆိုပြီး ဖော်ပေးတာပါ။ ဆေးထဲမှာဘာတွေပါလဲတော့ ငါလည်းမသိဘူး။အဲဒီဆေးကို မင်းအစ်မနေမကောင်းဖြစ်တော့ ငါ့မှာရှိတဲ့တန်ဖိုးလေးနဲ့ အလစ်ဝင်တိုက်လိုက်တာပါ။ သူအိပ်ရာထဲကမထနိုင်တာ ငါ့ကြောင့်ပါကွာ၊ ငါမှားပါတယ်"

ဒီလိုတောင်းပန်ပြန်တော့လည်း ကျွန်တော်က ကျေနပ်ခွင့်လွှတ်နိုင်ပါသည်။ သူထံမှာလည်း ပညာစက်တွေ မရှိတော့ မစွမ်းနိုင်ရှာတော့။ အစ်မအတွက် စိတ်ချလောက်ပြီမို့ ဘိုးတော်အား ရှိခိုးကန်တော့အပြီးမှာ အမြင်တစ်မျိုးပြောင်းသွား၏။

လူလတ်ပိုင်းအမျိုးသားကြီးနှင့်တွေ့ဆုံရခြင်း။

သူ့ကို ကျွန်တော် ကောင်းကောင်းသိပါသည်။ သူနှင့်ကျွန်တော်စကားတွေအများကြီးပြောခဲ့ဖူးသလို ကျွန်တော် အထက်တန်းကျောင်းသားဘဝတုန်းက လောကီပညာအကြောင်း မကြာမကြာပြောပြဖူးသူလည်းဖြစ်၏။ ကျွန်တော့် ထက် (၁၀)နှစ်ကျော်ခန့် ကြီးပါသည်။ သူသည် ကျွန်တော့်အား ခက်ထန်စွာ စိန်းစိန်းစိုက်ကြည့်နေပုံသည် မကျေနပ်မှန်း သိသာလှ၏။ သူ့ကိုလည်း အစ်မကိစ္စနှင့် ဘယ်လိုပတ်သက်သလဲဆိုတာ မေးလိုက်ရပါသည်။

"ခင်ဗျားကို ကျွန်တော်သိတယ်၊ ခင်လည်းခင်တယ်။ အခု အစ်မကိစ္စမှာ ခင်ဗျားက ဘယ်လိုပတ်သက်သလဲ ကျွန်တော်သိချင်တယ် ပြောပါ"

ဟု မေးသည်နှင့် ဒေါသထွက်သည့်ပုံနှင့် အော်ပြောလိုက်ပါသည်။

"တစ်အိမ်လုံးကို မကျေနပ်လို့ လုပ်တာကွာ၊ ဘာဖြစ်လဲ"

သူပုံစံသည် ကျွန်တော့်လို ပညာသင်စ မတောက်တခေါက်အား ဂရုပင် မထားပေ။ သူ့ပညာနှင့်ဝါက ကျွန်တော့်ထက် အပုံကြီးသာလွန်နေသည်ကိုးဗျ။ ကျွန်တော်ကတော့ ရှိုးတိုးတိန်းတိန်းနှင့်ပြန်ပြောမိပါသည်။

"တစ်အိမ်လုံးမကျေနပ်တာတော့ ခင်ဗျားလွန်တာပေါ့ဗျာ။ ကဲ - ဒါဆို ပြောပြဗျာ"

ဟု မေးသည်နှင့် ဒေါသထွက်သည့်ပုံဖြင့် ဖြေပါ၏။

"သူ့အဖေကို မကျေနပ်တာကွ။ သူ့ဆီက ပိုက်ဆံလေးချေးမိပါတယ်။ လူပုံအလယ်လာတောင်းတာကွ။ ငါ့ကို အရှက်ခွဲသွားတာ၊ အဲဒါမကျေနပ်တာပဲ"

"ဒါဖြင့်ရင် ခြံပေါက်ဝက ညောင်ရေအိုးမြှုပ်တာ ခင်ဗျားပေါ့"

"ဟုတ်တယ် ငါလုပ်တာ၊ နောက်ဖေးခြံထဲက ကြက်တွေသေအောင် ငါလုပ်တာ၊ အခု ငါမကျေနပ်တဲ့သူလည်း သေပြီ။ နောက်လည်း သေဦးမှာပဲကွ"

ဒေါသနှောရှ်ပြောနေသောသူအား ကျွန်တော် မချိပြုံးပြုံးမိပါ၏။ ယခု သူဟာ ကျွန်တော်၏ရှေ့မှာရောက်နေတာ မေ့သွားပုံရ၏။ ကျွန်တော်သည် သူ့ကို ခပ်တင်းတင်းပြောလိုက်ပါသည်။

"ခင်ဗျားသတ်တိုင်း သေရမှာလား ဗျ၊ စကားကိုကြည့်ပြောစမ်းပါ။ အခု အစ်မရဲ့ အဖေကို ခင်ဗျားသတ်တယ်ထား၊ ဒီတစ်အိမ်လုံး ဒုက္ခရောက်၊ စီးပွားပျက်နဲ့ တစ်ယောက်မှမနေနိုင်အောင် ခင်ဗျားအင်းတိုက်ထားတယ်။အဲဒီအပြစ်ကို ဘယ်သူကမှခွင့်မလွှတ်ဘူး။ ခင်ဗျားပြန်ပေးဆပ်ရမှာပဲ"

ခြိမ်းခြောက်ကြည့်တော့မကြောက်သည့်အပြင် ပြန်အော်တယ်ခင်ဗျ။

"ဒီမယ် ကိုယ့်လူ၊ ငါက မင်းခြောက်တိုင်း မကြောက်ဘူးကွ။ မင်းလို့ မတောက်တခေါက်ပညာလေးနဲ့ ငါ့ကို ဘာလုပ်နိုင်မှာမို့လဲ။ လုပ်နိုင်ရင်လုပ်ကြည့်လေ။ ငါ့အကြောင်းလည်း မင်းသိရမှာပေါ့"

ကျွန်တော့်ကို သူက လုံးလုံးအထင်မကြီးပါ။ စိန်ခေါ်စကားပင်ပြောပါသေးသည်။ သူက ဒီလိုပြောလာမှတော့ ကျွန်တော်ဒေါသထွက်မိပါသည်။ အဲဒီအချိန်မှာ စောစောက အဝတ်ပြုနှင့်ဘိုးတော်ဟာ တောင်ဝှေးကိုင်လျက် သူ၏ရှေ့တည့်တည့်သို့ရောက်နေပေပြီ။ ကျွန်တော့်ကို မေးငေါ့ပြလျက် သဘောက ဘာဖြစ်ချင်သလဲမေးနေတော့ ပြောလိုက်ရပါသည်။

"သူကိုင်တဲ့ အင်းတွေ၊ ဆေးတွေ တစ်စမကျန် အကုန်ဖျက်ချင်တယ်။ သူ့နောက်ကိုယ်ထဲက မကောင်းတဲ့အတတ်ပညာတွေ နောင်ဘယ်သောအခါမှ သုံးစားလို့မရအောင်ဖျက်ပေးပါ"

ဟူ၍ တောင်ဆိုလိုက်စဉ်တွင် ဘိုးတော်သည် ထိုလူ၏ ကျောအား တောင်ဝှေးနှင့် ထောက်လိုက်သည်နှင့် မြေပြင်မှာ ပတတ်ကော့ကော့၍တစာစာ အော်ငိုပါတော့၏။ သူသုံးသောအင်းနှင့် ဆေးများသည် သူနဲ့ဘေးတွင် အထုပ်များနှင့်ရောက်ရှိကာ ထိုအထုပ်များသည် အလိုလိုမီးလောင်နေ၏။

သူ၏ကိုယ်တွင်းမှ အတတ်ပညာများ အကုန်ပျက်၍ ဆေးနှင့်အင်းများလည်း ပြာအတိဖြစ်သွားလေ၏။ ကိုးတစ်ဖြတ်ပြီးသွား၍ ဘိုးတော်သည် ကျွန်တော့်မျက်နှာအား ပြုံး၍ကြည့်ကာ မင်း ကျေနပ်ပြီလားဟု မေးသည်ဖြစ်၍ ခေါင်းညိတ်အပြီး ကန်တော့လိုက်ရာတွင် ဘိုးတော် ကွယ်ပျောက်သွား၏။

အဘွားကြီးတစ်ယောက်နှင့် မိန်းလတ်တစ်ဦးအား တွေ့ဆုံရခြင်း။

အဘွားကြီးနှင့် မိန်းမလတ်သည် ကျွန်တော့်အား မှုန်စောတေးဖြင့်ကြည့်နေကြသလို ကျွန်တော်ကလည်း သူ

www.burmeseclassic.com

www.burmeseclassic.com

အားကြည့်၍ အံ့ဩလျက်ရှိနေ၏။ သူတို့ (၂)ယောက်စလုံးသည် အဘွားစိန်၏ အမျိုး၊ ကျွန်တော်နှင့်လည်း အမျိုးတော်၏။ အမျိုးဖြစ်သော်လည်း မေးသင့်တာအား မေးရပါမည်။

"ကဲ - ဘွားတော်၊ ကျွန်တော်သိချင်တာပဲ ဖြေပေးပါ။ အစ်မကိစ္စနဲ့ ဘွားတော်က ဘယ်လိုပတ်သက်တာလဲ ပြောပြပေးပါ"

မေးသည်နှင့် ဘွားတော်ကြီးသည် မျက်နှာထားတင်းတင်းဖြင့်ဖြေပါသည်။

"ငထွန်းကို မကျေနပ်တာ။ သူက ငါ့တူမကိုယူထားတာ လူဖျင်း။ ငါ့တူမဆီက ရွှေတွေ၊ ငွေတွေမက်လို့ယူတာ၊ အခုကုန်ပြီ။ ငါ့တူမ စိတ်ဆင်းရဲနေပြီ။ သင်းကြောင့်၊ သင်းကို ငါသတ်တာသိပြီလား"

ကျွန်တော် အံ့ဩရပြန်ပါသည်။ စောစောက အမျိုးသားကြီးကလည်း သူသတ်တာ၊ ယခု ဘွားတော်ကြီးကလည်း သူသတ်တာ၊ ဦးထွန်းကတော့ သေရှာပါပြီ။ ရန်ငြိုးကြီးလိုက်ကြတာ။ သူတို့မကျေနပ်တာက ကြောက်ဖို့ပင်ကောင်းလှပါ၏။ သို့ဖြင့် ဘွားတော်အား ထပ်၍ မေးလိုက်ပါသည်။

"ဘွားတော်မကျေနပ်တဲ့သူလည်း သေရှာပါပြီ၊ လျှော့ပါတော့။ နောက်လည်း မလုပ်ပါနဲ့တော့ဗျာ"

ကျွန်တော်သည် ဘွားတော်နှင့် အမျိုးတော်နေသည်မို့ ချော့၍မေးရပါသည်။

"ဦးထွန်းကို ဘယ်လိုပြုစားလိုက်တာလဲ၊ ကျွန်တော့်ကိုပြောပါဦး"

ဘွားတော်သည် မျက်နှာထားတင်း၍ဖြေပါ၏။

"ငါမကျေနပ်တာ ငထွန်းတစ်ယောက်တည်းပဲ။ ကျန်တဲ့သူ ငါနဲ့မဆိုင်ဘူး။ ငါက သူ့ကို အစာပင်းသွတ်ထားတာ၊ ဟိုအကောင်စုတ်က လွန်လွန်ကျူးကျူးလုပ်တာ။ ငါတို့ (၂)ယောက်ပေါင်း လုပ်သလိုဖြစ်တော့ ငထွန်းသေတာပဲ။ ကဲ - ရှင်းပြီလား"

အဖြေသိ၍ ကျေနပ်ပါသည်။ သူ၏ ပညာအား သိချင်လှ၍ မေးလိုက်ရပါသည်။

"ဘွားတော်ရဲ့ပညာကိုကြည့်ချင်သေးတယ်။ ကျွန်တော့်ကိုပြပါဦး"

ဟု ဆိုတော့ -

"မင်းသိအောင်ငါပြမယ်။ သေချာကြည့်"

ပြောလိုက်သည်နှင့် ဘွားတော်၏ ရွှဲသည် မူလရွဲပျောက်၍ ဘီလူးအသွင်သို့ပြောင်းသွားသည်။ သူ၏ရွဲပ်ကိုကြည့်၍ ကျွန်တော့်တစ်တိုယ်လုံး ကြက်သီးဖျဉ်းဖျဉ်းထမိလျက် ကြောက်စိတ်များပင်ဝင်လာပါသည်။ ကျွန်တော့် တစ်သက်တာတွင် ဤကဲ့သို့ ရွဲပ်ပြောင်းရွဲပ်လွဲ ဤတစ်ကြိမ်သာ ကြုံဖူးပါသေး၏။

ဘီလူးဟုဆိုသော်လည်း ရွဲပ်ရှင်၊ ဇာတ်ထဲမှ အဆွန်အတက် အဝတ်အစားတောက်တောက်ပြောင်ပြောင်နှင့်တော့ မဟုတ်ပေ။ ဆံပင်က ဖီးဖီးဖားဖား မျက်ကွင်းကျယ်ကျယ်ပြူးပြူး ပါးစပ်ပြဲပြဲ၊ အပေါ်မှ အစွယ် (၂)ချောင်းသည် ပါးစပ်ပိတ်သည့်အခါ အပြင်သို့လှုံ့ထွက်နေသည့်ပုံစံသာဖြစ်၏။ သူ၏ဦးခေါင်းတစ်လုံးတည်းသာ ဘီလူးဖြစ်၍ ကျန်တစ်ကိုယ်လုံးသည် လူပုံစံအတိုင်းဖြစ်ပါသည်။

လူတစ်ပိုင်း၊ ဘီလူးတစ်ပိုင်းဖြစ်နေသော ကဝေသည်မကြီးအဖြစ် ကျွန်တော် ခန့်မှန်းမိပါသည်။ သူ၏ပုံစံ (၂) မျိုးဖြစ်၏။ ကျွန်တော်တို့လို သာမန်အရပ်အမောင်းနှင့်တစ်မျိုး၊ အရပ်တစ်တောင်ခန့်ရှိသော ကလေးငယ်လေးလို တစ်မျိုးတွေ့ရ၏။

သူ၏အိမ်တွင်းရေးများ တစ်ကွက်စီတစ်ကွက်စီပေါ် လာပြန်ပါသည်။

ဘွားတော်သည် ယောကျ်ားရှိ၏။ သူတို့လင်မယားအတူမအိပ်ပေ။ သူယောကျ်ားသည် မီးဖိုဆောင်အား တီးချ၍ ခုတင်တစ်လုံးဖြင့် သီးသန့်အိပ်ပါသည်။ ဘွားတော်၏အိပ်ရာမှာ သီးသန့်မရှိပေ။ တန်းလျားခုံပေါ် တွင်အိပ်၏။ မီးဖိုဆောင်ထဲတွင်လည်းအိပ်လေ၏။ ဆောင်းတွင်းအခါ မီးဖိုနံဘေးတွင် ဂုန်နီအိတ်ကလေးခင်း၍ အိပ်၏။ ထူးခြားသည်မှာ ခြေတံရှည်အိမ်မြင့်ပေါ် တွင် တစ်ခါမှ တက်မအိပ်ပေ။

သူစားသော အစားအစာမှာ ထူးခြားလှ၏။ ငါးပိတစ်၊ ငါးဆားနယ်နှင့် အမဲသား ဤ (၃) မျိုးသာစား၍ ကျန်သော ကြက်သား၊ ဝက်သားမှအစ ဘာတစ်ခုမှ မစားတော့ပေ။

သူအပြင်ထွက်ပုံနှင့်အစာရှာပုံ။

စကားချပ် - ယခုဖော်ပြသော အကြောင်းအရာများအားလုံးသည် အိပ်မက်ထဲမှအပြင်များဖြစ်ပါ၏။ မနက်၊ နေ့လယ်၊ ညနေအချိန်များတွင် ထူးထူးခြားခြားပြုမူခြင်းမရှိ။ အိမ်မှကိစ္စများနှင့်သာ အချိန်ကုန်၏။ သူအလုပ်စချိန်သည် ညလူခြေတိတ်ချိန်ဖြစ်၏။ အပြင်မထွက်ခင် သူယောကျ်ား အမှန်တကယ်အိပ်၊ မအိပ်စောင့်ကြည့်အပြီး သူယောကျ်ားအိပ်မောကျလျှင် အပြင်ထွက်ပါသည်။ အပြင်ထွက်သည့်ပုံစံ (၂)မျိုး တွေ့ရ၏။ သာမန်အရပ်နှင့်တစ်မျိုး၊ တစ်တောင်ခန့် အရွယ်တစ်မျိုး။ မျက်နှာကတော့ ဘီလူးအသွင်နှင့်ဖြစ်၏။

ဘီလူးမျက်နှာနှင့် တစ်တောင်ခန့် အရွယ်မှ ရုပ်ခန္ဓာဖန်ဆင်း၍ ရပ်ထဲရွာထဲရိုလမ်းကြိုလမ်းကြားမှန်သမျှ ခြေချင်းလိမ်နေအောင်သွားပါ၏။ ပုံမှန်ခြေလှမ်းသည်ပင်မြန်၏။ ပြေးသည့်အခါ ခွေးတစ်ကောင်ကဲ့သို့ အလွန်လျင်မြန်လှ၏။

သူ၏ အဓိကအစာမှာ မွေးကင်းစကလေးငယ်များဖြစ်၏။ မွေးကင်းစကလေးငယ်၏အရသာသည် ပုစွန်တုပ်ကြီးဝါးစားရသကဲ့သို့ ချိုလှသည်ဟု ပြောပြသေး၏။ မီးနေသည်ရှိနိုင်သောအိမ်ကြီးအိမ်ကြားမှန်သမျှ တစ်လမ်းဝင်တစ်လမ်းထွက်၍ အစာရှာခြင်း ဖြစ်၏။

ထိုစဉ်အခါက ဘွားတော်သတ်စားခဲ့သောလူအများစုမှာ ကလေးငယ်လေးများ အတော်များပါသည်။ လူကြီးထဲမှ အမျိုးသား၊ အမျိုးသမီး အနည်းငယ်သာရှိပါသည်။ တချို့တချို့သော ရက်များတွင် အစာရှာ၍မရသောအခါ ရွာပြင်သုသာန်သို့သွား၍ လူသားအလောင်းအား ဖော်၍စားပါသည်။ ရောဂါများနှင့် သေဆုံးသော လူသားအား လုံးဝမစားပါ။ လောလောလတ်လတ် အစိမ်းသေ၏အသားကိုသာ စား၏။

ဘွားတော်ပြသည့် မြင်ကွင်းများသည် ကြည့်၍ကောင်းလှ၏။ ကျွန်တော်ကတော့ အံ့ဩလျက်သာကြည့်နေရပါသည်။ ထိုစဉ်ခဏ ကျွန်တော်သည် ဘွားတော်ပညာသင်ခဲ့ပုံအား သိချင်ပြန်၍ မေးလိုက်၏။

"ဘွားတော်၊ ဒီပညာတွေ ဘယ်လို သင်ယူခဲ့တာလဲ။ ကျွန်တော့်ကိုပြပါဦး"

စကားပင် ဆုံးကာမို့သေးသည်။ အပြင်တစ်ဖို့ရုတ်ခြည်းပြောင်းသွား၏။ ပင်နီတိုတ်ပုံအကျို၊ ပုဆိုးအပြာကွက်၊ သဘက်ခေါင်းပေါင်းနှင့် ပခုံးပေါ်တွင် လွယ်အိတ်ဖောင်းကြီးလွယ်လျက် အုန်းခွံရောင်မြင်းအားဒီးလာသော ဆေးဆရာကြီးတစ်ဦးသည် ဘွားတော်၏အိမ်ခြံထဲအထိ စီးဝင်လာ၏။ မြင်းပေါ်မှဆင်း၍ တိုင်ငုတ်တွင်ကြိုးချည်ကာ မီးဖိုဆောင်ဘက်သို့လျှောက်လာနေ၏။ ထိုစဉ်က ဘွားတော်သည် အသက် (၄၅) နှစ်ခန့် ဖျားနာနေ၍ အိပ်ရာထဲတွင်လဲနေချိန် ဖြစ်ပါသည်။ ဆေးဆရာသည် ပင့်၍ရောက်လာသလို ဘွားတော်အား

www.burmeseclassic.com

www.burmeseclassic.com

သူ၏ဆေးအမှုန့်များတိုက်၍ပြန်သွား၏။ သူပြန်သောနေရာသည် မြို့၏အရှေ့ကပ်လျက်ရွာမှဖြစ်၏။ ဘွားတော်အား (၃)ရက်ဆေးတိုက်ပြီး၍ ဘွားတော်ထူထူထောင်ထောင်ဖြစ်ကာ ကျန်းမာလာ၏။ ပထမအကြိမ်ပြီး၍ ဒုတိယအကြိမ် ဘွားတော် ဖျားနာပြန်သော် ယခင်လို ဆေးများတိုက်၍ ကောင်းသွားပြန်၏။ တတိယအကြိမ်လည်း ဤသို့ဖြင့် ဆေးတိုက်ခံရအပြီးမှာ ဖျားခြင်းနာခြင်းမဖြစ်တော့ပေ။ ကျန်းကျန်းမာမာနှင့် သန်မာလှ၏။ ဗိန္ဒောဆေးဆရာကြီး၏ ဆေးအစွမ်းကြောင့် ဘွားတော်ဟာ ရုက္ခစိုးမှော်ပညာများအလိုလိုအောင်သွားတော့၏။

ဘွားတော်သည် စာမတတ်ပေ။ ရုက္ခစိုးမှော်အောင်တာလည်း သူကိုယ်သူ မသိရှာပေ။ တစ်ဖက်လှည့်နှင့် ပညာအပေးခံလိုက်ရခြင်း ဖြစ်၏။ ထို့မှတ္ပါမှ ဘွားတော်သည် စိတ်လိုက်မာန်လိုက် လူသတ်မိခဲ့ရာမှ အဆင့်မြင့်လာကာ ကဝေပညာသည်အဖြစ်သို့ရောက်ရှိသွားခဲ့ခြင်းဖြစ်ပေသည်။ (ရုက္ခစိုးမှော်အကြောင်း မကြာမီ ရေးပါဦးမည်။)

တည့်တည့်ပြောရလေလျှင် ဆေးဆရာကြီးသည် လူလည်ကျသွားခြင်းဖြစ်၏။ သူကလည်း နိုင်တဲ့ဆေးဆရာမှန်သမျှသတ်ပါသည်။ သူမနိုင်တဲ့သူနှင့် တွေ့လျှင် သူကကိုယ်တိုင်ထိပ်တိုက်မတွေ့တော့။ တပည့်မှ ဘွားတော်ကို ကိုယ်စားလွှတ်ပါသည်။ ဒီလိုအခါမျိုးမှာ ဘွားတော်က ဘုမသိဘမသိနှင့် ကိုယ့်ထက်သာသည့်သူ၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို လှလှပပခံရပါတော့၏။ ဆရာအလိမ်ခံလိုက်ရသည့်ဘွားတော်ဖြစ်ပါသည်။

ဒီလိုနှင့် ကြာလာတော့ ဘွားတော်သည် သူကြိုက်သည့်အသားကိုလည်း မရှောင်နိုင်၊ မစားရလျှင် မနေနိုင်တော့။ စားရင်းသုတ်ရင်းစားရင်းဖြင့် ကြိုးတွေတိုးပညာတွေအဆင့်မြင့်ကာ လူတစ်ပိုင်း၊ ဘီလူးတစ်ပိုင်းအဆင့်သို့ရောက်ခဲ့ရခြင်းဖြစ်ပါသည်။ သူဘဝအကြောင်းသိရပြန်တော့ ကျွန်တော်သနားနေမိပြန်ပါသည်။ သည်အတိုင်းဆို သူသေလျှင် ဒုက္ခလှလှရောက်မည်။ သူအသေကောင်းအောင် သူ့ပညာတွေ ဘုရားမှာ လှူပေးဖို့ တောင်းဆိုကြည့်လိုက်ပါသည်။

"ဘွားတော်ရဲ့အဖြစ်က လူလိမ်ခံလိုက်ရတာ ကျွန်တော်စိတ်မကောင်းပါဘူး။ နောင်သံသရာဘဝကောင်းအောင် ဘုရားမှာ ဒီပညာတွေလှူလိုက်စေချင်တယ်"

"မလုပ်ပါနဲ့ လူလေးရယ်၊ ဒါလေးနဲ့အသက်ရှင်နေရတာပါ။အသက်လှည်းကြီးပါပြီ။ ကြာကြာလည်းမနေရတော့ပါဘူး။ မသေခင်လေး ဝအောင်စားသွားပါရစေ။ မလှူပါရစေနဲ့"

ဘွားတော်၏အသက်သည် (၈၀) နားနီးပါပြီ။ ဒါတောင် မလှူနိုင်ရှာပေ။ သူကိုယ်လည်း အပြစ်မမြင်ရက်ပေ။ အသက်လည်းကြီးသလို ကြာကြာလည်း နေရတော့မည်မဟုတ်။ ကျွန်တော်နှင့်လည်း အမျိုးတော်နေပြန်နှင့် သနားစွာဖြင့် သည်းခံခွင့်လွှတ်ပေးရပါ၏။

"ကဲ - ဒါဆိုလည်း နောက်ကိုဒုက္ခမပေးပါနဲ့တော့ဗျာ"

ဟုပြောလိုက်သည်နှင့် ဘွားတော်သည် ကျေနပ်စွာပြောရှာ၏။

"စိတ်ချပါ၊ ငါကတိပေးပါတယ်"

ဘွားတော်နှင့် သူ့အကြောင်းများသိရ၍ စိတ်လျော့လိုက်စဉ်တွင် ဘွားတော်သည် မြင်ကွင်းမှကွယ်ပျောက်သွား၏။ အသက်(၄၀)တန်း မိန်းမလတ်တစ်ဦးသည် ဘွားခနဲပေါ်လာ၍ ကျွန်တော့်အား ကြောက်သလိုလို၊ ရှက်သလိုလိုနှင့် စိုက်ကြည့်နေလေသည်။ သူကြည့်ပုံအား ကျွန်တော်က ဘာမှထူးထူးဆန်းဆန်းမဖြစ်မိပေ။ သူနှင့်ကျွန်တော်က အမျိုးတော်၏။ ဒါကြောင့် အပြုံးနှင့်မေးလိုက်၏။

"ကဲ - အစ်မကြီး၊ အစ်မကိစ္စမှာ ခင်ဗျားက ဘယ်လိုပါလာတာတုံး။ ကျွန်တော့်ကို တိုတိုတုတ်တုတ်ပြောပြဗျာ"

အစ်မကြီးသည် ရှက်ရွှက်နှင့်ဖြေ၏။

"နင့်အစ်မဆီက ငွေကြိုထုတ်တာ မပေးဘူးဟဲ့၊ ပစ္စည်းရောက်မှတဲ့။ အရင်တုန်းကလည်း ကြိုပေးနေကျ၊ အခုကျမှ မပေးနိုင်ဘူးဆိုတော့ ငါမကျေနပ်ဘူးလေ။ ဒါကြောင့် အပင်းသွင်းထားတာ၊ ဒါပါပဲ"

သူလုပ်ထားတာသိရတော့ ကျွန်တော်ပြုံး၍မေးရပြန်ပါသည်။

"အစ်မကြီးရဲ့ပညာက ဘယ်လောက်ရှိပြီလဲ။ ကျွန်တော့်ကိုပြပါဦး"

"ငါက ရှစ်ကြိုးတည်းပါ။ များများမတတ်ပါဘူး"

သူ့အဖြေအား ကျွန်တော်ကျေနပ်ပါသည်။ အမျိုးလည်းတော်နေသည်မို့-

"ကဲ - ဒါဖြင့် ခင်ဗျားလုပ်ထားတဲ့အတိုက်တွေပြန်ယူပါ။ မကျန်ပါစေနဲ့၊ ချန်ထားရင်တော့ ကျွန်တော် ဒဏ်ခတ်မယ်"

အစ်မကြီးသည် ခေါင်းညိတ်ပြရင်းဖြင့် ပျောက်ကွယ်သွားပါသည်။ အမိန့်သာပေးရသည်။ အမှန်တော့ သူလုပ်ထားတဲ့အပင်းတိုက်အား ကျွန်တော်သာ ချပေးရပါမည်။

အလင်းရောင်များ ပျောက်ကွယ်သွားကာ မှောင်အတိကျသွားသည်။ ကျွန်တော်သည် အိပ်မက်မက်နေရာမှ ရုတ်တရက် ငုတ်တုတ်ထထိုင်လိုက်၏။ အိပ်မက်များက ကျွန်တော်လိုချင်သောအရာများဖြစ်၍ ကျေနပ်ပီတိဖြစ်လျက်ရှိ၏။ နာရီဘယ်အချိန်ရောက်သည်မသိ၊ အစ်မကိစ္စအဆင်ပြေသည်မို့ စိတ်ချလက်ချအိပ်လိုက်မိတော့၏။

မနက်မိုးလင်း၍ အဆာပြေစားအပြီးတွင် အဘွားစိန်တို့အိမ်သို့လာခဲ့ရ၏။ ဘွားလေးစိန်နှင့်အစ်မသည် ပြုံးရွှင်စွာဖြင့် ဆီးကြိုပါသည်။ အိမ်ပေါ် ရောက်၍ ထိုင်သည်နှင့် အဘွားစိန်က စကားစပြောပါသည်။

"ညက ငါမြေးလည်လာဦးမလားလို့ မျှော်နေသေးတယ်။ မင်းအစ်မတလည်း မျှော်နေတယ်။ မြေးကပေါ် မလာဘူး"

"ဟုတ်တယ် ဘွားလေးစိန်၊ ညတကျွန်တော် အလုပ်ရှိတာနဲ့ မလာတော့တာ။ အစ်မအတွက်လည်း လုပ်ပေးစရာရှိလို့ မလာလိုက်တာ။ အစ်မအခြေအနေဘယ်နဲ့လဲ"

အဘွားစိန်က ဝမ်းသာအားရပြောပါသည်။

"မနေ့က ငါမြေးပြန်သွားကတည်းက ထမင်းစတောင်းလို့ နည်းနည်းတွေးလိုက်တယ်။ ညနေကျတော့ စားလိုက်တာလွန်ပါရော။အဘွားတောင်ကြောက်လာတယ်"

ကျွန်တော်က အစ်မအား ပြုံး၍မေးလိုက်ပါသည်။

"အစ်မ၊ နင်ထမင်းမစားတာဘယ်လောက်ကြာပြီလဲ"

အိပ်ရာထက်မှ အစ်မသည် တစ်ယောက်တည်း အားယူထထိုင်ပြောပြ၏။

"ငါစဖြစ်ကတည်းက ထမင်းမစားချင်တာ။ အမေက ငါထမင်းမစားတော့ ထမင်းရည်လေး၊ နွားနို့လေးတိုက်တယ်။ အခု ဘယ်လိုဖြစ်နေမှန်း ငါမသိဘူး။ ထမင်းတအားစားချင်တာလဲ

www.burmeseclassic.com

www.burmeseclassic.com

လုံးလျှောက်ချင်လှပြီ"

ကျွန်တော်နှင့် အဘွားစိန်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြင့် ဝိတိဖြစ်နေကြ၏။

"ထမင်းကို အဝအပြမစားနဲ့ဦး အစ်မ၊ တော်ကြာ စားပိုးနင့်နေဦးမယ်"

ကျွန်တော့်စကားအား အဘွားစိန်မှ ထောက်ခံပြောပါသည်။

"ဟုတ်တယ် မြေးရဲ့၊ မင်းအစ်မက တအားစားတော့ ငါ့မြေးပြောသလို စားပိုးနင့်ရင် ဒုက္ခဖြစ်မှာစိုးလို့ မနေ့က အဘွားသတိပေးရသေးတယ်"

ကျွန်တော်တို့စကားကို အစ်မက နာခံရှာပါသည်။

"အေးပါဟယ်၊ ငါက အရင်လို မြန်မြန်ဝချင်လို့ပါ။ လမ်းလျှောက်ချင် တာလည်းပါတာပေါ့"

အစ်မပို၍ဝမ်းသာအောင်ပြောပြလိုက်၏။

"မကြာပါဘူး အစ်မရယ်၊ (၂)ပတ်၊ (၃) ပတ်လောက်ဆို အားတွေပြန်ပြည့်မယ်။ အဲဒီအခါ လမ်းလျှောက်နိုင်ပြီ။ အလုပ်တွေလည်းပြန်လုပ်နိုင်မှာပဲ"

ဝမ်းသာအားရနှင့် ပြုံးရယ်စွာ အစ်မဖြေ၏။

"အေးပါ-ဒီလိုလုပ်စမ်းပါ ငါ့မောင်ရဲ့"

အစ်မနှင့်စကားရပ်၍ အဘွားစိန်အား မေးလိုက်မိ၏။

"အဘွားစိန်၊ မနေ့ကနဲ့ ဒီနေ့အထိ အစ်မအိမ်သာဘယ်နှခါသွားလဲ"

"မနေ့ညကတစ်ခါ၊ ဒီကနေ့မနက် စောစောတစ်ခါ (၂) ခါသွားတယ် မြေး"

အဘွား၏အဖြေအား ကျွန်တော် ကျေနပ်သွား၏။ သို့ဖြင့် လက်ကျန်ရှင်းရမည်ဖြစ်၍ အဘွားစိန်အား ဘုရားဝတ်မြေ အာရုံယူထားဖို့ခိုင်းစေရပါသည်။ ဆိုင်ရာပုဂ္ဂိုလ်တို့အားပင့်ဖိတ်၍ အဘွားစိန်သည် ငြိမ်နေသည်ဖြစ်၍ စတင်မေးလိုက်ပါသည်။

"ဘွားလေးစိန်၊ အကုန်လုံးရောက်နေကြပြီလား"

"အေး အေး မနေ့ကလိုပဲ အကုန်လုံးရှိတယ် မြေး"

"အစ်မ ရှေ့တည့်တည့်ရောက်စေ"

ဟုဆိုလိုက်သည်နှင့် အဘွားစိန်ထံမှ ပြန်စကားစောင့်မျှော်နေ၏။ စကားပြန်၍မေးလိုက်စဉ် -

"အဘွားစိန်၊ အစ်မခန္ဓာကိုယ်ထဲမှာ မနေ့ကလို မည်းမည်းအရာတွေ၊ အလုံးတွေ၊ အကျိတ်တွေရှိသေးသလား။ သေချာကြည့်တွေ့ရင်ကျွန်တော့်ကိုပြော"

အဘွားစိန်သည် မျက်မှောင်တုတ်၍ ခဏတာငြိမ်နေရာမှ -

"ဘာမှမတွေ့တော့ဘူးမြေးရဲ့၊ ရှင်းနေတာပဲ"

သေချာအောင် ထပ်၍မေးလိုက်ရပါသည်။

"သေသေချာချာကြည့်နော်၊ ကျန်သေးတယ်မို့လား"

ဆိုပြန်တော့-

"ဘာမှကိုမတွေ့တာ မြေးရဲ့"

သို့ဖြင့် ခြံဝင်းထဲနှင့်အိမ်ထဲအား ထပ်၍ အကြည့်ခိုင်းလိုက်ပါသည်။

"အဘွားစိန် အိမ်ထဲ၊အိမ်အောက်နဲ့ ခြံပတ်ပတ်လည်အကုန်ကြည့်၊ တွေ့ရင် ကျွန်တော့်ကိုပြော"

မျက်လုံးကလေး ပေကလပ်ပေကလပ်ဖြင့် အဖြေပေးပြန်၏။

"ဘာမှမတွေ့တော့ဘူး မြေး"

"ကြက်ခြံရစ်ထားတဲ့ မှိုင်းကြိုးတွေကော"

"မရှိတော့ဘူး မြေး"

"ကဲ - ဒါဆို အဘွားကရှေ့မှာရှိတဲ့ နတ်သမီး သူရဿတီဒေဝီကို စိတ်ထဲက လှမ်းမေးလိုက်။ သားတော်မောင် စက်ဖြတ်တော့မှာလို့။ ဘွားတော် အဖြေပေးလိမ့်မယ်"

အဘွားထံမှ စကားပြန်စောင့်ရင်း ကျွန်တော်ပြုံးနေမိပါ၏။

"ဖြတ်လိုက်လို့ပြောတယ်မြေး"

"ကဲ - အဘွားက ဘုရားရယ်၊ ဘိုးတော်တွေရယ်၊ မယ်တော်ကြီးရယ် ကန်တော့လိုက်၊ ဖြတ်လို့ရပြီ"

ကျွန်တော်သည် ဥယျာဉ်စီးကရက် တစ်လိပ်အား မီးညှိဖွာရင်း အဘွားစိန်နှင့် အစ်မအား အကဲခတ်ကြည့်ရာ နှစ်ဦးသား ပြုံးနေကြတော့၏။ ညက အစ်မအတွက် ဓာတ်ကြီး (၄) ပါးအင်း လက်ဖွဲ့အား လည်ပင်းတွင်ဝတ်ဆင်ပေးကာ မှာလိုက်ပါသည်။

"အစ်မ၊ ဒီလက်ဖွဲ့ကို ဒီရက်ပိုင်း မဖြုတ်စေနဲ့နော်။ ဓာတ်(၄)ပါးပျက်နေတာ အကုန်ပြန်ရလိမ့်မယ်။ နောင်မဝတ်ချင်လည်း သေချာဆောင်ထား၊ လာဘ်ပွင့်တယ်"

အစ်မက ပြုံး၍ခေါင်းညိတ်ပြပါသည်။ ထို့နောက် အပြီးသတ်အနေဖြင့် အိမ်ထဲအတွက်ဆန်မန်း၊ ခြံအတွက် သဲမန်းတို့အား ဝဂါထာ၊ စမ(၄)လုံးဂါထာ၊ သံ(၈)ချက် အစရှိသည်တို့ဖြင့်ရွတ်၍ အဘွားစိန်အားပေးခဲ့၏။

အစ်မကိစ္စကတော့ အားလုံးပြီးပြီ၊ ညက ဟိုမျောက်ရုပ်နှင့်လူက အစ်မ၏ခွေးသူဟုပြောသွားတာပေါ်လာပြန်တော့ အစ်မကိုမေးကြည့်ချင်သေးသည်။ အဘွားစိန်တ ဆန်မန်း သဲမန်းပေါက်ပြီး ရှင်းနေတော့ အဆင်ပြေလှ၏။

"အစ်မ၊ နင့်ကို ငါ မေးစရာရှိတယ်၊ မှန်မှန်ဖြေနော်"

"အေး - မေးလေ"

"နင့်မှာရည်းစားရှိခဲ့ဖူးလား"

အပျိုကြီးဝီဝီ ရှက်နီပြင်ဖြေပါသည်။

"ရှိဖူးတာပေါ့ဟဲ့"

"ရှိတယ်ဆိုရင် မျောက်မျက်နှာနဲ့ကောင်က နင့်ရည်းစားလား"

အစ်မဟာ မကြည်မလင်နှင့်ဖြေပါသည်။

"သူကတော့ပြောတာပဲ။ ငါနဲ့ကြိုက်ပြီးမှ ဒီလိုဖြစ်သွားတာပေါ့။ မျောက်မျက်နှာကြီးနဲ့ဆိုတော့ ငါလည်း မမှတ်မိဘူးလေ။ သူကငါနေမကောင်းတဲ့ကြားမှာ ခဏခဏလာကြည့်တယ်။ သူလာတိုင်း ငါမြင်ရတယ်။ မသိပါဘူး ပြောလည်းမရဘူး။ အဲဒီကောင်က ငါ့ကို အသေသတ်တာပဲ လူယုတ်မာ ငါ့မောင်ရဲ့"

"ဒါဖြင့် သူက အစ်မနဲ့ကြိုက်တုန်းက သူ့ရဲ့မူလရုပ်ကိုမပြဘူးလား"

"မပြပါဘူးဟာ"

အစ်မဆီကအဖြေကို ကျွန်တော် အားမရပေ။ မျောက်မျက်နှာလူက မှန်သည်လား၊ အစ်မက မသိတာလား ဝေခွဲမရတော့ပေ။ နောက်တစ်နေ့တွင် ရထားဖြင့် ယောနယ်သို့ပြန်ခဲ့လိုက်တော့၏။ (၂) ပတ်ကျော်ကြာသောအခါတွင် ကျွန်တော့်ထံသို့ ဖုန်းဝင်လာပါသည်။ အစ်မထံမှ ဝမ်းသာသောအသံဖြင့် -

"ဟေ့ကောင် ငါ့မောင်၊ ငါလမ်းလျှောက်နေပြီကွ"

ဟူသတည်း။

ဤဇာတ်လမ်းတွင် ကျွန်တော် စွမ်း၍မဟုတ်ရပါ။ ဘိုးတော်၊ ဘွားတော်တို့အစွမ်းသာဖြစ်ပါသည်။ ၁၉၉၈ ခု ယောနယ်၌တာဝန်ကျနေစဉ် ဇာတိမြို့မှ အစ်မဝမ်းကွဲအား ပယောဂအတိုက်မှား မိမိတတ်သောပညာလေးဖြင့် ကုသပေးခဲ့ပုံအား ဖြစ်ရပ်မှန်အတိုင်း ရေးသားပါသည်။ တန်ဆည်နယ်မှ ရွှေလက်ကျန် ဝိန္ဓောဆေးဆရာကြီးနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရပုံအား ရေးသားပါဦးမည်။

ခိုးမင်း (ခြောက်ရွာ)

www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းလင်း (အိမ်ဇော)

ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်ရောက် ဥစ္စာစောင့်များ

ဗုဒ္ဓဘုရားရှင်၏ တရားတော်များတွင် ဥစ္စာစောင့်များ အမှန်ရှိကြောင်း ပါဝင်ပြီးဖြစ်သည်။ သူတို့သည် ဘုမ္မစိုး နတ်တစ်မျိုးအဖြစ် စာရင်းဝင်၍ နောင်ပွင့်ရန်ကျန်ရှိနေသေးသည့် အရိမေတ္တေယျဘုရားရှင်ကို လှူဒါန်းရန် ရည်ရွယ်သော စိန်ရွှေရတနာသိုက်များကို ဘေးရန်ကင်းရှင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ဘုရားပွင့်ချိန်ကို စောင့်မျှော်နေရသူများဖြစ်ကြသည်။

သူတို့သည် ကမ္ဘဖိဒ္ဓိကြောင့် အတန်အသင့် တန်ခိုးရှိထားကြသည်။ ရတနာသိုက်ကို တူးဖော်ယူငင်ရန် လာရောက်လေ့ရှိတတ်ကြသော သိုက်ဆရာလူသားတို့၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးရန် ဥစ္စာစောင့်များမှာ တာဝန်ရှိကြသည် ။ သဘာဝဘေးရန်များနှင့် သိုက်ဆရာတို့၏ဘေးအန္တရာယ်ကိုမယှဉ်နိုင်လျှင် တစ်ခါတစ်ရံ ရတနာသိုက်ကို ဘေးလွတ်ရာသို့ ရောက်ရှိအောင် ကြိုတင်ရွှေ့ပြောင်းရန်လည်း ဥစ္စာစောင့်များကသာ လုပ်ဆောင်ကြရသည်။ ဤသို့ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကိုလည်း မိမိတို့မှာ ရှိထားသောတန်ခိုးဖြင့် ကြိုတင်သိရှိနိုင်ကြသည်။

ဥစ္စာစောင့်များ ရတနာသိုက်ကို ရွှေ့ပြောင်းသဖြင့် လှည်းများသွားလာမောင်းနှင်သောအသံ၊ လူသူတို့၏အသံကိုသာ လူသားတို့ ကြားနေကြရပြီး မျက်စိဖြင့် မြင်တွေ့ခွင့်မရကြခြင်း။ တစ်ခါတစ်ရံတွင် လူသူမရှိသော တောနက်ကြီးထဲတွင် လူများအထုပ်အပိုးထမ်းရွက်၊ ရွှေ့နောက်တန်းစီပြီး ရွှေ့ပြောင်းသွားသည်ကို လူသားတို့ အဝေးမှလှမ်း၍ မြင်တွေ့ခွင့်ရတတ်၏။ ထိုသူတို့အနီးကပ်ပြီးသွားကြည့်ပြန်လျှင် မမြင်တွေ့ရဘဲ ဗျောက်ကွယ်သွားလေ့ရှိတတ်ကြပြန်လေသည်။

ရတနာသိုက်မှာရှိသော အဖိုးတန်စိန်၊ ရွှေ ရတနာအားလုံးတို့သည် ဘုရားရှင်ကို လှူဒါန်းပူဇော်ရန် ရည်ရွယ်ထားသောပစ္စည်းသာဖြစ်လေ့ရှိပြီး ဥစ္စာစောင့်များ ပိုင်ဆိုင်သော ရတနာဟူ၍ မရှိသလောက်ပင်ဖြစ်နေတတ်သည်။

ရတနာသိုက်ကိုစောင့်ကြပ်ရသော ဥစ္စာစောင့်များ၏ ဘဝအကြောင်းအရာကို အတိတ်ကာလတုန်းက ဇာတ်သဘင်ပွဲများ၊ ပြဇာတ်များတွင်ကပြရာ လွန်စွာလူကြိုက်များခဲ့၏။ ထို့နောက် မြန်မာ့ရုပ်ရှင်နှင့် ကက်ဆက်ဇာတ်လမ်းများမှာလည်း အောင်မြင်ခဲ့ပြန်သည်။ နောက်ပိုင်း ဒွိဒီယိုတစ်ခေတ်ဆန်းချိန်တွင် ဒွိဒီယိုဇာတ်ကားများအဖြစ် ရိုက်ကူးပြသပြန်ရာ အထူးဝင်ငွေကောင်းသော ဇာတ်ကားများဖြစ်သွားခဲ့လေသည်။

မြစိမ်းဇာတ်ထုပ်တွင် သိုက်ဆရာကို လေ့ပေါ်တင်ပြီး ခေါ်ဆောင်လာခဲ့မိသူ ကိုဘုန်းကြွယ်၏ သုခိုးဘေးရိုးကမ်းသလိုလုပ်ရပ်ကြောင့် ဇနီးမမြစိမ်းတစ်ယောက် သိုက်ကိုပြန်ရသောဇာတ်လမ်းသည် ဇာတ်သဘင်ပွဲ၊ ကက်ဆက်ဇာတ်လမ်း၊ ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားအဖြစ် နေရာအားလုံးမှာ အောင်မြင်သွားခဲ့သည်။ ကြည့်ရှုနားဆင်သူတိုင်း မျက်ရည်ဝဲကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြစိမ်းသိုက်ဇာတ်လမ်းနည်းတူပင် မမင်းစိန်-မမင်းသိန်သိုက်စောင့်၊ ရွှေချိုးဖြူ-မူလခဲသိုက်စောင့်ဇာတ်လမ်းများမှာလည်း ရှုပ်ရှင်၊ ဗီဒီယိုနှင့် ဝတ္ထုများတွင် ရေးသားကြသည်။ အကြောင်းအရာကို ပြင်ဆင်ဖန်တီးပြီး ဇာတ်လမ်းဆင် ရေးသား ရိုက်ကူးဝင်ငွေရှာ၍ လူသိများထင်ရှားခဲ့လေသည်။

ထို့ကြောင့် စီးပွားရေးသမားတို့ ဝင်ငွေရှာဖွေကောင်းအောင် ဖန်တီးထားသောလုပ်ကွက်များသာ ဖြစ်လေသည်။ အပြင်လောကတွင် လက်တွေ့အားဖြင့် အမှန်တကယ်မတွေ့ရနိုင်သောအကြောင်းအရာများဟု သိပ်ပြသမားဖြစ်သူ ဝတ်မှုန်တစ်ယောက်က ထင်မှတ်ထားခဲ့လေသည်။

ထိုသို့ ဥစ္စာစောင့်နှင့်ရတနာသိုက် အကြောင်းကို မယုံကြည်သူ ဝတ်မှုန်အတွက် မယုံ၍မရနိုင်တော့လောက်အောင် ကိုယ်တွေ့အကြောင်းကဖန်ခဲ့လေပြီ။ လောကတွင် လူတွေမျက်စိဖြင့် မမြင်တွေ့ရသော်လည်း မငြင်းနိုင်သော လျှို့ဝှက်ဆန်းပြားသည့် ဂဠိဟရအကြောင်း တရားများ အမှန်တကယ်ရှိနေသေးပါတကား။

❑

ရန်ကုန်မြို့တွင်နေထိုင်သော ဝဏ္ဏနှင့်ဝတ်မှုန်တို့သည် ကျောင်းသားဘဝတကျောင်းအတူတက်ကြရင်း ချစ်ကြိုက်ပြီး အိမ်ထောင်ကျသောအချိန်၌ အသက် (၂၀) နှစ်ပင် မပြည့်ကြသေးပေ။ အိမ်ထောင်သည်ဘဝ၌ မိဘမျိုးနွယ်စဉ်ဆက် လုပ်ကိုင်ခဲ့သော သင်္ကန်း၊ ပရိက္ခရာ ရောင်းဝယ်အလုပ်ကို အမွေဆက်ခံလုပ်ကိုင်ရင်း ကြီးပွားချမ်းသာလာခဲ့ကြသည်။ ယခုနှစ် သင်္ကြန်ကာလရောက်တော့မည် ဆိုတော့ ဝတ်မှုန်က ထူးထူးခြားခြား အရေးဆိုတာတစ်ခုရှိလာသည်။

"နှစ်တိုင်း သင်္ကြန်ရောက်ရင် တရားစခန်းဝင်ရင်ဝင်၊ မဝင်ရင် ဒုလ္လဘဝတ်ခဲ့တာချည်းပဲ။ ဒီနှစ်တော့ ဝတ်မှုန်ရဲ့ သဘောဆန္ဒကို တစ်လှည့်ဦးစားပေးဦးလေ"

ဇနီးဖြစ်သူ၏ထူးထူးခြားခြားစကားကြောင့် ဝဏ္ဏက -

"ဘာလဲ၊ ရေပက်ခံထွက်ချင်လို့လား။ ရန်ကုန်မှာကားတွေကလည်းရှုပ်နဲ့ အန္တရာယ်များလွန်းပါတယ်ကွာ။ ပြီးတော့ ညည်းမှာက မပေါ့မပါးရှိနေပြီဆိုတော့ ကျန်းမာရေးကလည်း အရေးကြီးနေပြီ။ ဖျားနာရင်တောင် ဒိုက်ထဲမှာရှိတဲ့ကလေးကိုပါ ထိခိုက်နေပါ့မယ်"

မှန်သည်။ ထိုအချိန်ကာလတုန်းက ဝတ်မှုန်တွင် ကိုယ်ဝန်သုံးလကျော်လေးလရှိ ရင်သွေးလေးကိုလွယ်ထားရသောအချိန် ဖြစ်လေသည်။

"ရေပက်ခံထွက်ချင်တာမဟုတ်ပါဘူး အစ်ကို။ ချောင်းသာကိုမရောက်ဘူးသေးလို့ တစ်ခေါက်လောက်သွားချင်တာပါ။ ကလေးမွေးပြီးခဲ့ရင် ခရီးဝေးသွားလို့လာလို့ ဘယ်ကောင်းပါ့မလဲ။ သင်္ကြန်တွင်းဆိုတော့ လုပ်ငန်းတွေအားလုံးနားထားတုန်း ပိုအခွင့်အခါကောင်းပေါ့"

ရန်ကုန်မှလူအတော်များများ ရောက်ခဲ့ကြပြီးဖြစ်သော ချောင်းသာကမ်းခြေအပန်းဖြေခရီးကို မိမိတို့မှာ တစ်ခေါက်မျှပင် မရောက်ဘူးသေးတာကလည်း မှန်နေသည်။ ထို့ကြောင့် ဇနီးဝတ်မှုန်၏ဆန္ဒကို လိုက်လျောပြီး ချောင်းသာကမ်းခြေခရီးသွားရန် သဘောတူလိုက်လေသည်။

ခရီးထွက်ရန်စီစဉ်တော့ ဝဏ္ဏ၏အစ်မကြီးနှစ်ယောက်နှင့် ဝတ်မှုန်၏ညီမတစ်ယောက်၊ မောင်တစ်ယောက် ပါဝင်လာရာ ချောင်ချောင်ချိချိစီးနိုင်ရန် မိမိတို့အိမ်ကား ဆလွန်းကိုမသုံးတော့ဘဲ ဗင်ကားတစ်စီးငှားလိုက်ရလေသည်။

ထို့နောက် သင်္ကြန်အကြိုနေ့ ညနေပိုင်းတွင် ပုသိမ် - ချောင်းသာခရီးကို ဗင်ကားလေးတစ်စီးတည်းထွက်ခွာလာခဲ့သည်။ ကားထွက်လာပြီးမကြာမီမှာပင် အနောက်ဘက်ကောင်းကင်မှ နေဝန်းနီသည် တစ်နေ့တာ သူ၏တာဝန်ပြီးဆုံး၍ ငုပ်လျှိုးထွက်ခွာရန် နှုတ်ဆက်နေလေပြီ။ မြို့တော်ရန်ကုန်မှထွက်ခဲ့၍ မကြာမီ မီးရောင်လင်းဖြာနေသောနေရာများကို နောက်ဘက်မှာထားခဲ့ပြီး မှောင်မည်းနေသောဒေသထဲကို တရိပ်ရိပ်တိုးဝင်နေရသည်။ အားကိုးစရာအလင်းရောင်ဟူ၍ ကား၏ ရှေ့မီးကြိုးနှစ်လုံးသာရှိသည်။ ကားလမ်းမကြီး၏ ဘေးဘယ်၊ ညာတွင် ရိတ်သိမ်းပြီး လယ်ကွင်း၏ ဝိုးပြတ်တောရှင်းရှင်းလင်းလင်းကိုသာ တွေ့မြင်နေရသည်။

ရန်ကုန်မှထွက်ခဲ့ပြီး တစ်နာရီခွဲခန့်အကြာတွင် ဝဏ္ဏ၏ဝမ်းဗိုက်ထဲမှ ရစ်၍နာလာသည်။ သရက်သီးပေါ်ချိန်ဖြစ်၍ မနေ့ညနေက အဝစားသောက်ခဲ့မိရာ ယခုတော့ ခရီးသွားနေစဉ် ဒုက္ခ

အထူးထုတ်

လှလှပေးလေပြီ။ သည်းမခံနိုင်တော့၍ ကားသမားကို အကျိုးအကြောင်းပြောပြီး ကားရပ်ခိုင်းလိုက်ရတော့သည်။

ဝဏ္ဏကားတံခါးဖွင့်ပြီးဆင်းလိုက်လျှင် လယ်ကွင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေပြည်သည် နွေနှောင်းရာသီဖြစ်၍ ခပ်နွေးနွေးဖြစ်နေလေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဝန်းကျင်အားလုံး အမှောင်ထုက သာ အားကောင်းစွာ မင်းမူနေသည်။ အမှောင်ထဲမှ အဝေးတစ်နေရာတွင် အားနည်းလှသော အလင်းရောင်တချို့ ကြောင့် ကျေးရွာတစ်ရွာမှ နေအိမ်များ ဖြစ်လိမ့်မည်ဟု ထင်မှတ်ရလေသည်။

တစ်ဦးတည်း ကားပေါ်မှဆင်းသွား သော ဝဏ္ဏသည် ကြာသင့်သည်ထက် အချိန်က ပို၍ကြာလှသည်။ ထို့ကြောင့် ဝဏ္ဏ၏အစ်မကြီးများဖြစ်သော ဥမ္မာခင် နှင့် မာလာခင်တို့နှစ်ယောက် ကားပေါ်မှ ဆင်းပြီး ဝဏ္ဏ၏နာမည်ကို အော်ခေါ်ရာ တုံ့ပြန်မထူးသဖြင့် အားလုံး စိတ်ပူပန် ကုန်ကြသည်။

ထို့ကြောင့် ပါလာသော ဓာတ်မီး များထုတ်ပြီး လူအားလုံး ကားအောက် ဆင်း၍ ဝဏ္ဏကိုအော်ဟစ်ခေါ်ရင်းလိုက် ရှာရာ ဝဏ္ဏကား အစအနပင်ရှာမရဖြစ် နေ၍ မိန်းမသားအများစုတို့သည် ကြံ ရာမရဖြစ်ပြီးငိုယိုကြလေသည်။ ထိုနေရာ မှာပင် ရှေ့ခရီးဆက်ရန်လည်းခက်၊ နောက်ကိုပြန်ဆုတ်ရန်လည်းမဟုတ်နှင့် လူအားလုံး တစ်မျော်မျှမအိပ်ကြရဘဲ မတ်တတ်မိုးလင်းခဲ့ကြရသည်။

နံနက်လင်းလာချိန်တွင်ကြည့်လိုက် ရာ ရိတ်သိမ်းထားသောလယ်ကွင်းပြင် ချည်းသာတွေ့ရသည်။ ဝဏ္ဏကိုကား လုံးဝ ရှာမတွေ့ရတော့ပေ။ ကိုက်သုံးရာ ကျော်ခန့်အကွာအဝေးတွင် ချုံနွယ်များ ကြားမှ ပြိုပျက်နေသော ဘုရားသုံးဆူကို လှမ်းမြင်နေရသည်။ တစ်မိုင်ကျော်ခန့် အကွာအဝေးတွင် ကျေးရွာတစ်ရွာရှိနေ ပြီး ခွေးဟောင်သံနှင့် ကြက်တွန်သံများ ကို ကြားနေရသည်။

မတတ်သာသည့်အဆုံး ထိုရွာသို့ ကားမောင်းသမားနှင့် ဝဏ္ဏ၏အစ်မကြီး နှစ်ယောက်တို့ သွားရောက် အကူအညီ တောင်းကြရသည်။ ကျေးရွာမှလူများ ကလည်း စိတ်သဘောဖြူစင်ရိုးသားပြီး ကူညီလိုစိတ်ရှိကြပါသည်။ ကားပေါ် လူ များစားရန် ရေနှင့် အစားအစာထမင်း ဟင်းများ လာရောက် လှူဒါန်းပေးကမ်း ပြီး လူအင်အားဖြင့် ဖြန့်ခွဲရှာဖွေကြသော် လည်း ဘယ်လိုရှာရှာ မတွေ့တော့ပေ။

ချောင်းသားကမ်းခြေသို့ အပျော် ခရီးသွားမည့် ဗင်ကားလေးနှင့် ခရီးသွား ည့်သည်တို့သည် လူတစ်ယောက် ပျောက်ဆုံး၍ ဝမ်းနည်းကြေကွဲစွာဖြင့် လာရာလမ်းအတိုင်း နောက်ဘက်သို့ လှည့်ပြန်ခဲ့ကြရလေတော့သည်။ ဝဏ္ဏ၏ ဇနီး ဝတ်မှုန်ကတော့ ဤခရီးကို မိမိက တောင်းဆိုခဲ့မိလို့ မိမိပယောဂကြောင့် ယခုလိုဖြစ်ရပ်ဆိုးမျိုးကြုံခဲ့ရတာဟုသာ အကြိမ်ကြိမ်ပြောရင်း အမြဲငိုနေလေ သည်။

တစ်နေ့တွင် ဝဏ္ဏပြန်ရောက်လာ နိုးနှင့် ဆွေမျိုးအားလုံးက စောင့်မျှော်နေ ကြသော်လည်း ဝဏ္ဏရောက်မလာနိုင် တော့သဖြင့် မျှော်လင့်ချက်ကို စွန့်လွှတ် လိုက်ကြပြီး ဝဏ္ဏအတွက် သံယာတော် (၅)ပါးပင့်ကာ ဆွမ်းသွတ်တရားနာအမျှ ပေးဝေလိုက်ကြသည်။ ရက်မှလပြောင်း၊ လမှနှစ်ကူးလာချိန်၌ တစ်နှစ်ပြည့်ဆွမ်း သွတ်တရားနာပင်လုပ်ပေးခဲ့သေးသည်။

❑

"ဟဲ့ဟဲ့- ဘယ်လိုပါလိမ့်။ ဘုရား ဘုရား - မောင်လေးဝဏ္ဏာ၊ မင်းနဲ့မမတို့ ဘဝခြားနေပြီကွယ့်။ မင်းအတွက် ကောင်းရာသုဂတိလားနိုင်ဖို့ ဆွမ်းသွတ် တရားနာ ရေစက်ချ အမျှဝေတာတွေ တစ်ကြိမ်မကလုပ်ခဲ့ကြပြီးပြီကွယ့်။ အဲဒါ ကြောင့် ဘဝခြင်းမတူတော့တဲ့ မမတို့ကို လုံးဝမေ့ပစ်လိုက်ပြီး လွတ်ရာကျွတ်ရာ တစ်နေရာရာကိုသွားတော့ကွယ်။ မမတို့ ကို မေ့လိုက်တော့နော်။ အခုလည်း မမပြုသမျှ ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေတယ်။ မောင်လေးဝဏ္ဏရေ အမျှ၊ အမျှ၊ အမျှ။ မောင်လေး ကုသိုလ် ရအောင် သာခု၊ သာခု၊ သာခုလို့ သုံးကြိမ်ခေါ်လေ အဟီး. . ဟီး. . ဟီး"

ဥမ္မာခင်သည် သက်နုံးချုပ်နေစဉ် မိမိတို့ဆိုင်ဖွင့်ထားသော နေအိမ်ထဲသို့ အမောတကောပြေးဝင်လာခဲ့သော လွန် ခဲ့သော (၂)နှစ်ကျော်ကာလ ချောင်းသာ သို့ ခရီးထွက်စဉ် လမ်းခရီးတစ်ဝက်၌ သေဆုံး(ပျောက်ဆုံး)ခဲ့သူ မောင်လေး ဝဏ္ဏကို ရုတ်တရက် တွေ့မြင်လိုက်ရ၍ နှုတ်မှ ထွက်မိထွက်ရာပြောလိုက်မိခြင်း ဖြစ်သည်။

ထို့နောက် နောက်ဖေးမီးဖိုချောင် ဘက်ကိုလှည့်ပြီး -

"မာလာ"

ဟု အော်ခေါ်လိုက်သည်။

မီးဖိုချောင်ထဲမှ 'ရှင်' ဟုပင်အော် ၍ ထူးသံကြားရသည်။

"ရှင်ကိုထားခဲ့၊ အခုညည်းမြန်မြန် ထွက်လာခဲ့စမ်း"

မာလာခင်ကလည်း မီးဖိုချောင်မှ အပြေးတစ်ပိုင်းနှင့်ထွက်လာခဲ့ရာ လက် ထဲမှာ ယောက်မပါလာသည်။ အိမ်ရှေ့ ရောက်တော့မတ်တတ်ရပ်လျက်ရှိသော ဥမ္မာခင်သည် ညာဘက်က သက်နုံးကို ညှပ်သည့်ကတ်ကြေးကိုကိုင်ရင်း ဘယ် ဘက်က ပါဝါမျက်မှန်ကိုဖြုတ်၍ မျက် ရည်သုတ်နေသည်။ ညီအစ်မနှစ်ယောက် ယှဉ်လျက်ရပ်မိခိုက်တွင် သူတို့ရှေ့ကြမ်း ပြင်၌ ဝဏ္ဏသည် တရားခံထိုင်သလို ဆောင့်ကြောင့်ထိုင်လျက်က အစ်မနှစ် ယောက်ကို မော့ကြည့်လိုက်၊ နောက် ဘက်က တစ်စုံတစ်ဦးလိုက်လာမလား ဟု စိတ်မချစွာလှည့်ကြည့်လိုက်လုပ်နေ သည်။ ဥမ္မာခင်ကလည်း အနီးသို့ ညီမ ဖြစ်သူ မာလာခင်ရောက်လာလို့ အဖော် ရသဖြင့် အားရှိလာသည်။

"အင်းလေ၊ မောင်လေးဝဏ္ဏ သေ တုန်းကလည်း အလောင်းကို မရလို့ မသင်္ကြိတ်လိုက်ရဘူး။ ဒါပေမယ့် အဖြစ် အပျက်တွေက မနေ့တစ်နေ့က ဖြစ်ပျက် ခဲ့တာမဟုတ်ဘူး။ (၂) နှစ်တောင်ကျော် နေပြီ။ သူမိန်းမ မဝတ်မှုန်ကိုယ်ဝန်သုံးလ နဲ့ ကျန်နေရစ်ခဲ့တာ၊ အခုဆိုရင် မွေး လာတဲ့သမီးလေးတောင် အသက်(၂)နှစ် ပြည့်တော့မယ်။ မောင်လေးဝဏ္ဏ မင်း ဟာ လူသားစင်စစ်ဖြစ်တယ်ဆိုတာကို မမတို့ ဘယ်လိုလုပ်ပြီးယုံလို့ရမှာလဲ။ ပြောစမ်းပါဦး၊ ခက်လိုက်တာကွာ"

မာလာခင်ကတော့ ဥမ္မာခင်နှင့် ဝဏ္ဏကို တစ်လှည့်စီကြည့်ရင်း အံ့သြနေ သည်။ ဘာမှတော့မပြောပေ။

ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ ဝဏ္ဏ၏စကားသံကထွက်လာသည်။

"မမကြီးနဲ့ မမလေးတို့ ကျွန်တော့် ကို သံသယမရှိကြပါနဲ့။ ကျွန်တော်ဟာ မမကြီးနဲ့မမလေးတို့ရဲ့ မောင်လေးအရင်း ဖြစ်တဲ့ ဝဏ္ဏအစစ်ပါ။ လူအစစ်ပါ။ သရဲ တစ္ဆေလည်းမဟုတ်ပါဘူး။ မယုံရင် ကျွန် တော့်အသားကိုကိုင်ကြည့်ဆွဲဆိတ်ကြည့် ကြပါဗျာ"

ဝဏ္ဏသည် ပြောနေရင်းမှ ရှေ့ကို အနည်းငယ်တိုးပြီး ကပ်လာလိုက်ရာ ဥမ္မာခင်က -

"ဟဲ့ဟဲ့ - ငါအနားကပ်မလာနဲ့။ ကတ်ကြေးနဲ့ နင့်ဝိုက်ကို ထိုးလိုက်မယ် နော်။ ငါ့မောင်လေးဖြစ်နေလို့ သက်သာ မယ်မထင်နဲ့"

မာလာခင်ကလည်းဝင်၍ -

"ယောက်မနဲ့ နင့်ခေါင်းကိုခေါက် လိုက်ရမလား၊ ခေါင်းမှာဘုထသွားမယ် နော်။ သတိထား ဟင်း"

"မာလာ၊ သူမိန်းမ ဝတ်မှုန်ဆီကို ကိစ္စအရေးကြီးလို့ အမြန်လာခဲ့လို့ ဖုန်း ဆက်ခေါ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ဝတ်မှုံနေထိုင်ရာအိမ်သည် အလွန်ဝေးသည်မဟုတ်ပေ။ တစ်လမ်းကျော်မျှသာကွာဝေးရာ (၅)မိနစ်ခန့်ကြာပြီး ဝတ်မှုန်သည် ကားကိုကိုယ်တိုင် မောင်း၍ရောက်လာခဲ့သည်။ ဝတ်မှုန်၏ နောက်တွင် ဇာဇာဟု နာမည်ပေးထားသောသမီးငယ်လေးပါပါလာလေသည်။

ဝတ်မှုန်ရောက်ရှိလာလျှင် ဆိုဖာထိုင်ခုံပေါ်တွင်ထိုင်နေသော အစ်မနှစ်ယောက်ရှေ့ကြွေးပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက်ရှိသောဝဏ္ဏာတို့ စကားအပြန်အလှန်ပြောနေသည်ကိုတွေ့ရှိရာ ဝဏ္ဏာကိုပြေးဖက်ရင်း ငိုကြွေးလေတော့သည်။

ဦး၌ အတော်ကြာပြီးချိန်လောက်တွင် အစ်မကြီးဖြစ်သူ ဥမ္မာခင်က ကြောက်လန့်မှုတွေမရှိတော့သလောက် ဖြစ်နေချိန်ရောက်မှ -

"ကဲ-မောင်လေးဝဏ္ဏာ၊ ပြောပါဦး။ (၂) နှစ်ကျော် ရုတ်တရက်ပျောက်သွားတာကို မမတို့ ဘယ်လိုမှနားလည်လို့ မရဘူး။ ညည်မောင်ကြီးထဲမှာ မင်းသိပ်ချစ်တဲ့မယားကိုပစ်ပြီး ဘယ်မိန်းမနောက်ကို လိုက်သွားရတာလဲပြောစမ်းပါဦး။ မမကြီးစိတ်ထဲမှာ အုံသြလို့မဆုံးဘူးကွာ"

"ဟုတ်ကဲ့-မမကြီး၊ ပြောပါ့မယ်။ မမကြီးစိတ်အထင်နဲ့မှန်းပြောလိုက်တာက တစ်ဝက်လောက်တော့ မှန်နေပါတယ်။ ကျွန်တော့်အဖြစ်အပျက်က ဒီလိုပါခင်ဗျား"

❑

ဝမ်းဗိုက်ထဲမှာ ရစ်ပြီးနာနေရာသည်းမခံနိုင်တော့သည့်အဆုံး ကားသမားကို အကျိုးအကြောင်းပြောပြ၍ စားရပ်ခိုင်းပြီး ဝဏ္ဏ ကားပေါ် မှဆင်းလိုက်သည်။ လယ်ကွင်းပြင်ကိုဖြတ်သန်းတိုက်ခတ်လာသောလေပြည်သည် နွေနှောင်းရာသီအပူဒဏ်ကြောင့် ခပ်နွေးနွေးဖြစ်နေလေသည်။

ဝန်းကျင်အားလုံးကို ပိန်းပိတ်နေအောင် အမှောင်ထုကသာ မင်းမူနေ၏။ လမ်းနံဘေးတစ်နေရာတွင် အခင်းသွားရန် နေရာရှာလိုက်ရာ သစ်ပင်ကြီးနှစ်ပင်၏နောက် ချုပတ်များတွင် အကွယ်အကာယူလိုက်သည့်အခါ ဝဏ္ဏစီးလာသောကားကိုပင်ပြန်၍ မမြင်တွေ့ရတော့လေ။

လေမှာ လွင့်မျောပါလာသော ဒီတောက်ပန်းမွှေးရနံ့ကြောင့် မိမိအထက်ဘေသစ်ပင်ကြီးသည် ပိတောက်ပင်ကြီးဖြစ်ကြောင်း ဝဏ္ဏာသဘောပေါက်လိုက်သည်။ သင်္ကြန်မိုး မနေညနေကရွာသွန်းခဲ့သဖြင့် ယနေ့နံနက်ခင်းသည် ပိတောက်တွေလှိုင်လှိုင်ပွင့်သောနေ့ဖြစ်ခဲ့သည်။

ထိုအချိန်မှာပင် ဝဏ္ဏာသည် လုံးဝမျော်လင့်မထားသောဖြစ်ရပ်တို့ ရုတ်တရက် ရင်ဆိုင်လိုက်ရပြီး အငိုတ်မိသွားသည်။ ဝဏ္ဏ၏ဘေးနှစ်ဖက်မှ လူနှစ်ယောက်၏ သန်မာသောလက်ဖြင့် ဖမ်းချုပ်လိုက်ခြင်းခံရသည်။ ဝဏ္ဏာသတိထားမိသည်က ထိုလူနှစ်ယောက်စလုံးသည် ဝဏ္ဏထက် ဒူလကြီးမားသည်။ ဘယ်လိုဖြစ်သည်မသိ၊ ဝဏ္ဏကိုယ်တိုင်ကလည်း ချက်ချင်း အသိအာရုံများ ဝေဝါးပြီး ခွန်အားကင်းမဲ့သွားသလိုဖြစ်သွားလေသည်။

ဝဏ္ဏ၏အသိစိတ်ဝင်လာချိန်တွင် ခမ်းနားထည်ဝါသောခန်းမထဲသို့ သူတို့သုံးယောက် လမ်းမှန်မှန်လျှောက်၍ ဝင်လာနေသည်။

"ဘိုးဘိုးဆီကို အရင်ဆုံးဝင်ပြီး သတင်းပို့ရမယ်ဟေ့"

ဝဏ္ဏကိုခေါ်ဆောင်လာသူနှစ်ဦးအနက်မှ တစ်ဦးကပြောလိုက်သည်။ သူတို့နှစ်ယောက်စလုံးသည် ဝဏ္ဏထက် အနည်းငယ် အသက်ကြီးသလို ဗလလည်း ပိုကောင်းကြသည်။ တစ်ဦးချင်း သတ်မည်ဆိုတောင် ကိုယ်ခံပညာတတ် ကျွမ်းထားသူ ဝဏ္ဏက နှိုင်ဖို့ မလွယ်ကူပါ။ နှစ်ဦးစလုံးသည် တောင်ရှည်ပုဆိုး၊ ရင်ဖုံးအင်္ကျီများကိုဝတ်ဆင်ထားကြပြီး ဆံပင်ရှည်ကို အုန်းဆီလိမ်း သေသပ်စွာဖြီး၍ထုံးထားသည်။ တွေ့ရမြင်ရသည်မှာ ဇာတ်သဘင်တွင် တွေ့မြင်ရလေ့ရှိသော ဇာတ်မင်းသား သို့မဟုတ် ရှေးခေတ်မြန်မာပြည်သားလိုပုံစံမျိုးပေါက်နေသည်။

"အစ်ကိုတို့က ဘယ်သူတွေလဲဗျာ။ ကျွန်တော့်ကိုဘယ်ခေါ်သွားမှာလဲဗျာ။ ဘာအပြစ်ရှိလို့လဲ"

ဝဏ္ဏက ထိုလူနှစ်ယောက်ကို စတင်စကားပြောလိုက်လေသည်။

ထိုလူနှစ်ဦးအနက် တစ်ဦးက --

"ညီလေးရဲ့ အစ်ကိုအရင်း နှစ်ယောက်လေကွာ၊ မမှတ်မိတော့ဘူးလား။ အားလုံးကတော့ ငါတို့နှစ်ယောက်ကို ကိုကြီးနဲ့ကိုလတ်လို့ ခေါ်ကြတယ်။ မင်းကိုတော့ ကိုငယ်လို့ခေါ်တယ်လေ။ ညီလေးက အတိတ်ကိုမေ့ရုံသာမဟုတ်ဘူး၊ ကိုယ့်နာမည်ကိုတောင်မေ့တာကိုး"

ဤသို့ဖြင့် မီးမထွန်းရသေးသော ခန်းမကြီးတစ်ခုလုံး လင်းထိန်နေသောနေရာတစ်ခုကိုဖြတ်သန်းလာခဲ့ကြသည်။ ကျယ်ဝန်းလှသောခန်းမကြီးထဲတွင် တိုင်လုံးများကို လုံးဝမမြင်မတွေ့ရသဲ့ ဖိတ်ဖိတ်တောက်နေသည့်အခန်းကျယ်များဆီသို့ရောက်ရှိလာသည်။ ထိုနောက် တစ်နေရာအရောက်တွင် လတ်လတ်အခန်းတစ်ခန်းထဲသို့ခြေဆင်လိုက်ရာ သလွန်နှင့်ဆင်တူသောခုတင်တစ်လုံးပေါ်မှာ အဘိုးအိုတစ်ဦးထိုင်နေသည်ကို တွေ့မြင်ရသည်။

ရုပ်ရည်ခံ့ညားသော ထိုအဘိုးအိုသည် အသက် (၈၀) နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရပြီး သပ်ရပ်စွာဝတ်ဆင်ထားသော်လည်း ရှေးဟောင်းလူတို့ဝတ်ဆင်သည့် အဝတ်အစားပုံစံများဟု ဝဏ္ဏ နားလည်လိုက်သည်။

ဝဏ္ဏကိုခေါ်ဆောင်လာသူ ကိုကြီးနှင့် ကိုလတ်တို့နှစ်ဦးက အဘိုးအို၏ရှေ့သို့အရောက်တွင် ကြမ်းပြင်တွင်ထိုင်လိုက်ပြီး အဘိုးအိုကို ရိုသေစွာရှိခိုးဦးချအရိုအသေပေးနေပြန်ရာ မည်သူကမျှ မတိုက်တွန်းဘဲ ဝဏ္ဏကလည်း သူတို့နည်းတူ ရှိခိုးဦးချမိသွားလေသည်။

အဘိုးအို၏ နောက်ဘက်တွင် လက်ဝတ်ရတနာမျိုးစုံကို တောင်လိုပုံထားရာ ရတနာစိန်ကျောက်ပတ္တမြားတို့၏ အလင်းရောင်များကြောင့် ခန်းမတစ်ခုလုံးလင်းနေသလားဟုထင်ရသည်။

"သားကလေး၊ မင် နာမည်ဘယ်လိုခေါ်သလဲကွယ့်"

အဘိုးအိုက စတင်စကားဆိုလိုက်သည်။

"ဝဏ္ဏလို့ခေါ်ပါဗာယ် ဘိုးဘိုး"

"လူဘဝမှာတော့ သားကလေးရဲ့ မိဘတွေပေးထားတာ နာမည်က ဝဏ္ဏပေါ့။ ဘိုးဘိုးတို့ဆီမှာတုန်းကတော့ ကိုကြီးနဲ့ကိုလတ်တို့ရဲ့ညီငယ်ဖြစ်နေလို့ အားလုံးက ကိုငယ်လို့ပဲခေါ်ကြတယ်ကွယ့်။ သားကလေး ကိုငယ် ဘယ်ရောက်နေသလဲ သိသလား"

"မသိပါဘူး ဘိုးဘိုး"

"သားကလေးရောက်နေတဲ့ ယခုနေရာကမှ သားရဲ့ ဘူမိနက်သန် နေရာမှန်အစစ်ကွယ့်။ ဒါကိုတော့မမေ့နဲ့၊ မှတ်ထားပါ။ ဒီနေရာသိုက်နန်းမှာ ပျော်နိုင်အောင်သာကြိုးစား"

စင်စစ် ကိုကြီးနှင့် ကိုငယ်တို့၏ စတင် ဖမ်းချုပ်ခြင်းခံရသည်မှစတင်၍ ဝဏ္ဏသည် စိတ်ခံစားမှုများကင်းမဲ့သွားပြီး အတိတ်ကိုမေ့လျော့သလိုဖြစ်သွားရသည်။ မိမိနာမည်လောက်သာသိတော့သည်။ ကျန်တာတွေ ဘာမှမမှတ်မိ

www.burmeseclassic.com

www.burmeseclassic.com

သလောက်ဖြစ်နေခဲ့သည်။

ယခုတော့ ဥစ္စာစောင့်တွေနေသော သိုက်နန်းကို မိမိရောက်ရှိနေကြောင်း သဘောပေါက်သွားသည်။

"သားကလေးက လူပြည်ကိုသွားချင်တယ်လို့ တောင်းဆိုလို့ သိုက်နန်းကနေ အခိုက်အတန့်အားဖြင့် ထွက်ခွာသွားခွင့်ပြုပေးလိုက်တာပဲ။ ဒါပေမယ့် အချိန်တန် အိမ်ပြန်ရဆိုတာမျိုးပဲ၊ ခွင့်ပြုထားတဲ့အချိန်ကာလကုန်ဆုံးရင် သိုက်နန်းကို ပြန်လာရမှာပဲပေါ့။ လူပြည်ကို မသွားသေးမီ သားပေးထားတဲ့ ကတိကဝတ်တွေရှိထားတယ်ကွယ့်။ လူပြည်ရောက်ခိုက်မှာသာ အခွင့်အရေးရှိတဲ့ ကုသိုလ်ကောင်းမှုတွေကိုသာ အားစိုက်လုပ်ကိုင်ဖို့၊ သံသရာမှာ ဆိုးကျိုးပေးမှာ ဖြစ်တဲ့အကုသိုလ်အလုပ်တွေကိုအတတ်နိုင်ဆုံး ရှောင်နိုင်ဖို့ထွေပဲ။ လူသားဘဝအသက်မွေးဝမ်းကျောင်းဖို့ သက်နံးပရိက္ခရာ အရောင်းအဝယ်အလုပ်ဆိုတာက ကုသိုလ်ကောင်းမှု မကင်းတဲ့အလုပ်မို့ ဘိုးဘိုး လက်ခံနိုင်ပါတယ်။ ဒါပေမယ့် သင်္ကြန်လို အခါကြီးရက်ကြီးအချိန်ကာလမျိုးမှာ ဥပုသ်သီတင်းဆောက်တည်ဖို့ ပျက်ကွက်ရဲသာမကဘူး၊ သားမယားရဲ့ဆန္ဒကို ဦးစားပေးပြီး အပန်းဖြေအပျော်ခရီးထွက်၊ ကိုယ့်ဘဝကို မေ့လျော့တာမျိုးကျတော့ ဘိုးဘိုးတို့နေရာက လက်ခံလို့မရတော့ဘူးကွယ်။ ဒါကြောင့် သားကလေးဟာ အသက် (၂၅) နှစ်အထိ လူသားတစ်ယောက်အဖြစ် အသက်ရှင်နေထိုင်ခွင့်ပေးခဲ့တာ မှန်ကန်ပေမဲ့ အခု အသက် (၂၁) နှစ်မှာပဲ သိုက်နန်းကို ပြန်ခေါ်လိုက်ရတာပါပဲ။ ခုဆိုရင် သားကလေးရဲ့အသက်အရွယ်ကလည်း အိမ်ထောင်ရှိရမယ့်အရွယ်ဖြစ်နေတာမို့ ဘိုးဘိုးတို့ ရွေးချယ်ထားပြီးဖြစ်တဲ့ သိုက်နန်းသူတစ်ဦးနဲ့ စီစဉ်ရလိမ့်မယ်။ သားကြီးနဲ့ သားလတ်က မင်းတို့ညီလေးကို သူဖူးစာရှင်နဲ့ တွေ့ပေးလိုက်ပေတော့"

ဝဏ္ဏသည် မိမိမှာ ဇနီးမယားရှိထားပြီးဖြစ်ကြောင်း ထို့အချိန်မှာပြောပြပြီး ငြင်းဆန်သင့်သော်လည်း အာဘယ်ကြောင့် မငြင်းဆန်မိသည်ကို ရှင်းမပြတတ်တော့ပါ။ လူဘဝက ဇနီးဖြစ်သူ ဝတ်မှုန်အပေါ် သစ္စာမဲ့၍ ဤသို့မငြင်းဆန်ခဲ့တာမဟုတ်တာ သေချာသည်။ လူသားတစ်ယောက်အနေဖြင့်တွေးလျှင် မိမိအဖြစ်ကို မိမိကိုယ်တိုင်ပင် နားမလည်တော့ပေ။

ဘိုးဘိုး၏ စကားဆုံးသည်နှင့် ကိုကြီးနှင့် ကိုလတ်တို့က လက်အုပ်ချီရင်း -

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

ဟု ဆို၍ နောက်ကိုဆုတ်လိုက်သည်နှင့်တစ်ပြိုင်နက် သိုက်နန်းဘိုးဘိုးသည် ပျောက်ကွယ်သွားသည်။ ဝဏ္ဏတို့အားလုံးလည်း ဘိုးဘိုးရှိရာအခန်းမဟုတ်တော့ဘဲ သိုက်နန်းသူအချောအလှများသွားလာလှုပ်ရှားနေရာကို ရောက်ရှိသွားသည်။ နေရာပြောင်းလဲသွားပုံသည် ရုပ်ရှင်ဇာတ်ကားများတွင် အခန်းပြောင်းတာမျိုးနှင့် ဆင်တူလေသည်။ အလွန်လည်း လျင်မြန်လှသည်။

သိုက်နန်းသူလေးများကား အသက်အရွယ်ကြီးသူ၊ အရုပ်ဆိုးအကျည်းတန်သူမပါ။ အားလုံးသည် ငယ်ရွယ်နုပျိုသူ အချောအလှများချည်းသာဖြစ်နေကြသည်မှာ ထူးဆန်းလှ၏။ ဝဏ္ဏတို့၏ ရှေ့မှာ သိုက်နန်းသူ (၃) ယောက် ဝဏ္ဏတို့ဆီကို ဦးတည်၍လာနေသည်။ (၃)ယောက်လုံး ချောမောလှပသည်။ သူမတို့ထံမှ မွှေးကြိုင်လှသောရနံ့ ထင်းပျံ့နေသည်။ မျက်နှာများကလည်း ပြုံးချိုနေပြီး အသားအရေကဖြူနုနေသည်။

ရှေ့မှ သိုက်နန်းသူနှစ်ယောက်သည် ကိုကြီးနှင့် ကိုလတ်တို့၏ အိမ်သူဇနီးများဖြစ်ကြကြောင်း ဝဏ္ဏအလိုလို နားလည်လိုက်သည်။ နောက်ဆုံးမှသိုက်နန်းသူသည် အသက်နည်းနည်းငယ်ပုံရပြီး အသက် (၁၈)နှစ်ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။

ကိုကြီးက ဝဏ္ဏနှင့် သူမကို မိတ်ဆက်ပေးသည်။

"ညီလေး ကိုငယ်၊ သူနာမည်က မျက်ခြယ်လို့ခေါ်တယ်"

မျက်ခြယ်သည် ပြုံးရင်းခေါင်းညိတ်၍ ဝဏ္ဏကို နှုတ်ဆက်သည်။ မျက်ခြယ်သည် ဝဏ္ဏနှင့်လက်ဆက်ရလိမ့်မည်ဟု ကြိုတင်သိရှိထားပုံရသည်။ အလွန်ချောမောလှသော မျက်ခြယ်ကို ဝဏ္ဏမှာ မျက်စိအောက်မှ ပျောက်ကွယ်သွားမှာ စိုးရိမ်နေသလိုကြည့်နေမိသည်။

ဥစ္စာစောင့်များ၏ မင်္ဂလာဆောင်ကြသလို စီသိက်သွန်းပြီး နတ်ရေးတဲ့ရွှေဖူးစာတို့၊ ဆုတောင်းသွန်းပတ္ထနာတို့ လုံးဝမပါရှိဘဲ ဝဏ္ဏ (တစ်ဖြစ်လ) ကိုငယ်နှင့်မျက်ခြယ်ဟူသော ဥစ္စာစောင့်မင်္ဂလာတို့ အကြင်လင်မယားဘဝ ရောက်ရှိသွားခဲ့ကြလေသည်။

ထိုအချိန်ကာလမှာ ဝဏ္ဏသည် လူဘဝတုန်းက ဇနီးဖြစ်သူ ဝတ်မှုန်ကို ဓမ္မလျော့သွာတာကိုတော့ ငြင်းချရန်ဝိုင်မည်မဟုတ်ပေ။ ဝဏ္ဏဘဝက မီးစင်ကြည်ကရသည့်ဘဝဖြစ်နေသည်။ ဤသို့ဖြင့် အချိန်ကာလတွေ အတန်ကြာညောင်းရှိလာခဲ့သည်။ တစ်နေ့တွင် သိုက်နန်းဘိုးဘိုးအား စကားပြောခွင့်တောင်းပြီး ဝဏ္ဏအရေးဆိုလေသည်။ လူပြည်တုန်းက လပြည့်၊ လကွယ်ရက်တိုင်း ရွှေတိုက်ဘုရားကို တက်ရောက်ဖူးမြော်မြဲဖြစ်ရာ ထိုရက်များရောက်လျှင် မိမိမှာ နေမထိထိုင်မသာဖြစ်ရကြောင်း ယခု တပေါင်းလပြည့် ရွှေတိုက်ဘုရားပွဲတော်ကျင်းပချိန်တွင် မိမိကိုသွားရောက်ဖူးမြော်ခွင့်ပေးဖို့ ပြောကြားလေသည်။

"အိမ်း - သားငယ်လေးအရေးဆိုတာကလည်း ဟုတ်ပေစောပဲ။ ဘိုးဘိုးကခွင့်မပြုပြန်ရင်လည်း ကုသိုလ်ရယူမယ့်ခရီးကို ပိတ်ပင်တားဆီးတာမျိုးဖြစ်တာမို့ ဘိုးဘိုးပါ အပြစ်မကင်းနိုင်ဘူး။ အကြာကလှသကွယ်။ သားငယ်လေးတစ်ယောက်တည်းလွှတ်လိုက်ဖို့ ဆိုတာကတော့ ဘယ်လိုမှမဖြစ်နိုင်ပြန်ဘူး။ ဒါကြောင့် မင်းရဲ့အစ်ကိုများဖြစ်တဲ့ ကိုကြီးနဲ့ ကိုငယ်တို့ကို အတူအဖော်ခေါ်ပြီးသွားနိုင်မယ်ဆိုရင် ဘိုးဘိုးခွင့်ပြုလိုက်လျော်နိုင်မယ်ကွယ့်"

ဘိုးဘိုး၏စကားဆုံးသွားသည်နှင့် တစ်ပြိုင်နက် ကိုကြီး၊ ကိုလတ်နှင့်ကိုငယ်ခေါ် ဝဏ္ဏတို့သည် အစ်ကို သုံးယောက်သည် ကြိတ်ကြိတ်တိုး ကြက်ပျံမကျ ထွက်တွေစည်ကားလှသော ရွှေတိုက်ဘုရားရင်ပြင်တော်ပေါ်ရှိ တစ်နေရာကိုရောက်ရှိသွားလေသည်။

အတိတ်ကို လုံးဝမေ့လျော့သတိဖြစ်နေခဲ့သောဝဏ္ဏသည် ရွှေတိုက်ဘုရားပေါ် သို့ရောက်ရှိလျှင် အတိတ်ဖြစ်ရပ်များကို တရေးရေးပြန်လည်စဉ်းစားသတိရစပြုလာသည်။ ရွှေးက ရွှေတိုက်ဘုရားကိုတက်လျှင် စောင်းတန်းအတိုင်းခြေကျင်တက်သည်လည်းရှိသည်၊ လှေကားနှင့်တက်သည်လည်းရှိသည်။ ယခု ရွှေတိုက်ဘုရားပေါ် သို့ မည်သို့တက်ခဲ့သနည်းဟုဆိုသော် နှစ်မျိုးလုံးမဟုတ်သေးပြန်ပေ။ အဖြေးဖို့ခက်ခဲနေသည်။ တစ်ခါတစ်ရံ ဤသို့ အကြောင်းတွေ့သောဖြစ်ရပ်များ မကြာခဏကြုံရမြဲဖြစ်သည်။ ယခုလည်း အလားတူကြုံနေရပြန်သည်။

ဘုရားကို တစ်ပတ်လည်ရှင်း

www.burmeseclassic.com

www.burmeseclassic.com

တို့ညီအစ်ကိုသုံးဦး အရှေ့ဘက်မုခ်နားသို့ ရောက်ရှိလာသည်။ ရှေးယခင်တုန်းက ရွှေတိုဂုံကိုရောက်ရှိတိုင်း ရွှေသင်္ကန်းကပ်လှူရန် အလှူငွေပေးပြီး ဖြတ်ပိုင်းလက်ခံယူမြဲဖြစ်သည်။ ယခုလည်း ရွှေသင်္ကန်းအတွက် ညီအစ်ကိုသုံးယောက်နာမည်ဖြင့် သုံးထောင်ဖိုးဖြတ်ပိုင်းရယူလိုက်သည်။ ဖြတ်ပိုင်းပေးရင်း ဝန်ထမ်းအမျိုးသမီးသည် ဝဏ္ဏကိုကြည့်ပြီး -

"ဩော်- မောင်လေးကိုး။ ဆံပင်ရှည်နဲ့ဖြစ်သွားတော့ ရုတ်တရက်မမှတ်မိဘူး"

ပန်ထမ်းအမျိုးသမီးက ဝဏ္ဏကို နှုတ်ဆက်ရင်းစကားဆိုသည်။ သူမသည် ဆက်လက် စကားပြောလိုသေးဟန်ရှိသည်။ ဝဏ္ဏက ပြုံးပြရုံဖြင့်သာ တုံ့ပြန်ခြင်း၊ ဝဏ္ဏ၏နံဘေးတွင် ဝဏ္ဏနှင့်အသွင်တူသော အစ်ကိုနှစ်ယောက်ပါနေသေးသောကြောင့် ကိုယ်ရှိန်သတ်သွားသည်။ အတိတ်တုန်းက သိကျွမ်းခဲ့သူများကို ဝဏ္ဏသည် အစ်ကိုနှစ်ယောက်ရှေ့မှာ ရင်းနှီးစွာစကားပြောလိုစိတ်မရှိအောင်ဖြစ်နေသည်။

ထို့နောက် ဘုရားပန်းရောင်းသည့် ဈေးသည်များ ဆူညံစွာအော်ဟစ်ကာ. ဝယ်သူခေါ် နေရာသို့ရောက်ရှိပြီး ပန်းသုံးစည်းဝယ်ယူလိုက်သည်။ ,

"ဘယ်သူများလဲလို့၊ တို့အစ်ကိုက မတွေ့တာကြာပြီ။ ပုံစံကလည်းပြောင်းသွားပါလား။ အစ်မကောမပါဘူးလား"

ဟု ပန်းရောင်းသူ မိန်းမတစ်ယောက်က မေးသည်။

"ဟုတ်တယ်။ ဒီတစ်ခါ အစ်ကိုတွေနဲ့အတူ ဘုရားလာဖူးတာ"

ဝဏ္ဏက အယောင်ယောင်အမှားမှားဖြင့် သူနံဘေးမှာရှိသော အစ်ကိုတွေကိုကြည့်လိုက်ရင်း ဖြေမိသွားသည်။ သေချာပါသည်။ အတိတ်တုန်းက ရွှေတိဂုံဘုရားသို့လာဖူးမြော်တိုင်း ဝဏ္ဏ၏နန်းက အတူပါမြဲဖြစ်လေသည်။ ယခုတော့ မိမိဇနီးဖြစ်သူ၏ နာမည်ကိုပင် စဉ်းစား၍မရအောင်ဖြစ်နေသည်။

ပွဲတော်ခြံခါဖြစ်၍ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ် တွင် ကြိတ်ကြိတ်တိုးစည်ကားနေ၏။ ဝဏ္ဏတို့ညီအစ်ကိုသုံးယောက်လည်း လူအုပ်ကြီးအလယ်တွင် အတူစီးမျော်လိုက်ပါခဲ့ကြသည်။ ဝဏ္ဏကို အမြဲတမ်း အစ်ကိုနှစ်ယောက်တ. ဘေးတစ်ဖက်စီမှရံထားသည်သာဖြစ်နေသည်။ လူချင်းကွဲမှာကို သဘောပေါက်ဖြင့်ဝိုးရိမ်သည်လား၊ သို့က်နန်းဘိုးဘို၏အထူးမှာကြားချက်အရ သူတို့ဝရိုက်နေကြသည်လား ဝေခွဲရန်ခက်ခဲလှသည်။

မူလက အတွေးထဲမှာ မရှိသော်လည်း အစ်ကိုနှစ်ယောက်၏အပြုအမူကြောင့် ဤဘုရားဖူးခရီးစဉ်သည် ဝဏ္ဏအတွက် ထွက်ပြေးလွတ်မြောက်ရန် ရှားရှားပါးပါးအခွင့်အရေးဖြစ်ကြောင်း သဘောပေါက်လာခဲ့သည်။ သို့သော် ဘုရားရင်ပြင်တော်ရှိ ပရိသတ်ထဲတွင် ရုန်းထွက်ပြီးပြေးလျှင် ခါးပိုက်နှိုက်ပြေးသလိုဖြစ်သွားပြီး ရုပ်ပျက်ဆင်းမှက်ဖြစ်သွားနိုင်ပြန်သည်။ ယခုအချိန်ကိုသုံးရန် မဖြစ်သေးပေ။

"ကဲ - ညီလေး ကိုငယ်၊ ရွှေတိဂုံပြီးရင် ဘယ်ဘုရားတိုသွားဖူးချင်သေးသလဲ။ သွားချင်တဲ့ဘုရားရှိရင်သွားလေ"

ကိုကြီး၏စကားသံထွက်လာသည်။ ဝဏ္ဏလုံးဝမမျှော်လင့်သောကိစ္စရပ်ဖြစ်နေ၏။

စင်စစ် ဘိုးဘိုးထံတွင် ရွှေတိဂုံဘုရားဖူးခွင့်ကိုသာ တောင်းခံခဲ့ခြင်းဖြစ်ရာ ကိုကြီး၏ သဘောထားကြီးစွာဖြင့် အပို့သဘောလိုက်လျောမှုကို လေးစားကျေးဇူးတင်ရ၏။

"ဝိုလ်တထောင်ဘုရားကိုသွားချင်ပါတယ် ကိုကြီး"

ဤသို့ဖြင့် ညီအစ်ကိုသုံးယောက် ဝိုလ်တထောင်ဘုရားကိုရောက်သည်တွင် ဝဏ္ဏက ရောနှစ်တစ်ဘူးဝယ်လိုက်သည်။ ထို့နောက် ရေဘူးကိုဖွင့်ပြီး အစ်ကိုနှစ်ယောက်ကိုတိုက်ရာ နှစ်ယောက်လုံးက မသောက်ကြပေ။ ဝဏ္ဏသည် အကြံရှိထားသဖြင့် တစ်ဘူးလုံးကုန်အောင် သောက်ပစ်လိုက်သည်။ထိုအခါ ကိုလတ်က-

"ရေတွေသောက်လှချေလားဟ"

ဟုဆိုသည်။

"ဟုတ်တယ် ကိုလတ်၊ ကျွန်တော့် ရင်ထဲမှာပူနေတယ်။ ခုလိုသောက်လိုက်မှ သက်သာသွားတယ်"

ဟု ဝဏ္ဏက ပြန်ဖြေလိုက်သည်။ ဝိုလ်တုထောင်ဘုရား ဖူးမြော်ကြပြီး နောက်တွင် -

"ကဲ - ကိုကြီး၊ ကျွန်တော်ကိုးထပ်ကြီးဘုရားကိုဖူးသွားချင်သေးတယ်"

စိတ်သဘောမနောဖြူသော်ကိုကြီးထံ ဝဏ္ဏက အဆစ်အဖြစ် အခွင့်အရေးတောင်းပြန်ရာ လွယ်လွယ်ကူကူပင် ခွင့်ပြုခဲ့လေသည်။ ထိုအချိန်တွင် ဝဏ္ဏသည် ကိုးထပ်ကြီးဘုရားနှင့်မဝေးလှသောနေရာတွင် မိမိသားမယားနှင့်ဆွေမျိုးများရှိနေကြောင်း မှတ်မိနေပြီ ဖြစ်၏။

ယနေ့ ရန်ကုန်မြို့တော်၏ ရှုပ်ထွေးများပြားလှသော ကားများထဲတွင် ဝဏ္ဏတို့ညီအစ်ကိုသုံးယောက်လိုက်ပါလာသော အင်္ဂါကားယေလေးသည် တရွေ့ရွေ့သွားနေသည်။ ဝဏ္ဏသည် မိမိမွေးဖွားတတည်းတနေထိုင်ခဲ့သော ရန်ကုန်မြို့ကြီးကို အတော်မှတ်မိနေပြီဖြစ်သော်လည်း မိမိအိမ်ကိုပြန်ရန်ကိုမူ မမှတ်မိသေးပေ။ လိပ်စာအတိအကျမသိတတ်သေခြင်း ဖြစ်လေသည်။ ယုတ်စွအဆုံးကိုယ့်နေရပ်မယား၏နာမည်ကိုပင် စဉ်းစားမရသေးပေ။

တစ်နေရာအရောက် ညီအစ်ကိုသုံးယောက်ပါလာသော အင်္ဂါကားသည် မီးပွိုင့်မှ မီးနီပြ၍ ယာဉ်မောင်းသမားသည် ကားကိုရပ်ပေးလိုက်၏။ အခြားကားများလည်း ဆူတိုက်ကားလိုပင် ရပ်လိုက်ကြရာ ဝဏ္ဏတို့ကားသည် ကားများ၏အလယ်ကောင်မှာ ရောက်ရှိသွားသည်။

ထိုအချိန်တွင် ဝဏ္ဏသည် ကားထဲမှာထိုင်ရင်း ဝဲဘက်ကိုကြည့်လိုက်မိသွားက 'မြပုဏ္ဏမာသင်္ကန်းနှင့်ပရိက္ခရာ' ဟူသော ဆိုင်းဘုတ်ဝါဝါခုကိုဖတ်မိသွားရာတွင် ရင်ထဲမှာ ဒိန်းခနဲဖြစ်အောင် ရုတ်တရက် ခံစားလိုက်ရသည်။ ဤသင်္ကန်းတိုက်သည် ဝဏ္ဏ၏အစ်မကြီးနှစ်ယောက် ဦးစီးလုပ်ကိုင်ဆောင်ရွက်နေသောလုပ်ငန်းပေတကား။

ရခဲလှသော အခွင့်အရေးတစ်ရပ်ကို အမိအရ မသုံးချတတ်လျှင် မိမိဘဝဆုံးပေဦးတော့မည်။ အစ်ကိုနှစ်ယောက်ကို မသိမသာ အကဲခတ်ကြည့်လိုက်ရာ အပြင်ကိုငေးမိငေးရာငေးမောနေကြောင်း တွေ့လိုက်ရသည်။ မီးပွိုင့်စိမ်းသွား၍ ယာဉ်မောင်းသည် ကားထွက်ရန် ဂီယာထိုးလိုက်ချိန်နှင့်တစ်ပြိုင်နက် ဝဏ္ဏတစ်ယောက် ကားတံခါးဖွင့်ပြီး မြေပြင်သို့ဆင်းလိုက်ပြီးဖြစ်သွားသည်။ ထို့နောက် တံခါးကို အမြန်ပြန်ပိတ်လိုက်သည်။

ထူးခြားသော သူလုပ်ရပ်ကြောင့် အစ်ကိုနှစ်ယောက်လုံး အံ့သြစွာလှည့်ကြည့်လိုက်ကြလေသည်။ ကြိုတင်စဉ်းစားကြံစည်ထားသူ ဝဏ္ဏက ကားထဲသို့ခေါင်းငုံ့ကြည့်ရင်းမှ-

"ကျွန်တော်သိပ်ပြီးအပျော်သွားချင်နေတာဗျာ၊ ထွက်ကျတော့မယ်။ ထိန်းလို့မရဘူးဖြစ်နေတယ်။ အဲဒါကြောင့် နီးရာအိမ်ကိုတောင်းပန်ပြီးဝင်ရတော့မယ်"

ထိုအခါ ကိုလတ်က -

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်ကွာ ရေတွေကို မဆင်မခြင်တဝကြီးသောက်ခဲ့ပြီး အခုတော့ ဒုက္ခတွေ့နေပြီ"

ဟု ဆိုသည်။

ဝဏ္ဏာကတော့ ကိုလတ်ပြောဆိုတာကို ဆုံးအောင်ပင် နားမထောင်နိုင်တော့ပေ။ လမ်းမပေါ်တွင် စတင်ထွက်ခွာနေကြပြီဖြစ်သော ကားများကြားမှ ကွေ့ပတ်ပြေးလွှားရင်း ထွက်လာခဲ့လေသည်။ ကိုကြီးနှင့်ကိုလတ်နှစ်ယောက်ပါ အဌားကားလည်း ထိုနေရာမှ ထွက်ခွာသွားလေသည်။ အလွန်ရိုးသားပြီး ဝဏ္ဏာကိုလည်း အလွန်ချစ်သော အစ်ကိုနှစ်ယောက်ကို မလိမ့်တပတ်လုပ်ခဲ့ရတာကိုတော့ စိတ်ထဲမှာမကောင်းမိပေ။ ခွင့်လွှတ်ပေးပါအစ်ကိုတို့ခင်ဗျား။ ညီငယ်မပါဘဲပြန်ရောက်လာသည့် အစ်ကိုနှစ်ယောက်ကို သိုက်နန်းက မည်သို့မြင်ဒဏ် ပေးမည်လဲဆိုတာကိုလည်း မစဉ်းစားတတ်တော့ပါ။

❑

ဤသို့ ဝဏ္ဏာက ရှင်းလင်းပြောပြလိုက်မှသာ အားလုံးကျေနပ်လက်ခံသွားကြသည်။ သမီးငယ်လေးဇာဇာကတော့ အဖေနှင့်အမေကို တစ်လှည့်စီကြည့်ရင်း အံ့သြနေသည်။

"ဖေဖေကြီး၊ သမီးတို့ကိုထားခဲ့ပြီး နောက်တစ်ခါထွက်မပြေးနဲ့တော့နော်"

စကားတတ်သောသမီးလေးဇာဇာ အပြောကြောင့် အားလုံး ဝါးခနဲပွဲကျသွားသည်။

"ဒီအတိုင်းစိတ်ချနေလို့မဖြစ်သေးဘူး။ မင့်အစ်ကိုနှစ်ယောက်က ရောက်မလာဘူးလို့ ပြောမရဘူး။ ညမှောင်လာရင် သူဘက်ကအခွင့်သာလာမယ်။ ဒါကြောင့် အခိုန်မီ ဒီနေရာကထွက်ခွာပြီး ဝတ်မှန်တို့အိမ်ကိုရွှေ့ကြရမယ်"

ဟု ဥမ္မာခင်က အစ်မကြီးပီပီ အစီအစဉ်ချသည်။မာလာခင်က ဦးစွာအပြင်ထွက်ပြီး ဆေးအန္တရာယ်ကင်း၊ မကင်းလေ့လာသည်။ ထို့နောက်တွင် ဝဏ္ဏာ၏ဦးခေါင်းပိုင်းကို တဘက်ကြီးတစ်ထည်ဖြင့်ခြုံပြီး အစ်မနှစ်ယောက်ခြံရံ၍ ကားပေါ် တင်လျက် အားလုံးလိုက်ပါပြီး ဝတ်မှန်တို့အိမ်မောင်းခဲ့သည်။ တစ်ဖြောင့်တည်းသွားနေလျှင် မှတ်မိနိုင်သဖြင့် ကြည့်မြင်တိုင်းမြို့နယ်ထဲတွင် အနည်းငယ်လှည့်ပတ်ပြီးမောင်းနေရသေးသည်။

ဥမ္မာခင်နှင့် မာလာခင်တို့ အစ်မကြီးနှစ်ယောက်လည်း ယနေ့ညစာကို ဝတ်မှန်တို့အိမ်မှာပင်စားပြီး အတူညအိပ်လိုက်ကြမည်ဖြစ်၍ ဝဏ္ဏာနှင့် ကောင်းကောင်းစကားပြောခွင့်ရလေသည်။

"မောင်လေး၊မင့်အစ်ကိုနှစ်ယောက်ရန်က အေးပြီလို့ထင်သလား။ ဘယ်လိုမြင်သလဲ"

ဥမ္မာခင်က မေးခြင်းဖြစ်သည်။

"ဟုတ်ကဲ့၊ အေးလောက်ပြီထင်ပါတယ်။ အစ်ကိုကြီးနှစ်ယောက်လုံးက သဘောကောင်းပြီး ရိုးလွန်းတော့ အ,ဆိုတာမျိုးထဲကပါ မမကြီး"

"အောင်မယ် - သူ့အစ်ကိုတွေကို အတော်ချစ်ပုံပေးတယ်။ အမွှမ်းတင်နေလိုက်တာများ"

မာလာခင်က ဝင်ပြောလိုက်ရာ ဝဏ္ဏာရှက်သွားပြီး ခေါင်းငုံ့သွားလေသည်။ သို့သော် အလိုက်သိတတ်ပြီး သဘောထားပြည့်ဝသော ဇနီး ဝတ်မှန်စကားကြောင့် သက်သာရာရလေသည်။

"ဟုတ်တယ်မမလေးရဲ့၊ ဘိုးဘိုးက ရွှေတိဂုံကိုသာဖူးမြော်ခွင့်ပြုတာ။ အစ်ကိုကြီးက ဗိုလ်တထောင်ဘုရား၊ ကိုးထပ်ကြီးဘုရားတွေပါ သဘောကောင်းပြီးအပိုတွေဖူးခွင့်ပေးလို့ အစ်ကိုထွက်ပြေးခွင့်ရခဲ့တာပေါ့"

ဥမ္မာခင်ကပင် ဝဏ္ဏာအား မေးခွန်းထုတ်ပြန်သည်။

"မျက်ခြယ်နဲ့ဝတ်မှန် ဘယ်သူကပို လှသလဲဆိုတာတော့ မေးစရာမလိုဘူး။ ဥစ္စာစောင့်ဖြစ်တဲ့မျက်ခြယ်က အလှပိုမှာသေချာတယ်။ မောင်လေး၊ နှင့်မယားနှစ်ယောက်မှာ ဘယ်သူ့ကိုပိုချစ်သလဲ"

ဝဏ္ဏာအဖြေမပေးနိုင်သဖြင့် အားယူလျက်သာ မချိပြုံးပြုံးနေရသည်။

မာလာခင်က ကြားဝင်၍ -

"မောင်လေးကလည်း အ,ပါကွာ၊ 'ကမ္ဘာကြီးသည် ကျောင်းမှာလုံး၍ အိမ်မှာပြားသည်' လို့ဖြေတဲ့ကျောင်းသားလိုပေါ့။ သိုက်နန်းမှာတုန်းက မျက်ခြယ်ကို ချစ်ပြီး အိမ်ပြန်ရောက်တော့ ဝတ်မှန်ကို ချစ်သည်ပေါ့ - ဟုတ်ဖူးလား ဟားဟား ဟား"

"ကဲကဲ - အရေးပါတဲ့စကားကို မရောက်ကြသေးဘူး။ ဥစ္စာစောင့်တို့၊ သိုက်နန်းဆိုတာတို့တွေကို မယုံသလို လုပ်နေလို့ မသင့်တော့ဘူး။ မောင်လေးကို ကတိပေးထားတဲ့အတိုင်း အသက် (၂၅) နှစ်ထိနေရဖို့က (၂) နှစ်လောက်ကျန်နေသေးလို့ လူပြည့်ကို သိုက်နန်းက ပြန်ထွက်ခွာခွင့်ပေးလိုက်သလားဆိုတာကို မေးခွန်းထုတ်စရာရှိတယ်။ တို့က အဲဒါကြောင့် အခိုန်မီသိုက်ကြိုးဖြတ်ပစ်နိုင်ဖို့အရေးကြီးနေတယ်။ သိုက်ကြိုးဖြတ်ပေမယ့် ဆရာအတုန့်တွေ့နေပြန်ရင်လည်း ခက်ပြန်ဦးမယ်နော်"

ဥမ္မာခင်က လူကြီးစကားပြောသည်။

ထိုအခါ ဝတ်မှန်က -

"ကျွန်မကလေ အစ်ကိုပျောက်သွားကတည်းကဘုရားစာတွေရွတ်တယ်။ ငြိုးငွေ့လာရင် စာဖတ်တာလုပ်တယ်။ အဲဒါကြောင့် သူရဇ္ဈမဂ္ဂင်းထဲမှာ စာရေးဆရာက်ဝင်းရေးတဲ့စာဖတ်လိုက်ရတယ်။ ရွှေတိဂုံရင်ပြင်တော်ပေါ်မှာ သိုက်နန်းရှင်ဘုရား (သိုက်ချုပ်စေတီ) ဆိုတာ ရှိတယ်တဲ့။ အဲဒီဘုရားက နောင်တော်ကြီးဘုရားတောင်ဘက်နားမှာရှိတဲ့ကိုးတောင်ပြည့်ဘုရားတဲ့။ အဲဒီဘုရားမှာ ကန်တော့ပွဲထိုးပြီး ဆုတောင်းရင် သိုက်ကြိုးပြတ်တယ်ဆိုပဲ။ စာအုပ်ထဲမှာ စာရေးဆရာက အသေးစိတ်ရေးထားတာ၊ အဲဒီစာအုပ် ကျွန်မဆီမှာရှိတယ်"

အေးအေး- အဲဒါဆို တို့အားလုံး တစ်ရက်မှာ ရွှေတိဂုံဘုရားကိုဖူးရင်း သွားကြရမှာပေါ့"

ဥမ္မာခင်၏စိတ်ထဲတွင်ကား ခရီးသွားရင်း မမျှော်လင့်ဘဲ ဝဏ္ဏာမျောက်ဆုံးသွားသောနေရာနှင့်မဝေးလှသောနေရာတွင် ပြိုကျပျက်စီးနေသော စေတီ(၃)ဆူလုံးကို မောင်နှမ(၃)ယောက်တစ်ယောက်တစ်ဆူကျပြင်ဆင်ကြလျှင် အလှူဒါန်းတစ်ခုမြောက်သွားပြီး သိုက်နန်းမှ ဘိုးဘိုးနှင့်အတူ ဆွေမျိုးများကို ကုသိုလ်အဒို့အမျှဝေပေးရုံးမည်။ ဤကိစ္စဆောင်ရွက်ရန် ဝဏ္ဏာပျောက်ဆုံးစဉ်က ဝိုင်းဝန်းရှာဖွေကူညီခြင်း၊ အစားအသောက်များကျွေးမွေးခြင်းပြုခဲ့သော ပေပင်ကုန်းရွာလေးကို တစ်ခေါက်သွားရောက်ဆွေးနွေးရင်း ဘုရားတည်ဆောက်ရန် နည်းလမ်းရှာဖွေရုံးမည်ဟု အစီစဉ်ချနေမိသေးသည်။

စကြွင်း - ဘုန်းကြီးကျောင်းဆရာတော်ဦးဥပသိစောင့်ရောက်သွားရင်း မိမိကြားလာသောဖြစ်ရပ်ကို ပြန်လည်ပြောပြသော ဒေါ်နွဲ့နွယ်နီ(၁၃)လမ်း၊ မြောက်ဥက္ကလာ (ရန်ကုန်) ကို အထူးကျေးဇူးတင်ပါသည်။ ဖြစ်ရပ်မှန်ကို နာမည်များပြောင်းလဲပြီး အနည်းငယ်သာ ပြင်ဆင်ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ တိုက်ဆိုင်မှုများရှိနေက သက်ဆိုင်သူများကိုကြိုတောင်းပန်အပ်ပါသည်။

အောင်ဆန်းလင်း (ဘီ-အေ

www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ်မင်း (LL.B)

အသက် (၁၀၀) ကျော်နေသူများရဖယ်လက္ခဏာ သင့်လက်ဝါးပြင်မှာပါရဲ့လား

မူရင်း ဥာဏ်ပုံစံ

□ ပြဟ္မာသက်တမ်း နိဂုဿတစ်သိန်း သက်တမ်းရှည်ရသည့်အကြောင်းတရား

အခါတစ်ပါးဦး ရှင်တော်မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သောဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လူ၊ နတ်၊ ပြဟ္မာ သတ္တဝါတို့အား စေတောပရိယဉာဏ်တော်ဖြင့် ဖြန့်ကြက်၍ကြည့်တော်မူလိုက်သောအခါ အတွေးအခေါ်၊ အယူအဆမှားယွင်းလျက်ရှိသည့် အဝိဇ္ဇာဖုံးလွှမ်းလျက်ရှိသော ပြဟ္မာပြည်က ဗကပြဟ္မာ၏ပုံရိပ်သည် ပြက်ပြက်ထင်ထင်မြင်တော်မူလိုက်၏။

ဗကပြဟ္မာသည် ထိုစဉ်က ယုတ်ညံ့သောသဘောရှိသော သဿတဒိဋ္ဌိအယူဖြစ်သော-

ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား မြဲ၏။

ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား ခိုင်ခံ့၏။

ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား အခါခပ်သိမ်းရှိ၏။

ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား မပြတ်မစဲ တစ်ဆက်တည်းတည်၏။

ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား ရွှေလျော်ခြင်းသဘောမရှိ မှန်၏။

ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား ပဋိသန္ဓေနေခြင်း မရှိ၊ အိုခြင်းမရှိ၊ သေခြင်းမရှိ၊ ရွှေလျော်ခြင်းမရှိ။ တစ်ဖန် ဖြစ်ခြင်းသဘောမရှိ။

ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်မှတစ်ပါး အခြားလွန်ကဲသောလွတ်မြောက်ရာမရှိဟူသော သဿတဒိဋ္ဌိအယူတိမ်းပါးမှားယွင်းလျက်ရှိ၏။

မြတ်စွာဘုရားသည် ဗကပြဟ္မာ၏စိတ်အကြံကို သူတစ်ပါး၏ စိတ်ကို သိနိုင်သောဉာဏ်တော်ဖြစ်သည့်စေတောပရိယဉာဏ်ဖြင့် သိရှိတော်မူသောအခါ ခွန်အားရှိသောအကြင်ယောကျ်ားသည် ကွေးသောလက်ခုံးကိုဆန့်သကဲ့သို့လည်းကောင်း၊ ဆန့်သောလက်ခုံးကိုကွေးသကဲ့သို့လည်းကောင်း၊ ဇေတဝန်ကျောင်းတော်မှ ပြဟ္မာ့ဘုံသို့ တန်ခိုးတော်ဖြင့် ကြွရှိသွားတော်မူ၏။ ပြဟ္မာ့ဘုံသို့ ကြွလာတော်မူသော မြတ်စွာဘုရားကို ဗကပြဟ္မာသည် အဝေးကပင်မြင်လိုက်ရာ မြတ်စွာဘုရားအား -

"အချင်း - လာပါလော့။ အချင်း-သင်၏လာခြင်းသည် ကောင်းသောလာခြင်းတည်း။ အချင်း၊ စင်စစ် ဤပြဟ္မာ့ပြည်သို့လာရန် အလှည့်အကြိမ်ကို ကြာမြင့်မှုပြုဘို့၏။ အချင်း-ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား မြဲ၏။ ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား ခိုင်ခံ့၏။ ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား ရွှေလျော်ခြင်းသဘောမရှိ မှန်၏။ ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်သည်ကား ပဋိသန္ဓေနေခြင်းမရှိ၊ အိုခြင်းမရှိ၊ သေခြင်းမရှိ၊ ရွှေလျော်ခြင်းမရှိ၊ တစ်ဖန် ဖြစ်ခြင်းသဘောမရှိ၊ ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်မှတစ်ပါး အခြားလွန်ကဲသော ထွက်မြောက်ရာမရှိ"

ဟူ၍လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဗကပြဟ္မာအား -

"အချင်း ဗကပြဟ္မာ၊ သင်သည် အဝိဇ္ဇာအမှောင်ဖုံးလေပြီတကား။ မမြဲသည်သာလျှင် ဖြစ်လျက်မြဲ၏ဟူ၍ဆိုဘိ၏။ မခိုင်ခံ့သည်သာလျှင် ဖြစ်လျက် ခိုင်ခံ့၏ဟူ၍ ဆိုဘိ၏။ အခါခပ်သိမ်း ထင်ရှားမရှိသည်သာလျှင် ဖြစ်လျက် အခါခပ်သိမ်းထင်ရှားရှိ၏ဟူ၍ ဆိုဘိ၏။ မပြတ်မစဲ တစ်ဆက်တည်းမတည်ဘဲလျက် မပြတ်မစဲ တစ်ဆက်တည်း တည်ရှိ၏ဟု ဆိုဘိ၏။ ရွှေလျော်တတ်သော သဘောရှိသည်သာလျှင်ဖြစ်လျက် မရွှေလျော်တတ်သောသဘောရှိ၏ဟူ၍ဆိုဘိ၏။ အကြင်ကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်မှပဋိသန္ဓေနေခြင်းလည်းရှိ၏။ ထိုသို့သဘောရှိသော ထိုပြဟ္မာ့ပြည်သည် ပဋိသန္ဓေနေခြင်းမရှိ၊ အိုခြင်းမရှိ၊ သေခြင်းမရှိ၊ ရွှေလျော်ခြင်းမရှိ၊ တစ်ဖန် ဖြစ်ခြင်းသဘောမရှိဟု ဆိုဘိ၏။ ဤကိုယ်နှင့်တကွသော ပြဟ္မာ့ပြည်မှတစ်ပါး အခြားလွန်ကဲသော ထွက်မြောက်ရာရှိပါလျက် အခြားလွန်ကဲသောထွက်မြောက်ရာမရှိဤသို့ဆိုဘိ၏"

ဟု မြတ်စွာဘုရားက မိန့်တော်မူသောအခါ -

"အရှင်ဂေါတမ၊ ကောင်းမှုပြုဖူး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကုန်သော ခုနစ်ကျိပ်နှစ်ယောက် သောသူတို့သည် သူတစ်ပါးတို့ကို မိမိ အလိုသို့ လိုက်စေကုန်၏။ ပဋိသန္ဓေနေခြင်း၊ အိုခြင်းကိုလွန်ကုန်၏။ ဉာဏ်တို့ဖြင့် (ဆင်းရဲ၏အဆုံးသို့) ရောက်သော ငါတို့ဘုရားသည် အဆုံးဖြစ်သော ငြဟ္မာဘုံ၌ ဖြစ်၏။ များစွာကုန်သော သူတို့သည်လည်း ငါတို့ကို တောင့်တကုန်၏"

ဟု ဗကငြဟ္မာဆည် လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက ဗကငြဟ္မာအား -

"သင်၏ နိရဗ္ဗုဒ တစ်သိန်းအရေအတွက်ရှိကုန်သော အကြင်အသက်ကို ရှည်သောအသက်ဟူ၍ သင်အောက်မေ့ဘိ၏။ ထိုအသက်သည် နည်းသည်သာ လျှင်တည်း။ ရှည်သောအသက်မဟုတ်။ ဗကငြဟ္မာ၊ သင်၏အသက်ကို ငါသိ၏'

ဟု ပြန်လည်မိန့်တော်မူ၏။

ထိုအခါ ဗကငြဟ္မာက -

"မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်းကိုလည်းကောင်း၊ ပူဆွေးခြင်းကိုလည်းကောင်း၊ လွန်မြောက်ပြီးဖြစ်၍ ငါသည် အဆုံးမရှိမြင်သူဖြစ်၏ဟု ဆိုတော်မူကုန်၏။ အကျွန်ုပ်၏ရှေးဟောင်းအကျင့်သီလဝတ်သည် အဘယ်သို့ပါနည်း။ ထိုအကြောင်းအရာကို သိနိုင်လောက်အောင် အကျွန်ုပ်အား ပြောကြားတော်မူပါလော့"

ဟု ပြန်လည် လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားရှင် သည်-

"ဗကငြဟ္မာ၊ နွေလ၌ အပူ ဖြင့် နှိပ်စက်ခံရကုန်သော ရေမွတ်သိပ်ကုန်သည့် များစွာကုန်သောလူတို့ကို သင်သည် ရေတိုက်ခဲ့ဖူး၏။ ရေတိုက်ခဲ့ခြင်းဟူ သော ထိုအကျင့်သည် သင်၏ ရှေးဟောင်းအကျင့်သီလ တည်း။ ငါသည် ထို အကြောင်းကို အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ အစဉ်အောက်မေ့နိုင်၏။

ဂဏှိမြစ်ကမ်း၌ ဖမ်းယူ ခံရသော သံပန်းအပေါင်းကို သင်လွတ်စေခဲ့ဖူးပြီ။ ထို လွတ်စေခဲ့ ခြင်းဟူသော အကျင့်သည် သင်၏ ရှေးဟောင်းအကျင့်သီလတည်း။ ငါသည် ထိုအကြောင်းကို အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ အစဉ်အောက်မေ့နိုင်၏။

ကြမ်းကြုတ်သောနဂါးသည် လူတို့ကို အလိုရှိသောကြောင့် ဂဏှိမြစ်၏ အလျှဉ်၌ ဖမ်းယူအုပ်သောလေ့ကို အသိ

မှုရင်းတယ်ထက်ပုံစံ

ဉာဏ်အားအစွမ်းဖြင့် လွှမ်းမိုးနှိမ်နင်း၍ သင်လွတ်စေခဲ့ဖူးပြီ။ ထိုလွတ်စေခဲ့ခြင်းဟူသောအကျင့်သည် သင်၏ရှေးဟောင်းအကျင့်ဝတ်သီလတည်း။ ငါသည် ထိုအကြောင်းကို အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ အစဉ်အောက်မေ့နိုင်၏။

ငါသည် သင်၏ ကပ္ပဒုမည်ရှိသောတပည့်ဖြစ်ခဲ့ဖူးပြီ။ ဤအရှင်ကား ကောင်းသောပညာရှိ၏။ အကျင့်နှင့်ပြည့်စုံ၏ဟု သိခဲ့၏။ ထိုအကျင့်သည် သင်၏ရှေးဟောင်းအကျင့်သီလတည်း။ ငါသည် ထိုအကြောင်းကို အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ အစဉ်အောက်မေ့နိုင်၏"

ဟု မိန့်တော်မူ၏။

ထိုအခါ ဗကငြဟ္မာသည် -

"အရှင်ဘုရား၊ အကျွန်ုပ်၏ ထိုအသက်ကို အမှန်စစ်စစ် သိတော်မူပေ၏။ တစ်ပါးသောအကြောင်းတို့ကိုလည်း သိတော်မူ၏။ ထို့ကြောင့်သာလျှင် ပုဒ္ဓမည်တော်မူပါပေ၏။ ထိုသို့ ပုဒ္ဓမည်သည်၏ အဖြစ်ကြောင့်သာလျှင် အရှင်ဘုရား၏ တောက်ပတော်မူသော ဤအာနုဘော်သည် ငြဟ္မာ့ပြည်ကို ထွန်းလင်းစေလျက် တည်ပါ၏"

ဟု ပြန်လည်လျှောက်ထားလေသည်။

❑

"ဟာ - ဦးစိုးသိန်းပါလား၊ အခွေ့အရံတွေနဲ့ ဘာများအကြောင်းထူးကိစ္စတွေရှိနေပြန်ပြီလဲ"

"အကြောင်းထူးတော့ မဟုတ်ပါဘူး ဆရာ။ သန်းခေါင်စာရင်းလည်း ကောက်ရင်း နိုင်ငံတော်က အသက်ရာကျော်ပုဂ္ဂိုလ်တွေကို ထောက်ပုံ့လျှဒါန်း မယ်ဆိုလို့ တစ်အိမ်တက်ဆင်းစာရင်း ကောက်ယူရတာပါ။ တစ်ယောက်တည်း လည်းမနိုင်လို့ လုပ်အားပေးတွေရဲ့ အကူအညီနဲ့ အပူတပြင်း စာရင်းလိုက် ယူနေတာပါ"

ဟု ရာအိမ်မှူး ဦးစိုးသိန်းကဆိုသည်။

"ဟာ - ဒီလိုဆိုရင် အတော်ပဲ ဦးစိုးသိမ်းရေ။ ကျွန်တော်တို့ အမှတ် (၂) ရပ်ကွက်မှာ အသက် (၁၀၀) ကျော် ပုဂ္ဂိုလ်တွေများရှိခဲ့ရင် ကျွန်တော့်ကိုလည်း ပြောပါဦး"

ဟု ဆိုလိုက်ရာ -

"ဩော်-ဆရာကလည်း သတိမေ့တတ်ရန်ကော၊ အခု စိန်ပန်းလမ်းမှာ အဖွားဒေါ်ရှမ်းရှိတယ်လေ။ သူလည်း အခု အသက် (၁၀၀) ကျော်ပြီပဲ။ ဒေါ်ရှမ်းရဲ့ မြေး ဗိုလ်မှူးတောင် ဆရာဆီမှာ လက္ခဏာလာကြည့်ဖူးတယ်လေ"

"အဲဒီအဘွားဒေါ်ရှမ်းရဲ့ အိမ်ကို ဦးစိုးသိန်းသိတယ်မဟုတ်လား"

"သိတာပေါ့ ဆရာ၊ အခုပဲ ကျွန်တော်လိုက်ပို့ပေးမယ်"

ဟု ဆိုကာ တာဝန်ခံစာရေးဖြစ်သူ မောင်သိန်းနိုင်နှင့်အတူ ဦးစိုးသိန်းက ဦးဆောင်၍ ဒေါ်ရှမ်း၏လက္ခဏာကိုသွားယူခဲ့ကြသည်။

ယခုဖော်ပြပါ လက်ပုံစံသည် အသက် (၁၀၆) နှစ်ရှိပြီဖြစ်သော အဘွား ဒေါ်ရှမ်း၏လက်ပုံစံပင် ဖြစ်သည်။ ဤနေရာတွင် လက္ခဏာဝါဒနာရှင်တို့အား အဓိပ္ပာယ်ပြောလိုသည်။

လက္ခဏာ ဟူသော ပါဠိစကားသည် မြန်မာလို အမှတ်အသားဟု အဓိပ္ပာယ်ထွက်၏။ ထိုအမှတ်အသားသည် ရှေးဘဝကံနှင့်ဆိုင်၏။ မျက်လုံး မျက်ခုံး၊ လက်၊ ခြေ စသော ကိုယ်ခန္ဓာအစိတ်အပိုင်းနှင့်တစ်ကိုယ်လုံးပုံသဏ္ဌာန်တို့ ဝယ် ရှေးကံအားလျော်စွာ ကောင်းမကောင်း အမှတ်အသားများ ပါရှိ၏။ ထိုအမှတ်အသားကိုကြည့်၍ ဝေဒသိဒ္ဓိ ဗေဒပညာရှင်တို့သည် ယောကျ်ားမြတ် ယောကျ်ားယုတ်၊ မိန်းမမြတ်၊ မိန်းယုတ်ဟု အတပ်ဟောနိုင်ကြကုန်၏။ (ယခုအခါ လက်၊ ခြေကိုကြည့်၍ ဟော

www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှာ မပြည့်စုံသေးပါ။)

ဝေဒကျမ်းတို့၌ ဗုဒ္ဓဖြစ်ထိုက်သော (သို့) စကြာမင်းဖြစ်ထိုက်သောယောကျ်ားမြတ်၏လက္ခဏာများကို ဖော်ပြထားပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရသော သေလ မည်သော ဝေဒပညာရှိသည်။ ဗုဒ္ဓကိုမြင်သောအခါ စကြာမင်းဖြစ်ထိုက်သော ပုဂ္ဂိုလ်ပါတကား။ စကြာမင်းလုပ်တော်မူပါဟု လျှောက်ထားလေသည်။ ဤသည်ကား ကျေးဇူးတော်ရှင်မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ မြွက်ဟမိန့်ဆိုချက်ပင် ဖြစ်ပါသည်။

သို့ဖြစ်၍ လက္ခဏာဝါသနာရှင်များအနေဖြင့် အကြင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကံကြမ္မာကို ဖတ်ကြားသောအခါ လက်ဝါးပြင်ရှိ လက္ခဏာအရေးအကြောင်းတို့ကိုသာ အလေးမူ ဂရုစိုက်၍ ထိုသူ၏ကံကြမ္မာအကောင်းအဆိုးကို ကောက်ချက်မချဘဲ ဥပဓိရှပ်၊ အသားအရေ၊ အသံ၊ အရပ်အမောင်း အစရှိသည်တို့ကိုပါ ဆက်နွယ်ပေါင်းစပ်၍ ဟောမည်ဆိုပါက ပို၍ပြည့်စုံသော ဟောပြောချက်ကိုရရှိနိုင်မည် ဖြစ်သည်။

ယခုဖော်ပြပါ လက္ခဏာရှင်သည် အသားအရေဖြူစင်၍ ဥပဓိရှပ်လွန်စွာကောင်းသူတစ်ဦး ဖြစ်၏။ ထို့အတူ မြေးမြစ်တို့သည်လည်း ချောမောပြေပြစ်၊ အသားအရေဖြူစင်ကြသူများ ဖြစ်ကြသည်။

နှစ်ပေါင်း (၄၀) ကျော် ကျွန်ုပ်၏ လက္ခဏာဟောသက်အတွေ့အကြုံအရ အချို့သည်ကား လက်ဝါးပြင်ရှိ အ သက်လမ်းကြောင်းသည် အပြစ်အနာအဆာကင်း၍ ရှည်လျားအားကောင်းကြသည်။ အချို့သည်ကား လက်ဝါးပြင်ရှိ အသက်လမ်းကြောင်းသည် လွန်စွာ တိုတောင်းကြသည်ကို တွေ့ရ၏။ အချို့သည်ကား လက်ဝါးပြင်ရှိ အသက်လမ်းကြောင်းသည် သက်လတ်တမ်းအရောက်တွင် ပြတ်တောက်လျက်ရှိသည်ကို တွေ့ရ၏။ အချို့သည်ကား အသက်လမ်းကြောင်းကောင်းသော်လည်း အသက်မရှည်ကြပေ။ အချို့သည်ကား အသက်လမ်းကြောင်းတိုတောင်းသော်လည်း အသက်ရှည်စွာနေရသည်ကို တွေ့ရသည်။

သို့ဖြစ်၍ လက္ခဏာဝါသနာရှင်များအနေဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏သက်တမ်းကို ဟောချက်ချတော့မည်ဆိုလျှင် အသက်လမ်းကြောင်းတစ်ခုတည်းကိုမကြည့်ဘဲ အခြားအခြားသော လမ်းကြောင်းများနှင့် ယှဉ်တွဲပေါင်းစပ်၍ ဥပဓိဇနကဿ ပါ၊ မပါတို့ကိုလည်း ထည့်သွင်းစဉ်းစားကောက်ချက်ချရမည် ဖြစ်သည်။

အထက်ဖော်ပြပါ လက္ခဏာရှင် အဘွားဒေါ်ရှမ်းသည် ၁၉၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်နေ့၊ တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သည်။ ဖခင်ဖြစ်သူသည် ရှမ်းတိုင်းရင်းသားဖြစ်၍ မိခင်သည် မြန်မာလူမျိုးဖြစ်သည်။ သားချင်း (၇) ယောက်ရှိသည့်အနက် စတုတ္ထမြောက်ဖြစ်သည်။ ဖခင်ဖြစ်သူမှာ အသက် (၆၉) နှစ်၌ လည်းကောင်း၊ မိခင်ဖြစ်သူမှာ အသက် (၅၅) နှစ်ဖြင့် လည်းကောင်း ရောဂါဖြင့် ကွယ်လွန်သွားခဲ့ရှာသည်။ အဘွားသည် အသက် (၂၀) အရွယ်တွင် ဦးအေးမောင်နှင့် အိမ်ထောင်ကျ၍ သားသမီးလေးဦး ထွန်းကားခဲ့ပါသည်။ ခင်ပွန်းသည်ဦးအေးမောင်သည် အဘွားထက် အသက် (၂၀) ခန့်ကြီး၍ အသက် (၇၅) နှစ်အရွယ်တွင် ဆုံးပါးသွားခဲ့ရှာသည်။

အဘွား၏သားသမီး လေးဦးတို့တွင် ပထမသမီးသည် အသက် (၃၂)နှစ်အရွယ်တွင်လည်းကောင်း၊ ဒုတိယသမီးသည် အသက် (၄၀) အရွယ်တွင်လည်းကောင်း၊ တတိယသားသည် အသက် (၃၅) နှစ်၌ လည်းကောင်း ရောဂါဖြင့် အသီးသီးဆုံးပါးသွားခဲ့ကြသည်။ စတုတ္ထမြောက်သားငယ်သည် အသက်(၂၈)နှစ်၌ ကားပေါ် မှပြုတ်ကျသေဆုံးခဲ့ရရှာသည်။ အဘွားသည် ယခုအသက်အရွယ်အထိ သတိကောင်းလျက်ရှိဆဲ။ မျက်လုံးမှာ ရောင်မှိန်ဖြစ်၊ ဘယ်ဘက်နားသည် မကောင်း၊ ညာဘက်နားသာလျှင် ကြားရသည်။ ယခုအခါ ဆံပင်အဖြူအစား ဆံပင်အနက်များပြန်ပေါက်လာကြသည်ကို တွေ့ရသည်။ တချိန်းမာရေးအရမူ ခန္ဓာကိုယ်အောက်ပိုင်းသည် ကောင်းစွာမလှုပ်ရှားနိုင်တော့ပြီ။

အဘွားဒေါ်ရှမ်း၏ဘယ်ညာလက်ဝါးပြင်ရှိ အသက်လမ်းကြောင်းသည် လွန်စွာ ထူးခြားစွာ ရပ်တည်လျက်ရှိသည်ကိုတွေ့ရမည် ဖြစ်သည်။ ညာလက်ဝါးပြင်တွင် အသက်လမ်းကြောင်းငါးကြောင်းတိတိရပ်တည်လျက်ရှိသည်ကို ထူးခြားစွာဖြင့် တွေ့မြင်ရသည်။ ယင်းအသက်လမ်းကြောင်းငါးကြောင်း (အမှတ် - A,B,C,D,E)ရှိသည့်အနက် အရန်အသက်လမ်းကြောင်းသုံးကြောင်းမှာ ထင်ရှားပြတ်သားစွာ ရပ်တည်လျက်ရှိသည်။ (အမှတ် - B,C,D)

ဘယ်လက်ဝါးပြင်တွင် အသက်လမ်းကြောင်းလေးကြောင်း ထင်ရှားပြတ်သားစွာ ရပ်တည်လျက်ရှိသည်။ (အမှတ် - F,G,H,I)

ဘယ်၊ ညာလက်ဝါးပြင်နှစ်ဖက်စလုံး၌ အသက်အန္တရာယ်ကိုထိခိုက်စေနိုင်မည့် အန္တရာယ်လမ်းကြောင်းများ ထင်ရှားစွာတွေ့မြင်ရသည်။ ညာလက်ဝါးပြင်၌ အသက်ကို သတ်ဖြတ်နိုင်သော အန္တရာယ်လမ်းကြောင်းသည် အသက်ကြောင်းကို လာရောက် ထိစပ်လျက်ရှိသည်ကို တွေ့ရသည်။ (အမှတ် - J,K,L,M,N)

အချို့လမ်းကြောင်းမှာ အသက်လမ်းကြောင်းကိုပင် ဖြတ်တောက်သွားသည်ကိုတွေ့ရ၏။ ဘယ်လက်ဝါးပြင်၌ အင်အားကောင်းသော အန္တရာယ်လမ်းကြောင်းနှစ်ကြောင်းသည် နှစ်ကြိမ်တိတိ အသက်လမ်းကြောင်းကို လာရောက် ထိစပ်လျက်ရှိသည်။ (အမှတ် - O,P)

အဘွားရှမ်း၏ဘယ်လက်ဝါးပြင်ရှိ လက်မသည် ပုံမှန်မဟုတ်ဘဲ တို့တောင်းစွာ ရပ်တည်နေရခြင်းမှာ တစ်ခုသော အလှူအိမ်၌ ချက်ရေးပြုတ်ရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်လုပ်ကိုင်ရာမှ မမျှော်လင့်ဘဲ ဓားနှင့်ခုတ်မိခြင်းကြောင့် လက်မပြတ်တောက်သွားရခြင်း ဖြစ်သည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်တို့အား ပြောလိုသည်မှာ အဘွားဒေါ်ရှမ်း၏ဘယ်ညာလက်ဝါးပြင်ရှိ ပင်မအသက်လမ်းကြောင်းနှင့်အတူ အရန်အသက်လမ်းကြောင်းများ စိုးစဉ်းမျှ ရပ်တည်ခြင်းမရှိခဲ့ပါက အသက် (၅၀) ဝန်းကျင်၌ပင်လျှင် လူဘဝ၌ သက်တမ်းတုန်ဆုံး၍ ချုပ်ငြိမ်းသွားရမည်ဖြစ်ကြောင်းကို လက္ခဏာဝါသနာရှင်များအတွက် နေ့သား ဖော်ပြလိုက်ရပါသည်။

ဆရာချမ်းမင်း (LL.B)

ကိုးကြမ်း -

၁။ သံယုတ်ပါဠိတော်မြန်မာပြန် (ပထမတွဲ)

၂။ ရတနာဥဂုဏ်ရည် (ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်အရှင်ဇနကာဘိဝံသ)

www.burmeseclassic.com

www.burmeseclassic.com

တင်ထွန်း(စက်မှု-၂၊ ငြိမ်း)

ထိုင်း-မြန်မာသေမင်းတမန်မီးရထားလမ်း ဟောက်လုပ်ခဲ့ခြင်းနှင့်မြန်မာနိုင်ငံမီးရထားကလွှာ

ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်း ဖြစ်သည့် သီပေါမင်း ဗြိတိသျှတပ်များ နောက်သို့ ပါတော်မူခဲ့ပြီးနောက် ခရစ်နှစ် ၁၈၈၆ တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး ဗြိတိသျှတို့၏လက်အောက်သို့ကျရောက်သွားခဲ့ရပါ၏။ ခရစ်နှစ် ၁၉၄၂ ခုနှစ်သို့ ရောက်ရှိ လာခဲ့သည့်ကာလ၌ ရဲဘော်သုံးကျိပ်ဝင်များဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A) သည် ဂျပန်တပ်များနှင့်အတူ မြန်မာနိုင်ငံကို အုပ်ချုပ်နေသော ဗြိတိသျှတပ်များကို တိုက်ထုတ်ရန်အတွက် မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိလာခဲ့ခြင်းဖြစ်ပါ၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့ရသည့် အကြောင်းရင်းက ဂျာမန် နာဇီတပ်များသည် ခရစ်နှစ် ၁၉၃၉၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ပိုလန်နိုင်ငံကို ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခဲ့ရာမှ စတင်ခဲ့ခြင်းလည်းဖြစ်ပါ၏။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့သည့်အချိန်ကာလအတွင်း ဂျပန်နိုင်ငံသည်လည်း အမေရိကန်ပြည်ထောင်စု၏ ပုလဲဆိပ်ကမ်းရှိ ပစိဖိတ်ရေတပ်အုပ်စုကို ဝင်ရောက် တိုက်ခိုက်ခဲ့ရာမှ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ထဲသို့ ဝင်ရောက်ပါဝင်ခဲ့ပါ၏။

ထိုအချိန်ကာလသည် ခရစ်နှစ် ၁၉၄၂ ခုနှစ် ဂျပန်တပ်များ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ကြပြီး ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေခဲ့သော အချိန်ကာလလည်းဖြစ်ပါ၏။ ဂျပန်တပ်များ မြန်မာနိုင်ငံတွင်းသို့ ရောက်ရှိနေချိန်ကာလ၌ မြန်မာနိုင်ငံ မွန်ပြည်နယ်တွင်တည်ရှိသော မော်လမြိုင်မြို့မှ (၃၅) မိုင်အကွာ သံဖြူဇရပ်မှ ထိုင်းနိုင်ငံနယ်စပ်ရှိ ပေ (၈၅၀)ခန့်မြင့်သော ဘုရားသုံးဆူတောင်ကြားလမ်းကိုဖြတ်လျက် ကန်ချနာပူရီမှတစ်ဆင့် ကွေးမြစ်ဝှမ်းကိုဆင်းသွားပြီး ထိုင်းနိုင်ငံ မီးရထားဘူတာတစ်ခုဖြစ်သည့် ဘန်ပေါင်းမှတစ်ဆင့် ထိုင်းနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဘန်ကောက်မှ စင်ကာပူမီးရထားလမ်းနှင့်ဆက်သွယ်သည့်မီးရထားလမ်းကို ဖောက်လုပ်ခဲ့ခြင်းလည်း ဖြစ်ပါ၏။

မွန်ပြည်နယ် မော်လမြိုင်မှ ထိုင်းနိုင်ငံကိုဖြတ်၍ တောင်ပိုင်း အင်ဒိုချိုင်းနားရှိ မဲခေါင်မြစ်ဝှမ်းသို့ မီးရထားလမ်းခရီးဖြင့် ထိုင်းနှင့်မလေးရှားနိုင်ငံများမှ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတွင်းသို့လည်းကောင်း၊ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများကိုလည်း ထိုနိုင်ငံများသို့ မီးရထားခရီးလမ်းဖြင့် လည်းကောင်း တွင်ကျယ်စွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ထိုလမ်းကို ဂျပန်တပ်များက ဖောက်လုပ်ခဲ့ခြင်းလည်း ဖြစ်ပါ၏။

ဂျပန်တပ်များသည် မော်လမြိုင် ဘူတာရှိ လူစီးနှင့်ကုန်တွဲများ၌ မော်လမြိုင် - ဖန္ဒမ်းပင်ဟု စာတန်းများရေးထိုး၍ မော်လမြိုင်မှ ထိုင်းနိုင်ငံကိုဖြတ်ပြီး တောင်ပိုင်း အင်ဒိုချိုင်းနားရှိ မဲခေါင်မြစ်ဝှမ်းသို့ မီးရထားများခုတ်မောင်းနိုင်ရန်အတွက် အသင့်ပြင်ဆင်ထားကြပါ၏။ ထိုရထားလမ်းကို ဖောက်လုပ်ခဲ့ရာ၌

ရန်ကုန်-ကျွန်းကုန်းသို့ ဖောက်လုပ်ထားသည့် ခွေးသေမီးမတိတ်ဘောတံတုံ့ (ဂျပန်တပ်မှ ဖြုတ်ယူသွားခဲ့သည့် အရန်သံတမံးခေနရာတွင် အသစ်ပြန်ထည့်တပ်ဆင်ထားသည့် မုတ်တမံးဘောတံတုံ့)



ထိုင်း-မြန်မာ သေမင်းတမန်မီးရထားလမ်း၌ ပထမဦးဆုံး အသုံးပြုခဲ့သည့် မီးရထားစက်ခေါင်း

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားများ သုက်ခန်းရောဂါအတွက်

အမျိုးသားများတွင် အဖြစ်များသောရောဂါမှာ သုက်ခန်းရောဂါပင်ဖြစ်ပါသည်။

ယေဘုယျအားဖြင့် အသက် (၄၀) မှ (၅၀) အတွင်း သုက်ခန်းခြင်းသည် ရောဂါပင်ဖြစ်သည်။ (၅၀)ကျော်မှ (၆၀) (၇၀) အထက်တွင် သုက်ခန်းခြင်းမှာ ရောဂါဟုမဆိုနိုင်ပါ။ အသက်အရွယ်ဇရာအရ ခြင်ဆီဆုတ်ယုတ်လာခြင်းပင်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ သုက်ခန်းခြင်းသည် အမျိုးသားများ၏ အသက်အန္တရာယ်အထိ ထိခိုက်နိုင်သဖြင့် သတိထားကုသ ဆေးဝါးမှီဝဲသင့်ပါသည်။ 'သုက်သွေးတစ်စက် လူသွေးဆယ်စက်' ဟုအကြမ်းဖျင်းအဆိုရှိပါသည်။ သို့အတွက် ကာမအပြုံးလွန်ခြင်း၊ သုက်သွေးဖြန်းတီးခြင်းကို အသက်ငယ်ရွယ်နုပျိုစဉ်ကတည်းက ဆင်ခြင်သတိရှိဖို့လိုပါသည်။

သုက်ခန်းရောဂါအတွက် ဘေးထွက်ဆိုးကျိုးမရှိဘဲ မှီဝဲသင့်သည့် မြန်မာ့ရိုးရာဆေးနည်းတစ်လက် တင်ပြလိုပါသည်။

မတ်ပဲကို နို့ဆီနှစ်ဘူးခန့် ရေမြုပ်ရုံထည့်ပြီး ရေခန်းပြုတ်ပါ။ ထို့နောက် အအေးခံပြီး အနွံချွတ်ပါ။ ပြီးလျှင် ထောပတ်ကောင်းကောင်းနှင့် အရောင်တောက်လာသည်အထိကြော်၍ သကြားဆတူနှင့် ညက်မွတ်နေအောင် ရောမွေပါ။ ထို့နောက် ဗျားရည်တစ်ဆယ်ကျပ်သား၊ ထောပတ်တစ်ဆယ်ကျပ်သား၊ သမင်အောင်တေပြီး ဖန်ပုလင်းအဝကျယ်တွင် ထည့်ထားပါ။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လက်ဖက်စားတစ်ဇွန်း စားပေးပါ။ တစ်ပတ်အတွင်း သုက်ခန်းရောဂါပျောက်ကင်းသွားပါမည်။ ပန်းသေး၊ ပန်းညိုး၊ ပန်းမလန်းသူများ စိတ်သွားတိုင်းကိုယ်ပါ လောကကိုကျေနပ်လာပါမည်။

တန်ဆေး၊ လွန်ဘေးဟု အဆိုရှိပါသည်။ မိမိအခြေအနေကို မိမိဆင်ခြင်မှီဝဲဖို့တော့ သတိပေးလိုပါသည်။ ဆေးနည်းကောင်းတစ်းလက်ဖြစ်၍ တိမ်ကောပပျောက်မဖြစ်စေရန် တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့ပြီးနောက် ထိုင်းနိုင်ငံဘက်ခြမ်းရှိ ရထားသံလမ်းနှင့် ဆက်စပ်ပစ္စည်းများကို ထိုင်းနိုင်ငံအစိုးရသို့ ရောင်းချလိုက်ရသဖြင့် မြန်မာနိုင်ငံအနေဖြင့် ငွေကြေးအနည်းငယ်သာရရှိခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံမီးရထားဌာနမှ ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် တန်ဖိုးစာရင်းကိုချုပ်လိုက်သော် မြန်မာနိုင်ငံ မီးရထားဌာနပိုင် ရင်းနှီးမြှုပ်နှံမှုအဝဝ၏ တန်ဖိုး (၅၁) ရာခိုင်နှုန်းတို့မှာ ပျက်စီးဆုံးရှုံးခဲ့ခြင်း သို့မဟုတ် ဖြုတ်ယူသွားခဲ့ခြင်းများကို ကြုံတွေ့ခဲ့ရပါသည်။

တင်ထွန်း (စက်မှု-၂၊ ငြိမ်း)

ကျပန်တပ်များသည် မဟာမိတ်တပ်ပေါင်းစုများဖြစ်ကြသည့် ဩစတြေးလျ၊ ဒစ်(ချ်)၊ ဗြိတိသျှနှင့် အမေရိကန်တပ်များမှ စစ်သုံပန်းများစွာကို လည်းကောင်း၊ မြန်မာနိုင်ငံတွင်းမှ ပြည်သူများကို လည်းကောင်း အဓမ္မချွေးတပ်ဆွဲ၍ ခေါ်ယူခဲ့ကြသည်။ လူကြီး၊ လူငယ်၊ လူလတ်များစွာတို့အား လည်း ထိုရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းများတွင် လက်နက်ပြ၍ ခိုင်းစေခဲ့ပါ၏။

ဗြိတိသျှတပ်များ မြန်မာနိုင်ငံအတွင်းမှဆုတ်ခွာခဲ့သည့် ၁၉၄၂ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံမီးရထားတွင် ရထားလမ်း မိုင်ပေါင်း (၂၈၅၂) မိုင်ရှိသည့်အနက် ကျပန်တပ်များသည် ရန်ကုန် - မန္တလေး ရထားလမ်းပိုင်းတွင်တည်ရှိသော ကျွန်းကုန်းဘူတာမှ အစုန်လမ်းမှသံလမ်း မိုင် (၃၀၀) ခန့်ကို ဖြုတ်ယူ၍ ထိုင်း - မြန်မာသမင်းတမန် မီးရထားလမ်းပိုင်း၌ ခင်းကျင်းအသုံးပြုခဲ့ပါသည်။ ထိုင်း-မြန်မာမီးရထားဖောက်လုပ်သည့် အချိန်ကာလသည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေခဲ့သည့်ကာလလည်းဖြစ်နေ၍ ဆေးဝါးများ အပါအဝင် လူသုံးကုန်ပစ္စည်းများ ရှားပါးနေခဲ့ရှိန်ဖြစ်၏။ တောတောင်ထူထပ်၍ ဒုက္ခများရောဂါပေါများသောဒေသလည်း ဖြစ်နေသဖြင့် ရထားလမ်းကိုဖောက်လုပ်နေကြသည့် မဟာမိတ်စစ်သုံပန်းများနှင့် ချွေးတပ်သားများသည် အလုပ်နှင့်ခွန်အားများ မမျှတခဲ့ကြ။ လုပ်ငန်းခွင်များတွင်လည်း အားလပ်ချိန်များမရရှိကြသလို အလုပ်နှင့်လက်မပြတ်အောင် လုပ်ကိုင်ကြရ၍ လည်းကောင်း၊ ဒုက္ခဖျားရောဂါများ ကျရောက်ခံစားကြရ၍ လည်းကောင်း လူအသက်ပေါင်းများစွာ သေဆုံးခဲ့ကြပါ၏။

မြန်မာနိုင်ငံမီးရထားသမိုင်းတစ်လျှောက်တွင် ထိုင်း-မြန်မာသမင်းတမန်မီးရထားလမ်းပိုင်းသည် လူအသက်ပေါင်းများစွာအားစတေး၍ ဖောက်လုပ်ခဲ့ရသောရထားလမ်းဖြစ်သဖြင့် ထိုရထားလမ်းကို ကမ္ဘာပေါ်ရှိ နိုင်ငံများကသေမင်းတမန်မီးရထားလမ်းဟု ခေါ်တွင်ခဲ့ကြပါ၏။ ထိုရထားလမ်းကို ဆောက်လုပ်ခဲ့ရာတွင် လူအသက်ပေါင်း မည်မျှသေဆုံးခဲ့ကြသည်ကို ဥပမာဖြင့် ရေးသား ဖော်ပြရလျှင် ရထားသံလမ်းပေါင်း ၌ ခင်းကျင်းထားသော ဇလီဖားတုံးတစ်တုံးလျှင် လူတစ်ယောက်နှုန်းဖြစ်ပါသည်။

မြန်မာနိုင်ငံ မွန်ပြည်နယ်တွင် တည်ရှိသော သံဖြူရေပေါ်ဘူတာမှ (၂၆၇) မိုင်ကွာဝေးသည့် ထိုင်းနိုင်ငံ ဘန်ပေါင်းဘူတာသို့ ဖောက်လုပ်ခဲ့သည့် ထိုင်း - မြန်မာ သမင်းတမန်မီးရထားလမ်းသည် ဖောက်လုပ်ပြီးစီးခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့သဖြင့် မီးရထားများ ခုတ်မောင်းပြေးဆွဲခြင်း မပြုတော့ပါ။ ထိုသမင်းတမန်မီးရထားလမ်းဖောက်လုပ်ခဲ့သည့်အတွက်ကြောင့် လူအသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးခဲ့ကြရသလို မြန်မာနိုင်ငံ မီးရထားဌာနပိုင်ဆိုင်သော ပစ္စည်းအမြောက်အများလည်း အကြောင်းမဲ့ ဆုံးရှုံးပျက်စီးခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သထုံ-ငယ်ငယ်

အဝတ္ထု

နားသို့ရောက်သည်နှင့် တစ်နေ့က ထောင်ထားသော ဒါးကောက်ရှိရာသို့ လှမ်းမျော်ကြည့်လိုက်သည်။ ဒါးကောက်၏ဝါးခြမ်းကိုင်းအစွန်ရှိ ပိုးကြိုးတင်းနေသည်ကိုတွေ့ရသောကြောင့် တစ်ကောင်ကောင်တော့ ဒါးကောက်တွင် မိထားပြီဖြစ်ကြောင်း အတွေ့အကြုံအရ သိလိုက်သော်လည်း ကိုချမ်းသာတစ်ယောက် သည်။ ရွာမှယူလာသော ငါးပိလက်ကျန်လေးနှင့် တောထဲကဟင်းရွက်များခူးပြီး ဝမ်းမီးသတ်နေရသည်မှာ ငါးရက်ခန့်ပင် ရှိတော့မည်။ ရစ်သားကို ခွေးတောက်ရွက်နှင့်ဆီမပါပြုးမပါ ချက်စားလိုက်ရလျှင်ပင် အုန်စိုပေတော့မည်။

ကိုချမ်းသာ ကျေနပ်စွာပြုံးလိုက်ပြီး ဒါးကောက်တွင်မိသော ရစ်သေကို ဖြုတ်ယူလိုက်စဉ် မနီးမဝေးချုံစပ်ရှိ အရာတစ်ခုကို သတိပြုလိုက်မိ၏။ ရစ်ပေါက်ကလေးတစ်ကောင်ပင် ဖြစ်လေသည်။ တစ်ရက်နှင့်တစ်ညလုံး ဒါးကောက်တွင် မိနေသော မိခင်ရစ်မကြီး၏အနားတွင် တစာစာအော်မြည်နေခဲ့ဟန်တူသည်။ ယခုတော့ သူ့ခမျာ မအော်နိုင်ရှာတော့

တစ်ကိုယ်လုံး နှင်းစက်တို့ ရွဲရွဲစိုလျက် တဆတ်ဆတ်နှင့်တုန်ယင်နေရှာသည်။ အနီးအနားတွင် အခြားရစ်ပေါက်လေးများ ရှိလိုရှိငြားရှာကြည့်သော်လည်း မတွေ့ရချေ။ ဒီတစ်ကောင်သာ မိခင်ရစ်မကြီးအနားတွင် ဇွဲကောင်းကောင်းနှင့် မခွဲမခွာနေခဲ့ဟန်တူသည်။

ကိုချမ်းသာက ရစ်ပေါက်ကလေးကို အသာကောက်ယူ၍ ပုဆိုးခါးပုံး အတွင်းထည့်လိုက်ပြီး ရစ်မကြီးဘဲ ခြေထောက်နှစ်ချောင်းမှ ဆွဲနှုတ်ကာ

တောတောင်တစ်ခွင်လုံးသည် တိတ်ဆိတ်ငြိမ်သက်နေလေ၏။ တောင်ကြောနိမ့်ကလေးကို ဖြတ်ဆင်းလိုက်သည်နှင့် စမ်းချောင်းငယ်တစ်ခုကို တွေ့ရသည်။ တစ်နေ့က စမ်းချောင်းကလေးအပေါ်ရှိ ချုံစပ်တွင် ဒါးကောက် (တိုးကိုင်း) ထောင်ထားခဲ့ခြင်းဖြစ်သည်။

ဒါးကောက် ဆိုသည်မှာ ဝါးခြမ်းကိုင်းငယ်တစ်ခု၏ တစ်ဖက်စွန်းတွင် တစ်လံမျှရှိသော ပိုးကြိုးကိုချည်ထားပြီး တောကြက်နှင့် ရစ်တို့လာတတ်သော လမ်းတွင် ကြိုးစအား လျော့ကွင်းပြုလုပ်၍ထောင်ရခြင်း ဖြစ်သည်။ ရစ်နှင့် တောကြက်ပေါချိန် ဖြစ်သောကြောင့် ဒါးကောက်တွင် တစ်ကောင်မဟုတ် တစ်ကောင်တော့မိတတ်သည်။

ခက်သည်က ကိုချမ်းသာတစ်ယောက် မီးသွေးဖိုအတွက် ထင်းပိုင်းနေရချိန်ဖြစ်၍ မိမိထောင်ထားသော ဒါးကောက်ကို နေ့စဉ်လာမကြည့်နိုင်သည်မှာ နှစ်ရက်ရှိသွားပြီ ဖြစ်သည်။

စမ်းချောင်းကလေးပေါ်ရှိ ချုံစပ်ဝမ်းမသာနိုင်သေး။ ဒီကနေ့ ဒါမှမဟုတ် မနေ့ကမိထားသောသားကောင်ဖြစ်ပါစေ ဟု ဆုတောင်းနေမိသည်။ တစ်နေ့ကတည်းကမိထားသော သားကောင်ဖြစ်ပါက ပုပ်ပွနေပေတော့မည်။ ဒါမှမဟုတ် အခြား သားရဲတိရစ္ဆာန် စားထားခြင်းကြောင့် အစအနမျှသာကျန်ပေလိမ့်မည်။

အနားရောက်တော့ ဒါးကောက်တွင် ရစ်တစ်ကောင်မိထားသည်ကိုတွေ့ရသည်။ ရစ်ငှက်မှာ သေနေပြီးဖြစ်၍ မနေ့ကတည်းက မိထားခြင်းဖြစ်ပေလိမ့်မည်။ ဘာပဲပြောပြော ဒီနေ့အဖို့တော့ ကိုချမ်းသာတို့မိသားစုအတွက် ထမင်းဖြိန်ပေတော့မည်။

မီးသွေးဖိုအတွက် ထင်းပင်လှဲ၊ ထင်းပိုင်းနေချိန်တွင် ငါးလေး၊ ဖားလေး ပင်အရှာမထွက်နိုင်ခြင်းကြောင့် မီးသွေးဖုတ်သမား ကိုချမ်းသာတို့မိသားစု အုန်ခြောက်ရသည်။ မြို့ပေါ်မီးသွေးဖိုင်မှ ကြိုထုတ်ပေးလိုက်သော ငါးခြောက်၊ ငါးခြမ်းတို့ကလည်း ကုန်တာကြာခဲ့ပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com

အပြန်လမ်းသို့ ဦးတည်လိုက်တော့၏။

❑

မီးသွေးဖိုမှထွက်လာကြသော ဖြူ၊ လွင်လွင်မီးခိုးငွေ့တို့က တောလမ်းငယ် တစ်လျှောက်အုပ်ဆိုင်းနေသည်။ ကိုချမ်းသာတို့မိသားစု နားခိုနေထိုင်သော တဲငယ်ကလေးက ကြီးမားသော ကညင်ပင်ကြီးအောက်တွင် ကုပ်ကုပ်ကလေးရှိနေသည်။ တဲဟုဆိုသော်လည်း ဝါးတိုင်နှစ်ချောင်းပေါ် တွင်တန်းပစ်ကာ မိုးကာစအုပ်ထားသော တစ်ဖက်ယပ်တဲငယ်သာဖြစ်သည်။ တဲထဲတွင် ထမင်းစားပန်းကန်များကိုစီခင်း၍ ကစားနေသောသားငယ်ကိုတွေ့ရသည်။ ဇနီးသည်က မနေ့ကမှ မီးစတင်ထည့်ထားသောမီးသွေးဖိုအား သွားကြည့်နေပုံရသည်။

"သား ဒီမှာကြည့်စမ်း၊ ဘာလေးလဲ"

ကိုချမ်းသာက ပုဆိုးခါးပုံစထဲမှ ရစ်ပေါက်လေးကိုထုတ်ယူရင်း သားဖြစ်သူအား ပြောလိုက်သည်။

"ဟင် - ကြက်ပေါက်စလေး"

"ကြက်ပေါက်စလေး မဟုတ်ဘူးသားရဲ့၊ ရစ်ပေါက်လေး။ အခုက ငယ်သေးလို့ ကြီးလာရင် အမွေးအတောင်လှလှလေးတွေနဲ့ ရစ်တစ်ကောင်ဖြစ်လာလိမ့်မယ်။ သား အခုလို အိုးခွက်တွေ၊ ပန်းကန်တွေခင်းပြီးဆော့စရာမလိုတော့ဘူး။ ရစ်ပေါက်လေးနဲ့ဆော့ပေါ့"

ကိုချမ်းသာ၏စကားကြောင့် သားလေးက ရစ်ပေါက်ကလေးအား ကြင်နာစွာ ထွေးပွေ့ထားလိုက်၏။ တစ်သက်မှာ တစ်ကြိမ်တစ်ခါမျှမရှိခဲ့ဘူးသော ကစားဖော် ဟူသောအသိကြောင့် သားငယ်၏ မျက်နှာသည် ကြည်လင်ဝင်းပလျက်ရှိ၏။

တကယ်တော့ သားငယ်သည်



www.burmeseclassic.com

www.burmeseclassic.com

ပြီးခဲ့သောမိုးကာလကတည်းက ကျောင်းနေရမည့်အရွယ်ကိုရောက်သော်လည်း မီးသွေးဖုတ်သမားအဖြစ် ဘဝကိုရပ်တည်နေရသော မိဘနှစ်ပါးတို့ကြောင့် စာသင်ကျောင်းနှင့်ဝေးရာ ရိုးမကြီးထဲတွင် ရှင်သန်ကြီးပြင်းနေရပေသည်။ သားငယ်အတွက် ကစားဖော်ဟူသည် တစ်ဖက်ယပ်မိုးကာတဲကလေးအတွင်းရှိ အိုးခွက်ပန်းကန်များသာဖြစ်ခဲ့သည်။

"ဟော - ဟိုမှာအမေကြီးပြန်လာပြီ"

သားငယ်၏ စကားကြောင့် နောက်လှည့်ကြည့်လိုက်တော့ ပေါက်တူးတစ်လက်ထမ်းပြီး တဲဆီသို့လာနေသော ဇနီးဖြစ်သူကိုတွေ့ရသည်။

"အေးမာရယ်၊ ငါ့ကိုစောင့်ပါတော့။ နင်တစ်ယောက်တည်းမီးသွေးဖို သွားကြည့်ရတယ်လို့။တောကောင်တွေနဲ့တိုးနေမှကွာ"

ကရုဏာဒေါသစကားဆို သော ကိုချမ်းသာကို အေးမာက မျက်စောင်းထိုးကြည့်လိုက်သည်။

ကျွဲ၀လည်း တော့်ကိုစောင့်နေသေးပါတယ်တော်။ မီးသွေးဖိုဘက်က မီးခိုးမည်းတွေအူလာတော့ ဖိုများပေါက်ကုန်ပလားလို့ပြေးကြည့်တာ ထင်တဲ့အတိုင်းပဲတော်ရေ။ ကျွဲ၀အရောက်မြန်လို့ပေါ့။ တော့်ကိုသာစောင့်နေလို့ကတော့ မြို့ပေါ်မီးသွေးဖိုင်က ဆန်ယူစားဖို့မပြောနဲ့၊ ဘယ်မျက်နှာနဲ့ရွာပြန်ရမှန်းတောင်မသိဖြစ်သွားလိမ့်မယ်"

ကိုချမ်းသာ၏ချစ်ဇနီးအေးမာက စကားကို ဟောဟောဒိုင်းဒိုင်းပြောတတ်သည့်သူ၀သီအတိုင်း ဖျစ်တောက်ဖျစ်တောက်ပြောရင်း သားငယ်ဘေးသို့ ၀င်ထိုင်လိုက်သည်။

"အမေကြီး၊ ဒီမှာကြည့်စမ်း"

အေးမာက သားငယ်ပြလာသော အကောင်လေးကို ကြည့်လိုက်ရင်း-

"မှန်း - ဘာလေးလဲ၊ တောကြက်ပေါက်လေးလား"

"မဟုတ်ဘူး အမေကြီးရ၊ ရစ်ပေါက်လေး။ သူကြီးလာရင် အရမ်းလှတဲ့ ရစ်ကောင်ကြီးဖြစ်လာမှာ။ အဲဒီအခါကျရင် သားနဲ့သူနဲ့ ဟောဒီတောကြီးထဲမှာ အတူဆော့ကြမယ်"

ကိုချမ်းသာသည် လူတတ်ကြီးတစ်ယောက်လို မိခင်ဖြစ်သူအား ရှင်းပြနေသော သားငယ်ကို သဘောကျစွာကြည့်လိုက်ရင်း ဒါးကောက်တွင်မိလာသောရစ်မကြီးအား ဟင်းလျာအဖြစ် စိမ်းရန် ဓားတစ်ချောင်းကိုင်လျက် စမ်းချောင်းငယ်ဘက်ဆီသို့ထွက်လာခဲ့လိုက်သည်။ တစ်ဖက်ယပ်တဲကလေးအတွင်းမှာတော့ ရစ်ပေါက်ကလေးအတွက် နေရာလုပ်ပေးရင်း တွတ်ထိုးနေကြသော ဇနီးသည်နှင့် သားငယ်၏အသံက မြိုင်းညှိုညှိုပင်ယံထက်ဆီသို့ ပျံ့လွင့်နေလေ၏။

❑

ရစ်ပေါက်ကလေးရောက်လာပြီးကတည်းက တောအုပ်ကြီးအလယ်က တဲငယ်ကလေးအတွင်း အဖော်မဲ့အထီးကျန်နေခဲ့ရသည့် သားငယ်တစ်ယောက် အပျော်ကြီးပျော်နေခဲ့သည်။ အချိန်ရှိတိုင်း ရစ်ပေါက်ကလေးကို ထွေးပွေ့ရင်း စကားတွေပြောနေတတ်၏။ ကိုချမ်းသာတို့လင်မယား မီးသွေးဖိုသို့သွားနေချိန်များတွင် ရစ်ပေါက်လေးနှင့်အတူ ကစားရင်းနေခဲ့လေ့ရှိသည်။ တဲအနီးအနားသို့ အပေါ့အပါးသွားလျှင်ပင် ရစ်ပေါက်ကလေးကိုခေါ်သွားတတ်၏။ ဆောင်းရာသီကုန်ချိန်မှာတော့ ရစ်ပေါက်လေးသည် သဘာ၀တရားကပေးသော လှပတင့်တယ်မှုများနှင့်အတူ ကြီးကောင်ဝင်လာခဲ့လေပြီ။ တစ်ခါတစ်ခါ မျိုးနွယ်တူအပေါင်းအဖော်များရှိရာ တောထဲသို့ထွက်သွားတတ်သော်လည်း ကိုချမ်းသာတို့မိသားစု၏မေတ္တာတရားကို နားလည်နေပုံရသောရစ်ကလေးသည် အချိန်တန်လျှင် သားငယ်ရှိရာ ပြန်လာလေ့ရှိသည်။ ထိုအချိန်မျိုးတွင် သားငယ်က စိုစွတ်ဝေသီသောမျက်ဝန်းများနှင့် တဲရှေ့သို့ထွက်ကာ သူ့သူငယ်ချင်းရစ်ကလေးကို စောင့်နေတတ်သည်။

"သားရေ၊ သွားမယ်ဟေ့။ တော်နေ ကားမမီဘဲနေဦးမယ်"

"လာပြီ၊ လာပြီ"

ပြန်ထူးသံနှင့်အတူ တဲအနောက်ဘက်မှထွက်လာသော သားငယ်ကို ကိုချမ်းသာ တွေ့ရသည်။ သားငယ်၏လက်ထဲတွင် ခြေထောက်အား ပိုးကြိုးစင်ယန္တရားနှင့်ချည်နှောင်ထားသော ရစ်ကလေးကို တွေ့ရသည်။

"ဟင် - သားက ရစ်ကလေးကိုပါခေါ်သွားမလို့လား"

"ခေါ်သွားမယ်လေ၊ သားတို့မရှိရင် သူ တောထဲဝင်သွားဦးမယ်။ ခေါ်သွားမယ်နော် ဖေကြီး"

"အေးအေး-ခေါ်လာခဲ့၊ အဖေကိုပေး၊ အဖေကိုင်ခဲ့မယ်"

နံနက်ခင်း၏ ဝေလီဝေလင်းအလင်းရောင်ကိုအားပြုရင်း ကိုချမ်းသာတို့မိသားစု တောလမ်းကလေးဆီသို့ဦးတည်လိုက်သည်။ နံနက် (၇) နာရီမထိုးမီ ပဲခူးရိုးမဖြတ်ကျော်လမ်းဘေးရှိကြက်မနက်ကျေးရွာသို့ အရောက်သွားရမည်။ ကြက်မနက်ကျေးရွာမှ တောင်ငူသို့သွားသောကားကို စောင့်စီးရမည်။ ညက ကျွဲတစ်ရှူးဦးပြီး လမ်းဘေးသို့ သယ်ထားသော မီးသွေးအိတ်များတင်ရမည်။ မီးသွေးဒိုင်ကလည်း မီးသွေးမှန်မှန်ပို့ပေးနေမှ ရိက္ခာအတွက် လိုအပ်သော ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို ကြိုထုတ်ပေးသည်။

တကယ်တော့ ကိုချမ်းသာတို့လို မီးသွေးဖုတ်သမားဘ၀သည် ရိုင်းရိုင်းပြောရလျှင် 'ထမင်းစား ကျွန်ခံ' သာသာသာဖြစ်၏။ မီးသွေးဒိုင်မှ လက်ရှိပေါက်စျေးထက် များစွာစျေးတင်ထားသော စားသောက်ကုန်များကြောင့် ထွက်သမျှ မီးသွေးကို မီးသွေးဒိုင်သို့ ထိုးပေးနေရသော်လည်း ကုန်ဖိုးကြေဖို့နေနေသာသာ စားစရာမရှိလို့ ထပ်ယူဖို့ကိုပင် မျက်နှာအောက်ကျခံပြောနေရသည်။ မီးသွေးလေးထွက်၍ သွားပို့ပြန်တော့လည်း အကြောင်းအမျိုးမျိုးပြကာ စျေးနှိမ်ကြသေးသည်။ ကိုချမ်းသာတို့ဘဝက နီးရင်းစရာ၊ စားစရာမရှိတော့လည်း သိသိကြီးနှင့် ငွေ၀ယ်ကျွန်ဖြစ်ရသည်။

"တောထဲတက်ပြီး အလကားရတဲ့သစ်ပင် မီးသွေးဖုတ်ရောင်းတာ အကြွေးတင်ရသေးတယ်ဆိုတော့"

ဟု တချို့က မဲ့ကာရွဲ့ကာပြောကြသေးသည်။

မီးသွေးတစ်အိတ်ရဖို့ကို ဘယ်လောက်ခက်ခဲသည်ဆိုတာကို ကိုချမ်းသာတို့လို မီးသွေးဖုတ်သမားအချင်းချင်းသာသိသည်။ မီးသွေးတစ်ဖိုဖြစ်ဖို့ ထင်ပင်ခုတ်ရသည်။ ကိုယ့်ဖိုနှင့်အနေတော်ဖြစ်အောင် ဖြတ်ရ၊ ပိုင်းရသည်။ ဖိုရှိရာသို့ ထမ်းရပိုးရသည်။ ပြီးတော့ မီးထည်ဦး၊ မီးထည်၍ အခန့်မသင့်လျှင် ဖိုပေါက်ပြီး မီးသွေးမရချေ။ ထင်းကုလားခေါင်းကျွမ်းထားသော်ထင်းပိုင်းများနှင့်ပြားများသာရွေးမည်။ ဖိုမီးထည်ပြီး မီးသွေးက မထွက်သေးခင် ဒိုင်ကယူလာသော ရိက္ခာက ကုန်လေပြီ။ မီးသွေးမပါလက်ဗလာကြီးသွားထပ်ယူလျှင် မြို့ပေါ်ဒိုင်၏ကလော်တုတ်ခြင်းခံရမည်။

ဒီတော့ တောထဲတောင်သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com

လေးနှင့် ရှာကြံစားတတ်ဖို့လည်းလိုပြန်သည်။ တစ်ခါ မီးသွေးထွက်ပြန်တော့လည်း ကားလမ်းပေါက်သည့်နေရာထိ သယ်ရဦးရသေးသည်။ မြို့ပေါ်ဒိုင်ပို့တော့လည်း ဘယ်ကားမှ အလကားတင်ပေးသည်မဟုတ်၊ ကားခပေးရပြန်သည်။

တွေးရင်း တွေးရင်း ကိုချမ်းသာတစ်ယောက် သက်ပြင်းချလိုက်မိသည်။ သားငယ်ကတော့ ပျော်ရွှင်နေရှာသည်။ လမ်းတွင် တွေ့သမျှလူတွေက ချစ်စရာလေးဟု လက်ထဲက ရစ်ကလေးကိုပြောကြတိုင်း သားငယ်၏ မျက်နှာက ချိုပြုံးနေသည်။ သူသူငယ်ချင်းရစ်ကလေးအတွက် ဂုဏ်ယူကျေနပ်နေဟန်က သားငယ်၏မျက်နှာတွင် အထင်းသားပင်။

ကားဂိတ်တွင်တွေ့သော လူကြီးတစ်ဦးက ရစ်ကလေးအား ငါးထောင်နှင့် ရောင်းမလားမေးသောအခါ သားငယ် ချုံးပွဲချဦးတော့သည်။ ကိုချမ်းသာ၏ဇနီး အေးမာက ထိုလူကြီးကို ကက်ကက်လန့်အောင် ရန်တွေ့တော့သည်။ လူကြီးက ကလေးကိုစတာဖြစ်ကြောင်း ပြန်ပြောသော်လည်း 'ဒါစ,စရာလား'ဟူသော အမူအရာဖြင့် မျက်စောင်းထိုးနေသော အေးမာပုံစံက သားတစ်ယောက်ကိုကာကွယ်ပေးသည့် မိခင်တစ်ယောက်၏ အမူအရာမျိုး။

တကယ်လည်း ရစ်ကလေးသည် ကိုချမ်းသာတို့မိသားစု၏ တစ်စိတ်တစ်ပိုင်းပင် ဖြစ်ချေသည်မဟုတ်ပါလား။

❑

"ကိုချမ်းသာ၊ ကိုချမ်းသာ ထစမ်းပါဦး၊ သားငယ်ကိုယ်တွေ့ပူနေလို့"

ပခုံးကိုအတင်းထွန်းထိုးရင်းပြောလာသော အေးမာ၏အသံကြောင့် အိပ်မှုန်စုံမွှားနှင့်ထလိုက်ပြီး ခေါင်းရင်းဝါးကြမ်းပေါ်ရှိ ဂတ်(စ်)မီးခြစ်နှင့်ဖယောင်းတိုင်ကို မီးထွန်းလိုက်သည်။ သားငယ်က တိုးတိုးလေးညည်းညူရင်း ဝါးကြမ်းခင်းပေါ်တွင် ခွေခွေကလေးအိပ်နေသည်။ သားငယ်၏တစ်ကိုယ်လုံး ချစ်ချစ်ပူနေ၏။

"ကိုချမ်းသာလုပ်ပါဦးတော်၊ သားလေးကိုကြည့်ပါဦး ဒုက္ခပါပဲတော်"

"ညကြီးဆိုတော့ ငါလည်း ဘာလုပ်ရမှန်း မသိဘူး။ ဒီလိုလုပ်၊ အခုလောလောဆယ် သားငယ်ကို ရေပတ်လေးတိုက်ထားလိုက်မယ်။ မနက်လင်းမှ (၁၇) မိုင် ဆင်စခန်းက ဆရာဝန်ကြီးဆီ သွားပြကြည့်တာပေါ့"

ကိုချမ်းသာက ဇနီးဖြစ်သူကိုပြောရင်း ရေပတ်တိုက်ရန် ပြင်ဆင်လိုက်၏။

(၁၇)မိုင် ဆင်စခန်းမှဆရာဝန်ဆိုသည်ကလည်း ဆင်ဆရာဝန် (တိမွေး/ကု)သာဖြစ်သည်။ ဆင်စခန်းဆရာဝန်က ဆေးတစ်လုံးထိုးပေးပြီး အုတ်တွင်းမြို့နယ်ဆေးရုံသို့သွားနိုင်ရန် သစ်တိုက်ကားတစ်စီးအား အကူအညီတောင်းပေးသဖြင့် အုတ်တွင်းဆေးရုံသို့ သားငယ်ကို တင်ရသည်။ သားငယ်ကို ဆေးရုံတင်ပြီးသည်နှင့် တောင်ငူရှိ မီးသွေးဒိုင်သို့ ပိုက်ဆံကြိုထုတ်ရန် ပြေးရပြန်သည်။ မီးသွေးဒိုင်မှသူဌေး၏ ပြိုင်ဆိုင်ဆဲမှုကို ခေါင်းငုံ့ခံရင်း လက်ထဲကပိုက်ဆံလေးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ သားငယ်နှင့်ဇနီးသည်ရှိရာ အုတ်တွင်းဆေးရုံသို့ ပြန်လာခဲ့၏။ ဆေးရုံရောက်တော့ သားငယ်က နှစ်ခြိုက်စွာအိပ်မောကျနေပြီ။ သားငယ်၏ခုတင်စောင်းလေးတွင် ခေါင်းတင်ပြီး အိပ်ပျော်နေသောဇနီးဖြစ်သူအေးမာက ကိုချမ်းသာဝင်လာသောအသံကြောင့် ဦးခေါင်းထောင်လိုက်ပြီး -

"ဆရာဝန်ကြီးကပြောတယ် စိတ်မပူပါနဲ့တဲ့။ ဆေးရုံပေါ်မှာ သုံးရက်လောက်တော့နေရမယ်တဲ့"

ကိုချမ်းသာတစ်ယောက် သက်ပြင်းရှည်ကြီးချလိုက်မိသည်။ သုံးရက်ဆိုသောအချိန်အတွင်း၌ တောထဲက မီးသွေးဖို့တွေ ပြာကျကုန်လောက်ပြီ။ မီးသွေးဒိုင်မှယူထားသောအကြွေးတွေကလည်းပင်းနှစ်ချပြီ။ ဇနီးသည်ကို သားငယ်နှင့်ထားခဲ့ပြီး တောပြန်တက်ရအောင်လည်း စိတ်မချပြန်။ အို - ငါတို့ဘဝအတွက် သားငယ်က ဘရေးကြီးသည်ဟုတွေးပြီး ဆေးရုံမှာပဲ စိတ်တုံးတုံးချနေလိုက်တော့၏။

❑

"ဆေးရုံကဆင်းလို့ရပါပြီ။ ဒါပေမယ့် ကလေးက အားနည်းနေတော့ အေးအေးဆေးဆေး အနားယူဖို့တော့လိုတယ်။ အစာမာတွေမကျွေးနဲ့ဦးနော်၊ ကြက်သားစွပ်ပြုတ်တို့၊ မြူစွမ်ပြုတ်တို့လို အားဖြစ်မယ့်အစာတွေကျွေးပါ"

ဆရာဝန်ကြီးစကားအဆုံး ကိုချမ်းသာတို့လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်ရတော့သည်။ ကိုချမ်းသာတို့အဖို့ ရွှာမှာ အိမ်ပိုင်မရှိ။ ရွှာမှာမှမဟုတ်၊ မည်သည့်နေရာတွင်မျှ အိမ်ပိုင်မရှိဟုဆိုလျှင် ပို့မှန်ပေလိမ့်မည်။ အေးမာနှင့် အိမ်ထောင်ကျပြီးကတည်းက ဟိုဘက်အမျိုးအိမ်ကပ်နေလိုက်၊ ဒီဘက်အမျိုးအိမ်ကပ်နေလိုက်နေခဲ့ကြခြင်းဖြစ်သည်။ အမျိုးတွေအိမ်မှာနေသည်ဟုဆိုသော်လည်း ခဏတစ်ဖြတ်သာဖြစ်သည်။ ကျန်အချိန်များကတော့ ပဲခူးရိုးမကြီးကို အိမ်လုပ်ပြီးနေခဲ့ကြခြင်း ဖြစ်သည်။

"ကဲ - ကိုချမ်းသာ၊ ရှင်ဘာမှမပြောနဲ့တော့၊ ရွှာက ကျွန်မအစ်မအိမ်မှာ သားလေးကျွန်းမာလာတဲ့အထိနေကြမယ်။ ရှင်လည်း တောမတက်နဲ့ဦး၊ ရွှာမှာပဲ နေစားလေးလိုက်လုပ်ပေါ့။ သားလေးကျွန်းမာလာမှ ကျွန်မတို့မိသားစုတောတက်ပြီး မီးသွေးပြန်ဖုတ်ကြတာပေါ့"

❑

စွတ်ပြုတ်ပူပူလေးကို အားပါးတရ ခပ်သောက်နေသော သားငယ်ကိုကြည့်ရင်း ကိုချမ်းသာ သက်ပြင်းတိုးတိုးချလိုက်မိသည်။ ယခင် ဖြူဖြဖ်ဖပ်မျက်နှာက သွေးရောင်ပြန်လွှမ်းလာပြီး အိပ်ရာထဲခွေမနေတော့ဘဲ သွားနိုင်လာနိုင်လာပြီဖြစ်သည်။ အေးမာ၏အစ်မမမွေးသော သားငယ်၏ တစ်ဝမ်းကွဲညီမဖြစ်သူနှင့် ကစားနေတတ်သောသားငယ်က သူသူငယ်ချင်းရစ်လေးအကြောင်းကို ချမ်းသာတို့ကိုမမေးခဲ့။ ကိုချမ်းသာတို့ကလည်း ရစ်ကလေးအကြောင်း သားငယ်ရှေ့တွင်မပြောခဲ့၊ ပြောမထွက်ခဲ့ဟုဆိုလျှင် ပို့မှန်ပေမည်။

'ကလေးက အားနည်းနေတော့ အေးအေးဆေးဆေးအနားယူဖို့တော့လိုတယ်။ အစာမာတွေမကျွေးနဲ့ဦးနော်။ ကြက်သားစွပ်ပြုတ်တို့၊ မြူစွမ်ပြုတ်တို့လို အားဖြစ်မယ့်အစာတွေ ကျွေးပါ'

ဟူသော ဆရာဝန်ကြီး၏ စကားက ကိုချမ်းသာနားထဲတွင် ပဲ့တင်ထပ်နေ၏။ ကျန်းမာလာလို့ အိမ်ခြံဝင်းထဲဆင်း ငြိုးဆော့နိုင်လာလျှင် ခြံထောင့်တစ်နေရာ၌ ပြန့်ကျဲနေသော ရစ်မွှေးတွေကို သားငယ်တွေ့ပေလိမ့်မည်။

တကယ်တော့ သားငယ်လေး၏ သူငယ်ချင်းဖြစ်ခဲ့ပြီး ကိုချမ်းသာတို့မိသားစု၏ မိသားစုဝင်ဖြစ်ခဲ့ဖူးသော ရစ်ကလေးသည် လူသားတို့၏မေတ္တာတရားကို ကောင်းစွာ နားလည်ခံစားခွင့်ရခဲ့သော်လည်း လူသားတို့၏ အတ္တကိုတော့ နားလည်နိုင်လိမ့်မည် မဟုတ်ပေ။

သဇင်ငယ်သည်

www.burmeseclassic.com

www.burmeseclassic.com

"မြန်မြန်တင်ကြဟော့၊ မိုးရောလေပါလာနေပြီဟ"

ဘချမ်းညိုက ရိတ်ပြီးကုလားပဲများ လှည်းပေါ် တင်နေကြသူများကို လှမ်းပြောလိုက်သည်။

အမှန်ပင် မိုးရောလေပါလာနေပြီ။

အချိန်က ညနေလေးနာရီမထိုးသေး။ နေရောင်ခြည်ကမရှိတော့။ တိုက်ခတ်နေသောလေကကြမ်းလာပြီ။

ဟိုးအနောက်မြောက်ထောင့်မှာ ခဲသားထုက ပြိုကျလုလု၊ လျှပ်စီးက လက်လွှဲနေသေးသည်။

စင့်ပါချောင်း၏ အနောက်ဘက် ကုလားပဲစိုက်ခင်းများ ဘချမ်းညိုကွင်းက နှစ်ကွက်ထဲ ဆယ်စကကျော်ချင်သည်။

တင်လက်စလှည်းတစ်စီးက ပြည့်တော့မည်။ နောက်လှည်းတစ်စီးကတင်စ။ ဘချမ်းညိုသားနှစ်ယောက်၊ သမီးသုံးယောက် အင်္ဘားခုနစ်ယောက်၊ တင်စလှည်းကို အပြီးတင်နိုင်ရန် လုံးလိုက်ရသည်။ စုလိုက်ပိုင်းလိုက်ရသည်။

ဘချမ်းညိုနှင့်လှည်းသမားသာရှိသည်။ မကြာမီတင်လို့ပြီးသွားသည်။

နောက်လှည်းတစ်ဝက်နီးပါးတင်ထားရပြီ။ ထိုဘက်ကို ဘချမ်းညိုကူးလိုက်သည်။

'ဟင်' ခနဲ ဘချမ်းညိုနှုတ်ကထွက်သွားသည်။

စင့်ပါချောင်းအရှေ့ဘက်မလှမ်းမကမ်းမှာ ယောကျ်ားသားတစ်ယောက်နှင့် မိန်းမသားတစ်ယောက်၊ မိန်းမသားက ကလေးငယ်တစ်ဦးကိုခါးထစ်ခွင်တင်ချီထားလျက်၊ ယောကျ်ားသားက ရှေ့၊ နောက် ထန်းခေါက်တောင်းများကို ထမ်းပိုးဖြင့်ထမ်းလာလာသည်။

လင်မယားဖြစ်ပုံရှိသည်။ ပြုံးပြုံးရယ်ရယ်စကားပြောလာသည်ကို ဘချမ်းညိုတွေ့လိုက်ရသောကြောင့်ဖြစ်၏။

ဘချမ်းညိုအကြည့်က စင့်ပါချောင်းသဲပြင်ကိုရောက်သွား၏။

ချောင်းရေရှေ့ပြေးက ပြေးဆင်းလာနေပြီ။ လင်မယားနှင့်ကလေးငယ်တို့က ချောင်းထိပ်မှဆင်းကြတော့မည်။

ဘချမ်းညိုတို့ဘက် ကူးလာကြတော့မည်။

"အဖေ - တင်ပြီးသွားပြီ၊ အိမ်ကိုမောင်းခိုင်းလိုက်တော့မယ်"

ဟု အကြီးဆုံးသားကပြော၏။

ဘချမ်းညိုကပြန်မဖြေ၊ မကြားဘချမ်းညို ဘာကိုစိတ်ဝင်စားနေလို့ပါလိမ့်။ဘချမ်းညိုငေးနေသောနေရာ သားကြီးမျှော်ကြည့်လိုက်သည်။

"ဟောဗျာ- ကိုယ်ကျိုးတော့နည်းကြတော့မှာပဲ"

ဟု သားကြီးနှုတ်ကထွက်သွား၏။

ကျိမ်းခနဲ မိုးခြိမ်းသံကြီးနှင့်အတူ ဝင်းခနဲ လျှပ်စစ်ရောင်များလက်သွားသည်။

မိုးရောလေပါကြမ်းလာပြီ။

ကုလားပဲနှစ်စီးနှင့် မိန်းမသားများက သားအဖနှစ်ယောက်ထံမှ အခြေစကားမည်သို့မျှမကြားခြား မောင်းထွက်သွားပြီ။

ဘချမ်းညို သားကြီးနှင့်အိမ်ထူဌာနတစ်ယောက်သာကျန်တော့၏။

စင့်ပါချောင်းရေက တလိမ့်ယိုဆင်းလာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

လင်မယားနှစ်ယောက်က ရေပြင်ပေါ် နှစ်လှမ်း၊ သုံးလှမ်းမျှကူးရသေး၏။

ဝုန်းခနဲ ရေလုံးကြီးနှစ်လုံးက ရိုက်ချလိုက်သည်ကိုတွေ့လိုက်ရသည်။ လင်မယားနှစ်ယောက် လွင့်စဉ်ရေမှာမျောပါသွားပြီ။

"အရမ်းရေထဲမဆင်းကြနဲ့ဟေ့"

ဟု ဘချမ်းညိုအော်ပြောသည်။ အတူတူပြေးလာခဲ့ကြသည်။

စင့်ပါချောင်းရိုးအတိုင်း အောက်ဘက်ခပ်ဝေးဝေးအထိလိုက်ခဲ့ကြသည်။

စင့်ပါချောင်းက တဟဲဟဲအသံပေးလျက် ရေစီးကြမ်းကြမ်းဖြစ်သည်။ အမှိုက်များ၊ သစ်ပင်သစ်ခက်ပြတ်များ ရေပြင်ပေါ် တွေ့ရသည်။

ကလေးငယ်နှင့် လင်မယားနှစ်ယောက် ရေပြင်အထက်ပေါ်လာခြင်း မရှိ။

ထန်းခေါက်တောင်းများကို တွေ့မြင်လိုက်ရပါသောကြောင့် အပြေးလိုက်ခဲ့ရသည်။ ရေစီးနှင့်အတူ တောင်းများ ကမ်းဘက်ကပ်လာချိန် -

"ဟာ- အဖေ၊ အဖေ ကလေးတျ၊ ကလေးက တောင်းခွေကြားမှာတျို့"

ဟု သားကြီးအော်ပြောပြော ချောင်းရေထဲခုန်ဆင်းသွားသည်။ နောက်က အိမ်လူငှားလည်း ခုန်ဆင်းလိုက်ပြီး ကူသည်။

သားကြီးနှင့် အိမ်လူငှားက တောင်းအခွေကြီးနှစ်ခွေလုံးကို တစ်ဖက်က ရေကူးရင်း တွန်းတင်တွန်းဆွဲလာသည်။

ကမ်းစပ်ချုပင်တစ်ပင်လှမ်းဆွဲမိချိန် ရေလုံးကြီးက ရိုက်ချက်ပြင်းပြင်း လွှမ်းလိုက်သည်။

လွတ်ပါသွားမလားဟု ဘချမ်းညို စိုးရိမ်မိသေး၏။

ကံကောင်းထောက်မစွာ ပါသွားခြင်းမရှိ။

သားကြီးက ကလေးကိုပွေ့ထားသည်။ ကမ်းပေါ် ရောက်အောင် ဘချမ်းညိုဆွဲတင်လိုက်ရသည်။ နောက် အိမ်လူငှားကိုဆွဲတင်ရပြန်သည်။

အရေးထဲ အိမ်လူငှား ထန်းခေါက်တောင်းအခွေကြီးနှစ်ခွေကို ပါအောင်ဆွဲယူလာသေးသည်။

"ညည်းသည်ခရီးသွားတွေဖြစ်မယ်။ အောင်မယ် ကလေးက ယောကျ်ားလေးဗျ"

ကိုဇော်ဝင်း
(လှတော)
တောင်းကလေး

www.burmeseclassic.com

www.burmeseclassic.com

ဟု ဘချမ်းညိုစကားဆိုနေသည်။

"ဟာ - အဖေကလည်းဗျာ၊ စင့်ပါချောင်းအကြောင်းကောင်းကောင်းသိရဲ့နဲ့၊ သွက်သွက်ပြေးကြရအောင်။ ကမ်းကို ရောတက်လာနေပြီ အဖေ"

ကလေးကိုပွေ့လျက် သားကြီးရှေ့ကပြေးသည်။

ထန်းခေါက်တောင်းက ငါးလုံးတစ်စီးဖြစ်ပြီး မသုံးရသေးသောအသစ်များဖြစ်သည်။ နှစ်စီးကို ဆယ်လုံးပါသည်။

ငါးလုံးတစ်စီး ဘချမ်းညို အိမ်လူငှားထဲမှယူလျက်ပြေးသည်။

အမှောင်ထုကကြီးသည်။

လျှပ်စီးများ ဝင်းဝင်းလက်လက်၊ ခဲသားမိုးထုက အပြိုးကြီးစွာရွာနေ၏။ စင့်ပါချောင်းရေက ခြေချင်းဝတ်အထိ တက်လာပြီ။

ခြေချော်မလဲအောင် ပြေးကြရသည်။

အထက်ပိုင်းမှာ မိုးလေးညိုသည်နှင့် စင့်ပါချောင်းရေအသံပေးပြီး မိုးကြီးသည်နှင့် စင့်ပါချောင်းရေကြီးသည်။

ဒေါသတကြီးနှင့် စီးဆင်းပုံက ကြောက်စရာ။

ကမ်းနှင့်နီးသောရွာများ ဖြိုဖျက်တွေ့သမျှဆွဲယူနစ်မြှုပ်၊ ကွဲများ၊ နွားများ၊ ဝက်များမျောပါ၊ အိမ်များပင်ကျွတ်ပါလာသည်။

ရေတက်ပြီဆိုသည်နှင့် ရွာအခြေသို့တိုင်ဆိုက်၏။

တစ်နှစ်မှာ သုံးကြိမ်နီးပါး စင့်ပါချောင်းရေတက်သည်။ ရေတက်ချိန်က မကြာငြား အပျက်အစီးကြီးသည်။

ဘချမ်းညိုအိမ်ဝိုင်းက ရွာလယ်မှာရှိသည်။

မိသားစုများ စိုးရိမ်တကြီး ဘချမ်းညိုတို့ကို ကြိုသည်။

သားကြီးလက်ထဲက မည်းပြာနေသောကလေးကို မြင်လိုက်ရပါသဖြင့် ဘချမ်းညိုအိမ်သူ 'ဟောတော်' ဟု ဆိုလျက် ရင်ဘတ်ကိုဖိသည်။

သမီးအငယ်ဆုံးက အစ်ကိုလက်မှ ကလေးကိုလွှဲယူသည်။ အားလုံးဝိုင်းပြီး ရေများကိုသုတ်ပေးလျက် နွေးထွေးလာစေရန် စောင်တစ်ထည်ဖြင့်ဆွဲပတ်ထားသည်။

ကလေးမျက်ဝန်းများတဖျတ်ဖျတ် ပတ်ပတ်လည်ကိုကြည့်သည်။

ကလေးက မငို။

အားလုံး ထမင်းစားဖို့သတိမရကြ။

ထင်းမီးဖိုဘေးမှာ ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက်သောက်ရင်း ဖြစ်ခဲ့ကြုံခဲ့ရသမျှ ပြောဆိုနေခဲ့ကြသည်။

ဘချမ်းညို၊ သားကြီး မမောနိုင်မပမ်းနိုင်။

ကလေးက စောင်ခြုံကိုကန့်ထုတ်လာသည်။ ပြာနှမ်းနေသည်မှ အနီရောင်အသားညိုပြောင်းလာပေပြီ။

နွေးနွေးထွေးထွေးဖြစ်လာပြီ၊ ရှိုက်လာပြီ။

ကလေးမျက်ဝန်းများ ပြုံးယောင်သန်းလာသည်ကို မီးရောင်အောက်မှာ တွေ့လာကြ၏။

"ကဲကဲ- ဘယ်လိုလုပ်ကြမှာလဲ" ဟု ဘချမ်းညိုသမီးကြီးက မေးပြီ။

"ဟဲ့ - ဘယ်လိုလုပ်ရမှာလဲ။ ကလေးကို တို့မွေးရမှာပေါ့"

ဟု ဘချမ်းညိုအိမ်သူက သွက်လက်စွာပြောကြားလိုက်ပါသောကြောင့် အားလုံးက 'ဟေး' ခနဲအော်လိုက်ကြရပြီ။

အပြိုးကြီးစွာနှင့်ရွာနေသောမိုးကတိတ်ပြီ။

စင့်ပါချောင်းရေက တက်လာနေဆဲ။ တဝုန်းဝုန်းရေစီးသံကကြားနေရဆဲ။ မိုးတိတ်သွားပြီဖြစ်သဖြင့် ကြယ်ရောင်များက ဖြန့်ကြက်ကျလာနေပြီ။

မှောင်သည်ဟုမဆိုနိုင်ငြား လင်းသည်ဟုလည်း မပြောနိုင်။

စင့်ပါချောင်းရေပြင်ပေါ်မှ တစ်ခုသော ကုလားပဲရိတ်ချိန် ညနေခင်းကလေးတွင် မမျှော်လင့်စွာ ရလာပါသော သားယောကျ်ားလေး။

ဘချမ်းညိုတို့ မွေစားသားလေး။ အားလုံး အစ်ကို၊ အစ်မများက ချစ်အားပိုစွာ၊ အရင်းနှီးမခြား။

'တောင်းကလေး'ဟု အမည်ပေးယုယချစ်ခင်ခဲ့ကြသည်။

❑

သားနှစ်ယောက်၊သမီးနှစ်ယောက်က အိမ်ထောင်ကျသွားခဲ့ပြီ။

အိမ်ဝိုင်းထဲမှာပင် အိမ်ဆောက်ပေး၊ လုပ်ကိုင်စရာ လယ်ယာခွဲဝေပေးပြီး ဘချမ်းညိုထားသည်။

ဘချမ်းညိုအိမ်သူ၊ အငယ်ဆုံးသမီးလေးနှင့်အတူ တောင်းကလေးတို့ သာရှိ၏။

တောင်းကလေးရောက်လာချိန်၊ အငယ်ဆုံးသမီးလေးနှစ်ပြည့်ဖြစ်ငြား ဘချမ်းညိုအိမ်သူ နို့ကောင်းစွာထွက်လာပါသဖြင့် ကံကောင်းစွာ တောင်းကလေး နို့စို့ခွင့်ရသည်။

တောင်းကလေး အသားအရေဖြူစင်ဝင်းမွတ်၏။ သမီးအငယ်အသားဖြူသည်ဆိုရငြား တောင်းကလေးကိုမမီ။

အားလုံး ဝိုင်းဝန်းချစ်ခင်ကြပါလျက် တောင်းကလေးက ဘချမ်းညိုသမီးအငယ်မကို အချစ်ပိုဟန်ရှိသည်။

ရွာမူလတန်းကျောင်းကလေးမှာ အငယ်မနှင့်ကျောင်းအတူလိုက်ခဲ့သည်။ အငယ်မ ရွာမှလေးတန်းအောင်ပြီး မြို့ကျောင်းကိုပို့သောအခါ တောင်းကလေးမျက်နှာက မရွှင်မပျ။

"ဘဘ၊ သားလည်း မြို့ကျောင်းတက်ချင်တယ်"

ဟု တောင်းကလေးက ဘချမ်းညိုကို တစ်ရက် တောပြန်စောင့်ပြီးပူဆာသည်။

"ဟာ - သား၊ မြို့ကျောင်းတက်ရမှာပေါ့။ သားစာကြိုးစားရမယ်။ မမလို့လေးတန်းအောင်ပြီးရင် ပို့ပေးမယ်ဗျာ"

ဟု ဘချမ်းညိုပြောပေးခဲ့ရ၏။

မြို့မှာ ဘချမ်းညိုညီမဝမ်းကွဲရှိသည်။ ထိုမှ သမီးငယ်စာဆက်သင်သည်။

တောင်းကလေး ငါးတန်းတက်ချိန် သမီးငယ်က ဆယ်တန်းရောက်သည်။ မောင်နှမ ကျောင်းအတူတက်ခဲ့ကြ၏။

သို့သော် အငယ်မ ဆယ်တန်းအောင်သောနှစ်၊ မြို့မှာ တောင်းကလေးက ဆက်မနေချင်။ ခြောက်တန်းစာသင်နှစ်ကို ပို့မရ။

သို့ဖြင့် တောင်းကလေးကို တောင်သူလုပ်ငန်း သင်ပေးခဲ့ရသည်။

အငယ်မက ကျောင်းပြီးချိန် ဆရာဖြစ်သင်ဆက်တက်ပြီး တစ်ဖက်ရွာ မူလတန်းကျောင်းလေးမှာ မူလတန်းပြဆရာအဖြစ် အလုပ်ဝင်ရသည်။

အငယ်မနှင့်အတူ စာသင်ရသောမြို့မှဆရာမလေးက ကျောင်းပိတ်ရက်များတွင် အိမ်ကိုလိုက်ပါလာတတ်သည်။

"သန့်ဇင်ဦးက စကားသိပ်နည်းတာပဲနော်"

ဟု ထိုဆရာမလေးက ပြောခဲ့သည်။

အိမ်မှာ တောင်းကလေးဟူခေါ် ကြငြား ကျောင်းနာမည်က သန့်ဇင်ဦးဖြစ်သည်။ တောင်းကလေး အရွယ်ရောက်လာပြီ။

ရွာခံမိန်းကလေးတော်တော်များများက တောင်းကလေးနှင့် ခင်မင်နှစ်လို

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း တောင်းကလေးက အနေအေးစွာ တစ်ဦးတည်းနေထိုင်တတ်မှုကြောင့် သူငယ်ချင်းမျှပင်မရှိ။

သို့သော် အစ်မဖြစ်သူသူငယ်ချင်း ဆရာမလေးကိုတော့ တောင်းကလေး ခင်မင်ပုံရှိသည်။

ကျောင်းပိတ်ရက် ဆိုင်ကယ်လေး ဖြင့်ရောက်ချိန် တောင်းကလေး အိမ်ပိုင်း ထဲမှ အပြေးတစ်ပိုင်း ထွက်ကြိုတတ်ပါသောကြောင့် -

"အဖေကြီး၊ တော့်သား မြင်ရဲ့လား"

ဟု အိမ်သူအပြောစကားကြောင့် ဘချမ်းညို -

"ဟာ- မင်းကလည်းကွာ"

ဟု ပြန်ပြောခဲ့ငြား -

"သား သဘောတူရင် တောင်းရမ်းပေးရမှာပေါ့"

ဟု ဘချမ်းညိုပြောတတ်သည်။

သို့သော် တောင်းကလေးက မြို့ဆရာမလေးကို ဟိုလိုသည်လိုဖြစ်ပုံမရှိ။ ရိုးရိုးသားသား ခင်မင်ပုံမျိုးသာဖြစ်၏။

"တောင်းကလေး သဘောကျနေသလား၊ အစ်မပြောပေးရမလား"

ဟု အစ်မက ပြောသောအခါ တောင်းကလေးက မည်သို့မျှပြန်မပြော။ မျက်နှာတစ်ဖက်သို့လှည့်နေတတ်သလိုသုံး၊ လေးရက် အစ်မနားမကပ်ဘဲရှိနေတတ်သည်။

"အောင်မလေး- ကောက်ညှင်းကမစီးဘဲ ဆန်ကြမ်းကစီးနေပါသကော"

ဟု အစ်မကရယ်မောပြီး သူ့မောင်ကိုဆိုတတ်သည်။

မြို့ကဆရာမလေးသည် တစ်ဦးတည်းသောသမီးဖြစ်၏။ အဖိအဘများကလည်း အငြိမ်းစားဝန်ထမ်းများဖြစ်ကြသည်။

ထိုဆရာမလေးက တောင်းကလေးကို သံယောဇဉ်ကြီးသည်။ အရိပ်တကြည့်ကြည့်ရှိနေသည်က အမှန်ပင်။

တစ်ရက် ကုလားပဲခင်းကြည့်ရန် ဘချမ်းညို တောင်းကလေးနှင့် အိမ်လူငှားတစ်ယောက် ထွက်ခဲ့ကြသည်။

ကုလားပဲခင်းကြီးတစ်ခုလုံး စိမ်းညို့နေ၏။

မကြာခင် အဝါရောင်ပြောင်းမှည့်လာပေမည်။

ဘချမ်းညို ကုလားပဲရွက်များခူးနေသည်။ ကုလားပဲရွက်ဟင်းချိုက အလွန်ချိုသည်။

အိမ်လူငှားက စင့်ပါချောင်းရိုး အတိုင်း အောက်ဘက်ဆင်းသည်။ ဆေးလိပ်မီးကိုရဲနေအောင်ဖွာလျက် မိုးနုနုချမ်းတစ်ခုအတွင်းဝင်လျက် ပျားအုံတစ်အုံကို ဖွပ်သည်။

တောင်းကလေးက နောက်မှ အဖော်အဖြစ်လိုက်လာသည်။

ပျားအုံပါသောကိုင်းကိုဖြတ်ချိုးပြီး အမြန်ထွက်ခဲ့ငြား ပျားတွေက ပိုင်းအုံခဲလိုက်လာသည်။

"တောင်းကလေး ယူပါဦးဟ"

ဟု လှမ်းပေးငြား တောင်းကလေးမယူ။

"ပျားတွေလာပြီ ပြေး ပြေး"

ဟုဆိုငြား တောင်းကလေးမပြေး။

တောင်းကလေး အရှေ့စင့်ပါချောင်းရိုးထိပ်ကို စိုက်ကြည့်နေပါသောကြောင့် အိမ်လူငှားကလိုက်ကြည့်ရာ ဘာကိုမှမမြင်မတွေ့ရ။

သို့သော်-

"ဟိုမှာ ဟိုမှာ လင်မယားနှစ်ယောက် တောင်းကလေးကိုခေါ်နေတယ်။ မသွားပါဘူး၊ မလိုက်ပါဘူး။ ဟော ဟော- ချောင်းထဲဆင်းလာနေကြပြီ။ တောင်းကလေးရှိတဲ့နေရာ လာနေကြပြီ။ တောင်းကလေးကို မခေါ်ပါနဲ့၊ မလိုက်ပါဘူး"

ဟု တောင်းကလေး မျက်စိမျက်နှာကောင်းစွာ ပြောပြောဆိုဆို ကုလားပဲခင်းရှိရာပြေးသွားသဖြင့် အမီလိုက်ခဲ့ရသည်။

ဘချမ်းညို့ရှေ့မှ တောင်းကလေးလဲသွားသည်။ သတိလစ်သွားသည်။

ဘချမ်းညို တောင်းကလေးကိုပွေ့ပြီး ပြန်လာရသည်။

အိမ်လူငှားမှ လင်မယားနှစ်ယောက် တောင်းကလေးကိုခေါ်သည်ပြောကြောင်း၊ တောင်းကလေးကမလိုက်ဘူးငြင်းပြီး ထွက်ပြေးကြောင်း အိမ်မှာပြန်ပြီးပြောပြသည်။

တောင်းကလေး အပြင်းဖျားသည်။ သုံးရက်ပြည့်မှ သတိရသည်။ အဖျားကျသည်။

"တောင်းကလေး မလိုက်ဘူး၊ မခေါ်ကြပါနဲ့"

ဟု ဇာယောင်ဇာတမ်း တောင်းကလေးပြောခဲ့၏။

ဘချမ်းညိုနှင့် အိမ်သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

တောင်းကလေး အဖျားမျောက်ပြီးတစ်ပတ်အကြာ သံယောများပင့်လျက် အိမ်ပိုင်းထဲမှာ ဆွမ်းကျွေးသည်။ လှူဖွယ်ပစ္စည်းအစုံ ဆက်တပ်သည်။ လာသမျှပရိသတ်ကို ထမင်းကျွေး လက်ဖက်ရည်တိုက် ဒါနပြုသည်။

ကုသိုလ်ကောင်းမှုအစုစု ရေတတ်ချအမျှပေးဝေသည်။

နောက်ပိုင်း -

စင့်ပါချောင်း၏ အနောက်ဘက်ကုလားပဲခင်းများရှိရာ တောင်းကလေးကိုခေါ်၍မရတော့ပြီ။ ဘချမ်းညိုတို့ကလည်း မခေါ်ချင်ပါ။ တောင်းကလေးကလည်း မလိုက်ချင်ပါ။

တောင်းကလေး အနည်းငယ်ဝိန်သွားသည်။ မျက်နှာကလေးကျသွားသည်။ မြို့မှဆရာမလေးက တောင်းကလေးကို တစ်ပတ်ကြာပြုစုသည်။

ဆန်ပြုတ်ကိုယ်တိုင်တိုက်သည်။ ဆေးကို အချိန်မှန်သောက်စေသည်။ တောင်းကလေးကို သေသေချာချာ ဂရုစိုက်သည်။

ထိုအဖြစ်ကိုမြင်ရလျက် ဘချမ်းညိုအိမ်သူ မျက်ရည်လည်သည်။

"ကျုပ်တို့အမှားပါတော်၊ တောင်းကလေးမိဘတွေ စင့်ပါချောင်းရေမှာသေဆုံးခဲ့ကြတာသိပါလျက်နဲ့ လိပ်ပြာခွဲခဲ့ရမှာမဟုတ်ဘူးလား ကိုဘချမ်းညို"

ဟု အိမ်သူက မချိရင်တဲဆိုသည်။

❑

မြို့ကဆရာမလေးအမည်က နုနုရီဖြစ်သည်။

နုနုရီ၏မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းတစ်စုရောက်ရှိနေကြပြီဖြစ်သည်။

မောင်သန့်ဇင်ဦးနှင့် မနုနုရီတို့၏ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ။

"ဟဲ့ - နင့်မျက်နှာက ဘယ်လိုဖြစ်နေသတုံး၊ ပျော်ရွှင်ရမယ့်အချိန်ပါတော်။ အံ့ဩပါရဲ့၊ အဘကို သူပဲပူဆာလို့ ပြောဆိုပေးခဲ့ရပါရဲ့တော်"

www.burmeseclassic.com

www.burmeseclassic.com

အစ်မဖြစ်သူက တောင်းကလေးကို မည်သို့ပြောပြော တောင်းကလေး မလွှဲပဲ။

တောင်းကလေး အပြင်းဖျားခဲ့ပြီး နောက်မှ ဆရာမလေးနှင့်လက်ထပ်ချင်ပါသည်ဟု ဘချမ်းညိုကိုပြောလာပါသောကြောင့် -

"အုံ့ပါရဲ့ကွာ၊ သမီးရည်းစားမဟုတ်ဘာမဟုတ် မင်းသားက ဆရာမလေးနဲ့လက်ထပ်ချင်လို့တဲ့"

ဟု ဘချမ်းညိုက အိမ်သူကိုပြောခဲ့၏။

အစ်မဖြစ်သူက သူယောင်ချင်းနုနုရီကို နားချအပြောကောင်းပါသဖြင့် -

အိမ်ရှေ့မန်ကျည်းပင်ပေါ် အသံချဲ့စက်ဟွန်းတင်ပြီး -

မနက်ဖြန်မှာ သံယာတော်များ မင်္ဂလာဆွမ်းကပ် ဆွေမျိုးသားချင်းမိတ်ဆွေအားလုံး ဖိတ်ကြားကျွေးမွေးပွဲခံခဲ့။

သို့ပင်လျက် -

တောင်းကလေး မျက်နှာမကောင်း။

မင်္ဂလာရက် သုံးရက်အလို့မှ တောင်းကလေး ပြောင်းလဲလာခြင်းဖြစ်သည်။

မင်္ဂလာရက်အဝင်နေ့ -

အောင်ပန်းစည်းရန် မင်္ဂလာမဏ္ဍပ်သို့ ရွာအပျိုများရောက်လာချိန် တောင်းကလေးပျောက်သွားသည်။

နေက မွှေးမှိုင်းညို့ညို့ လေကပြင်းပြင်းတိုက်စပြုလာသည်။

မိုးရွာပြီးလေကျဦးမှာလား။ ပွဲထိုးပွဲတင်လုပ်ကြရသည်။ တောင်းကလေးမရှိတာကို နုနုရီကစပြီးသိသည်။

ထိုမှ အစ်မ၊ ဘချမ်းညိုနှင့် အိမ်သူ။

ကာလသားတစ်ဦးက တောင်းကလေးကို အရှေ့စင်္ကပါချောင်းဘက် လျှောက်သွားသည်ကို တွေ့မြင်ခဲ့ရကြောင်း ဘချမ်းညိုကိုပြောသည်။

ဘချမ်းညို အုံ့အားသင့် အုံ့သြသွားခဲ့သည်။ ဘချမ်းညိုနှယ် အားလုံး အုံ့အားသင့် အုံ့သြခဲ့ကြရသည်။

မည်သည့်အချိန် မည်သည့်အခါကမှ တောင်းကလေး စင်္ကပါချောင်းရိုးကို ရောက်ခြင်းမရှိပါ။ သွားခြင်းမရှိ။

အုံ့သြအုံ့အားသင့်ကြခြင်း မယုံကြည်ကြခြင်း။

စစဦး ပြေးထွက်သွားသည်က ဆရာမလေးနုနုရီ၊ နောက်က အစ်မ၊ ဘချမ်းညိုနှင့် အိမ်သူ၊ ဆွေမျိုးတစ်စု။

လေက ပြင်းပြင်းတိုက်လာသည်။ မိုးက အုန်းအုန်းထရွာလာပြီ။

တဝုန်းဝုန်း စင်္ကပါချောင်းရေဆင်းသံက အတိုင်းသားကြားလိုက်ရသည်။

"သားရေ၊ တောင်းကလေးရေ၊ အမေလိုက်လာပြီ။ အမေဆီပြန်လာပါသားရယ်"

ဟု ဘချမ်းညိုအိမ်သူက အော်ပြောသည်။

ဝင်းခနဲ လျှပ်စီးလက်သွားသည်။

လျှပ်စီးရောင်နှင့် တောင်းကလေးကို စင်္ကပါချောင်းကမ်းပါးထိပ်မှာ ရပ်လျက်သားတွေ့မြင်လိုက်ကြရသည်။

ဆက်ပြီး လျှပ်စီးများလင်းလာသည်။ ဂျိမ်းခနဲ မိုးခြိမ်းသံကြီးနှင့်အတူ စင်္ကပါချောင်းရေ ကမ်းပေါ် တက်လာလျက် -

နောက်ကို စိမ်းကားစွာ တစ်ချက်ကြည့်ပြီး တောင်းကလေးက စင်္ကပါချောင်းထဲကို ခုန်ဆင်းသွားသည်။

ဟင်ခနဲ ဟာခနဲ အို အသံစုံထွက်လာခဲ့၏။

စင်္ကပါချောင်းက တရကြမ်းစီးလာပြီး ရေက တဟုန်ထိုးတက်လာပြီ။

"အားလုံး အမြန်နောက်ဆုတ်ကြတော့။ ရွာဘက်အမြန်ပြေးကြတော့"

ဟု ဘချမ်းညိုက အော်ပြောဆိုလျက် သမီးနှင့် နုနုရီကို ဆွဲခေါ်လာသည်။ အိမ်သူက နှောက်မှပါလာသည်။

လမ်းတစ်လျှောက်လုံး နုနုရီငိုလာသည်။ အိမ်ဝင်ပေါက်အရောက်မှာ နုနုရီ သတိလစ်သွားသည်။

မင်္ဂလာပွဲလည်းပျက်ခဲ့၏။

မင်္ဂလာဆွမ်းသည် တောင်းကလေးအတွက် သက်ပျောက်ဆွမ်းဖြစ်သွားခဲ့သည်။ အားလုံးစိတ်မကောင်းကြ။ တစ်ရွာလုံး မငိုသူမရှိ။

တောင်းကလေးအတွက် ငိုသည်။ ဆရာမလေး နုနုရီအတွက် ငိုသည်။

နုနုရီကို သုံးရက်ဆက်ပြီး ဆရာနှင့် ကုရ၏။ နုနုရီသတိရလာခဲ့၏။ ပြီး နောက် အင့်ခနဲ အသံထွက်ငိုပြီး သတိလစ်သွားပြန်သည်။ တစ်လပြည့်ပြီးမှ နုနုရီမိဘများပြန်ကြသည်။

ခွင့်ရက်ရှည်ယူပြီး ပြန်လိုက်ခဲ့ရန် မိဘများခေါ်ကြသည်။

နုနုရီ ခွင့်ရက်ရှည်မယူပါ။ အပြီးတိုင် နုတ်ထွက်လိုက်သည်။ အမိ၊ အဘများနှင့် ပြန်မလိုက်ပါ။

ဘချမ်းညိုတို့နှင့် အသက်ထက်ဆုံးနေပါရစေဟု ခွင့်တောင်းသည်။

သမီးရင်းနှင့်မခြား ဘချမ်းညိုတို့ချစ်ခဲ့ကြပါသည်။

မိုးဦးလေဦးကာလ။

မိုးသံလေသံကြားရမှိန် နုနုရီကို ထိန်းရခက်သည်။

စင်္ကပါချောင်းထဲမှာ ရေက စပ်စပ်သာရှိသည်။ သို့သော် အနောက်မြောက်မှာ မိုးသားထုကတက်နေပြီ။

လေကတစ်ချက်တစ်ချက်ဆောင့်တွန်းလာပြီ။ တိုက်ခတ်လာ၏။

စင်္ကပါချောင်းကမ်းပါးထိပ်မှာ နုနုရီရပ်နေသည်။

မလှမ်းမကမ်းမှာ ဘချမ်းညိုနှင့် သမီး ကျောင်းဆရာမလေးရှိသည်။

နုနုရီထဘီအောက်ပိုင်းကို လေက တဖျတ်ဖျတ်ရိုက်ခတ်နေ၏။

"သမီး နုနုရီ၊ ပြန်ကြရအောင်နော်။ ကဲ့နေ့ တော်လောက်ပြီ သမီးရယ်၊ မိုးရောလေပါလာတော့မယ်။ အချိန်ကနည်းသွားပြီနော်"

ဟု ဘချမ်းညိုက ပြောနေသည်။

"တောင်းကလေး အခုလိုမိုးထဲလေထဲမှာ သမီးဆီကိုပြန်လာမှာပါအဘရယ်၊ သမီးစောင့်ပါရစေနော်"

ဟု နုနုရီကရှိုက်ငိုရင်း တောင်းပန်နေသည်။

ဘချမ်းညိုတို့ မကြည့်ရက်မမြင်ရက်ပါ။

ဂျိမ်းခနဲ မိုးခြိမ်းသံကြီးကြားလိုက်ရသည်။

နုနုရီ စင်္ကပါချောင်းအောက် လွှင့်စဉ်ကျသွားမည်လား အောက်မေ့လိုက်ရ၏။ အချိန်မီရဲ့လေးသာ။

သမီးဆရာမက နုနုရီကို ဝင်ဆွဲလိုက်သည်။ ဝင်ထိန်းလိုက်ရသည်။

နုနုရီ ပျော့ခွေကျသွားသည်။ သတိလစ်သွားပြီ။

ဘချမ်းညိုက နုနုရီကိုပွေ့လျက် ရွာဘက်အမြန်ပြေးခဲ့ရသည်။ နောက်က သမီးဆရာမ လိုက်ပါလာ၏။ စင်္ကပါချောင်းရေ ကမ်းပေါ် တစ်ဟုန်ထိုးတွေ့တက်လာခဲ့လေပြီ။

ရွာအဝင်မှာ စင်္ကပါချောင်းရေ အတက်ရပ်သွားပါသည်။

တဝုန်းဝုန်းအသံများကကြားနေရဆဲ။

ကိုဇော်ဝင်း (လှတော)

www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်
ခုနစ်နေ့သားသမီးတို့၏အန္တရာယ်အပေါင်း ကာကွယ်စေကြောင်းနည်းကောင်း

ကျွန်ုပ်တို့လူ့ဘောင်လောကကြီးသည် ရှေးဆရာတို့က ကိုစွမ်းစွာတို့ဖြင့် ရွှပ်ထွေးနေသည့်အတွက် ခုနစ်နေ့သား၊ ခုနစ်နေ့သမီးတို့အတွက် မေတ္တာရှေ့ထားပြီး ဝိဇ္ဇာခရဂမ္ဘီရပညာနယ်မှ ပညာရပ်များစွာတို့ဖြင့် ကျန်းမာရေး၊ စီးပွားရေးမှအစအားဥပဒေအန္တရာယ်အသွယ်သွယ်တို့ ကင်းလွတ်စေရန်တစ်မျိုး နောက် သိပ္ပံပညာနယ်မှ မစွမ်းနိုင်သော စုန်းတိုက်၊ နတ်တိုက်၊ အုမ္မောင့်ပယောဂတို့ကို ကုစားကာကွယ်ပေးသော အတတ်ပညာများစွာတို့ စီရင်ထားခဲ့လေသည်။ ထိုအတတ်ပညာများသည် ဂါထာမန္တန်များ၊ အင်းအိုင်ခါးလှည့်လက်ဖွဲ့ စသည်များ ဆေးဝါးများတို့ ပါဝင်ခဲ့ပါသည်။

ယခုတင်ပြရေးသားမည်ဖြစ်သည့် အန္တရာယ်အပေါင်းကာကွယ်စေကြောင်း စာစုသည် နဝင်းပတ်လည်အင်းဖြစ်၏ အကြောင်းပင်ဖြစ်ပါတော့သူသည်။

ဤစာစု ရေးသားရန်ဖြစ်ပေါ်လာပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တစ်နေ့သ၌

ကျွန်ုပ်ထံသို့ ကျွန်ုပ်၏တပည့် မောင်ခင်မောင်စိုး ရောက်လာခဲ့ပါသည်။ ရောက်ရှိလာပြီး ကျွန်ုပ်ကို အောက်ပါအတိုင်း ပြောပြပါသည်။

"ဆရာ၊ ကျွန်တော်ရတဲ့ကုန်းမြေ (၁၂) ဧကကို နှစ်ရှည်စားပင်သီးပင်များစိုက်ချင်တယ်။ နောက်တစ်ခုကတော့ သူများတွေ သနပ်ခါးပင်စိုက်ပေမယ့် ကျွန်တော်အနေကတော့ နံ့သာနီပင်တွေစိုက်ချင်တယ်ဆရာ။ ကျွန်တော်တို့ အနီးပတ်ဝန်းကျင်မှာဆိုရင် စားပင်သီးပင်တွေစိုက်ရာမှာ သမားရိုးကျဖြစ်တဲ့ ဆရက်မျိုးတွေကိုပဲ စိုက်ကြတာများပါတယ်။ ကျွန်တော့်အနေကတော့ စိန်တစ်လုံးတို့၊ မြကျောက်တို့ တစ်နှစ်သုံးခါသီးတဲ့ နှစ်ပတ်လည်သရက်မျိုးတို့ကိုပဲ စိုက်မယ်လို့ စိတ်ကူးထားတာမို့ စိုက်ပျိုးရမယ့်မြေကို တစ်ဖက်ကနေပြီး ဝိဇ္ဇာခရဂမ္ဘီရပညာဖြင့်စီမံပြီး ကနဦး ဆောင်ရွက်ထားချင်လို့ပါ ဆရာ။ ကျွန်တော့်ကိုကူညီခဲ့မြင့်ပေးပါ"

ဟု ပြောပြခဲ့ပါတော့သည်။

ကျွန်ုပ်သည် တပည့် မောင်ခင်မောင်စိုး၏ဆန္ဒကို ဖြည့်ဆည်းပေးရန် သဘောတူလိုက်ပါသည်။ သို့နှင့် ရက်ချိန်းပေးရပါသည်။ ထို 'နမောဗုဒ္ဓါယအင်း (၂)အင်းကို ဘားမဲ့ကျမ်းရင်းကို ၁၂၉၂ ခုနှစ်က ထုတ်ဝေခဲ့သော်ကျမ်းတွင် 'နမောဗုဒ္ဓါယမီးထွန်းအင်း' ဟု အမည်နာမထားရှိခဲ့ပါသည်။

ကျွန်ုပ်ကိုယ်တွေ့သိခဲ့သောနမောဗုဒ္ဓါယ (၂) အင်းမှာမူ ဗျည်းစမအင်းများနှင့် ဂါထာတော်များအင်းဆန်ထည့်ထားသောအင်းများပါရှိသည့်ပေတစ်ဆူမှ ကူးယူထားခဲ့ခြင်း ဖြစ်ပါသည်။

ထိုအကြောင်းများဖါသောပေထုပ်သည့် အပေါ်ပေရွက်များ ဘယ်၍ဘယ်မျှပျက်စီးနေသည်ကိုမသိရသလို အဆုံးပိုင်းပေရွက်များလည်း မရှိတော့ပါ။ မိုး၊ လေဒဏ်နှင့် ခြင်္ကြိုက်ထား၍ ပျက်စီးနေသော ပေထုပ်ဖြစ်ပါသည်။

ကျွန်ုပ်သိခဲ့သမျှမှာ ပေရွက်ကို 'ကိ' ဟု စာမျက်နှာသံကေ်တရေးသားထားသည်ကိုသာ အစဆုံးဖတ်ရတွေ့ရပါသည်။ ပေထုပ်အဆုံးတွင်မူ 'ခ'စာမျက်နှာအထိကိုသာ တွေ့ရှိခဲ့ရပါတော့သည်။ ထိုအစနှင့်အဆုံးပေရွက်ထိပ်များမှာမူ ခြင်္ကြိုက်ရာများ ပါးပါးတွေ့ရပါသည်။ အလျားလိုက်ဘေးများတွင်လည်း တချို့နေရာ ပေရွက်များတွင် မှတ်တမ်းတင်ထားသည့်စာများကိုပင် ထိရောက်နေပါပြီ။

ကျွန်ုပ် ယခုတင်ပြသည် နမောဗုဒ္ဓါယအင်း (၂) အင်းနှင့် အခြားအင်း (၁၈) အင်းတို့မှာ ပျက်စီးခဲ့ယွင်းခြင်းမရှိ၍ ကူးယူနိုင်ခဲ့ပါသည်။ အဆိုးဆုံးကိစ္စတစ်ခုမှာ ထိုပေမူကို ရေသားမှတ်တမ်းတင်ခဲ့သော ဆရာသခင်မည်သူမည်ဝါဟု မသိနိုင်ခြင်းပင်ဖြစ်နေပါသည်။

ထို နမောဗုဒ္ဓါယ (၂) အင်းစီမံရာတွင် မူလကျမ်းပြုဆရာသခင်ရေးမှတ်ထားခဲ့သော ပေမူပါစကားအရ အောက်ပါအတိုင်း စီမံပါဟု ရေးထားပါသည်။

၁ စီမံရာ

နမောဗုဒ္ဓါယအင်း ဖြစ်သော ပထမအင်းနှင့် ဒုတိယအင်းတို့ စီမံရာတွင် ဖယောင်းတိုင် စီမံပြီး ပုလဲမြည်ဆိုလျှင် ထို(၂)အင်းလုံးကိုပင် ခိုင်းကိုင်စတ္တူဖြင့် အင်းချပါရန်နှင့်လုပ်အကြောင်းကိစ္စတို့ကြောင့် မြေမြှုပ်ရမည်ဆိုလျှင် ကြေးပြား၊ ငွေပြားများတို့တွင် စီမံရန်ဖြစ်ပါတော့သည်။

ပထမအင်းတွင်မူ အင်းအလယ်တွင် *သံဂုံပမယျ* ဟု ဤဘဒ္ဒကမ္ဟာမှာ ပွင့်ခဲ့ပြီးသော လေးဆူဘုရားနှင့် နောင်ပွင့်မည့်ဘုရားရှင်တို့ကို အတိုအခေါက် အကွရာများဖြင့် ထည့်သွင်းထားပြီး ဖြစ်ပါတော့သည်။

နမောဗုဒ္ဓါယ ဒုတိယအင်းတွင်မူ အင်းအလယ်တွင် 'သံဂုံပမ' ဟူသာ လေးဆူဘုရားဘွဲ့တော်များ၏ အတို ကောက်အကွရာလေးလုံးသွင်းထားရှိပြီး အလယ်ဗဟိုကို ကွက်လပ်အတိုင်းထားရှိခဲ့သည်ကို မြင်တွေ့ရပါတော့သည်။

ထိုကွက်လပ်ထားရှိသည်မှာမူ ဆောင်ရွက်ရမည့် အမှုကိစ္စအကြောင်းအရာ၏ ကာယကံရှင်နေ့သားနေ့သမီး၏နံကို ထည့်သွင်းစေရန် ချန်လှပ်ထားရှိခြင်းသာဖြစ်ပါတော့သည်။ လိုသူ၏နံကို ထည့်သွင်းရာတွင်မူ နံသင့်သချာမှ ဂဏန်းသချာကိုသာ ထည့်ရပါမည်။ နံသင့်သချာကို အောက်တွင် ဖော်ပြပေးထားပါသည်။

- တနင်္ဂနွေသားသမီးအတွက် ၁
- တနင်္လာသားသမီးအတွက် ၂
- အင်္ဂါသားသမီးအတွက် ၃
- ဗုဒ္ဓဟူးသားသမီးအတွက် ၄ (ဗုဒ္ဓဟူးမွန်းလွဲမွေး ရာဟုသားသမီးအတွက် ၈)
- ကြာသပတေးသားသမီးအတွက် ၅
- သောကြာသားသမီးအတွက် ၆
- စနေသားသမီးအတွက် ၇ (သို့မဟုတ်) ၀ သုည

www.burmeseclassic.com

www.burmeseclassic.com

စသည်တို့ ဖြည့်သွင်းကြရန်ပင် ဖြစ်ပါသည်။

မြေတွင်မြှုပ်လိုသော် - စိမ်ထားခဲ့သောအင်း (၂) အင်းကို -

(က) တနင်္ဂနွေထောင့် (အရှေ့မြောက်ထောင့်တွင်) ပထမအင်းကိုမြှုပ်ရန်ဖြစ်ပါသည်။ နောက်ထိုပထမအင်းကိုပင် စနေထောင့် (အနောက်တောင်ထောင့်) တွင် တစ်အင်းမြှုပ်ရန် ဖြစ်ပါသည်။

(ခ) အရှေ့တောင်ထောင့် (အင်္ဂါထောင့်တွင်) ဒုတိယအင်းကိုမြှုပ်ရပါမည်။ နောက် (အနောက်မြောက်ထောင့်) ရာဟုထောင့်တွင် ထိုဒုတိယအင်းကိုမြှုပ်ရန် ဖြစ်ပါသည်။

နမူနာပုံပြမှာ -



(ဂ) မီးထွန်းအင်းစီရင်ပုံမှာ -

မိုင်းကိုင်စက္ကူဖြင့် ချထားသော နမောဗုဒ္ဓါယ (၂)အင်းကို ကျောချင်းကပ်ပြီး လိုသူ၏သက်ဧမီးစာဖြင့် မီးထွန်းရန် ဖယောင်းတိုင်ပြုလုပ်စီမံရမည်ဖြစ်သည်။

နမောဗုဒ္ဓါယ (၂)အင်းကို မြေမြှုပ်သောအခါတွင် မိမိစီမံလိုသောမြေကွက်၏ နေရာထွက်ရာအရှေ့တည့်တည့်တွင် ဘုရား၊ တရား၊ သံဃာတော်တို့ကို ဂုဏ်တော်ရည်မှန်းပြီး အလင်းတိုင်ပူဇော်ပါရန်။ နောက် စတုလောကပါလနတ်မင်းကြီးများကို ဖယောင်းတိုင်လှူပါ။ နောက် မိမိစိုက်ပျိုးမည့်မြေတွင် စောင့်ကြပ်နေကြကုန်သော ဘူမ္မစိုးနတ်များကို အလင်းတိုင်၊ ဖယောင်းတိုင် ဒါနပြုပါ။ အမွေးနုံသာတိုင်များဖြင့် ထွန်းညှိပူဇော်ခြင်း၊ ဒါနပြုခြင်းတို့ကိုပြုလုပ်ရန် ဖြစ်ပါသည်။

နမောဗုဒ္ဓါယပထမအင်း

နံ	မော	ဗု	ဒ္ဓါ	ယ	သိ	ဒ္ဓံ	အ	၁
၈	အာ	ဣ	ဤ	၃	၄	၅	၆	၇
၈	၉	အဲ	ဩ	ဪ	အံ	၎	၁၁	၁၂
၁၃	၁၄	၁၅	အား	၁၆	၁၇	၁၈	၁၉	၂၀
၂၁	၂၂	၂၃	၂၄	၂၅	၂၆	၂၇	၂၈	၂၉
၃၀	၃၁	၃၂	၃၃	၃၄	၃၅	၃၆	၃၇	၃၈
၃၉	၄၀	၄၁	၄၂	၄၃	၄၄	၄၅	၄၆	၄၇
၄၈	၄၉	၅၀	၅၁	၅၂	၅၃	၅၄	၅၅	၅၆

နမောဗုဒ္ဓါယဒုတိယအင်း

နံ	မော	ဗု	ဒ္ဓါ	ယ	သိ	ဒ္ဓံ	အ	၁
၈	အာ	ဣ	ဤ	၃	၄	၅	၆	၇
၈	၉	အဲ	ဩ	ဪ	အံ	၎	၁၁	၁၂
၁၃	၁၄	၁၅	အား	၁၆	၁၇	၁၈	၁၉	၂၀
၂၁	၂၂	၂၃	၂၄	၂၅	၂၆	၂၇	၂၈	၂၉
၃၀	၃၁	၃၂	၃၃	၃၄	၃၅	၃၆	၃၇	၃၈
၃၉	၄၀	၄၁	၄၂	၄၃	၄၄	၄၅	၄၆	၄၇
၄၈	၄၉	၅၀	၅၁	၅၂	၅၃	၅၄	၅၅	၅၆

www.burmeseclassic.com

www.burmeseclassic.com

ဃ မူလစီမံရန်အတွက်လိုအပ်ချက်များ

(က) မြတ်စွာဘုရားရှင်အတွက် ကန်တော့ပွဲ။

အုန်း (၁) လုံး၊
ငှက်ပျော (၃) ဖီး၊
ထီး၊ တံခွန်၊ ကုက္ကား မုလေးပွား နှင့် ကြက်လျာယပ်တို့ဖြင့်ပူဇော်ရန်။
ဖယောင်းတိုင်၊
အမွှေးတိုင်များ ပါဝင်ရပါမည်။

(ခ) စတုလောကပါလနတ်မင်းကြီးများ -

သိကြား၊ ဗြဟ္မာနှင့် ဘုမ္မစိုးနတ်မင်းကြီးတို့အား ကန်တော့ပွဲတစ်ပွဲလျှာဒါန်းရန်။

(ဂ) ဝိဇ္ဇာလေးပါးနှင့် သိဒ္ဓိရှင်မတိဒ္ဓိရှင်တို့အားလည်း ကန်တော့ပွဲတစ်ပွဲလျှာဒါန်းရန် ဖြစ်ပါသည်။

အလင်းတိုင်နှင့်အင်းများကို သိဒ္ဓိတင်ရန် ဂါထာမှာ အောက်ပါအတိုင်းပင်ဖြစ်ပါသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ.
ပနမော ဗုဒ္ဓါယ သိဒ္ဓံ၊
အ အာ ကာ ဤဥ ဦအေ၊.
ဩ သြော် အံ အား။

ထိုဂါထာဖြင့်ပင် (၃၇)ခေါက်တိတိ ရွတ်ဖတ်ပြီး သိဒ္ဓိအထူးတင်ရပါမည်။

ထိုသို့ အင်းများ၊ ဖယောင်းတိုင်များစီမံရာတွင်မူ (၇) ရက်တိတိ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။ ထို(၇)ရက်လုံးတွင် နေ့စဉ်နေ့တိုင်း-

ဦးစွာ ဝိဇ္ဇာများ၊ မတိဒ္ဓိရှင်များ၊ နတ်သိကြားများ၊ ဘုမ္မစိုးနတ်မင်းများ ဖိတ်ထားရန်၊

ကန်တော့ပွဲများ၊
ပန်း၊ ရေချမ်း၊
နံ့သာတိုင်၊ အလင်းတိုင်တို့
ကပ်လှူပါရန်၊
ဘုရားရှိခိုး၊ သီလခံယူ၊ ဆုမွန်တောင်းခံခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်းတို့ပြုလုပ်ရန်၊

ဖိတ်ထားသူပုဂ္ဂိုလ်များ နေရပ်ပြန်ပို့ပါရန်။

နမောဗုဒ္ဓါယအင်း(၂)အင်း မြွေပြာတွင် အောက်ပါနေ့သားများထိုခြံတွင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တနင်္ဂနွေသားသမီးများ (ခြံပိုင်ဖြစ်လျှင်) အာယုအရပ်ဖြစ်သော အရှေ့အရပ်ကိုလှည့်၍ အင်းမြှုပ်ပါရန်။

တနင်္လာသားသမီးများ (ခြံပိုင်ဖြစ်လျှင်) နဂရအရပ်ဖြစ်သော တောင်အရပ်ကိုလှည့်၍ အင်းမြှုပ်ပါရန်။

အင်္ဂါသားသမီးများ (ခြံပိုင်ဖြစ်လျှင်) သိရီအရပ်ဖြစ်သော အရှေ့အရပ်ကိုလှည့်၍ အင်းမြှုပ်ပါရန်။

ဗုဒ္ဓဟူးသားသမီးများ (ခြံပိုင်ဖြစ်လျှင်) နာဂရအရပ်ဖြစ်သော အနောက်အရပ်ကိုလှည့်၍ အင်းမြှုပ်ပါရန်။

ကြာသပတေးသားသမီးများ (ခြံပိုင်ဖြစ်လျှင်)ဌာနအရပ်ဖြစ်သော တောင်အရပ်ကိုလှည့်ပြီး အင်းမြှုပ်ပါရန်။

သောကြာသားသမီးများ (ခြံပိုင်ဖြစ်လျှင်) ဘုမ္မိအရပ်ဖြစ်သော အဂ္ဂိ ထောင့်အရပ်ကိုလှည့်၍ အင်းမြှုပ်ပါရန်။

စနေသားသမီးများ (ခြံပိုင်ဖြစ်လျှင်) ဂဟပတိအရပ်ဖြစ်သောတနင်္ဂနွေထောင့်အရပ်ကိုလှည့်၍ အင်းမြှုပ်ကြရန် ဖြစ်ပါသည်။

ထိုအင်းမြှုပ်စဉ်နေ့တွင်မူ အထက်တွင်ဖော်ပြထားခဲ့သည့်အတိုင်း ပုဂ္ဂိုလ်ဖိတ်သည်မှအစပြု၍ ကုသိုလ်အမျှပေးဝေသည့်တိုင်အောင် ပြုလုပ်ကြရမည်ပင်ဖြစ်ပါတော့သည်။

တစ်စုံတစ်ယောက်အနေပြင့် မိမိ၏ ဇာတာညွှန်ဖျင် ခနုပါက (တစ်စုံတစ်ခုဘေးကြုံခြင်း၊ မင်းပြစ်မင်းဒဏ်သင့်နေပါလျှင်) မီးထွန်းပူဇော်ရန် ဖြစ်သည်။ အထက်တွင်စီမံထားသည့်အင်းဖယောင်းတိုင်ကို အောက်ပါအတိုင်း ပူဇော်ကြရမည်ဖြစ်သည်။

မိမိ၏ မွေးနံ့အရပ်မှ စတင်ရေတွက်ပြီး ဘုမ္မိအရပ်တွင် ပေါက်ရောက်နေသော သစ်ပင်ကြီး၏ အောက်တွင် မွေးနေ့တွင် ထို 'နမောဗုဒ္ဓါယ' အင်း (၂) အင်းဖြစ် စီမံထားသော ဖယောင်းတိုင်ကို စတင်ပူဇော်ရန်ဖြစ်ပါသည်။ (၇)ရက်တိတိ အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

(က) မိမိမွေးနေ့တွင် စီမံအပ်ပြီးသော နမောဗုဒ္ဓါယအင်းဖယောင်းတိုင်ပူဇော်ပြီးနောက် -

ဘုရားရှိခိုး၊ သီလခံယူ၊ ဆုမွန်တောင်းခံ၊ မေတ္တာပို့သ၊ ကုသိုလ်အမျှပေးဝေပါ။

နောက် မိမိမွေးနေ့မှ (၇) ရက်တိုင်အောင် အောက်ပါဂါထာကို (၁၀၈) လုံး ဂုဏ်တော်ပုတီးတစ်ပတ်စီပ်ရမည်ဖြစ်ပါသည်။

ပုတီးစိပ်ရန်ဂါထာတော်

ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္မတိ၊
အသောကံ ဝိရဇံ ခေမံ။ ။

'ဘေးလည်းမရှိ' ဟု ရွတ်ဆိုပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ဂုဏ်တော်ပုတီးတစ်ပတ်စီပ်ရန်ဖြစ်ပါသည်။

ယခု တွန့်ပ် ရေးသားခဲ့သောအစီအမံသည် ဗားမဲ့ဆရာတော်နှင့် ဆရာသခင်များ ဆောင်ရွက်ပေးခဲ့သောနည်းတောင်း လမ်းတောင်းဖြစ်ပါသည်။

ဝိဇ္ဇာရေဒဿီရဟန္တာဖြင့် သိဒ္ဓိအမှီးမှီးရသိုသော်သူတို့သည် နမောဗုဒ္ဓါယသိဒ္ဓံ အစဆီသော အင်းဆဲဂါထာကိုရွတ်ဆိုပြီး ပုတီးတစ်လုံးချစနစ်ဖြင့် တစ်ကြိမ်လျှင် (၉) ရက်သတ်မှတ်ထားပြီး (၃)ကြိမ်တိုင်အောင် မိမိ၏ တေအရပ်တွင်ရှိသော ဘုရားစေတီ၊ သစ်ပင်ကြီး၊ ဩာင်ပင်ကြီးတို့တွင် အဓိဋ္ဌာန်ဝင်ရောက်ခြင်းဖြင့် မိမိဆန္ဒတွေ ပြည့်ဝအောင်မြင်ကြမည်ဖြစ်ကြောင်းကိုလည်း လက်ဆင့်ကမ်း၍ နည်းလမ်းပေးရေးသားလိုက်ပါသည်။

နှစ်သက်သူများ ဆောင်ရွက်နိုင်ကြရန် ဗဟုပါရမီအလိုဌာ ရေးသားဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။ မယုံသူများ လက်တွေ့ကျကျကျင့်ကြပါဟု ထပ်မံ တိုက်တွန်းလိုက်ပါသည်။

အင်းစီမံရာတွင် မိမိကိုယ်တိုင် ဆောင်ရွက်ပါရန် မဟုတ်မူက မိမိအရပ်ဒေသတွင်ရှိကြသော သီလ၊ သမာဓိ၊ ပညာတို့ဖြင့်ပြည့်စုံသည့် ဆရာများ၊ ပညာရှင်များထံ အကူအညီတောင်းခံ၍ စီမံခိုင်းကြပါဟု အထူးသတိပေးလိုက်ပါသည်။

ကြီးပွားချမ်းသာ ဘေးရန်ကွာကြပြီး ချမ်းသာသုခအကြိမ်ကြိမ်ရကြမည့် ကျင့်စဉ်ဖြစ်၍ ကြိုးစားအားထုတ်ကြစေရန်ရည်သန်၍ ရေးသား တင်ပြလိုက်ပါသည်။

ထူးခြား ကျင့်စဉ်များကိုလည်း အခါအားလျော်စွာ ရေးသားတင်ပြပါဦးမည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ

ပညာကျော်

ကိုးကား -

၁၂၉၂ ခုနှစ်ထုတ်ဗားမဲ့ကျမ်း
ကိုယ်တွေ့ဖြစ်စဉ်များ

www.burmeseclassic.com

www.burmeseclassic.com

ထွန်းအောင်ရင်

အလောင်းကောင်ကြီးနှင့် ကျွန်တော်တို့နှစ်ယောက်

ယခုနှစ်ကရင်ပြည်နယ်ပွဲ(ဘားအံ မြို့) သို့ မိသားစု ကားဖြင့်လာခဲ့သည်။ အပြန်တွင် မော်လမြိုင်ဘက်မှ လှည့်ပြန်ကြမည်ဆို၍ ဘားအံ-အိန္ဒြ-ဇာသပြင်-မော်လမြိုင်ကားလမ်းမှ ပြန်ခဲ့ကြသည်။ ကျွန်တော်ကိုယ်တိုင်ပင် ဘားအံသို့ မရောက်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်း (၄၀) ကျော်လောက် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ထိုစဉ်က ရောက်ခဲ့ဖူးသော ဘားအံမြို့နှင့် ယနေ့ ဘားအံမြို့၏ မြို့ပြမြင်ကွင်းက အပြောင်းလဲကြီးပြောင်းလဲနေပြီ ဖြစ်၏။ ကျွန်တော်တို့မိသားစုမှာ စုစုပေါင်း (၅)ယောက်သာဖြစ်၍ ဆလွန်းကားလေးနှင့် အနေတော်ပင်ဖြစ်သည်။ သမက်ကိုရဲက ကားမောင်းပြီး ကျွန်တော်က ရှေ့ခန်းမထိုင်သည်။ ကျွန်တော့်ဇနီး ဒေါ်မာဦးနှင့် သမီးငယ်နန်းသီရိ မြေးလေး ရဲသီရိဦးတို့က နောက်ခန်းတွင်ထိုင်၍ လိုက်ပါခဲ့ကြသည်။ ဘားအံမြို့ပြက ပြောင်းလဲနေသော်လည်း မြို့အထွက် ညာဘက်ခြမ်းရှိ ဇွဲကပင်တောင်ကြီး၏ အလှကတော့ မည်သို့မျှပြောင်းလဲမသွားပါချေ။ ညို့ညို့မှိုင်းမှိုင်းနှင့် အုပ်ဆိုင်း၍ တောင်ထိပ်တစ်ဝိုက်တွင် မြူခိုးများဖုံးကာလှုပ်တင့်မော၍နေသည်။ ကားလေးက မကြာခင်မှာ အိန္ဒကျေးရွာသို့ရောက်လာခဲ့သည်။ အိန္ဒသည်လည်း ယခင်နှစ် (၄၀) ကျော်ကနှင့် လုံးဝခြားနားနေပါပြီ။ မြို့ပြတိုက်တာအိမ်ခြေစတိုးဆိုင်ကြီးများနှင့်စည်ကားလျက်နေသည်။ မြန်မာ၊ ကရင်၊ မွန်တို့နေထိုင်သော လမ်းဆုံရွာကြီးတစ်ရွာဖြစ်သည်။ ဘားအံ-မြဝတီသွားလမ်းနှင့် ဘားအံ-မော်လမြိုင်သွားကားလမ်းတို့သည် ဤရွာမှခွဲထွက်သွားသည်။

"ဦးဘက်လမ်းခွဲကိုမောင်းကွာ။ အဲဒါ မော်လမြိုင်သွားလမ်းပဲ။ ဘယ်ဘက်လမ်းက သာမည၊ ကျုံဒိုး၊ ကော့ကရိတ်၊ မြဝတီသွားတဲ့လမ်းလေ"

အိန္ဒရွာတန်းရှည်ကိုဖြတ်၍ ရွာပြင်ရောက်တော့ ကချင်(၂)သေနတ်ကိုင်ခြေမြန်တပ်ရင်းကိုကျော်လိုက်သည်နှင့် ကျွန်တော် လွန်ခဲ့သည့် နှစ်ပေါင်း (၄၀) ကျော်ကာလက အဖြစ်အပျက်တစ်ခုကို ချက်ချင်းပြန်၍သတိရသွားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၆၀)မိနစ်ကျော်ကျော်မောင်းလိုက်သည်နှင့် ကားလမ်း၏ ဘယ်ဘက်ခြမ်းတွင် တာကောကျေးရွာဟူသည့် မြားပြထားသော ဆိုင်းဘုတ်လေးကိုတွေ့လိုက်ရ၍ -

"သားရေ၊ ကားခဏရပ်ကွာ"

"အဖေကျန်းမာရေးသွားမလို့လား"

"ဓာတ်ပါဘူး၊ မင်းတို့ကိုပြစရာရှိလို့။ ဟိုမှာတွေ့လား၊ တောအုပ်ကြီးတစ်ခု"

"တွေ့တယ် အဖေ"

"အဲဒီတောအုပ်ထဲမှာ အဖေနဲ့အဖေ့သူငယ်ချင်းတို့ ၊ ထိတ်လန့်စရာအဖြစ်အပျက်တစ်ခုဖြစ်ခဲ့ဖူးတယ်"

"ဘာဖြစ်ခဲ့လို့လဲ အဖေ"

သမီးနန်းသီရိက မေးလာသည်။

"လာ-ကားပေါ်ပြန်တက်ကြ။ ကားရောင်းရင်း အဖေပြောပြမယ်။ လွန်ခဲ့တဲ့အနှစ် (၄၀) ကျော်လောက်က၊ အဖေအသက်(၃၀)အရွယ်လောက်တပေါ့ကွာ"

❑

ကျွန်တော်က သထုံခရိုင် ရှင်ညိမ်ရွာဇာတိဖြစ်၏။ မော်လမြိုင်မှာ ကျောင်းနေစဉ်က ကျွန်တော်အချစ်ဆုံးသူငယ်ချင်းတစ်ဦးရှိသည်။ နာမည်က သောင်းကြိုင်ဖြစ်သည်။ သူမိဘတွေက လိုင်းကားထောင်၍ ကိုယ်တိုင်မောင်းသည်။ သူတို့မိသားစုဘားအံ့ပြောင်းတော့ ကျွန်တော့်ကို လိပ်စာပေးသွားသည်။ ကျွန်တော် အိမ်ထောင်ကျပြီးချိန်ရောက်မှ ဘားအံသို့ ကိစ္စတစ်ခုကြောင့်သွားဖြစ်ခဲ့သည်။ သောင်းကြိုင်တို့လိပ်စာအရ ဘားအံအထွက်ဘက် အောင်နန်း (၁) လမ်းတွင် နေသည်ဖြစ်၍ ဆိုက်ကားစီးကာ သောင်းကြိုင်တို့အိမ်သို့ရောက်သွားခဲ့၏။ ကားပြင်နေသော သောင်းကြိုင်ကို အဆင်သင့်တွေ့လိုက်ရ၍ -

"သောင်းကြိုင် သူငယ်ချင်း ငါလည်း ခုမှမင်းတို့ဆီရောက်လာဖြစ်တော့တယ်ကွာ"

"ဟာ-ဟိတ်ကောင် ထွန်း၊ လာတွာ မင်းလာတာ ငါသိပ်ဝမ်းသာတယ်ကွာ။ ငါ့အိမ်မှာ တစ်ပတ်လောက်တည်းပြီးမှပြန်။ မင်းကို ငါနေရာစုံလိုက်ပို့ပေးမယ်"

"ငါအဲဒီလောက်အချိန်မရဘူးကွာ။ မနက်ဖြန်လောက်ပြန်မှဖြစ်မယ်။ သထုံမှာအလုပ်တွေနဲ့။ မင်းမိသားစုနဲ့မိတ်ဆက်ပေးပါဦး"

"လာ - သူငယ်ချင်း၊ အိမ်ပေါ်ကို တက်။ ရွှေမိ၊ အိမ်ပြင်ထွက်ခဲ့ပါဦး။ သမီးကြီးပါခေါ်ခဲ့ကွာ"

ကျွန်တော် သူမိသားစုနှင့် စကားပြောနေစဉ် အိမ်ရှေ့သို့ လူငယ်တစ်ဦးနှင့် ကရင်ကြီးတစ်ယောက်ရောက်လာပြီး။

"ဗျို့ - ကိုသောင်းကြိုင်၊ ဥက္ကဋ္ဌကလွတ်လိုက်လို့"



သူရဦးဖုန်းဝင်း
(၁၅)နှစ်ပြည့်အထူးထုတ်

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲကွ မောင်အေး၊ ကား ချောဆွဲခိုင်းလိုက်တာလား"

"မဟုတ်ဘူးဗျ၊ နာရေးအော်ဒါ လိုက်ပို့ဖို့။ ရော့-ဒီမှာ၊ ဆီထုတ်တဲ့လက်မှတ်။ ဖထီး၊ ဒီကားကိုခေါ်သွားလိုက်ပါ"

"အေးပါ ဖိုးခွားရေ၊ ကျေးဇူးတင်တယ်နော"

သောင်းကြိုင်က အခြေအနေအရပ်ရပ်ကို မေးမြန်းနေရာ ဆေးရုံတွင်လူသေတင်ရန်ဖြစ်သည်ဟု သိရသည်။ တာတောရွာသို့ လိုက်ပို့ပေးရမည်ဖြစ်ရာ -

"ဖထီး၊ အခြံန်တောင်တော်တော် နေစောင်းနေပြီ။ ဖထီးတို့ရွာက ဝေးသလား"

"သိပ်မဝေးပါဘူးကွယ်။ အိန္ဒုလွန်ရင်ရောက်ပြီပဲ"

"ငထွန်း - လာလိုက်ခဲ့ကွာ။ တို့သွားပို့ပြီးရင် ချက်ချင်းပြန်လာမှာပဲ၊ သိပ်မကြာလုပါဘူး"

"မင်းလိုက်ရင် ငါစပယ်ယာမခေါ်သွားတော့ဘူး"

ကျွန်တော် စဉ်းစားနေမိသည်။ ဒီကောင့်ကားက အနောက်သစ်သားဘော်ဒီနှင့် ရှေးခေတ်ကားကို ပြုပြင်ထားသောကားဖြစ်လေသည်။ အသုဘလည်းတင်သည်။ လိုင်းကားလည်း မြို့ပတ်ဆွဲသည်ကို ယခင်က ဒီလိုမသိထား၍ အံ့သြနေ၏။ သူ့အရပ်နှင့် သူ့ဇာတ်ဖြစ်နေသည်ထက် ကျွန်တော်က လူသေ၊ သရဲတစ္ဆေကိုကြောက်တတ်သူဖြစ်သည်။ သူငယ်ချင်းဖြစ်သူကလည်း အတင်းခေါ်နေ၍ သူ့မိန်းမနှင့် သမီးတွေ ရှေ့တွင် ကျွန်တော်ကြောက်တတ်သည်ဟု ပြောမထွက်သဖြင့် မလိုက်ချင်လိုက်ချင်ဖြင့် လိုက်သွားမိပါသည်။

"ဖထီး၊ နာရေးကဘယ်မှာသွားတင်ရမှာလဲ"

"ဆေးရုံမှာကွယ့် ဖိုးခွားရေ၊ ငါ့သား သေတာကွယ့်။ အဲဒါ လမ်းကရွာတွေမသိအောင်လို့ ငါကားနောက်ခန်းမှာ ပွေ့ထားမယ်။ လူနာဟန်ဆောင်ပြီး ငါ့ရွာအရောက်သယ်ရမှာ"

သောင်းကြိုင်က ကားကို ဆေးရုံဝင်းထဲသို့ ချီးဝင်လိုက်ပြီး ဆေးရုံအနောက်တက်ရှိ ရင်ခွဲရုံရှိရာသို့ မောင်းဝင်သွားပါသည်။

"ငါဆေးရုံဝန်ထမ်းသွားခေါ်လိုက်မယ်နော"

"ဟုတ်ကဲ့-ဖထီး၊ မြန်မြန်ခေါ်လာပါ။ ခုပဲ ညနေ (၄) နာရီခွဲနေပြီလေ"

"အေးပါ အေးပါ။ ငါခုပဲခေါ်ခဲ့ပါမယ့်"

ကရင်ဖထီးကြီး ထွက်သွားပြီးနောက် ကျွန်တော့်စိတ်ထဲတွင် အနှစ်မှသလိုပျို့ချင်သလို ဖြစ်နေသည်။ ရင်ခွဲရုံသံပြားကြားမှ အပုပ်နံ့သဲ့သဲ့ရနေသလိုလို ကျောထဲမှ ချမ်းစိမ့်စိမ့်လိုလိုဖြစ်နေစေတော့သည်။ ဖထီးကြီးပြန်ရောက်လာပြီး ဝန်ထမ်း (၂) ယောက်က ရင်ခွဲရုံတံခါးသော့ကိုဖွင့်နေသည်။ ကျွန်တော့်စိတ်က မကြည့်ပါဘူးဆိုသည့်ကြားမှ မျက်စိက ရင်ခွဲရုံထဲသို့ ရောက်သွား၏။ (၄)ပေမီးချောင်း၏ အလင်းရောင်ကြောင့် ကျောက်ခုတင်ပေါ်တွင် တင်ထားသော အလောင်း (၃)၊ (၄)လောင်းကို တွေ့နေရသည်။ စောစောက ပုပ်အက်အက်အနံ့က တံခါးဖွင့်လိုက်မှ သိသိသာသာ အနံ့ထွက်လာသည်။ ဆေးရုံတွင် ပိုင်ရှင်မဲ့လူသေများကို (၂) ရက်၊ (၃) ရက်ထား ပြီး အဆက်အသွယ်မရလျှင် ဆေးရုံမှ တာဝန်ယူ၍ သင်္ချိုင်းပို့ရသည်ဟု ကြားဖူးထားရာ အလောင်းတစ်လောင်းမှ ထွက်လာသောအနံ့ဖြစ်နိုင်၏။ ကျွန်တော် ချက်ချင်းမျက်နှာလွဲလိုက်ပြီး အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်၍ နှာခေါင်းကို ပိတ်ထားလိုက်သည်။ အန်ချင်စိတ်ကို အတော်လေးမျိုသိပ်ထားနေရ၏။ ကိစ္စများပြီး၍ ကျွန်တော်တို့သူငယ်ချင်း (၂) ယောက်က ရှေ့မှထိုင်ပြီး ကရင်ဖထီးကြီးက နောက်ခန်းကြမ်းခင်းပေါ်တွင် သူသားအလောင်းကိုပိုက်ကာ လိုက်ပါလာခဲ့၏။ ကျွန်တော်လိုက်ခဲ့မိတာမှားနေပြီဟု စိတ်ကဖြစ်နေခဲ့သော်လည်း သူငယ်ချင်းကို ဘာမှမပြောတော့ပါ။ ဒီလိုနှင့် အိန္ဒုရောက်လာသည်။ အိန္ဒုရွာအထွက်မှ ကချင်(၂)စစ်ဗာဒ်ကိုကျော်လာတော့-

"ဖထီး ကွေ့ရမယ့်နေရာရောက်ရင်ပြောနော်"

"အေးပါကွာ၊ ရောက်ရင် ဖထီးပြောမှာပေါ့"

နောက်ထပ် (၁၀) မိနစ်လောက် မောင်းလိုက်ရာ ရွှေတွင်လှည်းလမ်းချိုးတစ်ခုတွေ့၍ သောင်းကြိုင်က မေးပြန်ရာ -

"အေး- ဟုတ်တယ်။ အဲဒီရွာလမ်းထဲကိုဝင်သွားလိုက်"

ကျွန်တော်က နောက်ကို လုံးဝလှည့်မကြည့်။ သူတို့ရွာဆိုသည့်နေရာကို အမြန်ဆုံးရောက်ချင်နေသည်။

"ဟိုးမှာတွေ့လား၊ တောအုပ်စိမ်းစိမ်းဟာ တို့ရွာပဲ"-

ကျွန်တော်လှမ်းကြည့်လိုက်တော့ အတော်ခပ်ဝေးဝေးတွင် တောအုပ်တစ်ခုကို မြင်နေရသည်။ နာရီကြည့်လိုက်ရာ ငါးနာရီထိုးနေပြီး ဆောင်းတွင်းကာလဖြစ်၍ အအေးဓာတ်က တိုးဝင့်လာသည်။ နေရောင်ပင်လဲ့လဲ့ကလေးလင်းနေသဖြင့် မကြာခင် မှောင်ပေတော့မည် ဖြစ်၏။ ရွာလမ်းဆိုသော်လည်း ကျကျနနခင်းထားသော မြေလမ်းမျိုးမဟုတ်ပါ။ မိုးတွင်းကမိုးရေတိုက်စားထား၍ ချိုင့်ခွက်ကြီးများက တစ်လမ်းလုံးပြည့်နှက်နေလေသည်။ ကားလေးမှာ ဘယ်၊ ညာယိမ်းထိုးနေပြီး ဟိုစောင်းဒီစောင်းဖြင့် ကားကိုမမှောက်သွားရန် သောင်းကြိုင်က အတော်ထိန်း၍မောင်းနေရသည်။

"ဝုန်း. . . ဂျိမ်း. . . ဂျို. . . ဂျို. . . ဂျို. . . ဂုံး. . . ဂလုံး"

ကားမှာ ညာဘက်ကိုစောင်း၍ ချိုင်းကြီးထဲကျသွားရာမှ ပြန်မတည့်တော့ဘဲ တစောင်းကြီးမှောက်သွားပါတော့သည်။ ကျွန်တော် စက္ကန့်ပိုင်းလောက် ဘာဖြစ်သွားသည်မသိဖြစ်နေပြီးမှ သတိပြန်ဝင်လာ၍ ဘေးဘီဝဲ၊ ယာသို့ကြည့်လိုက်ရာ -

"အား. . . အား. . . ကျွတ်. . . ကျွတ်. . . အား"

သောင်းကြိုင်၏ အော်သံကြောင့် ကျွန်တော် ကုန်းရုန်းထလိုက်ပြီး သောင်းကြိုင်ကို ကူညီဖို့မေးရသည်။

"သောင်းကြိုင် သောင်းကြိုင်၊ မင်းဘာဖြစ်သွားလဲ၊ ဘာဖြစ်သွားလဲ"

"ငါ့ခြေထောက်ညပ်နေတယ်ကွ။ ခြေထောက်ကျိုးသွားပြီလား မသိဘူး။ ဟိုအနောက်က သားအဖကော ဘာဖြစ်သွားလဲ"

ကျွန်တော် သတိရ၍ကြည့်လိုက်တော့ မှောက်သွားသော ကားပေါ် တွင်

www.burmeseclassic.com

www.burmeseclassic.com

မဲ့တော့တော့။ ကားအောက်မှာပြားပိနေပြီလားဆိုပြီး စိတ်ပူသွားတော့သည်။

"ဖိုးခွားတို့ ဖိုးခွားတို့ ဘာဖြစ်သွားကြတာလဲဟေ့"

မလှမ်းမကမ်းမြေလမ်းပေါ်မှ ဖထီးကြီး၏မေးသံကို ကြားလိုက်ရသည်။

"ကျွန်တော်တို့ ဘာမှမဖြစ်ဘူး။ ဖထီးကြီးကော ဘာဖြစ်သွားလဲ"

"ငါလည်း ဘာမှမဖြစ်ဘူး။ ကားပေါ်ကလွင့်ကျသွားတာပဲ။ ငါ့သားလည်း လမ်းဘေးချုံထဲရောက်နေတယ်"

ကျွန်တော်လည်း ဘာကိုအရင် လုပ်ရမှန်းမသိဖြစ်နေရာမှ သောင်းကြိုင်ကို မရမကဆွဲထုတ်၊ လမ်းဘေးတွင်ချထား၊ ဖထီးကြီးကိုသွား၍ ဆွဲထူပေးလိုက်၏။ ကျွန်တော့်ချီစောင်းတွင် စပ်ဖျင်းဖျင်းဖြစ်နေ၍ လက်ဖြင့်စမ်းကြည့်ရာ သွေးများ လက်ကိုပေကျံသွားပါသည်။ ကားအမိုးနှင့်ဆောင့်မိပြီး ကွဲသွားပုံရသည်။

"ဖထီးသားကော"

"ဟိုမှာလေ ချုံပုတ်ပေါ်မှာ"

"ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ဖထီး"

"ငါတို့(၃)ယောက် ကားကိုပြန်ထောင်လို့ရမလား"

"မနိုင်ဘူး ဖထီး၊ ဒီလိုလုပ်ပါ။ ဖထီးရွာကဝေးသေးလား"

"သိပ်တော့မဝေးတော့ဘူးဗျ။ ငါလူတွေ့ပြန်ခေါ်မယ်။ နင်တို့ဒီမှာစောင့်နေကြ"

ဖထီးကြီး ခါးနာသွားပုံရ၏။ ခါးကိုလက်ဖြင့်ထောက်၍ ရွာဘက်ကိုသွားနေသည်။ ပတ်ဝန်းကျင်တွင် မှောင်စပျိုးနေပြီ ဖြစ်သည်။ အလောင်းကြီးကို မရဲတရဲကြည့်လိုက်တော့ ချုံပုတ်ကြီးပေါ်တွင် မှောက်လျက်ကြီးတင်နေသည်။

"ငထွန်းရေ၊ ငါတော့ လမ်းမလျှောက်နိုင်တော့ဘူး"

"ရွာသားတွေပါလာရင် ကားကိုပြန်မတ်ပြီး ရွာကိုတွန်းသွားလို့ရတယ်ကွာ။ အဲဒါကအရေးမကြီးဘူး၊ ဖထီးတို့ အမြန်ပြန်ရောက်လာဖို့ပဲ အရေးကြီးတယ်"

ကျွန်တော်စိတ်ဓာတ်တော်တော် ကျနေပါသည်။ ညကတဖြည်းဖြည်းနှင့် မှောင်လာသလို အအေးဓာတ်ကပို့လာသည်။ ဖြစ်နိုင်လျှင် အလောင်းနှင့်ဝေးရာတွင် ရွာသားတွေကို သွားစောင့်နေချင်၏။ သောင်းကြိုင်က လမ်းမလျှောက်နိုင်တော့၍ ကျွန်တော် သောင်းကြိုင်နားတွင်ထိုင်နေရင်း ကြောက်စိတ်တို့ကြောင့် ဟိုတွေးဒီတွေးလျှောက်တွေးနေမိသည်။ လမိုက်ရက်ဖြစ်နေ၍ အနီးပတ်ဝန်းကျင်ကိုပင် ဝိုးတဝါးသာမြင်ရသည်။

"ကျီ... ကျီ... ချွတ်... ချွတ်... ဂျွတ်"

ညကတိတ်ဆိတ်နေ၍ အလောင်းရှိရာ ချုံပုတ်ဘက်မှထွက်လာသောအသံများကိုကြားလိုက်ရသည်။

"ဟေ့ကောင် သောင်းကြိုင်၊ ဘာသံလဲ မင်းကြားလား"

ကျွန်တော် ဒီကောင့်ပခုံးကိုကိုင်ကာ ကြောက်စိတ်နှင့်မေးလိုက်၏။

"အေး-ငါလည်းကြားတယ်။ ဟို... ဟို ချုံပုတ်ပေါ်က"

"ကျွတ်... ကျွတ်... ကျွတ်... ကျွတ်"

"လူတစ်ယောက်ညည်းနေတဲ့အသံနဲ့တူတယ်နော်"

"အေး-ဟုတ်တယ်"

ကျွန်တော်တို့မှာ လက်နှိပ်ဓာတ်မီးလည်းမပါ၍ နှစ်ယောက်သား လူသေရှိရာချုံပုတ်ဆီသို့သာ ပြူးပြဲ၍ကြည့်နေကြသည်။

"ငထွန်း၊ အဲဒီလူမသေသေးဘူးထင်တယ်။ ညည်းသံကြားနေရတယ်။ မင်းသေချာနားထောင်ကြည့်"

"ဟိတ်ကောင်၊ လူသေကအပဝင်ပြီး အသက်ပြန်ရှင်ရင် ဖုတ်ဖြစ်တယ်လို့ ငါကြားဖူးတယ်"

"မင်းကလည်းကွာ။ စိတ်ချောက်ချားရတဲ့အထဲ ဘာတွေလာပြောနေတာလဲ"

"ဝူး... ဝု... ဝု... ရှလော... ရှလော"

ချုံပုတ်ဆီမှာ သစ်ရွက်သစ်ကိုင်းတို့ပွတ်တိုက်သံကြီးက ကျယ်လောင်စွာပေါ်လာပြန်၍ ကျွန်တော်တို့နှစ်ယောက်လုံးကြည့်လိုက်ရာ အလောင်းကောင်ကြီးမှာ ချုံပုတ်ပေါ်မှ လျှောဆင်းကာ ကုန်းကုန်းကြီးထနေတော့၏။ ကျွန်တော်တို့နှစ်ယောက်စလုံး ခေါင်းမှ ဆံပင်များထောင်လာသည်အထိ ကြောက်လန့်သွားပြီး သောင်းကြိုင်ပင် ခြေထောက်နင်းနှင့် ကျွန်တော့်လက်ကိုဆွဲကာ ရွာဘက်သို့ပြေးကြပါတော့သည်။

"အဲဒီအလောင်းကြီးထလာတာ မင်းလည်းတွေ့တယ်နော်"

"တွေ့တယ်၊ ငါမှောင်ထဲမှာကို တွေ့နေရတယ်"

ကျွန်တော်တို့နှစ်ယောက် ရွာထိပ်အရောက်တွင် ရွာထဲမှထွက်လာကြသော ကရင်ဖထီးကြီးနှင့် ရွာသားတချို့ကို မီးတုတ်များကိုင်၍ တွေ့လိုက်ရသည်။

"ဖထီး... ဖထီး"

"အေး- ဖိုးခွားတို့၊ ငါလူစုနေတာနဲ့ ကြာသွားတယ်ကွ"

"ဖထီး၊ ဖထီးသားက မသေသေးဘူးလားမသိဘူး။ ချုံပုတ်ပေါ်က လျှောဆင်းပြီး ကုန်းထလာလို့ ကျွန်တော်တို့ပြေးခဲ့ကြတာ"

"မဖြစ်နိုင်ပါဘူးကွယ်။ ငါ့သားသေတာအမှန်ပါ။ လာ၊ သွားကြည့်ကြမယ်"

ကျွန်တော်တို့ကားနားရောက်၍ မီးတုတ်နှင့်သွားကြည့်လိုက်မှ အဖြေပေါ်လာပါတော့သည်။ ကားပေါ်ကကျစဉ်က ချုံပေါ်တွင်တင်နေပြီး ကြာလာတော့ လူခန္ဓာကိုယ်ဝိတ်နှင့် ချုံပုတ်က အိကျလာကာ သစ်ကိုင်းချင်းပွတ်သံများထွက်လာပြီး ခြေထောက်နှစ်ချောင်းက သစ်ကိုင်းကြားထဲကျသွားပြီး ခန္ဓာကိုယ်ကြီးက ချုံပုတ်ပေါ်တွင်တင်နေဆဲဖြစ်၍ မြေကြီးပေါ်တွင် ခြေထောက်ကာမတ်တတ်ရပ်နေသလိုဖြစ်နေပါသည်။ ထိုနေ့ညက လူအုပ်ကြီးနှင့် ကားကိုပြန်တည်မတ်ကာ စက်နှိုးတော့ ချက်ချင်းနှိုးသွားသည်။ အလောင်းကို ကားပေါ်ပြန်တင်ကာ မောင်းထွက်ခဲ့ကြသည်။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်အကြောက်လွန်နေ၍သာ ဆင်ခြင်မှုမတွေးနိုင်ခဲ့ကြောင်း သဘောပေါက်လိုက်မိ၏။ ထိုနေ့ညကလေးမှာ အိမ်ပြန်ခဲ့ပြီး နောက်နေ့မနက်မှ ဘားအံသို့ပြန်ခဲ့ကြပါသည်။

❑

"အဲဒါပဲ သမီးရေ။ အဲဒီတုန်းက အခြေအနေကလည်း ကြောက်စရာတွေဖြစ်နေတော့ အမှား၊ အမှန်ကို အဖေတို့ မဝေခွဲနိုင်ခဲ့ကြဘူး။ ဒါကြောင့် ဘာမဆို ခေါင်းအေးအေးနဲ့စဉ်းစားရင် အဖြေမှန်ကိုပေါ်တာပါပဲ။ အခုအသက်အရွယ်ရောက်တော့ ဒီလိုသရဲတစ္ဆေတွေကိုလည်း အဖေမကြောက်တော့ပါဘူး"

"သမီးကတော့ ကြောက်တာပဲ။ အဖေ့နေရာမှာသာဆို သမီးလန့်ပြီးသေမှာပဲ"

ကျွန်တော်တို့ စကားဝိုင်းဆုံးတော့ မော်လမြိုင်မြို့ကိုဝင်နေပြီ ဖြစ်သည်။

ထွန်းအောင်ခင်

www.burmeseclassic.com

www.burmeseclassic.com

"ဗျာ - ဆရာကြီး၊ ကျွန်တော် မရှင်းလို့"

မျက်လုံးထဲမှာ ရွဲ့ရှင်ပြနေသလို အကုန်မြင်နေတာ။ အဲဒါကို ကြောက်လန့်ပြီးဖွင့်ကြည့်လို့ကလည်း မဖြစ်ဘူးလေ။ ဖွင့်ကြည့်ရင်လည်း သွေးလန့်သွားတာများမြင်လိုက်ရင် ပေါက်သွားနိုင်တယ်"

"ဩော် - ဒီလိုလည်းရှိတာကိုး။ ဖွင့်ကြည့်နိုင်ရင် ပေါက်သွားနိုင်တယ်ဆိုတာ အောင်မြင်သွားနိုင်တာပေါ့။ ဟို - ကြည့်ချင်ပြီဆိုတဲ့သဘော"

"ဘယ်ကဟုတ်ရမှာလဲ။ ပေါက်သွားမှာ၊ စည်းပေါက်သွားမှာ"

"ဩော် - ပေါက်သွားမှာ"

"အေး - မျက်လုံးကလည်းမဖွင့်ရဲ ရွဲ့သွင်အင်္ကြီးတွေကလည်း ဘယ်လိုမှ မကြည့်ရဲလောက်အောင်ဖြစ်နေတာကြီးတွေ ကိုယ့်မျက်နှာရှေ့လာပြီးကပ်ကြည့်လိုကြည့်၊ ဘေးနားကလာပြီးကြည့်လိုကြည့်နဲ့ တချို့များ လူဘဝကနားပင်းခဲ့ကြတာလားမဆိုနိုင်ဘူး။ လာနားထောင်နေကြတာ နားပင်းနေသလိုကြီးပ"

"ဟို - ရွဲ့ရှင်တွေ၊ ကာတွန်းတွေထဲကလို မျက်လုံးကြီးတွေပြူး၊ လျှာကြီးတွေတွဲလောင်း အဲဒါမျိုးတွေလား ဆရာကြီး"

"အဲဒါတွေက ရယ်စရာကြီးတွေပါကိုရင်။ အပြင်မှာ တကယ်ကြုံရတာတွေက ဘယ် - တယ်ပြေးလို့ပြေးရမှန်းမသိတာမျိုးတွေ။ ခုနလို မျက်လုံး[illegible] ထုတ်မဟုတ်ဘူး။ သူတို့ရဲ့မူလရွဲ့တွေပျက်နေတာမျိုးပေါ့ကွယ်။ မျက်လုံးတွေကမပြူးပါဘူး၊ စိုက်တိုက်ကြီးတွေ။ မျက်တောင်မခတ်ကြဘူး၊ သူငယ်အိမ်မရှိသလိုကြီးတွေ။ လူကိုကြည့်နေရင် သူတို့မမြင်ဘူးတဲ့ဟာတစ်ခုခုကိုကြည့်နေသလိုမျိုးပဲ။

(၉) ရက်လည်း ပြည့်ခါနီးရောလာတာပဲဟေ့။ မျက်နှာကြီးက မျက်တွင်းကြီးတအားကျနေသလိုလို၊ မျက်လုံးမပါသလိုလိုကြီးနဲ့ ဘေးနားကနေ မျက်နှာရှေ့ကိုပေါ် လာပြီး ပါးစပ်ထဲကို သူလက်ညှိုးကြီးထိုးထည့်လိုက်တာ"

"ဟာ - အမလေး"

"အမှန်က ဒါတွေဟာ စမ်းတာတွေလေ။ ငါလည်း ထိတ်တော့ထိတ်သားပေါ့။ ဒါပေသိ ဒီလိုဝင်ရင် ဒီလိုဖျက်မယ်၊ ဒီအဖျက်တွေဟာ ပထမအားအဆင့်စာမေးပွဲပဲဆိုတာသိထားတော့ ဖွတ်မှိတ်ထားပြီး မေးပြီးရွတ်တာပေါ့ကွယ်။ ဘာတွေလာမထိတွေ့ပါဘူး။ အာရုံဟာကြောက်စရာနော်။ ဒီလိုနဲ့ (၉) ရက်ပြည့်ခဲ့ရတာပေါ့ကွယ်။ (၉) ရက်ပြည့်တော့လည်း သူမဟုတ်သလိုပါဘဲ။ ဘာစမ်းသပ်တာမှမလာတော့ဘူး"

"တစ်ကြိမ်ထဲနဲ့အောင်သွားတာပေါ့နော် ဆရာကြီး"

"ကိုရင်ရယ်၊ ဒါလောက်တယ်လွယ်ပါ့မလဲ။ တစ်ကြိမ်တည်းနဲ့သာရရင်

ဆရာဦးမောင်မောင်သန်း
(ရင်ကိုင်အမြဝသာဒီ)

ပညာရှင်
(အင်္ဂလိပ်စာပို့ချအခန်းဆက်ဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လူတိုင်း ဒီလမ်းကိုလိုက်နေပြီပေါ့။ ဒီလို မျိုး ညောင်ပင်ကြီးကြီးတွေမှာ (၁၂) ပင် ပြည့်အောင်ဝင်ခဲ့ရတယ်"

"ဗျာ - ဆယ့်. . . ဆယ့်နှစ်"

"အေး - သုံးပင်မြောက်အောင်ပြီး ချိန်ကျမှ စထူးခြားတယ်။ အသက်ကြီး ကြီးပုဂ္ဂိုလ်ကြီးတွေနဲ့ စကားထိုင်ပြောနေ ရတယ်တို့၊ သူတို့ဧည့်ခံတဲ့ရေနွေးကြမ်း သောက်နေရတာတို့ဆိုတဲ့ အိပ်မက်တွေ မက်မက်လာတယ်။ငါးပင်မြောက်အောင် လည်းပြီးရော အသံစကြားလာရတယ်။ ဘယ်လိုကြားလဲဆိုတော့ မောင်မြင့်ဆို တဲ့လူနဲ့တွေ့တော့မယ်ဆိုရင် တစ်မိနစ် အလိုလောက်မှာ မောင်မြင့်ဆိုတဲ့အသံ စကြားရတယ်"

"ဟာ - ဟန်ကျတယ်နော်။ ကိုယ့် ရှေ့ကို မောင်မြင့်ရောက်တာနဲ့ မင်း မောင်မြင့်မို့လားဆိုလိုက်ရင် သူတော် တော်လန့်သွားမယ်"

"အဲဒီလိုကိုပြောချိန်မရဘူး။ စက္ကန့် ပိုင်းလောက်ကပ်သိရတာ။ ကြားတဲ့ နာမည်မျိုးနဲ့တွေ့တော့မှ ဟာ - ငါကြား တဲ့နာမည်ပဲဆိုပြီးဖြစ်ဖြစ်သွားတယ်။ပြော ချိန်မရလိုက်ဘူး"

"အသံက ဘယ်နားလောက်က ကြားတာလဲ ဆရာကြီး"

"ငါထင်တာတော့ ငါ့နားရဲ့ နောက်ဘက်နားကပ်ရက်ပဲကွ။ မင်းက နှိုက်နှိုက်ချွတ်ချွတ်တော်တော်မေးတတ် တာပဲ။ ဘာလဲ - ကျင့်မယ်မို့လား၊ ကျင့် ပေါ့ ဘာဖြစ်လဲ"

ကျွန်ုပ် ဘာမှမပြောပါ။ ကိုယ့် သမာဓိကို ကိုယ်အသိဆုံးဖြစ်ပါသည်။ ညဘက်မှောင်မည်းနေလျှင်ပင် အိမ်သာ သွားသည့်အခါ အမှေအား အော်ကျယ် အော်ကျယ်နှင့် စကားပြောသွားလေ့ရှိ သူ ဖြစ်၏။ အမေပြန်ပြန်ပြောနေသံရပ် သွားလျှင် ကုန်းကုန်းအော်ခေါ်ရလေ့ရှိ ၏။ အိမ်သာထဲတွင် တစ်ယောက်တည်း မနေရဲ။

"ကိုယ်ကတော့ သီလလုံရတယ်ကွ။ ကျိုးလို့ပေါက်လို့မရဘူး။ ကျိုးပေါက် ခဲ့ရင် ရက္ခစိုးက မင်းကိုပြန်ခိုင်းသွားလိမ့် မယ်"

"ဩော် - ဒီလိုလည်းရှိသေးတာကိုး"

"ရှိတာပေါ့"

စကားပြောရင်းနှင့် ဧည့်သည် နှစ်ဦးရောက်လာလေရာ ဆရာကြီး လည်း ဘုရားဆောင်ရှေ့တည့်တည့်ပြန် ထိုင်ရင်း ဟောနေတော့၏။

"ဘယ့်နှယ် - အဆင်ပြေလား"

"ဟာ - ကိုမောင်မောင်ရေ၊ အဲဒီ ဆရာကြီးကတော့ ဖော်ရွေပါတယ်။ ရှင်း လည်းပြတယ်။ ကျင့်စဉ်လည်းသိခဲ့ရ တယ်။ ဒါပေမယ့် မလွယ်ဘူး"

"ဘယ်လိုမလွယ်တာလဲ"

"ဟာ - သူကြုံခဲ့တွေ့ခဲ့ရတာတွေ က ကြောက်စရာကြီးတွေ ကိုမောင်မောင်။ ကျွန်တော်ဘယ်ရမလဲ၊ လိပ်ပြာလွှင့်သွား မှာပေါ့"

"ခြောက်တာတွေလား"

"ဟုတ်တယ်"

"ငါ အဖော်လိုက်ပေးမယ်လေ။ ခပ်လှမ်းလှမ်းမှာနေပေးမယ်"

"အဲဒီလိုကိုမရဘူး၊ တစ်ယောက် ထဲသွားရမှာတဲ့"

"ဟ - မင်းဥစ္စာ မလွယ်ပါလား"

"ဟုတ်တယ် ကိုမောင်မောင်"

"နေဦး၊ မင်းနဲ့ ငါနဲ့ ရက္ခစိုးမှော် အောင်တဲ့ဆရာကြီးအကြောင်းပြောတော့ မားသားကြီးက သူရောက်ခဲ့တဲ့ ဆရာ တစ်ယောက်အကြောင်း ပြောပြတယ်။ သူလည်း ရက္ခစိုးမှော်ပဲ"

"ဟာ - ဟုတ်လား၊ ဘယ်မှာတဲ့ လဲ"

"မြောက်ဥက္ကလာဘက်မှာတဲ့"

"ဟာ - နီးသားပဲ"

"အေး - ငါလိပ်စာမေးလိုက်မယ် လေ၊ မားသားကြီးကို"

မြောက်ဥက္ကလာပ။

လမ်းကျဉ်းလေးသုံးခုခန့်ကို ချိုးချိုး ကွေ့ပြီးဝင်လာရင်း ဘေလုံးကွင်းကဲ့သို့ ကွက်လပ်ကလေးတစ်ခုရှေ့သို့အရောက် တွင် ရေအိုးစင်လေးတွေ့သောကြောင့် ကိုမောင်မောင်နှင့် နှစ်ယောက်သား အမောပြေရသောက်ကြ၏။ ပြီးမှ လမ်း တွင် ဖြတ်သွားသူတစ်ဦးအား မေးလိုက် ရာ -

"ဟင် - ဒီအိမ်ပဲလေ။ ဆရာတင် ကိုပြောတာမို့လား"

"ဟုတ်တယ်၊ ဟုတ်တယ် - ဆရာ တင်တဲ့"

"အေး - ဝင်သွားလေ၊ ဒီအိမ်ပဲ။ ခု မင်းတို့သောက်နေကြတာ သူ့ရေအိုး စင်"

အားရဝမ်းသာနှင့် နှစ်ယောက် သားဝင်သွားကြ၏။ ဘုရားဆောင်မှာ ပုံမှန်အရွယ်သာဖြစ်၏။ ရွာမသံရည်ကျို စက်ဝင်းနားမှ ဆရာကြီးကဲ့သို့ ခမ်းခမ်း နားနားမရှိ။ အိမ်မှာလည်း (၁၀)ပေအိမ် လေးသာဖြစ်၏။ ကျွန်ုပ် သတိထားမိ သည်မှာ ဆယ်ပေအိမ်လေးသုံးလုံးတွဲ ဆောက်ထားပြီး ဆရာတင်၏အိမ်မှာ အလယ်အိမ်ဖြစ်၏။

အိမ်ထဲသို့ဝင်လိုက်သည်နှင့် အခန်း တွင်းမှလူတစ်ယောက်ထွက်လာပြီး ကျွန်ုပ် တို့ကို သေချာကြည့်နေ၏။

"ဘာကိစ္စလဲ"

"ဆရာတင်နဲ့တွေ့ချင်လို့ပါခင်ဗျာ၊ ဆရာ့ဆီလာတာပါ"

"ဩော် - ထိုင်ကြ၊ ခဏလေး"

ထိုသူမှာ ပိန်ပိန်ပါးပါးလေးဖြစ်ပြီး နှုတ်ခမ်းမွေးသဲ့သဲ့နှင့်ဖြစ်၏။ဘိုဆံတောက် မှာ ဖွာလန်ကြဲထားသလိုဖြစ်နေ၏။ စွပ်ကျယ်မှာ သူထက်ကြီးနေသော ကြောင့် ချိုင်းသာမက နံရိုးများအထိပင် ပေါ်နေ၏။ ထိုသူသည် အိမ်ခန်းတွင်းသို့ လှစ်ခနဲပြန်ဝင်သွားပြီး ပြန်ထွက်မလာ တော့။

"ကိုမောင်မောင်၊ ခုနဟိုလူတော့ ဆရာတင်ကိုသွားခေါ်နေပြီနဲ့တူတယ်"

"အင်း - နေဦးကွာ။ ဆရာတင်ဆို တာ သူများလားလို့ ငါတွေး. . . "

ကိုမောင်မောင်၏ စကားမဆုံးခင် စောစောကလူပြန်ထွက်လာ၏။ လည် ကတုံးရှပ်အင်္ကျီအဖြူနှင့် ချည်လုံချည် အညိုရောင်ကွက်ကြီးနှင့်ဖြစ်သွားသော ကြောင့် ရုတ်တရက်ကြောင်သွား၏။ သူ သည် ကျွန်ုပ်တို့၏ရှေ့ ခေါင်းရင်းဘက် တွင်ထိုင်လိုက်ပြီး သူ၏ဘေးနာရှိ ယွန်းကွမ်းအစ်ကြီးကို ဆွေယူလိုက်၏။ ကြေးခွက်ကလေးသုံးခွက်ခန့်ထည့်ထား သော ကွမ်းအစ်ကြီးပေါ်မှ စမုန်စပါး ထည့်ထားသည့်ခွက်လေးအားနှိုက်လိုက်၊ စမုန်စပါး၀ါးလိုက်လုပ်နေပြီးမှ ကွမ်းသီး စိတ်များစ၀ါးပါတော့သည်။ ကွမ်းရွက် မထည့်သေး။

"ဘာကိစ္စများလဲကွ"

ပြောရင်း ယွန်းကွမ်းအစ်အံ တစ်ထပ်ဖွင့်လိုက်ပြီးမှ ကွမ်းရွက်နှစ်ရွက် ခန့်ကို လုံးခြေ၀ါးလိုက်၏။ ကြေးသုံးခွက် ထဲမှ ထိပ်ဆုံးခွက်ထဲရှိထုံးကို လက်ညှိုး နှင့်ကော်လိုက်ပြီး သူ၏ရှေ့သွားများနှင့် ခြစ်၍ ပါးစပ်အတွင်းထည့်လိုက်၏။

"ဟိုကောင်၊ ကွမ်း၀ါးချင်လို့လား စားလေ"

"ဗျာ"

"ငါစားနေတာ မျက်တောင်မခတ် လိုက်ကြည့်နေလို့ ကွမ်းများတားချင် သလားလို့"

www.burmeseclassic.com

www.burmeseclassic.com

"သြော် - မဟုတ်ပါဘူးခင်ဗျ။ ကြည့်ကောင်းလို့ပါ"

"သြော်-အေးအေး၊ ဘာကိစ္စလဲ။ ဆရာတင်ဟာ ငါပဲ"

"ဗျာ - သြော်၊ ဟုတ်ကဲ့"

"ပြော"

"ဟို - ရုတ်... ရုတ်... ရုက္ခစိုး မှော်ပညာနဲ့ပတ်သက်ပြီး ဆရာဆီလာခဲ့တာပါခင်ဗျ။ ဆရာက အရမ်းနာမည်ကြီးလို့ပါ"

"ထင်လို့ပါ။ ငါနာမည်မကြီးပါဘူး။ သိတဲ့သူချင်းသာ ခေါ်ခေါ်လာတာပဲရှိပါတယ်။ ငါ့ကိုလူသိပ်မသိပါဘူး။ ဘာလဲ၊ မင်းက ဒီပညာစိတ်ဝင်စားလို့လား"

"ဟုတ်ကဲ့ - ဆရာ၊ ကျွန်တော် စိတ်ဝင်စားလို့ပါ"

"ဘယ်လိုမျိုးကို စိတ်ဝင်စားတာလဲ"

ပြောရင်းနှင့် ကျွန်ုပ်တို့ရှေ့တွင်ပင် လေထဲ၌ ဆတ်ခနဲယူလိုက်ရာ ဒူးယားစီးကရက်ဘူးတစ်ဘူး။

"ဟာ - အဲ... အဲဒါ"

ကျွန်ုပ်ပြောမည်ကို နားမထောင်။ ဆေးလိပ်ဘူးကိုဖွင့်ဖောက်၍ တစ်လိပ်ယူလိုက်ပြီး မီးညှိကာသောက်နေလေတော့၏။ ပြီးမှ ကျွန်ုပ်ဘက်သို့ မျက်နှာမလှည့်ဘဲ မျက်လုံးစွေကြည့်နေ၏။

"မင်းက သင်ချင်တာလား"

"ဟုတ်ကဲ့"

"အဲဒါက အင်း - သင်လို့တော့ မရဘူးကွ။ ငါ့ကိုကျတော့ ငါဆရာက ကျင့်ခိုင်းပြီး သုခိုင်းသလောက်ကျင့်ခဲ့ပြီးမှ သူကိုယ်တိုင်ပေးခဲ့တာ။ ငါက ဘယ်လိုလုပ်ပြန်သင်ပေးလို့ရမလဲ"

တစ်သိန်းဆုကြေးတော့ပေါက်ပါပြီ။ သို့သော် လက်မှတ်ပျောက်သွားပြန်ပြီဖြစ်၏။ ကိုမောင်မောင်ဘက်သို့ ကျွန်ုပ် လှည့်ကြည့်လိုက်ပြီး မရယ်ချင့်ရယ်ချင် နှင့်ရယ်၍ သက်ပြင်းချလိုက်သည်ကို ဆရာတင် အကဲခတ်နေ၏။ ပြီးမှ ကွမ်းသီးစိတ်ထပ်ယူ၍ တဒုတ်ဒုတ်နှင့် ဝါးလိုက်ပြီး -

"တော်တော်လေးကြီးတဲ့ ညောင်ပင်ကြီးတစ်ပင်မှာ (၄၉) ရက်တိုင်တိုင် အဓိဋ္ဌာန်ဝင်ခဲ့ရတာကွ။ အဲဒီမှာ တစ်ဖက်ယပ်တဲလေးနဲ့နေခဲ့ရတာ။ ညောင်ပင်ကြီးမှာ စင်နှစ်စင်ရိုက်ထားရတယ်။ အမြင့်က စုံက ဘုရားပူဇော်ရတာ၊ ဆွမ်းတော် ကပ်ရတာ၊ အလင်းတိုင်၊ အမွှေးတိုင် ထွန်းရတာ၊ အောက်ကစင်က ရုက္ခစိုးကို ပန်းတာ"

"ဘယ်လိုတွေပန်းရတာလဲဆရာ"

"ထမင်းပြုတ် ကောက်ညှင်း၊ မုန့်ဖြူ မုန့်နီ၊ ယိုတို့၊ သစ်သီးတို့၊ ပန်းတို့၊ အုန်းရည်လည်းပါတယ်။ အသီးက (၄) မျိုး၊ အလင်းတိုင်က (၃) တိုင်၊ အမွှေးတိုင်က (၃)တိုင်"

"နေတိုင်းလား"

"နေတိုင်းပေါ့။ အတွင်းစည်းတွေ၊ အပြင်စည်းတွေချပြီး ပုတီးစိပ်ရတာ"

"ဘယ်လိုဂါထာမျိုးစိပ်ရလဲဆရာ"

"ဟေ"

ကျွန်ုပ်မေးသည်ကို မှက်လုံးခပ်စွေစွေနှင့်ကြည့်လိုက်ရင်း ကွမ်းအစိမ်းကိုဖွင့်၍ အတွင်းမှ ကွမ်းရွက်နှစ်ရွက်ကို ယူလိုက်ပြီး လုံးထွေးဝါးလိုက်ရင်း -

"သမ္မန္ဒေဂါထာတော်ကြီးကို အကြိမ် (၁၀၀၀) ရအောင် စိပ်ရတာပေါ့ကွာ။ ပီပီသသနဲ့ရွတ်ရတာပေါ့။ ပြီးတော့မှ ရုက္ခစိုးကို တစ်နာရီကြာအောင်မေတ္တာပို့အမျှဝေရတာပေါ့။ ကျန်တဲ့ပိုနေတဲ့အချိန်တွေမှာတော့ ဘာလုပ်လုပ် ဂုတ်တော်ပဲပွားနေရတာပေါ့။ သမ္မန္ဒေဂါထာရွတ်ပြီး ရုက္ခစိုးကိုမေတ္တာပို့ချိန်ကတော့ လေးနာရီ ငါးနာရီကြာတာပေါ့။ ဘယ်မှထသွားလို့ မရဘူး။ ကျန်တဲ့အချိန်ကတော့ ထိုအပ်ရင် ကျန်းမာရေးကိစ္စပဲသွားလို့ရတယ်။ ဒါတောင် ဆရာသတ်မှတ်ပေးထားတဲ့ နေရာအထိ စည်းထဲမှာပဲ"

"တော်တော်ရွတ်ခဲ့ရတယ်နော်"

"ဘယ်လွယ်လိမ့်မလဲ၊ ဆရာကတော့ တစ်ခါတစ်ခါလာလာကြည့်ပေမယ့် ဘာစကားမှမပြောဘူး"

"အခြောက်အလှန့်တွေ..."

ပြောရင်းနှင့် ကိုမောင်မောင့်မျက်နှာဘက် လှည့်ကြည့်လိုက်၏။ ထိုမေးခွန်းမျိုးကို ကိုမောင်မောင်ပါ ဝိုင်းမေးစေ့ချင်သောသဘောဖြစ်၏။

"ဟား - ဘာပြောကောင်းမလဲ၊ အများကြီးပဲငါ့လူ။ ခဲလေးတွေနဲ့လှမ်းပစ်တာလည်းခံခဲ့ရတယ်။ ခပ်လှမ်းလှမ်းကနေ ငါ့ကိုလှမ်းပြီးမကျေမနပ်ပြောနေသံလည်းကြားခဲ့ရတယ်။ လူတော့မတွေ့ဘူး။ လူသဘာဝပေါ့ကွာ၊ ကြောက်ပါတယ်ဆိုရင် မျက်လုံးကဖွင့်ကြည့်ချင်တယ်။ ငါတော့ ကြောက်ကြောက်နဲ့ကြည့်တာပဲ။ ဟိုခပ်လှမ်းလှမ်းမှာ အိမ်တွေလှမ်းမြင်နေရပေမယ့် ညဆိုတော့ ဘယ်သူမှလာပြီးလမ်းတောင်မလျှောက်ကြတော့ဘူး။ ငါမြင်ရတာတွေကတော့ စုံနေတာပဲ။ လူတွေ ဒီလိုပဲ ဥဒဟိုသွားသွားနေကြတာတွေ တွေ့နေရတာပဲ။ မမြင်ရတဲ့လောကဆိုတော့ သူတို့ရှိကြောင်းပြတာပေါ့။ ရန်တော့မလုပ်ပါဘူး။ တစ်ခါတစ်ခါကျတော့လည်း ခေါင်းကြီးတစ်လုံးထဲ စကားတပြောပြော မျက်တောင်တခတ်ခတ်နဲ့ မြေကြီးမှာ ဒီလိုပဲသွားနေတာ"

"ဟာ - အမလေး"

"အေး - တချို့ကျ ခေါင်းမပါဘူး။ ငုတ်တုတ်ကြီးတွေလာထိုင်နေကြတာ၊ ပုံစံကမျိုးစုံပဲ"

"ပြူးတူးပြဲတဲကြီးတွေလားဆရာ"

"အဲလိုမဟုတ်ဘူးကွ၊ လူတွေလိုပါပဲ။ တချို့ကျတော့ မိုးမလင်းခင် အမှောင်ထဲမှာ နှစ်ဦး၊ သုံးဦးပေါ့ကွာ လက်တွေ့နောက်ပစ်ပြီး ငါ့ကိုလာရပ်ပြီးကြည့်နေကြတာ၊ ရိုးရိုးလူလိုပဲမသိရင်။ ပြီးတော့ သူတို့အချင်းချင်းပြောနေကြ၊ ခေါင်းတညိတ်ညိတ်နဲ့။ ငါက သမ္မန္ဒေတစ်ထောင်ရွတ်ချိန်ရယ်၊ မေတ္တာပို့ချိန်ရယ်ကလွဲပြီး ကျန်တဲ့အချိန်မှာ လျှောက်ကြည့်နေတာကွ။ မထူးဘူးလေ၊ ကြောက်လည်း ဆရာပေးထားတဲ့စည်းထဲကထွက်လို့မှ မရတာ၊ မကြောက်လည်းထွက်မရဘူး။ ဒီတော့ ကြည့်တယ်ကွာ၊ ဘာဖြစ်လဲဆိုပြီး ကြည့်တယ်"

(ဆရာတင်ပြောပြသော်အချို့ပုံစံကြီးများမှာ ရွာမသံ့ညောကျိစက်ဝင်းအနီးမှ ဆရာကြီးပြောပြပုံများနှင့် တစ်ထပ်တည်းတူနေပါသည်။)

"(၄၉) ရက်ပြည့်မယ့်ညကျတော့ ငါမိန်းမရောက်လာပါလေရော"

"ဟာ - မောင်ကြီးထဲ"

"အေး - ကိုတင်ရယ်၊ တော်ရောပေါ့၊ ဒါလောက်ကြာနေတာ။ အလုပ်လေးဘာလေးလဲလုပ်ဖို့စဉ်းစားပါဦး။ ရှင် ဒါတွေလုပ်နေလို့ရှိရင် ကျွန်မဘယ်လို ထမင်းစားရမလဲ။ ကြွေးတွေလည်းရှိသေးတယ်ဟာညာပေါ့ကွာ။ ငါလည်း ပထမတော့ စကားပြန်ပြောဦးမလို့၊ ဆရာမှာထားတာ ကြိုသတိရလိုက်ပြီး ဘာမှမပြောဘဲပေနေလိုက်တယ်။ သူကတော့ ခေါ်သပေါ့ ငါ့လူရေ။ ပုံစံအမျိုးမျိုးပေါ့။ ခြောက်တစ်ခါချောတစ်လှည့်ပေါ့။ ငါကလည်း မလှုပ်ဘူး။ မရတော့ မြေကြီးမှာလှိမ့်ပိမ့်ဒိုနေလိုက်တာကွာ။ ကဲ - သူမှာမောလို့။ ပြီးတော့ ကဲ - ကိုဘယ်သူရေ၊ ဒီလောက်ဖြစ်လှတဲ့ ယောကျ်ားလက်ထဲက ကျွန်မကိုလုပ်ကျွေးပေတော့ဆိုပြီး မှောင်ထဲဘက်ကိုလှည့်ပြောတော့ သူတစ်ယောက်ကွာ၊ သေချာကြည့်တော့

www.burmeseclassic.com

www.burmeseclassic.com

ငါတို့အိမ်နားက ဟောဟိုနားက မောင်ဝင်းဆိုတဲ့ကောင်ဖြစ်နေတယ်။ ဒီကောင်ကလည်း ငါ့ကို ကိုတင်ရယ် ပြန်လိုက်လိုက်စမ်းပါဗျာ။ ခင်ဗျားမရှိက ထည်းက ကျွန်တော့်ဆီပဲလာလာနေတာ ပြောလို့လည်းမရဘူးတဲ့။ ခုလည်း အချိန်မတော်ရှိမှ လိုက်ပို့ပါဆိုလို့ ကျွပ်ကလိုက်ပို့ပေးရတာဗျာတဲ့။ မောင်ဝင်းကလည်း ခဏခဏခေါ်၊ ဟိုမိန်းမက ကြာတော့ မောင်ဝင်းနားကပ်ပြီး ပတ်ချွန့်ပ်ချွဲပေါ့ကွာ။ မျက်နှာချင်းဆိုင်လိုက်၊ တီးတိုးတီးတိုးပြောလိုက်နဲ့"

"အနားကိုလာမခေါ်ဘူးလား"

ကိုမောင်မောင် မေးလိုက်သည့် စကားကြောင့် ဆရာတင်၏ခပ်မေးမေး မျက်လုံး ကိုမောင်မောင့်ဆီရောက်သွားပြီး ခေါင်းတစ်ချက်ယမ်းလိုက်၏။

"မလာဘူး။ ငါ့နားပဲမကပ်ရဲသလို လိုဘာလိုလို့ပေါ့ကွာ။ နောက်တော့ ဟိုမောင်ထဲဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်ကြ၊ ခေါ်လိုက်ကြ၊ ပြန်ဝင်သွားလိုက်ကြနဲ့ သုံးခါလောက်ပေါ်လိုက်၊ ပျောက်လိုက်လည်းလုပ်ပြီးရော ဘယ်ရောက်သွားမှန်းမသိကြတော့ဘူး။ ငါလည်း မေတ္တာသုတ်ကိုတောက်လျှောက်ရွတ်နေတာပေါ့ကွာ။ ရွတ်ရင်းနဲ့ပဲ ညသန်းခေါင်ကျော်လို့ အုန်းမောင်းခေါက်သံသဲ့သဲ့ကြားမှ ဩော် - အရှက်တက်ပါရောလားဆိုတာ သိလိုက်ရတော့တယ်။ ငါ့စိတ်ထဲမှာ ခဏလေးလိုပဲ။ မနက်လင်းလည်းလင်းရော လူကပေါ့နေတယ်။ ထခုန်ရင် ဝါးတစ်ရိုက်လောက်များရောက်မလားလို့ ကိုယ့်ကိုယ်ကိုယ် ထင်နေမိတယ်။ အားတွေလည်းပြည့်နေသလိုပဲ။ မနက်ဆွမ်းခံထွက်ချိန်လောက်လည်းကျရော ငါ့ဆရာရောက်လာတော့တာပဲ။ သူအကြောကြီးရွတ်ဖတ်မန်းမှုတ်မေတ္တာတွေပို့ပြီးတော့မှ ငါ့ရှေ့မှာတင် မှိုင်းခံ(မှိုင်းကိုင်)စက္ကူနဲ့ချထားတဲ့ အင်းသုံးအင်းကိုလုံးလိုက်တာ၊ အဲဒီအလုံးလေးသုံးလုံးကို ငါပါးစပ်ထဲ တစ်လုံးစီထည့်လိုက်တာပဲ။ ဒါပဲ ဘာမှမဟုတ်ဘူး"

"ဟို - ခုလိုပစ္စည်းတွေ"

"အေး - ပြောမယ်လေ၊ ငါလည်း (၄၉)ရက်အောင်လို့ တဲလေးနဲ့ညောင်ပင်ကြီးကိုစွန့်ခွာခဲ့ရတော့ လွမ်းသလိုကြီးပေါ့ကွာ။ အိမ်ရောက်တော့ ဒီပြန်ရောက်လာတော့ ငါ့မိန်းမကလည်း ဒီတိုင်းပဲ၊ ခါတိုင်းလိုပဲ သူဟာသူနေတာ။ မောင်ဝင်းလည်းဒီတိုင်းပဲ။ သူတို့ကို ငါမေးကြည့်တော့ ကြောင်နေကြတယ်။ သူတို့ဘာမှမသိဘူး။ ဒီတော့မှ ငါ့ဆရာက အဲဒါနောက်ဆုံးအဖျက်ပဲတဲ့။ မင်း ဒါကိုကျော်နိုင်ခဲ့လို့ အောင်သွားတာလို့ ပြောတယ်"

"မသိရင် တကယ်လိုပဲနော်"

"ဩော် - ငါဆိုရင် အိမ်ပြန်ရောက်တာနဲ့ ဒီမိန်းမကိုကွာပစ်မယ်ဆိုပြီး တွေ့တွေ့ချင်း စကားတောင်ပြောတာမဟုတ်ဘူး။

အဲဒါနဲ့ အဲဒီနေ့ညနေ အိပ်ချင်လာတာနဲ့ မေးခနဲအိပ်ပျော်ပြီးပြန်နိုးလာတော့ ခပ်လှမ်းလှမ်းမှာ လူတစ်ယောက်ရပ်နေတယ်။ သာမန်လိုပဲ၊ အသက်ကြီးကြီးပဲ။ ငါ့စိတ်ကချက်ချင်းသိလိုက်တယ်။ ဒါ - လူမဟုတ်လောက်ဘူး၊ ကြည့်ရတာ တစ်မျိုးပဲလို့။ ဒါနဲ့ - စိတ်နဲ့ပဲ ကျွန်တော် ဗျာ ကရင်ဆော်ဒါသောက်ချင်လို့ဆိုပြီး ပြောလိုက်တော့ သူပျောက်သွားတယ်၊ ဖျတ်ခနဲပဲ။ နောက် (၁၀) စက္ကန့်လောက်၊ စက္ကန့်(၂၀)လောက်ကြာတော့ ပြန်ပေါ်လာတယ်။ ငါ့ကို ကရင်ဆော်ဒါပုလင်းလှမ်းပေးတယ်။ ဒါကို ငါမိန်းမကထွက်လာပြီးကြည့်နေတယ်။ ဟိုလူကြီးကတော့ ခုနလိုပဲဖျတ်ခနဲပျောက်သွားရော။ ငါ့မိန်းမက ရှင် လေထဲကနေ ပုလင်းလှမ်းယူလိုက်တာ ကျွန်မမြင်လိုက်တယ်တဲ့။ ဟို လူကြီးကို သူမမြင်ဘူး။ အဲဒီကစတာပဲ။ ဒါပေမယ့် ငါ့လူ ငါ့အကျိုအိတ်ထဲက ကရင်ဆော်ဒါတစ်ပုလင်းဖိုးတော့ မရှိတော့ဘူး"

"ဩော်"

"အေး - အဲဒါပဲကွ"

"သူကအမြဲရှိလား ဆရာ့နားမှာ"

"အဲသလိုမရှိးဘူး။ သူ့ကိုခေါ်ရင် အဘိုးညိုလို့ခေါ်လိုက်ပါ ပြောထားလို့ အဘိုးညိုရေဆိုရင် ရောက်လာတယ်။ တစ်ခါတစ်ခါ သူဥပုသ်စောင့်နေရင် ခေါ်လို့မရဘူး"

"ဟာ - ဥပုသ်စောင့်လား"

"ငါ့လူကလည်း လူတွေထက်တောင် ရတနာသုံးပါးကို ကြည်ညိုသေးတယ်။ ငါက သူ့ကိုခိုင်းတာမဟုတ်တော့ ငါ့ကိုသိပ်ချစ်တာပဲ။ ငါက အကူအညီပဲတောင်းတာ၊ လိုမှတောင်းတာ။ လက်တွေ့ပြချင်တော့မှ သူကိုတ,လိုက်တာ။ ငါ့ကို ဘယ်လောက်ချစ်လဲဆိုရင် ငါနေမကောင်းရင် အနားမှာအမြဲလိုလိုရှိတယ်။ ငါကလည်း သူ့အတွက် လပြည့်၊ လကွယ်နေ့တိုင်း အဓိဋ္ဌာန်တွေဝင်ပေးတယ်။ မေတ္တာကို နေ့တိုင်း နာရီဝက်ပို့တယ်။ ငါဘုရားရှိခိုးရင်လည်း သူ့ကိုဖိတ်မန္တကပြုတယ်။ ပြီးရင် အမျှဝေတယ်။ ကြာတော့လည်း သံယောဇဉ်ဖြစ်လာတာပေါ့ကွာ။ သားအဖတို့၊ ညီအစ်ကိုတို့လိုပေါ့။ ခုတောင် မင်းတို့နားမှာရောက်နေပြီ"

ဆရာတင်ပြောလိုက်သည့်နှင့် ခေါင်မိုးဆီမှ အိမ်မြှောင်တစ်ကောင် လေးတွဲ့တွဲ့နှင့်စုတ်ထိုးလိုက်ရာ ကျွန်ုပ်လည်း ဟိုကြည့်ဒီကြည့်ကြည့်လိုက်၊ ကိုမောင်မောင့်ဘက်လှည့်၍ ပြုံးပြလိုက်လုပ်နေလိုက်တော့၏။

ဆရာတင်နှင့်တွေ့ပြီးသည့်နောက် ဝိုင်း -

ရုက္ခစိုးမော့်ကို အတော်လေးစိတ်ဝင်စားလာသော်လည်း ကျင့်ယူရသည့် ဆိုခြင်းကို ကျွန်ုပ်မဝံ့ရဲတော့။

ကျွန်ုပ်ထင်သည်မှာ ရုက္ခစိုးမော့်အောင်ထားသော ဆရာတစ်ဦးဦးက ပေးလိုက်လျှင် ထိုပညာရသည်ဟုထင်ခဲ့မိ၏။ အမှန်မှာ ထိုသို့မဟုတ်။

ရုက္ခစိုးမော့်အောင်ထားကြသူများနှင့်ထပ်တွေ့ပြန်ရာ ဆရာတင်ကိုပြောသကဲ့သို့ပင် ကျင့်ရင်း အောင်မြင်လာကြသူချည်း ဖြစ်၏။

တစ်နေ့ -

ဘကြီးမျှင်အိမ်တွင် ဓားကစားရင်း ခဏနားနေစဉ် ရတနာပုံသိုင်းဆရာကြီးဦးသွင်နှင့် ဘကြီးမျှင်တို့နှစ်ဦးစကားလက်ဆုံကျနေသံကို ဝင်၍နားထောင်လိုက်မိပါသည်။

ရုက္ခစိုးမော့်အကြောင်းများပါလာ၏။

"ဆရာကြီး၊ ကျွန်တော် တကယ်လိုချင်တယ် အဲဒီပညာ၊ ဘယ်လောက်ပေးရပေးရ"

"ဘယ်လောက် ကန်တော့ရ ကန်တော့ရပြောပါ"

မျက်လုံးလေးမှေးမှေးနှင့် ကွမ်းပြုံရင်း တပြုံးပြုံးနေလေ့ရှိသော်လည်း စကားမှာမာလှ၏။ ဆရာကြီးဦးသွင် ဆိုလျှင် အလိုလိုရှိန်နေရသည့်ကြား ယခု စကားကြောင့် လန့်သွား၏။

"ဟုတ်ကဲ့ - ဆရာကြီး၊ ဘယ်လောက်ကန်တော့ရကန်တော့ရ"

"အေး - ငါသိရသလောက်တော့ ပေးတိုင်းမရတဲ့ပညာဘဲ တပည့်ရဲ့။ သူကကျင့်ယူရတာ၊ ဆရာလေးလည်း ဗဟုသုတပြောပြောပြတယ်။ (ဆရာအရှင်တို့ဆိုလိုပါသည်။) ဆရာလေးပြောပြရင် သိပ်နားထောင်ကောင်းတာပဲ။ ဗဟုသုတတွေအရမ်းရတယ်။ ဒါကြောင့် ငါလည်း ပြန်ပြောပြနိုင်တာပေါ့။ ဦးမျှင်အဲ့ ဓင်

www.burmeseclassic.com

www.burmeseclassic.com

ထက်တောင်ဆိုးသေး၊ ရုက္ခစိုးမှော်သာရ လို့ရတော့ သူမှာရှိတဲ့ အဲဟိုကုန်ကားကြီး ရော ဒီအိမ်ပါထိုးပေးချင်ပေးရပစေဆို တဲ့လူကွ"

ဘကြီးမျင်ပြုံးနေ၏။ ပြီးမှ ကျွန်ုပ် ကိုကြည့်လိုက်ပြီး -

"မင်းသမုဒ္ဒရာထဲမှာငုပ်ပြီးပျောက် သွားတဲ့အင်ဂျင်ရှာလို့တွေ့ချင်တွေ့ မယ်။ ရုက္ခစိုးမှော်ကိုတော့ ဘယ်လိုနည်း နဲ့မှ မစဉ်းစားနဲ့တော့။ ငါတောင်ငြိမ်နေ တာကြည့်၊ ငါလိုက်ခဲ့တာ မင်းထက်ပိုဆိုး တယ်။ ကုန်ချင်သလောက်ကုန်ပစေဆို ပြီးလိုက်ခဲ့တာ"

စကားပြောနေရင်း အိမ်ရှေ့ဆီတွင် လူရိပ်မြင်လိုက်၍ လှည့်ကြည့်လိုက်ရာ သိုင်းဆရာ ဆရာစောအောင်နိုင်။

လွယ်အိတ်တစ်လုံးကိုလွယ်လျက် တက်လာပြီး ဘကြီးမျင်နားကပ်ထိုင် လိုက်၏။ ဆရာကြီးဦးသွင်ရော အဘ မျင်ပါ ဆရာစောအောင်နိုင်ကိုချစ်ကြ၏။ အတော့်ကိုခင်ကြ၏။ ဆရာကလည်း ဆရာကြီးတို့၊ အဘတို့ကို အလွန်လေး စားသော လူငယ်ပညာရှင်ဖြစ်၏။

ကျွန်ုပ်သည် -

ဆရာစောအောင်နိုင်၏အမှုအရာ၊ နေပုံထိုင်ပုံပြောပုံဆိုပုံများ၊ လှုပ်ရှားသွား လာပုံများကို အလွန်သဘောကျ၏။ ဆံပင်ထားပုံမှာ ထိုခေတ်က နာမည်ကြီး သောပုံစံမျိုးဖြစ်၏။ ဘေးနှစ်ဖက်အုပ်ပြီး နဖူးတစ်ဝက်ခန့်ဖီးချထားသော ဂျပန် မင်းသားပုံစံ ဖြစ်၏။

ဆရာစောအောင်နိုင်၏ တပည့် တစ်ယောက်နှင့် ကျွန်ုပ် ကစားခဲ့ဖူးပါ သည်။

သူ၏လှုပ်ရှားလှုပ်သောကြောင့်လိမ် ကန်ချက်ကြောင့် ကျွန်ုပ်မှာ အသက်ရှူ များများသွားသလားပင်ထင်ရပြီး ဘေး လူများက ဝိုင်းဝန်းနှာန့်ပေးခဲ့ရပါသည်။ ထိုကထဲကစ၍ ဆရာစောအောင်နိုင်ထံ တွင် ပညာသင်ချင်ခဲ့သည်မှာကြာခဲ့ပြီ ဖြစ်၏။ ဆရာသည် အဘမျင်တို့ထံ လာလာလည်တတ်သော်လည်း တစ်ခါ တစ်ခါမှသာ ကျွန်ုပ်နှင့်ဆုံ၏။ ဆရာ နေကောင်းလားဟု ပြောစရာစကား ရှာကြံ၍ပြောလိုက်သော်လည်း ဆတ်ခနဲ တစ်ချက်ပြုံးရုံပြုံးပြီး ခေါင်းတစ်ချက်သာ ညိတ်ပြ၏။ သူ၏အကြည့်မှာ မျက်လုံး အားအပြည့်နှင့်ကြည့်သည်ဖြစ်၍ မျက် မှောင်မသိမသာကျုံ့သလိုဖြစ်ပြီး အားပါ ၏။ အဘတုတ်ကြမ်းတောကြမ်းကစားခိုင်း ၍ ကစားနေစဉ် ဆရာစောအောင်နိုင် ဆင်းလာပြီး ကြည့်သည်များနှင့်တိုး၏။ လူမှာ ခပ်ရှိန်ရှိန်နှင့် ဆက်ကစားရ ကောင်းနိုးနိုး၊ ရပ်လိုက်ရကောင်းနိုးနိုးဖြစ် ဖြစ်သွားရ၏။ တစ်ရက်တွင် တုတ်ကိုင် ကစားနေသည်ကို တစ်ချက်ကြည့်လိုက် ပြီး ဘေးနားမှ တုတ်တစ်ချောင်းကိုကိုင် ၍ ကျွန်ုပ်၏လက်ထဲမှတုတ်ကို ထောင်း ခနဲနေအောင်ရိုက်ချလိုက်ရာ တုတ်မှာ ဘယ်လိုဘယ်လိုလွှင့်သွားမှန်းမသိလိုက် ရ။

"ရိုက်ရင်လည်း အဲလိုအားပါပါ ရိုက်ရတယ်ကွ"

ဟူ၍ တစ်ခွန်းသာပြောပြီး ဘေး နားကရပ်ကြည့်နေ၏။ ဟုတ်ပြီ။ ဆရာ အယူအဆတွေတော့ ငါသင်ရပြီဟု ဝမ်းသာ၍မှမဆုံးသေး။ လုပ်လုပ်ဟုသာ ပြောပြီး အိမ်ပေါ်ပြန်တက်သွား၏။

ဆရာကြီးဦးသွင်နှင့်ဘကြီးမျင်တို့ ရှေ့တွင် ကစားပြသောကစားကွက်များ မှာ ကျွန်ုပ်မမြင်ဘူး။ ခြေကားရားခွ၍ ထိုင်ချလိုက်သည်မှာ ပြားခနဲကွက်ခန။ ထိုအနေအထားမှ လှမ်းထိုးလိုက်သော လက်သီးမှာ လေသံထွက်သွား၏။ ထိ များထိလိုက်လျှင် သက်သာမည်မဟုတ်။ ထိုင်နေရက်အနေအထားမှ ကိုယ်ကို ဘယ်ယိမ်းညာယိမ်းကစားသွားသည်မှာ သူ၏ ကျန်းမာတုတ်ခိုင်လှသောခန္ဓာ ကိုယ်နှင့်ပင်မလိုက်၊ ပျော့ပျောင်းလှ၏။ သစ်ပင်တစ်ပင်လေဒွေ့တိုက်နေသည်ကို ကြည့်နေရသည့်အလား ကြည့်ကောင်း လှ၏။ အချက်တိုင်းသည် ပျော့ပျောင်း နူးညံ့လှသော်လည်း ဆတ်ခနဲလှမ်းလှမ်း ထိုးချက်များမှာ ကျွန်ုပ်အထင် နွားမတင်းမ တစ်ကောင်လောက်တော့ တုံးခနဲလဲသိပ် နိုင်လောက်၏။ လူဆိုလျှင် မစဉ်းစားရဲ တော့။

ဆရာစောအောင်နိုင်ကစားသည် မှာ ရှားရှားပါးပါးမြင်ရခဲ၏။ ကစားလျှင် လည်း ငါးမိနစ်သာသာခန့်သာကြာ၏။ ကျန်သောအချိန်တွင် ဆရာကြီးဦးသွင်၊ ဘကြီးမျင်တို့နှင့်သာ စကားထိုင်ပြောနေ လေ့ရှိ၏။ သူ့ဘေးနားတွင် ကျွန်ုပ်မည်မျှ ကစားကစား လှည့်ကြည့်ရုံသာကြည့် တတ်ပြီး အလွန်နှုတ်ဆိတ်လှ၏။ ဘာမှ ပြောလေ့မရှိ။

ဆရာစောအောင်နိုင်၏လက်သိုင်း ကွက်များကိုသင်ယူရန် စိတ်ကူးများယဉ် ခဲ့ရသော်လည်း ချဉ်းကပ်ခွင့်မရခဲ့ပါ။ အမျိုးမျိုးကြိုးစားကြည့်ပါ၏။ ဆရာ မအားသည်နှင့်သာကြုံရပြီး မသင်ခဲ့ရ။

သူ့အား ဆရာကြီးဦးသွင်နှင့် ဘကြီးမျင်တို့က ခိုးကျူးကြ၏။ လူငယ် ဖြစ်သော်လည်း အလွန်မှရှားမှရှားသော မြန်မာ့သိုင်းပညာရှင်ဖြစ်ကြောင်း၊ အခြား ပညာများကိုလည်း စွယ်စုံတတ်မြောက် ထားကြောင်း၊ ကြီးသူကိုရိုသေ၍ ရွယ်တူ ကိုလေးစားတတ်ကြောင်း၊ သူ၏ကစား ကွက်များသည် အားပါပြီး မြန်ဆန်လွန်း လှ၍ တော်ခဲ့လူဆိုလျှင် သူနှင့်ယှဉ်ကစား သောလက်များ အဆစ်လွဲခြင်း၊ အရိုး များအက်ခြင်း၊ ကျိုးသွားခြင်းဖြစ်သွား နိုင်ကြောင်း၊ ခြေကန်ချက်များမှာ ပြင်းထန်လွန်း၍ ကြောက်စရာကောင်း ကြောင်း မကြာမဏပြောကြလေ့ရှိ၏။

"လူလေး"

"ဗျာ"

"ဘာတွေငိုင်ပြီးထိုင်နေတာလဲ"

"ဩော် - တွေးနေတာပါ။ သား ဟာ ဘယ်ပညာကိုပဲသင်ချင်သင်ချင် ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ လွယ်လွယ်မသင် ရဘူး။ ကိုယ်အရမ်းလိုချင်လာပြီဆိုပြန် ရင်လည်း အဲဒီပညာမျိုးက မသင်ချပြန် ဘူး။ အဲဒါကိုစဉ်းစားပြီး စိတ်မကောင်း တာပါ"

"သားကဘာသင်ချင်ပြန်တာလဲ"

"အဘတို့အိမ်မှာတွေ့တွေ့နေတဲ့ ဆရာစောအောင်နိုင်ရဲ့ ပညာတွေကို သားသင်ချင်တာပါ။ ဆရာက ဘယ်လို မှအချိန်မပေးနိုင်ဘူး။ ဟိုးတုန်းကလည်း မပေးနိုင်ဘူး၊ ခုလည်း မပေးနိုင်ဘူး"

"မင်းကလည်း-ကရာတေးလည်း ခါးစည်းနက်ရတဲ့ထိကစား၊ သင်တန်း တွေလည်းဖွင့်၊ ဓားသိုင်းတွေလည်း ကစား၊ တော်ပြီပေါ့ လူလေးရယ်"

"အမေ၊ သားက ကိုယ်ခံပညာဆို ရင် ချစ်ကိုချစ်တာ၊ မြတ်ကိုမြတ်နိုးတာ၊ သား အရမ်းသဘောကျပြီဆို သင်ချင် တာပဲ"

"ရုက္ခစိုးမှော်ဆိုရင်လည်း ဟာ - ရုက္ခစိုးမှော်၊ ရုက္ခစိုးမှော်လုပ်ပြန်ရော ငါ့သား"

"ဟုတ်တယ်၊ သားလည်း အဲလို ဖြစ်နေတယ်။ အမေပြောတာမှန်တယ်။ တွေ့သမျှဆရာတွေက ကိုယ့်ဟာကိုယ် ကျင့်ယူခဲ့ကြရသူတွေချည်းပဲ ဆိုတော့ သားသင်လို့မရဘူးဖြစ်နေတယ်"

အဖေ့ကိုစွန့်နှင့် ရက်ကလေးနည်း နည်းကြာသွားပြီဖြစ်၍ အတန်ငယ်ကွာဟ သွားသော အဘစိန်ဆီသို့သာပြန်သွား ရန် စဉ်းစားလိုက်ပါသည်။

"အစ်ကိုကြီး၊ အစ်ကိုကြီးခေါ်ခိုင်း လိုက်လို့"

www.burmeseclassic.com

www.burmeseclassic.com

မောင်သိန်းတန်လာခေါ်၍ ဘိုစိန့်အိမ်သွားမည်စဉ်းစားပြီးမှ ဒေး၊ ဒေးဟု လိုက်သွားလိုက်ပါသည်။

အစ်ကိုကြီးဟူသည်မှာ ကျွန်ုပ်ကို ပြောခြင်းဖြစ်ပြီး ခေါ်ခိုင်းလိုက်သည့် အစ်ကိုကြီး ဆိုသည်မှာ ဆရာအရှင်ဖြစ်သော ဆရာအောင်ကိုဆိုလိုခြင်း ဖြစ်၏။

"အေး - မောင်ဟိုနင်းလေး၊ ပျောက်ပျောက်နေပါလား"

"ဟုတ်ကဲ့ - ဆရာ"

ယောဂီရောင်တိုက်ပုံပေါ်တွင် ယောဂီရောင်ခြုံထည်နှင့် တည်ငြိမ်စွာ ထိုင်နေသော ဆရာ့အားကြည့်လိုက်ပြီး ဦး(၃)ကြိမ်ခန့် ရှိခိုးလိုက်ပါသည်။

ဆရာ ဘာမှမပြောပါ၊ ငြိမ်နေ၏။ ထိုစဉ် ကျွန်ုပ်၏နလုံးသားကို တစ်စုံတစ်ခု လာရောက် ဆုပ်ကိုင်လိုက်သလို ခံစားလိုက်ရ၍ ဆရာ၏ စိတ်စွမ်းအားများ ကျွန်ုပ်ထံ လာရောက် ထိတွေ့နေပြီမှန်း သိလိုက်ပါသည်။

"မင်းလည်းအာရုံတွေတော်တော် များနေသား-ဟင်"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး၊ အေး- စိတ်ကလေးကိုငြိမ်နေအောင် အရဟံဗုဒ္ဓါကိုပဲ ရွှမ့တ်လေ။ ဝင်လေလေးဝင်လာရင် အရဟံဆိုပြီး အရဟံဂုဏ်တော်ကိုကြည်ညိုပြီး ဝင်လေလေးပြန်ထွက်သွားရင် ဗုဒ္ဓါဆိုပြီး ဗုဒ္ဓါဂုဏ်တော်ကိုကြည်ညိုနေ။ ဂုဏ်တော်တွေနဲ့ အသက်ရှူနေတဲ့အခါကျတော့ သူများတကာတွေ အသက်ရှူနေတာနဲ့မတူတော့ဘူး။ ကိုယ်ကဘုရားဂုဏ်တော်တွေနဲ့ ဘုရားကိုကြည်ညိုပြီးရှူနေတာ။ အဲဒီတော့ ရိုးရိုးရှူတာနဲ့ ဘုရားဂုဏ်တော်တွေနဲ့ရှူနေတာ တူပါ့မလား"

"မတူပါဘူး ဆရာ"

"အေး- လူချင်းတူပေမယ့် အသက်ရှူချင်းကွာသွားပြီ။ ကုသိုလ်တွေက အသက်ကိုတစ်ခါရှူတိုင်းမှာဖြစ်နေပြီ။ တစ်ဆက်တစ်ဆက်တည်း ရွှမ့တ်နေတဲ့ ဗုဒ္ဓါနုဿတိဘာဝနာကြောင့် အကုသိုလ်စိတ်တွေမဖြစ်တော့ဘူး။ ခန္ဓာကိုယ်ကြီးဟာ ဂုဏ်တော်တွေကိုချည်း အဖန်တလဲလဲ နှလုံးသွင်းကြည်ညိုနေတဲ့ ခန္ဓာကိုယ်ကြီးဖြစ်သွားပြီ။ ဒီတော့ ဂုဏ်တော်တွေနဲ့ပြည့်နေမှတော့ မမြင်နိုင်တဲ့ အစောင့်အရှောက် ပုဂ္ဂိုလ်တွေကနေပါ့မလား။ ဘယ်နေပါ့မလဲ၊ စောင့်ရှောက်ပြီပေါ့။ ဘုရားဂုဏ်တော်တွေကို အချိန်ရှိသရွေ့ ပွားများနေတဲ့သူကို ဘယ်အထိခိုက်ခံပါတော့မလဲ၊ ကာကွယ်ပေးပြီပေါ့။ စားလည်း ဂုဏ်တော်၊ သွားလည်း ဂုဏ်တော်ဖြစ်နေမှတော့ အကုသိုလ်ကင်းနေပြီပေါ့။ ကုသိုလ်စိတ်တွေနဲ့များနေမှတော့၊ ဘဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဒါလောက်ကြည်ညိုနေမှတော့ အကုသိုလ်စိတ်တွေ ဘယ်ဝင်ပါတော့မလဲ။ ကုသိုလ်စိတ်တွေက နေရာဝင်ယူလာပြီဆိုတော့ အကုသိုလ်စိတ်တွေက တဖြည်းဖြည်း လွင့်ပြယ်သွားဖို့ပဲရှိတော့တာပေါ့။

တစ်ိုက်မတ်မတ်နဲ့ မှန်မှန်လေး ရွှမ့တ်နေဖို့တော့လိုတယ်။ ရာဝင်အိုးကြီးထဲကို ရေတစ်ပေါက်တစ်ပေါက်ကျသလိုပဲ။ တစ်နေ့ထက်တစ်နေ့၊ တစ်ရက်ထဲက်တစ်ရက်၊ တစ်လထက်တစ်လ ပွားများပါများလာတဲ့အခါကျတော့ အိုးကြီးထဲကို ရေပြည့်လာသလိုပေါ့။ ဒီလိုပြည့်လာတဲ့အခါ ဒီလိုပြည့်အောင် နေ့တိုင်း ရွှမ့တ်နေတဲ့အခါ လူနတ်ဗြဟ္မာတွေပဲ ဒီကိုရောက်လာတာတွေဖြစ်လာတော့တာပေါ့။ စိတ်ကသိနေသလိုပေါ့"

ကျွန်ုပ်၏စိတ်ထဲတွင် အင်း - အရဟံဗုဒ္ဓါကို ဟိုးတုန်းထဲက ဆရာသင်ပေးခဲ့ဖူးသည်။ တစ်ခါတစ်ခါလည်း မှတ်ဖြစ်သည်။ အမြဲမမှတ်ဖြစ်။ ယခု အရဟံဗုဒ္ဓါကိုပင် ဆရာထပ်ပြောနေသည်။ ဤတစ်ကြိမ်ပြောသည်မှာ အကျယ်တဝင့်လိုဖြစ်နေသည်။

(အချို့ ပြောပြသော အကြောင်းများမှာ မြင့်မားခြင်း၊ နက်ရှိုင်းခြင်းများစွာနှင့်ပြည့်နှက်နေ၍ သတိရသလို ရေးဖွဲ့လိုက်လျှင် ဆရာအရှင်၏ နှုတ်စကား၊ ဆုံးမစကားများ၏ ဆိုလိုရင်းနှင့်မတူဖြစ်သွားမည်ကိုစိုးရိမ်မိပါသည်။ ဆရာအရှင်၏အတွေးအခေါ် အယူအဆဖွင့်ဆိုချက်များကို သာမန်အသိမျှလောက်နှင့် ပြန်မရေးဖွဲ့ရဲပါ။ တန်ဖိုးလုံးဝမဖြတ်နိုင်ရုံမက တရားသဘောများပါ ပါနေသည်ဖြစ်၍ အလွန်တန်ဖိုးကြီးမားလှသော ဆရာအရှင်၏စကားများကို ချန်လှပ်ခဲ့ရခြင်းအား နားလည်ပေးပါရန်။)

"အေး - မင်းကိုငါခေါ်လိုက်တာ အကြောင်းရှိတယ်။ မင်းမလည်း မင်း အဖေကိုစွန့်စိတ်တွေကယောက်ကယက်ဖြစ်နေတာ ဆရာသိတယ်။ ဟိုသွားဒီသွားလျှောက်သွားနေတာတွေကိုလည်း ဆရာသိတယ်"

ကျွန်ုပ် ခေါင်းငုံ့ထားမိ၏။ ခေါင်းမဖော်ရဲပါ။ ဆရာအရှင်၏အသံသည် အေးချမ်းစွာနှင့် တစ်ခွန်းချင်းလေးလေးနက်နက်ပြောနေသော်လည်း ကျွန်ုပ်မှာ တုန်လှုပ်သလိုဖြစ်နေ၏။

"ဒီတော့ ငါ့တပည့် အရဟံဗုဒ္ဓါကို ရွှမ့တ်ပေတော့။ ကျန်တာ ဘာမှလျှောက်လုပ်မနေနဲ့။ အချည်းနှီးဖြစ်နေလိမ့်မယ်။ စိတ်တည်ငြိမ်ကြောင်း၊ ကုသိုလ်ရကြောင်းကိုသာစဉ်းစား။ ရွှေလာမယ့်လပြည့်နေ့မှာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးမှာ (၁၀၈)ပွဲနဲ့ (၉)ရက်တာရားစခန်းရှိတယ်။ မင်း(၉)ရက်လုံးလုံးလိုက်ပြီး တရားအားထုတ်ရမယ်။ မောင်စိန်ဝင်းပါလိုက်ရမယ်။ တရားပွဲ၊ အာနာပါနဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကျင့်စဉ်နဲ့ ပူဇော်ပွဲကျင်းပမယ် ကြားလား"

"ဟုတ်ကဲ့ - ဆရာ"

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး။ ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးရှိ ဓမ္မာရုံကြီးတွင် အောင်(၁၀၈)ပွဲများနှင့် ပူဇော်ထားခဲ့ပြီ။ ဗုဒ္ဓဘုရားရှင်၏ (၁၀၈) ကွက်သော စက်လက္ခဏာတော်ကို ဦးခိုက်ပူဇော်ထားခြင်း ဖြစ်၏။

ကျွန်ုပ်နှင့် ဘိုစိန်ကြီးသည် ဆရာတော်ဘုရားကြီးအားကန်တော့ပြီး ဆရာအရှင်အား ကန်တော့ကာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ အနောက်ဘက်နားရှိ ရုပ်ပွားတော်မြတ်ကြီး (၉) ဆူကိန်းဝပ်စံပယ်တော်မူရာ တန်ဆောင်းကြီးအတွင်းဝယ် နေရာယူလိုက်ကြပါသည်။

ထိုစဉ်က -

ကျွန်ုပ်မှတ်မိသလောက် ကျွန်ုပ် ဘိုစိန်ကြီးနှင့် ဆရာအရှင်၏တပည့်များဖြစ်သော ဦးနှစ်၊ ဦးကျော်ဆန်းလင်းတို့ ပါပါ၏။ ထိုတန်ဆောင်းကြီးထဲတွင် ဆရာဆန်းပါ နေရာယူထား၏။

(ဆရာဆန်း ဟူသည် ဆရာအရှင်၏တပည့်ရင်းဖြစ်ပြီး စိတ်စွမ်းအားအလွန်ကောင်းကာ လိုက်ကြည့်နေသလို ဒီးခေါက်ခန့်ပြောနိုင်စွမ်းသောသူ ဖြစ်သူ၏အစွမ်းသတ္တိများကို ဤဝတ္ထုတွင် တစ်နေရာတွင်ပြဆိုခဲ့ပြီးပါပြီ။)

ညနေစောင်းရောက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

(၁၀၈) ပွဲများ ပူဇော်ထားရာ မွန်ခရုံကြီး အတွင်းဝယ် အသက်သတ်လွတ် (၉) ရက် စားသုံးခြင်း၊ မြတ်စွာဘုရားရှင်အား (၁၀၈) ပွဲ၊ ဆီမီး၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီးတို့ဖြင့် (၉) ရက်တိုင်တိုင် ပူဇော်လျှုဒါန်းခြင်း။

(၉) ပါး သီလတော်ကို (၉) ရက်တိုင်တိုင် ဆောက်တည် ကျင့်သုံးခြင်း၊ နံနက်၊ ညပဌာန်းတော်၊ ပရိတ်တော်များ ရွတ်ဖွားပူဇော်ကြခြင်း၊ ဗုဒ္ဓါနုဿတိ ဘာဝနာပွားများခြင်း၊ အာနာပါနကမ္မဋ္ဌာန်းတရားအားထုတ်ခြင်း၊ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာပွားများခြင်း စသည်တို့ကို စတင်အဓိဋ္ဌာန်ပြု၍ (၉)ရက် အဓိဋ္ဌာန်ကြီးစတင်ပြီဖြစ်တော့၏။

တရားပွဲပါ ပါသည်ဖြစ်၍ ဆရာအရှင် တရားဟောချိန်တွင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ရင်ပြင်မှာ ထိုင်စရာပင်မရှိတော့လောက်အောင် ပြည့်လျှံနေလေတော့၏။

ည ..

အိပ်ခါနီးတွင် ကျွန်ုပ်တို့ခေတ္တထိုင်ရင်းစကားပြောနေကြသော ဘုရား(၉)ဆူ တန်ဆောင်းကြီးအတွင်းသို့ ဝတ်ဖြူစင်ကြယ်ဝတ် ဘကြီးတစ်ဦး ရောက်လာပါသည်။ ခေါင်းမှာလည်း ဝိတ်ဖြူပေါင်းထား၏။ အရပ်အမောင်းမှာ အတော်မြင့်မားပြီး ခပ်ပါးပါးလျားလျားပင်ဖြစ်၏။ မျက်နှာမှာရှည်သည်ဟုပြောရမည်ဖြစ်ပြီး နှုတ်ခမ်းမွေးများရှိ၏။ သူ၏မျက်လုံးမှာ တစ်ဖက်ကနိမ့်ခွက်သလိုလိုဖြစ်နေသော်လည်း မျက်လုံးနှစ်လုံးလုံးမှာ အရောင်များတလက်လက်ထွက်နေ၏။ ရုတ်တရက်ကြည့်လိုက်လျှင် မျက်နှာမှာအနည်းငယ်ရွဲ့နေသယောင်ရှိ၏။

ဘကြီးသည် အသက်(၆၀)ကျော် (၇၀)နီးပါးခန့်ရှိမည်ဖြစ်ပြီး မည်သူ့ကိုမျှ စကားမပြော။ ခေါင်းလေးတလှုပ်လှုပ်နှင့် ဖြစ်နေသောကြောင့် လေများထိထားလေသလားဟု မကြာခဏသတိထားကြည့်မိ၏။ သူ၏ညာဘက်လက်မှာလည်း လေထိထားသူသို့နှယ်တလှုပ်လှုပ်ဖြစ်နေပြန်၏။

သို့သော် -

ကျွန်ုပ် သေချာစွာကြည့်နေမိပါသည်။

လက်လှုပ်နေသည်မှာ ပုတီးစိပ်နေသလိုပုံမျိုးဖြစ်နေကြောင်းပုံပေါ်လာ၏။ လည်ပင်းတွင် ပုတီးအမည်းလုံးကြီး တစ်ကုံးကိုချိတ်ဆွဲထား၏။

ဘကြီး၏ပုံမှာ ပေကျဲလွန်းသော ကြောင့် ဝတ်ဖြူစင်ကြယ်သည်လည်း ညစ်ပတ်မည်းတစ်ကွက်ဖြူတစ်ကွက်ဖြစ်နေပြီး နှုတ်ခမ်းတွင် တွဲလောင်းမပြတ် ကျနေသောသွားရည်များကိုမကြာခဏ လက်နှင့်သုတ်ခြင်း၊ နှုပ်များမကြာခဏ ထွက်နေခြင်းတို့ကြောင့် ဘကြီးအနားမည်သူမျှမကပ်ကြပါ။

ဘကြီးသည် ဟိုဟိုဒီဒီကြည့်လိုက်ပြီး သူ့အား စိတ်ဝင်တစားကြည့်နေသောကျွန်ုပ်နှင့် အကြည့်ချင်းဆုံသွား၏။ ကျွန်ုပ်ကိုကြည့်နေသည်မှာ မှန်တောင်လုံးဝမခတ်။ ကျွန်ုပ်လည်း သူကိုကြည့်နေရင်း ရင်ထဲဝယ် အမျိုးအမည်မသိရသော ခံစားချက်တစ်ခုရောက်လာသောကြောင့် ထိုဘကြီးမှာ သာမန်ပုဂ္ဂိုလ်မဟုတ်တော့ကြောင်း ရိပ်မိလိုက်ပါသည်။

"အဘ - ဒီမှာလာအိပ်လေ"

ဘကြီး ကျွန်ုပ်ထံလျှောက်လာပြီး ထိုင်လိုက်၏။

"အဘ၊ ဒီမှာအိပ်ပါ"

ကျွန်ုပ်ကို စိုက်ကြည့်နေပြန်၏။ ဘာမှမပြော။ ကျွန်ုပ်သိလိုက်ပါသည်။ ငါဒီမှာအိပ်ရင် မင်းက ဘယ်နားသွားအိပ်မလဲဟူသော မေးခွန်းကို တိတ်ဆိတ်စွာ မေးနေဟန်ရှိ၏။

"ကျွန်တော်က အဘရဲ့ခြေရင်းဘက် ဒီထောင့်လေးမှာအိပ်မယ်"

ကျွန်ုပ်ကို ဆက်ကြည့်နေပြန်၏။

"ရတယ် အဘ၊ ကျွန်တော် အဲဒီမှာအိပ်မယ်။ အဘက ဒီမှာအိပ်။ ခေါင်းအုံးကတော့ ယောဂီအင်္ကျီ၊ ယောဂီပုဆိုးထည့်ထားတဲ့အိတ်လေးပဲရှိလို့ အဘအဲဒါလေးနဲ့အုံးအိပ်နော်"

ခေါင်းတစ်ချက်ညိတ်သွားသည်။ ကျွန်ုပ်ကိုစိုက်ကြည့်နေပြန်ပါသည်။ ဤတစ်ကြိမ်အကြည့်မှာ ထူးခြား၏။ သူကြည့်နေစဉ် ကျွန်ုပ်၏ရင်ထဲမှာ အလွန်အေးမြသော ခံစားမှုတစ်ခုဖြစ်လာလေရာ ပထမလန့်သွား၏။ အင်း - ငါ့ကို မေတ္တာပို့နေတာများလား။ ငါ့ဆီကို အအေးဓာတ်တွေရောက်လာလိုက်တာဟု စဉ်းစားရင်း အဘ၏ခြေရင်းထောင့် အုတ်နံရံဘေးတွင်ကပ်၍လဲလိုက်ပါတော့သည်။

သူငယ်ချင်းများကကြည့်နေကြ၏။ အဘနှင့် ကျွန်ုပ်စကားပြောလိုက်သည်ကိုပင် သူတို့သတိမထားမိကြ။ သူတို့သူငယ်ချင်းတွေ စကားဝိုင်းလေးကောင်းနေ၏။ နဝင်္ဂသီလများယူထားကြ၍ ဘာသာရေးအတွေ့အကြုံများသာများပါသည်။

အရဟံဗုဒ္ဓါရှမ္ဘက်ရင်း မေးခဲ့အိပ်မော်သွားလေရာ လှုပ်အနည်းငယ်ကြားမှန်းလာတော့သည်။ လေးနာရီထိုးတော့မည်ဖြစ်၏။

တန်ဆောင်းကြီးအဝတွင် လူမျိုးခြားအမျိုးသမီး (၃) ဦးတ မတ်တတ်ရပ်ပြီးစောင့်နေ၏။ အဘတ မှက်နှာသွားသစ်ပြီး ပြန်ဝင်လာ၏။ အိပ်သည့်နေရာသို့ရောတ်၍ တန်ဆောင်းကြီးအတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးများအား အဘဝတ်ပြုချိန်တွင် အဘ၏နောက်နားမှကပ်၍ အဘခြေထောက်နှင့် အဘပုခုံးအဖြူအနားအား ခေါင်းငြိတ်ထိတာ အဘကိုရိုခိုးနေကြ၏။ ရိုသေလိုက်ကြသည်မှာ ပြားပြားဝပ်။ ကျွန်ုပ်မြင်တောင် မမြင်ဘူးပါ။

မကြာပါ။ အဘသည် ကျွန်ုပ်အား ပြုံးယောင်သန်းသောမှက်နှာနှင့် တစ်ချက်စိုက်ကြည့်လိုက်ပြီး ထိုအမျိုးသမီး (၃) ဦးနောက်သို့ လိုက်သွားပါတော့သည်။

နဝင်္ဂသီလတော်ကို စောင့်ထိန်းထားပြီး ယောဂီဝတ်ထားသည်ဖြစ်၍ စကားပင်မပြောဖြစ်အောင် အဘတ်နိုင်ဆုံးထိန်းပြီး အရဟံဗုဒ္ဓါကိုသာ အချိန်ရတိုင်း ရွှမ္ဘက်နေလိုက်ပါသည်။ သူငယ်ချင်းများ စကားစမပြောလျှင် ကျွန်ုပ်က လုံးဝမပြော။ သူတို့ပြောလျှင်ပင် ခေါင်းညိတ်၊ခေါင်းခါလုပ်၍ဖြစ်သောကိစ္စဆိုပါက ခေါင်းညိတ်၊ခေါင်းခါနှင့်ပြီး၏။

ကျွန်ုပ်သည် ဦးဆုံး စတင်အဓိဋ္ဌာန်ဝင်သည့်နေ့မှစ၍ (၃)ရက်တိတိ သစ်သီးများသာစားပြီး တစ်ရက်ရက၊ နှစ်ရက်ရက ရေသောက်ကျင့်မည်ဟု စိတ်ပိုင်းဖြတ်လိုက်ပြီး ဘိုစိန်ကြီးကို ပြောပြလိုက်၏။ ဘိုစိန်ကြီးကလည်း ကျွန်ုပ်နှင့်တစ်ထပ်တည်းကျင့်မည်ဟု ပြောသောကြောင့် နှစ်ယောက်သား အဖော်ရသွားပါတော့သည်။

တရားနာချိန်သွားနာသည်၊ပဌာန်းရွတ်ပူဇော်ချိန်၊ ပရိတ်တော်များရွတ်ဖတ်ပူဇော်ချိန်တွင် သွားရောက်ပူဇော်သည်။ ကျန်သောအချိန်တွင် တန်ဆောင်းကြီးထဲတွင်သာပြန်လာ၍ အရဟံဗုဒ္ဓါမှတ်လိုက်၊ လဲလိုက်နှင့် အချိန်ကုန်စေတော့၏။

ညနေစောင်းတွင် အဘပြန်ရောက်လာပါသည်။ အဘဝတ်ထားသော ဝိတ်ဖြူစင်ကြယ်များမှာ လျော့ဖွပ်ပြီးသား ဖွေးဥနေ၏။ တန်ဆောင်းကြီး

www.burmeseclassic.com

ထဲဝင်လာသည်နှင့် ကျွန်ုပ်ကိုစိုက်ကြည့်လိုက်ပြီး ဘုရားဝတ်ပြုနေပါသည်။

မနက် (၄) နာရီလောက်ကလာခေါ်သွားသောသူ၏တပည့်များမှ အဝတ်အစားလဲပေးလိုက်ပုံရသည်။ အဘတောက်ပြောင်နေသောကြောင့် ကျွန်ုပ်မှာ ဝမ်းသာနေမိ၏။ ဘုရားဝတ်ပြုပြီး ကျွန်ုပ်နားလာထိုင်၍ ကျွန်ုပ်ကိုကြည့်ပြီး ပြုံးနေ၏။ ကျွန်ုပ်ကလည်း ပြန်ပြုံးပြပြီး စကားပြောရန်စဉ်းစားလိုက်ရာ -

'အင်း - သိပ်အကြောင်းကြီးငယ်မရှိဘဲ အာလာပသလ္လာပန္နတ်ဆက်ရုံလောက်ကတော့ ငါပါးစပ်က စကားတစ်ခွန်း အလကားထွက်သွားတာပဲ အဖတ်တင်မယ်'

ဟု စဉ်းစားလိုက်ပြီး နှုတ်ဆိတ်စွာနှင့် အရဟံဗုဒ္ဓါသာဆက်မှတ်နေလိုက်ပါသည်။ အဘလည်း သူ၏လည်ပင်းမှ ပုတီးကြိုးကိုချွတ်၍စိပ်နေတော့၏။

ညဘက် ဆရာအရှင်တရားဟောရာသို့ အဘသွားနာပါသည်။ ကျွန်ုပ်က မအိပ်သေး။ အဘအလာကိုစောင့်ရင်း တရားပွဲပြီးအထိ တရားသံကိုအာရုံပြုထားလိုက်၏။ တရားပွဲပြီး၍ အဘပြန်လာပြီးအိပ်မှ ကျွန်ုပ်လည်း အိပ်ဖြစ်တော့၏။

မနက် (၄) နာရီဒေါင်ဆိုသည်နှင့် လူမျိုးခြားအမျိုးသမီး . (၃) ယောက်ရောက်လာပြန်ပါသည်။ အဘကလည်း ကျွန်ုပ်ကိုပြုံးပြန္နတ်ဆက်ရင်း လိုက်သွား၏။

ထိုနေ့မနက်က -

ကလေးများ ရုတ်ရုတ်သဲသဲအသံကြောင့် နားစွင့်နေလိုက်ရာ တန်ဆောင်းကြီးအတွင်းသို့ အတော့်ကိုဝလွန်းသော ဦးကြီးတစ်ယောက် ဝင်လာ၏။ ဘယ်ဘက်လက်ထဲတွင် အရင်း၌ ဘုအကြီးကြီးပါသော ဝါးတောင်ဝှေးကြီးနှင့်။

"ဘသူတော်ကြီး၊ ဘယ်နှနာရီထိုးပလဲ"

ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးကိုထိုင်ချလိုက်ပြီး တောင်ဝှေးကြီးကိုလက်နှင့်ထွာနေ၏။

"အေး - (၉)နာရီခွဲဖို့ (၁၀)မိနစ်"

ကလေးများက -

"ဟုတ်ကဲ့ - ဘသူတော်ကြီး"

ဟု အော်ဟစ်ရယ်မောနေကြပြန်၏။ ဘသူတော်ဟုဆိုသူမှာ စွပ်ကျယ်အကြီးကြီးကဲ့သို့ အလွန်ပါးလွှာသော ခရီးဝတ်ထား၏။ပလေကတ်အကွက်ဆိုးကြီးနှင့်။

ကျွန်ုပ်သည် -

ပထမ အမှုမဲ့အမှတ်မဲ့နေနေရာမှ တန်ဆောင်းကြီးအတွင်းမှာ နာရီလုံးဝ မရှိကြောင်း သတိထားလိုက်မိချိန်တွင် ဘသူတော်ကြီးဆီ မျက်လုံးများပြန်ရောက်သွား၏။ ဘသူတော်ကြီးထိုင်နေရာအနီးတွင်လည်း ဆရာဆန်းတို့သာရှိပြီး နာရီပတ်မထားကြ။ ဘသူတော်ကြီးမှာ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးနှင့် ပုဆစ်တုပ်ရအောင်ထိုင်၍ ဘုရားဝတ်ပြုနေ၏။ အတော်ကြာသည်။

ဘုရားဝတ်ပြုပြီး၍ပြန်အလှည့် -

"ဘဘကြီး၊ ဘယ်နှနာရီရှိပလဲ"

တောင်ဝှေးကြီးကို ကောက်ယူ၍ ထွာလိုက်၊ လက်နှစ်လုံးခန့်တိုင်းလိုက်နှင့် လုပ်နေပြီးမှ -

"အင်း - (၁၀)နာရီ၊ (၁၀)မိနစ်"

ယောဂီအကျီ၊ လုံချည်များထည့်ထားသောအိတ်ကို အသာဖွင့်၍ နာရီကိုယူကြည့်လိုက်ရာ -

"ဟာ"

ကွက်တိဖြစ်နေ၏။ (၁၀) နာရီ၊ (၁၀) မိနစ် မိနစ်မျှပင်မပွန်း။ ကလေးများကလည်း မေ့လောက်ရှိလျှင် လာလာမေးနေကြ၏။ ဤသည်ကိုကြည့်လျှင် ဘသူတော်ကြီး နာရီပြောနိုင်မှန်း ဤကလေးတွေ သိထားကြပုံပေါ်၏။ ဘသူတော်ကြီးကလည်း ကလေးများမေးသည်ဟု ခပ်ပေါ့ပေါ့မလုပ်။ သေချာထွာလိုက် လက်တစ်ဆစ်၊ နှစ်ဆစ်၊ လက်နှစ်လုံး သေချာတိုင်းပြီးမှဖြေ၏။

ကျွန်ုပ်မှာ အံ့သြလွန်း၍ ပါးစပ်မှ ဟာခနဲပင်ဖြစ်သွားပါသည်။

"ဘသူတော်ကြီး၊ ဟိုဘက်မှာ ထမင်းသွားစားချေလေ"

လူငယ်တစ်ယောက်က လှမ်းပြောသော်လည်း ပြုံး၍ခေါင်းလေးတစ်ချက်ညိတ်ပြပြီး ငါပြီးခဲ့ပြီဟူ၍သာပြော၏။ နောက်တစ်ယောက်ကလာပြောပြန်လျှင်လည်း ငါပြီးခဲ့ပြီဟု တစ်ခွန်းသာပြော၏။

မွန်းလွဲချိန်ရောက်သည်ထိ ဘသူတော်ကြီး ဤအတိုင်းထိုင်နေပါသည်။ ဘာစကားမှမပြော။ တစ်ချီတစ်ချီ နာရီလာလာမေးကြသည်မှာ ကလေးများသာမက လူကြီးများပါ နှစ်ဦး၊ သုံးဦးပါ၏။ တစ်ဦးဆို ဘသူတော်ကြီး၏ တောင်ဝှေးနာရီနှင့် သူလက်ပတ်နာရီကိုတိုက်သွား၏။ အတော်ယုံကြသည်ကိုမြင်ရသောအခါ ကျွန်ုပ်မနေနိုင်တော့။ ဘသူတော်ကိုသာ ထိုင်ကြည့်နေမိ၏။

"ဘသူတော်ကြီး ခဏနော်၊ ကိုင်ခွင့်ရှိလား"

"အေး၊ အေး - ကိုင်ပါ။ ဘာပြုတုံး ကိုင်တာ၊ ကိုင်ကြည့်"

သူ၏ဝါးတောင်ဝှေးကြီးကို ကျွန်ုပ်သေချာကိုင်ကြည့်၏။ ဖင်တစ်ပြန်ခေါင်းတစ်ပြန်ကြည့်ရာ ဘာမှလဲမထူးခြား၊ ဘာမှလဲမတွေ့။ ရိုးရိုးတောင်ဝှေးသာဖြစ်၏။ တောင်ဝှေးကိုင်ထားစဉ် -

"ဘကြီး၊ ဒီမှာ နာရီနောက်ကျတယ်၊ မြန်တယ်ငြင်းနေလို့ နာရီလေးလုပ်ပါဦး"

အမျိုးသမီးနှစ်ယောက်ဖြစ်သည်။ ကျွန်ုပ်လည်း လက်ထဲမှာကိုင်ထားသော တောင်ဝှေးကြီးကို ကြောင်တောင်တောင်နှင့်ကြည့်နေပြီး ဘသူတော်ကြီး လက်ထဲထဲည့်လိုက်၏။ ထုံးစံအတိုင်း ထွာလိုက်၊ လက်နှစ်လုံးတိုင်းလိုက်လုပ်လိုက်ပြီး -

"အမယ် - တစ်နာရီခွဲပြီးပြီ၊ ရှစ်မိနစ်တောင်ကျော်နေပြီ"

ထိုအမျိုးသမီးနှစ်ယောက်က ဟုတ်ကဲ့ဟုဆိုပြီး သူတို့အချင်းချင်း -

"တွေ့လား နင့်နာရီကနောက်ကျနေတာ၊ ငါ့နာရီကွက်တိပဲ။ ဘကြီးပြောတာနဲ့ အတူတူပဲ"

ဟု ဆိုကာ သူတို့အချင်းချင်း လက်မှနာရီများကိုကြည့်ကာ ထွက်သွားကြတော့၏။ ဘသူတော်ကြီးကို ကျေးဇူးတင်စကားပင်ပြောမသွား။ထိုအကြောင်းကို မကျေမနပ်နှင့် ကျွန်ုပ်တွေးနေမိပါသည်။

"နဝဂ်သီလယူထားလား"

"ဟာ"

"ဩော် - (၉)ပါးသီလစောင့်ထားလားလို့"

"ဟုတ်ကဲ့ - ဘသူတော်"

"အင်း၊ အင်း - ကောင်းတယ်၊ ကောင်းတယ်။ လုပ်နိုင်တဲ့အချိန်လေးတွေမှာရအောင်လုပ်၊ လုပ်နိုင်တဲ့အချိန်မဟုတ်လည်းရအောင်လုပ်၊ သူတော်ကောင်းအကျင့်ကျင့်ပြီး သူတော်ကောင်းစိတ်ကလေးနဲ့ မွေ့မျော်နေတော့ ကောင်းတာပေါ့။ ကောင်းတာပေါ့!"

အံ့သြသွားလွန်း၍ ဘသူတော်ကြီး၏မျက်နှာကို ဆတ်ခနဲလှမ်းကြည့်လိုက်လေရာ -

(ရွှေ့လဆက်ရန်)

ဆရာဦးမောင်မောင်ခန်း
(ရင်ကိုအေးမြစေသူး)

www.burmeseclassic.com

www.burmeseclassic.com

အတွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခဲးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရယ်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

ခရစ်ရက်	မြန်မာရက်	နေ့	နက္ခတ်	နက္ခတ်ပြောင်းချိန်	နက္ခတ်အမျိုးအစား
၁	တန်ဆောင်မုန်းလဆုတ်	ဥဂါ	၈	ဝဂ်းဥဒ်းဌဌ	* သိဒ္ဓိ
			၉		□ ဝရ
၂	၆	ဥဟူး	၉	ဝဠ်းဝဝ်းဝဝ	△ ကာဏ
			၁၀		* အမြိတ္တ
၃	၇	ဥတေး	၁၀	ဝတ်းဥဌ်းဒဥ	□ ဝရ
			၁၁		△ ဥပါဒ်
၄	၈	ဗြကြော	၁၁	ဝဒ်းဝဥ်းဂ၇	* အမြိတ္တ
			၁၂		* လာဘ
၅	၉	စနေ	၁၂	ဝတ်းဥဌ်းဂ၁	△ မိတ္တူ
			၁၃		△ ကာဏ
၆	၁၀	၁နွေ	၁၃	ဝဈးဝဠ်းဂဝ	* လာဘ
			၁၄		* သိဒ္ဓိ
၇	၁၁	၂လ်ာ	၁၄	၂တ်းဝတ်းဒဥ	△ မိတ္တူ
			၁၅		△ ကာဏ
၈	၁၂	ဥဂါ	၁၅	၂ဥ်းဝဖ်းဌဝ	* သိဒ္ဓိ
			၁၆		□ ဝရ
၉	၁၃	ဥဟူး	၁၆	မပြောင်း	△ ကာဏ
၁၀	၁၄	ဥတေး	၁၆	ဝတ်းဥဝ်း၂၆	△ သိဒ္ဓိ
			၁၇		□ ဝရ
၁၁	●	ဗြကြော	၁၇	ဝ၂်းဒဝ်းဥဥ	△ ကာဏ
			၁၈		* အမြိတ္တ
၁၂	နတ်တော်လဆန်း	စနေ	၁၈	ဝဌ်းဒဌ်းဌဝ	□ ဝရ
			၁၉		△ ဥပါဒ်
၁၃	၂	၁နွေ	၁၉	ဝဌ်းဝဝ်းဝဥ	* အမြိတ္တ
			၂၀	၂၂-၂၂-၂၂-၂၂	* လာဘ
			×		* သိဒ္ဓိ
၁၄	၃	၂လ်ာ	×	ဝတ်းဝဒ်းဌ၆	△ မိတ္တူ
			၂၁		△ ကာဏ
၁၅	၄	ဥဂါ	၂၁	ဝဒ်းဥ၂်းဝဥ	* သိဒ္ဓိ
			၂၂		□ ဝရ
၁၆	၅	ဥဟူး	၂၂	ဝဒ်းဝ၂်းဥဥ	△ ကာဏ
			၂၃		* အမြိတ္တ

ခရစ်ရက်	မြန်မာရက်	နေ့	နက္ခတ်	နက္ခတ်ပြောင်းချိန်	နက္ခတ်အမျိုးအစား
၁၇	၆	ဥတေး	၂၃	ဝတ်းဥဝ်း၁၇	□ ဝရ
			၂၄		△ ဥပါဒ်
၁၈	၇	ဗြကြော	၂၄	ဝတ်းဥဥ်းဝဝ	* အမြိတ္တ
			၂၅	၂၃်းဒဥ်းဝဝ	* လာဘ
			၂၆		* သိဒ္ဓိ
၁၉	၈	စနေ	၂၆	၂၁်းဥဥ်းဥဥ	△ မိတ္တူ
			၂၇		△ ကာဏ
၂၀	၉	၁နွေ	၂၇	၁၉်းဥ၂်းဝ၀	* သိဒ္ဓိ
			၁		□ ဝရ
၂၁	၁၀	၂လ်ာ	၁	၁၈်း၂၂်းဝ၀	△ ကာဏ
			၂		* အမြိတ္တ
၂၂	၁၁	ဥဂါ	၂	၁၆်းဥ၂်းဝ၀	□ ဝရ
			၃		△ ဥပါဒ်
၂၃	၁၂	ဥဟူး	၃	၁၅်းဝဥ်းဝ၉	* အမြိတ္တ
			၄		* လာဘ
၂၄	၁၃	ဥတေး	၄	၁၄်းဥ၄်းဝဥ	△ ဥပါဒ်
			၅		△ မိတ္တူ
၂၅	၁၄	ဗြကြော	၅	၁၃်းဝ၉်း၀၅	* လာဘ
			၆		* သိဒ္ဓိ
၂၆	○	စနေ	၆	၁၃်းဝဝ်းဝဝ	△ မိတ္တူ
			၇		△ ကာဏ
၂၇	နတ်တော်လဆုတ်	၁နွေ	၇	၁၃်းဝ၁်း၁၄	* သိဒ္ဓိ
			၈		□ ဝရ
၂၈	၂	၂လ်ာ	၈	၁၄်း၅၃်း၄၈	△ ကာဏ
			၉		* အမြိတ္တ
၂၉	၃	ဥဂါ	၉	၁၆်း၁၇်းဝ၉	□ ဝရ
			၁၀		△ ဥပါဒ်
၃၀	၄	ဥဟူး	၁၀	၁၈်းဝဝ်းဝဝ	* အမြိတ္တ
			၁၁		* လာဘ
၃၁	၅	ဥတေး	၁၁	၂၂်းဒ၂်းဥဥ	△ ဥပါဒ်
			၁၂		△ မိတ္တူ

၂၀-နက္ခတ် - ၄၅ ယူဇဉ်
×-နက္ခတ် - ၃၀ ယူဇဉ် ဖြင့် တွက်သည်
၂၁-နက္ခတ် - ၄၅ ယူဇဉ်

* - အဝင်နက္ခတ် ○ - လပြည့်နေ့
□ - ခပါဒ်နက္ခတ် ● - လကွယ်နေ့
△ - အထွက်နက္ခတ်

၂၅-၁၂-၂၀၁၅ သောကြာနေ့ ည ၁၈း၁၁း၃၇ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောလှိုင် (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇော်

အစာအဆိပ်သင့်သည့်ဘေးမှ ကာကွယ်တားဆီးသော သစ္စာတိုင်ဂါထာ

လွန်ခဲ့သော အနှစ် (၄၀) ခန့် ၁၉၆၇ ခုနှစ်အတွင်းက ကျွန်တော်သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ကုန်သွယ်ရေးဦးစီးမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ တာဝန်အရ ထိုစဉ်က မြို့နယ်အတွင်းရှိ ကုန်သွယ်ရေးလက်ကားဆိုင်ခွဲများသို့ မကြာခဏ လုပ်ငန်းစစ်ဆေးရေးတာဝန်ဖြင့် သွားရောက်လေ့ရှိပါသည်။

အလည်ကျ ဝင်ရောက်စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်စဉ် ထိုအချိန်၌ ကျောင်းတော်ရာဘုရားကြီးတည်ရှိနေသောအရပ်တွင် ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးလက်ကားဆိုင်ခွဲသို့ အဖွဲ့နှင့် စစ်ဆေးမှုပြုလုပ်ကြသည်။ စစ်ဆေးရေးလုပ်ငန်းများပြီးဆုံး၍ ပတ်ဝန်းကျင်ဒေသများသို့ လေ့လာရေးခရီးသွားရောက်ကြရာ ကျောင်းတော်ရာဘုရားပုရဝဏ်ကြီး၏ အနောက်မြောက်ဘက် (၂) ဖာလုံခန့်အကွာတွင် နေအိမ်အချို့နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတည်ရှိပြီး ကျောင်းမှာ နှစ်ထပ်ပျဉ်ထောင်ဖြစ်သော်လည်း အောက်ထပ်တွင် ဟာလာဟင်းလင်းဖြစ်နေပြီး အပေါ်ထပ်တွင် ကျောင်းထိုင်ဆရာတော် သီတင်းသုံးနေထိုင်သည်ကို ဖူးမြော်ကြည်ညိုကြပါသည်။

ထူးခြားသည်မှာ ဆရာတော်သည် လုံးဝမျက်စိကွယ်နေသော်လည်း ဩဝါဒစကားပြောဆိုဆုံးမနေသည်များမှာ မျက်စိကွယ်နေသည်ဟု ထင်မှတ်စရာအကြောင်းမရှိပေ။

ဆရာတော်၏ ထူးကဲသော အမူအရာများကို ရင်နှီးမှုရှိလာမည့် အလျောက် တဖြည်းဖြည်းသိခွင့်ရလာပါတော့သည်။ မိမိတို့မှ ဆရာတော်ထံ ကြိုတင်အကြောင်းမကြားဘဲရောက်ရှိသွားလျှင် ကျောင်းခြံပေါက်ဂိတ်ဝတွင် ကိုရင်ကျောင်းသားလေးများက စောင့်ကြိုနေတတ်ကြပါသည်။ မျက်စိကွယ်နေသောဆရာတော်ကြီးက မိမိတို့အဖွဲ့လာမည်၊ သွားစောင့်ကြိုနှင့်ကြဟု အမိန့်ရှိသဖြင့် လာရောက် စောင့်ဆိုင်းနေကြကြောင်း ပြောပြကြပါသည်။

ဆရာတော်ကိုယ်တိုင်ကလည်း လုံးဝမျက်စိကွယ်နေပြီး အပေါ်ထပ်ကျောင်းဆောင်ပေါ်တွင် သီတင်းသုံးနေရင်းက မိမိတို့အဖွဲ့လာမည်ဟုလည်း ကြိုတင်အသိပေးအကြောင်းကြားထားခြင်း မရှိပါဘဲလျက် ကျောင်းဝင်ရေးရောက်သွားသည်နှင့် အချိန်ကိုက် မိမိတို့အဖွဲ့အား စောင့်ကြိုခိုင်းနေနိုင်ခြင်းမှာ ဝေဖန်၍မရသော ဆရာတော်ကြီး၏အကြားအမြင်အားအင်ပင်ဖြစ်ပါလိမ့်မည်ဟုသာ မှတ်ချက်ချမိပါတော့သည်။

တစ်နေ့ ဆရာတော်ဘုရားထံ ရောက်ရှိခိုက် မမျှော်လင့်သောစကားကို ဆရာတော်ကြီးမှ မိန့်ကြားလာပါသည်။ ဆရာတော် မိန့်ကြားသည့် အကြောင်းအရာမှာ အစာအဆိပ်သင့်သည့်ဘေးမှ ကာကွယ်တားဆီးသော သစ္စာတိုင်ဂါထာအကြောင်းဖြစ်ပါသည်။

ဆရာတော်မှ မိန့်ကြားသည်မှာ မိမိတို့သည် အစိုးရဝန်ထမ်းများဖြစ်သည့် အလျောက် နိုင်ငံအနှံ့အပြားသို့ သွားရောက် အမှုထမ်းနေကြသူများ ဖြစ်ကြောင်း၊ တိုင်းနှင့်ပြည်နယ်များရှိ လူမျိုးစုအသီးသီးတို့နှင့်လည်း ဆက်သွယ်ဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် မိမိတို့စားသောက်ရေးကိစ္စတွင် မည်သည့်ဒေသ၊ တိုင်း၊ ပြည်နယ်များသို့ ရောက်သည်ဖြစ်စေ အထက်ဖော်ပြပါ သစ္စာတိုင်ဂါထာကို အစာမသုံးဆောင်မီရွတ်ဖတ်ထားလျှင် မည်သည့်အစားအစာတွင်မဆို ပါရှိထည့်သွင်းချက်ပြုတ်ထားသော အဆိပ်သင့်အစာကို ဝါးမျိုမိသည်ဖြစ်စေ လုံးဝအန္တရာယ်မဖြစ်စေကြောင်း သတိပေးစကားပါ မိန့်ကြားပါသည်။

ထို့ပြင် ထိရောက်မှုရှိသော ကြိုတင်ကာကွယ်မှုပြုရာ၌ လူတို့၏အားနည်းချက်အကြောင်းပါ တစ်ဆက်တည်း အမိန့်ရှိပါသည်။ သစ္စာတိုင်ဂါထာကို အစားအစာမသုံးဆောင်၊ မစားမျိုမီခင်မှာ ရွတ်ဖတ်ထားမိဖို့က လွန်စွာ အရေးကြီးကြောင်း၊ မိမိဝမ်းအတွင်းသို့ အဆိပ်သင့်အစာ (ဥပမာ - ရှိခဲ့လျှင်) ရောက်ရှိသွားပြီးမှ သစ္စာတိုင်ဂါထာကိုရွတ်ဖတ်လျှင် ထိရောက်မှုအားနည်းသွားနိုင်ကြောင်း သတိပေးစကားပြောကြားပါသည်။ လူတို့တွင်ဖြစ်တတ်သော သဘောတစ်ခုမှာ ဆာလောင်မွတ်သိပ်ခြင်းသည် သစ္စာတိုင်ဂါထာကို မေ့လျော့စေတတ်သည်ကို အထူးဂရုပြုကြစေလိုကြောင်းဖြင့် စိတ်ရှည်လက်ရှည် စေတနာပါပါနှင့် အမိန့်ရှိပါသည်။

စာရေးသူအနေဖြင့် ၎င်းဂါထာ ရရှိသည့်အချိန်မှစ၍ ယခုထက်တိုင် လိုက်နာကျင့်သုံး ရွတ်ဖတ်သရဇ္ဈာယ်မှု၏ အကျိုးကျေးဇူးကို ခံစားနေရပါကြောင်း ဖော်ပြလိုပါသည်။

စာရေးသူ၏ ပတ်ဝန်းကျင်ရှိ အပေါင်းအသင်းများသို့လည်း အထက်ပါ သစ္စာတိုင်ဂါထာကို လက်ဆင့်ကမ်း၍ ကျေးဇူးပြုခဲ့ဖူးသည်မှာ အကြိမ်မနည်းတော့ပါ။ စာရေးသူ၏ အမှုထမ်းလုပ်သက် (၄၀) ကျော်အတွင်း ပြည်တွင်း၊ ပြည်ပခရီးစဉ်များတွင် အစာကြောင့် မည်သည့်အခါမှ ဒုက္ခတွေ့ကြုံခဲ့ရခြင်း မရှိခဲ့ပါ။

သစ္စာတိုင်ဂါထာ၏ အနှစ်သာရ အဓိပ္ပာယ်တို့ ပေါ်လွင်စွာ ဖော်ကျူးထားသော အစာအဆိပ်သင့်သည့်ဘေးမှ ကာကွယ် တားဆီးသော သစ္စာတိုင်ဂါထာမှာ -

- ဇမ္ဗူမြေပြင်
  မြင်မြင်သမျှ
  ပင်ရက္ခာနှင့်
  များစွာတစ်စိ
  ရှိရှိဘမ္မာ
  အကျွန်ုပ်လက်နှင့်
  ကိုင်ထိမိက
  ဆေးအတိုသာ
  မလွဲဧကန်
  အမှန်မုချ
  ဖြစ်ပါစေ။

သစ္စာတိုင်ဂါထာကို ချီးမြှင့်ပေးတော်မူခဲ့သည့် အထက်ဖော်ပြပါ မျက်စိကွယ်နေသော ဆရာတော်ကြီး (ယခု ပျံလွန်တော်မူပြီး) ၏ ဂုဏ်ကျေးဇူးကို တမ်းတအောက်မေ့လျက် ဤဆောင်းပါးကို ဖတ်ရှုမိသော သူတော်စင် စာဖတ်ပရိသတ်တို့သည်လည်း ယုံကြည်စွာဖြင့် ဆက်လက် ရွတ်ဖတ်နိုင်ကြပြီး အစာအဆိပ်သင့်သည့်ဘေးမှ ကင်းဝေးကြပါစေဟု ဆန္ဒမွန်ဖြင့် ဖော်ပြရေးသားလိုက်ရပါသည်။

သွားသတိ၊ လာသတိ
စားသတိအမြဲကျင့်ပါ

ဦးမင်းဇော်

www.burmeseclassic.com

www.burmeseclassic.com

ဖြည့်ပြန်မောင်၏ ၂၀၁၅ ခုနှစ်၊ ဇနဝါဆိပြောင်း

မန္တဇိန်းဇာတာပေးကိုန်း

(၁၆-၀၂-၂၀၁၅) မှ (၁၃-၀၂-၂၀၁၆) အထိခေတ်







သယာနဇာတာခွင်







နိယာနဇာတာခွင်

၁၆-၁၂-၂၀၁၅ နေ့၊ နေ့လယ် ၁၅း ၂၈း ၁၈ နာရီအချိန်တွင် ဒေရာသီ ရာသီသို့ တနင်္ဂနွေပြိုဟ်ဝင်ရောက်ချိန်၌ ဥဒယလင်္ဂသည် သာယနဇာတာခွင်၌ ပြိဿရာသီ (၂၄) ဒီဂရီ၊ (၁၇) မိနစ်တွင်လည်းကောင်း၊ နိယာနဇာတာခွင်၌ ပြိဿရာသီ (၀) ဒီဂရီ (၁၉) မိနစ်တွင်လည်းကောင်း ထွက်ပေါ်သည်ကို ထူးထူးခြားခြားတွေ့ရှိရသည်။ ဤသည်ကို ၂၀၁၅ ခုနှစ်၊ ဒေရာသီ စူဠသင်္ကြန် ဇာတာခွင်ပင် ဖြစ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ကြာသပတေးပြိုဟ်နှင့် ရာဟုပြိုဟ်သည် (၄) ဒီဂရီအတွင်း ပူးယှဉ်လျက် ဗုဒ္ဓဟူးပြိုဟ်နှင့် ပလူတိုပြိုဟ်တို့သည် (၅) ဒီဂရီအတွင်း ပူးယှဉ်သည်။ ထို့ပြင် ယူရေးနပ်ပြိုဟ်နှင့် အင်္ဂါပြိုဟ်တို့သည် (၁၈၀)ဒီဂရီ ဝိသမအမြင်မြင်ထားပြီးလျှင် ကြာသပတေးပြိုဟ်သည် တနင်္ဂနွေပြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ကြာသပတေးပြိုဟ်သည် ပလူတိုပြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ အင်္ဂါပြိုဟ်သည် ပလူတိုပြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ သောကြာပြိုဟ်သည် ပလူတိုပြိုဟ်ကို (၆၀) ဒီဂရီအမြင်၊ စနေပြိုဟ်သည် နက်ပကျွန်းပြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ပလူတိုပြိုဟ်က နက်ပကျွန်းပြိုဟ်ကို (၆၀) ဒီဂရီအမြင်၊ ပလူတိုပြိုဟ်က ယူရေးနပ်(စ်)ပြိုဟ်ကို (၉၀) ဒီဂရီအမြင်တို့ မြင်ထား ကြသည်ကို တွေ့ရှိရသည်။

အားလုံးကိုခြုံ၍ လိုရင်းကိုကောက်ချက်ဆင်ရလျှင် လက်ရှိဖြစ်ပေါ် နေသောတိုင်းရေးပြည်ရေး အခြေအနေသည် ကောင်းကားကောင်း၏၊ မမွန်ဆိုသလို ဖြစ်နေမည်။ ထို့ကြောင့် ပြည်သူလူထုတို့ကျေနပ်ရောင့်ရဲမှုသိပ်ရနိုင်မည်မဟုတ်။ အခြေခံလူတန်းစားနှင့် အလုပ်သမား၊ လယ်သမားတို့၏လှုပ်ရှား၊ နေထိုင်ရေး၊ စီးပွားရေး၊ ကျန်းမာရေးအတွက် မကျေနပ်မှုတို့ကို ထုတ်ဖော်ပြသကြပါလိမ့်မည်။

အစိုးရထဲ၊ လွှတ်တော်ထဲ၌ သဘောထားခြင်းမတိုင်ဆိုင်မှု၊ အကွဲအပြဲဖြစ်မှု၊ ထိုးနှက်တိုက်ခိုက်မှု၊ ပုဂ္ဂိုလ်ရေးထိပါးမှု၊ ဖိအားပေးခံရမှု၊ ဂုဏ်သတင်းညိုးနွမ်းစေမှုများကိုဖြစ်စေလိမ့်မည်။

တရားစီရင်ရေး၊ ဥပဒေအရေး၊ ဘာသာရေးလက်နက်ကိုင်ပဋိပက္ခမြေပြင်မ်းစသည်တို့၌ လိုရာမရောက် တဝဲလည်လည်ရှိနေမည်။ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်အရေးတို့၌ ပြေပြစ်သလိုလိုနှင့် ဖိအားပေးခံရမှု၊ ထိုးနှက်တိုက်ခိုက်ခံရမှုများရှိမည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ တိုးတက်မှု၊ ထောက်ခံမှုရသလို တစ်ဖက်၌လည်း ဝေဖန်ရှုတ်ချခံရမှု၊ ထိန်းမနိုင်သိမ်းမရဖြစ်မှု၊ ဖောက်ပြန်မှုများကို တွေ့ရှိလာရမည်။

ပညာရေးဆိုင်ရာ၊ ဖြေဖျောရေးဆိုင်ရာ၊ အပျော်အပါးဆိုင်ရာတို့၌ မတော်တဖြစ်ပွားမှုများ၊ ထိပ်တိုက်တွေ့ဆုံမှုများ၊ ပြဿနာအရှုပ်အရှင်းများ (၀၆) ဘေးအန္တရာယ်ကြုံကြိုက်များ ဖြစ်ပေါ်တတ်မည်။ ကလေးသူငယ်ဆိုင်ရာ လူငယ်ဆိုရာတို့၌ အငြင်းပွားရမှု၊ ထိခိုက်မှုများရှိမည်။

မီဒီယာလောက၊ စာနယ်ဇင်းလောကဘွဲ့ ဖိအားပေးခံရမှု၊ ထိုးနှက်တိုက်ခိုက်ခံရမှုများရှိမည်။ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး၌ ပြေပြစ်နေသလိုလိုနှင့် အဖုအထစ်တွေ့တတ်မည်။

လယ်ယာမြေ၊ သစ်တောမြေ၊ သတ္တုတွင်းမြေ၊ အိမ်ယာမြေနှင့် နှီးနွယ်လျက် ငြင်းခုံရမှုများရှိနေဦးမည်။

ရာသီဥတုပုံမှန် မဟုတ်သေး။ အခါမဟုတ် မိုးရွာတတ်မည်။ လေနီကြမ်း၊ လေဆင်နှာမောင်းပေါ် ထွက်မည်။ ရေကြီးတတ်မည်။ မြေပြိုတတ်မည်။

မင်းခိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

သပိတ်ကျင်း-ကျောက်ထွန်း

ငါးမိုင်ချောင်းက ပတ္တမြား

အထူးထုတ်

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပါသည်။ ငယ်စဉ်က ပထဝီဝင်ဘာသာရပ်၌ သင်ကြားခဲ့ရသော ဧရာဝတီမြစ်၏ တတိယမြစ်ကျင်းသည် သပိတ်ကျင်းမြို့အနီးတွင်ရှိသလို ရာဇဝင်တွင်ထင်ရှားသည့် အညာသီဟတောဘုရားသည်လည်း သပိတ်ကျင်းမြို့၏ အောက်နားတွင်ပင်ရှိပါသည်။

သပိတ်ကျင်းမြို့နယ်တစ်ခုလုံးလိုလိုပင် တောတောင်လျှိုမြောင်များဖြင့် ဖွဲ့စည်းထားသည်ဟု ဆိုနိုင်လောက်အောင်ပင် တောတောင်လျှိုမြောင်တို့ဖြင့် ပြည့်နှက်နေပါသည်။ ဤသို့ပြည့်လျက်ရှိသော တောတောင်လျှိုမြောင်တို့ကြောင့်ပင် အဖိုးထိုက်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ရင်းမာ၊ သစ်ရာ၊ ပိတောက်စသော သစ်တောရတနာများနှင့် မြေအောက်တွင်လည်း အဖိုးထိုက်သယ်ဇာတများဖြစ်သည့် ပတ္တမြား၊ နီလာ၊ ဥဒေါင်း၊ မဟူရာ စသော ကျောက်မျက်ရတနာများ၊ ရွှေတွင်းများ၊ ဂရုပ်ဖိုက်သတ္တုတို့အထိ၊ ဖော့စဖိတ်ပါမကျန် အောင်ထွက်သော ရတနာနယ်မြေ ဖြစ်၏။

ဂရုပ်ဖိုက်သယ်ဇာတသည် အဖိုးများစွာ ထိုက်တန်သည်ဆိုသော စိန်နှင့် အမျိုးရင်းပင် ဖြစ်၏။ ကာဗွန်စစ်စစ်ဖြစ်၏။ အခြားဓာတ်ပစ္စည်းများရောနှော ပေါင်းစပ်ပါဝင်ခြင်းမရှိသောဖြာပ်စင်သက်သက်ဖြစ်၏။ စိန်သည် ပစ္စည်းများတွင် အမာဆုံးဖြစ်၍ ကြည်လင်တောက်ပမှုလည်းရှိ၏။ ဂရုပ်ဖိုက်က ပျော့၍ မည်းနက်သောအရောင် ဖြစ်၏။ ဂရုပ်ဖိုက်သည် စိန်လောက်တန်ဖိုးမရှိသော်လည်း အသုံးဝင်မှုတွင် စိန်ထက်များသည်။ ဂရုပ်ဖိုက်ဆိုသောအမည်သည် ဂရိဘာသာစကားမှ ဆင်းသက်လာသော စကားဖြစ်၍ 'ရေးရန်' ဟု အဓိပ္ပာယ်ရသည်။ ဂရုပ်ဖိုက်ကို စာရေးရန် ခဲတံသာမက စက်များ၏ ဘောဗယ်ရာရင်တွင်ထည့်သော ချောဆီ၊ လျှပ်စစ်ဓာတ်ဘက်ဆိုင်ရာပစ္စည်းများ၊ အပူကောင်းစွာခံနိုင်သော လုံ၊ ရိတော့ပေါင်းအိုး၊ ခြယ်ဆေးများ၊ အရောင်တင်ဆေးများပြုလုပ်ရာတွင် ဂရုပ်ဖိုက်ကိုများစွာ အသုံးပြုရပါသည်။

ထိုဂရုပ်ဖိုက်သယ်ဇာတကို သပိတ်ကျင်းတွင်ထွက်သောကြောင့် ကျွန်တော်တို့သပိတ်ကျင်းမြို့နယ်သည် မြေပေါ်၊ မြေအောက် သယ်ဇာတရတနာများပေါများကြွယ်ဝသောမြို့နယ်ဟု ဂုဏ်ယူဝင့်ဝါဆိုနိုင်ပါသည်။

သပိတ်ကျင်းမြို့မှ မိုးကုတ်သို့ဆက်သွယ် ဖောက်လုပ်ထားသည့် မော်တော်ကားလမ်းတစ်လျှောက်တွင် လေးမိုင်ရွာ၊ မြောက်မိုင်ရွာ၊ ခုနှစ်မိုင်ရွာနှင့် ဝါးဖြူတောင်ရွာများတည်ရှိပါသည်။ သပိတ်ကျင်းမြို့မှ (၄) မိုင်အကွာတွင် ရှိသောရွာကို 'လေးမိုင်ရွာ'၊ (၆) မိုင်တွင် ရှိသော ရွာကို 'ခြောက်မိုင်ရွာ' စသည်ဖြင့် မှည့်ခေါ်ခြင်း ဖြစ်၏။ ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့သည် လေးမိုင်ရွာနှင့် ခြောက်မိုင်ရွာတို့၏ အလယ်လောက်တွင်ရှိသော 'တဲဆိုးကြီး' အမည်တွင်

www.burmeseclassic.com

www.burmeseclassic.com

သည့်နေရာ၌ စခန်းချပါသည်။ တဲဆိုးကြီးစခန်းနှင့်ဝန်းကျင်တစ်ဝိုက်တွင် တွေ့ရှိရသော ဖော့စဖိတ်သယံဇာတများအား လေ့လာရှာဖွေရခြင်း ဖြစ်ပါသည်။

တဲဆိုးကြီးစခန်းတွင် ပထမဦးစွာ အခြေစိုက်၍ ဖော့စဖိတ်လေ့လာရှာဖွေသူမှာ ဘူမိဗေဒပညာရှင် ဦးမြင့်သိန်း ဦးဆောင်သောအဖွဲ့ ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော် ဖိုးကျော်သည် ပြင်ဦးလွင်မြို့နယ်၌ ဘောက်ဆိုက်သယံဇာတ လေ့လာရှာဖွေသည့် စိုင်းကြာဦး၏ ဘူမိဗေဒအဖွဲ့တွင် ရောက်ရှိနေခဲ့ခြင်း ဖြစ်ပါသည်။

ပြင်ဦးလွင်မြို့နယ်မှဘောက်ဆိုက်သယံဇာတလေ့လာရှာဖွေရေးစခန်းသို့ သောအခါ တဲဆိုးကြီးစခန်းသို့ပြောင်းရွှေ့ခဲ့ရပါသည်။ စိုင်းကြာဦး၏ ဘူမိဗေဒအဖွဲ့ပါ ရောက်ရှိပြီးနောက် လုပ်ငန်းလည်းတိုးချဲ့သဖြင့် ဝန်ထမ်းအင်အားများလာပါသည်။ ညွှန်ကြားရေးမှူးဦးအောင်သန်းနှင့်စိုင်းကြာဦးတို့ ဆွေးနွေးတိုင်ပင်ကာ ခေတ်နှင့်မလျော်ညီတော့သည့် တဲဆိုးကြီးအမည်ကို ပယ်ဖျက်၍ '(၅)မိုင်စခန်း' ဟု အမည်ပြောင်းလိုက်ပါသည်။ စခန်းနေရာသည်လည်း အမှန်ပင် မိုင်တိုင် (၅) ၏ဘေးမြောက်ခြမ်းတွင် တည်ရှိရာလိုက်လျောညီထွေရှိပါပေ၏။ကျွန်တော် ဖိုးကျော်သည် ဘူမိဗေဒအဖွဲ့တွင် နိမ့်-မြင့်ပြကွန်တိုမြေပုံတိုင်းတာရေးဆွဲရသူ ဆာဗေယာဖြစ်ပေရာ ဖော့စဖိတ်လုပ်ကွက်များတွင် နေ့စဉ် ဆာဗေးလုပ်ရပါသည်။

သပိတ်ကျင်မြို့နယ်သည် ပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com

မြေမိုးကုတ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသလို ဘူမိကျောက်စဉ်လည်းအတူပင်ဖြစ်သောကြောင့် ပတ္တမြား၊ နီလာတို့လည်းထွက်၏။ ထို့ကြောင့် ကျောက်တွင်းလုပ်သူတို့သည် ကျောက်ဖျာချောင်း၏ တောင်ဘက် ကြက်ဆောင်းတောင်တစ်ဝိုက်တွင် ကျောက်လုပ်ထွက်အချို့ရှိပါသည်။

ကျောက်ပွဲစားလား၊ ဥစ္စာစောင့်လား။

ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့မှ ဖော့စဖိတ်သယံဇာတလေ့လာရှာဖွေရေးလုပ်နေသည့် လုပ်ကွက်ဝန်းကျင်တွင်လည်း ကျောက်တွင်းလုပ်သူတို့ရှိသဖြင့် မိုးကုတ်မှ ကျောက်ပွဲစားတို့ မော်တော်ဆိုင်ကယ်ဖြင့် ကျောက်ဝယ်လာကြ၏။ အချို့က ခြေကျင်လာ၏။ မြေတိုင်းမှန်ပြောင်းသီအိုဒိုလိုက်တစ်လုံးဖြင့် ဆာဗေးလုပ်နေသူ ကျွန်တော်တို့အဖွဲ့ကို စိတ်ဝင်စားသဖြင့် ကျောက်ရှာသည့်စက်လားဟု မေးကြ၏။ အလုပ်နားရက် တနင်္ဂနွေလို နေ့မျိုးတွင် ဘူမိဗေဒအဖွဲ့မှ စိတ်ဝင်စားသူတစ်ဦး၊ နှစ်ဦးတို့သည် အပျင်းပြေကျောက်ရှာထွက်၏။

ကျောက်ရှာထွက်သည်ဆိုသဖြင့် တူးရွှင်း၊ ဂေါ်ပြားတို့ဖြင့်တူးဆွ၍ ရှာသည်ဟု မထင်လိုက်ပါနှင့်။ ကျောက်တွင်းလုပ်သူများ ဖြုန်းဆေးပြီးစွန့်ပစ်ထားသည့် ဖြုန်းပုံများကို တုတ်တစ်ချောင်းဖြင့် ဟိုသည်မွှေနောက်၍ ရှာဖွေခြင်း၊ ကျောက်ဖျာချောင်း၏သဲသောင်များတွင် ရေမျောကမ်းတင်အညှပ်နားရောင်စုံအမှုန်အမွှားလေးများ၊ မဟူရာလေးများသာရပါသည်။

အမှုန်အမွှားလေးများသာရတတ်သည်ဆိုသော်လည်း တစ်ခါတစ်ရံတွင် သောင်းကြိုးကျောက်ရဖူးသူတို့ရှိသည်။ သတိပ်ကျင်းရတနာနယ်မြေတွင် ကျောက်တစ်ပွင့်၏ တန်ဖိုး (၅) ထောင်အထက်၊ (၅) သောင်း၊ (၅) သိန်းအထက်ရပါက ထောင်ကြိုး၊ သောင်းကြိုး၊ သိန်းကြိုးဟု သုံးလေ့ရှိ၏။ ဘူမိဗေဒအဖွဲ့တွင် ထမင်းချက်စားဖိုမှူး ကိုထွေး ဆိုသူရှိသည်။ ကိုထွေးသည် (၅) မိုင်စခန်းအစွန်တစ်နေရာ ခြောက်မိုင်ရွာဘက်ခြမ်းတွင် တဲလေးထိုး၍ မိသားစုနှင့်နေထိုင်သူဖြစ်၏။

တစ်နေ့တွင် တဲဘေးဘက်အဖီလေးချရန် တိုင်တွင်းတူးရာမှ အနီတစ်ပွင့်ရ၏။ ကြားသာကြားဖူး၍ ပတ္တမြားမမြင်ဘူးသောကိုထွေးသည် ရဲရဲတောက်နေသည့် ကျောက်ကလေးကို တွင်းထဲမှ နှိုက်ယူရင်း ပတ္တမြားဆိုတာများလားဟု ရင်တုန်ပန်းတုန်ဖြစ်ကာ မြေမှုန်များကို ပွတ်သပ်ပြီးကြည့်သည်။ ကျွန်တော် ဖိုးကျော်ကိုလည်း တိုးတိုးကျိတ်ကျိတ် ပြ၏။ ကျွန်တော် ဖိုးကျော်ကလည်း မြင်ဖူးသူမဟုတ်၍ ဖြစ်မည်ထင်ကြောင်း သာ ပြောနိုင်၏။

မိုးကုတ်မှ မော်တော်ဆိုင်ကယ်ဖြင့် လာသော လူငယ်ပွဲစားလင်မယားကို ပြ၏။ ပွဲစားက ဘယ်လောက်လိုချင်လဲဟု ဆိုသောအခါ ကိုထွေးက အရဲစွန့်၍-

"ရွှစ်သောင်း"

ဟု ဆိုလိုက်၏။ ဆိုသာဆိုလိုက်ရသော်လည်း ငါ့ကျောက်ကရွှစ်ရာတောင် မှတန်ပါ့မလားဟု ရင်ထိတ်မိ၏။ ပွဲစား၏ မိန်းမ လှလှချောချောလေးက သူ့ယောကျ်ားလက်ထဲမှ အနီပွင့်လေးယူလိုက်ပြီး လက်ကိုင်မှန်ဘီလူးလေးဖြင့် အထက်၊ အောက်လှန်၍ကြည့်သည်။ ကိုထွေးလည်း ရင်ထဲတထိတ်ထိတ်ဖြင့် ဖြစ်နေပါသည်။ ကျေနပ်လောက်အောင် ကြည့်ပြီးသောအခါ သူ့ယောကျ်ားပွဲစားကို မျက်ရိပ်ပြလိုက်၏။ ပွဲစားကဘာမှ မပြောတော့ပဲ ငွေထုပ်ထဲမှ ငွေများရေတွက်၍ ကိုထွေးကိုပေးလိုက်၏။

ကိုထွေးတစ်ယောက် ဒီလောက်များသော ငွေကိုမကိုင်ဘူးသဖြင့် လက်များပင်တုန်နေ၏။ အိမ်မက်များလားဟု ပင်ထင်သဖြင့် သူဇနီးမမြခင်၏ပါးကို ဆွဲဆိတ်ရာ -

"အို - ဘာကြောင့်သူများပါးလာဆိတ်တာလဲ"

ဆိုလေမှအိပ်မက်မဟုတ်ကြောင်း သိရ၏။ ကိုထွေးတို့လင်မယား နွားတစ်ရှဉ်း၊ လှည်းတစ်စီးဝယ်နိုင်၍ သားလေးကို ရှင်ပြုပေးနိုင်၏။ (၁၉၈၂ ခုနှစ်ကဖြစ်ပါသည်။)

ကျွန်တော် ဆာဗေးလုပ်ရသော ဖော့စဖိတ်လုပ်ကွက် (B) ၏ အလယ်လောက်တွင် (၅) မိုင်ချောင်းလေးရှိပါသည်။ ဤချောင်းလေးသည် လုပ်ကွက်အလယ်လောက်မှ အနောက်ဘက်သို့ စီးဆင်းသွားပြီး (၅) မိုင် ဘူမိဗေဒစခန်းတောင်ဘက်နားသို့ ရောက်သောအခါ ချောင်း Direction သည် မြောက်အရပ်သို့ပြောင်း၍ မိုင်တိုင်အမှတ် (၅) အနီးမှ ဖြတ်သန်းကာ မြောက်ဘက် တစ်မိုင်ခန့်၌ (၆) မိုင်ချောင်းအတွင်း စီးဝင်သည်။ ထို့ကြောင့် ဤချောင်းကို (၅) မိုင်ချောင်းဟု ကျွန်တော်၏ ကွန်တိုမြေပုံတွင် အနွတ္တအမည်ပေးထားပါသည်။

ငါးမိုင်ချောင်းလေးမှာ နွေရာသီတွင် ရေမရှိပါ။ တနင်္ဂနွေလို အလုပ်နားရက်များတွင် ကျွန်တော်ဖိုးကျော်လည်း အပျင်းပြေကျောက်ရှာထွက်ပါသည်။ ကျွန်တော် ဖိုးကျော်သည် ထိုစဉ်က ခေတ်ဦးအင်တာနက်သမားဖြစ်ပေရာ မြန်မာပြည်အရပ်ရပ်မြို့များမှ အင်တာနက်ညီမလေးများ (၂၀) ကျော်နှင့် ဆက်သွယ်ရင်းနှီးနေ၏။ ထိုအင်တာနက်ညီမလေးများထဲမှ အချို့ထံသို့ သတိပ်ကျင်းရတနာမြေမှ ထွက်သည့် သယံဇာတပစ္စည်းလေးများကို အမှတ်တရလက်ဆောင်အဖြစ် စာတိုက်ပါဆယ်ဖြင့်ပို့ပေး၏။ မိုက်ကာ (Mica) ခေါ် လချေးချပ်လွှာလေးများ၊ ပတ္တမြားရောင်စုံအညှပ်နားအသေးအမွှားလေးများ၊ ဥဒေါင်ကျောက်အစအနလေးများ၊ မဟူရာကျောက်အနက်ရောင်လေးများ ဖြစ်ပါသည်။ မိုက်ကာများသည် ဖော့စဖိတ်လုပ်ကွက်အတွင်း၌ ထုနှင့်ထည်နှင့်ရှိပါသည်။

ပတ္တမြားအညှပ်နားအစအနလေးများကို ငါးမိုင်ချောင်းသဲသောင်များတွင် ရှာယူပါသည်။ စက္ကူတွင် အသည်းပုံဒီဇိုင်းရေးဆွဲကာ ထိုဒီဇိုင်းရေးဆွဲကာထိုဒီဇိုင်းပေါ်တွင် တမာစေးကော်၊ ဆူပါဂလူးကော်ဖြင့် ကျောက်ရောင်စုံလေးများကို အသည်းပုံကပ်လိုက်သောအခါ ပတ္တမြားအသည်းလေးဖြစ်သွားသည်။ အင်တာနက်ညီမလေးများ အလွန်ကြိုက်နှစ်သက်ကြ၏။ ထိုစဉ်က သောတရှင် လိရာတေးကဏ္ဍ ထုတ်လွှင့်သော အသံလိုင်းများတွင် သတိပ်ကျင်း-ကျော်ကျော်ထွန်းနှင့်ညီမလေးများအမည် အမြဲလိုကြားနိုင်၏။ (ယခု ဤစာရေးသူသည် ထိုစဉ်က ကျော်ကျော်ထွန်း(သတိပ်ကျင်း) ဟုသိကြလျှင် မေတ္တာပို့ကြမည်ထင်၏။)

တစ်နေ့။

ထိုတစ်နေ့သည် ယနေ့တိုင်မမေ့နိုင်ဘဲ အမှတ်တရရှိနေသောနေ့ ဖြစ်၏။ ရန်ကုန်တက္ကသိုလ်မှ ဒုတိယနှစ် ဓာတုဗေဒကျောင်းသူ အင်တာနက်ညီမလေး ဆွေယဉ်အေးထံ ပတ္တမြားအညှပ်နားလေးလုပ်၍ပို့ရန်အတွက် ငါးမိုင်ချောင်းသို့ တစ်ကိုယ်တည်းလာခဲ့၏။ သဲသောင်များတွင် ကျောက်ရှာရင်း ချောက်ကမ်းပါးတွင် ရင်းမာပင်ကြီးတစ်ပင်အုပ်မိုးနေသော သောင်ခုံဆီသို့ ရောက်လာ၏။ အနည်းငယ်လည်း မောပန်းလာသဖြင့် ရင်းမာပင်ရိပ်တွင် အမောပြေထိုင်ရာ ရခဲ့သော အညှပ်နားလေးများကို ထုတ်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေစဉ် ချောင်းကမ်းပေါ်မှ ခြေသံကြားသောကြောင့် လှည့်ကြည့်မိ၏။ ကျွန်တော်ကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့အားသင့်ဟန်ဖြင့် ရပ်တန့်သွားသည့် မိန်းမချောလေး တစ်ဦး။

"အစ်ကိုက ငါးမိုင်စခန်းဘူမိပေဒအဖွဲ့ကထင်တယ်"

ဟု ကျွန်တော်ကိုသေချာစွာကြည့်ကာ စကားဆိုလာပါသည်။ ကျွန်တော် ကလည်း ဘ-ဝ-ရ ကွင်းဆင်းယူနီဖောင်း ဝတ်စုံဖြစ်သော တက်တရက်ဘောင်းဘီ အပြာ၊ အင်္ကျီအပြာ၊ တောခရီးဖိနပ်လည်ရှည်အစိမ်းရောင်တို့ကို ဝတ်ဆင်ခဲ့ခြင်းကြောင့် ဘူမိပေဒအဖွဲ့ကဟုသိသွားဟန်တူပါသည်။ မိန်းကလေးသည် ကချင်လုံချည်နက်ပြာ၊ ဂျင်းအင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားပြီး စစ်လွယ်အိတ်ကို စလွယ်သိုင်းလျက် ပခုံးတစ်ဖက်တွင် ဓားအိမ်ပါသော ကချင်ဓားကိုလွယ်ထားပါသည်။

ပထမသော် လွန်ခဲ့သော တစ်လခန့်က စားဖိုမှူး ကိုထွေးထံမှ ကျောက်ကလေးဝယ်သွားသည့် ပွဲစားမောင်နှံမှ မိန်းကလေးဟုထင်မိ၏။ အသေအချာကြည့်တော့မှ မဟုတ်မှန်းသိရ၏။ ယခုတွေ့ရသော မိန်းကလေးက အသားအနည်းငယ်ညိုသယောင်ရှိ၏။ ကျောက်ပွဲစားပင်ဖြစ်ပုံရ၏။ ကချင်ဓားကိုလွယ်ထားသည်ကိုမြင်ရဲဖြင့် သတ္တိနည်းသူမဟုတ်ကြောင်းသိနိုင်၏။

မိန်းကလေးနှင့်စကားပြောကြရင်းမှ သူသည် မိုးကုတ် ကျပ်ပြင် ကသည်းရပ်မှ စိုးငယ်ဖြစ်ကြောင်း၊ (၆) မိုင်ရွာ ဥက္ကဋ္ဌသည် သူ၏ ဦးလေးအရင်းဖြစ်ကြောင်း၊ ယခု ရှမ်းဇောင်၏ ကျောက်တွင်း၌ ကျောက်သတင်းရသဖြင့် ကြည့်ရန်ထွက်လာကြောင်းကို သိရပါသည်။ စိုးငယ်ပြောသည့်ဥက္ကဋ္ဌသည် စိုင်းကြာဦး၏ဘူမိပေဒအဖွဲ့ ရောက်ရှိလာစဉ်က အကူအညီများစွာပေးခဲ့သူဖြစ်ပါသည်။ ဥက္ကဋ္ဌတူမဖြစ်ကြောင်းသိရ၍ ကျွန်တော်လည်း ဥက္ကဋ္ဌအိမ်တွင် ဝင်ထွက်သွားလာစားသောက်နေသည်အထိ ခင်မင်ရင်းနှီးကြောင်းတို့ပြန်ရာမှ အညံ့ပန်းကျောက်ကလေးများလာရာကြောင်းပါ သိသွားသဖြင့် ကျွန်တော့်အနီးမှသဲပြင်ပေါ်လာထိုင်ရင်း-

"အစ်ကိုရယ်၊ မြေတိုင်းအရာရှိလုပ်နေပြီး ရေမျောကမ်းတင်ရှာမနေပါနဲ့။ စိုးငယ်နဲ့ တွေ့ဆုံခင်မင်မှု မမေ့နိုင်တဲ့ လက်ဆောင်အဖြစ် ပတ္ထမြားလေး တစ်ပွင့်ပေးခဲ့ပါမယ်"

ဆိုကာ စစ်လွယ်အိတ်ထဲမှ ကျောက်ဘူးလေးယူ၍ ပတ္ထမြားလေး တစ်လုံးထုတ်လိုက်ပါသည်။

ကျွန်တော်လည်း ရဲရင့်ဖျတ်လတ်သည့် စိုးငယ်၏အပြုအမူကို အံ့သြစွာကြည့်နေဆဲ ကျွန်တော်၏လက်တစ်ဖက်ကိုရုတ်တရက်ဆွဲယူ၍ နီရဲသောပတ္ထမြားပွင့်လေးကိုထည့်လိုက်ပါသည်။

မထင်မှတ်သောစိုးငယ်၏အတွေ့အထိကြောင့် ကျွန်တော် ဓာတ်လိုက်ခံရသလိုဖြစ်ကာ နှလုံးခုန်နှုန်းအမြင့်ဆုံးရောက်သွားပါသည်။ လက်ထဲမှပတ္ထမြားလေးကို အသေအချာကြည့်မိပါသည်။ ရွှေကြိုးခွေအရွယ်သာသာခန့်ရှိ၍ ဇီးသီး(ဆီးသီး)မှည့်ရောင်ဖြစ်၏။ ဘာကြောင့်မှန်းမသိ၊ စိုးငယ်၏ပတ္ထမြားလေးကို မြင်ရသည်မှာ နှလုံးသာမက ရင်ပါခုန်လာပါသည်။ ထူးဆန်းလှပေစွ။

စစ်လွယ်အိတ်အတွင်းမှ မိန်းမကိုင်အစိမ်းနုရောင်လက်ကိုင်ပုဝါလေးယူလိုက်ပြီး ပဝါလေးဖြန့်ကိုင်ရင်း-

"အစ်ကိုလက်ထဲက ပတ္ထမြားလေး ဒီအထဲထည့်"

ဟု ဆိုသဖြင့် စိုးငယ်ပြောသည့်အတိုင်း လက်ကိုင်ပဝါလေးထဲထည့်လိုက်ပါသည်။ ပတ္ထမြားလေးကို ပဝါလေးထဲထည့်လိုက်ပါသည်။ ပတ္ထမြားကလေးကို ပဝါဖြင့်သုံးထပ်ရစ်ပတ်ပြီး ထိပ်စနစ်ဖက်တစ်ပတ်လျှိုသွင်း၍ လှပသေသပ်စွာ ထုပ်ပိုးပါသည်။

"စိုးငယ်ရဲ့အမှတ်တရလက်ဆောင်ကတော့ တန်ဖိုးအားဖြင့် မမျှသော်လည်း အစ်ကိုနှလုံးသားမှာ အသက်နဲ့ခန္ဓာတည်မြဲနေသမျှ ခွဲခြံနေမှာပါ"

ဆို၍ ကျွန်တော်၏နှလုံးသားနှင့် အနီးဆုံးနေရာ အင်္ကျီအိတ်ထဲသို့ ကိုယ်တိုင်ပင် ထည့်ပေးပါသည်။

စိုးငယ်၏ အပြောအဆို၊ အတွေ့အထိ၊ ရနံ့တို့သည် (၅) မိုင်စခန်းရှိ အဆောင်သို့ပြန်ရောက်သည့်တိုင်အောင် သက်ဝင်လှုပ်ရှားဆဲဖြစ်ပါသည်။ စိုးငယ်ထည့်ပေးလိုက်သော ကျောက်ထုပ်လေးကို လက်ရာပျက်မည်စိုး၍ ဖြေမကြည့်တော့ဘဲ တစ်ချက်မျှနမ်းရှုပ်ကာ ခရီးဆောင်အိတ်ထဲသို့ ထည့်ထားလိုက်ပါသည်။

နောက်တစ်ပတ်ခန့်အကြာတွင် (၅) မိုင်စခန်းရှိ သက်သာလက်ဖက်ရည်ဆိုင်၌ (၆) မိုင် ဥက္ကဋ္ဌနှင့်ဆုံရာမှ စိုးငယ်နှင့်တွေ့ကြောင်း ပြောမိ၏။ ဥက္ကဋ္ဌသည် ကျွန်တော်ပြောသော စကားကြားသောအခါ အလွန်ပင် အံ့သြဟန်ဖြင့် -

"ဆရာဖိုးကျော်၊ ဘယ်ကစိုးယ်လဲ"

ဟု ဆိုသဖြင့် ကျွန်တော်လည်း ဥက္ကဋ္ဌ၏တူမဆိုသူ ကျပ်ပြင် ကသည်းက ကျောက်ပွဲစားမလေး စိုးငယ်ဖြစ်ကြောင်းပြောရာ -

"ဘုရား၊ ဘုရား - ဆရာဖိုးကျော်တကယ်တွေ့ခဲ့တာလား"

"အို- ဥက္ကဋ္ဌကလည်း လူကြီးတစ်ယောက်ကို နောက်ရောမှမဟုတ်တာဘဲ"

ဆိုသောအခါ အထေးတစ်နေရာသို့ မျှော်ကြည့်ရင်း -

"အင်း - စိုးငယ်၊ စိုးငယ် အစွဲအလမ်းက တယ်ကြီးသကိုး"

ဟု ဆိုရင်း စိုးငယ်သည် ကျောက်ပွဲစားလုပ်ရာမှ ငှက်ဖျားရောဂါပါရလာ၏။ လွန်ခဲ့သော သုံးလကျော်က ကြက်ဆောင်းတောင်ဘက်ရှိ ကျောက်တွင်းများသို့ ကျောက်ဝယ်လာရင်း ဥက္ကဋ္ဌအိမ်တွင် တည်းကာ (၆) မိုင်လုပ်ကွက်မှ ရှမ်းဇောင်ထံအသွား အပြားပြန်ထလာသဖြင့် လမ်းတစ်ဝက်ကပင်ပြန်ခဲ့ရကြောင်း၊ မသက်သာသဖြင့် ကျပ်ပြင်သို့ပြန်သွားပြီး တစ်ပတ်ခန့်အကြာတွင် ငှက်ဖျားရောဂါနှင့်ပင် ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း ဆိုပါသည်။

ဥက္ကဋ္ဌ၏ စကားအရဆိုလျှင် ကျွန်တော်နှင့်ဆုံခဲ့သော မိန်းကလေးသည် ပရလောကမှ ဝေမာနိကဆိုသော ဥစ္စာစောင့်မလေးပေလော့ဟု။

ကျွန်တော်လည်း ဥက္ကဋ္ဌနှင့်လမ်းခွဲကာ အဆောင်သို့ပြန်ခဲ့ပါသည်။ ခရီးဆောင်အိတ်အတွင်းမှ စိုးငယ်ပေးခဲ့သော အမှတ်တရလက်ဆောင်ကျောက်ထုပ်ကလေးကိုယူ၍ ပဝါလေးကိုဖြေကြည့်သောအခါ ငါးမိုင်ချောင်းသဲသောင်ပြင်၌ စိုးငယ်မေးစဉ်တလို ဆီးနှင်းရောင်ပတ္ထမြားလေးမဟုတ်တော့ပဲ ဝါကြင်ကြင်ကျောက်စရစ်ခဲလေးတစ်လုံးဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရပါသတည်း။

စာကြွင်း။ ။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် ဒု-နှစ် ဓာတုဗေဒကျောင်းသူ ဆွေယဉ်အေးသည် ယခုချိန်တင်တင်နဲ့ (ရန်ကုန်တက္ကသိုလ်) စာရေးဆရာမဖြစ်လာ၏။

သပိတ်ကျင်း-ကျော်ကျော်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

□ မာန်မာနဇာတ်ကြီးကျယ်သောအပြစ်

ပြီးခဲ့သောအပတ်က အင်းပညာရှင်ဆရာကြီး ဦးသာပို၏ပညာစွမ်းများကို ဖော်ပြခဲ့ပါသည်။ အဆိုပါ ဆရာကြီးသည် ပညာယူနေစဉ် တစ်ချိန်ကလွဲမှား သော အတွေးတစ်ခုဝင်ခဲ့မိသဖြင့် ကြီးကျယ်သော ဆုလာဘ်ကြီးနှင့် လွဲချော်ခဲ့ရပုံသာဓကတစ်ခုကို နှောင်းလူ ဖြစ်ကြကုန်သော ဝိဇ္ဇာဓရလိုက်စားသည့် ပုဂ္ဂိုလ်များ အတုယူနိုင်ပါစေရန် ရည်ရွယ်၍ ဖော်ပြလိုပါသည်။

ဦးသာပိုသည် သူ့အလွန်ဝါသနာထုံလှသော အင်း၊ စမပညာရပ်များကို ဆရာဖြစ်သူထံတွင် နှစ်ပေါင်းများစွာ ကြာအောင် တုပည့်အဖြစ်ခံယူသင်ကြားခဲ့ပါသည်။ ထိုသို့ သင်ကြားခဲ့ပြီးနောက် တစ်နေ့တွင် ဆရာဖြစ်သူက ဦးသာပိုကို ခေါ်လိုက်ပြီး -

"မောင်သာပို့ရေ၊ မင်းကိုပြောစရာရှိတယ်"

"ဟုတ်ကဲ့ - အမိန့်ရှိပါ ဆရာ"

"ပြောရမယ့် စကားကတော့ သတင်းကောင်းပဲဟေ့။ မင်းက တို့ရဲ့ အင်းစမပညာတွေကို ကောင်းကောင်း ဆည်းပူးအားထုတ်နိုင်ခဲ့တယ်။ ကျင့်သုံးဆောက်တည်နိုင်ခဲ့တယ်။ ဒါကြောင့် အသိအမှတ်ပြုတဲ့ အဆင့်သတ်မှတ်ချက် အနေနဲ့ အန္တိမပညာလမ်းစဉ်အင်းတွေကို မင်းအတွက် အထက်ပုဂ္ဂိုလ်များကချ ပေးလိုက်တယ်။ ဒါကြောင့် မင်းဟာ လက်ရှိစောင့်ထိန်းနေတဲ့သစ္စာတွေ၊သီလ တွေကို ပိုပြီး တင်းတင်းကြပ်ကြပ်စောင့် ထိန်းလိုက်နာရမယ်။ ပိုပြီးအရေးကြီးတဲ့ အချိန်ကိုရောက်လာပြီဆိုတာ နားလည် ထားပေတော့"

"ဟုတ်ကဲ့ပါဆရာကြီး၊ ကျွန်တော် အတိအကျလိုက်နာပါ့မယ်"

"ကောင်းပြီ၊ မှာလက်စနဲ့ တစ်ဆက်တည်း ပြောလိုက်ရဦးမဲ့ယ်။ ဝိဇ္ဇာဓရလမ်းစဉ်ကိုလိုက်တဲ့ပုဂ္ဂိုလ်တွေထဲက သိဒ္ဓိ၊ မဟိဒ္ဓိတန်ခိုးကြွွွ

www.burmeseclassic.com

ခြင်းသည် လည်းကောင်း လွန်စွာအရေးပါရခြင်း ဖြစ်၏။

ဦးသာပိုသည် အဆိုပါ အန္တိမ လမ်းစဉ်ပညာကို ရရှိလိုက်သောအခါ အလွန်ပင် ဝမ်းမြောက်ပီတိဖြစ်သွားတော့၏။ မျှော်လင့်ရန်ပင် မလွယ်ကူလှသောအခြေအနေတစ်ရပ်ကို လက်ဆုပ်လက်ကိုင်ရရှိလိုက်သဖြင့် မိမိကိုယ်မိမိပင် မယုံကြည်နိုင်လောက်အောင်ဖြစ်နေတော့၏။ထို့နောက် ဦးသာပိုသည် မိမိနေထိုင်ရာသို့ သုတ်ခြေတင်ပြီးပြန်လာခဲ့၏။

အိမ်သို့ရောက်ရှိသောအခါ အန္တိမ အင်းထုပ်ကို ဓာတ်ခန်းထဲရှိ ပွဲထဲတွင် ထည့်ထားလိုက်၏။ ထို့နောက် အင်းသောက်ရန် ထိုအပ်သည့် ပရိုက်များကို ပြင်ဆင်လေတော့၏။ အဆိုပါ လိုအပ်သည့်ပရိုက်များ ဆိုသည်မှာ ဘုရားရှိခိုးခြင်း၊ သစ္စာပြုခြင်း၊ တိုင်တည်ခြင်းများကိုပြုခြင်း ဖြစ်၏။ ပြီးလျှင် အန္တိမလမ်းစဉ် အင်းများထဲမှ တစ်ခုကိုယူ၍ ပြာချပြီး သောက်လိုက်၏။ အဆိုပါကျင့်စဉ်ကို ဦးသာပိုသည် နေ့စဉ်ရက်ဆက် မပျက်မကွက်တမ်း ကျင့်သုံးလာခဲ့၏။

ဝိဇ္ဇာဓရပြုန်းမှအဂ္ဂိရတ်ပညာ

ဆရာဦးဆက်ထွန်းလင်း

(အာယုဗွေဒ)

ဝိဇ္ဇာဓရပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ၁၇

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အန္တိမလမ်းစဉ်အင်းများကို သောက်သုံးရင်း နောက်ဆုံးတစ်နေ့သို့ ရောက်ရှိလာခဲ့၏။ ထိုနောက်ဆုံးအင်းကို သောက်ပြီးလျှင် ဦးသာပို၏အင်းကိစ္စသည် ပြီးဆုံးမည်ဖြစ်ခြင်းနှင့်အတူ အန္တိမထွက်ရပေါက်ကိစ္စသည်လည်း အပြီးတိုင်တော့မည်ဖြစ်၏။ ထို့ကြောင့်လည်း ဦးသာပိုသည် အဆိုပါ နောက်ဆုံးနေ့တွင် စိတ်အလှပ်ရှားကြီးလှုပ်ရှားနေတော့၏။ ထို့နောက် အဆိုပါ အန္တိမလမ်းစဉ်၏ နောက်ဆုံးအင်းကို သောက်ရန် ပြင်ဆင်လိုက်၏။ ထို့နောက် ဘုရားရှိခိုးလိုက်၏။ ထိုသို့ ဘုရားရှိခိုးပြီးဦးချလိုက်ချိန်တွင် ဦးသာပို၏စိတ်သည် တစ်မျိုးတစ်မည် ဖြစ်ပေါ် ပြောင်းလဲသွားခဲ့၏။ အဆိုပါ ဖြစ်ပေါ် ပြောင်းလဲသွားသည့် စိတ်အခြေအနေမှာ ဤသို့ဖြစ်၏။

ဤနေ့သည် အန္တိမလမ်းစဉ်ပညာ၏ နောက်ဆုံးနေ့ဖြစ်၏။ နောက်ဆုံးအင်းကို သောက်ရတော့မည် ဖြစ်၏။ ဤနောက်ဆုံးအင်းကို သောက်ပြီးသည်နှင့် ထွက်ရပေါက်ကိစ္စသည် အပြီးတိုင်ပြီ ဖြစ်၏။ ငါလိုလူ ဤလမ္ဘာတွင်ရှိမည်လားဟူသော စိတ်ကြီးဝင်ဘဝမြင့်သည့် မာနတရားသည် ရုတ်တရက်ထောင်လွှားဖြစ်ပေါ် လာလေတော့၏။

ထို့နောက် ဦးသာပိုသည် ဘုရားရှိခိုးပြီး၍ အန္တိမအင်းပြာများကို သောက်တော့မည်ဟု အင်းပြာထည့်ထားသော ကြေးခွက်ကိုလှမ်းကြည့်လိုက်သောအခါ မျက်စိများပြာဝေသွားပြီး သူတစ်ကိုယ်လုံးလည်း ကတုန်ကယင်ဖြစ်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် ဦးသာပိုသောက်မည့်အင်းပြာများထည့်ထားသော ခွက်သည် မောက်နေပြီး အင်းပြာများလည်း မျောက်ခြင်းမလုပ်ပျောက်သွားလေတော့၏။ ထိုအခါတွင်မှ ဦးသာပိုသည် ချက်ခြင်းပြန်သုံးသပ်လိုက်ပြီး စိတ်ထိခိုက်သွားလေတော့၏။ ထို့နောက် တစ်ကိုယ်တည်း နှုတ်မှုရေရွတ်မိလိုက်၏။

"အင်း - ငါတော့သွားပြီ၊ တောက်လျှောက် အသေအချာဂရုစိုက်ပြီးလုပ်လာခဲ့တာ၊ အခုနောက်ဆုံးကျမှပဲ အတွေးတစ်ချက်တိမ်သွားတဲ့အတွက် အန္တိမနောက်ဆုံးအင်းကို လွဲချော်ခြင်းဖြစ်ခဲ့ရလေပြီ။ ဒါကြောင့် ငါဟာ နောက်ဆုံးထွက်ရပေါက်ဖို့ အင်္ဂါမစုံတဲ့ အခြေအနေမျိုးဖြစ်သွားခဲ့ရပြီး ဘယ်လိုမှ ပြန်ပြင်လို့မရတော့ဘူး။ ငါဟာ နောက်ဆုံးစာမေးပွဲကိုကျခဲ့တာပဲ။ သတိလေးတစ်ချက်လစ်ဟင်းရုံနဲ့ တစ်ဘဝလုံးလုပ်ခဲ့သမျှအဆုံးသတ်ပြီး ရပ်တန့်သွားရလေခြင်းဟု ညည်းညူလိုက်လေတော့သတည်း။

ဝိဇ္ဇာရေလမ်းစဉ်နှင့် မိမိကိုယ်မိမိအထင်ကြီးလွန်းခြင်း

ဝိဇ္ဇာရေလမ်းစဉ် လိုက်ပါဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်အပေါင်းအနေဖြင့် နောက်ထပ် သတိပြုသင့်သည့် အချက်တစ်ချက်ကို ဖော်ပြလိုပါသည်။ ထိုအချက်မှာ မိမိကိုယ်မိမိလက်ရှိဖြစ်ပေါ် နေသော အခြေအနေထက် ပို၍ အထင်ကြီးခြင်း၊ စိတ်ကြီးဝင်ခြင်းပင် ဖြစ်ပါသည်။

ဤလမ်းစဉ်ကို လိုက်စားပြီး အတော်အတန် အစွမ်းသတ္တိရှိသော တန်ခိုး၊ သိဒ္ဓိ၊ မဟိဒ္ဓိများရရှိလာသည့် ပုဂ္ဂိုလ်သည် မိမိ၏စိတ်ကို ကောင်းစွာဆုံးမထားရမည် ဖြစ်၏။ ထိုသို့မဆုံးမဘဲ စိတ်ကို သူ့အတိုင်းလွှတ်ထားလိုက်ပါက မိမိကိုယ်မိမိ အထင်ကြီးလာတတ်၏။ ငါလုပ်ရင် ဘာမဆိုဖြစ်တယ်ဟုလည်း သတ်မှတ်လာတတ်၏။ ထို့အပြင် ကိုယ့်ကိုယ်ကိုယ် စေတစ်လုံးပိုင်အဖြစ်ပါယူဆတတ်ကြ၏။

ဝိဇ္ဇာရေလမ်းစဉ်သည် စည်းကြီး၏။ စနစ်ကြီး၏။ မိမိနှင့်မသက်ဆိုင်သည့်ကိစ္စများတွင် ဝင်ရောက်ခြင်း၊ စွက်ဖက်ခြင်းမပြုကြရပေ။ အချို့က မိမိထံတွင် သိဒ္ဓိ၊ မဟိဒ္ဓိစသည့် တန်ခိုးအစွမ်းသတ္တိတစ်မျိုးမျိုးရှိသည်ဆိုလျှင် ငါလုပ်လျှင်ဖြစ်သည်။ မည်သည့်ကိစ္စမျိုးမဆို ငါလုပ်လျှင်ဖြစ်ရမည်။ ဤလောကၤ ငါလုပ်လျှင် မဖြစ်သင့်အရာဟူ၍မရှိဟူသောအတွေးမျိုးထင်တတ်လုံးမျိုးရှိတတ်၏။ ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်မျိုးသည် မိမိနှင့်မသက်ဆိုင်သောကိစ္စများတွင် ငါတကောကော၍ ဝင်ရောက် လုပ်ကိုင်တတ်၏။ ထိုသို့မသက်ဆိုင်ဘဲဝင်ရောက်လုပ်ကိုင်မိသဖြင့် နောက်ဆက်တွဲဆိုးကျိုးအကျိုးဆက်များ၊ တန်ပြန်သက်ရောက်မှုမျိုးကြုံတွေ့ရသဖြင့် မိမိအားထုတ်သော ဝိဇ္ဇာရေလမ်းစဉ်သည် ရှေ့သို့မရောက်တော့ဘဲ နောက်သို့သာပြန်လည်လျှောကျနိုင်သည့်အဖြစ်မျိုးကိုလည်း သတိပြုရမည် ဖြစ်ပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ဘုရားတည်ခြင်းကိစ္စကို သာဓက တစ်ခုအဖြစ် ထုတ်နုတ်၍ ဖော်ပြလိုပါသည်။ ဝိဇ္ဇာရေလမ်းစဉ်၏ ကျင့်စဉ်များ လုပ်ငန်းဆောင်တာများတွင် ဘုရားတည်ခြင်းဟူသည့်ကိစ္စသည် အရေးပါသော ပဓာနကျသည့်နေရာတွင် တည်ရှိနေ၏။ ယေဘုယျအားဖြင့် ကြည့်လျှင် ဘုရားတည်ခြင်းဟူသည် ကောင်းသောကုသိုလ်လုပ်ငန်းအမှုကိစ္စကြီး ဖြစ်၏။ ထို့ကြောင့် ပြဿနာပေါ် ရပါမည်နည်းဟု ထင်စရာ ရှိပါသည်။

ဘုရားတည်ခြင်းကိစ္စနှင့်ပတ်သက်လျှင် ဘုရားအသစ်တည်ခြင်းသည် ပြဿနာအရှုပ်အထွေးတစ်စုံတစ်ရာမရှိနိုင်သော်လည်း စေတီဟောင်းပြုပြင်ခြင်း၊ ပြန်တည်ခြင်း၊ ထီးတော်အသစ်ပြန်လည်တင်လှူခြင်း စသည့် ကိစ္စများတွင်ကား ပြဿနာရှိနိုင်၏။ ဤကိစ္စတို့သည် ယခုမှပြုသောအမှုကိစ္စတို့ မဟုတ်ပေ။ ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ဘုရားတည်ခဲ့သော ဘုရားဒကာအလှူရှင်ရှိ၏။ ထိုပုဂ္ဂိုလ်သည်သာ အဆိုပါ ကုသိုလ် ကောင်းမှု၏မူလဖြစ်၏။ သို့ဖြစ်ပါသောကြောင့် ဘုရားပုထိုးစေတီဟောင်းပြုပြင်ခြင်းသည် အဆိုပါ မူလပုဂ္ဂိုလ်အပေါ် တွင် များစွာ မူတည်ပါသည်။

ထိုပုဂ္ဂိုလ်သဘောတူလျှင် ပြဿနာတစ်စုံတစ်ရာမရှိသော်လည်း သဘောမတူလျှင်ကား ပြဿနာအကြီးအကျယ် ရှိနိုင်ပါသည်။ ထိုပုဂ္ဂိုလ်သဘောမတူသည့် ၎င်း၏ကုသိုလ်မူလကို မိမိက အတင်းဝင်ကြားဖြတ်၍ ကုသိုလ်ယူသကဲ့သို့ဖြစ်သွားနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် မူလပုဂ္ဂိုလ်၏ကုသိုလ်ကို မိမိက လွှမ်းမိုးပစ်လိုက်သကဲ့သို့လည်း အဓိပ္ပာယ်သက်ရောက်သွားစေနိုင်၏။

ထို့ပြင် အချို့သော မူလ ကုသိုလ်ရှင်များက မိမိ၏ကောင်းမှုကို စတင်လုပ်ကိုင်တည်ဆောက်ခဲ့စဉ်ကတည်းက မိမိကုသိုလ်ကို အရှည်တည်တံ့အောင်၊ ကမ္ဘာတည်သရွေ့ခိုင်မြဲအောင်ဖြစ်စေလို သောဆန္ဒ၊ သဘောထားများရှိသည်။ အဆိုပါ ဆန္ဒ၊ သဘောထားဆိုရာတွင်လည်း ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးမတူကြပေ။ အချို့က တော်ရုံတန်ရုံ သဘောထားဆန္ဒများရှိကြ၏။ ဤတွင် ပြင်းထန်သော ဆန္ဒသဘောထားရှိသည့်ပုဂ္ဂိုလ်တို့ကမူ မိမိ၏ကုသိုလ်တော်ကြီး အရှည်တည်တံ့ရန် ရည်ရွယ်၍ သစ္စာပြုခြင်း၊ တိုင်တည်ခြင်း၊ ကျိန်ဆိုခြင်းများပြုခဲ့ကြ၏။ အဆိုပါ ကုသိုလ်ကောင်းမှုတော်ကြီး အရှည်တည်တံ့ရန်ဟူသည့်ကိစ္စတွင် မိမိကုသိုလ်ကို အခြားသူများ မဖျက်ဆီးနိုင်ရန်၊ ရန်သူမျိုးငါးပါးဘေးတို့ မကျရောက်နိုင်စေရန် ရည်ရွယ်၍ သစ္စာပြုခြင်း၊ တိုင်

www.burmeseclassic.com

www.burmeseclassic.com

တည်ခြင်း၊ အဓိဌာန်ခြင်း၊ ကျိန်ဆိုခြင်းတို့ကို ပြုခဲ့ကြခြင်း ဖြစ်၏။

ထိုမျှမက ထိုထက် ပိုမိုပြင်းထန်သော ဆန္ဒသဘောထားရှိသည့် ပုဂ္ဂိုလ်တို့ကမူ မိမိတည်ထားသော ဘုရားပုထိုးကောင်းမှုကုသိုလ်နှင့်ပတ်သက်ပြီး ယခုဘဝတွင်မျှသာမက နောင်ဘဝအဆက်ဆက်အတွက်ပါ ရည်စူး၍ ဆုတောင်းခဲ့ကြခြင်းမျိုးလည်းရှိ၏။ သာကေအားဖြင့်ဖော်ပြရပါမူ မိမိတည်ထားခဲ့သော စေတီတော်ကြီးနှင့်ပတ်သက်၍ နောင်နှစ်ပေါင်းများစွာကြာမြင့်သော တစ်နေ့တွင် အကြောင်းတစ်မျိုးမျိုးတို့ကြောင့် ယိုယွင်းပျက်စီးသောအခြေအနေမျိုး ကြုံတွေ့ရပါက မိမိသာလျှင် ပြုပြင်သူ၊ မွမ်းမံသူ၊ ပြင်ဆင်သူဖြစ်ရပါလို၏ ဆုတောင်းတတ်ကြ၏။ အကယ်၍ မိမိ၏ကုသိုလ်ကောင်းမှုကို ပြန်လည်ပြုပြင်ပြင်ဆင်ရန်လိုအပ်သည့်အခြေအနေတွင် မိမိသည် ယခုလက်ရှိဘဝမျိုး၌ မကျရောက်ဘဲ ဤဘဝမှပြောင်းရွှေ့ကွယ်လွန်သွားပြီးသောအချိန်မျိုးတွင်မှဖြစ်ပေါ် ခဲ့လျှင် မိမိလူဘဝသို့ပြန်ရောက်သောအခါတွင်မှ မိမိလက်ဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ရပါလို၏ဟုလည်း ဆုတောင်းကြ၏။

အကယ်၍ ဤဆုတောင်းအတိုင်း မဟုတ်မူဘဲ အခြားသောမသက်ဆိုင်သူ ပုဂ္ဂိုလ်တစ်စုံတစ်ဦးက မိမိပြုထားသော ဘုရားစေတီပုထိုးကုသိုလ်ကောင်းမှုတော်ကြီးအား ကြားဖြတ်ဝင်ရောက်၍ ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်း၊ ထီးတော်တင်လှူခြင်းများပြုပါက ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်မည်သူပင်ဖြစ်ပါစေ ပျက်စီးပါစေဟု ဆုတောင်းထားလေ့ရှိကြ၏။ ဤဆုတောင်းမျိုးကို ကျိန်စာဟုလည်းဆိုကြပါသည်။

ဤဆုတောင်းမျိုး၊ ကျိန်စာမျိုးကို ပြုခဲ့သဖြင့် အဆိုပါ မူလကောင်းမှုကုသိုလ်ရှင်အား မကောင်းမှုပြုသူဟူ၍ အဖြစ်ဆိုပါမည်လား။ ဤကိစ္စတွင် မိမိ၏ ကုသိုလ်အား မိမိပိုင်ထာဝရကုသိုလ်ဖြစ်စေရန် ရည်ရွယ်ကြောင်း ထင်ရှားသဖြင့် မကောင်းမှုဟုဆိုရန်လည်း မဖြစ်နိုင်ချေ။ သူ၏ကုသိုလ်တော်နှင့်ပတ်သက်၍ သူ့ရွှေထောင့်၊ သူ့ခဲယူချက်၊ သူယုံကြည်ချက်များအရ မှန်ကန်ပါသည်။

အဆိုပါ ဆုတောင်းမျိုးပြုသည့် ပုဂ္ဂိုလ်နှင့်ပတ်သက်ပြီး သုံးသပ်ကြည့်ပါက ထိုပုဂ္ဂိုလ်သည် ယခုလက်ရှိ လူဘဝမှ စုတေကွယ်လွန်သွားပြီးသော်လည်း သူတည်ထားခဲ့သော ကောင်းမှုတော်စေတီပုထိုးတို့နှင့်ပတ်သက်ပြီး ပြန်လည်ပြုပြင်ခွင့်ရရှိရန် ဤလူဘဝကိုပင် ပြန်ယူရမည် ဖြစ်၏။ လူဘဝရလျှင်လည်း ဗုဒ္ဓဘာသာဝင်ဖြစ်သည့်လူဘဝမျိုးကိုယူရမည်ဖြစ်၏။ ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်သည် ပြီးလျှင်ပြီးရောဘဝနေနည်းမျိုးဖြင့်နေထိုင်ရမရော၊ ကုသိုလ်ကောင်းမှုတို့ကိုအထူးပြုရမည် ဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာတို့ကိုလည်း အခါမလပ်ကျင့်သုံးဆောက်တည်ရမည်ဖြစ်၏။ ထို့ကြောင့် သူ၏ဆုတောင်းသည် သံသရာတစ်ခုလုံးနှင့် ပတ်သက်နေသည့် ဆုတောင်းမျိုးဖြစ်၏။

သူ၏ ဆုတောင်းကြောင့် ဘဝသံသရာတစ်လျှောက်လုံးတွင် သူသည် ဘဝဆက်တိုင်း လူဘဝသာဖြစ်ရမည်။ ဗုဒ္ဓဘာသာဝင်သာဖြစ်ရတော့မည်ဖြစ်၏။ ထို့ကြောင့် အဆိုပါ ပုဂ္ဂိုလ်မူလရင်းမြစ်ဆန္ဒကို သုံးသပ်ပါက တဝတိုတို့နှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုတောင်းခြင်းမျိုး မဟုတ်ဘဲ ပါရမီလမ်းစဉ်ကို အစွမ်းကုန်ဖြည့်ကျင့်မည်ဖြစ်သောသံသရာဆုတောင်းမျိုးဖြစ်၏။ ထိုဆုတောင်းကိုကြည့်ရုံဖြင့် အဆိုပါ ပုဂ္ဂိုလ်သည် သာမန်ပုဂ္ဂိုလ်မျိုး မဟုတ်ဘဲ ဆုကြိုးပန်ပုဂ္ဂိုလ်သော်လည်းကောင်း၊ အခြားသော အလားတူဆုကြိုးတစ်မျိုးမျိုးကိုပန်သည့်ပုဂ္ဂိုလ်သော်လည်းကောင်း၊ ဝိဇ္ဇာရေလမ်းစဉ်လိုက်သည့်ပုဂ္ဂိုလ်သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

ထို့ကြောင့် ဘုရားစေတီပုထိုးများ၏ မူလကုသိုလ်ရှင်နှင့် ပတ်သက်ပြီး ခပ်လျော့လျော့စဉ်းစားပြီး ပမာမခန့်ပြုခြင်း၊ မလေးမစားပြုခြင်းမျိုးမပြုသင့်ပေ။ အထူးသဖြင့် ဝိဇ္ဇာရေလမ်းစဉ်သို့လိုက်သည့်ပုဂ္ဂိုလ်များအတွက်မူ ဤကိစ္စနှင့် ပတ်သက်ပြီး ပို၍ပင်အလေးထား ဂရုပြုသင့်၏။

ဤအခြင်းအရာနှင့် ပတ်သက်ပြီး သာကေတစ်ရပ် ဖော်ပြလိုပါသည်။ ဆရာတော်တစ်ပါးသည် ငယ်ရွယ်စဉ်ကတည်းကပင် ဝိဇ္ဇာရေပညာလမ်းစဉ်ကို အထူးပင်စိတ်ဝင်စားခဲ့၏။ ကျင့်ကြံအားထုတ်မှုများကိုလည်း စဉ်ဆက်မပြတ်ပြုခဲ့၏။ ထိုသို့ အားထုတ်ဖန်များသဖြင့် လည်းကောင်း၊ အထုံအဆက်ကောင်းသောကြောင့် လည်းကောင်း တစ်နေ့တွင် ထွက်ရပ်ပေါက်ဝိဇ္ဇာဝိုရ်ဆရာတော်ကြီးတစ်ပါးနှင့်တွေ့ပြီး ပညာကောင်းကို ရရှိ၏။ ဆရာတော်လည်း ပညာကောင်းရရှိလိုက်ပြီမှန်းသိသဖြင့် အထူးပင်ကြိုးစားအားထုတ်သဖြင့် တစ်စထက်တစ်စအောင်မြင်လာခဲ့၏။

ဧည့်မှအောင်မြင်လာသနည်းဟူမူ ဆရာတော်သည် သုဝဏ်ထားသည့်သင်းပိုင်ကိုလှန်၍ သွပေါင်ကို သွလက်စေးနှင့် ပွတ်လိုက်သည်နှင့် ပေါင်ပေါ်တွင် စာများပေါ်လာ၏။ ထို့နောက် သွလက်စေးဖြင့်ပင် စာများပေါ်နေသောပေါင်အား ပွတ်လိုက်သောအခါ စာများ ပြန်ဖျောက်သွား၏။

ထို့အပြင် ဆရာတော်သည် ပထဝီသိဒ္ဓိနှင့်ပတ်သက်ပြီး ညသိဒ္ဓိရရှိသည့်ပုဂ္ဂိုလ် ဖြစ်၏။ ညသိဒ္ဓိဆိုသည်မှာ ညနေ (၆) နာရီ မနက် (၆) နာရီအတွင်း ရသောသိဒ္ဓိဖြစ်၏။ ထိုသိဒ္ဓိရသောကာလအတွင်း သွားချင်ရာသွားနိုင်၏။ ထိုကာလအတွင်း အကြောင်းကိစ္စပေါ်ပါက ဆရာတော်သည် ကျပန်နိုင်သို့လည်းသွား၏။ အရှေ့အလယ်ပိုင်းနိုင်ငံများသို့လည်းသွား၏။ အိန္ဒိယနိုင်ငံသို့လည်းသွား၏။ အစွမ်းဖြင့်သွားခြင်း ဖြစ်၏။

ထို့အပြင် ဆရာတော်၏အစွမ်းကို ဖော်ပြရပါက ဆရာတော်သည် နတ်များကိုပင်စေခိုင်းနိုင်သည့်အဆင့်ရှိ၏။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဖော်ပြရပါမူ ဆရာတော်၏ကျောင်း၌ ကျောင်းသားငယ်များရှိ၏။ ထိုကျောင်းသားငယ်များသည် နေ့နေ့ည၌ကျောင်း၌သာနေကြရပြီး ဘုန်းတော်ကြီးနှင့်ဘုန်းကြီးကျောင်းဝေယျာဝစ္စတို့ကိုသာ နီစွမ်းဝဝလုပ်နေကြရသဖြင့် ပင်ပန်းခြင်း၊ ပျင်းရိခြင်းများသာ ဖြစ်နေကြရ၏။ ထို့ကြောင့် ဆရာတော်သည် ကျောင်းသားများ စိတ်ပြေလက်ပျောက်ဖြစ်စေရန်နှင့် စိတ်ဖျော်ရွှင်အောင် ရည်ရွယ်ပြီး တစ်ညနေတွင် -

"မောင်ကျောင်းသားတို့၊ ဘယ်လိုလဲ ပျင်းနေကြပြီလား"

"မှန်ပါ့ဘုရား၊ တပည့်တော်တို့နေ့တိုင်း ဒီအလုပ်တွေပဲလုပ်နေရတော့ စိတ်ထဲ ပျင်းသလိုလိုဖြစ်နေပါတယ် ဘုရား"

"အေး - ကောင်းပြီ၊ ဒါဆိုမင်းတို့ စိတ်ဖျော်သွားအောင် ရွှဲရွှင်ကြည့်ကြမလား"

"ဟာ - ရွှဲရွှင်လား ဘုရား ကြည့်လို့ရရင် ကြည့်ချင်တာပေါ့ ဘုရား"

"အေး-တောင်းပြီ ဒါဆို ရွှဲရွှင်

www.burmeseclassic.com

www.burmeseclassic.com

တာပေါ့။ ည (၇) ခုနစ်နာရီထိုးရင် မင်းတို့ဘုန်းကြီးကျောင်းသားတွေအားလုံး လူစုပြီး ဘုန်းကြီးကျောင်းအောက်ထပ်ကို လာခဲ့ကြ"

ဟု မှာကြားလိုက်၏။

❑

ညရောက်သောအခါ ဆရာတော်သည် ကျောင်းအောက်ထပ်ရှိ ဆေးဖြူသုတ်ထားသော အုတ်နံရံပေါ် တွင် ရုပ်ရှင်ပြသလေ၏။ ရုပ်ရှင်ဆိုရာတွင်လည်း မြတ်စွာဘုရားရှင် တာဝတိံသာတိုးပြည့်မှ လူပြည်သို့ ဆင်းတော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်း၊ တောထွက်ခန်းစသည်တို့ဖြစ်၏။ ထိုအကြောင်းအရာများကို ဘုန်းကြီးကျောင်းသားများကလည်း အထူးပင် စိတ်ဝင်တစားကြည့်ရှုကြ၏။

ဤကိစ္စသည် အမှန်တကယ် ရုပ်ရှင်ဖြခြင်းမဟုတ်ပေ။ ဗဒ္ဓလက်ထက်က ဖြတ်ပျက်ခဲ့သည့် အကြောင်းအရာများကို နတ်များက ပြန်လည်ပြီး မူလပုံတော်များအတိုင်း သရုပ်ဆောင်ပြခြင်းဖြစ်၏။ နတ်များသည် နတ်တို့၏သက်တမ်းအရ ဘုရားရှင်လက်ထက်တော်မှ အဖြစ်အပျက်များကို ကောင်းစွာ ကြုံတွေ့ သိမီကြသဖြင့် ဘုရားရှင်လက်ထက်ကအဖြစ်အပျက်အခြေအနေများအတိုင်း အတိအကျ ပြန်လည် ဖော်ဆောင်ပြနိုင်ကြသဖြင့် ထိုသရုပ်ဖော်မှုကို ပြန်လည်ဖူးမြင်ရသူများအဖို့ အထူးပင် ကြည်ညိုသဖွယ်ဖွယ်ရာဖြစ်သဖြင့် သဘောကျနှစ်ခြိုက်ကြပါသည်။

သို့သော် အဆိုပါကိစ္စအား အမှန်အတိုင်းသုံးသပ်ကြည့်ပါက နတ်များအား ဝိဇ္ဇာဓရဟူသည်ဖြင့်ခိုင်းခြင်းဖြစ်သဖြင့် နတ်များက မလွန်ဆန်နိုင်ဘဲ လိုက်လုပ်ပေးရခြင်းမျိုးဖြစ်သဖြင့် မသင့်လျော်ချေ။ ထို့ကြောင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆရာတော်၏ အထက်ထွက်ရပ်ပေါက် ဆရာတော်ကြီးက သတိပေးတားမြစ်သဖြင့် နောက်ပိုင်းတွင် ဆရာတော်သည် ပြုလုပ်ခြင်းမရှိတော့ပေ။

ထိုမှ ပညာရပ်ပိုင်းဆိုင်ရာတွင် ပေါက်မြောက်နေသည့်ဆရာတော်သည် တစ်ကြိမ်တွင် ဘုရားတည်ရန်အကြောင်း ပေါ် ပေါက်လာခဲ့၏။ ထိုဘုရားသည်ကား တွံတေးနယ်ဘက်တွင်ရှိနေပြီး နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်၏။ ရှေးခေတ် ဘုရင်တစ်ပါး၏ ကုသိုလ်တော်လည်း ဖြစ်၏။ ထို့ကြောင့်လည်း

စေတီတော်သည် အတော်ပင် ပျက်စီးယိုယွင်းနေပြီ ဖြစ်၏။ သို့ပါ၍ အဆိုပါ ဘုရားမှအနီးရှိ ရပ်ရွာမှလူကြီးများနှင့် နယ်သူနယ်သားများ စုပေါင်းပြီး ပြန်လည် ပြင်ဆင်တည်ထားရန် စီစဉ်ကြ၏။

အစစအရာရာ အားလုံးအဆင်သင့်ဖြစ်သောအခါ ပြန်လည် တည်ထားကြ၏။ သို့သော်လည်း တည်ထားပြီးများမကြာမီမှာပင် စေတီတော်သည်လည်း အောက်ခြေအထိပင် မမျှော်လင့်ဘဲ ပြန်လည် ပြိုကျသွားတော့သည်။ ထို့ကြောင့် ဘုရားတည်သူများလည်း အထူးပင် စိတ်မကောင်းဖြစ်ကြရလေ၏။ ထိုသို့ဖြစ်ရခြင်းကိုလည်း အမျိုးမျိုး သုံးသပ်ကြ၏။ ဤဖြစ်ရပ်နှင့်ပတ်သက်ပြီး အများစုက သုံးသပ်ကြသည်မှာ နည်းပညာပိုင်း၊ နည်းစနစ်ပိုင်းအားနည်းသဖြင့် လည်းကောင်း၊ ချို့ယွင်းချက်ရှိသဖြင့် လည်းကောင်း ပြိုကျခြင်းဖြစ်မည်ဟု ယူ ဆကြ၏။

ထို့ကြောင့် ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် တိုင်ပင်ပြီး အခိုင်အမာဖြစ်စေရန် အတိအကျစီမံပြီး နောက်တစ်ကြိမ် ပြန်လည် တည်ကြပြန်လေ၏။ ထိုအခါတွင်လည်း ဘုရားကြီးသည် အတော်အတန် မြင့်မားသော အခြေအနေသို့ ရောက်ရှိသောအခါတွင်မှ စေတီကြီးသည် ပြိုကျပြန်လေသည်။ ထို့ကြောင့်လည်း အဆိုပါ စေတီတော်နှင့်ပတ်သက်၍ စိစဉ်သည့် ပုဂ္ဂိုလ်များသည် အထူးပင်စိတ်ပျက်လက်ပျက်ဖြစ်ကြရလေ၏။

ထို့ကြောင့် နောက်တစ်ကြိမ်တွင် အာဏာပိုင်ပုဂ္ဂိုလ်များပါ ပါဝင်လာပြီး စေတီကြီးကို ပြန်တည်ရန် စီစဉ်ကြ၏။ အသေအချာလည်း ကြိုတင်ပြင်ဆင်ကြ၏။ အစစအရာရာ လိုလေသေးမရှိကြိုတင် ပြင်ဆင်ပြီးသောအခါတွင်မှ စေတီတော်ကြီး၏အုတ်မြစ်ကို နက်နက်တူးခြင်း၊ ကြံ့ခိုင်ရေးပိုမိုကောင်းမွန်စေမည့်ဆောက်လုပ်ရေးပစ္စည်းများသုံးခြင်း စသည့်တို့ကို အားဖြည့်ကာ ပြန်တည်ကြလေ၏။ ဤတစ်ကြိမ်တွင်လည်း စေတီတော်ကြီးသည် မကြာမီတွင်ပင် ပြန်ပြိုကျပြန်လေ၏။

ဤတစ်ကြိမ်တွင်ကား စေတီတော်ပြန်တည်ကြသူများသည် အထူးပင် ထိတ်လန့်တုန်လှုပ်သွားကြတော့၏။ ဤကိစ္စနှင့်ပတ်သက်၍လည်း သုံးသပ်ကြရာ သာမန်သွေးရိုးသားရိုးကိစ္စမဟုတ်တော့ကြောင်းကို ဆင်ခြင်မိကြ၏။ စေတီတော်အား ဆက်မတည်တဲ့ ဤအတိုင်း ထားဖို့ရန်လည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ဤကိစ္စနှင့် ပတ်သက်ပြီး ကောင်းစွာဆောင်ရွက်နိုင်မည့် ကျွမ်းကျင်သော ပုဂ္ဂိုလ်ပါမှဖြစ်မည်ဟု သုံးသပ်ကြကာ ထိုဝိဇ္ဇာဓရပညာရှင်အား လိုက်လံရှာဖွေကြ၏။

ဤတွင် အထက်ပါ ဆရာတော်အားသွားတွေ့ကြ၏။ ထို့ကြောင့် ဘုရားတည်မည့်ပုဂ္ဂိုလ်များသည် ဆရာတော်အား ကိစ္စအလုံးစုံကို လျှောက်ထားကာ အကူအညီပေးပါရန် တောင်းပန်ကြ၏။ နောက်ဆုံးတွင် ဆရာတော်လည်း မလွဲသာမရှောင်သာတော့ဘဲ အကူအညီပေးမည့်အကြောင်း ကတိပြုလိုက်လေ၏။ ထို့ကြောင့် ဆရာတော်လည်း စေတီတော်တည်ရာသို့ လိုက်သွားပြီး လိုအပ်သည်များကို ပြင်ဆင်ကာ ပြန်တည်လေ၏။ သို့သော်လည်း ဆရာတော်ကြီး၏ အခြေအနေသည် ရှေ့ပုဂ္ဂိုလ်များ နည်းတူပင် ပထမနေ့တည်ပြီး နောက်တစ်နေ့တွင် ပြန်လည်ပြိုကျလေ၏။

ထို့ကြောင့် ဆရာတော်လည်း အထူးအင်းတစ်ချပ်ကို ကြေးပြားတွင် စီရင်ကာ စေတီတော်အထဲတွင်ထည့်မြှုပ်ပြီး ဘုရားဆက်တည်လေသည်။ ထိုအခါတွင်မှ စေတီတော်သည် မပြိုကျတော့ဘဲ ဆက်လက်ပြီး တည်ထား၍ ရသွားလေတော့၏။

ဤသို့ဖြင့် ဆက်လက်တည်ရင်း စေတီတော်သည် ပြီးစီးလုအနေအထား သို့ ရောက်ရှိသွားလေတော့၏။ ထိုသို့ ဘုရားတည်နေစဉ် တစ်နေ့တွင် ဆရာတော်၏ဆရာဖြစ်သည့်ဆရာတော်ကြီးသည် မမျှော်လင့်ဘဲ ဆရာတော်ထံကြွလာလေ၏။ ခရီးရောက်မဆိုက်မီ ဆရာတော်ကြီးက -

"မောင်ပဉ္စင်း၊ အခုဘုရားတွေလုပ်

www.burmeseclassic.com

www.burmeseclassic.com

နေတာလဲ"

ဟု မေးလိုက်ရာ ဆရာထော်က-

"အရှင်ဘုရား၊ ဘုရားတည်မယ့် ပုဂ္ဂိုလ်တွေက အကုအညီတောင်းလို့ ဘုရားတည်ပေးနေပါတယ်"

"ဒါဆို မောင်ပဉ္စင်း အခုစကားထဲမှာပါသလို ဘုရားတည်ပေးနေတာပါဆိုရင် ဘုရားပဲတည်ပေးပါ။ ထီးတင်တဲ့အထိ လုပ်ငန်းထဲမှ ဆက်ပြီးမပါပါနဲ့တော့"

ဟု မိန့်ကြားပြီး ဆရာတော်ကြီးလည်း ပြန်ကြွသွားလေ၏။

ဤသို့ဖြင့် ဆရာတော်၏ဘုရားတည်ခြင်းလုပ်ငန်းသည် တဖြည်းဖြည်းနှင့် ပြီးဆုံးခြင်းသို့ရောက်ရှိလာခဲ့၏။ ထို့နောက် ဘုရားတည်ပြီးသဖြင့် ထီးတင်ရန် ပြင်ဆင်ကြလေ၏။ ထိုအခါ ဆရာတော်သည် မိမိဆရာသမားဖြစ်သူ၏ မိန့်မှာခဲ့ချက်ကို ပြန်၍သတိရမိ၏။ ထို့ကြောင့် ဆရာတော်က ဘုရားတည်သည့်ပုဂ္ဂိုလ်များအား -

"ဒကာတို့၊ အခု ဒကာတို့အကူအညီတောင်းတဲ့အတိုင်း ဘုန်းကြီးက ဝိုင်းဝန်းကူညီပြီး ဘုရားတည်ပေးပြီးပြီ။ အခုကျန်နေတဲ့ ထီးတော်တင်ဖို့ကိစ္စကိုတော့ ဒကာတို့ဘာသာပဲဆက်လုပ်ကြဖို့ ဘုန်းကြီးဆိုပါရစေ"

ဟု မိန့်လိုက်ရာ ကျန်သောဘုရားတည်သည့်ဒကာတို့က ဝိုင်းဝန်းပြီး -

"ဟာ - အရှင်ဘုရား၊ ဒီလိုတော့ မလုပ်ပါနဲ့ဘုရား။ အခုဆို အရှင်ဘုရား ဝိုင်းပြီးတည်ပေးလို့ ဘုရားတောင်ပြီးသွားပြီ။ ထီးတင်ဖို့တစ်ခုပဲကျန်တော့တာပါ။ ဒါကြောင့် လက်စနဲ့ ထီးတင်ပြီးတဲ့အထိတော့ ကူညီပါဘုရား။ တပည့်တော်တို့ချည်းပဲထားမသွားပါနဲ့ဘုရား။ တပည့်တော်တို့ချည်းပဲဆို ဘာမှမလုပ်တတ်မကိုင်တတ်နဲ့ အရှင်ဘုရားရှိမှပါဘုရား"

ဟု ဝိုင်းဝန်းတောင်းပန်ကြသဖြင့် ဆရာတော်လည်း မလွဲသာမရှောင်သာတော့ဘဲ ဘုရားထီးတော်တင်ခြင်းအမှုတွင် ပါဝင်ရလေတော့၏။

ဤသို့ဖြင့် ဘုရားအား ထီးတော်တင်သည့်နေ့သို့ရောက်ရှိလာခဲ့၏။ အဆိုပါ ထီးတော်တင်သည့်ကိစ္စအား အစစအရာရာ အဆင်ပြေအောင်မြင်စေရန် ရည်ရွယ်ပြီး ဘုရားတည်သည့်ပုဂ္ဂိုလ်များ ကကုန်တော့ပွဲများကိုပါပြင်ဆင်ကပ်လှူထား၏။ အဆိုပါ ကန်တော့ပွဲတို့သည် မည်မျှရှိပါသနည်းဟူမူ ပွဲပေါင်း (၁၀၈) ပွဲမျှရှိ၏။ ထိုသို့လိုလေသေးမရှိအောင် သတိပြုပြင်ဆင်ခဲ့သော်လည်း တကယ်တမ်း ထီးတော်တင်သောအခါ တင်၍မရဘဲရှိလေတော့၏။ ထိုအခါ ဆရာတော်လည်း နည်းလမ်းမျိုစုံသုံး၍အား ထုတ်လေ၏။ မည်သို့မျှ အကြောင်းမထူးခဲ့ပေ။ ထီးတော်ကား တင်၍မရမြဲ အတိုင်းသာရှိနေလေ၏။ ထို့ကြောင့် ဆရာတော်လည်း ဤကိစ္စနှင့်ပတ်သက်ပြီး မည်သို့ပြုရပါမည်နည်းဟု စဉ်းစားရာ သူနှင့်ပညာညီအစ်ကိုဖြစ်သည့်ပုဂ္ဂိုလ်တစ်ဦးအားသွား၍ သတိရလေသည်။ ထို့ကြောင့် ဆရာတော်လည်း အခြံနဲ့မဆိုင်းတော့ဘဲ အဆိုပါပုဂ္ဂိုလ်အားသွားရောက်အကူအညီတောင်းလေ၏။

ထိုပုဂ္ဂိုလ်ကလည်း အဆိုပါဘုရားနှင့်ပတ်သက်၍ ထီးတင်ခြင်းအမှုသို့ မပါဝင်လိုကြောင်း ငြင်းလေ၏။ သို့သော်လည်း ဆရာတော်က အကြိမ်ကြိမ် အဖန်ဖန် မေတ္တာရပ်ခံသဖြင့် ထိုပုဂ္ဂိုလ်လည်း မငြင်းသာတော့ဘဲ ဆရာတော်နှင့် လိုက်ပါခဲ့ရ၏။

ဘုရားထီးတော်တင်သည့်နေရာသို့ရောက်သောအခါ အဆိုပါ ပုဂ္ဂိုလ်သည် ပတ်ဝန်းကျင် အခြေအနေကို လေ့လာအကဲခတ်ကြည့်လိုက်သောအခါ ပွဲပေါင်း (၁၀၈) ပွဲမျှ ပြင်ဆင်ထားသည်ကို တွေ့ရသဖြင့် ထိုပွဲများကို အသေအချာ စူးစိုက်ကြည့်လိုက်ပြီးနောက် ရုတ်တရက် ချက်ချင်းပင် အဆိုပါ ပြင်ထားသောပွဲများရှိရာသို့ပြေးသွားပြီး ပြင်ထားသောပွဲများကို တစ်ပွဲမကျန် ခြေထောက်ဖြင့် အားလုံးကန်ချလိုက်တော့၏။

ထိုအခါ၌ အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းစွာပင် မူလက လူအားဖြင့် ဆွဲတင်၍ မည်သို့မျှမရသော ဘုရားထီးတော်သည် မည်သူတစ်စုံတစ်ယောက်မျှ မဆွဲတင်ရဘဲနှင့် ဘုရားထီးတော်သည် သူ့အလိုအလျောက်ပင် ထီးတင်ရထားသည် တက်သွားလေတော့၏။ ဤသို့ဖြင့် ဘုရားထီးတင်ခြင်းသည် အောင်မြင်စွာ ပြီးဆုံးသွားခဲ့လေတော့၏။

❑ ထီးတော်တင်အောင်ပွဲ

ဘုရားထီးတော်တင်ပြီးမြောက်ခြင်းနှင့်အတူ ထီးတော်တင်အောင်ပွဲကို ဒြိမ့်ဒြိမ့်သဲဝဲ့ခဲ့ကျင်းမကြေ၏။ ထိုတွင် ဆရာတော်အဖို့ ထူးခြားမှုတစ်ခုဖြစ်ပေါ်လာခဲ့၏။ ဆရာတော်ရှိရာသို့ လူပုဂ္ဂိုလ်တစ်ဦးရောက်ရှိလာခဲ့၏။ ထိုပုဂ္ဂိုလ်က ဆရာတော်အား အစွမ်းထက်သော ဓာတ်လုံးတစ်လုံးအား ထုတ်ယူ၍ ပြသခဲ့၏။ ထို့နောက် အဆိုပါပုဂ္ဂိုလ်က သူ့ဓာတ်လုံး၏ အစွမ်းသတ္တိများကို ဖော်ထုတ်ပြောဆိုခဲ့၏။ ထိုပုဂ္ဂိုလ်ပြောပြသည့် စကားများထဲမှ ဆရာတော်၏စိတ်တွင် စွဲထင်နေသောစကားတစ်ခွန်းမှာ-

"ဆရာတော်၊ ဒီဓာတ်လုံးရဲ့အစွမ်းတော့ ပြောပြရရင် အံ့မခန်းစရာပါပဲ။ အဓိက ပြောချင်တာကတော့ ဒီဓာတ်လုံးကိုဆောင်ပြီး မိမိသွားလိုတဲ့နေရာကို စိတ်ညွှတ်လိုက်တာနဲ့တစ်ပြိုင်နက် အဲဒီနေရာကို ချက်ခြင်း ရောက်သွားပါလိမ့်မယ်"

ဟု ဆိုပြီး အဆိုပါဓာတ်လုံးကို ဆရာတော်ထံ ဆက်တော် ပြန်သွားလေ၏။

ထိုအခါ ဆရာတော်လည်း ဓာတ်လုံးကို ကိုင်ကြည့်ရင်း အံ့ဩလွန်းသဖြင့် ငေးကြောင်ပြီးကျန်ခဲ့၏။ အတန်ကြာသောအခါမှ သတိဝင်လာခဲ့၏။ ထို့တွင်မှ ဆရာတော်သည် -

"အင်း-ဟိုပုဂ္ဂိုလ်ပြောသွားတဲ့ကိစ္စ ဟုတ်မဟုတ် စမ်းကြည့်ရင်ကောင်းမှာပဲ"

ဟု တစ်ကိုယ်တည်းတွေးနေမိ၏။ ထို့နောက် နာရီကိုကြည့်လိုက်ရာ နံနက် (၁၀) နာရီပင်မထိုးသေးသည်ကိုတွေ့ရသဖြင့် လည်းကောင်း၊ နေဆွမ်းစားချိန်လည်းလိုသေးသဖြင့် လည်းကောင်း၊ အချိန်ရသဖြင့် စမ်းသပ်ရန်ဆုံးဖြတ်ပြီး ဆရာတော်သည် တည်ထားသည့်ဘုရားရင်ပြင်သို့ သွားရောက်ပြီးနောက် ကျိုက်ထီးရိုး ရသေ့တောင်ဘုရားအား အာရုံပြုလိုက်၏။ လက်ရှိဆရာတော် အာရုံပြုသည့်နေရာမှာ တို့တေးတွင်ဖြစ်၏။

ဆရာတော်သည် အထက်ပါ ပုဂ္ဂိုလ်ပြောခဲ့သည့်အတိုင်း ကျိုက်ထီးရိုး ရသေ့တောင်ဘုရားအား အာရုံပြုလိုက်သည်နှင့်တစ်ပြိုင်နက် ရသေ့တောင်ပေါ်ရှိ ဘုရားရင်ပြင်ပေါ်သို့ ရောက်ရှိသွားလေတော့၏။ **ထိုအခါတွင်မှ ဆရာတော်လည်း တစ်ကိုယ်တည်းပြုနိုင်ပြီး ဓာတ်လုံးအစွမ်းဆတ္တိကို လက်ခံသွားကာ -**

"အင်း-အတော်ဟုတ်တဲ့ဓာတ်လုံးပဲ။ ငါတော့ ဓာတ်လုံးကောင်းတစ်လုံးကို ပိုင်ဆိုင်ရပြီ။ အခုဆိုရင် ငါဟာ ညသိန်္ဓိတင်မဟုတ်ဘဲ နေ့ဘက်ပါ သွားချင်တဲ့နေရာသွားလို့ရပြီ"

ဟု တွေးရင်း တစ်ကိုယ်တည်းပီတိဖြစ်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ဆရာတော်၏ နောက်ဘက်မှ အသံတစ်သံထွက်ပေါ်လာလေ၏။

"ကိုယ်တော်၊ ဒီနေရာကို ဘာကိစ္စနဲ့ ကြွလာတာပါလဲ"

ဟု မေးလိုက်သောအသံ ဖြစ်၏။ ထိုအသံကို ဆရာတော်အနေဖြင့် ကြားဖူးသည့်အသံဖြစ်နေသဖြင့် နောက်ဘက်သို့ ကမန်းကတန်းလှည့်ကြည့်လိုက်ရာ မမျှော်လင့်ဘဲ ဆရာတော်လုပ်သည့် ပညာလမ်းစဉ်၏ ဂိုဏ်းချုပ်ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရသဖြင့် အထူးပင် တုန်လှုပ်ချောက်ချားသွားရလေတော့၏။

ထို့နောက် ဆရာတော်လည်း ဂိုဏ်းချုပ်ကြီးထံသို့ လေးကန်သောခြေလှမ်းများဖြင့် လှမ်းသွားခဲ့၏။ အနီးသို့ရောက်သောအခါ ဂိုဏ်းချုပ်ပုဂ္ဂိုလ်ကြီးက ဆရာတော်အား -

"ဘာတွေလျှောက်လုပ်နေတာလဲ ကိုယ်တော်။ ကိုယ်တော်ဟာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေကို လျှောက်လုပ်နေတာပဲ။ အခု ကိုယ်တော်ဆောင်လာတဲ့ ဓာတ်လုံးကို ကျွန်ုပ်ဆီအပ်ပါ"

ဟု ပြောဆိုလိုက်သောအခါ ဆရာတော်သည် မျက်စိမျက်နှာပျက်ကာ အထူးပင် ထိတ်လန့်ကြောက်ခြင်း ဖြစ်ရလေတော့၏။ ထို့နောက် ဆရာတော်သည် သူ၏ခါးပန်းကြိုးအိတ်ထဲမှ ဓာတ်လုံးကို ထုတ်ယူကာ အပ်လိုက်ရလေတော့၏။ ထိုအခါတွင် ဆရာတော်အဖို့ အခက်တွေ့ရတော့၏။ ဓာတ်လုံးမရှိတော့သဖြင့် မြေကြောရှုံ့၍ တစ်မှုတ်ချင်း သွားလိုရာသွား၍ မရတော့သဖြင့် ပုံမှန်အတိုင်းပြန်ရတော့မည်။ ထို့ကြောင့် အချိန်ကာလအားဖြင့် ရက်ချီပြီးကြာတော့မည်။ ယနေ့တွင် ဘုရားထီးတော်တင်ပွဲအတွက် နေ့ဆွမ်းကပ်ရန် မိမိအားစောင့်နေကြမည်ကိုလည်း သတိရလိုက်၏။ ထို့ကြောင့် ဆရာတော်သည်စိတ်လည်း အတော်ညစ်သွားခဲ့၏။

ထိုအခြေအနေကိုသိသော ဂိုဏ်းချုပ်ပုဂ္ဂိုလ်က ဆရာတော်အား ဓာတ်လုံးကိုသိမ်းပြီးသည်နှင့် -

"ကဲ - ကိုယ်တော်က ဘယ်ကိုပြန်ကြွချင်တာလဲ"

ဟု မေးလိုက်သောအခါ ဆရာတော်လည်း ဘုရားတည်နေသည့် တွံတေးသို့ပြန်မည်ဟုမပြောဝံ့သဖြင့် -

"ရန်. . . ရန်. . . ရန်ကုန်ကိုပဲပြန်မှာပါ"

"ကဲ - ဒါဆို ကိုယ်တော် ရန်ကုန်ဘက်ကို မျက်နှာမူပြီး လှည့်ရပ်နေလိုက်ပါ"

ဟု ပြောရာ ကိုယ်တော်လည်း ဂိုဏ်းချုပ်ပုဂ္ဂိုလ်ပြောသည့်အတိုင်း လှည့်ရပ်ပြီး မျက်လုံးကိုမှိတ်ထားလိုက်၏။ ထိုအချိန်တွင် ဂိုဏ်းချုပ်ပုဂ္ဂိုလ်က ဆရာတော်၏ပခုံးကို နောက်မှတစ်ချက်ပုတ်လိုက်၏။ ထိုသို့ပုတ်ပြီးလျှင်ပြီးချင်းပင် ဆရာတော်သည် မျက်လုံးဖွင့်ကြည့်လိုက်ရာ ရန်ကုန်သို့ရောက်နေပြီဖြစ်ကြောင်း တွေ့ရသဖြင့် ချက်ချင်းပင် နီးစပ်ရာကား တစ်စီးကို ကမန်းကတန်းငှား၍ တွံတေးဘက်သို့ဆွမ်းစားအဓိ အပြင်းနှင်ရလေတော့၏။

□ မိမိနှင့် မသက်ဆိုင်သည့်ဘုရားတွင်ထီးတင်ခြင်းကြောင့်ဖြစ်ပေါ်ခဲ့ရသည့်နောက်ဆက်တွဲအကျိုး

အဆိုပါ ဘုရားတည်ပြီးသည့် နောက် များမကြာမီတွင်ပင် ဆရာတော်သည် မလွဲမရှောင်သာတော့သည့်အကြောင်းတစ်ခုပေါ် ပေါက်ပြီး လူဝတ်လဲခဲ့ရ၏။ အိမ်ထောင်လည်းကျသွားရလေတော့၏။ သူ၏ ကြီးမားသောရည်ရွယ်ချက်ထားခဲ့ရသည့်လုပ်ငန်းစဉ်ကြီးလည်း ရွေ့ဆက်ပြီး အကောင်အထည်မဖော်နိုင်ဘဲဖြစ်ကာ ရပ်တန့်သွားလေတော့၏။ ထိုအခါတွင်မှ ဆရာသမားတို့၏ မိန့်မှာချက်များကို ဂရုမမူပြဘဲ မိမိလုပ်လျှင်ဖြစ်ရမည်ဟု ပညာမာန်ဝင့်ခဲ့သော ရဟန်းဘဝမှ ရွေ့လျောခဲ့ရသော ပုဂ္ဂိုလ်သည် အဆိုပါကိစ္စအတွက် ပြန်လည်တွေးမိတိုင်း နောင်တရနေတော့၏။

အမှန်တကယ် ကြံတွေ့ခဲ့ရသည့် အကြောင်းမှာ ဆရာတော်သည် ဘုရားပြန်တည်ခဲ့စဉ် ဘုရားဌာပနာပိတ်ချိန်ကယခင် ဘုရားဟောင်းဘုရားပျက်ထဲမှ မူလဌာပနာပစ္စည်းအချို့ကို ရရှိခဲ့၏။ ထိုဌာပနာပစ္စည်းများထဲတွင် ကြေးပုရပိုက်တစ်ခုပါဝင်နေသည်ကို တွေ့ရှိရ၏။ ယခုဘုရာအသစ်ပြန်တည်ပြီးသောအခါ ဘုရားဟောင်းထဲမှ တွေ့ရှိရသော ဌာပနာပစ္စည်းများကို ပြန်ထည့်ရန် စီစဉ်ကြ၏။

ထိုတွင် ဆရာတော်လည်း အဆိုပါ ဘုရားဟောင်းဌာပနာထဲမှ တွေ့ရှိရသောကြေးပုရပိုက်ကို စိတ်ဝင်စားသဖြင့် ဖတ်ကြည့်ရာ အဆိုပါ ကြေးပုရပိုဒ်သည် မူလ ဘုရားဟောင်းတည်ခြင်းဆိုင်ရာ ဘုရားသမိုင်းပါ ကြေးပုရပိုက်သည် မူလ ဘုရားဟောင်းတည်ခြင်းဆိုင်ရာ ဘုရားသမိုင်းအကျဉ်းကို မှတ်တမ်းတင်ထားခြင်း ဖြစ်၏။

ထိုဘုရားကို မူလတည်ထားခဲ့သည့်ပုဂ္ဂိုလ်မှာ သာမန်အရပ်သားတစ်ဦး မဟုတ်ပေ။ ဘုရင်တစ်ပါးဖြစ်နေ၏။ အဆိုပါ ဘုရားပေါ် တွင် သူ၏စိတ်အာရုံအလွန်ညွှတ်ကိုင်းစွာရှိခဲ့ကြောင်းလည်း သူ၏မှတ်တမ်းတွင် ဖော်ပြထား၏။ မှတ်တမ်း၏အဆုံးတွင်လည်း ဆုတောင်းကို ထည့်သွင်းရေးထိုးထား၏။ ထိုဆုတောင်းသည် အဓိကျသော ပဓာနအချက်ဖြစ်နေသည်ကို ထိုစဉ်က ဆရာတော်သည် အလေးဂရုမပြုခဲ့ချေ။ မိမိသည် တန်ခိုးသိဒ္ဓိရှိနေသော ဝိဇ္ဇာရေးပုဂ္ဂိုလ်ဖြစ်နေသဖြင့် အဆိုပါကိစ္စများကို အလေးဂရုမပြုစရာမလိုဟု ထင်မှတ်ခဲ့မိ၏။

ယခုပြဿနာများဖြစ်ပြီးသောအခါတွင်မှ အဆိုပါ ဆုတောင်းကို ပြန်လည်သတိရမိတော့၏။ ထိုဆုတောင်းတွင် ရေးသားထားသည်မှာ -

မိမိတည်ထားခဲ့သော ဤစေတီတော်ကြီးနှင့်ပတ်သက်၍ နောင်နှစ်ပေါင်းများစွာ ကြာမြင့်သောတစ်နေ့တွင် အကြောင်းတစ်မျိုးမျိုးကြောင့် ယိုယွင်းပျက်စီးသောအခြေအနေမျိုးကြုံတွေ့ရပါက မိမိကသာလျှင် ပြုပြင်သူ၊ ပြင်ဆင်သူ၊ ပြန်လည်တည်ဆောက်သူ၊ ထီးတင်သူဖြစ်ရပါလို၏။ အခြားသော မသက်ဆိုင်သည့်မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်လုပ်ကိုင်၍ မရပါစေနှင့်။ အကယ်၍ မိမိကုသိုလ်တော်ကောင်းမှုနှင့် ပတ်သက်ပြီး ပြန်လည်လုပ်ကိုင်ရန် အကြောင်းပေါ် ပေါက်ခဲ့ပါသည် လက်ရှိဘဝတွင် မကျရောက်ဘဲ ဤဘဝမှပြောင်းရွှေ့ကွယ်လွန်သွားပြီးသောအခိုက်မျိုးတွင်မှ ပေါ် ပေါက်ခဲ့လျှင် မိမိလူ့ဘဝသို့ပြန်ရောက်သောအခါတွင်မှ မိမိလက်ဖြင့်သာ ပြန်လည်ပြုပြင်တည်ဆောက်ရပါလို၏။ အကယ်၍ ထိုသို့မဟုတ်ဘဲ အခြား မသက်ဆိုင်သူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဝင်ရောက်လုပ်ကိုင်ပါက ထိုပုဂ္ဂိုလ်သည် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် မည်သူပင်ဖြစ်ပါစေ ပျက်စီးပါစေသား -

ဟူသော ဆုတောင်းပင် ဖြစ်ပါတော့သတည်း။

(ရွှေလဆက်ရန်)

ဆရာဦးဆောက်ထွန်းလင်း

(အာယုဇ္ဇဒ)

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျောင်းကျောင်းဝိုး
အိုးသူကြီးများအတွက်

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ မိမိတို့တတ်အားသမျှ အလှူရေစက် လက်နဲ့မကွာလှူဒါန်းကြသူတွေပါ။ သာရေးအနေနဲ့ အလှူကထိန်မင်္ဂလာ၊ မွေးနေ့၊ ဘုရားတန်ဆောင်း၊ ကျောင်းကန်စသည်ဖြင့်လှူဒါန်းကြသလို နာရေးတွေအနေနဲ့လည်း အသုဘရက်လည်ဆွမ်း၊ တစ်လပြည့်ဆွမ်း၊ တစ်နှစ်ပြည့်ဆွမ်း စသည် လှူဒါန်းကြသလို မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေးသင့်လို့ဒုက္ခရောက်နေကြတဲ့ ရဟန်းရှင်လူပြည်သူတွေကိုလည်း ကျွေးမွေးလှူဒါန်းသမှုပြုကြလေ့ရှိတယ်။

အဲဒီလိုကျွေးမွေးလှူဒါန်းကြရာမှာ အလှူကြီးရင်ကြီးသလောက်၊ သေးရင်သေးသလောက်ကြွရောက်လာပြီးချီးမြှင့်စားသောက်ကြတဲ့ ဧည့်ပရိသတ်တွေရဲ့ ပါးစပ်ထဲမှာ အရသာရှိရှိ နူးနူးနပ်နပ် ကလေးစားသုံးရတဲ့အခါ အားလုံးစိတ်ထဲမှာကျေနပ်ကြည်နူးပြီး သာဓုအကြိမ်ကြိမ်ခေါ်ကာစားသုံးကြတာ မြန်မာတို့ရဲ့ထုံးစံပါ။

စားသုံးတဲ့ ဧည့်ပရိသတ်တွေလှာအရသာငြိ၊ မငြိဆိုတာကတော့ အလှူရှင်နဲ့ မဆိုင်တော့ပါဘူး။ အချက်အပြုတ်တာဝန်ခံ အိုးသူကြီးနဲ့သာဆိုင်ပါတယ်။ အချို့ တူးနဲ့ထွက်တယ်။ အချို့ ဆားငန်တယ်။ အချို့ စားပြီးတာနဲ့ ဝမ်းလျှောတယ်။ အချို့လည်း မစားနိုင်လို့ မစားတာတွေရှိတတ်တယ်။ ဒါဆိုရင် လူတွေရဲ့ပါးစပ်မှာ ကဲ့ရဲ့စကားတွေပြောတတ်ကြပါတယ်။ ဒါက အလှူရှင်နဲ့လုံးဝ မဆိုင်ပါဘူး။ ချက်ပြုတ်စီမံရတဲ့ အိုးသူကြီးနဲ့သာဆိုင်ပါတယ်။

မိုးကုတ်ဆိုတာ စေတနာရောလှူဒါန်းမှုမှာပါ အလွန်အဆင့်မြင့်တဲ့မြို့ပါ။ တည်ခင်းကျွေးမွေးမှု၊ ဧည့်ဝတ်ကျေပွန်မှု၊ အချက်အပြုတ်အစားအသောက် ပြောစရာမလိုအောင်ပြည့်စုံပြီး ကောင်းမွန်လှပါတယ်။ မိုးကုတ်မှာနေခဲ့ဖူးရင် အလှူအတန်းတွေမှာ မိုးကုတ်လောက် ပြည့်စုံတာ ဘယ်မှာမှမရှိနိုင်ဘူးဆိုတာ သိကြပါတယ်။

ကျွန်တော်တို့ မိုးကုတ်မြို့ရဲ့ မြို့လယ်ရပ်ကွက်မှာ တစ်ခါက ကိုမောင်မောင်က ဟင်းချက်ခေါင်းဖြစ်ခဲ့တယ်။ သူဇနီး ခင်မေသွင်ကလည်း ဝေယျာဝစ္စဝါသနာပါတော့ တွဲဖက်ညီကြတယ်။ ကြက်၊ ဝက်၊ ဆိတ်၊ ငါး စတဲ့ ဘာဟင်းတွေချက်ချက် စားလို့အလွန်ပဲကောင်းတယ်။ ဟင်းချက်ခေါင်းဆိုတာ အိုးသူကြီးကိုခေါ်တာပါ။ အိုးသူကြီးနဲ့ဟင်းချက်အဖွဲ့ကို (၅) ယောက်လောက် တာဝန်ထမ်းရတာပါ။ မိန်းမလတ်ငါးဦးလည်းကူညီပါတယ်။

ကျွန်တော်က မြို့လယ်ရပ်ကွက်မှာ ထမင်းကျွေးတာဝန်ပါ။ ကျောက်ဖျာမှာကျတော့ ရပ်မိရပ်ဖပါ။ မြို့လယ်ကို ပြန်ရောက်ရင် ထမင်းကိုချွေးပြန်အောင် ကျွေးရတယ်။ ထမင်းကျွေးတာဝန်က အလွန်ပင်ပန်းပါတယ်။ နားရတယ်မရှိပါဘူး။ မောမောနဲ့ ဧည့်တွေကုန်လို့ ထမင်းကျွေးတွေထမင်းစားအလှည့်ရောက်ရင် ကျွန်တော်တို့ ကိုမောင်မောင်ရဲ့လက်ရာကို ခေါင်းမဖော်တမ်းစားကြတာပါ။ ဟင်းတွေကစားလို့သိပ်ကောင်းတာကိုး။ ဘာမှကိုပြောစရာမရှိအောင်ကောင်းတာ။

ဒီတော့ တစ်နေ့မှာ ကိုမောင်မောင်ကို မေးကြည့်မိပါတယ်။

"ကိုမောင်မောင်ချက်တဲ့ဟင်းတွေ အားလုံးကောင်းတယ်ဗျာ။ ပြောစရာကို မရှိဘူး။ ဟင်းချက်တဲ့အခါ လျှို့ဝှက်တဲ့ နည်းလေးတော့ရှိမယ်ထင်တယ်"

"ဟာ - ရှိတာပေါ့ ကိုကျော်စိုးရာ။ ကျွန်တော်လည်း ကိုကျော်စိုးရဲ့ဦးလေး ဦးအောင်ကြည်ဆီက ရထားတာဗျ။ ဦးလေး ဦးအောင်ကြည်က ခုမှအသက်ကြီးလို့နားသွားတာ။ သူအရွယ်ကောင်း တုန်းက တောင်ကချင်ရပ်ကွက်မှာ အိုးသူကြီးဗျ။ တောင်ကချင်က အဲဒီတုန်းက အချက်အပြုတ်မှာ နာမည်သိပ်ရတာ။ စားတဲ့သူတိုင်း ကျေနပ်ဝမ်းမြောက်ကြတယ်"

"ဩော် - ဟုတ်လား၊ အဲဒီခေတ်ကျွန်တော် မမီလိုက်ဘူးဗျ"

"ကိုကျော်စိုး မမာလာနဲ့ရတော့ ဦးလေးကနားသွားခဲ့ပြီလေ။ ကျွန်တော်လည်း တောင်ကချင်ရဲ့အလှူမင်္ဂလာတွေမှာ စားကောင်းလွန်းတာနဲ့ အိုးသူကြီးဖြစ်တဲ့ ဦးအောင်ကြည်ကို မေးကြည့်ခဲ့ဖူးတယ်။ အဲဒီမှာ ဦးလေးက လိုလိုလားလားပါပဲ၊ ကျွန်တော့်ကိုနည်းပေးတယ်"

"လုပ်စမ်းပါဦး ကိုမောင်မောင်ရဲ့"

"သူနည်းက ဝက်သား၊ ကြက်သား၊ ဆိတ်သား၊ ငါး စသည်ဖြင့်ပေါ့ဗျာ။ ဘာဟင်းပဲချက်ချက် ချက်တော့မယ်ဆိုတာနဲ့ ဒယ်အိုးထဲက အသားစိမ်း (၃) တုံးကို စတီးသဘော မီးဖိုနတ်တင်တဲ့အနေနဲ့ မီးထဲပစ်ထည့်ပေးလိုက်တာပါပဲ။ အဲဒီလို မီးဖိုနတ်တင်လိုက်လို့ကတော့ မနူးမနပ်ဖြစ်မှာ၊ ထူးမှာခြစ်မှာ၊ ဝမ်းလျှောဝမ်းပျက်ဖြစ်မှာမဟုတ်တော့ဘူး အစပ်အဟပ်သာမှန်ပါစေ၊ ဟင်းဟာ နူးနပ်ပြီးအလွန်အရသာရှိတဲ့ဟင်းဖြစ်လာတော့တာပါပဲ။ ကိုကျော်စိုးတို့ ကျွန်တော့်လက်ရာစားနေရတာပဲဗျ"

လို့ ပြောပြပါတယ်။

အိုးသူကြီးမဟုတ်သေးမယ့် ကျွန်တော့်အနေနဲ့ သုတအဖြစ်မှတ်သားရပါတယ်။ ဒီနည်းလေးဟာ ဘာမှအတုန်အကျမများတဲ့နည်းလေးပါ။

ပြီးတော့ အိုးသူကြီးနဲ့တကွ ဟင်းချက်အဖွဲ့တွေဟာ စီးကရက်၊ ဆေးပေါ့လိပ်သောက်ခြင်းကို စားဖိုမှာ အထူးရှောင်ကြရပါတယ်။ ဘာလို့လဲဆိုတော့ ဆေးလိပ်ပြာ အနည်းငယ်နှပ်ထားတဲ့ ဝက်သား၊ ကြက်သားဒယ်တွေထဲကျသွားရင် အဲဒီဟင်းတစ်ဒယ်လုံးအဆိပ်ဖြစ်သွားတာပါ။ အဲဒီဟင်းကိုစားမိတာနဲ့ အစာအဆိပ်ဖြစ်ပြီး အော့အန်ခြင်း၊ ဝမ်းလျှောခြင်းဖြစ်စေပါတယ်။ အချို့လည်း နှစ်မျိုးလုံးဖြစ်ကာ အော့အန်ဝမ်းကျခေါ် အစာအဆိပ်သင့်ဝေဒနာခံစားကြရပါတယ်။ အော့အန်ဝမ်းကျဝေဒနာဟာ အရည်ခန်းတဲ့ဝေဒနာမို့ ခန္ဓာကိုယ်အရည်နဲ့ ဓာတ်ဆားခန်းကာ အသက်ကို တောင် အန္တရာယ်ပြုတတ်ပါတယ်။ အဲဒါကြောင့် အလှူအတွက် ချက်ပြုတ်နေစဉ် ဆေးလိပ်သောက်သူများမဝင်မိစေဖို့ အထူးလိုအပ်လှပါတယ်။ ဝက်သားနှပ်စားပြီး အော့အန်ဝမ်းကျဖြစ်တာတွေကြုံဖူးကြပါတယ်။ ဒါက မီးဖိုနတ်နဲ့မဆိုင်ဘဲ ဆေးလိပ်ပြာမဝင်ရအောင် အထူးဂရုစိုက်ရမယ့်အချက်ပါ။

မိုးကုတ်မြို့ မြို့လယ်ရပ်က အိုးသူကြီးကိုမောင်မောင်ပြောပြတဲ့ ဒယ်ကြီးနှပ်ကြတဲ့အခါ အသားစိမ်း (၃) တုံးကို မီးဖိုထဲပစ်ထည့်ပြီး မီးဖိုနတ်တင်တဲ့အလေ့ကြောင့် ဟင်းများ မတူးမခြစ်ဘဲ နူးနူးအိအိနဲ့စားလို့ကောင်းတဲ့အကြောင်းလေးကို ပြန်လည် တင်ပြလိုက်ခြင်းပါပဲ။

မိုးကုတ်မြို့လယ်ရပ်မှ အိုးသူကြီး ကိုမောင်မောင်၊ မခင်မေသွင်မိသားစုသို့

ခင်းကျင်းတင်ပြသူ

နေပြည်တော်ကျောင်းကျောင်းဝိုး

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကိုပေတင်သည် တောတန်းအထပ်ထပ်တောင်ကုန်းအလီလီကိုကျော်ဖြတ်ကာ သူ့ရွာဆီသို့အရောက်လှမ်းလာနေ၏။ သူသည် သူ့ရွာ၊ သူ့အိမ်နှင့် ဝေးကွာခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့လေပြီ။ ယခုထောင်မှလွတ်လွတ်ချင်း သူ့မိသားစုရှိရာသို့ အပြေးနှင်လာခဲ့ခြင်း ဖြစ်သည်။ သုံးနှစ်သုံးမိုးကြာမျှ ခွဲခွာကျန်ရစ်ခဲ့ရသော သူ့မိသားစုတွင် သူ့ဇနီးဖြစ်သူနှင့် ချစ်စဖွယ် သားကလေးတစ်ယောက်သာထွန်းပေါက်သည်မို့ သူသည် သူ့သားလေးအား ခေတ်ပညာတတ်တစ်ယောက်ဖြစ်စေရန်ဆန္ဒဖြစ်ခဲ့ဖူးသည်။

သို့သော် သူယခုကဲ့သို့ထောင်ကျခဲ့သဖြင့် သူ၏ရည်မှန်းချက်သည် မရှရက်ဖွယ်ပျက်သုန်းခဲ့ရ၏။ ထောင်တွင်း၌ရှိနေစဉ် သူ့ရည်မှန်းချက်ကို ဆက်လက်အကောင်အထည်ဖော်ရန် အားနွဲ့လှရှာသော သူ၏ဇနီးသည်က ကြိုးစားခဲ့ပါသေးသည်။ သို့သော် မိန်းမသားတစ်ဦး၏ရုန်းကန်မှုက အခြေမလှခဲ့။ ခွန်အားနည်းမိန်းမသားတစ်ယောက်ဦးစီးရသော အိမ်ထောင်ရေးအတွက် စားဝတ်နေရေးမီးလျှံကချည်း ဝါးမျိုပစ်နေသဖြင့် သားကလေးအတွက် ကျောင်းစရိတ်ကပို့စွန်းထွက်မလာခဲ့။ သားကလေးကို ကျောင်းမှ နုတ်ထွက်စေခဲ့ရသည်။

ထိုသတင်းကိုကြားလိုက်ရသော ထောင်တွင်းသား ကိုပေတင်အဖို့ ယုကျွေးမရဖြစ်ကာ ကျခဲ့ရသောမျက်ရည်စတို့သည် တစ်ရာသီလုံးရွာသွန်းခဲ့သောမိုးရေစက်တို့နှင့် နှိုင်းယှဉ်ရလောက်၏။ သူထောင်ကျရသည်ထက် သူ့သားကလေးကျောင်းမနေရခြင်းကို ပို၍ခံစားနေရ၏။ သူ့အနေဖြင့် နောင်တလည်းများစွာရမိ၏။ ထို့ကြောင့် သူထောင်ကထွက်လျှင် ထွက်ချင်း ကောင်းမွန်သောလုပ်ငန်းများကို ရှာဖွေလုပ်ကိုင်လျက် သားလေးကို ကျောင်းပြန်ထားနိုင်ရန် အားတင်းမိသည်။

ယခု သူထောင်ကထွက်လာလေပြီ။ သူကြောင့် သားကလေးကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ပျက်ခဲ့ရသည့်ကိစ္စ သူ့အကြောင်းပြန်ဆပ်ရချေတော့မည်။

(၂)

ကိုပေတင် ရွာနှင့်မလှမ်းမကမ်းအရောက် လူတစ်ယောက်နှင့် ပက်ပင်းတိုးလေ၏။

"ဟာ - ကိုပေတင်၊ ခင်ဗျားထွက်လာပြီဟုတ်လား ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်တို့လည်းခင်ဗျားမရှိတဲ့နောက်ပိုင်း ဘာမှအလုပ်မဖြစ်ဘူး။ ခင်ဗျားထွက်လာတာနဲ့ အတော်ပဲဗျာ"

ထိုလူက ခရီးဦးကြိုရင်း ကိုပေတင်အား သူလိုရာသို့သိမ်းသွင်းသောစကားများပြောကြားလေ၏။ သို့သော် ကိုပေတင်က လက်မခံ။

"တော်ပါတော့ဗျာ၊ ကျွန်တော်တော့ ဒီအလုပ်တွေစိတ်ကုန်သွားပါပြီ၊ မလုပ်ချင်တော့ပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ ကိုပေတင်ရာ၊ အခန့်မသင့်တဲ့အခါလည်း ဒီလိုပဲပေါ့ဗျာ၊ ဒီတစ်ခါ ပီပီပြင်ပြင်လုပ်ကြမှာပါ။ ကျွပ်တို့အားလုံး တိုင်ပင်ပြီးပြီ"

ကျွန်တော်တို့ဘာမှမတတ်နိုင်ပါဘူး၊ အဲ-တစ်ခုတော့ပြောပါရစေ၊ တကယ်လို့ အခြားအလုပ် အဆင်မပြေဘူးဆိုရင်တော့ ကျွန်တော်တို့နဲ့အတူ ပြန်လုပ်ပါဗျာ။ ဒီတစ်ခါ လုံးဝပြဿနာမဖြစ်စေရဘူး၊ ပီပြင်စေရပါ့မယ်"

ထိုလူ၏စကားကိုပင် ဆုံးအောင် နားမထောင်တော့ဘဲ ကိုပေတင် ရွာဘက်သို့ ရုန်းထွက်လာခဲ့သည်။

အိမ်ရှေ့ရောက်သည်နှင့် သူသားကလေးက သူ့ကိုလှမ်းမြင်သွားသည်။

"ဟာ - မေမေကြီးရေ၊ ဖေဖေကြီးပြန်လာပြီ"

သားကလေးက အားရဝမ်းသာဖခင်ဖြစ်သူထံ အပြေးရောက်လာသည်။ ကိုပေတင်က သားလေးကိုပွေ့ချီ၍ နမ်းရှိုက်နေမိသည်။ဇနီးဖြစ်သူက ကိုပေတင်လက်ထဲမှအထုပ်အပိုးများကိုလာယူရင်း အားရဝမ်းသာ ကြိုဆိုလိုက်၏။ အိမ်ပေါ်ရောက်သည်

နှင့် သားလေး၏တိတိတာတာစကားသံကလေးများကို စတင်ကြားရ၏။

"ဖေဖေကြီး ပြန်လာပြီဆိုတော့ သားကျောင်းပြန်နေရတော့မယ်နော် ဖေဖေကြီး"

"ဒါပေါ့ သားရယ်၊ ဖေဖေကြီး သားကို ကျောင်းပြန်ထားရမှာပေါ့ကွ"

သားအဖနှစ်ယောက် စကားဖောင်ဖွဲ့နေစဉ် ဇနီးဖြစ်သူက ထမင်းဝိုင်းပြင်ထားပြီးဖြစ်၍ ထမင်းစားရန်ခေါ်လေသည်။ ထိုထမင်းဝိုင်းသည် ပြန်လည်ဆုံစည်းခြင်းညစာစားပွဲလေးတစ်ခုဖြစ်ခဲ့၏။

(၃)

ကိုပေတင် ရွာထဲအလုပ်လိုက်ရာ နေသည်မှာ တစ်ပတ်ကျော်သွားသည်။ အလုပ်မရသည့်အပြင် သူ့အားဆက်ဆံကြပုံက ယခင်ကနှင့်မတူ ထောင်ထွက်ဟူသောအကြည့်မျိုးဖြင့် အရေးမလုပ်

ချင်ကြပုံပြနေသည်။ ကိုပေတင် မခံချိမခံသာ အံကိုတင်းတင်းကြိတ်ကာ မျိုသိပ်ထားရ၏။ ရွာထဲတွင် အလုပ်မပေးကြသဖြင့် တောခြေတွင် ထင်းခုတ်ရန် စဉ်းစားမိသော်လည်း သူတွင်နွားလှည်းမရှိတော့သဖြင့် အခက်ကြုံရပြန်၏။ ယခင်တ နွားလှည်းတစ်စီး ရှိခဲ့သော်လည်း အမှုဖြစ်တုန်းက ရောင်းပစ်ခဲ့ရ၏။ စောင်းခေါင်းပေါ်တင်နေရသော ဇနီးသည်တို့လည်း မကြည့်ရက်မခြင်ရက်။

ထို့ထက် ဒီနှစ် သားလေးကို ကျောင်းထားမို့က ပို၍အရေးကြီးသည်။ သည်လိုနှင့် ရွာအပြင်ထွက်၍ အ

လုပ်ရှာကြည့်၏။အခြားရွာတစ်ရွာ၌ ဆောင်းသီးနှံရိတ်သိမ်းပေးရမည့် ယာလုပ်ငန်းတစ်ခုကို ရလေသည်။ သို့သော် တစ်လခန့်အလုပ်လုပ်ပြီးသောအခါ ဆောင်းသီးနှံများသိမ်းပြီးပြီဖြစ်၍ အလုပ်ရှင်က အလုပ်ဆက်မပေးနိုင်ပြန်။ သည်လိုနှင့် ငွေစတလေး အနည်းငယ်ဖြင့် အိမ်ပြန်လာခဲ့ရသည်။ အလုပ်ဆက်ရှာရန်ပင် စိတ်ကုန်သွားသည်။

တစ်နေ့ -

စိတ်ပြေလက်ပျောက် အိမ်ရှေ့

www.burmeseclassic.com

www.burmeseclassic.com

ပြတင်းပေါက်မှာ ငေးမောနေစဉ် လမ်းပေါ်တွင် သူနှင့်အကျွမ်းဝင်ဖူးသည့် လူတစ်စုအား လှမ်းတွေ့လိုက်ရ၏။ ထိုလူများက သူ့အိမ်ပေါက်ဝသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးဝင်လာနေသဖြင့် သူလှမ်းပြီး နှုတ်ဆက်ကြဆိုလိုက်ရ၏။

"ဟ - ကိုအောင်ခက်တို့ပါလား၊ လာကြဗျာ လာကြ"

ထိုလူများက ကိုပေတင်ခင်းပေးသော ဖျာပေါ်သို့ထိုင်ချလိုက်ကြ၏။ ထို့နောက် ပါလာသော အထုပ်များကို ကိုပေတင်၏ရှေ့သို့ချပေးလိုက်ပြီး -

"ရော့ဗျာ၊ မိတ်ဆွေဟောင်းကြီး ကိုပေတင်အတွက် ကျွန်တော်တို့စုပြီး ဝယ်လာခဲ့တာဗျ"

ထိုအခါ အထုပ်များကိုကြည့်၍ ကိုပေတင်အံ့သြမှင်တက်နေမိ၏။ ပြီးမှ-

"ဘာတွေလဲဗျ ကိုအောင်ခက်ရ"

"ဘာမှတော့ ထွေထွေထူးထူး မဟုတ်ပါဘူး၊ ခင်ဗျားတို့မိသားစုအတွက် အဝတ်အထည်လေးတွေနဲ့ မုန့်ထုပ်တွေပါ။ ကျွပ်တို့ထောနေတုန်း ခင်ဗျားရဲ့ ကျေးဇူးကိုလာဆပ်ကြတာဗျို့"

ကိုပေတင်ပို၍တွေဝေသွားသည်။ သူတို့ထောနေပြီဆိုပဲ၊ သူတို့ဘာကြောင့် ခုလိုထောနေနေကြတာလဲ။ ကိုပေတင် အတွေးများနှင့်တွေဝေနေခိုက် -

"ကျွပ်တို့ဒီတစ်ပတ်တက်သွားတာ အတော်ရလိုက်တယ်ဗျ။ ဒါတောင် ကျွပ်တို့က ခင်ဗျားလိုမကျွမ်းကျင်တော့ အပေါ်မှာတင်ချန်ထားခဲ့ရတာမနည်းဘူး။ ခင်ဗျား သာပါမယ်ဆိုရင် ဘာပြောကောင်းမလဲ ကိုအောင်တင်ရာ"

ဦးအောင်ခက်၏စကားလုံးများက ကိုပေတင်၏အသည်းနှလုံးကို ဆွဲထုတ်လိုက်သလိုဖြစ်သွား၏။ ထို့အပြင် သံယောဇဉ်ဖွဲ့. ဝေါဟာရများကလည်း ကိုပေတင်၏ အရှိုက်တည့်တည့်ဆီသို့ ထိုးဖောက်ဝင်ရောက်လာပြန်သည်။

"ခင်ဗျားနဲ့ ကျွန်တော်တို့တစ်သက်လုံး အတူလုပ်လာပြီးမှ လမ်းခွဲနေရတာ သိပ်ဝမ်းနည်းစရာကောင်းတာပဲဗျာ။ ကျွန်တော်တို့ရသလို ခင်ဗျားကိုလည်း ရစေချင်တယ်။ အခုထိ ခင်ဗျား မိန်းမလည်း ခေါင်းပေါ်က ဈေးဗန်းကြီး မချရသေးဘူး။ ပြီးတော့ ဒီကလေးကိုလည်း ကျောင်းပြန်ထားဖို့ကော အဆင်သင့်ဖြစ်ပြီလား၊ ကျောင်းဖွင့်ဖို့က တစ်လတောင်မလိုတော့ဘူး"

ဦးအောင်ခက်၏ စကားကြောင့် ကိုပေတင် လုံးဝတုန်ခါသွားသည်။ သူဘာမှပြန်မပြောနိုင်တော့။ အကဲခတ်ပါးနပ်လှသော ဦးအောင်ခက်ကလည်း နဲ့ပြီးရင်းနဲ့နေတော့၏။

"ခင်ဗျားလည်း ခုတစ်လော ဘာအလုပ်မှအဆင်မပြေဘူးဆို။ ခင်ဗျား မိန်းမနဲ့တွေ့ပြီးပြီ။ အလုပ်မရှိလည်း ကျွန်တော်တို့ကို ကူညီပါလားဗျာ။ ကျွန်တော်တို့ ဒီကိစ္စမကျွမ်းကျင်ဘူးဆိုတာ ခင်ဗျားအသိပဲ၊ ကျွပ်တိုးတိုးလေးပြောပြမယ်၊ ဒီတစ်ခါကျရင်. . . "

ဦးအောင်ခက်၏ လေသံသဲ့သဲ့ကလေးများက ကိုပေတင်၏ စိတ်အစဉ်တို့ကိုဆွဲစုလိုက်သည်။ တရဲရဲပြောနေသောလေသံများကြားမှ ကိုပေတင်၏ အပြုံးများဝဲပျံလာသည်။ သူ့ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်နေလေ၏။ သူ၏နှုတ်ခမ်းတို့သည်လည်း ပွင့်ထွက်လာသည်။

"အေး-ကောင်းပြီ၊ ဒါဖြင့် ငါလိုက်ခဲ့မယ်"

"ဒီလိုမှပေါ့ဗျာ ကိုပေတင်ရ"

(၄)

သည်နေ့ည ကိုပေတင် ထူးခြားသည်။ ညမိုးချုပ်ရုံရှိသေးသည်၊ အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ နဖူးပေါ်လက်တင်လျက် စဉ်းစားခန်းထုတ်နေ၏။ သူ၏မျက်နှာတွင်လည်း အပြုံးရောင်များသန်းလာ၏။ ထိုစဉ် ဇနီးဖြစ်သူက သူ့အတွေးစဉ်းစိမ်ကို ဖျက်ဆီးလိုက်လေသည်။

"ကိုပေတင်၊ ဟိုလူတွေက လာခေါ်ပြန်ပြီလား။ ကြည့်လည်းလုပ်ဦးနော်"

"ဒီတစ်ခါ ဘာမှပူစရာမလိုဘူး မိန်းမရယ်။ ငါတစ်ခုခုဖြစ်သွားတာတောင် ငါ့သားလေးကိုတော့ သူတို့ကျောင်းထားပေးကြမှာပါ"

"အင်းလေ၊ ဒါဆိုလည်းပြီးရော။ ဩော်-ဒါနဲ့ကိုပေတင်၊ နောက်သုံးလေးရက်လောက်ဆိုရင် သစ်ပျဉ်တောဘုရားပွဲရှိတယ်၊ အဲဒီကို ကျွန်မတို့သားအမိနှစ်ယောက်စလုံးသွားရောင်းချင်တယ်။ မနှစ်ကအတော်ရောင်းကောင်းကြတယ်ပြောတယ်"

"မစိန်မေရယ်၊ ဝေးကဝေးသနဲ့၊ တောလမ်းကြီးကိုဖြတ်သွားရမှာ၊ တော်ကြာ ဒုက္ခရောက်နေဦးမယ်"

"ဒီကိစ္စအတွက် ဘာမှမပူပါနဲ့။ မကြီးမြင့်တို့၊ မသိန်းလှတို့ပါ ပါတယ်။ ရွာကစွေးသည်တွေစုပြီး လှည်းနဲ့သွားကြမှာ ဘာဒုက္ခမှရောက်စရာအကြောင်းမရှိပါဘူး၊ အဲဒီမှာ တစ်ခါမှ ဈေးမရောင်းဘူးလို့သွားရောင်းကြည့်ချင်တယ်၊ ဘုရားပွဲပြီးတာနဲ့ ပြန်လာခဲ့မှာပါ"

"အေးလေ၊ ဒါဆိုလည်းသွားပေါ့။ ငါအလုပ်အဆင်မပြေသေးခင်တော့ နင့်ဈေးဗန်းခေါင်းပေါ်က ချလို့ရမှာမဟုတ်သေးပါဘူး ငါလည်းနက်ဖြန်အလုပ်သွားရမှာဆိုတော့ အိမ်ကိုလည်းလုံခြုံအောင် အသေအချာလုပ်ခဲ့ဦး၊ မီးကြိုးမီးကျန်တွေလည်းသေအောင်ငြိမ်းခဲ့ဦး"

(၅)

သည်ကနေ့။

တောင်ကုန်းအထပ်ထပ်ကိုဖြတ်ကျော်ကာ ကိုပေတင်နှင့် ဦးအောင်ခက်တို့အဖွဲ့ တောကြီးထဲသို့ဝင်လာခဲ့ကြ၏။ တောကြီးသည် တဖြည်းဖြည်းနက်လာသည်နှင့်အမျှ သစ်ပင်များကလည်း စိပ်သထက်စိပ်လာ၏။ ဇရာမသစ်ပင်ကြီးများကိုလည်း ပို၍တွေ့လာရ၏။

သူတို့အုပ်စုသည် တောင်ပေါ်စမ်းချောင်းကလေးအတိုင်း တောတိုးခရီးနှင်နေကြခြင်း ဖြစ်သည်။ သူတို့၏မျက်လုံးများကလည်း သစ်ပင်ကြီးများကို တစ်ပင်ပြီးတစ်ပင် စူးစိုက်စွာ လိုက်လံကြည့်ရှုနေကြ၏။ တစ်နေရာအရောက်တွင်တော့ ဦးအောင်ခက်က ကိုပေတင်၏အနားသို့ကပ်၍ ရုတ်တရက် လက်ညှိုးထိုးပြလေသည်။ ကိုပေတင်လှမ်းကြည့်လိုက်စဉ် သစ်ပင်တော်တော်များများလေနေသည်ကိုတွေ့ရ၏။ ထိုသစ်ပင်ကြီးများမှာ လေတိုက်၍လဲကျနေပုံမျိုးမဟုတ်၊ အောက်ခြေမှလွဲဖြင့်တိုက်လဲထားခြင်းဖြစ်သည်။ သစ်လုံးဖြတ်ရာအား ကိုပေတင် အသေအချာကြည့်လိုက်သောအခါတွင် ကျွန်းပင်ကြီးများဖြစ်နေကြောင်း သိလိုက်ရ၏။

ကိုပေတင် များစွာ ဝမ်းသာသွားသည်။ ဦးအောင်ခက်က ဘယ်နှယ်လဲဟူသောပုံစံမျိုးဖြင့်မျက်စပစ်ပြ၏။ သူတို့သည် ထိုသစ်လုံးကြီးများအနီးအနားတွင် အသင့်ရှိနေသော သစ်ခက်တဲကလေးဆီသို့ ရောက်သွားကြ၏။ သူတို့အုပ်စုထဲမှ လူငယ်တချို့က မီးဖိုသူဖို၊ ချက်ပြုတ်သူချက်ပြုတ်နှင့် အလုပ်များနေကြ၏။ သည်လိုနှင့် နေဝင်သောအခါ ထိုတဲ၌ အိပ်ကြလေ၏။

နံနက်မိုးလင်းသောအခါ ၎င်းသစ်လုံးများအား ကြိုးများ၊ ကုတ်တံများဖြင့် စမ်းချောင်းထဲသို့လှိမ့်ချနေကြ၏။ သစ်လုံးများအား ရေထဲသို့ခဲရာခဲဆစ်ဆွဲချရသဖြင့် တစ်ရက်တည်းနှင့်မပြီးပြတ်ခဲ့။ နှစ်ရက်သုံးရက်ကြာသွားသည်။ သစ်လုံး

www.burmeseclassic.com

များအားလုံး စမ်းချောင်းထဲရောက်သော အခါ လူငယ်အချို့က ဖောင်ဖွဲ့ကြ၏။ ကိုပေတင်နှင့် ဦးအောင်ခက်တို့က ကမ်းနှဖူးပေါ်တွင် ဆေးပြင်းလိပ်ကိုယ်စီဖြင့် စကားပြောနေကြသည်။

"ကိုပေတင်၊ ကျုပ်တို့ဒီအတိုင်း မျှောသွားရင် အဆင်ပြေပါ့မလား"

"ပြေတော့ပြေပါတယ်၊ ဒါပေမယ့် သစ်လုံးတွေများသလို လူအင်အားက လည်းမနည်းဘူး"

"အဲဒါ ဘာဖြစ်လို့လဲ ကိုပေတင်"

"ဩော်-တခြားတော့မဟုတ်ပါဘူး ကိုအောင်ခက်ရာ။ ဒီလူဦးရေမျိုးနဲ့ ခွဲတမ်းချလိုက်ရင် သိပ်ရင်ကြမှာမဟုတ်ဘူး။ ကျုပ်တော့နည်းနည်းထပ်ခုတ်ချင်သေးတယ်"

"ဒါက ဒီလိုပါ။ အခု အသင့်ခုတ်ပြီးသားတွေကို အရင်မျှောချလိုက်ရင် ငွေပေါ်မြန်တယ်လေ၊ လောလောဆယ် သုံးဖို့အတွက်ပေါ့။ အဲ - နောက်တစ်ခါ ပြန်တက်လာကြပြီး ခပ်များများခုတ်ကြသေးတာပေါ့ နော့"

"အင်း - ဒီအစီအစဉ်လည်းမဆိုးဘူး"

သူတို့နှစ်ယောက်ဆီမှ စကားသံများ ခေတ္တမျှတိတ်သွားသည်။ ထိုစဉ် သစ်ဖောင်ပေါ်မှ လူငယ်တစ်ယောက်က ဖောင်ဖွဲ့ပြီးကြောင်း အချက်လှမ်းပြ၏။

ကိုပေတင်နှင့် ဦးအောင်ခက်တို့ နှစ်ယောက် ဖောင်ပေါ် တက်သွားကြပြီး ဖောင်မျှောရန် အမိန့်ပေးလိုက်သည်။

လူငယ်များက သစ်ဖောင်ကို ဝါးလုံးများဖြင့် ထိန်းကျောင်းကာ အောက်သို့မျှောချလာခဲ့ကြသည်။ ကမ်းနံဘေး ဝဲ၊ ယာတွင်ကား အနိမ့်၊ အမြင့်မညီမညာဖြစ်နေသော ချောက်ကမ်းပါးများ၊ အစိမ်းရောင်သစ်ပင်တန်းများက နောက်ကျောဘက်သို့ တဖြည်းဖြည်းရွှေ့လျားကာ ကျန်ရစ်ခဲ့လေသည်။ ကိုပေတင်ကား သူ၏မျက်စိနှစ်လုံးဖြင့် ကမ်းနှစ်ဖက်ကို မျှ၍ကြည့်နေသည်။ ဦးအောင်ခက်၏ အစီအစဉ်ကို မငြင်းဆန်သင့်၍သာ လက်ခံခဲ့ရသော်လည်း စိတ်ထဲတွင် မချင့်မရဲဖြစ်နေ၏။

သူ ယခုလိုက်ပါလာသော သစ်ဖောင်တွင်းရှိသစ်များကို အလွန်နည်းသည်ဟု ထင်မြင်မိသည်။ ခွဲဝေပေးရမည့်လူဦးရေကို တွက်ချက်မြို့သားဖြစ်သည်။ ထို့ကြောင့် ကမ်းနှင့်နီးသောနေရာတွင် ကျွန်းပင်များသာတွေ့ရှိပါက ခုတ်ယူမည်ဟု သူကြံစည်နေမိသည်။

သို့အတွက် ကမ်းနှစ်ဖက်ကို မျက်ခြည်မပြတ် ကြည့်ရှုနေခြင်း ဖြစ်သည်။ သစ်ဖောင်သည် စမ်းချောင်းကလေးအတိုင်း မျောလာနေ၏။ ထိုစဉ် ကိုဖေတင်၏ အသံက တစ်ထောလုံးဟိန်းထွက်သွားသည်။

"ဟေ့ကောင်တွေ၊ တို့နားကို မြန်မြန်ကပ်စမ်း အမြန်ကပ်စမ်း"

ကိုပေတင် ရုတ်တရက်ထအော်လက်ညှိုးထိုး၍ အမိန့်ပေးလိုက်သည်။ ဖောင်ထိန်းနေသည့်လူငယ်များက ဖောင်ကို သဲသောင်စပ်ပေါ် ဘုမသိဘမသိထိုးတင်လိုက်ရ၏။

"ဘယ်လိုဖြစ်ရတာလဲ ကိုပေတင်ရယ်၊ အလန့်တကြား"

ဦးအောင်ခက်က အကြောင်းမသိသဖြင့် မေးလိုက်၏။

"ဆောရီးဗျာ၊ ကျုပ်ကလည်း စိတ်ကခပ်လောလောဆိုတော့ အလန့်တကြားဖြစ်သွားရတယ်။ ဘာမှတော့မဟုတ်ပါဘူး၊ ဟောဟိုမှာကြည့်စမ်း ကိုအောင်ခက်"

ကိုပေတင် လက်ညှိုးညွှန်ရာသို့ ဦးအောင်ခက် အပါအဝင် အားလုံးမော့ကြည့်မိကြသည်။ ထီးထီးမားမားဖြစ်နေသော ကျွန်းပင်ကြီးတစ်ပင်ကို မြင်လိုက်ကြရ၏။

"ကိုပေတင်ရာ၊ တခုတ်တရကြီးယူမနေပါနဲ့ဗျာ"

"ဟုတ်တော့ဟုတ်တယ်။ ဒါပေမယ့် ဒီအပင်ကတော်တော်ကြီးတယ်ဗျာ၊ အလုံးလည်းကောင်းပြီး ဖြောင့်လည်း ဖြောင့်တယ်၊ တစ်ပင်ဆို တစ်ပင်ဆို သလောက်ပဲဗျ"

ကိုပေတင်ကို တားသော်လည်း မရ၊ လွှဲကြီးထမ်းကာ ကမ်းပေါ် သို့ခုန်တက်သည်။ နောက်မှလည်း ဦးအောင်ခက်နှင့်လူငယ်များ လိုက်ပါသွားကြ၏။ သစ်ပင်နားရောက်သော် အပေါ်ကို မော့ကြည့်မိကြ၏။

သစ်ပင်လုံးပတ်မှာ လူနှစ်ယောက် ဖက်စာမျှရှိပြီး ပင်စည်မှာ ပေလေးဆယ်ခန့်အထိ ရှည်လျားဖြောင့်တန်းနေ၏။

"ဟာ -ဒီမှာကျားခြေရာကြီးလားမသိဘူး"

လူငယ်တစ်ယောက်က ညွှန်ပြသဖြင့် အားလုံးဝိုင်းအုံကြည့်ရှုကြလေသည်။ ထို့နောက် ဦးအောင်ခက်က သက်ပြင်းတစ်ချက်ချလိုက်ပြီး-

"ကိုပေတင်၊ ဒီအပင်က တစ်ခုခုတော့တစ်ခုခုပဲ၊ ကျုပ်တော့သက်မရှင်းဘူး"

ဦးအောင်ခက်၏ စကားကို ကိုပေတင်ဘာဝမကျပေ။

"အိုဗျာ၊ ဘာမှဖယူသီးမနေနဲ့။ ဒီလောက်ကောင်းတဲ့ ကျွန်းပင်မျိုး ဘယ်မှာမှရှာရမှာမဟုတ်ဘူး။ ဒီတစ်ပင်ရရုံနဲ့ အားလုံးတွက်ခြေကိုက်သွားနိုင်တယ်၊ ဒီလောက်နက်တဲ့တောတောင်ထဲ စွန့်စားဖို့ရောက်လာကြပြီးမှတော့ တွက်ခြေတော့ကိုက်အောင်လုပ်ရမှာပဲ"

ကိုပေတင်သည် ပြောပြောဆိုဆိုနှင့် သစ်ပင်ကိုလွှဲကြောင်းရာပေးရန် ထိုသစ်ပင်ကြီးကို တပ်ပါးဖြင့်ခုတ်လေသည်။ ဇောနှင့်မောနှင့်ခုတ်ထစ်နေသော ကိုပေတင်ကို အားလုံးက ဝိုင်းအုံငေးကြည့်နေကြသည်။ ထိုစဉ် တပ်ပါးကချော်၍ ကိုပေတင်၏ခြေထောက်ကိုရှဉ့်ထိသွားလေသည်။

"အား"

"ကိုပေတင်၊ ကိုပေတင်"

"အိုဗျာ ဘာမှမဖြစ်ပါဘူး။ ရှဉ့်ထိသွားတာပါ။ ကဲ - လွှဲကြောင်းရာတော့ပေးပြီးပြီ။ လွှဲနဲ့တိုက်ကြတော့ကွာ၊ ငါပတ်တီးစည်းလိုက်ဦးမယ်"

ထိုစဉ် လူငယ်နှစ်ဦးက ဂေါ်ယာလွှဲကြီးကို ဟိုဆက်သည်ဘက်ဆုပ်ကိုင်ကာ တခြင်းခြင်းဆွဲနေလေသည်။ မကြာမီတွင် လွှဲဆွဲသော လူငယ်နှစ်ယောက်က လွှဲကိုဆက်မဆွဲတော့ဘဲ သစ်ပင်ရှိ လွှဲကြောင်းထဲသို့ ကြောင်ကြည့်ကြည့်နေကြ၏။ ဤသည်ကို မြင်သွားသော ကိုပေတင်က -

"ဟေ့ကောင်တွေ၊ ဘာကြောင်ကြည့်နေတာလဲ။ မြန်မြန်ဆွဲလေကွာ"

"နေဦးဗျ ကိုပေတင်ရ၊ ဒီသစ်ပင်က တစ်ခုခုထူးဆန်းနေတယ်"

လွှဲဆွဲနေသည့်လူငယ်၏ ပဟေဠိဆန်သောစကားကြောင့် ကိုပေတင် အားမလိုအားမရဖြစ်လာသည်။

"ဘာဖြစ်နေလို့လဲ"

"ဘယ်သစ်ပင်လဲလို့ ခုလောက် ပြတ်သွားရင် ညှပ်လို့ သပ်ထိုးရတာချည်ပဲ၊ ခု သပ်မထိုးရတဲ့အပြင် လွှဲကြောင်းက ချောင်တောင်ချောင်နေသေးတယ်"

"ဟာ - ဒီကောင်တွေတော်တော်ခက်တာပဲ။ အဲဒီသစ်ပင်က ဟိုဘက်ကို စောင်းနေလို့နေမှာပေါ့ဟာ။ ပြတ်အောင် သာဖြတ်စမ်းပါကွာ"

ကိုပေတင်၏ စကားကြောင့် လူငယ်နှစ်ယောက် လွှဲကိုဆက်ဆွဲနေပြန်၏။ မကြာမီ ထိုလူငယ်နှစ်ယောက် မှတ်လုံးကလေး၊ ပေကလပ်ပေကလပ်ဖြစ်လာသည်။ သစ်ပင်ကြီးတိုလည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေပြန်၏။ သို့သော် လွှအဆွဲကိုတော့ မရပ်ရဲ။ ကိုပေတင်ကို သူတို့ကြောက်ရသည်။ ထိုလူငယ်များ၏ အမူအရာမှာ လွန်စွာပျက်ယွင်းနေသော်လည်း ကိုပေတင်လုံးဝအကဲမခတ်မိ။ ကိုပေတင် ဇောကပ်နေသည်မှာ ဤသစ်ပင်ကြီး ပြတ်တောက်လဲကျသွားရန်ပင်ဖြစ်သည်။ ထိုသစ်ပင်ကြီးသည်လည်း ပြတ်လုပြတ်ခင်ဖြစ်နေလေပြီ။ ထိုအခါ ကိုပေတင်သည် သွားများပေါ် လာသည်အထိ ပါးကိုဖောင်းကြွလာအောင် ပြုံးရယ်လိုက်သည်။

ထိုစဉ် -

"ဗြုတ်. . . ဝေါ. . . "

"ဟင်"

"ဟာ"

အဖြစ်အပျက်က လျှပ်တစ်ပြက် ဆန်လွန်းလှသည်။ အားလုံးကိုလည်း အလွန်တုန်လှုပ်ချောက်ချားသွားစေသည်။ ကိုပေတင်လည်း ခေတ္တအခိုက်ကြက်သေသေနေသည်။ သို့သော် နဂိုတည်းက ကိန်းအောင်းနေသော အနုသယကိလေသာအတွင်းစိတ်လောဘရိုက်ချက်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံးသွေးဆိုးများကြွတက်လာပြီး -

"ဟာ - သစ်ပင်ကြီးပျံတက်သွားပြီ လိုက်ကြစမ်း၊ လိုက်ကြစမ်း"

မှန်ပေသည်။ သူအလွန်အလိုရှိနေသော အကောင်းစားကျွန်းပင်ကြီးသည် ယခု ကောင်းကင်အမြင့် သို့ပျံတက်သွားလေပြီ။ ထိုအခါ သူ၏လေသာရမ္မက်က သူ့ကိုမြောက်ပင့်လိုက်သဖြင့် လေထဲတွင် ပျံဝဲရွှေ့လျားသွားသော သစ်ပင်ကြီးနောက်သို့ အပြေးလိုက်သွားသည်။

"ကိုပေတင် မလိုက်နဲ့၊ အဲဒါသစ်ပျံကြီးအန္တရာယ်ရှိတယ်"

နောက်ကျောဘက်မှ ဦးအောင်ခက်၏ တားမြစ်သံက ဗူးရှုကျယ်လောင်လှသော်လည်း ကိုပေတင်၏နားစည်ကိုကား မထိုးဖောက်နိုင်။ အလိုရမ္မက်ခေါ်ရာသို့သာပြေးလိုက်နေ၏။ ထို့ကြောင့် စိတ်မချဖြစ်ကြရသော ဦးအောင်ခက်နှင့် လူငယ်များကလည်း ကိုပေတင်၏နောက်သို့ ပြေးလိုက်ကြရလေတော့သည်။

သစ်ပျံကြီးသည် ထန်းပင်တစ်ရပ်ခန့်သာသာမှ လေထဲဝဲပျံကာ အနောက်ဘက်သို့ရွှေ့လျားနေသည်။ ကိုပေတင်သည် ထိုသစ်ပျံကြီးနောက်သို့ မြည်ဆို အော်ဟစ်ကာ မြေပြင်မှအပြေးလိုက်သွားလေသည်။

(၆)

တောတွင်းလမ်းကျဉ်းလေးတစ်ခုတွင် လှည်းသံတကျိကျိကြားနေရ၏။ လှည်းပေါ်တွင် လူခြောက်ယောက်နှင့် ပစ္စည်းပစ္စယအချို့ကိုတွေ့ရမည်ဖြစ်၏။ သူတို့သည် လှည်းပေါ်တွင် တိတ်တုတ်ဆိတ် လိုက်ပါလာကြ၏။ လှည်းပေါ်မှ လူတစ်ဦးက အပေါ်သို့ လက်ညှိုးညွှန်ပြလျက် ရုတ်တရက်ထအော်၏။

"ဟာ - ဟိုအပေါ်မှာဘာကြီးပျံလာတာလဲမသိဘူး"

ထိုလူ၏ အော်ဟစ်မှုနှင့်အတူ လှည်းပေါ်တွင် အထိတ်တလန့်အသံများဆူညံသွားသည်။

"ဟယ် - သစ်ပင်ကြီးတော့"

"အေးဟ၊ အောက်မှာလည်း လူတွေပြေးလိုက်နေပါလား။ ဘာတွေဖြစ်ကုန်ကြပါလိမ့်၊ လှည်းကိုခဏရပ်စမ်းပါဦး"

ထိုစဉ် လှည်းရှေ့မလှမ်းမကမ်းတွင် ဝုန်းခနဲ ကျယ်လောင်သောအသံကြီးတစ်ခုဖြစ်ပေါ် လာသည်။ ထိုအသံကြီးနှင့်အတူ လှည်းလမ်းတစ်ခုလုံးပိတ်ဆို့သွားသည်။

"ဟာ-သစ်ပင်ကြီးလမ်းပေါ်ပြုတ်ကျလာပြီ"

"အမလေး-လုပ်ပါဦး၊ အောက်မှာ ခုနကပြေးလိုက်လာတဲ့ လူတစ်ယောက်ပဲသွားတာမြင်လိုက်ရတယ်၊ လှည်းပေါ်က ဆင်းကြစမ်း၊ သွားကြည့်ကြပါဦး"

လှည်းပေါ်မှ လူတစ်ဦးက်သည် အပေါ်မှပြုတ်ကျလာသော သစ်ပင်အောက်မှ လူကိုဆွဲထုတ်ရန် ကြိုးစားရန် ဦးအောင်ခက်နှင့်အဖွဲ့ရောက်ရှိလာလေသည်။

"ဟာ-လုပ်ကြပါဦး၊ ကျွန်တော်တို့လူပဲနေပြီ"

ဦးအောင်ခက်၏အော်ဟစ်ပြောဆိုမှုကြောင့် လှည်းစီးခရီးသည်များ ပို၍စိုးရိမ်ထိတ်လန့်သွား၏။

"ဟဲ့ဟဲ့ - လှည်းအောက်က လူက ဘယ်သူလဲ၊ ဘယ်ရွာကလဲ၊ လုပ်ကြပါဦး"

ပြောရင်းဆိုရင်းဖြင့် သစ်ပင်အောက်ရောက်နေသောလူကို ဆွဲထုတ်နိုင်ခဲ့သည်။ သို့သော် -

"အမလေး လုပ်ကြပါဦး၊ ဒါ ကျမယောကျ်ား ကိုပေတင်၊ ကိုပေတင်ပါရှင်"

"ဟင်"

"ဟာ"

လှည်းစီးခရီးသည်များ၏အာမေဋိတ်သံက တစ်တောလုံးညံသွား၏။

"ဖေဖေကြီး ဖေဖေကြီး၊ သားတို့ ဒီမှာလေ ထကြည့်ပါဦး"

အသံပေါင်းစုံများကြားမှ ကလေးငယ်တစ်ဦး၏အသံကို ရင်နှင့်ဖွယ်ကြားလိုက်ရ၏။

"ကိုပေတင် ကိုပေတင်ရဲ့၊ ကျုပ်တို့သားအမိကိုထကြည့်ပါဦး၊ ရှင့်သားလေးကို ကျောင်းပြန်ထားပေးချင်တယ်ဆိုဘယ်လိုဖြစ်ရတာလဲ။ ကျွန်မယောကျ်ားဘယ်လိုဖြစ်ရတာလဲရှင်းပြပါဦး ဦးအောင်ခက်ရယ်။ ကျွန်မတို့သားအမိ ကိုယ်ကျိုးနည်းရပါပြီ"

ကိုပေတင်၏ ဇနီးဖြစ်သူ မစိန်မေ၏ ငိုယိုရှိမေးနေသောစကားကို ဖြေကြားရန် ဦးအောင်ခက်အဖို့ သူ့နှုတ်ခမ်းတံခါးဖွင့်လှစ်ရေးအတွက် မနည်းကြိုးစားနေရ၏။ သူခေါ်ခဲ့သည်ဖြစ်၍ သူတွင် တာဝန်အရှိဆုံးဖြစ်သည်။ ပြီးတော့ သူတို့မိသားစု အဆင်ပြေပါစေတော့ဟူသော ဦးအောင်ခက်၏ စေတနာအမှား။

ဦးအောင်ခက်သည် စိတ်ကိုတင်းလျက် သူ၏အသည်းနှလုံးကို ညှစ်ထုတ်လိုက်သည့်ပမာ ကြေကွဲသံတစ်ခုထွက်ကျလာသည်။

"သူ အဲဒီသစ်ပင်ကြီးကို ခုတ်ဖို့လုပ်တော့ ကျုပ်တို့တားမြစ်ခဲ့ပါသေးတယ်၊ ဒါပေမယ့် မရဘူး၊ အဲဒီသစ်ပင်ကြီးလည်း ပြတ်သွားရော ကောင်းကင်ကို ပျံတက်သွားတော့တာပါပဲ၊ အဲဒါ အဲဒီသစ်ပင်ကြီးနောက်ပြေးလိုက်တယ်လေ။ ငါက သစ်ပျံကြီးမှန်းသိလို့မလိုက်နဲ့ဆိုတာ တားမရဘူး၊ သူအတင်းပြေးလိုက်တယ်လေ။ ငါတို့လည်း စိတ်မချလို့ သူ့နောက်ကနေလိုက်လာတာ ခုတော့ . . . "

ဦးအောင်ခက်၏အသံများ တိတ်ဆိတ်သွားသည်။ ကိုပေတင်ကား ရမ္မက်ရည်လိမ်းထားသော သစ်ပျံကြီးနောက်သို့ အငမ်းမရတကောက်ကောက်ပြေးလိုက်မိသည့်အတွက် သစ်ပျံတောဘုရားပွဲမှပြန်လာသော သူမိသားစုလိုက်ပါသည့် လှည်းတစ်စီး၏ ရှေ့မှောက်တွင် ယခုကဲ့သို့ သွေးခင်းလျက်သား အဖြစ်ဆိုးစွာ မရှုမလှဘဝနိဂုံးချုပ်လိုက်ရသည်ကို သူကိုယ်တိုင်လုံးဝသိမသွားခဲ့ချေ။

သူမသေမီစက္ကန့်ပိုင်းအတွင်း သူသိကောင်းသိသွားမည့်အရာမှာ 'မိမိ၏လောဘရမ္မက်သည် မိမိအတွက်ဆုံးချိတ်ဝှက် ငါးစာတစ်တုံးပါတကား' ဟူသော နောင်တအလင်းတစ်ချက်ပေတည်း။

တင်နိုင်ဝင်း(ထမင်းရွေးချို့)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်
စီးပွားရေးပေဒင်ဟောကိန်း

မင်းရှိန်အောင်



၁-၁၂-၂၀၁၅ နေ့ဇာတာခွင်



၁၁-၁၂-၂၀၁၅ နေ့ဇာတာခွင်



၂၁-၁၂-၂၀၁၅ နေ့ဇာတာခွင်

ပထမ (၁၀) ရက်ကာလတွင် ငွေကြေးစေးကွက် ရုန်းရင်းဆန်ခတ်ဖြစ်နေမည်။ ရွှေစေးကွက်ကမောက်ကမဖြစ်မည်။ ကျောက်မျက်စေးကွက် အတက်ကြမ်းကြမ်း၊ အဆင်းကြမ်းကြမ်းရှိမည်။ ပညာရေးလုပ်ငန်း၊ နိဗ္ဗာန်ကုန်လုပ်ငန်း ပုံမှန်မဟုတ်။ စားသောက်ဆိုင်လုပ်ငန်း ငြိမ်သလိုလိုနှင့် ဒွေဖော်တတ်မည်။ အိမ်ခြံမြေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတက်ရိပ်၊ ကျရိပ်ပြင်းထန်နေမည်။ စိုက်ပျိုးရေးထွက်ကုန်လုပ်ငန်း၊ ဖြေဖျော်ရေးလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အလှအပနှင့်ဖက်ရှင်လုပ်ငန်း၊ လျှပ်စစ်နှင့် အီလက်ထရောနစ်လုပ်ငန်း၊ ကုန်မာနှင့် ဆောက်လုပ်ရေးပစ္စည်းလုပ်ငန်းတို့ စေးကွက်တိုးတက်မှုရှိမည်။ မီဒီယာနှင့် စာနယ်ဇင်းစေးကွက်မြောက်တက်မည်။ တွင်းထွက်သတ္ထုပစ္စည်းတို့ စေးကွက်မကောင်းသေး၊ ဆေးနှင့်ဆေးပစ္စည်းစေးကွက်ကောင်းနေမည်။

ဒုတိယ (၁၀) ရက်ကာလတွင် ပညာရေးလုပ်ငန်း၊ နိဗ္ဗာန်ကုန်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ စေးကွက်ငြိမ်နေမည်။ စက်နှင့် စက်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း၊ အိမ်ခြံမြေလုပ်ငန်းတို့ တက်ရိပ်ရှိသော်လည်း ဖောက်ပြန်တတ်မည်။ ရွှေစေးကွက်၊ ငွေစေးကွက် အတတ်၊ အကျ မြန်ဆန်နေလိမ့်မည်။ ကျောက်မျက်စေးကွက်ငြိမ်နေမည်။ ဆေးနှင့် ဆေးပစ္စည်း၊ သစ်နှင့် ဆက်စပ်ပစ္စည်း၊ လောင်စာဆီတို့ တက်ရိပ်ရှိသော်လည်း ပြုတ်ကျတတ်မည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အလှအပနှင့်ဖက်ရှင်လုပ်ငန်းတို့ စေးကွက်ထုံထိုင်းနေမည်။ ငါးနှင့်ရေထွက်ပစ္စည်းလုပ်ငန်း၊ ဓာတုပစ္စည်းလုပ်ငန်း၊ တက်စေးမြင်ရသော်လည်း စိတ်မချရ၊ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ မီဒီယာနှင့် စာနယ်ဇင်းလုပ်ငန်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ တက်စေးတွေ့ရမည်ဖြစ်သော်လည်း စိတ်ချရမည်မဟုတ်။

တတိယ (၁၀) ရက်ကာလတွင် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများစေးကွက် ကမောက်ကမဖြစ်မည်။ ပညာရေးလုပ်ငန်း၊ နိဗ္ဗာန်ကုန်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ ဖြေဖျော်ရေးလုပ်ငန်း၊ အလှအပနှင့် ဖက်ရှင်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်းတို့ စေးကွက်ငြိမ်နေရာမှတက်ကြွလှုပ်ခတ်နှုန်းများလာမည်။ စာနယ်ဇင်းနှင့် မီဒီယာလုပ်ငန်း၊ တက်ရိပ်ကြီးကြီးမြင်ရသော်လည်း နှေးကွေးနေမည်။

ရွှေစေးကွက်၊ တက်ရိပ်ရှိသော်လည်း ပြုတ်ကျတတ်မည်။ ငွေကြေးစေးကွက် တက်ရိပ်ကျရိပ်ဘက်ကဲနေမည်။ ကျောက်မျက်စေးကွက်ငြိမ်နေပေမယ့် တက်ကြွလာပါမည်။ဓာတုပစ္စည်းထုံထိုင်းနေမည်။ ငါးနှင့်ရေထွက်ပစ္စည်းလုပ်ငန်း ပုံမှန်မဟုတ်သော်လည်း အတက်ဘက်ယိုင်တတ်မည်။ တွင်းထွက်ပစ္စည်းလုပ်ငန်း တက်ရိပ်ရှိသော်လည်း ရှေ့သို့မတိုးနိုင်သေး။ ဆေးနှင့်ဆေးပစ္စည်းများ၊ သစ်နှင့် ဆက်စပ်ပစ္စည်းများ တက်စေးရှိသော်လည်း စိတ်မချရသေး။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

အဏ္ဏဝါလှိုင်း

အဘအောင်မင်းခေါင်၏ သိဒ္ဓိ၊ မဟိဒ္ဓိအစွမ်းများအကြောင်း

အဘအောင်မင်းခေါင်သည် ပြည်တော်ဖြန်ဝင်လာပြီးနောက် သာသနာကိစ္စများကိုသာ တစိုက်မတ်မတ်ဆောင်ရွက်တော်မူပါသည်။ ဝိဇ္ဇာတို့၏အစွမ်းသိဒ္ဓိ၊ မဟိဒ္ဓိအစွမ်းများကို ကြောင်လက်သည်းဝှက်သိုမှီးထားပြီး မထင်မရှားအသွင်ဖြင့်နေပါသည်။ ပုပ္ပားအောင်မင်းခေါင်ဟု ထင်ရှားကျော်ကြားစဉ်က ပုပ္ပားတွင် အင်ဂျင်မပါကားပျက်ကြီးကိုမောင်းနှင်ပုံ၊ ဌက်ပျောရွက်ပေါ် တက်၍ အိပ်နေပုံ၊ ကသာမှ ရေမျောကမ်းတင်ကျန်းတုံးကြီးကို ကြိမ်ဖြင့်အမိန့်ပေးနေပုံတို့ကို ဖတ်ရှုရပါသည်။ ယခု ပြည်တော်ဝင်လာပြီးမှ သိဒ္ဓိအစွမ်းများပြပေးပါရန် တပည့်များက တောင်းဆိုသောအခါ -

"ဝိမုတ္တိယုဂခေတ်တွင် သိဒ္ဓိအစွမ်းများမပြရန် အထက်မှတားမြစ်ထားတယ်"

ဟု မိန့်ကြားပါသည်။

အဘ သာသနာပြုရာတွင် တချို့ဆရာတော်များက အဘကို လိုလားသော်လည်း တချို့ဆရာတော်များက ဘိုးတော်ကိုလက်မခံကြပေ။ လက်မခံသော သံယာတော်များနှင့် မကြာခဏဆုံတွေ့ကြရာတွင် အဘအနေဖြင့် ထိပ်တိုက်ရင်မဆိုင်ပေ။ သည်းခံ၍ရှောင်နေပါသည်။ မည်သို့ပင်ပြောပြော၊ မည်သို့ဝေဖန်သည်ဖြစ်စေ မသိချင်ဟန်ဆောင်နေပေတော့သည်။ ထို့ကြောင့် မြန်မာပြည်တွင် အဘနှင့် သံယာတော်များကြား ပြဿနာရှင်းရသည်ဟူ၍ မရှိခဲ့ပါ။

အဘအကြောင်း ကျန်ပ်အမြင်ကို ဤသို့ပြောပြပြီး အဘတပည့်သားသမီးများ ဇရပ်ကုန်းဓာတ်ခန်းတွင်ဆုံခဲ့စဉ်က စကားဝိုင်းဖြစ်ကြပေတော့သည်။

"အဘက ပြည်တော်ဝင်လာပြီးမှ သိဒ္ဓိတန်ခိုးတွေမပြရဘူးလို့ပြောတယ်။ အဘအထက်ကလည်း တားထားတယ်"

"ဟုတ်တယ်၊ ဟိုနေ့က အဘပြောတာကြားရတယ်"

"ဒါပေမယ့် ကိုယ်တွေ့လေးတော့ ပြောပြချင်တယ်"

"ဟာ-ဆရာလှိုင်းရယ်၊ ပြောပြစမ်းပါဦး။ နားထောင်ချင်နေတာ"

"ကျွန်တော် တောင်လုံးလှကျောင်းမှာ ဆရာတော်ကြီးအတွက် ကျောင်းဆောက်ပေးရတယ်"

"အေးလေ၊ အဘက ခင်ဗျားကို ခိုင်းတာ အားလုံးသိတာပဲ"

"ကျောင်းဆောက်ပြီးလို့ ရေစက်ချတဲ့နေ့မှာ ထူးခြားတာတစ်ခုကို အဘမေးတယ်။ ခါးတယ်လို့ပြောတယ်။ နောက်တယ်ဘက်လက်ညိုးကိုငုံခိုင်းနေတယ်။ သူလည်း ခါးတဲ့အရသာတွေ့ရတယ်။ မင်းကဆရာတော်နေတဲ့ကျောင်းကိုဆောက်ပေးလို့ ငါသိဒ္ဓိတွေပေးတာလို့ပြောတယ်"

"ဟာ-ဆရာလှိုင်း၊ ဒါဆို ဆရာ့မှာ သိဒ္ဓိအစွမ်းတွေရှိနေပြီပေါ့"

"ဘာအစွမ်းရှိတယ်ဆိုတာတော့ ခုထိ တိတိကျကျမသိရဘူး။ ထူးခြားတာကတော့ အဘကိုတ,ရင် အဘက ချက်လုပ်ပြသေးတယ်"

"ဟာ - ဟုတ်လား၊ ဆရာလှိုင်း ပြောပါလား"

"တောင်လုံးလှဆရာတော်ကြီးရှိသေးတယ်။ လူတွေ့ရှေ့မှာ အဘက ရေခွက်နဲ့ဆပ်ပြာခဲယူခဲ့လို့ပြောတယ်။ ကပ္ပိယထိန်ဝင်းကယူလာတယ်"

"ရေခွက်နဲ့ ဆပ်ပြာခွက်က ဘယ်လိုအစွမ်းပြတာလဲ"

"အေး - ယူလာဖြီဆိုပါတော့။ အဘက သူ့လက်ကိုဆေးတယ်ဆိုပြီးတော့ ညာဘက်လက်ညိုးကို ကျွန်တော့်ဘက်ကိုထိုးပြီး ပါးစပ်နဲ့ငုံခိုင်းတယ်။ ကျွန်တော်လည်း စုပ်လိုက်တာ တမာကိုင်းကို ငုံထားရသလို ခါးသက်သက် အရသာတွေ့ရတယ်"

"ပြော-ဆက်ပြောမှဦး"

"မင်းဘာအရသာတွေ့ရသလဲလို့ မေးတယ်။ ခါးတယ်လို့ပြောတယ်။ နောက်တယ်ဘက်လက်ညိုးကိုငုံခိုင်းနေတယ်။ သူလည်း ခါးတဲ့အရသာတွေ့ရတယ်။ မင်းကဆရာတော်နေတဲ့ကျောင်းကိုဆောက်ပေးလို့ ငါသိဒ္ဓိတွေပေးတာလို့ပြောတယ်"

"ဟာ-ဆရာလှိုင်း၊ ဒါဆို ဆရာ့မှာ သိဒ္ဓိအစွမ်းတွေရှိနေပြီပေါ့"

"ဘာအစွမ်းရှိတယ်ဆိုတာတော့ ခုထိ တိတိကျကျမသိရဘူး။ ထူးခြားတာကတော့ အဘကိုတ,ရင် အဘက ချက်လုပ်ပြသေးတယ်"

"ဟာ - ပြောပါဦး"

"ပုသိမ်ကအပြန် ကားမှောက်တုန်းကလည်း အဘကို,တတာ သေက်မရောက် သက်မပျောက်ဘူး။ ငါလိုချင်တာ အစာပုံတော်ကိုကပ်ပြီး သွားပြောတာ အဘက အကုန်ကြားတယ်"

"ထူးပါတယ် ဆရာရယ်"

"ကဲ-ကိုကျော်ရှိန်၊ ခင်ဗျားအတွေ့အကြုံလည်းပြောပါဦး"

"အေးဗျ၊ ဒါဆို ကျွန်တော်နဲ့အဘအကြောင်းကိုပြောပြရဦးမယ်"

"ပြောပါဆို စေ့ဆိုနေပြန်ပြီ"

"ကျွန်တော်က တောင်လုံးလှကပြန်လာတာ။ ပြည်တော်ဝင်ဘုရားတည်ဖို့ကိစ္စတိုင်ပင်နေလို့ နောက်ကျသွားတယ်။ အခု ဇရပ်ကုန်းလည်းရောက်ရော အဘတို့အားလုံး အိပ်ပျော်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ ကျွန်တော်က ခြံစည်းရိုးအပြင်ကနေ အဘကို လက်အုပ်ချီကန်တော့ပြီး သား ပြန်တော့မယ်လို့လျှောက်ခဲ့တယ်။ နောက်နေ့ မိတ္ထီလာက အဇောကြီးထလာပြီး အဘတို့စားဖို့ ပလာတာတွေ၊ လက်ဖက်ရည်တွေဝယ်ပြီး ဇရပ်ကုန်းကို ရောက်လာတယ်

"ကဲ - ဆက်ပြောပါဦး"

"အဘက ပလာတာစားပြီး လက်ဖက်ရည်သောက်ရင်း ကျော်ရှိန် ည(၁၀) နာရီလောက်က မင်း ငါ့ကိုကန်တော့သွားတာ ငါသိတယ်လို့ပြောတယ်"

"ဟာ-ဟုတ်နေတာပဲ ကျွန်တော်လည်း ကိုယ်တွေ့ပြောရဦးမယ်"

ဇရပ်ကုန်းဓာတ်ခန်းမှ ဦးဘိုကဲ့၏ တပည့် ဝင်းဦးသည် အဘနားတွင်အမြဲနေရ၏။ အဘ၏ဝေယျာဝစ္စကို ဆောင်ရွက်ပေးရ၏။ အဘကလည်း ဝင်းဦးကို ချစ်ပါသည်။ အနီးစပ်ဆုံးတပည့် ဝင်းဦးကလည်း မိမိတို့စကားဝိုင်းထဲသို့ ပါဝင်လာပါသည်။

"ကဲ - အားလုံးနားထောင်ကြ၊ အဘရဲ့အနီးကပ်ဝေယျာဝစ္စဆောင်ရွက်တဲ့ ဝင်းဦးကလည်း သူအတွေ့အကြုံကို ပြောပြလိမ့်မယ်။ ကဲ - ပြော"

"ကျွန်တော်က အဘနဲ့အနီးကပ်နေတယ်။ အဘစားချင်တာလုပ်ပေးရတယ်။ တစ်နေ့ အဘနဲ့ ကျွန်တော် အညောင်းပြေလမ်းလျှောက်ထွက်လာကြတယ်

"ဒီကတ္ထရာလမ်းအတိုင်းလျှောက်တာလား"

"ဟုတ်တယ်၊ ကျွန်တော်နဲ့ အဘ မိတ္ထီလာဘက်ကိုလျှောက်ကြတာ (၁) ဖာလုံလောက်ရောက်တော့ အဘက အသက်ကြီးပြီမို့ မောနေပြီဆိုပြီး အဘကို သနားနေတာ၊ အဘရယ် နောက်ပြန်လျှောက်ရအောင်လို့ပြောပြီး နောက်ပြန်လှည့်လာကြတယ်"

"ဆက်ပါဦး"

"အဘကသိတယ်၊ ဒီကောင် ငါ့ကို အသက်ကြီးပြီဆိုပြီး အထင်သေးတာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ ဘာဆက်ဖြစ်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဝင်းဦး မင်းနဲ့ ငါ လမ်းလျှောက်ပြီင်မယ်။ မင်း ငါ့ကိုနိုင်အောင်လျှောက်နိုင်ပါ့မလားလို့ ပြောတယ်"

"ဟာ-တကယ့်ပွဲကြီးပွဲကောင်းပဲ။ ဆက်ပြောပါဦး"

"အဘက အသက်ကြီးနေပြီ၊ ကျွန်တော်က လူငယ်လေးရှိသေးတာ၊ အဘနဲ့ဘယ်လိုလုပ်ယှဉ်လို့ရမှာလဲ"

"အဘကဘာပြောလဲ"

"အေးအေး - မင်းငါ့ကိုမီအောင် လျှောက်ကွာလို့ပြောပြီး အဘက ရှေ့က လမ်းလျှောက်တာ၊ ကျွန်တော်ကနောက်က အဘကိုမီအောင်မလျှောက်နိုင်ဘူး။ ကျွန်တော်ကအဘလောက်တော့အပျော့ပေါ့လို့တွေးပြီး အဘမသိအောင်ပြေးလိုက်တာ အဘက လမ်းလျှောက်မယ့်ဘူး။ ဖြည်းဖြည်းလျှောက်နေတာပဲ။ နောက်ကပြေးလိုက်တဲ့သူမောပြီးမလိုက်နိုင်ဘူး"

"ဟာ - ဒါတကယ့်အဖြစ်အပျက်လား"

"မယုံရင် အဘကို လျှောက်ကြည့်ပေါ့"

"အေးပါကွာ၊ ဆက်ပြောပါဦး"

"အဘကရယ်ပြီးစောင့်နေမှမီတယ်။ ဘယ်လိုလဲ ဝင်းဦး၊ အဘကိုမီအောင် လျှောက်နိုင်သလားလို့မေးတယ်။ အဘရယ် လျှောက်တာမဟုတ်ဘူး၊ နောက်ကပြေးလိုက်တာကို အဘကိုမမီဘူး။ မင်းက ငါ့ကို အဘဆိုပြီး အထင်သေးတာပေါ့။ တွေ့တယ်မဟုတ်လား၊ ငါက ဝိဇ္ဇာဆိုတာလို့ပြောတယ်"

"အေးကွာ၊ ငါတို့အဘကလူသိရှင်ကြား သိဒ္ဓိအစွမ်းမပြပေမယ့် ဝိဇ္ဇာဆိုတာသိအောင်တော့ လက်မထောင်ပြတာပဲ"

ထိုစဉ် ဘင်္ဂျိဘမောင်ရောက်လာ၏။ အသက် (၈၀) ရှိသော်လည်း ကျန်းမာရေးကောင်းဆဲ၊ စားနိုင်သွားနိုင်သေးသည်။ နားလည်းကြားသေး၏။ မျက်စိလည်းမြင်သေး၏။ အဘ၏ဇရပ်ကုန်းခရီးစဉ်တွင် ဘင်္ဂျိဝိုက်၍ လိုက်လာလေသည်။ ရွှေဟောင်းသီချင်းများကို မြန်မာသံစဉ်ဖြင့် ပိုင်ပိုင်နိုင်နိုင် တီးခတ်နိုင်ပေသည်။ မျက်နှာတစ်ပြင်လုံးနှင့် တစ်ကိုယ်လုံးတွင် မဲ့ခြောက်များ ထပ်၍နေလေသည်။ ဇရပ်ကုန်းဓာတ်ခန်းတွင် အဘသားသမီးများ အဘနှင့်အတူ တကွ စုဝေးရောက်ရှိနေကြပါသည်။

"အဘအဘ၊ ဘင်္ဂျိမောဓိမောင်"

"ဟေ - ဘာလဲကွ"

"မနေ့က အဘ ဘင်္ဂျိတီးတာ တကယ်ကောင်းတယ်၊ ဒါနဲ့ မြတ်ဘုရား ရွှေတိဂုံသီချင်းတီးတော့ တစ်ပိုဒ်ကျော် တီးတယ်ဆိုတာဟုတ်လား"

"အေး-အဘအောင်မင်းခေါင်က မသိတာမရှိဘူး၊ နဂါးနီသီချင်းလည်း တီးခိုင်းသေးတယ်"

"ဒါနဲ့ အဘအောင်မင်းခေါင်က အဘကိုချစ်ပါတယ်။ အဘမလာရင် ခေါ်ခိုင်းတာ၊ အဘကလည်း မိန်းမနှစ်ယောက်ဆိုတော့ စံလို့ကောင်းတာပေါ့"

"ဘာကိစ္စ ဒီနှစ်ယောက်က ပါလာတာလဲ"

"ဟဲဟဲ-ဒါနဲ့အဘအောင်မင်းခေါင်နဲ့ပတ်သက်လို့ ထူးဆန်းတာတွေ အဘတန်ဖိုးပြတာတွေကို ဆွေးနွေးနေတာ"

"အေးကွ၊ ငါ့ကို အဘက သူမွေးရပ်ဇာတိ စင်မြင့်ရွာကိုခေါ်သွားတယ်။ စင်မြင့်ရောက်တော့ သူစိုက်ခဲ့တဲ့ထန်းပင်ကိုလိုက်ပြတယ်"

"အဘကလိုက်ပြတာပေါ့"

"ဟုတ်တယ်၊ ငါနဲ့ အဘနဲ့ နှစ်ယောက်တည်းရှိတဲ့အချိန်မှာ အဘပျောက်သွားတယ်။ ငါလည်း အဘကိုလိုက်ရှာတာ မတွေ့ရဘူးပေါ့။ နောက် ငါ့ကို မောင်မောင်လို့ခေါ်သံကြားရတယ်။ ငါလည်း ခေါ်သံကြားလို့ အသံလာရာကိုလိုက်ရှာတာပေါ့"

"အဘကို မတွေ့ရဘူးလား"

"အဘက ထန်းပင်ပေါ်ရောက်နေတာ။ ဟေ့ကောင် မောင်မောင်၊ ငါဒီမှာကွာလို့ပြောတော့ ထန်းပင်ထိပ်ဖျားမှာရောက်နေတာ။ ဘာလေ့ကားမှလဲ မရှိဘူး။ ဘယ်လိုတက်တာလဲမသိဘူး"

"ထန်းပင်ပေါ်ကအဆင်းကို ငါသေသေချာချာကြည့်နေတာ အိမ်မြောင်တို့၊ တောက်တို့လို ပြောင်းပြန်ကြီးဆင်းလာတယ်"

"ခေါင်းကအောက်က၊ခြေထောက်ကနောက်ကပေါ့"

"ဟုတ်တယ် မြန်မှမြန်၊ မြေပေါ်ရောက်တော့မှ မတ်တတ်ရပ်ပြီးထလာတာ"

"အဘက မျက်စိမွဲလို့ ထင်ရာမြင်ရာတွေလျှောက်ပြောတာလား"

"ငါ့အကြောင်းကိုမပြောရဘူး၊ မင်းလျှောက်မပြောနဲ့တဲ့။ မင်းပြောရင် မင်းကိုအရူးလိုပြောလိမ့်မယ်တဲ့"

"ဒါနဲ့ အဘက ဘယ်သူ့ကိုမှ မပြောဘူးပေါ့"

"ငါပါးစပ်ကိုဘယ်ပိတ်လို့ရမှာလဲ၊ ငါပြောလည်းဘယ်သူမှမယုံကြဘူး"

"ဟုတ်တယ်၊ ဒါဖြစ်နိုင်တယ်။ အဘက ဝိဇ္ဇာသိဒ္ဓိအစွမ်းရှိကြောင်းကို ပြတာပဲ။ ဒါပေမယ့် လူတွေမသိအောင်၊ မထင်ရှားအောင် မသိမသာပြတာဖြစ်မယ်"

"ဒါမှလည်း ဝိဇ္ဇာတွေ သိဒ္ဓိတန်ခိုးမပြရဘူးဆိုတာနဲ့ ကိုက်ညီမှာပေါ့"

မကြာမီ ဦးလှအောင်ယောက်စကားဝိုင်းထဲသို့ရောက်လာ၏။ ဦးလှအောင်သည် အဘနှင့်ပထမဆုံးတွေ့ခဲ့ရသော တပည့်ရင်းသာဝကကြီး ဖြစ်၏။ ကျောင်ပြည်နယ်မှစတင်၍ ရန်ကုန်အထိ အဘနှင့် အတူတကွရှိနေသူဖြစ်သည်။ ဘုရားထီးတင်ပွဲများတွင် အမြဲပါလာလေသည်။

"ဦးလှအောင်ကြီး လာပါဦး၊ ဒီမှာ စကားဝိုင်းက ကောင်းနေတာ။ ခင်ဗျားအတွေ့အကြုံကိုပြောပြပါဦး"

"ဒီမှာ စာရေးဆရာအဏ္ဏဝါလှိုင်းရှိနေတော့ အရမ်းပြောလို့မရဘူး"

"ရပါတယ်၊ မုန်တာပြောတာကိုပဲ မှတ်တမ်းတင်မှာပါ"

"ဟိုအရင်ကဖြစ်တာတွေကတော့ ကြာတော့မမှတ်မိဘူး။ အခုလောလောဆယ်ဖြစ်တာလေးကိုပြောပြမယ်"

"ဟုတ်ပါပြီ၊ ပြောပါဦး"

"အလောင်းတော်ကသဃပမှာ ဇမ္ဗူတစ်ခွင် ဆုတောင်းပြည့်ဘုရားထီးတင်စဉ်က ထူးဆန်းတာတစ်ခု ကြုံခဲ့ရသေးတယ်"

"ပြောပြပါဦး၊ ကျွန်တော်တို့က မြန်မာပြည်သိန်းတန်ပဲလိုက်ကြည့်နေတာ ထူးဆန်းတာ မတွေ့လိုက်ရဘူး"

"ဒီတုန်းက ကျွန်တော်ကပွဲတွေပြင်ပေးရတယ်။ သာသနာ (၁) ပွဲနဲ့ ဝိဇ္ဇာပွဲ (၄) ပွဲ၊ နတ်ပွဲ၊ သိုက်ပွဲ၊ တောင်ပိုင်ပွဲတွေက (၃၀) ပြင်ပေးရတယ်။ ဌက်ပျောသီးနဲ့ အုန်းသီးဝယ်ပေးတဲ့နီနီအောင်ကလည်း အကိုက်ဝယ်ပေးတာ။ ပြဿနာက ဦးကော်ဦးခေါင်းဆောင်တဲ့ ရထားပျံအဖွဲ့က ပွဲတောင်းတော့တာပဲ။ ခက်တာက သူတို့အတွက် ပွဲကမပါဘူး၊ တောထဲတောင်ထဲရောက်နေတော့ လွယ်လွယ်ကူကူဝယ်လို့မရဘူး"

"ကိုကော်ဦးတို့က ဘယ်နှပွဲတောင်းလဲ"

"ကိုကော်ဦးတို့က ရထားပျံပေါ်မှာတင်လှူဖို့ သာသနာပွဲ (၁)ပွဲ၊ ဝိဇ္ဇာပွဲ (၄) ပွဲတောင်းတယ်"

"အေး - ဒီတုန်းက ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com

ကြားဝင်ပြီးစေ့စပ်ပေးရတာဗျ။ ကိုဇော်ဦးသာသနာပွဲ (၁) ပွဲပဲယူပါ။ ကျန်တဲ့ဝိဇ္ဇာပွဲက ဓာတ်ခန်းထဲမှာရှိပြီးသားပို့ ထပ်မလုပ်ပါနဲ့လို့ ပြောခဲ့ရသေးတယ်"

"ဟုတ်တယ်၊ ဆရာလှိုင်းပြောလို့ ကိုဇော်ဦးတို့က သာသနာပွဲ (၁) ပွဲနဲ့ ကျေနပ်သွားတာ။ ဒါနဲ့ နဆ်ပွဲထဲက သာသနာပွဲအတွက် အုန်းသီး (၈) လုံး၊ ငှက်ပျောသီး (၅)ဖီးယူပြီး ပြင်ပေးလိုက်တယ်။ ကိုဇော်ဦးတို့အတွက်တော့ အဆင်ပြေသွားတာပေါ့"

"ဒါဆို နတ်ပွဲ၊ သိုက်ပွဲတွေပြင်တော့ ငှက်ပျောသီး (၅) လုံး၊ အုန်းသီး (၁)လုံးလိုနေမှာပေါ့"

"မလိုဘူးဗျာ။ သိုက်ပွဲတွေ၊ နတ်ပွဲတွေပြင်တော့ ပွဲ(၃၀)ကိုက်ဖြစ်နေတယ်။ ငှက်ပျောသီး (၅)ဖီး၊ အုန်းသီး (၁)လုံးက ဘယ်ကရောက်လာတာလဲမသိဘူး"

"ဝယ်တဲ့သူက များဝယ်လာတာကော မဖြစ်နိုင်ဘူးလား"

"ဝယ်တာက နီနီအောင်ဝယ်လာတာ။ သူလည်း သေသေချာချာစစ်ပြီး ဝယ်လာတာ၊ မပို့ဘူးလို့ပြောတယ်"

"အေးဗျ၊ ဒီတုန်းက ဦးလှအောင်ကျွန်တော့်ကိုလာပြောတယ်။ အဘတို့ရဲ့ သိဒ္ဓိစွမ်းကတော့ အံ့သြစရာပါပဲ။ ဒါအဘ သားသမီးတွေစုမိတုန်း အတွေ့အကြုံလေးဖလှယ်ကြတာ၊ ဗဟုသုတရတာပေါ့"

ရေကူးကျွမ်းကျင်သော အဘအောင်မင်းခေါင်အကြောင်း

အဘအောင်မင်းခေါင် ဧရုတ်ကောင်း ဒီပါဇ-ဒီပါဂိဘုရားတည်စဉ်ကာလတွင် အမြဲရောက်လေသည်။ ဘုရားတည်ရာတွင် ကြိုးကြပ်ခြင်း၊ လိုအပ်သည့် ပုံပိုးမှုကို ထိုထိရောက်ရောက် ပုံပိုးပေးလေသည်။ ထိုအခါမှ လုပ်ငန်းများအမြန်ဆုံးပြီးလေသည်။

အဘရောက်စဉ် ပင်လယ်ကမ်းစပ်သို့သွားသည်။ ဘူးသီးကြော်သူက ကြော်၏။ အုန်းရည်ချိုသောက်သူက သောက်၏။ အဘ၏သားသမီးများ ပင်လယ်ထဲဆင်း၍ ရေချိုးလေတော့သည်။ အဘက ကုလားထိုင်မှထိုင်ပြီး ဆေးလိပ်သောက်ရင်း ပင်လယ်လေညင်းကိုခံနေ၏။ ပင်လယ်ပြင်ကြီးကိုငေး၍ ကြည့်နေ၏။ အဘ၏ရှေ့ စားပွဲပေါ်တွင် အုန်းသီးအရည်သောက်များ၊ ဘူးသီးကြော်များနှင့်ပြည့်နေသည်။ ကျွန်ုပ်အား ခေါ်ပြီး -

"သားရော ငါ ဒီနေ့ ပင်လယ်ရေချိုးမယ်"

"ဟုတ်ကဲ့အဘ၊ သားဘောင်းဘီဝတ်ခဲ့တယ်။ အဘနဲ့တို့က၊ မကိုက်ဝတ်ကြည့်ပါဦး"

"အေး - ငါ ဘောင်းဘီဝတ်ပြီး ပင်လယ်ပြင်ကြီးကို လတ်ပစ်ကူးမယ်"

"ဟုတ်ကဲ့ အဘ၊ သား ရေကူးတတ်တဲ့ ပင်လယ်ဖျံ (၃) ယောက်ခေါ်ထားတယ်"

"အေး-မင်းကောင်တွေခေါ်လိုက်၊ ငါရေထဲဆင်းတော့မယ်"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်သည် ဧရုတ်ကောင်းဘုရားဒကာဖြစ်သည်။ ကျွန်ုပ်ကြောင့် အဘတို့ ရောက်ရှိလာခြင်း ဖြစ်သည်။ ဤခရီးစဉ်တွင် အလုံးစုံ ကျွန်ုပ်တွင်တာဝန်ရှိလေသည်။ ကျွန်ုပ်စဉ်းစားနေသည်မှာ အဘသည် အညာသားဖြစ်၍ ပဝွားအရှေ့ဘက် စင်မြင့်ရွာသားဖြစ်သည်။ ပင်လယ်ကိုမမြင်ဘူးပါ။ ရေပြင်ကျယ်ကျယ်မရှိသော အညာအရပ်မှလူတို့ ရေမကူးတတ်ကြပါ။ ရေကြောက်ကြသည်။

ငါတို့အဘလည်း ရေမကူးတတ်ဘူး၊ ရေထဲတွင် ရေကူးရင်း ရေနစ်ပြီး ဒုက္ခရောက်ပါက အဘသိက္ခာကျမည်။ အဘရေကူးစဉ် အသက်ကယ်ရန်ရေကူးကျွမ်းကျင်သော ဧရုတ်ကောင်းရွာသား (၃)ယောက်ကိုခေါ်ထားခြင်း ဖြစ်သည်။ ကျွန်ုပ်လည်း အညာသားမို့ ကိုယ်ချင်းစာမိခြင်းဖြစ်သည်။ အဘသည် ဘောင်းဘီဝတ်ပြီး ရေထဲဆင်းသွားပြီး မျက်မှန်အထုကြီးကိုတော့ မချွတ်ပါ။ ကျွန်ုပ်က အဘနားကမခွာ၊ ကပ်လိုက်လာသည်။ အဘလက်ကိုဆွဲပြီး ရေနက်ဘက်သို့ ဖြည်းဖြည်းချင်းလျှောက်လာရာ ရေမှာ ဒူးမှလည်ပင်းအထိလည်းကောင်း နစ်မြုပ်လေတော့သည်။ တဖြည်းဖြည်း ရေအနက်ဘက်သို့ရောက်လာခြင်း ဖြစ်သည်။

"သားရေ၊ မင်းကောင်တွေရေကူးတတ်သလား"

"ရေကူးတတ်တယ် အဘ၊ သူတို့က ပင်လယ်ဖျံတွေတဲ့"

"အေး - ဒါဆိုငါနဲ့ရေပြိုင်ကူးမယ်လို့ပြောလိုက်"

"အဘရယ် ရေနက်ထဲကိုမကူးပါနဲ့၊ သားစိုးရိမ်လို့ပါ။ အဘက အဖွားသားဆိုတော့ ရေမကူးတတ်မဟုတ်လား"

အဘသည် ကျွန်ုပ်ကိုင်ထားသော လက်ကိုဖြုတ်ချလိုက်ပြီး ပင်လယ်အနက်ထဲသို့လက်ပစ်ကူးသွားလေတော့သည်။ ခဏအတွင်း ပေ(၃၀)လောက် ရောက်သွားလေတော့သည်။ အဘကိုကယ်ရန် ခေါ်ထားသော ရေကူးကျွမ်းကျင်သည့် ဧရုတ်ကောင်းရွာသားများသည် ငေးကြည့်ကျန်ရစ်ခဲ့လေသည်။

"ဟေ့ - မြန်မြန်ရေကူးပြီးလိုက်သွား"

ဟု ကျွန်ုပ်ပြောမှ အဘနောက်သို့ **လတ်ပစ်ကူး၍** လိုက်သွားကြလေသည်။ **ကျွန်ုပ်မှာ ရေကူးတတ်သဖြင့်** လည်ပင်းရေအရောက်တွင် ဆက်မလိုက်ရဲတော့ပေ။ အဘကိုကြည့်သောအခါ လက်ပစ်ကူးနေဆဲပင်။ ပင်လယ်ရေအနက်ကြီးဘက်သို့ ကူးခပ်နေလေတော့သည်။ ပထမတော့ အဘရေမကူးတတ်လို့ ရေနစ်မှာစိုးလို့ စိတ်ပူပင်ရပါသည်။ ယခုအဘရေကူးတတ်တာသိရတော့ ဝမ်းသာသလို **အံ့ဩသလိုဖြစ်မေါ်လာပါ**သည်။ သို့သော် အဘ ပင်လယ်ပြင်ကြီးကို လက်ပစ်ကူးပြီး ပြန်မလာမှာစိုးရိမ်ရပြန်ရော။

ခဏကြာတော့ အဘပင်လယ်ပြင်တွင် ရပ်တန့်နေတော့သည်။ ရေလည်းမကူးတော့ဘဲ ကိုယ်ဖော့နေလေသည်။ လက်နှစ်ဖက်ကိုမြှောက်ပြပြီး မတ်တပ်ရပ်ပြနေသေးသည်။ အဘက ဝိဇ္ဇာအစစ်ပဲ။ အဘမတတ်တာ ဘာမှမရှိဘူးတဲ့။ ဘယ်အချိန်က ရေကူးသင်တန်းတက်လို့လဲ မသိလိုက်ပါ။ အတော်ကို ကျွမ်းကျွမ်းကျင်ကျင် ကူးတတ်ကြောင်း အစွမ်းအစများကို ပြသနေလေသည်။ နောက်မကြာမီ အဘနားကို ဧရုတ်ကောင်းရွာသား (၃) ယောက် ရောက်သွား၏။ အဘကိုကမ်းစပ်သို့ပြန်ကူးရန်ခေါ်ဆောင်နေလေသည်။

ကားကျတ်ကြီးကို လေထည်ပြီး အဘထံသို့ပို့ပေးရန် နောက်တစ်ယောက် စေလွှတ်ခဲ့ပါသည်။ အဘက ဆေးလိပ်သောက်ချင်ကြောင်းပြောသဖြင့် ဆေးလိပ်မီးညှိပြီး အဘရေကူးရာသို့ပေးပို့စေခဲ့ပါသည်။ အဘက ဆေးလိပ်ဖွာပြီး ဆေးလိပ်သောက်မပျက်၊ မျက်မှန်မချွတ်ဘဲ ရေနက်ထဲတွင် ကိုယ်ဖော့၍နေလေသည်။ အဘ၏ရေကျွမ်းကျင်မှုကို ဧရုတ်ကောင်းရေဖျံဟု တင်စားခေါ်ရသော ရေကူးသမားများ အံ့ဩပေးရလေတော့သည်။ အဘ၏ သိဒ္ဓိအစွမ်းများမှ တစ်စိတ်တစ်ဒေသကိုတင်ရေးပါသည်။

အဏ္ဏဝါလှိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာလ ၁ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း(၁)။ ဝိုးမိုးဂဏန်း (၂၊ ၃၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၂)။ ဝိုးမိုးဂဏန်း (၃၊ ၅၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၃ ရက်၊ ကြာသပတေးနေ့-လာဘ်ဂဏန်း (၃)။ ဝိုးမိုးဂဏန်း (၃၊ ၆၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿနံ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၄ ရက်၊ သောကြာနေ့-လာဘ်ဂဏန်း(၄)။ ဝိုးမိုးဂဏန်း (၁၊ ၂၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သားတနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်သို့လှည့်၍ အရဟံ ဇိနော (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၅ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၅)။ ဝိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတွင် တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၆ ရက်၊ တနင်္ဂနွေနေ့-လာဘ်ဂဏန်း (၆)။ ဝိုးမိုးဂဏန်း (၃၊ ၄၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အညိုရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ,တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၇ ရက်၊ တနင်္လာနေ့-လာဘ်ဂဏန်း (၇)။ ဝိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၊ သံယာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၈ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၈)။ ဝိုးမိုးဂဏန်း (၁၊ ၇၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ ဒုနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့-လာဘ်ဂဏန်း (၉)။ ဝိုးမိုးဂဏန်း (၂၊ ၈၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၁၀ ရက်၊ ကြာသပတေးနေ့-လာဘ်ဂဏန်း (၁)။ ဝိုးမိုးဂဏန်း (၅၊ ၇၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၁၁ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၂)။ ဝိုးမိုးဂဏန်း (၄၊ ၇၊ ၈)။ လာဘ်နေအရပ်က အရှေ့၊ လာဘ်အရောင်က အနက်ရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၁၂ ရက်၊ စနေနေ့-လာဘ်ဂဏန်း (၃)။ ဝိုးမိုးဂဏန်း (၃၊ ၆၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

ဒီဇင်ဘာလ၁၃ရက်၊ တနင်္ဂနွေနေ့-လာဘ်ဂဏန်း (၄)။ ဝိုးမိုးဂဏန်း (၁၊ ၄၊ ၆)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၁၄ ရက်၊ တနလ်းနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၈၊ ဝ)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၁၅ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၄၊ ဝ)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ပါ။

ဒီဇင်ဘာလ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၉၊ ဝ)၊ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၁၇ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၁၈ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၆၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၁၉ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က လိမ္မော်ရောင်၊ အနီရောင်။အကျိုးပေးနေ့သား ပုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာတွင် တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၀ ရက်၊ တနင်္ဂနွေ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်အရောင် ပန်းရောင်၊ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၁ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၆၊ ဝ)။ လာဘ်အရောင်က အဝါရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၂ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၈၊ ဝ)။ လာဘ်အရောင် အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၄ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အပြာရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ သဗ္ဗေ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၅ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၆၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ဝေဒါရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ပုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ ပုဒ္ဓေါဓိနော (၉) ခါရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၆ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၈၊ ဝ)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၇ ရက်၊ တနင်္ဂနွေ- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အပြာရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၈ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား ပုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

ဒီဇင်ဘာလ ၂၉ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အနီရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com



(မိုးကုတ်)

ရွှေပြည်စိုး

ပတ္တမြားများ

ပျံသန်းကျရောက်သောလုပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကာနှင့်ဥဿာ

ညအချိန် ကောင်းကင်တွင် ကြီးမားသော မီးလုံးမီးတန်းကြီးများ ပျံသန်းသည်ကိုမြင်ရသော် ဥက္ကာပျံသည်ဟု ခေါ်ကြပါသည်။ ဥက္ကာ ဟူသည်မှာ ဂြိုဟ်သိမ်ဂြိုဟ်မွှားဂြိုဟ်ပွဲများ ကောင်းကင် လဟာပြင်တွင် ဆွဲငင်အားမဲ့စွာ ကာလရှည်လျားစွာ ပျံသန်းနေရာမှ ကမ္ဘာ့ဆွဲငင်အားဧရိယာအတွင်း ဝင်ရောက်လာသောအခါ လေထုနှင့်ပွတ်တိုက်မိလျက် မီးလောင်ကျွမ်းရခြင်း ဖြစ်သည်။ ညအချိန်တွင် ထိုမီးလောင်ကျွမ်း၍ အရှိန်ဖြင့်ပြေးသွားသော မီးလုံးကြီးကို အပေါ်အပြင်မြင်ရတတ်ပါသည်။ ထိုသို့သော မီးလုံးမျိုးကို ကလေးဘဝ ညအခါများ ဆော့ကစားရာမှမြင်ဖူးကြပါသည်။ အမှန်အမွှားကလေးများ လောင်ကျွမ်းပါက သေးငယ်သောအလင်းတန်းတို့ကို မြင်ရ၏။ ထိုသည်ကို ကျွန်ုပ်တို့က ကြယ်ကြေသည်ဟု ခေါ်ကြပါသည်။

မိုးကုတ် တည်းဟူသော ပတ္တမြား မြေတွင်မူ ထိုမီးလုံးမီးတန်းကြီးများပျံသန်းသည်ကိုမြင်ရသော် ဥဿာပျံသည်ဟု ခေါ်ကြပါသည်။ ထိုဥဿာမီးလုံးကြီး ကျရာဒေသရှိ ကျောက်တွင်းတို့တွင် ကျောက်ကြီးကျောက်ကောင်းခေါ် ပတ္တမြားကြီးများ အများအားဖြင့် ရတတ်ကြလေ၏။ တိုက်ဆိုင်မှုလော၊ ကံအကြောင်းကြောင့်လော ပြောရန်ခက်ပေ၏။

အဘယ့်ကြောင့်ဆိုသော် ဘယ်လုပ်ကွက်မှာ ဥဿာကျသတဲ့ ဟူသော သတင်းပျံ့နှံသွားသည်နှင့် ထိုလုပ်ကွက်သို့ အလုအယက် သွားရောက် လုပ်ကိုင်ကြသောအခါ အများစုမှာ ကျောက်ကြီးကျောက်ကောင်းများ ရတတ်ကြသော်လည်း ကံမပါသူတို့မှာမူ စရိတ်ကျောက်မျှသာ ရတတ်ကြလေ၏။

ဥဿာ တည်းဟူသော အလင်းတန်းကြီးသည် ပတ္တမြားများစုပုံပျံသန်းလာခြင်းကြောင့် ဖြစ်ပေါ်သော မီးတန်းကြီးဟု ရှေးလူတို့က ယူဆကြသည်။ တစ်နည်းအားဖြင့်ဆိုသော် ပတ္တမြား ရတနာများ နေရာပြောင်းရွှေ့ပျံသန်းလာကာ ထိုလုပ်ကွက်ဝန်းကျင်သို့ကျသော် ထိုလုပ်ကွက်သည် ပတ္တမြားမိုးရွာထားသဖြင့် ပတ္တမြားများရတတ်ကြပေ၏။ ထို့ကြောင့် ဥဿာကျသောနေရာ၌ တွင်းတို့ဖြင့် စည်ကားနေတတ်၏။

ထိုဥက္ကာပျံခြင်းကို မိုးကုတ် ရှေးလူတို့က ဥဿာပျံသည်ဟုခေါ် ဆိုကာ ထိုဥဿာကျရာအရပ်၌ ပတ္တမြားများ အလွန်ထွက်သည်ဟု အယူရှိလျက် ထိုကျရာ လုပ်ကွက်ဧရိယာတွင်လုပ်သော် အမှန်ပင် ပတ္တမြားများရကြသည်မှာလည်း အံ့သြစရာတစ်ရပ်ဖြစ်ပေ၏။

မိုးကုတ်သားတို့မှာမူ မည်မျှခေတ် မီတိုးတက်နေပါစေ အိုင်တီခေတ်သို့ မည်မျှရောက်နေပါစေ ထိုဥဿာပျံသန်းခြင်းအယူအဆကိုမူ လုံးဝလက်မလွှတ်

www.burmeseclassic.com

www.burmeseclassic.com

ကြပေ။ တောနေလူတန်းစားအများအပြားတို့သည်လည်းကောင်း၊ မြို့နေလူတန်းစားတစ်ဝက်မျှသည် လည်းကောင်း၊ ကျောက်တူးသူ၊ ကျောက်တွင်းသမားများဖြစ်ကြရာ ဥဿာကျလျှင် ကျောက်အမှုန့်တကယ်ပေါများကျရောက်သဖြင့် ယုံကြည်ကြခြင်း ဖြစ်သည်။

ထိုလိမ္မော်ရောင်မီးလုံးကြီးသည် ဥက္ကာခဲကို မီးလောင်ခြင်းလည်းဖြစ်လျှင်ဖြစ်မည် သို့မဟုတ် ပတ္တမြားရတနာများ စုပေါင်းပုံသန်းလာခြင်းကြောင့် အလင်းဖြာခြင်းလည်းဖြစ်လျှင်ဖြစ်မည်။ မည်သို့ဆိုစေ ထိုဥဿာကျရောက်ရာလုပ်ကွက်၌ လုပ်သမျှလူတိုင်းနီးပါး ကျောက်ကြီးကျောက်ကောင်းရတတ်သည်မှာတော့ ကိုယ်တွေ့ကြုံခဲ့ဖူးသဖြင့် ထိုအဖြစ်ကို တင်ပြလိုသဖြင့် ဥက္ကာနှင့် ဥဿာအခေါ်အဝေါ်လွဲမှားခြင်းမှစကာ နိဒါန်းချီခြင်းဖြစ်ပေ၏။

❑ ကျောက်ဖျာချောင်းရိုး

မိုးကုတ်မြို့ အနောက်ဝိုင်းတွင် ကျောက်ဖျာရွာလေးသည် ထင်ပေါ်ကျော်ကြားသော ကျောက်ပြဿဒ်ရွာကြီး၏တောင်ဘက်အနိမ့်ပိုင်းတွင်တည်ရှိပါသည်။ ထိုကျောက်ဖျာရွာ၏ အရှေ့ဘက်လျှိုတွင် ကျောက်ပြဿဒ်မှလည်းကောင်း၊ ရေအေးရွာဘက်မှလည်းကောင်း စီးဆင်းလာသော ချောင်းနှစ်ချောင်း၏ဆုံရာ ကျောက်ဖျာချောင်းရိုးရှိပါသည်။ ထိုချောင်းသည် မျောများတိုက်မှုကြောင့် အစဉ်သဖြင့် မြေနီများတိုက်စားခဲ့သဖြင့် ရေတို့မှာ ရွှံ့နွံအနီရောင်ရည်တို့ဖြစ်သည်။ ဥပမာပြုရသော် လက်ဖက်ရည်အချိုရောင်ဖြစ်၍ နေကြလေသည်။ ထိုရေနီနီတို့ကိုမြင်တိုင်း လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကို အမြဲသတိရမိ ၏။

ထိုချောင်းအား အထက်ဘက်ရေအေးအနီး၌ ရေအေးချောင်းဟုခေါ်၏။ အောက်ဘက် ငွေးပင်ရွာနားရောက်သော် ငွေးပင်ချောင်းရိုးဟုခေါ်ပြီး သစ်ဆိမ့်ကုန်းရောက်သော သစ်ဆိမ့်ကုန်းချောင်းရိုးဖြစ်သွားပြန်ရာ ထိုချောင်း၏ အမည်နာမမှာ ချောင်းတစ်လျှောက် ရွာစဉ်လိုက်၍ ပြောင်းလဲနေသဖြင့် အမည်နာမအတည်တကျမရှိသော ချောင်းရိုးသာဖြစ်ပေ၏။ ကျွန်ုပ်တို့ဝန်းကျင်တွင်မူ ကျောက်ဖျာချောင်းဟုခေါ်၏။

ထိုခေတ်ထိုအခါက ရွှေတစ်ကျပ်သား (၃၅၀)ကျပ်သာရှိသေးသောခေတ်ဖြစ်ရာ ခုခေတ်လူငယ်များပုံပြင်ဟုပင် ထင်ကြပေမည်။ ကျွန်ုပ်သည် ထိုစဉ်အခါက ဆရာချို၏အိမ်၌ တွင်းသားအဖြစ် ကိုမြင့်သိန်းနှင့်နေစဉ်အခါက ဖြစ်သည်။ ဆရာချို့မှ ကံစားခေါ် (၃၀) ရာခိုင်နှုန်းမပေးဘဲ ထက်ဝက်စားခေါ် (၅၀) ရာခိုင်နှုန်းပေးမည်ဟုပြောထားသဖြင့် ကျေနပ်ရပေ၏။ တစ်ရွာလုံး ကံစားများသာပေးကြ၏။

ထမင်းစားစရိတ်မှာမူ ရသည့်ဝေစုမှ တစ်လတစ်ရာနုတ်ပါသည်။ ထိုတစ်ရာသည် ရွှေတစ်မတ်သားတန်ဖိုးမကပါ။ ရွှေတစ်မတ်သား၏တန်ဖိုးမှာ (၈၇) ကျပ်၊ (၅၀) ပြားသာရှိရာ လွန်စွာများသောအတိုင်းအတာဖြစ်သော်လည်း တစ်ရွာလုံးတစ်နယ်လုံး တွင်းသားများအပေါ် ထိုသို့နုတ်ကြသဖြင့်အစဉ်အလာဖြစ်၍ နေပါသည်။ မကျေနပ်၍ပြောဆိုခဲ့သော် ထိုတွင်းသားနေစရာဘုံပျောက်ရပါသည်။ ထိုသို့သော တွင်းသားမျိုးကို လည်း မည်သည့်အိမ်ကမျှ လက်မခံတော့ပါ။ ဤသည်မှာ အစဉ်အလာဖြစ်ပါသည်။ ထိုဒွေတစ်ရာကျပ်အား ယခုလက်ရှိအခြေအနေနှင့်တွက်လေသော် (၂)သိန်းကျော်ကျော်တန်ရာ ရှေးလူတို့လုပ်ပုံကလည်း လက်ဖျားခါလောက်ပေ၏။ ထိုခေတ်သည် ဆန်တစ်ပြည်တစ်မတ်၊ ဆီတစ်ပိဿာ (၅)ကျပ်ဖြစ်၏။

ဥပမာ တွင်းစများ တစ်သောင်းရသော် (၅) ယောက်လုပ်ပါက တစ်ယောက် (၂) ထောင်ကျပ်ရ၏။ ထို (၂) ထောင်မှ ထမင်းစရိတ် (၁၀၀)နုတ်သော် (၁၉၀၀) ကျန်၏။ ထိုကျန်ငွေမှ (၅၀) ရာခိုင်နှုန်းရမည်ဖြစ်ရာ တွင်းသားထက်ဝက်စားသည် (၉၅၀)ကျပ်သာရလေ၏။ ကံစား (၃၀) ရာခိုင်နှုန်းဆိုသော် (၅၇၀) ကျပ်သာရလေ၏။ ဤသည်မှာ ထမင်းစားကျောက်ခေါ် တွင်းစတွင်းနများမှန်သောတွင်းများသာလျှင် ပေါလဲတို့ခံစားခွင့်ရကြပြီး တွင်းစတွင်းနမမမှန်သော တွင်းတို့မှာမူ ပေါလဲများခွက်ခွက်လန်အောင်ရှုံးသည်တို့လည်း ရှိကြပေ၏။ တစ်လပြီးတစ်လ စာရင်းတွက်ရာ တစ်လလျှင် တစ်ခါသာနုတ်ရ၏။ ရှုံးခဲ့သမျှစုပုံပြီးနုတ်၍မရပါ။ မရသောလတို့တွင် ပေါလဲအရှုံးပြသောလဖြစ်ပေ၏။ တစ်ခါတစ်ရံ စားရိတ်ကျေ၏။ တစ်ခါတစ်ရံတွင်မူ မြတ်တတ်၏။ ကျောက်ကြီးကျောက်ကောင်းရခဲ့ပါမူ အများအားဖြင့် ပေါလဲသာ များများရာရာ ပေါလဲကံကောင်းချိန်ဖြစ်လေ၏။

ကျွန်ုပ်တို့သည် ကျောက်ဖျာချောင်းရိုးတွင် မျောတိုက်ကြရာ ပေါလဲဦးချို၊ တွင်းဆရာ လူပျိုကြီးကိုအေး၊ ဆရာချို၏ညီဝမ်းကွဲ ကိုမြင့်သိန်းနှင့် ကျွန်တော်ပေါင်းသော် (၄)ဦးလုပ်ကြခြင်းဖြစ်ပြီး ရွာမှာ အောက်ချောင်းရိုးတွင်းရှိရာသို့ (၅) မိနစ်မျှသွားလျှင် ရောက်လေ၏။

❑ ဥဿာကျသောချောင်းရိုး

ကျွန်ုပ်တို့ ရောက်စအချိန်တွင် ကျောက်ဖျာရွာသည် တိုးတက်ခြင်းသိပ်မရှိသေးပါ။ အိမ်တိုင်း ရေနံဆီကိုအားပြုလျက် အမှောင်ထုကို ဖြိုခွင်းနေရသောခေတ်ဖြစ်ပေ၏။

အများအားဖြင့် အိမ်ရှေ့ဧည့်ခန်းတွင် ရေနံဆီမီးအိမ်လေးထွန်းထားပြီး မီးဖိုချောင်နှင့်အိပ်ခန်းတို့တွင် ရေနံဆီမီးခွက်များသာသုံးကြပါသည်။

သာရေး၊ နာရေးကိစ္စရှိခဲ့သော် အောက်လင်းဓာတ်မီးများ၊ လက်ဆွဲဓာတ်မီးများထွန်းကြလေ၏။ ထိုမီးများသည် အလွန်အလုပ်ရှုပ်သောမီးများဖြစ်သည်။ ရေနံဆီအပြု အရက်ပြန်၊ မီးစာများအပြင် အောက်လင်းမီးဆီပိတ်ပါကကြေး(ဂျ်)ထိုးသောအပ်လည်းရှိရ၏။ ထွန်းတတ်သူလည်းရှိရ၏။ ပျက်လျှင်ပြင်တတ်သူလည်းရှိရ၏။ သို့သော် သာရေး၊ နာရေးကိစ္စများတွင် ညအခါ၌ ထိုမီးများရှိမှသာ အဆင်ပြေ၏။ ခက်သည်မှာ လေပေါင်ကျသော် မီးမှာမှိန်သွားတတ်သဖြင့် မကြာမကြာ လေလည်းထိုးပေးရ၏။ သို့ကြောင့် အငြိမ်မနေရသောမီးမျိုးဖြစ်ပေ၏။ ပိုက်ဆံတတ်နိုင်သောအိမ်တို့မှာ ကိစ္စရှိက သုံးရန်ဝယ်ထားကြသဖြင့် သာရေး၊ နာရေးကိစ္စရှိသော် အဆင်ပြေ၏။

ထိုခေတ်သည် ရေဒီယိုခေတ်ဖြစ်ရာ ရေဒီယိုပင်လျှင် အိမ်တိုင်း၌မရှိပါ။ ကျောက်ကြီးရသောအိမ်တို့မှသာဝယ်၍ဖွင့်ကြသည်။ ညရောက်သော် ရေဒီယိုရှိသောအိမ်၌ စုပေါင်းကာ ရေဒီယိုနားထောင်သည်လည်းရှိကြ၏။ အပျင်းပြေဖဲစုရိုက်သည်များလည်းရှိကြ၏။ ဧည့်ခံမီးဖိုဘေးတွင်ထိုင်ကာ အတင်းအဖျင်းပြောကြသည်များလည်းရှိကြ၏။

ထိုစဉ်က ကျွန်ုပ်တို့နေသောအိမ်မှာ ရွာလယ်ကွင်း၏ တောင်ဘက်၌ရှိသော ဦးကျော်ဝအိမ်အိုကြီးဖြစ်သည်။ ထိုအိမ်ကြီးနှင့် ထင်းခြံကြီးအား ဘိုးဇရပ်၊ ဘွားဇရပ်တို့မှ တူဖြစ်သူ ဦးကျော်ဝတို့ မောင်နှမများအားပေးခဲ့ရာ ဘိုးဇရပ်၊

www.burmeseclassic.com

www.burmeseclassic.com

ဘွားဇရပ်တို့သည် ကျောက်ဖျာ၌ ကိုဘစိုး၊ မတင်ကြည် ဟူသော ဇနီးမောင်နှံ ပြန်၍ဖြစ်လာခဲ့သဖြင့် မူရင်းပိုင်ရှင်ဖြစ်သော ကိုဘစိုး၊ မတင်ကြည်တို့ကို ပြန်လည်လွှဲအပ်ကာ ဦးကျော်ဝန့်ဒေါ် အိုင်သည် သစ်ဆိမ့်ကုန်းရွာသို့ ပြောင်းရွှေ့နေထိုင်လေ၏။

ကိုဘစိုးမှာ မတင်ကြည်နှင့် အိမ်ထောင်ကျပြီး ယောကျမဖြစ်သူ ဦးကန်၊ ဒေါ်ကြာတို့အိမ်၌နေစဉ်ဖြစ်ရာ အိမ်ကြီးတွင် နေသူမရှိသဖြင့် ဆရာချို့နှင့် ဒေါ်သိန်းတို့မှ ခေတ္တတောင်း၍နေထိုင်ခြင်း ဖြစ်သည်။

ကျွန်ုပ်နှင့် ကိုမြင့်သိန်းမှာ အိမ်ထဲတွင် ပျင်းသဖြင့် အိမ်ရှေ့ရွာလယ်မှ ကျောက်တုံးကြီးများပေါ် တွင်ထိုင်ကာ အခြားသောလူငယ်များနှင့် လေကန်နေကြလေ၏။ ညသည် ကြယ်ရောင်များ သာရှိရာ မှုန်ပျပျအလင်းသာရှိပါသည်။ ထိုစဉ်-

"ဟေ့ ဟေ့၊ ဟိုမှာ ဟိုမှာ"

ဟု လူငယ်တစ်ဦးက လက်ညှိုးထိုးပြသဖြင့် ကျွန်ုပ်တို့ကြည့်လိုက်ရာ ဘောလုံးအရွယ်ရှိသော နီရဲရဲမီးလုံးကြီးသည် မြောက်အရပ်မှစိုက်ဆင်းလာကာ ကျွန်ုပ်တို့တွင်းလုပ်သောဝန်းကျင် ကျောက်ဖျာချောင်းရိုးထဲသို့ကျသွားလေ၏။ မီးလုံးကြီးသည် လျင်မြန်သောအရှိန်ဖြင့် ထိုးဆင်းလာသဖြင့် မီးလုံးကြီး၏နောက်တွင် မီးမျှင်တန်းကြီးဖြစ်ပေါ် သဖြင့် ကြည့်၍ကောင်းလှပေ၏။ သို့သော် အချိန်သည် စက္ကန့်ပိုင်းမျှသာကြာပါသည်။

"ဟာ - ချောင်းရိုးထဲ ဥဿကျသွားပြီဟေ့"

ဟု ကိုဖိုးလယ်က ဆိုပါသည်။

ထိုအခါ ကျွန်ုပ်ကမေး၏။

"ဥဿကျတော့ ဘာဖြစ်သလဲ ကိုဖိုးလယ်"

"ဟာ-ကောင်းတာပေါ့ဗျ။ ဥဿကျရင် အဲဒီလုပ်ကွက်ကတွင်းတွေ ကျောက်ကြီးကျောက်ကောင်းတွေ ရတော့မှာ"

"ဒါဆို ဟန်ကျတာပဲဗျို့။ ခင်ဗျား အစ်ကို ဦးသောင်းဥက်က ကျွန်တော် ကျောက်ကြီးကျောက်ကောင်း ရကိန်းရှိတယ်လို့ ဟောထားတာဗျ။ တစ်နေ့ညက ဗေဒင်တွက်ပေးသွားတာလေ။ ကိုသောင်းဥက်ရဲ့ဗေဒင်မှန်တယ်ပြောကြတယ်"

"ဟုတ်လား၊ ဒါဆိုသေချာပြီ။ ခင်ဗျားစို့ရကိုရကြမှာပါ"

ဟု ဆိုသဖြင့် ကျွန်ုပ် အတော့နပ်ကြီးကျေနပ်ကာ ပိတ်ဖြစ်ရလေ၏။ ကိုဖိုးလယ်၏အစ်ကိုမှာ ဗေဒင်ဆရာဖြစ်သည်။ ဗေဒင်လှည့်ဟောရင်း တောက်ဖျာသူ မထွေးရင့်နှင့်အိမ်ထောင်ကျကာ မောင်ကြီးမပြန်နိုင်ဖြစ်ရသူ ဖြစ်သည်။

ထိုကျောက်ဖျာချောင်းရိုးရှိ ကျွန်ုပ်တို့လုပ်ကွက်ထဲသို့ ဥဿကျသွားတာမြင်လိုက်ရကြောင်း ဆရာချို့ကိုပြောပြသော် ဆရာချို့က -

"တို့တွင်း ကျောက်ကြီးကျောက်ကောင်းများရတော့မည်"

ဟု ဆိုကာ လွန်စွာဝမ်းမြောက်နေလေ၏။

တစ်သက်နှင့်တစ်ကိုယ် ထိုမျှကြီးမားပြီး ထိုမျှနီးနီးကပ်ကပ်ကျသည်ကို ထိုတစ်ကြိမ်သာမြင်ခဲ့ဖူးပါသည်။ သေးသေးဖွဲဖွဲများကိုမူ များစွာမြင်တွေ့ခဲ့ဖူးပါသည်။ ယခု မီးလုံးကြီးသည်ကား ကြီးမားလွန်းလှပေ၏။

❑ တွင်းအနေအထားများ

ချောင်းရေနှံရဲရဲသည် ကျောက်တုံးကြီးများအားပွတ်တိုက်ကာ တဝုန်းဝုန်းစီးဆင်းနေလေ၏။ ချောင်းတစ်လျှောက်တွင် အရှေ့ဘက်တောင်နှင့် အနောက်ဘက်တောင်တန်းကြီးကညှပ်၍တည်နေ၏။ ချောင်းရေမှာ အနောက်ဘက်တောင်ခြေမှကပ်ကာစီးနေခြင်းဖြစ်လျက် အရှေ့ဘက်ချောင်းပြန့်တွင် မျှော်တွင်းများရှိနေကြ၏။

ကျွန်ုပ်တို့အောက်တွင် ကျောက်ဖျာရွာမှ ဦးစု၏မျှော်တွင်းရှိ၏။ ကျွန်ုပ်တို့၏ဘေးတွင် ကျောက်ကြမ်းကြီးရွာမှ ဦးဒေါနရှိ၏။ အထက်ဘက်တွင်လည်း ရေအေးနှင့် ကျောက်ပြဿဒ်မှမျှော်တွင်းများရှိကြသည်။

မျှော်တိုက်ရန်ရေကိုမူ ဟိုးအဝေးထိပ်မြင့်သောနေရာမှ ဆည်ခတ်ကာ မြောင်းသွယ်၍ယူခဲ့ရပါသည်။ ထိုရေသည် တွင်းဦးမှကျသည်။ မျှော်တွင်းအပြင်မှာ လူနှစ်ရပ်ခန့်သာရှိရာ သိပ်မမြင့်လှပေ။ ရှေ့ဟောင်းများနှင့် အတူ အဦင်ဖြူန်းမြေအနည်းငယ်ကိုလည်း တွေ့ရလေ၏။

တွင်းတိုင်းတွင် စည်းကမ်းရှိပါသည်။ ထိုသည်မှာ တစ်ဦးတိုက်နေသော မျှော်ဦးအား တစ်ဖက်မျှော်တွင်းကဖြတ်၌မတိုက်ရဘဲ မိမိ၏ရေလမ်းကြောင်း၊ တွင်းဦးအတိုင်းသာ ဖြောင့်ဖြောင့်တိုက်ကြရခြင်းဖြစ်သည်။

ချောင်းရိုးသည် ရှေ့ဟောင်းမျှော်တွင်းများ တိုက်စားထားမှုကြောင့် အဟောင်းခဲတို့ထူထပ်လှပါသည်။ မြေနိုင်ခြေခဲနည်ခြင်းကြောင့် ရေပန်းသိပ်စားစရာမလိုပေ။ ခဲမှာလည်း ဝီရိုခန့်မျှသာခဲသောအကြီးဆုံးတွေ့ရာ အားကောင်းသော်လည်း ကျွန်ုပ်တို့(၃)ဦးက သံချောင်းရှည်များဖြင့် နိုင်နိုင်နင်းနင်းလိုမှိုထုတ်နိုင်ကြ၏။ ဆန့်အိတ်မှသောခဲကြီးများကိုမူ မရှိမနိုင်သဖြင့် တုံးကြီးခွဲ၍ထုတ်ခဲ့ကာ ရွှေ့ပစ်ကြရ၏။ မျှော်ကြီးများတော့သဖြင့် မပင်ပန်းကြပါ။

ဆရာချို့မှာမူ တစ်ရက်တစ်လင်းမှ ကျောက်အရောင်းအဝယ်လုပ်သဖြင့် မအားလပ်ရာ တွင်းသို့အကြာကြာမဆင်းလိုက်ကြည့်နိုင်လေ၏။ အမှန်သော် ထိုချောင်းရိုးမျှောမှီးသည် တစ်ယောက်တည်းပင်လျှင်လုပ်ရှိနိုင်သော မျှော်ဖြစ်သည်။ အုပ်စုနှင့်လုပ်သော ပြိုးတွင်ကျယ်ပါသည်။ နှစ်ရက်၊ သုံးရက်တစ်ကြိမ် ဆေးနိုင်ကြပါသည်။ တစ်ယောက်တည်းဆိုပါက လုပ်အားနည်းသဖြင့် ငါးရက်လျှင် တစ်ကြိမ်မျှသာ ဆေးနိုင်ပါသည်။

ကျွန်ုပ်တို့ဘေးမှ ကျောက်ကြမ်းကြီး ဦးဒေါနသည် တစ်ယောက်တည်းလုပ်သူဖြစ်သည်။ ဦးစုမှာမူ သူ့သား ထွန်းဦး၊ သူ့သမီး မသိန်းတင်နှင့် (၃)ယောက်လုပ်ကိုင်၏။ ထိုချောင်းရိုး၌ လူအများဆုံးတွင်းမှာ ကျွန်ုပ်တို့တွင်းသာဖြစ်ချေ၏။

တစ်ယောက်တည်းလုပ်သူတို့မှာ ရခဲ့လျှင် သပိတ်ဝင်အိတ်ဝင်ဖြစ်ကာ မည်သူကိုမျှခဲ့ဝေပေးစရာမလိုသဖြင့် တစ်လုံးတစ်ခဲစီပို့ပို့ရကြ၏။ သို့သော် လုပ်ငန်းအားဖြင့် သိပ်မတွင်ပါ။ မြောင်းပြုပြေးလှန်ရ၊ ရေနည်းလျှင် အတန်ငယ်ထေသောရွှေးသို့ ရေပြေးတိုးရ၊ များနေလျှင် ပြေးလျှော့ရ မျှော်ဦးတက်၍ထိုးရ၊ ရေပန်းရိုက်ရ၊ ကျောက်ဖြုန်းများ ကောက်ရ၊ ပစ်စာခွင်ထဲပစ်ရ၊ ခဲကြီးတွေ ပင်ပင်ပန်းပန်းလိုမှိုထုတ်ရ၊ ခဲလတ်တွေ ရိုက်ခွဲရ၊ ကျောက်စီပေးရ၊ ဆေးသောအခါတွင်လည်း စလုတ်ထိုင်ရ၊ ပစ်စာသွန်ရ၊ သဲမြောင်းထဲမှ သဲတွေပြေးချရ၊ ကျောက်တွေ မျောထွက်တုန်းမှာဝိုင်း၍ ကယ်ကယာ စလုတ်မှာပြေးထိုင်ပြီးဆန်ခါထိုးရ၊ သဲဖတ်ပြေးပုံရ၊ ဆေးပြီးလျှင် ရေပြေးလွှဲရ၊ သဲဖတ်ထဲမှာ ကျောက်တစ်နေ့လုံးနေခြား ရှာဖွေရ စသည်ဖြင့် အလွန်ပင်

www.burmeseclassic.com

www.burmeseclassic.com

ပြားသောအလုပ်တို့ကို တစ်ဦးတည်း ဇယ်ဆက်သလိုလုပ်နေရ၍ဖြစ်ရာ လူ မောစိတ်မောရှိရလေ၏။

ထို့ပြင် တစ်ဦးတည်းလုပ်နေခြိန် မျှောဦးပြိုကျ၍ ခဲများမြေစာများဖို့မိနေခဲ့သော် အနီးတွင်ကယ်မည့်သူမရှိပါက လည်း သေဆုံးကြရပါသည်။ ထို့ကြောင့် ကျောက်တွင်းလုပ်ငန်းလုပ်ရာတွင် အဖော်ပါမှကောင်းလေ၏။

ကျွန်ုပ်တို့မှာမူ ဆရာချီမပါသည် ကများသဖြင့် လွတ်လပ်ပျော်ရွှင်စွာ လုပ်ကိုင်ကြရာ ပျော်စရာကြီးဖြစ်သည်။ ဆရာချီပါလာခဲ့သော် သူကဘာမှမလုပ် နိုင်သော်လည်း ပါးစပ်ဆရာလုပ်ကာ ဟိုခိုင်းဒီခိုင်းလုပ်တတ်သဖြင့် ကျွန်ုပ်တို့ သဘောမကျကြပါ။ ထိုအခါ ဆရာချီ အား ကျွန်ုပ်တို့က မပြောရဲသော်လည်း သူ့စရိုက်သူစား၍ လုပ်ကိုင်နေသူ ကိုအေးကမူ ပြောရဲလေ၏။

"ဆရာချီရယ်၊ လာရတာပင်ပန်း ပါတယ်။ ဆရာမလာလည်း ကျွန်တော် တို့က ဆရာ့ကို ကြည်ကြည်ဖြူဖြူခွင့် လွှတ်ကြပါတယ်။ ဆရာ့မှာ အရောင်း အဝယ်တစ်ဖက်နဲ့ဆိုတော့ မလာလည်းရ ပါတယ်"

ဟုပြောသောအခါ ဆရာချီလာ မကြည့်တော့ပေ။

၁ ကျောက်ထွက်အားကောင်းလာခြင်း

ဥဘာခေါ် ဥက္ကာကျပြီးသည့် နောက်တွင်မူ ကျွန်ုပ်တို့၏ကျောက်တွင်း သည် ဆေးတိုင်းမရိုင်းတော့ပါ။အထိုက် အလျောက်ရာ ကျောက်ထောင်ကျောက် လေးများပါသဖြင့် ပျော်ဖွယ်ရာကြီးဖြစ်ပါ သည်။ ကျွန်ုပ်တို့သည် ငါးရက်တစ်ဈေး ကို နှစ်မဲ့ရအောင် ကြိုးစား၍ဆေးကြ သည်။

တစ်ခါတွင်မူ (၆၀၀၀) ကျပ်တန် သော ပတ္တမြားအနီလုံးချောကြီးတစ်ပွင့် ရသဖြင့် ကျွန်ုပ်သည် အနှုံးလွတ်ပြီးဖြစ် သဖြင့် (၇၅၀)ကျပ်သုံးရပါသည်။ အနှုံး လွတ်သည်ဆိုသည်မှာ ထမင်းစားစရိတ် ကျပြီးဖြစ်ကြောင်းကို သုံးနှုန်းပါသည်။ ထို (၇၅၀)ကျပ်သည် ရွှေ(၂)ကျပ်သားဖိုး ပင်ကျော်လွန်သော အတိုင်းအတာဖြစ် ရာ လုပ်ရကိုင်ရသည်မှာ အားတက်ဖွယ် ကြီးဖြစ်ပေ၏။

ထို့ကြောင့် တွင်းသို့ စောစော သွားကြ၏။ နေ့လယ်စာ ခဏပြန်စား ကြ၏။ ညနေစောင်းမှပြန်ကြ၏။ ညနေ ရောက်သော် ဘယ်ကနေဘယ်လို ရောက်လာသည်မသိသော ခြင်နှင့်ဖြုတ် တို့သည် အုံခဲကာ ကိုက်ကြ၊ သွေးစုပ်ကြ ပါသည်။ နေ့လယ်တွင်မူ မရှိကြပါ။ နေ စောင်းသည်နှင့် အုပ်နှင့်ကျင်းနှင့်ရောက် လာကာ ကျွန်ုပ်တို့ကိုနှိပ်စက်လေတော့ ၏။ ထို့ကြောင့် ရွာနှင့်နီးနေသော်လည်း မိုးချုပ်အောင်လုပ်၍ မရကြပါ။ အဲ့သြ စရာကောင်းသည်မှာ ဖြုတ်တို့သည် ဆောင်းထားသောဦးထုပ်၏အခြေ နဖူး စပ်တွင် ဝင်ရောက်ကုပ်ခဲကြသဖြင့် နဖူး ကိုပွတ်သပ်နေရရာ ဣန္ဒြေမရရှိကြလေ ၏။ များများအကိုက်ခံရသော် ထိုနေရာ များယားယံနေကာ အဖုများထလာကြ ၏။ ဖြုတ်တို့သည် နဖူးကိုလည်းကိုက်၏။ မျက်စိထဲလည်းဝင်၏။ နှာခေါင်းထဲ လည်းဝင်၏။ အလွန်သေးငယ်သော် လည်း ဒုက္ခပေးပုံမှာမသေးလုပါ။ အလုပ် လုပ်ရသည်ကတစ်ဖက်၊ ဖြုတ်နှင့် ခြင် တို့ မောင်းရသည်ကတစ်ဖက်ကြောင့် အလုပ်သိမ်းကြရလေ၏။ တစ်ခါတစ်ရံ မှက်ခေါ် သွေးစုပ်ကောင်အကြီးစားက ဝင်ကိုက်သော် စူးခနဲနေအောင်နာကျင် တတ်၏။ ထိုအခါ ဖြန်းခနဲနေအောင် ရိုက်ရ၏။

တစ်ခါသော် နက်ဖြန်ဆေးမည် ဖြစ်၍ သဲဖြစ်အောင် မြောင်းပြီးများလှန် ခြင်း၊ ကျောက်ဖြုန်းကြမ်းများပြောင်စင် အောင်ကောက်ခြင်း၊ မျှော်ခွက်တွင်းမှ သဲများမျှောခွက်ဦးသို့ဆွဲတင်ကာ ကိုအေး က ထိုသဲတို့ကို မျှောဦးဇာစ်နေရာသို့ ခြေဖြင့်ခတ်တင်ပြီးကျောက်ရှာကြည့်ခြင်း တို့ကို ပြုလုပ်ကြပါသည်။

တစ်ချက် သဲကိုကိုခက်တင်လိုက် သည်နှင့် ပတ္တမြားတစ်ပွင့်က ရဲခနဲပေါ် တက်လာ၏။ ထိုအခါ ကျွန်ုပ်က ဝမ်း သာစွာ ကောက်ယူလိုက်ပါသည်။ ပြီး သည်နှင့် ထောင်ကြည့်လိုက်ပါသည်။

"တယ်ဟုတ်ပါလားဗျ။ ကျောက် ကတော့ အရည်အသားပုံစံပြောစရာ မလိုဘူး။ ဒါပေမယ့် ငါးမတ်လောက်ပဲရှိ တယ်ဗျို့။ နောက်ထပ်ရှိဦးမှာဗျ။ ဥဘာ ကျထားတာလေ"

ဟု ဆိုသောအခါ ကိုအေးက သဲ တို့ကို ခြေဖြင့်စုကာခတ်တင်လိုက်ပြန်၏။ မုပဆစ်ခေါ် ရေသံခမည်းမည်းတို့ အကြားတွင် ဒုတိယတစ်ပွင့်ထပ်ပေါ် လာပြန်၏။

"ဟေး - ဒီကျောက်ရဲ့အဖော်လာ ပြန်ပြီဗျို့"

ဟု ပြောပြီး ကျွန်ုပ်က ကောက် လိုက်ပြန်၏။ ပထမရသည့်ကျောက်နှင့် အရွယ်တူပုံစံတူဖြစ်သော်လည်း ဒုတိယ ကျောက်မှာ အရည်နည်းနည်းချို၏။ ချို သည်ဆိုသည်မှာ အရည်အောက်ကျ ခြင်းဖြစ်သည်။ ပထမအပွင့်မှာ လည်သီး ယုန်သွေးရည်ဖြစ်ပြီး ဒုတိယကျောက်မှာ ဘုံဘိုင်ညွန့်ရည်ဖြစ်သည်။ ပုံစံမှာ ပထမ တန်းစားပုံစံဖြစ်သော ကုလားပဲခြမ်းပုံစံ ဖြစ်ပေ၏။ ကျွန်ုပ်တို့သုံးဦးမှာ နောက် တစ်ကြိမ်ခတ်တင်မည့်သဲကို အာရုံ ရောက်သွားကြပြန်၏။

တတိယအကြိမ်ခတ်အတင်တွင်မူ အရွယ်တူပုံစံတူတစ်ပွင့်ထပ်ပေါ် လာပြန် ရာ အားလုံးအံ့သြတကြီးဖြစ်ကြရလေ ၏။ ပို၍ကျွန်ုပ်တို့ပျော်သွားကြပြန်ပါ သည်။ သို့သော် အရည်ကား မညီပါ။ တစ်ပွင့်ပြီးတစ်ပွင့် အရည်အောက်ကျ သွားခြင်း ဖြစ်သည်။

ထို့နောက် သဲများခတ်တင်ပြန် ၏။ ကျောက်မှုန်ကျောက်မွားလေးများ သာပါလာတော့ရာ မကောက်တော့ပေ။ ထိုအမှုန်အမွှားတို့သည် နောက်နေ့တွင်း ဆေးမှသာ ကောက်ရပေတော့မည်။ သို့နှင့် သဲရင်းတို့ကုန်သွားလေ၏။

ထိုကျောက်(၃)ပွင့်သည် အရည် ညီခဲ့ပါမူ မည်မျှလှလိုက်လေမည်နည်း။ ကျွန်ုပ်သည် ကျွန်ုပ်၏ လက်သုတ်ယြိ လက်ချောင်းပေါ် သို့ ကျောက်(၃)ပွင့်စီ ပြီးတင်ကာ လက်စွပ်သဖွယ်ကြည့်မိလေ ၏။ လည်သီးရည်၊ ဘုံဘိုင်ညွန့်ရည်၊ ဘုံ ဘိုင်ရည်ဟူ၍ အရည်အစဉ်အတိုင်းရှိနေ ရာ ပေါက်စီပုံကျောက်များဖြစ်သဖြင့် ကျွန်ုပ်၏ လက်ချောင်းဖြူဖြူပေါ် တွင် ကပ်၍နေကြပါသည်။ အပြစ်စင်ငေါ် စင် ကျောက်စစ်များဖြစ်ကြသည်။

"ကြည့်စမ်းပါဦးဗျာ၊ လှလိုက်တဲ့ ကျောက်လေးတွေ၊ မသွေးဘဲ ဒီအတိုင်း လက်စွပ်ကွင်းဝတ်ရင်တောင်ရတယ်"

"အေးဗျာ၊ လှလိုက်တဲ့ကျောက် တွေ။ ချောင်းကျောက်ဆိုတော့ လှပြီး သားပေါ့ဗျာ။ ဒီလောက်လှတဲ့ကျောက် တွေရောင်းစားရမှာတောင် နှမြောစရာ ကောင်းသဗျာ"

လို့ ကိုအေးက ဆိုပါတယ်။ အဲဒီ အရည်မညီသော်လည်း အရွယ်ညီပုံစံညီ ခဲ့သောကျောက်(၃)ပွင့်ကို ဆရာချီ၏ညီ ကိုမြင့်သိန်းလက်ထဲသို့ ထည့်လိုက်ပါ သည်။ ကိုမြင့်သိန်းက အသင့်ဆောင် ထားသော ပလတ်စတစ်ထဲထည့်ထုပ် ကာ အိတ်ကပ်ထဲထည့်လိုက်လေ၏။ မနက်ဖြန်ဆေးမည်ဖြစ်ရာ သဲများ ရှိပြီး သည်နှင့် ခပ်စောစောပြန်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်သော် ဆင်ခွာရွာမှ ကျောက်ကုန်သည်ခေါ် စိန်ရောက်နေရာ ထိုငါးမတ်အရွယ်ရှိ (တစ်ကာရက် တစ်မတ်) ကျောက်သုံးပွင့်ကား (၃၅၀) ကျပ်ဖြင့် ခေါ်စိန်ကို ရောင်းလိုက်လေ၏။ ကျောက် (၃)ပွင့်သည် ရွှေတစ်ကျပ်သားသာ တန်ဖိုးရပါသည်။ စိတ်ထဲတွင် နည်းသည်ဟု ထင်နေမိပါသည်။

ထိုကျောက်(၃)ပွင့်အား အေးမှ နေ နှမြော၍နေပြီး ယခုထိတိုင် မျက်စိထဲကမထွက်သောကျောက်တို့တွင်ပါဝင်နေလေ၏။ တစ်သက်နှင့်တစ်ကိုယ် ထိုအရွယ်ညီ ပုံစံညီ ကျောက်မျိုး နောက်ထပ်မရတော့ပါ။

□ ကျောက်ဖျာ၏သမီးပျို

"ကိုကျော်စိုး၊ ကိုကျော်စိုး ဟိုမှာ ခင်ဗျားအမျိုးသမီးရောက်နေတယ်"

ဟု ကိုအေးမှ သတိပေးသဖြင့် ပခုံးတစ်တိုက်မျှသာရှိသော ကျောက်စိမ့်ကျောကာ ပတ်ဝန်းကျင်ကိုကြည့်မိ၏။ ဘာမှမမြင်တွေ့ရပါ။ မျှောခွက်ထဲမှ ခဲကြမ်းများအား ကိုမြင့်သိန်းမှပေါက်ပြားဖြင့်ဆွဲချပေးနေရာ ကျွန်ုပ်မှ ကျောက်ဖြန်းများ စောကူထဲသို့ကောက်ထည့်ပေးရ၏။ ထိုကျောက်ဖြန်းတို့ကို ကျောက်စိပေါ်မှ ကိုအေးက စောင့်၍ပစ်ပေးရ၏။ ထို့ကြောင့် ခေါင်းထောင်ကာ တစ်ချက်ဝေ့အကြည့်အတွင် ဘာမှမမြင်ရသဖြင့် ကိုအေးကို ပြန်မေးရ၏။

"ဘယ်မှာလဲဗျ ခင်ဗျားဟောက၊ တစ်ရွာလုံးကအပျိုတွေအကုန်မှန်းထားတော့ ဘယ်သူမှန်းမသိဘူး"

"ဟိုမှလေဗျာ၊ ချောင်းထဲမှာ ကနဲဆေးနေတာလေ"

ဟု ပြောပြီး လက်ညှိုးထိုးပြမှ မဝေးလှသည့်ရေတဝုန်းဝုန်းစီးဆင်းနေသည့်ချောင်းထဲကို ကြည့်မိသည်။ ထိုအခါ ကျွန်ုပ်ကို တစ်ချက်ငေ့ကြည့်ကာ ပြုံးစိစိနှင့် ကနဲဆေးနေသော မဘဲဥခေါ်ညိုညိုလွင်ကို မြင်တွေ့ရပါသည်။ ဖြူဖွေးလှပသောမျက်နှာပေါ် တွင် ပါးအိုင်ရဲရဲလေးများဖြင့် ချစ်စဖွယ်အပျိုပေါက်မလေးကို နှာခေါင်းရှဲပြကာ ကိုယ့်အလုပ်ကို ပြန်၍လုပ်နေရပါသည်။ စိတ်က ညိုညိုလွင်ထံရောက်နေလေ၏။

အစအနောက် အပိုးအလွန်သန်သောကျွန်ုပ်သည် မည်သည့်အပျိုမျှ ချမ်းသာမပေးဘဲ စလေ့နောက်လေ့ရှိရာ ဘာရယ်မဟုတ် အပျိုတို့က ကျွန်ုပ်ကို ရွာပတ်ရထားဟုခေါ်ကြ၏။ တွင်းအားသည်နှင့် စိတ်အာဟာရအလို့ငှာ ထိုသို့ ရွာပတ်ပြီးစလိုက်နောက်လိုက်ရမှ နေသာထိုင်သာရှိ၏။ သို့ကြောင့် ဘယ်သူလဲဟု ကိုအေးကိုမေးခြင်းဖြစ်သည်။ အေးအေးလွင်ဆိုသော ညိုညိုလွင်၏ညီမအပျိုဖြန်းလေးရှိသေး၏။ သူတို့ညီအစ်မမှာ အလှကိုယ်စီရှိကြပြီး ဝိသေသမှာ နှာခေါင်းကျအလွန်လှသော ညီအစ်မဖြစ်၍ လူပျိုတို့က သူတို့နှာခေါင်းကို ကျောက်ဆင်းတုနှာခေါင်းဟု တင်စားခေါ်ဝေါ်ကြသည်။ တင်စားလောက်အောင်လည်း လှကြပါသည်။

ဘဲဥကဲ့သို့ လုံးလုံးဝဝနှင့် ဖွေးဖွေးဖြူဖြူလေးမို့ သူကိုတွေ့တိုင်း ကျွန်ုပ်က 'ဟေ့ - မဘဲဥ' ဟူ၍ စတတ်ခြင်းဖြစ်ရာ မဘဲဥဟူသည်မှာ ကျွန်ုပ်ပေးထားသော နာမည်ပြောင်ဖြစ်ပေ၏။ နှလုံးသားခုန်တတ်စအရွယ်ဖြစ်သဖြင့် ကျွန်ုပ်စခြင်းအပေါ် သာယာကြည်နူးနေမှန်း ကျွန်ုပ်သိပါသည်။ ယခုလည်း ကျွန်ုပ် သံယောဇဉ်နှင့် တစ်ခါမှမလုပ်ဘူးသော ကနဲ (ကနယ်) ဆေးခြင်းအလုပ်ကိုလာလုပ်နေ ကြောင်း သဘောပေါက်ရ၏။ မဘဲဥခေါ် ညိုညိုလွင်သည် ဇရိသောမိန်းကလေးဖြစ်ကာ ငယ်ငယ်ရွယ်ရွယ်နှင့် ကျောက်အရောင်းအဝယ်လုပ်နေခြင်းဖြစ်သည်။ ကျောက်ကုန်သည်မလေးဖြစ်ပါ၏။ သူ၏ရည်ရွယ်ချက်မှာ ပုတ်တောဖြင့် ချောင်းထဲ ကနဲဆေးခြင်းထက် ကျွန်ုပ် အစကိုခံချင်၍သာ ချောင်းထဲ ကျွန်ုပ်တို့တွင်းဘေးရောက်နေခြင်း ဖြစ်ပေ၏။

ကျွန်ုပ်တို့ ခေတ္တနားသောအခါ အုံသြကုန်နိုင်ဖွယ်ကို မြင်တွေ့လိုက်ရပေ၏။ ထိုသည်မှာ လက်ဖက်ရည်ကဲ့သို့ နောက်ကျိနိုရဲနေသော ဒူးဆစ်မျှရှိ ချောင်းရေထဲတွင်ထိုင်ကာ ရေချိုးနေခြင်းဖြစ်ပါသည်။ တစ်ယောက်တည်း ရေဆော့ကစားနေခြင်းဖြစ်ပြီး အကျီများ မချွတ်ဘဲ သည်အတိုင်းပင်ချိုးနေခြင်းဖြစ်၏။ ထိုသည်ကိုကြည့်၍ ကျွန်ုပ် မရင်ဘဲမနေနိုင်ပါ။ သူကိုကြည့်၍ တပေးဟားဟားရယ်မိလေ၏။

"ဘာရယ်တာလဲ၊ လူကိုကပြောင်စပ်စပ်နဲ့ ဟွန်း"

"မဘဲဥတ-အလွမ်းတွေကိုစမ်းရေထဲမျှောနေတာထင်တယ်"

"အောင်မာ - ဘာမှလွမ်းစရာမရှိဘူး"

"လွမ်းစရာမရှိလည်းတက်တော့၊ တော်ကြာ အအေးပတ်ရင် ကိုကိုကလာကြည့်နိုင်မှာမဟုတ်ဘူးနော်"

"ဘာကိုကိုလဲ၊ ဘယ်သူက ကိုကို ခေါ်လို့လဲ"

"မဘဲဥကလေ"

"လဲသေလိုက် သေနာကောင်၊ နင့်လိုဗမာများ ဦးနှောက်ထဲတောင်မထည့်ဘူး။ ရင်ထဲဆို့ဝေးရော"

"တော်ပြီ တော်ပြီ၊ မဘဲဥနဲ့စကားပြောရတာ အပေါက်အလမ်းမတည့်ဘူး။ ကဲ-မဘဲဥ ကိုကိုတို့ နေ့လယ်စာပြန်စားဦးမယ်နော်။ တော်ကြာ တောထဲသူများ လာဆွဲသွားဦးမယ်"

"ဆွဲဆွဲ၊ ဗမာမဟုတ်ရင်ပြီးတာပဲ"

"အေးလေ၊ ဒါဆိုရင်လည်း နေခဲ့ပေါ့။ ဒီက သံယောဇဉ်နဲ့ပြောတာ၊ မပြန်ချင်လည်းစောင့်နေ၊ ကိုကိုမကြောဘူး ပြန်လာမှာ"

ဟု ပြောရာ ကိုအေးနှင့်ကိုမြင့်သိန်းတို့က ရယ်မောနေကြလေ၏။ အမှန်သော် ကျွန်ုပ်တို့တွင်း၏ အောက်နားတွင်း မိန်းမဖော်မသိန်းတင်ရှိပါသည်။ ထို့တွင်းကို ဦးစွာလာပြီးမှ ကျွန်ုပ်တို့ အနီးသို့တက်ခဲ့ခြင်းဖြစ်ပေမည်။ ကျွန်ုပ်သည် သူ့အနီးမှ ချောင်းဖြတ်ကူးကာ နှုတ်ဆက်လိုက်၏။

"မဘဲဥ၊ တဲ့တာနော်"

"မသာကောင်"

"ဟား ဟား ဟား"

တစ်ဦးနှင့်တစ်ဦး စကားအပေါက်အလမ်းမတည့်ကြသော်လည်း မျက်ဝန်းတို့ကမူ ရယ်၍နေကြပါသည်။ လမ်းတွင် ကိုအေးက ပြော၏။

"ကိုကျော်စိုး၊ နောက်နေ့ဆေးရင် ကျုပ်တို့ကျောက်ကြီးကျောက်ကောင်းရမယ်ထင်တယ်"

"ဘာပြလို့လဲ"

"တစ်ခါမှ ပုတ်တောမကိုင်ဘူးတဲ့ မဘဲဥက ပုတ်တောကိုင်လို့လေ။ ဒါဟာ ရပ်ကွက်မြူးတာဗျ။ ဥဘာကလည်း ကျထားတာဆိုတော့ နက်ဖြန်ဆေးရင် ကျောက်ကြီးကျောက်ကောင်းမလွတ်ဘူး လို့ထင်တာပဲ"

"ဟုတ်တယ်၊ မဘဲဥကို ကျွန်တော်လုံးဝမမျှော်လင့်ဘူးဗျ။ ကြံကြံဖန်ဖန် ရောက်လာတယ်ဗျာ။ သူက ကနဲဆေးဖူးတာမှမဟုတ်တာ။ ပျော်စရာတော့ ကောင်းတယ်နော်"

"အေး- အဲဒါကြောင့် ရပ်ကွက်မြူးတယ်ပြောတာပေါ့။ ရွာထဲ ကနဲဆေးသူမတွေလာတာ အဆန်းမဟုတ်ပေမယ့် ဒီကောင်မလေးလာတာတော့ ဆန်းတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ဆန်းဆန်းမဆန်းဆန်းဟု၊ မဘဲဥလာတော့ ပျော်တာအမှန်ပါပဲ။ ပျော်မြူးရင် ကျောက်ကြီးရတော့မှာသေချာတာပေါ့"

ကိုမြင့်သိန်းကမူ အေးပြီးစကားနည်းသူဖို့ ဘာမှဝင်မပြောပါ။ စကားတွတ်ထိုးရင်း မဝေးလှသည့်ရွာကို ခဏနှင့်ရောက်ပါသည်။ ချောင်းရေနီနီထဲတွင် ရေဆော့ကစားနေသော မဘဲဥကို မျက်စိထဲက အတော်နှင့်မထွက်ပါ။

❑ ကျောက်ကြီးရပြီ

ကိုမြင့်သိန်းသည် ကျွန်ုပ်နှင့်ကိုရင်ဘဝတွင် အမရပူရ တူမောင်းကျောင်းတိုက်တွင်အတူတကွနေဖူးသော သူငယ်ချင်းဖြစ်ရာ ရင်းနှီးသောသူငယ်ချင်း ဖြစ်သည်။ သူရှိရာ သူ့ကိုအားကိုးအားထားပြု၍ မိုးကုတ်မြို့နယ်တွင် ထင်ရှားခြင်းမရှိသော ကျောက်ဖျာရွာလေးသို့ ကျောက်တူးရန်ရောက်လာခဲ့ခြင်းဖြစ်ပြီး ဆရာချိမှာ ကိုမြင့်သိန်းနှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်၏။ သူတို့သည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ဂျုတ်ကုန်းရွာမှ ရေကြည်ရာမြက်နုရာ မိုးကုတ်ပတ္တမြားမြေတွင် ကျွန်ုပ်ကဲ့သို့ပင် အခြေလာချသူများဖြစ်ကြ၏။ ကိုအေးမှာမူ မန္တလေးသားဖြစ်ကာ လုပ်ဖိုကြီးဖြစ်ပြီး တစ်ယောက်တည်း တဲထိုးရှိနေသူဖြစ်သည်။ ဈေးဖိတ်နေ့ဖြစ်သဖြင့် တောလေ့တွင်းဆေးကြသည်မှာ ထုံးစံဖြစ်သည်။ ကျပ်ပြင်ဈေးသည် ငါးရက်တစ်ဈေးဖြစ်ရာ ထိုဈေးတွင်ဈေးလိုက်လျက် ငါးရက်စာဟင်းဝယ်ရပါသည်။ ထို့ကြောင့် ဈေးဖိုးရရန် တွင်းဆေးကြပါသည်။ တွင်းစများရောင်းကာ ဈေးဖိုးပြုလုပ်ကြရပါသည်။

အများနည်းတူ ကျွန်ုပ်တို့လည်း ဆေးကြပါသည်။ သည်တစ်မှုတွင် ကျောက်ပုပ်ဖြန်းနည်းနည်းပါးရာ ထိုဖြန်းကို အားကိုးအားထားပြုကာ ကျောက်ကြီးကျောက်ကောင်း မျှော်ကြပါသည်။ မနေ့က သဲရင်းဖျားရွာချိန်မရှိသဖြင့် မရွာခဲ့ပါ။

ကိုမြင့်သိန်းက စလုတ်ထိုင်ကာ ဇကာခေါက်၍ သဲကျိုး၏။ ကိုအေးက မျှောခွက်ထဲမှသဲများ ပြောင်စင်အောင် မြောင်းထဲဆွဲချ၏။ မြောင်းထဲမှသဲကို ကျွန်ုပ်က စလုတ်ထဲသို့ဆွဲချပေးရ၏။ ပြီးလျှင် စကာထိုးကျောက်ဖြုန်းများ ပြေးသွင်းပေးရ၏။ သဲပက်သော် သဲထဲမှာ ယက်၍ရှာရ၏။ပေါ်လာသော ကျောက်ကို စလုတ်ဘေးတွင်ထောင်ထားသော ကျောက်ပေါက်ထဲသို့ ကောက်ထည့်ရ၏။ စကာခေါက်၍ ကျောက်ကြီးပေါ်လာခဲ့သော် စကာခေါက်သူက ကိုယ့်ဟာကိုယ်ကောက်၍ ကျောက်ပေါက်ထဲသို့ထည့်ရ၏။ သဲဝက်၍ တစ်စလုတ်ကုန်သော် သဲဖတ်ခဲ့သို့ ကျွန်ုပ်က သဲများပြေးပုံရ၏။

"ဘယ်လိုလဲကွ၊ ဥဘာကျထားတဲ့ကျောက်တွေက အစွမ်းမပြသေးပါလား"

ဟု ကျွန်ုပ်ကဆိုရာ ကိုမြင့်သိန်းက -

"သဲတွေ အများကြီးကျန်ပါသေးတယ် ကိုယ့်လူရာ။ သဲရင်းရောက်ရင်ဖါမှာပေါ့ဟာ"

ဟု ဆိုလေ၏။

ကိုအေးမှာ စကားမပြောအားပါ။ သဲတွေဆွဲချလိုက်၊ အောက်ခြေသဲများ ကပ်မကျန်အောင် ခြေဖြင့်တဝုန်းဝုန်း ခတ်လိုက်လုပ်နေပါ သည်။ ကျွန်ုပ်မှာမူ သဲချပေးလိုက် စကာထိုးကျောက်ဖြုန်းများထည့်သော စောက္ခဆီပြေးလိုက်ဖြင့် လုပ်နေရလေ၏။ သို့ဖြင့် သဲတစ်စက်ကျော်ကျော်ကုန်သွားခဲ့ပေပြီ။ အောက်ကျောက်လေးများသာ တွေ့ရ၏။

"ဘိုးဘိုးကြီးရယ်၊ မြေးလေးတို့ကို ကျောက်ကြီးကျောက်ကောင်းလေးများ ပေးပါဦး"

ဟု ရတနာမြေ၏ အရွှင်သခင် ဘိုးဘိုးကြီးထံ တောင်းခံလိုက်ပါသည်။ ဤသည်မှာ တွင်းသမားများဆေးသည့် အခါတိုင်း ရတနာစောင့်သော အရွှင်သခင်များထံ တမ်းတတောင်းဆိုတတ်သည်မှာ ခမ္မတာဖြစ်သည်။ ရတနာအလုပ်မို့ မဖွယ်မရာမပြောဆိုရဲကြပါ။ ရုန့်ရင်းကြမ်းတမ်းသောစကားများ မပြောကြပါ။ သို့နှင့်ပင် တစ်စလုတ်ပြီး တစ်စလုပ်ကျိုးခဲ့ရာ နောက်ဆုံးစလုတ်သို့ ရောက်လာတော့၏။

ကျွန်ုပ်မှ မြောင်းထဲမှသဲများကို စလုတ်ထဲကန့်အုထည့်တွင် မျက်စိထဲကြီးမားသော်လည်း ကျောက်ကြီးတစ်ပွင့်ကို မြင်လိုက်ရသဖြင့် ရုတ်တရက် -

"ကိုမြင့်သိန်း၊ ကိုမြင့်သိန်း ကျောက်ကြီးပါတယ်။ စကာဖော်လိုက်"

ဟု ပြောရာ ကိုမြင့်သိန်းသည် စလုတ်ရေပွက်ထဲမှ ဇကာကိုဖော်လိုက်သောအခါ ကတ္တီပါရှည်ပြာလဲ့နေသော အလွန်လှပသည့် နီလာကြီးတစ်ပွင့်ကို တွေ့လိုက်ရလေ၏။ ကိုမြင့်သိန်းသည် ထုံးစံအတိုင်း လုံးဝန်းခြောမွတ်နေသော နီလာကြီးအား ပါးစပ်ထဲဦးစွာထည့်၍ ငုံလိုက်လေ၏။

ပတ္တမြားတို့သည် နတ်ပစ္စည်းဖြစ်ရာ ရထားသောကျောက် ပြန်လည်ပျံသန်းပျောက်ကွယ်သွားမည်စိုး၍ ပါးစပ်ထဲထည့်ကာ တံတွေးဖြင့်ထိရလေ၏။ တံတွေးဖြင့်ထိပြီးသော် ထိုပတ္တမြားသည် ပြကျောက်မဟုတ်တော့ဘဲ ပိုင်ဆိုင်ခွင့်ရလေတော့၏။ အချို့မှာ ပြရုံမြင်ရုံသာရှိပြီး ပြန်လည်လွတ်ကျကာ လုံးဝရှာမရတော့သည်တို့ မှားစွာရှိခဲ့ကြဖူး၏။ ထို့ကြောင့် ရှေးအစဉ်အလာအရ ကျောက်ကြီးရခဲ့သော် ဦးစွာ ပါးစပ်တွင်ငုံပြီးမှ ကျောက်ပေါက်ထဲ ထည့်ရလေသည်။ ကိုမြင့်သိန်းသည် ပါးစပ်ထဲ ကျောက်ကို ထုတ်ကာ ခေတ္တကြည့်ပြီး ကျောက်ပေါက်ထဲသို့ထည့်လိုက်၏။ ပြီးသော် ရယ်မောကာ ကျွန်ုပ်ကိုပြော၏။

"ကိုယ့်လူရေ ကျုပ်တို့တော့ သုံးရပြီဗျ"

"အင်း-သုံးရမှပဲအဆင်ပြေမယ်။ ဟဲဟဲဟဲ - နောက်ထပ်လာဦးမှာ။ ကွက်ရုပ်က ဥဘာကျထားတာလေ"

"ဟုတ်တယ်လေ။ ဥဘာကလည်းကျ။ မဘဲဥကလည်းလာတော့ကာ ကျုပ်မပြောလား၊ ကျောက်ကြီးကျောက်ကောင်းရမှာပါဆို"

ဟု ကိုအေးက ဝင်ရောက်ပြောဆို၏။ သဲဖတ်များ သုံးဦးသားရွေးသည့်အခါတွင်လည်း အောက်ကျောက်များ အထိုက်အလျောက်ရပါသည်။ ကျွန်ုပ်တို့သည် ကျောက်ကြီးရ၍ များစွာပျော်ရွှင်နေလေ၏။ ကျွန်ုပ်ဘဝတွင် ပထမဆုံးရသောကျောက်ကြီးဖြစ်ပေ၏။

အိမ်ရောက်၍ ဆရာချိမှခိုန်ရာ (၃၇)ကာရက်ရှိကြောင်းသိရ၏။ကျောက်မှာ ဖန်ဂေါ်လီလုံးကဲ့သို့ ချောမွတ်နေပြီး ဂေါ်၊ အပြစ်အနာဆာလုံးဝမပါဘဲ ကတ္တီပါရည်ဖြစ်ကာ ဖန်သားမှန်သားကျောက်စစ်ကျောက်ကောင်းနီလာတစ်ပွင့်ဖြစ်ချေ၏။ လှလွန်း၍ကြည့်၍ပင်မဝနိုင်ချေ။

ထိုနီလာအား မိုးကုတ်မြို့သို့ ဆရာချိတက်၍ရောင်းရာ သုံးသောင်းရခဲ့သည် ဟူ၏။ ထိုလတွင် အောက်ကျောက်များလည်းမြိုင်ရာ ကျွန်ုပ်အတွက် (၆၅၀၀) ကျပ်သုံးရလေ၏။ ထိုခေတ်ထိုအခါ ငွေသည် တန်ဖိုးရှိရာ နည်းနည်းနောနော မဟုတ်ပေ။

❑ ကျောက်ကြီးရမရသိကြခြင်း

တောလေ့ ကျောက်တွင်းတူသူများသည် မိမိတို့ကျောက်ရသည်ဖြစ်စေ သိ

www.burmeseclassic.com

www.burmeseclassic.com

မှာ အလွန်ကြောက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ပတ္တမြားငမောက်နှင့် ဆက်နွယ်၍ ပတ္တမြားကြီးဆက်သော ငမောက်တို့၏ ဆွေ(၇)ဆက်မျိုး(၇)ဆက်မှာ ရာဇဝတ်ဘေးသင့်လျက် မီးလောင်တိုက်အသွင်းခံရကာ အသတ်ခံခဲ့ရကြရဘူး၏။

ထို့ကြောင့် ကျောက်ကြီးကျောက်ကောင်းများသည် ကောင်းကျိုးကိုပေးသလို အလျဉ်းမသင့်ပါက ဆိုးကျိုးလည်း ပေးတတ်သောကြောင့်ဖြစ်ပေ၏။ ကျွန်ုပ်တို့ တွင်းတူးသောခေတ်သည် ကျောက်တွင်းများ ပြည့်သူပိုင်သိမ်းထားသောခေတ်ဖြစ်၍ တွင်းတူးလျှင်၊ ကျောက်ရိုင်းများ လက်ဝယ်ထားရှိလျှင် ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုနှင့် ထောင် (၉) လကျတတ်ကြ၏။

ကျောက်ကြီးရ၍ ခပ်ထောင်ထောင်လုပ်သော် အမြင်ကတ်သူကတိုင်လျှင် ရောင်းသူ၊ဝယ်သူအားလုံး အဖမ်းခံရ၏။ ကျောက်လည်း ပြည်သူပိုင်အသိမ်းခံရ၏။ ငွေတွေလည်းအသိမ်းခံရ၏။ ထို့ကြောင့် တတ်နိုင်သမျှ လျှို့ဝှက်သိပ်သည်းကြရ၏။

သို့သော် လုပ်သည် အကြွေ(၃)ပါးကိုရှောင်နိုင်ခဲကြ၏။ မိန်းမ၌ရှိကြခြင်း၊ ရာထူး၌ရှိကြခြင်း၊ ငွေ၌ရှိကြခြင်းဟူ၍ အကြွေ(၃)ပါးရှိရာ ထိုအထဲမှ ငွေ၌ခြင်းကို ကျွန်ုပ်တို့ခံကြရ၏။ ထိုသို့ငွေ၌သော် မည်မျှကွန်ဒွေဆောင်ဆောင် မျက်နှာ၌လည်းကောင်း၊ နေပုံထိုင်ပုံ၌ လည်းကောင်၊ စားရာသောက်ရာဝယ်ရာခြမ်းနာ၌လည်းကောင်း၊ စကားပြောရာ၌ကြားသဖြင့် စကားထဲကဇာတိပြ၍ လည်းကောင်း အကြောင်းအမျိုးမျိုးတို့ကြောင့် ဘယ်အိမ်ကျောက်ကြီးရမရသိနေကြလေ၏။

မိုးကုတ်သည် ဝက်သားအလွန်စားသောမြို့ဖြစ်ရာ ကျောက်ကြီးရသော် ဝက်သားတဲဒုန်းဒုန်းခုတ်သံကြားရတတ်၏။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်တွင် လူဦးရေတစ်သိန်းခွဲသာရှိသော မိုးကုတ်မြို့နယ်သည် တစ်လ ဝက်သားပိဿာချိန် ခြောက်သိန်းစားလေ့ရှိ၏။ ပျမ်းမျှလူတစ်ဦးလျှင် တစ်လတွင် ဝက်သား(၄)ပိဿာစား၏။ ထိုခေတ်တွင် ဝက်သားအစားဆုံးမြို့နှင့်မိုးရေချိန်လက်မအများဆုံးရှိသောမြို့ဟူ၍ ကျော်ကြားခဲ့၏။ ထိုမျှ ဝက်သားကြိုက်ရာ ရွာထဲဝက်သားသည် မမျောက် လာခဲ့သော် မလွတ်တမ်းဝယ်စားလေ့ရှိ၏။

သို့အတွက် ကျွန်ုပ်တို့ချောင်းရိုးထဲမှ ကျောက်ကြီးရသည်ကို တစ်ရွာလုံးမှ သည် ရွာနီးချုပ်စပ်အထိ ကျော်ကြား သွားဟန်ရှိသည်။ လူတွေ ဥဿာကျထားသော ချောင်းရိုးဆီ အာရုံရောက်လာကြ၏။

ဥလောဘကြီးလွန်းသော ဦးဓေါရ

ထုံးစံအတိုင်း နံနက်(၉)နာရီတွင် ကျွန်ုပ်တို့တွင်းသို့ ရောက်လာကြ၏။ ထို အခါ ကျွန်ုပ်တို့စိတ်ထဲတွင် ထောင်းခနဲ ဒေါသကိုယ်စီထွက်ကြရ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အရှေ့ဘက်တွင် ရှေ့သို့ရင်ပေါင်တန်းစာ မျှောတိုက်နေသော ဦးဓေါရသည် ကျွန်ုပ်တို့ တွင်းဦးသို့ ကွေ့ကောက်ကာ တောရမ်းနေ၍ဖြစ်ပါသည်။ အမှန်သော် မျှောစည်းကမ်းအရ သူများတွင်းဦးကို မဖြတ်ရပါ။ ထိုအခါ ကိုအေးသည် စိတ်တိုကာ စားဆွဲ၍ တွင်းဦးဘက်တက်သွား၏။

"ဦးဓေါရ၊ ခင်ဗျားဘာလုပ်တာလဲ၊ ဒါကျုပ်တို့တွင်းဦးလေ"

"ဘိုး - ခင်ဗျားတို့မှ တောမရမ်းတာ၊ တွင်းဦးဆိုရင် တောရမ်းထားပေါ့"

"ဒီမှာဟေ့လူ၊ ကျုပ်ကောင်းကောင်းပြောနေတာနော်။ ခင်ဗျား အသက်ကြီးပြီး နားမလည်ဘူးလား။ ခင်ဗျားရမ်းရဲရင် ဆက်ရမ်းကြည့်"

ဟု စားကောက်ကိုစုံကိုင်၍အသင့် အနေအထားနှင့်ပြောဆိုရာ ဦးဓေါရသည် ချက်ချင်းပင် နောက်ဆုတ်သွားလေ၏။

"ကျုပ်တို့ တွင်းဦးကိုဖြတ်မယ်ကြံရင် ခင်ဗျားခေါင်းလည်းပြတ်ပြီသာမှတ်ပေတော့"

ဟု ကြိမ်းမောင်းလွတ်လိုက်လေ၏။ ကျွန်ုပ်နှင့်ကိုမြင့်သိန်းတို့မှာမူ လိုက်သွားသော်လည်း ဘာမှမပြောကြပေ။ အသားမည်းမည်း၊ မျက်ထောင့်နီနီ၊ ထောင်ထောင်မောင်းမောင်းနှင့် ကိုအေးအား ဦးဓေါရ အတော်လေးဖြိုသွားဟန်ရှိသည်။ ခပ်ကုပ်ကုပ်လေး သူတွင်းသို့ ပြန်သွားလေတော့၏။ အမှန်သော် ကျွန်ုပ်တို့ ကျောက်ကြီးရသည်ဟူသော သတင်းကြောင့် ဦးဓေါရသည် အလွယ်ကို မှမထောက် လောဘကြောမသို့တက်ကာ တွင်းစည်းကမ်းကိုဖောက်၍ ကျွန်ုပ်တို့တွင်းဦးကိုတောရမ်းကာ လာဦးထားခြင်း ဖြစ်ပေ၏။

ဦးဓေါရသည် ထိုအချိန်၌ (၆၀) ပေ၏။ ပလောင်တိုင်းရင်းသားဖြစ်ကာ မုဆိုးဖိုကြီးဖြစ်သည်။ ထိုသို့သော ဝိသမလောဘကြောင့် ကျွန်ုပ်တို့အဖွဲ့သည် ဦးဓေါနအား စတားပင်မပြောကြတော့ပေ။

ဃ ခါတော်မီဦးသင်း

ဥဿာကျခြင်း၊ ဥဿာကျပြီးနောက် ကျွန်ုပ်တို့ ကျောက်ရခြင်းဟူသော အကြောင်းတို့ကြောင့် ချောင်းရိုးထဲသို့ တွင်းရာလာရှာသူတို့ အတော်ပေါများ၏။ သို့သော် လုပ်ရန်နေရာအခက်အခဲကြောင့် မလုပ်ဖြစ်ကြပါ။ မျှောတစ်နေရာလုပ်မည်ဆိုပါက ချောင်းရေမျက်နှာပြင်နှင့် ညီမျှသောမျှောမြောင်းမြီးရေထွက်ပေါက်ကို ဦးစွာဖြုတ်ရ၏။ ရေထွက်ပေါက်ရပါမှ စလုပ်စတပ်ကာ မျှောစဖွင့်ရ၏။ သို့ကြောင့် အခြေတကျလုပ်လိုသူတို့အတွက် မလွယ်ပါ။

မဘဲဥခေါ် ညိုညိုလွင်၏ဖခင်ဖြစ်သော ဦးသင်းမှာမူ စားကောက်ကလေးကိုင်ကာ တွင်းရာလာကြည့်၏။ နောက်နေ့တွင် စနေနေ့ဖြစ်ရာ တွင်းစတည်သောနေ့ဖြစ်ပေ၏။ ထို့ကြောင့် ဦးသင်းသည် ချောင်းရိုးနံဘေးတွင် စလုပ်တည်ကာ ချောင်းနံဘေးရှိအဟောင်းများကို စတိုက်လေ၏။ မိုးကုတ်တွင် တွင်းစရာ၌ လည်းကောင်း၊ နတ်တင်ရာ၌ လည်းကောင်း၊ စနေ အင်္ဂါ တည်းဟူသောနေ့နှစ်နေ့ကိုသာ အလေးထား ဆောင်ရွက်လေ့ရှိကြ၏။ ဦးသင်း၏တွင်းမှာ ရေရှည်စီမံကိန်းမရဘဲ ပေါ်ပင်ရက်အနည်းငယ်မျှသာလုပ်၍ ရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ချောင်းဘေး၌ ကျွန်ုပ်တို့က အုခိုင်အမာလုပ်နေ၍ဖြစ်ကာ ဦးသင်းလုပ်သောနေရာသည် ရှေ့ကိုက် အနည်းသာရှိမည်ဖြစ်သည်။ သူ၏ရွာမှာ အထက်ဘက် နည်းနည်းမြင့်သော နေရာမှယူထားရာ မျှောမူ လူပခံုးတစ်တိုက်မျှသာနက်လေ၏။

မိုးကုတ်ဟူသည်ကား မည်သူကိုမျှ အထင်သေး၍မရပါ။ ကချောက်တချက် လုပ်ရုံမျှဖြင့် ကံပါသူတို့မှာ အလွယ်တကူ ရတတ်ကြ၍ဖြစ်သည်။ ကံထူးသူတို့မှာမူ ချွေးတစ်စက်မထွက်ဘဲတောက်ရသည်တို့ပင်ရှိခဲ့ကြ၏။ ပတ္တမြားခြေတံတရား အကြောင်းကား ပြောမဆုံးပေါင် သောသုံးထောင်ဖြစ်ပေ၏။

ဦးသင်းသည် လေးငါးဆက်မျှသော် တစ်ဦးတည်းသော်လည်း ရွာ

www.burmeseclassic.com

www.burmeseclassic.com

ခွက်ကလေးနှင့် ကြည့်၍ကောင်းလာ၏။ ဦးသင်းကား ရွာလယ်တွင် အိမ်ကြီးဖြင့် နေသူဖြစ်ကာ စီးပွားရေးအသင့်အတင့် တောင့်တင်းသူဖြစ်သည်။ တွင်းနီးချင်း ဖြစ်သဖြင့် ပျင်းလျှင် သူ့တွင်းရေပန်း ရိုက်ပြီး ကျွန်ုပ်တို့နှင့်လာရောက်စကား ပြောနေတတ်၏။

"မောင်အေးရ၊ မင်းတို့ရပ်ကွက် ဥဿာကျထားတယ်ဆိုလို့ ငါလည်း အဲဒီ အထဲမှာပါအောင် ခါတော်မီလာလုပ် တာလေကွာ။ မင်းတို့ကရပြီးပြီဆိုတော့ အေးအေးဆေးဆေးပေါ့ကွာ"

ဟု ကိုအေးကို ပြောလေ၏။ ကျွန်ုပ်နှင့်မူ သိပ်မရင်းနှီးပါ။ ကျွန်ုပ်ကိုမူ သိပ်ကြည်ပုံမရှိပါ။ အဘယ်ကြောင့်ဆို သော် သူတွင်သမီးပျိုများရှိ၍ဖြစ်သည်။ ကျွန်ုပ်ကား ရွာတွင် နာမည်ကြီးလု၏။ ကောင်းသောကြီးခြင်းကား မဟုတ်ပါ။ အပြုံးသန်လှသဖြင့် သမီးရှင်မိဘတိုင်းက ကြည့်မရ၍ဖြစ်ပါသည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်ပင်။ အလွန်အစအနောက်သန်လေ၏။ မိဘများက ကျွန်ုပ်ကိုမုန်းကြသော်လည်း သမီးတို့ကမူ ကျွန်ုပ်အပေါ် ခင်မင်မြတ်နိုးကြ၏။ သို့အတွက် မိဘများ အုပ္ပကြခြင်းဖြစ်သည်။ သို့ကြောင့် ကျွန်ုပ်အား အဖက်မလုပ်သောဦးသင်းကို အပြစ်မမြင်မိပါ။ ကျွန်ုပ်မိဘဆိုသော် ကျွန်ုပ်လည်း သူတို့ကဲ့သို့ပင် ခံစားရပါမည်။ ဦးသင်းသည် ကိုအေးနှင့်ခေတ္တ စကားပြောကာ သူ့တွင်းဆီပြန်သွားလေ၏။ ညိုညိုလွင်ကား တစ်ခါသာပေါ်လာပြီး နောက်နောင် လုံးဝပေါ်မလာတော့ပါ။ ခုသော် သူရေချိုးသွားသောနေရာလေးမှစတင်ကာ သူ့အဖေဦးသင်းက မျှောတိုက်၍နေပါပြီ။

နောက်လေး၊ ငါးရက်ကြာသော် ကျွန်ုပ် ရေပန်းရိုက်၍ ခေတ္တနားချိန်တွင် ဦးသင်းလည်း ရေပန်းရိုက်ကာ ကျွန်ုပ်တို့ ဆီလာထိုင်၏။

"မောင်အေးရ၊ မင်းတို့လုပ်ကွက် ဥဿာကျတာအမှန်ပဲကွ။ တကယ်တော့ ဥဿာကျတာမဟုတ်ဘူးကွ။ ပတ္တမြား တွေ့ သိုက်ရွှေ့လာပြီး ဒီမှာလာကျတာ"

"ဒါဆို ဦးသင်းလည်းထောပြီပေါ့"

"အေးကွာ၊ အဲဒီလိုဆိုလို့ရတာပေါ့။ ငါတို့က်တဲ့နေရာဟာ တကယ့် ချောင်းဟောင်း ရေမျောကမ်းတင်တွေပဲ။ ဘာမှအထင်ကြီးစရာမရှိဘူး။ မင်းတို့ကမှ ရွှေးဟောင်းတွေရော ဖြုန်းအကပ် အသတ်ပါရှိသေးတယ်။ ငါ့နေရာမင်းတို့ လည်းအမြင်ပဲ။ ခဲလတ်တွေခပ်များများ ကွ။ ကျောက်ကြီးကျောက်ကောင်းဆို တာ ကံကောင်းရင် ဆေးစရာတောင် မလိုဘူး။ပေါ်လာတာနဲ့ ကောက်ယူသွား ရုံပဲ"

"ဒါဆို ထိုးရင်းရတာပေါ့"

"အေး - ဆေးပြီးလို့ ရေလွှဲပြီး အခြောက်ထိုးချနေတုန်း အဲဒီခဲလတ်တွေ ကြားကနေပြီး နီလာကြီးက လိမ့်ဆင်းလာတာဟေ့။ ကျောက်ကလုတော့ကာ မြင်မြင်ထင်ထင်ကြီးပဲ။ ဒါနဲ့ အဲဒီနေ့က မနက်ပိုင်းဆေးပြီး အဟောင်းနည်းနည်း ထိုးချပြီးတာနဲ့ ငါပြန်တော့တာပဲ။ ဆေးတော့ အမှန်အညာပဲရတယ်။အဟောင်း တွေ့ထိုးချမှ ကျောက်ကြီးကလာရတယ်ကွ။ အဲဒါဥဿာကျထားလို့လေ။ မောင်အေး ငါလည်း ခါတော်မီပါတယ်နော်"

"မီပါတယ်ဗျာ၊ မီလို့ရတာပေါ့။ ဒီလုပ်ကွက်ကလူတွေလည်းရကြမှာဗျ"

"အေး - ရကြပါစေကွာ။ မင်းတို့ ငါတို့နောက်လည်းရကြဦးမှာပေါ့ကွ"

ဖု ဝမ်းသာအားရ ပြောပြနေလေ၏။ ကျွန်ုပ်ကိုမူ မမြင်ဟန်ကြည့်နေလေ၏။ ကျွန်ုပ်ကလည်း မသိဟန်ဖြု၍နေပါသည်။

ဦးဒေါနကျောက်ကြီးရခြင်း

"ဦးဒေါန ကျောက်ကြီးရတယ်ဗျ။ အဲဒါ ရေဒီယိုနဲ့ အပ်ချုပ်စက်တောင်ဝယ်လာခဲ့ပြီ"

ဟူသော သံတင်းကို အောက်ဘက်မလှမ်းမကမ်း ကျောက်ကြမ်းကြီး ပလောင်အဖွဲ့ ဆီမှ ကြားရလေ၏။ မှဒီတာပွားရသော်လည်း တင်းပြည့်ကျပ်ပြည့်မဟုတ်ပါ။ လောဘရမ္မက်ကြောမ တက်ကာ ကျွန်ုပ်တို့တွင်းဦးကို တောလာရမ်းပြီး တွင်းဦးမြတ်ရန်ကြံထားခဲ့သဖြင့် သူ့အကြံမအောင်မြင်သော်လည်း သူ့ကို စိတ်ထဲတွင် အစာမကြေဖြစ်နေ၍ဖြစ်သည်။ သို့သော် ကြာကြာတောင့်မခံနိုင်ပါ။ ဦးဒေါနက ကျွန်ုပ်တို့ကိုမာန်ချသော မျက်နှာဖြင့် လာရောက် ရောနှောသော အခါ အရင်လိုပြန်ခင်သွားကြသည်။ မိုးကုတ်စရိုက်ကား ခွင့်လွှတ်လွယ်ခြင်း ဖြစ်ရာ ကျွန်ုပ်လည်း မိုးကုတ်စရိုက်ဝင် နေသူ ဖြစ်သည်။

ကျွန်ုပ်တို့နှင့်ဦးဒေါန ရေပန်းရိုက်ထားပြီး ဝိုင်းစကားပြောနေစဉ် မြစိန်ဟူသော ကျွန်ုပ်တို့ရွာမှ ကောင်မလေးသည် ဦးဒေါန၏မြောင်းမြီးတွင် ကန်ဆေး၍နေလေ၏။ ဤသည်ကို မုဆိုဖိုကြီးဦး ဒေါနကကြည့်၍ပြုံးနေ၏။ ချက်ဆို နားခွက်ကမီးတောက်သော ကျွန်ုပ်သည် ချက်ချင်းပင် နောက်ပြောင်၏။ ဦးဒေါနက ကွမ်းဝါးထားသောပါးစပ်ကို ဖြဲ၍ပြုံး၏။

"ဘာလဲ ဦးဒေါန သဘောခွေ့နေပြီလား။ အဲဒါ ကျွန်တော်တို့ရွာက ဦးဘိုးရန်သမီးလေ၊ မြစိန်တဲ့"

"အဲဒါအိမ်ထောင်ရှိလား?"

"အင်း - ထယ်လိုပြောရမလဲ။ ရှိတယ်ပြောရအောင်ကလည်း ကွဲနေတယ်။ မရှိဘူးပြောရအောင်ကလည်း သူက အိမ်ထောင်ကျပြီးသားဗျ။ ဘာဆဲ-တွဲတေးသိန်းတန်သီချင်းထဲကလို မောင်ဒေါနနဲ့ ကွမ်းတောင်ကိုင်ရယ် မင်္ဂလာဆောင်ရင် တစ်ရွာလုံးဖိတ်ကြားမယ် ဆို တဲ့သီချင်းလိုဖြစ်တော့မယ်ထင်ပါရဲ့ ဟားဟား ဟား"

ဟု စ,သောအခါ ဦးဒေါနလွန်စွာ သဘောတျကာ ခွက်ထိုးခွက်လန်ရယ်နေလေ၏။ မုဆိုးဖိုကြီးကား သားကောင်ကိုမြင်၍သွားခဲ့ပြီဖြစ်သည်။ မြစိန်သည် ဖခင် ရှမ်း၊ မိခင်ရှမ်း-တရုတ်မမှ ပေါက်ဖွားသဖြင့် ပန်းသီးပါးများ နီရဲသော အသားအရေလှပသည့်ရုပ်အဆင်း၊ လှပသည့်လက်ချောင်းများကို ပိုင်ဆိုင်သည့် အလှပိုင်ရှင်လေး ဖြစ်၏။ မိုးကုတ်မြို့မှ ခပ်ဆိုးဆိုး စိုင်းလှဝင်း ဟူသော ရှမ်းကလေးနှင့် အိမ်ထောင်ကျအပြီး မကြာမီပင် ကွဲ၍နေကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့အလှော်ကောင်းမှုကြောင့် လည်းကောင်း၊ ဦးဒေါန၏ ဓလောလော ဆယ် ကျောက်ကြီးကျောက်ကောင်းရ၍ ကြွယ်ဝနေမှုကြောင့် လည်းကောင်း၊ အသက် (၆၀) ခန့်ရှိသော ဦးဒေါနနှင့် အသက် (၁၈) နှစ်ခန့်သာရှိသေးသော် မမြစိန်တို့သည် နံနက်ပိုင်း ဘုန်းကြီးများပင့်၍ ဆွမ်းကပ်ကာ မင်္ဂလာဆောင်နှင်းလိုက်ကြလေ၏။ ကျွန်ုပ်တို့စသကဲ့သို့ မောင်ဒေါနနှင့် ကွမ်းထောင်ကိုင်ကား အဟုတ်ညားသွားခဲ့ပေပြီ။ မမြစိန် ကျောက်ကြမ်းကြီးရွာသို့ ပါသွားခဲ့၏။ ဦးဒေါနသည် စုတ်နှင့်လာဘ်တွဲဝင်၏။

သို့သော် ဤနေရာတွင် သို့သော် မလုပ်၍မရပါ။ အဘယ်ကြောင့်ဆို သော် သူတို့၏မင်္ဂလာကား ရက်ပိုင်းမျှသာ ပျော်လိုက်ရလေ၏။ ထိုသည်မှာ မမြစိန်၏ ယောကျ်ား လှဝင်းသည် ကျောက်ကြမ်းကြီးလိုက်လာကာ လျော်ကြေးတောင်း၍ဖြစ်သည်။ လှဝင်းနှင့်မြစိန်ကား ကင်းကင်းရှင်းရှင်းကွာကြသည်မဟုတ်၍ ဥပဒေနှင့်ခြိမ်းခြောက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ခြောက်တိုင်း ကြောက်တတ်သော တောသူတောင်သားသဘာဝ ကြောက်၊ ကြောက်နှင့် တောင်းသမျှပေးလိုက်ရရာ သူရခဲ့သမျှ ပြောင်လုနီးပါးဖြစ်သွားခဲ့ပါ။

လှဝင်းကား အလုပ်ကို လက်ကြောတင်းအောင်လုပ်သူမဟုတ်၍ တွင်း အလုပ်ကို လုံးဝစိတ်ဝင်စားသူမဟုတ်ဘဲ မူးယစ်ဆေးနှံတွင်နစ်နေသူဖြစ်ကြောင်း မမြစိန် နောင်မှသိရ၏။ လှဝင်းသည် သူမိန်းမကို မူးယစ်ဆေးလောက် မက်မော သူမဟုတ်ပေ။ ထို့ကြောင့် ရသည့်အခွင့် အရေးကို လက်လွတ်မခံဘဲ ဦးဒေါနရခဲ့သမျှ ကုန်လုနီးနီး လာရောက် နှိပ်စက် သွားခြင်းဖြစ်ပေ၏။

ထိုအခါ ဦးဒေါန စိတ်နှလုံးမကြည် သာတော့ပေ။ လှဝင်းကား ရလေလို လေ အိုတန္ဆေဖြစ်ကာ နောင်တစ်ခါလာ၍ ငွေညှစ်ပြန်၏။ ကျန်သမျှ ပေးလိုက်ရရာ တက်တက်ပြောင်သွားတော့၏။ ထိုကိစ္စနှင့်ဆက်နွယ်၍ ဦးဒေါနနှင့်မမြစိန် စကားများကြကာ မမြစိန် ကျောက်ဖျာရိုက် သူအိမ်သို့ပြန်ခဲ့ခြင်းဖြင့် မောင်ဒေါနနှင့် ကွမ်းတောင်ကိုင်တို့၏ ဇာတ်လမ်းကား နိဂုံးတံသွားခဲ့ပါသည်။ အိမ်ထောင်သက် သည် တစ်လကျော်ကျော်သာရှိမည်ထင်၏။

ကြုံတောင့်ကြုံခဲ့၊ ရတောင့်ရခဲ့ ဥာဏ်ကျသဖြင့် ကံကောင်းစွာရရှိခဲ့သော ကျောက်အား ဦးဒေါန ခံစားခွင့်သိပ်မရလိုက်ပါ။ အကုန်လုံး ငပဲ့ဟာဖြစ်ကုန်တော့၏။ အရင်းစစ်တော့ အမြစ်မြေက ဟူသောစကားကဲ့သို့ ထိုသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့၏အပြစ်လည်းမကင်းပါ။ပါးစပ်ဆော့ရာမှ တကယ်ဖြစ်သွားခဲ့ခြင်းဖြစ်ပေ၏။ ထို့ကြောင့် ရိုးသားသော ဦးဒေါနကို သနားနေမိသည်မှာ အမှန်ဖြစ်ပါသည်။

သိပ်မကြာလိုက်ပါ။ လှဝင်းပြန်လာကာ အတန်ကြာပေါင်းနေပြန်၏။ နောက်များမကြာမီပင် လှဝင်း မိုးကုတ်ပြန်သွားခဲ့လေ၏။ ထိုမှစ၍ လှဝင်းပေါ်မလာတော့ပေ။ နောင်တွင် ယိုးဒယားနယ်စပ် မူးယစ်ဆေးသယ်ရာမှ အပစ်သတ်ခံရကြောင်း ဓာတ်ပုံနှင့်တကွ ဇာရောက် အကြောင်းကြားသဖြင့် ဆိုးလှပေလှသော မူးယစ်ဆေးသမားဘဝတစ်ခု အဆုံးသတ်သွားကြောင်းသိရပေ၏။ သို့နှင့် မမြစိန်မှဆိုးမဖြစ်၍သွားခဲ့ပါပြီ။

တောသူတောင်သားတို့သည် ထိုစဉ်က မျက်စိမမှင့်ကြသေးပါ။ မြို့သားကို အရမ်းအထင်ကြီးတတ်ကြ၏။ ထွန်းဖေအိမ်သို့ ခေတ္တလာလည်သော လှဝင်းသည် ရွှေစမိုးနှင့်ဖြစ်သဖြင့် အိမ်နီးချင်း မမြစိန်ကအထင်ကြီးကာ သုံး၊ လေးရက်အကြာတွင် ခိုးရာနောက်သို့လိုက်ပြေးခြင်းဖြင့် အိမ်ထောင်ကျခဲ့ရခြင်း ဖြစ်၏။ မတွေးတောမဆင်ခြင်တတ်သဖြင့် ခုလိုကံဆိုးရခြင်းဖြစ်ပေ၏။

ကျွန်ုပ်တို့အနီးရှိ တွင်းများကိုယ်စီ အထိုက်အလျောက် ကျောက်ကြီးရကြပါသည်။နောက်ဆုံးကြားရသောသတင်းမှာ ဦးဒေါနသည် နောက်ဆုံး အဝဲချပ်စက်တစ်လုံးသာကျန်တော့ကြောင်းကြား သိရလေ၏။ ဦးဒေါနသည် တွင်းမဆင်း သည်မှာ ကြာပေပြီ။

ထိုခေတ်ထိုအခါတွင် ဘယ်အိမ်ကျောက်ကြီးရရ ရေဒီယိုနှင့် အပ်ချုပ်စက်ပြေးဝယ်တတ်ကြ၏။ နံနက်(၇)နာရီထိုးသည်နှင့် မထိုးမီက ကြိုတင်ဖွင့်ထားသဖြင့် တစ်ရွာလုံးရှိ ရေဒီယိုများမှ ဂလုံဂလုံ ဟူသော ကြည်နူးဖွယ်တီးလုံးကို အသံကုန်ဖွင့်ထားကြသဖြင့် ဆူညံစွာ ကြားရလေ့ရှိ၏။

ပဝကမူထုတ်ပေးသော မာလျင်စများကို ကိုယ်စိုင်ညှပ်၍ ဝယ်ထားသော အပ်ချုပ်စက်ဖြင့် တွင်းဝတ်အင်္ကျီ၊ တွင်းဝတ်ရှည်ဘောင်းဘီချုပ်ကြ၏။ ပဝကပုဆိုးကြမ်းများကိုမူ ကလေးဝတ်ဘောင်းဘီများညှပ်၍ ချုပ်ကြ၏။ ထို့ကြောင့် အပ်ချုပ်စက်မရှိက ခေတ်မမီသဖြင့် သူထက်ငါအပြိုင်အဆိုင်ဝယ်ကြခြင်းဖြစ်ပေ၏။ သို့သော် အဆင့်မြင့်မြင့်ချုပ်တတ်ကြခြင်းမဟုတ်သဖြင့် အထည်ကောင်းကိုမူ အပ်ချုပ်ဆိုင်တွင်သာ အပ်ကြပါသည်။

ထိုခေတ်ကို ကျော်လွန်သော် ကက်ဆက်တွေပေါ်လာ၏။ တစ်ရွာလုံး ကက်ဆက်သံညံ၍နေပြန်၏။ ထို့နောက် တီဒီပေါ်လာသောအခါတွင်လည်း တီဒီအပြိုင်အဆိုင်ဝယ်ကြပြန်၏။ ထို့နောက် ကားခေတ်ရောက်လာ၏။ ထို့နောက် တရုတ်ဆိုင်ကယ်ခေတ်ရောက်လာပြန်၏။ ခေတ်နောက်အဓိလို့က်ရသော တောသူတောင်သားတို့၏ ဘဝကား မောလွန်းလှပေ၏။ ယခုသော် ဖုန်းကိုယ်စီနှင့်ရှိနေလောက်ပေပြီ။

□ ချောင်းရိုးကိုစွန့်ခွာခြင်း

ကျွန်ုပ်တို့တွင်းသည် ရှေ့သို့တိုက်သွားရာ ရှေ့မျှော်ဦးတည့်တည့်နေရာသည် ဖြုန်းလည်းမရှိ၊ အဟောင်းလည်းမရှိတော့သော ကျောက်ပုပ်ကုန်းကြီးဖြစ်၍နေလေရာ ဆက်တိုက်စဆာမဝိတော့ပေး၊ ကျောက်ပုပ်တောင်ကုန်းကြီး ပြန်မြေမရှိသဖြင့် ဘာမှလုပ်၍ မရတော့ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် သံချောင်းများ၊ ပေါက်ပြားများ၊ တူကြိုး၊ တူသေးများ၊ စောကူများ စသည့် တွင်းပစ္စည်းများထမ်းကာ ချောင်းရိုးကိုစွန့်ခွာကြရပါသည်။

ကျွန်ုပ်သည် ဆရာချိုထံမှထွက်၍ ကိုဘစိုး၊ မတင်ကြည်တို့၏ ခြံထဲတွင် ကိုအေးနှင့်တဲဆောက်ကာ အတူနေခြင်းဖြင့် လွတ်လပ်ခွင့်ကို ရယူခဲ့ပါသည်။

ကျွန်ုပ်တို့ခေတ်က တွင်းသားဟူသည် နေ့စဉ် နံနက်စာ၊ ညစာထမင်းချက်ရ၏။ ရေခပ်ရ၏။ အဝတ်လျှော်ပေးရ၏။ မီးပူတိုက်ပေးရ၏။ ပန်းကန်ဆေး၊ အိုးတိုက်လုပ်ရ၏။ စျေးသွားထမ်းရ၏။ ယုတ်စွအဆုံး ကလေးများပါ အီးအီးကုန်းပေးရ၏။ သူများအိမ်တွင် ထိုသို့လုပ်ပေးရရာ ကျွန်ုပ် တွင်းသားများမှေးသော် ကိုယ်ချင်းစာ၍ ထမင်းချက်ခြင်း၊ ထင်းထမ်းခြင်းမလွှဲ၍ ဘာမှခိုင်းလေ့မရှိပါ။ သူတို့ထင်းထမ်းချိန် ကျွန်ုပ်ကထမင်းချက်၏။

ဥဘာတည်းဟူသောအကြောင်းနှင့် ကံတည်းဟူသောအကြောင်းတို့ပေါင်းစပ်ကာ ချောင်းရိုးလုပ်သူတိုင်းလိုလို ကျောက်ကြီးကျောက်ကောင်းရခဲ့ကြပါသော်လည်း ချမ်းသာသူများကားမဖြစ်ခဲ့ကြပါ။ ရရစားစား၊ ဝါးဝါးမျိုမျိုဖြင့်ပင် ကျွန်ုပ်တို့ ဒုံရင်းဘဝပြန်ရောက်ခဲ့ကြလေ၏။ ထိုသည်တို့ကို အမှတ်တရရှိနေပါသည်။ နောင်တွင် ဥဘာကျသည်ကို မမြင်ဘူးတော့ပါ။

ယခုအချိန်သော်မူ ကျွန်ုပ်ကိုမှန်းတီးကြသော သမီးရှင်မိဘတို့ တစ်ဦး၊ နှစ်ဦးမျှရှိမည်ထင်သေး၏။ သံသရာခရီးရှည်ကြီးကိုထွက်သွားခဲ့ကြလေပြီ။ ညီညီလွင်ခေါ် မဘဲဥသည်ပင်လျှင် အသက် (၄၀) ဝန်းကျင်တွင် ဆီးချိုရောဂါဖြင့်ဆုံးပါးသွားခဲ့သည်မှာ ကြာခဲ့ပေပြီ။ သို့သော် ပတ္တမြားများ ပုံသန်းကျရောက်ခဲ့သော ကျောက်ဖျာချောင်းရိုးလုပ်ကွက်ကလေးကိုမူ ယနေ့တိုင် မမေ့နိုင်သေးပေ။

ကျောက်ဖျာရွာသို့သတိရစွာဖြင့်

ချမ်းမြေကြူပါစေ

ရွှေပြည်စိုး (မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

မင်းနှိုက်ရိုက်
ကုလားမတောင်(သို့)မလွမ်းပိုတောင်မှ ဖြစ်ရပ်ဆန်းကြယ်

အဂ္ဂိ

ကုလားမတောင်ကြီးသည် ကရင်ပြည်နယ်ဒေသကြီးတွင် တည်ရှိခဲ့ပြီး ဒွဲကပင်တောင်၊ ဒေါနတောင်တန်းစသော အခြားတောင်များကဲ့သို့ တောတောင်ထူထပ် သားကောင်တောရိုင်းတိရစ္ဆာန်များပေါများပြီး တောကြီးသည့်တောင်ကြီးတစ်တောင်ဖြစ်သည့်အတွက် သောင်းကျန်းသူများ၊ မှောင်ခိုကုန်သည်များနှင့် တစ်ဖက်နိုင်ငံမှ အရောင်းအဝယ်သမားတို့ ခြေချင်းလိမ်ရာတောင်ကြီးဖြစ်ပြီး ကျိုးမြစ်ပြင်မှ လှမ်း၍ကြည့်လိုက်ပါက ကုလားမတောင်ကြီးသည် ဆံပင်ဖားလျားချ အလွမ်းဝေစည်နေသည့် မိန်းမလှလေးတစ်ယောက် ပူပင်ပန်းနေသည့်သဏ္ဌာန် တွေ့မြင်နေရသည့်အတွက် ထိုတောင်ကြီးကိုပင် တောမုဆိုးများနှင့် ဌာနေတွင်နေကြသူ တိုင်းရင်းသားများက မလွမ်းပိုတောင်ဟု အမည်တွင်ပေးလိုက်ကြသေးသည်။ ဒီတော့ဒီတောင်ကို မှီတွယ်ခိုရှဲ၍ သူတို့အဖို့ ဝမ်းရေးဖြောင့်ကြသည်။ ဝမ်းတစ်ထွာအရေးဆိုသည် ဘယ်လောက်ဖြည့်ဖြည့် မပြည့်လေသည်မို့ ထိုအရပ်ဒေသတောတောင်များမှရရှိသောသစ်ဥသစ်ဖူးမြစ်စုံသဘာဝသယံဇာတထွက်ပစ္စည်းနှင့် တောတောင်ထဲရှိ ကျင်လည်ကျက်စား သွားလာလှုပ်ရှားနေကြသော တောကောင်ခေါ် တောတွင်းတိရစ္ဆာန်များ၊ အဖိုးတန်သစ်ပင်ပန်းမန်များက သူတို့အတွက် သံယောဇဉ်တွယ်စရာဖြစ်နေခဲ့ပြီး တော၏သာယာပုံများသဘာဝကြောင့် တောတောင်ကို ခင်တွယ်ကြရကုန်၏။ တောတောင်များကို ချစ်တတ်ပါက မည်သည့်အခိုန်ပဲကြည့်ကြည့် တောတောင်ရေမြေသဘာဝသည် လှပ

www.burmeseclassic.com

www.burmeseclassic.com

နေတတ်၍ပင်ဖြစ်လေသည်။

ကုလားမတောင်တန်း၊ ဒေါနတောင်တန်းနယ်မြေသည် တောနက်သည်ကတစ်ကြောင်းမို့ ထူးခြားဆန်းကြယ်သောရေပုပ်အိုင်များတွင် ကျောက်ဆန်များကို တွေ့ရှိကြသဖြင့် ကျောက်ဆန်ရှာကြသူနှင့် သူတော်စင်တရားရှာမှီးသူများကို ရံဖန်ရံခါတွေ့ရှိကြသည်။

ကျောက်ဆန်ဆိုသည်မှာ တောတွင်းကျောက်များမှ ထူးဆန်းစွာဖြစ်ပေါ်ဆန်းကြယ်မှုတစ်ခုဖြစ်၏။ တောနက်နက်တစ်နေရာများ၌ ကျောက်ဆန်ကို ရရှိတတ်ကြသည်။ ကျောက်ဆန်(၄)မျိုး ရှိသည်။ အဖြူ၊ အနီ၊ အညိုနှင့် အနက်ဟူ၍ဖြစ်ပြီး တောတွင်းကြည်လင်သောရေအိုင်များထဲတွင်တော့ ကျောက်ဆန်အဖြူ၊ အနီကိုတွေ့ရှိနိုင်ပြီး ကျောက်ဆန်အနက်နှင့် အညိုကို တောနက်ရေပုပ်အိုင်များတွင်း၌ တွေ့ရှိရနိုင်သည်။

တစ်ခုထူးခြားသည်မှာ ကုလားမတောင်ခေါ် မလွမ်းပိုတောင်၏ တောနက်တစ်နေရာ တောင်တန်းကြီး၏ အလယ်လောက်၌ ကျောက်ဆန်အနက်များရနိုင်သည့် ရေပုပ်အိုင်ကြီးများရှိပါသည်။

ရေပုပ်အိုင်အနီးဝန်းကျင်ရောက်လာသည်နှင့် ရေပုပ်နံ့ကို ရှူးဦးစွာရရှိပြီး ပုပ်စော်နံလာတတ်၏။ ရေပုပ်အိုင်မှရေသည် ထွက်ရပ်လမ်းစဉ်လိုက်သူများကို တစ်ဖက်မှ ကောင်းကျိုးပေးနေပေမယ့် တစ်ဖက်မှ မသုံးတတ်လျှင် ဘေးအန္တရာယ်ဖြစ်တတ်၏။ အဘယ်ကြောင့် ဆိုသော် ရေပုပ်အိုင်ရေတတ်သော ကျောက်ဆန်ကို ရေပုပ်နှင့်ခွာလျှင် အာဟာရသိပ်ခြောက်သည်။ သို့သော် ပုပ်စော်နံသော ထိုရေပုပ်၏အားဖွယ် ဆိုးကျိုးမှာ တော်တော်ဆ ထူးခြားအားနှင့်ထိတွေ့ပါက ခန္ဓာဒေသမင်္ဂိုလ် သမင်နီတို့ဖြစ်ပြီး အသားအရေပေါ်တွင် လောင်ကျွမ်းတတ်ပါသည်။ ထို့ကြောင့် ရေပုပ်ကိုယူမည်ဆိုလျှင် သတိပြုရန်လိုသူ ရမည်ဖြစ်သည်။

တောင်ယာမုဆိုး ဦးခွင်နှင့် သူ၏ တပည့် ညာကတိုး (ငမြွေတိုး) ထောမဲ့ပါ(ဝက်စွယ်ရှင်)တို့မှာ ကုလားမ

www.burmeseclassic.com

www.burmeseclassic.com

တောင်တန်း၊ မဲနယ်တောင်တန်း၊ ဇွဲကပင်တောင်တန်း၊ ဒေါ်နေတောင်တန်းတို့တွင် ဆောင်းဦးပေါက်ကာလ၌ လာရောက် အမဲလိုက်တုန်း ကရင်မုဆိုးကြီးစောမူးထော်၏ ကမ်းလှမ်းချက်ကြောင့် ဇင်းကျိုက်တောင်တန်းမှ ကရင်ပြည်နယ်ဘက်သို့ ရောက်ရှိလာပါသည်။

မွန်ပြည်နယ် ဇင်းကျိုက်တောင်နှင့် အခြားတောင်တန်းများတွင်သာ အနေများခဲ့၍ မုဆိုးဖိုးချင်းသည် ကရင်မုဆိုးစောမူးထော်တို့ နယ်ဘက်သို့ ပထမဦးဆုံးအကြိမ် အမဲပစ်လာခြင်း ဖြစ်လေသည်။ ထိုသို့ဖြင့် သူတို့အဖွဲ့ ကုလားမတောင်ကြောမြောင်အတွင်း ရောက်ရှိနေသည်။

ကုလားမတောင်ကြီး သို့မဟုတ် ထိုအရပ်အခေါ် အဝေါ် မလွမ်းပိုတောင်ကြီးသည် သားကောင်တောရိုင်းတိရစ္ဆာန်များ သွားလာကျက်စားနေသည့် တောင်ကြီးဖြစ်ပြီး တောတောင်ထူထပ်၍ နတ်ကြီးခြင်း၊ တောမာယာကြွယ်သည့်တောင် တစ်တောင်ဖြစ်သလို မုဆိုးများနှင့် တောဘက်ထင်းတိုက်သူတို့နှင့် တစ်ခါတစ်ရံ မှောင်ခို၊ သောင်းကျန်းသူများ တစ်ဖက်နိုင်ငံမှ အရောင်းအဝယ်သမားများ၏ သွားလမ်းလာလမ်းကျသည့် တောင်လည်းဖြစ်၏။

ကုလားမတောင်တန်းကြီးအား လပြည့်ညများတွင် တသွင်သွင်စီးဆင်းနေသော ဂျိုင်းမြစ်ပြင်မှလှမ်းကြည့်လျှင် ဆပင်ဖားလျားချ မိန်းမသားတစ်ဦး တစ်စုံတစ်ယောက်ကိုလွမ်း၍ မျှော်တော်ယောင်ပူပုံပန်းနေသည်ဟန်ပေါ် လွင်နေ၏။ ထို့ကြောင့် တောတွင်းမုဆိုး ဒေသခံတိုင်းရင်းသားများတို့သွားလာကျင်လည်နေသည့်တောတောင်ကြီးလည်းဖြစ်၏။ တောတောင်ကြီး တည်ရှိနေပုံကိုလိုက်လျက် မြစ်ချောင်းများသည် တောင်မှမြောက်သို့ စီးဆင်းလျက်ရှိပြီး အဖိုးတန်သစ်တောများပေါက်ရောက်သောကြောင့် ဝံကောင်များ ပေါများလှ၏။

ကုလားမတောင်ကြီး၏ ထူးခြားချက်တချို့မှာ ကုလားစကားမတတ်ဘဲနှင့်မပြော၍။ အပြောအဆိုအခေါ် အဝေါ် အမှားမခံခြင်း ဥပမာ ဆင်ဆိုလျှင် ကိုင်းဖိုးဟု ခေါ်ရပါသည်။ အခေါ် မှားလျှင် တောခြောက်တတ်ပြီး တောမှောက်တတ်၏။ အနီရောင်မဝတ်ရပါ။ ဒေါင်းသားကိုမစားရ။ ဒေါင်းများမပစ်ရပါ။ တောပိုင်တောင်ပိုင်များမကြိုက်သည်ကို ပြုလုပ်ခြင်း၊ တောစည်းဖောက်ဖျက်ပါက တောတောင်တို့၏မာယာနှင့်တွေ့ရတတ်ပြီး ဒဏ်ခတ်ခံရတတ်ပါသည်။

(ကုလားမတောင်ခေါ် မလွမ်းပိုတောင်၏ အထူးခြားဆုံးမှာ တစ်လတစ်ခါ အမျိုးသမီးများမီးယပ်လာသလို ပင် တောင်ပေါ်မှကျလာသောတောင်ကျရေများသည် နီညိုရောင်အဆင်းရှိပြီး မြစ်ချောင်းများအတွင်း စီးဆင်းပြီး အနီရောင်သန်းနေခြင်း ဖြစ်၏။

ထို့နောက် တစ်ပတ်ခန့်အကြာတွင် မူလအတိုင်း ပြန်လည်ကြည်လင်လာပြီး ပုံမှန်ရေ၏အရောင်ဖြစ်သွားပါလေသည်။)

မုဆိုးဖိုးချင်းတို့ အဖွဲ့သားများ ကုလားမတောင်ကြောထဲသို့ ရောက်ရှိလာခဲ့သောအချိန်တွင် မြောင်ကြပ်ကလေးကိုကျော်လျက် မျောက်ငိုပင်ကြီးတစ်ပင်အောက်တွင် ခေတ္တနားနေကြ၏။ မျောက်ငိုပင်ကြီး၏ လုံးပတ်က လူ(၃)ယောက်ဖက်ခန့်ရှိပြီး အမြင့်ပေ(၆၀) ခန့်ရှိမည်ထင်ရ၏။ တစ်ခါတစ်ရံတွင် ကုလားမတောင်လေညှင်းတိုက်ခတ်လာတိုင် ရေပုပ်နံ့ကိုရရှိ၍ စောမူးထော်က ရေပုပ်အိုင်တွေကဖြစ်ကြောင်း ရှင်းပြလိုက်၏။

"ကဲ - စောမူးထော်၊ တို့လူခွဲပြီး တောတိုးကြမယ်"

"အေး-ကောင်းတယ်ဝေ့ ဖိုးချင်း"

စောမူးထော်နှင့် ထောမဲ့ပါက တစ်တွဲ၊ မုဆိုးဖိုးချင်းက ရွာလခံလော်ပေါ်နှင့် စောလေဒီးကို စခန်းအစောင့်ထားလျက် သူတပည့် ညာကတိုး (ဒမ္မြေထိုး)က တစ်တွဲ တောတိုးခဲ့ကြသည်။

လူစုခွဲ၍တောတိုးခဲ့ပြီး ထမင်းအိုးတစ်အိုးချက်ခန့်ကြာသော် သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ဒေါင်းလေးငါးကောင်ကို တွေ့လိုက်ရ၏။ အစပထမတွင် ဒေါင်းအုပ်စုကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေရာမှ ဒေါင်းတောင်ကောင်းကောင်းရလွှင့်ယူခဲ့စမ်းပါဆိုသော အိမ်သူမိစန်း၏ မှာတော်ပုံကို သတိရလျက် မုဆိုးစောမူးထော်၏ ကုလားမတောင်တွင် ဒေါင်းမပစ်ရဆိုသောစကား ခေတ္တမေ့လျော့သွားပြီး သူ၏လက်စွဲတော်သေနတ်ဖြင့် မုဆိုးဖိုးချင်း ဒေါင်းဖိုကြီးကို ပစ်ချရန် ချိန်တွယ်လိုက်သလို တပည့် ညာကတိုး (ဒမ္မြေထိုး) ကလည်း ဒူးလေးဖြင့်ပစ်ရန် ပြင်လိုက်ပြီး ဥဒေါင်းဌက်များ ပစ်ကွင်းထဲရောက်လာသည်နှင့် မောင်းခလုတ်ကို နှိပ်လိုက်ရာ -

"ဒိုင်း. . . ဒိန်း. . . ဝိုး. . . ဒုတ်. . . ဗုန်း. . . "

"ဝုန်း. . . ဘုတ်. . . "

အသံများ ဆူညံသွားပြီး ယမ်းခိုးများနှင့်ဖုံးလွှမ်းသွား၏။ မကြာမီ ဒေါင်းဖိုကြီးနှင့် ဒေါင်းပေါက်တစ်ကောင်ကိုရလိုက်သည်။

မုဆိုးဖိုးချင်းနှင့် တပည့်ညာကတိုး (ဒမ္မြေထိုး) တို့မှ ဥဒေါင်းနှစ်ကောင်အား ကောက်ယူ၍ ဒေါင်းတောင်များကို သေချာစွာနုတ်ပြီး ချောင်းစပ်တွင်ရေစင်အောင်ဆေးကြောရန် မုဆိုးဖိုးချင်းက တပည့်ညာကတိုး (ဒမ္မြေထိုး) ကို ခိုင်းလိုက်၏။ ညာကတိုးဆိုတဲ့အတိုင်း ရှည်ရှည်မျောမျော မျက်စိစွေတေတေနှင့် တပည့်ကျော်ဖြစ်သူက ဒေါင်းနှစ်ကောင်ကိုဖျက်၍ ရေစင်အောင်ဆေးပြီး ခုတ်ထစ်၍ ဖက်တစ်ခုနှင့်ထုပ်လျက် ချောင်းရေထဲတွင် တဝရေစိမ်ချိုးလိုက်သည်။ ထိုအချိန်တွင် ဖိုးချင်းက မျောက်ငိုပင်ကို မှီလျက် ဆေးတစ်ဆုံကို ငုံနေလိုက်၏။ တောတွင်းတစ်နေရာရောက်နေကြသော စောမူးထော်တို့သည် သေနတ်သံသဲ့သဲ့ကို အနောက်မြောင်ကြပ်ဆီမှကြား၍ နောက်ကြောင်းပြန်၍လှည့်လာကြ၏။

မုဆိုးကြီးဖိုးချင်းမှာ ဒေါင်းဖျက်ရန် တောင်အောက်စမ်းချောင်းလေးဆီ ဆင်းသွားသော တပည့်ညာကတိုး (ဒမ္မြေထိုး)မှာ အခုအချိန်ထိ ပြန်မရောက်သေးသဖြင့် တောင်အောက်သို့ ကြည့်လိုက်သောအခါ ညာကတိုး (ဒမ္မြေထိုး) ကို မတွေ့ရဘဲ နီညိုရောင်အသွေးနှင့် ဝံတစ်ကောင် တောင်တက်လမ်းအတိုင်း တက်လာနေသည်ကို တွေ့လိုက်ရ၍ ခေါင်းနားပန်းကြီးသွားလေ၏။

ထို့ပြင် ဖိုးချင်းမှာ ဝံကောင်နှင့်သိပ်မကွာတော့သဖြင့် သူ့ေသနတ်ဖြင့် ပစ်ချလိုက်၏။

"ဒိုင်း. . . ဒိန်း. . . ဒိုင်း"

သေနတ်သံနှင့် ယမ်းခိုးများကြား ဝံကောင်ကို ရှာမတွေ့သဖြင့် ဖိုးချင်း ပတ်ဝန်းကျင်ကို လှေ့လာ၍ သေနတ်မောင်းခလုတ်ကို အဆင်သင့်ပြင်ထား၏။

ထိုအချိန်တွင် ညာကတိုး (ဒမ္မြေထိုး) မှာ တောင်ပေါ်မှ သေနတ်သံကြား၍ အကာအကွယ်ယူလျက် ရန်သူကိုကြည့်လိုက်သောအခါ ငပွေး(သောင်းကျန်းသူ) တစ်ကောင်ကို တွေ့လိုက်ရ၏။ သူ၏ဒူးလေးဖြင့် ပစ်လိုက်ပါသည်။

"ဗိုး. . . ဝုန်. . . ဒုတ်. . . "

မုဆိုးဖိုးချင်းမှာ သူနှံသားသစ်ပင်

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသုံးနှိုင်

ဦးရောင်၊ ဦးနှာ ပျောက်စေသောခါ

လွန်ခဲ့သော (၃) နှစ်ခန့်က ကျွန်ုပ် ကိုယ်တိုင် ဦးရောင်၊ ဦးနှာဖြစ်ခဲ့ဖူးသည်။ ထိခိုက်မိ၍ ဦးရောင်၊ ဦးနှာခြင်းမျိုး မဟုတ်ပါ။ အသက် (၅၀) ကျော်သူတိုင်း ဖြစ်တတ်လေ့ရှိသောသဘောပါ။

ငယ်စဉ်က ခရီးသွားများခြင်း၊ ဝန်ထုပ်ဝန်ပိုးထမ်းခြင်း၊ ပြင်းထန်သော အားကစားကိုယ်လက်လှုပ်ရှားမှုများပြုခဲ့ခြင်း၊ သိုင်း၊ ဂျူဒို၊ ကရာတေး စသော ခြေကန်ကစားမှုများခဲ့ခြင်းတို့ကြောင့်လည်း မှာသက် (၄၀) ကျော် (၅၀) တွင် ဇရာသဘောအရ အရိုးပွပြီး ဦးရောင်၊ ဦးနှာခြင်း၊ အဆစ်အမြစ်များရောင်ရမ်းနာကျင်ခြင်းတို့ ဖြစ်ပေါ် လာတတ်ပါသည်။

ထိုအတွက် ခံတက်ခေါက်၊ ခန့်သလွန်မြစ်၊ ခန္ဓာရွက်တို့ကို ဆေးအဖြစ် အသုံးပြုခဲ့ပါသည်။ ရောဂါနှင့်ဆေးမတွေ့သေး၍လားမသိ။ နှစ်ရက်း သုံးရက်သက်သာပြီး ဒုးပြန်လည်ရောင့်လာ၊ နာလာပါသည်။

တစ်နေ့တွင် တိုင်းရင်းဆေးဆရာ ဦးမိုးနိုင်မှ ကျွန်ုပ်အား ဒုးဆစ်ရောင်ရမ်းနာကျင်ခြင်းအတွက်လိမ်းရန် ဆီတစ်မျိုး ပေးပါသည်။ ပျောက်ချင်ဇောနှင့် ကျွန်ုပ်သည် တစ်နေ့လေးကြိမ်၊ ငါးကြိမ်အထိ လိမ်းပါသည်။ ဦးမိုးနိုင်က သုံးကြိမ်သာ လိမ်းရန် ညွှန်းပါသည်။ သို့သော် လိမ်းဆေးဖြစ်၍ မည်သည့်ဘေးထွက်ဆိုးကျိုး မျှ မရှိခဲ့ပါ။ ငါးရက်၊ တစ်ပတ်လိမ်းပြီး သောအခါ ဒုးဆစ်မှာ လုံးဝရောင်ရမ်းနာကျင်ခြင်းမရှိတော့ဘဲ ပကတိကောင်းမွန်ခဲ့သဖြင့် ဝမ်းမြောက်ခဲ့ရပါသည်။ ဦးမိုးနိုင်အားလည်း ၎င်းအဆီချက်လုပ်နည်း မေးမြန်းပြီး မှတ်သားထားခဲ့ပါသည်။

၎င်းဆီချက်လုပ်နည်းမှာ-

ချင်းတက်ရှင်းရှင်းများဝယ်၍ ရေဆေးထောင်၍ သတ္တုရည်များညှစ်ယူပါသည်။ ချင်းရည်တစ်ဆယ်သားတွင် နှမ်းဆီငါးကျပ်သားရောပြီး မီးကင်းခဲရဲရဲနှင့် ရေမောတ်ကုန်သည်အထိ ချက်သောအခါ အဆီ (၇) ကျပ်သားခန့်ရပါသည်။ ၎င်းချင်းဆီကို ဒူးဆစ်၊ ခြေဆစ်၊ လက်ဆစ်ကိုက်ခဲနာကျင်ရောင်ရမ်းသောနေရာများတွင် လိမ်းပေးပါ။ ငါးရက်၊ တစ်ပတ်လိမ်းလျှင် လက်တွေ့ပျောက်ကင်းသဖြင့် ရေးသားတင်ပြအပ်ပါသည်။

နတ်မောက်မင်းသုံးနှိုင်

ကို လာစိုက်နေသော ဒူးလေးမြားတံကို ကြည့်လျက် ရန်သူကိုရှာရာ ချဲပုတ်လှုပ်ရှားသွားတာမြင်သည်နှင့် ရန်သူထင်ပြီး သေနတ်ကို ခလုတ်နှိပ်လိုက်၏။

"ဒိုင်း. . . ဒိန်း. . . ဒိုင်း. . . ဒိုင်း. . . "

တောထဲတွင် သေနတ်သံများက အချက်ကျကျ ထွက်ပေါ် နေ၏။ စောမူးထော်မှာ မြောင်ကြုပ်ဝန်းကျင်တွင် မုဆိုးဖိုးချင်းတို့ကို လိုက်ရှာသောအခါ ဆရာတပည့်နှစ်ယောက် သူထင်ထားသလို တောမှောက်နေပြီး တစ်ယောက်နှင့် တစ်ယောက် ရန်သူထင်ပြီး အသေပစ်ခတ်နေကြသည်ကို တွေ့ရ၏။ တစ်ကြိမ်တွင် မုဆိုးဖိုးချင်းက အပေါ် စီးမှနေ၍ ပစ်ချလိုက်ရာ သူ၏တပည့် ညာကတိုး (ငမြွေထိုး) မှာ သေနတ်ကျည်မှန်သွားပြီး လဲကျသွား၏။

"ငါထင်တဲ့အတိုင်းပါလား။ ဒီနှစ်ကောင် တောမှောက်နေပြီ"

စောမူးထော်သည် သူ၏သေနတ်ကို ခေါင်းအထက်ကျော်ကျော်မြှောက်ပြီး မိုးပေါ် ထောင်ပစ်လိုက်၏။

"ဒိုင်း. . . ဒိန်း. . . ဒိုင်း"

သေနတ်ကို မုဆိုးဖိုးချင်းမြင်သာအောင်ပြလိုက်ပြီး -

"ဖိုးချင်းရေ၊ ငါတို့ဒီမှာ ညာကတိုးကို မင်းမှားပစ်တာထိသွားပြီ"

ထိုအခါကျမှ မုဆိုးဖိုးချင်း သတိပြန်ဝင်လာပြီး သူ၏သေနတ်ကို မိုးပေါ် ထောင်၍ ညာကတိုး (ငမြွေထိုး) ရှိရာ စောမူးထော်နှင့်အတူ တောင်စောင်းအတိုင်း ပြေးဆင်းလာ၏။

"ကံကောင်းသည်ဟုဆိုလေမလား။ ဝံကောင်ထင်ပြီး ပစ်လိုက်သော ညာကတိုး (ငမြွေထိုး) မှာ လက်မောင်းရှုပ်ထိမှန်ပြီး နီးစပ်ရာဆေးမြစ်နှင့် စောမူးထော်က အုံပေးလိုက်၏။

"ကံကောင်းလို့ ညာကတိုး (ငမြွေထိုး) ရယ်။ စောမူးထော်ကယ်လိုက်တဲ့ အသက်ပဲရှိဟယ်။ ဒီကောင် ဒေါင်းပစ်ချင်တယ်ပြောတာနဲ့ နှစ်ယောက်အတူ ဒေါင်းပစ်ပြီး ချောင်းထဲရေသွားဆေးပြီး ဖျက်ခိုင်းလိုက်တာ ကြာတာနဲ့ကြည့်လိုက်တော့ ညာကတိုး(ငမြွေထိုး)ကို ဝံကောင်ပဲမြင်နေတာ။ ဒါနဲ့သေနတ်နဲ့ဆော်လိုက်တာ။ တောရဲ့စည်းဖောက်လို့ နဲ့တူပါတယ် စောမူးထော်ရယ်"

"ဘာ-မင်းတို့ဒေါင်းမပစ်ရနယ်မြေမှာ ဒေါင်းပစ်တယ် ဘုရား၊ ဘုရား"

"တော်ပိုင်တောင်ပိုင်ကြီးတို့ခင်ဗျာ၊ မသိလို့များတဲ့ တစ်ရွာသားများမို့ အခုလို ခွင့်လွှတ်ပေးတဲ့ အရှင်ကြီးတို့ကို တောင်းပန်ပါတယ်"

"ငါအရောက်မြန်ပေလို့ပဲ။ နင့်မို့လို့ကတော့ကြားလို့မှမကောင်း၊ တပည့်ကို ဆရာကပြန်ပစ်တယ်လို့ ရာဇဝင်ရိုင်းတော့မယ်။ အခုတော့ ဘာမှမဖြစ်တော့ပါဘူး။ မင်းတို့ တောကွယ်သွားပါပြီ။ ဘာအန္တရာယ်မှ မရှိတော့ဘူး။ ငါတို့ ဆတ်တစ်ကောင်နဲ့ လင်စိုင်တစ်ကောင် ရထားတယ်။ တောကွယ်သွားတဲ့အထိမ်း အမှတ် စခန်းရောက်မှ ညစာစားပွဲလုပ်ကြတာပေါ့ကွာ"

"ဟုတ်ကဲ့ပါ စောမူးထော်"

"ဒီကုလားမတောင်ကြီးက အလွန်ဆန်းကြယ်တယ်ကွ။ တစ်လောတုန်းက စခန်းထောက် ရိက္ခာစုနဲ့ တောထဲမှာ တပ်စုတစ်စုက ဆရာကြီးလေ ဒေါင်းသားသွားပစ်မိတာ သူတပည့်နဲ့သူ မိုင်းနင်းမိပြီး ဆရာကြီးက ဆီးစပ်မှာဒဏ်ရာရပြီး သူတပည့်က မိုင်းထိပြီး ခြေပြတ်သွားတယ်။ မင်းတို့တော်တော်ကံကောင်းတယ်ကွာ"

ဟု မုဆိုးစောမူးထော်က ကုလားမတောင်ကြီးရဲ့ ထူးခြားဆန်းကြယ်မှုနှင့် ဖြစ်ရပ်ဆန်းကြယ်အကြောင်း ပြောပြလိုက်ပါလေတော့သည်။

မင်းနန္ဒာဇိုး

(ငမွေး - ထိုအရပ်အခေါ် သောင်းကျန်းသူများ၏ လျှို့ဝှက်အမည် ဖြစ်ပါသည်။ ပွေးဆိုသော သတ္တဝါသည် တွင်းတူး၍ တောထဲတွင်နေသော သတ္တဝါဖြစ်၍ တင်စားခြင်းဟု သိရပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး တားရော့ဖြန့်ခင်းပုံနည်းစနစ်

မေးခွန်း (၅)

ဂုဏ်ပုဂ္ဂိုလ်က စိတ်တူကိုယ်တူဖြစ်နိုင်မည်လား။

အဖြေ

*မြင်းစီးသူရဲကောင်း တောင်ဝှေးကား*ချပ်။ ဂုဏ်ကားချပ်သည် မီးသင်္ကေတကို ကိုယ်စားပြုသည်။ သိပ်ရာသီဖွားဖြစ်သောကြောင့် လူအသိုင်းအဝန်းအတွင်းနှင့် လုပ်ငန်းဆိုင်ရာ၌ စိတ်အားထက်သူတစ်ဦးဖြစ်သည်။ လွတ်လပ်မှုကို လိုလားသည်။ ခရီးသွားရခြင်းကို နှစ်သက်သည်။ Denney က အိမ်နှင့်မကွာနေတတ်ပြီး အကြောင်းမဲ့ကိစ္စဖြင့် ငွေမဖြုန်းတတ်ပေ။ ထို့ကြောင့် Denney နှင့် ဂုဏ်၏အဖော်တို့က တစ်ဦး၏စရိုက်လက္ခဏာတစ်ဦးက လိုအပ်သလိုပြုလုပ် ဖေးမသွားခြင်းဖြင့် စိတ်တူကိုယ်တူဖြစ်လာနိုင်မည်စုံတွဲ ဖြစ်ပါသည်။

မေးခွန်း (၆)

ကျွန်ုပ်အလိုဆန္ဒ၏ အကျိုးရလဒ်က အဘယ်နည်း။

အဖြေ

ဂါးမြောင့်ကြယ် (၁၀) ခုပါ ကားချပ် (ပြောင်းပြန်)။ Denny ၏ ငွေကြေးသုံးစွဲမှုစေ့စပ်ခြင်းက သိသာစွာ ပြောင်းလဲသွားမည်မဟုတ်ပေ။ ယင်းမှာ ပျော်ရွှင်သော ဆက်ဆံရေးအတွက် အဓိက အတားအဆီးလည်း ဖြစ်သည်။ Denny ဘက်မှ သိသာစွာ ပြောင်းလဲပေးရပါမည်။

❑ Comments (ထင်မြင်သုံးသပ်ချပ်)

ယခုဖြန့်ခင်းထားသော ကားချပ်များအနက် တစ်ဝက်က ပြောင်းပြန်ကားချပ်များ-ဖြစ်နေပါသည်။မကောင်းသော အကြောင်းအရာများကို ကိုယ်စားပြုသည်။ ဆက်ဆံရေးရေရည်တည်တံ့ရေးအတွက် ငွေသုံးစွဲမှု အပိုင်းက အဓိကကျနေသည်။



၁။ မည်သည်ကဆွဲဆောင်မှုရှိသနည်း။
၂။ ချစ်ဖွယ်ကောင်းသောသူလား။
၃။ ကျွန်ုပ်တို့အတူ ပျော်နိုင်မည်လား။
၄။ အလုပ်အတူလုပ်၍ တစ်ယောက်နှင့်တစ်ယောက် ထောက်ပံ့ပေးနိုင်မလား။
၅။ ကျွန်ုပ်တို့လိုက်ဖက်ညီမှု ရှိနိုင်မည်လား။
၆။ နှစ်ဖက်မိသားစုက အဆင်ပြေနိုင်ပါ့မလား။
၇။ တစ်ဦးနှင့်တစ်ဦး ဘာသာခြားတွေလား။
၈။ ကျွန်ုပ်တို့ (၂) ဦးကြား ငွေကြေးသြဇာအာဏာဆိုင်ရာ ပြဿနာများရှိနိုင်မလား။
၉။ ရေရှည်လက်တွဲနိုင်မည်လား။
၁၀။ အကျိုးရလဒ်က အဘယ်နည်း။

Susanအတွက်ချစ်ရေးချစ်ရာဆွဲဆောင်မှုဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ် - သူရိယကားချပ်
ဒုတိယကားချပ် - မိဖုရားဖလားကားချပ် (ပြောင်းပြန်)
တတိယကားချပ် - တောင်ဝှေး (၅) ချောင်းကားချပ်
စတုတ္ထကားချပ် - တောင်ဝှေး (၂) ချောင်းကားချပ် (ပြောင်းပြန်)
ပဉ္စမကားချပ် - သီလရှင်ချပ် ကားချပ် (ပြောင်းပြန်)
ဆဋ္ဌမကားချပ် - ဖလား (၂) လုံးကားချပ် (ပြောင်းပြန်)
သတ္တမကားချပ် - ငါးမြောင့်ကြယ် (၉) ခုပါကားချပ် (ပြောင်းပြန်)
အဋ္ဌမကားချပ် - ဓား (၄) လက်ကားချပ်၊
နဝမကားချပ် - ဓား (၉) လက်ကားချပ်၊
ဒသမကားချပ် - ဘုရင့် ဖလားကားချပ် (ပြောင်းပြန်)

ဖတ်ကြားခြင်း

မေးခွန်း (၁)

မည်သည်က ဆွဲဆောင်မှုရှိသနည်း။

အဖြေ

(The Sun). Susan အနေဖြင့် ဂုဏ်ပုဂ္ဂိုလ်အား ပွင့်လင်း၍ ရိုးသားကြိုးစားသူ၊ ငယ်ရွယ်နုပျိုရှိတက်ကြွသူအဖြစ် မြင်ထားပါသည်။ သူက Susan အပေါ် မျှော်လင့်ထားသူ ဖြစ်သည်။

မေးခွန်း (၂)

ချစ်ဖွယ်ကောင်းသောသူလား။

အဖြေ

Susan အနေဖြင့် ဂုဏ်ပုဂ္ဂိုလ်သည် မိန်းကလေးများနှင့် ပတ်သက်၍ စိတ်ခံစားမှုအတော်အတန်လျော့နေသူဖြစ်ကြောင်း 'မိဖုရားကားချပ်'၏သဘောအရ ကျေအေးရန် မလွယ်ကူသည့်ရန်သူကိုပြနေကြောင်း အငြိုးအမုန်းကြီးကြောင်း တွေ့ရပါမည်။ အတိတ်တစ်ခို့က အထိနာခဲ့ဖူးသူဖြစ်၍ အလွယ်တကူ ချစ်တတ်မည့်ပုံမပေါ်ကြောင်းအဖြေးပါသည်။

မေးခွန်း (၃)

ကျွန်ုပ်တို့အထူးပျော်နိုင်မည်လား။

အဖြေ

(Five of wands). Susan နှင့် သူမ၏အမျိုးသားမိတ်ဆွေအကြားအတွေ့ဆန့်မှုပြဿနာရှိနေသည်။ ဂုဏ်ကားချပ်ဖော်မြူချက်အရ Susan ထိပ်တိုက်တွေ့စရာပြဿနာဖြစ်လာပြီး ထိုပြဿနာဖြစ်ရခြင်းကပင် ပျော်စရာဖြစ်လာနိုင်သည်။

မေးခွန်း (၄)

အလုပ်အတူလုပ်၍ တစ်ဦးနှင့်တစ်ဦး ထောက်ပံ့ပေးနိုင်မလား။

www.burmeseclassic.com

www.burmeseclassic.com

အဖြေ

Two of wands (reversed). Susan အနေဖြင့် ၎င်းပုဂ္ဂိုလ်မှသူမနှင့် ရေရှည်အပေါက်လမ်းတည့်မတည့်စဉ်းစားရမည်ဖြစ်ပြီး ၎င်းပုဂ္ဂိုလ်နှင့်နောက်တစ်ကြိမ်ထပ်တွေ့နိုင်၊ မတွေ့နိုင် ဝေခွဲမရဖြစ်နေပါမည်။

မေးခွန်း (၅)

ကျွန်ုပ်တို့လိုက်ဖက်ညီမှုရှိနိုင်မည်လား။

အဖြေ

The High priestess (reversed). Susan အနေဖြင့် ၎င်းပုဂ္ဂိုလ်နှင့် ရင်းနှီးထိတွေ့ရန်စောလွန်းကြောင့် လက်တွဲရန်ကိစ္စ ဆုံးဖြတ်ချက်ချရန် အနည်းငယ်ကြောက်ရွံ့မှုရှိကြောင်း ဤကားချပ်က ဖော်ပြသည်။

မေးခွန်း (၆)

နှစ်ဖက်မိသားစုအဆင်ပြေနိုင်မည်လား။

အဖြေ

Two of cup (ပြောင်းပြန်)။ နှစ်ဖက်မိသားစုအသိုင်းအဝိုင်းက Susan နှင့် သူမ၏ချစ်သူသစ်တို့အကြား အလိုလိုဝင်ရောက်လာပြီး ဆုံးဖြတ်ချက် (အဖြူ အမည်း) ချနိုင်ရန် တွန်းအားပေးကြပါမည်။ သို့သော် မိသားစုကြားဝင်နှောင့်ယှက်မပါရှိဘဲ မိမိတို့လက်တွဲရေးကိစ္စကို ကိုယ်တိုင်ဆုံးဖြတ်သင့်သည်ဟု Susan နားလည်ထားသည်။

မေးခွန်း (၇)

တစ်ဦးနှင့်တစ်ဦး ဘာသာခြားတွေလား။

အဖြေ

Nine of pentacles(ပြန်ပြောင်း)။ ဘာသာရေးယုံကြည် ကိုးကွယ်မှုက အဓိကပြဿနာမဟုတ်ပါ။ သူမ၏ချစ်သူသစ်က ချမ်းသာကြွယ်ဝသော အသိုင်းအဝိုင်းမှဖြစ်သော်လည်း သူဌေးကတော်တစ်ဦးဘဝအဖြစ်နှင့်လည်းမနှစ်သက်ပါ။

မေးခွန်း (၈)

ငွေကြေး၊ ဩဇာအာဏာဆိုင်ရာ ပြဿနာများရှိနိုင်မလား။

အဖြေ

four of swords. Susan ၌ ကိုယ်ပိုင်ပြဿနာ-ဒုက္ခရှိနေပြီး ယခုကာလ၌ သူမ၏စိတ်အာရုံအနှောင့်အယှက်ဖြစ်မည့်အစား စိတ်ကိုအနားပေးလိုပါသည်။ သူမ၏ချစ်သူသစ်မှ နားလည်မှုပြည့်ဝစွာ ပေးနိုင်ပါက မည်သည့်ကိစ္စကိုမဆို လက်တွဲဖြေရှင်းသွားနိုင်ပါမည်။

မေးခွန်း(၉)

ရေရှည်လက်တွဲနိုင်မည်လား။

အဖြေ

Nine of swords. Susan ယခုအကျပ်အတည်းဖြစ်နေပါသည်။ သူမ၏ချစ်သူသစ်က ငယ်ရွယ်နုပျိုပြီး ဆွဲဆောင်မှုရှိပါသည်။ ငွေကြေးချမ်းသာသည်သူမအနေဖြင့် ၎င်းပုဂ္ဂိုလ်နှင့်လက်တွဲမှာ တန်ပါမလားဟူ၍ ကြောက်ရွံ့နေပါသည်။

မေးခွန်း(၁၀)

အကျိုးရလဒ်ကအဘယ်နည်း။

အဖြေ

Kings of cup (ပြောင်းပြန်) - ချစ်သူသစ်နှင့် လက်တွဲပြီးနောက်ပိုင်း ရေရှည်ချစ်နိုင်မည်လောဟူ၍ Susan က စိုးရိမ်စိတ်ဖြစ်လာပါမည်။ ယခင်က အချစ်ရေးဆိုင်ရာ စိတ်ခံစားမှုများလွှင့်ပြယ်သွားနိုင်ပါသည်။

Comments - ထင်မြင်ယူဆချက်များ - ငွေကြေးချမ်းသာပါက လူတိုင်းအတွက် ထိုက်တန်သော ပျော်ရွှင်မှုရရှိပါမည်။ဤဖတ်ကြားမှုတွင် Susan အနေဖြင့် ချမ်းသာကြွယ်ဝသူနှင့် အချိန်ဖြုန်းရသာတွေပြီး ရေရှည်လက်တွဲမည့်အခွင့်အရေးအဆုံးသတ်သွားနိုင်ပါသည်။

Larry အတွက်
ချစ်ရေးချစ်ရာဆွဲဆောင်မှု
ဖတ်ကြားခြင်း

မေးခွန်း(၁)

မည်သည်က ဆွဲဆောင်မှုရှိသနည်း။

အဖြေ

Thtee of swords. ဤကားချပ်တမနာလိုမှုပြဿနာများကို ဖော်ပြနေသည်။ (၃) ပွင့်ဆိုင်အချစ်ရေးပြဿနာကိုသည်။ ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်မှုများကြောင့် ထိခိုက်ဒဏ်ရာရသည်အထိ ဖြစ်လာနိုင်သည်။

မေးခွန်း (၂)

ချစ်ဖွယ်ကောင်းသူလား။

အဖြေ

Kings of Pentacles. တစ်ဦးချင်းစီအတွက် လွတ်လပ်သူ၊ အဓိပ်ပါးသူ၊ ခေါင်းမာသူဖြစ်ကြောင်း ကားချပ်ကပြနေပါသည်။

သူမအနေဖြင့် မိုခိုအမျိုးသမီးတစ်ယောက်မဟုတ်ဘဲ အတွေ့အကြုံရှိပြီးသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ် ရပ်တည်နေသည်။သူတစ်ပါးအပေါ်နည်းအမျိုးမျိုးဖြင့် ကူညီလိုတတ်သူ ဖြစ်သည်။ Larry အတွက် သူမက ချစ်ဖွယ်ကောင်းသူ ဖြစ်ပါသည်။

မေးခွန်း (၃)

ကျွန်ုပ်တို့အတူပျော်နိုင်မည်လား။

အဖြေ

Ace of Wands (ပြောင်းပြန်)။ ထိုအချိန်၌ Larry အနေဖြင့် ပျော်ရွှင်မှုမဖြစ်နိုင်သေး။ ခရီးထွက်ရန်အချိန်များစွာမရသေးသောကြောင့်ပင်။ပရောဂျက်အသစ်စတင်ရန် အတွေ့အကြုံသစ်ရရှိရန် အခွင့်မသာသေးသော အခြေအနေဖြစ်သည်။ ထိုအတွက် ချစ်သူသစ်ရှာရန် အစီအစဉ်မဆွဲရသေးပါ။

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ်	ဧးခုလက်ကားချပ်၊
ဒုတိယကားချပ်	ဘုရင်ငါးမြှောင့်ကြယ်ကားချပ်၊
တတိယကားချပ်	ဆောင်ဒေး ၁ ချောင်းကားချပ်ပြောင်းပြန်၊
စတုတ္ထကားချပ်	ဧး ၈ လက် ကားချပ်၊
ပဉ္စမကားချပ်	တောင်ဒေး ၇ ချောင်းကားချပ်၊
ဆဋ္ဌမကားချပ်	မင်းလုလင်ငါးမြှောင့်ကြယ်ကားချပ်၊
သတ္တမကားချပ်	ငါးမြှောင့်ကြယ် ၆ ခုကားချပ်၊
အဋ္ဌမကားချပ်	ချစ်သူများကားချပ်ပြောင်းပြန်၊
နဝမကားချပ်	မင်းလုလင်တောင်ဒေးကားချပ်၊
ဒသမကားချပ်	ငါးမြှောင့်ကြယ် ၅ ခု ကားချပ်၊

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်း (၄)

အလုပ်အတူလုပ်၍ ဝါစ်ဦးနှင့် တစ်ဦး ကူညီထောက်ပံ့နိုင်မည်လား။

အဖြေ

Eight of Swords. Larry အနေဖြင့် ထိုအခြေအနေကို ဖြေရှင်းနိုင်သည့် စွမ်းအင်ရှိသော်လည်း ပြဿနာများစွာ ဖြစ်လာနိုင်သည်။ သူ့အတွက် တစ်စုံတစ်ရာထိခိုက်မှုအဖြစ်မခံလိုပေ။ သူ ကိုယ်တိုင် အလေးအနက် ဆုံးဖြတ်ရပါမည်။

မေးခွန်း (၅)

တစ်ဦးနှင့်တစ်ဦး လိုက်ဖက်မှုရှိနိုင်မည်လား။

အဖြေ

Seven of Wands. Larry အနေဖြင့် ၎င်း၏ဆန္ဒ(အတ္တ)အတိုင်း ဆုံးဖြတ်ရပါမည်။ လွတ်လပ်မှု ခံမင်၍ ခေါင်းမာသူဖြစ်သောကြောင့် ချစ်သူသစ်နှင့်အဖြစ်အလုံန် ကတိကဝတ်ထားရှိနိုင်ပါက လိုက်ဖက်ညီသောစုံတွဲဖြစ်လာနိုင်သည်။

မေးခွန်း (၆)

နှစ်ဖက်မိသားစုအဆင်ပြေနိုင်မည်လား။

အဖြေ

Page of Pentacles. အကယ်၍ Larry က သူ၏အသက်မွေးဝမ်းကျောင်း (သို့) စီးပွားရေးလုပ်ငန်းများ၌ ထိပ်ဆုံးရောက်အောင် ကြိုးစားသူဖြစ်ပါက သူ၏ချစ်သူသစ်ဘက်မှ မိဘများအနေဖြင့် လက်ခံ (အဆင်ပြေ) နိုင်ပါသည်။

မေးခွန်း (၇)

တစ်ဦးနှင့်တစ်ဦး ဘာသာခြားတွေလား။

အဖြေ

Six of Pentacles. Larry က ရှယ်ယာလုပ်ငန်းများနှင့်ပတ်သက်၍ အရေးပါသော ရွေးချယ်မှုပြုလုပ်ရပါမည်။ Larry နှင့် ၎င်း၏ချစ်သူသစ်အကြား ဘာသာခြား (ကိုးကွယ်-ယုံကြည်မှု) ရှိလာနိုင်သော်လည်း နှစ်ဖက်စလုံးက အပြန်အလှန် ညှိနှိုင်း (နားလည်မှု) ပေးနိုင်ပါသည်။

မေးခွန်း (၈)

ငွေကြေးဩဇာအာဏာအတွက် ပြဿနာရှိနိုင်မည်လား။

အဖြေ

The Lovers(ပြောင်းပြန်)။ Larry အနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းနေပါမည်။ ယင်းကပြဿနာဖြစ်လာနိုင်သည်။ တစ်ခုခုမှားယွင်းဆုံးဖြတ်မိမှာကို Larry က လွန်စွာကြောက်နေပါသည်။ သို့သော်လည်း နိုးသားခြင်းနှင့် သစ္စာရှိခြင်းကသာ ဆက်ဆံရေး၌ အဓိကကျပါသည်။

မေးခွန်း (၉)

ရှေ့ရှည်လက်တွဲနိုင်မည်လား။

အဖြေ

Page of Wands. မင်းလုလင်ကားချပ်အရ အလုပ်ကို စိတ်အားထက်သန်စွာလုပ်တတ်သည်။ Larry နှင့် ၎င်း၏ချစ်သူသစ်တို့ (၂) ဦးစလုံး ခရီးထွက်လိုသည်။ တိုင်းတစ်ပါး၌ ယဉ်ကျေးမှုအမွေအနှစ်များလေ့လာရှာဖွေလိုသည်။ ပျော်ရွှင်စရာဘဝအဖြစ်ရှိနေပါမည်။ သို့သော် ထိုအနေအထားက တိုတောင်းသော ဆက်ဆံရေးလည်းဖြစ်သွားနိုင်သည်။

မေးခွန်း (၁၀)

အကျိုးရလဒ်ကအဘယ်နည်း။

အဖြေ

Five of Pentacles. ၎င်းကားချပ်သည် Larry နှင့် သူ့အဖော်တစ်ဦးက မကူညီနိုင်သောအနေအထားရောက်နိုင်သည်။ ဆန္ဒရှိထားသည့်အတိုင်း ဖြစ်မလာနိုင်သည့်အဆုံး၌ အရက်စွဲ ဆေးစွဲအထိ ဖြစ်လာနိုင်ပါသည်။

□ Comments (ထင်မြင်သုံးသပ်ချပ်)

အမှန်တကယ် ချစ်သူဘဝရောက်ပြီဆိုပါက အတူနေနိုင်ဖို့ရန် အခက်အခဲများကြားမှ (သစ္စာရှိစွာ) ကြိုးစားရပေမည်။ အခက်အခဲများစွာရှိတတ်သော်လည်း ခံနိုင်ရည်အပြည့်ဖြင့် ဖြေရှင်းရပါမည်။

Lovers Spread ချစ်သူအကြောင်းမေးမြန်းခြင်း



၁။ ကျွန်ုပ်ကို ချစ်သူက ဂရုစိုက်မည်လား။
၂။ ကျွန်ုပ်တို့လိုက်ဖက်ညီမည်လား။
၃။ ကျွန်ုပ်တို့ (၂) ဦး ဆန္ဒတူရည်ရွယ်ချက်တူရှိပါသလား။
၄။ ကျွန်ုပ်ချစ်သူက သစ္စာရှိပါသလား။
၅။ လိင်ဆွဲဆောင်မှုအတွက်သာ တစ်ဦးနှင့်တစ်ဦး စိတ်ဝင်စားသည်လား။
၆။ ကျွန်ုပ်ချစ်သူက အိမ်ထောင်ပြုရန် အထိ စဉ်းစားပါသလား။
၇။ ကျွန်ုပ်ချစ်သူက ဂုဏ်အဆင့်အတန်းမြင့်မားပါသလား။
၈။ ကျွန်ုပ်တို့ (၂) ဦး ရုပ်ဝတ္ထုပစ္စည်းများနှင့် ငွေကြေးမျှတစွာပိုင်ဆိုင်နိုင်မည်လား။
၉။ ချစ်သူက ခွဲခွာသွားမည်လား (သို့) အတူရှိနေမည်လား။
၁၀။ နောက်ဆုံးအကျိုးရလဒ်ကအဘယ်နည်း။

Doris အတွက်ချစ်သူအကြောင်း ဖတ်ကြားခြင်း

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

ပထမကားချပ်	စောင့်ထိန်းခြင်း (သီလ) ကားချပ်၊
ဒုတိယကားချပ်	ကုံကြမ္မာလှည့်ဘီးကားချပ် (ပြောင်းပြန်)
တတိယကားချပ်	မင်းလုလင်ဖလားကားချပ်၊
စတုတ္ထကားချပ်	သူရဲကားချပ်၊
ပဉ္စမကားချပ်	မြင်းစီးထူရဲကောင်းတောင်ဝှေးကားချပ်၊
ဆဋ္ဌမကားချပ်	သီလရှင်ချပ်ကားချပ် (ပြောင်းပြန်)
သတ္တမကားချပ်	ရဟန်းမင်းကြီးကားချပ် (ပြောင်းပြန်)
အဋ္ဌမကားချပ်	တောင်ဝှေး ၁၀ ချောင်းပါကားချပ် (ပြောင်းပြန်)
နဝမကားချပ်	ဖလား ၁ လုံးကားချပ်၊
ဒသမ	ဖလား ၄ လုံးကားချပ် (ပြောင်းပြန်)၊

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်း (၁)

ကျွန်ုပ်ကို ချစ်သူက ဂရုစိုက်မည်လား။

အဖြေ

Tenperance. Diris သည် သိပ်ရာသီဖွားဖြစ်ပြီး သူမအတွက် အခက်အခဲပေါင်းစုံ တွေ့ကြုံနေရသည့်ကာလအတွင်း စိတ်ထွက်ပေါက်ရှာပေးရပါမည်။ Tenperance (သီလ) ကားချပ်သည် မီးကိုကိုယ်စားပြုပြီး လှုပ်ရှားမှုနှင့် စွမ်းအင်ကို ဖော်ပြပါသည်။ ပြင်းထန်သော စိတ်ဒုက္ခများကို လျော့ချပြီး ပျော်ရွှင်အောင်နေပေးရပါမည်။ မီးအမှတ်လက္ခဏာအနေဖြင့် အလွယ်တကူစိတ်ပျော်နိုင်မည် မဟုတ်ပါ။ ထို့အတွက် ချစ်သူ၏ ဂရုစိုက်မှုရယူရန် စိတ်လျှော့သည်းခံစိတ်မွေးရပါမည်။ သူမ၏ပင်ကို စရိုက်ကို ဆန့်ကျင်ပြုပြင်ရာ၌သာ အခက်အခဲရှိနေပါမည်။

မေးခွန်း(၂)

ကျွန်ုပ်တို့လိုက်ဖက်ညီမည်လား။

အဖြေ

The Wheel of fortune (ပြောင်းပြန်)။ Doris အနေဖြင့် ထူးထူးခြားခြား ပြောင်းလဲမှုမရှိနိုင်ပေ။ Doris က သူမအပေါ် ချစ်သူမှ လေးစားမြတ်နိုးစေလိုသည်။ သူမနှင့်ချစ်သူ အတူတကွရှိနေစဉ်အတွင်း သူမလိုအပ်ချက်မှန်သမျှအား ဖြည့်ဆည်းပေးစေလိုသည်။

မေးခွန်း (၃)

ဆန္ဒတူ ရည်ရွယ်ချက်တူရှိပါသလား။

အဖြေ

Page of cups. Doris နှင့် သူမချစ်သူတို့ (၂) ဦးစလုံး စိတ်ခံစားမှု လွယ်သူများ ဖြစ်သည်။ ဆတ်ဆတ်ထိမခံသူများ ဖြစ်သည်။

Doris နှင့် သူမချစ်သူတို့၌ မရင့်ကျက်မှု၊ ထင်ရောင်ထင်မှားဖြစ်မှုတို့ ရှိနေကြောင်း ဤကားချပ်ကဖော်ပြသည်။ ဆန္ဒနှင့်ရည်ရွယ်ချက်များတိုင် ဆိုင်တူညီမှုပရှိနိုင်ပါ။

မေးခွန်း(၄)

ကျွန်ုပ်ချစ်သူကသစ္စာရှိပါသလား။

အဖြေ

The Fool. Doris ၏ချစ်သူက စွန့်စားလိုသည်၊ အတွေ့အကြုံသစ်ရှာလိုသည်။ သူမချစ်သူက မိမိစိတ်ကျေနပ်သလိုနေထိုင်တတ်သူ ဖြစ်သည်။

မေးခွန်း (၅)

လိင်ဆွဲဆောင်မှုအတွက်သာစိတ်ဝင်စားသည်လား။

အဖြေ

Kinght of Wands. ၎င်းကားချပ်အလုပ်နှင့်လှုပ်ရှားဆောင်ရွက်ချက်များဆိုင်ရာသတင်းများကို သယ်ဆောင်လာသည်။ အိမ်ရာအပြောင်းအရွှေ့နှင့် ခရီးထွက်ရန်အတွက် အစီအစဉ်ရှိနေမည်။ Doris အနေဖြင့် အထက်ပါ ကိစ္စ (၂)ခုစလုံးကို ကြိုးစားလိုသည်။ ကွန်ပိုအိမ်ရာမှ အိမ်တစ်လုံးဝယ်ယူပြီးအလုပ်ကိစ္စ ခရီးထွက်လိုသည်။ ထိုအခြေအနေများကြောင့် မိမိချစ်သူအတွက် အချိန်မပေးနိုင်ဘဲ အနာဂတ်ဆက်ဆံရေးလည်း မှုန်ရေရာသောအခြေအနေရောက်နေပါသည်။

မေးခွန်း (၆)

အိမ်ထောင်ပြုရန်အထိ ချစ်သူက စဉ်းစားပါသလား။

အဖြေ

The Hight Priestess (ပြောင်းပြန်) မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းနေမည်။ သူမဘဝ၌ အလွန်ထက်မြက်သော အမျိုးသမီးတစ်ဦးအဖြစ် မရပ်တည်လိုပေ။ သူမချစ်သူက သူမအားလက်ထပ်မည်ဟု ကတိစကားပြောရန် ကြောက်နေဆဲဟု Doris က ထင်နေသည်။

မေးခွန်း (၇)

ချစ်သူက ဂုဏ်အဆင့်အတန်းမြင့်မားပါသလား။

အဖြေ

The Hierphant (ပြောင်းပြန်)။ သူမချစ်သူက သာယာမှုကိုရှာတတ်သူဟု Doris နှင့်အတူရှိနေစဉ် သာယာမှုရယူလိုသော်လည်း ရေရှည်လက်တွဲရန် အစီအစဉ်ရှိပုံမရပေ။ ရဟန်းမင်းကြီးကားချပ် (ပြောင်းပြန်) အုပ်ဖွာယ်အရ ဥပဒေနှင့်အညီ မနေထိုင်တတ်ဘဲ ဖောက်လွဲဖောက်ပြန်လုပ်ရန်သာ စိတ်ကူးရှိနေသည်။

မေးခွန်း (၈)

ရှစ်ဝတ်တုံးစဉ်းနှင့် ဆွေးကြေးပိုင်ဆိုင်မှု မျှတနိုင်မည်လား။

အဖြေ

Ten of Wands (ပြောင်းပြန်)၊ Doris က သူမ၏လိုအပ်ချက်ကိစ္စများနှင့် ဝန်ပိနေပါသည်။ ကွန်ပိုအိမ်ရာဝယ်ယူရန် ကိစ္စလည်းအပါအဝင် ဖြစ်သည်။ သူမ၏ ချစ်သူဘက်မှ သူမကျေနပ်လောက်အောင် အနေအထားမတွေ့ရပါက ပိုင်ဆိုင်မှုများအား ချစ်သူနှင့်မတန်သက်စေလိုပါ။

မေးခွန်း (၉)

ချစ်သူကခွဲသွားမည်လား၊ အတူရှိနေမည်လား။

အဖြေ

Ace of Cups. သူမအနေဖြင့်ချစ်သူနှင့်ဘဝသစ်တစ်ခု စတင်လိုပါသည်။ တစ်နှစ်အတွင်း အိမ်အသစ်တစ်လုံး သူမဝယ်ယူရရှိမည်။ ပျော်ရွှင်ကြည်နူးမှုများက နောက်ဆက်တွဲအဖြစ် လိုက်ပါလာပါမည်။ သို့သော် ချစ်သူက Doris ဘဝထဲမှ ထွက်သွားနိုင်ပါသည်။ မည်သို့ပင်ဆိုစေ သူမအနေဖြင့် ပိုမိုသင့်တင့်အဆင်ပြေသော နောက်ထပ်လက်တွဲဖော် (အသစ်) ရှာတွေ့နိုင်ပါမည်။

မေးခွန်း (၁၀)

နောက်ဆုံး အကျိုးရလဒ်က အဘယ်နည်း။

အဖြေ

Four of cups (ပြောင်းပြန်)၊ Doris က သူမ၏အချစ်ရေးကို စိတ်ပျက်နေမိသည်။ သူမ၌မျှော်လင့်ချက်ကြီးကြီးမားမားရှိနေသော်လည်း ကတိပေးရန် ကိစ္စနှင့် ပယ်ဖျက်ခြင်းကိစ္စများအတွက် ကြောက်ရွံ့နေပါသည်။ Doris က အိမ်ထောင်ကျသွားပြီး တစ်ဖန်ကွာရှင်းပြတ်စဲကာ နောက်ဆက်တွဲအလားတူအတွေ့အကြုံမျိုး ထပ်မံကြုံတွေ့လိုတော့ပေ။

□ Comments (ထင်မြင်သုံးသပ်ချပ်)

ယုခုဖြစ်ခင်းထားသော (ပြောင်းပြန်) ကားချပ်များတွင် အိမ်ထောင်ရေးအတွက်ဆက်လက်ရန် အနေအထားမရှိပေ။

ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

သပိတ်ကျင်း-ကျော်ကျော်ထွန်း

မြေကြွက်ကြီးများပြားစေလိုသော်

ကြွက် ဆိုသော တိရစ္ဆာန်သည် ပေါ့ပေါ့တန်တန်မဟုတ်ခေ့။ ခေ့လာ ကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်၌ ကြွက်နှင့်ပတ်သက်သောအကြောင်းအရာများ တစ်ခုမဟုတ်တစ်ခု စာပေများတွင် တွေ့ရှိရပါသည်။ ဗုဒ္ဓစာပေတွင် အထင်ရှားဆုံးတစ်ခုအပါအဝင်ဖြစ်သော ငါးရာငါးဆယ်ဇာတ်တော်၌ပင် ကြွက်နှင့်ပတ်သက်သောဇာတ်လမ်းများ ဖတ်ရှုရပါသည်။

ငါးရာငါးဆယ်ဇာတ်တော်တွင် ပါရှိသော ကြွက်နှင့် ပတ်သက်သည့် အကြောင်းများသည် အကောင်းမြင်ဘက်ကမဟုတ်ဘဲ အဆိုးမြင်ယုံကြည်စွဲလမ်းမှုများအဖြစ်သာ တွေ့ရပါသည်။ ဇာတ်တော်ပါဇာတ်လမ်းအရ ပြောရသော် ပုဏ္ဏားတို့သည် မိမိဝတ်ရုံတို့ကို ကြွက်ခဲခံရပါက ကြောက်စရာကောင်းသောဆိုးကျိုးဟုယုံကြည်စွဲလမ်းအယူသီးကြ၏။

ခေတ်ဟောင်းပုံပြင်များတွင် ကြွက်နှင့်ပတ်သက်၍ လူသိများသော ပုံပြင်မှာ 'စလေအညာက ပလွေဆရာ' ပုံပြင်ပင် ဖြစ်၏။

ပုံပြင်အကျဉ်းချုပ်မှာ မြို့တစ်မြို့တွင် ကြွက်များ အုပ်စုဖွဲ့၍သောင်းကျန်းရာ လယ်ယာသီးနှံဥယျာဉ်အမြောက်အမြားပျက်စီးဆုံးရှုံးနေ၏။ လူအင်အားဖြင့် သတ်ဖြတ်နှိမ်နင်းပါသော်လည်း မနိုင်ခေ့။ နားလည်တတ်ကျွမ်းသူအချို့က ဤကြွက်အုပ်အား ခေါင်းဆောင်သောကြွက်သည် ရိုးရိုးကြွက်မဟုတ်၊ ပရလောကသားဖြစ်သည်။ ထို့ကြောင့် ဂန္ဓိရပညာတတ်ကျွမ်းသောဆရာရှာ၍နှိမ်နင်းမှရမည်ဟု ဆို၏။

ဂန္ဓိရဆရာရှာနေစဉ် အထက်အညာဒေသ စလေမြို့မှဆိုသော ဆရာတစ်ဦးနှင့်တွေ့၏။ အကျိုးအကြောင်းပြောပြသောအခါ ဆရာက သူနှိမ်နင်းပေးမည်ဟုဆို၏။ ဆိုသည့်အတိုင်းပင် စလေအညာမှဆရာသည် ပလွေတစ်ခုယူ၍ ဂါထာမန္တရားများကို ပလွေဖြင့် အသံသွင်းမှုတ်လျက် ကြွက်များရှိရာသွား၏။ ကြွက်တို့သည် ကြားရာအရပ်မှ ပလွေဆရာ၏နောက်သို့ အစဉ်တစိုက်လိုက်၏။

ပုလွေဆရာသည် ဧရာဝတီမြစ်၏ကမ်းပါးဇောက်ဂုစ်ခုထိပ်တွင် ရပ်ရင်း ပုလွေကိုဆက်မှုတ်၏။ နောက်ကလိုက်လာသောကြွက်အုပ်ကြီးသည် စလေအညာ ပလွေဆရာရပ်လိုက်သည်ကို မသိဘဲဆက်သွားကြရာ ကမ်းပါးဇောက်မှ မြစ်ရေထဲသို့ကျပြီး ကြွက်အားလုံးသေဆုံးကြ၏။

ကြွက်ရန်အေးသွားသော်လည်း မြို့သူမြို့သားတို့က ပလွေဆရာအား တစ်စုံတစ်ရာမျှ ပေးကမ်းခြီးမြှင့်ခြင်းမပြုကြသဖြင့် ပလွေဆရာစိတ်ဆိုးကာ မြို့ရှိလမ်းများကိုပတ်ကာ ဒုတိယအကြိမ် မန္တရားပလွေမှုတ်ပြန်၏။ ပလွေသံကြားသမျှ ကလေးတို့သည် ပလွေဆရာနောက်လိုက်ကြ၏။ မြစ်ကမ်းပါးထိပ်ရောက်သော် ပလွေဆရာကရပ်၏။ ကလေးတို့က ဆရာရပ်သည်ကိုမမြင်ဘဲ ဆက်လိုက်ကြရာ ကမ်းပါးမှကျ၍ ရေနစ်သေကြ၏ ဆိုသောပုံပြင်လေးကြားဖူးပါသည်။

ခြံ၍ဆိုရသော် ကြွက်သည် ကောင်းကျိုးမပြုသည့် တိရစ္ဆာန်ဖြစ်၏။ အိမ်အနီးဝန်းကျင်၌ စားကြွင်းစားကျန်များစွန့်ပစ်ပါက မြေကြွက်ကြီးများ၊ ကြွက်ကတိုးခေါ် ကြွက်စုတ်များလာစား၏။ တစ်ခါတစ်ရံစွန့်ပစ်သော်အကြောင်းမဟုတ်။ မကြာခဏစွန့်ပစ်သော် လာစားရုံမကတော့ဘဲ အခြေချ၍ တွင်းပါဖောက်တော့၏။

မြေကြွက်ကြီးများ တွင်းဖောက်၍ အခြေချပြီဆိုလျှင် နှိမ်နင်းရန်မလွယ်တော့ချေ။ ကြွက်နေတော့ မြွေလည်းလာပြန်၏။ ကြွက်စားရန်လာခြင်းဖြစ်၏။ မြွေနှင့်မြေကြွက်ကြီး၏ နပန်းပွဲကို ကျွန်တော့်အိမ်တွင် တွေ့ဖူး၏။ မြွေက မြွေဟောက်ကြီးဖြစ်၏။ စာများမည်စိုး၍ အကျယ်မရေးတော့ပြီ။ ကြွက်ရော မြွေပါ လုံးကို ကောင်းကျိုးမပြုချေ။ တစ်နေ့ ကြွက်လာခြောင်းသည့် မြွေဟောက်ကျွန်တော့်ကိုပေါက်၍ သယ်နှံးကျွန်းစံပြဆေးရုံရောက်ခဲ့ရ၏။

မြေကြွက်ကြီးများ တွင်းဖောက်အခြေချ၍ နှိမ်နင်းရခက်လျှင် ကြွက်စုတ်ခေါ် ကြွက်ကတိုးအသေကောင်ရအောင်ရှာပါ။ ရလာသောကြွက်ကတိုးအကောင်ကို မြေကြွက်ကြီးများဖောက်ထားသောတွင်းထဲထိုးသွင်း၍ အဝမှပိတ်လိုက်ပါ။ ကြွက်ကတိုးအသေကောင်ပုပ်သောအနံ့ကို မြေကြွက်ကြီးများမခံနိုင်သဖြင့် သားသမီးရှိကကိုက်ခဲ၍ ဝေးရာသို့ ထွက်ပြေးပါတော့သည်။ နောင်မည်သည့်အခါမျှ ထိုနေရာသို့ပြန်မလာတော့ပါ။

ကျွန်တော်၏ခြံထဲတွင် မြေကြွက်ကြီးများ ဤသို့ဖြင့် ကင်းရှင်းသွားသည်မှာ ဆယ်နှစ်ကျော်ခဲ့ပါပြီ။ စားကြွင်းစားကျန်များ အိမ်နီးဝန်းကျင်တွင်မပစ်ရန်လည်း အရေးကြီးပါသည်။ ကိုယ်တွေ့နည်းကိုတင်ပြခြင်းဖြစ်ပါသည်။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

မိုးလေဝသ ဆိုသော စေါ်ဟာရကို မြန်မာစာအဘိဓာန်ထဲ၌ အပူရှိန်၊ လေ၏စိုထိုင်းဆ၊ လေ၏ဖိနှိပ်မှု၊ လေတိုက်နှုန်း၊ မိုးရွာမှု၊ တိမ်၊ ဆီးနှင်း၊ ရေတက်၊ ရေကျ၊ မြေလျှင် အစရှိသော သဘာဝအခြေအနေအရပ်ရပ်ဟုဖွင့်ဆိုထားသည်။ ရာသီဥတုကို လေမိုးဓာတ်သဘာဝနှင့်ယင်းတို့နှင့်ဆက်နွယ်နေသော အခြေအနေသဘောသဘာဝဟုအနက်ပေးထားသည်။ ဤနေရာမှာ မိုးလေဝသသည် ရာသီဥတု၏ အစိတ်အပိုင်းတစ်ရပ်ဟု ဆိုရမည်ထင်သည်။

တစ်ခါ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသည် အပူပိုင်းဇုန်နယ်ဒေသတွင် ကျရောက်နေသဖြင့် ပူအိုက်စွတ်စိုသောရာသီဥတုနှင့် နှစ်ပါးသွားနေရသည်ဖြစ်ရကား မြန်မာနိုင်ငံ၏ ရာသီဥတုသည် ပူအိုက်သော နွေဥတုရာသီ၊ စိုစွတ်သောမိုးဥတုရာသီ၊ အေးမြသော ဆောင်းဥတုရာသီ ဟူ၍ ဥတုသုံးလီရာသီသုံးပါးဖြစ်ရပါတော့သည်။

မြန်မာနိုင်ငံအဖို့ သို့ကလို ဥတုသုံးလီ၊ ရာသီသုံးပါးရှိပင်ရှိငြားသော်လည်း မိုးရွာသွန်းမှုသည်သာ အဓိကဟုတ်ဆောင် ထီးချက်ခရိုင်ဖြစ်နေရသည် ဆို၏။ ဤမိုးရွာသွန်းမှုကြောင့်ဖြစ်ပေါ်လာသော မိုးကြိုးမှု၊ မိုးကောင်းမှု၊ မိုးနည်းမှု၊ မိုးခေါင်မှုတို့သည် တခြားသော ရာသီဥတုသဘာဝအခြေအနေများကို (၀၂) မိုးလေဝသသဘောသဘာဝများကို တုံ့လှယ်သက်ရောက်မှုရှိခြင်းအားဖြင့် တစ်နှစ်တာလုံး ရာသီဥတုကောင်းမွန်မှု၊ ဆိုးဝါးမှု (၀၂) မိုးလေဝသကောင်းမွန်မှုတို့ကို ဖြစ်ထွန်းစေသည်ဟုယူကြသည်။

သို့ဖြစ်သောကြောင့် ရှေးမြန်မာကြီးတို့သည် မြန်မာပြည်၏ (၁၂) လ၊ (၁၂) နာရီ၌ ရွာသွန်းနေကျမိုးများကို စနစ်တကျ မှတ်တမ်းပြုခဲ့ကြဟန်တူသည်။ ထိုများအထဲမှ တစ်ခုကို ဥဒဟရဏ်ထုတ်ပြရသော် မုံရွေးဆရာတော်မှတ်စုထဲ၌ -

၁။ တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုးသကြိန်မိုး၊
၂။ ကဆုန်လတွင်း၊ မြေသင်းပျဉ်ပျံ့၊ မိုးနှုန်း၊
၃။ နယုန်မိုးသေး၊ မြက်သားမွေး၊
၄။ ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး၊

www.burmeseclassic.com

www.burmeseclassic.com

၅။ ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း။

၆။ တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ မိုးမစဲ။

၇။ သီတင်းကျွတ်တွင်း၊ ပလွင်ဆင်းမိုး၊ ရွာသွန်းဖြိုး။

၈။ တန်ဆောင်မုန်းတွင်၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်၊

၉။ နတ်တော်ရောက်ငြိုး၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်၊

၁၀။ ပြာသိုချမ်းပျင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်၊

၁၁။ တပို့တွဲ နွဲ၍ ရွာခြင်း၊ သန်မိုးကြွင်း။

၁၂။ တပေါင်းလည်းကူး၊ မိုးသဲကြူး။

ဟူ၍ ဖော်ပြထားသည်ပင် ဖြစ်၏။ တချို့က ဤမိုးလက်သည် အညာဒေသကို ရည်ညွှန်းသည်ဖြစ်၍ မိုးများသောဒေသတို့နှင့် သဟဇာတသိပ်မကျလှဟု ဆိုချင်ကြသည်။ သို့ဖြစ်သည်တိုင် မြန်မာပြည်အတွက် အလေးအနက်ထားရမည့် မိုးဆိုင်ရာညွှန်းဆိုချက်တစ်ရပ်ဆိုသည်ကိုတော့ ငြင်းကွယ်၍ ရနိုင်မည် မထင်ပါ။

နောက်မြန်မာပြည်အဝန်းနှင့်ကြည့်လျှင်တော့ မိုးကြီးခြင်း၊ မိုးများခြင်း၊ မိုးကောင်းခြင်း၊ မိုးမှန်ခြင်း၊ မိုးနည်းခြင်း၊ မိုးခေါင်ခြင်းတို့သည် သူနေရာနှင့်သူ၊ သူ့အခါနှင့်သူ ရှိနေသည်ကတော့ အမှန်ပင်။ ဤနေရာမှာ ပြောချင်စရာတစ်ခုကတော့ ရွေးမြန်မာကြီးတို့သည် ရွေးဘိုးစဉ်ဘောင်ဆက်အတွေ့အကြုံကို အခြေခံလျက် မိုးကြီးမှု၊ မိုးများမှုကို အမျိုးအစားခွဲခြားပြသခြင်းကိုပင် ဖြစ်၏။ ယင်းတို့မှာ မိုးကြီးလေကြီး၊ မိုးသက်လေခြင်း၊ မိုးကြီးရက်ရှည်၊ မိုးကြီးပုဆိန်၊ ပျဉ်ထောင်မိုး၊ ရှောက်ရွာမိုးစသည်တို့ ဖြစ်ကြပေသည်။

မိုးကြီးလေကြီးဟူသည် လေအဟုန်နှင့်ရောလျက် ရေများများပါစွာဖြင့်သဲသဲမဲမဲရွာချသောမိုးကိုခေါ်သည်။ မိုးသက်လေပြင်းဆိုသည်မှာ ပြင်းထန်စွာတိုက်ခတ်သော လေကြမ်းနှင့်အတူ ရေလုံးကြီးကြီးဖြင့် ခက်ခက်ထန်ထန်ရွာချသောမိုးဖြစ်သည်။ ရံဖန်ရံခါ၌ သာမန်လေပြင်းလေကြမ်းမဟုတ်တော့ဘဲ လေမုန်တိုင်းအသွင်ပြောင်းလဲသွားသဖြင့် မိုးသက်မုန်တိုင်းဟုခေါ်ဆိုရသောအဆင့်သို့ရောက်ရှိသွားရတော့သည်။

တစ်ခါစာစ်ခါ၌ မိုးကြီးရွာချသောအခါတွင် ရေလုံးရေပေါက်ကြီးဖြင့် ရေများများပါသည့်အပြင် လေတိုက်ခတ်မှုလည်းပါလာတတ်သည်။ ထိုမိုးရွာသွန်းမှုသည် တစ်နာရီနှင့်လည်းမပြီး၊ နှစ်နာရီနှင့်လည်းမပြီး၊ တစ်နေ့နှင့်လည်းမပြီး တစ်ညနှင့်လည်းမပြီး၊ တစ်ရက်၊ နှစ်ရက်နှင့်လည်းမပြီး၊ သုံး၊ လေး၊ ငါးရက်၊ တစ်ပတ်၊ ဆယ်ရက် စသည်ဖြင့် မရပ်မနားဆက်တိုက်ရွာနေတတ်သည်။ တစ်ခါတစ်ရံ တစ်စိတ်အိုရွာနေတတ်သည်။ ရံဖန်ရံခါ တဝုန်းဝုန်းတဒိုင်းဒိုင်းရွာတတ်သည်။ ဤသို့ မိုးကြီးရွာသွန်းခြင်းမျိုးကို မိုးကြီးရက်ရှည်ရွာသွန်းခြင်းဟုခေါ်သည်။

ပြီး - တခြားမိုးကြီးတစ်မျိုးမှာ ရေလုံးရေပေါက်ကလည်းကြီးကြီး၊ ရေပါဝင်မှုကလည်း အများအပြား၊ လေပါဝင်တိုက်ခိုက်မှုကလည်း အရှိန်အဟုန်ပြင်းပြင်းထန်ထန်၊ မိုးရွာချအားကလည်း ခက်ခက်ထန်ထန်ဆိုတော့ ထိုမိုးရွာချပုံက ပုဆိန်ဖြင့် တအားကြီးအဆက်မပြတ် တရစပ်ခုတ်ဖြတ်ခဲ့ခြင်းနေသည့်နှင့်တူလှပေသည်။ ထိုမိုးရွာနေပုံက ကျားနှင့်ဆင် ရန်ဖြစ်တိုက်ခိုက်နေပုံနှင့်တူလှပေသည်။ ဤသို့မိုးကြီးရွာချခြင်းကို မိုးကြီးပုဆိန်ရွာသွန်းသည်ဟု သမုတ်ကြသည် ဟူ၏။

ပျဉ်ထောင်မိုးဆိုသည်မှာ တခြားမဟုတ်။ အလွန်အမင်းသည်းထန်စွာ ရွာသွန်းသဖြင့် ပျဉ်ထောင်ထရံပေါ်မှ ရေများ ဒလဟောကျဆင်းလာသည့်နှယ် မိုးရေများကျရောက်ပြီး မြောင်းငယ်၊ ချောင်းငယ်၊ မြစ်ငယ်များ၌ ရေများပြည့်လျှံ ရေစီးသန်သွားအောင် ရွာချသောမိုးကိုခေါ်ဝေါ်ခြင်း ဖြစ်သည်။ ၁၄ ရာစုခေတ်က ပြည်ဘုရင် မျက်နှာရှည်မင်းသည် သူ၏ ကာချင်းတစ်ပုဒ်ထဲတွင် ဤပျဉ်ထောင်မိုးကို တင်စားထည့်ဖွဲ့ထားသည်ကို တွေ့ရှိရပေသည်။

နောက် ယခုဖော်ပြမည့် ရှောက်ရွာမိုးက ထူးခြားလှပေသည်။ ရှောက်ရွာမိုးက မိုးရေသက်သက်ကို ရွာချသောမိုးမဟုတ်ဘဲ မိုးသီးမိုးခဲကိုပါ ရောယှက်ရွာရာ၌ပါလာသော မိုးသီးမိုးခဲတို့သည် စပါးစေ့၊ ပဲစေ့အရွယ်မှအစ ဆီးသီးအရွယ်၊ ဖန်ခါးသီးအရွယ်၊ အလယ်လိမ္မော်သီး၊ ရှောက်သီးအရွယ်ထိ ပါလာတတ်သဖြင့် လူသူ၊ တိရစ္ဆာန်၊ စိုက်ခင်းမျိုးခင်း အိမ်ခြေအဆောက်အအုံ စသည်တို့အနည်းနှင့်အများ ထိခိုက်ပျက်စီးတတ်သည်ဆို၏။

မှတ်သားစရာတစ်ခုက ထိုမိုးမှာ ရှောက်သီးအရွယ် မိုးသီးမိုးခဲများပါလာသောကြောင့် ရှောက်ရွာမိုးဟု ခေါ်ဝေါ်သည်မဟုတ်ဟု ဆို၏။ ရှောက်ဝေါဟာရသည် မြန်မာပေါရာဏ စကားလုံး (ရေးခေတ်သုံးမြန်မာ့စကားလုံး) ဟု ဆို၏။ ထိုရှောက်၏ အနက်အဓိပ္ပာယ်မှာ ထိဖါးထိခိုက်၍ ပျက်စီးရသည့်သဘောဟု ဖွင့်ဆိုကြသည်။

တိုက်ဆိုင်မှုတစ်ခုက တိဗက်ဝေါဟာရတစ်ခုဖြစ်သော ရှောက်ဟူသော ဝေါဟာရသည် ဖျက်ဆီး၊ ထိပါး၊ ချိုးဖျက်၊ ထိခိုက်၊ ခွဲဖျက်ဟူ၍ အနက်အဓိပ္ပာယ်မျိုးရှိနေသည်ပင်ဖြစ်၏။ မှတ်သားစရာနောက်တစ်ခုမှာ ကေတုမတီ တောင်ငူပြည်ရှင် တပင်ရွှေထီးမင်းမွေးဖွားစဉ်ကာလတွင် ရှောက်ရွာမိုးရွာသွန်းခဲ့ဖူးသည်ဆို၏။

ဤသည်နှင့် ဆက်စပ်ထည့်သွင်းပြောစရာတစ်ခုရှိလာခဲ့သည်။ ယင်းမှာ တခြားမဟုတ်။ ကျီးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်းတွင် ဖော်ပြသောမိုးသီးကျသည်၊ တျက်တျက်မည်၊ ရေကြည်ဘယ်ကြောင့်ခဲသနည်း။ ဟူသည့် အမေးပုစ္ဆာ၏အဖြေကိုပင် ဖြစ်၏။ ထိုအဖြေမှာ ကမ္ဘာမြေပြင်ရေပြင်မှ အထက်မိုးကောင်းကင်သို့ တက်ရောက်လာသော အခိုးအငွေ့တချို့တို့သည် ဝေရမ္ဘလေခေါ်သော အာကာသလေအဟုန်နှင့်တွေ့သဖြင့် အထက်သို့ ဆက်လက်မတတ်နိုင်သလို အောက်မှ လွှင့်တက်ပင့်မ,လာသောလေအဟုန်ကြောင့်လည်း အောက်သို့ ပြန်မဆင်းနိုင်တော့ဘဲ တဝဲလည်လည်ဖြင့် ထိုအခိုးအမှုန်များသည် မှေးယှက်ရစ်သန်းတည်ဖွဲ့လျက်ရေပေါက်ရေခဲများဖြစ်လာခဲ့သည်။ ထိုရေပေါက်ရေခဲတို့သည် သူရိယနေမင်းမှ ထုတ်လွှတ်သော တေဇောခတ်များကြောင့် တိုက်ခိုက်သော လေအရှိန်အဟုန်ကြောင့် (၀၆) အဆိုပါနေရှိန်၊ လေရှိန်တို့ကြောင့် မာကျောခဲကျစ်သွားကာ အာကာသရတနာတစ်မျိုး ဖြစ်သည်။ (တိမ်လွှာတိမ်တိုက်မှဖြစ်သည့်) ဝေလာဟကပုလဲ (၀၆) ဥဿဖရားရတနာတစ်မျိုးဖြစ်သွားသည် ဟူ၏။

ထိုရတနာတို့ကို နတ်ဒေဝတာတို့ ကသိမ်းဆည်းသွားကြသည်ဖြစ်၏။ ထိုမှကြွင်းသော ရေပေါက်ရေခဲ (အစိုင်အခဲ)တို့သည် အမျှဝရနတ်က သွန်းလောင်းသော ရေနှင့်ထိတွေ့လျှင် ကွဲကြေပြိုပြေပြင်သို့ ကျသက်လာရသည် ဟူ၏။ ၎င်းတို့ကို မဂဓာသာဖြင့် ဃနဝဿ၊ ကာရကဝဿဟု ခေါ်ဆိုကြသည်။ မြန်မာဘာသာဖြင့်ဆိုလျှင် မိုးသီးမိုးခဲ)

www.burmeseclassic.com

www.burmeseclassic.com

ဟုခေါ်သည်။ တစ်နည်းဆိုရလျှင် ရေကြည်ရေခဲပင် ဖြစ်သည်။ သို့ဆိုလျှင် ရှောက်ရွာမိုးမှာပါသော မိုးသီးမိုးခဲတို့သည် ယခုဆိုနေသော မိုးသီးမိုးခဲများ ဖြစ်နိုင်ဖွယ်ရှိသည်။

ဤတွင် အထက်က ဆိုခဲ့သမျှတို့နှင့် နီးနွယ်လျက် ပြောဆိုချင်စရာတစ်ခုပေါ် ပေါက်လာသည်။ ၎င်းမှာ ဝလဟက သံယုတ်လာ မိုးရွာသွန်းစေကြောင်း (၈) ပါးပင် ဖြစ်၏။ ယင်းတို့ကို တစ်ခုချင်း ဖော်ပြရသော် -

၁။ နဂါးတို့အာနုဘော်ကြောင့် ရွာသွန်းသောမိုး၊
၂။ ဂဠုန်တို့အာနုဘော်ကြောင့် ရွာသွန်းသောမိုး၊
၃။ နတ်တို့အာနုဘော်ကြောင့် ရွာသွန်းသောမိုး၊
၄။ သစ္စာစကားကြောင့် ရွာသွန်းသောမိုး၊
၅။ ဥတုအစွမ်းကြောင့် ရွာသွန်းသောမိုး၊
၆။ မာရ်နတ်လှည့်ပတ်သောကြောင့်ရွာသွန်းသောမိုး၊
၇။ တန်ခိုးရှိသူတို့အစွမ်းကြောင့် ရွာသွန်းသောမိုး၊
၈။ ကမ္မာပျက်လိုသောကြောင့် ရွာသွန်းသောမိုးတို့ ဖြစ်ကြပါသည်။

တစ်ခါ ဧကနိပါတ် မဋ္ဌဇာတ် အဋ္ဌကထာ၌ သိကြားမင်း၏အမိန့်ပေးမှုကြောင့် မိုးနတ်သားက မိုးကြိုးစွာရွာသွန်းစေခဲ့သလို ဒီပါဝင် သီဟိုဠ်ဝင်ထဲမှာလည်း သီရိလင်္ကာကျွန်း (သီဟိုဠ်ကျွန်း) တာလတုဠ္ဍကအရပ်မှ ရဟန်းတစ်ပါးမိန့်ဆိုမှုကြောင့် မိုးနတ်သားက မိုးရွာပြခဲ့သည် ဆို၏။ ထို့ပြင် ဝါလဟကသံယုတ်ထဲ၌-

၁။ သီလဝလာဟကနတ် (အအေးဥတုနတ်)
၂။ ဥဏှဝလဟာကနတ် (အပူဥတုနတ်)
၃။ အမ္ဗလဝလာဟနတ် (မိုးတိမ်နတ်)
၄။ ဝါတဝလာဟကနတ် (လေနတ်)
၅။ ဝဿဝလာဟက(မိုးရွာနတ်)

စသဖြင့် မိုးနှင့်သက်ဆိုင်သော နတ်များရှိသည်ဟု ဆိုထားသည်ပင် ဖြစ်၏။

သီတဝလာဟနတ်ကမိုးရွာစေရန် အတွက် အအေးဓာတ်ဖန်ဆောင်ပေးရသည်ဟူ၏။ ဥဏှဝလဟာကနတ်က မိုးရွာစေရန်အတွက် အပူဓာတ်ဖန်တီးပေးရသည်ဆို၏။ အမ္ဗဝလဟာကနတ်က မိုးရွာစေရန်အတွက် မိုးတိမ်များကို ဖြစ်ပေါ် စေရသည်ဖြစ်၏။ ဝါတဝလဟာကနတ်က မိုးရွာစေရန်အတွက် လေများ တိုက်ခိုက်ပေးရသည် ဟူ၏။ ဝဿဝသဟက ထိုအကြောင်းများဆုံလျှင် မိုးရွာချပေးရသည်ဆို၏။

နောက်ပြောစရာတစ်ခုက အပူ၊ အအေးပုံမှန်၊ လေတိုက်ခတ်မှုပုံမှန်၊ မိုးတိမ်ဖြစ်ထွန်းမှုပုံမှန်၊ မိုးရွာသွန်းမှုပုံမှန် ဆိုလျှင် ဥဟု၏အစွမ်းသက်သက်၊ ဥတု၏ပယောဂသက်သက်ဖြစ်သော် ဥတုမိုးပင် ဖြစ်သည်။ အပူ-အအေးလွန်ကဲခြင်း လျော့ပျက်ခြင်း၊ လေတိုက်ခတ်မှုလွန်ကဲခြင်း လျော့ပျက်ခြင်း၊ တိမ်ဖြစ်ထွန်းမှုလွန်ကဲခြင်း လျော့ပျက်ခြင်း၊ မိုးရွာသွန်းမှုလွန်ကဲခြင်း လျော့ပျက်ခြင်းသည် နတ်တို့၏အစွမ်း၊ နတ်တို့၏ ပယောဂကြောင့်ဖြစ်သောနတ်မိုးဟု သမုတ်ကြသည်ဆို၏။

ဤနေရာမှာ နွယ်ယှက်ပြောဆိုလျှင် ပိုမိုပီပြင်ကြွရွသွားစေနိုင်သည့် အကြောင်းအရာတစ်ခုကတော့ ကောသလမင်းကြီး အိပ်မက် (၁၆) ချက်လာ အိပ်မက်အမှတ် (၁) နှင့် အမှတ် (၁၀) တို့ပင် ဖြစ်၏။ ကောသလမင်းကြီး၏ အိပ်မက်အမှတ် (၁) မှာ-

နွားနက်လေးခု၊ ဝွေမှုဟန်ပြင်၊
မဝွေကြဘဲ ရှောင်လွှဲသည်ပင်။
အရှေ့၊ အနောက်၊ တောင်မြောက် မိုးဆင်။
ခြိမ့်သံပေး၊ မိုးဝေးလွှင့်ပျောက်ဝင်။
ဟူ၍ ဖြစ်၏။

ထိုအိပ်မက်ထဲတွင် နက်မည်းသော နွားထီးကြီးလေးကောင်သည် တစ်ကောင်လျှင် အရပ်တစ်မျက်နှာစီကို ကွင်းပြင်ထဲသို့ ဝင်ရောက်လာကြပြီး မိုးကုန်ယမ်းကုန်တိုက်ခတ်တော့မယောင် တွန့်သံပေး၊ ခွာသံပေးလျက် အစွမ်းကုန် ဟန်ရေးပြနေကြပြီးမှ [illegible] ထွက်ခွာသွားကြသည်ကို မြင်ယောင်သည် ဟူ၏။

ထိုအိပ်မက်၏အဖြေမှာ [illegible] လေးမျက်နှာမှ မိုးကြိုးသံ မိုးကြိုးသံ တည်ည် လျှပ်စီးလျှပ်ရောင်တောက်ခေါ်နှင့် တကောင်းကင်လုံးကို ညီညောင်သော မိုးတိမ်မိုးသားလိုမ်တက်ဖြန့်ကြက်လာပြီး မိုးကြိုးရွာတော့မယောင်ပြုပြီးမှ ထိုမိုး တိမ်မိုးသားများ တစ်စတစ်စတွင်ပျောက်သွားကာ မိုးတစ်ပေါက်မှမရွာဘဲဖြစ်သွားရသည် ဖြစ်၏။

သို့လိုပင် ကောသလမင်းကြီး၏ အိပ်မက်အမှတ်စဉ် (၁၀) မှာမူ -

တစ်အိုးတည်းချက်၊ အကျက်မညီ
ထမင်းမာဆတ်၊ ပျော့နပ်သုံးလေ၊
မင်းနှင့်လူများ၊ တရားမညီ၊
မိုးသုံးပါးကွက်ကြားရွာချသည်။
ဟူ၏။

ထိုအိပ်မက်၏အလိုမှာ အိုးကြီးတစ်အိုးနှင့် ချက်နပ်ထားသော ထမင်းများသည်က မာဆတ်ကျက်နပ်သည်ကဲ့ကျက်နပ်၊ ပျော့ညံ့သည်က ပျော့ညံ့ စသဖြင့် သုံးမျိုးသုံးစားဖြစ်နေသည်ဟူ၏။

၎င်း၏အဖြေမှာ တစ်ဒေသချင်း တစ်နယ်ချင်းဖြစ်ပေမယ့် တစ်တိုင်းတစ်ပြည်ခြင်းဖြစ်ပေမယ့် မိုးကြိုးမိုးများသည့်နေရာက မိုးကြိုးမိုးများ၊ မိုးကောင်းမိုးမှန်သည့်နေရာက မိုးမှန်၊ မိုးကောင်းမိုးနည်းမိုးခေါင်သည့်နေရာက မိုးနည်းမိုးခေါင်ဖြစ်နေသည်ဆို၏။ တချို့က မိုးဦး၊ မိုးလယ်၊ မိုးနှောင်းတို့ မညီမညွတ်ဖြစ်သည်ကို ရည်ညွှန်းသည်ဆို၏။ မည်သို့ပင်ဆိုစေ သိကလို မိုးရွာပုံမညီမညွတ်ဖြစ်ရခြင်းသည်၊ ထိုသို့ဖြစ်ရခြင်းသည် မင်းနှင့်ပြည်သူတို့ မိမိတို့စောင့်ထိန်းရမည့်တရားကို မစောင့်ထိန်းသောကြောင့် ဖြစ်ရသည်ဟု အဖြေပေးထားသည်ကို တွေ့ရသည်။

ဤနေရာမှာ ကောသလမင်းကြီး၏အိပ်မက် (၁၆) ပါးလာ အိပ်မက် (၁) နှင့် အိပ်မက် (၁၀) တို့ကို ခြုံငုံ၍ သုံးသပ်ရလျှင် မင်းနှင့်ပြည်သူတို့ တရားမစောင့်ကြသောကြောင့် မိုးမရွာမှု၊ မညီမညွတ် မိုးရွာမှုများဖြစ်ရသည်ကို ရည်ညွှန်းသည်ဟု ကောက်ချက်ချရမည် ထင်ပါသည်။ ဤကား မိုးလေဝသမမှန်ဘုန်မြတ်တို့ပင် ဖြစ်သည်။

တစ်ခါ ဆက်နွယ်ပေးနောက်

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျောက်ကျောပိုး အသုတာညောင်ရေကိုးကွဲနှင့် မွေးရာပါသားကျွဲနာ

မွေးကတည်းက အဖုအကျိတ် အနာပါလာခြင်းကို ကျွန်တော်တို့ နေပြည်တော်ဝန်းကျင်မှာ သတ္ဂွန်းနာလို့ အများက ခေါ်ကြပါတယ်။ အမှန်တော့ သားကျွဲနာပါ။ အသားကျွဲထွက်ပြီး ပြင်ပမှာ အဖုအကျိတ်ထွက်နေခြင်းကြောင့် သားကျွဲနာကို အလွယ် သတ္ဂွန်းနာလို့ ခေါ်ကြခြင်း ဖြစ်ပါတယ်။

အိမ်နားမှာ ကျွန်တော်နဲ့မိသားစု လိုနေကြတဲ့ ကိုတင်သန်း၊ မစိုးစိုးတို့ရှိပါတယ်။ ခုမှရှိလှ သူတို့ဟာ (၄၀) ကျော်စပဲရှိကြဦးမှာပါ။ ဒါပေမယ့် သူတို့မှာ မေစပယ်စိုး၊ ဆွေနွယ်မိုး၊ ဝေချယ်ဖြိုး၊ သူရအောင်၊ မေဇင်မွေး၊ အောင်ပြည့်စုံ၊ ရွှက်နုထွေး၊ ညီညီထွေး ဆိုပြီးတော့ကာ ကလေး (၈) ယောက် ငုံတီးလို့ရအောင် မွေးထားခြင်းပါ။ ကလေးတွေအလာစိပ်လွန်းတာကြောင့် သိပ္ပံနည်းကျ တံခါးပိတ်ထားလို့သာ တော်ပါတော့တယ်။ နို့မို့ရင် တယ်မချောင်လှပါဘူး။

အောင်ပြည့်စုံမွေးတော့ ခေါင်းမှာ အဖုကြီးပါလာပါတယ်။ အဲဒီသားကျွဲနာကို လူရိုးသွေးလိမ်းတော့ ပျောက်သွားခဲ့ပါတယ်။ အဲဒါကို ဆောင်းပါးတင်ထားခဲ့ပြီးပါပြီ။ ရွှက်နုထွေးမွေးတော့လည်း နဖူးရဲ့ ဘယ်ဘက်အစွန် မျက်ခုံးထောင့်မှာ အဖုပါလာပြန်ပါတယ်။ အလွန်တော့ မကြီးပါဘူး။ သို့သော်လည်း အလှတော့ နည်းနည်းပျက်ပါတယ်။ အဖုကကြီးထွားလာခြင်းမရှိတဲ့ ပျော့စိစိအဆီအိတ် သဘောပါပဲ။

လူရိုးနဲ့သွေးလိမ်းရင် ပျောက်တယ်ဆိုတာသိပေမယ့် နေပြည်တော်ကြီးတည်လိုက်တဲ့အခါ ရွာတွေက သန့်ရှင်းတွေအကုန်ရွှေ့ပြီး ဖိုးစောင့်

စရာတစ်ခုက တိကနိုပါတ်တော်လာ ဂါမဏိစန္ဒဇာတ်၊ စတုက္ကနိပါတ်တော်လာ ရာဇဝါဒေါဇာတ်၊ ဂရုမဓုဇာတ်၊ စတ္တာလီသနိပါတ်တော်လာ တေသကုဏဇာတ်တော်များက ဆိုထားကြသည့် မင်းနှင့်ပြည်သူတို့တရားစောင့်ကြလျှင် ရာသီဥတုနှင့် မိုးလေဝသမှန်ကန်ကြ၏။ မင်းနှင့်ပြည်သူတို့ တရားမစောင့်ကြလျှင် ရာသီဥတုနှင့် မိုးလေဝသဖောက်ပြန်ကြသည်မှာခြင်းကိုပင် ဖြစ်၏။

ဤသည်တို့ကို ဝိုမိုအထောက်အပံ့ပေးနေသော နောက်ဇာတ်တော်တစ်ခု ရှိသေးသည်။ ယင်းမှာ စတုက္ကနိပါတ်တော်လာ အဓမ္မိကဇာတ်တော်ပင် ဖြစ်၏။ ထိုအဓမ္မိကဇာတ်တော်အလိုအရ လူသားတို့ မိမိတို့စောင့်ထိန်းရမည့် တရားတို့ကို မစောင့်ထိန်းကြတော့လျှင် လူသားတို့အနီးပတ်ဝန်းကျင်တွင်နေထိုင်ကြသော ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး အစရှိသော စတုမဟာရာဇ်နတ်တို့က စိတ်ပျက်စိတ်ရွှဲရသည်။ထိုမှအဆင့်ဆင့် အထက်နတ်များဆီသို့ တက်ရောက်ပုံနှုန်ရိုက်ခတ်သွားသောအခါတွင် မလိုလားအပ်သောပြဿနာတို့ ပေါ် ပေါက်လာရတော့သည်။

ထင်ရှားရာကောက်ပြောရလျှင် ထိုသို့သော်အကြောင်းကြောင့် နေနတ်သား၊ လနတ်သား၊ ဂြိဟ်နတ်သား၊ နက္ခတ်နတ်သား၊ တာရာနတ်သားတို့ စိတ်ရွှဲစိတ်ပျက်ရသောကြောင့် နေ၊ လ၊ ဂြိဟ်၊ နက္ခတ်တာရာတို့အသွားအလာ၊ အနိမ့်အမြင့်မမှန်မကန်ဖောက်ပြန်လေသောအခါတွင် မိုးနတ်သား၊ လေနတ်သား၊ တိမ်နတ်သား၊ အပူနတ်သား၊ အအေးနတ်သားတို့ စိတ်ပျက်စိတ်ရွှဲလေသောကြောင့်ရာသီဥတုလွန်ကဲခြင်း၊ ဆုတ်ယုတ်ခြင်းများကြောင့် မိုးလေဝသသည်လည်း ပုံမှန်မဟုတ် ဆုတ်ယုတ်ခြင်း၊ လွန်ကဲခြင်းဖြစ်တတ်သည်ဟု ဆိုထားသည် ဖြစ်၏။

ဤနေရာမှာ အဆိုပါတို့နှင့်နီးနွယ်လျက် မေးစရာ၊ တွေးစရာတစ်ခုဖြစ်လာတော့သည်။ ယင်းမှာ ယခု ၂၀၁၅ ခုနှစ် မိုးရာသီမှာ တိုင်းပြည်တစ်ဝန်းတွင်မိုးကြီးတရားလွန်ရွာသွန်းမှု၊ မြစ်ရေချောင်းရေ အလုံးအရင်းနှင့် ထိုးဆင်းမှု၊ မြစ်ရေချောင်းရေ ဝရွဲနိုးသုန်းကားရေကြီးဖုံးလွှမ်းပြည့်လျှံမှု၊ အဆယ်အတားမရ တောင်ပြိုမှု၊ မြေပြိုမှုတို့သည် ဇယ်ဆက်သလို ဆက်တိုက်လိုလိုဖြစ်ပွားခဲ့သည်ကို ကျွန်ုပ်၊ သတင်းစာ၊ တီဗွီ၊ ရေဒီယို တို့မှာ မမြင်ချင်အဆုံး၊ မကြားချင်အဆုံး ဖြစ်ခဲ့ရသည်မဟုတ်ပါလော။ ဤသည်တို့သည် မိုးလေဝသဖောက်ပြန်မှု၏ သရုပ်သဏ္ဌာန်များဖြစ်နေလေသလား။ ရာသီဥတုဖောက်ပြန်မှု၏သင်္ကေတနိမိတ်ပုံများဖြစ်နေလေသလား။ ယင်းတို့၏ အရင်းအမြစ်တို့သည် အဘယ်နည်း။

တစ်ချို့က ဤသို့မှတ်ချက်ပြုကြသည်။ ဤသို့ရှုလဒ်ဆိုးဖြစ်ပေါ် ရခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် တောင်ယာမီးရှို့၊ တောခုတ်ထွင်မှု၊ သစ်ထုတ်လုပ်မှု၊ သတ္တုတူးဖော်မှု၊ တာတမံဆည်မြောင်းတည်ဆောက်မှု၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှု စသည် စသည်တို့ကြောင့် တောပျက်၊ တောင်ပျက်၊ မြစ်ပျက်၊ ချောင်းပျက်၊ မြေပြင်ပျက် စသော အပျက်သဘောဆောင်များရှိလာခဲ့၏။ ဤသို့ဖြင့် ရာသီဥတုနှင့် မိုးလေဝသသည် ရေလေမြေတောတောင်ပေါ်တွင် မှီတည်နေ၍ ရေလေမြေတောတောင်တို့သည် ရာသီဥတုနှင့် မိုးလေဝသအပေါ်တွင် တည်မှီနေသည်ဟူသောအဆိုသည် ဆောက်တည်ရာမရဖြစ်ရတော့သည်။

နောက်မေးစရာ တွေးစရာတစ်ခုက အဆိုပါ ရေလေမြေတောတောင် သစ်ပင်မြေပြင်တို့၌ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်၊ ချောင်းစောင့်နတ်၊ သစ်ပင်စောင့်နတ် စသည်တို့ အမှီသဟဲပြု၍ ရှိမနေဘူးလို့ ဆိုလို့ရနိုင်ပါ့မလား။ ထိုတောတောင် မြစ်ချောင်းသစ်ပင်တို့ မြေပြင်ပျက်ပြားသွားခဲ့လျှင် သူတို့ရဲ့ဘုံတွေဗိမာန်တွေ မပျောက်မပျက်ပဲရှိပါ့မလား။ သို့ဆိုလျှင်. . .

ဤသို့ဖြင့် မိုးလေဝသဆိုင်ရာတို့ကို မီးခိုးမဆုံးမိုးမဆုံး တွေးပြီးရင်းတွေးရင်းဖြင့် ဂန္ဓိရမ္ဘေ့ရုံမြေထဲသို့ ဝင်ရောက်သွားမှန်းမသိ ဝင်ရောက်သွားသည်ကတော့ အမှန်ပင်။

မင်းခိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

တောင်ကွင်းကြီးသုသာန်မှာ မီးသင်္ဂြိဟ်ရတဲ့ခေတ်ဆိုတော့ လူရိုးဆိုတာ မူးလို့တောင် ရှုစရာမရှိတော့တဲ့ အခြေအနေပါပဲ။ အဲဒါကြောင့် ဆေးနည်းသိသော်လည်းဆေးရှာခက်နေရတဲ့အနေအထားပါ။

လူရိုးရှာမရနိုင်တာကြောင့် အဲဒီအကျိတ်အဖုကို ခွဲဖို့ဆေးရုံကိုသွားပြတော့ အရွယ်ငယ်သေးလို့ ခွဲမပေးပါဘူး။ ရွက်နုထွေးက ခုမှ (၃) နှစ်ကျော်ကျော်ရှိသေးတာကိုး။ ကလေးတွေအားလုံးက ဖွေးဖွေးလှလှလေးတွေဆိုတော့ လူတိုင်းက ရွက်နုထွေး အလှပျက်မှာ စိုးရိမ်ကြပါတယ်။ ဆရာဝန်က (၅) နှစ်ရမှ ခွဲပေးမယ်ပြောပါတယ်။ အဲဒါကို လူတွေက စိတ်ရှည်ဟန်မတူပါဘူး။

မစိုးစိုးရဲ့ အစ်မ မချိုချိုက -

"ဟဲ့-စိုးစိုးရယ်၊ သဂျန်းနာများဘာခက်တာလိုက်လို့။ ခုခေတ် လူရိုးမရနိုင်တော့ပေမယ့် အသုဘညောင်ရေအိုးကွဲတော့ ရနိုင်ပါသေးတယ်ဟဲ့။ ညောင်ရေအိုးကွဲနဲ့ သွေးလိမ်းလည်း ပျောက်ပါတယ်ဟယ်"

လို့ ဆိုပါတယ်။

ဟုတ်တယ်လေ၊ ရှေးတုန်းကတော့ အသုဘသရဏဂုံတင်ဖို့ ဘုန်းတော်ကြီးတွေ သချိုင်းအထိကြွကြရတာ။ ရေစက်ချ၊ အမျှဝေပြီးတာနဲ့ ညောင်ရေအိုးကို ရိုက်ခွဲလိုက်ကြတာထုံးစံပါ။ အဲဒီတော့ လူရိုးယူမလား၊ ညောင်ရေအိုးကွဲယူမလား သချိုင်းမှာ ပေါ်မှပေါ်လေ။

တိုးတက်ပြောင်းလဲလာတဲ့ အခုခေတ်ကျတော့ ဘုန်းတော်ကြီးတွေကို ကွင်းကြီးသုသာန်အထိ ပင့်မသွားကြတော့ဘဲ ရွာဦးကျောင်းရှေ့ ကားလမ်းမကြီးဘေး ကုက္ကိုပင်ကြီးအောက်မှာပဲ သရဏဂုံတင်လိုက်တာပါ။ ပြီးတော့မှ အလောင်းကို ကွင်းကြီးကိုသယ်ယူသွားခြင်းပါပဲ။

ဘာလို့ ရွာထဲမှာ၊ အိမ်မှာသရဏဂုံတင်ကြသလဲဆိုတော့ ကွင်းကြီးသုသာန်ကို ကျွန်တော်တို့ အောင်ဇမ္ဗူရုပ်ကနေ (၁) နာရီတိတိမောင်းရတယ်။ ခုတင် (၁၀၀) ဆေးရုံကြီးကဆို (၁) နာရီခွဲတိတိမောင်းရတယ်။ အဲဒီတော့ အပင်ပန်းခံပြီး အဝေးကြီးပင့်မသွားတော့တဲ့အိမ်မှာ ရွာထဲမှာ သရဏဂုံတင်ကြခြင်းပါ။ ဒီတော့ ဘုန်းတော်ကြီးတွေ သက်သာရာရကြပါတယ်။ အဲဒီတော့ ရွာဦးကျောင်းရှေ့က ကုက္ကိုပင်ကြီးအောက်မှာ သရဏဂုံတင်နေကျဆိုတော့ ညောင်ရေအိုးကွဲရှိနိုင်တယ်ဆိုပြီး ကျွန်တော်က ညောင်ရေအိုးကွဲ ကောက်ခဲ့မယ့် အကြောင်း ပြောရပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်က အဲဒီလမ်းမကြီးအတိုင်း နေ့စဉ်လမ်းလျှောက်ထွက်နေလို့ပါ။

ဒါပေမယ့် လမ်းလျှောက်အပြန် ကြည့်တဲ့အခါ ဘာညောင်ရေအိုးကွဲမှ မရှိပါဘူး။ အိုးကွဲဖန်ကွဲတစ်စတောင် မတွေ့ရပါဘူး။ လူတွေ ရှေးတုန်းကဆို အမျှဝေပြီးတာနဲ့ ညောင်ရေအိုးရိုက်ခွဲနေကျပါ။ ခုခေတ်မှာ ရိုက်မခွဲတော့ဘဲ အိမ်ပြန်ယူသွားဟန်ရှိတယ်။ ဟိုတုန်းက သချိုင်းကနေ ပြန်မယူချင်လို့ရိုက်ခွဲတာ။ ခုဟာက ရွာထဲလမ်းဘေးဆိုတော့ သချိုင်းမဟုတ်ဘူးလေ။ ဒီတော့ ပြန်ယူကြတာနေမှာပါ။ ဒါနဲ့ ကတိအတိုင်း ကျွန်တော်က မတွေ့ကြောင်း အကြောင်းပြန်ရပါတယ်။

တစ်နေ့မှာ ပျဉ်းမနားမြို့ရဲ့တောင်အစွန်ဖျားမှာရှိတဲ့ မနီကျည်းပင်ကွင်းရွာက မစိုးစိုးရဲ့အစ်မ မယဉ်ယဉ်မိုးလာပါတယ်။ မြို့နယ်အစွန်အဖျားမို့ သချိုင်းမရွှေ့ရသေးတဲ့ရွာပါ။ သူက အဲဒီမှာ အိမ်ထောင်သွားကျပါတယ်။ သူတို့ ရွာသချိုင်းမရွှေ့ရသေးတာသိတော့ မစိုးစိုးက လူရိုးမှာပါတယ်။ နည်းနည်းလေးရရင် တော်ပါပြီပေါ့။ အဲဒီမှာ မယဉ်ယဉ်မိုးက -

"ညော် - စိုးစိုးရယ်။ သဂျန်းနာများ လူရိုးလိမ်းစရာတောင်မလိုပါဘူးဟယ်။ ငါကလေးတစ်ယောက်မှာလည်း သဂျန်းနာပါလာခဲ့ဖူးတယ်။ အဲဒါသချိုင်းက ညောင်ရေအိုးကွဲကောက်ပြီး သွေးလိမ်းလိုက်တာ မကြာလိုက်ဘူး၊ ပျောက်သွားခဲ့တာဟဲ့။ လူရိုးဆိုတာက အလုပ်သိပ်ရှုပ်တယ်။ အချို့သချိုင်းတွေက သူတို့ရဲ့အရိုးကို သချိုင်းပြန်ပို့မှ ကြိုက်တာ။ ဝေဒနာပျောက်တာနဲ့ အဲဒီလူရိုးကို သချိုင်းကိုပြန်ပို့ပြီး 'ဟောဒီမှာ ဆေးကုဖို့ ခဏငှားသွားတဲ့လူရိုးကို ပြန်ပို့ပေးခဲ့ပါပြီ' လို့ ပြောရသေးတယ်ဟဲ့။ မပို့ရင် မပို့မချင်း ပြန်လာတောင်းတတ်တယ်ဆိုပဲ။ ပြီးတော့ လွတ်လွတ်ကင်းကင်း ဒီတစ်ခါ ငါလာရင် သချိုင်းက ညောင်ရေအိုးကွဲပဲ ကောက်ခဲ့တော့မယ်။ မပျောက်မှာ လုံးဝမပူနဲ့။ ငါ့ဆီး လက်တွေ့ပျောက်ထားတာ"

လို့ အာမခံပါတယ်။

ကျွန်တော်ကပါ သူများအပူကိုယ့်အပူလုပ်ကာ ညောင်ရေအိုးကွဲမမေ့ဖို့ အကြိမ်ကြိမ်မှာနေမိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ပြီးတဲ့အခါ ပြည်သူကို တာဝန်ပြဖို့ပါ။ ရွက်နုထွေးမွေးပြီးစမှာ ကျွန်တော် နေပြည်တော်ကိုရောက်တော့ ဒီကလေးဟာ မျက်စိအောက်မှာ ကြီးပြင်းလာခဲ့တာပါ။ ဒီတော့ ပျောက်စေချင်ပါတယ်။

အမှန်တော့ ဒါဟာ စတီသဘောကုတဲ့နည်းတွေပါ။ မြန်မာ့နည်းမြန်မာ့ဟန် ကုသကြရာမှာ စတီသဘောနည်းလည်းတစ်နည်းပါပါတယ်။ တစ်လောက တုမလေးတစ်ယောက် ကုပ်ပိုးမှာ ပွေးတွေအတော်များများပေါက်နေတာ လာကုခိုင်းတော့ ဖျာစချိုးပြီး ကုပေးလိုက်တာ အလွယ်တကူ ယူပစ်သလို ပျောက်တာပါ။ ဘယ်ဆေးမှမတိုးတဲ့ ပွေးဟာ ဖျာနဲ့ကျတော့ မခံနိုင်ဘဲ ပွေးရဲ့မိုပိုးတွေ အကုန်မျိုးပြုတ်ကုန်တာပါပဲ။ ပွေးနဲ့ ဖျာဆိုတာ ဓာတ်တူနံတူယူပြီး နံတူသတ်တာပါ။ 'ဓာတ်တူနံတူ ဆေးဖက်ယူ နံတူသတ်ကအသေရ' လို့ဆိုထားတာမဟုတ်ပါလား။ ဒီတော့ ဘာခံနိုင်မလဲဗျာ။ ဒါလည်း စတီသဘောကုနည်းပါပဲ။

ကျွန်တော်ကတော့ ပွဲကြည့်ပရိသတ်အဖြစ် ညောင်ရေအိုးကွဲယူလာမယ့် မယဉ်ယဉ်မိုးကို စောင့်မျှော်နေမိပါတယ်။ ရွာကဝေးတော့ ကာလရှည်လျားစွာစောင့်ရဦးမယ်ထင်ပါရဲ့။ သူတို့ညီအစ်မ (၄) ယောက်က ယဉ်ယဉ်သန်း၊ ယဉ်ယဉ်ချို၊ ယဉ်ယဉ်မိုး၊ ယဉ်ယဉ်စိုးလို့ခေါ်ပေမယ့် ယဉ်ယဉ်စိုးကို ကျွန်တော်တို့က စိုးစိုးလို့ခေါ်ကြခြင်းပါ။

ယဉ်ယဉ်ညီအစ်မများအား ကျေးဇူးတင်လျက်။

ချမ်းမြေ့ကြယ်ပါစေ

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

ကြက်သားဟင်းချက်နည်း ၁၀၀

တနင်္္"

တနင်္္္္္္္္္္္္္္္္္သားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး ... ရွတ်ဖတ်။

ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံယာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းများလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကိုဈေးတက်မရိုက်ပါနှင့်။ ဗုဒ္ဓဟူးနာမည်ရှင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို အရှေ့အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရှိရန်အာခက်အခဲဖြစ်နေသူများ - 'ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္္္္္္္္္္္္္္္္္ထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမပြုတော့သည့် ဘူးခွံ၊ ပုလင်းခွံအဟောင်းအပျက်အစုတ်များကို ရှာဖွေရှင်းလင်းစွန့်ပစ်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ပစ်ခြင်း၊ အမှိုက်ကောက်ခြင်းများပြုပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီမိုးပြာ၊ ပန်းရောင်လေးများဝတ်မသွားပါနှင့်။

ကျန်းမာရေး - ကြက်ကလေးများ၊ ငှက်ကလေးများကို မကြာမကြာအစာကျွေးပါ။

ထီကံကောင်းလိုသူများ - လှည်းနှင့်လှည်ရောင်းသောထီလှည်းလေးများ အိမ်နားလာရပ်ပြီးရောင်းပါက (၄)ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

တနလ်ာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး (၃)ပတ် နေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံယာတော်အရှင်သူမြတ်များကို တန်းဆွဲမီးလှောင်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို သပြေညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

အလုပ်ရှိရန်အခက်အခဲဖြစ်နေသူများ - 'တနလ်ာ နံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ မကြာမကြာသွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စနေနံ့ပစ္စည်းအစုတ်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။

လူမှုရေးအတိုက်အခံများသူများ - ရင်ပြင်တော်၊ စောင်းတန်းတော်၊ ဇရပ်၊ ဘုန်းတော်ကြီးကျောင်းတို့တွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများပြုပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီလေးများ ဝတ်ဆင်မသွားပါနှင့်။ ခဲလေးများကိုလည်း မကြာမကြာအစာကျွေးပါ။

ကျန်းမာရေး - မျက်စိဝေဒနာရှင်များကို မျက်မှန်၊ ငွေကြေး၊ ဆေးဝါးများ တစ်နိုင်လှူပါ။

ထီကံကောင်းလိုသူများ - နေရာအနှံ့ ကားနှင့်ရောင်းသောထီသည်များနှင့်ဆုံတိုင်း (၂)ဂဏန်း၊ (၅)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

ဌေးကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပုဒ္ဓဟူးနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - တဟိ တဟိ အစချီသော ဘုရားရှိခိုးဂါထာကို ရွတ်ဖတ်ပူဇော်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ရွက်လှည်နှင့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိက်ပါ။

ကားရောင်းလိုသူများ - ကားကို ပုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

လူမှုရေးအတိုက်အခံများသူများ - သမ္မဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီး ရွတ်ပါ။ တစ်နေ့ (၁၀၈) ခေါက်ပြည့်အောင်ရွတ်ပါလေ။

နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။

ကျန်းမာရေး - ငှက်ကလေးလွှတ်ခြင်း၊ ငှက်ကလေးများကို အစာကျွေးခြင်းပြုပါ။

ထီကံကောင်းလိုသူများ - ပုဒ္ဓဟူးနံထီဆိုင်တွင် (၃၊ ၄၊ ၇) ဂဏန်းများစွာပါသော် ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းပါ။ မမျှော်လင့်ဘဲထီပေါက်တတ်ပါသည်။

ဗုဒ္ဓဟူးသားသမီးများ

ဌေးကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိက်ပါ။

ကားရောင်းလိုသူများ - ကားကို ကြာသပတေးနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ပေးခြင်းဆောင်ရွက်ပါ။

နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။

ကျန်းမာရေး - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးခြင်း၊ အစာကျွေးခြင်းပြုပါ။

ထီကံကောင်းလိုသူများ - ကားနှင့်ရောင်းသောထီသည် (သို့) တနင်္လာနံထီဆိုင်များတွင် (၂)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစမ်းနေပါသည်။

ကြာသပတေးသားသမီးများ

ဌေးကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံလေး၊ ငါးမျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဝတ္ထုဒွေလောင်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အင်္ဂါ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမလိုတော့သည့် အိတ်အဟောင်းများ၊ ဘူးခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။

နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူကို ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။ ကိုယ်ကလျှော့ပေးပါ။ ခိုစာလည်းကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး - မျက်မမြင်များ၊ ဦးနှောက်မကောင်းသောဝေဒနာရှင်များကို ဆေးဝါး၊ ငွေကြေးကူညီပါ။
ထိကဲကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာတွေ့သော ထိဆိုင်တွင် ဝင်ငွေနည်းမရွေးဘဲ ချက်ချင်းထိုး လိုက်ပါ။ ထိကဲကောင်းတတ်ပါသည်။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နှေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ရွှက်လှည်းနှင့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမပြုတော့သည့် စနေနံ့ပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - မေတ္တာသုတ်ကို နှေ့စဉ်ကြိုးဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီလေးများဝတ်မသွားပါနှင့်။ ခိုစာလည်းကျွေးပါ။
ကျန်းမာရေး - ငါး (သို့) ငှက်လေးများကို တစ်နှိုင်ဘေးမဲ့လွှတ်ပေးပါ။
ထိကဲကောင်းလိုသူများ - ထီလှည်းလေးများ အိမ်ရှေ့နားလာရပ်ပြီးရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာ ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ပျဉ်းမည်နှံ့လက်တစ်ဆုပ် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို ကြာသပတေးနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အင်္ဂါ'နံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နှေ့စဉ် ကြိုးဟ်သက်အလိုက် ရွတ်ဖတ်သရဏဂုံသုံးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြည်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများပြုခဲ့ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
ကျန်းမာရေး - နွမ်းပါးသောသက်ကြီးရွယ်အိုများကို ဆေးဝါး၊ ဓာတ်စာ၊ ငွေကြေးများ တတ်အားသရွေ့ကူညီပံ့ပိုးပါ။
ထိကဲကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာကြုံသောထိဆိုင်တွင် (၂)ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစမ်းနေပါသည်။

ယခုလတွင်-
ဗုဒ္ဓဟူးစ-တနလ်ာဝိတ်နာမည်မှည့်ထားသူများအနေနှင့် အခြားသူများထက်ပိုမိုရွတ်ဖတ်ကျင့်ကြံခြင်းဖြင့် အောင်မြင်မှုများစွာကိုရယူပါ။
ရင်ခိုင်၊ ရှားချစ်၊ လူကျော်

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

မြည်သဇိန်းကျော်

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် ပုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၅)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မြေကိစ္စများအရှုပ်အရှင်းဖြစ်တတ်ပါသည်။ အတိုက်အခံအရမ်းများနေပါက စာကလေးအစာကျွေးခြင်း၊ စာကလေးလွှတ်ခြင်းများပြုပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စကားတွေ့ဆုံတရွတ်ဖိမပြောမိအောင်ဆင်ခြင်သင့်ပါသည်။ နှလုံးသားရေးရာကိစ္စများ ချစ်သူငိုင်းငိုင်းလည်တတ်၍ သစ္စာရှိဖို့လိုပါသည်။ ပညာရေးအတွက် တော်တော်ကြိုးစားမှရပါမည်။ ပညာရေးကောင်းပါလျက်နှင့်စိတ်လေနေတတ်ပါသည်။ ထိန်းချုပ်ပါ။ ကျန်းမာရေးကောင်းနေစေရန် ပန်ကာလေအရမ်းမခံပါနှင့်။ ခန္ဓာကိုယ်အောက်ပိုင်းအေးလေ နေမကောင်းလေဖြစ်တတ်တတ်ပါသည်။ ရင်ပြည့်စာတွေရှောင်ပါ။ ဆေးခဏခဏလှူပါ။ အိမ်ထဲမှာပဲ အိပ်ရာမကြာခဏရွှေ့အိပ်ပါ။ အိမ်အပြောင်းအရွှေ့၊ အလုပ်အပြောင်းအလဲ စတာတွေကြုံရတတ်သော်လည်း အဆင်ပြေပါလိမ့်မည်။ စကားအရှုပ်အရှင်းများနားမထောင်ပါနှင့်။ ထိထိုးရန်အတွက် ပုဒ္ဓဟူးနံထိဆိုင်တွင် (၄၊ ၈၊ ၉၊ ၇) ဂဏန်းများပါအောင်ရွေးပါ။

ယခြား။ ။ မွက်စိမကောင်းသောဝေဒနာရှင်များကို ဆေး။ ဂွေ၊ အာဟာရ ထောက်ပံ့လှူဒါန်းပါ။

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃)ဂဏန်းအကျိုးမပေးပါ။ စက်ပစ္စည်းများအတွက် စိတ်ညစ်ရတတ်ပါသည်။ သူများခဏာလာထားလျှင်တောင်လက်မခံပါနှင့်။ အရှုပ်အရှင်းပါလာတတ်သည်။ အတိုက်အခံများလွန်းပါက ၂၄-ပစ္စည်းကို နေ့စဉ်(၂၄)ခေါက်ရွတ်ပါ။ စာကလေးများကို အစာကျွေးပါ။ စာကလေးနိုင်သရွေ့လွှတ်ပေးပါ။ ဆိုင်ကယ်စီးတာ ဆင်ခြင်စီးပါ။ (၃)ယောက်မစီးပါနှင့်။ အိမ်ထောင်ရေးကိစ္စများ၊ ဧည့်များလွန်းမှကြောင့် စိတ်ညစ်ပြီး အိမ်ထောင်ဖက်ထွက်သွားတတ်ပါသည်။ ဘုရားရှင်ကို ရွှေရင်အေး၊ ကျောက်ကျောဆွမ်းခဏခကပ်ပါ။ ကျန်းမာရေးလိုအပ်ပါက စိတ်ဝေဒနာရှင်များကို ဆေးလျှုပ်။ လမ်းများများလျှောက်ပေးပါ။ နံနက်စောစော အရက်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းလောင်းလှူပါ။ ပညာရေးကံများကောင်းမည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ စာအုပ်လှူပေးပါ။ ချစ်တတ်သူတွေအတွက်မျက်နှာပွင့်သောတာလဖြစ်ပါသည်။ ကိုယ်မသိဘဲ ကိုယ့်ကိုမေတ္တာရှိနေသူတွေတောင်ရှိပါသည်။ အပျော်အပါးများသူတွေ ဝန်းရံလာတတ်၍သတိထားပါ။ အပျော်မလွန်ပါစေနှင့်။ အပျော်ကြိုးတာရှောင်ပါ။ ထီထိုးရန်အတွက်ကတော့ ဗုဒ္ဓဟူးနံ၊ တနလ်ာနံ၊ ကြာသပတေးနံထီဆိုင်များတွင် ရွေးချယ်ကံစမ်းထားပါ။ (၄၊ ၈၊ ၂၊ ၉၊ ၅) ဂဏန်းတွေ အကျိုးပေးပါသည်။

ယတြာ။ ။ ဘုရားတစ်ဆူဆူသို့သွား၍ အင်္ကျီပြာပင်းအား အထူးမေတ္တာပို့ပြီး အင်္ကျီထောင့်တွင် မေတ္တာသုတ်များစွာ နိုင်သလောက် ရွတ်ပါလေး

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၁)ဂဏန်းအကျိုးမပေးပါ။ အလုပ်ကိစ္စ၊ ငွေကိစ္စများတွင် မည်သူ့ကိုမှ အာမခံပါနှင့်။ ကိုယ်ကြားညှပ်သွားစေမည့်ကိစ္စများဖြစ်ပါသည်။ စပ်တူကံများအကျိုးမပေးပါ။ မြေကိစ္စများရှောင်ထားပါ။ ရပ်ဝေးမှာသွားလုပ်ရမည်ဆိုပါက ပို၍ရှောင်ရပါမည်။ အလုပ်(၂)မျိုးလုပ်ချင်လာတတ်သည်။ အကျိုးမပေးသောအလုပ်မှန်သမျှ ရှောင်ပါ။ ကားကိစ္စ၊ အိမ်အရောင်းအဝယ်၊ အဆောက်အအုံလုပ်ငန်းများ အကျိုးမပေးပါ။ အတိုက်အခံများလွန်းပါက ရှင်ဥပဂုတ္တပရိတ်တော်ကိုရွတ်ပါ။ ကျန်းမာရေးလိုအပ်ပါက သရဏဂုံ-၃၀ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ စိတ်ထွေနေတတ်ပြီး အိပ်ရေးပျက်တတ်၍ အာနာပါနကို နေ့စဉ်နာရီဝက်ရှုမှတ်သင့်ပါသည်။ လမ်းများများလျှောက်ပါ။ ရင်ပြည့်၍ အစာမကြေဖြစ်တတ်သဖြင့် အစားကိုဝဏဇဏနှင့်နည်းနည်းသာစားပါ။ အာရုံကြောများအနားပေးပါ။ အိမ်ထောင်ဖက်အပေါ် သစ္စာရှိပါ။ လမ်းများလွန်းပြီး မဖြစ်သင့်တာတွေမဖြစ်အောင်ရှောင်ပါ။ ချစ်တတ်သူများ မျက်နှာပွင့်လွန်း၍ စိတ်တွေအတော်လှုပ်ရှားနေတတ်ပါသည်။ စိတ်မကစားပါနှင့်။ ချစ်သူနှင့်တွေ့ရန်သွားလျှင် အကျီအနီရောင်မဝတ်ပါနှင့်။ ပညာရေးကောင်းစေရန် နှလုံးသားကိစ္စတွေဝင်မလာအောင်ထိန်းချုပ်ပါ။ ထီကံကောင်းနေ၍ (၄၊ ၈၊ ၃၊ ၂၊ ၇) ဂဏန်းတွေနှင့် ဗုဒ္ဓဟူးနံထီဆိုင်မှာ နိုင်သလောက်ထိုးထားပါ။

ယတြာ။ ။ ခြေထောက်မကောင်းသူများကိုမျှားမျှားလှုပေးပါ။

BURMESE CLASSIC

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနလ်ာ၊ ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၆) ဂဏန်းအကျိုးမပေးပါ။ သတိပြုရန်များမှာ သစ်ကိစ္စ၊ အသဲနှင့်ဆိုင်သောအနုပညာလုပ်ငန်းများ၊ ဆေးဝါး၊ စက်ပစ္စည်းကိစ္စများဖြစ်ပါသည်။ သီလပျက်စေသော အပျော်အပါးကိစ္စများရှောင်ပါ။ အတိုက်အခံများလွန်းလျှင် ၂၄-ပစ္စည်းကို (၂၄)ခေါက်ရွတ်ပါ။ စိတ်ဝေဒနာရှင်တွေကို တွေ့တဲ့နေရာတိုင်းမှာ အာဟာရ ငွေလှူပေးပါ။ ကျန်းမာရေး - သွေးသားနှင့်ဆိုင်သောအမျိုးသမီးရောဂါများ၊ ရင်ပြည့်ရင်ကယ်ခြင်းများဖြစ်တတ်ပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းမအေးပါစေနှင့်။ ဆေးခဏခဏလှူပါ။ ရုပ်ပွားတော်တစ်ဆူဆူ၏ရင်ဘတ်တော်ကို ရွေ့ပြားကပ်လှူပါ။ ပညာရေးတိုးတက်မှုများရှိမည်။ အောင်မြင်မှုများရရှိလာမည်။ အပေါင်းအသင်းမမက်ပါနှင့်။ ကိုယ့်စာကိုယ်လုပ်ပါ။ အလုပ်စာမေးပွဲဖြေဆိုရာသူများ အောင်မြင်ပါပြီ။ အိမ်ထောင်ရေးကိစ္စများတွင် ဟိုဘက်ဒီဘက်ဆွေမျိုးနှင့်ပတ်သက်ပြီး အိမ်မဆုပါနှင့်။ ချစ်တတ်သူတွေ မျက်နှာပွင့်လွန်းနေမည်။ နီးစပ်လွန်းလျှင် အနေအထိုင်ဆင်ခြင်ပါ။ သစ္စာရှိပါ။ ဆိုင်ကယ်စီးဆင်ခြင်ပါ။ အလုပ်ကိစ္စတာဝန်မှလွဲ၍ ညအိပ်၊ ညနေခရီးများရှောင်ပါ။ ထီထိုးရန်အတွက် တနလ်ာနံထီဆိုင်၊ ကားနှင့်ရောင်းသောထီသည်များထံတွင် (၂၊ ၉၊ ၄၊ ၅၊ ၈) ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ယတြာ။ ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ဖတ်ပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် တနလာနာမည်ရှင်၊ စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၁)ဂဏန်းအကျိုးမပေးပါ။ သူများအိမ်ကိစ္စ၊ အိမ်၊ ခြံ၊ မြေကိစ္စ သူများလုပ်ငန်းကိစ္စများ အကူအညီပေးမည်ဆိုလျှင် စဉ်းစားပါ။ စက်ဟောင်း၊ စက်ပျက်များဝင်လာ၍မရသလို၊ ဆိုင်ကယ်အကြမ်းစီးတာတွေလည်းရှောင်ပါ။ မလိုအပ်ဘဲ ဆေးမထိုးပါနှင့်။ အတိုက်အခံများလျှင် ၂၄-ပစ္စည်းကို အနုလုံ၊ ပဋိလုံ (၁၅) မိနစ်ထိုင်ရွတ်ပါ။ မကြာခဏပြုလုပ်ပါ။ ကျန်းမာရေးအတွက်လိုအပ်လျှင် ဓာရဏပရိတ်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ မလိုအပ်ဘဲ ဆေးမထိုးပါနှင့်။ ပန်ကာလေလွန်ကဲစွာမခံပါနှင့်။ ပညာရေးကဲများကောင်းလာပါမည်။ စာသင်သံယာတော်များကို ပညာနှင့်ဆိုင်သောစာအုပ်တွေ ဒကာဒကာလှူဒါန်းပူဇော်ပေးပါ။ အိမ်ထောင်ဖက်များ မလိုအပ်ဘဲ စကားဟောင်း၊ ပြဿနာဟောင်းများပြန်မပြောပါနှင့်။ လာဘ်ရှင်အောင်နေပါ။ ချစ်တတ်သူများ၊ မျက်နှာပွင့်သောကာလဖြစ်၍ အနေအထိုင်ဆင်ခြင်ရပါမည်။ ကိုယ်ရောစိတ်ပါထိန်းချုပ်ပါ။ နိုင်ငံခြားခရီးများ အဆင်ပြေသွားမည်။ ထိဝါသနာရှင်များအတွက် တနလာနံထိဆိုင်များတွင် (၂၊ ၉၊ ၈၊ ၄၊ ၇) ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ယတြာ။ ။ ဂုဏ်တော်ကွန်ရှာကိုနေ့စဉ်ပုတီးစိပ်ပါ။

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၆)ဂဏန်းအကျိုးမပေးပါ။ သစ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အနုပညာနှင့်ဆိုင်သောလုပ်ငန်းများ၊ စပ်တူရယ်ယာလုပ်ငန်းများ ထုစင့်ငေ့နေတတ်ပါသည်။ လူများပြီးပွဲမစည်ဖြစ်နေတတ်ပါသည်။ ဂုဏ်တော်ကိုးပါး အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ပရိတ်များရွတ်ခြင်း၊ မကြာမကြာဓာတ်ကြီး (၄)ပါးဆွမ်းတော်ကပ်ခြင်းများဆောင်ရွက်ပါ။ ကျန်းမာရေးလိုအပ်လျှင် ဌက်စာကျွေးပါ။ မကြာမကြာဆေးလှူပါ။ ထမင်းစားတိုင်း 'ဗုဒ္ဓဿ'ဂါထာ ရွတ်မှန်းစားပါ။ ခန္ဓာကိုယ်အောက်ပိုင်းအအေးမခံပါနှင့်။ ပညာရေး-ဆက်တိုက်ကောင်းနေမည်။ ကြိုးစားပါ။ ထင်ထားတာထက် ပိုပြီးအောင်မြင်ပါလိမ့်မည်။ ချစ်တတ်သူတွေ မျက်နှာပွင့်လန်းတာကြောင့် ချစ်သူအပေါ် သစ္စာရှိရှိထိန်းချုပ်နိုင်ပါစေ။ စက်ဘီးစီး၊ ဆိုင်ကယ်စီးမကြွမ်းပါနှင့်။ ကားအကြမ်းမမောင်းပါနှင့်။ ပထမဂါထာကို ပုတီး (၂) ပတ်၊ (၃) ပတ် ရသလို နေ့စဉ်စိပ်ပါ။ ဘုရားရှင်အား သောက်တော်ရေ မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ကပ်ပါ။ ထိထိုးရန်အတွက် ဗုဒ္ဓဟူးနံထိဆိုင်၊ လှည်းနှင့်ရောင်းသောထိဆိုင်များတွင် (၄၊ ၈၊ ၁၊ ၅) ဂဏန်းများနှင့်အကျိုးပေးပါသည်။

ယတြာ။ ။ ညောင်ပင်ကြီးများရှိရာသို့ မကြာမကြာသွား၍ ရက္ခစိုးကြီးများကို မေတ္တာပို့၊ အမျှဝေပါ။

BURMESE CLASSIC .com

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနလာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၇) ဂဏန်း လုံးဝအကျိုးမပေးပါ။ ရှောင်ရန်များမှာ နိုင်ငံခြားသားများနှင့် အလုပ်လုပ်ဖို့ကိစ္စ၊ နိုင်ငံခြားနှင့်ပတ်သက်သောအလုပ်ကိစ္စများ၊ အိမ်၊ ခြံ၊ မြေလုပ်ငန်းများ၊ သစ်ဟောင်းများဝယ်ခြင်းတို့ဖြစ်သည်။ အဲလှူဂြိဟ်၊ မင်္ဂလာဂြိဟ်တွေကောင်းနေပါသည်။ ကြီးမားသောကုသိုလ်ပြုအလှူကြီးများလှူဖြစ်ပါလိမ့်မည်။ ကားဝယ်ဖို့စီစဉ်ထားလျှင် ဝယ်ဖြစ်မည်။ မင်္ဂလာရှိရှိနေပါ။ အ-မင်္ဂလာစကားတွေရှောင်ပါ။ စီးပွားတက်လာမည်။ ကျန်းမာရေးလိုအပ်ပါက စိတ်ကျန်းမာရေးဆေးရုံ (သို့) စိတ်ကျန်းမာရေးနှင့်ဆိုင်သော ကုသရာနေရာမျိုးများတွင် အာဟာရတွေပေးလှူပါ။ စာကလေးခဏခဏလွတ်ပေးပါ။ အအေးမခံပါနှင့်။ ရင်ပြည့်သည်အထိမစားပါနှင့်။ ပညာရေးကဲတွေကောင်းပါသည်။ အလုပ်နှင့်ပတ်သက်ပြီး ဖြေဆိုရရင်လည်း အောင်မြင်ပါမည်။ ချစ်တတ်သူများ မျက်နှာအပွင့်လွန်နေတတ်ပါသည်။ သစ္စာရှိကြဖို့ပဲလိုပါသည်။ ဌက်ကလေးတွေ အစာခဏခဏကျွေးကြပါ။ ယခုလတွင် ငွေကဲများလည်းပွင့်၊ မျက်နှာလည်းပွင့်နေ၍ သစ္စာရှိသူ၊ သီလလုံခြုံသူများ ဝေးလံသောဒေသ ဘုရားဖူးခရီးရှည်၊ မြတ်သောခရီးတွေသွားရတတ်ပါသည်။ ထိထိုးရန်အတွက် တနလာနံထိဆိုင်းကားနှင့်ရောင်းသောထိဆိုင်များတွင် (၂၊ ၃၊ ၅၊ ၆) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ။ ။ လက္ခဏာရှားပါးသော ကိုယ်ဝန်ဆောင်များကိုတွေ့တိုင်း ဆေး ငွေ၊ အာဟာရ ထောက်ပံ့ပါ။

ရင်ကိုင်းမြေဝေဘာသာ
ဆရာဦးမောင်မောင်သန်း
အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ ဘောင်ကြယ်ကြီးမြို့နယ်

www.burmeseclassic.com